
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ





(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

# သရဿတီ


မဂ္ဂဇင်း


အတွဲ (၁၆) အမှတ် (၅) ၂၀၁၆ ခုနှစ် မေလ


www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ သီလနဲ့ဒါန
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ လိမ္မာယဉ်ကျေး ဘာသာသွေး
ပကိဏ္ဏက လေခက္ခန္ဓာကထာ
(ကထာစာပေါင်းသိုက်)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ(၇)
**ကံဝင်း**

၂၆ သေဖို့ပြင်ထားသော
အဘိုးလေးတစ်ဦး၏သေတမ်းစာ
**ချစ်ဖို့(မော်ကျွန်း)**

၂၉ ဒဂုံမြို့သစ်မြောက်ပိုင်းမှ
ဝင့်ကြွေးတော်ပြေစေတီ
**စာတ်ပုံ-မောင်မောင်အေး**

၃၆ ချမ်းသာရေးတရား(၃)
**ချောင်းဆုံအုန်းသင်**

၃၉ လောပိတနယ်[illegible]
သာသနာ့အလင်း[illegible]
ထီးရိုးဝိဇ္ဇာတောင်
**ကျော်စုကျော်(လှိုင်ကော်)**

၄၉ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်၏ ၂၀၁၅ နေပြည်တော်ခရီးစဉ်မှ
ထူးခြားမှုဖြစ်ပေါ်ခြင်း
**ဘိုဘို(ရွှေကံကူ)**

၅၇ အခြေခံဝိပဿနာတရား
ရှုမှတ်ပွားရာဝယ်
**မင်းဘုန်းထွဋ်**

၆၀ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၄)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၆၁ အယုဒ္ဓယအလွမ်း
**မြစိမ်းသပြေ**

၆၈ ဂုဏ်တော်ကိုးပါးနေ့စဉ်ပွား
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၇၀ သိမှတ်ဖွယ်ရာမြတ်ရတနာများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၇၁ ထူးခြားသောသွင်ပြင်ဖြင့်
ဖူးတွေ့ရသည့်
ဗုဒ္ဓမုဒြာ ရှင်ပင်ပက်လက်
**ရာမညဲ-သွေးမွှန်**

၇၅ ပြစ်မှားသူနှင့်အပြစ်ဒဏ်(၁)
**ဒေါက်တာအရှင်လာဘာသာမိ**
**(မြတ်ဓမ္မ)**

၇၈ လူ့မနော
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၈၄ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ဟောကြားသော ဦးကိုးဦးကုသိုလ်မှ
**မြဝင်း(ဒဿန)**

၈၆ ဘုန်းကံကြီးမား မင်းကောရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၁၆)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၉၂ မြသလွန်
ပေကျင်းဗုဒ္ဓမြတ်စွယ်တော်ပွား
**ယောနကဘိုးထောင်**

၉၆ ကျေးဇူးတော်ရှင် လယ်တီဆရာတော်
ဘုရားကြီး အမြဲပူဇော်သော
နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၉၇ မြန်မာ့(၁၂)လရာသီပွဲတော်နှင့်
ဗုဒ္ဓအခါတော်နေ့များ(၂)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၁၀၁ သံယံသရဏံဂစ္ဆာမိပါဘုရား
**ခေတ်သူတော်**

၁၀၃ မြေငူရွာ သရက်တော
တောရကျောင်းဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်**
**(စက်မှုတက္ကသိုလ်)**

၁၁၃ ရခိုင်ပြည် မေဃဝတီ
မာန်အောင်မြို့ဆီမှ
ရန်အောင်မြင်စေတီတော်မြတ်ကြီး
**ရွှေချိုအောင်(ပေလီ)**

၁၂၃ အထူးအကျိုးပေးမြန်စေ၊
အကျိုးပေးသန်စေသော
ဂါထာပြန်နှစ်ဂါထာအင်း
**ပညာကျော်**

၁၂၅ အကောက်တောင်မှသည်
ရွှေမျက်မှန်ဘုရားသို့
**ကိုအေးမြင့်**
**(မဟာဝိဇ္ဇာ၊ ရှေး-သု)**

၁၃၅ မြသပိတ်တောင်တော်
**စိုးရာဇာကျော်**

၁၄၅ ရှေးသမိုင်းတဘောင်လာ
ပိဋကတ်တောင်ရိုး ဖက်ရှက်ညှိုးတော့
လောကနန္ဒာပြည်လုံးချမ်းသာစေတီ
ပွင့်ထွန်းတည်
**မောင်စိမ်းထွေး(ထားဝယ်)**

၁၅၇ ယောရွှေပြည် ကျောမြို့က
ပျံလွန်တော်မူပြီးမှသိကြရသော
ရဟန္တာနှင့်ကျွန်တော်
**ကိုယော(ဘောဂဗေဒ)**
**စာပေဆုများရှင်**


www.burmeseclassic.com

www.burmeseclassic.com

## သုတရသဆောင်းပါး


၄၅ ထွေရာလေးပါး စာနှင့်စကား
ဉာဏ်မြင့်

၆၆ ဗြိတိသျှလက်အောက်ခံရန်ကုန်မြို့တွင် မင်းတုန်းမင်း၏ ရွှေတိဂုံစေတီတော်ကြီးထီးတင်ပွဲ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၉၄ အမှားကြာလျှင်အမှန်ထင် ကြောင်းကျိုးထောက်ရှုအမှန်ပြု
မိုးမြင့်မိုး(မြိတ်)

၁၀၉ ကျိန်စာရေးထိုးခဲ့သော ပုဂံခေတ်ကျောက်စာများ
ရေနံမြေ-လွမ်းစု

၁၁၁ ဒီအရွယ်
ချောင်းဆုံအုန်းသွင်

၁၂၀ ကုသိုလ်ကောင်းမှုကြီးစားပြု
အေးမင်း(ကျိုင်းတုံ)

၁၃၃ ဘုရားကု
ရတနာဒေဝီ

၁၄၂ ငန်းတော်ကျားမြွေရဲ့လျှို့ဝှက်ချက်
တင်ထွန်း(စက်မှု-၂ ငြိမ်း)

၁၅၂ ရှင်တစ်ရာဆရာတော်နှင့် လှမိုက်နှစ်ယောက်
အောင်ဆန်းလင်း(ဘီအေ)

၁၆၇ ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတံဆိပ်ခေါင်းများ
ကြည်လွင်

၁၉၀ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏တပည့် မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၄)
ပထမံဆရာဦးအေးရွှေ

၁၉၈ ပုဂ္ဂိုလ်ထူးနှင့်တွေ့ဆုံခြင်း
ကျော်မိုးလွင်(ဝါးခယ်မ)

၂၀၈ ပရိတ်တရားတော်နှင့် အစွမ်းထက်ခြင်းအကြောင်း
ဖျာပုံတင်နိုင်ဝင်း

၂၁၉ ကျွဲနွားအဆုတ်နာရောဂါ (တီဘီရောဂါ)
ဆလိုင်းငွန်သိန်း(ရမည်းသင်း)

၂၃၀ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၉)
မောင်သန်းဆွေ(ထားဝယ်)

၂၂၃ မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၂)
ပန်းချီထူးလှ(ရေးဟောင်းသုတေသန)

၂၂၈ ဗြိတိသျှအင်္ဂလိပ်ခေတ်ကာလက ကျေးရွာသူကြီးတစ်ဦး
အောင်စကြာ-အရှင်သုဓမ္မသာရ

၂၄၀ ကိုဟီးမားမော်ကွန်း
လှမိုး(ပညာရေး)

၂၅၉ စိတ်ပျိုလျှင်ကိုယ်မနုကြစေချင်
မောင်မောင်အောင်မင်း

၂၇၄ ပုပ္ပားအောင်မင်းခေါင်၏ ဂမ္ဘီရဆန်သောခေါင်းလောင်းလေး၏ ပွဲတင်သံ
အဏ္ဏဝါလှိုင်း

၃၀၄ စကားနိမိတ်
သထုံ-ငယ်ငယ်

၃၁၀ အနန္တကျေးဇူးရှင်များသို့ ကျေးဇူးဆပ်ခြင်း
မြတ်သက်ကျော်

၃၁၆ ယုံကြည်မှုစွမ်းအား
မဟာနွယ်(မန်းတက္ကသိုလ်)

၃၂၃ လူသေကိုဖုတ်သွင်းသဂြိုဟ်ခြင်း ဓလေ့ဆန်း
ထွန်းအောင်ရှင်(မော်ဘီ)

၃၃၂ ထူးခြားဆန်းကြယ်လောကီနယ်
ခင်လေးမြင့်(မြစ်ကြီးနား)

၃၅၂ နာမ်လောကဆိုတာ မယုံကြည်လို့ရပေမယ့် စိန်ခေါ်ရင်မှားသွားမယ်
ရသဂမ္ဘီရကျော်ဝင်းအောင် (ပြည်-ဆည်မြောင်းညွှန်မှူးရုံး)

၃၅၈ သမ္မုဒ္ဒေအစွမ်းအံ့မခန်း ကိုယ်တွေ့ဖြစ်ရပ်ဆန်း
မောင်လှထွေး(မြန်အောင်)

၃၆၄ မှော်ဆက်ကိုစိန်ခေါ်သူများ
လျှမ်းထက်

၃၆၈ ကျန်းမာခြင်းသည်လာဘ်တစ်ပါး
ငွေလသာ(တွံတေး)

၃၉၅ တန်ခိုးကြီးရုပ်တုတော်များနှင့် နက်နဲလျှို့ဝှက်အသိခက်
တိုးထက်

၄၀၀ သိပ်ပါလေစထိုကျေးဇူး
တက္ကသိုလ်ကြည်သင်း


## သုခုမရှုတိုင်းရင်းဆေး


၁၅၆ အသံဝင်လည်ချောင်းနာ၊ ကြိုက်ထိုးဝေဒနာများနှင့် ထိပ်ကပ်နာရောဂါများကို ပျောက်ကင်းစေသောဆေးနည်းများ
ရောမြေ-ကျော်ဝေ

၁၆၆ မြန်မာ့ရိုးရာဝမ်းမှန်ဆေး
နေပြည်တော်ကျော်ကျော်စိုး

၂၁၂ ဆေးစွမ်းထက်မြက်ကုက္ကိုရွက်
ဦးကိုကိုကြီး (စစ်ဆေးရေး) ကစစ(၁၂)ထုံးဘို

၂၂၆ ဆီးကျောက်တည်ရောဂါ လွယ်ကူစွာပျောက်စေသော နည်းကောင်းတစ်လက်
ဉာဏ်မြင့်(တောင်တွင်း)

၂၂၇ အစွမ်းထက် မြင်းခွာရွက်
ဟိန်းဇေယျာ

၂၃၃ ထိပ်ကပ်နာ(သို့)နာပုပ်ရောဂါ
သန်းလှိုင်ထွဏ်း-အမြင့်

၃၂၄ ဖောရောင်ရောဂါဆိုလျှင်
အေးချမ်းအောင်(ရမည်းသင်း)

၃၉၄ ညှင်းနှင့်ဓာတ်ဆီ
နေပြည်တော်ကျော်ကျော်စိုး

၄၂၀ ညငြိမ်၏ အနာကြီးပျောက်ကင်းစေသော ဆေးဖက်ဝင်အပင်
မောင်တိမ်လွှာ(အေးကျင်း)


## သုခုမဝတ္ထုတို


၁၃၈ ရွှေဘဝဆုံကြရာဝယ်
စိုးလင်းအောင်(မြန်အောင်)

၁၄၃ ငွေသုံးသောင်း
လမင်းမြင့်မိုရ်(ဗီးကုန်း)

၁၇၂ လူဝင်စားမိဖား
နေအောင်လင်း(စလေ)

၁၇၅ ထက်မြက်စွမ်းအားပိုင်ရှင်
ရဲမြတ်တင်

၁၇၈ ရမ္မက်ဇောထန်မြွေများကြားသို့ ဝင်တိုးမိခြင်း
သန့်ဇင်

၁၈၄ ဖုတ်သက်ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ
မနှင်းဆီ(နေပြည်တော်)

၂၀၂ ကျိန်စာသင့်အုန်းတောခြံကြီး
မျိုးသစ်

၂၁၄ တောရကျောင်း လှည်းလမ်းပေါ်က နို့တစ်လုံးတောင်းသောမိန်းမ
ကိုဇော်ဝင်း(လှတော)

၂၃၄ မသာဆိုင်း
ရွှေပြည်စိုး(မိုးကုတ်)

၂၄၄ ကလဲ့စားချေလိုသော မြွေဟောက်မ၏ရန်ငြိုး
ချစ်ဆိုင်

၂၇၁ ဝစီဘေဒ
အောင်သိန်းဝင်း(ပွင့်ဖြူ)

၂၈၆ နဂါးလင်မယား
မိုးကျော့

၂၉၄ ကပ္ပိယရွှေမိုးနှင့် ဣစ္ဆာသယပုဏ္ဏကအင်း
မောင်မောင်မိုးအောင် (စာပေဗိမာန်စာမူဆု)


www.burmeseclassic.com

www.burmeseclassic.com




၂၉၈ ကံကြမ္မာလားကျိန်စာလား
**ရဲမင်းထွန်း(မြင်းကပါ)**
၃၂၆ ပရလောကမှ
ထူးဆန်းသောဖြစ်ရပ်မှန်များ
**ငြိမ်းငြိမ်း(ကျိုင်းတုံ)**
၃၃၈ အေးစိမ့်တော
**နေမွန်ဦး**
၃၇၀ နယ်လွှဲဘသော်နှင့်
ညှိုချက်မိသောကျား
**ငွေစိုး(ရွှေကြန့်မြေ)**
၃၇၈ ထူးဆန်းသောဘယက်တွင်း
**မင်းနန္ဒရိုန်**
၃၈၂ သုံးနှစ် ညီမျှခြင်း နှစ်သုံးဆယ်
**နိုင်ပြေသိမ်းချစ်**


## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၂၆၂ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


## သုရဋ္ဌ ပညာရပ်


၁၈၇ ကိန်းဂဏန်းများနှင့်ဆက်စပ်နေသော
လူသားတို့၏ပင်ကိုလက္ခဏာနှင့်
ဘဝကံကြမ္မာ
**လုထွန်းအောင်(ရှပဗေဒ)**
၁၉၅ တိုင်းရေးပြည်ရေးနှင့်
ကောင်းကင်နိမိတ်များ
**မင်းရှိန်အောင်**
၂၁၀ ကိုးနဝင်းအင်းတော်
**စိုးမင်း(မြောက်စည်း)**
၂၁၃ မကျန်းမာသူအတွက်
အလွယ်အသာ ယတြာတွက်နည်း
**နတ်မောက်မင်းသန့်နိုင်**
၂၄၉ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၆၂)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၅၄ နာမည်များနှင့်ငြင်းခုံခြင်း(၈)
**နေဝိဇ္ဇာ**
၂၈၁ တားရှော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**
၃၃၅ မြန်မာ့ရိုးရာမဟာဘုတ်ပညာမှ
ဘုမ္မိကြီး
**သိန်းထွန်းကြည်(အင်းဝ)**
၃၁၈ လက်တွေ့ဂျန်းမာခြင်း
**မင်းပြည့်**
၄၀၃ တရုတ်ဂမ္ဘီရဖုန်းရွှေပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၄၀၇ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအရှေ့ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**


## သုရဋ္ဌလက်တွေ့အသုံးချ


၂၃၂ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ် ပြိဿရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၀၇ အလိုရှိရာရစေနိုင်သော
ခရစမ အဖို-အမအဝှ်းကို
ဆောင်မည်ဆိုလျှင်
**ဘုန်းခေါင်**
၃၅၇ ၂၀၁၆ခုနှစ်၊ မေလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၇၅ ရေတွင်းများ
ရေထွက်အားမကောင်းခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**
၃၇၇ ၂၀၁၆ ခုနှစ်၊ မေလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၄၁၀ အားနာတတ်သူများအတွက်
သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၁၅ ၂၀၁၆ ခုနှစ်၊ မေလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၇ ၂၀၁၆ ခုနှစ်၊ မေလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၂၀ ၂၀၁၆ ခုနှစ်၊ မေလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလှဲ့လှဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)

**မျက်နှာဖုံးနှင့်**
**အတွင်းဒီဇိုင်း**
စိုးအောင်
**သုရဋ္ဌစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**ဖြန့်ချီရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နှင်းသဇ္ဇာကျော်၊
စန်းထွန်းမြင့်
**ရုံးအဖွဲ့**
သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နနု၊ ဖြိုးရတနာ၊
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချီရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချီရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈
**မန္တလေး**
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကယား-ဂါနေဒီ၊ ဗီလုံ့မှာ
ပဲခူး- သဇင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လူထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး
( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## သီလနဲ့ဒါန

● ဒါနပြုတာ သီလပါမှ၊
ဒါနက ဘောဂဆိုတဲ့စီးပွားကို တာဝန်ယူတယ်၊
သီလကျတော့ သက်တမ်းကို၊ ဘဝကို တာဝန်ယူတယ်၊
ခင်ဗျားတို့ဒါနပြုသွားတယ်၊ အဲဒီဒါနမှာ သီလမပါရင်တော့
သူဌေးအိမ်မှာတော့ ဝင်စားနိုင်တယ်၊
ပုခက်တွင်းသေနိုင်တယ်၊ သီလမပါသွားလို့။
သီလတော့ရှိတယ်၊ ဒါနမပါသွားရင်တော့ အသက်တော့ရှည်မယ်၊
ဆင်းရဲမယ်၊ အသက်ရှည်ပြီး ဆင်းရဲမယ်။
အဲဒီတော့ သီလနဲ့ဒါနတွဲမိပါစေ။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ●





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



▫ ဗဟုလ္လာ သန္တိကေ မမ၊ တက္ကဝစရ ဝတ္ထုနိ၊

တမှိဒံ ကေ ဝိတက္ကော၊
ဧကေကော ဓမ္မ သဘာဝေယော။ ။

**မမသန္တိကေ**-ငါ၏သဏ္ဍာန် အာရုံခံ မှန်ပြင်ထက်ဝယ်၊ **တက္ကဝစရဝတ္ထုနိ**-အတွေးမှာ အရေးပြု သွေးထဲက ထပြောနေကြသော အကြောင်းအရာတွေကား. . .၊ **ဗဟုလ္လာ** - တွေးတိုင်းလျှင်ပွား အများသားပဲ၊ **တမှာ**-သွေးထဲကဖွား ထိုအကြောင်းများစွာထဲမှာ၊ **ဣဒံ**-လိမ္မာယဉ်ကျေး ဘာသာသွေး ဆိုသည့် ဤစကားလုံးသည်လည်း၊ **ကေ ဝိတက္ကော** - တစ်ခုအပါအဝင်ဖြစ်သော အတွေးပင်။

**ဧကေကော ဓမ္မ သဘာဝေယော** - တစ်ခုအပေါ် တစ်ခုတက် လုထွက်လာသော ဓမ္မသဘင် ကပွဲပင် ။ ။

▫ **ကားထောင် မယားပေါင် သားပေါင် မဖြစ်စေကြနှင့်**

လူ့ခန္ဓာ၌. . .

(က) ကုသိုလ်ဘက်၌ လိုလားသော ဓမ္မဓာတ်လည်း ပါဝင်နေ၏။
ယင်းမှာ . . . ဤ လူ့ဘဝသို့ ရောက်စေတတ်သော ကောင်းမှုပြုစဉ်တုန်းက ကိန်းကျန်နေခဲ့သည့် ကံဝိညာဉ်မှနေ ဝဋ္ဋ တည်နေခြင်းပင်။

(ခ) မိဘနှစ်ပါးကြားမှ ပွားယူလာခဲ့သော ဘူတဓာတ်များလည်း ပါဝင်နေ၏။
ယင်းမှာ. . . မိဘနှစ်ပါးတို့၏ ပူအေးသော ဆန့်ကျင်ဘက်သုက်သွေးနှင့် နေ့၊ ညတို့မှဖြစ်သော သဘာဝအပူအအေးတို့ တိုက်ခိုက်ကြရာ အကြားမှပွားလာသောကလလရေကြည်ပေါက်ကလေးပင်။


ထိုစဉ် . . . ဘူတဓာတ်ကား သဘာဝအပူအအေးဖြစ်သောမိဘနှစ်ပါးတို့၏ နေ့နှင့်ည အလှည့်ကျဖြင့် မွေးမြူ

# အနန္တကျေးဇူးတော်ရှင်
# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
## ရေးသားစီရင်တော်မူသော
## ပကိဏ္ဏက လောကနီတိကထာ
## (ကထာစာပေါင်းချုပ်)
# လိမ္မာယဉ်ကျေး ဘာသာသွေး



www.burmeseclassic.com

www.burmeseclassic.com



ပေးနေခြင်းကြောင့် တစ်စစ ရှင်သန်ကြီးထွားလာနေ၏။ ကလလရေစင်မှ လူ့ခန္ဓာ (ကျားခန္ဓာ၊ မခန္ဓာ) ပုံပေါ်သည်အထိ တိုးတက်စေ၏။ ထိုမှနေအရေမှို့၍ အကြည်ဓာတ်များဖြစ်ထွန်းလာသော အခါ. . .

အတွင်းနေ ဓာတ်ဓာတ်ချင်း လှုပ်ခတ်ခြင်းကြောင့်လည်း အသက်ဝင်လာစေ၏။

တွင်းပြင်ရှိ တစ်ဖက်အာရုံများ၏ ထိပါးခြင်းကြောင့်လည်း အသက်ဝင်လာနေ၏။ တိုင်ကပ်နာရီတစ်လုံး ဆင်ပြီးသောအခါ လူက ချိန်သီးကို တို့လှုပ်ပေးလိုက်သည့်ပမာ. . . ဘူတဓာတ်တို့၏ သတ္တိများက သည်လောက်နှင့် ရပ်မကျန်ရစ်ကြသေး။ မိခင် ခန္ဓာတွင်းနေ သန္ဓေကောင်အဆင့်ဆင့် ကြီးထွားလာသည်အထိလည်း ပါနေဦးမည်။ မိခင်ခန္ဓာမှထွက် မိမိ တစ်သက်လုံးအထိလည်း လိုက်ပါပေးကြဦးမည်။ သို့ကြောင့် လူ့ဘဝရောက်မှ ကောက်ရလာသော ခန္ဓာသည် ဓာတ်ကောင်အဖြစ်က ထင်ရှား၏။ လူကောင်အဖြစ်ကား ကုသလဓမ္မဓာတ်မှ ပါဝင်သော ကံဝိညာဉ်ဝင့်ပေးနိုင်လွန်းမှ ပီပြင်မည်ဖြစ်ရာ ထိုကံဝိညာဉ်ပါရမီအဆင်အတိ မရင့်ကျက်သေးပါလျှင်ကား. . .

ဘဝတစ်ခုနှင့် တစ်ခုအကြား
ကံဝိညာဉ်မှ ပဋိသန္ဓေဝိညာဉ်
ပြောင်းလဲသွားသည်နှင့် မြုပ်သွား
ပြီ။

သန္ဓေတည် ရေကြည်သေးလေးအတွင်း သန္ဓေဝိညာဉ်ဆင်းသည်နှင့် ကွယ်သွားပြီ။

ထိုလူသား. . . မိခင်ဝမ်းဗိုက်ကထွက် ကိုယ့်ကိုယ်ကိုယ် ကိုယ်ပိုင်အသက်မွေးခွင့်၊ ဝမ်းကျောင်းခွင့် ရရှိလာသောအခါ. . .၊ ဓာတ်လေးပါးတို့တွင် ခုခံရေးနေရာက နေပေးကြရသည့် မြေဓာတ်၊ ရေဓာတ် (အသာခံဓာတ် ဖွဲ့စည်းဓာတ်) များက သွေးထိုးပေးသောအခါ . . . ကြိုက်အားကြီး ရာဂတဏှာက လက်ဦးမိလျှင် တစ်ဖက်အာရုံသိုက်၏ တိုက်ခိုက်ပေးနေပါသည်ကို လိုက်လံခံစားခြင်းဖြင့် အချိန်ကုန်စေမည်။ တစ်ဖန် မုန်းအားကြီး ဒေါသတဏှာက တွန်းထိုးဝင်လာခဲ့လျှင် တစ်ဖက်အာရုံသိုက်၏ တိုက်ခိုက်ခြင်းကို တန်ပြန်တိုက်ခိုက်ခြင်းဖြင့် အချိန်ကုန်စေမည်။

ဤ၌ ချစ်၊ မုန်း နှစ်ပါးတို့သည် တစ်ခုတည်းသော တဏှာက အဖြူ အမည်းခွဲ ပွဲထုတ်ထားရာဖြစ်ခြင်းကြောင့်. . . ထို နှစ်ပါးစလုံး မြေဓာတ်၊ ရေဓာတ် လက်အောက်ခံအဖြစ် ထားပေးသည်။

ထို ချစ်၊ မုန်း နှစ်ပါးတို့သည် ခန္ဓာရှိ ၃၂- ဖို့သော အုပ်စုအားလုံးက ထကြွဆန္ဒပြုကြရာမှ လှုပ်ရှားပေးရခြင်းကြောင့် သဘာဝမီးထက် မကသော ပြင်းအားကြီး၏ ရှို့မြိုက်ခြင်း ခံကြရရာ . . . ကြိုက်သွေးတန် မာန်ဝင်လာချိန် ရှက်ရကောင်းမှန်း မသိနိုင်တော့ပါ။ ထိုအခါ ဘာဖြစ်ဖြစ်ဖြင့် ထင်ရာစိုင်းအရိုင်းဖောက်တော့၏သာ။ တစ်ဖန် မုန်းသွေးတန် မာန်ဝင်လာချိန် ကြောက်ရကောင်းမှန်း မသိနိုင်တော့ပါ။ ထိုအခါတွင်လည်း ဘာဖြစ်ဖြစ်ဖြင့် ထင်ရာစိုင်းရိုင်းလေဦးတော့ တစ်ခါ။

တစ်ဖန်. . . ဓာတ်လေးပါးတို့တွင် တိုက်ခိုက်ရေးနေရာက နေပေးကြရသည့် လေဓာတ်၊ မီးဓာတ် (အလှုပ်၊ အခိုးဓာတ်) များက သွေးထိုးပေးလိုက်သောအခါ မေ့အားကြီး မောဟတဏှာက ရှေ့ကရောက်သွားလျှင် တစ်ဖက်အာရုံငွေ့၏အတွေ့အပေါ် မေ့မေ့ကြီး ခံစားရင်းကပင် အချိန်ကုန်စေမည်။ တစ်ဖန် မက်အားကြီး မောဟတဏှာက ရှေ့ကရောက်နေလျှင် တစ်ဖက်အာရုံ၏ အဖျက် မက်မက်ကြီး ခံစားပေးရုံမျှဖြင့် အချိန်ကုန်စေမည်။

ဤ လေပြင်း၊ မီးပြင်း တိုက်ခိုက်နေချိန်များတွင်လည်း မေ့မသိ၊ မက်မသိ မသိတရားများ ထွန်းကားနေခြင်းကြောင့် တစ်ဖက်သား သနားရကောင်းမှန်းမသိခြင်းဖြင့် ရိုင်းတော့သည်။ တစ်ဖက်သား ငဲ့ညှာရကောင်းမှန်း မသိခြင်းဖြင့် ရိုင်းတော့သည်။ ထိုသူများ အာရုံခံစားရာ၌ မကျွမ်းကျင် မလိမ္မာကြပါ။သို့ကြောင့် အတေးထား အကြွေးထားကာ ထိုသူအား ကံလှည့်စားပေးချေကြရပါတော့မည်။ မလိမ္မာသူတို့၏ ကံကြွေးပေးပုံများကလည်း မယဉ်ကျေးတော့ပါ။

တစ်ဖန်. . . နောက်နောက်ဘဝ ကုသိုလ်ဆက်က အမွေစား အမွေခံအဖြစ် တည်ပေးလိုက်သော ဓမ္မဓာတ်ကား ပင်လယ်ဒီလှိုင်းကြီးများအောက် မြှောက်ပါသွားသည့် ပိန်းကောမ လှေငယ်လေးတစ်စင်းပမာ. . တက်သွေးထ အရှယ် ခြယ်လှယ်နိုင်စွမ်းမရှိပါ။ သူတော်ကောင်းတရား မထွန်းကားရာ ဒေသ၊ သူတော်ကောင်း အဆုံးအမ ခံယူခွင့် မရရာကာလများ၌လည်း ထိုမွေလော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးတည်ထားတော်မူသော
နတ်ထလှရှိ မင်းဘိသိက်ခံဘုရား

ငုတ်အတက်မထွက်နိုင်ပါ။

သို့ဖြင့် ထိုလူသားများ. . . ကား တစ်စီးထောင်၍ ကုန်တင်၊ လူတင် အလုပ်ဖြစ် စီးပွားရေးဝင်လုပ်လေသူ၊ ဝင်ငွေထက် ချို့ယွင်းလာသော ကားပစ္စည်းများ ဝယ်ထည့်နေရသည့်ဘက်က တစ်စစ အဆာသာသောအခါ . . . ပထမ အရံသက်စောင့်ထားသော ရွှေများပေါင်နှံ့ရသည်။ မလောက်သော် . . . နောက် ဘိုးဘွားမိဘများ အမွေအဖြစ်ထားခဲ့သော မြေများကို ပေါင်။ သည်ကြားထဲက လိုနေသေးသော် မယားမနေသာ သားမနေသာ အားလုံးပင် အလုပ်ထွက်၍ ငွေရှာ မိသားတစ်စုတတွဲတွဲ မနေသာတော့ပမာ. . . ဤလူသားများသည်လည်း မိမိဘဝတစ်ခုလုံး ချစ်၊ မုန်း၊ မသိတို့အတွက် ဖြည့်စွက်ပေး၍ချည်း အချိန်ကုန်လွန်ကြရရှာတော့ရာ ဝိနိပါတိကဘေး ပြေးမလွတ်ကြပြီ။

ဝိနိပါတိကဘေး ဆိုသည်မှာ သေခါနီး စိတ်ကစဉ်ကလျား ကွဲသွားတော့ကာ ထိုက်ရာနား၊ ကျရာပျော်ရတော့သည့် ဘဝမျိုးကို ဆိုလို၏။

ထိုလူသား၏ နောက်ဘဝ မိမိမိသားစုများနှင့်ပြန်ဆုံရန် မလွယ်ကူတော့ပါ။ ဘဝများ ရှာ၊ ထောင် ပြောင်းလဲသွားသော်မှ နောက်တစ်ချီ ပြန်လည်တွေ့ဆုံကြရန် မလွယ်ကူကြတော့ပါ။

လူ့ဘဝ၊ လူ့ခန္ဓာတည်ထောင်ရင်း အရင်းပြုတ်သွားသည့် ထိုလူသား. . .

ယခုလက်ရှိ ဥတု၏ ပူပြင်းလှသော အငွေ့ပြင်း သွင်းပေးခံနေကြရသည့် ယနေ့လူသားများ. . .၊ တစ်ဖန် ယခုလက်ရှိ အဆီနှင့် ဩဇာသတ္တိခန်း၍ ကြမ်းတမ်းလှသောအစာဖြစ်သွင်းပေးခြင်း ခံနေကြရသည့် ယနေ့လူသားများ . . . စိတ်ထန် မာန်ကြွား ကံအားလုံးစား၍ ထွက်လာနေကြတော့ရာ. . . သွေးအေး၊ သွေးမသန့်မှုသာဖြစ်သော ယဉ်ကျေးမှုပြုစုရန် မလွယ်ကူကြတော့ပါ။ စိတ်ကြည်၊ စိတ်သန့်မှုသာ ဝင်သာသော လိမ္မာခြင်းကလည်း တင်သွင်းရန် မလွယ်ကူတော့ပါ။

သို့သော် ပါရမီနောက်ခံအားများ သွေးပေါ်ပြိုကျလာသည့် လူသားများလည်း ရှိကြသေးရာ. . . ထိုလူသားများ . . . ဗုဒ္ဓ၏ ဓမ္မခေတ်၊ သာသနာ့ခေတ်အတွင်း အတက်ပေါ် အရှက်ဆင့် ပွင့်ခွင့်၊ သီးခွင့်၊ ရင့်မှည့်ခွင့် ရနိုင်သေး၏။ ထိုလူသားများကား ဥတုကြမ်း၊ အစာကြမ်း၊ စိတ်ကြမ်း၊ ကံကြမ်းများကိုလည်း မူနေလိမ့်မည် မဟုတ်။ အတွင်းနေဓာတ်တို့၏ လွှမ်းခြင်းကိုလည်း လည်စင်းခံနေ လိမ့်မည်မဟုတ်။ သူ့ထံနေ ပါရမီဓာတ် ကံ၏ လေးပိအားကြောင့် အရိုင်းအစိုင်းတို့၏ကံအဖွဲ့များလည်း တအိအိပဲ့နဲ့ရင်းက ကျသွားမည်သာ။ ခံစားရာ၌ မလိမ္မာမှုကံလည်း တစ်ခုပြီး တစ်ခုပြုတ် နောက်ဆုတ်သွားတော့သည်သာ။သည်သို့သော မီးခဲပြာဖုံး လူသားများ ယနေ့ကျန်နေခဲ့ကြသေး၏။

ထိုလူများ မှီရာအရှယ် မှီရာခေတ်မှနေ သာသနာ့ရေဆန်ခရီး မဂ္ဂင်ပါ စက်တပ်ယာဉ်ကြီးထက် အတင်းတက်ပြေးလာကြစေရန် ဤ လိမ္မာယဉ်ကျေးဘာသာသွေးစာတမ်းဖြင့် စာတန်း လှမ်းခေါ်လိုက်ရပေ၏။

ဒုက္ခတွင်း မဆင်းလိုသူများ လာခဲ့ကြကုန်။

ဒုက္ခခပင်း အညှဉ်းမခံလိုသူများ လာခဲ့ကြကုန်။

၁၃၇၃-ခုနှစ်၊
ကဆုန်လပြည့်ကျော် ၁၄-ရက်။
အင်္ဂါနေ့။

□ ယဉ်ကျေးလိမ္မာ အေးကမ္ဘာ

(က) လိမ္မာခြင်းက ကုသလ။
(ခ) ယဉ်ကျေးခြင်းက ဒန္တ။
သို့ ခြေဆင်းနှစ်မျိုးရှိချေရာ. . .



www.burmeseclassic.com

www.burmeseclassic.com



ကုသလက အပြစ်ကင်းစင်ခြင်း၊ ကောင်းကျိုးချမ်းသာကို ပေးဝေခြင်း သတ္တိနှစ်မျိုး စွမ်းဆောင်၏။ သို့ဆိုသော် . . .

၁။ ကောင်းမှုစိုက်ပျိုးရာမှဖြစ်သော ခံစားခွင့်ရ ကောင်းကျိုးများက အပြစ်သာကင်း၍ ကောင်းကျိုး ပေးမခံရက ကုသိုလ်မစစ်သေး . . .။ တစ်ဖန် . . .

၂။ အပြစ်ကား ကင်းစင်နေ၏။အပြစ် ဖြစ်စေမည့် ကံဆို အကြံမျှပင် ဖြစ်မလာတတ်။

သို့သော် ကောင်းကျိုးခံစားခွင့်ကား ကျမလာ။ ဤသည်လည်း ကုသိုလ် မစစ်သေး။

မှတ်ချက်။ ။ အမှတ် - ၁ ကား စေတနာထက်ပြီး သာယာနှစ်သက် တပ်မက်မှုများ အတွေးနှင့်ပင်မဝင်သာအောင် သတိအစောင့်ချမထားခြင်း၊ ငါစွဲကဲခြင်း၊ ယုံမှားပျံ့လွင့် နှလုံးမသာ မှုများက ဆင့်နေခြင်းများကြောင့် . . .

ကုသိုလ်စေတနာက သူကြွယ်ဖြစ်စေ ရာထူးကြီး အမိန့်ချပေးခံရပြီး . . .

အကုသိုလ်စေတနာက သူဌေးသားဘဝ၊ အာဏာရှင်ဘဝ နင်တို့ပါ လိုက်သွားကြ အမိန့်ချခံရ၏။

သို့ကြောင့် ညစ် နေခံ ဝေမာနိက ပြိတ္တာများပမာ နေ့အခါ၌ လိုစိတ်၊ မခံချင်စိတ် စသည်များဖြင့် ရှာဖွေနိုင်လွန်းမှ စီးပွားဖြစ်ခွင့်ရကြပြီး၊ ညအခါ၌ကား နတ်ဘုံနန်းအတွင်း တစ်ခဏအတွင်း ပစ်ချခြင်း ခံကြရပြီ။

အမှတ်-၂ ကား . . . မိရိုးဖလာ စိတ်ဖြင့် ထုံးတမ်း အလှူကို စိတ်မပါ တပါ တာဝန်ဝင်ယူလိုက်ခြင်းကြောင့် စေတနာ မတက်။ သို့သော် . . . လှူရာ၌ကား အတွေ့ဝင်နှင့်မရအောင် သတိ အစောင့်ချထား၏။ သို့ကြောင့် သူကြွယ်ကြီး ရာထူးရှင်ကြီး ဖြစ်မလာတော့ဘဲ အပြစ်ကင်းစွာဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုခွင့်ရလာ၏။

(က) စေတနာထက်က ကာမဘုံဂုဏ် ကြီးရှင်နေရာကို ပို့လွှတ်မည်။

(ခ) ဆင်ခြင်စိတ်ကြောင့် စေတနာ သန့်က ဖြူစင်သောအကျိုးပေး ထည့်ပေးလိုက်သည်။

သင့်လက်ထဲရောက် အလှူပုံစံကို လည်း သေချာစွာ စစ်ဆေးကြည့်ပါဦး။

သင်အလှူလုပ်ရာ၌ လိမ္မာကျွမ်းကျင်ဖို့ ကြိုးစားလေဦး။


ရွှေဆက်ကြဦးစို့ . . .။

တစ်ဖန် . . . ခ အမှတ်ပြ ဒဏ္ဍက ယဉ်ကျေးခြင်းကိုဆိုချေရာ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးတို့နှင့် ဆိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေ မင်းကုန်းရွာ
မင်းကုန်းကျောင်းရှိ ရှေးဟောင်းစေတီတော်များ

ထိုစဉ်. . . ရာဂ၊ ဒေါသ၊ မောဟရည်များ တိုက်ထားခြင်းကြောင့် စိတ်ရိုင်းနေချေသော်. . . ကိုယ်လှုပ်၊ နှုတ်ဖွင့်အားလုံးလည်း ဆင့်ကဲရိုင်း ရိုင်းတော့မည်သာ။

အချို့ အပါယ် ပစ်ချခံရသည်အထိ ရိုင်းစိုင်းယုတ်မာကြ၏။

အချို့ ကာမကြွေး အတိုးပေးအတိုးယူ လုပ်နေသည်အထိ ရိုင်းစိုင်းကြ၏။

အချို့ ဘဝမြတ် ပွတ်ကြည့်၊ သပ်ကြည့် ကပ်ငြိနေသည်အထိ ရိုင်း၏။

ယင်းတို့ကို အရိုင်းစာတမ်း၌ ခွဲပြပြီး ဖြစ်နေ၍ ဤ၌မပြသာပြီ။ ဤ၌ကား . . . အရိုင်းမှအပြန် ယဉ်ကျေးလာဟန်များကိုသာ ပြခွင့်ရှိတော့သည်။ ခက်ထန်ခြင်းမှအပြန် နူးညံ့သိမ်မွေ့ဟန်ကိုသာ ပြခွင့်ရှိတော့သည်။

**□ လိမ္မာအောင်သာကြိုးစားပါ ယဉ်ကျေးမှာ သေချာပါတယ်**

ဗုဒ္ဓဘာသာတို့၏ အလေ့အကျင့်၌ သရဏဂုံသည် မပါမဖြစ်။

သရဏဂုံတွင်လည်း ဓမ္မသရဏဂုံသည် နေရာတကာ ပါဝင်ပေးနေရမည်သာ။

ဓမ္မသရဏဂုံက သဘာဝသတ္တိရှိရာ ကြည့်စေ၊ သိစေ၏။

ဓမ္မသရဏဂုံက သဘာဝတို့၏ လက္ခဏာများကိုပါ ထားပေးသည်။

သို့ကြောင့် ထို ဓမ္မ. . . ဒါနပြုလည်း လက်မလွတ်နှင့်၊ သီလဆောက်တည်ရာ၌လည်း လက်မလွတ်နှင့်၊ သမထဝိပဿနာ ပွားများရာ၌လည်း လက်မလွတ်နှင့်၊ ကုန်ကုန်ပြောရသော် နောက်ဖေးသွားလာရာ၌ပင် သရဏဂုံနှင့်တွဲပါမှ သဘာဝနှင့် သဘာဝလက္ခဏာများကို တွေ့သိခွင့်ရမည်ဖြစ်ရာ လက်မလွှတ်လေနှင့်။

လူကို စိတ်က စီးထား၏။

ထိုစိတ်ပေါ် သရဏဂုံဆောင်သတိက တက်စီးထားသော် စိတ်တွင်မက လူကိုပါစီးပြီးသားဖြစ်သွားစေ၏။ တစ်ဖန်. . .

စိတ်သည် နှိပ်ကွပ်ရန် အလွန်ခဲယဉ်းလှ၏။

သည်ကြားထဲ သူထင်ရာ လိုက်ပြေးသေး၏။ လိုက်ပြေးနိုင်လောက်အောင်လည်း ပေါ့ပါးလျင်မြန်လှ၏။ ထိုစိတ်ကို . . . လေးနက်သောစိတ်ဖြစ်လာစေလိုလျှင် ဤသရဏဂုံကသာတတ်နိုင်၏။ ကောင်းကျိုးပြုတစ်ခုတည်းအမြဲနေစေလိုလျှင်လည်း ဤသရဏဂုံကသာတတ်နိုင်၏။ ယဉ်ကျေးလိမ္မာစေလိုလျှင်လည်း ဤသရဏဂုံကသာတတ်နိုင်ပါ၏။

သရဏဂုံသည် ယဉ်ကျေးလိုသူတိုင်း၏ အလှပြင်ခုံ။

သရဏဂုံသည် လိမ္မာလိုသူတိုင်း၏ ဆရာအတတ်သင်ကျောင်း။

ဤ၌ . . . သရဏဂုံဆိုသဖြင့် စာထဲပါ ဆိုရိုးအတိုင်း မမှတ်လင့်။

သင်ကြံသမျှ အကြံ သတိအခံဖြင့် ကြံပေးရုံမျှသာ။ သင်ပြောသမျှ အပြော သတိအခံဖြင့် ပြောနေရုံမျှသာ။ သင်လုပ်သမျှအလုပ် သတိအခံဖြင့် လုပ်နေရုံမျှသာ။ ကြံ ကြံမှန်းသိ၊ ပြော ပြောမှန်းသိ၊ လုပ် လုပ်မှန်းသိ၊ သိနေလျှင် ဓမ္မသရဏဂုံမြောက်ပြီ။ ကြံ၊ ပြော၊ လုပ်သဘောကို အာရုံဝင် ဆင်ခြင်ပေးနေပြီဖြစ်သောကြောင့်၊

ဤ၌. . . မြင် မြင်သည်။ ကြားကြားသည် စသည် မမှတ်ချင်နေ. . .၊ ကိုယ်လုပ်သမျှ သိသိနေသော ဆင်ခြင်စိတ်ပါလျှင် သရဏဂုံ မြောက်၏။

သရဏဂုံသည် ရထားတွဲ။


သတိသည် ရထားစက်ခေါင်း။

သို့ဖြစ်ရာ . . . ဆင်ခြင်သောအောက်မေ့သတိ ဝင်ဆံ့နေလျှင် . . . အာရုံဆွေး အတွေးမှနေ အပွေးတက်ခွင့် မရတော့။ အာရုံသစ် အတွေးမှနေ အရေးဆိုခွင့်မရတော့။ သည်သို့ တွင်းပြင်နေ အာရုံဟောင်း၊ သစ် နှစ်ဖက်တို့ မဆက်မိကြသောအခါ သို့မဟုတ် အတွင်းရှိ အပြင်က အားဖြည့်မပေးလာသောအခါ စွဲစိတ်အစား သိစိတ်ဖြစ်သွားပြီ။ ညဉ်သိအစား ဉာဏ်သိ ဖြစ်သွားပြီ။ သို့ကြောင့် သင်ဆိုသောသင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်မှုအလုပ် မလုပ်ချင်လည်း လုပ်။ လုပ်ချင်လည်းလုပ်ပါလေ. . . ။

မလုပ်ချင်ဘဲ လုပ်လည်း လုပ်နေလျှင် လုပ်ခရသောကြောင့်။

အကယ်တိတိ စိတ်ပါလက်မြောက်လုပ်လျှင်ကား. . . လုပ်ခအပြင် ရာထူးပါတိုးဝင်လာဦးမည်။

သည်သို့ စိတ်နှင့် သရဏဂုံ မျက်နှာချင်းဆုံ ရင်ချင်းကပ်တို့ဖြင့် ကြုံ၊ ပြော၊ လုပ် သင်ပွဲထုတ်ပေးပါလျှင်. . . ပထမ အတွေ့နှင့်အမှတ် နပန်းသတ်ပွဲ ဖြစ်ကြမည်။ သည့်နောက် အမှတ်နှင့် အတွေးတို့သည် ရဲနှင့် တရားခံပမာ ပယ်တတ်သူနှင့် ပယ်အပ်သူများဖြစ်နေခြင်းကြောင့် အမှတ်ကသာ ဖွဲ့ရှိသည်းခံ၊ စိတ်ရှည်သောဟန်ရှိနေလျှင် အတွေးကား တဖြည်းဖြည်းညှိုး တစစ ငုပ်လျှိုးသွားတော့သည်သာ။

သည့်နောက် ရှုကွက်တွင်းကနေ မိမိခန္ဓာဖြစ်စဉ် ပီပီပြင်ပြင်မြင်လာသောကြောင့် အတွေးပြယ် စိတ်စင်ကြယ်သောနေရာရောက်တော့၏။ ကိုယ်စိတ်နှစ်ခု ကိုယ့်မိသားစုလေးနှင့်ကိုယ် တည်တည်တံ့တံ့ နေထိုင်နိုင်တော့၏။ သည်မှလျှောက် သည့်နောက် သည့်နောက်များတွင်ကား . . . ရုပ်နာမ်ကွဲကြောင်းကျိုးသိ လက္ခဏာမြင် ဖြစ်၊ ပျက်များပါ သဲလဲစင်မြင်ခွင့်ရတော့ရာ . . .

ငါဆိုတာ အတွေးကပြောနေတာ၊ အတွေ့မှာ ငါမရှိ အတပ်အသိရှိတော့၏။

မြဲ၊ ကောင်း၊ ပိုင် ဆိုတာ ခန့်မှန်းပါ၊ ခန္ဓာမှာ မြဲသည်မရှိ အတပ်သိ အသိရှိသည့်အတူ . . .


ရုပ်၊ နာမ်တို့၏ဖြစ်ချုပ် လက်ငုတ်ကို ဖော်ထုတ်နိုင်လာခြင်း (ဉဒယဗ္ဗယ)။

ရုပ်၊ နာမ်တို့၏ အပျက်အပျက် ချင်းဆက်ပုံ လောကကို မြင်လာခြင်း (ဘင်္ဂစု)။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ မွေးရပ်ဇာတိ
မင်းတုန်းရွာတွင်တည်ရှိသော
ဥပုသ်ဝင်ရွှေချက်သို
ထံခွန်တိုင်

မရှိရာသို့ ပို့လိုက်ပြီ။

ထိုလူသား. . . တစ်ဖက်က လာပို့ သမျှအာရုံထား ခံစားတတ်သွားပြီ။ အသစ်အသစ် ကောင်းကံစု ပြုတတ်လာပြီ။ စိတ်ယဉ်ကျေး၍ အသိ လိမ္မာလာချေပြီ။ သို့သော် ဆိုးညဉ်ကိုသာ ဖျင်နိုင်သေး၍ ကောင်းညဉ် မဖျင်နိုင်သေးခြင်းကြောင့် ကာမဂုဏ် အာရုံချင်း လဲစားရာတို့၌ အရိုင်းမစင် မယဉ်နိုင်ကြသေးပါ။

တစ်ဖန် . . . ဆိုးဘဝကိုသာ ဖျင်၍ ကောင်းဘဝကိုကား မင်မြဲမင်နေသေးရာ ဘဝကောင်း ထိန်းကျောင်းရာ၌လည်း မလိမ္မာကြသေးပါ။ ယင်းတို့ကိုလည်း ဆိုင်ရာမဂ်ဓားဖြင့် ဆက်လက်၍ သတ်ဖျင်ပစ်ကြရပေလိမ့်ဦးမည်။ ထိုစဉ် . . .

(က) ကာမတဏှာသည်. . .

သူ့အာရုံ ကိုယ့်သဏ္ဌာန်ဝယ် သာမန် တည်ရုံမျှမက ခန္ဓာရှိ သွေး၊ အသား၊ ရိုးတွင်းခြင်ဆီတို့အထိ ခြေကုပ်ယူထားသောကြောင့် လည်းကောင်း၊ တစ်ဖန် . . . ဘယ်ဘဝရောက်ရောက် ဓာတ်သွေးဖောက်ပြန်သည်နှင့် ကာမ ရိပ်မြုံ သူ့အာရုံတို့ကို ခုံမင်စွာ အကြိမ်ကြိမ် ထုံကူးထားသည်ကတစ်ကြောင်းကြောင့် လည်းကောင်း၊ သကဒါဂါမိက မဂ်ဖြင့် တစ်ကြိမ်နှိမ်ပေးရ၏။ (သစ်ပင်သင်းသတ်မျိုး)။ နောက်. . . အနာဂါမိကမဂ်ဖြင့် အပြီးခုတ်ပိုင်းပေးရ၏။ (သစ်ပင်လှဲနည်းမျိုး)။ သို့မှသာ အာရုံကိန်း၊ သဏ္ဌာန်ကိန်း အားလုံးငြိမ်းသွား၏။ ထိုလူသား. . .

သူက ပေးချေစရာရှိသော ချစ်ကြွေး၊ မုန်းကြွေးများကိုလည်း ကျေအေးပေးတော့၏။

တစ်ဖက်က လာပေးချေသည့် ချစ်ကြွေး၊ မုန်းကြွေးများကိုလည်း

ရုပ်၊ နာမ်တို့၏ အတွေ့မနှော အငွေ့သဘောမျှသာကို သေချာသည်ထက် သေချာစွာမြင်သိခွင့်ရလာတော့ခြင်း (သင်္ခါရုပေက္ခာစု)။

ထိုအထိ ကိုယ့်အထဲ သဲလဲစင် သိမြင်လာတော့ရာ ဆိုင်ရာ အစွဲမြတ်ကိရိယာဖြင့် မရှိရာမှ လာသော ခန္ဓာ . . . မရှိရာသို့ ပြန်ပို့ရန် ဖြတ်တောက်ချလိုက်ပြီ။ ထိုအခါ. . . ဆူးလေးမျိုး ရှိနေ၍သာ ဆူလေတော အထင်အရှားရှိနေပါသည်။ ဆူးလေးမျိုးမရှိက ဆူးလေတောလည်း ပြောစရာပင်မရှိတော့သည့်ပမာ. . . ခန္ဓာနေ ဓာတ်သွေးနှင့်ဓာတ်

ဉာဉ်များမှ ထ,ဖြစ်သော သိစိတ်ကို ကံချိုးသင်ပုန်းချေပေးလိုက်၏။ သို့ဖြင့်. . .
ငါးနှိုက်ရာသို့ ကြိုးကိုင်ပေးသောကာမအာရုံပြိုင် အကိုင်ကျွမ်းကျင်လာ
အကုသိုလ်စေတသိက်များ အတွေးဖြင့် ငင်၏။ ယခင်ကကဲ့သို့ မနိုင်လျှင်ထ၊ နိုင်
ကံစီရင်သောကြောင့်သာ အပါယ်ဘုံ ဆိုတာလျှင် ထပ်ချသည့် သုံးပုံဖဲကစားနည်းမျိုး
ပေါ်ပေါက်လာတာပါ။ မကစားတော့။ သို့ကြောင့် သူ့ဘက်၊
ခန္ဓာတွင်းအောင်း ဓာတ်သွေးနှင့်ကိုယ့်ဘက် နှစ်ဖက်စလုံး အပြစ်မဖြစ်
ဓာတ်ဉာဉ်များ အတွေးဖြင့် မောင်းနှင်တော့။ တစ်ဖန် . . . သူလည်း သွား
ခွင့်မရအောင် သတိဖြင့် ဆောင်ထားလမ်းသာ၊ ကိုယ်လည်း သွားလမ်းသာ
လိုက်သောအခါ အပါယ်ဘုံဆိုတာတို့ဖြင့် ကောင်းကျိုးရာခွင့် ရသွားကြ
လည်း ဝင်ချင်၊ မြင်ချင်လို့မှ ဝင်ခွင့်၊ မြင်တော့၏။
ခွင့်မရ ဖြစ်သွားပြီ။ ကိုယ်မရှိခင်က မရှိ (ခ) ဘဝတဏှာသည်ကား. . .
နှင့်သော ကိုယ့်အပါယ်ဘုံ. . . ကိုယ်ရှိ တစ်ဖက်ဘဝကနေ သည်ဘဝ
နေသေးသော်မှ စုန်ခွင့်မရတော့ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com





**ဆရာတော်ဘုရားကြီး၏ ယက်ရှိသီတင်းသုံးရာ**
**ဒေပယျမစ်တောရရှိ ကနဦးသီတင်းသုံးခဲ့ရာကျောင်းနှင့်ကျောင်းအတွင်းပိုင်း**

သည်ခန္ဓာကြီး ဖြစ်ပေါ်လာရန် အာရုံ ညွှတ်စဉ်ကပင် ပါဝင်လာသည်က တစ်ကြောင်း၊ သည်တစ်ဘဝလုံးလည်း သူ့ဖို့ပဲအရေးထားပေးစားနေရသည်က တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် ပယ်သတ်ရန် ခဲယဉ်းလွန်းလှ၏။ တစ်ဖန်လည်း တစ်ဖက် အာရုံမှီ၍ဖြစ်သော ကာမတဏှာကဲ့သို့လည်း အကြမ်းထွက်မပြ။ တစ်ဖက်ဝတ္ထုမှီ၍ဖြစ်သော ဒိဋ္ဌိတဏှာကဲ့သို့လည်း အကြမ်းဖက်မပြ။ သဘာဝဓာတ်ငွေ့တို့၏ အလေ့ကျဖြင့် ညင်သာစွာသာ ဆန္ဒပြုတတ်၏။ သို့ကြောင့် ထိုဘဝတဏှာ အမိဖမ်းရန်မှာ တွင်းအောင်းဖွတ်ထက် ခက်ခဲလှချေ၏။ သို့ဖြစ်ရာ ဤဘဝတဏှာကို ကျင့်တည်၊ သိ သိက္ခာသုံးဆင့်တို့တွင် တစ်ထိတည်းထိ၊ တစ်သိတည်းသိသိနေသော ပညာသိက္ခာက တာဝန်ယူ ဖမ်းဆီးပေးရ၏။

ထိုအသိဖြင့် နေ့၊ ည မပြတ် တရစပ် စောင့်ကြပ်ဖမ်းရ၏။


ထို အသိဖြင့် ခန္ဓာ့ဖြစ်စဉ် အမျှင်မပြတ် တရစပ် ကင်းထပ်ပေးနေရ၏။ ဆိုလိုသည်မှာ ၂၄-နာရီလုံးလုံး အချိန်ပြည့်၊ ဉာဏ်ပြည့် ကြည့်ပေးနေမှရ၏။ သောတာပန်အဆင့်ကဲ့သို့ အမှတ်ဆက်နေရုံနှင့်မရ။ သကာ၊ အနာအဆင့်တို့ကဲ့သို့ တစ်ချက်ကောင်း ချောင်းလုပ်ကြံရုံနှင့်မရ။ ထိုသို့ကြည့်ပေးနိုင်မှသာ အရဟတ္တမဂ်စားရှေ့ ထိုတဏှာလာတွေ့ပေးသည်ကို လက်ခံခွင့်ရပေလိမ့်မည်။ ထိုအခါကျမှသာ အရဟတ္တမဂ်၏ဓားချက်အောက် ထိုဘဝတဏှာ အသက်ပျောက်ရတော့သည်။ သည့်အတူ ဘဝတဏှာ၏ အပါးတော်မြဲ မာန၊ အဝိဇ္ဇာ၊ ဥဒ္ဓစ္စ စသည်များလည်း အရဟတ္တမဂ်ဓားအတွင်း လည်စင်းပေးကြရတော့သည်သာ။


ထိုအခါ ထိုလူသား ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုသော အဝတ်အားလုံး ကွာကျသွားချေရာ လူဆိုမှ လူပါဆိုသည့် လူ့လုံးတီးဘဝ ရသွားပြီ။ မရှိရာမှလာသော ထိုဘဝ မရှိရာသို့ ပြန်ပို့



www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ဘုရားကြီး၏ ထက်ရှိသီတင်းသုံးရာ ဧည့်သူ့မင်းတောရရှိ ရတနာ့ဂုဏ်မှီ ကျောင်းတော်နှင့် စကြာသီဟဆင်းတုတော်

ခွင့် ရသွားပြီ။ မပို့ခင်မှာလည်း. . .

တစ်ဖက်က ဘဝ လာစမ်း၍ ကြမ်းကြမ်းတမ်းတမ်း ပြန်ဆက်ဆံခြင်း မရှိတော့။

တစ်ဖက်က မာန လာစမ်း၍ ကြမ်းကြမ်းတမ်းတမ်း ပြန်ဆက်ဆံခြင်း မရှိတော့။

တစ်ဖန် . . . မသိလို့ လုပ်မိပါသည် တောင်းပန်စရာမရှိ။ စိတ်လွတ်သွားလို့ ဖြစ်သွားတာပါ ဝန်ခံစရာလည်း မလို။ နဂိုယဉ် စင်းလုံးချော လှသွားပြီ။

ဘဝ ဘဝချင်းအကပ် ကျွမ်းကျင်စွာ ဆက်ဆံလာတတ်သောကြောင့်။

ဘဝ ဘဝချင်းချိန်ရာ လိမ္မာစွာ ချိန်တတ်လာသောကြောင့်။

သို့ကြောင့် နေရာဘုံ၊ နေစရာ ဘဝ ထိုလူသားအတွက် အကွက်ချပေးထားခြင်း အလျှင်းမရှိတော့ပါ။ နေရာနှင့် နေစရာဘဝမရှိ လာရာလမ်းသို့ ပြန်လှမ်းရုံမျှသာ။

သတ္တဝါ ထိုထိုတို့၏ လာရာလမ်းကား မရှိရာ. . .။

လိမ္မာခြင်းကို ကုသိုလ်ဆို၏။ ဘဝကို လည်းကောင်း၊ ဘဝအကျိုးပြုတစ်ဖက်ရှိ ဝတ္ထုနှင့် အာရုံတို့ကိုလည်းကောင်း၊ အပြစ်ကင်း အကျိုးရှိစွာ ကိုင်တွယ်တတ်ခြင်း၏စကား။ သို့ဆိုသော်. . . လောက၌ အလိမ္မာဆုံးသောသူသည် အရဟတ္တမဂ်ဓားရှင်များတည်း။ အယဉ်ကျေးဆုံး လူသားကိုပြပါဆိုလျှင်လည်း ယင်း အရဟတ္တမဂ်ဓားရှင်များသာ။ သို့တိုင်လည်း ကိလေသာတို့ကို ဉာဉ်၊ ဝါသနာပါ မပယ်နိုင်ကြသော ရဟန္တာအမည်တွင် အရဟတ္တမဂ်ဓားပိုင်ရှင်များ၏ အမူရာပြကား ဒုံရင်းအတိုင်း ရှိနေကြဦးမည်။ ဘုရားရှင်တစ်ပါးတည်းသာ အားလုံး ဆွတ်ဆွတ်ဖြူယဉ်ကျေးသူ ဆိုရပါမည်။

သင် ယဉ်ကျေးချင်ပါသလား။ လိမ္မာအောင် ကြိုးစားပါ။

သင် ဆေးရောင်မကူ ပဝါဖြူ ဖြစ်ချင်သလား။

ဝိပဿနာ ဆယ်ဖြာဖြင့်စိမ်၍ မဂ်တုတ်ဖြင့် ထုရိုက်ဖွတ်လျှော်ပေးပါ။ ထိုအခါ -

(က) တဏှာသွေးမှ သဒ္ဓါသွေး အဖြစ်သို့ သူ့အလိုလို ပြောင်းလဲလာပါမည်။ တစ်ဖန်. . .

(ခ) ဒေါသသွေးမှ ပညာသွေး အဖြစ်သို့ သူ့အလိုလို ပြောင်းလဲလာပါမည်။ တစ်ဖန်. . .

(ဂ) မောဟသွေးမှ တွေးခေါ်ရှင် ပညာဝိတက်သွေးသို့ ပြောင်းလဲလာပါမည်။

သည်သို့ ဝိပဿနာအရှိန် မဂ်အရှိန်တို့ကြောင့် မိုက်သွေးများ သန့်ပြန့်စင်ကြယ်သွားပြီး အလိမ္မာသွေးများ သူ့နေရာနှင့်သူ နေရာမှန် ရသွားတော့လျှင် . . . ထိုသည့်သင်. . . လူလိမ္မာ လူယဉ်ကျေး တစ်သွေးတစ်မွေး ဖြစ်စေမည်။

ကျောက်စရစ်ကုန်း၌ ကျောက်ကောင်းများ မရှိသကဲ့သို့ ယနေ့ ကမ္ဘာလောက၌လည်း လူယဉ်ကျေးများ ရှားပါးလွန်းလှ၏။ သို့ဖြင့် ရှားပါးပစ္စည်း တန်ဖိုးတက်ရ၏ပမာ . . . သင့်ထံရှိ



www.burmeseclassic.com

www.burmeseclassic.com




လူ့တန်ဖိုးသည်လည်း တန်ဖိုးတက်ပါစေမည်။ ယင်းကား . . .

လူ့ဘုံ၊ နတ်ဘုံ၊ အမြတ်ဘုံများက သင့်အား ကြိုဆိုနေခြင်းပင်။

**□ ယနေ့ နက်ဖြန်တို့ရှိ ခန္ဓာကောင်လေးများ**

ဘဝ ဟူသည် ကံသတ္တိ၊ စိတ်သတ္တိ၊ ဥတု အာဟာရ သတ္တိတို့၏ အရှိန်ချင်းဆက်၍ အသက်ဝင်လာသည့်ဖြစ်စဉ်ကို ဆို၏။ တစ်ဖန်. . .

ခန္ဓာဟူသည် ထိုဖြစ်စဉ်များ ငါးပုံပုံ၍ ခိုလှုံနေခြင်းကို ဆို၏။

သို့ကြောင့် ရလာသည့် ထိုဘဝ၊ ထိုခန္ဓာကို ပြုပြင်ပေးရာ၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် အဓိကအခန်းမှ နေရာဝင်ယူပေးကြရ၏။ ကံကြောင့် ဖြစ်လာသော ဘဝခန္ဓာကောင်ကြီးကို ကံကပင် ပြန်မျိုဝါးစားနေ၍။ ကံအသစ်များ အစားထိုးထိုးပေးနေကြရ၍။ တစ်ဖန် . . . စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်လာသည့် ဘဝခန္ဓာအစိတ်အပိုင်းများကိုလည်း သူတို့ကပင် ပြန်လည် ဝါးမျိုနေကြသောကြောင့် စိတ်သစ်၊ ဥတုသစ်၊ အာဟာရသစ်များကိုလည်း စိတ်ဖြင့်၊ ဥတု အာဟာရတို့ဖြင့် ပြန်လည် ပြုပြင်ပေးနေကြရ၍။ သို့မဟုတ် . . . ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ရလာသော ကိုယ်ခန္ဓာကောင်ကြီး ချို့ယွင်းကာ အသစ်အသစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့က အစားဝင်ပေးနေကြရခြင်း။

သည်သို့ အစားသွင်းပေးရာတိုင်း၌. . . စိတ်သည် သဒ္ဓါမှ တဏှာဖက် တစစ လက်ပြောင်းလာနေ၍ ထန်လာနေပြီ။ ကံသည်လည်း သီလမှ သီလမဲ့ရာဘက် တစစလက်ပြောင်းလာနေ၍ကြမ်းလာနေပြီ။ တစ်ဖန် . . . ပြင်ပကနေ သွင်းပေးသော ဥတု၊ အာဟာရများကလည်း အအေးမှ အပူဘက်၊ ဩဇပြည့်မှ ဩဇာမဲ့ဘက် ပြောင်းလာကြ၍ ကြမ်းလာနေပြီ။ သို့ဖြင့် ယနေ့၊ နက်ဖြန်များရှိ ခန္ဓာကောင်ပိုင်ရှင်များသည် . . . ကြမ်းတမ်းသည့်ဥတုနှင့် အာဟာတို့ကို တော်လှန်နိုင်ကြပါတော့မလား။ မတော်လှန်နိုင်က ကံကြမ်း၊ စိတ်ကြမ်းများ သရမ်းကြတော့မည်။ တော်လှန်နိုင်က ကံနု၊ စိတ်နုများ ယဉ်မြယဉ်နေသည်။

သို့ကြောင့် ယနေ့၊ နက်ဖြန်တို့ရှိ ခန္ဓာကောင်ပိုင်ရှင်များသည်လည်း. . . ကားပိုင်ရှင်သည် မိမိကားကို တောင့်တင်း ခိုင်မာစွာ ပြုပြင်ပြီးမှ ကုန်ပစ္စည်းနှင့် ခရီးသည်များ လက်ခံတင်ဆောင်ပြီး စေလိုရာစေ မောင်းနှင်ပို့ဆောင်ပေး၏ပမာ . . . ဦးစွာ မိမိကိုယ်မိမိ ခုခံအားကောင်းမွန်ရန် စိတ်ဓာတ်ပြုပြင်ထားသင့်ကြသည်။ ကိုယ်ကိုလည်း ပြုပြင်ထားသင့်ကြသည်။

ကိုယ်ကို သမထဖြင့် သွေးအေးရန် လေ့ကျင့်ထား။

စိတ်ကို ဝိပဿနာဖြင့် မာန်ကျရန် လေ့ကျင့်ထား။

ပဏ္ဍိတ၊ သုခ စသည့် ခုနစ်နှစ်သားလေးများ ဤသို့ လေ့ကျင့်ခြင်းဖြင့် ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာ တည်ဆောက်သွားကြပါသည်။ ဝိသာခါ ခုနစ်နှစ်သမီးလေး ဤသို့လေ့ကျင့်ခြင်းဖြင့် ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာ တည်ဆောက်ပြသွားပါသည်။

ငါသည်ကား ၁၃-နှစ်သားကတည်းက လေ့ကျင့်၏။ သို့သော် လက်ခံစိတ်ဓာတ်အားများက ကြမ်းတမ်းလွန်းလှသောကြောင့် မအောင်မြင်ခဲ့။ တစ်ဖန် . . . ဝေဘူဆရာတော်ဘုရားကြီးနှင့် လက်ပွန်းတီးရှိနေချိန်ဖြစ်သော ၂၁- နှစ်တွင် ဆရာတော်ဘုရားကြီးက လေ့ကျင့်ခန်းဝင်ရန် အထူးတိုက်တွန်းတော်မူ၏။ သို့သော် ငါ့တွင်းနေ ဓာတ်ကြမ်းများ၏ အမွေကြောင့် မလေ့ကျင့်ဖြစ်။ သို့ဖြင့် ဓာတ်ရိုင်းတို့ဆွဲရာ တရွတ်ပါနွှန်းဖြင့် ၃၅ -နှစ်သို့တိုင်ခဲ့ပြီ။ ထိုစဉ်. . . သမထကြောင့် သွေးအေး၍ လေးသောစိတ်သွက်လက်စေခဲ့ပြီ။ တစ်ဖန် ၃၈-နှစ်သို့အရောက် ဝိပဿနာဖြင့် အပြင်ကနေ အတွင်းအထိလှည့်ကြည့်မိရာ ကိလေသာ့မာန်၊ ခန္ဓာ့မာန်များ ထန်ရာကညှိုး ညှိုးရာမှ ငုပ်လျှိုးသွားခဲ့ပြီ။

သို့သော်. . . ယနေ့တိုင်း ထိုမာန်များက အခွင့်ရေးရ ရသလို ဝင်နှောင့်နေဆဲဖြစ်၍ ကုသလ၊ ဒန္တဘွဲ့များနှင့်ဝေးနေဆဲ. . . ။ သို့တိုင်လည်း. . . ထိုသည့် ငါကား စိတ်ဓာတ် ခုခံအား တစ်ပြားသားမျှ လျော့လိမ့်မည် မဟုတ်။

□ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္ထုနို၊

တမှိဒ် ဧကေ ဝိတက္ကော ဧကေကော

ဓမ္မ သဘာယော။ ။

**မမ သန္တိ ကေ** - ငါ့ထံမှာ ၊ **တက္က ဝစရ ဝတ္ထုနို** - တွေးစရာ အကြောင်းအရာတို့ကား ၊ **ဗဟုလ္လာ** - တွေးလိုက်တိုင်းပွား အများသားပဲ။


**တမှာ** - ထို အတွေးစများမှ၊ **ဣဒံ**-လိမ္မာယဉ်ကျေး ဘာသာသွေးဆိုသော ဤစကားသည်လည်း ၊ **ဧက ဝိတက္ကော**-တစ်ခုအပါအဝင်ဖြစ်သော တွေးစရာတည်း၊ **ဧကေကော ဓမ္မ သဘာယော** - တစ်ခုပေါ် တစ်ခုတက် လုထွက်လာသည့် တရားသဘာင်တည်း။ ။


၁၃၇၃ - ခုနှစ်
နယုန်လဆန်း ၁- ရက်။
ကြာသပတေးနေ့။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com







ဗောဓိပင်နှင့်ရွှေပလ္လင်တွင်
သီတင်းသုံးတော်မူသော မြတ်စွာဘုရား

ကံ့ဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ဗိုလ်တထောင်

# ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

"ဤလောက၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလေပြီ။

ရာဇာယတန လင်းလွန်းပင်အောက်၌ သီတင်းသုံးနေတော်မူနေပါသည်။

မြတ်စွာဘုရားရှင်ထံမှောက်သို့ သွားရောက် ဖူးမြော်ကြကုန်လော့"

တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် သင်္ဘောပေါ်၌ပါလာသော ကုန်ပစ္စည်းများကို အငှားလှည်းပေါင်း (၅၀၀) တို့ပေါ် တင်ဆောင်၍ ရပ်ရွာများသို့ လှည့်လည် ရောင်းချနေစဉ် ဗောဓိပင်အနီးသို့ ရောက်လာသောအခါ လွန်လေပြီးသော (၅) ဘဝက အမိတော်စပ်ခဲ့ဖူးသော ဘုမ္မစိုးနတ်သမီးက ကိုယ်ထင်ပြလျက် လမ်းညွှန်ပြသည့်အတိုင်း ဗုဒ္ဓမြတ်စွာ၏ရှေ့တော်မှောက်သို့ ရောက်လာ၏။

ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်ထံတော်မှောက်သို့ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အဖူးအမြော်ရောက်ရှိကြ၏။ ကုန်သည်ညီနောင်တို့သည် မိမိတို့၌ပါလာကြသော ထောပတ်၊ ပျားရည်၊ တင်လဲတို့နှင့်ဖွဲ့ဆုပ်ထားသော ပျားမုန့်ဆုပ်နှင့် မုန့်ကြွပ်ကျစ်တို့အား ဆွမ်းဦးအဖြစ် ဆက်ကပ် ရှင်လန်း



www.burmeseclassic.com

www.burmeseclassic.com


လှူဒါန်းတော်မူကြပါသည်။ သံဃာဟူသည် မပေါ်သေးသောကာလဖြစ်ခြင်းကြောင့် သရဏဂုံ (၂) ပါးဖြစ်သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ နှင့် ပဉ္စသီလတော်များ ဆောက်တည်ကြကုန်၏။

ဘုရားရှင်က နောင်အနာဂတ်ကို ကြည့်သောအခါ သာသနာတော်သည် မြန်မာပြည်ဝယ် ရှည်မြင့်စွာ တည်တော်မူ၊ ပြန့်ပွားမည်ကို မြင်တော်မူပါသဖြင့် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဦးခေါင်းတော်ကို ညာဘက်လက်တော်ဖြင့် သုံးသပ်တော်မူသောအခါ ဆံတော်(၈)ဆူကိုဆုပ်ကိုင်တော်မူပြီး ဖြစ်နေ၏။ ဆုပ်ကိုင်ပြီးသော ဆံတော် (၈) ဆူမြတ်တို့ကို တပုဿ၊ ဘလ္လိကညီနောင်နှစ်ဦးအား ချီးမြှင့်ပေးသနားတော်မူသည်။ မြတ်စွာဘုရားသခင် ချီးမြှင့်တော်မူသော ဆံတော်မြတ် (၈)ဆူကို ဝိသကြုံနတ်သား ဖန်ဆင်းပေးသော နဝရတ်ရွှေခွက်တော်ဖြင့် ခံယူတော်မူပါသည်။


ဗုဒ္ဓမြတ်စွာဘုရား ချီးမြှင့်တော်မူသော ဆံတော်မြတ် (၈) ဆူတော်ကို တပုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့သည် ဝမ်းမြောက်ဝမ်းသာပီတိအဖြာဖြာဖြင့် ဥက္ကလာပမင်းကြီးစိုးစံရာ ဥက္ကလာပ




မြန်မာ့စံကျော်ရွှေနန်းတော်တိလောကမဟာရဇိန်မုနိနန်ဦးကြေးသွန်းရုပ်ပွားတော်



အသိ-သတိ ကြေးသွန်းရုပ်ပွားတော်



ရွှေပလ္လင်ထက်၌ မှုလဆံတော်အား ဖူးမြင်ရစဉ်နှင့်
ဆံတော်တွင်းသို့ အလှူငွေများလှူဒါန်းစဉ်



ဗိုလ်တထောင်စေတီတော်အနီး
မှော်ရုံထဲမှ ဂဝံဘုရား



www.burmeseclassic.com

www.burmeseclassic.com


တိုင်း ဒဂုံသို့ ပင့်ဆောင်တော်မူခဲ့ကြ၏။ ပင့်ဆောင်ရာတွင် ဗောဓိပင်အရပ်မှ မိုင်ပေါင်း (၂၁၂) မိုင်ခန့်အကွာရှိ ဗန္ဓုဝ သင်္ဘောဆိပ်သို့ လှည်းဖြင့် ပင့်ဆောင်ပြီး ထိုမှတစ်ဖန် သင်္ဘောဖြင့် ဒမိုးဒါးမြစ်၊ ဟူဂလီမြစ်အတိုင်းစုန်ဆင်းကာ သမုဒ္ဒရာ ပင်လယ်ပြင်ထွက်၍ ရွက်လွှင့်ခရီးဆက်ကြ၏။ ရှေးအခေါ် ဇေဋ္ဌဒီပကျွန်း ယနေ့အခေါ် ဖရုံကာကျွန်း အဇ္ဈတ္တနာဂရမြို့ အကောက်ဆိပ်သို့ ခရီးတစ်ထောက်အဖြစ် ဆိုက်ရောက်ရှိလာရာ ဖရုံကာကျွန်းဘုရင်နှင့် ပြည်သူပြည်သားများက ဆီးကြို ပူဇော် ကန်တော့ကြလေသည်။ ဆံတော်မြတ်တို့လည်း ရောင်ခြည်တော်များ ကွန့်မြူးနေသည်ဖြစ်၍ ကြည်ညိုသဒ္ဒါ ပြင်းပြလွန်းသော ဘုရင်မင်းမြတ်မှ ဆံတော်မြတ်နှစ်ဆူကို ကိုးကွယ်ရန် တောင်းခံလေ၏။ ကုန်သည်ညီနောင်တို့မှ မပေးလိုသော်လည်း ဘုရင်မင်းမြတ်မှ အနိုင်အထက်ပြုကာ ဆောင်ယူသွားလေ၏။

ထိုမှ ခရီးဆက်လက်ထွက်ခွာလာသောအခါ နာဂရာဇ်အင်ူ ယခု ပုသိမ်မော်တင်စွန်းသို့ ဆိုက်ရောက်စဉ် ရောင်ခြည်တော်များ ကွန့်မြူးသည်ဖြစ်ရာ နဂါးလုလင်တစ်ဦးသည် လူ့အသွင်ဆောင်လျက် ဇေယျသေနနဂါးမင်းထံ ဆက်သရန် ဟူ၍ ပြောဆိုကာ ဆံတော်မြတ်နှစ်ဆူ ပင့်ဆောင်ယူသွားပြန်လေ၏။ ကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်နှစ်ဆူ ထပ်မံကာ ဆုံးရှုံးလိုက်ရ၍ စိတ်လက်မကြည် စိတ်မကောင်းဖြစ်ကြ၏။ ဉက္ကလာပတိုင်းဌာနီအမြန်ပြန်ရောက်မှ ဖြစ်တော့မည်ဟု ခရီးဆက်ထွက်ခွာလာခဲ့ရာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၌ ပေါက္ခရဝတီမြို့၏ ဆိပ်ကမ်းဖြစ်သော ဓညဝတီသို့ ရောက်ရှိလာကြ၏။


ဓညဝတီဆိပ်ကမ်း၏ အနောက်ဘက် (၆) မိုင်ခန့်အကွာ ကွမ်းဒေးအရပ်၊ နောင် ရွှေဆံတော်ဘုရားတည်မည့် နေရာဌာန မေရုတကုန်းပေါ် (ယခု တွံတေးမြို့) သို့ ဆံတော်မြတ်များကို နဝရတ်ပြာသာဒ်တော်ဖြင့် ပင့်ဆောင်ကာ ခုနစ်ရက်ပတ်လုံး ပွဲကြီးကျင်းပလျက် ပူဇော်ပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပတော်မူကြ၏။

တပုဿ၊ ဘလ္လိကညီနောင်နှစ်ဦး ဘုရားရှင်မြတ်၏ ဆံတော်မြတ်များ ပင့်ဆောင်လာပြီဖြစ်ကြောင်း ဉက္ကလာပမင်းကြီးနှင့် ဖခင်ဖြစ်သူ သုဝဏ္ဏသူဌေး





အစ်မတော်မြနန်းနွယ်ဘုရားကျောင်းတော်ကြီး



အစ်မတော်မြနန်းနွယ်အား ပဝါဆက်သနေသူများ

ကြီးတို့ထံ ရွှေပြေးတမန်တော်များ စေလွှတ်၍ အကြောင်းကြား လျှောက်ထားစေ၏။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ စနေနေ့တွင် ဗုဒ္ဓမြတ်၏ ဆံတော်များ ဉက္ကလာပတိုင်းဌာနီဆိပ်ကမ်း (ယခု ဗိုလ်တထောင်စေတီရင်ပြင်အနီး) ဆိုက်ရောက်တော်မူသောအခါ ဉက္ကလာပမင်းကြီးသည် ခေါဘဏီတပ်ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း (၁၀၀၀)တို့နှင့်အတူ တိုင်းသူပြည်သား




www.burmeseclassic.com

www.burmeseclassic.com



ရှင်သီဝလိမထေရ်



စေတီတော်ရင်ပြင်မှ ရှင်ဥပဂုတ္တမထေရ်



ဗိုလ်တထောင်ဘိုးဘိုးကြီး



အဘပထမံဘိုးဘိုးအောင်



ဗိုလ်တထောင်ရင်ပြင်တော် ဝိဇ္ဇာဓိုရ်ဆရာတော်များနှင့် ဝိဇ္ဇာဘိုးဘိုးကြီးများ

တို့က ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်တော်မူကြပါသည်။

သဘော်ပေါ်မှနေ၍ ဆိပ်ကမ်းထက်၌ အသင့်ဆောက်လုပ်ထားသော ရတနာမဏ္ဍပ်ကြီးသို့ ပင့်ဆောင်ပူဇော်ခံထားရှိကြလေ၏။ ဥက္ကလာပမင်းကြီးအား တပုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်များပင့်ဆောင်စဉ် ခရီးအတွေ့အကြုံများကို တင်ပြပြီးနောက် လမ်းခရီး၌ ကြုံတွေ့ခဲ့ရသောအခက်အခဲနှင့် ဆံတော်မြတ် (၈) ဆူမှ (၄) ဆူတော်မြတ်သည် အနိုင်အထက်ပြုယူဆောင်ခြင်းခံရ၍ ယခုအခါ ဆံတော် (၄) ဆူသာ ပင့်ဆောင်ပါလာတော်မူကြောင်း လျှောက်ထားတင်ပြကြသောအခါ မင်းကြီးလည်း စိတ်ဝမ်းမကြည်သာဖြစ်ပေါ်လာပြီး စိတ်ကြံသမှု အဓိဋ္ဌာန်သစ္စာပြုလေတော့၏။

"မိမိတို့အားလုံး ကိုးကွယ်ပူဇော်ရန် မြတ်စွာဘုရားသည် ဆံတော်မြတ်များ ချီးမြှင့်ပေးတော်မူခဲ့၏။ မှန်ကန်ပါက မြတ်စွာဘုရားချီးမြှင့်ပေးသနားတော်မူသည့်အတိုင်း ကိုးကွယ်ပူဇော်ခွင့်ရပါစေ"

ဟု အာရုံပြု အဓိဋ္ဌာန်၍ ရတနာပတ္တမြားကြုတ်တော်ကိုဖွင့်လိုက်လေရာ ဆံတော်များမှာမလျော့။ မူလ (၈) ဆူအတိုင်း ဖူးမြင်လိုက်ရ၍ မင်းကြီးနှင့် ပြည်သူပြည်သားတို့သည် အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်လျက် ထိုရတနာမဏ္ဍပ်တော်၌ (၆) လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ အပူဇော်ပွဲကြီး ကျင်းပတော်မူပါသည်။

(မှတ်ချက် - ဗိုလ်တထောင်ဆံတော်ဦးစေတီတော်ဘုရားသမိုင်း၌ ဆံတော်မြတ်များနှင့် ပတ်သက်၍ ဥက္ကလာပမင်းကြီးမှ သစ္စာအဓိဋ္ဌာန်ပြုကြောင်း ရေးသားထားသော်လည်း ရွှေတိဂုံဂေါပကထုတ် 'မြတ်ရွှေတိဂုံ (၂၆၀၀) ပြည့်သမိုင်းစာအုပ်' တွင် တပုဿ၊ ဘလ္လိကညီနောင်တို့မှ ဆုတောင်း အဓိဋ္ဌာန်ပြုသည်ဟု ဖတ်ရှုရပါသည် - စာရေးသူ)

**▫ ဗိုလ်တထောင်စေတီတည်တော်မူခြင်း**

ဆိပ်ကမ်းအထက် ကုန်းမြင့်တွင် ဆောက်လုပ်ထားသည့် ရတနာမဏ္ဍပ်တော်၌ (၆) လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆံတော်မြတ်ပူဇော်ပွဲ ကျင်းပပြီးစီးသောအခါ ဥက္ကလာပမင်းကြီးသည် ဆံတော်မြတ်များ ပင့်ဆောင်တော်မူလာသော မြတ်စွာဘုရား မူလပထမ ချီးမြှင့်တော်မူရင်းဖြစ်သော တပုဿ၊ ဘလ္လိကညီနောင်တို့အား မိမိတို့နှစ်သက်သလို ပူဇော်ကိုးကွယ်နိုင်စေခြင်းငှာ ဆံတော်မြတ်တစ်ဆူစီ ခွဲဝေပေးအပ်တော်မူပါသည်။

(မှတ်ချက် - ဓမ္မစေတီကျောက်စာပါ စာကြောင်း၌ တပုဿ၊ ဘလ္လိက



www.burmeseclassic.com

www.burmeseclassic.com

ညီနောင်တို့က ဆံတော် (၂) ဆူ ယူထားလိုက်ကြောင်း ဖော်ပြပါရှိပါ၏။)

တပုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့သည် မိမိတို့ကိုးကွယ်ခွင့်ရသော ဆံတော်များကို ဌာပနာ၍ စေတီတော်တည်ရန် ဆုံးဖြတ်ကြလေ၏။ ဘလ္လိကသည် ဘုရားတည်၍ ဌာပနာတော်သွင်းရန်နေရာကို ရွေးချယ်သောအခါ ဗိုလ်တထောင်ဆိပ်ကမ်းမှ သိင်္ဂုတ္တရကုန်းတော်သို့ ဆံတော်မြတ်များ အခမ်းအနားဖြင့် ပင့်ဆောင်စဉ် ပထမဦးဆုံး ရွှေဝေါတော်ပြာသာဒ် တစ်ထောက်ရပ်နား အပူဇော်ခံရာဌာနဖြစ်သော ပန်းဆိုးတန်း မဟာပိန္နဲခေါ် စန္ဒီမယ်တော်၊ ဟိန္ဒူကုလယ်ဘုရားကျောင်းနေရာ၌ မဟာပိန္နဲစေတီအဖြစ် တည်တော်မူ၍ ဆံတော်ကို ဌာပနာတော်မူခဲ့ပါသည်။ သမိုင်းအဆိုအရ ထိုမဟာပိန္နဲစေတီတော်တွင် ဌာပနာထားတော်မူသော ဆံတော်မြတ်ကို အနော်ရထာစောမင်းသည် ဆောင်ယူတော်မူ၍ ပုဂံမြို့အရှေ့တောင်ထောင့်ရှိ စေတီတွင် ဌာပနာတော်မူပါသည်။ ထိုစေတီတော်ဘွဲ့တော်ကား ပစ္စယံငါးဆင့်နှင့် ဆံတော်ရှင် 'မဟာပိန္နဲ' မည်တော်မူပါသည်။

တပုဿမှ စေတီတော်တည်ရန်နေရာရွေးချယ်ရာတွင် (၆) လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆံတော် (၈) ဆူမြတ် ကိန်းဝပ် စံပယ်တော်မူရာဌာနကို ရွေးချယ် သတ်မှတ်တော်မူပါသဖြင့် ထိုနေရာသည် ဗုဒ္ဓမြတ်စွာဆံတော်မြတ် ပထမဦးစွာ ဥက္ကလာပတိုင်းဌာနီကို ကြွချီအပူဇော်ခံ သီတင်းသုံးရာဌာနဖြစ်၍ ထိုနေရာတွင် စေတီတည်ခြင်းကားသာသနာတော်အတွက် အမှတ်တရကျောက်တိုင်စိုက်ဘိသကဲ့သို့ နှောင်းလူတို့ အစဉ် သတိရ အမှတ်ရ ကိုးကွယ်ဆည်းကပ်သင့်သောနေရာတစ်ခု ဖြစ်တော်မူခဲ့ပါသည်။

ဗုဒ္ဓမြတ်၏ဆံတော်တို့သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် ဗိုလ်တထောင်ဆိပ်ကမ်းသို့ ဆိုက်ကပ်တော်မူ၍ ရတနာမဏ္ဍပ်တော်၌ (၆) လတိုင်တိုင် သီတင်းသုံး အပူဇော်ခံပြီးနောက် တပုဿသည် ရတနာမဏ္ဍပ်တော်နေရာ၌ စေတီတည်တော်မူပါသည်။ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲလ၌ စတင်တည်တော်မူ၍ စေတီတော်၏ ဘွဲ့အမည်တော်ရွေးချယ်တော်မူရာတွင် ဥက္ကလာပမင်းကြီး ဗိုလ်ခြေ (၁၀၀၀) ဖြင့် ခမ်းခမ်းနားနား ဗုဒ္ဓမြတ်ဆံတော်ကြိုခဲ့သည်ကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် 'ဗိုလ်တထောင်'စေတီတော်ဟုဘွဲ့အမည်တော်တွင်တော်မူခဲ့ပါသည်။

**□ ဗိုလ်တထောင်စေတီ ပြန်လည် တည်တော်မူခြင်း**

ကောဇာနှစ် ၁၃၀၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (၈-၁၁-၁၉၄၃) ဒုတိယကမ္ဘာစစ်အတွင်းကာလ၌ ဗိုလ်တထောင်စေတီတော်သို့ ဗုံးခသဖြင့် တော်တော်များများပျက်စီးကုန်လေ၏။

စေတီတော်ဗုံးခပြီး (၂) နှစ်ခန့်အကြာ ဗမာ့တော်လှန်ရေးတပ်မတော်



ဗိုလ်တထောင်စေတီကျောက်စာတိုက်ကို တွေ့ရစဉ်



စေတီတော်မြတ်ကြီးသမိုင်းအကျဉ်းကို စကျင်ကျောက်ပေါ်တွင် ရေးထိုးထားပုံ



ဗိုလ်တထောင်စေတီအဝင်မုခ်ပေါက်ဝကို တွေ့ရပုံ



ဆံတော်တွင်းသို့ အလှူငွေများ လှူဒါန်းထားပုံ



အစ်မတော်ရှေ့မှ ပွဲလှူပွဲကပ်အကျိုးတော်ဆောင်ဆီပုံ



www.burmeseclassic.com

www.burmeseclassic.com

မှ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးကြောင်း ကြေညာလေ၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီး၍ တိုင်းပြည်အေးချမ်းသွားသော အခါ ဗုံးခံသွားသော ဗိုလ်တထောင် စေတီတော်ကြီးကို အသစ်တစ်ဖန် ပြန်လည်တည်တော်မူရန် စီစဉ်ကြလေ၏။

ကောဇာနှစ် ၁၃၀၈ ခု၊ ဝါဆိုလ ပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့ (၂၁-၇-၁၉၄၆) တွင် အဖွဲ့ဝင် (၂၉) ဦး ပါသော စေတီပြန်လည်တည်တော်မူ အဖွဲ့ကို ဖွဲ့စည်းခဲ့ကြ၏။

**□ စေတီပြန်လည်တည်ထောင်ရေးအဖွဲ့**

၁။ ဆာဦးသွင်
၂။ ဒေါက်တာဦးသိန်းမောင်
၃။ စည်သူဦးဘိုးဖြော့
၄။ ဗြိတိသျှဘားမားဦးညွှန့်
၅။ ရွှေတိဂုံဘဏ္ဍာတော်ထိန်း ဦးဘကျော်
၆။ ဗိုလ်တထောင်ဘဏ္ဍာတော်ထိန်း ဦးဘသော်
၇။ မြေပိုင်ရှင်ဦးဘတင်
၈။ လွှတ်တော်အမတ်ဦးမျိုးရှူး
၉။ မြေပိုင်ရှင်ဦးအီးနွတ်
၁၀။ မြေပိုင်ရှင်ဦးကြွင်သိန်း
၁၁။ ဝတ်လုံတော်ရဦးဘလှ
၁၂။ သမဝါယမဝန် ဦးမောင်ကလေး
၁၃။ မစ္စတာအာသာအိမ်(ချ်)ဝေါ(လ်)
၁၄။ အမြတ်တော်ခွန်မင်းကြီး ဦးလူကလေး
၁၅။ ဒီဒုတ်ဦးဘချို
၁၆။ မြို့တော်ဝန်ဟောင်း ဦးသင်းမောင်
၁၇။ စက်သူဌေး ဦးဘဖေ
၁၈။ သမဝါယမဝန်ထောက် ဦးကျော်အေး
၁၉။ ဝတ်လုံတော်ရဦးဘရှင်
၂၀။ မြန်မာ့အလင်းဦးတင်
၂၁။ သမာဓိသတင်းစာတိုက်ပိုင်ရှင် ဦးဘကလေး
၂၂။ ပြည်ထဲရေးအတွင်းဝန် ဦးဘထွန်း
၂၃။ ပွဲစားကြီးဦးဘလှိုင်
၂၄။ တန်ဆောင်းဒါယကာဦးဘရီ
၂၅။ ကုန်သည်ကြီးဦးဘစိန်
၂၆။ မီးရထားမင်းကြီး ဦးမောင်အောင်
၂၇။ စက်သူဌေးဦးထွန်းရ
၂၈။ ဘုံဘေဘားမားစာရေးကြီး ဦးငွေမျှင်
၂၉။ ဘုံဘေဘားမားကိုယ်စားလှယ် ဦးအောင်သိန်း



ဘိုးဘိုးကြီးအား လာရောက်ပူဇော်နေကြသော ထိုင်းဘုရားဖူးများ



ဘိုးဘိုးကြီး၏ရွှေလက်ညှိုးနှင့် ဦးခေါင်းကိုထိ၍ ဆုတောင်းနေသူတစ်ဦး



ဗိုလ်တထောင်ဘိုးဘိုးကြီး၏ ရွှေလက်ညှိုးကို တို့ထိပြီးဓာတ်ကူးနေသောထိုင်းဘုရားဖူးတစ်ဦး

၎င်း (၂၉) ဦးအဖွဲ့ဝင်တို့သည် အောက်ပါ ဗိသုကာအင်ဂျင်နီယာကြီး များနှင့် ဆိုင်ပင်ဆောင်ရွက်ကြသည်။

**□ အင်ဂျင်နီယာကြီး (၆) ဦး**

၁။ စည်သူဦးတင်
၂။ ဦးလှသွင်
၃။ ဦးအုန်းသန်း
၄။ ဦးသာထွန်း
၅။ မစ္စတာဒူးမော့စ်
၆။ ဦးသက်တင် (ကန်ထရိုက်တာကြီး)

**□ နောက်ထပ်ဝင်ရောက်လာကြသော အဖွဲ့ဝင်လူကြီးများ**

၁။ တရားဝန်ကြီးဆာမြဘူး
၂။ ချုပ်သင်းဦးဘသင်
၃။ ခင်မမအင်ဆန်းဦးသာဝင်း
၄။ ကုန်သည်ကြီးဦးအုန်းတင်
၅။ ပထမကျော်ဦးကြီးဖေ
၆။ မင်္ဂလာဦးဘသန်း
၇။ စက်သူဌေးဦးဘသွင်
၈။ ဒေါက်တာဦးအုန်းကြည်
၉။ သီရိပျံချီဦးသန်းစိန်
၁၀။ ဘီအိုစီစာရေးကြီးဦးကျော်သာ
၁၁။ ဘီအိုစီကိုယ်စားလှယ်ဦးစိန်
၁၂။ ကန်ထရိုက်တာဦးမောင်မောင်စိန်
၁၃။ လွှတ်တော်ရှေ့နေဦးထွန်းတင်
၁၄။ ကုန်သည်ကြီးဦးဟန်
၁၅။ ကုန်သည်ကြီးဦးဘိုကြွင်
၁၆။ သံတမန်ဟောင်းဦးစိုးညွှန့်
၁၇။ ဘီအိုစီစာရေးကြီးဦးဘနှစ်
၁၈။ အင်ဂျင်နီယာကြီးဦးလှမောင်



www.burmeseclassic.com

www.burmeseclassic.com

၁၉။ လက်ထောက်ရဲမင်းကြီးဦးဘဦး
၂၀။ အထက်လွှတ်တော်အမတ်
ဦးဘထွန်း

**□ နောက်ထပ်ပါဝင်လာကြသော အင်ဂျင်နီယာကြီးများ**

၁။ ဦးအုန်းကြိုင် (အငြိမ်းစားရေဝန်အင်ဂျင်နီယာအရေးပိုင်)
၂။ ဦးထွန်းတင် (အင်ဂျင်နီယာ)
၃။ သီရိပျံချီဦးကျော်စိန် (ပြည်သူ့အိုးအိမ်အဖွဲ့ အင်ဂျင်နီယာချုပ်)
၄။ ဦးမြသန်း (အင်ဂျင်နီယာအရေးပိုင်)
၅။ ဝဏ္ဏကျော်ထင်ဦးသိန်း (အင်ဂျင်နီယာအရေးပိုင်)
၆။ ဦးညွန့်မောင် (အင်ဂျင်နီယာဝန်ထောက်)
၇။ ဦးအေးဖေ (အင်ဂျင်နီယာအရေးပိုင်)
၈။ ဦးခ (အင်ဂျင်နီယာကြီး)

**□ ရွှေပန္နက်တော်စိုက်ထူခြင်း**

ဗိုလ်တထောင်စေတီတော်သစ်ကြီးကို စတင်တည်ထောင်ရန် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၄-၁-၄၈) တနင်္ဂနွေနေ့၊ နံနက်(၈)နာရီ၊ (၅၄)မိနစ်အချိန်တွင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့အား ပူဇော်ပသခြင်း၊ သာသနာတော်စောင့်နတ် အထက်အောက်အရပ်ခြောက်မျက်နှာတို့မှ စောင့်ရှောက်ပါရန် တောင်းပန်ခြင်းများကို ပြုလုပ်ပြီးလျှင် -

ဆာဦးသွင်က အလယ်ဗဟို ရွှေပန္နက်ကို လည်းကောင်း၊

သူဌေးဦးဘသော်က အရှေ့မြောက်ထောင့်ရွှေပန္နက်ကို လည်းကောင်း၊

ဆာမြဘူးက အရှေ့တောင်ထောင့်ရွှေပန္နက်ကို လည်းကောင်း၊

စည်သူဦးဘိုးဖြော့က အနောက်တောင်ထောင့်ရွှေပန္နက်ကိုလည်းကောင်း၊

ဒေါက်တာ ဦးသိန်းမောင်က အနောက်မြောက်ထောင့် ရွှေပန္နက်ကို အသီးသီးစိုက်ထူကြပါသည်။

**□ ထူးခြားသောနေ့ထူး**

ပန္နက်ရိုက် ပန္နက်စိုက်ထူသော ၁၃၀၉ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက် (၄-၁-၄၈) တနင်္ဂနွေနေ့သည် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

**□ ဆံတော်ဓာတ်များတွေ့ရှိခြင်း**

ဤသို့ ရွှေပန္နက်တော်များစိုက်ထူပြီးနောက် ပျက်စီးနေသော အုတ်ပုံကြီးကိုရှင်းလင်းကြရာ မူလမြေတွင်းဌာပနာတိုက်ကြီးအတွင်း၌ ကျောက်စီရွှေချကျောက်စီရွှေစေတီအထပ်ထပ်တို့ကို ဝန်းရံလျက် ထည့်သွင်းဌာပနာထားအပ်သော ဆံတော်တစ်စကိုဖော်၍ သရိုးဖြင့်လုံးကာ ရွှေချထားသည့် ဆံတော်ဓာတ်နှင့် မှန်ညင်းစေ့ခန့်ရှိ ဓာတ်တော်နှစ်ဆူတို့ကို ၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (၁-၅-၄၇)၊ ကြာသပတေးနေ့၊ နံနက်(၆)နာရီ၊ (၅၅) မိနစ်အချိန်တွင် တွေ့ရှိဖူးမြင်ရပါကြောင်း၊ ၎င်းဆံတော်ဓာတ်များသည် ဥက္ကဋ္ဌကြီးသတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင် လှူဒါန်းသည့် စိန်ရွှေပတ္တမြားစီခြယ်ထားအပ်သော ဆင်စွယ်ကျောင်းဆောင်တော်တွင် ယနေ့တိုင် ကိန်းဝပ်တော်မူလျက်ရှိပါကြောင်း။

**□ စေတီတော်ပုံစံရွေးချယ်ခြင်း**

အသစ် ပြန်လည် တည်ထောင်မည့် ဗိုလ်တထောင်စေတီတော်ပုံစံကို ဆာဦးသွင်နှင့်တကွ အချို့က ဆံတော်ဓာတ်တော်များ အများဖူးနိုင်ရန် လိုဏ်ဖြင့်တည်ထားလိုခြင်း၊ အချို့က လိုဏ်ဖြင့်တည်လျှင် ငွေ (၁၂) သိန်းမျှကုန်ကျမည်ဖြစ်၍ လိုဏ်ဖြင့်မတည်ဘဲ စေတီတော်ချည်းတည်ထားလိုကြောင်း နာနာဆန္ဒဖြစ်ကြရာမှ ဆာဦးသွင်က လိုဏ်နှင့်တည်၍ ပိုမိုကုန်ကျမည့်ငွေ တစ်သိန်း၊ နှစ်သိန်းအတွက် လိုနေလျှင် မိမိတာဝန်ယူမည်ဖြစ်ကြောင်း ပြောဆိုသောအခါ လိုဏ်နှင့်တည်ထားရန် အားလုံးသဘောတူကြသည်။

**□ ရွှေထီးတော်တင်ခြင်း**

၁၃၅၁ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်။

၁။ ၂၇-၁၂-၅၃ ခုနှစ်၊ တနင်္ဂနွေနေ့၌ သမ္မတကြီး ဒေါက်တာဦးဘဦးမှ ပထမအဆင့်တင်လှူခြင်း။

၂။ ၂၈-၁၂-၅၃ ခုနှစ်၊ တနင်္လာနေ့၌ ဆာဦးသွင်မှ ဒုတိယအဆင့်တင်လှူခြင်း။

၃။ ၂၉-၁၂-၅၄ ခုနှစ်၊ အင်္ဂါနေ့တွင် ဝန်ကြီးချုပ်ဦးနုမှ တတိယအဆင့်တင်လှူခြင်း။

၄။ ၃၀-၁၂-၅၃ ခုနှစ်၊ ဗုဒ္ဓဟူးနေ့၌ လွှတ်တော်နာယကကြီး စဝ်ရွှေသိုက်မှ စတုတ္ထအဆင့်တင်လှူခြင်း။

၅။ ၃၁-၁၂-၅၃ ခုနှစ်၊ ကြာသပတေးနေ့၌ နိုင်ငံခြားရေးဝန်ကြီး စဝ်ခွန်ချိုမှ ပဉ္စမအဆင့်တင်လှူခြင်း။

၆။ ၁-၁-၅၄ ခုနှစ်၊ သောကြာနေ့၌ တရားဝန်ကြီးချုပ် ဦးထွန်းဖြူမှ ငှက်မြတ်နားတိုင်နှင့် ဆတ်သွားဖူးကိုင်တင်လှူခြင်း။

၇။ ၂-၁-၅၄ ခုနှစ်၊ စနေနေ့၌ မြို့တော်ဝန်ဦးထွန်းမှ ငှက်မြတ်နားတော်။

၈။ ၃-၁၁-၅၄ ခုနှစ်၊ တနင်္ဂနွေနေ့၌ သာသနာရေးဝန်ကြီး ဦးဝင်းက စိန်ဖူးတော်တို့ကို အသီးသီးတင်လှူကြရာ ၁၃၁၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ပြီးဆုံးအောင်မြင်တော်မူပါသည်။

**□ စေတီတော်တည်ထားပုံနှင့်ကုန်ကျငွေ**

စေတီတော်၏ ဖိနပ်တော်မှာ တစ်မျက်နှာလျှင် (၉၃) ပေစီ၊ လေးမျက်နှာအညီထားပြီးလျှင် မူလစေတီတော်



အစ်မတော်ပြန်နန်းမွယ်အား ပွဲလှူပွဲကပ်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်း၏ ဆံတော်တွင်းဓာတ်တော် တိုက်ကိုမပိတ်ဆို့ဘဲ အသစ်ပြုပြင်မွမ်းမံ၍ ဆာဦးသွင် ဆင်စွယ်ကျောင်းဆောင်တော်၌ ကိန်းဝပ်တော်မူသော ဆံတော်ဓာတ်တော်များကိုတည်ထားခြင်း၊ စေတီတော်၏အတွင်းလိုဏ်ဂူဌာပနာခန်း(၁၆) ခန်းကို အကွေ့အကောက်တို့ဖြင့်စီစဉ်၍ အခန်းတိုင်း၌ ရွှေစေတီ၊ ငွေစေတီ၊ ရွှေရုပ်ပွား၊ ငွေရုပ်ပွား၊ ကျောက်သံပတ္တမြားစသော အဖိုးတန်ဌာပနာပစ္စည်းများကို အပြည့်အလျှံတည်ထားခြင်း၊ မူလစေတီတော်ပေါင်း ဆံတော်အတွင်း ဌာပနာတိုက်မှ ၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (၁-၅-၄၇) ကြာသပတေးနေ့က တူးဖော်ရရှိသောကျောက်စေတီ စသော ရှေးဟောင်းပစ္စည်းများကိုလည်း အားလုံးဖူးမြော်နိုင်ကြရန် စနစ်တကျ တည်ထားခြင်းတို့ကြောင့် ရှေးခေတ်စေတီတော်များနှင့်မတူ တမူထူးခြားအောင် လေးသိန်းကျော်အကုန်ခံပြီးတည်ထားကြပေသည်။

ဤသို့ ကန်ထရိုက်စနစ်ဖြင့်တည်လျှင် ငွေ (၁၂) သိန်းကျော်ကုန်ကျမည်ဟု အင်ဂျင်နီယာကြီးများ၏ တွက်ချက်တင်ပြသောပုံစံအတိုင်းကို ပြည်သူပြည်သားတို့ဖြင့် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့်တည်ထားကြရာ ကျပ်ငွေလေးသိန်းကျော်မျှဖြင့် ပြီးဆုံးအောင်မြင်စေသည့်အတွက် ငွေရှစ်သိန်းခန့်သက်သာစေခဲ့ပေသည်။

## ◻ မိုးကုတ်ဆရာတော်ကြီးနှင့် ကျောက်သလင်းစိန်ဖူးတော်

မိုးကုတ်ဆရာတော်ဦးဝိမလနှင့် ဗိုလ်တထောင်စေတီတော်ပြန်လည်တည်ထောင်ရေးအဖွဲ့ဝင် အမြတ်တော်ခွန်မင်းကြီး ဦးလူကလေးတို့၏ နှီးဆော်မှုဖြင့် -

အချင်းထိပ်ဝ (၅) လက်မ
လုံးပတ်တော် (၁၅) လက်မ
အမြင့်ဉာဏ်တော် (၁၈) လက်မ

အလေးချိန်(၂)ပိဿာရှိ အလွန်ခဲယဉ်းလှစွာသော ရတနာအစစ်ဖြစ်သည့် ကျောက်သလင်းစိန်ဖူးတော်ကြီးကို မိုးကုတ်မြို့မှ ရဟန်းမယ်တော်ကြီး ဒေါ်ဒေါ်အုံ၊ ရဟန်းမယ်တော်ကြီး ဒေါ်ဒေါ်ဖုံ သားသမီးမြေးများက စေတီတော် ပြန်လည် တည်ထောင်ရေးအဖွဲ့ကြီးအလိုအတိုင်းပြုပါဟု မုတ္တာစာဂီလွှတ်လွှတ်လှူဒါန်းကြလေသည်။

၎င်းစိန်ဖူးတော်ကြီးကို ဆာဦးသွင်က -

က။ ဓာတ်တော်များဌာပနာထားသောရွှေကြုတ်တော်ကိုအပေါ်ကင့်လျှင် ပတ္တမြားထိပ်အုပ်တော်အထွတ်တပ်ခြင်း။

နဝရတ်ကိုးပါးတို့စီခြယ်အပ်သော ရွှေကွန်ရက်တို့ဖြင့် ရစ်သိုင်းလွှမ်းခြုံဖြန့်ကြက်ငုံထားခြင်း။

လှူထုအများက -

က။ ရွှေနန်းကြီး၊ ရွှေမှန်ကူကွက်၊ ရွှေကွန်ရက်တို့၌ စိန်ရောင်ချင်းယှက်ကူးစိန်ပေါင်းစုံ ကွန့်မြူးအောင် အထူးထူးစီခြယ်ထားခြင်း။

ခ။ စိန်ဖူးတော်ကြီး ရာသီဘေးရန်အန္တရာယ်ဒဏ်ကိုခံနိုင်ရန် မိုးကြိုးလွှဲတပ်ဆင်ခြင်း စသည်တို့ကို လိုလေသေးမရှိအောင် အတိအကျ ဆောင်ရွက်လုပ်ကိုင်ထားကြပေသည်။

## ဉာဏ်တော်ပမာဏ

ပန်းတင်ခုံအမြင့်
(၆) ပေ၊ (၉) လက်မ
ပထမပစ္စယံအမြင့်
(၁၅) ပေ၊ (၉) လက်မ
ဒုတိယပစ္စယံအမြင့်
(၁၁) ပေ၊ (၀) လက်မ
ကြေးဝိုင်းအမြင့်
(၄) ပေ၊ (၈) လက်မ
ခေါင်းလောင်းအမြင့်
(၁၈) ပေ (၈) လက်မ
ဖောင်းရစ်အမြင့်
(၁၆) ပေ၊ (၃) လက်မခွဲ
ကြာလန်၊ ကြာမှောက်၊ ကြာနှုတ်၊ သပိတ်မှောက်အမြင့်
(၁၂)ပေ၊ (၈) လက်မခွဲ
ငှက်ပျောဖူး(ချယ်သီး)အမြင့်
(၁၉)ပေ၊ (၀) လက်မ
(၁၀၄) ပေ၊ (၁၀) လက်မ
ထီးတော်မှ စိန်ဖူးတော်အထိ
(၂၇) ပေ၊ (၉) လက်မ
နှစ်ရပ်ပေါင်းဉာဏ်တော်အမြင့်
(၁၃၂) ပေ၊ (၇) လက်မ

ဝန်ခံချက်။ ။ တင်ပြခဲ့ပြီးသော ခုနှစ်သက္ကရာဇ်အတိုင်းအတာများနှင့် အသစ်ပြန်လည်တည်တော်မူမှတ်တမ်းအချက်အလက်များကို စေတီတော်သမိုင်းစာအုပ်မှ ကူးယူဖော်ပြထားသည်။

စာရေးသူ

## ◻ ဗိုလ်တထောင်စေတီတော်မှ ဘိလပ်ပြန်နန်းဦးရုပ်ပွားတော်မြတ်ကြီး

ကုန်းဘောင်ခေတ် ပြည့်ရှင်မင်းများ တည်ထား ကိုးကွယ်တော်မူသော တိလောကမာရဇိန်မုနိနန်းဦးကြေးသွန်းရုပ်ပွားတော်မြတ်ကြီးသည် မြနန်းစံကျော်ရွှေနန်းတော်တွင် သီတင်းသုံးစံပယ်တော်မူခဲ့ပါသည်။

သာသနာ့ဒါယကာ ပဥ္စမသင်္ဂါယနာတင်ပြည့်ရှင်မင်း မင်းတုန်းမင်းတရားကြီးသည် ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် တိလောကမာရဇိန်မုနိနန်းဦးကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား မန္တလေးရတနာပုံတွင် မင်းကြီးကိုယ်တော်တိုင်စီမံ သွန်းလောင်းတော်မူပြီးနောက် ကြည်ညိုသဒ္ဓါ ပွားများမှုများစွာဖြင့် မြနန်းစံကျော်ရွှေနန်းတော်ရှိ နန်းတော်ဦးတွင် တော်ဝင်မိသားစုများသာ သီးသန့်ဖူးမြော် ကိုးကွယ်ပူဇော်နိုင်ရန် ရွှေပလ္လင်တော်ထက်တွင် သီတင်းသုံးစံပယ်တော်မူစေသော တန်ခိုးတော်ကြီးရုပ်ပွားတော်မြတ်ကြီး ဖြစ်ပါသည်။

ခရစ်နှစ် ၁၈၈၅ ခု အင်္ဂလိပ်စစ်တပ်များ မန္တလေးနေပြည်တော်သို့ ချီတက်သိမ်းပိုက်ရောက်ရှိလာကြသောအခါ တိလောကမာရဇိန်မုနိ နန်းဦးကြေးသွန်းဘုရားကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ပင့်ဆောင်သွားခဲ့ကြပါသည်။

လန်ဒန်မြို့တော် (Victoria and ALBERT) ဗစ်တိုးရီးယားနှင့်အဲလ်ဘတ်ပြတိုက်ကြီးတွင် ပြသရန် ပင့်ဆောင်သွားကြပါသည်။ အင်္ဂလန် လန်ဒန်တွင် နှစ်ပေါင်း (၆၆) နှစ်ကြာ သီတင်းသုံးနေတော်မူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ မြန်မာနိုင်ငံအစိုးရမှ ပြန်လည်တောင်းခံသောအခါ အင်္ဂလိပ်များက ပြန်လည်ပေးအပ်ခဲ့ပါသည်။ ၁၉၅၁ ခုတွင် နန်းတွင်းပစ္စည်းများနှင့်အတူ တိလောကမာရဇိန်မုနိနန်းဦးကြေးသွန်းရုပ်ပွားတော်မြတ်ကြီးသည် ဘုမ်မိနက်သန်နေရာမှန်ဖြစ်သော မြန်မာနိုင်ငံ မြန်မာ့မြေပေါ်သို့ ပြန်လည် ကြွတော်မူခဲ့ပါသည်။ ဗိုလ်တထောင်ဆိပ်ကမ်း၏ အနီးဆုံး ဗိုလ်တထောင်စေတီတော်ရင်ပြင်တွင် ထည်ဝါခမ်းနားသော ဘုရားဆောင်ကြီးဆောက်လုပ်၍ ယခင်က မြန်မာဘုရင်မင်းညီမင်းသား တော်ဝင်သူများသာ ဖူးမြော်ရသော နန်းဦးဘုရားရုပ်ပွားတော်မြတ်ကို ရွှေပလ္လင်တော်တွင် ပင့်ဆောင် သီတင်းသုံးနေပြီဖြစ်၍ စာရှုသူ မိတ်ဆွေများ သွားရောက်ဖူးမြော် ကုသိုလ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

www.burmeseclassic.com

**□ နိုင်ငံခြားသားအလာများတဲ့ ဂုဏ်သတင်းကြီး ဗိုလ်တထောင်ဘိုးဘိုးကြီး**

ဗိုလ်တထောင်ဘိုးဘိုးကြီး၏ နန်းဆောင်တွင် မပြတ်မလပ် ပူဇော်ပသသူများဖြင့် စည်ကားနေတတ်၏။ အထူးသဖြင့် နိုင်ငံခြားသားများဖြင့်စည်းကားနေတတ်၏။ ထိုင်းလူမျိုးများ အထူးယုံကြည်စွာဖြင့် ဗိုလ်တထောင်ဘိုးဘိုးကြီးကို ကြည်ညို ပူဇော်ကန်တော့ကြ၏။ ထိုင်းနိုင်ငံအတွင်းမှာလည်း ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့်ပတ်သက်သော သတင်းအကြောင်းအရာများဆုတောင်းပြည့်ကြပုံများကို ထိုင်းနိုင်ငံထုတ် သတင်းဂျာနယ်များတွင် မကြာခဏဖော်ပြကြကြောင်း သိရ၏။ ထိုင်းလူမျိုးများသည် ယုံကြည်မှုပြင်းထန်ကြသည့်အလျောက် ယုံကြည်သည့်အတိုင်းလည်း ဆုတောင်းအမိဋ္ဌာန်သောအခါ အောင်မြင်ကြကြောင်း သိရပါသည်။

နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံသို့ အရောက်လာကြ၍ တန်ခိုးကြီး ကျိုက်ထီးရိုးဘုရား၊ ရွှေတိဂုံဘုရားများ သွားရောက် ဖူးမြော်ပြီးသောအခါ ဗိုလ်တထောင်ဘုရားသို့ အရောက်သွား၍ ဘုရားဖူးပြီးသော် ဗိုလ်တထောင်ဘိုးဘိုးကြီးထံပါး အရောက်သွား၍ လှူဒါန်းဖွယ်များလှူဒါန်းကြပြီး ဗိုလ်တထောင်ဘိုးဘိုးကြီး၏ ရွှေအစစ်ကွင်းထားသော ရွှေလက်ညှိုးနှင့် မိမိတို့၏နဖူးကိုထိပြီး ဆုတောင်းကြ၏။ မိမိတို့ လိုရာစီးပွားလုပ်ငန်းတွေ အောင်မြင်ပါစေ၊ တစ်နှစ်တစ်ခေါက် ဘိုးဘိုးကြီးရှေ့ထံမှောက် ကျန်းမာချမ်းသာစွာ အရောက်လာနိုင်ပါစေ စသည်ဖြင့် ဆုတောင်းကြသောအခါ ဆုတောင်းပြည့်ကြ၏။ ထိုင်းနိုင်ငံရောက်၍ အခက်အခဲ တစ်စုံတစ်ရာကြုံခဲ့သော် ဗိုလ်တထောင်ဘုရားဦးထိပ်ထားပြီး ဘိုးဘိုးကို ရည်မှန်း၍ လည်းကောင်း၊ ဘိုးဘိုးရုပ်ပုံတော်ရှေ့တွင် လှူဖွယ်ကပ်၍ လည်းကောင်း ဆုတောင်းသောအခါ အဆင်ပြေကြကြောင်း ပြောပြကြ၏။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် သွားရောက် အလုပ်လုပ်ကိုင်နေသော ကြည့်မြင်တိုင်မှ မပန်းချစ်၏ပြောပြပုံမှာ ထိုင်းနိုင်ငံတွင် အလုပ်အတူလုပ်ကိုင်နေကြသော ထိုင်းလူမျိုးများက မြန်မာနိုင်ငံမှ ဗိုလ်တထောင်ဘိုးဘိုးကြီးအကြောင်း မေးသောအခါ ဗိုလ်တထောင်ဘုရားနှင့် ဗိုလ်တထောင်ဘိုးဘိုးကြီးတို့ထံ မရောက်ဘူး၍ အခက်အခဲဖြစ်ကာ အရှက်ရခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားလုပ်ပြီး ဗိုလ်တထောင်ဘိုးဘိုးကြီး၏အကြောင်း မသိဘူးဆိုကာ အင်မတန်ညံ့ဖျင်းကြောင်း၊ ကဲ့ရဲ့ပြောဆိုခြင်းခံရ၍ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါတွင် ဗိုလ်တထောင်ဘုရားသို့ ဦးစွာအရောက်သွား၊ ဗိုလ်တထောင်ဘိုးဘိုးကြီးထံသို့လည်း ဝင်ရောက်၍ ခွင့်လွှတ်တောင်းပန်ရင်း ဆုတောင်းရပါကြောင်း ကာယကံရှင် မပန်းချစ်မှ ပြန်လည်ပြောပြ၍ သိရပါသည်။ ပြည်တွင်းဘုရားဖူးများအနေဖြင့်လည်း စိတ်ကြံသမျှ အဓိဋ္ဌာန်ပြု၍ ပွဲလှူပွဲကပ်ဆုတောင်းသောအခါတွင် ဆုတောင်းပြည့်ကြသည်ဟု ဆိုပါသည်။

**□ ပဋ္ဌာန်းဆက် သိုက်ဆက်ရှိသူများဖြင့် စည်ကားနေသော အစ်မတော်မြနန်းနွယ်**

ဗိုလ်တထောင်စေတီတော်ရင်ပြင်တော်ရှိ ဖူးမြင်စရာများ လှည့်လည် ဖူးမြော်ပြီးသော် ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်းတို့မိသားစု လှူဒါန်းထားတော်မူသော အသိသတိကြေးသွန်းရုပ်ပွားတော်ကြီးကို ဖူးမြော်ကန်တော့ပါသည်။ဗိုလ်တထောင်ဘုရားရင်ပြင်တော် မိမိမွေးနံထောင့်တွင် ဗိုလ်တထောင်ဘုရားကြီး၌ မိမိတို့ လှူဒါန်းခဲ့သမျှ ကုသိုလ်တို့၏အဖို့ဘာဂကို (၇)ရက်သားသမီးများနှင့် (၃၁)ဘုံသား ဝေနေယျတို့အား မျှတပေးဝေအမျှဝေပါသည်။ အမျှ (၃) ကြိမ်ဝေပြီးနောက် ဗိုလ်တထောင်ဘုရားကြီးကိုကန်တော့၊ ပြန်လည်ထွက်ခွာလာသောအခါ ဗိုလ်တထောင်ဘုရားကြီးမုခ်ဝတော်နှင့် မျက်နှာချင်းဆိုင်တွင် ပန်းရောင်းသူ၊ ပန်းဝယ်သူ၊ ပဝါရောင်းသူ၊ ကန်တော့ပွဲရောင်းသူ၊ ပွဲဝယ်သူများနှင့်စည်ကားနေသည်ဖြစ်၍ အဆောင်အတွင်း ဝင်ရောက်ကြည့်သောအခါ အစ်မတော်မြနန်းနွယ်အဆောင်ဖြစ်နေပါသည်။ အစ်မတော်အဆောင်တွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဝင်ရောက်ဖူးမြော်ကန်တော့ပြီးနောက် အစ်မတော်မြနန်းနွယ်ရှိရာသို့ သွားရောက်လေ့လာကြည့်ရှုပါသည်။ ဘဝဘဝါမှ အစ်မတော်နှင့် ပဋ္ဌာန်းဆက်ရှိကြကုန်သော သိုက်ဆက်ရှိကြသောသူများလည်း လွန်စွာများပြားကြောင်း တွေ့ရပါသည်။ ပွဲလှူပွဲကပ်သူများလည်း များလှပါသည်။ ပန်းကပ်၊ ပဝါကပ်သူများလည်း တွေ့ရပါသည်။ စာရေးသူလည်း အစ်မတော်ထံရောက်ခိုက် ပဝါစိမ်းတစ်ထည်ဝယ်၍ ကပ်လှူဒါနပြုပါသည်။ တော်တော်များများကတော့ အသံကျယ်ကျယ်ဖြင့်လည်းကောင်း ဆုတောင်းကပ်လှူကြသည်ကိုတွေ့ရပါသည်။စာရေးသူ အစ်မတော်နန်းရောက်ချိန်မှာ စာမေးပွဲရာသီဖြစ်၍ စာမေးပွဲအတွက် လာရောက်ဆုတောင်းသူများသည်ကို တွေ့ရပါသည်။ စာရေးသူသည် စေတီပုထိုးများစွာနှင့်အတူ သိုက်နန်းရှိရာ နေရာဒေသများရောက်ဖူးပါသည်။ ဗိုလ်တထောင်ဘုရားရှေ့ အစ်မတော်သိုက်နန်းရှင်သိုက်နန်းလောက် လာရောက်သူများမများလှပါ။ အစ်မတော်မြနန်းနွယ်နှင့် သိုက်ဆက်ပဋ္ဌာန်းဆက်ရှိသူတွေအလွန်များကြောင်း တွေ့မြင်ခဲ့ရပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ လှည့်လည်ဖူးမြော်ကန်တော့ကြမည်ဆိုပါလျှင် ဖူးမြင်စရာစုံလင် ဗိုလ်တထောင်ဘုရားကြီးသို့ရောက်အောင်သွားရောက်ဖူးမြော်စေချင်ပါသည်။ ဗုဒ္ဓမြတ်၏ ဆံတော်အစစ်အား အနီးကပ်ဖူးမြော်ခွင့်ရသည့်အပြင် ထူးထူးခြားခြား နန်းဦးဘုရားဖူးရခြင်း၊ ဂုဏ်သတင်းကြီး ဗိုလ်တထောင်ဘိုးဘိုးကြီးထံ ဆုတောင်းနိုင်ခြင်း၊ အသိသတိရုပ်ပွားတော်မြတ်ကြီးဖူးရခြင်း၊ ဗုဒ္ဓဝင်ပြခန်းများလေ့လာကြည့်ရှုနိုင်ခြင်း၊ ထို့အပြင် ဘဝပဋ္ဌာန်းဆက်၊ သိုက်ဆက်ရှိသူများ ပန်း၊ ပဝါ၊ ပွဲများကပ်လှူဆုတောင်းနိုင်ခြင်းများနှင့်အတူ ဒါနသီလဘာဝနာပွားများနိုင်ခြင်းများကြောင့် ဘုန်းတန်ခိုးတော်ကြီး ဆုတောင်းပြည့် ဗိုလ်တထောင်ဆံတော်ဦးစေတီတော်သို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြပါဟု နိဗ္ဗာန်အကျိုးမျှော် နှိုးဆော် တိုက်တွန်းအပ်ပါသည်။

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျမ်းကိုး -**

ရွှေတိဂုံစေတီဂေါပကအဖွဲ့ထုတ်
မြတ်ရွှေတိဂုံ(၂၆၀၀)ပြည့်စာအုပ်
ဘုံပျံဆရာတော် ဦးပညာသာမိရေး
ဗိုလ်တထောင် ကျိုက်ဒေးအပ်
ဆံတော်ဦးစေတီသမိုင်းနှင့် သမိုင်း
အကျဉ်းစာအုပ် (၂) အုပ်
ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်ငံတော်က အသက်(၆၀)ပြည့်ပြီးဝန်ထမ်းများအား တာဝန်ပေးစေခိုင်းခြင်းမပြုတော့ဘဲ အနားယူခွင့်ပေးလေ့ရှိပါသည်။ သင်သည် တိုင်းပြည်တာဝန်၊ ဘဝတာဝန်များကိုထမ်းဆောင်ခဲ့သည်မှာ အသက် (၆၀) ပြည့်ပြီဖြစ်၍ ဘဝကိစ္စများကိုလျှော့ပြီး ဓမ္မကိစ္စဘက်သို့ ဦးစားပေး ဆောင်ရွက်ပေတော့ဟုဆိုသည့်ပမာ မှတ်ယူမိပါသည်။

ရှေးဆိုရိုးစကားအရ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟု ကြားဖူးပါ၏။ ယင်းအဆိုသည် ပြီးပြည့်စုံမှုမရှိပါ။ အမြော်အမြင်ဉာဏ်ပညာနည်းပါးသူအဖို့ ငယ်ရွယ်စဉ်မှာ တရားမရှာရ၊ တတိယအရွယ်ရောက်မှ တရားကိုရှာရမည်ဟု လွဲမှားစွာမှတ်ယူသွားနိုင်ပါသည်။ အစွန်းတစ်ဖက်သို့ ရောက်သွားစေနိုင်သည့်အပြင် ဘုရားရှင်၏အဆုံးအမနှင့်လည်း ကိုက်ညီမှုမရှိပါပေ။ တတိယအရွယ်သည် အိုမင်းမစွမ်းအရွယ်၊ ကံမွဲ၊ ဉာဏ်မွဲအရွယ်ဖြစ်ခြင်းကြောင့် ထိုအချိန်ရောက်မှ တရားရှာရမည်ဆိုလျှင် ဉာဏ်မဦးခင် အသေကဦးသွားနိုင်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက -

'အသက်ကယ်၊ ခပ်တိုတိုလေးမှာ၊ ခပ်ခိုခိုလုပ်မနေနဲ့၊ အသေစောသွားရင်၊ ကိုယ်ကျိုးနည်းလိမ့်မယ်'

ဟု လည်းကောင်း -

'ခန္ဓာက သုသာန်ကိုအပြေးသွားနေတာ၊ အသေကနီး၍ ဉာဏ်ကနှောက်ကျလျှင် ခက်လိမ့်မယ်'

# ချစ်ဖိုး (မော်ကျွန်း)

# သေပိုပြင်ထားသောအဘိုးလေးတစ်ဦး၏ သေတမ်းစာ





www.burmeseclassic.com

www.burmeseclassic.com

ဟု လည်းကောင်း သတိပေးခဲ့ပါသည်။

ကျွန်ုပ်တို့သည် ပထမအရွယ်တွင် အတတ်ပညာနှင့်အတူ အသိပညာဖြစ်သည့် တရားအသိနှင့်တွဲပြီးရှာခြင်းဖြင့် အတတ်ပညာတစ်ရပ်ကို လျင်မြန်ထက်မြက် ထူးချွန်စွာ ရရှိနိုင်ပါသည်။ ဒုတိယအရွယ်တွင် ပစ္စည်းဥစ္စာရှာဖွေရာ၌လည်း တရားအသိလက်ကိုင်ထားပြီး ရှာဖွေခြင်းဖြင့် ရရှိလာသောဥစ္စာသည် သန့်စင်မွန်မြတ်၏။ ရန်သူမျိုးငါးပါးတို့ကြောင့် အလွယ်တကူ မဆုံးရှုံးမပျက်စီးနိုင်ပါ။ တတိယအရွယ်ရောက်ရှိလျှင် တရားနှင့်အညီ ရှာဖွေရယူထားသော ပညာနှင့် ဥစ္စာပစ္စည်းများတို့အပေါ် ကြောင့်ကြကင်းစွာအမှီပြုပြီး ချမ်းသာစွာဖြင့် တရားအဆုံးအမအတိုင်း ကျင့်ကြံအားထုတ်နေသွားနိုင်မည် ဖြစ်ပါသည်။ ဤကဲ့သို့ သဘောပေါက်မှသာ မှန်ကန်သောအမြင်ဖြစ်၍ ဘဝနှင့်ဓမ္မတစ်ထပ်တည်းကျပြီး အဖိုးတန်သော လူ့ဘဝကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

တရားနှင့်မယှဉ်ဘဲရယူထားသော ပညာနှင့် ဥစ္စာပစ္စည်းတို့သည် မွန်မြတ်သန့်စင်မှုမရှိသဖြင့် ပစ္စုပ္ပန်နှင့်သံသရာနှစ်ဖြာသောကောင်းကျိုးကိုမဖြစ်ထွန်းဘဲ ပြုမိခဲ့သော မတရားမှုအကုသိုလ်က တစ်ချိန်ချိန်တွင် ဖိစီးနှိပ်စက်ဆိုးကျိုးပေးမည် ဖြစ်ပါသည်။ ဘဝနှင့်ဓမ္မတစ်ထပ်တည်းမကျသဖြင့် ဘဝသည် တစ်ဖက်စောင်းပြီး နစ်မွန်းပျက်စီးတတ်ပေသည်။

တတိယအရွယ်သို့ ရောက်လာသည့် လူကြီးတစ်ဦးကို ယေဘုယျအားဖြင့် အဘိုးကြီးဟုခေါ်လေ့ရှိကြပါသည်။ အသက်အရွယ်ကြီး၍ အဘိုးကြီးဟုခေါ်သည်ထက် အသက်ကြီးလာသည်နှင့်အမျှ တရားအသိဉာဏ်ပညာကြွယ်ဝလာသူဖြစ်မှသာ တန်ဖိုးကြီးသော အဘိုးကြီးဖြစ်သဖြင့် ပညတ်အမည်နှင့် လိုက်လျောညီထွေရှိမည် ဖြစ်ပါသည်။ လူတစ်ဦး၏ တန်ဖိုးကို ထင်သာမြင်သာလွယ်သောပစ္စည်းဥစ္စာဖြင့်လည်းကောင်း၊ အဆင့်အတန်းမြင့်စွာ နေထိုင်နိုင်မှု၊ လူကုံထံအသိုင်းအဝိုင်းဝင်ဆံ့နိုင်မှုဖြင့် လည်းကောင်း၊ ထင်ပေါ်ကျော်ကြားစေသောဘွဲ့ထူးဂုဏ်များ၊ အဆောင်အယောင်တို့ဖြင့် လည်းကောင်း တိုင်းတာဆုံးဖြတ်လေ့ရှိကြ၏။ အချို့သောပုဂ္ဂိုလ်များအား လျှုဒါန်းခဲ့သောပမာဏပေါ်မူတည်၍ သူကြွယ်စာရင်းဝင်များအဖြစ် ဘွဲ့ထူးဂုဏ်ထူးအဆောင်အယောင်များကို နိုင်ငံတော်မှပေးအပ်ပြီး အသိအမှတ်ပြုလေ့ရှိကြပါသည်။

ထို့အတူ လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်တော်မူသောမြတ်ဗုဒ္ဓကိုယ်တိုင်ပင်လျှင် သက်တော်ထင်ရှားရှိစဉ်က မိမိ၏တပည့်သာဝကများထဲမှ အဆုံးအမဒေသနာအတိုင်း လိုက်နာကျင့်ကြံအားထုတ်ပြီး သူချမ်းသာစာရင်းဝင်သွားသောပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် (၄) မျိုး ခွဲခြားသတိမှတ်ထားတော်မူခဲ့ပေသည်။

သူချမ်းသာစာရင်းဝင်နိုင်ရန် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ(၇)ဖြာကို မဂ္ဂင်ရှစ်တန် အကျင့်မှန်လမ်းပေါ်မှာ လျှောက်လှမ်း ကြိုးစား ရှာဖွေကြရမည်ဖြစ်ကြောင်းနှင့် မည်ကဲ့သို့လျှောက်လှမ်းရှာဖွေရမည်ကို ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သာသနာတော်(၃)ရပ်ဖြင့် လမ်းညွှန်ချက်များထားခဲ့ပေသည်။ ဤလမ်းညွှန်မှုအတိုင်း အပတ်တကုတ်ကြိုးစား အားထုတ်ကြမည်ဆိုပါလျှင် သူတော်ကောင်းဥစ္စာ (၇) ဖြာတို့ကို ထိုက်သင့်သလို ရရှိကြမည်ဖြစ်ကြောင်းနှင့် လုံးဝပြီးပြည့်စုံသူတို့ကို ရဟန္တာဟုလည်းကောင်း၊ လေးပုံသုံးပုံပြည့်ဝသူကို အနာဂါမ်ဟု လည်းကောင်း၊ လေးပုံနှစ်ပုံပြည့်ဝသူကို သကဒါဂါမ်ဟုလည်းကောင်း၊ လေးပုံတစ်ပုံပြည့်ဝသူကို သောတာပန်ဟု လည်းကောင်း သတ်မှတ်ခဲ့ပေသည်။

သောတာပန်ပုဂ္ဂိုလ်၏ အရည်အချင်းမပြည့်မီသေးသော်လည်း ခန္ဓပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာဉာဏ်ရောက်သဘောပေါက်ပြီး မိမိခန္ဓာတွင် စွဲကပ်နေသည့် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အသိဉာဏ် (ဉာတပရိညာ) ဖြင့် လည်းကောင်း၊ အပွားဉာဏ် (တီရဏပရိညာ) ဖြင့် လည်းကောင်း၊ ယာယီအကြမ်းအားဖြင့် ပယ်သတ်ထားနိုင်သူကိုလည်း အဆင့်တစ်ခုအဖြစ် အသိအမှတ်ပြုထားပါသည်။ ထိုသူသည် သောတာပန်တို့၏ လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ကြံအားထုတ်ပြီးနောက် တစ်ချိန်ချိန်တွင် သောတာပန်အဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်၍ သောတာပန်နှင့်အလားတူသဖြင့် သောတာပန်အငယ်စား (စူဠသောတာပန်) ဟု သတ်မှတ်ထားပါသည်။ ထိုက်သင့်သော အရည်အချင်းမပြည့်မီသေး၍ ဘွဲ့မရသေးသော်လည်း ဘွဲ့ရအောင်ကြိုးစားနေသူမို့ ဘွဲ့ကြိုအဆင့် သတ်မှတ်ထားသကဲ့သို့ မှတ်ယူမိပါသည်။ ဤမျှလောက် ကြိုးစားထားသူကို တန်ဖိုးကြီးမားသော အဘိုးကြီးတစ်ဦးအဖြစ် တရားဝင် မသတ်မှတ်နိုင်သေးသော်လည်း ထိုက်သင့်သမျှ တန်ဖိုးကိုရရှိထားသဖြင့် အဘိုးလေးဟု ဂုဏ်ပြုခေါ်ဆိုလိုပေသည်။

ထိုကဲ့သို့ အဘိုးကြီးဖြစ်ရန်ကြိုးစားနေသော အဘိုးလေးပေါင်းများစွာသည် သာသနာတော်၏ အရိပ်ကို ခိုလှုံ၍ သူတော်ကောင်းဥစ္စာ (၇) ဖြာတို့ကို စွမ်းနိုင်သမျှ ရယူစုဆောင်းနေကြပါသည်။ ယင်းအဘိုးလေးပေါင်းများစွာထဲမှ အဘိုးလေးတစ်ဦးက သူမသေမီနှစ်အတော်ကြာကပင် ကြိုတင်ပြီးသူ့မိသားစုနှင့် မိတ်ဆွေများထံသို့ မှာကြားထားခဲ့သော မှာတမ်းလွှာ (သေတမ်းစာ) တစ်စောင်ကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး ပီသစွာ ဗုဒ္ဓအလိုတော်အတိုင်း ဆောင်ရွက်ပေးရန် မှာကြားခဲ့ပုံများသည် မှတ်သားဖွယ်ဖြစ်ပါ၍ စာရှုသူ ဓမ္မမိတ်ဆွေများအား ပြန်လည် ဖောက်သည်ချရခြင်း ဖြစ်ပါသည်။

## ◻သေတမ်းစာ◻

ကျွန်ုပ်သည် အသက်(၅၀)ကျော်လာသည့်အချိန်၌ သေခြင်းတရားကို မကြာခဏသတိရမိ၏။ 'သေတယ်ဆိုတာ ဘယ်လိုလဲ၊ သေခါနီး နိမိတ်ထင်တယ်ဆိုတာဘယ်လိုထင်တာလဲ၊ အိပ်ပျော်နေတုန်း အိပ်မက်လိုပဲလား။ အိပ်မက်ဆိုတာ ကိုယ်မက်ချင်သလိုမက်၍မရသလို စုတိစိတ်နှင့် ပဋိသန္ဓေစိတ် ကြားခဏအချိန်အတွင်း အိပ်မက်လိုဖြစ်သွားတာလား' စသဖြင့် ဉာဏ်မီသလောက် တွေးကြည့်မိ၏။ တစ်ခါတစ်ရံ စမ်းပြီးသေကြည့်၏။ အိပ်ရာပေါ်မှာ လူသေကောင်လို ပက်လက်လှန်၊ မျက်လုံးကိုမှိတ်၊ အသက်မရှူဘဲ အောင့်ထားပြီး ငါသေတော့မယ်၊ သေတော့မယ်ဟု စိတ်ကိုလျှော့ချထားလိုက်၏။ အသက်အောင့်ထားရသည်ဖြစ်၍ အချိန်ကြာကြာနေ၍မရပေ။ အမှန်တကယ်သေသည်မဟုတ်ဘဲ သေဟန်ဆောင်သကဲ့သို့ဖြစ်နေပေ၏။ အမှန်တကယ်သေလျှင်လည်း အတွေ့အကြုံကို ပြန်ပြော၍ရမည် မဟုတ်ပါပေ။

'ငါသည် မုချသေရမည်၊ အချိန်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းသာလိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်’

ဟူသော ဆရာတော်ဘုရားကြီး၏ သတိပေးမှုကိုကြားရသည့်အခါတိုင်း ‘ငါ တစ်နေ့သေရမှာ၊ အဲဒီတစ်နေ့ဆိုတာ ဘယ်တော့လဲ’ သိချင်လာ၏။ ယနေ့၊ နက်ဖြန်ပဲသေတော့မည့်အလား ထင်မြင်လာသည်။ သေခြင်းကို ရင်ဆိုင်နိုင်ဖို့ ဘယ်လိုပြင်ဆင်ထားရမလဲဟု စဉ်းစားမိ၏။ ယခုဘဝသည် နောက်ဆုံးဘဝ မဟုတ်သောကြောင့် သေပြီးနောက် သံသရာမှာလည်းရဦးမည်။ မြုပ်ပြီးမျော ရသည်ထက် ပေါ်ပြီးမျောရသည်က သက်သာမည် ဖြစ်၏။

ယခုအချိန်သေခဲ့လျှင် အားကိုးအားထားပြုရမည့် ထောက်ရာတည်ရာ တရားခိုင်မာစွာမရှိသေးသဖြင့် သေခါနီးအခါ အကုသိုလ်ဇောစိတ်တွေဝင်မလာဖို့ ကျွန်ုပ် ဉာဏ်မီသရွေ့ ပြင်ဆင်ထားလိုပါသည်။ သေပြီးနောက် ကျန်ရှိသော ရုပ်အလောင်းအတွက်လည်း ဗုဒ္ဓ၏ အဆုံးအမနှင့် ညီညွတ်စေရန် မည်သို့ စီမံဆောင်ရွက်သင့်သည်ကို ကျွန်ုပ် ဉာဏ်အမြင်ရှိသရွေ့ ရေးသားထားခဲ့ပါသည်။ ကျန်ရစ်သူအပေါင်းတို့က ကူညီပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ ကျွန်ုပ်သည် ဇရာဂါဝေဒနာ ဖိစီးနှိပ်စက်သဖြင့် အိပ်ရာဖျာကပ်လဲလျောင်းနေရသည့်အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့သော် မိမိဒေသရှိ တတ်ကျွမ်းနားလည်သော ဆရာဝန်နှင့်ဖြစ်စေ၊ တိုင်းရင်းဆေးဆရာနှင့်ဖြစ်စေ ကုသပေးနိုင်ပါက ကုသပေးပါ။ အကြောင်းမညီညွတ်၍ ကုသပေးနိုင်ခြင်းမရှိလျှင်ဖြစ်စေ၊ ကုသ၍မရနိုင်တော့ဟု ယူဆလျှင်ဖြစ်စေ၊ တတ်နိုင်သမျှသာ ဖေးမကူညီပါ။ တတ်ယောင်ကားဆရာများနှင့် ကုသပေးခြင်း မပြုပါနှင့်။

၂။ အထူးမေတ္တာရပ်ခံလိုသည်မှာ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော ဖဋ္ဌာနရဟန်းသေနည်းသင်တရားနှင့်တကွ သစ္စာဆိုက်သည့် တရားတော်များနှင့် အခြားဆရာတော်ဘုရားများ ဟောကြားသည့် ခန္ဓာဉာဏ်ရောက် တရားတော်များကို နာကြားလိုပါသည်။ နာကြားခွင့်ရနိုင်ရေးအတွက် ကျွန်ုပ်၏ မွေမိတ်ဆွေများအား အကူအညီတောင်းခြင်းဖြင့် အဆင်ပြေနိုင်ပါသည်။

၃။ စိုးရိမ်ပူဆွေးငိုကြွေးခြင်းများ အထိုက်အလျောက်ရှိမည်ဖြစ်သော်လည်း တတ်နိုင်သမျှတရားကိန်းပြီး သတိတရားဖြင့်နေကြရန် တိုက်တွန်းပါသည်။ ဖြစ်နိုင်ပါက သစ္စာနှင့်စပ်ယှဉ်သော တရားစကားများပြောကြားနိုင်မည့် ကလျာဏမိတ်ဆွေများကိုသာ အနီးအပါး၌ရှိစေလိုပါသည်။

၄။ ကျွန်ုပ် သေဆုံးပြီးနောက် နာရေးကိစ္စကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးစေလိုပါသည်။

(က) ကျွန်ုပ်၏ရုပ်အလောင်းအား အခြေအနေပေးပါက ဆေးတက္ကသိုလ် တစ်ခုခုသို့လှူဒါန်းပေးပါ။ လှူဒါန်းရန် အခွင့်မပေးပါက နေ့မကူးမီ သုသာန်သို့ ပို့ဆောင်ပါ။ အချိန်မမီပါက နောက်နေ့တွင် ပို့ဆောင်ပါ။ အထွေအထူးမွမ်းမံပြင်ဆင်ရန် မလိုပါ။ အဆင်သင့်ရှိသော သေတ္တာတွင်ထည့်ပြီး မီးရှို့သည်ဖြစ်စေ၊ မြေမြှုပ်သည်ဖြစ်စေ လွယ်ကူသလို စီမံနိုင်ပါသည်။

ကူးတို့ခထည့်ခြင်း၊ ပန်းအိုးတင်ခြင်း၊ ကန်တော့ပွဲထားခြင်း၊ စားမြိန်ထုပ်ထားခြင်း စသည်တို့သည် အပိုအလုပ်များဖြစ်သဖြင့် လုံးဝမပြုလုပ်ပါနှင့်။ အသက်ရှိစဉ်ကပင် အသုဘကို သုဘထင်စေရန် ပြုပြင်နေရသည့် ဤရုပ်ခန္ဓာကြီးသည် သေပြီးနောက် အထင်အရှားပြလာပါလိမ့်မည်။ ဖိနပ်စုတ်တစ်ရန်လောက်ပင် အသုံးမဝင်တော့သည့် ရုပ်အလောင်းကို အမြန်ဆုံးစွန့်ပစ်ရေးသည်သာ အဓိကဖြစ်သည့်အလျောက် ထုံးတမ်းစဉ်လာနှင့် လူစည်ကားမှုတို့ကို အလေးမှုရန်မလိုပါ။ မသာ၏အခြံအရံအနေဖြင့် ရဟန်းသံဃာတော်များအား သုသာန်သို့ လိုက်ပါပို့ဆောင်စေခြင်း၊ ဝတ္ထုငွေကြေးတို့ ကပ်လှူခြင်းတို့သည် ဝိနည်းဒေသနာနှင့်မညီသဖြင့် ရှောင်ရှားကြပါရန်။

(ခ) အလောင်းကိုစွန့်ပစ်ပြီးနောက် သံဃာတော်တစ်ပါးအား ပင့်လျှောက်ပြီး ရည်မှန်း ကုသိုလ်ပြု လှူဒါန်းနိုင်ပါသည်။ အကျယ်မချဲ့ဘဲ စွမ်းနိုင်သမျှသာ ဆောင်ရွက်ပါရန်။ လှူဒါန်းအမျှဝေရာတွင် အောက်ပါအတိုင်း သတိပြုလိုက်နာကြပါရန်။

(၁) လှူဖွယ်များတွင် ငွေကြေးနှင့် အုန်း၊ ငှက်ပျောပွဲပါဝင်ရန်မလိုပါ။ ဆွမ်း၊ သင်္ကန်းနှင့် သင့်မြတ်သော ဆေးဝါးတစ်မျိုးမျိုးကို သံဃာ့ဂုဏ်အား ရည်စူး၍ ဆက်ကပ်ရန်။

(၂) ဦးစွာပထမ သောက်တော်ရေကို ဆက်ကပ်ပါ။ ပြီးမှ ဝိနည်းတော်နှင့်ကိုက်ညီသည့်လှူဖွယ်များကို တစ်ခုချင်းဆက်ကပ်ပါ။ နှုတ်မှအသံထွက်၍ ‘ကွယ်လွန်သူ ဦး/ဒေါ် (×××) အတွက် ရည်စူး ဆက်ကပ်လှူဒါန်းပါသည် ဘုရား’ ဟု လျှောက်ထားပါ။

(၃) မသေခင်က နောက်ဆုံးနေခဲ့သောနေအိမ်တွင် စီစဉ်ပြုလုပ်ပါ။

(၄) သက်ပျောက်၊ ရက်လည်၊ လလည် စသည်ဖြင့် ရက်အတိအကျ သတ်မှတ်၍ မဖြစ်မနေ ဆောင်ရွက်ရန် မလိုပါ။ သတ်မှတ်လိုပါကလည်း ကန့်ကွက်ရန်မရှိပါ။ ကျန်ရစ်သူများအနေဖြင့် ငွေကြေးမှစ၍ အဆင်ပြေညီညွတ်သည့် နေ့ရက်တွင် ပြုလုပ်နိုင်ပါသည်။ မည်သည့် ကောင်းမှုကုသိုလ်မဆို အကြိမ်အရေအတွက်၊ အချိန်အခါမရွေး စွမ်းနိုင်သမျှ ပြုလုပ်ကြရမည် ဖြစ်ပါသည်။ မိရိုးဖလာ အစဉ်အလာဝတ္တရားအရဆောင်ရွက်ခြင်းသည် ငွေကုန်သလောက် အကျိုးများမည် မဟုတ်သဖြင့် သဒ္ဓါစေတနာအရင်းတည်၍ ဗုဒ္ဓအဆုံးအမနှင့်အညီပြုလုပ်မှသာ အကျိုးများမည်ဖြစ်ပါသည်။

သရဏဂုံ ဟူသည်မှာလည်း သက်ရှိထင်ရှား အသိဉာဏ်ရှိစဉ်သာ ဆောက်တည်နိုင်၏။ သေပြီးနောက် သိစိတ်ချုပ်သွားပြီဖြစ်သဖြင့် သရဏဂုံ မဆောက်တည်နိုင်တော့ပါ။ သေသူအတွက် အကျိုးမထူးပါ။ ကျန်ရစ်သူများ အတွက်သာလျှင် သရဏဂုံတည်ဖို့ အရေးကြီးပါသည်။

အထက်ပါ ဆောင်ရွက်ချက်များသည် ရိုးရာအစဉ်အလာနှင့်မညီညွတ်သော်လည်း ဗုဒ္ဓအလိုတော်အတိုင်း ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ကွယ်လွန်သူနှင့်တကွ ကျန်ရစ်သူများအတွက်ပါ အကျိုးများမည်ဖြစ်သောကြောင့် မည်သူက မည်သို့ပင် ဝေဖန်ကဲ့ရဲ့ပြစ်တင်ကြပါစေ အလေးဂရုမပြုဘဲ ကွယ်လွန်သူမှာကြားခဲ့သည့်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်းသိစေလိုပါသည်။

*□ လူမိုက်တစ်သောင်း*
*ချီးမွမ်းကောင်းလည်း*
*လူလိမ္မာပညာရှိ ကဲ့ရဲ့မည်ကို*
*သတိပြုကြပါရန်*

*မွေ့သေ၊ ပြုံးသေ ဤနှစ်တွေ*
*ပြုံးသေသေနိုင်ကြပါစေ*

ချစ်ပို့ (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com




# ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဝင့်ကြွေးတော်ပြေစေတီ

ဓာတ်ပုံ-မောင်မောင်အေး

ဓာတ်ပုံမောင်မောင်အေးဆိုသော ကျွန်တော်သည် မြန်မာနှစ် ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး ကျင်းပသော မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲသို့ ကန်တော့ခံ သက်ကြီးစာပေပညာရှင်အနေဖြင့် တက်ရောက်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ တက်ရောက်ခွင့်ရရှိခဲ့ခြင်းအတွက် ဘဝတစ်သက်တာတွင် ဝမ်းမြောက်ကြည်နူးမှုအမြင့်ဆုံးအဆင့်အထိ ရောက်ရှိခဲ့ရပါသည်။ အမြင့်ဆုံးဝမ်းမြောက်ကြည်နူးမှုမှတစ်ဆင့်တက်၍ ပြန်လည်သုံးသပ်သောအခါ ငါသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့၏ အဆုံးအမကျေးဇူးကြောင့် ယခုလို သက်ကြီးစာပေပညာရှင်အဆင့်ဖြင့်ကန်တော့ခံရခြင်းဖြစ်သလို ရှစ်ဆယ်ကျော်သက်တမ်းအထိ သက်ရှည်ကျန်းမာစွာ နေထိုင်ရခြင်းသည်လည်း ရတနာသုံးပါး၏ အဆုံးအမတော်အတိုင်း ဘဝအဆက်ဆက်ရော ယခု ပစ္စုပ္ပန်ဘဝတိုင်အောင်ပါ ဒါန၊ သီလ၊ ဘာဝနာတို့ကို ထိုက်သင့်သလောက် ပြုလုပ်ခဲ့သောကြောင့် ယခုအချိန်အထိ ကျန်းမာသက်ရှည်စွာ နေထိုင်ရခြင်းပေပဲဟု သုံးသပ်မိပါသည်။

ဒါန၊ သီလ၊ ဘာဝနာတို့ကို သုံးသပ်ရင်းက ဒါနမှုပဲဆိုဆို၊ ဘာဝနာမှုပဲဆိုဆို ဘုရားဆောင်းပါးတစ်ပုဒ် ရေးသားပူဇော်ရန် စိတ်ညွတ်လာပါသည်။ စိတ်



ဝင့်ကြွေးတော်ပြေရုပ်ရှင်တော်မြတ်




www.burmeseclassic.com

www.burmeseclassic.com



စေတီတော်လိုဏ်အတွင်းမှရုပ်ပွားတော်များ



လိုချင်တိုင်းပြည့်စေတီတော်



ဝဋ်ကြွေးတော်ပြေစေတီတော်

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့သစ်များ တိုးချဲ့တည်ဆောက်ရန်အတွက် မြို့ကွက်ဖော်၊ ရပ်ကွက်များသတ်မှတ်၊ လူနေအိမ်မြေကွက်၊ စာသင်ကျောင်း၊ ပန်းခြံ၊ မီးတားကွက်မှအဆုံး အကွက်ရိုက်သတ်မှတ်ပေးရပါသည်။ ထိုစဉ်ကာလ၌ ရပ်ကွက်ကြီးအမှတ် (၄၄) သည် သတ္တုတွင်းဝန်ကြီးဌာနအတွက် ရပ်ကွက်ဖြစ်ပေရာ သတ္တုတွင်းဌာနတွင် တာဝန်ထမ်းဆောင်နေကြသောမြို့ပြအင်/ယာများ၊ ဆာဗေယာ (မြေတိုင်း) များက ကိုယ့်ဌာနအတွက် တာဝန်ယူ ဖော်ထုတ်ကြရပါသည်။ ကျွန်တော်သည် ထိုဒဂုံမြို့သစ်မြောက်ပိုင်းမြေကွက်ဖော်ထုတ်စဉ်က လက်ထောက်မြေတိုင်းအရာရှိတာဝန်ဖြင့် တစ်တပ်တစ်အား သဲတစ်ပုံး၊ အုတ်နှစ်ချပ်ပါဝင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဝဋ်ကြွေးတော်ပြေစေတီတော်သည်လည်း ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂) ရပ်ကွက်၌ ဒဂုံမြို့သစ်နှင့်အတူ ပွင့်ထွန်းလာသောကြောင့် ဆွေဘုရားမျိုးဘုရားဟု ဆိုရခြင်းပါ။ (၄၂) ရပ်ကွက်၌ ဝဋ်ကြွေးတော်ပြေစေတီ တည်ထားပွင့်ထွန်းလာသလို ကျွန်တော်သည်လည်း (၄၄) ရပ်ကွက်တွင် မြေကွက်ရရှိသဖြင့် ဓားမဦးချနေထိုင်လာခဲ့ရာ ယနေ့အသက် (၈၀) ပြည့်ခဲ့ပါပြီ။ ထို့ကြောင့် ဝဋ်ကြွေးတော်ပြေစေတီတော်မြတ်သည် ကျွန်တော်၏ ဆွေဘုရားမျိုးဘုရား စစ်စစ်ကြီး ဖြစ်ပါသတည်း။

ဝဋ်ကြွေးတော်ပြေစေတီတော်ကို မြန်မာနှစ် ၁၃၆၀ ပြည့်၊ ဝါခေါင်လ မေတ္တာအခါတော်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၄၂) ရပ်ကွက် ရန်အောင်မြင်ကျောင်းတိုက်၏ ဦးစီးပဓာနဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသီရိပါလ (ဒီပါရာမ သာသနာပြု) က တည်ထားတော်မူပါသည်။

စေတီတော်၏ ဘွဲ့အမည်မှာ 'ဝဋ်ကြွေးတော်ပြေစေတီတော်' ဟု ဘွဲ့တော် ကမ္ပည်းတင်ခဲ့ပါသည်။ ဤဘွဲ့တော်အမည်သည် ထူးခြားဆန်းကြယ်သော ရှားပါးလှသည့် ဘွဲ့တော်ဖြစ်သလို ဆရာတော် ဘဒ္ဒန္တသီရိပါလ၏တွေးခေါ်မြော်မြင်တတ်မှုများကိုသိရှိရသည့်အခါတွင် ပိုမို၍ ဆန်းကြယ်နေသည်ကြောင့် သူရဋ္ဌမဂ္ဂဇင်းကြီး၌ ဖော်ပြရေးသားပူဇော်လိုက်ရပါသည်။

ဩကာသလောကကြီးတွင်ရှင်

ညွတ်လာသည့်အတိုင်း ရေးသားပူဇော်ရန်အတွက် စဉ်းစားသောအခါ အရေးကြီးမှသွေးနီး ဆိုသော စကားအရ ဆွေဘုရားမျိုးဘုရားဟု ဆိုနိုင်သော ဒဂုံမြို့သစ်မြောက်ပိုင်းရှိ 'ဝဋ်ကြွေးတော်ပြေစေတီတော်' အား ရေးသားပူဇော်ရန် ဆုံးဖြတ်လိုက်ပါသည်။

အဘယ်ကြောင့် ဝဋ်ကြွေးတော်ပြေစေတီတော်သည် ဆွေဘုရားမျိုးဘုရားဖြစ်သွားရသနည်း ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com

လည်နေရသော သတ္တဝါအပေါင်းတို့သည် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တု ဆိုအပ်သော ဝဋ်(၃)ပါးတို့၌ သတ္တဝါများ မရှုသာမရှုက်သာအောင် ခံစားနေကြရသော လောကသံသရာဆင်းရဲမှု၊ ခက်ခဲမှု၊ မကင်းလွတ်နိုင်မှု၊ ပူဆွေးငိုကြွေးမှု ဟူသော ဝဋ်ကြွေးအပေါင်းမှ ပယ်ပျောက်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် 'ဝဋ်ကြွေးတော်မြေစေတီတော်' ဟု ဘွဲ့တော်ကမ္ပည်းတင်တော်မူခဲ့ပါသည်။

ဝဋ်ကြွေးတော်မြေစေတီတော်မြတ်ကို အောက်ဖော်ပြပါ အစီအမံတို့ဖြင့် တည်ထားခြင်း ဖြစ်ပါသည်။

၁။ သုံးဆယ့်တစ်ဘုံသားသတ္တဝါအများ ရာဂ၊ ဒေါသ၊ မောဟ အစရှိသော မီး (၁၁) မီးငြိမ်းစေရန် ရည်ရွယ်၍ စေတီတော်မြတ်၏ အတွင်း တိုင်းကြီး (၁၁) တိုင်းနှင့် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ(၁၀)ပါးမှကင်းလွတ်စေရန် အဓိဋ္ဌာန်ချက်ဖြင့် အပြင်တိုင်ကြီး (၁၀) တိုင် ဝန်းရံကာ တည်ထားပါသည်။

၂။ အဆိုပါ မီး (၁၁) မီး ကိလေသာ (၁၀) ပါးတို့ကို နင်းတက်ဖြတ်ကျော်နိုင်ရန်အတွင်းတွင် ကြောင်လိမ်လှေကား မဂ္ဂင်လှေကားကို တပ်ဆင်ထားပါသည်။

၃။ ထိုမဂ္ဂင်လှေကားကြီးအတိုင်း နင်းတက်ခဲ့သော် ဝဋ်ကြွေးတော်မြေရာရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်၌ ဉာဏ်တော်အမြင့် (၄) ပေ၊ (၉) လက်မရှိသော သတ္တဝါအများ တရားရှိကြပါဟု ညွှန်ကြားပြသနေဟန် ဓမ္မစကြာမုဒြာ ဝဋ်ကြွေးတော်မြေ ရုပ်ရှင်တော်မြတ် ဆင်းတုတော်ကြီးကို ပလ္လင်တော်၊ ဓာတ်တော်တို့နှင့်အတူ ကြည်ညိုစွာ ဖူးတွေ့နိုင်ပါသည်။

၄။ ဗုဒ္ဓ စံပယ်ရာ ဂန္ဓကုဋိတိုက်ကိုလည်း ဘုရားရှင်၏ အရဟံ အစ ဘဂဝါ အဆုံး ကိုးပါးသော ဂုဏ်တော်တို့ကို အာရုံပြု၍ တိုင်ကြီး (၉) တိုင်နှင့်အတူ ဘုရားဂုဏ်တော်များကိုပါ အပေါ် မျက်နှာကြက်တွင် ရေးသားထားပါသည်။

၅။ တံကဲတော်ကိုလည်း ဗောဓိဉာဏ်ရင့်သန်စေရန် ဗောဓိညောင်ရွက်ပုံ (သို့) အသည်းပုံဖော်ညွှန်း၍ အသည်းနှလုံးထဲက ဘုရားဟု အမိပွာယ်ရပါသည်။

၆။ တိုင်တိုင်း တစ်ခုနှင့်တစ်ခု မတူညီသော ခြူးပန်းခြူးနွယ်တို့ဖြင့် အမွမ်းအပြောက်ပြုကာ မြန်မာ့ပန်းတမော့လက်ရာစစ်စစ်ဖြင့် တန်ဆာဆင်ထားပါသည်။

၇။ ဂန္ဓကုဋိတိုက်နှင့် ပရိသတ်ဖူးမြော်ရာ၌ ပတ်ဝိုင်းထားသော ဝရန်တာကို သတ္တဝါအများ အသက်ရှည်၍ အနာကင်းမဲ့ရေးအတွက် အာယု (၁၂၀) ရှည်စေသော်ဟု ရည်ညွှန်းကာ ပွတ်လုံး (၁၂၀)ဖြင့်ဝရန်တာပြုလုပ်ထားပါသည်။

၈။ အထက်၊ အောက်အင့်ထုတ်ကြီး (၁၀) ခုစီဖြင့် ဗုဒ္ဓစကြာကြီးလည်း


အောင်မြည့်သိမ္မစေတီ


ကိုးသိန်းကိုးသန်းစေတီတော်


ကြံတိုင်းပြည့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ငြိမ်းစေတီတော်



သိရိဝဍ္ဎစေတီတော်

ပတ်နေဟန်ဖြစ်၍ အောက်ကြွေပြားခင်းရာ၌လည်း စကြာကြီးလည်နေပုံဖြစ်သည်။

၉။ အောက်ဘင့်ထုတ်ကြီးထိပ်တို့၌လည်း ငါတို့သာကီ ဇာမဏီမျိုးဟု ညွှန်းပြုသည့်အဓိပ္ပာယ်ဖြင့် ဇာမဏီငှက်သည်မိမိ၏အတောင်ကို အသက်ထက်မက ချစ်ခင်သောကြောင့် ငါတို့သည်လည်း အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ထိန်းကြပါဟူသော ရည်ရွယ်ချက်ဖြင့် ဇာမဏီ (၁၈) ကောင် တပ်ဆင်ထားသည်။

၁၀။ အောက်အုတ်ခုံမှ ရုပ်ရှင်တော်သီတင်းသုံးရာ ဂန္ဓကုဋိတိုက်အမြင့်အထိ (၁၇) ပေ၊ (၆) လက်မ၊ မြန်မာအတောင် (၁၁) တောင်၊ မီး (၁၁) မီးကို ကျော်ဖြတ်ခြင်းအဓိပ္ပာယ် ဖြစ်သည်။

၁၁။ အကျယ်အဝန်း (၂၂)တောင် (၃၃ ပေ) ရှိသည်။

၁၂။ ဂန္ဓကုဋိတိုက်၏ အထက်၌ ကြာမှောက် ကြာလန် (၁၀၈) ချပ်၊ ရွှံသီး (၁၀၈)လုံးတို့ကို ဗုဒ္ဓစက်လက္ခဏာတော်တို့ကို ရည်ညွှန်း၍ ထိုအထက်၌အလယ်စေတီတော်ကြီး အပါအဝင် စေတီ (၁၁) ဆူတို့ကို မီးငြိမ်းဝင့်ပြေစေတီတော်များ



ဘုရားလောင်းမွေးဖွားပြီး လက်ရုံးဆန့်တန်း၍ ကြွေးကြော်နေဟန်ရုပ်တု

ဟု အဓိပ္ပာယ်ရသော စေတီတော်များအဖြစ် ပူဇော်ထားပါသည်။

၁၃။ အလယ်စေတီတော်ကြီးတွင် ပုဂံခေတ် ပလ္လင်သုံးဆင့်ပုံစံရှိ၍ ထိုအထက်၌ ဗုဒ္ဓ၏ ဝါတော် (၄၅) ဝါတို့ကို အောက်မေ့သောအားဖြင့် ကြာချပ် (၄၅) ချပ် ပွင့်အာနေပုံကို ဖော်ညွှန်းထားပါသည်။

၁၄။ စေတီတော်ကြီးတွင် မဂ်လာ (၁၂) ပါးကို ရည်ရွယ်၍ မုခ်လိုဏ်ဂူ (၁၂) ခုတို့တွင် ဗုဒ္ဓဆင်းတုတော်များ သီတင်းသုံးပါသည်။

၁၅။ ကြာချပ်များ၏ အထက်၌ ကွမ်းတောင်ကြီးများ တည်ရှိပါသည်။ ထိုကွမ်းတောင်ကြီးများသည် ပုဂံအာနန္ဒာစေတီတော်ကြီးနှင့် စူဠာမဏီစေတီပုံသဏ္ဌာန်ရှိသော်လည်း မတူညီပါ။

၁၆။ ကွမ်းတောင်ကြီးများအထက်ဓာတ်တော်တိုက်တွင် ဗုဒ္ဓဓာတ်တော် (၇၅) ဆူ၊ သံတော် (၁) ဆူ၊ အရိုးတော်



www.burmeseclassic.com

www.burmeseclassic.com

ဓာတ် (၉၇) ဆူနှင့် ရဟန္တာဓာတ်တော် တစ်သောင်းကျော် ဌာပနာထားပါသည်။

၁၇။ ဓာတ်တော်တိုက်အထက်တွင် ခေါင်းလောင်းတော်ရှိ၍ ထိုခေါင်းလောင်းတော်ကိုလည်း ဗောဓိဉာဏ်ရင့်သန်စေရန် ဗောဓိညောင်ရွက် (၁၁) ခု ထားရှိပါသည်။

၁၈။ သပိတ်မှောက်၊ ဖောင်းရစ်တို့တွင် မည်သည့်စေတီတွင်မျှပြုလုပ်ခြင်း မရှိသေးသော ထွန်းသွားသဏ္ဌာန် ဖောင်းရစ် (၁၁) ရစ်ကို 'မီးငြိမ်းပြီ' 'ဝဋ်ကုန်ပြီ' ဟု အဓိဋ္ဌာန်ချက်ဖြင့် ထားရှိပြုလုပ်ခဲ့ပါသည်။

၁၉။ ဝဋ်ကြွေးတော်ပြေစေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၂၂) ကိုက်၊ (၂) လက်မရှိသည်။

ဝဋ်ကြွေးတော်ပြေ ဂန္ဓကုဋိတိုက်တော်တွင် သီတင်းသုံးသော မမ္မစကြာမုဒြာ ရုပ်ရှင်တော်မြတ်၏ ယာဘက်စမ္မခဏ်ဂါထာမှာ -

**ညာဘက်စမ္မခဏ်ဂါထာတော်**

ဝဋ်ကြွေးတော်ပြေ မဟာမုနိ
ဘယာနတ္ထိ ဒုက္ခာနတ္ထိ
ရောဂါနတ္ထိ သောကနတ္ထိ
သဗ္ဗဝဋ် ဝနသန္တိ။

**ဘယ်ဘက်စမ္မခဏ်ဂါထာတော်**

ဝဋ်ကြွေးတော်ပြေ မဟာတေဇန
အနေကဂုဏ သမ္ဗုဒ္ဓါ
သဗ္ဗစန္တု သဗ္ဗစန္တာ
သဗ္ဗဝဋ် ဝိနာသန္တု။

ဤစမ္မခဏ်ဂါထာတော်များကို ရွတ်ဖတ်ပွားများ ပူဇော်ခြင်းဖြင့် အနှောင့်အယှက်များ ကင်းကွာ၍ ကောင်းမြတ်သော အကျိုးကျေးဇူးများ ခံစားရရှိနိုင်ပါကြောင်း ရေးသား ပူဇော်အပ်ပါသည်။

**□ ဝဋ်ကြွေးတော်ပြေခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆရာတော် ဘဒ္ဒန္တ သီရိပါလ၏ အာသီသပဏ္ဏာ**


ဝဋ်ကြွေး ဆိုသည်မှာ မခံစားနိုင်ခြင်း၊ ရှန်းမထွက်နိုင်ခြင်း၊ မရှောင်ရှားနိုင်ခြင်းနှင့် ပေးဆပ်ရခြင်းတို့ကို ဝဋ်ကြွေးဟု ဆိုရပါမည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်သောကြောင့် (အတိတ်ဘဝ) ဖြစ်ခဲ့ပြီးသောဘဝ၊ (ပစ္စုပ္ပန်ဘဝ) ယခုဖြစ်နေဆဲဘဝ၊ (အနာဂတ်ဘဝ) နောင်ဖြစ်ရမည့်ဘဝတို့ကို ယုံကြည်ရပါမည်၊ ရှိသည်ဟူ၍လည်း လက်ခံရပါမည်။

ထိုဘဝတို့တွင် ဖြစ်ခဲ့ပြီးသောဘဝ



ဓသုန္ဓြေနတ်ရုပ်တု



ကြာကန်

တို့နှင့် ယခုဘဝ ငယ်ရွယ်စဉ် မသိတတ်သေးခင်အချိန်မှစ၍ ယနေ့သိရှိနေသော အချိန်ကာလအတွင်း၌ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်အပေါ်၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမှုများရှိကြမည်သာ ဖြစ်၏။

ပြစ်မှားမိသည့် ဆိုးကျိုးအကြွေး၊ အတုံ့အလှည့်တို့သည် ဝဋ်ကြွေးဟုဆိုနိုင်၏။ ကောင်းသော အပြုအမူအတွက် ကောင်းသောဝဋ်ကြွေး၊ မကောင်းသော အပြုအမူအတွက် မကောင်းသောဝဋ်ကြွေး၊ ဝဋ်ကြွေးအားလုံး ပြေငြိမ်းချုပ်ပျောက်မှ သံသရာခရီးရှည်ကြီး၏ အဆုံးသို့ရောက်မည်ဟု မြတ်ဗုဒ္ဓ ဆုံးမဟောကြားပါသည်။

သို့သော် ပုဂ္ဂိုလ်သတ္တဝါတို့၌ ကောင်းသောဝဋ်ကြွေးထက် မကောင်းသောဝဋ်ကြွေးက များစွာရှိလေသောကြောင့် ဆိုးသောဝဋ်၊ မကောင်းသော ဝဋ်များ ပြေငြိမ်းစေရန်သာ အဓိကဖြစ်ရာ မကောင်းသော ဝဋ်ကြွေးအပေါင်း ပြေပါစေ၊ ငြိမ်းပါစေ၊ ကုန်ပါစေဟု ညွှန်ပြအပ်ပါသည်။

မကောင်းသော ဝဋ်ကြွေးတို့ကို ခန္ဓာနှင့် ပေးဆပ်ရမည်ဖြစ်ပြီး ကောင်းသော ဝဋ်ကြွေးတို့ကို ဉာဏ်ပညာဖြင့် ဖြတ်တောက်ရပါသည်။ ဤသို့ဆိုလျှင် ဗုဒ္ဓဘုရားရှင်တို့သော်မှ ဝိပါက်တော် (၁၂) ပါးရှိသေးတာ သင်က ဘာမို့လို့ ဝဋ်ကြွေးတော်ဘုရားတည်ထားရပါသလဲ ဟု မေးလာလျှင်-

ဥပမာ အကြွေးကနည်းနည်းလေးပါ။ အတိုးတက်၍ပစ္စည်းပေးရသည်နှင့် တူ၏။ ကဿပဘုရားရှင် (၆) ရက် ဒုက္ကရစရိယကျင့်သည်ကိုမြင်သော ဂေါတမဘုရားလောင်း ဇောတိပါလပုဏ္ဏားသည် ငါသာ ဘုရားဖြစ်က (၆) နှစ်ကျင့်မည်ဟု ဆိုသော ဝစီကံကြောင့် ဘုရားဖြစ်ရန် (၆) နှစ်ကျင့်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆေးသမားတော်ဖြစ်သောဘဝ၌ ဆေးဖိုးဝါးခမပေးလို၍ လိမ်ညာသော ရောဂါသည်အား ဝမ်းလားဆေးပေးခဲ့ဖူးသော ဝဋ်ကြွေးကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုခါနီးမှာပင် သွေးဝမ်းသွား၍ ပရိနိဗ္ဗာန်ပြုရ၏။

ဤအချက်များကိုကြည့်လျှင် ဗုဒ္ဓလောင်းလျာ ဖြစ်များမိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ပြောပလောက်အောင်မဟုတ်သော်လည်း ဝဋ်ကြွေးပြေရန် တောင်းပန်ခြင်း၊ ဝန်ခံခြင်းမရှိလေသောကြောင့် အန္တိမနောက်ဆုံးဘဝ၌ ခန္ဓာနှင့်ပေးဆပ်ခဲ့ရခြင်း ဖြစ်၏။ ဝဋ်ကြွေးအကုန်ပေးဆပ်ရခြင်း ဖြစ်၏။

ဘုရားလောင်းလျာတို့သည် ဘုရားဖြစ်ရန်သာ ဦးတည်ချက်ရှိ၏။ ပါရမီဖြည့်၏။ မာန်ဟုန်မြင့်တက်နေသော ခြင်္သေ့မင်းသည် ပိုး၊ ချ၊ ပုရွက်ငယ်တို့ကို ဂရုမမူလေဘိသို့ ဘုရားဖြစ်ရန်မှတစ်ပါး အခြားအရှိ။ ကြောက်ရွံ့ စိုးရိမ်ခြင်း အလျှင်းမရှိ။ ဧကန် ဘုရားဖြစ်ရမည်ဟုသာ ယုံကြည်ခဲ့၏။

ဗုဒ္ဓအလောင်းအလျာကြီးတို့သည် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို အဓိကထားခဲ့သော်လည်း လောင်းလျာကြီးများ မထိတ်လန့်သောအတုံ့အလှည့်ဝဋ်ကြွေး၊ မရှောင်ရှားနိုင်သောဝဋ်ကြွေး၊ ပေးဆပ်ရသော ဝဋ်ကြွေးတို့ကို ကျွန်ုပ်တို့သည်၊ တပည့်တော်တို့သည် ထိတ်လန့်ပါ၏။ ကြောက်ရွံ့ပါ၏၊ ဝန်ခံပါ၏၊ တောင်းပန်ပါ၏။


ကျွန်ုပ်တို့သည် ဗုဒ္ဓတရားတော်တို့ကြောင့် အမှန်ကိုသိမြင်နိုင်၏။ ဓမ္မအစစ်ကို စူးစမ်းရှာဖွေနိုင်၏။ သို့အတွက်ကြောင့် ကျေးဇူးဆပ်၍မကုန်နိုင်ဖြစ်ခဲ့ပြီ။ ကြီးစွ ဗုဒ္ဓဂုဏ်ကျေးဇူးပေတကား။

ဗုဒ္ဓသည် ကျွန်ုပ်တို့၏ဖခင်အစစ်ဖြစ်၍ အသည်းနှလုံးလည်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓကို နမူနာပြုကာ စံထားပါ၏။ မှီခိုပါ၏။ မြတ်နိုးပါ၏။ ပူဇော်ပါ၏။ ဝဋ်ကြွေးခပ်သိမ်း ပြေငြိမ်းရပါစေဟု အကြိမ်ကြိမ် ဆုတောင်းပါ၏။ ဝဋ်ကြွေးပြေမည်ဟုလည်း ယုံကြည်ပါ၏။


'ဝဋ်ကြွေးတော်ပြေစေတီ' ဆိုသော အမည်သည် အခြားစေတီတော်တို့နှင့်မတူ ထူးခြားရလေအောင်၊ အထင်ကြီးရအောင် တည်ထားခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့ ဦးဆောင်၍တည်သော ဤဝဋ်ကြွေးတော်ပြေစေတီသည် ဘုံသားအားလုံးတို့ ရရှိကြ၍ ဝဋ်ဒုက္ခအပေါင်းမှ ကင်းလွတ်ပါစေရန် ဆန္ဒပြုပါ၏။

မိမိတို့ကိုယ်ရေးကိုယ်တာကိုစွန့်၍ တည်ထားပါ၏။ ကြီးပွားရန်လည်း မဟုတ်၊ ကျော်ကြားရန်လည်း မဟုတ်၊ ချမ်းသာရန်လည်း မဟုတ်၊ သေမှာကြောက်၍လည်း မဟုတ်၊ အတုအယောင်ဟန်ဆောင်ခြင်းလည်းမပြု၊ နိုင်ငံရေး၊ စီးပွားရေးမပါ သန့်ရှင်းစွာပြုပါ၏။ ကြည့်သူတွေမြင်ကြပါစေ၊ ကြားသူတွေသိကြပါစေ၊ ဝဋ်ကြွေးခပ်သိမ်းပြေကြပါစေဟု ဆုတောင်းပါ၏။


သတ္တဝါတွေ အနိမ့်၊ အမြင့်သာကွာခြားပြီး တစ်ပြေးညီရှိနေကြသော့ ဝဋ်



ဝဋ်ကြွေးတော်ပြေစေတီအဝင်မုခ်ဦး



မယ်လမုဘုရားနှင့်ဝဋ်ကြွေးတော်ပြေဘုရားကိုပို့ဆောင်ပေးသောဓမ်တော်



ဝဋ်ကြွေးတော်ပြေလှေဆိပ်



www.burmeseclassic.com

www.burmeseclassic.com

ကြွေးတွေ ပြေအေးစေလိုတဲ့ 'မေတ္တာ'၊

ဝဋ်ကြွေးတို့နှင့် ထိတွေ့နေ၍ မခံစားနိုင်ခြင်းတို့ကိုကြည့်ပြီး သနားမိခြင်း 'ကရုဏာ'၊

ဝဋ်ကိုသိ၍ တောင်းပန်ဝန်ခံခြင်းကြောင့် ဝဋ်ပြေသည်ကိုမြင်ရ၍ ဝမ်းမြောက်မိခြင်း 'မုဒိတာ'၊

ဝဋ်ကြွေးအပေါင်းတို့ ကုန်ခန်းခြင်းကြောင့် ပြောမပြတတ်သော ဥပေက္ခာ ဗြဟ္မစိုရ်လေးပါးအစစ်ရေစင်ကို သွန်းဖျန်းလျက် -

သာသနာ့အကျိုး၊ သတ္တဝါတို့၏ အကျိုးတို့ကို သယ်ပိုးရသောကြောင့် လွယ်ကူသော တရားအစစ်ကို ကြားနာကျင့်သုံး ပွားများသိမြင်ရ၍ (သုခပဋိပဒါ ခိပ္ပာဘိညာ) ရဟန္တာအမြန်ဖြစ်ရပါလို၏။ ။

❑

ကျွန်တော်သည် လွန်ခဲ့သော (၂၀၀၁ ခု) နှစ်ပိုင်းက ဤဝဋ်ကြွေးတော်ပြေစေတီတော်မြတ်သို့ အမိဋ္ဌာန်ပုတီးစိပ်ရန် မကြာခဏရောက်ခဲ့၏။ မျှော်မှန်းချက်ဆန္ဒများ ပြည့်ဝခဲ့ပါသည်။ ထိုစဉ်က ထူးခြားဆန်းကြယ်ဂမ္ဘီရဖြစ်ရပ်များတွေ့ခဲ့ရပုံ အနည်းငယ် တင်ပြပါမည်။

တစ်နေ့ ပုတီးစိပ်ပြီး၍ ဝဋ်ကြွေးတော်ပြေစေတီတော်ပေါ် ကပြန်အဆင်း ဘုရားအဝင်ဝတွင် ဘုရားဖူးလာသော မိသားတစ်စုကို တွေ့ရ၏။ ထူးဆန်းသည်မှာ ထိုမိသားစုမှ အခြားသူများ ဘုရားကြောင်လိမ်လှေကားအထက် ရောက်နေသည့်တိုင် အမျိုးသမီးကြီးတစ်ဦးက ဘုရားဝရန်တာအဝန်းအဝိုင်းအတွင်း ဝင်မရဘဲဖြစ်နေ၏။ ဆရာတော်သီတင်းသုံးရာကျောင်းကလည်း မြောက်ဘက်မနီးမဝေးတွင်ရှိသောကြောင့် -

"ဆရာတော်ဘုရား၊ တပည့်တော် ဘုရားဖူးမြော်ဖို့လာတာ ဝင်မရဖြစ်နေပါတယ်"

ဟု လျှောက်တင်ရာ ဆရာတော်က တစ်ချက်အကဲခတ်ကြည့်ပြီး -

"ဝင်စေဗျား"

ဟု မိန့်တော်မူမှ ထိုအမျိုးသမီးကြီး ဝဋ်ကြွေးတော်ပြေစေတီတော် အတွင်း ဝင်နိုင်ပါသည်။ နားလည်သူတို့က အဆင့်မြင့် (×××) ပညာသည်ဟု ဆိုကြပါ၏။

ထို့ထက်ထူး၍ ဂမ္ဘီရဆန်သော ဖြစ်ရပ်တို့မှာ ထိုစဉ်က အင်းစိန်မြို့၏ မြောက်ဘက်အစွန်အဖျားတွင်ရှိသော ရပ်ကွက်မှ လူငယ်တစ်ဦးသေဆုံးသွားပြီးနောက် မကျွတ်မလွတ်သော ဝိညာဉ်ဘဝဖြင့် ဝင်ပူးကာ မိဘများကို ဝဋ်ကြွေးတော်ပြေစေတီတော်သို့ပို့ပေးရန်ပြော၏။ထိုအချိန်က ဝဋ်ကြွေးတော်ပြေစေတီတော် တည်ထားသည်မှာ သုံးနှစ်ခန့်သာ ရှိသေးသဖြင့် မိဘများသည် ဝဋ်ကြွေးတော်ပြေစေတီတော် ဆိုသည်ကိုပင် မကြားဘူးသေးချေ။

နှစ်ကြိမ်၊ သုံးကြိမ် ဝင်ပူးကာ သူကိုယ်တိုင်ပင် လမ်းညွှန်သောကြောင့် ဝဋ်ကြွေးတော်ပြေစေတီတော်သို့ ရောက်ခဲ့ပြီး ဆရာတော်ထံ လျှောက်ထားရာ ဆရာတော်က ခွင့်ပြုသဖြင့် နေခွင့်ရသွား၏။

နောက်တစ်ဦး၏အဖြစ်ကလည်း ထိုကဲ့သို့ပင်တည်း။ မြို့တော်ရန်ကုန်နှင့် မိုင်လေးရာခန့်ဝေးသော ပြင်ဦးလွင်မှ ဖြစ်ရပ်။ ကွယ်လွန်သွားသူက မိန်းမပျိုလေးတစ်ဦး ဖြစ်၏။ ထိုမိန်းမပျိုလေး၏ ဝိညာဉ်က အနီးဆုံးသားချင်းတစ်ဦးကို ဝင်ရောက်ပူးကပ်ပြီး ဝဋ်ကြွေးတော်ပြေစေတီတော်သို့ လိုက်ပို့ပေးရန် တောင်းဆို၏။ သုံးကြိမ်တိတိ ပူးကပ်ပြောဆိုလာသောအခါ ဝဋ်ကြွေးတော်ပြေစေတီတော်ရှိရာ စုံစမ်းမေးမြန်း၍ အရောက်လာရတော့၏။

ဝဋ်ကြွေးတော်ပြေစေတီတော်သို့ ရောက်လျှင် ဆရာတော် ဘဒ္ဒန္တသီရိပါလသို့ လျှောက်ထားကာ အကျိုးအကြောင်း ပြောပြ၏။ ဆရာတော်ကလည်း 'နေစေသတည်း' ဟု ခွင့်ပြု၏။ အလားတူ အခြားဖြစ်ရပ်များလည်း ကြားသိခဲ့ရသေး၏။

ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုမှာ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းနေ မိတ်ဆွေဖြစ်သူ၏သားသည် သပိတ်ကျင်းမြို့နယ် ရွှေတွင်းကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်၏။ အလုပ်လုပ်ရင်း မိန်းကလေးတစ်ဦးနှင့် ချစ်သူဖြစ်ကြ၏။ မကြာခင် ရောဂါတစ်ခုကြောင့် မိန်းကလေးသေဆုံးသွား၏။

ထိုလူငယ်လည်း မကြာခင် အလုပ်မှ နုတ်ထွက်ကာ အိမ်ပြန်ခဲ့၏။ အိမ်ရောက်ပြီးနောက် အိမ်ရှိ အိမ်သားတစ်ဦးတစ်ယောက်ကို မကြာခဏ အခြောက်အလှန့်ခံရ၏။ ထိုပြဿနာအား ကျွန်တော့်ထံ လာပြော၏။ ကျွန်တော်ကလည်း ဖြစ်နိုင်ခြေများ မေးရာမှ ရည်းစားပေးထားသည့်ဓာတ်ပုံ ပါလာကြောင်း သိရ၏။

ထိုဓာတ်ပုံတွင် သူ့ကောင်မလေး၏ဝိညာဉ်ကပ်နေသည်ဟု တွက်ဆကာ ထိုဓာတ်ပုံအား ဝဋ်ကြွေးတော်ပြေစေတီတော်သို့ သွားပို့ခိုင်းလိုက်၏။ ထိုလူငယ်၏ ပြဿနာလည်း ထိုမျှနှင့်ပင် ပြေငြိမ်းသွားတော့၏။ ကျွန်တော်၏ ကိုယ်တွေ့လေးဖြစ်ပါသည်။

ဝဋ်ကြွေးတော်ပြေ စေတီတော်သည် ယခင် ကျွန်တော်သွားရောက် အဓိဋ္ဌာန်ဝင်ခဲ့စဉ်က ၂၀၀၁ ခုနှစ်ကလို တစ်ဆူတည်းမဟုတ်တော့ဘဲ ဝဋ်ကြွေးတော်ပြေ၊ ကံကြွေးတော်ပြေ၊ လိုချင်တိုင်းပြည့် စသော နစေတီပေါင်းအဆူဆူ တိုးတက်ပွင့်ထွန်းကာ သာယာကြည်ညို ဖွယ်တို့ဖြင့် ပြည့်ဝလျက်ရှိပါသည်။

တစ်ခါတစ်ခေါက် လာရောက်ဖူးမြော်လိုပါက -

မြောက်ဥက္ကလာပအပိုင်းမှ ဒဂုံမြို့သစ်မြောက်ပိုင်း ဗိုလ်မှူးဗထူးလမ်းသို့ ပြေးဆွဲနေသော မည်သည့်ကားကိုစီးစီး အပိုင်းမှ နှစ်မှတ်တိုင်သာဝေးသော ဂန္ဓာရုံမှတ်တိုင်တွင်ဆင်းလျှင် ရောက်ပါပြီ။ သို့မဟုတ် မယ်လမုဘုရားဖူးရင်း လာမည်ဆိုပါက မယ်လမုနှင့် ဝဋ်ကြွေးတော်ပြေ ပို့ပေးနေသည့် မော်တော်ဖြင့် သုံးမိနစ်ခန့်စီးလျှင် ဝဋ်ကြွေးတော်ဘုရားသို့ ရောက်ပါပြီ။ မော်တော်ခ ကျပ်တစ်ရာသာပေးရ၏။ လာရောက်ဖူးမြော် ကြည်ညိုဖို့ ဖိတ်ကြားရင်း ဝဋ်ကြွေးတော်ပြေ စေတီတော်မြတ်ဆောင်းပါးကို ရေးသား ပူဇော်အပ်ပါသတည်း။

ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ပါရမီကူညီဖြည့်ဆည်းကာ လိုအပ်သော ဓာတ်ပုံများကို ရိုက်ခြင်း၊ တည်းဖြတ်ပုံထုတ်ခြင်းပြုလုပ်ပေးသော ဇနီးဖြစ်သူ စာရေးဆရာမ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) အား သာဓုခေါ်ပါကြောင်း။

ဓာတ်ပုံ-မောင်မောင်အေး

ကိုးကားချက် -

- ၁-၁-၂၀၀၀ ထုတ် ဓမ္မလက်ဆောင်တော်၊ ဘဒ္ဒန္တသီရိပါလ (ဒီပါရာမ သာသနာပြု)
- ၂၀၀၁၊ စက်တင်ဘာထုတ်၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း (ဓာတ်ပုံမောင်မောင်အေး)



www.burmeseclassic.com


www.burmeseclassic.com

“တတိယ သင်္ဂါယနာကို ခေါင်းဆောင်မယ့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို ရဟန်းဘဝကိုရောက်ရှိအောင်နဲ့ စာပေကျမ်းဂန်သင်ကြားပေးဖို့ ရဟန္တာပုဂ္ဂိုလ်နှစ်ပါးတာဝန်ယူခဲ့တယ်။ ပါတလိပုတ်ပြည်မှာ သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာ တတိယသင်္ဂါယနာတင်ရတာရယ်၊ တင်ရတဲ့အကြောင်းရယ်ကို ဒကာကြီး သိပြီးသားပဲ။ ဦးပဥ္ဇင်း မပြောတော့ဘူး။ အခုပြောတာက အိပ်ခန်းအတွက် နိဒါန်းပျိုးတာ”

ချမ်းသာရေးအတွက် အချက် (၆) ချက်ကိုဟောပေးသော ကိုယ်တော်လေးက ဘုရားကျောင်းဆောင်၊ သောက်ရေအိုး၊ ဧည့်ခန်းနှင့် ပတ်သက်သည့်အချက်သုံးချက်ကို ယမန်နေ့များကပြောပြီးနောက် ယနေ့ အိပ်ခန်းအကြောင်းကို ဆက်ပြောရန် အထက်ပါအတိုင်း နိဒါန်းပျိုးလိုက်ပြီး ဆက်ကာ-

“အရှင်မဟာမောဂ္ဂလိပုတ္တတိဿအလောင်းဟာ ဗြဟ္မာ့ပြည်က စုတေပြီး ပါတလိပုတ်မှာလူလာဖြစ်တယ်။ ဗြာဟ္မဏဘာသာကိုးကွယ်တဲ့မိဘထံမှာ လူဖြစ်ရတဲ့အရွယ် ဗြာဟ္မဏတို့ အလေးထားတဲ့ ဗေဒင်ကျမ်းကိုသင်ရတယ်။ ဗြာဟ္မဏဘဝက ဝင်စားလာသူပီပီ အလွန်ဉာဏ်ကောင်းတယ်။ ဗေဒင်နဲ့ကျမ်းအားလုံးကို တစ်ဖက်ကမ်းခပ်တတ်မြောက်တယ်။

တစ်နေ့ သူ့ကိုရဟန်းဘဝရောက်အောင် ဖန်တီးပေးဖို့တာဝန်ကျတဲ့ပုဂ္ဂိုလ်ဟာ သူ့အိမ်ကိုသွားတယ်။ အိမ်ရှင်တွေက သူတို့ဘာသာဝင် မဟုတ်ပေမယ့် ရဟန်းတော် ဆိုတော့ ယဉ်ယဉ်ကျေးကျေးလက်ခံပြီး နေရာထိုင်ခင်းပေးဖို့လုပ်တယ်။ ဖျာရှာတယ်ပေါ့။ ရဟန်းတော်က အမိဋ္ဌာန်ထားတဲ့အတွက် ရှင်



**ချမ်းသာရေးတရား(၃)**
**ချောင်းဆုံအုန်းသွင်**

www.burmeseclassic.com

www.burmeseclassic.com

မဟာမောဂ္ဂလိပုတ္တတိဿအိပ်တဲ့အိပ်ရာကလွဲပြီး ဖျာရှာမရဘူး။ ဒါနဲ့ အဲဒီအိပ်ရာကိုပဲ ချပြီးခင်းပေးလိုက်တယ်။

သူ့အိပ်ရာက အမြင့်မှာ ချိတ်ဆွဲထားတာ။ သူပြန်လာမယ့်အချိန်နဲ့ ချိန်ကိုက်သွားတာမို့ မကြာခင် သူပြန်လာတော့ သူ့အိပ်ရာပေါ်မှာ ရဟန်းတော်ထိုင်နေတာတွေ့လို့ အကြီးအကျယ်ဒေါသထွက်သွားတယ်။ ရဟန်းတော်ကိုဒေါသနဲ့လည်းပြောတယ်။ ရဟန်းတော်က သူစိတ်ပြေလောက်အောင်စောင့်ပြီး -

"အရှင့်သား ဗေဒင်ပညာသင်နေတာ နည်းနည်းပါးပါးတတ်ပြီလား"

လို့ မေးလိုက်တယ်။

ဒီတော့ တစ်ခါ ဒေါသပြန်ထွက်လာပြီး -

"အသင်ကောတတ်သလား"

စသဖြင့် ပြန်မေးတယ်ပေါ့။

ရဟန်းတော်က -

"သင့်ဗေဒင်ကျမ်းထဲက မေးလိုရာမေး ငါဖြေမယ်"

လို့ဆိုတော့ အခက်ခဲဆုံးတွေကိုရွေးပြီးမေးသတဲ့။ ရဟန္တာဆိုတော့ အကုန်သိနေတာပေါ့။ အလွယ်တကူပဲ ပြန်ဖြေလိုက်တယ်။ ဒီတော့ သူ့သဘောကျသွားပြီး -

"သင်လည်း ပြန်မေးဦး"

လို့ ပြောတယ်။

ဒီတော့ ရဟန်းတော်က မေးတယ်။ သူမသိဘူး။

ဒီတော့ သူက -

"သင့်ဗေဒင် ကျုပ်မကြားဖူးဘူး။ ဘာဗေဒင်လဲ"

လို့ ပြန်မေးတယ်။

ရဟန်းတော်က -

"ဗုဒ္ဓဗေဒင်"

လို့ ပြောတော့ သူသိစ်တတ်ချင်သွားတယ်။ ဒီတော့ သူ့ကိုသင်ပေးဖို့ ပြောတယ်။

ရဟန်းတော်က -

"ငါ့လို ရဟန်းပြုမှ သင်လို့ရမယ်"

ဆိုတော့ ဘတ်ချင်တာနဲ့ရဟန်းပြုတယ်။

ဒီမှာ ဦးပဥ္စင်း ပြောချင်တာက အိပ်ရာကို အမြင့်မှာချိတ်ဆွဲထားတယ်ဆိုတဲ့အချက်ပဲ။ ဒါပေမယ့် နားထောင်နေတဲ့အိမ်သားတွေထဲက မသိသေးသူရှိရင် အသင့်အတင့်သိဖို့နဲ့ စကားလည်း အနည်းငယ်ပြည့်စုံသွားအောင်လို့ ပြောတာ။

တိရစ္ဆာန်တွေထက် လူတွေကပိုပြီး သန့်သန့်ပြန့်ပြန့်နေတတ်တယ်။ လူတွေထက် နတ်တွေကပိုတယ်။ နတ်တွေထက် ဗြဟ္မာတွေက ပိုတယ်။ ဒါကြောင့် ရှေးလူကြီးများက သန့်သန့်ပြန့်ပြန့်ဆိုတဲ့ နေရာမှာ အိပ်ရာကို အထူးအလေးထားကြတယ်။ ရှေးလူကြီးတွေဟာ လူတစ်ယောက်ရဲ့အိပ်ရာကိုကြည့်ပြီး ဒီလူဘယ်ဘဝကလာသလဲဆိုတာကို အကဲဖြတ်ကြတယ်လို့ အဘိုးအဘွားတွေပြောတာကြားဖူးတယ်။ အိပ်ရာကို သန့်သန့်ပြန့်ပြန့်ခင်းပြီး အိပ်တယ်။ အိပ်ရာထတော့ သပ်သပ်ရပ်ရပ်ခေါက်ပြီး ထားခဲ့တယ်ဆိုရင် လူ့ဘဝကလာသူလို့သတ်မှတ်ကြသတဲ့။ အိပ်ရာကို သပ်သပ်ရပ်ရပ်ခေါက်ထားရုံမက လုံလုံခြုံခြုံဖြစ်အောင်ဖုံးအုပ်ထားတယ်ဆိုရင် နတ်ဘဝကလာတဲ့သူ သေသေချာချာထုပ်ပိုးပြီး မြင့်တဲ့နေရာမှာ သီးသီးသန့်သန့်ထားတယ်ဆိုရင် ဗြဟ္မာဘဝကလာသူလို့ သတ်မှတ်ကြသတဲ့။

ငရဲတို့ ပြိတ္တာတို့ကတော့ အညှဉ်းဆဲခံ၊ အဆင်းရဲခံဘဝနဲ့ မပြတ်နေရလို့ အိပ်ချိန်၊ အိပ်ရာဆိုတာရှိမှာမဟုတ်ဘူး။ တိရစ္ဆာန်ကျတော့ ဦးပဥ္စင်းတို့နဲ့နီးစပ်တဲ့ ခွေး၊ ကြောင်၊ ကျွဲ၊ နွားတွေကိုတွေ့ရတာပေါ့။ ကျွဲ၊ နွားတွေဆိုရင် သူတို့ရဲ့ မစင်ပုံပေါ်ပဲအိပ်ကြတာပဲ။ ခွေးတို့ ကြောင်တို့ကလည်း တွေ့ကရာအိပ်ကြတာပဲ။ မပြောပလောက်တဲ့ သူဌေးမွေးတဲ့ ခွေး၊ ကြောင်အချို့ကတော့ အိပ်ရာနဲ့ ကောင်းကောင်းအိပ်ရတာပေါ့။ ဒါပေမယ့် ဘယ်တိရစ္ဆာန်မှ အိပ်ခါနီး အိပ်ရာကို လှည်းကျင်းပြီးမအိပ်ဘူး။ အိပ်ရာကထတော့လည်း ဘယ်တိရစ္ဆာန်မှ အိပ်ရာကို ပြန်လှည့်မကြည့်ဘူး ။ ထွက်သွားတာပဲ။

လူမှာလည်း တချို့လူတွေအဲဒီလိုရှိတယ်။ အိပ်ရာကို (၁၂) ရာသီ၊ (၂၄) နာရီခင်းထားတယ်။ ခြင်ထောင်ချထားတယ်။ စောင်ကိုခြုံပြီး ဘေးမှာအလျားလိုက်ပုံချထားတဲ့အတိုင်းထားတယ်။ အိပ်တဲ့အခါမှ ဝင်အိပ်တယ်။ ထတော့လည်း အိမ်သာကထွက်သလို ပြန်လှည့်မကြည့်တော့ဘူး။ ဒီတော့ ဒီလူရဲ့အိပ်ခြင်းနဲ့ အိပ်ရာကထခြင်းဟာ ဘယ်သူနဲ့တူသလဲ"

"တပည့်တော်တို့ ငယ်စဉ်က တပည့်တော်တို့ဒေသမှာ သားရှင်၊ သမီးရှင်မိဘများက ချွေးမလောင်း၊ သမက်လောင်း ရွေးတော့မယ်ဆိုရင် စည်းစိမ်ချမ်းသာကို အမိကမထားဘူး။ မျိုးရိုး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တနဲ့ လူကြီးမိဘများအပေါ် ဆက်ဆံရေး၊ ရိုသေလေးစားမှု ရှိ၊ မရှိတို့ကို အမိကထားရွေးကြတယ်။ အဲဒါကို သေသေချာချာသိအောင်လေ့လာပြီး သဘောကျမှ ရွေးတယ်။

အဲဒီမှာ တစ်ခုသတိထားမိသေးတာက ချွေးမလောင်းရွေးမယ့် သားရှင်ဟာ ရင်းနှီးသူများကို တိတ်တဆိတ်မှာပြီး ချွေးမလောင်းရဲ့မီးဖိုခန်းကို အသေးစိတ်လေ့လာစေတယ်။ ကိုယ်တိုင်သွားရင် အခြေအနေမှန်ကိုသိရမှာမဟုတ်ဘူးတဲ့။ အဲ - သမီးရှင်ကလည်း ရင်းနှီးသူများကို တိတ်တဆိတ်မှာပြီး သမက်လောင်းရဲ့အိပ်ရာကို သေသေချာချာလေ့လာစေတယ်။ တခြားဘယ်လောက်ပြည့်စုံနေပါစေ မီးဖိုချောင်မလုံတဲ့ချွေးမဟာ လင်ယောကျ်ားရှာသမျှ ပလိုင်းပေါက်နဲ့ ဖားကောက်သလိုဖြစ်မှာမို့ သဘောမတူကြဘူး။ အလားတူပဲ သပ်သပ်ရပ်ရပ် မအိပ်တတ်တဲ့ သမက်ဟာ ယောကျ်ားမြတ်မဟုတ်လို့ အိမ်ဦးနတ်မဖြစ်ထိုက်ဘူးဆိုပြီး သဘောမတူကြဘူး။ အခုတော့ ဘယ်လိုဖြစ်ကုန်ပြီမသိတော့ဘူး။ တပည့်တော်လည်း ရန်ကုန်ရောက်နေတာ လွတ်လပ်ရေးတစ်သက်ပဲ"

ကျွန်တော်က ဦးပဥ္စင်းလေးရဲ့စကားကိုဖြတ်ပြီး လျှောက်ထားလိုက်ပါသည်။

ဦးပဥ္စင်းလေးက -

"ဒါက မြန်မာ့ယဉ်ကျေးမှုပဲ။ ရှေးက မြန်မာတစ်ပြည်လုံးက ကျင့်သုံးကြမှာပေါ့။ ဦးပဥ္စင်းတို့ အဘိုး၊ အဘွားတွေပြောတာနဲ့ အခု ဒကာကြီးပြောတာ အတူတူပဲ။ အခုတော့ ခေတ်နောက်ကျတဲ့ အယူအဆ၊ ပိုက်ဆံကလွဲပြီး အရေးကြီးတာ ဘာမှမရှိဘူးဆိုပြီး အားလုံးလိုလို စွန့်လွှတ်လိုက်ပြီ ဖြစ်မှာပေါ့"

ဟု မိန့်ကြားပြီး ဆက်ကာ -

"ဒကာကြီး၊ အိပ်ခန်းဆိုတာ လျှို့ဝှက်ဆုံးအခန်းပဲ။ ဧည့်ခန်းက ပွင့်လင်းဆုံးအခန်းပဲ။ နာမည်က အိပ်ခန်းဆိုတော့ အိပ်တဲ့အခါပဲသုံးတယ်။ အိပ်တဲ့သူပဲသုံးတယ်။ ဒီလိုမဟုတ်လား။ နာမည်က ဧည့်ခန်းဆိုတော့ အိမ်သားမဟုတ်သူများအတွက်ဖြစ်လို့ ပွင့်လင်းမြင်သာတယ်။ မီးဖိုခန်းဆိုတာက အပြင်လူများ တပိုတပါးသွားတဲ့အခါ ဖြတ်သွားရင်း တွေ့နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စပ်စုတတ်သူများ အမျိုးသမီးများပေါ့ သွားကြည့်တတ်ကြတယ်။ ဒါပေမယ့် အိပ်ခန်းကိုတော့ အိမ်သားမဟုတ်သူများ ဘယ်သူမှမဝင်ကြဘူး။ အိမ်ရှင်က မခေါ်ဘဲဝင်တယ်ဆိုရင် မကောင်းတဲ့ အကြံတစ်ခုခုနဲ့ ဝင်တာပဲဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လည်း အလွန်မသိတတ်သူ၊ ရိုင်းစိုင်းသူများပဲ ဖြစ်မယ်။

အဲဒီတော့ နဂိုကမှ အိပ်ရာကို အလေးမထားတတ်သူအဖို့ ဘယ်သူမြင်မှာလိုက်လို့ဆိုတဲ့အတွေးက အလိုလိုဝင်နေတယ်။ ဒီတော့ အိပ်ရာကိုသေသေသပ်သပ်ထားဖို့စိတ်မရှိတော့ဘူး။ အိပ်ရာဝင်မဟုတ်ဘူး။ အိပ်ခန်းထဲမှာထားတယ်တဲ့ပစ္စည်းတွေနဲ့ အားလုံး ဖရိုဖရဲပဲ။

ဦးပဥ္စင်း ရှင်ဝတ်က ပဥ္စင်းတက်ခါနီးမှာ ခဏရှင်လိင်ပြန်ပြီး ဝတ်ကြောင်နဲ့နေခဲ့တယ်။ တစ်နေ့မှာ ကိစ္စတစ်ခုနဲ့ သူငယ်ချင်းတစ်ယောက်ကို မနက်ပိုင်းရောက်သွားတယ်။ အိမ်မှာ သူ့အမေရယ်၊ အဖေရယ်၊ အစ်မနှစ်ယောက်နဲ့သူပေါင်း (၅) ယောက်ရှိတယ်။ အိပ်ခန်းက တစ်ခန်းတည်း။ အမေနဲ့အဖေအိပ်တဲ့ ခုတင်။ ပြီးတော့ ခန်းဆီးကာထားတယ်။ ပြီးတော့ သူ့ခုတင်။ ပြီးတော့ ခန်းဆီးကာထားတယ်။ ပြီးတော့ သူ့အစ်မ (၂) ယောက်ခုတင်။ သူ့အစ်မ (၂) ယောက် ခုတင်ခြေရင်းမှာမှ စားပွဲတစ်လုံးနဲ့ မှန်၊ ကျောက်ပျဉ် စတဲ့ ခေါင်းဖြီး၊ သနပ်ခါးလိမ်းတဲ့နေရာလုပ်ထားတယ်။ ဦးပဥ္စင်းရောက်သွားချိန်က (၈) နာရီကျော်ပြီ။

အလုပ်သွားတဲ့အဖေနဲ့ အစ်မ (၂) ယောက်ကို အိမ်ရှေ့မှာပဲ ဆုံလိုက်တယ်။

"နင့်သူငယ်ချင်းမထနိုင်ဘူးသွား၊ သွား အားပေးလိုက်ဦး"

လို့ အစ်မကြီးက ပြောတယ်။ (၂)ယောက်စလုံးပြင်ထားတာကြောင့်လို့ပဲ။ ဧည့်ခန်းက သူ့ကို အသံလှမ်းပြုတော့ -

"ဝင်ခဲ့ သူငယ်ချင်း၊ ကိုယ်မထွက်နိုင်ဘူး"

လို့ အထဲကလှမ်းခေါ်တယ်။ မီးဖိုခန်းမှာ အလုပ်လုပ်နေတဲ့ သူ့အမေက အခန်းဝထွက်လာပြီး အခန်းထဲဝင်သွားဖို့ လက်ပြတယ်။ အခန်းက သူ့မိဘအိပ်ရာဘေးက ဝင်ပေါက်တစ်ခုပဲရှိတယ်။ ဒါနဲ့ ဝင်သွားလိုက်တယ်။ အရင်က သူ့အိမ်ကိုရောက်ဖူးပါတယ်။ ဒါပေမယ့် အိပ်ခန်းထဲဝင်ဖူးတာ ဒါဟာ ပထမဆုံးပဲ။ နောက်ဆုံးပဲလို့လည်း ပြောနိုင်တာပေါ့။

ဝင်တဲ့ဘေးကလည်း အဝတ်ကာထားတယ်။ ဒါပေမယ့် ခြေရင်းဘက်က အကာမရှိကြတော့ အိပ်ရာအားလုံးကို တွေ့ရတယ်ပေါ့။ မိဘအိပ်ရာက ခြင်ထောင်ချထားလျက်ရှိသေးတယ်။ ဒီတော့ ခေါင်းအုံးတို့၊ စောင်တို့ရဲ့အခြေအနေကို မမြင်ရဘူးပေါ့။ ဒါပေမယ့် အပွေးမြင် အပင်သိဆိုတဲ့ စကားရှိတယ်မဟုတ် လား။ မှန်းပြီးတော့ သိလို့ရပါတယ်။ ဦးပဥ္စင်းရောက်သွားတော့ သူက ခြင်ထောင်ကို လုံးထွေးတင်လိုက်ပြီး ခြေရင်းမှာ ငုတ်တုတ်လာထိုင်တယ်။ ဦးပဥ္စင်းကို သနပ်ခါးခုံရှေ့ ခွေးခြေခုံကို ယူထိုင်ဖို့ ညွှန်ပြတယ်။ ခွေးခြေခုံယူတော့ သူ့အစ်မတွေရဲ့အိပ်ရာကို မြင်ရတယ်။

ခြင်ထောင်တော့တင်ထားတယ်။ (၂) ယောက်အိပ်ဆိုတော့ ကျယ်လို့ (၂) ဖက်တင်ရတယ်။ တစ်ဖက်က တင်မိပြီး တစ်ဖက်က တွဲကျနေတယ်။ ခေါင်းအုံးတွေက ခြင်ထောင်တင်တော့ ဆွဲလိုက်လို့ပါလာတဲ့အတိုင်း အိပ်ရာနဲ့အလျားလိုက်ဖြစ်တာကဖြစ်၊ စောင်းပြီး ကန့်လန့်ဖြစ်တာက ဖြစ်နေတယ်။ စောင် (၂) ထည်က အိပ်ရာအလယ်မှာ စုပုံလျက်။

အိပ်ရာခြေရင်းမှာ ဘောင်းဘီ (၂) ထည်ပုံလျက်။ အခန်းခြေရင်းဘက် နံရံမှာ ကြိုးတန်း (၂) တန်းရှိတယ်။ အပေါ်တစ်တန်း၊ အောက်တစ်တန်း။ အပေါ်တန်းမှာ မျက်နှာသုတ်ပဝါ(၂)ထည်ကို စွေစွေစောင်းစောင်းလှန်းထားတယ်။ ဘေးက ဘော်လီ (၂) ထည်၊ အောက်ကြိုးတန်းမှာက ထဘီတွေ လုံးထွေးတင်ထားတယ်။ အချိန်မရလို့လို့ မပြောနဲ့၊ အချိန်က ယူရင်ရတယ်။ မယူရင်မရဘူး။ တကယ်တော့ ဒါမျိုးကို မပြောသင့်ဘူးလို့ ထင်ချင်လည်းထင်လို့ရတယ်။ ဒါပေမယ့် ဦးပဥ္စင်းက ချမ်းသာချင်သူဟာ ဒါမျိုးကို ရှောင်ရမှာမို့ စေတနာကောင်းနဲ့ပြည့်စုံအောင်ပြောတာ။ ကြိုးတန်းများ ခုတင်ခြေရင်းတစ်လျှောက်လုံးပဲ။အဝတ်တွေက အပြည့်ပဲ။ အားလုံးဖရိုဖရဲတင်ထားတာတွေချည်းပဲ။

ခုတင်အောက်တွေမှာရော၊ အခန်းထဲနေရာလွတ်တွေမှာရော ပစ္စည်းအစုံရှုပ်ပွနေတာပဲ။ ပစ္စည်းစုံတာက ပြောစရာမရှိဘူး။ သပ်သပ်ရပ်ရပ်မထားတော့ မြင်ရတာ အသက်ရှူကျပ်သွားတယ်။ ဘာနဲ့တူသလဲဆိုတော့ ဂိုဒေါင်ထဲကို (၂)နာရီလောက် ကျကျနနစီထည့်ရမယ့် ပစ္စည်းစုံကို အချိန်မရလို့ အပြင်မှာ လူမမြင်အောင်ဆိုပြီး (၅) မိနစ်နဲ့ အခန်းထဲအပြီးထိုးထည့်ပြီးပိတ်ထားတဲ့အခန်းလိုဖြစ်နေတယ်။

အဲဒီတော့ ဒီအခန်းကို ကြည့်ပြီး စိတ်ကြည်လင်မှုမရဘူး။ စိတ်ရှုပ်ထွေးမွန်းကျပ်တာပဲ။ ပစ္စည်တွေ ရှုပ်ပွနေတဲ့အတွက် ကြွက်တွေခိုနိုင်တယ်။အဲဒါထက် အန္တရာယ်ရှိတဲ့၊ အဆိပ်ရှိတဲ့သတ္တဝါတွေ ခိုနိုင်တယ်။ အမှိုက်တွေ၊ ဖုန်တွေ ခိုကပ်နေတာမို့ မသန့်တဲ့လေကို အမြဲရှူရမယ်။ ဖုန်တွေရှူနေရမယ်။ ရောဂါတွေကို ဖိတ်ခေါ်နေသလိုပေါ့။

လူရဲ့အငွေ့ဟာ သားငါးအညှီဟောက်မျိုးစုံစားထားပြီး အဲဒီအပုပ်တွေရဲ့အခိုးဟာ အခန်းကျဉ်းထဲက လူအများစုနေရင် မကြာခင် မူးမေ့ကုန်ကြတယ်မဟုတ်လား။အဲဒါလူငွေ့အဆိပ်တွေရှူရလို့ပဲ။ ခြင်ထောင်ထဲမှာအိပ်နေရင် အငွေ့ဟာ ခြင်ထောင်ထဲ လှောင်နေတာပဲ။ ခြင်ထောင်မတင်ဘဲထားပြီး နောက်ပြန်အိပ်ရင် လက်ကျန်အငွေ့နဲ့ နောက်ထွက်တဲ့အငွေ့နဲ့ပေါင်းပြီးတော့ ကျန်းမာရေးကို ထိခိုက်တာပဲ။ ဒါပေမယ့် ချက်ချင်း မသိရလို့ သူ့ကြောင်လို့မထင်ကြဘူး။

လူတွေက များသောအားဖြင့် အိပ်ခန်းကို ဂိုဒေါင်လိုအသုံးပြုကြတယ်။ အပြင်မှာ ရှုပ်နေတဲ့ပစ္စည်း၊ လူမမြင်စေချင်တဲ့ပစ္စည်းတွေအားလုံး အိပ်ခန်းထဲထည့်ကြတယ်။ ခုတင်နဲ့ဆိုရင် ပိုဆိုးတယ်။ ခုတင်အောက်မှာ ပြည့်သိပ်နေတာပဲ။ လူဟာဘယ်မှာအနေအများဆုံးလဲ။ နေ့ရဲ့ သုံးပုံတစ်ပုံလောက်ဟာ အိပ်ခန်းထဲနေကြတာ။ ကျန်တဲ့အချန်က ဟိုခဏဒီခဏပဲ။ ပြီးတော့ အိပ်ပျော်နေတဲ့အချိန်ဟာ ခန္ဓာကိုယ်ရဲ့ ခုခံအားနည်းတဲ့အချိန်ပဲ။ ဒီအချိန်မှာ ဖုန်တွေ၊ မကောင်းတဲ့အနံ့အသက်တွေ ကိုယ်ငွေ့၊ အဆိပ်ငွေ့တွေကို ရှူနေရမယ်ဆိုရင် ကျန်းမာရေးထိခိုက်တာပေါ့။ ကျန်းမာခြင်းဟာ ချမ်းသာခြင်းပဲလို့ ဆိုတယ်မဟုတ်လား။ ဒါချမ်းသာခြင်းအတွက်ပဲ။

ဒါကြောင့် အိပ်ခန်းကို ဧည့်ခန်းလို့ပဲ အမြဲသန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ထားသင့်တယ်။ ဗြဟ္မာ့ဘဝ၊ နတ်ဘဝကလာသူတွေလောက် မဖြစ်တောင် လူ့ဘဝကလာသူလောက်တော့ ဖြစ်သင့်တာပေါ့။

ကဲ - ဒကာကြီး၊ အချိန်လင့်ပြီ။ နောက်နေ့ကျမှပဲ ဆက်ရအောင်"

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ ဒေသအနှံ့အပြား တွင် တောင်တော်မြတ်များစွာရှိကြသည်။ တောင်များပေါ်၌ စေတီပုထိုးတို့ တည်ထားလျက် သာသနာပြန့်ပွားအောင် စွမ်းဆောင်ခဲ့သည်မှာ ရှေးပဝေသဏီ တတည်းက ဖြစ်သည်။

ကျွန်တော်က ရောက်သည့် အရပ်တွင် ဒေသန္တရဗဟုသုတများကို လက်လှမ်းမီသရွေ့ ရှာဖွေပြီး မဂ္ဂဇင်း စာမျက်နှာသို့ တင်ပြပါလေ၏။

ယခုလည်း ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၁၂) မိုင်ခန့်ကွာဝေးသော လောပိတ နယ်မြေသို့ ခြေဦးလှည့်ရပြန်သည်။

လောပိတအုပ်စု လောမလေး ကျေးရွာ၌ အမှတ် (၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ရှိပြီး ထိုစက်ရုံမှ တပ်ဆင်အင်အား (၁၆၈) မဂ္ဂါဝပ်နှင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ယူနစ်သန်းပေါင်း (၁၂၀၀) ထုတ်လုပ်နိုင်စွမ်းရှိပါသည်။

ကျွန်တော် စက်ရုံသို့ လေ့လာရေးသွားပြီး လောပိတနယ်မြေက ဓမ္မစကြာ ကျောင်းတိုက်ကိုဝင်ကာ ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်သည်။

ထို့နောက် -


"လောပိတနယ်မြေမှာ ထီးရိုးဝိဇ္ဇာ

## ကျော်စုကျော်(လွိုင်ကော်)


# လောပိတနယ်မြေက သာသနာ့အလင်းဆောင် ထီးရိုးဝိဇ္ဇာတောင်



ဓမ္မစကြာကျောင်းကွင်းအတွင်းက စေတီတော်အား ဖူးမြော်ရစဉ်



ငွေပြည့်ငွေထျုံစေတီ



ပြည်နယ်ချမ်းအေးအဓိဋ္ဌာန်စေတီတော်



ဆန္ဒပြည့်ဝ အလိုတော်ပြည့်ဝ စေတီ




www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖားသဏ္ဌာန်ပေါ်နေသည့်
ကျောက်စက်တိုင်



ဓာတ်ပုံရိုက်စဉ် ထူးခြားစွာဖြစ်ပေါ်နေသော
ကျောက်စက်တိုင်အား တွေ့ရစဉ်



ထီးရိုးဝိဇ္ဇာကျောက်လိုဏ်ဂူထဲက ကျောက်စက်ပန်းခွဲများ



ထီးရိုးဝိဇ္ဇာလိုဏ်ဂူအတွင်း ကျောက်စက်တိုင်အား ဓာတ်ပုံရိုက်ခဲ့ရာ
ထူးခြားဆုံပြဿနာ ကလေးရုပ်တု ဖြစ်ပေါ်နေပုံ

တောင်လို့ လူသိများကြောင်းသိရပါတယ်။ တပည့်တော် အဲဒီတောင်နဲ့ ပတ်သက်ပြီး ဆောင်းပါးရေးဖို့ လာခဲ့တာပါ။ ဆရာတော်ခွင့်ပြုရင် ရေးချင်ပါတယ် ဘုရား"

ကျွန်တော့်လျှောက်ထားချက်ကို ဆရာတော်မှ ခွင့်ပြုလျက် ထီးရိုးဝိဇ္ဇာတောင်၏ ကောက်ကြောင်းအား စတင်၍ ရှင်းပြတော်မူသည်။

"ဦးပဥ္ဇင်းက ဝါတွင်းကာလတွေမှာ အဓိဋ္ဌာန်ဝင် တရားထိုင်တယ်။ ၂၀၁၂ ခုနှစ်က တရားထိုင်နေတုန်း အာရုံထဲမှာ တောင်ကြီးတစ်တောင်ပေါ်နေတယ်။ ပြီးတော့ 'ဆရာတော်ဘုရား တောင်ပေါ်မှာ သာသနာပြုရမယ်' လို့ ပြောသံကြားခဲ့တယ် ဒကာ။ အဲဒီလို တွေ့ကြုံပြီး တစ်ပတ်အကြာ ပရိဟာတ ရပ်ကွက်က ဦးတင်ဝင်း ရောက်လာပြီး သူက သာသနာပြုဖို့ သင့်မြတ်တဲ့တောင်တွေ့ထားတယ်။ ဦးပဥ္ဇင်းဆန္ဒသိလိုပါတယ်လို့ လျှောက်တင်ရာကနေ တောင်ပေါ်မှာ စေတီတည်ရင်း သာသနာပြုဖို့ ဆုံးဖြတ်ခဲ့တာပဲ။ ဦးပဥ္ဇင်း ထီးရိုးဝိဇ္ဇာတောင်နဲ့ ပတ်သက်ပြီး တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကို မှတ်တမ်းတင်ထားတယ်။ ဟောဒီဖိုင်ထဲမှာ ဦးပဥ္ဇင်းရဲ့ ထေရုပ္ပတ္တိအကျဉ်းလည်းပါတယ် ဒကာ"

ကျွန်တော် ဆရာတော်လှမ်းပေးသောဖိုင်အားယူ၍ကြည့်သည်။ ဖိုင်တွဲ၏ စာမျက်နှာများမှာတော့ -

ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ခမည်းတော် ဦးထွန်းစိန်၊ မယ်တော်ဒေါ်အေးမွန်တို့မှ ၁၃၂၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် မြေစိုကျေးရွာ၌ ဖွားမြင်ခဲ့လေသည်။

၁၃၃၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့၌ မြေစိုကျောင်းတိုက်ဆရာတော်ထံ ရှင်သာမဏေပြု၍ ၁၃၄၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ မိတ္ထီလာမြို့၊ ဆရာတော် ဦးအဂ္ဂဓမ္မကို ဥပဇ္ဈာယ်ပြုပြီး ဦးထွန်းရွှေ၊ ဒေါ်ပေါ်ကြွယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြေစိုကျောင်းတိုက် ခဏ္ဍာသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ကား တောင်ပေါ်တွင် စေတီတည်ပြီး သာသနာပြန့်ပွားအောင် ဆောင်ရွက်လိုစိတ်ပြင်းပြမိသောအခါ ဒကာဦးတင်ဝင်းနှင့်အတူ တောင်ပေါ် သို့ တက်ရန် စိုင်းပြင်းသည်။




www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ဘိုးဘိုးကြီး



ထီးရိုးဝိဇ္ဇာတောင်လိုဏ်ဂူရှိ ကျောက်ပန်းဆွဲအား ဓာတ်ပုံရိုက်စဉ် ထူးခြားသောအလင်းရောင်ဖြစ်ပေါ်နေပုံ



ဆရာတော်ဦးကောဏ္ဍညနှင့်အတူ တောင်ပေါ်သို့တက်ခဲ့သည့် ကျောက်စရစ်ခင်းလေှကားလမ်း

လောမလေးကျေးရွာ မမ္မစကြာကျောင်းတိုက်၏ တောင်ဘက် (၃) မိုင်ခန့်အကွာတွင်ရှိသော သာသနာပြုမည့်တောင်သို့ လှည်းလမ်းအတိုင်း ခြေကျင်လျှောက်သွားကြသည်။ ဆရာတော်နှင့် ဦးတင်ဝင်း (၂)နာရီခန့် ခြေကျင်လျှောက်ပြီးနောက် တောင်ပေါ်သို့တက်လှမ်းနိုင်ခဲ့၏။

ဆရာတော်သည် တောင်ပေါ်က သစ်ပင်ခြေရင်း၌ မေတ္တာဘာဝနာစီးဖြန်းပြီးချိန်တွင် သစ္စာဆို၍ အဓိဋ္ဌာန်ပြုလေသည်။

"ငါသည် ဝါတွင်းကာလအတွင်း သက်သတ်လွတ်ဘုဉ်းပေးကာ မေတ္တာဘာဝနာစီးဖြန်းနေသူ ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် တောင်၌ သာသနာပြုသူများ ပေါ်ထွန်းပါစေသတည်း"

ဟု ရွတ်ဆိုအဓိဋ္ဌာန်ပြုလိုက်ရာ မောင်းသံများ၊ သီချင်းဆိုသံများ၊ စကားပြောသံများ အုံ့သြစွာထွက်ပေါ်လာသဖြင့် ဒကာဦးတင်ဝင်းပင် ကြောက်ဒူးတုန်မိသည်ဆို၏။

ဆရာတော်မှာ ဘူမိနက်သန်အောင်မြေဖြစ်တော့မည်ဟု ယုံကြည်သွားကာ တောင်ပေါ်တွင် သာသနာပြုလုပ်ငန်းအား အမြန်ဆုံး အကောင်အထည်ဖော်သည်။ ကျောင်းသို့ပြန်ရောက်ရောက်ချင်း ထီးရိုးတောင်ပေါ်ရှိ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းဖို့ အသံချဲ့စက်ဖြင့် နှိုးဆော်လေသည်။

ဆရာတော်က တောင်ပေါ်၌ လုပ်အားဒါနပေးရန် နှိုးဆော်ခဲ့သည်နှင့် အနီးအပါး ကျေးရွာများဖြစ်ကြသော တောင်ရိုး၊ လောမလေး၊ မမ္မစကြာ၊ လောပိတရှိ ဒကာ၊ ဒကာများမှ သုံးရက်တိုင် ပေါင်းမြတ်ရှင်းလင်းခြင်းတို့ ပြုလုပ်ကြပါသည်။

ထူးခြားသည်က တောင်ပေါ်တွင် စေတီတည်ဖို့ သဲ၊ ကျောက်၊ ဘိလပ်မြေ အလှူရှင်များနှင့် လုပ်အားဒါနအလှူရှင်များ ပေါ်ထွက်လာသည်။

၁၃၆၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဉာဏ်တော် (၁၁) တောင်၊ (၁၁) မိုက်ရှိသော 'ပြည်နယ်ချမ်းအေးအဓိဋ္ဌာန်စေတီတော်'ကို အောင်မြင်စွာ ထီးတော်တင်လှူနိုင်လေသည်။

ထို့အပြင် -

၁၃၆၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဉာဏ်တော် (၁၁) တောင်၊ (၁၁) မိုက်ရှိသော ငွေပြည့်ငွေလျှံစေတီကို လည်းကောင်း၊ ၁၃၇၇ ခုနှစ်တွင် ဉာဏ်တော် (၉) တောင်ရှိသော 'ဆန္ဒပြည့်ဝ အလိုတော်ပြည့်စေတီ' အား တည်ထားခဲ့ပါသည်။

"ထီးရိုးဝိဇ္ဇာတောင်ပေါ်မှာ ကျောက်လိုဏ်ဂူရှိသေးတယ် ဒကာ"

ကျွန်တော် စေတီတော်များ၏ သမိုင်းကို ကူးယူပြီးသခိုက် ဆရာတော်ပြောလာသဖြင့် ဖိုင်တွဲကိုပိတ်၍ တောင်ပေါ်ကိုသွားလိုကြောင်း လျှောက်ထားမိသည်။ ဆရာတော်မှ ဟိုင်းလပ်ကားလေး စီစဉ်ပေးသည့်အပြင် ဆရာတော်နှစ်ပါးအား တစ်ပါတည်းထည့်လိုက်သည်။

ကျွန်တော်နှင့် ဆရာတော်နှစ်ပါး စီးနင်းလိုက်ပါလာသောကားလေးက မမ္မစကြာကျောင်းတိုက်မှ စတင်ထွက်သည်။

လမ်းဘေးဝဲ၊ ယာတွင် စိမ်းစိုစို



www.burmeseclassic.com

www.burmeseclassic.com



မွေ့စကြာဆရာတော် ဘဒ္ဒန္တတေဇောဘိပါလံအား ဖူးမြော်စဉ်



တောင်ပေါ်တွင် သီတင်းသုံးနေသော
ဆရာတော်ဦးဥတ္တမ



တောင်ပေါ်သို့ လိုက်လံရှင်းပြတော်မူသော ဆရာတော်ဦးကောသလ္လ

ပြောင်းခင်း၊ မြေပဲခင်းများကိုတွေ့သော အခါ ရင်မှာကြည်နူးမိသည်။ အတူလိုက်ပါလာသည့် ဆရာတော် ဦးကောသလ္လမှ ကြည်ရွှင်ရွှင်မျက်နှာဖြင့် -

"အခင် ဒီလမ်းလေးက လှည်းလမ်းလေးမို့ မိုးတွင်းဆို သွားလာရခက်တယ်။ မွေ့စကြာဆရာတော်က တောင်ပေါ်သွားလမ်းဖြစ်တော့ သိန်း (၄၀၀) ခန့် အကုန်အကျခံပြီး ပြုပြင်ခင်းရတယ်။ ကျောက်၊ သဲ အလှူရှင်တွေနဲ့ ကျေးရွာလူငယ်တွေ လုပ်အားပေးလို့ အခုလို ချောချောမွေ့မွေ့သွားနိုင်တာ"

ဟု မိန့်တော်မူခဲ့သည်။

ဒရိုင်ဘာ ကိုဇော်ဦးသည် ကားလေးအား အရှိန်မြှင့်မောင်းနေသည်။ ကျွန်တော်က တောင်၏ဇာစ်မြစ်ကိုမေး၍ ဦးကောဏ္ဍညမှ ရှင်းပြသည်။

"ထီးရိုးဝါးတွေရှိလို့ ထီးရိုးတောင်လို့ သမုတ်ခဲ့တာပါ ဒကာ။ ဟိုတုန်းကတော့ တောင်အနီးတစ်ဝိုက်မှာ ကယားရွာနှစ်ရွာလောက်ရှိတယ်။ သူတို့က လန့်တောင်လို့ခေါ်တယ်။ ဇော်ရုံပုဂ္ဂိုလ်တောင်ပေါ်မတက်ရဲဘူး။ ခြောက်လှန့်တတ်တယ် ဒကာ"

"ထီးရိုးတောင်အနီးမှာ အခြားတောင်တွေရှိသေးလား ဘုန်းဘုန်း"

"ရှိတယ် ဒကာ၊ အဲဒီတောင်တွေမှာလည်း စေတီတွေတည်ပြီး သာသနာပြုဖို့ ရည်ရွယ်ချက်ရှိတယ်ကွယ့်"

"တင်ပါ့ဘုရား"

ဟိုင်းလပ်ကားလေး တောင်ခြေသို့ရောက်လာသည်။ တစ်နာရီခန့်မောင်းခဲ့ရကြောင်း သတိထားမိ၏။ စင်စစ် ထီးရိုးဝိဇ္ဇာတောင်ခြေအထိ ကားရောက်ရန်အတွက် တောင်ဆင်ခြေလျှောရှိ ကျောက်တုံးကျောက်ခဲကြီးများအား ဘီလူးချောင်းအမှတ် (၃) ဓာတ်အားပေးစက်ရုံမှ ဘူဒိုဇာစက်များအကူအညီနှင့်ဖယ်ရှား၍ ခက်ခဲစွာ လမ်းဖောက်ခဲ့ရသည်။

ထီးရိုးတောင်သဘာဝဝန်းကျင်သည် သာယာရှုမောဖွယ်ကောင်းလှသည်။ တောင်မှာ ပေ (၇၀၀) ကျော်ခန့် မြင့်မားသည်။ တောင်ပေါ်သို့တက်သော ကွန်ကရစ်နှင့်အဆင့်ဆင့်ခင်းထားသည့် လှေကားလမ်းလေးက မနှစ်ကမှခင်းထားသည်ဆို၏။ ကျွန်တော်တို့ကွန်ကရစ်ခင်း လှေကားလမ်းလေးမှ မိနစ် (၂၀) ကျော် တက်ပြီးသော် တောင်ပေါ်သို့ခြေချမိလေသည်။ ဆရာတော်နှစ်ပါးမှာ တောင်ပေါ်တက်နေကျဖြစ်၍ မောပန်းဟန်မတူ။ ကျွန်တော်သာ ခြေညောင်း၍ မောဟိုက်နေမိသည်။

"တောင်ပေါ်တက်တဲ့ ကွန်ကရစ်ခင်းလှေကားလမ်းလေးကို တန်ဆောင်းအမိုးလုပ်ဖို့ရှိပေမယ့် အလှူရှင်မရှိသေးလို့ မလုပ်နိုင်သေးဘူး။ တန်ဆောင်းက အစပဲရှိသေးတယ်"

ဆရာတော် ဦးကောသလ္လက ဆောက်လက်စ တန်ဆောင်းလေးကို ညွှန်ပြရင်း မိန့်တော်မူသည်။ ကျွန်တော်က ဆရာတော်များ၏ မေတ္တာကြောင့် မကြာမီ ပြီးပြည့်စုံတဲ့နေရာဖြစ်လာလိမ့်မည်ဟု မှတ်ချက်ပြုသည်။

တောင်ရင်ပြင်မှာ ကျယ်ကျယ်ဝန်းဝန်းမရှိသေး။ ဆက်လက်ချဲ့ထွင်လျှင် ရင်ပြင်ကျယ်ဝန်းလာနိုင်၏။ မွေ့စကြာဆရာတော်ကမူ တောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့် တက်နိုင်ရေးကို ရည်ရွယ်လျက်ရှိနေပါသည်။

www.burmeseclassic.com

ဆရာတော်နှစ်ပါးက ဓာတ်တော်များ ကိန်းဝပ်တော်မူရာ တောင်ကုန်းထက်သို့ ဦးဆောင်၍ ကြွတော်မူသည်။ စေတီများတည်ရာတွင် ပြီးဆုံးရက်သတ်သတ်မှတ်မှတ်မထားပါဘဲနှင့် (၁၁)ပြည့်မြောက်ပါက စေတီတည်ပြီးစီးခဲ့ကြောင်း သိရလေသည်။

ကျွန်တော် ကျောင်းဆောင်လေးရဲ့ လက်ယာဘက်၌ရှိသော 'ဆန္ဒပြည့်ဝ အလိုတော်ပြည့်စေတီ'အား ဦးခိုက်ပူဇော်သည်။ ထို့နောက် အထက်ဘက်တောင်ကုန်းပေါ်က ပထမဦးဆုံး တည်ခဲ့သည့် 'ပြည်နယ်ချမ်းအေးအဓိဋ္ဌာန်စေတီ' ၌ မီးပူဇော်ကာ ဆယ်မိနစ်ခန့် တရားထိုင်ခဲ့ပါသည်။

"တောင်ပေါ်ရောက်တုန်း ထူးခြားတဲ့နေရာတွေ လိုက်ပြပါ့မယ် ဒကာ။ တောင်လယ်လောက်မှာ ရေထွက်နှစ်ခုတွေ့ရှိတယ်။ မနှစ်က ဓမ္မစကြာဆရာတော် ဝါတွင်းအဓိဋ္ဌာန်ဝင်နေစဉ် ရသေ့ကြီးနှစ်ပါးက ရေထွက်ရှိတဲ့နေရာကို အိပ်မက်ပေးလို့ လိုက်လံရှာဖွေရာမှတွေ့ခဲ့ရတာပါ။ ရေကကြည်လင်တော့အပြာရောင်သန်းနေသလိုပဲ ဒကာ။ ဆရာတော်တို့ ရေထွက်ရှိတဲ့နေရာ သွားကြစို့"


ကျွန်တော် ရေထွက်နေရာလေးတစ်ခုကို လေ့လာခွင့်ကြုံသည်။ ရေကအပေါ်သို့ ဒလဟောပန်းထွက်နေပါသည်။

"ရေထွက်ကနေ တောင်ထိပ်ကို ပိုက်တွေနဲ့သွယ်တန်းရင် ရေတွေရနိုင်တယ်။ ဆရာတော်မသွယ်ဘူးလားဘုရား"

"မသွယ်ဖြစ်သေးဘူး၊ လောလောဆယ် အုတ်ကန်နဲ့ မိုးရေခံသုံးနေရတယ်"



ထီးရိုးဝိဇ္ဇာတောင်၏သဘာဝအလှရှုခင်း၊



ထီးရိုးဝိဇ္ဇာတောင်သို့သွားသော ကျောက်ခင်းလမ်း

ရေထွက်ပေါက်ကြည့်ပြီးနောက် တောင်ထိပ်သို့ ပြန်တက်ခဲ့သည်။ ရွှေပြည့်ငွေလျှံစေတီရောက်တော့ ဆရာတော်ဦးကောဏ္ဍညအားလျှောက်တင်မိသည်။

"ဆရာတော်တို့ ဒီစေတီမှာပဲ အနားယူပါဦး ဘုရား။ တပည့်တော် ဟိုဝါးကျောင်းထဲမှာ သီတင်းသုံးနေတဲ့ ဦးပဋ္ဌင်းကြီးကို မေးမြန်းစရာရှိလို့ သွားလိုက်ပါဦးမယ် ဘုရား"

"အင်းအင်း - ဒကာလေးမေးမြန်းပြီးရင်တော့ ကျောက်လိုဏ်ဂူထဲဝင်လေ့လာကြတာပေါ့ကွယ်"

"တင်ပါ့ဘုရား"

စေတီလေး၏ တောင်ဘက်ခပ်လှမ်းလှမ်းတွင် ထရံကာသွပ်မိုးဖြစ်သော တဲသာသာ ကျောင်းဆောင်ငယ်ကို တွေ့ရသည်။ ထိုကျောင်းဆောင်ငယ်၌ သီတင်းသုံး နေထိုင်သည့် ဆရာတော်မှာ ထီးရိုးဝိဇ္ဇာတောင်သာသနာပြုသော ၁၃၆၄ ခုနှစ်မှစတင်၍ တရားအားထုတ်ခဲ့သည်။ ဆရာတော် ဦးဥတ္တရသည် သက်တော် (၆၉) နှစ်ရှိပြီး ဝါတော် (၁၈) ဝါ ရှိပါလေ၏။

ကျွန်တော်က ဆရာတော်အား ဖူးမြော်ကြည်ညိုလျက် သိလိုသမျှကို မေးမြန်းမိပါသည်။

"ဒီတောင်ပေါ်ရောက်ဖြစ်ပုံလေး ပြောပါဦးဘုရား"

"ဦးပဋ္ဌင်းတောင်မှာ သုံးနှစ်သီတင်းသုံးပြီး မပျော်ရင် လူထွက်မယ်လို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမယ့် မြတ်ဗုဒ္ဓရဲ့ တရားရိပ်မှာပျော်မွေ့တာမို့ မကြာခဏ အဓိဋ္ဌာန်ဝင်ဖြစ်တော့တယ် ဒကာ"

"ထီးရိုးဝိဇ္ဇာတောင်ပေါ်မှာ နေ့နေ့ညည တရားအားထုတ်နေတာသိရလို့ ကြည်ညိုသဒ္ဓါပွားမိပါတယ်။ တရားအားထုတ်နေစဉ်အတွင်း ထူးခြားဖြစ်ရပ်များလည်း မိန့်တော်မူပါဦး ဘုရား"

ကျွန်တော်၏မေးမြန်းချက်အပေါ် ဆရာတော်မဖြေသေးဘဲ ပြုံး၍နေတော်မူလေသည်။ အတန်ကြာမှ -

"ဦးပဋ္ဌင်း တောင်ပေါ်ရောက်တဲ့နှစ်မှာပဲ သုံးနှစ်အဓိဋ္ဌာန်ဝင်ခဲ့တာအောင်မြင်ခဲ့တယ်။ ဦးပဋ္ဌင်းက ဂူထဲဝင်ပြီး နံနက်(၁၁)နာရီကနေ ညနေ(၅)နာရီအထိ တရားရှုမှတ်တယ်။ မှတ်မှတ်ရရ ၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့၊ ညနေ(၆)နာရီလောက်မှာ ကျောင်းလေးပေါ်ကို ဒကာ၊ ဒကာမ (၁၀) ဦးထက်မနည်းရောက်လာတယ်။ လောပိတနယ်ကမဟုတ်တဲ့ သူစိမ်းတစ်ရံတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူတို့က ဦးပဥ္စင်းကို သီလတောင်းလို့ ငါးပါးသီလပေးလိုက်တယ်။ ခက်တာ သူတို့အပိုစကားမပြောဘူး။ နှုတ်ဆိတ်ငြိမ်သက်ပြီးပြန်သွားကြတယ်။

သူတို့ပြန်သွားပြီး ည (၇) နာရီခန့်မှာလည်း ဒကာ၊ ဒကာမ (၁၀) ယောက်လောက်ရောက်လပြီး သီလတောင်းလို့ သီလပေးခဲ့တယ်။ အင်း-ဦးပဥ္စင်းနှုတ်က ဒကာ၊ ဒကာမတွေ ဘယ်ကလာကြတာ တုံးမေးဖို့ပြင်တော့ နှုတ်က အသံထွက်မလာဘူး။ သူတို့ပြန်သွားမှ ဦးပဥ္စင်း စကားပြောလို့ရတယ် ဒကာ"

ကျွန်တော် ထူးခြားဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်ဟု သိလိုက်သည်။ ဆရာတော်မှ ဆက်လက်၍ အတွေ့အကြုံလေးတစ်ခုကို မိန့်တော်မူပြန်သည်။

"ဦးပဥ္စင်း စေတီရင်ပြင်မှာ ညတိုင်းတရားရှုမှတ်တယ်။ ထူးခြားတာက ကျောင်းမှာရှိတဲ့ ကြောင်ဝါမကြီးဟာ ဦးပဥ္စင်းပတ်ပတ်လည်လျှောက်နေတာ သတိထားမိတယ်။နှစ်တွေကြာလာတော့ ကြောင်မကြီးရဲ့ခြေသွားလမ်းက စက်ဝိုင်းလို့ တင်ကျန်နေတယ်။ တရားရှုမှတ်တဲ့ အချိန်ရောက်ရင် ကြောင်မကြီးက တညောင်ညောင်အော်ပြီး သတိပေးတယ် ဒကာ"

"အဟိတ်တိရစ္ဆာန်တောင် တရားရှုသူကြုံလာမယ့်အန္တရာယ်ကိုကာကွယ်စောင့်ရှောက်တဲ့ အမူအကျင့်ရှိနေတတ်တယ်နော် ဆရာတော်"

ကျွန်တော် မြတ်ဗုဒ္ဓ၏အေးရိပ်၌ တရားကျင့်ကြံပွားများနေသောပုဂ္ဂိုလ်တို့အား မနောတံဖြင့် ဦးခိုက်မိပါသည်။ တရားကျင့်ကြံခဲ့သည့် ဘိုကလေးမြို့နယ်က အာဂန္တုရဟန်းတစ်ပါး၏ဖြစ်ရပ်ဆန်းကို တင်ပြချင်လာသည်။ မမ္မစကြာ ဆရာတော်၏ မှတ်တမ်းဖိုင်တွင်လည်း-

ကျွန်ုပ်မှာ ဂန္ဓာရီလှည့်လည်၍ မြန်မာပြည်ရှိ ထင်ရှားသောတောင်တော်မြတ်များသို့သွားပြီး တရားကျင့်ကြံသူ ဖြစ်ပေသည်။ ယခု ဆရာတော် ဦးဉာဏသာမိသည် ထီးရိုးဝိဇ္ဇာတောင်ပေါ်သို့ ဝါတွင်းကာလ၌ အဓိဋ္ဌာန်ပါရမီဖြည့်ဆည်းရန် ကြွရောက်လာခြင်းပင်။

ကျွန်ုပ်သည် အလျဉ်းသင့်သဖြင့် စိတ်ဝင်စားစရာ အဖြစ်အပျက်လေးကို မမ္မစကြာဆရာတော်အား ပြောပြခဲ့လေသည်။

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့ ည(၁၂) နာရီချိန် ပုတီးစိပ်ပြီးနောက် အနားယူနေစဉ် ခပ်လှမ်းလှမ်းရှိသစ်ပင်အောက်မှ ကလေးငိုသံများကို အဆက်မပြတ်ကြားရသဖြင့် စိတ်မချမ်းမြေ့ဖြစ်ရသည်။

မမြင်အပ်သော ပရလောကဟု တွေးမိကာ သူတို့ကို မေတ္တာပို့၊ အမျှဝေပြီး ပရလောကရှိ ကလေးများအတွက် ချိုချဉ်လေးများအား လင်ဗန်းထဲထည့်၍ သစ်ပင်အောက်သို့ထားခဲ့သည်။ နောက်တစ်နေ့ နံနက်လင်းလို့ သစ်ပင်အောက်သို့သွားကြည့်သောအခါ လင်ဗန်းထဲက ချိုချဉ်များမရှိတော့သည်ကို တွေ့မြင်မိချေ၏။

"ကျောက်လိုဏ်ဂူမှာ လေ့လာစရာရှိလို့ ခွင့်ပြုပါဦး ဘုရား"

ကျွန်တော် ဆရာတော်အား နှုတ်ဆက်၍ ဂူသို့သွားရန်ပြင်သည်။ ကျွန်တော့်အလာကိုစောင့်ဆိုင်းနေသော ဆရာတော်နှစ်ပါး၏အနီးသို့ရောက်စဉ် သက်တော်ရလာသည့် ဦးကောသလ္လအား -

"ဆရာတော်ကိုဒီမှာပဲဆက်စောင့်နေစေချင်ပါတယ်။ ဂူထဲဆင်းဖို့ အခက်အခဲရှိလို့ပါ ဘုရား"

"ကောင်းပါပြီ စာရေးဆရာရယ်၊ ဘုန်းဘုန်း တရားမှတ်ရင်း စောင့်နေပါ့မယ်"

ကျွန်တော်နှင့် ဦးကောဏ္ဍည ကျောက်လိုဏ်ဂူဆီ ဦးတည်ခဲ့ကြသည်။ စေတီဘေးရှိ လူသွားလမ်းကျဉ်းကျဉ်းလေးမှသွားပြီးသော် ဂူထိပ်ဝသို့ ရောက်လာသည်။

"ဆရာတော် မောတ်မီးပါတယ်မို့လား။ တပည့်တော် မြွေပါးကင်းပါးကြောက်တယ် ဘုရား"

"သူတော်ကောင်းတွေစံပျော်ရာမို့ အန္တရာယ်မကျပါဘူး ဒကာ"

ကျွန်တော်တို့ ဂူထိပ်ရှိအဆင်သင့်ထောင်ထားသည့် ဝါးလှေကားမှ တစ်ဆင့် ဂူအတွင်းဆင်းခဲ့သည်။ ဂူအစ လိုဏ်ဂူမှာ ပေ (၃၀) ကျော် ကျယ်ဝန်းသည်ဟု ခန့်မှန်းမိသည်။

ထီးရိုးဝိဇ္ဇာလိုဏ်ဂူက ထုံးကျောက်တောင်အမျိုးအစားဖြစ်ပြီး ဂူတစ်ခုလုံး ကျောက်စက်ပန်းဆွဲများဖြင့် လှပလို့နေ၏။ ကျောက်စက်ပန်းဆွဲများမှာ ဖြူဆွတ်နေ၍ စိန်ပွင့်လေးတွေပမာ အရောင်တဖိတ်ဖိတ်တလက်လက်နှင့် ကြည့်ကောင်းလှသည်။

"ဂူထဲမှာ လျှပ်စစ်မီးသွယ်တန်းရင် ကောင်းမှာပဲ ဘုရား။ ပြီး တချို့ကျောက်စက်ပန်းဆွဲနဲ့ကျောက်တိုင်တွေကို ပန်းပုပညာနဲ့ ရုပ်ပွားတော်တွေ ထွင်းထုသင့်တယ် ဆရာတော်"

"ဩော် - ဒကာလေးရဲ့စေတနာ နားလည်ပါတယ်။ တစ်နေ့တော့ ရေမီးအစုံနဲ့ဖြစ်လာမှာပါ။ ဒါထက် ဂူကြမ်းပြင်မှာရှိတဲ့ ကျောက်စက်တိုင်လေးတွေကို သတိထားကြည့်မိလား။ အသက်ဝင်လှတဲ့ ရုပ်တုလေးတွေလို ပုံသဏ္ဍာန်ဖြစ်နေတယ် ဒကာ"

ဆရာတော်စကားကြောင့် သတိထားကြည့်မိသည်။ အချို့ကျောက်စက်တိုင်တို့မှာ သက်ရှိပုံသဏ္ဍာန်အလားထူးခြားနေသဖြင့် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

"ဂူပေါက်လေးတွေရဲ့ အခြားတစ်ဖက်မှာ လမ်းကြောင်းရှိနိုင်တယ်။ ဒီနေရာက ဆရာတော်ဦးဥတ္တရတရားကျင့်တဲ့နေရာလေးကွယ့်"

ကျွန်တော်တို့ နာရီဝက်နီးပါး လေ့လာပြီးနောက် ဂူအတွင်းမှထွက်ခဲ့သည်။ ဆောင်းဦးလေမှာ အအေးဓာတ်ကို ယူဆောင်လာ၏။ လက်မှနာရီက ညနေ သုံးနာရီတိတိညွှန်ပြနေသည်။

ထီးရိုးဝိဇ္ဇာတောင်ပေါ်ကမဆင်းခင် တောင်ပိုင်ဘိုးဘိုးကြီးရုပ်တုဆီသွား၍ ဆုတောင်းမိသည်။ စေတီရင်ပြင်နှင့် ခပ်လှမ်းလှမ်းရှိ ကျောင်းဆောင်လေးတွင် အဘအောင်မင်းခေါင်ရုပ်တုအား ဖူးတွေ့ရပြန်သည်။

'ဒီတောင်ဟာ အထက်ဝိဇ္ဇာတွေ စံပျော်ရာတောင်' ဟု မိန့်ကြားခဲ့သော မမ္မစကြာဆရာတော်၏ စကားကို ပြန်လည်၍ ကြားယောင်လာသည်။ အထက်ဝိဇ္ဇာပုဂ္ဂိုလ်ထူးတွေ စံပျော်လို့လည်း နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့မှစ၍ (၅)ရက်တိုင်တိုင် အသံမစဲပဋ္ဌာန်းပွဲနှင့်အတူ အဘအောင်မင်းခေါင်ထွက်တော်မူမဟာအောင်ပွဲကြီးကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

လှိုင်ကော်မြို့ အရှေ့တောင်ဘက် (၁၂) မိုင်ခန့်ဝေးသော လောပိတနယ်သို့ရောက်ပါက 'သာသနာအလင်းဆောင် ထီးရိုးဝိဇ္ဇာတောင်' ပေါ်သို့ သွားရောက်လေ့လာ ဖူးမြော်နိုင်ပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

ကျော်စုကျော် (လှိုင်[illegible])

www.burmeseclassic.com

# ဉာဏ်မြင့်

## တွေ့ရာလေးပါး စာနှင့်စကား

### ဗုဒ္ဓဝင္ဂနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ



ကျွန်တော့် မိတ်ဆွေကြီး ရောက်လာသည်။

ကျွန်တော်ကစာကြည့်ခန်းရောက်နေ၏။ နေထိုင်မကောင်း၍ (၄) လ၊ (၅) လခန့်မျှ မရောက်ဖြစ်သည့် စာကြည့်ခန်းမှာ ပိုးမျှင်များ၊ ဖုန်များဖြင့် ပေကျံလျက်ရှိသဖြင့် ဖုန်ခါ၊ ဖုန်သုတ်သန့်ရှင်းရေးလုပ်နေချိန်ရောက်လာသဖြင့် ဧည့်ခန်းတွင်ထိုင်ရင်း ခဏစောင့်ရန် တောင်းပန်ထားလိုက်ပါသည်။

စာကြည့်ခန်း၌ စာအုပ်ဗီရိုစားပွဲခုံ၊ ကုလားထိုင်တို့နှင့် စာအုပ်များရှိရာ အားလုံး ဖုန်အလိမ်းလိမ်းကပ်နေ၏။ အဝတ်နှင့်လည်းကောင်း၊ ကြက်မွေးကြိမ်နှင့်လည်းကောင်း၊ တံမြက်စည်းနှင့်လည်းကောင်း ဖုန်သုတ်ဖုန်ခါလှည်းကျင်းပြီး စာကြည့်ခန်းမှထွက်လာခဲ့သည်။ မီးချောင်သွား၍ ကိုယ်လက်သုတ်သင်သန့်ရှင်းရေးလုပ်၊ မိတ်ဆွေကြီးထံရောက်သွားပြီး မိတ်ဆွေကြီးအား -

"နေကောင်းတယ်နော်"

ဟု နှုတ်ဆက်နေကျအတိုင်း နှုတ်ဆက်လိုက်၏။

မိတ်ဆွေကြီးက -

"နေကောင်းလို့ ဒီရောက်လာတာပေါ့"

ဟု ပြောပါသည်။

"ဒီလိုဆိုလည်း အရင်အပတ်က ဆွေးနွေးပွဲစကြစို့လေ"

ဟု ပြောကာ သူ့အနားက ကုလားထိုင်တွင်ဝင်ထိုင်ပြီး ရေနွေးကြမ်းတစ်ပန်းကန်သောက်လိုက်ပါသည်။

"ဆွေးနွေးစရာ ဘုရားရှိခိုးဘယ်နှပုဒ်ကျန်သေးလဲဗျ"

ဟု သူကမေးသည်။

အမှန်တော့ ဆွေးနွေးမည်ဆိုက နောက်ထပ်(၃)ပုဒ်လောက်ရှိသေးသော်လည်း တစ်ပုဒ်ပဲဆွေးနွေးဖို့ စိတ်ကူးရသည်နှင့် -

"ဆွေးနွေးစရာ (၃) ပုဒ်လောက်ကျန်သေးရဲ့ဗျာ။ ဒါပေမယ့် တစ်ပုဒ်လောက်ပဲ ဆွေးနွေးကြပါစို့ဗျာ"

ဟု ပြောလိုက်ပါသည်။

"ကောင်းပါပြီ၊ သဘောအတိုင်းပါ"

ဆိုသဖြင့် ဘုရားရှိခိုးကို အောက်ပါအတိုင်း ရွတ်ဆိုလိုက်ပါသည်။

- မဟာပညံ မဟာတေဇံ နာထံ ဇိနံ ဒယံ ခရံ
  ဇကရာဇံ သိရိပုဏ္ဏံ ဝန္ဒေ တံ သိရသာ မဟံ။

**မဟာပညံ** - ရေမြေလေထု၊ ပမာပြုလည်း၊ နှိုင်းရှုမမြင်၊ သို့လောက်စင်အောင်၊ မယှဉ်သာသော ပညာတော်



www.burmeseclassic.com

www.burmeseclassic.com

လည်းရှိတော်မူထသော။

**မဟာတေဇ -** သတ္တလောကသာ၊ သင်္ခါရဟု၊ လောကဓာတ်အလုံး၊ ပဲ့တင်ချုံးမျှ၊ ဆုံးစမမြင်၊ သို့လောက်စင်အောင်၊ မယှဉ်သာသော တန်ခိုးတော်လည်းရှိတော်မူထသော။

**နာထ -** ဖြပ္ပာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူစေ၊ ဦးညွှတ်တွားလျက်၊ အားထားရာလည်းဖြစ်တော်မူထသော။

**ဇိနံ -** ဒေဝပုတ္တ၊ ကိလေသာနှင့်၊ စသည်ငါးရပ်၊ မာရ်စစ်တပ်တို့ လူနတ်ဖြပ္ပာ၊ မကူပါဘဲ၊ ပါရမီတော်စက်၊ မဂ်သန်လျက်ဖြင့်၊ ပယ်ဖျက်ခုတ်ထွင်၊ သုတ်သင် ဖြတ်လှီး၊ အောင်ခြင်းကြီး အောင်တော်မူပေထသော။

**ဒယံ -** ရင်သွေးရာဟု၊ ပမာပြုလျက်၊ ကရုဏာဓာတ်၊ လွန်ကြီးမြတ်သဖြင့်၊ သတ္တဝါအများ၊ သုံးတိုက်သားတို့၌၊ သနားခြင်းကရုဏာနှင့် ပြည့်စုံတော်မူပါပေထသော။

**ဓရံ -** ရှစ်ပါးမဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ အမျှင်မပြတ်၊ ဆက်စပ်ဖြစ်ချပ်၊ ရုပ်နာမ်နှစ်ဝ၊ ဒုက္ခကုန်ခန်း၊ နိဗ္ဗာန်နန်းသို့ ပို့မြန်းယူဆောင်တော်မူပါပေထသော။

**ဇကရာဇံ -** ဇာတိ၊ အာဏာ၊ ဝိသယာဟု၊ သုံးဖြာခေတ်တွင်း၊ ပြိုင်ဘက်ကင်းသဖြင့်၊ မင်းတစ်ဆူလည်းဖြစ်တော်မူပါပေထသော။

**သိရီပုဏ္ဏံ -** (၃၂) ဖြာ လက္ခဏာနှင့် ခြောက်ဖြာရောင်ခြည် ကွန့်မြူးလည်သဖြင့်၊ ထိန်ကြည်ပြက်သန်း၊ ဘော်တာစန်းတို့ထက်၊ အဆန်းတကြယ်၊ တင့်တယ်ပြည့်စုံ၊ ကျက်သရေဂုဏ်နှင့် ပြည့်စုံတော်မူပါပေထသော။

**တံ -** ထိုဆိုအပ်ခဲ့ပြီး၊ ဂုဏ်တော်ကြီးတို့ကြောင့်၊ အံ့ချီး၍မကုန်၊ အလုံးစုံပင်၊ သုံးဘုံမှာထင်ရှားပါတဲ့ ရှင်တော်မြတ်ဘုရားကို။

**အဟံ -** ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ မနေ့၊ ခန္ဓာအာယတနသဘောသာ ဖြစ်သော၊ ငါးမည်ခန္ဓာ စုဝေးရာကို သည်မှည့်ခေါ် တပည့်တော်သည်။

**သိရသာ -** ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။

**ဝန္ဒေဝန္ဒာမိ -** တစ်သက်တစ်ခါ၊ ကြုံခဲစွာမို့၊ ကြုံလာသည့်အခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးပါ၏ဘုရား။

"ဒီဘုရားရှိခိုးအမိ ပွာယ်ကရှင်းဖို့မလိုဘူးထင်တယ်"

ဟု သူကဆို၏။

သို့နှင့် မိမိက -

"ဒီဘုရားရှိခိုးထဲက နာထံ၊ ဇိနံ၊ ဒယံ၊ ဓရံ၊ ဇကရာဇံ၊ သိရီပုဏ္ဏံတွေကို ရှင်းပြဖို့လိုမယ်ထင်တယ်နော်"

ဟု ပြောဆိုလိုက်ပါသည်။

"အဲဒီလိုဆိုလည်းရှင်းဗျာ"

"ကဲဗျာ - နာထံ ဆိုတာ ဖြပ္ပာနတ် လူ၊ သုံးဘုံသူတို့၏ ကြည်ဖြူစေး၊ ဦးညွှတ်တွားလျက်၊ အားထားရာဖြစ်သောဂုဏ်ဗျ။ ဒီဂုဏ်တော်နဲ့ပြည့်စုံတော်မူတဲ့ဘုရားသခင်က ဘယ်လိုနာထတရားတွေဟောခဲ့တယ်ဆိုတာမသိချင်ဘူးလားဗျ"

ဟု ဆိုလိုက်ပါသည်။

"ဟုတ်ပါပြီဗျာ၊ နာပါရစေ"

ဆို၏။

"ဒီလိုဗျ၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒသကနိပါတ်မှာ နာထတရား(၁၀)ပါးကို ဘုရားမြတ်စွာဟောထားတယ်။ အဲဒါတွေက 'သီလဂုဏ်၊ ဗဟုသုတ၊ သုမိတ္တဝါ၊ သုဝစ၊ လိမ္မာထိုထို့မှု၊ ဓမ္မကာမ၊ အာရဒ္ဓဝိသန္တုဋ္ဌိနှင့် သတိနေပက်၊ ပညာထက်၊ ဆယ်ချက်နာထစု' လို့ တိပိဋကရေမင်းကွန်းဆရာတော်ကြီးက မှတ်လို့လွယ်အောင် လင်္ကာရေးပေးထားတယ်ဗျ"

ဟု ဆိုလိုက်ပါသည်။

၎င်းတရား (၁၀) ပါးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်သို့ ဝင်ရောက်လာသည့် ရှင်နှင့် ရဟန်းများ အားထားရမည် ဖြစ်ကြောင်း ဟောထားခြင်းဖြစ်ပါသည်။

"လွယ်လွယ်မှတ်လို့ရအောင်လို့ မြန်မာလင်္ကာလေးကောမရှိဘူးလား"တဲ့။

သို့နှင့် မိမိကိုယ်တိုင် ရေးထားသည့် လင်္ကာကလေးကို ရွတ်ပြလိုက်ပါသည်။

"သီလ[၁]၊ ကြားမြင်[၂]၊ မိတ်ကောင်းယှဉ်၍[၃]၊ သွန်သင်နာလွယ်[၄]၊ ပြုဖွယ်ကိစ္စ၊ လိမ္မာကြလျက်[၅]၊ ဓမ္မနှစ်လို၊ ချစ်ကြည်ညိုလော့[၆]၊ ကုသိုလ်တိုးပွား[၇]၊ ရောင့်ရဲငြားလျက်[၈]၊ တရားမမေ့[၉]၊ စုံစေ့ပညာ[၁၀]၊ ဆည်းပူးရာသည်၊ ဆယ်ဖြာနာထ အားကိုးတည်း-တဲ့"

"ဇိနံကကောဗျာ၊ ရှင်းပါဦး"

"ဇိနံက ဒေဝပုတ္တ၊ ကိလေသနှင့်၊ စသည် (၅) ရပ် မာရ်စစ်တပ်ကို၊ လူနတ်မပါ၊ မကူပါဘဲ၊ ပါရမီတော်စက်၊ မဂ်သန်လျက်ဖြင့်၊ ပယ်ဖျက်ခုတ်ထွင်၊ သုတ်သင်ဖြတ်လှီး၊ အောင်ခြင်းကြီး အောင်တော်မူတဲ့ဂုဏ်တော်ဗျ။ ဒီဂုဏ်တော်တွေကို နှလုံးသွင်း ဆင်ခြင်နိုင်အောင် ရှင်းပြတာပါ။ ဒီထက် ဘာဝနာဉာဏ်ရလိုတယ်ဆိုရင်တော့ ဇောဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်နတ်အောင်မြင်ပုံကို အာရုံပြုပေါ့။

ဒီနေရာမှာတော့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးရဲ့ နမက္ကာရပကိဏ္ဏက အစိတ်ချွေယျထဲက -

▫ ဇမ္ဗူကျွန်သရေ၊ ချက်ဇွေဘူမိ၊ အပရာဇိတရိုင်၊ ပြောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူခဲ့သောကာလ၌၊ ကာမလောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ပိုလ်ခြေနှင့်၊ မိုးမြေကြည်းဟည်း၊ ပဲ့တင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော၊ မေခလာဂီရိ၊ တောင်တရှိမျှ၊ ပြောင်ကြီးသေနင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော၊ ပါရမီဉာဏ်၊ ကံသမ္မာရှိန်၊ ဝရဇိန်လှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ အောင်မြင်တော်မူစေ၍ . . .

ဆိုတဲ့အပုဒ်ကို ဆိုပြရမှာပေါ့။ ပထမသတ္တာဟစ်နေတော်မူစဉ် မာရ်နတ်မင်းကို အောင်မြင်ပုံကို အာရုံပြုနိုင်တာပေါ့"

"ဒယံကကောဗျာ"

"ဒီဒယံဆိုတဲ့ဂုဏ်တော်ကတော့ မဟာကရုဏာဉာဏ်တော်ကြီးပဲ မဟုတ်လား။ သတ္တဝါအများ ရင်ဝယ်သားကဲ့သို့ သနားတော်မူလှတဲ့ ဂုဏ်တော်ပေါ့ဗျ။ ဒီဂုဏ်တော်ကြီး ကြီးမားလွန်းလို့ လက်တော်အနီး ရောက်လုနီးနေတဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီး ဒီပင်္ကရာဘုရားသခင်ထံမှာ ဆွတ်လှမ်းမယူဘဲ ပယ်စွန့်တော်မူခဲ့တဲ့ဂုဏ်ပေါ့ဗျာ"

"ဓရံဂုဏ်တော်၊ ဇကရာဇံ၊ သိရီပုဏ္ဏံဂုဏ်တွေပါ ရှင်းပါဗျာ"

"ရှင်းမှာပါ။ ဓရံဂုဏ်တော်က မဂ္ဂင် (၈) ပါး တည်းဟူသော သင်္ဘောယာဉ်နဲ့ သတ္တဝါအများကို နိဗ္ဗာန်သို့ ဆောင်ပို့တော်မူတဲ့ဂုဏ်တော်ပါ။ ဇကရာဇံကတော့ ခေတ္တ(၃)ခေတ်မှာ ဘယ်သူမှမယှဉ်နိုင်၊ မတုပြိုင်နိုင်တဲ့ တစ်ဆူတည်းသောမင်း ဆိုတဲ့ ဂုဏ်တော်ပေါ့။ စကြဝဠာတစ်သောင်းကို ဇာတိခေတ်၊ စကြဝဠာတစ်သိန်းကို အာဏာခေတ်၊ စကြဝဠာအနန္တကို ဝိသယခေတ်လို့ခေါ်တယ်ဗျ။ သိရီပုဏ္ဏံကတော့ လက္ခဏာတော်ကြီး (၃၂) ပါးနဲ့ ရောင်ခြည်တော် (၆) ပါးနဲ့ ပြည့်တော်မူတဲ့ဂုဏ်ဗျ။ ဒီဂုဏ်တော်တွေကို သိသင့်ထိုက် နှလုံးသွင်းထိုက်တာပါဗျာ"

"ဟုတ်ပါတယ်၊ ဒီလိုသိရတော့ ပိုပြီးအာရုံပြုလို့ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု သူက ဝန်ခံပြောဆိုပါသည်။

"မှန်တာပြောရရင် (၃၂) ပါး လက္ခဏာကြီးကတော့ အလွတ်မပြောနိုင်ဘူးဗျာ။ မဟာဗုဒ္ဓဝင်ကြီးကိုယူပြမှပဲဖြစ်မှာ။ ရောင်ခြည်တော်ခြောက်ပါးကတော့ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌနှင့် ပဘာဿရပေါ့နော်။ ဒီထက်အတျယ်တဝင့် ကြည်ညိုနှလုံးသွင်းချင်ရင်တော့ လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ ရောင်ခြည်တော်ဖွဲ့ရှိခိုးဆိုပြရမှာ။ အဲဒီရှိခိုးလည်းမရဘူးဗျ။ ရထားတဲ့ ကျီးသဲလေးထပ်ဆရာတော်ကြီးဘုရားရှိခိုးပဲဆိုပြမယ်ဗျာ။ နားထောင်ကြည့်ပါတော့။

*□ ပလ္လင်အနိမိသ၊ စင်္ကမမှသည်၊ စတုတ္ထသတ္တဟဝယ်၊ ရတနာစံအိမ်၊ ချမ်းရိပ်ငြိမ်နိုက်၊ ဓမ္မသိမ်စံပယ်တော်မူကာ၊ အဘိဓမ္မာခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာတော်ကိုလေ့လာဆင်ခြင်တော်မူသော အာနုဘော်တော်ကြောင့် အသွေးတော်အသားတော်စု၊ ဝတ္ထုရုပ်ကြွေအလုံးမှ ပြိုးပြိုးပြက်ပြက်၊ ရှိုးရှိုးရက်တောက်ပလျက် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘာဿရ၊ မိလ္လာရည်လို ဖိတ်ဖိတ်ယိုမျှ ညို့သော ရောင်ခြည်တော်၊ ဖဲကတ္တီပါ၊ ဂီဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ ရွှေသော ရောင်ခြည်တော်၊ ကသစ်ခေါင်ရန်း၊ ပန်းကြက်မောက်ပီ၊ တွေးတွေးချီမျှ နီသောရောင်ခြည်တော်၊ သာခွာဘော်ကြူဖွေးဖွေးလူသကဲ့သို့၊ ဖြူသော ရောင်ခြည်တော်၊ ပြာလျှံညိုလျှံ၊ ခိုလျှံစုပေါင်း၊ ရှမညောင်းမျှ၊ မောင်းသော ရောင်ခြည်တော်၊ ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ်လက်သကဲ့သို့၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း ကွန့်မြူးစေလျက်၊ လနေအတိ၊ လျှံငြိပြောင်ပြောင်၊ ဗိမာန်ရောင်နှင့်၊ သောင်းထောင်စကြဝဠာ၊ ထွန်းလင်းဖြာသော၊ ဗြဟ္မာကြီးတို့၏ ကိုယ်ရောင်တို့လျက်၊ တလျှပ်လျှပ်ထွန်းလင်းတော်မူပြီးထသော - တဲ့ဗျ"*

ဟု ဆိုကာ ကျွန်တော် ခေတ္တရပ်နားလိုက်ပါသည်။

"မရဘူးဆိုလည်း မရကြောင်း အမှန်ဝန်ခံတာ ကောင်းတာပေါ့ဗျာ။ ရိုးသားဖြောင့်မတ်ရာကျတာပေါ့"

ဟု သူကဆိုသည်။

"ကျွန်တော်တို့ဆွေးနွေးနေတဲ့ ဗုဒ္ဓဝန္ဒနာနဲ့ ဗုဒ္ဓါနုဿတိဘာဝနာကိုရှင်းပြဖို့ရှိသေးသဗျ"

ဟု ကျွန်တော်ဆိုလိုက်ပါသည်။

"ရှင်းစရာလိုသေးလို့လားဗျာ၊ အခုဒီသဘောတွေ ဆွေးနွေးနေတာပဲဉစ္စာ"

ဟု ပြောပါသည်။

"မဟုတ်ဘူးဗျ၊ ခင်ဗျားနဲ့ဆွေးနွေးနေတာကို သူရဇ္ဇမဂ္ဂဇင်းမှာ 'ထွေရာလေးပါး စာနှင့်စကား' ဆိုပြီး ခေါင်းစဉ်တပ်ပြီးဆွေးနွေးနေတာ။ ထွေရာလေးပါး စာနှင့်စကားကတော့ ရှင်းပြီးသားပါ။ ဗုဒ္ဓဝန္ဒနာနှင့် ဗုဒ္ဓါနုဿတိအဓိပ္ပာယ်မရှင်းခဲ့ရပါလားဗျာ"

"ဒါဆိုလည်း ရှင်းပြဖို့က ခင်ဗျားတာဝန်ပဲလေ"

"ဒီလိုဗျ။ ဗုဒ္ဓဝန္ဒနာဆိုတာ ဗုဒ္ဓက ဘုရား၊ ဝန္ဒနာက ရှိခိုးတာ။ ဒါကရှင်းပါတယ်။ ဘုရားရှိခိုးတဲ့အဓိပ္ပာယ်ကိုပြောတာ။ ဗုဒ္ဓါနုဿတိဘာဝနာက ဗုဒ္ဓဆိုတာ ဘုရားပေါ့၊ အနုဿတိဆိုတာက ဂုဏ်တော်တွေကို အဖန်ဖန်အထပ်ထပ် အမှတ်ရနေတာနေတာဗျ။ အဲဒီသတိနဲ့ သတိအမှတ်နဲ့ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ် ဗာဝိကာဗဟုလီကတာလုပ်နေရင် ဘာဝနာဖြစ်တာပေါ့။ ဒါဆိုရင် ဗုဒ္ဓါနုဿတိဘာဝနာအဓိပ္ပာယ်သိပြီပေါ့ဗျာ"

"သိပြီနော် မိတ်ဆွေကြီး"

"သိပြီဗျ"

ဆိုသဖြင့် သူ့ကို -

"ဒါဆိုရင် ဗုဒ္ဓါနုဿတိဘာဝနာပွားများနိုင်ပြီလား"

ဟု သူ့ကို သွေးတိုးစမ်းသည့်သဘောနှင့်မေးလိုက်ပါသည်။

"လုပ်ကြည့်ရမှာပေါ့။ မဟုတ်လည်း ဒါလောက် ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ပေမယ့် တတ်သလောက်မှတ်သလောက်တော့လုပ်နေတာပဲဗျ"

ဟု သူကပြန်ဆိုသည်။

အမှန်တော့ ဗုဒ္ဓါနုဿတိဘာဝနာမှာ ခက်ခဲလှသည့်တော့မဟုတ်။ သို့သော် လူတိုင်းလုပ်နိုင်သလား ဆိုတော့လည်း မလုပ်နိုင်ကြ။ ဘုရားရှိခိုးပြီး ဂုဏ်တော်တွေကို သက်တော်ထင်ရှား ဘုရားသခင်ဆီရောက်အောင် ဂုဏ်တော်ထုံမွမ်းပုံတော်မှန်းပြီး နှလုံးသွင်းစီးဖြန်းနေခြင်းပင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်ပါသည်။ တစ်နည်းအားဖြင့် နှလုံးသား၌ ဘုရားတည်ခြင်းတစ်မျိုးဖြစ်ပါသည်။

"ကဲဗျာ - လက်တွေ့ဗုဒ္ဓါနုဿတိဘာဝနာပွားကြည့်ရအောင်"

ဟု ဆိုကာ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဘုရားရှိခိုးကို ရွတ်ဆိုလိုက်ပါသည်။

"မိတ်ဆွေကြီး၊ ရပါတယ်နော်"

"ဟာ - ဘယ်နှယ့်မေးလိုက်တာလဲဗျ"

ဟု သူကပြန်ပြော၏။

သို့နှင့် -

"အနက်ကောရသလား"

ဟု ထပ်ဆင့်ပြီးမေးလိုက်မိပြန်ပါသည်။ သည်သို့ မေးလိုက်သောအခါ အမှန်အတိုင်းပင်မရကြောင်းဝန်ခံသည်။ သို့ဝန်ခံသဖြင့် မိမိကိုယ်တိုင်ပင် ရွတ်ဆိုလိုက်ပါသည်။

"**အရဟတော** - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပစ္စည်းလေးဖြာလှူဒါန်းဖွယ်ရာနှင့်တကွ ပူဇော်အထူးကိုခံတော်မူထိုက်ပေထသော။

**အရ,ဟတော** - တစ်ထောင့်ငါးရာကိလေသာ တည်းဟူသော ရန်သူအပေါင်းကို ပယ်သတ်တော်မူပြီးထသော။

**အရ,ဟတော** - အဝိဇ္ဇာနှင့်တကွ ဦးစီးသော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရဟု ဆိုအပ်သော သံသရာစက်၏ အကန့်အသွတ်တို့ကို ချိုးဖွဲ့ခုတ်ထွင် သုတ်သင်ဖြတ်လှီး အောင်ခြင်းကြီး အောင်မြင်တော်မူပေထသော။

**အ,ရဟတော** - ဆိတ်ကွယ်ရာ ဒေသ၊ ရပ်ဌာန၌၊ ပါပညစ်ကျူ မကောင်းမှုတို့ကို၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ပြုကျင့်တော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူပါပေထသော။

**သမ္မာသမ္ဗုဒ္ဓဿ** - သင်္ခတ၊ အသင်္ခတအားဖြင့်ပြားသော၊ သင်္ခါရဝိကာရ၊ လက္ခဏနိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော ဉေယျဓမ်တရားငါးပါးတို့ကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ မဖောက်မပြန် သိမြင်တော်မူပါပေထသော။

**ဘဂဝတော** - ဣဿရိယ၊ ဓမ္မယသ၊ သိရီကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပါပေထသော။

**တာဒိတဿ** - လောကဓလေ့၊ မုန်တိုင်းတွေ့လည်း၊ မရွေ့မယိုင်၊ ပကတိသောကျောက်စာတိုင်ကဲ့သို့၊ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိသော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပါပေထသော၊ ထိုဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

**မေ** - ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမဟုတ် ခန္ဓာအာယတနသဘောသာဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

အကျွန်ုပ်၏၊

**နမော နမာကာရော** - ရှိခိုးခြင်း အမှုသည်၊

**ဩွှ ဘဝတု**- ဖြစ်ပါစေသတည်း။

"ဒီဘုရားရှိခိုးထဲက 'ဘဂဝါ' ဂုဏ်တော်တစ်မျိုးကိုပဲ အာရုံပြုပြီး ဗုဒ္ဓါနုဿတိပွားရအောင်ဗျာ"

ဟု ဆိုလိုက်၏။

"ဟုတ်ကဲ့-ပွားကြည့်ရအောင်ဗျာ"

"ဘဂဝါဂုဏ်တော်ကိုစပြီးပွားမယ်ဆိုတော့ ဘဂဝါဂုဏ်တော်က ခုနကဆိုခဲ့တဲ့အတိုင်း ဣဿရိယစတဲ့ ဂုဏ်တော်များနဲ့ ပြည့်စုံတော်မူတယ်လို့ ဆိုသဗျ။ ဒီဂုဏ်တွေရဲ့တစ်ခုချင်းကို နှလုံးသွင်းရမှာဆိုတော့ ဂုဏ်တော်တစ်ခုချင်း အဓိပ္ပာယ်ရရဦးမယ်ဗျ။ သိဖို့ဆိုရင် အရကျက်ရဦးမယ်ဗျ"

ဟု ဆိုလိုက်ပါသည်။

"ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတာပဲ သိတာပေါ့ဗျာ။ အသေးစိတ်အာရုံပြု ဖို့ကျတော့ မသိတာအမှန်ဘဲ"

ဟု သူက အမှန်အတိုင်းပင် ဝန်ခံပြောဆိုသည်။ သူကား ရိုးသားဖြောင့်မတ်သူဖြစ်သည်။ ဟန်ဆောင်ခြင်းအလျှင်းမရှိ၊ အလွန်ချစ်စရာကောင်းပါသည်။

"ဒီလိုဆိုရင် ဂုဏ်တော်တစ်ခုချင်း နှလုံးသွင်းကြည့်မယ်ဗျာ"

"ဟုတ်ကဲ့-နှလုံးသွင်းကြတာပေါ့"

၁။ ဣဿရိယဂုဏ်တော်က -

ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း၊ လူနတ်မင်းကို ပိုင်နင်းအုပ်စိုး၊ လွှမ်းမိုးနိုင်ဘိ 'ဣဿရိယ' ဘုန်းတော်။

၂။ ဓမ္မဘုန်းတော်က -

ကိလေသာရန်၊ ပယ်ဖျက်လှန်ဖို့၊ နိဗ္ဗာန်ဖိုလ်မဂ်၊ ကိုးချက်အပြား၊ လောကုတ္တရာတည်းဟူသော 'ဓမ္မဘုန်းတော်'။

၃။ ယသဘုန်းတော်က -

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ်၊ ပွဲတင်ထပ်မျှ နှံ့စပ်တော်မူသော 'ယသဘုန်းတော်'။

၄။ သိရိဘုန်းတော်က -

'ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်သည့်၊ ပန်းမင်းအနေ၊ ကျက်သရေမင်္ဂလာ၊ စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပာယ်တော်မူသော 'သိရိဘုန်းတော်'။

၅။ ကာမဘုန်းတော်က -

'အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်းမတွ ပြီးစီးရသည့် 'ကာမဘုန်းတော်'။

၆။ ပယတ္တဘုန်းတော်က -

'တစ်လောကလုံး-ညွတ်ရုံးကိုးစားအားထားဖို့ရာ လွန်စွာကြိုးကုတ်၊ အားထုတ်တော်မူသော 'ပယတ္တဘုန်းတော်'။

ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်ဖြင့် သုံးဘုံလွှမ်းကျော် လွန်ထင်ပေါ်၍ ဘွဲ့တော်ဘဂဝါတင်ရပါသည်။ ကမ္ဘာ့ထွတ်ထား မြတ်စွာဘုရား' တဲ့။

ဒါဟာ ဘုန်းတော်ခြောက်ပါးထဲက ဣဿရိယ၊ ဓမ္မယသ အစရှိတဲ့ ဂုဏ်တော်တွေပဲဗျာ။ တစ်ခုချင်းရွတ်ဆို နှလုံးသွင်းစီးဖြန်းအားထုတ်နေလျှင် ဘာဝနာဖြစ်တာပဲဗျာ"

ဟု မိတ်ဆွေကြီးကို ပြောပြရသည်။

"ဒီဂုဏ်တော်တွေ နှလုံးသွင်းနိုင်ဖို့ နမော်တဿရရုံနဲ့ မဖြစ်သေးဘူးဗျ။ ဒီဂုဏ်တော်တစ်ခုချင်းကို ရအောင်ကျက်ရဦးမှာဗျ"

ဟု သူကပြောသည်။

"ဟုတ်တာပေါ့ဗျာ။ ဒီဂုဏ်တော်တွေကိုကျက်ရင်းနှလုံးသွင်းရင်းနဲ့နောက်တော့ ရသွားမှာပေါ့။ အားမလျှော့ပါနဲ့။ သတိပညာဝီရိယပဲလိုရင်းပါဗျ။ သဒ္ဓါတရားကောင်းရင်၊ ဉာဏ်ထက်ရင် ခဏလေးနဲ့ရနိုင်ပါတယ်"

ဟု သူ့ကိုအားပေးစကားပြောရသည်။

"ဟုတ်ကဲ့ပါ - ကောင်းပါပြီ"

"ဒီလိုဆို ခင်ဗျား ဗုဒ္ဓါနုဿတိပွားတတ်ပြီနော်"

"ပွားများတတ်ပါပြီ"

"ဗုဒ္ဓါနုဿတိဘာဝနာက မခက်ပါဘူးဗျာ၊ မလုပ်ဖြစ်ကြလို့ပါ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်း နေ့စဉ်ဘုရားရှိခိုးဝတ်တက်နေကြတာပဲ။ သတိတရနဲ့ ပညာဝီရိယနဲ့လုပ်လိုက်ရင် ဗုဒ္ဓါနုဿတိဘာဝနာလည်းဖြစ်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းလည်းဖြစ်၊ နှလုံးသားထဲလည်း ဘုရားတည်ပြီးသားဖြစ်ရောပေါ့ဗျာ"

"နှလုံးသားထဲ ဘုရားတည်ပြီလားဗျာ"

"နှလုံးသားထဲ ဘုရားတည်ပါပြီ"

"ခင်ဗျားနှလုံးသားဘုရားတည်သွားပြီးရင် ကျန်တဲ့ဘုရားဂုဏ်တွေ အလွယ်တကူနဲ့ ရအောင်ကျက်နိုင်ပါလိမ့်မယ်ဗျာ"

"ဟုတ်ကဲ့-ကျေးဇူးကြီးလှပါတယ်ဗျာ"

"အချိန်ကလည်း (၁၁)နာရီထိုးနေပြီဗျ။ တော်ကြစို့"

"ဟုတ်ကဲ့ - ဒီလိုဆိုပြန်မယ်ဗျာ"

"ကောင်းပါပြီဗျာ"

ဟု ဆိုကာ ကျွန်တော်တစ်ယောက်တည်း ဧည့်ခန်းအတွင်းကျန်ရစ်ခဲ့သည်။ စိတ်ကလည်းရွှင်လန်းတက်ကြွနေသည်။ ထိုစဉ် နှုတ်မှဆုတောင်းဂါထာတစ်ပုဒ် ရွတ်ဆိုလိုက်မိပါသည်။

□ သဒ္ဓိတံ မေ မဟာပုညံ၊
ဓမ္မာနုဂ္ဂဟ သဒ္ဓိတံ။
တေန သဗ္ဗေ သုခါယန္တု၊
ဇနာ ဣဋ္ဌ သမင်္ဂိနော။

**ဓမ္မာနုဂ္ဂဟသဒ္ဓိတံ** - ဗုဒ္ဓဝန္ဒနာနှင့် ဗုဒ္ဓါနုဿတိဘာဝနာနှင့် စပ်ဆိုင်သော၊

**မဟာပုညံ** - ဗုဒ္ဓဝန္ဒနာ၊ ဗုဒ္ဓါနုဿတိဘာဝနာပွားခြင်း ဟူသော ပုညမဟာကုသိုလ်ထူးကို၊

**သဒ္ဓိတံ** - တရားလိုလားပုဂ္ဂိုလ်များအတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပါပေပြီ။

**တေန**- ထိုသို့ ဆည်းပူး၊ ကုသိုလ်ထူးကြောင့်၊

**သဗ္ဗေ** - အလုံးစုံသော၊

**ဇနာ** - တရားလိုလား၊ ပုဂ္ဂိုလ်များတို့သည်၊

**ဣဋ္ဌသမင်္ဂိနော**- လိုအပ်သမျှ၊ ဣဋ္ဌအထွေထွေ ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြသည်ဖြစ်၍ -

**သုခါယန္တု** - စိတ်ရွှင်လန်း၍၊ ချမ်းချမ်းသာသာ၊ ကျန်းကျန်းမာမာ ရှိတော်မူကြပါစေသတည်း။

(ပရမတ္ထစက္ကုကျမ်းမှ)

သဗ္ဗေသတ္တာ သုခိတာဟောန္တု

ဉာဏ်မြင့်

**မှီငြမ်းပြုကျမ်းများ** -

၁။ ဗုဒ္ဓါနုဿတိဘာဝနာ
မဟာဂန္ဓာရုံဆရာတော်ကြီး
၂။ ကျီးသဲလေးထပ်ဆရာတော်ကြီး
နမက္ကာရပကိဏ္ဏကအစီရင်ခံကျမ်းကြီး
၃။ ဒီပဲရင်းဆရာဝေ ဒ်ကြီး၏ ပရမတ္ထစက္ကုကျမ်း
၄။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဝိပဿနာဘာဝနာ ဓမ္မသံဝေဂလက်ာများ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ၂၀၁၅ နေပြည်တော်ခရီးစဉ်မှ ထူးခြားမှုဖြစ်ပေါ်ခြင်း

ဘိုဘို(ရွှေကံကူ)

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ၃-၂-၂၀၁၅ နေ့တွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ကြွမြန်းတော်မူခဲ့ပြီး ၂ - ၃ - ၂၀၁၅ နေ့တွင်မှ ရန်ကုန်မြို့သို့ပြန်လည်ကြွမြန်းတော်မူခဲ့ခြင်း ဖြစ်သည်။ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့တွင် သုံးညအိပ်သီတင်းသုံး စံပယ်တော်မူပြီးနောက် နေပြည်တော်သို့ ဆက်လက် ကြွမြန်းတော်မူပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၀၆ ခု တွင် နေပြည်တော်မြို့သစ် တည်ထား ဖွင့်လှစ်စမှာပင် စသုံးလုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်စောဝင်း၏ ပင့်ဆောင်ပူဇော်မှုဖြင့် နေပြည်တော်သို့ စတင် ကြွမြန်းတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်မှစ၍ ရုပ်ရှင်တော်မြတ်သည် တစ်နှစ်လျှင် တစ်ကြိမ်မှ သုံးကြိမ်ခန့် အထိ နေပြည်တော်သို့ ကြွမြန်းတော်မူခဲ့သည်မှာ ၂၀၁၅ ခုနှစ်တိုင်ဖြစ်သည်။ ထိုသို့ ကြွမြန်းတော်မူရာ၌ အစဉ်အမြဲ ပင့်ဆောင်သူ သာဝကတို့ကို အကြောင်း ပြုရောက်ရှိရခြင်းဖြစ်ကာ ၎င်းတို့မှဆက်နွှယ်၍ အသစ်အသစ်သော သာဝကတို့ ပါဝင်ပင့်ဆောင်ကြခြင်း ဖြစ်သည်။

ယခုတစ်ခေါက် နေပြည်တော်သို့ ကြွမြန်းတော်မူရာမှာလည်း ဥတ္တရသီရိ မြို့နယ် လားရှိုးလမ်းနှင့် မြတ်လေး လမ်းထောင့် ခြံအမှတ်(၅၂၃၁)နေ ဇမ္ဗူ ဟိန်းဆောက်လုပ်ရေးမိသားစုမှ မချော (ခ) မသန္တာဟန်မှ ပင့်ဆောင်ပူဇော်ခြင်း ဖြစ်သည်။ မချောသည် ၂၀၀၆ ခုနှစ် နေပြည်တော် ပထမဦးဆုံးခရီးစဉ်မှာပင် ရုပ်ရှင်တော်မြတ်ကို စတင်ဖူးမြော်ခွင့်ရရှိခဲ့ရပြီး နှစ်စဉ်မပျက်မကွက် ပင့်ဆောင် ပူဇော်ခဲ့သူဖြစ်သည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်သည့်အခါတိုင်း တွင်လည်း မချော၏နေအိမ် ရုပ်ရှင်တော်မြတ်မှ ထူးခြားသော တန်ခိုးတော်တို့ကိုအစဉ်ချီးမြှင့်တော်မူခြင်းရှိပြီး ရုပ်ရှင်တော်မြတ်၏ စောင့်ရှောက်မှုကြောင့် အလုပ်အကိုင်၊ ငွေရေးကြေးရေးကိစ္စများ အစစအရာရာအောင်မြင်မှုတို့ဆက်တိုက်တွေ့ကြုံလာရပြီး ယခုကဲ့သို့မြင့်မားသော ဘဝအခြေသို့ ရောက်ရှိခဲ့ရသည်ဟု ယုံကြည်ထားခဲ့သည်။

အစောပိုင်းနှစ်များတွင် ရုပ်ရှင်တော်မြတ်၏ နေပြည်တော်ခရီးစဉ်များ တွင်သာ ပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်သော်လည်း ကိုယ်ပိုင်အိုးအိမ်တိုက်တာ ရရှိပြီးသည့်နောက် ၂၀၁၂ မှစ၍ (၃)လ ပိုင်းတွင်ကျရောက်သော ၎င်း၏မွေးနေ့ ရောက်တိုင်း ရုပ်ရှင်တော်မြတ်ကို နှစ်စဉ် ပူဇော်လာခဲ့သည်။ ထိုကြောင့် ယခုကဲ့သို့ နေပြည်တော်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာခြင်း ဖြစ်သည်။

မချောသည် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်သည့်အခါတိုင်း အမြတ်ဆုံးပူဇော်မှုအဖြစ် ရုပ်ရှင်တော်မြတ်ကို ဝတ္ထုငွေများလည်း လှူဒါန်းသကဲ့သို့ သစ်သီးများ၊ ပန်းများကိုလည်း သိန်းချီ အကုန်အကျခံ၍ အလှူပယ်လှူဒါန်း ပူဇော်ပြီး ဘုရားဖူးကြွရောက်လာသော မိတ်ဆွေများကိုလည်း အလှူပယ် ကျွေးမွေး ဧည့်ခံလေ့ရှိပါသည်။ ထို့ပြင်

နေရာဌာနကူးပြောင်းပင့်ဆောင်သောအချိန်တွင်
ရုပ်ရှင်တော်မြတ်အား ရွှေခြည်ထည်ဖြင့် ဖုံးတွေ့ရပုံ





www.burmeseclassic.com

www.burmeseclassic.com



**ရုပ်ရှင်တော်မြတ်ဇာတ်ပုံတော်အား မနှယ်နီအေးမှ ပူဇော်သောအထင်းတိုင်အတွင်း ပေါ်ထွက်လာသော ဆရာတော်တစ်ပါး**

မချောသည် ရွှေကံ့ကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကိုသာ မဟုတ်ပါ။ အခြားသော စေတီပုထိုးများကိုလည်း ကြည်ညို ကိုးကွယ်လှူဒါန်းနေသူ ဖြစ်ပါသည်။ ထို့ပြင် တန်ခိုးကြီးဆရာတော် ဘုရားကြီးများကိုလည်း အမြဲတစေ သွားရောက်ဖူးမြော်ခြင်း၊ ပစ္စည်းလေးပါး လှူဒါန်းခြင်းတို့ဖြင့် အလှူရေစက်လက် နှင့်မကွာသူ ဖြစ်ပါသည်။

မချောသည် နှစ်စဉ် ရွှေကံ့ကူဗုဒ္ဓပူဇနိယပွဲတော်သို့လည်း မိတ်ဆွေများ၊ တပည့်မလေးများနှင့်အတူ အောင်မြေသို့ ညအိပ်ညနေလာရောက်ပြီး နေပြည်တော်မှပန်းများယူဆောင်လာ၍ တစ်ညလုံး ပန်းများကို အလှဆင်ပြီး ပူဇော်သူ ဖြစ်ပါသည်။ ထို့ကြောင့် မချောသည် စာရေးသူနှင့်ပါ ခင်မင်လျက်ရှိနေပြီဖြစ်ပါသည်။ သို့သော် စာရေးသူသည် မချော၏ နေအိမ်သို့ တစ်ခေါက်မျှ မရောက်ဘူးသေးပါ။ ထို့ကြောင့် မယ်တော်ကြီးတို့ စင်ကာပူနိုင်ငံတွင်ရှိနေစဉ်ကပင် မချောတို့အိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူလာလျှင် စာရေးသူအား နေပြည်တော်သို့လိုက်လာခဲ့ရန် မယ်တော်ကြီးမှ ကြိုတင်ပြောကြားထားပါသည်။

မယ်တော်ကြီးတို့က ၅ ရက်နေ့၌ နေပြည်တော်သို့ရောက်ရှိရာ စာရေးသူတို့ ၇-၃-၂၀၁၅ နေ့တွင် နေပြည်တော်သို့လာခဲ့ကြပါသည်။ ယခုတစ်ခေါက် စာရေးသူ နေပြည်တော်သို့လာရောက်ရခြင်းမှာ မချောတို့အိမ်သို့ မရောက်ဘူး၍ လာရောက်ခြင်းအပြင် ရုပ်ရှင်တော်မြတ်အား မဖူးတွေ့ရသည်မှာ (၅)လမျှကြာမြင့်နေပြီဖြစ်ခြင်း၊ ရုပ်ရှင်တော်မြတ်၏ စိန်မကိုဋ်တော်၊ စလွယ်တော်တို့ကို မဖူးတွေ့ရသေးခြင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား(၂)ချပ် လှူဒါန်းရန်ရှိခြင်း၊ ဗုဒ္ဓဂယာသို့ ဧပြီလ ၁၂ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရန်အတွက် အန်တီအေးနှင့်မယ်တော်ကြီးတို့၏နိုင်ငံကူးလက်မှတ်စာအုပ်များ ယူဆောင်ရန်ရှိခြင်း (မေသူမောင် ခရီးသွားလုပ်ငန်း၊ မန္တလေးရုံးခွဲတွင် ဗုဒ္ဓဂယာသို့ပင့်ဆောင်မည့် ကိုဇော်နိုင် (EE-မြန်မာ့ဆောက်လုပ်ရေး-ပုသိမ်)၏ ဇနီး မအေးအေးမြတ် (မြစ်သားမှ လေယာဉ်လက်မှတ်များစီစဉ်ရန်အတွက်)



**မယ်တော်ကြီး၊ ဆရာဘိုဘို၊ ဗိုးသားငယ်၊ မချောချော၊ အမေဒေါ်တင်တင်အေးတို့ ဓာတ်တော်များပူဇော်နေစဉ်**



**မယ်တော်ကြီး၊ မချောချော၊ ဗိုးသားငယ်၊ အမေဒေါ်တင်တင်အေးတို့ ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်နေစဉ်**



**နေပြည်တော် မချောချော၏နေအိမ်တွင် မယ်တော်ကြီး၊ ဆရာဘိုဘို၊ ဦးဝင်းကို၊ အန်တီအေး၊ ဦးမောင်မောင် ရွှေကံ့ကူမောင်နှမ (၅) ဦး အမှတ်တရ**



www.burmeseclassic.com

www.burmeseclassic.com

စင်ကာပူနိုင်ငံမြန်မာသံရုံး၊ စင်ကာပူနိုင်ငံမြန်မာသံအမတ်ကြီးမိသားစုနှင့်စင်ကာပူနိုင်ငံသို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့သောစုတိုင်းစံစိန်ရွှေရတနာဆိုင်နှင့်ရဲရင့်စတိုးမိသားစု၊ မစ္စတာဂျွန်နသန်၊ ဇနီး မစုစုလင်းသန်း (စင်ကာပူ)မိသားစုတို့အတွက် ခတ်တော်များ မယ်တော်ကြီးတို့ထံ ပင့်ဆောင် ပေးပို့ရန်ရှိခြင်း၊ စာရေးသူတို့မိသားစုမှ အလောင်းစည်သူမင်းအား သိကြားမင်း ဆက်သခဲ့သော သရက္ခန်ဘုရားများဖြစ်သည့် ပခုက္ကူမြို့ ရွှေတန့်တစ်ဘုရားနှင့် ပခန်းကြီးမြို့ စည်သူ့ရှင်ဘုရားတို့ကို မကိုင်ရှုတော်၊ စလွယ်တော်ပြုလုပ်လှူဒါန်းရန်အတွက် ပန်းထိမ်တွင် အပ်နှံရန် အခေါက်ရွှေ (၅) ကျပ်သား မယ်တော်ကြီးတို့ထံမှယူဆောင်ရန်ရှိခြင်း၊ ရုပ်ရှင်တော်မြတ်၏ ပုံတော်များ၊ ဘုရားသမိုင်းစာအုပ်များ၊ သမိုင်းသမိုင်း VCD ခွေများ ပို့ဆောင်ရန်ရှိခြင်း အစရှိသော များပြားလှသော အကြောင်းတို့ကြောင့် ယခုကဲ့သို့သွားရောက်ဖြစ်ခြင်းလည်း ဖြစ်ပါသည်။

စာရေးသူ နေပြည်တော်သို့ မရောက်ဖြစ်သည်မှာ (၃)၊ (၄)နှစ်ခန့်ကြာမြင့်သွားခဲ့ပြီဖြစ်၍ နေပြည်တော်တွင် အဆောက်အအုံတို့များစွာတိုးပွားလျက်ရှိနေပြီး အမြင်ဆန်းသစ်လျက်ရှိပါသည်။ စာရေးသူတို့သည် ပျော်ဘွယ်မြို့အနီးရှိ ယင်းတော်ခတ်တော်တိုက်မှ ခတ်တော်များပင့်ဆောင်ရသေးသည်ဖြစ်၍လမ်းဟောင်းအတိုင်းသာလာခဲ့ကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ရာဇဌာနေလမ်း နှင်းဆီအဝိုင်းမှ ထိုလမ်းအတိုင်း အနောက်သို့လိုက်ခဲ့ရပါသည်။ ဥပ္ပါတသန္တိစေတီတော်ကြီးနံဘေးမှ ဖြတ်သန်းသွားရပြီး ကုန်းထိပ်တစ်ခုသို့ရောက်လျှင် ကြာပန်းအဝိုင်းကိုရောက်ရှိ၏။ ထိုလမ်းသည် ရာဇသင်္ဂဟလမ်း ဖြစ်ပါသည်။ ထိုလမ်းသို့ရောက်လျှင် မြောက်သို့လိုက်လိုက်ရပါသည်။ လုံးချင်းတိုက်၊ ဈေးဆိုင်များကျော်ကာ ခတ်ဆီဆိုင်တစ်ခုကို လမ်း၏ အရှေ့ဘက်တွင် တွေ့ရှိရပြီး ခတ်ဆီဆိုင်ကို ကျော်လွန်ပြီးသည်နှင့် လမ်း၏အနောက်ဘက်တွင် သာသနာ့အလံများတန်းလျက် စိုက်ထူထားသော လမ်းခွဲသို့ရောက်ရှိပြန်ပါသည်။ ရွှေကံကူ ရုပ်ရှင်တော်မြတ်၏ပုံတော်ဗီနိုင်းချိတ်ဆွဲထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုလမ်းခွဲမှလိုက်သွားခဲ့ရာ မကြာမီပင် မချော၏ အိမ်ကို တွေ့ရှိရပါသည်။

မချောသည် ဆောက်လုပ်ရေးကုမ္ပဏီ တည်ထောင်ထားသူ ပီသစွာ ခရမ်းရောင် R.C သုံးထပ်တိုက်ကြီးကို ဆောက်လုပ်ထားပြီး မြေကွက်လပ်တွင်လည်း ပန်းဥယျာဉ်ပြုလုပ်ထားပါသေးသည်။ မချောတို့အိမ်သည် မြောက်ဘက်လှည့်ဖြစ်ရာ နေရောင်ခြည်လိုအပ်သော ဆောင်းရာသီနံနက်များမှလွဲ၍ အခြားသောရာသီတို့တွင် တိုက်ရိုက်နေရောင်ခြည် ကျရောက်နိုင်ခြင်းမရှိဘဲ အကောင်းဆုံးသော အနေအထားဖြစ်ပါ၏။

အန်တီအေး၊ မယ်တော်ကြီးနှင့် မချောတို့မှ စာရေးသူတို့ကို အသင့်ကြိုဆိုလျက်ရှိကြပါသည်။ ယခုတစ်ကြိမ် စာရေးသူ နေပြည်တော်သို့လာရောက်ခြင်းမှာ ထူးခြားသည်ဟုဆိုရပေမည်။ ယခင်အခေါက်များ လာရောက်စဉ်က စာရေးသူတစ်ဦးတည်းသာ Express ဖြင့်လာရောက်ခြင်း ဖြစ်သော်လည်း ယခုအခေါက်တွင် ရုပ်ရှင်တော်မြတ်၏ ဘွဲ့တံဆိပ်တော်စာတန်းပါ SURF ကားကြီးဖြင့် လာရောက်ခြင်းဖြစ်ပြီး စာရေးသူနှင့်အတူ အစ်ကိုကြီး ဦးမောင်မောင် (မော်လိုက်မြို့မှ စာရေးသူတို့ထံ ရုပ်ပွားတော်ပင့်ဆောင်ပေးပို့သူ၊ ယခု နန်းတွင်းထောက်/ပို့ အမှတ် (၁၂၁) တပ်တွင် သမီးငယ် (ဗိုလ်မှူး ထွန်းထွန်းလွင် + ဒေါ်လဲ့လဲ့ဝိုင်း) တို့ထံ ခေတ္တလာရောက်



ဦးမြဝင်း၊ ရန်အောင် (၂) နေအိမ်တွင် ထွက်ပေါ်လာသောအသင်းတန်း၊



နေပြည်တော် ဥတ္တရသီရိမြို့နယ် မချောချော၏နေအိမ်တွင် စက္ကူပန်းများပွင့်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com

နေသူ)၊ အစ်ကို ဦးဝင်းကို (ရုပ်ရှင်တော်မြတ်နှင့် တစ်ဆက်တည်းသာ ရုပ်ပွားဆင်းတုတော်ပူဇော်ခွင့်ရရှိထားပြီး ဇနီးသားသမီးများဖြင့် စင်္ကာပူနိုင်ငံ၏ အရှေ့ဘက် စံပြရွာတွင်နေထိုင်သူ) တို့ပါ လိုက်ပါလာခဲ့ကြခြင်း ဖြစ်ပါသည်။

ထို့နောက် မယ်တော်ကြီးနှင့် အန်တီအေးတို့မှ ဦးဆောင်ပြီး အပေါ်ထပ် ဘုရားခန်းသို့တက်ခဲ့ကြပါသည်။ ဘုရားခန်းမှာ ကျယ်ဝန်းသပ်ရပ်၍ ခမ်းနားထည်ဝါလှပါသည်။ သစ်သီးပွဲများ၊ ပန်းများကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပူဇော်ထားရှိသည်ကို တွေ့ရပါသည်။ ဘုရားခန်းကို တွေ့မြင်ရသည်နှင့်ပင် အိမ်ရှင်မချော၏ ဘုရားတရားအလေးထားမှုအား ခန့်မှန်းနိုင်မည် ဖြစ်ပါ၏။ ရုပ်ပွားဆင်းတုတော်များစွာပူဇော်ထားရှိပြီး ယခုလက်ရှိ ဆရာတော်ဘုရားကြီးများ၏ ပုံတော်များ၊ အဘဆရာသခင်သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ပုဂ္ဂိုလ်တို့၏ပုံတော်များကိုလည်း ပူဇော်ထားရှိပါသည်။

ထို့ပြင် အစောပိုင်းနှစ်များက မချော၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ် ရုပ်ရှင်တော်မြတ်မှ ရောင်ခြည်တော်ကွန့်မြူးတော်မူပုံများ၊ သိကြားမင်းနှင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခများ ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်သည့်ပုံများတို့ကို နံရံပြည့်ဗီနိုင်းချပ်ကြီးနှစ်ခုတွင် ပုံတော်များစွာထည့်သွင်းပူဇော်ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရှိရပါသည်။ မချောသည် ထိုပုံတော်များကို အလူမီနီယမ်ပေါင်နှင့်တကွ ထိုစဉ်က စာရေးသူတို့နေအိမ်သို့ လှူခဲ့ဖူးပါသေးသည်။

ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှားဘုရားရှင် နိရောဓသမာပတ်ဝင်စားနေသကဲ့သို့ အေးချမ်းသပ္ပာယ်စွာ ပလ္လင်တော်ပေါ်တွင် စိန်မကိုဋ်တော်၊ စလွယ်တော်တို့ဖြင့် တင့်တယ်စွာ ဖူးတွေ့ရပါသည်။ ရုပ်ဆင်းတုတော်ဟု ထင်နိုင်စရာမရှိပါ။ တကယ့်သက်တော်ထင်ရှားဟုသာထင်ရမည်ဖြစ်ပြီး ဖူးမြော်ကန်တော့လိုက်သည်နှင့် ရင်ထဲတွင် တကယ့်ကို အေးမြသွားရကာ ရုပ်ရှင်တော်မြတ်သည် မျက်လွှာချထားတော်မူလျက်မှ မိမိတို့ကို ကြည့်ရှုတော်မူပြီး မေတ္တာဓာတ်များ ပို့လွှတ်နေသကဲ့သို့ ခံစားရပါ၏။ ဤခံစားမှုမျိုးမှာ စာရေးသူသည် မိမိတို့ဘုရားမို့ ထိုသို့ပြောရခြင်းဖြစ်သည်ဟုထင်မြင်ကြသူများရှိနိုင်သော်လည်း ထိုသူတို့သည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ခွင့်ရရှိမည်ဆိုပါက စာရေးသူကဲ့သို့ ခံစားရမည်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖူးတွေ့ကြရသူအပေါင်း ထိုသို့ဖြစ်ကြရခြင်းကြောင့်ပင်တည်း။

စိန်မကိုဋ်တော်၊ စလွယ်တော်တို့ကို စာရေးသူတို့လည်း ယခုမှ ဖူးတွေ့ကြရခြင်း ဖြစ်ပါသည်။ အပြင်တွင် ဓာတ်ပုံထဲမှာထက် ပို၍ သပ္ပာယ်တော်မူလှပါသည်။ စိန်တို့မှာ အရည်ကောင်းလှ၍ ဖွေးဖွေးလက်လျက်ရှိပါ၏။ စာရေးသူ ပထမဆောင်းပါးတွင် ရေးသားခဲ့စဉ်က ကျပ်သိန်းနှစ်ရာခန့်ကုန်ကျသည်ဟူ၍ ခန့်မှန်းဖော်ပြခဲ့သော်လည်း အမှန်တကယ်တန်ဖိုးမှာ သိန်းခြောက်ရာကျော်ခန့်ဖြစ်ကြောင်း ယခုမှသိရပါသည်။

"တို့ စင်ကာပူကိုကြွတော့ မြမကိုဋ်တော်၊ စလွယ်တော်တစ်စုံနဲ့ပဲကြွရတာကွ။ ပလ္လင်လည်းရိုးရိုးပလ္လင်နဲ့ကြွရတာ။ ရတနာပလ္လင်ကြီးကထားခဲ့ရတာ။ ရတနာတွေအားလုံးကို ရွှေရည်ပွင့်စိန်တိုက် ဦးသိန်းအောင်-အန်တီစန်း (ဒေါ်ခင်မေစန်း) တို့က အရောင်တွေပြန်တင်ပေးထားလို့ အသစ်တွေအတိုင်း အရောင်တွေတက်နေတာ"

ဟု မယ်တော်ကြီးမှပြောပါသည်။

ထို့ကြောင့်ဖြစ်ပေမည်။ ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်တွင် ချိတ်ဆွဲပူဇော်ထားသောရတနာပစ္စည်းအားလုံးတို့သည် သစ်လွင်တောက်ပြောင်လျက်သာ အခါတိုင်းထက်ပို၍ ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရခြင်း ဖြစ်ပါ၏။

စာရေးသူသည် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုမဝနိုင်အောင်ဖြစ်ရပြီး ဓာတ်ပုံရိုက်ကူးပူဇော်သည့်အခါတိုင်းလည်း သပ္ပာယ်လွန်းလှသောပုံတော်များကိုသာ ဖူးတွေ့နေရသဖြင့် စာရေးသူလည်း ဓာတ်ပုံများရိုက်ကူးပူဇော်၍မဆုံးနိုင်အောင်ဖြစ်ရပါသည်။

ထိုအချိန်တွင် ယနေ့မနက်မှ ရန်ကုန်မှ လေယာဉ်ဖြင့် ရောက်ရှိနှင့်နေကြသော မချော၏အမေ (အမေဒေါ်တင်တင်အေး) နှင့် မချော၏သားငယ်လေးတို့ စာရေးသူကို လာရောက်တွေ့ဆုံကြ၏။ အမေဒေါ်တင်တင်အေးသည် ရှမ်းတိုင်းရင်းသူဖြစ်ပြီး မွန်မွန်ရည်ရည်နှင့် အမြဲအေးချမ်းစွာပြုံးနေလေ့ရှိကာ စာရေးသူကိုလည်း ခင်မင်လှသူဖြစ်ပါသည်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးရော၊ ငါတို့ရော စင်ကာပူမှာ တကယ်ပင်ပန်းခဲ့တယ်ကွ။ သူတို့မှာ တကယ့်ကို အလုပ်မအားတဲ့ကြားက ရတနာသုံးပါးကို ကြည်ညိုလွန်းလို့၊ ရုပ်ရှင်တော်မြတ်ကြီးကို ကြည်ညိုလွန်းလို့ ပင့်ဆောင်ပူဇော်ကြတာဆိုတော့ ပင်ပန်းလို့နားမယ်ကြံတိုင်း သူတို့ရဲ့ ထက်သန်လွန်းတဲ့ သဒ္ဓါတရားကိုမြင်တွေ့နေရတော့ ပင်ပန်းတာတွေပျောက်ကုန်ပြီး အိမ်တိုင်းအိမ်တိုင်းမှာ မနက်ကို ရတနာသုံးပါး၊ ညကို ခင်ပွန်းကြီး (၁၀)ပါး ကန်တော့ပွဲတွေ ဆက်တိုက်ပူဇော်ပေးခဲ့ရတယ်။ လာမယ့်နှစ်ဆိုရင် တစ်လနဲ့မရတော့ဘူး။ စင်ကာပူမှာ နှစ်လတောင်နေပေးရမှာ"

ဟု အန်တီအေးကပြောပါသည်။

"ဒါနဲ့ အခု မချောအိမ်မှာ ဘာတွေထူးပြီတုံး"

ဟု စာရေးသူမှ မေးကြည့်ရာ မယ်တော်ကြီးမှ -

"အေးကွာ၊ မချောအိမ်မှာဖြစ်တာ မဟုတ်ပေမယ့်လည်း မချောအိမ်မှာ ဘုရားကြွပြီးမှဖြစ်တာဆိုတော့ မချောအိမ်မှထူးတယ်လို့ဆိုနိုင်တာပေါ့ကွာ"

ထိုသို့ပြောပြီး ဖုန်းအတွင်းမှ ဓာတ်ပုံများကိုပြပါသည်။ တစ်ပုံမှာ သစ္စာပန်းများအကြားသို့ ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော် ကြွရောက်တော်မူနေပုံ ဖြစ်ပါသည်။ ထိုဓာတ်ပုံတော်မှာ စာရေးသူတို့ထံတွင် မကျန်ရှိတော့ပါ။ ရှားပါးဓာတ်ပုံဖြစ်နေပေပြီ။ ၂၀၁၀ပြည့်နှစ်ခန့်က ဒုတိယဗိုလ်ချုပ်ကြီးတင်ဌေး၏ဇာတိနေအိမ် ညောင်ဦးမြို့ ဝက်ကြီးအင်းရပ်ကွက်သို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဌေး၏ အစ်ကိုကြီး အဘဦးသန်းထွန်း၊ အမေချစ်တို့မှ ပင့်ဆောင်ပူဇော်စဉ်က မျက်လုံးတော်ဖွင့်တော်မူနေသော ပုံတော်ဖြစ်ပါ၏။

"ဒီပုံက ဒီလိုကွ၊ ငါတို့ မချောတို့အိမ်ကိုရောက်လို့မှမကြာသေးဘူး။ ရန်ကုန်က ဒေါက်တာ ဇေယျာညိုဌေးနဲ့ ဒေါက်တာ ခင်စံပယ်အေး (မောင်ဝိတ်အိမ်ရာဝင်းအတွင်း 'အေး' ဆေးခန်း) တို့ဆီက ဖုန်းလာတယ်။ သူတို့နဲ့ ဖုန်းအဆက်အသွယ်ပြတ်နေတာကြာပြီဆိုတော့ အံ့ဩသွားတာပေါ့ကွာ။ တစ်ခါ သူတို့ပြောတဲ့စကားကြားလိုက်ရတော့ ပိုပြီးအံ့ဩရပြန်ရောဟေ့။ သူတို့နေ့စဉ်ပူဇော်ကန်တော့နေတဲ့ ရွှေကံကူရုပ်ရှင်တော်မြတ်ရဲ့ဓာတ်ပုံက ညမှာဘယ်အချိန် အလိုအလျောက် ကြွရောက်သွားတယ် မသိဘူး။ ဒီနေ့မနက် သူတို့ဘုရားခန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲဝင်လိုက်တဲ့အချိန်မှာ ဒီအတိုင်း ဖူးတွေ့လိုက်ရတာလို့ပြောကြတယ်"

ဟု မယ်တော်ကြီးမှ ရှင်းပြပါသည်။

တကယ်တော့ ထိုအဖြစ်မှာ ထူးဆန်းလွန်းလှသည်ဖြစ်ပါ၏။ ဘုရားတန်ခိုးတော်ကြောင့်သာ မဟုတ်လျှင် သဘာဝယုတ္တိနှင့်မည်သို့မျှချိန်ညှိနိုင်မည့်တိစ္စမဟုတ်ပါ။ သို့သော်လည်း ရုပ်ရှင်တော်မြတ်၏ဆယ်စုနှစ်တစ်ခေတ်ကျော်မျှသာ ကာလရှည်ကြာသေးသောသမိုင်းစဉ်တွင်တော့ ဤအဖြစ်မျိုးကို ဆယ်ကြိမ်ထက်မနည်း စာရေးသူတို့သိရှိခဲ့ပြီးဖြစ်ပါ၏။ ထို့အပြင် စာရေးသူတို့ထံ ပြန်လည်ပြောကြားခြင်းမရှိ၍ မသိရှိခဲ့ရသူတို့လည်း အများအပြားပင်ရှိနေဦးမည်ဖြစ်ပါသည်။ နောက်ထပ် ဖူးတွေ့ရသောပုံများကတော့ ရုပ်ရှင်တော်မြတ်အား ဖယောင်းတိုင်မီးဖြင့် ပူဇော်ထားရှိပုံ၊ ဖယောင်းတိုင်မီးအား အနီးကပ်ဆွဲကြည့်ထားသောပုံတွင် ရဟန်းတော်တစ်ပါး၏ပုံတော်ဖြစ်ပေါ်နေပုံတို့ဖြစ်ပါ၏။

"ဒါကတော့ ရန်ကုန်က မယ်တော်ကြီးရဲ့လမ်းညွှန်ချက်တွေကို လိုက်နာကျင့်သုံးနေတဲ့ ရန်ကုန်ခရီးစဉ်အတွင်းမှာ မယ်တော်ကြီးတို့ရှိလေရာမှာ ဝေယျာဝစ္စတွေအမြဲလုပ်ကိုင်ပေးနေတဲ့မယ်တော်ကြီးရဲ့သမီးလေး နွယ်နီအေးကပို့လိုက်တဲ့ပုံပဲ။ ဒီသမီးဟာ မယ်တော်ကြီးဆီက ကျင့်စဉ်တွေတောင်းပြီး အဓိဋ္ဌာန်တွေဆက်တိုက်ဝင်လာခဲ့ရာက လွန်ခဲ့တဲ့တစ်လလောက်ကစပြီး မနက်လင်းတာနဲ့ သူ့အိမ်ဘုရားခန်းကြမ်းခင်းကြွေပြားတွေပေါ်မှာ ဘယ်ကမှဘယ်လိုမှရောက်လာနိုင်စရာအကြောင်းမရှိပါဘဲ ရေစက်ရေအိုင်တွေ မနက်တိုင်းတွေ့ရတယ်။ အဲဒါတွေကို နေ့တိုင်း ဓာတ်ပုံရိုက်ပြီး မယ်တော်ကြီးဆီ နေ့တိုင်းပို့တယ်။ ထူးခြားတာက အဲဒီရေစက်ရေပြောက်တွေကနေ ရုပ်ပုံတွေလို၊ စာတွေလို၊ အင်းတွေလို၊ စမတွေလိုဖြစ်ပေါ်နေတတ်တယ်။ တချို့ကလည်း ဒါဟာ ရုပ်ရှင်တော်မြတ်ရဲ့ဓာတ်ပုံကို ရှင်ဥပဂုတ္တလာဖူးတယ်။ တချို့ကလည်း နဂါးတွေလာဖူးတာလို့ဆိုကြတယ်။ ဒါလည်းဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ၂၀၁၃ခုစင်ကာပူနိုင်ငံ သားလေး ကျော်ဖေတင်တို့အိမ်မှာ ဘုရားဆွမ်းကပ်တုန်းက ရဟန္တာလေးပါးတို့အတွက်ခင်းထားတဲ့ နေရာထိုင်ခင်းတစ်ခုပေါ်မှာ သကြီန်မှာ ရေကစားလာတဲ့သူထိုင်သွားသလိုမျိုး ရေတွေစိုပြီးကျန်ခဲ့တာ တွေ့ရဖူးတယ်။ ဒါပေမယ့် အခုပုံမှာ ဒီလိုထူးထူးခြားခြား ရဟန်းတော်တစ်ပါးရဲ့ပုံပေါ်နေတာကို နွယ်နီအေးကသိလို့မဟုတ်ဘူး။ နေ့စဉ် မယ်တော်ကြီးဆီထူးခြားတဲ့ပုံတွေပို့နေကျ။ ဒီနေ့တော့ ထူးထူးခြားခြားပို့စရာမရှိလို့ ဝတ္တရားမပျက်အောင် ဒီပုံကိုရိုက်ပြီးပို့လိုက်တာပဲ။ ထူးခြားမှုမရှိဘူးလို့ထင်တဲ့နေ့မှာမှ ပိုပြီးထူးခြားမှုဖြစ်နေတာပေါ့ကွာ။ ဒီကနေ့တော့ နွယ်နီအေးရဲ့ဘုရားခန်းက ရွှေကံကူပုံတော်ကို ဘုန်းတန်ခိုးကြီးတဲ့ ရဟန်းတော် လာရောက်ဖူးမြော်နေတာမို့ နေ့စဉ်လာရောက်နေကျပုဂ္ဂိုလ်တွေက နောက်ဆုတ်ပေးကြတာဖြစ်မှာပေါ့။ အမျိုးမျိုးယူဆလို့ရနိုင်ပေမယ့် ထူးတာကတော့ အမှန်ပါပဲ။ ဒီပုံတော်နဲ့ ပတ်သက်ပြီး သမီးမချောကတော့ ဝမ်းသာနေလေရဲ့။ ကဲ - ငါ့သမီးက ဘယ်လိုယူဆတယ်ဆိုတာ ပြောပြလိုက်ပါဦး"

ထိုအခါ မချောမှ စာရေးသူတို့ကို ဤသို့ပြောပြပါသည်။

"ဆရာရယ် မချောကလေ ဘုရားတွေ၊ သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာနဲ့ ပြည့်စုံတဲ့ အရိယာဝိဇ္ဇာဆရာတော်ကြီးတွေကိုဆို ပုဂ္ဂိုလ်စွဲမထားဘူး။ အကုန်လုံးကိုကြည်ညိုတာ။ သက်ရှိထင်ရှားဆရာတော်ကြီးတွေရော ခန္ဓာဝန်ချသွားပြီးတဲ့ ဆရာတော်ကြီးတွေကိုပါ အကုန်ကိုးကွယ်တာပဲ။ မဟာမြိုင်ဆရာတော်ကြီးဆိုလည်း ကြည်ညိုလွန်းလို့ (၅) ကြိမ်ထက်မနည်း ဖူးပြီးပြီ။ အဲဒီမှာ အာသီသတစ်ခုဖြစ်ပေါ်မိတာက မချောကိုးကွယ်ဆည်းကပ်ခဲ့တဲ့ ရွှေကံကူဘုရားကြီးကို မချောကြည်ညိုမခန်းဖြစ်ရတဲ့ မဟာမြိုင်ဆရာတော် ဖူးတွေ့စေချင်တယ်။ ဒါကြောင့် မယ်တော်ကြီးကို လျှောက်ထားကြည့်တော့ ညည်းအိမ်တောင်မှမနည်းကြွပေးရတာ။ ရက်ပေးနိုင်ဖို့မလွယ်ဘူး။ ညည်းအိမ်ပေးထားတဲ့ရက်ထဲကလုပ်ပေါ့လို့မိန့်တော့ မချောအိမ်ကလည်း ဘုရားကြီးကို နှစ်စဉ်ပင့်နေကျဆိုတာကို မိတ်ဆွေတွေကသိနေကြတော့ နှစ်စဉ်မချောမွေးနေ့နီးလာတိုင်း ဒီနှစ်ဘုရားကြီးကြွဦးမှာလားနဲ့ မေးနေကြတာဆိုတော့ မချောမွေးနေ့ရက်ကိုလည်း ပင့်သွားလို့မရပြန်ဘူး။ ဆရာတော်ကြီးကို ဖူးတွေ့စေချင်တဲ့ဆန္ဒကတော့အမြဲရှိနေတာပဲ။ ဒီမှာ သေသေချာချာဖူးကြည့်ပါလား။ မဟာမြိုင်ဆရာတော်ကြီးမှ တကယ့် မဟာမြိုင်ဆရာတော်ကြီးပါပဲ။ မချောရဲ့ ပြင်းပြတဲ့စိတ်ဆန္ဒကို ဆရာတော်ကြီးကသိတော်မူလို့ မချောကို စိတ်ချမ်းသာအောင် ဒီပုံကိုပြပေးတော်မူတာပဲ။ ရွှေကံကူဘုရားကြီးကိုပူဇော်ထားတဲ့ ဖယောင်းတိုင်မီးတောက်ထဲမှာ ပေါ်တာဆိုတော့ ဆရာတော်ကြီးဟာ ခုနစ်ရက်သားသမီးတွေကို အမှောင်ခွင်းပြီး အလင်းကိုဆောင်ပေးမယ်။ ဆရာတော်ကြီး ဘုန်းမီးနေလတောက်ပသလို ဆရာတော်ကြီးကို ကိုးကွယ်ပြီး ဆရာတော်ကြီးရဲ့ ဆိုဆုံးမမှုကိုလိုက်နာသူတွေလည်း ဘုန်းမီးနေလတောက်ပကြလိမ့်မယ်လို့ ယုံကြည်တယ်"

ဟုပြောပါသည်။

ထို့နောက် မချောက ဆရာတော်ကြီး၏ဓာတ်ပုံကို စာရေးသူတို့အား ဖူးတွေ့စေပါသည်။ မချော ယုံကြည်ယူဆသည်ကို ထောက်ခံရမလိုဖြစ်ပါ၏။ ဖယောင်းတိုင်မီးထဲမှ ရဟန်းတော်၏ပုံနှင့်တော်တော်ပင်တူနေသည်ကို အံ့သြဖွယ် ဖူးတွေ့ရပါသည်။

ထို့နောက် မချောမှ စာရေးသူတို့ကို ထမင်းကျွေးပါသည်။ တရုတ်ဟင်းလျာများဖြစ်ပြီး ကောင်းမွန်လှပါသည်။ စာရေးသူတို့သည် နေပြည်တော်အဝင်လမ်းမပေါ်တွင် ထမင်းစားခဲ့ကြပြီးဖြစ်၍ အနည်းငယ်သာ စားနိုင်ပါတော့သည်။ အိမ်ရှင်ကို အားနာ၍တစ်ကြောင်း၊ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သောအိမ်မှ ကျွေးမွေးသမျှတို့သည် မင်္ဂလာထိုက်၍တစ်ကြောင်း စားဖြစ်အောင် စားသုံးလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူတို့သည် စဉ့်ကိုင်သို့ပြန်ရမည်ဖြစ်သောကြောင့် ထမင်းစားပြီးသည်နှင့် ဘုရားခန်းသို့ ပြန်လည်တက်ရောက်ကြပါသည်။ စာရေးသူတို့ ပင့်ဆောင်လာသောဓာတ်တော်များအကြောင်း စကားရောက်သွားရာမှ-

"ဆရာတို့ ရွှေကြက်ယက်တောင်ပေါ်မှာတည်မယ့်ဘုရားမှာ ဌာပနာဖို့ ဓာတ်တော်တွေလှူလိုက်ဦးမယ်။ ဘုရားဆောင်ပေါ်ကဓာတ်တော်တွေ ကျေးဇူးပြုပြီး ဆရာပင့်ပေးပါ"

ဟူ၍ မချောကပြော၍ ဓာတ်တော်များ စားပွဲပေါ်သို့ ပင့်ဆောင်ပေးရပါသည်။ မချောထံတွင် ဓာတ်တော်အမျိုးအတော်ကိုစုံလင်သည်ကို ဖူးတွေ့ရပါသည်။

"ဘုရားဓာတ်တော်ဖြစ်စေ၊ ရဟန္တာဓာတ်တော်ဖြစ်စေ အလေးထားရမယ်။ ဒီဓာတ်တော်တွေကြွင်းဖို့ ကျင့်ကြံအား



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ရတာ ဘယ်လောက်ပင်ပန်းခက်ခဲတယ်မှတ်လဲ။ ဓာတ်တော်ဆိုတာ ဘယ်တော့မှ မီးမလောင်ဘူး၊ ပြာမကျဘူး။ ဒါကြောင့် ဓာတ်တော်တွေကို အိမ်တွေမှာ ပူဇော်ထားရင် အသက်ရှည်တယ်။ အနာရောဂါကင်းတယ်။ စီးပွားဥစ္စာရာထူးဂုဏ်သိန် တိုးတက်မြင့်မားတယ်။ အဲဒီလိုတွေဖြစ်တယ်ဆိုလို့ အဆောင်သဘောနဲ့ အိမ်မှာထားပြီး ဖူးမြော်ခြင်း၊ ပူဇော်ခြင်းမရှိဘူးဆိုရင်တော့ အဲဒီအကျိုးတွေလည်း ရရှိမှာမဟုတ်သလို ဓာတ်တော်တွေဟာ ပူဇော်မှုပြုတဲ့နေရာတွေကို ကြွသွားတတ်တယ်။ ကောင်းကောင်းမွန်မွန်ပူဇော်ရင်တော့ ဓာတ်တော်တွေဟာ ပွားလာလေ့ရှိတယ်"

ဟု မယ်တော်ကြီးမှ ပြောပြပါသည်။

မချောသည် ဓာတ်တော်ကြုတ်စေတီလေးများကို တစ်ဆူချင်းဖွင့်ပြီး စာရေးသူထံလှူလိုက်မည့် ဓာတ်တော်ကြုတ်စေတီတော်အတွင်းသို့ သီးသန့်အထူးတလည်ထားရှိသော ရွှေရောင်ဇွန်းငယ်ကလေးဖြင့် ဓာတ်တော်များကို မယ်တော်ကြီးသဘောရှိပင့်ဆောင်ပါဟု အပ်နှံလိုက်ပါသည်။

"တကယ်တော့ 'ဒါတွေဟာ မယ်တော်ကြီးရဲ့ကျေးဇူးတွေပါ။ လွန်ခဲ့တဲ့နှစ်နှစ်ကျော်က မယ်တော်ကြီးက သမီးကို ပူဇော်ဖို့ဆိုပြီး ဒီဓာတ်တော်တွေကို ပေးလိုက်တာ။ မယ်တော်ကြီးပေးလိုက်တာက မှန်ညင်းစေ့လောက် ပတ္တမြားလေးတွေနဲ့တူတဲ့ ဓာတ်တော်အဆူတစ်ရာလောက်ရယ်၊ ဆန်စေ့လောက်ရှိတဲ့ ရေကျိုးကျောက်လို အဖြူရောင်ဓာတ်တော်နှစ်ဆူရယ်ပဲလေ။ သမီးလည်း အဲဒီတော့မှ ဓာတ်တော်တွေကို ကြည်ညိုတဲ့စိတ်တွေဖြစ်လာတယ်။ အဲဒါကြောင့် ဓာတ်တော်တွေကို အချိန်ယူပြီး နေ့စဉ် မှန်ဘီလူးနဲ့ဖူးတဲ့အခါ ပတ္တမြားလို ဓာတ်တော်တွေပွားလာတာကိုလည်းဖူးတွေ့ရသလို အဖြူရောင်ဓာတ်တော်က ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲတာကိုလည်းဖူးရတယ်။ အဲဒီတော့ ဓာတ်တော်တွေကို ပိုပြီးကြည်ညိုရပြီး နေ့စဉ်မဖူးရမနေနိုင်အောင်ဖြစ်သွားတော့တာပဲ"

ဟု ပြောပါသည်။

မယ်တော်ကြီး၏ ဓာတ်တော်များကို ပူဇော်ပြီးသည့်နောက်တွင် အခြားသောနေရာများမှ ဓာတ်တော်များကိုလည်း ပင့်ဆောင် ပူဇော်ဖြစ်ကြောင်း၊ ထိုဓာတ်တော်များသည်လည်း ၎င်း၏နေအိမ်သို့ ရောက်ရှိအပူဇော်ခံပြီးသည်နှင့်အဆက်မပြတ်ပွားများ၍လာကြောင်း၊ အခြားပူဇော်လိုသူများကိုလည်း ပြန်လည်လှူဒါန်းလျက်ရှိကြောင်းတို့ကို ဆက်လက်ပြောပြပါသည်။

ထို့နောက် -

"မယ်တော်ကြီး၊ သမီး မကြာခင်ကမှ ဆံတော်ရှင်တစ်ဆူပင့်ထားသေးတယ်။ ဆံတော်ရှင်ဆိုတဲ့အတိုင်း ဓာတ်တော်ကြုတ်ထဲမှာ တကယ်လူးလွန့်လှုပ်ရှားနေတာ။ ဟိုတစ်နေ့ညက ဆံတော်ရှင်ရဲ့လှုပ်ရှားနေပုံကို ဗွီဒီယိုမှတ်တမ်းတင်ထားတယ်။ ဒီမှာဖူးပါ"

ဟု ဆို၍ ဗွီဒီယိုဖွင့်ပြပါသည်။ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းလှပါသည်။

ဆံတော်ရှင်သည် တဖြည်းဖြည်းကွေးညွတ်သွားရာမှ တဖြည်းဖြည်း ပြန်လည် ဖြောင့်မတ်၍သွားပါသည်။ သက်တော်ထင်ရှားဘုရားရှင်များဆိုလျှင်အဘယ်မှာဆိုဖွယ်ရာရှိပါမည်နည်း။ ဗုဒ္ဓ၏ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များသည်ပင်လျှင် တန်ခိုးတော်ကြီးမြတ်တော်မူလွန်းလှပါသည်တကားဟု တွေးမိပါ၏။

ထို့နောက် မချောက ဤဆံတော်ရှင်ကို ပင့်ဆောင်ပူဇော်လာပြီးကတည်းက ဓာတ်တော်ကြုတ်အပြင်သို့ပင့်ဆောင်၍ တစ်ကြိမ်မှမဖူးရသေးကြောင်း၊ ယခုမယ်တော်ကြီးတို့၊ စာရေးသူတို့ရှိနေခိုက် အပြင်သို့ပင့်ဆောင်ဖူးမြော်လိုကြောင်း ပြောပါသည်။ ထို့ကြောင့် ဘုရားဆောင်ပေါ်တွင် ပူဇော်ထားရှိသော ဆံတော်ကြုတ်ကို စာရေးသူမှပင့်ဆောင်ပေးရာ မယ်တော်ကြီးမှကြုတ်ကိုဖွင့်ပြီးဆံတော်ရှင်ကို အပြင်သို့ပင့်ဆောင်ပူဇော်လိုက်ပါသည်။ ဆံတော်ရှင်သည် သာမန်လူတို့ဆံလုံးထက်ပိုတုတ်ပြီး နီညိုရောင်ရှိကာ လက်သုံးသစ်ခန့်မျှသာ ရှည်လျား၍ ဆံတော်အမြစ်ကိုပါ ဖူးတွေ့ရပါသည်။ ဖူးတွေ့နေရင်းမှပင် ဆံတော်ရှင်သည် ဖြည်းဖြည်းချင်းကွေးညွတ်၍လာသည်ကို အံ့ဩကြည်ညိုမဆုံးတွေ့မြင်နေရပါ၏။ စာရေးသူ၏ တစ်သက်တာတွင် ဆံတော်ရှင်ကို အနီးကပ်ဖူးတွေ့ရသည်မှာ ဤတစ်ကြိမ်သာရှိပါသေးသည်။ စာရေးသူသည် ရွှေပလ္လင်ထက်တွင် ရတနာမျိုးစုံ စီခြယ်ပူဇော်၍ မေတ္တာတော်၊ ကရုဏာတော်ကြီးမားတော်မူလှစွာ သက်တော်ထင်ရှား ဘုရားရှင်နှင့်မခြား စံပယ်တော်မူလျက်ရှိသော ရုပ်ရှင်တော်မြတ်ကြီးကို အာရုံပြုလိုက်ပြီး -

"ကျေးဇူးတော်ကြီးမားတော်မူလှပါသည်ဘုရား၊ အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာမဟုတ်လျှင် တပည့်တော်တို့သည် ယခုကဲ့သို့ ဗုဒ္ဓ၏ဆံတော်ရှင်ကိုလည်း ဖူးတွေ့ရမည် မဟုတ်ပါ။ ယခုဘဝ ယခုအခြေအနေမျိုးနှင့် ယခုလိုနေရာမျိုးသို့ ရောက်ရှိနိုင်စရာအကြောင်းမရှိပါဘုရား"

ဟု လျှောက်ထားကာ ဦးခိုက်မိလိုက်ပါသည်။

ထို့နောက် အချိန်ကိုကြည့်လိုက်ရာ ညနေ (၄) နာရီခွဲနေပြီဖြစ်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရွှေပြားကပ်လှူရန်လိုက်ပါနိုင်ခြင်းမရှိဘဲ ဓာတ်တော်များကိုပင့်ဆောင်ပြီး စဥ့်ကိုင်သို့ပြန်ရန်ပြင်ဆင်ရပါတော့သည်။ မယ်တော်ကြီးမှ နိုင်ငံကူးလက်မှတ်စာအုပ်နှစ်အုပ်ထုတ်ပေးပြီး သရက္ခန်ဘုရားနှစ်ဆူအတွက် စစ်ကိုင်းမြို့မှ ပန်းထိမ်ဆရာကြီးဖြစ်သော ဦးကျော်ဇောထံအပ်နှံရန် အခေါက်ရွှေငါးကျပ်သားပေးအပ်ပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်ကြီးကို ရိုသေစွာ ရှိခိုးကန်တော့ပါသည်။ အန်တီအေး၊ မယ်တော်ကြီး၊ အမေဒေါ်တင်တင်အေး၊ မချောသားအမိတို့ကို နှုတ်ဆက်ပြီး စာရေးသူတို့ ကားပေါ်သို့တက်လိုက်ကြပါသည်။ ဘုရားဖူးကားတို့ လာရောက်လျက်ရှိနေကြပြီး စာရေးသူတို့ရှိဆဲ ခဏမှာပင် ဘုရားဖူးဧည့်သည်တို့ အများအပြား လာရောက်လျက်ရှိနေကြပါသည်။ ထို့ပြင် မယ်တော်ကြီးနှင့် မချောထံသို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုကြောင်းပြောကြားသည့် ဖုန်းတို့လည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိနေခဲ့ပါသည်။

ထိုနေ့ ည(၈)နာရီတွင် ဘုရား၏တန်ခိုးတော်ကြောင့် စာရေးသူတို့အောင်မြေသို့ ချောချောမောမော ပြန်လည် ရောက်ရှိခဲ့ကြပါသည်။ ထိုနေ့ညမှာပင် မယ်တော်ကြီးတို့လည်း မချောတို့နှင့်အတူသွားရောက်ပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေပြားသက်န်းတော်နှစ်ချပ်ကပ်လှူရန် ငွေ (၁၄) သိန်းကျပ်တိတိ လှူဒါန်းကြကြောင်း သိရှိရပါသည်။

၁၀ - ၃ - ၂၀၁၅ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည် နေပြည်တော် ဥတ္တရသိဒ္ဓိရပ်ကွက် (ယခင် - ပူးကွဲ) ညွှန်မှူးများအိမ်ရာ နေပြည်တော်စသုံးလုံးညွှန်ကြားရေးမှူး ဦးစိုးနေဦး၊

www.burmeseclassic.com

ဇနီး ဒေါ်နီနီဝင်းမောင်တို့၏ နေအိမ်မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ထိုနေအိမ်သို့ စသုံးလုံးညွှန်ကြားရေးမှူး၊ ချုပ်ဗိုလ်မှူးကြီး(ငြိမ်း) ဦးအောင်စောဝင်းနှင့်ဇနီးတို့လည်း ရုပ်ရှင်တော်မြတ်ကို လာရောက် ဖူးမြော်ကြပါသည်။ ဦးအောင်စောဝင်း၏ ဇနီးသည် မယ်တော်ကြီးတို့နှင့် ရင်းနှီးပြီးဖြစ်၍ စကားလက်ဆုံပြောမကုန်အောင်ရှိနေပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့၏ ရုပ်ရည်များ ယခင်ထက်ပို၍ကြည်လင်စိုပြည်လျက်ရှိပုံ၊ ရုပ်ရှင်တော်မြတ်ကြီးသည်လည်း ယခင်ထက် ကြည်ညိုသပ္ပာယ်လျက်ရှိပုံတို့ကို တွေ့မြင်ရ၍ ဝမ်းသာပီတိဖြစ်ရကြောင်းတို့ကို ပြောကြားပါသည်။

ဤမိသားစုနှင့်ပတ်သက်၍ -

"ညွှန်ချုပ်မိသားစုက တအားကိုရိုးသားပြီး မာန်မာနလည်းမရှိသလို စည်းကမ်းလည်းတအားရှိတာ၊ တကယ်ကို အတုယူထိုက်တယ်။ သူ့ကလေးတွေကို ဆိုက်ကားနဲ့ကျောင်းပို့တာ။ အိမ်က ထည့်ပေးလိုက်တဲ့ ထမင်းနဲ့ မုန့်ပဲစားရတာ။ ကလေးတွေကလည်း လိမ္မာလိုက်တာကွာ။ မိဘရဲ့စည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြတယ်"

ဟု မယ်တော်ကြီးမှ မကြာမကြာ ပြောဖူးသည်ကို အမှတ်ရမိပါသည်။

ဤနေအိမ်သို့ ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်၍ ရုပ်ရှင်တော်မြတ်ကြီးမှလည်း (၈) ကြိမ်တိတိ နေရာပြောင်းရွှေ့ကြွမြန်းတော်မူသည်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခွင့်ရရှိခဲ့သော ရဲမှူးကြီးလှမျိုးရှိန်လည်း ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ပါသေးသည်။ ရဲမှူးကြီးသည် ၂၀၀၆ ခုတွင် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူးအဖြစ် ဒုတိယ ရဲမှူးကြီးအဆင့်နှင့် တာဝန်ထမ်းဆောင်စဉ်မှာ ရုပ်ရှင်တော်မြတ်ကို စတင်သိရှိခဲ့ပြီး အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် နေပြည်တော်၊ ထို့နောက် မင်းဘူး၊ ထို့နောက် စစ်တွေ၊ ထို့နောက် နေပြည်တော်၊ ထို့နောက် ၂၀၁၃ နှစ်ကုန်ပိုင်းတွင် ရှမ်း/မြောက်ပြည်နယ် ရဲတပ်ဖွဲ့မှူးအဖြစ် လားရှိုးမြို့သို့ရောက်ရှိရာ ၂၀၁၄ နှစ်ဦး၌ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ရာ ရုပ်ရှင်တော်မြတ်သည် ပလ္လင်တော်ပေါ်မှ ကြေးကလပ်တော်ပေါ်သို့ တန်ခိုးတော်ဖြင့် ကြွမြန်းတော်မူခဲ့ပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းသွားတော်မူပြီးနောက် (၂) ရက်ခန့်အကြာတွင် ဒုတိယရဲမှူးကြီးအဖြစ်မှ ရဲမှူးကြီးသို့ ရာထူးတိုးမြှင့်သွားခဲ့၏။

၂၀၁၄ ခုနှစ်၊ (၁၀) လပိုင်းခန့်တွင် မန္တလေးမြို့သို့ အထက်မြန်မာပြည် ကွိုင်းမင်းကြီးအဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် အနည်းငယ်သာ ကျန်ရှိတော့သော မန္တလေးမြို့ခရီးစဉ်နေအိမ်များတွင် ကြွရောက်လျက်ရှိနေချိန်ဖြစ်သောကြောင့် ရဲမှူးကြီးသည် မန္တလေးမြို့သို့ ခြေချမိသည်နှင့် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရသည်မှာ ကံထူးလှသည်၊ ပဋ္ဌာန်းဆက်ကြီးမားလှသည်ဟု ဆိုရမည် ဖြစ်ပါသည်။

(၁) လပိုင်း လကုန်ရက်ပိုင်းတွင် ရဲမှူးကြီးသည် အောင်မြေသို့ရောက်ရှိလာပြီး (၂) လပိုင်းလဆန်းတွင် ကချင်ပြည်နယ်သို့ သွားရတော့မည်ဖြစ်၍ စာရေးသူကို လာရောက် နှုတ်ဆက်ခြင်းဖြစ်ကြောင်းပြောပါသည်။ ပြန်ခါနီးတွင် အောင်မြေက အဆောင်တစ်ခုခုချီးမြှင့်ပါဟု စာရေးသူကိုပြောသဖြင့် စာရေးသူလည်း ဘုရားဆောင်တွင် အသင့်ရှိနေသော အပင်ပေါက်နေသည့် ရွှေအုန်းပင်ကို ပေးအပ်လိုက်ပါသည်။ ထိုအုန်းပင်မှာ (၉) ရက်၊ (၉) လ ဗုဒ္ဓပူဇနီယပွဲတော်ရက်တွင် ပူဇော်သော ကန်တော့ပွဲ ရွှေအုန်းသီးမှ အပင်ပေါက်နေခြင်း ဖြစ်ပါသည်။ ထူးခြားသည်ဟုဆိုရပါမည်။ ပွဲတော်ရက်က အပေါ်ထပ်၊ အောက်ထပ် ဘုရားခန်း (၂) ခန်းတွင် ရွှေအုန်းသီးနှင့် ကန်တော့ပွဲတစ်ပွဲစီပါဝင်ခဲ့ရာ ထိုနှစ်လုံးစလုံးမှ အပင်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ပို၍ ထူးခြားပြန်သည်မှာ ရဲမှူးကြီးသည် ထိုညမှာပင် ရာထူးတစ်ဆင့်တိုးမြှင့်ခြင်းခံရပြီး ကချင်ပြည်နယ်သို့သွားရောက်ရန်မလိုတော့ဘဲ နေပြည်တော်သို့ ပြောင်းရွှေ့ရပါတော့သည်။

ယခုလည်း ဘုရားပင့်သောအိမ်၌ (၃)၊ (၄)လုံးသာကွာဝေး၍ တစ်ရပ်ကွက်တည်း တစ်တန်းကျရောက်နေသည်ဖြစ်၍ ရဲမှူးကြီးမှ -

"မယ်တော်ကြီး၊ ဘုရားကြီးက ကျွန်တော်နဲ့ တကယ်ပဋ္ဌာန်းဆက်ပဲ။ ကျွန်တော်ရှိတဲ့နေရာကို ဘုရားကြီးကို ကျွန်တော်က ပင့်ရင်ပင့်၊ မပင့်ရင် ဘုရားကြီးက ကျွန်တော်ရှိတဲ့နေရာကို ပင့်ဆောင်တဲ့သူပေါ်ပေါက်ပြီးကြွရောက်လာတော့တာပဲ"

ဟု ပြောပါသည်။

"ဟုတ်ပ - အဘရာ၊ ဟိုနေ့ကလည်း မချောတို့အိမ် အဘလည်းဘုရားလာဖူးပြီးရော ပလတ်စတစ်ပန်းအဖူးတွေနည်းတာမဟုတ်ဘူး။ တဖွာတ်ဖွာတ်နဲ့ပွင့်ကုန်တော့တာပဲ"

ဟူ၍ မယ်တော်ကြီးကထောက်ခံပြောကြားလိုက်ပါသည်။

စသုံးလုံး ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦး၊ ဇနီး ဒေါ်နီနီဝင်းမောင်တို့၏ နေအိမ်တွင်လည်း ဘုရားဖူးပရိသတ်တို့ အမြဲမပြတ် စည်ကားလျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်အား ဗွီဒီယိုကင်မရာဖြင့် တောက်လျှောက်မှတ်တမ်းတင်ရိုက်ကူးထားလျက် ဘုရားဖူးပရိသတ်တို့ ထင်ထင်ရှားရှား အားရပါးရ ဖူးမြော်ရစေရန် တီဗွီဖြင့်တိုက်ရိုက်ထုတ်လွှင့်လျက်ရှိရာ ရုပ်ရှင်တော်မြတ်၏မျက်နှာတော်သည် တစ်ချိန်နှင့်တစ်ချိန်တူညီမှုမရှိဘဲ ပြောင်းလဲတော်မူလျက်ရှိသည်ကို အိမ်ရှင်မိသားစုနှင့်တကွ ဘုရားဖူးပရိသတ်တို့ ဖူးမြော်ကြည်ညိုကြရပါသည်။ ထို့အပြင် ရုပ်ရှင်တော်မြတ်၏ နားထင်တော်၌ သွေးကြောများ ပေါ်ထွက်လာခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်းတို့အပြင် ကိုယ်တော်နေရာအနှံ့မှ အရောင်အလင်းတို့ထွက်ပေါ်ခြင်းတို့ကိုလည်း ဖူးမြော်ကြရ၍ အိမ်ရှင်မိသားစုသည် ဝမ်းမြောက်ပျော်ရွှင်မဆုံးဖြစ်နေကြပြီး ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိအောင် စီစဉ်ပေးသော မယ်တော်ကြီးတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောပြကြပါသည်။

မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ဆက်တိုက်သွားလာနေကြရသည် ဖြစ်၍ ပင်ပန်းလွန်းလှသည်ဖြစ်သော်လည်း ရောက်သည့်မြို့ရွာများရှိ ဘုရားပုထိုးစေတီများသို့ သွားရောက်ဖူးမြော်ခြင်း၊ ဝတ္ထုငွေများလှူဒါန်းခြင်းတို့ ပြုလုပ်မြဲဖြစ်သည့်အပြင် နေပြည်တော်ရှိ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ အစရှိသော မြို့ဆိုင်းဘုတ်ကြီးများ တစ်ခုမကျန် သွားရောက်ပြီး သက်သတ်လွတ် ကြာဆံကြော်များ ဒါနပြုပါသည်။ ထို့နောက် မမြင်အပ်သောလောကသား အပေါင်းတို့ကို တရားမွေပရိတ်တော်များ နာယူစေပြီး အမျှပေးဝေပါသည်။ မယ်တော်ကြီးသည် မည်သည့်မြို့ရွာမဆို အကြိမ်ကြိမ်ရောက်ဖူးပြီးဖြစ်စေကာမူ ရောက်ရှိသည့်အခေါက်တိုင်း မည်သည့်နေရာမှ မလစ်လပ်စေဘဲ သွားရောက်၍



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

"တချို့က ဘုရားပုထိုးစေတီတွေကို သာမန်လေ့လာလည်ပတ်စရာနေရာတစ်ခုလို သတ်မှတ်ကြတယ်။ ဖူးပြီးသား၊ ရောက်ဖူးပြီးသားဆိုရင် အဲဒီဘုရားဖူးပြီးပြီ၊ ရောက်ပြီးပြီဆိုပြီးမသွားကြတော့ဘူး။ မယ်တော်ကြီးနဲ့ အန်တီအေးတို့ကတော့ ဘယ်ဘုရားမဆို ဖူးလို့လည်းမဝဘူး။ တရားမမ္ဘတွေနဲ့ပူဇော်လို့လည်းမဝဘူး။ ဝတ္ထုငွေတွေလှူဒါန်းလို့လည်းမဝဘူး"

ဟု မယ်တော်ကြီးမှ ပြောလေ့ရှိပါသည်။

ထိုနေ့ညနေပိုင်းတွင် မယ်တော်ကြီးတို့ ဘုရားဖူးသွားနေခိုက် အိမ်ရှင်မိသားစု၏ မိတ်ဆွေဘုရားဖူးဧည့်သည်တစ်ဦးဖြစ်သော ဦးဇော်လွင်သည် ရုပ်ရှင်တော်မြတ်အထံတွင် ၎င်း၏နေအိမ်မှ ကိုးကွယ်ပူဇော်ထားရှိသော ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်လာခဲ့ပြီး ရုပ်ရှင်တော်မြတ်အထံတွင် ရင်ငွေ့တော်လှုံပူဇော်ထားရှိရာ ထိုရုပ်ပွားတော်သည် (၃) ကြိမ်တိုင်တိုင် အရပ်မျက်နှာတော်လှည့်သွားခဲ့ကြောင်း၊ အလွန်ပင်ထူးဆန်းပြီး အံ့သြဖွယ်ကောင်းလှပါကြောင်း၊ မိမိမှာ ပြန်၍တည့်ထားပေးခြင်းဖြစ်ကြောင်းတို့ကို မယ်တော်ကြီးတို့ ပြန်ရောက်လာသည်နှင့် ညွှန်မှူးဇနီးဒေါ်နီနီဝင်းမောင်မှ ဝမ်းသာအားရ ဆီးကြိုပြောပြပါသည်။

အမှန်တော့ ရွှေကူဘုရားတွင် ထိုသို့ ဖြစ်ပေါ်လေ့ရှိသည်မှာ အကြိမ်ပေါင်းများစွာရှိနေခဲ့ပြီ ဖြစ်၏။ သို့သော် ပင့်ဆောင်သည့်နေရာဌာနဆယ်ခုတွင် တစ်ခုသော်မှ ဖြစ်ပေါ်ခြင်းတော့မရှိ၍ ထူးခြားလှသည်သာဖြစ်၏။ ရွှေကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူခါစက ဒေသစာရီခရီးစဉ်များလည်း မပေါ်ပေါက်သေးရာ နေအိမ်မှာပင် တောက်လျှောက် သီတင်းသုံး စံပယ်တော်မူနေခဲ့သောအချိန်တို့တွင် ရပ်ဝေး၊ ရပ်နီးတို့မှ ဗုဒ္ဓရုပ်ပွားတော်များစွာတို့ ပင့်ဆောင်၍ ရင်ငွေ့လှုံခဲ့ကြသောအချိန်ကတည်းကပင် ထိုအာဂန္တုရုပ်ပွားဆင်းတုတော်တို့ မကြာခဏ အရပ်မျက်နှာပြောင်းလှည့်တော်မူပါသည်။ အချို့ဗုဒ္ဓရုပ်ပွားတော်တို့မှာ ရုပ်ရှင်တော်မြတ်၏အထံတော်တွင်သာ အရပ်မျက်နှာပြောင်း ရွှေ့ကြွမြန်းတော်မူခြင်းများရှိပြီး အချို့ဗုဒ္ဓရုပ်ပွားတော်တို့မှာ ၎င်းတို့၏နေအိမ်များသို့ပင့်ဆောင်ပူဇော်ပြီးသည့်တိုင် နှစ်ပေါင်းများစွာအထိ တန်ခိုးတော်များကွယ်ပျောက်မသွားဘဲ အရပ်မျက်နှာများ ဆက်လက်လှည့်လည်ကြွမြန်းတော်မူလျက်ရှိသည်မှာ ပို၍ထူးဆန်းလှပါသည်။

ဒေသစာရီခရီးစဉ်များ ကြွမြန်းတော်မူချိန်၌လည်း ရင်ငွေ့တော်ခိုလှုံသော ရုပ်ပွားဆင်းတုတော်တို့ ယခုကဲ့သို့ ဓာတ်တော်တို့ကူးကူးပြီး အရပ်မျက်နှာတို့ ပြောင်းလှည့်ကြွမြန်းတော်မူရာမှာလည်း အများစုမှာ ရုပ်ရှင်တော်မြတ်ရှိနေဆဲတွင်သာ ထိုသို့ဖြစ်ပေါ်လေ့ရှိတတ်ပြီး ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသွားသောအခါ အရပ်မျက်နှာလှည့်ကြွခြင်းတို့မရှိတော့ပါ။ အလွန်ကံထူးသူတို့သာလျှင် ရုပ်ရှင်တော်မြတ်ပြန်လည်ကြွမြန်းတော်မူသွားသည့်တိုင်ကာလအတန်အကြာအထိ အရပ်မျက်နှာပြောင်းလှည့်တော်မူနေဆဲဖြစ်ကြောင်း သိရပါသည်။

ရုပ်ရှင်တော်မြတ်အား လွန်ခဲ့သော (၅) နှစ်မှ ယနေ့ (၂၀၁၅) တိုင် နှစ်စဉ်ပင့်ဆောင်ပူဇော်ခဲ့သော နေပြည်တော်၊ ပျဉ်းမနား၊ ရန်အောင်(၂)ရပ်ကွက်မှ ဦးမြဝင်း ဒေါ်ကြည်ကြည်စမ်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်စဉ် ၎င်းတို့၏နေအိမ်မှ ယိုးဒယားမြဘုရားသည် ရုပ်ရှင်တော်မြတ်၏ယာဘက်တွင် ပူဇော်ထားရှိရာမှ လက်ဝဲဘက်သို့ ပြောင်းရွှေ့ကြွမြန်းတော်မူသွားခဲ့ပါသည်။ ထူးဆန်းလွန်းလှပါသည်။ အကွာအဝေးမှာ (၆) ပေမျှပင်ရှိပါသည်။ ထိုသို့ မယ်တော်ကြီးနှင့်အိမ်ရှင်မိသားစုတို့ စကားများပြောဆိုလျက်ရှိနေဆဲမှာပင် ရင်ငွေ့တော်လှုံသည့် ဘုရားဒါယကာ ဦးဇော်လွင် ရောက်ရှိလာပါသည်။

၎င်းသည် လွန်ခဲ့သော (၈) နှစ်က စသုံးလုံးညွှန်ချုပ်ကြီး၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာစဉ်က လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ပဌာန်းဒေသနာတော်ကို အမြဲမပြတ်ပူဇော်ခဲ့ကြောင်း၊ ရုပ်ရှင်တော်မြတ်ကိုလည်း အမြဲမပြတ် ပူဇော်ကန်တော့လျက်ရှိနေခဲ့ပါကြောင်းတို့ကို မယ်တော်ကြီးတို့အား ပြောပြပါသည်။

၁၂-၃-၂၀၁၅ ရက်နေ့တွင်တော့ ရုပ်ရှင်တော်မြတ်အား နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇော်ဂျီ (၃) လမ်း၊ အမှတ် (၁၃၀၂) ရှိ တရားရုံးချုပ်ဥပဒေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်း၊ ဇနီး ဒေါ်သင်းသင်းအေးတို့မှ ဆက်လက်ပင့်ဆောင်ပါသည်။ ဤမိသားစုသည် ၂၀၁၃ ခုနှစ်တုန်းက ရုပ်ရှင်တော်မြတ်ကြီးအား ပထမအကြိမ်ပင့်ဆောင်ပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်က ညွှန်/ချုပ်ကြီးသည် နိုင်ငံခြားခရီးစဉ်နှင့်တိုက်ဆိုင်နေသဖြင့် ဘုရားပင့်မည့်ရက်ကိုပြောင်းရွှေ့ပေးရန် မယ်တော်ကြီးထံ မေတ္တာရပ်ခံခဲ့ပါသေးသည်။ သို့သော် ရုပ်ရှင်တော်မြတ်သည် ရက်ချိန်းများဆက်တိုက်ပေးထားပြီးဖြစ်သည့်အပြင် တစ်စုံတစ်ဦးမှ ပင့်ဆောင်ရန်ပျက်ကွက်ခဲ့လျှင် မြို့တိုင်း၌ အသင့်စောင့်ကြိုပင့်ဆောင် ပူဇော်လိုသူတို့ရှိနေသည်ဖြစ်ရာ မိမိရရှိသောရက်တွင် အကြောင်းမညီညွတ်၍ မပင့်ဆောင်ဖြစ်ခဲ့လျှင်လည်း ထိုရက်တွင် ပင့်ဆောင်မည့်သူတို့ရှိပါသည်။ ထို့အတွက် အားနာကြောင့်ကြမှုမဖြစ်ပါနှင့်။ သို့သော် ထိုရက်အတွက် ရက်စားရနိုင်ရန်ကတော့ဖြစ်နိုင်မည်မဟုတ်ပါဟု အကြောင်းပြန်ကြားခဲ့ရာ ညွှန်ချုပ်ကြီး၏ဇနီး ဒေါ်သင်းသင်းအေးသည် ရရှိသောရက်ကို အလွတ်မခံဘဲ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ထိုအခါ ညွှန်/ချုပ်ကြီးသည် မိမိနေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်နေသည်ကို နိုင်ငံခြားမှပင် မှန်းဆပြီး ကြည်ညိုခဲ့ရသဖြင့် အပြည့်အဝဝမ်းမြောက်နိုင်ခြင်းမရှိခဲ့ရဟု သိရပါသည်။

ယခုတစ်ကြိမ်တွင်တော့ ညွှန်ချုပ်ကြီး ကိုယ်တိုင်ကိုယ်ကျ မိသားစုစုံစုံညီညီနှင့် ပင့်ဆောင်ပူဇော်ကြရသောကြောင့် အထူးပင် ဝမ်းမြောက်လျက်ရှိပါသည်။ ညွှန်/ချုပ်ကြီးသည် ရုပ်ရှင်တော်မြတ်အား အလွန်ပင်ကြည်ညိုလှပြီး မယ်တော်ကြီးတို့ ရွတ်ဖတ်ပူဇော်သော တရားမမ္ဘများကိုလည်း လေးလေးနက်နက် နာယူလျက်ရှိ၍ မယ်တော်ကြီးနှင့်အန်တီအေးတို့လည်း ဝမ်းမြောက်မိကြပါသည်။ ညွှန်ချုပ်ကြီးမိသားစုသည် အန်တီအေးနှင့်မယ်တော်ကြီးတို့ကိုလည်း လေးလေးစားစား နွေးထွေးလိုက်လှဲစွာ ဆက်ဆံကြသဖြင့် မယ်တော်ကြီးတို့လည်း မိသားစုအရင်းအချာများ၏နေအိမ်သို့ရောက်ရှိရသကဲ့သို့ လွတ်လပ်ပေါ့ပါးစွာနေထိုင်ရပါသည်။ ဤမိသားစုသည်လည်း သူရဇ္ဇမဂ္ဂဇင်းကြီးတွင် အဆက်မပြတ်ပူဇော်ပါရှိလျက်ရှိသော စာရေးသူ၏ ဆောင်းပါးများကိုမလွတ်တမ်းစောင့်မျှော်ဖတ်ရှုလျက်ရှိသည့် ပရိသတ်များဖြစ်ကြောင်းသိရပါသည်။

(ဆက်ရန်)

ဘိုဘို (ရွှေဒေးဘု)



www.burmeseclassic.com

www.burmeseclassic.com

# မြင်းဘုန်းလွင်

## အခြေခံဝိပဿနာတရား ရှုမှတ်ပွားရာဝယ်



ဗုဒ္ဓဘာသာဝင်များသည် သံသရာခရီးလမ်းအား ဖြောင့်တန်းစွာသွားနိုင်ခြင်းအလို့ငှာ ဒါန၊ သီလ၊ ဘာဝနာကို ကောင်းမှုကုသိုလ်အဖြစ် နိဗ္ဗာန်ကိုရည်စူးပြီး ထုပ်ပိုးပြင်ဆင်လေ့ရှိကြပါသည်။ ယနေ့အခါကာလ၌ ဗုဒ္ဓဘာသာဝင်များသည် ဒါန၊ သီလပိုင်းကိုသာမက ဘာဝနာတရား ပွားများအားထုတ်ခြင်းကိုပါ ဇောင်းပေးဆောင်ရွက်လာကြသည်ကို ယခင်ကာလများထက် ပိုမိုတွေ့မြင်နေရပါသည်။

ကျောင်းကြိုကျောင်းကြားဝင်ရောက်ရမည့် သက်ရွယ်ကြီးမြင့်နေသည့် အရွယ်အို အဘိုးအဘွားများသာမက သတ်လတ်ပိုင်းနှင့် လူငယ်ပိုင်းများ အပါအဝင် အရွယ်သုံးပါးမရွေး တရားစခန်းများဝင်ကြ၊ တရားရိပ်သာများသွားကြနှင့် ပဋိပတ္တိအပိုင်း၌ သိသိသာသာပင် ဆော်ဝင်ဝေဆာလာသည်ကို တွေ့မြင်ကြားသိနေရပါသည်။

အလှူပေးကမ်းခြင်း၊ သီလဆောက်တည်ခြင်းများအပြင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ဖို့ရာနှင့် နိဗ္ဗာန်ရောက်ကြောင်းအထောက်အပံ့ဖြစ်စေနိုင်ခြင်း အလို့ငှာ ဘာဝနာများပွားခြင်းနည်းလမ်း အသွယ်သွယ်ကို ထဲထဲဝင်ဝင် လေ့လာပွားများအားထုတ်လာကြခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ မိမိနှင့်လျော်ညီအပ်စပ်ရာ နည်းလမ်းများနှင့်သာ ရွေးချယ်အားထုတ်ကြသည်မှာ ရှေးအစဉ်အဆက်ကတည်းကပင် ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဟူသည့် ဣရိယာပုတ်လေးပါးအနက် ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကို မတ်မတ်ထားကာ ထိုင်လျက်အနေအထားနှင့် အများဆုံးအားထုတ်ကြပါသည်။ မိမိခန္ဓာကိုယ်ကြီး၏ နှာသီးဖျား (သို့) ရင်ညွန့် စသည်တို့အပေါ် စိတ်ကို ကပ်ကာရှုမှတ်ကြခြင်း ဖြစ်ပါသည်။ ဝင်လေ၊ ထွက်လေကို စိတ်ကပ်ပြီး ရှုမှတ်ခြင်းသည် အာနာပါနကမ္မဋ္ဌာန်း ဖြစ်သည်။ မိမိစိတ်ကို အခြားတစ်နေရာရာဆီသို့ မပျံ့လွင့်ရအောင် သမာဓိတရားထူထောင်ခြင်း ဖြစ်ပါ၏။

ရှုမှတ်မှုအလေ့အကျင့်တို့ကြောင့် စိတ်ပျံ့လွင့်မှုမရှိတော့ဘဲ သမာဓိအားခိုင်မာလာသည့်အခါ၌ ဝိပဿနာသို့ ဆက်လက်ကူးပြောင်းရမည် ဖြစ်သည်။ ဝိ - အထူးထူးသော၊ ပဿနာ - ရှုမှတ်ခြင်း ဟူ၍ ဝိပဿနာကို အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာတွင် မိမိရှုမှတ်သည့်ဇောအလိုက် ခန္ဓာကိုယ်၌ ပေါ်ပေါက်လာသည့်ခံစားမှု အာရုံအသီးသီးအပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးတင်ကာ ဆက်လက်ရှုမှတ်ပွားများရမှာ ဖြစ်ပါသည်။

တရားစခန်း၊ ရိပ်သာများ၌ တရားတစ်ချိန်အားထုတ်ရန် အများအားဖြင့် တစ်နာရီခန့် သတ်မှတ်လေ့ရှိပါသည်။ ပထမနာရီဝက် သမာဓိထူထောင်စေကာ ကျန်နာရီဝက်၌ ဝိပဿနာသို့ကူးပြောင်းရှုမှတ်ရပါသည်။ ကမ္မဋ္ဌာန်းတရားစတင်ထိုင်ရာ၌ ဝင်လေ၊ ထွက်လေ (သို့) မိမိသတ်မှတ်ချက်တစ်ခုအပေါ် စိတ်ကိုကပ်၍ စိတ်မပျံ့လွင့်အောင် ထိန်းချုပ်ခြင်းဖြင့် စူးစိုက်မှုသမာဓိအား ပိုမိုကောင်းမွန်လာကာ စိတ်တည်ကြည်လာမည် ဖြစ်ပါသည်။

သည်အခါ ခန္ဓာမှာဖြစ်ပေါ်လာသည့် - ညောင်းညာထုံကျဉ်ကိုက်ခဲမှု ဝေဒနာများနှင့် အာရုံအမျိုးမျိုးဖြစ်ပေါ်လာသည့်အပေါ် မမြဲသော အနိစ္စတရား၊ ဆင်းရဲသော ဒုက္ခတရား၊ အစိုးမရသော အနတ္တတရားဟူ၍ လက္ခဏာရေး(၃)ပါးအမြင်ဖြင့် ဆင်ခြင်၍ ဆက်လက် ရှုမှတ်ပွားများ အားထုတ်ပါက သမာဓိအားကောင်းလျှင် ကောင်းသည့်အလျောက် ဉာဏ်စဉ်အဆင့်ဆင့် တက်လှမ်းနိုင်ကာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိရရှိကာ မဂ်ပေါက်၊ ဖိုလ်ပေါက်ဘဝနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပါသည်။

ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲကား ဣရိယာပုတ်တစ်မျိုးမျိုး၌ တစ်သမတ်တည်းနေထိုင်ရသည့်အတွက် ညောင်းညာထုံကျဉ်ကိုက်ခဲယားယံသည့် ဝေဒနာများကို ရင်ဆိုင်ရခြင်း ဖြစ်သည်။ ထိုအခါမျိုး၌ ယင်းဝေဒနာကိုကျော်လွှားနိုင်မည့် နည်းလမ်းများကို ကမ္မဋ္ဌာန်းနည်းပြဆရာများက မိမိတို့ရွေးချယ်အားထုတ်သည့် ကမ္မဋ္ဌာန်းနည်းလမ်းများအလိုက် နည်းနိဿယများကို ညွှန်ပြကြပါသည်။ ဝိပဿနာတရားရှုမှတ်ပွားရာ သတိပဋ္ဌာန်တရား(၄)ပါးနှင့် ပိုင်းခြားရှုမှတ်ရာ၌ -

ကာယာနုပဿနာ - ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၏ ဖြစ်ပျက်နေမှုကို ရှုမှတ်ခြင်း၊

စိတ္တာနုပဿနာ - စိတ်အပေါင်းတို့၏ ဖြစ်ပျက်နေမှုကို ရှုမှတ်ခြင်း၊

ဝေဒနာနုပဿနာ - ဝေဒနာဖြစ်တည်မှုအပေါ် ဖြစ်ပျက်နေမှုကို ရှုမှတ်ခြင်း၊

ဓမ္မာနုပဿနာ - ဓမ္မသဘောတို့၏ ဖြစ်ပျက်နေမှုကိုရှုမှတ်ခြင်း ဟူ၍ နည်းလမ်းများရှိပါသည်။

ဝေဒနာနုပဿနာနည်းလမ်းဖြင့် ဝိပဿနာတရားရှုမှတ်နေသည့် ယောဂီသည် မိမိခန္ဓာ၌ ဖြစ်ပေါ်လာသည့် ထုံကျဉ် ညောင်းညာ ကိုက်ခဲနေသည့် ဝေဒနာများအပေါ် ဖြေဖျောက်ရန်အတွက် ရွှေ့ပြောင်းမိပါက ဝေဒနာကို ဣရိယာဖုံးသည်ဟု ကမ္မဋ္ဌာန်းဆရာက ညွှန်ပြဆုံးမပါသည်။ ဝေဒနာကိုသည်းခံဖို့ရာ ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ဘုရားကြီးက ဆုံးမရာမှာ -

◘ မခံသာ မှန်ပါ၏ သည်တရား၊ ခံသာလျှင် သံသရာကြော မျောလိမ့်အများဟု ဆုံးမတော်မူပါသည်။

သဲအင်းဂူဆရာတော်ဘုရားကြီးကမူ -

◘ လိမ့်ခံ ပိန့်ခံ အန်ခေါင့် ဟု ဆုံးမတော်မူရာ ဝေဒနာတက်လာပါက လိမ့်ပိန့်ပြီး အန်ခေါင့် အောင့်ခံ ဟူ၍ ဆိုလိုခြင်း ဖြစ်ပါသည်။

အလားတူပင် ကာယာနုပဿနာနည်းလမ်းဖြင့် ရှုမှတ်ပွားများသည့်အခါ၌မူ အားထုတ်သည့် ယောဂီ၏ ဦးခေါင်းပိုင်း၊ လက်အပိုင်း၊ ကိုယ်အပိုင်းနှင့် ခြေအပိုင်း အစရှိ၍ အပိုင်းပိုင်းအလိုက် ဖြစ်ပျက်နေမှုတို့အပေါ် မိမိအားထုတ်ထားသည့် သမာဓိအားဖြင့် လက္ခဏာရေး (၃) ပါးကိုတင်ကာ ဆင်ခြင်သုံးသပ်ရှုမှတ်ပွားရမည် ဖြစ်ပါသည်။ ဤသည့်နည်းလမ်း၌ မခံမရပ်နိုင်လောက်အောင် ဝေဒနာတက်လာပါက သမာဓိတရားမပျက်ပြားရလေအောင် ခန္ဓာအနေအထားကို တစ်ခဏချင်းရွှေ့ပြောင်းပြီးသည်နှင့် မူလအတိုင်းပြန်လည်ရှုမှတ်ရန် ကမ္မဋ္ဌာန်းနည်းပြဆရာများက ခွင့်ပြုပါသည်။ ကျန်ရှိသော ကွဲပြားသည့်ရှုမှတ်ပုံနည်းလမ်းများ၌လည်း ကမ္မဋ္ဌာန်းဆရာဆုံးမသင်ပြသော နည်းလမ်းအတိုင်း အားထုတ်ရှုမှတ်ကြရန် ဖြစ်ပါသည်။

ဝိပဿနာကမ္မဋ္ဌာန်းတရားကို မည်သည့်နည်းလမ်းများဖြင့် ရှုမှတ်ပွားသည်ဖြစ်စေ အားထုတ်သည့် ယောဂီသည် -

၁။ ပညတ်နှင့်ပရမတ်ကွဲရန်၊
၂။ ရုပ်နှင့်နာမ်ကွဲရန်၊
၃။ ဖြစ်ပျက်မြင်ရန်နှင့်
၄။ သင်္ခါရုပေက္ခာဉာဏ်ဟု ...

၁။ ပညတ်နှင့်ပရမတ်ကွဲရန်၊
၂။ ရုပ်နှင့်နာမ်ကွဲရန်၊
၃။ ဖြစ်ပျက်မြင်ရန်နှင့်
၄။ သက္ကာယဒိဋ္ဌိကွာဖို့ရာ စသည်များကို အားထုတ် ကြိုးပမ်း ရှုမှတ်ရမည် ဖြစ်ပါသည်။

**၁။ ပညတ်၊ ပရမတ်ကွဲရန်**

အမည်နာမအမျိုးမျိုးတို့တပ်ကာ ခေါ်ဝေါ်သုံးစွဲနေခြင်းသည် ပညတ်ဖြစ်ပါသည်။ အမှန်တကယ်မရှိပါ။ ဥပမာပေးရလျှင် စားပွဲ၊ ကုလားထိုင်၊ ဗီရိုတို့အား အမည်အမျိုးမျိုးတပ်၍ ခေါ်ဝေါ်နေစေကာမူ မူလအရင်းခံမှာ သစ်ပင်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍ အမည်နာမကွဲပြားစေကာမူ မူလဘူတမှာ ရုပ်နှင့်နာမ်သာဖြစ်ပါသည်။

**၂။ ရုပ်နှင့်နာမ်ကွဲရန်**

ရုပ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသည့် အကြောင်းတရားလေးပါးကြောင့်ဖြစ်တတ်လာသည့်အကျိုးတရားဖြစ်ပါသည်။ မည့်သည်တန်ခိုးရှင်ကမျှ ဖန်တီးလာသည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ လယ်တီဆရာတော်ဘုရားကြီးက -

◘ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေလျဉ်ပမာ၊ ရုပ်ခန္ဓာသည် ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း -

ဟူ၍ စပ်ဆိုတော်မူထားပါသည်။

ထိုနည်းတူ -

◘ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး၊ ဖြစ်ပျက်ကြသတည်းဟု လင်္ကာစာသားအရ အတွင်းအာယတနခြောက်ပါးနှင့် အပြင်အာရုံ



www.burmeseclassic.com

www.burmeseclassic.com

ချောက်ပါး ရုပ်တို့ တွေ့ဆုံမှုကြောင့် ဝိညာဉ်ခြောက်မျိုးဆိုသည့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ ဆိုသည့် အသိစိတ်ခြောက်မျိုးဖြစ်လာကြခြင်းဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

**၃။ ဖြစ်ပျက်မြင်ရန်**

ရုပ်သည် ဖြစ်ပြီး ပျက်၏။ နာမ်သည်လည်း သိပြီး ပျက်၏။ ငါမဟုတ်၊ ငါမပါ၊ အတ္တမဟုတ်၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်၍နေသော အနတ္တသဘောဖြစ်၏။ ဘုရားပူဇော်ထားသည့် မီးတောက်ကို ကြည့်ရှုပါက မီးတောက်မငြိမ်းသေးသမျှ မူလအစကမီးဟူ၍ထင်မှတ်နေတတ်ပါသည်။ ဉာဏ်မြင့်ရှုမှသာ အဆက်မပြတ်တောက်လောင်နေသည့် မီးအသစ်၊ ဆီအသစ်များသာဖြစ်ကြောင်း သိမြင်မည်ဖြစ်ပါသည်။

ငုဝ်းနည်းတူ မြစ်ရေအလျဉ်စီးဆင်းနေသည်ကို ရှုကြည့်ပါကလည်း ရှေ့ကရေများ စီးဆင်းကုန်ဆုံးသွားသော်လည်း ဒုတိယရေ၊ တတိယရေ၊ အသစ်အသစ်များ ရောက်ရှိလာ၍ အဆက်မပြတ်စီးဆင်းနေရာ ရေစီးကြောင်းပျောက်မသွားသည့် ဥပမာကဲ့သို့ ရုပ်၊ နာမ်တို့သည်လည်း ဤသို့သော သဘောတရားများပင်ဖြစ်ကြောင်း ရှုမြင်မှတ်သားနိုင်ပါသည်။

**၄။ သက္ကာယဒိဋ္ဌိကွာရန်**


သ - ထင်ရှားရှိလေသော၊ ကာယော - ရုပ်နာမ်အစု (သို့) ခန္ဓာငါးပါးအစု၊ ဒိဋ္ဌိ - အယူမှား၊ အမှတ်မှား၊ အစွဲမှားခြင်းဟု ဆိုလိုပါသည်။ သို့ဖြစ်၍ သက္ကာယဒိဋ္ဌိ ဆိုသည်မှာ အမှန်ထင်ရှားရှိသော ရုပ်၊ နာမ်အစု (သို့) ခန္ဓာငါးပါးအစုကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍ အယူမှား အမှတ်မှား အစွဲမှားနေသည်ကိုဆိုခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ -

- ငါမရှိ၊ သူမရှိ၊ လူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ မရှိတာသိ၊ မှားမငြိ၊ ဒိဋ္ဌိကွာမည်သာ ဟူ၍ ဖွဲ့ဆိုထားပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမစာ၌လည်း -

- နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ တွေန်မုချ၊ မသိကြ၍၊ ငါထငါထိုင်၊ ငါတိုင်ငါသွား၊ ငါကြားငါကြည့်၊ ငါသိငါမြင်၊ မာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ ထင်မှတ်ကြသည်၊ သက္ကာယဒိဋ္ဌိ စွဲလမ်းမှုကြီးပါတကား ဟူ၍ ရှိပါသည်။



မိုးကုတ်ဆရာတော်ဘုရားကြီးမှလည်း ယောဂီများအား -

- ဝိပဿနာတရားကိုကြိမ်ဖန်များစွာ တစ်ရာမက အားထုတ်နေကြသော်လည်း သက္ကာယဒိဋ္ဌိမပြုတ်သမျှတော့ ငရဲတင်းကုပ်ပါပဲ ဟူ၍ မိန့်တော်မူကြောင်း သိရှိရပါသည်။

မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးမှလည်း -

- ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်းပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ်မျှသာတည်း ဟူ၍ ဆုံးမတော်မူရာ၌ ဤခန္ဓာကိုယ်မှာ ရုပ်၊ နာမ်နှစ်ပါးကလွဲပြီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝဘာတစ်ခုမှမရှိ။ ရုပ်ဓာတ်၊ နာမ်ဓာတ်နှစ်မျိုးသာရှိ။ ငါဆိုတာမရှိပါဟု ဆိုလိုခြင်း ဖြစ်သည်။

သက္ကာယဒိဋ္ဌိ ဟူသည် 'ငါ' ဟူ၍ အယူလွဲအမှတ်လွဲကာ ငါစွဲစွဲနေ၍ဖြစ်ပါသည်။ အကယ်စင်စစ် ငါမဟုတ်သည့် ရုပ်နှင့်နာမ်၏အမှုသာဖြစ်ကြောင်းသိရှိပါက သက္ကာယဒိဋ္ဌိပြုတ်မည်သာဖြစ်ပါ၏။

သို့ဖြစ်၍ -

- ငါမရှိ၊ သူမရှိ၊ လူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ မရှိတာသိ နာမ်နှင့်ရုပ်သာရှိ မှားမငြိ၊ ဒိဋ္ဌိကွာမည်သာ ဟူ၍ သက္ကာယဒိဋ္ဌိကွာစေခြင်းငှာ ဆရာတော်ကြီးများက ဆိုဆုံးမကြပါသည်။

ဤသို့ဖြင့် သက္ကာယဒိဋ္ဌိကို ခေတ္တခဏ (တဒင်္ဂ) ကွာပါက၊ ခွာနိုင်ပါက စူဠသောတာပန်ဖြစ်ပါသည်။ အစဉ်ထာဝရ (သမုစ္ဆေဒပဟာန်) ကွာပါက၊ ခွာနိုင်ပါက မဟာသောတာပန်ဖြစ်ကာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများ မကျရောက်နိုင်တော့ဘဲ အပါယ်လေးပါးတံခါးပိတ်ကာ ဝိသာခါကျောင်းအမကြီးနှင့် အနာထပိဏ်သူဌေးကြီးတို့ကဲ့သို့ ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်မည်ဖြစ်ပါသည်။

ဤအကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက -

- သက္ကာယဒိဋ္ဌိ တဒင်္ဂလေးပါးတံခါးပိတ်၍ နိဗ္ဗာန်အဝင် ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါနှင့် အနာထပိဏ်တို့လို ငါတို့လည်းဖြစ်ရချေမည်တကားဟု စာသားဖြင့် ငါစွဲကင်းစင် နိဗ္ဗာန်ဝင် ဟူသည့်သဘောကို ဆုံးမညွှန်ပြထားပါသည်။

သို့ဖြစ်၍ ယောဂီအများတို့သည် မိမိတို့သန်ရာသန်ရာ နည်းနာနိဿယများဖြင့် ဝိပဿနာတရား ရှုမှတ်ပွားကြသည့်အခါ ထိထိမိမိ အကျိုးရှိကြရလေအောင် သက္ကာယဒိဋ္ဌိခွာထုတ်နိုင်သည်အထိ အားထုတ်ကြိုးပမ်း၍ မဂ်လမ်းကိုလျှောက်လှမ်းနိုင်ကြစေခြင်းငှာ ကောင်းမြတ်သောမနသီဖြင့် တိုက်တွန်းရေးသား ဖော်ပြအပ်ပါသည်။

- အတွင်းအာယတနခြောက်ပါး - မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်
- အပြင်အာရုံခြောက်ပါး - အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ

**စာကြွင်း -**

ဤဆောင်းပါးစာစုသည် မိမိလေ့လာဖတ်ရှုအားထုတ်သမျှမှ ဉာဏ်မီသရွေ့ ရေးသားထားခြင်း ဖြစ်ပါ၏။ အမှားအယွင်းနှင့် လွဲချော်မှုများ ပါရှိပါက ထောက်ပြ ဆုံးမနိုင်ပါကြောင်း တောင်းပန်အပ်ပါသည်။

မင်းဘုန်းလွင်

**စာကိုး -**

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာ
ဝိပဿနာကမ္မဋ္ဌာန်းခုနစ်ရက်စခန်း
အလုပ်ပေးတရားဟောစဉ်များ
(ကမ္မဋ္ဌာနာစရိယဆရာကြီးဦးသန်း)
ဆရာကြီးဦးသန်း - ဝိပဿနာကျင့်စဉ်တရားတော်များ
(အရှင်ဇေယျာနန္ဒ၊ ပုဂံ)
တရားမမွေဆွေးနွေးမှုမှတ်စုများ



www.burmeseclassic.com

www.burmeseclassic.com

မုဒ္ဒမြိတ်ဖွာဘာပြောခဲ့သလဲ(၄)

# လူ့သဘာဝဖြစ်ရိုးဖြစ်စဉ်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

**ရဟန်းတို့** - အကြောင်းသုံးရပ်တို့၏ပေါင်းဆုံခြင်းကြောင့် ပဋိသန္ဓေကိုယ်ဝန်တည်မှုဖြစ်၏။ မိဘနှစ်ဦးတို့သည် ပေါင်းဖော်ကုန်၏။ အမိကလည်း ဥတုလာပြီးစဖြစ်၏။ အမိဝမ်းသို့ရောက်ထိုက်သူ သတ္တဝါသည် ရှေ့ရှုတည်လျက်အသင့်ရှိ၏။ ဤအကြောင်းသုံးရပ်တို့၏ ပေါင်းဆုံမှုကြောင့် ပဋိသန္ဓေကိုယ်ဝန်တည်မှုသည် ဖြစ်နိုင်ပေ၏။

**ရဟန်းတို့** - ထိုကိုယ်ဝန် (သန္ဓေသား) ကို မိခင်သည် ကိုးလဖြစ်စေ၊ ဆယ်လဖြစ်စေ ဝမ်းဖြင့်လွယ်ရ၏။ မိမိနှင့်ကလေးပါ အသက်ရှင်ရေးအတွက် ကြီးစွာသောသံသယဖြင့် လေးလံသောဝန်ကြီးကိုလွယ်ရ၏။ ထိုကိုယ်ဝန်ကို ကိုးလလွန်သောအခါ၌ဖြစ်စေ၊ ဆယ်လလွန်သောအခါ၌ဖြစ်စေ မိခင်နှင့်ကလေးပါ အသက်ရှင်ရေးအတွက် ကြီးစွာသောသံသယဖြင့် လေးလံသောဝန်ကြီးကို မွေးဖွားရ၏။ မွေးဖွားပြီးနောက် ထိုသားငယ်ကို မိမိ၏သွေးဖြင့်တိုက်ကျွေးမွေးမြူရ၏။ အမိ၏နို့ရည်သည် သာသနာတော်ဝေါဟာရဖြင့် သွေးမည်၏။

**ရဟန်းတို့** - ထိုသူငယ်သည် ကိုယ်ကာယကြီးထွားခြင်း၊ မျက်စိမြင်၊ နားကြား စသည်တို့ ရင့်ကျက်ခြင်းကိုစွဲ၍ ထွန်ငယ်ဖြင့် ကစားခြင်း၊ ကျည်းသားရိုက်ကစားခြင်း စသော ထိုထိုဤဤ ကလေးသူငယ်တို့၏ ကစားနည်းမျိုးတို့ဖြင့်ကစား၏။

**ရဟန်းတို့** - ထိုသူသည် ကြီးထွားခြင်း၊ မျက်စိမြင်၊ နားကြား စသည် ရင့်ကျက်ခြင်းကိုစွဲ၍ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်ကုန်သော၊ ချစ်အပ်သောသဘောရှိကုန်သော၊ ကာမရာဂနှင့်ဆက်သွယ်ကုန်သော တပ်မက်ဖွယ် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါးတို့ကို ခံစား၍ ပျော်ပါးလျက်ရှိနေ၏။

ထိုသူငယ်သည် မျက်စိဖြင့်အဆင်းကိုမြင်၍ ချစ်နှစ်သက်ဖွယ်သဘောရှိသောအဆင်း၌ တပ်မက်သောစိတ်ဖြစ်၏။ မချစ်မနှစ်သက်ဖွယ်သဘောရှိသောအဆင်း၌ ဒေါသစိတ်ဖြစ်၏။ သုံးဆယ့်နှစ်ကောဋ္ဌာသအစုအဝေးဟု သတိမထားဘဲ မကောင်းသောစိတ်ဖြစ်လျက်နေ၏။ ယုတ်ညံ့သောအကုသိုလ်တရားတို့မှ လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သောပညာကို အမှန်အတိုင်း ခွဲခြား၍ မသိ၊ နားဖြင့် အသံကိုကြား၍ နှာခေါင်းဖြင့် အနံ့ကိုနံ၍၊ လျှာဖြင့် အရသာကိုလျက်၍ ကိုယ်ဖြင့် အတွေ့အထိကိုတွေ့ထိ၍ စိတ်ဖြင့် သဘာဝဓမ္မသိ၍ ချစ်နှစ်သစ်ဖွယ်သဘောရှိသော အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘာဝဓမ္မ၌ တပ်မက်သောစိတ်ဖြစ်၏။ မချစ်မနှစ်သက်ဖွယ် သဘောရှိသော အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ သဘာဝဓမ္မ၌ ဒေါသစိတ်ဖြစ်၏။ သုံးဆယ့်နှစ် ကောဋ္ဌာသ အစုအဝေးဟု သတိမထားဘဲ မကောင်းသောစိတ်ဖြစ်လျက်နေ၏။ ယုတ်ညံ့သောအကုသိုလ်တရားတို့မှ ထွက်မြောက်သောစိတ်နှင့် လွတ်မြောက်သောပညာကို အမှန်အတိုင်း ခွဲခြား၍ မသိ။

ထိုသူသည် ဤသို့နှစ်သက်သောအာရုံနှင့်တွေ့လျှင် လိုက်လျောခြင်း၊ မနှစ်သက်သော အာရုံနှင့်တွေ့လျှင် ဆန့်ကျင်ခြင်းအားဖြင့် ချမ်းသာသောခံစားမှု၊ ဆင်းရဲသောခံစားမှု၊ ဆင်းရဲချမ်းသာဟုမဆိုရသောခံစားမှုကိုခံစား၏။ ဆင်းရဲခံစားမှုကိုလည်း နှစ်သက်၏။ အားပါးတရပြော၏။ ထိုခံစားမှုကို သူများနှင့်မဆိုင်သလို သက်ဝင်စွဲလမ်း၍တည်၏။ ယင်းခံစားမှုကိုနှစ်သက်ခြင်း၊ အားပါးတရပြောခြင်း၊ သက်ဝင်စွဲလမ်း၍ တည်ခြင်းကြောင့် ထိုသူအား ခံစားမှုတို့၌ နှစ်သက်ခြင်းသည် ဖြစ်၏။

ခံစားမှုတို့၌ နှစ်သက်ခြင်းသည် စွဲလမ်းမှုပင်ဖြစ်၏။ ထိုသူအား ထိုစွဲလမ်းမှုဟူသော အကြောင်းကြောင့် ဖြစ်ခြင်းဟူသောဘဝဖြစ်၍ ဘဝ၌ ပထမဆုံးစဖြစ်မှုဟူသော ဇာတိနှင့် အိုခြင်းဇရာ၊ သေခြင်း မရဏ၊ ပူဆွေးခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပါယာသတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဖက်၊ သက်သက်ဆင်းရဲချည်းဖြစ်သော ဒုက္ခစက်ကြီး ဖြစ်လေတော့၏။

*မူလပဏ္ဏာသပါဠိတော်၊*
*၄ ယမကဝဂ်၊*
*၈-မဟာတဏှာသင်္ခယသုတ်။*

စုစည်းစုဆောင်းသူ
ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**ကျမ်းကိုး** -

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ဗုဒ္ဓမြတ်စွာ ဘာပြောခဲ့သလဲ ဟူသော ကထိနဒါနမင်္ဂလာတွင် ဓမ္မဒါနအဖြစ် ကမ်းလှမ်းဝေငှခဲ့သော စာအုပ်ငယ်ဖြစ်၏။ စာအုပ်ဝေငှခဲ့သောနှစ်မှာ ၁၃၂၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် ၁၅ ရက်။



www.burmeseclassic.com

www.burmeseclassic.com

# မြစိမ်းသပြေ

# အယုဒ္ဓယအလွမ်း



အယုဒ္ဓယမြို့ဟောင်းကြီးမှ ဘုရားပုထိုးအပျက်အစီးများ



Wat Yai Chaya Mongkol ပရဝဏ်အတွင်းမှဆင်းတုတော်

ထိုင်းနိုင်ငံသို့သွားရမည်ဆိုလျှင် ကျွန်မအသွားချင်ဆုံးနေရာမှာ အယုဒ္ဓယဖြစ်ပါသည်။ ဖတ်မှတ်လေ့လာဖူးသော သမိုင်းစာမျက်နှာထဲမှ ယိုးဒယား-မြန်မာစစ်ပွဲများအကြောင်း၊ မြန်မာတပ်များ၏ ဖျက်ဆီးခြင်းခံရသော အယုဒ္ဓယမြို့တော်ကို ပြန်လည် တည်ဆောက်ခြင်း မပြုတော့ဘဲ မြန်မာတို့ဖျက်ဆီးထားသည့် အတိုင်းထားခဲ့ပြီး ဘန်ကောက်ကို မြို့တော်အသစ်ဖြင့် ရွှေ့ပြောင်းသွားသော ယိုးဒယားများ စသည့်အကြောင်းအရာများက ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုနှင့် ကျွန်မ၏စိတ်ကို ဖမ်းစားထားသည်။

လွန်ခဲ့သော (၂) နှစ်ခန့်က ကြည့်လိုက်ရသော ဘုရင့်နောင်မင်းတရားကြီးနှင့် ယိုးဒယားဘုရင်များ၊ ဟံသာဝတီသို့ ရောက်လာသော မင်းသားဗြနရာဇ်ခေါ် နရဲစွမ်တို့အကြောင်းကြည့်ရတော့ ဒဏ္ဍာရီလိုလိုထင်ခဲ့သောဇာတ်လမ်းမှာ သက်ဝင်လှုပ်ရှားလို့နေပေပြီ။ ထိုကားကို ကြည့်တိုင်း စိတ်ထဲမှာ ဝမ်းနည်းသလိုခံစားရသည်။ ထိုင်းတို့ရိုက်ကူးတာဖြစ်၍ သူတို့ဇာတ်လိုက်ဖြစ်နေတာထားပါတော့။ ကျွန်မတို့ရာဇဝင်မှာထင်ရှားသော ဘုရင့်နောင်မင်းတရားကြီး၊ နန္ဒဘုရင်၊ အိမ်ရှေ့ဥပရာဇာမင်းကြီးစွာ၊ တောင်ငူဘုရင် နတ်ရှင်နောင်နှင့် မင်းညီမင်းသားများ၊ နန်းတွင်းသူများ၊ ကြီးကျယ်ခမ်းနားသော ဟံသာဝတီမင်းနေပြည်တော်၊ ရှုပ်ထွေးပွေလီသော နန်းတွင်းအရေးအခင်းများ၊ သန်မာထွားကျိုင်း၍ စစ်ရေးစစ်ရာထူးချွန်ထက်မြက်သော မြန်မာစစ်သည်များ၊ ပြင်းပြင်းထန်ထန်တိုက်ခိုက်သိမ်းပိုက်ရသောနယ်မြေသိမ်းစစ်ပွဲများ စသဖြင့် ကျွန်မတို့ကြားဖူးသမျှတွေ့မြင်တွေ့ရတာဖြစ်၍ အားရကျေနပ်မှုနှင့်အတူ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံပြီးနောက် မြန်မာအင်ပါယာကြီး ပြိုကွဲသွားတာကိုတော့ ကြေကွဲရပါသည်။

အယုဒ္ဓယဟု ဆိုလိုက်လျှင် အမြောက်သံတွေဆူညံလျက် တိုက်ပွဲဝင်နေသောနှစ်ဖက်စစ်သည်များ၊ ပေါက်ကွဲမှုများနှင့် မီးလောင်နေသောနေအိမ်များ၊ နန်းတော်အဆောက်အအုံများ၊ ပြေးလွှားနေကြသည့်ပြည်သူများ၊ ဒဏ်ရာရစစ်သည်များကို အဆောက်အအုံထဲသယ်ယူပြီး ပြုစုနေပုံများ မြင်ယောင်လာပါသည်။ ရာဇဝင်မှာ ထင်ရှားသည့် အယုဒ္ဓယကို ရောက်ဖူးချင်တာကတော့ အမှန်ပါ။ ကံကြုံလျှင်တော့တစ်ခေါက်ရောက်ရမှာပေါ့လေဟု ကိုယ့်ဘာသာကိုယ် အားပေးထားရသည်။

ယခုတော့ ကျွန်မဆန္ဒပြည့်ဝရတော့မည်။ ကျွန်မတို့ရဲ့မောင်လေး စိုင်းမျိုးမင်းတင်သည် ဩစတေးလျနိုင်ငံ Perth မြို့မှာ အခြေချ နေထိုင်လျက်ရှိပါသည်။ မောင်လေး စိုင်းတင်နှင့်မတွေ့ရသည်မှာ အနှစ် (၂၀) ရှိတော့မည်။ မောင်လေးက ဟိုမှာတင်အိမ်ထောင်ကျ၍ သမီးလေးနှင့် သားလေးပင်ရနေပါပြီ။ မိသားစုတွေတွေ့ဆုံပွဲကို အခါအားလျော်စွာ ထိုင်းနိုင်ငံ မဲဆောက်မှာတစ်ခါ

www.burmeseclassic.com

Singapore နိုင်ငံမှာတစ်ခါ ပြုလုပ်ခဲ့ပေမယ့် ကျွန်မမှာ အကြောင်းအမျိုးမျိုးကြောင့် မပါဝင်ခဲ့ပေ။ ဒီတစ်ခါတော့ အကြောင်းတိုက်ဆိုင်၍ ထိုင်းနိုင်ငံမှာ ဆုံကြဖို့ တိုင်ပင်ကြပါသည်။ မောင်လေး၏အိမ်ထောင်ဖက်က ထိုင်းအမျိုးသမီး ဖြစ်ပါသည်။ ယောက်မဖြစ်သူ Nok က ထိုင်းနိုင်ငံအရှေ့မြောက်ဒေသ ဥဘွန်းပြည်နယ်မှ အီဆန်လူမျိုးဖြစ်ပါ သည်။ လာအိုနိုင်ငံနယ်စပ် မဲခေါင်မြစ်ဝှမ်း အရပ်ဖြစ်ပြီး မဲခေါင်မြစ်နှင့် ကီလို(၁၀၀) ခန့်သာ ကွာဝေးပါသည်။ ယောက်မ Nok က ဇာတိဖြစ်သော အနတ်ချာရွှန်မြို့ ဆုခ်ဒွန်ရွာမှာ ကွယ်လွန်သွားသော မိဘဆွေမျိုးများကို ရည်စူးပြီး အလှူပြုလုပ်မည် ဖြစ်သည်။ ထိုအလှူကိုလည်း တက်ရောက်ရန်၊ မောင်လေးတို့ မိသားစုနှင့်လည်းတွေ့ဆုံရန်၊ ထိုင်းနိုင်ငံမှာ လည်ပတ်ရန် မြန်မာပြည်မှ ဆွေမျိုးများက စုပြီးသွားကြရန် ဖြစ်သည်။ ကျွန်မ၏ဖခင် ဦးမောင်မောင်တင်၊ ကျွန်မ မလတ်စန္ဒာတင်၊ ကျွန်မ၏သမီး စုစုကျော်၊ ညီမ မလေးနီလာတင်၊ ညီမ မထွေးသီတာတင်တို့က သင်္ကြန်အကြိုနေ့မှာ ရန်ကုန်မှစတင်ထွက်ခွာကြသည်။ မကြီး သူဇာတင်နှင့် ခင်ပွန်းဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး) တို့က (၅) ရက်လောက်စောကာ ထွက်ခွာပြီး ဩစတေးလျမှ ရောက်ရှိလာသည့် မောင်လေးတို့ မိသားစုနှင့်အတူ ရွာကို ရောက်သွားကြပြီ ဖြစ်သည်။ မလေး၏ သမီး သဲသဲနှင့် သူ့အမျိုးသား Cilve တို့က Singapore မှ လာရောက်ပြီး ကျွန်မတို့နှင့်အတူ ရွာကိုသွားကြမည် ဖြစ်သည်။

ရန်ကုန်မှာကတည်းက Toura Co, တစ်ခုဖြစ်တဲ့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း Junction Square အနီးရှိ သိဒ္ဓိကျော်ခရီးသွားလုပ်ငန်းနှင့် ကြိုတင်ပြီး ခရီးစဉ်ရေးဆွဲကြရသည်။ ကုမ္ပဏီမှ မအိဘီးက ရှမ်းအမျိုးသမီးဖြစ်ပြီး ရှမ်းစကား ထိုင်းစကားများ တတ်ကျွမ်းသည်။ လုပ်ကိုင်ခဲ့သည်မှာ ကြာပြီဖြစ်၍ လုပ်ငန်းကျွမ်းကျင်ပြီး စေတနာထားသူ ဖြစ်သည်။ သူကူညီပေးသောကြောင့် ကျွန်မတို့ခရီးစဉ်ချောမွေ့ရပါသည်။


"အစ်မတို့က ဘန်ကောက်မှာ တစ်ရက်အချိန်ရတယ်။ မြဘုရားဖူးမယ်။ ဘုရင့်နန်းတော်သွားမယ်။ ပြီးရင် ပတ္တရားကမ်းခြေသွားမလား၊ အယုဒ္ဓယ



အယုဒ္ဓယမြို့ဟောင်းမှ အဆောက်အအုံပျက်များ



ညောင်ပင်အမြစ်များကြားမှာ နစ်မြုပ်နေသော ဗုဒ္ဓ၏ဦးခေါင်း
(AD ၁၄ ရာစု Wat Mahathat ပရဝဏ်)



ယိုးဒယားဘုရင် မြန်မာစစ်အထိမ်းအမှတ် တိုက်ကြက်ဖများ



www.burmeseclassic.com

www.burmeseclassic.com

တို့ သွားမလား"

မအိဘီးက မေးပါသည်။

ခရီးစဉ်ကို စီစဉ်ရသည့်မလေးက ကျွန်မတို့ရဲ့ဆန္ဒကို ဦးစားပေးပါသည်။

"မလတ်တို့ဘယ်ကိုသွားချင်သလဲ။ ဒီမှာတတည်းက အကုန်စီစဉ်သွားရမှာ။ အဲဒါမှ ဟိုကျရင်အဆင်ပြေမှာလေ"

ကျွန်မကတော့ အရင်ကတည်းက ရည်မှန်းထားသည့်အတိုင်း အယုဒ္ဓယသို့ သွားလိုသည့်ဆန္ဒရှိသည့်အပြင် ရုံးခန်းမှာ တွေ့လိုက်ရသော လမ်းညွှန်ကြော်ငြာစာရွက်ပါရှိသော ပုံတစ်ပုံကြောင့် ယခင် ထသွားလိုသည်ထက် ပို၍သွားချင်လာပါသည်။ ကြီးမားသော ညောင်ပင်အမြစ်တွေကြားထဲမှ မြတ်စွာဘုရား၏ ပုံတော်ကို ဖူးမြင်ရသော ပုံတော် ဖြစ်ပါသည်။

"အယုဒ္ဓယပဲ သွားကြရအောင်လေ။ ဘုရားလည်းဖူးရမယ်။ သမိုင်းထဲကအကြောင်းတွေလည်း ကိုယ်တွေ့ကြုံရမှာ။ ကမ်းခြေကိုတော့ နောက်တစ်ခါကြုံမှ သွားလည်ကြတာပေါ့"

"မလေးတို့က ဖူးခက်ရောက်ပြီး သားဆိုတော့ အယုဒ္ဓယပဲသွားချင်တာပါ။ ကဲ-အိဘီးရေ ခရီးစဉ်လေးသာ အဆင်ပြေအောင် စီစဉ်ပေးပါတော့"

သည့်နောက်မှာတော့ မအိဘီးက ထိုင်းကိုရောက်လျှင် သွားလာနေထိုင်ဖို့နှင့်လည်ပတ်ဖို့ ကားနှင့် Tour Guide တို့ကို စီစဉ်ပေးပါသည်။ ကျွန်မတို့က Nok Air လေကြောင်းဖြင့် မနက်(၈)နာရီ မှာ ရန်ကုန်မှထွက်ခွာပြီး ဘန်ကောက် မှာတစ်ရက်နား၍ မြဘုရားကို ဖူးမြော် ခြင်း၊ ဘုရင့်နန်းတော်ကို ကြည့်ရှုလေ့လာခြင်းပြုလုပ်ပြီး ဘန်ကောက်မြို့တွင်း လျှောက်လည်ကြမည် ဖြစ်သည်။ နောက်နေ့မနက်မှာ အယုဒ္ဓယသို့သွားရောက်လေ့လာပြီး နေ့လယ်မှာ ကီလိုမီတာ (၇၀၀) ဝေးကွာသည့် ထိုင်းနိုင်ငံ အရှေ့မြောက်ရပ်ရှိ ဥဘွန်းပြည်နယ်ကို ကားဖြင့် ခရီးထွက်ခွာကြမည် ဖြစ်ပါသည်။ သိဒ္ဓိကျော်ကုမ္ပဏီက ကျွန်မတို့အားလုံးအတွက် လေယာဉ်လက်မှတ်၊ ဗီဇာနှင့် လိုအပ်သည်များကို အကုန်ပြုလုပ်ပေးသည်။

သို့ဖြင့် ကျွန်မတို့သည် သင်္ကြန်အကြိုနေ့မှာ ခရီးထွက်ခွာဖို့ အသင့်ဖြစ်နေပါတော့သည်။

❑

အယုဒ္ဓယမြို့သည် ဘန်ကောက်မြို့၏မြောက်ဘက်မှာတည်ရှိပြီး အရှည်အတွက် မြောက်မြားစွာသော ခမ်းနားထည်ဝါလှသည့်ရှေးဟောင်းအပျက်အစီးများနှင့် ဂုဏ်ယူဖွယ်ကြွားနေသည့် မြို့ဟောင်းကြီးဖြစ်သည်။ ယင်းအပျက်အစီးများက အယုဒ္ဓယသည် အရှေ့တောင်အာရှမှာ (၁၇) ရာစု အလွန်ကာလများမှာ အင်မတန်အောင်မြင်ကြီးပွားခဲ့သော မြို့တော်ကြီး ဖြစ်ခဲ့ကြောင်း ပြသနေပါသည်။ အယုဒ္ဓယ၏ရာဇဝင်ကို စိတ်ဝင်စားဖွယ် ပြသထားသည့် ပြတိုက်များလည်းရှိပါသည်။ သမိုင်းဆိုင်ရာအထောက်အထား အချက်အလက် ခိုင်လုံစွာထားရှိသည်။ Chao Sam Phi ပြတိုက်သည် ရန်သူများမီးရှို့ဖျက်ဆီးခြင်းကြောင့် အရည်ပျော်ပျက်စီးသွားသော ရတနာအကြွင်းအကျန်များ မပျက်မစီး အပိုင်းအစကျန်ခဲ့သည့် ရတနာများပြသထားသည်။ နောက်တစ်ခုက အမျိုးသားပြတိုက် ဖြစ်သည်။ ထိုင်းလူမျိုးများနှင့် အခြားသော လူမျိုးများ၏ ဆက်ဆံရေး၊ ကျေးရွာလူနေမှုဘဝ၊ အနုပညာယဉ်ကျေးမှုများကို လေ့လာကြည့်ရှုစရာများ စုံလင်လှသည်။

အယုဒ္ဓယ၏ နောက်ဆွဲဆောင်မှုတစ်ခုကတော့ ရေပေါ်ဈေးပင် ဖြစ်ပါသည်။ လှေငယ်ကလေးများပေါ်တွင် ပစ္စည်းစုံစားဖွယ်စုံများတင်၍ ရောင်းချသောဈေး ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ အများဆုံး လာရောက်ကြသည့်နေရာ ဖြစ်သည်။ ခေါက်ဆွဲဖတ်၊ ဟင်းရည်၊ အသားနှင့် အရွက်များကို ပန်းကန်သေးသေးထဲ ရောထည့်ပေးသည်။ တစ်ပွဲကို (၁၀) ဘတ်ပေးရသည်။ လှေကလေးပေါ်တွင် ချက်ပြုတ်ပြင်ဆင်ပေးသဖြင့် အထူးအဆန်းဖြစ်ကာ လူအများစိတ်ဝင်စားကြသည်။

အယုဒ္ဓယသည် ထိုင်းနိုင်ငံ၏ ထင်ရှားသော ရှေးဟောင်းမြို့တော်ဖြစ်ပြီး နာမည်အပြည့်အစုံမှာ Para Nakhon Si Ayuthaya ဖြစ်ပါသည်။ မြစ်သုံးစင်းဆုံရာအရပ်မှာတည်ထားခြင်းကြောင့် ကျွန်းသဖွယ်ဖြစ်သဖြင့် ကျွန်းပတ်ပတ်လည်ကို လည်ပတ်သည့်လမ်းလည်းရှိပါသည်။ စေတီအပျက်အစီးအများစုမှာ ကျွန်း၏အရှေ့အမြောက်ရပ်မှာရှိနေကြသည်။ အယုဒ္ဓယသို့မရောက်ခင် ကျွန်မက အကြောင်းအရာများကို စိတ်ဝင်စားသည့်အလျောက် ထီလာစိုးမြင့်ထယ်၏ မြန်မာများအတွက် ထိုင်းခရီးသွား စာအုပ်ကို ဖတ်ထားသည်များကိုလည်း မှတ်သားထားရပါသည်။

**▫ အယုဒ္ဓယ. . .တို့. . .ရောက်ရပြီ**

ဘန်ကောက်မြို့ကို ရောက်သည့်နေ့မှာပင် စီစဉ်ထားသည့်အတိုင်း သိဒ္ဓိကျော်Tour Co, မှကားတစ်စီးနှင့် ထိုင်းစကားပြောတတ်သော မြန်မာGuide တို့က ကျွန်မတို့ကို အသင့်စောင့်ကြိုနေသည်။ ကျွန်မတို့ကို မြဘုရားနှင့် ဘုရင့်နန်းတော်ကိုလိုက်ပို့ပေးသည်။ နေ့လယ်စာကို Central World Shopping မှာ ဈေးဝယ်ပြီးစားကြသည်။ ညနေမှာတော့ ကျောက်ဖရားမြစ်ဘေးမှာ ရှုမျှော်ခင်းများကိုကြည့်ပြီး ညနေစာစားကြသည်။ ညပိုင်းရောက်တော့ ညဈေးတန်းလျှောက်ကြသည်။ ဟိုတယ်ရောက်တော့ ကျွန်မတို့သည် ပင်ပန်းပြီး ကောင်းကောင်းအိပ်ပျော်သွားကြသည်။

နောက်တစ်နေ့မနက်မှာ မနက်စာစားပြီး အယုဒ္ဓယသို့ ခရီးစတင်ထွက်ခွာခဲ့ကြသည်။ ဘန်ကောက်မြို့များ၏ လမ်းများသည် ကျယ်ဝန်းပြီး နှစ်ထပ်လမ်းများနှင့် အဆင့်မြင့်လှသည်။ တချို့နေရာများမှာ နှစ်ထပ်၊ သုံးထပ်လမ်းများဖြစ်ပြီး ထိုလမ်းများနှင့်အပြိုင် နောက်ထပ်နှစ်ထပ်လမ်းမကြီးများ ဆောက်လုပ်လျက်ရှိသည်ကိုလည်း အားရစဖွယ်တွေ့မြင်ရသည်။ ဘန်ကောက်နှင့်အယုဒ္ဓယသည် (၇၀) ကီလိုမီတာဝေးပြီး လမ်းများကောင်းမွန်ခြင်းကြောင့် တစ်နာရီသာသာ မောင်းနှင်ပြီးနောက် အယုဒ္ဓယမြို့သို့ ရောက်သွားကြပါသည်။

အယုဒ္ဓယမြို့သည် ရှေးဟောင်းမြို့ဖြစ်လင့်ကစား ခေတ်မီလှပါသည်။ ကျယ်ဝန်းသော လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် လှပသော တိုက်တာအဆောက်အအုံများကို တွေ့ရသည်။ ဘန်ကောက်မြို့ပတ်ဝန်းကျင်မှာတွေ့မြင်ခဲ့ရသလို ထိုင်းဘုရင် ဘူမိဘော၊ မိဖုရားကြီး သီရိခေတ်၊ သမီးတော် သီရိဒုံတို့၏ Vinyl ပုံများကို ထိုင်းတော်ဝင်အရောင်ဖြစ်သည့် ခရမ်းရောင်လွင်လွင်ဖြင့် ခန့်ညားသားနားစွာ မြင်တွေ့ရပါသည်။

ဘန်ကောက်နှင့် အယုဒ္ဓယသည် ရန်ကုန်နှင့် ပဲခူးလောက် ဝေးကွာ၏။ လမ်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရသည်မှာ ကျွန်မစိတ်ထဲမှာ ဘန်ကောက်နှင့် တစ်ဆက်တည်းဟုပင် ထင်မှတ်မိသည်။ အဝေးပြေးကားကွင်းမှ ကားစီးသွားမည်ဆိုလျှင် ကားလက်မှတ်ခ



www.burmeseclassic.com

www.burmeseclassic.com

ဘတ် (၅၀) မြန်မာငွေနှင့်ဆို (၁၅၀၀) ကျပ် ကျသင့်သဖြင့် ဈေးနှုန်းသင့်တင့်လှသည်။ ကားများမှာ TOWNACE အမျိုးအစားများဖြစ်ပြီး Air Con ပါသဖြင့် အဆင့်မြင့်ပါသည်။ မြို့တွင်းကို ကျော်လွန်လာလျှင် ရှေးကျသည့်မြင်ကွင်းများကို ကျယ်ကျယ်ပြန့်ပြန့်တွေ့လာရသည်။

အယုဒ္ဓယမြို့ကို ၁၃၅၁ ခုနှစ်မှာ ဘုရင် ဦးသုန်က စတင်တည်ထောင်ခဲ့သည်။ ပင်လယ်နှင့် ဆက်စပ်မှုရှိပြီး ဒီရေအတက်အကျရှိသည့်မြစ်(၃)မြစ်ဆုံရာအရပ်သည် ကျွန်းသဖွယ်ဖြစ်နေပါသည်။ ထိုနေရာတွင် မြို့တည်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပင်လယ်မှလာရောက်မည့် ရန်သူများကို ကာကွယ်ပေးသည့်အပြင် ရေလွှမ်းမှုမှလည်းကာကွယ်ပေးသည်။ (၁၄) ရာစုမှ (၁၇) ရာစုအတွင်း ထိုင်းဘုရင်နိုင်ငံတော်၏ဒုတိယတည်ထောင်သောမြို့တော် ဖြစ်သည်။ ၁၅၆၈ ခုနှစ်မှာ ဘုရင့်နောင်မင်းတရားကြီး အယုဒ္ဓယမြို့ကိုသိမ်းပိုက်ပြီး ယိုးဒယားဘုရင်၏ သားတော် ပြန်ရစ်(ခေါ်) ဖရာ့နရဲစွမ်ကို ဟံသာဝတီ နေပြည်တော်သို့ခေါ် ဆောင်သွားသည်။ အယုဒ္ဓယလည်း ဟံသာဝတီ၏ လက်အောက်ခံဖြစ်ခဲ့ရတော့သည်။

ကျွန်မတို့ ပထမဆုံး သွားရောက်သည့်နေရာကတော့ Wat Yai Chaya Mongkol ဘုရားသို့ ဝင်ဖူးကြသည်။ ပုဂံမှာရှိသည့် ပုထိုးတော်ကြီးနှင့် အလားတူသည့်ဘုရားမှာ မီတာ (၆၀) နီးပါးမြင့်သည်။ ယင်းအပေါ်သို့ အလယ်တည့်တည့်ရှိ စောင်းတန်းလှေကားများတက်ရသည်။ အပေါ်မှာ ရှေးဟောင်းဘုရားများ ကိန်းဝပ်စံပယ်နေသည်ဖူးတွေ့ရပါသည်။ အလယ်တည့်တည့်တွင် အကြွေစေ့များ ပစ်ချပြီး အဓိဋ္ဌာန်ပြုဆုတောင်းကြသော ဌာပနာတွင်းတစ်ခုကိုလည်း တွေ့ရပါသေးသည်။ အထက်ဘက်မှာလည်း ဆက်တက်ရသေးသည့်လှေကားထစ်များရှိပါသည်။ အပေါ်မှကြည့်လျှင် ဘုန်းကြီးကျောင်းများနှင့် ဘုရားများကို မြင်တွေ့ရသည်။ ဘုရားကြီးနှင့်ကပ်လျက် ပရိဝုဏ်ထဲမှာနှင့် ပတ်ပတ်လည်တွင် သင်္ကန်းဝါဝါပတ်ထားသောတင်ပျဉ်ခွေထိုင်တော်မူသည့် ဆင်းတုတော်များကို ဖူးမြော်ရပါသည်။

ထီးတော်မထင်ထားသောစေတီပုထိုးများလည်း ဖူးတွေ့ရပါသည်။ နောက်တစ်နေရာမှာ လျောင်းတော်မူဘုရားကြီးတစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ကျွန်မတို့သည် သာယာလှပသော ဥယျာဉ်နှင့် ကန်ရေပြင်ပေါ်မှ တံတားကို ဖြတ်ကျော်လိုက်သောအခါမှာတော့ မြင်ကွင်းက ဆန်းပြားလှသည်။ အရွယ်မျိုးစုံထုလုပ်ထားသော ကြက်ဖရုပ်တုများကို တစုတဝေးတည်းမြောက်မြားစွာတွေ့ရပါသည်။ ကြက်ဖရုပ်များနှင့်ပတ်သက်၍ တချို့ကပြောကြသည်။ ဘုရားမှာ အဓိဋ္ဌာန်ပြုဆုတောင်း၍ ဆုတောင်းပြည့်ကြသောအခါ ကြက်ဖရုပ်တုများကို လာရောက် လှူဒါန်းကြခြင်းကြောင့် များပြားနေရခြင်း ဖြစ်သည်ဟုဆို သည်။ တချို့ကတော့ အယုဒ္ဓယကိုကာကွယ်ပြီး ကယ်တင်ခဲ့သူ ဘုရင်နရဲစွမ်သည် ကြက်တိုက်ခြင်းကို ဝါသနာပါသောကြောင့် အထိမ်းအမှတ်အဖြစ် ကြက်ဖရုပ်များထားရှိခြင်း ဖြစ်သည်ဟုဆိုကြသည်။ ဘုရင်နရဲစွမ်အကြောင်း စဉ်းစားမိသည်နှင့် ဆက်ပြီးအတွေးမှာပေါ်လာသည်။

ဘုရင့်နောင်မင်းတရားကြီးသည် အယုဒ္ဓယကို အောင်နိုင်ပြီးနောက် အယုဒ္ဓယဘုရင်၏သားတော် ပြန်ရစ်ခေါ် နရဲစွမ်မင်းသားငယ်ကို ဟံသာဝတီသို့ ခေါ်ဆောင်သွားသည်။ သားတော်၊ မြေးတော်များနှင့်တန်းတူထား၍ စစ်ပညာသင်ကြားစေသည်။ နောင်အခါ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံ၍ သားတော် နန္ဒဘုရင် ထီးနန်းစိုးစံသောအခါ အယုဒ္ဓယသို့ပြန်လည်ရောက်ရှိနေပြီဖြစ်သည့် ယိုးဒယားမင်းသား နရဲစွမ်နှင့် စစ်ပြိုင်ရလေသည်။ ထိုစစ်ပွဲများတွင် တစ်ခုသောစစ်ပွဲမှာ ဟံသာဝတီပြည်၏ အိမ်ရှေ့ဥပရာဇာသည် အရေးနိမ့်ပြီး ကျဆုံးခဲ့ရသည်။ အိမ်ရှေ့စံ၏ မိဖုရားမှာ ရာဇမာတုကလျာ ဖြစ်ပါသည်။ မုဆိုးမဖြစ်သွားသော မာတုကလျာနှင့် နတ်ရှင်နောင်တို့၏ ဆွတ်ပျံ့ကြည်နူးဖွယ် အချစ်ဇာတ်လမ်းကိုပါ တစ်ဆက်တည်း အတွေးနယ်ချဲ့မိပါသည်။ အခက်အခဲကြားမှ ကြိုးစားတည်ဆောက်ခဲ့ကြသော သူတို့၏ချစ်သက်တမ်း မရှည်ကြာလှပါ။ ရောဂါတစ်ခုဖြင့် မာတုကလျာကွယ်လွန်သွားပြီးနောက် ဟံသာဝတီလည်းပျက်၊ တောင်ငူဘုရင် နတ်ရှင်နောင်လည်း သန်လျင်ပါသွားပြီးနောက် ပေါ်တူဂီလူမျိုး ဒီဘရစ်တိုခေါ် ငဇင်ကာနှင့် ပေါင်းမိပြီး ဇာတ်သိမ်းမလှဖြစ်ခဲ့ရလေသည်။ ထိုနေရာတွင် ဘုရင်နရဲစွမ်၏ ရုပ်တုနှင့် အရွယ်အစားစုံ အရေအတွက်များများ နီရဲသော အသွေးအရောင်ရှိသည့် ကြက်ဖရုပ်များ၊ အရွယ်စုံဆင်ရုပ်ကြီးများကိုတွေ့ခဲ့ရပါသည်။

အခြားဖူးမြော်ရသောဘုရားများမှာ Wat Phar Phanan Choeng ဘုရားနှင့် Wat Phu Khno Thong ဘုရားများဖြစ်ကြသည်။ နောက်တစ်ခါသွားသည့်နေရာမှာ အယုဒ္ဓယမြို့ဟောင်းအလယ်ရှိ Wat Mahathant ဘုရားသို့သွားကြသည်။ အေဒီ ၁၄ ရာစုကတည်းကတည်ထားခဲ့တာဖြစ်ပြီး ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်မွေတော်အစစ် ကိန်းဝပ် စံပယ်ဌာပနာထားသည်ဟု ယုံကြည်ထားကြသည်။ဘုရားပရဝုဏ်အတွင်းမှာ အလွန်လှသီများ ထင်ရှား ကျော်ကြား ဘုရားတစ်ဆူမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဦးခေါင်းတော်သည် ညောင်ပင်အမြစ်အတွင်းမှာနစ်မြုပ်နေခြင်းပင် ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားပြီး အမှတ်တရဓာတ်ပုံ အများဆုံးရိုက်ကြသည့်နေရာလည်း ဖြစ်ပါသည်။ ဓာတ်ပုံရိုက်ရာတွင် ဘုရားရှင်အားကြည်ညို လေးစား ဦးထိပ်တင်သည့်အနေဖြင့် ဒူးတုပ်ထိုင်လျက် ဓာတ်ပုံရိုက်ကြရပါသည်။

❑

ကျွန်မတို့ သွားရောက်သည့်ကာလက သင်္ကြန်ရုံးပိတ်ရက်ဖြစ်၍ နေရာတိုင်း မှာလူတွေလူတွေ ဖွေးဖွေးလှုပ်နေသည့် ကမ္ဘာလှည့်ခရီးသည်များလည်း အမြောက်အမြားတွေ့ရသည်။ ထိုင်းတို့၏ခရီးသွားလုပ်ငန်းတို့အောင်မြင်မှုသည် အားကျစရာကောင်းပါသည်။ ရိုးရာကို အခြေခံ၍ ဝန်ဆောင်မှုကောင်းကောင်းနှင့်ဆွဲဆောင်ထား၏။ နွေရာသီဖြစ်၍ ပူပြင်းလှသဖြင့် အုန်းသီးနုနုထဲတွင် ဖွန်းခြစ်အုန်းသီးဖတ်များထည့်ထားသည့် ရေခဲမုန့်မှာ တစ်မျိုးထူးခြား၍ အရသာရှိလှသည်။ ဘုရားပရိဝုဏ်အတွင်းမှာ အထိမ်းအမှတ်ပစ္စည်းများ၊ ရိုးရာအသုံးအဆောင်များ၊ အမှတ်တရလက်ဆောင်များ ရောင်းချသည့်ဆိုင်လေးများ တွေ့ရပါသည်။ ဝယ်နေကြသူများလည်း ကြိတ်ကြိတ်တိုးနေပါသည်။ တစ်နေရာမှာတော့ မင်းခမ်းမင်းနားနှင့် ဆင်ယင်ထားသောဆင်ကြီးများကိုလည်း ဆင်ဦးစီးများက ရှေးကရဲမက်များအသွင်ဝတ်ဆင်လျက် ကမ္ဘာလှည့်ခရီးသွားများစီးနင်းလိုက်ပါသွားကြသည်ကိုလည်းတွေ့ရပါသေးသည်။

အယုဒ္ဓယမြို့ဟောင်းကို လှည့်



www.burmeseclassic.com

www.burmeseclassic.com

လည်ကြည့်ရှုကြသောအခါ အချို့ဘုရားများသည် မြန်မာနိုင်ငံ အညာဒေသမှ ဘုရားများနှင့် ဆင်တူလှသည်။ မန်ကျည်းပင်များတွေ့ရသဖြင့် မြန်မာများနှင့်အတူ မန်ကျည်းသီးများ ပါလာပြီး အစေ့များ စိုက်ပျိုးခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ဘုရားပရိဝုဏ်အတွင်းမှာ ရေနုတ်မြောင်းများ၊ ကျင်းများ၊ 'မြေထည်ပွန်းများကို ရှေးမူမပျက် တွေ့ရသည်။ အများဆုံးတွေ့ကြရသည်များကတော့ အပျက်အစီးများပင်ဖြစ်ပါသည်။ တစ်မိုင်ပတ်လည်ဧရိယာမှာ ပြိုပျက်နေသည့် မြအိုး၊ ပစ္စင်နှင့် မြို့ရိုးများ၊ အုတ်ခုံ၊ အုတ်ဖိနပ်နှင့် အုတ်တံတိုင်းများ ပြိုပျက်နေသော ဘုရားပုထိုးစေတီများ၊ ဦးခေါင်းတော်ပြတ်နေသော၊ လက်ပြတ်ခြေပြတ်နေသော ဘုရားရုပ်ပွားတော်များဖြစ်ကြသည်။

ကုန်းဘောင်ခေတ်မင်းဆက်ကို ထူထောင်ခဲ့သူ အလောင်းဘုရား ဦးအောင်ဇေယျသည် အောက်မြန်မာပြည် မွန်များကို တိုက်ခိုက်အနိုင်ရပြီးနောက် ၁၇၆၀ ပြည့်နှစ်တွင် ယိုးဒယားကိုတိုက်ရန် စစ်ချီလာသော်လည်း မိုးရာသီဖြစ်၍ ခြေခင်းလက်ခင်းမသာခြင်း၊ ယိုးဒယားများက ကြံ့ကြံ့ခံ၍တွန်းလှန်နေခြင်းတို့ကြောင့် စစ်ရေးမလှဖြစ်ခဲ့ရသည်။ အလောင်းဘုရား ကိုယ်တော်တိုင်ပင် နာမကျန်းဖြစ်ပြီး တပ်ပြန်ဆုတ်လာချိန်မှာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ ကင်းရွာတွင် နတ်ရွာစံတော်မူလေသည်။

အလောင်းဘုရား၏ ဒုတိယသားတော် ကုန်းဘောင်မင်းဆက်မှာ တတိယ ထီးနန်းစိုးစံသူ ဆင်ဖြူရှင် မြေဒူးမင်းလက်ထက် ၁၇၆၇ ခုနှစ်မှသာ ယိုးဒယားကို ချီတက်တိုက်ခိုက်၍ အယုဒ္ဓယကို အောင်မြင်တော်မူသည်။ ဆင်ဖြူရှင်မြေဒူးမင်း၏ မြန်မာတပ်များ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် အယုဒ္ဓယမြို့ကြီး ပျက်စီးသွားရကြောင်းကို ထိုင်း-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကိုလည်း တွေ့ခဲ့ရပါသည်။ ထိုင်းလူမျိုးများသည် အယုဒ္ဓယမြို့ဟောင်း၏အပျက်အစီးများကို ပြန်လည်တည်ဆောက်ခြင်းမပြုဘဲ မူလပကတိအနေအထားအတိုင်းသာထားထားလေသည်။ ထိုသို့ မပြုပြင်ဘဲထားသည်မှာ ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်ခြင်း တစ်မျိုးဟု ယူဆထားကြ၏။ ထိုအပျက်အစီးများကြောင့်ပင် ခရီးသွားများက အလွန်အမင်းစိတ်ဝင်စားကြပြီး အယုဒ္ဓယမြို့ဟောင်းကို တခုတ်တရ လာရောက်လေ့လာကြသည်။

ဒီထက်ပိုပြီး လေးနက်သည့် အကြောင်းလည်းရှိပါသေး၏။ အယုဒ္ဓယမြို့သည် ထိုင်းလူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုထွန်းကားသောမြို့တော်ဖြစ်သည်။ အချင်းချင်းစည်းလုံးညီညွတ်မှုမရှိလျှင် တိုင်းတစ်ပါး၏တိုက်ခိုက်သိမ်းပိုက်မှုကိုခံရပါက ထိုခုကဲ့သို့ ဖျက်ဆီးခံရမည်ဖြစ်ကြောင်း သင်ခန်းစာယူတတ်ရန်၊ ထိုင်းလူငယ်များ မျိုးချစ်စိတ်ထက်သန်စေရန်၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်စေရန်ရည်ရွယ်ချက်ဖြင့် အယုဒ္ဓယမြို့ကိုမပြုပြင်ဘဲ ထားရှိခြင်းပင် ဖြစ်၏။ မြန်မာများ၏တိုက်ခိုက်မှုကိုခံရပြီးနောက် ယိုးဒယားတို့သည် မြို့တော်ကိုပြန်လည်ပြုပြင်ခြင်းမရှိတော့ဘဲ ဘန်ကောက်မြို့ကိုရွှေ့ပြောင်း၍ မြို့တော်ကိုတည်ခဲ့သည်မှာ ယခုထက်တိုင် ဖြစ်ပါသည်။

နွေရာသီအလွန်ပူပြင်းသောအခါ နွေရာသီစံနန်းတော်အဖြစ် ထိုင်းနိုင်ငံ၏ ဘုရင်တစ်ပါးဖြစ်သော ချူလာလောင်ကွန်လက်ထက်မှာ အယုဒ္ဓယမရောက်ခင် (၄) မိုင်ခန့်အကွာ ဘန်ပါအင်းအရပ်တွင် တည်ထားခဲ့သည်။ ချူလာလောင်ကွန်ဘုရင်သည် ထိုင်းနိုင်ငံကို ခေတ်မီအောင် ဆောင်ရွက်ခဲ့သူဖြစ်ပြီး သူ၏အမည်ပေးသော ဘန်ကောက်ရှိ တက္ကသိုလ်မှာ ထိုင်းနိုင်ငံတင်မက ဒေသတွင်းနိုင်ငံများမှာပင် နာမည်ကြီးပါသည်။

ထိုင်းနိုင်ငံ၏ ထူးခြားချက်မှာ မည်သည့်နိုင်ငံလက်အောက်သို့မျှကျရောက်ခဲ့ခြင်းမရှိခဲ့ပေ။ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့မကျရောက်သလို ဖက်ဆစ်ဂျပန်တို့လက်အောက်သို့လည်းမရောက်ခဲ့ရပေ။ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ကြာဆုံး ဘုရင်မင်းဆက်ကို ဆက်လက် တည်တံ့ ခိုင်မြဲစေရန် လုပ်ဆောင်နိုင်ခဲ့ကြသည်။ ထိုင်းဘုရင်နှင့် တော်ဝင်မိသားစုကို ပြည်သူများက အထူးပင် လေးစား ကြည်ညိုကြသည်။ ထိုင်းလူမျိုးများသည် ပျက်စီးနေသော အပျက်အစီးများကို မပျက်စီးအောင် ထိန်းသိမ်းထားနိုင်ခြင်းမှာ ချီးကျူးစရာကောင်းပါသည်။ စစ်ဘုရင်တွေထွန်းကားခဲ့သောကာလက မြန်မာဘုရင်နှင့်တိုက်ပွဲဝင် မြန်မာစစ်သည်တော်ကြီးများ၏ စွမ်းဆောင်မှုများမှာ ဂုဏ်ယူစရာကောင်းလှပါသည်။ မြန်မာများ မည့်ကြောင်းသက်သေပြနိုင်ခဲ့သည်။ အပြန်မှာ ပြည်ထောင်စုမြန်မာနိုင်ငံဝန်ကြီးချုပ်ဦးနုပြုပြင်ခဲ့သော Wat Phra Sir Sanphet Temple ဘုရားတစ်ဆူကိုလည်း ဝင်ရောက် ဖူးမြော်ခဲ့ကြသေးသည်။ ကျွန်မတို့မှာ ခရီးဆက်စရာကလည်းရှိသေးသည်။ နေ့လယ်နေကလည်း ပူပြင်းနေသည်။ ထမင်းလည်းဆာနေပြီဖြစ်၍ ကျွန်မတို့ကိုလိုက်လံပို့ဆောင်ပေးသော Tour Guide မအီဘီးက ထမင်းကျွေးမည် ဖြစ်သည်။ မအီဘီးက ညီမ မထွေး၏ ခင်ပွန်းဘက်မှ တော်စပ်သော တူမဖြစ်သည်။ ရောက်တုန်းရောက်ခိုက်သူ၏ အဒေါ်နှင့် ကျွန်မတို့အားလုံးကို ထမင်းကျွေးရန် ချောင်းကလေးနံဘေး Hotel တစ်ခုမှ Buffet ဆိုင်သို့ခေါ်သွားပါသည်။ အေးအေးဆေးဆေးရှိလှသည့် စားသောက်ဆိုင်မှာ ကျွန်မတို့နှစ်သက်ရာ ယိုးဒယားအစားအစာများစားသောက်ခဲ့ကြသည်။ ထမင်းစားပြီးသောအခါ ဘန်ကောက်မှငှားလာသောကားနှင့်ပင် ဥဘွန်းပြည်နယ်သို့ ခရီးဆက်ရန်ထွက်ခွာလာကြပါသည်။

ထိုင်းနှင့် မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုများ တူညီမှုများရှိပါသည်။ ရှေးကတည်းကပင် ကူးသန်းဆက်သွယ်မှုများလည်းရှိခဲ့ကြသည်။ ထိုင်းနိုင်ငံကို ရောက်လာကြသော မြန်မာများသည် အတိတ်သမိုင်းကြောင်းများအရ အယုဒ္ဓယကို လာရောက်ကြသည်ကများပါသည်။ အယုဒ္ဓယမြို့ကြီးသည် စင်စစ် ကြီးကျယ်ခမ်းနားလှသည်။ တစ်နေ့တည်းသွားပြီး လှည့်လည်ကြည့်ရှုရုံနှင့်မလုံလောက်နိုင်ပါ။ သို့သော် ကျွန်မတို့မှာ ဥဘွန်းပြည်နယ်သို့ခရီးဆက်ရန်ရှိသေးသည်။ လေ့လာစရာအများကြီးရှိသေးသော အယုဒ္ဓယကို နောက်တစ်ခါ လာရောက်ဦးမည်ဟု စိတ်ကူးလိုက်မိသည်။ အယုဒ္ဓယက ထွက်လာချိန်မှာတော့ ကား၏သယ်ဆောင်ရာကို လိုက်ပါလာရင်း ကျွန်မ၏ အတွေးထဲမှာ ရှေးကာလက အောင်မြင်မှုများအပေါ် ယစ်မူးနေရမည်လား၊ ပစ္စုပ္ပန်အခြေအနေကို ဆင်ခြင် သုံးသပ်နေရမည်လားဟု စဉ်းစားနေချိန်တွင် တစ်ချိန်က မြန်မာတို့တိုက်ခိုက်အနိုင်ရခဲ့သော အယုဒ္ဓယမြို့ဟောင်းကြီးကတော့ အပျက်အစီးများစွာဖြင့် နေရောင်အောက်မှာ ကြံ့ကြံ့ခံရပ်တည်ပြီး ကျန်ရစ်ခဲ့ပါတော့သည်။

မြစိမ်းသပြေ

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## ဗြိတိသျှလက်အောက်ခံ ရန်ကုန်မြို့တွင် မင်းတုန်းမင်းဓါတ်ရွှေတိဂုံစေတီတော်ကြီးထီးတင်ပွဲ

ဗြိတိသျှနှင့် မြန်မာမင်းတို့၏ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ (ခရစ်နှစ် ၁၈၅၂ - ၅၃) အပြီးတွင် မြန်မာပြည်အောက်ပိုင်း ရန်ကုန်မြို့သည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ရန်ကုန်မြို့သည် ဗြိတိသျှလက်အောက်သို့ကျရောက်သွားပြီးနောက် (၁၆) နှစ်အကြာ ခရစ်နှစ် ၁၈၆၉ ခုနှစ်တွင် ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် ရွှေတိဂုံစေတီတော်ကြီးအား ထီးတော်သစ်တင်လှူရန် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ကုန်းဘောင်ခေတ်၏ တတိယမြောက်မင်းဆက်ဖြစ်သောဆင်ဖြူရှင်မင်း (မြေဒူးမင်း) (ခရစ်နှစ် ၁၇၆၃-၁၇၇၆ ခု) လက်ထက် ခရစ်နှစ် ၁၇၇၅ ခုနှစ်၌ ဆင်ဖြူရှင်မင်းသည် ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကို တင်လှူခဲ့သောကြောင့် ခရစ်နှစ် ၁၈၆၉ ခု၌ ထီးတော်၏ သက်တမ်းမှာ (၉၅) နှစ် ရှည်ကြာခဲ့ပြီဖြစ်၍ ခရစ်နှစ် ၁၈၆၉ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက် (မြန်မာနှစ် ၁၂၃၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) ကြာသပတေးနေ့တွင် ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့နာယက သွေးဆေးကန်ဆရာတော် ဦးပဏ္ဍိ (ဦးပြား) ဦးဆောင်သော ဂေါပကအဖွဲ့ဝင် (၆) ဦးတို့နှင့် ရန်ကုန်မြို့မှ ဂုဏ်သရေရှိလူကြီးများက ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်သစ်တင်လှူရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ကောက်ခံရရှိထားသော အလှူတော်ငွေသုံးသောင်းနှစ်ထောင်ကျပ်ကို အရင်း



တည်လျက် မန္တလေးနေပြည်တော်၌ အုပ်စိုးနေသော မင်းတုန်းမင်းကြီးကိုလည်း ထီးတော်ဒါယကာအဖြစ်ကုသိုလ်ပါဝင်ရန် ရန်ကုန်မြို့ ကုန်သေးတန်းရပ်မှလူကြီးများက အကြံပြုခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်မြို့ ပုဆိုးတန်းရပ်နေ ကျောင်းဒါယကာကြီး ဦးထွန်းအောင်ကို လူထုကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်၍ မန္တလေး နေပြည်တော်သို့ သွားရောက် လျှောက်ထားရန် တာဝန်ပေးအပ်ခဲ့သည်။

ဦးထွန်းအောင်သည် မန္တလေးနေပြည်တော်သို့ သွားရောက်ပြီး သံတော်ဦးတင်လွှာကို မင်းတုန်းမင်းကြီး ထံ.ဆက်သသောအခါ မင်းတုန်းမင်းကြီးသည် ထီးတော်တင်လှူရန် ဝမ်းမြောက်စွာလက်ခံကြောင်း အမိန့်တော်မှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။ ခရစ်နှစ် ၁၈၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် (မြန်မာနှစ် ၁၂၃၁ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်) စနေနေ့တွင် မင်းတုန်းမင်းကြီးက ထီးတော်အတွက် ကုန်ကျမည့် အလှူတော်ငွေများအားလုံးကို လှူဒါန်းမည် ဖြစ်ကြောင်း သံတော်ဆင့် နေမျိုးရာဇစည်သံမှတစ်ဆင့် အမိန့်တော်မှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ ကျောင်းဒါယကာကြီး ဦးထွန်းအောင်သည် ယင်းအမိန့်တော်မှတ်တမ်းလွှာကို လက်ခံရယူခဲ့ပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်တွင် ယင်းအမိန့်တော် မှတ်တမ်းလွှာဖတ်ကြားပွဲ ပြုလုပ်ခဲ့ သည်။

မင်းတုန်းမင်းကြီးသည် မန္တလေး နေပြည်တော်နန်းတော်တွင်း၌ သံချက်ဝန် ပညာသိဒ္ဓိကျော်သူ (ဦးမို့) ကို ကြီးမှူး၍ မြန်မာပညာရှင်များစွာနှင့် ထီးတော်ကြီး ကို ပြုလုပ်စီမံစေခဲ့ရာ ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တိုဘာလ ၂ ရက် (မြန်မာနှစ် ၁၂၃၃ ခု၊ သီတင်းကျွတ်လဆုတ် ၄ ရက်) တနင်္လာရက်နေ့တွင် ထီးတော်ကြီးကို အောင်မြင်စွာ လုပ်ဆောင်ပြီးစီးခဲ့သည်။ မင်းတုန်းမင်းကြီးသည် မိဖုရား၊ မင်းညီ မင်းသားဖြစ်သည့် ဗိုလ်ပါများ၊ ပြည်သူ ပြည်သားများနှင့်အတူ ထီးတော် ကြီးကို မန္တလေးမြို့၌ ရေစက်သွန်းချလှူဒါန်းခဲ့ သည်။ ထီးတော်ကြီးကို ရန်ကုန်မြို့သို့ ပင့်ဆောင်ရန်အတွက် ပုပ္ပားဝန်ထောက် ကြီး မင်းကြီးမဟာမင်းကျော်မင်းထင် ကြီးမှူးသောအဖွဲ့ကို လိုက်ပါစေလျက် ရေနန်းစကြာသင်္ဘောဖြင့် စေလွှတ်ခဲ့ သည်။ ယင်းအဖွဲ့တွင် ပုပ္ပားမြို့စား မင်းကြီးမဟာမင်းကျော်မင်းထင်ကြီးကြပ် ၍ စာရေးတော်ကြီးမင်းလှသီရိကျော်သူ၊ အင်ဂျင်နီယာအုပ်၊ အသုံးစာရေးမင်းနေ မျိုးသူရိန်၊ ရွှေတိုက်စိုးမင်း မင်းလှမင်း ထင်ရာဇာ၊ ရွှေတိုက်စာရေးသိမ်းစည်သူ ကျော်၊ ရန်ကုန်မြို့တွင် ကိုယ်စားလှယ် ထားသော သူဌေးမဟာသီရိဇေယျာ ရ သံချက်ဝန်မင်း ပညာသိဒ္ဓိကျော်သူနှင့် စာရေးတော်မောင်သိန်း၊ မောင်ရိုးတို့ လိုက်ပါခဲ့ကြသည်။

ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တို ဘာ ၃ ရက်၊ (မြန်မာနှစ် ၁၂၃၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်) အင်္ဂါနေ့ တွင် မန္တလေးမြို့တော် သံလျက်တော် ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့သည်။ လမ်း ခရီးမြစ်စဉ်တစ်လျှောက်တွင် ထီးတော် မြတ်ကို မြို့ကျေးရွာများက ပွဲလမ်းသဘင် များဖြင့်ပူဇော်ခဲ့ကြသည်။အောက်တိုဘာ လ ၂၂ ရက် (တန်ဆောင်မုန်းလဆန်း ၁၀ ရက်) တနင်္ဂနွေနေ့နံနက် (၁၀) နာရီ အချိန်၌ ရန်ကုန်မြို့ ရန်ပုံခွင်းတံတား (လမ်းမတော်) သို့ ဆိုက်ရောက်ခဲ့သည်။ အထက်အကောက်ဝန်မင်း ဒွေက်သခင် နှင့် ဝန်ထောက်တော် မောင်အုန်းတို့က လာရောက်ပြီး သင်္ဘောပေါ်သို့တက်၍ မြန်မာ့ဘုရင့်ကိုယ်စားလှယ်အဖွဲ့ကိုကြိုဆို ခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် ရွှေတိဂုံ စေတီတော်ကြီးထီးတင်ပွဲကို ခွင့်ပြုသော်လည်း မင်းတုန်းမင်းကိုယ်တိုင်သော် လည်းကောင်း၊ မင်းတုန်းမင်းတရား ကြီး၏ ကိုယ်စားလှယ်တော်ကိုသော် လည်းကောင်း တိုက်ရိုက်ထီးတော်တင် ခွင့်မပြုဘဲ ဗြိတိသျှအစိုးရ၏ အရာရှိ တစ်ဦးဖြစ်သူ ဝန်ထောက် ဦးအုန်းကို ထီးတင်ပွဲကိစ္စရပ်များတို့ကို ကြီးကြပ် ဆောင်ရွက်စေခဲ့သည်။ ပဲခူးဝန်ထောက်၊ ရာဇဝတ်ဝန်၊ အကောက်ဝန်တို့ကို ဧည့်ခံ ကြိုဆိုရေးနှင့် နေရာချထားရေးတာဝန် ယူစေခဲ့သည်။ မြန်မာထီးတော်အရာရှိ များ၊ ကိုယ်စားလှယ်များတည်းခိုနေထိုင် ရန် သစ်လုံးတိုင်ပျဉ်ကြမ်းခင်း၊ စကြာ လေးဖက်ချအိမ် (၁၁) လုံးကို အလုံးရပ် တွင် ဆောက်လုပ် နေရာချထားပေးခဲ့ သည်။

အောက်မြန်မာပြည်ကို အုပ်ချုပ် သော မဟာဝန်ရှင်တော်မင်းကြီးက ပွဲတော်ကျင်းပခွင့် အမိန့်ပေးသဖြင့် ထီးတင်ပွဲ၌ ကပြဖျော်ဖြေရန် ကာလသား များက အရပ်ဇာတ်များတိုက်ကြသည်။ ထီးတော်ကို သင်္ဘောပေါ်မှ ရန်ကုန်မြစ် ဆိပ်တွင် ခေတ္တထားရှိရန် ထီးတော်ရုံ များဆောက်လုပ်သည်။ ထီးတော်ကို မြစ်ဆိပ်မှ သိင်္ဂုတ္တရကုန်းတော်သို့ ဘုံခုနစ်ဆင့်ထီးတော်ရုံတို့ဖြင့် ပင့်ဆောင် ရန် အဖွဲ့ (၇) ဖွဲ့ကို စာရေးတံမဲချရန် စီစဉ်ခဲ့ဝေတာဝန်ယူသည်။ ဆင်ဖြူရှင် မင်းတင်ခဲ့သော ထီးတော်ဟောင်းကိုချ ၍ မင်းတုန်းမင်း၏ ထီးတော်သစ်ကို တင်လှူရန် ဗိုလ်သုကာ ဦးရွှေလုပ်အဖွဲ့က စေတနာလုပ်အားကူညီဆောင်ရွက်သည်။ ရန်ကုန်မြို့သူမြို့သားအပေါင်းက ပရိသတ် များအား ထမင်းဟင်းလျာ၊ စတုဒိသာ အကျွေးအမွေးများဖြင့် ဒါနပြုကြသည်။

အောက်တိုဘာလ ၂၄ ရက် (တန်ဆောင်မုန်းလဆန်း ၁၂ ရက်) နေ့ တွင် ထီးတော်ဖောင်ကို တံတားတွင်ကပ် ၍ ထီးတော်တစ်ဘုံစီကို ဝန်ချီစက်ဖြင့် တင်ချီပင့်ဆောင်သည်။ မြန်မာဆိုင်းတော် ကြီးများဖြင့် လက်ဝဲဆိုင်း၊ လက်ယာဆိုင်း တီးမှုတ်သည်။ ထီးတော်ကို ကမ်းနား တန်ဆောင်းသို့ ကရင်၊ မွန်၊ မြန်မာ ဗုဒ္ဓ ဘာသာဝင်များက ထမ်းယူပင့်ဆောင် ပူဇော်သည်။ ထိုနေ့ညတွင် ထီးတော်ကို ကမ်းနားတန်ဆောင်း၌အပူဇော်ခံသည်။

အောက်တိုဘာလ ၂၈ ရက် (တန်ဆောင်မုန်းလဆုတ် ၁ ရက်) စနေ နေ့တွင် ထီးတော်ကို ရန်ပုံခွင်းတံတား (လမ်းမတော်) ကမ်းနားတန်ဆောင်းမှ သိင်္ဂုတ္တရကုန်းတော်သို့ နံနက် (၈) နာရီ အချိန်၌ တာဝန်ကျအဖွဲ့ (၇) ဖွဲ့က စတင် ပင့်ဆောင်သည်။ နံနက် (၁၁) နာရီတွင် ကုန်းတော်ပေါ်သို့ ရောက်ရှိရန် မဖွား တန်ဆောင်း၌ ယာယီစံမြန်းသည်။ အပူဇော်ခံသည်။ ရွှေတိဂုံစေတီတော်ကြီး ၏ ထီးတော်ဟောင်းကို နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရင်ပြင် တော်ပေါ်သို့ချပြီး မင်းတုန်းမင်းကြီး လှူဒါန်းသော ထီးတော်သစ်ကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စတင်၍ ထီးတော်တင်သည်။ နိုဝင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ထီးတော်၏ ဒုတိယဘုံ၊ တတိယဘုံ၊ စတုတ္ထဘုံ စုစုပေါင်းဘုံ လေးဘုံကို အောင်မြင်စွာတင်နိုင်ခဲ့ သည်။ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ထီးတော်ကြီးအလုံးစုံနှင့် စိန်ဖူးငှက်မြတ် နား အပါအဝင် အားလုံးကို အောင်မြင် စွာ တင်လှူပြီးစီးခဲ့သည်။

မင်းတုန်းမင်းကြီးတင်လှူတော်မူ ခဲ့သော ရွှေတိဂုံစေတီတော်ကြီးထီးတော် သစ်၏ ဘုံဆင့်များအတိုင်းအတာနှင့် တန်ဖိုးကို ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး၌ ဤသို့မှတ်တမ်းတင် ခဲ့သည်။

မင်းတုန်းမင်းတရား၏ထီးတော်မှာ ဘုံခုနစ်ဆင့်ရှိရာတွင် ပထမဘုံဟုခေါ် သော အောက်ဆုံးဘုံမှာ အဝ (၁၄) ပေ နှင့် (၉) လက်မရှိ၍ အရပ် (၃) ပေနှင့် (၆) လက်မရှိသည်။ ဒုတိယဘုံမှာ အဝ (၁၀) ပေနှင့် (၆) လက်မရှိ၍ အရပ် (၂) ပေနှင့် (၉)လက်မရှိသည်။ တတိယ ဘုံမှာ အဝ (၇) ပေနှင့် (၆) လက်မရှိ၍ အရပ် (၂) ပေနှင့် (၆) လက်မရှိသည်။ စတုတ္ထဘုံမှာ အဝ (၆) ပေနှင့် (၂ ၁/၄) လက်မရှိ၍ အရပ် (၂) ပေရှိသည်။ ပဉ္စမ ဘုံမှာ အဝ (၅) ပေရှိ၍ အရပ် (၂) ပေ ရှိသည်။ ဆဋ္ဌမဘုံမှာ အဝ (၄) ပေနှင့် (၃ ၃/၄) လက်မရှိ၍ အရပ် (၁) ပေ၊ (၉) လက်မရှိသည်။ ထိပ်ဆုံးဘုံဖြစ်သော သတ္တမဘုံမှာ အဝ (၃) ပေနှင့် (၄ ၁/၂) လက်မရှိ၍ အရပ် (၂) ပေနှင့်(၆)လက်မ ရှိသည်။

ထီးတော်ကြီး၏ အထက်ကလပ် ဆတ်သွားဖူးမှာ ငှက်မြတ်နားနှင့်စိန်ဖူး အထွက်အထိ အရှည်မှာ (၂၁) ပေနှင့် (၅ ၁/၄) လက်မရှိသည်။ ထီးတော်ကြီး၏ အရပ်နှင့်စိန်ဖူးအထိဖြစ်သော ပိန္နဲတိုင်၏ အရပ်တို့ကိုပေါင်းသော် ဉာဏ်တော်စုစု ပေါင်း (၃၃) ပေနှင့် (၆) လက်မရှိလေ သည်။

ရတနာပုံ(မန္တလေး)ရွှေမြို့တော်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဂုဏ်တော်ကိုးပါး နေ့စဉ်ပွား

(မသိသေးသူ လူငယ်လူရွယ်အားလုံးအတွက် ကောင်းကျိုးချမ်းသာရကြပါစေ)

မြတ်စွာဘုရားသခင်သည် ဘုရားမဖြစ်မီကပင် ဗုဒ္ဓမြတ်စွာအလောင်းတော်ထက် သာလွန်သူမရှိဘဲ တစ်လောကလုံးထက် အမြတ်ဆုံး၊ ထူးခြားအလွန်ဆုံးသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့၏။ ဤသည်မှာ ဗုဒ္ဓမြတ်စွာ၏ဘုရားအဖြစ် နိယတဗျာဒိတ် ခံယူရရှိပြီးနောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များကို သူမတူအောင်ဖြည့်ကျင့်တော်မူခဲ့ခြင်း၊ ပါရမီအကြောင်းကောင်းခဲ့ခြင်းကြောင့် ဖြစ်၏။

မြတ်စွာဘုရား၏ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တတို့ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ပညာအရှိဆုံးဟု တေဒဂ်ဘွဲ့ထူးပေးတော်မူခဲ့သော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး အပါအဝင် တစ်လောကလုံး တစ်ဦးတလေမျှဖော်ပြရေတွက်ခြင်းငှာ မစွမ်းနိုင်ကြပေ။ ဤသို့ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တတို့ဖြင့် ပြည့်စုံတော်မူသော အကြောင်းတို့ကြောင့် တစ်လောကလုံးနှင့်မထိုက်တန်သော၊ လူတကာတို့မရနိုင်သည့် ဗုဒ္ဓဟူသောဘွဲ့ထူးဂုဏ်ထူးကြီးကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးရရှိတော်မူခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တော်တော်များများသည် မိမိတို့ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို သိကြပါသည်။ ထိုဂုဏ်တော်ကိုးပါးနှင့် ရှင်တော်မြတ်ဘုရားကို ပူဇော်ဆည်းကပ်သောအားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အာရုံပြုပူဇော်ကန်တော့ခြင်းများ ပြုလုပ်နေကြပါသည်။ ထိုသို့ ဂုဏ်တော်ကိုးပါးရွတ်ဆိုပူဇော်နေကြသော်လည်း ဂုဏ်တော်တစ်ပါးစီ၏အဓိပ္ပာယ်ကိုသိရှိသောသူ ပုဂ္ဂိုလ်များ အတော်နည်းပါလိမ့်မည်။ ယခုခေတ်လူငယ်များဆိုလျှင် အရပ်ရွတ်၍ အရပ်၏အဓိပ္ပာယ်ကို ဘာမှန်းမသိကြတာများပါလိမ့်မည်။ အချို့သော လူကြီးများပင်လျှင် ဂုဏ်တော်ကိုးပါး၏ တစ်ပါးချင်းအဓိပ္ပာယ်ကို သိသူများရှားပါးလိမ့်မည်။

ယခု ရေးသား ဖော်ပြမည့် ဂုဏ်တော်ကိုးပါးနှင့် ပတ်သက်၍ ဂုဏ်တော်တစ်ပါးစီ၏ အဓိပ္ပာယ် မြန်မာပြန်များကို ရေးသားဖော်ပြထားပါသည်။ ဘုရားဂုဏ်တော်ကိုးပါးသည် ဘုရားရှင်၏ ချီးမွမ်း၍မကုန်နိုင်သော ဂုဏ်တော်များထဲတွင် လူချင်း၊ နတ်ချင်း၊ ဗြဟ္မာချင်းပြောဆိုကြလျက် တသောသော ချီးမွမ်းအပ်သောဂုဏ်တော်များဖြစ်၏။ မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါး မကျဦး ပြုလုပ်သော ထီးတော်ကြီး၌ ရွှေသားချိန် (၂၀၂၂၉) ကျပ်နှင့် (၄) မူးသားပါဝင်သည်။ ကျောက်ကောင်းကျောက်မြတ်နှင့် နဝရတ် (၉) ပါးပါဝင်သော ကျောက်မျက်အလုံးပေါင်း (၃၆၄၁၁)လုံး ပါဝင် လေသည်။

ထီးတော်ကြီး၏ ထိုခေတ်ကာလ တန်ဖိုးမှာ စုစုပေါင်း ကျပ် (၁,၄၀၀,၄၇၀) နှင့် (၉) မူး (၁၄ သိန်းကျော်) ဖြစ်သည်။ ထိုအလှူတန်ဖိုးအစုစုတွင် မင်းတုန်းမင်းတရားကြီး၏အလှူတော်မှာ (၉၄၁,၄၅၂) ကျပ် (၆) မူး၊ ထီးတော်ဟောင်းမှရရှိသောရတနာတို့၏တန်ဖိုးမှာ (၁၂၆၃၂၈) ကျပ် (၅) မူး (၁) ပဲနှင့် အောက်မြန်မာနိုင်ငံ လူထုကောင်းမှုတန်ဖိုးမှာ (၃၃၂၆၈၉) ကျပ် (၇) မူးနှင့် (၁) ပဲ ဖြစ်သည်ဟု မှတ်သားသိရှိရသည်။

ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းတွင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသောထီးတင်ပွဲသည် သမိုင်းထင်ရှားခဲ့သည်။ မင်းတုန်းမင်းကြီး၏ကောင်းမှုဖြစ်သော ထီးတော်ကြီးကို အထက်မြန်မာနိုင်ငံ ရတနာပုံ (မန္တလေး) နေပြည်တော်မှ အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ခံ ရန်ကုန်မြို့သို့ ပေးပို့တင်လှူသောအချိန်သည် အောက်မြန်မာပြည်တစ်ပိုင်း၏ သူ့ကျွန်ဘဝရောက်ခဲ့သော အနှစ်(၅၀)နီးပါးအချိန်ကာလဖြစ်သည်။ ယင်းအချိန်သည် မန္တလေးရတနာပုံ နေပြည်တော်ကြီးကို မင်းတုန်းမင်းတည်ထောင်စိုးစံခဲ့သော (၁၄) နှစ်မျှသက်တမ်းရှိချိန်လည်းဖြစ်သည်။

မန္တလေး (ရတနာပုံ) ပြည့်ရှင် မင်းတုန်းမင်းကြီး၏ပြိတိသျှလက်အောက်ခံ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးထီးတင်ပွဲအခမ်းအနားကြီးသည် မြန်မာပြည်သားတို့၏ တစ်စိတ်တစ်ပိုင်းအားဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး အစိုးရအဖွဲ့အစည်းနှစ်စု၏အောက်၌ တကွဲတပြားစီနေထိုင်ကြရသော်လည်း ကိုးကွယ်ယုံကြည်မှုကိစ္စတွင် တညီတညွတ် စည်းလုံးညီညွတ်စွာ ပေါင်းစု ဆောင်ရွက် အောင်မြင်မှု သမိုင်းသက်သေဖြစ်သည်။ မြန်မာပြည်သားတို့သည် နိုင်ငံရေးအခြေအနေအရ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဟူ၍ ခွဲခြားနေထိုင်နေရသော်လည်း ဘာသာရေး၊ အမျိုးသားရေးကိစ္စများတွင် တသွေးတသားတည်း စည်းလုံးညီညွတ် စုပေါင်းအောင်မြင်စွာ ဆောင်ရွက်မှုပြုနိုင်ခဲ့သောသမိုင်းအောင်ပွဲဥဒါန်းတင်ဖြစ်ရပ်မှတ်တမ်းပင်ဖြစ်သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)


ကျမ်းကိုး -

၁။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ပ)+(ဒု)+(တ)တွဲများ) (ဦးမောင်မောင်တင်)

၂။ မြက်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)




www.burmeseclassic.com

www.burmeseclassic.com

တျော့ယ်အနက်များကို နှုတ်တက်ဆောင်ထား၍ သက်တော်ထင်ရှား မြတ်ဘုရားတို့ စိတ်အာရုံတွင် ထင်မြင်လာစေပြီး ရှုတ်ဖတ်ရှိခိုးပူဇော်လျှင် အလွန်အကျိုးများစေပါသည်။ သန့်ရှင်းစင်ကြယ်သော သီလကို ဆောက်တည်ကာ သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်အာရုံပြုပြီး ဂုဏ်တော်ကိုးပါးနှင့် ရှိခိုးပူဇော်ကြပါကုန်။

**□ မြတ်ဘုရားဂုဏ်တော်ကိုးပါး၏ အနက်အဓိပ္ပာယ်အကျဉ်း □**

(၁) **အရဟံ** - သော ဘဂဝါ ထိုမြတ်စွာဘုရားသည်၊ **အရဟံ** - ဤလောက၌ မကောင်းသောကိလေသာ အညစ်အကြေးမှန်သမျှတို့ကို ဝါသနာနှင့်တကွ အကြွင်းမဲ့ပယ်ပယ်တော်မူပြီးဖြစ်သဖြင့် မကောင်းမှုဟူသမျှတို့ကို ဆိတ်ကွယ်ရာအရပ်၌ပင် ပြုတော်မမူသောအကြောင်းတို့ကြောင့် လောက၌ အမြတ်ဆုံး၊ အစင်ကြယ်ဆုံး အတုမဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူပါပေ၏။ သို့ဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း တစ်လောကလုံး၏ ကိုးကွယ်အားထားပူဇော်ရာ အစစ်အမှန်ဖြစ်တော်မူသောအကြောင်းကြောင့် အရဟံ 'အရဟာ' မည်တော်မူပေ၏။

(၂) **သမ္မာသမ္ဗုဒ္ဓေါ** - သင်္ခတဥသံ အလုံးစုံသောတရားတို့ကို မဖောက်မပြန်၊ သယမ္ဘူဉာဏ်နှင့် သဗ္ဗညုတရွှေဉာဏ်တော်တို့ဖြင့် သူတကာတို့ထက်ပိုမို၍ အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသောအကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓေါ 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

(၃) **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကောင်းဆုံး ဝိဇ္ဇာစရဏရှင်ဖြစ်တော်မူသောအကြောင်းကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူပေ၏။

(၄) **သုဂတော** - သတ္တဝါများအပေါ် မဟာကရုဏာတော်ဖြင့် ကောင်းသောစကားကိုသာ ဆိုဆုံးမတော်မူလေ့ရှိသော၊ အကောင်းဆုံး နိဗ္ဗာန်လမ်းပြ ရှေ့ဆောင်ဦးစီးဖြစ်တော်မူသောကြောင့် သုဂတော 'သုဂတ' မည်တော်မူ၏။

(၅) **လောကဝိဒူ** - သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက တည်းဟူသော လောကသုံးပါး အကြောင်းတို့ကို သူတကာတို့ မသိမြင်နိုင်သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသော အကြောင်းကြောင့် လောကဝိဒူ 'လောကဝိဒူ' မည်ပါပေ၏။

(၆) **အနုတ္တရောပုရိသဒမ္မသာရထိ** - မယဉ်ကျေးသော သတ္တဝါအပေါင်းတို့ကို ယဉ်ကျေးအောင် ဆိုဆုံးမတော်မူရာ၌ အတုမဲ့ဖြစ်တော်မူသောအကြောင်းကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ 'အနုတ္တရောပုရိသဒမ္မသာရထိ' မည်တော်မူပေ၏။

(၇) **သတ္ထာဒေဝမနုဿာနံ** - လူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံးကို ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွား၊ တမလွန်၌ဖြစ်သော အကျိုးစီးပွားနှင့် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ပရမတ္ထ အကျိုးစီးပွားတို့ကို ဟောကြားတော်မူလေ့ရှိသည်။ သို့ဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း တစ်လောကလုံး၏ကိုးကွယ်ရာ အစစ်အမှန်ဖြစ်သော ဆရာရင်းတစ်ဆူ ဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ 'သတ္ထာဒေဝမနုဿာနံ' မည်တော်မူပေ၏။

(၈) **ဗုဒ္ဓေါ** - သစ္စာလေးပါး မြတ်တရားကို လူတကာတို့ထက် ပိုမို၍ အကြွင်းမဲ့ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်း ရှိသောအကြောင်းကြောင့် ဗုဒ္ဓေါ 'ဗုဒ္ဓေါ' မည်တော်မူပေ၏။

(၉) **ဘဂဝါ** - သူတကာတို့ထက် သာလွန်ကဲသည့် ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် ဘဂဝါ 'ဘဂဝါ' မည်တော်မူပေ၏။

မြတ်ဘုရားဂုဏ်တော်ကိုးပါးကို စွဲစွဲမြဲမြဲ ဆင်ဆင်ခြင်ခြင် ပွားများအားထုတ်ပါက အောက်ပါအကျိုးတရားတို့ကို မုချမသွေ ရရှိနိုင်ပေသည်။

၁။ ဗုဒ္ဓမြတ်စွာဘုရားရှင်အပေါ်တွင် ကိုင်းညွတ်သောစိတ်ရှိလာခြင်း၊
၂။ ယုံကြည်မှုလေးနက်လာခြင်း၊
၃။ သတိပို၍ကောင်းလာခြင်း၊
၄။ ပညာဉာဏ်ထက်မြက်လာခြင်း၊
၅။ ကောင်းမှုတိုးပွားလာခြင်း၊
၆။ စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာနေရခြင်း၊
၇။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကြုံရလျှင် မကြောက်မလန့်စိတ်တည်တံ့ခြင်း၊
၈။ မတော်တဆ ဆင်းရဲဒုက္ခတွေ့ရလျှင် သည်းခံနိုင်ရည်ရှိခြင်း၊
၉။ မြတ်စွာဘုရားနှင့် အတူနေရဘိသကဲ့သို့ စိတ်တွင်ထင်မှတ်လျက်ရှိခြင်း၊
၁၀။ ဗုဒ္ဓါနုဿတိဘာဝနာ၏ အစွမ်းကြောင့် မိမိကိုယ်သည် စေတီ ထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု၊ ချီးမြှောက်မှုကို ကောင်းစွာ ခံယူနိုင်ခြင်း၊
၁၁။ မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်၌ ကိုင်းညွတ်လာခြင်း၊
၁၂။ မကောင်းမှုကိုကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်း ထိန်းသိမ်းနိုင်ခြင်း၊
၁၃။ သေလျှင် အပါယ်လေးပါးမှကင်း၍ လူပြည်၊ နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိဘဝကို ရရှိခြင်းဖြစ်သော အကျိုးတရားများ ပွားများရရှိနိုင်၏။

(ဝိသုဒ္ဓိမဂ် ပ၊ ၂၀၁၆)

**□ ဂုဏ်တော်ကိုးပါးအကျိုးများ □**
**(ဦးသီလာစာရမဟာအောင်မြေကျောင်း)**

ကျက်သရေ တက်နေလ၊ ထက်ပေစွ **အရဟံ**၊ ကောင်းမြတ်သည့် ကလျာဉာဏ် **သမ္မာသမ္ဗုဒ္ဓေါ** ကြံအောင်စွ၊ မြတ် **ဝိဇ္ဇာစရဏ**သာ၊ ရွှတ်ကြစေသော၊ ပြုသမျှ အမူသာအောင်၊ **သုဂတ** ရွတ်ဟော၊ ကြံအစည် သူ့သဘော မြတ်သော **လောကဝိဒူ**၊ ဆိုးနတ်လူ **အနုတ္တရော** နှုတ်ပြောလို့ ပီယဝါစာကျူး၊ **သတ္ထာဒေဝ** စကားကူလျှင် အများလူကယ်တင်မလို့၊ **ဗုဒ္ဓေါယ** ဒေသနာမှန်၊ ဟောပြနိုင်ပြန်၊ **ဘဂဝါ** ဂုဏ်တော်လျှံမှာ ပုန်မကန်နိုင်ဘူးကွဲ့လေး။

**□ ရွှေပြည့်ရှင်ဦးသုန္ဒရ □**

**အရဟံ** မပြတ်ပွား လာဘ်များ တိုးသရေ၊ **သမ္ဗုဒ္ဓ** ပွားလေလျှင် ထက်မြက်ပေ ဉာဏ်ပွား၊ **ဝိဇ္ဇာစသမ္ပန္နာ** ကြံဖန်ရာ ပြီးချက်ကများ၊ **သုဂတ** ပြောဆိုရာမှာ ကိုယ်ကသာနိုင်သား **လောက**မှာ တစ်စုံပွားပါလို့ ဒြပ်ဂုဏ်ထွား နှံ့စွာဖြာ၊ **နုတ္တရ** ဆို၊ သူကွင်းပါရပြိုင်ဘက်ကင်းဖြစ်ရမှန်စွာ၊ **သတ္ထာ** ပွားကောင်း အာဏာပေါင်းသဟာကူညီရလို့ **ဗုဒ္ဓေါ**ပ သူ့စိတ်ကမူ သိလိမ့်မည့်ဟူ၊ **ဘဂဝါ** က ဘုန်းကံလူသည်၊ ပုန်ကန်သူမရှိပါလေး။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

## ယနေ့ခေတ်လူငယ်လူရွယ်များအတွက်

# သိမှတ်ဖွယ်ရာ မြတ်ရတနာများ

### ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ယနေ့ ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်များအတွက် အသိဉာဏ်ပညာများ ရရှိတိုးတက်စေရန် သိဖွယ်မှတ်ဖွယ်၊ လိုက်နာကျင့်သုံးဖွယ်ရာ မြတ်ရတနာများ၊ ရှောင်ကြဉ်ရမည့် လူမှုကိစ္စအဝဝတို့၏ အကြောင်းခြင်းရာများကို သိရှိနားလည်ကြစေရန်နှင့် လောကအလယ်၌ မိသားစုများနှင့် တင့်တင့်တယ်တယ် ချမ်းချမ်းသာသာ နေထိုင်နိုင်ကြစေရန် စိတ်ရည်သန်လျက် စုဆောင်းမျှဝေလိုက်ပါသည်။

**◘ အသက်ရှည်ကြောင်းတရား(၅)ပါး ◘**

မြတ်ဘုရားက ရုပ်ခန္ဓာကြီးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရား (၄) ပါးတို့ကြောင့် ဖြစ်ပေါ်တည်ရှိနေကြောင်းနှင့် အသက်ရှည်ခြင်း၊ အသက်တိုခြင်းတရားများကို ဟောကြားတော်မူခဲ့သည်။

၁။ လျောက်ပတ်သည်ကိုသာ ပြုလုပ်လေ့ရှိခြင်း၊
(အကုသိုလ်တရားကို ရှောင်ရှား၍ ကုသိုလ်တရားများကိုသာ ပွားများရခြင်း)

၂။ လျောက်ပတ်သည့်အတိုင်း အရှည်ကိုသိခြင်း၊
(အလွန်အကျွံနေထိုင်စားသောက်မှုရှောင်ခြင်း)

၃။ ကြေညက်လွယ်သောအစာကိုစားလေ့ရှိခြင်း၊

၄။ လျောက်ပတ်သော အချိန်အခါ၌ သာသွားလာခြင်း၊

၅။ မြတ်သောအကျင့်ကိုကျင့်ခြင်း ဖြစ်သည်။

**◘ အသက်တိုကြောင်းတရား (၅) ပါး ◘**

၁။ မလျောက်ပတ်သည်တို့ကိုပြုလေ့ရှိခြင်း၊

၂။ လျောက်ပတ်သည်တို့၌ အတိုင်းအရှည်ကိုမသိခြင်း၊

၃။ မကြေညက်သောအစာကိုစားလေ့ရှိခြင်း၊

၄။ အချိန်အခါမဟုတ်သည်၌သွားလာတတ်ခြင်း၊

၅။ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိခြင်း။

**◘ စီးပွားပျက်ကြောင်းတရား(၃)ပါး ◘**

၁။ ဣတ္ထိဓုတ္တ - မိန်းမလိုက်စားခြင်း၊

၂။ သုရာဓုတ္တ - သေသောက်ကြူးခြင်း၊

၃။ အက္ခဓုတ္တ - လောင်းကစားကြူးခြင်း။

**◘ သစ္စာအမျိုးမျိုး ◘**

၁။ **ဝစီသစ္စာ** - အမှန်အတိုင်းဆိုသောစကားကို ဝစီသစ္စာဟု ခေါ်၏။

ဤသစ္စာကား အဖြစ်အပျက် အမှန်ကို အမှန်အတိုင်း ပြောဆိုရသော သဘာဝမျှတစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် အမှန်ကိုဆိုခြင်းသာ ပမာဏဖြစ်၍ ကောင်းသောအရာအချက်အလက်ကိုဆိုမှုမဟုတ်ဘဲ အဖြစ်အပျက်မှန်ဖြစ်ပါက မကောင်းသောအရာကိုပင်ဆိုသော်လည်း တန်ခိုးအစွမ်းရှိပါသည်။ ဤသဘာဝမျှသစ္စာကိုဆိုခြင်းအားဖြင့် အဆိပ်ကိုပပျောက်စေခြင်း၊ မီးကိုငြိမ်းစေနိုင်ခြင်း၊ မိုးကိုရွာစေနိုင်ခြင်း၊ ကောင်းကင်၌တည်နေနိုင်ခြင်း စသော ကောင်းကျိုးချမ်းသာ အံ့ဖွယ်အမျိုးမျိုးတို့ကိုဖြစ်စေနိုင်သည့် အစွမ်းသတ္တိများရှိ၏။

၂။ **ဝိရတိသစ္စာ** - မမှန်သောစကား၊ မသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။

၃။ **အရိယသစ္စာ** - ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဤလေးပါးသည် မှန်ကန်သောသဘာဝများဖြစ်၍ အရိယာသစ္စာမည်၏။

၄။ **ပရမတ္ထသစ္စာ** - အမှန်တကယ်ထင်ရှား၍ မပျက်စီးတတ်၊ ကောင်းမြတ်သောသဘောရှိပြီး အမြတမ်းမှန်ကန်နေသောသစ္စာဖြစ်သည့်နိဗ္ဗာန်ကိုခေါ်၏။

၅။ **ဒိဋ္ဌိသစ္စာ** - မိမိက အမှန်ဟု စွဲချက်အရ သစ္စာဆိုရခြင်း ဖြစ်၏။

**◘ သာသနာတော်၏သူခိုးကြီး(၅)ဦး ◘**

၁။ အရပ်တကာ လှည့်လည်လျက် သာသနာ၏ လုပ်ငန်းမလုပ်ဘဲ ပစ္စည်း လေးပါးတို့ကို အလှူခံနေကြသော သာသနရိက္ခာသူခိုး။

၂။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှရသော မြတ်ဘုရား၏ တရားတော်များကို သင်ယူလေ့လာပြီး ဤကား ငါ၏ကိုယ်တွေ့တရား၊ ငါသိသောတရားဟုဆို၍ တရားတော်ကို ခိုးယူသောသူခိုး။

၃။ သီလသိက္ခာရှိသောရဟန်းတို့ကို လူတို့အကြည်ညိုပျက်အောင်၊ အထင်လွဲမှားအောင်၊ ဟောကြားသောရဟန်းကောင်း၏သီလကို ခိုးယူသောသူခိုး။

၄။ သံဃိကပိုင်ပစ္စည်းကို လူတို့အား ပေးကမ်း ထောက်ပံ့သော သံဃာ့ပစ္စည်းသူခိုး။

၅။ ဈာန်မဂ်ဖိုလ်တရားထူးမရဘဲလျက် ရနေသယောင် မိမိကိုယ်ကို ဝါကြွားလိမ်ညာစားသောသူခိုး ဟူ၍ သာသနာတော်၏ သူခိုးကြီး (၅)ဦးရှိပေသည်။

သူတော်ကောင်းပုဂ္ဂိုလ်များ
သတိချပ်ကြပါကုန်

စုဆောင်းမျှဝေသူ
ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ရာမည-သွေးမွန်

## ထူးခြားသောသွင်ပြင်ဖြင့် ဖူးတွေ့ရသည့်

# ဗုဒ္ဓမုဒြာ ရှင်ပင်ပက်လက်





မိမိသည် ဝါဆိုသင်္ကန်းကပ်လှူရန်အတွက် နေပြည်တော် ပျဉ်းမနားမြို့လယ်ရှိ ရတနာဘုံစံကျောင်းတိုက်သို့ ရောက်ရှိဖူးရာမှ တွေ့နေကျမြင်နေကျမဟုတ်သော ပက်လက်အနေအထား ဗုဒ္ဓဆင်းတုတော်ကို ဖူးတွေ့ရသည်။ တစ်ဆူတည်းမဟုတ်၊ ယင်းဂန္ဓကုဋိတိုက်တွင်းမှာပင် နှစ်ဆူရှိနေကြောင်း တွေ့ရသည်။ အနီးအနားတွင် တွေ့ရသော ဘုန်းတော်ကြီးတစ်ပါးကို မေးမြန်းကြည့်ရာ 'ရှင်ပင်ပက်လက်ဘုရား' ဟူသည်မှတစ်ပါး အခြားမည်သည့်ဗဟုသုတမျှ မေးမရပါ။ မိမိကသာ တွေ့မြင်နေကျမဟုတ်သွင်ပြင်မျိုးဖြစ်၍ အထူးအဆန်းဖြစ်ကာ စူးစူးစိုက်စိုက်ကြည့်စဉ်းစားနေမိသည်။

'ရှင်ပင်ပက်လက်'ဟူသောဘွဲ့မည်ကို ကြားဖူးသလိုလိုတော့ အရှိသားပင်။ သို့သော်လည်း ဤကဲ့သို့ပက်လက်အနေအထားရှိသည်ဆိုသည်ကိုမူ မျက်မြင်ကိုယ်တွေ့မကြုံဘူးပါ။ မိမိ၏ ပင်ကိုဝါသနာအတိုင်း စူးစမ်းလိုသည်နှင့် အနီးအနား ကျောင်းဝင်းအတွင်း ရဟန်း၊ လူပုဂ္ဂိုလ်တွေကို စူးစမ်းမေးမြန်းသည်။ မည်သူမျှ ဂဃနဏမပြောနိုင်ကြပါ။ ရုပ်ပွားတော်မှာ ကြီးကြီးမားမားတော့မဟုတ်ပါ။ သလွန်ပေါ်တွင် အရှေ့သို့ခေါင်းပြုပက်လက်အနေအထားအိပ်စက်နေဟန် ဖြစ်ပါသည်။ အလျား တစ်ပေ၊ တစ်ပေခွဲခန့်ဟုထင်ပါသည်။ နဂါးမင်း ပါးပျဉ်းဖြင့်အုပ်မိုးလျက်ရှိသည်။


မိမိတို့ တွေ့ဖူးမြင်ဖူးသော လျောင်းတော်မူပုံမျိုးလည်း မဟုတ်ပါ။ လျောင်းတော်မူရုပ်ပွားတော်ပုံအများစုမှာ ညာတစောင်းလဲလျောင်းနေဟန်ဖြစ်သည်။ ဦးခေါင်းကြမ်းတစ်ပြေးညီချသည့်အနေအထား အိပ်စက်နေဟန်ဖြစ်သည်။ အလျားတစ်ပေ၊ တစ်ပေခွဲခန့်ဟုထင်ပါသည်။ နဂါးမင်း ပါးပျဉ်းဖြင့် အုပ်မိုးလျက်ရှိသည်။

မိမိတို့ တွေ့ဖူးမြင်ဖူးသော လျောင်းတော်မူပုံမျိုးလည်း မဟုတ်ပါ။ လျောင်းတော်မူရုပ်ပွားတော်ပုံအများစုမှာ ညာတစောင်းလဲလျောင်းနေဟန်ဖြစ်သည်။ ဦးခေါင်းကြမ်းတစ်ပြေးညီချသည့်အနေအထားမဟုတ်။ ညာလက်ဖဝါးတော်ပေါ် ဦးခေါင်းမှေးတင်ထားဟန်မျိုး ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ကြရာ၌ 'မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ' ကိုယ်နေဟန်၊ လက်နေဟန်မုဒြာများ ကွဲပြားခြားနားမှုများရှိကြသည့်နည်းတူ ရုပ်ပွားဆင်းတုတော်များကို လေ့လာရေး ပညာရပ်များတွင် အသုံးပြုသောလုပ်ငန်းပိုင်းဆိုင်ရာဝေါဟာရပညတ်များရှိနေပါသည်။ ယင်းသို့သော ဝေါဟာရများကို ဗုဒ္ဓဘာသာဝင်များပီပီ အခြေခံအားဖြင့် သိရှိနားလည်ထားသင့်ပါသည်။

သို့မှသာ ရုပ်ပွားဆင်းတုရုပ်လုံး ရုပ်ကြွများ၊ ဆေးရေးပန်းချီ စသည်တို့တွင် ကိန်းဝပ်လျက်ရှိသော အနက်အဓိပ္ပာယ် သဘောသဘာဝများကို ဟုတ်တိုင်းမှန်ရာ အများပြည်သူတို့ သိရှိနားလည် အာရုံယူကြည်ညိုနိုင်မှာ ဖြစ်သည်။ ပဋိမာသိပ္ပံပညာသည် မနုဿလူသားတို့နှင့် အနီးကပ်ဆုံးသော ဥပမာ

www.burmeseclassic.com

www.burmeseclassic.com





သဿယအဖြစ်ဆုံး၊ လူသားများအတွက် ဓာတ်သတ္တိအားဖြင့် အကျိုးကျေးဇူး အပြုဆုံးဖြစ်ပေမည်။

ကိုယ်လက်အင်္ဂါတို့တွင် လူနှင့် မတူအောင် ကွဲပြားခြားနားစေရန် လက်များ၊ ဦးခေါင်းများ၊ မျက်စိများ ပိုမိုများပြားစွာတပ်ဆင်ထားခြင်း၊ တောင်ပံများတပ်၍ ကောင်းကင်၌ပျံသန်းစေခြင်း အထူးဝိသေသအားဖြင့် ထုလုပ်တတ်ကြလေ့ရှိသည်။ သို့သော် မြန်မာမှုတွင် လူတို့၏ ဝတ်စားတန်ဆာ၊ အဆောင်အယောင်၊ လက်နက်ကိရိယာများမှစ၍ ဆင်ယင်ထုံးဖွဲ့မှုများမှာ လူသားတို့၏ ဝတ္ထုပစ္စည်း၊ အသုံးအဆောင်များသည် ပင် ဖြစ်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။

မုဒြာတို့၏ သမိုင်းကြောင်းအရ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှု ပဋိမာသိပ္ပံပညာရပ်တွင် ပါဝင်သော မုဒြာလက်၊ ခြေ၊ ကိုယ်နေဟန်တို့သည် မဟာဗြဟ္မာကြီးက ဆင်းသက်လာဟန်ရှိပြီး 'ယဇုန်ဝေဒကျမ်း' မှ ယူသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း မုဒြာအစ ယဇုန်ဝေဒကဟု ဆိုကြခြင်း ဖြစ်သည်။ ဟိန္ဒူဗြဟ္မဏဘာသာမှုများနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုများ ရောယှက်ပါဝင်ခဲ့ဟန်တူသည်ဟု ဆိုပါသည်။

ဗုဒ္ဓယဉ်ကျေးမှု အထွက်အထိပ်သို့တိုင်သောအခါ ဂန္ဓာရီ၊ ပန်းပု ပန်းချီခေတ်တွင် တန္တရာယာနသဘောတရားများနှင့် မုဒြာအာသနကျင့်ထုံးများ ရောထွေးယှက်တင်ဖြစ်လာသည်။ ဗုဒ္ဓကို လူသားရုပ်သွင်ဟန်ဖြင့် စတင်ထုလုပ်သည်မှာ ခရာဇ်သက္ကရာဇ် အေဒီ ဒုတိယရာစုခေတ်လောက်ကျမှ ထုလုပ်ခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက မှတ်တမ်းတင်ခဲ့ကြသည်။ ထိုခေတ်မတိုင်မီက ဗုဒ္ဓဘုရားရှင်သည် ရူပအစိန္တေယျဂုဏ်နှင့်ပြည့်စုံ၍ မည်သူမျှ တူအောင်မထုလုပ်နိုင်ကြဟု အယူရှိခဲ့သဖြင့်လည်း ဗုဒ္ဓ၏ ကိုယ်ပွားဆင်းတုတော်အစား ပလ္လင်၊ ညောင်ပင်၊ စက်ဝိုင်းတံခွန်တိုင်၊ ထီး၊ စာအုပ်' စသည့် သင်္ကေတများကိုသာ ကိုယ်စားအသိအမှတ်ပြု ထုလုပ် ဖန်တီး အသုံးပြုခဲ့ကြောင်း မှတ်တမ်းမှတ်ရာအရ တွေ့ရသည်။ အာသောကခေတ် စကြာအမှတ်သင်္ကေတန်သည်လည်း အလားတူအယူမှ သုံးစွဲခဲ့ကြောင်း တွေ့ရမည် ဖြစ်သည်။ ထိုသို့စတင်ထုလုပ်ခဲ့ကြသည်မှာ အိန္ဒိယ ဂန္ဓာရပြည် ယမုံနာမြစ်ကမ်းပေါ်ရှိ 'မထုရာနယ်' မှဟု ဆိုသည်။

နှောင်းပိုင်း မြတ်ဗုဒ္ဓ၏ ကိုယ်နေဟန်ထားအရ ထုလုပ်ကိုးကွယ်ကြရန် သတ်မှတ်လာချက်ကို ဆရာကြီးသုခ၏ မှတ်စုပဒေသာတွင် ပုံဟန်ကိုးပါးရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းတို့မှာ -

၁။ မာန်စစ်အောင်တော်မူပုံ
၂။ အနိမိသရုပ်တော်မူပုံ
၃။ စင်္ကြံသွားဟန်
၄။ ပဥ္စဝဂ္ဂီငါးဦး ဓမ္မစကြာတရားဦးဟောနေဟန်
၅။ အာလာရ ဥဒကတို့သည် ရှုံးခြင်းကြီးရှုံးလေစွတကားဟု လက်ဖျစ်တီး၍ ရင်ဘတ်တော်ကို လက်ဖြင့်အုပ်ကာအံ့တော်မူသောပုံ
၆။ လက်သန်းဖြင့် မြေမှုန့်ကောက်ယူ လက်သန်းတော်ချီပြဟန်
၇။ ကပိလွန်မင်းကို ရုပ်တုဖန်ဆင်းပြဟန်
၈။ ကျောင်းတော်၌ လျောင်းစက်၍ ကျိန်းတော်မူနေဟန်
၉။ ပရိနိဗ္ဗာန်ပြုတော်မူပုံ

ဟူ၍ တွေ့ရသည်။

နှောင်းကာလများ အိန္ဒိယနိုင်ငံ တစ်ဝန်းလုံး မဟာယာနလွှမ်းလာမှသာလျှင် တွင်တွင်ကျယ်ကျယ်ထုလုပ်လာသည်။ သို့ဖြင့် ထေရဝါဒကပါ လက်ခံလာသဖြင့် လျောင်း-ထိုင်-ရပ်-ကြွချီ သွင်ဟန်လေးမျိုး ထုလုပ်ကြခြင်း ဖြစ်သည်ဟု အကျဉ်းမျှ လေ့လာ သိရှိရသည်။ ဆောင်ပါးအစတွင် ရေးသားသော 'ရှင်ပင်ပက်လက်' မှာ အမှတ်စဉ် (၈) တွင် ဖော်ပြထားသော ကျောင်းတော်၌ လျောင်းစက်၍ ကျိန်းတော်မူနေဟန်ဆိုသည်နှင့် ကိုက်ညီမည်ထင်ပါသည်။

မည်သို့ဖြစ်စေ ရှားပါးသော၊ အတွေ့ရနည်းသော ကိုယ်နေဟန်မုဒြာဟု ယူဆပါသည်။ မိမိတို့တိုင်းရင်းသားယဉ်ကျေးမှု အနုလက်ရာတွင် ပစ္စက္ခကာလအပိုင်းအခြားကို ကျော်ဖြတ်နိုင်သော အချိန်အခါသမယတန်ဖိုးအရ ရှေးဟောင်း ပန်းချီ၊ ပန်းပုလက်ရာများ ဖြစ်တည်လာမည်ဖြစ်ရာ မျက်မှောက်ခေတ်တွင် အမျိုးသားသစ္စာဖောက်များ၊ ဝိသမလောဘသမားများ၊ မှောင်ခိုသမားနှင့်ပူးပေါင်းကာ နိုင်ငံ့သမိုင်းဝင် အနုလက်ရာများကို ပြည်ပသို့ခိုးထုတ်နေသောသတင်းများ ရံခါကြားနေရပါသည်။ အထူးသဖြင့် ထိုင်းနယ်စပ်နှင့်ဆက်စပ်လျက်ရှိသည့် မွန်ပြည်နယ်သည် အများအပြား လေလွင့်ဆုံးရှုံးလျက်ရှိကြောင်း ကြားသိရသည်မှာ ရင်မောဖွယ်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ မိရိုးဖလာ ထေရဝါဒ ထွန်းကားစည်ပင်ရာ မြန်မာတိုင်းရင်းသား ပြည်သူများ ရှေးအစဉ်အလာမပျက် ယနေ့တိုင် ဘုရားဆင်းတုတော်များကို ဗုဒ္ဓမြတ်စွာ သက်ရှိထင်ရှားရှိနေသကဲ့သို့ အာရုံယူကြည်ညိုသဒ္ဓါစိတ်ပွားများနေကြသည်ဖြစ်ရာ ရုပ်တုတို့၏ကိုယ်နေဟန်မုဒြာများအရ ကွဲပြားခြားနားသော ကုသိုလ်အကျိုးပေး၊ တရားများရရှိကြရသည်ဟု ယုံကြည်ကြလေ့ရှိပါသည်။ ယင်းသို့ဖြင့် အောက်ပါအကျိုးတရား (၂၉) ပါးကို ဖော်ပြရသော် -

၁။ မဇ္ဈိမဒေသ၌သာ လူဖြစ်ရခြင်း၊
၂။ ယောကျ်ားမြတ်ဟူသော လူ၏ အဖြစ်ကိုဖြစ်ရခြင်း၊
၃။ ဣန္ဒြေချို့တဲ့မှုမဖြစ်ရခြင်း၊
၄။ အပါယ်လေးပါးသို့ မလားရခြင်း၊
၅။ ဒွန်းစဏ္ဍားအမျိုး၌ မဖြစ်ရခြင်း၊
၆။ ကျွန်မျိုး၌မဖြစ်ရခြင်း၊
၇။ လောကန္တရိက်ငရဲ၌မဖြစ်ရခြင်း၊
၈။ ယုတ်မာသောအမျိုး၌ မဖြစ်ရခြင်း၊
၉။ ရွှေအဆင်းကဲ့သို့ အဆင်းလှခြင်း၊
၁၀။ ဘုန်းတန်ခိုးကြီးမားခြင်း၊
၁၁။ မြင်သမျှသောသူအပေါင်းတို့က ချစ်ခင်ခြင်း၊
၁၂။ ကောင်းမြတ်သောလာဘ်လာဘ ပေါများခြင်း၊
၁၃။ ကျီကျဘဏ္ဍာနှင့်ပြည့်စုံခြင်း၊
၁၄။ များသော ကျွဲနွားဆင်မြင်းဥစ္စာ ရွှေငွေတို့နှင့်ပြည့်စုံခြင်း၊
၁၅။ မိမိကြံစည်တိုင်းပြည့်စုံခြင်း၊
၁၆။ နတ်မင်းကြီးဖြစ်ခြင်း၊
၁၇။ စကြဝတေးမင်းအဖြစ်ကိုရခြင်း၊
၁၈။ သိကြားမင်းအဖြစ် အကြိမ်တစ်ထောင်ဖြစ်နိုင်ခြင်း၊
၁၉။ စကြဝတေးမင်းအဖြစ် အကြိမ်တစ်ထောင်ဖြစ်နိုင်ခြင်း၊
၂၀။ ပဒေသရာဇ်အဖြစ်ကိုကား မရေမတွက်နိုင်အောင်ဖြစ်နိုင်ခြင်း၊
၂၁။ ဘုရားဆုကိုရနိုင်ခြင်း၊
၂၂။ ပစ္စေကဗုဒ္ဓါဆုကိုရနိုင်ခြင်း၊
၂၃။ သာဝကဆုကိုရနိုင်ခြင်း၊
၂၄။ မင်းပုဏ္ဏားမျိုးဖြစ်သော မြတ်သောအမျိုး၌သာဖြစ်ရခြင်း၊
၂၅။ ယုတ်ညံ့ သိမ်ဖျင်းသောအမျိုး မဖြစ်ရခြင်း၊
၂၆။ ချမ်းသာခြင်း၊ လာဘ်များခြင်း၊ အခြံအရံများခြင်း၊ ပညာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ အနာရောဂါကင်းခြင်း။ ဤခြောက်ပါးသော အကျိုးတရားတို့နှင့်ပြည့်စုံခြင်း၊
၂၇။ အသက်ရှည်ခြင်း၊ ခွန်အားကြီးခြင်း၊ မြဲမြံသောပညာရှိခြင်း၊ ရဲရင့်ခြင်း၊ အကြားအမြင်များခြင်း၊ ထက်မြက်သော ပညာရှိခြင်း၊ ချစ်ဖွယ်သော လက္ခဏာရှိခြင်း။ ဤခုနစ်ပါးသော အကျိုးတရားတို့နှင့် ပြည့်စုံခြင်း၊
၂၈။ သံသရာ၌ ကျင်လည်ရလည်း မနှိုင်းယှဉ်အပ်သော စည်းစိမ်ချမ်းသာရခြင်း၊
၂၉။ နိဗ္ဗာန်ရွှေပြည်သို့ ရောက်ရခြင်း တို့ဖြစ်ကြောင်း ဒဂုန်ဦးထွန်းမြင့် တည်းဖြတ်သည့် ဆရာဦးသာဇ ရေးသားသော မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ 'သုခမှတ်စုပဒေသာ'စာအုပ်မှ ထုတ်နုတ်ဖော်ပြရခြင်း ဖြစ်ပါသည်။ ယင်းသို့ 'ကိုးပါးစု ဘုရားထုရန်ပုံဟန်များ' ကို ပန်းပုဆရာများထုလုပ်နေကြသည်ဖြစ်ရာ မြန်မာတို့၏ လူနေမှုအဝန်းအဝိုင်းသည် တိုင်းရင်းသားဓလေ့ထုံးထမ်းများ စည်ပင်နေမည်သာ ဖြစ်သည်။

ယင်းသို့သော ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ ယုံကြည်ရာ မြတ်ဗုဒ္ဓ၏ အမွေအနှစ် ပဋိမာမုဒြာရုပ်ပွားများကို ထုလုပ်ကြရာ၌ ပရမ်းပတာမဖြစ်စေဖို့ လိုအပ်ပါသည်။ အထိန်းအကွပ်မဲ့အခြေသို့ ရောက်ရှိမသွားစေရန် လိုအပ်ပါသည်။ မိမိတို့၏ပုဂ္ဂလိဋ္ဌာန်ဖြင့်မထုလုပ်သင့်ပါ။ ကျမ်းဂန်အထောက်အထားမဲ့ မလုပ်ဆောင်သင့်ပါ။

တစ်ချိန်ကလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အနောက်နားရှိ 'အီနိုင်းလုံ' မည်သော ရှမ်းအများစုနေထိုင်ရာရွာငယ်တွင် တင်ပျဉ်ခွေထိုင်နေဟန်အင်္ဂတေရုပ်တုပကတိလူအရွယ်အစားထုလုပ်ထားသည်ကို တွေ့ရဖူးပါသည်၊ ထူးခြားနေသည်မှာ ရုပ်ပွားတော်၏ လက်နေဟန် ဖြစ်ပါသည်။ ဘယ်လက်တော်ကရှေ့ရင်ဘတ်ဖွင့်တင်ထားပြီး ညာလက်တော်က ကျောနောက်ဘက်သို့ပို့ထားလေဟန် ဖြစ်သည်။ မည်သို့သော အနက်အဓိပ္ပာယ်ဆောင်သည်ကိုမူ မိမိမသိရပါ။ ထုလုပ်သူမှာ ပညာရှင်ပန်းရန်ပန်းတမော့ဆရာမဟုတ်ဘဲ ရွာခံလူတစ်ဦးက မိမိကိုယ်ပိုင်အယူအဆဖြင့် ရည်စူးထုလုပ်ထားခြင်းဟု ကြားသိရပါသည်။ (နောက်ပိုင်း ခရီးကြုံသဖြင့် ထိုရွာသို့ရောက်ရှိ၍ သတိပြုကြည့်မိရာ မတွေ့ရတော့ပါ)။

ဤကဲ့သို့သော ကျမ်းဂန်လာအထောက်အထားမရှိသော ရုပ်တုထုလုပ်ကိုးကွယ်မှုအတွက် ဆိုးကျိုးများခံစားရနိုင်သည်ဟု ထင်မြင်မိပါသည်။ တတ်သိနားလည်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်၍မေးမြန်း၍ ထုလုပ် ကုသိုလ်ယူသင့်ပါသည်။ ယခုမိမိ တွေ့ရှိရသော 'ရှင်ပင်ပက်လက်' ဟူသော ဘွဲ့မည်ရ ဗုဒ္ဓရုပ်ပွားတော်သည် လူမသိသူမသိ ပျဉ်းမနားမြို့ လယ် လူနေရပ်ကွက်အတွင်းရှိ ရတနာဘုံစံဘုန်းတော်ကြီးကျောင်းဝရိဝုဏ်တွင် မမျှော်လင့်ဘဲ ဖူးတွေ့ရပါသည်။

မတွေ့မမြင်ဘူး၍ စေ့စပ်စွာကြည့်ဖြစ်ပါသည်။ မိမိအလေ့အလာနည်းဟန်တူပါသည်။ ပရိနိဗ္ဗာန်ပြုဟန်တုဆိုရမည်လော၊ လူသိများသော ရှင်ကဿပပုံတော်နှင့်လည်းမတူပါ။ ယခုမှာ လုံးဝပက်လက်အနေအထားပုံ ဖြစ်ပါသည်။

ယင်းသို့သော ယုံကြည်ကိုးကွယ်မှုသည်လည်း ရုပ်ပွားဆင်းတုတော်၏ ကိုယ်နေဟန်ထားအလိုက်ရရှိမည့်အကျိုးကျေးဇူးတရားသည်ပင် ကွဲပြားခြားနားပါကြောင်း ပြောကြားလိုပါသည်။ မုဒြာအနေအထားအလိုက် ရရှိနိုင်သော အကျိုးတရားသည်လည်း အောက်ပါအတိုင်းတွေ့ရမှာဖြစ်သည်။

၁။ အဒ္ဓပလ္လင်္ကာသန-(ထက်ဝက်တင်ပျဉ်ခွေထိုင်ပုံတော်) (ခြေတစ်ဖက်တင်ခြေတစ်ဖက်ချဟန်) အေးချမ်းသာယာသော သန္တာနကို ဖော်ဆောင်လိုခြင်းဖြစ်၍ အပယ်ရတနာ၊ နန်းဘုရား၊ အာနန္ဒာ စသည်တို့တွင် တွေ့နိုင်ပါသည်။

အကျိုးကား - ကိုးကွယ်သူအား ရန်ငြိမ်းအေးကင်းခြင်း၊ အေးချမ်းသာယာသော မင်္ဂလာအကျိုးတရားများကို ရစေနိုင်သည်ဟု ယုံကြည်ကြသည်။

၂။ ဈာနသန - ယောဂါသန (တရားဝင်စားတော်မူဟန်ပုံတော်) ဖလသမာပတ်ဝင်စားတရားအားထုတ်ရာတွင် ဈာန်ဗုဒ္ဓရုပ်ပွားများကို ဤဈာနာသနထိုင်ဟန်များ ဖြစ်ပါသည်။

အကျိုးကား - ကိုးကွယ်သူအား စိတ်တည်ကြည်ခြင်း၊ သမထပေါက်မြောက်ခြင်းအကျိုးများကို ပြီးမြောက်စေနိုင်သည်ဟု ယုံကြည်ကြသည်။

၃။ ပဒုမာသန - (ကြာပလ္လင်ထိုင်နေဟန်ပုံတော်) ခြေတစ်ဖက်စီ၊ ပေါင်တစ်ဖက်စီတွင် ဖနောင့်အပေါ်သို့ လှည့်ချိတ်တင်ပြီးထိုင်နေပါက ပဒုမာသနပုံတော်ဟုဆိုသည်။ ထိုတန်မှ ထပ်မံ၍ခွဲ



www.burmeseclassic.com

www.burmeseclassic.com

များသည်မှာ -

လက်ဝဲခြေ အပြင်နေပါက မာန်အောင်ပဒုမာသနမည်ပါသည်။

လက်ယာခြေ အပြင်နေပါက ပမာပတ္တိပဒုမာသန (ဈာန်ဝင်စားဟန်) ကြာရှည်ထိုင်နိုင်သောယောဂီထိုင်နည်း မည်ပါသည်။

လက်ဝဲ သို့မဟုတ် လက်ယာဖဝါး တစ်ဖက်သာလှန်၍ ချိတ်ထိုင်ပါက အဒ္ဓပဒုမာသနဟုမည်သည်။

အကျိုးကား အေးမြချမ်းသာခြင်း အကျိုးတရားပေါက်မြောက်ခြင်းအကျိုးများကို ရည်မျှော်ပူဇော်တတ်ကြသည်။

၄။ ဝဇီရာသန - ဝဇီရပလ္လင်္ကာသန (မိုးကြိုးသွား၊ စိန်တောင်ထိုင်နေတော်မူပုံ) ပဒုမာသနနှင့် ဆင်တူသည်။ လက်များကို ခြေမများပေါ်တင်ထားဟန်ဖြစ်ကာ ဝဲခြေပေါ်/မပေါ် ဟူ၍ ကွဲပြားသေးသည်။

အကျိုးကား - ကိုးကွယ်သူအား မပျက်စီးခြင်း၊ ထက်မြက်ခြင်း၊ ရန်အပေါင်းကို ချေမှုန်းနိုင်ခြင်း။ ဉာဏ်ပညာထိုးထွင်းပေါက်မြောက်ခြင်း၊ သိဒ္ဓိအမျိုးမျိုး ပြီးပြည့်စုံခြင်း စသော အကျိုးထူးများ ရရှိစေနိုင်ပါသည်။

၅။ ပလ္လင်္ကာသန - (တင်ပျဉ်ခွေထိုင်ပုံတော်) ဈာနာသနထိုင်ဟန်နှင့်တူသည်။ သို့သော် ခြေဖနောင့်နှစ်ဖက်မမြင်မပေါ်။ ပေါင်ရင်းတွင် မြုပ်ထားသည်။ ဖလသမာပတ်ဝင်စားဟန်ဖြစ်၍ တရားအားထုတ်သူများ ဤနည်းဖြင့်ထိုင်အားထုတ်ကြလေ့ရှိသည်။

အကျိုးကား - ရာထူးကိုရခြင်း၊ ဉာဏ်ပညာထက်မြက်၊ ကျက်သရေတိုးပွား စသဖြင့် အကျိုးများရရှိစေပါသည်။

၆။ ပလမ္ဗပါဒါသန-ပါလိလေယျကာ သန ပလလည်းပုံတော်ခေါ်သည်။ (ခြေစုံပုံတော်) ယခုခေတ် ကုလားထိုင်ပေါ်တွင်ထိုင်ဟန်မျိုးကဲ့သို့ ပလ္လင်တွင်ထိုင်ကာ ခြေထောက်နှစ်ဖက် အောက်သို့တွဲလျားချဟန်ဖြစ်သည်။ မြေပေါ်၌ စုံနင်းထားသောဟန်ပုံမျိုး၊ ပလမ္ဗပါဒါန သို့မဟုတ် ပါလိလေယျကာ သန ပလလည်းပုံတော်ဟုလည်း ခေါ်ပါသည်။ မြန်မာဘာသာဖြင့် ခြေစုံပုံတော်ဖြစ်၏။ ပုဂံခေတ် ယဉ်ကျေးမှုတွင် ရုပ်ပွားဆင်းတုတော်အတော်များများကို ဤပုံဟန်ဖြင့် တွေ့ရပါသည်။ နဂါးရုံဘုရား၊ မင်္ဂလာစေတီ၊ ရွှေဆံတော်၊ အာနန္ဒာစေတီများတွင်လည်း ပလလည်းပုံတော်တို့ကို ဖူးတွေ့နိုင်ပါသည်။ အင်းလေးဒေသ ခေါင်တိုင်ဘုရားတွင် လည်းကောင်း၊ မော်လမြိုင် ကျိုက်မရောဘုရားတွင် လည်းကောင်း၊ မော်လမြိုင် ဝင်းစိန်တောရ ဆရာတော်၏ ဝတ်ကျောင်းအတွင်းရှိ ရုပ်ပွားတော်သည် လည်းကောင်း ဤပုံဟန်မျိုး ဖူးတွေ့ရမည် ဖြစ်ပါသည်။

အကျိုးကား -. ကိုးကွယ်သူများသည် စိတ်အေးချမ်းသာယာစွာနေခြင်း၊ သောကဗျာပါဒကင်းဝေးခြင်း၊ ရှုပ်ထွေးဘေးရန်အန္တရာယ် မာန်စွယ်များမှ လွတ်ကင်းခြင်း၊ ကျန်းမာခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်ဟု ဆိုပါသည်။

၇။ ဘဒြာသန (ခြေတွဲလွဲကျပုံတော်) - ပလ္လင်မြင့်ပေါ်တွင်ထိုင်လျက် ခြေနှစ်ဖက်ကိုအောက်သို့တွဲလျားချထားသော်လည်း ခြေအစုံသည် မြေနှင့်မထိပါက ဘဒြာသနဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် ခြေနှစ်ချောင်းကို ကြက်ခြေခတ်၍ ဖနောင့်နှစ်ဖက်ကို လှန်ပြီး ချိတ်ထားကာ တင်ပါးဆုံဖြင့် ဖိထိုင်ထားပုံကိုလည်း ယောဂီသဘြာသနဟု ခေါ်ပါသေးသည်။ ပုဂံအကြိုခေတ်ဦးပိုင်း သရေခေတ္တရာခေတ်များတွင်သာ ဘဒြာသနပုံတော်များကိုတွေ့ရပါသည်။ အလွန်ရှားပါးသောပုံတော်မျိုးဖြစ်သည်။

အကျိုးကား - အမောအပန်းပြေခြင်း၊ သောကဗျာပါဒကင်းဝေးစေခြင်း၊ ကျန်းမာခြင်း စသော အကျိုးကျေးဇူးများရရှိနိုင်ရန် ကိုးကွယ်ဆည်းကပ်ကြလေ့ရှိသည်။

ယင်းသို့သော ဗုဒ္ဓရုပ်ပွားတော်များ၏ ပဋိမာသိပ္ပပညာအရ မုဒြာကိုယ်နေလက်ဟန်များ မတူကွဲပြားသည်နှင့် အမျှ ပူဇော်ဆည်းကပ်သူ၏ ရည်မှန်းရရှိနိုင်မည့် အကျိုးကျေးဇူးများသည်လည်း ကွဲကွဲပြားပြားရှိနေပေရာ မိမိ ဤဆောင်းပါးအစတွင် အဓိကဖော်ပြထားသော 'ရှင်ပင်ပက်လက်' ဘွဲ့မည်ရသော ရုပ်ပွားတော်သည်လည်း မလွဲကေန် အကျိုးထူးရှိမည်ဟု ထင်မြင်မိပါသည်။

လက်လှမ်းတမီ စာပေကျမ်းဂန်များတွင် ရှာဖွေသော်လည်း ဖော်ပြခဲ့သည့်အတိုင်းသာ တွေ့ရပါသည်။ တတ်သိနားလည်သောပညာရှင်များက အများပြည်သူအတွက် ဗဟုသုတဝေမျှပေးကမ်း ရေးသားကြစေလိုပါသည်။ သို့ဖြစ်ရာ မိမိတို့ မြန်မာပြည်ထောင်စုအများစု ဗုဒ္ဓဝါဒအခြေခံတိုင်းရင်းသားလူမျိုးစုတစ်ရာကျော်မှာ ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်ကပင် အေးအတူပူအမျှပူးပေါင်း နေထိုင်ခဲ့ကြသည်ဖြစ်ရာ နေ့ကြီးရက်ကြီး ပြန်တမ်းဝင်ရုံပိတ်ရက်အတော်များများ သတ်မှတ်ထားခဲ့သည်သာ ဖြစ်သည်။ ယင်းသို့သော ရက်များမှာ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆက်နွယ်နေသော ဗုဒ္ဓဝင်ဖြစ်တော်စဉ်လာ အထိမ်းအမှတ်နေ့များ ဖြစ်လေသည်။ ဘာသာသာသနာအလေးအမြတ်ထားရာ ဗုဒ္ဓကိုယ်စားရုပ်ပွားဆင်းတုတော်များမှာ ခိုင်မာသော ကျမ်းဂန်လာ မုဒြာပုံဟန်ဖြစ်ဖို့ အရေးပါလျက်ရှိပါသည်။

လူတို့သည် မိမိတို့၏ကိုးကွယ်ရာ ယုံကြည်ရာ ကိုယ်ပွားဆင်းတုတော်များကို ထုလုပ်ကြရာ၌ ဤမျှကွဲပြားခြားနားသော မုဒြာသွင်ဟန် မည်သည့်ဘာသာတွင်မျှ မတွေ့မမြင်ဘူးပါ။ မိမိတို့ ဗုဒ္ဓဘာသာတွင်သာ အလွန်များသည်ကို တွေ့ကြရမှာ ဖြစ်သည်။ ကိုယ်နေဟန်ထား မုဒြာကွဲပြားသကဲ့သို့ ဝတ်ဆင်ထားသော အဆင်တန်ဆာများမှာလည်း စုံလင်လှသည်။ အခြားဘာသာဝင်များက သိလို၍ မေးမြန်းလျှင်ပင် ဗုဒ္ဓဘာသာဝင် မိမိတို့မှာ ဖြေကြားရှင်းပြနိုင်စရာမရှိသည့်အပြင် ကိုယ်တိုင်လည်း အမှန်ကိုဆိုရလျှင် မသိပါဟုဆိုရပါမည်။ ပရမ်းပတာမဟုတ်တန်ရာ၊ မသိသည်သာ ဖြစ်ပါသည်။ ပဋိမာသိပ္ပပညာသည် မိမိတို့ကဲ့သို့ သာမန် မည်ကာမတ္တ ဗုဒ္ဓဘာသာများအတွက် အလှမ်းဝေးနေဦးမည်ဖြစ်ပါသည်။ သို့ဖြင့် မြန်မာ့မူမြန်မာ့ဟန် အနုလက်ရာ ဗုဒ္ဓဆင်းတုတော်များ စည်းစနစ်ကျနစွာ သိပ်သည်းကျစ်လျစ်စွာ စည်ပင်ဖွံ့ဖြိုးစေသင့်ပါကြောင်း ဆန္ဒပြု ရေးသားလိုက်ရပါသည်။

ရာမည-သွေးမွှန်

**ကိုးကား -**

သုခမှတ်စုပဒေသာ
(၁၉၇၃-ခုနှစ်)
အမွေခံထိုက်သောမြန်မာ့ပန်းပုပညာ
သုတေသီ-ရာမညကိုကိုနိုင်
မြန်မာ့ရိုးရာပဋိမာသိပ္ပပညာ(မုဒြာများ)
စစ်ထွန်းမှတ်ဝင်း
ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ
မောင်သိန်း
ကိုယ်တိုင်မျက်မြင်လေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com



(မြတ်ဓမ္မ)

# ဒေါက်တာအရှင်လာဘသာမိ

## ဖြစ်များသူနှင့်အဖြစ်ဒဏ်(၁)

(က)

လူသားတို့၏စိတ်သည် ပင်ကိုအားဖြင့် ဖြူစင်သန့်ရှင်းသည်။ အပြစ်တင်း၍ ကြည်လင်သည်။ အပူအပင်တင်း၍ အေးမြသည်။ နူးညံ့သိမ်မွေ့သည်။ ဖြူဖြူစင်စင် မြင့်မြတ်သည်။ ကြည်ကြည်လင်လင် သန့်ရှင်းသည်။ စိတ်သည် ရေလိုဖြစ်သည်။ ရေသည် ပင်ကိုအားဖြင့် ကြည်လင်သန့်ရှင်းသည်။ ဆိုးရည်အမျိုးမျိုးကြောင့်သာ မြောင်းလဲရသည်။ မည်းညစ်သည့်ဆိုးရည်ကြောင့် ညစ်နွမ်းရသည်။ အနီရောင်ဆိုးရည်ကြောင့် အနီရောင်ဖြစ်ရသည်။ အစိမ်းရောင်၊ အပြာရောင် စသည်တို့ကြောင့် ပင်ကိုသဘာဝမှ ပြောင်းလဲ၍ အစိမ်းရောင်၊ အပြာရောင်ဖြစ်ရ၏။ ကြည်လင်သန့်ရှင်းသည့်ရေထဲသို့ အဆိပ်ရည်လောင်းထည့်လျှင် ထိုရေသည် အဆိပ်ရည်အဖြစ် ပြောင်းလဲသွားသည်။ မီးကြောင့်လည်း ဆူပွက်ရသည်။ အအေးဓာတ်ကြောင့်လည်း အေးခဲရသည်။

ဖြူစင်သန့်ရှင်းသည့် စိတ်သည်လည်း ထို့အတူဖြစ်သည်။ ဖျက်ဆီးခံရသဖြင့် ပြောင်းလဲရသည်။ လိုချင်မက်မောခြင်း လောဘ၏ ဖျက်ဆီးခြင်းကြောင့်လည်း ပြောင်းလဲရသည်။ မည်းညစ်ရသည်။ ကြမ်းတမ်းပြစ်မှားခြင်း ဒေါသတရား၊ အမှန်တရားကိုမသိခြင်း မောဟတရား၊ ထောင်လွှားခက်ထန်မာကျောခြင်း မာနတရား၊ မနာလိုခြင်း ဣဿာတရား၊ ဝန်တိုခြင်း မစ္ဆရိယ၊ သူတစ်ပါး ကြီးပွားချမ်းသာတာကို မနှစ်မြို့ခြင်း ဗျာပါဒ စသည့် ကိလေသာတရားများ ဖျက်ဆီးခြင်းကြောင့်လည်း ပြောင်းလဲ ညစ်နွမ်းရသည်။ အဖြူကို အမည်းရောင်ဆိုးလိုက်ခြင်း ဖြစ်သည်။ စိတ်သည် လောဘ၊ ဒေါသ စသည့် တရားတို့နှင့်ပေါင်းသင်းလျှင် ရိုင်းသည်။ စိတ်ကြမ်း ရုပ်ကြမ်းဖြစ်တတ်သည်။

မှန်ပါသည်။ လိုချင်မက်မောခြင်း လောဘစိုးမိုးသူသည် သူလိုချင်သည့် ပစ္စည်းဝတ္ထုကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နည်းမျိုးစုံဖြင့် ပိုင်ဆိုင်လာအောင် ကြိုးစားအားထုတ်သည်။ ထို့အတူ ဒေါသလွှမ်းမိုးသည့်အခါ ၊ဣဿာတရားလွှမ်းမိုးသည့်အခါ၊ မစ္ဆရိယတရားလွှမ်းမိုးသည့်အခါ၊ ဗျာပါဒတရားလွှမ်းမိုးသည့်အခါ ထိုသူ၏ စိတ်နှင့် အတွေးအမြင်တို့သည် တစ်ဖက်

www.burmeseclassic.com

စောင်းနင်းဖြစ်လာသည်။ နှစ်ဖက်အမြင် သူ့ဘက်ကိုယ့်ဘက်ဆိုသည့် အတွေး အမြင်ကို မျက်ကွယ်ပြုလာ၏။ အမည်း ရောင်ဆိုးသဖြင့် ပြောင်းလဲညစ်နွမ်းသွား ခြင်းသဘောပင် ဖြစ်သည်။ မာန်မာန လွှမ်းမိုးသူ သို့မဟုတ် မာနကြီးသူသည် ရိုသေခြင်းကင်းမဲ့သည်။ မိမိထက် အသက်အရွယ်ကြီးသူ၊ ဂုဏ်သိက္ခာရှိသူ များကိုလည်း မရိုမသေဆက်ဆံသည်။ ကြီးသူကိုရိုသေခြင်း၊ ရွယ်တူကိုလေးစား ခြင်း၊ ငယ်သူကိုသနားခြင်း ဆိုသည့် စကားသည် သူ့အတွက် အချည်းနှီးသာ ဖြစ်သည်။ မာနသည် ဂါရဝ နိဝါတ ရိုသေခြင်းနှင့် လေးစားခြင်းကို ဖျက်ဆီး တတ်သည်။ ဖြူစင်သည့်သဘောမှ မည်းညစ်သည့်သဘောသို့ ပြောင်းလဲ သွားသည်။

မာနကြီးလျှင် အတ္တဆန်သည်။ အတ္တကြီးသည်ဟု ဆိုရပေမည်။ ရိုသေ လေးစားခြင်းတို့ ကင်းမဲ့၍ အတ္တတရား ဦးစီးကာ ငါသိ၊ ငါတတ်၊ ငါသာလျှင် မှန်သည်ဟု ရှုမြင်သုံးသပ်လာသည်။ အပေါင်းလက္ခဏာ အမြုသဘော (Positive) ဆောင်သည့် အတွေးအမြင် မျိုးလည်း မရှိတော့။ အမြဲတမ်းလိုလို လူတိုင်းနှင့် ဆန့်ကျင်ဘက် (Negative) အနေအထားမျိုးဖြင့် ငြင်းပယ်လေ့ရှိ သည်။ ထိုသူသည် ဒေါ၀စသာတာ ဆိုဆုံးမခက်ခဲသည်။ စိတ်ကောင်း၊ နှလုံး ကောင်းများ ပျောက်ဆုံးလျက် ဖြူစင်သူ အဖြစ်မှ ညစ်နွမ်းသူအဖြစ်သို့ ပြောင်းလဲ သွားခြင်း ဖြစ်သည်။ အဖြူရောင် ဝန်းကျင်မှ မည်းညစ်ရောင်ဝန်းကျင်သို့ ကူးပြောင်းသွားသည်။ စိတ်ဓာတ်ညစ် နွမ်းမှုကို အခြေပြု၍ မှားယွင်းမှုများဖြစ် ပေါ်ရန် အကြောင်းဖန်လာတော့သည်။

(ခ)

ဒေါ၀စသာတာ ဆိုဆုံးမခက်သူ သည် ရိုသေထိုက်သူ လူကြီးသူမတို့က အကောင်းဘက်သို့ ဦးတည်၍ ပြောဆို သည့်စကားကို သဘောမပေါက်ဖြစ် သည်။ အကျိုးလိုလား၍ ဆိုဆုံးမသည် ကိုလည်း နားမလည်ယောင်ပြုသည်။ ဆိုးပြစ်တွင်းမှ ကယ်တင်ခြင်းကိုလည်း မလိုလားတတ်။ နောက်ဆုံးတွင် မိဘ စကားကိုပင် နားမထောင်ချင်တော့။ မိဘစကားကို ပြန်လှန်၍ပြောဆိုသည်။ နှုတ်လှန်ထော်၍ငြင်းခုံသည်။ ပြစ်မှား သည်။ ပြုကျင့်မှုများ မှားယွင်းသည် ထက် ပို၍ပို၍ မှားယွင်းလာသည်။

အရာရာတွင်းကို အပြစ်ရှာသည်။ တစ်ဖက်စောင်းနင်းဖြစ်လျက် စိတ်ထား တင်းမာသူ၊ စိတ်ဓာတ်ညံ့ဖျင်းသူ၊ မကောင်းမှုပြုလွယ်သူအဖြစ်ဖြင့် ဆုတ်နစ် မှုကိုဖြစ်စေသည်။

သူတစ်ပါး၏အပြစ်ကို စိတ်ထဲ၌ တွေးကြံကာ အပြစ်ပြော၍ အကုသိုလ် ယူသည်။ သူတစ်ပါးအား မကောင်းသည့် ဂုဏ်သတင်းနှင့်စပ်လျဉ်း၍ ချီးမွမ်းဟန် ဆောင်ကာ အမျိုးမျိုးပြစ်မှားသည်။ အတွေးမှား၊ အမြင်မှား၊ အသိမှား၊ အပြု မှားတို့ဖြင့် အကုသိုလ်များကို ပြစ်မှား ကျူးလွန်သည်။ ထင်မှားရုံသက်သက်ဖြင့် လည်း ပြစ်မှားသည်။ အထင်ကို အမြင် လုပ်၍လည်း စွပ်စွဲပြစ်မှားသည်။ တစ်ဆင့်စကား ကြားရုံဖြင့်လည်း သူများပါးစပ် နောက်ယောင်ပါလျက် စွပ်စွဲပြစ်မှားသည်။ နှလုံးသားတွင် မကောင်းသည့်စိတ်ရိုင်းများ ထည့်သွင်း ထားသဖြင့် မှားယွင်းစွာ ပြစ်မှားခြင်း ဖြစ်သည်။ မပြစ်မှားထိုက်သူများကို ပြစ်မှားမိလျှင် ကြီးလေးစွာသော အပြစ် ဒဏ်များသင့်ခံရပေသည်။ မပြစ်မှား ထိုက်သော ပုဂ္ဂိုလ်ဆယ်ပါးရှိသည်။ မိတ်ဆွေကောင်းဆယ်ယောက်၊ ခင်ပွန်း ကြီးဆယ်ပါးဖြစ်သည်။ ခင်ပွန်းဆိုတာ မိမိအပေါ်မှာ ကျေးဇူးတရားရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ လူတစ်ယောက်သည် မိမိအား ကျေးဇူးတစ်စုံတစ်ရာကို ကူညီ ဖေးမဖူးသည့် ကျေးဇူးရှင်သည် ခင်ပွန်း ဖြစ်သည်။ ကျေးဇူးရှိသည့်ပုဂ္ဂိုလ်သည် ခင်ပွန်းဖြစ်သည်။

(ဂ)

ကျေးဇူးရှိသည့်ပုဂ္ဂိုလ်များကိုရှာ ကြည့်လိုက်လျှင် ဦးစွာပထမတွေ့ရသည့် ကျေးဇူးရှင်က အဖေ၊ အမေ ဖြစ်သည်။ အဖေ၊ အမေသည် သားသမီးတို့အား လူလားမြောက်အောင် ကျွေးမွေးစောင့် ရှောက်ခဲ့သည်။ နို့ချိုတိုက်ကျွေးမွေးမြူခဲ့ သည်။ အစာခွံ့ပေးကျွေးမွေးခဲ့သည်။ ပညာသင်ပေးကြီးပွားစေခဲ့သည်။ လူ့ဘုံ အလယ် အဖွဲ့အစည်းအသွယ်သွယ်တို့ တွင် တင့်တယ်စေခဲ့သည်။ မြင့်မားစေခဲ့ သည်။ ဝင့်ကြွားထည်ဝါစေခဲ့သည်။ မိဘ များသည် သားသမီးများအပေါ် အမြဲ ထာဝရ ယုယပိုက်ထွေး မြတ်မြတ်နိုးနိုး နှင့် မေတ္တာမိုးများ အဆက်မပြတ်ရွာ သွန်းနေသည်။ သားသမီးတို့အတွက် ဆိုလျှင် အရှက်ကိုလည်းပေးဝံ့၊ အသက် ကိုလည်းပေးဝံ့သည်။ ဤသဘောသည်

မိဘများ၏ဂုဏ်ကျေးဇူး၊ မိဘများ၏ ဂုဏ်သတ္တိများဖြစ်သည်။ မိမိမှာ မိဘ မရှိတော့လျှင် မိမိကို လူလားမြောက် အောင် ကျွေးမွေးပြုစုဖူးသူ၊ ကူညီစောင့် ရှောက်ဖူးသူသည် ကျေးဇူးရှင်ဖြစ်သည်။ ကျေးဇူးရှင်မှန်သမျှ ခင်ပွန်းဖြစ်သည်။

ကျေးဇူးရှင်တို့အပေါ် ကျေးဇူး ကန်း၍ လည်းကောင်း၊ အထင်အမြင်လွဲ မှား၍ လည်းကောင်း၊ ကျေးဇူးတရားကို မသိနားမလည်၍ လည်းကောင်း ကျေးဇူးရှင်အား ပြောဆိုပြုမှားတာကို ပြစ်မှားသည်ဟုဆိုသည်။ ဖြူစင်သန့်ရှင်း ကြသည့် ပုဂ္ဂိုလ်သူမြတ်တို့အပေါ်၌ လည်း မိမိအထင်အမြင်အယူအဆများ ဖြင့် မဟုတ်မဟတ်ပြောဆိုပြုမှုများကို မှားယွင်းစွာပြုကျင့်မိလျှင် ပြစ်မှားခြင်း ပင် ဖြစ်သည်။ တချို့သောသူများသည် မိမိအထင်အမြင်ဖြင့် သူတော်ကောင်း တို့အား ပြစ်မှားပြောဆိုတတ်ကြသည်။

မိမိနှင့် မိမိပတ်ဝန်းကျင်ဝယ် ဆက်သွယ်လျက်ရှိသည့် ပုဂ္ဂိုလ်များကို မပြစ်မှားမိဖို့ အထူးလိုအပ်လှပါသည်။ ကိုယ့်အထင်အမြင်နှင့် မပြောဆိုသင့်၊ မပြစ်မှားသင့်။ မိမိနှုတ်ကို စောင့်စည်း သင့်သည်။ မိမိစိတ်ကိုလည်း ထိန်းသိမ်း ရမည်။ ကိုယ်အမူအရာများကိုလည်း စောင့်စည်းရမည်။ ခင်ပွန်းဟုခေါ်သည့် ကျေးဇူးရှင်များကို ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့ တွင် တစ်ပါးတစ်ပါးဖြင့်သော်မှ မပြစ်မှား မိအောင် လေးလေးနက်နက် ထိန်းသိမ်း စောင့်စည်းရမည်။

မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ဆယ် ဦး၊ ခင်ပွန်းကြီး ဆယ်ပါးရှိသည်။

၁။ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်
၂။ ပစ္စေကဗုဒ္ဓဘုရား
၃။ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာ၊
၄။ ရဟန္တာအရှင်မြတ်၊
၅။ မိခင် (အမေ)၊
၆။ ဖခင် (အဖေ)၊
၇။ စာပေပညာ၊ အသက်မွေးဝမ်း ကျောင်းပညာများကို သင်ပြပေး သည့် ဆရာသမား၊
၈။ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ် တို့ကို ဖြည့်ကျင့်သည့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊
၉။ တရားဓမ္မများကို ဟောပြောပြ သပေးသည့် ဆရာသမား၊
၁၀။ တစ်လုတ်စားဖူးသည့် ကျေးဇူး ရှင်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(ဃ)

ကျေးဇူးရှင်များကိုစွပ်စွဲပြစ်မှားခြင်းကြောင့် ပြစ်မှားသူအား ဆိုးကျိုးအမျိုးမျိုးကျရောက်ရသည့် အပြစ်ဒဏ်ကျခံရမှုများလည်း များစွာရှိခဲ့၏။ ယခုခေတ်၌လည်း ဘယ်အရပ်တွင် မိဘကိုစော်ကားသဖြင့် မြေမျိုခံရသည်၊ မိုးကြိုးပစ်ခံရသည်၊ ဖမ်းဆီး ထိန်းသိမ်းခံရသည် စသည်ဖြင့် မှတ်သားနေရသည်။

မြတ်ဗုဒ္ဓလက်ထက်တော်၌လည်း များစွာရှိခဲ့ဖူးသည်။ စိဉ္စမာနအမျိုးသမီးသည် အာဇီဝကများ၏ စေခိုင်းချက်ဖြင့် သစ်သားကို ကိုယ်ဝန်အတုတပ်၍ တရားနာပရိသတ်အလယ်တွင် ကလေးဖွားမြင်မည့်အခန်းကို ပြင်ဆင်ပေးရန်နီးသည်တစ်ယောက်အနေဟန်ဖြင့် ဘုရားရှင်အား စွပ်စွဲပြောဆိုသည်။ မြတ်ဗုဒ္ဓသည် အေးဆေးငြိမ်သက်စွာဖြင့် သည်းခံတော်မူသည်။ ထိုအခါ စိဉ္စမာနသည် ကိုယ်နှုတ်နှစ်ပါး အလွန်လှုပ်ရှားတာ ဒေါသများကတုန်လှုပ်လာသဖြင့် သစ်သားကိုယ်ဝန်ပြုတ်ကျလာလေသည်။ လူအများသည် စိဉ္စမာနကို ရိုက်နှက်ဆွဲထုတ်ကြလျက် ကျောင်းအပြင်ဘက်သို့မောင်းထုတ်လေရာ ဇေတဝန်ကျောင်းအနီးတွင် မြေမျိုခံရလေသည်။

သာမာဝတီအမျိုးသမီးသည်လည်း တစ်ခုသောဘဝ၌ မြစ်ကမ်းဘေးရှိ မြက်ချုံအတွင်းဝယ် ဈာန်သမာပတ်ဝင်စားနေသည့် ရှင်ပစ္စေကဗုဒ္ဓအရှင်မြတ်ကို အမှိုက်များစုပုံ၍ မီးရှို့ခဲ့လေသည်။ ထိုအကုသိုလ်ကံကြောင့် ပြန်လည်၍ မီးရှို့ခံရသည့်ဒဏ်သင့်ခံရသည်။

ခုဇ္ဇုတ္တရာသည်လည်း ခါးအနည်းငယ်ကုန်းသည့် ရှင်ပစ္စေကဗုဒ္ဓကို လှောင်ပြောင်ခြင်းဖြင့် အခြားသူတို့အား ခါးကုန်းနေသည့်ပုံသဏ္ဍာန်လုပ်ပြ၍ ကဲ့ရဲ့ခဲ့ဖူးသည်။ ထိုအကုသိုလ်အကျိုးဆက်ကြောင့် ခါးကုန်းသည့်ဒဏ်သင့်ခံရသည်။ ခါးကုန်းမဖြစ်ရသည်။

ကောကမုဆိုးသည် တောလည်ထွက်ရာ တစ်နေ့သ၌ လမ်းခုလတ်ကြားတွင် ဆွမ်းခံထွက်သည့်ရဟန်းတော်နှင့်တွေ့ဆုံ၍ အမျက်ထွက်ကာ "ဒီနေ့လာဘ်မကောင်းဘူး၊ တောလည်ထွက်လည်း ဘာတစ်ခုမှရမှာမဟုတ်ဟု တွေးတြလေသည်။ သူတွေးသည့်အတိုင်း ထိုနေ့တွင် တစ်စုံတစ်ခုကိုမျှ မရရှိခဲ့။ ရဟန်းတော်နှင့် ပြန်ဆုံတွေ့သည့်အခါ ဒီရဟန်းကြောင့် ဘာတစ်ခုမှမရရှိခြင်းဖြစ်သည်ဟု အမျက်ထွက်ကာ ရဟန်းတော်အား တောလိုက်ခွေးများနှင့်တိုက်လေသည်။ ရဟန်းတော်က မလုပ်ရန်တောင်းပန်သော်လည်းမရသဖြင့် ရဟန်းသည် သစ်ပင်ပေါ်သို့ အလျင်အမြန်တက်ပြေးရလေသည်။ မုဆိုးသည် သံချွန်များဖြင့်ထိုးသဖြင့် ရဟန်းတော်သည် ရှောင်တိမ်းရင်း ပင်ပန်းနွမ်းနယ်ကာ ဝတ်ရုံထားသည့်သင်္ကန်းများမနိုင်တော့သဖြင့် အောက်သို့ပြုတ်ကျလေသည်။ သင်္ကန်းများသည် မုဆိုး၏ခန္ဓာကိုယ်ပေါ်သို့ခြုံလျက်အနေအထားဖြင့် ကျသွားလေသည်။ ခွေးများသည် သခင်မုဆိုးကို ရဟန်းနှင့်ထင်မှတ်လွဲ၍ ကိုက်စားဖွဲ့စားကြလေသည်။ မပြစ်မှားထိုက်သည့်ပုဂ္ဂိုလ်ကို ပြစ်မှားခြင်းကြောင့် ဆိုးကျိုးကို မုဆိုးခံသွားရခြင်း ဖြစ်သည်။

အဇာတသတ်မင်းသည် အသိဉာဏ်နုနယ်စဉ်အချိန်တွင် ရှင်ဒေဝဒတ်၏ စည်းရုံးမှုကိုခံရကာ အရှင်ဒေဝဒတ်ကိုအထင်ကြီး၍ ကိုးကွယ်ဆည်းကပ်မိလေ၏။ ကိုးကွယ်ဆည်းကပ်မှု မှားယွင်းခြင်းကြောင့် ဖခင်ဘုရင် ဗိမ္ဗိသာရကို သတ်မိသည်အထိ အမှားကြီးကျူးလွန်မိလေသည်။ အဇာတသတ်မင်းသည် အဖကိုသတ်သည့်အချိန်မှစ၍ ညအခါတွင် အိပ်မပျော်သည့်ရောဂါဝေဒနာစွဲကပ်လေသည်။ သူ၏မျက်လုံးများကို လှံအချက်ပေါင်းအထောင်မက ထိုးဆွခြင်းခံရသလို ဝေဒနာခံစားရလေသည်။ သေပြီးသည့်နောက် လောဟကုမ္ဘီငရဲသို့ ကျရောက်ရလေသည်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည်လည်း ရှေးနုစဉ်တစ်ခုသောဘဝတွင် မယား၏ကုန်းချောစကားကို နားယူမှား၍ အမိ၊ အဖတို့ကို သတ်ပုတ်လိုရကား ယာဉ်ငယ်ဖြင့်တောသို့ခေါ်ဆောင်သွား၍ လူဆိုးဓားပြများထကြွသောင်းကျန်းဟန်ပြုလျက် မိဘနှစ်ပါးတို့ကို ရိုက်နှက်ပုတ်ခတ်လေသည်။ မိဘနှစ်ပါးသည် မျက်စိနှစ်ကွင်းအလင်းမရသောကြောင့် အဆင်းမမြင်ရဘဲ မိမိတို့၏သားကိုပင် တကယ့်လူဆိုးဓားပြထင်ကြ၍-

"ချစ်သား၊ ဤမည်သောသူခိုးဓားပြသည် ငါတို့ကို ရိုက်နှက်ပုတ်ခတ်ကုန်၏။ သင်ချစ်သားသည် လွတ်ရာကိုပြေးသွားလော့"

ဟု သားအတွက် ပြောဆိုငိုကြွေးကြလေကုန်သည်။

အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ထိုအကုသိုလ်ကံကြောင့် နောက်ဆုံးဘဝတွင် လူသတ်သမားငါးရာ၏ ဝိုင်းရိုက်ခြင်းကိုခံရရှာသည်။ တန်ခိုးဖြင့် အကြိမ်ကြိမ် ရှောင်လွှဲခဲ့သော်လည်း နောက်ဆုံးတွင် ကံကြွေးဝဋ်ကြွေးကို ပေးဆပ်ခဲ့ရသည်။ ထိုအကုသိုလ်ကံသည် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ ငရဲသို့လည်း အကြိမ်ကြိမ်ကျရောက်ခဲ့ရသည်။ လူ့ဘဝပြန်ရသည့်အခါ၌လည်း အကြိမ်ကြိမ်အသတ်ခံရသည်။ ပြုမှားခဲ့သည့် မိုက်ပြစ်များသည် ပြေးမလွတ်အောင် နောက်ကကပ်လိုက်ခဲ့ခြင်း ဖြစ်သည်။ ပြစ်ဒဏ်ခံရခြင်း ဖြစ်သည်။

အရှင်ဒေဝဒတ်သည် မြတ်ဗုဒ္ဓထံ တပည့်ခံ၍ ရဟန်းပြုလာသူ ဖြစ်သည်။ သူသည် ဘုန်းကြီးလိုမှု၊ သံဃာခေါင်းဆောင်ဖြစ်လိုမှုကြောင့် ဘုရားရှင်ကို သတ်ရန် လေး၊ ကျောက်တုံး၊ ဆင်များဖြင့် သုံးကြိမ်တိတိ ကြိုးစားခဲ့သည်။ မအောင်မြင်သည့်အခါ -

"မြတ်ဗုဒ္ဓသည် ရဟန်းတော်များအား ပံ့သကူသင်္ကန်းကိုအမြဲဝတ်ရန်၊ တောထဲ၌အမြဲနေရန်၊ သစ်ပင်ကျောင်း၌အမြဲနေရန်၊ အမြဲဆွမ်းခံရန်၊ သားငါးမစားရန် ဟူသော အချက်ငါးချက်ကို ပညတ်ရမည်"

ဟု တောင်းဆိုသည်။ တောင်းဆို၍မရသောအခါ သံဃာအုပ်စုခွဲ၍ ရာဇဂြိုဟ်မှ ဗုဒ္ဓဂယာသို့သွား၍ အမြဲနေထိုင်သည်။ မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်စဉ် တစ်နေ့သ၌ ရှင်ဒေဝဒတ်သည် မြတ်ဗုဒ္ဓထံ မိမိအမှားများကို ဝန်ချတောင်းပန်လို၍ ဂယာမြို့အနီး ဂယာသီသတောင်မှ ထမ်းစင်ဖြင့်ထွက်ခွာလာရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်အနီးတွင် သူပြုမှားခဲ့သည့် အကုသိုလ်ကံဖိစီးလာခြင်းကြောင့် မြေမျိုခြင်းဒဏ်ခံရလေသည်။

ကောကာလိကရဟန်းသည်လည်း ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို မတရားစွပ်စွဲပြောဆိုသဖြင့် အနာဆိုးများပေါက်ကာ သေကျေပျက်စီးသွားသည်။ သေပြီးသည့်နောက် ငရဲသို့ကျရောက်သွားရသည်။ အကြောင်းဆိုလာလျှင် ဘယ်နည်းနှင့်မျှ ရှောင်လွှဲ၍မရကောင်း။ ဝဋ်ကြွေးရှိလျှင်ခံရမည်ဖြစ်သည်။ မပြစ်မှားထိုက်သူများတို့ ပြစ်မှားမိလျှင် အပြစ်ဒဏ်သင့်ခံရမည်ဖြစ်သည်။

ဓမ္မဒါယာဒအရှင်သာဘသာမိ

(မြတ်ဗုဒ္ဓ)



www.burmeseclassic.com

www.burmeseclassic.com



(မြောင်)

# ထုံးတောင်-အရှင်ဓမ္မပိယ

## လူ့မနော

မမ္မပဒ၊ စိတ္တဝဂ်တစ်လုံး စိတ်နှင့် ပတ်သက်သောအကြောင်းအရာများစွာ ဟောတော်မူထား၏။ ဝတ္ထုကြောင်းရာများစွာပြ၍ ဟောတော်မူရလောက်အောင်ပင် စိတ်၏သဘာဝကလည်း လွန်စွာဆန်းကြယ်လေသည်။

စိတ်သည် လောကကြီးကိုဆောင်၏ဟု ဟောတော်မူလေရာ လောကကြီး ငြိမ်းချမ်းသာယာစေရန်အတွက် လောကကြီးကို ပြောင်းလဲရန်မလိုပေ။ လူတို့၏ စိတ်သဘောထား၊ တွေးခေါ်ပုံတွေကိုသာ ပြောင်းဖို့လို၏။

ထိုသို့ ပြောင်းလဲနိုင်ရန် စိတ္တာနုပဿနာနည်းဖြင့် စိတ်၏သဘာဝကို လေ့လာကြည့်စေချင်သည်။

□ ပုထုဇ္ဇနောဥမ္မတ္တကော

စိတ်၏သဘာဝနှင့် စပ်လျဉ်း၍ လူတို့၏ အမြင်မှောက်မှားပုံကို ရှေးဦးစွာ တင်ပြချင်သည်။

လူတစ်ယောက်သည် စီဒီခွေအငှားဆိုင်မှ ကြောက်မက်ဖွယ်ကောင်းသောသရဲကားစီဒီတစ်ချပ်ကို ငှားယူခဲ့၏။ ထိုသူသည် အိမ်သို့ရောက်လျှင် သူ၏အခန်းတွင်းသို့ဝင်ကာ ဗွီစီဒီစက်မှာ စီဒီပြားကိုထည့်၍ ရုပ်ရှင်ကားကို ကြည့်လေသည်။ သရဲကားမှာ လွန်စွာကြောက်စရာကောင်းလှ၍ ထိုသူသည် ကြည့်နေရင်း သည်းတုန်အူတုန်ဖြစ်ကာ အလန့်တကြား ဟစ်အော်လိုက်မိသည်။

သူ၏အော်သံကို ကြားကြရသော အခန်းအပြင်ဘက်မှ မိသားစုများ ပြေးဝင်လာကြ၍ -

"ဘာဖြစ်တာလဲ"

ဟုမေးကြရာတွင် ထိုသူက-

"သရဲကြောက်လို့"

ဟု ပြန်ဖြေ၏။

ထိုအခါ မိသားစုက -

"ဒီလောက်တောင် လန့်အော်ရအောင် ကြောက်နေရင်လည်း မကြည့်နဲ့ပေါ့"

ဟု ပြန်ပြောလေ၏။

ထိုသူက-

"ကြည့်ချင်လို့ငှားလာတာ၊ မကြည့်ဘဲမနေနိုင်ပေါင်"

ဟု ပြန်ပြောသည်။

ထိုအခါ တစ်ယောက်က -

"ဒီလိုဆိုလည်း ဗွီစီဒီစက်ကိုပိတ်လိုက်မယ်"

ဟု ဆိုရာ ထိုသူက -

"မကြည့်ဘဲမနေနိုင်ဘူးဗျ၊ စက်မပိတ်ပါနဲ့"

ဟု ပြန်ပြောလေ၏။

ထိုအခါ မိသားစုဝင်များက -

"ရူးများရူးနေသလားမသိဘူး"

ဟု - ဆိုကာ ထိုသူကိုထားခဲ့၍ အခန်းအပြင်သို့ ပြန်ထွက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဥပမာမှာပါသူကဲ့သို့ သတ္တဝါထုသမျှ မိမိကိုယ်ကိုယ်မသိကြဘဲ ပြုမူနေထိုင်လျက်ရှိကြ၏။ လူတိုင်းလိုလို စစ္စပွန်ကို အာရုံမပြုဘဲ အတိတ်နှင့်အနာဂတ်ကိုတွေးကြံ၍ အချိန်များစွာ ကုန်လွန်နေကြသည်။ လူတစ်ယောက်က မိမိကို နာကြည်းလောက်အောင် ထိခိုက်ပုတ်ခတ်ကဲ့ရဲ့ထားလျှင် ထိုအခြင်းအရာကို မကြာခဏ သတိရလျက် ခဏခဏပြန်တွေးကာ ကြိမ်ဖန်များစွာ စိတ်ဆင်းရဲခြင်း၊ ဒေါသထွက်ခြင်းဖြစ်ကြရလေသည်။

စင်စစ် ပုတ်ခတ်ကဲ့ရဲ့သူ၏စကားများမှာ အတိတ်မှာ ကျန်ရစ်ပြီး လေထဲမှာပျောက်ကွယ်သွားခဲ့လေပြီ။ ခံရသူအဖို့မှာတော့ ပြန်ဖော်တွေးမိတိုင်း အသစ်ဖြစ်လျက် ရုပ်ရှင်ပြသလိုပီပီသသကြီးပေါ်ထွက်လာကာ စိတ်နှလုံးပူလောင်ခြင်းဖြစ်ကြရလေသည်။ ခံရသောသူ၏ ထိုကိစ္စကို မေ့ဖျောက်မပစ်နိုင်ခြင်းကား ဗွီဒီယိုစက်ကို ပိတ်မပစ်ချင်သောသရဲကားကြည့်သူနှင့်တူ၏။ ထိုအကြောင်းကို ပြန်မတွေးဘဲမနေနိုင်ဟုပြောခဲ့လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com

သရဲကားကို မကြည့်ဘဲမနေနိုင်သော သူ၏စကားနှင့် အတူတူပင်မဟုတ်ပါလော။

ထိုအခါ သရဲကားကြည့်သူကို အရူးဟုဆိုရသလို လွန်လေပြီးသော အဖြစ်အပျက်များသည် မိမိအဖို့ စိတ်ဆင်းရဲမှု၊ စိတ်နှလုံးမသာယာမှုကို ဖြစ်စေမှန်းသိပါလျက် ပြန်ပြန်တွေးနေမိခြင်းသည် ရူးခြင်းတစ်မျိုးဟု ဆိုထိုက်ပေသည် မဟုတ်ပါလော။ ထို့ကြောင့် ဘုရားရှင်က ပုထုဇဉ်သမ္ဘ အမှန်ကို မမြင်၊ ရူးနေကြသည်ဟု ဟောတော်မူထားခြင်း ဖြစ်ပေသည်။

ဒေါသထွက်စရာအဖြစ်အပျက်ကို ပြန်စဉ်းစားမိတိုင်း နှလုံးမသာမယာဖြစ်ရခြင်း တည်းဟူသော စိတ်၏သဘာဝကို ဆက်၍ရှင်းပြပါဦးမည်။

လူငယ်တစ်ယောက်သည် မိန်းမပျိုတစ်ယောက်၏အကြောင်းကိုစဉ်းစားလိုက်သည့်အခါ ထိုမိန်းမပျို၏ပုံသဏ္ဌာန်ပေါ်လာ၏။ ထိုမိန်းမပျိုသည် တကယ့်မိန်းမပျိုမဟုတ်။ စိတ်ကဖန်ဆင်းသော မိန်းမပျိုဖြစ်ကြောင်း ထိုလူငယ်သိ၏။ သို့သော် စိတ်သည် တစ်နေရာမှနေ၍ မိန်းမပျိုကို ဖန်ဆင်းခဲ့သလော။ စိတ်တခြား၊ မိန်းမပျိုတခြားလောဟုမေးခဲ့လျှင် အဘိဓမ္မာတတ်ကျွမ်းသူမဟုတ်ပါက ရုတ်တရက်အဖြေမပေးနိုင်ပေ။ တခြားစီတော့မဟုတ်၊ အတူတူပင် ဖြစ်သည်ဟုတော့ စဉ်းစားမိပေမည်။

သို့သော် အများအားဖြင့်ကား စိတ်က မိန်းမပျိုကို ဖန်ဆင်းကြည့်သည့်အခါ ထိုမိန်းမပျိုကို ငါမြင်ရသည်ဟု မှတ်ထင်လေသည်။

စိတ်၏ သဘာဝအစစ်အမှန်မှာ မိန်းမပျိုကို စိတ်ကတွေးကြည့်မိသည့်အခိုက်၌ စိတ်တခြား၊ မိန်းမပျိုတခြားမဟုတ်။ မိန်းမပျိုအာရုံကိုယူ၍ စိတ်က ဖန်ဆင်းသောစိတ်၊ မိန်းမပျိုသာ ဖြစ်၏။ ထိုမိန်းမပျိုကို မြင်သော ငါကောင်ဟူ၍လည်း ရှိသည်မဟုတ်ပေ။ ဤသဘောကို ရိပ်စားမိလျှင် မိန်းမပျိုအာရုံပေါ်၌ ရာဂဖြင့် တပ်မက်နှစ်သက်သောစိတ်များ လျော့ပါးနိုင်၏။ ထိုနည်းတူ ဒေါသဖြစ်သောသူ၌ ဒေါသအာရုံကို ငါ့ဒေါသမဟုတ်။ အာရုံမျှသာဟု ဆင်ခြင်နိုင်လျှင် ဒေါသလျော့ကျသွားနိုင်၏။

ထိုမှတစ်ဆင့်တက်၍ မိမိအားစော်ကားကဲ့ရဲ့သောဖြစ်ရပ်ကို ပြန်လည်စဉ်းစားမိတိုင်း စင့်စစ်အားဖြင့်ပြီးခဲ့သောဖြစ်အင်ကို ငါကပြန်၍သတိရလာခြင်းမဟုတ်။ မှတ်သားမှု (သညာက္ခန္ဓာ) ၏ အထောက်အပံ့ကြောင့် ၎င်းဖြစ်ရပ်ကို ထပ်၍သိသောဝိညာဉ်စိတ် (သိစိတ်) ဖြစ်ပေါ်လာ၍ ဒေါသတည်းဟူသော စေ့ဆော်မှု (သင်္ခါရက္ခန္ဓာ)၊ အခံရခက်ခြင်းတည်း ဟူသော ဒေါမနဿ (ဝေဒနာက္ခန္ဓာ) စသည့် နာမ်ခန္ဓာလေးပါး တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာကြရခြင်းမျှသာ ဖြစ်သည်။ ထိုကဲ့သို့ အသစ်တစ်ဖန် ထပ်လောင်း၍ အခံရခက်ခြင်းတည်းဟူသော ဒေါမနဿဝေဒနာခံစားရခြင်းအကြောင်း၌ စော်ကားကဲ့ရဲ့သောလူသည် အကြောင်းရင်းစစ်စစ်မဟုတ်ပေ။ ထိုသို့ စိတ်ဆင်းရဲအောင် မိမိစိတ်ကပင် ပြုလုပ်ခြင်း ဖြစ်လေသည်။

ဆိုလိုရင်းသဘောမှာ မူလပထမ၌ ထိုသူ၏ ကဲ့ရဲ့စော်ကားမှုကြောင့် စိတ်ဆင်းရဲခြင်းဖြစ်ခဲ့ရသည်မှန်သော်လည်း နောက်တစ်ဖန် အကြိမ်ကြိမ်ထပ်မံ၍ စိတ်ဆင်းရဲရခြင်းမှာ စိတ်ကို စိတ်က ပြုလုပ်ခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ စိတ်၏ သဘာဝကို ဆင်ခြင်တွေးမြင်မိလျှင် သုတမယ၊ စိန္တာမယဉာဏ်အမြင်ပေါက်လာပြီဟု၍ ချီးကျူးထိုက်ပေသည်။

□ အလိုလိုက်အမိုက်စော်ကား

လူအများစုက -

"ကိုယ်ဆင်းရဲချင် ဆင်းရဲပါစေ၊ စိတ်တော့မဆင်းရဲချင်။ စိတ်ဆင်းရဲမှာတော့ ကြောက်တယ်"

ဟု ပြောတတ်ကြသည်။

ဟုတ်တော့လည်းဟုတ်၏။ ကိုယ်မှာခံစားရသောဒုက္ခထက် စိတ်မှာခံစားရသောဒုက္ခက ပိုပြီးခံရခက်၏။

ထိုသို့ စိတ်ဆင်းရဲအောင်လုပ်သော တရားခံကို ဖော်ပြပါ ဥပမာဖြင့် သိနိုင်၏။

စိတ်သည် နွဲ့ဆိုးဆိုးတတ်သော ကလေးငယ်နှင့်တူ၏။ လူကြီးမိဘလုပ်သူများက ချစ်လွန်း၍အလိုလိုက်လွန်းလျှင် ကလေးသူငယ်များက ပျက်စီးတတ်၏။ အလိုလိုက်အကြိုက်ဆောင်၍ ပျက်စီးနေသော ကလေးသည် သူလိုချင်တာကို တစ်ခုပြီးတစ်ခုတောင်း၏။ မရလျှင် ငိုကျ၏။ အချို့ အင်မတန်ဆိုးသောကလေးများ မြေကြီးပေါ် ပစ်လှဲလူးလိမ့်၍ ပူဆာတတ်သည်ကို တွေ့ဖူးကြပေမည်။ မိဘကအလိုလိုက်လေ မရှိနိုင်အောင် ပူဆာတတ်လေ ဖြစ်သည်။ မိမိအိမ်သို့အလည်လာသောဧည့်သည်ကိုပင် အလိုလိုက်ခံထားရသောကလေးက စော်ကားမော်ကားပြုမူတတ်၏။ မိဘဖြစ်သူက တားဆီးရကောင်းမှန်းမသိသဖြင့် ဧည့်သည်အနေခက်ပြီး မိတ်ပျက်တတ်လေသည်။

ကလေးတို့၏ သဘောမှာ လမ်းသွားရင်း လဲကျသွားရင်ဖြစ်စေ၊ တစ်စုံတစ်ခုနှင့် ထိခိုက်မိသည်ဖြစ်စေ အနီးအနား၌ ကူညီမည့်သူကိုရှာကြည့်၏။ ထူပေးမည့်သူ၊ ကူညီပေးမည့်သူရှိမှန်းသိလျှင် မထဘဲပေ၍နေတတ်၏။

လူကြီးလုပ်သူက ပျာပျာသလဲဖြင့် -

"လူလေး၊ ဘယ်နာသွားသေးလဲ"

ဟု ယုယုယယမေးလိုက်လျှင် မထတော့ဘဲ ဟစ်၍ပင် ငိုကြွေးလိုက်သေး၏။ တစ်ခါတစ်ရံ ထိုသို့ထိခိုက်မိပြီး အနီးအနားမှာ ကူညီမည့်လူကြီးမိဘမရှိလျှင် သူ့ဘာသာသူထ၍သွားတတ်လေသည်။

စိတ်၏ သဘာဝသည်လည်း ထိုနည်းနှင်နှင်ဖြစ်၏။ စိတ်သည် မကောင်းမှု၌ ပျော်တတ်ကြောင်း ဘုရားရှင်ဟောတော်မူထားပြီး ဖြစ်၏။

ထိုမျှ မကောင်းသောစိတ်ကို အလိုလိုက်၍ ယုယုယယ ပိုက်ပိုက်ထွေးထွေးလုပ်မိလျှင် ဟိုဟာလိုချင် ဒီဟာရချင်ဖြစ်လာပြီး မရလျှင် ကောက်ချင်ကွေးချင်၏။ တရားသည်၊ မတရားသည် မစဉ်းစား။ မရရအောင်ကြံဆောင်သောသဘာဝရှိ၏။ သူ့ကိုအလိုလိုက်၍ ပစ်ထားလျှင် ဝင်လာသမျှ အာရုံပေါင်းစုံ၌ အလိုလိုက်၍ဆိုးချင်လာတော့သည်။

ထိုသဘောကိုမသိဘဲ -

"မင်းဆိုးချင်သလောက်ဆိုးကွာ"

ဟု သဘောထား၍ပစ်ထားခဲ့လျှင် အထက်ပါ ကလေးငယ်ကဲ့သို့ လူကြီးမိဘမှန်းမသိ၊ ဧည့်သည်မှန်းမသိဘဲ စော်ကားမိတတ်ပြီး ကိုယ့်ကိုယ်ကိုယ်ဆင်းရဲအောင်ပြုမူသလိုဖြစ်တော့သည်။

စိတ်ကို အလိုလိုက်ခြင်းဖြင့် အမိုက်စိတ်ကိုဖြစ်စေ၏။ အလိုလိုက်လျှင် အမိုက်စော်ကားတတ်သည်။ သို့အတွက် စိတ်ဆင်းရဲမှာကို ကြောက်သူသည် စိတ်ကိုထိန်းသိမ်းရသည်။ စိတ်ဆင်းရဲမှာကိုကြောက်လျှင် စိတ်ကို ယုယုယယလုပ်ပြီးအလိုမလိုက်သင့်ပေ။ သတိထား၍စောင့်ရှောက်သင့်ပေသည်။

အာရုံ ဟူသမျှသည် ဘေးမှ ထောက်ကူပေး၍ စိတ်ကို ယုယုယယ မြှောက်ပင့်ပေးတတ်သောသဘောက



www.burmeseclassic.com

www.burmeseclassic.com

များလေရာ ကိုယ့်ကိုယ်ကိုယ် အားကိုး၍ သွားခြင်းကသာ မိမိစိတ်ကို သတိနှင့် စောင့်ရှောက်ခြင်းဖြစ်ပေမည်။

**□ လက်ငင်းဆင်းရဲငြိမ်းသောတရား**

ဗုဒ္ဓသာသနာ၌ အဓိကပန်းတိုင်မှာ နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်သို့ရောက်ကြောင်းမှာ ဘဝ ဟူသမျှ ဒုက္ခဟုသိ၍ ထိုဒုက္ခမှ လွတ်မြောက်ဖို့ ကြိုးစားအားထုတ်ရန်လိုပေသည်။

သို့သော် စည်းစိမ်းရှင် လူချမ်းသာတစ်ယောက်ဖြစ်ရခြင်းကို ဝဋ်ဆင်းရဲဒုက္ခဟုမြင်တတ်ရန်မှာ သာမန်ပုထုဇဉ်တို့အတွက် ခဲယဉ်းလှပေသည်။ ထိုသူများအဖို့ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရန်မှာ အဓိပ္ပာယ်မရှိသကဲ့သို့ ခံစားစရာဘာမှမရှိဆိုသော နိဗ္ဗာန်ကိုလည်း မလိုချင်ဘဲ ရှိကြချေသည်။

ယခုခေတ်လူငယ်အများစုက -

"နောက်ဘဝ၊ အတိတ်ဘဝဆိုတာ ရှိပါသလား"

"နိဗ္ဗာန်ဆိုတာဘယ်လိုအရာပါလဲ"

"ဘာမှခံစားစရာမလိုဘဲ ဘယ်လိုလုပ်ပြီးလိုချင်ပါသလဲ"

"သံသရာ အစမရှိဘူးဆိုတာ တုတ်ပါ့မလား"

ဟူသော မေးခွန်းများကို မေးလာလေ့ရှိကြသည်။

ထိုသို့သောသူများ နားလည်သဘောပေါက်စေရန်အတွက် သေသောအခါ နိဗ္ဗာန်ကိုရောက်၍ နိဗ္ဗာန်ချမ်းသာကို အသာထားပြီး တရားဂုဏ်တော်တစ်ပါးဖြစ်သော သန္ဒိဋ္ဌိကဂုဏ်တော်ကို အလေးပေးစိတ်နှလုံးသွင်းသင့်ကြောင်း ဟောပြောရပေသည်။

အတိတ်ဘဝ ရှိ မရှိ နောက်ဘဝ ရှိ မရှိ သံသရာအစကို သိရခြင်းထက် ယခုဘဝအတွင်း၌ လက်ငင်းချက်ချင်း အပူငြိမ်းပြီး စိတ်ဆင်းရဲခြင်းအမျိုးမျိုးမှ လွတ်ကင်း၍ စိတ်ငြိမ်းချမ်းသောတရား တပို၍အကျိုးရှိပေမည်။ ထိုတရားသည် (သန္ဒိဋ္ဌိက) မျက်မြင်ကိုယ်တွေ့ဖြစ်၍ နောင်တမလွန်ရောက်မှ အကျိုးခံစားရခြင်း မဟုတ်ပေ။

မြတ်စွာဘုရားရှင်က နောင်ဘဝမရှိဟု ယုံကြည်ခြင်းထက် နောက်ဘဝရှိသည်ဟု ယုံကြည်ခြင်းက ပို၍ဘေးကင်းသည်ဟု ဟောတော်မူခဲ့၏။ မယုံသောသူများကို သက်သေသာဓကပြရန်မှာ ယုံကြည်နိုင်သောအသိဉာဏ်ကွမ်းရည်ရှိဖို့ လိုအပ်၏။ နိဗ္ဗာန် ရှိ မရှိ နိဗ္ဗာန်မှာ ဘယ်လိုငြိမ်းချမ်းမှုမျိုး ရှိ မရှိဆိုသည်မှာ ပြောပြလျှင်လည်း နားလည်နိုင်မည် မဟုတ်သောကြောင့် ထိုအကြောင်းအရာများကို ခေတ္တဘေးဖယ်၍ နားလည်နိုင်ပြီး အကျိုးရှိသောအရာများကို ဦးစွာလေ့လာ သဘောပေါက် နားလည်လာသောအခါမှ နိဗ္ဗာန်ဟူသည် ဒိဋ္ဌလက်ငင်းပူလောင်ခြင်းသက်သာသောတရားမျိုးဟုမှုချယုံကြည်စိတ်ပွားလာပေလိမ့်မည်။

ထိုသို့ နားလည်သဘောပေါက်မှလည်း နောက်ဘဝအတွက် လူ၊ နတ်၊ စည်းစိမ်ချမ်းသာကို တောင့်တ၍ ဒါန၊ သီလ အစရှိသော ကောင်းမှုများကို ပြုလုပ်တတ်သည့် မိရိုးဖလာဗုဒ္ဓဘာသာမှ သန္ဒိဋ္ဌိကဂုဏ်တော်ကို အလေးမူပြီး နှလုံးသွင်း ကျင့်သုံးနိုင်မည် ဖြစ်၏။

သို့ဖြစ်ရာ နိဗ္ဗာန်ကိုရောက်မှာ၊ မရောက်မှာတွေက နောက်အကြောင်း၊ ယခုမျက်မှောက်ဘဝမှာ မိမိအားစော်ကား မုတ်ခတ် ကဲ့ရဲ့မှုအကြောင်းကိုလည်း ပြန်မတွေးဘဲမနေနိုင်။ ရှေ့မှာ ဥပမာပြထားသလို သရဲကားကြည့်သူကဲ့သို့ စိတ်နှလုံးမသာယာမှုကိုလည်း ဥပေက္ခာပြုထားရန်မတတ်နိုင်ဟုဆိုလျှင် ထိုကဲ့သို့မဖြစ်အောင် မည်သို့ကဲ့သို့ပြုမူနေထိုင်ရမည်နည်းဟု မေးလာခဲ့သော် စိတ်ကို စိတ်ဖြင့် ရှုမှတ်ဆင်ခြင်နည်း (စိတ္တာနုပဿနာ) နည်းအားဖြင့် အလေ့အကျင့်ပြုရပေလိမ့်မည်။

**□ ဆင်းရဲခြင်းနှစ်မျိုး**

သတ္တဝါတို့၏သန္တာန်၌ ကိုယ်၏ဆင်းရဲခြင်းနှင့် စိတ်၏ဆင်းရဲခြင်းဟု နှစ်မျိုးရှိပေရာ ကိုယ်၏ဆင်းရဲခြင်းမှာ ရံဖန်ရံခါမျှသာ ကြုံရတတ်သော်လည်း စိတ်ဆင်းရဲခြင်းကမူ (မနေတတ်လျှင် မနေတတ်သလို) အချိန်နှင့်အမျှကြုံတွေ့ကြရသောဒုက္ခမျိုး ဖြစ်လေသည်။ ကိုယ်ဆင်းရဲစွာအလုပ်လုပ်ကြရသူများမှအပ ကိုယ်ဆင်းရဲမှု ဟူသည်မှာ ဆာလောင်မွတ်သိပ်ခြင်း၊ အလွန်အကဲပူခြင်း၊ အေးခြင်း၊ နာဖျားမကျန်းဖြစ်ခြင်း အခိုက်အတန့်မျှသာ ကြုံတွေ့ရတတ်သောသဘော ဖြစ်သည်။

ကိုယ်ဆင်းရဲခြင်းထက် အခံရခက်၍ လူတိုင်းကြောက်လှသော ဒုက္ခမှာ စိတ်ဆင်းရဲခြင်းပင် ဖြစ်သည်။

သို့သော် ကိုယ်ဆင်းရဲခြင်းနှင့် စိတ်ဆင်းရဲခြင်းမှာ ဆက်စပ်လျက်ရှိ၏။

များသောအားဖြင့် ပါဠိလို ဒုက္ခကို ဆင်းရဲခြင်းဟု ပြန်ဆိုနေကြသော်လည်း ဒုက္ခပုဒ်၌ ဒု-သဒ္ဒါသည် စက်ဆုပ်အပ်သောအနက်ကိုဟော၏။ 'ခ' သဒ္ဒါသည် အချည်းနှီးဟူသောအနက်ကိုဟော၏။ ယင်းသို့ စက်ဆုပ်အချည်းနှီးဖြစ်သောသဘောကြောင့် ဒုက္ခဟု ခေါ်ဆိုအပ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ ဖွင့်ဆိုထားသည်။

ကိုယ်ဆင်းရဲခြင်းကို ဒုက္ခဟုခေါ်၍ စိတ်ဆင်းရဲခြင်းကို ဒေါမနဿဒုက္ခဟု ခေါ်ဆို၏။ ကိုယ်ဆင်းရဲခြင်းဒုက္ခမှာ လူကို နှိပ်စက်ညှင်းဆဲတတ်သလို စိတ်ကိုလည်းဆင်းရဲစေသည်။ သို့သော် စိတ်ဆင်းရဲလျှင် ကိုယ်ပါဆင်းရဲတတ်သည့်အတွက်ကြောင့် စိတ်ကိုလည်း နှိပ်စက်၊ ကိုယ်ကိုလည်း မပြတ်နှိပ်စက်တတ်သည့်အတွက် ဒေါမနဿဒုက္ခဟု ဟောတော်မူသည်။

လောက၌ လွန်စွာ ချမ်းသာကြွယ်ဝ၍ ဆန်ခိုးအာဏာရှိသူ၊ ထင်ရှားကျော်စောသူ၊ ကျန်းမာရေးကောင်းသူပင်ဖြစ်လင့်ကစား စိတ်ကောင်းမထားတတ်ပါက စိတ်ဆင်းရဲခြင်းနှင့် ကြုံတွေ့ကြရမည် ဖြစ်၏။ စိတ်ကိုနိုင်နင်းအောင် ဆုံးမပြီး၍ ကိလေသာကင်းကွာ ဘုရား၊ ရဟန္တာများမှာပင် ရှေးဘဝများစွာက ကံအားလျော်စွာ စိတ်ဆင်းရဲခြင်းမှ လွတ်ကင်းတော်မူပြီး ဖြစ်သော်လည်း ကိုယ်ဆင်းရဲခြင်းကိုမူခံကြရသေးသည်။

သာမန်ပုထုဇဉ်တို့အတွက်မူ စိတ်ဆင်းရဲရခြင်းမှ လုံးဝမလွတ်ကင်းနိုင်သေးသော်လည်း အထိုက်အလျောက်သက်သာခွင့်ရစေနိုင်သော စိတ်ကိုစိတ်ဖြင့် ရှုမှတ်ဆင်ခြင်၍ လေ့ကျင့်ထားသင့်ပေသည်။

**□ အတွေးများကြောင့်ဆင်းရဲခြင်း**

စိတ်ဆင်းရဲခြင်း ဟူသမျှတို့ကို ဆန်းစစ်ကြည့်ပါက လက်ငင်းကြုံတွေ့ရသောဆင်းရဲမှု၊ အတိတ်ကိုပြန်တွေး၍ ဖြစ်သောဆင်းရဲမှု၊ အနာဂတ်ကိုကြိုတွေး၍ဆင်းရဲမှု ဟူ၍ သုံးမျိုးကွဲပြားနိုင်ပါသည်။ ဤသုံးမျိုးတွင် လက်ငင်းကြုံတွေ့ရသော စိတ်ဆင်းရဲမှုထက် အတိတ်ကဖြစ်ရပ်ကို ပြန်ဖော်ထုတ်၍ စိတ်ဆင်းရဲခြင်းနှင့် အနာဂတ်ကိုမျှော်၍ စိတ်ဆင်းရဲရမှုတို့ကပိုများလေသည်။ အတိတ်နှင့် အနာဂတ်နှစ်မျိုးတွင်လည်း အတိတ်ကိုပြန်တွေး၍ စိတ်ဆင်းရဲမှုက ပိုများသည်ကို တွေ့ရပါမည်။

သို့ဖြစ်ရာ လူတို့အတွက် အဆိုးဆုံး စိတ်ဆင်းရဲမှုကိုဖြစ်စေတတ်သောအခြင်းအရာမှာ အတိတ်ကိုပြန်တွေး၍ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ထုတ်လျက် နှောင်တရနေတတ်ခြင်းပင် ဖြစ်သည်။

အဘိဓမ္မာသဘောတရားအရဆိုလျှင်လည်း ပစ္စုပ္ပန်ဖြစ်ရပ် ဆိုသည်မှာ ဖြစ်ဆဲဖြစ်ခိုက် ခဏ၌သာလျှင်ဖြစ်၍ ထိုမှလွန်သွားလျှင်ကား အတိတ်ဖြစ်သွားပေပြီ။ ရှေ့မှာဖော်ပြထားသကဲ့သို့ လူငယ်တစ်ယောက်က မိမိအား ကဲ့ရဲ့စော်ကား ပုတ်ခတ်ခံလိုက်ရသည်နှင့် တစ်ပြိုင်နက် ဒေါသ၊ ဒေါမနဿများ ချက်ချင်းလက်ငင်းဖြစ်ပေါ်သည်မှာ ဓမ္မတာပင်တည်း။ စွပ်စွဲကဲ့ရဲ့မှုပြင်းထန်ရင် ပြင်းထန်သလောက် ပွပွစွေးစွေးဒေါသ ပေါက်ကွဲတတ်၏။

သို့သော် ထိုကဲ့ရဲ့စွပ်စွဲမှုသည် တစ်ခဏသောအချိန်အတွင်းမှာ အတိတ်ဖြစ်သွားလေပြီ။ ပြုလုပ်သူက တစ်ကြိမ်တည်းပြုလုပ်ခဲ့သည်ဖြစ်ပါလျက် ခံရသူအဖို့ရာ၌ စဉ်းစားမိတိုင်း ရင်ထဲမှာပူခနဲ ရှိန်ခနဲဖြစ်ကာ အကြိမ်ကြိမ်တွေးမိတိုင်း တမြေ့မြေ့နှင့် အဖန်ဖန်အခါခါ စိတ်ဆင်းရဲခြင်း ဖြစ်ရလေသည်။

တစ်ကြိမ်မျှသော ပစ္စုပ္ပန်ဖြစ်ရပ်အတွက် အခါခါစိတ်ဆင်းရဲနေရသည် မဟုတ်ပါလော။ (ဤနေရာ၌ စိတ်ဆင်းရဲခြင်းကို ဦးတည်၍ ဖော်ထုတ်ရေးသားနေခြင်းမှာ ဝမ်းနည်းပူဆွေးကြေကွဲရခြင်း ဖြစ်ရပ်များအတွက် စိတ်သက်သာစေသောနည်းကို ဖော်ပြလို၍ဖြစ်၏။ စိတ်၏သဘာဝမှာ ကြည်နူးမှု၊ ဝမ်းမြောက်မှုစသော အတိတ်၊ အနာဂတ်အတွေးများလည်းရှိနေပါသည်။)

**◻ စိတ္တာနုပဿနာနည်းဖြင့်လေ့ကျင့်ရန်**

လွန်လေပြီးသော အတိတ်ကာလများကို ပြန်မတွေးတောဘဲ မနေနိုင်သည်မှာ လူ့သဘာဝပင်ဖြစ်သော်လည်း ထိုအကြောင်းများကြောင့် စိတ်ဆင်းရဲခြင်းမှ လွတ်မြောက်ရန်အတွက် စိတ္တာနုပဿနာ တည်းဟူသော အမိဋ္ဌာန်ကျင့်စဉ်သည် အကောင်းဆုံးသောဆေးနည်းတစ်ရပ် ဖြစ်၏။ ထိုကျင့်စဉ်အရ အတိတ်၊ အနာဂတ်ဖြစ်ရပ်များကို တွေးတောကြံစည်ခြင်းမပြုဘဲ အာရုံ (၆) ပါးနှင့်ဝင်သက်၍ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ စားကာမတ္တ၊ ထိတွေ့ကာမတ္တ၊ ကြံတွေးကာမတ္တ စသဖြင့် လက်ငင်းပစ္စုပ္ပန်အပေါ်၌သာ စိတ်ကိုထားနိုင်ရန် လေ့ကျင့်ရ၏။

သတ္တဝါတို့၏ သဘောမှာ ဘဝသံသရာတစ်လျှောက်လုံး အတိတ်နှင့်



အနာဂတ်အကြောင်းအရာများကိုသာ တွေးတောကြံဆခဲ့ကြသည့်အလျောက် လေ့ကျင့်ခါစမှာ အခက်အခဲတွေ့ကြုံရမည်မှန်သော်လည်း စိတ်ရှည်ရှည်ထား ပြီး ဝီရိယသန်သန်ထား၍ လေ့ကျင့်ကြရမည်။ ဤကျင့်စဉ်သည် နိဗ္ဗာန်ထိတိုင်အောင် ပေါက်ရောက် အောင်မြင်နိုင်သော မြတ်ဗုဒ္ဓ၏ ကျင့်စဉ်ဖြစ်သောကြောင့် တစ်နေ့၊ တစ်ရက်၊ တစ်လမျှဖြင့် ရုတ်တရက် ချက်ချင်း မအောင်မြင်သေးခြင်းအတွက် အားမလျှော့ စိတ်မပျက်သင့်ပေ။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာအဖြာဖြာကို ရစေနိုင်သည် ဟူသော ယုံကြည်ချက်၊ ရည်ရွယ်ချက်ကို ထက်ထက်သန်သန်ထား၍ ဖွဲကောင်းကောင်းနှင့် လေ့ကျင့်ယူရပေမည်။

ပစ္စုပ္ပန်အပေါ်၌ စိတ်ကိုထားရသောအလုပ်မှာ ရုတ်တရက် ချက်ချင်းခဲယဉ်းသော်လည်း စိတ်ချမ်းသာမှုကို အလိုရှိသော သူတော်ကောင်းပုဂ္ဂိုလ်များအဖို့မှာ ဖွဲကောင်းကောင်းနှင့် ကြိုးစားပါက ခုနစ်ရက်အတွင်းမှာပင် ရနိုင်ကြောင်း ဗုဒ္ဓမြတ်စွာကိုယ်တိုင် တာဝန်ခံဟောကြားတော်မူခဲ့ပေသည်။

**◻ ကြိုးစားလျှင် တိုးတက်ရမည်**

အစပထမ၌ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ စားကာမတ္တ၊ နံကာမတ္တ၊ ထိတွေ့ကာမတ္တတို့၌ သတိနှင့်ယှဉ်သောစိတ်မျိုးဖြစ်ရန် စိတ်ကိုဖြစ်စေ၊ ရုပ်ကိုဖြစ်စေ စောင့်ကြည့်ပြီး ခက်ခက်ခဲခဲ လေ့ကျင့်ယူကြရ၏။ သို့ရာတွင် ကျင့်စဉ်၏ ထူးခြားချက်မှာ ကျင့်ရင်းကျင့်ရင်းဖြင့် အချိန်တိုအတွင်းမှာပင် စိတ်၏ ငြိမ်ချမ်းမှုကို ရရှိနိုင်ခြင်း ဖြစ်သည်။ တစ်နေရာမှာ ငြိမ်ငြိမ်လေးထိုင်နေရင်း၊ လျှောင်းနေရင်းဖြင့် အတိတ်နှင့်အနာဂတ်အကြောင်းကို မစဉ်းစားဘဲ မြင်ကာ၊ ကြားကာ၊ ထိတွေ့ကာမတ္တမျှလောက်ကိုသာ ငါးမိနစ်၊ ဆယ်မိနစ် စသဖြင့် အချိန်ပိုင်းမျှနေတတ်လာသည်ဆိုလျှင် ဆင်ခြင်ဉာဏ်တစ်မျိုးပေါ်လာတတ်ပေသည်။

(စဉ်းစား ဆင်ခြင်ပုံကား ဟိုအကြောင်းသည်အကြောင်းများကို တွေးတော ကြံစည်၍နေရခြင်းသည် စိတ်မောစရာကောင်းလှ၏။ ဒေါသဖြစ်စရာများကို စဉ်းစားမိလျှင် စိတ်ဆင်းရဲရ၏။ ကိုယ်ဖြစ်ချင်တာတွေကို စိတ်ကူးယဉ်နေလျှင်လည်း လက်တွေ့ဘဝနှင့် ကွာလှ၏။ စိတ်မောရ၏။ ထိုသို့ကြံစည်စိတ်ကူးနေရသည်ထက် မျက်စိလေးအသာမှိတ်ပြီး နားထဲသို့ဝင်လာသော အသံများကို ကြားသည်ဆိုရုံလေး ကြားနေရသောအသံ၊ ထိုင်နေထိနေဆိုရုံမျှလေးအတွေ့အထိကို သိရုံမျှနှင့် ငြိမ်းချမ်းလှပေတကားဟု သဘောကျလာပေလိမ့်မည်။ ထိုမှတစ်ဆင့်ထက်တစ်ဆင့်တက်၍ နာရီဝက်၊ တစ်နာရီ တိုးတက်လာအောင် ကြိုးစားကြည့်သင့်ပေသည်။)

ထိုအခါ ပထမ၌ မလွယ်ဘူးဟု ထင်ရသောအလုပ်ကို တဖြည်းဖြည်းနှင့် လွယ်ကူလာရုံမျှမက စိတ်အပန်းဖြေနည်းတစ်ရပ်အဖြစ် သဘောပေါက် ကျင့်သုံးလာနိုင်ချိန်မှစ၍ စိတ်ကို မိမိအလိုသို့လိုက်ပါအောင် ဆွဲဆောင်လာနိုင်ပြီ ဖြစ်ပေသည်။

**◻ ငြိမ်းအေးသောစိတ်နှင့်လောကအမြင်**

စိတ်ကိုမိမိအလိုသို့လိုက်ပါအောင် သတိဖြင့်ထိန်းသိမ်းရင်း ပစ္စုပ္ပန်မှာ အနေများလာပြီဆိုပါလျှင် ယခင်က အထင်မှားအမြင်မှားခဲ့သော အခြင်းအရာများသည် လိမ်ထားသောကြိုးကဲ့သို့ တစ်နေ့တခြား ပြေ၍ပြေ၍ လိုက်လာသည်။ ယခင်ကမူ လောကကြီးသည် အခါမလပ် မရပ်မနားရှိနေသည်ဟု မှတ်ထင်ခဲ့ရာမှ ယခုတော့ အခါမလပ်ရှိနေခြင်း မဟုတ်။ ကြားသောအခိုက်မှာ ကြားမှုလေးမှတစ်ပါး ဘာမှမရှိပါတကား။ ဤနည်းဖြင့် အာရုံများတစ်ခုပြီးတစ်ခု တစ်လှည့်စီဖြစ်ပေါ်နေခြင်းကို လောကကြီးတစ်ပြိုင်နက်တည်ရှိနေသည်ဟုမှတ်ထင်ခဲ့ချေသည်တကား။ စောစောက ကြားလိုက်ရသောအသံသည် ချုပ်ပျောက်

www.burmeseclassic.com

သွား၍ ၎င်းအသံကိုကြားလိုက်ရသော ကြားစိတ်ကလေးသည် အသံနှင့်အတူ ချုပ်ပျောက်သွားလေပြီ။ ထိုမှုကိုသိနေသောစိတ်သည် အခိုက်အတန့်အားဖြင့် တည်မြဲနေသည်ဟု ထင်ခဲ့မိသော်လည်း တစ်ခဏတာမျှ တည်မြဲခြင်းရှိသည် မဟုတ်။ ဆက်၍ထိနေသောကြောင့်သာ တည်နေသည်ဟုထင်ရသည်။ ထိမှုမရှိသည်နှင့်တစ်ပြိုင်နက်သိမှုလည်းပျောက်သွားပေမည်။ ဆက်ကာဆက်ကာထိနေခြင်းကြောင့် ဆက်ကာဆက်ကာသိနေသောအခြင်းအရာကို တစ်ခုတည်းသောသိစိတ် ဟူ၍ အထင်မှားမိခြင်း ဖြစ်ပေသည်တကားဟု သဘောကျလာလေသည်။

ထိုအခါ ခြင်ကိုက်ခံရခြင်းသည် ဝေဒနာသက်သက်မျှသာဖြစ်ပြီး ထိုဝေဒနာသည် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောမျှသာဖြစ်၏။ ဝေဒနာကို ဝေဒနာသဘောအတိုင်း နာကာမတ္တ၊ ကျဉ်ကာမတ္တ၊ ခံစားရကာမတ္တမျှသောစိတ်ဖြင့် စောင့်ကြည့်တတ်လာသည်နှင့် ယောဂီ၏စိတ်မှာ ဝေဒနာအတွက် အမျက်ထွက်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း၊ ဝေဒနာ၏ ပျောက်သွားစေချင်ခြင်း စသည့်သဘောများ ကင်းစင်သွားပြီဆိုပါက ဝေဒနာတို့၏ပျောက်ပျက်ကုန်ဆုံးတတ်ပုံသဘောတို့ တရိပ်ရိပ်သိမြင်လာတော့သည်။

ဤနေရာ၌ ဘာတရားကိုမျှအားမထုတ်သူတို့မှာလည်း ဤအကြောင်းတို့သိနိုင်သည်မဟုတ်ပါလောဟု စောဒကတက်စရာအကြောင်းရှိ၏။ သို့သော် ထိုသူတို့၏သိပုံနှင့် စိတ်ကို အစဉ်အမြဲစောင့်ကြည့်လေ့ကျင့်နေသူတို့မှာ ကြီးစွာသော ကွာခြားချက်ရှိ၏။

ဥပမာ အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း တစ်ပါးသူတစ်ယောက်၏ကဲ့ရဲ့စော်ကားပုတ်ခတ်ခြင်းကိုခံရသူ၏စိတ်မှာ ထိုသူ၏စော်ကားခြင်းသည် ယမန်နေ့ကဖြစ်ခဲ့ပြီး ယနေ့မဟုတ်ဟု သိရမည်ဖြစ်သော်လည်း တွေးမိတိုင်း ဒေါသဖြစ်နေ၏။ တစ်ရက်၊ နှစ်ရက်မက လနှင့်နှစ်နှင့်ချီ၍ ခံစားချက်ကြီးလျှင်ကြီးသလောက် တွေးမိတိုင်း ဒေါသ၊ အာဃာတတရားတွေနှောင်ဖွဲ့နေ၏။

စိတ်ကို ရှုမှတ်ဆင်ခြင်လေ့ရှိသူ၌ကား မြင်သမျှ၊ ကြားသမျှ မြင်ကာမတ္တ၊ ကြားကာမတ္တဖြင့် ပျောက်ပျက်ပျောက်ဆုံးသွားခြင်းကိုကိုယ်တွေ့သိမြင်ဖူးသည့်အလျောက် မိမိကို စော်ကားမော်ကားပြုထားခြင်းကို စဉ်းစားမိ၍ ရုတ်တရက်ဒေါသဖြစ်မိသည်ထားဦးတော့။ ထိုအခြင်းအရာ၏ပြီးဆုံးပျောက်ပျက်သွားတတ်ပုံကို ဆင်ခြင်သုံးသပ်မိသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ဒေါသစိတ်ပျောက်၍သက်သာရာရသွားလေသည်။ ထို့ထက်မို၍ အလေ့အကျင့်အားကောင်းပြီး သတိ၊ သမာဓိဉာဏ်များ ထက်သန်လာပါက ဖြစ်ပျက်ပုံအခြင်းအရာကို စိတ်တွင် ပြန်ပေါ်လာငြားသော်လည်း ဒေါသထွက်တော့မည့်စိတ်ဦးကလေးကို ကြိုတင်တားဆီးနိုင်စွမ်းရှိလာပေသည်။

ဤသည်ကား တရားအားထုတ်သူနှင့် သာမန်လူတို့ကြား ကြီးမားစွာကွာခြားချက်ပင် ဖြစ်သည်။

**□ အချိန်တိုင်း နေရာတိုင်းမှာ ပြဿနာများ ကင်းရှင်းလာလိမ့်မည်**

စိတ်ကို ကောင်းစွာ စောင့်ကြည့်ခြင်းဖြင့် သတိ၊ ပညာအားကောင်းလာ၏။ ယောဂီမှာ ရိပ်သာ၌နေစဉ်ကာလ၌သာ စိတ်သက်သာရာရသည်မဟုတ်ပေ။ လူအများနှင့်ရောနှောနေရသော်လည်း အလိုမကျမှုများနှင့် ကြုံတွေ့လာရသည့်အခါတိုင်း မိမိသိမြင်ထားသောစိတ်သဘာဝကို ဆင်ခြင်သုံးသပ်ကာမျှနှင့် စိတ်၏သက်သာခြင်း၊ ငြိမ်းချမ်းခြင်းကို ရစေနိုင်သောကျင့်စဉ် ဖြစ်သည်။

အထူးသဖြင့် စိတ်ကို ထိခိုက်စေသော စော်ကားမော်ကားပြုမှု၊ နာကြည်းမုန်းတီးမှု၊ စိတ်အလိုမကျမှုများအား စိတ်ကို စောင့်ကြည့်၍ ရှုမှတ်ဆင်ခြင် (စိတ္တာနုပဿနာ) ဖြင့်သာ ဖျောက်ဖျက်နိုင်ပေသည်။

ဥပမာ အခြားလူတစ်ယောက်၏ စော်ကားကဲ့ရဲ့ခံခဲ့ရခြင်းကို သတိရ၍ ပြန်ဖော်စိတ်ဆိုးရာတွင် ဖောင်းတယ်၊ ပိန်တယ်၊ ရှူတယ်၊ ရှိုက်တယ်တို့ အာရုံပြုပါက စိတ်သက်သာရာရနိုင်ခြင်းကား မှန်၏။ သို့သော် ထိုနည်းမှာ အာရုံပြောင်းသောနည်းမျှသာဖြစ်၍ မမြင်လိုသော အခြင်းအရာကို မျက်နှာလွှဲထားခြင်းနှင့်သာတူပေသည်။

စိတ်ကိုစိတ်နှင့်တည့်တည့်ကြည့်၍ စိတ်သဘောကို သေချာစွာသိရှိပါက စေ့စေ့ကြည့်ပြီးပွတ်ခြေလိုက်သကဲ့သို့ရှိသောကြောင့် မျက်နှာလွှဲခြင်းသက်သက်မဟုတ်။ သင်္ခါရတရားတို့၏ ပျက်ခြင်းသဘော (ဝယဓမ္မော) ကို တပ်အပ်ထင်ထင် သိမြင်နိုင်လေသည်။

ထိုအခါ ယောဂီ၏စိတ်မှာ အသိဉာဏ်ရင့်ကျက်လာပြီးလျှင် စိတ်ဟူသည်မှာ အာရုံနှင့်ထိတွေ့သည့်အခိုက်မှာသာ ဖြစ်ပေါ်လာခြင်းပေတကား။ ဖြစ်ပြီးသည့်နောက် ပျောက်ပျက်ကုန်ခန်းသွားချေသည်တကား။ ဖြစ်ချည်ပျက်ချည်ဖြစ်နေသော အသိစိတ်ကလေးသည် သူ့ဘာသာသူဖြစ်၍ သူ့ဘာသာ ပျောက်ပျက်သွားသောကြောင့် ငါ၏သဘောမဟုတ်။ ငါပိုင်ဆိုင်သောပစ္စည်းမဟုတ်ပါတကားဟု ဆင်ခြင်မိတိုင်း ဆင်ခြင်မိတိုင်း သဘောပေါက်လာတတ်ပေသည်။

ထိုကဲ့သို့ စိတ်အတွင်းမှာ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ချုပ်ပျောက်ခြင်းတို့ဖြင့် တဖျတ်ဖျတ်ဖောက်ပြန်ပျက်စီးနေသည်ကို ဉာဏ်ဖြင့်တွေ့မြင်နေပြီဆိုပါက အချိန်အခါမဟုတ် ငိုက်မျဉ်းခြင်း၊ အိပ်ချင်ခြင်း၊ တွေဝေခြင်း၊ ပူပင်သောကများခြင်း၊ တောင်တောင်ဤဤတွေး၍ပူပန်ခြင်း၊ လောဘကြီးခြင်း၊ ဒေါသကြီးခြင်း၊ လောကီကိစ္စ ဗာဟီရတို့ကို ဂရုစိုက်ချင်ခြင်း၊ ရယ်စရာပြောခြင်း၊ စီးပွားရေးအတွက် ဂရုစိုက်ခြင်းတို့ လွန်စွာနည်းပါးသွားတော့သည်။ အညီးခံနိုင်တော့သည်။ အလွန်ချစ်လှစွာသောသူများ သေဘေးနှင့်တွေ့နေလျှင်ပင် သိပ်ပြီးမပူပင်တော့ပေ။ မိမိအသက်ကိုသော်မှ သေရမှာမကြောက်လှတော့ပေ။

ထိုအခါ အထက်မှ ဖော်ပြခဲ့သည့် အလိုလိုက်ခံရသောကလေးကို အလွန်အမင်းအလိုက်မလိုက်ဘဲ တစေ့တစောင်းမှ စောင့်ကြည့်ရင်း သူ့ဘာသာသူပစ်ထားနိုင်သောအခြေအနေမျိုးသို့ဆိုက်ရောက်လာပေတော့မည်။

ဤအခြေအနေတွင် ယောဂီ၏ စိတ်ငြိမ်းချမ်းမှုမှာ သိသိသာသာကြီး ထူးခြားတိုးတက်လာပြီ ဖြစ်၏။ မိမိကိုယ်တွင်းသန္တာန်မှာ ဖြစ်ပါ ချုပ်ပျောက်နေသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မမြဲဆင်းရဲ အစိုးမရခြင်းဟူသော လက္ခဏာရေးသုံးပါး၏ စစ်မှန်သောသဘာဝ (ပရမတ္ထ)ကို ကောင်းစွာသိမြင်၍ ယုံမှားသံသယစိတ်များ ပျောက်ကုန်၏။

ထိုအခါ ခေတ်လူငယ်များ မေးလေ့မေးထရှိသော ရှေးဘဝ၊ နောက်ဘဝရှိမရှိ၊ ဘဝသံသရာ ရှိ၊ မရှိ၊ ဘာမှမရှိသော နိဗ္ဗာန်ကို မလိုချင်တဲ့ပြဿနာများ ယောဂီ၏ ဉာဏ်ထဲ၌ အလိုအလျောက် ရှင်းလင်းသောအဖြစ်သို့ ဆိုက်ရောက်လာလေတော့သည်။

ထုံးတောင်အရှင်ဓမ္မပီယ(မြောင်)

www.burmeseclassic.com



# မြဝင်း
(ဒဂုန်)

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟောကြားသော ဦးကိုးဦးကသိုလ်မှု

နေ့ဦးတစ်ညနေခင်းတွင် အိမ်ရှေ့ဝါးရုံရိပ်၌ ကျွန်တော် စာဖတ်နေစဉ် ဓမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ဓမ္မမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့ စကားစပါသည်။

"ဆရာ၊ မနေ့ကမနက်တုန်းက ဇရာဦးခန်းမမှာ မင်္ဂလာစကားပြောရတယ် နော်"

"ဟုတ်တယ်ဗျ၊ မနေ့ကမနက်က ဇရာဦးခန်းမမှာ မင်္ဂလာစကားပြောရတယ်။ အရွယ်ရလာတော့ မင်္ဂလာစင်မြင့်ပေါ်တက်ရတာ အဆင်မပြေတော့ဘူးဗျာ။ အဖေးအတူ အထူအမတွေနဲ့ အဆင်း၊ အတက်လုပ်ရတယ်။ မင်္ဂလာစကားမပြောတော့ပါဘူးလို့ မေတ္တာရပ်ခံထားတာ။ အခုဟာက တပည့်အရင်းတွေဖြစ်နေတော့ မငြင်းသာတော့ဘဲ ပြောရတော့တာပေါ့"

"ကျွန်တော် အဲဒီမင်္ဂလာပွဲကို ရောက်လာပါတယ်။ ကျွန်တော်ရောက်တော့ ဆရာမင်္ဂလာစကားပြောနေပါပြီ။ သတို့သား၊ သတို့သမီးတို့ကို ဆုံးမစကားပြောနေပါပြီ"

"ပရိသတ်ကမျှားပြီး အသံတွေကညံနေလေတော့ ရပြီးသားစာတွေမမှားအောင် အတော့်ကို သတိထားပြီးပြောရပါတယ်။ သတို့သားနဲ့ သတို့သမီးတောင် ကျွန်တော်ပြောတာကြားကြရဲ့လားပင် မပြောတတ်ဘူး"

"ကြားမှာပါ ဆရာ။ ဆရာပြောတဲ့အထဲမှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့အဆုံးအမကို ထည့်ပြောသွားတယ်နော်"

"အကြောင်းတိုက်ဆိုင်လာတာနဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ 'ပိတိမှသည် ဘဝပန်းတိုင်ဆီသို့စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

မှာပါတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ ဦးကိုးဦးနဲ့ ကုသိုလ်ကောင်းမှုပြုကြရိုးရှိတယ်ဆိုတဲ့ အဆုံးအမကို ထည့်ပြောတာပါ။ ဦးကိုးဦးမှာ ပထမအဦးက မင်္ဂလာဦးတဲ့။ မင်္ဂလာဦးဆို လက်ထပ်မင်္ဂလာကိုပြောတာ။ လက်ထပ်မင်္ဂလာပြုတဲ့အခါမှာလည်း ကုသိုလ်ကောင်းမှုပြုရတယ်လို့ ဆိုမတာပါ"

"အဲဒီနေ့က ဦးကိုးဦးကို အပြည့်အစုံမပြောဘူးနော်"

"အချိန်ကိုငဲ့ပြီးပြောရလေတော့ ဦးကိုးဦးကိုဘယ်မှာပြည့်စုံအောင်ပြောနိုင်မလဲဗျာ။ မင်္ဂလာဦးနဲ့ ဆိုင်တာလောက်ပဲပြောခဲ့ရတာပေါ့"

"ကျွန်တော် အဲဒီ ဦးကိုးဦးကို သိချင်တယ် ဆရာ"

"မိတ်ဆွေသိချင်တယ်ဆိုရင်တော့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ 'ပီတိမှသည် ဘဝပန်းတိုင်ဆီသို့' စာအုပ်မှာလာတဲ့အတိုင်း ကျွန်တော် ဖတ်ပြပါ့မယ်။ နေဦးဗျာ၊ ကျွန်တော် စာအုပ်သွားယူလိုက်ဦးမယ်"

(ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွား၍ စားပွဲပေါ်တွင် အဆင်သင့်တင်ထားသော 'ပီတိမှသည် ဘဝပန်းတိုင်ဆီသို့' စာအုပ်ကိုယူခဲ့ပြီး ဦးကိုးဦးပါသောစာမျက်နှာကို လှန်၍ ဖတ်ပြပါသည်။)

"ဗုဒ္ဓဘာသာဝင်တို့၏မလေ့ဝယ် ဘုရား၏ ဂုဏ်ကိုးခွင် အာရုံထင်စေသောအားဖြင့် ဦးကိုးဦးတို့ဖြင့် ကောင်းမှုပြုကြရိုးရှိ၏။

ယင်းမှာ -

၁။ မင်္ဂလာဦး
(ယင်းမှာ လက်ထပ်ပွဲ)

၂။ အိမ်ဆောင်ဦး
(ယင်းကား အိမ်သစ်တက်ပွဲ)

၃။ စီးပွားဦး
(ယင်းကား ပထမလာဘ်ဦးရချိန်)

၄။ သားဦးသမီးဦး
(ယင်းကား ကင်ပွန်းတပ်ပွဲ)

ထို့နောက် တစ်နှစ်တာ မိမိလုပ်ခလယ်ယာများမှပင် -

၁။ ကောက်ဦး
(ယင်းကား ဦးဆုံးရိတ်သိမ်းစပါး)

၂။ တလင်းဦး
(ယင်းကား တလင်းထွင်း ဦးဆုံးရောက်လှည်းမှစပါး)

၃။ နယ်ဦး
(ယင်းကား ဦးဆုံး ကောက်ပြန့်ထဲမှစပါး)

၄။ စပါးဦးဆန်ဦး၊
(ယင်းကား ဦးဆုံးရစပါးမှဆန်များ)

၅။ ဆွမ်းဦး
(ယင်းကား ထမင်းအိုးမှဦးပေါင်းများ)

ထိုသို့ ဦးဦးဖျားဖျားများဖြင့်သာ ဘုရား၊ သံဃာအား ဆက်ကပ်ပါလျှင် ထိုစေတနာများမှ အကျိုး၊ အကျိုးပေး၊ အလှည့်ကျခံစားခွင့်ရ ဘဝတိုင်းလည်း ဘာမဆို မိမိကသာ လက်ဦးရတတ်၏။ စာရေးတံမဲကဲ့သို့ နေရာမျိုးများ၌ အကောင်းဆုံးသည် မိမိအတွက်ချည်း ဖြစ်ရစေ၏"

ကျွန်တော်သည် စာဖတ်နေရာမှ ခေတ္တရပ်၍ မိတ်ဆွေကိုကြည့်စဉ် မိတ်ဆွေက ဤသို့ပြောပါသည်။

"ဆရာ ဖတ်ပြသွားတဲ့အထဲမှာ ဆွမ်းဦး (ထမင်းအိုးမှဦးပေါင်းများ) ဆိုတာကိုကြားရတော့ ဆရာကြီး မင်းသုဝဏ်ရဲ့ ကဗျာကလေးကို သတိရမိတယ်"

"ဘာကဗျာလဲဗျာ၊ ဆိုပြပါဦး"

"ဆိုပြပါ့မယ်ဗျာ။

▫ ဦးပေါင်းကိုတဲ့ဆွမ်းတော်တင်
သုံးချောင်းထောက်မြင်
ဆံလွင်လွင်ကြေးစည်တီးလို့
ထွန်းတဲ့ဆီမီး - တဲ့"

"ဦးပေါင်းကို ဆွမ်းတော်တင်တာဟာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့ အင်မတန် မြတ်နိုးစရာကောင်းတဲ့ ဓလေ့ပါဗျာ။ ဒါပေမယ့် အခုအခါမှာတော့ ဦးပေါင်းဆိုတာကို လူငယ်တွေမသိကြတော့ပါဘူး။ အခုခေတ်မှာ မြေအိုးနဲ့ ထမင်းချက်ကြတာမဟုတ်ကြလေတော့ ဦးပေါင်းရာမပေါ်တော့ဘူး။ မြေအိုးနဲ့ ချက်တော့ ဦးပေါင်းနဲ့တူတဲ့စလောင်းဖုံးရာကလေးပေါ်တယ်။ အဲဒီဦးပေါင်းကလေးကို ဦးဦးဖျားဖျားခူးပြီး ဆွမ်းတော်တင်ကြတယ်။

အခုခေတ်မှာတော့ ဒန်အိုးတို့၊ ပေါင်းအိုးတို့နဲ့ ချက်ကြတာဆိုတော့ ဦးပေါင်းရာ မပေါ်တော့ဘူးပေါ့ဗျာ။ ဒါပေမယ့် ဦးဦးဖျားဖျားခူးခပ်ပြီးတင်မယ်ဆိုရင် ဆွမ်းဦးပေါ့ဗျာ။

ဖတ်လက်စနဲ့ ဆရာတော်ဘုရားကြီးရဲ့ရေးသားချက်ကို ဖတ်ပြပါဦးမယ်"

"ဖတ်ပြပါဆရာ"

"နောက်ဆုံး နိဗ္ဗာန်ဝင်ရာ၌ပင် လက်ဦးဆုံးတရားဦးအခွင့်ရ ဂုဏ်ထူးဖြင့် ဝင်ကြရ၏။ သို့ကြောင့် ယနေ့ဗုဒ္ဓဝါဒီတို့၏မလေ့ဝယ် ထိုအကြောင်း ကောင်းကောင်းသိသောသူတိုင်း အဦးလက်မလွှတ်။

သံဃာဂုဏ်ပုံလျက် ယုံသောသူတိုင်းလည်း အဦးလက်မလွှတ်။

ဗုဒ္ဓဝါဒီတို့၏မလေ့သည် ဘုရားရှင်၏ အဆုံးအမတော်များဖြင့်သာ ပျော်မွေ့လေ့ရှိကြ၏။

ကံအကျိုးပေး ရှောင်မရသဖြင့် ကာမစည်းစိမ်ခံစားနေကြသော်လည်း အကောင်းမြင် အမွှမ်းတင်ဖြင့် ခံစားလေ့မရှိခဲ့ကြ။

ခံစားလျက်ကပင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ပတ်ဖွဲ့ခြင်းကို ရှောင်ထွက်ကြ၏။ ယင်းတို့ဖြင့် လှည့်ပတ်ခြင်းအစားရှေ့သို့သာ တစ်သမတ်တည်းသွားလိုကြ၏။ သို့ကြောင့် အိပ်ရာမှာပင် အရှေ့ခေါင်းထားအိပ်လေ့ရှိကြ၏။

- အရှေ့သည် ဘုရားရှင် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူစဉ်က အာရုံယူရာအရပ်ဖြစ်ခြင်းကြောင့်။

- အရှေ့သည် နေ၊ လနှင့်တကွ တာရာနက္ခတ်အားလုံးတို့၏အတက်ဖြစ်သဖြင့် မင်္ဂလာအရပ်ဖြစ်နေခြင်းကြောင့်။

- အရှေ့သည် အနောက်ဟူသော အ,မင်္ဂလာစကားနှင့် ပြောင်းပြန်ဖြစ်ပြီး ကြည်လင်ခြင်း၊ အစဦးခြင်းအများ အာရုံညွှတ်ခြင်းများကြောင့်။

ဤမျှအထိ ဘုရားစကား နားဝယ်ထားသူများ၏ကျင့်စဉ်များသည် မည်သို့လျှင် လွဲမှားနိုင်ပါအံ့နည်း . . ."

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ အရှေ့အရပ်ကို ဘာကြောင့် အမြလးထားရတယ်ဆိုတာ အရင်က သဘောမပေါက်ခဲ့ဘူး။ ဆရာတော်ဘုရားကြီးရဲ့ရေးသားချက်ကိုနာလိုက်ရတော့မှ ကျွန်တော်တို့တစ်တွေ အရှေ့အရပ်ကို ဘာကြောင့် အလေးထားရတယ်ဆိုတာ သဘောပေါက်သွားပါပြီ"

"ပီတိမှသည် ဘဝပန်းတိုင်ဆီသို့ စာအုပ်ထဲမှာ တခြားမှတ်သားစရာတွေ ရှိသေးတယ်။ အခွင့်ကြုံတော့ပြောကြသေးတာပေါ့ဗျာ"

"ကျွန်တော်လည်း မနက်ဖြန် ဘုရားကအပြန် စာအုပ်ဆိုင်ကို ဝင်ပြီး အဲဒီစာအုပ်ဝယ်လိုက်ပါ့မယ်"

မမွှမိတ်ဆွေသည် ထိုသို့ပြောပြီးနောက် ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်သွားပါသတည်း။

မြဝင်း(ဒဿန)




www.burmeseclassic.com


www.burmeseclassic.com

ဘုန်းကံကြီးမားမင်းကောင်းများနှင့်အစီအရင်အဆောင်ဂါထာများ(၁၆)


# မဟာဓမ္မရာဇာမင်းကြီးနှင့် ဗားမဲ့ဆရာတော်ချီးမြှင့်သောအဆောင်အစီအရင်များ


သစ္စာဝါဒီ-ဦးမြင့်အောင်




အနောက်ဘက်လွန်မင်း။ ။ ၉၃၅ ခု အင်္ဂါသား နက္ခတ် ၁၄ လုံးတွင် ဖွားမင်း နန်းတက် ၂၃ နေ့ရှိ၏ ၅၀ တွင် စုတေမင်း အနောက်ဘက်လွန်ဘုရား





သက္ကရာဇ် ၉၆၇ ခု၊ တပေါင်းလ ပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ညောင်ရမ်းမင်းတရားကြီး၏သားတော်အကြီးဖြစ်သော မဟာဥပရာဇာသည် မဟာဓမ္မရာဇာ ဟူသောအမည်ကို ခံတော်မူကာ ခမည်းတော်၏ အရိုက်အရာဖြစ်သော ရတနာပူရအဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူခဲ့ပါသည်။

မင်းဖြစ်တော်မူလျှင် ခမည်းတော်ဘုရားကောင်းမှုတော်ကိုလည်း ပြီးစီးအောင်ဆောင်ရွက်တော်မူကာ သက္ကရာဇ် ၉၅၀ ပြည့်၊ နယုန်လပြည့်နေ့ စနေနေ့တွင် မဟာမြတ်မုနိဘုရားကို ထီးတော်တင်လှူခဲ့ပါသည်။ ကောင်းမှုတော် အရှေ့တောင်ယွန်း၌ သက်ငယ်မိုးသုဓမ္မာဇရပ်တစ်ဆောင် ဆောက်တော်မူခဲ့ကာ လဆန်းတစ်ရက်၊ လပြည့်ကျော်တစ်ရက်နေ့ထွက်တော်မူ၍ ဆရာတော်တို့ကို ဖူးတွေ့တော်မူခဲ့ပါသည်။

ကောင်းမှုတော် မဟာမြတ်မုနိဝန်းကျင်ဇရပ်တော်ကိုလည်း သက်ငယ်မိုး အလျှင်စီရင်တော်မူ၏။ ထိုသက္ကရာဇ် တပေါင်းလပြည့်ကျော် ခြောက်ရက်၊ စနေနေ့တွင် လယ်ကြီးအရပ်၌ ဗားမဲ့ဆရာတော်ကြီးကိုရည်၍ ကျောင်းဆောက် လှူဒါန်းတော်မူပါသည်။

မဟာဓမ္မရာဇာမင်းကြီးနန်းတက်သည့်အခါတွင် အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်တစ်လွှားကို စိုးပိုက်ပြီးဖြစ်၍ ပြည်၊ တောင်ငူ၊ ပဲခူး စသော အောက်တစ်လွှားကား လက်နက်နိုင်ငံမဖြစ်သေးပါချေ။

**□ ပြည်မြို့ကို သိမ်းယူခြင်းနှင့် ရှင်တစ်ဆူ၊ လူတစ်ယောက်ရခဲ့ခြင်း**

သက္ကရာဇ် ၉၇၀ ပြည့်တွင် မဟာဓမ္မရာဇာမင်းကြီးသည် ပြည်မြို့ကိုချီတော်မူ၍ သိမ်းယူတော်မူရာတွင် ပြည်မြို့ပျက်သော်လည်း နန်းတော်တွင်းတွင် အသက်တစ်ဆယ့်သုံးနှစ်မျှသာရှိသော်လည်း လွန်စွာ ရဲစွမ်းသတ္တိရှိ၍ မိမိအရှင်သခင် ပြည်မင်း၏ကျေးဇူးသစ္စာကိုစောင့်သိသော ငထင်ဆိုသူ လုလင်ငယ်သည် ပြည်မင်းအနီးတွင် လက်တစ်ဖက်စီတွင် ဓားတစ်လက်စီကိုင်စွဲကာ ခုခံဟန့်တားနေလေရာ ဦးကြီးတော် ဘယဂါမဏိက ပြည်အလုံး သူ့ရဲမက်ဖြစ်ပြီးမှ တစ်ယောက်တည်း ခုခံ၍ မတတ်နိုင်။ လက်နက်ချလေတော့ဆိုမှ ဓားချ၍ အညံ့ခံလေတော့သည်။

ထိုလုလင်ငယ်ကို မဟာဓမ္မရာဇာမင်းကြီးသည် အပြစ်မယူဘဲ ကျေးဇူးသစ္စာစောင့်သိသူဟူ၍ ချီးမြှောက်တော်မူခဲ့လေသည်။

မင်းကြီးက -

"ပြည်မြို့ကို ငါတိုက်ရသည်မှာ ရှင်တစ်ဆူ၊ လူတစ်ယောက်သာရသည်" ဟူ၍ ဆိုစမှတ်ပြုခဲ့ရာတွင် ရှင်တစ်ဆူဆိုသည်မှာ တောင်ဖီလာအကျော်ဆရာတော်ဖြစ်၍ လူတစ်ယောက်ကား ငထင်ကိုဆိုခြင်း ဖြစ်ပါသည်။

**□ တောင်ငူကို သိမ်းတော်မူခြင်းနှင့် ဗားမဲ့ဆရာတော်၏ပညာ**

မဟာဓမ္မရာဇာမင်းကြီးသည် တောင်ငူကို သိမ်းပိုက်ချီတက်ရန် ဗားမဲ့ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်က -

""တောင်ငူတွင် ဗေဒင်ယတြာတတ်သော ရှင်မုန်ယိုရှိသည်။ သို့ရာတွင် ယတြာကြီးကိုမတတ်၊ ယတြာငယ်ကိုသာတတ်လေသည်။ တောင်ငူသို့ချီလေ



www.burmeseclassic.com

www.burmeseclassic.com

လျှင် အောင်ကား အောင်လိမ့်မည်။ သို့သော် ကြာလိမ့်မည်။ ထို့ကြောင့် အလျှင်အမြန်အောင်လိုသော် တောင်ငူတို 'ငူတောင်' ဟုပြောင်းပြန်ပြု၍ နံတူ့ကိုရှာက 'ခံတက်' ကိုရသောကြောင့် တေဇအရပ်ရှိ ခံတက်ပင်ရှိရာအရပ်တွင် ထပ်စွဲ၍ သိမ်းပိုက်လျှင် အောင်လိမ့်မည်"

ဟု မိန့်တော်မူလေသည်။

(ဤတွင် တောင်ငူကို ငူတောင် ပြောင်းပြန်ပြု၍ နံတူရာကိုရှာခြင်းသည် လောကီပညာကက်ကင်းမောတ်ပြုခြင်းဖြစ်ပါသည်။ တနင်္လာနံတွင် က၊ ခ၊ ဂ၊ ဃ၊ င ဟူသော အက္ခရာငါးလုံးရှိရာ (ငူ)နှင့် (ခ) နံတူဖြစ်၍၊ စနေနံတွင် တ၊ ထ၊ ဒ၊ ဓ၊ န ဟူသောအက္ခရာတို့တွင် (တ)မှာ စနေနံဖြစ်၍ (တောင်) နှင့် (မောတ်) နံတူဖြစ်သည်။ တေဇအရပ်ကိုရှာသော် ဝရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သီရိ ဟူ၍ အရပ်ရှစ်မျက်နှာတို မွေးနံထောင့်မှစ၍ရေလျှင် ဆဋ္ဌမထောင့်သည် တေဇအရပ်ဖြစ်သောကြောင့် (တောင်ငူ) မှ (ငူ) ကိုယူ၍ တနင်္လာနံဖြစ်၍ တနင်္လာနံအရပ် အရှေ့အရပ်မှရေသော် ဆဋ္ဌမမြောက်ထောင့်ဖြစ်သော အနောက်မြောက်ထောင့်သည် တေဇအရပ် ဖြစ်ပါသည်။)

မဟာဓမ္မရာဇာမင်းကြီး တောင်ငူသို့ချီလေလျှင် တောင်ငူရှိ ရှင်မုန်ယိုသည် စစ်မရောက်မီတင်ကြို၍ မြို့နီးနားပတ်ဝန်းကျင်၌ ရှိသမျှသောခံတက်ပင်တို့ကိုရှာဖွေစေ၍ အမြစ်မကျန်စေရအောင် ခုတ်လှဲရှင်းလင်းစေ၍ ရေထဲချစေပြီး ရိက္ခာအတွက် စပါး၊ တင်း၊ မြက်အစရှိသည်တို့ကို လုံလောက်အောင်စုဆောင်းသွင်းယူပြီး မြို့ကို အခိုင်အလုံဖြစ်စေရန် စီမံထားခဲ့လေသည်။

မဟာဓမ္မရာဇာမင်းကြီး၏ တပ်တော်ရောက်သည့်အခါတွင် တေဇအရပ်၌ ခံတက်ပင်ကိုရှာစေရာ တစ်ပင်မျှမတွေ့ဘဲဖြစ်နေရာမှ တပ်တည်ရန်ချုံပုံတစ်ခုကိုယူသည့်တွင် လူတစ်ရပ်ခန့်ရှိသော ခံတက်ပင်ကို တွေ့ရ၍ ထိုနေရာ၌ တပ်စွဲခဲ့လေသည်။ သို့သော် သုံးချက်တီးအချိန် ရောက်သည်တွင် ရှင်မုန်ယို ယတြာပြုစီရင်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့သည် လူသူဆင်မြင်းအသွားအလာကို လိုက်လံဝှေ့ခတ်ကြသောကြောင့် အထိတ်တလန့်ဖြစ်ကြကာ တပ်လည်း ငါးရက်တစ်ခါ၊ ခြောက်ရက်တစ်ခါ မကြာခဏလန့်လေသည်။

ထိုအကြောင်းကို မင်းကြီးသည် အင်းဝရှိ ဗားမဲ့ဆရာတော်ထံသို့ မြင်းသည်ကျော် စေလွှတ်၍ လျှောက်ထားစေရာ ဗားမဲ့ဆရာတော်ကြီးသည် မည်သို့မျှမဆိုဘဲ ဒေါက်ခြာကို ခေါင်းတွင်စွပ်ပြီးနောက် ခေါင်းမှချွတ်၍ ကြမ်းပြင်သို့ပစ်ချကာ ကျက်သရေခန်းအတွင်းသို့ ဝင်သွားလေတော့သည်။

ထိုအခါတွင် မြင်းသည်ကျော်တို့မှာ အမှာစကားမရလေ၍ အကြိမ်ကြိမ်လျှောက်ထားသော်လည်း ဗားမဲ့ဆရာတော်ကြီးက တစ်စုံတစ်ရာမမိန့်လေ၍ ကျောင်းနေဦးပဉ္စင်းကြီးအားလျှောက်ရာ ဆရာတော်အား မေးမြန်းလျှောက်ထားရန် ကျက်သရေခန်းတွင်ဝင်မည်ဟု တံခါးကိုဖွင့်သောအခါ တံခါးကျင်မင်းတုတ်ချထား၍ မဝင်နိုင်ဖြစ်လေသည်။

ဤတွင် မြင်းသည်ကျော်တို့က ဦးပဉ္စင်းကြီးအား -

"တပည့်တော်များ ယခုလာရသည်မှာ ရာဇဝတ်ဦးခေါင်းတက်ရွက်ကာလာခဲ့ရခြင်း ဖြစ်ပါသည်။ နေ့ရက်လွန်ပါက တပည့်တော်တို့မှာ ရာဇဝတ်ဒဏ်သင့်၍ အသက်မရှိပြီ။ တပည့်တော်တို့ပြန်ပါတော့မည်"

ဟု လျှောက်ထားကာ တပ်တော်သို့ ပြန်ခဲ့ကြလေသည်။ ထို့နောက် တပ်တော်ပြန်အရောက်တွင် ထိုအကြောင်းခြင်းရာကို မင်းကြီးအားလျှောက်တင်ရာ မင်းကြီးသည် ဆင်ခြင်တော်မူ၍ ဤအကြောင်းခြင်းရာကား -

"ငါ၏ဆရာတော်သည် သာသနာရေးနှင့်သက်ဆိုင်သောကြောင့်မမိန့်ခြင်းဖြစ်ပေမည်။ ဒေါက်ခြာကိုကြမ်းသို့ပစ်ချသည့်အရိပ်နိမိတ်ကိုထောက်က မြတ်စောညီနောင်စေတီတော်၏ထီးတော်ကိုချရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ မြတ်စောညီနောင်စေတီတော်သည် တောင်ငူမြို့တည်စဉ်က သီရိခုနစ်ဌာန အပါအဝင်ဖြစ်သည်။ ထီးတော်ကိုချစေ"

ဟု မိန့်ဆိုလေသည်။

ထီးတော်ချထားတော်မူလိုက်သောအခါတွင် ရှင်မုန်ယို၏ယတြာအစီအရင်ကို ပျက်ပြယ်သွားကာ ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့ ပျောက်ပျက်ကုန်ကာ တပ်တော်လည်း အေးချမ်းလျက် ထိတ်လန့်မှုမရှိတော့ချေ။

(ထိုရှင်မုန်ယိုဆိုသူကား ကဲလင်းရွာဇာတိဖြစ်၍ ဗားမဲ့ဆရာတော်၏ တပည့်သာမဏေအဖြစ်နှင့်နေဖူးကာ ဆရာတော် ပုပ္ပားတောင်ရှိ အင်းဘိလူးထံ အင်း၊ အိုင်၊ ဂါထာ၊ မန္တရား စသည် သိလိုသည်တို့ကို သွားရောက် မေးမြန်းစဉ်က လိုက်ပါခဲ့သူ ဖြစ်သည်။ ထိုရှင်မုန်ယို ကိုမွေးဖွားစဉ်က ပါးတွင် မုန့်အိုးဆင်များ မုန့်တွင်းမုန့်ယိုသကဲ့သို့ပါရှိ၍ အမျက်ဒေါသထွက်သောအခါ မုန့်အိုးမှ မုန့်ရည်ယိုထွက်သောကြောင့် ရှင်မုန့်ယိုဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။)

တောင်ငူဘုရင်နတ်ရှင်နောင်သည် မဟာဓမ္မရာဇာမင်းကြီးအား စစ်မက်မဖက်ပြိုင်နိုင်သောကြောင့် အညံ့ခံခဲ့ရာ တောင်ငူကိုအောင်တော်မူခဲ့ပြီးနောက် တောင်ငူဘုရင် နတ်ရှင်နောင်ကိုပင် တောင်ငူမြို့စားအဖြစ် ပြန်လည်ထားတော်မူခဲ့ကာ တပ်တော်ပြန်ခဲ့ပါသည်။

**□ မဟာဓမ္မရာဇာမင်းကြီးနှင့် အမျိုးဘာသာသာသနာဖျက် နယ်ချဲ့ ဇေင်ကာ**

ထို့နောက် သက္ကရာဇ် ၉၇၄ ခုနှစ်တွင် တောင်ငူမြို့ကို တိုင်းတစ်ပါးနယ်ချဲ့ ပေါ်တူဂီလူမျိုးဖြစ်သော ဇေင်ကာသည် သန်လျင်ကိုသိမ်း၍ စိုးအုပ်နေရာမှ မုတ္တမစား ဗညားဒလနှင့်ပူးပေါင်းကာ တောင်ငူမြို့ကို သိမ်းယူကာ တောင်ငူမြို့စား နတ်ရှင်နောင်နှင့်တကွ ရွှေငွေလူသူတို့ကို ဖမ်းယူလျက် နန်းတော်၊ ကျောင်းကန်၊ အိမ်ရာတို့ကို မီးတိုက်ဖျက်ဆီးသွားကြောင်းကို မဟာဓမ္မရာဇာမင်းကြီး သိတော်မူလျှင် သန်လျင်ကို ချီတက်တော်မူလျက် ကြည်းကြောင်း၊ ရေကြောင်းတို့ဖြင့်ပိတ်ဆို့လျက် သုံးလတိုင် အပြင်းအထန် လုပ်ကြံပြီးသော် နယ်ချဲ့ ဖီးလစ်ဒီဘရစ်တိုခေါ် ဇေင်ကာနှင့်တကွ တစ်မြို့လုံးကို သိမ်းယူရရှိတော်မူခဲ့လေသည်။

မင်းကြီးသည် ဇေင်ကာအား စစ်ဆေးရာတွင် တောင်ငူမြို့စား နတ်ရှင်နောင်ကိုယ်တိုင်က မိမိအား ဆောင်ယူရန် ဇေင်ကာထံ စေလွှတ်ကြောင်းထင်ရှား၍ သစ္စာချုတ်ယွင်းသူအဖြစ် အပြစ်ပေးစီရင်တော်မူခဲ့သည်။ ဇေင်ကာကား တိုင်းတစ်ပါးသားနယ်ချဲ့ဖြစ်သည့်ပြင် အမျိုးဘာသာသာသနာ၊ ကျောင်းကန်၊ ရဟန်းသံဃာ၊ လူသူတို့ကို နှိပ်စက်ဖျက်ဆီးသူဖြစ်သဖြင့် တံကျင်လျှို၍ ကွပ်မျက် စီရင်တော်မူခဲ့လေသည်။ သန်လျင်ရှိ ပေါ်တူဂီလူမျိုးတို့နှင့် သားမယားအဆက်အနွယ်တို့ကို အင်းဝနေပြည်တော်သို့ ဆောင်ယူခဲ့ပြီး မြောက်ဘက် ရွှေဘိုနယ်နှင့် စစ်ကိုင်းနယ်တို့



www.burmeseclassic.com

www.burmeseclassic.com

တွင် အစုစုခွဲ၍ထားတော်မူခဲ့လေသည်။

ထိုသို့ သန်လျင်ပျက်ပြီးနောက် မှာတွင်ပင် ပေါ်တူဂီသင်္ဘောငါးစင်း သန်လျင်သို့ရောက်လာခဲ့လေရာ မြန်မာစစ်သည်တော်တို့ တိုက်ခိုက်လေသဖြင့် သင်္ဘောလေးစင်းလုံးကိုရရှိခဲ့ပြီး တစ်စင်းကား ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

မဟာဓမ္မရာဇာ မင်းတရားကြီး သန်လျင်ကို သိမ်းပိုက်တော်မူနိုင်ခဲ့သည်တွင် မုတ္တမစား ဗညားဒလမှစ၍ အရှေ့ဘက်နှင့် တောင်ဘက်တစ်လွှား မြို့စားနယ်စားတို့ အစွာခံခဲ့ကြ၍ မင်းတရားကြီးလက်ထက်တွင် နိုင်ငံတော်နယ်ပယ်သည် အထက်တွင်ဗန်းမော်အထိရောက်၍ အောက်ဘက်တွင် ထားဝယ်အထိဖြစ်ကာ အရှေ့ဘက်တွင် ဇင်းမယ်အထိအောင် အုပ်စိုးတော်မူနိုင်ခဲ့သည်။ မဟာဓမ္မရာဇာမင်းကြီးအား အနောက်ဘက်လွှန်မင်းတရားကြီး ဟူ၍လည်း ရာဇဝင်စာတင်ခဲ့ကြပါသည်။

## ◘ မဟာဓမ္မရာဇာမင်းကြီးနှင့် ဗားမဲ့ဆရာတော်

မဟာဓမ္မရာဇာမင်းသည် ခမည်းတော် ညောင်ရမ်းမင်းကြီး၏ အရိုက်အရာကိုခံယူ၍ နန်းတက်သည့်အခါတွင် ခမည်းတော်အား ဗားမဲ့ဆရာတော် စီရင်ချီးမြှင့်ပေးခဲ့သော အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ စသည့် အစီအရင်အဆောင် အရွက်မှန်သမျှတို့ကို ဗားမဲ့ဆရာတော်အား လျှောက်ထားကာ သိဒ္ဓိတင်ပြီးလျှင် အဆောင်ပြုတော်မူခဲ့ပါသည်။

မင်းကြီးသည် အမျိုးဘာသာ သာသနာတော်ကို အထူးစောင့်ရှောက်အားပေးသည့် မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ ဆရာတော် သံဃာတော်အရှင်မြတ်တို့အားလည်း ကျောင်းအသစ် ဆောက်လုပ် လှူဒါန်းတော်မူ၍ နေ့စဉ် နန်းတော်သို့ပင့်ပြီးလျှင် ဆွမ်းဆက်ကပ် လှူဒါန်းတော်မူခဲ့ပါသည်။ ဆရာတော်များ မထောက်မအားရှိသောအခါ တပည့်များကို အလှည့်ကျစေလွှတ်ပါရန် ပင့်ဖိတ်လျှောက်ထားခဲ့ပါသည်။

အထူးအားဖြင့် ဖခမည်းတော် ညောင်ရမ်းမင်းတရားကြီး လက်ထက်တော်မှ အလေးအမြတ် အားထားဆည်းကပ်ခဲ့သော ဗားမဲ့ဆရာတော်ကြီး၏ အဆုံးအမဩဝါဒတော်တို့ကို ရိုသေစွာ လိုက်နာဆောင်ရွက်တော်မူကာ တိုင်းရေးပြည်ရေး၊ အမျိုးဘာသာ သာသနာပွင့်လန်းစည်ပင်ရေးအတွက် လုံ့လဝီရိယကြီးစွာ အားထုတ်ဆောင်ရွက်တော်မူခဲ့ပါသည်။

ဗားမဲ့ဆရာတော်ကြီးသည် ဘဝရှင်မင်းတရားကြီးအား အထူးထူးသော ကောင်းမြတ်သည့် လောကီအစီအရင်တို့ကို စီရင်ချီးမြှင့်ပေးတော်မူခဲ့သည့်အနက် အထူးမှတ်သားဆောင်ရွက်ဖွယ်ကောင်း၍ အကျိုးများသော ဂုဏ်တော်ပုတီး စီရင်ပုံနှင့် ပုတီးစိပ်နည်းကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

သက္ကရာဇ် ၉၆၈ ခုနှစ်တွင် ဘဝရှင်မင်းတရားကြီးသည် ဗားမဲ့ဆရာတော်ကြီးအား လောကီ၊ လောကုတ္တရာ အကျိုး တိုးပွားခိုင်မြဲတည်စေခြင်း အကျိုးငှာ တစ်စုံတစ်ရာအဆောင်ပြုရန် စီရင်ပေးတော်မူပါရန် လျှောက်ထားတော်မူရာ ဗားမဲ့ဆရာတော်ကြီးက ဤသဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီးစိပ်နည်းနှင့် ပုတီးစိပ်နည်းကို ချီးမြှင့်တော်မူခဲ့သည်။

## ◘ သဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီးအစီအရင်

ဤပုတီး၏ အစီအရင်မှာ ရွှေပြားကိုးခုပေါ်တွင် -

အရဟံ - တစ်ခု၊ သမ္မာသမ္ဗုဒ္ဓေါ - တစ်ခု၊ ဝိဇ္ဇာစရဏသမ္ပန္နော - တစ်ခု၊ သုဂတော - တစ်ခု၊ လောကဝိဒူ - တစ်ခု၊ အနုတ္တရောပုရိသဒမ္မသာရထိ - တစ်ခု၊ သတ္ထာဒေဝမနုဿာနံ - တစ်ခု၊ ဗုဒ္ဓေါ - တစ်ခု၊ ဘဂဝါ - တစ်ခုတို့ဖြင့် -

ဤသို့ ရွှေပြားကိုးခုတို့ပေါ်တွင် ဂုဏ်တော်တစ်မျိုးတစ်ခုစီရေး၍ လက်ဖွဲ့ကဲ့သို့လိပ်၊ ပုတီးခေါင်းအတွက် ရွှေပြားငယ်ငါးခုတွင် သံ - ဂုံ - ပ - မ - ယျ ဟုရေး။ ထို့ပြင် ဘုရားဂုဏ်တော်အမျိုးမျိုးများ၊ ရတနာရွှေချိုင့်၊ အောင်ခြင်းရှစ်ပါး စသော စာတော်များကို သန့်ပြန့်သော စက္ကူပေါ်တွင်ရေးသား၍ပြာချပါ။ ထို့နောက် သုတ်ပါဠိတော်၊ ဝိနည်းပါဠိတော်၊ အဘိဓမ္မာပါဠိတော်တို့ကိုလည်း စက္ကူတွင်ရေး၍ပြာချပြီးလျှင် သစ်စေးဖြင့်နယ်၍ သရိုးကိုင်ရန် ဦးစွာရေးသားထားသော ရွှေပြားကိုမံ၍ ပုတီးစေ့ဖြစ်အောင်ပြုလုပ်၍ သီကုံးစီရင်ပေးတော်မူခဲ့ပါသည်။

ဤဂုဏ်တော်ပုတီးမှာ ဂုဏ်တော်ကိုးပါး ပုတီးကိုးလုံးအစီရင်ကိုသာပြသော်လည်း နှစ်ဆယ့်ခုနစ်လုံး၊ ငါးဆယ့်လေးလုံး၊ တစ်ရာ့ရှစ်လုံး စသည်ဖြင့် စီရင်ပြုလုပ်နိုင်ပါသည်။

## ◘ သဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီးစိပ်နည်း ◘

၁။ အုန်းကျက်သရေတိုးတက်စေလိုလျှင် 'သောဘဂဝါဣတိပိအရဟံ' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစကာရဏေန** - ဤသို့ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကိုခံယူတော်မူထိုက်သောကြောင့်၊ **အရဟံ** - အရဟာမည်တော်မူ၏။

၂။ အကြံကောင်းဉာဏ်ကောင်း ပေါ်စေလိုလျှင် 'သောဘဂဝါဣတိပိ သမ္မာသမ္ဗုဒ္ဓေါ' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - ဤသို့ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော၊ ခေယျဓမ်တရားငါးပါးကိုသိတော်မူသောကြောင့်၊ **သမ္မာသမ္ဗုဒ္ဓေါ** - သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃။ အကြံဟူသမျှ အောင်မြင်စေလိုလျှင် 'သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်၊ **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာစရဏသမ္ပန္နော မည်တော်မူ၏။

၄။ ကျော်စော ထင်ရှားစေလိုသော် 'သောဘဂဝါ ဣတိပိ သုဂတော' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - စကားခြောက်ခွန်း၊ လူ၌ထွန်းဘိ၊ ကျိုးရှိဟုတ်မှန်၊ သူနာခံလို၊ မနာလိုအား၊ နှစ်စကားကို၊ ကြောင်းအားညီလျော်၊ ဆိုတော်မူတတ်၊ ဤသကတ်ကြောင့်၊ **သုဂတော** - သုဂတမည်တော်မူ၏။

၅။ ကျော်စောထင်ရှားစေလိုသော် 'သောဘဂဝါ ဣတိပိ လောကဝိဒူ' ဟု စိပ်ပါ။

အနက် -

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - သတ္တောကာသသင်္ခါရဟု၊ လောကသုံးဘုံ၊ အလုံးစုံကို၊ အာရုံထင်စွာ၊ ပိုင်းခြားကာလျှင်၊ အာသယာနုသယ စရိယ ဓိမုတ်၊ မြတ်ယုတ်နှစ်ခု၊ မုဒုတိက္ခ၊ စသည်ထွေထွေ၊ လေ၊ ရေ၊ မြေထု၊ **ဓမရစက္ကဝါ**- သီတာပတ်ခြံ တောင်ရံခုနစ်၊ လှည့်ဆို

www.burmeseclassic.com

နေလ၊ ဒီပလေးတန်၊ ခြောက်တန်နတ်ရွာ၊ ပြဟ္မာနှစ်ဆယ်၊ သွယ်သွယ်များလှ၊ စေတနာပြလျက်၊ လက္ခဏာ၊ ရသ၊ ကိစ္စစေ့ငှ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နှင့်၊ ရုပ်နာမ်ဝေခြား၊ ခပ်သိမ်းအားဖြင့်၊ ထွေပြားတုန်စင်၊ သိမြင်တတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ** - လောကဝိဒူ မည်တော်မူ၏။

၆။ ဆိုးဝါးသောင်းကျန်းသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကို နှိမ်နင်းလိုလျှင် 'သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - ဤသို့ မယဉ်ကျေးသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကို၊ အထူးသဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်၊ **အနုတ္တရောပုရိသဒမ္မသာရထိ** မည်တော်မူ၏။

၇။ သူတစ်ပါးတို့၏အလိုဆန္ဒကို ဖြည့်စွမ်းကယ်ဆယ်လိုလျှင် 'သောဘဂဝါ ဣတိပိသတ္ထာဒေဝမနုဿာနံ' ဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - ဤသို့ သတ္တဝါဖော်၊ ယာဉ်မျှုးကျော်လျှင် ဘော်လှော်ငယ်သား၊ နောက်ပါများကို၊ ရေရှားဘေးခ၊ ကန္တာရမှ၊ ခေမမြေငှ၊ ထုတ်ကယ်ယူသို့၊ သို့တူတစ်၊ ခဲယဉ်းဘိသည်၊ ဇာတိ ဇရာ မရဏာဟု၊ တန္တာရကြမ်း၊ ခရီးလမ်းမှ၊ ရွှေနန်းမြေငှ၊ ငြိမ်းနိဗ္ဗာန်သို့ နတ်၊ လူ၊ ပြဟ္မာ၊ သတ္တဝါကို၊ ဆောင်ကာယူတတ်၊ ဤသကတ်ကြောင့်၊ **သတ္ထာဒေဝမနုဿာနံ** - သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

၈။ သူတစ်ပါးတို့ မတုမပြိုင်ဝံ့ ကြောက်ရွံ့ရှိသေစေလိုလျှင် သောဘဂဝါ ဣတိပိဘဂဝါဟု စိပ်ပါ။

**သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ဣတိပိဣမိနာစကာရဏေန** - တစ်ပါးသူနှင့်မတူထူးချွန်၊ ကဲလွန်သီလ၊ ဉာဏသမာဓိ၊ ဝိမုတ္တိနှင့်၊ ဝိမုတ္တိဒဿ၊ ဝိရောတ္တပ္ပာ၊ သဒ္ဓါဝီရိယ၊ သတိ စသည်၊ ရေဆချင့်နှိုင်း၊ အတိုင်းမသိ၊ ဆုံးမရှိသည်၊ နိရုတ္တိသယ၊ ဂုဏဘာဂ၊ ကြေညာထင်ပေါ်၊ ကျေးဇူးတော်နှင့်၊ အယောဒ္ဓယူဉ်ထ၊ နိယတဗျာ၊ ခံယူခါမှ၊ စ၍အထူး၊ စုဆည်းပူးအပ်၊ ဆယ်ရပ်ပါရမီ၊ ငါးလီစာဂ၊ သင်္ဂဟဝတ္ထု၊ လေးခုအဓိဋ္ဌာ၊ သုံးဖြာစရိယ၊ စသည်အပြား၊ ဘုရားဖြစ်ကြောင်း၊ တရားကောင်းတို့၊ စုပေါင်းညီလပ်၊ မပြတ်နေ့ရေ၊ ဝင်စားပေသည်၊ ကုဋေဂဏန်း၊ နှစ်သန်းလေးသိန်း၊ တွက်ကိန်းများမြတ်၊ သမာပတ်အစုစကြာ့စစွာ၊ ဇရာမရဏ၊ အဆုံးကျလေ၊ ပရိဥ္စေဒယျာ၊ ပဟာတဗ္ဗ၊ သစ္ဆိကနှင့်၊ မဂ္ဂဘာဝနာ၊ လေးဖြာအဖို့ နှစ်မျိုးမပြတ်၊ မှီဝဲတတ်ဟု၊ ဘယ်သို့ပြုက၊ ဝိနေယျဟု၊ ဓမ္မများစွာ၊ တည်ပါမည်နည်း၊ သနားသည်း၍၊ ထံနီးခစား၊ တပည့်များ၏၊ စည်ကားဖွံ့ဖြိုး၊ မြတ်ကောင်းကျိုးကို၊ မျှော်ကိုးမပြတ်၊ တော်ဝံ့တတတ်ရှောင်း၊ ဤအကြောင်းကြောင့်၊ **ဘဂဝါ** - ဘဂဝါ မည်တော်မူ၏။

ဤသို့ အာရာဓနာအားလျော်စွာ ဝိသေသဖော်ပြထားသော ၄ မြတ်စွာဘုရားသခင်၏မည်သည့်ဂုဏ်တော်ကို မဆို လေးမြတ်ယုံကြည်စွာ နှလုံးသွင်း ပူဇော်ပွားများရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် မလိုလားမနှစ်သက်အပ်သော မကောင်းသော အနိဋ္ဌဖလတို့နှင့် မတွေ့မကြုံရဘဲ လိုလားနှစ်သက်အပ်သောကောင်းသော ဣဋ္ဌဖလတို့နှင့်သာ ကေန်တွေ့ကြုံရမည် ဟု ယုံကြည်ပွားများပါက လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးပေါက်မြောက် အောင်မြင်မည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်မှန်သမျှ ပူဇော်ပွားများသင့် လှပါသည်။

မဟာဓမ္မရာဇာမင်းကြီးသည် ဤပုတီးစိပ်နည်းကို အမြဲမပြတ်စိပ်တော်မူခဲ့သဖြင့် ဘုန်းသမ္ဘာတော်တိုး၍ ရန်အမျိုးမျိုးတို့ကို အောင်မြင်တော်မူနိုင်ခဲ့ပါသည်။

**မဟာဓမ္မရာဇာမင်းကြီး မဟာမြတ်မုနိ ဘုရားထီးတော်တင်ရာ၌ ဗားမဲ့ဆရာတော် စီရင်ပေးတော်မူခဲ့သော မိုးလေဝသကင်း ရှင်းရန်စီမံအားသော ရှင်ဥပဂုတ်ကိုးကွယ် နည်း**

မဟာဓမ္မရာဇာ မင်းတရားကြီးသည် သက္ကရာဇ် ၉၆၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်တွင် မဟာမြတ်မုနိဘုရားကို ထီးတော်တင်လှူရန် စီစဉ်တော်မူသောအခါ မိုးမစဲလေမသာ ဖြစ်၍ ထီးတော်တင်ရန်အခက်အခဲဖြစ်နေသဖြင့် မင်းချင်းတစ်ယောက်အားစေလွှတ်၍ ဗားမဲ့ဆရာတော်အားလျှောက်ထားစေရာ ဆရာတော်ကြီး၏အစီအရင်ဖြစ်သော ဤရှင်ဥပဂုတ်ပူဇော်နည်းဖြင့် စီရင်ဆောင်ရွက်ရာ တစ်ခဏချင်းမှာပင် မိုးလေကင်းစင် ရာသီဥတုသာယာပွင့်လင်း၍ ထီးတော်တင်လှူပွဲကြီး ခြိမ့်ခြိမ့်သဲစွာ ပြီးစီးအောင်မြင်တော်မူခဲ့ပါသည်။



**ဗားမဲ့ဆရာတော်၏အစီအရင်**

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ပူဇော်ရန် ဝါးနှင့်ကျောင်းဆောင်ပုံပြုလုပ်ပြီးလျှင် ဖက်စိမ်းမိုးကာရသည်။ ဆီမီးခွက်ကြီးကြီးတွင် ဆီအပြည့်ထည့်၍ ချည်မျှင်အသစ်ကို မီးစာကျစ်ပြီးလျှင် ကျောင်းတော်အတွင်း၌ ထွန်းညှိပူဇော်ရသည်။ ငှက်ပျောသီးဖီးဆိုင်ပွဲ လှပစွာခင်းလျက် ပူဇော်သူသည် ဝတ်ဖြူစင်ကြယ်နှင့် ငါးပါးသီလခံယူဆောက်တည်ပြီးနောက် ဤသို့ရွတ်ဆိုရှိခိုးပူဇော်ရပါမည်။

**ရှင်ဥပဂုတ်ဂါထာတော်**

- ဒိနေ ဒိနေ နမာမဟံ၊
  ဥပဂုတ္တမဟာထေရံ၊
  မာရဗန္ဓ နာဘိတေဇံ၊
  သောနော ဌာနံ အာဂစ္ဆတု၊
  အန္တရာယေဝိမေတွာန၊
  သုခံ ဒေတု ပုနပ္ပုနံ။

**အနက်မြန်မာပြန်**

မာရဗန္ဓနာဘိတေဇံ-မာရ်နတ်သားကို နှောင်ဖွဲ့ခြင်းငှာစွမ်းနိုင်သော၊ **ဥပဂုတ္တမဟာထေရံ** - အရှင်ဥပဂုတ္တမထေရ်ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏၊ **သော** - ထိုမထေရ်မြတ်သည်၊ **နော** - အကျွန်ုပ်တို့၏၊ **ဌာနံ** - တည်ရာအရပ်သို့ **အာဂစ္ဆတု**-ကြွလာတော်မူပါစေသတည်း။ **အန္တရာယေ** - အန္တရာယ်အပေါင်းတို့ကို၊ **ဝိမေတွာန** - ပယ်ဖျောက်တော်မူ၍၊ **ဒိနေ ဒိနေ** - နေ့တိုင်း၊ **ပုနပ္ပုနံ** - အဖန်တလဲလဲ၊ **သုခံ** - ချမ်းသာကို၊ **ဒေတု**- ပေးတော်မူပါစေသတည်း။

ဤသို့ ပူဇော်ရွတ်ဆိုပြီးနောက် အပြင်သို့ထွက်ပြီးလျှင် မည်သည့်နေရာ

www.burmeseclassic.com

မှ မည်သည့်နေရာအတွင်းဟု နယ်နိမိတ်သတ်မှတ်ပြီးလျှင် ကောင်းကင်ကိုကြည့်၍ 'ဣတိပိသော အန္တောကာသေ အမိဠာမိ' ဟူ၍ ခုနစ်ခေါက်ရွတ်ပါ။ ပွဲမပြီးမချင်း မီးစာနှင့်ဆီများကို မကုန်အောင်၊ မငြိမ်းအောင် စောင့်၍နေရပါမည်။ မီးမငြိမ်းစေရ။ ပွဲပြီးလျှင် ချက်ချင်းသိမ်းပါ။ အန္တရာယ်ကင်းဘေးကင်းပ၍ ချမ်းသာသုခ လိုအင်ဆန္ဒပြည့်စုံစေနိုင်ပါသည်။

မှတ်ချက် - ရှေးအခါက စလင်းမြို့တွင် ဆရာကြီး ဦးစံလုဆိုသူသည် ဤနည်းနာနိဿရည်းဖြင့် စီရင်ဆောင်ရွက်ရာ၌ ထင်ရှားကျော်ကြားလှသဖြင့် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ကြားသိတော်မူ၍ ဆင့်ခေါ်စီမံစေခိုင်းခဲ့ရာတွင် နှစ်ကြိမ်တိုင်တိုင် သိသာထင်ရှားလှ၍ ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူခဲ့သည်ဟု ဆိုပါသည်။ ဤနည်းကိုရရှိသူ ဆရာတော်ကြီးတစ်ပါး၏ တပည့်တစ်ဦးကလည်း တစ်ခါက မန္တလေးမြို့ သူဌေးတစ်ဦး၏အလှူပွဲတွင် မိုးကြီးသည်းထန်စွာရွာသွန်း၍ ပွဲပျက်မည်ဖြစ်နေစဉ် ဤအစီအရင်ဖြင့်ဆောင်ရွက် ပူဇော်လေရာ တစ်ခဏချင်းမှာပင် မိုးစဲ၍ ပွင့်လင်းသာယာသွားသည်ကို ဒိဋ္ဌသိမြင်ရသူတို့ အထူးအံ့ဩချီးမွမ်းလေးမြတ်ခဲ့ကြရပါသည်။

မဟာမဇ္ဈိမရာဇာမင်းကြီးသည် ဗားမဲ့ဆရာတော်ကြီးအား လွန်စွာအားထားကြည်ညိုလှ၍ နတ်ဗိမာန်တမျှတင့်တယ်လှသော လေးထပ်ရွှေကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူခဲ့ပါသည်။

တစ်ရံရောအခါတွင် ရတနာပူရအဝမြို့တော်ကြီး၌ မီးမကြာခဏလောင်ခြင်း၊ တောတိရစ္ဆာန်များ မြို့တွင်းသို့ဝင်ရောက်ခြင်း၊ လေမိုးများပြား၊ တိုင်းသူပြည်သားတို့ အပျက်အစီးတိုးပွား၊ ရောဂါဝေဒနာများပြားလှသောကြောင့် ဘဝရှင်မင်းတရားကြီးသည် ဗားမဲ့ဆရာတော်ကြီးကိုပင့်၍ လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက ဤအစီအရင်ကို ဆောင်ရွက်တော်မူစေခဲ့သည်။ ရွှေနန်းတော်ဝန်း၍ လေးမြင့်လေးရပ် ရပ်စုကွက်စုတို့တွင် သဲပုံစေတီများတည်ထားကိုးကွယ်ခဲ့ရပါသည်။

**▫သဲပုံစေတီတော်တည်ထားနည်း**

ရွှေနန်းတော်ကြီးအနီးတွင် ရွှေပေ၌ ပဋိရူပမှုပ္ပာဒ်ဒေသနာတော်ရေးရသည်။

**ဘုရားလေးဆူယတြာဂဏ်ဘာအင်းတော်**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | သ | ဝါ | တာ | | | ဝ | ဝ | စ | |
| ဘိ | ပ | | နို | ဒ | မွာ | နော | | ဏ္ဍော | မ |
| လိ | ကောဏ္ဍသံဘုရား | | | ယိ | ယု | ဝေါဏာဂုံဘုရား | | | ဏ္ဍာ |
| မာ | အ | | န | တ္တိ | ဗ | ဝ | | တ္တိ | သု |
| | သိ | ဝု | ဝ | နံ | | အာ | ခံ | ရော | |
| | ဘ | ဒိ | န္တ | | | လံ | ရော | ဝ | |
| သု | ဝ | | တု | ဒိ | ကော | ဝိ | | သ | ဝေါ |
| ကော | ကဿပဘုရား | | | တ္တိ | သ | ဂေါတမဘုရား | | | ဣ |
| ဘ | ယာ | | ယာ | မာ | ယော | သော | | ဝိ | မ္ဗိ |
| | ယု | တေ | ရာ | | | နု | တိ | ဿ | |

လေးမြင့်လေးရပ်ရှိ ရပ်စုကွက်စုများတွင် ပေ၌ဖြစ်စေ၊ ပုရပိုက်၌ဖြစ်စေ ထိုဒေသနာတော်ကိုရေး၍ ဌာပနာပြုရသည်။ စေတီတော်ပစ္စယ်မှာ သုံးဆင့်၊ ငါးဆင့် စသည်ဖြင့် တည်ထား ပူဇော်ရမည်။

စေတီတော် တည်ထားရာတွင် ခတ်ကြီးလေးပါးကို အခြေပြုလျက် ပထဝီဓာတ်ကိုရည်၍ သဲတင်းနှစ်ဆယ်၊ ပြည်နှစ်ဆယ် စသည်ဖြင့် တည်ထားရာသည်။ အာပေါဓာတ်တစ်ဆယ့်နှစ်ပါးကို ရည်၍ ညောင်ခွရေအိုးပန်းနှင့် တစ်ဆယ့်နှစ်လုံး တင်လှူပူဇော်ရမည်။ တေဇောဓာတ်လေးပါးကိုရည်၍ ဆီမီးခွက်လေးခွက်ပူဇော်ရမည်။ ဝါယောဓာတ်ခြောက်ပါးကိုရည်၍ ယပ်ခြောက်လက် ပူဇော်ပြီးလျှင် အောက်ပါ ဂါထာတော်ဖြင့် ရှိခိုးပူဇော်ရသည်။

**ဂါထာတော်**

▫ သာယံ ပါတံ နမဿာမိ၊
ဒေဝဗြဟ္မာ ကတဉ္စလီ။
သမ္ဗုဒ္ဓါ ဝါလသမ္ဗုဒ္ဓါ၊
ပိဏ္ဍိပုဋ္ဌိန စေတိယံ။ ။

သဲပုံစေတီကို ဤဂါထာတော်ဖြင့် ခုနစ်တိုင်တိုင်ရွတ်ဆို၍ ဝတ်တက်ဝတ်ကပ်ပြုလုပ်စေရာ မြို့တော်တစ်ဝှမ်းလုံး အေးချမ်းသာယာ ဘေးကင်းကွာ၍ ဝပြောစည်ပင်ခဲ့ကြောင်း အကျယ်မှတ်သားခဲ့ကြပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် လောက၊ ဓမ္မနှစ်ဌာနအကျိုးမျှော်ကိုးတိုးပွားစေရန် ရည်သန်စီမံဆောင်ရွက်ပူဇော်သင့်ပါသည်။ တစ်ရပ်တစ်ရွာလုံး စုရုံး၍ဖြစ်စေ၊ တစ်ရပ်တစ်စုပေါင်းစု၍ဖြစ်စေ၊ မိမိတို့တစ်အိမ်တည်းသီးခြားဖြစ်စေ ပူဇော်ဆောင်ရွက်သင့်လှပါသည်။

**▫ဗားမဲ့ဆရာတော်ကြီးမှ မဟာမဇ္ဈိမရာဇာမင်းကြီးအား စီရင်ချီးမြှင့်တော်မူခဲ့သော ဘုရားငါးဆူယတြာဂဏ်ဘာအင်းတော်**

တစ်ရံရောအခါတွင် ရတနာပူရအဝနေပြည်တော်ကြီးသို့ တရုတ်စစ်သည်များ အင်အားကြီးမားလှစွာဖြင့် အလုံးအရင်းနှင့် တိုက်ခိုက်ရန်ချီမည်ရှိရာ ဗားမဲ့ဆရာတော်ကြီးအား လျှောက်ထားတိုင်ပင်ရာ ဗားမဲ့ဆရာတော်ကြီးသည် အဝရွှေမြို့တော်၏ အလုံးစုံသော မြို့ထိပ်၊ ပြအိုး၊ ပစ္စင်၊ ရင်းတားများ၌ ဤအင်းတော်ကြီးကိုစီမံချ၍ပြီးလျှင်ပြီးချင်းမှာပင် တိုက်ခိုက်ရန်လာကြသည့် တရုတ်စစ်သည်များထံမှ တမန်စေလွှတ်၍ အသာတကြည်ပြောဆိုပြန်သွားကြလေသည်။

ဤအင်းတော်သည် သူပြုလှုပြုအကြိုင်အဆိုင်၊ အနိုင်အရှုံး စသောကိစ္စများတွင် အထူးအစွမ်းထက်မြက်လှ၍ ဉာဏ်ရှိတိုင်းအသုံးပြုနိုင်ကြောင်း ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာဂန္ထ



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းရင်းကြီးတွင် ဖော်ညွှန်းပြဆိုထားပါသည်။

အင်းဆန်ဂါထာတော်ကား -

□ သဗ္ဗီတိယောဝိဝဇ္ဇန္တု၊
သောကောရောဂေါဝိနဿတု၊
မာတေ ဘဝန္တွန္တရာယာ၊
သုခီဒီဃာယုကောဘဝ၊
အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုမ္ဘာ ပစာယိနော၊
စတ္တာရောဓမ္မာဝမ္တန္တိ၊
အာယုဝဏ္ဏောသုခံဗလံ။

□ အသုံးပြုနည်း

ဤအင်းတော်ကို မကျန်းမမာလျှင်ဖြစ်စေ၊ ဂြိုဟ်စီးဒသာညှံ့သည့်အခါဖြစ်စေ၊ စီးပွားဥစ္စာဆုတ်ယုတ်သောအခါတွင်ဖြစ်စေ၊ ကြီးကျယ်သောလုပ်ငန်းဆောင်တာတို့ကို စတင်တည်ထောင်သည့်အခါတွင်ဖြစ်စေ စီရင်ဆောင်ရွက်ရပါသည်။

ဆီမီးခွက်ကြီးကြီးတွင် ဤအင်းတော်ကိုချ၍ မဆစ်ဆီနှင့် မီးစာပြုထွန်းညှိ၍ သုံးလောကထွတ်ထားမြတ်စွာဘုရားသခင်အား ရည်မှန်းအာရုံပြု၍ လိုရာဆုတောင်းပါ။

ဆီမီးခွက်ကြီး မရနိုင်လျှင် အင်းတော်ကို သန့်စင်သောစက္ကူပေါ်တွင်ချ၍ မီးခွက်ကိုအပေါ်မှထွန်းပါ။ ထို့နောက်စက္ကူတွင် အင်းတော်ကိုချ၍ ယပ်လုပ်ပြီးလျှင် ဘုရားကိုလှူဒါန်း၍ လိုရာဆုတောင်းပါ။

ကောင်းကျိုးလိုလားကြသောသူအပေါင်းတို့သည် အကြောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အထူးယုံကြည်လေးမြတ်စွာ စီရင်ဆောင်ရွက်အပ်ပါသည်။ ကပ်ရောဂါများဖြစ်ပွားသောအခါ ဤအင်းတော်ကို စက္ကူတွင်ချ၊ ပြာပြု၍ ရေနှင့်သောက်၊ ထိုရေဖြင့် ဝင်း၊ စည်း၊ ခြံ၊ အိမ်ထရံ စသည်များကို ပက်ဖျန်းပါ။ အင်းတော်ကို စက္ကူတွင်ချ၍ အိမ်ထောင့်မှာထားပါ။ ဘေးအန္တရာယ်ကင်းစေ၏။ အသည်းအသန် မကျန်းမမာဖြစ်လျှင် အင်းတော်ကို မီးခွက်တွင်ချ၊ အလယ်တွင် နာမကျန်းသူ၏ နံသွတ်၊ ချည်မျှင်တို သက်စေ့ထက်တစ်ပင်ပို၍ မီးစာပြုလုပ်၍ လူမမာ၏ခေါင်းရင်းကထွန်းပြီး အင်းဆန်ဂါထာတော်ကို ခေါင်းရင်းမှနေ၍ ရွတ်ဆိုပူဇော်ပါ။ လျင်မြန်စွာဖြင့် ပျောက်ကင်း ချမ်းသာစေနိုင်သည်။ ယုံကြည် အားထား အသုံးပြုပါ။ လက်တွေ့ဒိဋ္ဌဖြစ်၍ နေ့စဉ် ပူဇော်ပါက အသက်ရှည်၏ဟု ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီး ပထမတွဲ၌ညွှန်းဆိုထားပါသည်။

တစ်နည်း။ ။ အောက်ပါဂါထာတော်ကြီးကို အထက်ဖော်ပြပါ ဘုရားလေးဆူယကြာဝက်ပါအင်းတော်ကြီးတွင် ထည့်သွင်းစီရင်ရမည်။

□ အင်းဆန်ဂါထာတော်မြတ် □

၁။ ဘဝံကန္တောဘဝေရောဂေါ၊
ဘဝံပါတုဘဝိပ္ပရော၊
ဘဝံဝန္တော ဘဝေ နာဂေါ၊
ဘဝံဒါတုဘဝိဿရော၊

၂။ ဖုဿ လောက မမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

တစ်နည်း။ ။ အောက်ပါဂါထာတော်ကြီးများကိုလည်း ဘုရားလေးဆူယကြာပြု အင်းတော်ကြီးတွင်သွင်း၍ စီရင်နိုင်ပါသည်။

□ အင်းဆန်ဂါထာတော်မြတ် □

၁။ ပထဝီဗလသုန္ဒရီ
သဗ္ဗည္ဗု ဇောဓိ မဏ္ဍလံ၊
အသခ္ချေယံ မာယုသောနံ၊
ဇေယျော ဇေယျတု မင်္ဂလံ။

၂။ ဒေဝပုတ္တ ကိလေသဉ္စ ခန္ဓမစ္စုဘိသင်္ခါရာ၊
ပဉ္စမာရံဇိနံ့ဗုဒ္ဓံ၊ တံ တေဇသာ ဘဝတုမေ။ ။

ဤအင်းတော်ကို စီရင်အသုံးပြုခြင်းဖြင့် အကြံအစည်ဟူသမျှ ကောင်းမွန် လျင်မြန်စွာ အောင်မြင်စေခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း၊ စည်းစိမ်ဥစ္စာရတနာရွှေငွေပေါများစေခြင်း၊ တေျးကျွန်သင်းပင်း အခြွေအရံပေါများခြင်း၊ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံခြင်း စသောအကျိုးများ သိသိသာသာ ထင်ထင်ရှားရှား ရရှိခံစားစေနိုင်ပါသည်။

အောက်ပါ အင်းဆန်ဂါထာတော်ကြီးကို အထက်ပါ ဘုရားလေးဆူအင်းတော်ပုံတွင် ထည့်သွင်းစီရင်နိုင်ပါသည်။

၁။ ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ၊
ဘဝံနာဘိ ဝဒိံကိဉ္စိ၊ နန္ဒိဉ္စ ဥပါဒိယိံ။

၂။ သံဂုံပမယျ၊ ဒုခေသ၊ သခဒုံ၊ က္လသွာသု၊ သုသွာက္လ၊
ဩကာသော၊ သေကာဩ၊ က္လချချက္လ၊ ယျမပဂုံသံ။ ။

အမျိုးမျိုးသော နာနာဘာဝ၊ စုန်း၊ ဖုတ်၊ တစ္ဆေ၊ သရဲ စသော မကောင်းဆိုးဝါးများ မချဉ်းကပ်ဝံ့။ အထူးကြောက်ရွံ့သောအင်းတော်ကြီး ဖြစ်ပါသည်။

ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး၍ဆောင်သော် အလုံးစုံသောအမှောင့်ပယောဂကင်း၏။ ပယောဂကပ်မှီဖမ်းစားခံရသူများကို ဤလက်ဖွဲ့ကိုရေစိမ်၍တိုက်သော် ပျောက်ကင်းချမ်းသာစေ၏။ လက်ဖွဲ့မရှိက စက္ကူတွင်အင်းချပြာပြု၍ တိုက်ပါ။

အဝနေပြည်တော်ကြီးတွင် နန်းတွင်းရေးအတွက် ရှုပ်ထွေးလုပ်ကြံသတ်ဖြတ်မှုများဖြစ်ပွားခဲ့ရာ မကောင်းဆိုးဝါးအစိမ်းသရဲများ ရွှေနန်းတော်ကြီးအတွင်း အထင်အရှား ခြောက်လှန့်ကြသဖြင့် ဗားမဲ့ဆရာတော်ကြီးအားလျှောက်ထားရာ ဤအင်းတော်ကိုစီရင်၍ဆောင်ထားစေခြင်း၊ သင်္ဘောစက္ကူတွင် အင်းချ၍ ပြာပြုပြီးလျှင် ရေတွင်ဖျော်၍ဖျန်းပက်ခြင်းပြုစေရာ တစ်ခဏချင်း ပျောက်ကင်းကွယ်ပခဲ့ကြောင်း မဟာသိဒ္ဓိကျမ်းရင်းကြီး၌ ပြဆိုထားပါသည်။

ဘုန်းကံကြီးမား မင်းဇကရာဇ်တစ်ပါးဖြစ်သော မဟာဓမ္မရာဇာ (အနောက်ဘက်လွန်မင်းကြီး) အား ဗားမဲ့ဆရာတော်ကြီးချီးမြှင့်သော အစီအရင်အဆောင်များစွာအနက် ထင်ရှားအကျိုးများစေနိုင်သော အဆောင်အစီအရင်ဂါထာတော်တို့ကို ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ စာရှုသူများလည်း သင့်လျော်ရာ အစီအရင်ဂါထာတော်တို့ကို ယုံကြည်အားထားစီရင်ရွတ်ပွားခြင်းဖြင့် အောင်ခြင်းမင်္ဂလာအဖြာဖြာရရှိနိုင်ကြပါစေ။

*သဒ္ဒိသံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -

၁။ ဦးကုလား ရေးသားသော မဟာရာဇဝင်ကြီး (တတိယအုပ်)
၂။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ (ပထမပိုင်း) အမျိုးသားပညာဝန် ဦးဖိုးကျားရေးသည်။
၃။ ကျောင်းသုံး မြန်မာရာဇဝင် ဦးဘသန်း(ဘီအေ)စီရင်ရေးသားသည်။
၄။ မဟာသိဒ္ဓိကျမ်းရင်းကြီး (ပထမတွဲ)
၅။ လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com

## ယောနကဘိုးထောင်

# မြသလွန်ပေကျင်းဗုဒ္ဓမြတ်စွယ်တော်ပွား

*မြတ်လှအခါငါ၊ ဉာဏ်တော်ရောင်ဖြင့် သောင်းထောင်သချေ်၊ တုရှေသိန်းမြတ် ဟောတိုင်းကျွတ်သည်၊ စောဘုန်းဝှန်လျှင် ပုရှန့်ပွ၊ တိုင်းသို့ကြွ၍ ဌာနသည်ဝယ်၊ ရက်ကိုးဆယ်လျှင် စံပယ်ပျံ့ပျူး၊ ပျော်ခဲ့ဖူးသား ကျေးဇူးမြားမြောင်၊ နှစ်ငါးထောင်လျှင် မြဲနှောင်မြင့်ရှည်၊ တည်စိမ့်သည်ဟု သုံးမည်လူ့ထိပ်၊ မြွက်ခဲ့ရိပ်က ပတ်ချိတ်နိုးဝေး၊ ထွန်းလျှံပြေးသည် မကွေးမြသလွန်တကား။*

**'စာဆိုစစ်သည်နဝဒေး'**
**(မကွေးမြသလွန်ဘုရားတိုင်ရတု)**



**မကွေးမြသလွန်စေတီတော်**

ကျွန်တော်၏ ဇာတိချက်ကြွေ မွေးရပ်မြေ ယောနယ်မှ မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိသည်။ ၁၉၆၅ ခုက မကွေးမြို့သို့ ဖခင်အလုပ်ကိစ္စနှင့် သွားရာတွင် ကျွန်တော် လိုက်ပါသွားခဲ့ရသည်။ မကွေးမြို့အစွန်က မြသလွန်စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ စိတ်အေးချမ်းသာမှုသုခကို ရရှိခံစားရပါသည်။ ဒေါက်တာမောင်ဖြူး၏ မူလတန်းကျောင်းသုံးစာအုပ်ထဲမှ မရွှေဖဲကလေးကဗျာလေးကို သတိရမိသွားသည်။ မရွှေဖဲက မကွေးမြသလွန်တွင် နိဗ္ဗာန်ရွှေပြည်ဆုပန်သည်ဟု ဆိုထားသည်။ မကွေးမြသလွန်စေတီတော်မှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ မကွေး-မင်းဘူး ဧရာဝတီတံတားကြီးပေါ်ကကြည့်လိုက်လျှင် တိမ်တောင်တိမ်လိပ်ကြားဝယ် ရွှေတောင်ပေါက် - မြသလွန်စေတီတော်မြတ်ကို သပ္ပာယ်ကြည်ညိုစွာဖူးရသည်။ မြစ်မင်းဧရာဝတီအလှနှင့် စေတီတော်ပနံတင့်လျက်ရှိသည်။

ကျွန်တော် စာနိဒါန်းပျိုးခဲ့သော စာဆိုစစ်သည်နဝဒေး၏ မကွေးမြသလွန်ဘုရားတိုင်ရတုတွင် ဗုဒ္ဓမြတ်စွာ ဒေသစာရီကြွချီတော်မူ၍ ထိုနယ်မြေဒေသသို့ ရက်ပေါင်း ကိုးဆယ်အထိ သီတင်းသုံးကာ တရားဓမ္မဟောကြားပြသခဲ့သည်။ မြတ်ဗုဒ္ဓ၏ကျေးဇူးတော်ကြောင့် နှစ်ပေါင်းငါးထောင်တိုင်အောင် သာသနာရောင်ထွန်းလင်းမည့်အမှတ်တံဆိပ် ဖြစ်သည်။ လူရှာလူ့ပြည်တွင် တရားဓမ္မတို့ ထွန်းလင်းတောက်ပကာ မကွေးမြသလွန်သမိုင်းမော်ကွန်းခိုင်မာလှပုံကိုဖော်ကျူးခဲ့သည်။ စာဆိုစစ်သည်ပီပီ မကွေးမြသလွန်ဘုရားတန်ခိုးတော်အာနုဘော်အကြောင်း ဖော်ကျူးဖွင့်ဆိုပြထားခဲ့သည်။ စာဆိုစစ်သည်နဝဒေးသည် မြတ်ဆုပန်၍ စစ်နှင့်ငြိမ်းချမ်း ရေးဓမ္မကို ရင်ဝယ်ပိုက်ထွေးခဲ့သည်။

မကွေးမြသလွန်စေတီတော်ကြီးကို ခေတ်အဆက်ဆက် မင်းနှင့်ပြည်သူချစ်ကြည်ဖြူစွာ ကြည်ညိုသဒ္ဓါပွား၍ အရှည်တည်တံ့အောင် ကြိုးစားခဲ့သည်။ ပုဂံခေတ်တွင် စောလူမင်းနှင့်ညီတော်ကျန်စစ်သားတို့ မကွေးမြသလွန်စေတီတော်ကြီးတွင် မြတ်ဆုပန်ကာ သစ္စာအဓိဋ္ဌာန်ဝင်ခဲ့ကြောင်း သမိုင်းမော်ကွန်းရှိခဲ့ဖူးပါသည်။ မကွေး နတ်မောက်သား ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မကွေးမြသလွန်စေတီတော်ကြီးကို ဖူးမြော်ကြည်ညို မြတ်ဆုပန်ခဲ့သည်မှာ အမှန်မုချဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယခင်ဘဝက မကွေးမြသလွန်စေတီတော်ခြေရင်းတွင် ပီတောက်နက်ပင် စိုက်ပျိုးကာ မြတ်သောကုသိုလ်ဒါနယူခဲ့ရာ အရိပ်ဖြစ်သည်။ အဓိဋ္ဌာန်အောင်သစ္စာဆောင်ခဲ့ဖူးပေမည်။

၂၀၁၆ ခု၊ ဇန်နဝါရီလ နှစ်သစ်ဦး ၂၇ ရက်နေ့သည် ရက်မြတ်ထူးဖြစ်သည်။ မကွေးမြသလွန်စေတီတော်မြတ်သည် နံနက်ခင်းဝယ် မြူမှောင်ကင်းစင်၍ နေရောင်ခြည်ဝင်းဖြာလျက်ရှိနေသည်။ မြစ်မင်းဧရာဝတီသည် လှိုင်းလေငြိမ်သက်၍ မြစ်ရေသင်ဖြူးခင်းချိန် ဖြစ်သည်။ လေနုအေးတို့က ဧရာဝတီမြစ်ပြင်ဖြတ်သန်းကာ မြသလွန်စေတီတော်ကြီးကို ဦးညွှတ်လျက်ရှု၏။ မြသလွန်စေတီတော်ဆည်းလည်းသံတို့က လေအန့်ဝယ် တေးသံလွင်ဖွဲ့လျက်ရှိသည်။

မင်္ဂလာအခါသဘင်သမယအချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြင့်မြတ်သော အလှူဒါနကုသိုလ်ပြုလိုက်သည်။ ဇာတိရပ်ရွာ ထားဝယ် ရွှေတောင်စားစေတီတော်ကြီးတွင် ခေါင်းလောင်းတော်ကြီးကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။ ငြိမ်းချမ်းရေးခေါင်းလောင်းသံသည် လောကတစ်ခွင် လွှင့်ပျံ့သာယာအေးချမ်းလျက်ရှိသည်။

ယခုအခါတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်းမှ ဗုဒ္ဓမြတ်စွယ်



www.burmeseclassic.com

www.burmeseclassic.com

တော်ပွားအလှူတော်ဖြစ်သည်။ အများပြည်သူလူထု ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ လွှဲအပ်လှူဒါန်းခဲ့သည်။ မြတ်သောကုသိုလ်တော်ကြီး ဖြစ်သည်။ လွှဲအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ဦးဆောင်ခဲ့သည်။ မကွေးတိုင်းဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း-ရေ-လေ) ရုံးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခုပေးအပ်လှူဒါန်းသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား ၂၀၀၀ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်သို့ ကြွချီလာစဉ် ပေကျင်းမြို့ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းမှ ဆရာတော်က မိသားစုကြည်ညိုပူဇော်နိုင်ရန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မကွေးမြသလွန်စေတီတော်မြတ်ကြီးတွင် ထားရှိပူဇော်ရခြင်းမှာ သမိုင်းမှတ်တမ်းအရ မြန်မာနိုင်ငံသို့ မြတ်စွာဘုရား ဒေသစာရီကြွချီချိန်တွင် မကွေးမင်းဘူးဒေသသို့ အခြေချရောက်ရှိခဲ့ပါကြောင်း၊ မြသလွန်စေတီတော်မြတ်ကြီးမှာလည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများစွာ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်ရန် လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းရသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအားအမှီပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တိုးတက်လာမည်ဟုမျှော်လင့်ပါကြောင်း၊ လှူဒါန်းခွင့်ရသည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ ဂေါပကအဖွဲ့နှင့်ဒေသခံများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ဗုဒ္ဓမြတ်



ပေကျင်းဗုဒ္ဓမြတ်စွယ်တော်ပွား

စွယ်တော်ပွားကို မြသလွန်ဂေါပကအဖွဲ့ထံ လွှဲအပ်လှူဒါန်းခဲ့သည်။ ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် မကွေးမြို့သူမြို့သားများ ကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ အဖွဲ့ဝင်များနှင့်အတူ မြသလွန်စေတီတော်မြတ်ကြီးကို လက်ယာရစ် ဖူးမြော် ကြည်ညိုကြပါသည်။

ကျွန်တော် မြသလွန်ဘုရားရှိခိုးဖြင့် နိဂုံးချုပ်ပါရစေ။

▫ မြသလွန်ဘုရားရှိခိုး ▫

▫ အင်္ဂီရသဿ ဗုဒ္ဓဿ၊
နိဓေသိ မဏိ သဠာလိံ၊
ယမိ ထူပမှိဝန္ဒာမ၊
တမ္ဗ္ဗရိယ သမ္ပဇ္ဇတ္တံ။ ။

**အင်္ဂီရသဿ -** ပါရမီဘုန်းဟုန်ကြောင့် ဂုဏ်မှိုးစုံအပေါင်းစု ဘုံလောကသောင်းအထုဝယ် မတုနိုင်မပြိုင်နိုင်ထွဋ်ဘုန်းခိုင်တမျှ အင်္ဂီရသဆိုတဲ့ ဘွဲ့နာမံကို ခံယူတော်မူထသော၊ **ဗုဒ္ဓဿ -** သစ္စာရောင်မြူးတင်၍ ဗိုလ်ဦးမည်တောင်အဆင့်ဆီက တဝင့်ဝင့်တောက်ပြောင်ကြည်သည့် ခြောက်ရောင်ခြည် ချပ်အလွှာတို့ဖြင့် ထပ်အရာမက ကွန့်မြူး၍ အထူးမင် တင့်တယ်တော်မူလှပေသော ရှင်တော်မြတ်ဘုရား၏၊ **မဏိ သဠာလိံ -** ထက်ဝန်းကျင် ပြေးထွက်လျက် ထွေးယှက်သည့် မြကြိုးလိမ်တို့ဖြင့် တထိန်ထိန်ကွန့်မြူး ရောင်မျိုးစုံယှက်ကူး၍ ကြည်နူးဖို့ မွန်ထက်မွန် သြော်စောင်းတော် မြသလွန်ကို၊ **ယမိ ထူပမှိ**-နေရုခေါ် ရွှေတောင်ညွန့်ကို နေအရောင်လွှမ်းကွန့်သကဲ့သို့ ကမ်းအမွန့်ဖက်ပွေ့မှာ ကျက်သရေဖွံ့ဖြိုးတဲ့ အကြွင်စေတီမြတ်ပုထိုး၌၊ **နိဓေသိ -** ပူဇော်ကြသူ များဗိုလ်လူတို့ ကြည်ဖြူရွှင်လန်းမင်္ဂလာခန်းသို့ရောက်စေ ရစေ ဌာပနာတော်မူခဲ့လေပြီ။ **မယံ-** မင်္ဂလာခန်းကိုဖြင့် တက်လှမ်းကာဆွတ်ယူမည်ဟု ကြည်ဖြူဖြူ စိတ်အကြံနှင့် မိဋ္ဌာန်ကာ ဆောက်တည်၍ နေကြကုန်သော တပည့်တော်တို့သည်၊ **အစ္ဆရိယ သမ္ပဇ္ဇတ္တံ -** ကြည်ညိုသူအပေါင်းတို့ လက်ဖျောက်တီးလျက် အံ့ချီး၍လည်း မဆုံးနိုင် ရွှေဘုန်းတော်အဆိုင်ဆိုင်တို့ဖြင့် တဖြိုင်ဖြိုင် မြူးကွန့်လျက် ထူးတင့် စံပယ် တင့်တယ်တော်မူလှပေသော၊ **တံထူပံ -** နေအရောင်၊ လအရောင်တို့ထက် ဆအထောင်မက အောင်ထွန်းလင်း၍ တဝင်းဝင်းတောက်ဖြိုးသည့် ထို 'မြသလွန်စေတီတော်မြတ်ပုထိုး' ကို၊ **မယံ-** တပည့်တော်တို့သည်၊ **ဝန္ဒာမ -** သဒ္ဓါဟုန်မိုး ရွာအုံဖြိုးလျက် ရှိခိုးကော်ရော် ပူဇော်ကြပါကုန်၏ အရှင်ဘုရား။ ။

သာဓု၊ သာဓု၊ သာဓု။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

ယောနကဘိုးထောင်


**စာကိုး -**

၁။ မြဝတီသတင်းစာ
၂၀၁၆ ဇန်နဝါရီလ ၂၈ ကြာသပတေးနေ့
၂။ မကွေးမြသလွန်စေတီတော်သမိုင်း (၁၉၉၂)



www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရား နှစ်ဦးအလိုက ပါရမီတော်ဖြည့်ကျင့်ခဲ့ရသော
တိရစ္ဆာန်ဘဝဖြစ်တော်စဉ် (၁၃၆) ဘဝ

မိုးမြင့်မိုး(မြိတ်)

# အများကြာလျှင် အမှန်ထင် ကြောင်းကျိုးထောက်ရှု အမှန်ပြု

အများကြာလျှင် အမှန်ကဲ့သို့ ထင်မြင်လာကြပြီး ဆက်၍ဆက်၍သာ ပြောဆိုသုံးနှုန်း ရေးသားနေကြပေ၏။ ဥပမာအားဖြင့် ဘာသာရေးနှင့်ပတ်သက်၍ပြောဆိုနေကြသည့်စကားတစ်လုံးမှာ စိတ်တစ်ခု ရုပ်ကိုးဆယ် ဟူသော စကားဖြစ်သည်။ ဆိုလိုသည်မှာ စိတ်တစ်စိတ်သို့မဟုတ် စိတ်တစ်ခုမှ ရုပ်ရုပ်သွင်ကိုးဆယ် (၉၀) ကွဲပြားထွက်ပေါ်လာသည်ဟု ဆိုလိုရာရောက်ပြီး ဤကဲ့သို့သာ နားလည်ပြီး ပြောဆိုသုံးနှုန်းနေကြသည့်သဘော ဖြစ်သည်။ အမှန်တကယ်ဆိုလိုရင်းကား ဤသို့မဟုတ်ပါ။ စိတ်တစ်ခု/ယုတ် (၉၀)၊ (၉၀) ထဲမှ တစ်ခုနုတ်ရမည်ဟု ယုတ်သည်၊ နုတ်သည်ကိုသာ ဆိုလိုရင်းဖြစ်သဖြင့် အမှန်သည်ကား စိတ် (၈၉) စိတ်ဖြစ်သည်ဟု စာချဆရာတော်ကြီးတစ်ပါးမှ ရှင်းပြသဖြင့် အမှန်ကိုသိရှိရပေသည်။

(အကျယ်သိလိုက ဆရာတော်ကြီးများထံ မေးမြန်းလျှောက်ကြားနိုင်ပါသည်။)

နောက်တစ်မျိုးမှာ ရာဇဝင်ထဲမှ နဂါးနိုင်မင်းသား မောင်ပေါက်ကျိုင်းဖြစ်သည်။ မောင်ပေါက်ကျိုင်းအား ၎င်း၏ဆရာကြီးဖြစ်သူက သင်ကြား ပြောဆိုဆုံးမသည်မှာ ခရီးသွားနေစဉ်ကာလ၌ သွားပါများခရီးရောက်၊ မေးပါများစကားရ၊ အိပ်မနေ့ အသက်ရှည်ဟု ညွှန်ကြားဆုံးမသည်ကို 'မအိပ်မနေ အသက်ရှည်' ဟု သုံးနှုန်းပြောဆိုရေးသားကြပြန်သည်။ မအိပ်မနေ အသက်ရှည်ဟု သုံးနှုန်းလိုက်သည့်သဘောမှာ 'မအိပ်မနေ၊ အိပ်ကိုအိပ်ရမည်' ဟုဆိုလိုရာရောက်ပေသည်။ သဘောအားဖြင့် မသွားမနေရ သွားကိုသွားရမည်၊ မစားမနေရ စားကိုစားရမည်၊ မလုပ်မနေရ လုပ်ကိုလုပ်ရမည်ဟု အဓိပ္ပာယ်သက်ရောက်လျက်ရှိပေသည်။ အမှန်တကယ်တွင်မူ ဒိသာပါမောက္ခဆရာကြီးက တပည့်ဖြစ်သူ မောင်ပေါက်ကျိုင်းကို အိပ်မနေ့ အသက်ရှည်ဟု ဆိုဆုံးမခြင်းသာ ဖြစ်သောကြောင့် အိပ်မနေပါနှင့်၊ နိုးနိုးကြားကြား နေမှ အသက်ရှည်မည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ သို့မို့ကြောင့်ပင် ဆရာ့စကားကို မြေဝယ်မကျ နားထောင်သော မောင်ပေါက်ကျိုင်းသည် အိပ်မနေပါဘဲ မားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ သတိဝီရိယဖြင့်နေသောကြောင့် နဂါးကြီး၏ဘေးရန်မှ လွတ်မြောက်ရသည်ကို အမှန်သိရန်လိုအပ်ပေသည်။ အကယ်၍သာ နိုးနိုးကြားကြား သတိဝီရိယ မထားဘဲ မအိပ်မနေ အိပ်ကိုအိပ်နေမည်ဆိုပါက နဂါးကြီးဘေးရန်မှ မည်သို့မျှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

စာရေးသူ ထိုအကြောင်းအရာများကို နိဒါန်းပျိုးနေသည်မှာ အကြောင်းရှိပါသည်။ သည်အကြောင်းကိုလည်း မဂ္ဂဇင်းမှတစ်ဆင့် ထုတ်ဖော်ရေးသားရန် ဦးနှောက်ထဲတွင် အစဉ်မှတ်စွဲ၍နေပေရာ ယခုအခါ ထိုအကြောင်းကိုရေးသားရန် အကြောင်းဖန်လာပြီ ဖြစ်ပေသည်။

စာရေးသူနှင့် မိသားစုတို့သည် ဘာသာရေးကို အထူးအလေးထားကြသူများဖြစ်သည်နှင့်အညီ မြတ်ဗုဒ္ဓ၏ ပရိတ်တရားတော်များကို နေ့စဉ်ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ငါးပါးသီလကို အတတ်နိုင်ဆုံး စောင့်ထိန်းခြင်း၊ ဂုဏ်တော်များရွတ်ပွားခြင်း၊ တန်ခိုးကြီးသော ဗုဒ္ဓ၏ ဂါထာမန္တန်များကို ရွတ်ပွားခြင်းများကို နေ့စဉ် ဝတ္တရားမပျက် ဆောင်ရွက်သည့်အပြင် အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများကိုလည်း အစဉ်တစိုက် လုပ်ဆောင်လျက်ရှိစဉ် လွန်ခဲ့သော ဆယ်နှစ်ခန့်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (လမမှတ်မိ) တွင် ဆောင်းပါးရှင်တစ်ဦး၏ ဗုဒ္ဓဖြစ်တော်စဉ် အဘယသိဒ္ဓိဘုရားရှိခိုးနှင့် အဘယဇာတကအင်းတော်ပုံကို ဖတ်ရှုရပေရာ ဆောင်းပါးရှင်၏အလွန်တန်ခိုးထက်မြက်၍ လိုအင်ဆန္ဒများ တစ်လုံးတစ်ဝပြည့်စုံသည်ဟူသောအညွှန်းကိုလည်း အထူးနှစ်ခြိုက်မိသောကြောင့် ဖြစ်တော်စဉ်ဘုရားရှိခိုးကို အရကျက်ပြီး နေ့စဉ်မပျက်ရွတ်ပွားလာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ အင်းတော်ကိုလည်း စက္ကူထူပေါ်တွင် ရေးသား၍ အကျီအိတ်ထဲတွင် ဆောင်ထားလေ့ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အဘယဇာတကအင်း**

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

အင်းတော်၏ အလွန်ထူးခြား ဆန်းကြယ်သောသဘောကိုဖော်ပြရမည် ဆိုလျှင် အင်းကွက်ပါ ကိန်းဂဏန်းများ ကို အတိုင်လိုက်၊ အတန်းလိုက်၊ ထောင့်ဖြတ်လိုက်၊ နီးစပ်ရာလေးကွက်အလိုက် ပေါင်းကြည့်ပါ။ (၁၆) ကွက်ပါအင်းကွက်ကြီး၏ ထောင့်(၄)ထောင့်ရှိ ကိန်းဂဏန်း (၄) လုံး၊ (၉) အကွက်တွဲ စတုရန်းငယ်၏ထောင့်ကွက်ပါ ကိန်းဂဏန်း (၄) လုံး (အတိုင်လိုက် (၈) ကွက်ပါ၊ အတန်းလိုက် (၈) ကွက်ပါဂဏန်းတို့ကို ဆိုလိုသည်။) တို့ကို ပေါင်းချကြည့်ပါ။

နည်း (၁၅) မျိုးဖြင့် ပေါင်းနုတ်ပါက အဖြေမှာ (၃၄) ချည်းဖြစ်နေသည်ကို တွေ့ရှိရပါမည်။ (၃၄) ကို ဂဏန်းတစ်လုံးတည်းဖွဲ့ပါက (၇) ဂဏန်းဖြစ်သောကြောင့် (၇) ရက်သားသမီးကိုစိုးသော၊ ပိုင်သောသဘောကို ဆောင်ပြီး Lucky-7 ဟူသော အတိတ်ကောင်း၊ နိမိတ်ကောင်းကိုဆောင်သဖြင့် ထိုအင်းတော်ကို အမြဲဆောင်ထားသူတို့သည် ထာဝရ အောင်မြင်မှုကိုရရှိနေမည်ဟု ဆိုလိုပေသည်။

စာရေးသူသည် ထိုမြတ်စွာဘုရား၏ ဖြစ်တော်ပေါင်းဘုရားရှိခိုးနှင့် အင်းတော်ကို ရရှိသည်မှ ယနေ့အထိ နေ့စဉ်ရွတ်ပွားခဲ့ရာ အန္တရာယ်အမျိုးမျိုးနှင့်တွေ့ကြုံရသော်လည်း ဘေးမသီရန်မခဖြစ်ရခြင်း၊ မိမိကြံစည်လုပ်ကိုင်သော အလုပ်အကိုင်များ၊ ပြဿနာများ အများအားဖြင့် ပြေပြစ်အောင်မြင်မှုရရှိခြင်းတို့ကို လက်တွေ့ တွေ့ကြုံခံစားရပါသည်။

အထက်ပါ အဘယဇာတကအင်းတွင် အဘယသိဒ္ဓိဘုရားရှိခိုးကိုယှဉ်တွဲကြည့်ပါက အဘယဇာတကအင်းတော်ပထမဦးဆုံးအကွက်တွင် အစ ကြိုးကြာ၊ ဆယ့်ခြောက်ခါတည့် ဆိုသည့်အတိုင်း အင်းဆန်ဂဏန်း(၁၆)မှ စတင်ရေးသွင်းပြီး အစဉ်အတိုင်း ဝက်ကား ဆယ့်သုံး ဟူသည့် နောက်ဆုံးအကွက်တွင် အင်းဆန်ဂဏန်း (၁၃) ကို ဖြည့်သွင်းရေးသားထားသည်ကို သိနိုင်ပေသည်။

> **အဘယသိဒ္ဓိဘုရားရှိခိုး**
>
> ။ အစကြိုးကြာ၊ ဆယ့်ခြောက်ခါတည့်
> ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားဒို
> ကျေးညိုသုံးခါ၊ သံသာကျူးဟိတ်
> ကရဝိက်ငါး၊ လေးကား (ကိန္နရီ)
> စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်
> ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး
> ဧကေးသိန္ဓဝ၊ ကျွဲအဌနှင့်
> သံမြဲသာညောင်း၊ ဥဒေါင်းနှစ်ခါ
> သာလိကာသတ္တ၊ ဒွါဒသကြက်
> ဝက်ကားဆယ့်သုံး၊ ပေါင်းရုံးများစွာ
> တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်၌
> အန္တရာယ်တစ်၊ ဘေးမရှိသည့်
> မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းကို
> ညွှတ်ပျောင်းတုပ်ကွ၊ ပဏာမဖြင့်
> ကြည်စွသဒ္ဓါ ရှိသေစွာဖြင့်
> တပည့်တော် ရှိခိုးပါ၏ မြတ်စွာဘုရား။ ။

စာရေးသူသည် အဘယသိဒ္ဓိဘုရားရှိခိုးကို နေ့စဉ်ဝတ်မပျက်ရွတ်ပွားနေစဉ် တစ်နေ့သောအခါ မိမိ အခါအားလျော်စွာ အမြဲတီးခတ်လေ့ရှိသော အော်ဂင်နှင့် ဒေါ်မာမာအေး သီဆိုသည့် စန္ဒကိန္နရီသီချင်းကို စိတ်ပါလက်ပါ တီးခတ်နေစဉ် ဗြဟ္မဒတ်မင်းသည် လေးဖြင့် ပစ်ခွင်းသဖြင့် ချစ်လင်ဖြစ်သူမှာ မြားဒဏ်ရာဖြင့် သွေးအိုင်အတွင်း ဒဏ်ရာအပြင်းအထန် ခံစားနေရသည်ကို မကြည့်ရက်မမြင်ရက် ကြေကွဲဆို့နစ်စွာဖြင့် ကိန္နရီ(မ)က -

'ဒီအခါတွင်×××ဗြဟ္မဒတ်ဘုရင်မင်းမှာ ××× မျက်နှာချိုသွင်းကာ ××× ချစ်စကားပြောဖို့ အနားကိုကပ်လာ ××× (ပျိုကိန္နရီ) မောင်ဘုရားကိုသနား ×××'

ဟူသောအပိုဒ်ကို တီးရင်းဆိုရင်း ရုတ်တရက် သတိပြုလိုက်မိသည်မှာ -

ပျိုကိန္နရီ ပျိုကိန္နရီ ဟာ - အဲဒါဆို အဘယသိဒ္ဓိဘုရားရှိခိုးမှာ 'လေးကား ကိန္နရီ' ဆိုတော့ ဟာ-လေးအသချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကြီးကိုဖြည့်ကျင့်ခဲ့ရသော မြတ်စွာဘုရားသခင်သည် ကိန္နရာ (အဖို) မဟုတ်ဘဲ ကိန္နရီ (အမ) ဖြစ်ပါပေါ့လား။ ဟာ- ဖုန်းကညာဖြစ်ပါးလုံးရာကပြားပါပေါ့လား။ ဒုက္ခတော့များကုန်ပါပြီဟု အမှန်ကိုသိမြင်လိုက်ရင်းမှ စာရေးသူသည် နောက်ပိုင်း အဘယသိဒ္ဓိဘုရားရှိခိုးတိုင်း လေးကား (ကိန္နရီ) အစား လေးကား (ကိန္နရာ) ဟု မြင်ဆင်ရွတ်ပွားခဲ့သည်မှာ ယနေ့အထိပင် ဖြစ်သည်။

အမှန်ဆိုပါက အဘယသိဒ္ဓိဘုရားရှိခိုးဂါထာကို မူလပထမ စီရင်သီကုံး ရေးသားအပ်သော ဆရာတော်ကြီးများမှသော် လည်းကောင်း၊ လူပုဂ္ဂိုလ်ပညာရှိကသော် လည်းကောင်း 'လေးကား ကိန္နရာ' ဟု အမှန်ရေးခဲ့မည် ဖြစ်သော်လည်း ၎င်းဂါထာတော်ကြီးကို အဆင့်ဆင့်မှတ်သားလာကြကုန်သော ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များမှ တစ်ဆင့် ရေးသား ရွတ်ပွားကြရာတွင် အမှတ်တမဲ့နှင့် မှားယွင်းခဲ့ခြင်းသော်လည်းကောင်း၊ စာမူကို ပြန်လည် ကူးယူဖော်ပြကြသော စာစီစာရိုက်သူများမှ အမှတ်တမဲ့ဖြင့် 'ကိန္နရာ' အစား 'ကိန္နရီ' ဟု မှားယွင်း ကူးယူ ဖော်ပြကြရာမှ အစဉ်တစိုက် မှားယွင်းလာကြသည်ဟု ယူဆရပေသည်။

စာရေးသူတွင်ရှိသော စွယ်စုံကျော်ထင်ဝိသောဓနီကျမ်း စာအုပ်ပါ အပိုဒ် (၁၃)၊ (၃၅) မှ -

အဘကိုသတ်၊ မှတ်တဲ့လတ်၊ မိသတ်ကံထိုက် အဘယ်ကြောင့်နည်း ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား -

မျက်စိမမြင်ခြင်း၊ မစွမ်းသန်ခြင်းရှိသော အမိကိုလုပ်ကျွေးလျက်နေသော အဘအား သတ်မိသောကြောင့် အမိပါ



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးအမြဲပူဇော်သော

# နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီး

▫ တဏှင်္ကရော မေဓင်္ကရော သရဏင်္ကရော ဒီပင်္ကရော ကောဏ္ဍညော မင်္ဂလော သုမနော ရေဝတော သောဘိတော အနောမဒဿီ၊
ပဒုမော နာရဒေါ ပဒုမုတ္တရော သုမေဓော သုဇာတော
ပိယဒဿီ အတ္ထဒဿီ ဓမ္မဒဿီ သိဒ္ဓတ္ထော တိဿော
ဖုဿော ဝိပဿီ သိခီ ဝေဿဘူ ကကုသန္ဓော ကောဏာဂမနော ကဿပေါ အမှာကံ ဂေါတမော
ဣမေသံ ဟံ ဘိဝန္ဒာမိ နိစ္စံ တိဋ္ဌ န္တု မေ သီသေ၊
အဋ္ဌဝီ သတိ သမ္ဗုဒ္ဓါ၊ ဣဒ္ဓိမန္တော ဇုတိန္ဓရာ၊
ဣဒ္ဓိယာ ဇုတိယာ တေသံ၊ အန္တရာယာ သမေန္တုမေ။
(သဗ္ဗေ ဒူရေ ပလာယန္တု ပီသာစာ ယက္ခ ရက္ခသာ။) 'မိန်းမ မကျက်ရ'

**ဣမေ** - ဤနှစ်ကျိပ်ရှစ်ဆူကုန်သော သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားတို့ကို၊ **သောအဟံ** - ထိုအကျွန်ုပ်သည်၊ **အဘိဝန္ဒာမိ** - အလွန်ရိုသေစွာရှိခိုးပါ၏။ **မေ** - အကျွန်ုပ်၏၊ **သီသေ** - ဦးခေါင်း၌၊ **နိစ္စံ** - အမြဲ၊ **တိဋ္ဌန္တု** - ကိန်းဝပ်တည်နေတော်မူကြပါစေကုန်သတည်း။

**အဋ္ဌဝီသတိသမ္ဗုဒ္ဓါ**-နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်၊ **ဣဒ္ဓိမန္တော** - စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာကြောင့်လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **အန္တရာယာ** - ခပ်သိမ်းသော ဘေးဒဏ်ရန်မာန် အန္တရာယ်အပေါင်းတို့သည်၊ **သမေန္တု** - မငြိမတွယ် ပျောက်ပြယ်ကင်းငြိမ်းကြပါစေကုန်သတည်း။

**သဗ္ဗေ** - အလုံးစုံကုန်သော၊ **ပိသာစာ** - မြေထဲခိုအောင်း မြေမှချောင်းသည့် မကောင်းညစ်ညူး မြေဘီလူးတို့သည် လည်းကောင်း၊ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ယက္ခာ** - မြို့တွင်းမြို့ပြင် ကုန်းကျင်းသစ်ပင်၊ ဥမင်လိုဏ်ခေါင်း၊ ဂူကျောင်းဇရပ်၊ လူမစပ်သည့်၊ အရပ်အထွေထွေ၊ ကုန်းမှာနေအောင်း၊ ကုန်းမှချောင်းသည့်၊ မကောင်းညစ်ညူး၊ ကုန်းဘီလူးတို့သည် လည်းကောင်း၊ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ရက္ခသာ** - ပင်လယ်မြစ်တွင်း အိုင်အင်းအထွေထွေ၊ ရေမှာနေအောင်း ရေမှချောင်းသည့် မကောင်း ညစ်ညူးရေဘီလူးတို့သည် လည်းကောင်း၊ **ဒူရေ** - ငါတို့အိမ်ရာ ငါတို့ရွာမှ ဆုတ်ခွာရှောင်ရှား အရပ်တစ်ပါးသို့၊ **ပလာယန္တု** - အလျင်မနှေး ပြေးကြစေကုန်သတည်း။ ။

ဆရာဦးစိန်မြိုင် (ကျိုက်လတ်)

သေသည်ဖြစ်၍ အမိသတ်ကံလည်း ထိုက်လေသည်။ စွမ်းသန်သောအမိပင် ဖြစ်သော်လည်း ကြိုးကြာမ၊ ကိန္နရီမတို့သည် အဖိုကိုသတ်လျှင် အမလည်းသေ၍လိုက်သကဲ့သို့ အဘကိုသတ်လျှင် အမိလည်းသေလိမ့်သတည်းဟုသိလျက် သတ်သောသောကြောင့် ကံနှစ်ဦးထိုက်၏ဟူပေ၏ 'ဝိဇဇုဒ္ဓိ' ဟု လာရှိသဖြင့် ကိန္နရီသည် အမဖြစ်ကြောင်းမှာ ထင်ရှားပေသည်။

တစ်ဖန် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလထုတ် သုရဿမဂ္ဂဇင်း စာမျက်နှာ(၂၀၄) တတိယကော်လံ၊ စာကြောင်းရေ (၈) တွင် ဖော်ပြပါရှိသည့် တြိရတနာ-ဆရာဇေယျာလင်း၏ ဆောင်းပါးတွင်လည်း '၄ ပါး ကိန္နရီ' ဟု ပါရှိလာပြန်ရာ စာရေးသူ၏စိတ်ထဲတွင် ထိုအကြောင်းအရာများကို စာဖတ်သူများ ရှင်းလင်းစွာ သိနိုင်စေရန် ဆောင်းပါးတစ်စောင်ရေးမည် ဟု စိတ်ထဲတွင် စွဲမြဲစွာရှိနေစဉ် တစ်နေ့ စာရေးသူနှင့် ဇနီးဖြစ်သူတို့သည် မြိတ်မြို့ ဈေးကြီးအတွင်း ပစ္စည်းဝယ်ရန် ရောက်ရှိစဉ် ဘုရားပုံတော်များရောင်းချသော ဆိုင်တစ်ဆိုင်၌ မြတ်စွာဘုရား နှစ်ဥ်ဘဝများစွာထဲမှ ဘေးရန်မရှိ အေးချမ်းစွာနေခဲ့ရသောဘဝဖြစ်စဉ်များ (တိရစ္ဆာန်ဘဝဖြစ်စဉ်များ) ကို ပုံနှင့်တကွ ဖော်ပြထားသည့် မြတ်စွာဘုရားရုပ်ပုံကားချပ်ကိုတွေ့ရှိကြရာ 'လေးပါး ကိန္နရီ' အစား 'လေးကား ကိန္နရာ' ဟု ဖော်ပြထားသည်ကို တွေ့ရသောအခါ စာရေးသူမှာ များစွာလှိုက်လှဲဝမ်းသာပီတိဖြစ်ပြီး ပုံတော်တစ်ပုံကို ဝယ်ယူပူဇော်ခဲ့ပေသည်။ အဆိုပါ ပုံတော်ကို ထုတ်ဝေသည့် ဆရာတော်ကြီးမှာ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် စပ်ပလောက် သာသနာပြုဌာနမှ ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ဣက္ကာသာရဆရာတော်ကြီးဖြစ်သည်ကို သိရှိရပေသည်။

ဆရာတော်ကြီးမှလည်း ဘုရားဖြစ်တော်မပေါင်းပုံတော်ကိုထုတ်ဝေရခြင်း၏ရည်ရွယ်ချက်မှာ ဤကဲ့သို့ စာစောင်၊ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိလာသော အဘယသိဒ္ဓိဂါထာတော်ကြီးမှ တိရစ္ဆာန် (၄) ဘဝဖြစ်ခဲ့ရသော ကိန္နရာလေးဘဝကို ကိန္နရီလေးဘဝဖြင့် မှားယွင်းစွာ ဖော်ပြနေမှုများအပေါ် အမှန်ကို သိမြင်နိုင်ကြစေရန်ဖြစ်သည်ဟု အတိအကျ ယူဆနိုင်ပေသည်။

ထို့ကြောင့် စာရေးသူ၏ရင်ထဲတွင် အစဉ်စွဲမြဲနေသော သုံးလောကထွတ်ထား မြတ်စွာဘုရား၏ ဖြစ်တော်စဉ် တိရစ္ဆာန်ဘဝ (၁၃၆) ဘဝမှ ကိန္နရီ (အမ)ဘဝ (၄) ဘဝမဟုတ်ဘဲ ကိန္နရာ (အဖို) ဘဝ (၄) ဘဝကို ဗုဒ္ဓဘာသာဝင်တိုင်း အမှန်ကို သိရှိနိုင်ကြစေရန်နှင့် ထိုဖြစ်တော်စဉ်ဂါထာတော်ကြီးနှင့်တွေ့ထိသိရှိကြမည်ဖြစ်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ ဆရာတော် သံဃာတော်မြတ်ကြီးတို့မှ အခါအခွင့်သင့်တိုင်း အမှန်သိစေရန်အတွက် လမ်းညွှန်သမှုပြုကြပါစေကြောင်း စေတနာကောင်းဖြင့် ဆန္ဒပြုကာ သုရဿမဂ္ဂဇင်းကြီးမှ တစ်ဆင့် ရေးသားလိုက်ရပေသည်။

*သတ္တဝါဝေနေယျအပေါင်း*
*သုခချမ်းသာပြည့်ဝကြပါစေ*

မိုးမြင့်မိုး (မြိတ်)

ကျမ်းကိုး -

အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘန၏ စွယ်စုံကျော်ထင် ဝိသောဓနီကျမ်း

ဆရာတော်ကြီး ဘဒ္ဒန္တဣက္ကာသာရ၏ မြတ်စွာဘုရားဖြစ်တော်စဉ်ဘုရားပုံတော်



www.burmeseclassic.com

www.burmeseclassic.com

**သာမညဖလအခါတော်နေ့**

သာမညဖလအခါတော်နေ့ကျင်းပသော တန်ဆောင်မုန်းလသည် မုတ်သုံရာသီကုန်ဆုံး၍ ဆောင်းဦးရာသီသို့ ဝင်ရောက်စပြုသောလ ဖြစ်ပါသည်။ မိုးလဝသကင်းစင်၍ နက္ခတ်တာရာများ အစုံအလင်ထွန်းလင်းတောက်ပသောလ ဖြစ်သည်။ လယ်တောမှ ညိုမှောင်ရီပြာ ဆနေသောစပါးပင်များ သန္ဓေရင့်လာချိန် စပါးဖုံးချိန်ဖြစ်သဖြင့် 'ဖုံတုန်းလုံးတုန်း တန်ဆောင်မုန်း' ဟု ဆိုရိုးစကား ဖြစ်ပေါ်လာပါသည်။

တန်ဆောင်မုန်းလကို မြန်မာမှုဆေဒင်ခေါ်အရ ဗြိစ္ဆာရာသီခေါ်၍ လပြည့်နက္ခတ်မှာ ကြတ္တိကာနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ကျီးတာရာ ဖြစ်၍ ရာသီရုပ်မှာ ကင်းမလက်မည်း ဖြစ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်၍ ရာသီပွဲတော်ကား ကထိန်ပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲ ဖြစ်ပါသည်။ တန်ဆောင်မုန်းလတွင် ရှေးမြန်မာနာရီအားဖြင့် 'မာသဗြိစ္ဆာ၊ နေ့မှာနာရီ စွန်းညီအပြာ။ ရှစ်ခုသား၍၊ ယင်းအားနှစ်ဖယ် ညဥ့်ဝယ်ဗိသ၊ ကြံနှုန်း' ဟူသော ရှေးဟောင်းစာဆိုနှင့်အညီ နေ့နာရီ (၂၈) နာရီ၊ ညဥ့် (၃၂) နာရီရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားရှင်မှ အဇာတသတ်မင်းအား 'သာမညဖလသုတ်တော်'ကို ဟောကြားခဲ့ခြင်းကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို 'သာမညဖလအခါတော်နေ့' ဟု သတ်မှတ်ကြခြင်း ဖြစ်ပါသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်သည် ဖခင် ဗိမ္ဗိသာရမင်းကြီးကို ရက်စက်စွာ သတ်ဖြတ်မိခဲ့သည်။ ထိုအမှုကို ကျူးလွန်မိသည့်အတွက် နောင်တကြီးစွာရရှိပြီး မျော်ရှင်မှုကင်း၍ စိတ်ဒုက္ခဝေဒနာကို တဖြည်းဖြည်းခံစား နေရသည်။

ထိုအချိန်တွင် ဘုရားသခင်ကို ပြစ်မှားသော ဒေဝဒတ် မြေမျိုကြောင်း ကြားသိရသောအခါ အဇာတသတ်မင်းမှာ များစွာတုန်လှုပ်ချောက်ချားခြင်းဖြစ်၍ ဆောက်တည်ရာမရဖြစ်နေရသည်။ သောကမီးတို့သည် ဘူးလေရာဖရုံဆင့် ဆိုသကဲ့သို့ဖြစ်နေရသည်။ အဇာတသတ်မင်းသည် မှူးမတ်တွေ၏အကူအညီ နှင့် အိပ်မပျော် စိတ်ဒုက္ခရောက်နေရသည့် ရောဂါပျောက်ဖို့ရန် တတ္တိဆရာကြီး (၆) ယောက်ထံသို့သွားခဲ့သော်လည်း ရောဂါမပျောက်ကင်းခဲ့။ သူသိချင်တာ တွေမေးတော့လည်း စိတ်တိုင်းကျအောင် အဖြေမရခဲ့ပါပေ။

အဇာတသတ်မင်းကြီး၏ သမားတော် ဇီဝကက သူ၏သရက်ဥယျာဉ်ထဲမှာမြတ်စွာဘုရားသီတင်းသုံးနေပါသည်။ မြတ်စွာဘုရားထံကိုရောက်လျှင် မင်းကြီးသိချင်တာတွေကိုလည်း အလွယ်တကူ နှင့်သိနိုင်ပြီး အရှင်မင်းကြီး၏ရောဂါဝေဒနာတွေလည်း ပျောက်ကင်းနိုင်ပါလိမ့်မည်ဟုအကြံပေးလျှောက်ထားသည့် အခါ အဇာတသတ်မင်းသည် ချက်ချင်းပင် မြတ်စွာဘုရားရှင် သီတင်းသုံးနေသည့် ဇီဝက၏သရက်ဥယျာဉ်သို့ ကြွချီတော်မူခဲ့ပါသည်။

အဇာတသတ်မင်း မြတ်စွာဘုရားထံသို့ သွားရောက်သည့် အချိန်သည် တန်ဆောင်မုန်းလပြည့်ညမှာဖြစ်ပါသည်။ ဆရာဇီဝကက အဇာတသတ်မင်း၏ လုံခြုံရေးအတွက် ဘုရင်နှင့် အနီးကပ်ခြံရံပြီးလိုက်သည့် ကိုယ်ရံတော် အမျိုးသမီးတွေကို အမျိုးသားအသွင် ဝတ်ဆင်စေပြီး ဆင်မယဉ်သား (၅၀၀) လိုက်ပါ စောင့်ရှောက်စေခဲ့ပါသည်။

ရာဇဂြိုဟ်ပြည်၏ မလှမ်းမကမ်းက မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဆရာဇီဝက၏ သရက်ဥယျာဉ်ကို သွားလည့်ခရီးဟာ ညဥ့်ခရီး ဖြစ်တဲ့အတွက် နန်းမြို့ရိုးရဲ့အရှေ့ဘက်မှ ဆီမီးတိုင်တွေ ကိုယ်စီကိုင်ပြီး ထွက်လာကြရပါသည်။ သို့ပါ၍ တန်ဆောင်တိုင် ဆီမီးထွန်းပွဲတော်သည် ဘုရားကျောင်းတော်ကို အဇာတသတ်သွားစဉ်က စခဲ့သည်ဟု ဆိုပါသည်။ နန်းတော်ကထွက်လာပြီး အချိန်အနည်းငယ်အကြာမှာ ဇီဝက၏သရက်ဥယျာဉ်ကိုရောက်သော်လည်း မြတ်စွာဘုရားရှင်နှင့်ရဟန်းတော်များရှိသည့် အရိပ်နိမိတ်ကိုမတွေ့ရဘဲ တိတ်ဆိတ်နေပါသည်။ ဒီတော့ အဇာတသတ်မင်းက ဇီဝကဟာ ငါ့ကိုလုပ်ကြံချင်လို့ ကူသူမရှိတဲ့နေရာကို ခေါ်လာသလားရယ်လို့ စိုးရိမ်စိတ်တွေဖြစ်ပေါ်ခဲ့ပါသည်။

မြတ်စွာဘုရားရှင်ထံရောက်သည့် အခါကျမှ ရဟန်းတော်တွေ၏ငြိမ်သက်တည်ကြည်သည့် ဣန္ဒြေသိက္ခာတွေကို တွေ့မြင်ရတဲ့အခါကျမှ စိတ်ချောက်ချား



# မြန်မာ့(၁၂)လရာသီပွဲတော်နှင့် ဗုဒ္ဓအခါတော်နေ့များ

## ဦးကြည်ဝင်း(ရွှေစင်)ရေးကိ



www.burmeseclassic.com

www.burmeseclassic.com

မှုတွေပျောက်သွားခဲ့ပါသည်။ မြတ်စွာဘုရားထံမှာ ရဟန်းများ၏ချမ်းသာမှုနှင့်ပတ်သက်ပြီး မေးလျှောက်တော့ မြတ်စွာဘုရားက ရဟန်းပြုရခြင်းရဲ့ အကျိုးဖြစ်တဲ့ သာမညဖလသုတ်တော်ကို ဟောတော်မူပါသည်။

အဇာတသတ်ဘုရင်သည် ယင်းသာမညဖလသုတ်တော်ကို ကြားနာရသည့်အတွက် ရောဂါများလည်းပျောက်ကင်းသွားပြီး ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်အားထားခဲ့တဲ့အတွက် ပုထုဇဉ်ထဲမှာ ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။ ဤကြည်ညိုသောစိတ်များကြောင့် အဖသတ် ပိတုဃာတကံအတွက် အဝီစိငရဲကျရမည့်ဘေးမှလျော့သွားကာ လောဟကုမ္ဘီငရဲသို့ကျရောက်ပြီး နောင်ကာလ၌ ပစ္စေကဗုဒ္ဓါအဖြစ် ကျွတ်တမ်းဝင်ရမည်အထိ သာမညဖလသုတ်ကို နာကြားရတဲ့ အကျိုးတွေကို ရရှိခဲ့ပါသည်။

ဒါကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်များမှ ကျင်းပပြုလုပ်ကြခြင်းဖြစ်ပါသည်။

□ **ဓမ္မစာဆိုတော်နေ့**

ဤဓမ္မစာဆိုတော်နေ့ကျင်းပသောနတ်တော်လသည် ဆောင်းလအခါဖြစ်၍ မြောက်လေအေးလေးတိုက်ခတ်ကာ ဆီးနှင်းများကျချိန် ဖြစ်သည်။ ကောက်ရိတ်သိမ်းချိန်ဖြစ်သဖြင့် လယ်ကွင်းပြင်များတွင် ကောက်လှိုင်းပုံများကို လှပစွာတွေ့မြင်ရချိန် ဖြစ်သည်။

နတ်တော်လကို မြန်မာမှုဗေဒင်ခေါ်အရ ဓနုရာသီခေါ်၏။ ထိုလတွင် စန်းပြည့်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ဟဿတာရာ ဖြစ်၏။ ရာသီပန်းကား တော်ဝင်သည့် သဇင်ပန်းဖြစ်သည်။ ရာသီရုပ်မှာ လူတစ်ပိုင်းမြင်းတစ်ပိုင်းလေးကိုင်ရုပ်ဖြစ်၏။ ရာသီပွဲတော်ကား စာဆိုတော်ပွဲဖြစ်သည်။ ထိုလတွင် ရှေးမြန်မာနာရီအားဖြင့် 'ဓနုခေါ်တွင် ရာသီခွင်၌ နေ့လျှင်နာရီ ဆဒွေးစီဟလည့်ရှေးသုံးဆယ့်လေးတည်း' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၂၆) နာရီ၊ ညနာရီ (၃၄) နာရီရှိ၍ နေ့တာတို၏။ ညတာရှည်ပါသည်။

နတ်တော်လတွင် ရှေးအခါက မဟာဂီရိနတ်ပွဲ၊ မဟာပိန္နဲနတ်ပွဲများကို ကျင်းပခဲ့ပါသည်။ မြန်မာတို့၏ အတွေးခေါ်ဉာဏ်ပညာတိုးတက်လာသည့်အခါ ထိုထေရဝါဒနှင့်မကိုက်ညီသောနတ်ပွဲများအစား စာဆိုတော်များကို ချီးကျူးသော စာဆိုတော်နေ့အဖြစ် နတ်တော်လဆန်း ၁ ရက်နေ့ကို သတ်မှတ်ခဲ့ကြပါသည်။

မြန်မာနှစ် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်နေ့တွင် မြန်မာစာပေပညာရှင်များသည် စာဆိုတော်နေ့သတ်မှတ်ရန် အစည်းအဝေးကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးမှ ရှေးမြန်မာဘုရင်များသည် နတ်တော်လ၌ စာပေဘက်၌ ထူးချွန်သော ရဟန်းပညာရှိ၊ လူပညာရှိများ၊ စစ်ဘက်၌ ထူးချွန်သောသူများကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့သော နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ် အတည်ပြုခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင်အများစုကလည်း ထိုစာဆိုတော်နေ့ကို ဓမ္မစာဆိုတော်နေ့အဖြစ် ကျင်းပ၍ မြတ်စွာဘုရားရှင်လက်ထက်က အကောင်းဆုံး ကဗျာရေးဖွဲ့မှုဘွဲ့ရခဲ့တဲ့ အရှင်ဝင်္ဂီသနှင့် ယနေ့ခေတ် ဘာသာသာသနာဆိုင်ရာ ဓမ္မစာပေများကို ရေးသားသည့် ရဟန်းပညာရှိ လူပညာရှိများကို ပူဇော် ချီးကျူးတဲ့အနေနှင့် နတ်တော်လကို ဓမ္မစာဆိုတော်လဟု ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။

အရှင်ဝင်္ဂီသသည် သာဝတ္ထိမြို့သားတစ်ဦး ဖြစ်ပါသည်။ ရဟန်းမပြုမီ လူအဖြစ်ရှိစဉ်က ဆဝသီမန္တန်အတတ်ခေါ်သည့် လူသေကောင်၏ခေါင်းခွံကို လက်သည်းနှင့်ခြစ်ကြည့်ရုံဖြင့် ခေါင်းခွံပိုင်ရှင်ဘယ်ဘုံဘဝရောက်နေသည်ဆိုတာကိုသိသည့်အတတ်နှင့် နာမည်ကြီးခဲ့သည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါသည်။

ဝင်္ဂီသသည် တစ်နေ့ မြတ်စွာဘုရားထံရောက်သွားပြီး ရဟန်းပြုခဲ့ရာ ရဟန္တာဖြစ်သွားခဲ့ပါသည်။ ရဟန္တာ ရှင်ဝင်္ဂီသသည် သီတင်းကျွတ်လပြည့်နေ့တစ်နေ့မှာ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့ ပဝါရဏာပြုနေစဉ် ဒိပဝါရဏာပြုကြသည့် ရဟန္တာများ၏ စင်ကြယ် သန့်ရှင်းကြည်ညိုဖွယ် ကောင်းခြင်းဂုဏ်တွေနှင့်ပြည့်စုံပုံကို ကဗျာလင်္ကာဖွဲ့ပြီး ပူဇော်ခဲ့ပါသည်။

သို့အတွက် မြတ်စွာဘုရားက အရှင်ဝင်္ဂီသအား သာသနာတော်မှာ အကောင်းဆုံးစာဆိုဘွဲ့ ချီးမြှင့်ခဲ့ပါသည်။ ဒီနတ်တော်လမှာ ရှင်ဝင်္ဂီသနှင့်တကွ ခေတ်ဓမ္မစာဆိုရဟန်းပညာရှိလူပညာရှိများကို ပူဇော်ကြရန်အတွက် ဓမ္မစာဆိုတော်လရယ်ဟု သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

□ **ရှင်တစ်ထောင်နေ့**

ရှင်တစ်ထောင်နေ့ ကျင်းပသော ပြာသိုလသည် မြန်မာနိုင်ငံ၏အအေးဆုံး ဆောင်းရာသီ ဖြစ်သည်။ မြောက်လေအေးတို့ တသွင်သွင်တိုက်ခတ်၍ ဆီးနှင်းများတဖွဲဖွဲကျရောက်ချိန်ဖြစ်၏။ တောင်သူလယ်သမားတို့ ကောက်ရိတ်ပြီးချိန်၊ စပါးတလင်းနယ်ချိန် ဖြစ်သည်။ တောလက်ကျေးရွာ၏ ဥပစာရှေ့ စပါးတလင်းများ၌ ရွှေရောင်တောက်ပနေသော စပါးပုံများကို ရှာကျက်သရေအဖြစ်တွေ့ရချိန်လည်း ဖြစ်ပါသည်။

ပြာသိုလကို မြန်မာမှုဗေဒင်အခေါ်အရ မကာရရာသီဟုခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဖုဿနက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ ပုဗ္ဗန်တာရာဖြစ်၍ ရာသီရုပ်မှာ ရှေ့ပိုင်းသမင်ခေါင်း နောက်ပိုင်း ငါးကိုယ်ဖြစ်သည်။ ရာသီပန်းမှာ ခွာညိုပန်းဖြစ်၍ ရာသီပွဲတော်ကား မြင်းခင်းပွဲတော်ဖြစ်သည်။ ပြာသိုလတွင် ရှေးမြန်မာနာရီအားဖြင့် 'နာရီနှစ်ခန်း၊ ချင်းမှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်၊ စွန်းကယ်ဇယ၊ ညဉ့်သို့ကျသော်၊ ဆနှင့်တြိန်း' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၂၄) နာရီ၊ ညနာရီ (၃၆) နာရီရှိသဖြင့် နေ့တာတိုသည်၊ ညတာရှည်ပါသည်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်တော်မူတဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထမဝါကို မိဂဒါဝုန်၌ ဝါဆိုတော်မူခဲ့ပြီး ကဿပညီနောင်သုံးဦးနှင့် ရှင်တစ်ထောင်တို့ကို ချွတ်ချရန် ဥရုဝေလတောကို ကြွတော်မူခဲ့သည်။ ဥရုဝေလတောအုပ်ကြီးထဲမှာ အစ်ကိုကြီးဥရုဝေလကဿပက တပည့် (၅၀၀)၊ ညီလတ် နဒီကဿပက တပည့် (၃၀၀)၊ ညီငယ်ဂယာကဿပက တပည့် (၂၀၀) တို့ကို အသီးသီးအုပ်ချုပ်နေထိုင်ပြီး ကိလေသာကုန်ခန်းဖို့အတွက် ရေငုပ်၊ တုံးခုန်၊ မီးလှုံ့အကျင့်တို့ကိုကျင့်ပြီးနေထိုင်ကြပါတယ်။

မြတ်စွာဘုရားက ဥရုဝေလကဿပထံရောက်တော့ နဂါးကြီးရှိရာ မီးတင်းကုပ်မှာ နေထိုင်ခွင့်တောင်းခဲ့ပါတယ်။ ဥရုဝေလကဿပက နဂါးကြီးရှိ၍ မနေရန်ပြောဆိုသော်လည်း ဘုရား

www.burmeseclassic.com

ရှင်မှ -

"ကဿပ၊ ငါ့ကို နဂါးမညှဉ်းဆဲနိုင်ရာ။ သင်ကသာခွင့်ပေးလော့"

ဟု ပြောကြား၍ မီးတင်းကုပ်သို့ ဝင်လျက် မြက်အခင်းထက်၌ ထက်ဝယ်ဖွဲ့ခွေနေ၍ နဂါးကြီးအား တန်ခိုးတော်ဖြင့် နှိမ်နင်း၍ အောင်မြင်သွားသောအခါမှ ကဿပညီနောင်(၃)ဦးနှင့် ရသေ့တစ်ထောင်တို့က လေးစားလာကြပါသည်။

ရသေ့အားလုံးသည် ကိလေသာတွေကင်းစင်ရန် ပဉ္စတပအကျင့်ဟုခေါ်ကြသည့် ရေငုပ်ခြင်း၊ မီးလှုံခြင်း စသည့်အကျင့်တွေကို ကျင့်နေကြသူများဖြစ်ပါသည်။ ပြာသလိုလ လွန်စွာအေးချမ်းနေသည့် နှင်းမှုန်တွေကြားမှာ နံနက်စောစောနေရဉ္စရာမြစ်အတွင်းသို့ဆင်းပြီး ရေငုပ်ရတော့ ရသေ့များဟာ ခိုက်ခိုက်တုန်အောင်ချမ်းနေကြပါသည်။

မြတ်စွာဘုရားက ရသေ့များအချမ်းပြေစေရန် မီးဖို (၅၀၀) ကို တန်ခိုးနှင့် ဖန်ဆင်းပေးပါသည်။ ရသေ့များခွဲ၍မရသည့် ထင်းတုံးတွေကိုလည်း တစ်ပြိုင်တည်းကွဲသွားအောင် တန်ခိုးတော်နှင့်ခွဲပေးပြန်ပါသည်။ ရသေ့များငြိမ်းသတ်၍မရသည့် မီးဖို (၅၀၀) တို့ကိုလည်း တစ်ပြိုင်တည်း ငြိမ်းပြလိုက်ပြန်သည်။ ရသေ့များကို မြတ်စွာဘုရားက တန်ခိုးတော်ပေါင်း (၃၅၀၆) မျိုး ပြခဲ့ပါတယ်။ ဥရုဝေလကဿပကြီးကတော့ ဂေါတမက တန်ခိုးတော့ကြီးသားပဲ။ ငါ့လိုသာ ရဟန္တာမဟုတ်တာဟု သူ့ကိုယ်သူအထင်ကြီးနေပါသည်။

သိကြားမင်း၊ သဟမ္ပတိဗြဟ္မာမင်းကြီးနှင့် စတုမဟာရာဇ်နတ်မင်းကြီးတွေ ဘုရားရှင်ကို လာဖူးတဲ့အခါမှာလည်း ဂေါတမဟာ တန်ခိုးတော့ကြီးတယ်။ ရဟန္တာတော့ မဟုတ်သေးဘူးဟု ယူဆနေဆဲ ဖြစ်သည်။ အချိန်အခါမဟုတ် မိုးကြီးသဲသဲမဲမဲရွာလို့ ဥရုဝေလတောမှာ နေရာအနှံ့ ရေတွေလွှမ်းနေပေမယ့် မြတ်စွာဘုရားအနီးနားကို ရေရောက်မလာဘဲ မြတ်စွာဘုရား စင်္ကြံလျှောက်နေတာကို မြင်တော့လည်း အံ့ဩခဲ့ပေမယ့် သူ့လို ရဟန္တာမဟုတ်ဟုပင်ထင်နေဆဲပါပဲ။

အဲဒီလို တန်ခိုးတော်အမျိုးမျိုးပြပြီးတော့မှ မြတ်စွာဘုရားက -

"အို - ဥရုဝေလကဿပ၊ သင်ဟာ ရဟန္တာမဖြစ်သေးဘူး။ အရဟတ္တဖိုလ်ရသူလည်း မဟုတ်သေးဘူး။ အရဟတ္တဖိုလ်ရမည့်အကျင့် သင့်မှာမရှိဘူး"

ဟု ဆိုတော့မှ ဥရုဝေလကဿပနှင့် ရသေ့ (၁၀၀၀) တို့ ဘုရားထံမှာ ဒူးတုပ်လာခဲ့ပါသည်။ ဒီတော့မှ မြတ်စွာဘုရားက အာဒိတ္တပရိယာယသုတ်တော်ကို ဟောတော်မူခဲ့သဖြင့် ရသေ့ (၁၀၀၀) တို့ ရဟန္တာများဖြစ်ခဲ့ကြသည်။ ဘုရားရှင် 'အာဒိတ္တပရိယာယသုတ်တော်' ကို ဟောခဲ့သည့် ပြာသိုလ၏ ပြာသိုလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များက ရှင်တစ်ထောင်နေ့ဟု သတ်မှတ်ပြီး မြတ်စွာဘုရားကို ပူဇော်ကြခြင်း ဖြစ်ပါသည်။

**□ ပါတိမောက်ဩဝါဒနေ့**

ပါတိမောက်ဩဝါဒနေ့ ကျင်းပသော တပို့တွဲလသည် ဆောင်းရာသီဖြစ်၍ ညဥ့်အခါတွင် လွန်စွာအေးမြပါသည်။ နှာရည်ယိုရွှဲ တပို့တွဲ ဟု ခေါ်ဆိုကြသည်။ စပါးများရိတ်သိမ်းပြီးချိန်ဖြစ်၍ ပြတ်လယ်ကွင်းပြင်သည် ဝါဝင်းနေချိန် ဖြစ်သည်။ ပေါက်ပန်းလဲပန်းပင်များသည် ရန့်မထုံသင်းသော်လည်း နီတျာတျာတစ်ဖုံ၊ ဝါရွှေရွှေတစ်မျိုးဖြင့် မိုးပြာပြာအောက်ဝယ် လောကကို အလှဆင်နေချိန် ဖြစ်သည်။

တပို့တွဲလကို မြန်မာမှုပေဒင်ခေါ် အရ ကုံရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ချိန်တာရာဖြစ်၍ ရာသီရုပ်မှာ ရေထမ်းသမားရုပ် ဖြစ်သည်။ ရာသီပန်းကား ပေါက်ပန်းလဲပန်းဖြစ်သည်။ ရာသီပွဲတော်ကား မီးပုံးအလှူပွဲ၊ ထမနဲပွဲဖြစ်သည်။ တပို့တွဲလတွင် ရှေးမြန်မာနာရီအားဖြင့် 'နာရီနှစ်ဝ၊ နံနှင်းပြသော်၊ ဖူးလှကျားမင်း၊ နေ့တို့ခင်းသည်၊ ညဥ့်တွင်ရီမှောင်၊ ဆင်ပြောင်ခြသေ့၊ ပျော်မွေ့ဖြူသန်း' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၂၆) နာရီ၊ ညနာရီ (၃၄) နာရီရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

မြတ်စွာဘုရားရှင်သည် ဩဝါဒပါတိမောက်ကို တပို့တွဲလပြည့်နေ့၌ ဟောတော်မူခဲ့ပါသည်။ ပါတိမောက်ဟူသည် ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက် ဟူ၍ နှစ်မျိုးရှိပါသည်။ ရဟန်းတော်များလိုက်နာရန် မြတ်စွာဘုရားသခင် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်များမှာ ကုဋေကိုးထောင် တစ်ရာ့ရှစ်ဆယ်နှင့်ငါးသန်းသုံးသောင်းခြောက်ထောင်ရှိပါသည်။ ယင်းသိက္ခာပုဒ်များကို မာတိကာအားဖြင့် စုစည်း ထုတ်နုတ်ထားရာ စုစုပေါင်း (၂၂၇) ရှိ သည်။ ယင်းသိက္ခာပုဒ်များကို အာဏာပါတိမောက်ဟု ခေါ်ဆိုပါသည်။

(ပါတိ + မောက္ခ) **ပါတိ** - စောင့်ရှောက်သူကို၊ **မောက္ခ** - လွတ်မြောက်စေခြင်းဟု အဓိပ္ပာယ်ရပါသည်။ ဤပါတိမောက်များ စောင့်ရှောက်သူကို ပစ္စုပ္ပန်သံသရာဘေးမှ လွတ်မြောက်စေနိုင်သော သိက္ခာပုဒ်များဟု ဆိုလိုသည်။ ဤသိက္ခာပုဒ်များကို စောင့်ထိန်းသူ၊ ကျင့်သုံးသူအား ဘေးအန္တရာယ်မရှိနိုင်၊ ဒဏ်ခံရဖွယ်မရှိ၊ နောက်ဘဝ၌ အပါယ်ငရဲကျရောက်ရန်မရှိဟု ဆိုလိုပါသည်။

အာဏာပါတိမောက်ကို စွမ်းနိုင်သော ရဟန်းတစ်ပါးပါးကပြရသည်။ ဩဝါဒပါတိမောက်ကို ဘုရားရှင်ကိုယ်တော်တိုင်ပြတော်မူသည်။

**□ ဩဝါဒပါတိမောက်**

၁။ သည်းခံခြင်းသည် အလွန်မြတ်သောအကျင့် ဖြစ်၏။
၂။ ကိလေသာငြိမ်းရာ နိဗ္ဗာန်သည် အလွန်ကောင်းမြတ်၏။
၃။ ရဟန်းသည် သူတစ်ပါးကို မညှဉ်းဆဲ။
၄။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်။
၅။ မကောင်းမှုဟူသမျှကိုမပြုရာ။
၆။ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။
၇။ မိမိစိတ်ကိုဖြူစင်စေရာ၏။
၈။ သူတစ်ပါးအား စွပ်စွဲပြစ်ဖွဲ့မကဲ့ရဲ့ရ။
၉။ သူတစ်ပါးအားမညှဉ်းဆဲရ။
၁၀။ ပါတိမောက္ခသီလကိုစောင့်ရာ၏။
၁၁။ အစာအာဟာရ၌ အတိုင်းအရှည်ကိုသိရာ၏။
၁၂။ ဆိတ်ငြိမ်ရာအရပ်၌နေရာ၏။
၁၃။ သမာပတ်ရှစ်ပါး တည်းဟူသော အဓိစိတ္တသိက္ခကို ပွားများအားထုတ်ရာ၏။

ဩဝါဒပါတိမောက်ကို လပြည့်၊ လကွယ်နေ့များတွင် ရဟန်းများအားလုံး သိမ်အတွင်း စည်းဝေးစေ၍ ဘုရားရှင်ကိုယ်တော်တိုင် ရွတ်ဆိုဟောကြားပြသတော်မူပါသည်။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်များမှ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်နေ့အဖြစ် ကျင်းပပြုလုပ်ကြပါသည်။

**□ ပြည်တော်ဝင်အခါတော်နေ့**

မြတ်စွာဘုရားရှင် ပြည်တော်ဝင်အခါနေ့ကျင်းပသော တပေါင်းလသည်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရာသီကုန်ပြီး နွေဦးသက်ချိန်ဖြစ်သည်။ သစ်ပင်ပန်းပင်များသည် သီဂီရောင် ရော်ရွက်ဝါများ ကြွေကျ၍ စိမ်းလဲ့လဲ့ရွက်နုသစ်များ ဝေဆာနေဆဲချိန် ဖြစ်ပါသည်။ ဥဩငှက်ငယ်လေးများမှ နွေဦးတေးကို လွမ်းမောဆွတ်ပျံ့ဖွယ်ရာသီဆိုနေချိန်လည်း ဖြစ်သည်။

တပေါင်းလကို မြန်မာမှုဗေဒင်ခေါ် အရ မိန်ရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဥတ္တရဖလဂုနီနက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ ဆံကျင်တာရာဖြစ်၍ ရာသီရုပ်သည် ငါးနှစ်ကောင်ရုပ်ဖြစ်သည်။ ရာသီပန်းကား သရဖီပန်းဖြစ်၍ ရာသီပွဲတော်ကား သဲပုံစေတီပွဲဖြစ်သည်။ တပေါင်းလတွင် ရှေးမြန်မာနာရီအားဖြင့် 'ချင်မှန်းတိုင်းထွာ၊ နာရီမှာကား၊ နေ့သာရောက်ညာ၊ ယိုင်းနှင့်ကျားတို့၊ ပျော်ပါးစံနေ၊ တတွေညဥ့်သွား၊ ကျားနှင့်ခြသေ့' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ ၂၈ နာရီ၊ ညနာရီ ၃၂ နာရီရှိ၍ နေ့တာတိုမြီး ညတာရှည်သည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓအရှင် ပြည်တော်ဝင်နေ့အဖြစ် သတ်မှတ်၍ မြတ်ဗုဒ္ဓ၏ ထူးမြတ်သောအခါတော်နေ့အဖြစ် ကျင်းပပူဇော်ကြပါသည်။

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ပထမဝါကို မိဂဒါဝုန်တောမှာ ဝါဆိုတော်မူခဲ့သည်။ ဝါလကင်းလွတ် သီတင်းကျွတ်သည့်နောက် ဥရုဝေလတောအုပ်မှာနေသည့် ကဿပညီနောင်(၃)ဦးနှင့် ရှင်တစ်ထောင်တို့ကို ချေချွတ်တော်မူပြီး ပြာသိုလတွင် ရာဇဂြိုဟ်ကို ရောက်ရှိခဲ့ပါသည်။

ရာဇဂြိုဟ်ကို မြတ်စွာဘုရား ရောက်နေကြောင်း မြတ်စွာဘုရား၏ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိရသည့်အခါ သားတော်မြတ်ဘုရားနှင့် ကွဲကွာနေခဲ့ရသည်မှာ (၇) နှစ်တာကာလ ကြာခဲ့ပြီဖြစ်သည့်အတွက် အမတ်တစ်ယောက်နှင့်မင်းချင်းတစ်ယောက် လိုက်ပါစေပြီး ကပိလဝတ်ပြည်သို့ ဘုရားရှင်အားပင့်ရန် စေလွှတ်ခဲ့ပါသည်။

ဤသို့ ဘုရားရှင်ကို ကပိလဝတ်ပြည်ကြွရောက်ရန်ပင့်သည့်အဖွဲ့သည် (၉) ဖွဲ့ မြောက်ရှိသွားသော်လည်း တစ်ဖွဲ့မှ ပြန်မလာခဲ့ကြပါ။ သို့ပါ၍ (၁၀) ဖွဲ့မြောက်မှာတော့ ကာဠုဒါယီအမတ်ကို ဦးဆောင်စေပြီး မင်းချင်းတစ်ထောင်နှင့် ဘုရားပင့်ရန် စေလွှတ်ခဲ့ပါတယ်။ ကာဠုဒါယီအမတ်ဟာ ဘုရားထံမှရောက်၍ ရဟန္တာဖြစ်ပြီးတဲ့နောက် တပေါင်းလပြည့်နေ့မှာ မြတ်စွာဘုရားအား ကပိလဝတ်နေပြည် ဆွေချက်တော်ဆိုရာ ဌာနီသို့ ကြွချီတော်မူပါရန် ဂါထာ (၆၄) ဖြင့် ပင့်လျှောက်ခဲ့၏။ ဗုဒ္ဓဘုရားရှင်မှလည်း တပေါင်းလပြည့်နေ့မှာ ဆွေချက်တော်ဆိုရာ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခဲ့တဲ့အတွက် တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်နေ့အဖြစ် ကျင်းပပြုလုပ်ကြခြင်း ဖြစ်ပါသည်။

**□ နှစ်သစ်မင်္ဂလာအခါတော်နေ့**

မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါတော်နေ့ ကျင်းပသော တန်ခူးလသည် မြန်မာ (၁၂) လ၏ အစဦးလဖြစ်သည်။ နွေရာသီဖြစ်၍ ပူပြင်းခြောက်သွေ့သော ရာသီ ဖြစ်သည်။ တန်ခူးရေကုန် ကဆုန်ရေခန်း ဆိုသည်နှင့်အညီ အင်းအိုင် ချောင်းမြောင်းများ ရေခန်းစပြုကြပြီ ဖြစ်သည်။

တန်ခူးလကို မြန်မာ့မှုဗေဒင်ခေါ် အရ မိဿရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ကံ့ကော်ပန်းဖြစ်၍ ရာသီပွဲတော်ကား နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဖြစ်သည်။ တန်ခူးလတွင် ရှေးမြန်မာနာရီအားဖြင့် 'နွေမှာဂိမှာန၊ တန်ခူးလဟု၊ စရရာသီ၊ နာရီညဥ့်နေ၊ မျှ၍တူညီ၊ သုံးဆယ်စည်တည့်' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၃၀)၊ ညနာရီ (၃၀) ရှိသဖြင့် နေ့တာ၊ ညတာညီမျှပါသည်။

မိမိတို့၏ နှစ်သစ်ကူးသောအခါတော်နေ့များကို ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းသည် မိမိတို့၏ ရိုးရာဓလေ့များအတိုင်း ကျင်းပကြပါသည်။ မြန်မာလူမျိုးများသည်လည်း မိမိတို့၏ တန်ခူးလ နှစ်သစ် မင်္ဂလာအခါတော်နေ့များတွင် ဒုလ္လဘရှင်သာမဏေဒုလ္လဘရဟန်းများ ဝတ်ကြပါသည်။ ရပ်ရွာတိုင်းတွင်လည်း စတုဒိသာအာဟာရအဖြစ် မုန့်လုံးရေပေါ်များ ကျွေးမွေးခြင်း၊ ရွှေရင်အေး အဖျော်ရည်တိုက်ကျွေးခြင်းများ ပြုလုပ်ကြပါသည်။ ထို့အပြင် သက်ကြီးရွယ်အိုများအား ရေကန်တော့ခြင်း၊ ဦးခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ပေးခြင်း၊ တံတားအိုများပြုပြင်ခြင်း၊ အိုမင်းသောနွားများအား ဘေးမဲ့လွှတ်ပေးခြင်း၊ ရေနည်းငါးများအား ရေများရာ မြစ်ချောင်းများသို့ လွှတ်ပေးခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပါသည်။ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့ကိုလည်း အထူးတလည် စောင့်ထိန်းကြသည်။ ဤနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် ကျေးရွာဝတ်သင်းများမှာလည်း နှစ်သစ်ဦးမင်္ဂလာအဖြစ် ဓမ္မာရုံများတွင် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် နှစ်သစ်မင်္ဂလာအခါတော်နေ့ကို တန်ခူးလ မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ကျင်းပပြုလုပ်ကြပါသည်။

စာဖတ်သူတို့သည် မြန်မာ(၁၂)လ၌ ကျင်းပပြုလုပ်ကြသော ဗုဒ္ဓအခါတော်နေ့များ၌ ပါဝင်၍ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ စသောတရားများကို ပွားများနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

စာရေးသူ၏ ဗုဒ္ဓအခါတော်နေ့များအကြောင်း ရေးသားရခြင်းကို အနည်းငယ် ပြောကြားပါရစေ။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အနောက်တိုင်းယဉ်ကျေးမှုဖြစ်သော ဗာလင်တိုင်းဒေးနှင့် မြန်မာတို့ရဲ့ တပို့တွဲလပြည့်သည် တစ်ရက်တည်းကြခဲ့ပါသည်။ လူငယ်မောင်မယ်တို့၏ ပါးစပ်ဖျားတွင် ဗာလင်တိုင်းဒေး (ချစ်သူများနေ့) ဟူသာ တဖွဖွပြောနေကြ၍ စာရေးသူမှ ယနေ့တို့မြန်မာရက်ဘာရက်လို့လဲဟုမေးကြည့်ရာ မည်သူမျှ မပြောကြနိုင်ခဲ့ကြပါ။ မြန်မာရက်ကိုမှ မပြောနိုင်ကြလျှင် တပို့တွဲလပြည့်နေ့၌ ကျရောက်သော ပါတိမောက်ဩဝါဒနေ့ကိုလည်း သိနိုင်ကြမည် မဟုတ်ကြောင်း ဝမ်းနည်းစွာ ခံစားခဲ့ရပါသည်။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဘာသာသာသနာတိုးတက်အောင်မဆောင်ရွက်နိုင်ခဲ့သော်မှ ဘာသာသာသနာ တည်တံ့နိုင်ရေးအတွက် ဘာသာသာသနာဆောင်းပါးများကို ရေးသားရန် ဆန္ဒဖြစ်ပေါ်လာ၍ ရေးနေကျ အင်ဂျင်နီယာဆောင်းပါးများမှ ဘာသာသာသနာယဉ်ကျေးမှုများကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)မျှော်




www.burmeseclassic.com

www.burmeseclassic.com

ဆောတ်သူတော်

# သံဃံသရဏံဂစ္ဆာမိပါဘုရား





အချိန်ကား ၁၉၉၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ P.S.A (Port of Singapore Authority) သို့ ကွန်တိန်နာယာဉ်ကြီးမောင်းအဖြစ် အလုပ်သမားဝန်ကြီးဌာနမှ ပထမဦးဆုံးအသုတ်ခေါ် ယူခဲ့စဉ်က ဖြစ်ပါသည်။ အလုပ်သမားဝန်ကြီးဌာနတွင် ကြေညာထားသဖြင့် အငှားယာဉ်မောင်းလိုင်စင်(အနီ)ကိုင်ဆောင်ထားသော ကျွန်ုပ်အနေဖြင့် ဗဟိုဘဏ်ဝန်ထမ်းဘဝ အတွေ့အကြုံများစွာဖြင့် C.V ဖောင်ပြည့်စုံစွာဖြင့်တင်လိုက်သော်လည်း စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ လာရောက် စစ်ဆေးမည့်လူစာရင်းကြေညာသည့်အခါ၌ ကျွန်ုပ်၏ အမည်စာရင်း ပါမလာခဲ့ပေ။ ယာဉ်မောင်းဖြေဆိုခွင့်ရရန်အတွက် အသပြာအစောင့်အရှောက်ရယူ၍ ကြိုးစားလိုက်သည့်အခါတွင်မှ ဖြေဆိုခွင့်ရရှိပါတော့သည်။

ဤနေရာတွင် ရတနာသုံးပါးအစောင့်အရှောက်ကို ရယူလိုသူတို့အတွက် အခြေခံ လိုအပ်ချက်များရှိပါသည်။ (၅) ပါးသီလကို လုံခြုံစွာစောင့်ထိန်းရပါမည်။ ဤနေရာတွင် ကျွန်ုပ်အဖို့ (၅) ပါးသီလစောင့်ထိန်းပုံကို အနည်းငယ် တင်ပြလိုပါသည်။

ပထမသီလ ပါဏာတိပါတာကံအကြောင်း တင်ပြလိုပါသည်။ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိ ဟူ၍ ဖြစ်ပါသည်။ မြန်မာလို သက်ရှိသတ္တဝါ(မိမိအပါအဝင်)ကို (၁)မညှဉ်းဆဲ (၂) မသတ်ဖြတ်ရာ ဟူ၍ (၂) ချက်ရှိပါသည်။ မိမိကြောင့် သူတစ်ပါးဒုက္ခဆင်းရဲရောက်စေရန် လှုံ့လပြုအားထုတ်ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရပါမည်။ သတ်ဖြတ်ရန်အတွက် ကျွန်ုပ်သတ္တိမရှိပါ။ ညှဉ်းဆဲမှုမဖြစ်စေရန်လည်း စောင့်ထိန်းသည့်အနေဖြင့် တစ်ပါးသူအား ကူညီမှုအထူးပြုလုပ်လေ့ရှိပါသည်။ ဒုတိယသီလ အဒိန္နာဒါနာဝေရမဏီသိက္ခာပဒံသမာဒိယာမိ ဟူ၍ ဖြစ်ပါသည်။ မြန်မာလို သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ပါမည်ဟူ၍ ဖြစ်ပါသည်။

အချိန်ကာလ ၁၉၇၉ ဝန်းကျင်က ဖြစ်ပါသည်။ ထိုအချိန်က ဗဟိုဘဏ် (ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်) တွင် ငွေစက္ကူအဟောင်းများ ဖျက်ဆီးရန် လွန်စွာများပြားသည့်အချိန် ဖြစ်သည်။ ငွေဘဏ်ကားများ လုံခြုံရေးလိုက်ပါရသောကျွန်ုပ် စဉ်းစားမိသည်မှာ ငွေစက္ကူများ ခိုးယူ၍ လွတ်အောင်မပြေးနိုင်၊ ပြေးနိုင်သည့်တိုင်အောင် မိမိသုံးရမည်မဟုတ်ချေ။ ဤမျှ များပြားသော အသပြာတို့ကို ခိုးသားဓားပြတို့ ကျွန်ုပ်အား သတ်ဖြတ်လုယူသဖြင့် ကျွန်ုပ်သုံးလိုက်ရမည်မဟုတ်ချေဟု စဉ်းစားမိသဖြင့် အချောင်ရရှိသော အဒိန္နာဒါနာသီလကို ထိုအချိန်မှစ၍ မြဲစွာဆောက်တည်လေတော့သတည်း။

တတိယသီလဖြစ်သော ကာမေသုမိစ္ဆာစာရာဝေရာမဏီသိက္ခာပဒံသမာဒိယာမိ ဟူ၍ ဖြစ်ပါသည်။ ဤသီလကို စောင့်ထိန်းရန်မှာ ဝိပဿနာဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်အဆင့်ထိ လိုအပ်ပါသည်။ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ ပညတ်တို့ ဖယ်ခွာ၍ ဖောက်ပြန်ပျက်စီးနေတာ ရုပ်၊ သိနေတာ နာမ် ဟူသော နာမရူပပရိစ္ဆေဒဉာဏ်အဆင့်ထိရောက်ရန် လိုအပ်ပါသည်။ ထိုအဆင့်အထိ ရောက်ပါမှ ရှင်အာနန္ဒာလျှောက်ထုံး



www.burmeseclassic.com

www.burmeseclassic.com

(ဆရာတော် ဒေါက်တာ နန္ဒမာလာ ပါမောက္ခချုပ်ဆရာတော်) တရားကို သတိရ နှလုံးမူမိမှာ ဖြစ်ပါသည်။

စတုတ္ထသီလဖြစ်သော မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံသမာဒိယာမိဟူ၍ ဖြစ်ပါသည်။ မုသာဝါဒါသုံးစွဲသူသည် သံသရာလည်း မကြောက်၊ ပစ္စုပ္ပန်၌ လည်း ဟိရိဩတ္တပတရားမရှိသူများသာ ဖြစ်ပါသည်။ မုသာဝါဒါသုံးစွဲသူသည် လူ့လောက၌ မျက်နှာငယ် အောက်ကျ ၍ အရှက်ရစေခြင်းတို့ ဖြစ်စေပါသည်။ မုသာဝါဒါမှန်းမသိစေရန် ပြုလုပ်ရင်း ပြုလုပ်ရင်း ဒုက္ခရောက်တတ်ပါသည်။ ကျွန်ုပ်သည် ထိုဒုက္ခများအား ကြောက်ရွံ့ခြင်း၊ ရှက်ရွံ့ခြင်းတို့ကြောင့် မုသာဝါဒ သုံးစွဲရမည်ကို လွန်စွာမှဝန်လေးလှသဖြင့် ထိုသီလကိုလည်း ခိုင်မာစွာ ဆောက်တည်၍ ပွင့်လင်း ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်လေ့ရှိပါသည်။

ပဥ္စမသီလဖြစ်သော သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟူ၍ဖြစ်၏။အိမ်ထောင်ကျပြီး သားသမီးမရခင်အထိ ထိုသီလကို မဆောက်တည်သေးပေ။ စာရင်းစစ်အလုပ်လုပ်ရသော ကျွန်ုပ်အနေဖြင့် သူရာရည်တို့နှင့် အကျွမ်းတဝင်ပေါင်းသင်းနေထိုင်လျက်ရှိနေပေသေးသည်။ သားသမီးများရလာသည့်အခါ သူရာရည်သောက်မည့်အစား လူ့ဘဝကို ကျွန်ုပ်ကြောင့်ရောက်လာသော သားသမီးများအတွက် အာဟာရကျွေးမွေးခြင်းက ပိုအကျိုးရှိသဖြင့် သုရာမေရယမဇ္ဇပမာဒဋ္ဌာနာကို ခိုင်မြဲစွာ ဆောက်တည်လေသည်။ ဤသို့ မှန်ကန်စွာတွေးခေါ်ခြင်းသည် သမ္မာဒိဋ္ဌိ လမ်းစဉ်အမှန် မဂ်လမ်းအစ မဂ္ဂင်ရှစ်ပါးလမ်းမှန်ပေါ် ရောက်စေရန် အကြောင်းများပင်တည်း။ အကျိုးအမှန်တရားကို ခံစားရပုံများ ဆက်လက်ဖော်ပြပါမည်။

ဤကဲ့သို့ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရာ၌ လွန်စွာ ခက်ခက်ခဲခဲ စောင့်ထိန်းရခြင်းမရှိဘဲ လွယ်ကူပေါ့ပါးစွာစောင့်ထိန်းနေလေ့ရှိပါသည်။

ဤသို့ဖြင့် စင်ကာပူနိုင်ငံမှ စစ်ဆေးရေးအဖွဲ့များ ရောက်ရှိလာပြီး ကလေးဝဆရာတော်ကျောင်းဘေး (ယခု စွယ်တော်ဘုရားအနီး)၌ ကွန်တိန်နာယာဉ်ကြီးမောင်း (Container Driver) ယာဉ်မောင်းအရည်အချင်းစတင်စစ်ဆေးပါတော့သည်။ စတင်စစ်ဆေးသည်နှင့် တစ်ပြိုင်နက် ပထမနေ့တွင် (၂၀) ကျော် ဖြေဆိုရာတွင် (၁) ယောက်နှုန်းမျှသာ အောင်မြင်ပါသည်။ ပထမနေ့ အယောက် (၄၀) တွင် (၂) ယောက် မအောင်မြင်ပေ။ နေ့လယ်ထမင်းစားချိန်ရောက်သည်နှင့် ထမင်းစားသလိုလိုနှင့် တချို့တို့ ပြန်ပြေးကုန်ကြလေသည်။ ကျွန်ုပ်နှင့် (၂) ယောက်၊ (၃) ယောက်သာ ကျန်ရစ်လေသည်။ ကျွန်ုပ်မှာလည်း မီးကျီးခဲကြီး မှိုချထားရဘိသကဲ့သို့ ရင်၌ လွန်စွာ ပူလောင်လှပေသည်။ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်နေရာကိုရောက်နေပြီ ဖြစ်လေသည်။ အကြောင်းမှာ ကျွန်ုပ် အသပြာ (၃) သိန်းနှင့် ဖြေဆိုခွင့်ရရန် ကြိုးစားထားသော အဖြေမှာ ကား 'ဖြေဆိုမှုကျလျှင် ပြန်မပေး' ဟူ၍ ဖြစ်လေသည်။ အိုး . . . ဒုက္ခမှအကြီးအကျယ် ဒုက္ခတွေ့လေပြီ။ ၁၉၉၈ ခုနှစ် အသပြာ(၃)သိန်းဖြစ်သည်။ မျက်ရည်များပင်ဝဲသည်အထိဒုက္ခတွေ့နေရပါပြီ။

တစ်ဖက်သို့လှည့်၍ စိတ်အားတင်းလိုက်ပါသည်။ ကျွန်ုပ်ကားမောင်းသင်ပေးခဲ့သောသူတော်ကောင်းပရိသတ်ကားများစွာရှိခဲ့သည်။ ငါသည် ဆရာဖြစ် ကျွမ်းကျင်စွာမောင်းနိုင်ပါလျက် မည်သည့်ကိုကြောက်မည်နည်း။ သမ္မတအကြံပေးဘဏ္ဍာရေးအတိုင်ပင်ခံကိုပင်သင်ပေးသူဖြစ်ခဲ့ပါသည်။ ရဲဆေးတင်ကာ စတင်၍ ကလေးဝဆရာတော်ဘုရားနှင့် သာမညဆရာတော် (၂) ပါးကို တိုင်တည်ကာ သစ္စာဆိုပါတော့သည်။

"ကလေးဝဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီးအား တပည့်တော် ဖူးခဲ့ဖူးပါသည်။ ယခုအခါ ဆရာတော်ဘုရားအနီးတွင် တပည့်တော် ဒုက္ခရောက်နေပါသည်။ တပည့်တော်ကို စောင့်ရှောက်ပါ။ဆရာတော်ဘုရားအား တပည့်တော်ဖူးခဲ့ဖူးသည်ကို သစ္စာဆိုပါသည်။

သာမညဆရာတော်ဘုရားကြီး၊ ဆရာတော်ကြီးအား တပည့်တော်ဖူးခဲ့ဖူးပါသည်။ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော် ဒုက္ခရောက်နေသည်ကို ကယ်တင်ပါဘုရား"

ဟု သစ္စာပြုလေသည်။

ပြီးနောက် ရဲရင့်စွာဖြင့်ဝင်ရောက်ဖြေဆိုပါတော့သည်။

ပထမဦးစွာ ရှေ့သို့တည့်တည့်မောင်း၍ နောက်သို့ တည့်တည့်ပြန်ဆုတ်ရလေသည်။ ဤတစ်ဆင့်ကား လွယ်ကူစွာပင် အောင်မြင်လေသည်။ ဒုတိယနှင့် တတိယအဆင့်မှာကား ကား၏တွဲခေါင်းကိုချိုး၍ အနောက်သို့ (၉၀) ဒီဂရီ ဆုတ်သွင်းရန် ဖြစ်သည်။ ပြီးလျှင် တိုင်ကီများချထားရာလမ်းသို့ မြွေလိမ်မြွေကောက်မောင်းပြရန်ဖြစ်ပါသည်။ ကျွန်ုပ်မှာ ဒုတိယအဆင့်တွင် တစ်နေပြီး ဒုက္ခရောက်နေပါတော့သည်။ (၃)ကြိမ်အထိ ကားခေါင်းကိုရှေ့သို့တိုး၍ ဆွဲဖြောင့်ခွင့်ရလေသည်။ သို့တိုင်အောင် ကျွန်ုပ်မှာ အခွင့်အရေး (၂) ကြိမ်သုံးပြီးသည့်တိုင်အောင် မအောင်မြင်သေးပေ။ စင်ကာပူရဲကြီးက နောက်ဆုံးအကြိမ်ဟု သတိပေးလိုက်စဉ် လူမှာ ထူပူ၍ပင် သွားပါသည်။ ထိုအချိန် လူတစ်ယောက် ကားရှေ့မှဖြတ်လျှောက်၍ သူ့နောက်မှ လိုက်ခဲ့ရန် အချက်ပြလေသည်။ ကျွန်ုပ်သည်လည်း သူနောက်မှာ ဖြည်းညင်းစွာ မောင်းနှင်လိုက်သွားပြီး တည့်မတ်သွားသည်နှင့်တစ်ပြိုင်နက် နောက်သို့ ဆုတ်လေသည်။ နောက်သို့ ဖြည်းညင်းစွာဆုတ်၍အပြီး ခရီးအတော်အတန် ရောက်သည့်အခါ ရုတ်တရက် မိုးကြီးမှောင်မည်းလာပြီး သဲသဲမဲမဲပိတ်နေအောင်ရွာပါတော့သည်။ စင်ကာပူရဲကြီးသည် ကားခေါင်းပေါ်သို့ ပြေးတက်လာပြီး ပတ်မောင်းရန် ပြောပါလေတော့သည်။ ကျွန်ုပ်အဖို့ လွန်စွာဝမ်းမြောက်ရကာ ရေသုတ်တံနှင့် မီးတို့ကိုဖွင့်၍ မောင်းနှင်ပါတော့သည်။ မိုးသည်လည်း သဲသဲမဲမဲပိတ်နေအောင်ရွာသည်မှာ ရှေ့သို့ပင် ကောင်းစွာ မမြင်ရတော့ချေ။ ကျွန်ုပ်လည်း ဖြည်းညင်းစွာမောင်း၍ စကားလက်ဆုံကျနိုင်ပါတော့သည်။ မီးဖွင့်၊ ရေသုတ်တံဖွင့်ခွင့်ရသဖြင့် ကျွန်ုပ်ကား သာမာန်ထက် (၂) မှတ်ပို၍ရလေသည်။ ခရီးဆုံးသည်နှင့် စင်ကာပူရဲကြီးမှ ကျွန်ုပ်အား စကားလက်ဆောင်တစ်ခု ပေးလေတော့သည်။ 'စင်ကာပူမှနေ၍ စောင့်နေပါမည်' ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်လည်း လွယ်အိတ်နှင့် ထီးယူပြီး ကားပေါ်မှဆင်းသည့်အခါ မိုးကလုံးဝတိတ်လျက်ရှိပေသည်။ ကျွန်ုပ်သည် ထီးကိုကိုင်လျက် စက္ကန့်ပိုင်းမျှ အခက်အခဲကို ဖြေရှင်းကူညီစောင့်ရှောက်ပေးတော်မူသောအာရုံကို သိရှိလေသည်။ ဆရာတော်ဘုရားများကို အာရုံပြုလျက် အောင်မြင်စွာ ဖြေဆို ထွက်ခွာလာနိုင်ခဲ့ပါသည်။

သံဃံ သရဏံ ဂစ္ဆာမိပါ ဘုရား။

ခေတ်သူ့တော်



www.burmeseclassic.com

www.burmeseclassic.com

# မြေငူရွာ၊ သရက်တော
# တောရကျောင်းဆရာတော်ဘုရားကြီး
## ဘဝမှတ်တရ

### တင်အောင်(စက်မှုတက္ကသိုလ်)

မြေငူရွာ ဟူသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့အနောက်ဘက် လေးမိုင်အကွာ၌ရှိသော အိမ်ခြေတစ်ရာခန့်ရှိသောရွာတစ်ရွာဖြစ်ပါသည်။ ထိုရွာမှ သရက်တော တောရကျောင်းဆရာတော်ကြီးဦးကုသလ ပျံလွန်တော်မူသောအခါ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ရာမှ ဓာတ်တော်များကြွင်းကျန်ခဲ့သဖြင့် စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာမြို့တို့တွင် အုတ်အော်သောင်းတင်းဖြစ်ကာ သွားရောက် ဖူးမြော်ကြ၊ ဓာတ်တော်များပူဇော်ကြနှင့် ဟိုးလေးတကျော်ဖြစ်သောသတင်းသည် ရန်ကုန်အထိ ရောက်လာပါသည်။ အချိန်ကာလမှာ ၁၃၄၅ ခုနှစ် (အေဒီ ၁၉၈၃ ခုနှစ်) က ဖြစ်ပါသည်။

မူလမီးသင်္ဂြိုဟ်ပြီးနောက် ဓာတ်တော်မှန်းမသိကြသေးဘဲ နားလည်သူများကို ပြသသောအခါမှာ ဆရာတော်ကြီးများက ဓာတ်တော်ဖြစ်ကြောင်းမိန့်သဖြင့် မြေငူဆရာတော်ဘုရားကြီးသည် ရဟန္တာအရှင်မြတ်ကြီးဖြစ်ကြောင်းသိရလေသည်။ဆရာတော်ကြီး၏ဓာတ်တော်များကို ဝမ်းတော်ပြည့်ဓာတ်တော်တိုက်တွင် ယနေ့တိုင် ဖူးမြော်နိုင်ပါသည်။ ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ နဒီမြန်မာ တိုတယ်မန်နေဂျာ ဦးအောင်နိုင်သည် မြေငူဆရာတော်ကြီး၏ဓာတ်တော်များကို ထိုင်းနိုင်ငံ ကန်ချနာပူရီမြို့သို့ အဖူးမြော်ပင့်ဆောင်သွားခဲ့သဖြင့် ထိုင်းနိုင်ငံတွင် အုန်းအုန်းကျွက်ကျွက်ဖူးမြော်ခဲ့ကြလေသည်။

ဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်အခါက မဟာကုသလစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပပြုလုပ်သည့်အခါတိုင်းမှာ ဆရာတော်ဘုရားကြီး၏ ခိုင်းစေချက်အရ ဓာတ်တော်ဘုရားရှိခိုးဝါထာပါငွေအနက် စောင်ရေတစ်သောင်းကို တစ်နှစ်တစ်ကြိမ် ဝေငှခဲ့လေသည်။ ခန္ဓာဝန်မချမီ သုံးနှစ်ခန့်မှစ၍ သုံးနှစ်ဆက်စေခိုင်းခြင်းဖြစ်သည်။ ထိုအခါက သာမန်စာရွက်ဝေသည်ဟုသာ သဘောထားခဲ့သော်လည်း ဆရာတော်ကြီး ခန္ဓာဝန်ချပြီးနောက် မီးသင်္ဂြိုဟ်တော်မူသောအခါ ဓာတ်တော်များ (၃) ပြည်ကျော် (၄)ပြည်ခန့် ဖူးမြော်ကြရသဖြင့် ဆက်စပ်လေသလောဟု တွေးယူကြပါသည်။

ဆရာတော်လောင်းလျာကို မြေငူရွာတွင် အဖ ဦးထွန်း၊ အမိ ဒေါ်ချမ်းတို့မှ အေဒီ ၁၉၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်၊ (၁၂၇၇ ခု၊ တော်သလင်းလဆန်း ၅ ရက်) တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။(၁၀)နှစ်သားအရွယ်တွင် မြေငူရွာအနောက်ကျောင်းဆရာတော် ဦးအဂ္ဂဝံသထံတွင် ရှင်သာမဏေပြုတော်မူသည်။ သက်တော်(၂၀)အရွယ် အေဒီ



မြေငူဆရာတော် ဦးကုသလ
အေဒီ ၁၉၁၅-၁၉၈၃ (၁၂၇၇-၁၃၄၅)



www.burmeseclassic.com

www.burmeseclassic.com

၁၉၃၅ ခု၊ ဧပြီလ ၂၈ ရက်၊ တနင်္ဂနွေနေ့ (၁၂၉၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့) တွင် မြေငူရွာကျောင်းခဏ္ဍာသိမ်၌ အာရှေ့ကျောင်းဆရာတော် ဦးဝိလာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။ဘွဲ့တော် အရှင်ကုသလဖြစ်ပါသည်။

အရှင်ကုသလသည် မြေငူရွာအနောက်ကျောင်း စစ်ကိုင်း၊ စကုမော်တိုက်နှင့် မန္တလေး မစိုးရိမ်ကျောင်း သာသနနယူပဒေသအနောက်ကျောင်းတို့တွင် မိဋ္ဌကတ်စာပေများ သင်ကြားခဲ့၏။ အစိုးရပထမငယ်တန်း၊ ပထမလတ်တန်းတို့ အောင်မြင်တော်မူခဲ့ပြီး အထက်တန်းစာဝါများကိုလည်း ပေါက်မြောက်အောင်လေ့လာဆည်းပူးတော်မူခဲ့သည်။

ထို့နောက် ဆရာတော်ဦးလာဘ၏ တာဝန်ပေးချက်အရ အေဒီ ၁၉၄၆ခု (၁၃၀၇ ခု) တွင် သရက်တောကျောင်း (ယခင် - ထန်းတောကျောင်း) တွင် ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့သည်။ ဦးလာဘ၏ မြေငူရွာလယ်ကျောင်းနှင့် သရက်တောကျောင်းရှိ သံဃာတော်များအား နေ့စဉ်စာဝါပို့ချရသည်။

ဆရာတော်ကြီးသည် နေ့စဉ်နံနက် (၃) နာရီတွင် အချိန်မှန်ထတော်မူသည်။ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီးနောက် ဘုရားတွင် ရေချမ်း၊ ဆီမီးကို ကိုယ်တော်တိုင်ကပ်လှူပါသည်။ ဘုရားဝတ်ပြုပြီးပါက တရားရှုမှတ်ခြင်းအလုပ်ကိုပြုလုပ်တော်မူပါသည်။ တရားရှုမှတ်နေစဉ်အတွင်း တပည့်များက ကပ်လှူလိုသည့် ယာဂု၊ ဆန်ပြုတ် စသည်တို့ကို သွားရောက်ချထားရပါသည်။ တရားရှုမှတ်ပြီးမှသာ အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူလေ့ရှိပါသည်။

အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် ကျောင်းဝင်းတစ်ခုလုံးကို ကိုယ်တော်တိုင် တံမြက်စည်းလှည်းတော်မူပါသည်။ တံမြက်လှည်းရာတွင် အမှိုက်ပုံကလေးများစွာပြုလုပ်ထားပြီး ကျင်းကြီးတစ်ခုအတွင်း စွန့်ပစ်သည်။ မည်သည့်အခါမျှ မီးရှို့ခြင်းမပြုပါ။ ဆရာတော်ဆွမ်းဘုဉ်းပေးနေစဉ် ဓလေ့ဆန်းတစ်ခုကို တွေ့ရှိရပါသည်။ နံနက် (၁၀)နာရီခွဲတွင် ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဆရာတော်ဆွမ်းဘုဉ်းပေးနေစဉ် ကျောင်းရှိ ကိုရင်နှင့် ကျောင်းသားအားလုံး ဆရာတော်၏အနီး၌ ဘုရားရှိခိုးနေကြရသည်။ ဆရာတော်ကြီးဆွမ်းဘုဉ်းပေးအပြီးနှင့် ဘုရားဝတ်ပြုချိန်အပြီးမှာ အံကိုက်ဖြစ်နေတတ်သည်။

မြေငူသရက်တောကျောင်းဆရာတော်အကြောင်းရေးမည်ဆိုပါက ဆရာတော်၏ တပည့်ရင်းလည်းဖြစ်၊ ပစ္စည်းလေးပါးဒကာလည်းဖြစ်သော ဦးညာဏ်နှင့် ဇနီး ဒေါ်ခင်စန်းအုန်းတို့အကြောင်း မပါက ပြီးပြည့်စုံမည်မဟုတ်ပါ။

ဦးညာဏ်မှာ (၁၄) နှစ်သားအရွယ်ကပင် ရုပ်ဝါဒီသမားစစ်စစ်ဖြစ်ခဲ့သည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးသာဖြစ်ပါသည်။ ၁၉၅၄ ခုနှစ်၊ ဦးညာဏ်အခွန်ဝန်အဖြစ် အမှုထမ်းစဉ် မြေငူရွာရှိ ဘုန်းကြီးကျောင်းတွင် လှေကားနှင့်လှေကားအမိုးအတွက် ကျေးရွာမှပုဂ္ဂိုလ်များ လာရောက် အလှူခံဖူးသည်။ ထိုအခါက အမှတ်တမဲ့ပင် ဆရာတော်၏ဘွဲ့အမည်နှင့်ကျောင်းကိုကြားသိလိုက်ရသည်။ ရုပ်ဝါဒီသမားဖြစ်သောဦးညာဏ်သည် အလှူငွေကို လိုလိုလားလား ထည့်ဝင်လိုက်ပါသည်။ အလုပ်တာဝန်များကြားတွင် နစ်မွန်းနေသောဦးညာဏ်သည် ၁၉၆၄ ခုနှစ်ရောက်မှ ရွာရှိ မိမိလှူဒါန်းခဲ့သည့် ဘုန်းတော်ကြီးကျောင်းမှ အုတ်လှေကားနှင့်အမိုးကို သွားရောက်ကြည့်ရှုမိသည်။

ဤသို့ကြည့်ရှုရင်း ဆရာတော်ကို ဝင်ရောက် ဖူးမြော်ရာ ဆရာတော်၏ ပါးတစ်ခြမ်းရွဲ့နေသည်ကို ဖူးတွေ့ရသည်။ ဦးညာဏ်က ဆေးဝါးကုသမှုခံယူရန် လျှောက်ထားရာ ဆရာတော်က -

"ကိစ္စမရှိပါဘူး၊ ဝေဒနာဆိုတာ ဒီလိုပါပဲ"

ဟု အမိန့်ရှိသည်။

သို့သော် ဦးညာဏ်သည် ဆရာတော်အား မန္တလေးဆေးရုံကြီးသို့ ဖွတ်အတင်းပင့်ဆောင်၍ ကုသပေးခဲ့သည်။ ဆရာတော်ကြီးသည် ဆေးရုံကြီးတွင် တစ်လခန့်ကုသမှုခံယူ၍ ဝေဒနာပျောက်ကင်းသွားခဲ့သည်။ ဆေးရုံ တက်ရောက် ကုသပြီးနောက် ဒကာ၊ ဒကာမများက အိမ်သို့ပင့်ရာ မည်သည့် ဒကာ၊ ဒကာမအိမ်တွင်မျှ တစ်ညထက်ပို၍ မကျိန်းစက်ခဲ့ပါ။ ကျိန်းစက်သည်ဆိုသော်လည်း တစ်ညလုံးစင်္ကြံလျှောက်၍သော် လည်းကောင်း၊ ထိုင်လျက် တရားရှုမှတ်ခြင်းဖြင့်သော်လည်းကောင်း တစ်ညတာ ကုန်လွန်စေပါသည်။ လျောင်း၍ ကျိန်းစက်ခြင်းမပြုသည်ကိုလည်း ဦးညာဏ်ကိုယ်တိုင်သိရှိခဲ့ရပေသည်။

တစ်နှစ်တွင် ရွာမှ ဦးသန်းမောင်ဆိုသူ ရောက်ရှိလာပြီး -

"ဦးညာဏ်၊ ခင်ဗျားရွာ သုသာန်ဇရပ်ဆောက်၊ ရေကန်ပြင်၊ အခြားကောင်းမှုတွေလုပ်ပြီး ကိုယ့်ဘုန်းကြီးကျောင်းကျတော့ ဘာမှမလုပ်ဘူးလား။ အခု ခင်ဗျား ဘုန်းကြီး ဘုရားတည်မလို့ဗျ။ ခင်ဗျားလည်းလှူပါဦး"

ဟု လာရောက်သတင်းပို့သည်။

သို့နှင့် ဦးညာဏ်သည် ရွာသို့ပြန်သွားပြီး ဆရာတော်အားလျှောက်ထားကြည့်ရာ ဆရာတော်က သူတည်မည်မဟုတ်ကြောင်း၊ မြေနေရာပေးမည်သာဖြစ်ကြောင်း အမိန့်ရှိတော်မူပါသည်။ ထို့ကြောင့် ဦးညာဏ်သည် ရွာထဲတွင် စေတီတည်မည့်အကြောင်း စုံစမ်းကြည့်ရာ ကိုးတောင်ပြည့်စေတီကို ရွာသားများနှင့် အလှူရှင်များက စုပေါင်းတည်ထားမည့်အကြောင်းသိရှိရ၏။ ဆရာတော်ထံ စေတီတည်ရန် ရက်ရွေးပေးဖို့ လျှောက်ထားသောအခါ -

"အားလုံးပြီးစီးတဲ့နေ့တည်ကြပါ။ ရက်ကောင်း၊ ရက်ယုတ်ဆိုတာ မရှိပါဘူး။ကုသိုလ်လုပ်တဲ့နေ့ဟာ ရက်ကောင်းရက်မြတ်ချည်းပါပဲ"

ဟု မိန့်တော်မူသည်။

ပန္နက်ချရန် အချိန်ကို ပဋ္ဌာန်းပွဲအရင်ပြုလုပ်စေပြီး ပဋ္ဌာန်းပွဲပြီးလျှင်ပြီးချင်း ပန္နက်ချပါသည်။ ပန္နက်ချပြီး၍ စေတီတော်ကို စတင်တည်ထားပါပြီ။ ထိုအခါကျမှ ဆရာတော်က အများပြည်သူတို့ အကျိုးထူးစေခြင်းငှာ စေတီကို လိုဏ်ဂူပေါက်လည်ထည့်ရန် အမိန့်ရှိသည်။ လိုဏ်ဂူထည့်ခြင်းအားဖြင့် တရားထိုင်လိုသူများအဆင်ပြေမည်ဖြစ်ကြောင်းလည်း ရှင်းပြတော်မူပါသည်။

စေတီတည်ရန် ပန္နက်ရိုက်ပြီးနေပြီဖြစ်၍ ပြင်ဆင်ရန်မဖြစ်နိုင်။ (၂၂) ပေပတ်လည်စေတီတည်ရန်လည်းပြောဆိုပြီးဖြစ်၍ စေတီပင် စတင်တည်နေပြီဖြစ်သည်။ ဆရာတော်က ယခုမှ-စေတီကို လိုဏ်ဂူထည့်ရန် အမိန့်ရှိလာသဖြင့် အခက်တွေ့နေကြတော့သည်။ သို့နှင့် ဦးညာဏ်က အခြားရွာသားတစ်ဦးအား ပန္နက်ဆိုသည်မှာ ပြန်ပြင်၍မလုပ်ကောင်းကြောင်း လျှောက်ထားစေပါသည်။

ဆရာတော်ကမူ -

"လိုဏ်ဂူသာထည့်ပါ။ သူ့ဘာသာအဆင်ပြေသွားမှာပါ"

ဟု မိန့်တော်မူပါသည်။

ဦးညာဏ်က ဆရာတော်ကြီးအား စေတီလိုဏ်ဂူလုပ်မည်ဆိုပါက ခေါက်ခံ



www.burmeseclassic.com

www.burmeseclassic.com

သံလုံးများနှင့် ဘိလပ်မြေလိုအပ်မည်ဖြစ်ကြောင်း၊ ငွေမှာလည်း အနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ သို့ပါ၍ လိုက်ဂူ ဆက်လုပ်ရန်မဖြစ်နိုင်ကြောင်း လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ကြီးက -

"လုပ်စရာရှိတာသာဆက်လုပ်ပါ။ သူ့ဘာသာပြည့်စုံသွားပါလိမ့်မယ်"

ဟု မိန့်တော်မူပါသည်။

ဦးညာဏ်သည် မန္တလေးဈေးချိုတိုက်တန်းပေါ်မှ အိမ်သို့ဖြတ်ပြီးပြန်အလာ လူတစ်ယောက်က ဆီး၍ဖက်သည်။

"ဆရာညာဏ်၊ ကျွန်တော့်ကိုမမှတ်မိဘူးလား။ ဆရာ့တပည့်လေ။ ကျွန်တော် အခုအိမ်ဆောက်ပစ္စည်းဆိုင်မှာ မန်နေဂျာဖြစ်နေတယ်။ ဆရာလိုချင်တာရှိရင်ပြောပါ"

ဟု ဆိုလာပါသည်။

သို့နှင့် ဘုရားတည်ရန် ဘိလပ်မြေအိတ် (၃၀) ကို အစိုးရဈေးဖြင့်ရလိုက်သည်။ နောက်တစ်နေ့တွင် ဦးညာဏ်သည် ဈေးချိုတိုက်တန်းမှပင် အရောင်းဆိုင်းနေသော ရောင်းမထွက်ဘဲရှိနေသော လေးငါးထောင်တန်ဖိုးရှိ သံလုံးများကို တစ်ထောင်နှင့်ရလိုက်ပါသည်။ ရေတန်အသင့်ကြာအသင့်ပါပေ။

ဦးညာဏ်သည် ထီးတော်ကို ထူးခြားဆန်းကြယ်စွာ ရှစ်မြှောင့်ပြုလုပ်လိုသည်။ ထီးလှူမည့်အလှူရှင်နှင့်အတူ မဟာမြတ်မုနိဘုရားကြီးသို့ ထီးဝယ်ရန်ထွက်ခဲ့ကြသည်။ ထီးအလှူရှင် ဦးသိန်းမောင်သည် 'ထီးတင်ရန်' ဟူသော အတိတ်ဖြင့် ထီတစ်စောင် (ငွေနှစ်ကျပ်) ဖြင့်ထိုးပါသည်။ ထီဆိုင်က လေးငါးစောင်ကျန်နေသေး၍ ၎င်းတို့ကိုပါထိုးပါဟု တိုက်တွန်းပါသည်။ ဦးသိန်းမောင်သည် ကျန်ရှိနေသော ထီလေး၊ ငါးစောင်ကိုပါ တစ်ဆက်တည်းထိုးလိုက်လေသည်။ ထီဖွင့်သည့်အခါ တစ်စောင်တည်းသော အတိတ်ရေးထားသည့် လက်မှတ်က ငွေတစ်သိန်းထီပေါက်ခဲ့ပေသည်။

စေတီတော်အတွက် အုတ်ဖုတ်ရန် အခက်အခဲဖြစ်နေသည်။ ဦးညာဏ်သည် ထင်းအတွက် ဆရာတော်၏ ကျောင်းဝင်းထဲက မန်ကျည်းပင်အိုကြီးကို ခုတ်လှဲရန် စိတ်ကူးထားလေသည်။ ဆရာတော်အား သစ်ပင်ခုတ်လှဲခွင့်ပြုရန် အကြိမ်ကြိမ်လျှောက်ထားသော်လည်း ခွင့်ပြုတော်မမူပါချေ။

သို့နှင့် တစ်ဖွတ်ထိုးသမားဖြစ်



သော ဦးညာဏ်သည် ဆရာတော် ခရီးသွားရမည့်ရက်ကိုချောင်းနေခဲ့သည်။ တစ်နေ့တွင် မြေငူရွာနှင့် နှစ်မိုင်လောက်ဝေးသည့် လက်ဆောင်ဖြူရွာသို့ ကထိန်ပွဲအတွက် ဆရာတော်ညအိပ်ကြွရန်ကိစ္စပေါ်လာသည်။ဆရာတော်သည် ညအိပ်ကြွရောက်တိုင်း အေးအေးဆေးဆေးမှ ပြန်ကြွလာလေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်း ညနေ (၅) နာရီ၊ (၆) နာရီလောက်မှ အစောဆုံးပြန်ကြွလာတတ်သည်။ ဤအကြောင်းကိုသိထားသော ဦးညာဏ်သည် အလုပ်သမားများကို နေ့လယ် (၁၂) နာရီခွဲအချိန် သစ်ပင်ခုတ်ရန် ချိန်းဆိုထားလိုက်သည်။ ဦးညာဏ်နှင့် အလုပ်သမားများ သစ်ပင်အနီးသို့ ရောက်သွားသောအခါ သစ်ပင်အောက်တွင် ဆရာတော်ရောက်နှင့်နေသည်ကို အံ့သြဖွယ်ရာ ဖူးတွေ့ကြရသည်။

ဆရာတော်က -

"ကိုညာဏ်၊ ဒီအပင်က ကျုပ်ပိုင်တဲ့အပင်မဟုတ်လို့ မခုတ်ချင်ပါနဲ့။ ဒါက သံဃိကပစ္စည်း၊ ကျုပ်က ပုဂ္ဂလိကအပင်တွေသာပိုင်တယ်"

ဟူ၍မိန့်တော်မူပြီး ကျောင်းပေါ်သို့ ကြွသွားလေတော့သည်။ဆရာတော်ကြီးသည် သစ်ပင်များခုတ်လှဲခြင်းကို ကြပ်တည်းစွာတားမြစ်တော်မူလေ့ရှိပါသည်။

ဆရာတော်၏သတ္တဝါများအပေါ်ထားရှိသည့် မေတ္တာစိတ်အဟုန်မှာ ရန်ဘက်အချင်းချင်းသင့်တင့်သည်အထိ အံ့သြဖွယ်ရှိကြောင်း ဒကာ၊ ဒကာမများ လက်တွေ့သိရှိခဲ့ကြရပါသည်။

ဆရာတော်ကျိန်းစက်ရာ သစ်သား ခေါင်းဒုံးလေး၏အောက်တွင် ရန်ဘက်ဖြစ်သည့် ဖားတစ်ကောင်နှင့် မြွေတစ်ကောင်တို့ အတူတကွနေထိုင်ကြသည်ကို နှစ်ကြိမ်တိုင်တိုင် တွေ့ရှိခဲ့ကြရသည်။

ဆရာတော်၏မေတ္တာကရုဏာမှာ အလွန်ကြီးမားတော်မူကြောင်း အံ့မှတ်တရ ပြောဆိုလေ့ရှိပါသည်။ ထိုအချက်ကို ကိုယ်ရေပြားရောဂါစွဲနေသော ကိုရင်တစ်ပါး၏ဖြစ်ရပ်က ယခုတိုင်ပြောစမှတ်ရှိနေကြပါသည်။

တစ်ခါတွင် ဆရာတော်ထံ တပည့်ခံဖူးသည့် ကိုရင်တစ်ပါးသည် လူထွက်ပြီးမှ ကိုယ်ရေပြားရောဂါစွဲကပ်လာခဲ့သည်။ သူ၏ဆွေမျိုးများက လက်မခံသဖြင့် ဆရာတော်ကိုယ်တိုင် ဆွမ်းခံကျွေးကာ ဇီဝိတဒါနပြုတော်မူခဲ့သည်။

ဆရာတော်သည် သီတင်းသုံးရာ ကျောင်းတိုက်နှင့်တကွပစ္စည်းများအပေါ် ကပ်ငြိတွယ်တာခြင်းမှ လည်းကောင်း လွတ်တော်မူပါသည်။ ဆရာတော့် ကျောင်းတွင် တရားတိုင်ခွေဖွင့်ရန် ကက်ဆက်တစ်လုံး တစ်နေ့တွင် ပျောက်ဆုံးသွားပါသည်။ ထိုကက်ဆက်ကို ကျောင်းဝင်းတစ်နေရာ၌ပြန်တွေ့သဖြင့် တွေ့သူက ဆရာတော်အား လက်ရောက်ပေးအပ်ရာ ဆရာတော်က လက်မခံပါ။ ကောက်ရသူက လှူပါသည်ဟု လှူဒါန်းမှသာ လက်ခံတော်မူခဲ့ပါသည်။

စေတီတော်မှာ ပြီးစီးသွားပြီဖြစ်၍ ထီးတင်ပွဲပင်ပြီးလေပြီ။ သို့သော် ဦးညာဏ်၏စိတ်ထဲတွင် စေတီတော်မှာအချိုးမကျလှဟု ထင်မြင်ယူဆမိသည်။ ထင်သည့်အတိုင်းလည်း ဆရာတော်ကြီးအား လျှောက်ထားပါသည်။

"ဆရာတော်၊ စေတီတော်က အချိုးမကျဘူး။ ပြန်ပြင်တည်ရင်ကောင်းမယ်ထင်တယ်။ ဖြိုပြီးပြန်ပြင်ပါ့မယ်"

ဟု လျှောက်ထားပါသည်။

ဆရာတော်က -

"မဖြိုပါနဲ့၊ သူ့ဘာသာသူ အဆင်ပြေသွားမှာပါ"

ဟု မိန့်တော်မူပါသည်။

ဦးညာဏ်က -

"အရှင်ဘုရား၊ စေတီကိုဖောင်းရစ်က ဖြိုချပြီး ပြန်တည်မှ အချိုးကျမှာပါ။ ဒါပေမယ့် ဆရာတော့်သဘောပဲလေ။ ဆရာတော့်ကျောင်းဝင်းထဲကစေတီပဲ"

ဟု ပြောပြီး မန္တလေးသို့ ပြန်ခဲ့သည်။

နောက်တစ်ရက်ခြားတွင် ရွာမှ



www.burmeseclassic.com

www.burmeseclassic.com

လူများ ဦးညာဏ်အိမ်သို့ရောက်လာပြီး မနေ့က လေပြင်းတိုက်သဖြင့် ထီးတော် ဖောင်းရစ်မှုပြိုကျသွားကြောင်း သတင်းပို့ကြသည်။ ဦးညာဏ်သည် ရွာသို့ပြန်လာပြီး စေတီတော်သို့ကြည့်ရာ သူဖြိုချချင်သည့်နေရာမှပြိုကျနေပြီး ထီးတော်မှာ တစ်လက်မခန့်အပိုင်းရှိသော ဝါးလုံးကလေးပေါ်တွင်တင်နေပြီး မြေခြင်းမရှိသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရသည်။ ဦးညာဏ်သည် စေတီတော်ကို ထပ်မံပြုပြင်ခွင့်ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရသည်။ စေတီတော်ကို 'မဟာကုသလစေတီတော်' ဟု ဘွဲ့မည်သမုတ်ကာ အောင်မြင်စွာ ပြန်လည်တည်ထားနိုင်ခဲ့ပေသည်။

**□ ဆရာတော်ကြီး၏တစ်နေ့တာမှတ်တမ်း**

ဆရာတော်ကြီး၏ တစ်နေ့တာမှတ်တမ်းမှာ လွန်စွာမှတ်သားဖွယ်ရာကောင်းလှပါသည်။ အချိန်ကို အကွက်စေ့အောင် အသုံးချ၍ တရားအားထုတ်ကာ ဘုရားအလုပ်လုပ်တော်မူကြောင်း တွေ့ရှိရပါသည်။ ဆရာတော်သည် နေ့စဉ် အချိန်မှန်မှန်ပင် နေ့လယ် (၁) နာရီအချိန်တွင် ရေချိုးတော်မူလေ့ရှိပါသည်။ ထို့နောက် နေ့လယ် (၂)နာရီအချိန်တွင် ကျောင်းဝင်းအတွင်းရှိ သစ်ပင်များအား ကိုယ်တော်တိုင် ရေခပ်လောင်းလေ့ရှိပါသည်။ ရေလောင်းပြီးသည်နှင့် ဆရာတော်ထိုင်နေကျနေရာတွင် ညနေ (၄) နာရီခန့်အထိထိုင်၍ တရားရှုမှတ်ခြင်း၊ စာမှတ်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ညနေ (၄) နာရီကျော်လျှင် ကြိမ်တုတ်သေးသေးကိုင်ပြီး တောထဲသို့ထွက်သွားလေ့ရှိသည်။ ညနေ (၆) နာရီခန့်ကျမှ ကျောင်းသို့ ပြန်ကြွလာတတ်သည်။

ကျောင်းသို့ပြန်ရောက်ပြီးနောက် ဘုရားရှင်အား ဆီမီးနှင့်ရေချမ်းကပ်လှူပူဇော်ပြီး ညနေစောင်းတွင် တောထဲသို့ နောက်တစ်ကြိမ် ပြန်ကြွသွားပြန်သည်။ အကြောင်းရင်းကိုကား မသိကြပါ။ ည(၉)နာရီအချိန်တွင် ကျောင်းသို့ပြန်ကြွလာလေ့ရှိသည်။ (၁၀) နာရီကျော်မှ ခေတ္တလဲလျောင်းတော်မူလေ့ရှိပါသည်။ မည်သည့်အခါမျှ နှစ်နှစ်ခြိုက်ခြိုက်ကျိန်းစက်လေ့မရှိပါ။

ဦးညာဏ်သည် စေတီတည်စဉ်က ဆရာတော်ကျောင်းတွင် ဆရာတော်နှင့် အနီးကပ် လေးလကျော်မျှ အဟုတ္တုနေခဲ့ဖူးသည်။ ထိုစဉ်က ဦးညာဏ်၏စိတ်ထဲတွင် ဆရာတော်ကိုရိုးသည်၊ အေးသည်ဟူ၍ သာမန်မျှသာအကဲခတ်ထင်မှတ်ခဲ့သည်။ ဆရာတော်ကြီး၏မေတ္တာတော်၊ တန်ခိုးအာနုဘော်ကိုရိပ်မိလောက်သော အချက်တစ်ခုမှာ ဘုရားဒကာကြီး ဦးညာဏ်၏ ဇနီးဖြစ်သူ ဆီးချိုရောဂါ ပျောက်ကင်းသည့်ကိစ္စတွင် ရိပ်မိနိုင်ပါသည်။

တစ်ခါတွင် ဆရာတော်က ဦးညာဏ်အား ဘုရားစေတီတည်ရာတွင် စိတ်ထားတတ်က ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုက်ရောက်နိုင်ကြောင်း ဟောကြားခဲ့သည်။

ထိုအခါ ဦးညာဏ်က -

"တပည့်တော်တော့ ဘာမှမလိုချင်ပါဘူး။ တပည့်တော်မိန်းမ ဆီးချိုရောဂါပျောက်ရင်တော်ပါပြီ"

ဟု အမှတ်တမဲ့လျှောက်ထားလိုက်မိသည်။ ဦးညာဏ်၏ဇနီး ဒေါ်ခင်စန်းအုန်းမှာ ဆီးချိုရောဂါဖြစ်နေသည်မှာ (၁၁) နှစ်ရှိပေပြီ။ မည်သည့်ဆေးနှင့်မျှ မပျောက်ခဲ့ပါပေ။ ယခုအခါ ဘုရားတည်ပြီး၍ ပွဲတော်များပင်ပြုလုပ်နေပါပြီ။ ဒေါ်ခင်စန်းအုန်းလည်း ဆီးချိုရောဂါပျောက်ကင်းသွားပြီဖြစ်၍ တရားကို ကောင်းစွာ ရှုမှတ်အားထုတ်နိုင်ခဲ့ပါပြီ။

တစ်ခါသော် ဆရာတော်သည် ဆီးလမ်းကြောင်းပိတ်ရောဂါကို အပြင်းအထန်ခံစားနေရသည်။ ဒကာများကို အသိမပေး။ မနေနိုင်သောဒကာများက ဆရာတော့်ကို မန္တလေးရှိဆေးရုံကြီးတွင် တက်ရောက်ကုသစေပြီး ဦးညာဏ်ထံ အကြောင်းကြားလိုက်သည်။ ကျင်ချောင်း၌ ပိုက်သွင်းခံရသည့်ဝေဒနာမှာ သာမန်ပုဂ္ဂိုလ်ဆိုလျှင် 'အမလေး၊ အဘလေး' တယူရလောက်အောင် နာကျင်လှပါသည်။ တော်ရုံပုဂ္ဂိုလ်မဆိုထားနှင့်၊ သတ္တိခဲများပင် မျက်ရည်တောက်တောက်ကျအောင် ခံစားကြရသည်။ ဆရာတော်ကား ပိုက်သွင်းခံရာတွင် အော်ဖို့၊ မျက်ရည်ကျဖို့မဆိုထားနှင့် တုတ်တုတ်မျှပင် လှုပ်တော်မမူခဲ့ပါ။

မန္တလေးဆေးရုံကြီး သံဃာဆောင်တွင် တက်ရောက် ကုသနေစဉ် ဆရာတော်သည် ပြင်းထန်သည့်ဝေဒနာခံစားနေရသည့်ကြားမှ ဘုရားရှင်၏ အလိုတော်ကျ အထူးကျင့်ကြံအားထုတ်နေထိုင်ရာ အနီးအနားမှ သံဃာတော်များက -

"အရှင်ဘုရား၊ ရဟန်းကိစ္စပြီးပါပြီလား ဘုရား"

ဟူ၍ လျှောက်ထားကြသည်။

ဆရာတော်က -

"တပည့်တော်၊ ဘုရားဝိနည်းဒေသနာတော်အတိုင်းကျင့်ကြံအားထုတ်ပါသည်"

ဟုသာ ဖြေကြားတော်မူခဲ့ပေသည်။

၁၅-၁၀-၈၂၊ ညနေ (၃)နာရီတွင် ဆရာတော့်အခြေအနေမှာ အတော်ဆိုးနေပေပြီ။ ဦးညာဏ်အား ဆေးရုံသို့လိုက်ခဲ့မှုဖြစ်မည်။ သွေးပေါင်ချိန်တက်လိုက်ကျလိုက်နှင့် ငါးမိနစ်တစ်ခါ သွေးပေါင်ချိန်နေရပြီဆိုကာ ဦးညာဏ်ကိုလာခေါ်ကြသည်။ ဦးညာဏ်လည်း ကမန်းကတန်းလိုက်သွားသည်။ ဆေးရုံသို့ရောက်သော်ခုတင်ပေါ်၌ ဆရာတော့်ကိုတည်ငြိမ်စွာဖူးတွေ့ရသည်။

ဦးညာဏ်က -

"အရှင်ဘုရား၊ နေ့ထိုင်ကောင်းရဲ့လား"

ဟု လျှောက်ထားသောအခါ -

"ကောင်းပါတယ်"

ဟုသာ ဖြေကြားတော်မူခဲ့သည်။

၂၁-၁၀-၈၂ ရက်နေ့တွင်လည်း ထိုနည်းအတိုင်းပင်။

"ဒီတစ်ခါ လုံးဝမရတော့ဘူး။ ပျံလွန်တော်မူတော့မယ်ထင်တယ်"

စသည်ဖြင့်လာခေါ်သောကြောင့် ဦးညာဏ် ဆေးရုံသို့လိုက်သွားရာ ဆရာတော့်ကို ယခင်ကလိုပင် တည်ငြိမ်စွာ ဖူးတွေ့ခဲ့ရပြန်သည်။

မန္တလေးဆေးရုံကြီးမှ စစ္စတာ ဒေါ်တင်လှသည် တရားလေ့လာလိုက်စားထားသူဖြစ်ရာ ဆရာတော်ကြီး၏ တရားအဆင့်ကို မှန်းဆနိုင်သူဖြစ်သည်။ သူမသည် ဆရာတော်အား ဖယောင်းတိုင်၊ ဆပ်ပြာ စသည့် လှူဖွယ်ဝတ္ထုများဆက်ကပ်ကာ -

"ဘုရားတပည့်တော်မသည် ဤကောင်းမှုပြုရသည့် ကုသိုလ်ကံကြောင့် ယခုဘဝ၌ပင် အရှင်ဘုရားရရှိအပ်သော တရားထူး၊ တရားမြတ်များကို ရပါလို၏"

ဟု ဆုတောင်းပါသည်။ ထိုမျှမက ဆုတောင်းစာကိုပင် ဆက်ကပ်ပါသည်။ ထိုအချိန်မှစ၍ ဆရာတော်ကြီးဂုဏ်သတင်းမှာ ဆေးရုံကြီးတွင် ပျံ့နှံ့သွားပါသည်။

တစ်နေ့သောအခါ ညောင်ဦးမြို့မှ ဆရာဝန်ဇနီးမောင်နှံရောက်ရှိလာသည်။ ဇနီး ဒေါက်တာဒေါ်ခင်ဆွေတင့်မှာ မီးမဖွားနိုင်သဖြင့် ခွဲစိတ်ကုသမှုခံရ



www.burmeseclassic.com

www.burmeseclassic.com

ည်ဖြစ်သည်။ ဤအကြောင်းကို ဆရာမကြီးသိသွားသောအခါ ဆရာတော်ထံ ပရိတ်ရေတောင်းရန် လွှတ်လိုက်ပါသည်။ ဆရာတော်လည်း မငြင်းဆန်သာသဖြင့် အင်္ဂုလိမာလသုတ်တော်ရွတ်ဆို၍ ရေပရိတ်ရေပေးလိုက်သည်။ မီးမဖွားနိုင်သော ဆရာဝန်မမှာ မကြာမီပင် ချောမောစွာ မီးဖွားနိုင်ခဲ့ပေသည်။

၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့တွင် ဆရာတော်ခါးနာနေကြောင်းကြားသိရ၍ ဦးညာဏ်လိုက်သွားလေသည်။ ကျောင်းသို့ရောက်သောအခါ ဆရာတော်ခါးအနည်းငယ်နာနေကြောင်းတွေ့ရ၏။ ထို့ကြောင့် နောက်ဆုံးနှစ် ဆေးကျောင်းသား ကိုကျော်ငွေအား ဆေးတစ်လုံးထိုးခိုင်းထားသည်။ ၁၃၄၅ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ (၁၃-၁၀-၈၃) နေ့တွင် အဝေးသို့ရောက်ရှိနေသည့် တပည့်ဖြစ်သူ ဦးပဠင်းလည်း ရောက်ရှိလာသည်။ ဆရာတော်၏ တပည့်အားလုံးက ဆရာတော်အား မန္တလေးဆေးရုံကြီး၌ ခေတ္တမျှဖြစ်စေ ဝေဒနာပြသရန်အတွက် ကြွရောက်စေလိုကြသည်။ ဆရာတော်ကြီးကမူ ခါးခါးသီးသီး ငြင်းဆန်လျက်ရှိသည်။ တပည့် ဦးပဠင်းက တောင်းပန်တိုးလျှိုးသည့်အခါ -

"လဆန်း ၁၀ ရက်နေ့ဆိုရင် လွတ်ပါပြီ။ အဲဒီကကျော်မှလိုက်မည်"

ဟု မိန့်တော်မူပါသည်။

မည်သည့်အဓိပ္ပာယ်နှင့်မိန့်တော်မူကြောင်း မည်သူမျှမသိကြပါပေ။ လဆန်း ၁၃ ရက်နေ့ နေ့လယ်တွင် ဆရာတော်က ဦးသန်းမောင်အား -

"ကိုသန်းမောင်၊ ကျုပ်သေတော့မယ်"

ဟု အမိန့်ရှိရာ -

"ဟာ - ဆရာတော်ကလည်း လုပ်ရော့မယ်။ အကောင်းသားကြီးနဲ့ ဆရာတော့်ကို ပုဆိန်နဲ့ခုတ်တောင်သေမှာမဟုတ်ဘူး"

ဟု ပြန်လည် လျှောက်ထားခဲ့ပါသည်။

ဆရာတော်သည် ဦးသန်းမောင်အား ကျောင်းပေါ်သို့ခေါ်သွားပြီး -

"ကိုသန်းမောင်၊ ခင်ဗျားမှာ ပိုက်ဆံရှိလည်း ဝမ်းမသာနဲ့။ မရှိလည်း ဝမ်းမနည်းနဲ့။ အခြွေအရံနည်းလည်း ဝမ်းမနည်းနဲ့။ များလည်း ဝမ်းမသာနဲ့။ တရားအားထုတ်တဲ့နေရာမှာ လည်နေသော စကြာကိုရပ်အောင်လုပ်စရာမလိုသလို ရပ်နေသောစကြာကိုလည်းလည်အောင်လုပ်စရာမလိုဘူး။ အဲဒီလို အားထုတ်ရမယ်"

ဟု တရားဟောပါသည်။

ဦးသန်းမောင်ခမျာ ထိုစကား၏ အတိမ်အနက်ကိုသော် လည်းကောင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုသော်လည်းကောင်း နားလည်နိုင်စွမ်းမရှိပါပေ။ နားမလည်သော်လည်း ဆရာတော်အား မည်သို့မျှ ပြန်လည်လျှောက်ထားခြင်းမရှိခဲ့သဖြင့် နောင်မှ နောင်တရမဆုံးဖြစ်ခဲ့ရလေသည်။

လဆန်း ၁၄ ရက်နေ့တွင် ဆရာတော်သည် နေ့စဉ်ပြုနေကျဝတ်များပြုတော်မမူဘဲ နံနက် (၆) နာရီအထိ ကျိန်းစက်တော်မူနေပါသည်။ ထို့ကြောင့် ကိုရင်နှစ်ပါး ရွာထဲရှိ ဦးညာဏ်အားခေါ်ရန် ရောက်လာကြသည်။ ဦးညာဏ်သည် ကိုကျော်ငွေ (နောက်ဆုံးနှစ်ဆေးကျောင်းသား) ကို ဆေးအိတ်ယူခိုင်းပြီး ကျောင်းသို့လိုက်လာခဲ့ကြသည်။ ဆရာတော်ကား ကျိန်းစက်နေကျနေရာတွင် စောင်းလျက်အနေအထားဖြင့် ရှိနေပါသည်။ အသက်ပုံမှန်ရှူနေသော်လည်း နှုတ်မှ မည်သို့မျှမိန့်တော်မူခြင်းမရှိပါ။ ကိုကျော်ငွေအား စမ်းသပ်ခိုင်းရာ ဘာရောဂါမှမတွေ့ကြောင်း ပြောပါသည်။

ဦးညာဏ်က -

"ဦးနှောက်သွေးကြောပြတ်တာနေမှာပါ"

ဟု ဆိုပြီး ဆေးတစ်လုံးထိုးစေပါသည်။

ထိုအခါ ဦးညာဏ်နှင့်ညီအစ်ကိုဝမ်းကွဲတော်ပြီး တရားစခန်းနေသူ ဦးအောင်တင့်က -



"ကိုညာဏ်၊ ဆရာတော့်ကို အနှောင့်အယှက်မပြုပါနဲ့။ ဆေးမထိုးပါနဲ့။ ဒီခု ဆရာတော် မဂ်ဆိုက်နေတာ"

ဟု ဆိုပါသည်။

ဦးညာဏ်က-

"ဘာမဂ်လဲ နားမလည်ဘူး။ ထိုးသာထိုး"

ဟု ဆိုပြီး ဆေးထိုးစေပါသည်။ ဆေးထိုးပြီးနောက် ကိုကျော်ငွေအား မန္တလေးဆေးရုံကြီးမှ အထူးကုဆရာဝန်၊ ဆရာမများအနက် တွေ့ရာ၊ အားရာလူကိုခေါ်ခဲ့ရန် စေလွှတ်လိုက်ပါသည်။ ည (၇)နာရီ၊ (၃၀) မိနစ်အချိန်တွင် ဆရာတော် အသက်ရှူရပ်သွားပါသည်။

ထူးဆန်းသည်မှာ အသက်ရှူရပ်သွားလျှင်သွားချင်း ဆရာတော်ကြီး၏ ရုပ်ခန္ဓာတစ်ခုလုံး အဝါရောင်သို့ပြောင်းသွားပါသည်။ သွေးဆုတ်သွားသကဲ့သို့ ပြောင်းသွားသည်ကို အနီးရှိလူများအားလုံး အံ့သြစွာ ဖူးတွေ့ကြရပါသည်။ ည (၈)နာရီတွင် ဗိုက်ခွဲကြရာ လတ်လတ်ဆတ်ဆတ်ဗိုက်ခွဲထားပါလျက် သွေးလုံးဝမထွက်ခြင်း၊ ညှီနံ့လုံးဝမရှိခြင်းတို့ကြောင့် အံ့သြထူးဆန်းမှုနှင့် ကြုံတွေ့ကြရပြန်သည်။ ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချသောနေ့သည် ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (အေဒီ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်) ဖြစ်ပြီး သက်တော်မှာ (၆၈) နှစ်ရှိပါသည်။

နောက်တစ်နေ့ မွန်းလွဲ (၁၂)နာရီအချိန် ဆရာတော်ကြီး၏ ဈာပနကိစ္စ တိုင်ပင်ဆွေးနွေးနေကြစဉ် ကျောင်းဝင်းတစ်ခုထဲကိုသာကွက်၍ လျှပ်စီးလျှပ်ခဲ့ပါသည်။ ဆရာတော်ကြီးသည် ဝိနည်းတော်အရ မြိုးမြိုစွာနေထိုင်၍ ကျင့်ကြံအားထုတ်တော်မူသွားခဲ့သည်။ ဆရာတော်ကြီး ကျင့်ကြံအားထုတ်ပွားများပုံများမှာ လျှို့ဝှက်သိပ်သည်းလွန်းသဖြင့် မည်ကဲ့သို့ကျင့်ကြံအားထုတ်သွားသည်၊ မည်သည့်နေရာ၌ တရားထူးရရှိသွားသည် စသည်တို့ကိုသိရှိရန် ခက်ခဲလှပါသည်။ မှန်းဆ၍ ထင်ကြေးပေးရုံသာရှိပါသည်။

စာရေးသူနှင့် ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်တို့သည် စစ်ကိုင်းတောင်ရိုးရှိ ဆရာတော်ရွှေကိုင်းသားထံသို့ သီတင်းကျွတ်လပြည့်နေ့တွင် ရောက်ရှိနေကြပါသည်။

ဆရာတော် ရွှေကိုင်းသား မိန့်တော်မူသည်တို့မှာ -

"မြေငူဆရာတော်ဘုရားကြီးက



www.burmeseclassic.com

www.burmeseclassic.com

အင်မတန်အေးပါတယ်။ စကားလည်း သိပ်မပြောဘူး။ သူ့ဆီကို ဧည့်သည်များ လာရင် ဩော် - လာကြသလား။ ဒါလောက်ပဲမေးလေ့ရှိတယ်။ ပြန်ပြီဆိုရင်လည်း ဩော် - ပြန်ကြပြန်ပြီလား ဒါလောက်ပါပဲ။ စကားနည်းတော်မူတယ်။ မြေငူဆရာတော်ကြီးရဲ့တပည့်ရင်းက ဦးဉာဏ်တဲ့။ ဒီလူက သာသနာကို သိပ်ပြီးမကြည်ညိုဘူး။ ရတနာသုံးပါးကို မယုံကြည်ဘူး။ အဲဒီဆရာတော်ကြီး ဦးကုသလကို အစ်ကိုလိုသာခင်တာပါ။ လပြည့်ကျော် (၅) ရက်နေ့ကျရင် မီးသင်္ဂြိုဟ်လိမ့်မယ်"

ဆရာတော် ရွှေကိုင်းသား၏ မိန့်ကြားချက်အရ အဖေနှင့်ကျွန်တော်သည် ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန်ကျောင်းချပွဲသို့ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့သားအဖသည် စစ်ကိုင်းတံတားနားက ခံတပ်ကနေပြီးတော့ မြစ်ဆိပ်အတိုင်း အောက်သို့သွားရပါသည်။ ထိုသို့သွားရင်း မြေငူရွာကိုရောက်ရှိပြီး သရက်တောကျောင်းတိုက်ကို ရောက်ရှိပါသည်။ နိဗ္ဗာန်ကျောင်းချပွဲ ပြုလုပ်မည့်ကွင်းပြင်တွင် လူများသောင်းချီ၍ရှိနေ ပေသည်။

သီတင်းကျွတ်လပြည့်ကျော်ငါးရက်နေ့တွင် နိဗ္ဗာန်ကျောင်းချပွဲပြုလုပ်ပါသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သင်္ဂြိုဟ်မည့်နေ့က နေချစ်ချစ်တောက်ပူနေပါသည်။ မီးသင်္ဂြိုဟ်သည့်အချိန်ရောက်သည်နှင့် ရုတ်တရက်မိုးရွာချပါတော့သည်။ မိုးရွာနေသည့်ကြားမှပင် မီးလုံးဝငြိမ်းသွားခြင်းမရှိဘဲ အရှိန်ပြင်းစွာတောက်လောင်နေပါသည်။ မီးခိုးများမှာ တန်းပြီးထွက်ရမည့်အစား အကွင်းလိုက်ပေါ်ထွက်နေပြီး တစ်ခေါ်သာသာရှိသော ရွာတွင်းရောက်သည်အထိ ဝင်ရောက်သွားရာ ရွာနီးရှိသူများ အားလုံး အံ့ဩခဲ့ရပေသည်။

ဒကာရင်း ဦးဉာဏ် ပြန်မရောက်သေးသဖြင့် လည်းကောင်း၊ ကျောင်းအပ်ခံရသည့် ဦးဝဏ္ဏိတနှင့် တပည့်ရဟန်းများ အဝေးတွင်ရောက်ရှိနေသေးသဖြင့် လည်းကောင်း ဆရာတော်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်သေးဘဲ စောင့်ဆိုင်းလိုကြ၏။ သို့သော် မည်သည့်အနံ့အသက်မျှမရှိသည့် ရုပ်ကလာပ်အနီးတွင် ယင်မဲရှိင်းများ ကျောင်းလုံးပြည့်မျှ အုပ်နှင့်ချီ၍ဝိုင်းအုံနေကြသဖြင့် မီးသင်္ဂြိုဟ်ရန် အမြန်စီစဉ်ခဲ့ကြခြင်း ဖြစ်လေသည်။ မီးသင်္ဂြိုဟ်သည့်အချိန်အထိ



ရုပ်အလောင်းမှာ တောင့်တင်းခြင်းမရှိဘဲ ပျော့ပျောင်း၍ လူကောင်းပကတိကဲ့သို့ ရှိနေသည်။

ကျောင်းဝင်းအတွင်းရှိ သီးပင်၊ ပွင့်ပင်များအားလုံးလိုလို ထူးဆန်းစွာ သီးပွင့်နေပါသည်။ ဆရာတော်ကြီး စကြံလျှောက်ခဲ့သည့်လမ်းထိပ်က သရဖီပင်မှာ ရာသီချိန်မဟုတ်ဘဲ ခန္ဓာဝန်ချသည့် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် တစ်ပင်လုံးဝေနေအောင်ပွင့်နေကြသည်။ ကျောင်းဝင်းနားက သပြေပင်မှ သပြေသီးများမှာ အစေ့လုံးဝရှာမရအောင် ပျောက်သွားပြီး အသားတွေပြည့်နေသည်ကို အံ့ဩဖွယ်ရာတွေ့ရှိရသည်။ သရက်ပင်မှာ ပင်စည်မှကပ်သီးပြီး အသီးကြီးရှစ်လုံးတစ်ခိုင်၊ သုံးလုံးတစ်ခိုင် ထွက်၍သီးပြသည်။ ပိန္နဲပင်မှာ ကိုင်းဖျားတွေညွတ်နေအောင်သီးနေ၏။ ကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်ကြီး ထီးထီးရှိရာ ဆရာတော် ခန္ဓာဝန်ချပြီးနောက် ၎င်းအပင်ကြီးအောက်မှညောင်ပင်ကလေးများ ထောင်နှင့်ချီ၍ပေါက်လာကြလေသည်။

သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင် မန္တလေးမှ ဒကာရင်း ဦးဉာဏ်နှင့် ကျောင်းအပ်ခံရသည့် ဦးဝဏ္ဏိတတို့ ရောက်ရှိလာကြသည်။ တစ်နေ့လုံး အန္တိမဈာပနကိစ္စအတွက် တိုင်ပင်နေကြသဖြင့် မီးသင်္ဂြိုဟ်သည့်နေရာသို့ ညနေစောင်းမှပင် သွားကြည့်ဖြစ်ကြသည်။ ဤတွင် မီးသင်္ဂြိုဟ်ရာနေရာမှ (၁၀) ပေ ပတ်လည်ခန့်ရှိပြာများပေါ်၌ ဓာတ်တော်များကို တွေ့မြင်ကြရသည်။

အစပထမ ဓာတ်တော်မှန်း မသိကြပါ။ ကျောင်းပေါ်ရှိ ဆရာတော်များအား သွားရောက်ပင့်ဆောင်ပြီးပြသကြတော့မှ ဓာတ်တော်များဖြစ်ကြောင်း သိရှိရတော့သည်။ ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ကောက်ယူကြရာ သုံးပြည်ကျော် လေးပြည်ခန့်ရှိပါသည်။ ဦးဉာဏ်မှာ လက်တွေ့သမားဖြစ်၍ ဓာတ်တော်များကို ဆိတ်ချိုတူဖြင့်ထုကြည့်ခြင်း၊ နိုက်တြစ်အက်စစ်ဖြင့် စားကြည့်ခြင်း စသည်ဖြင့် အမျိုးမျိုးစမ်းသပ်ကြည့်ပါသည်။ ဓာတ်တော်များမှာ မည်သို့မျှမဖြစ်။ ပကတိအတိုင်းတည်ရှိနေသည်ကိုတွေ့ရှိရတော့မှ' လုံးဝယုံကြည်သွားတော့သည်။

ဦးဉာဏ်မှ -

"ဩော် - ငါ့ကိုကျွတ်စေချင်လို့ ငါ့အတွက် အဓိဋ္ဌာန်ချက်ဖြင့် ဓာတ်တော်တွေချန်ထားရစ်ခဲ့တာဖြစ်မှာပဲ"

ဆိုပြီး နောင်တတွေရ၊ မာန်မာနတွေကျပြီး အကျွတ်တရားရသွားပါလေသည်။

ယခုအခါ မြေငူရွာ သရက်တောတောရကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုသလ၏ ဓာတ်တော်အချို့ကို မိုးကုတ်ဦးမေ့သာရပင့်ဆောင်သွားသဖြင့် အမေရိကန်ပြည် လော့(စ်)အိန်ဂျယ်လိ(စ်) မြို့၌ လည်းကောင်း၊ တောင်ကိုရီးယားရဟန်းတော်များ ပင့်ဆောင့်သွားသဖြင့် တောင်ကိုရီးယားနိုင်ငံ အိအောမြို့၌ လည်းကောင်း ရောက်ရှိ အပူဇော်ခံလျက်ရှိနေပါသတည်း။

ဤဆောင်းပါးဖြင့် မြေငူသရက်တောကျောင်းဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး** -

၁။ ၁၉၉၀ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လထုတ်မြတ်မင်္ဂလာစာစောင် (ဆရာ မင်းယုဝေ တည်းဖြတ်ထုတ်ဝေသည်။)

၂။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ)။ (ဆရာမောင်ပန်းမွှေး ပြုစုသည်။)

၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်ပြုစုသည်)၊ (တိုးတက်စီစဉ်၍ ရန်ကုန်အောင် စာပေမှ ထုတ်ဝေသည်။)




www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ်ရေးထိုးကျောက်စာများ အကြောင်းလေ့လာသည့်အခါ မွေတ္တာပို့ ဆုတောင်းကျောက်စာတို့အပြင် ကျိန်စာ တိုက်ကျောက်စာများလည်းရှိခဲ့ကြောင်း သိရသည်။ ယခု စာရေးသူ ရေးသား တင်ပြမည်မှာ ကျိန်စာတိုက်ကျောက်စာ တို့အနက် အင်မတန် ပြင်းထန်ပြီး အင်မတန် ကြောက်မက်ဖွယ်ကောင်း သည့် ကျောက်စာအချို့တို့အကြောင်း ဝင် ဖြစ်သည်။

# ကျိန်စာရေးထိုးခဲ့သော ပုဂံခေတ်ကျောက်စာများ

ရေနီမြေလွှမ်းစု



မှတ်ချက် ။ ။ အောက်တွင် ဖော်ပြမည့် ကျောက်စာများသည် မူရင်း ကျောက်စာမဟုတ်ဘဲ ဘာသာပြန်ထား သော အကြောင်းအရာ ဖြစ်သည်။

□ စောမင်းလတ်ကျောက်စာ □

စောမင်းလတ်ကျောက်စာသည် မြန်မာနှစ် ၅၉၃ ပြည့်နှစ်တွင် ရေးထိုး ခဲ့ခြင်း ဖြစ်သည်။ ထိုကျောက်စာသည် ကြောက်မက်ဖွယ်ကောင်းသလို ထူးခြား မှုလည်းရှိပေသည်။

*အလှူကိုလုယက်ဖျက်ဆီးသောသူ ကား ဤလူ့လတ်ထက်လည်း အမြစ် ရှစ်ပါးကျရောက်စေသတည်း။ ခန္ဓာ ပျက်၍သော်လည်း သိဠိုးငရဲ ကာလ သုတ်ငရဲ တာပနငရဲ ပတာပနငရဲ (မဟာတာပနငရဲဟု ဆိုလိုခြင်းဖြစ် သည်)၊ သင်္ဃာတငရဲ ရောရုဝငရဲ မဟာရောရုဝငရဲ အဝီစိငရဲ ဤသို့ သောငရဲတို့၌ ဇေဝဇတ်ခံ၏။ ဇေဝ ဇတ်ခံသောထက် အဆအရာ၊ အဆ အထောင်၊ အဆအသောင်း၊ အဆ အသိန်း၊ တပြောင်းပြန် ပြန်ခံစေ သတည်း။ ငါ့မြေကို စားသော ယောကျာ်း လည်းကောင်း၊ မိန်းမ လည်းကောင်း သေခဲ့သော် အထု လည်း အရက်ခြောက်ဆယ်သွား သော ကျောက်ဖျာကြီးတွင်ခါး၍နှစ် လျက် ရေလည်းမရ၊ အစာလည်းမရ၊ လျှာငါးလံထွက်လျက်ခံစေသတည်း။*

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ကျိန်စာကိုကြည့်ပါက ရပ်ပြစ်ရှစ်ပါးနှင့်လည်း ခြောက်လှန့်သည်။ ငရဲကြီးရှစ်ထပ်တွင်ခံစားနေရသော ရှင်ဒေဝဒတ်ထက်လည်း အဆပေါင်းရာ၊ ထောင်၊ သောင်း၊ သိန်းမက ခံကြရစေကြောင်းဖြင့်လည်း ခြောက်လှန့်သည်။ ရက်ပေါင်းခြောက်ဆယ်သွားရသော ကျောက်ဖျာထုတွင်ခါးနစ်လျက် အစာငတ်ရေငတ်ဖြစ်ကာ လျှာငါးလံထွက်၍ သေကျေစေကြောင်းဖြင့်လည်း ခြောက်လှန့်သည်။ အင်မတန်ကြောက်မက်ဖွယ်ကောင်းသောကျိန်စာပါပေ။

## ◻ မဟာသမန်းကျောက်စာ ◻

မြန်မာနှစ် ၆၂၁ ခုနှစ်တွင် ဥဇနာမင်းကြီး၏ဦးရီးတော် အမတ်ကြီး မဟာသမန်း ဦးဆောင်လျက် မင်းသား၊ မင်းသမီးတို့က လယ်ကျွန်အလှူကြီးပြုလုပ်ခဲ့ကြသည်။ ထိုသို့ ပြုလုပ်ပြီးနောက် ကျောက်စာတွင် အောက်ပါကဲ့သို့ ကျိန်စာရေးထိုးခဲ့ကြသည်။

*ကျွန်တစ်ယောက် လယ်တစ်ပယ်သောကိုတည်း ငါ့ဆွေတွင်ကျင်လည်းကောင်း၊ ငါ့သခင်မင်း၏ အဆွေတွင်ကျင် လည်းကောင်း၊ ပြင်သူ လည်းကောင်း၊ ရဟန်း လည်းကောင်း၊ လူလည်းကောင်း၊ မိန်းမလည်းကောင်း၊ ယောကျ်ား လည်းကောင်း၊ လုစားတတ်သော နိုင်ထက်မူ ယတ်သောသူကား လူတွင် ဘုန်းမကြီးစေ၊ အသက်မရှည်စေသတည်း။ "မင်းကြီးဘေးဘယာဒဏ်ကြီးသင့်စေသတည်း။ မီးဘေး၊ ရေဘေး၊ မိုးကြိုး၊ ပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ သစ်-ကျား-လဝံဘေး၊ သမားကု၍မတတ်ရာသော အနာဘေးကြီးစွာစွာလျှင် သင့်၍ ဖတ္တလတ်သေစေသတည်း။ သွေးခဲအန်၍ သေစေသတည်း။ ကြမ္မာအားလူဖြစ်ငြားတုံသော်လည်း နူသော-ဝဲသော၊ကီသော-ကန်းသော၊ နားပင်းသော၊ အသောရှူးလော၊ တုံလှီသော၊ မြွက်လက်တိုသော၊ နားနှာခေါင်းတိုသော၊ ပုဆိုးခြမ်း၊ လည်လျှင်လျောင်း၍ဖုန်းစားသော်လည်း မစားရတတ်သော၊ လူတွင်သူမခံသော၊ ကြမ္မာခံသော၊ လူပြိတ္တာလျှင်ဖြစ်စေသတည်း။ မြေကြီးကမ္ဘာကား အထက်၊ အယင်းလုစားသောသူကားအောက် ဖြစ်စေသတည်း"*

[ဖော်ပြပါ ကျိန်စာ၏ ဆိုလိုရင်းကား -

ငါ့အမျိုးဆွေတို့သည် လည်းကောင်း၊ ငါ၏သခင် ဘုရင်၏ အမျိုးအဆွေတို့သည် လည်းကောင်း၊ လူ-ရဟန်း-ယောကျ်ား-မိန်းမ ဟူသမျှတို့သည် လည်းကောင်း၊ လယ်ကျွန်အလှူအား လုယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းပြုမူပါက ဘုန်းမကြီးပါစေနှင့်။ မသက်မရှည်ပါစေနှင့်။ မင်းပြစ်မင်းဒဏ်သင့်ကြစေသတည်း။ မီးဘေး၊ ရေဘေး၊ မိုးကြိုးဘေးသင့်စေသတည်း။ ကျားဘေး၊ ဆင်ဘေး၊ ဝံဘေး၊ မြွေဘေးသင့်စေသတည်း။ ဆေးကု၍ မရသော အနာဘေးဖြစ်စေသတည်း။ သွေးခဲအန်၍ သေစေသတည်း။ သေသည့်အခါ အဝီစိငရဲကျစေသတည်း။ ဘုရားအဆူဆူမဖူးရစေသတည်း။ ကံကြမ္မာအလျောက် လူဖြစ်ငြားက နူဝဲသော၊ ကျိုးကန်းသား၊ ခြေလက်တိုသော၊ နားနှာခေါင်းတိုသော၊ ရှူးသော၊ နားပင်းသောသူဖြစ်စေသတည်း။ ပုဆိုးလည်သိုင်းကာ တောင်းရမ်းသူဖြစ်သော်လည်း တောင်းရမ်း၍မရသော၊ မစားရသောသူဖြစ်စေသတည်း။ လုယူစားသောက်သူတို့ကား ကမ္ဘာမြေကြီးအောက်ရောက်စေသတည်း-ဟူ၏။ စကားချုပ်]

## ◻ သင်ငနှစ်လိုသင်ကျောက်စာ ◻

သင်ငှနှစ်လိုသင်သည် မြန်မာနှစ် ၅၆၈ ခုနှစ်နှင့် ၅၆၉ ခုနှစ်တို့တွင် ကျွန်များလှူ၍ ကျောက်စာရေးထိုးခဲ့သည်။ ထိုသို့ရေးထိုးရာ၌ ပထမအကြိမ်တွင် ကျောက်စာမျက်နှာဘက်တွင်လည်းကောင်း ၊ ဒုတိယအကြိမ်ရေးထိုးရာတွင် ကျောက်စာကျောဘက်၌လည်းကောင်း ရေးထိုးခဲ့ခြင်း ဖြစ်၏။

ရေးထိုးသည့် ကျောက်စာကား မူမကွဲတစ်ပုံစံတည်းဖြစ်ပြီး ဦးစွာအလှူရှင်စာရင်းရေးထိုးကာ အောက်တွင် ကျိန်စာရေးထိုးလေသည်။ ထိုကျိန်စာသည်လည်း အင်မတန် ကြောက်မက်ဖွယ်ကောင်းသောကျိန်စာ ဖြစ်ကြောင်းသိရသည်။

*အဆွေအဝါး၊ သူကြီးသူတစ်ပါးဖျက်ဆီးတည်းဟူမူကား၊ အဝီစိကားအထက်၊ အယင်းတို့ကား အအောက်၊ ကျက်စေသတည်း။ မြေပုံလုံးမျှမက သူမခံသောကြမ္မာ အယင်းတို့ခံစေသောတည်း။ အယင်းတို့စားသော ထမင်းဟင်း၊ သောက်သော ရေ၊ အယင်းတို့ကိုယ်အား အဆိပ်ဖြစ်၍ကြေစေသတည်း။ အယင်းတို့ဝတ်သော ပုဆိုး၊ အယင်းတို့ကိုယ်အား အဆိပ်ဖြစ်၍ကြေစေသတည်း။*

[ဖော်ပြပါ ကျိန်စာ၏ ဆိုလိုရင်းကား -

အဆွေအပါးသည် လည်းကောင်း၊ သူကြီးနှင့်တကွ အခြားသူတို့သည် လည်းကောင်း ဖျက်ဆီးပါက အဝီစိငရဲသို့ကျစေသတည်း။ ယင်းတို့သည် သူတစ်ပါးမခံရသောကံကြမ္မာ မဟာပထဝီမြေထုမက ခံကြရစေသတည်း။ ယင်းတို့စားသောထမင်းဟင်း၊ သောက်သောရေတို့သည် အဆိပ်ဖြစ်၍ ယင်းတို့သေကျေစေသတည်းဟူ၏။ စကားချုပ်]

## ◻ မဟာမီးကျောက်စာ ◻

ရဟန်းတော် မဟာမီးသည် မြန်မာနှစ် ၅၇၃ ခုနှစ်တွင် ကောင်းမှုတစ်ခုပြုလုပ်ပြီး ကျောက်စာရေးထိုးခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ရဟန်းဖြစ်သည့်အလျောက် ရှေးဟောင်းစာပေကျမ်းဂန်များ တတ်ကျွမ်းကြောင်းသိရှိရသည်။ သို့ကြောင့်ပင် ကမ္ဘာကြီးသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် လေဖျက်၍ပျက်စီးလိမ့်မည်ဟု တွေးမိပေလိမ့်မည်။ ထို့ကြောင့် မိမိ၏အလှူအား ဖျက်ဆီးသူသည် လေဖျက်၍ ကမ္ဘာကြီးပျက်သကဲ့သို့ပျက်စေကြောင်း ကျိန်စာရေးထိုးခဲ့ခြင်း ဖြစ်လေသည်။ ထိုကျိန်စာကား အောက်ပါအတိုင်း ဖြစ်သည်။

ကမ္ဘာလေဖျက်သောအခါ မြေကြီးတောင်တော်ခပင်းမုန့်မုန့်ညက်ညက် ပျက်စီးသို့ ပျက်စီးစေသတည်း။ ဆောက်တည်ရာမရဖြစ်ကြစေကုန်သတည်း။

ဖော်ပြပါကျိန်စာသည် တိုတိုတုတ်တုတ်ပင် ဖြစ်သော်ငြားလည်း အင်မတန် ကြောက်မက်ဖွယ်ကောင်းကြောင်း တွေ့ရသည်။ မည်သို့ဖြစ်စေ ပုဂံခေတ်ရေးထိုး ကျောက်စာတို့အနက်မှ ကျိန်စာရေးထိုးကျောက်စာတို့သည် အလွန်ထိတ်လန့်ဖွယ်ကောင်းကြောင်း ဗဟုသုတအဖြစ် ရေးသား တင်ပြလိုက်ရပါသည်။

ရေနံမြေလွင်မိုးစု

**ရည်ညွှန်း -**
ပုဂံခေတ်မြန်မာစာ(တတိယတွဲ)
(စောလူ)



www.burmeseclassic.com

www.burmeseclassic.com

"ဘိုးဘိုးကြီးကို သားကန်တော့ပါတယ်"

အလုပ်သွားတော့မည့် မြေးညီသူအောင်က ဘုရားကန်တော့ပြီးနောက် ကျွန်တော့်အား အထက်ပါအတိုင်းပြောပြီး ကန်တော့ပါသည်။

ကျွန်တော်က သူ့ကို ဆုပေးပါသည်။ သူက ကျွန်တော့်သမီးကြီးရဲ့သားကြီးဖြစ်ပါသည်။ (၄) နှစ် သားခန့်အရွယ် မူကြိုကျောင်းတက်စကပင် ဘုရားနှင့်မိဘ၊ ဘိုးဘွားများကို ရှိခိုးပြီးမှအပြင်သွားလေ့ရှိသည်မှာ ယနေ့အထိဖြစ်ပါသည်။ ယခု သူ့အသက် (၂၀) ကျော်ပါပြီ။ ဘွဲ့ရပြီးနောက် အလုပ်လည်းရနေပါပြီ။

ယခု ကျွန်တော် သူတို့နှင့်အတူနေပါသည်။ ယခင်က သီးခြားနေပါသည်။ သူမူကြိုကျောင်းသားဘဝကျောင်းပိတ်သည့်နေ့တွင် ကျွန်တော်သူတို့အိမ်သို့ရောက်သွားပါသည်။ သူ့အမေဆူ၍ထင်ရဲ့၊ သူအိမ်ရှေ့မှာထိုင်ငိုနေပါသည်။

ကျွန်တော်က စ,လိုသဖြင့် -

"စည်သူအောင်ဘာတွေသဘောကျလို့ရယ်နေတာလဲ"

ဟု မေးပါသည်။

"ငိုနေတာကွ။ ဒီအရွယ်ရောက်နေပြီ ငိုမှန်းမသိ၊ ရယ်မှန်းမသိ"

ဟု စိတ်ဆိုးမာန်ဆိုးဖြင့်ပြန်ပြောပါသည်။ ယခု သူ့နောက်ကျောကို ကျေနပ်


ထားလိုက်လျှင် ရှေးပညာရှင်များက သက်တမ်းကို မြတ်စွာဘုရား ပွင့်တော်မူစဉ်က သက်တမ်းအတိုင်း အနှစ် (၁၀၀) ဟု သက်တမ်းသတ်မှတ်ပြီး ၎င်းကို ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ဟူ၍ အရွယ် (၃) ပါး ခွဲခြားသတ်မှတ်ပါသည်။

မွေးသည်မှ အသက် (၃၃) နှစ် (၄) လကို ပထမအရွယ်၊ (၃၃) နှစ် (၅) လမှ (၆၆)နှစ် (၈) လအထိ ဒုတိယအရွယ်၊ (၆၆) နှစ် (၉) လမှ အသက် (၁၀၀) နှစ် (ပိုလျှင် ပိုသလောက်) ကို တတိယအရွယ်ဟု သတ်မှတ်ပါသည်။ ထိုအရွယ် (၃) ပါးတွင် ရှာဖွေရမည် သို့မဟုတ် ရရှိရမည့် အရာ (၃) ပါး သတ်မှတ်ထားပါသည်။ ဤသည်ကို (၁) ပထမအရွယ်မှာ ပညာရှာ (၂) ဒုတိယအရွယ်မှာ စီးပွားရှာ၊ (၃) တတိယအရွယ်မှာ တရားရှာဟု အဆိုအမိန့်ရှိပါသည်။ တစ်နည်းအားဖြင့် ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ကုသိုလ်အလုံအလောက် ရရှိရမည် ဟူ၍ ဖြစ်ပါသည်။

ရှေးအခါက အသက်ကြီးမှ အိမ်ထောင်ပြုလေ့ရှိပါသည်။ ထို့ကြောင့် ပညာရှာသည့် အရွယ်ကို အသက် (၃၀) ကျော်သည်အထိသတ်မှတ်ထားပါသည်။

တစ်ခုခုကို၊ အသက်မွေးမှုလောကီပညာကိုဆိုလိုပါသည်။ ထိုသို့ ရှာဖွေရာတွင် အရွယ်တိုင်း အရွယ်တိုင်း၌ အဆင့်လိုက် အဆင့်လိုက် ရရှိစေရပါမည်။ ထိုသို့ မရရှိက ဒီအရွယ်ရောက်ပြီ ဒါမသိ၊ ဒါမရှိ ဟူ၍ သတ်မှတ်ရပါမည်။

အရွယ်တိုင်း အရွယ်တိုင်း၌ မိမိရှာဖွေသည့်အရာကို အပြည့်အဝရရှိစေရမည်ဟု သတ်မှတ်ထားရပါမည်။ ထိုသတ်မှတ်ချက်သည် စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းအောင်မြင်ရန်အတွက် မည်သို့မည်ပုံဆောင်ရွက်ရမည်ဆိုသည်မှာ စီမံချက် ဖြစ်ပါသည်။ (၁၀)-တန်းဖြေမည့် ကျောင်းသားအတွက် (၁၀) တန်း အောင်မြင်ရေးသည် စီမံကိန်းဖြစ်ပါသည်။



ချောင်းဆုံအနန်းသွင်

# ဒီအရွယ်

ခုတွေ့ညွှန်းရင်း ငယ်စဉ်က သူပြောခဲ့သည်ကို ပြန်လည်သတိရမိပါသည်။ ထိုအခါ 'ဒီအရွယ်ရောက်နေပြီ' ဆိုသော စကားကို အလေးအနက်ထား စဉ်းစားမိပါသည်။

ဒီအရွယ်ရောက်လျှင် ဒီအသိကရှိရမည်၊ ဒါတွေရရမည် ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ ဤတွင် အရွယ်အသိအရ ဟူ၍ အချက် (၃) ချက်ပေါ်လာပါသည်။ အမိဝမ်းတွင်း ပဋိသန္ဓေယူချိန်မှစပြီး စက္ကန့်မလပ် သေနိုင်သည်ဟူသော အနိစ္စသဘောကို ခြွင်းချက်

ဤတွင် ပညာရှာသည့်အရွယ်၌ ဥစ္စာနှင့် ကုသိုလ်၊ ဥစ္စာရှာသည့်အရွယ်၌ ပညာနှင့်ကုသိုလ်ရှာရန်မလိုဟု ဆိုလိုခြင်း မဟုတ်ပါ။ အရွယ်တိုင်းတွင် (၃)မျိုးစလုံးကိုရှာရမည်ဖြစ်ပြီး ပထမအရွယ်မှာ ပညာဦးစားပေး၊ ဒုတိယအရွယ်မှာ ဥစ္စာဦးစားပေး၊ တတိယအရွယ်မှာ ကုသိုလ် ဦးစားပေးရှာရန် ဖြစ်ပါသည်။ ပညာ ဆိုသည်မှာလည်း နှုတ်မှုလက်မှု



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲအောင်မြင်ရေးအတွက် စာသင်ချိန်နှင့် ဘာသာရပ်အလိုက် စာကျက်ရန်နှင့် လေ့ကျင့်ခန်းလုပ်ရန် အချိန်ဇယားရေးဆွဲခြင်းသည် စီမံချက် ဖြစ်ပါသည်။

ပညာရှာရာတွင်သာမက စီးပွားဥစ္စာရှာရာမှာရော တရားရှာရာမှာပါ စီမံကိန်း၊ စီမံချက်များ လိုအပ်ပါသည်။ စီမံကိန်း၊ စီမံချက်များသည် ပန်းတိုင်သို့ လှေလှော်ကြရာတွင် ပဲ့ကိုင်သူနှင့်တူသည်။ ပဲ့ကိုင်သူမရှိလျှင် လှေသည် လိုရာပန်းတိုင်သို့မရောက်ဘဲ ဘေးဖောက်ပြီး မလိုရာဆီရောက်သွားပါမည်။

မည်သည့်စီးပွားရေးလုပ်ငန်းမဆို သက်ဆိုင်ရာလုပ်ငန်းအတွက် စီမံကိန်း၊ စီမံချက်ချမှတ်လုပ်ဆောင်မှ အောင်မြင်ဖြစ်ထွန်းပါမည်။ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ဖြစ်ထွန်းရန် စီမံကိန်း၊ စီမံချက်များ ရေးဆွဲချမှတ်ရသလို အောင်မြင်ဖြစ်ထွန်းလာသော စီးပွားဥစ္စာများ အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် စီမံကိန်း၊ စီမံချက်များ ချမှတ်ရပါမည်။ သို့မဟုတ်က ပလိုင်းပေါက်နှင့် ဖားကောက်သလို အောင်မြင်ဖြစ်ထွန်းလာသော စီးပွားဥစ္စာများ အဖတ်မတင်ဖြစ်တတ်ပါသည်။

ကမ္ဘာတွင် စီးပွားရေး၌အလွန်ဖြစ်ထွန်းပြီး ထိပ်ဆုံးရောက်နေသူများသည် ထိုကဲ့သို့ စနစ်တကျ လုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ သည်တွင် မည်သည့် အလုပ်ကိုလုပ်လုပ် ထိုလုပ်ငန်းအတွက် တန်ဖိုးအရှိဆုံး၊ အရေးအကြီးဆုံးအရင်းအနှီးမှာ အချိန်ဖြစ်ပါသည်။

လောကတွင် အချိန်ထက် တန်ဖိုးကြီးသောအရာ မရှိပါ။ ရေထဲကျသွားသောဆားခဲကိုပြန်ဆယ်ယူ၍မရသကဲ့သို့ ဆုံးရှုံးသွားသောအချိန်ကိုလည်း ပြန်ယူ၍မရပါ။

လောကတွင် 'အစား' ဆိုသောအရာမရှိပါ။ ဆုံးရှုံးသွားသော အချိန်အတွက် 'အစား' ထပ်ဖြည့်၍မရပါ။ ဆုံးရှုံးသွားသော တစ်နာရီအချိန်အတွက် နောက်တစ်ခါ နှစ်နာရီအလုပ်လုပ်လျှင် တစ်နာရီကို အစားဟု မဆိုနိုင်ပါ။ မူလတစ်နာရီနှင့်ပေါင်းသော (၃) နာရီရပါမည်။ ထို့ကြောင့် ပိုလုပ်သော တစ်နာရီသည် အစားမဟုတ် အပိုသာဖြစ်ပါသည်။ ဤအချက်ကို အထူးသတိပြုရန် လိုပါသည်။

စာသင်သားကျောင်းသားအနေဖြင့် ကိုးနှစ်သားတွင် (၄) တန်းအောင် ရပါမည်။ (၁၃) နှစ်သားတွင် (၈) တန်းအောင်ရပါမည်။ (၁၅) နှစ်သားတွင် (၁၀) တန်းအောင်ရပါမည်။ အသက် (၂၀) တွင် ဘွဲ့ရပြီးဖြစ်ရပါမည်။ သို့မဖြစ်က ဒီအရွယ်မှာ ဒါမရ ဒါမသိ ရှုံးသူဟုဆိုရပါမည်။

စီးပွားရှာသူများအနေဖြင့်လည်း သက်ဆိုင်ရာ မိမိတို့လုပ်ငန်းအလိုက် အဆင့်ဆင့်အောင်မြင်မှုများ၊ တိုးတက်မှုများရှိရပါမည်။

အထက်ပါတို့မှာ သာမန် (အများအားဖြင့်) အနေအထားကို ဆိုလိုခြင်းဖြစ်ပါသည်။ ထူးခြားချက်၊ ကွာခြားချက်များရှိနိုင်ပါသည်။

ဒုတိယအရွယ် "ကုန်ဆုံးချိန်မှာ အသက် (၆၆) နှစ်ကျော်ပြီဖြစ်၍ လောကီပညာရေး၊ စီးပွားရေးဆောင်ရွက်နိုင်မည့်အရွယ် မဟုတ်တော့ပါ။ ကာယအား၊ ဉာဏအားလျော့ပါးကုန်ပြီဖြစ်၍ ကိုယ့်ခြေကိုယ့်လက်တောင်ကိုယ့် စကားနားမထောင်တော့သည့်အရွယ်ဖြစ်ပါသည်။

နှစ်ဖက်မိဘများဆီမှ ကုဋေရှစ်ဆယ်စီ အမွေရခဲ့သော သူဌေးလင်မယားသည် ပညာရှာချိန်တွင်လည်း ပညာမရှာခဲ့၊ ရှိပြီးသား စီးပွားဥစ္စာကို တိုးတက်အောင်မလုပ်နိုင်သည့်အပြင် မဆုံးရှုံးအောင်ပင် မထိန်းသိမ်းနိုင်သည့်အတွက် တတိယအရွယ်ကျမှ ဆင်းရဲမွဲတေပြီး တောင်းစားနေရသည်ကို မြင်သော် မြတ်စွာဘုရားက -

ဒီသူဌေးလင်မယားဟာ ပထမအရွယ်မှာ စီးပွားရှာရင် ပထမတန်းစားသူဌေးဖြစ်နိုင်တယ်။ တရားရှာရင် ရဟန္တာဖြစ်နိုင်တယ်။ ဒုတိယအရွယ်မှာ စီးပွားရှာရင် ဒုတိယတန်းစား သူဌေးဖြစ်နိုင်တယ်။ တရားရှာရင် အနည်းဆုံးသောတာပန်ဖြစ်နိုင်တယ်။ အခုတတိယအရွယ်ကျတော့ လူ့အချည်းအနှီးဖြစ်နေရပြီ"

ဟု မိန့်တော်မူကြောင်း ကြားနာမှတ်သားရဖူးပါသည်။

ထို့ကြောင့် ကာယအား၊ ဉာဏအားကောင်းခိုက်မှာ မိမိ အလိုရှိသည့်ပညာ၊ ဥစ္စာ စသည်များကို လုံလောက်အောင် ရှာမှီးထားသင့်ပါသည်။

အမှန်အားဖြင့် ဒုတိယအရွယ်သည် အသက် (၆၀) တွင် ကုန်ဆုံးနေပါသည်။ အသက် (၆၀) ကျော်လျှင် လောကီပညာနှင့် စီးပွားရေးလုပ်ငန်းစသည်များကို လုပ်ကိုင်ရန် ကိုယ်အား၊ ဉာဏ်အားမပြည့်မီတော့ပါ။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများကို အသက် (၆၀) ပြည့်လျှင် အနားပေးခြင်း ဖြစ်သည်။ ဝန်ထမ်းဘဝတွင် အမှားအယွင်းများမရှိဘဲ အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့လျှင် အနားယူချိန်မှ သေသည်အထိ စားဝတ်နေရေးအတွက် အပင်ပန်းမခံရတော့ဘဲ သင့်တင့်သည့် အထောက်အပံ့ရှိသကဲ့သို့ မည်သူမဆို ကျော်ဖြတ်ခဲ့သည့် အရွယ်တိုင်းတွင် သိရမည့်အသိနှင့် ရ-ရမည့်အရကိုရခဲ့ပါလျှင် တတိယအရွယ်တွင် စားဝတ်နေရေးအတွက် ပင်ပန်းခက်ခဲစွာ မရှာဖွေရတော့ဘဲ အေးချမ်းစွာဖြင့် တရားရှာနိုင်ပါမည်။

မြတ်စွာဘုရားပွင့်ခါနီးတွင် မာရ်နတ်က ဘုရားမပွင့်နိုင်အောင် စစ်လာခင်းသည်။ မနိုင်ဘဲ အရှုံးကြီးရှုံးသွားတော့ မြေကြီးမှာတုတ်နဲ့စည်း(၃)ချောင်းခြစ်ပြီး (၁) သိဒ္ဓတ္ထဟာ ဘဝများစွာမှာ ပါရမီ(၁၀)ပါးကို ဖြည့်ခဲ့တယ်။ ငါမဖြည့်ခဲ့ဘူး။ (၂) သိဒ္ဓတ္ထဟာ (၃)ပါးသောကျင့်ခြင်းကြီးဖြင့်ကျင့်ခဲ့တယ်။ ငါမကျင့်ခဲ့ဘူး။ (၃) သိဒ္ဓတ္ထဟာ စွန့်လွှတ်ဖို့ ခဲယဉ်းလှတဲ့ စွန့်ခြင်းကြီး (၅) ပါးကို စွန့်လွှတ်ခဲ့တယ်။ ငါမစွန့်လွှတ်ခဲ့ဘူး။ ဒါကြောင့် ငါရှုံးရခြင်းဖြစ်တယ်ဆိုပြီး သူ့အမှားကို သူပြန်မြင်ပြီး နောင်တရခဲ့သည်ဟု ကြားဖူးပါသည်။

တတိယအရွယ်ကုန်ခါနီးလို့ သေခါနီးမှာ ဘဝကိုပြန်စဉ်းစားပြီး (၁)ပထမအရွယ်မှာ နှုတ်မှု၊ လက်မှုတစ်ခုခုသော အသက်မွေးမှုပညာကို ငါမရှာခဲ့ဘဲ ပေါ့ပေါ့တန်တန်နေခဲ့တယ်။ ဒုတိယအရွယ်ကျတော့ စီးပွားဥစ္စာကိုမရှာနိုင်ခဲ့ဘူး။ ပညာမရှိ၊ သူ၏ဝန်ထမ်း၊ လက်ရုံးအားကိုးဘဝမျိုးနဲ့အသက်မွေးခဲ့ရတယ်။ တတိယအရွယ်ကျတော့ စားဝတ်နေရေး မပြည့်စုံတဲ့အတွက် ခွန်အားချို့နဲ့တဲ့ အချိန်မှာ မနိုင်မနင်း ခွန်အားနဲ့ အသက်မွေးခဲ့ရတယ်။ တရားဘာဝနာပွားများဖို့ အတွက် လူလည်းမစွမ်းဆောင်နိုင်ခဲ့ဘူး။ စိတ်လည်း မစွမ်းဆောင်နိုင်ခဲ့ဘူး။ ဒါကြောင့် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ သံသရာအတွက် ရိက္ခာဘာမှမပါဘဲ ငါဟာ သုဂတိဘုံကို ရောက်ဖို့ မမျှော်မှန်းနိုင်တော့ဘူးဟု နောင်တရပေလိမ့်မည်။ ထို့ကြောင့် ဒီအရွယ်မှာ ဒါကိုသိ၊ ဒါကိုရဖို့ သတိကပ်ပြီး ကြိုးပမ်းအားထုတ်ကြရပါမည်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ၂၀၁၅ ခုနှစ်ဆန်း ပိုင်းက ဘင်္ဂလားပင်လယ်အော်အတွင်း ရှိ မာန်အောင်ကျွန်းသို့ သူရဇ္ဇမဂ္ဂဇင်း တွင် မာန်အောင်ကျွန်းပေါ် ရှိ ထင်ရှား ကျော်ကြားသည့် မြက်မွှေးပန်းများ မွှေးပျံ့ရာ ဂန္ဓဗ္ဗတောင် တောင်နီတောင် အကြောင်း ရေးသား တင်ပြနိုင်ရန် မာန်အောင်ကျွန်း မာန်အောင်မြို့ဆီ သို့ စာပေခရီးစဉ်အဖြစ် သွားရောက် လေ့လာ မှတ်တမ်းတင် ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ထိုခရီးစဉ်တွင် တောင်နီ တောင်ဆီသို့ တစ်နေ့တာ လေ့လာ သွားရောက်ခဲ့ပြီးနောက် မာန်အောင်ကျွန်း ရှိ တန်ခိုးကြီးဘုရားများ၊ စေတီများကို သွားရောက် ဖူးမြော်ကာ ဒေသန္တရဗဟု သုတများလည်းလေ့လာရန်သွားရောက် ခဲ့ပါသည်။ မာန်အောင်မြို့တွင် တည်ရှိ သည့် ရန်အောင်မြင်စေတီတော်မြတ် ကြီး၊ မဟာထီးဘုရားကိုးနဝင်းစေတီ တော်၊ ဓာတ်တော်ဘုရား၊ ကျွန်းဦးဓာတ် ဘုရား၊ တောကြက်တောင်ဘုရား၊ ဖိုးမဲ ကျောက်ဘုရား၊ မဟာစန္ဒလောကမုနိ ဘုရား စသည်ဖြင့် ဘုရားစေတီများကို သွားရောက် ဖူးမြော်ခဲ့ပါသည်။


ရခိုင်ပြည်နယ်တွင် ဝတီလေးရပ် ရှိခဲ့ရာ ဒွါရာဝတီ၊ ရမ္မာဝတီ၊ ဓညဝတီ၊ မေဃဝတီ ဟူ၍ ဖြစ်ပါသည်။ မေဃ ဝတီ ဟူသည်ကား မာန်အောင်ကျွန်းပင် ဖြစ်ပါသည်။ မာန်အောင်ကျွန်းကို စာရေးသူတို့ ရခိုင်ဒေသသားတို့က 'မိန်းမလှကျွန်း' ဟု အမည်ပေးသမုတ် ကြပါသည်။ အမှန်တကယ်လည်း မာန်အောင်သူများ တော်ဝင်ချောချော ကြလှကြသည်ကို တွေ့ရှိရ၍ ဂုဏ်ယူမိ ပါသည်။ မာန်အောင်သူမာန်အောင် သားများကို စာရေးသူတို့၏ ဂျိတ္တောရွာ

# ရခိုင်ပြည် မေဃဝတီ မာန်အောင်မြို့ဆီမှ
# ရန်အောင်မြင်စေတီတော်မြတ်ကြီး


ရွှေချီအောင်(ပေလီ)



ရန်အောင်မြင်စေတီတော်ကို အနီးကပ် ဖူးမြော်ရစဉ်



ရွှေဓာတ်ဂူစေတီတော်



ငွေဓာတ်ဂူစေတီတော်




www.burmeseclassic.com


www.burmeseclassic.com



စေတီတော်အား အဝေးမှ ဖူးမြော်ရပုံ



ဓာတုစေတီတော်နှစ်ဆူ



အရှေ့ဘက်ရှိ တန်ဆောင်းဆောင်ကြီး

တွင်သာမက မြန်မာပြည်နေရာအနှံ့အပြားတွင်တွေ့ရှိရပေရာ မာန်အောင်သူ မာန်အောင်သားတို့ကား အရပ်အမောင်းကောင်းသလို ပြေပြစ်ချောမွေ့ယဉ်ကျေးလှပကြသည်ကို တွေ့ရှိရပါသည်။

မာန်အောင်ကျွန်းကို အမည်နာမအမျိုးမျိုးဖြင့် မှည့်ခေါ်ကြပေရာ မေဃဝတီအမည်နာမမှာ အလွန်ထင်ရှားလှသည်။ ထို့အပြင် မာန်အောင်ကျွန်းကို စတုပါဒ်ကျွန်း၊ ဘောင်ဒူကျွန်း၊ ချဒူဘာကျွန်း၊ ဂေါဒီပကျွန်း၊ နာဂဒီပကျွန်း၊ ကျွန်းပြဿဒ်၊ ကျွန်းသာယာ၊ မိန်းမလှကျွန်း စသည်ဖြင့် အမည်အမျိုးမျိုးခေါ်ဆိုခဲ့ကြသည်။ မာန်အောင်ကျွန်းသည် ရမ်းဗြဲကျွန်းကြီးနှင့်အလွန်နီးကပ်စွာတည်ရှိနေပြီး မာန်အောင်ရေလက်ကြားဖြင့်ခြားထားပေရာ မာန်အောင်ကျွန်း၏ ခအုန်းမော်အငူစွန်းနှင့် ရမ်းဗြဲကျွန်းကြီး၏ အောင်လှပြင်ကမ်းတို့မှာ အနီးစပ်ဆုံးနေရာများ ဖြစ်လေသည်။ မာန်အောင်ကျွန်းအနီးတွင် တိုက်ကျွန်းနှင့် ရဲကျွန်းဟူ၍ ကျွန်းငယ်နှစ်ခု ဝန်းရံလျက်ရှိနေပေသည်။ ထိုကျွန်းငယ်များသည် မာန်အောင်မြို့နယ်အပိုင် ကျွန်းငယ်လေးများ ဖြစ်ကြသည်။

မာန်အောင်ကျွန်းသည် မြန်မာနိုင်ငံတွင်ရှိသောကျွန်းများအနက် ဒုတိယအကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်လေသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၂၄၀) ခန့်ကျယ်ဝန်းပြီး မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိကြသည့် တောင်နီတောင်၊ နဂါးတောင်၊ တောကြက်တောင်၊ ပုလဲငူတောင်စသည့် တောင်တန်းကြီးများရှိပါသည်။ ထိုတောင်များကိုမြစ်ဖျားခံလျက် အုန်းချောင်း၊ ကျီချောင်း၊ ပန်းခြံချောင်း၊ သစ်ဝချောင်း၊ သစ်ပုံချောင်း၊ ကမာချောင်း၊ ကအီးချောင်းတို့မှာ မာန်အောင်မြစ်၊ မာန်အောင်ကမ်းခြေမှ တစ်ဆင့် ပင်လယ်အတွင်းသို့ကောက်ကွေ့ ရစ်သွယ် စီးဆင်းသွားကြသည်။ မာန်အောင်ကျွန်းသည် ကျေးရွာအုပ်စု (၃၆) အုပ်စုနှင့် ကျေးရွာပေါင်း (၁၃၈) ရွာ တည်ရှိပါသည်။ မာန်အောင်မြို့မှာ အုန်းချောင်းဝတွင်တည်ရှိပြီး မြို့ပေါ် ရပ်ကွက် (၅) ကွက်ဖြင့် ဖွဲ့စည်းထား၏။ မာန်အောင်ကျွန်းသည် တောတောင်ရေမြေသဘာဝ လှပသည့်အပြင် စိမ့်ကြီးမြိုင်ကြီးသစ်ကြီးဝါးကြီးများဖြင့် ညို့ညို့ဆိုင်းဆိုင်းတည်ရှိနေသည့် သဘာဝတောတောင်များမှာ စိမ်းလန်းစိုပြည်ရှိနေပါသည်။ ရှုလေရာတိုင်းတွင် တောင်




www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းအတွင်းမှ ကြေးဆင်းတုတော်



ဆင်းတုတော်ကို ဖူးတွေ့ရစဉ်



ရင်ပြင်တော်မှ နဂါးရုံဘုရား



စေတီတော်ကမှုည်းဆိုင်းဘုတ်


တံတိုင်းတို့က ပြာပြာမှိုင်းမှိုင်းနှင့် ရှုတိုင်းလှနေပေရာ သဘာဝပတ်ဝန်းကျင်အခြေအနေ ပျက်စီးယိုယွင်းမှုမရှိသေးကြောင်းတွေ့ရှိနိုင်ပေသည်။ ရောက်ရှိခဲ့ရာ ကျေးရွာအသီးသီးတွင်လည်း မြစ်ချောင်းလယ်ယာတောင်ကုန်းလွင်ပြင်စားကျက်မြေများဖြင့် ပေါများစွာတည်ရှိနေသေးသည်ကိုလည်း တွေ့ရှိနိုင်ပေသေးသည်။ ကျေးလက်ရွာများတွင်လည်း အုန်းတောကြီးများက စိမ်းညို့လှပပြီးထနေကာ ကွမ်းသီးပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင်၊ မရန်းပင် စသည့် အပင်ကြီးများဖြင့် ဝေဆာလှပသာယာလှပေသည်။

မာန်အောင်မြို့ရှိ သမိုင်းဝင်ရန်အောင်မြင် စေတီတော်မြတ်ကြီးကို ဖူးမြော် မှတ်တမ်းတင်ချင်သည်ဟုဆိုသဖြင့် မာန်အောင်ဒေသခံ စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



တံခွန်တိုင်နှင့်ကြေးခေါင်းလောင်း



အာရုံခံတန်ဆောင်း



အသက်ဝင်သည့်ခြသေ့်ကြီးများ

သန်းလေး (မာန်အောင်) က လိုက်ပါပို့ဆောင်ပေးပါသည်။ စိုးစံတည်းခိုခန်းပိုင်ရှင် ကိုစိုးသိန်း (မြတ်စိုးလင်း-မေဃဝတီ) က ခရီးသွားရန် ဆိုင်ကယ်အသင့်ထုတ်ပေးထားသဖြင့် သွားလာရေးအဆင်ပြေလှသည်။ ညနေ (၃)နာရီခန့်ဖြစ်သဖြင့် ရန်အောင်မြင်စေတီတော်မြတ်ကြီးသည် ရွှေအဆင်းအရောင်တပြောင်ပြောင်ဖြင့် သပ္ပာယ်လှပနေပေသည်။ စေတီရင်ပြင်အနောက်ဘက်တည့်တည့်တွင် စေတီတော်ကြီး၏ ကမ္ပည်းတင်ဆိုင်းဘုတ်ကိုတွေ့မြင်ကြရသည်။ စေတီတော်အနောက်ဘက်ဝင်ပေါက်အနီးမှ ရွှေခြသေ့်ကြီးများရုပ်တုမှာ တကယ်ပင်အသက်ဝင်လက်ရာမြောက်လှပေသည်။ စေတီတော်ကို လက်ယာရစ် ဖူးမြော်သွားကြရာ မြောက်ဘက်တွင် အာရုံခံတန်ဆောင်းတစ်ခု တည်ဆောက်ထားသည်ကို တွေ့မြင်ရပေသည်။ ‌ေ စေတီတော်မြတ်ကြီး၏ အရှေ့ဘက်တွင် တန်ဆောင်းတော်ကြီးအတွင်း၌ အလွန်သပ္ပာယ်လှသည့် ကြေးသွန်းဆင်းတုတော်သုံးဆူကို ဖူးမြင်ရပေသည်။ အဝင်ဝတွင် ရုပ်လုံးသရုပ်ဖော်များကို ထုလုပ်ထားပေရာ သဘာဝကျလှပါသည်။ စေတီတော်အရှေ့တောင်ဘက်ရင်ပြင်တော်ပေါ်တွင် တံခွန်တိုင်နှင့်ကြေးခေါင်းလောင်းတော်ကိုတွေ့ရှိရပေသည်။ စာရေးသူသည် ရန်အောင်မြင်စေတီတော်ကြီးလက်ယာရစ်လှည့်လည်ဖူးမြော် ကန်တော့၍ လိုအပ်သည့်ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပါသည်။ ဆရာသန်းလေး(မာန်အောင်)ကလည်း စိတ်ရှည်စွာ စောင့်ဆိုင်းပေးပါသည်။


မေဃဝတီ (ခေါ်) မာန်အောင်မြို့တွင် စေတီတော်ပေါင်း (၆၃) သုံးဆူ တည်ထား ကိုးကွယ်သည့်အနက် ရန်အောင်မြင်စေတီတော်ကြီးမှာ အကြီးမားဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံးဖြစ်သလို မာန်အောင်မြို့၏ကျက်သရေဆောင် စေတီတော်မြတ်ကြီးလည်း ဖြစ်ပါသည်။ မာန်အောင်မြို့ ရန်အောင်မြင်ရပ်ကွက်ရှိ ပြေပြစ် ညီညာ သန့်ရှင်းသပ်ရပ်သည့် မင်္ဂလာကွင်းပြင်တွင် တည်ထားကိုးကွယ်တည်ရှိနေပါသည်။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၁၄၃) ပေရှိသည်ဟု သိရှိရပါသည်။ စေတီတော်ကြီးတည်ထားပုံမှာ အောက်ခြေပစ္စယံ ရင်တားမှသည် အထက်အဆင့်ဆင့် ခေါင်းလောင်းတော်၊ ကျည်းဝန်းတော်၊ နရဲတော်၊ ကြာလန်၊ ကြာမှောက်၊ ငှက်ပျောဖူး အဆင့်ဆင့်တည်ထားပုံတို့မှာ အချိုးအစားကျနသေသပ်စွာ ကျက်သရေရှိသည်ဟု ဖူးမြော်မြင်တွေ့ရပါသည်။

စေတီတော်ကြီး၏သမိုင်းမှတ်တမ်းမှာ ဤသို့ဖြစ်ပါသည်။ မြန်မာဘုရင်ဘိုးတော်ဗဒုံမင်း၏သားတော် အိမ်ရှေ့ဥပရာဇာမင်းသားသည် အိန္ဒိယမဇ္ဈိမဒေသမှ ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်နှစ်ဆူကို ပင့်ဆောင် ရရှိလာခဲ့ပါသည်။ အမရပူရ ရွှေနန်းတော်သို့ရောက်သည့်အခါ ခမည်းတော်မင်းကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်နှစ်ဆူကို ရိုသေစွာဆက်ကပ် ဆက်သတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာလှပသော မာန်အောင်ကျွန်းမြင်ကွင်း



လေယာဉ်ကွင်းတည်ဆောက်နေကြစဉ်



မာန်အောင်ရှိ နတ်ကျောက်တောင်ကြီး

မင်းကြီးလည်း သားတော်ဆက်ကပ်လာသည့် ဗုဒ္ဓ၏ဆံတော်မြတ်နှစ်ဆူကို ရတနာကိုးပါးဖြင့် စီခြယ်အပ်သော ရွှေကြုတ်တော်ဖြင့် ခံယူလေသည်။ ထို့နောက် ရွှေနန်းတော်၌ ဗုဒ္ဓမြတ်စွာ၏ ဆံတော်မြတ်နှစ်ဆူကို 'ဓာတုပူဇာပွဲသဘင်'အား ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပတော်မူလေသည်။

ထိုသို့ ဗုဒ္ဓ၏ ဆံတော်မြတ်နှစ်ဆူကို လက်ခံရရှိတော်မူပြီးနောက် မင်းကြီး၏ ရွှေစိတ်တော်ဝယ် ထိုဆံတော်မြတ်နှစ်ဆူကို ဌာပနာ၍ စေတီမြတ်တစ်ဆူကိုးကွယ်လှူဒါန်းလိုသော ရွှေစိတ်တော်အာသီသဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် စေတီတည်ရန် လျော်ကန်သင့်မြတ်မည့်နေရာကို ပညာရှိမှူးမတ်အပေါင်းတို့နှင့် တိုင်ပင်နှီးနှောခဲ့လေသည်။ ပညာရှိပရောဟိတ်တို့က စဉ်းစားမြော်မြင်ဉာဏ်နှင့်ယှဉ်၍ ရှာဖွေစိတ်ကူးကြသည့်အခါ ရခိုင်ပြည်နယ် မေဃဝတီအရပ်တွင် တည်ထား ကိုးကွယ်ရန် မြင်မိကြလေသည်။

ထို့ကြောင့် မင်းကြီးအား ရခိုင်ပြည် မေဃဝေတီအရပ် မာန်အောင်ကျွန်းသည် လောကီရန်အပေါင်းကို အောင်မြင်ရာ ဘူမိနက်သန်မြေဇကမှန်သောကြောင့် မာန်အောင်ကျွန်းတွင် စေတီတော် တည်ထား ကိုးကွယ်သင့်ပါကြောင်း လျှောက်ထားကြလေသည်။ မာန်အောင်ကျွန်း ဟူသည်ကား သာမညကျွန်းဒီပါ မဟုတ်ချေ။ ရခိုင်ပြည်နယ် ဓညဝတီပြည့်ရှင် ဘုရင်စန္ဒာသူရိယဘုရင်မင်းမြတ် လက်ထက်တော်အခါ ဘုရင်မင်းမြတ်၏ ပင့်ဆောင်လျှောက်ထားချက်အရ ဂေါတမမြတ်ဗုဒ္ဓသည် ရခိုင်ပြည်သို့ ဒေသစာရီကြွချီတော်မူလာပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို စန္ဒာသူရိယဘုရင်၏ တောင်းပန်လျှောက်ထားမှုဖြင့် ကိုယ်တော်တိုင်သွန်းလုပ်ချီးမြှင့်ခဲ့လေသည်။

ထိုအခါ မဟာမုနိရုပ်ရှင်တော်မြတ်သည် သက်ရှိထင်ရှား ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် တစ်ဆံခြည်မယွင်းတူညီသည့်အပြင် ကိုယ်လက်လှုပ်ရှားနှုတ်ဖွင့်စကားပင်ဆိုတော်မူနိုင်လေသည်။ မဟာမုနိရုပ်ရှင်တော်မြတ်က မြတ်ဗုဒ္ဓနောက်တော်ပါးမှ ကြွချီရန်ဟန်ပြင်နေစဉ် ဗုဒ္ဓမြတ်စွာက ဗျာဒိတ်တော်စကားမြွက်ကြားရာတွင် -

"ငါဘုရားသည် ရှေးဘဝက မာန်အောင်ကျွန်း၌ မင်းဖြစ်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

က တောင်သူကြီး၏ပေါင်ကိုဖွဲခဲ့ဖူးသော ဝိပါတ်နှင့် မင်းသားငါးယောက်တို့၏ ကျောသားကို နုတ်ခဲ့ဖူးသော ဝိပါက် နှစ်ပါးကို ငါ၏ကိုယ်စား ငါ့ညီတော် ခံရစ်လော့"

မိန့်ကြားခဲ့ကြောင်း အဆိုရှိလေသည်။ ထို့ကြောင့် မာန်အောင်ကျွန်းမှာ ဂေါတမဗုဒ္ဓဘုရားရှင်လက်ထက်ကပင် တည်ရှိနေသည့် ကျွန်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

ဤမျှသာမက ဒွါရာဝတီ သံတွဲမြို့၏ 'တိမ်ဆီပျံ့ခဲ မြို့သံတွဲ' သမိုင်းတွင် ဒွါရာဝတီမြို့ကို ရန်သူများလာရောက်ဝန်းရံလုပ်ကြပါက ဒွါရာဝတီမြို့သည် တစ်မုဟုတ်ချင်းပျောက်ကွယ်ပျံတက်၍ နတ်ဘီလူးတို့က တန်ခိုးဖြင့် ကြံဆောင်ကာ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်ခု၌ တည်လေ၏။ ရန်သူတို့သည် မြို့ကိုမမြင်မတွေ့ရဘဲ ကောင်းကင်ယံမှ လူသံ၊ တိရစ္ဆာန်အသံ၊ မောင်းထောင်းသံ၊ ဆန်ဖွပ်သံတို့ကိုသာ ကြားကြရသည်ဟု ဆိုပါသည်။ ရန်သူများ လက်လျှော့၍ ပြန်သည့်အခါမှသာ နတ်ဘီလူးတို့က ကျွန်းငယ်မှပြန်ယူဆောင်ကာ ဒွါရာဝတီမြို့မူလနေရာတွင် ပြန်လည်ရပ်တည်ချထားသည်ဟု ဆိုပါသည်။ ထိုသမုဒ္ဒရာထဲမှ ကျွန်းငယ်ဆိုသည်မှာ ဒွါရာဝတီမြို့နှင့် တည့်တည့်ရှိ မာန်အောင်ကျွန်းပင်ဖြစ်ပါသည်။ ထိုအထောက်အထားရ မာန်အောင်ကျွန်းသည် ဗုဒ္ဓဘုရားရှင် လကထက်တော်ကပင် တည်ရှိနေခဲ့ပြီဖြစ်ကြောင်း တွေ့ရှိရပေသည်။

ထို့ပြင် ရာမာယဏဇာတ်တော်၌ ဒဿဂီရိလက်ချက်ဖြင့် ရာမမင်းသတိမေ့မြောနေစဉ် ဟာနုမာန်မျောက်မင်းသည် ရာမမင်းအား ဆေးကုသရန် မာန်အောင်ကျွန်းတွင်ရှိ ဂန္ဓဗ္ဗတောင်နီတောင်မြတ်ဆီသို့ ဆေးမြစ်ရှာရန် လာရောက်ခဲ့လေသည်။ ဆေးပင်ပိုင်ရှင် ဂန္ဓဗ္ဗနတ်အစောင့်မှာပုန်းကွယ်နေလျက် ဟာနုမာန်မျောက်မင်းက တောင်ခြေမှ ခေါ်လျှင် တောင်ပေါ်မှထူး၍ တစ်ဖန်တောင်ပေါ်မှတက်၍ခေါ်ပြန်လေလျှင် တောင်ခြေမှထူးသဖြင့် နောက်ဆုံးတွင် ဟာနုမာန်မျောက်မင်းသည် စိတ်မရှည်တော့ဘဲ ဆေးမြစ်ရှိရာ ဆေးတောင်ကို ဖွဲ၍ယူသွားခဲ့လေသည်။ ထို့ကြောင့် ရှေးဘိုးဘွားတို့၏ ဒဏ္ဍာရီရာဇဝင်အရ မာန်အောင်ကျွန်းသည် ရာမမင်းလက်ထက်မတိုင်မီကပင် တည်ရှိနေကြောင်းသိရှိနိုင်ပေသည်။

အင်းစောက်ရာဇဝင်တွင် ဆယ်ခုမြောက်သောအန္တရကပ်တွင် ကဿပဘုရားရှင်၏ သာသနာတော်အတွင်း၌ စောရကပ္ပမင်းဆက် (၁၂) ဆက်မြောက်နောက်ဆုံးမင်းဖြစ်သည့် မင်းစောလက်ထက်တွင် နဂါးညီနောင်တို့ ရခိုင်ပြည်ကို ပင်လယ်ရေလွှမ်းမိုး၍ ဖျက်ဆီးကြရာ မာန်အောင်ကျွန်း၊ ဂန္ဓဗ္ဗတောင်နီတွင် သီတင်းသုံး မွေ့လျော်နေကြသည့် ဈာန်ပျံရသေ့တို့က တောင်းပန်သဖြင့် နဂါးတို့ ရေလွှမ်းမိုးရေကစားသည့်အခါ တောင်နီတောင်ကိုချန်လှပ်ထားခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် နဂါးညီနောင်တို့၏ရန်မာန်မှ လွတ်မြောက်အောင်မြင်ခဲ့သဖြင့် 'မာန်အောင်ကျွန်း' ဟုခေါ်ဝေါ်သမုတ်အမည်တွင်ခဲ့သည်ဟုဆိုပါသည်။

ထို့အပြင် မာန်အောင်ကျွန်းကို စောင့်ရှောက်ကုန်ကြသောနတ်ဒေဝတာတို့က တားဆီးလေ့ရှိသဖြင့် မာန်အောင်ကျွန်းပေါ်တွင် အခြားသောကျွန်းများကဲ့သို့ လူတို့ကိုအန္တရာယ်ပြုတတ်သည့် ဆင်၊ ကျား စသည်တို့ ကျွန်းပေါ်သို့ လာရောက်ခွင့်မပြုကြချေ။ မာန်အောင်ကျွန်းရှင်မကိုယ်တိုင် ခွင့်မပြုသော အလွန်စည်းကမ်းကြီးသည့် တားမြစ်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။ တကယ့်သက်ရှိဆင်၊ ကျားကိုပင်မဆိုထားနှင့် အရုပ်ပန်းချီကားချပ်တို့ပင် ရေလမ်းခရီးဖြင့် ယူဆောင်လာမိပါက ကျွန်းရှင်မကိုယ်တိုင်မလိုလားသဖြင့် အတိတ်ထူးနိမိတ်ထူးများနှင့် ဘေးအန္တရာယ်များ ကျရောက်လေ့ရှိတတ်ပါသည်။

ရခိုင်ပြည် ဝတီလေးရပ်အနက် မာန်အောင်ဒေသသည် မိုးကောင်းစွာရွာသွန်းပြီး ဆန်ရေစပါးသားငါးသီးနှံပေါပြည့်လျှံသည့်အတွက် ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည် တည်တံ့ ထွန်းကားဝေစည်လျက် ကပ်ဘေးအန္တရာယ်ရန်စွယ်အသွယ်သွယ်တို့ မကျရောက်နိုင်ရာသောဒေသဖြစ်သည့်အတွက် မေဃဝတီမည်သောအမည်တွင်လျက်ရှိနေပေ၏။

ထို့ကြောင့် ရန်အပေါင်းတို့ကို အောင်မြင်နိုင်စေခြင်း တည်းဟူသော မာန်အောင်ကျွန်းတွင် ဘိုးတော်ဘုရားက အနော်ရထာဘွဲ့ခံ မာန်အောင်မြို့စားနှင့်ပညာရှိမင်းတိုင်ပင်အမတ်ကြီး ဦးဇေယျတို့ကို အမရပူရရွှေမြို့တော်မှ ပန်းရန်အကျော်အမော်တို့ အတူတကွ လိုက်ပါစေလျက် ဘုရားတည်ရန် စေလွှတ်တော်မူခဲ့လေသည်။

မာန်အောင်မြို့စားနှင့် ပညာရှိအမတ်ကြီးတို့သည် ဘုရားတည်ရန်မြေနေရာရှာဖွေကြရာ ယခုလက်ရှိ ဝတ္တကမြေကို ရှာဖွေတွေ့ရှိခဲ့ကြလေသည်။ ဤမြေသည် မာန်အောင်မြို့၏ အရှေ့မြောက်ထောင့်အရပ်တွင် တည်ရှိလျက် မြေပြင်ညီညာပြန့်ပြူးကာ မြေကောင်းမြေမြတ်အင်္ဂါရပ်နှင့် ပြည့်စုံသည့် နေရာဒေသပင်ဖြစ်သည်။ ထို့ကြောင့် မာန်အောင်မြို့စားနှင့်ပညာရှိအမတ်ကြီးတို့သည် စေတီတော်ပန္နက်တင်မင်္ဂလာဆင်ယင် ကျင်းပနိုင်ရန် အချိန်ကောင်း အခါကောင်းကို ညှိနှိုင်းတွက်ချက်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်နေထွက်စအချိန်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆင်ယင်ကျင်းပခဲ့ပါသည်။ မင်္ဂလာပန္နက်တော်တင်ပြီး အုတ်မြစ်ချရာတွင် ရတနာကိုးပါး စီခြယ်ထားသော ဆံတော်ရွှေကြုတ်ကို ငွေကြုတ်အတွင်းတွင် ထပ်မံထည့်သွင်းလေသည်။ ထို့ပြင် ငွေကြုတ်ကို ကြေးနီကြုတ်အတွင်း ထပ်မံထည့်သွင်းကာ တစ်ဖန် ကြေးနီကြုတ်ကို စန္ဒကူးတံတင်းသေတ္တာတော်အတွင်းသို့ အဆင့်ဆင့်ထည့်သွင်းဌာပနာပြီးနောက် ရွှေအုတ်တော် (၅၅) ချပ်၊ ငွေအုတ်တော် (၅၅) ချပ်တို့ ဆင့်စီဝန်းရံကာ ဌာပနာသွင်း၍ ပန္နက်ချတော်မူခဲ့လေသည်။

မာန်အောင်မြို့စား အနော်ရထာသည် စေတီတော်ကြီး စတင်တည်ရာတွင် အမရပူရမှ လိုက်ပါလာသည့် ပန်းရန်ကျော်တို့နှင့် မလုံလောက်သဖြင့် မာန်အောင်ကျွန်းရှိ ကျေးလက်ဒေသမှ လူများကို ဆင့်ခေါ်စေ၍ ဘုရားတည်ဆောက်ရေးလုပ်ငန်းများတွင် ကုသိုလ်တော်အဖြစ် ပါဝင်လုပ်ကိုင်စေခဲ့ပါသည်။ ဒေသခံရွာသားများတို့မှာ ဘုရားတည်ရာတွင် နေ့စဉ်ရက်ဆက်ပါဝင်လုပ်ကိုင်ကြရသဖြင့် သူတို့၏ လယ်ယာချောင်းမြောင်းစီးပွားကုန်သွယ်လုပ်ငန်းများမှာ နှောင့်နှေးခဲ့ရလေသည်။ အချို့မှာမူ ပင်ပန်းသဖြင့် ဖျားနာကုန်ကြလေသည်။ ထူးခြားချက်မှာကား ဘုရားတည်ရာ အဆင့်ဆင့်ပြီးမြောက်ပြီးနောက် စေတီတော်ခေါင်းလောင်းပုံရောက်လုနီးနီးတွင် မာန်အောင်မြို့စား အနော်ရထာသည် ရုတ်တရက် ကံကုန်သေရှာလေသည်။ စေတီတောင်ကြီးမှာလည်း မပြီးမမြောက်ရှိနေသေးသဖြင့် မာန်အောင်ဒေသခံတို့မှာလည်း များစွာခြေကုန်လက်ပန်း ပင်ပန်းရှာနေပြီဖြစ်ရာ ကလေးသူငယ်




www.burmeseclassic.com

www.burmeseclassic.com

များစုဝေးဝိုင်းဖွဲ့ကစားကြရာဝယ် 'ဘုရားခေါင်းတုံး၊နေဘုရထာလူတိုင်းမုန်း'ဟူသည့် အတိတ်တဘောင်စကားပင် ပေါ်ထွန်းခဲ့ဖူးလေသည်။

စေတီတော်ကြီး မပြီးစီးမီပင် မာန်အောင်မြို့စားသေဆုံးသွားခဲ့သဖြင့် စေတီတော်ကို ဆက်လက်တည်ဆောက်နိုင်ရန်အတွက် ဘိုးတော်ဘုရားသည် ခန်းမြို့စားအား ရဲစက်ကျော်ခေါင်ဘွဲ့မည်ပေး၍ မာန်အောင်ကျွန်းသို့ စေလွှတ်ကာ စေတီတော်မြတ်ကြီးကို ဆက်လက် တည်တော်မူစေသည်။ မင်းရဲစက်ကျော်ခေါင်သည် စေတီတော်ကို ဆက်လက် တာဝန်ယူ တည်တော်မူရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ရှာဘဲ စေတီတော်ကြီးမှာ တည်ဆောက်လက်စတန်းလန်းရှိနေခဲ့သည်။ ဤသို့ဖြင့်နယ်ချဲ့ဗြိတိသျှတို့သည် ၁၁၈၇ ခုနှစ်၊ တဆုန်လဆုတ် ၅ ရက်၊ သောကြာနေ့တွင် မာန်အောင်ကျွန်းကို တိုက်ခိုက်သိမ်းယူခဲ့လေသည်။ ဗြိတိသျှတို့အုပ်စိုးနေစဉ်ကာလ ရမ်းဗြဲကျွန်း ပုလုပ်တောင်ရွာသား ဦးစံဦး ဆိုသူသည် မာန်အောင်မြို့သို့ရောက်ရှိစဉ် လှည့်လည်သွားလာကြည့်ရှုခဲ့ရာ တည်ဆောက်မှု မပြီးစီးသေးသည့် စေတီတော်ကြီးကို တွေ့ရှိသွားခဲ့လေသည်။ ထို့ကြောင့် မြို့မိမြို့ဖမာန်အောင်သူမာန်အောင်သားတို့အား ခေါ်ယူတွေ့ဆုံဆွေးနွေးကာ စေတီတော်ကြီးကိုပြီးစီးသည်အထိ ဆက်လက်တည်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ မြို့သူမြို့သားအပေါင်းတို့ကလည်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကုသိုလ်တော်ယူကြရာ မကြာမီအတွင်း တစ်နှစ်ပြည့်မြောက်သည့်အခါတွင် စေတီတော်ကြီးတည်ထားမှုသည် အောင်မြင်ပြီးစီးခြင်းသို့ရောက်ရှိတော်မူခဲ့လေ၏။ စေတီတော်ကြီး၏ ရွှေထီးတော်အတွက် မာန်အောင်မြို့ ဈေးတန်းရပ်နေ တိုက်သူကြီး ဦးမောင်ကလေးမိသားစုက လှူဒါန်းပူဇော်လေသည်။ သို့သော်လည်း နှစ်ပေါင်းတစ်ရာခန့် ကြာမြင့်ပြီးနောက် ဦးမောင်ကလေးမိသားစုလှူဒါန်းခဲ့သောရွှေထီးတော်ကြီးမှာ မုန်တိုင်းဒဏ်ကြောင့် မြေခပျက်စီးခဲ့သည်။ ထို့ကြောင့် မာန်အောင်မြို့ပိုင်ဖြစ်သူ ဦးညိုဇံနှင့် စာရေးကြီး ဦးလှထွန်းဦး၊ ကုန်သည်ကြီး ဦးလှထွန်းတို့က ပဏ္ဍာရိကဥပသကာခံစည်း၍ ဥပုသ်နေ့တိုင်း လှည့်လည်ကာ မြို့တွင်း၌အလှူခံခဲ့လေသည်။ အလှူခံရရှိငွေဖြင့် ထီးတော်ကို ပြန်လည်ပြုပြင်



ကာ ထီးတော်ကို ပြန်လည်တင်လှူခဲ့လေသည်။

သို့ရာတွင် ၁၂၉၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့တွင် လေမုန်တိုင်းတိုက်ခတ်မှုကြောင့် စေတီတော်ကြီး၏ ရွှေထီးတော် အပါအဝင် ငှက်ပျောဖူးမှစတင်၍ (၁၃) တောင်အထိ ပျက်စီးမြေခခဲ့ရာ ကုန်သည်ကြီး ဦးထွန်းလှ အမှူးပြု၍ ကလျာဏမိတ္တဥပသကာအသင်းဖွဲ့စည်း၍ အလှူခံပြုပြင်ကာ ရွှေထီးတော်တင်လှူခဲ့ပြန်သည်။ ထို့နောက် မြန်မာနှစ် ၁၃၅၄ ခု၊ ကဆုန်လဆုတ် ၃ ရက်၊ ၁၉-၅-၉၂ နေ့တွင် တတိယအကြိမ်လေမုန်တိုင်းဒဏ်ခံရသဖြင့် ရွှေထီးတော်နှင့်တကွ နတ်မင်းကြီးရုပ်တုတစ်ခုပါ ပျက်စီးသွားခဲ့လေသည်။ ထို့ကြောင့် မြို့မရပ်ကွက် ကုန်သည်ကြီး ဦးဘစိန်နှင့် မြို့သစ်ရပ်ကျောင်းဆရာကြီးဦးဘိုးညီတို့ဦးဆောင်သော ဂေါပကအဖွဲ့မှ ရွှေထီးတော်အသစ်ကို ထပ်မံ၍ ၁၉၉၃ ခု၊ မေ ၂ရက်နေ့တွင် အသစ်တင်လှူပူဇော်ခဲ့ကြလေသည်။ မူလစေတီတော်၏ခေါင်းလောင်းပုံမှာ ငှက်ပျောဖူးအထိသာ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ခဲ့ကြသည်။ စေတီတော်ကြီးကိုယ်လုံးတော်ပြည့်ရွှေသင်္ကန်းကို မြန်မာနှစ် ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၁၀-၁၁-၂၀၀၇ တွင် မာန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်ဦးဆောင်သော ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြရာ ၁၁-၁၂-၂၀၀၈နေ့တွင် ကိုယ်လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခဲ့လေသည်။ ထို့ကြောင့် ယခုအခါ ရွှေရောင်တဝင်းဝင်းဖြင့် ရန်အောင်မြင်စေတီတော်မြတ်ကြီးကို လှပသပ္ပာယ်စွာ ဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

မာန်အောင်မြို့သည် ရှေးယခင်ကကဲ့သို့ ရေကြောင်းခရီးသွားလာရေး ခက်ခဲမှုမရှိတော့ပေ။ ရွှေပြည်တန်၊ မလိခ စသည့် ရုပ်ပြေးယာဉ်ကြီးများဖြင့် လေးနာရီခန့်အတွင်း ချောမောစွာ သွားလာနိုင်ပြီ ဖြစ်ပါသည်။ ယခုအခါ ၂၀၁၆ ခုနှစ်အတွင်း မာန်အောင်လေယာဉ်ကွင်းကို ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူမြို့တို့မှ လေယာဉ်ဖြင့်သွားရောက်နိုင်ပြီ ဖြစ်ပါသည်။ မာန်အောင်ကျွန်းပတ်လမ်းကြီးကို လည်းကောင်း၊ တောင်နီတောင်တက်ကားလမ်းကို လည်းကောင်း ဖောက်လုပ်ထားပြီ ဖြစ်ပါသည်။ ၂၀၁၆ခုတွင် အလိုတော်ပြည့်ဆရာတော်ကြီးမှ (၅၄) ပေ ဉာဏ်တော်ရှိ ရုပ်တော်မူဘုရားကြီးကို တောင်နီတောင်ထိပ်တွင် စတင်တည်ထားခဲ့ရာ တပေါင်းလတွင် အပြီးသတ်၍ တန်ခူးလပြည့်တွင် ဘုရားပွဲတော်ကျင်းပမည်ဖြစ်ရာ စာရှုသူများအနေဖြင့် ကအီးကမ်းခြေအလှ၊ နတ်မြစ်ကျောက်ဆောင်ကြီးအလှ၊ မိမ္မကြွယ်ကမ်းခြေနှင့် ရွှေဘုံသာငွေဘုံသာစခန်းအလှများကို ရှုစားရင်း ရုပ်တော်မူဘုရားပွဲတော်ကျင်းပမည့် မြက်မွေးပန်းများသင်းပျံ့ရာ ဂန္ဓဗ္ဗတောင်နီတောင်သို့ အလည်တစ်ခေါက် သွားရောက်လှည့်ကြပါဟု ဖြူစင်သော စိတ်စေတနာတရားဖြင့် ရေးသားလိုက်ရပေတော့သည်။

ရွှေချိုအောင်(ပေလဵ)

မှီငြမ်း -

ရန်အောင်မြင်စေတီတော်သမိုင်း
(ဆရာတော်ဦးဉာဏိန္ဒ)
ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်
(တတိယတွဲ)
စွယ်စုံကျော်ထင်ကျမ်း
(ဘွဲ့ရန်သူကြံ၊ မိုးသို့ပျံ)
ဂန္ဓဗ္ဗတောင်နီတောင်မြတ်
(မြတ်စိုးလင်း-မေဃဝေတီ)
မာန်အောင်ကျွန်း
(ထွန်းမြင့်-မာန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့နံနက်ခင်း အိပ်ရာမှ (၅) နာရီထနေကျအချိန် အလိုလိုနိုးနေပြီ ဖြစ်သည်။ မျက်စိမှာအကျင့်၊ ဝမ်းမှာအချင့်ဆိုသလို မျက်စိကလည်း နံနက် (၅)နာရီထနေကျအချိန် အလိုလိုအကျင့်ဖြစ်ပြီးသား။ နာရီနိုးစက်မလို။ ဝမ်းမှာလည်း အစာစားရာ၌ မိမိနှင့် သင့်တော်သည့်အစားအစာကို ချင့်ချိန်၍စားရသည်။ 'အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း' ဆိုသလို အစားတစ်

ဝရန်တာတွင် လမ်းလျှောက်နေစဉ် -

"ဦးအေးမင်း၊ စောစောစီးစီးနိုးနေပြီလား"

မိတ်ဆွေဖြစ်သူ ဦးအောင်တင်မှ နှုတ်ဆက်ရင်း အိမ်ဝင်းအတွင်းသို့ဝင်ရောက်လာပါသည်။

"ဘာကိစ္စအရေးကြီးလာလို့လဲ"


ကျွန်တော်မှ နှုတ်ဆက်ရင်း လာရင်းကိစ္စကို စုံစမ်းလိုက်မိပါသည်။

"ဆေးရုံတက်နေတဲ့ ကျော်နိုင်ဝင်း

(ကျိုင်းတုံ)

# အေးမင်း

# ကုသိုလ်ကောင်းမှု ကြိုးစားပြု



ဆေးရုံဝင်းအတွင်းသို့ရောက်၍ ဦးကျော်နိုင်ဝင်းရှိသော လူနာခန်းသို့ ရောက်ရှိသွားချိန်တွင် နာရေးမေးရန် ကြိုတင်ရောက်ရှိနေသော ဦးကျော်တို့၊ ဦးဝင်းလှိုင်တို့၊ ဦးသာလှတို့လူသိုက်ကို တွေ့လိုက်ရပါတော့သည်။

ညတုန်းကဆုံးသွားပြီဟု သတင်းကြားထားသော ဦးကျော်နိုင်ဝင်းမှာ သတိပြန်လည်ကာ လူနာခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် မှိန်းနေသည်ကိုတွေ့ရှိရပြီး လူနာ နာရေးသတင်းမေးရန် ရောက်ရှိနေသော မိတ်ဆွေတစ်စုသည် ခုတင်ဘေးပတ်လည်တွင် ဝိုင်းအုံလျက်ရှိနေပေသည်။

"နှစ်ရက်လုံးလုံးသတိမေ့နေတာ။ ဒီနေ့မနက် (၅) နာရီလောက်မှာသတိပြန်လည်လာတယ်"

လုတ်နှင့်ဒုက္ခရောက်ရသူတွေရှိခဲ့ဖူးသည်။ ရှိလည်းရှိနေကြသေးသည်။ အသွားမတော်တစ်လှမ်း ခြေတစ်လှမ်းမှားရုံနှင့် ဒုက္ခရောက်ခဲ့ရသည်များရှိခဲ့ပါသည်။ ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝက ကျောင်းပိတ်ရက်တစ်ရက်တွင် ရွာဖျားရှိ ဖဲဝိုင်းကက်ဝိုင်းကစားနေသောအိမ်သို့ အပျင်းပြေ သွားရောက် ကြည့်ရှုနေမိသည်။ ကျွန်တော် ထိုင်ကြည့်နေစဉ် မကြာမီ ၎င်းအိမ်သို့ ရဲများ၊ အရပ်လူကြီးများ ဝိုင်းဝန်းဖမ်းဆီးခြင်းခံလိုက်ရပါသည်။ ဖဲမကစားဘဲ ဘေးမှထိုင်ကြည့်နေသူ ကျွန်တော်လည်း စခန်းသို့ အချုပ်ဖြင့် လိုက်ပါသွားရပါတော့သည်။ ခြေတစ်လှမ်းကြောင့် ဒုက္ခတွေ့ခဲ့ရပုံဖြစ်ပါသည်။

နံနက်စောစော ဘုရားရှိခိုး၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပြီး မေတ္တာကမ္မဋ္ဌာန်းနှလုံးသွင်းပွားများရင်း အိမ်ရှေ့

ညတုန်းကဆုံးသွားပြီ"

ဦးအောင်တင်ပြောမှ ကျွန်တော် သတိရလာသည်။ ကျော်နိုင်ဝင်း နေမကောင်း၍ ဆေးရုံတက်နေသည်ဟု လွန်ခဲ့သော တစ်ပတ်ခန့်က ကြားသိထားသော်လည်း ဆေးရုံသို့သွားရောက်၍ လူနာအား အားမပေးရသေးချေ။ ကိစ္စများမြောင်လှတို့ဘောင် ဆိုသောစကားနှင့်အညီ ယခုအချိန်သည် လယ်ယာစပါးရိတ်သိမ်းချိန်၊ ပြောင်းဖူးချိုး၍သိမ်းချိန်၊ အလုပ်အလွန်များနေသောအချိန်။

"အေးဗျာ - ဒါဖြင့်လည်းသွားကြရအောင်"

ကျွန်တော်မှ အိပ်ခန်းအတွင်းဝင်၍ အနွေးထည်ထပ်ဝတ်ပြီး ဆေးရုံသို့ နှစ်ဦးသားထွက်လာကြပါသည်။

ဦးကျော်နိုင်ဝင်းဇနီး ဒေါ် နန်းခမ်းက အကျိုးအကြောင်းရှင်းပြပါသည်။

မှိန်းနေသောလူနာမှာ မျက်စိအသာဖွင့်၍ ခုတင်ဘေးတွင်ဝိုင်းနေသော မိတ်ဆွေတစ်စုအား တစ်ယောက်ချင်းလိုက်ကြည့်ပြီး ခေတ္တနား၍ အားယူပြီးစကားပြောလာပါသည်။

"ခင်ဗျားတို့ကို ကျွန်တော်အိပ်မက်လိုလို၊ တကယ်တွေ့ဆုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးကို ပြောပြချင်တယ်"

စကားကို ဖြည်းဖြည်းမှန်မှန် တစ်လုံးချင်းအားယူ၍ပြောနေသည်ကို ကျွန်တော်တို့ မိတ်ဆွေတစ်စုအားစိုက်



www.burmeseclassic.com

www.burmeseclassic.com

ထောင်နေကြသည်။

ဦးကျော်နိုင်ဝင်း ပြောပြသော အကြောင်းအရာများမှာ ကျွန်တော်တို့ မိတ်ဆွေတစ်စုနှင့် အလွန်ရင်းနှီး၍ လွန်ခဲ့သော (၁၀) နှစ်ခန့်က ဘဝတစ်ပါးသို့ ကူးပြောင်းသေဆုံးသွားသော ဦးရဲနိုင် အကြောင်းပါလာသည်။

ကျွန်တော်တို့မြို့လေး၏ သုသာန်သွားလမ်းသည် မြို့စွန်ကမ္မဋ္ဌာန်းကျောင်းသားမှ ဖြတ်သွားရသည်။ ကမ္မဋ္ဌာန်းကျောင်းရှေ့လမ်းသည် အပေါ် ရွာ ပါဆံတွမှဆင်းလာသောလမ်း၊ မြို့တွင်းသွားလမ်း၊ ကမ္မဋ္ဌာန်းကျောင်းအဝင်လမ်း၊ လမ်းဆုံလမ်းမ လမ်းလေးခွဖြစ်နေသည်။

ဦးကျော်နိုင်ဝင်း သတိမေ့နေစဉ် (၂) ရက်အတွင်း အိပ်မက်လိုလိုနှင့် သတိမေ့မြောနေရင်း လူနာခုတင်ပေါ်မှ ထ၍ လမ်းလျှောက်နေစဉ် ဇဝေဇဝါနှင့် သုသာန်သွားလမ်းမပေါ် လမ်းလျှောက်မိလျက်သားဖြစ်နေသည်။ ထိုသို့ လမ်းလျှောက်နေစဉ် လမ်းဆုံ၌ထိုင်နေသော ဦးရဲနိုင်ကို တွေ့ရလေသည်။

"ဟေ့လူ၊ ဘာလုပ်နေတာလဲ"

ဦးကျော်နိုင်ဝင်းမှ ဦးရဲနိုင်အား မေးလိုက်ရာ -

"ဘာမှမလုပ်ဘူး၊ ထိုင်နေတာ"

ဦးရဲနိုင်မှ ညှိုးငယ်သောမျက်နှာနှင့်ဖြေလိုက်သည်။

"ခင်ဗျားဘယ်မှာနေတာလဲ"

ထပ်မံ၍မေးလိုက်ရာ -

"ငါဒီမှာနေတာ"

ဦးကျော်နိုင်ဝင်းမှာ များစွာ စိတ်မကောင်းခြင်းဖြစ်ပြီး ဦးရဲနိုင်အား သေချာကြည့်ရှုလေရာ အားအင်ချည့်နဲ့ ပိန်ချုံးနေသောခန္ဓာကိုယ်၊ ညစ်ထေး ပေါင်းနွမ်းနေသော အဝတ်အစားများနှင့် ၎င်းနေထိုင်ရာတစ်ဝိုက်တွင် အိမ်အဆောက်အအုံမရှိဘဲ သစ်ပင်ကြီးငယ် အချို့ကိုသာတွေ့ရပြီး ၎င်း၏နောက် ကျောဘက်တွင် လမ်းသွယ် (၂) ခုကို တွေ့ရလေသည်။

ထူးဆန်းသည်မှာ ၎င်းလမ်းသွယ် (၂) ခုအနက် တစ်ခုက ငွေရောင်လင်းလက်တောက်ပနေပြီး ကျန်သောလမ်းမှာ မည်းမှောင်၍ ကျောက်ခဲချိုင့်ခွက်များ ဗွက်တောတို့ဖြင့် ပြည့်နှက်နေသည်ကို တွေ့နေရပေသည်။

ဦးကျော်နိုင်ဝင်းမှာ ၎င်းလမ်း (၂) သွယ်ကို သေချာကြည့်ပြီး -

"ခင်ဗျားနောက်က လမ်း (၂) သွယ်က ဘယ်ကိုသွားတဲ့လမ်းတွေလဲ"

"မင်း ခုမြင်နေရတဲ့ လမ်း (၂) သွယ်နှစ်ခုထဲက ညာဘက်က ငွေရောင်တောက်ပ လင်းလက်နေတဲ့ လမ်းက



နိဗ္ဗာန်သွားတဲ့လမ်း။ လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှု၊ တရားဘာဝနာတွေ အားထုတ်ပြီး အလှူအတန်းတွေ ပေးကမ်း လှူဒါန်းခဲ့တဲ့လူတွေသွားတဲ့ လမ်း။ ဘယ်ဘက် မည်းမှောင်နေတဲ့ လမ်းက ငရဲသွားတဲ့လမ်း၊ လူ့ဘဝတုန်း က အကုသိုလ်နဲ့ အသက်မွေးဝမ်း ကျောင်းပြုပြီး အကုသိုလ်ဒုစရိုက်တွေ များများလုပ်ခဲ့တဲ့လူတွေ သွားတဲ့လမ်း ကွ"

ဦးရဲနိုင်မှ သေချာရှင်းပြနေသည်။

"ခင်ဗျားက ခုဘာလုပ်ထိုင်နေ တာလဲ"

"ငါကဒီမှာပဲနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်နိုင်ဝင်းမှ -

"ခင်ဗျားဘယ်လမ်းသွားမှာလဲ"

"ငါက နိဗ္ဗာန်လမ်းသွားဖို့စောင့်နေတာ။ ကုသိုလ်နည်းနည်းလိုနေသေးလို့ ကုသိုလ်ပြုပေးမယ့်ပုဂ္ဂိုလ်ကိုစောင့်နေတာ"

ဦးရဲနိုင်မှ ရှင်းပြရင်း ဆက်မေးလိုက်သည်။

"မင်းကဘယ်သွားမလို့လဲ"

"ကျွန်တော်ကဒီဘက်ကိုလျှောက်နေတာ"

ဦးကျော်နိုင်ဝင်းမှ ဖြေကြားလိုက်ရာ-

"မင်းပြန်တော့ ဒီဘက်ကိုမလာနဲ့"

ဦးရဲနိုင်မှ အတင်းပြန်လွှတ်နေသည်။

ဦးရဲနိုင်မှ အတင်းပြန်လွှတ်၍ ပြန်လာပြီး ခုတင်ပေါ်ပြန်ရောက်၍ အလွန်အားအင်ချည့်နဲ့ မောပန်းကာ မှိန်းနေစဉ် သတိပြန်လည်လာသည်ကို တွေ့ရပေသည်။

ဦးကျော်နိုင်ဝင်းပြောသောစကားများကို ကျွန်တော်တို့ မိတ်ဆွေတစ်စုအာရုံစိုက်နားထောင်နေစဉ်-

"ဆရာတို့ပြောစကားတွေ ကျွန်မအားလုံးကြားပါတယ်"

ကျွန်တော်တို့ နောက်ဘက်တွင်ရောက်ရှိနေသော ကွယ်လွန်သူ ဦးရဲနိုင်၏ဇနီးနှင့် သမီးတို့ ရှေ့သို့ရောက်ရှိလာပြီး -

"ကျွန်မကလည်း ကျွန်မယောကျ်ားဆုံးပြီးကတည်းက ခံစားနေရတဲ့ ဒုက္ခဝေဒနာကြီးကို ဆရာတို့ကို ပြောပြချင်ပါတယ်"

ကျွန်တော်တို့လူစုလည်း မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့်-

"ပြောပါ အစ်မကြီး၊ ကျွန်တော်တို့ စိတ်ပါဝင်တစားနားထောင်နေပါတယ်"

"ဒီလို ဆရာတို့ရေ"

ဟု အစချီကာ ဦးရဲနိုင်ဇနီးမှ ၎င်းခံစားနေရသော စိတ်ဝေဒနာများကို ရင်ဖွင့်ပြောလာပါတော့သည်။

ဦးရဲနိုင်ဆုံးပြီးကတည်းက ၎င်း၏ယောကျ်ားသည် ညစဉ် မိမိအိမ်သို့လာပြီး ၎င်း၏အိပ်ရာခုတင်ပေါ်တွင် တစ်ညလုံး ၎င်းအားဖက်၍အိပ်နေပြီး နံနက်မိုးလင်းလျှင် ပျောက်သွားပြီး ယခုလို ညစဉ်လာအိပ်ကြောင်း၊ ဇနီးသည်မှာ ညစဉ် ကြောက်ရွံ့နေပြီး အိပ်မပျော်စားမဝင်နှင့် ဒုက္ခဝေဒနာကြီးကို ယခုအချိန်အထိ ခံစားနေရကြောင်း အလုံးစုံပြောပြသွားပါတော့သည်။

ဦးကျော်နိုင်ဝင်းအိမ်နှင့် ဦးရဲနိုင်တို့အိမ်မှာ ခြံချင်းကပ်လျက် အိမ်နီးနားချင်းများ ဖြစ်ကြပါသည်။ ဆေးရုံမှ ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းလာသော ဦးကျော်နိုင်ဝင်းသည် အိမ်နီးနားချင်းမိတ်ဆွေ ကောင်းပီသစွာ ဦးရဲနိုင်၏ဇနီးနှင့်သမီးအား သေဆုံးသူအတွက် ရည်စူးပြီး ဘုရားအမှူးရှိသော သံဃာတော်ကြီးများကိုပင့်ပြီး အရှက်ဆွမ်းဆက်ကပ်၍ သင်္ကန်းပရိက္ခရာ၊ နဝကမ္မဝတ္ထုအစုစုတို့ကိုလှူဒါန်းပြီး ဆွမ်းသွတ်တရားနာအလှူဒါန ပြုလုပ်ပေးရန် တိုက်တွန်းလေတော့သည်။

(၁၅) ရက်ခန့်ကြာသောအခါ ကျွန်တော့်ထံသို့ ဆွမ်းသွတ်တရားနာဖိတ်စာတစ်စောင်ရောက်ရှိလာပါသည်။ ၎င်းဖိတ်စာကိုကြည့်၍ လွန်ခဲ့သော (၁၀) နှစ်ခန့်က ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဦးရဲနိုင်အတွက် ကောင်းမှုကုသိုလ်အစုစုကို အမျှသုံးကြိမ်ပေးဝေရင်း ဦးရဲနိုင်တစ်ယောက် ကောင်းရာဘုံဘဝ ဘုံဌာနသို့ ရရပါစေ၊ ရောက်ရပါစေဟု မုဒိတာပွားရင်း ရင်တွင်းဆန္ဒနှင့် ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

သေဆုံးသူများအတွက် ရည်စူးကုသိုလ်ပြုရန် နှိုးဆော်တိုက်တွန်းလွှာကလေးကို မေတ္တာဖြင့် ဝေငှလိုက်ရပါသည်။

အရွယ်သုံးပါးစလုံး၌ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို လေ့ကျက်ပြုလုပ်အပ်ပါကြောင်းနှင့် ယင်းအာစိဏ္ဏကံကုသိုလ်သည်သာ ဘဝသံသရာခရီးတစ်လျှောက် ခိုင်မာ၍ အားကိုးထိုက်သော အဖော်မွန် မိတ်ဆွေကောင်းဖြစ်သည်ကို ယုံကြည်ထိုက်လှပေသည်။

တမလွန်ဘဝသို့ ပြောင်းသွားသူကိုရည်စူး၍ ပေးလှူခြင်း -

၁။ ပြိတ္တာတို့သည် မိမိအိမ်သို့လာကြ၍ နံရံပြင်ဘက်တို့၌ လည်းကောင်း၊ လမ်းဆုံလမ်းခွ အိမ်ခြံစပ်တို့၌လည်းကောင်း ရပ်တည်ကုန်၏။

၂။ များစွာသောထမင်း၊ အဖျော်ခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းရန် ပြုပြင်စီစဉ်သော်လည်း ထိုပြိတ္တာတို့၏ ကံအကြောင်းကြောင့် ထိုပြိတ္တာသတ္တဝါတို့ကို တစ်စုံတစ်ယောက်သောသူကမျှ အမှတ်မရ။

၃။ သနားတတ်သော အကြင်သူတို့သည် ဆွေမျိုးပြိတ္တာတို့ကပ်ရောက်လာသောအခါ စင်ကြယ်မွန်မြတ်၍ လျောက်ပတ်သော အဖျော်၊ ဘောဇဉ်ကို ဤအလှူဝတ္ထုသည် သင်ပြိတ္တာဆွေမျိုးတို့ကိုဖြစ်စေသတည်း။ ပြိတ္တာဆွေမျိုးတို့သည် ချမ်းသာစေသတည်းဟု မိတ်ဆွေအမျိုး ပြိတ္တာတို့အတွက် ရည်စူး၍ ပေးလှူကုန်၏။

၄။ ထိုဆွေမျိုးပြိတ္တာတို့သည် ထိုအရပ်သို့ညီညွတ်၍ ပေါင်းဆုံ၍လာရောက်ကြပြီးလျှင် များစွာသော ထမင်းအဖျော်ကို (မိမိတို့အား ရည်ညွှန်းပေးလှူအပ်သည်ရှိသော်) ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကြကုန်၏။

၅။ အကြင်ဆွေမျိုးတို့၏ (ပေးလှူခြင်းဟူသော) အကြောင်းကြောင့် (စည်းစိမ်ချမ်းသာ) ကို ငါတို့ရကြကုန်၏။ ငါတို့၏အကျိုးငှာလည်း ပူဇော်မှုကိုပြုကြကုန်၏။ ပေးလှူသူဆွေမျိုးတို့သည်လည်း အကျိုးများကုန်၏။ ငါတို့၏ဆွေမျိုးတို့သည်လည်း အသက်ရှည်ကြပါစေကုန်သတည်း။

၆။ ဤလူ့ဘုံမှ (ဆွေမျိုးမိတ်ဆွေတို့) ပေးဝေအပ်သော ကုသိုလ်အဖို့ဖြင့် ထိုပြိတ္တာဘုံ၌ တမလွန်ဘဝသို့ ပြောင်းသွားကုန်သော ပြိတ္တာတို့သည် မျှတကုန်၏။

၇။ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးပေးလှူခြင်းဟူသော ဤသဘောကို ဆွေမျိုးတို့၌ ပြုအပ်သော ဝတ္တရားဟူ၍ ပြအပ်၏။ ပြိတ္တာတို့အားမြတ်သောပူဇော်ခြင်းကို ပြုအပ်သည်လည်းမည်၏။ ရဟန်းတို့အား ခွန်အားကိုပေးအပ်သည်လည်း မည်၏။ သင်တို့သည် ကြီးကျယ်သောကုသိုလ်ကိုပွားများဆည်းပူးအပ်သည်လည်းမည်၏ဟု မိန့်တော်မူ၏။

(တိရောကုဍ္ဍသုတ်၊ ခုဒ္ဒကပါဠိ)

ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

ကွယ်လွန်သူအားရည်စူး၍ကုသိုလ်ကောင်းမှုပြုလုပ်ပေးကြပါရန် မွန်မြတ်သောစေတနာ သဒ္ဓါတရားဖြင့် နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။

*ရွှင်လန်းကျန်းမာချမ်းသာကြပါစေ*

အေးမင်း (ကျိုက်ထို)



www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# အထူးအကျိုးပေးမြန်စေ၊ အကျိုးပေးသန့်စေသော

# ဂါထာပြန်နှစ်ဂါထာအင်း

တစ်နေ့သ၌ -

ကျွန်ုပ်သည် အဝေးမှ မေးမြန်းထားသော ဟောစာများကို ရေးသားနေဆဲ ဖြစ်လေသည်။ ထိုအချိန် အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်ထုတ်ရာတွင် ချိန်ရကျင့်စဉ်တစ်ခုနှင့် ခုနစ်နေ့သားသမီးတို့အတွက် လအတွင်း ဟောစာစာမူရေးပေးရန် တာဝန်ခံအယ်ဒီတာမှ စာမူတောင်းခံနေပါတော့သည်။

အလုပ်များနေသည့်ကြားကပင် ရင်းနှီးခင်မင်သူဖြစ်နေ၍ အားနာပါးနာနှင့် ရေးပေးရန် သဘောတူခဲ့ပါသည်။ စာမျက်နှာနေရာကို ငဲ့ရ၍ စာမူများကို အကျဉ်းမျှ ရေးသားပေးရလေတော့သည်။

ကျွန်ုပ်သည် ဝိဇ္ဇာဓရ ဂမ္ဘီရပညာသဘောအရ နှစ်စဉ် အထူးတလည် စီမံ၍ ဆောင်ရွက်လှူဒါန်းသော ကန်တော့ပွဲရေတို့မှာ များပြားလှပါသည်။ ယခုဝါဆိုပွဲတွင် ဝါဆိုလပြည့်မှစပြီး သီတင်းကျွတ်လပြည့်အထိ ဝါတွင်းကာလတွင် အထူးတလည်စီမံအပ်သော ကန်တော့ပွဲပေါင်းကို ကိုးပွဲလှူဒါန်းမြဲ ဖြစ်ပါသည်။

ယခု တော်သလင်းလပြည့်အထိ ကန်တော့ပွဲ (၇) ပွဲ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ရှစ်ပွဲမြောက်ကန်တော့ပွဲကို တပည့်တစ်ဦးမှ တစ်ဦးတည်းလှူလိုကြောင်း ခွင့်တောင်းခံပါတော့သည်။ ကျွန်ုပ်မှာ အများအတွက် အာရုံပြုထားသည့် ကာလဒါနတို့တွင် တစ်ဦးတည်းတောင်းခံခြင်းတို့ကို ခွင့်ပြုခဲ့ခြင်းမရှိပါ။ အများစုပေါင်း၍သာ ကပ်လှူရန်ကိုသာ ခွင့်ပြုပေးခဲ့ပါသည်။

အခါအားလျော်စွာ (၃)ဦးမှ(၅)ဦးအထိတော့ စုပေါင်းလှူခွင့်ပြု၍စီမံပေးမြဲလည်း ဖြစ်ပါသည်။ (ပုဂ္ဂလိကကိစ္စအားလျော်စွာစီမံရသော သီးသန့်စီမံရသော ကန်တော့ပွဲနှင့် မသက်ဆိုင်ပါ။)

ယခု ကန်တော့ပွဲအကြောင်းတောက်ကြောင်းတစ်ခုအနေဖြင့် တင်ပြရခြင်းမှာ ကျွန်ုပ်ထံသို့ တပည့်ဖြစ်သူမောင်သိန်းမြင့်ရောက်လာပြီး သူ၏အဖြစ်အပျက်အခက်အခဲများနှင့် မြို့မဈေးကြီးတွင် ကုန်ပစ္စည်းစုံရောင်းချနေသော ဈေးဆိုင်မှာ အတိုက်အခိုက်ပေါင်းစုံရှိနေခြင်း၊ ဈေးအရောင်းကျဆင်းနေခြင်းတို့ကြောင့် သင့်တော်ရာအစီအမံတစ်ခုပြုလုပ်ပေးရန် တပည့်ရင်းဖြစ်နေသည့်အတွက် နားပူနားဆာလုပ်ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်အမြဲကူညီပေးနေခဲ့ရသော တပည့်တစ်ယောက်ဖြစ်နေသည့်အတွက် စီမံရမည့်အတွက် ဒါနမှုအစုစုတို့ကို အသိပေး ပြောပြလိုက်ရပါသည်။

အကျိုးပေးထက်မြက်ပြီး လျင်မြန်စေသော ဂါထာပြန်အင်း (၂) လက်လာရောက်ယူရန် ရက်ချိန်းပေးလိုက်ပါသည်။

အခွင့်ကြုံ၍ တင်ပြလိုသည်မှာ ကျွန်ုပ်သည် မျက်စိကျန်းမာရေးကြောင့် စာရေးစာဖတ်မပြုလုပ်နိုင်ခဲ့တာဆိုလျှင် (၉) လ (၁၀) လောက်ကြာပြီ ဖြစ်ပါသည်။ သူရဿဝတီမဂ္ဂဇင်းတွင်လည်း စာမူကုန်သလောက်ဖြစ်နေပါပြီ။ ယခုတပည့်မောင်သိန်းမြင့်အတွက် စီမံပြီး ချီးမြှင့်ပေးရမည့် ဂါထာပြန်(၂)အင်းအဆောင်အကြောင်းကို သူရဿဝတီမဂ္ဂဇင်းစာချစ်သူ (ပင်တိုင်စာဖတ်သူ)များအတွက်ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

(ကျွန်ုပ်၏စာမူများကို အမြဲဖတ်နေကြသော စာချစ်သူများအားလုံး ကျန်းမာ ချမ်းသာကြပါစေကြောင်းနှင့် ကျေးဇူးဥပကာယတင်ရှိပါကြောင်းပြောကြားပြီး မှတ်တမ်းတင်လိုက်ပါသည်။)

❑

ဝိဇ္ဇာဓရဂမ္ဘီရ ပညာနယ်တွင် သဘောထားအမျိုးမျိုး ကွဲပြားပါသည်။ အသုံးမှာလည်း ကွဲပြားခြားနားခြင်းများ ရှိနေပါသည်။ ကျွန်ုပ်ကို ပညာပေးခဲ့သော ဆရာတော်များ လူဆရာ (ဆရာသခင်များ) တို့၏ ခံယူပုံ၊ သုံးစွဲပုံတို့မှာ မတူကွဲပြားမှုများရှိနေကြပါသည်။

ကျွန်ုပ်၏ကိုယ်တွေ့ကို တင်ပြမည်ဆိုလျှင် ပေမူတချို့တွေ့ဖူးသလို ပရိုက်တစ်စောင်တွင်လည်းကြုံခဲ့ပါသေးသည်။ ဆရာများ၏အာဘော်များစွာတို့ကိုလည်း နားရည်ဝနေပါသည်။ သို့ဆိုပါလျှင် ယခုရေးသားတင်ပြမည့် ဂါထာပြန် (၂) ဂါထာနှင့် အင်း (၂) ကွက်တို့မှာ ဗဟုများစွာသော အကြောင်းများ၊ သိဒ္ဓိစွမ်းပကားများစွာတို့ ကိန်းဝပ်နေသည်ကို ခန့်မှန်းသိနိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်၏ဖြတ်သန်းကာလနှစ်ပေါင်း (၄၀) ကျော် (၅၀) ဝန်းကျင်၏လက်လှမ်းမီသမျှ အသုံးတို့ကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

**❑ဂါထာပြန်(၂)အင်းနှင့်စပ်လျဉ်း၍ ရှင်းပြခြင်း**

အင်း (၂) အင်းတွင် ဂါထာပြန် ဂါထာဟုခေါ်နေကြသော **ဝေဓာသာကု** အစရှိသော ဂါထာနှင့် **ဒေဝိကာနီ**အစရှိသော ဂါထာတို့ကို (၃၂) ကွက် ခိုနန်းချိုးအင်းပေါင်တွင် ဂါထာတစ်ပုဒ်တွင် ပါရှိသော စာလုံးများကို အင်းဆန်အဖြစ် ရေးသွင်းရသော အင်း (၂) အင်း ဖြစ်ပါသည်။

ဂါထာပါ အင်းဆန်များကို မြင်းသွားဖြင့်ရေးသွင်းထားသောအင်းများဖြစ်နေပါသည်။ တစ်ဂါထာကို အင်းတစ်အင်း ဖြစ်ပါသည်။

အများခေါ်နေကြသောဂါထာပြန် အင်းဆန်အဖြစ်အသုံးပြုသည့်ဂါထာ(၂) ပုဒ်ကို အောက်တွင်ရေးသားဖော်ပြထားပါသည်။

(က) ဒေဝိကာနီ၊ နီကာဝိဒေ၊
ဝိသုတိသု၊ သုတိသုဝိ၊
ကာတိရေတ၊ တရေတိကာ၊
ဗျတာသုနီ၊ နီသုတာဗျ။

(ခ) ဝေဓာသာကု၊ ကုသာဓာဝေ၊
ဓာယသာဒ၊ ဒသာယဓာ၊
သာသာဒိကု၊ ကုဒိသာသာ၊
ကုဗုဓကု၊ ကုဓဗုကု။



www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| | ဗျ | ဝါ | သု | ရေ | |
| ဒေ | ကာ | တိ | တ | ကာ | ဝါ |
| ကာ | သု | သု | နိ | တိ | တ |
| ဝါ | ဗျ | နိ | တ | ကာ | နိ |
| နိ | တိ | တိ | ဝါ | သု | သု |
| | ဒေ | တ | သု | ရေ | |

| | | | | | |
|---|---|---|---|---|---|
| | ကု | ဓာ | ယ | ဒိ | |
| ဝေ | သာ | သာ | ဗု | သာ | ဓာ |
| သာ | ဓ | ယ | ကု | သာ | ကု |
| ဓာ | ကု | ကု | ကု | သာ | ကု |
| ကု | သာ | သာ | ဓာ | ဓ | ဒ |
| | ဝေ | ဗု | ဒ | ဒိ | |

**အကျိုးပေးမြန်သောဂါထာပြန်နှစ်အင်း**

**❑ အကျိုးပေးမြန်သော ဂါထာပြန်နှစ်အင်း စီရင်နည်း (ဗားမဲ့မှ)**

ဗားမဲ့ကျမ်းတွင် ကျွန်ုပ်မှတ်သားခဲ့သည့် နည်းစနစ်အကျဉ်းကို အကျဉ်းမျှ အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

အကျိုးပေးမြန်သော ဂါထာပြန် (၂) အင်း စီရင်ရာတွင် နေ့ကောင်းရက်သာတစ်ရက်ကိုရွေးပါ။ သင့်လျော်သော ရေချမ်းအိုးအသစ်တစ်လုံးတွင် သပြေပန်းနှင့် တင့်တယ်သောပန်းများဖြင့် မြတ်စွာဘုရားရှင်အား ကပ်လှူပါ။

ရွှေပြား၊ငွေပြားပေါ်တွင် အင်း(၂) အင်းချပြီး မျက်နှာချင်းဆိုင်အပ်ထားပါ။ အင်းဆန်ဂါထာ(၂)ဂါထာနှင့်ပင်ရွတ်ဖတ်ပူဇော်ပြီး (၇)ရက်တိုင်အောင် ဆုတောင်းခံပါ။

ကျွန်ုပ်၏ ဆရာသခင်များနှင့် ကျွန်ုပ်ကိုယ်တွေ့ စီမံခဲ့သော နည်းအပြည့်အစုံကို အောက်တွင် ဖော်ပြထားပါသည်။

**❑ အကျိုးပေးမြန်စေသော ဂါထာပြန်အင်း (၂) အင်းစီမံပုံ**

**၁။ ဦးစွာရက်ရွေးချယ်ခြင်း**

(က) လွန်စွာစင်ကြယ်သော ရက်ကောင်းတစ်ရက်ရွေးပါ။ (ဝရစုတ်၊ သိဒ္ဓိစုတ်၊ အမြိတ္တစုတ်တို့နှင့်ကြုံလျှင် ပို၍ကောင်းပါသည်။)

(ခ) ကာလသတ်မှတ်ရခြင်း။

ဆောင်ရွက်လိုသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ အသက်အပိုင်းအခြားအတိုင်း ကာလသတ်မှတ်ပေးရပါမည်။ (အသက်ကို ကာလသတ်ရာတွင် ဝေါဟာရအသက်ကို မသတ်မှတ်ရပါ။ ပဋိသန္ဓေသက်ကိုဖြည့်စွက်သတ်မှတ်ရပါမည်။

ဥပမာ ဝေါဟာရအသက်သည် (၂၆) နှစ် ဆိုကြပါစို့။ ပဋိသန္ဓေသက် (၁) နှစ်စွက်၍ (၂၇) ဖြစ်ပါသည်။ သို့ဆိုပါလျှင် ကာလသတ်မှတ်ရာတွင် (၂၇) ရက်ဖြစ်ပါသည်။

(ဂ) အင်းကွက်များတွင် တွေ့ရသည့်အတိုင်း ခိုနန်းချိုး (၃၂) ကွက်အင်းပေါင်ခတ်ရပါသည်။

နောက်ဂါထာတစ်ပုဒ်ကိုတစ်အင်းအဖြစ် ဂါထာအင်းဆန်သွင်းရပါမည်။

မှတ်ချက်။ ။ အင်းချရာတွင် မိမိကိုယ်တိုင် ဆောင်ရွက်လျှင် ပိုကောင်းပါသည်။ အကြောင်းမညီညွတ်ပါလျှင် မိတ္တဴကူးယူနိုင်ပါသည်။

❑ ကိုယ်နှင့်မကွာဆောင်လိုလျှင် အသေးစားချုံ့ယူပါ။

လုပ်ငန်းများ၊ ဆိုင်များ၊ အိမ်များတွင်ဆိုလျှင် A4 အရွယ်လောက်ပုံကြီးချဲ့ပြီး ပလတ်စတစ်လောင်းပါ။ အပေါက်ဖောက်ပြီး နိုင်လွန်ချည်ဖြင့်ချည်၍ လွတ်လပ်စွာ လည်ပတ်နိုင်အောင် ချိတ်ဆွဲထားပါရန်။

❑ ကနဦးကိစ္စများပြီးလျှင် ကာလသတ်မှတ်ချက်အတွင်း နေ့တိုင်းဆောင်ရွက်ရန်များ -

(က) ကန်တော့ပွဲတစ်ပွဲ ကပ်လှူပါ။

ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါရန် (အသင့်စီမံထားသော အင်းများကိုလည်း) ဘုရားရှင်အား ကပ်လှူထားပါရန်။

(ခ) ပုဂ္ဂိုလ်ဖိတ်ကြားခြင်း။

စတုလောကပါလနတ်မင်းကြီးများ၊ ဝိဇ္ဇာလေးပါး၊ ပါရမီဖြည့်ဖက်များ ဖိတ်ကြားပါ။

(ဂ) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါ။

(ဃ) ဂါထာ (၂) ပုဒ်ကို တစ်ပုဒ်လျှင် (၉) ခေါက်စီ ရွတ်ပူဇော်ပေးရန်။

(င) နေ့စဉ် လုပ်ငန်းပြီးဆုံးပါက သစ္စာပြုပြီး ဆုတောင်းပါ။ ဝေနေယျများ စွာသတ္တဝါတို့အား ကုသိုလ်အမျှပေးဝေပါ။

(စ) နေ့စဉ် ဖိတ်ကြားထားသူများအားလုံး နေရပ်ဌာနသို့ ပြန်လည်ပို့ပါကုန်။

**❑ အထူးသတိပေးလိုသည်မှာ**

အင်း(၂)ကွက်ကိုကျောချင်းကပ်ပြီး နှစ်မျက်နှာစာတွင် အင်းကွက်များပေါ်လွင်နေရပါမည်။

ကျွန်ုပ်·တင်ပြသော အစီမံသည် ကိုယ်တွေ့စီမံခဲ့သောနည်းလမ်းများ ဖြစ်ပါသည်။ ဆောင်ရွက်သူ ကာယကံရှင်ယောဂီသည် သီလအားဖြင့် လုံခြုံရန်လိုအပ်သည်။ နောက်တစ်ခုကဆိုလျှင် မိမိဝါသနာအလျောက် သမထကျင့်စဉ်တစ်ခုကို အချိန်ပိုင်းခြားသတ်မှတ်ခြင်းမရှိဘဲ ပြုလုပ်သင့်ပါသည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် မိမိတို့၏သီလ သမာဓိ ဝီရိယအားလျော်စွာ အကျိုးပေးသန့်မည်သာ ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေအချို့နှင့် တပည့်အချို့တို့မှာ ဝါသနာကြီးကြသလို ယုံကြည်ချက်ကြီးစွာဖြင့် ဘဝတစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ သိသိသာသာ ပြောင်းလဲခဲ့ကြသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများကို အသိပေးလိုပါသည်။

ကျွန်ုပ် ဖြတ်သန်းလာခဲ့ရသော ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ မိမိကိုယ်တွေ့ဆောင်ရွက်ခြင်းနှင့် ကူညီပေး၍ အောင်မြင်မှုရရှိခဲ့သောဂါထာများ၊ အင်းများ၊ လက်ဖွဲ့များ၊ အဓိဋ္ဌာန်ကျင့်စဉ်များကို အခါအားလျော်စွာ ကျွန်ုပ်ကျန်းမာရေးကောင်းနေသမျှ ရေးသားတင်ပြပါဦးမည်။

(ပညာပေးခဲ့ကြသောဆရာအပေါင်းအား ဤစာစုဖြင့် ဦးခိုက်ကန်တော့လိုက်ပါ၏။)

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ပညာကျော်

မှီငြမ်း -
- ဗားမဲ့ကျမ်းရင်း၊
- ပေများ(ဝိဇ္ဇာဓရဂမ္ဘီရပညာ)
- ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ



www.burmeseclassic.com


www.burmeseclassic.com

ပေါင်းတည်ဘိုးဘွားရိပ်သာညဉ့်ဆောင်မှာ ညအိပ်တည်းခိုပြီး မနက်စောစောထကာ အကောက်တောင်ကို ဘုရားဖူးဖို့ထွက်ခဲ့ကြတယ်။ ၁၂၉၁ ခုနှစ် ထုန်းက ဒေါ်ဦးဇွန်း တည်ထောင်ခဲ့တဲ့ တတိယမြောက်လူ့အိုးရုံဟာ အခုတော့ ဘိုးဘွားရိပ်သာအဖြစ် ဆက်လက်တိုးတက်စည်ပင်ပြီး မေတ္တာ၊ ကရုဏာနဲ့ စေတနာတွေကို ဝေမျှနေဆဲပေါ့။ ဆောင်းနှင်းထုထဲကိုထိုးခွဲကာ ကိုယ်တို့စီးနင်းလာတဲ့ကားလေးနှစ်စီးကတော့ ရွှေတောင်မြို့ဆီသို့ ဆက်လက်ပြေးနေရဲ့။


နှင်းမကွဲခင်မှာဘဲ ရွှေတောင်ကို ရောက်ပါတယ်။ ရွှေတောင်ရဲ့နာမည်ကျော် ဒေသအစားအစာကို မနက်စာအဖြစ်စားဖို့ အိုဆာကာ - ရွှေတောင်ခေါက်ဆွဲဆိုင်ကိုရောက်တော့ စောလွန်းလို့ ဆိုင်မဖွင့်သေးပါဘူး၊ ဆိုင်ရှေ့မလှမ်းမကမ်းမှာ မီးရှို့ထားတဲ့ အမှိုက်ပုံလေးသာ မီးခိုးတွေအူလို့ရယ်။ ဒါပေမယ့် အလားတူ အခြားရွှေတောင်ခေါက်ဆွဲဆိုင်တစ်ဆိုင်ဆိုင်တော့ရှိလိမ့်ဦးမယ်လို့ မလျှော့တဲ့ ဇွဲ၊ လုံ့လတို့နဲ့ မြို့ကိုလှည့်ပြီး ထပ်ရှာတော့ ဝီရိယကောင်းစွာဖွင့်နေတဲ့တစ်ဆိုင်ကို တွေ့လိုက်ရပါတယ်။ အဲဒီမှာ ဝမ်းမီးငြိမ်းပြီးထွက်လာကြရင်း ကားပေါ်မှာ ရွှေတောင်နဲ့ပတ်သက်လို့ ထူးခြားတာတွေကို ပြောဖြစ်ကြတယ်။ 'ရွှေတောင်ခေါက်ဆွဲ၊ ရွှေတောင်လုံချည်' စသဖြင့်ပေါ့။ ကိုယ်က 'ရွှေတောင်နန္ဒသူ၊ ရွှေတောင်ချည်မျှင်နှင့်အထည်စက်ရုံ၊ ရွှေတောင်ရွှေမျက်မှန်ဘုရားဆိုတာတွေ ဖြည့်စွက်ပြောတော့ တစ်ဦးက 'ရွှေတောင်တိုက်ပွဲ' ကိုပါ ထပ်လောင်းပြောပြန်တယ်။ ကားမောင်းနေရတဲ့သူ အိပ်မငိုက်အောင် ကြံဖန်ပြောနေကြတာဖြစ်ပေမယ့် ကိုယ့်စိတ်ထဲမှာတော့ တစ်ခါကရောက်ခဲ့ဖူးတဲ့ ရွှေမျက်မှန်ဆင်းတုတော်ကို အာရုံရောက်နေပေါ့။ အပြန်မှာဝင်ခွင့်ရရင်ကောင်းရဲ့လို့လည်း ကျိတ်ပြီးတွေးနေမိတယ်။

## ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

# အကောက်တောင်မှသည် ရွှေမျက်မှန်ဘုရားသို့



ရွှေတောင်မြို့က အသွင်ဆန်းလှတဲ့ ကြည်ညိုဖွယ် ရွှေမျက်မှန်ဘုရား









www.burmeseclassic.com

www.burmeseclassic.com











ပြည်မြို့အနီး အကောက်တောင်ကျွန်းကျောက်နံရံမှ ဗုဒ္ဓဆင်းတုတော်များ





ရွှေတောင် ရွှေမျက်မှန်ဘုရားကြီး တစ်ဖက်တစ်ချက်က မတ်ရပ်ဆင်းတုတော်များ

ဒီလိုနဲ့ နှင်းကွဲချိန်မှာ ပြည်မြို့က နေ ဧရာဝတီမြစ်ကို ပြည် - နဝဒေး တံတားကြီးကဖြတ်ပြီး တစ်ဖက်ကမ်းကူး ရပါတယ်။ အဲဒီနောက် ပန်းတောင်းမြို့ နယ်ထဲရောက်သွားပြီး ဥသျှစ်ပင်မြို့ကို ဖြတ်ရတယ်။ ဥသျှစ်ပင်ကနေလမ်းခွဲပြီး (၈၃)မိုင်ဆက်သွားရင် တောင်ကုတ်မြို့ ကိုရောက်ပါမယ်။ အကောက်တောင် ရှိရာ ထုံးဘိုကိုတော့ မဝေးလှတော့ပါ ဘူး။ လမ်းခရီးကလည်း လမ်းတွေ ကောင်းပြီး တောင်ကုန်းအဆင့်ဆင့်တွေ နဲ့ ရှုခင်းတွေသာလို့ကြည်နူးမိရဲ့။ ဥသျှစ် ပင်ကိုလွန်တော့ မြင်သာတောရ ပဲကြီး၊ သူရဲတန်းတံတားတွေကိုကျော်ရပါတယ်။ မုံ့ရွာကတ္တရာလမ်းမကြီးရဲ့ ပြည်-ထုံးဘို- ကြံခင်းပိုင်းအတိုင်းလာပြီး ထုံးဘိုကို ချိုးကွေ့ဝင်လိုက်ကြတယ်။ ထုံးဘိုမြို့ လေးဟာ မြို့သေးသေးလေးပေမယ့်

www.burmeseclassic.com

နည်ခေါင်းဆောင်ကြီးသခင်မြရဲ့ ချုပ်မြေ ဖြစ်ပါတယ်။

ထုံးဘိုကိုအရောက် လမ်းဆုံ ခွမှာ သခင်မြအထိမ်းအမှတ် တ်တိုင်ကို တွေ့ရပါတယ်။ လမ်း အပိုင်းမှာ လေးထောင့်အုတ်ခုံခံပြီး မှန်တပ်ကာ တိုက်ပုံနဲ့ပုဆိုးဝတ်ပြီး တတ်ရပ်နေတဲ့ သခင်မြရုပ်တုကို လုပ်ပြီး ရွှေအိုရောင်ဆေးသုတ်ထား ပါ။ အုတ်ခုံပတ်လည်လေးဖက် တန်မှာတော့ သခင်မြရဲ့ကိုယ်ရေး ကျဉ်းချုပ်ကို အင်္ဂလိပ် - မြန်မာ သာတွေနဲ့ ရေးထိုးထားပါတယ်။ တောက်တောင်သွားဖို့ ထုံးဘိုရဲ့ ဧရာ မြစ်ဆိပ်ကိုဆင်းရတယ်။ ကမ်းနား တ ကားရပ်စခန်းမှာ ကားတွေရပ် ခဲ့ပါတယ်။ အဝေးပြေးကားကြီးတွေ၊ ရာဖုံးကားတွေနဲ့ စည်ကားနေရဲ့။ ကမ်းပါးက မြေသားလှေကားထစ်တွေအတိုင်းဆင်းခဲ့ကြပြီး အတော်အသင့်ကြီးတဲ့ တစ်ခြမ်းအမိုးပါစက်လှေကို နှစ်သောင်းနဲ့ ငှားလိုက်ကြတယ်။ အကောက်တောင်ကြော (Akauk Taung hill ranges) ရဲ့နံရံတွေမှာ ထွင်းထုထားတဲ့ ဆင်းတုတော်တွေကို ကြည့်ရှုဖူးမြော်ဖို့ လှေဆိပ်ကနေ ထွက်ခွာခဲ့ကြပါတယ်။ ဆောင်းလေအေးနဲ့အတူ မြစ်ပြင်ကျယ်ကြီးကိုဖြတ်တိုက်လာတဲ့ လတ်ဆတ်တဲ့လေကို ရှူရှိုက်လိုက်ရပါတယ်။

ထုံးဘိုဆိပ်ကမ်းနဲ့တစ်ဆက်တည်းဖြစ်တဲ့ကမ်းပါးဟာ တဖြည်းဖြည်းမြင့်တက်လာပြီး တောင်ကုန်းတန်းလေးဖြစ်သွားပါတယ်။တစ်နေရာမှာ တောင်ကုန်းတန်းကိုဖြတ်ပြီး ချောင်းငယ်တစ်ခုက ဧရာဝတီမြစ်ထဲကို စီးဆင်းပူးပေါင်းလာရဲ့။ ချောင်းရဲ့ထုံးဘိုဘက်ခြမ်းဟာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး အခြားတစ်ဖက်ကတော့ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ဖြစ်ပါတယ်။ တိုင်းနှစ်တိုင်းရဲ့နယ်ခြားဟာ ချောင်းကလေးပါပဲ။ တောင်ကုန်းထိပ်မှာတော့ တိုင်းဦးစေတီလေးရှိပါတယ်။ စေတီအရင်း တောင်ကုန်းကျောက်နံရံမှာလည်း နံရံကပ်ဆင်းတုတော်တွေတန်းစီထွင်းထုထားရဲ့။ ဘူမိဖဿမုဒြာဟန်ဆင်းတုတော်တွေ၊ သက်နံးတော်ကိုကိုင်ပြီးရပ်တော်မူနေတဲ့ စီဝရဟတ္ထမတ်ရပ်တော်တွေကိုကျောက်နံရံကိုနှိုက်ကာထွင်းထုထားပြီး ဆင်းတုတွေရဲ့ဘေးမှာလည်း မုခ်လိုဏ်အချိုင့်(Nitch) ကိုထွင်းထုထားပါတယ်။ ဆင်းတုတော်တွေရဲ့ထိပ်က မုခ်ခုံးကိုတော့ အဝိုက်ပုံ၊ ထောင့်ချွန်းပုံတွေထွင်းထားလေ့ရှိတယ်။ ဆင်းတုတော်မရှိတဲ့ မုခ်ကဝ်အလွတ်အချို့လည်း တွေ့ရပါတယ်။ အဲဒီကို ထုံးဘိုကနေ တောင်ကြောလေးရဲ့နောက်က ကားလမ်းနဲ့လာကာ ချောင်းကူးတံတားကိုဖြတ်ပြီး











ရွှေတောင်မြို့က ရွှေမျက်မှန်ဘုရားဝင်းသို့အဝင်မြင်ကွင်းများ



www.burmeseclassic.com


www.burmeseclassic.com

အကောက်တောင်ပေါ်က စေတီနားအရောက် ကားနဲ့လည်းတက်နိုင်ပါတယ်။

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှတွေတိုက်ခိုက်သိမ်းပိုက်ထားပြီမို့ မြန်မာမင်းအုပ်ချုပ်တဲ့ အထက်မြန်မာနိုင်ငံနဲ့ ဗြိတိသျှတွေအုပ်စိုးတဲ့ အောက်မြန်မာနိုင်ငံလို့ ကွဲထွက်သွားခဲ့တယ်။ ဧရာဝတီမြစ်ဟာ အဲဒီ(၂)ပိုင်းကြားမှာ ကုန်သွယ်ရေးအတွက် အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းပါ ။ မြစ်ကြောင်းကလှေ၊ သင်္ဘောအားလုံးရပ်နားပြီး ကုန်သွယ်ခွန်အတွက် စစ်ဆေးအကောက်ကောက်ရာနေရာကတော့ နှစ်ဖက်လုံးရဲ့ ဗြိတိသျှနဲ့ မြန်မာအကောက်ခွန်ရုံးတွေရှိရာ ပြည်မြို့မြောက်ဘက် အကောက်တောင်အကွေ့ပါပဲ။ တောင်ကြောရဲ့ ကျောက်သားနံရံတွေမှာ ကျောက်ထွင်းဗုဒ္ဓဆင်းတုတော်တွေကို ကုန်သည်လှေများက လှေထိုးသားတွေဟာ ကျောက်ချပြီး အနည်းဆုံးတစ်ပတ်လောက်ကြာအောင်လှေရပ်နားနေရချိန်လေးအတွင်းမှာ ဘုရားရှင်ကိုရည်မှန်းပူဇော်ထွင်းထုခဲ့ကြတာပါ။

ခက်ခဲကြမ်းတမ်းပြီး မတ်စောက်လှတဲ့ ဒီကျောက်ကမ်းပါးယံကြီးမှာ ပင်ပန်းစွာ သွားရောက်ပြီး ရသမျှအချိန်လေးနဲ့ထွင်းထုသွားကြတဲ့ ရှေးက အမည်မသိ ကုသိုလ်တော်ရှင် လှေထိုးသားကြီးတွေကို ချီးကျူးမိရင်း သူတို့ကို အမျှဝေခဲ့မိပါတယ်။ကျောက်ဆစ်ပညာရှင်တွေမဟုတ်ပါဘဲ ခုလိုအချိုးကျပြီး တင့်တယ်လှတဲ့ ဆင်းတုတော်တွေကို ထုဆစ်နိုင်ခဲ့ကြတာဟာ တော်ရုံတန်ရုံ စေတနာသဒ္ဓါတရားကြောင့်မဟုတ်ဘူးဆိုတာလည်း ဆင်ခြင်တွေးဆမိရဲ့။

ထိုးဘိုကနေ ကားနဲ့ပြန်ခဲ့ပြီး ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်က ရွှေဘုံသာမုနိကိုဝင်ဖူးရင်း စေတီတော်ခြေရင်းက ဒေသထွက်သီးနှံတွေရောင်းတဲ့ ဈေးတန်းလေးမှာ ဈေးဝယ်ကြပါတယ်။ အဲဒီဘုရားရင်ပြင်မှာလည်း ဘုရားထက်စာရင် အစ်မတော်မမြစိမ်း၊ ဆောငဝတီ နဂါးမယ်တော်သိုက်နန်း ဆိုတဲ့ နတ်နန်းတွေမှာ 'ပူဇော်ပသသူတွေသောက်သောက်လဲမို့ အနာဂတ် ဗုဒ္ဓသာသနာတော်အတွက် ရင်လေးခဲ့ရပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းက ထိပ်ပိုင်းအရာရှိကြီးတွေရဲ့ အလှူဒါနမှတ်တမ်းတွေပါတွေ့ရလို့ အံ့သြမိပေ



**ရွှေမျက်မှန်ဘုရားကြီးရဲ့အတိုင်းအတာများ**

မယ့် မထူးဆန်းပါဘူးလေလို့လည်း တွေးမိရဲ့။

ရွှေတောင်မြို့ကို ရောက်တော့ ရွှေတောင်ချည်ထည်လေးတွေဝယ်ကြပြန်တယ်။ ရွှေတောင်လုံချည်၊ ရွှေတောင်ထဘီ စတဲ့ နာမည်တစ်လုံးနဲ့ကျော်ကြားတဲ့ မြန်မာဖြစ်အထည်လေးတွေက ဈေးလည်းမကြီးလှဘဲ အဆင်တွေဆန်းပြီး လှပပါတယ်။ မြန်မာဝတ်စုံတွေကို တ မြတ်တနိုးပြန်လည်ဝတ်ဆင်လာတဲ့ ခေတ်မို့ ဝယ်သူတွေလည်း အများကြီးပါပဲ။

အဲဒီလို လိပ်ဥတူးအပြီးမှာတော့ ရွှေတောင် ရွှေမျက်မှန်ဘုရားကို ဝင်ဖူးကြပါတယ်။

**□ ရွှေတောင်ဆုတောင်းပြည့်ရွှေမျက်မှန်ဘုရားကြီး**

ဘုရားဝင်းကြီးဟာ ဟိုးလွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်ကရောက်ခဲ့ဖူးတာနဲ့ မတူအောင်ကို အတော်ကြီးပြောင်းလဲနေပါပြီ။ သန့်ရှင်းသပ်ရပ်ပြီး အဆောက်အအုံတွေကိုလည်း မွမ်းမံပြုပြင်ထားပေါ့။ သိကြားမင်းရုပ်တု၊ နောက်ပါ ရဟန္တာများနဲ့အတူ ဆွမ်းခံကြွချီနေဟန် ဘုရားရှင်ရဲ့ ရုပ်ပွားတော်တန်းကြီးဘေးနားကနေ ဝင်လာတဲ့အခါ ရွှေပေါင်းတစ်ဝဂူစေတီလေးကို ဖူးတွေ့ရပါတယ်။ ဘေးနားက ကမ္ပည်းကျောက်စာတစ်ချပ်မှာတော့ 'သမိုင်းဝင် ဆုတောင်းပြည့်ရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းကမ္ပည်းမော်ကွန်း' ကို ထွင်းထုရေးထိုးထားပါတယ်။

'မဟာသက္ကရာဇ် ၂၅၀ ပြည့်နှစ်တွင် သရေခေတ္တရာမင်းဆက် ဒွတ္တဘောင်မင်းတရားကြီး၊ ဗိသနိုးမိဖုရားကြီး၊ စန္ဒာဒေဝီမိဖုရားတို့သည် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအား ပြုပြင်ပူဇော်ဖူးမြော်ပြီးအပြန် ရွှေတောင်မြို့တည်ကုန်းအရပ်၌ ခေတ္တတည်းခိုနေစဉ် . . . ရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်သည့်နေရာ. . . ရှာဖွေ၍ . . . မြင်. . . သည်။ မကြာမီ ဒွတ္တဘောင်မင်းတရားကြီး နတ်မျက်စိ. . . သဖြင့် ရုပ်ပွားတော်မြတ်ကြီး၏ မျက်လုံးတော်နှင့်လိုက်ဖက်ညီသော . . . မှန်တစ်ခုကို လှူဒါန်းခဲ့ရာ . . . အလင်းရောင် ရရှိခဲ့ပါသည်။ (ထိုအချိန်က မျက်မှန်မပေါ်ပေါက်သေးပါ)။ မြန်မာနှစ် ၁၂၅၀ခု . . . မတိုင်မီခေတ် ရွှေတောင်မြို့ မြို့စားကြီး ဇေယျနန္ဒမိတ်တ ရုပ်ပွားတော်ကြီးကို ဒွတ္တဘောင်မင်းကြီးလှူဒါန်းထားသောမှန်တစ်ခုကို ခြုံစုံ၍ ရွှေသားအတိရှိသော မျက်မှန်တော်ကြီးအဖြစ်ပြုလုပ်၍. . . မှန်. . . ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

၁၂၄၇ ခုနှစ်တွင် မျက်မှန်တော်ကြီး ပျောက်ဆုံးခဲ့သဖြင့် ရွှေတောင်မြို့ဝန်. . . ကြီးဦးမဲက ထပ်မံ မျက်မှန်တော်ပြုလုပ် ဆက်ကပ်လှူဒါန်းခဲ့ပြီး မပျောက်ပျက်စေရန် ရည်ရွယ်၍ ရွှေမျက်. . . တော်မြတ်ကြီး၏ နောက်ကြောဘက်ရှိစေတီတော်တွင် ဌာပနာ ကိုးကွယ်ခဲ့ပါသည်။ ယင်းနောက် နယ်ပိုင်ဝန်ထောက်မစ္စတာဟတ်တနီးမှ ၎င်း၏ဇနီး မျက်စိရောဂါ. . . ရ၍ ရွှေမျက်မှန်ကျောင်းဘုန်းတော်ကြီးဦးထောင်ဘို၏သြဝါဒအရ မျက်မှန်အသေးတစ်လက်ကို အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်. . . တင်လှူ၍ မျက်စိရောဂါအား ကုသခဲ့ရာ ပျောက်ကင်းသွားသဖြင့် အလေးချိန် (၆) ပိဿာခန့်ရှိ မျက်မှန် . . . ပြုလုပ် ဆက်ကပ် အစဉ်အဆက်ပူဇော်လာခဲ့ရာ ၁၉၆၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၀ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရှေးဘဝအဆက်ဆက်ကပြုခဲ့ကြသော ပဋ္ဌာန်းဆက်များကြောင့် ရန်ကုန်မြို့ ဦးဝိစာရ ရွှေလီလမ်း အမှတ် (၁၄) နေ အဓိအဖများဖြစ်ကြသော Mဦးကစ္စနား - ဒေါ်ကြွလာတို့



www.burmeseclassic.com

www.burmeseclassic.com

အား ရည်စူး၍ ဦးလှဝင်းခေါ် ဦးရာဂျူး-ခေါ်ကြည်ကြည်ဝင်း၊ သမီး မစန်းသီတာဝင်း၊ သား မောင်စန်းလွင်၊ မောင်ထက်လင်းအောင် မိသားစုတို့မှ ပဲခူးတိုင်းဒေသကြီး ဒေါက်ဖော်ပြပါ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများနှင့်အတူ မြန်မာ့လက်မှုပညာရှင် ဦးစံကြည်နှင့်အဖွဲ့မှ ပြုလုပ်ထားသည့် ရွှေအလေးချိန် (၃၉) ကျပ်သားရှိသော ရွှေစင်ရွှေသားစစ်စစ်ရွှေပြားများကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်မှန်တော်ကြီး . . . စေဘဲ ကွပ်လှူပူဇော်၍ ကုသိုလ်အစုစုအတွက် ၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ရေစက်သွန်းချ သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြကြောင်း ကမ္ပည်းမော်ကွန်းတင်အပ်ပါသည်' တဲ့။

အဲဒီနောက် ရွှေမျက်မှန်ဘုရားကြီးစံရာ အများပြည်သူများကောင်းမှုဖြစ်တဲ့ ၁၉၆၄ ခုနှစ်က မူလဂန္ဓကုဋိတိုက်ကို ၂၀၀၇ ခုနှစ်မှာ အသစ်ပြန်လည်ဆောက်လုပ်ထားတဲ့ ဘုံနန်းပြသာဒ်တော်ကြီးရှေ့ကအဆောင်ကို ဝင်ရောက်ခဲ့ကြပါတယ်။ အဆောင်ရဲ့နောက်ကျောနံရံတစ်ခုလုံးမှာ မြတ်ဗုဒ္ဓ၏ဝိပါက်တော် (၁၂) ပါးကို ပန်းချီကားကြီးများနဲ့ သရုပ်ဖော်ပြသထားတယ်။ ဒါ့အပြင် ဘုရားပုံတော်နဲ့ သမိုင်းအရောင်းဌာနလည်း ရှိပြီး အလှူလည်းခံပါတယ်။ အဲဒီအဆောင်ကိုဖြတ်ပြီး ရွှေမျက်မှန်ဘုရားကြီးရှိရာ ဂန္ဓကုဋိတိုက်ထဲဝင်ခဲ့ပါတယ်။

ဘုရားကြီးကို ရွှေရောင်ဝင်းလက်




ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီးရဲ့သမိုင်းကြောင်းကိုပြတဲ့ ပန်းချီကားများ



www.burmeseclassic.com

www.burmeseclassic.com









**ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီးရဲ့သမိုင်းကြောင်းကိုပြတဲ့ ပန်းချီကားများ**

နေတဲ့အဆောင်ထဲမှာ ဖူးတွေ့လိုက်ရပါတယ်။ ဘူမိဖဿမုဒြာဟန်ဆင်းတုကြီးပါ။ ပြည့်ဝန်းပြီးအနည်းငယ်ကြီးသယောင်ရှိတဲ့မျက်နှာတော်မှာ ရွှေကိုင်းမျက်မှန်ဝိုင်းကြီးတပ်လို့ ထူးခြားတဲ့ အဆင်တန်ဆာနဲ့ ဖြစ်ပါတယ်။ ဒီလို ဘုရားရှင်လက်ထက်တော်က မရှိနိုင်သေးတဲ့ မျက်မှန်ကြီးတပ်ထားတဲ့ဆင်းတုတော်မို့လည်း ကျော်ကြားနေတာဖြစ်ပါလိမ့်မယ်။ ဦးခေါင်းတော်ထက်မှာ မဏိတော်

မို့မို့၊ နဖူးသင်းကျစ်တော်၊ ဥဏ္ဏာလုံမွေးရှင်တော်၊ နားရွက်တော် ပခုံးထိနဲ့ ဆင်းတုတော်ဟာ မျက်ခုံးမွေးတစ်ကြောင်းဆွဲ ခပ်ကုပ်ကုပ်နဲ့ နှုတ်ခမ်းထောင့်စွန်းတွေ အထက်ကိုကော့ပြီး ပြုံးယောင်သန်းတဲ့ အနီရဲရဲနှုတ်ခမ်းတော်ကိုစေ့ထားပါတယ်။ သင်္ကန်းတော်ဟာ လက်ယာဘက်ရင်ဘတ်တော်ကိုဖော်ထားပြီး လက်ဝဲဘက် ပခုံးထက်မှာ အတွန့်အခေါက်တွေ ကျောက်စီရွှေနားရစ်တွေနဲ့ဖြစ်ပါတယ်။ လက်ချောင်းတော်တွေရဲ့ အဖျားတလည်း ညီညီညာညာပါ။ ဆင်းတုတော်ကြီးရဲ့နောက်က အင်္ဂတေပန်းတံတော်ကြီးရှိပြီး တံကဲတော်အခြေဆင်းတုတော်ကြီးရဲ့ တစ်ဖက်တစ်ချက်မှာတော့ မတ်ရပ်ဆင်းတုတော်နှစ်ဆူကို ထည့်သွင်းထုလုပ်ထားပါတယ်။ လက်ယာဘက်ဆင်းတုတော်က မဟာဂရုဏိကဟန်နဲ့ လက်ဝဲရင်အုံပေါ်မှာ လက်ယာဘက်လက်တော်ကိုတင်ထားရင်း ရပ်တော်မူနေတာပါ။ လက်ဝဲဘက် ဆင်းတုတော်ကတော့ လက်တော်နှစ်ဖက်လုံးကိုဘေးမှာချပြီး ရပ်တော်မူနေပါတယ်။ ဆင်းတုတော်အကြီး၊ အသေးတွေအားလုံးဟာ လက်ရာကောင်းပြီး ကြည်ညိုဖွယ်ရာဖြစ်နေရဲ့။ ဆင်းတုတော်ကြီးဘေးမှာလည်း ဆင်းတုတော်ခပ်လတ်လတ်တွေကရံပြီးတည်ရှိနေကြတယ်။

**▫ရွှေမျက်မှန်မြတ်စွာဘုရားကြီးရဲ့အတိုင်းအထွာစာရင်း**

ဂန္ဓကုဋီတိုက်နံရံမှာတော့ ရွှေမျက်မှန်ဘုရားကြီးရဲ့အတိုင်းအထွာတွေကို ဖော်မိုက်ကာပြားကြီးမှာ ရေးသားဖော်ပြထားတယ်။

ဉာဏ်တော်အမြင့် (၃၂) ပေ (၃) လက်မခွဲ၊ နဖူးသင်းကျစ်တော်အမြင့် (၁၀)လက်မ၊ နဖူးသင်းကျစ်တော်အရှည် (၁၀) ပေ၊ မျက်ခုံးတော်တစ်ဖက်အရှည် (၂) ပေ (၈)လက်မ၊ မျက်လုံးတော်အကျယ် (၁)ပေ (၁၀)လက်မ၊ မျက်ဆန်တော်မဟူရာအနက် (၇) လက်မခွဲ၊ နားရွက်တော်အကျယ် (၂) ပေ၊ (၁၁) လက်မ၊ နားရွက်တော်အရှည် (၄) ပေ၊ (၁၀)လက်မ၊ နှာခေါင်းတော်အရှည် (၂) ပေ (၅) လက်မ၊ နှုတ်ခမ်းတော်အရှည် (၂) ပေ၊ (၁) လက်မခွဲ၊ နှုတ်ခမ်းတော်အကျယ် (၅) လက်မ၊ မျက်မှန်တော်နှာသီးချိတ် (၁) ပေ (၅)လက်မ၊ မျက်မှန်တော်တစ်ဖက်အမြင့် (၁) ပေ၊ (၉) လက်မ၊ မျက်မှန်တော် တစ်ဖက်အကျယ်



www.burmeseclassic.com

www.burmeseclassic.com

(၂) ပေ လက်မဝက်၊ မျက်မှန်တော် အလေးချိန် (၆) ပိဿာ (၃၉) ကျပ်သား၊ မျက်မှန်တော် ရွှေသားအလေးချိန် (၃၉) ကျပ်သား၊ လက်မောင်းတော်လုံးပတ် (၆) ပေခွဲ၊ လက်မောင်းတော် အရှည် (၁၆) ပေ (၁၀) လက်မ၊ ရင်အုပ်တော် (၈) ပေ (၉) လက်မ၊ ခြေဖဝါးတော် အရှည် (၇) ပေ (၁) လက်မ၊ ခြေဖဝါးတော် အကျယ် (၂) ပေ၊ (၆) လက်မ စသဖြင့် ဖြစ်ပါတယ်။

❑ ရွှေမျက်မှန်မြတ်စွာဘုရားကြီးရဲ့သမိုင်း

ရွှေမျက်မှန်ဘုရားကြီးဖြစ်တည်လာရပုံကိုလည်း ဂန္ဓကုဋိတိုက်ရဲ့ အရှေ့နဲ့ ဘေးဘက်နံရံများရဲ့အထက်မှာ ပန်းချီကားကြီးများနဲ့ သရုပ်ဖော် ရှင်းပြထားတယ်။ အားလုံး ပန်းချီကားချပ်ကြီး (၁၆) ချပ်ရှိပြီး သရုပ်ဖော်စာသားတွေကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ အောက်ပါအတိုင်း ရေးသားထားပါတယ်။


၁။ ဒွတ္တဘောင်မင်းကြီးနှင့် ဗိသနိုးမိဖုရားတို့ ရွှေနတ်တောင်စေတီတော် ပြုပြင်ပူဇော်ပြီးနောက် ပြန်လာစဉ်။
*King Duttabaung and Queen of Vishnu are on their return journey after the renovation of the Shwenattaung Pagoda.*

၂။ ဒွတ္တဘောင်မင်းကြီး၊ မိဖုရားနှင့် နောက်ပါများ ရွှေတောင်အနီးရှိ တည်ကုန်းဟုခေါ်တွင်မည့်အရပ်၌ ညအိပ်စခန်းရပ်နားနေစဉ်။
*King Duttabaung and Queen with their retinue bivouecked for the night at a place near Shwedaung.*

၃။ ဗိသနိုးမိဖုရားကြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အိပ်မက်တော်မြင်မက်စဉ်။
*Queen of Vishnu dreams a Buddha Image, while asleep.*


၄။ ဗိသနိုးမိဖုရားကြီး မိမိ၏အိပ်မက်ကိုဒွတ္တဘောင်မင်းကြီးထံလျှောက်ထားစဉ်။
*The Queen Vishnu (Beithan - ou) supplicates the King Duttabaung about her dream.*

၅။ ဒွတ္တဘောင်မင်းကြီး၊ မိဖုရားနှင့် မှူးမတ်များ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ထားကိုးကွယ်ရမည့်နေရာ၌









ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီးရဲ့သမိုင်းကြောင်းကိုပြတဲ့ ပန်းချီကားများ



www.burmeseclassic.com

www.burmeseclassic.com

အရောင်မျိုးစုံ ဝင်းလက်နေသည်ကိုရှုစားစဉ်။
*King Duttabaung with his followers witness the source from which spectacular halolike lights sparkle and ascend toward the sky.*

၆။ ဒွတ္တဘောင်မင်းကြီးနှင့် ဗိဿနိုးမိဖုရားတို့ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ဆောက်နေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။
*King Duttabaung and Queen of Vishnu view the Buddha Image under construction.*

၇။ ဒွတ္တဘောင်မင်းကြီး ဗိဿနိုးမိဖုရားနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားပြီးစီးသည့် အခမ်းအနားသို့ ရေစက်သွန်းချစဉ်။
*Together with the Queen of Vishnu, King Duttabaung shores merits at the ceremony of completion of the Buddha Image.*

၈။ ဒွတ္တဘောင်မင်းကြီး၏ နတ်မျက်စိအလင်း ပြန်လည်ရရှိရန်အတွက် မင်းကြီးနှင့် ပညာရှိမှူးမတ်များ တိုင်ပင်နေစဉ်။
*Inorder to regain diviegifted eyesight King Duttabaung consults with his sage prophets.*

၉။ ဗုဒ္ဓရုပ်ပွားတော်၏ မျက်လုံးတော်ပုံသဏ္ဍာန်နှင့်လိုက်ဖက်ညီသည့် မှန်သားတစ်စုံကို ဒွတ္တဘောင်မင်းကြီး ဆက်ကပ် လှူဒါန်းစဉ်။
*King Duttabaung donates a pair of glasses suitable for the eye of the Buddha Image.*

၁၀။ ရွှေတောင်မြို့စားကြီး ဇေယျနန္ဒမိတ်က သိမ်ကုန်းအနီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြန်လည်မြှုပြင်နေစဉ်။
*Zeijanandamaid, Governor of Shwedaung renovates the Buddha Image near Theingoun.*

၁၁။ ရွှေတောင်မြို့စားကြီး ဇေယျနန္ဒမိတ်နှင့်အဖွဲ့ ရွှေသားအတိရှိသော မျက်မှန်တော်ကြီးကို ပြုလုပ်နေစဉ်။
*Zeijanandamaid and his party prepair a pair of new gold spectacles for the Buddha Image.*

၁၂။ ရွှေတောင်မြို့ဝန်ထောက် ကြီးဦးမဲ ဒုတိယမျက်မှန်တော်ကြီးကိုကပ်လှူပူဇော်စဉ်။
*U Mei, Governor of Shwedaung, offers the second eyeglasses to the Buddha Image.*

၁၃။ ရွှေတောင်မြို့ဝန်ထောက်ကြီးဦးမဲ ဒုတိယမျက်မှန်တော်ကို ဗုဒ္ဓရုပ်ပွားတော်နောက်ကျောရှိ စေတီတော်၌ ဌာပနာစဉ်။
*U Mei, Governor of Shwedaung, put the new pair of spectacle inside the vault of the pagoda behind the Buddha Image.*

၁၄။ မစ္စတာဟတ်တနိုးနှင့်ဇနီး မျက်မှန်တော်ကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထံ ကပ်လှူစဉ်။
*Mr.Hurtno and his wife donate a pair of spectacles to the Buddha Image.*

၁၅။ ဦးလှဝင်း ခေါ် ဦးရာဂျူး၊ ဇနီး ဒေါ်လှလှဝင်းတို့က ရွှေစင်ရွှေပြား (၃၉) ကျပ်သား လှူဒန်းစဉ်။
*U Hla Win (a) U Raju, Daw Hla Hla Winn and family donate gold leaves weighed 22.7 ounces.*

၁၆။ မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်တွင် ဦးလှဝင်း ခေါ် ဦးရာဂျူး ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေမွှေးပက်ဖျန်းပူဇော်စဉ်။
*In ME 1362, U Hla Win (a) U Raju sprinkling scented water pay obeisance to the Shwe Myet Hman Buddha Image.*

ပန်းချီတွေထဲက ရုပ်ပုံအသွင်သဏ္ဍာန်တွေ၊ ဖြစ်စဉ်တွေကို ရှေးဟောင်းသုတေသနအမြင်နဲ့ ယုတ္တိယုတ္တာရှိ မရှိ မဆန်းစစ်နေတော့ပါဘူး။ အားလုံးဟာ ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုသဒ္ဓါစိတ်နဲ့ ဆက်ကပ်လှူဒါန်းထားကြတာမို့ သာဓုသာခေါ် လိုက်ပါတော့ တယ်။

အဲဒီပန်းချီတွေရဲ့အောက်က နံရံတစ်ခုမှာတော့ ရန်ကုန်မြို့က ကိုအောင်သဲဦး လှူဒါန်းထားတဲ့ 'ရွှေမျက်မှန်ဘုရားဂါထာတော်'ကိုလည်း မှန်ပေါင်သွင်းပြီး ဖော်ပြထားပါတယ်။

- ဒက္ခိဏက္ခိစ သူရိယော၊
  ဝါမအက္ခိစ စန္ဒိမာ၊
  ဗုဒ္ဓစက္ခုနိ ဓာတုယော၊
  အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
  ဧတေန ပုညကမ္မေန၊
  စက္ခုရောဂါ ဝိနိဿတု။

တစ်နေရာမှာတော့ ရွှေမျက်မှန်ဘုရား မျက်စိဝေဒနာပျောက်ကင်းစေနိုင်သည့် ဂါထာတော်'ကို မြန်မာပြန်ပြီး ဖော်ပြထားတာလည်း အတူယှဉ်တွဲ ချိတ်ဆွဲပြထားပါတယ်။

- လက်ယာဘက်မျက်စိတော်၌ နေမင်းသည် တည်၏။
  လက်ဝဲဘက် မျက်စိတော်၌ လမင်းသည် တည်၏။
  ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ မျက်စိတော် ဓာတ်တော်တို့ကို တပည့်တော်သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ရှိသေမြတ်နိုးစွာ ရှိခိုးပါ၏ အရှင်ဘုရား။ ဤသို့ ရှိခိုးရသော ကောင်းမှုကံစေတနာကြောင့် မျက်စိ၌ဖြစ်သော ရောဂါဝေဒနာသည် ကင်းစင် လွတ်မြောက်ပါစေသတည်း' တဲ့။

ယုံကြည်ရာ၊ ကိုးကွယ်ရာ အလျောက် ဒီလိုစိတ်သွင်းပြီး ရွှေမျက်မှန်ဆင်းတုတော်ကြီးကို ကြည်ညိုဖူးမြော်ကြရင်လည်း စိတ်အေးချမ်းသာခြင်းနဲ့အတူ အားကိုးအားထားရကာ အနာရောဂါတွေကင်းပမယ်လို့လည်း တွေးမိပါတယ်။

ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီးဝင်းက ကားနဲ့ပြန်ထွက်အလာ ပြာလွင်တဲ့ ကောင်းကင်အောက်မှာ ဝင်းပတဲ့နေရောင်နဲ့ ရွှေရောင်လင်းလက်တင့်တယ်လှပနေတဲ့ ပြသာဒ်ကြီးတွေကို မြင်နေရတယ်။ နေမင်း၊ လမင်းတွေ တည်နေတယ်ဆိုတဲ့ မျက်စိတော်တွေနဲ့ ဆင်းတုတော်ကြီးရဲ့ ကြည်ညိုဖွယ် မျက်နှာတော်ကလည်း တဝဲဝဲပေါ်လို့နေရဲ့။ ထူးခြားသော တန်ဆာဆင်မှုနဲ့ ရွှေမျက်မှန်ကြီး တပ်ဆင်ပူဇော်ထားတာဟာလည်း ကိုယ်တို့ဗုဒ္ဓဘာသာဝင် ရွှေမြန်မာများရဲ့ သဒ္ဓါလွန်ကဲစွာ ကြည်ညိုမှုတစ်ခုပါပဲလို့ တွေးမိပါတယ်။ အဲဒါကို သဘောပေါက်ပြီး တစ်ခါတစ်ခေါက်တော့ ရွှေမျက်မှန်ဘုရားကြီးရဲ့ ပြုံးရွှင်ကြည်မြနေတဲ့ မျက်နှာတော်ကို ဖူးမြော်သင့်တယ်လို့ တိုက်တွန်းချင်ပေါ့။

ကိုအေးမြင့်
(မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com

# ရတနာဒေဝီ

## ဘုရားကာ

ကျွန်မတို့အားလုံး ကြားဖူးနေကြပါသည်။ ရောဂါတစ်ခုဖြစ်လာလျှင် သိပ္ပံနည်းကျဆရာဝန်ပါရဂူများနှင့်ပြသခြင်း၊ မြန်မာနည်းမြန်မာ့ဟန်ဖြင့် တိုင်းရင်းဆေးဆရာများကို ပြသ၍ ကုသမှုခံယူကြပါသည်။ တတ်ကျွမ်းနားလည်သော ဆရာများအစွမ်း၊ ဆရာနှင့်လူနာကုသိုလ်အဆက်ရှိခဲ့၍ လူနာမှာ ကောင်းကံကြုံခဲ့ရပြီး ရောဂါဝေဒနာများ ပျောက်ကင်းသွားခဲ့ကြပါ၏။

တချို့သော ရောဂါဝေဒနာတို့မှာ ကံကြောင့်ဖြစ်ပေါ်လာသဖြင့် (ပမာအားဖြင့်) ပယောဂ၊ စုန်းနတ်နှင့်ပတ်သက်လာသမျှ သမားဂုဏ်မြင့်ပြီး သစ္စာတည်သည့် ဆရာကြီးများကသာ ပျောက်ကင်း သက်သာအောင် ကုသနိုင်ကြပါသည်။ သရဲတစ္ဆေဝင်ပူး၍၊ ဉစ္စာစောင့်ဝင်ပူး၍ဖြစ်လာသော အနှောင့်အယှက်ပယောဂရောဂါများမှာ ဆရာ၏ စရဏအာဏာစက်ဖြင့် တားဆီးကာကွယ်ပေးနိုင်ပါသည်။ အချို့သော အရာများမှာ ရေကို သစ္စာပြု၍တိုက်ရုံမျှဖြင့် အနှောင့်အယှက်ပယောဂများ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ တစ်ခဏအတွင်းမှာ ပျောက်ကင်း ချမ်းသာရရှိသွားခဲ့ကြပါသည်။

စာရေးသူ၏ ခင်ပွန်းမှာ တပ်မတော်မှ အမှုထမ်းတစ်ဦးဖြစ်၍ ရှေ့တန်းစစ်ဆင်ရေးတွင် လောင်ချာအနားကျရောက်ပေါက်ကွဲမှုကြောင့် ညာဘက်နားမှ သွေးများယိုစီးခဲ့ရပါ၏။ ဆေးထိုး၊ ဆေးသောက်၊ ဆေးထည့်ပြီး တစ်ခဏသာသက်သာပါသည်။ အချိန်ကြာမြင့်လာသည့်အခါ အကင်းမသေသည့် အနာမှ ပြည်များယိုကျလာပါတော့သည်။ ညာဘက်နားက သိပ်မကြားရတော့၍ ဘယ်ဘက်ကိုအားစိုက်ပြီး နားထောင်ရပါသည်။ ရှေ့တန်းမှပြန်လာလျှင် မန္တလေး၊ ရန်ကုန်ရှိ စစ်ဆေးရုံများသို့ ဆက်ရောက်၍တစ်လကျော်ကြာအောင် နားရောဂါအထူးကုပါရဂူနှင့် ပြသကုရပါတော့သည်။ တစ်ရံတစ်ခါ စာရေးသူ လိုက်ပါသွားကာ စာရေးသူက ဆွေမျိုးများအိမ်၌တည်းခိုရင်း ခင်ပွန်းသတင်းကိုစောင့်ရပါသည်။ တစ်ပတ်တစ်ခါ အိမ်ပြန်ခွင့်ရ၍ စနေနေ့ ညနေပြန်လာပြီး တနင်္ဂနွေညနေ ဆေးရုံအရောက် ပြန်ရပါသည်။

ခင်ပွန်းက ဆေးရုံတွင် (၁၄) နှစ်သမီးကလေး နားထဲမှ ပြည်များယိုကျနေ၍မေးမိရာ အထူးကုဆရာဝန်ကြီးနှင့်ပြသပြီး နှစ်ကြိမ်တိုင် ခွဲစိတ်မှုခံယူထားသည်ဟု သိရပါ၏။ ခွဲစိတ်ထားသော်လည်း အတွင်းမှအနာက မကျက်၍ ပြည်များစီးကျနေခြင်းပါ။ စီးကျရာလမ်းကြောင်းပေါ်မှာပင် အသားများနီရဲနေသည်ဟုပြောပါသည်။ စာရေးသူက ကလေးမလေး နှစ်ကြိမ်ခွဲစိတ်ထားတာတောင် အနာက သက်သာမလာသေးတော့ ခင်ပွန်းကိုကောခွဲစိတ်မည်ဆို၍ သက်သာရာရပါမည်လား အာမမခံနိုင်ပါ။ ထို့ကြောင့် လူနာ၏ ကံနှင့် ရောဂါဖြစ်ပေါ်ရာတွင် နှစ်ကြာလာသည့်အလျောက် အခြေအနေကံကောင်းလာမည်၊ ဆိုးလာမည်ကို ကံသေကံမပြော၍မရနိုင်ပါချေ။ ဆရာဝန်ကြီးကို တင်ပြကြည့်ပါ။ ခွဲစိတ်ရမည်ဆိုပါလျှင် ခွဲစိတ်ခြင်းကိုခံယူပါမည်။ နားကြား၊ မကြားမှာ မိမိ၏ကံအတိုင်းသာဖြစ်ပါသည်။ သို့ငြားလည်း နားစည်အတွင်းအနာကျက်သွားမည်ဆိုလျှင် ကျေနပ်ပါပြီဟု ပြောကြည့်ရန် အကြံပေးမိပါ၏။

ကလေးမလေးနားရောဂါမှာ သုံး၊ လေးနှစ်ရှိနေပါပြီ။ ခင်ပွန်းက တစ်နှစ်လောက်သာရှိပါသေးသည်။ ရောဂါပျောက်ခြင်း၊ မပျောက်ခြင်းသည် မိမိကံအတိုင်းမို့ရှိပါစေတော့။ နားအတွင်းအနာကျက်သွားလျှင် နားလည်းမကိုက်တော့သဖြင့် ပြည်ယိုကျ၍ အနေခက်ခြင်းလည်းရှိတော့မည်မဟုတ်။ နောက်တစ်ပတ်အကြာတွင် သောက်ဆေးများထုတ်ယူကာ ဆေးရုံမှလက်မှတ်ထိုးပြီး ဆင်းချလာပါတော့၏။ ရန်ကုန်-မန္တလေး ညရထားစီးပြီး နံနက် မန္တလေးရောက်တော့ နဘားရထားလက်မှတ်က ညနေမှရမှာမို့ ညရထားစီးရပါမည်။ ကျွန်မတို့နှစ်ယောက် အချိန်လုကာ ရွှေမန်းမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ရန်စီစဉ်ရပါသည်။ ဘူတာကြီးနားရှိ အစ်မဝမ်းကွဲအိမ်၌ပစ္စည်းများအပ်နှံပြီး ဘုံမြတ်တစ်စီးငှားကာ မဟာမြတ်မုနိရုပ်ရှင်တော်စံရာသို့ရောက်ရှိခဲ့ကြပါ၏။





www.burmeseclassic.com

www.burmeseclassic.com

မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်မှာပင် ရခိုင်ဘုရင်၏ တောင်းပန်မှုကြောင့် ပုံတူရုပ်ပွားတော်အဖြစ် သွန်းလောင်းခွင့်ပြုခဲ့သည်ဟု ရာဇဝင်ကျမ်းဂန်တို့က အခိုင်အမာဆိုထားပါသည်။ ဦးခေါင်းတော်မဆက်၍ ဘုရားရှင်ကိုယ်တော်တိုင် ရုပ်ပွားတော်ကြီးကို ရင်ခွင်တွင်းပွေ့၍ ခုနစ်ကြိမ်ထွေးဖက်ထားတော်မူခဲ့သည်ဟု သိရပါသည်။ ဘုရားရှင်၏ (သက်တော်ထင်ရှား) ပုံတော်တူကိုယ်ပွားတော်မြတ်ကြီးဖြစ်၍ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူနေပါမည်။ ယုံကြည်စိတ်၊ လေးစားစိတ်၊ သဒ္ဓါစိတ်ဖြင့် ရုပ်ပွားတော်ကြီးရှေ့၌ ကျုံ့ကျုံ့ထိုင်ကာ ထိခြင်းကြီးငါးပါးဖြင့် ကန်တော့လိုက်ပါ၏။ ခင်ပွန်းကိုပါ ပြောပြထား၍ ရှိသေစွာဖူးမြော်မာန်လျှော့၍ ကန်တော့ကြခြင်းပါပဲ။

"ကျေးဇူးတော်အရှင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်တို့သည် သက်တော်ထင်ရှားဘုရားရှင်ကို ဖူးမြော်ကန်တော့ရဘိသကဲ့သို့ ထင်မှတ်ပါသည်ဘုရား။ ကြီးမြတ်လှစွာသော မဟာကရုဏာရှင် ကိုယ်စားတော် ကိုယ်ပွားတော်မြတ်ကြီးသည်လည်း ရင်ဝယ်သားကဲ့သို့ သနားတော်မူသောအားဖြင့် ခင်ပွန်း၌ကပ်ရောက်နေသောရောဂါဝေဒနာကို ပိန်းကြာဖက်တွင် ရေမတင်သို့ ပကတိ ပျောက်ကင်းချမ်းသာခြင်းသို့ရောက်အောင် ကယ်မကြည့်ရှုစောင့်ရှောက်တော်မူပါဘုရား"

ဟု ယုံကြည်သဒ္ဓါစိတ်ထည့်ကာ ဘုရားရှင်၏ မျက်နှာတော်ကို မမိုတ်မသုန်ဖူးမြော်ရင်း ဆုတောင်းမိပါသည်။ နှုတ်မှလည်း ဝတ်ရွတ်စဉ်ပရိတ်တော်များ၊ သမ္ဗုဒ္ဓေဂါထာတော်၊ ဘုရားရှင်၏ ဂုဏ်တော်များကို ကြည်ညိုလေးစားစွာ ရွတ်ပွားပူဇော်ရပါသည်။ မေတ္တာသုတ်တော်ကို ကိုးကြိမ်ရွတ်ဆိုကာ သမ္မာဒေဝနတ်မြတ်နတ်ကောင်းနတ်အပေါင်းနှင့် ဘုရားစောင့်နတ်၊ ကျောင်းစောင့်နတ်အပေါင်းကို အမျှဝေခဲ့ပါသည်။ ပဋ္ဌာန်း ၂၄-ပစ္စည်းအကျဉ်းကိုလည်း အကြိမ်ကြိမ်ရွတ်ပွားပူဇော်ရပါ၏။ ခင်ပွန်းသည်ကတော့ ဘာသာမတူသော်လည်း ဇနီးကိုယုံခဲ့၍ ဇနီးအယူကိုလိုက်ခဲ့သူပါ။ သုတ်တော်များ မရွတ်ပွားတတ်သော်လည်း ကျွန်မပြောပြထားသလို ရိုရိုသေသေ ရှိခိုးပူဇော်၍ ဆုတောင်းနေရှာပါ၏။

"ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ပါ၏။ မြတ်စွာဘုရားရှင်၏မေတ္တာတော်၊ ကရုဏာတော်၊ ကျေးဇူးတော်အပေါင်းကိုလည်း ယုံကြည်အားကိုးပါသည်။ ဤကောင်းမှုကုသိုလ်ကြောင့် ဘုရားတပည့်တော်၌ စွဲကပ်နေသောဝေဒနာသည် ဆေးဝါးကောင်းများတွေ့ကာ အရှင်းပျောက်ကင်းချမ်းသာရပါလို၏ ဘုရား"

ဟု ယုံကြည်စိတ်နှစ်ကာ အလေးအနက် ဆုတောင်းရန် မှာကြားသလို ဆုတောင်းခဲ့ပါသည်။ ညနေဘက် ညရထားစီးကာ နဘားဘူတာရောက်တော့ မြင်းလှည်းငှားပြီး ကသာဇန်းမော်သဘော်ပေါ် ရောက်ခဲ့ပါတော့သည်။

လမ်း၌ လေးညအိပ်ပြီးမှ ဗန်းမော်မြို့သို့ရောက်မှာပါ။ လေးညမြောက် ညနေဘက် ရွှေကူမြို့သို့ ဆိုက်ရောက်ပါသည်။ မြို့ပေါ်ရှိဆွေမျိုးများကိုနှုတ်ဆက်ရန် ကမ်းပေါ်တက်၍ ဆွေမျိုးများအိမ်သို့ရောက်ကြပါသည်။ အဘွားလေးတစ်ဦးအိမ်ရောက်တော့ ရန်ကုန်ဆေးရုံမှပြန်လာတာဟု ရောဂါအခြေအနေကိုပြောပြရပါသည်။ အပြင်မှပြန်လာသော ဦးလေးငယ်က လှေကားကပင်အော်ရင်း အိမ်ပေါ်တက်လာပါ၏။

"ဟေး - နားပြည်ယိုတာ ဆေးအလွယ်လေးဟဲ့"

"ပြောပါဦး လေးထွေးမောင်"

"အေး - ကျားရဲ့အဆီကို ငှက်ခါးအတောင်နဲ့ဆွတ်ပြီး နားကျပ်ပေးရမှာသုံး၊ လေးခါဆို အနာခြောက်သွားရော"

"ဆေးကတော့ ဟုတ်ပါရဲ့။ ကျားဆီက ဘယ်မှာရနိုင်ပါ့မလဲ။ ကျားကိုအသေပစ်မှရမှာလေ ဒုက္ခပါပဲနော်။ ဆေးသိပြီးဆေးရှာဖို့ကအခက်"

"အမလေး-မခက်ပါဘူး။ ငါသစ်စခန်းမှာနေတုန်း စခန်းထဲကျားဝင်လို့ သစ်တောရုံး သတင်းသွားပို့ရတယ်။ တောအုပ်ကြီးစီစဉ်ပေးလို့ကျားကို အသေရလိုက်တယ်လေ။ ငါလည်း ဝမ်းတွင်းထဲက အဆီပြင်တွေခွာယူပြီး မီးနဲ့ချက်ထားလိုက်တာ ပုလင်းနဲ့ခွဲပေးလိုက်မယ်"

"ကျေးဇူးတင်လိုက်တာ လေးထွေးရယ်။ ကျားဆီကတော့ရပါပြီ။ ငှက်ခါးကတွေ့မှပစ်လို့ရမှာနော်။ မလွယ်လိုက်တာ"

"ဒီကောင်မလေးဟာလေ အဘွားကြီးကျနေတာပဲ။ ညည်းညျုနေတော့ပဲ။ အခုပဲ ငါ့ခြံထဲကပြန်အလာ ငှက်ခါးတစ်ကောင်က ခတ်မီးတိုင်မှာနားပြီး အတောင်သုံးခုခါချလိုက်လို့ကောက်လာခဲ့တာ နင်နှစ်ခုယူသွား၊ အဆင့်ပြေပြီပေါ့"

ကျွန်မ ဦးလေးကို ရိုရိုသေသေ ထိုင်ပြီးကန်တော့ခဲ့ပါသည်။ အိမ်ရောက်တော့ ငှက်ခါးတောင်ကိုရေနွေးနှင့်စိမ်ခြောက်သွားတော့မှ ကျားဆီဆွတ်၍ ခင်ပွန်းနားကိုကျပ်ပေးရပါသည်။ တစ်ပတ်အတွင်းမှာပင် အနာကျက်သွားပြီး နားပြည်ယိုကျခြင်းမဖြစ်တော့ပါ။ နားကတော့ နဂိုမူလအတိုင်းပြန်မကြားရသော်လည်း ပြည်ယိုကျခြင်းမရှိ၍ အနည်းငယ်ပြန်ကြားလာပါတော့သည်။ အသံတိုးသော်လည်း ကံကောင်းစွာပင် ဝေဒနာဆိုးကြီးပျောက်ကင်းသွားပါ၏။

မြတ်စွာဘုရား၏ပုံတူရုပ်ပွားတော်ကြီးကို ယုံကြည်မြတ်နိုးစွာ ပူဇော်ကန်တော့ပြီး သစ္စာပြု၍ ဆုတောင်းခဲ့သဖြင့် ရောဂါပျောက်ကင်းရခြင်းမဟုတ်ပါလား။ ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုဟာ ယုံကြည်စိတ်ကြီးမားကြပါသည်။ ယုံကြည်စိတ်ဖြင့် ပြင်းထန်စွာဘာသာရေးကိုလည်းလုပ်ကြသူများပါ။ ဆရာတော်ကြီးများဟောကြားခဲ့ကြသလိုပင် ဘုရားဖက်၍ အသက်ရှည် အနာကင်းခဲ့ရပါ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာဟု စိတ်မှယုံကြည်စွဲနစ်ပြီး သစ္စာပြုကြပါ။ မိမိအလုပ်လည်းမှန်ရပါမည်။ အလုပ်မှန်လျှင် သစ္စာပြုတိုင်း နွယ်မြက်သစ်ပင်ပင် အသုံးဝင်တာကို ယုံကြည်ကြစေချင်ပါသည်။ ရတနာသုံးပါးကို ယုံကြည်အားကိုးစိတ်ဖြင့် နေ့စဉ်စွဲမြဲစွာပြုခဲ့သော အကျင့်စရဏတို့က မိမိ၏ သစ္စာတရားကို အထောက်အပံ့ပြုပါလိမ့်မည်။

'နတ်တို့ဖန် ရေကန်အသင့်၊ ကြာအသင့်'ဆိုသကဲ့သို့ ဘုရားရှင်၏မဟာကရုဏာတော်၊ ကျေးဇူးတော်ဂုဏ်တို့သည် ကောင်းသောအမှုကိုပြုသူအား ကောင်းကျိုးကိုရစေနိုင်သည့်သာဓကတစ်ခုပါ။ ဆေးနည်းလည်းသိရ ဆေးကလည်းအသင့်မို့ အဆင်ပြေခဲ့ရပါတော့သည်။

စာဖတ်သူတို့သည် အနာရောဂါကင်းရှင်းကြပါစေ။ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်ကြီးကို အထောက်အပံ့ပြုနိုင်ကြပါစေ။ ရတနာသုံးပါး၏ တန်ခိုးတော်ကျေးဇူးတော်ကြောင့် ရောဂါခပ်သိမ်းကို 'ဘုရားကု'ကု၍ ပျောက်ကင်းချမ်းသာနိုင်ကြပါစေ။

ရတနာဒေဝီ




www.burmeseclassic.com

www.burmeseclassic.com

# စိုးရေအာကျော်

# မြသပိတ်တောင်တော်

မြသပိတ်တောင်တော်ကို သထုံမြို့ ရွှေစာရံစေတီ၏အနောက်တောင်ဘက် ပိဋကတ်သုံးပုံအပိုင်းမှ လည်းကောင်း ရွှေစာရံစေတီတော်အနောက်ဘက်ရှိ ဆိုင်တန်းများနှင့် ကားရပ်ကွင်းမှ လည်းကောင်း၊ အရှေ့မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် မြသပိတ် တောင်တော်နှင့် တောင်တော်ထိပ်ရှိ မြသပိတ်စေတီသို့ တက်ရောက်ရာ စောင်းတန်းကြီးကို တွေ့ရှိရပေမည်။



မြသပိတ်စေတီတော်

တောင်တော်သည် သစ်ပင်ကြီး ငယ်တို့ဖြင့်အုပ်ဆိုင်းပြီး ကျေးငှက်ပေါင်းစုံ ခိုလှုံရာ သဘာဝတောတောင်ကြီးဖြစ်ပြီး အခါကြီးရက်ကြီးများတွင် ဒေသခံများ တက်ရောက်ကြသည်မှလွဲ၍ မြသပိတ် စေတီသို့ အခြားသော ဘုရားဖူးများ တက်ရောက်နိုင်ခြင်းမရှိပါ။ ဘုရားဖူးများ အနေဖြင့် ယာဉ်ငယ်များဖြင့်တက်ရောက် ကြသည်ရှိသော်လည်း တောင်ခြေတွင် တောင်ထိပ်သို့ ကယ်ရီဆွဲပေးသော မော်တော်ဆိုင်ကယ်ဖြင့်သာတက်ရောက် ကြသည်။ မြသပိတ်စေတီသို့ မြသပိတ် တောင်ခြေရင်းမှ တောင်ရင်ပြင်အထိ အုတ်လှေကားထစ်ပေါင်း (၉၉၉) ထစ် ရှိပါသည်။ စကြိုတောင်တက်လမ်းမှာ သစ်တိုင်ထုသွပ်မိုးစောင်းတန်းဖြစ်ကာ စောင်းတန်းတွင် ရေးထိုးထားသော အမှည်းစာတန်းများအရ ၁၉၆၆ ခုနှစ် တွင် လှူဒါန်းထားသည်ကိုတွေ့ရှိရသည်။



ဒုတိယမုခ်ဦးထဲမှရုပ်ပွားတော်များ


မြသပိတ်တောင်ခြေမော်တော် ယာဉ်လမ်းအဆုံး၌ ကမ္ဘာတွင် အကြီးဆုံး ဖြစ်သော နီးဘုရားကြီးတည်ရှိပြီး အာရုံခံ တန်ဆောင်းသို့ အဝင်ပေါက်အောက် ခြေတွင် ကျောက်တောင်ရေတံခွန်နှင့် ကြီးကြာငှက်တို့ပျံနေပုံကို သရုပ်ဖော် ထားရှိသည်။

တောင်တော်၏ကားလမ်းဆုံးထိပ် ရှိ တောင်ပေါ်တက်ရာ ဦးဆုံးတွင် မုခ်ဦး တွေ့ရှိရပြီး မုခ်ဦးအတွင်းပိုင်းတွင် သန်းတော်ကြီးကျောင်းများရှိသည်။ မုခ်ဦး၏ လက်ယာဘက်တွင် ယာဉ်ငယ် တက်မော်တော်ကားလမ်းရှိပြီး မဟာမြတ် မုနိကြေးသွန်းဘုရားကြီးသို့သွားရောက် နိုင်သည်။ မဟာမြတ်မုနိကြေးသွန်း




www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးရိုးပုံတူစေတီ




မျှော်တော်မူစေတီ



အောင်ဇေယျတုတံခွန်တိုင်



လက်ညှိုးညွှန်ရုပ်ပွားတော်



အာယုသုခရေချမ်းအိုး

ဘုရားကြီးရောက်လျှင် ကားလမ်းဆုံးသွားပြီး စောင်းတန်းမှတောင်ထိပ်သို့ ပြန်လည် တက်ရောက်ရသည်။ ထိုကားလမ်းတွင် မဟာဘောဂကျောင်း၊ ဝေဠုဝန်ကျောင်း၊ ဓမ္မနန္ဒီကျောင်း၊ ဗုဒ္ဓရက္ခိတကျောင်းများရောက်ပြီး မဟာမုနိကြေးသွန်းဘုရားသို့ရောက်ရှိသည်။ တောအုပ်ကြီးထဲမှဖောက်လုပ်ထားသောမော်ကားလမ်းငယ်ဖြစ်သည်။ မော်တော်ဆိုင်ကယ်များသာ အတက်များသည်။

တောင်ခြေမုခ်ဦးမှ စတက်လျှင် ဒုတိယမုခ်ဦးကို ရောက်ရှိသည်။ ထိုမုခ်နှစ်ခုကြားတွင် စကြီလမ်းစောင်းတန်းမရှိဘဲ မြေပြန့်ကွန်ကရစ်လမ်းဖြစ်ပြီး လက်ဝဲဘက်တွင် မဟာဇောတိကရာမကျောင်းတိုက်ကြီးတည်ရှိသည်။ ဒုတိယမုခ်ဦးရှိ ဇရပ်ထဲတွင် မြတ်စွာဘုရားရုပ်ပွားတော်များ တည်ရှိသည်။ ထိုမှဆက်လက်၍ တက်ရောက်လျှင် ယခင်တည်ဆောက်ထားခဲ့သော သစ်သားဇရပ်မုခ်ဦးပေါက်၊ လက်ညှိုးညွှန်ရုပ်တော်မူရုပ်ပွားတော်နှင့် ရွှေစက်တော်ရာတန်ဆောင်းအတွင်း မြတ်စွာဘုရားကြီးခြေတော်ရာပြုလုပ်ထားပြီး တန်ဆောင်းအတွင်း စက်တော်ရာကို သံတိုင်များဖြင့်ခြံဝင်းခတ်ထားသည်။ စောင်းတန်း၏ လက်ဝဲဘက်တွင်တည်ရှိ၏။ ဆက်လက်တက်ရောက်လျှင် စောင်းတန်းလက်ယာဘက်ရှိကွက်လပ်ကွင်းပြင်ထဲတွင် အာယုသုခရေချမ်းအိုးကြီးကို အင်္ဂတေဖြင့်ပြုလုပ်ထားပြီး ရေအိုးပတ်လည်တွင် ကျောက်စရစ်ခဲတုံးများ စီရီထားသည်။ ရေအိုးအဖုံးကိုစတီးဖြင့်ပြုလုပ်ထားသည်။ ရေချမ်းအိုးကြီး၏ဝန်းကျင်တွင် သစ်ပင်အုပ်များရှိသည်။

တောင်တက်လမ်းမှ ဆက်လက်တက်ရာ စောင်းတန်းလက်ဝဲဘက်တွင် မျှော်တော်မူစေတီတည်ရှိပြီး လက်ယာဘက်တွင် မဟာမုနိကြေးသွန်းဘုရားကြီးရုပ်ပွားတော်တည်ရှိရာ တန်ဆောင်းကြီးရှိပြီး ဘုန်းတော်ကြီးကျောင်းများလည်းရှိသည်။ ဝင်းကျင်တွင် သစ်တောများရှိသည်။ တောင်ခြေမုခ်ဦးလမ်းခွဲမှ ကားလမ်းငယ်သည် ထိုဘုရားကြီးဝင်းအတွင်းသို့ရောက်ရှိပြီး ကားလမ်းဆက်မရှိတော့ပါ။ စောင်းတန်းလှေကားမှဆက်တက်လျှင် သက်တော်ရှည်စေတီကို ဖူးတွေ့ရပြီး ယင်းမှ မြစက်တော်ရာစေတီသို့ ရောက်ရှိသည်။ ထိုမှဆက်လက်တက်ရောက်လျှင် စောင်းတန်း၏ လက်ယာဘက်တွင် အနောက်ဘက်မျက်နှာမူရုပ်တော်မူ ရုပ်ပွားတော်ကို ဖူးမြော်ရပြီး ရုပ်တော်မူရုပ်ပွားတော်မြတ်ကို သံကူကွန်ကရစ်တန်ဆောင်းဆောက်လုပ်နေဆဲ ဖူးမြော်တွေ့ရှိရပါသည်။

စောင်းတန်းအတိုင်း ဆက်လက်တက်ရောက်ရာ လက်ဝဲဘက်တွင် သိကြားဘုရားစေတီကို ဖူးမြော်တွေ့ရှိရပြီး ထိုမှအထက် စောင်းတန်းလက်ယာဘက်တောင်ခြေလျှောထိပ်တွင် ကျိုက်ထီးရိုးပုံတူစေတီတော်ကို ဖူးတွေ့ရပြီးနောက် အောင်ဇေယျတုတံခွန်တိုင်သို့ ရောက်ရှိပါသည်။ စောင်းတန်းလက်ယာဘက်တွင်ရှိပြီး တံခွန်တိုင်၏ အောက်ခြေတွင် ဂန္ဓကုဋိတိုက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကိန်းဝပ် စံပယ်လျက်ရှိပါသည်။ ယင်းမှ ဆက်လက် တက်ရောက်လျှင် တောင်ခြေမှ စောင်းတန်းဆုံးသွားပြီး မော်တော်ကားလမ်းငယ်တစ်ခုသို့ရောက်ရှိပါသည်။ ထိုကားလမ်းမှာ မြသပိတ်တောင်တော်ဂေါပကအဖွဲ့ရုံး၏ ပစ္စည်းများထိန်းသိမ်းသိုလှောင်ရာ ဇရပ်များရှိပြီး မော်တော်ယာဉ်ငယ်ရပ်နားကွင်းကို စောင်းတန်း၏ လက်ဝဲဘက်တွင် တည်ရှိသည်။

ယာဉ်ငယ်ရပ်ကွင်းကားလမ်းတွင်



www.burmeseclassic.com


www.burmeseclassic.com




မော်တော်ကားလမ်းထိပ်ရှိ မုန်ဦး



မူလမုန်ဦးအပေါက်



မုန်ဦးထက်ယာဘက်ယာဉ်ငယ်ထားခွဲမှ
မဟာမုနိကြွေသွန်းဘုရားကြီး



မြသပိတ်စေတီတော်သမိုင်းအကျဉ်းချုပ်

မြသပိတ်တော်ထိပ်သို့တက်ရောက်နိုင်ရန် စောင်းတန်းစတင်ပြီး ထိုစောင်းတန်းမှာ မြသပိတ်တောင်တော်စေတီရင်ပြင်အထိ ဖြစ်၏။ စောင်းတန်းတစ်လျှောက်လုံးသည် အုတ်လှေကားထစ်များဖြစ်ပြီး အချို့သောနေရာများတွင် တောင်တက်ခရီးသည်များရပ်နားရန် အုတ်ခုံတန်းများထားရှိပေးသည်။ စောင်းတန်းအုတ်လှေကားထစ်အချို့ ပျက်စီးနေသဖြင့် ပြန်လည် ပြုပြင်ထားသည်မှာ မကြာသေးကြောင်း သိရှိရသည်။

တောင်ထိပ်မြသပိတ်စေတီရင်ပြင်မှ အရှေ့ဘက် တောင်ခါးပန်းတစ်ခုတွင် တောင်ခြေမှ ဘုရားဖူးယာဉ်ငယ်နှင့် ဆိုင်ကယ်များရပ်နားကွင်းဆောက်လုပ်ထားသည်။ ယာဉ်ဖြင့်တက်ရောက်သော ဘုရားဖူးများ ယင်းယာဉ်ရပ်နားကွင်းတွင်ဆင်းပြီး စောင်းတန်းလှေကားမှ ရင်ပြင်ပေါ်သို့ တက်ရောက်ကြရသည်။

မြသပိတ်စေတီ၏ အရှေ့ဘက်မှ ကြည့်လိုက်လျှင်မူ တောင်အောက်တွင် ဝါးပါးဆည်ကို တောင်တန်းတောင်သွယ်များအကြားတွင် ဆည်ရေပြင်ကြီးကို လှပစွာ တွေ့မြင်ရသည်။ ထို့မှအရှေ့ဘက်ယွန်းယွန်းတွင် ဘုရင့်ညီနောင်ဂူ မြို့ကလေး ဘီလပ်မြေစက်ရုံမှ မီးခိုးတလူလူ ဘားအံ ဇွဲကပင်တောင်မကြီးနှင့် ဘားအံရွှေယဉ်မျှော်စေတီ၏သံလွင်မြစ်အနောက်ဘက်ကမ်း ကျောက်ကလပ်တောင်ထိပ်တို့ကို တွေ့ရှိရပါသည်။

မြသပိတ်တောင်ခြေမုခ်ဦးမှစေတီရင်ပြင်တော်အထိ ခြေလှမ်းမှန်မှန်ဖြင့် တက်ရောက်ပါက (၀၀း၅၀) နာရီခန့်ကြာနိုင်ပြီး အဆင်းတွင် (၀၀း၃၅) နာရီခန့်ဖြင့် တောင်ခြေသို့ ရောက်ရှိနိုင်ပါသည်။

အခွင့်အခါသင့်၍ မြသပိတ်စေတီသို့ရောက်ရှိခဲ့ပါက တောင်ခြေမှ စေတီရင်ပြင်တော်အထိ ခြေကျင်ခရီးဖြင့်တက်ရောက်နိုင်ပါရန် တောင်တက်စကြီ စောင်းတန်းတစ်လျှောက် တွေ့ရှိရသော သာသနိက အဆောက်အအုံများနှင့် သာယာလှပဖွယ်ကောင်းသောတောအုပ်၊ တောတောင်တို့၏သဘာဝအလှတရားတို့ကိုကြည့်ရှုခံစားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

မြသပိတ်စေတီတော်မှ ခြေကျင်ခရီးဖြင့် ဆက်လက် သွားရောက်လိုပါက မြသပိတ်စေတီတောင်ဘက်ရှိ တောင်တန်းများအသွယ်သွယ်တွင် ဘုရားငါးဆူစေတီတော်၊ မြသပိတ်စေတီတော်၏ မြောက်ဘက်တွင် ရွှေစေတီ၊ ရွှေစေတီဆရာတော်ကျောင်းသည် တောင်တန်းထိပ် တောင်ကမ်းပါးယံတွင် ထူးခြားစွာ ဆောက်လုပ်ထားသောကျောင်းအဖြစ် တွေ့ရှိရမည် ဖြစ်ပေသည်။

စိုးရော်အာကျော်



www.burmeseclassic.com

www.burmeseclassic.com



# စိုးလင်းအောင် (မြန်အောင်)

## ရွှေဘဝဆုံကြရာဝယ်

ရောဝတီမြစ်ရေထိုးကျသွားလျှင် အနယ်နယ်အရပ်ရပ်မှ ရွှေကျင်သားများ ရွှေသောင်၊ ကျောက်သောင်များတွင်ဆုံကြပြန်သည်။

ရွှေလောကသည် လူပေါင်းစုံ၊ အလွှာပေါင်းစုံတို့၏ ခိုကိုးအားထားရာဖြစ်သည်။ စီးပွားပျက်သူ (အထည်ကြီးပျက်) များ၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းပြုတ်များ၊ ပင်စင်စားများ၊ ကုန်သည်ပွဲစားများ၊ လက်လုပ်လက်စားများနှင့် ကိုင်းသမား၊ လယ်သမား၊ ဇာတ်သမား စသော အလွှာအမျိုးမျိုးကို ရွှေကျင်လောကတွင် တွေ့ရသည်။

ရွှေပါနှုန်းကောင်းသောရက်တွင် ရွှေကျင်သူတိုင်း -

"ဒီအလုပ်က ကောင်းတယ်ကွ။ သူများမျက်နှာကြည့်ပြီး အလုပ်မလုပ်ရဘူး။ ကိုယ့်သဘောနဲ့ကိုယ်လုပ်လို့ရတဲ့ ကိုယ်ပိုင်အလုပ်ကွ။ ကိုယ်လုပ်နိုင်ရင် ကိုယ်ရမယ်"

ဟူ၍တစ်မျိုး။

ရွှေပါနှုန်းမကောင်းသည့်ရက်များ၊ လများနှင့် ကျန်းမာရေးညံ့ပြီး မကောင်းသည့် အနိဋ္ဌာရုံမြင်ကွင်းများကို တွေ့ပြန်လျှင် -

"တော်ပြီကွာ၊ နောင်နှစ်နောင်နှစ်တွေမှာ ရွှေမကျင်တော့ဘူး။ အလုပ်ပြောင်းတော့မယ်။ ရွှေကျင်လောကကို စိတ်ကုန်ပြီကွာ"

ဟူ၍တစ်ဖုံ အမျိုးမျိုးပြောဆိုခဲ့ကြသော်လည်း ရွှေကျင်ရာသီရောက်တိုင်း အနယ်နယ်အရပ်ရပ်က ရွှေကျင်သူတွေ မြစ်ဇရာနဒီကြောမှာ ဆုံတွေ့ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ ရွှေကျင်လုပ်ငန်းသည် လူအတော်များများ ဝမ်းရေးအတွက် အားကိုးအားထားပြုရသော၊ သမာအာဇီဝမှုတသည့်လုပ်ငန်းတစ်ခုပင် ဖြစ်၏။

ရွှေပါနုန်းကောင်းလျှင် ဝန်ထမ်းများ၊ ပစ္စည်းဥစ္စာချမ်းသာသူများပင် ရွှေဆင်း၍ကျင်ကြသည်။ စာမတတ်သူမှ ဒေါ်ဘွဲ့ရအထိ လူပေါင်းစုံတွေ့ရ၏။ ညောင်ဦးမြို့နယ်မှ ရေကင်းသောင် ကောင်းစဉ်က လက်တွေ့ဖြစ်သည်။ ရွှေကျင်လုပ်ငန်းကို မကျင်တတ်ကျင်တတ်နှင့် အိမ်မှ သေတ္တာအကောင်းကြီးများကို အပေါက်ဖောက်၍ ဇလားလုပ်ကာ မျောလောင်းနေသူများလည်း တွေ့ရ၏။

ကျွန်ုပ်တို့ကို ရွှေကျင်ပညာ သင်ပေးလိုက်သော ပုဂံညောင်ဦးသားများမှာ များသောအားဖြင့် အင်မတန် ရိုးသားသောသူများ ဖြစ်ကြသည်။ ထိုရိုးသားသူများကိုမှ အခွင့်ကောင်းယူကာ စီးပွားရေးမျက်စိဖြင့်သာကြည့်ပြီး အရင်းရှင်နယ်ချဲ့တို့ကဲ့သို့ ကုပ်သွေးစုပ်ခဲ့သော ရွှေဆိုင်များကိုလည်း တွေ့ခဲ့ရ၏။

ကျွန်ုပ်တို့ညီအစ်ကိုမှာ သူတို့ထံမှ ရွှေကျင်ပညာကိုတတ်လိုက်သောကြောင့် သူတို့ရောင်းသောရွှေဆိုင်မှာပင် ရွှေလိုက်၍ ရောင်းကြရ၏။ ပထမတွင် အလေးချိန်ခွင်သဘောကို ကျွန်ုပ်တို့ ဘာမှ နားမလည်ပေ။

သို့သော် တဖြည်းဖြည်း လူပေါင်းစုံနှင့်တွေ့လာရ၍ ရွှေလောကကို တီးမိခေါက်မိရှိလာ၏။ နတ်တလင်းနယ်ဘက်မှ ဝါရင့်ရွှေကျင်သူနှင့်တွေ့ဆုံရာတွင်-

"ခင်ဗျားတို့ မြဲမြဲမှတ်ထား။ ရွှေရောင်းသွားရင် တချို့ရွှေဆိုင်တွေက လိုတာထက်ပိုပြီး ဖော်ဖော်ရွေရွေနဲ့လာပါ၊စားပါ၊သောက်ပါ၊ဖျော်ဖျော်ဂွာဂွာဆက်ဆံပြီး လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲစတာတွေနဲ့ ဧည့်ခံလာရင် သတိထား။ အဲဒါ အလေးနဲ့ဆော်တော့မယ်။ ခင်ဗျားတို့ကိုကျွေးတာ၊ ပေးတာကမ်းတာက ရွှေတစ်စိတ်ဖိုးလောက်ရှိတာ။ ခင်ဗျားတို့ဆီက အလေးခိုးလိုက်တာက (၁) ခြမ်း၊ (၃) စိတ်အနည်းပဲ။ ဘယ်လောက်ခံရသလဲကြည့်စမ်းပါဦး။ ရောင်းချပြီးလို့ပြန်ရင် ဆေးလိပ်၊ လက်ဖက်ခြောက်ထုပ် လက်ဆောင်ပေးလိုက်သေးတယ်။ အဲဒါကို အကြောင်းမသိတဲ့သူတွေကတော့ အဟုတ်ကြီးအောက်မေ့နေတာ။

တချို့ ရွှေဆိုင်တွေက မှန်မှန်ပဲ ဆက်ဆံတယ်။ လာ - ထိုင်ပါ၊ ဘာကိစ္စလဲ။ ဒါလောက်ပဲပြောတယ်။ အဲဒီလိုဆိုင်မျိုးတွေက အလေးရော၊ ဈေးရော စိတ်ချရတယ်။ အဲဒီဆိုင်မျိုးရှာပြီးရောင်းဗျာ။ ခင်ဗျားတို့ ကြိုက်သလောက်စား၊ အိမ်အတွက် စားစရာတွေဝယ်သွားဦး။ ရွှေတစ်ခြမ်းဖိုးမကုန်ဘူး။ ကိုယ့်ငွေနဲ့ကိုယ် သူတို့ကို ကျေးဇူးတင်ရမလိုဖြစ်နေတာ။ တချို့ကြတော့လည်း ဈေးကို ပေါက်ဈေးထက်ပိုပေးပြီး အလေးခိုးတာတွေလည်း ရှိတယ်"

နောက်နောင်တွင် ကျွန်ုပ်တို့ ကိုယ်တိုင် (xxx) မြို့၌ ရွှေဆိုင် (ရွှေဝယ်သူ) များကို အထက်ပါ ဖြစ်ရပ်များအတိုင်း လက်တွေ့တွေ့ခဲ့ရသည်။

ရွှေကျင်ရာတွင် အညာသားများက စခဲ့သောကြောင့် သူတို့ စည်းကမ်းဥပဒေကိုလည်း သူတို့ပြောသည့်အတိုင်း လုပ်ခဲ့ရပေ၏။ ရွှေကျင်လျှင် မျောခုံကို မြောက်ဘက်သို့ လှည့်မလောင်းရ။ ရွှေဖမ်းနေလျှင် အလွမ်းသီချင်းမဆိုရ။ တချို့သောင်များတွင် ရွှေဖမ်းစဉ်ကတွေ့ခဲ့ရသော်လည်း မျောလောင်းသောအခါ ရွှေမတင်သောကြောင့် အမှောက်အမှားတစ်ခုခုရှိသည်။ ထို့ကြောင့် ရွှေလောင်းသည်ကိုရပ်ကာ ရွှေမမ (နတ်) တင်ကြရ၏။ ရွှေပါနည်းလျှင်လည်း ရွှေမမတင်ကြရသည်။ ပြီးမှဆက်၍ မျောလောင်းကြရသည်။ ဤကား ကိုရွှေအညာသားတို့၏ ရွှေကျင်ဥပဒေပင် ဖြစ်၏။

ရွှေမမ (နတ်) ကို ထမင်းဦးပေါင်း၊ ကြက်ဥ၊ ချိုချဉ်တို့ဖြင့်တင်ရသည်။ နောက်ပိုင်းတွင် ရွှေကျင်လောက၌ လူပေါင်းစုံလာသော် ထိုအယူအဆဟောင်းများကို အတွေးသစ်၊ အညာဏ်သစ်များဖြင့် တွန်းလှန်လိုက်ကြ၏။ မြောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com

သို့ မျောခုံလှည့်၍မလောင်းရဟုဆိုခြင်းမှာ ရွှေမမကို မျောက်ကိုက်၍သေခြင်းကြောင့် ရွှေလောင်းရာတွင် မျောခုံတို့ မြောက်ဘက်သို့လှည့်၍ မလောင်းရဟု ဆိုခြင်း ဖြစ်သည်။

အမှန်မှာ ရွှေကျင်ရာသီသည် ဆောင်းရာသီများသောကြောင့် မြောက်ဘက်သို့လှည့်၍ မျောလောင်းခြင်းမပြုရန် ဖြစ်သည်။ မြောက်ဘက်လှည့်၍ မျောလောင်းပါက ရေလောင်းသူနှင့် ဂေါ်ဆွဲသူများကို ရေစက်များမှန်လျှင် ခိုက်ခိုက်တုန်အောင်ချမ်းပေလိမ့်မည်။ မြောက်လေကလည်း တစ်ချက်တစ်ချက်ပြင်းထန်လာသောကြောင့် မျောလောင်း၍မရအောင် မျောခင်းများလွင့်ပျံကုန်သည်။ ထို့ကြောင့် ရေထဲမျောပါသွားခြင်း၊ ဆုံးရှုံးခြင်းဖြစ်မှုကြောင့် မြောက်ဘက်သို့လှည့်၍မျောမလောင်းရဟုဆိုခြင်းဖြစ်ဟန်တူ၏။ ယခုခေတ် ရွှေကျင်သူများက မြောက်ဘက်သို့လည်း လှည့်၍ မျောလောင်းကြသည်။

သောင်တချို့တွင် ရွှေဖမ်းစဉ်က ရွှေတွေ့မြင်ခဲ့ကြသော်လည်း မျောမတင်ရခြင်းမှာ ဘာအမှောက်အမှားမှုရှိသည် မဟုတ်။ ရွှေမှာ ပါးပါးလွှာလွှာ (စက္ကူလွှာလို)အမှုန့်များနှင့် အတုံးအခဲ၊ အဝိုင်းပုံစံ၊ အမှုန့် ဟူ၍ရှိရာ ငါးပါးလွှာလွှာရွှေမှုန့်များမှာ အပြားကလေးများဖြစ်၍ ရွှေစမ်းရာတွင် အမှုန့်သေး၍ အမြင်မလှသော်လည်း မျောလောင်းရာ၌ အလေးချိန်စီးသောကြောင့် ဂုန်နီအိတ်၊ သိုးမွေးတို့တွင် ဝပ် (ကပ်) ကျန်ရစ်သောကြောင့် မျောတင်သည်။ ဤအချက်ကိုမသိ၍ ရွှေမမတင်ခြင်း ဖြစ်သည်။

ရွှေဖမ်းရာတွင် အလွမ်းသီချင်း မဆိုရသည်မှာ ကျွန်ုပ်လည်းမသိပေ။ သူတို့ကို မေးပြန်သော်လည်း တိတိကျကျအဖြေမရ။ နောက်ဆုံး ကျွန်ုပ်စဉ်းစားမိသည်မှာ ရွှေဖမ်းနေစဉ် အလွမ်းသီချင်းဆိုပါက စိတ်ကဟိုရောက်ဒီရောက်နှင့် ငေးမောတွေဝေနေပါလျှင် မြောက်လေကြောင့် လှိုင်းများထ၍လာခြင်းကြောင့် လည်းကောင်း၊ မော်တော်သဘောတို့သွားခဲ့လျှင် လှိုင်းများထ၍ ရွှေကျင်ဗန်းကို တဖျတ်ဖျတ်ရိုက်ခတ်လာသောကြောင့် လည်းကောင်း ရွှေငုံထားသော ပြဒါးလုံးများထွက်ကျခြင်း၊ ရွှေကျင်ဗန်းမှောက်သွားခြင်းတို့ ကြုံရသည်။ ထို့ကြောင့် ဆုံးရှုံးလေလွင့်မှုမရှိအောင် ဟန့်ထားသည့်သဘောဖြစ်နိုင်၏။

ယနေ့ ရွှေကျင်သားများမှာ သီချင်းလေးတအေးအေးဖြင့် မြောက်ဘက်သို့လည်းလှည့်၍ သင့်တော်သလို မျောလောင်းကြသည်။ သို့သော် ရွှေမမ (နတ်) ကို မည်သူကမျှ တင်မြှောက်ခြင်း မရှိတော့ပေ။ ရွှေဖမ်းရာတွင် သင့်တော်မည့်နေရာတွင်ထိုင်၍ ဗန်းလှည့်ကြ၏။ (ရေစီးကြမ်းလျှင် ဗန်းလှည့်၍ မကောင်းပေ။) ရာဇမတ်ကာသောအထဲတွင် မည်သူမျှ ရွှေမဖမ်းတော့ပေ။

ဂမ္ဘီရဆန်၍ကျွန်ုပ်မသိသေးသော တစ်ချက်ရှိသည်။ ရွှေပါနှုန်းကောင်းနေသော မည်သည့်သောင်၌မဆို ခိုက်ရန်ဒေါသဖြစ်ခြင်း၊ နေရာလုမှုများဖြစ်ခြင်း၊ နီးစပ်ရာလူကြီးများက ရွှေကျင်သူများကို မည်သည့် ရန်ပုံငွေအတွက် မျောခုံတစ်စုံကို ဘယ်လောက်ပေးရမည်၊ မပေးလျှင် ရွှေမကျင်ရ စသဖြင့် အတင်းအဓမ္မငွေကောက်ခံ၍ ရွှေကျင်သားတို့ စိတ်မကြည်မလင်ဖြစ်ကြလျှင် ပါနှုန်းကောင်းသောရွှေသည် ပျောက်သွားပေ၏။ ဤအချက်ကို ရွှေကျင်သူလူအတော်များများ လက်ခံကြသည်။

ရွှေကျင်ဘဝဆုံကြရာတွင် နေရာဒေသ၊ မြို့ရွာအသီးသီးကို တွေ့ဆုံခဲ့ရသော်ငြားလည်း ကျီးသဲမြို့တစ်ဖက်ကမ်းက မြစိမ်း ဆိုသော ရွာကလေးကို တွေးမိတိုင်း သတိရနေမိ၏။

'မြစိမ်းမှာ ရွှေကောင်းတယ်ကွ' ဟူသောသတင်းက ကျွန်ုပ်တို့ ရွှေသောင်သို့ ရောက်ရှိလာသည်။ ရွှေသောင်တွင် ရွှေပါးနေသောအချိန် ဖြစ်သောကြောင့် ညီအစ်ကို၊ သူငယ်ချင်းတွေ လှေကိုယ်စီနှင့် ရွှေကျင်တက်ခဲ့ကြ၏။ တချို့လူများကလည်း လှေမနိုင်၍ ကနောင်မှကျီးသဲသို့ မော်တော်ဖြင့် လည်းကောင်း၊ သင်္ဘောဖြင့် လည်းကောင်း လိုက်ခဲ့ကြသည်။

မြောက်လေကလည်း ကလေးဆိုးကြီးပမာ တအားတိုးနေသောဆောင်းလေပင် ဖြစ်၏။ ကျွန်ုပ်တို့အဖွဲ့သည် ရွှေသောင်မှ မနက်ထွက်လာပြီး ကနောင်တွင်ဝင်၍ ဈေးဝယ်ကြသည်။ ကနောင်မှ လှေကိုကြိုးဆွဲ၍တက်လာရာ မြန်အောင်တစ်ဖက်လမ်း မြို့မရေလယ်ကျွန်းသို့ ညနေ (၄) နာရီခန့်တွင် ရောက်ရှိ၏။ ခရီးမဝေးလှသော်လည်း လေဆန်၊ ရေဆန်ဖြစ်သောကြောင့် ခရီးကြန့်ကြာနေခြင်းဖြစ်သည်။

မြို့မရေလယ်ကျွန်းတွင် ကမ်းမပြိုရန်ထိန်းသည့်အနေဖြင့်(တစ်နိုင်တစ်ပိုင်) ရေကာငုတ်များရိုက် (စိုက်) ထားသည်။ ကမ်းရင်းကတက်လျှင် ရေကာငုတ်များပေါ် တင်မည်စိုးသောကြောင့် ရေကာငုတ်များ အပြင်ဘက်မှတက်ရန် လှေဦးကိုလှည့်လိုက်ပြီး ကြိုးဆွဲသူကို ထိန်းဆွဲရန် ကျွန်ုပ်က လှမ်းပြောလိုက်၏။

ရေကာငုတ်အပြင်မှအတွင်းဘက်ယွန်းယွန်းဆီသို့ လှေဦးလှည့်လိုက်စဉ် ရေစီးတွင် လှေကို ဘေးတိုက်ပေးသလိုဖြစ်ကာ လှေမှာ ရေကာငုတ်တွင် ပြေးကပ်ပြီး တိမ်းမှောက်သွားပါတော့သည်။

လှေမှာ မှောက်သွားသော်လည်း မျောပါသွားခြင်းမရှိဘဲ ရေကာငုတ်များတွင် ကန့်လန့်ခံနေ၏။ ရေကလည်း တဝေါဝေါစီးနေသည်။ လှေကိုလည်း ရေကာငုတ်မှ ခွာထုတ်၊ တွန်းထုတ်၍မရဘဲ ကန့်လန့်ခံမြဲခံနေပြီး လှေပေါ်မှစောင်၊ ခြင်ထောင်၊ ဒန်အိုးဒန်ခွက်၊ မျောပစ္စည်းများ စားသောက်စရာများ၊ ထင်း စသည့်ပစ္စည်းများလည်း ရေတွင်မျောသည်ကမျောပြီး မြုပ်သည့်ပစ္စည်းများကမြုပ်ကုန်သည်။

အနီးအနားမှလူများ၏ ကူညီမှုကြောင့် လှေကိုရေကာငုတ်မှခွာထုတ်ပြီး ဆယ်၍ရသည့် ပစ္စည်းများကိုတင်ကာ အထက်ဘက်သို့ ကြိုးဆွဲ၍တက်လာခဲ့ကြ၏။ ကျွန်ုပ်တို့မှာ ခရီးထွက်လာလျှင် ပြန်မလှည့်ချင်သောကြောင့်သာ ဆက်၍ထွက်ခဲ့ရခြင်းဖြစ်ပြီး မျောလောင်းစရာပစ္စည်းများနှင့် ပစ္စည်းတချို့ ရေအောက်မှာ ဆုံးရှုံးကျန်ရစ်ခဲ့လေသည်။ စိန်တိုင်ကြီးသောင်တွင် ကျွန်ုပ်တို့ရွာမှလူများ ရွှေကျင်နေကြသည်ကို အားကိုးတကြီးဖြင့် ဆက်၍တက်ခဲ့ရာ ည (၁၀)နာရီခန့်တွင် စိန်တိုင်ကြီးသောင်သို့ရောက်ကြ၏။

အင်မတန် ချမ်းလွန်းလှသော နတ်စော်၊ ပြာသိုလတွင် ခြုံစရာစောင်ကလည်း ရေစိုနေ၏။ စားစရာများကလည်း ရေထဲမျောပါကုန်သည်။ ထိုညတွင် ရွှေကျင်တန်းမှ ထမင်းကျန်ဟင်းကျန်များနှင့် စားသောက်ပြီး လေကွယ်သော တဲဘေးတွင် ရွက်ဖျင်များကိုခြုံ၍ သဲကမွလာပေါ်၌ မှေးမှိတ်ကာ တစ်ညအိပ်ခဲ့ရပါသည်။

မနက်(၅)နာရီထိုးလျှင် တဲသမားများက အတင်းနှိုးပါတော့၏။ ဆောင်းမနက်၏အအေးဒဏ်ကြောင့် အိပ်ရာကမထချင်သေး၊ ဆက်၍ကွေးနေချင်၏။ ဆောင်းကာလဖြစ်သောကြောင့် အမှောင်ထုက လွှမ်းမိုးနေဆဲ။ ကျွန်ုပ်တို့ တစ်ခုမှ မတွေ့ဘူးပါ။ ရွာခံရွှေကျင်မည့်သူမရှိ



www.burmeseclassic.com

www.burmeseclassic.com

သလောက်ပင် စီးပွားရေးတောင့်တင်းကြ၏။ ကိုင်းလုပ်ငန်း၊ သစ်လုပ်ငန်းတို့ဖြင့် ချမ်းသာသူများကြသည်။ ဆက်ဆံရေးမှာလည်း ဧည့်ကောင်းသောင်ကောင်း တစ်ယောက်လိုအမြဲဆက်ဆံ၍ဖော်ဖော်ရွေရွေရှိလှ၏။

ရွှေလုပ်ငန်းကောင်းသောကြောင့် လူများလည်း နယ်ပေါင်းစုံလှသည်။ ကိုင်းသမားများထံ ကိုင်းထွက်သီးနှံများကိုမရောင်းဘဲ (အလကား) ပေးပါသည်။ ကျီးသဲဈေးသို့ ဈေးဝယ်တက်လျှင် လှေပေါ်မှာပင် လှော်တက်များကို စိတ်ချလက်ချထားခဲ့ကြသည်။ သစ်ပေါသောနေရာဖြစ်သောကြောင့် တက်များ၊ လှေများ ခိုးဝှက်ခြင်း၊ ပျောက်ရှခြင်းမရှိပေ။

ကျီးသဲဈေးကား ငါးဖိုပေါသောနေရာဖြစ်၏။ အထုပ်ငါးဖို၊ ပန်းငါးဖိနှင့် ကိုင်းထွက်သီးနှံများလည်း စုံလင်လှသည်။ ကျီးသဲဆန်ဈေးမှာ တစ်မျိုးဖြစ်၏။ မိုးရွာလျှင် ဈေးကျပြီး နေပူလျှင်ဈေးတက်သည်။ ကျွန်ုပ်တို့ အောက်ပိုင်းမြို့များတွင် မိုးရွာ (မိုးစွေ) နေလျှင် ဆန်ဈေးတက်လေ့ရှိပြီး နေပူရက်များတွင် အလွယ်တကူ ကြိတ်ခွဲနိုင်သောကြောင့် ဈေးကျပါသည်။ ကျီးသဲမှာ မိုးရွာသည့်ရက် ဈေးကျရခြင်းမှာ မိုးရွာလျှင် ဈေးဝယ်သူများမလာသောကြောင့် အရောင်းအဝယ်မကောင်း၍ ဈေးကျရခြင်းဖြစ်သည်ဟုဆို၏။

ရွှေနေရာအကွက်အကွင်းကလည်း ကျယ်ဝန်း၍ကောင်းပါသည်။ ဒေသခံတို့ကလည်း တော်ပါ၏။ ကျွန်ုပ်တို့မှာလည်း မြစိမ်းရွာမှ တော်တော်နှင့်မပြန်ချင်ကြပေ။

တစ်နေ့ မြစိမ်းရွာမှ ပန်းတောင်းငါးမျက်နှာဘုရားသို့ ရွှေကျင်သားတစ်သိုက် မြစိမ်းရွာသူများနှင့်ဘုရားဖူးသွားကြ၏။ ကျွန်ုပ်မှာ ပထမအိမ်ထောင်ပျက်ပြီး လူလွတ်ဖြစ်နေ၍ ရွှေကျင်တန်းမှ မဒီကညာများအပြင် မြစိမ်းရွာမှ (သိုက်နန်းရှင်) မမြစိမ်းအမျိုးနွယ်ပျိုကညာတစ်စုနှင့် ဘုရားဖူးသွားရသောခရီးစဉ်မှာ ပျော်ရွှင်လန်းနေမိပြီး အိပ်ပျော်နေသော နှလုံးသားတို့ ဒုတိယအကြိမ်နိုးထလာပြန်သည်။ တစ်ချိန်က ဥစ္စာစောင့်မမြစိမ်းသည် ဤရွာသို့ လာရောက်၍ ကိုဘုန်းကြွယ်နှင့် အိမ်ထောင်ကျကာ သားတစ်ယောက်ရခဲ့လေ၏။

သားရှင်ပြုရန်အတွက် ပြည်သို့ ပရိက္ခရာတက်ဝယ်စဉ် သိုက်ဆရာအားလှေပေါ်တင်ခဲ့မိ၍ မမြစိမ်းက သူ့သိုက်နန်းကိုပြန်ခဲ့ရလေသည်။ သားရှင်ပြုတွင် အဖော်မဲ့ အပူမီးတောက်ခဲ့ရသောနေရာတစ်ခု ဖြစ်ခဲ့၏။

ပန်းတောင်း ငါးမျက်နှာရေ့ ကျ်၍ မမြစိမ်း သိုက်နန်းတည်ရှိခဲ့သော မတောတ်န်းလေးဆီသို့ငေးစိုက်ကြည့်မိရင်း မြစိမ်းရွာသူပျိုဖြူလေးများ၏အလှကိုသတိထားကြည့်လိုက်မိ၏။

နေခြည်နုနုတွင် ရွှေရည်လိုဥ၍ ဝင်းဝါစိုပြည်နေသောရုပ်ရှင်ဗွီဒီယိုဇာတ်ပွဲတွေထဲက ဥစ္စာစောင့်လေးများသဖွယ် လှချင်တိုင်းလှနေကြသည်။ နေဒဏ်၊ ရေဒဏ်၊ လေဒဏ်တို့ကြောင့် ညိုရောင်သန်းသော ရွှေကျင်တန်းက မြင်နေကျပျိုဖြူများထက် သူတို့ကတစ်မူပိုကာဆန်းသစ်ပေါ်လွင်လှပနေ၏။

ပန်းတောင်းငါးမျက်နှာဘုရားတွင် သားတစ်ယောက်နှင့် အလွမ်းဇာတ်သိမ်းခဲ့ရသော ကိုဘုန်းကြွယ်ကို မြင်ယောင်မိရင်း ဒုတိယအကြိမ်နိုးထလာသော နှလုံးသားမှ ရင်ခုန်သံတို့က အချစ်စိတ်ကိုတစ်ရေးအိပ်စေပြန်တော့၏။ သက်ပြင်းအကြိမ်ကြိမ်ချမိရင်းက ဘုရားဖူးအပြန်လမ်းမှာ ဝမ်းနည်းသလိုလို လွမ်းသလိုနှင့် လမ်းခွဲခဲ့ကြရသည်။

မြတ်စွာဘုရားသခင်လက်ထက်အခါက ညီတော်မင်းနန်ကို တာဝတိံသာနတ်ပြည်သို့ခေါ်သွားပြီး ဇနပဒကလျာဏီနှင့်နတ်သမီးတွေ၏အလှနှိုင်းယှဉ်ပြလိုက်ရာ နတ်သမီးများကို လိုချင်၍ (၃၂) ကောဋ္ဌာသ(ကာယာနုပဿနာ)ကိုရှုမှတ်ရင်းက တရားထူးရသွားသော ရှင်နန္ဒကိုသွား၍သတိရမိ၏။

ရှင်နန္ဒမှာ တရားထူးရသွားသော်လည်း ကျွန်ုပ်မှာ ဒုတိယအကြိမ် နှလုံးသားတောင်းဆိုမှုကို အလိုလိုက်မိပါက တရားထူးမရသည့်အပြင် မယား(တာ)ရှုဟုပင် ပြောကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့လို စီးပွားရေးပြည့်စုံကြွယ်ဝသောရွာခံလူများက ကျွန်ုပ်တို့လို ရွှေကျင်သားများကို အထင်သေး၍ စဉ်းစားချင်မှ စဉ်းစားပေလိမ့်မည်။

ဤသို့ဖြင့် ကျီးသဲဘုရားပွဲတော်ရက်ကိုရောက်ရှိလာသည်။ အင်ပူမြို့မှ စိန်ဟသာ်အဖွဲ့နှင့် ထီးတော်သစ်တင်ပြီး ရွှေမန်း ပန်တျာကြည်လင်နှင့်သားများဇာတ်အဖွဲ့ ကပြမည်ဖြစ်၏။ မြစိမ်းဇာတ်ထုပ်ကို ကပြခဲ့သော ပန်တျာကြည်လင်ပင်လျှင် မြစိမ်းဇာတ်ထုပ်ထဲကလို မြစိမ်းရွာမနီးမဝေး၌ သားများနှင့် ကပြဖျော်ဖြေပေးရ၏။

မြစိမ်းရွာတစ်ဝိုက်တွင် မြစိမ်းဇာတ်ထုပ်ဖွင့်ခြင်း ကပြခြင်းများပြုလုပ်ပါက ဘာအနှောင့်အယှက်မှမတွေ့ရသော်လည်း ပရိက္ခရာဝယ်ပြီး လှေနှင့်ပြည်မှပြန်အလာ သိုက်ဆရာ လှေပေါ်တင်မိခဲ့၍ တက်များကိုချိုးလိုက်ခြင်းကြောင့် တက်များကျိုးသွားပြီး တက်သစ်ခုတ်ရန် တက်ခဲ့သော တက်သစ်ကျွန်းတွင် မြစိမ်းဇာတ်ထုပ်ကိုဖွင့်ပါက ဘယ်ကမှန်းမသိ ခဲများနှင့်ပေါက်သည်ဟုဆိုကြသည်။

ကျွန်ုပ်တို့ ရွှေကျင်သားတစ်သိုက်သည် ညနေ (၃) နာရီလောက်တွင် ကျီးသဲဘုရားပွဲသို့သွားရန် လှေပေါ်သို့တက်ကြပြီး ကမ်းမှ ထွက်ခွာမည်အပြုတွင်-

"ကျွန်တော်လည်း ဘုရားပွဲလိုက်ချင်လို့ လိုက်ပါရစေ"

ဟု ဆိုကာ လူတစ်ယောက်လှေပေါ်သို့ ခုန်တက်လိုက်၏။ ကျွန်ုပ်တို့ကလည်း ဘာမှအပန်းကြီးသည့်အလုပ်မဟုတ်သောကြောင့်-

"လိုက်ခဲ့လေ"

ဟု ဆိုကာ ကမ်းမှထွက်ခွာလာခဲ့သည်။ ကမ်းနှင့် တစ်ခေါ်လောက်အကွာတွင် -

"ဟေ့ကောင်တွေ လှေကိုပြန်ကပ်စမ်း၊ ပြန်ကပ်စမ်း"

ဟု အရပ်လူကြီးတစ်ယောက်က လှမ်းခေါ်၍ ဆိပ်ကမ်းသို့ ပြန်ကပ်ခဲ့ရသည်။ ဆိပ်ကမ်းသို့လှေပြန်ရောက်သောအခါ အရပ်လူကြီးက -

"မင်းတို့ဘာသိလို့ ဒီကောင်ကိုဟိုဘက်ကမ်းတင်ခေါ် ရတာလဲ။ မင်းတို့သူ့ကိုသိလို့လား။ ဒီကောင်က လူသတ်မှုနဲ့ ထောင်ကျပြီး ရေ့တန်းရဲဘက်က ပြေးလာတဲ့ ရဲဘက်ပြေးကွ။ ဒီကောင်ကို မင်းတို့တင်သွားရင် မင်းတို့မှာလည်း တာဝန်ရှိတယ်သိလား။ ဒီကောင်ကို မပြေးစေနဲ့။ ရွာ (မြစိမ်း) ကို လှေနဲ့ လိုက်ပို့ကြ။ ဒီကောင့်ကို ရဲလက်ပြန်အပ်ရမယ်"

ဟု ဆို၍ ကျွန်ုပ်တို့အဖွဲ့ ရဲဘက်ပြေးဆိုသူအား မပြေးစေရန် သတိထားကာ ရွာကိုလိုက်ပို့ရပြန်သည်။

လမ်းတွင် ထိုလူက -

"ကျွန်တော် မပြေးပါဘူးဗျာ။ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လူသတ်မှုနဲ့ ထောင်ကျသွားတာပါ။ ကိုယ့်မိန်းမကိုယ်သတ်လိုက်တာပါ။ ကျွန်တော်တို့လင်မယားနှစ်ယောက် အခန့်မသင့်လို့ ခေတ္တကွဲကွာနေတဲ့အချိန်မှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

## တင်ထွန်း(စက်မှု-၂)ငြိမ်း

# ငန်းတော်ကျားမြွေရဲ့လျှို့ဝှက်ချက်

ကမ္ဘာပေါ်တွင် အဆိပ်ရှိသောမြွေများတွင် ငန်းတော်ကျားမြွေသည် အလွန်အဆိပ်ပြင်းထန်သောမြွေမျိုး ဖြစ်ပါတယ်။ ငန်းတော်ကျားမြွေ၏ အဆိပ်သည် မြွေပွေး၊ မြွေဟောက်တို့ထက် ပိုမို ပြင်းထန်သော်လည်း မြွေသူတော်ကောင်းဖြစ်၍ လူတွေကို ကိုက်လေ့ကိုက်ထမရှိကြဘဲ အလွန်သည်းခံတတ်သောမြွေမျိုးဖြစ်သော်လည်း သူတို့သည်းမခံနိုင်သောလုပ်ရပ်များကို လူတွေပြုလုပ်လာကြပါက အသေကိုက်သတ်လေ့ရှိသောမြွေမျိုးဖြစ်၍ လူတွေကသတိထားကြရန် အထူးလိုအပ်၏။ ငန်းတော်ကျားမြွေအကိုက်ခံရပါက ဆေးမမီဘဲ အမြန်ဆုံးသေဆုံးတတ်ကြပါသည်။

ငန်းတော်ကျားမြွေနှင့် ပတ်သက်လျှင် တကယ့်ဖြစ်ရပ်တစ်ခုကို စာရေးသူ၏မိတ်ဆွေဖြစ်သူ ခတ္တိယရွာသားတစ်ဦးဖြစ်တဲ့ ကိုအောင်ရွှေက ခရစ်နှစ် ၁၉၉၅ က စာရေးသူအား ပြောကြားခဲ့ပါသည်။ ကိုရွှေအောင်၏ နာမည်ကို အမည်ရင်းအတိုင်းဖော်ပြလိုက်ပါသည်။ ငန်းတော်ကျား၏ လျှို့ဝှက်ချက်နှင့် ဆက်နွယ်၍ မိတ်ဆွေဖြစ်သူ ကိုအောင်ရွှေ ခတ္တိယရွာတွင် နေထိုင်ခဲ့စဉ်က ငန်းတော်ကျားမြွေနှင့်ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို စာရေးသူအား ပြောကြားခဲ့ပါသည်။

အတိတ်ကာလက ရက်တစ်ရက်မှာ ကိုအောင်ရွှေက ခတ္တိယရွာမှ အခြားရွာတစ်ရွာသို့ လူမှုရေးကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့ရာ လမ်းတွင် လယ်ကွက်များကို ဖြတ်သန်း၍ သွားရောက်ရပါတယ်။ ထိုအချိန် စပါးရိတ်သိမ်းပြီးစကာလဖြစ်၍ လယ်ကွင်းများသည် လယ်ကွက်များသာ ကျန်ရှိနေချိန်ဖြစ်လျက် ပတ်ဝန်းကျင်၏မြင်ကွင်းများကို ရှင်းလင်းစွာ တွေ့မြင်နေရပါသည်။ ကိုအောင်ရွှေ လယ်ကွက်များကို ဖြတ်သန်းရင်း လမ်းလျှောက်လာခဲ့သည့်စဉ် လူငယ်တစ်ယောက်က ငန်းတော်ကျားမြွေတစ်ကောင်ကို တုတ်တစ်ချောင်းဖြင့် ဆော့ကစားနေတာ တွေ့မြင်လိုက်ရပြီး ကို·အောင်ရွှေက ထိုမြင်ကွင်းကို ရပ်ကြည့်နေခဲ့ပါသည်။

ထိုလူငယ်က ငန်းတော်ကျားမြွေကို တုတ်ဖြင့်ဆော့ကစားနေစဉ်ကာလမှာ ဘယ်လိုစိတ်ကူးပေါက်သွားသလဲတော့မသိပါ။ ငန်းတော်ကျားမြွေကို ဆော့ကစားနေသည့်တုတ်ဖြင့် မလှမ်းမကမ်းတွင် လူတွေစွန့်ထားသည့်ကျင်ကြီးထဲမှ မစင်များကို တုတ်ဖြင့်ကော်လာပြီး ငန်းတော်ကျားမြွေ၏နှာဝကိုသွားရောက်ထိတို့မိတဲ့ကာလမှာ ငန်းတော်ကျားမြွေသည် ရုတ်တရက် ပါးပျဉ်ထောင်ထလာတာကိုတွေ့မြင်လိုက်ရရာ ထိုလူငယ်သည် ငန်းတော်ကျားမြွေအနားမှ ရုတ်တရက်ပြေးထွက်ခဲ့သော်လည်း ငန်းတော်ကျားမြွေက တစ်ရှိန်ထိုးလိုက်လာပြီး လူငယ်အနားသို့ ရောက်ရှိလာသည့်ကာလမှာ ပါးပျဉ်းထောင်၍ ပေါက်သတ်လိုက်ပါသည်။ ထိုလူငယ်လည်း ဆေးမမီဘဲ ပွဲခြင်းပြီးသေဆုံးခဲ့ပါသည်။

ငန်းတော်ကျားမြွေတို့သည် မစင်များကို အလွန်ကြောက်တတ်သောမြွေမျိုးဖြစ်ပြီး အညစ်အကြေးနှင့်ပတ်သက်လာလျှင် လုံးဝသည်းမခံတတ်သောမြွေမျိုးဖြစ်ကြောင်း ကိုအောင်ရွှေက စာရေးသူအား အတန်တန်သတိပေးခဲ့ပါသည်။ ငန်းတော်ကျားမြွေနှင့် ပတ်သက်၍ ကိုအောင်ရွှေပြောကြားခဲ့သည့်ဖြစ်ရပ်များကို ယုံကြည်မှုမရှိကြပါက မိမိသမိုင်းကို မိမိတို့ကိုယ်တိုင် ရေးသားသည့်ဖြစ်ရပ်များနှင့်ရင်ဆိုင်ကြုံတွေ့နိုင်ပါ၍ စာရေးသူက သတိပေးရေးသားဖော်ပြခြင်းလည်း ဖြစ်ပါသည်။

ပြောမယုံ ကြုံမှသိ ဆိုသလိုတကယ်သာ ငန်းတော်ကျားမြွေနှင့် ဆက်နွယ်တဲ့လျှို့ဝှက်ချက်ကို စာရေးသူ၏ မိတ်ဆွေက ကိုယ်တိုင်ကြုံတွေ့ခဲ့ရကြောင်း ပြန်လည်၍ ရေးသား ဖော်ပြလိုက်ရပါသည်။

တင်ထွန်း(စက်မှု-၂၊ ငြိမ်း)

က ကမ်းနားကို လှည်းနဲ့ ရေစည်တိုက်နေတုန်း ကျွန်တော့်မိန်းမနဲ့သူတို့ညီအစ်မတွေ ကျွန်တော့်ကိုလည်းမြင်ရော လှောင်သလို ပြောင်သလိုနဲ့ ဟားတိုက်ရယ်နေကြတယ်။ အဲဒါနဲ့ကျွန်တော်လည်းလာပြီး ရေစည်လှည်းတစ်ခေါက်ပြန်အလာမှာ ဓားကိုဝှက်ယူလာတယ်။ အမှတ်မထင် ကျွန်တော့်မိန်းမကို ဓားနဲ့ပြေးခုတ်သတ်ပြီး ကျွန်တော် အဖမ်းခံခဲ့တာပါ။

ကျွန်တော့်မိန်းမကို ဓားနဲ့ခုတ်သတ်ပြီး ထောင်ကျခံရတာ ဘာမှသိပ်မခံစားရပေမယ့် ဒီလ၊ ဒီရက်တွေရောက်တိုင်း ကျီးသဲဘုရားပွဲနဲ့ ရွာ (မြစိမ်း) ကို အရမ်းသတိရတယ်ဗျာ။ တစ်ရက်ကလေးပဲဖြစ်ဖြစ် သိပ်ပြန်ချင်တယ်ဗျာ။ နောက်ဆုံး တစ်ရက်မှ ရွာမှာမနေရတောင် ရွာကိုမြင်ရရင် အလွမ်းပြေပြီဆိုပြီး ပြန်ချင်စိတ်နဲ့ ရှေ့တန်းရဲဘက်က ပြန်ပြေးလာတာပါ။ ခုတော့ ရွာကို ပြန်ရောက်လို့ ရွာကို လွမ်းတဲ့စိတ်တွေ ဖြေသိမ့်နိုင်ပါပြီဗျာ။ ဟိုရောက်ရင် ကျွန်တော်နှစ်တွေထပ်တိုးမှာပါ။ တိုးချင်သလောက်တိုးပါစေဗျာ။ ကျွန်တော့်ရွာကို တစ်ရက်လောက်ပြန်နေရတာ ကျွန်တော် ကျေနပ်လှပါပြီဗျာ”

ဟု ဆိုကာ မျက်ရည်များကျလာ၍ ကျွန်တော်တို့အားလုံး စိတ်မကောင်းကြချေ။

တဖြည်းဖြည်းနှင့် လေရှူးနောက်လို့ နွေဦးရောက်ခဲ့လေပြီ။ ရော်ရွက်ဝါမြေမှာဝဲကာ ဥဩသံသာသာက ပင်ယံထက်မှာ အော်မြည်နေပြီကော။

ရဲဘက်ပြေးတစ်ယောက်က ရွာကို လွမ်း၍ပြေးခဲ့လေသည်။ အချိန်တန်လျှင် အိမ်ပြန်ချင်သည့်စိတ်များက အရာရာကို လွှမ်းမိုးလိုက်သောအခါဝယ် -

ကျွန်ုပ်တို့ ရွှေကျင်အဖွဲ့သားများသည် အောက်မြည်အောက်ရွာ (ကျွန်းကြီးရွာ) ဆီသို့ လှေဦးလှည့်ကာ စုန်ဆင်းခဲ့ကြပါတော့သည်။

(ဝန်ခံချက် - ကိုင်းလုပ်ရင်း ဧရာဝတီမြစ်ထဲတွင် ရွှေကျင်ခဲ့ရသော ဘဝအတွေ့အကြုံများကို ရေးသားခြင်းသာဖြစ်ပါကြောင်း)

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလှိုင်းအောင် (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com



# လမင်းမြင့်မိုရ် (ဖီးကုန်း)
## ငွေသုံးသောင်း

ကျုပ်နာမည်က ဖိုးထောင်။ ကျုပ်ကို တစ်ရွာလုံးက ခင်မင်ကြတယ်။ တစ်ရွာလုံးမှာ ရှိသမျှ အလုပ်မှန်သမျှ လည်း ကျုပ်ကကူညီလုပ်ပေးနေကြဗျ။ ကျုပ်အတွက် ထမင်းတစ်လုတ်မခက် ဘူး။ ဘယ်အိမ်တက်စားစား မျက်နှာ မငယ်ရဘူးလေ။

အဲ - ကျုပ်က တစ်ကိုယ်တည်း သူပျိုကြီးဗျ။ မိဘဆွေမျိုးဆိုတာ ဘာကို ခေါ်မှန်းတောင် မသိပါဘူးဗျာ။ တစ်ယောက်တည်းဆိုပေမယ့် မပျင်းပါ ဘူး။ အလုပ်ကလေးနည်းနည်းအားရင် ရွာအပြင် ညောင်ပင်ရိပ်အောက်က ကျုပ် သူငယ်ချင်းရဲ့ကြက်ဝိုင်းကို သွားအားပေး နေသေးတယ်။ အခြေအနေကောင်းလာ ရင်တော့ ထန်းတောရောက်တော့တာပဲ ပေါ့ဗျာ။ ရွာဦးကျောင်းဆရာတော်သိရင် တော့လား မပြောချင်ပါဘူး။ သေချာ ပါကတော့ ဆော်ပလော်တီးခံရတာ ပေါ့။

စားဖို့ ဝတ်ဖို့ ဘာမှ မပူရပေမယ့် ကျုပ်ရဲ့တဲလေး အဲ - ကျုပ်ရဲ့အိမ်သေးသေးလေး ပြင်ဖို့တော့ ပူနေရတယ်။ အရင် နှစ်တွေကတော့ အဆင်ပြေသား။ ဒီနှစ်မှဗျာ။

ကျုပ်က အကြာကြီးစဉ်းစားမနေ တတ်ဘူးလေ၊ ကျုပ်သူငယ်ချင်း ကြက် သမား သံချောင်းဆီပဲ အပူကပ်ရတော့ တာပေါ့။ ရွာထဲက ပြေလည်တဲ့အိမ်မှာ ပြောလို့ရပေမယ့် အဲဒီကိစ္စကျပြော မထွက်ဘူး။ ဒါနဲ့ သံချောင်းဆီပဲပြေးရ တာ။ သံချောင်းဆိုတာ ငယ်ငယ်ကလေး ကတည်းက လည်ပင်းဖက်ပေါင်းလာခဲ့ တာ ဆိုတော့ အားမနာတတ်တော့ဘူး ဗျ။

သံချောင်းကလည်း အားကိုးရပါ တယ်။ ကျုပ်ပြောတဲ့ ငွေသုံးသောင်းကို ကြက်ဝိုင်းမှာတင်ထုတ်ပေးလိုက်တယ်။ ကျုပ်ကိုတောင် အခုမှပြောရသလား၊ မိုးတောင်ကျတော့မယ်ဆိုပြီး- ဆူလိုက် သေးရဲ့ဗျာ။

ကျုပ်လည်း ငွေသုံးသောင်းယူပြီး ပြန်အလာ လမ်းမှာ ပြဿနာတက် တော့တာပဲ။ မြွေဟောက်တစ်ကောင်ကို တိုက်မိပြီး အကိုက်ခံလိုက်ရတယ်။ ကျုပ် မျက်စိတွေပြာဝေပြီး သတိလစ်ချင်လာ တယ်။ အကူအညီတောင်းစရာလူလည်း တစ်ယောက်မှမရှိ။ နောက်တော့ ကျုပ် ဘာမှကိုမသိတော့ဘူး။

❑

ဟိုက် - ကျုပ်သတိရလို့ကြည့် လိုက်တော့ ကြက်ဖစာစ်ကောင်နဲ့ကျုပ်နဲ့ ဖိုက်တင်ပလေးနေပါပေါ့။ ဘယ်လိုဖြစ် ကုန်မှန်းတောင် ကျုပ်စဉ်းစားချိန်မရ လိုက်ဘူး။ ကျုပ်သွေးသံတရဲရဲနဲ့လဲနေ ခဲ့ပြီလေ။ ကျုပ်ကို ခင်ပါတယ်၊ ချစ်ပါ တယ်ဆိုတဲ့ သံချောင်းပါးစပ်က ကြိမ်း မောင်းသံကြောင့် ကျုပ်မျက်ရည်ကျမိပါ တယ်။

"×××ကြက်၊ အသုံးကိုမကျဘူး။ နောက်ပွဲထပ်ရှုံးလို့ကတော့ ရိုက်သတ်ပြီး ချက်စားပစ်မယ်"

တဲ့ဗျာ။ ရင်ထဲမှာလည်း နင့်ခနဲ ခံစားလိုက်ရတယ်။ လက်စသတ်တော့ ကျုပ်က သံချောင်းရဲ့တိုက်ကြက်ဖကြီး ဖြစ်နေတာကို။

နောက်နှစ်ပတ်လောက်ကြာတော့ ကျုပ် ဖိုက်တင်ပလေးရပြန်ပြီ။ ကျုပ်နဲ့ ခွပ်မယ့်ကောင်က ကျုပ်ထက်တော့ နည်းနည်းထွားတယ်။ ဒါပေမယ့်လည်း မတတ်နိုင်ဘူးလေ။ ဒီပွဲမှမနိုင်ရင် သေချာပေါက် ကျုပ်သေရမှာ။ အဲဒီ အသိစိတ်နဲ့ပဲ ကျုပ်လည်း အစွမ်းကုန်ပြန် ချပါတယ်။ ဒါပေမယ့်ဗျာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်မရဘဲ ကျုပ်ပဲ အလူးအလဲနဲ့ အရှုံးပေးခဲ့ရပြန်တယ်။

သံချောင်းကို တောင်းပန်ချိန် တောင်မရလိုက်ပါဘူး။ ကျုပ်ခြေထောက်နှစ်ချောင်းကိုင်စွဲပြီး ညောင်ပင်နဲ့ရိုက်လိုက်ပါရော။

❑

ရော - ခက်ပါပကောဗျာ။ နွားမကြီးနို့ကို ကျုပ်အားရပါးရကြီးစို့မိနေပါရဲ့။ ကောင်းတော့ အကောင်းသားဗျ။ မြတ်တွေလည်း ကျုပ်ကြိုက်နေမိပြန်တယ်။ ကျုပ် သံချောင်းအိမ်မှာ နွားဘဝထပ်ဖြစ်ရပြန်ပါပြီဗျာ။ ကျုပ်ဘာကြောင့်ဆိုတာသိနေပေမယ့် ရှင်းပြလို့မရတာက ဒုက္ခ။

ကျုပ်သိပ်ကံဆိုးနေပါတယ်။ ကြီးတောင်မကြီးရသေးဘူး။ သံချောင်းကလည်း ရက်စက်တယ်။ ဟိုဘက်ရွာကသားသတ်သမားတွေလက် ကျုပ်ကိုရောင်းလိုက်ပြီဆိုကတည်းက ကျုပ်သိလိုက်ပါတယ်ဗျာ။ ကျုပ်ကိုဆွဲသွားရင်းသူတို့ပြောသံတွေ ကျုပ်ကြားနေရတယ်။

"ဒါလေးနဲ့ လောက်ပါ့မလားတဲ့။ လူတွေက ဖိတ်ထားတာ အများကြီးပဲ။ ဆွမ်းသွတ်ဆိုပေမယ့် လာမယ့်သူကများမယ်နော်"

တဲ့လေ။ ဘုရားဘုရား - ကျုပ်ကို ဆွမ်းသွတ်မှာ ချက်ကျွေးဖို့သတ်ကြမှာပေါ့။

ကျုပ်လည်း သေရမှာတော့ ကြောက်တာပေါ့ဗျ။ ဒါကြောင့်မို့ ရုန်းထွက်ကြည့်ပေမယ့် အလကားပါပဲ။ အဆော်တောင်ခံလိုက်ရသေးတယ်။

သိပ်မကြာခင်ပဲ ရွာရောက်ခဲ့တယ်။ ကျုပ်ကိုသတ်ဖို့ပြင်ကြဆင်ကြလုပ်နေတာမြင်ရတော့ ကျုပ်ကြောက်လည်းကြောက်၊ ဝမ်းလည်းနည်း၊ တုန်လှုပ်ချောက်ချားစွာ မျက်ရည်ကျမိပါတယ်။ ကျုပ်မျက်ရည်ကျရင်းငိုနေတာကိုခပ်လှမ်းလှမ်းက အမျိုးသမီးတစ်ယောက်ကကြည့်ပြီး သူမပြောလိုက်တဲ့ စကားသံသဲ့သဲ့ကလေးကို နောက်ဆုံးကြားလိုက်ရတယ်။

"ဟယ် - နွားလေးက ငယ်ငယ်လေး ချစ်စရာလေးတော်။ ငါသာဆိုရင်တော့ မသတ်ရက်ပါဘူး။ မွေးပဲထားလိုက်ချင်တယ်"

❑

"သား လူလေးရယ်၊ စကားပြောပါတော့ကွာ။ မွေးကတည်းက ငါ့သားစကားမပြောတာ သုံးနှစ်တောင်ပြည့်ခဲ့ပြီ။ သားသာစကားပြောရင် ဖေကြီးကသားလိုချင်တာတွေပေးမယ်နော်။ သားပြောပါကွယ်"

"ငွေသုံးသောင်း"

လွတ်ခနဲ ကျုပ်ပါးစပ်ကထွက်သွားတော့ ကျုပ်အဖေနဲ့အမေက အရမ်းအံ့ဩကုန်တာပေါ့။ သူတို့မျက်ဝန်းမှာမျက်ရည်တွေဝဲတောင် ဝဲစို့နေတာ ကျုပ်မြင်ရတယ်။ အမေကဆို ကျုပ်ကို ပွေ့ဖက်လို့ -

"ပြောပါ သားရယ်၊ ဘာငွေသုံးသောင်းလဲ။ အမေဖြင့်ဝမ်းသာလိုက်တာ" တဲ့။

ကျုပ်လည်း မျက်ရည်တွေကျရင်းကျုပ်ဘဝဖြစ်စဉ်တွေနဲ့ ငွေသုံးသောင်းအကြောင်းကို အတိုချုံးပြောလိုက်တယ်။ ကျုပ်အရင်ဘဝက ဟိုဘက်ရွာမှာဖိုးထောင်ဘဝနဲ့ သူငယ်ချင်း သံချောင်းဆီမှ ငွေသုံးသောင်းချေးယူခဲ့ကြောင်း၊ အဲဒီငွေသုံးသောင်းကြောင့်ပင် မြွေကိုက်လို့ သေတော့ သံချောင်းဆီမှာပင်ကြက်ဖကြီးဖြစ်ပြီးရိုက်သတ်ခံခဲ့ရကြောင်း၊ နောက် နွားဘဝရောက်တော့လည်းအရွယ်မရောက်ခင်ကပင်သတ်စားခံခဲ့ရကြောင်း၊ ဒါတွေဟာ သံချောင်းဆီကချေးယူခဲ့တဲ့ ငွေသုံးသောင်းအကြွေးတင်ခဲ့၍ဖြစ်ကြောင်း၊ ဒါကြောင့် အဲဒီအကြွေးကို အမြန်ဆပ်ခြင်းကြောင်းတွေကိုပြောပြလိုက်တော့ အဖေနဲ့အမေဇာင်လျက် -

"ဖြစ်မှဖြစ်ရလေ သားရယ်၊ အခုပဲသွားဆပ်ကြတာပေါ့" တဲ့။

ကျုပ်တို့လည်း ဆိုင်ကယ်လေးဆွဲပြီး သံချောင်းဆီကို ထွက်ခဲ့ကြတယ်။ အဖေက မောင်းလို့ ကျုပ်ကအလယ်မှာ၊ အမေက နောက်မှာထိုင်လို့ပေါ့။ သိပ်မမောင်းလိုက်ရပါဘူး။ သံချောင်းတို့ရွာကို ရောက်တယ်။ သံချောင်းတို့အိမ်ကိုရောက်တဲ့အထိ ကျုပ်ပဲလမ်းပြပေးခဲ့ရတာလေ။ အိမ်ရှေ့ရောက်တော့ ကပျာကသီဆင်းလိုက်ပြီး -

"ဟေ့ကောင် သံချောင်း"

လို့ ကျုပ်အော်ခေါ်လိုက်တယ်။

အိမ်ထဲကနေ သံချောင်းထွက်လာပြီး ကျုပ်ကို မျက်မှောက်ကုတ်ကြည့်ရင်း -

"အောင်မာ - လက်တောက်လောက်ကောင်လေးက ငါ့ကိုသံချောင်းလေးဘာလေးနဲ့ မင်းကဘယ်တူတုံး" တဲ့။

ကျုပ်က ပြုံးစိစိနဲ့ -

"ငါ ဖိုးထောင်လေကွာ"

ဆိုတော့ - သူမျက်လုံးပြူးသွားတယ်။

အဲဒီအချိန်မှာပဲ ကျုပ်အဖေက ကျုပ်ပြောပြသမျှ အကြောင်းစုံကို ပြန်ရှင်းပြလိုက်ပါတယ်။ အဖေ့စကားအဆုံးမှာတော့ သံချောင်းဝမ်းနည်းပက်လက်နဲ့ငိုရင်း ကျုပ်ကို အတင်းဖက်လိုက်ပါတယ်။ ဗလုံးဗထွေးနဲ့ -

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်" တဲ့လေ။

ကျုပ်လည်း ငိုမိတာပေါ့။

ကျုပ်တို့ငိုလို့ဝတော့မှ သံချောင်းပခုံးနှစ်ဖက်ကိုကိုင်ပြီး သူ့မျက်လုံးကိုနစ့်စေ့ကြည့်ရင်း ကျုပ်ရင်ထဲကစကားတွေကို ဖွင့်ဟမိခဲ့ပါတယ်။

"သူငယ်ချင်းရယ်၊ မင်းငါ့ကိုသတ်ခဲ့တာတွေကို ငါစွဲမယူပါဘူးကွာ။ မင်းလည်း ဒီဘဝမှာ မကောင်းတဲ့အလုပ်တွေကို အပြီးအပိုင် စွန့်လွှတ်ပြီး တရားဘာဝနာနဲ့ ပျော်မွေ့ပါတော့ကွာ။ ငါလည်း ရှင်ပြုလို့ရတဲ့အရွယ်ရောက်ရင်သာသနာ့ဘောင်ဝင်ပြီး တရားဘာဝနာတွေပဲလုပ်တော့မယ်ကွာ။ ငါကြုံခဲ့ရတဲ့ဘဝအဖြစ်အမျက်တွေကိုအရမ်းကြောက်လန့်ခဲ့ပြီ သူငယ်ချင်းရာ"

မျက်ရည်တွေကျရင်း သံချောင်းလည်း ခေါင်းတညိတ်ညိတ်နဲ့ ကျုပ်ကိုကတိတွေပေးလို့ပေါ့။ ပြီးတော့ ကျုပ်အရင်ဘဝက ချေးသုံးထားခဲ့တဲ့ ငွေသုံးသောင်းကို သံချောင်းလက်ထဲကိုပြန်ထည့်ရင်း -

"ကျေပြီနော် သူငယ်ချင်း"

လို့တောင် ကျုပ်ကပြောလိုက်သေးတယ်။

သံချောင်းက ကျုပ်တို့ကို အိမ်ထဲမှာ ရေနွေးကြမ်းနဲ့ ဧည့်ခံခဲ့တယ်။ လက်ဖက်သုပ်နဲ့ပေါ့။ ဟိုတုန်းက အကြောင်းတွေ ကျုပ်ပြောသမျှကို အားလုံးက တပြုံးပြုံးနဲ့ နားထောင်ခေါင်းညိတ်ခဲ့ကြတယ်လေ။ အတော်ကြာမှ သံချောင်းကို နှုတ်ဆက်ပြီး ကျုပ်တို့ပြန်ခဲ့ကြတယ်။

အိမ်အပြန်မှာတော့ ကျုပ်စိတ်တွေကိုယ်တွေ အရမ်းကို ပေါ့ပါးလန်းဆန်းနေခဲ့တာ အမှန်ပဲပေါ့ဗျာ။

လမင်းမြင့်မိုရ် (ဇီးကုန်း)

(ဖြစ်ရပ်မှန်တစ်ခုအား ခံစားရေးဖွဲ့ပါသည်။)



www.burmeseclassic.com


www.burmeseclassic.com

မောင်စိမ်းထွေး(ထားဝယ်)

## ရှေးသမိုင်းတဘောင်လာ ပိဋ္ဋိတောင်ရိုး ဖက်ရွက်ညှိုးတော့

# လောကနန္ဒာပြည်လုံးချမ်းသာစေတီ

## ပွင့်ထွန်းတယ်



သပ္ပာယ်တင့်တယ်စွာ ဖူးမြော်ကြည်ညိုရသော လောကနန္ဒာပြည်လုံးချမ်းသာစေတီတော်

သာသနာတော်နှစ် ၂၀၀၀ ကျော်လွန်ခဲ့သော နှစ်ပေါင်း ၅၆၀ ခန့်က ထားဝယ်ဒေသ၌ 'ပိဋ္ဋိတောင်ရိုး၊ ဖက်ရွက်ညှိုးလျှင်၊ ပုထိုးစေတီ၊ ကြီးစွာတည်၍၊ ပြည်သူကောင်းမှုပြုလိမ့်မည်' ဟူ၍ သည်းကောင်း၊ 'ရတနာတောင်၊ အလယ်ခေါင်တွင်၊ အောင်လံစိုက်ထူ၊ ဇမ္ဗူချမ်းသာ၊ မင်္ဂလာစေတီ၊ ကြီးစွာတည်၍၊ ပြည်သူကောင်းမှုပြုလိမ့်မည်' ဟူ၍ သည်းကောင်း သမိုင်းတဘောင်ပေါ်ခဲ့ရာ ရှေးလူကြီးသူမတို့က ထိုတဘောင်တို့ အစဉ်အဆက် ရွတ်ဆိုပြောစမှတ်ပြုလာခဲ့ကြသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အင်းဇောက်ကျေးရွာအုပ်စု ဝပြောတိုက်ကျောင်းဆရာတော် ဦးအာဒိစ္စဝရသာမိမထေရ်သည် ငယ်စဉ်ကပင် ဖော်ပြပါ တဘောင်ကို ကြားသိမှတ်သားလာခဲ့သည့်အပြင် ဆရာတော်ကိုယ်တိုင် စေတီတစ်ဆူ တည်ထားပူဇော်ကာ ထိုစေတီတော်ခြေရင်း၌ တရားမမ္မအားထုတ်ရွှေလျော်မှုလိုသောဆန္ဒပြင်းစွာဖြစ်ပေါ်သောကြောင့် သာသနာတော်နှစ် ၂၄၇၃ တွင် မပိဋ္ဋိတောင်ကုန်းထိပ်၌ စေတီတည်ထားပူဇော်မည်ဟူသော အဓိဋ္ဌာန်ဖြင့် ယခု စေတီတော်မြတ် တည်နေရာကုန်းထိပ်မြေပြင်အမှန်ကို ကောဇာနှစ် ၁၂၈၁ တွင် ပထမအကြိမ်၊ ၁၂၈၆ တွင် ဒုတိယကြိမ် သာသနာ့အောင်လံ စိုက်ထူသတ်မှတ်တော်မူသည်။ ကုန်းထိပ်နေရာ မမှန်လျှင် သာသနာ့အလံတိုင် ယိုင်လဲသည်ဟု အဆိုရှိသည်။ တစ်ချိန်တုန်းက တောင်ရိုးတစ်နေရာတွင် မပိဋ္ဋိအမည်ရှိ အမျိုးသမီးတစ်ဦး မတော်မတရားပြုကျင့်သတ်ဖြတ်ခံရပြီး အလောင်းကို သစ်ရွက်သစ်ခက်တို့နှင့် မည်ကာမတွေ့ဖုံးဖိ၍ စွန့်ပစ်ထားသည်ကို အစွဲပြု၍ မပိဋ္ဋိတောင်ကုန်းတွင်သည်။

ကောဇာ ၁၂၉၀ ပြည့်နှစ်တွင် ဆရာတော်ဦးအာဒိစ္စဝရသာမိမထေရ် ဦးဆောင်ပြီး အင်းဇောက်ကျေးရွာအုပ်စုမှ ဦးထွန်းပေါ်၊ ဦးသံကြိုး၊ ဦးဘိုးသိုင်း၊ ဦးဘိုးသင်း၊ ဦးထွန်းဦး၊ ဦးကံသာ၊ ဦးမြို့လှိုင်၊ ဦးဘဟင်၊ ထားဝယ်မြို့မှ ဦးစိန်၊ ဦးကျုံးခင်၊ ဦးစောဖေ၊ ဦးစောလှိုင်၊ ဦးလူညို၊ ဦးကြည်ဟန် အစရှိသော ဒါယကာအပေါင်း စုံစုံညီညီတက်ရောက်သော အစည်းအဝေးမှ လောကနန္ဒာပြည်လုံးချမ်းသာစေတီ တည်ထားကိုးကွယ်ရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။



စံကျောင်းပေါ်ဝယ်သီတင်းသုံးသောရုပ်ပွားတော်မြတ်




ရုပ်တော်မှုရုပ်ပွားတော်အား ဖူးမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com




စေတီတော်ကြီးအား အနီးကပ် ဖူးမြော်ရစဉ်

၁၂၉၁ ခုနှစ် နှစ်ဆန်းတွင် ဆရာတော် သတ်မှတ်ထားသည့် စေတီတည်မည့် မြေမြတ်နေရာအဝန်းအဝိုင်းကို သုတ်သင်ရှင်းလင်း၍ မြေသန့်မင်္ဂလာ အခမ်းအနားပြုလုပ်ပြီးနောက် (၇)တောင်အနက် မြေကျင်းတူးဖော် မြေညှိခြင်း လုပ်ငန်း စတင်သည်။ ကဆုန်လပြည့်နေ့ နံနက် (၇း၁၅) တွင် သံဃာတော်အရှင်သူမြတ် သုံးကျိပ်ကျော်နှင့် ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်အိုး၊ ပရိတ်ကြိုး၊ ပရိတ်မွေ့ကွန်ရွတ်ဖတ်ပူဇော်ကာ စေတီတော်အုတ်မြစ်ချတော်မူ၏။ ရွှေဗောဓိပင်၊ ငွေဗောဓိပင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ဌာပနာလျက် (၅၇) ပေ × (၅၇) ပေ × (၈) ပေ × (၁၀) လက်မ ရှိသော ပထမပစ္စယာကိုတည်ဆောက်သည်။

စေတီတော်အုတ်မြစ်မချမီ ကဆုန်လပြည့် အဖိတ်နေ့ ညသန်းခေါင်ယံ အချိန်၌ စေတီတော်တည်မည့်နေရာ ပတ်ဝန်းကျင်အနီးအနားမှ နွားချူသံတတလွင်လွင်၊ လှည်းပန်းတောင်းသံတညံညံနှင့် လှည်းကြီးလှည်းငယ်တို့ဖြင့် ပြောင်းရွှေ့ ထွက်ခွာသွားကြသည့် အုတ်အုတ်ကျက်ကျက်အသံကို ရွာသားများသဲသဲကွဲကွဲကြားရသည်ဟု အုတ်မြစ်ချအခမ်းအနားပြင်ဆင်စီစဉ်နေကြသူတို့ ပြောကြဆိုကြသဖြင့် ပရိသတ်လူသူများ တအံ့တသြဖြစ်ကြရ၏။ ကဆုန်လပြည့်နေ့ညနေပိုင်း၌လည်း အုတ်မြစ်ကျင်းနှင့် ပထမပစ္စယာအတွက် အုတ်သဲကျောက်သယ်ယူနေစဉ် ရုတ်တရက်လေပြင်းတိုက်ခတ်လာပြီး အရပ်လေးမျက်နှာ ကောင်းကင်တစ်ခုလုံး ချက်ချင်း ညိုမှောင်



မွေစကြာမုဒြာရုပ်ပွားတော်၊ ရှင်သီဝလိမထေရ်၊ ရှင်ဥပဂုတ္တမထေရ်



နတ်မင်းကြီး (၄) ပါးတံခွန်တိုင်

www.burmeseclassic.com


www.burmeseclassic.com

အုံ့ဆိုင်းတက်လာကာ လျှပ်စီးလျှပ်ပန်း အဝင်းဝင်းပြိုးပြက်လက်၍ ကြောက်မက်ဖွယ် မိုးခြိမ်းသံကြီးတဂျိန်းဂျိန်းတဂျုန်း ဂျုန်းထွက်ပေါ်လာသဖြင့် လူအားလုံး ထိတ်လန့်ကြောက်ရွံ့စွာအလဲလဲအပြိုပြို ပြေးလွှားပုန်းရှောင်ကြတော့သည်။


ထိုအခါ ဆရာတော်အာဒိစ္စဝရ ဘာမိက ယခုကဲ့သို့ လျှပ်ပန်းလျက်ဖြာ မိုးခြိမ်းသံပါ ထွက်ပေါ်လာခြင်းမှာ နတ်ကောင်းနတ်မြတ်တို့ သုတိဩဘာ ကောင်းချီးပြုသောကြောင့် စေတီတည် ထားအောင်မြင်စေမည့်အတိတ်ကောင်း နိမိတ်ကောင်းဖြစ်ပြီး မိုးလည်းရွာမည် မဟုတ်ဟု အေးဆေးညင်သာစွာ မိန့်ကြားသည့်အတိုင်းပင် အုံ့ဩဖွယ် မိုးသားတိမ်လိပ်တို့ ခဏချင်းကင်းစင် သွားပြီး ကောင်းကင်တစ်ခွင် ကြည်လင် ငြိမ်သက်သာယာလာခဲ့သည်ဟု ဆိုပါ သည်။

စေတီတော်တည်ရာ၌ ငွေအား၊ လူအား လုပ်အားကို ချင့်ချင့်ချိန်ချိန် တဖြည်းဖြည်းချင်းတည်ရန် ဆရာတော်၏ ဦးဆောင်လမ်းပြတော်မူသည်နှင့် အညီ အမြင့် (၇) ပေ၊ (၂) လက်မရှိ ဒုတိယပစ္စယာ၊ အမြင့် (၅) ပေ (၁၀) လက်မရှိ တတိယပစ္စယာအဆင့်ဆင့် တည်ပြီးနောက် (၈၂) ပေ၊ (၆) လက်မ ရှိသော စေတီလုံးကို ဆက်လက်တည် ထားသည်။ ဆရာတော်သည် စေတီ တော်အတွက် မန္တလေးမြို့အနောက်ပြင် (ယခု - အောင်မြေသာစံမြို့နယ်) ရှိ အိမ်တော်ရာစေတီတော်ပုံစံနမူနာကိုယူ သည်။ ပန်းရန်ဆရာကြီးများမှာ ပန်းတ လဲရွာမှ ဦးလူကြီးနှင့် ဦးနီကြည်တို့ဖြစ်ကြ သည်။ စေတီခေါင်းလောင်းတော်သပိတ် မှောက်အနားပတ်လည်တွင် လက်ရုံး နှစ်ဖက် တံတောင်မှကွေးပြီး ပါးစပ်ကိုက် ထားပုံ ဘီလူးခေါင်း(၂၄)လုံး ယက္ခစည်း ဝန်းဆွဲထားသည်။ ပစ္စယာအဆင့်ဆင့်မှ မုခ်ဆောင်ကလေးများပါသောလေးဖက် လေးတန် နတ်လမ်းလှေကားတစ်ခုစီချ ထားပြီး ပထမနှင့် တတိယပစ္စယာတို့၌ အရံစေတီများ၊ ဒုတိယပစ္စယာ၌ ကလသာအိုးတို့ကိုပါ ထည့်သွင်းထား သည်။

အရှေ့ဘက် လှေကားမုခ်၌ ဦးဘသီး + ဒေါ်ငွေပို၊ တောင်ဘက် လှေကားမုခ်၌ ဦးခင်မောင်စိန် + ဒေါ်တင်ကြည်၊ အနောက်ဘက် လှေကားမုခ်၌ ဦးစံသင်း + ဒေါ်အေးနု၊ မြောက်ဘက်လှေကားမုခ်၌ ဦးသိန်းဟံ+


ပညောင်ပင်နှင့်ရုပ်ပွားတော်


ပဉ္စဝဂ္ဂီငါးပါး တရားဦးနာကြားပုံ


ဘုရားရှင်က အင်္ဂုလိမာလအား ချွတ်တော်မူပုံ




www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ရှင်စီ အလှူရှင်နာမည်များရေးထိုး ထားသည်။ မုခ်ဆောင်ကလေးများ အထက်တွင်လည်း စေတီငယ်တစ်ဆူစီ ပေါက်ထားသည်။ နတ်လမ်းလှေကား (၂၈) ထစ်အသီးသီးရှိသည်။ လှေကား အတက်ဝတစ်ဖက်တစ်ချက်တွင် ဖားရုပ် ပေါ် မကန်းရုပ်စီးလျက်ရှိသည်မှာ ထူးခြား သည်။ ခြင်္သေ့ရုပ်များကို ဦးလူကြီး၏ အစ်ကို ဆရာဦးဘိုးခက ဦးစီး၍ ပုံသွင်း ပေးကြောင်း သိရသည်။



နတ်လမ်းလှေကားအတက် ဖား၊ မကန်း၊ မုခ်ဆောင်



ဓမ္မာရုံ




တိုက်ကျောင်းကြီး

ထိုသို့ စေတီတော်ကို တည်ထား စဉ် ဒင်္ဂုမိတ္တသပြဟ္မစာရီပီသစွာဖြင့် ပူးပေါင်းအားပေးကူညီကြသည့် ဆရာ တော်တို့မှာ သပြေရှောင်တိုက်ကျောင်း ဆရာတော်ဦးပညာ၊ အင်းဖောက် အနောက်ကျောင်းဆရာတော် ဦးနန္ဒ မာလာတို့ဖြစ်ကြောင်း၊ မဟာရံတံတိုင်း၌ စေတီတော်မော်ကွန်းကျောက်စာရေးထိုး ထားသည်ကို ဖတ်ရှုရသည်။ ကုန်းဇရပ် ရွာ ဦးသံကြိုး + ဒေါ်ရီ ဇနီးမောင်နှံတို့ ကမူ စေတနာထက်သန်စွာဖြင့် ၎င်းတို့ ပိုင်လယ်မြေ (၅) ဧကကို ရောင်းချ၍ ဘုရားဝတ္တကမြေအတွင်း ယာယီဇရပ် ဆောက်လုပ်နေထိုင်ပြီး စေတီတော်ပြီး မြောက်သည်အထိ ဆရာတော်အား နေ့စဉ် ဆွမ်းလုပ်ကျွေး ကုသိုလ်ပြုခဲ့



လောကနန္ဒာပြည်ထုံးချမ်းသာစေတီ
တည်ထားကိုးကွယ်ခဲ့သော
အရှင်အာစိဏ္ဏဝရဘာဓိမထေရ်ပုံတော်




ပြည်ထုံးချမ်းသာကျောင်းဆရာတော်ဦးဝိမ္ဗိ



www.burmeseclassic.com

www.burmeseclassic.com







ဓမ္မာရုံအတွင်း ဗုဒ္ဓဝင်ပန်းချီကား

သည်။

၁၂၉၆ နှစ်ဦးတွင် ဉာဏ်တော် (၁၀၄) ပေကျော် လောကနန္ဒာပြည်လုံးချမ်းသာစေတီတော်ကြီး အောင်မြင်အထမြောက် ပြီးစီးသည်။ ၁၂၉၁ ခုနှစ်မှ ၁၂၉၆ ခုနှစ်အထိ (၅) နှစ်ကြာမျှ ဆရာဒကာစုပေါင်း၍ လက်တွဲညီညီ ကုသိုလ်ယုံလစိုက်ထူခဲ့ကြပေသည်။ သရီရဓာတ်တော်များ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်များ၊ ကြေးပြားပေါ်ထုထွင်းသည့် ပိဋကတ်ဓမ္မကွန်များ ဌာပနာထည့်သွင်းထားသဖြင့် စေတီတော်ကြီးမှာ ဓာတုစေတီလည်းဖြစ်၊ ဥဒ္ဒိဿစေတီလည်းဖြစ်၊ ဓမ္မစေတီလည်း ဖြစ်သည်။ ဆရာတော်သည် နောင်လာနောင်သားတို့သိမှတ်စေရန်အတွက် စေတီတော်အုတ်မြစ်ချအခမ်းအနားကျင်းပပုံကို ကြေးပြားပေါ်တွင် စေတီပုံတော်ကို နောက်ခံပြုလျက် မှတ်တမ်းတင် မော်ကွန်းထုထွင်းကာ ပြည်လုံးချမ်းသာကျောင်း၌ ချိတ်ဆွဲထားရှိစေသဖြင့် ယခုအထိ ဖူးမြော် ကြည်ညိုရပါသည်။

အလျား (၂) ပေ၊ (၆) လက်မ၊ အနံ (၂) ပေ ကြေးပြားအလယ်တွင် ရတနာဂီရိတောင်ကုန်း လောကနန္ဒာပြည်လုံးချမ်းသာ မဟာစေတီပုံတော်၊ ထောင့်စွန်း(၄)စွန်းတွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ကုဝေရ၊ ဝိရူပက္ခနတ်မင်းကြီး (၄) ပါးပုံတော်၊ ပထမဌာပနာကျောင်းတော်ကြီးနှင့်တကွ ပထမပစ္စယံဖိနပ်တော်ကြီးကို ၁၂၉၁ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်စက်နာရီ (၇) နာရီ (၁၅) မိနစ်၊ မြန်မာနာရီ (၄) နာရီ (၁) ပါဒ်၊ (၁) ဗီဇနာ (၄) ပြန် (၅) ခရာတွင် တစ်ပြိုင်နက်တည်း အုတ်မြစ်ချအလှူ ပူဇော်မင်္ဂလာပြုကျင်းပပုံ၊ ကုန်းဇရပ်ရွာ ဒေါ်ရုံသမီး မသောင်းခင်နှင့် ကိုထွန်းဘော်၊ ဇနီး မနှင်းအိ၊ သား မောင်သောင်းဖေ၊ မောင်ဘကြန်၊ မောင်စံအေး၊ မောင်သီးဟံ၊ သမီး မပို၊ မငွေစိန်၊ မငွေကြင်၊ မထွားစိန်တို့ကောင်းမှု၊ စာထုဆရာ မောင်ကွန်နှင့် တပည့် မောင်တောင် စသည်ဖြင့် ထုထွင်းထားသည်ကို ရှင်းလင်းပီသစွာ လေ့လာဖတ်ရှုရသည်။


၁၂၉၆ ခုနှစ်၊ တပေါင်းလပြည့် လောကနန္ဒာ ပြည်လုံးချမ်းသာစေတီ ထီးတော်တင်လှူပူဇော်ပွဲသို့ ရပ်နီး၊ ရပ်ဝေးတို့မှ လာရောက်ကြကုန်သော ဧည့်ပရိသတ်တို့ အား ဇာတ်ပွဲအငြိမ့်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ထားဝယ်ရိုးရာကပွဲ၊ နွားတိုက်ပွဲများနှင့် ဧည့်ခံဖျော်ဖြေရာ ကြက်ပျံမကျ စည်ကားသိုက်မြိုက်လှသည်ဟု ရှေ့မီနောက်မီသူတို့ကပြောကြပါသည်။ ထီးတော်ကို အများပြည်သူကောင်းမှုပြုပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ထားဝယ်မြို့ ဇရစ်ရပ် ဦးကြည်ဟန် - ဒေါ်စိန်လှိုင် မိသားစုကတာဝန်ယူကာ စေတနာရှင်တို့ လှူဒါန်းသော ကျောက်မျက်ရတနာရွှေ၊ ငွေတို့ကိုလည်း ပူးတွဲ တပ်ဆင် လှူဒါန်းပါသည်။

ဦးထွန်းဘော်၊ ဦးထွန်းဦး၊ ဦး...



www.burmeseclassic.com


www.burmeseclassic.com



မဟာရံတံတိုင်းပေါ်မှ စေတီတော်မော်ကွန်းကျောက်စာ



ဓမ္မာရုံအတွင်း ဗုဒ္ဓဝင်ပန်းချီကား



စေတီပုံတော်နောက်ခံပြုလျက် မှတ်တမ်းတင်မော်ကွန်း ထုထွင်းထားသော ကျောက်ပြား

သာ၊ ဦးမြို့လှိုင်၊ ဦးဘဟင်၊ ဦးဘသင်၊ ဦးဘိုးသိုင်းတို့ ဦးဆောင်သော ဂေါပကအဖွဲ့က ဆရာတော် ဦးအာဒိစ္စဝရသာမိမထေရ်၏ ဩဝါဒခံယူကာ စေတီတော်ကြီး ဝေယျာဝစ္စ မလစ်ဟင်းရအောင် နေ့ညမပြတ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ဆရာတော်သည် မူလသီတင်းသုံးရာ ဝပြောတိုက်ကျောင်းကို ဦးစန္ဒိမာအား လွှဲပြောင်းတာဝန်ယူစေပြီး စေတီတော်ခြေရင်း ကျောင်းငယ်၌ပင် ဆက်လက် သီတင်းသုံးရင်း ၁၂၉၉ ခုနှစ်၌ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာတော်သုံးပါးပြည့်ဝ နှလုံးလှသော ကျေးဇူးရှင်ဆရာတော်ဘုရား၏ ဥတုဇရုပ်ကလာပ်ကို လောကနန္ဒာပြည်လုံးချမ်းသာစေတီပရိဝုဏ်အတွင်း အနီး၊ အဝေး တပည့်သံဃာ ဒကာ၊ ဒကာမများ ပူးပေါင်းပါဝင်၍ ခမ်းနားကြီးကျယ်စွာ အန္တိမအဂ္ဂိစျာပနာပွဲဆင်ယင်ကျင်းပကြသည်။

၁၃၀၄ ခုနှစ် (ခရစ် ၁၉၄၂) ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက် ပျံ့နှံ့လာသောအခါ ပြည်လုံးချမ်းသာကျောင်း ဒုတိယဆရာတော် ဦးဉာဏသည် ဂေါပကအဖွဲ့ဝင်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားကို ညအချိန် တိတ်တဆိတ်အောက်သို့ချယူကာ လုံခြုံစွာ ထိန်းသိမ်းထားရှိ၏။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်သော ဓားပြများက စိန်ဖူးတော်ရှိမည်ထင်ရသော ဦးထွန်းဘော်၊ ဒေါ်နှင်းအိအိမ်ကို တိုက်ခိုက်လုယက်ကြရာ ဓားပြခေါင်းဆောင်က စိန်ဖူးတော်ရှိသော တိုလီမုတ်စသစ်သားပုံးပေါ် တက်ထိုင်ပြီး တစ်အိမ်လုံးပြောင်းဆန်အောင်ရှာရန် တပည့်လက်သားတို့အား စေခိုင်းနေသောကြောင့် ရှာမတွေ့ဘဲ လက်လျှော့သွားကြလေသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကြောင့် ဓားပြရန်ဘေးမှလွတ်ကင်းခဲ့ရသည်။

၁၂၉၆ ခုနှစ်က တင်လှူခဲ့သော ထီးတော်ကြီးမှာ နှစ်ပေါင်း (၄၆) နှစ်ကြာမြင့်လာချိန်တွင် ဟောင်းနွမ်းယိုယွင်းလာသဖြင့် ဦးဘိုးငွေ၊ ဦးထူးခင် အစရှိသော လူလတ်ပိုင်းဂေါပကအဖွဲ့သစ်က မွမ်းမံပြင်ဆင်ကြသည်။ စိန်ဖူးတော်နှင့် ငှက်မြတ်နားကို ကနဦးအလှူရှင်ဖြစ်သော ဦးကြည်ဟန် - ဒေါ်စိန်လှိုင်တို့၏ သားသမီးများဖြစ်ကြသော ဦးအွန်ကြက်၊ ဒေါ်ကျင်အိန်၊ ဒေါ်ကျင်မွှာ၊ ဒေါ်ကျင်တိန်တို့က တာဝန်ယူ မွမ်းမံပြီးနောက် ၁၃၄၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော် စိန်ဖူးတော် ငှက်မြတ်နား ဒုတိယအကြိမ် တင်လှူပူဇော်သည်။ ပြည်လုံးချမ်းသာကျောင်း တတိယဆရာတော် ဦးသုမင်္ဂလလက်ထက် ဦးဘဝင်း (ဥက္ကဋ္ဌ)၊ ဦးဘသီး (ငွေထိန်း)၊ ဦးအောင်သိန်း (အတွင်းရေးမှူး) ဂေါပကအဖွဲ့နှင့် တိုင်ပင်၍ စေတီတော်မြတ်ကြီးနှင့်တကွ စေတီရံတို့ကိုပါ မှန်စီရွှေချအတ်စီကာ ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စေတီရံများအား အများဒကာ အလှူထီးတော်အသစ်များ တင်လှူသည်။ နောက်တစ်နှစ် ၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နား တတိယအကြိမ် တင်လှူ ပူဇော်ပွဲ အခမ်းအနားကျင်းပသည်။

www.burmeseclassic.com



ပြည်လုံးချမ်းသာကျောင်းဝင်းတစ်နေရာ



ဆွမ်းစားကျောင်းဆောင်နှင့် ကျွေးမွေးဆောင်



စောင်းတန်းကြီးအား တွေ့ရပုံ

လက်ရှိ ညင်းမော်ဇာတိ
တော် (၅၄) နှစ်၊ သိက္ခာတော်
ပါ ဦးပဍ္ဍင်း ဦးဝိစိတ္တသည် ဦးညီးပို
) ဦးစိန်လင်း (အတွင်းရေးမှူး)၊
ဦးဘညွန့်၊ ဦးကြည်ဝင်း၊

ဦးကျော်သန်းဂေါပကအဖွဲ့နှင့်ညှိနှိုင်း
တိုင်ပင်ပြီး ၁၃၆၂ ခုနှစ်၊ တပေါင်း
လပြည့်နေ့တွင် ရွှေထီးတော်တင်လှူ
ပူဇော်ကာ ခေါင်းလောင်းတော်အထိ
ရွှေသင်္ကန်းကပ်လှူလေသည်။ နှစ်စဉ်

တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ ပွဲတော်ကျင်းပသည့်အခါတိုင်း နှစ်အလိုက် တဖြည်းဖြည်း စေတီတော်အား ရွှေသင်္ကန်းကပ်လှူလာခဲ့ပေရာ ဖိနပ်တော်ခြေရင်းသို့တိုင် ပြည့်ပြည့်ဝဝ ကပ်လှူ ပူဇော်နိုင်ခဲ့ပေပြီ။ ထို့အပြင် ပြည်လုံးချမ်းသာကျောင်းဝင်းကြီး၌ သိမ်ဇရပ်၊ ဓမ္မာရုံ၊ ဆွမ်းစားကျောင်းဆောင်၊ ကျွေးမွေးဆောင်၊ တိုက်ကျောင်း၊ ရေကန်ရေစင်၊ စောင်းတန်းတို့နှင့်တိုးတက်စည်ပင်လျက်ရှိပေပြီ။

တရားစခန်း ဖွင့်လှစ်သော တော်သလင်းလ တစ်နေ့ ည (၈) နာရီခန့်တွင် ကျောင်းဝင်းတစ်ပြင်လုံး ရုတ်ခြည်းလင်းထိန်လာသဖြင့် မီးစက်မီးလောင်ပြီအထင်နှင့် ကျောင်းပေါ်မှထွက်ကြည့်စဉ် စေတီတော်မှ ရောင်ခြည်တော်ပုံထွက်သွားသည်ကို ဖူးမြင်တွေ့လိုက်ရကြောင်း၊ တရားစခန်းမှ မင်းရပ်ချောင်ဆရာတော်လည်း ဖူးမြင်ရသည်ဆိုကြောင်း၊ ဘုရားပွဲတော်ကျင်းပခါနီးအချိန်များတွင် ရောင်ခြည်တော်လွှတ်သည်ကို ရွာသားအချို့ ဖူးမြင်ကြရကြောင်း၊ ရောင်ခြည်တော်သည် အရှေ့ဘက်သို့သာ ဦးတည်သဖြင့် မြစ်အရှေ့ဘက် ရွှေဂူတောင်ဘုရား၊ ရှင်မုတ္တီးဘုရားများထံလွှတ်ခြင်း ဖြစ်သည်ဟု ယူဆရကြောင်း ကျောင်းထိုင်ဦးပဍ္ဍင်းဦးဝိစိတ္တကအမိန့်ရှိပါသည်။

ရှေးသမိုင်းတဘောင်လာနှင့်ညီစွာပွင့်ထွန်းလာသော မပိဋ္ဋိတောင်ကုန်းပေါ်ဝယ် စေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့သည်မှာ ယခုအခါ (၈၆) နှစ်ရှိပေပြီ။ ထားဝယ်မြို့မှ (၉) မိုင်ကွာဝေးသော အင်းဇောက်ရွာ ထားဝယ် - လောင်းလုံကားလမ်းမကြီး အရှေ့ဘက် (၂) ဖာလုံ၌ တည်ရှိသော သရက်၊ ပိန္နဲ၊ မာလကာ၊ အုန်း၊ ကွမ်း၊ သီဟိုဠ်၊ ရော်ဘာပင်စိမ်းစိမ်းစိုစိုနှင့် (၆) ဧကကျယ် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးကို သာသနာ့တံခွန်အောင်လံတလူလူနှင့်သပ္ပာယ်ဖွင့်တယ်စွာ ဖူးမြော်ကြည်ညိုရပေသည်။

◻ အများအကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မရွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကိုယ်
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။ ။
(ရွှေဟင်္သာဆရာတော်)

မောင်စိမ်းထွေး(ထားဝယ်)

www.burmeseclassic.com

လွန်ခဲ့သော (၃၅) နှစ်တာကာလတုန်းက ဖြစ်သည်။

နွယ်နီလမ်းမကြီးသည် မြောက်အရပ်မှ တောင်အရပ်သို့ ဖြောင့်တန်းစွာ ရှိနေသည်။ နွယ်နီလမ်း၏ထိပ်တွင် ကန့်လန့်ဖြတ်၍ ငမိုးရိပ်ချောင်းက စီးဆင်းသွားသည်။ စင်စစ် ငမိုးရိပ်ချောင်းသည် မြောက်မှတောင်အရပ်သို့ စီးဝင်၍ ရန်ကုန်မြစ်သို့ ရောက်ရှိသော်လည်း ရေကြောင်းကွေ့နေသဖြင့် နွယ်နီထိပ်တွင် အရှေ့မှ အနောက်သို့ စီးဆင်းနေခြင်း ဖြစ်ရသည်။

ရှင်တစ်ရာကျောင်း ဆရာတော် ဦးဇဝနသည် နွယ်နီဘက်ကမ်းမှ ငမိုးရိပ်ချောင်းကိုဖြတ်ကျော်လာခဲ့ပြီး ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းကို စတင်တည်ဆောက်စဉ်က ချောင်းနံဘေးတွင် ခရာဆူးချုံတော၊ မနိတောကြီးဖြစ်ခဲ့ပြီး


မြွေဆိုးများ အလွန်ပေါများသောနေရာဖြစ်၏။

အရက်ပုန်းချက်ခြင်းလို ဥပဒေပြင်ပလုပ်ငန်းများနှင့် သူခိုး၊ ဓားပြများ၊ ထောင်ပြေးဒုစရိုက်သမားများခိုအောင်းနေထိုင်ရာအရပ်ဟုဆိုလျှင်လည်း မှန်၏။ မြောက်ဥက္ကလာပမြို့နှင့် ငမိုးရိပ်ချောင်းက ကာဆီးထားလိုက်သလိုရှိသဖြင့် တရားဥပဒေ လက်လှမ်းမမီရာနေရာဘဝရောက်ရှိသွားခြင်း ဖြစ်လေသည်။ (ယခုအခါ ဒဂုံမြို့သစ်မြောက်ပိုင်းဖြစ်နေပြီး ငမိုးချောင်းကူး ဒဂုံတံတားကြီးလည်းထိုးထားသည်။)

ရှင်တစ်ရာဆရာတော်သည်ကားတပ်မတော် (ရေ) တပ်မှ အငြိမ်းစားယူခဲ့ပြီးနောက် နွယ်နီ (×××) လမ်းတွင် မိသားစုနှင့်အတူ နေထိုင်ရာမှ ငမိုးရိပ်ချောင်းကို ဖြတ်ကူးပြီး တဲကျောင်းထိုး၍

သာသနာဘောင်ဝင်ရောက်ခဲ့သူ (တောထွက်) ဘုန်းတော်ကြီးတစ်ပါး ဖြစ်၏။ ချောင်းကိုကူး၍လွယ်ကူရန် ဘုန်းကြီးကျောင်းသုံးလှေတစ်စီးရှိသည်။ (ဤလှေဖြင့် ကျောင်းဝေယျာဝစ္စလုပ်ငန်းများအတွက် နွယ်နီဘက်ကမ်းကိုသာ အားကိုးအားထားပြုရသည်။)

- ရှင်တစ်ရာရွှေကျောင်းက
  လှေလောင်းနဲ့ခေါ်မယ်။
  ရေကြောင်းကသာယာတယ်
  လာပါကွယ်တစ်ဖက်ကမ်း။
  သံမစဲ ပူဇော်နေတယ်
  သူတော်စင်ကြိုက်တဲ့ပဋ္ဌာန်း။
  ငမိုးရိပ်ရေပြာရောင်ဝယ်
  ခေမာသောင်မျှော်မှန်း။
  နွေသာခေါင်အလှပန်းမို့
  အုံမခန်းတော်ဝင်။ ။



# (ဒီအေ) အောင်ဆန်းလင်း
## ရှင်တစ်ရာဆရာတော်နှင့်လူမိုက်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်ကာလတုန်းက နွယ်နီအသင်းတွင်နေထိုင်ခဲ့သူ ရှင်တစ်ရာကျောင်းဥပါသကာတစ်ယောက်လည်းဖြစ်သော စာရေးဆရာ ညီညီနိုင်၏ ရှင်တစ်ရာကျောင်းဘွဲ့တေးထပ်ထဲကလို ငမိုးရိပ်ချောင်းရေသည် အပြာရောင်ထအောင် ကြည်လင်မနေပါ။ (ကဗျာသဘောစာသဘောအရ ကာရန်ယူရေးစပ်ထားခြင်းသာ ဖြစ်သည်။) ငမိုးရိပ်ချောင်းရေသည် ဥတုသုံးလီတွင် မည်သည့်အချိန်အခါကြည့်ကြည့် ကော်ဖီရောင်ထလျက် နောက်ကျိနေမြဲ ဖြစ်သည်။

ဒဂုံမြို့သစ်များ မတည်ထောင်သေးမီ နယ်မြေဖွံ့ဖြိုးတိုးတက်မှုနည်းပါးသေးချိန်ဖြစ်ခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများလည်း ရှားပါးနေသေးရာ နွယ်နီဘက်ကမ်းမှ ဗုဒ္ဓဘာသာဝင်များ ချောင်းကိုကူး၍ ရှင်တစ်ရာကျောင်းကို ကိုးကွယ်မှုလည်း များပြားလေသည်။ အသိမစဲ ပဋ္ဌာန်းရွတ်ဆို ပူဇော်ပွဲများလည်း မကြာမကြာရှိတတ်သလို အခါကြီးရက်ကြီးများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများလည်း ရှိသည်။ ထိုအချိန်တွင် ဆရာတော်၏လှေကလေးသည် အနားမရအောင် ချောင်းကိုခေါက်တုံ့ခေါက်ပြန်ကူးနေရ၏။

သို့သော် သာမန်နေ့ရက်များမှာကား ဘုန်းကြီးကျောင်းသည် လူအဝင်အထွက်နည်းပါးလေ့ရှိတတ်သည်။ ပတ်ဝန်းကျင်တွင် လူနေထိုင်ကြခြင်းလည်း မရှိသေး၍ ညနေပိုင်းအချိန်တွင် ကျောင်းမှာ ဆရာတော်တစ်ပါးတည်းသာဖြစ်ကာ တိတ်ဆိတ်ငြိမ်သက်နေပုံမှာ စိတ်ချောက်ချားဖွယ်ကောင်းလှသည်။

အန္တရာယ်မကင်း၍ ကုသိုလ်ရှင်များ လှူဒါန်းလေ့ရှိတတ်သော ဝတ္ထုငွေကြေးကိုကျောင်းမှာထားရန်မသင့်လျော်ချေ။ ထို့ကြောင့် ညနေပိုင်းတွင် ငမိုးရိပ်ချောင်းကို ဖြတ်ကူးပြီး နွယ်နီလမ်းမှ နေအိမ်သို့ခေတ္တပို့လိုက်ရသည်။ နောက်တစ်နေ့နံနက် ရှုံးတက်ချိန်ရောက်မှ နေအိမ်မှ အိမ်သားတစ်ဦးက ငွေစုဘဏ်မှ ငွေစာရင်းထဲသို့ သွားရောက်ထည့်သွင်းပေးထားရသည်။ ဘုန်းတော်ကြီးကျောင်းအတွက် အသုံးလိုအပ်သောအခါ ဆရာတော်ကိုယ်တိုင် ကြွရောက်၍ ဘဏ်မှ ငွေကို ထုတ်ယူတတ်လေသည်။

တစ်နေ့ညနေ နေဝင်ရီတရောအချိန်ကာလတွင် ဆရာတော်တစ်ပါးတည်း သင်္ကန်းနှင့်ထုပ်ထားသောအထုပ်ကိုကိုင်ရင်း ချောင်းနံဘေးမှ လှေရှိရာနေရာကို ဆင်းလာခဲ့သည်။ ဆရာတော်၏ လက်ထဲမှအထုပ်ကား ဝတ္ထုငွေကြေးများမဟုတ်၊ လျှော်ဖွပ်ရန် ဆရာတော်၏သင်္ကန်းများ ဖြစ်သည်။ ဆရာတော်၏သမီးဖြစ်သူ မစုစုက သင်္ကန်းများကို လျှော်ဖွပ်ပေးနေကျဖြစ်ရာ





www.burmeseclassic.com

www.burmeseclassic.com

ယနေ့လည်း လှော်ဖွပ်ရန် ယူဆောင်လာခဲ့ခြင်းသာ ဖြစ်လေသည်။ နံဘေးအမြင်မှာကား ဆရာတော် ယူဆောင်လာသောငွေထုပ်သည် ယနေ့အတန်ပင်ကြီးမားလှသည် ဟု ထင်စရာဖြစ်နေ၏။

ဆရာတော်တစ်ပါးထည်းဖြစ်သဖြင့် လှေ (သမ္ဗန်) ၏အလယ်တွင် ထိုင်လိုက်ရင်း ဘယ်၊ ညာလှော်တက်နှစ်ချောင်းကိုကိုင်၍လှေကိုလှော်အထွက်တွင် နောက်ဘက်မှ လူနှစ်ယောက် လှေပေါ်သို့ ရုတ်တရက်ခုန်တက်လိုက်ရင်း -

"တပည့်တော်တို့ လှေကြုံလိုက်ပါရစေဘုရား"

အပြောက နောက်ကျနေသေး၏။ လူနှစ်ယောက်စလုံး လှေပေါ်ကိုရောက်နေကြပေပြီ။

"ဆရာတော်ကိုယ်တိုင် လှေလှော်နေရတာ လူမြင်လို့ မတင့်တယ်ပါဘူးဘုရား။ တပည့်တော်တို့လှေလှော်ပေးပါ့မယ် ဘုရား"

လှေပေါ်တက်လာသော လူနှစ်ယောက်သည် ပြောလည်းပြော၊ လှော်တက်ကိုယူလည်း ယူလိုက်ပြီး ဖြစ်သည်။ လှေ၏အလယ်တွင် ဆရာတော်ကိုတော်ကိုထားပြီး လှေဦးမှာတစ်ယောက်၊ ပဲ့ပိုင်းမှာတစ်ယောက် လှေကိုလှော်ရာ ကမ်းနှင့်အတန်ကွာဝေးလာခဲ့ပြီ။ သူတို့နှစ်ယောက်ထံမှလာသော အရက်နံ့ကအခြေအနေမကောင်းလှကြောင်း သတိပေးနေသလိုရှိသဖြင့် လက်ထဲမှသက်န်းထုပ်ကို ပွေ့ထားရင်း ဆရာတော်က မေတ္တာဘာဝနာပွားများနေမိသည်။

ဒီရေကျချိန်ဖြစ်သဖြင့် ငမိုးရိပ်ချောင်းရေသည် အရှေ့မှ အနောက်သို့ စီးဆင်းနေသည်။ မိုးရာသီမိုးရွာသွန်းချိန်နှင့် ဒီရေထရက်နှင့် တိုက်ဆိုင်လျှင် ငမိုးရိပ်ချောင်းရေပြင်သည် မြစ်ကြီးတစ်စင်းအလား ကျယ်ပြောလှသော်လည်း ယခုလို ဆောင်းရာသီတွင် ဒီရေအတက်အဆင်းအပေါ် မူတည်၍ ချောင်းရေပြင်သည် ကိုက်တစ်ရာကျော် နှစ်ရာထက်ပိုမိုမကျယ်ဝန်းလှပေ။

ငမိုးရိပ်ချောင်းကို ဖြတ်ကူးနေစဉ် ဆရာတော်ကြုံတွေ့နေရသော ဒုက္ခကို နွယ်နီဘက်ကမ်းမှလူများ ရိပ်စားမိဟန်ရှိ၍ လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို ဆရာတော်သတိထားမိသလို လှေပေါ်မှ လူနှစ်ယောက်ကလည်း သဘောပေါက်၍ လှေကို ဆက်မလှော်တော့ဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။



ကြိုတင် ကြံစည်ခြင်းဖြစ်သဖြင့် လှေအလယ်မှ လိုက်ပါလာသော ဆရာတော်၏ ဦးခေါင်းတော်ကို လှေလှော်တက်ဖြင့် ပြိုင်တူရိုက်ချ၍ သူတို့လုပ်ငန်းစဉ်ကိုစတင်လိုက်၏။

ဆရာတော်၏ကုသိုလ်ကံကလည်း အလွန်တရာဆန်းကြယ်လှပေစွ။ ချောင်းရေစီးထဲတွင် လှေကိုမလှော်ခတ် ပဲ့မထိန်းကတည်းက လှေသည် ချောင်းရေပြင်တွင် ကန့်လန့်ခံသွားပြီးနောက် လူမိုက်နှစ်ယောက်၏လက်ထဲမှလှော်တက်ဖြင့် သူတို့အချင်းချင်းရိုက်မိသွားသည်။ ရိုက်ချက်ကြောင့် အလွန်မနာကျင်ကြသော်လည်း သူတို့လည်း ဟန်ချက်ပျက်ကာ နှစ်ယောက်လုံး ရေထဲသို့ ပြုတ်ကျသွားသည်။ ဆရာတော်ကို မထိပေ။ လူမိုက်နှစ်ယောက်နှင့်အတူ လှော်တက်များလည်းပါသွား၏။ လှေပေါ်တွင် ဆရာတော်သာ ကျန်ရစ်သည်။

"ဆရာတော် ဘာမှမဖြစ်ဘူးမို့လား၊ တပည့်တော်တို့ ဝိုင်းထားတယ်။ စိတ်မပူနဲ့ဘုရား"

ဖြစ်ရပ်ကို မျက်မြင်ကိုယ်တွေ့ဖြစ်သွားသော နွယ်နီဘက်ကမ်းမှ လူများသည် ဆရာတော်ကို အော်ဟစ်အားပေးစကားပြောကြားရင်း လူအင်အား ပိုမိုများပြားလာသည်။ ရေစီးနှင့်အတူ ဆရာတော်လှေက အောက်ဘက်သို့ မျောပါနေသလို ကမ်းပေါ်က လူများကလည်း အောက်ဘက်သို့ ရွေ့လျားလိုက်ပါနေသည်။

လူမိုက်နှစ်ယောက်သည် ကောင်းစွာရေးကူးတတ်ကြသည်။ နောက်ကိုပြန်လှည့်ကူးလျှင် သူတို့ဘဝလုံခြုံစိတ်ချရမည်ဖြစ်သော်လည်း ယခုရောက်ရှိနေရာသည် နောက်ကိုအလှမ်းဝေးပြီး ရှေ့ကို နီးနေ၏။ ရှေ့ကလူအုပ်ကိုကြောက်၍ မကူးသွားဝံ့ဘဲ လှေကိုသာလက်နှင့်ကိုင်ထားရသည်။

"ဝိုင်းထားကြဟေ့၊ ဝိုင်းထားကြ မလွတ်သွားစေနဲ့၊ ဒီနှစ်ကောင် ရှေ့ကိုလာရမှာ၊ နောက်မပြန်နိုင်ဘူး"

ဘုန်းတော်ကြီးထံမှာရှိသော ငွေကြေးကို အဓမ္မရယူလိုသော လူမိုက်နှစ်ယောက်၏ ပစ္စက္ခအခြေအနေကား အလွန်တရာ တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းလှပေ၏။ ရှေ့မှာရှိနေသော ဒေါသဖြစ်နေသည့် လူအုပ်ကြီးက တစ်ယောက်တစ်ချက်ရိုက်ရုံမျှနှင့်ပင် အသက်နှင့်ကိုယ် အိုးစားကွဲသေပွဲဝင်မည်မှာ သေချာနေ၏။ ထိုအချိန်တွင် လူမိုက်များနှင့်အတူ ရေထဲသို့ကျသွားသော လှော်တက်တစ်ချောင်းကို ဆရာတော် လက်လှမ်းမီသွား၍ ပြန်ရလိုက်သည်။

စင်စစ်ဆရာတော်သည် စစ်မှုထမ်းဟောင်းဖြစ်၏။ ပုထုဇဉ်စိတ်ထားနှင့်သာဆိုလျှင် လှေနံကိုကိုင်စွဲကာ ချောင်းရေမှာ မျော၍လိုက်ပါလာနေသော သူတို့နှစ်ယောက်၏ လက်ချောင်းများကို လှော်တက်ဖြင့် ထုချလိုက်ခြင်းဖြင့် ငမိုက်သားတို့ကို ရေနစ်သေဆုံးရုံသာရှိလေသည်။ မြေခွေးလို စဉ်းလဲ၊ ကောက်ကျစ်သော သင်းတို့နှစ်ဖော်သေဆုံးကြသည်ကို မည်သူအပြစ်ဆို၍ ရလေအံ့နည်း။

သို့သော် ယခုမူ မိမိသည် မြတ်ဗုဒ္ဓ၏ သားတော်အဖြစ် မြင့်မြတ်သော ရဟန်းသံဃာတစ်ပါး ဖြစ်နေသည်။ ရန်ကိုရန်ချင်း လက်စားချေဖြေရှင်းခြင်းသည် ဗုဒ္ဓလမ်းစဉ်နှင့် လုံးဝဗီလာဆန့်ကျင်နေ၏။ ရန်သူ၊ မိတ်ဆွေမရွေး သတ္တဝါအားလုံးအပေါ် ကျောသားရင်သားမခွဲခြားဘဲ မေတ္တာစိတ်ဖြင့်သာ ဆက်ဆံရခြင်းကား ဗုဒ္ဓတရားတော်၏ ထူးခြားမွန်မြတ်သော အနှစ်သာရဖြစ်လေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ရေကူးလာခဲ့လိုက်မယ်ဘုရား"

ဆရာတော်၏ အတွေးအာရုံကို ဖြတ်တောက်လိုက်သောကမ်းပေါ်မှ လူ့အော်သံကို ကြားရပြီးနောက် -

"မကူးလာကြနဲ့ဟဲ့။ ငါ့လက်မှာ လှော်တက်ရထားပြီးနေပြီ။ အားလုံးကမ်းပေါ်က စောင့်နေကြပါ"

နွယ်နီဘက်ကမ်းမှ လူအုပ်ကြီးနှင့် ဆရာတော်တို့၏ အပြန်အလှန်ပြောစကားများကြောင့် လူမိုက်နှစ်ယောက် အလွန် ထိတ်လန့် ချောက်ချားဖွယ်ရာ

www.burmeseclassic.com

အမှန်ပင်တည်း။

ကျောင်းစတင်ဆောက်လုပ်ကာ သီတင်းသုံးစဉ်ကတည်းက ငမိုးရိပ်ချောင်းကို ဤလှေလေးဖြင့်ပင် အကြိမ်ပေါင်း မြောက်မြားစွာကိုယ်တိုင် လှော်ခတ်သွားလာခဲ့သဖြင့် ဆရာတော်သည် ကောင်းစွာလှေလှော်တတ်ရကား ခဏတာဖြင့် ကမ်းခြေသို့ရောက်ရှိသွားနိုင်ကြောင်း ဆရာတော်သဘောပေါက်ပြီး ဖြစ်သည်။ သို့သော် များပြားလှသော လူအုပ်ကြီးလက်ချက်နှင့် လူမိုက်နှစ်ယောက်သေရဖို့ အခြေအနေရှိသဖြင့် အသက်နှစ်ချောင်းကို ကယ်တင်လို၍ လှေကို ရေစုန်မှာမျောရင်း အကြံထုတ်နေခဲ့ခြင်းသာ ဖြစ်လေသည်။

လှေကလည်း မူလဆိုက်ကပ်လေ့ရှိရာနေရာအောက် ကိုက်သုံးရာကျော်ယောက် မျောပါသွားခဲ့ပြီး ကျောင်းတစ်ဖက်ကမ်းရှိ မှယ်လမုဘုရားကိုပင် အဝေးမှ ဖူးမြင်လာနေရပြီ။ လူအုပ်ကြီးကအင်အားမနည်းလှပေ။ သုံးရာကျော်လေးရာခန့်ရှိပေလိမ့်မည်။ ဆရာတော်အား အော်ဟစ်အားပေးရင်း လူမိုက်နှစ်ယောက်ကို ဆဲဆိုကြိမ်းမောင်းနေသံများမှာ ဆူညံနေ၏။ ဆရာတော်က လူအုပ်ကို နိုင်နင်းအောင် မတားဖြစ်နိုင်ကခဲ့လှသော လူ့ဘဝထဲက အသက်နှစ်ချောင်းကြွေလွင့်သွားရပေလိမ့်မည်။

သူရိန်နေမင်းကလည်း အနောက်ဘွန်းတွင် ငုပ်လျှိုးသွားပြီဖြစ်၍ နေမင်း၏အလင်းရောင်တို့ တစ်စထက်တစ်စ မှေးမှိန်လာခဲ့ပြီ။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ရောက်လာခဲ့တော့မယ်ဘုရား"

လူနှစ်ယောက် ရေထဲခုန်ဆင်းရန် အကျီချွတ်ပြီး ပုဆိုးကို ခါးတောင်းကျိုက်နေပြီး ဆရာတော်တားနေ၍ အကျိုးထူးနိုင်မယ့် အချိန်လည်းမရှိတော့၍ ဆရာတော်တ လှေကို ကမ်းကပ်လိုက်ပြီး တက်တတ်ရပ်လိုက်သည်။ ငမိုက်သားနှစ်ယောက်ကား လှေနံကိုင်ရင်း ဦးခေါင်းပေါ်ထားရုံမှအပ လှုပ်ရှားမှုမပြုဝံ့ကြပေ။ လှုပ်ရှားလျှင်လည်း လူအုပ်ကြီးပေါ်သနှင့် အခြေမလှနိုင်ပေ။ ကမ်းခြေလူအုပ်ထဲမှ ခဲနှင့်ပစ်နိုင်သဖြင့် လူမိုက်နှစ်ယောက်ကြားမှာ ဆရာတော်ရပ်၍ ကာပေးထားခြင်း ဖြစ်သည်။ သို့သော် ထိုသို့ လူတွေချဉ်းကပ်မလာသေးမီမှာ လုပ်စရာရှိတာအမြန်လုပ်ရန် အချိန်များများမရတော့ပါ။ အချိန်သည် စက္ကန့်နှင့်အမျှ တန်ဖိုးရှိနေပါသည်။

လှေကို ကမ်းခြေကပ်လိုက်ပြီးသည်နှင့် ဆရာတော်လက်ထဲမှ တက်ကို လှေပေါ်ကိုပစ်တင်လိုက်ပြီး မြေပြင်မှာ ဆောင့်ကြောင့်ထိုင်၍ ညာခြေထောက်ဖြင့် လှေကိုကမ်းနှင့်ဝေးရာရေလယ်သို့ ကန်ထုတ်လိုက်သည်။ ထိုအခါမှ ဆရာတော်၏ မေတ္တာစေတနာကို သဘောပေါက်သွားပြီး လူဆိုးနှစ်ယောက် လှေပေါ်ကို အမြန်တက်လိုက်ကြသည်။

"ဆရာတော်ရဲ့ကျေးဇူးကြီးလှပါတယ်ဘုရား။ ခွင့်လွှတ်မူပါဘုရား"

"သွားကြ၊ သွားကြ မြန်မြန်လှေကိုလှော်ပြီး လွတ်အောင်သာပြေးကြ"

"ဟာ- ဆရာတော်ဘုရား လှေကို ပါပေးလိုက်ပြီ၊ ဘယ့်နှယ်လုပ်ကြမလဲဘုရား"

"ငါ့လှေထက် သူတို့ရင်ဆိုင်နေရတာက သေဘေးကွ။ ဘယ်ဟာက ပိုတန်ဖိုးရှိသလဲ။ မင်းတို့ပဲ ပြန်စဉ်းစားပြီး အဖြေထုတ်ကြပါ။ ဇီဝိတဒါနဆိုတဲ့ သူ့အသက်ကယ်တင်ကောင်းပါတယ်။ လူဆိုးလူမိုက်ဆိုပေမယ့် သူတို့လည်း အသက်နဲ့လူ့ဘဝမှာ ရှင်သန်နေရတာပဲ။ ငါ့လှေကမဆုံးသွားပါဘူးကွာ။ နောက်တစ်နေ့မှာ ပြန်ရမှာပါ၊ စိတ်ချပါ။ ငမိုးရိပ်ချောင်းမှာလှေကိုရောင်းစားလို့မရနိုင်ပါဘူး"

လူမိုက်နှစ်ယောက်သည် လှေလှော်၍ ထွက်ခွာသွားရာ တဖြည်းဖြည်းဝေးကွာသွားလေသည်။ လူအုပ်ကြီးက လူမိုက်နှစ်ယောက်အပေါ် ဒေါသဖြစ်နေတာကို ဆရာတော်က ဖျောင်းဖျတရားပြနေရသည်။

"သူတို့နှစ်ယောက်ကိုချည်းအပြစ်မတင်သာဘူး။ ငါ့အပြစ်လည်း ပါနေတယ်။ အခါတိုင်းက သက်န်းနဲ့လှူဒါန်းငွေကြေးဝတ္ထုကိုထုပ်ပြီး ညနေပိုင်းမှာ ယခုလိုသယ်လာတတ်လေ့ရှိတာကိုး။ ဒီနေ့က သက်န်းတွေ လျှော်ဖွပ်ဖို့ထုပ်လာတာကို ငွေထုပ်ထင်ပြီး သူတို့ကြံတာပါ။ ဘာမှရမသွားကြဘူး"



ဆရာတော်ကို လေးစားရိုသေရင်းရှိကြသူများဖြစ်၍ လူအုပ်တဖြည်းဖြည်းကွဲကွာလေသည်။ နွယ်နီလမ်းထဲနေသူ ဒကာလေးငါးယောက်သာ ဆရာတော်ကို စိတ်မချ၍ အိမ်အရောက်လိုက်ပို့သွားခဲ့လေသည်။ ဆရာတော်မိန့်ကြားသည့်အတိုင်းပင် ငမိုးရိပ်ချောင်းတစ်ကမ်းမှ ဆရာတော်၏လှေကို နောက်တစ်နေ့နံနက်ခင်းတွင် ပျက်စီးမှုရှိဘဲ ပြန်လည်ရရှိလေသည်။

ငမိုးရိပ်ချောင်းနံဘေးမှ ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းတွင် မရှိဆင်းရဲသူတို့သားများကို ရှင်ပြုကိုရင်ဝတ်ပေးလေ့ရှိရာ ကိုရင်လေးများအပါး (၁၀၀) မက လက်ခံပေးလေ့ရှိသည်မှာ နှစ်စဉ်ပင် ဖြစ်၏။ ထို့ကြောင့် ဆရာတော်ကျောင်းကို ရှင်တစ်ရာကျောင်းဟု လူအများက သမုတ်ခေါ်ဝေါ်ရာ ဆရာတော်ကလည်း ထိုအမည်ကို ကျေနပ်စွာလက်ခံတော်မူ၏။

ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းသည် သက်သတ်လွတ်စားသုံးသောနယ်မြေ ဖြစ်သည်။ အသားငါးဖြင့်ချက်ထားသော ဟင်းလျာကို ကျောင်းနယ်မြေပရိဝုဏ်အတွင်း ချက်ပြုတ်ခြင်း၊ ယူဆောင်လာခြင်းနှင့် စားသုံးခြင်းတို့ကိုခွင့်မပြုပါ။ ထို့ပြင် ကျောင်းကို ဥပုသ်စောင့်ရောက်ရှိလာသူ ဥပုသ်သည်များကို ကျောင်းမှ သက်သတ်လွတ်ချက်ပြုတ်ထားသော ထမင်းဟင်းဖြင့် အလျှံပယ်ကျွေးမွေးသည်မှာ ထုံးစံဖြစ်၏။

ထို့ကြောင့် ဥပုသ်နေ့တွင် တစ်အိမ်လုံးရှိ လူအားလုံး ကျောင်းသို့ရောက်ရှိလာသည်လည်း ရှိ၏။ လမ်းကြုံ၍ ဝင်ရောက်စားသောက်သူလည်းရှိတတ်ရာ ဆရာတော်ကျောင်းမှ အယုတ်အလတ်အမြတ်မရွေး ကျွေးမွေးဧည့်ခံနေမြဲ ဖြစ်၏။ ထိုသို့ ထမင်းဝင်ရောက်စားသောက်နေကြသူထဲတွင် လူအများက သတိမထားမိကြစေကာမူ ငမိုးရိပ်ချောင်းရေပြင်တွင် လှေပေါ်၌ ဆရာတော်ကို ရန်ရှာခဲ့ဖူးသူ လူမိုက်နှစ်ယောက်လည်း ပါဝင်ကြောင်း ဆရာတော်က မှတ်မိနေ၍သိပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်သော ရှင်တစ်ရာကျောင်းဆရာတော် ဦးဇဝနအား ဤဆောင်းပါးဖြင့်ရိုသေစွာ ဦးခိုက်ပူဇော်ပါ၏အရှင်ဘုရား။

အောင်ခုန်းလင်း (ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# အသံဝင်လည်ချောင်းနာ၊ ကြို့ထိုးဝေဒနာများနှင့် ထိပ်ကပ်နာရောဂါများကိုပျောက်ကင်းစေသောဆေးနည်းများ

ရေးမြေ့-ကျော်ဝေ

**၁။ကြို့ထိုးဝေဒနာပျောက်သောဆေးနည်း။**

ကြို့ထိုးဝေဒနာ ခံစားနေရသော လူတို့အတွက် ဆေးနည်းမှာ ချင်းခြောက်ကို ဖန်ခါးသီးနှင့်ရောသွေးပြီး ရေနွေးနှင့် သောက်လျှင် သက်သာ ပျောက်ကင်းပါသည်။

**၂။ကြို့ထိုးရောဂါပျောက်ဆေးတစ်နည်း။**

ကြေးဖလားထဲတွင် သောက်ရေ အနည်းငယ်ထည့်ပြီး ရှိန်းခို (၂) ကျပ်သားကိုရော၍သောက်ပါက ကြို့ထိုးရောဂါ သက်သာ ပျောက်ကင်းပါသည်။

**၃။ ကြို့ထိုးရောဂါပျောက်ကင်းသောဆေးတစ်နည်း။**

သနပ်ဖက်ဆေးလိပ်ကို ဖွာပြီး အငွေ့ကို (၇) ကြိမ် မျိုချရပါမည်။ ကြို့ထိုးခါနီးတွင် ကြိုတင်၍ မျိုချရန်လိုပါသည်။ ဆေးလိပ်သောက်တတ်သူများအတွက် အဆင်ပြေပါသည်။ မသောက်တတ်သူများလည်း ကြို့မထိုးခင်ကြိုတင်ပြုလုပ်ခြင်းဖြင့် ကြို့ထိုးရောဂါသက်သာ ပျောက်ကင်းစေပါသည်။

**၄။ ကြို့ကြီးထိုးရောဂါပျောက်ဆေးနည်း။**

ကြို့ကြီးရောဂါဝေဒနာရှင်များအတွက် ကုသရန်ဆေးနည်းမှာ ဆင်သားရေကို ဆန်ဆေးရည်နှင့် ပျစ်ပျစ်သွေးပါ။ ပျားရည်အနည်းငယ်ဖြင့်စပ်ပြီး ကြေးဇွန်းတွင် ထည့်၍တိုက်ပါ။ ဆေး (၁) ဇွန်း၊ (၂)ဇွန်းမျှသောက်ရုံဖြင့် ကြို့ကြီးထိုးရောဂါသက်သာပျောက်ကင်းပါသည်။

**၅။ လည်ပင်းကြီးဆုံဆို့နာပျောက်ဆေး။**

လည်ပင်းကြီး၍ ဆုံဆို့နာရောဂါဝေဒနာဖြစ်သူများအတွက် ဆေးနည်းကောင်းတစ်လက်မှာ -

တောကြက်ဖ၏အတက်စစ်စစ်ကို ဆန်ဆေးရည်ဖြင့် ကျောက်ပျဉ်တွင်သွေး၍ လည်ပင်းတွင်လိမ်းပေးပါ။ တစ်နေ့လျှင် (၃)ခါမှ (၅) ခါအထိ လိမ်းပေးရပါမည်။ တောကြက်ဖ၏အတက်စစ်စစ်ဖြင့်သာကုသ၍ရပါမည်။ အိမ်မွေးကြက်ဖအတက်ဖြင့် အလွယ်တကူမပြုလုပ်ပါနှင့်မရပါ။ ဆုံဆို့နာသည် အဆန်တည်၍ အနာပင်ဖြစ်နေပါစေ ၎င်းဆေးနည်းကို လိမ်းပေးခြင်းဖြင့် (သွေး၊ ပြည်၊ မန်း) များထွက်ပြီး တဖြည်းဖြည်း လျော့လျော့သွားကာ လည်ပင်းမှာ မူလအတိုင်း အနေအထား မှန်ကန်လာပြီး ဆုံဆို့နာရောဂါပျောက်ကင်းသွားပါလိမ့်မည်။

**၆။ အသံဝင်အသံကြည်ဆေးနည်းကောင်းတစ်လက်**

ငှက်ပျောပင်ပျို၏ အရင်းနားကို ဝါးဆူးချွန်ဖြင့်ဖောက်ပြီး ထွက်ကျလာသောအရည်များကို ပန်းကန်လုံးဖြင့် ခံထားပါ။ ဆားအနည်းငယ်ခတ်ထားပြီး တစ်နေ့လျှင် (၂) ကြိမ်မှ (၃) ကြိမ်အထိ သောက်ပေးရပါမည်။ အသံဝင်၍ အသံမကြည်လင်သောဝေဒနာလုံးဝပျောက်ကင်းသွားပါမည်။

မှတ်ချက်-ငှက်ပျောပင်ပျိုဆိုသည်မှာ အသီးခိုင်မသီးရသေးသောငှက်ပျောကို ဆိုပါသည်။

**၇။အသံဝင်ပျောက်ဆေးနည်းတစ်နည်း။**

ကြက်ဥအကာရည်ကို ခေါက်၍ သံပရာသီး (၁) လုံးမှ အရည် သို့မဟုတ် ပျောက်ရည်အနေတော်ကို ထည့်၍ သကြား အနည်းငယ်ထည့်ပြီး တစ်နေ့လျှင် (၃) ကြိမ်သောက်ပေးပါက အသံဝင်ရောဂါပျောက်ကင်းပါသည်။ အဆိုတော်များအတွက် အသုံးဝင်သောဆေးနည်းတစ်လက်ဖြစ်ပါသည်။

**၈။ လည်ချောင်းနာ၍ အသံဝင်ရောဂါပျောက်ဆေး။**

လည်ချောင်းနာ အသံပျောက်ရောဂါကို ကုသရန် ဆေးတစ်နည်းမှာ မုန်လာဥဖြူသန့်သန့်ကို အရည်ညှစ်ယူပါ။ အရည်ညှစ်ရာတွင် လက်ဖက်ရည်အကြမ်းပန်းကန်(၂)လုံးစာလောက်ရအောင်ညှစ်ပါ။ အဖတ်များမပါပါစေနှင့်။ အရည်ကိုစစ်ယူပါ။ ပျားရည်စစ်စစ် အကြမ်းပန်းကန် (၁) လုံးစာရောမွှေပြီး နံနက်၊ နေ့လယ်၊ ညတစ်နေ့လျှင် သုံးကြိမ် တစ်ကြိမ်လျှင် လက်ဖက်ရည်ပန်းကန်တစ်လုံးစာခန့် သောက်သုံးပေးခြင်းဖြင့် တစ်ရက်တည်းနှင့် ပျောက်ပါမည်။ လည်ချောင်းနာ၍ အသံဝင်ခြင်း၊ မည်သည့်နည်းဖြင့်မဆို အသံဝင်သောဝေဒနာကို တစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် သောက်ပေးခြင်းဖြင့် အသံဝင်ရောဂါဝေဒနာပျောက်ကင်းပါသည်။

**၉။ ထိပ်ကပ်နာပျောက်ဆေးနည်း။**

ကပ်စေးနှဲအရွက် (၇) ရွက်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်ထပ်၍လိပ်ပါ။ ပြီးလျှင် ဆေးလိပ်ကဲ့သို့ မီးရှို့ပြီးနာခေါင်းဝမှာ ခပ်ပြင်းပြင်းလေးရှူပေးပါ။ တစ်ခါရှူလျှင် လေး၊ ငါး၊ ဆယ်ခါရှူရမည်။ တစ်နေ့လျှင် သုံးကြိမ်ရှူပေးပါက ဆယ်ရက်အတွင်း ထိပ်ကပ်နာဝေဒနာပျောက်ကင်း သက်သက်သာသာရှိသွားပါလိမ့်မည်။ ဝေဒနာရှင်များ ယုံကြည်စွာဖြင့် စိတ်ချ၍အသုံးပြုကြပါရန်။

အာရောဂျပရမံလာဘ်

ရေးမြေ့ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ကိုယော(ဘောဂဗေဒ)
[တာပေးဆုမှူးရှင်]

# ယောရွှေပြည် ကျောမြို့က ပုံလွှန်တော်မူပြီးမှသိကြရသောရဟန္တာနှင့် လျှံတော်

**ဒသိစေချင်သည် ယောရွှေပြည်**


ယော ဆိုသည်ကို ကြားဖူးကြလိမ့်မည်ထင်ပါသည်။

ယောသည် နှယ်နှယ်ရရ မဟုတ်။ သမိုင်းအစဉ်အလာကကြီးမားလှသည်။ ထိုသမိုင်းတွင် ရွှေအခါကပင် မှတ်တမ်းတင်ထားခဲ့ကြလေသော အကြောင်းအရာလေးရှိသည်။ လူမျိုးတစ်ရာ့တစ်ပါးရှိကြောင်းဆိုထားခဲ့သည်။


'မြန်မာသတ္တ မွန်လေးဝနှင့် ရှမ်းကသုံးဆယ် ခြောက်ဆယ်ကုလားကွဲပြားရိုးမည် လူမျိုးတစ်ရာ့စာစ်ပါး' တည်းဟူသော အဆိုလေးတစ်ခု။ မြန်မာ (၇) မျိုး၊ မွန် (၄) မျိုး၊ ရှမ်းမျိုး (၃၀) နှင့် ကုလား (အိန္ဒိယ) လူမျိုး (၆၀) ဟု ဆိုထားခဲ့ပါ၏။

မြန်မာ (၇) မျိုးတွင် ဗမာ(မြန်မာ)၊ ပျူ၊ တောင်သူ၊ ကမ်းယံ၊ ယော၊ ရခိုင်၊ ထားဝယ် ဟူ၍ ဖြစ်၏။ ထို့ကြောင့် ယောသည် ရွှေဗမာပင် ဖြစ်ပေ၏။

ယင်း ယောတို့နေထိုင်ရာဒေသသည်ကား မြန်မာနိုင်ငံ၏အနောက်ဘက်ပိုင်း ချင်းရိုးမတောင်တန်းကြီး၏အရှေ့ဘက်တွင်ရှိသည်။ တစ်နည်းပြောရပါ




ယောဒေသ ကျောမြို့လေးက မြို့ဦးစေတီတော်






ဦးအာလောက၏
ကြွင်းကျန်ရစ်သောဓာတ်တော်များ
သိမ်းဆည်းရာ
တောရကျောင်းလေးနှင့်စေတီငယ်

www.burmeseclassic.com



ဦးအောင်ယောကာ၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များ



ယောဒေသ ကျောမြို့ထား



ဦးအောင်ယောကာ၏ ခမည်းတော်နှင့်မယ်တော်

လျှင် မကွေးတိုင်းဒေသကြီးအတွင်းတွင် ယောဒေသ ပါဝင်တည်ရှိနေပြီး မကွေးတိုင်း၏အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိလေသည်။

ယောဒေသကို မျက်မှောက်ခေတ်၌ တောင်ယော၊ အလယ်ယော၊ မြောက်ယော ဟူ၍ ရှိ၏။ ယောသုံးယောပါဝင်သည့် ခရိုင်တစ်ခုဖြစ်ကာ ဂန့်ဂေါမြို့ကြီးအား ခရိုင်မြို့ကြီးအဖြစ် သတ်မှတ်ထား၏။ ယောဒေသ ဂန့်ဂေါခရိုင်သည် တောင်၊ မြောက်ရှည်မျောမျောသဏ္ဌာန်ရှိ၏။ ယောဒေသနယ်မြေကြီးတစ်ခုလုံး၏ အနေအထားကား တောင်၊ မြောက် (၁၀၀) ကျော်နှင့် အရှေ့၊ နောက်မိုင် (၃၀) ခန့် ရှည်လျားကျယ်ဝန်းသည်။

အရှေ့ဘက် မြေပြန့်ဒေသမှ တက်လာခဲ့လျှင် ရှေးဦးစွာ ပုံတောင်တောင်တန်းမြင့်ကြီးကိုတွေ့ရမည်ဖြစ်ကာ ထိုမှဆင်းခဲ့ပါက ပုံညာတောင်တန်းမြင့်ကြီးကို ထပ်မံတွေ့ရဦးမည်။ အဆိုပါ ပုံတောင်၊ ပုံညာတောင်တန်းမြင့်ကြီးတို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပျှမ်းမျှ ပေ (၃၀၀၀) ကျော်စီ မြင့်မားကြလေသည်။ ထိုပုံတောင်နှင့် ပုံညာတောင်တန်းမြင့်ညီနောင်တို့၏ အနောက်တွင်ကား ချင်းရိုးမတောင်တန်းမြင့်ကြီးတည်ရှိရာ ချင်းပြည်နယ်ပင် ဖြစ်လေသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ပါဝင်တည်ရှိနေသော ဂန့်ဂေါခရိုင်သည် ယောဒေသပင် ဖြစ်လေသည်။ ဂန့်ဂေါခရိုင်အတွင်း အဓိကမြို့ကြီးများမှာ ဂန့်ဂေါမြို့၊ ထီးလင်းမြို့နှင့် ဆောမြို့တို့ဖြစ်ကြကာ ကျောက်ထုမြို့နှင့် ကျောမြို့တို့မှာ မြို့ငယ်လေးများဖြစ်ကြပေသည်။

ဤတွင် ဒေသခံတို့က ဆောမြို့နယ်ပါဝင်သည့်ဒေသအား တောင်ယောဟု လည်းကောင်း၊ ထီးလင်းမြို့နယ်အား အလယ်ယောဟု လည်းကောင်း၊ ဂန့်ဂေါမြို့နယ်အား မြောက်ယောဟု လည်းကောင်း အသီးသီးခေါ်တွင်ကြလေသည်။

အကျဉ်းချုံးဆိုရပါလျှင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကာလ၌ ဝံသာနုခေတ်က ယောလုံချည် (GANGAW SPECIAL) နှင့် ဖျင်ပင်နီအမှတ်အသားကို အမှတ်ရကြလိမ့်မည်ထင်ပါသည်။ ဂန့်ဂေါစပါယ်ရှယ်ယောလုံချည်အစ ပထမနာမည်ကျော်ရာ အရပ်ဒေသကား ယောဒေသပင်ဖြစ်ပြီး ဒေသခံများက သူတို့နေထိုင်ရာကို ယောတို့ဌာနီ ယောရွှေပြည်ဟု တင်စားကာ ခေါ်ဝေါ်လျက်ရှိနေကြပေသည်။

တစ်ဆက်တည်းဆက်၍ပြောလိုသေးသည်မှာ ရှေးအခါများက ယောဒေသကို အမြင်အမျိုးမျိုးဖြင့် အထင်မှားခဲ့ကြသည်။ ယောပြည် ယောနယ် ဟူသည်မှာ ခုံခိုင်ကြီးမားသောအတားအဆီးများဖြစ်သော ဂန္ထဝင်ပုံတောင်၊ပုံညာတောင်တန်းမြင့်ညီနောင်နှင့် တောင်စဉ်အထပ်ထပ်တို့တည်ရှိရာ တောကြီးမျက်မည်းစိမ့်ကြီးမြိုင်ကြီးတို့ရှိရာ အရပ်ဒေသပင်ဖြစ်ပြီး နိုင်ငံ့အဖိုးတန်သဘာဝကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်းဝင်၊ အင်ကြင်း၊ သစ်ရာ၊ ယမနေအစရှိသောသစ်တောကြီးများ ဝါးတောကြီးများက သဘာဝအလျောက် ပေါက်ရောက်လျက်ရှိရာဒေသပင် ဖြစ်သည်။

www.burmeseclassic.com

[ex]ဖန်လည်း တောင်ကျချောင်းများပေါများစွာရှိခြင်းနှင့် စိမ့်စမ်းကောင်းမွန်ခြင်းတို့ကြောင့် သွားလာရေးအလွန်ခက်ခဲခဲ့ရကား လူသူအရောက်အပေါက်နည်းနည်းခဲ့ကြရပါသည်။ထိုအကြောင်းအရာတို့ကို အခြေခံပြီး ငှက်ဖျားရောဂါသည်လည်း အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လာခဲ့ရသည်။ အင်နီဖီးလီးခြင်ကြောင့် ငှက်ဖျားရောဂါပိုးကိုဖြစ်စေပြီး ငှက်ဖျားရောဂါ(၄)မျိုးအနက် ပလပ်(စ်)မိုဒီယားဖယ်ဆီပရမ်ငှက်ဖျားပိုးသည် ဦးနှောက်သို့ရောက်ကာ သတိလစ်ခြင်း၊ အတက်ဖျားဖျားခြင်းနှင့် ရုတ်တရက်သေဆုံးတတ်သည်လည်းဖြစ်ရာ အသက်မသေဖြစ်၍ ရောဂါပျောက်ကင်းစေကာမူ စိတ်ဖောက်ပြန်တတ်၏။ ရူးသွပ်ခြင်းကိုပင်ဖြစ်စေတတ်ရာ ထိုသို့နှယ်ခံစားရသောလူနာများကို စုန်း၊ ကဝေ၊ အမှောင့်ယောဂတို့၏ ပြုစားခြင်းခံရသည်ဟု ထင်မြင်ခဲ့ကြကာ မြေပြန့်ဒေသကသွေးချင်းတို့က ယောပြည်ယောနယ်ကို အထင်မှားစေခဲ့ရပါသည်။ အုတ်အရောရောရော၊ ကျောက်အရောရော၊ အပြောအဆိုခံခဲ့ကြရသည်။

ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစကာလ နိုင်ငံတော်အတွင်း ပါတီများအကွဲအပြဲဖြစ်ချိန်၊ ရောင်စုံသူပုန်တို့ ထကြွချိန်များဝယ် ယောဒေသသည် အလံနီကွန်မြူနစ်များ၏ ဗဟိုဌာနချုပ်တည်ရာ နယ်မြေလည်းဖြစ်ခဲ့ရခြင်းကြောင့် ဓားပြတိုက်လုယက်သတ်ဖြတ်ခြင်းပမ်းမှုများကြီးထွားခဲ့ရာ နာမည်ကျော် ဆင်စွယ်ရွာလူသတ်မှု ဆိုသည့် တစ်နေ့တစ်နေရက်တစ်ချိန်တည်းတွင် အားကောင်းမောင်းသန်ယောကျ်ားကြီး (၃၄) ဦးကို သတ်ဖြတ်ခဲ့ရာအဖြစ်အပျက်များကြောင့် မြေပြန့်ဒေသများနှင့် ယောတို့နယ်မြေသည် အဆက်အသွယ်နည်းပါးခဲ့ရကာ မသွားရဲမလာရဲအခြေအနေရောက်ခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း နောက်ကျသွားခဲ့ရပေသည်။

ယနေ့တော့ ထိုသို့မဟုတ်တော့. လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေပြီကို သိနိုင်ပေပြီ။ မြင်တွေ့နေကြရပေပြီ။

**ကျောမြို့**


အတိတ်သမိုင်းကို ပြောရပါလျှင် မြန်မာဘုရင်များလက်ထက်အခါက ကျောသည် ရွာတစ်ရွာသာဖြစ်ခဲ့၏။ ထီးလင်းမြို့၊ ဆောမြို့၊ လောင်းရှည်မြို့ တို့ ပဒေသရာဇ်မင်းများလက်ထက်အခါက ယောလေးမြို့ရှိခဲ့၏။

ဤတွင် ကျော ဆိုသည်ကား တိုက်ကျန် (၇) ရွာစာရင်းတွင် ပါဝင်ခဲ့၏။ ကျော၊ စကား၊ တောမ၊ မင်းရွာ၊ မြင်သာ၊ ညှစ်ရှောက်၊ ကုံးကော် (ဂန့်ဂေါ) ဟူ၍ ဖြစ်၏။


နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးဟုဆိုသော ရတနာပုံခေတ် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားပြီးသကာလအစဖြစ်သောအချိန်



ဦးအာလောက သီတင်းသုံးနေထိုင်ခဲ့ရာ တောရကျောင်းလေး



ဦးအာလောက၏ တောရကျောင်းလေးကို အဝေးမှမြင်ရပုံ



ယောဒေသ ၌ ဝင်ပုံတောင်တောင်တန်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

များ၀ယ် ဗြိတိသျှတို့အား ခုခံတော်လှန် ပုန်ကန်ကြရာတွင် ကျော့ဒေသလေးသည်လည်း ငြိမ်မနေခဲ့။ မျိုးချစ်စိတ်ဓာတ်ပြင်းထန်ခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့၏စစ်ကြောင်းကို တော်လှန်ခဲ့ကြရာ၀ယ် ကျော့စစ်ကြောင်းကို ရွှေချိုးဖြူမင်းသား၏တပ်ဖွဲ့ဝင်များဖြစ်သော ဦးမိုးကျော်၊ ဦးဖိုးလယ်တို့က ဦးစီးကာ နယ်ချဲ့ဗြိတိသျှတို့အား အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ လက်နက်ချင်းမမျှ၍ ၁၉-၁၂-၁၈၈၆ တွင် ဗြိတိသျှတို့ ကျော့ရွာကို သိမ်းပိုက်သွားခဲ့ကြ၏။

၁၉၀၁ ခုနှစ် အင်္ဂလိပ်တို့ကောက်ယူခဲ့သောစာရင်းအရ ကျော့ရွာတွင် အိမ်ခြေ (၂၉၇) ရှိကာ ကျား (၈၁၄)၊ မ (၈၁၀) ဦးဟု သိရပါသည်။ ယနေ့ ကျော့ရွာသည် မြို့လေးဖြစ်ခဲ့ပြီ၊ အိမ်ခြေအားဖြင့် (၁၁၁၅) ရှိကာ လူဦးရေမှာ (၄၃၀၀) ခန့် ဖြစ်လေသည်။ လမ်းပန်းဆက်သွယ်ရေးများလည်း ကောင်းမွန်နေခဲ့ပါပြီ။ ဂန့်ဂေါ - ကျော့ - ပုလဲ - မုံရွာ - မန္တလေးမော်တော်ကားလမ်းကား အမြဲတမ်းလမ်း၊ ကတ္တရာလမ်းဖြစ်သည်။

ထိုမျှမကသေး ကလေး-ဂန့်ဂေါ-ကျော့-ပခုက္ကူ မီးရထားလမ်းလည်းရှိသည်။ မြန်မာနိုင်ငံ၏အရှည်ဆုံးဥမင်ရှိရာ မီးရထားလမ်းသည် ကျော့ဒေသ၌ဖြစ်ကာ ပုံညာတောင်ဥမင်ဟု လူသိများလေသည်။

ယောဒေသ ကျော့မြို့လေးမှ မြေပြန့်ဒေသရှိ ပခုက္ကူ၊ ပုလဲ၊ မုံရွာ၊ မန္တလေးမြို့ကြီးများသို့ လည်းကောင်း၊ ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့တို့သို့ လည်းကောင်း နေ့စဉ် ကားကြီး၊ ကားငယ်အသွယ်သွယ်တို့သွားလာလျက်ရှိနေကြပေပြီ။

ကျော့မြို့ကလေးတွင် အစိုးရအထက်တန်းကျောင်းရှိသည်။ တိုက်နယ်ဆေးရုံရှိသည်။ ရဲတပ်ဖွဲ့စခန်းရှိသည်။

ကျော့မြို့လေးကား အရှေ့ဘက်တွင် ပုံတောင်တောင်တန်းမြင့်ကြီးနှင့် အနောက်ဘက်တွင် ပုံညာတောင်တန်းမြင့်ကြီးတို့အကြားတွင် တည်ရှိကာ ဂန့်ဂေါ-ကျော့-ပုလဲ-မုံရွာ-မန္တလေးကားလမ်းနှင့် ကလေး-ဂန့်ဂေါ-ရေမြက်နီ-ကျော့-ပခုက္ကူ မီးရထားလမ်းပေါ်ရှိ ပုံတောင်၊ ပုံညာရပ်ဝန်းကျောချောင်း လွင်ပြင်ဝယ် လှပသော ရှုခင်းများနှင့် အေးချမ်းသာယာစွာဖြစ်နေလေသည်။

**□ ပျံလွန်တော်မူပြီးမှ သိကြရသော ကျော့မြို့လေးက ရဟန္တာ၏ ငယ်ဘ၀ တစေ့တစောင်း**

ကျော့မြို့လေး အပါအဝင် ယောဒေသတစ်ခုလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်သူအနည်းအကျဉ်းမျှသာရှိသည်။

ကျော့မြို့လေး၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၂) ကျောင်း အပြင် ဘုန်းတော်ကြီးကျောင်းငယ်များလည်းရှိသည်။ သည်ဌာနေသည်အရပ်ကို ကျွန်တော်မမေ့နိုင်။

ကျွန်တော်သည် ယောရွှေပြည်ဇာတိ ဂန့်ဂေါမြို့သားဖြစ်သည့်အားလျော်စွာ ဂန့်ဂေါမြို့နယ်ရှိ ကျော့မြို့လေးကို ချစ်သည်။ အေးချမ်းသာယာသောဥတုနှင့် ရိုးသားဖြူစင်ကြသော ကျော့မြို့နယ်မြေသူနယ်မြေသားတို့၏ စိတ်နေစိတ်ထားကို လေးစားသည်။

ကျော့မြို့ဒေသလေးကို ကျွန်တော်နှံ့နှံ့စပ်စပ်သိသည်။ ကျော့မြို့ဒေသတွင်းရှိ ကျေးရွာများအားလုံးသို့ ကျွန်တော်ရောက်ဖူးခဲ့သူ ဖြစ်သည်။

အကြောင်းရင်းကား ကျွန်တော်သည် ဂန့်ဂေါမြို့နှင့် မိုင် (၄၀) ခန့်ဝေးသော ယခင်က ကျော့ကျေးရွာကြီး၌ အထက်တန်းပြဆရာတစ်ဦးအဖြစ် (၂) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ လွန်ခဲ့သော ၁၉၇၇ - ၇၈ နှင့် ၁၉၇၈-၇၉၊ ၁၉၇၉-၈၀ ပညာသင်နှစ်များတွင် ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် ကျော့မြို့လေးသည် ကျွန်တော်နှင့်မစိမ်း။ တကယ့်နွေးနွေးထွေးထွေးဖြစ်ရလေသည်။

ထားပါတော့။

ပျံလွန်တော်မူပြီးခါမှ ရဟန္တာမထေရ်ဖြစ်မှန်းသိခွင့်ရခဲ့ကြရလေသော အဆိုပါ ကျော့မြို့က ရဟန္တာအရှင်ဦးအာလောကအကြောင်းကို တွဲဆက်ဆက်ပါရစေတော့။

ဦးအာလောက ဘွဲ့အမည်ရ ဆရာတော်ဘုရား၏ ငယ်နာမည်ကား မောင်ကြည်အေးဖြစ်ပြီး တနင်္ဂနွေသားဖြစ်သည်။ ကျော့ရွာဇာတိသားစစ်စစ်။

ခမည်းတော် ဦးဘလှ၊ မယ်တော် ဒေါ်မြလှိုင် ဖြစ်သည်။ သားသမီး (၆) ယောက်အနက် ဒုတိယဖြစ်သည်။ မောင်အေး၊ မောင်ကြည်အေး၊ မခင်နု၊ မခင်အေး၊ မခင်ဌေး၊ မောင်ယဉ်ထွေးဟူ၍ အစဉ်လိုက်ဖြစ်ပြီး ဦးဘလှ၊ ဒေါ်မြလှိုင်တို့မှာ - သားသုံးဦး၊ သမီးသုံးဦး ဖြစ်လေသည်။

ယခင်ကျော့ရွာမူလတန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။

မောင်ကြည်အေးခေါ် ဆရာတော်လောင်းလျာသည် အရွယ်ရောက်လာချိန်တွင် မိဘများ၏ လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ရင်း ခေတ်ကာလအလျောက် စီးပွားရေးလုပ်ငန်းအဖြစ် 'ချည်ဆေးဆိုး၊ ခါတ်ဆေးဆိုးလုပ်ငန်း' ကို စတင်ကာ တည်ထောင်လုပ်ကိုင်ခဲ့သည်။ ကျွမ်းကျင်စွာ တတ်မြောက်ကာ နာမည်ကျော်ခဲ့သည်။ ကျော့လွင်ပြင်ရပ်ဝန်းကျေးရွာများ၏ တစ်ခုတည်းသော အားထားရာအနေအထားကို ရောက်ရှိခဲ့သည်။ လုပ်ငန်းအတွက် လက်မလည်နိုင်အောင်ဖြစ်ခဲ့ရသည်။ ချည်ဆေးဆိုး၊ ခါတ်ဆေးဆိုးလုပ်ငန်းကြောင့် စီးပွားရေးက ပိုမိုကောင်းမွန်လာခဲ့ရသည်။

ကိုကြည်အေးဘဝတွင် ငွေရှင်သောကာလများဖြစ်သည့်အလျောက် အသက်အရွယ်အားဖြင့် လူပျိုလေးဘဝ၌ အပျော်အပါးလေးတွေကရှိလာခဲ့ပြီ။ သူ့စိတ်ကူးစိတ်သန်း၌ လုပ်ငန်းများတိုးချဲ့ရန်ကလည်း ရှိနေခဲ့ပြီ။ ရွှေဆိုင်လုပ်ငန်း၊ မန်းထိမ်လုပ်ငန်းကိုလည်း သူ၏ ဦးနှောက်ထဲ၌ ထည့်ထားသည်။

လောကသဘာဝအရ ငွေရှင်သဖြင့် အပေါင်းအသင်းတွေကလည်း များလာခဲ့သည်။ အသောက်အစားဖက်လာတော့သည်။ မြေပြန့်ဒေသက ပခုက္ကူ၊ မုံရွာ၊ မန္တလေး စသည့် မြို့ကြီးများကို မကြာခဏ သွားရောက်လေ့လည်းရှိသည်။

အဆိုတော် မာမာအေး၊ ချိုပြုံး၊ တင်တင်မြတို့၏သီချင်းများ၊ ကိုတင်လှိုင်၊ ကိုသန်းလှိုင်၊ မောင်မောင်ကြီး၊ ကိုမင်းနောင်၊ တွံတေးသိန်းတန် စသည့် ပုဂ္ဂိုလ်များ၏တေးသီချင်းများကို သီဆိုလေ့ရှိသည်။ တစ်ဖန် ကိုကြည်အေး ကြိုက်နှစ်သက်သော ဇာတ်ပွဲများနှင့်စပ်လျဉ်း၍ပြောရပါလျှင် ဘီအိုးဒီအောက်သိုက်၊ လူငယ်ကြည်ခိုင်၊ မြို့တော်သိန်းအောင်၊ ပေါစံတို့ ဖြစ်၏။ အထူးသဖြင့် လူငယ်ကြည်ခိုင်အသံ၊ ဘီအိုးဒီ အောင်သိုက်၏ အသံတို့ကို ကိုကြည်အေးက တုပပြောတတ်လေ့ရှိသည်ကို ကြုံရဖူးသည်။

ထိုအချိန်က ကျောင်းရှေ့လမ်းထိပ်က မခင်သန်းဝင်းကွမ်းယာဆိုင်နှင့် ကျေးရွာအနောက်ပိုင်းမှဒေါ်သန်းကြည် ထမင်းဆိုင်တို့တွင် ကျွန်တော်နှင့် တွေ့ရဆုံရ အချိန်ကြာကြာ ရယ်ရယ်

www.burmeseclassic.com

မောမောပြောဆိုရသည့်ရက်များကား တော်တော်များပါသည်။

ဦးအာလောကဖြစ်လာမည့် ဆရာတော်လောင်းလျာ ကိုကြည်အေးသည် ကွမ်းယာကို အလွန်ကြိုက်နှစ်သက်ပါသည်။ ကြည့်လိုက်မြင်လိုက်ရတိုင်း သူ၏ နှုတ်ခမ်းများကား နီမြန်းနေလေ့ရှိလေသည်။

သူ့စိတ်သဘောအနေမှာ လွန်စွာဝင်သဘောကောင်းလှပါသည်။ သူ၏ ညီငယ်၊နှမငယ်များနှင့်စပ်လျဉ်း၍ သူတို့လေးအတွက် အလွန်ပင်ကောင်းစားစေချင်လှသဖြင့် သူ့ညီငယ်၊ နှမငယ်တို့အား ကောင်းသလို၊ ကြိုက်သလိုသာဆုံးမပါ။ ဆရာ့ကို၊ ဆရာတို့ကို လုံးဝအပြစ်မမြင် အပြစ်မတင်ပါဘူးဆရာရယ်ဟုပြောလေ့ရှိပါသည်။

ထိုစဉ်က နဝမတန်း၊ ဒသမတန်း (တက္ကသိုလ်ဝင်တန်း) တို့တွင် ပညာသင်ယူနေကြသော မခင်ငွေး၊ မခင်အေးဆိုသည်က ကျွန်တော်၏တပည့်ရင်းတွေပင် ဖြစ်ရသည်။ မခင်ငွေးသည် ယနေ့ အာလဝယ် ကျောမြို့ အ-ထ-က၌ အထက်တန်းပြဆရာမပင် ဖြစ်နေချေပြီ။ အငယ်ဆုံးဖြစ်သော မောင်ယဉ်ထွေးသည် ကျူရှင်ဆရာဖြစ်နေခဲ့ပါပြီ။

ကျွန်တော်ရှိစဉ်အခါကမူ ဆရာတော်လောင်းလျာ ကိုကြည်အေးသည် ယစ်ထုပ်ကြီးစစ်စစ်ဘဝတော့ လုံးလုံးမရောက်သေး။

**အဆက်အသွယ်ပြတ်တောက်သွားသော ကာလများတွင်**

ဆရာတော်လောင်းလျာဖြစ်သော ကိုကြည်အေးနှင့် ကျွန်တော်သည် ၁၉၈၁ ခုနှစ်နောက်ပိုင်း၌ မတွေ့နိုင်ကြတော့။ ကျွန်တော်သည်လည်း တွဲဖက်အ-ထ-ကပြဆရာဘဝမှ နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာဝန်ထမ်းအရာရှိ ဝန်ထမ်းဘဝကို ကူးပြောင်းရောက်ရှိသွားခဲ့သည်။ ကျောမြို့လေးမှ ပုဂ္ဂိုလ်တွေနှင့်တွေ့ဆုံရသည့်အခါ သတင်းတွေမေးဖြစ်သော်လည်း ကိုယ်တိုင်ကမူ ထိုမြို့လေးသို့မရောက်နိုင်တော့။

သည်အထဲ ကျွန်တော်သည် မြန်မာနိုင်ငံ၏ အပြင်ဘက် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင်နေထိုင်ခဲ့၊ ဂျပန်နိုင်ငံတွင် နှစ်အတန်ကြာနေထိုင်ခဲ့တော့ အဆက်အသွယ်တွေက အားလုံးလိုလို ပြတ်တောက်သွားခဲ့ရတော့သည်။

မြန်မာပြည်ကို ကျွန်တော်ပြန်လည် ရောက်ရှိခဲ့သော်လည်း ကျောမြို့လေးဆီ ခြေဦးမလှည့်နိုင်ခဲ့။

ယခု ၂၀၁၆ ခု၊ ဇန်နဝါရီ၂၁ရက်နေ့တွင်မှ ကျောမြို့လေးဆီ ခြေဦးလှည့်ရောက်နိုင်ခဲ့ရတော့သည်။ သီးသန့်နှင့် တကူးတကသဘောဖြင့် ကျောမြို့လေးဆီ မသွားဖြစ်ခဲ့သော ကျွန်တော်သည် ရှေးဟောင်း ပျူလူမျိုးတို့နှင့် ပတ်သက်၍ ကျောမြို့ဒေသသို့ သုတေသနခရီးထွက်ခဲ့ရတော့ တစ်ကျော့ပြန် ကျောမြို့လေးကို ရောက်နိုင်ခဲ့ရခြင်းလည်း ဖြစ်ရလေသည်။

**◻ ဖူးခွင့်ရခဲ့ရပြီဖြစ်သော ရဟန္တာဓာတ်တော်များ**

ရန်ကုန်မှ ပခုက္ကူ၊ ပခုက္ကူမှ ကျောမြို့လေးသို့ ၂၁ - ၁ -၂၀၁၆ နေ့ ခရီးထွက်ခဲ့ရာ ၂၂ - ၁ - ၂၀၁၆ နေ့၌ ကျောမြို့လေးသို့ ကျွန်တော် ရောက်ခဲ့ပါပြီ။

အစ်မဝမ်းကွဲ၏အိမ်၌ တည်းခိုသည်။ တပည့်ဖြစ်ခဲ့သူ မောင်အောင်ဝင်း (ဦးအောင်ဝင်း) ရောက်လာပြီး ရဟန္တာဓာတ်တော်များရှိရာ တောရကျောင်းလေးဆီသွားဖြစ်ပြီ။ တောရကျောင်းသည်ကား ကျောမြို့လေး၏အရှေ့အရပ် တောင်ကုန်းလေးတွင်ရှိပြီး တောရကျောင်းပရဝဏ်အတွင်း ဓာတ်တော်တို့ကို ထားရှိလျက် တည်ထားသော စေတီငယ်လေးကိုလည်းကောင်း၊ ဓာတ်တော်အသီးသီးကိုလည်းကောင်း ဖူးတွေ့ရပြီ။ ထူးပေစွတကားဟု စိတ်မှာဖြစ်ရပြီ။

ကျွန်တော်သည် ဦးစွာ အနိုင်းမဲ့ မြတ်ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ ရှိခိုးဦးချ၊ ရတနာသုံးပါးကို ဦးချ။ အနန္တော အနန္တငါးပါးအား ဦးချကန်တော့ပြီးသည့်နောက်တွင် မိတ်ဆွေကြီးဖြစ်ခဲ့ရသော၊ ညီအစ်ကိုလို ခင်မင်ခဲ့ရသော လူ့ဘဝနာမည် ကိုကြည်အေး၊ ရဟန်းဘဝအမည် ဦးအာလောကအရှင်အား ရည်မှန်းကန်တော့ဖြစ်သည်။

ရောက်သည့်နေ့က နေဝင်ချိန်တွင်မှ တည်းခိုရာအိမ်သို့ ကျွန်တော်ပြန်ရတော့မည်တွင် သစ်ပင်တွေကအုပ်အုပ်ဆိုင်းဆိုင်း စိမ်းစိမ်းလန်းလန်းနှင့် တောရကျောင်းလေးမှ ထွက်ခွာခဲ့တော့ နောက်ပြန်ကြည့်နေခဲ့မိသည်လေ။

ညဘက်၌ ယခင်က တပည့်ဖြစ်သူ မောင်ခင်မောင်ရင် (ဦးခင်မောင်ရင်) နှင့်တွေ့ရသည်။ ဦးခင်မောင်ရင်ကား ရဟန္တာလောင်း ကိုကြည်အေးကို လူဝတ်ကြောင်ဘဝမှ သာသနာ့ဘောင် ရဟန်းဖြစ်ရလေအောင် ဝိုင်းဝန်းတွန်းပို့ဆောင်ကြဉ်းပေးခဲ့သူများထဲတွင် အဓိက ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါ၏။ ပါရမီမြတ်ဘဝကို ရောက်စေရအောင် အားထုတ်ဆောင်နိုင်စွမ်းပေးခဲ့သူ ဓမ္မစေတနာရှင် သဒ္ဓါရှင်လည်း ဖြစ်ပါပေ၏။

**◻ ဦးအာလောကအရှင်၏ ကြုံတွေ့ခဲ့ရ ဘဝအလှည့်အပြောင်းများ**

ကိုကြည်အေးဘဝ၌ အရက်သေစာသောက်စားမှုယစ်စွဲလမ်းလာချိန်တွင် ကိုကြည်အေးသည် လုပ်ငန်းကို မလုပ်တော့။ အလုပ်မလုပ်တော့ဘဲ အချိန်ပြည့်လိုလို မူးယစ်ရီဝေနေခဲ့သည်မှာ ဇာတိရပ်ရွာက လူတွေအသိပင်။ ယစ်ထုပ်ကြီးဘဝရောက်သွားခဲ့ချေပြီ။

သည်သို့နေရင်းမှ ကိုကြည်အေး တစ်ယောက် ဇာတိမြေမှ ရုတ်တရက် ပျောက်သွားခဲ့တော့သည်။ သေသည်လား၊ ရှင်သည်လား မပြောနိုင်ကြတော့။

(၁၅) နှစ်ခန့်အကြာတွင်မှ ဇာတိမြေကို သူပြန်လည်ရောက်ရှိလာခဲ့တော့ သူ့ဇာတိမြေသည်ကား များစွာပြောင်းလဲတိုးတက်နေခဲ့ပြီကို သူတွေ့ရပြီ။ ယခင်က တွဲဖက်အထက်တန်းကျောင်းလေးသည် ယခုတော့ အစိုးရအထက်တန်းကျောင်းကြီးဖြစ်နေခဲ့ပြီ။ မြို့လေးကား တိုက်တာအိမ်ရာတွေ များစွာဖြစ်ထွန်းလာခဲ့ပြီ။ စားသောက်ဆိုင်၊ စတိုးဆိုင်ကြီးတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ နောက်ဆုံးပေါ် ခေတ်မီမော်တော်ကားပိုင်တွေ၊ လုပ်ငန်းရှင်တွေဖြစ်နေကြသူတွေနှင့် မီးရထားဘူတာတွေ စသည် စသည် မြင်ကွင်းအဖုံဖုံသည် ဟိုတုန်းကနှင့် တခြားစီဖြစ်နေခဲ့ချေပြီ။ မြို့ပြပုံစံကို သူမြင်ခဲ့ပြီ။

ဇာတိမြေကို ပြန်သာပြန်လာခဲ့သော်လည်း ဘဝကားမပြောင်းလဲသေး။ ယစ်ထုပ်ကြီးဖြစ်ဆဲ။ မောင်နှမသားချင်း၊ ဆွေမျိုးတွေထံ လက်ဝါးဖြန့်တောင်းကာ သောက်၍ကောင်းဆဲ။ မူးယစ်ရီဝေချိန်များဆဲ။

မိဘဖြစ်သူတို့က သားကိုသေဆုံးခဲ့ပြီဟု ထင်ခဲ့သည်မှ အသက်ရှင်လျက်နှင့်ပြန်လည်ရောက်ရှိမြင်တွေ့ကြရသော်လည်း ဝမ်းမသာနိုင်ကြ။ သောကနှလုံးအိမ်ကား မသာယာနိုင်။ အသောက်အသမား ယစ်ထုပ်ကြီးဖြစ်နေဆဲပေကိုး။

သားသမီးဆိုတော့လည်း မေတ္တာကလုံးဝမဖြတ်နိုင်ကြသေးတော့ သင်းကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်မှာ အရက်တစ်လုံးဖို့ထက် ပိုမပေးကြနှင့်ဟု ပြောကြလေတော့၏။

လူတွေက ပြောကြလေ့ရှိသည်။ ကျွတ်ချိန်တန်တော့ ဟူသည့်စကားက ကိုကြည်အေး၏ဘဝ အသက် (၄၅) ဝန်းကျင်အရွယ်တွင်ဖြစ်လာခဲ့ပြီ။ လူ့ဘဝ အကြောင်းကောင်းကောင်း ရိပ်စားမြင်လာခဲ့ပြီ။ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်နာမှု အထွေထွေကြောင်း ကောင်းကောင်းကြီး သိတတ်လာခဲ့ချေပြီ။ မှားခဲ့ပြီဆိုသည်ကို မျက်ဝါးထင်ထင်မြင်သိလာခဲ့ချေပြီ။

ထိုကာလဝယ် ဦးခင်မောင်ရင်နှင့် စကားများများပြောဖြစ်သည်။ ဦးခင်မောင်ရင်နှင့် သူနှင့်နှိုင်းယှဉ်လျှင် ဦးခင်မောင်ရင်ကပင် အသက်အားဖြင့် တော်တော်လေး ငယ်နေသေးသည်။ ဦးခင်မောင်ရင်ကြောင့်ပင် ဘုန်းတော်ကြီးကျောင်းကိုရောက်၊ ဆရာတော်ထံ အရက်သေစာဖြတ်လိုကြောင်းလျှောက်၊ ဥပုသ်သီတင်းနေ့တိုင်း ဆွမ်းပို့တရားနာ ကုသိုလ်တွေပြုရင်း လက်လှမ်းမီသမျှ တရားစာအုပ်တွေကို ဖတ်ရှုလေတော့သည်။

သို့နှင့် ကျော့မြို့ကလေး၏ မြောက်ဘက် (၆) မိုင်ခန့်အကွာ ကျဲကျေးရွာအနီး ပုခက်သုံးဆယ်တောင်ပေါ်က ဥမင်ဂူ၌ လူဝတ်ကြောင်ဘဝနှင့် တရားဘာဝနာကို အားထုတ်သည့် အဆင့်ကိုရောက်သွားခဲ့တော့သည်။

ထိုအဆင့်မှနေ၍ ဇာတိဖြစ်သော ကျော့မြို့လေး၏ အရှေ့မင်းကျောင်း ဘုန်းတော်ကြီးကျောင်းကြီး၌ ကိုရင်ကြီး ဝတ်သည်။ တရားအားထုတ်သည်။ ရုံဖန်ရံခါ မိဘနှစ်ပါးရှိရာ အိမ်ကိုကြွ တတ်သည်။ 'မင်းကြည်အေး'ဟု အမည်တွင်ခဲ့ရသည်။

ဤတွင် ဖခင်ဖြစ်သူက သားဖြစ်သူအား ချစ်ခဲ့၊ အားကိုးခဲ့ခြင်းတို့ဆိုသည်ကိုပင် ကိုရင်ကြီးမှာ ကောင်းအောင် မခံစားရ။ ဖခင်ဖြစ်သူက ကိုရင်ကြီးကြွလာလျှင် အိမ်မှရှောင်ထွက်သွားသည်ကို ကြုံရသည်။ ပြောင်းလဲခဲ့ပြီဖြစ်သော သားကိုမယုံချင်သေး။ တစ်နေ့တွင် ဖခင်ဖြစ်သူအား ကိုရင်ကြီးက ရဟန်းခံပေးပါရန်ပြောဆို မိန့်မြွက်တော့ အချစ်ကြီးတော့အမျက်ကြီးဆိုသကဲ့သို့ ကိုရင်ကြီးမှာ ခံစားခဲ့ရရှာသည်ကို ကိုရင်ကြီးသာသိပေလိမ့်မည်။

ဖခင်ဖြစ်သူက ပြောလိုက်ပုံက -

"ရဟန်းခံပေးချင်ခံပေးကြ၊ ငါကတော့ ရဟန်းခံမပေးနိုင်ဘူး။ ရဟန်းခံပေးကြမယ်ဆိုတဲ့သူတွေလည်း ငါ့အိမ်မှာမနေကြနဲ့"

ဟူ၍ ခပ်ပြတ်ပြတ်ပြောလေသည်နှင့် အားလုံးတို့မှာလည်း ဖခင်ဖြစ်သူ၏ ဩဇာကြီးမြတ်မှုကြောင့် ဖခင်နှင့်အတူ အိမ်ကြီးမှာ မနေကြတော့သည်အထိ ဖြစ်ခဲ့ရရှာသည်။

သို့ပါသော်လည်း အသိစိတ်ဓာတ်တွေ ပြောင်းလဲလာခဲ့သည်မှာ အံ့ဩစရာတွေကများလာတော့ ကောင်းသော အခြင်းအရာဘက်ကို ကူးပြောင်းရောက်ရှိနေပြီကို ယုံကြည်ခံစားလာခဲ့ကြရသည်ဖြစ်ရာ ၁၃၆၂ ခု၊ နှောင်းတန်ခူး လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၌ မြင့်မြတ်သောရဟန်းဘဝကို ရောက်စေခဲ့ပေပြီ။

ရဟန်းဒကာ ဦးကျော်ဖေ၊ ရဟန်းဒါယိကာမ ဒေါ်ခင်ဌေး (နှမအငယ်ဆုံး) တို့က ကျော့မြို့လေး အရှေ့မင်းကျောင်း ဆရာတော်ဦးဝိစိတ္တကို ဥပဇ္ဈာယ်ပြုပြီး သိမ်ဝင်ကာ ကိုရင်ကြီးဘဝမှ မြင့်မြတ်သော ရဟန်းဘဝဖြစ်လာခဲ့ရသည်။

**□ ဆည်းပူးအားထုတ်ကျင့်ကြံခဲ့ခြင်းများ**

ရဟန်းပြုပြီး မျှားမကြာမီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကြက်ရိုးကျေးရွာကြီးအနီး လယ်ဓမ္မကျေးရွာလေး၏ ရှေ့တောင်တန်းတစ်နေရာ အနီးက မဟာမြိုင်တရားဓမ္မရိပ်သာ (မဟာဗောဓိမြိုင်ဆရာတော်ကြီး ခေတ္တသီတင်းသုံးတော်မူခဲ့ရာ ကျောက်ဂူ) နှင့် စစ်ကိုင်းတောင်ရိုး ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာရှိ ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏ(ဒွိပိဋကဓရသာသနာ့တက္ကသိုလ်၊ မန္တလေး) ယခု ပုလဲမြို့တောရဆရာတော်ထံ၌ နည်းနာများကို ခံယူခဲ့ပြီး ဝိပဿနာအလုပ်နှင့် တရားအားထုတ်တော်မူခဲ့သည်။

ထိုမှ မွေးရပ်ဇာတိမြေသို့ ပြန်ကြွခဲ့ပြီး ကျော့မြို့လေးအနီးက သရက်ခြံက သရက်ခြံမှာ တစ်ပါးနေတောရကျောင်း ဆောက်တည်သီတင်းသုံးကာ တရားကို အထူးတလည် ကြိုးစားအားထုတ်လာခဲ့တော့သည်။

ထို့နောက်တွင်မူ လူဝတ်ကြောင်ဘဝက အဒေါ်အရင်းဖြစ်သူ ဒါယိကာမကြီး ဒေါ်သန်းကြည် (ဒေါ်သန်းကြည်-ထမင်းဆိုင်) နှင့်အတူ ရဟန်းဒါယကာ၊ ဒါယိကာမ ဦးကျော်ဖေ၊ ဒေါ်ခင်ဌေးတို့က မြေနေရာတစ်ခုကို ဝယ်ယူလှူဒါန်းခဲ့ရာ တောရကျောင်းဟောင်းမှသည် တောရကျောင်းအသစ်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့တော့သည်။

ဆရာတော် ဦးအာလောကသည် အချိန်ပိုမထား၊ မေတ္တာဘာဝနာပွားများခြင်း၊ တရားအားထုတ်ခြင်းတို့ကိုပြုကျင့်တော်မူသည်။ တရားဓမ္မနှင့်သာလျှင် မွေ့လျော်တော်မူရင်း ရုံဖန်ရံခါ၌ တရားစာအုပ်စာပေများတို့ကိုလည်း ဖတ်ရှုလေ့ရှိသည်မှာ (၁၀) နှစ်ကျော်ကြာမြင့်လာခဲ့ပြီး တောရပျော်ဘဝနှင့် ငြိမ်းအေးကာ ရှိနေခဲ့လေသည်။

**□ ခန္ဓာဉာဏ်ရောက်လမ်းဆုံးပေါက်ခဲ့ပြီ**

တစ်နပ်ဆွမ်းကိုသာ ဘုဉ်းပေးခြင်းအတွက် မြို့ကလေးထဲ ရပ်ဆွမ်းရပ်၊ တောရကျောင်းလေးသို့ပြန်ကြွ၊ တရားကိုအားထုတ်နှင့် အလွန်တရာငြိမ်းအေးသောဘဝဖြစ်စေ၊ ဖြစ်နေခဲ့ရခြင်းကို နေ့စဉ်ကျင့်ဆောင်သည်။ နိစ္စဓူဝအကျင့်မြတ်အတွက်နှင့် နေပူမရှောင် ချမ်းအေးမှုမထား၊ မိုးရွာစိုစွတ်၊ သတိမှတ်လျက် ကျင့်ဆောင်လာခဲ့သည်မှာ ရက်တွေလတွေ၊ နှစ်တွေကြာခဲ့ပြီ။ ငြိမ်းအေးသောဘဝလေးကို ပိုင်ဆိုင်နေနိုင်ခဲ့ပြီ။

သက်တော် (၆၀) ကျော်လာခဲ့ပြီဆိုတော့ ခန္ဓာကိုယ်ကမဟုတ်ချင်တော့။ ငယ်ငယ်ကလည်း ဆိုးခဲ့ပေခဲ့သည့်ဒဏ်တွေက ဖိစီးလာခဲ့ချေပြီ။ အဆုတ်ရောဂါဝေဒနာက သူ့ကိုယိုင်နဲ့ချည့်နဲ့ဘဝတွန်းပို့ခဲ့ပြီ။ ဝေဒနာကကြီးလာသော်လည်း ဒုက္ခမှ လွတ်ငြိမ်းရာ နိဗ္ဗာန်ခန်းကိုသာ ဂရုထားလျက် အကျင့်ကိုဆက်မြဲ။ အားမလျှော့၊ ဝီရိယမလျှော့။

နှမတော်ဖြစ်သူ ရဟန်းဒါယိကာမ ဒေါ်ခင်ဌေးက မနေနိုင်။ ဆေးကုသခံယူရန် တောင်းပန် လျှောက်ထားသဖြင့် ၁၈-၁၁-၂၀၁၁ နေ့၌ မန္တလေးမြို့ကြီးသို့ ကြွရောက်ရန် ရှုတ်တရက် စီစဉ်သည်။ နှမဖြစ်သူက အစ်ကိုတော်ကို တော ကျောင်းဆရာတော်အဖြစ် မြင်တွေ့ သဖြင့် မိဘနှစ်ပါး၏ ဆွေမျိုးများနှင့် ကျော့မြို့နယ်တစ်ခွင်ရှိ ဒေသခံအပေါင်း တို့က ကြည်နူးကျေနပ် ရိုသေကိုင်းရှိုင်း ကြည်ညို ကိုးကွယ်နေကြသည်ကို ဝမ်း ဖြစ်ရလွန်းသဖြင့် အသက်တော်ကိုရှည် စေချင်သည့်ဆန္ဒမှာ နေ့စဉ်နေ့တိုင်း ရင်ထဲမှာ ကိန်းအောင်းနေသည်ကိုး။

ဂန့်ဂေါ-ကျော့၊ မုံရွာ-မန္တလေး မော်တော်ယာဉ်လိုင်း လိုင်းကားပေါ် စီးနင်းစေကာ လိုက်ပါပို့ဆောင် သည်။ တောင်အတက်အဆင်း



www.burmeseclassic.com

www.burmeseclassic.com

ပြားလှသည့် ယောတို့ဌာနီ ပုံတောင်တောင်တန်းမြင့်ကြီးကို ကျော်ဖြတ်ရသည့်ခရီးကား မလွယ်ကူလှ၊ ယောဌာနီကိုသွားဖူးရောက်ဖူးသူတို့သိကြသည်။ အင်မတန်ပင်ပန်းရသောခရီးလမ်းမှာ ဆရာတော် ဦးအာလောကသည် ဝေဒနာကို ရှုပွားရင်းနှင့်ပင် မန္တလေးမြို့ကြီးကိုရောက်ခဲ့၊ မန္တလေးမြို့ ရွှေမန်းကျောင်းတိုက်မှာ ခေတ္တတည်းခိုသီတင်းသုံးခဲ့ရင်း ရောဂါကို ရှာဖွေစစ်ဆေးခဲ့သည်။

(၂) ရက်သာကြာခဲ့ချိန်တွင် တီဘီရောဂါမှန်းသိခဲ့ရပြီး ဆေးအတွက်ထောက်ခံစာ၊ ဆေးစာရပြီ။ ကျောမြို့လေးနှင့် မန္တလေးမြို့ကြီး၏ ခရီးလမ်းပန်းအနေအထားကို ငဲ့ကွက်၍ ဆရာတော်၏ ဌာနေ ကျောမြို့လေးနှင့် ခရီးမဝေးသော ဂန့်ဂေါမြို့ ခရိုင်ဆေးရုံကြီး၌ ကုသဆေးထုတ်ယူခွင့်လည်းရရှိခဲ့ပြီ။

၂၁-၁၁-၂၀၁၁ နေ့၌ ကျောမြို့လေးသို့ ပြန်လည်ရောက်ရှိခဲ့တော့ ခရီးတလည်းပန်းသည့်ကြောင့် နာမကျန်းမှုက အတော့်ကိုယိုင်နဲ့ဖြစ်လာခဲ့ရပြီ။

တောရကျောင်းလေးတွင် တစ်ပါးတည်းနေဖို့ရာ မဖြစ်နိုင်တော့သောအခြေအနေအပြင် ဆွမ်းကိစ္စ၊ ပြုစုစောင့်ရှောက်ရန်ကိစ္စတို့အတွက် မြင်လာကြသောကြောင့် မွေးဖွားခဲ့ရာ မိဘနှစ်ပါး၏ အိမ်၌ပင်နေစေတော့သည်။ ခမည်းတော်ကြီးက မကျန်းမာသရွေ့ နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးနေတော်မူပါရန် လျှောက်ထားလာခဲ့သဖြင့် ခမည်းတော်၏ဆန္ဒနှင့် အလိုအရ ဆရာတော် ဦးအာလောကမှာ လက်ခံတော်မူခဲ့ရ၏။ နှစ်ထပ်အိမ်ကြီး အပေါ်ထပ်၌ သီတင်းသုံး နေထိုင်ရတော့လေသည်။

သည်ရက်ပိုင်းကလေးတွင် ဆရာတော်မှာ ခံစားရသော ရောဂါအပြင် ခရီးပန်းဒဏ်ကြောင့်ဖြစ်ပေမည်။ ရုပ်ခန္ဓာအတွက် အားရှိစေဖို့ အစာအာဟာရသည်ပင် ကောင်းစွာမဝင်ချင်တော့။ အကျင့်မြတ်ဝိပဿနာနှင့် အသက်ရှည်စွာ နေနိုင်ရေးသည် မလွယ်ကူတော့။ သို့စေကာမူ အချိန်ရှိသရွေ့ ဝိပဿနာအလုပ်နှင့် နှလုံးသွင်းဆင်ခြင်ကာနေတော်မူရင်းက ၂၇ - ၁၁ - ၂၀၁၁နေ့၌ ဆရာတော်သည် မလှုပ်မယှက် လုံးဝငြိမ်သက်နေသည်ကို မိသားစုနှင့်ဆွေမျိုးများက သတိထားမိသွားကြချိန်မှာတော့ လူတို့က ဆရာတော်ကို အသံပြုခေါ်သံတွေပေးသည်။ ခြေတော်ကိုကိုင်၊ လက်



အစုံကိုထိ၊ ရင်ဘတ်တော်ကိုဖိနှင့် အသိပေးစေရင်း ရှုပ်ယှက်ခတ်ဖြစ်သွားခဲ့ကြတော့သည်။ အားဆေးဆေးသွင်းပေးရန် ကျန်းမာရေးဆရာမရောက်ရှိလာခဲ့ပြီး အားဆေးသွင်းရန် စီစဉ်ခဲ့တော့လည်း မထူးတော့။

သည်အနေအထားတွင် ဆရာတော်မှာ မျက်လုံးတော်ပွင့်လာခဲ့ပြီး ဒါယိကာမ နှမငယ်ကို မိန့်သွားခဲ့သည့်စကားမှာ -

"ဒီလို ဘာဖြစ်လို့ ငိုကြွေးပူဆွေးနေရသလဲ။ ငါတရားရှုမှတ်နေတယ်။ အသံတွေကြောင့် နှောင့်နှေးရတယ်။ ဒီလိုသာမဟုတ်ရင် တစ်ခါတည်းကိစ္စပြီးပြီ"

ဟု မိန့်လေသည်။

ပြီးနောက် မျက်လုံးတော်တစ်ဖန်ပြန်မှိတ်သွားခဲ့ကာ ငြိမ်သက်သွားခဲ့ပြန်လေသည်တွင် အနီးရှိအားလုံးတို့မှာလည်း ဆိတ်ငြိမ်သွားခဲ့ကြပြန်သည်။

နှမဖြစ်သူ ရဟန်းဒါယိကာမ၊ တောရကျောင်းဒါယိကာမဒေါ်ခင်ဌေးမှာတော့ အစ်ကိုတော်၏ ရုပ်ခန္ဓာကိုယ်ကို ထိထားကိုင်ပြုရင်းဖြစ်နေခဲ့သည်။ အချိန်အတန်ကြာမျှ လုံးဝငြိမ်သက်သွားခဲ့ပြန်တော့သည်ကို အထူးဂရုပြုသတိထားနေသည့်ကြားမှာပင် သည်တစ်ကြိမ်မှာတော့ နည်းနည်းလေးမျှ လှုပ်ရှားခြင်းကို မမြင်ရတော့။ အသက်ရှင်ခြင်းဟူသည် ကုန်ဆုံးသွားခဲ့ပြီလား။

သည်သို့နှင့် ခေါ်သည်၊ အော်သည်၊ ခေါ်သံ၊ အော်သံတို့ကား မထိရောက်လေတော့။ အချိန်အတန်ကြာသည်အထိ စောင့်ကြည့်ခဲ့ကြရင်း အသက်ခန္ဓာမဲ့သွားခဲ့လေပြီဟုပင်မထင်ကြသေး။

တစ်နာရီနီးပါးခန့်ကြာမြင့်တော့မှ ခန္ဓာဝန်ချသွားမှန်း လုံးဝသိသွားခဲ့ကြရလေသည်။ နှမအငယ်ဆုံး ရဟန်းဒါယိကာမ တောရကျောင်းဒါယိကာမ ဒေါ်ခင်ဌေးလက်ပေါ်၌ နေ့လယ်(၂)နာရီ(၁၀)မိနစ်ခန့်တွင် ဆရာတော်ကား ခန္ဓာဝန်ချသွားတော်မူခဲ့လေပြီကော။ ၅-၈-၁၉၅၁ ခုနှစ်၌ မွေးဖွားသန့်စင်ခဲ့ပြီး ၂၇-၁၁-၂၀၁၁၌ သက်တော်(၆၁)နှစ်ထဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

**❏ မြင့်မြတ်သော ရဟန္တာမှန်းသိသွားခဲ့၊ နာမည်ကျော်စောသွားခဲ့ရပြီ**

ဆရာတော်ပျံလွန်တော်မူခဲ့ပြီး၍ (၃) ရက်အကြာ၌ အင်္ဂါစျာပနကျင်းပမည်ဟု အများက ဆုံးဖြတ်ကြသည်။

ပျံလွန်တော်မူပြီဆိုသည်နေ့က ဆရာတော်၏လက်တော်၊ ခြေတော်တို့အား ထိတွေ့ကိုင်ကြည့်စမ်းသပ်ကြည့်ကြသည်တွင် ကွေး၍ ချိုး၍ ရသည်ကို သတိထားမိကြသည်။

ဒုတိယနေ့သို့ရောက်သောအခါ ဆရာတော်၏ အသားအရေမှာ ပကတိအသက်ရှင်နေဆဲထင်ရလောက်အောင် စိုပြည်ပျော့ပျောင်းမှုရှိနေသည်။ ရုပ်ခန္ဓာမှ အနံ့ဆိုးမထွက်၊ လက်တော်၊ ခြေတော်တို့မှာလည်း ကွေး၍ ဆန့်၍ ရဆဲ။ မျက်နှာတော်က ထူးထူးခြားခြားပြုံးကြည့်သောအသွင်ကိုဖူးတွေ့ကြရသည်။ ဆံတော်ကိုပယ်ရိတ်ပေးကြသည်။

ဆရာတော်ရုပ်ကလာပ်တော်ကို ကြည့်မြင်ဖူးတွေ့ရသည်မှာ ပျံလွန်တော်မူသွားခဲ့ပြီဟု ပြောရခက်မှာပင် အခက်တွေ့ကြရသည်။ အိပ်စက်နေသည့်အလား အထင်မှားကြရသည်။

တတိယမြောက်နေ့တွင် ယမန်နေ့က ပယ်ရိတ်ပေးခဲ့ကြသည့်ဆံတော်တို့မှာ ပြန်လည်ထွက်ပေါ် ရှင်သန်သလိုဖြစ်လာခဲ့သည်ကလည်း ထူးခြားနေပြန်သည်ကို တွေ့မြင်ကြရသည်။

သည်မျှနှင့်ပင် ဆရာတော် ဦးအာလောကသည် သာမန်ရဟန်းတစ်ပါးတော့ မဟုတ်နိုင်ပြီဟု တွေးမိကြချေပြီ။

ဆရာတော်၏ဖခမည်းတော်သည်ပင် သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာရဟန္တာမထေရ်မြတ်ကြီးကို၊ ရှင်သာရိပုတ္တရာမထေရ်၏ အဖြစ်သနစ်ကိုကြားသိထားခဲ့ရသည့် တရားဒေသနာများကို ပြေးမြင်ယောင်လာရင်း မိဘ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါး၏အိမ်သို့ ကြွလာကာ နောက်ဆုံးအချိန်၌ ဗရိန်ဗ္ဗာန်ပြုတရားပြသွားခဲ့သည့်အဖြစ်ပမာ တွေ့မြင်သွားခဲ့ရပြီလည်း ဆိုတော့ ခေါင်းတညိတ်ညိတ်နှင့်။

သို့နှင့်ပင်-

၃၀-၁၁-၂၀၁၁ နေ့၌ ကျောမြို့လေး၏အနောက်ဘက်တွင် မြို့ကလေး၏အများစု၊ ရပ်ဝေး၊ ရပ်နီး လုပ်သားပြည်သူအပေါင်းတို့၏ပူဇော်မှုကိုခံယူပြီး ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနပူဇာကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

လာချေပြီ။ ထူးခြားမှုများကို ကြုံတွေ့မြင်တွေ့ကြရချေပြီ။

ဈာပနကျင်းပမီးသင်္ဂြိုဟ်ခြင်းပြုရာတွင် ဆရာတော်၏ရုပ်ကလာပ်တော်ကြောင့် အနံ့ဆိုးများလုံးဝမထွက်ခဲ့။ ကြွတက်ခြင်း၊ ကုန်းထခြင်းတို့မရှိခဲ့။

နှလုံးတော်ကား မီးမခ။ ထင်းမီး၊ ဝါးမီးတွေသာ လောင်မြိုက်ကျွမ်းခဲ့သော်လည်း နှလုံးတော်မှာ မီးမလောင်မြိုက်ချေ။

အံသွားတော်မှာလည်း အထက်ပါ နည်းတူ။

ခါးဆစ်ရိုးမှာလည်း ရွှေရောင်ကဲ့သို့ ဝါဝင်းသည့်အဆင်းကို ရရှိသည်။

ပန်းရောင်သွေးတော်များဓာတ်တော်တို့ကိုလည်းရသည်။ ဓာတ်တော်များမှာ မနည်းမနော။

ထိုမျှမကသေး။ ခန္ဓာဝန်ချတော်မူခဲ့သော ခမည်းတော်၏ အိမ်ကြီး၌ အံ့ဖွယ်တို့ကို ကြုံရ၊ မြင်တွေ့ကြရသေးသည်။ ဆရာတော်ခန္ဓာဝန်ချသည့်နေ့က ခုတင်ထောင့်ကွေးဆီမှ ညအချိန်တွင် မီးပန်းငယ်များ လင်းလက်အရောင်အဆင်းထွက်ပြန်ခဲ့သည်မှာ (၅) ကြိမ်တိုင်တိုင်ဖူးမြင်ကြရသည်။ သုံးစွဲခဲ့သည့်စောင်ခေါက်အတွင်းမှ အလင်းရောင်တွေ ဖြာထွက်သည်။

ပုံတောင်၊ ပုံညာရပ်ဝန်းက ကျောမြို့လေးတစ်ခွင်မှာတော့ အုတ်အော်သောင်းနင်းကျော်စောခဲ့စေပြီကို ခမည်းတော်ကြုံတွေ့သိမြင်သိကြားနေရချိန်များမှာတော့ သားဖြစ်သူရဟန်းအတွက် ပြောမပြနိုင်အောင် ကျေနပ်ပီတိဖြစ်နေခဲ့ရလေသည်။ ဓာတ်တော်များကျရာတွင် ဒေသခံများက အလုအယက်ကောက်ယူကြသောကြောင့် ရဲတပ်ဖွဲ့ စခန်းကပင် လုံခြုံရေးချကာ ဝန်းရံထိန်းသိမ်းပေးခဲ့ကြရသည့်အထိဖြစ်ခဲ့ရလေသည်။

တဇောဓာတ်လောင်ကျွမ်းပြီးပြာများကို မြို့ကလေး၏ ချောင်းရေမှာ မျှောကာ ပူဇော်ကြသည်။ ဆရာတော်၏ဓာတ်တော်အစုံတို့ကို ဇန်ပေါင်းအိုးတွင်ထည့်ကာ ကျောမြို့လေး၏အရှေ့မင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် အများပြည်သူတို့ ဖူးတွေ့နိုင်ကြစေရန် ခေတ္တအပူဇော်ခံထားရှိခဲ့ကြပြီးမှ ဆရာတော် တရားကျင့်ကြံ အားထုတ်တော်မူခဲ့ရာ တောရကျောင်းပရဝဏ်တွင် အများကုသိုလ်ဖြင့် စေတီတည်ထားကိုးကွယ်ခဲ့ကြလေသည်။

**□ ပြီးမလိုမျက်နှာထားနှင့် အားပါးတရ နှုတ်ဆက်ခဲ့ပါသည်**

ကျွန်တော့်ဇာတိနယ်မြေ ယောဒေသ ယောဌာနီ ယောရွှေပြည်ကို ခဏတစ်ဖြုတ်ရောက်ခဲ့၊ ကျွန်တော်နှင့်မစိမ်းသော ကျွန်တော်ချစ်သော ကျွန်တော့်ကို ချစ်ခင်လေးစားကြသော ကျောမြို့လေးကို ရောက်ခဲ့ရရင်းက ပြန်လည်ကာ စဉ်းစားမြင်ယောင်လာမိရသည်တွေက အများကြီး။

မြို့ကလေးက ရပ်မိရပ်ဖတွေ၊ မြို့ကလေးနယ်မြေကျေးရွာလေးတွေက ရပ်မိရပ်ဖတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ထိုစဉ်က လုပ်ဖော်ကိုင်ဖက်တွေ စသည်စသည် မိမိနှင့်ကျွမ်းဝင်ရင်းနှီးခင်မင်ကြသူတွေကိုမမေ့နိုင်ဖြစ်ရသည်။ အထူးသဖြင့် ကျောမြို့ကလေးကိုရောက်ခဲ့ရပြီးမှ ဆရာတော် ဦးအာလောက ဆိုသည့် အံ့သြဖွယ် ရဟန္တာတစ်ပါးအကြောင်းက ဦးနှောက်ထဲရင်ထဲနှလုံးသားထဲ ဘယ်သောအခါမှ မေ့ပျောက်နိုင်မည် မထင်တော့။

ဆရာတော် ဦးအာလောက၏ မယ်တော် ဒေါ်လှမြိုင်မှာ လွန်ခဲ့သည့် (၈) နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး ခမည်းတော်သည် ယနေ့တိုင် ကျန်းမာစွာရှိနေဆဲ။ အသက်အားဖြင့် (၈၉) နှစ်သို့ရောက်ရှိနေပါသော်လည်း ပကတိကျန်းမာဆဲကိုလည်းကောင်း၊ ဆရာတော်ဦးအာလောက၏ မွေးချင်းမိသားစုဝင်များအား လည်းကောင်း တွေ့ရ၊ စကားအများကြီးပြောဖြစ်ကြရသည်။

သူတို့ကို ကျွန်တော်ကပြောဖြစ်သည်။ တစ်ချိန်တုန်းက စကားများကို မှတ်မှတ်ထင်ထင် ရင်ဖွင့်ဖြစ်သည်ကို ပြောမိတော့ သူတို့မှာ စိတ်ထဲမကောင်းကြ။

ပြောရစေတော့။

ဆောင်းကာလ၏ ညတစ်ညတွင် ဆရာ ဦးခင်မောင်ဝင်း (ပခုက္ကူ) နှင့် ကျွန်တော်တို့နှစ်ဦးသည် ဒေါ်သန်းကြည် ထမင်းဆိုင်၌ ညစာစားရန် ရောက်ရှိသွားခဲ့ကြသည်။ ကျွန်တော်တို့နှစ်ဦးကား လပေးထမင်းစားကြသူများ ဖြစ်သည်။ ရာသီဥတုကလည်း အေးလွန်းသည့်အခါ စေတနာဖြင့် အချိန်ပိုတွေ့ခေါ်ကာ စာသင်ပြပေး၍မောပန်းသည့်အခါတွင် အရက်ကလေးသောက်ဖြစ်ကြသည်။ အန်တီဒေါ်သန်းကြည်က တောအရက်စစ်စစ်ကို ဆေးမြစ်စိမ်ထားသည့်အရက်တစ်ပိုင်း (ပုလင်းငယ်) ကို အခမဲ့သောက်စေတတ်သည်။

ဤတွင် နောင်အခါ ဆရာတော်ဦးအာလောကဖြစ်လာမည့်ကိုကြည်အေးနှင့် ရံဖန်ရံခါ ဆုံဖြစ်သွားစဉ်က အဖြစ်အပျက်ကလေး။

"တွဲဖက်အထက်တန်းပြ ဆရာ၊ ဆရာမတွေကို ကျွန်တော်က လေးစားတယ်ဗျာ။ ကျွန်တော့်ညီငယ်၊ နှမငယ်တွေကို ဆရာတို့လို ပညာတတ်ဘွဲ့ရတွေ ဖြစ်စေချင်တယ်ဗျာ။ သူတို့လေးတွေကို ဆိုဆုံးမတဲ့အခါ သဘောမတွေ့ရင် ရိုက်နှက်ဆုံးမဗျာ။ ကောင်းစေချင်လို့ ဆုံးမတာ ကျွန်တော်က အပြစ်တင် အပြစ်မြင်တယ်လို့ လုံးဝမယူဆကြပါနဲ့ဗျာ။

ကျွန်တော်ကတော့ မျော်ပျော်သာနေတတ်လေ့ရှိပြီး အတန်းပညာတွေ များများမတတ်တဲ့သာမန်တောသားဆိုပေမယ့်လည်း ညီနဲ့ နှမလေးကိုတော့ လူတော်လူကောင်းတွေ အရမ်းဖြစ်စေချင်တာဗျ"

ဟု ကိုကြည်အေးက ပြောတတ်လေ့ရှိစမြဲ။

"အဲ-ကိုကြည်အေးရေ ခင်ဗျားကို မြင်လိုက်ရရင် ကျွန်တော်လည်း ရင်မှာအေးရသလို ခံစားရတယ်ဗျ။

ဘာကြောင့်လဲဆိုတော့ ခင်ဗျားက အမြဲတမ်းပဲ ပြုံးနေပျော်နေတတ်တဲ့မျက်နှာရှင်ကိုး။ လူငယ်ကြည်ခိုင်၊ မြို့တော်သိန်းအောင်ရဲ့ လေသံတွေကိုလည်းပီအောင်တူအောင်ပြောတတ်သေး တဝါးဝါးတဟားဟားနဲ့လေ။

ခု ရံဖန်ရံခါ အရက်လေးသောက်တုန်းမို့ပြောတယ်မထင်နဲ့ဗျ။ ကိုကြည်အေးက ဉာဏ်တော့အတော်ကောင်းတဲ့သူပဲနော။

ဘာတဲ့- တကယ်ဖြစ်ချင် တကယ်



www.burmeseclassic.com

www.burmeseclassic.com

လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းရဲ့လေသံကိုလည်းပြောတတ်သေးရဲ့။ ပယင်းရောင်ဇာတ်ကားကို သတိရတယ်ဗျာ"

ဟူ၍ ကျွန်တော်ကပြောမိသေးတော့ ကောလိပ်ဂျင်နေဝင်း၏ စကားဖြစ်သော တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ကို ဟန်ပန်အမူအရာနှင့်ပြသွားခဲ့သေးသည်ကို သူကလည်း ရယ်၊ ကျွန်တော်တို့ကလည်း ရယ်နှင့်ဖြစ်နေခဲ့ကြရသေးလေသည်။

"အင်း - ပျော်တာတော့ ပျော်တာပေါ့ဗျာ။ နေ့တိုင်းတော့လည်းမများပါစေနဲ့လားဗျာ။ သောက်စားဖန်များလာတော့ စီးပွားတွေ့ပျက်၊ ဘဝပါပျက်စီးသွားမှာကို မလိုလားလို့။ ပြီးတော့ ခင်ဗျားရဲ့ညီလေး၊ နှမလေးတွေကို တောင်းစားစေချင်သေးတယ်မဟုတ်လား။ အစ်ကိုကြီးကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်မို့သာ သူတို့က မပြောကြတာဖြစ်မှာ။

ကျွန်တော်တို့က ကိုကြည်အေးထက်လည်း အသက်ငယ်တော့ ငါ့ထက်ငယ်တဲ့လူက ငါ့ကို ဆုံးမရမလားလို့လည်း မမြင်ပါနဲ့ဗျာ။ ဆံရာဘဝဖြစ်နေတော့လည်း ဆရာလုပ်တယ်လို့လည်း မထင်စေချင်ပါဘူးဗျာ။ ခင်မင်ရလွန်းလို့ပါဗျာနော။

အဲ - ကိုကြည်အေးပြောနေကျ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတာလို အသောက်ကိုလျှော့စေချင်တယ်ဗျာ။ ခင်ဗျားရဲ့စိတ်ကူးစိတ်သန်းတွေကို ပုံဖော်ပါဗျာ။

တကယ်တမ်းက အမြင်မှန်နဲ့ အကျင့်ကောင်းအတွက် ကျင့်ကြံအားထုတ်ဆောင်ဖို့သာလိုရင်းပါဗျာ။ လောကီအလုပ်ပဲဖြစ်ဖြစ်၊ လောကုတ္တရာအလုပ်ပဲဖြစ်ဖြစ် ဘွဲ့ရမှ၊ ပညာရှိကြီးမှဖြစ်မှလို့ မဟုတ်ဘဲ ဘဝကို အောင်မြင်အောင်၊ တန်ဖိုးရှိအောင် ကြိုးစားသွားကြရမှာ မဟုတ်လား။

ဝေဘူဆရာတော်ဘုရားကြီးရဲ့ တရားတို့သတိရမိတယ်ဗျာ။

ဥ ဒါယကာ၊ ဒါယိကာမတို့ ဗုဒ္ဓဘာတ်သုံးပုံကို ဖတ်လို့ကုန်နိုင်ပါ့မလား။ အားလုံးနားလည်နိုင်ပါ့မလား။ ဗုဒ္ဓဘာတ်သုံးပုံရဲ့ အနှစ်ချုပ်ကတော့ ဓာတ်ပိဋကတ်ဦးတရား (၃၇) ပါးပဲ။ ဗောဓိပက္ခိယတရား (၃၇) ပါးရဲ့အချုပ်ကတော့ မဂ္ဂင် (၈) ပါးပဲ။ မဂ္ဂင် (၈) ပါးရဲ့အချုပ်ကတော့ သိက္ခာ (၃) ပါးပဲ။ သိက္ခာ (၃) ပါးရဲ့အချုပ်ကတော့ တရားကျင့်ရန် ဧက္ကောဓမ္မောပဲ။ ဧက္ကောဓမ္မောတဲ့ဗျ။

ဘယ်အလုပ်ပဲဖြစ်ဖြစ် ကြိုးစားအားထုတ်မှုရှိမှ ဘဝမှာအေးချမ်းမှာ။ လိုရာပန်းတိုင်ကိုရောက်မှာ။ ကျွန်တော်တို့လည်း ဒီဒေသလေးမှာ ကြာရှည်မှာမဟုတ်ဘူး။ တိုးတက်ရာတိုးတက်ကြောင်းတွေအတွက် ကြိုးစားရှာဖွေရင်း ဘယ်ဒေသကိုရောက်ရဦးမယ်မသိနိုင်သေးဘူး။ ကိုယ်ဖြစ်ချင်တာကို ဖြစ်လာနိုင်အောင် ကြံစည် ကြိုးစား အားထုတ်နေရသူတွေပါဗျာ။

ဘာပဲဖြစ်ဖြစ် တွေ့တုန်းဆုံခိုက် စေတနာကောင်းနဲ့ စကားကောင်းလေးတွေပြောဖြစ်ရတယ်ပဲ သဘောထားတော့နော်. . . "

ဟူ၍ ကျွန်တော်က ပြောဖြစ်တော့ -

"အိုကေ၊ အိုကေ - ပညာတတ်တွေရဲ့စကား ကျုပ်က မှတ်သားထားပါ့မယ်ဗျာ။ တကယ့်စေတနာစကားတွေဗျာ၊ ဆရာကောင်းတွေဗျာ။ လေးစားပါတယ်ဗျာ။

အင်း - ကျုပ်လည်း ဒီကနေ့တော့ ဖူလုံသွားပြီမို့ အိမ်ကိုပဲ Go တော့မယ်ဗျာ။ Good Night"

ဟု ရယ်ကာမောကာပြောရင်း ထမင်းဆိုင်ထဲမှထွက်ခွာသွားခဲ့သည်ကို ယခု ကျွန်တော့်မျက်လုံးထဲမှာ ပြန်လည်မြင်ယောင်လာမိရသည်။

ထားပါလေ။

နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီ ခုမှ ဒီမြို့လေးကို ခဏတာပြန်လည်ရောက်ရှိလာခဲ့သည်။ (၂)ရက်သာနေဖြစ်ခဲ့သည်။ ပြောင်းလဲခြင်းတရားတွေကို မျက်ဝါးထင်ထင် မြင်တွေ့ရသည်များတွင် အံ့ဩမိရဆုံးကား လူတစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း အစရှိသည်ဖြင့် လူတွေလူတွေ လူဖြစ်လာကြသည့်ဘဝတွင် မြင့်မြတ်ထူးခြားလှသော ရဟန္တာဆိုသည့်ဘဝမျိုးကို ရရှိသွားရန်မှာ လွန်စွာခက်ခဲလွန်းလှပေစွ။ ရောက်ရန်အလွန်တရာခဲယဉ်းလှသော နိဗ္ဗာနဲတာခရီး၏ ပန်းတိုင်ကို ပိုင်ပိုင်ကြီးဆွတ်ခူးသွားနိုင်ခဲ့သူကြီးဖြစ်သွားခဲ့သူအကြောင်း ကောင်းစွာသိခွင့်ရခဲ့ရသည်။

ဟိုစဉ်အခါက ကျွန်တော်နှင့်ဆုံကြုံခဲ့ရသော ကိုကြည်အေးသည် ရဟန်းဘဝ အကျင့်မြတ် ရဟန္တာဖြစ်သွားမှန်းသိရချိန်မှာတော့ ကျွန်တော့်မှာ အံ့ဩချီးမွမ်းရင်းက ပီတိဇောအဟုန်တို့ကား တဖွားဖွားနှင့်။

ဟုတ်ကယ်ပါ။ တစ်ချိန်က မိတ်ဆွေကြီး၊ ညီအစ်ကိုပမာ ခင်မင်ခဲ့ရသော၊ အစ်ကိုတစ်ယောက်ပမာဖြစ်ခဲ့ရသော ကိုကြည်အေး. . . ဆိုသည် နောက်ဆုံးမှာတော့ ဗုဒ္ဓသာသနာတော်တွင် သုံးလောက၏ တုနှိုင်းမဲ့ မြတ်ဗုဒ္ဓ၏ သားတော်ဘဝအဖြစ်နှင့် ရှင်အာလောကမထေရ်အမည်ရှိ အကျင့်မြတ်ရဟန္တာဖြစ်သွားခဲ့ရကာ ဘဝနတ်ထိပျံလွန်တော်မူသွားခဲ့ချေပြီကောလေ။ ရဟန္တာတစ်ပါးဟု မှတ်တမ်းဝင် ကမ္ပည်းတင်သွားချေပြီကောလေ။

အဆုံးစွန်ဆိုပါရစေတော့ . . .

သာမန်ရဟန်းဝတ်နှင့်ပင် ဖူးတွေ့ခွင့်မကြုံခဲ့ရလေသော ကျွန်တော်တစ်ယောက်မှာ ရဟန္တာတစ်ပါးဖြစ်သွားခဲ့လေသည့် အရှင်အာလောကအမည်နှင့် ရဟန်းဘဝက ဓာတ်ပုံကို ကြည့်ကာကြည့်ကာလျှင်လည်း ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလိုကြီး ခံစားနေမိရရင်း မိဘနှစ်ပါးကို ရဟန်းဝတ်နှင့် ကျေးဇူးဆပ်သွားခဲ့သည်ကို ကြည်ညိုမိရရင်း. . .။

စိမ်းစိမ်းလန်းလန်း အုပ်အုပ်ဆိုင်းဆိုင်းလည်းရှိလှသော တောရကျောင်းလေးမှအခွာ လွမ်းဖွယ်ဥဩငှက်ငယ်၏တစာစာအော်မြည်သံကို ကြားရပြန်တော့ ဘာရယ်မဟုတ် ကျွန်တော့်ရင်မှာ အမျိုးအမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်က တနုံ့နုံ့တမြေ့မြေ့နှင့်မှုပင်။

သာဓု. . . သာဓု. . . သာဓုတွေကို အများကြီး ကြည်နူးစွာ ခေါ်ဆိုမြည်တမ်းနေမိခဲ့ရလေသည်တကား။

*(ရဟန္တာအရှင်မြတ်ဦးအာလောက၏ တောရကျောင်းလေးတွင် ယခုအခါ ဒေသခံ ရုပ်အဆင်းသွင်ပြင်ကြည်မြ အေးချမ်းသော ရဟန်းတစ်ပါးသည် တောရဆောက်တည်လျက်ရှိပါကြောင်းနှင့်ဖူးတွေ့ခဲ့ရကြောင်းကို စေတနာမျှဝေ အသိပေးဖြစ်ရပါကြောင်း။*

*ယောဒေသ ကျောမြို့လေးမှ ဦးခင်မောင်ရင်၊ ဦးအောင်ဝင်းနှင့် တစ်ချိန်တုန်းဆီက တပည့်များအားလုံးကို ကျေးဇူးတင်လျက်နှင့်အမှတ်တရ)*

ကိုယော-ဘောဂဗေဒ

(စာပေဆုများရှင်)



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# မြန်မာ့ရိုးရာဝမ်းမှန်ဆေး

"ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူးဆိုတဲ့စကားဟာ သိပ်မှန်တာဗျ။ ကျွန်တော့်အမေဆိုရင် အခု အသက် (၁၀၀) ထဲရောက်ပြီ။ ကျန်းမာနေတုန်း၊ သွားနိုင်လာနိုင်တုန်း၊ အသံကလည်းမာတုန်းပါပဲ။ စားနိုင်သောက်နိုင်တုန်းပါပဲ။ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်ကိုမြည်လို့။

ဒါပေမယ့် မျက်စိကတော့မမြင်တော့ပါဘူး။ အသက်ခုနစ်ဆယ်လောက်မှာ နေမကောင်းတော့ ဒေါက်တာရမ်းကုခေါ်ပြီး ဆေးထိုးလိုက်တာ ပထမတစ်ရက်ထိုးတော့မှုန်လာတယ်။ ဒုတိယတစ်ရက်ထိုးတော့ လုံးလုံးကိုမမြင်ရတော့တာပါ။

ခြော်ဗျာ - ကျွန်တော်တို့မြို့သစ်မြို့ဆိုတာက အဲဒီတုန်းက တောရွာကြီးသာသာလေး။ ခုခေတ်လို ဆရာဝန်တွေဘာတွေဘယ်ပေါမလဲ။ အပ်ပုန်းလို့ခေါ်တဲ့ ဒေါက်တာရမ်းကုတွေကိုပဲအားထားနေရတာလေ။ ဒီတော့ မသေမပျောက်တာကိုပဲ ကံကောင်းလှပြီလို့အောက်မေ့ရတာပါ။

မျက်စိမမြင်ရတော့ဘူးဆိုပြီး အမေက စိတ်ဓာတ်မကျပါဘူး။ ဘဝရှင်သန်ဖို့ နားနဲ့အထိအတွေ့ကို အသုံးချပါတယ်။ အိမ်မှာ သူ့ဟာသူစမ်းပြီးသွားတတ်လာတတ်တယ်။ နားကိုအသုံးချပြီး ဘယ်သူဘယ်ဝါဆိုတာသိတယ်။ သူ့ရဲ့ဆေးဘူးလေးတွေ သူ့ဟာသူသင်္ကေတနဲ့ထားတော့ ဆေးသောက်ချိန်ဆိုလည်း သူ့ဟာသူသောက်နိုင်တယ်။ သူ့အတွက် အလုပ်သိပ်မပိုကြပါဘူး။

သူသောက်နေကျ ဝမ်းမှန်ဆေးက ထန်းလျက်လေးတစ်လုံးရယ်၊ မန်ကျည်းသီးမှည့်တစ်ဆစ်နှစ်ဆစ်ရယ် ပန်းကန်လေးထဲထည့်ပြီး ရေနည်းနည်းလေးနဲ့စိမ်ထားတာပဲ။ ရေနွေးကြမ်းပန်းကန်တစ်ဝက်လောက်ပေါ့ဗျာ။ အဲဒါလေးကိုတော့ နေ့စဉ်ဝတ္တရားမပျက်လုပ်ပေးနေရတယ်။ ညအိပ်ရာဝင်ချိန်မှာ နေ့စဉ်တိုက်ရတယ်။ မိသားစုတွေက အလုပ်များပြီး မေ့နေရင်လည်း အမေက သတိပေးတတ်တယ်။

အမှန်တော့ မန်ကျည်းဖျော်ရည်ပေါ့ဗျာ။ မြန်မာ့ရိုးရာ ဝမ်းမှန် ဝမ်းပျော့ဆေးပေါ့။အဲဒီဆေးလေး နေ့စဉ်သောက်နေတော့ကာ အသက်(၁၀၀)လို့ပြောရင်တောင် ယုံနိုင်ဖွယ်မရှိဘဲ မျက်စိမမြင်တာကလွဲရင် ပေါ့ပါးသွက်လက်နေတုန်းပါပဲ။

ဒါဟာ ဝမ်းတစ်လုံးကောင်းလို့ခေါင်းတောင်မခဲဘဲ ကျန်းမာပေါ့ပါးနေခြင်းပါ။ သူ့ဘေးမှာ မြန်မာ့ဆေးလေးတွေစီတန်းနေပြီး သူ့အမှတ်အသားနဲ့သူထားတော့ကာ သူ့ဆန္ဒရှိလို့စားချင်ရင် ဘယ်သူ့ရဲ့ အကူအညီမှ မလိုပါဘူး။ သူ့ဟာသူယူစားနိုင်ပါတယ်။ အမေ့ကို ကျွန်တော့်အစ်မမိသားစုကစောင့်ရှောက်နေတာပါ။ ကျွန်တော်တို့မြို့သစ်မြို့မှာတော့ အသက်(၁၀၀) ရောက်ခဲ့တာမို့ သိသူအတော်များပါတယ်"

လို့ ဦးသောင်းစိန်ကပြောပြခြင်းပါ။

နေပြည်တော် မြို့မဈေးကြီးထဲက 'ရွှေရည်ဝင်းစာပေ' က ဦးသောင်းစိန်၊ ဒေါ်ညိုညိုသောင်းဆိုတာ လူသိများလှပါတယ်။ သူတို့က နတ်မောက်မြို့အနီးက မြို့သစ်မြို့ဇာတိတွေပါ။ စာပေနဲ့နွယ်တော့ ကျွန်တော်နဲ့ ရင်းနှီးနေပြီး ကျွန်တော်တို့ အောင်ဇမ္ဗူရပ်ကွက်မှာ အိမ်နီးချင်းတွေပါ။ စကားစပ်မိတော့ သူ့အမေအကြောင်းကို ပြောပြခြင်းပါ။ အလွန်ရိုးရှင်းပြီး လူတိုင်းလက်လှမ်းမီနိုင်တဲ့ မြန်မာ့ရိုးရာ ဝမ်းမှန်ဆေးနည်းလေးမို့ စိတ်ထဲစွဲနေပါတယ်။

ခုဆိုရင် ၂၀၁၆ ရဲ့ နွေရာသီကို စတင်ဖြတ်သန်းစပြုပါပြီ။ အဲဒီလိုနွေရောက်တာနဲ့ အပူကိုငြိမ်းသတ်တဲ့အနေနဲ့ အအေးကိုအားထားသောက်သုံးမှုပြုကြတော့မှာပါ။ အအေးဆိုင်တွေအရောင်းသွက်ကြပါပြီ။ ပြီးတော့ မန်ကျည်းဖျော်ရည်စတဲ့ အထမ်းနဲ့ရောင်းတဲ့အသည်တွေ၊ လှည်းနဲ့ရောင်းတဲ့ အသည်တွေ အရောင်းသွက်ကြပါပြီ။

ဘယ်ဟာတွေဘယ်လောက်ခေတ်မီမီ ဘယ်လောက်ကောင်းကောင်း ကြာရင် ရိုးသွားတတ်ပါတယ်။ မန်ကျည်းသီးမှည့်၊ ထန်းလျက်၊ ဆားအနည်းငယ်နဲ့စိမ်ထားပြီးဖျော်ရတဲ့ မန်ကျည်းမှည့်ဖျော်ရည်ကတော့ သူ့အရသာဟာ ရိုးရှင်းပြီးလျှာကိုစွဲစေတာမို့ ဘယ်တော့မှရိုးမသွားနိုင်တဲ့ မြန်မာ့ရိုးရာဖျော်ရည်ပါ။ အလွန်အကျွံမသောက်သုံးဘဲ အသင့်အတင့်သောက်သုံးရင် ဝမ်းကိုပျော့စေပါတယ်။ ဆီးကိုရွှင်စေပါတယ်။ လေကိုသက်စေပါတယ်။

အလွန်အကျွံသောက်ကောင်းတိုင်းသောက်ပစ်ရင်တော့ ဝမ်းလျှောတတ်ပါတယ်။ ပြီးတော့ လုပ်ရာကိုင်ရာမှာ မသန့်ရှင်းရင်လည်း ဝမ်းလျှောဝမ်းတတ်တာမို့ သန့်ရှင်းမှုရှိဖို့လည်း လိုပါတယ်။ အခြား အအေးတွေ၊ ဖျော်ရည်တွေဆိုတာက ဓာတုပစ္စည်းတွေပါနိုင်တာမို့ ဆိုးကျိုးတွေရှိနိုင်ပေမယ့် မြန်မာ့ရိုးရာ မန်ကျည်းဖျော်ရည်ကတော့ ဓာတုပစ္စည်းကင်းစင်တာမို့ ကျန်းမာရေးကို အထောက်အကူပြုနိုင်ပါတယ်။ ကောင်းတာက မိသားစုများကိုယ်တိုင် မန်ကျည်းဖျော်ရည်စိမ်သောက်တာဟာ အကောင်းဆုံးပါလို့ အကြံပြုချင်ပါတယ်။

*နေပြည်တော် ဇမ္ဗူသီရိမြို့*
*မြို့မဈေး ရွှေရည်ဝင်းစာပေ*
*ဦးသောင်းစိန်အား ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com



ဆီယာရာလီယွန်နိုင်ငံမှ တံဆိပ်ခေါင်း



ဂါဘွန်နိုင်ငံမှတံဆိပ်ခေါင်း



ဆူရီနမ်နိုင်ငံမှတံဆိပ်ခေါင်း

# ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတံဆိပ်ခေါင်းများ


ကြည်လွင်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သည်။ အကြမ်းမဖက်သောနည်းဖြင့် မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သူလည်း ဖြစ်လေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်၊ သတ္တိနှင့်စွမ်းရည်တို့ကိုဂုဏ်ပြုသောအားဖြင့် ၁၉၉၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့အပြင် လွတ်လပ်စွာ တွေးခေါ်မှုအတွက် ဆာခါရော့ဖ်ဆု၊ ဂျဝါဟာလာနေရူးဆုနှင့် အမေရိကန်ကွန်ဂရက်ရွှေတံဆိပ်ဆု -- စသည့် ဆုပေါင်းများစွာ ချီးမြှင့်ခြင်းခံခဲ့ရသည်။

ယခုအခါ၌ ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကို စာအုပ်မျက်နှာဖုံး၊ ပိုစတာ၊ ပို့စကတ်၊ စတစ်ကာ၊ ပြက္ခဒိန် စသည့် ပစ္စည်းများပေါ်တွင် ပုံနှိပ်ရောင်းချလျက်ရှိကြသည်။ ထိုသို့သော ပစ္စည်းအမျိုးအမည်များအနက် ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံပါရှိသော စာပို့တံဆိပ်ခေါင်းများမှာ ပိုမို ထူးခြား လေးနက်မှုရှိနေပါသည်။ ထိုအချက်ကို တံဆိပ်ခေါင်း ဝါသနာရှင်မဟုတ်သူများအနေဖြင့် သတိပြု သဘောပေါက်မိကြလိမ့်မည် မဟုတ်ချေ။ စင်စစ် ဒေါ်အောင်ဆန်းစုကြည် တံဆိပ်ခေါင်းများကို နိုင်ငံအချို့မှ ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်ဝေလျက်ရှိလေရာ အခြားသောဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံပါရှိသော ပစ္စည်းများကဲ့သို့မဟုတ်ဘဲ ထိုတံဆိပ်ခေါင်းများမှာ နိုင်ငံတကာ၏ နယ်နိမိတ်များကို ဖြတ်သန်းကာ ကမ္ဘာတစ်ဝန်းရှိ မြို့၊ ရွာ၊ နိုင်ငံအသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့် ခရီးပေါက် ရောက်ရှိလျက်ရှိခြင်းကပင် ‘ပိုမိုထူးခြားခြင်း’ကိုပြသလျက်ရှိနေပေသည်။



စတိုမေးနှင့် ပရိစီပေးနိုင်ငံမှ တံဆိပ်ခေါင်း



နော်ဝေးနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ



ကိုမိုရိုစ်ကျွန်းနိုင်ငံမှ တံဆိပ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com




တိုဂိုနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ



နီကာရာဂွါနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ




ဂီနီနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ




မာလီနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ




ဂီနီနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ




ဂီနီနိုင်ငံမှ တံဆိပ်ခေါင်းမှတ်တမ်းလွှာ




နော်ဝေးနိုင်ငံမှ တံဆိပ်ခေါင်း

နိုင်ငံတကာမှ ထုတ်ဝေလျက်ရှိသော ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာများ (souvenir sheets)၊ ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များ (first day covers) စသည့်တို့မှာ နိုင်ငံတကာရှိ တံဆိပ်ခေါင်းဝါသနာရှင်တို့၏ တံဆိပ်ခေါင်းအယ်လ်ဘမ်စာအုပ်များ (stamp albums) ထဲ၌ အမြတ်တနိုး စုဆောင်း ထိန်းသိမ်းထားရှိကြမည်မှာ ဧကန်မလွဲပါပေ။ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုထုတ်ဝေထားသည့် အခြားသော ပစ္စည်းအမျိုးအမည်များနှင့်မတူဘဲ နောက်ထူးခြားချက်တစ်ခုမှာ တံဆိပ်ခေါင်းဝါသနာရပ်၏ ထုံးစံအတိုင်း ဒေါ်အောင်ဆန်းစုကြည် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ (philatelic materials) မှာ ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်တွင် အချိန်ကြာမြင့်လာသည်နှင့်အမျှ ပေါက်ဈေးမှာလည်း တရိပ်ရိပ်မြင့်တက်နေမည်ဖြစ်ပေသည်။ ထို့ကြောင့် ယခုထွက်ရှိလျက်ရှိသော ဒေါ်အောင်ဆန်းစုကြည်ဆိုင်ရာအမှတ်တရပစ္စည်းများအနက် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများသည်သာ ပိုမို၍ ထူးခြားလေးနက်သော အဓိပ္ပာယ်ဆောင်နေခြင်းဖြစ်သည်ဟုဆိုရခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့အပြင် တံဆိပ်ခေါင်းဝါသနာရှင်အဆက်ဆက်မှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို နှစ်ရှည်လများ သိမ်းဆည်း စုဆောင်း ထိန်းသိမ်းထားကြမည်မှာလည်း သေချာလှပေသည်။

**□ ဒေါ်အောင်ဆန်းစုကြည်**

ဒေါ်အောင်ဆန်းစုကြည်၏အတ္ထုပ္ပတ္တိကို အင်္ဂလိပ်၊ မြန်မာဘာသာပြန် စာအုပ်များအဖြစ် များစွာ ထုတ်ဝေထွက်ရှိပြီးဖြစ်ပါသည်။ သို့ရာတွင် ထူးခြားသည့် အချက်အချို့ ပါဝင်သော ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို တင်ပြပါမည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်း၌ ဖက်ဆစ်ဂျပန်များကို တော်လှန်ရေးစတင်ရန် မြန်မာနိုင်ငံအထက်ပိုင်းတွင် ရောက်ရှိနေသည်ဖြစ်ရာ ရန်ကုန်မြို့တွင်ကျန်ရစ်သော ဇနီးသည် ဒေါ်ခင်ကြည်နှင့် သားငယ်နှစ်ယောက်တို့၏ လုံခြုံရေးမှာ အရေးကြီးစိုးရိမ်စရာဖြစ်လာပါတော့သည်။

ထို့ကြောင့် ဗိုလ်ချုပ်၏ ညွှန်ကြားချက်အရ ကိုယ်လေးလက်ဝန်ရှိလျက်ရှိသောဒေါ်ခင်ကြည်မှာ ဂျပန်စစ်ဌာနချုပ်များရှိရာ ရန်ကုန်မြို့မှ ကိုယ်ရံတော်တပ်သားနှစ်ယောက်၏အကူအညီဖြင့် ဇာတိမြေ မြောင်းမြမြို့သို့ပြန်ရန် မြစ်ဝကျွန်းပေါ်ဒေသသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရလေသည်။ ဤသို့ဖြင့် လမ်းခရီးတစ်ထောက်နားရာ 'မွေးဆောင်းရွာ' ငယ်လေး၌ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို မွေးဖွားခဲ့လေသည်။ ဒေါ်အောင်ဆန်းစုကြည်၌ မွေးချင်း (၄) ယောက်ရှိခဲ့ရာ အစ်ကိုဖြစ်သူ 'အောင်ဆန်းလင်း' နှင့် ညီမဖြစ်သူ 'အောင်ဆန်းချစ်' တို့မှာ ကွယ်လွန်ခဲ့ကြပြီ ဖြစ်သည်။ ညီမဖြစ်သူမှာ မွေးကင်းစအရွယ်၌ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်သဖြင့် ဤအကြောင်းသိရှိကြသူ နည်းပါးလှသည်။ နောက်ပိုင်း၌ မိခင်ဖြစ်သူ ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့လေရာ ဒေါ်အောင်ဆန်းစုကြည်မှာ အိန္ဒိယနိုင်ငံ၌ ဆက်လက်ပညာသင်ကြားခဲ့သည်။ ဆက်လက်၍ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြန်သည်။ ၁၉၇၂ ခုနှစ်တွင် ထိုက်ဗက်ဘာသာနှင့်ယဉ်ကျေးမှုဆိုင်ရာ ပညာရှင် မိုက်ကယ်အဲရစ်နှင့် လက်ထပ်ခဲ့ရာ မြင့်ဆန်းအောင် (အလက်ဇန်းဒါး) နှင့် ထိန်လင်း (ကင်မ်) ဟူ၍ သားနှစ်ယောက် ထွန်းကားခဲ့သည်။ မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာသောကြောင့် မြန်မာနိုင်ငံသို့ပြန်၍ရောက်ရှိပြီး ၁၉၈၈ အရေးတော်ပုံကြီး၌ ဦးဆောင်ပါဝင်လာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ကို ဦးဆောင်ဖွဲ့စည်းတည်ထောင်သည်။ ၁၉၈၉ ခုနှစ်၌ ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရက နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခဲ့သည်။ ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ NLD ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈၂) ရာခိုင်နှုန်းကျော်ဖြင့်အနိုင်ရခဲ့သော်လည်း အစိုးရက အာဏာလွှဲပြောင်းပေးခဲ့ခြင်းမရှိခဲ့ပေ။

၁၉၉၅ ခုနှစ်၌ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာချိန်အတွင်း တိုင်းရင်းသားအင်အားစုများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီကို ဦးဆောင် ဖွဲ့စည်းခဲ့သည်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကာလအတွင်း နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခြင်းခံနေခဲ့ရပြန်သည်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး ၂၀၀၃ ခုနှစ်တွင် အထက်မြန်မာပြည်ခရီးစဉ်၌ ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုကြုံခဲ့ရပြီးနောက် ထပ်မံ၍ နေအိမ်အကျယ်ချုပ်ဖြင့်ဖမ်းဆီးခံရပြန်လေသည်။ ၂၀၀၉ ခုနှစ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခါနီးတွင် အမေရိကန်နိုင်ငံသားတစ်ဦး ဝင်ရောက်မှုအတွက် ထောင်ဒဏ်(၃)နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်တွင် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာပြီးနောက် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ကော့မှူးမြို့နယ်မှ အရွေးခံရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း NLD ပါတီ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ယခု နောက်ဆုံး ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLDပါတီမှ အပြတ်အသတ် အနိုင်ရခဲ့လေသည်။

**□ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းရှာပုံတော်**

တံဆိပ်ခေါင်း စုဆောင်းသည့် ဝါသနာရှင်၌ အဓိကအားဖြင့် စုဆောင်းနည်း (၂) မျိုးရှိသည်။ ပထမနည်းမှာ သမားရိုးကျနည်းဖြင့် စုဆောင်းခြင်း (Traditional Collecting) ဖြစ်သည်။ ဤတံဆိပ်ခေါင်းစုဆောင်းနည်းသည် ရှေးရိုးနည်းဖြစ်ပြီး စုဆောင်းသည့်ပုံစံမှာ နိုင်ငံအလိုက်စုဆောင်းရခြင်းဖြစ်သည်။ စုဆောင်းသူဝါသနာရှင်က မိမိရည်ရွယ်သတ်မှတ်ထားသော နိုင်ငံတစ်နိုင်ငံသို့မဟုတ် (၃)၊ (၄) နိုင်ငံတို့မှထုတ်ဝေသော တံဆိပ်ခေါင်းများကို ပြည့်စုံအောင်ရှာဖွေစုဆောင်းသည့်နည်း ဖြစ်သည်။ နောက်တစ်နည်းမှာ အကြောင်းအရာသို့မဟုတ် ခေါင်းစဉ်လိုက်တံဆိပ်ခေါင်းစုဆောင်းနည်း (Thematic Topical Collecting) ဖြစ်သည်။ ဤနည်း၌ တံဆိပ်ခေါင်းဝါသနာရှင်မှာ ထုတ်ဝေသည့်နိုင်ငံကို အဓိကမထားဘဲ မိမိကြိုက်နှစ်သက်ရာ အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ နိုင်ငံစုံမှ ထုတ်ဝေသောထိုခေါင်းစဉ်နှင့်ပတ်သက်သည့်တံဆိပ်ခေါင်းများကိုရှာဖွေစုဆောင်းရခြင်း ဖြစ်သည်။ နိုင်ငံတကာမှ ထုတ်ဝေသော 'ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများ' ကို ရှာဖွေစုဆောင်းခြင်းမှာ အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းစုဆောင်းခြင်း ဖြစ်လေသည်။

ကမ္ဘာပေါ်၌ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းကို ပထမဆုံး ထုတ်ဝေသည့်နိုင်ငံမှာ အာဖရိကတိုက်မှ ဂါဘွန်း (Gabon) နိုင်ငံဖြစ်သည်။ ၁၉၉၅ ခုနှစ်ကပင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်များ စတင်သတိပြုမိကြပြီး မိမိတို့စုဆောင်းမှု (collection) သို့ ရယူဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းကြသည့် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းမှာ နော်ဝေး (Norway) နိုင်ငံမှ ၂၀၀၁ ခုနှစ်ကထုတ်ဝေသော ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်များအား ဂုဏ်ပြုထုတ်ဝေသည့် တံဆိပ်ခေါင်းစုံ (stamp set) မှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းဖြစ်သည်။ နော်ဝေးစာတိုက်ဌာနမှ ထိုတံဆိပ်ခေါင်းစုံထုတ်ဝေရာ၌ ကမ္ဘာ့တိုက်ကြီးများမှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တစ်ဦးစီကိုသာ ရွေးချယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်မှာ အာရှတိုက်ကို ကိုယ်စားပြု၍ တံဆိပ်ခေါင်းစုံ၌ ပါဝင်ခဲ့ခြင်း ဖြစ်ပေသည်။ အခြားကမ္ဘာ့တိုက်ကြီးများကို ကိုယ်စားပြု၍ တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေ ဂုဏ်ပြုခြင်းခံရသောသူများမှာ ဂိုဗာချော့ဗ်၊ နယ်လ်ဆင်မင်ဒဲလား၊ မာတင်လူသာကင်း စသူတို့ ဖြစ်ကြသည်။

နော်ဝေးနိုင်ငံထုတ် ဒေါ်အောင်ဆန်းစုကြည် တံဆိပ်ခေါင်းမှာ (၅.၅၀)



www.burmeseclassic.com

www.burmeseclassic.com

ခရိုနာတန်ဖိုးရှိပြီး ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်တစ်ပိုင်းပုံကို အသားပေးဖော်ပြထားသည်။ နောက်ခံ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် NLD အလံပုံတို့ ပါရှိသည်။ နိုင်ငံအမည်ကို နော်ဝေးဘာသာဖြင့် NOKGE ဖော်ပြထားပြီး အင်္ဂလိပ်ဘာသာဖြင့် Aung San Suu Kyi, 1991 ဟူ၍ ပုံနှိပ်ထားသည်။ ၁၉၉၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆုရရှိခဲ့ခြင်းကို ညွှန်းထားခြင်း ဖြစ်သည်။ နော်ဝေးနိုင်ငံမှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တံဆိပ်ခေါင်းများ ထုတ်ဝေခြင်း၏ ထူးခြားချက်မှာ တံဆိပ်ခေါင်းများနှင့် ပူးတွဲ၍ တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာ(souvenir sheet)ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ထိုမှတ်တမ်းလွှာမှာလည်း တစ်မူထူးခြားလှသည်။ 'နိုဘယ်ဆုများ၏ ဖခင်ကြီး' အဲလ်ဖရက်နိုဘယ်၏ ပုံ ပါရှိပြီး ကမ္ဘာ့တိုက်ကြီးများမှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်များ၏မျက်လုံးအစုံနှင့် ထိုပုဂ္ဂိုလ်တို့၏ ထိုးမြဲလက်မှတ်များကို သီးသန့်ပုံနှိပ်ဖော်ပြထားသည်မှာ လွန်စွာ ပနံရလှပေသည်။ ထိုမျက်လုံးအစုံများအနက် လက်ဝဲဘက်မှရေတွက်သော် ငါးယောက်မြောက်မှာ ဒေါ်အောင်ဆန်းစုကြည်၏မျက်လုံးအစုံနှင့်လက်မှတ်တို့ ဖြစ်သည်။

မြန်မာနိုင်ငံမှတံဆိပ်ခေါင်းဝါသနာရှင်များအဖို့ ထိုစဉ်က နော်ဝေးနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်၏ ကျက်သရေရှိလှသော ထိုတံဆိပ်ခေါင်းကို လက်ဝယ်ရရှိရန် အငမ်းမရ ကြိုးစားအားထုတ်ကြတော့သည်။ နော်ဝေးနိုင်ငံမှ မိမိတို့၏ တံဆိပ်ခေါင်းလဲလှယ်ဖက်မိတ်ဆွေများထံ စာများပို့ကြပြီး တံဆိပ်ခေါင်းများကို မိမိတို့ထံသို့ပို့ပေးပါရန် တောင်းဆိုကြတော့သည်။ လဲလှယ်ခြင်းအနေဖြင့် မြန်မာတံဆိပ်ခေါင်းထဲမှ ကြိုက်နှစ်သက်ရာ တောင်းဆိုပါ။ မဖြစ်မနေပို့ပေးပါမည့်အကြောင်း ရေးသားကြသည်။ လဲလှယ်ရာတွင် အသာစီးမယူကြရုံသာမက ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများရယူလိုကြ၍ တန်ဖိုးကြီးတံဆိပ်ခေါင်းများကိုပင်ပေးပါရစေ၊ လဲလှယ်ကြမည်ဟု ကမ်းလှမ်းကြသည်။

ထိုအချိန်ကာလမှာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားချိန်ဖြစ်ရာ နော်ဝေးမှ ဝါသနာရှင်များကလည်း ကရုဏာသက်ကာ မြန်မာဝါသနာရှင်များထံသို့ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို စာတိုက်မှတစ်ဆင့်ပို့ပေးကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ မည်သည့် တံဆိပ်ခေါင်းဝါသနာရှင်မှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို လက်ခံရရှိခြင်းမရှိကြပေ။ အဘယ်ကြောင့် 'ပို့ကားပို့၏မရ'ဖြစ်ရပါသနည်း။ နောင်အခါတွင် ပြည်ပနိုင်ငံများမှ ထုတ်ဝေသော စာစောင်များမှ ဆောင်းပါးများကို ဖတ်ရှုကြသည့်သော် ထိုစဉ်က မြန်မာအစိုးရမှာ နော်ဝေးနိုင်ငံမှ ချောစာများကို ကန့်သတ်ထိန်းချုပ်ထားခဲ့ပြီး အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းပါရှိသောချောစာများကို ပေးဝေခြင်းမရှိခဲ့သည်ကို သိကြရပေသည်။

ဤသို့ဖြင့် ခဲလေသမျှ သဲရေကျပြီး ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများ လက်ဝယ်ရရှိရေးမှာ မြန်မာဝါသနာရှင်တို့အဖို့ ကြီးမားစွာသောခက်ခဲမှုများဖြင့် ကြုံကြရလေတော့သည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းရှာပုံတော်ဖွင့်ခန်းမှာ ဤမျှဖြင့် အဆုံးသတ်သွားသည်တော့ မဟုတ်ပါပေ။ နော်ဝေးနိုင်ငံမှ ပေးပို့သော ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကိုပိတ်ပင်ထားပါလျက်နှင့် အဘယ်ကြောင့် ဤဆောင်းပါးနှင့် ပူးတွဲ၍ ထိုတံဆိပ်ခေါင်းများကို နမူနာပုံများအဖြစ် ပြသနိုင်ရပါသနည်း။

ဤစာရေးသူ၏ တံဆိပ်ခေါင်းလဲလှယ်ဖက်မိတ်ဆွေဖြစ်သူ နော်ဝေးနိုင်ငံမှ ခရစ်ယာန်ဘုန်းတော်ကြီးအား ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို မလေးရှားနိုင်ငံရှိ ဝါသနာရှင်တစ်ဦးထံပို့ပေးပါရန် မေတ္တာရပ်ခံခဲ့ရာ မလေးရှားနိုင်ငံမှ ဝါသနာရှင်ထံသို့ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစုံများ ရောက်ရှိလာပါသည်။ မလေးရှားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ချောစာဖြင့်တံဆိပ်ခေါင်းများပေးပို့ရာ ချောမောစွာပင် ရောက်ရှိပြီး လက်ခံရရှိပါတော့သည်။ ထို့ကြောင့် ဤဆောင်းပါးနှင့်ပူးတွဲ၍ ဒေါ်အောင်ဆန်းစုကြည်၏ နော်ဝေးထုတ် တံဆိပ်ခေါင်းများကို ဖော်ပြနိုင်ခြင်း ဖြစ်သည်။

**□ ဒေါ်အောင်ဆန်းစုကြည်**
**ဂုဏ်ပြုတံဆိပ်ခေါင်းများ**

ကမ္ဘာပေါ်၌ ခေါင်းစဉ်အလိုက်တံဆိပ်ခေါင်းစုဆောင်းခြင်းဆိုင်ရာကဏ္ဍတွင် အကြီးအကျယ်ဆုံးနှင့် အသင်းဝင်အများဆုံးသော အပြည်ပြည်ဆိုင်ရာအထင်ကရအသင်းကြီးမှာ အမေရိကန်ခေါင်းစဉ်လိုက်တံဆိပ်ခေါင်းစုအသင်းကြီး (American Topical Association ATA) ဖြစ်သည်။ ထိုအသင်းကြီးမှ ခေါင်းစဉ်အမျိုးမျိုးအတွက် လေ့လာရေးအဖွဲ့ငယ်များ (study groups)၊ သုတေသနလုပ်ငန်းများ (research)၊ ခေါင်းစဉ်လိုက်တံဆိပ်ခေါင်းစာရင်းများ (check lists) . . . စသည့် လေ့လာပြုစုမှုများကို အခြားတံဆိပ်ခေါင်းအသင်းကြီးများထက် ပိုမို နှံ့စပ် သေချာအောင် ပြုလုပ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများထုတ်ဝေမှုမှာ ရပ်တန့်သွားသည်မရှိဘဲ ဟိုနိုင်ငံဒီနိုင်ငံတို့မှ ဆက်လက် ထုတ်ဝေလျက်ရှိသော်လည်း အမေရိကန်ခေါင်းစဉ်လိုက် တံဆိပ်ပေါင်းစုအသင်းကြီး-ATA ၌ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများစာရင်းပြုစုထားခြင်းရှိ မရှိကိုမူ မသိကြရပေ။ အကယ်၍ ATAမှ ထိုစာရင်းပြုစုထားနိုင်ခြင်းမရှိပါက ဖြစ်သင့်သည်မှာ နိုင်ငံခြားရပ်တွင်ရောက်ရှိနေသော မြန်မာနိုင်ငံသား တံဆိပ်ခေါင်း ဝါသနာရှင်တစ်ဦးဦးမှ ATA ၏ အကူအညီယူ၍ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ လေ့လာသုတေသနပြုပြီး နိုင်ငံတကာမှ ထုတ်ဝေထားသော ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများစာရင်းကိုရှာဖွေပြုစုနိုင်မှသာ ဖြစ်မြောက်နိုင်လိမ့်မည်ထင်သည်။ မြန်မာနိုင်ငံအတွင်းမှ တံဆိပ်ခေါင်းဝါသနာရှင်မဟုတ်ဘဲ ပြည်ပရောက်မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဦးမှ ထိုစာရင်းများကိုပြုစုရန် အကြံပြုရခြင်းမှာ ပြည်ပနိုင်ငံတစ်နိုင်ငံကမှသာ နိုင်ငံတကာ တံဆိပ်ခေါင်းများကို လက်လှမ်းမီ လေ့လာနိုင်ခြေရှိသောကြောင့် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများ စာရင်းပြုစုခြင်းကို ဤမျှ အလေးထား အကြံပြုပြောကြားနေရခြင်းမှာ စာရင်းဆိုသော်လည်း သာမန်စာရင်းမဟုတ်ဘဲ 'စစ်ဆေးစာရင်း' (checklist) ကို ဆိုလိုသောကြောင့် ဖြစ်သည်။ စစ်ဆေးစာရင်းတို့မည်သည်မှာ တံဆိပ်ခေါင်းကဟ်တလောက်မှ ကူးယူထားသော စာရင်းမျိုးမဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သော စာတိုက်ထုတ် အထူးစာအိတ်များ (special covers)၊ အထူးစာပို့ အမှတ်အသားများ (special post-marks) . . . စသည့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ (philatelic materi-



www.burmeseclassic.com

www.burmeseclassic.com

als) အားလုံး ပါဝင်သောစာရင်း ဖြစ်သောကြောင့်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစစ်ဆေးစာရင်းကို မြန်မာနိုင်ငံသား ဝါသနာရှင်တို့ကမှ ရှာဖွေမပြုစုကြလျှင် မည်သူက ပြုစုပါမည်နည်း။ နိုင်ငံတကာမှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို မကြာခဏဆိုသလို ထုတ်ဝေလျက်ရှိလေရာ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစာရင်းကိုပြုစုရန် အမှန်တကယ် လိုအပ်လျက်ရှိပြီး ဤစာရင်းမပြုစုနိုင်ပါက မြန်မာ့တံဆိပ်ခေါင်းဝါသနာသမိုင်းတွင် ကွက်လပ်တစ်ခု လစ်ဟာနေမည်ကို တံဆိပ်ခေါင်းဝါသနာရှင်တိုင်း လက်ခံကြလိမ့်မည် ဖြစ်သည်။

အထက်ပါ စာပိုဒ်တွင် ရှင်းလင်းရေးသားခဲ့သည်များမှာ စိတ်ဆန္ဒစိတ်ကူးမျှသာ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစာရင်း ရရှိနိုင်ရန် မည်သို့မည်ပုံဆောင်ရွက်သင့်သည့်သီဝရီသဘောသာဖြစ်သည်။ သို့ရာတွင် အမှန်တကယ် အကောင်အထည်ဖော်စာရင်းပြုစုရရှိနိုင်ရန်မှာ ကမ္ဘာတစ်လွှားတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသားတံဆိပ်ခေါင်းဝါသနာရှင်တို့ထံသို့ ဤသတင်းစကားရောက်ရှိမှသာ ဖြစ်နိုင်ပေမည်။ ထို့ကြောင့် ဤစာရေးသူနှင့် နောက်ဝါသနာရှင်တစ်ဦးတို့က ပူးတွဲ၍ ပြည်ပနိုင်ငံများရှိ မြန်မာတံဆိပ်ခေါင်းများကို စိတ်ဝင်စားကြသူတို့မှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစစ်ဆေးစာရင်း ပြုစုကြပါရန် နှိုးဆော်သည့် ဆောင်းပါးတိုလေးတစ်ပုဒ်ကို နိုင်ငံတကာသို့ဖြန့်ချိသော 'မြန်မာဥဒေါင်းတံဆိပ်ခေါင်း' ဂျာနယ်၌ ၂၀၁၃ခုနှစ်က ရေးသားခဲ့ကြသည်။

ဤသို့ရေးသားပြီးနောက် (၂)နှစ်အကြာတွင် စင်ကာပူနိုင်ငံတွင်နေထိုင်သော တံဆိပ်ခေါင်းဝါသနာရှင် ဦးတိုးကျော်ကြားမှ ထိုဆောင်းပါးကို ဖတ်ရှုရ၍တုံ့ဆိုကာ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းစစ်ဆေးစာရင်းကို မြန်မာဥဒေါင်းတံဆိပ်ခေါင်းဂျာနယ် (The Burma Fantial) တွင် ၂၀၁၅ ခုနှစ်က ပုံနှိပ်တင်ပြနိုင်ခဲ့သည်။

ဤစာရင်းအရ ယခုအချိန်အထိ ကမ္ဘာပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်စပ်သော တံဆိပ်ခေါင်းဆိုင်ရာပစ္စည်း(၁၅)မျိုး ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ဤဆောင်းပါးနှင့် တွဲဖက်ပြသထားရာ၌ စုစုပေါင်းအားဖြင့် (၁၃) မျိုးဖြစ်ပြီး ဂီနီနိုင်ငံထုတ် တံဆိပ်ခေါင်း(၃)မျိုးကိုပေါင်းစည်းပြသထားခြင်းဖြစ်သည်။ ဤ ဆောင်းပါးအတွက် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းစာရင်းကို နံပါတ်စဉ်ထိုး၍ပြုစုထားရာ နိုင်ငံအမည်၊ တံဆိပ်ခေါင်းဒီဇိုင်းပုံနှင့် ကွင်းစ၊ ကွင်းပိတ်အတွင်း၌ ထုတ်ဝေသည့် ခုနှစ်တို့ကို ဖော်ပြထားပါသည်။

၁။ ဂါဘွန်းနိုင်ငံ(Gabon)မှ ဒေါ်အောင်ဆန်းစုကြည်ပုံတံဆိပ်ခေါင်း(၁၉၉၅)၊
၂။ ဆီယာရာလီယွန်းနိုင်ငံ (Sierra Leone)မှ ဒေါ်အောင်ဆန်းစုကြည်ပုံတံဆိပ်ခေါင်း (၁၉၉၅)၊
၃။ နီကာရာဂွါနိုင်ငံ (Nicaragua) မှ ဒေါ်အောင်ဆန်းစုကြည်နှင့်မန္တလေးမြို့ရိုးတံဆိပ်ခေါင်းမှတ်တမ်းလွှာ (၁၉၉၆)၊
၄။ နော်ဝေးနိုင်ငံ (Norway) မှ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် NLD အလံတံဆိပ်ခေါင်း (၂၀၀၁)၊
၅။ နော်ဝေးနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်မျက်လုံးအစုံနှင့် ထိုးမြလက်မှတ်တံဆိပ်ခေါင်း မှတ်တမ်းလွှာ (၂၀၀၁)၊
၆။ ဆူရနမ်နိုင်ငံ (Suriname) မှ ဒေါ်အောင်ဆန်းစုကြည်ပုံတံဆိပ်ခေါင်း (၂၀၀၆)၊
၇။ ဂီနီနိုင်ငံ (GuinEa) မှ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းမှတ်တမ်းလွှာ (၂၀၀၈)၊
၈။ ကိုးမိုးရိုးစ်ကျွန်းနိုင်ငံ (Comoros) မှ ဒေါ်အောင်ဆန်းစုကြည်နှင့်ရဟန်းငယ်များ (၂၀၀၉)၊
၉။ မာလီနိုင်ငံ (Mali) မှ ဒေါ်အောင်ဆန်းစုကြည်၊ သစ်ခွနှင့် လိပ်ပြာတံဆိပ်ခေါင်းမှတ်တမ်းလွှာ(၂၀၀၉)၊
၁၀။ တိုဂိုနိုင်ငံ (Togo) မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူလူထု (အခြားပုဂ္ဂိုလ်များမှာ မာသာထရီဇာနှင့် ဘနဇာဘူတို) တံဆိပ်ခေါင်းမှတ်တမ်းလွှာ (၂၀၁၁)၊
၁၁။ ဂီနီနိုင်ငံ (Guinea) မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ခမောက်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်ပြည်သူလူထု၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ရဟန်းငယ်တံဆိပ်ခေါင်းများ (၂၀၁၂)၊
၁၂။ ဂီနီနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်နှင့်ပုဂံရှုခင်းတံဆိပ်ခေါင်းမှတ်တမ်းလွှာ (၂၀၁၂)၊
၁၃။ စတိုမေးနှင့် ပရိစိပေးနိုင်ငံ (Sao Tome & Principe) မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ပုဂံရှုခင်းတံဆိပ်ခေါင်းတို့ ဖြစ်သည်။

**□ မြန်မာ့ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်း**

အထက်ဖော်ပြပါ စာရင်းကို လေ့လာဆန်းစစ်ကြည့်ပါက ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းများကို ကမ္ဘာ့ဝေးလံခေါင်ဖျားနိုင်ငံများမှ ထုတ်ဝေထားသော်လည်း မိခင်ရင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှထုတ်ဝေထားသည်ကို တွေ့ရှိရခြင်းမရှိသည်ကို မြင်တွေ့ရမည်။ အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဝေနိုင်ခြင်းဖြစ်သည်ဆိုသည့်တိုင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုကိုလက်ခံရရှိထားသူ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ဂုဏ်ပြုတံဆိပ်ခေါင်းထုတ်ဝေသင့်ပေသည်။ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အစိုးရသစ်တစ်ရပ် တက်ရောက်လာတော့မည်ဖြစ်ရာ ထိုအချိန်ရောက်လျှင် ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်းကို မြန်မာနိုင်ငံမှ ထုတ်ဝေတော့မည်ဟု တထစ်ချယုံကြည်ကြရန် မဖြစ်နိုင်ပေ။ ဒေါ်အောင်ဆန်းစုကြည်၏ အခြေခံသဘောထားမှာ တိုင်းပြည်အတွက် အလွန်အရေးကြီးသော လုပ်ငန်းကြီးများကိုသာ ဦးစားပေးလုပ်ကိုင်ပြီး တံဆိပ်ခေါင်းထုတ်ဝေခြင်းကဲ့သို့သော ကိစ္စများအတွက် အားပေးလိုပုံမရပေ။ တံဆိပ်ခေါင်းဝါသနာရှင်များ၊ ချစ်ခင်လေးစားကြသူများက မည်မျှပင် ဒေါ်အောင်ဆန်းစုကြည်၏ပုံကို တံဆိပ်ခေါင်းပေါ်၌ မြင်တွေ့လိုကြသည်ဖြစ်စေ ကာယကံရှင်ကိုယ်တိုင် သဘောမတူပါက တံဆိပ်ခေါင်းထုတ်ဝေ၍ရမည်မဟုတ်ပေ။ မကြာမီတက်လာတော့မည့် အစိုးရသစ်အပေါ် အစစအရာရာစောင့်ကြည့်ကြမည့်အထဲတွင် တံဆိပ်ခေါင်းဝါသနာရှင်များကမူ ဒေါ်အောင်ဆန်းစုကြည်တံဆိပ်ခေါင်း ထုတ်ဝေမည်၊ မထုတ်ဝေမည်ကို အရေးကြီးကိစ္စရပ်အနေဖြင့် သဘောထား၍ စောင့်ကြည့်နေကြမည် ဖြစ်လေသည်။

ကြည်သွင်

**ကိုးကားမှုများ**


၁။ Peter Popham (2012) The Lady and the Peacock; The Life of Aung San Suu Kyi. Rider, Londm.

၂။ Toe Kyaw Kyar (2015) A Mya-nmar Theme; Aung San Suu Kyi.TBF Journal Vol 12 No 3.

www.burmeseclassic.com



(စလေ)

# နေ့အောင်လင်း

## လူ့ဝင်စား မိဖား

ပုထုဇဉ် လူသားများအဖို့ သောတာပန်၊ သဒါဂါမိ၊ အနာဂါမိ အရိယာသူတော်စင်၊ တစ်မဂ်တစ်ဖိုလ် မရသေးသမျှ နိဗ္ဗာန်မရောက်သေးမီ စပ်ကြားတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည့် တရားမရကြသဖြင့် ဘဝ သံသရာကား ရှည်လှသည်။ သုဂတိ ဘုံမှာဖြစ်လိုက်၊ ဒုဂ္ဂတိဘုံမှာ ကျင်လည် လိုက်နှင့် ကာမဘုံသားတို့ဘဝကား ဆုံလည်နွားသို့ပမာ၊ ကရွတ်ပေါ် ကင်းလျှောက်သလို ဝိုင်းကြီးပတ်ချာ သံသရာကား မဆုံးနိုင်တော့။

သေပြီးရင်းသေကြ၊ တစ်ဘဝပြီး ရင်းတစ်ဘဝနှင့် နိဗ္ဗာန်မရသေးမီကြား ကာလမှာတော့ ဘဝတွေကများများ သံသရာခရီးကားရှည်လှသည့် ဘဝ သံသရာခရီးသည်များပင် မတုတ်ပါ လား။

ဖားဘဝက လူဝင်စားဖြစ်လာရ သည့် သွယ်သွယ်အောင်သူ ကလေးမ လေးသည်လည်း သံသရာခရီးသည် တစ်ဦးပင် ဖြစ်သည်။

"ဟဲ့ - သမီးသွယ်သွယ်အောင်၊ ငါ့သမီးကလည်း အိမ်ပေါ် ခုတင်ပေါ် အိပ်ပါဆို မအိပ်ဘူး။ ညည်းကြည့်လိုက် ရင် ဘယ်လောက် အဖေ၊ အမေက ပုခက်ထဲ ခုတင့်ပေါ် သိပ်ထားသိပ်ထား မြေကြီးပေါ်မှာဆင်းပြီး ဖားကလေးလို ဝပ်နေတာပါပဲလား။ ငါ့သမီးလေးကိ တော့ အမေထင်တဲ့အတိုင်း ဖားမလေး ဝင်စားတာသေချာပါတယ်။ အခုလည်း မြေကြီးပေါ်မှာ ကျင်းကလေးခွက်ပြီး ဖားကလေးတစ်ကောင်လို ဝပ်ဝပ်ပြီးအိပ် နေတတ်တာ သနားပါတယ်။ လာလာ၊ သမီး လာ။ အမေနို့တိုက်မယ်"

ဟု ဆိုကာ ခုတင်အောက်မြေကြီး ပေါ်ဝပ်နေသည့် သမီးငယ်အားဖုတ်ဖက် ခါပြီး ရင်ခွင်ထဲသွင်းကာ နို့တိုက်ထား လိုက်သည်။

သမီးငယ် နို့စို့ရင်းအိပ်ပျော်နေစဉ် မိခင်ဖြစ်သူကတော့ လွန်ခဲ့သည့် (၂) နှစ် ကျော်စီက အဖြစ်အပျက်တစ်ခုအား သွား၍သတိရနေမိသည်။

ဝါဆို၊ ဝါခေါင်လ မိုးလယ်မြေပဲ၊ ဝါဆိုမြေပဲတွေ ကြဲလို့ပြီးသဖြင့် အပင် သက်တမ်းပင် (၁) လကျော်လာသည့် အချိန် မြေပဲပင်တို့လည်း လှိုင်လှိုင်ပွင့်နေ ချိန်လည်း ဖြစ်သည်။

ဒီနှစ် မိုးလယ် မိုးကောင်းတော့ မြေပဲပင်နှင့် ပေါင်းပင်က အပြိုင်ကြီးကြ သည်။ ပေါက်ကြသည်။ တောင်သူတွေ ပေါင်းနုတ်ပေါင်းထိုးလှိုင်ချိန်လည်းဖြစ် သည်။ လယ်ယာလုပ်ငန်းခွင်မှာကလည်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေ့ပြောင်းအလုပ်သမားခေါ်တဲ့ အလုပ်အကိုင် အခြေတကျမရှိသူများအဖို့၊ ယာမြေချောင်းမြေကျယ်ကျယ်ဝန်းဝန်း ချိတြသူများအဖို့ ရေကြည်ရာ မြက်နုရာဆိုသလို အလုပ်အကိုင်အခွင့်အလမ်းကောင်းပြီး ဝင်ငွေများများရနိုင်မည့်နေရာ မလေးရှား၊ စင်ကာပူ၊ တရုတ်ပြည်နယ်စပ်၊ ထိုင်းနိုင်ငံ စတဲ့ နေရာစီသွားကာလုပ်ကိုင်နေကြသဖြင့် ယာသမားလယ်သမားတို့အဖို့ ယာကူလီ၊ လယ်ကူလီအလုပ်သမားက ရှားမှရှားသည်။

နယ်ထွက်အလုပ်လုပ်သူများတော့ မြေပဲပေါင်းသင်းချိန်၊ စပါးစိုက်ချိန် ရိတ်သိမ်းချိန်တွေမှာ ရိတ်ချိန်မရိတ်ရ၊ ပေါင်းသင်းချိန်မသင်းရနှင့် အလုပ်သမားရှားသည့်ပြဿနာကြုံနေရတာ ဆယ်စုနှစ်ဝက်နီးပါး ကြုံတွေ့နေရသည်။ ဤအဖြစ်မျိုးကား တောင်သူတို့ နှစ်စဉ် ကြုံတွေ့နေရသည်။

တောင်သူများအဖို့ တစ်ဖက်နိုင်ငံလို နယ်စပ်ဒေသတို့မှာကဲ့သို့ တစ်နေ့အလုပ်သမားတစ်ယောက်ဝင်ငွေမပေးနိုင်တာလည်းကွာသည်။ နယ်စပ်ဒေသတွေမှာ ပန်းရန်နောက်လိုက်အလုပ်သမားတစ်ယောက်ဝင်ငွေက စရိတ်ငြိမ်း (၃၅၀၀)အောက်ကြေးပေါက်သော်လည်း ယာကူလီ၊ လယ်ကူလီက မြေပြန့်ဒေသမှာ ကိုယ်ထမင်းကိုယ်စားကာ မနက်တစ်ထောင်၊ ညတစ်ထောင် ဒီထက် မပိုနိုင်သည့်ဝင်ငွေ။ ထိုကဲ့သို့ပေးနိုင်တာကလည်း အလုပ်လျှိုင်သည့် ကြလှဲ့ချိန်နဲ့ သိမ်းဆည်းချိန်ကာလကလွဲလျှင် တခြားအချိန် လူတစ်ယောက် တစ်မနက် (၇၀၀) ပင်ခေါ်မည့်သူမရှိလို့ ရွာမှာမနေ ထစ်နယ်ထွက်ကာအလုပ်လုပ်ကြသဖြင့် ယာသမားလယ်သမားတွေ အလုပ်သမားရှားတဲ့ ဒဏ်ခံကြရပြီပေါ့။

ယာသမား၊ လယ်သမားတို့အဖို့ ဒီထက်ပိုပြီးလည်း အလုပ်သမားခ ပို၍ အကျမခံနိုင်။ ရလာသည့်အထွက်နှုန်း၊ ဈေးကွက်နှင့်က လုံးဝမကိုက်။ မျိုးဝယ်ရတော့တစ်ဈေး၊ တောင်သူတွေ ပြန်ရောင်းရတော့တစ်ဈေး၊ နယ်စပ်ဒေသကုမ္ပဏီလုပ်ငန်းရှင်တွေပေးတဲ့လုပ်အားခ တောင်သူလယ်သမားတွေ မပေးနိုင်။ တခြားနိုင်ငံမှာ အလုပ်သွားလုပ်သူတွေလို လုပ်အားခမပေးနိုင်တော့ တောင်သူတွေအဖို့ စိုက်ချိန်၊ ရိတ်ချိန် အလုပ်သမားအခက်ကြုံရတာ လေး၊ ငါးနှစ်ဝန်းကျင်ပင်ရှိတော့မည်။

ဒီကနေ့ကလည်း ဒေါ်အေးပေါင်းနုတ်လူငှားမရတာနှင့်အတူတူ





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တစ်နေ့ မွန်းတည့်နေကျိုး နေဝင်မိုးချုပ် တစ်ယောက်တည်း ဒိုင်ခံ ပေါင်းနုတ်၊ မြက်ထိုးလိုက်၊ ရေမြောင်းရှင်း၊ ရေသွင်းလိုက်နှင့် ကြုံသလိုလုပ်ကိုင်လာခဲ့သည်။

ပေါင်းနုတ်ပြီးသွားပြန်တော့လည်း နောက်တစ်နေ့ စပါးခင်းက ရေသွင်းရဦးမည်ဖြစ်၍ ပေါင်းနုတ်နားပြီး ရေလာမြောင်းအတွင်း ပေါင်းမြက်နှင့်သဲတို့အား ပေါက်တူးနှင့်ပေါက်လိုက်၊ ပေါင်းဖက်တို့အား ကောက်တင်လိုက်လုပ်ရသည်။ တစ်ခါ သဲတို့အား ဂေါ်ပြားနှင့် ပေါင်ပေါ်သက်တင်ရပြန်သည်။

"နောင်. . . ဒေါင်"

"နောင်. . . ဒေါင်"

"နောင်. . . ဒေါင်"

ရွာဦးကျောင်းက ဆွမ်းစားအားစည်ထိုးတုံးခေါက်သံကြားရသည့်အချိန်ပင် အလုပ်ကမနားနိုင်သေး။ မြောင်းကလေးပြီးဖို့က ဝါးတစ်ရိုက်သာလိုတော့၏။ ဒီတော့နောက် ဒေါ်အေး ပေါက်တူးတစ်ခါကောက်ကိုင်ပြီး မြောင်းထဲ ဆလံခုတ်သလို ပေါင်းပင်ငယ်တို့အား ခပ်ရှပ်ရှပ်ပေါက်ရပြန်သည်။

နောက်တစ်လောပေါက်၍ ပေါက်တူးလေးငါးချက်ပဲပေါက်ရဦးမည်။ ကိကိနှင့် အသံအော်မြည်လျက် ပေါက်ပြားအသွားတွင် ရွှံ့နှင့်အတူ ဖားကလေးတစ်ကောင်ကပ်ပါလာသည်။အကောင်းပကတိမဟုတ် ပေါင်တစ်ဖက်ပြတ်နှင့်ပြုတ်ကျလာသည်။

အမလေး,တကာ ဒေါ်အေးအော်မိသည်။ လယ်ဖားကလေး ပေါက်တူးနှင့် ခုတ်မိသွားပြီ။ ဖားကလေးကား နာကျင်လွန်း၍တကိကိအော်မြည်လျက်ရှိသည်။

"ငါ ညည်းကို သက်သက်မဲ့ပေါက်တာ မဟုတ်ပါဘူးအေ။ မတော်လို့ လုပ်ငန်းပြီးချင်ဇောနဲ့ ခုတ်မိသွားတာပါ။ နင်ပေါင်တစ်ဖက်ပြတ်သွားတာ ငါတော့ မသေမရှင်နဲ့ထားခဲ့ရင်လည်း ဝဋ်လိုက်တော့မှာပဲ။ ဝဋ်လိုက်တော့မခံဘူး။ နင့်ကို ငါသေအောင်သတ်မယ်။ နောက်ပြီး ငါနဲ့လိုက်ခဲ့"

ဟု ဆိုကာ ပေါင်တစ်ဖက်ပြတ်နေသည့် ဖားကလေးအား ပေါက်တူးနှင့် သေအောင်ခုတ်သတ်ကာ မြေကြီးထဲဖို့ပစ်လိုက်သည်။

ထိုသို့ပြုလုပ်ရပေမင့် ဒေါ်အေးရဲ့စိတ်ထဲကတော့မကောင်း။ ဒါပေမယ့်လည်းမတတ်နိုင်။ ဝဋ်အမြဲ ငရဲ အပတဲ့။ ဖားကလေးမသေဘဲ ပေါင်တစ်ချောင်းပြတ်နှင့် တစ်သက်လုံးနေရလျှင် အဲဒီဝဋ်လိုက်မှာကြောက်သည်ဆိုကာ တစ်ခါတည်းလက်စပြတ်လုပ်ပစ်လိုက်ရခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်တို့အား မေ့မေ့ပျောက်ပျောက်ရှိနေချိန် (၅) လ (၆)လအကြာ သူမတွင်ကိုယ်ဝန်ရှိလာခဲ့သည်။ ကိုယ်ဝန်အရင့်အမာနှင့်ရှိနေချိန်လည်း လွန်ခဲ့သည့် ဝါတွင်းကာလ ရေမြောင်းရှင်းချိန် ဖားကလေးတစ်ကောင်အား ပေါက်တူးပေါက်မိ၍ အသေသတ်ကာထားရစ်ခဲ့သည့်အဖြစ် မကြာခဏဆိုတာလို သတိရနေမိသည်။

မမွေးမီ တစ်လ၊ နှစ်လအလိုတွင်လည်း အိမ်မက်နှစ်ကြိမ်၊ သုံးကြိမ်မက်သည်။ ဖားကလေးအား ပေါက်တူးနှင့် ပေါက်သတ်ပြီး ငါနဲ့လိုက်ခဲ့ဟုပြောခဲ့သည့်အဲဖြစ်အား အိမ်မက်မက်ခဲ့သည်။

သည့်နောက်ပိုင်း သမီးကလေး သွယ်သွယ်အောင်ကို မွေးဖွားခဲ့သည်။ ခပ်ငယ်ငယ်လေးဖက်တွားအရွယ်ကနေ မတ်တတ်ပြေးအရွယ်ရောက်သည့်တိုင် နေ့ခင်းဘက် ကစားနေချိန်ကလွဲလျှင် တစ်ခါတစ်ရံ မြေကြီးပေါ် ဖားဝပ်သလိုဝပ်ပြီးအိပ်ကာနေတတ်သည်။ အေးအေးလူလူပင်နေတတ်သလို ဖားတစ်ကောင်ကဲ့သို့ပင် တစ်ယောက်တည်းဆိုလျှင် ဖားဝပ်သကဲ့သို့ ဝပ်၍နေတတ်သည်။ မိခင်ဖြစ်သူကလည်း ဖားကလေး ဝင်စားတာဟုဆိုကာ၊ နာမည်ရင်းမခေါ် မိဖား၊ ဖားမနှင့်ခေါ် သည်။

အခုတော့ ဖားမလေးဝင်စားသည့် သွယ်သွယ်အောင်ပင် နှစ်နှစ်ကျော် သုံးနှစ်အရွယ် ကလေးဖော်တွေနှင့်အတူ မတ်တတ်ပြေးဆော့ကစားရင်းစကားလည်းပြောဆိုတတ်သည့်အရွယ်ရောက်လာသည်။

တစ်နေ့ မြေပဲထွန်နေသည့်မြေပဲဝိုင်းတွင် ဒေါ်ခင်စန်း၊ မကြည်မြတို့က-

"ညည်းက ဖားမလေးဝင်စားတယ်ဆို"

မေးတော့ -

"အင်း - ဟုတ်တယ်"

ဟု ပြောပြီး -

သူ့ကို အမေအေးကသတ်ပြီး ထားပစ်ခဲ့တာ၊ သူ့မှာ ဖားအဖေနဲ့ အမေလည်းရှိတယ်ဟု ပြောပါသည်။

"ညည်းက ဖားဘဝဘယ်နားမှာနေလဲ"

မေးတော့ -

"ရေမြောင်းနားနေတယ်"

ဟု ဆိုသည်။

ဖားတွေက ဘယ်လိုသွားလဲမေးသည့်အခါ ဖားခုန်သကဲ့ခုန်၍ခုန်၍ပြတာတွေ့ရသည်။

မိဘဖြစ်သူ ဒေါ်အေးက -

"ကျုပ်သမီးက မိဖားဝင်စားတာ သေချာပါတယ်။ ဒါကြောင့်နေမှာ သူငယ်ငယ် အိပ်ရာထဲသိပ်ထားတုန်း နေ့ခင်းကြောင်တောင် မျက်နှာပေါ် ဖားတစ်ကောင် ခုန်တက်လာတာတွေ့လိုက်ရတယ်။ ကျုပ်တော့ ဖားခုန်တက်လာတော့ လန့်ဖျပ်များသွားမလား၊ မျက်စိတွေများ လက်နဲ့ကုတ်ခြစ်မိမလား စိုးရိမ်လို့ကြည့်တော့ ကလေးကနိုးတောင်မနိုးဘူး"

သူ့ဖားအဖေ၊ အမေတွေက သူ့သားသမီးဆီလာကြည့်တာလည်း ဖြစ်နိုင်သည်ဟု ပြောဆိုလျက်ရှိသည်။

တစ်နေ့ မိုးရွာသည့်နေ့ မိဖားက အိမ်လည်ရာကပြန်အလာ ကျွန်တော်က -

"မိဖား၊ ညည်းက ဖားဘဝက လာတာဆိုတော့မိုးရွာတာကြိုက်လား၊ မိုးရွာတော့ အေးတာပေါ့"

ဟု ဆိုရာ -

"ကြိုက်တယ်၊ ကြိုက်တယ်"

ဟု ပြောပါသည်။

ထိုသို့မေးချိန်တွင် သူ့အဖေ၏လက်ထဲပွေ့ချီထားချိန်လည်းဖြစ်သည်။

မိဖား (ခေါ်) သွယ်သွယ်အောင်၏ ဖခင် ဖြစ်သူ ကိုသန်းနိုင်မြင့်၊ မိခင်ဒေါ်အေးတို့တွင် မိခင်ကြီး ဒေါ်ရွှေအေးနှင့်အတူ သမီးမမြသွေး၊ သားမောင်အောင်မျိုးကျော်၊ ယခု အငယ်ဆုံး မိဖားဝင်စားသည့် သွယ်သွယ်အောင်နှင့် မိသားစု (၆) ယောက်ရှိကာ တောင်သူယာလုပ်ခြင်းနှင့်အသက်မွေးလျက် ရွာတွင်နေထိုင်လျက်ရှိပါသည်။

နိဗ္ဗာန်မရမီစပ်ကြား ပုထုဇဉ်လူသားများအဖို့ ဘဝသံသရာကားရှည်လျားလှပေသည်။ ကာမဘုံသားဆုံလည်နွား၊ ကရွတ်ကင်းပေါ်ကင်းများလျှောက်သလို ဘဝသံသရာကားဝိုင်းကြီးပတ်ချာ သံသရာမဆုံးနိုင်တော့။

ဖားဘဝက လူဝင်စားဖြစ်လာရသည့်သွယ်သွယ်အောင်ဆိုတာကလည်း ကာမဘုံသားတစ်ယောက်၊ သံသရာခရီးသည်တစ်ယောက်ပင် မဟုတ်ပါလား။

နေအောင်လင်း(မလေ)



www.burmeseclassic.com

www.burmeseclassic.com



# ရဲမြတ်တင်

## ထက်မြက်စွမ်းအားပိုင်ရှင်

ကျွန်တော်၏ အမည်မှာ မောင်ဘိုးခင် ဖြစ်ပါသည်။ ကျွန်တော်၏ ဇာတိကား ကသာနယ်အတွင်းမှ သစ်ဆိမ့် အမည်ရှိကျေးရွာတစ်ရွာ ဖြစ်သည်။ ကျွန်တော့်အနေနှင့် ပညာတတ်မျိုးရိုးမှ ဆင်းသက်လာသည်ဟု မဆိုနိုင်သော်ငြား ထိုစဉ်က အလွန်ရှားပါးလှသော ဘင်္ဂလားစာမေးပွဲ(ခေါ်)ကိုးတန်းကို အောင်မြင်ခဲ့သူဖြစ်ရာ ကျေးရွာအတွင်း၌ လွန်စွာမှ မျက်နှာပွင့်ခဲ့ပါလေသည်။ တစ်ဖန် ထိုသို့ မျက်နှာပွင့်မှု



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပင်လျှင် ကျေးရွာကွမ်းတောင်ကိုင်ဖြစ်သူ မရွှေမှီ၏မေတ္တာပန်းကို ဆွတ်ချူလှမ်းကိုင်ခွင့်ရရှိခဲ့ပြီးလျှင် ထိုမရွှေမှီနှင့်ပင် လက်ဆက် ထိမ်းမြားခွင့်ရရှိခဲ့သည်အထိ ခရီးပေါက်ခဲ့ရပါလေသည်။

အိမ်ထောင်ကျပြီးနောက် မကြာမီပင် ကျွန်တော်က ကသာမြို့ပေါ်ရှိ သစ်တောဘက်ဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ထိုသစ်တောဌာန၌ပင် တောလိုက်စာရေးဘဝမှ စတင်ကာ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ရာ ကျွန်တော် ကြုံတွေ့ခဲ့ရသော မျက်နှာဖြူအရာရှိများစွာတို့အနက်မှ သဘောသဏ္ဌာရလည်းကောင်း၊ ရုပ်ဆင်းအင်္ဂါအားဖြင့်လည်း နှစ်လိုဖွယ်ရှိလှသူ သစ်တောအရေးပိုင် မစ္စတာကမ်းနင်း၏ အကြောင်းတစ်စိတ်တစ်ဒေသကိုပင် အလွန်တရာ တိုက်တွန်းလျက်ရှိသော ကျွန်တော်၏ စိတ်ဆန္ဒအရ ထပ်ဆင့်ပြန်လည်၍ ဖော်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။

❑

တစ်နေ့ ကသာနယ်အတွင်းရှိ ကြီးဝိုင်းတစ်ခုအတွင်း၌ မစ္စတာကမ်းနင်းကိုယ်တိုင် တောနင်းလျက်ရှိစဉ် ကျွန်တော်ကလည်း မစ္စတာကမ်းနင်းနှင့်အတူရှိနေရာ ထိုနေ့နံနက်စောစောမှာပင် မစ္စတာကမ်းနင်းက ကျွန်တော့်ကိုခေါ်ယူပြီးလျှင် ယခုလို အရေးတကြီးပြောလာခဲ့လေသည်။

"လူကလေး မောင်ဘိုးခင်၊ ခုချက်ချင်း မင်းအဖေဆီကိုသွားပါ။ မင်းအဖေ မင်းကိုအလိုရှိနေတယ်။ မင်းကိုခေါ်နေတယ်"

ထိုစကားကြားလိုက်ရသည်နှင့် ကျွန်တော်က အံ့အားသင့်သွားသည်။ အကြောင်းမှာ ကျွန်တော်တို့က လူသူမနီးသော တောနက်ကြီးထဲတွင်ရောက်ရှိနေကြခြင်း ဖြစ်သည်။ ထို့ပြင် ဆက်သားတစ်ဦးဦးက စာ သို့မဟုတ် ကြေးနန်းတစ်ခုခု လာရောက် ပေးပို့ခြင်းလည်း မရှိပေ။ မစ္စတာကမ်းနင်းက ထိုသတင်းကို အဘယ်ကြောင့်ပြောနိုင်ရသနည်း။ အံ့ဩစရာကောင်းလှ၏။

သို့သော် -

"မြန်မြန်သွားပါ မောင်ဘိုးခင်။ မင်းအဖေ မင်းကိုစောင့်နေတယ်။ မင်းအဖေဆန္ဒပြည့်ဝသွားအောင်ကူညီလိုက်ပါ"

ဟူ၍ မစ္စတာကမ်းနင်းက ထပ်မံပြောလာပြန်ရာ ကျွန်တော့်မှာ ထူးထူးထွေထွေစဉ်းစားမနေတော့ဘဲ ခွင့်စာအမြန်ရေးတင်ကာ ဖခင်ရှိရာသို့ထွက်လာခဲ့ရသည်။ ကျွန်တော် သစ်ဆိမ့်သို့ရောက်ရှိသွားချိန်တွင် ဖခင်ဖြစ်သူမှာ ဆွေမျိုးများဝိုင်းအုံလျက် အသက်မျှော့မျှော့သာ ကျန်ရှိတော့သည်ကိုတွေ့ရသည်။ ရှောင်တခင်ဖြစ်လာသည့် သွေးအန်ရောဂါကြောင့်ဟု ဆိုလေသည်။ ကျွန်တော့် အစ်မကြီးကပင် ယခုလို ဆီးပြောလေသည်။

"မင်းရောက်လာတာအတော်ပဲ။ အဖေက မင်းကိုအခေါ်လွှတ်နေတာ။ သူမျက်စိမမှိတ်ခင် သားသမီးတွေကို စုံစုံလင်လင်မြင်သွားချင်တဲ့သဘောပဲကွယ့်။ တို့က မင်းရောက်နေတဲ့နေရာက ဝေးလွန်းတာမို့ အဖေ့အသက်ကိုမမီတော့လောက်ဘူးထင်ပြီး အခေါ်မလွှတ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ။ အဖေ့ကိုတော့ အခေါ်လွှတ်လိုက်ပြီလို့ ကြည့်ပြောထားရတာပေါ့"

အစ်မကြီးပြောသည့်အတိုင်းပင် ဖခင်က ကျွန်တော့်မျက်နှာကိုမြင်ရသည့်နှင့် ကျေနပ်သွားကာ စိတ်ကိုလည်း လျှော့ချလိုက်ဟန်တူပါသည်။ကျွန်တော် ရောက်ရှိပြီး မကြာမီမှာပင် ဖခင်အသက်ကုန်သွားပါလေသည်။

ဖခင်အတွက် သင်္ဂြိုဟ်ခြင်း၊ ဆွမ်းသွတ်ခြင်းကိစ္စများ ပြီးစီးတော့မှ ကျွန်တော်တာဝန်ရှိရာသို့ ပြန်လာခဲ့သည်။ မစ္စတာကမ်းနင်းအား ကျွန်တော်က အကြောင်းစုံ ပြန်လည် အစီရင်ခံသောအခါ သူက စိတ်မကောင်းဖြစ်ဟန်ဖြင့် မျက်လုံးတို့ကိုမှိတ်လျက် ငြိမ်သက်၍သာနေပါလေသည်။

❑

တစ်ခါတွင်မူ တောခေါင်းကြီး ဦးစံသာက သူတာဝန်ကျနေရာမှ လစာများထုတ်ယူရန် မြို့ပေါ်သို့ ရောက်ရှိလာသည်။ လစာများထုတ်ယူပြီး ဈေးဝယ်ခြင်းကိစ္စများပါ ပြီးစီးသည်နှင့် သူနေရပ်သို့ပြန်ရန်ပြင်သည်။ ဤတွင် ဦးစံသာ စက်လှေပေါ်တက်ပြီးမှပင် မစ္စတာကမ်းနင်းက ဤနေ့တွင် ဤစက်လှေဖြင့် မလိုက်ပါရန် ဆက်သားတစ်ယောက်ကို စေလွှတ်ပြီး တားမြစ်လိုက်သည်။ ဦးစံသာမှာ အရေးပိုင်၏အမိန့်ကြောင့် ဘုမသိဘမသိနှင့် စက်လှေပေါ်မှပြန်ဆင်းနေခဲ့ရသည်။

နောက်တစ်နေ့တွင် သတင်းတစ်ခုကို ကြားကြားရ၏။ ဦးစံသာဆင်းနေခဲ့သည့်စက်လှေမှာ မြစ်တွင်း၌ လေဆင်နှာမောင်းမိပြီးနစ်မြုပ်သွားသည့် သတင်းပင်ဖြစ်သည်။ အန္တရာယ်မှ သီသီကလေး လွတ်မြောက်ခဲ့ရသည့် ဦးစံသာမှာ မစ္စတာကမ်းနင်းကိုပင် အကြိမ်ကြိမ်အခါခါ ကျေးဇူးတင်နေမိရလေသည်။

❑

နောက်တစ်ကြိမ်ကား ကျွန်တော် စာရေးကြီးအဖြစ် ရာထူးတိုးမြင့်ရရှိခါစ အချိန်လောက်တွင်ဖြစ်သည်။ တစ်နေ့သ၌ မစ္စတာကမ်းနင်းက တောလိုက်စာရေးလေး မောင်မြင့်ဖေအား တာဝန်တစ်ခုအတွက် အောက်ပါအတိုင်း အရေးတကြီး ညွှန်ကြားနေလေသည်။

"လူကလေး မောင်မြင့်ဖေ၊ မောင်မင်း ခုချက်ချင်း သင်းဝင်ကိုသွားပါ။ သင်းဝင်က တောခေါင်းလှသန်းကို အမြန်ဆုံးသွားတွေ့ပါ။ သူ့အပြစ်တွေအတွက် မင်းကြီးက များများကြီးအရေးယူမှာမဟုတ်တဲ့အကြောင်း၊ သင့်တင့်တဲ့ လျော်ကြေးငွေကိုပေးသွင်းရုံနဲ့ မင်းကြီးအပြစ်ကနေလွှတ်ပေးမယ့်အကြောင်းတွေ သွားပြောပါ။ မောင်မင်း အခုအမြန်သွားပါ"

အမိန့်အတိုင်း တောလိုက်စာရေးလေးက အမြန်ဆုံးသွားပင် သွားရောက်လိုက်ပါသည်။ သို့သော် နောက်ကျသွားလေပြီ။ တောလိုက်စာရေးလေး သင်းဝင်ရွာသို့ရောက်သွားချိန်မှာပင် တောခေါင်းကိုလှသန်း ကြိုးဆွဲချ၍ သတ်သေသွားသည့်သတင်းက စောင့်ကြိုလျက်ရှိသည်။ မောင်မြင့်ဖေက နောက်ကြောင်းပြန်လာပြီး ထိုသတင်းကို အစီအရင်ခံလိုက်ရာ မစ္စတာကမ်းနင်းမှာ အတော်ပင် ယူကျုံးမရဖြစ်သွားဟန်တူလေသည်။

အမှန်မှာ တောခေါင်း ကိုလှသန်းက အစိုးရသစ်လုံးများအား ပြင်ပသစ်ကုန်သည်များထံ မှောင်ခိုရောင်းစားထားခြင်း အပါအဝင် ပြစ်မှုအတော်များများကို ကျူးလွန်ထားသူ ဖြစ်သည်။ မကြာမီ အရေးပိုင်ကိုယ်တိုင် သင်းဝင်ကြီးဝိုင်းသို့ လာရောက် တိတိကျကျ စစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူလိမ့်မည်ဆိုသည့်သတင်းကလည်း ထွက်ပေါ်လျက်ရှိသည်။ သို့ကြောင့် မိမိပြစ်မှုအတွက် ကြောက်လန့်မိခြင်း အပါအဝင် ထွက်ပေါက်ကလည်းမရှိလေရာ ကိုလှသန်းက ယင်းကဲ့သို့ မိမိကိုယ်ကိုဇာတ်သိမ်းပစ်လိုက်ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ ဤကိစ္စတွင် မစ္စတာကမ်းနင်းက ကိုလှသန်းအပေါ် အကြီးအကျယ် အရေးယူလိမ့်မည်မဟုတ်အကြောင်း သူ၏ကြင်နာမှုကို ပြသရင်း ထောလိုက်စာရေးလေးအား အကြောင်းကြားခိုင်းလိုက်သည်မှာ ကိုလှသန်းက အကြောက်လွန်ပြီး တစ်စုံတစ်ရာ တစ်ဖွတ်ထိုးပြုလုပ်လိုက်မည်ကို ကြိုသိ၍ပေလော။ ထိုကဲ့သို့ ကြိုသိနေရခြင်းမှာလည်း အဘယ်အကြောင်းကြောင့်နည်း။ ကျွန်တော့်အတွက် ထူးလည်းထူးဆန်းပြီး အဖြေလည်းမရနိုင်ခဲ့သည့် ပုစ္ဆာတစ်ပုဒ်ပင်ဖြစ်ခဲ့ရပါလေသည်။

❑

သည့်နောက်တွင် မစ္စတာကမ်းနင်း ကျွန်တော်တို့နှင့် ရုတ်တရက်ခွဲခွာသွားရပုံမှာလည်း သာမန်ဖြစ်ရပ်များထက် ဆန်းကြယ်နေပြန်လေသည်။အကြောင်းမှာ သူနောက်ဆုံးသွားရောက်ခဲ့သည့် တွင်းဆင်းခရီးစဉ်နှင့်ပတ်သက်၍ မသွားခင်ကပင် သူစိတ်လေးနေပုံ၊ အမူအရာ ညှိုးနွမ်းနေပုံ၊ တကယ်ခရီးထွက်သွားရာတွင်လည်း တောတွင်းတစ်နေရာ၌ ဝက်ဝံတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် သူ အကြီးအကျယ် ဒဏ်ရာရရှိသွားပုံ၊ ထိုဒဏ်ရာကြောင့် သူနေအိမ်သို့ပင် ပြန်လာနိုင်တော့ဘဲ မန္တလေးသို့ တစ်ခါတည်း ပို့ဆောင်ပေးလိုက်ရပုံ၊ တစ်ဖန် မန္တလေးမှပင် သူနေရာဆက်ခံမည့်သူကို တာဝန်လွှဲပေးလိုက်ရပုံ၊ သူကမူ မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှသည် အိန္ဒိယအထိ ဆေးဝါးကုသရန် ထွက်သွားရပုံများမှာ ကျွန်တော့်အတွက် မျှော်လည်းမမျှော်လင့်သလို အလွန်တရာမှလည်း စိတ်ထိခိုက်ကြေကွဲစရာများဖြစ်ခဲ့ရပါလေသည်။

❑

အဖြေမှန်ကား မကြာမီပင် ပေါ်ထွက်လာသည်ဟုဆိုရမည်သာ။မျက်နှာပြုအရာရှိအသစ်မရောက်မီ ကျွန်တော်တို့က မစ္စတာကမ်းနင်း၏နေအိမ်အား ရှင်းလင်းမှုပြုကြရသည်။ ကျန်ရှိနေခဲ့သော မစ္စတာကမ်းနင်း၏ပစ္စည်းများကို စာရင်းနှင့်တကွ ထိန်းသိမ်းပြီးလျှင် မစ္စတာကမ်းနင်းရှိရာ ရန်ကုန်မြို့သို့လွှဲပြောင်းပေးရန်အတွက် ညွှန်ကြားစာကလည်းရရှိထားပြီး ဖြစ်သည်။ သို့နှင့် ကျွန်တော်တို့ ဝန်ထမ်းများကပင် ထိုတာဝန်ကိုယူလိုက်ကြရခြင်းဖြစ်သည်။

မစ္စတာကမ်းနင်း၏ နေအိမ်အား



ရှင်းလင်းစဉ် အိမ်နောက်ဘက်တောအုပ်အတွင်းမှ အင်္ဂတေဖြင့် ပြုလုပ်စီမံထားသော လိုဏ်ဂူတစ်ခုကို ကျွန်တော်တို့ တွေ့ရှိကြရသည်။ ထိုလိုဏ်ဂူအား သော့ဖွင့်ပြီး စစ်ဆေးကြည့်ရာမှ မထင်မှတ်သော ပစ္စည်းတချို့ကိုပါ ကျွန်တော်တို့ တွေ့ရှိကြရတော့သည်။ ထိုပစ္စည်းများကို တအံ့တသြကြည့်ရှုရင်း ကျွန်တော်တို့ အဖွဲ့ထဲမှ ဘာသာရေးနှင့်ပတ်သက်၍ ဗဟုသုတ များပြားသူလည်းဖြစ်သူ စာရေးကြီးဦးစန်းမောင်က အောက်ပါအတိုင်းပင် မှတ်ချက်ချလေသည်။

"လက်စသတ်တော့ မစ္စတာကမ်းနင်းက ကသိုဏ်းသမားပဲဗျ။ ကသိုဏ်းကို စနစ်တကျ အားထုတ်သွားတဲ့သူပဲ။ ကြည့်စမ်းဗျာ၊ ဒါက သူထိုင်တဲ့နေရာ။ ဒါက ကသိုဏ်းဝန်းရှိတဲ့နေရာ၊ ဟောဒါက ကသိုဏ်းဝန်းကို မြင်ရအောင် စီမံထားတဲ့ မီးအိုးနဲ့ မီးတိုင်။ ဒါကတော့ ပထဝီကသိုဏ်းလို့ ခေါ်တယ်။ ဒါကတော့ ဩဒါတကသိုဏ်းပဲ။ အင်္ဂလိပ်တစ်ယောက်က ဒီလိုအားထုတ်သွားပုံဟာ တကယ်ကို ဆန်းကြယ်လွန်းတဲ့ဖြစ်ရပ်ပဲဗျို့"

ဦးစန်းမောင်နည်းတူ ကျွန်တော်ကပါ အံ့အားသင့်ခဲ့ရသည်။ သို့သော် နောင်တွင် ထိုကသိုဏ်းကျင့်စဉ်များအကြောင်းကို ဆက်လက် လေ့လာမိသောအခါတွင်မှ မစ္စတာကမ်းနင်းအပေါ် ပဟေဠိသဖွယ် ဖြစ်ခဲ့ရသမျှတို့လည်း အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားခဲ့ရသည်။ အမှန်တော့ မစ္စတာကမ်းနင်းက လူကသာ အင်္ဂလိပ်ဖြစ်သော်လည်း စိတ်ဓာတ်ကမူ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍နေလေသည်။ ထို့ပြင် သူက ဘာသာရေးကျင့်စဉ်များနှင့်ပတ်သက်၍ ဆရာကောင်းနှင့်လည်း တွေ့ခဲ့ရဟန်တူသည်။ ကျွန်တော့်အနေနှင့်မူ ကသိုဏ်းကို အားထုတ်ခြင်းဖြင့် ကသိုဏ်းဝန်းနိမိတ်မှသည် ဈာန်သမာဓိအဆင့်ဆင့်သို့ရောက်ရှိသွားပုံ၊ ထိုဈာန်သမာဓိကြောင့်ပင် ထက်မြက်သော အကြားအမြင်အာရုံများရရှိနိုင်ပုံတို့ကို လေ့လာသိရှိရသောအခါတွင်မှ အတိတ်တစ်ချိန်က မစ္စတာကမ်းနင်း၏ ထူးခြားမှုများကို ပြန်လည် ပိုင်းဆစ်စဉ်းစားမိရင်း ကြက်သီးပင်ထမိရသည်။ မစ္စတာကမ်းနင်းမှာ ထိုကျင့်စဉ်၌ အတော်ပေါက်ရောက်ခဲ့ဟန် ရှိသည်။

သို့ကြောင့်ပင် သူ၏သာမန်မဟုတ်သောပြုမူဆောင်ရွက်များကို ကျွန်တော် မြင်တွေ့ခဲ့ရခြင်းလည်း ဖြစ်သည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း သူ၏ ကြိုတင်မြင်သိနေမှုများအရ ကျွန်တော်တို့အပေါ် အကျိုးပြုပံ့ပိုးပေးနိုင်ခဲ့ခြင်းမှာ စင်စစ် ထိုကျင့်စဉ်များကြောင့်သာဖြစ်ရမည် ဆိုသည့်အကြောင်းကို ကျွန်တော်က တထစ်ချပင် တွက်ဆလိုက်မိပါတော့သည်။

❑

အချိန်အနည်းငယ်သာ ရေစက်ဆုံခဲ့ရသော မစ္စတာကမ်းနင်းကို ကျွန်တော်ဘယ်သောအခါမျှမမေ့နိုင်ပါ။ သို့ သော် ကျွန်တော်တို့နှင့်ခွဲခွာသွားပြီးနောက် စစ်ပြီးစအချိန်လောက်တွင် မစ္စတာကမ်းနင်း အိန္ဒိယမှာပင် ဘုန်းကြီးဝတ်သွားကြောင်း မိတ်ဆွေဟောင်းတစ်ဦးမှတစ်ဆင့် ကြားသိခဲ့ရသည်မှအပ သူနှင့်သူ့အကြောင်းကို အဆက်အသွယ်လည်းမရ၊ သတင်းလည်းမရခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။

ရဲမြတ်တင်

**ဝန်ခံချက် -**

ဦးဘိုးခင်၏ မြေးတစ်ဦးဖြစ်သူ ကသာနယ်သား ဆရာသော်၏ ပြောပြချက်များကို ထပ်ဆင့်ရေးဖွဲ့တင်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သန့်ဇင်

# ရမ္မက်ဘောထန်မြေများကြားသို့ ဝင်တိုးမိခြင်း

ကျွန်ုပ်သည် အမေရိကန် ဟောလီဝုဒ်မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်၏ ဒေါက်တာအင်ဒီရားနားဂျုန်းစ် ဇာတ်ကားများကိုအားကျပြီး စွန့်စားခန်းခရီးများအား ထွက်လိုခဲ့သည် မဟုတ်ပါ။ သို့သော် ခရီးသွားခြင်းအား ဝါသနာပါပြီး မရောက်ဘူးသည့် ဒေသများအားသွားရောက် စူးစမ်း ဗဟုသုတရှာလိုစိတ်က ကျွန်ုပ်၏ ပင်ကိုမူလဗီဇဖြစ်နေခဲ့ပါသည်။ သို့အတွက်ကြောင့်လည်း အသက်မွေးဝမ်းကျောင်းအလုပ်သည် ပင်လယ်သမုဒ္ဒရာအနှံ့ခရီးဆန့်နေရသော သင်္ဘောသားအလုပ်ဖြစ်ခဲ့လေ၏။ ပင်လယ်ပြင်၌ မုန်တိုင်း၏အခြေတည်ရာ လေဖိအားနည်းရပ်ဝန်းများသည် ကျွန်ုပ် အမြဲတစေဖြတ်သန်းရာဒေသများ ဖြစ်နေခဲ့၏။ ဆိုင်ကလုန်း၊ တိုင်ဖုန်း၊ ဟာရီကိန်းတို့သည် ကျွန်ုပ်နှင့် ရင်းနှီးနေခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုကျော်ပင်ရှိခဲ့ပြီ။

ကမ္ဘာကြီးအား အရှေ့မှအနောက်သို့ပတ်လိုက်၊ တောင်ဖျားမှ မြောက်ဖျားသို့ ခေါက်တုံ့ခေါက်ပြန် တက်လိုက်၊ ဆင်းလိုက်လုပ်ရင်း သင်္ဘောကုမ္ပဏီနှင့် ကန်ထရိုက်စာချုပ်ပြည့်၍ အမိမြေသို့ပြန်ပြီး အနားယူနေစဉ်မှာကော ခြေငြိမ်နေသည်ဟုထင်ပါသလား။ ခြေမှာဗွေပါနေသည့်အတွက် အိမ်ပြန်ရောက်ပြီး ရုံးကိစ္စ၊ ကုမ္ပဏီကိစ္စများပြီးသော် ကျွန်ုပ်မှာ ခရီးထွက်ဖို့ အထုပ်ပြင်နေပြီဖြစ်လေသည်။

ပင်လယ်ပြင်၌တာဝန်ထမ်းဆောင်စဉ် မုန်တိုင်းနှင့်တွေ့၍ သင်္ဘောမှောက်ခဲ့သော် အသက်သေဆုံးမည်ကိုသိသော်လည်း စိုးစဉ်းမျှမကြောက်ခဲ့။ သင်္ဘောစက်မပျက်သရွေ့ မုန်တိုင်းကိုမမှု အန်တုပြီး ဖြတ်ကျော်၏။ စက်မပျက်အောင် အမြဲတမ်း ဂရုစိုက်နေခဲ့သည့် ဝီရိယ၊ လုံ့လသည် မုန်တိုင်းအန္တရာယ်နှင့်ကြုံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့သော် ထိုဝီရိယအကျိုးအား ခံစားခဲ့ရသည်ပဲ ဖြစ်၏။ ပင်လယ်ပြင်မှာ မုန်တိုင်းမိ၍ သင်္ဘောမှောက်ပြီး သေဆုံးခဲ့ရသော အဖြစ်အပျက်တို့က သင်္ဘောစက်ရပ်သွားခြင်း၊ စက်ပျက်ခြင်းတို့က အဓိကပြဿနာဖြစ်ပါသည်။

သေမင်းနှင့် နင်လားငါလားနပန်းလုံးပြီး လေးရက်ခန့် လှိုင်းမူးအော့အန်မူးဝေနေစဉ်မှာပင် ကြိုးစားပြီး မုန်တိုင်းကြားမှ လွတ်အောင်ရုန်းထွက်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်၏။ တောင်အာဖရိကတိုက်၏အောက်ဘက်သမုဒ္ဒရာပြင်မှာ လည်းကောင်း၊ နာမည်ကျော်အတ္တလန္တိတ်၏ ဘစ်ကေးပင်လယ်အော်၊ တောင်အမေရိကတိုက် အောက်ဘက်စွန်း ဖောက်ကလန်ကျွန်းနား၊ တောင်တရုတ်ပင်လယ်ပြင်၊ မိုးရာသီကာလ ဘင်္ဂလားပင်လယ်အော်၊ ဂျပန်မှအမေရိကသို့အသွား မြောက်ဝင်ရိုးစွန်းအနီး အလာစကာဒေသပင်လယ်များသည် မုန်တိုင်းများ ပတ်ချာလည်ဝန်းရံနေသော ဒေသများ ဖြစ်သည်။ သင်္ဘောတွေမကြာခဏ ပျောက်သွားဖူးသည့်ဘာမြူဒါတြိဂံဒေသ ပင်လယ်ပြင်သို့လည်း အကြိမ်ကြိမ်ဖြတ်ခဲ့ရဖူးပါသည်။

သို့သော် ကြောက်စိတ်ကမရှိခဲ့။

ဒါပေမယ့် အိမ်သို့ပြန်လာ၍ ခေတ္တနားပြီး ခရီးထွက်ခဲ့ရသည့် အပန်းဖြေခရီးစဉ်အတွင်း တွေ့ကြုံခဲ့ရသော အဖြစ်အပျက်မှာ ယခုတိုင် တွေးမိတိုင်း ကျောချမ်းပြီး သွေးပျက်မတတ်ဖြစ်ခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်အား ပြန်လည်တွေးမိတိုင်းလည်း စမတောင်မှ ဘသုံးအား အခါခါကျေးဇူးတင်မိ၏။ အသက်သခင်ကျေးဇူးရှင်ဟုလည်းအသိအမှတ်ပြုခဲ့ရပါသည်။ တကယ်တော့ ဘသုံးသည် ပဲခူးရိုးမ၏ တောကျွမ်းသော မုဆိုးမဟုတ်သည့် မြိုင်ရာဇာကြီးတစ်ဦးပါကလား။

❑

၁၉၉၆ ခုနှစ်။

နွေဦးရာသီသည် တောတောင်တစ်ခိုအား အဝတ်အစားသစ်ပြောင်းပေးသည့်အခါသမယ ဖြစ်သည်။ ဝါးတောကြီးများမှာ ဝါးရွက်တို့တဖြုတ်ဖြုတ်ကြွေ၍ တောခြေမှာ ဒူးဆစ်မကထူထပ်နေကြသော်လည်း ပင်ထောင်ပင်စောက်အပင်ကြီးတို့သည် ပုရစ်ဖူးများဖြင့် နုသစ်၍ ဝေစည်နေကြလေပြီတည်း။ ဖေဖော်ဝါရီဆောင်းသည် နံနက်နှင့်ညနေခင်း၌ အအေးပိုသော်လည်း နေ့ခင်းပိုင်းအချိန်သည် အတော်အသင့်ပူ၏။

ကျွန်ုပ်နှင့်ဘသုံးသည် ပဲခူးရိုးမကြီးအား ကန့်လန့်ဖြတ်၍ တောတိုးနေကြခြင်း ဖြစ်သည်။ နံနက်စောစောကတည်းက ခရီးထွက်လာသဖြင့် ဝတ်လာသော ဂျင်းဂျာကင်သည် ယခုတော့ လွယ်ထားသောလွယ်အိတ်မှာ တွဲလွဲခို၍လိုက်ပါလာနေသည်။

ကျွန်ုပ်တို့ခရီးစဉ်က စမတောင်မှ ပဲခူးရိုးမအတွင်းရှိ ယက္ကန်းစင်တောင်သို့ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ၏ အနောက်ဘက် (၄) မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ဆွယ်ရှိ စမတောင်နှင့် ရိုးမအတွင်းရှိ ယက္ကန်းစင်တောင်သည် ဆယ့်လေးငါးမိုင်ခန့်ကွာဝေးမည်ဟုထင်ပါသည်။ ထိုစဉ်က ယက္ကန်းစင်တောင်အနီး၌ အမြန်လမ်းမကြီးလည်းမရှိ။ နေပြည်တော် ဟူ၍လည်းမပေါ်သေး။ ပဲခူးရိုးမသည်လည်း တောထူ၍ကောင်းတုန်းပင်တည်း။

များသောအားဖြင့် စမတောင်သို့ အဓိဋ္ဌာန်ဝင်ကြသူတွေထဲမှ တချို့သည် ယက္ကန်းစင်တောင်သို့လည်း သွားတတ်ကြ၏။ ထိုတောင်မှာက ဘုရားသော့ကြီးရှိသည်။ ဝိဇ္ဇာတွေဖိုထိုးသည့်နေရာတွေလည်းရှိသည်။ ဓာတ်ပြာတွေ ကြွင်းကျန်ခဲ့ဖြင့် ခြစ်ချုပ်ယူသူတွေလည်းရှိ၏။ စမတောင်မှ ယက္ကန်းစင်တောင်သွားရသည့် ခရီးက လွယ်ကူလှသည်တော့မဟုတ်ပါ။ ဘသုံး (သို့) စိုးပိုင်ကဲ့သို့ တောကျွမ်းသည့် လမ်းပြပါမှ ချောချောမွေ့မွေ့ရောက်သည်။ သို့မဟုတ်ပါဘဲ ကိုယ့်ဟာကိုယ် သွားမည်ဆိုပါက ရိုးမထဲ၌ မျက်စိလည်ပြီး အသက်ပျောက်သွားနိုင်၏။ အများအားဖြင့် ယက္ကန်းစင်တောင်ဘုရားသို့ သွားသည့်သူများသည် ထိုတောင်ရှိ ဇရပ်မှာ တစ်ညအိပ်ပြီး ဘုရားသော့ကြီး ကျွေးသည့် ထမင်းကိုစားကာ နောက်နေ့မနက်မှ ပြန်ကြသူချည်း ဖြစ်၏။ ကျွန်ုပ်က ဤသို့မဟုတ်။ နေ့ချင်းပြန်လို၏။ ကိုယ့်ကိုယ်ကိုယ်ခရီးကြမ်းသွားနိုင်၊ ခံနိုင်သည်ဟုမာန်တက်နေခြင်းကြောင့်လည်း ဖြစ်သည်။ ထိုစဉ်က ဘသုံးသည်လည်း သန်တုန်း မြန်တုန်းဆိုတော့ နှစ်ယောက်သား ကိုစိန်ဝင်းဇနီး မမြိုင်ထုတ်ပေးလိုက်သည့် ကောက်ညှင်းထုပ်နှင့် ရေဘူးလွယ်ကာ တောနင်းလာကြခြင်း ဖြစ်သည်။ တပည့်ကျော် စိုးပိုင်က နေ့ချင်းပြန်ခရီးမှာ အလွန်ပင်ပန်းသောကြောင့် သာဝတ္ထိတွင် စျေးဝယ်ရမည်ဟု အကြောင်းရှာကာ စမတောင်မှပြန်မည့် ဘုရားဖူးကောင်မလေးတစ်သိုက်နှင့်ပြန်လိုက်သွားလေပြီတည်း။

အင်မတန် သစ္စာရှိသည့် တပည့်ဖြစ်သည်။

သူမပါလည်း ကိစ္စမရှိပါ။ လွယ်အိတ်ထဲသို့ ဖယောင်းတိုင်၊ အမွှေးတိုင်တချို့ထည့်၊ လက်ကိုင်ပဝါ၊ စီးကရက်၊ ကောက်ညှင်းထုပ်၊ ရေဘူးထည့်၊ ပိုက်ဆံအိတ်နှင့် နိုင်ငံခြားမှဝယ်လာသော အလွန်ထက်လှသည့်မောင်းချဓားအသေးလေးထည့်၊ ကင်မရာလွယ်ပြီးသည်နှင့် ပြီးပြီ။ ဘသုံးကတော့ သူလွယ်နေကျ လွယ်အိတ်ထဲမှာ လေးခွ၊ လောက်စာလုံး၊ ဆေးပေါ့လိပ်၊ မီးခြစ်နှင့် တောခုတ်ဓားမအား ပုဆိုးနောက်ကျောမှာ ထိုးလိုက်သောအခါ သွားဖို့အဆင်သင့်ဟုဆိုသည်။ မြက်ဦးထုပ်ကိုယ်စီဆောင်းပြီး နံနက်စောစော နှင်းစက်နှင်းပေါက်တို့ တဖြောက်ဖြောက်ကျနေသည့်ကျွန်းတောသစ်ပုဂံပင်များကြားမှ ရေတံခွန်တောင်ဘက် ဦးတည်လိုက်ကြသည်။

❑

စမတောင်၏ အနောက်တောင်ယွန်းယွန်းရှိ ဇောက်ထိုးချောင်းသည် ရေစပ်စပ်သာစီးတော့သည်။ ထိုချောင်းသည် ရိုးမအခြေသို့ရောက်သော် ဝါးရုံတောများ၊ ပျဉ်းမပင်၊ ကြို့ပင်များကြားမှ ကျောက်ဆောင်များအတိုင်း ကျဉ်းမြောင်းသွားပါသည်။ ရေတံခွန်တောင်ခြေရောက်သော် ထိုချောင်းသည် ရေတံခွန်အဆင့်ဆင့်ဖြစ်ပေါ်ပြီး ကျောက်တုံးကြီးများကြား စီးဆင်းနေ၏။ ကျွန်ုပ်နှင့် ဘသုံးတို့နှစ်ယောက် ချောင်းကမ်းပါးရေတံခွန်ဘေး ကျောက်တုံးကြီးများအား တွယ်ကပ်ပြီး တောင်ကြောပေါ် သို့တက်ကြသည်။ ဘသုံးက ကျင်လည်စွာ တက်လိုက်၊ ကျွန်ုပ်အား စောင့်ခေါ်လိုက်ရှိနေ၏။ အနီးမှဖြတ်သွားကြသူတွေက ရိုးမထဲမှာ မီးသွေးဖုတ်သူတွေဖြစ်၏။ သူတို့က ဤတောလမ်းအား နေ့စဉ်သွားလာနေကြဖြစ်၍ တောင်ဆိတ်များပမာ သွက်လက်နေကြ၏။ ကျွန်ုပ်မှာသာ ကုပ်ကပ်တက်နေရ၏။ ဘသုံးက ဝါးပင်တစ်ပင်အားခုတ်၍ တောင်ဝှေးပြုလုပ်ပေးသည်။

"ကိုသန့်ဇင်၊ သတိထားကြ နော်။ ရေညှိတွေနဲ့ချော်ကျဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ဘသုံ၊ ဒီလောက်က အပျော့ပါ"

သဘော်သား လူကြမ်းကြီး ပဲခူးရိုးမတောလမ်းကို အညွှံခံလို့မဖြစ်ပါ။ ရောက်သော ရေတံခွန်ဘေးကမ်းပါး၌ လူသွားလို့ရအောင် ခြေတစ်ဖဝါးစာ ချိုင့်ခွက်လေးများအား ထွင်း၍ထားကြသည်။ တက်စရာကလည်း ထိုတစ်လမ်းသာရှိသည်။

ဒုတိယရေတံခွန်ကိုရောက်တော့ အနည်းငယ်မောလာ၏။ စထွက်လာခဲ့သည်မှာလည်း တစ်နာရီခန့်ရှိပြီဖြစ်၍ အနားယူမှုဖြစ်မည်။

"ဘသုံ၊ ငါးမိနစ်လောက်နားမယ်။ ရေသောက်ပြီး ဆေးလိပ်လေးဘာလေး ဖွာမယ်ဗျာ"

သူ့ဘာမှမပြောဘဲ ရေတံခွန်အနီး ကျောက်တုံးကြီးပေါ်မှာထိုင်၍ ဆေးပေါ့လိပ်အား မီးညှိနေသည်။ ကျွန်ုပ်က စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။ အနီးမှဖြတ်သွားသော မီးသွေးဖုတ်သမားများက ကျွန်ုပ်ပုံစံအားကြည့်ပြီး သဘောကျနေကြ၏။ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်နှင့် ရေဘင်မျက်မှန်တပ်၍ စီးကရက်သောက်နေပြီး ကင်မရာက တွဲ့တရာလျှောက်ရိုက်နေသော ကျွန်ုပ်အား ရိုးမတောထဲက ထူးဆန်းသော မျောက်တစ်ကောင်အလား ထင်ချင့်ထင်နေနိုင်ပါသည်။ စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးတိုတိုပတ်ထားသူတစ်ယောက်က သွားနေကျလမ်းမှ ဖွဲ့ထွက်၍ ကျွန်ုပ်တို့ရှိရာ ကျောက်တုံးကြီးသို့ကူးလာ၏။

"ဆရာကြီး၊ လက်ထဲကစီးကရက်က ဘာစီးကရက်လဲ"

တရုတ်စီးကရက်တောင်မှ တစ်ခါတစ်ရံမှသာသောက်ဖူးသော ကျေးလက်သားများသည် ငါးသုံးလုံးစီးကရက်အား အထူးအဆန်းသဖွယ်ဖြစ်နေကြဟန်တူပါသည်။

"ငမှေးရာ၊ စီးကရက်သောက်ချင်လည်းပြောပါကွာ။ ကိုသန့်ဇင် သူက ကြွဲဖိုစုရွာက ငမှေးလေ။ တောထဲမှာ မီးသွေးဖုတ်တာ"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုငမှေး"

ကျွန်ုပ်က နိုင်ငံတကာထုံးစံအတိုင်း ညာလက်အား ရှေ့ထုတ်၍ လက်ဆွဲနှုတ်ဆက်ဟန်ပြင်၏။ သို့သော် သူသည် သူ့လက်အား ရှေ့သို့မထုတ်ဘဲ ကျွန်ုပ်၏လက်အား သေချာစွာကြည့်နေသည်။ ကျွန်ုပ်သဘောပေါက်သွားပါသည်။ သူသည် လက်ဆွဲနှုတ်ဆက်ခြင်းယဉ်ကျေးမှုအားမသိ။ သူသိလိုသည်က ကျွန်ုပ်လက်ထဲမှာ စီးကရက်ပါ၊ မပါဖြစ်၏။ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်အားထုတ်ပြီး သူ့အားပေး၍ ဖစ်ပိုမီးခြစ်ဖြင့် မီးညှိပေးလိုက်သည်။ သူ အလွန်ပျော်သွားသည်ကို တွေ့ရသည်။

"ဆရာကြီးရာ၊ ကျွန်တော်ငါးသုံးလုံးဆိုတဲ့ စီးကရက်ကို ကြားပဲကြားဖူး တာ။ ခုမှပဲသောက်ဖူးတော့တယ်။ တော်တော်မွှေးတာပဲနော်"

"ငမှေးရာ သောက်မှာသာသောက်စမ်းပါ"

"ဘသုံရေ၊ စီးကရက်တိုက်တဲ့ ကျေးဇူးကြောင့် ကျွန်တော်သတင်းတစ်ခု ပြောပြရဦးမယ်။ ဘသုံတို့သွားမယ့် အောင်သာရွာတောင်ဘက်တောထဲမှာ မြွေတွန်သံတွေဆူနေတာပဲတဲ့။ သတိလည်းထားပြီးသွားဦး"

"အေးပါကွ၊ ဒီရိုးမက ငါ့ခြေရာထပ်နေပါပြီ။ ကိစ္စမရှိပါဘူး"

သူပြောသည့်သတင်းသည် ဘသုံအတွက် အကြောင်းမဟုတ်သော်လည်း ကျွန်ုပ်အတွက်ကတော့ အကြောင်းဟုတ်လာပြီ ဖြစ်သည်။ ကျွန်ုပ်သည် မြွေအား မကြောက်သော်လည်း ရွံ၏။ ပျော့အိပျော့ဖတ် တွန့်လိမ်နေသော ထိုသတ္တဝါသည် ပါးပျဉ်းထောင်၍ လျှာတစ်လစ်ထုတ်ပြီး ပါးစပ်ဖြဲပြသော် ပို၍ရွံဖို့ကောင်း၏။ ထို့ကြောင့် ကျွန်ုပ်သည် ငယ်စဉ်ကတည်းက မြွေသားကိုမစားပါ။ ထိုသတ္တဝါရန်မှ ကာကွယ်နိုင်ရန် ခန္ဓသုတ်ပရိတ်တော်အား အမြဲရွတ်၏။ တောတောင်လယ်ယာကွင်းများအား ဖြတ်သန်းသွားလာစဉ် တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်များအား မေတ္တာပို့၍ ပိုးကောင်မွှားကောင်များအား ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံ၏။

"ဒီရာသီက ပူနွေးလာပြီဆိုတော့ မြွေတွေ ဆောင်းတွင်းမှာ တွင်းအောင်းနေရာက ထွက်လာကြပြီပေါ့"

ဘသုံက သွားရင်းပြောပြ၏။

ကျွန်ုပ်၏ အကြားအမြင်၊ အနံ့အာရုံကြောများ အစွမ်းကုန်နိုးထလာကြပြီး မြေပြင်အောက်ခြေ ဘေးဘီသို့ ပို၍ဂရုစိုက်လာရပါတော့သည်။ ထိုအခါ ခရီးကမတွင်ချင်တော့။

"ခပ်သွက်သွက်လျှောက်စမ်းပါ ကိုသန့်ဇင်ရယ်။ ကျုပ်တစ်ယောက်လုံး ရှေ့ကလျှောက်နေတာ။ မြွေတွေ့ရင်လည်း အကောင်သေးသေးလေးတွေ့မှာမဟုတ်ပါဘူး။ ဒီတောတွေမှာက စပါးကြီးမြွေနဲ့ မြွေပွေး၊ တောကြီးမြွေဟောက်ကြီးတွေရှိတာပါ ထင်ထင်ရှားရှားမြင်နိုင်ပါတယ်"

ဘသုံပြောမှပို၍ခေါင်းနားပန်းကြီးသွားရပါသည်။ သူပြောသည့် မြွေတွေက စပါးကြီးဆိုလည်း လူကို အရိုးတွေကျိုးပြီး ပျော့ဖတ်သွားအောင်လုပ်၊ ချွဲကျိကျိအန်ဖတ်တွေအန်ချပြီး တစ်ကိုယ်လုံးမျိုသည်။ မြွေ၊ မြွေပွေး၊ တောကြီးမြွေဟောက်တွေကလည်း တစ်ချက်ပေါက်လိုက်သည်နှင့် အသက်ပျောက်သွားနိုင်သည့်မြွေမျိုးတွေ။

"ဘသုံ၊ အန္တရာယ်ကင်းတဲ့လမ်းက သွားဗျာ"

"သဘော်သား၊ သိပ်ကြောက်နေလား။ ယက္ကန်းစင်တောင်ကိုသွားတာ ဒီတောလမ်း တစ်လမ်းတည်းရှိတယ်။ တခြားနေရာက ကွေ့ပတ်ပြီးသွားရင် ညမိုးချုပ်တောင်ရောက်မှာမဟုတ်ဘူး။ လာ၊ မြန်မြန်လျှောက်"

ရေတံခွန်တောင်ကြောပေါ်ရောက်ပြီး အနောက်ဘက်သည် ပြန့်ပြီးဆင်းသွား၏။ မြောက်ဘက်၌ အောင်သာရွာအား ပျပျမြင်ရသည်။ ရိုးမအလယ်၌ ရွာလေးမှ မီးခိုးငွေ့တို့သည် မြူနှင့် အပြိုင်ဝေ့ဝိုက်နေသည်။ ဟိုမှသည်တည် ရှိနေသော မီးသွေးဖိုတို့မှ မီးခိုးဖြူဖြူတို့က လေနှင့်အတူ ယိမ်းကနေကြသည်။ လမ်းခရီးတောတွင်းတွင် ကျွန်း၊ အင်၊ ကညင်၊ ပျဉ်းမ၊ သစ်ရာတို့ သိပ်မရှိကြတော့။ ယခင်က တောထုခဲ့သော ကြို့ပင်များပင် မီးသွေးဖုတ်သမားတို့၏ လက်ချက်ကြောင့် ရှားပါးကုန်ပြီဖြစ်၏။

(မှတ်ချက် - ယခုတော့ ရိုးမတွင်း၊ ရိုးမအခြေ ယာကွင်းများမှ မြွေပွေး၊ မြွေဟောက်တို့သည် တရုတ်ဗီဇရသွားကြပြီဖြစ်၍ တရုတ်ပြည်သို့ ထာဝရခရီးထွက်ကြရင်း ဂေဟဗေဒဟန်ချက်ပျက်ပြီး ကြွက်တို့မင်းမူနေကြပြီ ဖြစ်ပါသည်။)

❑

မွန်းတည့်ချိန်၌ ကျွန်ုပ်တို့နှစ်ဦး ယက္ကန်းစင်တောင်သို့ ရောက်ရှိသွားကြသည်။ တောင်ဆိုပေမယ့် သိပ်မမြင့်သော တောင်ကုန်းသာသာဖြစ်သည်။ (ယခုအချိန်မှာတော့ စေတီပုထိုးများဖြင့် စည်ကားနေပြီး ဘာတွေဖြစ်ကုန်သည် မသိပါ။ ထောင်ကျသည့်သူလည်းကျဖြင့် ရှုပ်ကုန်၏။) ဘရုသေ့ကျွေးသည့် ဘူးသီး ချဉ်ရည်ဟင်းနှင့် ထမင်းစားပြီး ဘုရားဖူး



www.burmeseclassic.com

www.burmeseclassic.com

၍ ခတ်ပြာတွေရှိသည်ဆိုသော သဘာဝ အလျောက် ဖြစ်ပေါ်နေသည့် ဝိဇ္ဇာတွေ ဖိုဆွဲသည့်နေရာသို့သွားကြည့်ဖြစ်သည်။ လေ့လာစူးစမ်းလိုသောကြောင့် ခတ်ပြာ ဟုပြောကြသော မြေကြီးမှုန့်အနည်းငယ် အား ထုတ်၍ယူလာခဲ့သည်။

"ကိုသန့်ဇင်၊ ကြည့်ပြီးရင်ပြန်ကြ မယ်။ မိုးချုပ်လို့မကောင်းဘူး"

ယက္ကန်းစင်တောင်ကြောမှတောင် ဘက်သို့ စွေဆင်းလိုက်ပြီး လာလမ်း အတိုင်းမသွားဘဲ လျှိုထဲမှ ငှက်ပျော တောဘက်သို့ ဖြတ်ဆင်း၏။ ထိုမှ တစ်ဆင့် တောင်ဘူးကွဲဘက်ထွက်ပြီး သစ်တိုက်လမ်းအတိုင်းပြန်လျှင် ညနေ (၅) နာရီမထိုးခင် စမတောင်ဘက်သို့ ရောက်မည်ဟု ဘသုံးကပြောသည်။ ယခု အချိန်မှာ လမ်းကျွမ်းသော ဘသုံး၏ စကားကို နားထောင်ရုံမှအပ အခြား မရှိ။ ငှက်ပျောတောကြီးက တောငှက် ပျောပင်ရိုင်းများ ဖြစ်၏။ အောက်ခံမြေ သားက နီကြင်ကြင်စိုစွတ်နေပြီး ကိုင်းပင် များက ဟိုသည်တစ်ခုစီပေါက်နေကြ သည်။

"ဘသုံး၊ ကိုင်းတောထဲကနေ ကျား ထွက်လာရင်ဘယ်လိုလုပ်မလဲ"

"ကျားတွေ့ရင် ကျုပ်ချမ်းသာပြီ ကိုသန့်ဇင်။ ကျားတစ်ကောင်တွေ့လို့ သတင်းပေးတာနဲ့ ငွေသိန်း (၁၀၀) လောက်ရမှာ"

"ကျားက ဘသုံးကိုစားသွားရင် ဘယ်လိုလုပ်မလဲ"

"ပဲခူးရိုးမကကျားတွေက လူကို စားဖို့နေနေသာသာ လူမြင်တာနဲ့ ကြောက်ပြီးပြေးကြလို့ တစ်ကောင်မှမရှိ တော့ဘူး"

ကျွန်ုပ်သည် မြင့်မားလှသော ဒိဒူး ပင်ကြီးအောက်မှာ ခဏနားပြီး တော ကျေးငှက်သံလေးများအား နားထောင် ရင်း ပဲခူးရိုးမကြီး၏ ခံစားနေရသော ဝေဒနာအား ဆင်ခြင်သုံးသပ်မိပါသည်။ သစ်ခိုးခုတ်သည့်သူတွေကလည်း အဆင် ခြင်ဉာဏ်မရှိ။ တွေ့သမျှအပင် အကုန် ခုတ်သည်။ အာဏာပိုင်တွေကလည်း သူတစ်ဝက်ကိုယ်တစ်ဝက် ဝေပုံကျလုပ် ၍ သစ်ရွက်တွေကို မြေပုံပေါ်မှာချပေး ကြသည်။ ထိုအချိန်မှာ ခေတ်ပျက် သူဌေးတွေပေါ်လာကြပြီး လောဘဇော တိုက်၍ ပဲခူးရိုးမကြီးအား ဝိုင်း၍အရေခွံ ခွာကြသောအခါ တစ်ချိန်က ဆင်နေ ကျားအောင်းဖြစ်ခဲ့သောရိုးမသည် မှီခို နေသော တောတိရစ္ဆာန်တွေလည်း ဇီဝ မျိုးဆက်တို့ပျောက်ကွယ်၊ ရိုးမအနီး မှီခို နေကြသော သက်ရှိလူသားတွေလည်း ဝမ်းစာပျောက်၍ နောက်ဆုံး တောင် ကတုံးများဖြစ်လာပြီး မြန်မာပြည်၏ ရာသီဥတုတွေပါ ဖောက်ပြန်ခဲ့ရသည် မဟုတ်လား။ ကျွန်ုပ်က တောကိုကြည့် လိုက်၊ သစ်ပင်တွေကိုကြည့်လိုက်ဖြင့် စဉ်းစားခန်းဝင်နေချိန်တွင် ဘသုံးတစ် ယောက်က ဝါးချုံများအကြား အရာ ဝတ္ထုတစ်ခုကို ဆွဲထုတ်လာသည်။

"ကိုသန့်ဇင် ဒါဘာလဲသိလား"

"ဒါ မြွေအရေခွံခြောက်ပဲ။ ဘာ မြွေဖြစ်မလဲ ဘသုံး"

"မြွေဟောက်အရေခွံပေါ့။ အရွယ် ကြီးတယ်။ တောကြီးမြွေဟောက်ပဲ နေဦး"

ပြောပြောဆိုဆိုဖြင့် ဘသုံးသည် အရေခွံလဲသွားသော မြွေအရေခွံကြီး အား နမ်းကြည့်နေသည်။

"သိပ်မကြာသေးဘူး။ ဒါမြွေ ဟောက်မကြီးပဲ။ ကိုယ်နံ့က သိပ်ပြင်း တယ်။ ကိုသန့်ဇင် ကျုပ်တို့ဒီနေရာက အမြန်ခွာမှဖြစ်မယ်"

ကျွန်ုပ်အား အနောက်ဘက် တောင်ကုန်းအတိုင်း အင်တိုင်းတောထဲမှ အမြန်ထွက်ရန်ပြော၏။ ရှေ့မှခပ်သွက် သွက်လှမ်းနေရင်း ကျွန်ုပ်အားလည်း လူ ချင်းမကွဲရန်ပြော၏။ အသက်ငါးဆယ် ကျော် ခြောက်ဆယ်နီးပါးဘသုံးသည် လူ ငယ်တစ်ယောက်အလား လွန်စွာသွက် လက်နေသည်မှာ ထူးဆန်းနေ၏။ သူ့ မျက်လုံးများကလည်း ရှေ့တူရူဘေးဘီ သို့ မျက်ခြည်မပြတ်ကြည့်ရင်း လက်မှာ လည်း တောခုတ်ဓားမကအဆင်သင့်။

"ရှီ. . . ရှီ. . . ရှီ. . ."

"လာ-ကိုသန့်ဇင်၊ ဒီဘက်ကဖြတ် ဆင်းမယ်"

သစ်ခုတ်သမားတို့၏ တောတိုး လမ်းမှမဟုတ်ဘဲ အောက်ခြေရှင်းသည့် ကျွန်းပင်တချို့ပေါက်နေသော ကုန်း လျှောလျှိုလေးအတိုင်း သူပြေးဆင်း၏။ ကျွန်ုပ်လည်း ဘသုံးနောက်မှ ထက်ကြပ် မကွာလိုက်နေရ၍ လျှာထွက်မတတ် မောနေပြီဖြစ်သည်။ ဘယ်အရပ်ကလာ သည်မသိ၊ တရှီရှီအသံများကိုလည်း ကြားနေရ၏။ ဘသုံးသည် သွားရင်းဖြင့် အနီးမှာပေါက်နေသောသစ်ပင်ကြီးများ ကိုလည်း မော့ကြည့်၏။

"ခဏရပ်ဦး ကိုသန့်ဇင်။ ဟိုမှာ သက်န်းပင်ကြီး အဲဒီနားသွားရအောင် အခြေအနေကြည့်ပြီးမှ ဆက်သွားမယ်"

သက်န်းပင်ကြီး၏ အမြစ်ပါးပျဉ်း ခွက်နားမှ ခဏခိုရင်း -

"ဘာတွေဖြစ်နေတာလဲ. ဘသုံး။ အသံတွေကလည်း တရှီရှီနဲ့"

"မြွေသံတွေလေ၊ ဟိုမြွေမပေါ့။ သင်းက အရေခွံလဲပြီးတာနဲ့ မိတ်လိုက်ဖို့ အနံ့ပေးလိုက်တာ အရပ်ရှစ်မျက်နှာက မြွေထီးတွေလာနေကြပြီ"

"ဟာ-အတော်ပဲ။ မြွေမိတ်လိုက် တာ ကျွန်တော်မမြင်ဖူးဘူး။ ကြုံတုန်း ဓာတ်ပုံရိုက်ဦးမှ"

"ဟာ- ဒီစာရေးဆရာတော့ ဒုက္ခ ရောက်တော့မှာပဲ။ ခင်ဗျားဓာတ်ပုံရိုက် ဖို့နေနေသာသာ ခင်ဗျားတစ်ကိုယ်လုံး မြွေပေါက်ရာတွေနဲ့ ငါးမိနစ်အတွင်း မီးသွေးတုံးဖြစ်သွားမယ် ဘာမှတ်သလဲ။ တောကြီးမြွေဟောက်ဗျ သိပ်ဆိုးတယ်"

ကျွန်တော်တို့နှစ်ယောက် တီးတိုး ပြောနေစဉ်မှာပင် ရှေ့ကုန်းလျှောဝါးရုံ ပင်များကြားမှ မြွေဟောက်ကြီးနှစ် ကောင်သည် လျှောဆင်းလာသည်ကို တွေ့ရ၏။ ဘသုံးသည် ကျွန်ုပ်အား မလှုပ် ဘဲငြိမ်ငြိမ်နေရန် အချက်ပြပြီး ထိုမြွေ ဟောက်ကြီးများအား သစ်ပင်ကွယ်၍ ချောင်းကြည့်နေသည်။ မြွေဟောက်ကြီး တွေက လျှာတစ်လစ်ထုတ်လိုက်၊ ခေါင်း ထောင်လိုက်လုပ်ပြီး ၊ ကျွန်ုပ်တို့၏ ခပ်လှမ်းလှမ်းမှ ဖြတ်သွားကြသည်။

"လာ လာ မြန်မြန်၊ အရှေ့ဘက် တောထဲကိုမြန်မြန်ဆင်း"

အရှည် (၇) ပေခန့်၊ လုံးပတ် လူကြီးလက်မောင်းလောက် မြွေကြီးနှစ် ကောင် ဝါးရုံတောထဲဝင်သွားမှ ကျွန်ုပ် တို့လည်း အရှေ့ဘက်ဝါးတောထဲသို့ ဖြတ်ဆင်းကြသည်။ မြေပြင်သည် ညီညာ ပြန့်ပြူးခြင်းမရှိဘဲ တောင်ကုန်းဆင်ခြေ လျှောများဖြစ်နေသဖြင့် သွားရသည်မှာ ခရီးကသိပ်မတွင်။ ဒီကြားထဲ ကြောက် စိတ်လားဘာလားတော့မသိ။ရင်သိပ်ခုန် နေသဖြင့် ပိုမောနေသလိုရှိ၏။

"ကိုသန့်ဇင် ခဏရပ်။ လာ ဟိုမှာ သစ်ပကန်ပင်တွေ့လား။ သစ်ပင်တက် တတ်တယ်မဟုတ်လား"

"ရတယ်၊ ကျွန်တော်ငယ်ငယ် ကတည်းက သစ်ပင်ပေါ်တက်ဆော့လာ တာ"

"ဒါဆို အပင်ရဲ့အမြင့်ဆုံးအပိုင်း ကိုရောက်အောင်တက်ကြမယ်။ ဒါမှ သင်းတို့ရန်ကလွတ်မှာ"

"မြေပေါ်မှာပဲ သစ်ပင်ကွယ်မှာ ပုန်းနေလို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"မြွေထီးတွေက ရန်ကုန်က လမ်းတွေလို ကားလမ်းအတိုင်းလာမှာမဟုတ်ဘူး။ လာချင်တဲ့နေရာကလာမှာ။ ဒီအချိန်မှာ ဘာကောင်တွေ့တွေ့ သူတို့က မစိတ်မွှန်နေပြီးကိုက်မှာ"

ဘသုံးက ကျွန်ုပ်အား သစ်ပကန်ပင်ပေါ်သို့ အရင်တက်စေပါသည်။ ကျွန်ုပ်လည်း ကျင်လည်စွာတက်သွားပြီး ဆ (၂၀) ခန့် ခွဆုံအမြင့်သို့အရောက် ခွယ်ထားသော ကင်မရာလေးက မြေကြီးပေါ်သို့ ပြုတ်ကျသွားပါတော့၏။

"ဘသုံ၊ ဆင်းကောက်ပေးပါဦးဗျ"

"နောက်မှယူစော့။ ဒီအချိန်မှာ အသက်ထက် ဘာမှတန်ဖိုးမရှိဘူး"

"သွားပါပြီဗျာ။ ခတ်ပုံလေးရိုက်သားမလား မှတ်ပါတယ်"

ဘသုံးက တောင်ကုန်းနှစ်ခုကြားချိုင့်လေးအား လှမ်းပြသည်။ ထိုနေရာသည် အနောက်ဘက်မှ ပြေပြေလေးဆင်းလာပြီး တောင်ဘက်သို့ နိမ့်ဆင်းသွား၏။ မိုးတွင်းတွင် ရေစီးသော စမ်းချောင်းဖြစ်ဟန်တူသည်။

"ဝေါ. . . ဖရော. . . ဖရော. . . ချွတ်. . . ချွတ်. . ."

"ကြားလား၊ အသံတွေ"

"ကြားတယ်ဘသုံ၊ ဘာသံတွေလဲ"

"တောကြီးမြွေဟောက်မကိုအရင်ရောက်တဲ့မြွေထီးက စပတ်နေတာလေ။ နောက်ကျမှရောက်လာတဲ့ ကောင်တွေကလည်း သူ့ထက်ငါဦးအောင်ဝင်ပတ်တော့ မြွေလုံးကြီးဖြစ်လာပြီး လူးလိမ့်ချင်းနဲ့ ရွေ့လာတဲ့အသံဗျ"

"ဒီကောင်တွေကလည်း ငြိမ်ငြိမ်လေးမနေပ်ကြဘူး"

"တိရစ္ဆာန်တွေပဲဗျာ။ အမကတစ်ကောင်တည်း အထီးတွေကများတော့ သူ့ထက်ငါနေရာရအောင်ဦးကြရင်း မြွေလုံးကြီးဖြစ်သွားတာပေ့ါ။ ခင်ဗျားတို့ ငယ်ငယ်က ပိုက်ဆံကြရင် ဝိုင်းလုကြရင်း လူအုပ်ကြီးဖြစ်သွားသလိုပေ့ါ"

"နေပါဦးဗျ။ မြွေမက သူ့နေရာကနေ အရေခွံလဲပြီး မိတ်လိုက်ဖို့ အနံ့လွှတ်တာ မြွေထီးတွေက အများကြီးဘယ်လိုရောက်လာတာလဲ"

"ကိုသန့်ဇင်၊ ခင်ဗျားမသိသေးဘူး။ ဒီမြို့မအလယ်ကောင်ကနေ မြွေမမိတ်လိုက်ဖို့အနံ့ပေးရင် သာဝတ္ထိကမြွေထီးကအဲဒီအနံ့ကိုရတယ်။ ဒီကောင်တွေက အနံ့ခံသိပ်ကောင်းတယ်။ မိတ်လိုက်တဲ့အနံ့ဆို ပိုပြီးတောင်အာရုံရသေးတယ်"

ကျွန်ုပ် သဘောကျ၍ ရယ်မိပါသည်။

"ကျွန်တော်တို့က ကိုယ့်လမ်းကို သွားနေတာ သူတို့ကို နှောင့်ယှက်တာမှ မဟုတ်ဘဲ"

"သူတို့က မဇော်ကပ်ပြီး တရှူးထိုးလာနေတဲ့အချိန်မှာ ရှေ့မှာမြင်သမျှ တွေ့ရင်ကိုက်မှာပဲ။ မစိတ်မွှန်နေတာလေ။ ဟိုမှာကြည့် မြို့သား၊ ခင်ဗျား မြင်ရခဲ့တယ်"

ကျွန်ုပ်သည် ဘသုံးပြရာသို့ကြည့်လိုက်သောအခါ ခေတ္တမျှကြောင်သွား၏။

ပြီးတော့ ကြောက်လာ၏။ ရင်ခုန်နှုန်းသည် တထိတ်ထိတ်ဖြင့် ပို၍ပို၍ မြန်လာနေသည်။ ခြေဖျားလက်ဖျားများ အေးလာသည်ထင်ရသည်။ တစ်သက်နှင့်တစ်ကိုယ် ဤလိုမြင်ကွင်းမျိုးအား ဤတစ်ခါသာ မြင်ခဲ့ဖူးပါ၏။ နက်ကြောကြော ညိုမှိုင်းမှိုင်းတီကောင်ထွေးကြီးလို တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်ရှုပ်ထွေးနေသော မြွေအလုံးကြီးသည် စဉ့်အိုးအလတ်စားတစ်လုံးစာခန့်ရှိပါသည်။ ထိုမြွေအလုံးကြီးသည် ဝါးရုံပင်များအကြား ကွန်းလျှောလေးအတိုင်း လိမ့်ဆင်းလာနေ၏။ တချို့မြွေတွေလည်း အထွေးကြီးထဲမှလွင့်စင်၍ အနီးမှ ဝါးပင်ပြတ်များနှင့်တိုက်မိပြီး နှစ်ပိုင်းပြတ်၍ တွန့်လိမ်ကောက်ကွေးနေကြ၏။ ပါးစပ်ကြီးဖြဲ၍ ပါးပျဉ်းကြီးများထနေသည်မှာ တော်ရုံလူတွေ ထွေးပျက်သွားနိုင်ပါသည်။

အနီးရှိ ကျွန်းပင်ကြီးပေါ်မှ စွန်တစ်ကောင်ဝဲဆင်းလာပြီး မြွေအပြတ်ကြီးအားချီပြီး သစ်ပင်ပေါ် ပြန်တက်သွားသည်။

"အရေးထဲ အချောင်သမားက ရောက်လာသေးတယ်။ ဘသုံ၊ မြွေမက တစ်ကောင်တည်း၊ မြွေထီးတွေက အများကြီး။ မြွေမလေးသနားစရာဗျာ"

"ခင်ဗျားကလည်း ပေါက်ပေါက်ရှာရှာတွေးနေသေးတယ်။ သူတို့သဘာဝက ဘယ်လောက်ပဲ မြွေထီးတွေ ဝိုင်းပတ်နေပါစေ၊ မြွေထီးတစ်ကောင်ပဲ အောင်မြင်တာဗျ။ ကျန်တဲ့ကောင်တွေက ဝိုင်းပတ်ရင်းအားကုန်သွားတာ။ ဒါကြောင့် လွင့်ထွက်ပြီး ဟိုဟာနဲ့တိုက်၊ ကျောက်တုံးနဲ့တိုက်မိပြီး သေကုန်ကြတာ မတွေ့ဘူးလား"

ဘသုံးပြောတာ ဟုတ်ပါသည်။ မြွေထီးလေးငါးကောင်သည် မြွေလုံးကြီးမှ လွင့်ထွက်လာပြီး ဝါးငုတ်တွေနှင့်တိုက်မိ၊ ကျောက်စွန်းများနှင့်တိုက်မိပြီး မာလကီးယားကုန်၏။ မြွေလုံးကြီးကား ဝါးရွက်ခြောက်များပေါ်မှာ တဝေါဝေါအသံပြုရင်း တောင်ဘက်အနိမ့်သို့ လိမ့်ဆင်းသွားသည်ကို တွေ့လိုက်ရ၏။ ကျွန်းပင်ကြီးများထက်တွင် စွန်ငှက်တို့ တစ်ကောင်ပြီးတစ်ကောင် ဝဲပျံလာနေ၏။ သစ်ပင်များကြား ဝဲဆင်းလာလိုက်၊ မြွေအပိုင်းအပြတ်တစ်ခုချီ၍ ပျံတက်သွားလိုက်ဖြင့် စွန်ငှက်တို့သည် မြွေသားအား မြိန်မြိန်ရှက်ရှက်ကြီး ပွဲတော်တည်နေကြသည်တကား။

❑

ကျွန်ုပ်တို့နှစ်ယောက် စမတောင်ခြေ ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်တဲသို့ ပြန်ရောက်တော့ နေအတော်စောင်းနေ၏။ လူတစ်ကိုယ်လုံးလည်း ဖုန်များ၊ သဲများဖြင့် ညစ်ပတ်ပေလူးနေသည်။ မောလိုက်သည်မှာ ပစ်လဲမတတ်။ တပည့်ကျော် စိုးပိုင်က ကျွန်ုပ်အားကြည့်ပြီး ဟားတိုက်ရယ်နေ၏။

"ရယ်မနေနဲ့ စိုးပိုင်။ မင်းဆရာ ကံကောင်းလို့မသေတာ"

ဘသုံးပြောမှ စိုးပိုင်အရယ်ရပ်သွားပြီး ဖြစ်ကြောင်းကုန်စင်အားမေးသည်။ နားထောင်ပြီးမှ-

"အစ်ကိုက မြွေတွေဒွန့်တာကို သွားကြည့်တာကိုး"

"ဟ - ငါတို့ရှေ့မှာ လာဒွန့်နေကြတာကွ။ ရွှံစရာကောင်းသလို အသည်းယားစရာလည်းကောင်းပါ့ကွာ"

"ဟား. . . ဟား. . . ဟား. . . ကိုသန့်ဇင်မျက်နှာ ဆီးရွက်လောက်ပဲရှိတော့တယ်။ ဒါတောင် ဒူးတွေတုန်ပြီး သစ်ပင်ပေါ်ကပြုတ်မကျတာကံကောင်း။ သူ့ကင်မရာလေးလည်း ကံကောင်းလို့ မပျက်သွားတယ်။ ကြောက်ကြောက်နဲ့ သစ်ပင်ပေါ်ကိုတက်သွားလိုက်တာများ မင်းတို့တောသားတွေ အရှုံးပေးရမယ်။ ကင်မရာကတော့ ဖုတ်ခနဲပြုတ်ကျသွားတာပဲ"

ဆရာတော်ကြီးက ကျွန်ုပ်အား ယက္ကန်းစင်တောင်ကို သွားချင်သေးလားဟု ပြောပြီးဆူ၏။ နောက်ပိုင်း စမတောင်သို့ သွားသောအခေါက်များ၌ ကျွန်ုပ်သည် ဘသုံးအား ယက္ကန်းစင်တောင်သို့ လိုက်ပို့ပေးပါဟု မပူဆာမိတော့ပါခင်ဗျား။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေတစ်ယောက်က သူ့အစ်ကိုရဲ့ ယောက္ခမဖြစ်သူ ဖုတ်သက်ဝင်တဲ့အကြောင်းကို ပြောပြတဲ့အတွက် လွန်ခဲ့တဲ့ (၃)နှစ်လောက်က အဖြစ်အပျက်တစ်ခုကိုသွားပြီးသတိရမိပါတယ်။

တစ်ခုသော နေ့လယ်ခင်းမှာ အသိလင်မယားနှစ်ယောက်ရောက်လာပြီး သူတို့မိခင်ကြီးနေမကောင်းတဲ့အကြောင်း စာရေးသူကို ပြောပြကြပါတယ်။


၎င်းတို့မိခင်ကြီးဟာ အစာမဝင်တော့တာ ရက်(၂၀)လောက်ရှိသွားပြီဖြစ်သော်လည်း ညရောက်ရင် အသံမာမာကြီးနဲ့ စကားပြောတာတွေ၊ ရေတောင်းသောက်တာတွေ၊ လန်းလန်းဆန်းဆန်းရှိနေတတ်ပြီး နေ့ဘက်ရောက်ရင်တော့ မှိန်းပြီးနေတတ်တဲ့အကြောင်း၊ မိခင်ကြီးကို ညီအစ်မတစ်တွေအလှည့်ကျစောင့်ကြပြီး ညဘက်စောင့်တဲ့ညီမဖြစ်သူက မိခင်ကြီး ရေတောင်းလို့ မိခင်ကြီးကို ပခုံးက သိုင်းပွေ့ပြီး သူ့လက်မောင်းပေါ်တင် ရေတိုက်ပြီး ရေခွက်လေးကို ပြန်ချတတ်ပြီး မိခင်ကြီးကို ခေါင်းအုံးပေါ်ပြန်တင်ဖို့လှည့်ကြည့်လိုက်တဲ့အချိန်မှာ မိခင်ကြီးက သူ့ကို နီရဲနေတဲ့ မျက်လုံးကြီးနဲ့ စိုက်ကြည့်နေတာကို တွေ့ရတော့ လန့်ပြီး ခေါင်းအုံးပေါ်ကို လွှတ်ချလိုက်မိတယ်လို့ ပြောပြပါတယ်။ ပြီးတော့ အဲဒီညီမက တဖြည်းဖြည်းနဲ့ ပိန်လာတယ်လို့ ပြောပြကြပါတယ်။ သူတို့ဆိုလိုတာက သူတို့ရဲ့မိခင်ကြီးကို ဖုတ် သက်ဝင်တယ်လို့ယူဆတဲ့သဘော ပြောပြကြပါတယ်။

စာရေးသူနားလည်တဲ့ ဖုတ်သက်ဝင်တဲ့သူတွေရဲ့ပုံစံက အဝင်ခံရတဲ့ပုဂ္ဂိုလ်က သေပြီးနေပြီ။ အဲဒီသေပြီးတဲ့လူရဲ့ ရုပ်ခန္ဓာကိုဝင်ပူးကပ်ပြီးမှ အစာရေစာကို တောင်းပြီး စားသောက်ကြတာလို့ ကြားဖူးပါတယ်။ စာအုပ်တစ်အုပ်မှာဖတ်ဖူးတာက ပြုစုတဲ့လူရဲ့အသားနဲ့ထိရင်ကို အဲဒီလူရဲ့သွေးကိုရပြီး ပြုစုတဲ့သူဟာ တဖြည်းဖြည်းပိန်လိုက်လာပြီး လူနာက အစာမစားဘဲ ရေသောက်ပြီးတော့လည်း လန်းချိပြီး အသက်ရှင်နေနိုင်တယ်လို့ ပြောကြပါတယ်။ အခုပုံစံက ဖုတ်သက်ဝင်တာဟုတ်နေတဲ့သဘောဖြစ်နေပါတယ်။

# မနှင်းခါ

(နေပြည်တော်)

## ဖုတ်သက်ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ





www.burmeseclassic.com

www.burmeseclassic.com

ါပေမယ့် စာရေးသူ စိုးရိမ်တာ ပါတယ်။ အဲဒါကဘာလဲဆိုတော့ တ်မဝင်ဘဲနဲ့ အထင်လွဲပြီး သေခါ ာတို နွေးနွေးထွေးထွေးပြုစုရမယ့် ာ သူစိမ်းဆန်ဆန်နဲ့ ကြောက်ရွံ့ င် အဲဒီလိုအဆက်ဆံခံရတဲ့လူနာ ည်းမှုတွေ၊ အားငယ်မှုတွေနဲ့များ းရရင် ဘဝကူးကောင်းဖို့ရာ ပါဘူး။ မိဘကျေးဇူးဆပ်တဲ့ ဖုတ်သက်ဝင်သည်ဖြစ်စေ၊ မဝင် စေ အဲဒီလိုအချိန်မှာ သားသမီး ဘဝကူးကောင်းအောင် အနီး နေပြီး မိဘကို ဖုတ်ဆိုတဲ့ နာနာ ဘာဝမပြောနဲ့၊ မှုက်၊ ခြင်၊ ယင်တောင် မနားရအောင် အရိပ်တကြည့်ကြည့်နဲ့ ကြည့်ပြီး ပြုစုစောင့်ရှောက်ကြရမှာပါ။ အခုလို ဖုတ်ဝင်နေပြီလို့ယူဆရရင်လည်း လူနာကိုကံနိမ့်စေတဲ့ အိပ်ရာအောက် ဖိနပ်ထိုးတာမျိုးမလုပ်ဘဲ ပရိတ်ရေတိုက် တာတို့၊ ပရိတ်ကြိုး လည်ပင်းမှာဆွဲပေး တာတို့ကိုလုပ်ရမှာပါလို့ အကြံပေးလိုက် ပါတယ်။

မှတ်မှတ်ရရ ၂၀၀၇ ရုပ်ရှင် မင်းသားဒွေးဆုံးတဲ့နှစ်ပေါ့။ အဲဒီအချိန် မှာ စာရေးသူရဲ့အမေ အသက် (၈၉)နှစ် ကလည်းလူကြီးနာနဲ့အိပ်ရာထဲမှာလဲနေတဲ့ အချိန်၊ အမေ့မှာ အိပ်ရာထဲမှာနေရတာ ကြာ ခါးနေရာမှာ အိပ်ရာနာကလည်း ဖြစ်စပြုဆိုတော့ နေရတာငြီးငွေ့လာပြီနဲ့ တူပါတယ်။ ဒွေးသေတယ်ကြားတော့ အမေက-

"အသက်ငယ်တဲ့ဒွေးက အောင်မြင် နေတဲ့အချိန်မှာ သေရရှာတယ်။ သူ့ ခမျာ ဒီလိုအချိန်မှာ ဘယ်သေချင်လိမ့် မလဲ။ သေမင်းက မလိုက်ချင်တဲ့သူကို တော့ခေါ်တယ်။ ငါ့လိုအသက်ကြီးတဲ့ အဘွားကြီးကိုတော့ သေမင်းကမခေါ် ဘူး"

လို့ပြောပါတယ်။

စာရေးသူ့ အကဲခတ်မိပါတယ်။ နာတာရှည်ပြီး အိပ်ရာထဲမှာနေရတာ ကြာလာတော့ ဘဝကိုစိတ်ဓာတ်ကျပြီး ငြီးငွေ့နေတဲ့အနေအထားကို ပြောင်းလဲ





www.burmeseclassic.com

www.burmeseclassic.com

ပစ်နိုင်မှ အမေ့အတွက် ဘဝကူးကောင်းနိုင်မှာဆိုတာကို။ ဒါကြောင့် အမေ မဆုံးခင် တစ်လလောက်အလိုကတည်းက စာရေးသူ အလုပ်က လုပ်သက်ခွင့်ယူပြီး အမေ့ကိုပြုစုခဲ့ပါတယ်။ အမေက အလှူအပနဲ့ သန့်ရှင်းမှုကို အလွန်ဦးစားပေးပါတယ်။ နေ့လယ်ပိုင်းတွေမှာ အမေ့အဝတ်လျှော်ရင် အမေက အမြဲသတိပေးတဲ့စကားရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ သူ့အနံ့အသက်တွေပျောက်အောင် ဖူဂျီဆပ်ပြာကိုသုံးပါလို့ အမြဲသတိပေးပါတယ်။ နေ့လယ်ပိုင်းတွေမှာ အဝတ်တွေလျှော်ပြီးရင် စာရေးသူက အမေ့အနားမှာ မြတ်မင်္ဂလာတို့၊ ရတနာမွန်တို့၊ ရောင်ပြန်၊ သူရဿမဂ္ဂဇင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့ စတဲ့ ဘာသာရေးစာပေတွေကိုဖတ်ပြပါတယ်။ အဲဒီအခါမှာ အမေက သာဓုခေါ်ပြီး အငယ်ဆုံးကို သမီးမွေးမိတာမှန်သွားပြီလို့ အမြဲပြောပါတယ်။ဒါပေမယ့် အမေအချစ်ဆုံးက သူ့သားအကြီးဆုံးကိုပါ။ ဒါကြောင့် အမေစိတ်ချမ်းသာအောင် အစ်ကိုကြီးကို လှမ်းပြီးမှာပေးရပါတယ်။ အစ်ကိုကြီးနဲ့ သမီးအကြီးဖြစ်တဲ့ စာရေးသူရဲ့ အစ်မကြီးတို့က စာရေးသူ လုပ်သက်ခွင့်မယူခင်အချိန်တွေကတည်းက တစ်လှည့်စီလာပြီး ပြုစုကြပါတယ်။

လူကြီးရောဂါဆိုတော့ တဖြည်းဖြည်းနဲ့ အစာမဝင်တော့ဘဲ အစာဖြတ်စပြုနေတဲ့အချိန်မှာ စိတ်ဓာတ်ကလည်း ကျစပြုနေပြီနဲ့တူပါတယ်။ အမေက စာရေးသူကိုခေါ်ပြီး အစာမဝင်ဘဲနဲ့ အိုဗာတင်းအရည်တစ်မျိုးတည်းသောက်ရုံနဲ့ သူ့အသက်ရှင်နေနိုင်တာ ဟုတ်ကောဟုတ်ရဲ့လားလို့မေးတော့ အမေနားလည်အောင် ရှင်းပြနေရပါတယ်။ သူ့ကိုယ်သူ သံသယဝင်လာတယ်နဲ့တူပါတယ်။ မိခင်ကြီးဆုံးခါနီးတစ်ပတ်လောက်အလိုမှာပေါ့။ မိခင်ကြီးက သူ့အိပ်ရာအောက်ကို ဖိနပ်ထိုးခိုင်းပါတယ်။ မလုပ်ကောင်းပါဘူးအမေရယ်ဆိုပြီးပြောတာကို ခဏခဏပြောနေတာနဲ့ နားအေးအောင် သူ့အိပ်ရာအောက်ခြေရင်းနားလောက်မှာ ဖိနပ်ထိုးပေးလိုက်ပါ တယ်။

အဲဒါနဲ့ပဲ အသက် (၈၉) နှစ်ရှိပြီး အင်မတန်သတိကောင်းတဲ့မိခင်ကြီးက စဖောက်လာပါတော့တယ်။ ညဘက်ရောက်ရင် ကယောင်ချောက်ချားတွေပြောလာပါတယ်။ ည (၁) နာရီလောက်မှာ စာရေးသူက မိခင်ကြီးကို ညလယ်စာအဖြစ် အိုဗာတင်းတိုက်တော့ -

"ဧည့်သည်ရှိနေတာ၊ ဧည့်သည်ဖို့ပါ အိုဗာတင်းကိုပိုဖျော်ပေးပါ"

လို့ မိခင်ကြီးက တောင်းဆိုပါတယ်။

"ဘယ်ကဧည့်သည်လဲအမေ"

လို့ ပြောတော့-

"ငါ ဒီရေဆင်းအိမ်ကနေ အဝတ်ထုပ်ကြီးနဲ့ထွက်သွားတော့ မျက်စိလည်နေတာ၊ ရနောင်ဈေးထဲရောက်သွားတာ။ အဲဒီကဖျင်အကျီဝတ်ထားတဲ့လူကြီးတစ်ယောက်က ငါ့အထုပ်ကိုထမ်းပြီး ရေဆင်းအိမ်ကိုပြန်လိုက်ပို့တာလေ။ အဲဒီလူကြီးကိုတိုက်ဖို့လေ"

လို့ပြောပါတယ်။

"အဲဒါဆိုရင် အဲဒီလူကြီးက အမေ့ကျေးဇူးရှင်ပေါ့နော် အမေ"

လို့ပြောပြီး စာရေးသူလည်း အမေသောက်နေကျထက် (၂)ဆပိုဖျော်ပါတယ်။ ပြီးတော့ အမေ့ကိုတိုက်တော့ အားလုံးကုန်အောင်သောက်နိုင်တာကို တွေ့ရပါတယ်။ ပြောရရင် လိုက်လာတဲ့ ဧည့်သည်စာပါ အမေကပိုသောက်တဲ့ သဘောဖြစ်နေတာပေါ့။

အဲဒီနောက်မှာလည်း သေပြီးသားလူတွေရဲ့အမည်ကိုပြောပြီး သူတို့ပါလာတယ်။ ဘယ်နားကိုအိပ်ခိုင်းမှာလဲဆိုတာတွေနဲ့ ကယောင်ချောက်ချားတွေကို ပြောလာပါတယ်။ ညစဉ်ညတိုင်း စည်းချပေး၊ ဘုရားစာတွေရွတ်ပေးပေမယ့် အမေက ဒီလိုဖြစ်နေတော့ စာရေးသူ ညဘက်ဆို အမေ့ကိုတစ်ယောက်တည်းထားပြီး မအိပ်ဝံ့တော့ပါဘူး။ အမေ့ဘေးနားကနေပြီး ပရိတ်ပဌာန်းကိုထိုင်ပြီး ရွတ်နေတဲ့ကြားက ည(၁၂)နာရီလောက် အချိန်ကြီးမှာ အမေက ဘာပြောသလဲဆိုတော့ -

"ငါ့ခြေရင်းမှာထိုင်နေတဲ့ လူမည်းမည်းကြီးက ဘယ်သူလဲ"

လို့ မေးပါတယ်။

တစ်အိမ်လုံး အိပ်မောကျနေတဲ့



အချိန်ကြီးမှာ အမေက ဒီလိုမေးတော့ အရင်တုန်းကစိတ်မျိုးဆိုရင် ကြောက်လို့ နေစရာရှိမှာမဟုတ်ပါဘူး။ အခုတော့ မိခင်ကြီးကို လုံခြုံစေချင်တဲ့စိတ်ပဲရှိတယ်လေ။ အဲဒီခြေရင်းနေရာကိုသွားထိုင်ပြီး မေတ္တာသုတ်ရွတ်ပေးနေမိပါတယ်။

စာရေးသူ ရိပ်မိလိုက်ပါပြီ။ အမေ့ဝိညာဉ်ကလွင့်နေတာနဲ့တူပါတယ်။ ပြီးတော့ အိပ်ရာအောက်က ဖိနပ်ကြောင့် အမေ နာမ်နိမ့်သွားတာနဲ့တူပါတယ်။ ဒါကြောင့် အိပ်ရာအောက်ကဖိနပ်ကို အမြန်ဆွဲထုတ်ပြီး ဘုရားစာတွေကို ဆက်ရွတ်ပါတယ်။လင်းအားကြီးအချိန်ရောက်တော့ အိပ်ချင်လာပါပြီ။ လူလဲဖို့ဆိုတာက အိမ်မှာ ခင်ပွန်းသည်နဲ့ ငယ်သေးတဲ့ သမီးတစ်ယောက်နဲ့ သားတစ်ယောက်သာရှိနေတော့ သူတို့ကိုစောင့်ခိုင်းရင်လည်းဘာမှလုပ်တတ်မှာမဟုတ်၊ ကျန်တဲ့ မောင်နှမသားချင်းတွေတာ အဝေးမှာ။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ပဲရှိတာဆိုတော့ သူတို့မှာလည်း သူတို့အလုပ်တွေနဲ့သူတို့မို့ ခဏလာပြုစုလိုက်ကြ၊ ပြန်သွားကြလိုက်ကြနဲ့ အမေ့နားမှာ အမြဲရှိတာက သမီးအငယ်ဆုံးဖြစ်တဲ့ စာရေးသူပဲပေါ့။

စာရေးသူရဲ့အတွေးက အိပ်စက်အနားယူတယ်ဆိုတာ မသေမချင်းအိပ်နေကြ၊ အနားယူနေကြရမှာပါ။ အခုလိုအရေးကြီးတဲ့အချိန်မှာ မိခင်ကြီးကို မအိပ်မနေပြုစုရမှာလို့ တွေးမိပါတယ်။ ဒါပေမယ့် စိတ်ပဲရှိတာပါ။ တကယ်တမ်းကျတော့ ခန္ဓာကိုယ်ကြီးက မလိုက်နာနိုင်ပါဘူး။ အိပ်ငိုက်လာပါပြီ။ ဒါကြောင့် အကြံထုတ်ရပါပြီ။ သာသနာရေးဦးစီးဌာနကထုတ်ထားတဲ့ ဓာရဏပရိတ်နဲ့ နတ်တွေရဲ့အစောင့်ရှောက်ကိုယူတဲ့ ပဲ့ရိမိတ္တဇာလသုတ်ပါတဲ့စာအုပ်ကို အမေ့ခေါင်းအုံးအောက်မှာထားလိုက်ပါတယ်။ ညဦးပိုင်းကတည်းကလည်း အဲဒီပရိတ်တွေသုတ်တွေကို ရွတ်ထားပြီးဖြစ်နေတော့ စိတ်ချရလောက်ပါပြီဆိုပြီး အိပ်ရာထဲဝင်အိပ်လိုက်ပါတယ်။

တိုက်ဆိုင်တယ်ပဲဆိုရမလား၊ ထူးခြားတယ်ပဲဆိုရမလားပေါ့။ အဲဒီအချိန်ကစပြီး ဆုံးခါနီးမိနစ်ပိုင်းအထိ အမေက သတိတစ်ချက်မလွတ်ဘဲ စကားကိုပုံမှန်ပြောနိုင်ပါတယ်။ ဒီလိုဖြစ်သွားတော့ ပရိတ်ပဌာန်းခွေတွေဖွင့် ဘုရားစာတွေရွတ်နဲ့ဘာသာတရားရဲ့အစောင့်အရှောက်ကိုခံယူလို့ရနိုင်တဲ့ကံက အမေ့မှာရှိလာတဲ့အတွက် ကယောင်ချောက်ချားပြော



www.burmeseclassic.com

www.burmeseclassic.com

# ကိန်းဂဏန်းများနှင့်ဆက်စပ်နေသော လူသားတို့၏ပင်ကိုလက္ခဏာနှင့်ဘဝကံကြမ္မာ

## လှထွန်းအောင်(ရူပဗေဒ)

ကျွန်ုပ်တို့ လူသားများသည် စကြဝဠာကြီးနှင့် ဆက်စပ်နေသည့် ပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်ကြသူများဖြစ်ရာ ဤကမ္ဘာပေါ်ရှိလူတိုင်းသည် ကိန်းတို့အား မွေးဖွားရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်းထဲမှ သိသာထင်ရှားသော အကျိုးသက်ရောက်မှုကိုသော် လည်းကောင်း၊ ရှိသောသူများထဲမှသော်လည်းကောင်း ကိုယ်ပိုင်ဆိုင်ရာလွှမ်းမိုးမှုစရိုက်လက္ခဏာများရှိကြပါသည်။ လူပုဂ္ဂိုလ်တစ်ဦး၏ အသက်သမိုင်းကို ၎င်း၏အမည်နှင့် မွေးရက်များက အဓိပ္ပာယ်သတ်မှတ်ပေးကြပါသည်။ ကျော်ကြားသူတစ်ဦး၏ အမည်တွင် မွေးဖွားချိန်မှသေဆုံးချိန်တိုင် ပြည့်စုံသော ပင်ကိုလက္ခဏာနှင့် ကံတရားတို့ ပါရှိလာပြီး ဖြစ်သည်။

သိပ္ပံနည်းကျ ကိန်းဂဏန်းများက ပုဂ္ဂိုလ်တစ်ဦး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကံကြမ္မာတို့ကို ဆုံးဖြတ်သကဲ့သို့ ကံကောင်းသော အရောင်များ၊ ရက်များနှင့် ကျောက်မျက်များကို လည်းကောင်း၊ ထိုသူ၏ အသက်မွေးဝမ်းကျောင်းပြုမှု၊ ကျန်းမာရေးအခြေအနေနှင့် ပင်ကိုစရိုက် စသည်တို့ကို သတ်မှတ်ပေးပါသည်။

ကိန်းဂဏန်း (၁) မှ (၉) သည် အခြေခံကိန်းဂဏန်း သို့မဟုတ် တစ်လုံးကိန်းဂဏန်းများ (နံပါတ်များ) ဖြစ်ကြပြီး ဂဏန်း (၁၀) မှ (၆၅)အထိကို ပေါင်းစပ်နံပါတ်များဟုခေါ်သည်။

ပိုက်သဂိုးရ၏ အဆိုအရ ဂဏန်း (၁) မှ (၉) အထိ ဂဏန်းများသည် ကျွန်ုပ်တို့၏ တွက်ချက်မှုများအားလုံးကို ထိုကိန်းများဖြင့် သင်္ချာဗေဒ (Numerology) တွင် အသုံးပြုကြပါသည်။

ဂဏန်းနှစ်လုံးကို ဂဏန်းတစ်လုံးတည်းအဖြစ်သို့ ဝဲမှ ယာသို့ ပင်ကိုအတိုင်း ပေါင်းခြင်းဖြင့် လျှော့ချနိုင်သည်။

ဂဏန်းများအားလုံးပေါင်းခြင်းဖြင့် နောက်ဆုံးပေါင်း၍ရသော ကိန်းဂဏန်းကို ဝိညာဉ်ဂဏန်း (Spirit or Soul) ဟုခေါ်ပြီး လူတို့၏ ကံကြမ္မာရပတ်ကို ကိုယ်စားပြုပါသည်။

ဂဏန်းတစ်လုံးစီတွင် ကံထူးစေသော၊ စွမ်းဆောင်နိုင်သော ကောင်းကျိုးသက်ရောက်မှုပေးသော အရည်အချင်း၊ စွမ်းအားတစ်ခုစီရှိကြသည်။

နှစ်လုံး သို့မဟုတ် နှစ်လုံးထက်ပိုသော ဂဏန်းများ ကွဲပြားမှုဖြစ်ချိန်တွင် ဂဏန်းတစ်လုံး၏ဆိုးကျိုးသက်ရောက်မှု ရှိစေပါသည်။

ဂဏန်းဗေဒင်(Numerology)အရ အောက်တွင် ဖော်ပြထားသည့်အတိုင်း အက္ခရာတစ်လုံးစီကို ဂဏန်းတစ်လုံးစီက ကိုယ်စားပြုပါသည်။ ဤဆောင်ပါးတွင် ကျွန်ုပ်တို့နှင့် ဆက်စပ်နေသည့် တစ်လုံးတည်းသောဂဏန်း၊ ပေါင်းစပ်ဂဏန်းကံကြမ္မာဂဏန်းများနှင့်ကံတရား၊ ပါရမီ၊ စိတ်နှလုံး၊ အခြေခံ၊ စိန်ခေါ်မှု၊ ပင်ကိုစရိုက်၊ မွေးနေ့၊ အမည်၊ အလေ့အထနှင့် အဖြစ်အပျက် စသည့်ဆိုင်ရာဂဏန်းများအကြောင်းကို ရေးသားဖော်ပြထားပါသည်။

**အက္ခရာစာလုံးများနှင့် ၎င်းတို့၏ဂဏန်းတန်ဖိုးများ**

| 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|
| A | B | C | D | E |
| J | K | L | M | N |
| S | T | U | V | W |

| 6 | 7 | 8 | 9 |
|---|---|---|---|
| F | G | H | I |
| O | P | Q | R |
| X | Y | Z | |

**တစ်လုံးတည်းဂဏန်းများ**

**၁-ဂဏန်း**

မည်သည့် အင်္ဂလိပ်လတွင်မဆို ၁၊ ၁၀၊ ၁၉ နှင့် ၂၈ ရက်တို့တွင် မွေးဖွားသောသူများသည် ၁ ဂဏန်းသမားများ ဖြစ်ကြပြီး သင်္ချာဗေဒအရ ၎င်းတို့သည် အောက်ဖော်ပြပါ အရည်အချင်း၊ ဓလေ့စရိုက်နှင့် စိတ်နေစိတ်ထားရှိကြသူများ ဖြစ်ကြသည်။

၁။ ထိုးထွင်းတီထွင်တတ်မှုနှင့် ဖန်တီး

နေတာတွေမရှိတော့ပါဘူး။ အမေက ဘဝရဲ့နောက်ဆုံးအချိန်မှာ စိတ်ဓာတ်မှုတော့ဘဲ ဘုရား၊ တရားကို အောက်မေ့ပြီး အနှောက်အယှက်ကင်းကင်းနဲ့ ထိတ်လန့်တုန်လှုပ်မှုကင်းရှင်းစွာနဲ့ တွယ်လွန်သွားခဲ့ပါတယ်။

• စာရေးသူဆီလာတဲ့ ဇနီးမောင်နှံတို့လည်း အဲဒီအကြောင်းကိုပြောပြပြီး ဝတ်ဝင်သည်ဆိုပြီး အိပ်ရာအောက်မှာ ခနော်ထိုးတာမျိုးကိုရှောင်ပါ။ အဲဒီလိုလုပ်ရင် ကိုယ့်လူနာက နာမ်နှိမ့်ပြီး ဘဝကူးကောင်းတာမျိုး ဖြစ်သွားနိုင်တယ်ဆိုတာကို သတိပေးလိုက်ရပါတယ်။ သူတို့လည်း စာရေးသူပြောသလိုမျိုး ပရိတ်ကြိုးကို သူတို့မိခင်ကြီးရဲ့လည်ပင်းမှာဆွဲပေးပြီးတဲ့ညမှာပဲ သူတို့မိခင်ကြီးက သူ့လည်ပင်းကကြိုးကိုဖြုတ်ပေးပါ။ သူထွက်သွားပါတော့မယ်လို့ သူ့သမက်ကိုအိပ်မက်ပေးတယ်တဲ့။ အဲဒါနဲ့ ညလယ်လောက်မှာ ပရိတ်ကြိုးဖြုတ်ပေးလိုက်တော့ နံနက် (၄) နာရီလောက်မှာဆုံးသွားတယ်လို့ပြောပါတယ်။

ဒီအကြောင်းအရာတွေ၊ အဖြစ်အပျက်တွေက စာရေးသူရဲ့ကိုယ်တွေ့တွေနဲ့အတူ ပုဂ္ဂိုလ်ရေးအရ အမည်ရင်းတွေကို မဖော်ပြနိုင်ပေမယ့် တကယ့်အဖြစ်အပျက်တွေပါ။ စိတ်ကူးယဉ်ပြီး ရေးထားတာမဟုတ်ပါ။ စာရေးသူလည်း အဲဒီစကားဝိုင်းအပြီးမှာ ဒီအဖြစ်အပျက်နှစ်ခုကို နမူနာယူပြီး စာဖတ်သူတို့အား ဗဟုသုတအနေနဲ့သိစေချင်လို့ မျှဝေပေးလိုက်ပါတယ်။

မနှင်းဆီ (နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

နိုင်စွမ်းရှိခြင်း။
၂။ ကြံ့ခိုင်သန်စွမ်းခြင်း။
၃။ အလျှော့မပေးခြင်း၊ ခေါင်းမာခြင်း။
၄။ တီထွင်တတ်ခြင်း။
၅။ ဆုံးဖြတ်ချက်ခိုင်မာခြင်း။
၆။ တိကျ ပြတ်သားသည့်အမြင်တို့ရှိခြင်း။
၇။ ရည်မှန်းချက်၊ ရည်ရွယ်ချက်ကြီးမားခြင်း။
၈။ ကန့်သတ် ထိန်းချုပ်မှု မကြိုက်ဘဲ လွတ်လပ်မှုကိုမြတ်နိုးခြင်း။
၉။ အလုပ်အကိုင် အသက်မွေးမှုတွင် အောင်မြင်ခြင်း။
၁၀။ ခေါင်းဆောင်မှု အရည်အချင်းရှိခြင်း။

ကံကောင်းသောအရောင်များမှာ ရွှေရောင်အမျိုးမျိုး၊ အဝါရောင်နှင့် ကြေးဝါရောင်တို့ဖြစ်သည်။ ကံကောင်းသည့်ရက်များမှာ တနင်္ဂနွေနှင့် တနင်္လာတို့ ဖြစ်သည်။ ကံကောင်းသည့်ကျောက်မျက်ရတနာများမှာ ဥဿဖရား၊ ပယင်းနှင့် အဝါရောင်စိန်တို့ ဖြစ်သည်။

## ၂-ဂဏန်း

မည်သည့် အင်္ဂလိပ်လတွင်မဆို ၂၊ ၁၁၊ ၂၀၊ ၂၉ ရက်တို့တွင် မွေးဖွားသောသူများသည် ၂ ဂဏန်းသမားများဖြစ်ကြပြီး သင်္ချာဗေဒအရ အောက်ဖော်ပြပါ အရည်အချင်း၊ ဓလေ့စရိုက်နှင့် စိတ်နေစိတ်ထားရှိကြသူများ ဖြစ်ကြသည်။

၁။ စိတ်ကူးဉာဏ်ရှိခြင်း။
၂။ သိမ်မွေ့နူးညံ့ခြင်း။
၃။ အနုပညာခံစားတတ်မှုရှိခြင်း။
၄။ ဂုဏ်မငြိမ်မှုနှင့် အတည်တကျမရှိခြင်း။
၅။ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိခြင်း။
၆။ မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်း။
၇။ မျှော်လင့်ချက်ကို အလွယ်တကူ စွန့်လွှတ်ခြင်း။
၈။ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးဖော်ရွေမှုရှိခြင်း။
၉။ လိမ္မာပါးနပ်မှုနှင့် ကြားဝင်စေ့စပ်ပေးခြင်း။
၁၀။ အလိုက်သင့် ပြောင်းလဲနိုင်မှုရှိခြင်း။
၁၁။ ကြားဝါမှုမရှိခြင်းနှင့် ယဉ်ကျေးသိမ်မွေ့ခြင်း။

၂-ဂဏန်းသမားတို့၏ ကံကောင်းသောအရောင်များမှာ အစိမ်းရောင်၊ နို့နှစ်ရောင်နှင့် အဖြူရောင်တို့ ဖြစ်သည်။ ကံကောင်းသည့်နေ့များမှာ တနင်္ဂနွေ၊ တနင်္လာနေ့၊ သောကြာနေ့တို့ဖြစ်သည်။ ကံကောင်းစေသော ကျောက်မျက်များမှာ ပုလဲ၊ ကျောက်စိမ်းနှင့် Moonstone တို့ ဖြစ်ပါသည်။

## ၃-ဂဏန်း

မည်သည့် အင်္ဂလိပ်လတွင်မဆို ၃၊ ၁၂၊ ၂၁ ရက်တို့တွင် မွေးဖွားသူများသည် ၃ ဂဏန်းသမားများဖြစ်ကြသည်။ ၎င်းတို့၏ စိတ်နေသဘောထား၊ ပင်ကိုစရိုက်နှင့် စွမ်းဆောင်ရည်တို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။

၁။ ရည်မှန်းချက်ကြီးမားခြင်း။
၂။ အမိန့်အခိုင်းကင်း၍ လွတ်လပ်မှုကို နှစ်သက်ခြင်း။
၃။ မာနကြီးခြင်းနှင့် မောက်မာခြင်း။
၄။ အာဏာရှင်ဆန်ခြင်းနှင့် အခွင့်အာဏာကိုလိုလားခြင်း။
၅။ တာဝန်သိတတ်ခြင်း။
၆။ ပျော်ရွှင်တတ်ခြင်းနှင့် ရွှင်လန်းတက်ကြွခြင်း။
၇။ အနုပညာနှင့် ဖန်တီးမှုရှိခြင်း။
၈။ စိတ်ကူးဉာဏ်ရှိခြင်းနှင့် စိတ်ဓာတ်တက်ကြွခြင်း။
၉။ စွယ်စုံရခြင်းနှင့် ပါရမီထူးခြင်း။
၁၀။ အကောင်းမြင်ဝါဒရှိခြင်း။

ကံကောင်းစေသောအရောင်များမှာ မရမ်းစေ့နုရောင်၊ ခရမ်းရောင်တို့ဖြစ်ကြသည်။ ကံကောင်းသောနေ့များမှာ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့ ဖြစ်သည်။ ကံကောင်းစေသောရတနာမှာ ခရမ်းစွဲကျောက်ဖြစ်သည်။

## ၄-ဂဏန်း

မည်သည့် အင်္ဂလိပ်လတွင်မဆို ၄၊ ၁၃၊ ၂၂ ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၄ ဂဏန်းသမားများဖြစ်ကြသည်။ ၎င်းတို့၏ စိတ်နေစိတ်ထား၊ ပင်ကိုစရိုက်နှင့် အရည်အချင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သတိရှိခြင်းနှင့် စဉ်းစားဆင်ခြင်မှုရှိခြင်း။
၂။ ဆန့်ကျင်ပုန်ကန်လိုစိတ်ရှိခြင်းနှင့် ဆုံးဖြတ်ချက်ခိုင်မာခြင်း။
၃။ အပြုသဘောဆောင်၍ လက်တွေ့ကျခြင်း။
၄။ ထိခိုက်ခံစားမှုလွယ်ခြင်း။
၅။ အချိန်ဆွဲခြင်း။
၆။ စိတ်မချမ်းမြေ့ဖွယ်ရာလုပ်လေ့ရှိခြင်း။
၇။ မဟုတ်မခံတုံ့ပြန်တတ်ခြင်း။
၈။ လုံ့လ၊ ဝီရိယရှိမှုနှင့် တာဝန်ယူမှုရှိခြင်း။
၉။ စည်းကမ်းသေဝပ်မှုနှင့် စနစ်တကျရှိခြင်း။
၁၀။ ရိုးဖြောင့်သော စိတ်ဓာတ်ရှိခြင်း။
၁၁။ စနစ်ကျသော စိတ်ဓာတ်ရှိခြင်း။

ကံကောင်းစေသောအရောင်များမှာ အပြာနုနှင့် မီးခိုးရောင်တို့ဖြစ်ပြီး ကံကောင်းသောနေ့များမှာ စနေ၊ တနင်္ဂနွေနှင့် တနင်္လာနေ့တို့ဖြစ်သည်။ ကံကောင်းသောရတနာမှာ နီလာဖြစ်သည်။

## ၅-ဂဏန်း

မည်သည့် အင်္ဂလိပ်လတွင်မဆို ၅၊ ၁၄ နှင့် ၂၃ ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၅ ဂဏန်းသမားများဖြစ်ကြသည်။ ၎င်းတို့၏ စိတ်နေသဘောထားနှင့် အရည်အချင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရင်းနှီးဖော်ရွေမှုရှိခြင်း။
၂။ လိမ္မာပါးနပ်ခြင်း။
၃။ ထက်မြက်လှုံ့လရှိခြင်း။
၄။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် ပြုမှုနေထိုင်ခြင်း။
၅။ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်ခြင်း ဒေါသဖြစ်လွယ်ခြင်း။
၆။ လောင်းကစားခြင်းနှင့် စျေးကစားခြင်းကို နှစ်သက်ခြင်း။
၇။ လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကို နှစ်သက်ခြင်း။

၅ ဂဏန်းသမားတို့အတွက် ကံကောင်းစေသော အရောင်တို့မှာ မီးခိုးရောင်ဖျော့ဖျော့၊ အဖြူရောင်ဖျော့တို့ဖြစ်ပြီး ကံကောင်းစေသောနေ့များမှာ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့ ဖြစ်သည်။ ကံကောင်းလာဘ်ကောင်းသောကျောက်မျက်ရတနာနှင့်သတ္တုတို့မှာ စိန်၊ ပလက်တီနမ်နှင့် ငွေတို့ ဖြစ်သည်။

## ၆-ဂဏန်း

မည်သည့် အင်္ဂလိပ်လတွင်မဆို ၆၊ ၁၅ နှင့် ၂၄ ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၆ ဂဏန်းသမားများဖြစ်ကြသည်။ ၆ ဂဏန်းသမားတို့၏ စိတ်နေသဘောထား၊ ပင်ကိုစရိုက်နှင့် စွမ်းဆောင်ရည်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရင်းနှီးဖော်ရွေမှုနှင့် စေတနာကောင်းရှိခြင်း။
၂။ အနုပညာခံစားမှုနှင့် တေးဂီတ နှစ်သက်ခြင်း။
၃။ ညှိနှိုင်းစွမ်းအားနှင့် ဆွဲဆောင်မှုရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၄။ နှစ်လိုဖွယ်ရာရှိခြင်းနှင့် ချစ်စရာကောင်းခြင်း။
၅။ ဆုံးဖြတ်ချက်ခိုင်မာခြင်း။
၆။ တာဝန်ယူမှုရှိခြင်းနှင့် သမာဓိရှိခြင်း။
၇။ စိတ်ဓာတ်ခိုင်မာခြင်းနှင့် ခေါင်းမာခြင်း။
၈။ ဖြောင့်မတ်မှုနှင့် စာနာထောက်ထားမှုရှိခြင်း။
၉။ ကျေးဇူးသစ္စာ စောင့်သိခြင်းနှင့် အားကိုးနိုင်ခြင်း။
၁၀။ အစွဲအလန်းကြီးသောအမြင်ရှိခြင်း။
၁၁။ မှုတမှုရှိခြင်းနှင့် ဟန်ချက်ညီခြင်း။

၆ ဂဏန်းသမားတို့၏ ကံကောင်းသောအရောင်များမှာ အပြာနုရောင်၊ ပန်းနုရောင်တို့ဖြစ်ပြီး ကံကောင်းသောနေ့များ အင်္ဂါနေ့၊ ကြာသပတေးနှင့် သောကြာနေ့တို့ ဖြစ်သည်။ ကံကောင်းစေပြီး လာဘ်ကောင်းသောရတနာတို့မှာ စိမ်းပြာရောင်ကျောက်နှင့် မြတို့ဖြစ်သည်။

**၇-ဂဏန်း**

မည်သည့် အင်္ဂလိပ်လတွင်မဆို ၇၊ ၁၆၊ ၂၅ ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၇ ဂဏန်းသမားဖြစ်ကြပြီး ၎င်းတို့၏ စိတ်နေသဘောထား၊ ပင်ကိုစရိုက်နှင့် စွမ်းဆောင်ရည်တို့မှာ အောက်ပါတို့ ဖြစ်သည်။

၁။ အမှီအခိုကင်းမှုနှင့် လွတ်လပ်မှုကို နှစ်သက်ခြင်း။
၂။ မူရင်းအစပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာတတ်ခြင်း။
၃။ ပြောင်းလဲမှုနှင့် ခရီးသွားလာမှုကို နှစ်သက်ခြင်း။
၄။ စိတ်ကူးယဉ်ခြင်းနှင့် အသိဉာဏ်ထူးကိုရသူဖြစ်ခြင်း။
၅။ ဂုဏ်ကျက်သရေရှိပြီး သဘောပေါက်နည်းလည်မှုလွယ်ခြင်း။
၆။ စူးစမ်းလေ့လာမှုရှိခြင်း၊ စောင့်စည်းတတ်ခြင်း။
၇။ အသိဉာဏ်၊ အကြားအမြင်နှင့်ဗဟုသုတရှိခြင်း။
၈။ အတွေးအခေါ်နှင့် အကြားအမြင်ရှိခြင်း။
၉။ ညို့ဓာတ်ရှိပြီး ဆွဲဆောင်မှုရှိခြင်း။
၁၀။ စွယ်စုံရပြီး အနုပညာခံစားမှုရှိခြင်းနှင့် ကဗျာဆန်ခြင်း။

၇ ဂဏန်းသမားတို့အတွက် ကံကောင်းသောအရောင်များမှာ အစိမ်းနုရောင်၊ အရောင်ဖျော့ဖျော့များ၊ အဖြူနှင့် အဝါရောင်တို့ ဖြစ်ကြသည်။ ကံကောင်းစေသော၊ လာဘ်ကောင်းသောနေ့များမှာ တနင်္ဂနွေနှင့် တနင်္လာနေ့တို့ဖြစ်သည်။ ကံကောင်းစေသော ကျောက်မျက်ရတနာများမှာ ကြောင်မျက်ရွဲနှင့် ပုလဲတို့ ဖြစ်ကြသည်။

**၈-ဂဏန်း**

မည်သည့် အင်္ဂလိပ်လတွင်မဆို ၈၊ ၁၇ နှင့် ၂၆ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၈ ဂဏန်းသမားဖြစ်ကြပြီး ၎င်းတို့၏ စိတ်နေသဘောထား၊ ပင်ကိုစရိုက်နှင့် စွမ်းဆောင်ရည်တို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။

၁။ အတွေးအခေါ်ရှိခြင်း။
၂။ ဘာသာတရားကိုင်းရှိုင်းခြင်း။
၃။ ထိန်းချုပ်ရခက်ခဲခြင်း။
၄။ စွန့်လွှတ်နစ်နာခံခြင်း။
၅။ ထိုးထွင်းနက်နဲမှုနှင့် ထက်သန်မှုရှိခြင်း။
၆။ စာနာထောက်ထားမှုရှိခြင်းနှင့် မှီခိုနိုင်မှုရှိခြင်း။
၇။ ဇွဲ လုံ့လရှိခြင်းနှင့် ရည်မှန်းချက်ကြီးမားခြင်း။
၈။ ကံကို ယုံကြည်ခြင်းနှင့် အယူသန်ခြင်း။
၉။ အကြမ်းပတမ်းခံနိုင်ခြင်းနှင့် ဇွဲနပဲကြီးခြင်း။
၁၀။ ဩဇာအာဏာပြလိုခြင်းနှင့်အရည်အချင်းရှိခြင်း။

၈ ဂဏန်းသမားတို့၏ ကံကောင်းသောအရောင်တို့မှာ မီးခိုးရောင်ဖျော့ဖျော့၊ အနက်ရောင်၊ နက်ပြာရောင်နှင့် ခရမ်းရောင်တို့ဖြစ်ကြပြီး ကံကောင်းစေသောနေ့များမှာ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့ဖြစ်သည်။ ကံကောင်းသော ကျောက်မျက်တို့မှာ ခရမ်းစွဲကျောက်၊ နီလာရင့်ကျောက်နှင့် အနက်ရောင်ပုလဲတို့ ဖြစ်ကြသည်။

**၉-ဂဏန်း**

မည်သည့် အင်္ဂလိပ်လတွင်မဆို ၉၊ ၁၈ နှင့် ၂၇ရက်နေ့တို့တွင် မွေးဖွားသောသူများသည် ၉ ဂဏန်းသမားများဖြစ်ကြပြီး ၎င်းတို့၏စိတ်နေသဘောထား ပင်ကိုစရိုက်နှင့် အရည်အချင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ စိတ်လိုက်မာန်ပါပြုခြင်းနှင့် စိတ်ဆတ်ခြင်း။
၂။ သတ္တိရှိပြီး သဘောထားကြီးခြင်း။
၃။ ဘက်လိုက်မှုမရှိခြင်းနှင့် တစ်ကိုယ်ကောင်းမဆန်ခြင်း။
၄။ ကြင်နာမှု၊ စာနာထောက်ထားနှင့် ခွင့်လွှတ်မှုရှိခြင်း။
၅။ အကြင်နာတရားရှိခြင်းနှင့် မေတ္တာဂရုဏာတရားကြီးမားခြင်း။
၆။ စိတ်ဓာတ်ခိုင်မာခြင်းနှင့် ဆုံးဖြတ်ချက်ခိုင်မာခြင်း။
၇။ ပေးကမ်း စွန့်ကြဲတတ်ခြင်းနှင့် ရက်ရောမှုရှိခြင်း။
၈။ အနုပညာခံစားမှုနှင့် အလှအပခံစားတတ်ခြင်း။

၉ ဂဏန်းသမားတို့၏ ကံကောင်းစေသောအရောင်များမှာ ကြက်သွေးရောင်၊ အနီရောင်နှင့် ပန်းနုရောင်တို့ဖြစ်ပြီး ကံကောင်းလာဘ်ကောင်းသောနေ့များမှာ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့ ဖြစ်ကြသည်။ ကံကောင်းလာဘ်ပွင့်ကြသော ရတနာများမှာ ပတ္တမြား၊ ဂေါ်မုတ်နှင့် အနီရောင်ကျောက်တို့ ဖြစ်ကြသည်။

အထက်တွင်ရေးသားတင်ပြသော အချက်များနှင့် အကြောင်းအရာတို့မှာ သင်္ချာဗေဒ (Numeralogy) အရ ကိန်းဂဏန်းများနှင့် ဆက်စပ်နေသောလူသားတို့၏ ပင်ကိုစရိုက်နှင့် အရည်အချင်းတို့အား ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ဟုဆိုနိုင်ပြီး ဤနေစကြဝဠာအတွင်း၌ လှည့်ပတ်သွားလာနေသော နေမင်းကြီး အပါအဝင် ဂြိုဟ်ကြီး (၉)လုံး၏စွမ်းအင်လွှမ်းမိုးမှုအောက်တွင်ရှင်သန်နေထိုင်ကြရသော လူသားများအဖို့ နက္ခတ္တဗေဒအရ ဘဝကံကြမ္မာအဆိုး၊ အကောင်း၊ ပင်ကိုစရိုက်နှင့် အရည်အချင်းတို့မှာ ကွဲပြားမှုရှိနိုင်ပါသည်။ သို့ရာတွင် စာရေးသူ၏ လေ့လာတွေ့ရှိချက်အရ ဤဆောင်းပါးတွင် ဖော်ပြထားသည့် အကြောင်းအရာများ အတော်အတန်မှန်ကန်ကြောင်း ရေးသား ဖော်ပြအပ်ပါသည်။ လူသားတို့၏ အမည်နာမ မွေးဖွားရက်၊ကိန်းဂဏန်းများနှင့်ဆက်စပ်သည့် ဘဝကံကြမ္မာ အဆိုး၊ အကောင်း၊ ပင်ကိုစရိုက်နှင့် အရည်အချင်းတို့ကို ဆက်လက် ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

လှထွန်းအောင် (ရူပဗေဒ)

**မှီငြမ်းကိုးကား -**

*VIJAYA KUMA ၏ "All you wanted to know about Numerology" အား ဆီလျော်စွာ ဘာသာပြန်ဆိုပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

▫ ဝိဇ္ဇာဓရနှင့်ကွန်မြူနစ်ဝါဒ

"ဘိုးတော်၊ ကွန်မြူနစ်ဝါဒနဲ့ ထိပ်တိုက်တွေ့မယ်ဆိုတော့ ဘယ်လိုတွေ့မှာလဲ၊ ကျွန်တော်သိချင်လိုက်တာ"

"အင်း - အခုတော့ ငါတို့ဝိဇ္ဇာဓရလောကအနေနဲ့ ဘယ်လိုအရေးယူဆောင်ရွက်မယ်ဆိုတာတော့ အခုပြောလို့မဖြစ်သေးဘူးကွယ့်။ မဟာဗျူဟာရေနည်းဗျူဟာပါ အားလုံးအဆင်သင့်ရှိပြီးသားပါ။ မင်းလည်း နောက်တော့သိရမှာပါ။ အခုတော့ ကွန်မြူနစ်တွေတောခိုတဲ့အထိ စောင့်လိုက်ဦးမယ်။ ဩော် - ဒါနဲ့ မောင်ထွန်းမြိုင် မင်းကိုခေါ်လိုက်ရတာက မင်းကိုးကွယ်ဖို့ ဘုရားတစ်ဆူပေးမလို့ ကြိုပြီးပြောထားတာကွယ့်။ နောက်တစ်ပတ် ဒီလိုနေ့ ဒီအချိန်မှာ ဒီလိုပြန်လာခဲ့ကွယ့်။ မင်းနဲ့ငါ ဒီမှာဆုံကြမယ်"

မောင်ထွန်းမြိုင်သည် အဘဘိုးမင်းခေါင်နှင့်တွေ့ဆုံပြီးနောက် သူ၏တန်ဆောင်းသို့ပြန်လာခဲ့၏။ ထို့နောက် သူ၏နိစ္စဓူဝလုပ်စရာရှိသည့်ကျင့်စဉ်များကို အားထုတ်လေ၏။ မောင်ထွန်းမြိုင် ကျင့်စဉ်ဆိုင်ရာလုပ်ငန်းများကို ပုံမှန်သာလုပ်ကိုင်နေရသည်၊ စိတ်ကတော့ အဘဘိုးမင်းခေါင်ပြောလိုက်သည့် ဘာသာမဲ့ဝင်များမှာ အထူးပင် ကြိမ်မီးအုံးပမာဖြစ်ခဲ့ကြရ၏။

နောက်တစ်ပတ်ခန့်အကြာတွင် မောင်ထွန်းမြိုင်သည် ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ရှိ အဘဘိုးမင်းခေါင်တန်ဆောင်းသို့ သွားရောက်ခဲ့၏။ ထိုအချိန်တွင် အဘ၏မွေးစားသား စန္ဒာသူရိယလည်း ရောက်ရှိနေကြောင်းတွေ့ရလေ၏။ တန်ဆောင်းသို့ရောက်ရှိလျှင်ပင် အဘက -

"လာဟေ့ မောင်ထွန်းမြိုင်၊ မင်းလာတာနဲ့အတော်ပဲ။ ဒီမှာ စန္ဒာသူရိယလည်းရောက်နေတယ်။ မင်းတို့အတွက် ဒီမှာ တစ်ယောက်ကို ဘုရားတစ်ဆူစီ ငါစီမံပေးထားတယ်။ အသေအချာ ပူဇော်ကြပေတော့ကွယ့်"

ဟု ပြောပြောဆိုဆိုဖြင့် အဘဘိုးမင်းခေါင်သည် သူ့လွယ်အိတ်ထဲမှ ရုပ်ပွားတော်များကို ထုတ်ယူကာ မောင်ထွန်းမြိုင်နှင့် စန္ဒာသူရိယတို့အား တစ်ဆူစီ ပေးအပ်လေ၏။

အသားက သတ္တုတစ်မျိုးထင်တယ်နော်။ ဘယ်လိုဟာမျိုးလဲခင်ဗျ"

"အဲဒါ ဓာတ်သားဘုရားလို့ခေါ်တယ်ကွယ့်။ ဓာတ်သားဆိုတာလည်း ပြဒါးကို အဂ္ဂိရတ်နည်းနဲ့ စီရင်ထားတာကွယ့်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင်တော့ ပြဒါးဘုရားပေါ့ကွယ်"

"ဒါနဲ့ ဘိုးတော် ဘုရားရဲ့ ပုံဟန်ကလည်း ပုံမှန်ဗောဓိရိုးမဟုတ်ဘူး။ မကိုဋ်နဲ့ စလွယ်နဲ့ ဦးသျှောင်တွေနဲ့ဆိုတော့



ကျေးဇူးရှင်ခင်ကြွင်းဆရာတော်ကြီး၏တပည့်

## မဟာပထမံပညာ၏ဧမြပြင်ဂိုဏ်းချုပ်

၁၄

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ

ကွန်မြူနစ်များ၏အန္တရာယ်သို့သာ စိတ်ကရောက်ရောက်နေလေ၏။ ဘာသာသာသနာတော်ကြီးအတွက်လည်း အထူးပင် စိုးရိမ်မကင်းခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ခြင်းများစွာဖြစ်နေရလေတော့၏။

အဘဘိုးမင်းခေါင်ပြောခဲ့သလိုပင် ရက်များမကြာမီအတွင်း၌ပင် ကွန်မြူနစ်များတောခိုခဲ့ကြ၏။ သူတို့၏သဘောထားကြေညာချက်များကိုလည်းထုတ်ပြန်ခဲ့ကြ၏။ ထို့ကြောင့် မြန်မာပြည်သူတစ်ရပ်လုံးလည်း စိုးရိမ်စိတ်များကြောင့် တထိတ်ထိတ်ဖြစ်ခဲ့ကြရ၏။ အထူးသဖြင့် ဗုဒ္ဓဘာသာ

မောင်ထွန်းမြိုင်လည်း ဝမ်းသာအားရဖြင့် လက်ခံရယူလေ၏။ ပြီးလျှင် ရုပ်ပွားတော်ကို အသေအချာ ဖူးမြော်ကြည်ညိုလေ၏။ ပြီးလျှင် -

"ဘိုးတော်ရဲ့ ရုပ်ပွားတော်ကတော်တော်သပ္ပာယ်တာပဲနော်။ ဉာဏ်တော်ကတော့ သုံးလက်မလောက်ရှိတယ်။ အတော်ပဲ၊ ကျွန်တော့်ရဲ့ဘဝမှာ ပထမဦးဆုံး ကိုယ်ပိုင် ကိုးကွယ်ခွင့်ရတဲ့ဘုရားပဲ။ ဒီအတွက် ကျွန်တော် အရမ်းဝမ်းသာတယ်။ ဩော် - ဒါနဲ့ ဘုရားရဲ့

ဘိုးတော် ဟိုတစ်ခါပြောသလို လော[illegible] ကို အုပ်ချုပ်တဲ့ ဘုရားမျိုးပေါ့နော်"

"ဟုတ်တယ် မောင်ထွန်းမြိုင်။ [illegible] အကြောင်းအရာနဲ့ပတ်သက်ပြီး အ[illegible] အနက်ပြုစေချင်လို့လည်းပါတယ်ကွယ့်။ ဘုရားပုံဟန်ကို အကြမ်းအားဖြင့် အ[illegible] အစား နှစ်မျိုးခွဲနိုင်တယ်။ တစ်မျိုး[illegible] တော့ အခုပုံအတိုင်းရှိတဲ့ လေ[illegible] ဦးသျှောင်ပုံမျိုးနဲ့ နောက်တစ်မျိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

မကိုဋ်တွေ၊ စလွယ်တွေ၊ ဦးသျှောင်တွေ ပါတဲ့ ပုံမှန်သက်န်းဝတ်ရုံထားတဲ့ပုံတော် မျိုးပဲထားပါတော့။ အဲဒီမှာ တို့တွေလို အမင်းစဉ်မျိုးဖြစ်တဲ့ ပါရမီဖြည့်ပြီး ဘုရား ဆုပန်တဲ့ ပုဂ္ဂိုလ်အမျိုးအစားတွေအဖို့က တော့ မကိုဋ်၊ စလွယ်၊ ဦးသျှောင်တွေပါ တဲ့ လောကဦးသျှောင်ဘုရားကို ကိုးကွယ်လေ့ရှိကြတယ်ကွယ့်။ ဘုရားဆုမပန်ဘဲ ပုံမှန် သာဝကဆုသာပန်တဲ့ပုဂ္ဂိုလ်တွေအဖို့ကတော့ ဇောမိရိုးပုံဟန်ဘုရား မျိုးကို ကိုးကွယ်လေ့ရှိကြတယ်ကွယ့်။ ဗုဒ္ဓဘုရားရှင်ဟာလည်း လောကသုံးပါး မှာရှိတဲ့ ပုဂ္ဂိုလ်တွေကို တရားဓမ္မတော်နဲ့ ဟောဖော် ညွှန်ပြ ချေချွတ် ဆုံးမပြီး နိဗ္ဗာန်ရွှေပြည်မြတ်သို့ ပို့ဆောင်ပေးတဲ့ လုပ်ငန်းမှာ ပုံမှန်ဇောမိရိုးပုံဟန်ကိုယူပြီး လောကသုံးပါးစလုံးနဲ့ဆိုင်တဲ့ အုပ်ချုပ် ရေး၊ စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတွေမှာတော့ လောကဦးသျှောင် ပုံဟန်ကို ယူလေ့ရှိတယ်။ အဲဒါကြောင့် တို့ရဲ့ ဝိဇ္ဇာမရလမ်းစဉ်နဲ့ကိုက်ညီမယ့် ဒီ လောကဦးသျှောင်ဇောမိကို မင်းကိုး ကွယ်ဖို့ ငါပေးတာပဲ။ သဘောပေါက် တယ်နော်"

"ဟုတ်ကဲ့ - သဘောပေါက်ပါ တယ်"

❑





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှ နောက်ပိုင်းတွင် အဘဘိုးမင်းခေါင်လည်း သိင်္ဂုတ္တရကုန်းတော်ပေါ်မှ ပျောက်ကွယ်သွားလေတော့၏။ ကွန်မြူနစ်တို့၏ ဘေးရန်ကလည်း ပေါ့သေးသေးမဟုတ်ပေ။ မူလက မြန်မာ့မြေပေါ်တွင် ကွန်မြူနစ်တို့၏ အင်အားက အလွန်တရာပင်ကြီးမားခဲ့၏။ မြန်မာ့အချုပ်အခြာအာဏာကိုပင်ထိပါးနိုင်စွမ်းရှိခဲ့၏။ သူတို့သည် ဝါဒရေးရာထိုးစစ်ဖြင့်လည်းကောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် လည်းကောင်း မြန်မာနိုင်ငံအပေါ်လွှမ်းမိုးရန် ကြိုးစားကြ၏။ မြေပေါ်လှုပ်ရှားမှုရော မြေအောက်လှုပ်ရှားမှုများဖြင့်ပါ လုပ်ကိုင်ကြ၏။ သူတို့သည် တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင် မော်စီတုန်း၏ ဝါဒလမ်းစဉ်အတိုင်း ခံယူကျင့်သုံးကြသော တရုတ်ကွန်မြူနစ်တို့၏ နောက်မြီးစွဲများဖြစ်ကြ၏။ နောက်ပိုင်းတွင် မြန်မာပြည်ကွန်မြူနစ်ပါတီသည် နှစ်ပိုင်းကွဲခဲ့၏။ သခင်စိုး ဦးဆောင်သည့် အလံနီကွန်မြူနစ်နှင့် သခင်သန်းထွန်း ဦးဆောင်သော ကွန်မြူနစ်ဟူ၍ ဖြစ်၏။ သူတို့ ကွန်မြူနစ်ဝါဒ၏ လမ်းစဉ်မှာ မော်စီတုန်း ချမှတ်ထားသည့်အတိုင်း ကျေးရွာများကို သိမ်းပိုက်ပြီး မြို့ကိုဝိုင်းပတ်ပိတ်ဆို့ရေးဗျူဟာဖြစ်၏။ ထိုဗျူဟာအတိုင်းပင် နယ်စွန်နယ်ဖျားများကို သိမ်းပိုက်ရေးအတွက် စတင်ကြိုးပမ်းကြ၏။

မြန်မာပြည်၏ကွန်မြူနစ်ဝါဒသည် တစ်စထက်တစ်စ ဆိုးသထက်ဆိုးလာ၏။အစွန်းရောက်သည်ထက်ရောက်လာကြ၏။ လုပ်ချင်သလိုလုပ်ကြ၏။ မည်မျှအထိ ဆိုးရွားလာသနည်းဟူမူ သခင်စိုး၏အလံနီကွန်မြူနစ်ပါတီသည် ဆင်စွယ်ရွာတစ်ရွာလုံးကို သတ်ပစ်လိုက်၏။ သခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီကလည်း ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်ကို ကျင့်သုံးပြီး မိမိနှင့်အယူအဆမတူသူအားလုံးတို့အား စွပ်စွဲခြင်း၊ ပြစ်တင်ခြင်း၊ သတ်ဖြတ်ခြင်းများကို ပါတီဝင်အချင်းချင်းပေါ်၌ပင်ကျင့်သုံးလာကြ၏။ ကွန်မြူနစ်ပါတီ၏ဝါဒသည် မည်မျှဆိုးရွားပြင်းထန်လာသနည်းဟူမူ ဖခင်အရင်းဖြစ်သူကိုပင် သားကပြန်သတ်သည့်အဆင့်အထိဖြစ်ခဲ့၏။ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ရဲဘော်ဌေးအား သူ့သားက ပြန်ပြီးသတ်ခဲ့ခြင်းမျိုးဖြစ်၏။ မြန်မာပြည်ကွန်မြူနစ်ဝါဒသည် ပို၍ဘောင်လွတ်စည်းလွတ်ဖြစ်လာခဲ့၏။

သူတို့ အတုယူခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီသည်ပင် သူတို့လောက်မဆိုးရွားပေ။ သို့ပါသောကြောင့်လည်း မြန်မာပြည်သူတို့နှင့် ဗုဒ္ဓဘာသာ၏ အနာဂတ်သည် စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိခဲ့၏။

သို့ဖြစ်ပါသောကြောင့် မြန်မာပြည်ဆိုင်ရာ ဒေဝါလောကနှင့် ဝိဇ္ဇာခရေလောကတို့အတွက်လည်း ရတက်အေးဖွယ်မဟုတ်ခဲ့ချေ။ ထို့ကြောင့် ကွန်မြူနစ်ဝါဒကို အင်အားကြီးထွားမလာစေရန် စီမံ စိုင်းပြင်းလာခဲ့ကြလေတော့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာ့ဝိဇ္ဇာခရေ ထွက်ရပ်ပေါက် သူတော်စင်တို့သည် စုဝေးဆုံးဖြတ်ကာ အဘဘိုးမင်းခေါင်အားတာဝန်ပေးခဲ့၏။ အဘဘိုးမင်းခေါင်ကလည်း တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့၏။ ဤနေရာ၌ အဘဘိုးမင်းခေါင်သည် ကွန်မြူနစ်နှင့်ပတ်သက်သည့် အန္တရာယ်တို့ကိုနှိမ်နင်း၍ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည်ဟုဆိုရာ၌ ထိုတာဝန်ကို တစ်မိုး၊ တစ်ဆောင်း၊ တစ်နှစ်၊ နှစ်နှစ် စသည့်ကာလ ထိုအပိုင်းအခြားတစ်ခုဖြင့် တာဝန်ယူဖြေရှင်းခဲ့ရခြင်းမျိုး မဟုတ်ပေ။ ဆယ်စုနှစ်နှင့်ချီ၍ နှစ်ပေါင်းများစွာ တာဝန်ယူဖြေရှင်းခဲ့ရခြင်း ဖြစ်၏။ အဘဘိုးမင်းခေါင်၏ စွမ်းဆောင်ချက်တို့ကို သက်ဆိုင်သူများသာသိခဲ့ပါသည်။ အဘဘိုးမင်းခေါင်သည် ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ မည်မျှအထိ ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့သနည်းဟူမူ သက်ဆိုင်ရာစာပေအချို့တွင် အထောက်အထားအဖြစ်တွေ့ရပုံကို အကျဉ်းမျှဖော်ပြလိုပါသည်။

အဆိုပါ သက်ဆိုင်ရာစာပေဆိုသည်မှာ နှောင်းပိုင်းခေတ် မြန်မာပြည်ကွန်မြူနစ်ဝါဒ၏ အချက်အချာအကျဆုံးဖြစ်သည့် ပဲခူးရိုးမပေါ်ရှိ ကွန်မြူနစ်ပါတီဌာနချုပ် ပြိုကွဲပျက်စီးခဲ့ပြီးနောက် လက်ကျန်ကွန်မြူနစ်များထဲမှ အချို့အလင်းဝင်ရောက်ခဲ့ကြ၏။ လက်နက်ချခဲ့ကြ၏။ ထိုသို့အလင်းဝင်ရောက်လာသူများထဲမှ ပုဂ္ဂိုလ်အချို့တို့သည် သူတို့၏ကွန်မြူနစ်ပါတီတောခိုစဉ်ဖြစ်ပေါ်ခဲ့သည့် ခါးသီးဖွယ်အတွေ့အကြုံများ၊ ရင်နင့်ဖွယ်အဖြစ်အပျက်များ၊ ရှုပ်ထွေးသောအကြောင်းခြင်းရာများ၊ ကြေကွဲဖွယ်ဇာတ်လမ်းများ၊ ကြီးမားသောဆင်းရဲဒုက္ခများ၊ အစွန်းရောက်သောအယူအဆများ စသည့် ဇာတ်ကြောင်းအဖုံဖုံကို အကုန်ခင်း၍ ပြည်သူတို့အား ရှင်းလင်းဖွင့်ပြသည့်အနေဖြင့် 'သခင်သန်းထွန်းနောက်ဆုံးနေ့များ' စာအုပ် အပါအဝင် သူတို့ပါဝင်ပတ်သက်ခဲ့သော ကွန်မြူနစ်စနစ်ဆိုင်ရာအဖြစ်သနစ်များကိုဖော်ထုတ်ထားသည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့ကြ၏။ ထိုစာအုပ်များတွင် အဘဘိုးမင်းခေါင်နှင့်ပတ်သက်သောမှတ်တမ်းအချို့ကို ထူးခြားစွာပင် တွေ့ရှိရ၏။

ထိုတွင် အဘဘိုးမင်းခေါင်နှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ အဘဘိုးမင်းခေါင်သည် ပဲခူးရိုးမ အပါအဝင် ကွန်မြူနစ်များ စခန်းချသည့် နေရာအတော်များများသို့ ရောက်ရှိခဲ့ကြောင်း အထူးသဖြင့် ကွန်မြူနစ်ပါတီသည် သူတို့၏ ပါတီဌာနချုပ်ကို တစ်နေရာတည်းတွင် အတည်တကျထား၍ မရနိုင်သဖြင့် အခြေအနေအရ နေရာများစွာပြောင်းရွှေ့ခဲ့ရ၏။ ထိုသို့ပြောင်းရွှေ့သည့်နေရာအတော်များများသို့လည်း အဘဘိုးမင်းခေါင်သည် ရောက်ရှိခဲ့၏။ ကွန်မြူနစ်တို့ထံလည်း ဝင်ရောက်တွေ့ဆုံခဲ့၏။ ကွန်မြူနစ်တို့ကလည်း အဘဘိုးမင်းခေါင်ကို ပါတီအတွက်လိုအပ်ရာ အဝယ်တော်တစ်ဦးအဖြစ် အသုံးပြုခဲ့၏။ ထိုသို့ လုပ်ကိုင်ခဲ့သည်မှာ နှစ်ပင်အတန်ကြာခဲ့၏။ နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ အစိုးရတပ်မတော်၏ စစ်ဆင်ရေးများ၊ ထိုးစစ်များကြောင့် ကွန်မြူနစ်တို့သည် သူတို့အပိုင်ဟုယူဆပြီး တည်ဆောက်ထားခဲ့သောဌာနချုပ်များကို တစ်စထက်တစ်စ စွန့်လွှတ်ခဲ့ရ၏။

ဤသို့ စွန့်လွှတ်ရဖန်များလာသောအခါ ကွန်မြူနစ်တို့သည် အဘဘိုးမင်းခေါင်အား မယုံသင်္ကာဖြစ်လာကြ၏။ အဘယ့်ကြောင့်ဆိုသော် မြန်မာအစိုးရတပ်မတော်သည် ကွန်မြူနစ်တို့အား ထိုးစစ်ဆင်သည့်အချိန်တိုင်းတွင်လည်း ကွန်မြူနစ်ပါတီဌာနချုပ် တည်ရှိရာနေရာကိုပင် အတိအကျသိရှိကာ ပစ်မှတ်ထား ထိုးစစ်ဆင်နိုင်ခြင်းပင် ဖြစ်၏။ ထို့ကြောင့်လည်း ပါတီဌာနချုပ်ရှိ ကွန်မြူနစ်ခေါင်းဆောင်တို့သည် မမျှော်လင့်ဘဲ ရုတ်တရက် တိုက်ခိုက်ခံရကာ ကသုတ်ကရက်ဖြစ်ပြီး ထွက်ပြေးကြရသည့် အခြေအနေများစွာကို ကြုံတွေ့ခဲ့ကြရချည်းဖြစ်သဖြင့် သူတို့တွေ့ကြုံခဲ့သမျှကို ပြန်လည် သုံးသပ်ခဲ့ကြရာ ဤကိစ္စတွင် လက်သည်တစ်ဦးအသေအချာရှိနေပြီဖြစ်ကြောင်း စောကြောမိကြ၏။

ထို့ကြောင့် အဆိုပါလက်သည်သည် မည်သူဖြစ်နိုင်ပါမည်နည်းဟုစုံစမ်း

စစ်ဆေးကြသောအခါ အဘဘိုးမင်းခေါင်သည် မသက်ာစရာအကောင်းဆုံးအဖြစ်တွေ့ရှိစေ၏။ သူတို့ပါတီဌာနချုပ်နေရာအသစ်ပြောင်းပြီးသည်နှင့် မကြာတောင်မီတွင် အဘဘိုးမင်းခေါင် ရောက်လာတတ်မြဲ ဖြစ်၏။ အဝယ်တော်အဖြစ်စေ့သည်းများသွင်းပြီး မကြာမီတွင်ပင် အဆိုပါ ဌာနချုပ်နေရာသည် အစိုးရတပ်မတော်၏ ထိုးစစ်ကိုခံရတော့၏။ ထိုကိစ္စမှာ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်ဖြစ်ခဲ့ခြင်း ဖြစ်၏။ ကွန်မြူနစ်ပါတီသည် ထိုကဲ့သို့ ခံရဖန်များသောကြောင့် သူတို့၏အင်အားများသည် တဖြည်းဖြည်းပြုန်းတီးကာ ပုံးပါးပါးလာတော့၏။ ထို့ကြောင့်လည်း အဘဘိုးမင်းခေါင်သည် မလွဲမသွေ အစိုးရသတင်းပေးတစ်ဦးဖြစ်ရမည်ဟု ဆုံးဖြတ်ကြ၏။

သို့ဖြစ်ပါသောကြောင့် တစ်နေ့တွင် အခဲမကျေဒေါသဖြစ်နေသော ကွန်မြူနစ်တစ်စုသည် အဘဘိုးမင်းခေါင်ကိုဝင်းဝန်းရိုက်နှက်ကြပြီး ပြင်းထန်သောဒဏ်ရာများကိုဖြစ်စေခဲ့ကြ၏။ အားရအောင် ရိုက်နှက်ပြီးသောအခါတွင်မှ သေပြီအထင်နှင့် ထားပစ်ခဲ့ကြသည်။ သို့သော် အဘဘိုးမင်းခေါင်သည် ဝိဇ္ဇာဓာတ်ခွဲတန်ခိုးဖြင့် ဘာမှမဖြစ်ဘဲအေးအေးဆေးဆေးပင်ပြန်ထလာခဲ့၏။ အဘအားသေအန္တရာယ်ပြုသူများသာ နောက်ဆုံးတွင် ဘေးသင့်ခဲ့ကြ၏။ ဤသို့ဖြင့်ကွန်မြူနစ်တို့၏ ပဲခူးရိုးမအခြေစိုက်စခန်းများပြုတ်ပြုတ်ပြုန်းခဲ့ရပြီး တိုင်းရင်းသားဒေသများသို့ ရွှေ့ပြောင်းခဲ့ရ၏။ ထိုတိုင်းရင်းသားဒေသများတွင်လည်း တဖြည်းဖြည်းနှင့် မရပ်မတည်နိုင်တော့ဘဲ နယ်စွန်နယ်ဖျားဒေသများဆီသို့ ပြောင်းရွှေ့ခဲ့ရပြန်၏။

အဆိုပါ တိုင်းရင်းသားဒေသများဟု ဆိုရာတွင် ကွန်မြူနစ်တို့ အများဆုံးအခြေစိုက်သည့်ဒေသများမှာ ကချင်ဒေသ၊ ကိုးကန့်ဒေသ၊ ဝဒေသများ ဖြစ်၏။ တစ်ဖန် အဆိုပါ ကချင်၊ ကိုးကန့်၊ ဝ စသည့် တိုင်းရင်းသားကွန်မြူနစ်ခေါင်းဆောင်များနှင့် မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များတို့ သဘောထား ကွဲလွဲခဲ့ကြပြန်ပြီးနောက် မြန်မာပြည်ကွန်မြူနစ်ပါတီသည် တိုင်းရင်းသားကွန်မြူနစ်တို့၏ သစ္စာဖောက်မှုကိုခံရပြန်ကာ အင်အားလုံးဝပြုန်းတီးသွားပြီးနောက် မြန်မာမြေမှ လုံးဝဆုတ်ခွာထွက်ပြေးကြရကာ တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက် ခိုလှုံကြရလေတော့၏။



ဤအကြောင်းခြင်းရာနှင့်ပတ်သက်ပြီး သုံးသပ်ရာ၌ အဘဘိုးမင်းခေါင်သည် သူတို့စွပ်စွဲသည့်အတိုင်း အစိုးရသတင်းပေး၊ မြန်မာ့တပ်မတော်၏ သစောင်းပေးတစ်ဦး အမှန်တကယ်ဖြစ်နိုင်ပါသလော။ စောကြောကြည့်လျှင် အဖြေကား ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်၏။ ဤသို့ဆိုလျှင် အဘဘိုးမင်းခေါင်သည် မည်သည့်အတွက်ကြောင့် ထိုသို့လုပ်ဆောင်ရပါသနည်း။ စဉ်းစားကြည့်လျှင် ဗုဒ္ဓသာသနာတော် ဘေးအန္တရာယ်ကျရောက်နိုင်သောအခြေအနေ ဖန်တီးလာနိုင်ခြေရှိမှုနှင့် မြန်မာ့အချုပ်အခြာအာဏာ ပျက်ယွင်းသွားနိုင်မှုတို့ကြောင့်ဖြစ်လေသည်။

အဘဘိုးမင်းခေါင် အပါအဝင် ဝိဇ္ဇာဓရလောက၊ ဒေဝလောကတို့သည် ဗုဒ္ဓသာသနာတော်အား ဖျက်လိုဖျက်ဆီးလုပ်မည့်သူတို့အား မည်သည့်အကြောင်းကြောင့်မျှ လက်သင့်ခံမည် မဟုတ်ပေ။ သာသနာ့ရန်သူအဖြစ် သတ်မှတ်ပြီး မဖြစ်ဖြစ်သည့်နည်းဖြင့် သုတ်သင်ရှင်းလင်းရမည် ဖြစ်၏။ ထို့ကြောင့် စစ်သဘောတရားအရ မိမိရန်သူ၏ရန်သူသည် မိမိလက်တွဲရမည့် မိတ်ဆွေဖြစ်၏။ ထို့အတူ အစိုးရနှင့် ကွန်မြူနစ်တို့သည်လည်း ရန်သူဖြစ်၏။ ထို့ကြောင့် သာသနာ့ရန်သူ၏ရန်သူသည် အစိုးရတပ်မတော်ဖြစ်နေ၏။သို့ပါသောကြောင့် ဘုံရန်သူအား အမြစ်ပြတ် ရှင်းလင်းရန် ပူးပေါင်းရမည်သာ ဖြစ်နိုင်ပေသည်။

အဘဘိုးမင်းခေါင်သည် ဘာကိုမှ ထီမထင်သည့်ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့်လည်း အမျိုးဘာသာ၊ သာသနာကိစ္စရပ်များနှင့်ပတ်သက်လျှင် မည်သည့်ကိစ္စမဆို တာဝန်ယူ ဆောင်ရွက်တတ်၏။ ထို့အပြင် ဗုဒ္ဓဘာသာအား အမျိုးဖြုတ်ဝါးမျိုရန် အမြဲချောင်းနေသော ဘာသာခြားတို့၏ အရေးကိစ္စနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အနောက်ပိုင်းသို့လည်း သွားရောက်ခဲ့၏။ လိုအပ်ပါကလည်း အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ခဲ့၏။ အမျိုးဘာသာသာသနာအတွက်ဆိုလျှင် ဘက်မရွေးခဲ့ပေ။ နေရာဒေသလည်း မရွေးခဲ့ပေ။ အချိန်အခါလည်းရွေးသည့်ပုဂ္ဂိုလ်မဟုတ်ပေ။ အမြဲတမ်းပင် အဆင်သင့်ဖြစ်နေခဲ့၏။ ထို့ကြောင့်လည်း အဘဘိုးမင်းခေါင်သည် ဝိဇ္ဇာဓရလောကအတွက် ဂုဏ်ထူးဆောင်နိုင်ခဲ့၏။ ထို့ကြောင့်လည်း အဘနှင့်ပတ်သက်သည့်အဟိန်းလက်ာကြီးသည် အောက်ပါအတိုင်းဖြစ်ပေါ်လာခဲ့ပါတော့သတည်း။

- *ကုက္ကိုညောင်တွဲ*
  *အောင်ပွဲရတို့သခင်*
  *ဘုန်းတောက်မယ့်အရှင်*
  *အောင်ထူးဆန်း၊ မှန်းသိုက်ဝင်*
  *ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ*
  *လူ့ထိပ်မိုး၊ ဟိုးဟိုးကျော်*
  *ကျော်ဝန်တက်၊ ဘက်မရှောင်*
  *ခေါင်းဘုန်းကြီး၊ ထီးရွှေနန်း*
  *မှန်းကြွေရာဇာ၊ ငါတို့မှန်း*
  *တစ်ရာ့တစ်ပါး၊ လူမျိုးခြားတို့*
  *တော်ရာနှိမ်နင်း၊ စောရန်ခွင်း၍*
  *မငြင်းမဆန် မခံ့မရွံ့ လွှန်ကြောက်ရွံ့*
  *တစ်ပြည်လုံး တစ်ကမ္ဘာလုံး၊*
  *တစ်သာသနာလုံး*
  *တစ်မြို့လုံး၊ တစ်ရွာလုံး*
  *တစ်မိသားစုလုံး*
  *အောင်စေ၄သော်*
  *အောင်စေသော်*
  *အောင်ကြပါစေသော်*

**ပတ္တာန်ဆက်ရှိခဲ့သော ရှင်မထီးဆရာတော်ကြီး**

မောင်ထွန်းမြိုင်သည် နောက်ပိုင်းတွင် အသက်ကလည်း တဖြည်းဖြည်းနှင့် အရွယ်ရောက်လာခဲ့၏။ အရွယ်ရောက်လာသည်နှင့်အမျှ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်သာမက အခြားသောဘာသာရေးဆိုင်ရာ အထိကရနေရာများသို့ပါ သွားရောက်၍ အားထုတ်ခဲ့၏။ အဆိုပါနေရာများတွင် ပဲခူးမြို့ရှိဒေးစွန်ပါတောင်လည်း ပါဝင်ခဲ့၏။ မှော်ဘီမြို့နာနတ်တောလည်း ပါဝင်ခဲ့၏။ ထိုနေရာများတွင် မိမိကိုယ်တိုင် တတ်သိနားလည်သလောက် သုံးသပ်ကာ ဆုံးဖြတ်ပြီး အားထုတ်ခဲ့၏။ သို့သော်လည်း မောင်ထွန်းမြိုင်သည် အဆိုပါနေရာများတွင် အားထုတ်ရခြင်းကို ရွှေတိဂုံစေတီတော်ပေါ်တွင် အားထုတ်ရခြင်းလောက် စိတ်တိုင်းကျ ကျေနပ်မှုမရရှိသဖြင့် နောက်ဆုံးတွင် ရွှေတိဂုံစေတီတော်၌သာ အားထုတ်ရန် ဆုံးဖြတ်လိုက်ပြီး

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ကြီးသို့သာ ပြန်လာခဲ့တော့၏။

သူသည် ရွှေတိဂုံစေတီတော်သို့ ပြန်လည်ရောက်ရှိသည်နှင့် အားထုတ်သည့်လုပ်ငန်းကို စနစ်တကျဖြင့် အပြင်းအထန် အားထုတ်လေတော့၏။ ထိုသို့ ကြိုးစားလုပ်ကိုင်သဖြင့် မကြာမတင်မီ တွင်ပင် အားကောင်းသော သမာဓိနှင့် သမထအဆင့်အတန်းသို့ ရောက်ရှိခဲ့လေ၏။

ထိုသို့ အဆင့်မြင့်သော သမာဓိ အဆင့်အတန်းသို့ ရောက်ရှိပြီး မရှေး မနှောင်းတွင်ပင် မောင်ထွန်းမြိုင်ထံသို့ ဆရာတော်ကြီးတစ်ပါး ကြွရောက်လာတော့၏။ ထိုဆရာတော်ဘုရားကြီး၏ ပုံသဏ္ဍာန်မှာ ယခုခေတ် ရဟန်းတော်များ၏ ပုံသွင်ကဲ့သို့မဟုတ်ဘဲ တစ်မျိုးတစ်ဘာသာထူးခြားနေ၍ မောင်ထွန်းမြိုင်က -

"အရှင်ဘုရား၊ အရှင်ဘုရားကို ကြည့်ရတာတစ်မျိုးပဲဘုရား။ တခြားသောရဟန်းတွေနဲ့လည်း ကွဲပြားခြားနားနေသလိုပါပဲဘုရား။ အရှင်ဘုရားကို ဖူးရတာ အတိတ်ပုံရိပ်တစ်ခုခုကို အသွင်ဆောင်နေသလိုပဲလို့ တပည့်တော်စိတ်ထဲမှာ ခံစားရပါတယ် ဘုရား"

ဟု မေးလျှောက်လိုက်သောအခါ ဆရာတော်၏ မျက်နှာတွင် အပြုံးရိပ် သန်းသွားပြီး ခေါင်းတညိတ်ညိတ်လုပ်လိုက်ကာ -

"မောင်ရင်လေးရဲ့ နာမည်က မောင်ထွန်းမြိုင်လားကွယ့်"

"တင်ပါ့၊ တပည့်တော့်နာမည်က မောင်ထွန်းမြိုင်ပါ ဘုရား။ ဒါနဲ့ အရှင်ဘုရားက တပည့်တော်နာမည်ကို ဘယ်လိုလုပ်သိတာလဲ ဘုရား"

"မင်းနဲ့ပတ်သက်တဲ့အကြောင်းကတော့ တို့လောကမှာ ပြောရင်းဆိုရင်းနဲ့ သိကြတာပေါ့ကွယ့်"

"အရှင်ဘုရားရဲ့မျက်နှာကို တပည့်တော်ရဲ့စိတ်ထဲမှာ ရင်းနှီးနေသလိုပဲ ဘုရား။ ဘယ်မှာတွေ့ဖူးမှန်းလဲ စဉ်းစားလို့မရဘူး"

"မြင်ဖူးသလိုရှိမှာပေါ့ မောင်ထွန်းမြိုင်ရဲ့။ မင်းနဲ့ ငါနဲ့ဟာ ဘဝများစွာမှာ ပဋ္ဌာန်းဆက်တွေရှိခဲ့လို့ပဲကွယ့်။ အခုလည်း မင်းကိုသတိရလို့လာတာပဲကွယ့်။ ငါရဲ့ဘွဲ့ကတော့ ရှင်မထီးလို့ခေါ်တယ်။ ထွက်ရပ်စခန်းကို ပုဂံခေတ်ကတည်းက ပြီးခဲ့တာပဲ။ ငါထွက်တာကတော့ ဓာတ်နဲ့ထွက်ခဲ့တာပဲ။ ဓာတ်နဲ့ပတ်သက်လာရင်တော့ မင်းကို ငါက ကောင်းကောင်း အကူအညီပေးလို့ရတယ်။ ဒါပေမယ့် မင်းက ငါတို့ရဲ့ ဓာတ်နယ်ပယ်ထဲက မဟုတ်တော့ သိပ်ပြီးလုပ်ပေးလို့မရဘူး ဖြစ်နေတယ်။ တကယ်တော့ မင်းရဲ့ ဘူမိနက်သန်က အင်းစာမပဲကောင်းပါတယ်ကွယ်။ မင်းကတော့ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် မင်းလျှောက်လှမ်းရမယ့်ခရီးအတွက် ဓာတ်လုံးကောင်းကောင်းတစ်လုံးတော့ ရှိထားဖို့လိုအပ်တယ်ကွယ့်။ ဒါမှလည်း အရေးကြုံတဲ့အခါ အသုံးလိုတဲ့အခါတွေမှာ သုံးလို့ရတာပေါ့ကွယ့် မဟုတ်ဘူးလား"

"တင်ပါ့ ဘုရား၊ တပည့်တော် လျှောက်လှမ်းရမယ့် ခရီးလမ်းဟာ ခက်ခဲမယ်၊ ကြမ်းတမ်းမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် တခြားတစ်ပါးသော ပုဂ္ဂိုလ်အပေါ်မှာ တပည့်တော်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘူး။ နောက်ပြီး အခြားပုဂ္ဂိုလ်တစ်ဦးဦးအပေါ် မှီခိုရမှာကိုလည်း တပည့်တော်စိတ်ထဲမှာ ဝန်လေးနေပါတယ်ဘုရား။ အရှင်ဘုရားကိုတော့ ကျေးဇူးတင်ပါတယ် ဘုရား"

ဟု လျှောက်လိုက်သောအခါ ဆရာတော် ရှင်မထီးလည်း မောင်ထွန်းမြိုင်အား သဘောကျ နှစ်မြို့က်စွာကြည့်လိုက်ပြီးနောက် -

"ဒီလိုမှပေါ့ မောင်ထွန်းမြိုင်ရဲ့။ အဲဒါမှ အာဇာနည်ယောကျ်ားကောင်းတို့ရဲ့စိတ်ဓာတ်ပဲ။ မင်းကိုတော့ ယုံသွားပြီး မင်းရဲ့လုပ်ငန်းစဉ်ကို သိကြားဆင်းဖျက်ရင်တောင်ပျက်မှာမဟုတ်တော့ဘူး။ ကောင်းတယ်ဟေ့၊ အားရလှတယ်။ ဒါပေမယ့် မင်းနဲ့ငါဟာ တခြားလူတွေမှ မဟုတ်တာဘဲကွယ်။ အတိတ်ဘဝများစွာမှာ အတူတူတွဲပြီး အလုပ်တွေလုပ်ခဲ့ကြတာပဲ။ နောက်ပြီး ငါကိုယ်တိုင် မင်းရဲ့ အထောက်အပံ့တွေယူခဲ့ရတဲ့ ကျေးဇူးတွေရှိခဲ့ဖူးတာပဲ"

"အခု အရှင်ဘုရားမိန့်တဲ့ကိစ္စတွေ ပဋ္ဌာန်းကိစ္စ၊ ကျေးဇူးကိစ္စတွေကို တပည့်တော်သိပ်ပြီးသဘောမပေါက်ဘူးဘုရား"

"ဒီလိုကွယ့် မောင်ထွန်းမြိုင်ရဲ့။ ငါ အခု နောက်ဆုံးထွက်ခဲ့တာမယ် ဓာတ်နဲ့ ထွက်ခဲ့တယ်လို့ စောစောကပြောခဲ့တယ်မဟုတ်. . .။ အဲဒီအချိန်ဟာ ဒီကနေ့က နေတွက်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်ကျော်ကပဲဆိုပါတော့။ ခေတ်နဲ့ဆိုရင် ပုဂံခေတ်ကပေါ့ကွယ်။ အဲဒီအချိန်တုန်းက ငါဟာ အဂ္ဂိရတ်ဆိုင်ရာ ဝိဇ္ဇာမရပညာနဲ့ပတ်သက်ပြီး ထွက်ရပ်ပေါက်ဖို့ အားထုတ်ကြိုးပမ်းနေတဲ့ရဟန်းတစ်ပါးပဲ။ ငါလည်း ဒီပညာနဲ့ ထွက်ရပ်စခန်းပြီးဖို့ အမျိုးမျိုးကြိုးစားတယ်၊ ဒါပေမယ့် မဖြစ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာရပ်ဟာ သိပ်ပြီးခက်ခဲနက်နဲလို့ပဲ။ ပညာရပ်ရဲ့ ခက်ခဲမှုကတော့ သိပ်ပြီးပြဿနာမကြီးဘူး။ ကိုယ်တိုင်နက်နက်နဲနဲနဲ့စဉ်းစားနိုင်တယ်၊ ကြံဆနိုင်တယ်။ ဘာကပြဿနာလဲဆိုတော့ အဓိက ငွေရေးကြေးရေးပဲ။ ဒီပညာကို စမ်းသပ်လုပ်ကိုင်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာဘဲ။ အင်မတန် ငွေကြေးကုန်ကျမှုကြီးတာကလား။ အဲဒီမှာ အားထုတ်ရင်း ငွေကြေးပြတ်လပ်သွားတဲ့အတွက် လုပ်လက်စလုပ်ငန်းတွေကို မတတ်သာဘဲ ရပ်ထားလိုက်ရတယ်၊ အဲဒီအချိန်မှာပဲ မင်းနဲ့သွားတွေ့ခဲ့တယ်၊ အဲဒီတုန်းက မင်းဟာ ထွန်နဲ့ ပတ်သက်တဲ့ မင်းမျိုးထဲကဖြစ်တဲ့ ပုဂံမင်းတစ်ပါးရဲ့သားတော် အိမ်ရှေ့မင်းသားတစ်ပါးပဲကွယ့်။ ဒါနဲ့ မင်းက ငါ့ကို အားပေးခဲ့တယ်။ ဆက်လုပ်ဖို့လည်းခိုင်းခဲ့တယ်၊ လိုအပ်တာအားလုံးကိုလည်း ထောက်ပံ့ခဲ့တယ်။ အဲဒါကြောင့် ငါလည်းဇွဲကြီးကြီးနဲ့ဆက်လုပ်ခဲ့တော့ အောင်မြင်ပေါက်ရောက်ခဲ့ရတာပဲကွယ့်။ မကြာပါဘူး မင်းလည်း အရိုက်အရာကိုရခဲ့တယ်၊ နောက်ပြီး မင်းနဲ့ ငါ လက်တွဲပြီးတော့ ပုဂံမှာသာသနာအများကြီးပြုနိုင်ခဲ့တာပဲလေ။ ငါ့ရဲ့အဂ္ဂိရတ်လမ်းစဉ်ကလည်း အဲဒီအချိန်ကစပြီးတော်တော်နာမည်ကြီးလာခဲ့တာ ခုအချိန်အထိပဲ။ ငါ့ရဲ့အဂ္ဂိရတ်လမ်းစဉ်ကတော့ ခြသေ့်နဲ့ ကျားအတူထား ကြွက်နဲ့ဟိုင်းမင်းအတူသွင်းဆိုတာလေ။ နောက်တစ်ခုက ဒန်၊ နာ၊ သုတရာဇတဆိုတဲ့ လမ်းစဉ်ပဲလေ။ အဲဒါနဲ့ ကိစ္စပြီးခဲ့တာပဲ။ မင်းလည်း တွေ့ဖူး၊ ကြားဖူးမှာပေါ့။ ငါ့ရဲ့လမ်းစဉ်ကို ဆက်ခံတဲ့ ပုဂ္ဂိုလ်ကတော့ ရှင်ကဿပရိယပဲ၊ သူလည်း ငါ့လမ်းစဉ်အတိုင်းလိုက်ပြီး ပေါက်ရောက်ခဲ့တယ်ကွယ့်။ ငါ့ရဲ့ မူလဘူတနေရာက ပေါက္ကံ့ရာမ ပုဂံပြည်ဖြစ်ပေမယ်လို့ အောင်မြေကတော့ ဟောဒီ သိင်္ဂုတ္တရကုန်းတော်ပေါ်က ရွှေတိဂုံစေတီတော်ပဲ။ ဒီရွှေတိဂုံစေတီတော်ပေါ်မှာပဲ ငါ့ရဲ့ဓာတ်စခန်းကို ဆုံးခန်းတိုင်ခဲ့တာပဲကွယ့်"

(ရှေ့လဆက်ဖတ်ပါရန်)

ပထမံဆရာဦး

www.burmeseclassic.com

□ ယခုခေါင်းဆယ်ဆင့်၊ ထုံးစံချင့်၍၊ ...ကျင့်မကွာ၊ မင်းပြုခါ၌၊ တာရာတွင်းပ၊ ...င့်လမှ၊ စသည့်ဂြိုဟ်မြတ်၊ ရှစ်ပါး ...တို့၊ နက္ခတ်စဉ်စီ၊ သတ္တဗီတွင်၊ ...ဟာဏီမြောက်၊ လမ်းမကောက် ...၊ ဖျောက်ဆိပ်တောင်ဝယ်၊ ...ယ်တည့်လှ၊ လမ်းရိုးကျအောင်၊ ...ဆုန်းချိန်း၊ ရထားထိန်းသည်၊ ...လမ်းကြောင်း၊ ကြည့်၍မောင်းသို့၊ ...င်းမတိမ်း၊ မယိမ်းအပါး၊ ရှေ့သွား ...က်ပြန်၊ မမြန်မနှေး၊ မပြေးမရပ်၊ ...လပ်တုံတုံ၊ နိယထုံနှင့်၊ မကြုံဖျူ၍၊ ...ာစာဟု၊ မှန်စွာမနား၊ ဖြောင့်ဖြောင့် ...သော်၊ မိုးကား မဖင့်၊ လုပ်ချိန်သင့် ...င်၊ လယ်နှင့်ယာလျှောက်၊ အထောက် သင့်စွာ၊ တော်အောင်ရွာ၏၊ ပြဇာမြေ ထက်၊ ပေါ်ဆီတက်၍၊ ချိုမျက်လှစွာ၊ အရသာနှင့် အစာစပါး၊ ဆန်ရေများက၊ မပွားညဉ့်ငှက်၊ မြို့ကျေးလက်၌၊ သူပျက် သူယောင်၊ မဝင်ရှောင်လျှင်၊ အနှောင် မထား၊ တောင်တန်းအားလျက်၊ ခိုးသား မှုတိမ်း၊ တစ်ဖက်ငြိမ်း၍၊ ခပ်သိမ်းအင်စုံ၊ ပေါ်များတုံသော်၊ ကြည်ယုံမေတ္တာ၊ စေတနာနှင့် သဒ္ဓါထူးကဲ၊ အကူရဲသည် ပြည်ထဲသာတောင့်သာယာတည်း။ ။


(ဥမ္မာဒန္တီပျို့)

□ ကမ္ဘာ့ကျက်သရေ ယုန်နန်းငွေ နှင့် ပြိုင်ထွေယှဉ်မှီး၊ ရောဟဏီသည်၊ တူပြီရောင်ပြေး၊ ယှက်၍ထွေးသော်၊ ပြည်လေးမျက်နှာ၊ မသာယာ၍ မင်းလျှာ မင်းလောင်း၊ မကောင်းယွင်းဆော၊ ပေါ်အံ့သောတွင်၊ ရောဟဏီရှေ့၊ ခိုးရောင်ဝေ့သည်၊ ပြည်ဝိပတ်ိက၊ ဌာန သမိုင်း၊ တိုင်းကြီးနက္ခတ်၊ ကြိတ္တိကာ ကြယ်၊ ရောင်ခြည်သွယ်နှင့်၊ အလယ် ပတ္တမြား၊ အနားကားကြူ၊ နန်းဘုံဖြူ သည်၊ တူ၍နဝင်း၊ ထိကြနင်းစေ၊ တထွေ ရောဟဏီ၊ တူပြီးမကွာ၊ ကြိတ္တိကာဟု၊ မည်သာနှစ်ပါး၊ နက္ခတ်ကြားသို့၊ လသွား ပစေ၊ ကြောင်းနှစ်ထွေသည်၊ ညီပေတုံခါ၊ ဝသုကာဟု၊ မဟာပထဝီ၊ မဟီတလေ၊ ဤမြေရိုက်ကြည်း၊ သိမ့်သိမ့်ဟည်းလျက်၊ ပြည်လည်း ချောက်ချား၊ မွတ်သိပ်ရှား အံ့။ ။

(နက္ခတ်ပျို့)

# မင်းရှိန်အောင်

## တိုင်းရေးပြည်ရေးနှင့် ကောင်းကင်နိမိတ်များ





www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ပျို့လင်္ကာတို့သည် တိုင်းရေးပြည်ရေး အပြောင်းအလဲနှင့် မိုးကောင်းကင်ပေါ်၌ သွားလာလှုပ်ရှားနေကြသော နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တာရာ၊ ကြယ်တို့ ဆက်နွယ်မှုရှိနေသည်တို့ဖော်ညွှန်းနေသည် ဟူခြင်းပင် ဖြစ်၏။ ငါးရာ့ငါးဆယ်နိပါတ်တော်၊ ဓမ္မပဒဇာတ်တော်များ အပါအဝင် ဗုဒ္ဓစာပေတချို့၌လည်း ထိုသို့သောသဘောများကို တွေ့ရှိရပါသေးသည်။ ဥပမာတချို့ထုတ်ပြရသော် ဥတေနဇာတ်တော်ထဲတွင် တောထဲရောက်နေသော ဥတေနမင်းသားနှင့် သူ့မယ်တော်ကို အာလကပ္ပရှင်ရသေ့ကြီး က ဥတေနမင်းသား၏ ခမည်းတော်ကောသမ္ဗီပြည့်ရှင်မင်းကြီးနတ်ရွာစံတော်မူပြီဖြစ်ကြောင်းကို မိုးကောင်းကင်ပေါ်က နက္ခတ်တာရာများကြည့်၍ ဟောကိန်းထုတ်ခဲ့ဖူးသည်။ သို့လိုပင် မဟောသဓာဇာတ်တော်၌လည်း ဗာရာဏသီသူဌေးကြီးသည် နက္ခတ်ဖတ်ကျွမ်းကျင်သူပုဏ္ဏားကိုခေါ်ယူလျက် မိုးကောင်းကင်ပေါ် က နက္ခတ်တာရာများကို ဖတ်ကြားစေခဲ့ရာ နှောင်းသုံးနှစ်သို့ရောက်လျှင် စားရေရိက္ခာရှားပါးငတ်မွတ်ကိန်းကြုံမည်ဖြစ်ကြောင်းကို ကြိုတင်သိရှိ၍ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ခဲ့သည်။

သို့လိုပင် မြန်မာ့ရာဇဝင်သမိုင်းမှတ်တမ်းများ၌လည်း မိုးကောင်းကင်ပေါ် က နေ၊ လနက္ခတ်တာရာတို့လှုပ်ရှားမှုများနှင့် တိုင်းရေးပြည်ရေးပြောင်းလဲမှုများတို့ ဆက်နွယ်မှုရှိကြောင်းကို ဖုံးတစ်ဝက်ဖော်တစ်ဝက်နှင့် ညွှန်းဆိုထားသည်ကို တွေ့ရှိရပေသည်။ ယင်းတို့ထဲမှ ဥဒါဟရုဏ်တချို့ကို ထုတ်ပြရသော် သရေခေတ္တရာပြည့်ရှင် ရန်မန်မင်း နတ်ပြည်စံလိုသော် ကြာသပတေးကြယ် လတွင်ချဉ်း၏။ မုဋ္ဌလိန္ဒမင်း နတ်ပြည်စံလိုသော် ကြယ်တံခွန်ပြ၏။ အတိတြာမင်းနတ်ပြည်စံလိုသော် သောကြာကြယ်တံခွန်ပြ၏။ ပုဂံပြည့်ရှင် ပိုက်သေဉ်လေဉ်မင်းနတ်ပြည်စံလိုသော် နေတံခွန်ထန်းခုနစ်ဆင့်လောက်ပြ၏။ ကောင်းကင်မှာကြယ်တစ်ဝက်မမြင်ဘဲပျောက်၏။ မက္ခမန်နတ်ပြည်စံလိုသော် ကျောက်စရစ်မိုးရွာ၏။ထွန်ပစ်နတ်ရွာစံလိုသော် နေနှစ်ခုထွက်၏။ ရိပ်လည်းမထွက်။ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်ခွပ်၏ ညောင်ဦးစောရဟန်း နတ်ပြည်စံလိုသော် တစ်ရာသီတွင် ဂြိုဟ်ရှစ်လုံးစုံ၏။ ဥဇနာမင်း နတ်ပြည်စံလိုသော် ကြာသပတေးဂြိုဟ် လတွင်ချဉ်း၏။ အင်းဝပြည့်ရှင် ပထမမင်းခေါင်မင်းနတ်ရွာစံလိုသော် ကြာသပတေးဂြိုဟ် သိဟ်နှင့် ကရကဋ္ဌ ကူးလာ၏။ စနေဂြိုဟ်၊ သောကြာဂြိုဟ် လတွင်ချဉ်း၏။ တနင်္ဂနွေမင်းနတ်ပြည်စံလိုသော် ဖျောက်ဆိပ်ကြယ် (ကြိတ္တိကာကြယ်)လထက်နား၏။ ကြယ်တံခွန်ထွက်၏။ ကုန်းဘောင်မင်းဆက် ဆင်ဖြူရှင်မင်းပျက်စီးလိုသောအခါတွင် ရောဟဏီကြယ်အခိုးထွက်၏။ သာယာဝတီမင်းပျက်စီးလိုသောအခါတွင် ဥက္ကာကျ၏။ ဟသ်ာတာရာ ဦးခေါင်းမည်း၏။ ကြာသပတေးဂြိုဟ်အခိုးထွက်၏။ပုဂံမင်းပျက်စီးလိုသောအခါတွင် သောကြာဂြိုဟ်လထက်နား၏။ တစ်လတည်းတွင် နေနှင့် လ သဗ္ဗကြတ်၏။ မင်းတုန်းမင်းနတ်ပြည်စံလိုသောအခါတွင် ကြာသပတေးကြယ်အခိုးထွက်၏။ ကြာသပတေးကြယ်၊ သောကြာကြယ် လတွင်ချဉ်း၏။ နေတံကျင်လျှို၏။ တိမ်တံခွန်ပြ၏။ ကျိတ်ထွက်၏။ သီပေါမင်းပါတော်မူလိုသောအခါတွင် စနေထောင့်မှ အန္တလိက္ခကိတ်နေ့စဉ်ထွက်၏။ လကို ရောဟဏီနက္ခတ်ထွင်း၏။ မာဃနက္ခတ်တို့ကြာသပတေးကြယ်ထွင်း၏။ ကြယ်ကြွေ (ကြယ်မိုးရွာ) ၏။

ဤနေရာမှာ ကြယ်ကြွေ (ကြယ်မိုးရွာ) ခြင်းနှင့်စပ်လျဉ်း၍ အနည်းငယ်ဝိတ္ထာရချဲ့ချင်ပါသည်။ သီပေါမင်းလက်ထက် ကြယ်ကြွေနိမိတ်ဖြစ်ပေါ်သည်ကို စာဆိုတော် ညောင်ပင်သာဦးပုညက ဤကဲ့သို့ လင်္ကာဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

*□ ဆယ့်တစ်ဆင့်တွင်၊ မြင့်စည်းစိမ်တော်၊ ခုနစ်ကျော်၍၊ စုန်းပေါ်ရှစ်နှုတ်၊ သက္ကရာဇ်မူ၊ တောင်ဇေကရာဒွေး၊ ဆယ့်လေးခုသက်၊ ကြတ္တိကာလ၊ ကျော်ဆဋ္ဌတည်း၊ သော်ကြာနေ့ပူး၊ ရောင်စုံမြူးလျက်၊ ထွေထူးတိတ်လို၊ ကောင်းကင်ပြို၍၊ ငိုသောဘိနှယ်၊ မိုးကကြယ်သို့၊ သွယ်လှယ်ယှက်ကူး၊ ဥက္ကာမြူး၍၊ ဆန်းထူးအတိတ်၊ နတ်နိမိတ်နှင့်၊ အနိဋ္ဌတွေ့၊ သတ္တနေ့တွင်၊ ရွှေ့ရွှေ့မျှိုသွင်း၊ ရှန်သူချဉ်း၍၊ အတင်းဝင်ကြ၊ ရက်အဋ္ဌဝယ်၊ မြန်မာဥက္ကဋ္ဌ၊ သမုတ်နတ်ကို၊ ဝန်းပတ်ရန်သူ၊ ဆောင်ယူသွားရာ၊ ရွှေစကြာဖြင့် မြန်းရရှာလေ။ ။*

ဆိုလိုရင်းက သို့ကလို ကြယ်ကြွေနိမိတ် ဖြစ်ပေါ်ပြီး သိပ်မကြာမီမှာပင် သီပေါမင်းသည် အင်္ဂလိပ်မင်းထံတွင် သုံ့ပန်းမင်းအဖြစ် ပါတော်မူရသည်ဟူခြင်းကိုပင် ဖြစ်၏။

ယင်းသို့ပင်လျှင် အာရပ်ပြည်ဘုရင် အီဘရာဟမ်ဘင်ဟာမက် (အေဒီ ၁၀၂၃) သေလွန်မည့်ညတွင် ကြယ်များမိုးကြီးရွာချသလို ကြွေကျဖူးခဲ့သည်တဲ့၏။ နိုင်းယှဉ်ပြောစရာတစ်ခုက ၂၀၀၄ ဇူလိုင်လလောက်က ညတစ်ညတွင် ကြယ်များတောင်းမှောက်သွန်ချခဲ့သလို ကြွေကျဖူးခဲ့သည် ဖြစ်၏။ တိုက်ဆိုင်မှုတာ ၎င်းနှစ် အောက်တိုဘာလလောက်တွင် ထိုစဉ်တုန်းက နိုင်ငံတော်အစိုးရအဖွဲ့၏ ကီးပွိုင့်ပုဂ္ဂိုလ်တစ်ဦးနှင့်အပေါင်းအပါတို့ ကြွေကျမြေခခဲ့ရသည် ဖြစ်၏။

ယခုလည်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲပြုလုပ်ပြီးနောက်ပိုင်း ဒီဇင်ဘာ ၁၃ ရက်ညတွင် ကြယ်မိုးအကြီးအကျယ်ရွာခဲ့သည်။ ယင်းသည် ခြသေ့်တံဆိပ်ပါတီဦးဆောင်သောအစိုးရသူများနှင့်ခွပ်ဒေါင်းတံဆိပ်ပါတီဦးဆောင်မည့် အစိုးရသူတို့အချုပ်အချာအာဏာအလွှဲအပြောင်းပြုကြမည့်သင်္ကေတနိမိတ်ပုံများဖြစ်နေလေသလား။

ဤနေရာမှာ ပြောစရာတစ်ခုတာ ရာဇဝင်သမိုင်းမှတ်တမ်းတွင်ဖော်ပြထားသော သက်ဆိုင်ရာမင်းတို့ နတ်ရွာစံလိုသောအခါပြသောနိမိတ်ဟုဆိုထားသော်လည်း နောက်မင်းတစ်ပါးတက်မည့်နိမိတ်ဟု ယူ၍ရနေပေသေးသည်။ ထို့ပြင် အဆိုပါနိမိတ်ကို မင်းပြောင်းမင်းလွှဲနိမိတ်၊ တိုင်းပြည်အပြောင်းအလဲနိမိတ်ဟု ဆို၍ရနေပေသေးသည်။

ဤနေရာမှာ ကောင်းကင်နိမိတ်ဟု သီးသန့်ရည်ညွှန်းထားခြင်းဖြစ်သောကြောင့် ဒိဗ္ဗနိမိတ်၊ အန္တလိက္ခနိမိတ်၊ ဘောမနိမိတ်တို့အနက် ဒိဗ္ဗနိမိတ်ကို မီးမောင်းထိုးထားခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဒိဗ္ဗနိမိတ်ဆိုသည်မှာ တခြားမဟုတ်။ ကောင်းကင်နိမိတ်ကို ဆိုလိုခြင်းဖြစ်သည်။ဤဒိဗ္ဗနိမိတ်ခေါ် ကောင်းကင်နိမိတ်သည်ကား နေကြတ်၊ လကြတ်၊ ကြယ်တံခွန်၊ တိမ်တံခွန်၊ ကြယ်ကြွေ၊ ကြယ်ပျံ၊ ကြယ်ခွပ်၊ နေအိမ်ဖွဲ့၊ လအိမ်ဖွဲ့၊ နေထီးဆောင်၊ လထီးဆောင်း၊ ဂြိုဟ်နက္ခတ်တာရာများ ပုံမှန်မသွားလာ၊ ဥက္ကာကျ၊ ဂြိုဟ်စစ်ထိုး၊ တိမ်တိုက်ဖောက်ပြန် စသည်တို့ဖြစ်ကြပေသည်။

ဆက်နွယ်၍ ပြောစရာတစ်ခုကမြန်မာပြည်၏ တချို့သောအရပ်တွင် ထူးဆန်းသော အသွင်သဏ္ဌာန်ရှိသော၊ ထူးဆန်းသော အရောင်အသွေးရှိသော၊ ထူးဆန်းသော ထုထည်အရွယ်အစားရှိ

www.burmeseclassic.com

တိမ်တိုက်ကြီးများ 'ပေါ်ထွန်း
ခြင်းကို မီဒီယာစာနယ်ဇင်းများတွင်
တွေ့ရှိရသည်။ ဤသည်နှင့်ပတ်သက်၍
ငြင်းပယ်မှုတို့ရှိသော်လည်း
ကျမ်းဂန်တချို့တွင် တိမ်နှင့်ပတ်သက်
နိမိတ်များကို ဤသို့ဖော်ပြထား
သည်ကို တွေ့ရှိရပါသည်။


ယင်းတို့မှာ -

❑ တိမ်သည် နွားမရုပ်သဖွယ်ထင်
မှုကား ချမ်းသာအံ့။ နွားလား
ရှင်ရှိမှုကား ခိုက်ရန်ဖြစ်အံ့။ လကွဲ
ကဲ့သို့ရှိမူ ချမ်းသာရအံ့။ ဦးခေါင်း
ဖြစ်မူ ခင်ပွန်းကောင်းရအံ့။ တိမ်နီ
လက်ယာကသန်းမူ မကောင်း။
ဝဲဘက်ကသန်းမူ လာဘ်ရအံ့။ သူရဲ
များအံ့။ တိမ်ဖြူသည် လက်ဝဲက
ဘုန်းတန်ခိုးကြီးအံ့။ လက်ယာ
ကြောင့်ကြရအံ့။ တိမ်နီတိမ်နက်
ရောထွေးဖြစ်မူ စစ်ဖြစ်သော်
အံ့။ တိမ်သည် မိကျောင်းလက်
လက်ဝဲကဖြစ်မူ လာဘ်ရအံ့။
သည် အိမ်၊ ဓား၊ လှံကဲ့သို့ရှေ့ကဖြစ်
ကောင်း။ တိမ်သည် မိန်းမရုပ်အသွင်
တသန်းမူ လာဘ်ရအံ့။ လက်ယာက
မကောင်းဟု ဆိုထားသည်ကို
ရှိရသည်။

တစ်ခါ မြန်မာပြည်မြောက်ပိုင်း
သတချို့၊ တနင်္သာရီဒေသတချို့တို့
ရွှေရောင်မိုး၊ အဝါရောင်မိုးရွာသွန်း
တောလာဟလဆတင်းစကားများ
ပေါ်လာသဖြင့် ဝေဖန်မှုများ၊ ခန့်
များ၊ ငြင်းပယ်မှုများ ဖြစ်ပေါ်လာ
သည်။ သို့ဟာစေ ရှေးဟောင်းကျမ်းဂန်
တွင် ထူးဆန်းသော မိုးရွာမှုများ
တ်သက်၍ ဤသို့ပြဆိုထားသည်ကို
ရှိရပေသည်။

ယင်းတို့မှာ -

❑ အခါမဟုတ် မိုးရွာအံ့၊ သတ္တဝါ
အနာဖြစ်အံ့။ တိမ်မတက်ဘဲ မိုးရွာအံ့၊
လဲရအံ့။ ရတုမဟုတ်ဘဲ အပူ အအေး
ပြန်အံ့။ ခြောက်လအတွင်း လူတို့
အံ့။ အခါမဟုတ်ဘဲ မိုးခုနစ်ရက်
ရွာအံ့။ ပြဋ္ဌာန်းထားသော အမတ်
သင့်အံ့။ သဲမိုးရွာသော် စစ်ထိုး
အံ့။ အသားမိုး၊ အဆီမိုး၊ အရိုးမိုးရွာ
သော် အနာရောဂါဖြစ်အံ့။ စပါးမိုး၊
မိုး၊ အခေါက်မိုး၊ အသီးမိုး၊ အပွင့်
အရွက်မိုးရွာသော် လူတို့ဘေးသင့်
မီးမိုး၊ မြေမှုန်မိုး၊ မစင်မိုးရွာသော်
ဥပဒ်သင့်အံ့။ တိမ်မရှိဘဲ မိုးရွာအံ့။
တ်ရွာမိုးရွာသော် သတ္တဝါတို့ဘေး



သင့်အံ့။ သိကြားသတ္တဝါမိုးရွာသော် ဥပဒ်
ကြီးစွာသင့်အံ့။ မိုးအခါမပြတ်ရွာသော်
ကောက်ပဲသီးနှံပျက်အံ့။ အငတ်ဘေးကြုံ
အံ့' စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိ
ရပေသည်။

တစ်ဖန် ၂၉-၉-၂၀၁၅ နေ့ ညက
အနှစ် (၂၀) လောက်မှ တစ်ခါသာကြုံ
တတ်သည်။ ဆူပါမွန်း(SUPER MOON)
ခေါ် ပုံမှန်လဝန်းထက်ကြီးမားရုံသာမက
အရောင်အဝါတောက်ပသောလပြည့်ဝန်း
ကြီးတစ်ခုသည် ကြုံတောင့်ကြုံခဲ ထွက်
ပေါ်လင်းထိန်ခဲ့သည်။ တကယ်တော့
လခေါ် စန္ဒာခေါ် တနင်္လာဂြိုဟ်သည်
ဣတ္ထိယလိင်ဖြစ်သည်။ သို့အတွက်
ကြောင့် သာမန်မဟုတ်သော ထူးကဲသော
အမျိုးသမီးတစ်ဦးသည် နိုင်ငံတော်
အထွတ်အထိပ်ကိုရောက်နိုင်သည်ဟုယူ
၍ရနိုင်မည်ထင်သည်။

ဤနေရာ ကြုံကြိုက်တုန်းမှာ
ဆက်နွယ်နေသော၊ ထူးခြားသော
ကောင်းကင်နိမိတ်တစ်ခုကို ဖော်ပြချင်
ပါသည်။ သရေခေတ္တရာခေတ်က
ရန်မန်မင်း၊ ပါပိရန်မင်း၊ ပုဂံခေတ်က
ပျူစောထီးမင်း၊ ထီးမင်းယဉ်မင်း၊ ယဉ်မင်း
ပိုက်မင်း၊ မြင်းကျွေးမင်း၊ ခဲလူမင်း၊
နရသီဟပတေ့မင်း၊ ကျော်စွာမင်း၊ ပင်းယ
တစ်စီးရှင် သီဟသူမင်း၊ အင်းဝသတိုး
မင်းဖျားမင်း၊ ကုန်းဘောင် ပုဂံမင်းတို့
နတ်ရွာစံလိုသောအခါတွင် ကြာသပ
တေးဂြိုဟ် လချဉ်းသည်နှင့်ကြုံသည်ကို
တွေ့ရပေသည်။ နောက်သောကြာဂြိုဟ်
လချဉ်းသောအခါတွင် သောကြာဂြိုဟ်၊
ကြာသပတေးဂြိုဟ်တို့အပါအဝင် ကြယ်
တို့ ဂြိုဟ်တို့ခွပ်ကြသောအခါတွင်လည်း
မင်းတို့နတ်ရွာစံတတ်သည်ကို တွေ့ရပေ
သည်။ ထိုသို့ ဂြိုဟ်တို့ ကြယ်တို့ခွပ်ခြင်း၊
ချဉ်းခြင်းဆိုသည်မှာ အချင်းချင်း နီးကပ်
စွာရောက်ရှိသွားခြင်းကို ဆိုလိုပါသည်။
ထိုသို့ ဂြိုဟ်နှင့် လတို့နီးကပ်စွာရောက်ရှိ
သွားခြင်း၊ ဂြိုဟ်အချင်းချင်း နီးကပ်စွာ
ရောက်ရှိသွားခြင်းသည် တစ်နည်းအား
ဖြင့် မင်းပြောင်းမင်းလွဲ (ဝါ) တိုင်းရေး
ပြည်ရေးပြောင်းလဲတတ်သည့် နိမိတ်ကို
ဖော်ကျူးနေသလိုပင် ဖြစ်၏။

နောက်စိတ်ဝင်စားစရာတစ်ခုက
ရှေးဟောင်းရခိုင်နက္ခတ်ဗေဒင်ကျမ်းတစ်ခု
တွင် ဗြိစ္ဆာရာသီ၏ နက္ခတ်များဖြစ်ကြ
သော အနုရာဓ၊ ဇေဋ္ဌ၊ မူလနက္ခတ်များ
ကို ကောဇာ စနေဂြိုဟ် ဖြတ်သန်းသော
အခါတွင် တိုင်းရေးပြည်ရေးအပြောင်း
အလဲ၊ မင်းပြောင်းမင်းလဲဖြစ်တတ်သည်
ဟု ဖော်ပြထားသည်ကို တွေ့သိရပေ
သည်။ မူလနက္ခတ်ကို စနေနက္ခတ်ဟု
ယူသည်။ အဆိုပါ ဗြိစ္ဆာရာသီကိုပင်
ကြယ်နဂါးဟု ယူသည်။ ယင်းကြယ်နဂါး
ရာသီ (ဝါ) စနေနက္ခတ် (ဝါ) ဗြိစ္ဆာရာသီ
တို့အပေါ်သို့ ကောဇာစနေဂြိုဟ်ရောက်
လျှင် စနေပေါ် စနေထပ်သည်ဟု ဆိုကြ
သည်။ ဤကဲ့သို့ စနေနှစ်ပါးထပ်ချိန်တွင်
ပုဂံ နရသီဟပတေ့မင်း၊ စောလူမင်း၊
ပင်းယ ငါးစီးရှင်မင်း၊ ဟံသာဝတီရောက်
မင်း၊ ကုန်းဘောင်စဥ့်ကူမင်း၊ ကနောင်
မင်းသားတို့ ကံကုန်သေလွန်ကြသဖြင့်
တိုင်းရေးပြည်ရေးအပြောင်းအလဲဖြစ်
ပေါ်ခဲ့သည်ဟု ဆို၏။

ထို့ပြင်တစ်ဝ -

❑ *မှတ်ရာတထွေ၊ သိသာစေပိမ့်၊*
*စနေ အင်္ဂါ နှစ်ဖြာဂြိုဟ်နတ်၊ ပြန်ခဲ့ပတ်၍*
*ဟဿတမူလ၊ ရေဝတဟု၊ မည်ရထင်ရှား၊*
*ထိုသုံးပါးတွင်၊ တစ်ပါးတစ်ပါးထက်၊*
*ရောင်ထွန်းပြက်က၊ စစ်မက်မြားမြောင်၊*
*မိုးရေခေါင်၍၊ ပြည်ထောင်သနင်း၊ မင်း*
*လည်းလွဲသွေ၊ ပြောင်းလပ်ပေလိမ့်. . .*

ဟု ဖော်ပြထားသည်ကို နက္ခတ်
ပျို့၌ တွေ့ရှိရပေသည်။

ယခု ၂၀၁၅ ခုနှစ်အလယ်လောက်
မှစ၍ ၂၀၁၆ ခုနှစ်အလယ်လောက်ထိ
ကာလတွင် စနေဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့
သည် ကြယ်နဂါးရာသီခေါ် ဗြိစ္ဆာရာသီ
ထဲ၌ သီဟဇာ၊ ဗုဒ္ဓဇာ၊ နိယာဥ္စ သွားလာ
လျက် တည်ရှိနေရကား ၂၀၁၅ ခုနှစ်
အထွေထွေရွေးကောက်ပွဲ ရလဒ်အရ
ခြင်္သေ့တံဆိပ်ပါတီနှင့် ခွပ်ဒေါင်းတံဆိပ်
ပါတီတို့ အချုပ်အခြာအာဏာအလွှဲအ
ပြောင်းလုပ်နေရသည်ကတော့ တိုက်ဆိုင်
မှုသက်သက် ဟုတ်ဟန်မတူပါ။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဦးသာအောင်၏ အကြောင်းကို ကျွန်ုပ် မြတ်မင်္ဂလာစာစောင်၌ရေးခဲ့ဖူးပါသည်။

အဖြစ်အပျက် တစ်စိတ်တစ်ပိုင်းသာရေးခဲ့ခြင်း ဖြစ်ပါသည်။

လူတွေ၌ စရိုက်အမျိုးမျိုးရှိကြသည်။

ဦးသာအောင်၏ စရိုက်ကား တစ်မျိုးထူးခြား၏။

ကျွန်ုပ် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ဦးသာအောင်ထက် ဦးသာအောင်၏ဇနီး ဒေါ်တုတ်ခင်နှင့် ပိုမိုရင်းနှီးခင်မင်သူ ဖြစ်ပါသည်။ စရိုက်ချင်းတူ၍တွဲမိခြင်းလည်း ဖြစ်ပါသည်။

ကျွန်ုပ်နှင့်စရိုက်တူသူ နောက်တစ်ဦးရှိပါသေးသည်။ သူကား ကြည်ကြည်နုဖြစ်၏။

ဒေါ်တုတ်ခင်နှင့် ကြည်ကြည်နုမှာ အိမ်ထောင်သည်များဖြစ်၍ သားကြီးသမီးကြီးများလည်းရှိကြပါသည်။ ကျွန်ုပ်ကား လူလွတ်တစ်ယောက်ဖြစ်ကာ ဒေါ်တုတ်ခင်ထက်ငယ်၍ ကြည်ကြည်နုထက် အသက်ကြီးသူ ဖြစ်ပါသည်။

မမှမိတ်ဆွေများဟု ဆိုရပါမည်။

ဝါတွင်းရောက်လျှင် ဝါးခယ်မမြို့ အရှေ့ခြမ်းရှိ ကဝဲညောင်ချောင်းအထိ သွားကာ ဥပုသ်စောင့်ပါသည်။ ပြာသိုလ ရောက်လျှင် ကျင်းပမြဲဖြစ်သော ဝါးခယ်မမြို့ ကမ်းနားလမ်းရှိ ရှစ်မျက်နှာဘုရား





www.burmeseclassic.com

www.burmeseclassic.com

တရားပွဲကိုလည်း မပျက်မကွက် တရားသွားနာကြသည်။

စရိုက်တူသည် ဆိုသည်မှာ ထိုတူသိလ်ရသောအလုပ်များ အတူလုပ်ခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်ုပ်သည် ပန်းချီ အပြင်းအထန်ဆွဲနေသူဖြစ်သောကြောင့် ညစဉ် တရားနာသွားရင်း မှတ်စုစာအုပ်ဆွဲ၍ -

တရားဟောဆရာတော်၏ ပုံတူ အစ်ပိုင်းပုံနှင့် ဟောကြားသော တရားများကိုမှတ်တမ်းတင်ခဲ့နိုင်ပါသည်။

(ယခုအခါ ဇရာက စကားပြောလာခဲ့ပေပြီ။ ရှစ်မျက်နှာတရားပွဲကား ယနေ့တိုင်ရှိနေပါသေးသည်။ မျက်စိအားနည်း၍ ကျွန်ုပ်မသွားနိုင်တော့ပါ။ ဓမ္မမိတ်ဆွေဒေါ်တုတ်ခင်နှင့်ကြည်ကြည်နုတို့လည်း ကွယ်လွန်သွားကြပြီ ဖြစ်ပါ၏)

ကျွန်ုပ်ရေးလိုသည်မှာ ဦးသာအောင်အကြောင်းဖြစ်၍ ဦးသာအောင်အကြောင်းဆက်ပါမည်။

❑

ဦးသာအောင်နှင့် ဒေါ်တုတ်ခင်မှာ ရွာသစ်သားနှင့် ရွာသစ်သူများပင် ဖြစ်ပါသည်။

ဦးသာအောင်၏ ပထမအရွယ်သည် ရေတပ်သားဘဝဖြစ်၍ ဒေါ်တုတ်ခင်နှင့် အိမ်ထောင်ကျခဲ့သည်။

ဒုတိယအရွယ်တွင် တပ်မှထွက်၍ ဝါးခယ်မ တရုတ်သူဌေး ဦးစင်းကား၏ (မြသစ္စာ) သင်္ဘောတွင် ဆလင်ကြီး ဖြစ်ခဲ့သည်။

တတိယအရွယ်တွင် ပိုင်ရှင်တရုတ်သူဌေးဆုံး၍ မွေးရပ်မြေ မိသားစုနှင့် ပြန်ပေါင်းစည်းနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ကျွန်ုပ် ဦးသာအောင်အကြောင်း ရေးနိုင်ခြင်းဖြစ်ပါတော့သည်။

ဦးသာအောင်တွင် သားနှစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။

## ကျော်မိုးလွင် (ဓါးသယ်)

### ပုဂ္ဂိုလ်ထူးနှင့်တွေ့ဆုံခြင်း





www.burmeseclassic.com

www.burmeseclassic.com

သားကြီးမှာ ဗိုလ်မှူးဖြစ်၍ ရှမ်းအမျိုးသမီးနှင့် အိမ်ထောင်ကျကာ သားသမီးများပင်ရနေပြီ ဖြစ်သည်။

သားငယ်သည်လည်း တပ်ကြပ်ကြီးဖြစ်၍ မန္တလေးတွင် သူ့အိမ်ထောင်နှင့်သူ ဖြစ်နေသည်။

သမီးအလတ်ကား ကျောင်းဆရာမ အပျိုကြီးဖြစ်၍ သူတို့နှင့်အတူနေသူ ဖြစ်သည်။

ဦးသာအောင်မှာ ရေနှင့်ယဉ်ပါးရသူဖြစ်သောကြောင့်ထင့် မည်သည့်အရပ်ကိုရောက်ရောက် ဘုရားပုထိုးများနှင့် ရေသပ္ပာယ်ရသည့်ကုသိုလ်အလုပ်ကို လုပ်လေ့ရှိခဲ့သည်။

ကျွန်ုပ်တို့ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် ကိုးတောင်ပြည့်စေတီလေးတစ်ဆူရှိပါသည်။ ရွာဦးတွင်ရှိ၍ လူသူအရောက်အပေါက်နည်းလှ၏။ ဝါတွင်းရောက်မှသာ စေတီလေးအနီး ချုံနွယ်အပင်များကို တရားနာလာသူများကရှင်းကြသည်။

ဦးသာအောင် ရွာသို့ပြန်အခြေချသောအခါ စေတီလေးဝန်းကျင်မှာ နွေမိုး၊ ဆောင်း မည်သို့ပင် ပြောင်းပြောင်းနွယ်ပင်မြက်ပင်များကို မမြင်ရတော့ပါ။ စေတီဖိနပ်ခုံ၊ သမံတလင်းများသည်လည်း ရေညှိကပ်သည်ကိုမတွေ့ရတော့။ စွပ်ကျယ်ချိုင်းပြတ်နှင့် ဦးသာအောင် ရေပုံးဆွဲကာ တိုက်ဆေးနေသည်ကို တွေ့ရတတ်သည်။

"ဒကာဦးသာအောင်က အသက် (၇၀) ကျော်နေပြီ။ လေထိမှာစိုးလို့ ဦးပဥ္ဇင်းက တားပါတယ်၊ မရဘူး မောင်ကျော်မိုးရဲ့"

ဦးသာအောင်ပြုတတ်သည့်စရိုက်တစ်ခုမှာ ခွေးများကိုအစာကျွေးခြင်းပင် ဖြစ်ပါသည်။

ဦးသာအောင် မြသစ္စာသင်္ဘော လိုက်စဉ်ကတည်းက အိမ်ကိုပြန်လာတိုင်း အနီးပတ်ဝန်းကျင်ရှိ ခွေးများကို အစာကျွေးလေ့ရှိပါသည်။

ခွေးအစာကျွေးခြင်းနှင့်ပတ်သက်၍ မြတ်မင်္ဂလာစာစောင်တွင်ပင် ကျွန်ုပ်ရေးခဲ့ဖူးပါသည်။

ရွှေလက်ရုံးဆံသပိုင်ရှင်သည် ခွေးများကိုအမြဲကျွေးမွေးလေ့ရှိ၏။

ထိုစေတနာ၏အကျိုးပေးကြောင့် ဆံသပိုင်ရှင်မှာ သမကပေးသောနှစ်ကျပ်တန် ထီလက်မှတ်က တစ်သိန်းဆုပေါက်သွားခဲ့သည်။

ထိုခေတ်က ငွေတစ်သိန်းမှာ ဆံသပိုင်ရှင်အတွက် တိုက်တစ်လုံးပင် ဝယ်ဖြစ်သွားခဲ့သည်။

ဦးသာအောင်သည် ဆံသပိုင်ရှင်ကဲ့သို့ ခွေးများကို ကျွေးခဲ့သောစေတနာကြောင့် အသက်အန္တရာယ်ဘေးမှလွတ်ကင်းခဲ့ရသည်။

မြသစ္စာသင်္ဘောမှအပြန် ညအမှောင်တွင် ခွေးတစ်ကောင်က သူ့ကိုလာကြိုနေ၏။

ခွေးက ရှေ့မှသွား၍ သူက လက်နှိပ်ဓာတ်မီးထိုးကာ နောက်ကလိုက်လာခဲ့သည်။

ထိုစဉ်က မြသစ္စာသင်္ဘောပိုင်ရှင် ဦးစင်းကား ဆောက်ထားသော စပါးဂိုဒေါင်မှာ ရွာသစ်အနောက်ခြမ်းတွင်ရှိပါသည်။

မြသစ္စာသင်္ဘော ဝါးခယ်မမြို့သို့ ဝင်လျှင် ဦးစင်းကားဂိုဒေါင်တွင်ပင် ကပ်ပါသည်။

ဦးသာအောင်အိမ်က ရွာသစ်ရွာအလယ် ၎ ကူးတို့ဆိပ်အနီးတွင်ရှိ၍ ဦးစင်းကား ဂိုဒေါင်တံတားကိုဖြတ်ကာ သွားရပါသည်။

တံတားအဆုံး ရွာဝင်လမ်းအစတွင် ရှေ့ကသွားနေသော ခွေးကရပ်ကာ ထိုးဟောင်နေပါသည်။

'သခင်မသွားနဲ့အန္တရာယ်ရှိတယ်' ပြောနေသည့်နှယ် ရှေ့မှ ကာဆီးထားခဲ့သည်။

ဦးသာအောင် ခွေး၏ထူးခြားမှုကြောင့် ထိုးဟောင်နေသည့်နေရာကို လက်နှိပ်ဓာတ်မီးထိုးကာ ကြည့်လိုက်မိသည်။

"ဘုရား ဘုရား - မြွေ . . မြွေဟောက်ကြီးပါလား"

ဦးသာအောင်သွားလမ်းတွင် လူကြီးလက်မောင်းလုံးခန့်ရှိသော ပါးပျဉ်းခွက်နေသည့် မြွေဟောက်ကြီးကို တွေ့လိုက်ရသည်။

တစ်နေ့တွင် ဖြစ်သည်။

ခွေးကိစ္စနှင့် ဦးသာအောင် တစ်ယောက် ပြဿနာတက်ခဲ့သည်။ ကုသိုလ်၊ အကုသိုလ်ကား တွဲလျက်ရှိတတ်သည်သာ။

ဦးသာအောင် ကျွေးမွေးထားသောခွေးတွေထဲမှ တစ်ကောင်က ဖြတ်သွားဖြတ်လာ ဧည့်သည်စစ်သားတစ်ယောက်ကို ကိုက်လိုက်သည်။

"ခွေးပိုင်ရှင်ကဘယ်သူလဲ"

အကိုက်ခံရသော စစ်သားမှာက အဖော်နှစ်ယောက်ပါသည်။ အကိုက်ခံရသော စစ်သားက အနီးအနားမှာရှိသောသူများကိုမေးသည်။ ရွာမှာက ခွေးသီးခြားမွေးထားသည်မရှိ လေလွင့်ခွေးများကို ကြုံသလို ကျွေးမွေးထားခြင်းသာ ဖြစ်တော့သည်။

ခွေးက ဦးသာအောင်တို့ အိမ်ကြား ဝင်ပြေးသည်။

အကိုက်ခံရသောစစ်သားကမေး၍မရသောအခါ ဦးသာအောင်အိမ်ကို လှမ်းဝင်လိုက်သည်။

ဦးသာအောင် စစ်သားဝင်လာသည်ကို တွေ့၍ -

"ဘယ်သူနဲ့တွေ့ချင်လို့လဲခင်ဗျာ"

ဦးသာအောင်က သူ့သားတပ်က စစ်သားများထင်၍မေးလိုက်သည်။

"ဦးကြီးတို့အိမ်ကခွေး ကျွန်တော့်ကိုကိုက်လို့"

စစ်သားလူရွယ်က ခွေးကိုက်သည့် ခြေသလုံးမှ ဒဏ်ရာကိုပြကာ ပြန်ပြောလိုက်သည်။

စစ်သားလူရွယ် ခြေသလုံးမှာ သွေးတွေက နီရဲနေသည်။

"ခွေးကမွေးထားတဲ့ခွေးမဟုတ်ပါဘူး။ ကျွေးမွေးထားတဲ့အိမ် ဝင်ထွက်နေတာပေါ့ဗျာ"

"ဒီလိုဆို ပိုင်ရှင်မရှိဘူးပေါ့"

စစ်သားလူရွယ်က စိတ်ဆိုးသွားဟန်တူသည်။

သူ့အဖော်ကို လှမ်းကြည့်လိုက်၏။

"ဒါဆိုလည်း လွယ်ပါတယ် ရပ်ကွက်လူကြီးအိမ်ကိုပြောပါ ဦးကြီး"

"လူကြီးအိမ် သွားမနေပါနဲ့ ကလေးရယ်၊ ဦးကြီးမှာ တာဝန်ရှိပါတယ်။ ဦးကြီးဆေးထိုးပေးပါမယ်"

ဦးသာအောင်ကပြောသည့်အတိုင်း ခွေးကိုက်ခံရသော စစ်သားလူရွယ်တို့ ခေါ်ကာ ဝါးခယ်မမြို့ဘက်ကမ်းသို့ ကာကွယ်ဆေးထိုးပေးလိုက်သည်။

"ဦးသားနှစ်ယောက်က ကလေးတို့လို စစ်သားတွေပါကွယ်။ နောက်တစ်ခါ ဒီဘက်ရောက်ရင် ဦးကြီးအိမ်ကို ဝင်ခဲ့ပါ"

ဦးသာအောင်က စိတ်ရင်းအမှန်နှင့်ပင် ပြောလိုက်ခြင်း ဖြစ်သည်။

စစ်သား လူရွယ်များကလည်း ဦးသာအောင်၏ဖော်ရွေသော ဆက်ဆံမှုကြောင့် ကျေနပ်သွားခဲ့ကြသည်။ ဦးသာအောင်၏သား စစ်သားနှစ်ယောက်အကြောင်း စပ်စုမေးမြန်းပြီး သောအခါ -


•သူရဠ်မဂ္ဂဇင်း

www.burmeseclassic.com

"ဟာ - စောစောကပြောရောပေါ့ ဦးကြီးရာ၊ ကျွန်တော် ဗိုလ်မှူးတပ်ရင်းမှာ ကျခဲ့ဖူးပါတယ်"

ဦးသာအောင်က သည်လိုလူမျိုး ဖြစ်သည်။

ဦးသာအောင်၌ မာန်မာနမရှိပါ။

လူတိုင်းနှင့်တည့်အောင် ပေါင်းတတ်သည်။

ဝါးခယ်မမြို့ သကျမဟာသီရိ ဘုရားကြီးတွင် ပိဋကတ်စာကြည့်တိုက် ထားခဲ့ရှိပါသည်။ စာကြည့်တိုက်မှူးမှာ အငြိမ်းစား ဘကြီး ဦးမြင့်ဆွေ ဖြစ်ပါသည်။

ကျွန်ုပ်နှင့် ရင်းနှီးပါသည်။

စာကြည့်တိုက်အဖွဲ့လည်း ကျွန်ုပ်ဝင်သား၏။

ဦးသာအောင်မှာ သင်္ဘောက ဆင်းတက်မှ ဘကြီးဦးမြင့်ဆွေနှင့်တွေ့ဆုံရင်းနှီးရသူဖြစ်ပါသည်။

သို့သော် နောက်မှတွေ့ဆုံရသူ ဦးသာအောင်က အဘဦးမြင့်ဆွေ၏ အရင်းနှီးဆုံးပုဂ္ဂိုလ်ဖြစ်သွားခဲ့ပါသည်။

မဖြစ်မည်သို့ရှိမည်နည်း။

ဦးသာအောင်က ဘုရားကြီး ရောက်တိုင်း တံမြက်လှည်းသည်။

ဘုရားပန်းအိုးများ ရေလဲသည်။ ပန်းထိုးသည်။

ဘုရားထဲသာမက ပိဋကတ်စာကြည့်တိုက်အတွင်းပါ ပြုလုပ်ခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ဘကြီးဦးမြင့်ဆွေ အတွက် မုန့်များပင်ဝယ်သွားတတ်သည်။

ကြာတော့ ညီအစ်ကိုအလားရင်းနှီး သွားခဲ့ကြသည်။

ဦးသာအောင်က ဘာသာရေး လိုက်စားသူဖြစ်၍ ပိဋကတ်စာကြည့် တိုက်မှ မြတ်မင်္ဂလာစာစောင်ကို ငှား သွားလေ့ရှိသည်။

အဘ ဦးမြင့်ဆွေကလည်း စည်း ကမ်းရှိပြီး ဘာသာရေးကိစ္စများကို ဆောင်ရွက်သူ ဦးသာအောင်ကို စာ စောင်ကြိုက်သရွေ့ငှားသွားစေခဲ့သည်။

"သာအောင်လို လူမျိုးကတော့ ရှားတယ် မောင်ကျော်မိုးရေ။ ဘုရား လာတိုင်း ဘုရားဝေယျာဝစ္စသာမက ငါ့ ဝေယျာဝစ္စပါ လုပ်ပေးသွားတတ်တယ်။ ဒီလိုလူမျိုး တစ်သက်မဆင်းရဲဘူးကွ"

ကျွန်ုပ်သည် အလုပ်များသူဖြစ်၍ စာကြည့်တိုက်အဖွဲ့ဝင်ထားသော်လည်း ဘုန်းနေရာသို့ အရောက်အပေါက်နည်းခဲ့ပါသည်။

တစ်နေ့ ကိစ္စတစ်ခုနှင့်ရောက် သွားခိုက် ဘကြီးဦးမြင့်ဆွေက ဦးသာ အောင်အကြောင်း ပြောလာခြင်း ဖြစ်ပါ တော့သည်။

ဦးသာအောင်တွင် အကျင့်တစ်ခု ရှိပါသေးသည်။ ရွာထဲမှ အုန်းလက်များ လိုက်ကောက်ခြင်းဖြစ်ပါ၏။ ဇနီးနှင့် သမီးက မကြိုက်ပါ။

များသောအားဖြင့် အုန်းလက် များမှာ ဘုန်းကြီးကျောင်းဝင်းအတွင်း သာရှိတတ်ပါသည်။

ဘုန်းကြီးကျောင်းမှာက ခွေးတွေ ရှိသည်။

ရွာထဲမှ လူတွေ ဘုန်းကြီးကျောင်း သွားလျှင် ကပ္ပိယဖြစ်ဖြစ်၊ ကိုရင်များကို ပဲဖြစ်ဖြစ်အော်ခေါ်ပြီးမှသွားရကြသည်။

ဦးသာအောင်ကို လူများသာမက ခွေးများကပါခင်ကြသည်။ ကိုက်ဖို့ဝေး၍ ဟောင်ပင်မဟောင်ကြပါ။

ဦးသာအောင်အတွက် အုန်းလက် ကျနေသည့်နေရာများကိုပင် လိုက်ပြ တတ်ကြသည်။

"ခွေးတွေကခင်တာလည်းမပြော နဲ့လေ ကျောင်းလာတိုင်း ခွေးတွေအတွက် ထန်းလျက်ခဲတို့၊ ထမင်းကြမ်းတို့၊ မုန့်မျိုး စုံတို့ ယူလာပြီး ကျွေးတတ်တာကိုး"

ကျောင်းထိုင်က ကျွန်ုပ်နှင့်တွေ့ တော့ ဤသို့ပြောဆိုလာခဲ့သည်။

ကျွန်ုပ်ကိုယ်တိုင်က ဦးသာအောင် နှင့်တွေ့ဆုံခိုက် စာရေးဆရာပီပီ အုန်း လက်ကောက်သည့်ကိစ္စ မေးကြည့်မိခဲ့ သည်။

"အုန်းလက်ကောက်တာ အကျိုး နှစ်ခုရစေတယ် မောင်ကျော်မိုးရ"

"ဘာတွေများလဲ ဦးလေးရယ်"

"တစ်ချက်က ကျောင်းဝန်းကျင် လမ်းဝန်းကျင်အမှိုက်မရှုပ်တော့ဘူးပေါ့။ နှစ်အချက်က ထင်းဝယ်စိုက်စရာမလို တော့ငွေကုန်ကြေးကျသက်သာတာပေါ့။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ ဒါမျိုးပေါ့"

ကျွန်ုပ် ဒေါ်တုတ်ခင်ဆီ အလည် ရောက်သွားတော့ အိမ်အနောက်နံရံ တွင် သေချာကျနစွာ စီတင်ထားသော အုန်းလက်ခြောက်များကို နံရံအပြည့် တွေ့လိုက်ရသည်။

ဦးသာအောင်၏ လက်ရာများပင် ဖြစ်တော့သည်။

ဦးသာအောင်သင်္ဘောမှတက်ပြီး ငါးနှစ်အကြာတွင် ဦးသာအောင်၏ ဇနီး ဒေါ်တုတ်ခင် လူကြီးနာနှင့် ကွယ်လွန် သွားခဲ့သည်။

ဒေါ်တုတ်ခင် ဆုံးပြီး ရက်လည် ဆွမ်းကပ်ရန်အတွက် ရွာသူရွာသားများ နှင့်ဆွေမျိုးတစ်သိုက် စီမံခဲ့ကြသည်။ ဝယ်လာသောထင်းတွေကမခြောက်။

မုန့်ဟင်းခါး ဟင်းချိုချက်သူများ ဒုက္ခအကြီးအကျယ်ရောက်တော့သည်။

သည်မှာ အခက်အခဲကို ဦးသာ အောင်က သူစုဆောင်းထားသော အုန်း လက်ခြောက်များနှင့် ဖြေရှင်းပေးလိုက် သည်။

"ရှိရဲ့သားနဲ့ ကပ်စေးနဲ့တာပါ တော်။ ဒုက္ခခံပြီး အုန်းလက်တွေကို လိုက်ကောက်ရတယ်လို့"

ဦးသာအောင်ကွယ်ရာမှာအတင်း ပြောသူများ ဦးသာအောင်လုပ်ရပ် ကြောင့် လေသံပြောင်းသွားကြတော့ သည်။

"ဒီလိုတော့လည်း ဟုတ်သားလား ဟ"

"တို့တောင် အုန်းလက်လိုက် ကောက်ရင် ကောင်းမလားဘဲ"

ဦးသာအောင်က စည်းစနစ်ရှိ သည်။

စည်းစနစ်မရှိသူ ရွာထဲက ဦးဖိုးနီ ကလိုက်လုပ်တော့ အမှုမဖြစ်သည်ပင် ကံကောင်းသွားခဲ့သည်။

ဦးဖိုးနီက ဦးသာအောင်နည်းတူ ရွာထဲ အုန်းလက်များလိုက်ကောက်၍ ကျပ်ခိုးစင်မှာတင်ထားခဲ့သည်။ နွေရာသီ တွင် မီးခိုးလွင့်တော့ အုန်းလက်များ မီးထတောက်တာလူသိမြန်၍တော်တော့ သည်။

ဒေါ်တုတ်ခင် ကွယ်လွန်ပြီး ငါးနှစ် အကြာတွင် ဦးသာအောင်လည်း လူကြီး ရောဂါနှင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်၏။

သူ ရှာဖွေစုဆောင်းထားခဲ့သော အုန်းလက်ထင်းများသည် ရက်လည် ဆွမ်းသွတ်ဆွမ်းဟင်းချက်ရာ၌ အသုံး တည့်သွားပြန်သည်။

ကျောင်းကခွေးများဦးသာအောင် အုန်းလက်အကောက်ကို စောင့်နေကြ ရော့မည်။

ဘုရားပိဋကတ်စာကြည့်တိုက်မှ ဘကြီးဦးမြင့်ဆွေကမူ မြတ်မင်္ဂလာစာ စောင်အသစ်ပေးရန် မျှော်နေပေလိမ့် မည်။

ကျော်မိုးလွင်(ဝါးခယ်မ)

www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းက ဆန်းဆန်းကြယ်ကြယ်။ ရွာနှင့်ကွယ်နေသဖြင့် မတွေ့နိုင်ခဲ့သော်လည်း အဝေးကကြည့်ရုံနှင့် လယ်ကွင်းအလယ်တွင် ထီးထီးမားမား အုန်းတောခြံကြီးကို တွေ့နေရသည်။ စိမ်းစိမ်းအုပ်အုပ်အုန်းတောကြီးမှာ အကာအရံ သီးသန့်မရှိလင့်ကစား ကင်ပွန်းပင်တန်း ထူထူထဲထဲကြီးက ခြံစည်းရိုးပမာစိုက်ပျိုးထားသောကြောင့် ခိုင်ခံ့သည့် စည်းရိုးတစ်ခုကို ဖြစ်ပေါ်စေသည်။ ပတ်ပတ်လည် ကြခတ်ဝါးများကို စိပ်စိပ်စိုက်ထားပြီး အပင်များအားဖြတ်ထားသဖြင့် ကြခတ်ဝါးများက တံတိုင်းသဖွယ် ကာရံထားသည့်အတွက် တကူးတက ခြံခတ်ရန် မလိုအပ်ပါလေ။ စိတ်ကူးကောင်းကောင်းဖြင့် နှစ်ရှည်လများ မြုစုပျိုးထောင်လာခဲ့ခြင်းဖြစ်ဟန်တူပါသည်။

ခြံရှေ့အကျယ်သည်ပင် ပေ(၄၀၀) ထက်မနည်းရှိနိုင်၍ နောက်အထိအလျားမှာ ပေ (၁၀၀၀) မှန်းဆရသည်။ ကျေးလက်ထက် မြို့ပြမှာရှိပါက တန်ဖိုးနည်းလိမ့်မည်မဟုတ်။ လယ်တစ်ကွင်းကျော်လောက်တွင် မီးရထားလမ်းက ခြံရှေ့မှဖြတ်သွားခဲ့သည်။ မီးရထားပေါ်မှကြည့်လျှင်လည်း အုန်းတောခြံကြီးကို ထင်ထင်လင်းလင်းမြင်နေရမည်ကသေချာသည်။ စိမ်းမှောင်နေသည့် ခြံကြီးမှာ အဝါရောင်ရိုးပြတ်တောအစပ်မကျတကျတွင် တည်ရှိနေသောကြောင့် အရောင်အရဆိုပါက အဝါရောင်ပေါ်၌ အစိမ်း



# မျိုးသစ်

## ကျိန်စာသင့်အုန်းတောခြံကြီး



www.burmeseclassic.com

www.burmeseclassic.com

...င်မှာ ပေါ်လွင်လွန်းနေသကဲ့သို့ ...တ်ခံပြာမှိုင်းမှိုင်းတောင်တန်းကြီးနှင့် ...င်ခြေရွာလေး၊ သစ်ပင်သစ်တော ...လည်း ပန်ရလှသည်။ ခြောက်သ...င်းနေသော လယ်ကွင်းအလယ် ...င် စိမ်းစိမ်းစိုစိုအုပ်တောကြီးမှာ ဆန့်...စ်နေသယောင်။ အရောင်အသွေးစုံ ...မွန်းထားသည့် ပန်းချီကားတစ်ချပ် ...မြင်သူတိုင်း ရှုမောဖွယ်အလှအပ ...ခဲ့အဖြစ်မြင်နေရသည်။

"ဆရာ ခြံထဲဝင်ကြည့်ရင် ပိုအံ့သြသွားမှာ။ ခြံပတ်လည်နဲ့ ခြံနောက်ပိုင်းကို အုန်းတွေအကွက်ချစိုက်ထားသလို စားပင်သီးပင်တွေလည်း စနစ်တကျစိုက်ထားသေးတယ်။ အပင်တွေကို ဓာတ်မြေဩဇာမကျွေးဘူး။ သဘာဝမြေဩဇာဖြစ်တဲ့ သစ်ရွက်ဆွေး၊ နွားချေးတွေပဲသုံးတာပါ။ အပင်တွေက သန်ပြီးကြီးထွားတာတော့မပြောနဲ့။ ဒီအနီးတစ်ဝိုက် ခြံစိုက်တဲ့လူစုမှာ သူက ဇော်လို့ ဆိုရမယ်။ ခြံဝိုင်းကြီးထဲမှာ ရေတွင်းလေးတွင်းရှိတယ်။ သိပ်မနက်လှပေမယ့် နွေအထိရေမခန်းဘူး။ ရေကလည်းနိုင်တော့ အပင်တွေကလွတ်ကောင်းတော့တာပေါ့။ စနစ်တကျစိုက်တာလည်းပါမယ်ထင်တယ်"

"ဒို - ခြံရဲ့ပိုင်ရှင်တွေက ဘယ်သူတွေလဲ၊ ဒီရွာသားတွေပဲလား"

"ဖထီးပန်းမောင်နဲ့ အမိုးအေးမြတို့ပေါ့။ ဖထီးပန်းမောင်က တစ်ရွာသားပါ။ သူ့ဇာတိဟာ သဲဖြူကပဲ။ အမိုးနဲ့ရတော့မှ ဒီရွာသားဖြစ်လာတာလို့ အဖေတို့ပြောခဲ့ဖူးတယ်"





www.burmeseclassic.com

www.burmeseclassic.com

သူတို့ ခြံကြီးတည်ဆောက်တာက အဆန်း။

သူတို့ရွာသို့ လုပ်ငန်းတာဝန်အရ ရောက်ခဲ့စဉ်က ကောင်စီစာရေးလေး ကိုဇော်မင်းဦးက အုန်းတောခြံကြီး အကြောင်း ထောမနာပြုနေသဖြင့် သူကိုလိုက်ပို့စေခဲ့သည်။ သူကလည်း လိုလိုချင်ချင်လိုက်ပို့ခဲ့ခြင်းပါ။ သူပြောသကဲ့သို့ အမှန်ပင် ခြံကြီးက အမြင်နှင့်စိတ်ဝင်စားစရာ၊ ရွာခံသား ကိုဇော်မင်းဦး၏ကျေးဇူးကြောင့် ခြံထဲအထိ ဝင်လေ့လာခွင့်ရခဲ့သည်။ သာမန်အားဖြင့် တောရွာတစ်ရွာမှ စိုက်ပျိုးရေးခြံ တစ်ခြံမှာ ထူးထူးထွေထွေ စိတ်ဝင်စားဖွယ်အကြောင်းမမြင်နိုင်ပါ။ သို့သော် ကိုဇော်မင်းဦးခေါ်သွားသည့် နေရာ အကွက်အကွင်းနှင့် အနေအထားက စိတ်ဝင်စားလောက်သည်။ သမားရိုးကျ ခြံများမှာ ရွာထဲ (သို့) ရွာစွန်ရွာဖျားတွင် စိုက်လေ့ရှိသော်လည်း အုန်းတောခြံကြီးက ရွာမှလယ်တစ်ကွက်ခြား ရွာအပြင်ဘက်လယ်ကွင်းထဲ၌ စိုက်ထားခြင်း ဖြစ်၏။ မီးရထားလမ်းက ရွာနံဘေးကို ဖြတ်သွား၍ အုန်းတောခြံကြီးနှင့် ရထားလမ်းခြားနေခဲ့သည်။ ကတ္တရာလမ်းမှာ ရွာနှင့် (၂) ဖာလုံခန့်အကွာမှ မီးရထားလမ်းနှင့် အပြိုင်ရှိနေပြီး ရွာအဝင် ရင်ကွဲဇရပ်ကလေးနှင့် တစ်ဆက်တည်း အုတ်ခင်းလမ်း (၆) ပေခန့်အကျယ်မှာ ရွာဝင်လမ်းသို့ရောက်နိုင်သည်။ ရွာမှာ ကတ္တရာလမ်းမေးတင်တည်ဆောက်ထားခဲ့သည်မဟုတ်။

ခြံထဲသို့အရောက်တွင် ခွေးဟောင်သံများ ကြောက်ခန်းလိလိကြားနေရသည့်တိုင် ခွေးတစ်ကောင်မျှမတွေ့။ လူတစ်ယောက်၏အော်ဟစ်ကြိမ်းမောင်းသံကြောင့် ခွေးသံများဆိတ်ငြိမ်သွားသည်မှာ ထူးခြားသည် ဆိုရမည်။

"နေ့ဘက်ဆို ခွေးတွေက လှောင်အိမ်ထဲထည့်ထားတယ်လေ။ ညဆိုရင် လွှတ်ထားတော့ ခြံနားကပ်ဝံ့တဲ့လူမရှိဘူး။ အကောင်ကြီးတွေကဆိုးတယ်"

ကိုဇော်မင်းဦးပြောသည့်အတိုင်း သစ်သားလှောင်အိမ်များထဲတွင် အင်းစပ်ခွေးကြီးလေးကောင်ရှိနေသော်လည်း ဟောင်သံမပြုတော့ပေ။

"ဟေ-ဖိုးခွားပါလား၊ ဘာကိစ္စများ ပါလိမ့်"

အသက်ပိုင်းအနေနှင့် (၆၀)ကျော်ခန့် ကရင်အဘိုးအိုတစ်ဦးက ဆီးကြိုနှုတ်ဆက်လိုက်သည်။ အဘိုးအိုက ခြင်းထဲသို့ အသီးအရွက်များထည့်နေ၏။

"ဘာမှကိစ္စမရှိပါဘူး ဖထီးရယ်။ မြို့က ဧည့်သည်တစ်ယောက်က ဖထီးတို့ခြံကို ကြည့်ချင်တယ်ဆိုလို့ပါ။ သူက ရွာကိုတာဝန်နဲ့လာတာလေ။ ဆရာ့ကို ကျွန်တော်ပြောတဲ့ ဖထီးဦးပန်းမောင်ပါ ပဲ။ ဧည့်သည်က ခြံအကြောင်း ကျွန်တော် ပြောလို့ကြည့်ချင်နေတာ ဖထီးရဲ့၊ နယ်စုံ ရောက်ဖူးပေမယ့် ဒီခြံမျိုးတွေ့မယ်မထင်ဘူး"

"အေးအေး-ကြည့်ရပါတယ်။ ကဲ-မင်းပဲလိုက်ပြလိုက်ပါကွာ"

ခြံကြီးထဲသို့ရောက်မှ စနစ်တကျ စိုက်ထားသည့် ရှောက်၊ သံပရာ၊ မာလကာလုံးကြီး(ကီလို)သီးများ၊ ခရမ်း၊ ပဲ၊ ကုလားအော်ရေတ်၊ ဘူးတို့ကို သူစင်၊ သူ့အတန်းနှင့်သူတွေ့နေရ၏။ ဘူးသီးတို့မှာ ခွေးနို့စို့နေသည့်အလား အသီးများက စင်ထက်တွင် အပြိုင်းအရိုင်းပြွတ်ခဲ အောင်သီးနေသည်။ စိုက်ပင်တို့တွင် အရွက်အသီးတို့ ဖွံ့ထွားကြီးမားမှုမှာ အံ့ဩလောက်စရာ၊ အလုပ်သမားဟု ထင်ရသူငါးဦးကလည်း ကိုယ်စီအလုပ်များနေကြသည်။ ခူးဆွတ်ထားသည်ကလည်း တစ်ပုံကြီး။

"ရာသီကုန် စိုက်ပျိုးနေပေမယ့် အထင်မသေးနဲ့ ဆရာရေ့။ ဝင်ငွေက မသေးလှဘူး။ လစဉ် လစဉ် သိန်းချီနေတာ"

ကိုဇော်မင်းဦးက တီးတိုးကပ်ပြီး ပြောလိုက်သည်။ ၁၉၇၀ ပြည့်နှစ်ပိုင်းက သိန်းဂဏန်းဝင်ငွေမှာ ချင့်တွက်ကြည့်ပါက သူဌေးတစ်ယောက်ဝင်ငွေနီးပါး။

❑

"အပင်တွေစိုက်ဖို့ မြေဩဇာကို ဒီလိုကျင်းကြီးတွေတူးပြီးထည့်ထားတယ်။ နွားချေးတို့၊ မြေဆွေးတို့၊ သစ်ရွက်ခြောက်တွေကို ရွာထဲကမရရင် ရွာနီးချုပ်စပ်ထွက်ရှာတယ်။ဆရာမြင်တဲ့အတိုင်း ထောင့်လေးထောင့်မှာ တစ်တွင်းတူးထားတာဆိုတော့ ရေကဖုံးပေါလအောပဲ။ အဲဒါကလည်း အဆန်းသား။ နွေရေ စစ်ချိန်အထိရေကအလျှံပယ်ရနေတယ်။ တချို့ တွင်းတွေခန်းပေမယ့် ဒီခြံမှာမခန်းဘူး။တခြားခြံတွေထက်အစစသာတယ်။ စနစ်လည်းရှိတယ်။ အဖေတို့ပြောတာ ကြားဖူးခဲ့လို့ နေ့ချင်းညချင်းကြီးပွားလာတယပြောရမယ်။ အရင်စပါးစိုက်တုန်းက မဟန်ဘူးတဲ့"

ကိုဇော်မင်းဦးက အုန်းတောခြံကြီး အကြောင်းကို တစ်သတ်ကြီးပြောရင်း လိုက်ပြခဲ့သည်။ သူပြောသလောက် ခြံကြီးက အသီးအရွက်များ အောင်မြင် ဖြစ်ထွန်းသည်မှာအမှန်။ အတန်းလိုက် စိုက်ထားသော ဒန့်သလွန်ပင်တန်းများ မှာ ကုန်းကမူထက်တွင်အပြည့်။ အခိုင် ကျနေသော သီးမွှေးခွံစိမ်းများကလည်း မနည်းမနောမြင်နေရ၏။ ရောင်းတန်း မျက်နှာပန်းလှမည့် အုန်းပင်များကိုသာ ရွေးချယ်စိုက်ပျိုးထားကြောင်း သတိပြု သည်။ ခြံရှင်၏စိတ်ကူးကောင်းကိုပုံဖော် ခဲ့ရာ ဖြစ်ထွန်းအောင်မြင်သည်မှာမဆန်း ပါ။ သစ်ပင်ဝေပင်တို့မည်သည် မြေ ဆွေ လေ ပြည့်စုံစွာပေးနိုင်ပြီး မြေဆီဩဇာ ကောင်းပါက သန်မြန်ကြီးထွားစမြဲ သို့သော် အခြားအခြားခြံတွေထက် ထူးကဲစွာဖြစ်ထွန်းမှုကိုတော့ မငြင်းကွယ် သာ။ ထူးခြားသည်ဆိုရမည်။

"သူ့အရင်ခြံစိုက်တဲ့လူတွေရှိသ သူ့နောက်စိုက်တာတွေလည်းရှိပါတယ် သူ့လောက် အကျိုးမပေးတာတွေ့နေ တယ်။ ဘာကြောင့်ဆိုတာကိုတော့သိ မရှိသလောက်ဘဲ။ ကျွန်တော့်ကို အဖေ တို့ တိုးတိုးတိတ်တိတ်ပြောထားလို့သိ တယ်။ ဆရာက စာလည်းရေးတယ် တော့ တစ်ချိန်ချိန်မှာရေးချင်ရေးရအောင် ကျွန်တော်ပြောပြပါ့မယ်"

ကိုဇော်မင်းဦးက စကားစဖြတ် ပြီး နှစ်ယောက်သား အုန်းတောခြံကြီး ပြန်လာခဲ့သော်လည်း စနစ်တကျစိုက် ထားသည့်ခြံကြီးမှာ မျက်စိထဲကမထွ သီးနှံပြိုင်ပွဲသာရှိလျှင် အုန်းတောခြံကြီး ထွက်သောအသီးအရွက်များကဆုရ မှာ သေချာပါသည်။ ကိုဇော်မင်းဦး ပြစဉ်က သာမန်ကာလျှံကာအထင် ဖြင့် သွားရောက်ခဲ့သော်ငြား ခြံတွ ရောက်မှ ကိုဇော်ဦးအပြောတို့မှာ အ စကားလုံးဝမဟုတ်သည်ကို သိလိုက် ပြီ။ ထူးခြားမှုနှင့်ပတ်သက်၍ ကိုဇော် မင်းဦးက ပြောပြမည်ဆိုသဖြင့် သိ စိတ်တို့ကို အုံကြွနိုးထစေ၏။ ပြော ပါမည်ဆိုကာမှ သိချင်စိတ်ပြင်းထန် တတ်သည်မှာသဘာဝ။ ပါတီစိတ် အိမ်တွင်ထမင်းစားပြီး သုံးအိမ်ကျော် ကိုဇော်မင်းဦးတို့အိမ်သို့ အရောက်သွ ခဲ့သည်။ ကိုဇော်မင်းဦးကို အခန့်သ ဧည့်ခန်းတွင်တွေ့လိုက်ရ၏။

သူကပြုံးဖြဖြနှင့်စကားစသည်။

"ဆရာတော့ စိတ်စောနေ ထမင်းတောင်ဝရဲ့လားမသိဘူး"

"ဝပါတယ်ကွာ၊ နယ်



www.burmeseclassic.com

www.burmeseclassic.com

ရေစာသမိုးစာဝယ်စားဖို့ မလွယ်ဘူး။ င်းကိုပဲ အမိကထားစားနေရတာ တ်လား။ မင်းပြောပြမယ်ဆိုတဲ့ကိစ္စ ပေါ် စိတ်စောနေတာကိုတော့ ဝန်ခံ ပါပဲ"

"ကျွန်တော့်အဖေ ဆုံးသွားတာ နှစ်လောက်ရှိပြီ။ အဖေမဆုံးခင်က အကြောင်းပြောပြခဲ့တာပါ။ အဖေက ပြောရင် တုတ်ထိုးအိုးပေါက် တတ်လွန်းလို့ ခွသမားတစ်ယောက် ဖြစ် လူတွေက သတ်မှတ်ထားသလို ပန်းမောင်ကလည်း သူမကျေနပ် ဘုကလန့်ပြောတတ်သူမို့ ဘုသမား တစ်ယောက်လို့ အများကသတ်မှတ် ကြတယ်။ ဒါပေမယ့် ခွသမားနှစ် ယောက်ကတော့ ဆက်ဆံရေးမှာ ဖြောင့် သို့ လူတကာက အံ့ဩကြရတယ်"

ကိုဇော်မင်းဦးက အာခြောက်လာ ဖြင့် ရေနွေးတစ်ခွက် ငှဲ့သောက် သည်။

"ဖထီးပန်းမောင်နဲ့ အဖေက တစ်ယောက်အိမ် တစ်ယောက်အဝင် ထွက်ရှိခဲ့ကြတယ် နေ့ခင်းနေ့လယ်ဆို တွေ့တဆုံနေကျပေါ့။ အစပိုင်းက ဖထီး မောင်ဟာ လယ်လုပ်တာပါ။ လယ် တွေ့တာ အပျက်အစီးများလို့ သိပ်မဟန် ။ ကျွန်တော်တို့အဖေက လက်မှု င်န်းဖြစ်တဲ့ တောင်းရက်တယ်။ ပုတ် တယ်။ ခြင်းတောင်းတွေရက်တယ်။ ယ်အလုပ်မကောင်းပေမယ့် ခံသာ ပေါ့။ ဖထီးပန်းမောင်တို့မိသားစု တော့ အလူးအလဲခံနေရရှာတယ်။ အဖေနဲ့ဖထီးပန်းမောင်တို့နှစ်ဦးစလုံးဟာ ဘာသာဝင်တွေဖြစ်သလို ဘုရား၊ ရားလည်း အင်မတန်လေးစားကြ ယ်တဲ့။ မမျှော်လင့်ဘဲ တစ်နေ့ ဖထီး မောင် အဖေဆီကို အူယားဖားယား တ်လာပြီး ညကမက်တဲ့အိပ်မက် အကြောင်းကိုပြောတယ်။ ဖထီးပြောတဲ့ အိပ်မက်က သူ့အိမ်မှာထိုင်နေတုန်း အဘိုးကြီးတစ်ယောက် အိမ်ထဲဝင်လာ တယ်။ အဘိုးအိုက ခေါင်းမှာပတ်ပေါင်း ပေါင်းထားပြီး အောက်ခံစွပ်ကျယ် အပေါ်မှာ တိုက်ပုံပင်နီရောင်ဝတ်လို့ ဆိုးတကွက်တုံးအကွက်ကြီးနဲ့ တောင် တစ်ချောင်းကိုင်လာတယ်တဲ့။ သူက အားသင့်ကြည့်နေခိုက်မှာ အဘိုးအို ပြုံးပြီး စကားဆိုတယ်။ ပန်းမောင် ပွားရေးမကောင်းရင် မင်းသိပ်ကြိုက် တဲ့ အမဲသားမစားနဲ့တော့။ ရေအိုးငယ် တစ်အိုးမှာရေထည့်၊ သပြေပန်းတွေထိုး ပြီး ဘုရားကျောင်းဆောင်မှာ လှူထား။ နေ့တိုင်းပဋ္ဌာန်းပစ္စယုဒ္ဒေသပစ္စယနိဒ္ဒေသ ပါဠိတော်တစ်ပုဒ်လုံး တစ်ခေါက်ရွက်၊ မင်းတို့ရဲ့ရွာပြင်ကလယ်ထဲမှာ ခြံစိုက်ပါ။ အလယ်ဗဟိုထားရမှာက ဉာ်နှံပင်ရှိရာ လယ်ကွက်၊ စိုက်ရမှာက အုန်းပင်တွေပဲ တဲ့။ အဲဒီမှာ ဖထီးပန်းမောင် လန့်နိုးတော့ မနက် (၄) နာရီထိုးပြီဆိုပဲ"

ကိုဇော်မင်းဦးပြောပြသော ခြံကြီး ဖြစ်ပေါ်လာပုံကပင် ဂမ္ဘီရဆန်ဆန်။

ထိုအချိန်မှစ၍ ဖထီးပန်းမောင် ခြံစိုက်ဖြစ်သွားခဲ့သည်ဟု ဆိုရမည်။ ရှာဖွေခဲ့ရာ အိပ်မက်ထဲက အဘိုးအို ညွှန်းထားသကဲ့သို့ ခြံ၏ဗဟိုထားရမည့် လယ်ကွက်ကိုလည်းတွေ့ခဲ့သည်။ ဖထီး ပန်းမောင် ခြံမစိုက်ခင်ကတည်းက အင်မတန်ကြိုက်ခဲ့သော အမဲသားကို သေတစ်ပန်သက်တစ်ဆုံး မစားတော့ပါ ဟူ၍ အဓိဋ္ဌာန်ပြုခဲ့ပြီး ပြုဖွယ်လုပ်ငန်း များကို အကုန်အစင်လုပ်ခဲ့၏။ ခြံကို အစပျိုးခဲ့သော်လည်း စားဝတ်နေရေး အတွက် လယ်အချို့ကို ရောင်းလိုက်ရ သည်။ အိမ်ထောင်ဦး နှမစုံပါလာသည့် လက်ဝတ်လက်စားလေးများမှာ တတိတိ ကုန်ခဲ့ပေပြီ။ အမိုးအေးမြမှာ အသောက် အစားအပျော်အပါးကင်းသူ လင်သား လုပ်သမျှ သဘောတူခဲ့ရှိသာမက လင် တစ်ထမ်းမယားတစ်ရွက်အလုပ်ကို ဖွဲ့နပဲ ကြီးကြီးနှင့်စခဲ့ရသည်။ သူတို့ကို အများ က အပြစ်တင်ရှုံ့ချခဲ့ကြ၏။ ဝေဖန်ခဲ့ကြ ၏။

"လယ်လုပ်တာ မကောင်းလို့ ပန်းမောင်တို့ ခြံလုပ်တော့ ပိုဆိုးမှာပေါ့"

"ဒယ်အိုးထဲမှာပူတယ်ဆိုပြီး ခုန်ချ တာ မီးထဲရောက်မယ့်ကိန်း"

"ကံမရှိရင် ညဏ်ရှိတိုင်း မွဲတတ် တယ်ဆိုတာ နားမှမလည်ကြဘဲ"

ဖထီးပန်းမောင်တို့က ဘယ်သူ့ အပြောမှ အလေးမထား။ ကိုဇော်မင်းဦး အဖေဦးထိုက်စံက သူ့ကို ထောက်ခံ သည်။ ဦးထိုက်စံက ဗေဒင်ကိန်းခန်း လေး အထိုက်အသင့်တတ်သဖြင့် ဖထီး ပန်းမောင်ကို အားပေးသည်။ စိတ်ဓာတ် မကျဖို့လည်းပြောသည်။

"ဒီမယ် ကိုပန်းမောင်၊ ခင်ဗျား အသက်(၃၄)ကျော်ရင် တကယ့်ရတနာ ပုံဆိုက်ပြီ။ သားသမီးလည်းရမယ်။ ထူးထူးကဲကဲလည်း စီးပွားဖြစ်မယ်ဗျ။ အခု အညံ့ရှိနေသေးလို့ပါ။ ဘာပဲဖြစ်ဖြစ် ကောင်းတာလုပ်တော့ ကောင်းကျိုးရမှာ အမှန်ပါပဲ"

ဖထီးပန်းမောင်တို့ သုံးလေးနှစ် တောင့်ခံလိုက်ရပြီး ယနေ့မျက်မြင်အနေ အထား ကောင်းစားလာခဲ့သည်မှာ အံ့ လောက်စရာ။ တောရွာကျေးလက်တွင် အလုပ်သမားလေးငါးဦးအပြင် မိသားစု နှင့် တူ၊ တူမများ ဝိုင်းဝန်းလုပ်ကိုင်ရ သည့်အလုပ်မှာ မရှိသလောက်ရှားပါ သည်။ ဖထီးပန်းမောင်ခြံကို အားကျ ခုံမင်ဖြစ်ပြီး ခြံစိုက်ကြသည့်တိုင် ဖထီး ပန်းမောင်တို့ခြံကဲ့သို့ အထွက်မကောင်း၊ အသီးမထွား။ အထူးသဖြင့် အုန်းခြံထွက် အုန်းသီးအပြင် အုန်းလက်ခြောက်တို့ကို သယ်ယူကာ အလက်ထွင်ပြီးမတ်တတ် ရပ်တံမြက်စည်းလုပ်သူ (အမိုးအေးမြတို့ ဘက်မှ) တူ၊ တူမများပင်လျှင် အခြေ ကောင်းအနေကောင်း။ ဖထီး ပန်းမောင် တို့ ထွက်ကုန်ပစ္စည်းမှာ မြို့ဈေးတွင် ရောင်းရသည်သာမက အဆက်အသွယ် ကောင်းရလာခဲ့ရာ ရန်ကုန်နှင့် ပြည်သို့ ပို့နေရပြန်သည်။ စီးပွားရေးအရ လုပ်ငန်း ကောင်းလာပါက အတုအပြိုင်ပေါ်လာ တတ်သည်။ ထို့ထက် မနာလိုဝန်တို မစ္ဆေရဖြစ်သူများလာသည်မှာ သူ့သဘော သဘာဝ။

ခြံချင်းအတူ သူ့ခြံက ဘာဖြစ်လို့ ပိုကောင်းရတာလဲ။ လူအများ အာရုံ စိုက်လာကြသည်။ နည်းစုံဖြင့် လျှို့ဝှက် ချက်ရှိဟန်ထင်သဖြင့် လေ့လာကြ၏။ ထူးထူးထင်ထင်လုပ်မထားသည်ကို တွေ့ လာသောအခါ (နေရာဌာန) ၏ အကျိုး ပေးမှုကြောင့်ဟူသော အမြင်ဖြင့် ခြံကို ဝယ်ယူရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြ သည်။ သို့သော် ပိုင်ရှင်များဖြစ်ကြသော ဖထီးပန်းမောင်တို့က လက်ငုတ်လက်ရင်း မိဘအမွေအနှစ်မို့ (လုံးဝ) မရောင်း။

"အဲဒါဟာ ခြံဖြစ်လာပုံကလေးနဲ့ ဖထီးပန်းမောင်တို့အကြောင်းပါပဲ"

ကိုဇော်မင်းဦး စကားဆုံးသွားလင့် ကစား ကျွန်တော်အတွက် စဉ်းစားစရာ အလုပ်ပေးခဲ့သည်။ အုန်းတောခြံကြီးမှာ ရိုးရိုးတန်းတန်း စိုက်ပျိုးလုပ်ကိုင်ခြင်း ထက် အိပ်မက်အရ လမ်းညွှန်သူပုဂ္ဂိုလ် ပြောကြားချက်များအတိုင်း ကုသိုလ် ကောင်းမှုများပြုနေခဲ့ခြင်းကြောင့် ထူးခြား စွာ အောင်မြင် ဖြစ်ထွန်းလာကြောင်း ပေါ်လွင်နေသည်။ ပုဂ္ဂိုလ်ထူးများ၏ မေတ္တာ စေတနာ (သို့) ပဋ္ဌာန်းဆက်အရ စောင့်ရှောက်ချီးမြှင့်ခဲ့ခြင်းလည်း ဖြစ်နိုင် ၏။ လောကကြီးတွင် သာမန်လူသား များ မသိနိုင်သည့် အဖြစ်အပျက်ပေါင်း များစွာရှိနေသည်မှာအမှန်။ ယင်းကို



www.burmeseclassic.com

www.burmeseclassic.com

ကို အဆန်းတကြယ် သတ်မှတ်ခဲ့ခြင်း ပင်။

ထို့နောက် နယ်မြေတာဝန်အရ ပြောင်းလဲသွားခဲ့သောကြောင့် ကိုဇော်မင်းဦးတို့ရွာသို့ အရောက်အပေါက်မရှိခဲ့ပါ။ တစ်မြို့နယ်အတွင်းရှိသော်လည်း အကြောင်းမရှိလျှင် ရောက်ခဲသည်။ အထိုင်နေရသောလုပ်ငန်းထက် (နိုင်ငံရေးတာဝန်က) နယ်မြေဒေသအပြောင်းအလဲအရ တစ်နှစ်တစ်ကြိမ် လှည့်ပတ်နေရသောကြောင့် မရောက်နိုင်သည့်အပြင် အလုပ်တာရစပ်လုပ်နေခဲ့ရသဖြင့် မအားလပ်မှုလည်းပါပေမည်။ လူမှုရေးကိစ္စကြီး,ငယ်ကိုပင် မိသားစုလွှဲပေးခဲ့ရပေါင်းများပေပြီ။

တစ်ခုသော တနင်္ဂနွေရက်တစ်ရက်တွင် သားချင်းတစ်ဦး၏သမီး မင်္ဂလာဆောင်မှာ (မဖြစ်မနေလာရန် ဖိတ်ကြားမှုအရ) မလွှဲရှောင်သာသဖြင့် နံနက်စောစော ဆိုင်ကယ်နှင့်သွားခဲ့ရသည်။ သွားရသည့်နေရာက ကိုဇော်မင်းဦးတို့ရွာကျော်၍ (၄) မိုင်ခန့်ဆက်သွားရပေမည်။ စိတ်ကူးမိ၍ အပြန်တွင် ကိုဇော်မင်းဦးတို့ရွာကိုဝင်ရန် ဆန္ဒဖြစ်ပေါ်လာသည်။ မရောက်သည်မှာကြာပြီမို့ အသိအကျွမ်းအချို့ကို နှုတ်ဆက်ချင်သည့်အပြင် အုန်းတောခြံကြီးကိုလည်း ရောက်ချင်သေးသည်။ ရွာအဝင်လမ်းမှာ (၁၀)ပေခန့်အကျယ် ကျောက်ခင်းလမ်းဖြစ်သွားခဲ့၏။ ဒီအတိုင်းဆိုလျှင် ကားတစ်စီးအေးအေးဆေးဆေးမောင်းဝင်နိုင်ပေပြီ။ ယခင်ကကဲ့သို့ လှည်းလမ်းမှဝင်ရန်မလိုတော့ပါလေ။ ကိုဇော်မင်းဦးတို့အိမ်ရှေ့တွင် မော်တော်ဆိုင်ကယ်ရပ်ရပ်ချင်း ကိုဇော်မင်းဦး ပြေးထွက်လာသည်။ သူဟန်ပန်က ဝမ်းသာအားရနှင့် မတွေ့ရသည်ကြာပြီဖြစ်၍ ဖက်လှဲတကင်း။

"ဆရာနဲ့ မတွေ့တာကြာတော့ ကျွန်တော်တို့ရွာ သတိရပါလေစလို့ ထင်မိတယ်"

"သတိရပါတယ်ကွာ၊ ကိုချစ်ပုဆုံးတော့ ဆရာက (ဗ-န-တ)တက်နေတာကွ"

ကိုချစ်ပု ဆိုသည်မှာ ထိုရွာသို့ရောက်စဉ်က ပါတီစိတ်မှူးပါ။ သူက တစ်မြန်နှစ်ကဆုံးခဲ့သည်။

"အခု ဆရာဘယ်ကပြန်တာလဲ။ ဒီဘက်မလာစဖူး ရောက်လာတာ အံ့ဩစရာပဲ"

"မင်္ဂလာဆောင်တစ်ခုကပါ။ ဟိုမှာ ထမင်းစားပြီးပြန်လာတာ။ အပြန်မင်းတို့ဆီဝင်မယ်လို့ စိတ်ကူးပြီးသား။ မြို့မှာ သုံး၊ လေးကြိမ်တွေ့ပြီး မဆုံကြတော့ဘူးလေ"

"ဆရာရယ် ဒီမှာစားရောပေါ့။ သဘောပေါက်ပြီ၊ မင်္ဂလာဆောင်ကတော့ ဟင်းတွေက ရှယ်ချက်ထားတော့ ကောင်းမှာပါ။ ဒီမှာစားရင် ဟင်းကောင်းမစားရတာ သေချာလို့ဆိုပါတော့ သိပ်သိတာပေါ့ဗျာ"

သူ့အပြောကို ခွန်းတုံ့မပြန် ရယ်မောနေမိသည်။ သို့နှယ် ရယ်မောစကားပြောရင်း အိမ်ထွင်းဝင်ခဲ့ရာ နှစ်ယောက်သားဧည့်ခန်းတွင်ထိုင်မိကြ၏။ ထို့နောက် အာလာပသလ္လာပပြောဖြစ်သည်မှ အုန်းတောခြံကြီးအကြောင်းရောက်သွားခဲ့၏။ မတွေ့ကြသည်ကာလည်း ကြာပေပြီ။ ကိုယ့်အလုပ်တာဝန်နှင့်ကိုယ်မို့ ဆုံဖြစ်ဖို့ခဲယဉ်းသည်။

"နို့-ဖထီးပန်းမောင်တို့ကော နေကောင်းကြရဲ့လား။ သူတို့ခြံကြီးဟာ ဟိုအရင်ကလိုလုပ်ငန်းကောင်းတုန်းပဲလား။ ဒီဘက်မရောက်တာလည်း ကြာပြီလေ"

"ဆရာမရောက်တာဘာကြာသေးလို့လဲ။ ဆရာတို့ ဒီရွာမှာ တာဝန်ကျတုန်းကမွေးတဲ့ ကျွန်တော့သားကြီးလေးပဲ (၃) တန်းရောက်နေပြီလေ။ သူ့



အောက်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်၊ အလတ်ကောင်က ဒီနှစ် သူငယ်တန်း၊ သမီးငယ်က လာမယ့်နှစ် ကျောင်းပျော်လိုက်တော့မယ်"

"ဟေ - ဒါလောက်တောင်ပဲလား ကွာ။ ဘာမှမကြာလိုက်သလိုပဲနော်"

အံ့အားသင့်စိတ်ကြောင့် အာမေဋိတ်သံပြုမိသော်လည်း နိုင်ငံရေးတာဝန်ယူစဉ်က အလယ်တန်း၊ အထက်တန်းသားသမီးများပင်လျှင် ဘွဲ့ရ၍လုပ်ငန်းခွင်ဝင်နေကြပေပြီ။ သားကြီးမှာ ယမန်နှစ်က အိမ်ထောင်ကျခဲ့၏။ အချိန်တို့မှာ ကုန်မြန်လွယ်ပါဘိ။

"ဆရာ့ကို အုန်းတောခြံကြီးရဲ့ ဇာတ်လမ်းမပြောခင် ခြံထဲကိုလိုက်ပြ ဦးမယ်"

ပြောပြောဆိုဆို ကိုဇော်မင်းဦးက ခြံရှိရာသွားဖို့ပြင်ပါသည်။ အားအားစားစားထွက်လာခဲ့သဖြင့် အချိန်ရနေ သည်။ ရွာလယ်လမ်းမကြီးက တွေ့ အထွက်တွင် ခြံကြီးကို လှမ်းမြင်နေရ ခြံတွင်းဝင်သည့်လမ်းပင် ကျောက်ခင်း လမ်းဖြစ်နေပေပြီ။

"ဟင်"

ဟု နှုတ်က ရေရွတ်မိရလောက် အောင် ခြံကြီးကပြောင်းလဲသွားသည် စိမ်းစိမ်းအုပ်အုပ်ရှိနေခဲ့သော အုန်းပင် ကြီး မှာ ကျိုးကျိုးကျဲကျဲ။ အုန်းပင်တွေ လည်း ယခင်ကလိုသိပ်သိပ်သည်းသည်း ရှိမနေတော့ပါ။ ခြံဝတံခါးပင် ကရော် မည်။ ခြံထဲသို့ရောက်သည်အထိ ခွေး တစ်ကောင် ကြောင်တစ်မြီးမျှမတွေ့ ယခင်လာခဲ့စဉ်တုန်းက တွေ့ခဲ့ရသော သေသေသပ်သပ်ဆောက်လုပ်ထားသည့် ကုန်စိမ်းစည်းနှောင်ထုပ်ပိုးရာ အဆောင် နှင့် လူနေအိမ်နေရာတွင် ကပျစ်ကညစ် ဆောက်ထားသော တဲတစ်လုံးကသာရှိနေ ၏။ သစ်ပင်ဝေပင်တွေဟိုတစ်စုဒီတစ် တွေ့နေသဖြင့် ယခင်ရောက်ခဲ့စဉ်တ လုံးဝမတူခဲ့ပေ။ ယခင်က စိမ်းလ စိုပြည်နေသောခြံကြီးမှာ ခြောက်ခြော သွေ့သွေ့။ ပဲပင်တန်းများ၊ မာလကာပင် တန်းများ၊ ဒန့်သလွန်ပင်တန်းများကို လည်း မမြင်ရတော့။ ရှောက်ပင် သံပရာပင်တို့မှာ တချိုကျဲတောင် ခြံထဲမှာ လူနှစ်ယောက် တွေ့ရသော် လည်း တခူးခူးဟောက်အိပ်နေကြ အခိုင်လိုက်ချထားခဲ့သော အုန်းခိုင်နှစ်ခိုင် ကိုတွေ့ရသည်တွင် မျက်လုံးပြူးသွား သည်မှာအမှန်။ အပင်မှချထားခြ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ ဘယ်လိုဖြစ်တာလဲ"

ယခင်က အုန်းသီးကြီးများမှာ ...ခြားအုန်းခြံများမှ အသီးများထက် ...ဖွံ့ထွားခဲ့သည်ကို မျက်စိနှင့် ...အပ်မြင်ခဲ့ဖူးပါသည်။ ယခုတွေ့နေရ ...အသီးများက အလုံးသေးပြီး ရှုည် ...မျော။ ဘူးစင်တွင် အရွက်အား ...ကောင်းပြီး အသီးနည်းနေ၏။

ကိုဇော်မင်းဦးက -

"မေးစရာရှိရင် အိမ်ရောက်မှ ...ပါ ဆရာ"

ဟု ပြောထားသဖြင့် စိတ်ထဲ ...ရှ၊ အိမ်ရောက်ရောက်ချင်း ...ဇော်မင်းဦးက စကားစသည်။

"ဆရာ့စိတ်ထဲ ငါတစ်ခါကရောက် ...ခြံမှဟုတ်ပါလေစလို့ သံသယဖြစ်နေ ...အမှန်ပဲ။ အမြင်တွေက ဖြောင့်ဖြောင့် ...ပြောင်းလဲပြီး ဆန့်ကျင်နေတာကိုး"

ကိုဇော်မင်းဦးစကားဇာ မှန်နေ ...ဖြင့် ခေါင်းညိတ်မိခဲ့သည်။

"ဟုတ်ပါရဲ့ကွာ၊ တကယ့် ...ပြောင်းအလဲကြီးပြောင်းသွားတာပါ။ ...ရောပဲ"

"ဟိုတုန်းက တခြားခြံတွေနဲ့မတူ ...ရေတွင်းတွေကအစ ရေအောင်တယ်။ ...ရေမရတော့လို့ စက်တွင်းတူးပြီး ...ဖျင်ရှိတာတောင် မြင်တဲ့အတိုင်း ...ပင်တွေက မဖြစ်မြောက်တော့ဘူး။ ...တဲ့အပင်ကသေ၊ သီးပြန်တော့ ...ညှက်သေးသေးတွေပဲ။ ဆရာ ...သီးကိုတွေ့မှာပေ့ါ။ အရင်က အသီး ...သလို အခွံနွာရင် အလုံးအဆန်ကြီး ... အသားကလည်းထူပ။ အခုများ ...လုံးရှည်သွားပြီး အစေ့အဆန်လည်း ...တယ်။ ခြံထဲမှာထူးခြားတာ တခြား ...ပြောနဲ့၊ ခြံရှေ့စည်းရိုးလုပ်ထားတဲ့ ...ပွန်းချဉ်တွေလိပ်ပြီး ရွက်နုမှမထွက် ...။ ခြံကလုံးဝမပျက်စီးရုံတမယ်ပဲဟာ။ ...ယ်လိုလုပ်လုပ် ၊ မကောင်းတော့ဘူး ...လေ"

"အေး- အဲဒါတွေကဘယ်လိုဖြစ် ...တာလဲ။ ဖထီးပန်းမောင်တို့၊ အမိုးတို့ ...ည်း မတွေ့ပါလား။ အခု သူတို့ပဲ ...လုပ်နေတာမဖြစ်နိုင်ဘူး"

"ဖထီးပန်းမောင်နဲ့ အမိုးအေးမြတို့ ...လွန်ခဲ့တဲ့ (၄) နှစ်လောက်ကတည်း ... ရှေ့နောက် ဆုံးပါးသွားတာ လပိုင်း ...ခြားမယ်။ ခြံကြီးက ပိုင်ရှင်တစ်ဦးရဲ့ ...တ်ပြောင်းသွားပြီ ။ ပြောရမယ်ဆို ...ရှည်ကြီးပါပဲ"

"ပြောစမ်းပါဦးကွာ"

"ဖထီးတို့ဟာ သဘောကောင်း တော့ နှစ်ဖက်ဆွေမျိုးတွေကိုလည်း စောင့်ရှောက်ကြည့်ရှုမစကြတယ်။အလုပ် အတန်းတွေလည်း နှစ်တိုင်းလုပ်ကြသလို ရွာရေးရပ်ရေးလည်း ဝန်မလေးကြဘူး။ မွေးထားတာက သားတစ်ယောက်တည်း ပါ။ ဖထီးတို့တွေ ရိုးရိုးမှတ်မှတ်ရှိသ လောက် သားကလူဆိုးပဲ။ ကျောင်းနေ တာ (၈) တန်းနဲ့ ကျောင်းထွက်ပြီး ရွာ တကာလည် ဖဲရိုက်နေတာ။ ခြေမငြိမ်လို့ မိန်းမပေးစားတော့လည်း ဆိုးမြဲဆိုးနေ တာပါ။ ဖထီးတို့ ကြိုးစားရှာထားတာ တွေဟာ သူသုံးဖို့ဖြုန်းဖို့ဖြစ်နေတာပေ့ါ။ ဖထီးက ကြပ်မတ်ပေမယ့် တစ်ယောက် တည်းသားမို့ အမိုးက အလိုလိုက်တယ် လေ။ အမိုက်စော်ကားတော့တာပါပဲ။ ဆူမာန်နေလည်း ပြန်မပြောနားမထောင် တဲ့အစားထဲက။ ကျွန်တော့်ထက်(၆)နှစ် (၇) နှစ်လောက်ပဲငယ်မယ်။ မကောင်း တဲ့အတတ်အစုံလုပ်တယ်။ အသောက် အစား၊ အပျော်အပါး၊ အလောင်းအစား ဘာစုံသလဲမမေးနဲ့။ (၂) နှစ်လောက်မှာ မိန်းမလည်း သူ့ဒဏ်မခံနိုင်လို့ပြေးရော။ ဖထီးတို့မှာ အလုပ်ကောင်းပေမယ့် သူ့ အဖြုန်းအသုံးတွေကြောင့် တဖြည်းဖြည်း ကုန်တော့တာပဲ။ သူနှိပ်စက်လို့ ယာယ် တွေအကုန်ရောင်းလိုက်ရတယ်။ သူက အတတ်ကောင်း နှစ်လုံး၊ သုံးလုံးကစား တော့ ကြွေးတွေ ပိုတိုးလာပြီး (၁) နှစ် ကျော်မှာ ဖထီးလည်းဆုံး၊ ခြံလည်း အကြွေးနဲ့အသိမ်း ခံရရှာတယ်"

သူ့စကားက အဆုံးမသတ်သေး ပါ။ သိလိုရင်းသို့မရောက်တတ်ဟု ပြောရမည်။

"မောင်ရင်ပြောသလို ခြံကြီးက သူများလက်ထဲရောက်တာနဲ့ ပျက်စီး ရောတဲ့လား။ နောက်ပိုင်ရှင်တွေက မလုပ်တတ်မကိုင်တတ်လို့ဖြစ်မှာပေ့ါ"

"မဟုတ်ဘူး ဆရာရဲ့။ သူတို့လည်း လယ်သမား၊ ခြံသမားတွေပါပဲ"

"ဟင် - ဒါဖြင့် ဘာကြောင့် ဒါ လောက် ပစ်စလက်ခတ်ဖြစ်သွားရတာ တုံး"

"ကျိန်စာပေ့ါ ဆရာရယ်။ ကျိန်စာ သင့်သွားတာလို့ပြောရမှာပဲ"

"ဘယ်လို၊ ကျိန်စာဟုတ်လား။ တစ်ခါမှတော့ မတွေ့ဘူး မကြားဖူးဘူး။ ဒီလိုကိစ္စတွေရှိနေတုန်းပါလား။ သိပ္ပံ ခေတ်ကြီးမှာတော့ အဆန်းတကြယ်ပဲ ပေ့ါ"

"တကယ်တမ်း ခြံကြီးကို အရင်

ကတည်းကလိုချင်လို့ အမျိုးမျိုးဝယ်ပေ မယ့် ဖထီးတို့က မရောင်းဘူး။ တင်းခံ ထားတယ်။ ဖထီးတို့ မရောင်းပေမယ့် သားဖြစ်တဲ့ ထွန်းတာက ကစားသမား ဆိုတော့ အကွက်ဝင်သွားတော့တာပေ့ါ။ လောင်းကစားလုပ်တဲ့ငွေတွေ တိတ်တိတ် ထုတ်ပေးပြီး ဖထီးတို့ အခက်တွေ့နေ တုန်းမှာ ထွန်းတာကို စည်းရုံးသိမ်းသွင်း လိုက်တယ်လေ။ ထွန်းတာကလည်း လေ့မျောလို့ လေ့နဲ့အလိုက်မှာ ခွက်ခွက် လန်နေသူမဟုတ်လား။ အဲဒီအချိန်မှာ ဖထီးဆုံးပြီး အမိုးခမျာ ခင်ပွန်းဆုံးပါးပြီး လပိုင်းအကြာမှာ ဘစားလူဆိုးကြောင့် ခြံ ကို မဟုတ်မဟတ်ဈေးနဲ့ ပေးရတော့မယ့် အခြေအနေ။ ယူထားတဲ့ငွေကို နှစ်ဆယ် တိုးနဲ့ မတရားတင်ထားလိုက်တယ်။ ထွန်းတာဆိုတဲ့ မအူမလည်က တရား မဝင်ယူတဲ့ငွေကို စာချုပ်စာတမ်းမှာ လက်မှတ်ထိုးပေးသတဲ့။ ဟိုဘက်က ရှေ့နေနဲ့ အပိုင်စာချုပ်ထားလို့ မိခင် (အမိုး) အနေနဲ့ ပေးရတော့မှာပေ့ါ။ သူ့ စိတ်ထဲ တကယ် မကျေနပ်တာပါ။ သူတို့ နှစ်ရှည်လများ ပျိုးထောင်လာခဲ့ကြတဲ့ ခြံကြီးမို့ နမြောရှာတယ်။ အိမ်ကိုလာ တိုင်းလည်း တဖွဖွပြောနေတာပါ။ ခြံထဲ က ပြောင်းပေးရတော့မယ့်ရက်ပိုင်း (တစ်နေ့) ကျွန်တော် ခြံထဲအသွားမှာ အမိုးကို စိတ်မချမ်းမသာ ငေးငိုင်နေတာ တွေ့လိုက်ရတယ်။ သူ ကျွန်တော့်ကို ပြောတာက သူတို့တွေ ဒီခြံကို ကြိုးစား ပမ်းစားလုပ်ခဲ့ရသလို ကောင်းတဲ့အလုပ် တွေလုပ်ခဲ့ကြတာပါတဲ့။ သူတို့ဟာ သူ တစ်ဖက်သား စိတ်ဆင်းရဲအောင်မလုပ် ခဲ့ပါဘူး။ သားဖြစ်သူကိုချုပ်ကိုင်ပြီး သူတို့ ကို အခြေပျက်အနေပျက်ဖြစ်အောင် လုပ်ရိုးမှန်ခဲ့ရင် သူတို့အတွက် အုန်းတော ခြံကြီးကြောင့် စီးပွားမဖြစ်ပါစေနဲ့ဆိုတဲ့ ကျိန်စာထားခဲ့တာ ကျွန်တော်တို့ပဲသိ တယ်။ ခု ခြံကြီးဖြစ်ပျက်ပုံတော့ ဆရာ မြင်တဲ့အတိုင်းပဲလေ။ နှစ်ပိုင်း၊ လပိုင်းနဲ့ ဆုတ်ယုတ်သွားတာ မဆန်းဘူးလား ဆရာရယ်"

မှန်ပါသည်။ ကိုဇော်မင်းဦးတို့ မိသားစုကို နှုတ်ဆက်ပြန်လာသည့်တိုင် လမ်းတစ်လျှောက်လုံး ကျိန်စာသင့် အုန်းတောကြီးအကြောင်းမှာ အာရုံတွင် ထင်ဟပ်နေဆဲတွင် ငြိနေဆဲပါလေ။

(နယ်မှ အဖြစ်မှန်တစ်ရပ်ကို ရေးဖွဲ့ခြင်းပါ။)

မျိုးသင်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဦး လူသားတို့သည် တောတောင်အနှံ့သွားလာလုပ်ကိုင်ရင်း အမျိုးမျိုးသော ဘေးအန္တရာယ်များနှင့် တွေ့ကြုံခဲ့ကြရသည်။ ၎င်းအန္တရာယ်များသည် မိမိတို့အား သေကျေပျက်စီးတတ်သည်ကို တွေ့မြင်ကြရသဖြင့် အလွန်ကြောက်ရွံ့ခဲ့ကြသည်။ ထို့ကြောင့် အဆိုပါ အန္တရာယ်များမှ ကျော်လွှားလွန်မြောက်ရန် နည်းအမျိုးမျိုးကို ရှာကြံခဲ့ကြပါသည်။ ရှေးဦးစွာ လူတို့သည် ဘေးအန္တရာယ်ဖြစ်ခြင်း၏အကြောင်းရင်းမှာ တန်ခိုးကြီးသော ပုဂ္ဂိုလ်များက ပြုလုပ်ဖန်တီးသည်ဟု ကြံဆမိကြသဖြင့် အဆိုပါ တန်ခိုးရှင်တို့ကို စကားဖြင့် တတွတ်တွတ်တောင်းပန်ကြလေသည်။ ကြာလာသော် ယင်းသို့ တတွတ်တွတ် ရေရွတ်သော တောင်းပန်စကားများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာကြရာမှ နောင်အခါ နတ်တိုင်စကားစုများ ဖြစ်လာလေသည်။ ထိုခေတ်ထိုအချိန်က ၎င်းနတ်တိုင်စကားစုများကိုပင် အန္တရာယ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ဂါထာ၊ မန္တရား၊ ပရိတ်တော်များသဖွယ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါသည်။

နောင်အသိဉာဏ်ကြွယ်ဝလာသောအခါ အမှန်တကယ် အန္တရာယ်ကင်း



သည်ဟု ယုံကြည်ရသော စကားစုများကို စနစ်တကျပြု စီရင်ကြသောအခါ မန္တန်ကျမ်းများ ပေါ်ပေါက်လာတော့၏။ မန္တန်ရွတ်ခြင်းအဆင့်တွင်မူ အန္တရာယ်ကင်းရန်သာမကတော့ဘဲ နတ်များချစေရန်၊ လာဘ်လာဘများပေါများစေရန် စသည့် ရည်ရွယ်ချက်များစွာပါဝင်လာပါသည်။ ထို့နောက် လူတို့သည် ကုသိုလ်ကောင်းမှုပြုခြင်း၊ သီလဆောက်တည်ခြင်း၊ မေတ္တာပို့သခြင်းတို့ကိုမှီ၍ အဓိဋ္ဌာန်ပြုတိုင်တည်ခြင်းက ပိုမိုပြီးအစွမ်းထက်သည်ကို ရိပ်မိလာကြသောအခါ မိမိတို့၏ ရွတ်ဖတ်သရဇ္ဈာယ်မှုစကားစုများတွင် ကုသိုလ်၊ သီလ၊ မေတ္တာ စသည့်ကောင်းမှုများကို မိမိပြုလုပ်ထားကြောင်း သစ္စာပြု၍ရွတ်ဆိုကြလေသည်။ နောက်ပိုင်းတွင် မိမိတို့အဓိဋ္ဌာန်ပြုရွတ်ဆိုသမျှသည် အမှန်တကယ် အန္တရာယ်ကင်း၍ ကောင်းကျိုးများ ရရှိခဲ့သည့်အတွက် မိမိတို့ရွတ်ဖတ်သော စကားစု (မန္တန်) များတို့ကို အလေးအမြတ်ပြုကြရာ နောက်ဆုံး အထွတ်အထိပ်သို့ ရောက်

# ဖျာပုံတင်နိုင်ဝင်း

## ပရိတ်တရားတော်နှင့် အစွမ်းထက်ခြင်းအကြောင်း

လာလေသည်။ နှောင်းခေတ်များတွင် ရာသီပွဲတော်များ၊ ဘာသာရေးပွဲတော်များအတွက် ရွတ်ဖတ်မှု(မန္တန်)များသည် မရှိမဖြစ် လုပ်ဆောင်ချက်တစ်ခုဖြစ်လာပြန်လေသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်သို့ရောက်သောအခါ မန္တန်များအစား ဂါထာတော်များကို တီထွင်တော်မူခဲ့ပါသည်။ အချို့သောမန္တန်များတွင် အသံစနစ်မကျခြင်း၊ အကုသိုလ်များဖြစ်စေခြင်း၊ လူလည်တန်းစားနှင့် ဆင်းရဲသားတို့ ရွတ်ဖတ်ခွင့်မရှိခြင်း၊ လူတိုင်းအား သင်ကြားခွင့်မပေးခြင်း စသော အပြစ်အနာအဆာများရှိသဖြင့် မန္တန်များကို ဘုရား၊ ရဟန္တာစသော အရိယာသူတော်စင်များတို့က မနှစ်သက်ကြပေ။ အမှန်တကယ်လည်း မန္တန်များသည် လောကီဆန်လွန်း



www.burmeseclassic.com

www.burmeseclassic.com

ဘုသဖြင့် လောကုတ္တရာ၌ပေါက်မြောက်တော်မူကြသော သူတော်စင်တို့သည် အတယ်မှာကြိုက်နှစ်သက်စရာအကြောင်းရှိမည်နည်း။ တစ်ဖန် ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်မှ ထွက်ရှိ တီထွင်ခဲ့သော ဂါထာများသည် အလွန်အစွမ်းထက်လှကြောင်း ဗုဒ္ဓဘုရားရှင်လက်ထက်၌ပင် သက်သေခံခဲ့သည်။ ထိုခေတ် ထိုအခါက အလွန်စည်ကားလှသောဝေသာလီပြည်ကြီး၌ ရောဂါဘေး၊ ဘီလူးဘေးတို့ ကျရောက်လျက် မြို့ပျက်လုလုဖြစ်နေချိန်တွင် ဘုရားရှင်နှင့် သံဃာတော်တို့အား ပင့်ဖိတ်ကြွရောက်တော်မူစေလျက် ဆာနသုတ်ခေါ် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးပြီးစေသောဂါထာစုများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ဤတွင် ဝေသာလီပြည်ကြီးသည် အန္တရာယ်အမျိုးမျိုးမှ ချက်ချင်းကင်းဝေးပပျောက်၍ ပြန်လည် စည်ကားလာလေသည်။

အခါတစ်ပါးတွင် ဘုရားရှင်ကိုယ်တော်တိုင် နာမကျန်းဖြစ်ရာ စုန္ဒထေရ်မြတ်အား ဗောဇ္ဈင်သုတ်တော်ကို ရွတ်ဆိုစေခြင်းဖြင့် ပြန်လည် ကျန်းမာတော်မူလာခဲ့သည်။ တစ်ခါ ရဟန်းတော်အများတို့သည် ဟိမဝန္တာတောတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ကြရာ ရဟန်းတို့၏ဘုန်းတော်ကြောင့် ရုက္ခစိုးနတ်များ သစ်ပင်ပေါ်မှဆင်း၍ နှစ်ရှည်လများ မြေပြင်၌သာနေကြရလေ၏။ ကြာလာသော် ရုက္ခစိုးနတ်တို့ သည်းမခံနိုင်တော့ဘဲ ရဟန်းတို့အား ခြောက်လှန့် နှင်ထုတ်ကြလေသည်။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်တင်ကြသောအခါ ဘုရားရှင်က မေတ္တသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်စေရာ မေတ္တာသက်ဝင်သော ပရိတ်တော်ကြောင့် ရုက္ခစိုးနတ်တို့ နှင့်သတ် ချစ်ခင်လျက် အနှောင့်အယှက်မပြုကြတော့သဖြင့် ထိုဟိမဝန္တာတော၌ နှစ်ရှည်လများ ချမ်းမြေ့စွာ တရားအားထုတ်နိုင်ကြလေသည်။ ထိုအချိန်ထိုအခါမှစ၍ ဂါထာများဖြင့် စုဖွဲ့စီရင်အပ်သော ပရိတ်တော်များ တစ်စတစ်စခေတ်စားလာလေသည်။

ပရိတ် ဟူသည် ပရိတ္တ ဟူသော ပါဠိစကားမှဆင်းသက်လာခြင်းဖြစ်သည်။ အဆိုပါ ပရိတ္တ ဟူသောပါဠိတွင် ပရိပုဒ်နှင့် အတ္တပုဒ်တို့ ပေါင်းစပ်ထားပြီး ပရိ၏ အဓိပ္ပာယ်မှာ ဘေးပတ်ဝန်းကျင်အရပ်ဒေသဖြစ်ပြီး အတ္တ၏ အဓိပ္ပာယ်မှာ ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ပရိတ္တ၏ အဓိပ္ပာယ်မှာ ဘေးပတ်ဝန်းကျင်မှ ဖြစ်ပေါ်လာမည့် ရောဂါ၊ဘေးရန်အန္တရာယ်တို့မှကာကွယ်စောင့်ရှောက်တတ်သောတရားဒေသနာတော်ဟု အဓိပ္ပာယ်ရ၏။ ပရိတ်တရားတော်ကို ရိုရိုသေသေ ယုံကြည်စွာ နာကြားသောသူ၊ ရွတ်ဖတ်သောသူ၊ လက်တွေ့လိုက်နာကျင့်ကြံသောသူတို့အား ဘေးပတ်ဝန်းကျင်အရပ်ဒေသတို့မှ ဖြစ်ပေါ်လာမည့်ရောဂါ၊ ဘေးဒဏ်၊ အန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ်ရန်အတွက် ရှေးဆရာတော်သံဃာတော်နှင့် သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့ ရွတ်ဆိုနာကြားခဲ့သော ပရိတ္တ အမည်ရ ဘုရားဟောသုတ္တန်များ၊ ထိုဘုရားဟောသုတ္တန်ပါဠိများမှထုတ်နုတ်၍ ရှေးရဟန္တာဆရာတော်ကြီးများ စီရင်ရေးသားသောသုတ်များကို ပရိတ်ဟုခေါ်၏။ အမှန်တကယ်တွင် ဘုရားဟောသုတ္တန်မှန်သမျှရွတ်ဖတ်သော် အကျိုးအာနိသင်ရှိသည်သာဖြစ်သည်။သို့သော် ဘေးပတ်ဝန်းကျင်အန္တရာယ်များမှလွန်မြောက်ရန် ရည်ရွယ်၍ စီရင်အပ်သော ပရိတ်တော်များကသာ အန္တရာယ်ကင်းရှင်းရေးပြုလုပ်ရာတွင် ပို၍အစွမ်းထက်မည် ဖြစ်သည်။

သို့သော် ပရိတ်တော်တို့သည် အလွန် မြင့်မြတ်သော ရွတ်ဖတ်သရဇ္ဈာယ်မှုကြီးဖြစ်၍ အလွန်ယုတ်ညံ့သူများအတွက် အစွမ်းအာနိသင်သက်ရောက်လိမ့်မည်မဟုတ်ပေ။ ပရိတ်ကိစ္စပြုလုပ်ရာတွင် ရွတ်သူနှင့် နာသူဟူ၍ နှစ်မျိုးနှစ်စားရှိရာ ရွတ်သူရော နာသူပါ ယုတ်ညံ့မှုများကင်းစင်လျက် မြင့်မြတ်သောအင်္ဂါရပ်များနှင့် ကိုက်ညီရပါမည်။ ကိုက်ညီရမည့်အင်္ဂါရပ်များတွင် ရွတ်သူဘက်မှ အင်္ဂါသုံးပါးနှင့် နာသူဘက်မှ အင်္ဂါသုံးပါး ဟူ၍ အင်္ဂါခြောက်ပါးရှိသည်။

□ **ရွတ်သူဘက်မှအင်္ဂါသုံးပါး**

၁။ ပရိတ်တော်များကို ပုဒ်အက္ခရာပီသစွာ ရွတ်ဖတ်ခြင်း။

၂။ ပရိတ်တော်ပါဠိများ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ထားခြင်း။

၃။ လာဘ်လာဘကို မငဲ့ကွက်ဘဲ မေတ္တာရှေ့ထား၍ရွတ်ဖတ်ခြင်း။

ပရိတ်တော်များကို ပါဠိအက္ခရာ၊ ပါဠိသံများဖြင့် ရွတ်ဖတ်ရသည်ဖြစ်ရာ အသံပီသစွာရွတ်ဆိုနိုင်ရန်အတွက် စနစ်တကျ လေ့လာသင်ကြားထားရပါသည်။ ပရိတ်တော်များတွင်ပါရှိသည့် ပုဒ်၊ ဗျည်း၊ အက္ခရာတို့ကို အပိုအလိုမရှိ ပြည့်စုံအောင် တိကျစွာ ရွတ်ဖတ်ရပါသည်။ ရွတ်ဖတ်သောအခါ စာလုံးများကျန်ရစ်ခြင်း၊ အပိုစာလုံးများပါဝင်လာခြင်းမရှိအောင် သတိထား၍ရွတ်ဖတ်ရသည်။

ထို့အပြင် ပရိတ်တော်ရှိ ပါဠိများ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာနားလည်ထားရပါမည်။ ထိုသို့ တတ်သိနားလည်ရန်အတွက် အထူးသင်ကြားထားရမည် ဖြစ်သည်။ သို့မဟုတ် တတ်သိနားလည်သူများထံချဉ်းကပ်၍ လေ့လာဆည်းပူးရပါမည်။ ပရိတ်တော်နှင့်ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း အထူးပြုလေ့လာထားသင့်ပါသည်။ အနက်အဓိပ္ပာယ်ကောင်းစွာနားလည်မှုလည်း ရွတ်ဖတ်သောပရိတ်တော်တို့၏ အကြောင်းအရာတို့ကို ကောင်းစွာ ဆင်ခြင်နိုင်မည် ဖြစ်သည်။ ဆင်ခြင်မှုဟူသမျှ ဉာဏ်နှင့်ယှဉ်သော အစွမ်းအာနိသင်များ ဖြစ်ပေါ်လာစမြဲပင်။

ထို့နောက် ပရိတ်ရွတ်သောအခါ ပရိတ်ရွတ်သူ၊ အထူးသဖြင့် သံဃာတော်များအနေဖြင့် လာဘ်လာဘရရှိမှုအပေါ် ငဲ့ကွက်တွယ်တာမှုမရှိဘဲ ပရိတ်နာကြားသူတို့ အန္တရာယ်ကင်း၍ ကျက်သရေမင်္ဂလာအဖြာဖြာ တိုးတက်စေခြင်းငှာ မေတ္တာထား၍ ရွတ်ဖတ်ပေးရသည်။ အကယ်၍ ထိုသို့ မေတ္တာမထားဘဲ လာဘ်လာဘအပေါ် ငဲ့ကွက်၍သော်လည်းကောင်း၊ အနက်အဓိပ္ပာယ်ကို မဆင်ခြင်ဘဲသော် လည်းကောင်း၊ ပုဒ်၊ ပါဌ်၊ အက္ခရာအသံထွက် မှန်ကန်စွာ မရွတ်ဆိုနိုင်လျှင်သော် လည်းကောင်း ပရိတ်တော်တို့၏ အာနိသင်သည် အစွမ်းထက်သင့်သလောက်ထက်လာလိမ့်မည် မဟုတ်ပေ။ ပရိတ်အစွမ်းအာနိသင်၊ ပရိတ်အကျိုးတရားတို့တိုးပွားစေခြင်းအတွက် ပရိတ်ရွတ်သူအင်္ဂါသုံးပါးသည် အဓိကကျ၏။ ပရိတ်တရားပွဲများ၌ ရွတ်သူကသာ ဦးဆောင်ရ၏။

□ **နာသူဘက်မှအင်္ဂါသုံးပါး**

၁။ ပဉ္စာနန္တရိယကံထိုက်ထားသူမဖြစ်ခြင်း။

၂။ နိယတမိစ္ဆာဒိဋ္ဌိအယူမရှိခြင်း။

၃။ ပရိတ်တရားအပေါ် အမှန်တကယ် ယုံကြည်ခြင်း။

ပရိတ်တရားတော်နာယူမည့်သူသည် ပဉ္စာနန္တရိယကံခေါ် ကြီးလေး



www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း)

# ကိုးနဝင်းအင်းတော်

ကိုးနဝင်းအင်းအား ဖော်ပြပေးပါမည်။ လွန်ခဲ့သော (၁၇) နှစ်ခန့်မှ ပဒိုဝ်ကရင်တိုင်းရင်းသား ကိုသိန်းဖေ (ရသေ့ဝတ်နှင့်) ပေးခဲ့သော အင်းကောင်းတစ်ကွက်ဖြစ်၏။ ကိုသိန်းဖေအား ငယ်ဆရာ လောကီပညာများ သင်ကြားပေးသော သထုံနယ်မှ ဆရာတော်ကြီးမှ ချီးမြှင့်ခဲ့သောအင်း ဖြစ်၏။

ဤအင်းအား အတော်အတန် သောက်ထားဖူး၏။ အင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲ အခက်အခဲများရှိ၏။ ပတ်ဝန်းကျင်ကိစ္စအား ပြောချင်၍ဖြစ်၏။ မိမိအိမ်တွင်းရေး၊ ဇနီးသည်ခွင့်ပြုမှသာ ကောင်း၏။ ဆူဆူညံညံအလုပ်ရှုပ်နှင့်နီးခြင်း၊ ကြမ်းတမ်းသောစကားများနှင့်ရန်ဖြစ်လေ့ရှိသော မိသားစု စသည်အား ဂရုထားရပါမည်။ သာမန်အားဖြင့် လုပ်၍မရနိုင်၍ အကြံပြုခြင်း ဖြစ်ပါသည်။

စာရေးသူ၏ လွန်ခဲ့သော(၁၀)နှစ်ခန့်မှ အတွေ့အကြုံအား အနည်းငယ် ပြောပြပါမည်။ အင်းအား တစ်ဖြတ်၊ တစ်ဖြတ်စီ အဓိဋ္ဌာန်ပြု၍သောက်ပါသည်။ သောက်လာရင်း သမာဓိအား ကောင်းလာသည့်အခါ ရွေးချယ်စရာ ပေါ်လာပါသည်။ တစ်မျိုးက ဓေပိုင်ဆေးဆရာအဖြစ် (သို့) ဟောနိုင်ပြောနိုင်သောအဆင့်တစ်မျိုးက အင်းဝိဇ္ဇာအပြီးလုပ်ရန်ဖြစ်၏။ ချိန်ရပါမည်။ ရပ်မလား၊ ဆက်လုပ်မလား။ ပထမအဆင့်တွင် တစ်စုံတစ်ဦးမှ စကားလာပြောခြင်း၊ အင်းပညာ၊ မာသထစကား စသည်တို့ အိပ်မက်ဆန်ဆန် သင်ကြားပေးခြင်း၊ တစ်ခါတစ်ရံ အမြင်ဓာတ်ပေါ်ခြင်း၊ မိမိ၏ အခက်အခဲများ ကြိုတင်သိခြင်းများ တစ်စတစ်စတိုးလာပါသည်။

စာရေးသူသည် ဤနေရာ၌ ထုံခနဲရပ်လိုက်ရပါသည်။ ထိုအချိန်က စာရေးသူသည် အစိုးရအမှုထမ်းဖြစ်ခြင်း၊ ဇနီးနှင့် သားသမီး (၆) ယောက်သည် ကျောင်းနေ၍ အလွန်ငယ်နေသေးခြင်း စသည် အခက်အခဲများကြောင့် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ သတိပေးသည်မှာ 'မင်းငယ်သေးတယ်။ သားမယားဝဋ်ကုန်အောင်ဆပ်သွား။ ခေါ်မလာနဲ့' မိန့်ဆိုခံရ၏။

ဤအင်းပိုင်ရှင်မှာ ဘိုးတော်အောင်မင်းခေါင်၏အင်းဖြစ်၏။ အောင်မင်းခေါင်ဓာတ်ဟုဆိုသော်လည်း တစ်ခါသာမိန့်ဖူး၏။

"မင်းက ငါ့သားမဟုတ်၊ မောင်အောင့်သား"

ဟူသာ အပြောခံရဖူး၏။

ဤအင်းအတော်အတန်ကစားပြီးသောအခါ ပထမံဘိုးဘိုးအောင် အရှင်ထွက်ခဲ့သော ဝစကြာအင်းအား စာရေးသူ ရရှိပါသည်။ ဝစကြာအင်းသည် တွေ့မြင်နေကြသော ဝစကြာအင်းအင်းများနှင့် လုံးလုံးမတူပါ၊ ပုံသဏ္ဌာန်မှ အစ အလွန်ကွဲပြားလှ၏။

"မင်းမပြီးသေးဘဲနဲ့ ဘယ်သူ့ကို သင်မပေးရဘူး"

ဆိုသော ဂတိအား ဘိုးဘိုးအောင်ထံ စာရေးသူပေးထားရ၍ ဤအင်းဖော်ပြဖို့ သည်းခံကြစေလို၏။

ဝစကြာအင်းသည် အခြားသောအင်းများကစားသည်နှင့် ပုံစံအနည်းငယ်ကွဲသလို အလွန်ထူးခြားလှ၏။ စာရေးသူ ဝစကြာအင်းအား (၅၄) ချပ်သာအောင်

သောက်ကြီးငါးပါးမှ လွတ်ကင်းရပေမည်။ အဆိုပါ ကံကြီးငါးပါးမှာ **မာတုဃာတကကံ** - အမိကိုသတ်သောကံ၊ **ပိတုဃာတကကံ** - အဖကိုသတ်သောကံ၊ **အရဟန္တဃာတကကံ** - ရဟန္တာအားသတ်သောကံ၊ **လောဟိတုပ္ပာဒကကံ** - ဘုရားအားသွေးစိမ်းတည်အောင်ပြုသောကံ၊ **သံဃဘေဒကကံ** - သံဃာကိုသင်းခွဲသောကံတို့ ဖြစ်သည်။ ပရိတ်နာသူတွင် အဆိုပါ ကံကြီးများရှိနေလျှင် ပရိတ်နာယူခြင်း၏ အကျိုးအာနိသင်များ ရရှိခံစားရမည် မဟုတ်ချေ။ ထို့ပြင် နိယတမိစ္ဆာဒိဋ္ဌိအယူရှိနေသူနှင့် ပရိတ်တရားတော်တို့အပေါ် ယုံကြည်မှုအားနည်းနေသူတို့အဖို့ရာလည်း ပရိတ်တော်၏ အစွမ်းအာနိသင်များ ရရှိလိမ့်မည် မဟုတ်ချေ။ နိယတမိစ္ဆာဒိဋ္ဌိ ဆိုသည်မှာ (၁) သတ္တဝါတို့မှာ အကြောင်းအကျိုး မရှိဟု ယူဆမှားယွင်းသော အဟေတုကဒိဋ္ဌိ (၂) ကုသိုလ်၊ အကုသိုလ်ကံမရှိဟု အကြောင်းတရားကို ပယ်၍ ယူဆမှားယွင်းသော အကိရိယဒိဋ္ဌိနှင့် (၃) ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးသည် မရှိဟု အကျိုးတရားကို ပယ်၍ ယူဆမှားယွင်းသော နတ္ထိကဒိဋ္ဌိ ဟူသော ဒိဋ္ဌိကြီးသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိဟု ခေါ်၏။ ၎င်းနိယတမိစ္ဆာဒိဋ္ဌိကြီးသုံးမျိုး အတိုင်း ယူဆစွဲလမ်းနေပါက ထိုသူအတွက် ပရိတ်တရားတော်တို့၏ အစွမ်းအာနိသင်များ ရရှိခံစားနိုင်မည် မဟုတ်ပေ။

ထို့အပြင် ယုံကြည်မှုသည် အရာရာကို စိုးမိုးနိုင်၏။ ကောင်းမြတ်သောအရာတို့၌ ယုံကြည်ခြင်းသည် ကောင်းကျိုးများကို စိုးမိုးနိုင်မည်ဖြစ်သည်။ ဘုရားရှင်၏ နှုတ်ကပါဌ်တော်များဖြစ်သည့် ပရိတ်တရားတော်များကို ယုံကြည်ခြင်းသည် ကောင်းမြတ်သော ယုံကြည်ခြင်းဖြစ်၍ ကောင်းကျိုးများ ရရှိခံစားရမည်မှာဧကန်မလွဲပေ။ ထို့ကြောင့် ပရိတ်နာသူအဖို့ ပရိတ်တော်တို့အပေါ်၌ ယုံကြည်ခြင်းသည် အခြေခံပဓာနကျလှပါသည်။

ပရိတ်ရွတ်ခြင်း၊ နာခြင်းကောင်း သည် ရွတ်သူရော နာသူပါ ကောင်း ရရှိသည်ကို မြင်တော်မူသောကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ပညတ်ညွှန် ကြားခဲ့သော ဗုဒ္ဓလမ်းစဉ်တစ်ရပ် ဖြ သည်။ သတ်မှတ်ထားသောအင်္ဂါရပ်များ နှင့်အညီ စနစ်တကျ ရွတ်ဖတ်သရ နာကြားပါက အန္တရာယ်ကင်းမည့်အပြင် ကျက်သရေမင်္ဂလာ လာဘ်လာဘများ တိုးပွားမည်မှာ အမှန်ပင် ဖြစ်ပါသည်။

မျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား** -

၁။ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ) ၏ ပရိတ်တန်ခိုးပရိ အကျိုး

၂။ ဆရာသောင်းလွင် (ဘီအေ) ၏ ကိုယ်ကျင့်ပရိတ်ကြီးနှင့် ပ အဓိပ္ပာယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ၈ | ၅ | | | | ၁၇ | ၂၀ | ၁၅ |
| ၆ | ၁၁ | ၂ | | | | ၁၄ | ၂၃ | ၁၈ |
| ၉ | ၄ | ၇ | ၁၂ | ၁ | ၂၄ | ၁၉ | ၁၆ | ၂၁ |
| | | ၁၀ | ၅၁ | ၅၄ | ၁၃ | ၂၂ | | |
| | | ၄၉ | ၅၆ | နံ | ၅၂ | ၂၅ | | |
| | | ၄၆ | ၅၃ | ၅၀ | ၅၅ | ၃၆ | | |
| ၄၅ | ၄၀ | ၄၃ | ၄၈ | ၃၇ | ၃၄ | ၃၁ | ၂၆ | ၂၉ |
| ၄၂ | ၄၇ | ၃၈ | | | | ၂၈ | ၃၅ | ၃၂ |
| ၃၉ | ၄၄ | ၄၁ | | | | ၃၃ | ၃၀ | ၂၇ |

ကိုးနဝင်းအင်းတော်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဝိ | အ | ဘ | | | | ဇ္ဇာ | ဏ | ဒ္ဓေါ |
| ဂ | သ | တိ | | | | မ္ဗု | န္နော | စ |
| ရ | တော | ဝါ | မ္မာ | ဣ | သု | ရ | ဝိ | သ |
| | | ဟံ | ပု | ဂ | သံ | မ္ပ | | |
| | | သာ | တိ | နံ | ဒ္ဓေါ | ဂ | | |
| | | ဝ | ဘ | နံ | ဝါ | ရိ | | |
| ဒေ | သာ | သ | နု | သ | ရော | အ | တော | ဝိ |
| တ္ထိ | မ | ခ | | | | က | ပု | နု |
| မ္ဗ | တ္ထာ | ရ | | | | တ္တ | ဒူ | လော |

ဤဂဏန်းအတိုင်းသွင်းပါသည်။ အင်းရဲ့ > ၃ ၄ ၇ ၆ ∧ ∧ ၃ မှ / ဂဏန်းသည် အလယ်နံသွင်းချန်၏။

သားဖူးပါသည်။ ဝစကြာအင်း၏ ထူးခြားချက်များ၊ အံ့ဩစရာကောင်းပုံများရှိပါသော်လည်း စာရှည်မည်စိုး၍ ချန်ရပါသည်။

(၉) နဝင်းအင်းအကြောင်း ဆက်ပါမည်။ဆရာတစ်ယောက်အဖြစ်ဆိုလျှင် အင်းချပ် (၁၀၈) အင်း သောက်လျှင်ပြီးနိုင်ပါသည်။ အင်းဝိဇ္ဇာအထိ အင်းချပ် (၁၀၀၀) အထိ သောက်ရ၏။

အရေးကြီးသည်မှာ ဤအင်းစားမည်ဆိုလျှင် တိကျစွာလုပ်ရပါမည်။ ပြင်းပြသောကတိသစ္စာဖြစ်ရ၏။ သီလ၊ အညှီမပါသက်သတ်လွတ်စားရ၏။ သာသနာပွဲ၊ အင်းပွဲပေး၍ အင်းစည်းကမ်းအတိုင်းသာလုပ်သွားရ၏။

အဝင်နက္ခတ် စရေးခါတ်ပေါ်ချိန် အင်းချပ် အဝင်နက္ခတ်နေ့တိုင်း မပေါ်၍ အဝင်နက္ခတ်စရေးခါတ်၌ အင်းချပ်များများချထားပါ။

အင်းမစီးရင်မီ အဝင် ပုတီး(၁၀၈) ပတ် (ကွန်ချာပုတီးဖြင့်) အင်းချအင်းသောက်ပြီးလျှင် အထွက်ပုတီး (၁၀၈) ပတ် မေတ္တာကမ္မဋ္ဌာန်း ဤမျှသာဖြစ်ပါသည်။

အင်းဆန်မှာ ဂုဏ်တော်(၉)ပါး တစ်နေ့ (၃) ချပ်နှုန်း ပြာချ၍ အုန်းရည်၊ နံ့သာရည်၊ ဖျော်ရည် ကြိုက်ရာနှင့် သောက်ပါ။

အင်းကစားနေစဉ်အတွင်း ဘာမျှော်လင့်ချက်မှမထားဘဲကျင့်ပါ။

စိုးမင်း(မြောက်စည်း)

www.burmeseclassic.com

ဦးကိုကိုကြီး(စစ်ဆေးရေး)

# ဆေးစွမ်းထက်မြက် ကုက္ကိုရွက်

'ဆေးစွမ်းထက်မြက် ကုက္ကိုရွက်' ဆိုသည့် ဆောင်းပါးအား လူအများ အကျိုးရှိကြစေချင်သော စာရေးသူ၏ ပင်ကိုစိတ်ရှိသည့်အတိုင်း အကျိုးတရား များရကြပါစေရန် ရေးသား တင်ဆက် လိုက်ရပါသည်။

တင်ဆက်သည်ဟု ဆိုရာဝယ် ကုက္ကိုရွက်ကို ဘယ်ကဲ့သို့လုပ်လိုက်မါ ပျောက်ပါသည်ဟု တန်းရေးလိုက်မည် ဆိုပါက စာရေးသူ၏ စိတ်သဘောအရ ပြောရပါလျှင် စာ၏အရသာပေ့ါသွားနိုင် သလို စာရှုသူတို့အတွက်လည်း သိရှိမှု အနှစ်သာရပေ့ါသွားနိုင်ပါသည်ဟုထင်မြင် မိပါသည်။

သို့အတွက်ကြောင့် အမှန်တကယ် လက်တွေ့ကျကျ ပျောက်ကင်းသည့် ဝေဒနာရှင်နှင့်စာရေးသူတို့တွေ့ဆုံမေးမြန်း ကာ ရေးသားတင်ဆက်ထားပါသည်။

ထို့ပြင် စာရှုသူအပေါင်းတို့သည် မိမိတို့၌ဖြစ်စေ၊ အခြားသူတို့မှာဖြစ်စေ ကြုံတွေ့လာသောအခါတွင်လည်း ကုသ နိုင်သောနည်း ဖြစ်ပါသည်။

ထိုသို့ကြုံတွေ့၍ မိမိတို့ကိုယ်တိုင် ကုသလိုက်မှသာလျှင်လည်း ကုက္ကိုရွက် ၏အစွမ်းထက်မြက်ပုံကို ပိုမို၍ သိရှိသွား ကြပြီး ဗဟုသုတတွေတိုးသွားကြမည် ဖြစ်ပါသည်။

သူရဿမဂ္ဂဇင်းကြီးတွင် ကုက္ကိုရွက် ကြောင့် ရောဂါပျောက်ကင်းကြောင်း ဆောင်းပါးရေးကြသည့် စာရေးသူများ ရှိကြပါမည်။

ထိုသို့ ရေးနေကြသည့်ကြားထဲမှ ပင် စာရေးသူမှ ထပ်လောင်းကာ ရောဂါ ဆန်းတစ်ခု ပျောက်ကင်းပုံကို ထပ်မံ ရေးသားလိုက်ပြန်သောအခါ စာရှုသူ အပေါင်း အကျိုးများထပ်ဆောင်း၍ ရသွားကြမည်ဟု တွေးတောမိပါသဖြင့် အတတ်နိုင်ဆုံး အတိုချုံးကာ ရေးသား လိုက်ရခြင်း ဖြစ်သည်။

❑

ထိုဆေးရရှိပုံမှာ ၁၀-၆-၂၀၀၉ ညနေပိုင်းက ကစစ (၁၂) စက်ရုံဂိတ်ကြီး မှ စာရေးသူနှင့် ရင်းနှီးခင်မင်သူ လုံခြုံ ရေးဝန်ထမ်း ဦးကျော်ဝင်းနှင့် တွေ့ဆုံ မေးမြန်းခွင့်ရရှိသဖြင့် သိခွင့်ရခဲ့ခြင်း ဖြစ် ပါသည်။ စာရေးသူ မေးမြန်းဖြစ်ခြင်းက လည်း ကွင်းလှစာတိုက် စာရေးမလေး အေးအေးခိုင်မှ ဦးကျော်ဝင်း၏ ဇနီး ကုက္ကိုရွက်နှင့် ရောဂါပျောက်ကင်းသွားပုံ အကျဉ်းမျှပြောပြခဲ့ရာမှ အစပြု၍ စာရေးသူလည်း ပိုမိုခိုင်မာသေချာစေရန် ကာယကံရှင် ဦးကျော်ဝင်းထံ ကိုယ်တိုင် သွားရောက်ကာ တိုက်ရိုက် တွေ့ဆုံ ဆွေးနွေး မေးမြန်း၍ ဆေးနည်းအား ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဦးကျော်ဝင်း ပြောပြပုံကတော့ သူ၏ ဇနီးသည် အူမကြီးကင်ဆာရောဂါ ဝေဒနာကို စတင်ဖြစ်သည့်အချိန်မှ ယနေ့အထိ (၃) နှစ်ခွဲခန့်ကြာအောင် ကုခဲ့ရပါကြောင်း စတင်ပြောပြပါသည်။

အစပထမတွင် အူမကြီးကင်ဆာ ရောဂါပျောက်ရန် ဆေးထိုး၊ ဆေး သောက်ခြင်းတို့ဖြင့်ကုသနေရာမှ ရောဂါ မှာ မပျောက်သဖြင့် ခွဲစိတ်ကုသမှုခံယူ ရလေသည်။ ခံယူပြီး ဆေးထိုး၊ ဆေး သောက်နေရင်းက သက်သာသလိုလိုနှင့် မသက်မသာဖြစ်လာသောအခါ ထပ်မံ စစ်ဆေးကြည့်ရာ ရောဂါအခြေအနေ အရ ဒုတိယအကြိမ် ခွဲစိတ်ကုသမှုကို ခံယူရပြန်ပါသည်။

နောက်ဆုံး တတိယကြိမ်မြောက် တွင် အူမကြီးအကုန်လုံးကို ဖြတ်ထုတ် ကုသခဲ့ရာ မစင်လမ်းကြောင်းကိုပင် ဗိုက်မှဖောက်ထွက်၍ လွှဲထုတ်ပစ်လိုက်ရ သည်အထိဖြစ်ခဲ့ရလေသည်။

ထိုအခါ စအိုဝသည် နှီးဆီဘူးအဝ ခန့် အနာပေါက်ကြီးဖြစ်ကာ ကျန်ရစ် သဖြင့် အနာကျက်ရန် ကုသရပြန်ပါ သည်။

အင်္ဂလိပ်နည်း၊ ဗမာနည်းများစုံ သော်လည်း အနာရောဂါမပျောက်သည့် အပြင် ပို၍ပင်ဆိုးလာသဖြင့် ငွေကုန် လူပန်းဖြစ်နေသော ဦးကျော်ဝင်းခမျာ ဇနီးအတွက် စိုးရိမ်စိတ်တို့ ပိုမိုလွှမ်းမိုး လာပါလေသည်။

ထိုသို့ရှိနေရာမှ ပန်းတောင်းမြို့ နယ် ကွင်းလှလယ်ပြင်တန်းမှ ဦးအေးနိုင် ဆိုသူနှင့် ဦးကျော်ဝင်းတို့ မမျှော်လင့်ဘဲ ဆုံစည်းကြရာ ဦးအေးနိုင်မှ သူနှင့် သိကျွမ်းသူ အမျိုးသမီးတစ်ဦးသည် ရင်သားကင်ဆာဖြစ်သဖြင့် နှစ်ဖက်စလုံး ဖြတ်တောက်ကုသရာတွင် ပြည်တရွှဲရွှဲနှင့် ဖြစ်နေရာမှ ဤဆေးနည်းဖြင့် ကိုယ်တွေ့ ပျောက်ကင်းသွားကြောင်း ပြောပြသဖြင့် ရရှိခဲ့ရလေသည်။

ကြုံရာမရှဖြစ်နေသောဦးကျော်ဝင်း သည် ကုက္ကိုရွက်နုများခူးကာ ထုထောင်း ပြီး ရေနွေးအကြမ်းပန်းကန်တစ်ဝက်ခန့် အရည်ရသည်နှင့် ဇနီးဖြစ်သူအား စတင် တိုက်လိုက်လေသည်။

အနံ့မှာ စိမ်းရွှေရွှေဖြစ်ပြီး အရသာ မှာတော့ ခါးလွန်းပါသဖြင့် ဇနီးသည် မျိုချရခက်သည်ဟုဆိုပါသည်။

သို့သော်လည်း ရောဂါပျောက် ရေးအတွက် သောက်ရပေသည်။ ထိုနေ့ မှာပင် နံနက်၊ နေ့၊ ည (၃) ကြိမ်တိုက် လိုက်ပါသည်။

နောက်တစ်နေ့မနက် ဦးကျော်ဝင်း မှ စအိုအနာကိုဖွင့်ကြည့်လိုက်ရာ ပြည် တစိုစိုအရည်တစိုစိုဖြစ်နေသောအနာ သည် ခြောက်ချင်သောအသွင်သဏ္ဌာန် ပြောင်းလဲနေသည်ကို မြင်တွေ့ရသဖြင့် ဝမ်းသာသွားကာ နေ့စဉ်ရက်ဆက် ပုံမှန် ဆေးတိုက်ခဲ့ရာ (၃) ပတ်အတွင်း အနာ လုံးဝသက်သာပျောက်ကင်းသွားခဲ့ပါလေ သည်။

ပထမဆုံးအပတ်တွင် တစ်နေ့ (၃) ကြိမ်တိုက်ခဲ့သော်လည်း ဒုတိယအပတ် နှင့် တတိယအပတ်တို့တွင် တစ်နေ့ (၁) ကြိမ်မျှသာတိုက်သည်ဟု ဆိုပါသည်။

ယခင်ကအညှော်ရှောင်ရ၊ အစား အစာရှောင်ရဖြစ်နေသော ဦးကျော်ဝင်း ၏ ဇနီးသည် ယခုအခါ အညှော်တို့၊ မတဲ့အစာတို့ ရှောင်စရာမလိုတော့ဘဲ စအိုအနာနှင့် ကင်ဆာရောဂါဝေဒနာ တို့ပါ လုံးဝ ပျောက်ကင်းသွားကာ ကျန်းမာသွားပြီဖြစ်ပါကြောင်း စာရေးသူ အား ဝမ်းပန်းတသာပြောပြခဲ့ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ကုက္ကိုပင်တို့သည် နေရာဒေသအနှံ့ ပေါများစွာ ပေါက်ရောက်ပါသဖြင့် အလွယ်တကူရနိုင်ပြီး ငွေတစ်ပြား တစ်ချပ်မကုန်ဘဲ ရောဂါကြီးများကို ပင် ပျောက်ကင်းနိုင်ပါသောကြောင့် စေတနာကောင်းဖြင့်ကြေညာမောင်းခတ် လိုက်ရပါတော့သည်။

ကစစ (၁၂)၊ လုံခြုံရေးဌာနမှ ဦးကျော်ဝင်း (ငြိမ်း) ခေါ် ဖိုးကျော်အား ကျေးဇူးအထူးတင်စွာဖြင့် -

သူရဿမဂ္ဂဇင်းကြီးနှင့်တကွ စာဖတ် ပရိသတ်များအား အစဉ်လေးစားလျက်

ဦးကိုကိုကြီး(စစ်ဆေးရေး)၊

ကစစ(၁၂) ထုံးဘို



www.burmeseclassic.com

# မကျန်းမာသူအတွက် အလွယ်အသာ ယတြာတွက်နည်း

## နတ်မောက်မင်းသန့်နိုင်

'မနုဿတ္တ ဒုလ္လဘ' ဟူ၍ လူ့ဘဝ ဆိုသည် ရခဲလှသောဘဝ ဖြစ်ပါသည်။ လူ့ပြည်မှ အပ်တစ်စင်းနှင့် နတ်ပြည်မှ အပ်တစ်စင်း ထိပ်ဖျားချင်းဆုံမိမှ လူတစ်ယောက်ဖြစ်လာနိုင်သည်ဟုတင်စား ပြောဆိုရေးသားသည်ကိုလည်း ဖတ်ဖူးခဲ့ပါသည်။

ထိုရခဲလှသော လူ့ဘဝတွင် နေရသမျှ အသက်ရှည်ရှည် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ကောင်းကောင်း စား ကောင်းကောင်းဝတ်၊ ကောင်း ကောင်းနေချင်သူချည်းဖြစ်ပါသည်။

စား၊ ဝတ်၊ နေမှုကောင်းနေပြည့်စုံ နေသော်လည်း မကျန်းမာလျှင် အလကား ပင် ဖြစ်ပါသည်။ သွေးနှင့်ကိုယ်သားနှင့် ကိုယ်ဆိုသကဲ့သို့ (၃၂) ကောဋ္ဌာသနှင့် ဖွဲ့စည်းထားသောလူသားဖြစ်ပြီး စက်ရုပ် မဟုတ်သဖြင့်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတမညီညွတ်သောအခါ၊ နိမ့်ပါးပျက်စီး သောအခါ လူဟူသော သတ္တဝါတွင် ဖျားနာခြင်း၊ မကျန်းမာခြင်း၊ ရောဂါဆိုက် ကပ်ခြင်း တည်းဟူသည့် ဝေဒနာသည် ရင်ဆိုင်တွေ့ကြုံခံစားရ သည်သာ။

သည်အခါတွင် ဆေးကောင်းဝါး ကောင်း၊ ဆရာကောင်းသမားကောင်း နှင့် တွေ့ဆုံပြီး အမြန်ကျန်းမာသွားသူရှိ သလို ရောဂါနှင့်ဆေးမတွေ့သေးပဲ နာတာရှည်ရောဂါသည်ဘဝ အိပ်ရာထက် မှာလဲနေသူတွေလဲရှိတတ်ပါသည်။

ဆေးဆရာတို့တွင် ဆရာကု၊ သမားကု၊ နတ်ကု၊ ဘုရားကု ဟူ၍ ကုသကြရာ ဆရာကုသမားကုအပြင် သမ္မာ ဒေဝနတ်ကောင်းနတ်မြတ်တို့၏ ကူညီ စောင်မမှုရရှိရန် လည်းကောင်း၊ ဘုရားရိပ် ၏ အေးမြမှုရရှိရန် လည်းကောင်း ကုသိုလ်ဆက်ယတြာရှာဖွေပြုလုပ်ကုသ ရသည်လည်းရှိပါသည်။

ထိုကဲ့သို့ရှိခဲ့ရာ ကျွန်ုပ်အနေဖြင့် အလွယ်အသာ ကုသိုလ်ဆက်ယတြာပြု လုပ်နိုင်ရန် လူတိုင်းအတွက် နမူနာ ထုတ်နုတ် တင်ပြအပ်ပါသည်။

ဥပမာ နာတာရှည်ဖျားနာနေသူ၊ ရက်ရှည်လစွန်း မကျန်းမာသူသည် အသက် (၃၀) ရှိလျှင် -

၁။ ရောက်ဆဲအသက် (၃၀) ကို တည်လိုက်ပါ။ ထို့နောက် (၄) ဖြင့်စားပါက အကြွင်း (၂) ရပါသည်။

၂။ တစ်ဖန် ရောက်ဆဲအသက် (၃၀) ကို (၄) ဖြင့်မြှောက်ပါက (၁၂၀) ရပြီး ၎င်း (၁၂၀) ကို (၄) ဖြင့် စားပါက အကြွင်း သုညဖြစ်ပါသည်။

ထိုသို့ (၄) ဖြင့်မြှောက်ပြီး (၄) ဖြင့် စား၍ အကြွင်း သုညဖြစ်ခဲ့လျှင် ကုသိုလ် ဆက်ယတြာအဖြစ် လူနာ၏အသက် ထက်တစ်ခု ပိုမို၍ အလင်းတိုင်(၃၁)တိုင် ပူဇော်ထွန်းညှိပါ။ လူနာကိုယ်တိုင်က အလင်းတိုင် (၄) တိုင် ထွန်းညှိပူဇော်ပြီး ဆုတောင်းပတ္ထနာပြုရပါမည်။

၃။ နောက်ထပ်ရောက်ဆဲအသက် (၃၀) ကို (၁၂) ပေါင်းသော် (၄၂) ရပါ မည်။ ၎င်း (၄၂) ကို (၄) ဖြင့်စားပါက (၂) ကြွင်းပါသည်။

တစ်ဖန် ရောက်ဆဲအသက် (၃၀) ကိုတည်၍ (၆) နှင့်မြှောက်သော် (၁၈၀) ရပါသည်။ ထို (၁၈၀) ကို (၄) ဖြင့်စား က အကြွင်း သုညရပါမည်။ သို့အတွက် ညောင်ပင်ကြီး တစ်ပင်တွင် ယပ်တောင် (၆) ခု လှူဒါန်း ပေးရပါမည်။

ပြန်ကောက်ရှင်းပြရလျှင် -

နံပါတ် (၁) နည်းအရ ရောက်ဆဲ အသက်ကိုတည်၍ နှစ်ဆယ်ပေါင်း၊ လေးဖြင့်စား၍ သုညကြွင်းလျှင် ညောင် ပင်တွင် သဲဖြူငါးစိတ် (ပြည်တောင်းနှင့် နှစ်ဆယ်ပြည်) လှူပေးခင်းပေးပါ။

နံပါတ် (၂) နည်းအရ ရောက်ဆဲ အသက်ကိုတည်၍ လေးနှင့်မြှောက်၊ လေးနှင့်စား၍ သုညကြွင်းလျှင် ဆီမီး လေးတိုင် လူနာကိုယ်တိုင် လှူပေးပါ။ လူနာမထနိုင်က ကိုယ်စားပြုပေးပါ။

နံပါတ် (၃) နည်းအရ ရောက်ဆဲ အသက်ကိုတည်၍ ဆယ့်နှစ်ပေါင်း၊ လေးဖြင့်စား၍ သုညကြွင်းလျှင် ညောင် ပင်တွင် ရေကြည်ရေသန့်ဆယ့်နှစ်ခွက် လောင်းလှူပေးပါ။ လူနာကိုယ်တိုင် လောင်းလှူနိုင်လျှင် ပိုကောင်းပါသည်။ လူနာမထနိုင်က ကိုယ်စားပြုလှူပေးပါ။

နံပါတ် (၄) နည်းအရ ရောက်ဆဲ အသက်ကိုတည်၍ ခြောက်နှင့်မြှောက်၊ လေးဖြင့်စား၍ သုညကြွင်းပါက ညောင် ပင်တွင် ယပ်တောင်ခြောက်ချောင်းလှူ ပေးပါ။ လူနာကိုယ်တိုင်လှူဒါန်းနိုင်က ပိုကောင်းပါသည်။ လူနာမထနိုင်ပါက ကိုယ်စားပြုပေးပါ။

အထက်ပါ ကုသိုလ်ဆက်ယတြာ ပြုပေးပါက နာတာရှည်ဖျားနာနေသူ သည် ဆေးကောင်းဝါးကောင်း၊ ဆရာ ကောင်းသမားကောင်းနှင့် အမြန်တွေ့ပြီး အမြန်ကျန်းမာလာမည်ဖြစ်ပါကြောင်း ထုတ်နုတ် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

**ကျမ်းကိုး-**

ရွှေဟောင်းမဟာဘုတ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com

ညဥ့် (၁၂) နာရီမှာ ကိုထွန်းရီ အိပ်ရာကထသည် မစိမ်းမြကိုနှိုးသည်။ လင်မယားနှစ်ယောက်ကိုယ်လက်သန့်စင်သည်။ ပြီးနောက် ကိုထွန်းရီက နွားများကို အစာကျွေးသည်။ မစိမ်းမြက ထမင်းတစ်အိုးတည်သည်။

မစိမ်းမြညီမ အေးမြက သစ်ခေါင်းခွရွာသားနှင့် အိမ်ထောင်ပြုသည်။ အေးမြတို့ မင်္ဂလာဆောင်သွားရမည်။

နံနက်(၁)နာရီတွင် ကိုထွန်းရီတို့ ပေါက်တောရွာမှထွက်ခဲ့ကြသည်။ လှည်းကို သွက်သွက်မောင်းထွက်လာသည်။ လှည်းပေါ်မှာ ကိုထွန်းရီအစ်ကို ကိုထွန်းကြည်နှင့် မစိမ်းမြမောင်အငယ်ဆုံး အေးမြအောက်ကကောင် ကိုလင်း၊ ကိုထွန်းရီသားနှစ်ယောက်၊ သမီးတစ်ယောက်ပါလာသည်။

လရောင်က အားမကောင်းလှ။ ကြယ်ရောင်မှုသာအလင်းရှိသည်။

ရွာသာကြီးကိုဖြတ်သည်။ ရွာသာကြီးက အိပ်မောကျနေဆဲ။ လက်ဖက်ရည်ဆိုင်များက မပြင်ဆင်ကြသေး။ ဈေးလေးက အိပ်မောကျနေဆဲ။

လှတောလမ်းဆုံကိုရောက်သည်။

"ဘယ်နှနာရီထိုးပြီလဲ"

ဟု ကိုထွန်းရီက လှည်းမောင်းရင်းဘေးမှာထိုင်လျက်ပါလာသော အစ်ကိုကိုထွန်းကြည်ကိုမေးသည်။ကိုထွန်းကြည်က သူ့နာရီကို အနည်းငယ် လက်ကိုမြှောက်ပြီးကြည့်၏။ ညကြည့်၍ရသောနာရီဖြစ်သည်။

"နှစ်နာရီကျော်ကျော်ရှိသေးတယ်"

ဟု ဖြေသည်။

လှတောရွာသည် လမ်းဆုံနှစ်ခုရှိ၏။

စစ်ကိုင်း - ရွှေဘို ကားလမ်း၏ အရှေ့ဘက်မှာရှိသည်။



# ကိုဇော်ဝင်း
## (လှတော)
# တောရကျောင်း လှည်းလမ်းပေါ်က နို့တစ်လုံးတောင်းသောမိန်းမ

www.burmeseclassic.com

www.burmeseclassic.com

စခန်း ပထမဆုံးတွေ့ရသော ...ဆုံက အရှေ့သွားသော် ဝက်လက် ...ဆိမ့်ကိုရောက်မည်။ ပထမလမ်းဆုံ ...အနောက်ဘက်တွင် ရေကျော်တံတား ...သည်။

ရေကျော်တံတားထိပ် ဆည်မြောင်း ...နှင့်ကပ်လျက် သရက်ပင်ကြီးတစ် ...ရှိ၏။ ထိုသရက်ပင်ကြီးအောက်က ...ကြော်ဆိုင်မှာ ကြော်နေပြီ ဖြစ်သည်။

စောသေးသည်။

တားလမ်းဘေးချပြီး လှည်းကို ...ထွန်းရီရပ်သည်။

"အကြော်စား၊ ရေနွေးကြမ်း သောက်ရအောင်"

ဟု ကိုထွန်းရီဆိုသည်။

အောက်ကို အားလုံးဆင်းသည်။

အကြော်ကြော်နေသောအမျိုးသမီး ကြီးတစ်ဦးနှင့် အမျိုးသားကြီးတစ်ဦးသာ ရှိ၏။ အမျိုးသားကြီးက စားပွဲဝိုင်းတစ်လုံး နှင့် ပြင်ဆင်ပေးသည်။

ရေနွေးကြမ်းတစ်အိုး၊ အကြော်စုံ တစ်ပွဲ၊ အကြော်စုံတစ်ပွဲတွင် တိုဟူး ကြော်၊ ဗယာကြော်၊ ပဲကပ်ကြော်၊ ဘူးသီး ကြော် အစုံပါရှိ၏။

မစိမ်းမြက ပုဆိုးဟောင်းတစ်ထည် ဖြင့်ထုပ်ပြီး ယူလာသောထမင်းအိုးကိုမ, လာသည်။ ဇလုံတစ်လုံးနှင့်ထည့်သည်။ ထမင်းက ဆီဆမ်းဆားဖြူး ဖြစ်သည်။

အခွံသင်ပြီး ကြက်သွန်နီဥ၊ အဖြူ ကြီးများပါထည့်၏။

အကြော်ဆိုင်မှ မန်ကျည်းသီးမှည့် အနှစ်၊ ငရုတ်စပ်စပ်အချဉ်ရည်တစ်ပန်းကန်ပေးပါ၏။





www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်နီဥကြီးများ တစ်ကိုက်၊ အကြော်တစ်ကိုက် ထမင်းတစ်ဇွန်းစားခဲ့ကြ၏။

ငရုတ်စပ်စပ်နှင့် မန်ကျည်းနှစ်ရည်က အရသာရှိသည်။

အိပ်မှုန်စုံမွှားနှင့် ကလေးသုံးယောက်ပင် တရှုံးရှုံးတရှဲရှဲစားသည်။ ရေနွေးကြမ်းပူပူကိုမှုတ်ပြီးသောက်သည်။

သစ်ခေါင်းခွကို နံနက် (၇) နာရီကျော်မှ ရောက်နိုင်သည်။

မင်္ဂလာဆောင်ကိုသွားသည်မှန်၏။ ဘယ်အချိန်မှာ ထမင်းကျွေးမည်ကို သတ်မှတ်၍မရ။ ထမင်းရုံမှာ လူပြည့်လျှင် အချိန်ကြာကြာစောင့်ရသည်က ရွာဓလေ့ဖြစ်၏။

ကလေးများကဟန်မဆောင်တတ်၊ ကလေးများဆာကြမည်။ သို့ဖြစ်၍ မစိမ်းမြ ထမင်းတစ်အိုးချက်ပြီးယူလာသည်။

"အကြော်ကလည်းကောင်းပါ့ဗျာ၊ ဖွင့်တာလည်း စောပါရဲ့ဗျာနော်"

ကိုထွန်းကြည်ကပြော၏။

အကြော်ဆိုင်မှ အမျိုးသားကြီးက -

"ပေါင်းနှုတ်ပေါင်းလိုက် ကန်သင်းခုတ်၊ ကန်သင်းတင်ရက်ဗျ။ နံနက်ခင်း အလုပ်သမားတွေအတွက် အလုပ်ရှင်တွေ ဟိုဘက်ရွာသည်ဘက်ရွာကလာယူကြတယ်။ ခဏနေရောက်လာကြတော့မှာပါ။ စက်ဘီးနဲ့တချို့၊ ဆိုင်ကယ်နဲ့တချို့လာကြပြီး မစောင့်ချင်ကြဘူးဗျ။ အဲသဟာနဲ့ ကိုယ်က ညဉ့် (၁၂)နာရီစပြီး ပြင်ဆင်လုပ်ကိုင်ရသဗျ။ သဟာတောင် မီရုံပဲရှိသဗျ"

ဟု ပြောပါသည်။

အကြော်ငါးပွဲကုန်၏။ ကျသမျှ ငွေရှင်း၏။

လှည်းပေါ် အားလုံးတက်ခဲ့ကြရသည်။

ပထမလမ်းဆုံ၏အနောက်ဘက် လေးငါးကိုက်အကွာ ရေဆိုးတံတားကို ကျော်ပြီး ဒုတိယလမ်းဆုံကိုရောက်သည်။

အနောက်တည့်တည့်ကိုသွားလျှင် မူးမြစ်တစ်ဖက်က အရာတော်မြို့နယ်။

မြောက်တည့်တည့်ကိုဆက်မောင်းခဲ့ရ၏။ (၁၄) မိုင်အကွာမှာ ရွှေဘိုမြို့ရှိသည်။

မောင်းမကြီးရွာကိုရောက်ပြီ။

အနောက်တည့်တည့် လှည်းလမ်းအတိုင်း ချိုးကွေ့လိုက်၏။ လှည်းနွားများက အလိုက်သိစွာသွား၏။

လမ်းမြောက်ဘက်တွင် မောင်းမကြီးရွာသချိုင်းကုန်းရှိသည်။ ချုံနွယ်ပိတ်ပေါင်းများက သချိုင်းတစ်ခုလုံးအုပ်မိုးထား၏။

လှည်းလမ်းကနက်၏။ အနံမပိုင်း ဘယ်ဘက်၊ ညာဘက် ကြီးမားသောပြဿဒ်ပင်များ၊ မိုးနံ့ချုံကြီးများရှိသည်။

လှည်းလမ်းတစ်ခုလုံး အမှောင်ရိပ်ကျသည်။

ပုံမှန်သွားနေသော နွားနှစ်ကောင်က တုံ့ဆိုင်းတုံ့ဆိုင်းလုပ်နေပါ၍ ကိုထွန်းရီက -

"ဟာ - ဘယ်လိုဖြစ်တုံးဟ"

ဟု ဆိုလျက် ကြိမ်ဖြင့် တစ်ချက်စီမရိုက်စဖူးရိုက်၏။

သို့သော် နွားများက မပြေးပါ။ တုံ့ဆိုင်းတုံ့ဆိုင်းပင်ရှိနေ၏။ လုပ်နေ၏။

ရေမြောင်းလေးအကွာ တံတားအဖြတ် ကြီးမားသော လက်ပံပင်ကြီးနှစ်ပင်အောက်အရောက်မှာ လှည်းရှေ့တည့်တည့်မှ ဆံပင်ဖားလျားချပြီး မိန်းမတစ်ယောက် လှည်းရှေ့မှရပ်နေပါသဖြင့် နွားနှစ်ကောင်လန့်ပြီး ဘေးဆွဲချမည်လုပ်နေပါသောကြောင့် ကိုထွန်းရီ နွားကြိုးများကို တင်းတင်းဆွဲပြီး ရပ်လိုက်ရ၏။

"ဟေ့ဟေ့-ဘာလုပ်တာလဲ၊ လှည်းရှေ့က ဖယ်ပါ"

ဟု ကိုထွန်းရီက လှမ်းအော်ပြောငြား ထိုမိန်းမက မဖယ်မရှောင် ရပ်နေဆဲ။

လှည်းကိုစူးစူးစိုက်စိုက်ကြည့်နေပုံမျိုးရှိသည်။

ရန်လိုပုံလည်းတွေ့ရ၏။ လှည်းပေါ်မှ ဖျတ်ခနဲ ကိုလင်း ခုန်ဆင်းသည်။ ကိုလင်းက လူငယ်ပီပီ စိတ်ဆတ်၏။

လမ်းပေါ်မှဖယ်ပေးရန် ကိုထွန်းရီက လေး၊ ငါးခါပြောသည်ကို ဂရုမစိုက်သဖြင့် ထိုမိန်းမကို ကိုလင်း ဒေါသဖြစ်ခဲ့၏။

"စိတ်မကောင်းဘူးနဲ့တူပါရဲ့ကွာ"

ဟု ကိုထွန်းကြည်ကပြော၏။

"လာ - လက်မလွန်စေနဲ့ဟ"

ဟု ကိုထွန်းရီက ကိုလင်းစိတ်ကို သိ၍ သတိပေးလိုက်ပါသည်။

"ဟာ - ဒီမိန်းမ သွားစမ်းကွာ"

ဟု ပြောပြောဆိုဆို ကိုလင်းက တွန်းပစ်လိုက်၏။ လမ်းတစ်ဖက်ရောက်သွားငြား ထိုမိန်းမလဲကျသွားခြင်းမရှိ။

"ဟဲ့ကောင်တွေ ငါ့နို့တစ်ဖက်ပြန်ပေး"

ဟု ထိုမိန်းမက ကိုလင်းကို စိန်းစိန်းအကြည့်နှင့်ပြောသဖြင့် ထိုမိန်းမကို ကိုလင်းတွန်းချိန် အေးစက်နေသော အထိအတွေ့ကြောင့် ကိုလင်း အံ့အားသင့်လျက်ရပ်နေသည်။

"ဟာ - ရှုပ်ရှုပ်ယှက်ယှက် ဘယ်က နို့တစ်ဖက်တုံး၊ ဘာတွေလာပြောနေတာတုံး"

ဟု ကိုလင်း ပြောပြီး လှည်းပေါ်တက်၏။

အားလုံးက ထိုမိန်းမကိုကြည့်နေကြ၏။ ကိုထွန်းရီပင် လှည်းမောင်းထွက်ရန် သတိမရ။

"ငါ့နို့တစ်ဖက်ပေါ့ဟဲ့။ ဒီမှာသေဟယ် နင်တို့လှီးယူသွားတာ။ ငါ့နို့တစ်ဖက်ပြန်ပေး"

ဟု ထိုမိန်းမ သူ့ရင်ဘတ်ကို လက်ဖြင့် ရိုက်၍အပြ -

အားလုံးမြင်ရချိန် -

"အောင်မလေးဗျ - သရဲမပါဗျ၊ မောင်းမောင်း၊ လှည်းမြန်မြန်မောင်း"

ဟု ကိုလင်းအော်တော့သည်။

လှည်းက ဆောင့်ပြီး ဒုန်းစိုင်းထွက်သွားပါသဖြင့် လှည်းမမှောက်အောင် ကိုထွန်းရီထိန်းမောင်းရသည်။ နွားကြိုးများကိုတင်းရသည်။

"လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ဟု မစိမ်းမြအော်သည်။

လှည်းလမ်းကြောင်းထိပ်တည့်တည့် တောင်ဘက်တွင် တောရကျောင်းတစ်ကျောင်းရှိ၏။ တောရကျောင်းတွင် ဆရာတော်ဦးနန္ဒိက စကြံလျှောက်နေသည်။

ကိုထွန်းရီ လှည်းကို လမ်းအတိုင်းဆက်မမောင်းပါဘဲ တောရကျောင်းအတွင်း မောင်းဝင်သည်။ နွားနှစ်ကောင်ကိုဆွဲရပ်သည်။

ဆရာတော်ကို ကိုထွန်းရီလှည်းပေါ်မှဆင်းပြီး ကန်တော့သည်။ မောနေသဖြင့် ဆရာတော်ကို ကိုထွန်းရီ မည်သို့မျှ မလျှောက်ဖြစ်သေး၊ မလျှောက်နိုင်သေး။

လှည်းလမ်းတစ်ဖက် လက်ပံပင်ကြီးနှစ်ပင်အောက် ရပ်ကျန်ခဲ့ပါသော မိန်းမ။

ထိုမိန်းမ-

အထက်ပိုင်းမှာ အဝတ်ဗလာ ကိုယ်ထီးသက်သက် ဘယ်ဘက်နို့တစ်လုံးကမရှိတော့၊ သွေးစိမ်းရှင်ရှင်ချင့်ကြီးဖြစ်လျက်။

မျက်လုံးနှစ်လုံးက တဖြည်းဖြည်းဝင်းဝင်းတောက်ကြီးလာပါ၍ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

…တ်အားတကြီးဖြစ်ခဲ့ကြရ၏။

တိုလင်းက ဆရာတော်ကိုမြင်တွေ့ …မှ လျှောက်တင်သည်။

တောရကျောင်း ဆရာတော်က …လုံးကို ဓမ္မာရုံဘုရားခန်းခေါ်ခဲ့၏။ …တန်တော့စေခဲ့၏။ သီလချီးမြှင့် …တော်ပါသည်။

…ရိုက်ရည်တိုက်သည်။ ကလေး …ယောက်ကို ပရိတ်ချည်ရစ်ပေးပါ၏။ …ဘက်တွင် အလင်းရောင်က …ကောင်းစွာကျနေပြီ။ နေ့အသစ် …

❑

အေးမြမင်္ဂလာဆောင်ရေ့ လှည်း …နဲ့ မင်္ဂလာအခမ်းအနားကပြီးလုနေ …ဖွည်းပစ္စယများသိမ်းနေပြီ။

အေးမြ မျက်နှာမကောင်း၊ မျက်နှာ …ည်လင်။

အမိအဖများ ဆုံးပါးခဲ့သည်က …ကြာပြီ။ သည်အစ်မသည် ညီမနှစ် …တ်ရှိပါသောအဖြစ်။ ဆိုရလျှင် …သည်အစ်မသာ အမေ၊ အေးမြအတွက် …တိုးရာ အားထားရာ တစ်ဦးတည်း …သော အစ်မ။

ညအိပ်လာသင့်ပါလျက်၊ လာလိမ့် …တ်တု မျှော်ပါလျက် မရောက်လာ။ ည …မလာနိုင်တော့လည်း နံနက်စောစော …ရောက်လာကြမည်ဟုထင်ခဲ့၏။ မျှော်ခဲ့ …၏ နံနက်စောစောလည်းရောက်မလာ။

မင်္ဂလာဆွမ်းကပ်ချိန် အစ်မက …

သတို့သားမိဘများကို ကန်တော့ …ကြ၏။ အေးမြအစ်မကို ကန်တော့ချင် …၏ မင်္ဂလာပွဲဖြစ်၍ မျက်ရည်ကကျခွင့် …ရ မကျေနပ်ကြောင်းအမူအရာဖြင့် အစ်မကို ပြ၏။

လာမည့်လာတော့၊ ရောက်လာ …ည့်ရောက်လာတော့ မင်္ဂလာအခမ်း အနားသိမ်းချိန်။ သို့စင်လျက် သည်အစ်မ …စားရမှာစိုး၍ သိမ်းနေပြီဖြစ်သော ထမင်းရုံကို တစ်ဝိုင်းစာပြင်ခိုင်းပြီး ကျွေး …ခဲ့ရ၏။

မစိမ်းမြနှင့်ပါလာသူများ မစိမ်းမြ အပါအဝင်မျက်နှာမကောင်းကြ။ကလေး …သုံးယောက်ပင် ပျော်ရွှင်ကြပုံမျိုး မရ။ အေးမြသတိထားမိ၏။

ဟင် - သင်းတို့က ပြောင်းပြန်၊ ညီမကိုပင် စိတ်ဆိုးခွင့်မပေး။

အစ်မတို့ကို ထမင်းရုံမှာ ထမင်း ကျွေးပြီး မင်္ဂလာမောင်နှံ ကန်တော့ခဲ့ ကြ၏။

ခဲအိုကြီး ကိုထွန်းရီကသာ -

"သည်လင်သည်မယား အိုအောင် မင်းအောင်ပေါင်းကြရပါစေဗျာ"

ဟု ဆုပေး၏။ အစ်မနှုတ်က မည်သည့်စကားမျှထွက်မလာ။

ကြည့် - အခုလည်း ပြန်ကြတော့ မည်ဟု ဆို၏။ လှည်းပြင်နေပြီ။

အစ်မ အေးမြတို့ကိုဘာမကျေနပ် ပါလိမ့်။ အိမ်ထောင်ဖက်နှင့် အိမ်ထောင် ပြုမည့်ကိစ္စ အစ်မကိုတိုင်ပင်တော့ အေးအေးဆေးဆေးခွင့်ပြုခဲ့သည်ပါ။

ချစ်တီးမုန့်၊ လက်ဖက်ထုပ်၊ ချင်းထုပ်များထည့်ပေးလိုက်သည်။

မစိမ်းမြတို့လှည်း အိမ်ဝိုင်းထဲက ထွက်လာသည်အထိ အေးမြကမျက်ရည် အဝဲသားနှင့် ရပ်ကျန်ခဲ့သည်မို့ စိတ် မကောင်း။

မတတ်နိုင်။

အချိန်ရှိတုန်း ပြန်ချင်သည်။ မောင်းမကြိုရွာကိုဖြတ်ချင်သည်။လွန်ချင် သည်။ သို့ဖြင့် စိတ်မကောင်းစွာ ညီမ မင်္ဂလာဆောင်အချိန်မပေးနိုင်ပါဘဲပြန်ခဲ့ရ ၏။

မောင်းမကြိုရွာကိုသုံးနာရီရောက် ၏။

သို့တိုင် အလာလမ်း မဟုတ်။ တောရကျောင်းလှည်းလမ်းအတိုင်း ပြန် မလာ။ စိုင်နိုင်ခွေ့ကို တက်ပြီးမှ ကားလမ်းအတိုင်းမောင်းခဲ့သည်။

ပို၍ဝေးပါ၏။

တောရကျောင်းလှည်းလမ်းအတိုင်း မဖြတ်ရဘြား ကားလမ်းနှင့်ကပ်လျက် မောင်းမကြိုရွာသချိုင်းချုံနွယ်များအကြား က လှည်းလမ်းကလေး။

မလှမ်းမကမ်းမှာ လက်ပံပင်ကြီး နှစ်ပင်ထီးထီးရပ်လျက်။ စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဆိုင်းဆိုင်း တောရကျောင်း



ကလေး။ ထိုကားလမ်းပေါ်မှမြင်ရ၏။

တောရကျောင်းဆရာတော်အား လက်အုပ်ချီလျက် စိတ်ဖြင့် မစိမ်းမြ လှမ်းကန်တော့သည်။

"ငါ့နို့တစ်ဖက်ပေ့ါဟဲ့။ ဒီမှာလေ ဟယ် နင်တို့လိုးယူသွားတာ၊ ငါ့နို့ တစ်ဖက်ပြန်ပေး"

ဟု လှည်းရှေ့မှ ရပ်တောင်းသော မိန်းမ။

ကြောက်မယ်ဖွယ်ပါ။

အမှန်ပင် ထိုမိန်းမ -

အထက်ပိုင်းမှာ အဝတ်ဗလာ၊ ကိုယ်ထီးသက်သက် ဘယ်ဘက် နို့တစ်လုံးကမရှိတော့။ သွေးစိမ်းရှင်ရှင် ချိုင့်ကြီးဖြစ်လျက်။

အားလုံးမြင်တွေ့ခဲ့ရသောအဖြစ်။

ထိုအဖြစ်ကို ဆရာတော်ဦးနန္ဒက မိန့်ကြားလိုက်သည်လေ၊

❑

မောင်းမကြိုရွာ၌ ရဲမောင် လေးယောက်ရှိသည်။

ခြေတံရှည်သော ရဲမောင်ကို ခြေတံရှည်ရဲမောင်၊ ကုလားနှင့်တူသော ရဲမောင်ကို ကုလားရဲမောင်၊ သူ့မိန်းမ မခင်အုဖြစ်၍ အုရဲမောင်၊ ဝမ်းဗိုက် အလွန်ကြီး၍ ဗိုက်ပြဲရဲမောင်။

ထိုသို့ ခေါ်ဝေါ်အသိအမှတ်ပြုခဲ့ ကြသည်။

ဗိုက်ပြဲရဲမောင်သည် လူမိုက်ဓားပြ ဖြစ်၏။

ကိုယ့်ရပ်ကိုယ့်ရွာကိုပြန်မတိုက်ဘြား ကျေးရွာလုံခြုံရေးအတွက်ခေါင်းစဉ်ဖြင့် ငွေကြေးတတ်နိုင်သူများကို အလှူခံ၏။ အိမ်ဝိုင်းဆဲရစ်သည်နှင့်ထည့်ကြရ၏။

ဗိုက်ပြဲရဲမောင် ဖဲရှုံးအကြိမ်ရေနှင့် အမျှ လုံခြုံရေးစရိတ်ကြီး၏။

ဘယ်သူမှမျက်နှာမပျက်ရဲ ပြုံးပြုံး ရွှင်ရွှင်ထည့်ကြရ၏။

ဗိုက်ပြဲသည် ဗိုက်ထွက်ခန္ဓာကိုယ် ဝသမျှ ပေ့ါပါးသွက်လက်သူ ဖြစ်၏။

ဗိုက်ပြဲသည် လောင်းကစား ဝါသနာကြီးဘြား အရက်သေစာကြိုက် သူမဟုတ်။ သောက်စားတတ်သူမဟုတ်။

ပြုံးပြုံးလေးဖြင့်မိုက်သူ၊ ဗိုက်ပြဲပြုံး လေ ကြောက်စရာကောင်းလေဟု ပြော ကြ၏။

ဗိုက်ပြဲ ဓားပြတိုက်သည်၊ အဝေး နယ်များမှာ ဖြစ်၏။

ရွာမှ လကြာကြာပျောက်သွား တတ်၏။ တပည့်တပန်းလည်းများသည့်

www.burmeseclassic.com

ပေါသည်။

ဗိုက်ပြူက အရက်သေစာမကြိုက် ဖြူး မိန်းမတော့ကြိုက်၏။

မောင်းမကြီးရွာတွင် တရားဝင် မိန်းမသုံးယောက်ရှိ၏။ တစ်အိုးတစ်အိမ် စီထား၏။ ထို့အပြင် ဗိုက်ပြူက တစ်ရပ် တစ်ရွာတွင်လည်း တစ်ရွာတွင်တစ်ကျိ ဆောက်သေး၏။

မိန်းမကိစ္စကမ်းကုန်၏။

ဗိုက်ပြူကြိုက်လျှင် လင်ရှိမယား ကိုပင်မရှောင်။ လှင်ကို နှိပ်စက် မယား ကိုရအောင်ယူ၏။ ထို့ထက်ဆိုးသည်က ဗိုက်ပြူသည် တပည့်တပန်းများ၏ သား မယားများကို အလွတ်မပေး။ သမီးပျို များကိုပင် ဖျက်ဆီးသေးသည်။

ဗိုက်ပြူက မိန်းမတစ်ယောက်ကို ကြာကြာမပေါင်း။

ဗိုက်ပြူ ကြာကြာပေါင်းသော၊ မြတ်မြတ်နိုးနိုးရှိသော မိန်းမတစ်ယောက် ရှိခဲ့၏။ ထိုမိန်းမက မောင်းမကြီးရွာသူ လေး ဖြစ်၏။ အသက် (၁၈) မျှသာရှိ သေး၏။

ဗိုက်ပြူ၏စတုတ္ထမြောက်တရားဝင် လည်း ဖြစ်၏။

အသက် (၁၈) နှစ်အရွယ် လှသွေး ကြွယ်ဝ ဆင်းရဲသူလေး၊ ဖခင်ကြီးမရှိ တော့။ လယ်ပိုင်ယာပိုင်မရှိ။ ကြုံရာ ကျပန်း လုပ်ကိုင်ကြရ၏။

ထိုမိန်းကလေးကို ဘဝတူကောင် ကလေးတစ်ယောက်ကကြိုက်၏။ နှစ်ဦး ရင်းရင်းနှီးနှီးလည်းရှိ၏။ အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး စုမိဆောင်းမိချိန် ယူကြ မည် ဖြစ်၏။

ထိုမိန်းကလေးကို ဗိုက်ပြူက ကြင်ရာတော်အဖြစ် အလိုရှိပါသည်ဟု ကြေညာ၏။ ကောင်လေးကို ဗိုက်ပြူ တပည့်တပန်းများ အနိုင်အထက်ပြုကျင့် ကြ၏။

ကောင်လေးရွာမှထွက်ပြေးရ၏။

ဗိုက်ပြူက ကြေညာသည့်အတိုင်း ကောင်မလေးကို မင်္ဂလာဆောင်အခမ်း အနားဖြင့် ယူခဲ့၏။ ရွာလယ်တွင် သုံးပင် နှစ်ခန်းအိမ်နှင့်ထား၏။

ထိုကောင်မလေးက ဝေဝေဟု အမည်နာမရှိသဖြင့် ဗိုက်ပြူက တစ်ဝေ တည်းဝေနေတော့သည်။ ဗိုက်ပြူ ရွာမှ ထွက်သွား၏။ ရက်ပိုင်းမျှဖြင့် ပြန်လာ သဖြင့် ရွာကအံ့ဩကြ၏။

သို့စေကာမူ ဗိုက်ပြူအရကြီးရလာ သည်ဟု ကြားကြရ၏။

စစ်ကိုင်းနယ်ဘက် ရွာကြီးတစ်ရွာ မှာတိုက်ခဲ့၏။ မထင်မှတ်ဘဲ ရွှေထည်၊ ငွေထည်၊ တန်ဖိုးကြီးကျောက်ထည်အစုံ အတိုက်ခံအိမ်မှရလာသည်။

လပြည့်ည။

ရွာအပြင်ဘက်မှဆူဆူညံညံကြား ရ၏။ ရွာလမ်းတစ်လျှောက်လည်း ခွေးများထိုးဟောင်ကြသည်။ လူဆယ် ယောက် လက်နက်အပြည့်အစုံဖြင့် ဝင်လာခြင်း ဖြစ်၏။

"တိုက်ရာပါပစ္စည်းအပြည့်အစုံမရ ပါဘဲ လက်မလွှန်စေနဲ့"

ဟု ညှိနှိုင်းခဲ့ကြ၏။ စစ်ကိုင်းနယ် ဘက်မှ ဗိုက်ပြူတပည့်များ ဖြစ်၏။

ရသမျှ ခွဲမပေးဘဲ လစ်လာ၍ ဒေါသဖြစ်နေကြ၏။

ဗိုက်ပြူက ပါးသည်။ အိမ်ရှေ့ဝင်း တံခါးပွင့်သွားသည်နှင့် အိပ်ခန်းပြတင်း တံခါးမှ လျှောဆင်းပြေးသည်။

ဝေဝေ့ကိုမိသည်။ ဗိုက်ပြူထွက် သွားသည်။

ဗိုက်ပြူတပည့်များအကြီးအကျယ် ဒေါသထွက်သွားကြသည်။ ထိုအချိန် ရွာမှလည်း ဓားပြ၊ ဓားပြဟုဆိုလျက် ဗိုင်း သည်။

မိုးပေါ်ထောင်လျက် သေနတ် ငါးချက်ဖောက်သည်။

"ဟေ့ကောင်တွေဘယ်သူမှမကပ် နဲ့။ မင်းတို့နဲ့မဆိုင်ဘူး။ ဗိုက်ပြူနဲ့စာရင်း ရှင်းဖို့လာတာ စာရင်းရှင်းပြီး ပြန်မှာ ဟေ့"

ဟု ဓားပြတစ်ယောက်က အော် ပြောသည်။

သေနတ်ကိုယ်စီပါကြသဖြင့် ရွာ ကလည်း မကပ်ဝံ့မချင်းဝံ့။

တစ်ညလုံး တစ်ရွာလုံးကို ထောင်း ထောင်းကြေရှာသည်။ ဗိုက်ပြူကိုမတွေ့။

သို့ဖြင့် နံနက်လေးနာရီ ဗိုက်ပြူ တပည့်များ ရွာကထွက်သည် ။

အနောက်ဘက်ကို ဦးတည်စေ။

မောင်းမကြီး သချိုင်းပေါ်မှ ဓားပြ များက ဝေဝေ့ကို ရွှေထည်၊ ငွေထည် များယူပြီးလာပါ။ အသက်ကိုချမ်းသာ ပေးပါမည်ဟု အကြိမ်ကြိမ်အော်ခိုင်း၏။

ဗိုက်ပြူ ထွက်မလာ။ ဗိုက်ပြူကို စောင့်ရင်း သောက်ကြ၊ စားကြ၏။

နောက် ဝေဝေ့ကို ဓားပြများက သားမယားအဖြစ်ပြုကျင့်ခဲ့ကြသည်။

အရှေ့ကအလင်းရောင်များထွက် လာချိန် ဗိုက်ပြူတပည့်များ မရှိတော့။ သို့သော် တောရကျောင်းသွား လှည်း လမ်းကြောင်းထဲတွင် ဝေဝေ့ကို သတ် ထားခဲ့ကြသည်။

အရက်စက်ဆုံးဖြစ်သည်။

ဝေဝေ၏ ရင်သားဘယ်ဘက်တို ဓားဖြင့်လှီးယူသွားခဲ့ကြသည်။

မောင်းမကြီး ရွာသူရွာသားများ တောထွက်လာချိန် ဝေဝေ့အဖြစ်ဆိုးကို တွေ့သွားခဲ့ကြသည်။ မြင်ခဲ့ကြရ၏။

တစ်ရွာလုံးထွက်လာခဲ့ကြ၏။

ဝေဝေက အပေါ်ပိုင်းအကျီမရှိ တော့။ သွေးစိမ်းရှင်ရှင်နှင့် ဒဏ်ရာကြီး ပက်လက်အနေအထားဖြင့် မမြင်ရက်စရာ။

စဉ်ဖြင့် ဝေဝေသည် ညဥ့်နက် ချိန်ရောက်လာသမျှ ယောကျ်ားသား များကို သူ့နို့တစ်ဖက်ပြန်ပေးရန် လှည်း လမ်းပေါ်မှတောင်းနေသည်။

ထိုသတင်းကြောင့် ရွာသူရွာသား များ မဖြတ်ရဲမသွားရဲဟု ဆို၏။

❑

လှတောလမ်းဆုံကို မည်သို့ဖြတ် ခဲ့သည်၊ ရွာသာကြီးကို မည်ပုံကျော်ခဲ့ သည်မသိ လှည်းပေါ် ပါသမျှ တစ်ဦး တစ်ယောက်ကမျှ စကားဆိုခြင်းမရှိ။

တစ်လျှောက်လုံး ကိုထွန်းရီ နွား များကိုမောင်းလာသည်။

မည်သည့်နေရာမျှမနားခဲ့။ နွား များပင်ပန်းခဲ့ကြ၏။ အပြန်ခရီးမို့ နွားများ က သွက်သွက်ပြေးခဲ့ကြသည်။ မအော် မငေါက်ခဲ့ရ၊ ကြိမ်မတို့ခဲ့ရ။

အိမ်ဝိုင်းထဲကိုဝင်ခဲ့၏။ ကိုထွန်းရီ လှည်းပေါ်ကဆင်းပြီး လှည်းဦးထောက် သည်။ နွားများကိုဖြုတ်ပြီး နွားစာကျင်း မှာ ရေတိုက်သည်။

အားလုံး လှည်းပေါ်ကဆင်းသွား ကြဖြူး မစိမ်းမြ မဆင်းသေး။

ဆရာတော်ဦးနန္ဒိက မိန့်ကြား သမျှ နားထဲမှာကြားနေဆဲ။

ကိုထွန်းရီလှည်းနားကပ်လာပြီး -

"ဟာ - ဒီမိန်းမ လှည်းပေါ်က ဆင်းတော့လေဟာ။ ပစ္စည်းတွေလည်း ချဦး"

ဟု ဆိုပါမှ -

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဟု မစိမ်းမြက ကယောင်ကတမ်း စကားပြန်ပြောလျက် ဖိနပ်ကလေးနှစ် ဖက် လှည်းပေါ်ကပစ်ချ၊ လှည်းအောက် ကို လူကခုန်ချလိုက်ရပါတော့သည်။

ကိုဇော်ဝင်း (လှတော)



www.burmeseclassic.com

www.burmeseclassic.com

# ဆလိုင်းငွန်းသိန်း(ရမည်းသင်း)

# ကျွဲနွားအသုတ်နာရောဂါ

## (တီဘီရောဂါ)

ကျွန်တော် မြင်းခြံမြို့နယ် ဆီမီးခုံ ဆေးရုံမှာ တာဝန်ထမ်းဆောင်စဉ်တုန်းက ရန္တပိုဆိုတဲ့ရွာကြီးကို ရောက်ခဲ့တယ်။ ဆီမီးခုံနဲ့ (၃) မိုင်လောက်ဝေးတယ်။ ဧရာဝတီမြစ်ကမ်းနဘေးမှာပေါ့။ ရန္တပိုဆိုတာ မြန်မာသမိုင်းမှာ ထင်ထင်ရှားရှားရှိခဲ့တဲ့ ရွာကြီးပေါ့။ အင်္ဂလိပ်နဲ့ မြန်မာ ရန္တပိုစာချုပ်ချုပ်ခဲ့တာလေ။ စီးပွားရေးကလည်းကောင်းတယ်။ ရန္တပိုအိုးဆိုတာ နာမည်ကြီးပေါ့။ တစ်ရွာလုံးအိုးလုပ်ကြတယ်။ လှေတွေ၊ မော်တော်တွေတည်ဆောက်ပြီးရောင်းကြတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးတွေလည်း လုပ်ကြပါတယ်။ ဧရာဝတီမြစ်ကမ်းနံဘေးမှာရှိတဲ့ ရွာဆိုတော့ တံငါလုပ်ငန်းတွေလည်း လုပ်ကိုင်တယ်။ ကျွန်တော်ကတော့ ရန္တပိုရောက်ခင် ပုစွန်တုပ်ကြော်၊ ငါးကြော်၊ ငါးတီကြော်တွေနဲ့ သောက်တော့တာပဲ။ ရေနွေးကြမ်းကို ပြောတာပါ။ မြစ်ပုစွန် လတ်လတ်ဆတ်ဆတ်ဆိုတော့ ကောင်းကောင်းပဲ။

ရန္တပိုရွာက ကိုကျော်အေးကလာခေါ်လို့လိုက်သွားတာ။ နှစ်ယောက်သား မော်တော်ဘီးလေးနဲ့ မြစ်ကမ်းနံဘေးအတိုင်း ဆင်းလာကြတာ မောလို့မောမှန်းမသိဘူး။ လေတဖြူးဖြူးနဲ့ မြစ်ထဲမှာ သွားလာစုန်ဆန်နေတဲ့ လှေတွေ၊ မော်တော်တွေကိုကြည့်လိုက်၊ တောတောင်ရေမြေတွေကြည့်လိုက်ပေါ့။ ဒါနဲ့ပဲ ရန္တပိုရွာကို ရောက်သွားတော့တာပဲ။ ကိုကျော်အေးမှာ နွားအုပ်ရှိတယ်။ နွားမ(၃)ကောင်က အတော်ရှည်ချောင်းဆိုးနေလို့ ကျွန်တော့်ကို လာခေါ်တာပါ။ ကိုကျော်အေးတို့ အိမ်ဝိုင်းကလည်းကျယ်တယ်။ ကျွန်တော်တို့ နွားခြံနားက သရက်ပင်အောက်မှာထိုင်ကြတယ်။ သရက်ပင်ကလည်း အကြီးကြီး၊ အရိပ်ကောင်းတယ်။ ထိုင်လို့မှ ငါးမိနစ်လောက်ပဲရှိသေးတယ်။ နွားခြံထဲက ချောင်းဆိုးသံတွေကြားနေရပြီ။ ကျွန်တော်က နွားခြံကို လှမ်းကြည့်လိုက်တော့ ကိုကျော်အေးက ပြောတယ်။

"အဲဒီနွားတွေပဲဆရာ။ ချောင်းဆိုးနေတာ တစ်လကျော်သွားပြီ။ နို့ထွက်ကောင်းတဲ့နွားမတွေပေါ့ ဆရာရယ်"

– ဗမာနွားတွေပါပဲ။သုံးကောင်လုံး နွားပြာမတွေပါ။ အဲဒါနဲ့ ကျွန်တော် သုံးကောင်စလုံး ဆွဲခိုင်းလိုက်တယ်။ သေသေချာချာကြည့်လိုက်တော့ နွားမသုံးကောင်လုံးပိန်နေပြီ။ နားကြပ်နဲ့ စမ်းသပ်လိုက်တော့ အသက်ရှူသံကပြင်းတယ်။ လေပြွန်တွေပါရောင်နေကြတယ်။ အဆုတ်တွေလည်းရောင်နေပြီး အဖျားငွေ့ငွေ့လည်းရှိတယ်။ တစ်ခါတစ်ရံ ပါးစပ်ထဲမှာသွေးစတွေတွေ့တယ်လို့ ပြောပါတယ်။ နွားမ (၃) ကောင်လုံး တစ်ပုံစံတည်းပါပဲ။ဒါနဲ့ နွားခြံအကြောင်း မေးကြည့်တော့ လွန်ခဲ့တဲ့(၆)လလောက်က နွားမတစ်ကောင် ဒီပုံစံနဲ့ သေသွားဖူးတယ်ပြောပါတယ်။ နွားအသေကောင်ကိုဖျက်တော့ ခန္ဓာကိုယ်အနှံ့မှာအကြိတ်တွေတွေ့တယ်လို့ပြောပါတယ်။

သေချာပါပြီ၊ ကျွန်တော် ထင်သလိုပါပဲ နွားပြာမ(၃)ကောင် အဆုတ်နာတီဘီရောဂါ ဖြစ်နေပါပြီ။ ကျွန်တော် နွားကိုစမ်းသပ်ပြီး လက်ဆေးနေတုန်း သရက်ပင်အောက် စားပွဲပေါ်မှာ နွားနို့ တစ်ခွက်ရောက်နေပါပြီ။

ကျွန်တော်က ကိုကျော်အေးကို မေးပါတယ်။

"နွားနို့ကိုပွက်အောင်ချက်ရဲ့လား"

"ချက်ပါတယ်ဆရာ။ ကျွန်တော်တို့ရွာက သူနာပြုဆရာမကပြောလို့ ပွက်အောင်ချက်ပါတယ်။ ဒါပေမယ့် နောက်ကျသွားပါတယ် ဆရာ။ ကျွန်တော့်သမီးလေး တီဘီရောဂါဖြစ်လို့ မြို့ဆေးရုံမှာ ဆေးကုနေရတယ်"

ဟုတ်ပါတယ်။ တိရစ္ဆာန်ကနေ လူကို ကူးစက်နိုင်တဲ့ရောဂါတွေ အများကြီးရှိပါတယ်။ ရှေးရှေးတုန်းက လူကြီးတွေက သွားကန်တော့ရင် ဆုပေးကြတယ်။ (၉၆) ပါး အနာရောဂါကင်းပါစေတဲ့။ အခုခေတ်မှာ ရောဂါပေါင်း (၁၀၀) ကျော်နေပါပြီ။ အခုခေတ်မှာကတော့ တီဘီရောဂါက စနစ်တကျဆေးကုရင် အမြန်ပျောက်ကင်းနိုင်ပါတယ်။ အဲဒါကြောင့် နွားနို့သောက်မယ်ဆိုရင် ကျက်အောင်ချက်ပါ၊ ပွက်အောင်ချက်ပါလို့ ပြောလိုက်ချင်ပါတယ်။ ကိုကျော်အေး နွားကိုတော့ လွယ်လွယ်ကူကူနဲ့ရတဲ့ မြန်မာတိုင်းရင်းဆေးတွေနဲ့ ကုလိုက်ပါတယ်။

ဆင်တုံးမနွယ်တစ်တောင်ကိုနုပ်နုပ်ပါအောင်စဉ်းပါ။ ဆားလက်(၃)ဆုပ်ထည့်ပါ။ ရေ (၃) ပုလင်းထည့်ပါ။ ချင်း(၅) ကျပ်သားကို လှီးပြီးထည့်။ ပြီးတော့ သုံးခွက်တင်ကျိုလိုက် တစ်နေ့ တစ်ခွက်နှုန်းနဲ့ (၇) ရက်ဆက်တိုက်ပါ။ ဒီဆေးနဲ့ (၃) နာရီခြားပြီးတော့ ဇဝက်သာ(၁)ကျပ်သားကို ရေနွေးနဲ့ဖျော်ပြီးတိုက်လိုက်ပါ"

လို့ ပြောခဲ့ပါတယ်။

သင့်တော်တဲ့ ပိုးသတ်ဆေးတွေလည်း ထိုးပေးခဲ့ပါတယ်။

နောက်(၃)လလောက်ကြာတော့ နွားတွေ ချောင်းဆိုးပျောက်သွားတဲ့အကြောင်းနဲ့ နွားပြာမ (၃)ကောင်ဝလာလို့ ရောင်းတဲ့အထဲမှာ ထည့်လိုက်တယ်လို့ ပြောပါတယ်။ နွားနို့သောက်ရင်တော့ ကျိုချက်ပြီး ပွက်မှသောက်ကြနော်။ ဘယ်တော့မှ အစိမ်းမသောက်နဲ့။

ဆလိုင်းငွန်းသိန်း(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



# မောင်သန်းဆွေ
(ထားဝယ်)

## ကိုးကျောင်းဒကာစာရေးတော်ကြီးနတ်



**□ ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ်**

ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ် ဆိုသူမှာ တောင်ပြုန်းမင်းနှစ်ပါးနှင့် ကွင်းဆက်နတ်(၉)ပါးရှိသည့်အနက် နတ်တစ်ပါးဖြစ်ပါသည်။ ထိုကွင်းဆက်နတ်(၉)ပါးမှာ ပုပ္ပားမယ်တော်၊ ခင်မသာ၊ တောင်တော်စုံသခင်မ၊ မစောခင်၊ ကိုရင်မောင်၊ နှံ့ထိန်းမယ်တော်၊ နှမတော်နတ်၊ ဂူတော်ရှင်မနတ်နှင့် ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ်တို့ ဖြစ်သည်။

ပုပ္ပားမယ်တော်နတ်မှာ တောင်ပြုန်းမင်းနှစ်ပါး၏ မယ်တော်ဖြစ်သည်ကို သိကြပါသည်။ ခင်မသာနတ်ဆိုသည်မှာ ပုဂံပြည် ပုဏ္ဏားအမတ်တစ်ဦး၏ သမီး မယ်ခေမာဆိုသူဖြစ်သည်ဟု ဆိုပါသည်။ ပုပ္ပားမယ်တော်ကချစ်၍ လိပ်ပြာနုတ်ပြီး နတ်ဖြစ်သွား၍ မွေးစားထားသည်ဟုဆိုသည်။အချို့က ပုပ္ပားမယ်တော်၏အခြွေအရံဟုလည်းဆိုပါသည်။(ဤအကြောင်းကို ပုပ္ပားမယ်တော်နှင့် ကသည်းနတ် ပတ်သက်မှုကို စာရေးသူ ရေးပြီးပြီ။) တောင်တော်စုံသခင်မနတ်မှာ မရွှေဥဖြစ်သည်။ မစောခင်နတ်မှာ မရွှေဥက ချစ်ခင်သည့်အတွက် လိပ်ပြာနုတ်၍ ခေါ်ယူထားသဖြင့် မရွှေဥ၏အခြွေအရံ ဖြစ်လေသည်။ ကိုရင်မောင်နတ်မှာ မရွှေဥ၏ခင်ပွန်း ဖြစ်သည်။ နှံ့ထိန်းမယ်တော်နတ်မှာ တောင်ပြုန်းမင်းနှစ်ပါး၏ လူ့ဘဝက နှံ့ထိန်း ဖြစ်သည်။ မင်းနှစ်ပါး ကွပ်မျက်ခြင်းခံရကြောင်းကြားသဖြင့် ရင်ကွဲနာကျ၍သေဆုံးသောကြောင့် နတ်ဖြစ်သည်ဟု ဆိုပါသည်။ နှမတော်နတ်မှာ ၎င်းနှံ့ထိန်းမယ်တော်၏သမီး၊ တောင်ပြုန်းမင်းနှစ်ပါးနှင့် နို့စို့ဖက် ဖြစ်သည်။ မောင်တော်နှစ်ပါးကို လွမ်းဆွတ်ရင်ကွဲနာကျ သေဆုံး၍ နတ်ဖြစ်သည်ဟု ဆိုပါသည်။ ဂူတော်ရှင်မနတ်မှာ မန္တလေးဘိုးတော်၏ နှမအထွေးဆုံး၊ ရှင်ကွနတ်၏ညီမ ဖြစ်သည်။

ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ်သည် တောင်ပြုန်းမင်းညီနောင် လူ့ဘဝက အတူနေ၍ စာရင်းအင်းရေးမှတ်ပေးရသူ ကိုးကျောင်းဒါယကာ စာရေးတော်ကြီး ဦးသာနိုး ဖြစ်သည်။

လောင်းကစားနှင့် သောက်စားမှု



www.burmeseclassic.com

www.burmeseclassic.com

ယစ်ပျော်ပါးတတ်ပြီး သူ၏ဇနီးမှာ မဘို့မယ်ဖြစ်သည်ဟုလည်း ဆိုသည်။ အနော်ရထာမင်းကြီး တရုတ်ပြည်က အပြန် ဧတောင်ပြုန်းအရပ်တွင် ဆုတောင်းပြည့်ဘုရားတည်စဉ် ရွှေဖျဉ်းညီနောင်နှစ်ပါးကို ဦးသာနိုးက အသောက်အစားသင်ပေးသဖြင့် အပျော်အပါးလွန်ပြီး အမှုထမ်းလစ်ဟင်း၍ကွပ်မျက်ခံရသည်။

ထိုသို့ မင်းနှစ်ပါး ကွပ်မျက်ခံရသည်မှာ 'ငါ့ကြောင့်'ဟု ဆိုပြီး စိတ်ညစ်၍ အသောက်လွန်ရာမှ သေဆုံးသွားသည် ဆိုပါသည်။ အချို့ကလည်း မင်းနှစ်ပါးနှင့်အတူ ဦးသာနိုးပါ အကွပ်မျက်ခံရသည်ဆို၏။ ထိုကြောင့် နတ်ဘဝတွင် မင်းနှစ်ပါး၏နန်းတော်၌ မင်းနှစ်ပါးနှင့်အတူ လက်ယာဘက်တွင် သီးခြားအဆောင်ဖြင့်စံမြန်းကာ သီးခြားကန်တော့ခံနေရခြင်း ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ အမြတ်တော်ကြေးကိစ္စဖြင့် အမှုအခင်းဖြစ်နေသူများ



www.burmeseclassic.com

www.burmeseclassic.com

က အထူးတလည် ကိုးကွယ်ပသကြသည်။ 'စာရင်းဟောင်းပိတ်၍ စာရင်းသစ်ဖွင့်ပေးပါဘုရား' ဟု စာရေးတော်ကြီးထံ ဆုတောင်းကြသည်။ ကိုးကျောင်းဒကာ စာရေးတော်ကြီး ဦးသာနိုးအတွက် တောင်ပြုန်းရွာစွင် သီးခြားနတ်ကွန်းလည်းရှိပါသည်။ စာရေးတော်ကြီး ဦးသာနိုးနတ်နန်းမှာ တောင်ပြုန်းနန်းတော်ကြီးအနီးတွင်ပင်ရှိသည်။ ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ်နန်းမှဆိုင်းမှာ အလွန်ကောင်းသည်ဟု နတ်လောကၣ် အပြောရှိသည်။

အပြင်ကနားများတွင် နောက်ဆုံးနေ့ ပွဲသိမ်းနတ်လမ်းခင်းရာၣ် ကိုးကျောင်းဒကာ စာရေးတော်ကြီးဦးသာနိုးကို စတီချော့ကြသည်။ ဆိုင်းက 'အာကာကိုလွှာပုံပြုပါလို့၊ မေယုကိုတဲ့ စုတ်တံချီ' သီချင်းဖြင့် တီးပေးသည့်အခါ လက်ဖဝါးပေါ်တွင် စာရေးဟန်ပြု၍ ချော့ရပါသည်။

□ **အဘညိုကြီး**

အဘညိုကြီးနှင့်ပတ်သက်၍ သီးခြားနတ်သမိုင်း မတွေ့ရပါ။

ကျော်လေးကျော် စားတော်တိုက်သည့်အခါ သီးခြားတစ်ပွဲအနေနှင့် အဘညိုကြီးကို စားတော်တိုက်သည်။ အရက်တစ်ခွက်(ထန်းရည်တစ်ခွက်)နှင့် ထမင်းဦးပေါင်းတစ်ပန်းကန် သို့မဟုတ် ခေါက်ဆွဲကြော်တစ်ပွဲ တင်ဆက်ရသည်။ ကျော်လေးကျော်စားတော်စာမှတောင်း၍ ကြက်ကြော်ရင်အုပ်တစ်ဖဲ့ သို့မဟုတ် ပေါင်တစ်ဖဲ့အားဖဲ့ပြီး အဘညိုကြီး၏ စားတော်စာတွင်ထည့်လိုက်ရသည်။

ကျော်လေးကျော် စားတော်စာ စွန့်သည့်အခါ စကောထဲတွင် ဖက်ခင်း၍ ကျော်လေးကျော်စားတော်စာမှ အနည်းငယ်စီလေးပုံပုံ၍ ထည့်ရသည်။ ကျန်အနည်းငယ်ကို စားကြရသေးသည်။ သို့သော် အဘညိုကြီး၏ စားတော်စာကို မူမစားရပါ။ အားလုံးသွားစွန့်ရပါသည်။ ဆုတောင်းရာၣ်လည်း အဘညိုကြီးကို-

"ကျွန်တော်၊ ကျွန်မတို့၏ အိမ်ဂေဟာကို ရန်သူမျိုးငါးပါးဘေး၊ မကောင်းကြံစည်သူတို့ဘေးမှ စောင့်ရှောက်ပေးပါ။ ရန်သူဟူသမျှကိုအဘညိုကြီး တံတောင်ဖြင့် ထောင်းပေးပါ"

ဟု ဆုတောင်းရသည်ဟူ၏။

သို့ကြောင့် အဘညိုကြီးကို အချို့က ပခန်းမင်း၏တပည့်၊ အိမ်တော်ဝန်ဟူ၍လည်း ပြောကြသည်။ ပွဲကနားများတွင် အဘညိုကြီးကို စားတော်စာ သီးခြားဆက်သည်။



ကိုးကျောင်းဒကာ စာရေးတော်ကြီးနတ်

□ **ရွှေကြာဥ**

ရွှေကြာဥ ခေါ် မကြာဥ၏ နတ်သမိုင်းကိုလည်း အထူးစုံစမ်း၍မရပါ။ မမနှဲ(မနှဲလေး)၏အခြံအရံနတ်သူငယ်မဟုသာ ပြောကြသည်။ မမနှဲချော့လျှင် မကြာဥကိုပါပြင့်၍ချော့သည်။ မမနှဲကဲ့သို့ပင် ကလေးနတ်ကလေးအနေဖြင့် ချော့ရသည်။

□ **ရွှေဘီးလင်းဘိုးတော်နှင့် နှမတော်ရှမ်းမလေး**

**မော်ဘီဦးမောင်လေးနှင့် အမေဘော**

**ပလောင်မောင်နှမနှင့်ကရင်မောင်နှမ**

အထက်ပါ ဝန်း(၃၇)မင်းစာရင်းဝင်နတ်တို့၏ နတ်သမိုင်းကို စုံစမ်း၍မရသေးပါ။ သို့သော် နတ်ကနားများ၏ နောက်ဆုံးရက် သို့မဟုတ် ပွဲသိမ်းနတ်လမ်းခင်းသည့်အခါ ၎င်းတို့ကို စတီချော့သည်။ ရွှေဘီးလင်းဘိုးတော်နှင့် နှမတော်ရှမ်းမလေးကို အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ရှမ်းဆိုင်းဖြင့် နတ်လမ်းခင်းသည်။ မော်ဘီဦးမောင်လေးနှင့် အမေဘောတို့ကိုလည်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ရှေ့နောက်နတ်လမ်းခင်း၍ စတီချော့သွားသည်။ ပလောင်မောင်နှမကိုလည်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ပလောင်ဆိုင်းဖြင့် နတ်လမ်းခင်းသည်။ ကရင်မောင်နှမနတ်ကိုလည်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ကရင်ဆိုင်းဖြင့် နတ်လမ်းခင်းရာၣ် စတီချော့သွားပါသည်။

ဤတွင် ဝန်း (၃၇) မင်းနတ်များအကြောင်းပြီးပါပြီ။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ထုတ္တန့်သိမ်ပုထိုးတော်ကြီးအဝင်ဝ ...တ်လမ်း လက်ယာဘက် ကျောက် ...ရုပ်ကြွနံပါတ် (၅၁) လက်ရာကို ... ရေးဆွဲထားသော ပုံဆွဲဒီဇိုင်း ...ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရား ...၏ လက်ယာဘက်တွင် တွေ့ရှိ ...ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ ...ခင်အုပ်မှအပေါ်ပိုင်းကျိုးပဲ့သွားလေ ...သတ်များနှစ်ဖက်လည်း ကျိုးပဲ့သွား ...ကိုတွေ့ရှိရပါသည်။ မူရင်းကျောက် ...ရုပ်ကြွအမြင့် (၂၉) စင်တီမီတာခန့်၊ ...ယ် (၃၇) စင်တီမီတာခန့်နှင့် အထူ ... စင်တီမီတာခန့်ရှိပါသည်။ လက် ...ချောင်းကို အောက်သို့ အနည်းငယ်ချ ...ထောင်ဆစ်မှကွေးကာ ဘုရား ...တော့နေဟန်တွေ့ရှိရပါသည်။ လက် ...ချောင်းစလုံး၏ လက်ကောက်ဝတ် ...တွင် တစ်ဖက်လက်ကောက် (၅) ကွင်း ...ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၆) ၏ နောက်ကျောတွင် ...တ်စအစွန်းနှစ်ဖက်ကို လေမှာလွင့် ...သလို ထက်အောက်ချထားသည်ကို ...ရှိရပါသည်။တဘက်စထက်အောက် ...ကို ဖောင်းရစ်များဖြင့် အနားသတ် ...ပြီး အဖျားဘက်ကို ဖောင်းပြားတစ် ...ခံကာ ဆံမြိတ်များသဏ္ဌာန် အစင်းကြောင်းကလေးများဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပြားတစ်ပြားပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ပြားထက်အောက်တွင် ဖောင်းနှစ်ဆင့်ဖော်ထားပြီး ဖောင်းနှစ်ဆင့်အလယ်တွင် ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်အပေါ် ထက်မှတင်၍ ကွန်ခြေကာပြားတစ်ပြားကို ပေါင်ပေါ်တွင် အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ဤကွန်ခြေကာပြားတွင်လည်း အနားရစ်ဖောင်းနှစ်ဆင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ပေါင်အထက်နှင့် ဒူးရှေ့တွင် ခါးပတ်စတစ်စကိုလွှင့်လွှားထားပါ၏။ ခါးပတ်ကြိုးစအဖျားတွင် အထက်ဖောင်းနှစ်ဆင့်၊ အောက်ဖောင်းနှစ်ဆင့်ခံ၍ အနားသတ်ထားကာ အလယ်တွင် အချောသာ တွေ့ရှိရပါသည်။ အပြားတွင် ဖောင်းပြားတစ်ပြားခံ၍ ဆံမြိတ်သဏ္ဌာန်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုပ်၍ထိုင်ထားပါ၏။ ကုပ်ထားသောဒူးကို ဘယ်ဘက်တွင်ထားပြီး ခြေဖနှောင့်ကို ညာဘက် တင်ပါးတွင် ကပ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားကိုထောက်၍ ခြေချောင်းကို ဘယ်ဘက်သို့ လှည့်ထားပါသည်။


ခန္ဓာကိုယ်အောက်ပိုင်းတွင် ဝတ်ထားသည့်လုံချည်ကို အချောသာတွေ့ရှိရပြီး ခြေချင်းဝတ်လောက်အရောက်တွင် လုံချည်အောက်နားအဖြစ် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ လုံချည်အောက်နားအဆုံးတွင် ဖောင်းနှစ်ဆင့်ခံကာ ဖောင်းပြားနှစ်ဆင့်အထက်တွင် ခပ်စောင်းစောင်းအစင်းကြောင်းကလေးများဖြင့် အဆင့်ဆင့်အလှဆင်ထားပါသည်။ ခပ်စောင်းစောင်းအစင်းကြောင်းကလေးများအထက်တွင် ဖောင်းပြားတစ်ပြားထပ်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၆)ဒီဇိုင်းလက်ရာ၏ဝတ်ဆင်ထားမှုမှာ သူ့ခေတ်နှင့်မဆီးလှသော ဝတ်ဆင်မှုလက်ရာတစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

# မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု (၂)

ဗန်းချိုထူးလှ (ရှေးဟောင်းသုတေသန)



ပုံ (၇)



ပုံ (၆)

ပုံ (၇) သည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏ဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၅၃) လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမန်ငယ်လက်ယာဘက်တွင် တွေ့ရှိနိုင်ပါ၏။ မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၅၅) စင်တီမီတာခန့်၊ အကျယ် (၂၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၅) စင်တီမီတာခန့်ရှိပါသည်။ ကျောက်ရုပ်ကြွလက်ရာမှာ မကိုဋ်တော်(ဖောင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

ကို အဆင့်သုံးဆင့်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အောက်ဘုံဆင့်မှ အပေါ်သို့အဆင့်ဆင့်ငယ်သွားသည်ကို တွေ့ရှိရပါသည်။ မျက်နှာကို ခပ်ဝန်းဝန်းတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်လက်ရာတွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ ပီပီပြင်ပြင်မတွေ့ရှိရတော့ပေ။ နားနှစ်ဖက်တွင်သာ နားတောင်းဝန်းကြီးများပန်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါ၏။

လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကွေးကာ လက်ဖျားနှစ်ဖက်ကို ဘယ်ဘက်သို့ပူး၍ထုတ်ထားပါသည်။ ပူးထားသောလက်နှစ်ချောင်းကို အပေါ်သို့ အနည်းငယ်မြှင့်ကာ ကြာဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ကြာဖူးမှာ ဘုရားကိုပူဇော်ထားခြင်း ဖြစ်ပါလိမ့်မည်။ ခန္ဓာကိုယ်အနေအထားကို ဘယ်ဘက်သို့စောင်းထားပါသည်။ ခါးတွင် ခါးပတ်သုံးဆင့်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ပေါ်မှ ကွန်ခြေကာပြားတစ်ပြားကိုလည်း ပေါင်ပေါ်တွင် အပြားလိုက်တင်ထားသည်ကို တွေ့ရှိရပါသည်။ ကွန်ခြေကာပြားပတ်ပတ်လည်ကို ဖောင်းနှစ်ဆင့်ဖြင့် အနားကွပ်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်အထက်တွင် ခါးကြိုးစတစ်စကို ပေါင်ပေါ်အထက်တွင် ဒေါင်လိုက်တင်၍ ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးပတ်အဖျားအထက်နား၊ အောက်နားကို ဖောင်းပြားဖြင့် အနားသတ်ထားပါ၏။ အဖျားတွင် ဖောင်းပြားတစ်ဆင့် ဒေါင်လိုက်ရပ်စောက်ပိတ်ကာ ဆံမြိတ်သဏ္ဌာန်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဒူးဆစ်နားအထိဖြန့်၍ချထားပါ၏။

ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း ဒူးကွေး၍ကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ကွေးထားသောဒူးကို ဘယ်ဘက်သို့လှည့်ထားပါသည်။ ဖနောင့်ကို ညာဘက်တင်ပါးတွင် ကပ်ထားပါသည်။ ခြေဖျားကိုကော့၍ ထောက်ထားပါ၏။ ကော့ထားသော ခြေချောင်းများကို ဘယ်ဘက်သို့ လှည့်ထားပါသည်။ အရုပ်၏အောက်ပိုင်းတွင် ပုဆိုးဝတ်ထားသည့်သဏ္ဌာန် ခြေမျက်စိလောက်တွင် အရစ်ဖော်ထားပါသည်။ ပုဆိုးအောက်နားကို ဖောင်းပြားနှစ်ဆင့်ဖြင့် အနားသတ်ထားပြီး ဖောင်းပြားနှစ်ဆင့်ကြားတွင် ခပ်စောင်းစောင်းအစင်းကြောင်း အဆင့်ကလေး


ပုံ (၈)

များဖြင့် အလှဆင်ထားပါသည်။ ပုံ (၇) ဒီဇိုင်းလက်ရာသည်လည်း ရိုးရှင်းသောယောကျ်ားဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၈) ဒီဇိုင်းလက်ရာပုံဆွဲမှာ ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက်နံရံမှ ကျောက်ဆစ်ရုပ်ကြွလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၅၄) လက်ရာဖြစ်ပြီး ဘုရားမုခ်ငယ်လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၀) စင်တီမီတာခန့်၊ အကျယ် (၂၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၉) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ♦

မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာမှာ ဝတ်ဆင်ထုံးဖွဲ့မှု အဆင်တန်ဆာများ ပီပီပြင်ပြင်မတွေ့ရှိရဘဲ ချောမွတ်ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၈) ဒီဇိုင်းလက်ရာ ဆံထုံးတော်ကို အဆင့်သုံးဆင့်ဖြင့်ထုံးထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးဆင့်နှင့် အောက်ဆင့်မှာ သေးပြီး အလယ်ဆင့်မှာကြီးသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်မှာ ညာဘက်သို့စောင်းထိုင်နေပြီး မျက်နှာဘယ်ဘက်သို့ စောင်းကြည့်နေသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ မျက်နှာမှာလုံးပြီး နားနှစ်ဖက်ကားကာ နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာတွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တွင် ပီပြင်စွာမတွေ့ရှိရတော့ပေ။ သဘာဝဘေးအန္တ

ရာယ်ကြောင့် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ်နှစ်ရစ်သာ ပေါ်လွင်လှသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အပေါ်ပိုင်း အတို အဝတ်အစားများလည်း ချောမွတ်သေးသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှ ခပ်ကွေးကွေးကလေးထားပြီး လက်နှစ်ချောင်းကိုပူးကာ အဖျားကိုမြှောက်ထားပါသည်။ ပူးထားသောလက်ဖျားနှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် ကြာရိုးထောင်၍ အဖူးကို ခပ်စောင်းစောင်းလဲကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ဘုရားပူဇော်နေဟန် ကြာဖူးကို လက်နှစ်ဖက်ကို ညာဘက်သို့ ထုတ်ထားပါ၏။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်ပြားကြီးတစ်ဖက်တစ်ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကို အရစ်သဏ္ဌာန်လေးသာ တွေ့ရှိရပါ၏။

ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးနှစ်ဖက်ကုပ်၍ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ကုပ်ထားသော ဒူးနှစ်ဖက်ကို ညာဘက်သို့ထုတ်၍ ဖနောင့်ကို ဘယ်ဖက်တင်ပါးတွင် ကပ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားကို ခြေချောင်းများကွ၍ ထောက်ထားပါ၏။ ကွထားသော ခြေဖျားကို ညာဘက်သို့လှည့်ထားပါသည်။ ခြေချင်းဝတ်လောက်ထွင် ထဘီအောက်နားကို အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီတွင် အဆင်တန်ဆာများမတွေ့ရှိရတော့ဘဲ အချောသာ ကျန်ရှိသည်ကို တွေ့ရှိရပါတော့သည်။ မူလက ဤအမျိုးသမီးရုပ်ကြွဆင်ယင်ထုံးဖွဲ့မှုမှာ လက်ရာလှပခဲ့လိမ့်မည်ဟု ယူဆသော်လည်း ပုံ (၈) အနေအထားမျိုး လက်ရှိအခြေအနေတွင် အချောသာတွေ့ရှိရသည်ကို စိတ်မကောင်းစရာပင် တွေ့မြင်ရပါတော့သည်။

ပုံ (၉) ဒီဇိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၅၅) လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမုခ်ငယ်လက်ယာဘက်တွင် တွေ့ရှိနိုင်ပါ၏။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၁) စင်တီမီတာခန့်၊ အကျယ် (၂၉) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၁) စင်တီ



www.burmeseclassic.com

www.burmeseclassic.com

ပုံ (၉)



...ခန့် ရှိပါသည်။ မူရင်းကျောက်ဆစ် ...ကြွလက်ရာတွင် ဗောင်းတော်အပေါ် ...ချောနေသည်ကို တွေ့ရှိရပါသည်။ ...ကိုလည်း လုံးသွယ်စွာတွေ့ရှိရပါ ...သည်။ မျက်နှာပီပြင်မှုမရှိတော့ပေ။ နှာ ...နှစ်ဖက်၌ နားတောင်းသည်လည်း ...လေးသာတွေ့ရှိရပါသည်။ လည် ...လည်း ကျိုးပြတ်နေသည်ကို တွေ့ရှိ ...ပါသည်။ လက်ဖျားလည်းပြတ်နေပါ ...။ ပုဆိုးအဆင်တန်ဆာများလည်း ...ချောနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၉) ဒီဇိုင်းလက်ရာ၏ ဗောင်း ...တော်မှာ အပေါ်ပိုင်းချောပြီး ခပ်ချွန်ချွန် ...တွေ့ရှိရပါသည်။ ဗောင်းတော်အောက် ...ပိုင်းတွင် ဖောင်းလုံးနှစ်ဆင့်ခံထားပြီး ...ဖောင်းလုံးနှစ်ဆင့်တွင်လည်း အပေါ် ...ဖောင်းလုံးကြီးပြီး အောက်ဖောင်းလုံး ...သွယ်သည်ကို တွေ့ရှိရပါသည်။ မျက်နှာ ...ပြင်တွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ...ခံတို့ ပီပြင်မှုမရှိတော့ပေ။ နားနှစ် ...ဖက်တွင် နားတောင်းတစ်ဖက်တစ်ခု ...ဆင်ထားပါ၏။ လည်ပင်းတွင်လည်း ...လည်ရစ်ကလေးတစ်ရစ်သာ ရေးရေး ...လေးပေါ်နေသည်ကို တွေ့ရှိရပါသည်။ ...ကျန်လည်ရစ်များချောမွတ်သောပေပြီ။ ...ဘယ်ဘက်ပခုံးနှင့် ညာဘက်ချိုင်းကြား ...အောက်တွင်တဘက်(ပုဆိုးပိုင်း)တစ်ပိုင်း ...ကို ပတ်ရစ်ထားပါသည်။ ပတ်ရစ်ထား ...သည့် တဘက်စနှစ်စကို နောက်ကျော ...တွင် တစ်စချထားပြီး ကျန်တစ်စကို ရှေ့ ...တွင်ချထားကာ အဖျားကို တင်ပါးတွင် ...၍ချထားသည်ကို တွေ့ရှိရပါသည်။ ...ဘက်စအဖျားတွင် ကန့်လန့်ဖြတ် ...ဖောင်းတစ်ဆင့်ခံပြီး ဆံမြိတ်ကလေးများ သဏ္ဌာန် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

လက်နှစ်ချောင်းကိုလည်းအောက်သို့ အနည်းငယ်ချကာ တံတောင်ဆစ်မှ ကွေး၍ အဖျားကို အပေါ်သို့ထောင်ထားပါသည်။ ထောင်ထားသော လက်နှစ်ဖက်ကိုပူး၍ ကြာဖူးကလေးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်ပြားကြီးတစ်ဖက်တစ်ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင်လည်း ဘယက်ကြိုးသဏ္ဌာန် အရစ်နှစ်ရစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပြားတစ်ပြားကိုပတ်ထားပါ၏။ ခါးပတ်စတစ်စကို ပေါင်ရှေ့တွင် ဒေါင်ထောင်၍ အပြားလိုက်ဖြန့်လွှင့်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ပြားအစတွင် အထက်ဖောင်း၊အောက်ဖောင်း အနားသတ်ဖော်၍ အဖျားတွင် ရပ်စောက်ဖောင်းပြားတစ်ပြားကန့်လန့်ခံကာ အစင်းကြောင်းကလေးများဖြင့် ဆံမြိတ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ပေါ်တွင် ဣန္ဒြေကာပြားနှစ်ဆင့်ချထားသည်ကိုလည်း တွေ့ရှိရပါသည်။ ဣန္ဒြေကာပြားအဆင့်များတွင် အနားသတ်ဖောင်းပြားများဖြင့်တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုတ်၍ ဘယ်ဘက်သို့ လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို ညာဘက် တင်ပါးတွင်ကပ်၍ ခြေဖျားထောက်ကာ ထောက်သောခြေဖျားကို ဘယ်ဘက်သို့ကော့၍လှည့်ထားပါသည်။ ခြေချင်းဝတ်လောက်တွင် ပုဆိုးကို အရစ်ဖော်ထားပါ၏။ ပုဆိုးတွင် အဆင်တန်ဆာများပါရှိသည်ကို မတွေ့ရှိရပေ။ ဤပုံ (၉) အမျိုးသား ဒီဇိုင်းလက်ရာသည်လည်း ဝတ်ဆင်ထားပုံမှာ သူ့ခေတ်နှင့် အဆင်အပြင်ကောင်းသော လက်ရာတစ်ခုဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

ပုံ (၁၀) ဆွဲ ပုံဒီဇိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုက်ပတ်လမ်းလက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၆၄) လက်ရာကို ကူးယူရေးဆွဲထားသော ဆွဲပုံဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၅၁) စင်တီမီတာခန့်၊ အကျယ် (၃၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၁) စင်တီမီတာခန့် ရှိပါသည်။ ကျောက်ဆစ်ရုပ်ကြွလက်ရာတွင် လည်ပင်းနှင့်လက်ဖျားများ ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၀) ၏ ဦးခေါင်းပေါ်တွင် ထုံးထားသော ဆံထုံးမှာ အဆင့်လေးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်တွင် ပွင့်ဖတ်သုံးခုဖြင့် ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါ၏။ ပွင့်ဖတ်သုံးဖတ်တွင် အလယ်ပွင့်ဖတ်ကြီး၍မြင့်ပြီး လက်ဝဲ၊ လက်ယာပွင့်ဖတ်များမှာ ငယ်သည်ကို တွေ့ရှိရပါသည်။ အပေါ်အောက် ဒုတိယအဆင့်မှာ ဘေးပိုကျယ်ပြီး ထူသည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက် ပိုငယ်၊ ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ စတုတ္ထအဆင့်သည်လည်း တတိယအဆင့်ထက် ပိုငယ်ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပါ၏။ နားနှစ်ဖက်ကားနေပြီး နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးလေးကိုင်းသဏ္ဌာန်တွေ့ရှိရပြီး မျက်လုံးသွယ်သည်ကို တွေ့ရှိရပါသည်။ နှာခေါင်းတိုပြီး နှာဝကားသည်။ ပါးစပ်ပြုံးနေပါ၏။ အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းထူသည်ကို တွေ့ရှိရပါသည်။ ပါးရေတွန့်လည်း ပါရှိသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှသည်ကို တွေ့ရှိရပါသည်။ ပခုံးသားနှစ်ဖက်ကို တဘက် (ပုဆိုးပိုင်း) ကလေးဖြင့် ခြုံထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးပိုင်းတွင် အနားသတ်ဖောင်းပြားများဖြင့် ကွပ်ထားပြီး အလယ်တွင် လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားပါသည်။ ညာဘက်လက်၊ လက်ကောက်

ပုံ (၁၀)





www.burmeseclassic.com

www.burmeseclassic.com

ဝတ်နှင့် တံတောင်ဆစ်ကြားတွင် ပုဆိုးပိုင်းကို ခေါက်၍တင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှကွေးကာ လက်ဖျားနှစ်ဖက်ကိုပူး၍ အနည်းငယ်မြောက်ထားပါသည်။ လက်ဖျားတွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားကို ပူဇော်နေဟန်တွေ့ရှိရပါသည်။ လက်နှစ်စလုံး၏ လက်ကောက်ဝတ်တွင်လည်း လက်ကောက်ပြားကွင်း တစ်ဖက်လေးကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးကို ညာဘက်ဘေးသို့ ထုတ်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၀) အမျိုးသမီး၏ အင်္ကျီဝတ်ထားပုံမှာ ရင်ဘတ်တွင် ရင်သားဖုံးအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် အင်္ကျီအနားသတ်ဖောင်းတွန့်နှစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ ဖောင်းတွန့်နှစ်တွန့်အောက်တွင် ရပ်စောက်လှိုင်းတွန့်များဖြင့် အလှဆင်ထားပါသည်။ အင်္ကျီအပေါ်ပိုင်းလှိုင်းတွန့်နှင့် အောက်ပိုင်းလှိုင်းတွန့် တူညီမှုမရှိသဖြင့် အပေါ်ပိုင်းအင်္ကျီမှာ ရင်ဖုံးအင်္ကျီ၊ ရင်ဖုံးပြားဖြစ်မည်ထင်ပါသည်။ အောက်ပိုင်းတွင် ဝတ်ဆင်ထားသည့်အင်္ကျီမှာ တင်ပါးဖုံးသည့်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အောက်ပိုင်းအင်္ကျီမှာ အနားသတ်ဖောင်းတွန့်နှစ်ခုနှင့် အကန့်လိုက်အကန့်လိုက်ရပ်စောက်ဖောင်းတန်းများလည်းဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ရပ်စောက်လှိုင်းတွန့်ကလေးများအလယ်တွင် ခပ်စောင်းစောင်းလှိုင်းတွန့်ကလေးများ အဆင့်ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်နှင့် ခြေသလုံးကိုပတ်၍ ဘယ်ဘက်တဘက်စကိုဖြန့်ကာချထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအစွန်းတွင်လည်း ရပ်စောက်အနားသတ်ဖောင်းပြားနှစ်ခုအလယ်တွင် ကန့်လန့်ဖြတ်လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားသည်။ လှိုင်းတွန့်ကလေးများအဆုံးတွင် ဖောင်းတွန့်နှစ်တွန့်ဖြင့် ခံထားပြီး အဖျားကို ဆံမြိတ်ကလေးများ သဏ္ဌာန် ရပ်စောက်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုတ်၍ ညာဘက်သို့လှည့်ထုတ်ထားပါသည်။ ဖနောင့်ကို ဘယ်ဘက်တင်ပါးတွင်ကပ်ကာ ခြေဖျားကိုကွ၍ထောက်ထားပါ၏။ ကွထားသောခြေဖျားကို ညာဘက်သို့လှည့်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ပေါ်တွင် ထဘီကို အထပ်၊ အရစ်ကြောင်း၍ ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအောက်ခြေအနားကို ခြေမျက်စိဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအနားရစ်ကို အောက်ဆုံးတွင် ဖောင်းပြားနှစ်ရစ်ဖြင့် အနားသတ်ထားပြီး ဖောင်းပြားနှစ်ပြား ညာဘက်တွင် အလျားလိုက်အစင်းကြောင်းများဖြင့် အဆင့်ဆင့်အလှဆင်ဖန်တီးထားပါသည်။ ထိုအစင်းကြောင်းကလေးများ လက်ယာခြက်တွင် ဖောင်းပြားတစ်ခုဖြင့် ဒေါင်လိုက်အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။

ဆွဲပုံ (၁၀) ဒီဇိုင်းလက်ရာ၏အမျိုးသမီးရုပ်ဝတ်ဆင်ထုံးဖွဲ့မှုမှာ သူ့ခေတ်သူ့အခါနှင့် သူ့လက်ရာကောင်း ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဝတ်ဆင်ထုံးဖွဲ့မှု လက်ရာများမှာ ရခိုင်ယဉ်ကျေးမှုအတွက် မြောက်ဦးခေတ်လယ်၏စံနမူနာယူထိုက်သော ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာများကို ကိုယ်တိုင်ကွင်းဆင်းကူးယူမှုမှတ်စု
၂။ တက်ထွန်းနီ(မြောက်ဦး)၊ ထင်ရှားသောမြောက်ဦးဘုရားသမိုင်းများ လမ်းညွှန် အမှတ် (၁) ၈/၁၉၉၇ ခုနှစ်
၃။ ရခိုင်မြန်မာပဏ္ဍိတ် ဦးဦးသာထွန်း၏ ရခိုင်ဆင်ယင်ထုံးဖွဲ့မှု ၅/၁၉၆၇ ခုနှစ်
၄။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနထုတ် မြောက်ဦးဒေသ ရှေးဟောင်း အဆောက်အအုံများ ၁၀/၂၀၁၅
၅။ မြောက်ဦးလမ်းညွှန်၊ ပြည်နယ်ပြည်သူ့ကောင်စီ

## ဘုန်းမြင့်
## ဆီးကျောက်တည်ရောဂါ လွယ်ကူစွာပျောက်စေသော နည်းကောင်းတစ်လက်

လက်ဖက်ရည်ဆိုင်မှာ အပေါင်းအသင်းများ စုဝေးဆုံမိကြတဲ့အခါ သောင်းပြောင်းထွေလာ ပြောကြဆိုကြရင်းက မြန်မာ့ဆေးဝါးများအကြောင်း ရောက်သွားတတ်ပါတယ်။ ဒီလိုနဲ့ပဲ ဆီးကျောက်တည်တဲ့အခါ ငွေကုန်ကြေးကျမများဘဲနဲ့ လွယ်ကူစွာပျောက်စေတဲ့ နည်းတစ်ခုကို လက်တွေ့ သုံးစွဲပျောက်ကင်းခဲ့တဲ့ မိတ်ဆွေတစ်ယောက်က ကိုယ်တွေ့အဖြစ် ဖောက်သည်ချလာပါတယ်။

သူ့ဆေးနည်းက အမယ်မများပါဘူး။ ငါးပုတ်သင်ခြောက်ရဲ့ခေါင်းထဲက ရလာတတ်တဲ့ သန္ဓေကျောက်ကို ရှေးဦးစွာ စုဆောင်းထားရပါမယ်။ ရလာပြီဆိုရင် သန္ဓေကျောက်သုံး၊ လေးခုကို လှော်ပြီး အမှုန့်ကြိတ်ရပါတယ်။ ပြီးတော့ အုန်းသီးနုနုတစ်လုံးကို ထိပ်ဝလုပ်ပြီး အမှုန့်ကြိတ်ထားတဲ့ ငါးကျောက်မှုန့်ကို အုန်းသီးထဲထည့်ဖျော်ပြီး အုန်းရည်ကို သောက်ရတာပါ။

အဲဒီလိုပြုလုပ်ပြီးတဲ့ ဆေးနည်းအတိုင်း သုံး၊ လေးရက်စီခြားပြီး အုန်းသီးသုံးလုံး သုံးကြိမ်လောက်သောက်ပြီးတဲ့အခါ သူ့မှာဖြစ်နေတဲ့ ဆီးကျောက်ဟာ ဆီးသွားတဲ့အထဲမှာ အရည်ပျော်ပြီးဆင်းသွားတယ်လို့ဆိုပါတယ်။ သူ့မှာရှိတဲ့ ရောဂါလည်းပျောက်သွားပါတယ်တဲ့။

အဲဒီဆေးနည်းလေးကို အများအကျိုးရှိအောင် ကျွန်တော် ဆောင်းပါးရေးဖို့ ခွင့်ပြုပါဆိုတော့ ရေးခွင့်ပြုတာနဲ့ ငွေကုန်ကြေးကျမများဘဲ အများအကျိုးဖြစ်စေမယ့် ဆီးကျောက်တည်ရောဂါ လွယ်ကူစွာပျောက်စေတဲ့ဆေးနည်းလေးကို မျှဝေပေးလိုက်ပါတယ်။ ဆေးနည်းပြောပြပေးခဲ့တဲ့ ဦးစိုးကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါတယ်။

ဘုန်းမြင့်(တောင်ပွင့်)



www.burmeseclassic.com

www.burmeseclassic.com

ဟိန်းဇေယျာ

# အစွမ်းထက် မြင်းခွာရွက်

မြင်းခွာရွက်ဟု ဆိုသည်နှင့် သူအတော်များများသိကြမည်ဟုထင်ပါသည်။ အထူးသဖြင့် အိမ်ရှင်မများနှင့်မူ ကျွမ်းဝင်ခြင်းရှိကြပေလိမ့်မည်။ အတို့အမြှုပ်အဖြစ်လည်းကောင်း၊ ဟင်းချိုအဖြစ် လည်းကောင်း ထမင်းဝိုင်းတွင် အနှန်ဟင်းတစ်ခွက်အဖြစ် ပါဝင်လေ့ရှိသည်။ များများစားသောက်ပေးပါက အသက်ရှင်စေသည်ဟုသာ သိထားကြသည်။

မြင်းခွာရွက်ကို သိပ္ပံပညာရှင်များက အသက်ရှည်ဆေးအဖြစ် အသိအမှတ်ပြုထားခဲ့သည်။ မြန်မာတိုင်းရင်းဆေးတွင်လည်း သက်ရှည်ဆေးအဖြစ် ဖော်စပ်သုံးစွဲကြသည်။ မြင်းခွာရွက်၏ သတ္တိထူးများအကြောင်းကို ဘုရားမပွင့်မီက ရေးသားထားခဲ့သော ရှေးသိဒ္ဓိယဆေးကျမ်းများတွင် ဖော်ပြထားရှိသည်။

မြင်းခွာရွက်ကို တရုတ်နိုင်ငံတွင်လည်း အသက်ရှည်ဆေးအဖြစ် ဖော်စပ်သုံးစွဲကြသလို လန်ဒန်မြို့ရှိ ဟိုမိုပက်တီဆေးကုဌာန၌ မြင်းခွာရွက်ကို အသက်ရှည်ဆေးတစ်ပါးအဖြစ် အသုံးပြုလျက်ရှိသည်။

မြင်းခွာရွက်နှင့်စပ်လျဉ်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျောက်ကပ်ရောဂါအထူးကု ဆရာဝန်ကြီးတစ်ဦးကမူ မြင်းခွာရွက်သည် ဆီးလမ်းကြောင်း၌ ဝေဒနာရှိသောပုဂ္ဂိုလ်များနှင့် အထူးသင့်လျော်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဆီးလမ်းကြောင်း၌ကျောက်တည်သောဝေဒနာ ဖြစ်ပွားနေသော ဝေဒနာရှင်များ သောက်သုံးသင့်သည်ဟု ၎င်း၏ အတွေ့အကြုံအရ အကြံပြုထားလေသည်။

(ဆရာဝန်တင်ရွှေ ရေးသားသော ဆရာဝန်များ လက်ခံသုံးစွဲသော မြန်မာနှင့် ကမ္ဘာ့ဆေးပင်များမှ ကောက်နုတ်ချက်ဖြစ်ပါသည်။)

ယနေ့ ထုတ်ဝေလျက်ရှိသော မြန်မာတိုင်းရင်းဆေးစာအုပ်များတို့တွင် မြင်းခွာရွက်၏ အာနိသင်များ၊ သက်သာပျောက်ကင်းစေသည့် ရောဂါဝေဒနာများအကြောင်း ဖတ်ရသည်မှာ အားကိုးသင့်သော ဆေးတစ်ပါးအဖြစ် ရေးသားဖော်ပြကြသည်။ မည်ကဲ့သို့သောဝေဒနာရောဂါအား ထိရောက်စွာ ကုသနိုင်သည်၊ ကာကွယ်နိုင်သည်ဟူ၍ တိကျသေချာသော သောက်သုံး၊ သုံးစွဲသည့်လူနာရှင်များနှင့် တွေ့ဆုံမှတ်တမ်းတင်ခြင်း အားနည်းသည်ကို တွေ့ရှိရပေသည်။

မြင်းခွာရွက်အား အမျိုးမျိုးအဖုံဖုံ ဆေးစပ်နည်းများ ဖော်ပြကြသည်။ အကျိုးသက်ရောက်ပုံများတို့ကိုလည်း ဝေဒနာရှင်များ အားကိုးချင်စရာ ရေးသားကြသည်ကို ဖတ်ရပေသည်။

ယခု စာရေးသူတို့လင်မယား၏ အတွေ့အကြုံကို တင်ပြပါမည်။

စာရေးသူတို့သည် မြင်းခွာရွက် အရည်အား အချိန်ကာလ (၂) နှစ်ကြာ သောက်သုံးခဲ့သည်။ ယနေ့ထက်တိုင် သောက်သုံးနေဆဲ ဖြစ်သည်။ ယခုတိုင် တစ်ပတ်လျှင်နှစ်ကြိမ်၊ သုံးကြိမ် မြင်းခွာရွက်ရည်ကို သောက်ကြပါသည်။

ဤသို့သောက်ခဲ့ရခြင်းအကြောင်းမှာ စာရေးသူ၏ အမျိုးသမီးက အစပြုခြင်းဖြစ်သည်။ အမျိုးသမီးမှာ တံတားမြို့ ကျောက်တန်းအပိုင်တွင်နေခဲ့စဉ်က ဖြစ်သည်။ သူ့အိမ်ရှေ့တွင် သဘာဝအလျောက်ပေါက်နေသော မြင်းခွာရွက်အခင်းရှိသည်။ ရွာတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မမွေးဖွားမီ လပိုင်းအလိုခန့်တွင် သူ့အိမ်ရှေ့မှမြင်းခွာရွက်လက်တစ်ဆုပ်ခန့်ကို ထောင်းပြီး အရည်ညှစ်ကာ သောက်ကြပါသည်။ အမျိုးသမီးက ရေတ်ဆုံဖြင့်ထောင်းလိုက် ညှစ်လိုက်၊ ထောင်းလိုက် ညှစ်လိုက်ဖြင့် အဖက်မှ အရည်မထွက်သည့်တိုင် ကူညီလုပ်ပေးရပါသည်။ ထိုစဉ်က ရွာသည် ဖွံ့ဖြိုးမှုမရှိသေးပါ။ ကိုယ်ဝန်ဆောင်များအတွက် အင်ဖရွန်ထိုးရခြင်းမရှိသလို သံဓာတ်အတွက် ဖောလစ်အက်စစ်သောက်ရမှန်းလည်းမသိကြ။ ထိုကိုယ်ဝန်ဆောင်များအား ဤသို့ မြင်းခွာရွက်ရည်သောက်ရမည်ဟု သူတို့မိဘဘိုးဘွားထံမှသိရသော မိရိုးဖလာ လုပ်ရိုးလုပ်စဉ်အတိုင်း သောက်သုံးကြခြင်းဖြစ်သည်ဟု ယူဆရပါမည်။ အလေးချိန်(၁၀)ကျပ်သားခန့် ထောင်းပါသည်။

ဆက်ပြီးတင်ပြပါမည်။ စာရေးသူတို့ ဇနီးမောင်နှံသည် အသက် (၆၀) ကျော်ရှိပါပြီ။ စာရေးသူသည် ယနေ့တိုင် မျက်မှန်မတပ်ရသေးပါ။ ဂျာနယ်တိုက်တစ်ခုတွင် စာပြင်၊အယ်ဒီတာလုပ်လျက်ရှိပါသည်။ စာရေးသူ၏အိမ်မှ ကုန်းအနည်းငယ်မြင့်သည့်နေရာတွင်ရှိသော ကားဂိတ်သို့ မိနစ် (၂၀) လမ်းလျှောက်ရပါသည်။ မောပန်းခြင်းလုံးဝမရှိပါ။ သွားလာရာတွင် သွက်လက်ပေါ့ပါးပါသည်။ တုန့်နှေးခြင်းမရှိပါ။ ကားတက်၊ ကားဆင်း ပေါ့ပါးပါသည်။ စာရေးသူ၏ ဇနီးမှာ ငယ်စဉ်ကတည်းက မျက်မှန်တပ်ရသူ ဖြစ်ပါသည်။ မျက်မှန်ဒီဂရီခဏခဏပြောင်းသဖြင့် မျက်မှန်မကြာခဏပြောင်းရသည်။ မြင်းခွာရည်သောက်ပြီးကတည်းက မျက်စိဒီဂရီတိုးခြင်းမရှိတော့ပါ။ ဇနီး၏မျက်မှန်ပါဝါမှာ အနုတ်ခုနစ်ရာဖြစ်သည်။

စာရေးသူတို့နေရာ သန်လျင် အမှုထမ်းရပ်ကွက်တွင် ရေတွင်းမှ ရေငင်ချိုးရသည်။ မိုးတွင်းအခါ ရေမသန့်သဖြင့် ကိုယ်ခန္ဓာတွင် အရေပြားယားယံလာပါသည်။ ထိုအခါ သောက်နေကျ မြင်းခွာရည်သောက်သဖြင့် ယားယံခြင်းဝေဒနာ ကြာရှည်ခံစားရခြင်းမရှိပါ။

ထိုတန်ဖိုးမဖြတ်နိုင်သော မြင်းခွာရွက်အကြောင်း သိချင်သဖြင့် တိုင်းရင်းဆေးသုတေသနထုတ် စာအုပ်များကို ရှာဖွေဖတ်ကြည့်ရာမှ အဓိကအချက်များကိုမှတ်သားပြီး မျှဝေလိုက်ပါသည်။

❑

| | | |
|---|---|---|
| မြန်မာအမည် | - | မြင်းခွာ |
| အင်္ဂလိပ်အမည် | - | Indian Penney |
| ရုက္ခဗေဒအမည် | - | Centella asiatica (Linn) urban |
| မျိုးရင်း | - | Apiaceae |

**တိုင်းရင်းဆေးအသုံး**

- ❑ သွေးအားနည်းခြင်း
- ❑ ပန်းနာရင်ကျပ်
- ❑ အသည်းရောင်အသားဝါ
- ❑ အရောင်ကျဆေး
- ❑ မှတ်ဉာဏ်အားဆေး

**ဆေးလက်တွေ့ဆေးဝါးဗေဒ**

- ❑ ဝမ်းကိုက်ရောဂါပျောက်စေသည်။
- ❑ အရေပြားရောဂါပျောက်စေသည်။
- ❑ ရောင်ရမ်းမှုကို သက်သာစေသည်။
- ❑ မျက်စိအားကောင်းစေသည်။

ဟိန်းဇေယျာ



www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဗြိတိသျှ အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်ကာလကား အောက်မြန်မာနိုင်ငံ ကျိုက်ထိုမြို့နယ်တွင် ထီးကထာဆိုသော ရွာကြီးတစ်ရွာရှိ၏။

ထိုထီးကထာရွာကြီးတွင် ကရင်အမျိုးသားများနှင့် မြန်မာအမျိုးသားများ နေထိုင်ကြ၏။ ထိုရွာကြီးသည် တောင်ခြေတစ်ခုတွင် တည်ရှိပြီး လယ်ယာစိုက်ပျိုးခြင်းနှင့် ဥယျာဉ်ခြံမြေများ လုပ်ကိုင်စားသောက်၍ အသက်မွေးဝမ်းကျောင်းပြုသော ရွာကြီးတစ်ရွာဖြစ်၏။

ထီးကထာရွာကြီးသည် အလွန်အေးချမ်းသာယာ၍ တည်ငြိမ်သောရွာကြီးတစ်ရွာဖြစ်၏။ အိမ်ခြေ (၃၀၀) နီးပါးခန့်ရှိ၏။ ကျိုက်ထိုမြို့မှ ခြေကျင်ခရီးသွားလျှင် နံနက် (၆) နာရီမှ စထွက်လျှင် နေ့လယ် (၁၂)နာရီခန့်မှရောက်၏။

ထိုရွာကြီးတွင် (၁၀)ရွာအုပ်သူကြီးတစ်ဦးရှိ၏။ သူကြီးက ကရင်အမျိုးသား စောမောင်အေးဖြစ်၏။ သူကြီးကတော်က မြန်မာလူမျိုး ဒေါ်အေးဖြစ်၏။ အမည်တူကြသော ဇနီးမောင်နှံဖြစ်၏။

ရွာသူကြီးနေထိုင်သော အိမ်ကြီးကား ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာသားတို့ဖြင့် ဆောက်လုပ်ထားသော ဆင်ဦးတိုက်အိမ်မြင့်မြင့်ကြီးဖြစ်၏။ အိမ်က တစ်တိုက်အိမ်ပါပဲ။ နွေအခါ အောက်ထပ်ဆင်းနေကြရန် သစ်သားကွပ်ပျစ်များကို ခင်းကျင်းပေးထား၏။

သူကြီး စောမောင်အေးသည် နာမည်နှင့်လိုက်ဖက်အောင်ပင်အေး၏။ သဘောထားပြည့်ဝ၏။ ရိုးသား၏။ ရတနာသုံးပါးကိုလည်း ဆည်းကပ်ကိုးကွယ်သော ဗုဒ္ဓဘာသာဝင်ဖြစ်၏။ မိရိုးဖလာ လယ်ပိုင်၊ ခြံပိုင်များနှင့် ချမ်းသာပြည့်စုံသူ ဖြစ်၏။ ဗြိတိသျှ အင်္ဂလိပ်အစိုးရပေးထားသော နှစ်လုံးပြူးသေနတ်တစ်လက်ရှိ၏။


သူကြီးကတော်ဒေါ်အေးကလည်း မျိုးရိုးက ရွှေကြီးမိုးကြီး။ မိရိုးဖလာပစ္စည်း ဥစ္စာပြည့်ဝကုံလုံ၏။ လယ်ပိုင်၊ ခြံပိုင်များကလည်း အမြောက်အမြား။

အဆိုပါ သူကြီးလင်မယားတို့သည် အပျိုကြီး၊ လူပျိုကြီး အသက်ကြီးမှ အိမ်ထောင်ကျကြ၍လားမသိ၊ သား

ဒေါက်ဓာကြာ

# အရှင်သုဓမ္မသာရ

## ဗြိတိသျှအင်္ဂလိပ်ခေတ်ကာလက ကျေးရွာသူကြီးတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

...တစ်ဦးတစ်ယောက်မျှ မထွန်းကား ...

ယင်းကြောင့် သူကြီးကတော် ... အေးက ကရင်အမျိုးသမီးလေး ... (၁၆) နှစ်အရွယ်ကို အမွေစား ... ခံအဖြစ် မွေးစား၏။ သမီးအရင်း ... ချစ်ခင်၏။

သူကြီးက မြန်မာအမျိုးသား ... ပေါ်စံ (၂၄) နှစ်သားကို မွေးစား



၏။ အလွန်ချစ်ခင်၏။ သူကြီး ခရီးထွက်လျှင် မောင်ပေါ်စံက နှစ်လုံးပြူးသေနတ်ကိုထမ်းလျက်လိုက်ရ၏။

သူကြီးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော်လည်း ဝါသနာအရ ငါးရှာဖားရှာအလုပ်ကို အလွန်ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

တစ်နေ့သ၌ သူကြီးနှင့် သူ၏ မွေးစားသား မောင်ပေါစံတို့သည် ရွာနှင့် နှစ် ဖာလုံလောက်ဝေးသော ရေအိုင်ကြီး တစ်အိုင်တွင် ငါးရှာဖွေရန် အိုင်ပက်နေ ကြ၏။ အချိန်က နံနက် (၁၀) နာရီ လောက်ရှိပေမည်။

ထိုအချိန်ဝယ် လူရွယ်နှစ်ဦး ထိုအိုင်ပက်နေသောနေရာသို့ ရောက် လာကြ၏။ လူငယ်တစ်ဦးက အိုင်ပက် နေသောသူကြီးကိုမသိပါ။

"ဦးလေး၊ ကျွန်တော်တို့က ငါးပြေမ ရွာကလာတာပါ။ နွား(၂)ကောင်ပျောက် သွားလို့ပါ။ ဒီရွာက သူကြီးအိမ်က ဘယ် နားမှာလဲခင်ဗျာ"

ဟူ၍ မေး၏။

"အေး - ခဏထိုင်ကြဦးကွ၊ ငါ လည်း သူကြီးအိမ်ကို ငါးတွေဖမ်းပြီး သွားပို့မှာ၊ ငါလိုက်ပို့ပေးမယ်ကွ"

သူကြီးဦးစောမောင်အေးက ပြော လိုက်သဖြင့် လူငယ်နှစ်ဦးလည်း ပျော် သွားကြပြီး အိုင်နားမှာ ထိုင်စောင့်နေ ကြ၏။

နာရီဝက်ခန့်ကြာတော့ ငါးများ ဖမ်းလို့ရသဖြင့် ပလိုင်းများလွယ်ပြီး ထီး ကထာရွာထဲသို့ ဝင်လာကြ၏။

အိမ်ရောက်တော့ သားလုပ်သူ မောင်ပေါစံက ဖမ်းလို့ရလာသည့်ငါးများ ကို ညီမလေး နော်ဝါးကိုပေးပြီး ချက်ခိုင်း ၏။ ထိုအချိန်ဝယ် သူကြီးကတော်က ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ဆွမ်း အုပ်သွားပို့လျှဒါန်းနေ၏။ အိမ်မှာမရှိပါ။

ဧည့်သည် လူရွယ်နှစ်ဦးကို အိမ် အောက်ထပ် ကွပ်ပျစ်ပေါ်တွင်ထိုင်စေ ပြီး ရေနွေးကြမ်း၊ ထန်းလျက်ခဲများဖြင့် ဧည့်ခံထား၏။

သူကြီးဦးစောမောင်အေးက ရွှံ့ဗွက် များပေရေနေပါသဖြင့် ရေမိုးချိုးနေ၏။ ထိုအချိန်မှာပင် သူကြီးကတော် ဒေါ်အေး ဘုန်းတော်ကြီးကျောင်းမှ အိမ် ပြန်ရောက်လာ၏။

ငါးဟင်းများချက်ပြီးတော့ ထမင်း ပွဲပြင်ဆင်၏။

ငါးဟင်း၊ ထမင်း၊ ငါးပိရည်၊ တည်းသီးဆားရည်စိမ်၊ တို့စရာတို့ဖြင့် နွားပျောက်လူရွယ်နှစ်ဦးကို အိမ်ပေါ်ထပ် သို့ ခေါ်ဆောင်ပြီး ဧည့်ခံကျွေးမွေး၏။

နွားပျောက်လူငယ်နှစ်ဦးတို့လည်း ယခုထိ သူကြီးနှင့်မတွေ့ရသေး၊ စကား မပြောရသေးဘဲ နံနက်စာထမင်းကို စား နေကြရ၏။

ထိုအချိန်ဝယ် သား မောင်ပေါစံ က သူတို့အိမ်မှ မောင်းကြီးကိုထုလိုက် ၏။ မကြာမီ လူငယ်တစ်ဦး သူကြီးအိမ် သို့ရောက်ရှိလာ၏။ ထိုလူငယ်သည် အိမ်ပေါ်ထပ်တွင် ဖျာတစ်ချပ်ကိုခင်း၏။ ဖျာရှေ့တွင် တစ်တောင်ခန့်အရွယ် လောက်ရှိသော ခုံလေးတစ်ခုံကိုချ၏။

ထိုလူငယ်သည် ထမင်းစားခုံတစ် ခုကိုထပ်ချပြီး ထိုခုံပေါ်တွင် စာအုပ်ကြီး တစ်အုပ်နှင့် ပတ်ကားဖောင်တိန်ကိုချ ထား၏။

နွားပျောက်ဧည့်သည် လူရွယ်နှစ် ဦးတို့ ထမင်းစားသောက်ပြီးသောအခါ အဆိုပါလူငယ်က ထိုနွားပျောက်လူရွယ် နှစ်ဦးအား စားပွဲရှေ့သို့ ခေါ်ဆောင်၏။

သူကြီး ဦးစောမောင်အေးသည် ရိုးရာကရင်ဝတ်စုံကိုဝတ်လျက် စားပွဲခုံ ရှေ့မှာလာထိုင်၏။

"ကဲ - မင်းတို့နွားပျောက်တဲ့အ ကြောင်းပြောပြစမ်းကွ"

သူကြီးက စကားစလိုက်တော့မှ သူတို့ လမ်းတွင်တွေ့ခဲ့သော ငါးဖမ်း သည့်ဦးလေးသည် သူကြီးဖြစ်မှန်းသိ သွားတော့၏။ လူရွယ်နှစ်ဦးသည် သူကြီး အား ဦးချပြီး ရိုရိုသေသေထိုင်ကြ၏။

"သူကြီးမင်းခင်ဗျား၊ နွားက (၂) ကောင် ပျောက်သွားပါတယ်ခင်ဗျား။ တစ်ကောင်က အမွေးရောင်က နွားဝါ ပါ။ တစ်ကောင်က အမွေးရောင်က နွား ပြာခြောက်ရောင်ပါ။ ပျောက်တဲ့နေ့က



တပို့တွဲလဆန်း ၂ ရက်နေ့ပါ ခင်ဗျား ဒီနေ့ တပို့တွဲလဆန်း ၈ ရက်ဆိုတော့ ၇ ရက် ရှိပါပြီခင်ဗျား"

ထိုနွားပျောက်ခြင်းမှတ်တမ်းကို သူကြီးနားတွင်ထိုင်နေသော လူငယ်က စာအုပ်ကြီးထဲတွင် ပတ်ကားဖောင်တိန် နှင့် ရေးမှတ်နေ၏။

"နွားက မင်းတို့ပိုင်နွားလားကွ"

"ဟုတ်ကဲ့ပါ - သူကြီးမင်း"

"မင်းတို့ နာမည်တွေပြောပါဦး"

"မောင်အေးရွှေနဲ့မောင်နှင်းမောင် ပါခင်ဗျား။ ငါးပြေမရွာကပါ ခင်ဗျား ကျွန်တော်တို့နှစ်ယောက်က ညီအစ်ကို အရင်းပါခင်ဗျား"

"မောင်ဘမောင် သူတို့ပြောတာ တွေကို ရေးမှတ်ထားတယ်နော်"

"ဟုတ်ကဲ့ပါ သူကြီးမင်း"

ထမင်းဝိုင်းခုံပေါ်တွင် လိုက်ရေး မှတ်နေသည့် မောင်ဘမောင်ဆိုသော လူငယ်က ပြန်ပြောပြပါ၏။

"ကဲ - မောင်နှင်းမောင်နဲ့ မောင် အေးရွှေတို့ အေးအေးဆေးဆေးထိုင်ပြီး ရေနွေးကြမ်းသောက်ကြဦးကွယ့်"

"ကဲ - မောင်ဘမောင်၊ ထုံးစံအ တိုင်း ရွာထဲကိုလှည့်လည်ပြီး မောင်းထု ကွယ့်"

"ဟုတ်ကဲ့ပါ သူကြီးမင်း"

မကြာလိုက်ပါ။ ထီးကထာရွာကြီး အတွင်း မောင်းထုကြေညာသံကို ကြား ရပါတော့၏။

"ထီးကထာရွာသူရွာသားအပေါင်း တို့ခင်ဗျား၊ လွန်ခဲ့သောတစ်ပတ်ခန့်က ငါးပြေမရွာက နွား (၂) ကောင် ပျောက် သွားပါတယ်။ တွေ့ရှိထားသူများ၊ ဖမ်း ဆီးထားသူများ၊ သူကြီးအိမ်တွင် လာ ချက်ချင်းလာအပ်ကြပါခင်ဗျား။ နွားများ ကို ဖမ်းမိသိမ်းဆည်းထားပြီး မအပ်မိပါ က နွားသူခိုးအဖြစ် ဖမ်းဆီးရမည်ဖြစ် ကြောင်း ကြေညာလိုက်ပါကြောင်း။

ဆယ်ရွာအုပ်သူကြီး
ဦးစောမောင်အေး၏ အမိန့်

ထီးကထာရွာကြီးထဲတွင်ကြေညာ မောင်းခတ်ပြီး တစ်နာရီခန့်လောက်တွင် လူကြီးတစ်ဦး နွားနှစ်ကောင်ကိုဆွဲလျက် သူကြီးအိမ်သို့ ရောက်လာ၏။ ထိုနွား (၂) ကောင်က ပျောက်သွားသောနွား များဖြစ်နေပါ၏။

ကျေးရွာသူကြီးက ထိုလူငယ်နှစ် ဦးတို့အား သူတို့ပျောက်ဆုံးသွားရသော



www.burmeseclassic.com

www.burmeseclassic.com

တုတ်၊ မဟုတ်ကို ကြည့်ရှုခိုင်း၏။ သွားသောနွားများ မှန်ကန် ပြောပြကြ၏။

တစ်ရက် နွားထိန်းသိမ်းပေးခ ကောင်လျှင် တစ်ကျပ်၊ နွားနှစ် ကောင်နှစ်ကျပ်။ (၇) ရက်ဆိုတော့ ဆယ့်လေးကျပ်ကို နွားဖမ်းထား အားပေးခဲ့ရန် သူကြီးက အမိန့် တော့၏။

ငါးပြေမရွာမှညီအစ်ကိုနှစ်ယောက် ည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ငွေ ကျပ်ကို လွယ်လွယ်ကူကူပဲ နွား ထားသည့် ရွာသားကြီးအား ပေးလိုက်ပါတော့၏။

❑

တပေါင်းလတွင် ကျိုက်ထိုမြို့သို့ ပိုင်မင်းဆင်းလာမည်ဖြစ်ပါသဖြင့် ထိုမြို့နယ်အတွင်းရှိ ကျေးရွာ များ ကျိုက်ထိုမြို့သို့ တပေါင်းလ ၁၂ ရက်နေ့အရောက် အစည်း ပွဲတက်ရပါမည်။

ထီးကထာရွာကြီးမှ ဆယ်ရွာအုပ် မင်း ဦးစောမောင်ဒွေးသည် သူသား မောင်ပေါစံနှင့်အတူတူ ထိုမြို့သို့တက်လာခဲ့ရ၏။

ကျိုက်ထိုမြို့တွင် မြို့ပိုင်မင်းသတ် ပေးထားသော တည်းခိုဆောင်တွင် ရွာအုပ်သူကြီးများ နေထိုင်ကြရ၏။

တပေါင်းလဆန်း ၁၄ ရက်နေ့ကျ အင်္ဂလိပ်အရေးပိုင်မင်းက ကျိုက်ထိုမြို့ ရောက်ရှိလာပါ၏။

ကျိုက်ထိုမြို့တွင် အက၊ အခုန်၊ အမှုတ်၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း ဖြင့် အင်္ဂလိပ်အရေးပိုင်ကြီးအား ကြို ကြရ၏။ ကျောင်းသူကလေးများက အင်္ဂလိပ်အရေးပိုင်မင်းကြီးအား ပန်း များ ဆက်သရ၏။

အစိုးရအထက်တန်းကျောင်းကြီး တွင် အစည်းအဝေးပွဲပြုလုပ်ကြ၏။ မြို့ ရွာ လုံခြုံရေးကောင်းမွန်ရန် အင် အရေးပိုင်ကြီးက ပြောပြ၏။ စကား ပြန်က ဘာသာပြန်၏။

မြို့ပြကျေးရွာအတွင်း သူပုန်များ၊ သူခိုးဓားပြများမရှိကြောင်း၊ အေးချမ်း သာယာကြောင်း စသည်တို့ကို မြို့ပိုင် မင်းက ရှင်းပြရ၏။

အရေးပိုင်ကြီးက ကျေးရွာမှတက် လာကြသော ရွာသူကြီးများ ဘာများ လိုအပ်ပါသလဲ၊ တင်ပြစရာရှိလျှင်တင်ပြ



ကြရန် ခွင့်ပြုလိုက်၏။ စကားပြန်က ပြောပြ၏။

မည်သည့်ကျေးရွာသူကြီးများက မှ ထ၍မပြောပါ။ သို့သော် ဆယ်ရွာအုပ် သူကြီး ဦးစောမောင်ဒွေးက သူတို့ထီး ကထာရွာကြီးတွင် ကလေးများ စာသင် ကြားနိုင်ရန် စာသင်ကျောင်းတစ် ကျောင်းဖွင့်ပေးရန် တောင်းဆိုပါ၏။

အရေးပိုင်ကြီးက ထိုစကားကို ကြားကြားချင်း ဤထီးကထာရွာကြီးကို ယခုနှစ်အတွင်းမှာပဲ ကလေးများစာသင် ရန် စာသင်ကျောင်းတစ်ကျောင်းချပေး မည်ဖြစ်ကြောင်း စကားပြန်မှတစ်ဆင့် ပြန်လည်ပြောကြားပါ၏။ ရွာသူကြီးမင်း ဦးစောမောင်ဒွေးလည်း ပျော်ရွှင်သွားပါ ၏။

အစည်းအဝေးပွဲပြီးတော့ သား အဖနှစ်ယောက် သထုံမြို့တွင်းသို့ လှည့် လည်ကြ၏။ ဝယ်စရာရှိသည်များကို ဝယ်ကြ၏။သထုံမြို့တွင်မောင်းနှင်နေကြ သော မော်တော်ကားများကို တစ်ခါဖူးမျှ မတွေ့ဘူးသော သူကြီးသား မောင် ပေါစံက ငေးမောကြည့်နေမိ၏။

"အဖေ၊ အဲဒါကို ဘာခေါ်သလဲ အဖေ"

ဟု မေးပါတော့၏။

"အဲဒါ မော်တော်ကားလို့ခေါ် တယ်ကွ"

"အဲဒီကားကို ဘယ်လိုမောင်းရလဲ အဖေ"

"ဓာတ်ဆီထည့်ပြီးမောင်းရတယ် ကွ။ ငါလည်း ဒီလောက်ပဲနားလည်တယ် ကွ။ ကားတော့ မမောင်းတတ်ဘူးကွ။ ဘာလဲ မင်းက ကားမောင်းကြည့်ချင်လို့ လား"

သူကြီးလုပ်သူက သူ့သားကိုမေး ၏။ သားလုပ်သူက-

"ကျွန်တော်တို့မှာ ဒီလိုကားမျိုးရှိ ရင် ကောင်းမယ် အဖေရဲ့။ မြို့ကိုလာရ တာ မြန်တာပေါ့ အဖေရဲ့"

"မင်း ကားလိုချင်နေပြီထင်တယ်"

"ရှိထားရင် ကောင်းတာပေါ့ အဖေရယ်"

သူကြီးနှင့် သူ၏သား မောင်ပေါစံ တို့သည် သူကြီးနှင့်ရင်းနှီးလှသော မြို့ပိုင် ရုံးစာရေးကြီးအိမ်သို့သွားကြ၏။ မြို့ပိုင် စာရေးကြီးကလည်း အားရဝမ်းသာစွာ နှင့်ကြိုဆိုပါ၏။ သူကြီးက မြို့ပိုင်စာရေး ကြီးအား မော်တော်ကားအကြောင်း စုံ စမ်းမေးမြန်းကြည့်၏။

မြို့ပိုင်စာရေးကြီး၏ အကူအညီ ဖြင့် ဖို့ကားလေးတစ်စီးကို ငွေ (၁၀၀၀) ကျပ်ဖြင့် ဝယ်လိုက်ကြ၏။

မြို့ပိုင်စာရေးကြီးက သူကြီးသား မောင်ပေါစံကို ကားမောင်းပါသင်ပေး လိုက်၏။ မောင်ပေါစံလည်း နေ့ချင်းပင် ကားမောင်းတတ်သွားပါ၏။ ပျော်လည်း အလွန်ပျော်သွားပါ၏။

ထီးကထာသို့ အပြန်ခရီးတွင် မော်တော်ကားအား ဓာတ်ဆီအပြည့် ထည့်ပြီး အပိုပါ ဓာတ်ဆီပုံးများကို ဝယ် တင်သွားကြ၏။

မောင်ပေါစံသည် ထီးတထာရွာ ထဲသို့ မော်တော်ကားဟွန်းသံကို အထပ် ထပ်အခါခါပေးပြီး မောင်းဝင်လာ၏။ ရွာလမ်းတစ်လျှောက်လည်း ကားကို မောင်းနှင်နေ၏။ ကားကို မတွေ့ဘူးကြ သော ရွာသူရွာသားများ ဝိုင်း၍ထွက် ကြည့်ကြရ၏။ တစ်လခန့်ကြာတော့ ပါလာသောဓာတ်ဆီလည်းကုန်ပါတော့ ၏။ ထိုအခါ ကားပေါ်ကို လူတင်ပြီး ကလေးများက နောက်မှ ဝိုင်းတွန်းကြပါ ၏။

ထီးကထာရွာတွင် ထိုကားပျက် ကြီးကို လွတ်လပ်ရေးရပြီးသည်အထိ မြင်တွေ့ရသေး၏။

အောင်ဝဲကြာ-အရှင်သုခမ္ဘသာ




www.burmeseclassic.com

www.burmeseclassic.com


ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ ပြိဿရာသီပြောင်း

# မန္ဒိုင်းဇာတာဟောကိန်း

(၁၄-၅-၂၀၁၆) မှ (၁၄-၆-၂၀၁၆) နေ့အထိ




သာယနစနစ်ဇာတာခွင်




နိယာနစနစ်ဇာတာခွင်

၁၄-၅-၂၀၁၆ ရက်နေ့ ညနေ (၅း၂၉း၀၀) နာရီအချိန်မှာ တနင်္ဂနွေဂြိုဟ်သည် ပြိဿရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်တွင် ဥဒယလဂ်သည် သာယနစနစ်ဝယ် ပြိဿရာသီ၌ နိယာနစနစ်တွင် မိဿရာသီ၌ ထွက်ပေါ်ကြသည် ဖြစ်၏။ ဤသည်ကို ပြိဿရာသီ စူဠသင်္ကြန်ဇာတာဟုလည်း ခေါ်ဆိုကြ သည်။

ဤဇာတာနှင့်စပ်လျဉ်း၍ သိမှတ်စရာတစ်ခုမှာ ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့မှာ ၂ ဒီဂရီအတွင်း၊ သောကြာဂြိုဟ်နှင့် ဥဒယလဂ်တို့သည် ၄ ဒီဂရီအတွင်း၊ တနင်္ဂနွေဂြိုဟ်နှင့် ဥဒယလဂ်တို့သည် ၃ ဒီဂရီအတွင်းမှာ ပူးယှဉ်နေကြသည်။ ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ၁၈၀ ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်နှင့် ဥဒယလဂ်တို့သည် ၁၂၀ ဒီဂရီအမြင်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် ၁၂၀ ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့ ၁၂၀ ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ ၁၂၀ ဒီဂရီအမြင်များမြင်ထားကြသလို ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ စနေဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို ၉၀ ဒီဂရီအမြင်တို့ဖြင့် မြင်ထားကြပေသည်။

အဆိုပါတို့ကို အနှစ်ချုပ်၍ ကောက်ချက်ချရလျှင် တိုင်းရေးပြည်ရေးဖြစ်ထွန်းမှုနှင့် ပြည်သူတို့၏ အလိုဆန္ဒ ထပ်တူမကျနိုင်သေးသော်လည်း အများအားဖြင့် ကျေနပ်နှစ်သိမ့်မှုကိုရရှိမည်။ အစိုးရအဖွဲ့ နိုင်ငံတကာဆက်ဆံရေးနှင့် သဟာဇာတအညမညဖြစ်အောင် မနည်းကြီးကို ကြိုးစားနေရလိမ့်မည်။ အစိုးရအဖွဲ့ထဲ၌ သိသာသော အပြောင်းအလဲများဖြစ်ပေါ်တတ်မည်။ အစိုးရအဖွဲ့ထဲ၌ သိသာသော အပြောင်းအလဲများ ဖြစ်ပေါ်တတ်မည်။ အစိုးရ (ဝါ) လွှတ်တော်ထိပ်သီးပုဂ္ဂိုလ်တချို့ကျန်းမာရေးချို့တဲ့မှု ဂုဏ်သိက္ခာထိပါးခံရမှုများဖြစ်ပေါ်တတ်မည်။ ၎င်းတို့မှတစ်ဦးအတွက် ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com

# သန်းလှိုင်ထွဏ်း-အမြင့်

# ထိပ်ကပ်နာ(သို့)နာပုပ်ရောဂါ

ဂုဏ်းရောဂါမှာ ဆေးမတွေ့လျှင် အသုံးတရာမှ ကုရခက်သောရောဂါဟု အတိမှတ်ထားကြပါသည်။ ရောဂါလက္ခဏာမှာ ခေါင်းတွေကိုက်ခြင်း၊ ငယ်ထိပ်အားလျော့ခြင်း၊ ယားကျိကျိဖြစ်ခြင်း နှပ်ညှစ်လိုက်သည့်အခါ ညှိညှစ်ညှစ်အရောင်တွေထွက်သည်။ အနံ့အသက်က အပုပ်နံ့ထွက်နေတတ်သည်။

ဆေးသိလျှင် အနာပျောက်ဖို့ လွယ်ပါသည်။

တစ်နေ့ ကျွန်တော် အဖေ့ထံ ရွာထဲမှ မိန်းမတစ်ယောက် ရောဂါအနာခံစားနေရပြီး အကျိုးအကြောင်း ပြောပြနေပါသည်။ အဲဒီရောဂါကြောင့် ခံမရပ်နိုင်ဖြစ်နေကြောင်းအဖေ့ကိုပြော ပြီး အကူအညီတောင်းပါသည်။ ရှိုက သည်း အတော်လေးညှိုးနွမ်းနေသည်။ အဖေက ဗဟုသုတစုံတော့ ရွာထဲမှာ ဖြစ်သမျှ ရောဂါဆန်းတွေ လာပြီးပြောပြ ကြ အကူအညီတောင်းကြနှင့်ပါ။အဖေ တလည်းအတွေ့ကြုံနေတော့ တောင်း သမျှအကူညီ အလွယ်တကူပဲ ဆေးမြီး တို့တွေကို ကုသိုလ်ဖြစ် ပေးလိုက် တတ်ပါသည်။

"ဒေါ်အေး-ထိပ်ကပ်နာပျောက်ဖို့လွယ်ပါတယ်။ တောထဲ ချုံတွေအပေါ်မှာ ပေါက်လေ့ရှိတဲ့ တောသခွတ်ခါးသီး အခြောက်ကိုရှာပြီး ထိပ်ကတ်က အပေါက်ဖောက်လိုက် အဲဒီနောက် ရေ သွတ်ပြီး (အပေါက်ထဲရေထည့်ပါ) ငယ်ထိပ်ပေါက်အောင်ရှူပေးပါ။ ချက်ချင်း နာပုပ်အညှစ်ကြေးတွေ အတောင့်လိုက် ထွက်ပြီးကျလာမယ်။

အေး - ပြီးတော့နောက်တစ်နည်း ရှိသေးတယ်။ ရှဉ့်မတက်ဥကို အမှုန့်နာပြီး နှာခေါင်းပေါက်ထဲထည့်ပြီးရှူလိုက်ပါ။ အဲဒီနည်းကလည်းနာပုပ်အညှစ်အကြေး တွေ အတောင့်လိုက်ထွက်လာတယ်။ အမြန်ဆုံးလုပ်လိုက်ပါ"

နောက်တစ်ရက်တွင် ၎င်းအမျိုး သမီးသည် စားမှုယ်မုန့်များဖြင့် အဖေ့ လာပြီးကန်တော့တယ်။

"တကယ်ထူးမြန်းတာပဲ ဦးလေးရယ်။ ချက်ချင်းယူပစ်သလိုတစ်ခါတည်းပျောက် သွားတာ။ သခွတ်ခါးသီးရှူတာနဲ့ပဲ လုံးဝ ရှင်းရှင်းပျောက်သွားတယ်။ အဲဒါဦးလေး ကို လာပြီးကန်တော့တာပါ"

တောသခွတ်ခါးသီးမှာ ကျွန်တော် တို့ အညာဒေသတွင် ပေါများစွာရှိပါ သည်။ နွင်းသခွတ်သီးအသေးစားဖြစ်ပါ သည်။ တောသခွတ်သီးတခါးပါသည်။

ရှဉ့်မတက်ကလည်း စွမ်းပါသည်။ တကယ်လက်တွေ့ပျောက်သောသဘာဝ ဆေးမြီးတိုများ ဖြစ်ပါသည်။ ဘေးထွက် ဆိုးကျိုးများလုံးဝမရှိပါ။

ထိပ်ကပ်နာအတွက် တကယ် အစွမ်းထက်သော ဆေးတစ်လက်ဖြစ်ပါ တယ်။

ကုသိုလ်အဖြစ် ဒါနပြုပါသည်။
စမ်းပြီးကြည့်လိုက်ပါ။

**မှတ်ချက်** - သခွတ်သီးထဲရေထည့် လျှင် ရေနှံ့စပ်အောင် သခွတ်သီးကို ခလောက်ဆန့်မှုလိုက်ပါ။ ဒါမှ အထဲမှ အမှုန့်များရေဖြင့်ငြိမ်နေပါမည်။ အမှုန့် ပါလျှင် နှာရှူရှင်းသီးသွားနိုင်ပါသည်။

သန်းလှိုင်ထွဏ်း(အမြင့်)

ရတတ်မည်။ လွှတ်တော်ထဲ၌ ငွေရေး ကြေးရေးဆိုင်ရာ၊ အခွန်ဘဏ္ဍာဆိုင်ရာ၊ တုန်သွယ်မှုဆိုင်ရာတို့၌ တရားမဝင် ဆောင်ရွက်မှု၊အဂတိလိုက်စားမှုအတွက် ပြင်းထန်သော စိန်ခေါ်မှုများကို တွေ့ရ ထိမ့်မည်။ ပြီး ပညာရေး၊ ဘာသာရေး၊ အမျိုးသားအရေး၊ တိုင်းရင်းသားအရေး၊ နိုင်ငံသားပြုရေး၊ ဥပဒေပြုရေး၊ ဥပဒေ ပြင်ဆင်ရေး၊ တရားစီရင်ရေး၊ အုပ်ချုပ် ရေးတို့နှင့်ပတ်သက်၍ အကျောက်အ တန်အငြင်းပွားရလိမ့်မည်။

NGO အဖွဲ့အစည်းများ၊ အရပ် ဘက်လူ့အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့ အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စစ်ဘေးရှောင် ကပ်ဘေးရှောင် ပဋိပက္ခ ဘေးရှောင်ဒုက္ခသည်များ၊ တစ်ဖက်နိုင်ငံ နှင့်ဆက်နွှယ်သော ရွှေ့ပြောင်းနေထိုင် သူများ၊ ပြည်ပနှင့်ဆက်နွှယ်နေသော ရွှေ့ပြောင်းလုပ်သားများကိစ္စတို့နှင့်ပတ် သက်၍ ခက်ထန်သော အမှုအခင်းများ၊ ပြင်းထန်သော တက်ကြွလှုပ်ရှားမှုများ၊ ပြစ်တင်ဝေဖန်မှုများ ဖြစ်ပေါ်တတ်မည်။

ပညာရေး၊ ဖျော်ဖြေရေး၊ ဘာသာ ရေး၊ ပရဟိတအရေးနှင့် ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ အတွက် အခက်အခဲများ တွေ့ရတတ် သလို ထိခိုက်မှုများလည်း ဖြစ်ပေါ်တတ် မည်။ ပညာရေးဆိုင်ရာ၊ ဖျော်ဖြေရေး ဆိုင်ရာ နေရာဌာနတို့၌ (၀) လူစည် ကားရာနေရာတို့၌ မျှော်လင့်မထားသော ဘေးဥပဒ်များကြုံရတတ်မည်။အနုပညာ လောကမှ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး အတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဒေသများတွင် မအေးချမ်းမသာယာမှု များ၊ မလုံခြုံ မငြိမ်ဝပ်မှုများသည် ပုံစံ တစ်မျိုးဖြင့် ဆက်လက် တည်ရှိနေလိမ့် မည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ လေကြောင်းသယ်သူပို့ဆောင်ရေးတို့၌ မတော်တဆထိခိုက်မှုများရှိတတ်မည်။ မြေယာနှင့်ပတ်သက်သောအမှုအခင်း များကတော့ ဖွဲမီးအုံးသလိုရှိဦးမည်။

ရာသီဥတုဖောက်ပြန်မှုလျော့နည်း လာမည်။ စိုက်ပျိုးရေးသင့်မည်။ မြေလျှော်လုပ်တတ်မှု တောင်ပြို မြေပြို တတ်မှုကတော့ရှိနေနိုင်မည်။ မိုးသင့် မည်။

မင်းရှိန်အောင်



www.burmeseclassic.com

□ အမင်္ဂလာ

ကျွန်တော်တို့ မြန်မာတွေမှာ မင်္ဂလာနှင့် အမင်္ဂလာဆိုပြီး ခွဲခြားထားတာတွေရှိတယ်။ မင်္ဂလာတွေကို သာရေး၊ အမင်္ဂလာတွေကို နာရေးဆိုပြီးခေါ်ဝေါ်ကြတယ်။ လူတွေဆိုတာ မင်္ဂလာကိုပဲ တွေ့ချင်၊ မြင်ချင်ကြတယ်။ အမင်္ဂလာကိုတော့ မတွေ့လို၊ မမြင်လိုကြပါဘူး။ မင်္ဂလာကိုတွေ့ရမြင်ရရင် နှစ်လိုဖွယ်ဖြစ်တဲ့အတွက် ဣဋ္ဌာရုံဖြစ်တယ်။ အမင်္ဂလာကိုတွေ့ရမြင်ရရင် နှစ်လိုဖွယ်မဟုတ်တဲ့အတွက် အနိဋ္ဌာရုံဖြစ်တယ်။

လူတိုင်းဟာ နှစ်လိုဖွယ်ဖြစ်တဲ့ မင်္ဂလာကိုသာ တွေ့လိုမြင်လိုကြတယ်။ သို့သော်လည်း လူတို့သဘာဝ အမင်္ဂလာကို ရံဖန်ရံခါ တွေ့နေကြုံနေရတာပါပဲ။ ကျန်းမာရေးချို့တဲ့လို့ ဆေးရုံတင်ရတယ်။ ဒါဟာ နာရေးဖြစ်တဲ့အတွက် အမင်္ဂလာပါပဲ။ လူနာတင်ကားပေါ်မှာ တတွီတွီနဲ့ ဥဩသံပေးပြီး စီးနင်းလိုက်ပါသွားရတာလည်း နာရေးမို့ အမင်္ဂလာပါပဲ။ ဒါမျိုးဆိုတာက နှစ်လိုဖွယ်ရာမဟုတ်ပေဘဲကိုး။

တစ်ခါက မန္တလေးမှာ အမျိုးသမီးတစ်ဦး အရေးပေါ်ဖြစ်တယ်။ ဒီအခါ အိမ်သားတွေက လူမှုကူညီရေးအသင်းကို လှမ်းအကြောင်းကြားတယ်။ ဒီအခါ လူမမာအမျိုးသမီးက -

"ငါ အဲဒီလူနာတင်ကားမစီးရဲဘူး၊ တက္ကစီသာခေါ်ပေးပါ"

လို့တောင်းဆိုတယ်။

အဲဒီအခါ အိမ်သားတွေက -

"တက္ကစီက အိပ်စီးလို့မရဘူး။ လူနာတင်ကားက သက်သောင့်သက်သာ အိပ်စီးလို့ရတယ်"

ဆိုပြီး လူနာရဲ့ဆန္ဒကို မလိုက်လျောပါဘူး။ ဒီလိုနဲ့ လူမှုကူညီရေးအသင်းကား ရောက်လာပြီး လူမမာအမျိုးသမီးကို လူငယ်တွေက တွန်းလှည်းနဲ့ သက်သောင့်သက်သာသယ်လာပြီး ကားပေါ်တင်ပေးလိုက်တယ်။ လူနာတင်ကားတွေဆိုတာ လူနာသက်သောင့်သက်သာ လဲလျောင်းပြီး စီးနိုင်အောင်၊ ပြီးတော့ ဘေးကနေ လူနာကို ပြုစုစောင့်ရှောက်ဖို့လူတွေထိုင်နိုင်အောင် ပြည့်ပြည့်စုံစုံစီစဉ်ထားတာကိုး။ အိမ်သားအနည်းငယ် ဘေးမှာထိုင်ပြီး လိုက်ပါလာပါတယ်။ အဲဒီမှာ လူနာအမျိုးသမီးက -

"ငါဒီကားကိုလည်းကြောက်တယ်၊ ဒီအသံကိုလည်းကြောက်တယ်"

လို့ပြောပြီး ခဏအတွင်းမှာပဲ သေဆုံးသွားတယ်လို့ဆိုပါတယ်။ တကယ်တော့ သူ့ဝေဒနာဟာ သေလောက်တဲ့ ဝေဒနာမျိုးမဟုတ်ပါဘူး။ သို့သော်လည်း သူ့စိတ်ထဲမှာ လူနာတင်ကားကို အမင်္ဂလာလို့ ထင်မှတ်နေတာ တစ်ကြောင်း၊ ပြီးတော့ လူနာတင်ကားရဲ့ အရေးပေါ်ဥဩသံကို အမင်္ဂလာအသံလို့ ယူဆထားတာတစ်ကြောင်း အဲဒီအကြောင်းတွေကြောင့် မခံစားနိုင်တော့ဘဲ နှလုံးခုန်ရပ်သွားခြင်းလို့ ဆို

(မိုးကုတ်) ရွှေပြည်စိုး

မှသာဆိုင်း



www.burmeseclassic.com

နိုင်ပါတယ်။

၂၀၁၄ ရဲ့ မိုးရာသီမှာ ကျွန်တော် ရွာလေးကိုရောက်နေပါတယ်။ ဝါကျွတ် ခါနီးမှာ ကျွန်တော်ရဲ့ မဒမ်ဟာ ခုတင် ခေါ် တလိမ့်ကျပြီး ပေါင်ခွဆုံရိုးကျိုးသွား ပါတယ်။ ဒီတော့ လှုပ်လို့တောင်မရ အောင်နာတာပါ။ ဒါနဲ့ မန္တလေးနန်းတော် ဆေးရုံကိုသွားမယ်ဆိုတော့ အိမ်နီးချင်း တွေက ပြုပြင်ဖုံးလှမ်းကူညီရေးအသင်း က လူနာတင်ကားခေါ်ပေးမယ်။ အဲဒါ ဆို သက်သာင့်သက်သာသွားလို့ရတယ်၊ ဆင်းလို့ရတယ်လို့ ဝိုင်းပြောကြပါတယ်။ သူတို့ပြောတာ အမှန်ပါ။ လှုပ်လို့တောင် မရအောင်နာနေတဲ့အခါ အဲဒီလူနာတင် ကားက အသင့်လျော်ဆုံးပါ။

ဒါပေမယ့် မဒမ်က -

"ကျွန်မ အဲဒီကားမစီးချင်ဘူး၊ တက္ကစီသာခေါ် လိုက်ပါ"

လို့ ဆိုပါတယ်။

ဒါနဲ့ သမီးက ဖုန်းနဲ့ တက္ကစီလှမ်း ခေါ် လိုက်ပါတယ်။ မဒမ်ရယ်၊ သမီးရယ်၊ မြေးရယ်က တစ်ခန်းအိပ်ကြတာပါ။ ည (၁၂) နာရီလောက်ကဖြစ်နေတာ ကျွန်တော်က အပေါ် ထပ်အခန်းမှာအိပ် တာဆိုတော့ မနက်လမ်းလျှောက်ပြန်



www.burmeseclassic.com

လာမှသိခြင်းပါ။

တက္ကစီရောက်တော့ ခုတင်ပေါ်ကနေ ကုလားထိုင်ဝိုင်းမတင်ရတယ်။ ကုလားထိုင်ဝိုင်းမပြီးအပြင်ထွက်ရတယ်။ ကားနားရောက်တော့ ကုလားထိုင်ပေါ်ကနေ ကားရှေ့ခန်းထဲ ခက်ခက်ခဲခဲသွင်းကြရပြန်တယ်။ ကာယကံရှင်လည်း အမေလေး၊ အဘလေးတပြီးပြင်းထန်စွာ ခံစားနေရသလို ဆောင်ရွက်ပေးရတဲ့ လူတွေလည်း ချွေးပြန်ကြရပါတယ်။ နန်းတော်ဆေးရုံရောက်ရင် သယ်ဖို့ ကော်ကုလားထိုင်ပါယူသွားရတယ်။

လူနာတင်ကားနဲ့သာဆို အစမှ အဆုံးတိုင် သက်သောင့်သက်သာရောက်သွားမှာပါ။ ဒါပေမယ့် ကျွန်တော့်မဒမ်ဟာလည်း အထက်ပါအကြောက်လွန်ပြီး နှလုံးခုန်ရပ်သွားတဲ့အမျိုးသမီးလိုမဖြစ်ဘူးလို့ မဆိုနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့စိတ်ထဲမှာ အဲဒီလူနာတင်ကားကို အမင်္ဂလာကားလို့ တထစ်ချ စွဲမြဲမှတ်ယူထားကြလို့ပါပဲ။

ရင်ထဲမှာ နှစ်သက်ရင် ဣဋ္ဌာရုံဖြစ်တယ်။ ဒါကို မင်္ဂလာလို့သတ်မှတ်ကြတယ်။မနှစ်သက်ရင် အနိဋ္ဌာရုံဖြစ်တယ်။ ဒါကို အမင်္ဂလာလို့ လူတွေသတ်မှတ်ကြတာပါ။ ဒီတော့ မင်္ဂလာနဲ့ အမင်္ဂလာကို ပုံသေတွက်ချက်လို့မရတာတွေရှိသလို ရတာတွေလည်းရှိပါတယ်။

ဥပမာ စစ်တွေဖြစ်ပြီး လူတွေသေကြ၊ ဒဏ်ရာရကြ၊ အိုးအိမ်တွေမီးလောင်ပျက်စီးရ၊ မြေငလျင်ကြီးလှုပ်လို့ မုန်တိုင်းကြီးကျလို့ လူတွေသေ၊ အိုးအိမ်တွေပျက်စီးဒဏ်ရာတွေရ၊ ဒါမျိုးတွေကျတော့ မြင်ရသူတိုင်း စိတ်နှလုံးမသာမယာဖြစ်ရတာမို့ အနိဋ္ဌာရုံစစ်စစ်ဖြစ်ပါတယ်။ မြို့ပြင်တွေ မီးလောင်လို့ မီးသတ်ကားဥဩဆွဲသွားရင် အဲဒီဥဩသံကို ဘယ်သူကမှ မသာယာနိုင်ပါဘူး။ ရင်ထိတ်ဖွယ်ဥဩသံမို့ အမင်္ဂလာလို့ပဲ သတ်မှတ်ကြမှာပါ။

## ❑ တစ်ရွာတစ်ပုဒ်ဆန်း

တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုတာလို ဒေသတစ်ခုနဲ့ တစ်ခု သာရေးဓလေ့၊ နာရေးဓလေ့တွေ မတူကြပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူမျိုး (၁၃၅) မျိုး မှီတင်းနေထိုင်ပါတယ်။ အဲဒီလူမျိုးတွေမှာလည်း သာရေးဓလေ့၊နာရေးဓလေ့တွေ တူညီမှာမဟုတ်ကြပါဘူး။ ကွဲပြားခြားနားမှုလေးတွေရှိနေမှာပါ။

အချို့ဒေသတွေမှာ လူသေရင် ရေအိုးထဲရေထည့်ပြီး အဲဒီအိုးထဲကရေနဲ့ မသာကို ရေချိုးပေးတယ်။ မသာချတာနဲ့တစ်ပြိုင်နက် အဲဒီအိုးကိုပေါက်ခွဲလိုက်တော့တယ်။ အဲဒါက ဘာလဲဆိုတော့ အိုးစားခွဲတာတဲ့။ သေတဲ့လူကျန်တဲ့လူတွေနဲ့ ဘာမှမပတ်သက်တော့ဘူးဆိုတဲ့သဘောပါ။ အိုးစားကွဲသွားပြီပေါ့လေ။ တကယ်ချစ်ပါတယ်၊ ခင်ပါတယ်ဆိုတာ သံဝေဂရစရာကြီးနော်။ ဘဝခြားသွားတာနဲ့ သွေးကွဲသွားပုံပြောပါတယ်။

မိုင်းရှုးမှာ ၂၀၀၉ ခုနှစ်တုန်းက ကျွန်တော် တစ်ခါကြုံဖူးတယ်။ မိုင်းရှုးခေတ်ကုန်သွားတဲ့အခါ ဖက်စပ်တွေ ရှားပါးသွားခဲ့ပါပြီ။ အဲဒီမှာ လောပန်ကိုအားတင်နဲ့ ရွှေအိမ်စံတို့ရဲ့ ဖက်စပ်မှာ ကျွန်တော် အင်ချုတ်အဆောင်မှူးတာဝန်နဲ့ဝင်လုပ်နေချိန်ပါ။

အဲဒီမှာ မန်နေဂျာကိုအောင်ထွန်းရဲ့ ဇနီး အင်ချုတ်မကြီး သွေးပေါ်ပြီးစရေချိုးမိလို့ ရေချိုးခန်းထဲမှာ ဦးနှောက်သွေးကြောပြတ်တဲ့ဝေဒနာနဲ့ သေဆုံးပါတယ်။ အလောင်းကို မိုင်းရှုးတောင်ပေါ်ရတနာမြေဆေးရုံရင်ခွဲရုံမှာထားပါတယ်။

မသာချခါနီးမှာ ရွှေအိမ်စံက -

"ဦးလေးက အကြီးဆုံးဆိုတော့ ကိုအောင်ထွန်းတို့ကို လိပ်ပြာခွဲပေးလိုက်ပါ"

လို့ ဆိုပါတယ်။

ခက်တာက လိပ်ပြာခွဲတယ်ဆိုတာ ကြားသာကြားဖူးတာ၊ ဘယ်လိုလုပ်ရမှန်းမသိပါဘူး။ ဒါနဲ့ ဘယ်လိုလုပ်ရမှာလဲလို့ ရွှေအိမ်စံကို ပြန်မေးရတယ်။

ရွှေအိမ်စံက -

"ဩော်-ဦးလေးရယ်၊ အပ်ချည်နဲ့ အင်ချုတ်မရဲ့အလောင်းကိုတိုင်းလိုက်ပေ့ါ။ ပြီးရင် ကိုအောင်ထွန်းနဲ့အင်ချုတ်မတို့ဟာ ဘဝရေစက်ရှိလို့ဆုံခဲ့ကြတယ်။ အခုတော့ ဘဝရေစက်ကုန်သွားပါပြီ။ တစ်ဦးနဲ့တစ်ဦးဘာမှမဆိုင်တော့ကြောင်းပြောပြီး အပ်ချည်ကိုနှစ်ပိုင်းဖြတ်လိုက်ပါ။ တစ်ပိုင်းကို အင်ချုတ်မကိုထည့်ပေးလိုက်ပြီး တစ်ပိုင်းကို ကိုအောင်ထွန်းလက်မှာ ချည်ပေးလိုက်ပါ"

လို့ပြောပြတော့ ကျွန်တော်လည်း တတ်သရွေ့ မှတ်သရွေ့ပြောပြီး လိပ်ပြာခွဲပေးဖူးတယ်။ အဲဒီမှာ အပ်ချည်ကိုဆွဲဖြတ်တဲ့သဘောက 'နင်နဲ့ငါအပ်ချည်ပြတ်သလိုပြတ်ပြီ' ဆိုတဲ့ သဘောနေမှာပါ၊ ဒါက အဲဒီကဓလေ့လို့ဆိုရမှာပါ။

ကျွန်တော်တို့ ပြန်ကပြေးဘက်ကျတော့ မိခင်သေရင် ကျန်တဲ့ကလေးငယ်လေးတွေအတွက် မိခင်ကခေါ် မသွားနိုင်အောင် လိပ်ပြာခွဲကြတဲ့ဓလေ့ရှိတယ်။ ကျွန်တော့်အမေဆုံးတော့ ညီမအငယ်ဆုံးက (၉) လ သမီးအရွယ် လေးဖြစ်သွားတဲ့အရွယ်ပါ။

အဲဒီမှာ အဘွားကြီးတွေက ခိုင်ခွင်သေးသေးလေးနဲ့ ဝါဂွမ်းတစ်ဆုပ်ယူလာပြီး ဟိုဘက်ဒီဘက် ဂွမ်းစလေးတစ်ခုစီထည့်ကာ တစ်ဖက်ကမိခင်၊ တစ်ဖက်က ကလေးဆိုပြီး ကလေးဘက်က အလေးသာအောင် တောင်းရတာပါ။ ကျွန်တော်တို့က ကလေးအရွယ် (၁၅) နှစ်လောက်ရှိသေးတော့ ဒါမျိုးမမြင်ဖူးဘူးလေ။ ဒါမျိုးလည်း ဖြစ်တောင့်ဖြစ်ခဲကြုံတောင့်ကြုံခဲပေကိုး။

အဲဒီမှာ ကလေးဘက်က လုံးဝအလေးမသာဘဲ အပေါ်ကိုမြောက်တက်နေတယ်။ အမေ့ဘက်က အလေးသာနေတယ်။ အဲဒီမှာ အဘွားကြီးတွေက -

"မစောရယ် အဲဒီလိုမလုပ်ပါနဲ့တဲ့ သူ့အဖေနဲ့ ဆွေမျိုးတွေ ငါတို့တွေရှိပါသေးတယ်ဟဲ့။ နင့်ကလေးကို ငါတို့ မဲ့ တစ်ပေါက်မစွန်းရအောင် စောင့်ရှောက်ပေးပါ့မယ် မစောရယ်"

စသည်ဖြင့်ပေါ့လေ၊ အတော်လေးကိုကြာကြာအချိန်ပေးကာ ငိုယိုတောင်းဆိုကြပါတယ်။ ဆန်းတာက ကလေးက အလေးချိန်လုံးဝမသာတာပါပဲ။ လူတွေဝိုင်းအုံကြည့်ကြတာ အတော်များတယ်။ နာရီဝက်လောက်ကြာမှပဲ ကလေးဘက်ကအလေးချိန်သာပြီး အောက်ဘက်ကိုကျလာပါတယ်။ အဲဒီမှာ ကလေးချိန်သာခိုက် ဝါဂွမ်းလေးကို ဆတ်ခနဲနှိုက်ယူလိုက်ပါတော့တယ်။ မိခင်နဲ့ သမီးငယ်လေးတို့ လိပ်ပြာကွဲသွားပါပြီ။ သေသူနဲ့ ရှင်သူတို့ ဘာမှမဆိုင်တော့ဘူးဆိုတဲ့ သဘောထင်ပါရဲ့။

ဒါက အမင်္ဂလာလို့ခေါ်ကြတဲ့ နာရေးတွေမှာ ကြုံရဆုံရတတ်တဲ့ မထူးခြားနားတဲ့ဓလေ့တွေပါ။ လူကြီးအချင်းချင်း ကိုအောင်ထွန်းတို့လို လိပ်ပြာခွဲတာတော့ ကျွန်တော်တို့ ပြန်ကပြေးမှာ မကြုံဖူးပါဘူး။

မိုးကုတ်မှာကျတော့ လိပ်ပြာခွဲတာတွေဘာတွေမရှိဘူး။ အုန်းမေသေတော့ သူ့သမီး ခင်မာလွင်ဟာ ရက်ပိုင်းပဲရှိသေးတယ်။ လိပ်ပြာတွေဘာတွေ မနေဘူး။ သူ့အလောင်းကို မိုးကုတ်



www.burmeseclassic.com

www.burmeseclassic.com

ချိုင်းမှာမြှုပ်ခဲ့ပြီးပါပြီ။ နာရေးကိစ္စ တွက် ကျောက်ဖျာက သူတို့အိမ်လေး (၇) ရက်အထိ ကျင်းပပါတယ်။ အဲဒီ အိမ်မှာ ကလေးတွေ၊ လူကြီးတွေ လေ့ ရွာမလေ့အရ နေ့ရောညပါ ကြတော့တာမပါပဲ။ ဖဲဝိုင်းရှိတော့ ဘအိမ်ဟာ လူတွေစည်ကားနေ လေ။ ခြောက်သွေ့မနေဘူးပေါ့။

အဲဒီမှာ အံ့သြစရာကောင်းတာကို တော်မြင်ရတယ်။ဘာလို့လဲဆိုတော့ ဆုံးသူ အုန်းမေရဲ့ယောကျ်ား မုဆိုးဖို ရွှေး ကိုအောင်မြင့်ဟာ ဒူးနှံ့ပြီး နေတာကို မြင်ရခြင်းပါပဲ။

အသုဘရှိလို့ကတော့ မိုးကုတ်မှာ ကြားရလိမ့်မယ်မထင်နဲ့။ သေရင် ဝမျက်ရည်ကျလိုက်တာ။ အချို့ဆို ရည်တောင်မကျဘူး။ မိုးကုတ်လူ တာ မိုးကုတ်ဝိပဿနာတရားတွေ ထားလို့ထင်ရဲ့။ လူတွေဆိုတာ တွေချည်းပဲလို့ ယူဆထားတာပါ။ ကြောင့် အသုဘအိမ်မှာ၊ ပြီးတော့ ချိုင်းမှာ အော်ဟစ်ငိုယိုတာ မြင်ရခဲ့ ခဲ့ပါတယ်။ ဒါကလည်း မတူကွဲပြား လေ့တစ်ခုပါပဲ။

အချို့ဒေသတွေကျတော့ လူသေ ရွာထဲမှာမထားဘဲ ရွာပြင်မှာစင်ထိုး ထားကြတာတွေရှိတယ်။ ရှင်စဉ် မင်္ ပေမယ့် သေရင် အမင်္ဂလာလို့သတ် တော့တာကိုး။ ဒီတော့ မင်္ဂလာမရှိ တော့တဲ့ အမင်္ဂလာကြီးကို ရွာပြင်ထုတ် တော့တာပေါ့။

ဟိုး ချင်းတွင်းမြစ်ဖျားက ရှမ်းနီ တွေကျတော့ ရှင်စဉ်အတူတူနေသလို သေရင်လည်း အတူတူမခွဲဘဲနေမယ်ဆို အိမ်အောက်မှာ သေသူတွေကို စီမြှုပ်ကြတယ်လို့ ဆေးလိပ်ဖြန့်ချိ တစ်ဦးက အဲဒီဒေသကအတွေ့အကြုံ တွေကို ပြောပြဖူးတယ်။ ဒါကလည်း တော်ဆန်းတဲ့ဓလေ့တစ်ခုပါ။

အဲဒါကြောင့် လူမှုကိစ္စတွေမှာ ဒေသအလိုက် လူမျိုးအလိုက် ကွဲပြား နားမှုတွေရှိတယ်ဆိုတာ ခရီးများများ တာ အခြားဒေသတွေမှာ နေထိုင် သူ ဝန်ထမ်းတွေပိုသိကြပါတယ်။

**သောဆိုင်း**

ကျွန်တော်ငယ်ငယ်လေးကတည်း နားယဉ်နေတာ မသာဆိုင်းပါ။ တပြေးဆိုတာ ရှေးကတည်းက ကြီးဆိုတော့ လူများသလို မသာ ည်း မကြာမကြာရှိတတ်ပါတယ်။ မသာ ရှိရင် မသာရှိတယ်ဟော့လို့သိအောင် မသာဆိုင်းကို ဓာတ်စက်နဲ့တွဲပြီးတီးတော့ တာပါပဲ။ ဓာတ်စက်ရဲ့ လော်စပီကာတွေ ကို အပင်မြင့်မြင့်မှာ အရပ်လေးမျက်နှာ လှည့်ပြီးချည်ထားလေတော့ ဝေးရင် သဲ့သဲ့ကြားရတယ်။ နီးရင်အပီအပြင်ကြား ရတယ်။ ဘာရယ်ညာရယ် နားမလည် ပေမယ့် မသာဆိုင်းရဲ့ တီးလုံးတီးကွက် တွေ အဆိုတွေက နားထောင်ရဖန်များ တဲ့အခါ နားယဉ်လာတယ်။ နှစ်သက် လာတယ်။ အဲဒီတော့ အမြဲလိုလိုကြား နေရတာက မသာဆိုင်းဆိုတော့ကာ မသာဆိုင်းသံနဲ့ယဉ်ပါးတာ အဆိုးမဆို သာပါဘူး။

ကျွန်တော်တို့ဒေသမှာ ဆိုင်းဆို တာ မသာကလွဲရင် တီးစရာသိပ်မရှိပါ ဘူး။ အလှူတို့၊ ကထိန်တို့ဆိုတာက ရှိခဲတယ်။ ရှိရင်လည်း ဆိုင်းနဲ့ဧည့်ခံတာ နည်းတယ်။ ပြောအဖွဲ့လောက်နဲ့ပြီးကြ တာ။

အညာဒေသဘက်ရောက်တော့ မသာမှာဆိုင်းမပါပေမယ့် အလှူတွေမှာ မင်္ဂလာဆိုင်းဝိုင်းကြီးတွေ၊ ဘိသိက်တွေနဲ့ ဧည့်ခံတာကိုတွေ့ရပါတယ်။တခမ်းတ နားပါပဲ။ ကျွန်တော်တို့ဒေသမှာ မင်္ဂလာ ဆောင်ရင်သာ ဘိသိက်မြောက်တာ။ ရှင်ပြုမင်္ဂလာမှာ ဘိသိက်သွန်းတဲ့ဓလေ့ မရှိဘူး။ ဒီတော့ အလှူဘိသိက်ဆရာဆို တာလည်းမရှိဘူး။ အဲဒီဘိသိက်သွန်းတဲ့ ဓလေ့က အညာမှာပဲရှိတာ။မင်္ဂလာဆိုင်း ဝိုင်းကြီးတွေနဲ့ဧည့်ခံတာ။ အညာမှာပဲရှိ တာ။ ကျွန်တော်တို့ဆီမှာမရှိဘူး။

အနိစ္စသဘောအရ ကျွန်တော်တို့ ပြန်ကပြေးမှာ မကြာမကြာ လူတွေသေ ကြတော့ကာ မသာဆိုင်းထည့်နေကျဆို တော့ ကျွန်တော်တို့တစ်တွေ မသာဆိုင်း နားယဉ်တာ အဆန်းမဟုတ်ပါဘူး။

(၃) နှစ်လောက်ရှိတဲ့ ကျွန်တော့် ညီလေး ပေါက်ကျော် ရေတွင်းထဲကျ သေတာတောင် ကလေးပေမယ့် ရပ်ဓလေ့ ရွာဓလေ့အရ မသာဆိုင်းထည့်ကြတာ တွေ့ရပါတယ်။ အမေဆို သောက ကြောင့် သတိလက်လွတ်ဖြစ်ကာ မသာ ဆိုင်းနဲ့အတူ ထကနေတာ ဝမ်းနည်းဖွယ် မြင်ခဲ့ဖူးပါတယ်။ မသာဆိုင်းဆိုတာက လည်း လွမ်းဖွယ်ဆွေးဖွယ်တွေတီးနေ တော့ကာကိုး။ မသာဆိုင်းဆိုတော့ကာ စိတ်နှလုံးမသာယာဖွယ်တီးလုံးတွေသီချင်း တွေဆိုပြီး တီးကြတာထုံးစံပါ။ ဒါတွေကို ကျွန်တော်နားစွဲနေတာပါ။ (၁၆) နှစ် အရွယ် ပြန်ကပြေးကနေထွက်သွားက တည်းက မသာဆိုင်းသံကြားရတော့ ပါဘူး။ သို့သော် စိတ်ထဲ သတိရတမ်းတ နေတာအမှန်ပါ။

**□ တမ်းတမိခြင်း**

ကျွန်တော်မွေးရပ်မြေပြန်ရောက် တော့ ကျွန်တော့်အသက် (၆၃) နှစ်ရှိပါ ပြီ။ ၂၀၁၀ပြည့်နှစ်ပါ။ ၂၀၁၁မှာ မိုးကုတ် ကနေပြီး နေပြည်တော်ကို အပြီးပြောင်း ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ဒေသဟာ နေပြည်တော်ကြီးအဖြစ် ပြောင်းလဲနေ ခဲ့ပါပြီ။ အရာရာတိုးတက်ပြောင်းလဲနေခဲ့ တာ ဟုတ်မှဟုတ်ပါလေစလို့တောင် ထင်ရပါတယ်။

အဲဒီမှာ ရွာတွေရဲ့ သင်္ချိုင်းတွေ ဖျက်သိမ်းပစ်လိုက်ပါပြီ။ အားလုံး ဖိုးစောင့် တောင်ကြောမှာရှိတဲ့ ကျွဲကြီးသုသာန် မှာပို့ပြီး မီးသင်္ဂြိုဟ်ရတာပါ။ နာရေး ယာဉ်ကို စည်ပင်ကတာဝန်ယူပို့ဆောင် ပေးပါတယ်။ အချို့ အချိန်မီရင် နေ့ချင်း သင်္ဂြိုဟ်တယ်။ အချိန်နောက်ကျရင် နောက်နေ့ကျမှ သင်္ဂြိုဟ်တယ်။

ဒီတော့ကာ မသာကို (၃) ရက် ထားပြီး မသာဆိုင်းတငြိမ့်ငြိမ့်နဲ့လုပ်ကြ တဲ့ဓလေ့က ပျောက်ကွယ်သွားခဲ့ပြီဖြစ်ပါ တယ်။ ဒီတော့ ဆိုင်းအဖွဲ့တွေအနေနဲ့ ပွဲသိပ်ပြီးမစိပ်တော့ပါဘူး။ အလှူကထိန် ပွဲလောက်သာ လိုက်ရတော့တာပါ။

မသာဆိုင်းခေတ်ကဆိုရင် မသာ ဆိုင်းတီးပြီးတာနဲ့ အဲဒီဆိုင်းဝိုင်းတွေကို တရော်ကင်ပွန်းဆေးကြလေ့ရှိပါတယ်။ အမင်္ဂလာကို ဆေးကြောလိုက်တာနဲ့ မင်္ဂလာဖြစ်လာတယ်လို့ ယူဆကြခြင်းပါ။ ခုခေတ်မှာတော့ တရော်ကင်ပွန်းမလို တော့ပါဘူး။ မသာဆိုင်းဆိုတာမှမရှိ တော့တာ။

ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ချင်ခြင်းတစ်ခုဖြစ်နေမိတယ်။ အဲဒါက မသာဆိုင်းသံကို ကြားချင်မိတာပါ။ ည တိတ်ဆိတ်တဲ့အချိန်ဆိုရင် အဝေးဆီက နေ ဆိုင်းသံကြားရတတ်တယ်၊ မသာ ဆိုင်းသလားဆိုပြီးတော့ကာ အသေ အချာနားစွင့်မိတယ်။ မဟုတ်ပါဘူး၊ မသာဆိုင်းရဲ့တီးလုံးကိုကျွန်တော်သိတယ်။ ခံစားတတ်တယ်။ ခုဟာကအလှူမင်္ဂလာ တွေကတီးနေတဲ့တီးလုံးမျိုးပါ။

ဘယ်လောက်အံ့သြဖို့ကောင်းလဲ။ မသာဆိုင်းသံကိုနားထောင်ချင်တဲ့ဆန္ဒ အတော်ကို ကြီးမားတာပါ။ ငယ်စဉ် တောင်ကျေး ကလေးဘဝမှာကြားနေ ကျ မသာဆိုင်းသံကိုတမ်းတနေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆိုတာကလည်း ဆန်းကြယ်သား။ ကလေးဘဝဆီ တစ်ကျော့ပြန်ရောက်တယ်ထင်ပါရဲ့။ ကြုံကြုံဖန်ဖန် မကြားရနိုင်တော့တဲ့ မသာဆိုင်းသံကိုမှ ကြားချင်သတဲ့ဗျာ။ ဘယ်လောက်ဆန်းကြယ်လိုက်ပါသလဲ။ မရှိနိုင်တဲ့အရာကို တမ်းတခြင်းဆိုတာ တကယ်တော့ ကလေးဆန်လွန်းလှပါတယ်။

□ **ဆန္ဒပြည့်ဝခြင်း**

ကလေးတုန်းက ကြားနေကျ မသာဆိုင်းသံဟာ ကြားနိုင်တဲ့ခေတ်မဟုတ်တော့ဘူးဆိုတာသိပါသော်လည်း အသက်ကြီးလာတော့ စိတ်က တစ်ပတ်လည်ပြီး ငယ်ငယ်တုန်းဆီပြန်ရောက်ပုံရှိပါတယ်။ ဆန္ဒဖြစ်လာတာက မသာဆိုင်းသံနားထောင်လိုခြင်းပါ။

မသာဆိုင်းဆိုတာ မင်္ဂလာဆိုင်းသံမဟုတ်ဘူးနော်။ အမင်္ဂလာဆိုင်းသံ။ ဒါပေမယ့် အဲဒီလွမ်းဖွယ်ဆွေးဖွယ်တီးလုံးတွေတီးနေတဲ့ အမင်္ဂလာဆိုင်းသံကိုမှ စိတ်ထဲမှာအာသီသဖြစ်နေတာ ဘယ်လောက်ဆန်းလဲ။

ဆိုင်း ဆိုတာ ဂီတပဲလေ။ မြန်မာ့ဆိုင်းပညာတီးလုံးတွေဆိုတာ အမျိုးမျိုးရှိတယ်။ ဗုဒ္ဓရောင်တော်ဖွင့်တီးလုံးကနေ ယုတ်စအဆုံး သူခိုးခြေဖော့နင်းတဲ့ချက်နင်းတီးလုံးအထိရှိတယ်။ လိုလေသေးမရှိ ပြည့်စုံတယ်။ အားလုံးဟာ ဘီလူးဆိုင်းဖြစ်စေ၊ နတ်ဆိုင်းဖြစ်စေ ဂီတနဲ့ဖန်တီးထားတာမို့ အားလုံးနှစ်လိုဖွယ်တွေသာဖြစ်ပါတယ်။ ရသခံစားတတ်ဖို့ပဲလိုတယ်။ အားလုံးဟာ သူ့နေရာနဲ့သူ့ ရသမြောက်ကြပါတယ်။

ဒီတော့ မသာဆိုင်းဆိုတာဟာလည်း ပေါက်ကရတီးနေကြတာမဟုတ်ဘူး။ လွမ်းဖွယ်ဆွေးဖွယ်သီချင်းတွေသီဆိုပြီး ရသမြောက်အောင်တီးနေကြတာ။ အဲဒီရသမြောက်တဲ့ဂီတသံကို နားထောင်ချင်တာပါ။ ဒါပေမယ့် ပြင်းပြင်းထန်ထန်ကြီးတော့မဟုတ်ပါဘူး။

ဒီလိုနဲ့ အချိန်တွေတရွေ့ရွေ့ကုန်လာတယ်။ ရက်ကိုလစား၊ လကိုနှစ်စားနဲ့ တစ်နှစ်ပြီးတစ်နှစ်ကုန်လာတယ်။ လူကလည်း တရွေ့ရွေ့ကြီးလာနေတာပေါ့လေ။ ဒီလိုနဲ့ ၂၀၁၃ ခုနှစ်ရောက်လာပါတယ်။ မှတ်မှတ်ရရ ၁၁-၅-၂၀၁၃ နေ့ ညမှာပါ။

ညဦးပိုင်းခဏလောက် စာရေးပြီး အိပ်ရာစောစောဝင်ပါတယ်။ အဲဒီမှာ နားထဲဆိုင်းသံတွေဝင်လာပါတယ်။ နားထဲ ဖတ်ခနဲငြိလိုက်တာနဲ့ ဒီဆိုင်းတီးလုံးသံတွေကို အလိုလိုသိလိုက်တယ်။ ဒါဟာ မသာဆိုင်းတီးလုံးသံတွေ။ အလွန်ကြီးမဝေးလှပါဘူး။ ချောင်းမြောက်ဘက်ရှိ ယခင် ဆိတ်နံတုန်း ယခု အောင်သုခကျေးရွာဘက်ကပါ။ ခုတ်စက်နဲ့ဆိုတော့ အပီအပြင်ကြားနေရတာပါ။

ဟုတ်ပါတယ်၊ မသာဆိုင်းသံ သေချာသွားပါပြီ။ ရှားရှားပါးပါး ဘယ်လိုလူသေလို့များ ဆိုင်းတွေဘာတွေထည့်နေပါလိမ့်။ ကြုံတောင့်ကြုံခဲမကြားရသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်တဲ့ မသာဆိုင်းသံကို အားရပါးရနားစွင့်နေမိပါတယ်။ သီချင်းသီဆိုတဲ့ မိန်းမရော ယောက်ျားပါ ကောင်းမွန်ပါတယ်။

ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ ကျွန်တော်ဟာ မသာဆိုင်းရဲ့ဖမ်းစားမှုကြောင့် အတော်နဲ့ အိပ်မပျော်နိုင်ပါဘူး။ မသာဆိုင်းရဲ့ရသကို ခံစားနေမိပါတယ်။ ဒီဆိုင်းသံဟာ ကျွန်တော်တို့ ကလေးကတည်းက ကြားနေကျဆိုင်းသံပါ။ ဒါပေမယ့် မရိုးနိုင်ပါဘူး။ ဒီဆိုင်းသံဟာ ဒီမှာမသာရှိတယ်၊ အသုဘရှိတယ်လို့ အများသိအောင် ကြေညာနေတဲ့ဆိုင်းသံပါ။ သေခြင်းတရားရဲ့နောက်ကွယ်မှာ ဖြစ်ပေါ်လာတတ်တဲ့ဆိုင်းသံဆိုတော့က -

"ဩော် - ငါတို့လည်း တစ်နေ့မှာ မလွဲမသွေ အခုသေတဲ့လူလိုသေရမှာလား"

လို့လည်း မရဏာနုဿတိကမ္မဋ္ဌာန်းပွားများလို့ရပါတယ်။

လူဆိုတာ တိုတောင်းတဲ့သက်တမ်းလေးမှာ ခဏတာပေါ်လာပြီးတာနဲ့ သက်တမ်းကုန်ရင် ပြန်ပျောက်သွားတတ်တဲ့သဘောပါ။ ဒီတော့ သေခြင်းဆိုတာ မလွဲမသွေ ကျွန်တော်တို့ ရင်ဆိုင်ကြုံ



တွေ့ရမှာပါ။

ညမှာ တိတ်ဆိတ်တော့ မသာဆိုင်းတငြိမ့်ငြိမ့်ကို အပီအပြင်ကြားနေရတယ်။ ည (၁၁)နာရီလောက်မှ မသာဆိုင်းသံတိတ်သွားတယ်။ ချင်ခြင်းတပ်နေတဲ့ မသာဆိုင်းအာသီသ ခုတော့ပြည့်ဝသွားခဲ့ပါပြီ။ အဲဒီကျမှ စိတ်ချလက်ချအိပ်ပျော်သွားပါတယ်။

□ **နာရေးသတင်း**

မနက်စောစောထပြီးလမ်းလျှောက်နေကျမို့ ကျွန်တော်တို့ အောင်ရွှေ ရပ်ကွက်ရဲ့ ဇီဇဝါပန်းအဝိုင်းကြီးမှာဝင်ပြီး လမ်းလျှောက်ပါတယ်။ ဆုံနေကျ မိတ်ဆွေတွေဖြစ်တဲ့ ကိုတင်ထွန်း၊ မွတ်တား၊ ကိုအောင်မြင့်တို့နဲ့ဆုံမိတဲ့အခါ မှာတော့ နာရေးသတင်းတွေသိရပါ တယ်။

မြောက်ဘက်ကမ်းလို့ ခေါ်တဲ့ ဆိတ်နံတုန်းမှာသေတာက ဆိတ်နံတုန်းက ဆိုင်းဆရာရဲ့ယောက္ခမဖြစ်ပါတယ်။ အဲဒါကြောင့် ဆိုင်းဆရာက မသာဆိုင်းတီးပေးတာလို့ သိရတယ်။ ဒီနေ့ နေ့လယ် သင်္ဂြိုဟ်မီအထိ မသာဆိုင်းတီး နေဦးမှာပါ။

ရှေးတုန်းကလို မသာကို (၃)ရက် ထားပြီး မသာဆိုင်းထည့်တဲ့ခေတ်မဟုတ် တော့ပေမယ့် ဆိုင်းဆရာက သူ့ယောက္ခမ ကို လေးစားဂုဏ်ပြုသောအားဖြင့် မသာ ဆိုင်းထည့်ပေးခြင်းပါ။ အဲဒီသတင်းနဲ့ အတူတူ ထူးခြားတဲ့နာရေးသတင်းတစ်ခု လည်း ပြောပြပြန်ပါတယ်။

အဲဒါက ဒီနေ့မနက် (၂) နာရီ ကျော်ကျော်လောက်မှာ အဖေနဲ့ (၄) နှစ်သမီးလေး ကားကို ဆိုင်ကယ်နဲ့ဝင် တိုက်ပြီး နေရာမှာတင် ပွဲချင်းပြီးသေဆုံး သွားတဲ့သတင်းပါ။ ကျွန်တော်ဆိုတာက ဒီမှာ ဧည့်သည့်ပြန်ဖြစ်နေလေတော့ အဲဒီမိသားစုနဲ့ မရင်းနှီးပေမယ့် ကိုတင်ထွန်း၊ မွတ်တား၊ ကိုအောင်မြင့် တို့နဲ့ ရင်းနှီးပါ တယ်။ သူတို့က ကြွယ်ဝ ချမ်းသာတဲ့ မိသားစုတွေပါ။

ဒီလိုနဲ့ တစ်နွယ်ငင်တစ်စင်ပါလာ တာကို ကျွန်တော်လည်း အဲဒီနာရေး သတင်းကိုမေးဖို့ ပါသွားပါတယ်။ ကား ကံရှင်ဖြစ်တဲ့ ဖခင်ဖြစ်သူကတော့ သား ရောမြေးပါ တစ်ပြိုင်တည်းဆုံးရှုံးရတာ သောကကိုဖြေဖျောက်ဖို့ မဟာဧည့် ရိပ်သာမှာ တရားသွားထိုင်နေတယ်လို့ သိရတာကြောင့် သေဆုံးသူရဲ့ ဆွေမျိုးသားချင်းတွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မျက်နှာကြီးတွေဆိုတော့ နာရေးသတင်းမေးသူတွေနဲ့ပြည့်နေပါတယ်။

သေဆုံးသူ သမီးလေးဟာ ဒီနှစ်ကျောင်းဖွင့်ရင် ကျောင်းစပြီးနေတော့မှာပါ။ သူဟာ (၅)နှစ်ပြည့်ဖို့ လပိုင်းလိုပါသေးတယ်။ ဗေဒင်ဆရာက ဒီကလေးမ (၅)နှစ်မပြည့်မချင်း ကိုယ့်လူမဟုတ်သေးဘူး (၅)နှစ်ပြည့်မှသာ ကိုယ့်လူဖြစ်မှာဖြစ်တာကြောင့် မျက်စိအောက်က အပျောက်မခံအဲထိန်းသိမ်းစောင့်ရှောက်ပါလို့ ပောာထားတာပါ။

ဖြစ်ချင်တော့ ဖခင်ဖြစ်သူက ဆိုင်သစ်ဖွင့်ပွဲ ပျော်ပွဲစားက ည(၁)နာရီကျော်ကျော်မှာ ကားနဲ့ပြန်လာတော့ အဒီအားကို ပျဉ်းမနားသွားပို့ရမှာပါ။ အဲ့ သမီးကို သတိရတာနဲ့ အိမ်ပေါ်တက်ကြည့်တဲ့အခါ နိုးသွားပြီး အဖေနောက်လိုက်မယ်ဖြစ်ကရောာ။ အဲဒီမှာ ကားကထားခဲ့ရမှာမို့ သူငယ်ချင်းရဲ့ ဆိုင်ကယ်ခေါ်သွားပါတယ်။ပျဉ်းမနားက အပြန် ဆိုင်ကယ်ကို (၃) ယောက်စီးပြီး အပြန်မှာ ကားကိုဝင်တိုက်ပြီး သမီးနဲ့ ဖခင် ပွဲချင်းပြီးဆုံးကာ ဆိုင်ကယ်ပိုင်ရှင်က ပေါင်ရိုးကျိုးသွားပါ တယ်။ အားလုံး ဒေါင် (၁၀၀၀) ဆေးရုံ ကိုရောက်နေကြပါတယ်။

အရွယ်မရောက်သေးတဲ့သမီးလေးအတွက် စိတ်ထဲမှာ သောကကူးစက်ခံစားရပါတယ်။ ဖခင်ဖြစ်သူဟာ ညအချိန်တော်ကြီးမှာ ဆင်ခြင်တုံတရားမဲ့စွာခေါ် သွားရက်လေခြင်းဆိုပြီး စိတ်ထဲတွေမချမ်းဖြစ်နေမိတယ်။ ဒီအချိန်ဟာ အရွယ်မရောက်သေးတဲ့ကလေးကို ခေါ်သွားရမယ့်အချိန်မဟုတ်ပါဘူး။ ခုတော့ ဖခင်ရော သမီးပါ အဖြစ်ဆိုးနဲ့ကြုံသွားရပါပြီ။ ဒီလိုနဲ့ ကျွန်တော်တို့ပြန်ခဲ့ကြပါတယ်။

အိမ်ရောက်တော့ကာ မသာဆိုင်းသံကိုကြားနေရပြန်တာပါပဲ။ ဒီမသာဆိုင်းသံကို ခုံမင်စွာနားထောင်မိပြီးတဲ့အချိန်မှာပဲ အထက်ပါနာရေးသတင်းကိုကြားရခြင်းပါ။ မသာဆိုင်းသံဟာ နေ့ (၁၂)နာရီအသုဘချခါနီးမှ တိတ်သွားပါတယ်။

ကျွန်တော်နဲ့မွတ်တားလည်း အဲဒီကလေးမလေးတို့ သားအဖနာရေးကိုလိုက်ပို့ဖို့လာခဲ့ကြပါတယ်။ လူတွေ၊ကားတွေအများကြီးပါ။ ကျွန်တော်နဲ့မွတ်တားတာ ကိုတိုးဝင်းကားနဲ့လိုက်ကြပါတယ်။ အောင်ဇမ္ဗူကနေ ဆေးရုံကြီးကိုမောင်းရတယ်။ ဆေးရုံကြီးကနေ ကွင်းကြီးသုသာန်ကို တစ်နာရီခွဲနီးပါးမောင်းရပါတယ်။ ရှေ့က အသုဘကား (၂) စီးကို မမြင်ရပါဘူး။ နာရေးပို့တဲ့ကားတန်းကြီးက ကားအစင်းရေ ရာချီရှိပါတယ်။ ကွင်းကြီးရောက်တော့ ကားတွေလူတွေ ကွင်းအပြည့်ပါပဲ။ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းလည်းဖြစ်၊ လူချစ်လူခင်များတဲ့ သားအဖလည်းဖြစ်တော့ကာ နာရေးမှာ ဒီလောက်စည်ကားတာမြင်ရဖို့မလွယ်လှပါဘူး။ စိတ်ထဲအမြဲသတိရနေတာပါ။

## □ ထူးထူးဆန်းဆန်း

ကံတူအကျိုးပေး ဥပစ္ဆေဒကံနဲ့ ပြိုင်တူသေသွားတဲ့ သားအဖကိုမမြင်ဘူးတာနဲ့ မီးသင်္ဂြိုဟ်စက်ထဲမထည့်မီ ခင်းကျင်းထားတဲ့နေရာကို သွားကြည့်မိပါတယ်။ ကလေးရဲ့ ဖခင်ရော ကလေးပါ လှလှလေးတွေပါ။ စိတ်ထဲက ကရုဏာသက်လို့မဆုံးဘူး။ ဖခင်က (၃၀)ဝန်းကျင်အရွယ်ကောင်းရှိပါသေးတယ်။ တစ်ဦးတည်းသောသမီးနဲ့အတူ တမလွန်ကို ထွက်ခွာသွားတာ လွန်စွာနှမြောနေမိပါတယ်။

ကလေးမလေးရဲ့ဘေးမှာတော့ သူကျောင်းတက်ဖို့ဝယ်ထားတဲ့ ကျောပိုးအိတ်လေးပါ ထည့်ပေးလိုက်ပါတယ်။ ကလေးအတွက် မုန့်ဖိုးတွေဝိုင်းပေးလိုက်ကြတာကလည်း တစ်သောင်းတန်၊ ငါးထောင်တန်၊ တစ်ထောင်တန်တွေ ဖွေးနေပါတယ်။ အဲဒီမှာ ငိုကြွယိုကြ ပြောကြဆိုကြ မုန့်ဖိုးတွေပေးကြနဲ့ ပြည့်ညပ်နေပါတယ်။ သေသွားတဲ့ကလေးကို မုန့်ဖိုးဘယ်သူစပေးတယ်မသိပါဘူး။ ပေးလိုက်ကြတာ မနည်းမနောပါ။

အချိန်တိုတိုလေးတွေနဲ့ သံသရာခရီးကို ပြန်လည်ထွက်ခွာသွားကြတဲ့ သားအဖနှစ်ဦးရဲ့ ရုပ်အလောင်းကို နောက်ဆုံးကြည့်ခြင်းနဲ့ကြည့်ကြရပြီး မိနစ် (၂၀) လောက်အကြာမှာတော့ တွန်းလှည်းပေါ် ပြောင်းရွှေ့တင်ပါတယ်။ ပြီးတာနဲ့ မီးသင်္ဂြိုဟ်စက်ဆီ တာဝန်ရှိသူတွေကယူခဲ့ပါတယ်။ ဖခင်က ရှေ့က၊ သမီးကနောက်ကပါ။ မီးသင်္ဂြိုဟ်စက်ဝရောက်တာနဲ့ အားလုံးက ငိုယိုနှုတ်ဆက်ကြပါတယ်။ ဖခင်ရဲ့အလောင်းကို အရင်အထဲကိုသွင်းပါတယ်။

ဒီကလေးရဲ့မုန့်ဖိုးပိုက်ဆံတွေ ပြန်ယူမှာလားလို့ ဝန်ထမ်းတွေကမေးတော့ ကာယကံရှင်တွက မယူတော့ပါဘူးလို့ ဖြေဘာကြောင့် ကလေးရဲ့အလောင်းပါ အဟဲသွင်းသွားပါတယ်။ နောက်တော့ ဝန်ထမ်းတွေက သံတံခါးကြီးကိုပိတ်လိုက်ပါတယ်။ ဘဝတစ်ခုရဲ့ရုပ်ကြွင်းဟာ မကြာမီအချိန်အတွင်းမှာ ပြာမှုန့်ဖြစ်သွားတော့မှာပါ။ တကယ်သံဝေဂရစရာကောင်းတဲ့ဖြစ်အင်နဲ့မြင်ကွင်းတွေပါပဲ။

ကိုယ့်ကားပေါ် ကိုယ်တက်ပြီးမောင်းထွက်တဲ့အချိန်မှာတော့ မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်ဝကနေ မီးခိုးမည်းမည်းတွေထွက်နေပါပြီ။ သားအဖနှစ်ဦးရဲ့ရုပ်ကြွင်းတွေ မီးလောင်နေလောက်ပပြီ။

အပြန်ခရီးကျတော့ ကိုယ်ကြိုက်ရာလမ်းက သွားလို့ရပြီမို့ အနီးဆုံးလမ်းက ကိုတိုးဝင်းမောင်းနေပါတယ်။ အဲဒီမှာ မျက်စိထဲပြန်မြင်လာတာက မီးသင်္ဂြိုဟ်စက်ထဲမထည့်မီလေးမှာ ကျွန်တော်က ဆတ်တာ့ပြီး မီးသင်္ဂြိုဟ်စက်ဘေးမှာရှိတဲ့ အုတ်ဂူလေးတွေဆီသွားကြည့်မိတာပါ။

အုတ်ဂူက အရှိုးပြာအိုးထည့်ထားတဲ့ အမြင့် (၈)လက်မ (၂)ပေ ပတ်လည်လောက်သာရှိတဲ့ အုတ်ဂူလေးတွေပါ။ အုတ်ခုံပုံစံဂူလေးတွေမှာ ကျောက်ပြားကမ္ပည်းစာလေးတွေ ညီညီညာညာစီတန်းစိုက်ထူးထားတော့ကာ တစ်မျိုးကြည့်ကောင်းပါတယ်။

ဒီကမ္ပည်းစာတွေထဲမှာ ဦးကျော်စိုးဆိုပြီးတော့ပါတယ်။ ကျွန်တော်နဲ့နာမည်တူနေတော့ စိတ်ဝင်စားသွားတယ်။ ဒီမှာ ဦးကျော်စိုးအုတ်ဂူပါလားဆိုပြီး အသက်ကိုကြည့်လိုက်တော့ (၄၀) ကျော်ကျော်လေးနဲ့သေထားတာကိုး။ တိုလိုက်တဲ့အသက်ဗျာ။ ဘယ်လိုဝေဒနာကများ ဒီဦးကျော်စိုးကိုအဆုံးစီရင်လိုက်တာပါလိမ့်ပေါ့။ တွေးမိလိုက်တာပါ။

အဲဒီထဲမှာ အငယ်ဆုံးက (၇)ရက်သားလေးရဲ့အုတ်ဂူပါ။ ဪ-လူ့ဘဝဆိုတာ ဘာမှန်းတောင်မှမသိလိုက်ရခင် သံသရာခရီးကို ဆက်လက်ထွက်ခွာသွားတဲ့ ကလေးပါလားလို့ သံဝေဂပွားမိလိုက်ပါတယ်။

အဲဒီလို မသာဆိုင်းကို မက်မက်မောမောနားသောတဆင်ပြီး အမှတ်တရလေးတွေဖြစ်ပြီး နောက်ပိုင်းမှာတော့ ယခုထိတိုင် မသာဆိုင်းသံမကြားရတော့ပါဘူး။

*-ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၄ ခု၊ ဖေဖော်ဝါရီလ။

ဗြိတိသျှအမျိုးသား ကိုဟီးမားမြို့ ဒုတိယအရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အိုင်စီအက်(စ်)ချား(လ်)ပေါ်ဆေးသည် မျက်စိညှောင်းညာလာသဖြင့် သူဖတ်ရှုနေသော နာဂအမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့ (V-Force) ၏ ထိပ်တန်းလျှို့ဝှက်အစီရင်ခံစာအမှုတွဲကို ခေတ္တချထားလိုက်ပြီး ပြတင်းမှ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

အဝေးတွင် မိုးထိနီးပါးမြင့်နေသော နာဂပြည်နယ်၏ တောင်တန်းပြာကြီးများကို ဝင်ခါနီးနေ၏ ဖျော့တော့သော ရောင်ခြည်အောက်တွင် မြင်နေရသည်။ ဗိုလ်တဲကုန်းပေါ် ရှိသူ့ အရေးပိုင်စံအိမ်အောက်ခြေပတ်လည်၌ ကိုဟီးမားမြို့မှ ဒီမာပူသို့သွားသော မော်တော်ကားလမ်းသည် ကောက်ကွေ့သော၊ ဝါညိုစပြုနေသော တောအုပ်အကြား၌ အစပျောက်သွားသည်။ ဝင်ခါနီးနေ၏ ဖျော့တော့သော ရောင်ခြည်များသည် ကိုဟီးမားမြို့ကလေးနှင့် ပတ်ဝန်းကျင်တောအုပ်နှင့် တောင်တန်းများအား အဝါရောင်ဖျော့ဖျော့ပိုးပဝါကို ခြုံထားသကဲ့သို့ဖြစ်နေသည်။

ချား(လ်)ပေါ်ဆေး၏စံအိမ်တော်တည်ရှိသော ဗိုလ်တဲကုန်းအောက်ရှိ ဝါတောတွင်းမှ အိပ်တန်းတက်ကြတော့မည့် မြေလူးငှက်များ၏ အော်မြည်သံသည် အချိန်နှင့်အမျှထွက်ပေါ်နေသည်။ ထိုငှက်ကလေးများ၏ အော်မြည်သံသည် ပတ်ဝန်းကျင်တစ်ခွင်လုံး ပဲ့တင်ထပ်လျက်ရှိနေသည်။ လွန်ခဲ့သောနေ့က ချိန်ခါမဲ့မိုးရွာထားသဖြင့် အေးစိမ့်ငြိမ်သက်နေသောလေထုတွင် တောင်ဇလပ်ပန်းနံ့၊ တောပန်းရနံ့နှင့် သစ်ရွက်ဆွေးရနံ့များလှိုင်လျက်ရှိနေသည်။

ချား(လ်)ပေါ်ဆေးသည် သူ့စံအိမ်ရှေ့ ပန်းခြံဘက်သို့လှမ်းမိပြန်သည်။ သူ့ခြံစည်းရိုးတစ်လျှောက်ရှိ စက္ကူပန်းရုံများ၊ ကျားပါးစပ်ပန်းပင်များကြားတွင် ပုစဉ်းကြီးများ၏အသံနှင့် ဝက်သစ်ချပင်အိုကြီးထက်မှ အော်မြည်နေသော ပုစဉ်းကြီးတို့၏ အသံများသည် သံစုံတီးဝိုင်းတီးမှုတ်နေသကဲ့သို့ဆူညံနေသည်။ ဒုတိယအရေးပိုင်ချား(လ်)ပေါ်ဆေးအဖို့ ဝင်ခါနီးနေ၏ ရှုခင်းအောက်မှ သာယာသည့်ရှုခင်းကိုမခံစားနိုင်။ သူ့အကြီးအကဲအဖြစ် တာဝန်ယူထားရသောနာဂအမျိုးသားထောက်လှမ်းရေးအဖွဲ့၏အစီရင်ခံစာပါ အချက်အလက်အချို့အရ စိတ်ရှုပ်ထွေးလျက်ရှိနေပြီး ထိုအချက်အလက်များမှာ အရေးအကြီးဆုံးသတင်းများကို အင်ဖာတွင် တပ်စခန်းချထားသည်




ကိုဟီးမားမှ စွန့်တိုက်သူ မဟာမိတ်တပ်မှူး

# လှမိုး(ပညာရေး)

# ကိုဟီးမားမော်ကွန်း



ဒုအရေးပိုင် ဆိုင်စီအက်(စ်) ချား(လ်)ပေါ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၁၄)အိန္ဒိယတပ်မတော် ဗိုလ်ချုပ်ကြီးစလင် အဆောတလျင် သတင်းပို့ရသည်။


ထိုသတင်းများအရ ဂျပန်ဘုရင်တပ်များသည် မြန်မာနိုင်ငံ၏ လုံခြုံရေးရှိစေရန်အတွက် ဗြိတိသျှတို့ခြေကုပ်ယူထားသော သို့မဟုတ် အမှတ် (၁၄) တပ်မတော်၏ ခြေကုပ်စခန်းဖြစ်သော အင်ဖာလွင်ပြင်အား အမိအရတိုက်ခိုက်သိမ်းပိုက်ရန် ဂျပန်ဘုရင်ကြည်းတပ်မတော် အမှတ် (၁၅) မှ ဗိုလ်ချုပ်ကြီးမူတာဂူချိသည် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲမည့်သတင်းဖြစ်သည်။ ယင်းစစ်ဆင်ရေးတွင် ဂျပန်ဘုရင်ကြည်းတပ်အမှတ်(၃၁)၊အမှတ်(၁၅) နှင့် အမှတ် (၃၃) တပ်မများပါဝင်မည်ဖြစ်ပြီး အိန္ဒိယလွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီး နေတာဂျီဆူဗတ်ချန္ဒရာဘို့၏ တပ်မအမှတ် (၁) လည်း ပါဝင်မည်ဟူသောသတင်း ဖြစ်သည်။

ထိုထိုးစစ်တွင် သံချပ်ကာတပ်များနှင့် လေတပ်အကူအညီပါဝင်မည်ဖြစ်၏။ ထိုတပ်မများသည် မတ်လဆန်းတွင် ချင်းတွင်းမြစ်အား ဖြတ်ကျော်နိုင်ရန် စီစဉ်နေသည့်သတင်း ဖြစ်၏။ ချင်းတွင်းမြစ်ဖြတ်ကူးရာတွင် ဆင်များပါဝင်သည်ဟု ဆိုသည်။ ဤစစ်ဆင်ရေး၏ အမည်မှာ ယူဂိုးစစ်ဆင်ရေးဖြစ်သည်ဆိုသော သတင်း ဖြစ်၏။

ကိုဟီးမားသည် ပင်လယ်ပြင်အထက် ပေ (၅၀၀၀) တွင် တည်ရှိပြီး ၎င်းမှ အနောက်ဘက်သို့ ကွေ့ဆင်းသွားသောလမ်းအတိုင်း ခရီးနှင်မည်ဆိုပါက ကာလကတ္တားမှ မြန်မာနိုင်ငံနယ်စပ်အနီးရှိ လီဒိုသို့ဆက်သွယ်ထားသော မီးရထားပေါ်ရှိ ဒီမာပူသို့ရောက်ရှိသွားမည် ဖြစ်သည်။ မြင့်မားသော တောင်ကြောတောင်ထွတ်များ၏ အလယ်တွင် တည်ရှိသော ကိုဟီးမား၏အရှေ့ဘက်နှင့်မြောက်ဘက်ရှိ တောင်ကြောကြီးများသည် ပေ (၈၀၀၀) အထိ အမြင့်သည်။ အနောက်ဘက်တောင်ကြောကြီးကမူ ပေ(၁၀၀၀၀)အထိမြင့်၏။ ထို့ကြောင့် ကိုဟီးမားသည် အာသံ၊ မဏိပူရဒေသများနှင့် မြန်မာနိုင်ငံအကြား တောင်ကြားလမ်းဆုံရာဒေသဖြစ်၏။ ကိုဟီးမားသည် ကာလကတ္တားမှ မိုင်(၄၀၀)ကွာဝေးသော်လည်း မြန်မာနိုင်ငံနှင့်မူ မိုင် (၇၀) သာ ကွာဝေး၏။ မြို့ဟု ကင်ပွန်းတပ်ခံရသော်လည်း ငှက်ပျောတောများ၊ ဝါးရုံကြီးများ အုပ်ဆိုင်းနေသော ကျေးရွာကြီးတစ်ရွာသာဖြစ်၏။ ကိုဟီးမားမြို့ပတ်ဝန်းကျင်



ချင်းတွင်းမြစ်ကိုဖြတ်ကျော်နေသော ဂျပန်တပ်များ




တောင်ပေါ်ဒေသတွင် တောင်ထိပ်များပေါ်၌ ခံတပ်များသဖွယ်စည်းရိုးကာထားသောကျေးရွာများတွင် နာဂတိုင်းရင်းသားများ နေထိုင်ကြသည်။

ယင်းနာဂတိုင်းရင်းသားများအနက် အချို့မှာ အမေရိကန်နှစ်ခြင်းသာသနာပြုများ၏ ကြိုးပမ်းမှုကြောင့် ခရစ်ယာန်ဘာသာဝင်များအဖြစ် ခံယူထားကြ၏။ ခရစ်နှစ် ၁၈၉၁ ခုနှစ်တွင် မဏိပူရတို့ ဗြိတိသျှအစိုးရအား ပုန်ကန်တိုက်ခိုက်ကြသော်လည်း ယင်းပုန်ကန်မှုကို နှိမ်နင်းပြီးသောနောက်ပိုင်းမှစ၍ နာဂတို့အစဉ်အလာနေထိုင်သည့်တောင်တန်းဒေသမှာ ငြိမ်းချမ်းသွား၏။

ဝေးလံသီခေါင်သည့်အိန္ဒိယတိုက်ငယ်၏ မဲဇာဟုတင်စားခေါ်နိုင်သော ကိုဟီးမား၏ သဘာဝအလှရှုမျှော်ဖွယ် ရှုခင်းများ၏နောက်ကွယ်တွင် သည်းထိတ်ဖိုစရာ လျှိုမြောင်များအတွင်း မြင့်မားသောညောင်ပင်ကြီးများ၊ ကျွန်းပင်ကြီးများ၊ ဝက်သစ်ချပင်များ၊ မားပင်ကြီးများ၊ တောငှက်ပျောပင်များ ပေါက်ရောက်လျက်ရှိသည်။ ထိုတောအုပ်စိမ်းမြေများအတွင်း သားရဲတိရစ္ဆာန်များသာမက မြွေဟောက်၊ ငန်းတော်ကျား စသည့်မြွေမျိုးလည်းစုံသည်။ တောလိုက်ဝါသနာပါသူတို့အဖို့ လောကနိဗ္ဗာန်ဟုဆိုကြ၏။

ဤမြို့လေးသို့ ချား(လ်)ပေါ်ဆေးသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် ဒုတိယအရေးပိုင်အဖြစ် တာဝန်ယူရန် ရောက်လာသည်။ သူကိုဟီးမားဒုတိယအရေးပိုင်ဖြစ် တာဝန်ယူရသောအချိန်တွင် အသက် (၃၅) နှစ်သာရှိသည်။ အိုင်စီအက်(စ်)တစ်ယောက်အဖို့ ရှေ့မျှော်လင့်ချက်အလားအလာအကောင်းဆုံးအချိန် ဖြစ်၏။ ပေါ်ဆေးအသက်(၁၈)နှစ်တွင် ပထမကမ္ဘာစစ်ကြီးဖြစ်လာရာ တက္ကသိုလ်ကျောင်းသားဘဝကိုကျောခိုင်း၍ ဗြိတိသျှဘုရင်ကြည်းတပ်မတော်သို့ဝင်ခဲ့သည်။ ဥရောပအနောက်စစ်မျက်နှာတွင် ရှုပ်ရှုပ်ချွံချွံအသက်ပေးတိုက်ခဲ့သဖြင့် သူရဲကောင်းဘွဲ့ရခဲ့သူဖြစ်၏။

ပထမကမ္ဘာစစ်ပြီးသည်နှင့် တပ်မှထွက်၍ အောက်(စ်)ဖို့တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးခဲ့၏။ ပါမောက္ခဦးလေးတစ်ယောက်မှာ အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်တွင် အခွန်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေခဲ့၏။ ဦးလေး၏ တိုက်တွန်းမှုနှင့် အိုင်စီအက်(စ်)ဝင်ခွင့် စာမေးပွဲကိုဝင်ရောက်ဖြေဆိုရာမှထူးချွန်စွာအောင်မြင်ခဲ့သည်။ ဤကဲ့သို့ အိုင်စီအက်(စ်)ဝင်ခွင့်စာမေးပွဲအောင်မြင်ခဲ့ပြီးနောက် နာဂဒေသတွင် လယ်ယာမြေစနစ်တကျခွဲဝေနိုင်ရေးနှင့် ရွှေ့ပြောင်းတောင်ယာကိစ္စရပ်များတွင် အောင်မြင်ပေါက်ရောက်စွာ စီစဉ်ဆောင်ရွက်နိုင်သဖြင့် ဗြိတိသျှဘုရင့်အစိုးရ အိန္ဒိယရုံးတော်မှ ချား(လ်)ပေါ်ဆေးအား နာဂပြည်နယ် ဒုတိယအရေးပိုင်အဖြစ် ခန့်အပ်ခဲ့သည်။

ချား(လ်)ပေါ်ဆေးမှာ နာဂတို့၏ ရှေးဟောင်းယဉ်ကျေးမှုကို စိတ်ဝင်စားသူ အလေးထားသူ ဖြစ်သည်။ နာဂတိုင်းရင်းသားခေါင်းဆောင်များသည် သူ့အားလေးစားကြည်ညိုကြ၏။ ချား(လ်)ပေါ်ဆေးသည် နာဂတိုင်းရင်းသားခေါင်းဆောင်များကိုသာမက နာဂတိုင်းရင်းသားများနှင့်ပါ လက်ပွန်းတတီးနေသူဖြစ်၍

www.burmeseclassic.com

ကား သူ့အား နာဂအလိုတော်ရှိဟု ဗြိတိသျှအာဏာပိုင်များက မှတ်ယူထား၏။ နာဂဒေသတည်ငြိမ်အေးချမ်းရေးအတွက် ချား(လ်)ပေါ်ဆေးမှာ အဓိကကျသူတစ်ဦး ဖြစ်သည်။

ထိုစဉ်ကာလ နာဂမျိုးနွယ်တို့၏ လက်ဆင့်ကမ်း အယုံအကြည်တစ်ခုမှာ လူငယ်တစ်ယောက်သည် မိမိရန်သူတစ်ယောက်၏ ဦးခေါင်းကို ဖြတ်ယူနိုင်မှ လူလားမြောက်သည်ဟု ယူဆသည်။ တိုက်ပွဲတွင် ရန်သူ၏ဦးခေါင်းများများ ဖြတ်နိုင်သူသည် အထူးဂုဏ်တက်၍ သူရဲကောင်းဖြစ်သည်ဟု ယူဆထားကြ၏။ နာဂတို့သည် ချည်ထည်ရက်လုပ်ခြင်း၊ ခန္ဓာပေါ်တွင် ဆေးမှင်ထိုးခြင်း၊ တောလိုက်ခြင်း စသော အတတ်တွင် အထူး အောင်မြင်ပေါက်ရောက်သူများ ဖြစ်၏။

ဒုတိယအရေးပိုင်၏ နာဂတို့ကို စည်းရုံးနိုင်မှုသည် အစဉ်အလာ စစ်သွေးကြွနေသော နာဂတို့၏ ဒေသအား ထာဝစဉ် ငြိမ်းချမ်းရေးရစေသည်။ သို့ဖြစ်၍ ဒုတိယအရေးပိုင် ချား(လ်)ပေါ်ဆေးမှာ ဟိုးဟိုးကျော်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာသည်နှင့် ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် တရုတ်-မြန်မာလမ်းမကြီးကြောင့် ဖက်ဆစ်ဂျပန်တို့၏ပစ်မှတ်ဖြစ်လာသည်။ ထိုစဉ်ကာလက ဗြိတိသျှတို့မှာ မိမိတို့နိုင်ငံအား နာဇီဂျာမန်တို့ မသိမ်းပိုက်နိုင်ရေးအတွက် ခါးစည်းခံနေရသဖြင့် မြန်မာနိုင်ငံကာကွယ်ရေးမှာ အားပျော့ခဲ့ရသည်။ သို့ဖြစ်၍ ဂျပန်ဘုရင်ကြည်းတပ်မတော်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အကူအညီနှင့် မြန်မာနိုင်ငံကို မျှော်လင့်ထားသည်ထက်စောစွာ အောင်ပွဲခံနိုင်ခဲ့သည်။

ဗိုလ်ချုပ်ကြီး စလင်း၏ အမှတ်(၁၇) တပ်မတော်နှင့် အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီး ခေါင်းဆောင်သော တရုတ်တပ်များသည် ကစဉ့်ကလျား ဆုတ်ခွာသွားခဲ့ကြရသည်။ ဂျပန်ဘုရင်ကြည်းတပ်မတော်သည် ချက်ချင်း အိန္ဒိယသို့ ဆက်လက်ချီတက်ခြင်းမပြုခဲ့။ ရာသီဥတုနှင့်လမ်းပန်းအဆက်အသွယ်ကြောင့် မြန်မာနိုင်ငံမှာပင် ယာယီရပ်တန့်နေခဲ့၏။

ဤတွင် မြန်မာနိုင်ငံကို မျှော်လင့်ထားသည်ထက်စော၍လက်လွှတ်ရခြင်း အကြောင်းတစ်ရပ်တွင် ပြည်သူလူထု၏ရန်သူသတင်းပေးမှုအားနည်းခြင်း ဖြစ်သည်ဟု ဗြိတိသျှစစ်အာဏာပိုင်များက ယူဆသည်။

သို့ဖြစ်၍ ဗြိတိသျှအာဏာပိုင်အာသံ၊ မဏိပူရနယ်မြေနှင့် မြန်မာနိုင်ငံအကြားရှိ တောတောင်ထူထပ်သော ဒေသ၌ သမိုင်းအဆက်ဆက်ကြောင့်ကြမ့်ကင်းစွာမှီတင်းနေထိုင်ကြသောစစ်သွေးကြွ နာဂလူမျိုးများအား စည်းရုံး၍ အထူးထောက်လှမ်းရေးတပ်ဖွဲ့(V-Force)တည်ထောင်ရန် စီမံခဲ့ရသည်။ ဤတွင် နာဂအမျိုးသားအလိုတော်ရှိ အိုင်စီအက်(စ်) ဒုတိယအရေးပိုင် ချား(လ်)ပေါ်ဆေးမှာ အဓိကတာဝန်ယူရသူဖြစ်လာခဲ့ရ၏။

နာဂတိုင်းရင်းသားတို့အား ဗြိတိသျှအရာရှိများက လက်နက်သင်တန်း ထောက်လှမ်းရေးသင်တန်းများ ပေးခဲ့သည်သာမက လက်နက်တပ်ဆင်ပေးခဲ့သည်။ ဗြိတိသျှတို့အပေါ် သစ္စာရှိကြသော နာဂအမျိုးသားများသည် အထမ်းသမားများ၊ လမ်းပြများ၊ တောလိုက်မုဆိုးများ၊ ရွှေ့ပြောင်းတောင်ယာသမားများ အသွင်ဖြင့် မြန်မာနိုင်ငံအတွင်းမှဖက်ဆစ်ဂျပန်တပ်တို့၏လှုပ်ရှားမှုသတင်းများကို ယူနိုင်ခဲ့ကြရာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြသည့်အတိုင်း ဂျပန်ဘုရင်တပ်မတော်အမှတ်(၁၅)၏ အိန္ဒိယနိုင်ငံအတွင်းဝင်ရောက်တိုက်ခိုက်မည့်သတင်း၊ အိန္ဒိယ-မြန်မာနယ်စပ်အတွင်းရိက္ခာများ စုဆောင်းသည့်သတင်း၊ ချင်းတွင်းမြစ်အား ဖြတ်ကူးရန် လှေများ အမိအရ စုဆောင်းသည့်သတင်း၊ ယခင် မြန်မာနိုင်ငံသစ်ကုမ္ပဏီများပိုင်ဆင်များစုဆောင်းသည့်သတင်းများ။ ဒုတိယအရေးပိုင် ချား(လ်)ပေါ်ဆေးထံ တိတိကျကျ သတင်းပေးပို့နိုင်ကြ၏။

ဗြိတိသျှ စစ်အာဏာပိုင်တို့အဖို့ ချား(လ်)ပေါ်ဆေး၏နာဂအထူးထောက်လှမ်းရေးတပ်ဖွဲ့ထံမှ သတင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ ထောက်လှမ်းရေးများမှ ပေးပို့သောသတင်းများနှင့် လေတပ်မတော်ကင်းထောက်လေယာဉ်ပျံများမှ ပေးပို့သောသတင်းများအရ ဂျပန်ဘုရင်တပ်မတော်၏ယူဂိုစစ်ဆင်ရေးအကြောင်း ကြိုတင်သတင်းရပြီး ဖြစ်၏။

ဤတွင် ထိုစဉ်ကာလက ဂျပန်တို့၏ စစ်ရေးအခြေအနေကို အနည်းငယ် စကားပလ္လင်ခံရန် လိုအပ်လာပါသည်။ ဂျပန်သည် အရှေ့တောင်အာရှတွင် ဒုတိယကမ္ဘာစစ်ကြီးကိုစတင်စေခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်ထိ ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့၏။ သို့သော် ၁၉၄၃ ခုနှစ်ကုန်ဆုံးခဲ့သည့်အချိန်ကစ၍ အရှေ့နှင့် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ရေကြောင်းတိုက်ပွဲများ၊ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းစုများအတွင်း တိုက်ပွဲများတွင် အရှုံးနှင့်ရင်ဆိုင်လာခဲ့ရသည်။ တစ်ချိန်က တိုက်တိုင်းအောင် ဂျပန်ဘုရင်တပ်မတော်များမှာ အထိနာလာခဲ့၏။ ဝေဟင်တွင်လည်း အမေရိကန်ပြည်ထောင်စုလေတပ်မတော်နှင့်ဗြိတိသျှလေတပ်မတော်တို့က စိုးမိုးနိုင်ခဲ့သည်သာမက ဂျပန်နိုင်ငံရှိ မြို့ကြီးများကိုဗုံးကြဲတိုက်ခိုက်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကို ခါးစည်း၍ခံရပြီး ဖြစ်သည်။ ၁၉၄၄ ခု နှစ်ဦးပိုင်းတွင် စတင်ခဲ့သော ဗိုလ်ချုပ်ကြီးစလင်း၏ ရခိုင်ပြည်နယ်ဘူသီးတောင်စစ်တွင်လည်း ဂျပန်ဘုရင်တပ်မတော်မှာအထိနာခဲ့ရသည်။ မဟာမိတ်တို့အဖို့ စစ်ရေးထက် စိတ်ဓာတ်ရေးရာအောင်မြင်မှုရနေသည်။

ဤကဲ့သို့ အဘက်ဘက်က ယိုယွင်းလာသောစစ်ရေးကို အိန္ဒိယသို့ချီတက်တိုက်ခိုက်အောင်မြင်ရေးနှင့် ဖာထေးရန် ဂျပန်ဘုရင်တပ်မတော် အမှတ် (၁၅) သည် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ယူဂိုခေါ် စစ်ဆင်ရေးကို စီစဉ်ခဲ့ရ၏။ ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ စစ်အာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံရှိ ဂျပန်ဘုရင်တပ်မတော် အမှတ် (၁၅) မှ တာဝန်ရှိသူများက ဤစစ်ဆင်ရေးပြုလုပ်ခြင်းဖြင့် တရုတ်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ လော်စာဆီများပေးပို့နေသောလေယာဉ်ပျံစခန်းများတည်ရှိရာ မဏိပူရ၊ အာသံတို့ကို စီးနင်းနိုင်မည် ဖြစ်သည်။ ဤသို့ စီးနင်းနိုင်လျှင် အိန္ဒိယနိုင်ငံအား (၁၀) ရက်ခန့်ဖြင့် သိမ်းပိုက်နိုင်မည်ဟု ဤစစ်ဆင်ရေးကို တာဝန်ခံရေးဆွဲသူ ဗိုလ်ချုပ်ကြီး မူတာဂူချိကမှတ်ယူထား၏။ ထို့ကြောင့်ပင် ဤယူဂိုစစ်ဆင်ရေးတွင် ဂျပန်တပ်မတော်သားများအား ရိက္ခာ (၁၀) ရက်စာသာထုတ်ပေးပြီးချီတက်စေသည်။

ဂျပန်စစ်အာဏာပိုင်များတို့သည် မဟာမိတ်တပ်များကို လျှော့ပေါ့တွက်ထားသည်။ မဟာမိတ်တို့၏ ကြည်းကြောင်းနှင့် လေကြောင်း ပူးပေါင်းတိုက်သည့် စစ်ဆင်နည်းကိုလည်း လျှော့တွက်ထား၏။ ယခင်အတွေ့အကြုံ ဂျပန်သည် မဟာမိတ်တို့၏ လက်နက်ခဲယမ်း ရိက္ခာများကိုလည်း သိမ်းပိုက်ရမည်ဟု

www.burmeseclassic.com

ဆထား၏။ မဟာမိတ်စစ်သေနာ
ရေကြောင်းဗိုလ်ချုပ်ကြီးမောင့်ဘက်
တလည်း ဂျပန်တို့သည် တစ်နေ့
၍အာသံ၊ မဏိပူရဘက်သို့လှည့်
သချာသည်ဟု တွက်ဆထားပြီး
ချုပ်ကြီးစလင်းဦးဆောင်သောစစ်ဆင်
နချုပ်အား အင်ဖာလွင်ပြင်တွင်
ရှိ၍ ပြင်ဆင်ထားသည်။ ဗိုလ်ချုပ်
င်းတလည်း ယခင်ရှုံးနိမ့်ခဲ့ရသော
ခင်ကြွေးကိုဆပ်ရန် စနစ်တကျပြင်
ထားပြီး ဖြစ်၏။

အင်ဖာလွင်ပြင်သည် ပင်လယ်
တ်နှာပြင်ထက် ပေ (၃၀၀၀) ကျော်
၍ စတုရန်းမိုင် (၆၀၀) ခန့်ကျယ်ဝန်း
မြောက်ဘက်သို့တဖြည်းဖြည်းလျှော
သွားပြီး တစ်ဖန် ကိုဟီးမားဘက်သို့
တက်၏။ ပေ (၅၇၀၀) မြင့်သော
ောင်ထိပ်တွင်ကိုဟီးမားမြို့ရှိနေသည်။

ကိုဟီးမားသည် ဒုတိယအရေး
တည်ရှိသော အုပ်ချုပ်ရေးစခန်း
ဖြစ်ပြီး တိုက်ရည်ခိုက်ရည်စစ်ရည်
သော ခြေလျင်တပ်များချထားခြင်းမရှိ
အမှတ် (၂၃၅) နယ်မြေခွဲဟုသတ်
တ်ထား၏။ ကိုဟီးမားမြို့ကလေး၏
မြောက်ဘက် (၄၆) မိုင်ဝေးသောဒိုင်မာပူ
င် စခန်းချနေသော ဗိုလ်မှူးချုပ်ဟိန်း
တာဝန်ယူအုပ်ချုပ်သည်။

သို့သော် ကိုဟီးမားတွင် စစ်ဆေးရုံ
(၃) ရုံ၊ အမှတ် (၂၄) ဖြည့်တင်းရေး
အမှတ် (၃) အာသံ သေနတ်ကိုင်
ရင်းနှင့်ရိက္ခာသိုလှောင်ရုံများ၊ ခဲယမ်း
ကျောက်သိုလှောင်ရုံများ၊ ဆေးပစ္စည်း
သိုလှောင်ရုံများ၊ စစ်အသုံးအဆောင်
စည်းသိုလှောင်ရုံများ၊ စစ်အင်ဂျင်နီယာ
အသုံးအဆောင်ပစ္စည်းများနှင့်ယာဉ်
များရှိပြီး အရပ်သား အလုပ်သမား
၀၀၀) ခန့်ရှိ၏။ ထိုစဉ်က ကိုဟီးမား
တပ်စွဲထားသော တပ်ပေါင်းစုမှ
မှူးကြီး ဗိုလ်မှူးကြီးရစ်ချက်သည်
အောက်ဖော်ပြပါ ကိုဟီးမားရှိ တောင်ကုန်း
တွင် မြေကတုတ်ကျင်းများပြုလုပ်၍
၅၀၀) ခန့်သာရှိသောတပ်သားများကို
ဝန်ခွဲ၍ချထား၏။

၁။ ဗိုလ်တဲကုန်း
(ဒုတိယအရေးပိုင်နေအိမ်)
၂။ ဆေးရုံကုန်း
၃။ တပ်ကုန်း
၄။ ကူတီးကုန်း
၅။ ဆပ္ပလိုင်းကုန်း
၆။ ဒီတေးကုန်း
၇။ အကျဉ်းထောင်ကုန်း
၈။ ပို့ဆောင်ရေးကုန်း တို့ ဖြစ်သည်။

ကိုဟီးမားမြို့သည် ဒိုင်မာပူနှင့် အင်ဖာသို့သွားသောလမ်းပေါ်တွင်တည်ရှိပြီး နယ်မြေအနေအထားအရ ကိုဟီးမားကို သိမ်းပိုက်ထားနိုင်သူသည် အင်ဖာ၊ ကိုဟီးမားလွင်ပြင်ကို လွှမ်းမိုးနိုင်မည်ဖြစ်၏။ သို့ဖြစ်၍ မတ်လဆန်းကပင် ယူဂို စစ်ဆင်ရေးစီမံချက်အရ အင်ဖာလွင်ပြင်သို့ ထိုးဖောက်လာသည့် ဂျပန်ဘုရင်စစ်ကြောင်း တပ်မ(၃၁)၏စစ်ကြောင်းများသည် ကိုဟီးမားမြို့အား ၁၉၄၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ဇွတ်အတင်း အသေခံဝင်ရောက်တိုက်ခိုက်ပြီး အကျဉ်းထောင်ကုန်းအား သိမ်းပိုက်မိသည်နှင့် ကတုတ်ကျင်းများ ခိုင်ခိုင်ခံ့ခံ့ထူ၍တပ်စွဲထားခဲ့သည်။

ဂျပန်ဘုရင်တပ်မတော်အမြောက်တပ်ကလည်း ကိုဟီးမားရှိ ဗိုလ်တဲကုန်း၊ ဆေးရုံနှင့် ဗြိတိသျှတပ်များ တပ်စွဲထားသည်။ ကတုတ်များအား အဆက်မပြတ်ပစ်ခတ်ခဲ့သည်သာမက စိန်ပြောင်းများဖြင့်လည်း အချိန်ပြည့်ပစ်ခတ်သည်။ ဒုဗိုလ်ချုပ်ကြီးဆာတိုသည် ကိုဟီးမားကုန်းများမှ ခုခံနေသော ဗြိတိသျှတပ်သားများအား အထင်အမြင်သေးထားသည်။ ဗြိတိသျှနှင့်မဟာမိတ်တပ်သားတို့အား ယခင်တိုက်နည်းခိုက်နည်းအတိုင်း ဇွတ်အတင်းတက်၍တိုက်ခဲ့ရာ အနည်းကပ် လုံ့စွပ်တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ဂျပန်တပ်သားအများအား ဗြိတိသျှတပ်သားများ၊ ဂေါ်ရခါးတပ်သားများ၊ အာဖရိကလူမျိုးများ၊ အိန္ဒိယလူမျိုးများနှင့် အာသံ၊ မဏိပူတိုင်းရင်းသားများသည် ကွက်တရိခေါ် ဒေသခံတိုင်းရင်းသားများကိုင်သောဓားများ၊ဂေါ်ရခါးဓားများ၊ လုံ့စွပ်များဖြင့် ကျားကုတ်ကျားခဲခုခံခဲ့ကြသဖြင့် ဂျပန်တပ်များအကျအဆုံးများစွာနှင့် ကစဉ့်ကလျားဆုတ်ခွာခဲ့ကြရသည်။

ဗိုလ်တဲကုန်းရှိဒုတိယအရေးပိုင်၏အိမ်အောက်တပ်တွင် ‘အိုင်စီအက်(စ်)ချား(လ်)ပေါ်ဆေး၏ရုံးအဖွဲ့ဝင် အမှုထမ်းများနှင့် မဟာမိတ်တပ်များသည် ကျားကုတ်ကျားခဲခုခံကြသည်။ တိုက်ပွဲတစ်နေရာတွင် တပ်သားများ၏မီးဖိုများအား သိမ်းပိုက်၍ပစ်ခတ်နေသော ဂျပန်တပ်ခွဲတစ်ခွဲလုံးအား ဗြိတိသျှတပ်သားများက လက်ပစ်ဗုံးများ၊ စက်သေနတ်များ ခဲခဲယဉ်းယဉ်းဇွတ်အတင်းဝင်တိုက်ရာ ဂျပန်ဘုရင်တပ်မတော်တပ်ခွဲတစ်ခွဲလုံးကျဆုံးခဲ့ကြရသည်။ အစဉ်အလာကြီးမားခဲ့သော ဂျပန်တပ်သားများအဖို့ ကိုဟီးမားတိုက်ပွဲမှာ တအံ့တသြဖြစ်ရသည်။ သူတို့ထင်သလိုဖြစ်မလာတော့ဝေဟင်အား ကြီးစိုးထားသော ဗြိတိသျှဘုရင်လေတပ်မတော်နှင့် အမေရိကန်လေတပ်မတော်တို့၏ပစ်ခတ်တိုက်ခိုက်မှုလိုအပ်သောရိက္ခာနှင့်လက်နက်ကျည်ဆန်များ ဝေဟင်မှချပေးနိုင်မှုသည် ကျားကုတ်ကျားခဲခုခံနေသော မဟာမိတ်တပ်များအတွက် စိတ်ဓာတ်အားတက်စေသည်။

ဂျပန်တို့အဖို့ လေတပ်အကူအညီလည်းမရ၊ မျှော်လင့်ထားသော မဟာမိတ်တို့ထံမှ သိမ်းပိုက်ရရှိမည့် ရိက္ခာများလည်းမရ။ သို့သော် ဒုဗိုလ်ချုပ်ကြီးဆာတို၏တပ်များသည် ပုရွက်ဆိတ်များ၏ဇွဲမျိုးနှင့် ဇွတ်အတင်းတိုက်ခိုက်သည်။ ဒီရေကဲ့သို့ လူလှိုင်းဖြင့်အသက်စွန့်၍တိုက်ခိုက်သော်လည်း အကျအရှုံးအတောမသတ်နိုင်တော့။ ဗိုလ်တဲကုန်း ဒုတိယအိမ်အနီးရှိ တင်းနစ်ကွင်းအနီးမှာပင် ဘတစ်ပြန်ကျားတစ်ပြန် အနီးကပ် လုံ့စွပ်တိုက်ပွဲများတိုက်ခဲ့ကြရသည်။

ကိုဟီးမားတွင်တိုက်ပွဲများပြင်းပြင်းထန်ထန်ဖြစ်ပွားသကဲ့သို့ အင်ဖာလွင်ပြင်တွင်လည်း မဟာမိတ်တပ်များနှင့်ဂျပန်တပ်များ တိုက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။ ဗြိတိသျှနှင့် မဟာမိတ်များအဖို့ လေတပ်နှင့် သံချပ်ကာတပ်အကူအညီများနှင့် ပြင်းပြင်းထန်ထန်ခုခံခဲ့ကြရာ ဂျပန်ဘုရင်ကြည်းတပ်မတော်အဖို့ အထိနာခဲ့သည်။

ဧပြီလအတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကိုဟီးမား အင်ဖာလွင်ပြင်တွင် မိုးရွာစပြုလာခဲ့ပြီဖြစ်ရာ ဂျပန်ဘုရင်ကြည်းတပ်မတော်အဖို့ ရိက္ခာဖြတ်၊ စစ်လက်နက်ပစ္စည်းအကူမဲ့ရတော့သဖြင့် နောက်ဆုတ်ရုံမှအပ အခြားနည်းလမ်းမရှိတော့။ သို့ဖြစ်၍ အင်ဖာလွင်ပြင်မှ ဂျပန်တပ်များဆုတ်ခဲ့ရသလို ကိုဟီးမားမြို့အား ရက်ပေါင်း (၅၀) ကျော် အပြင်းအထန်နေ့ရောညပါတိုက်ခဲ့ကြရပြီး ဂျပန်အလောင်းပေါင်း (၄၀၀၀) ကျော်ထားရစ်၍ ကစဉ့်ကလျားဆုတ်ခွာခဲ့ကြသည်။ ဆုတ်ခွာသည့်နောက်သို့လည်း လေတပ်နှင့် မဟာမိတ်ကြည်းတပ်တို့ကကပ်လိုက်တိုက်ခိုက်ခဲ့ကြ၏။ ဤသို့ဖြင့် ဂျပန်ဘုရင်တပ်မတော်၏ ယူဂိုစစ်ဆင်ရေးမှာ ဇာတ်သိမ်းခန်းရောက်ခဲ့ရသည်။

လှမိုး(ပညာရေး)

Ref;

Road of Bones.
By.F-Keane.



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ဆိုင်

# ကလဲ့စားချေလိုသော မြွေဟောက်မ၏ရန်ငြိုး

၁၉၆၈ ခုနှစ်က ကျွန်ုပ်တို့ရှေ့တန်းအမှတ် (xxx) ခြေမြန်တပ်ရင်းအနေဖြင့် KNU အကြမ်းဖက်သောင်းကျန်းသူတို့၏ အခိုင်အမာစခန်းတစ်ခုဖြစ်သော ဖလူးစခန်းကို တိုက်ခိုက်သိမ်းပိုက်နေရသေးချိန် ဖြစ်သည်။ ၁၉၈၄ ခုနှစ်ကတည်းက အစပျိုးပြီး တပ်ရင်းတစ်ရင်းပြီးတိုက်ခိုက်လာကြရသည်ဖြစ်သဖြင့် တိုက်ပွဲမှာ အီလည်လည်ကြီးဖြစ်လာကြရ သည်။

ကျွန်ုပ် ဦးစီးရသော တပ်စိတ်တစ်စိတ်မှာမူ တပ်ခွဲမှူးဗိုလ်ကြီးသိန်းဇော် ဦးစီးရသော ထုတ်နုတ်တပ်ခွဲကိုသွားပြီး တွဲရသည်။ ထိုတပ်ခွဲမှာ တပ်စခန်းတည်ဆောက်ပြီးနောက်ပိုင်း လုံခြုံရေးကိုယူထားရသည်။ ရန်သူစခန်းနှင့်အဖြောင့်တိုင်းသော် တိုက် (၆၀၀၀) လောက်ဝေးပါသဖြင့် ရန်သူ၏ ၈၂ - မမ စိန်ပြောင်းတို့၏ ပစ်ခတ်ခြင်းကိုတော့ မခံရ... လက်လမ်းမမီ၍ဖြစ်သည်။

သို့ပါသော်လည်း တစ်ခါတစ်ရံ... သလို ၁၂၀ - မမစိန်ပြောင်းကြီးများ... အပစ်ခံရပါသည်။ အဆိုပါ ၁၂၀ - မမ စိန်ပြောင်းကြီး ဆိုသည်မှာ KNUတို့... တွင်မရှိသလို မည်သည့်အကြမ်းဖက်သောင်းကျန်းသူများထံတွင်မှလည်း မ... ပါ။ ယခု ပစ်ခတ်လာသော ၁၂၀ - မမ စိန်ပြောင်းကြီးသည် အမှန်စင်စစ်... ယိုးဒယားနိုင်ငံမှ KNUဘက်ကနေ... ပစ်ခတ်ပေးနေခြင်းသာ ဖြစ်တော့သ... အတိတ်က ရန်ငြိုးကြောင့် ရှေ့...



www.burmeseclassic.com

www.burmeseclassic.com

ချောင်သလို တွယ်သည့်သဘောပင် ဖြစ်သည်။

ကျွန်ုပ်၏စခန်းအလယ်တည့်တည့် ဆင် လာရောက်ပြီး ပေါက်ကွဲခဲ့ဖူး၏။ ဗုံးသီးတစ်လုံး လာရောက် ပေါက်ကွဲ သောအခါ ကျွန်ုပ်က အဆိုပါဗုံးသီးမှာ ၁၂၀-မမဗုံးသီး ဖြစ်ကြောင်း သိပါ၏။ အကြောင်းမူ ထွက်ပေါ်လာသော မီးခိုး မှာ မည်းတူးနေ၍ ဖြစ်သည်။ ၈၂-မမ ဗုံးသီး၏ မီးခိုးအရောင်မှာ အဖြူ ရောင် ဖြစ်သည်။ ကျွန်ုပ်က သက်ာ ကောင်း၍ ဗုံးသီး၏တလက်ကိုသွားရှာ ရာ အမှန်တကယ်ပင် ၁၂၀ - မမဗုံး သီး၏တလက်ဖြစ်နေကြောင်းကို တွေ့ရှိ ရပါ၏။

ရှေ့ပိုင်းတွင်တိုက်ခိုက်နေရသော စစ်သည်များနှင့် နောက်ပိုင်းတွင် စခန်း ထိုင်နေရသော ကျွန်ုပ်တို့ကပါ အစား အသောက်နှင့်ပတ်သက်ပြီး များစွာမှ ဒုက္ခရောက်ခဲ့ကြရပါသည်။ ရိက္ခာ အမယ်များကို ထုတ်ယူရရာတွင်လည်း ထိုသည့်အမယ်ကမှ ပြည့်ပြည့်ဝဝမရခဲ့ ကြ။ ရလာသမျှမှာလည်း အရည်အသွေး က မရှိ။ ဖွယ်တယ်တယ်ကြမ်းတမ်းတမ်း ဆန်များ၊ ဖွဲနုဆီဆိုလားမသိရသော ဆီ ကလည်း မည်းညစ်ညစ် ပျစ်ချွဲချွဲနိုင်လှ သည်။ ကုလားပဲတွေက ပိုးထိုးနေပြီး ငရုတ်သီးခြောက်တွေကလည်း ပွဲရုံပိုင် ရှင်များ သွန်ပစ်ထားသော ငရုတ်သီး ခြောက်လောက်မှ အဆင့်ကမရှိပါ။ နို့ဆီတစ်မျိုးသာလျှင် အပြည့်အဝရ သည်။၎င်းသည်မှာလည်း အလုံပိတ်ထား သောဘူးဖြစ်နေပြီး ဖောက်နုတ်မရဖြစ် နေ၍သာ အပြည့်ရခြင်းဖြစ်တော့သည်။

ရိက္ခာစိုင္ငွေ ဆိုသည်မှာလည်း ကျွန်ုပ်တို့၏ လတ်တလော အခြေအနေ အရ စက္ကူသာဖြစ်နေသည်။ ဘာမှလဲ ဝယ်စရာမရှိ။ ဝယ်စား၍လည်း မရ။ တစ်လတစ်ခါတက်လာသော လစာပေး အဖွဲ့များကိုသာမျှော်ရသည်။

အသားငါးစားရဖို့ဆိုသည်မှာ ဆလာဝေးပါ။ တောဟင်းရွက်၊ ဟင်းသီး များပင်လျှင် အနေကြာလာသည်နှင့် အမျှ ရှားပါးလာကြသည်။ အင်အားရှိ သော အစာအာဟာရများကို အပြည့် အဝမစားရသည့်ကြားထဲက စစ်သည် များမှာတော့ နေ့စဉ်နှင့်အမျှဆိုသလို ဆက်သွယ်ရေးမြောင်းတူးခြင်း၊ ပစ်ကျင်း နှင့် ဩဘက်ကျင်းများကို တူးရခြင်း၊ အမိုးပါ ခေါင်ခံတုတ်များကို ပြုလုပ်ရန် အချင်းတစ်ပေခွဲခန့်ရှိသော သစ်လုံးများ ကို ခုတ်ဖြတ်သယ်ယူနေရခြင်း၊ တပ်ခြံ စည်းရိုးကာရံရခြင်းများကို နိစ္စဓူဝလုပ် နေရသည်။ ခံစစ်၏အခြေခံဥပဒေအရ တွင်လည်း မည်သည့်အခါမျှ ခံစစ် ပြင်ဆင်ခြင်းအလုပ်မှာ မပြီးဆုံးနိုင်ပါ။ တိုက်ပွဲပြီးဆုံးသွားချိန်ရောက်မှသာ ခံစစ် ပြင်ဆင်မှုပြီးဆုံးသည်ဟု ဆိုထားလေရာ ကျွန်ုပ်တို့မှာတော့ နေ့စဉ်နှင့်အမျှ ခံစစ် ကို ကောင်းသည်ထက်ကောင်းအောင် ပင်ပင်ပန်းပန်း ကြမ်းကြမ်းတမ်းတမ်းဖြင့် နဖူးကချွေး ခြေမ,ကျအောင်လုပ်ဆောင် နေကြရတော့သည်။

❑

ထိုစဉ်အချိန်အခါက ကျွန်ုပ်မှာ ဗိုလ်လောင်းဖြေဆိုရန် တာစူနေသူဖြစ်ပါ သည်။ အသက် (၃၀) နှစ်အတွင်း တပ်မတော်တွင် တပ်ကြပ်ရာထူးရရှိခဲ့ပါ က အသက် (၃၀) မပြည့်မချင်း တစ်နှစ် မှာ တစ်ခါခေါ်သောဗိုလ်ရွေးအဖွဲ့သို့ သွားရောက်ဖြေဆိုခွင့်ရှိပါသည်။ ကျွန်ုပ် ပြောချင်နေသည်မှာ ထိုကဲ့သို့ ဗိုလ် လောင်းဖြေဆိုရန် ကြိုးစားနေသော ကျွန်ုပ်အဖို့ မည်သည့်ပြဿနာမျှ အတက် မခံနိုင်ပါ။ လက်ရှိတပ်ကြပ်ရာထူးမှ တစ်ဆင့် နောက်တပ်ကြပ်ကြီးရာထူးရရှိ ဖို့က အရေးမကြီးပါ။ ပြဿနာမတတ်ဖို့ ကလုံးဝအရေးကြီးနေပါသည်။ ပြဿနာ တစ်စုံတစ်ရာတက်မိပါက ကျွန်ုပ်၏ ဗိုလ်လောင်း ဝင်ရောက်ဖြေဆိုခွင့်ကို တစ်နည်းနည်းနှင့် ဆက်စပ်ပတ်သက် လာနိုင်သည်။ ဗိုလ်လောင်းဖြေဆိုဖို့အခွင့် အရေးပိတ်သွားနိုင်သည်။

ထိုကဲ့သို့ ပြဿနာမဖြစ်အောင်၊ မတက်အောင် ဆင်ခြင်နေရသည့်ကြား ထဲတွင် တစ်နေ့သောအခါ ကျွန်ုပ်၏တပ် စိတ်ရှိ တပ်သားဌေးဝင်းဆိုသူမှာ ကျွန်ုပ် ထံရောက်လာပြီး-

"ဆရာ၊ ကျွန်တော်တောခိုတော့ မယ်"

မြတ်စွာဗုဒ္ဓေါ-ဒီကောင်ဘယ်လို တွေဖြစ်လာတာပါလိမ့်။ သူ့ကိုလည်း ကျွန်ုပ်တို့က ဘာတစ်ခုမှမတရားသဖြင့် မဆက်ဆံခဲ့ပါ။ သူသည် ယခုမှ စစ်ဆင် ရေးကိုလိုက်လာဖူးသော လူသစ်ဖြစ်ပါ သည်။ စစ်ဆင်ရေးအတွေ့အကြုံမရှိ သေးပါ။ လူသစ်ဆိုသော်လည်း ကျွန်ုပ် တို့က ကျွန်ုပ် အပါအဝင် မည်သည့် ရဲဘော်ကမှ သူ့အား ထိုးဖို့ကြိတ်ဖို့မဆို ထားနဲ့ မည်သူကမျှပင် သူ့အား မဆူဆဲ ဘူးသေးပါ။ လူသစ်၊ လူဟောင်းမခွဲခြား ဘဲ ချစ်ချစ်ခင်ခင်နေခဲ့ကြသည့်ကြားထဲ ယခု သူက ဘာတွေများ ဗွေဖောက်လာ ရသနည်း။

ကျွန်ုပ်က -

"ဘာပြုလို့များ တောခိုချင်ရတာ လဲ တပည့်ရယ်။ မင်းကို ဘယ်သူက ဘာ များမတရားသဖြင့်လုပ်လို့လဲ"

ဟု မေးလိုက်ရာ သူက-

"ဘယ်သူကမှ ကျွန်တော့်ကို မတရားဆက်ဆံလို့မဟုတ်ပါဘူး"

"ဒါဆိုဘာဖြစ်လို့လဲ"

"အစားအသောက်ငတ်လွန်းအား ကြီးလို့ဗျ" -

မြတ်စွာဘုရား-တိုင်းပြည်အတွက် အသက်ပေးပြီး တာဝန်ထမ်းဆောင်မည့် သူက ထိုမျှသောအစားအသောက်ငတ် ပြတ်မှုကိုပင်မခံနိုင်။ မည်သို့ဆိုစေ ကျွန်ုပ် က တပ်သား ဌေးဝင်းအား အစားအ သောက်ကိစ္စနှင့်ပတ်သက်ပြီး တောခို သွားရစေသည်အထိတော့ အဖြစ်မခံနိုင် ပါ။ သူတောခိုသွားသည်က အကြောင်း မဟုတ်။ သို့သော် ကျွန်ုပ်အား လာပြီး ထိခိုက်ပေတော့မည်။ စစ်ဗိုလ်ဖြစ်ရေး စိတ်ကူးယဉ်အတွေးတွေက သဲထဲရေ သွန်သလိုဖြစ်သွားနိုင်သည်။ ထို့ထက် ပိုပြီး ကံမကောင်းအကြောင်းမလှပါက လက်ရှိရာထူးပင်လျှင် ပြုတ်မသွားဘူး ဟု မဆိုနိုင်ပါ။ သို့ဖြစ်၍ သူတောမခိုရန် ကျွန်ုပ်လုပ်ရပေတော့မည်။

သို့ဖြင့် ကျွန်ုပ်က -

"ဒါများ တပည့်ရယ်၊ ငတ်တာက တော့ ငါတို့အားလုံးငတ်နေကြတာပါပဲ ကွာ။ ကဲ - ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ အစားအသောက် အဆင်ပြေရင်တော့ မခိုဘူးမဟုတ်လား"

"ဟုတ်တယ် ဆရာ၊ အစားအ သောက်အဆင်ပြေရင် ကျွန်တော်တော မခိုဘူး ကတိပေးပါတယ်"

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က -

"ကဲ-အချိန်ရှိသေးတယ်မဟုတ် လား။ ငါ အပါအဝင် သုံးယောက် အဲဒီ ကင်းစောင့်တဲ့ချောင်းချောက်ထဲကိုသွား မယ်။ မင်းရယ်၊ ငါရယ်ဆိုတော့ နောက် တစ်ယောက်ထပ်ခေါ်လိုက်ကွာ"

ဟု ပြောလိုက်ရာ သူက တပ်သား မောင်ရွှေကိုခေါ်လိုက်၏။ သို့ဖြင့် ကျွန်ုပ် တို့သုံးယောက်က ကင်းရှည်ထုတ်ထား သော ချောင်းချောက်ရှိရာဆီသို့ ဆင်းခဲ့ ကြ၏။ ချောင်းချောက်မှာ မိုးရာသီတွင် ရေစီးနေပြီး ခုလိုနွေရာသီမျိုးတွင် ရေက



www.burmeseclassic.com

www.burmeseclassic.com

မစီးတော့။ ချောင်းထဲတွင် ရေအိုင်က လေးတွေအဖြစ် တစ်ခုပြီးတစ်ခု တစ်အိုင်ပြီးတစ်အိုင်ဖြစ်နေကြတော့သည်။ ထိုရေကိုပင် ကျွန်ုပ်တို့က ခပ်သောက်နေကြသည်။

ကင်းရှည်ထုတ်ထားရာ ချောင်းချောက်ထဲရောက်သောအခါ ကင်းသမားအား အရှေ့သို့တိုးစေကာ ကျွန်ုပ်တို့က ငါးများကို အိုင်ပက်ဖမ်းကြသည်။ အဆိုပါ ချောင်းချောက်သည် ရန်သူ့စခန်းရှိရာဆီသို့ ဦးတည်ပြီး ဆန့်တက်သွားခြင်းဖြစ်လေရာ ကျွန်ုပ်တို့က အများကြီးမဆန်တက်ရဲပါ။ ရနိုင်သမျှလောက်တော့ စွန့်စွန့်စားစားဖြင့် ဆန်တက်ကာရှာဖွေကြသည်။နေအတော်စောင်းသောအခါ ပြန်ခဲ့ကြသည်။ ငါးရံ့ခေါင်းတိုများက ဟန်းကောချိုင့်နှင့် သုံးလုံးလောက်ရပါသည်။ အခြားသော ကဏန်းလုံးနှင့် ပုစွန်ဆိတ်များလည်းရခဲ့ပါသည်။ ထိုအခါ တပ်သား ဌေးဝင်း၏ မျက်နှာမှာလည်း ကြည်လင်ဝင်းပလို့နေကြောင်း ကျွန်ုပ်တို့မြင်တွေ့နေရသည်။

သူသည် အတွေ့အကြုံမရှိသေးသဖြင့် ငတ်ပြတ်မှုဒဏ်ကို သိပ်ပြီးမှ မခံစားနိုင်။ ကျွန်ုပ်တို့ကတော့ ငတ်ခဲ့ပေါင်းများခဲ့ပြီဖြစ်၍ တော်တော်တန်တန်အထိ ခံနိုင်ရည်ရှိပါသည်။

စခန်းကို ပြန်ရောက်သောအခါ အိုးတစ်လုံးထည့်ကာ အမိုးပါခေါင်ခံတုတ်နအောက်တွင်ထည့်ထားသည်။ အိုးထဲတွင် ရေကိုလည်းထည့်ပေးထားရ၏။ ငါးရံ့ခေါင်းတိုများမှာ လွန်စွာမှ အသက်ပြင်းသည့်ငါးထဲတွင် ပါဝင်သည်။ ထိုငါးများကို ကျွန်ုပ်က ညနေစာ တစ်ယောက်သုံးကောင်နှုန်းဖြင့် ကြော်၍ချက်၍ကျွေးသည်။ ကျွန်ုပ်ကလည်း သုံးကောင်သာစားသည်။ နံနက်စာကိုတော့မှ ထည့်မကျွေး။ နံနက်စာကို ပိုးထိုးနေသောကုလားပဲဟင်းထဲတွင် တောင့်ကပ်ပျောအူထည့်၍ ချက်ပေးထား၏။ ထို့အပြင် ဆီးဖြူသီး သို့မဟုတ် စင်ပွန်းသီးပြုတ်ပြီး ဆား၊ ငါးပိနိုင်နိုင်ထည့်ကာ ကြော်ပေးထားသည်။ ထိုဟင်းနှစ်မျိုးနှင့်အဆင်ပြေနေတော့သည်။

ထိုငါးရံ့ခေါင်းတိုများက ကျွန်ုပ်တို့အတွက် ခုနစ်ရက်တစ်ပတ်စာလောက် ပြည့်စုံသွားရလေတော့သည်။

❑

ငါးများကုန်သွားသောအခါ ယခင်နည်းတူသွားပြီးရှာကြပြန်သည်။ ဟန်းကောနှစ်ချိုင့်စာလောက် ရခဲ့ပြန်သည်။ စား၍ကုန်သွားသောအခါ သွားရှာကြပြန်၏။ ဟန်းကောတစ်ချိုင့်စာလောက် ရခဲ့ပြန်၏။ ထိုကဲ့သို့ ကုန်လိုက်၊ ရှာလိုက်နဲ့လုပ်လာခဲ့ကြလေရာ နောက်ဆုံးမှာတော့ လေး၊ ငါးကောင်လောက်ရဖို့ပင် မလွယ်တော့ပါ။

ထိုအခါ ကုန်းသတ္တဝါများဘက်ကို ဦးတည်ပြီး ရန်ရှာကြရပြန်သည်။

တောင်လိပ်နှင့် ဖွတ်များကို တစ်ခါတစ်ရံရတတ်သည်။

တစ်နေ့တွင်မူ အဆိုပါ အငတ်မခံနိုင်သူ တပ်သားဌေးဝင်းကပင်လျှင် ကင်းရှည်သွားစောင့်ရင်း သစ်ခေါင်းထဲဝင်သွားသော မြွေဟောက်ကြီးတစ်ကောင်ကို သူက တွေ့ရ၍ အပြင်ဘက်ကနေ သစ်ကိုင်းသစ်ခက်တွေနှင့်စုပုံမီးရှို့သည်။ မြွေထွက်လာသောအခါ ရိုက်သတ်သည်။ ပြီးသောအခါ အရေခွံဆုပ်ခုတ်ထစ်ပြီးကာမှ စခန်းကိုပြန်ယူလာခဲ့သည်။ မြွေရခဲ့သောသူ့မျက်နှာက မှိုရခဲ့သော မျက်နှာနှင့် မခြားလှပါ။

စခန်းကိုပြန်ရောက်လာသောအခါ သူက ဝမ်းသာအားရဖြင့် -

"ဒါမြွေဟောက်အထီးကောင်ကြီးဗျ။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

ဟု ပြောလေသည်။

ထိုအခါ ဒုတပ်စိတ်မှူးတာဝန်ထမ်းဆောင်သူ တပ်သား ကိုကိုမောင်က -

"အထီး၊ အမဆိုပြီး ဘယ်လိုလုပ်သိရတာလဲ"

ဟု မေးရာ တပ်သားဌေးဝင်းက-

"မြွေအထီးက အမြီးတုတ်တယ်။ မြွေအမက အမြီးရှည်ပြီးသွယ်တယ်လေ။ ခုဟာက အမြီးတုတ်ပြီးတော့ အထီးပေါ့"

ဟုပြောလေသည်။

ထိုအခါ ကိုကိုမောင်က -

"ကောင်းတာပေါ့ကွာ။ မှိုတိုင်းမစားနဲ့ မြွေတိုင်းစားတဲ့ကွ။ မှိုတိုင်းက လူနဲ့မတည့်ဘူး။ မြွေသားတိုင်းကတော့ လူနဲ့တည့်တယ်ဆိုတဲ့သဘောပေါ့"

ဟုပြောလေသည်။

ထိုမြွေသားကိုလည်း ကျွန်ုပ်တို့က နေ့ဖို့ညစာချန်ပြီးချွေတာစားရန်ဆုံးဖြတ်ထားကြသည်။ အချို့သော အသားများကို ရေရှည်အထားခံရန်အတွက် ဆားနှင့်နနွင်းကဲကာပြုတ်ထားကြသည်။

မြွေသားစားပြီး အိပ်ရသော ထိုညတွင်မူ ကျွန်ုပ်တို့တပ်စိပ်တစ်စိတ်လုံး ဒုက္ခရောက်ကြရတော့၏။ ညသန်းခေါင်ကျော်လာပြီးသောအခါ တပ်စခန်း၏ အပြင်ဘက်တွင် ချိုးချိုးချွတ်ချွတ်များကို ကြားကြရတော့သည်။ နွေရာသီဖြစ်၍ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်တို့က ထိလိုက်သည်နှင့်အသံတွေကထွက်လာ တော့သည်။ ဟိုနေရာကြားလိုက်ရ ဒီနေရာကြားလိုက်ရနှင့်ဖြစ်နေတော့သည်။

တပ်စိတ်တစ်စိတ်လုံးက ထပြီး တပ်အသင့်နေရာယူထားကြရသည်။ ကျွန်ုပ်တို့နှင့် ရန်သူ၏ စခန်းဆိုသည်မှာ တင်ပြခဲ့သည့်အတိုင်းပင် ကိုက် (၆၀၀၀) လောက်သာ ကွာသည်။ အချိန်မရွေးဆိုသလို ရန်သူက ရောက်လာနိုင်သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့က ချောင်လျှင်ချောင်သလို လစ်လျှင်လစ်သလို တက်တိုက်ကြဖို့ စက္ကန့်မိနစ်မလတ် ကြံစည်နေကြသည်သာ ဖြစ်သည်။

နောက်ပိုင်းတွင်ရှိနေရသည်ဟူ၍ လျှော့တွက်၍မရ။ အလစ်အငိုက်ဝင်ပြီး တိုက်ခိုက်ခြင်းခံခဲ့ရသည့်သာဓကတွေက များစွာရှိခဲ့သည်။

ကျွန်ုပ်၏စခန်းနှင့် တပ်ခွဲမှူးဗိုလ်သိန်းဇော်၏စခန်းဆိုသည်မှာ ဝေးလှသည်မဟုတ်ပါ။ ကိုက်(၁၅၀)လောက်သာဝေး၍ လှမ်းပြီးမှအော်ပြောလိုက်လျှင်ပင် ကြားရပါသည်။ သို့သော် ကျွန်ုပ်တို့ကလှမ်းပြီး အော်ဟစ်၍ မပြောကြ။ စစ်မြေပြင်အချက်ပြနည်းဖြင့် ဆက်သွယ်အချက်ပြလိုက်သည်။

"တောက် တောက် တောက်"

"တောက် တောက် တောက်"

"တောက် တောက် တောက်"

ထိုကဲ့သို့ ဝါးဆစ်ပိုင်းကိုသုံးချက်တွဲ၊ သုံးခါခေါက်ပြလိုက်၏။ ထိုအခါ သူတို့က 'မသင်္ကာစရာတွေ့၊ တပ်အသင့်နေရာယူ' ဟူသော အချက်ပြမှုကို သိကြတော့သည်။ ထိုအခါ သူတို့လည်း တပ်အသင့်နေရာယူကြတော့သည်။

ကျွန်ုပ်တို့မှာ တပ်စခန်း၏ခြံစည်းရိုးအပြင်ဘက်ကြားနေရသော အသံကြောင့် တစ်ညလုံးဆိုသလို ကျီးကန်းတောင်မှောက်ကြည့်နေကြရသည်။ လူရိပ်လူယောင်ကိုတော့ဖြင့် မတွေ့ရ။ တစ္ဆေသရဲလာခြောက်နေသလားဟု ထင်ကြေးပေးသူကပေးနေကြသေး၏။ သို့သော်လည်း ကျွန်ုပ်တို့နေလာခဲ့သည်မှာ လေးလကျော်ခဲ့ပြီ ဖြစ်သည်။ တစ်ခါဖူးမျှတော့ အခြောက်အလှန့်များ မခံခဲ့ကြရပါ။

သို့ဖြင့် မိုးလင်းခါနီးလောက်တွင်-


www.burmeseclassic.com

www.burmeseclassic.com

"ရွှိ . . . ဖျော . . . ဖျော . . . ဖျော"
"ဝရော . . . ဝရော . . . ရွှိ"

နှာမှုတ်သံနှင့်အတူ ကွန့်ပ်၏စခန်းအတွင်း ကြီးမားရှည်လျားလှသည့် မြွေကြီးတစ်ကောင်က လျှပ်တစ်ပြက်ဆိုသလို ပြေးဝင်လာခဲ့တော့သည်။ ကွန့်ပ်တို့စခန်းသည်များက လန့်ဖျပ်ပြီး ဟော့ ဟော့ ဟေ့ဟု အော်ကာ ပြေးသူကပြေး၊ တုတ် ဓား ခဲများရှာကာ ပစ်ပေါက်သူကပစ်ပေါက်ဖြင့်လုပ်မိကြရတော့သည်။

တစ်လံကျော်ကျော်လောက်ရှည်သော မြွေဟောက်ကြီးပင် ဖြစ်သည်။ မြွေဟောက်ကြီးမှာ စခန်းတွင်းတွင်ရပ်မနေ။ စခန်းကို ကန့်လန့်ဖြတ်သဘောမျိုးဖြင့် ဝင်ရောက်လာပြီး တစ်ဖက်သို့ ပြန်ထွက်သွားတော့သည်။ ကွန့်ပ်တို့မှာ ထိတ်လန့်ပန်းတုန်ဖြစ်ကာ ကျန်ရစ်ခဲ့ကြရတော့သည်။

ထိုအခါကျမှသာ တပ်စခန်းခြံစည်းရိုး၏ အပြင်ဘက်တွင် လှုပ်ရှားနေသော အကောင်မှာ မြွေဟောက်ကြီးပင်ဖြစ်ကြောင်းသိရလေတော့သည်။

❑

မိုးစင်စင်လင်းသောအခါ တပ်ခွဲမှူးနှင့် ဆေးတပ်သားတို့ရောက်လာကြသည်။ ရောက်လာပြီး ကွန့်ပ်တို့အား ညကအခြေအနေကို မေးကြည့်သောအခါ ကွန့်ပ်တို့ကလည်း ဖြစ်စဉ်အမှန်ကို ပြန်လည် တင်ပြလိုက်ကြသည်။

ထိုအခါ တပ်ခွဲမှူးက -

"မင်းတို့ မြွေဥတွေသွားယူမိခဲ့ကြသေးလား။ ဒါမှမဟုတ် သတ်မိခဲ့သေးလား"

ဟု မေးရာတွင်လည်း ကွန့်ပ်တို့က တပ်သားဌေးဝင်း မြွေဟောက်တစ်ကောင်ကို သတ်ယူခဲ့ကြောင်း အသေးစိတ်ပြောပြလိုက်ရလေတော့သည်။

ထိုအခါ တပ်ခွဲမှူးက -

"မင်းတို့ကလည်းကွာ၊ ငတ်ကို ငတ်လွန်းပါတယ်။ တစ်လောကလုံး မင်းတို့ချည်းသာ ငတ်နေတာမဟုတ်ပါဘူး။ ငါကကော ဘာတွေများစားရလို့လဲ။ မင်းတို့လိုပဲ ငတ်နေရတာပါ။ ဒါပေမယ့် မင်းတို့သိဖို့က ကိုယ်စားလိုက်ရတဲ့ တစ်လုတ်တစ်ဆုပ်ကြောင့်ကိုယ်ပြန်လည်ပေးဆပ်လိုက်ရမယ့်အရာကို ချင့်ချိန်ကြဖို့။ မြွေဆိုတာမျိုးက ပြောရရင် အလွန်ဆန်းကြယ်လှပါတယ်။ ကိုယ်စားချင်တဲ့ သားကောင်ရဲ့နောက်ကို အပင်ပန်းခံလိုက်ဘဲ ကိုယ်ရှိရာဆီကိုညှို့ပြီးပြန်ခေါ်



ယူတတ်တဲ့မြွေတွေလည်းရှိတယ်။ နောက်ပြီးတော့ တချို့မြွေတွေဟာ ကိုယ်တိုင်အစာမရှာဘူး။ တခြားမြွေကိုရှာခိုင်းတာမျိုးလည်းရှိတယ်။ တချို့မြွေတွေဆို တစ်ကောင်ရဲ့ အမြီးကို တစ်ကောင်က မျိုတယ်။ မြွေနှစ်ကောင်က တစ်ကောင်ရဲ့အမြီးကို တစ်ကောင်က အပြန်အလှန်မျိုကြတာပါ။ ဒီထက်ဆိုးတာက ကိုယ့်အမြီးကို ကိုယ်ပြန်မျိုတဲ့မြွေတောင်ရှိတယ်။ ငါတို့ လူသားရဲ့ဉာဏ်နဲ့မမီနိုင်ပါဘူးကွာ။

တောထဲက တိရစ္ဆာန်ဆိုပေမယ့် တိရစ္ဆာန်ချင်းမတူတဲ့ တိရစ္ဆာန်တွေကလည်းရှိနေသေးသကွ။ သဘောကတော့ ကျားချင်းတူလည်း တချို့ကျားက နတ်ကျား၊ ဒါမျိုးပေါ့။ နတ်မိကျောင်းတွေရှိတတ်သလို နတ်မြွေတွေလည်းရှိတတ်ကြတယ်။

"ဘာပဲဖြစ်ဖြစ် မင်းတို့အားလုံး ဆိုင်ရာပိုင်ရာ တောစောင့်နတ်တောင်စောင့်နတ်တွေကို တောင်းပန်လိုက်ကြ ကြားလား"

ဟု ပြောရာ ကွန့်ပ်က -

"ကြားပါတယ်။ အခုပဲ နတ်စင်တွေဆောက်ပြီး ထမင်းဦးဟင်းဦးနဲ့တင်လှူပူဇော်ပြီးတောင်းပန်လိုက်ပါ့မယ်"

ဟု ကတိပေးလိုက်ပါသည်။

တပ်ခွဲမှူးပြန်သွားပြီးနောက် ကွန့်ပ်တို့ကလည်း လေးတိုင်စင်နတ်စင်ကလေးကိုဆောက်ကြသည်။ ထမင်း၊ ဟင်းကျက်သောအခါ ထမင်းဦးဟင်းဦးများဖြင့် တင်လှူကြ၏။ သောက်ရေများကလည်းပါ၏။ အလုံးစုံတင်လှူပြီးသောအခါ ဆိုင်ရာပိုင်ရာများကို မိမိတို့ပြောတတ်သလို ပြောဆိုတောင်းပန်ကြသည်။

ဘုန်းကြီးထိပ်ခေါက်ပြီးကာမှ ကန်တော့ကန်တော့ဟု တောင်းပန်ရသည်နှင့် တူ၏။ ကျေအေးမှုရမရဆိုခြင်းကိုတော့ ထုပ်မပြောနိုင်ပါ။

ကွန့်ပ်တို့က ဆိုင်ရာပိုင်ရာများကို ကန်တော့တောင်းပန်သောအခါ တပ်ခွဲရုံးမှ ခွဲတပ်ကြပ်ကြီး လှမောင်လည်း ရောက်လာကာ သူပါဝိုင်းဝန်းကန်တော့တောင်းပန်ပေးရှာပါသည်။ အားလုံးပြီးသွားသောအခါ ဆရာကြီးက တပ်သားဌေးဝင်းအား -

"မင်းသတ်ခဲ့တဲ့ မြွေခေါင်းကို ဒီအတိုင်းပစ်ထားခဲ့ပြီနဲ့တူတယ်"

ဟု ပြောပါသည်။

တပ်သားဌေးဝင်းကလည်း ဟုတ်မှန်ကြောင်း ပြန်ပြောလိုက်သောအခါ-

ဆရာကြီးက -

"အေး - အဲဒီလိုမထားခဲ့ရဘူးကွ။ မြွေဆိုတာ အထူးသဖြင့် စုံတွဲတွေနေလေ့ရှိတယ်။ တစ်ကောင်ကို တစ်ယောက်ကသတ်ပြီး သူ့ခေါင်းကို ဒီအတိုင်းပစ်ထားခဲ့ပါပြီတဲ့။ ဒီအခါ ကျန်နေတဲ့ တစ်ကောင်က အဲဒီအသတ်ခံရတဲ့မြွေဦးခေါင်းရဲ့မျက်လုံးကို သွားကြည့်တော့တာပဲ။ ဒီအခါ အဲဒီမြွေကိုသတ်သွားတဲ့ လူရဲ့ပုံရိပ်ဟာ အဲဒီမျက်လုံးမှာသွားပြီး တွေ့ရတော့တာပါပဲ။ သူ့အဖော်ကိုသတ်သွားတဲ့သူကို ပြန်သတ်ဖို့ ကလဲ့စားပြန်ချေဖို့လိုက်တတ်တယ်။

အခုမင်းတို့ရဲ့ဖြစ်ပုံက ဒီလိုမျိုးပဲနေမယ်။ သွားသတ်မိတာက မြွေအထီးဆို၊ ဒါဆို အခု စခန်းကို လိုက်လာတဲ့ မြွေက မြွေမပဲပေါ့။ သတိထားပြီးနေကြပေါ့ကွာ။ ဆိုင်ရာပိုင်ရာကို တောင်းပန်ထားတယ်ဆိုပြီး ပေါ့ပေါ့ဆဆတော့ မနေကြနဲ့ဦးပေါ့"

ဟု ပြောဆိုမှာကြားပြီး ပြန်သွားလေသည်။

ကျန်ခဲ့သော ကွန့်ပ်တို့မှာတော့ မနေ့ကညလိုအဖြစ်မျိုးနှင့် ထပ်မံမကြုံရပါစေနှင့်ဟု ဆုတောင်းနေကြရတော့သည်။

တပ်သားဌေးဝင်းကိုလည်း ကွန့်ပ်တို့က အပြစ်မမြင်အပြစ်မတင်ရက်ကြပါ။ သူ့မှာလည်း ထိုကဲ့သို့ဖြစ်လာတတ်သည်ကိုမသိ၍ သတ်မိခဲ့ခြင်းသာ ဖြစ်သည်။ ပြီးတော့ စားသည့်နေရာတွင် ကွန့်ပ်တို့ကလည်း တစ်ဖြုန့်စ်ဖြုန့်ဆိုသလို ဝင်ပြီးစားခဲ့ကြသည်။ စားခဲ့ကြစဉ်အခါက ဘာမှမပြောခဲ့ကြပါဘဲနှင့် ခုလိုပြဿနာတက်လာကာမှ သူ့ကို အပြစ်ပုံပြီး



www.burmeseclassic.com

www.burmeseclassic.com

မပြောလိုကြတော့ပါ။

အဆိုးဆုံးထဲက အကောင်းဆုံး ဖြစ်အောင်သာ ကြံစည်ကြရပါတော့မည်။

ကျွန်ုပ်မှာတော့ ဗိုလ်လောင်းဖြေဆိုအောင်မြင်ပြီးသောအခါ သင်တန်းတွေတက်၊ ဗိုလ်သင်တန်းကျောင်းမှ ပြန်ဆင်းလာသောအခါ ပခုံးထက်မှာ ရွှေရောင်အပွင့်တွေတင်၊ ခါးတွင်မတော့ ပစ္စတိုကြီးချိတ်ပြီး ဟိတ်တစ်လုံးဟန်တစ်လုံးနဲ့ လူတကာတို့ရဲ့ရှေ့မှာ ဟန်ရေးတပြပြနဲ့လုပ်ပြသွားမည့်ပုံကို စိတ်ကူးယဉ်အတွေးတွေကြားမှာ ရပ်တည်ပြီးနေခဲ့တာပါ။ ခုကျကာမှ တောခိုတော့မည်စစ်သည်ကို ထိန်းရတာကတစ်ဖက်၊ စစ်သည်များမငတ်အောင်လုပ်ရတာက တစ်မျိုး၊ ဒီကြားထဲ ယခုဘယ်အချိန်မှာ မြွေဟောက်မရဲ့ ပေါက်သတ်ခြင်းခံရပြီး ဘယ်စစ်သည်သေဆုံးဦးမည်လဲဟု တွေးတောမိကာ ရင်မောနေရတော့သည်။

❑

ညအချိန်ရောက်သောအခါ ညဦးပိုင်းမှာတော့ ဘာမှမထူးခြားသေး။ ညဥ့်သန်းခေါင်ကျော်လာသောအခါ လာပြန်ချေပြီ။ တဖျောဖျောတဝေါဝေါနှင့် သစ်ရွက်တောကိုတိုးနေသည်။ ထိုအခါ ကျွန်ုပ်တို့က တပ်စခန်းပတ်လည်ကို နေရာယူကြရတော့သည်။ကိုယ့်ဆိုက်နှင့်ကိုယ်တာ ကိုယ့်ဧရိယာအတွင်းတွင် မြွေဟောက်မကြီး ဝင်ရောက်မလာအောင် တုတ်များ၊ ခဲများဖြင့်စောင့်ကြည့်နေကြရတော့သည်။

တစ်ညလုံးဆိုသလို ရင်တမမနှင့် စောင့်ကြည့်နေကြရသည်။မြွေဟောက်မ၏နှာမှုတ်သံတရှဲရှဲကလည်း တကယ်ကိုမှကြောက်စရာကြီးပါပေ။ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေရသည့်ကြားက ဘုရားစာ၊ တရားစာတွေကိုလည်း ရွတ်ဆိုနေကြရ၏။ တစ်ခါတစ်ရံ အမြီးအမောက်ပင် မတည့်ချင်ပါ။

တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ကာ ခြောက်လှန့်ကြသေး၏။ သို့သော် မြွေမသည် နောက်ဆုတ်လိုဟန်မရှိ။ တပ်ခြံစည်းရိုးနားတွင်ပင် တဝဲလည်လည်နှင့်ရှိနေပုံရသည်။ ကာယကံရှင်မြွေသတ်ခဲ့သူ တပ်သားဌေးဝင်းမှာတော့ မျက်နှာများပင် ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ အဆိုပါ မြွေဟောက်မသည် တပ်သားဌေးဝင်းနှင့် ကျွန်ုပ်တို့အတွက်ကတော့ တကယ့် သေမင်းတမန်ကြီးဖြစ်နေရပါတော့ သည်။

မိုးလင်းခါနီးလောက်တွင် ဘာအသံမှမကြားရတော့ပါ။ မကြားရသော်လည်း သတိထားပြီးမှတော့ နေနေကြရသည်။

မိုးစင်စင်လင်းလာသောအခါတွင် မနေ့ကအတိုင်း ထမင်းဦးဟင်းဦးများဖြင့် ပူဇော်တောင်းပန်ရပြန်၏။ ကျွန်ုပ်က တပ်သားဌေးဝင်းကိုပါ နတ်စင်ရှေ့ကိုခေါ်ပြီး ရိုက်နက်ဆုံးမပြပါတော့သည်။ လုပ်သင့်၊ မလုပ်သင့် ကျွန်ုပ်မသိပါ။ စိုးရိမ်စိတ်လွန်ကဲကာ လုပ်မိလုပ်ရာ လျှောက်လုပ်ပြမိခြင်းသာဖြစ်တော့သည်။

ကျွန်ုပ်က ရိုက်နှက်ဆုံးမပြီးသောအခါ -

"ဆိုင့်ရာပိုင်ရာများခင်ဗျာ၊ မသိ၍ မိုက်မဲမိခဲ့သောသူကို ခွင့်လွှတ်ပေးပါ။ ကျွန်တော်မျိုးလည်း သူ့ကို ရိုက်နက်ဆုံးမခဲ့ပြီးပါပြီ။ သေပြီးတဲ့ကိစ္စအတွက်လာပြီး ကလဲ့စားချေပြနေလည်း သေပြီးသူက ပြန်ရှင်မလာနိုင်တော့ပါဘူး။ ဒါကြောင့် မသေသေးတဲ့သူကို မသေအောင်ကိုဘဲ သည်းခံခွင့်လွှတ်တော်မူကြပါလို့ တောင်းပန်ပါတယ်။ မပြောတတ်မဆိုတတ်တဲ့ ကျွန်တော့်ကိုလည်း ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပေးပါ။ ကျေအေးမေးပါ။ အားလုံးအတွက် ကျွန်တော်က တောင်းပန်ပါတယ်"

ဟု ပြောတတ်သလိုပြောပြီး တောင်းပန်လိုက်ရလေတော့သည်။

ကျွန်ုပ်တို့မှာ ညအချိန်ရောက်လာမှာကိုပင် စိုးရိမ်ကြောက်ရွံ့နေကြရပါတော့သည်။ ပြောဆိုတောင်းပန်ခြင်းဆိုသည်မှာလည်း ပြောဆိုတောင်းပန်တိုင်း ရချင်မှရမည်။ ရလျှင်အမြတ် မရလျှင်အရင်းကဲ့သို့သဘောထားပြီး တောင်းပန်နေရခြင်း ဖြစ်တော့သည်။

မှန်ပါသည်။ ထိုည သုံးညမြောက်သောညတွင်လည်း ညသန်းခေါင်ကျော်သောအခါ မြွေဟောက်မက ပြန်ရောက်လို့လာခဲ့ပြန်ပါသည်။ တောတိုးသံတဖျောဖျော၊ နှာမှုတ်သံတရှဲရှဲဖြင့် တပ်စခန်းခြံစည်းရိုးပတ်လည်တစ်လျှောက်တွင် သွားလာလှုပ်ရှားနေပြန်၏။ ကျွန်ုပ်တို့မှာ တောစောင့်နတ်တောင်စောင့်နတ်တွေကိုရော ကိုယ်ရထားသောဘုရားစာ၊ တရားစာများကိုပါ ပါးစပ်အမြုပ်ထွက်မတတ် ရွတ်ဆိုနေကြရ၏။မြွေဟောက်မ၏ရန်ငြိုးကြောင့် ဘုရားတရားမြဲနေကြရသည်။

ဆက်သွယ်ရေးမြောင်းထဲက မီးဖိုတွင် ရေနွေးကြမ်းအိုးကို မပြတ်တမ်းတည်ထားကြရသည်။ မအိပ်ချင်အောင် ရေနွေးကြမ်းအိုးကို မပြတ်တမ်းတည်ထားကြရသည်။ အသက်ကို ဖက်နှင့်ထုပ်ထားရသောညများပင် ဖြစ်တော့သည်။

မိုးလင်းခါနီးလောက်တွင် မီးဖိုတဲအတွင်းတွင် တဝုန်းဝုန်းတဒုန်းဒုန်းဖြင့်ကြားရတော့သည်။ ဝိုင်းပြီးသွားကြည့်ကြရာ မြွေဟောက်တစ်ကောင် မီးဖိုထဲတွင် တွန့်လိန်ကွေးကောက်ပြီး အသက်ငင်နေကြောင်း မြင်တွေ့ကြရလေတော့သည်။ ရေနွေးအိုးများ၊ ဖိုခုံလောက်ဆိုင်များကလည်း အလဲလဲအပြိုပြိုဖြင့်ဖြစ်နေကြသည်။ မြွေဟောက်မကား မကြာခင်အချိန်အတွင်း သေဆုံးသွားခဲ့ပါတော့သည်။ မီးဖိုတဲ၏အပေါ် တည့်တည့်တွင် သစ်ကျားပင်၏အကိုင်းကြီး တစ်ကိုင်းက အုပ်မိုးနေပါသည်။ မီးဖိုတဲမှာလည်း အမိုးကလုံသည်မဟုတ်။ နွေရာသီဖြစ်၍ ဟာလာဟင်းလင်းနီးပါးမျှဖြစ်နေပါသည်။ ကျွန်ုပ်တို့က မြေပြင်ကိုသာ အမိက အာရုံစိုက်ပြီး ကြည့်ရှုနေကြရလေရာ မြွေဟောက်မက အဆိုပါသစ်ကျားကိုင်း ပေါ်သို့တက်ပြီး မြွေထီးအားသတ်သွားသူကိုလိုက်ရှာနေရာမှ မတော်တဆ ပြုတ်ကျ၍ သေဆုံးသွားခဲ့ရခြင်းပေ ပဲလား။

သို့တည်းမဟုတ် -

မြွေဟောက်ထီးကို သတ်သွားသော တရားခံအား ပြန်လည်ကလဲ့စားမချေရန် ဆိုင်ရာပိုင်ရာများ၏ဟန့်တားခြင်းကို မြွေဟောက်မက မကျေနပ်၍ ထိုသူကို မသတ်ရလျှင် မိမိကိုယ်ကို မီး သတ်သေမည်ဟုဆိုကာ အလျှံညီးညီး တောက်လောင်နေသော မီးဖိုကြီးထဲသို့ ခုန်ချပြီး မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်းပေပဲလားဆိုသည်ကိုတော့မူ ကာယကံရှင် မြွေဟောက်မကသာ သိရှိနိုင်ပေလိမ့်မည်။

ကျွန်ုပ်တို့ကတော့မူ ကလဲ့စားချေလိုသော မြွေဟောက်မ၏ရန်ငြိုးကြောင့် သည်းထိတ်ရင်ဖို တုန်လှုပ်ချောက်ချားစွာဖြင့် ကြောက်ခမန်းလိလိ တွေ့ကြုံခံစားဖြစ်ခဲ့မိကြရသည်မှာတော့ အမှန်ပါ။

ရွှင်လန်းချမ်းမြေ့ကြပါစေ

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ

# ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

**သိမြင် နားလည် သဘောပေါက်ရန် ခက်ခဲသော ဝိဇ္ဇာရေးပညာ**

ဝိဇ္ဇာဓရပညာသည် အထက်တွင် ဖော်ပြသကဲ့သို့ သိမြင်နိုင်ရန်၊ နားလည် သဘောပေါက်နိုင်ရန် ခက်ခဲလှပါသည်။ နက်လည်းနက်နဲလှပါသည်။ အခြား ထင်ပေါ်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကလည်း အပြည့်အစုံရှင်းပြ၍ မရနိုင်ပါ။ ထိုမျှမက အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သိမြင်သောပုဂ္ဂိုလ်ကလည်း သူသိသည်ကို ပြောပြပိုင်ခွင့်မရှိပေ။ အဆိုပါပုဂ္ဂိုလ်များတွင်လည်း သိမြင်သည်ဆိုရာတွင်ပင် အတိုင်းအတာရှိ၏။ နယ်နိမိတ်ရှိ၏။ အကန့်အသတ်ရှိ၏။ ယုတ်စွအဆုံး မိမိနှင့်မသက်ဆိုင်လျှင် မသက်ဆိုင်သလိုနေရ၏။ နေရာတကာ ဝင်ရောက် ပါဝင်စွက်ဖက်ခွင့် မရှိပေ။ အကယ်၍ ထိုသို့ မနေထိုင်မကျင့်သုံးပါမူကား အဆိုပါပုဂ္ဂိုလ်သည် ပြစ်ဒဏ်တစ်ရပ်ရပ်နှင့် ထိပ်တိုက်တိုးရမည့်အခြေအနေသို့ရောက်ရှိသွားနိုင်၏။ ဤအချက်ကား အခြားသောပညာရပ်များနှင့်မတူသောအဓိကခြားနားချက် ဖြစ်၏။ ဤသို့ဖြစ်ရသည်မှာ ဝိဇ္ဇာဓရပညာ၏ မူဘောင်အဖြစ် သတ်မှတ်ထားသောစည်းကကြီးသောကြောင့်ဖြစ်၏။

အဆိုပါ ဝိဇ္ဇာဓရပညာ၏ စည်းသဘောကို နားမလည်ဘဲ မိမိထင်သလို





www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်သုံးသပ်၍မရပေ။ ဝိဇ္ဇာခရေပညာ၏ သဘောသည် မသက်ဆိုင်သူမသိရပေ။ သိခွင့်လည်းမရှိပေ။ ထိုသို့မဟုတ်မူဘဲ အတင်းအဓမ္မအားထုတ်လာလျှင်မူကား ဘေးဒဏ်အန္တရာယ်တို့သည် အကြောင်း တစ်မျိုးမဟုတ် အခြားသောတစ်မျိုးမျိုးဖြင့် ကျရောက်လာစေနိုင်ပါသည်။ ဤသို့ဆိုခြင်းဖြင့် ခြိမ်းခြောက်ခြင်းမဟုတ်ပေ။ မလိုလားအပ်သောကိစ္စရပ်များ၊ အကြောင်းခြင်းရာ မပေါ်ပေါက်စေရန် သာ ရည်ရွယ်၍ အရိပ်အမြွက်မျှ ဖော်ပြနေခြင်းသာ ဖြစ်ပါသည်။ လောက၏ သဘာဝနိယာမဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ထားမှုများသည် မူလကတည်းက သူ့စည်းနှင့်သူရှိပြီးသားဖြစ်၏။ လောကဆိုရိုးစကားတွင်ပင် ဘီလူးစည်း၊ လူ့စည်း ဟူသောနယ်နိမိတ်ဆိုင်ရာသတ်မှတ်ချက်ရှိသည်ကိုလည်း သတိပြုသင့်၏။

အဆိုပါ နယ်နိမိတ်သတ်မှတ်ချက် စည်းကိုနားမလည်သဖြင့် လည်းကောင်း၊ လက်မခံသဖြင့် လည်းကောင်း၊ မိမိတို့ဆန္ဒရှိသလို ပြောချင်သလိုပြော၊ ဆိုချင်သလိုဆို၊ ရေးချင်သလိုရေး၊ လုပ်ချင်သလိုလုပ်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် မကောင်းသော အတိတ်နိမိတ်၊ ဘေးအန္တရာယ်ဆိုးများ ကြုံတွေ့ခဲ့ကြရသည့် သာဓကများစွာရှိပါသည်။ အချို့သော ပုဂ္ဂိုလ်များသည် မတော်တဆဖြစ်မှုများ အကြီးအကျယ်ဖြစ်ကြရ၏။ အချို့သည် အသက်ခန္ဓာပင် ပျက်စီးကြရ၏။ အချို့သည် အသက်မဆုံးရှုံးရသည်တိုင် တစ်သက်လုံး နာလန်မထူနိုင်အောင် ရောဂါဆိုးများ၊ ဝေဒနာဆိုးများ၏ ဖိစီးနှိပ်စက်ခြင်းကိုခံကြရ၏။ ထို့ပြင် ဖြေရှင်း၍မရနိုင်သော ပြဿနာပေါင်းများစွာတို့သည်လည်း ကြုံတွေ့ကြရနိုင်၏။ သို့ပါသောကြောင့် မိမိသိသော အတွေးအခေါ်များ၊ ပညာရပ်ဆိုင်ရာများ၊ ကျမ်းအကိုးအကားများ၊ အကြားအမြင် ဗဟုသုတများ၊ အာစရိယဝါဒများ၊ ဂဏဝါဒများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားအယူအဆများ စသည် စသည် အမျိုးမျိုးသော ပေတံများဖြင့် လည်း တိုင်းတာ၍ ပြည့်စုံနိုင်မည်မဟုတ်ကြောင်းကို ကြိုတင်သိမြင် လက်ခံထားနိုင်ရန်လိုပါသည်။ အချိန်ကာလတစ်ရပ်ကို ဖြတ်ကျော်ရန်လည်းလိုအပ်ပါသည်။ ထိုထက်ပို၍ အရေးကြီးဆုံးကား မိမိကိုယ်တိုင် ဝိဇ္ဇာခရေနယ်ပယ်ထဲသို့ ဝင်ရောက်ပြီး ထဲထဲဝင်ဝင် လေ့လာရန်နှင့် ထိထိရောက်ရောက် ကျင့်ကြံအားထုတ်ရန်ပင် ဖြစ်၏။

ထိုသို့မဟုတ်မူဘဲ တစ်ဆင့်စကား တစ်ဆင့်ပြောစကားများဖြင့်လည်းကောင်း၊ အစဉ်အဆက်ပြောစကားများဖြင့်လည်းကောင်း၊ ကြားဖူးနားဝများဖြင့်လည်းကောင်း လက်လွတ်စပယ် အလျင်စလို ဝေဖန်မှုမျိုးကိုကား မပြုသင့်ပေ။ ဝိဇ္ဇာခရေပညာသည် အထူးပင် လျှို့ဝှက်သိပ်သည်းလွန်းလှပါသည်။ လိုက်စားလေ ကျယ်ဝန်းလေဖြစ်ကြောင်း တွေ့ရပါမည်။ ဤစကားရပ်မျိုးကို အခြားတစ်ပါးသော ပညာရပ်များတွင်လည်းဆိုကြမည်သာ ဖြစ်ပါသည်။ ထိုသို့ဆိုပုံချင်းတူသော်လည်း ပညာရပ်၏ အင်အားပမာဏချင်း မတူညီပုံကို အနည်းငယ်မျှ ဖော်ပြလိုပါသည်။

## ❑ လေ့လာရန်ခက်ခဲလှသောဝိဇ္ဇာခရေပညာ

ဤနေရာတွင် ဝိဇ္ဇာခရေပညာရပ်ကို လေ့လာရန်ခက်ခဲသော ပညာရပ်ဟု ဆိုခဲ့ပါသည်။ အဘယ့်ကြောင့် ထိုသို့ဆိုရပါသနည်းဟူမူ ဝိဇ္ဇာခရေပညာရပ်နှင့်ပတ်သက်၍ တက္ကသိုလ်အဘယ်မှာရှိပါသနည်း၊ ကျောင်းအဘယ်မှာရှိပါသနည်း၊ ပညာရပ်အစစ်အမှန်သည် အဘယ်မှာပါနည်း၊ ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်း အဘယ်မှာပါနည်း စသည် အချက်များကို လက်ဆုပ်လက်ကိုင် တိတိကျကျပြဆိုရန်ပင် ခဲယဉ်း၏။ ထိုကိစ္စရပ်တို့ထက်ပို၍ အခက်အခဲဆုံးကား ဆရာအရှင်ဂုရုပင် ဖြစ်၏။ ထိုဝိဇ္ဇာခရေပညာရပ်တို့နှင့်ပတ်သက်သော ဆရာသခင်အစစ်အမှန်ကား လောကတွင် အရှားပါးဆုံးဖြစ်၏။ ထိုဂုရုကိုတွေ့ရန်ကား ပို၍ပင်ခက်ခဲသေး၏။ ထိုထက်ပို၍ အခက်အခဲဆုံးကား ထိုဂုရုထံမှ ပညာရပ်ကို သင်ကြားခွင့်ရရှိရန်ပင် ဖြစ်၏။ ထိုသို့ သင်ကြားခွင့်ရရှိစေရန်ပင် အမျိုးမျိုးသော ကြိုးပမ်းအားထုတ်မှုများကို ပြုရ၏။ ဆရာဖြစ်သူကလည်း တပည့်ဖြစ်သူ၏ အခြေအနေအရပ်ရပ်နှင့် စိတ်သဘောထား၊ ခံယူချက်တို့ကို အသေးစိတ်လေ့လာသုံးသပ်ပြီးမှသာ သင့်လျော်သည့်ပုဂ္ဂိုလ်ကို ပညာပေးလေ့ရှိ၏။ မသင့်လျော်၊ မထိုက်တန်ဟု ဆရာသခင်ဂုရုဖြစ်သူက ဆုံးဖြတ်သွားလျှင်မူကား မည်မျှပင် အားထုတ် ချဉ်းကပ်သော်လည်း အချည်းနှီးပင်ဖြစ်သွားပါလိမ့်မည်။

ဝိဇ္ဇာခရေပညာရပ်တို့၏ သဘာဝသည် လူများစုကို လည်းကောင်း၊ လူထုတစ်ရပ်လုံးကိုသော် လည်းကောင်း တစ်ပြိုင်နက် သင်ကြားပို့ချပေးသော ပညာရပ်မျိုးမဟုတ်ပေ။ တပည့်ဖြစ်သူ၏ အခြေအနေ၊ ရုပ်ခံဓာတ်ခံ၊ စိတ်နေသဘောထားတို့အပြင် အရေးကြီးဆုံးအချက်ကား တပည့်ဖြစ်သူ၏ပါရမီအနုအရင့်နှင့် တပည့်နှင့်ဂုရုဖြစ်သည့်ပုဂ္ဂိုလ်တို့၏ ပဋ္ဌာန်းဆက်အကြောင်းခံတရားပင် ဖြစ်၏။ ထို့ကြောင့် အထက်တွင် ဆိုခဲ့သမျှသော အကြောင်းအချက်တို့နှင့် တပည့်ဖြစ်သူသည် မည်မျှပင်ပြည့်စုံစေကာမူ အဓိကအဆုံးအဖြတ်ပြုသော အချက်ကား နောက်ဆုံးအချက်နှစ်ချက်ဖြစ်သော ပါရမီအနု၊ အရင့်နှင့် ပဋ္ဌာန်းဆက်ဆိုင်ရာအကြောင်းတို့ပင် ဖြစ်၏။

ဤနေရာ၌ ဝိဇ္ဇာခရေပညာရပ်တို့ကို သင်ကြားတတ်မြောက်ရန် ပါရမီတို့ကား မည်မျှအထိ အရေးပါအရာရောက်ပါသနည်းဟု စောကြောရန်ရှိ၏။ အဖြေကား ဗုဒ္ဓဘာသာဆိုင်ရာနှင့် ပတ်သက်ပြီး မဂ်၊ ဖိုလ်ရရှိရန်အတွက် ပါရမီသည် မရှိမဖြစ်လိုအပ်သလိုမျိုး ဝိဇ္ဇာခရေပညာရပ်နှင့်ပတ်သက်ပြီး ပါရမီကိစ္စသည်လည်း မရှိမဖြစ် လိုအပ်လှပါသည်။ ပါရမီအားနည်းသည့်ပုဂ္ဂိုလ်အား ဂုရုဖြစ်သူက ဝိဇ္ဇာခရေပညာရပ်တို့ကို မည်မျှပင် အချိန်ကုန်ခံ အပင်ပန်းခံပြီး သင်ကြားပေးစေကာမူ အချည်းနှီးသာ ဖြစ်လေမည်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက်စလုံးအတွက် အရှုံးပေါ်မည့်ကိစ္စဖြစ်၏။ ထိုသို့ဆိုသောကြောင့် အချို့သောပုဂ္ဂိုလ်တို့က ဘဝင်မကျဘဲ မခံမရပ်နိုင်ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့တည်းမဟုတ် ဝိဇ္ဇာခရေပညာရပ်ကို မဂ်၊ ဖိုလ်ဆိုင်ရာကိစ္စရပ်တို့ဖြင့် ခိုင်းနှိုင်းရပါမည်လောဟု မကျေမနပ်ဖြစ်ကောင်းဖြစ်ပါမည်။

ဤနေရာ၌ တစ်ခုကို ကြိုတင်သိထားစေလိုပါသည်။ ယနေ့မြန်မာနိုင်ငံ၌ ကျင့်သုံးလုပ်ကိုင်နေသမျှသော ဝိဇ္ဇာခရေပညာရပ်တို့သည် ဗုဒ္ဓဝါဒအပေါ် အခြေခံ၏။ ဝိဇ္ဇာခရေလမ်းစဉ်လိုက်သမျှသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာဝင်များသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စွမ်းအားကြီးသော ဝိဇ္ဇာခရေပညာတို့သည် ဗုဒ္ဓဝါဒအပေါ် အခြေခံပြီး တည်ဆောက်ထားသောကြောင့်ဖြစ်၏။ ထို့အပြင် ဗုဒ္ဓသာသနာတော်တွင်ရှိသည့် ဝိဇ္ဇာခရေပညာရပ်သည် အစွမ်းသတ္တိအားအကြီးဆုံး ဖြစ်၏။ သို့ပါ၍ ဗုဒ္ဓဘာသာဝင်တို့အဖို့ မဂ်၊ ဖိုလ်ရရှိရန် ခက်ခဲနက်နဲသကဲ့သို့ ဝိဇ္ဇာဖြစ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ည်း ခက်ခဲနက်နဲလှပါသည်။

ထို့အပြင် ဝိဇ္ဇာမိုရ်ဖြစ်ရန်အား ထုတ်ခြင်းသည် အများထင်မြင်ယူဆသကဲ့သို့ မိမိ၏ အာယုသက်တမ်းကို ရှည်စေပြီး အရိမေတ္တေယျဘုရားပွင့်သည်အထိစောင့်ပြီး ကျွတ်တမ်းဝင်ရန် မျှော်မှန်းကြသည် မဟုတ်ပေ။ ထိုကဲ့သို့သော ရည်ရွယ်ချက်မျိုးဖြင့် ဝိဇ္ဇာဓရလမ်းစဉ်သို့ လိုက်စားသူများသည် မရှိသလောက်၊ အနည်းအကျဉ်းကားရှိပါသည်။ သို့သော် အများစု၏ တကယ့်ရည်ရွယ်ချက်ဆန္ဒကား ဆုကြီးပန်ရန်သာ ဖြစ်၏။ ဆုကြီးပန်သည်ဟူသည်မှာ သမ္မာသမ္ဗုဒ္ဓ အဖြစ် ဘုရားဖြစ်ရန် ဆုပန်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ဝိဇ္ဇာမိုရ်ဖြစ်ရန်အားထုတ်သူအများစု၏ ဆန္ဒမှာလည်း ဗုဒ္ဓဘာသာ၏အမြင့်ဆုံးပန်းတိုင်နှင့်အတူတူပင် ဖြစ်၏။ သို့ပါသောကြောင့် ထိုပုဂ္ဂိုလ်တို့၏ မျှော်မှန်းချက်ကို ဗုဒ္ဓဘာသာ၏ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စနှင့် လားလားမျှမသက်ဆိုင်ဟု မဆိုသင့်ပေ။ ဗုဒ္ဓဘာသာဝင်မှန်သမျှတို့သည် မည်သည့်လမ်းစဉ်သို့ လိုက်ပါလုပ်ကိုင်သည်ဖြစ်စေ နောက်ဆုံးပန်းတိုင်သည်ကား ဤလမ်းကြောင်းသို့သာ ရောက်ပါရမည်ကိုလည်း နားလည်ထားရမည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဇာလီတောင်ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့သော ဩဝါဒတစ်ရပ်ကို ကိုးကားဖော်ပြလိုပါသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဝါဒနှင့် ပတ်သက်ပြီး ပရိယတ် ပဋိပတ်တို့ကိုပါ ကျွမ်းကျင်သည့်အပြင် ဝိဇ္ဇာဓရပညာရပ်တို့ကိုပါ ကောင်းစွာ ပေါက်မြောက် အောင်မြင်ထားသည့်ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။

**ဇာလီတောင်ဆရာတော်ကြီးနှင့်ဆုကြီးပန်ခြင်း**

ဇာလီတောင် ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဦးသုမင်္ဂလသာမိအရှင်မြတ် ဖြစ်ပါသည်။ အဆိုပါ ဇာလီတောင်တည်ရှိသောနေရာမှာ သရက်မြို့အနီးတွင် တည်ရှိနေပါသည်။ ဇာလီတောင်သည် တောင်ဟုဆိုသော်လည်း ထိုဒေသတစ်ဝိုက်တွင် သစ်ကြီးဝါးကြီးပင်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် သစ်ရိပ်ဝါးရိပ်ကောင်းစွာဖြင့် အေးချမ်းဆိတ်ငြိမ်သည့်နေရာလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆရာတော်ဦးသုမင်္ဂလသာမိသည် ဇာလီတောင်တွင် ၁၉၅၃ ခုနှစ်ကတည်းက အရညဝါသီဓုတင်ကျင့်သုံးဆောက်တည်ကာ တရားဓမ္မများကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ထို့အပြင် ဇာလီတောင်နယ်မြေတစ်ဝိုက်ကိုလည်း သက်သတ်လွတ်နယ်မြေအဖြစ်သတ်မှတ်ပြီး ရောက်ရှိလာကြသမျှသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း သက်သတ်လွတ်အာဟာရတို့ကိုသာ ကျွေးမွေးစေပါသည်။ ဤကဲ့သို့ သက်သတ်လွတ်ဘုဉ်းပေးခြင်းဟူသည့်အချက်ကို ထောက်ရှုခြင်းဖြင့်ပင်လျှင် ဆရာတော်ကြီးသည် ဝိဇ္ဇာဓရလမ်းစဉ်သို့ ကျင့်သုံးလိုက်နာသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း တစ်စွန်းတစ်စလှစ်ဟဖော်ပြနေသကဲ့သို့ ဖြစ်ပါသည်။ ထို့အပြင် ဆရာတော်ကြီးသည် အတွင်းနေတပည့်များ၊ လက်ရင်းဒကာ၊ ဒကာမများအား 'ပရိတ်ဆီ' ကို ချီးမြှင့်လေ့ရှိ၏။ အဆိုပါ ပရိတ်ဆီကို သုံးဆောင်ခွင့်ရရှိကြသူတို့သည် သေဘေးမှလည်းကောင်း၊ အခြားသော ဘေးအန္တရာယ်တို့မှလည်းကောင်း လွတ်မြောက်ချမ်းသာကြကြောင်း ဖွင့်ဟကြပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်ကြီးက -

"လူ့အသက်တစ်ချောင်းကို ကယ်ရတာပဲ။ ရတာလည်းရှိတယ်၊ မရတာလည်းရှိတယ်။ မင်းတို့တစ်တွေလည်း ပညာရှိတဲ့သူတွေပဲ။ ကိုယ်ကျင့်ကြံအားထုတ်တဲ့ စရဏတွေကို သစ္စာဆိုပြီး သတ္တဝါတွေကို ကယ်ကြပါ။ ကိုယ့်ဘက်ကိုဆွဲယူကြပါ။ ဒီနေရာမှာ ယုံကြည်မှုနဲ့ စိတ်ထား သန့်စင်မြင့်မြတ်မှု အလွန်အရေးကြီးတယ်"

ဟု မိန့်ကြားခဲ့ပါသည်။

အထက်ပါ လုပ်ဆောင်ချက်နှင့် မိန့်ကြားခဲ့မှုများတွင် ဆရာတော်ကြီးသည် မိမိ၏ တရားဓမ္မအတွက်သာ သီးသန့်လုပ်ကိုင်ခဲ့ခြင်းမဟုတ်ဘဲ အခြားသော ပုဂ္ဂိုလ်သတ္တဝါများအတွက်ပါ ထည့်သွင်းစဉ်းစားပြီး လုပ်ကိုင်ပေးတော်မူခဲ့သည်ကို တွေ့ရှိရ၏။ ဆရာတော်ကြီး၏ပရဟိတသဘောသည် လည်းကောင်း၊ ပရိတ်ဆီကိစ္စသည် လည်းကောင်း၊ ဝိဇ္ဇာဓရလမ်းစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ ပါရမီဖြည့်ခြင်းသဘောတရားကို လည်းကောင်း၊ ဆုကြီးပန်ခြင်းသဘောတရားကို လည်းကောင်း ထင်ရှားစွာ ဖော်ပြခဲ့ခြင်း ဖြစ်၏။

ထို့အပြင် ဆရာတော်ကြီးက အကျင့်စရဏနှင့်ပတ်သက်ပြီး ထုံရန်၊ စွဲရန်၊ မြဲရန်ကိုလည်း အရေးကြီးပုံကို အောက်ပါအတိုင်း မိန့်ကြားခဲ့၏။

"စရဏကိုမဖျက်စေနဲ့။ လိုရင်းအချုပ်ကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်မြတ်နိုးဖို့ဖြစ်တယ်။ ယုံကြည်တယ်ဆိုပေမယ့် အတွင်းစိတ်ထားပုံကတော့ ကွာတတ်တယ်။ ပုတီးတောင် စိတ်ပါမှုရင် ပြောင်ပြီး အရောင်ထွက်လာတာပဲ။ အရေးကြုံရင် အရိပ်ထွက်ပါတယ်ကွာ။ ကြာကြာဝါးမှ ခါးမှန်း၊ ချိုမှန်းသိတယ် မဟုတ်လား။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ဂုဏ်တော်၊ ဘုရားဂါထာတွေကို စွဲစွဲမြဲမြဲရွတ်ဖို့လိုတယ်။ စွဲစွဲမြဲမြဲ တရားဓမ္မကျင့်ကြံအားထုတ်ဖို့လိုတယ်။ ဒါမှအရောင်ထွက်မယ်။ သမာဓိဖြစ်မယ်"

မိန့်ကြားပါသည်။

ဤအချက်များသည်လည်း ဝိဇ္ဇာဓရလမ်းစဉ်နှင့်ပတ်သက်သည့်အချက်များဖြစ်သော ကျင့်စဉ်များကို ထုံဖို့၊ စွဲဖို့၊ မြဲဖို့ လိုအပ်ပုံကို လည်းကောင်း၊ ရတနာသုံးပါးကို ထူးခြားစွာ ယုံကြည်စေရန်အတွက်ကို လည်းကောင်း၊ ဂုဏ်တော်နှင့် ဗုဒ္ဓဝါဒဆိုင်ရာ ဂါထာများကို စွဲစွဲရွတ်ဖတ်သရဇ္ဈာယ်ကြရန်ကို လည်းကောင်း၊ ပုတီးများများစိပ်ရန်ကို လည်းကောင်း ညွှန်းဆိုမိန့်ကြားခဲ့ခြင်း ဖြစ်၏။ ထို့အပြင် ဆရာတော်ကြီးက အမှန်တကယ် လက်တွေ့ လုပ်ကိုင်၍ရသောအသိနှင့် စာသိ၊ တစ်ဆင့်ကြားသိများ မတူညီတတ်ပုံကို အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။ ဤကိစ္စတွင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ အလွန်အရေးပါသည့်အချက်များ ပါဝင်နေသဖြင့် အထူးဂရုပြုသင့်လှပါသည်။

"အသိ အလိမ္မာ စာမှာရှိတယ်လို့ ဆိုပေမယ့် အတွေ့အကြုံလိုတယ်။ အပြောလွယ်ပေမယ့် အလုပ်ခက်တယ်။ အယူအဆမှန်ဖို့အရေးကြီးတယ်။ မျိုးစေ့မှန်မှ အပင်ပေါက်တယ်။ နောက်ပြီး အဲဒီပေါက်တဲ့အပင်ကလည်း အကိုင်းထွက်ဦးမှ၊ အဲဒီအကိုင်းကလည်း အဖူးတွေဖူးပြီးပွင့်ဦးမှ လှပဝေဆာတယ်။ အဲဒီသာဓကကို မမေ့ကြနဲ့။ သူ့အချိန်ကျမှ ပွင့်တယ်။ ဘယ်အရာမဆို မလောနဲ့။ ဖြည်းဖြည်းလုပ်ကြ။ လောရင် ကြားဝင်တတ်တယ်။ အကြား၊ အမြင်၊ အထင် လောက်နဲ့ ရပ်သွားတဲ့သူတွေ၊ ပြီးသွားတဲ့လူတွေရှိနေတယ်"

ဟု မိန့်ကြားခဲ့၏။

ထို့နောက် ဆရာတော်ကြီး၏ မျက်နှာသည် အလွန်တရာ လေးနက်တည်ကြည်သည့် မျက်နှာထားသို့ပြောင်းသွားပြီးနောက် ဆက်လက် မိန့်ကြား



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ-

"မင်းတို့အချောင်မလိုက်ကြနဲ့။ ဆု
ကြီးပန်ကြ။ ခံတပ်ကို လောက်စာလုံးပစ်
ပြီး ဖြိုလို့မရဘူး။ အင်အားကြီးမားတဲ့
လက်နက်မျိုးနဲ့မှဖြိုလို့ရမယ်။ မင်းတို့
ခန္ဓာကိုယ်ထဲမှာ အနိုင်တိုက်ရမှာတွေရှိ
တယ်။ ဒါနပါရမီ၊ သီလပါရမီ စတဲ့ ပါရမီ
ဆယ်ပါးကို ပြည့်အောင်သာဖြည့်ကြ။
ရေအိုးများမယ် ရေဖြည့်ဖန်များရင် ပြည့်
လာသလိုပဲ။ ပါရမီဆယ်ပါးကလည်း
ဖြည့်ရင်းနဲ့ ပြည့်လာမှာပဲ"

ဟု မိန့်ကြားခဲ့၏။

ဆရာတော်ကြီး၏ အထက်ပါ
သုံးသပ်သွားသောမှတ်ချက်ကိုကြည့်ရင်း
ဖြင့် ဆရာတော်ကြီးသိရှိလာရသော ဓမ္မ
ဆိုင်ရာအသိဉာဏ်ပညာတို့သည် စာတွေ့
အသိထက် အမှန်တကယ်ကျင့်ကြံ၍ရ
သော ကိုယ်တိုင်တွေ့အသိများဖြစ်
ကြောင်း သဘောပေါက်နိုင်ပါသည်။
ဆရာတော်ကြီး၏ ဆိုလိုရင်းသဘောမှာ
ဘာသာတရားဆိုင်ရာကျင့်ကြံအားထုတ်
ပြီး သံသရာမှလွတ်မြောက်ရေးကိစ္စတွင်
ဖြတ်လမ်းဟူသည် ဖြစ်နိုင်ရန် လွန်စွာ
ခက်ခဲလှပြီး လမ်းရိုးလမ်းဟောင်းဖြစ်
သော ပါရမီလမ်းစဉ်သည်သာ အသင့်
လျော်ဆုံးဖြစ်ကြောင်းထောက်ပြမိန့်ကြား
သွားခြင်း ဖြစ်၏။

ပါရမီလမ်းစဉ် ဆိုသည်မှာ ဒါန
ပါရမီ၊ သီလပါရမီ စသည့်ပါရမီဆယ်ပါး
ကိုပြည့်သည်အထိ ဖြည့်ဆည်းရသော
ဆုကြီးပန်လမ်းစဉ်ဖြစ်၏။ ပါရမီလမ်းစဉ်
ဆိုသည်မှာ ဒါနပါရမီ၊ သီလပါရမီ
စသည့်ပါရမီဆယ်ပါးကိုပြည့်သည်အထိ
ဖြည့်ဆည်းရသော ဆုကြီးပန်လမ်းစဉ်
ဖြစ်၏။ ဆုကြီးပန်ခြင်းသည် ဘုရားဆု
ပန်ခြင်း ဖြစ်၏။ ထိုသို့ဆုကြီးပန်ခြင်းမျိုး
မဟုတ်မူဘဲ ယခုဘဝ၌ ရရှိလာခဲ့သော
ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့် သံသရာမှ
အပြီးအပြတ်လွတ်မြောက်ရန်အားထုတ်
ခြင်းမျိုးသည် အလွန်တရာမှပင် ဖြစ်နိုင်
ခြေနည်းပါးလှသောအလုပ်ကိုလုပ်ခြင်း
မျိုးဟု ဆရာတော်ကြီးက ဆိုလိုရင်းရှိပါ
သည်။

ထိုသို့ ဘဝတိုတိုဖြင့် သံသရာမှ
လွတ်မြောက်ရန် ဖြတ်လမ်းနည်းဖြင့်
ကျင့်သုံးခြင်းမျိုးကို ဆရာတော်ကြီးက
ပြတ်ပြတ်သားသားပင် 'မင်းတို့အချောင်
မလိုက်ကြနဲ့' ဟူ၍ ရှင်းရှင်းလင်းလင်းပင်
မိန့်ကြားခဲ့၏။

ထို့အပြင် သံသရာမှလွတ်မြောက်
ရေးကိစ္စနှင့်ပတ်သက်ပြီး အလွန်ပင်
ထိရောက်သော ဥပမာတစ်ခုကိုလည်း
ထုတ်နုတ်ဖော်ပြခဲ့ပါသည်။ မိမိတို့ ဘဝ
ပေါင်းများစွာ ကျင်လည်ခဲ့ရသော
သံသရာခရီးသည် တော်ရုံမဟုတ်ပေ။
အလွန်ပင် ထူထဲခိုင်ခံ့မာကျောလှသော
ခံတပ်နှင့်တူလှပါသည်။ သံသရာကို
ခံတပ်နှင့် ဆရာတော်ကြီးက ခိုင်းနှိုင်း
ထားခြင်း ဖြစ်ပါသည်။ မိမိ၌ အဆင့်မီ
သော ပါရမီရင့်ကျက်မှုမျိုးမရှိသေးသည့်
ပုဂ္ဂိုလ်တစ်ဦးက သံသရာမှလွတ်မြောက်
ရန် အားထုတ်သည့်ဖြစ်စဉ်ကို ဆရာ
တော်ကြီးက 'ခံတပ်ကို လောက်စာလုံး
နှင့်ပစ်ပြီးဖြိုသောသူ' ဟု ခိုင်းနှိုင်းထား
ခြင်း ဖြစ်ပေသည်။ ဆရာတော်ကြီးက
ဆက်လက်ပြီး ထိုခံတပ်မျိုးကို ဖြိုဖျက်
ရန်မှာ အင်အားကြီးသော လက်နက်မျိုး
နှင့် ဖြိုမှရမည်ဟု မိန့်ဆိုထားခြင်းမှာ
လည်း အဆိုပါ သံသရာတည်းဟူသော
ခံတပ်ကြီးမျိုးကို ပြည့်စုံလုံလောက်သော
ပါရမီဆယ်ပါးလက်နက်ကြီးမျိုးနှင့်ဖြိုမှ
သာရမည်ဟု မိန့်ဆိုထားခြင်း ဖြစ်ပါ
သည်။ ထိုသို့ ပါရမီပြည့်အောင် ဖြည့်
သွားမှသာ သံသရာမှလွတ်မြောက်နိုင်
မည်ဟု ဆရာတော်ကြီးက မိန့်ဆိုလိုခြင်း
ဖြစ်ပါသည်။

အဆိုပါ ပါရမီကို လမ်းကြောင်း
ရှည်သည် မလိုအပ်ဘဲ အချိန်ကြာစေ
သည်။ ယခုအားထုတ်လျှင် ယခုဘဝ
တွင်ပင် မဂ်ဖိုလ်ရနိုင်သည်ကို အပိုခဲ့
ကားသည့်ကိစ္စ ဖြစ်သည်။ ပါရမီဖြည့်ရ
သောကိစ္စသည် လွယ်ကူသောကိစ္စ
မဟုတ်၊ သံသရာကိုရှည်စေသည်။ ခက်ခဲ
ကြမ်းတမ်း ပြင်းထန်ဆိုးဝါးသော ဘဝ
များစွာကို ဖြတ်သန်းရမည်။ ဒုက္ခပိုကြီး
စေသည်။ မွေး၊ သေ ဘဝပေါင်းမြောက်
များစွာကို ဖြတ်သန်းရဦးမည်။ ကိုယ့်
တရားကိုယ်ရမှ ကိုယ့်ဘာသာလွတ်
မြောက်နိုင်မည်။ အခြားလူများအတွက်
သိပ်စဉ်းစားရန်မလို စသည့် အတွေး
အခေါ် ပေါင်းမြောက်မြားစွာဖြင့် အပဟန့်
အတားဖြစ်ကြ၏။ ထို့အပြင် ပါရမီဖြည့်
ရမည်ဆိုသည်နှင့် စွန့်လွှတ်အနစ်နာခံမှု
ပေါင်းများစွာ၊ ဆင်းရဲဒုက္ခပေါင်းများစွာ
တို့ကို မြင်ယောင်လာပြီး လက်တွန့်ကြ
၏။ ရှောင်ခွာကြ၏။ ဤသို့ဖြင့် ပါရမီ
ဖြည့်ဆည်းခြင်းလမ်းကြောင်းနှင့် ဝေးကွာ
ကြရ၏။

အမှန်တကယ် အရေးပါဆုံးဖြစ်
သည့် ပါရမီလမ်းစဉ်ကို အရေးမပါဆုံး
သဖွယ်ပြုခဲ့ကြ၏။ ပစ်ပယ်ခဲ့ကြ၏။
ချောင်ထိုးခဲ့ကြ၏။ မိမိနှင့် မဆီမဆိုင်
သကဲ့သို့ သဘောထားခဲ့ကြ၏။ ထိုရှ...
၏အဖြေကား ပုံမှန်ပါရမီဖြည့်ဆည်း...
သံသရာမှလွတ်မြောက်ရန် အားထု...
ကြရသည့်ဘဝများထက် ပို၍ရှည်လျာ...
တွေ့ပြားလှသည့် ကောင်းမွန်ခြ...
အဆင့်အတန်းမြင့်ခြင်းမျိုးမရှိသည့် ဘဝ...
ပေါင်းများစွာကို ဖြတ်သန်းကြရမည်...
အခြေအနေမျိုးဖြစ်၏။ အဘယ်ကြော...
ထိုသို့ဖြစ်ကြရပါသနည်းဟူမူ ရည်ရွ...
ချက်ရှိသည့်ပုဂ္ဂိုလ် လုပ်ကိုင်သောလု...
ငန်းနှင့် ရည်ရွယ်ချက်ကင်းသည့်ပုဂ္ဂို...
တို့၏ လုပ်ကိုင်ရသောလုပ်ငန်းများ...
အကျိုးရလဒ် ကွာခြားသောကြောင့် ဖြ...
၏။ ထို့အတူ ဦးတည်ချက်ပန်းတိုင်...
သည့် ပုဂ္ဂိုလ်နှင့် စိုက်လိုက်မတ်တတ်...
သည့် ဦးတည်ချက်ပန်းတိုင်အားနည်း...
သောပုဂ္ဂိုလ်တို့၏အကျိုးရလဒ်ကလည်း...
မည်သို့မျှ တူညီနိုင်မည် မဟုတ်ပေ...
ထို့ကြောင့်လည်း ကွာခြားရခြင်း ဖြစ်၏။

ထို့အပြင် အဆိုပါ ပုဂ္ဂိုလ်နှစ်ဦး...
သည် သံသရာမှ မလွတ်မြောက်သေး...
စပ်ကြား ဖြစ်လေရာဘဝတိုင်းတွင် ဖြ...
လာရသောဘဝတိုင်း၏ အရည်အသွေး...
အရည်အချင်း၊ အဆင့်အတန်းအားဖြင့်...
လည်း ကွာခြားကြရ၏။ ထိုသို့ဖြစ်...
သည်မှာ ပါရမီဖြည့်ခြင်းလုပ်ငန်း...
ဦးတည်ချက်ထား ဖြည့်ကျင့်သည့်ပုဂ္ဂို...
သည် ဖြစ်လေရာဘဝတိုင်း အကြီးအက...
အမှူးအချုပ်၊ ခေါင်းဆောင်ဖြစ်...
အခြေအရံ အသိုင်းအဝိုင်းပေါများ...
ပညာဉာဏ်ကြီး၏၊ သူတကာထက်...
ထူးခြားသော အတွေးအခေါ်ရှိ...
ဒွဲ၊ လုံ့လ၊ ဝီရိယကြီးမားကြ၏။ လိုသမျှ...
သော စည်းစိမ်ချမ်းသာကိုလည်း ရရှိနိုင်...
မည်ဖြစ်၏။ ထို့အတူ ပါရမီလမ်းစဉ်အား...
အတိအကျမလိုက်မူဘဲ ရရှိလာသော...
ဘဝများတွင် သံသရာမှလွတ်မြောက်ရန်...
အားထုတ်လိုက်၊ အားထုတ်ခြင်းမပြု...
နေလိုက်ဖြင့် သံသရာတွင် ငုပ်လိုက်...
ပေါ်လိုက်ဖြစ်ကာ အားနည်းသောပါရ...
အရှိန်ကြောင့်လည်း ဦးတည်ချက်မှ...
တိကျသော လမ်းစဉ်မဲ့ကာ ပရမ်းပတာ...
အသွင်ဆောင်သည့်ဘဝများစွာကိုလည်း...
ပို၍ရှည်လျားစွာဖြတ်သန်းရနိုင်ပါသည်။
ထိုအပြင် ထိုပုဂ္ဂိုလ်၏အနောက်မှ ပါရ...
၏ တွန်းအားမပါသဖြင့် ပို၍ ကြန့်ကြာ...
ရနိုင်ခြင်းဖြစ်ပါသည်။

ထိုကိုရည်ရွယ်၍ ဇာလီတောင်...
ဆရာတော်ကြီးက တပည့်ဒကာ၊ ဒကာ...
များအား ပါရမီဆယ်ပါးကို များများ...
ခိုင်းခြင်း ဖြစ်ပါသည်။ မိမိက မည်သို့...



www.burmeseclassic.com

www.burmeseclassic.com

…သည်၊ ယုံကြည်ချက်ထားသည်ဖြစ် …လိုအပ်သော ပါရမီအရည်အချင်း …မြည့်မီမခြင်း မဂ်ဖိုလ်အရေး၊ သံသရာ …ထွတ်မြောက်ရေးတို့သည် မိမိတို့ …သလောကီ၊မျှော်လင့်သလောက် …တိုင်းမပေါက်ဘဲရှိနေမည်သာ ဖြစ် …၏။ ပါရမီသည် အဆိုပါ လူသား … အရာရာကိုဖြစ်ချင်တိုင်းဖြစ်စေ …အရာကား ဘုန်းကံပင် ဖြစ်၏။ …ကြောင့် ဘုန်းကံကို ပါရမီနှင့်တွဲပြီး …ကံပါရမီဟု ခေါ်ကြခြင်း ဖြစ်၏။ …ကိုရည်ရွယ်၍ ဆရာတော်ကြီးက …သည်မှာ -

"မင်းတို့ ဘုန်းမကြီးချင်ကြနဲ့။ ဘုန်း …ရမီဟာ ကိုယ်အရင်ဘဝက ပြုခဲ့တဲ့ …ပေါ်မှာတည်တယ်။ ဘုန်းကံက …တော့မဟုတ်ဘူး။ ပန်းတိုင်ကို …ရောက်သွားဖို့သာ ပဓာနဖြစ်တယ်။ …ရဲ့တာ၊ ချမ်းသာတာဟာ သူ့အဆင့် …တန်းနဲ့သူ ဘုန်းကံပါရမီနဲ့သူသာ ဖြစ် …။ ဒါတွေကိုတွက်မနေနဲ့။ ပန်းတိုင် …မျက်ခြည်မပြတ်ဖို့က အရေးကြီးဆုံး

ဟု မိန့်ကြားခဲ့၏။

ထို့အပြင် ဆရာတော်ကြီးက ဆု …ကြီးမန်သည့်ကိစ္စသည် လူသားတစ်ဦး …၏ အရေးကြီးသည့် ပဓာနကိစ္စကြီး …နေသဖြင့် ထပ်မံပြီးအလေးအနက်ပြု …သည့်သဘောဖြင့် ထပ်မံမိန့်ကြားပြီး …၏ဩဝါဒကိုနိဂုံးချုပ်ခဲ့ပါသည်။ ဆရာ …တော်ကြီး၏ နိဂုံးချုပ်စကားမှာ အောက် …ပါအတိုင်းဖြစ်၏။

"ဖြည်းဖြည်းနဲ့ မှန်မှန်သွားရင် …န်းတိုင်ကို ရောက်ကိုရောက်ပါတယ်။ အရေးတစ်စုံ ကိုယ်၌ကြုံတဲ့အခါမျိုးမှာ …စွာဆိုပြီးဆောင်ရွက်ကြပါ။ အောင် …မြင်ပါတယ်ကွာ။ မင်းတို့တစ်တွေ ဆုကြီး …ကြ၊ မဟုတ်တာမမှန်တာတွေမလုပ် …ကြနဲ့။ လူပေါ့လူလေတွေမလုပ်ကြနဲ့။ …ယောကျ်ားကောင်းယောကျ်ားမြတ်တွေ …ပ်ကြ"

ဟု မိန့်ကြားခဲ့ပါသည်။

ဇာလီတောင်ဆရာတော်ကြီးသည် …အထက်ပါ ဩဝါဒစကားကို ၁၉၈၆ ခုနှစ် …လအတွင်း သရက်မြို့အနီးရှိ ဇာလီ …တောင်တွင် မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။ …အထက်ပါဩဝါဒတော်ကို သုံးသပ်ကြည့် …ခြင်းဖြင့် ဆရာတော်ကြီးသည် ဆုကြီး …န်သည့် လမ်းစဉ်သည်သာ ဖြစ်နိုင်ခြေ …အရှိဆုံး၊ လက်တွေ့အကျဆုံး၊ အရေးကြီးဆုံးဖြစ်ကြောင်းကို ခပ်ရှင်းရှင်းပင် မိန့်ကြားသွားခဲ့ခြင်း ဖြစ်၏။ ထို့အပြင် ဆရာတော်ကြီးကိုယ်တိုင်လည်း ဆုကြီးပန်ပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်စေပါသည်။

**▫ ဇာလီတောင်ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အကျဉ်း**

ဆရာတော်ဘုရားကြီးကို သီပေါမင်းတရား ပါတော်မူသည့်နှစ်ဖြစ်သည့် ၁၈၈၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၊ မြန်မာနှစ် ၁၂၄၆ ခုနှစ်၊ ပြာသိုလပြည့်နေ့ သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးဖွားရာဒေသမှာ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း လေးမျက်နှာဇာတိ ဖြစ်ပါသည်။

ဆရာတော်သည် ငယ်စဉ်က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော် အရှင်ဝိသုဒ္ဓါစာရ ထံတော်မှောက်၌ ပညာသင်ကြားခဲ့၏။ ဆွမ်းချက်ကိုရင်တာဝန်ကိုလည်းယူခဲ့၏။

ထို့နောက် တောင်ဖီလာဆရာတော်ထံတွင် သွားရောက်၍ ဝိနည်းကို သုံးနှစ်သင်ယူခဲ့၏။ ထို့အပြင် မြန်မာ့ဗုဒ္ဓဘာသာလောကတွင်သာမက ကမ္ဘာ့ဗုဒ္ဓဘာသာလောကတွင်ပါ ထင်ရှားကျော်စောတော်မူသော အဘယာရာမဆရာတော်ဘုရားကြီးထံတွင်လည်း သင်ကြားခဲ့၏။ တပည့်ရင်းဖြစ်၏။

ဆရာတော်နှင့် စာသင်ဖော်စာသင်ဖက်ပုဂ္ဂိုလ်များမှာ ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ဇာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်ဦးပဏ္ဍိတနှင့် စလင်းမြို့ ကန်လယ်ဆရာတော် ဦးဝဇီရာဝုဓတို့ ဖြစ်၏။ အနီးစခန်းဆရာတော် ဦးပဏ္ဍိတသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဆရာတော်ကြီးအရှင်ဉာဏိဿရ၏ဆရာရင်းလည်း ဖြစ်၏။

ဇာလီတောင်ဆရာတော်ကြီးသည် တောထွက်၍ တရားမွေများကို ပြင်းပြင်းထန်ထန်ပင် ကျင့်ကြံအားထုတ်ခဲ့၏။ ထိုသို့ တောထွက်၍ ကျင့်ကြံအားထုတ်ရန်အတွက် ဆရာတော်ကြီးသည် စလင်းကန်လယ်ဆရာတော်၊ မင်းဘူးကျောက်မဲတောင်ဆရာတော် ဦးပဏ္ဍိတတို့နှင့် တိုင်ပင်ပြီး ဝိသုဒ္ဓိမဂ်ကျမ်းအား ဦးထိပ်ရွက်ပန်ဆင်ပြီး ၁၂၈၈ ခုတွင် တောထွက်၍ ဓုတင်ဆောက်တည်ကာ ကျင့်ကြံအားထုတ်ခဲ့၏။ ဤကဲ့သို့ ကျင့်ကြံအားထုတ်မှုပြုပြီးသောအခါတွင်မှ ဆရာတော်ကြီးသည် သရက်မြို့ ဇာလီတောင်သို့ ကြွရောက်သီတင်းသုံးခဲ့ခြင်း ဖြစ်ပါသည်။ ထိုအခါတွင်မှ ဇာလီတောင်ဆရာတော်ဟူ၍ ဘွဲ့အမည်သည် ထင်ရှားလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုဇာလီတောင်သို့ ဆရာတော်ကြီး ကြွရောက် သီတင်းသုံးသည့်ခုနှစ်မှာ မြန်မာနှစ် ၁၃၁၅ခုနှစ်၊ ခရစ်နှစ် ၁၉၅၃ ခုနှစ်တွင် ဖြစ်၏။

ဆရာတော်ကြီး၏ အဓိကထားဟောပြောဆုံးမသော ဩဝါဒမှာ မိမိထံရောက်ရှိလာသူအပေါင်းအား သရဏဂုံသုံးပါးဖြင့်တည်စေပြီး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြစေရန်ပင် ဖြစ်၏။ ထို့အပြင် အနန္တောအနန္တငါးပါးနှင့် မိမိထက် အသက်သိက္ခာဂုဏ်ကြီးသူများကို ရိုသေကြရန်- သတ္တဝါအပေါင်းတို့၏အပေါ်၌ မြတ္တာဝိဟာရတရား စောင့်ရှောက် ပွားများရန်၊ မိမိထက် မြင့်မားသူများအား မုဒိတာပွားပြီး နိမ့်ကျသူတို့အား ကရုဏာသက်ကြရန် ဆုံးမလေ့ရှိ၏။

ထိုထက်ပိုပြီး ကံငါးပါးကိုမြဲကာကံသုံးပါးတည်သော ပုဂ္ဂိုလ်များ၊ ကျွဲသားနွားသားရှောင်ကြဉ်ကြသည့်ပုဂ္ဂိုလ်များကိုလည်း 'ပရိတ်ဆီ' ကို ချီးမြှင့်သည့်အနေဖြင့် တိုက်ကျွေးလေ့ရှိပါသည်။

ဆရာတော်ကြီး၏ တပည့်ရင်းများသည် ကိုးပါးသီလဆောက်တည်ခြင်း၊ သရဏဂုံသုံးဆယ်ကို ပုတီးစိပ်ခြင်း၊ ပရိတ်ကြီးသုတ်တော်များနှင့် မဟာသမယသုတ်၊ ဓမ္မစကြာပဝတ္တနသုတ်တော်များကို အမြဲရွတ်ဖတ်ပူဇော်ကြပါသည်။ ထို့အပြင် ဇယစက္ကောအောင်ဂါထာ၊ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါးတို့ကိုလည်း ရွတ်ဖတ်ပူဇော်ကြပါသည်။ ဆရာတော်ကြီးအနေဖြင့် အဓိကထားပြီး ပုံနှိပ်ဖြန့်ချိသော ဂါထာတစ်ပုဒ်ရှိပါသည်။ ထိုဂါထာ၏ ခေါင်းစဉ်မှာ 'ရာသက်ပန် ဆောင်မှတ် ရွတ်ဖတ်ရန် အန္တရာယ်ကင်းဂါထာ' ဟူ၍ ဖြစ်၏။ ထိုဂါထာ၏ တန်ဖိုးသည်လည်းကောင်း၊ အစွမ်းသတ္တိသည်လည်းကောင်း အလွန်ပင် ထက်မြက်လှပါသဖြင့် ဂါထာရော အနက်အဓိပ္ပာယ်ပါ ဖော်ပြလိုပါသည်။

ရှေ့လဆက်ဖတ်ပါရန်

ဆရာဦးဆေက်ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



# နေဝိုင်ဇော ၏ နာမည်များနှင့်ငြင်းခုံခြင်း

**□ ပွတ်လုံးသဖွယ်လည်တိုင်သွယ်**

လည်တိုင်၊ လည်ပင်း၊ လည်ချောင်း ကဏ္ဍဌာန်ရဲ့ဖြစ်ရာတွေ။ ကဝဂ်ပဥ္စ၊ အ၊ အာ ဟ မှတ်ကြ လည်ချောင်းကဏ်။ က၊ ခ၊ ဂ၊ ဃ၊ င၊ အ၊ အာ၊ ဟ ရှစ်လုံးသောအက္ခရာ။ ပါဠိအသုံးမရှိတဲ့ သရ (သို့) ဝစ္စပေါက်ဆင့် အသံပြင်း ဒီယ အား၊ အီး၊ ဦး၊ အေး၊ အင်း၊ အိန်း စတဲ့ အက္ခရာတွေကိုကော ဘယ်ဌာန်အတွင်း ထည့်သွင်းပြီးယူမလဲ မေးစရာကရှိလာပြန်ပြီမဟုတ်လား။ ဥပမာ ကျော်ကျော်။ ကျော် ကဝဂ်မို့ လည်ချောင်းဌာန်၊ အော်က အောမှလာတဲ့သရ။ မြန်မာမှုဖြင့် အသတ်တင်ဖန်တီးထားရာ ဩော်၊ ဩော်မှ အော်အဖြစ်သုံးတာ။ ကျော်မှာ လည်ချောင်းဌာန်နှင့် ဩကလည်း လည်ချောင်း၊ နှုတ်ခမ်းဌာန်နှစ်ခုရဲ့တည်ရာနီးရာဌာန်အထဲသွင်းယူရလိမ့်မယ်။

အော (ဩ) အော့၊ အော်(ဩော်) ဆင့်ပွားသရတိုင်း ဩကား လည်ချောင်း၊ နှုတ်ခမ်းပေါင်းမို့လား။ ဌာန်နှစ်ခုယူရလိမ့်မယ်။ ကဏ္ဍန်ဌာန်ရဲ့ အခြင်းအရာဘက်ပြောမယ်။ ဆန်းအလို လည်ချောင်းသုံးမျိုး -

၁။ ရှေ့စိုက်ပြီး ပုတိုသောလည်ချောင်း - တွေဝေ၊ ပင်ပန်း၊ ရာဂထူ၊ မောဟကြီး။

၂။ နောက်လန်ပြီး ရှည်သောလည်ချောင်း - စိတ်မရှည်၊ ဒေါသကြီး ရက်စက်။

၃။ အလယ်မှာရှိပြီး တင့်တယ်သော လည်ချောင်း - ချမ်းသာ၊ မိတ် သင်္ဂဟပေါများ။ ဒါတစ်ခုသာ ဌာန်မှန် ဌာန်ကောင်းတယ် သျှတ္တရကျမ်းအလို -

**□ ယောကျ်ားတစ်ယောက်ရဲ့လည်ပင်း** ဟာ လုံးဝန်းပြီး တိုနေလျှင် စည်းစိမ်ဥစ္စာ၊ ဘုန်းကံသိရိ ဂုဏ် ဩဇာနှင့် ပြည့်စုံသည့်အက္ခဏာ။


www.burmeseclassic.com

www.burmeseclassic.com

- ယောကျ်ားတစ်ယောက်ရဲ့လည်ပင်းဟာ အရေးသုံးကြောင်း (အရစ်) အထင်အရှားရှိနေလျှင် ဘုန်းတန်ခိုး၊ အာဏာကြီးမား တတ်သောလက္ခဏာ။
- လည်ပင်းဟာ သေးပြီးရှည်နေသော် အစားပက်စက်၊ ဆင်းရဲတွင်းနက်မည့်လက္ခဏာ။
- သိသိသာသာကြီး လည်ပင်းက ရှည်လွန်းနေလျှင်တော့ တလွဲမာနကြီး၊ ထတ်ယောင်ကား၊ လူပလီလက္ခဏာ။
- လည်ပင်းက အကြောတွေ ထင်ရှားနေ၊ အချိုးအစားမပြေပြစ်နေသော် လူဗာလ၊ ဒုဗ္ဗဇလက္ခဏာ။
- နောက် လည်ကုပ်၊ အမွေးများပေါက်နေ။ အကြောတွေပြိုင်းပြိုင်းထနေ၊ အရိုးအဆစ်၊ အထစ်အငေါ့ ထင်ရှားနေပြန်က ရောဂါတစ်ခုမဟုတ်တစ်ခုက အမြဲရှိ။ မပေါင်းသင်းထိုက်သော အနိဋ္ဌလက္ခဏာ။
- **အမျိုးသမီးတစ်ယောက်ရဲ့လည်ပင်းဟာ** တစ်နည်း လည်စလုတ် ရေမျိုစလုတ်အတူတူပါပဲ။ ရေမျိုစလုတ်ဟာ ပြည့်ဖြိုးခြင်း၊ အသားရှိပြီးလုံးဝန်းခြင်း၊ ပြေပြစ်ညီညွတ်ခြင်း၊ မထင်ရှား၊ မပေါ်လွင်သောလည်စလုတ်ရှိခြင်း၊ လည်ရေးအရစ်သုံးသွယ်ရှိခြင်းတို့ ပြည့်စုံသော် ကျက်သရေမင်္ဂလာ၊ ရတနာတို့ စုံလင်သောမိန်းမမြတ်လက္ခဏာ။
- ရေမျိုစလုတ်လည်ပင်းမှာ ကြဲ့လို့ပိပြား၊ သေးသွယ်ခြင်း၊ ရှည်လျားပြီး စလုတ်က ထင်ရှားပေါ်လွင်နေလျှင် ဆင်းရဲ၊ နဲ့ချာတတ်သောလက္ခဏာ။
- လည်ပင်းဟာ ရှေ့နောက်မညီအမြင့်မတင့်တယ်ပါက မည်မျှပင်ချမ်းသာနေပါစေ စည်းစိမ်မခံစားတတ်။ အစေခံသဖွယ် ပင်ပန်းစွာနေရခြင်းလက္ခဏာ။
- စလုတ်ကြီးလွန်းပြန်လျှင် မုဆိုးမနှင့် အိမ်ထောင်ရေးသောကကြုံခြင်းလက္ခဏာ။
- စလုတ်ဟာ လုံးဝမထင်ရှားဘဲ ပိပြားနေသော် အမြုံမလက္ခဏာ။
- လည်ပင်း သေးငယ်လွန်းခြင်း၊ အပေါ်သေးသွယ်ပြီးအောက်ပိုင်းဖောင်းကြွခြင်း၊ တုတ်ခိုင်ခြင်းရှိက ဂုဏ်သိက္ခာမဲ့၊ အရှက်ရဲ၊ အိမ်ထောင်ရေးများခြင်းလက္ခဏာ။



- နောက်လည်ကုပ်ဇက်ပေါ့။ မိန်းမတစ်ယောက်မှာ နူးညံ့တဲ့အသားများနှင့် ပြည့်ဖြိုးရမယ်။ အမွေးအမှင်ကင်းရမယ်။ ဒါဆိုရင် မိန်းမကောင်းလက္ခဏာ။
- ဆန့်ကျင်ဖက်ဆိုရင် မိန်းမဆိုးလက္ခဏာ။

လူတစ်ယောက် ယောကျ်ား၊ မိန်းမသိလို့ နာမည်ပါထပ်ဆင့်သိရပြီဆိုလျှင် သူ့ရဲ့ကာလသုံးပါး အကောင်း၊ အဆိုး၊ အကျိုး၊ အကြောင်းတစ်ဝက်တော့ သေချာစွာသိရပါပြီ။ နာမည်နှင့် ဥပမိလက္ခဏာက သူ့လျှို့ဝှက်ချက်၊ ဟန်ဆောင်ချက်ကို မြင်နိုင်စေတဲ့မှန်ပြောင်းပဲလေ။

ကဲ - ဒီနှစ်ယောက် ကြည်ကြည်စန်း၊ ချိုချိုစန်းတဲ့။ နှစ်ယောက်စလုံး ဆန်းကျမ်းအလို လည်ပင်းက တင့်တယ်စွာဖြင့် အလယ်မှာ လုလုပပရှိနေတယ်။ ဒါဆို ချမ်းသာ၊ မိတ်ဆွေများစေမယ့်ဌာန် ကဏ္ဍဌာန်ညီတယ် ဆိုပါစို့။ ဒါပေမယ့် သျှတ္တရကျမ်းရဲ့ အပြစ်ပြလက္ခဏာ စလုတ်က မိန်းမတန်မဲ့ ထင်ရှားမြင်လွယ်နေပြီ၊ လည်ကုပ်မှာလည်း အကြောတွေ ပေါ်နေပြီ၊ လည်ဆက်ရိုးတို့ကပါ ဖုထစ်လို့ရှိနေပြီ။ ဆန်းကျမ်းက အိမ်ထောင်ရေးမပြထားဘူး။

သျှတ္တရမှာက ရှင်းတယ်။ နှစ်ယောက်စလုံး ဌာန်မှန်နေပါစေ မုဆိုးမဖြစ်တယ်။ အိမ်ထောင်ရေးသောကကြုံတတ်၊ မိန်းမဆိုးဖြစ်တတ်တဲ့ လက္ခဏာရှင်။ ကြည်ကြည်စန်းက ပိုဆိုးမှာပဲ။ သူက အက္ခရာဖို၊ မ မှားမှု ထပ်တိုးနေလို့ပေါ့။ နှစ်ယောက်စလုံးတော့ စီးပွားရေးကောင်းပြီး ဆက်ဆံရေးပြေပြစ်ကြပါလိမ့်မယ်။ နေရာတကာဝင်ဆံ့နိုင်မယ်။ရှေ့ဆက်တွေးကြည့်ရင် ဒီနှစ်ယောက်လျှောက်နေမယ့်လမ်းက မြင်သာလှပါတယ်။

ယောကျ်ားတစ်ယောက် ကျော်ဟန်တဲ့။ သွားလာလျှင် သူ့ရဲ့လည်ပင်းကိုခပ်မော့မော့နှင့် ရှည်ရှည်မတ်မတ်ထားတတ်ရဲ့။ လည်စလုတ်က ရှေ့မှာပြူးပြူးကြီးထွက်လို့ အကြောတွေလည်းထောင်လို့ တွေ့ပါပြီတဲ့ ဌာန်၊ လက္ခဏာ ဘာမှမကောင်းသူ။ စဉ်းစားပြီးကြည့်ပေါင်းပေတော့။

အာကာကျော်ဆိုတဲ့လူနှင့်စာလျှင် ကျော်ဟန်က သိပ်ဗာလမကြီးနိုင်ပါဘူး။ ကျော်ဟန်က သွန်သင်ဆုံးမတတ်သော်နောင်တရတတ်ပါတယ်။ အာကာကျော်က ဗျူဟတ်လွန်နေပြီလေ။ ပိုလွင့်၊ ပိုဆိုးနိုင်တယ်။ အဆိုးချင်းပေါင်းကြပြီဆိုလျှင် ပါဠိအမည်ရှင်တို့ကဆရာဖြစ်မှာပဲ”

**□ အာစပ်ခံတွင်းကြာနီသင်းသို့**

အာစောက်၊ အာစပ်၊ အာခေါင်၊ အာခံတွင်းအားလုံး အတူတူပါပဲ။ တာလုဇဌာန်ပေါ့။ စဝဂ်ဣဤ၊ ယရှစ်မည်၊ ဖြစ်တည် အာစောက်တာ-တဲ့။ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဣ၊ ဤနှင့် ယရှစ်လုံးသော အက္ခရာ၊ သည်ဌာန်ကို ဆုံးဖြတ်ရာမှာလည်း မုဒ္ဓဌာန်လျှာအတိုင်းဖြစ်တယ်။ မမြင်သင့်၊ မမြင်အပ်ရာ အစိတ်အပိုင်းတစ်ခုဖြစ်နေတဲ့အတွက် အသံထွက်ကိုလေ့လာရတာလေ။ အသံအမျိုးအစားနားထောင်ပြီးခွဲရခြင်းဖြစ်တယ်”

“ဆန်းအလို တာလုဇဌာန်ဆိုင်တဲ့ အသံဘက်ဆက်ကြရအောင်။

၁။ အေးဆေးတည်ငြိမ်သောအသံရှင် ‘ပြောဟောကောင်းမွန်၊ ပညာချွန်၍၊ ဘုန်းစွန်ထင်ရှား၊ စွမ်းပကားပြည့်၊ သြဇာရှိလိမ့်’။ အကောင်းဆုံးအသံ ပမာအားဖြင့် သံလိုက်ဓာတ်ရှိတဲ့အသံမျိုး။ နားထောင်သူတွေအပေါ် ဆွဲဆောင်နိုင်တယ်။ ကမ္ဘာ့နိုင်ငံအတော်များများတခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတွေမှာ သည်အသံသြဇာပြည့်စုံတတ်ကြပါတယ်။

၂။ စူးရှ ထက်မြက်သောအသံ ‘စည်းရုံးဆောင်ယူ၊ ချစ်ခင်သူပေါ၊ ကျော်စောသြဇာရှိတတ်စွာ၏’။ဒုတိယကောင်းသောအသံရှင်၊ အသံကစူးပြီး ပြတ်သားပီသတယ်။ ယောကျ်ား၊ မိန်းမ အသံဆိုင်ရာတော့ ဘယ်တူမလဲ။ သေးပြီး




www.burmeseclassic.com

www.burmeseclassic.com

စူးနစ်လွန်းက မိန်းမအသံဖြစ်သွားမှာပေါ့။ မုဒ္ဒဠာန်ရဲ့ ဒုတိယစကားပြောသွက်လက်ပီသခြင်းဂုဏ်နှင့်ရောယှက်နိုင်ပါတယ်။

၃။ နက်သောအသံရှင် 'ဆင်ကာန်းတောတိုး၊ တစ်ဖွတ်ထိုးနှင့် ကျော်စိုးမကောင်း၊ မညောင်းဩဇာ၊ ခန္ဓာပင်ပန်း၊ စီးပွားခန်း၏'။ မကောင်းသောအသံ၊ အသံနက်၊ အသံအောသူမျိုး။ ပြတ်တောင်းစွာ ပြောတတ်တယ်။ မပီပြင်တဲ့အသံထွက်ပေါ့။ တချို့က အသံအောအောကြီးနှင့် လေသံထွက်ထင်ရှားတာမျိုးလည်း ရှိကြပါတယ်။ တကယ့်ကိုအာခေါင်အာရင်းသံနှင့် ပြောတတ်ကြရဲ့။ သူတို့တော့ ညံ့တဲ့ဌာန်အကျုံးမဝင်ပါဘူး။

၄။ အက်ကွဲသောအသံရှင်'သောကအိမ်ထောင်၊ ပူလောင်အများ၊ နွမ်းရှားဂုဏ်သိန်၊ ချမ်းသာတိမ်၏'။ အညံ့ဆုံးသောအသံ၊ ကွဲအက်၊ ရှတတ၊ ဝိုးတဝါး၊ နိမ့်မြင့်မထင်တဲ့အသံတွေ၊ ဌာန်ပျက်အဆိုးပေါ့။ အိမ်ထောင်ရေးကံမကောင်းသူများ (ဉာတိမိသားစု) အတွက် ပူပင်သောကပွားရ၊ စီးပွားပျက်လွယ်၊ ဂုဏ်မရှိခြင်းတို့ရဲ့ ဌာန်ပိုင်ရှင်တွေပေါ့။ သျှုတ္တရကျမ်းလာမှာတော့ -

- ယောကျာ်းတစ်ယောက်ရဲ့ အာစပ်၊ အာခံတွင်းက ကြာနီပန်းအဆင်းကဲ့သို့ နီမြန်းခြင်းသည် ဂုဏ်ဒြပ်ကြီးထက်၊ သတ္တိနှင့်ဝီရိယကြီးတတ်သောလက္ခဏာ။
- အာစပ်ဖြူနေသော် ပစ္စည်းဥစ္စာချမ်းသာသောလက္ခဏာ။
- အာစပ်သည် ခြောက်သွေ့ခြင်း၊ အညစ်အကြေးနှင့် ကပ်ငြိနေခြင်း၊ ထူထဲကောက်ကွေ့ခြင်း၊ အရောင်အဆင်းညှိုးမှိန်နေခြင်းက စာရိတ္တမကောင်းသောလက္ခဏာ။
- ညိုမွဲသောအဆင်းရှိလျှင် ကိုယ့်အမျိုးကိုပင် ပြန်ဖျက်ဆီးတတ်သောလက္ခဏာ။
- အမျိုးသမီးတို့ရဲ့ အာခေါင်၊ အာစပ်ဟာ ဝါသောအဆင်းရှိက ကိုယ်ကျင့်သီလပြည့်ဝသောလက္ခဏာ။
- ကြာနီပွင့်အဆင်းနှင့် နူးညံ့သိမ်မွေ့စွာရှိသော် မိန်းမမြတ်လက္ခဏာ။
- အာစပ်ဖြူနေလျှင် မုဆိုးမဖြစ်တတ်သောလက္ခဏာ။
- အာစပ်ခြောက်သွေ့ပြီး ကြမ်းတမ်းနေလျှင် အိမ်ထောင်ဆက်များခြင်း၊ အပျော်အပါး လိုက်စားခြင်းလက္ခဏာ။
- အာစပ်ညိုမည်းလျှင် ယောကျာ်းမရနိုင်။ ရပြန်က သားသမီးမဖြစ်ထွန်းခြင်းလက္ခဏာ။

ဌာန်တွေကို အသံနှင့် ဆုံးဖြတ်အဟောထုတ်ပုံတွေ သရုပ်ခွဲကြည့်က ပိုသဘောကျပါလိမ့်မယ်။ လျှာမုဒ္ဓဌာန်၊ ယခု အာစောက်တာလုဇဌာန်တို့ကို အသံ၊ စကားအပြောအဆိုတို့နှားဆင်ပြီး ဝေဖန်တာမဟုတ်လား။ အုပ်စုခွဲကြည့်က သုံးစုတွေ့ရမှာပါ။

၁။ အေးဆေး တည်ကြည်တဲ့အသံ၊ ပြောဆိုပုံပီသ၊ အသံကြီး။
၂။ စူးရှထက်မြက်တဲ့အသံ၊ ပြောဆိုပုံသွက်လက်၊ အသံငယ်။
၃။ ရောနှောအသံ၊ ပြောဆိုပုံမထင်ရှား၊ ပုံမှန်ပီသ၊ အသံလတ်။

အင်္ဂါစုံနေတဲ့လူတိုင်းသည် သုံးမျိုးထဲကတစ်ခုခုတော့ရှိတယ်။ (၁)အုပ်စုဝင်တို့မှာတော့ အသံကြီး၊ အသံအော၊ အသံအောင် နက်ပြီး အနိမ့်၊ အမြင့်၊ အတိုး၊ အကျယ် လိုသလိုပြောနိုင်၊ လေသံ မပြတ်ပီသမယ်။ သည်အုထဲက ချို့ယွင်းသောအသံ။

(၂) နှင့် (၃) ရော ချို့ယွင်းသောအသံတွေပါ ထပ်ထည့်လိုက်သော် (၆)မျိုးရှိသွားမယ်။ ဌာန်မှန်တာ သုံးသံ၊ ဌာန်မှားကလည်း သုံးသံရှိလိမ့်မယ်။ (၂) အုပ်စုထဲက အသံကိုပြန်လှေ့လာကြည့်စမ်းပါ။ စူးရှပီသပြီး အသံသေးငယ်တာ၊ အသံကွဲအက်ရှရှရှိတာ၊ တချို့နှာခေါင်းသံရောပြီးထွက်တာလည်း သည်အုပ်စုပဲပေါ့။

မိန်းကလေးတစ်ယောက်ရဲ့နှုတ်က အသံအောအောကြီး(ယောကျာ်းသံ)မျိုးထွက်တာ 'တွေ့ဖူး၊ ကြားဖူးကြပါလိမ့်မယ်။ ဒီအသံကို ဌာန်မှန်၊ ဌာန်မှားဘယ်အထဲသွင်းမလဲ။ ယောကျာ်းတစ်ယောက်ရော သူ့ရဲ့နှုတ်က အသံသေးသေးဖြင့် စူးစူးရှရှ။ ဒါလည်း ဘယ်ဌာန်မှန်၊ မှား ဆုံးဖြတ်မလဲ။ နောက် အသက်က (၁၂) နှစ်ပင်မရှိသေးတဲ့ ကျား, မရဲ့အသံဟာ လူကြီးတစ်ယောက်အသံမျိုးရှိနေလျှင်ရော. . .

နောက် အသံဖြင့် စီးပွားရှာသူအားလုံးဟာ အသံကောင်းတဲ့အတွက် ဌာန်တွေမှန်ပြီး အကျိုးပြုတယ်လို့ ယူဆရတော့မလား။

'သူ့ဆန်စားရဲမှ' စကားပုံလို သူ့ဌာန်မှည့်ထားတဲ့မှုဖြစ်လိမ့်မယ်။ ဌာန်နှင့်နာမည်တော့ အတွဲညီမှုဖြစ်မှာပေါ့။ မုဒ္ဓနှင့် တာလုဇလျှာနှင့် အာစောက်ဌာန်ဖြစ်တဲ့ အက္ခရာရှင်တိုင်း ဘယ်မှာ အ[illegible]လက္ခဏာချို့တဲ့လို့ရမလဲ။ ဥပမာ [illegible]အသံက အက်ကွဲရှတတ ဒါမှမဟုတ်[illegible]အသံအောအော ယောကျာ်းသံလိုလို[illegible]ပြီဆိုပါစို့ရဲ့။ အသံဆန့်ကျင်ဌာန်အမှား[illegible]ပဲ။ ပီသကြည်မြနေပါစေဦး။ အိမ်ထောင်[illegible]ရေး၊ အချစ်ရေးရှုပ်၊ စီးပွားဥစ္စာမမြဲ[illegible]ပေဘူး။ ရက်စက်၊ ဒေါသကြီးတာလည်း[illegible]ပါလိမ့်မယ်။ ယောကျာ်းတွေလည်း မိန်း[illegible]အသံလို နွဲ့နှောင်းနှောင်း၊ စူးရှသေး[illegible]နေလျှင် ဆန့်ကျင်၊ ဌာန်ပျက်စာရင်းသွင်း[illegible]ရလိမ့်မယ်"

"ရှိပါတယ် နန္ဒ။ မင်းရဲ့တူ[illegible]ယောက် ဇေယျာအောင် မဟုတ်လား[illegible]ခုဗိုလ်ကြီးတောင်ဖြစ်လို့။ ဒီကလေး[illegible]အသံ ကလေးဘဝကတည်းက အမှ[illegible](၃) နက်သောအသံရှင်၊ အောအော[illegible]လေ။ ဒါပေမယ့် ဇေယျာအောင်ရဲ့စကား[illegible]ပြောသံက ထစ်ခြင်း၊ လေးခြင်းမရှိဘူး[illegible]ပီသ သပ်ရပ်ပါပေ့။ ပြီးတော့ အသား[illegible]တာ ညိုသော်လည်း အာခံတွင်းတာ[illegible]ကြာနီပန်းအဆင်းလိုရဲလို့။ ပရိသတ်ထော[illegible]င်းဆယ်စကားပြောလျှင် ဘယ်မှာ မိုက်[illegible](MIC) လိုမလဲ။ ဟိန်းနေအောင်ကျ[illegible]တယ်။ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့ ဟိန်းဟောက်သံမျိုးပေါ့။ သူ့အလုပ်နှင့်[illegible]အသံ၊ နာမည်နှင့် ဌာန် ညီညွတ်ပါ[illegible]တယ်။ ဇ, ယ နှစ်စုက အာစောက်ဌာန်[illegible]ဇ-လည်း ထပ်တူပဲ။ အကယ်၍ ဇေယျာ[illegible]အောင်ရဲ့အသံဟာ ပြတ်တောင်းထ[illegible]ငေါ့၊ အပျော့၊ အပြင်း၊ ပီသကင်းသွား[illegible]ဆိုလျှင် နက်သောအသံရဲ့ အပြစ်[illegible]အဆိုးတွေခံရသွားနိုင်တယ်"

"မင်းမှတ်မိမှာပေါ့၊ တော်လှန်ရေး[illegible]အစိုးရစတက်စဉ်ခေတ်ကလေ။ သာဝ[illegible]ရွာက လယ်ယာတွေ၊ စက်တွေပိုင်[illegible]သူဌေးဦးစီ၊ ဦးစီလို့ခေါ်ကြတဲ့ ဦးစည်[illegible]ပေါ့။ သည်လူကြီးအသံက လူနှင့်မ[illegible]ဘူး။ ခန္ဓာကိုယ်က ထွားထွားကျိုင်းကျိုင်းကြီး။ အသံကျတော့ သေးသေး[illegible]ညှင်ညှင်လေးရယ်။ နှာသံကပါ ဒေါ[illegible]ထွက်လာလျှင် စွက်လိုက်သေးတော့[illegible]သည်လူကြီး အသက် (၄၇) နှစ်ရော[illegible]တော့ အဆွယ်အပါးထားရာကစပြီး တက်ခဲ့ဖြစ်ခဲ့တဲ့ ပြဿနာတွေကြောင့် ရှိသမျှအကုန်ပြောင်သွားခဲ့တာလေ"

"ဦးစီ စ, ဤ၊ အာစောက်ဌာန်အစစ် ဦးစည်ရ။ ဒါလည်း စ,ည,ရဲ့ အာစောက်ဌာန် သည် ရ, ရ ကိုတော့ မြန်မာ[illegible]တွေ အသံထွက်တာမရှိသလောက်[illegible]တယ်။ အမှန်တော့ ရနှင့် ယဟာ အသံ[illegible]


www.burmeseclassic.com

www.burmeseclassic.com

ထွတ်ချင်း လုံးဝမတူကြပါဘူး။ ယ,သံပဲ ထွက်လေ့ရှိကြတယ်။ ပါဠိဆိုတဲ့အခါမှာ ဆင် 'ဝရော ဝရည ဝရဒေါ ဝရာဟရော' ကိုထောင် 'ဝယော ဝယည ဝယဒေါ ဝယာဟယော' တဲ့လေ။ ပါဠိမှာ ရကို အင်္ဂလိပ်အက္ခရာ (R) သံထွက်ရတာပဲ။ ဒီ (R)သံ မြန်မာစကားထဲမရှိသလောက် ဆဲ။ ဦးစည်ရကို ဦးစည်ယထွက်တာ။ နှ တ လျှာထိပ်မုဒ္ဓဇဌာန်၊ ယ, မှာ အာ စောက်တာလုဇဌာန တခြားစီပဲ။ အက္ခရာထက် အသံထွက်အလိုက် ဌာန်စစ် ရတာမို့ ရဲ၊ ရန်၊ ရင်အားလုံး ယ-ဘောင် အတွင်းစင်နေတဲ့အတွက် ဒီတာလုဇ ဌာန်ထဲသွင်းရလိမ့်မယ်။ ပါဠိမှာရှိတဲ့ ရ-ကိုဖြင့် မသိတဲ့သူက အသံထွက်မှားထွက် ပါစေ။ မုဒ္ဓဌာန်ယူရမှာပေ့ါ။

"မုဒ္ဓဌာန်က ရာဇာ၊ သူရ၊ ရဝေ၊ ရိဘတ်ကာ၊ ရောဂင်၊ ရောဘတ်၊ ရင်ဂါ ကျွန်ဘာသာရှိ (R) သံကို (ရ) မထွက်ဘဲ (ယ) ဖြင့် ထွက်တတ်တဲ့အမှားကြောင့် အသံလာရာအရပ်ပြောင်းသွားတာဖြစ် တယ်။ တာလုဇဌာန်သာလျှင် ပိုတိုးဌာန် တောက်ဖို့ အားသာသွားတာပေ့ါ။ ရေး တော့အမှန်၊ ဖတ်တော့အသံတဲ့။ အေး- အသံကောက်လည်း ဌာန်ပဲပေ့ါ။

ဆွေဌေး၊ ခုတော့ ဒေါ်ဆွေဌေး ဘဝပြန်ဆန်းစစ်ကြည့်လေ။ အိမ်ထောင် တော့မှ မိဘထံရှိစဉ်က သိပ်ဆင်းရဲရှာ တယ်။ နောက် လက်ထပ်ပြီး ရသမျှ အလုပ် လင်မယားနှစ်ယောက် ကြိုးစား ရှန်းကန်လုပ်ရင်း တဖြည်းဖြည်းကြီးပွား တိုးတက်လာလိုက်တာ ရေဦးမြို့ကိုပင် ပြောင်းပြီး ကုန်စုံဆိုင်ကြီးဖွင့်နိုင်တဲ့အထိ အားသမီး၊ လင်အပေါ်မှာလည်း သြဇာ ထက်ပါပေ့တော့။ ဝဏ္ဏ (အသား အရောင်) ဖြင့်ကြည့်လျှင် အမှားနော်။ ဆွေဌေးက မည်းတဲ့အုပ်စုထဲပေ့ါ။ ဆန်း ကျည်ပဲ။ ဒါပေမယ့် ကျန်တာအားလုံး ဆန်းဝင်နေတဲ့အတွက် ဘာပြဿနာမှ မရှိဘူး"

"ဆွေဌေးရဲ့ အသံက (၂) ရဲ့ စူးရှ ထက်မြက်တဲ့အုပ်စု ပုံမှန်အသံရှင်ပဲ။ သူ့စရိုက်က နှုတ်မဖွာဘူး။ အပျိုဘဝမှာ သည်း အဖော်တွေဖြင့် ကောက်စိုက်ရင်း သီချင်းဆိုကြလည်း သူက တုဏှိဘာ ဝေ။ ပြောစရာရှိက မငြိမ်ဘူးပြောတယ်။ ညာမတတ်ပေမယ့် စကားချက်ကျ ထွက်လှတယ်။ အရယ်အသောလည်း တွေ့သလောက်နည်းသူ။ အင်း- သည့် အထဲ ရုပ်ရည်နှင့် ပညာသာပြည့်စုံလိုက် ဆိုတော့ တကယ့်ထင်ရှား၊ သြဇာရှိ စေမယ့် မိန်းမစွမ်းရှင် ဧကန်မလွဲဘူးကွ။

□ ရင်သည့် ပိန်ချပ် စက္ကူကပ်သို့

အဓိက ဌာန်ငါးပါးကုန်ပြီနော်။ နှာခေါင်းသံစွက်ရွတ်ဆိုရသော နာသိက နှင့် ယခုဆိုမယ့် သေးသေးတင်၊ အစက် ပေါက်၊ ဗိန္ဒုပြောက်ထည့်ရာအက္ခရာ တိုင်းကို ရင်ကနေ အသံထွက်သော ကြောင့် (၃၇) ဌာန် ဖြစ်တယ်။ သူ့မှာ မူလ ဝဂ်မရှိဘူး၊ သရမရှိဘူး။ သို့သော် သည် နိဂ္ဂဟိတ်ကလေးက အင်မတန် ထူးခြားပါတယ်။ အက္ခရာတစ်လုံးကို အစက်လေးတို့လိုက်တာနှင့် အမိပ္ပာယ် တွေပေါ်လာလေရော"

"ကြည့်စမ်း- စန်၊ စမ်၊ စဏ် သူတို့ ဟာ အခြားသောအက္ခရာ ကူညီမှသာ ရပ်တည်နိုင်ကြရဲ့။ အသံလည်း အတူတူ ပဲလေ။ စံ၊ ကံ၊ ရံ၊ ယံ၊ ပံ၊ မံ၊ ထံ နိဂ္ဂ ဟိတ်လေးထည့်လိုက်တာနှင့် လှုပ်ရှား လာလိုက်တာ။ ပြီး ကုံ၊ အုံ၊ ပုံ၊ တုံ၊ ဝုံ တစ်ခုတော့ စဉ်းစားမိပါရဲ့။ မြန်မာသဒ္ဒါ အသုံးအနှုန်းထဲတွင် အထက်ကအက္ခရာ တွေ နိဂ္ဂဟိတ်ဖြင့်ရှိသော်လည်း ခုလို စံ၊ စုံ၊ (စံး) စန်း၊ ပံ၊ ပုံ၊ ပံး (ပန်း) တော့ ဘာ့ကြောင့်မရှိတာပါလိမ့်လို့။ ဟုတ် တယ် ရေးထုံးမရှိဘူး၊ ထားပါတော့။ ဌာန် ဘက်ဆက်ကြရအောင်"

"ရင်၊ ရင်ဘတ်၊ ရင်ခေါင်း၊ ရင်ရှေ့ တွေလေ့လာပြီး ဌာန်ညှိရမယ်ဆိုပါစို့။ ရင်ဘတ်ရဲ့ တင့်တယ်ခြင်း၊ မတင့်တယ် ခြင်းပေ့ါ။ ဘယ်လိုအင်္ဂါတွေရှိကြောင်း တော့ နာမက္ခရဆန်းကျမ်းတွင် ပြမထား ဘူး။ ယောကျ်ားတစ်ယောက် ရင်ဘတ်၊ လက်မောင်းတွေက အဖုအထစ်နှင့် တကယ့် နတ်သားတစ်ပါးရဲ့ ကျောက် ဆစ်ရုပ်တုပမာ။ နောက်တစ်ယောက်ကျ တော့ ပိန်ချပ်ချပ်နှင့် တစ်ဖြောင့်တည်း ထောင်ထားသည့်ပမာ။ နာမည်လည်း



တူနေကြ။ ကဲ - ဒါဆိုလျှင် -

သျှုတ္တရကျမ်းဆိုင်ရာ လက္ခဏာ ဘက်ပြောမယ်။ ရင်နှင့်ဆိုင်ရာ ခန္ဓာ ကိုယ်အကြောင်းပါပြောမယ်။

- □ ယောကျ်ားတစ်ယောက်ရဲ့ မခုံးစွန်း နှင့် ပခုံးညှပ်ရိုး လက်မောင်း စပ်ရာ ဌာနသည်ကောင်းစွာဆက်စပ်သော အခြင်းအရာရှိခြင်း၊ ပခုံးစွန်းက အနည်းငယ် မြင့်မောက်သယောင် ဖြစ်ခြင်း၊ ပခုံးစွန်း ပြည့်ဖြိုးခြင်းတို့ရှိ သော် သူရသတ္တိအရာတွင် တစ်ပါး ပါး ပြည့်စုံသော လက္ခဏာ။
- □ ယောကျ်ားရဲ့ ပခုံးစွန်း၊ ပခုံးညှပ်ရိုး တို့ ညွတ်ကွေးနေလျှင် ဥစ္စာဆင်းရဲ ခြင်း၊ အချုပ်အနှောင် ထောင်ကျ များစွာကြုံခြင်းလက္ခဏာ။
- □ ယောကျ်ားရဲ့ညှပ်ရိုးက တစ်ဖက်နှင့် တစ်ဖက် နိမ့်မြင့်မညီသော် ဆင်းရဲ သောကကြုံမှုလက္ခဏာ။
- □ ယောကျ်ားရဲ့ပခုံးဟာ အစဉ်လိုက် အရင်းကကြီးပြီး မြင့်မောက်၍ အဖျားဘက်စီ သေးသွယ်ကျနေ လျှင် ဘုန်းကျက်သရေပြည့်ဝ၍ ဘဝ၌ တိုးတက်ခြင်းအမြဲရှိသော လက္ခဏာ။
- □ ယောကျ်ားရဲ့ပခုံးက ခွက်ဝင်ခြင်း၊ သေးလွန်းခြင်း၊ မွေးညှင်းများ ပေါက်နေခြင်း၊ ပခုံးလျှောကျနေ ခြင်းရှိလျှင် ရေပွက်ပမာ စည်းစိမ် ခံစားရတတ်၊ ရုတ်ခြည်း ချမ်းသာပြီး အမြန်ပင် ဆင်းရဲ သေတတ်သော လက္ခဏာ။
- * ယောကျ်ားရဲ့ ကျောကုန်းဟာ အကြောပြိုင်းပြိုင်းထခြင်း၊ ကွေ့ ကောက်နေခြင်း၊ ကျောကုန်းကြီး မား၍အမွေးပေါက်နေခြင်း၊ အလယ် တွင် ရေတံလျှောက်ပမာခွက်ဝင်နေ ခြင်းကား ဆင်းရဲတာရှည် ခက်ခဲစွာ ဘဝရပ်တည်။ သားချင်း၊ ဆွေမျိုး များ ပျက်စီးတတ်သောလက္ခဏာ။
- □ ယောကျ်ားရဲ့ ရင်သားမြတ်သီး နှစ်ဖက်စုံညီ၍ အပေါ်သို့ ချွန်တက် နေသော် မိမိစိတ်ကို အစိုးရလျက် ရည်မှန်းချက် အောင်မြင်သော လက္ခဏာ။
- * ယောကျ်ားသားမြတ်သီးမှာ အနိမ့်၊ အမြင့်မညီညွတ်၊ အကြီး၊ အသေး ရှိနေသော် အမြဲဆင်းရဲမည့်လက္ခ ဏာ။ နေလျှင် ခေါင်း ဆောင်ပီသ၊ မနစ်လင်အသက်ရှည်၊ စိတ်ကောင်း သောလက္ခဏာ။



www.burmeseclassic.com

www.burmeseclassic.com

- ၎င်းတို့မညီညွတ်ဘဲ ရွဲ့စောင်းအချိုးအစားမကျသော် အစွယ်ကောင်းဆဲ သေတတ်သော၊ အကယ်၍ မသေခဲ့သော် ပစ္စည်းဥစ္စာမမြဲ ဆင်းရဲသောလက္ခဏာ။
- မိန်းမတွေရဲ့ ခန္ဓာဘက်ဆက်မယ်။ မိန်းမရဲ့ ကျောကုန်းမှာ အသားပြည့်ဖြိုးပြီး ကျောရိုးမထင်ရှားလျှင် ကောင်းသောလက္ခဏာ။
- အံကြောတွေထင်ရှား၊ အမွေးအမှင်ပေါက်နေလျှင် မုဆိုးမဖြစ်ခြင်းလက္ခဏာ။
- ကျောရိုးသိပ်ခွက်ဝင်နေလျှင်တော့ ဆင်းရဲမည့်လက္ခဏာ။
- မိန်းမရဲ့ပခုံးမှာ အသားဖြင့်ပြည့်ဖြိုးနေ၊ မြင့်မောက်နေ၊ အရင်းပိုင်းကြီးပြီး အဖျားပိုင်းသေးငယ်သွားလျှင် ဥစ္စာစည်းစိမ်ပြည့်ဝသောလက္ခဏာ။
- ၎င်းဟာ အသားများကင်း၊ ခွက်ဝင်နေလျှင် ဆင်းရဲ၊ သောကလက္ခဏာ။
- မိန်းမရဲ့ သားမြတ်ခေါင်းသည် ညိုခြင်း၊ နက်ခြင်းရှိပြီး လုံးဝန်းနေလျှင် မင်္ဂလာပြည့်ဝသောလက္ခဏာ။
- မိန်းမရဲ့ သားမြတ်ခေါင်းသည် အသားအတွင်းသို့ ပိပြားနစ်မြုပ်နေသို့မဟုတ် ရှည်လျားလွန်းနေသော် စည်းစိမ်ချို့တဲ့တတ်သောလက္ခဏာ။
- ၎င်းဟာ အအိုရင်းမှစ၍ငိုက်ဆင်းနေပြီး အသီးများက အပေါ်သို့ ပြန်ကော့ထောင်တက်နေလျှင် ညားသမျှ လင်ခင်ပွန်းတို့ သေဆုံးတတ်သောလက္ခဏာ။
- မိန်းမသားမြတ်(ရင်သား)ဝန်းလုံး၊ တစ်ခဲနက်တင်းမာ၊ ဆူဖြိုးစိုပြည်ခြင်းတို့ရှိလျှင် မိန်းမမြတ်လက္ခဏာ။
- သားမြတ်မှာ အနေတော်အရွယ်အစားရှိနေပေမယ့် စိုပြည်ခြင်းကင်းပြီး မွဲခြောက်ခြောက်အဆင်းရှိက အိမ်ထောင်ရေးသုခမရှိသောလက္ခဏာ။
- သားမြတ်သည် ရေအိုးကဲ့သို့ရှိလျှင် အကျင့်တန်သောလက္ခဏာ။
- ရှည်လျားတွဲရရွဲ ကျဆင်းနေသော် အိမ်ထောင်ရေး ဖောက်ပြန်သောလက္ခဏာ။
- သားမြတ်အစုံသည် လျော့ရဲပျော့တွဲနေ၊ ထစ်ခုနှင့်တစ်ခု ကွာဝေးလွန်းနေ၊ နို့မရှင်၊ နို့မထွက်။ ထွက်သော်လည်း အရောင်ဖောက်ပြန်နေလျှင် မိစ္ဆာကမ္မလက္ခဏာ။



- သားမြတ်လက်ယာဘက် ပို၍ ကြီးပြီးမြင့်နေသော် သားယောကျ်ားအလျှင်ရတတ်သောလက္ခဏာ။
- ဝဲဘက်နို့အုံကြီးပြီးမြင့်သော် သမီးကလေး ပထမဆုံး မွေးမည့်လက္ခဏာ။
- ဝဲဘက်၌ မဲ့နက်ရှိလျှင် ချမ်းသာစွာခံစားရမည့်လက္ခဏာ။
- ယာဘက်သားမြတ်၌ ရှိနေသော် မုဆိုးမလက္ခဏာ။
- မိန်းမရဲ့ ရင်ဘတ်ပြင်သည် ရင်အုပ်အသားများမို့မောက်၊ အမွေးအမှင်ကင်း၊ ရင်၏အထက်မှခါးသို့သွယ်လျှရှိခြင်းသည် မိန်းမမြတ်လက္ခဏာ။
- ရင်ဘတ်ကြုံလှီခြင်း၊ ကြမ်းတမ်းခြင်း၊ ရင်သေးခါး (ဝမ်း) ကြီးခြင်းရှိက စာရိတ္တာယွင်းဖောက်သောလက္ခဏာ။

"ကဲ- ဒါတွေဟာရင်နှင့်ပတ်သက်ရာ လက္ခဏာတွေဖြစ်တယ်။ နိဂ္ဂဟိတ်၊ ပါဠိဘာသာမှာတော့ နေရာတစ်ခုအဖြစ်ယူထားနိုင်တဲ့ နိဂ္ဂဟိတ်အစက်ကလေးပေါ့။ မြန်မာစာ၊ မြန်မာသဒ္ဒါ အသုံးမှာလည်း ဥပမာ-အင်၊ <u>အင့်</u>၊ <u>အင်း</u>၊ အန်၊ <u>အန့်</u>၊ <u>အန်း</u>၊ အော၊ <u>အော့</u>၊ <u>အော်</u>၊ <u>အုံ</u>၊ <u>အုံ့</u>၊ <u>အုံး</u> သည် သရသံထဲ ဗျည်းရောလိုက်စဉ် တင်၊ <u>တင့်</u>၊ <u>တင်း</u>၊ တန်၊ <u>တန့်</u>၊ <u>တန်း</u> စတဲ့အက္ခရာတွေမှာ နိဂ္ဂဟိတ်ရဲ့အားကပါနေကြောင်း တွေ့မှာပါ။ သည်တော့ ဘယ်အက္ခရာဖြင့် အမည်မှည့်မှည့် နိဂ္ဂဟိတ်ပါလျှင် အနည်း၊ အများအလိုက် ၃၇-ဌာန် အကျိုးသက်ရောက်မှုကရှိစမြဲ။ ကံမြင့်၊ အုံ့ထူးကျော်၊ ဝင့်ဝါမိုး၊ စံမိုးဝင်း၊ အုံးမြင့်၊ ဟံသာဦး၊ အိမ့်တင့်စိုး၊ လင်းလင်းကောင်း၊ ယံယံထွေး သူတို့ရဲ့နာမည်တွေ နိဂ္ဂဟိတ်ဌာန်စက်ကွင်းကမလွတ်ပါဘူး။

ဆိုပါစို့ - ဦးကောင်းခန့်ဦးနှင့် ဒေါ်စန်းစန်းဆင့် နှစ်ယောက်စလုံး ဘဝဟာ လုပ်သမျှ ဒုက္ခကိန်းလိုရှိနေရဲ့၊ သူတို့ရဲ့ မူလဌာန်တွေလည်းမှန်နေတယ်။ လည်ချောင်းနှင့် အာစောက်နေ၊ အသံရော၊ မျက်နှာပါ အပြစ်ကင်းနေကြလည်း ဘာ့ကြောင့် ဌာန်အစွမ်းတအကျိုးမခံစားကြရသလဲ။ ကောင်းခန့်ဦး နိဂ္ဂဟိတ် ဗိန္ဒုပြောက် (၅) ချက်၊ စန်းစန်းဆင့် ဒါလည်း (၅) ချက်တောင်ရှိနေရဲ့၊ အစက်အပြောက်ကလေးတွေက အစွမ်းပြနေကြပြီလေ။ သူတို့ရဲ့ရင်ဘတ်အချိုးအစားမကျလို့ပေါ့။ အပြစ်ရှိလို့ပေါ့။ သူတို့ရောဂါဖြစ်တောင် ရင်ဘက်တွင်းဖြစ်လိမ့်မယ်။

တစ်ဆက်တည်း သူ့ဌာန်ရဲ့အကွာရာလေးတွေကို ဌာန်ပိုင်ရှင်က မရှိသော စည်းမစောင့်၊ မထိန်းသိမ်းလျှင် ဌာန်ကလည်း ဒုက္ခပေးမှာအမှန်ပဲ။ တွေ့ရတယ်။ အသက်ကလေးဆယ်ဝန်းကျင် နာမည်က ဒေါ်ပပတဲ့။ အပြည့်စုံတော့ မသိဘူး။ သူ့ရဲ့သွားတွေက သိပ်ညီညာစေ့စပ်ပြီးလှတယ်။ နှုတ်ခမ်းကပုံမှန်ပါပဲ၊ အဲသည်နှုတ်ခမ်းက အမြဲစည်းမစောင့်ဘူးဟေ့။ ရန်ဖြစ်လိုက်၊ သားသမီးငါးယောက်ကို ဆဲလိုက်ဖြင့် ကြမ်းရမ်းတဲ့နှုတ်တော့ကွာ။ လင်နှင့်ကွဲတာကြာပြီတဲ့လေ။ အရပ်ထဲလည်း သူနှင့်မသင့်တာများပေါ့။ ရုပ်ရည်လည်းရှိပါတယ်။ ဌာန်တဒဏ်ခတ်တာပေါ့။ ပါးစပ်ကိုပိတ် ငြိမ်ဆိတ်ဆိတ်နှင့် တိတ်တိတ်သာနေလျှင် ဌာန်ကစောင့်ရှောက်မှာပါ။

ပါဠိသဒ္ဒါမှာ အပေါ်ကတင်ရာ ဗိန္ဒုပြောက်ပဲ နိဂ္ဂဟိတ်စာရင်းသွင်းပါ တယ်။ မြန်မာသဒ္ဒါတော့ အောက်ထ မြစ့်၊ ဝစ္စပေါက်းလို့ သတ်မှတ်တယ်။ ဘယ်လိုခေါ်ခေါ်ပါ။ နာမည်တစ်ခုရဲ့ ဗိန္ဒုပြောက် အနည်း၊ အများဆန်းစစ်ပြီး ယခု ၃၇-ဌာန် (ရင်) နှင့် သုံးသပ်ကြည့် က ပောက္ခက်တိကျ၊ မှန်ကန်ကြောင်း တွေ့ပါလိမ့်မယ်။

ကဲ- ဝင်းနေ၊ လက်တွေ့အရပ်ထဲ ရှိ နိဂ္ဂဟိတ်ဗိန္ဒုပြောက်များသော နာမည် ရှင်တွေကို မူလဌာန်နှင့် ယခု ၃၇-ဌာန် ပူးတွဲပြီး လေ့လာကြည့်စမ်းပါဦးလား နာသိကဌာန်တော့ နောက်နေ့မှဆက်ရ အောင်၊ နားကြစို့"

ဇော်ဇွာ



www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်စဉ်ဘဝက စိတ်ပျံ့လွင့်ကိုယ်နှ ဆိုသည့်စကားကို အထပ်ထပ်အခါခါ ကြားဖူးခဲ့သည်။ တချို့သောပုဂ္ဂိုလ်များကို ထိုဆိုရိုးစကားနှင့်အညီ တွေ့ရှိရသည့်အခါ ဟုတ်နိုးနိုးဖြင့်ယုံမှတ်ခဲ့မိသည်။အချို့သောပုဂ္ဂိုလ်များကလည်း 'ပျော်ပျော်နေသေခဲ' အဆိုကြပြန်သည်။ ထိုဆိုရိုးစကားများသည် လူတချို့အတွက် မှန်သည်ဟု ကောက်ချက်ချရမည်လားမသိ။ တကယ်လည်း အသက် (၆၀) ကျော် (၇၀) ကျော်အရွယ် ပုဂ္ဂိုလ်များသည် ပျော်ပျော်နေတတ်ကြသည်ကို တွေ့ရှိနေရပါသည်။ လူငယ်များနှင့်တွေ့လျှင် လူငယ်စကားများကိုသာ ရယ်စရာမောစရာပြောဆိုကြပါသည်။

# မောင်မောင်အောင်မြင့်

## စိတ်ပျံ့လွင့်ကိုယ်မနုကြစေချင်



ထို့ကြောင့်လည်း လူအမျိုးမျိုးစိတ်အထွေထွေဟု ဆိုကြခြင်း ဖြစ်နိုင်ပါသည်။ အမှန်တကယ်တော့ လူဆိုသည်က မွေးဖွားလာစဉ်ကတည်းက သူ့ဗီဇနှင့်သူ ပါလာခဲ့ကြပြီး ဖြစ်ပါသည်။

အချို့သောပုဂ္ဂိုလ်များက 'အရွယ်သုံးပါး' ဟူသော ဆိုစကားကို လက်ခံကြသည်။ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်အတိုင်း အသက်အပိုင်းအခြားဖြင့် မိမိဘဝကို တန်ဖိုးရှိရှိ အသုံးချတတ်ကြပါသည်။ မူလတန်းကျောင်းသားဘဝ မူလတန်းကျောင်းသားဘဝစိတ် ရှိရပါမည်။ အလယ်တန်းကျောင်းသားဘဝ အလယ်တန်းကျောင်းသားစိတ်ရှိရပါမည်။ အထက်တန်းကျောင်းသားဘဝ အထက်တန်းကျောင်းသားဘဝစိတ်ရှိရပါမည်။ ရေမြင့်လာလျှင် ကြာကလည်းလိုက်တင့်လာရမည် ဖြစ်ပါသည်။

ယခုအသက်အရွယ်ကြီးလာသည့်အခါ ငယ်စဉ်ဘဝက ဟုတ်နိုးနိုးဖြင့် လက်ခံခဲ့မိသည်။ စိတ်ပျိုလျှင် ကိုယ်နုဆိုသည့် ဆိုရိုးစကားမှာ တကယ်တကယ်စင်အောင်လွဲနေခဲ့ပါလားဟု သိရှိရလေသည်။ ထိုငယ်ရွယ်စဉ်ဘဝ၌ ရုပ်ကိုရုပ်မှန်းမသိ၊ နာမ်ကိုနာမ်မှန်းမသိ၊ ရုပ်နာမ်ဓမ္မသင်္ခါရကိုလည်း မမြင်မသိခဲ့သဖြင့် ထိုသို့ လွဲမှားစွာယူဆခဲ့ခြင်း ဖြစ်ပါသည်။ လူကိုလူဟုမြင်ခဲ့မိသည်။ ယောကျ်ားကိုယောကျ်ားဟု မြင်ခဲ့မိသည်။ မိန်းမကိုလည်း မိန်းမဟုမြင်ခဲ့မိသည်။ ပညတ်နှင့်ပရမတ်ကို မခွဲခြားနိုင်ခဲ့ခြင်းကြောင့် ထိုသို့မြင်ခဲ့မိခြင်းဖြစ်သည်။

ယခု ဝိပဿနာတရားကို လေ့လာပြီး နိဗ္ဗာန်ရောက်ကြောင်းတရားများကို နာကြားသိရှိလာရသည့်အခါ ရုပ်နှင့်နာမ်တို့သည်လည်း အိုလာခဲ့ကြသည်ကို ဝိပဿနာအမြင်ဖြင့်သိရှိလာခဲ့ရပါသည်။ ရုပ်တို့သည်ကို ထင်ထင်ရှားရှားသိရသော်လည်း နာမ်အိုသည်ကို ဉာဏ်မပါဘဲ မသိနိုင်ပါ။ နာမ်အိုလာသည်ကို သိလိုပါက မိမိ၏စိတ်ကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ပါ။ ငယ်ရွယ်စဉ်က စိတ်နှင့်ယခုအသက်အရွယ်၌ရှိနေသည့် စိတ်တို့ကို နှိုင်းယှဉ်ကြည့်လိုက်ပါက ငယ်ရွယ်စဉ်စိတ်က (၇၅) ရာခိုင်နှုန်းလောက်ကို လျော့သွားသည်ဟု ထင်ရပါသည်။ လိုချင်တပ်မက်စိတ်တွေကလည်း ငယ်ရွယ်စဉ် အချိန်ကလောက်မရှိတော့ပါ။ ငယ်ရွယ်စဉ်အခါက အချို့ အချဉ်ကြိုက်နှစ်သက်ခဲ့သော်လည်း ယခုအခါ ထိုအချိန်အခါကလောက် မကြိုက်နှစ်သက်တော့ပါ။ ငယ်ရွယ်စဉ်အခါက ပွဲလမ်းသဘင်ရုပ်ရှင်များကို ရှေ့ဆုံးကရောက်သွားခဲ့သော်လည်း ယခု အဲဒီဆန္ဒတွေ၊ စိတ်တွေ ထိုစဉ်ကလောက်မရှိနိုင်တော့ပါ။နာမ်အိုလာခြင်း၏အကြောင်းတရားများသာဖြစ်ပါသည်။

ထို့ကြောင့် စိတ်ပျိုလျှင် ကိုယ်နုဆိုသည့်စကားသည် ဘဝကို အပျော်နှင့်နေကြသူများအတွက် ဖြောက်ပင့်ပြောဆိုမှုတစ်ခုဟု ထင်မြင်ယူဆမိပါသည်။ တကယ်တော့ ရုပ်အိုလာလျှင် စိတ်လည်း မပျိုနိုင်တော့ပါ။ အိုဘေး၊ နာဘေး၊ သေဘေးဆိုသော ဘေးသုံးဘေးက အသက်အရွယ်ရလာသည်နှင့်အမျှ ရှောင်မရအောင် ခန္ဓာကိုယ်ကြီးနှင့်ငယ်ပေါင်းကြီးဖော်ပါလာခြင်းကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် အစိုးရအလုပ်မှ အငြိမ်းစားမယူမီအချိန်က တပည့်များနှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီးလေပစ်ရသည်ကို အရသာတစ်ခုဟု ထင်မှတ်ခဲ့သော်လည်း အငြိမ်းစားယူ၍ထွက်တော်မူနန်းမှခွာခဲ့ရသည့် နောက်တစ်နေ့မှာတော့ ထိုအရာအားလုံးကို အတိတ်၌သာထားရစ်ခဲ့လိုက်သည်။ ဘုရင်ဖြစ်စဉ်ဘဝက ရွှေထီးဆောင်းခဲ့ခြင်းကို မေ့ပစ်လိုက်သည်။ ထိုအခါ ဗုဒ္ဓ၏ အဆုံးအမကို ပြန်လည်စဉ်းစားမိခဲ့လေသည်။ ကုန်လွန်ခဲ့သောအတိတ်ကိုလည်း ပြန်မစဉ်းစားနှင့်၊ မရောက်သေးသည့် အနာဂတ်ကိုလည်း မျှော်တွေးမနေနှင့်၊ လက်ရှိပစ္စုပ္ပန်ဘဝကိုတည့်တည့်ကြည့်ဆိုသော အဆုံးအမပင်ဖြစ်သည်။ ဗုဒ္ဓ၏တန်ဖိုးအရှိဆုံး အဆုံးအမဟု မှတ်ယူနာခံလိုက်ပါသည်။ ထိုသို့ မှတ်ယူနာခံလိုက်ရခြင်းကလည်း ရုပ်လည်းအို၊ စိတ်လည်းအိုလာခြင်းများကလည်း အကြောင်းတရားတစ်ခုဟု ဆိုရပါမည်။

ငယ်ရွယ်စဉ် အချိန်ကတည်းက နားရည်ဝအောင်ကြားခဲ့ရသည်၊ ဖတ်ခဲ့ရသည်၊ သင်ခဲ့ရသည်၊ တတိယအရွယ်တရားရှာဆိုသော စကားအရ မိမိ



ရောက်ရှိနေသော အသက် (၆၀) ဆိုသည်ကလည်း မကြာမီ တောင်ဆွယ်နေကွယ်တော့မည့်အရွယ်ဖြစ်နေလေပြီ။ မွေးကတည်းကပါလာခဲ့သော လောဘ၊ ဒေါသ၊ မောဟများနှင့် အသက် (၆၀) အထိ လုံးထွေးရစ်ပတ်နေလာခဲ့ရသည်။ မိမိဘဝကို တန်ဖိုးရှိစေချင်မိသည်။ ထိုတန်ဖိုးက ဓမ္မတန်ဖိုးဖြစ်သည်။ ဒီအသက်အရွယ်ရောက်မှ တရားမရှာလျှင် လူဖြစ်ရကျိုးမနပ်ဟုလည်း ဆင်ခြင်စဉ်းစားခဲ့မိသည်။ ထိုအခါ အေးငြိမ်းမှုသည် နိဗ္ဗာန်ဟုဗုဒ္ဓကညွှန်ပြခဲ့လေသည်။ ထိုနိဗ္ဗာန်ကို မဂ္ဂင်လမ်းမှသွားရန်လည်း ဗုဒ္ဓက လမ်းညွှန်မှုပေးခဲ့သည်။

နောက်ဆုံးတော့ မကွေးမြို့ သစ္စာလမ်းရှိ မိုးကုတ်တရားရိပ်သာကို ရောက်သွားခဲ့ရပါတော့သည်။ ထိုအတွေးသည် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ၂၀၀၁ ခုနှစ်က မှန်ကန်သောအတွေးနှင့်မှန်ကန်သောဆုံးဖြတ်ချက်ဟု ဆိုရပါမည်။

ယခု အာစရိယ္ယာကံယောဂီအဖြစ် မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီး၏ သင်တန်းကျောင်း၌ ခန္ဓာကိုယ်ကြီးသည် ဒုက္ခသစ္စာ(ဆင်းရဲခြင်းအမှန်)ဖြစ်ကြောင်း အမှန်သိခဲ့ရလေသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ခန္ဓာ့ဒုက္ခကိုပိုမိုသိလာမိသည်။ ဗုဒ္ဓက ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဒုက္ခလွတ်သည့်နေရာဆိုလို့ အပ်ဖျားတစ်ထောက်စာပင်ရှာမတွေ့ဟု ဟောကြားခဲ့သည်။ ဝိပဿနာဉာဏ်နှင့် ရှာကြည့်မိသည်။ ခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာဟု ဟောကြားထားသောကြောင့် သုခဆိုသည့်ချမ်းသာမှုကို တကယ်ပင် အပ်ဖျားတစ်ထောက်စာပင် ရှာမတွေ့ခဲ့မိပါ။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာ ဗုဒ္ဓဟောကြားထားသည့် သင်္ခတသင်္ခါရအနိစ္စ၊ သင်္ခတသင်္ခါရဒုက္ခ၊ သင်္ခတဓမ္မအနတ္တကိုသာ ဝိပဿနာဉာဏ်အမြင်နှင့် ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ခန္ဓာကိုယ်ကြီးကို မုန်းအောင်၊ မလိုချင်အောင် မတွယ်တာမငြိကပ်အောင်လည်း အမြဲအဖန်ဖန် အထပ်ထပ်ရှုမှတ်ခဲ့မိသည်။

တစ်ခါတစ်ရံ မိမိခန္ဓာကိုယ်ကြီး၏ တစ်နေ့တာရှန်းကန်လှုပ်ရှားခဲ့ရသမျှ ဉာဏ်ဖြင့် စိတ်ကိုအရှည်ကြီးဆွဲဆန့်၍ သုံးသပ်ဆင်ခြင်ကြည့်ခဲ့မိသည်။ မိမိခန္ဓာကိုယ်ကြီးသည် နံနက်မိုးလင်းအိပ်ရာနိုးလာသည်နှင့် အိမ်ကို အလည်လာရောက်နေသည့် ဧည့်ဝတ်ကျေပွန်စွာ ပြုစုကျွေးမွေးနေရဘိသကဲ့သို့ မြင်မိသည်။ ခန္ဓာကိုယ်ကြီးကို အလိုက်သိစွာ

www.burmeseclassic.com

www.burmeseclassic.com

နှာသစ်၊ သွားတိုက်ပေးရသည်။ ရတနာသုံးပါး ဦးထိပ်ထားသူဆိုလျှင် ဘုရားခန်းဝင် ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်၊ ဆွမ်း စသည်များ ကပ်လှူပူဇော်ရသည်။ ဘုရားရှိခိုး၊ မေတ္တာပို့၊ ပရိတ်ရွတ်၊ တရားထိုင်ပြီးလျှင် ကျန်းမာရေးအတွက် လမ်းလျှောက်ပေးရပြန်သည်။ အိမ်ပြန်ရောက်လျှင် လက်ဖက်ရည်သောက်၊ မုန့်စား၊ အိမ်က တိုလီမုတ်စကိစ္စရပ်များရှိလျှင်ဝိုင်းကူလုပ်ရပြန်သည်။ ဝန်ထမ်း၊ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းဆိုလျှင် အလုပ်ကိုအချိန်မီသွားရန် ရေချိုး၊ အဝတ်အစားလဲ၊ ထမင်းချိုင့်ဆွဲပြီး အိမ်မှ ကားဂိတ်သို့ လမ်းလျှောက်သွားရပြန်သည်။ ကားဂိတ်မှတ်တိုင်မှ လိုင်းကားကိုကျပ်ကျပ်သပ်သပ်စီးရသည်။ ပိုက်ဆံပါလျှင် ကားပေါ်၌ခါးပိုက်အနှိုက်ခံရမည်စိုးသဖြင့် သတိနှင့်စီးရန်စိတ်ကိုအလုပ်ပေးရပြန်သည်။ အလုပ်ထဲသို့ရောက်လျှင် မိမိအလုပ်ကို ကျေပွန်စွာလုပ်ရပြန်သည်။ အထက်အရာရှိမှခိုင်းလျှင် အားပေါက်အလုပ်များကိုလုပ်ပေးရလေသည်။ ရုံး၊ အလုပ်ရုံ၊ စက်ရုံ၌ ထမင်းစားချိန် ထမင်းစား၊ စားပြီးလျှင် မိမိအလုပ်ကိုဆက်လုပ်ရလေသည်။ ညနေအလုပ်ဆင်းချိန်ရောက်လျှင် လိုင်းကားစီးပြီးအိမ်ပြန်ရသည်။ ထိုင်ခုံမရလျှင် တစ်လမ်းလုံး မတ်တတ်ရပ်စီးခဲ့ရလေသည်။ အိမ်ပြန်ရောက်တော့ သားသမီးများက လိမ္မာလျှင် အကြောင်းမဟုတ်၊ မလိမ္မာလျှင် သူတို့၏ စရိုက်ဆိုးများကို အိမ်သူသက်ထားမှ ပြောပြသိရလျှင် သားသမီးဇောကမောရပြန်လေသည်။

တစ်ဖန် ညအိပ်ရာဝင် အိပ်တော့တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ခဲ့ရ၊ မအိပ်ခဲ့ရကိုစိတ်ကို ဆွဲဆန့်ကြည့်မိပြန်ပါသည်။ ခန္ဓာကိုယ်ကြီးက ငြိမ်ငြိမ်မနေပြန်သည်ကို တွေ့ရပြန်သည်။ ညာဘက်စောင်းအိပ်လျှင် ညောင်းလာတော့ ဘယ်ဘက်သို့စောင်းအိပ်ခိုင်းပြန်သည်။ တစ်ခါ ညောင်းလာပြန်တော့ ပက်လက်လှန်အိပ်ခိုင်းပြန်သည်။ ဒူးနှစ်ဖက်ကလည်း ကွေးအိပ်လိုက်၊ ဆန့်အိပ်လိုက်ရပြန်ပါသည်။ တစ်ရေးနိုးတော့ သန့်စင်ခန်းသွားလိုက်ရသေးသည်။ ထမင်းလုံးတစ္ဆေခြောက်ခံရလျှင် အိပ်ရာထဲပင်ပန်းကြီးစွာ ခံစားရပြန်သည်။ ပက်လက်အိပ်လျှင် ဘီးလူးအစီးခံရလို့ အသက်ပင်ဝအောင် မရှူနိုင်ဖြစ်ရသည်။ ဆောင်းတွင်းကာလဆိုလျှင် ဆောင်းတွင်းအိပ်မက်ကယောက်ကယက် ဆိုသည့်အတိုင်း အိပ်မက်မျိုးစုံ



မက်ရသည်။ ဘာအိပ်မက်တွေမှန်းပင် မသိရ။ ခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်) ဖြစ်ကြောင်း ဉာဏ်မျက်စိဖြင့်မြင်ရသည်။ အစိုးမရသည့် အနတ္တခန္ဓာကိုယ်ကြီးဖြစ်ကြောင်း ပိုမိုထင်ရှားစွာတွေ့ရပေသည်။

ထို့ကြောင့် ဗုဒ္ဓက သတ္တဝါတွေမှာ ဘဝခန္ဓာကိုယ်ကြီးရလာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်းက မပြတ်နှိပ်စက်နေသည်ကိုမြင်လို့ ဆင်းရဲမငြိမ်းဟု ဟောကြားတော်မူခဲ့သည်။ သို့သော် သတ္တဝါများက သမုဒယတဏှာတွေနှင့် ဘဝကိုပျော်နေကြသည်။ ရုပ်နာမ်ဓမ္မသင်္ခါရကို မမြင်ကြ။ ဝိပဿနာဘာဝနာတရားကို ကျင့်ကြံကြိုးစားအားထုတ်နေသူများမှသာ ရုပ်နာမ်ဓမ္မသင်္ခါရကို ဝိပဿနာဉာဏ်အမြင်ဖြင့် မြင်ကြသည်။

ဗုဒ္ဓက သစ္စာလေးပါးတရားကို ဟောကြား၏။ မဂ္ဂင်လမ်းမှသွားလျှင် ရုပ်နာမ်ဓမ္မသင်္ခါရချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ညွှန်ပြတော်မူခဲ့ပါသည်။ နိဗ္ဗာန်သည် အိုဘေး၊ နာဘေး၊ သေဘေး ဆိုသည့် ဘေးသုံးဘေးမှလွတ်သည်ဟု ညွှန်ပြခဲ့သည်။ သို့သော် လူအတော်များများက ဒါနနှင့် သီလလောက်ကိုသာ အလေးထားပြုလုပ်ကြသည်။ ဝိပဿနာအလုပ်ကို မလုပ်ကြ။ နိဗ္ဗာန်မရောက်သေးသမျှ သံသရာတွင်းဝဲလှည့်နေမည်ဖြစ်သည်။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်နှင့် ခန္ဓာ့ဝန်ထုပ်ကြီးကို ထမ်းပြီး သံသရာခရီးတစ်လျှောက် အဆုံးလမ်းကြောင်းဖြစ်သည့် မဂ္ဂင်လမ်းကို မလျှောက်ကြ။ အကုသိုလ်များသည် ပုထုဇဉ်ဆိုလျှင် အပါယ်ငရဲသို့ပင် ကျရောက်သွားနိုင်လေသည်။

တရားဟော ဓမ္မအထိက ဆရာတော်တစ်ပါးမှ ကိုယ့်ဘဝကိုကိုယ်သနားလျှင် ဝိပဿနာတရားအားထုတ်ရန် တရားပွဲတစ်ခု၌ ဟောကြားတော်မူခဲ့သည်ကို နာကြားခဲ့မိပါသည်။ ငါ့ဘဝ အပါယ်ငရဲများကျသွားခဲ့သော် ဆိုသည့် အတွေးကိုတွေးပြီး ယခုဘဝ အပါယ်ငရဲမကျနိုင်သည့် ဝိပဿနာတရားကို အားထုတ်ရန် တိုက်တွန်း ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ကျေးဇူးရှင် ယောဆရာတော်ဘုရားကြီးကလည်း အကုသိုလ်ကိုနိုင်တာ ကုသိုလ်တစ်ခုတည်းကသာ နိုင်သည်ဟု ဟောကြားတော်မူခဲ့သည်ကိုလည်း နာယူ မှတ်သားခဲ့ရပါသည်။ ကုသိုလ် ဆိုသည်မှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာဝိပဿနာကုသိုလ်ကို ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လက်ရှိမိမိဘဝကို ကုသိုလ်တရားများဖြင့်သာ ထုံမွမ်းထားသင့်လှပါသည်။ အပါယ်ငရဲသို့ကျသွားခဲ့လျှင် အကုသိုလ်ကံတွေ မကုန်သေးသမျှ နှစ်ပေါင်းများစွာ ငရဲဘဝဖြင့်နေကြရမည် ဖြစ်ပါသည်။

လောဘနှင့် သေလျှင် ပြိတ္တာ၊ အသူရကာယ်၊ ဒေါသနှင့်သေလျှင် ငရဲ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ တွေးကြည့်လျှင် ကြောက်စရာကောင်းလှသည်။

ထို့ကြောင့် စိတ်ပျို့လျှင် ကိုယ်မနုကြစေချင်ပါ။ ရုပ်အိုလာသကဲ့သို့ စိတ်ကလည်းအိုလိုက်လာပါသည်။ ရုပ်အနိစ္စ၊ နာမ်အနိစ္စကို ဝိပဿနာဉာဏ်မျက်လုံးဖြင့်မြင်အောင်ကြည့်ပါက မိမိခန္ဓာကိုယ်ကြီးကို စွဲလန်းစရာ၊ ငြိကပ်တွယ်တာစရာ ဘာတစ်ခုမှမရှိသည်ကိုသာ တွေ့ရပါကြောင်း ဓမ္မကုသိုလ်ပြု ရေးသားတိုက်တွန်းလိုက်ရပါသည်။

ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးမီ ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်။

မောင်မောင်အောင်မင်း

(ဒဿနိက)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
(ရှစ်ဆိုအေးမြဲစေသာ၊)

## ပညာရှင်
(အင်္ဂလိပ်ဝတ္ထုကိုမှီ၍အခန်းဆက်ကာရေးသည်)



(ယခင်လမှအဆက်)

နှစ်ဆန်းတစ်ရက်နေ့တွင် -

ကျွန်ုပ်၏စိတ်များ ပေါ့ပါး လန်းဆန်းနေ၏။ ဘာကိုဘဝင်ကျနေမှန်းတော့မသိ။ စိတ်ထဲတွင် စကြဝဠာထဲမှ ခွန်အားများ ကျွန်ုပ်ထံသို့ စီးဝင်လာနေသလားထင်ရ၏။ အားတွေအင်တွေ ပြည့်နေ၏။ ထခုန်လိုက်လျှင် အိမ်ခေါင်မိုးများပင်ပွင့်ထွက်ကုန်မလားအောက်မေ့ရ၏။ လက်နှစ်ဖက်ဆန့်ထုတ်လိုက်လျှင် ဘေးကအိမ်နံရံများ လွင့်စဉ်ထွက်ကုန်မလားဟုပင် ထင်မိ၏။ စိတ်ထဲမှ ခံစားချက်များ ထူးဆန်းစွာ ဖြစ်ပေါ်နေသော်လည်း စကားမပြောလက်စနှင့် ဘာစကားမှ အပိုမပြောမိအောင်နေ၏။ ရွတ်နေကျအတိုင်း သမ္ဗုဒ္ဓေဂါထာ (၁၀၀၀)၊ ဂုဏ်တော် (၁၀၀၀) ကိုရွတ်ပြီး ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသကို (၉)ကြိမ်ရအောင်ရွတ်၏။ ထိုနေ့က ဘိုစိန်လည်း တစ်နေကုန် လာနေ၏။ သူလည်း သစ်သီးများသာ စားနေ၏။ စကားမပြော။ အမေ 'သားစားလေ' ဟု သစ်သီးများ လျှင် စား၏။ အမေက ကောင်းပြေ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပြောပြောလျှင် ပြုံး၍သာနေ၏။ ပြန်မပြော။

နှစ်ဆန်းတစ်ရက်နေ့ကို ဗုဒ္ဓ နုဿတိဘာဝနာများ ပွားများကုသိုလ်ပြု ရင်း -

ထိုည -

အိပ်မပျော်နှင့်အိပ်ပျော်ကြားတွင်-

အတော့်ကိုအရပ်မြင့်သောလူကြီး တစ်ယောက် ကျွန်ုပ်ထံ ဗေဒင်လာ မေးပြန်၏။ အဖြူရောင်ရှိသော အင်္ကျီ တစ်ထည်ကို ဝတ်ထားပြီး အနားတွင် ထိုင်နေကာ မေးနေခြင်း ဖြစ်၏။ ကျွန်ုပ် က သူ့ကိုပြောနေပုံမှာ တစောင်းလှဲနေ ရင်းနှင့်ပြောနေခြင်း ဖြစ်၏။ သူကမေး လိုက်၊ ကျွန်ုပ်ကပြောလိုက်နှင့် အတော် ကြာသွားသည့်အခါ ကျွန်ုပ်က ထထိုင် လိုက်ပြီး ဆက်ဟောနေ၏။ သူလည်း ထိုင်နေ၏။ သို့သော် အိမ်ရှေ့ဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်ရာ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် လူကြီး များ ဆယ့်လေးငါးယောက်ခန့် ခြံဝတွင် ထိုင်စောင့်နေကြသည်ကို တွေ့လိုက်ရ ၏။

"သူတို့ကဘယ်သူတွေလဲ"

"ဩော် - နောက်လိုက်တွေပါ"

"ဒီလာတာပဲဗျာ၊ လူဒီလောက်ကြီး ခေါ်လာရတယ်လို့ ဘာမှမဆိုင်ဘူး"

ထိုလူကြီး ဘာမှမပြော။ ကျွန်ုပ် ကသာ စိတ်ထဲတွင် ဘဝင်မကျစွာဖြင့် ဘာမှမဆိုင်ဘူး၊ ဘာမှမဆိုင်ဘူးဟု တွင်တွင်ပြောနေမိ၏။

"ဘာမှမဆိုင်ဘူး"

"လူလေး၊ ဟဲ့ - လူလေး၊ လူလေး"

"ဗျာ"

"ဘာတွေလဲ၊ ဘာဖြစ်တာလဲ"

တဖြည်းဖြည်းနှင့် အမြင်အာရုံ များ ဝေဝါးသလိုဖြစ်လာပြီး ခြင်ထောင် ထဲတွင် ငုတ်တုတ်ကြီးထိုင်နေမှန်း ကိုယ့်ကိုယ်ကိုယ်သတိထားလိုက်မိချိန် အမေ့အသံ ထပ်ထွက်လာပြီး မီးလင်း လာ၏။

"ဗျာ - အမေ"

"ဘာဖြစ်နေတာလဲ"

ကျွန်ုပ်က အစအဆုံးပြောပြလိုက် ၏။

အမေသည် သေချာစွာထိုင် နားထောင်နေရင်းမှ ခေါင်းလေးတညိတ် ညိတ်လုပ်နေပြီး -

"ဩော် - ငါ့သားလေးကို မမြင်ရ တဲ့လောကသားတွေတောင်လာလာပြီး မေးနေကြတာကိုး"

"ဟာ - အမေ၊ သားနည်းနည်း လန့်လာပြီ"

"ဘာမှလန့်စရာမလိုဘူး။ ပုဂ္ဂိုလ် တွေက သားကိုမြောက်စားတာလို့ခေါ် တယ်။ သားကိုအသိအမှတ်ပြုတယ်ပေါ့

www.burmeseclassic.com

www.burmeseclassic.com

ခေါ်တယ်။ ငါ့သားဟာ တစ်နေ့ကျရင် နာမည်ကြီးတဲ့ဆရာတစ်ဆူဖြစ်ကိုဖြစ်လာမှာ။ အမေ အဲဒီအထိ အသက်ရှည်ချင်ပါသေးတယ်"

"အမေကလည်း၊ ဘာလို့အသက်မရှည်ရမှာလဲ"

"အမေ့ဘဝ အမေသိပါတယ် သားရယ်"

"အမေကလည်း၊ ပြောလိုက်ရင် အဲဒါနဲ့ပဲ နိဂုံးချုပ်တယ်။ မပြောပါနဲ့ အမေရယ်၊ သားလည်း နာမည်ကြီးတဲ့ ဆရာတစ်ဆူ တော်တော်နဲ့ဖြစ်လာမှာ မဟုတ်ပါဘူး။ နာမည်ကြီးမှာလည်း မဟုတ်ပါဘူး။ သားလို အညတရ တစ်ယောက်က ဘာကိုသွားပြီး နာမည်ကြီးမှာလဲ"

"သား နာမည်ကြီးမှာမဟုတ်တဲ့ အတွက် အမေလည်း တော်တော်နဲ့ ကံမကုန်နိုင်ဘူး။ သားနာမည်မကြီးလေ အမေ အသက်ရှည်လေပဲ သား"

"နာမည်ကြီးမှာ မဟုတ်ဘူး။ နာမည်လည်းမကြီးချင်ဘူး။ နာမည်ကြီးတယ်ဆိုတာလည်း သားနားမလည်ဘူး။ သားသိတာ အမေအသက်ရှည်ရမယ် ဒါပဲ"

ဤတစ်ကြိမ်တွင်တော့ ဘာအမွှေးနံ့သာမှမရပါ။ ညဥ့်နက်သန်းခေါင်ရောက်ခါနီးပြီဖြစ်၍ အမေလည်း ပြန်အိပ်သွားပါတော့သည်။ ကျွန်ုပ်က အိပ်လို့မပျော်။ အိမ်ရှေ့ဆီတွင် ခုနလူရဲ့ နောက်လိုက်နောက်ပါများ ရှိနေသေးလား ဟူသောစိတ်ဖြင့် တံခါးကိုဟပြီး ကဲကြည့်မိသေး၏။ တိတ်ဆိတ်ခြင်းကသာ ကြီးစိုးနေပါသည်။

❑

"အန်တီပန်း၊ ဟိုရက်ကပျောက်နေတယ်နော်"

"အေး - ကလေး၊ အန်တီပန်း ဝါးခယ်မဇာတိပြန်သွားလို့"

ကိုကြီးသက်စိုးတို့ နေထိုင်သော လမ်းချိုးလေးထိပ်နားတွင် လမ်းဘေးမနက်ဈေးလေးရှိ၏။ မနက် (၅) နာရီမှ (၉)နာရီအထိသာစည်၏။ ထိုဈေးလေးတွင် ပန်းရောင်းသောပန်းသည်ကို အဘက ခင်ခင်မင်မင်နှင့် မပန်းဟုခေါ်၏။ ကျွန်ုပ် ကျိုးကျွေးခိုင်းသော လက်သမားကိုကျင်မောင်တို့ကလည်း မပန်းဟုခေါ်၏။ ကိုကျင့်မောင့်မိန်းမဆိုလျှင် 'ဟဲ့ - အပန်း၊ အပန်း' ဟု ခေါ်၏။ ကျွန်ုပ်ကလည်း သူတို့လိုပင် အန်တီပန်းဟုခေါ်ခြင်း ဖြစ်ပါသည်။

ဤဈေးလေးကိုဖြတ်တိုင်း မမြင်ခဲ့ဘူးသောမြင်ကွင်းတစ်ခု ကျွန်ုပ်၏မျက်စိထဲရောက်လာ၏။ အန်တီပန်းဘေးနားတွင် မျက်နှာဝိုင်းစက်စက်နှင့်မိန်းကလေးတစ်ဦးဖြစ်ပါသည်။ ဆံပင်ကိုအလယ်ခွဲပြီး ဘေးတစ်ဖက်ဆီသို့ ကျစ်ဆံမြီးကြီးများကျစ်ပြီးချထား၏။ ထိုကျစ်ဆံမြီးကြီးများထိပ်တွင် အထုံးကြီးများ ဘယ်၊ ညာ ထုံးထားပြန်သောကြောင့် အတော်ကြည့်ကောင်းလှ၏။ အသားမှာ ဝင်းဝါနေပြီး မျက်ပေါက်ကခပ်ကျဉ်းကျဉ်းနှင့်။

"နှင်းလေး၊ သမီးလေး အဲဟိုအစည်းကိုဖြည်။ သုံးစည်းခွဲပြီးနီးနဲ့ချည်လိုက်။ အရွက်နွမ်းလေးတွေကို မနေ့က သင်သလောက်မသင်ပစ်နဲ့"

နှင်းလေး။ နာမည်မှာ နှင်းလေး။

ကျွန်ုပ် အန်တီပန်းအနီးတွင် ခွာမရအောင် ယောင်လည်လည်ဖြစ်နေချေပြီ။ အဘလည်းသိမှာကြောက်၍ ဖြောင်လည်းမမေးရဲ။

"ကလေး၊ ဆရာစိန်ကြီးကိုစောင့်နေတာလား"

"ဗျာ - ဟို . . . ဟုတ်တယ်၊ ဘာလဲဆိုတော့ . . ."

"ခြစ်ကိုဆီက ခုံလေးသွားယူထိုင်ပြီး ဒီနားမှာထိုင်စောင့်ရင်စောင့်နေပါလား၊ မတ်တတ်မတ်တတ်နဲ့။ဆရာစိန်ကြီးကရော ဈေးကိုလာမှာတဲ့လား"

"လာမယ်၊ ဒီကပဲ ကျောက်စာတော်(ကျောက်စာတိုင်)ဘုရားဘက်သွားမှာ"

"အေး - ထိုင်စောင့်"

ခြစ်ကို ဆိုသည်မှာ အန်တီပန်းဘေးနားမှ ရေခဲခြစ်ရောင်းသောသူကိုခေါ်ခြင်း ဖြစ်၏။ ထိုရေခဲခြစ်ခုံတစ်လုံးထဲသာ တစ်နေကုန်ရှိတတ်၏။ ဈေးကွဲလည်း သူကကျန်၏။ သူ့ကိုအားလုံးက ခြစ်ကိုဟုခေါ်ကြ၏။ ချစ်ကိုမဟုတ်ပါ။

ကျွန်ုပ်လည်း ရေတွင်းနားရောက်မှ ရေဆာသလိုဖြစ်သွားသောကြောင့် ခုံယူပြီး အန်တီပန်းနှင့်မလှမ်းမကမ်းတွင် ထိုင်လိုက်၏။

"ဒါ မနှင်းလေ၊ အန်တီပန်းသမီး။ ဝါးခယ်မမှာ သူ့အဘွားနဲ့သွားနေတာ"

"ဩော် - ဟုတ်ကဲ့ အန်တီပန်း"

မနှင်းသည် ကျွန်ုပ်ကို မျက်လုံးစွေကြည့်ပြီး ပြုံးချင်သလိုလိုနှင့်ပြန်ငုံ့သွား၏။ ကျွန်ုပ်က ပန်းများထဲမှ မေမြို့ပန်းအဖြူများကို စိတ်ဝင်စား၏။ သို့သော် အန်တီပန်းအားပြောရန် စကားလုံးပျောက်နေ၏။

စဉ်းစားရင်း ရေအိုးတစ်လုံးတွေ့ပြန်၏။ ကိုခြစ်ကို၏ဆိုင်ဘေး ဗာဒံပင်တွင် ဆိုင်းကြိုးနှင့်ဆွဲထားသော ရေအိုးဖြစ်၏။ ရေသောက်ရန် ခွက်မှာ လက်ကိုင်နှင့်လုပ်ထားသော အုန်းမှုတ်ခွက်လေး ဖြစ်၏။

ဟုတ်ပြီ -

ဆတ်ခနဲ ထသွားပြီး ရေအိုးအနားတွင်ရပ်၍ မေတ္တာသုတ်ရွတ်ရင်း အုန်းမှုတ်ခွက်လက်ကိုင်လေးနှင့် ရေခပ်သောက်၏။ မျက်လုံးက မနှင်းဆီမှာ။

စနေနာမည်ရှင်ကို ချဉ်းကပ်ရန် စိတ်ကူးများတဖွားဖွားပေါ်လာပြီး စနေ၏မိတ်ဓာတ်ကို အဆောင်ပြုကာ စနေ၏ ဆပွတ်လည်းဖြစ်၊ မေတ္တာဓာတ်လည်းပွားရာဖြစ်သော မေတ္တာသုတ်ကို ကြိမ်ဖန်များစွာရွတ်နေလိုက်၏။

ဤနေရာတွင် ပေါင်မုန့်စားပြီး (သို့) ပဲတစ်မျိုးမျိုးစားပြီး အုန်းမှုတ်ခွက်နှင့်လုပ်ထားသော ရေမှုတ်ထဲမှရေကို သောက်လျှင်လည်း စနေအား ဓာတ်ခိုက်ပြီးသား ဖြစ်၏။ သို့သော် စနေ၏ဆပွတ်တော့ မှန်၏။ ဓာတ်သဘောအရ ရန်ဓာတ်ဖြစ်နေသောကြောင့် မေတ္တာကို ပွားရာဖြစ်သော မေတ္တာသုတ်ရွတ်နေလိုက်ခြင်း ဖြစ်ပါသည်။

နှစ်ကြိမ်ခန့် ထိုင်လိုက်၊ ထလိုက် ရေသွားသောက်လိုက်နှင့်လုပ်အပြီးတွင် တိုက်တိုက်ဆိုင်ဆိုင်ပင် အဘစိန်ဖြစ် သွားသောကြောင့် အပြေးလေးလိုက် သွားခဲ့ရပါတော့သည်။

ဓာတ်ထိသွားလေသလားမသိ -

သုံးရက်မြောက်နေ့တွင် အဘ နှင့်စကားတပြောပြောသွားရင်း ကျိုက္ကဆံဘုရားမှသည် ကျောက်စာတော်ဘုရားဘက်သွားရာလမ်း၌ အန်တီပန်းသမီး မနှင်းနှင့်ဆုံပါလေတော့၏။

"မနှင်း၊ အန်တီပန်းရော"

"အမေက ကြီးဒေါ်ကြီးဒေါ်စိန်သုံးတို့အိမ်ကို ပန်းသွားပို့ခိုင်းလို့။ အစ်ကိုကရော"

"အဲဒီ ဒေါ်စိန်သုံးတို့နားက ကိုကြီးသက်စိုးမိတ်ဆွေဆီ"

"အမေက ဟိုနေ့က အစ်ကို့အကြောင်းပြောတယ်"

"ဘာတဲ့လဲ"

"ငယ်ပေမယ့်တဲ့ ပညာလိုချင်ရှာတဲ့ကလေးတဲ့၊ အားကြီးရိုကျိုးတာပဲတဲ့ ဟို. . . ဟို ဘကြီးနောက်လျှောက်လိုက်နေရှာတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

စကားတပြောပြောနှင့် ခြေလှမ်းကို အမြန်နှေးလိုက်ပြီး အကာင်ကိုလှည့်ကြည့်လိုက်သော်လည်း အကာင်က အလိုက်တန်းဆိုးမသိ ဆက်လိုက်နေသောကြောင့် တစ်မျိုးစဉ်းစားပြန်၏။ အချိန်မှာ အင်္ဂါအခါဖြစ်၏။ စကားများ အတ်သောအခါဖြစ်၍ ထိန်းပြောနေရ၏။

"အစ်ကိုက လူက လိမ္မာမလိုလိုနဲ့ ဆံပင်ကြီးရှည်တယ်နော်"

"ဟုတ်လား"

"အင်း"

"ဆံပင်ရှည်တာမကြိုက်ဘူးနဲ့ တူတယ်"

"ဟုတ်တယ်"

"ဒါဖြင့် ဆံပင်မရှည်ရင်ကော"

မနှင်း ဘာမှပြန်မပြောဘဲ လမ်းလျှောက်နေ၏။ အခါအလိုအရ ဆပွတ်သွင် တနင်္ဂနွေရှိ၍ ရှိသမျှ တွေ့သမျှ အိမ်များကို လက်ညှိုးထိုးပြီး ဟိုအိမ်က ဘာတယ်၊ ဒီအိမ်ကမြေစိုက်၊ ဟိုအိမ်ကျတော့ ခြေတံရှည်ဟု စကားမရှိစကားရှာ ပြောရင်း ဆက်လျှောက်နေလိုက်၏။

ကိုကြီးသက်စိုးတို့၏ အိမ်ဆီသို့ အကြောင်းမရှိအကြောင်းရှာရောက်တတ်ပြီ။

အကြောင်းရှာပြီး ဈေးမကွဲခင် သွားတတ်ပြီ။

မနှင်းပြန်ပြောသောစကားများကို နားထောင်ရင်း ရင်တွေတဒိတ်ဒိတ်ခုန်တတ်လာပြီ။

ရင်ခုန်တယ်ဆိုတာ ဒါများလားဟု တြောခဏစဉ်းစားလာတတ်ပြီ။

❑

"ဒီလမ်းလေးဟာ တို့နှစ်ယောက်တွေ့နေကျ၊ လျှောက်နေကျလမ်းလေးနော်"

"အင်းလေ၊ ဘာဖြစ်လို့လဲ အစ်ကို"

"ဟို - ဒီနားက ကျိုက္ကဆံသချိုင်းနားဖြတ်ပြီဆိုရင် မနှင်းကို သတိရရသွားတတ်လို့ပါ"

"ဟွန့် - အစ်ကိုကလည်း၊ သချိုင်းနားရောက်တိုင်း သတိရရတယ်လို့"

"အေးလေ. - သတိရစရာကလည်း ဒီနားမှာ ဒါပဲရှိလို့ပါ"

"ဒီပြင်ဟာလေးဘာလေးပြောစရာမရှိတော့ဘူးလား"

"အဲ - ရှိတယ်။ ဟိုထောင့်နားက ကျိုးပေါင်းတွေ၊ အဖုအထစ်တွေနဲ့ တွေ့တွေ့ကောက်ကောက်ပျဉ်းမပင်ကြီး၊ အရမ်းခြောက်တာမှပြောမနေနဲ့။ (၁၆) တွေ့နားက ဦးတိမ်တို့၊ ဘစိန်တို့ကိုမေးကြည့်"

"အစ်ကိုဘာတွေပြောနေတာလဲ၊ စိတ်ပျက်စရာကြီးတွေ"

"ဘာဖြစ်လို့လဲ"

"ဘာတွေမှန်းလဲမသိဘူး၊စိတ်ညစ်စရာတွေ"

"ဩော် - သိပြီ၊ မနှင်းကို သတိရစရာတစ်ခုရှိတယ်"

မနှင်း ဘာမှမပြော။

ဆက်လျှောက်နေရင်းမှ ချိုင့်ခွက်လေးတစ်ခုကို ဖျတ်ခနဲ ခုန်ကျော်လိုက်၏။ လက်နှစ်ဖက်မှာဘေးဘယ်ညာဘက်သို့ကားကားကြီးဆန့်ထွက်သွားပြီး မသိလျှင် ပေါက်လက်သီးနှင့် ဘယ်ညာလှမ်းထိုးလိုက်သလားထင်လိုက်ရ၏။ မျက်နှာမှာငုံ့နေပြီးနှုတ်ခမ်းမှာပြုံးယောင်ယောင်။

"အဲဒါကတော့ ဟိုကျောက်စာတော် (ကျောက်စာတိုင်) ဘုရားနားမှာ ဘူးသီးကြော်ကောင်းတဲ့ အကြော်ဆိုင်လေးရှိတယ်။ သန့်ပြန့်နေတာပဲ။ သူ့အချဉ်ကတစ်မျိုး။ ကြက်သွန်ဖြူတို့၊ နံနံပင်တို့၊ ငရုတ်သီးစိမ်းတို့နဲ့ ဖျော်ထားတာ ကောင်းတယ်။ ဆိုင်ရှင်ကတော့ ဘယ်အချိန်ကြည့်ကြည့် အကျီအညိုရောင်လက်စကနဲ့ပဲ။ ဒါပေမယ့် သန့်ပြန့်နေတာပဲ"

"အစ်ကို"

"ဟေ - ဗျာ"

"ဘာတွေလျှောက်ပြောနေတာလဲ"

"ဩော် - ဟို မနှင်းအနေခက်မှာစိုးလို့ပါ"

"ဘာလို့အနေခက်ရမှာလဲ"

"အစ်ကိုပြောချင်တဲ့ စကားတွေပြောမိရင် မနှင်းစိတ်ဆိုးမှာလည်းကြောက်လို့ပါ"

"ဘာကိုလဲ၊ ဘာလဲ"

"မနှင်းရယ်၊ ခုလိုလေး မနှင်းဘေးမှာ စကားလေးတွေပြောနေရလို့ အစ်ကို အရမ်းကံကောင်းနေပါလားလို့ တွေးနေမိတယ်"

"ဟွန့် - အစ်ကိုကလည်း ဗေဒင်မပါရင် မပြီးပြန်ဘူး။ ကံတွေဇာတာဘာတွေရော"

"အေးလေ၊ ဘယ်လိုပြောရမလဲ။ မနှင်းရဲ့ဘေးမှာ ဒီတိုင်းစကားပြောခွင့်ရနေမယ်ဆိုရင် ထမင်းမစားရေမသောက်ဘဲပြောချင်ပါတယ်။ နာရီတွေပါရပ်ပေးထားရင် ပိုကောင်းမလားမသိဘူး"

"အစ်ကို"

"ဟေ"

"ဒေါ်လေးမေတို့လမ်းထိပ်တောင်ရောက်တော့မယ်။ ဟိုရွှေ့ဆိုရောက်ပြီ။ အဲဒီကုက္ကိုပင်ထိပ်နားကလမ်းပဲ"

ကျွန်ုပ် မစဉ်းစားတတ်တော့။ မနှင်းက မတ်တတ်လေးရပ်ရင်းပြောနေ၏။ ကျွန်ုပ်တစ်ချက်စဉ်းစားလိုက်ပြီး -

"မနှင်း၊ ဟိုကျောက်စာတော် (ကျောက်စာတိုင်) ဘုရားဘက်နားတစ်ခေါက်လောက် ပြန်လျှောက်ကြရအောင်လား"

"အစ်ကို လျှောက်ချင်လို့လား၊ လျှောက်လေ"

နောက်ဘက်ပြန်လျှောက်လာပြန်၏။ ဘာမှအဓိပ္ပာယ်မရှိသလိုဖြစ်နေသော်လည်း ကျွန်ုပ်မှာ အဓိပ္ပာယ်ရှိ၏။ အခါမှာ သူရဋ္ဌအခါကျော်လာပြီး သောကြာအခါထဲစဝင်လာချေပြီ။

"မနှင်း၊ ရေကူးတတ်လား"

"အင်း"

"မနှင်းတို့ဘက်မှာ လေကောင်းလေသန့်ရမှာပဲနော်"

"ရတာပေါ့။ ကမ်းနားဘက်နဲ့နီးတယ်လေ"

ပြောရင်းနှင့် အနီးရှိ ရွက်လှပင်လေးနားအရောက် ကျွန်ုပ်၏လက်က ရွက်လှတစ်ရွက် ဆတ်ခနဲခူးလိုက်၏။ ထိုရွက်လှရွက်လေးနှင့် အိုက်သလိုလို ဘာလိုလို ယပ်ခတ်နေလိုက်ပြန်၏။

"ဘာပဲပြောပြောနော် ဒီပြင်ပန်းတွေလှသလို ရွက်လှလေးတွေလည်း သူ့ဟာနဲ့သူလှတာပဲ"

"အစ်ကိုက ကဗျာဆန်တတ်သားပဲနော်"

"ဟုတ်တယ် မနှင်း၊ ပန်းလှလှလေးတွေကို အစ်ကိုချစ်တတ်တယ်။ မနှင်းရော ချစ်တတ်လား"

"ချစ်တတ်တယ်။ မနှင်းတို့ ဝါးခယ်မအိမ်ဘေးမှာ တောပန်းတောင်ပန်းလေးတွေအရမ်းပွင့်တယ်။ အဲဒါခူးခူးပြီး မနှင်းက ဘုရားပူဇော်တယ်"

"အေးလေ - အန်တီပန်းသမီးဆိုတော့ ပန်းချစ်တတ်မှာပေါ့။ မနှင်းနဲ့ အစ်ကိုနဲ့ ချစ်တတ်တာချင်းသွားတူနေတယ်နော် မထင်ဘဲနဲ့။ မနှင်းချစ်တတ်သလို အစ်ကိုကလည်းချစ်တတ်လို့ပါ"

မျက်နှာကြီးဘာဖြစ်သွားမှန်းမသိ။ နားရွက်များပူထူပြီး မျက်နှာတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com

ဖိန်းခနဲရှိန်းခနဲနှင့် ရေချွေးငွေ့များ ထွက်လာသလိုခံစားရပြီ ဖြစ်၏။ ကျွန်ုပ် မလျှော့ချင်တော့။ ရှေ့ဆက်ပြောရန် စဉ်းစားလိုက်ပြီ။

"မနှင်းရယ် တကယ်တော့. . ."

"ဟာ - ငါ့တူ"

အသံကြား၍ လှည့်ကြည့်လိုက်၏။ ပျဉ်းမပင်ကြီးနားပြန်အရောက် ညာဘက်ဆီမှ လျှောက်လာသော ဦးကျင်မောင်၊ လက်သမားဆရာကြီး ဦးကျင်မောင်။

"ဟင် - ဦးလေး"

"ငါ့တူကိုငါခုလိုမြင်လိုက်ရတော့ အံ့ဩသွားသား"

သူ့မျက်လုံးသည် မနှင်းဆီသို့ ဝေ့နေ၏။

"ဒါ အန်တီပန်းသမီးလေးလေ"

"သိတယ်လေ၊ ဦးဗလးမြင်မြင်နေတာပဲ။ အရွယ်လေးတွေတောင်ရောက်နေပြီ။ အေး - ဟိုနင်း ငါ့တူမသိသေးဘူးနဲ့တူတယ်။ ဆရာစိန်ရောက်နေတယ်။ ငါ့တူကိုမေးနေတယ်။ အဲဒါ တမင်လာရှာတာတော့ မဟုတ်ပါဘူး။ တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့"

ကျွန်ုပ်သည် မနှင်းအား တစ်ချက်ကြည့်လိုက်ပြီး -

"မနှင်း၊ ခုန ဒေါ်လေးဘယ်သူ"

"ဒေါ်လေးမေ"

"အေးအေး - ညီမလေးသွားရင်သွားလိုက်တော့နော်။ ဟိုမှာ အဘရောက်နေပြီဆိုတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ - ဟို ဘကြီးရောက်နေပြီဆို အစ်ကိုသွားလေ"

မည်သူ့ကိုမျှအပြစ်မတင်ပါ။

နှလုံးသားနှင့်ဆိုင်သော တနင်္လာဂြိုဟ်သည် စတုရန်းတွင်ရှိပြီး အခါနှင့် သောကဖြစ်နေရုံမက တနင်္လာနာမည်ရှင် ကိုကျင်မောင်ပါ ထပ်ရောက်လာသောကြောင့် သောက ပိုခိုင်သွားချေပြီ။ မနှင်းဆီမှ ခွဲထွက်လာရသည်မှာ မဆန်းတော့ပါ။ လက်ထဲတွင်ကိုင်ထားသော ရွက်လှလေးကို အနီးရှိစက္ကူပန်းပင်လေးတစ်ပင်ပေါ်သို့ အသာတင်လိုက်ပြီး ဦးကျင်မောင်နှင့် လျှောက်လာလိုက်၏။ အခါတစ်ခု၏ ဆပွတ်အဆောင်မှာ တန်ဖိုးမဲ့စွာ လွင့်မပစ်ကောင်းပါပေ။

□

"လူလေး"

"ဗျာ"

"အမေ့ကို ဝတ္တာလစ်လိုက်ပို့စမ်း။ ဗိုလ်ရဲချစ်တို့နားမှာ ပယောဂဆရာ တစ်ယောက်ရောက်နေတယ်"

"အမေကဘာတွေလုပ်ဦးမလို့လဲ။ ဘယ်ပယောဂ. . ."

"လူလေးကလည်းလေ၊ အမေက ဘာပယောဂရှိမှာမို့လို့လဲ။ အဲဒီဆရာက ဟောတာ တော်တော်တော်တယ်ပြောလို့ပါ"

"အမေသွားချင်လို့လား"

"အေးလေ"

အသက်ကြီးလှပါပြီ။ ရှစ်ဆယ်ခန့်ရှိမည်ထင်ရ၏။ လူမှာ အတော်ပုပြီး ခန္ဓာကိုယ်အတော်သေး၏။ ယောဂီခေါင်းပေါင်း၊ ယောဂီဝတ်စုံနှင့် ယောဂီတဘက်ကို စလွယ်သိုင်းထား၏။

ဘေးနားတွင် လူလေး၊ ငါးဦးခန့်ရှိ၏။

အမေသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေပြီး ထိုဘကြီးကို သေချာကြည့်နေ၏။ ထိုဘကြီးကိုနောက်ဘက်မှကြည့်လျှင် ကလေးလေးတစ်ယောက်ဟုပင် ထင်မိကြမှာ သေချာသည်။

ထိုဘကြီး၏မျက်လုံးတို့ အမေ့ဆီရောက်လာပြီး အမေ့ကိုလက်ယပ်ခေါ်၏။ အမေလည်း သူ့ရှေ့ရောက်သွား၏။

"ဟဲ့ - ပဲခူးဆက်တွေပါလား"

"ဟုတ်ကဲ့ပါရှင့်"

"ဩော် - သမီးရဲ့အစ်ကိုနဲ့အစ်မက အတော့်ကို သံယောဇဉ်ကြီးတာကလား"

အမေ ဆတ်ခနဲ တုန်သွားပြီး မျက်လုံးမှိတ်၍ နှစ်ချက်ယမ်းခါသွား၏။ လက်ကမျက်နှာကိုကာထား၏။ ပူးတော့မပူး၊ ထိန်းထားဟန်ရှိ၏။

"အေးလေ - သိပါတယ်၊ ဒီက လည်း သိပါတယ်။ ဒီကပို့တဲ့မေတ္တာကိုလည်းယူကြပေါ့"

ပြုံးနေသောမျက်နှာနှင့် တစ်ခွန်းချင်းပြောနေ၏။

"ကိုင်း၊ ကိုင်း . . . ငါ့သမီးက သာသနာပြုရဦးမှာပါ။ ငါ့သမီးကိုတော့ ငါဘာမှပြောစရာမရှိပါဘူး။ ငါ့သမီးကလည်း မေးစရာမရှိပါဘူး။ မေးစရာရှိရင်လည်း ဟိုကောင့်ကို မေးလို့ရနေတာပဲ"

ကျွန်ုပ်ကို လက်ညှိုးထိုး၍ပြောလိုက်ရာ ကျွန်ုပ်ပင်လန့်သွား၏။ စိတ်ထဲမှ 'ဟာ - ငါ အင်္ဂဝိဇ္ဇာပညာတွေသင်နေတာ ဒီဘကြီးသိလိုက်တာကြည့်စမ်း' ဟု တွေးလိုက်၏။

ကျွန်ုပ်တို့သားအမိကိုဘာမှမပြောတော့။ ဘေးနားမှ ကလေးမလေးတစ်ယောက်ကို သေချာကြည့်နေပြန်၏။ မကြာပါ။ ထိုကလေးမလေးသည် တဝုန်းဝုန်းနှင့် ကြမ်းပြင်ကိုထုပြီးပူးပါတော့သည်။

ဘကြီးကပြုံး၍ကြည့်ရင်း -

"ဘယ့်နှယ် - ကျုပ်က သူစိမ်းမှတ်တယ်။ ခုတော့ဗျာ. . ."

"ဟုတ်တယ်၊ သူစော်ကားလွန်းတာတွေကျတော့ ကျွန်တော်ကလက်ပိုက်ကြည့်နေရမှာလား"

ကျွန်ုပ် အံ့ဩမဆုံးပါ။ ဘကြီးနှင့် အချီအချပြောနေသော ကလေးမလေးမှာ (၁၅) နှစ်ခန့်သာရှိမည်ထင်ရသော်လည်း အသံမှာ အသက်လေးဆယ်ခန့် ယောကျ်ားသံကြီးဖြစ်၏။ ရယ်ပုံမှာလည်း ယောကျ်ားကြီးများရယ်သောအသံ ဖြစ်၏။

ဆရာကြီးနှင့် တစ်ခွန်းစီပြောကြရင်း ကျွန်ုပ်နားမလည်သောပညာစကားများပါ ပါလာ၏။ မီးစက်၊ လုံစက်၊ ဓားစက်လည်းပါ၏။ဆိုင်ရာပိုင်ရာများလည်း ပါ၏။ မြေတုန်ဟည်း တော်လည်းခြင်းတွေလည်းပါ၏။ နားထောင်နေရင်းမှ ကျွန်ုပ်၏မြင်ကွင်းတွင် သတိထားလိုက်မိသော အကြောင်းလေးတစ်ခုကြောင့် သေချာကြည့်နေလိုက်မိပါသည်။ ဘကြီးထိုင်နေသည့်ဘေးစားပွဲဖန်ခွက်ထဲတွင် အရိုးလိုလိုအရာဝတ္ထုတစ်ခုသွားတွေ့၏။ ဘကြီးသည် စကားတစ်ခွန်းပြောတော့မည်ဆိုလျှင် ထိုဖန်ခွက်ကိုစိုက်ကြည့်ပြီး ပါးစပ်က ပွစိပွစိလုပ်တတ်၏။ ပြီးမှ တောက်လျှောက်ပြော၏။ ကျွန်ုပ်လည်း စိတ်ဝင်တစားကြည့်ရင်း ဖင်တကြွကြွဖြစ်နေလေရာ ဘကြီး၏ဘယ်ဘက်ဘေးတွင်ထိုင်နေသော မိန်းမကြီးသည် ကျွန်ုပ်ကိုလှမ်းကြည့်၏။ ရုတ်တရက် သတိမထားလိုက်မိသော်လည်း တဖြည်းဖြည်းနှင့်ဘာဖြစ်လာမှန်းမသိ။ ထိုမိန်းမကြီးကြည့်နေပုံကြီးမှာ တစ်မျိုးကြီး။ မျက်လုံးသူငယ်အိမ်မရှိသလို၊ အနက်ရောင်အလုံးကြီးလိုဖြစ်နေ၏။ ကြည့်သည်မှာစိုက်နေ၏။

"ဟိုကောင်လေး၊ အင်းတွေ သောက်ထားတာ မနည်းပါလား"

ဆတ်ခနဲ အမေ့ဘက်လှည့်ကြည့်လိုက်ပါသည်။ အမေကလည်း ထိုမိန်းမကြီးကိုကြည့်နေ၏။

"ဟုတ်ကဲ့ - လူလေးမှာ သူ့ဆရာရှိပါတယ် ဆရာမကြီး"



www.burmeseclassic.com

www.burmeseclassic.com

"အေး - ငါသိတယ်"

တစ်ခွန်းပြောပြီး ပြန်လှည့်သွား (၁၅)နှစ်အရွယ်ခန့်ရှိ ကလေးမလေး အကြီးတို့ပြောနေသောစကားများ ချုပ်သွားလိုက်၊ ပြောနေကြလိုက်နှင့် အောင့်လောက်အကြာ စောစောက ကိုစကားလှည့်ပြောသော သူငယ် ယောက်ပက်ကြီးလို မိန်းမကြီးသည် ကလေးမလေးခေါင်းကို တစ်ချက်ရိုက် ၏။ ထိချက်မှာ မပြင်းပါ။ သို့သော် ကလေးမလေးဆီကထွက်လာသော အသံမှာ ယောကျ်ားကြီးအော်သံဖြစ်၏။ ကလေးမလေးသည် ပျို့တက်လာ၏။ ၏ မိခင်ဖြစ်ဟန်တူသူက လက်ထဲရှိ အိတ်ကို ဖြန့်ပေးလိုက်ရာ ဝေါခနဲ အန်ချပါတော့သည်။

နံလိုက်သည့်ဖြစ်ခြင်း။ စိမ်းရွှေရွှေ ကြီးမှာ တစ်ခန်းလုံးကိုလွှမ်းသွား၏။ အမေရော ကျွန်ုပ်ပါ နှာခေါင်းများပွတ် သပ်မိ၏။ ထွက်ကျလာသည်မှာ ငါးအရိုး အရိုးများ၊ ငါးခေါင်းများနှင့် ဆေး လားမကဲ့သို့တုန်တုန်တုန်ဖြစ်နေသော အတ်ကြီးများဖြစ်၏။

"သမီး၊ သမီး ငါ့ကိုကြည့်စမ်း သိလား"

"ဟုတ်ကဲ့ - သိပါတယ်"

"အေး - သမီးသတိကောင်း တယ်"

အံ့ဩစရာကောင်း၏။ အသံမှာ မိန်းကလေးအသံသေးသေးလေးပြန် ဖြစ်သွားပြီဖြစ်၏။ သူ့အမေမှာတပြုံးပြုံး။ ဆရာကြီးမှ ဘာပြောလိုက်သည်မသိ။ ထိုတဘက်နှင့်တဘက်အတွင်းမှအန်ဖတ် များကို စောစောက သူငယ်အိမ်အမည်း ရောင်မိန်းမကြီးက သေချာသိမ်းယူထား လိုက်၏။

"ကဲကဲ - ပြီးပါပြီ။ ဆရာကြီး ဆေးတိုက်လိုက်ပါ့မယ်။ ဘာမှမဖြစ် တော့ပါဘူး။ ဒါအဟန့်အားလုံးရဲ့ အချုပ် ဆေးပါပဲ။ နောက်ထပ် သူတို့မလုပ်နိုင် တော့ပါဘူး။ ငါလည်း သူတို့ကိုချုပ်လိုက် ပါပြီ။ အေး - သမီးလေးကလည်း စကား ဆင်ခြင်။ နောက်တစ်ခါဆိုရင်တော့ အသေလုပ်လိမ့်မယ်။ ခုတော့ ဆရာ ကြီးနဲ့တွေ့တာဦးပေလို့။ လာ - ဆေး သောက်"

ဘာဆေးမှန်းတော့မသိပါ။ပုလင်း တစ်လုံးထဲမှ အဖြူရောင်အမှုန့်လေးများ ကို ဇွန်းနှင့်ယူ၍တိုက်လိုက်၏။ ငရုတ် ကောင်းစေ့ခန့်ရှိမည် ဖြစ်၏။

"အမေ"

"ဟေ"

"သွားမသောက်နဲ့နော်၊ ဘာတွေ မှန်းမသိဘူး။ သားစိတ်ထဲမှာတစ်မျိုးကြီး ပဲ"

"အေး - အမေလည်းသိပါတယ်။ မသောက်ပါဘူး"

"အမေတို့က ထစ်ခနဲဆို ဟိုသွား မေးချင်ဒီသွားမေးချင်နဲ့။ သားလည်း အဲလိုလောကီပညာတွေထပ်သင်ဦးမယ်။ ဒါမှ အမေ သူများကိုလျှောက်မမေး အောင်"

"နင်ကလည်းလေ"

"မဟုတ်ဘူး၊ အမေသတိထားမိ လား။ ဟိုဆရာကြီးဘယ်လိုကုမလဲ သား အာရုံစိုက်နေတုန်း ဟိုမိန်းမကြီး သားကို လာကြည့်ပြောတာလေ။ သူ့မျက်လုံးက ကြောက်စရာကြီး၊ ဟန့်လိုက်သလိုပဲ။ ဟိုဆရာကြီးနဲ့ ကလေးမလေးပြောနေ တာကို မကြားစေချင်သလိုလိုနဲ့"

"ဒီလိုတော့မဟုတ်ပါဘူး"

"ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အမေ ရာ သွားမယ်။ အမေဘာသိချင်လို့လဲ၊ ဘာတွေမေးဦးမလို့လဲ"

"ဩော် - ငါ့သားနှယ်၊ ခက်လိုက် တာ"

"အမေ၊ သားရောက်ကတည်းက ကြည့်နေတာ ဒီအိမ်မှာ ဘုရားစင်မရှိ ဘူးနော။ အမေကြည့်ကြည့်"

ကျွန်ုပ်ပြောမှ အမေ ဟိုငေ့ကြည့် ဒီငေ့ကြည့်ကြည့်ပြီးလန့်သွားပုံရ၏။

"ဘုရားစင်မတွေ့တော့ သူ့ အတတ်က ဘာအတတ်တွေမှန်းမသိ ဘူး။ ဟိုမိန်းမကြီးကလည်း ကြောက် စရာကြီး။ ပြီးတော့ ဟိုဖန်ခွက်ထဲကဟာ လူရိုးကြီးလို့ သားထင်တယ်။ သားတို့ အင်္ဂဝိဇ္ဇာအခါနဲ့ကြည့်တာ လိမ်နေသလို ပဲ"

"ကဲ . . . ကဲကဲ - ပြန်မယ်။ ဒီနားမှာ အညီတို့ကိုဝင်နှုတ်ဆက်လိုက် ဦးမယ်"

ထိုအိမ်နှင့် တစ်လမ်းကျော်တွင် နေထိုင်သော အန်တီညိုသည် အမေ့ကို မြင်သည်နှင့် အားရဝမ်းသာပြေးဖက်ကြို ၏။

"ဟော - သားလေးတောင် အရွယ်ရောက်နေပြီပဲ"

"ဟုတ်ကဲ့ - အန်တီညို"

အန်တီညိုသည် သားအမိနှစ် ယောက်ကို ကော်ဖီနှစ်ခွက်နှင့် ဧည့်ခံ ရင်း -

"မမသိန်း၊ ဘယ်လာတာလဲ"

"ဒီနားကလေ၊ ဟိုတစ်လမ်းကျော် က ယောဂီဝတ်ဆရာဆီ"

"ဩော် - မမသိန်း ဘာသွားလုပ် တာလဲ"

"မှန်တယ်ဆိုလို့ပါ"

အန်တီညို့မျက်နှာအနေအထား ပြောင်းသွားသည်ကို ကျွန်ုပ် သတိထား လိုက်မိ၏။

"အမလေး - မမသိန်း၊ အဲဒါ အောက်လမ်းကြီး"

"ဟဲ့ - အညို ဟုတ်လား"

"အိုး - မမသိန်းကလည်း၊ သူ့မှာ မိန်းမ၊ ယောကျ်ား တပည့်ငါးယောက် လောက်ရှိတယ်။ မမသိန်းမတွေ့ခဲ့ဘူး လား"

"အေး - လူတွေတော့ သူ့နားမှာ တွေ့တယ်"

"ကျွန်မတို့လမ်းထဲကို ရောက်ခါ စက ဖြစ်လိုက်ကြတဲ့ပယောဂတွေ တန်းကို စီနေတာပဲ။ ဟော - သူ့ဆီရောက်ရင် အကောင်း။ သူကုလိုက်ရင်ပျောက်ရော။ ဒီပြင်ဆရာတွေဆီကြုံကြိုက်သလောက်သွား ကု၊ ဘယ်လိုမှမပျောက်ဘူး။ သူကုလိုက် ရင်အသာလေးပဲ။ ဘယ်လိုဖြစ်လာလဲဆို တော့ လမ်းထဲမှာ ပယောဂမဖြစ်ဘူးတဲ့ သူတွေလည်း ပယောဂတွေဖြစ်ကုန်ကြ တော့တာပဲ"

"ဟောတော့"

"ဟုတ်တယ် မမသိန်း၊ နောက်မှ ကျွန်မတို့သိလာတာက သူက အောက် လမ်းကြီး။ အောက်လမ်းမှ အထင်ကရ ကြီး။ သူက တစ်ခုခုကိုသိချင်ရင် သူ့နား မှာထားတဲ့ လူရိုးကိုမေးလိုက်တာ။ တုတ် နဲ့ခေါက်မေးတာ"

"ဟုတ်တယ် အန်တီညို၊ သူ့နား က ဖန်ခွက်ထဲမှာ တွေ့တယ်။ တုတ်နဲ့ ခေါက်တာတော့ မတွေ့ဘူး။ ပွစိပွစိနဲ့ ပြောနေတာတွေ့တယ်။ သားတွေ့ တယ်"

"အေး - အဲဒါကြီးက သူသိချင် တာကိုပြောနေတာပေါ့။ ပြီးတော့ သူ့ တပည့်မကြီးရှိတယ်။ (၁၂) ကြိုးထက် တောင်မြင့်နေလားမသိဘူး။ သူငယ်အိမ် ဖောက်ထိုးနဲ့"

"အမလေး-ဟုတ်တယ်၊ သားကို စိုက်ကြည့်တာ တစ်မျိုးကြီးပဲ"

"အေး-အဲဒါကြီးတွေကလုပ်တာ။ လမ်းထဲမှာ ထိကုန်တဲ့သူတွေရှိတယ်။ စောစောက ဟိုလူကြီးကပြန်ကုပေးပေါ့။ သူ့လူနဲ့သူမွေးထားပြီး အဲလိုကုပြနေတာ သားရေ့ သိလား မမသိန်း"



www.burmeseclassic.com

www.burmeseclassic.com

"အေး - အညို၊ အညိုပြောမှ လန့်သွားတယ်။ မှန်တော့မှန်တယ်ဟဲ့ နော်"

"အိုး - မမသိန်းကလည်း လူရိုးကို ခေါ်မေးတဲ့အစာတ်သူ့မှာရှိနေမှတော့ သူသိချင်တာသိပြီပေါ့။ မမသိန်း သူ့ဆီက ဘာသောက်ခဲ့သေးလဲ"

"ဟော့အေး"

"ဈော်သေးရဲ့၊ နို့မို့ မမသိန်း အဲဒီ အဘိုးကြီးဆီမသွားဘဲကိုမနေနိုင်ဖြစ်ကရော"

"ဩော် - အဲလိုလား"

"အမလေး - အဲဒီထက်ဆိုးတယ်။ သူ့ဘေးကဟာကြီးတွေက လူတစ်ယောက်ကိုအရင်လုပ်ထား။ ပြီးတော့ ဗိုက်ထဲမှာ တုတ်စတွေရောက်နေတယ်၊ဖိနပ်သဲကြိုးတွေရောက်နေတယ်ပြော။ အဲဒီလူကြီးက အန်ခိုင်း။ ထွက်လာပါလေရော အဲဒါတွေ။ ဟိုကလုပ်ကတည်းက သူတို့ကိုယ်တိုင် အဲဒါတွေအပင်းထည့်လိုက်တာလေ။ ဒါကြောင့် သူတို့ပြောနိုင်တာပေါ့။ မသိရင် တကယ်အကြားအမြင်ပဲရနေသလိုလိုနဲ့ပြောတာ။ မဟုတ်ဘူး၊ သူတို့လုပ်ထားတာ။ အညို့ညီမလေးကိုယ်တိုင်ခံခဲ့ပြီးသွားပြီ။ အညို့ညီမလေးက အကောင်းသားနေရင်းက ဗိုက်တအား အောင့်လာပြီး မနေနိုင်ဘူး။ အဲဒါသူတို့နဲ့ပတ်သက်တဲ့မိန်းမတစ်ယောက်အဆွယ်ကောင်းလို့သွားတော့ ဟိုမိန်းမကြီးက သူ့ဗိုက်ထဲမှာ အမဲသားတုံးရှိတယ်။ လက်သီးဆုပ်လောက်ရှိတယ်ဆိုပြီးပြောတယ်။ ဟိုဆရာကြီးကအန်ခိုင်းတော့ အဲဒါကြီး ထွက်လာတယ်။ နံလိုက်တာ အရမ်းပဲ။ ဟိုမိန်းမကြီးကိုလန့်သွားတာပေါ့။ တော်တော်သိတာပဲဆိုပြီး။ နောက်တော့ ဘယ်ဟုတ်မလဲ။ အမဲသားသွားသွားဝယ်ပေးရတဲ့သူကိုယ်တိုင်ပြန်ပြောပြမှ ကျွန်မတို့လည်းသိကုန်တော့တာ မမသိန်းရေ"

"ဟယ် - ဒုက္ခပါပဲ"

"ဟုတ်တယ်၊ သူတို့ချင်း အဝေမတည့်မှ ဒီကိစ္စတွေကပေါ်လာကုန်တာ ဘယ်လောက်များလဲလို့"

"သားပြောသားပဲ၊ တစ်မျိုးကြီးပါလို့၊ ဘုရားစင်လည်းမတွေ့ဘူးလို့"

"အေး - အညိုရဲ့၊ လူလေးက ပြန်မယ်ချည်းလုပ်နေတာ"

ထိုနေ့ကအကြောင်းများကို အမေ နည်းနည်းလန့်သွားပုံရ၏။

ဘာမှထပ်မပြောတော့။ နှုတ်ဆိတ်နေ၏။

❑

"လူလေး"

"ဗျာ - အဘ"

"မင်းခုနပြောတဲ့ကိစ္စက ဟုတ်တယ်။ နာနာဘာဝတွေကိုမွေး၊ ခိုင်း၊ လိုသလိုခိုင်း၊ ပြီးရင်ပြန်မေး၊ သူတို့ကပြန်ပြော၊ အဲဒီအတတ်တွေရှိတယ် လူလေး။ ပြီးတော့ ပညာသည်တွေကိုမွေးထား၊ ဘာမှမဖြစ်တဲ့လူကောင်းသူကောင်းတွေကို အဲဒီပညာတွေနဲ့လုပ်ခိုင်း။ ပြီးရင် လမိုင်းတိုက်ပြီး သူ့ဆီရောက်လာအောင် ဖန်တီး။ ဘာနဲ့လုပ်ထားတယ်ဆိုတာကို အတိအကျပြော။ ပြန်ကုပြ။ တော်တော်စိတ်ဓာတ်နိမ့်ကျတဲ့လူတွေပါကွယ်။ သူက အတိအကျပြောနိုင်မှာပေါ့။ သူ့လူတွေကလုပ်ထားတာကိုး။ ဘာနဲ့ဘယ်လိုလုပ်ထားလဲဆိုတာ သူပဲသိတာပေါ့"

"ဒီလိုမွေးပြီးခိုင်းတာတွေလည်းရှိတယ်ဆိုတာ ကြားတော့ကြားဖူးတယ် အဘ။ ခုမှပဲမြင်ဖူးတော့တယ်"

"အေး - မမြင်ရတဲ့လောကသားတွေဆိုတာ သူ့တို့ဟာနဲ့သူတို့နေကြရှာတာပါကွယ်။ လူကခိုင်းတာပါ။ အဘဆိုဟိုတုန်းက နှစ်ခါ၊ သုံးခါမကဘူး ကြုံတယ်။ အဘကို သားသမီးလိုချစ်တဲ့ဆရာကြီးဦးကံဆိုတာရှိတယ်။ ကျောင်းဆရာကြီးပေါ့။

သူနဲ့ အဘနဲ့ တစ်ခါက ခရီးထွက်ခဲ့တုန်းက သူသွားတဲ့မြို့လေးတစ်မြို့ကိုလိုက်သွားတာပေါ့ကွာ။ အဲဒီတုန်းက ညဘက် မှောင်ရီပျိုးချိန်မှာ လူပြတ်တဲ့နေရာရောက်နေပြီ။ လမ်းဘေးမှာ အိမ်တွေလည်းမရှိဘူး။ ရွာတစ်ရွာနဲ့တစ်ရွာက အတော်ဝေးသား။ ဒါနဲ့ လျှောက်ရင်းလျှောက်ရင်း ဟိုးခပ်ဝေးဝေး ဝါးလေးငါးရိုက်လောက်အကွာမှာ မီးလေးမှိတ်တုတ်မှိတ်တုတ်တွေ့တယ်။ တို့ဆရာတပည့်နှစ်ယောက်လည်း 'ဟာ - ဟုတ်ပြီ၊ ခဏနားမယ်ပေါ့။ စားစရာရောင်းရင်လည်း ဝယ်စားမယ်ပေါ့။ အခြေအနေပေးရင်လည်း ဒီလောက် အမှောင်ကြီးထဲမှာ စမ်းတဝါးဝါးလျှောက်သွားမနေတော့ဘူး။ တစ်ညတော့တည်းမယ်ပေါ့၊ အိမ်ရှင်တွေကိုခွင့်တောင်းမယ်ပေါ့"

"ဟုတ်ကဲ့"

"အေး - အဲဒါနဲ့ လျှောက်လာကြရင်း အိမ်ရှေ့ရောက်လာကော အိမ်က မြေစိုက်အိမ်ပဲ။ နှစ်ခန်းတွဲလိုဆောက်ထားတယ်။ အမယ် - ကျယ်သားကွယ့်။ အောက်လင်းဓာတ်မီးထွန်းထားတာ။ ထောင့်နားတစ်နေရာမှာ ဖယောင်းတိုင်တစ်တိုင်ထွန်းထားတယ်။ အဘကစပြီး အိမ်ရှင်တို့ခင်ဗျာ၊ အိမ်ရှင်တို့ခင်ဗျာ ဆိုပြီး အသံပြုတော့ လူတစ်ယော[က်] ထွက်လာတယ်။ လေးဆယ်ကျော်လောက်ရှိမလားဘဲ စွပ်ကျယ်နဲ့။ သူ[က] အိမ်ရှေ့ထွက်လာတော့ ဓာတ်မီးရော[င်] က နောက်ကထွန်းထားသလိုဖြစ်[...] ရုပ်တော့ မသဲကွဲဘူး။ ဘာမှမပြော[ဘူး] အဘတို့က လာရင်းကိစ္စပြော[တော့] ရပါတယ်ဆိုတာပဲ ပြန်ပြောတယ် အိပ်ချင်မူးတူးအသံကြီးနဲ့။ သူကလာ[...] ပြီးခေါ်သွားတော့ အထဲလိုက်သွား[တာ] ပေါ့။ အထဲမှာ ခုတင်ကြီးတစ်လုံးပေါ်[မှာ] အဘွားအိုကြီးနှစ်ယောက် မျက်နှာချ[င်း] ဆိုင်ပြီးထိုင်စကားပြောနေကြတာ[...] လို့၊ တို့ကိုလှည့်တောင်မကြည့်[ဘူး] တစ်ယောက်က ပြောင်းဖူးဖက်ဆေး[လိပ်] ကြီးကို တဖွားဖွားဖွာလို့။ ခုနလူက ဒီဘ[က်] အခန်းထဲက ခုတင်ကြီးတစ်လုံး[...] လက်ညှိုးထိုးပြပြီး တို့ကိုနေရာပေးတယ်။ ဘာမှလဲမပြောဘူး။တို့နှစ်ယောက်ထိုင် ပြီးအမောဖြေနေတုန်း သုံးနှစ်၊ လေး[နှစ်] အရွယ် ကလေးလေးတွေနှစ်ယောက်[...] နောက်ဘက်အခန်းထဲကနေထွက်လာ[ပြီး] တို့ကိုကြည့်နေတယ်။

ဟဲ့-မောင်စိန်၊ ငါတော့မြင်ရ[...] တစ်မျိုးပဲလို့ ဆရာကြီးကပြော[တော့] ညှီစို့စို့အနံ့ကြီးတွေထွက်လာတယ်၊ [...] ကလေးနှစ်ယောက်လည်း ပြန်ဝင်သွား[း] တယ်။ ဟဲ့ - မောင်စိန်၊ ဘုရားစင်မ[တွေ့] ဘူး။ မင်းသတိထားကြည့်စမ်း ဆို[တော့] ဟုတ်တယ်၊ ဘုရားစင်မတွေ့ဘူး။ အိမ်[...] က ကျပ်ခိုးတွေနဲ့ ထရံတွေမှာပေကျံ[...] တာတွေကိုကြည့်လိုက်တော့ ဆေးသု[တ်] ထားတာမဟုတ်ဘူး လူလေးရေ [...] တွေလိုပဲ"

"ဟာ"

"အေး - တို့နှစ်ယောက်လ[ည်း] ဘာလုပ်ရမလဲဆိုတာကို တစ်ယော[က်] တစ်ယောက် အမူအရာတွေနဲ့မေး[...] ရင်း ဒီအိမ်မှာ ဆက်ထိုင်မနေ[...] ဆုံးဖြတ်လိုက်ကြတယ်။အဲဒီလိုအမူအ[ရာ] နဲ့ အသံတိတ်လုပ်နေတာကို 'အမ[...] လေ - ညအိပ်သွားပါတော်၊ အား[...] ကြပါနဲ့' ဆိုပြီး အသံလာလို့ကဲ[...] လိုက်တော့ ဟိုဘက်ခန်းကခုတင်က[...] တဲ့အသံ။ ဘာပြောကောင်းမလဲ၊ [...] ယောက်လည်း ပြိုင်တူထ၊ အိမ်ရှေ့[...] ချက်ချင်းထွက်၊ နောက်ကိုလှည့်[...] တော့ဘူး၊ လျှောက်တော့တာပဲ။ [...] ကြီးကတော့ မေတ္တာပို့ရင်းလျှော[က်] ဝေါ့။ အဘက ဂုဏ်တော်[...]



www.burmeseclassic.com

www.burmeseclassic.com

လျှောက်တယ်။

နှစ်ယောက်သား တော်တော့်ကို အမောတကော ဘာမပြောညာမပြောနဲ့ လျှောက်လာလိုက်တာ (၁၅)မိနစ်၊ မိနစ် (၂၀) လောက်ရောက်တော့ အင်း - ဆရာကြီးကို မေးကြည့်ဦးမယ်ဆိုပြီး နောက်လှည့်အကြည့် ဟား - လူလေးရေ ခုနအိမ်က ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက်ပဲရှိသေးသဟ၊ မီးကိုထိန်လို့"

"ဟာ"

"တို့တွေ ခုတင်ပေါ်မှာထိုင်နေတုန်း လာကြည့်တဲ့ ကလေးနှစ်ယောက်က အိမ်ရှေ့မှာရပ်ကြည့်နေလေရဲ့"

အဲဒီစကားကို နားထောင်ရင်း ကျွန်ုပ်မှာ ကြက်သီးများတဖြန်းဖြန်းဖြစ်နေတော့၏။ ညာဘက်သာဆို ဆက်နားထောင်ရဲတော့မည်မဟုတ်။

"ဆရာကြီးကလည်း မေတ္တာတွေပို့ အဘကလည်း မေတ္တာတွေပို့နဲ့ ထပ်လျှောက်ကြရတာပေါ့။ မှောင်လိုက်တာလည်းမည်းလို့၊ ကြယ်ရောင်လေးတွေကိုအားပြုပြီးသွားနေကြရတာ"

"ဘာပဲဖြစ်ဖြစ် အဘ နည်းနည်းတော့တုန်လှုပ်မလားမသိဘူးနော် အဲဒီတုန်းက"

"အိုး - လူလေးနှယ် နည်းနည်းဘယ်ကမလဲ၊ ကြောက်စိတ်တွေဝင်လာတာပေါ့။ လူမသမာတွေနဲ့တွေ့ရင်လည်း ခုတ္တဆိုပြီး ဘာစကားမှမပြောနိုင်ဘူး။ သူ့ကိုယ်အားကိုးကိုယ့်သူအားကိုးပေါ့။ အဲဒီလိုနဲ့ ခပ်သုတ်သုတ်လျှောက်ကြရင်း လမ်းဘေးမှာ တစ်ဖက်ယပ်တဲလေးလို မျိုးတွေ့ပြန်ရော။အဘတို့လျှောက်နေတဲ့ဘက်မဟုတ်ဘူး။ ဟိုဘက်ကားလမ်းဘက်မှာ။ ဆရာကြီးကတော့ပြောသား။ ဟော့-မောင်စိန်၊ သွားမကြည့်နဲ့ကွယ့်တဲ့။ အဘကလည်း မနေနိုင်ဘူး။ အသာကဲကြည့်လိုက်တာ အဲဒီထဲမှာ လူကြီးတစ်ယောက်ထိုင်နေတယ်။ ကြယ်ရောင်လေးတွေနဲ့မြင်နေရတယ်။ အဘလည်းကြည့်ရော အဘကိုမေးငေါ့ပြတယ်"

"ဟာ"

"ဘယ်လဲဆိုတဲ့သဘောပေါ့ကွယ်။ အဘလည်း ခေါင်းနားပန်းတွေကြီးပြီး မျက်နှာချက်ချင်းလွှဲလိုက်ရတယ်။ မေတ္တာသုတ်တွေရွတ်ရတာပေါ့။ ဆရာကြီးကို လှမ်းပြီးစကားတွေပြောနဲ့ပေါ့။ ဆရာကြီးကတော့ ဟော့ - မောင်စိန်၊ ဘာသံကြားကြား လှည့်မကြည့်နဲ့၊ မေတ္တာသာ တောက်လျှောက်ပွားနေကွယ့် ဆိုပြီး လှမ်းလှမ်းပြောတယ်။ အဲဒီတုန်းက အဘကလည်း ငယ်သေးတယ်လေ၊ ကြည့်ချင်တာပေါ့။ ဒါပေမယ့် သိပ်တော့ မကြည့်ရဲတော့ဘူး။ တော်တော်ကြီး လျှောက်လာကြရင်း နှစ်ယောက်သား ဟိုက်လာတော့ ခပ်ဖြည်းဖြည်းလျှောက်ပြီး အဘက နောက်ဘက်ကိုလှည့်ကြည့်လိုက်တာ ဟား - လူလေးရေ၊ စောစောကအိမ်က ဝါးနှစ်ရိုက်လောက်မှာရှိနေသေးတယ်။ အဘတို့ကိုအိမ်ထဲခေါ်တဲ့လူက ရပ်ကြည့်နေလေရဲ့။ သူ့ဘေးမှာ ကလေးလေးနှစ်ယောက်နဲ့"

"ဟာ - ဘယ်လိုမှလျှောက်လို့မရောက်ဖြစ်နေတာအဲ"

"အေး - အောက်လင်းဓာတ်မီးရောင်နဲ့ အတိုင်းသားမြင်နေရတယ်"

"ဟိုတစ်ဖက်ယပ်တဲကကော"

"အဲဒါက အမှုမဲ့အမှတ်မဲ့ပဲ။ စောစောကမြင်ကွင်းလည်းမြင်ရော ဆရာကြီး ကျွန်တော်တို့တော့ မဟုတ်တော့ဘူးနဲ့တူတယ်။ တစ်ခုခုစဉ်းစားပါဦးလို့ ပြောရတယ်။

ဆရာကြီးက နယ်တော်ရှင်တွေ၊ ရွာတော်ရှင်တွေ၊ ကွင်းပိုင်တွေကို မေတ္တာတွေအသ်ကျယ်ကျယ်နဲ့ပို့၊ သူနဲ့အဘနဲ့ကိုကူညီဖို့ မေတ္တာတွေရပ်ခံ၊ အမျှတွေဝေနဲ့ အဘလည်း သူပြောနေသလိုတွေလိုက်ပြောပေါ့။ အဲဒီမှာ ခပ်လှမ်းလှမ်းက အမျိုးသမီးသုံးယောက်လျှောက်လာတာ တွေ့နေရတယ်။ စကားပြောလာကြတော့ သူတို့အသံလည်းကြားနေရတယ်။ ဆရာကြီးက မောင်စိန်၊ သွားမကြည့်နဲ့တဲ့။ အဘလည်းမကြည့်ရဲတော့ဘူး။ သူတို့က ဟိုဘက်ကားလမ်းက၊ သူတို့ဟာသူတို့လျှောက်သွားတာ၊ စကားပြောသွားတာ။ သူတို့စကားထဲမှာ ဓာတ်မင်းသား ဘယ်လိုအကကောင်းတာ၊ မင်းသမီးက အဆိုအငိုအတော်ပိုင်တာ၊ မုန့်သိုင်းခြုံမုန့်က စားကောင်းတာ အဲဒါတွေ အတိုင်းသားကြားနေရတယ်။ တစ်ခု သတိထားမိတာက သူတို့ဟာ အဘတို့နှစ်ယောက်ကို မမြင်သလိုဘဲ။ သူတို့ဟာသူတို့ အပြောမပျက်ဘူး။ လှည့်ကြည့်ပြီးပြောတဲ့ အသံမျိုးလည်း မဟုတ်ဘူး၊ ပုံမှန်လျှောက်သွားတာ။ အသံတွေက နောက်နားမှာကျန်ခဲ့ပြီး တဖြည်းဖြည်း ဝေးဝေးသွားတယ်။ တော်တော်လေးအသံပျောက်သွားတော့ အဘကလည်းမနေနိုင်ဘူး"

"လှည့်ကြည့်ရောလား"

"အေး - လူလေး၊ လှည့်ကြည့်ရော။ ဟာ - ဟိုအိမ်ရှေ့မှာ စောစောက လူနဲ့စကားရပ်ပြောနေကြလေရဲ့။ ကလေးနှစ်ယောက်က မိန်းမတစ်ယောက်ရဲ့ ဘေးနားမှာ တစ်ဖက်စီရပ်လို့"

"ဟင် - ဒီအိမ်နားကနေမရွေ့ပါလား"

"အေး - အဲလိုကြီးကွယ့်၊ မရွေ့နိုင်ဘူး။ နောက်တော့ ဆရာကြီး မေတ္တာတွေပို့သလိုပို့ရင်း၊ ဆရာတပည့်နှစ်ယောက်ရွတ်ကြရင်း ဓာတ်မီးတဝင်းဝင်းနဲ့ လူနှစ်ယောက်နဲ့ဆုံပါလေရော။ သူတို့က အဘတို့ကိုမြင်တာနဲ့ မျက်နှာတွေကို နှစ်ခါ၊ သုံးခါဝေ့ပြီး ဓာတ်မီးနဲ့ထိုးကြည့်တယ်။

အချိန်မတော်ကြီးပါလား ဆိုပြီး မေးတယ်။ ဆရာကြီးကလည်း ကျုပ်တို့က ခရီးသွားတွေပါဆိုပြီး ပြောလိုက်တယ်။ စောစောကကိစ္စတွေတော့မပြောဘူး။ အဲဒီလူနှစ်ယောက်က ကျွန်တော်တို့ကူညီပေးမယ်။ ရှေ့မှာ ကျွန်တော်တို့ရွာရောက်နေပြီလို့ပြောပြီးခေါ်သွားကြတယ်။ အဲဒီလူတွေခေါ်သွားလို့ ဝါးတစ်ရိုက်လောက်တောင် မရောက်သေးဘူး။ မီးတွေမှိတ်တုတ်မှိတ်တုတ်နဲ့ လမ်းမီးဓာတ်တိုင်လေးတွေလင်းနေတဲ့ အိမ်လေးတွေ ဘွားခနဲ တွေ့တော့တာပဲ"

"သူတို့ကလူတွေပဲလား အဘ"

"ဩော် - တော်သေးတာပေါ့၊ လူအစစ်တွေ။ အဲဒီလူတွေခေါ်သွားတဲ့အိမ်ပေါ်ကိုတက်လိုက်တော့ ဘုရားဆောင်ကိုဟီးလို့။ ဆရာကြီးဆို ဝတ်ပြုရှိခိုးနေလိုက်တာမပြီးတော့ဘူး။ အဘကလည်း ရှိခိုးလို့ပေါ့။ ပြီးမှ ခေါ်လာတဲ့သူတွေနဲ့ စကားပြောဖြစ်တယ်။ သူတို့ကလည်း တော်တော်ကို ဂရုတစိုက်နဲ့ ရေနွေးတွေချတည်၊ ကရေကရာမုန့်လေးတွေချကျွေးနဲ့။ သူတို့နှစ်ယောက်ဟာ အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင်နေရင်းကနေ ခုန အဘတို့နဲ့တွေ့တဲ့ဘက်ကို ဘာမပြောညာမပြော ထွက်လာတာတဲ့။ တစ်ယောက်ယောက်ကလွှတ်လိုက်သလိုပဲတဲ့။ စိတ်ထဲကသွားချင်နေတာတဲ့။ အဲဒါ မြို့တော်ရှင်၊ ရွာတော်ရှင်တွေတွေ၊ ကွင်းပိုင်ကြီးတွေရဲ့ မေတ္တာပဲ လူလေး"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ပညာတွေ အတော်ရပါတယ် အဘ။ မှတ်လည်းမှတ်သားထားပါ့မယ် အဘ"

"အေး - မှတ်ထား၊ မေတ္တာတရားဟာ အားလုံးကိုပြီးမြောက်စေတာ၊ အဲဒါ လက်တွေ့ပဲ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလူနှစ်ယောက်နဲ့စကားပြောရင်း ဆရာကြီးတို့သွားမယ့်ရွာက ဟိုဘက်ရွာပဲ။ မြောက်ဘက်ကရွာတဲ့။ မိုးသောက်မှခရီးဆက်ကြပေါ့တဲ့။ ဒီမှာတစ်ညနားပါတဲ့။ ဆရာကြီးကလည်းခေါင်းညိတ်လိုက်တယ်လေ။ အဘက မနေနိုင်ဘူး။ အဲဒီတုန်းက လူငယ်ပိုင်းနဲ့ လူရွယ်ပိုင်းအကူးဆိုတော့ ပါးစပ်ကမထိန်းနိုင်ဘူး။ အဲဒါနဲ့မေးလိုက်ရော။ အဲဒီလူက ဩော် - နောင်ကြီးတို့ ကျွတ်တွေနဲ့တွေ့ခဲ့တာကိုးတဲ့"

"ဟာ - ကျွတ်"

"အေး-သူကပြောပြတယ်။ အဲဒီမှာကျွတ်ရွာကြီးရှိတဲ့အကြောင်း၊ လူတိုင်းလိုလို တွေ့ကြရကြောင်းတွေပေါ့ကွယ် ပြောပြတာပေါ့။ အဲဒီကျွတ်ရွာက ဘယ်သူ့ကိုမှဒုက္ခမပေးဘူးတဲ့။ သူတို့နဲ့တွေ့ခဲ့ကြတာပဲရှိတယ်။ အဖိတ်အစဉ်တွေဘာတွေမကြားဖူးဘူးတဲ့။ သူတို့ကတောင် ကူညီတယ်တဲ့"

"ဩော် - အဲလိုလား အဘ"

"အေး - အစားအစာတွေဘာတွေလဲကျွေးသတဲ့ကွယ့်။ စကားတော့ မပြောကြဘူးတဲ့။ တစ်ခါက လူတစ်ယောက် အဲဒီရွာမှာ တစ်ပတ်တောင်ကြာခဲ့တယ်တဲ့။ ကောင်းကောင်းဧည့်ခံကြတယ်တဲ့။သူတို့က မိုးလင်းရင် အလုပ်ခွင်ဝင်ရမယ်ဆိုပြီး အလျှိုအလျှိုပျောက်ပျောက်သွားကြတယ်တဲ့။ ထမင်းတွေဟင်းတွေတော့ အဆင်သင့်ထားထားပေးသွားကြတယ်။ ရွာကြီးက တိတ်နေတာပဲ။ လူသံဆိုမကြားရဘူးတဲ့။ ညနေမိုးချုပ်စပြုပြီဆို အဲဒီအိမ်သားတွေပြန်ပြန်ရောက်လာကြရောတဲ့"

"ဩော် - ခုမှပဲကြားဖူးတယ်"

"ရောက်လာပြန်ရင်လည်း သူတို့အလုပ်သူတို့လုပ်နေတာတဲ့။ စကားမပြောကြဘူးတဲ့။ အဲဒီလူက ဘာပြောလဲဆိုတော့ ကျွန်တော်ဗျာ အိပ်ပဲအိပ်ချင်နေတာပဲတဲ့။ စကားပြောမယ်ကြံလိုက်ရင် ပါးစပ်ကဘယ်လိုမှမထွက်ဘူးတဲ့။ ဆွံ့နေသလိုပဲတဲ့။ ဒါနဲ့ တစ်နေ့ ကျွန်တော်အိမ်ပြန်ချင်ပြီ။ ဘယ်ကနေသွားရမလဲဆိုပြီး ဇွတ်မေးတော့ အိမ်ရှင်အဘိုးကြီးက လိုက်ပို့တယ်တဲ့။ ငှက်ပျောပင်တွေကြားကသွားရင်းသွားရင်း ခြံတစ်ခုအစပ်ရောက်တော့ အဲဒီခြံအေးကကျွေ့သွားတော့ ရွာလမ်းမကြီးရောက်ပြီဆိုပြီးထားပခဲ့တယ်တဲ့။ သူလည်းခြံဝရောက်ရော အိမ်ရှင်အဒေါ်ကြီးက ဟဲ့ - ဘယ်သူလဲ၊ ဘယ်ကလဲမေးတာပေါ့။ ဟိုလူက ရှင်းပြပြီး နောက်ပြန်ကြည့်တော့ အဲဒီဒေါ်ကြီးခြံရဲ့နောက်ဘက်မှာ ကွင်းကြီးတစ်မျှော်တစ်ခေါ်ကြီး၊ ဘာငှက်ပျောပင်မှမတွေ့တော့ဘူး"

"ဟာ - ဟိုလူကို"

"အေး - ရွာအထိလိုက်ပို့ပေးတာပေါ့ကွယ်။ ဘာဒုက္ခမှမပေးကြပါဘူး။ သူတို့ဟာသူတို့ သူတို့ဘဝလေးတွေနဲ့နေကြရှာတာပါ။ အဲဒီလူဆိုရင် အဲဒီကျွတ်တွေဟာ သူ့ကျေးဇူးရှင်တွေပါဆိုပြီး အဲဒီကွင်းကြီးဘက်ကို ထိုင်ထိုင်ချည်းကန်တော့သတဲ့"

"ဂရုစိုက်လိုက်ကြတာကိုး"

"အေး - အဲဒါ အဘတို့ကိုခေါ်ပြီး ညဘက်ဧည့်ခံခဲ့တဲ့ရွာကလူတွေကိုယ်တိုင်ပြောပြတာ။ စောစောက ကျွတ်ရွာမှာ တစ်ပတ်လောက်ကြာခဲ့တဲ့သူဝင်လာတဲ့ခြံစည်းရိုးတောင်တွေ့ခဲ့သေး။ အဲဒီဒေါ်ကြီးအိမ်ပေါ့။ သူ့ခြံနောက်ဘက်မှာ ကွင်းကြီးမှ တစ်မျှော်တစ်ခေါ်ကြီး"

အဘမျက်နှာကိုကြည့်၍ပြုံးနေမိပါသည်။ အဘ၏အမူအရာမှာ ပြောသာပြောနေရသည်။ သူ၏ဆရာကြီး ဦးကံကို သတိရနေဟန်ရှိ၏။ အင်္ဂဝိဇ္ဇာပညာများတစ်လုံးမှပင်မပါ။ ကျွန်ုပ်သည်လည်း အင်္ဂဝိဇ္ဇာပညာများကိုသတိမရ။ မည်သည့်အချိန်ဖြစ်စေ အခါကို အမြဲသတိထားတတ်သူဖြစ်သော်လည်း ယခု အဘနှင့်စကားပြောနေစဉ် ဘာကိုမှသတိမရတော့။ အဘကလည်း သတိရမည်မဟုတ်။

"ဒါကြောင့် လူလေးကို ခုနပြောတာပေါ့။ မမြင်ရတဲ့လောကသားတွေဆိုတာ သူတို့ဟာသူတို့နေနေကြတာပါလို့"

"ဟုတ်ကဲ့ပါ အဘ"

"သူတို့ဟာ ဘာကိုမဆို အမြင်တစ်ခုခုပြောင်းလဲသွားအောင်လုပ်နိုင်စွမ်းပေမယ့် လူကိုဒုက္ခမပေးပါဘူး။ မမြင်ရတဲ့ပုဂ္ဂိုလ်တွေဆိုတာ အမျှအတန်းလိုချင်ကြတာ လူလေးရဲ့။ လူကိုရန်မပြုကြပါဘူး။ သူတို့ရှိကြောင်းကိုပြတာပဲရှိပါတယ်။ သူတို့မကွယ်လွန်ခင်က စရိုက်အမျိုးမျိုးကြောင့် အစွဲအလမ်းတွေဖြစ်ပြီး ပုံစံအမျိုးမျိုးပြကြတာပဲရှိပါတယ်။ ဒါကိုခြောက်တယ်လို့ လွယ်လွယ်ပြောကြတာပေါ့။ အဘလည်း ဒီလိုပဲပြောတာပဲ။ ခြောက်တယ်ပဲ။ အမှန်က ရှိကြောင်းပြတာ၊ အမျှလိုချင်တာ။ ခုန ဆရာကြီးနဲ့တွေ့ပြီးနဲ့နောက်ပိုင်း အဘဆို ကျွတ်တွေနဲ့ နှစ်ခါ၊ သုံးခါမကဆုံခဲ့ဖူးတာပဲ။ သူတို့ ဘာမှမလုပ်ရှာပါဘူး။ လမ်းပျောက်နေတဲ့သူကိုတောင် ရွာနားထိလိုက်ပို့ပေးကြသူတွေပါ"

"ကျွန်တော်ကြားဖူးတာက ကျွတ်တွေနဲ့တွေ့ရင် ဖိုက်ဖောက်ပြီး အထဲတကလီစာတွေစားတယ်တဲ့ဘာတို့"

အဘ သဘောကျစွာရယ်နေ၏။ ရယ်ရင်းနှင့်မှ -

"ဒီလိုပဲ ပြောကြတာပေါ့ကွာ။ စောစောက အဘပြောသလိုပေါ့။ စရိုက်အမျိုးမျိုးကြောင့် အစွဲအလမ်းအမျိုးမျိုးဖြစ်သွားကြသူတွေကိုမြင်ရရင် ကြောက်စရာကြီးတွေဖြစ်ချင်ဖြစ်နေမှာပေါ့။ ဒါတော့ရှိမှာပေါ့။ အဘလည်းဉာဏ်သိပ်မမီပါဘူး။ သူ့ဘုံနဲ့သူရှိမှာပေါ့"

ထိုနေ့က -

အဘ၏တပည့်များထဲမှ နှစ်ဦးကို အဘပြောခိုင်း၍ ဖောခဲ့ရပါသည်။ အဘက နားထောင်ပေး၏။လိုအပ်လျှင် နှစ်ဦးတည်းကျမှ သင်သင်ပေးတတ်သောအဘ။ ယခုတစ်ကြိမ်တွင်တပြုံးပြုံး။ ကျွန်ုပ်က ဂုဏ်ယူစွာကြွားရသည့်သူဆိုလျှင် အမေသာလျှင်ရှိ၏။ အမေ့ကိုသာကြွားရ၏။

"အေး - လူလေးပြောတဲ့အဘဆိုတာ သူပြောတာဟုတ်တယ်။ သူတွေ့ခဲ့တာတွေဟာ ကျွတ်တွေပဲ"

"လူကိုဒုက္ခမပေးကြဘူးနော်"

"မပေးဘူး သား။ ဒါပေမယ့် အမေတို့ ဉာဏ်မမီလို့ရှိမှာပေါ့။ ပေးတဲ့အခါလည်းရှိချင်ရှိမှာပေါ့။ အမေတို့ကြီးဒေါ်ကြီးမမူပိုဆိုရင် ဘာမှမဖြစ်ဘူး၊ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်တစောင့်ရှောက်ထားတာ။ အမေ့အစ်ကိုတစ်ယောက်ရှိတယ်။ ကိုမောင်မြဆိုတာ ဟို - ဗဟန်းတုန်းက ဆတ်သားအပုပ်တွေယူလာတာလေ"

"ဩော် - ဘကြီးမောင်မြ၊ ကိုနီနဲ့လာတာ"

"အေး - သူလည်းဒီလိုပဲ။ ကျွတ်ရွာကြီးဆီရောက်သွားတာပဲ။ ရွာတလူတွေကတော့ သူပျောက်သွားတယ်ဆိုပြီး ဟိုမေးဒီမေးပေါ့။ ဘယ်သူမှလဲ အတိအကျမပြောနိုင်ဘူး။ အမလေး - ကိုမောင်မြက ဟိုမှာသွားပြီး ချစ်သူတွေဘာတွေတွေ့လို့"

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြနေသား)



www.burmeseclassic.com

(ပွင့်ဖြူ)

# အောင်သိန်းဝင်း

## ဝစီဘေဒ



ဝစီဘေဒ ထိတိုင်းရှု - တဲ့။

နှုတ်ဝစီက သာမန်ပြောရိုးပြောသည်၊ ထွက်ရိုးထွက်စဉ်ပြောဆိုလိုက်ပေမယ့် ခံရသူအတွက်တော့မသက်သာလှ။

'မုခနိမိတ်' ကား အလွန်ပဲဆိုးလာ၏၊ အခံရခက်၏။

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသောကျွန်း။

ဤကျွန်းသည် တောင်ကျွန်းဖြစ်၏။

ရှေ့ကပြော နောက်ကလိုက်ဖြစ်တတ်သည်။

မိဘ၊ ဆရာသမားတို့က မိမိတို့သားသမီး၊ တပည့်၊ သားမြေးတို့အပေါ် စေတနာဆိုးနှင့်မဟုတ်ဘဲ ကရုဏာဒေါသောနှင့် ပြောဆိုမှားခဲ့ဖူးကြ၏။

ဤကျွန်းတွင် နှုတ်ထွက်စကားပြောဆိုမိမှား၍ လက်တွေ့နစ်နာခဲ့ရသော နစ်မွန်းခဲ့ရသော လက်တွေ့ဖြစ်စဉ်တစ်ခု ကြုံတွေ့ခဲ့ရသည်။

ထိုသို့ ဖြစ်ပျက်ကြုံတွေ့ပုံလေးသာမကေဖြစ်ရပ်တစ်ခုမှာ. . .။

❑

ဦးပဉ္ဇင်း ဦးပညာဒီပ။

သူက (xxx) မြို့နယ်တစ်ခုမှ (xxx) ရွာတစ်ရွာ (xxx) ဘုန်းတော်ကြီးကျောင်းက ဖြစ်သည်။ ရေနံချောင်းမြို့ ရွှေတောင်တိုက်ပါဠိတက္ကသိုလ်၌ ပညာလာသင်နေသူ။ ရဟန်းဝါ(၅)ဝါခန့်ရနေပြီ။

သူ့ပုံစံက အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးမျက်ခုံးကောင်းကောင်း နက်မှောင်တွေးဝိုက်လျက်၊ နှာတံပေါ်ပေါ်၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါး နီတျာတျာနှင့်။

ပြုံးရယ်လိုက်လျှင် သွားလေးတွေကဖွေးလျက် စီစီရီရီ ညီညီညာညာ၊ အတော်ကြည့်ကောင်းသည်။

စိုစိုပြည်ပြည် ဝဝဖြိုးဖြိုး၊ ဦးပြည်းခေါင်းတုံးလေးစိမ်းဖန့်ဖန့်နှင့် ကြည်ရှင်းသန့်နေသည်။

ဥပမိရုပ်ကောင်းကောင်း၊တရားပြလည်းတော်သည်။

အသံဩဇာနှင့် ပြည့်စုံသည်။ အနေအထိုင် နူးညံ့သိမ်မွေ့သည်။

www.burmeseclassic.com

ကျစ်လျစ်၏။ ဣန္ဒြေရှိသည်။ စကားပြောချိုသာပျော့ပျောင်းသည်။

လေအေးလေးနှင့်၊ သူ့ကိုကြည်ညိုသူ ဒကာ၊ ဒကာမပေါသည်။ လျှာဒါန်းသူမရှား။

သူ့ရုပ်ရည်ရူပကာနှင့် အရပ်မှာလိုက်လျောညီထွေရှိသည်။ ရဟန်းမို့သာ ကြည်ညိုစရာ သပ္ပာယ်စွာ။ လူဝတ်ကြောင်နှင့်ဆိုပါလျှင် လူချောလူလှ၊ လူရည်သန့်ဆိုရမည်သာ။ အရပ်ထဲ၌ အပျိုချောတွေ ဝိုင်းဝိုင်းလည်ဆိုရမည့် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်လောက်သည့်ရုပ်မျိုးပိုင်ဆိုင်ထားသည်။ သို့သော် လောကီထုပ္ပတ် လူ့တို့ဇာတ်ကို မပျော်ပိုက်၍ ဝတ်ကြောင်ကို ဖွတ်ရှောင်ရှန်းခေါင်းတုံးတုံးကာ သက်နှင်းဆီးခဲ့ခြင်းသာ။

သူက ရေနံချောင်းမြို့ ရွှေတောင်တိုက်ပါဠိတက္ကသိုလ်၌ စာသင်၊ စာလိုက်နေသော စာသင်သားရဟန်းတော်တစ်ပါး ဖြစ်သည်။

❑

ဦးပဥ္စင်း ဦးပညာဒီပကား ရှေးဘုန်းရှေးကံရှိသည်။

ရွှေတောင်တိုက်ပါဠိတက္ကသိုလ် အပါအဝင် ရေနံချောင်းမြို့ပေါ်ရှိ အခြားကျောင်းတိုက်မှ သံဃာတော်များ၊ စာသင်သား ဦးပဥ္စင်း၊ ကိုရင်များ နံနက်စောစော ရေနံချောင်းမြောက်၊ တောင်ကုန်းပေါ်ရှိ ဆွမ်းလောင်းဓမ္မာရုံတွင် အရုဏ်ဆွမ်း(ဂေါ်ဆွမ်း)အလှူခံကြရသည်။ သည်သို့ ဆွမ်းခံရသည်မှာ တစ်နေ့တစ်ရက်မဟုတ်၊ နှစ်ပတ်လည်နေ့စဉ် အရုဏ်ဆွမ်းသာ။

အရုဏ်စောစော ကိုယ့်ကျောင်းတိုက်နှင့်ကိုယ် သံဃာတော်များစီတန်းလှည့်လည်ကြွနေသည်ကို ဖူးမြင်ရသည်မှာ ကြည်နူးဖွယ်ကောင်းပေစွ။

အရုဏ်ဆွမ်းအလှူခံရသည်မှာ ဆွမ်းချည်းသာဖြစ်သည်။ တစ်ပါးစာကျောင်းတိုက်တွင် အသင့်ချက်ပြုတ်ထားသော ငါးခြောက်တုံး၊ ခရမ်းချဉ်သီးအရည်ကြည်လောင်လောင်၊ ငရုတ်သီးခြောက်အနည်းငယ်နှင့် နေ့စဉ်ဘုဉ်းပေးရသည်။

တစ်ခါတစ်ရံ အလှူရှင်ပေါ်ပေါက်မှသာ ဝက်သား၊ ကြက်သား၊ စားတော်ပဲပြုတ်၊ ပဲဟင်း၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်၊ ဆွမ်းဟင်းခွက် (ဂျုတ်) (၄) ခွက်ရသည်။

သို့သော် စာသင်သားကိုယ်တော်များ မညည်းညူ မငြိုငြင် ပညာတတ်ဖို့အဓိက။

ဆင်းရဲ ပင်ပန်း၊ ငြိုငြင်မှုကိုသည်းညည်းခံရှာကြသည်။ မြီးခြံရောင့်ရဲတင်းတိမ်တတ်ကြသည်သာ။

ဦးပဥ္စင်းပညာဒီပက အရုဏ်ဆွမ်းသာခံစားပြီး ကျောင်းတိုက်ဆွမ်းစားဆောင်တွင် အခြားကိုယ်တော်များနှင့် အတူ ဘုဉ်းပေးသုံးဆောင်သည်။

နေ့ဆွမ်းအတွက်တော့ ဆွမ်းမခံရ။

သူ့ကို သိက္ခာထပ်၊ ပဥ္စင်းခံပေးသော ပဥ္စင်းဒကာ ဒေါက်တာ ကျော်ဦး၊ ဒေါ်နီလာဝင်းတို့အိမ်က နေ့စဉ်ဆွမ်းတစ်ထုပ်အမြဲလာပို့သည်။

နေ့ဆွမ်းတွက် မပူရ။ ဆွမ်းကွမ်းသပ္ပာယပြည့်စုံလုံလောက်မြဲ။

❑

ဦးပဥ္စင်းဦးပညာဒီပကား အကြီးတန်းတွင် ပညာသင်ကြားနေသော စာသင်သားရဟန်းတော် ဖြစ်သည်။ ဦးပညာဒီပသည် စာတော်သည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည်။

ကျောင်းတိုက်တွင်း စာမေးပွဲနှင့် အစိုးရစာမေးပွဲများတွင် မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းတို့တွင် ပထမဆင့်နှင့်ချည်းအောင်သည်။

နောက်တစ်နှစ် အစိုးရစာပြန်ပွဲတွင် ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံးတွင် ဒုတိယစွဲတော်မူသည်။

တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာနှင့် တိုက်ကြပ်ဆရာတော် ဦးသောဘဏတို့သည် တပြုံးပြုံးဂုဏ်ယူကြသည်။ ဆရာကောင်းတပည့်ပန်းကောင်းပန်ခဲ့သည်ကိုး။ ချစ်တပည့်အတွက် ဂုဏ်ယူလို့မဆုံး။

❑

တစ်နေ့ စာသင်တိုက်တွင် မူလတန်း၊ ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ သာမဏေကျော်များကို ချီးကျူးပူဇော်ပွဲကျင်းပသည်။ စာအောင်သံဃာတော်များ သက်နှင်းတရွှမ်းရွှမ်းနှင့်လမ်းသလား တလွှားလွှားနေသခိုက် စာမေးပွဲကျရှုံးခဲ့သော ကိုယ်တော်များ မိမိတို့ကျောင်းအခန်းတံခါးပိတ် အပြင်မထွက်ရဲ။ မိမိတို့ဆွမ်းလောင်းဒကာ၊ ဒကာမများကိုမတွေ့ရဲ။ မျက်နှာပူ အားနာနေကြသည်။ မျက်နှာချင်းဆိုရမှာ ရွံ့နေကြ၏။

ထိုနေ့က တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာ၏ စာအောင်သံဃာတော်များကို ချီးကျူးထောမနာပြုပြီး ဩဝါဒပေးပြီး -

"တို့ကျောင်းတိုက်မှာ ပညာဒီပလောက် စာတော်တဲ့သူဘယ်သူရှိလဲကွ။ ငါ့တပည့်က ဒီကျောင်းတိုက်မှာ အတော်ဆုံးပဲ။ မြန်မာတစ်ပြည်လုံးရှိတဲ့ အကြီးတန်းတွေထဲမှာ ဒုတိယဆုရတာကွ။ ကျောင်းတိုက်ကြီးနဲ့ မြို့နယ်ဂုဏ်ဆောင်သူပေပဲ။ ဒီကျောင်းတိုက်မှာ ဒီတစ်ပါးပဲ ပေါ်ခဲ့ဖူးသေးတယ်။ ဒါမှ ငါ့တပည့်ကွ။ မင်းတို့လည်း ပညာဒီပလို စာတော်အောင်ကြိုးစားကြ။ ဟော့ - ပညာဒီပ၊ မင်း ဒီကျောင်းမှာ ကြိုက်သလိုနေ၊ မင်းစာကျက်ချင်သလိုကျက်၊ စာရဖို့ပဲလိုတယ်"

ဟု ခွင့်ပေးလိုက်သည်။လွတ်လွတ်လပ်လပ်နေနိုင်ကြောင်း မိန့်ဟမိခဲ့သည်။

❑

အရှင်ပညာဒီပကို ရေနံချောင်းမြို့နယ်သူမြို့နယ်သားများတို့ကလည်း စုပေါင်း ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကျင်းပသည်။

အရှင်ပညာဒီပကို ပန်းတန်ဆာဆင်ထားသော အလှပြအမိုးနှင့်တားလေးပေါ်တွင် ပလ္လင်ထက်တင်လျက် ရှေ့နောက်ကားတန်းကြီးငယ်နှင့် အဆိုအကများ၊ရပ်ကွက်ဓမ္မစကြာဝတ်အသင်းအဖွဲ့ဝတ်အဖွဲ့ ယောဂီများ၊ ရပ်ကွက်သူရပ်ကွက်သားများနှင့် နေ့ခင်းကတိုင်နေဝင်အထိ မြို့ပေါ် ရပ်ကွက်အသီးသီးသို့ လှည့်လည် အပူဇော်ခံသည်။ စည်ကားသိုက်မြိုက်စွာ ဂုဏ်ချီးကျင်းပကြသည်။

ကားဆိုက်ရောက်လေရာရပ်ကွက်တိုင်းက ဝတ္ထု၊ သင်္ဘောက်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ မွေ့ရာ၊ ဆပ်ပြာကြမ်း ဆပ်ပြာမွှေး၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ရေခွက်၊ ရေဖလား၊ ဆေး၊ ထီး၊ ဖိနပ်၊ သပိတ်၊ သင်္ကန်းတို့ကို လှူဒါန်းဆက်ကပ်ကြသည်။

ဆရာတော်၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ကြည်ညိုပူဇော်လို့မဆုံး။

❑

ဦးပညာဒီပသည် မကြုံစဖူး ထူးကဲသောဂုဏ်ပြုမှု၊ ဆရာသမား၏ ချီးကျူးမှုခံယူခဲ့ရ၍ စိတ်ကြွဘဝင်မြင့်သွားသည် တလွဲမှာနထားခဲ့မိသည်။

အခြားသီတင်းသုံးဖော် ဦးပဥ္စင်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်တို့အပေါ် မောက်မာလာခဲ့သည်။ ရှင့်သီးသီး ဆက်ဆံလာခဲ့သည်။

'ငါမှငါကွ' မာန၊

'ငါလိုလူ ဇမ္ဗူမှာရှိသေးလား' ဆိုသောမာန်၊

'ငါလောက်သူတို့တတွေ၊ မတော်ဘူး မတတ်ဘူး' ဆိုသော အထင်သေးစိတ်။

ယခင်က ရိုကျိုးသော၊ မာန်မာနကင်းသော ပညာဒီပ။

သိမ်မွေ့နူးညံ့၊ စိတ်သဘောထားကောင်းသော ပညာဒီပ၊

ဆရာတော်ကြီးနှင့် ပတ်ဝန်းကျင်က ချီးကျူးပူဇော်၊ ဂုဏ်ပြုခံခဲ့ရသဖြင့် သူ့ဘဝ အပြောင်းအလဲကြီးပြောင်းလဲသွားခဲ့သည်။

လာဘ်သပ်ပကာကြောင့် လာဘ်က သတ်ခဲ့၍ ပကာ (အခွံ၊ အကာ) ထဲ ပေါက်သွားခဲ့ပြီ။ သုံးစားမရတော့။ ပယ်ရန်သာရှိတော့သည်။

နားထင်သွေးရောက် ခြေဖျားထောက်ခဲ့ပြီ။

အောက်ခြေအလွတ်ကြီးလွတ်ခဲ့သည်။ ဘဝမေ့ခဲ့ပြီ။

❑

အရှင်ပညာဒီပ၏ အပြုအမူများသည် သိသိသာသာကြီး ပြောင်းလဲလာခဲ့သည်။

အခြားကိုယ်တော်များ စာကျက်၊ စာအံနေချိန် သူက သက်န်းခေါင်းမြီးခြုံကျိန်းနေသည်။ အခြားကိုယ်တော်များ ကျိန်းစက်ချိန်၌ သူက အော်ဟစ်စာကျက်၊ စာအံတော့၏။

သည်သို့ပြုမူခြင်းက တစ်ခါတစ်ရံမဟုတ်။

အမြဲတမ်း နေ့စဉ်နှင့်အမျှ။

စာချဆရာတော်များက သတိပေးတားမြစ်သည်။

သူကတော့ 'မှန်ပ့်ါဘုရား' ပဲ။

ပြီးက မနာခံ ပြုမြဲပြုခဲ့သည်။

တိုက်အုပ်ဆရာတော်ကြီးကခွင့်ပြုထားသည်ပဲ။

တစ်ခါက နှစ်ခါ မဆုံးမ၊ မတားမြစ်ကြတော့။

ထိုစဉ်က သူနေထိုင် သီတင်းသုံးရာဖြစ်သော 'မဟာမင်္ဂလာဘုံစံကျောင်း' က ဦးပဥ္စင်း၊ ကိုရင်များ သူ့ဒဏ်အခံရဆုံး သူ့သည်းညည်းအခံရဆုံးဖြစ်သည်။

ကြာတော့ သူ့ဒဏ်မခံနိုင်သည့်အဆုံး ဦးပဥ္စင်း၊ ကိုရင်များစုပေါင်းလျက် တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာ သီတင်းသုံး ကျောင်းထိုင်ရာ ဓမ္မာယနကျောင်းဆောင်ကြီးဆီသွား၍ ဥပုသ်နေ့ ဆရာတော်ကြီးအား နှိပ်နယ်ချီးဖွဲ့ခြေဆုပ်လက်နယ်ပြုရင်း လျှောက်ထားတိုင်ကြားကြ၏။ ပထမသော် ဆရာတော်ကြီးက တစ်ပါးတလေ လျှောက်ထားခြင်းကို ယုံတော်မမူ။

ပညာဒီပ သူတို့တွေထက် တော်သိ၊ တတ်နေ၍ မနာလို ဝန်တိုစိတ်နှင့် လျှောက်ထားသည်ဟု အထင်ရောက်ခဲ့၏။

နောက်မှ ကိုရင်၊ ဦးပဥ္စင်းများ ဝိုင်းဝန်းလျှောက်ထားမှ အများစကားယုံကြည်ခဲ့သည်။

❑

တစ်နေ့ တိုက်အုပ်ဆရာတော်ကြီးက ပညာဒီပကို ခေါ်ယူဆုံးမရတော့သည်။

"ဟဲ့ - ပညာဒီပ၊ နင့်ကိုခေါ်ရတဲ့အကြောင်းက ဆုံးမစရာရှိလို့ကွယ့်။ ဘယ့်နှယ် - သူများစာကျက်၊ စာအံချိန် နင်ကကျိန်း၊ သူများတကာကျိန်းချိန်မှ နင်ကစာအော်ကျက်နဲ့ အဲဒီလိုလုပ်တာကောင်းသလား။ နင်က ဘေးစောင်းတိုက် ကန့်လန့်တိုက်တာ။ ကိုယ့်ကြောင့် သူတစ်ပါးအနှောင့်အယှက်မဖြစ်ပါစေနဲ့။ နင့်ကို စာတော်လို့ ငါက အခွင့်အရေးပေးတာ။နင်ကအခွင့်အရေးအလွဲအသုံးချနေတယ်။ ရူးနေလားဟင် ပညာဒီပ အရူး။ နင်အရူးပဲ။ သူများထက်ထူးအရူးကွ။ ဗမာတစ်ပြည်လုံးမှာ အမှတ်များလို့ ဒုတိယရတာ။ မင်းဘဝင်သိပ်မြင့်မနေနဲ့။ ဘဝင်မြင့်ရင် ရူးတတ်သကွ။ မင်းမှတ်ထား"

ဟုဆုံးမခဲ့သည်။

ဤသို့ ကိုယ့်တပည့်သားမြေးအပေါ် နစ်နာစေလို၍မဟုတ်။ တော်စေ၊ ကောင်းစေ၊ လိမ္မာစေချင်၍ ဆူပူမာန်မဲခဲ့၏။ စေတနာနှင့် နည်းပေးလမ်းညွှန်ဆုံးမခဲ့၏။

❑

မကြာတော့သော အချိန်ကာလအပိုင်းအခြားတစ်ခုတွင် အရှင်ပညာဒီပသည် ဆရာတော်ကြီး ပြောဆိုဆုံးမခဲ့သည့်အတိုင်း အမှန်တကယ်ပင် သွက်သွက်ခါအောင် ရူးသွပ်သွားခဲ့သည်။

သူ့အား အရေးပေး၊ မျက်နှာသာပေး၊ လေးစားချစ်ခင်သောသူ၊ အားကိုးလေးစားရသော သူ့ဆရာက မကြာခဏ 'အရူး၊ အရူး' ဟု အပြောခံရခြင်း၊

သူနှင့်အတူ သီတင်းသုံးဖော်များက သူ့ကိုကြောက်ရွံ့၍ ဆေးဖော်ကြောဖက်မလုပ်ခြင်း၊ မေးထူးခေါ်ပြောမဆက်ဆံတော့ခြင်း။

တောရွာမှာရှိသည့် ငယ်ဆရာ၊ ဥပဇ္ဈာယ်ဆရာတော်က တိုက်အုပ်ဆရာတော်ကြီးအား အတိုင်ကြားခံခဲ့ရပြီးနောက် အရေးတယူမရှိခြင်း၊ စိမ်းစိမ်းကားကားနေခဲ့ခြင်း၊ မခေါ်မပြောခြင်း၊ ယခင်လို ပံ့ပိုးထောက်ပံ့မှုမရှိတော့ခြင်း။

ရွာက သူ့အားကိုး အရေးထားရဆုံးဘကြီးက လူကြီးရောဂါနှင့်ကွယ်လွန်သွားခြင်း။

၎င်းနှင့် မရှေးမနှောင်းပင် မုဆိုးမဖြစ်သော ရွာကသူ့မယ်တော်ကြီး ရုတ်တရက် ပန်းနာရင်ကျပ်ရောဂါနှင့် အမောဖောက်သေဆုံးသွားခြင်း။

အကြောင်းအမျိုးမျိုးတို့ကြောင့် သူ့အတွက်တော့ ဒွေးရောဥပဒ်ပါဆုံတိုးခဲ့သည်။ စိတ်ဖိစီးမှုများခဲ့သည်။

အထီးကျန်ဘဝနှင့် သွက်သွက်ခါအောင် ရူးသွပ်သွားခဲ့သည်။ ရွှေတောင်တိုက်ပါဠိတက္ကသိုလ်ကို ကျောခိုင်း၍ လူဝတ်လဲ အရပ်ပြန်ပို့ခဲ့ရသည်။

တိုက်အုပ်ဆရာတော်ကြီးမှာလည်း သူချစ်သော၊ သူအားအထားရဆုံး၊ သူမျှော်လင့်ချက်ကြီးကြီးထားခဲ့ရသော တပည့်ကြီးကို လက်လွှတ်ဆုံးရှုံးခဲ့ရ၍ သူ့အတွက်ရော သာသနာအတွက်ပါ နစ်နာစေခဲ့၏။ နှမြောစရာ။

သူ၏ ကောင်းစေ၊ တော်စေ၊ လိမ္မာစေချင်၍ စေတနာနှင့် အရူး၊ အရူး ဟုပြောခဲ့သောစကားကို နောင်တရနေမိသည်။

တစ်ချိန်က ပညာအရာမှာ လျှမ်းလျှမ်းတောက်ကျော်ကြားအောင်မြင်ခဲ့သော ပညာဒီပ။

ရေနံချောင်းမြို့ ရွှေတောင်တိုက်ပါဠိတက္ကသိုလ်၏ ဂုဏ်ဆောင်ခဲ့သော ပညာဒီပ။

တိုက်အုပ်ဆရာတော်ဘုရားကြီး အားကိုးအားထားမျှော်လင့်ချက်ကြီးကြီး ထားခဲ့ရသော ပညာဒီပ။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပထမကြီးတန်းတွင် ဒုတိယစွဲခဲ့သော ပညာဒီပ။

ယခုတော့မူ . . . ။

အောင်သိန်းဝင်း (ပွင့်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီခေါင်းလောင်းကြီးကို လူတိုင်းစိတ်ဝင်စားကြ၏။ တွေ့ရန်းမြင်ရန်းနှင့်နှစ်ဉ်စောင့်မျှော်ခဲ့ကြသော်လည်း ဆန္ဒမပြည့်ဝခဲ့ပါ။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခေါင်းလောင်းကြီးရှိကြောင်း အထောက်အထားမရှိဟု ဆိုကြသည်။ တချို့ကျတော့ ရှိသည်ဟု ယုံကြည်ချက်အပြည့်နှင့် ရှာဖွေတူးဖော်ကြ၏။ မည်သို့ပင်ဆိုစေ မြန်မာလူမျိုးတို့၏ ရင်ထဲသို့ ခေါင်းလောင်းကြီးက ရိုက်ခတ်လိုက်ခြင်းပင် ဖြစ်သည်။ ထိုခေါင်းလောင်းကြီးက ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းကြီးမို့ စိတ်ဝင်စားကြပါသည်။ ယခုဖော်ပြမည့် အဘအောင်မင်းခေါင်၏ဂမ္ဘီရဆန်သော ခေါင်းလောင်းလေးအကြောင်းကို တင်ပြပါမည်။

ထိုဂမ္ဘီရဆန်သော (၈) လက်မ အရွယ်ခေါင်းလောင်းလေးသည် အတွင်းမှာ အဆန်မပါဘဲ ဗီရိုထဲမှာထားရင်းက သူ့အလိုလို အသံမြည်လာပါသည်။ ထို အဆန်မပါသောခေါင်းလောင်းလေးသည် ပုပ္ပားတောင်ကလပ်ခြေက အဘဦးစံဖေ ခာတ်ခန်းထဲတွင်ရှိပါသည်။ ခာတ်ခန်းထဲရှိ မှန်ဗီရိုထဲတွင်သိမ်းထားရင်းက ခေါင်းလောင်းသံမြည်လာခြင်း ဖြစ်ပါသည်။ အဘ၏ခေါင်းလောင်းလေးနှင့် ပတ်သက်၍ အတိတ်သမိုင်းကြောင်းအချို့ကို ခံစားရင်း လက်ရှိ ပြည်တော်ဝင် အဘအောင်မင်းခေါင်နှင့်ဆက်စပ်ပုံများကို ဖော်ပြမည်။

အတိတ်ကာလက အဘသည် ပုပ္ပားတွင်နေထိုင်ခဲ့၏။အဘ၏သိဒ္ဓိမဟ… အစွမ်းများကိုပြသခဲ့၏။နောင်အနာဂတ်… ကို မျှော်ကြည့်လိုက်သောအခါ ပုပ္ပား… အောင်မင်းခေါင်ဘဝကို ပြည်ဖုံးကားခ… ရမည်။ ဘဝဇာတ်လမ်း၏ အဆုံး… ကြိုတင်မြင်လေသည်။ အဘတ… မွေးစားသား (၂) ယောက်ရှိပါသည်… စံဖေနှင့် သိဒ္ဓိအောင်တို့ ဖြစ်ကြသည်… စံဖေက အကြီး၊ သိဒ္ဓိအောင်က အင…



# အဏ္ဏဝါလှိုင်း

## ပုပ္ပားအောင်မင်းခေါင်၏ ဂမ္ဘီရဆန်သောခေါင်းလောင်းလေး၏ပုံ့တင်သံ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အကြီးစံဖေကို ဖွင့်ပြောခဲ့သည်ဟု ဆုံးဖြတ်လေသည်။ ဓာတ်ခန်းတွင် လူရှင်းသောအခါ စံဖေကို အနားခေါ်၍ မှာတမ်းခြွေလေတော့သည်။ အဘအနှစ်နှစ်အလလသိမ်းဆည်းထားသော သွားအစွယ်တစ်ချောင်းရှိသည်။ ဗိဇ္ဇာခန္ဓာကိုယ်မှကိုယ်ပွားပစ္စည်းဖြစ်သည်။ သိဒ္ဓိမဟိဒ္ဓိအစုံကိန်းဝပ်တော်မူသည်။ ထိုပစ္စည်းကို စံဖေအား အမွေပစ္စည်းအဖြစ်ပေးခဲ့၏။ မိမိအသုံးအဆောင်ပစ္စည်းများဖြစ်သည့် အင်္ကျီ၊ လုံချည်၊ ပန်းကန်တွေ၊ ရေနွေးအိုး စသည်တို့ကိုလည်းပေးခဲ့လေသည်။ ယနေ့ အဘအနားတွင် စံဖေတစ်ယောက်သာရှိ၏။အဘ၏ဝေယျာဝစ္စထုပ်ကိုင်ပေးသော သီလရှင်ဆရာလေးခေါ် သုန္ဒရီမှာ ပုပ္ပားသို့ဈေးဝယ်ထွက်သွားလေပြီ။

"စံဖေ"

"ဟုတ်ကဲ့ အဘ"

"မင်း ငါသုံးစွဲခဲ့တဲ့ ပန်းကန်တွေ၊ ရေနွေးကြမ်းအိုးတွေ၊ ငါဝတ်ခဲ့တဲ့အဝတ်အစားတွေကို သေသေချာချာသိမ်းထား"

"ဟုတ်ကဲ့ - အဘ"

"ငါမရှိရင် မင်းတန်ဖိုးရှိလိမ့်မယ်"

"ခင်ဗျာ၊ အဘက ဘယ်ကြွသွားမှာလဲ"

"အေး - မင်းကို အရေးကြီးတာတွေ မှာစရာရှိတယ်"

"အဘက စကားထူးဆန်းတာတွေပြောတော့ သားဝမ်းနည်းရတယ် အဘ။ သားကို တစ်ယောက်တည်းပစ်သွားပါနဲ့ အဘ"

"မင်း အဘကို ချစ်သလား"

"ဘယ်လိုမေးလိုက်တာလဲ အဘရယ်။ သား အဘကိုချစ်တာပေါ့။ သားရဲ့မိဘလည်းဟုတ်တယ်၊ ဆရာသမားလည်းဟုတ်တယ်"

"မင်း ငါ့ကိုချစ်ရင် ငါ့စကားကိုနားထောင်"

"ဟုတ်ကဲ့ အဘ"

"ငါ မကြာခင် မင်းတို့နဲ့ခွဲရတော့မယ်"

"ဗျာ"

"ငါတို့ ဒီတစ်ခါခွဲရမှာက အကြာကြီးခွဲခွာခြင်းဖြစ်နိုင်တယ်"

စံဖေသည် အဘ၏မွေးစားသားဖြစ်သည်။ ငယ်စဉ်ကလေးဘဝမှစ၍ အဘကျွေးမွေးခဲ့သဖြင့် လူသားဘဝသို့ ပီပီပြင်ပြင်ရောက်လာခဲ့ပြီ။ ဟော- အခု အဘကခွဲခွာဖို့ပြောနေလေသည်။ သားမှာ အဖေလည်းမရှိ၊ အမေလည်းမရှိ၊ ဆွေမျိုးလည်းနတ္ထိပါ။ သားဘယ်သူ့ကိုအားကိုးရမှာလဲ။ အဘကို အဖေလိုရော ဆရာလိုရော အားကိုးနေရတာ။ အဘမရှိရင် သားဘယ်သူ့ကိုအားကိုးရမှာလဲ။ နေလုံးကြီးကွယ်ရင် အမှောင်ဖုံးတော့မှာ။ သားရဲ့ဘဝအလင်းရောင်တွေ အမှောင်ဖုံးတော့မှာလား။ သားဘဝတော့ မချိတင်ကဲဖြစ်တော့မည်။ စသည်ဖြင့် ပူဆွေးသောကတို့သည် ရင်ဝယ်သို့ဆို့တက်၍ မျက်ရည်တွေစီးကျနေပြီး ရှိုက်ကြီးတငင် အားရပါးရ ငိုနေပေတော့သည်။

"သား စံဖေ"

"ဟုတ်ကဲ့ အဘ"

"သား၊ ငိုနေတာလား"

"ဟုတ်ကဲ့-သားဝမ်းနည်းလို့ပေါ့"

"မင်းငါ့ကိုမခွဲနိုင်ဘူးလား"

"သားအဘကိုမခွဲနိုင်ဘူး"

"ဒါဆိုရင် မင်းကို ငါကတိပေးပါတယ်။ ငါသေသွားရင် မင်းမငိုနဲ့ကြားလား။ ဝိဇ္ဇာဆိုတာ မသေဘူးကွ။ လူတွေကို မျက်လှည့်ပြသလို အသေလုပ်ရတာ"

"သား နားမလည်ဘူး အဘ"

"မင်းနားလည်အောင်ပြောရရင် ငါသေသွားပေမယ့် ပြန်ရှင်လာပြီး မင်းထံကို လာခဲ့မယ်"

"သားမယုံဘူး အဘ၊ လူတွေသေသွားရင် ဘယ်သူမှပြန်မလာကြတော့ဘူး"

"ဒါဆိုရင် သားယုံအောင် သက်သေတစ်ခုပေးခဲ့မယ်"

"ဘာသက်သေလဲ အဘ"

"ဒီမှာ ခေါင်းလောင်းကိုပေးခဲ့မယ်။ ဒီခေါင်းလောင်းလေးကို မင်းသေသေချာချာသိမ်းထားပါ"

"ဒီခေါင်းလောင်းကိုသိမ်းပြီး ဘာလုပ်ရမှာလဲ"

"ငါပြန်လာမယ့်နေ့ကျရင် ဒီခေါင်းလောင်းလေးက အသံမြည်လိမ့်မယ်"

"ဒီခေါင်းလောင်းလေးက အသံမြည်မှာလား"

"ဟုတ်တယ်"

"အဘခေါင်းလောင်းက အလယ်မှာအဆန်မှမပါဘဲ ဘယ်လိုလုပ်မြည်မှာလဲ"

"အဆန်ပါတဲ့ခေါင်းလောင်းက လူတွေတီးတဲ့ခေါင်းလောင်းကွ။ အခုအဆန်မပါတဲ့ခေါင်းလောင်းက ဝိဇ္ဇာတွေရဲ့ခေါင်းလောင်းကွ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ငါပြောတာတွေကို သေသေချာချာမှတ်ထားနော်။ နောင်အချိန်ကြာလာလို့မေ့သွားတာမျိုးမဖြစ်အောင်မှတ်ထားရမယ်"

"ဟုတ်ကဲ့ အဘ"

"အေး - လူတွေသဘောသဘာဝက အချိန်ကြာလာရင်မေ့တတ်တဲ့သဘောရှိတယ်။ ဟိုမြင်ရတဲ့ညောင်ပင်ကို မင်းဓားနဲ့ထစ်ပြီးမှတ်ထားကွ"

အဘက ညောင်ညိုပင်ကိုဓားထစ်၍ မှတ်သားစေခဲ့ပါသည်။ သားဖြစ်သူစံဖေက ညောင်ပင် ခြေအရင်းမှမီသောပင်စည်ကို ဓားမနှင့်သေသေချာချာထစ်၍ မှတ်သားလိုက်ပါသည်။

"စံဖေ၊ မင်းညောင်ပင်မှာဓားထစ်ပြီး မှတ်ထားခဲ့ပြီလား"

"ဟုတ်ကဲ့ အဘ"

"အဘ ဘာမှာခဲ့သလဲပြန်ပြော"

"ခေါင်းလောင်းက အသံမြည်ရင် အဘပြန်လာမယ်ပြောပါတယ်"

"အေး - ကောင်းပြီ။ မင်းဘဝလည်း အိမ်ထောင်သားမွေးဘဝနဲ့ ပုပ္ပားမှာပဲနေရဦးမယ်။ အဘထားခဲ့တဲ့ပစ္စည်းလေးတွေ သေသေချာချာသိမ်းပြီး ဓာတ်ခန်းဖွင့်ပေါ့ကွာ"

"ဟုတ်ကဲ့ အဘ"

အဘသည် ဦးစံဖေကိုမှာကြားပြီး ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့တွင် လူ့ဘဝကို အဆုံးသတ်ပြီး ကွယ်လွန်ခဲ့လေသည်။ လူဘဝမှ ဝိဇ္ဇာဘဝသို့ကူးပြောင်းသွားလေပြီ။ အဘ၏ ရုပ်ကလာပ်ကို တောင်ကလပ်ခြေတွင် ဂူသွင်းသဂြိုဟ်ကြလေသည်။ အဘထွက်သွားသော သည်နေ့ကို အဘ၏ သားသမီးများက နှစ်စဉ် (အဘထွက်ပွဲ၊ အဘပူဇော်ပွဲ) အဖြစ် ကျင်းပကြပါသည်။

နှစ်တွေလည်းအတော်ကြာလေပြီ။ စံဖေ အမည်ရ ကလေးဘဝမှ လူလားမြောက်ပြီး လူပျိုဘဝသို့ ရောက်ရှိခဲ့ ၏။ ဘဝကြင်ဖော်ရပြီး သားသမီးများပင်ရခဲ့ပေပြီ။ ပုပ္ပားတောင်ကလပ်ခြေတွင် ခြေတံရှည်နှစ်ထပ်ဆောက်ပြီး အောက်ထပ်တွင် ဈေးရောင်းကာ အပေါ်ထပ်တွင် အဘဓာတ်ခန်းဖွင့်ပြီး ပူဇော်ခဲ့ကြလေသည်။ အဘထွက်ပွဲရောက်တိုင်း အဘသားသမီးများ ဤဓာတ်ခန်းသို့လာရောက်ကန်တော့ကြလေသည်။ အဘဓာတ်ခန်းထဲတွင် အဘဓာတ်ပုံအမျိုးမျိုးရှိသည်။အဘသုံးဆောင်ခဲ့သော ရေနွေးအိုး၊ ရေနွေးပန်းကန်၊ ထမင်းစားပန်းကန်များလည်း တွေ့ရ၏။ အဘဝတ်ခဲ့သော အင်္ကျီ၊ လုံချည်များအပြင် မောင်းကြီး (၁)လုံး၊ စည်ကြီးက (၁)ခု အခြားပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

အသုံးအဆောင်များ ခင်းကျင်းပြသထားပါသည်။ မှန်ဗီရိုထဲတွင် ထူးထူးခြားခြား (၈) လက်မအရွယ်ခန့် ငွေရောင်ခေါင်းလောင်းလေး (၁) လုံးနှင့် ကလပ်တစ်ခုပေါ်တွင် အဘ၏သွားအစွယ်(၁)ချောင်းကို ဖူးတွေ့ရပါသည်။

ဦးစံဖေသည် ယခုအခါ သားသမီးများအပြင် မြေးများပင်ရလာကြသည့် အသက်အရွယ်သို့ ရောက်လာလေပြီ။ ဇရာ၏နှိပ်စက်မှုကြောင့် အမြင်အာရုံမှာ မှုန်ဝါးလာ၏။ အကြားအာရုံတွေချို့ယွင်းလာ၏။ ခါးကိုင်းပြီးနားထိုင်းလာလေပြီ။ ဟိုဟိုဒီဒီသွက်သွက်လက်လက်ထမသွားနိုင်တော့ပါ။ ပုပ္ပားတောင်ကလပ်တွင် ဘာသာရေးအသင်းဖွဲ့များတွင် အဘစံဖေကို နေရာပေး၍ ဖွဲ့စည်းကြလေသည်။ အဘဦးစံဖေကို အားလုံးက ချစ်ခင်လေးစားကြလေသည်။

၁၉၈၆ - ၁၉၈၇ ခုနှစ် (၃၅) ကြိမ်မြောက် အဘထွက်ပွဲကျင်းပမည့်ရက် မတိုင်မီ (၅) ရက်အလို ညတစ်ညတွင် ဖြစ်သည်။ ဦးစံဖေသည် ဘုရားရှိခိုးပြီး ဝေနေယျသတ္တဝါတွေကိုမေတ္တာပို့သည်။ အဘအောင်မင်းခေါင်ကို ဦးချရှိခိုးပြီး အဘကို မေတ္တာပို့သည်။

"အဘရေ သားကိုပစ်သွားတာ အခုဆိုရင် (၃၅) နှစ်တောင်ရှိပြီ။ အဘနော်၊ လာမယ်လို့ကတိပေးပြီး အခုထိပြန်မလာပါလား။ 'ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူကြာသူမေ့' လို့ဆိုပေမယ့် အဘကိုတော့သားဘယ်တော့မှ မမေ့ပါဘူး။ အဘကျန်းမာစေ၊ ရောက်ရာဘုံဌာနက သာဓုခေါ်ပါ။ သားပြုသမျှကုသိုလ်ကို အမျှပေးဝေပါ၏"

"သာဓု သာဓု သာဓု"

ဦးစံဖေသည် မိမိအိပ်ရာသို့ပြန်လာပြီး ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းသတိရနေလေသည်။ မိမိ ဖြတ်သန်းခဲ့ရသော ဘဝပုံရိပ်များသည် ရုပ်ရှင်ကြည့်ရသလို တစ်ခုပြီးတစ်ခုပေါ်ပေါက်လာပါတော့သည်။ အတွေးရေလျှဉ်ကြောမှာပါသွားရင်း မှေးခနဲ အိပ်ပျော်သွားလေသည်။ နားထဲတွင် ခေါင်းလောင်းသံကြား၍ လန့်နိုးလေသည်။

"ချွင်. . . ချွင်. . . ချွင်"

"ဟာ - အဘပေးထားခဲ့တဲ့ ခေါင်းလောင်းလေးကမြည်တာပဲ။ ဒါ အဘ ငါ့ကိုသေသေချာချာမှာခဲ့တာ။ ဒီခေါင်းလောင်းလေးကို မင်းသေသေချာချာသိမ်းထားတဲ့။ တစ်နေ့ ငါပြန်လာမယ်တဲ့။ ငါပြန်လာရင် ခေါင်းလောင်းသံနဲ့အချက်ပေးမယ်။ ဒါဆိုအဘပြန်လာပြီပေါ့"

"အဘပြန်လာပြီ"

နှုတ်မှ ယောင်၍ အော်ဟစ်မိပါသည်။ အိမ်အောက်ကိုဆင်း၊ တံခါးမကြီးကိုဖွင့်ပြီး အဘကိုရှာဖွေသော်လည်း ဘာမှ မတွေ့ရပေ။

"အဘရေ၊သားခေါ်နေတယ်လေ။ သားထံပြန်လာခဲ့တော့လေ"

အဘကိုတ,၍ဖိတ်ခေါ်သော်လည်း ညသန်းခေါင်ကျော်အချိန် မည်သူမျှ မတွေ့မမြင်မိပါ။ တံခါးကိုပြန်ပိတ်ပြီးနောက် အိမ်ပေါ်ထပ်သို့ ပြန်တက်လာသည်။ အဘကို ရှိခိုးကန်တော့ပြီး အဘကို လျှောက်ထားနေလေသည်။

"အဘ သားကိုမှာခဲ့တာ သားအခုထိမှတ်မိပါတယ်။ သားမေ့မသွားပါဘူး။ ဒီခေါင်းလောင်းအသံပေးရင် ငါပြန်လာပြီ။ မင်းမေ့မှာစိုးလို့ ညောင်ညိုပင်ကိုဓားထစ်မှတ်ထားတဲ့။ အခု ခေါင်းလောင်းက အသံမြည်ပေပြီ။ အဘပြန်လာတာကို အချက်ပေးတာ သားသိပါပြီ။ သားထံပြန်လာခဲ့ပါ အဘရယ်"

ဦးစံဖေသည် အဘ၏သားပီပီ သံယောဇဉ်အတော်ပင်ကြီးလေသည်။ အဘကိုအရိပ်ပမာ အမြဲတော်ကြည်ညိုပူဇော်နေသူဖြစ်၏။ အခုလည်း ခေါင်းလောင်းသံကြား၍ အတွေးနယ်ချဲ့ရင်း အိပ်မပျော်တော့ပါ။ မိုးစင်စင်လင်းမှ ခဏအိပ်ပျော်သွားပါသည်။

ဤသို့ဖြင့် ခေါင်းလောင်းမြည်ပုံကို နံနက်မိုးလင်းသောအခါ မိသားစုကို ပြန်ပြောလေသည်။ မိသားစုများက အံ့ဩနေလေသည်။ အချိန်တွေကြာညောင်း၍ နှစ်တွေလည်းပြောင်းခဲ့ပါပြီ။ ခေါင်းလောင်းမြည်သံလည်းရပ်ပြီး ဦးစံဖေလည်း အဘပြန်ဝင်လာသည့်ကိစ္စမေ့မေ့ပျောက်ပျောက်နှင့် အချိန်နှင့်အတူလွင့်ပါးပျောက်ပျက်သွားလေတော့သည်။

နှစ်စဉ်ဆိုသလို အဘထွက်ပွဲမတိုင်မီ ခေါင်းလောင်းသံပေးလေ့ရှိပြီး အချို့နှစ်တွေမှာတော့ အသံမပေးပါ။ ၁၉၉၅ ခုနှစ်က နောက်ဆုံးအကြိမ် ခေါင်းလောင်းမြည်နေသည်။ ဦးစံဖေသည် အဘကို ဦးချရှိခိုးပြီး ခေါင်းလောင်းလေးကို မှန်ဗီရိုမှထုတ်ပြီး ကလပ်ပေါ်တင်ထားပါသည်။ ခေါင်းလောင်းလေးကို သေသေချာချာကြည့်ပြီး -

"ဒီခေါင်းလောင်းက အဆန်းမပါဘဲ ဘာလို့မြည်တာလဲ။ အဘပြန်လာတာမှန်ရင် သားရှေ့မှာ အသံမြည်အောင်လုပ်ပေးပါ"

"ချွင် ချွင် ချွင်"

"ဟာ - တကယ်မြည်တာပဲ။ ဒါဆို အဘပြန်လာပြီပေါ့။ အဘပြန်လာရင် ဘယ်လိုပုံစံနဲ့ပြန်လာမှာလဲ။ ရုပ်ပြောင်းရုပ်လွှဲနဲ့ဖန်ဆင်းပြီးပြန်လာမှာလား။ ဒါမှမဟုတ် လူဝင်စားပြီး ကလေးငယ်ငယ်လေးနဲ့ပြန်ဝင်မှာလား"

အဘပြန်ဝင်လာတဲ့ရုပ်ကို မှန်းဆ၍ မရနိုင်ပါ။

"အဘကသေသွားပြီပဲ။ ဘယ်လိုပြန်ရှင်လာမှာလဲ။ ငါတို့ကိုယ်တိုင်ဂူသွင်းသင်္ဂြိုဟ်ပြီးပြီပဲ။ ဘယ်လိုလုပ်ပြီး ရုပ်ရောနာမ်ပါပြန်ရှင်နိုင်မှာလဲ။ ပြန်လာပါပြီတဲ့ ဘယ်သူကယုံမှာလဲ။ ဘုရားက အနိစ္စလို့ဟောတာ။ မမြဲတဲ့ တရားကို အဘက နိစ္စ ဆိုပြီး မြဲတာယူရင် ဘုရားဟောနဲ့ ဆန့်ကျင်နေပြီပေါ့၊ မဟုတ်သေးပါဘူး။ ဝိဇ္ဇာတွေထုံကူးတယ်လို့လည်း ပြောကြ တယ်။ ငါတော့ ဉာဏ်မမီပါဘူး။ စဉ်းစား လို့မရဘူး။ ဒါပေမယ့် အဘမှာတာက တော့ လွဲခဲတယ်။ ခေါင်းလောင်းမြည် တယ်။

ခေါင်းလောင်းမြည်တာ မှန်တယ် ဆိုရင် အဘပြည်တော်ဝင်တာလည်းမှန် တာပေါ့။ အဘရယ်၊ သားတော့ ဘယ် လိုမှဆက်စပ်လို့မတွေးတတ်တော့ဘူး အဘပြန်ဝင်လာတာကို သိရပေမယ့် ဘယ်ဟာအဘလဲ။ အဘက ဘယ်လိုပုံ လဲဆိုတာ မှန်းဆလို့မတွေးတတ်ပါဘူး သားရဲ့အိမ်ပေါ် ရောက်အောင်ကြွလာခဲ့ ပါအဘ။ သားရဲ့အိမ်ပေါ် ကို အရင်ပုပ္ပား အောင်မင်းခေါင်ရုပ်ပုံနဲ့ ကြွခဲ့ပါ အဘ သားယုံကြည်ပါတယ်။ သားထံပြန်လာခဲ့ ပါအဘရယ်"

ဦးစံဖေ အဘအပေါ် ထားသော သံယောဇဉ်မှာ ဖြတ်၍ခက်ခဲ့၏။ မမြင်ရ သောကြီးလေးက ရစ်ပတ်ထားရင်း အဘကြွလာတာကို စောင့်မျှော်နေမိ တော့သည်။

## ▫ ပြည်တော်ဝင်သော အဘအောင်မင်းခေါင် ပုပ္ပားသို့ကြွလာခြင်း

ပုပ္ပားအဘအောင်မင်းခေါင်သည် စိတ်သွားတိုင်းကိုယ်ပါ၍လိုရာကြွနိုင်သော ဝိဇ္ဇာတစ်ပါးဖြစ်သည်။ ပုပ္ပားတောင် ကလပ်တွင် လူ့ဘဝကို အသေပြ၍ ဝိဇ္ဇာ ဌာန အလုံပြည်သို့ မြန်းကြွသွားလေ အလုံပြည်တွင် ကျင့်ရန်ရှိသောစရဏ ဆက်လက်ကျင့်ကြံအားထုတ်ပြီး အဘ ရှည်ဆေးများကို မှီဝဲသုံးဆောင်တော် သည်။ နှစ်ပေါင်း (၃၀) ကြာသော ဝိဇ္ဇာညီလာခံတစ်ရပ်ကျင်းပခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ထိုဝိဇ္ဇာညီလာခံ၏ ဆုံးဖြတ်ချက်အရ လူ့ပြည်လူ့ဌာနသို့ တစ်ကျော့ပြန် အကန်တော့ခံကြွရလေဦးမည်။

၁၉၈၃ ခုနှစ်တွင် လူ့ဘဝသို့ တောင်ပြန်ကြွလာပါသည်။ မြန်မာပြည်သို့ တိုက်ရိုက်ကြွမလာသေးပါ။ ဥရောပနိုင်ငံများသို့ကြွသွားပြီး အဏုမြူလက်နက်များ အာကာသစခန်းများနှင့် သိပ္ပံပညာရပ်များကို လေ့လာခဲ့၏။ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်၊ ရုရှား၊ ယူကရိန်းနိုင်ငံတို့အနှံ့ ခြေဆန့်ခဲ့သည်။ ဝိဇ္ဇာလိုကြွတာမို့ လူလိုဧည့်ဝင်ခွင့်ဗီဇာ မလိုပါ။ ထိုမှတစ်ဖန် ဟိမဝန္တာတောင်ကိုဖြတ်၍ တိဗက်သို့ လေ့လာရေးခရီး သွားခဲ့၏။ တိဗက်ဗုဒ္ဓဘာသာကိုလေ့လာခဲ့၏။ တိဗက်မှ တရုတ်ပြည်စွယ်တော်ကို ဖူးပြီး မြန်မာပြည်ကို ကချင်ပြည်နယ်ထဲမှ စတင်ဝင်ရောက်လာခဲ့သည်။

၁၉၈၃ ခုနှစ်က ပထမဆုံး လူ့ဘဝသို့ ပြန်ကြွလာသောအချိန်တွင် ပုပ္ပားဦးစံဖေတွင်ထားခဲ့သော အဆန်မပါ ခေါင်းလောင်းလေးစတင်မြည်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ကချင်ပြည်နယ်ကို စတင်ဝင်ရောက်လာပြီး နှစ်စဉ် ခေါင်းလောင်းသံပေးခဲ့လေသည်။ ကချင်ဝတ်စုံနှင့် ကချင်ပြည်နယ်အတွင်း ဆေးမြစ်တူးပြီး ဆေးဆရာအသွင်ဖြင့် လှည့်လည်နေထိုင်သည်။ ရှမ်းပြည်နယ်မှာ လှည့်လည်သွားလာနေလေသည်။ ကချင်တိုင်းရင်းသား ဦးလှအောင်နှင့်တွေ့ပြီး ခန်းတုန်တွင် ပြန်ဆုံကြ၏။ ထို့အတူ ရွာသာကြီးမှ ပြည်သို့ကြွ၏။ ပြည်မှ သန်လျင်သို့ကြွ၏။ အဘကို အဘအောင်မင်းရှင်ဟုသာ လူသိများလေသည်။

၁၉၉၅ ခုနှစ်တွင် အဘအောင်မင်းရှင်ကို ဝန်ကြီးဦးသိန်းထွန်းမှ ဆည်းကပ် ကိုးကွယ်ခဲ့သည်။ အဘ သာသနာပြုရန် Master Jeepကား(၁)စီး ဝယ်လှူလေသည်။ ပြည်တွင် သာသနာပြုနေစဉ် ပုပ္ပားသို့သွားချင်သဖြင့် အဘ၏ဂျစ်ကားဖြင့် ပြည်မှ ပုပ္ပားသို့ ထွက်ခွာလာကြ၏။ ကားကို ဦးမျိုးအောင်မှ မောင်းပါသည်။ ကားပေါ်တွင် မပြုံး၊ ဦးဝေကြီး၊ ဦးကျော်ကျော်တို့ လိုက်ပါလာကြသည်။ အဘသည် ဦးစံဖေကို ပေးထားသော ကတိစကားအရ ပုပ္ပားသို့ကြွလာခြင်း ဖြစ်ပါသည်။ ညကလည်း ဦးစံဖေကို ခေါင်းလောင်းတီး၍ အချက်ပေးပြီးပြီ။

"ငါပြန်လာပြီ။ မင်းကိုပေးခဲ့တဲ့ ကတိအတိုင်း ငါ မင်းထံအရောက်လာခဲ့မယ်"

ဟု ပြောပြီး ပုပ္ပားသို့ကြွလာခြင်းဖြစ်၏။ အဘ၏သားသမီးများမှာ အဘခေါ်သဖြင့် ပုပ္ပားကိုဘုရားဖူးလာခြင်းဟု သိထားလေသည်။ တောင်ကလပ်ရောက်သောအခါ သားသမီးအားလုံး တောင် ကလပ်ပေါ်သို့ တက်ကြ၏။ လမ်းတွင်မျောက်စာကျွေးကြ၊ အမောပြေရေသောက်ကြရင်း တောင်ပေါ်တက်၍ ဘုရားဖူးကြ၏။ လိုရာဆုတောင်းပြီး ပတ်ဝန်းကျင်ကိုငေး၍ကြည့်ရှုခံစားကြ၏။ အမောပြေသောအခါ တောင်ပေါ်မှ ပြန်ဆင်းလာကြလေသည်။

အဘအောင်မင်းရှင်သည် ကားပေါ်တွင် တစ်ယောက်တည်းထိုင်၍ကျန်ခဲ့၏။ ပတ်ဝန်းကျင်ကိုဝေ့ဝိုက်ကြည့်ရင်း အတိတ်ကနေခဲ့ဖူးသော ဤတောဤတောင် ဤနေရာကို ပြန်လည်မြင်တွေ့ရလေသည်။ လေပြေလေညင်းက ဝေ့၍တိုက်ခတ်သွား၏။ တစ်ချိန်က ဒီနေရာသည် လူသူအရောက်အပေါက်နည်းသည်။ တောကြီးတောင်ကြီးတွင် သစ်၊ဝါးများနေပြောက်မထိုးအောင်ပေါက်ရောက်နေပြီး လူသူအသွားအလာအတော်ရှားပါး၏။ ယခုလို ကားလမ်းမရှိသေးပါ။ လူသွားလမ်းလေးမျှသာရှိပြီး ဒီနေရာရောက်ဖို့ ခက်ခက်ခဲခဲလာရ၏။ လူသွားလမ်းမှ လှည်းလမ်းဖောက်ရ၏။ လှည်းလမ်းမှ ကားလမ်းအဆင့်ကို မန္တလေးမှ နဂါးဒေါ်ဦးလှုဒါန်းမှုကြောင့်ပေါ်ပေါက်လာခြင်းဖြစ် ၏။ လူတွေ ဒီနေရာကို လာဖို့ခက်ခဲလေသည်။ သူတော်ကောင်းများသာ တရားရှာဖို့ ဤပုပ္ပားတောင်ရိပ်ကို ခိုလှုံကြလေသည်။ ဝိဇ္ဇာဂန္ဓာရီလမ်းကို လျှောက်လှမ်းကြသည့် ရသေ့များနှင့် လူပုဂ္ဂိုလ်များသည် ဤပုပ္ပားတောင်၏ အရိပ်ကိုခိုလှုံပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ကြသည်။ မိမိသည် ဤတောင်၏အရိပ်ကိုခိုလှုံပြီး ဤမြေပေါ်မှာနေ၊ ဤရေကိုသောက်ပြီး ကျင့်ကြံအားထုတ်ခဲ့သဖြင့် ဝိဇ္ဇာမိုရ်အဖြစ် အထွတ်အထိပ်သို့ရောက်ရှိလေပြီ။ ကျေးဇူးကြီးမားသော ဤနယ်မြေကို ဒုတိယမွေး ခြေချမိလေပြီ။ ဤတော၊ ဤတောင်၊ ဤမြေ၊ ဤရေတို့သည် သူတော်စင်သူတော်ကောင်းတွေ မွေ့လျော်သောနေရာဖြစ်၏။ တရားဓမ္မတွေကြီးစိုးရာနေရာ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ ဇော်ဂျီ တပသီတို့ စခန်းချလေ့ကျင့်ရာနေရာ၊ ပေါက်မြောက်သည့် အောင်မြေနေရာ စသည့် ဝိသေသဂုဏ်ထူးများပိုင်ဆိုင်သောနေရာ ဖြစ်ပါသည်။

အဘသည် ပုပ္ပားတောင်ကလပ်ခြေမှ တစ်ဦးတည်း လမ်းလျှောက်ရင်း အတွေးပုံရိပ်တို့သည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသည်။ ပုပ္ပားတောင်တော်မြတ်၏ဂုဏ်ပုဒ်နှင့်ထူးခြားသောဝိသေသများကို ပြန်လည် မြင်ယောင်၏။ ယခုပုပ္ပားသည် ယခင်ပုပ္ပားနှင့်မတူတော့ပါ။ ထူးခြားမှု ဝိသေသ လက္ခဏာများသည် တစ်စတစ်စပျောက်ကွယ်စပြုနေလေပြီ။ သူတော်ကောင်းတွေ ခိုလှုံခဲ့ကြသော ဤတော၊ ဤတောင်တို့သည် မသူတော်များရောနှောလာကြပြီ။ တရားကျင့်၍ တရားဓမ္မတွေကြီးစိုးခဲ့သော ဤနေရာသည် ယခုအခါ မတရားသဖြင့် စီးပွားရှာဖွေနေကြပြီ။ သူတော်ကောင်းရနံ့တွေ သင်းပျံ့ရမည့်အစား ကိလေသာအနံ့တွေလှိုင်းထပြီး ကာမဂုဏ်ညစ်နွမ်းမှုတွေဖြင့် ဗွက်ပေါက်နေကြပြီ။

အို- ကြည့်စမ်းပါဦး။ ပုပ္ပားတောင်ကလပ်မြေက မဟာပထဝီမြေကြီးဖော်နိမ့်ကျပြီး လှည့်ရှား၍သက်သေပြနေပါလား။ အိုး - အသင်လူသားတို့ သတိရကြလော့၊ နောင်တရကြလော့။ သတိတရားတွေပြန်ဝင်ပြီး တရားဓမ္မတွေနဲ့ ကိန်းဝပ်ကြပါတော့လား။ သိဒ္ဓိအစွမ်းလေးမတောက်တခေါက်နဲ့ ငါဆိုပြီး သက်မထောင်ကြ၊ နာမည်ကြီးအောင်လုပ်ကြ၊ စီးပွားရှာကြ၊ ပြီးတော့ ကာမဂုဏ်မှာမျောပါကြနဲ့ နောက်ဆုံး ဒီမဟာပထဝီမြေကြီးကလှုပ်ပြီးစောင့်နေတယ်။ အဝီစိထိပို့ပေးလိမ့်မယ်။ သတိထားကြပါ။

အဘသည် ပုပ္ပားတောင်ခြေမှ လေးလံသောခြေလှမ်းများဖြင့် မြောက်ဘက်သို့ လှမ်းလျှောက်လာ၏။ မျက်မှန်အထူကြီးကိုပင့်ပြီး ချွေးများကို လက်ကိုင်ပဝါဖြင့်သုတ်ပြီး ဆက်လျှောက်လာ၏။ အတွေးကိုရပ်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

"ငါပုပ္ပားမှာပြန်၍မနေတော့ဘူး"

အဘ၏ဆုံးဖြတ်ချက်သည် ပုပ္ပားတောင်ကလပ်ခြေမှမြေပြိုမှုကိုသက်သေပြု၍ ဆုံးဖြတ်ခဲ့လေသည်။ သူတော်စင်တို့သည် ဘယ်တော့မှ အရှုပ်ထဲသို့မဝင်ပါ။ နာမည်ကြီးဖို့မလို၊ စီးပွားရှာဖို့မလို၊ မိမိဦးတည်ချက် ရည်မှန်းချက်အတိုင်း နောက်မတွန့်ဘဲ ဆက်လျှောက်မည်သာ ဖြစ်ပါသည်။ အဘသည် ပုပ္ပားတောင်ခြေမှ တဖြည်းဖြည်းနှင့်လျှောက်လာရာ ဦးစံဖေ၏နှစ်ထပ်အိမ်နားသို့ရောက်လာလေသည်။ အိမ်အောက်ထပ်တွင် ဈေးရောင်းချပြီး ဈေးဆိုင်ဖွင့်ထားသည့် အိမ်အောက်ထပ်တွင်ဝင်ပြီး လူသူ‌ ေပါး



www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်နေသောအခါ ဦးစံဖေ၏ သားကို တွေ့ရ၏။

"သား အဘဒီမှာခဏထိုင်မယ်နော်"

"ဟုတ်ကဲ့ - အဘ၊ ထိုင်ပါခင်ဗျာ"

အဘသည် ကုလားထိုင်တွင်ဝင်ထိုင်ပြီး ပါလာသောဆေးလိပ်ကိုထုတ်ပြီး မီးညှိလိုက်၏။ ဆေးလိပ်ကိုသောက်ပြီး ဦးစံဖေလာရာလမ်းကိုမျှော်ကြည့်ရင်း စောင့်နေလေတော့သည်။ မကြာမီ ဦးစံဖေသည် ပုပ္ပားတောင်မကြီးအခြေ၌ မိမိပိုင်ခြံမှ ပြန်လာခြင်းဖြစ်သည်။ ခြံထဲတွင် မျိုးကောင်းမျိုးသန့်သရက်ပင်တွေစိုက်သည်။ နဂါးမောက်ပင်များကို သရက်ပင်အတန်းကြားတွင်စိုက်မည်။ ပေါင်းပင်တွေကိုခုတ်ပြီး မီးရှို့ဦးမည်။ မြေဩဇာကျွေးရဦးမည်။ စသည့် အနာဂတ်အစီအစဉ်များကြီးစိုးပြီး ချွေးဒီးဒီးကျ၍ပြန်လာလေသည်။နဖူးမှစီးကျလာသောချွေးများကိုသုတ်ပြီး အမောပြေ ရေသောက်လေသည်။ အိမ်အောက်တွင်ထိုင်နေသောအဘကို တစ်ချက်ငုံ့ကြည့်ပြီး အိမ်အပေါ်ထပ်သို့တက်သွားလေတော့သည်။ ဦးစံဖေ၏သားက အဖေကို တိုးတိုးလေးကပ်ပြော၏။

"အဖေ၊ အောက်ထပ်မှာထိုင်နေတဲ့ဘကြီးက အဖေကိုတွေ့ချင်လို့လား မသိဘူး"

"ဘာပြောလို့လဲ"

"ဘာမှတော့မပြောဘူး။ ခဏခွင့်တောင်းပြီးထိုင်နေတာပဲ"

"အေး၊ အေး"

ဦးစံဖေသည် အိမ်အောက်ထပ်သို့ဆင်းလာပြီး အောက်ထပ်ကုလားထိုင်မှာထိုင်နေသောအဘကို နှုတ်ဆက်လေသည်။

"အဘဘယ်ကကြွလာတာလဲ"

"အေး - ငါ ပြည်ကကြွလာတာ"

"ပုပ္ပားကိုဘုရားဖူးလာတာလား"

"ဘုရားဖူးလို့ပဲဆိုပါတော့"

"သားတို့အိမ်အပေါ်ထပ်မှာ အဘအောင်မင်းခေါင်ဓာတ်ခန်းရှိတယ်။ ပုပ္ပားရောက်တဲ့သူတိုင်း ဝင်ပြီးဖူးကြတယ်။ အဘလည်း ကြုံတုန်းကြုံခိုက် ဝင်ပြီးဖူးပါဦးလား"

"ငါက အောင်မင်းခေါင်ရဲ့တပည့်မဟုတ်ဘူး။ မင်းဓာတ်ခန်းကို ငါသွားဖို့မလိုဘူး"

"ဪ - မသိလို့ပြောမိတာပါ။ ဒီနေရာရောက်တဲ့သူတိုင်း အဘကိုကိုးကွယ်တာများပါတယ်။ ဒါကြောင့်ပြောတာပါ။ အဘကိုမကိုးကွယ်ဘူးဆိုရင်တော့ အဘလည်း လိုရာခရီးကိုကြွလို့ပါရပြီ"

ဦးစံဖေသည် သူကိုးကွယ်နေသောအဘကို စော်ကားလိုက်သော ထိုအဘိုးကြီးကိုကြည့်မရပေ။ စိတ်ထဲတွင် ဒေါသဖြစ်ပေါ်လာပြီး အမြန်ဆုံးထွက်သွားရန် နှင်လွှတ်မိလေတော့သည်။

"မင်းက ငါ့ကိုနှင်နေတာလား။ မင်းတို့လူတွေ အသိမရှိတော့ ပြောရတာ အတော်ခက်တယ်။ ဖိတ်ကြားတော့လည်း မင်းတို့ပဲ။ နှင်တော့လည်း မင်းတို့ပဲ။ ကဲကဲ- ငါလည်း တာဝန်အရမို့ကြွရတာ ငါပြန်ပြီ"

အဘသည် ဦးစံဖေကိုသနားနေလေသည်။

'ဪ - စံဖေတစ်ယောက် ငါ့ကိုမသိတော့ပါလား။ သား စံဖေ မင်းအဖေပြန်လာပြီလေ။ ညက ငါခေါင်းလောင်းတီးပြီး မင်းကိုသတိပေးသေးတယ်လေ။ ဒါတောင် သတိမထားမိဘူးလား။ ငါ့ကတိအတိုင်း မင်းအိမ်ကို ငါအရောက်လာခဲ့တယ်လေ။ ဒါပေမယ့် ငါ့ကိုမမှတ်မိဘူး။ ငါ အောင်မင်းခေါင်ပါလို့ပြောရင်တော့ အစုကြီးပါဆိုပြီးပြောမယ့်ကောင်ပဲ။ ပြီးတော့ ငါ့ကိုနှင်ထုတ်သေးတယ်။ မင်းနဲ့ငါ ဒါ နောက်ဆုံးတွေ့ဆုံခြင်းပါ စံဖေရေ။ ဒီဘဝမှာ မင်းနဲ့ငါ သားအဖသံယောဇဉ်ကို ဒီမျှကျေနပ်ကြပါတော့။ စံဖေဆိုတဲ့မင်းရော ပုပ္ပားမြေကိုရော ငါဘယ်တော့မှပြန်မလာတော့ဘူး။ ပြည်ဖုံးကားချလိုက်ပြီ။ ငါနှုတ်ဆက်ခဲ့ပါတယ် စံဖေရယ်။ မင်းမသိလို့ပြောမှားဆိုမှားရှိတာလည်း ငါခွင့်လွှတ်ပါတယ်။ နောက်ဆိုရင် ခေါင်းလောင်းလည်း အသံမြည်မှာမဟုတ်သလို ငါ့ကိုလည်း တွေ့ရမှာမဟုတ်တော့ဘူး'

အဘသည် မျက်ရည်တွေစီးကျလာလေသည်။ လက်ကိုင်ပဝါဖြင့် မျက်မှန်ကိုချွတ်ပြီး မျက်ရည်များကိုသုတ်ပြီး လေးကန်သောခြေလှမ်းတို့ဖြင့် ဦးစံဖေအိမ်မှ ပြန်ထွက်ခဲ့သည်။ ရင်ထဲမှလှိုက်၍တက်လာသောဝမ်းနည်းမှုက ရပ်မသွားပေ။ မျက်ရည်၏ ရေခိုးရေငွေ့ကြောင့် မျက်မှန်မှာလာကပ်ပြီး မမြင်ရတော့ပါ။ မျက်မှန်ကို တစ်ဖန် လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြန်ကြွလာခဲ့လေသည်။ လမ်းတွင် မျောက်များ အုပ်စုလိုက်အော်ဟစ်၍ အသံပေးလိုက်ကြ၏။

"ဟေး - ငါတို့အဘပြန်လာပြီ"

"ငါတို့အဘပြန်လာပြီ"

"ဟေး - လာနှုတ်ဆက်ကြဟေ့"

မျောက်များ၏ အော်သံကြောင့် အခြားရောက်နေသောအုပ်စုများပါ အဘထံရောက်လာကြလေသည်။ အဘကိုလက်တွဲနှုတ်ဆက်ပြီးလိုက်ပို့ကြလေသည်။ လူတွေက အထူးအဆန်းဖြစ်ရပ်ကို ဝိုင်းကြည့်နေကြလေသည်။

"ဪ-မင်းတို့လေးတွေက ငါ့ကိုမှတ်မိကြတယ်။ ငါ့ကိုအသိအမှတ်ပြုကြတယ်။ အရင်ကလည်း ဒီလိုပဲ၊ ခုလည်း ဒီလိုပဲ ဘာမှမပြောင်းလဲပါလား"

"သားတို့က အဘကိုမှတ်မိတယ်။ အဘရဲ့မေတ္တာကိုလည်း တွေ့ရတယ်"

"အေးအေး - မင်းတို့နှုတ်ဆက်တာ ငါဝမ်းသာပါတယ်။ ကဲ ကဲ- မင်းတို့နေရာကိုပြန်ကြတော့"

"ဟုတ်ကဲ့ အဘ"

မျောက်များသည် အဘကို နှုတ်ဆက်၍ထွက်ခွာသွားကြလေသည်။ လူတွေသာ ပြောင်းလဲတတ်ကြတာပဲ။ မျောက်တွေက ငါ့ကိုမှတ်မိသေးတယ်။ အဘသည် ရီဝေသောမျက်လုံးအစုံကို ပွတ်၍ ကားပေါ်မှတပည့်တွေကို ထိုင်စောင့်နေပါသည်။ မကြာမီ အဘသား သမီးများလည်း တောင်ကလပ်ပေါ်မှ ဘုရားဖူးပြီး ပြန်ရောက်လာကြသည်။

"အဘတစ်ယောက်တည်း သားတို့အားနာနေတာ"

"ငါတစ်ယောက်တည်းမဟုတ်ဘူး ဒီမှာမျောက်တွေအများကြီး ငါ့ကိုလာနှုတ်ဆက်နေတာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

"မျိုးအောင်"

"ဟုတ်ကဲ့ အဘ"

"အားလုံးလူစုံပြီလား"

"စုံပါပြီ အဘ"

"ဒါဆို တို့ပြည်ကိုပြန်ကြမယ်"

"အဆင်သင့်ပါပဲ အဘ"

ကိုမျိုးအောင်သည် ကားကိုဖြည်းဖြည်းစွာမောင်းထွက်လာခဲ့သည်။ အဘ သားသမီးများလည်း တောင်ကလပ်... တက်ရသဖြင့် အတော်ပင်ပန်းနွမ်း... နေကြသည်။ မည်သူမျှစကားမပြော... ဘဲ ကားပေါ်တွင် လေး၍လိုက်ပါလာ... သည်။ တောင်ခြေတွင် တစ်ယော... တည်းနေခဲ့သောငါတို့အဘ ဘာတွေ... နေတယ်၊ ဘာရည်ရွယ်ချက်နဲ့ ပုပ္ပား... လာတယ်ဆိုတာ မည်သူမျှမသိကြ...

**❑ အဘနှင့် သိဒ္ဓိအောင်တို့တွေ့ဆုံခြင်း**

ပုပ္ပားတောင်ကလပ်တွင် ဦး... ကဲ့သို့ မွေးစားခဲ့သော သားတစ်ယော... ရှိပါသေးသည်။ အမည်မှာ သိဒ္ဓိ... ဟု ခေါ်ပါသည်။ တောင်က...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီးသောဘက် အစွန်ဆုံးသောနေရာ အမြင့်တွင် ဓာတ်ခန်းဖွင့်ထားပါသည်။ သူနေတာကတော့ ရန်ကုန်မှာနေပါသည်။ ရန်ကုန်နှင့်ပုပ္ပားကို ရေအိုးနှင့်ရေမှုတ် လာ သွားချည်လာလှည့်ပြုလုပ်နေပါ သည်။ သိဒ္ဓိအောင်သည် ဆံပင်ရှည်ပြီး အရုပ်အမောင်းကောင်းသည်။ အထက် အောက်အညိုရောင်ဝတ်စုံကို ဝတ်ဆင် ထားသည်။ ပုတီးကို လည်မှာဆွဲထားပြီး မျှခေတ် မြန်မာလူမျိုးတစ်ယောက်၏ ပုံမျိုးတွေ့ရ၏။ အဝေးမှကြည့်ပါက ပုပ္ပားအောင်မင်းခေါင်နှင့်အတော်တူလေ သည်။ ပုပ္ပားတွင် ဓာတ်ခန်းဖွင့်ပြီး ဗေဒင် ဟောခြင်း၊ လက္ခဏာကြည့်ခြင်း၊ ဓာတ်ရိုက် ဓာတ်ဆင်ပြုလုပ်ပေးရာ အတော်နာမည် ရ၏။ အတော်များများ သိဒ္ဓိအောင် ဓာတ်ခန်းသို့ ရောက်လာကြ၏။ မိမိ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ ဟောတိုင်းမှန်ပြီး ရှေ့ဖြစ်နောက်ဖြစ်များ ကို တိတိကျကျဟောနိုင်သဖြင့် နာမည် ကြီး၏။ လူတိုင်းလိုလို ဓာတ်ခန်းကို ရောက်ကြလေသည်။ ရောက်သူတို့၏ အိုင်ဆန္ဒပြည့်ဝပြီး ဝမ်းသာအားရပြန် သွားရခြင်းဖြင့် အထင်ကြီးကြ၏။ အဘ အောင်မင်းခေါင်၏ မွေးစားသားပီပီ အဘဓာတ်ကို အပြည့်အဝရပြီး ဆောင် ရွက်သဖြင့် အတော်ခရီးပေါက်နေလေ သည်။

သိဒ္ဓိအောင်သည် ယနေ့ ရန်ကုန် သို့ပြန်သွားရမည်။ကျောက်ပန်းတောင်း- မှတစ် အမြန်လက်မှတ်ယူပြီး ညကား ဖြင့်ပြန်ရမည်။ ပုပ္ပားတောင်ကလပ်ခြေမှ မိမိဓာတ်ခန်းကိုပိတ်ပြီး အောက်ခြေသို့ ဖြည်းညင်းစွာဆင်းလာ၏။ လက်ထဲတွင် လက်ဆွဲအိတ်တစ်လုံးသာပါလေသည်။ တောင်ပေါ်မှ ဖြည်းညင်းစွာဆင်းလာပုံ ကို ဦးဇေကြီး အဝေးမှလှမ်းမြင်လိုက်ရ သည်။

"ဟိုမှာ ငါတို့အဘ"

ဟု နှုတ်မှယောင်ထွက်သွားလေ သည်။အဘအောင်မင်းခေါင်နှင့်အတော် တူပေသည်။ အနီးကပ်ကြည့်မှ အဘ မဟုတ်မှန်းသိလေသည်။ လက်ဆွဲအိတ် ကိုဆွဲပြီး မိမိတို့အုပ်စုကိုဖြတ်ကျော်ပြီး တောင်ကလပ်တောင်ခြေသို့ဆင်းသွား လေသည်။ မယ်ဝဏ္ဏနတ်နန်းကိုကျော်ပြီး လက်ဆွဲအိတ်ကိုဆွဲရင်း ကျောက်ပန်း တောင်းကားကြုံကိုရပ်၍စောင့်နေလေ သည်။ နေပူပူတွင် ချွေးတွေထွက်နေပြီး ကားကိုစောင့်မျှော်နေလေသည်။ ဒီနေ့ မှ ကားကြုံကရှားလေသည်။ မကြာမီ Master Jeep ကားတစ်စီးမောင်းလာ တာကို မြင်ရ၏။ အမြန်လက်တား၍ ကားကြုံစီးချင်ကြောင်း ပြောနေလေ သည်။

သိဒ္ဓိအောင်တားနေသောကားမှာ အဘစီးလာသောကားဖြစ်သည်။ အဘ သည် သိဒ္ဓိအောင်ကို အဝေးမှလှမ်းမြင် ရ၏။ လက်တား၍ရပ်ခိုင်းနေသော သိဒ္ဓိ အောင်ကို တွေ့မြင်ရပြီး -

"မျိုးအောင်၊ ဟိုမှာလက်တားပြီး ရပ်ခိုင်းနေတာ တွေ့လား"

"တွေ့တယ် အဘ"

"ဒီကောင့်ကို ကားရပ်ပေးလိုက်၊ ငါတို့ကားပေါ်ခေါ်လာခဲ့"

ကိုမျိုးအောင်သည် သိဒ္ဓိအောင် အနားသို့ရောက်သောအခါ ကားကိုရပ် ပေးလိုက်၏။ သိဒ္ဓိအောင်သည် ကားပေါ် သို့တက်လာပြီး ကျောက်ပန်းတောင်းမြို့ သို့ ကားကြုံလိုက်ချင်ကြောင်း၊ ခုလိုကား ရပ်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောလေသည်။မယ်ဝဏ္ဏနတ်နန်းအလွန် မှ ကားရပ်တင်လာပြီး ကားပေါ်တွင် ကျေနပ်စွာလိုက်ပါလာလေသည်။ အဘ က သိဒ္ဓိအောင်ကိုမေး၏။

"မင်းဘယ်သွားမှာလဲ"

"ကျွန်တော် ကျောက်ပန်းတောင်း ကိုသွားမှာပါ။ညကားနဲ့ ရန်ကုန်ကိုဆက် ဆင်းမှာပါ"

"အေးအေး - မင်းငါ့ကိုသေသေ ချာချာကြည့်၊ အာရုံယူပြီးကြည့်"

"ဟုတ်ကဲ့"

"ငါဘယ်သူလဲ"

"..............."

သိဒ္ဓိအောင်သည် မျက်လုံးကိုမှိတ် ပြီး အာရုံယူကြည့်ပါသည်။ မိမိအာရုံထဲ တွင် ဘာမှသဲသဲကွဲကွဲမမြင်ရပါ။မျက်မှန် အထူကြီးတပ်ပြီး ငါ့ကိုသေသေချာချာ အာရုံယူကြည့်နေပြောသူမှာဘယ်သူလဲ။ သာမန်ပုဂ္ဂိုလ်တော့မဟုတ်ဘူး။ စဉ်းစား ၍မရပါ။ ပြီးတော့ ငါနဲ့ရေစက်နီးနေ တယ်။ ဘယ်သူလဲ။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ ပုထုဇဉ်လူသားတို့သည် တစ်ခဏချင်း အာရုံစူးစိုက်၍မရနိုင်ပါ။ ရမ်းပြောမှာပဲ ဟုဆုံးဖြတ်ပြီး -

"အဘက ပထမ..."

ဟု ပြောလိုက်၏။

"ဘာပြောတယ်"

"*အဘက ပထမအဘပါ*"

"ဟေ့ကောင် သိဒ္ဓိအောင်၊ မင်း ခုထိရမ်းချတုန်းလား"

"ဗျာ"

ထိုသို့ ခေါ်လိုက်သော 'ဟေ့ ကောင် သိဒ္ဓိအောင်' ဟူသောအသံကို ကောင်းစွာမှတ်မိလိုက်သည်။ ငယ်စဉ်က မိမိကိုခေါ်လိုက်အသံနှင့် ယခုအသံ သည် မပြောင်းလဲပါ။ ထပ်တူထပ်မျှတူ နေလေသည်။ မိမိ၏ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးထ၍တုန်လှုပ်ချောက်ချားသွား လေသည်။ အဘအောင်မင်းခေါင်ပဲဖြစ်ရ မည်ဟု အာရုံကိုစုစည်း၍ကြည့်လိုက် သောအခါ အဘအောင်မင်းခေါင်၏ ပုံရိပ်ကို ထင်ထင်ရှားရှား တွေ့မြင်ရပေ သည်။ ဒါ ငါတို့အဘ အောင်မင်းခေါင် ပဲ။

"အဘ အဘ အဘ"

အသံထွက်၍ အော်ဟစ်တမ်းတ လိုက်ပါသည်။ ရင်ထဲတွင် ဆို့တက်လာ ပြီး ဝမ်းနည်းမှုတွေပြည့်လာ၏။မျက်ရည် တွေ ဒလဟောစီးကျပြီး နှလုံးခုန်မှုတွေ မြန်လာလေသည်။ အနှစ်နှစ်အလလ ကွဲကွာသွားသောအဘအောင်မင်းခေါင် ကို အခုလို မမျှော်လင့်ဘဲ ရုပ်ရောနာမ်ပါ ဖူးတွေ့လိုက်ရတာ သိကြားနတ်တွေမလို့ ဖူးတွေ့ရခြင်းဖြစ်ပါသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတွေ တစ်ထပ်ပြီးတစ်ထပ် ဆင့်ပြီး စကားမပြောနိုင် အားရပါးရငိုချ လိုက်ပါသည်။

"အဘရယ်၊ သားကိုခွင့်လွှတ်ပါ။ သား သိဒ္ဓိအောင်ပါ။ ကံမကုန်လို့ ပြန်ဆုံ ရတာ သားအရမ်းဝမ်းသာတယ်။ ခွဲခွာ သွားတာကြာလို့ ငယ်ငယ်ဘဝကိုသတိရ တော့ ဝမ်းနည်းမိတယ်"

"အေးအေး-မင်းကိုငါသိပါတယ်။ ဒါကြောင့် ငါ့ကားပေါ်တင်ခေါ်လာတာ ပေါ့"

"ဒီအမည်ကို အဘပေးခဲ့တာလေ"

"ငါ့ကိုသေသေချာချာသိပြီပေါ့"

"ဟုတ်ကဲ့ အဘ"

"မှတ်ထား၊ ဝိဇ္ဇာထွဋ်ခေါင်အောင် မင်းခေါင်ဆိုတာငါပဲ"

"ဗျာ"

ဦးဇေကြီး၊ ဦးမျိုးအောင်၊ ဦးကျော် ကျော်နှင့် မပြုံးတို့မှာ အံ့သြနေကြသည်။ မိမိတို့ ကိုးကွယ်နေသော အဘသည် အောင်မင်းရှင်ဟုသာသိထား၏။ အောင် မင်းခေါင်ဟု မသိကြပါ။ ယခုလို ပုပ္ပား တောင်ကလပ်ခြေတွင် ပုပ္ပားအောင်မင်း ခေါင်ဝိဇ္ဇာမိုရ် ကြီးစိုးရာနေရာတွင် ငါတို့ အဘက 'ဝိဇ္ဇာထွဋ်ခေါင် ငါအောင်မင်း *ခေါင်ပဲ'* ဟု လက်မထောင်၍ နှုတ်မှ မြွက်ကြားသံကြားရခြင်းကြောင့် အံ့သြ သွားကြခြင်း ဖြစ်ပါသည်။ ပုပ္ပားတောင် ကလပ်မှ တောင်အောက်သို့ အဆင်း လမ်းနှင့် ပုပ္ပားမြို့သွားကားလမ်းဆုံတွင် ပြောကြားခြင်း ဖြစ်သည်။ ညာဘက်



www.burmeseclassic.com

www.burmeseclassic.com

တောင်စောင်းတွင် အဘအောင်မင်းခေါင်ရုပ်တုကြီးက အကြီးကြီးရှိနေလေသည်။ ဦးဝေကြီးသည် အဘကို သေသေချာချာကြည့်ပြီး-

'ဘုရား ဘုရား ဘုရား - ငါတို့အဘကတော့ သူ့ကိုယ်သူ ဝိဇ္ဇာထွင့်ခေါင်အောင်မင်းခေါင်လို့ ပြောနေပြီ။ တကယ့်နေရာကျမှ ဘာလို့ပြောရတာလဲ။ အဘအောင်မင်းခေါင်မဟုတ်ဘဲ ညာပြောရင်တော့ ဒုက္ခပဲ။ ငါလည်း နားရှိလို့သာကြားလို့ရတာ။ အဘအောင်မင်းခေါင်လို့ မထင်မိဘူး'

အဘအောင်မင်းခေါင်ကို ထင်မထားသောဦးဝေကြီးမှာ တောင်စောင်းမှ အဘရုပ်ကိုကြည့်လိုက်၊ လက်ရှိအဘရုပ်ကိုကြည့်လိုက်နှင့် ကျောချမ်းလာ၏။ တောင်စောင်းမှထိုင်နေသောအဘရုပ်တုကြီးမှာ ဣန္ဒြေရစွာဟည်ရှိလေတော့၏။

"သိဒ္ဓိအောင်"

"ဟုတ်ကဲ့ အဘ"

"မင်းဘာပြောချင်လဲ။ ရင်ထဲမှာရှိတာ ပြောချလိုက်"

"သား အဘနဲ့ခွဲရတာ နှစ်(၄၀) ကျော်ပြီ။ အခုမှပြန်တွေ့ရတာ သားအဘနဲ့ မခွဲနိုင်ဘူး။ အဘနောက်ကို လိုက်ခွင့်ပြုပါ"

"အဘရယ် မမျှော်လင့်ဘဲ အဘနဲ့ဆုံရတာ သားဝမ်းသာလွန်းလို့ပါ။ သားကိုထပ်ပြီးခွဲမသွားပါနဲ့"

"ငါ ဒီကိုလာတာ ငါပြန်ဝင်လာပြီဆိုတာသိအောင ပြောဖို့လာတာ။ စံဖေဆိုတဲ့ကောင်ကတော့ ငါခေါင်းလောင်းသံပေးပေမယ့် ငါ့ကိုမမှတ်မိတော့ဘူး။ ငါကတိစကားအရ ငါလာခဲ့ပေမယ့် ပြောလို့မယုံဘူး။ အခု မင်းကို ငါဖွင့်ပြောပြီးပြီ။ ဒါကြောင့် ငါ့တာဝန်ကျေပြီ"

"ဟုတ်ကဲ့ အဘ"

"သား သိဒ္ဓိအောင်"

"မင်း အဘစကားကို နားထောင်ရမယ်"

"ဟုတ်ကဲ့"

"မင်း ငါ့ကိုတွေ့ခဲ့တယ်လို့ ဘယ်သူ့မှမပြောရဘူး"

"ဗျာ"

"ဟုတ်တယ်။ ငါပြန်လာပြီ၊ ပြန်တွေ့ခဲ့တယ်လို့ မင်း ဘယ်သူ့မှမပြောရဘူး။ မင်းမှာကတိ လူမှာသစ္စာတဲ့၊ မင်းကတိတည်မြဲပါစေကွာ"

"ဟုတ်ကဲ့ အဘ"

"ငါလည်း အတိတ်ကတပည့်တွေ အတိတ်မှာပဲထားခဲ့မယ်။ ပြည်ဖုံးကားချခဲ့မယ်။ ပြည်တော်ဝင်လာမှ တွေ့ရတဲ့သားသမီးအသစ်တွေနဲ့ ခရီးဆက်ဖို့ရှိသေးတယ်"

"ဟုတ်ကဲ့ အဘ၊ သားတော့ ဆက်တွေ့ခွင့်ပြုပါအဘ"

"မင်းလည်း အတော်အောင်မြင်နေပြီ။ ငါ့ရဲ့ဓာတ်နဲ့ဆက်လုပ်ပေါ့။ မင်းလမ်းမင်းဆက်လျှောက်ပေါ့။ ငါလည်း ငါ့အလုပ်ကိစ္စရှိလို့ ခဏပြန်ဝင်လာတာ"

"အဘရယ် သားတော့ အဘနဲ့တွေ့ရတာ ထိပေါက်သလိုဝမ်းသာပါတယ်။ ဒါပေမယ့် ထီပေါက်ပြီး ထီလက်မှတ်ပျောက်သလိုပဲ။ သားဝမ်းနည်းမိတယ်"

"ငါလည်း သာသနာ့ကိစ္စတွေလည်းလုပ်စရာရှိသေးတယ်။ အကြောင်းစုံရင် မြန်ဆုံကြတာပေါ့"

"ဟုတ်ကဲ့ အဘ။ သား အဘအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိတဲ့အပြစ်တွေကို သည်းခံခွင့်လွှတ်ပါ အဘ။ သား အဘကို ကန်တော့ခဲ့ပါတယ်"

"အေးအေး - သည်းခံခွင့်လွှတ်ပါတယ်ကွယ်။ ကဲကဲ - မင်းလည်းမင်းလမ်းကို မင်းဆက်သွားတော့နော်"

"ဟုတ်ကဲ့ အဘ"

မျက်ရည်များကိုသုတ်ပြီး ဝမ်းနည်းမှုတွေဖြေသိမ့်ရင်း ကျောက်ပန်းတောင်းသို့ ရောက်လာ၏။ ဦးမျိုးအောင်မှ သိဒ္ဓိအောင်သွားချင်သောကားဂိတ်သို့ လိုက်ပို့ပေးပါသည်။ သိဒ္ဓိအောင်လည်း ကားပေါ်မှဆင်းပြီး အဘကိုနှုတ်ဆက်ရင်း ကျောက်ပန်းတောင်းတွင် ကျန်ရစ်ခဲ့လေသည်။ နောက် အဘနှင့်ထပ်မတွေ့ဖြစ်တော့ပါ။ ကိုမျိုးအောင်သည် ကားကို ငွေးချိုဘက်သို့ မောင်းထွက်လာပါသည်။ ငွေးချိုလမ်းခွဲမှ ရေနံချောင်း၊ မကွေး၊ တောင်တွင်းကြီးအတိုင်း ပြည်သို့ပြန်လာကြပါသည်။

အဘသည် ပြည်တော်ဝင်လာပြီး ပြည်တော်ဝင်ပွဲများကို နှစ်စဉ် သားသမီးအသစ်များနှင့် ကျင်းပကြသည်။ ပုပ္ပားအောင်မင်းခေါင်ဘဝက ကတိပြုခဲ့သော အဆန်မပါခေါင်းလောင်းလေးဖြင့် အသံပေး၍ (ငါပြန်လာပြီ) ဟုပြောပြီးပြီ။ အခု အဘကိုယ်တိုင် ပုပ္ပားသို့ ကြွလာပြီး ငါ ပုပ္ပားအောင်မင်းခေါင်ပါဟု ဖွင့်ဟကြေညာပြီးပြီ။ ယုံခြင်း၊ မယုံခြင်းက အဘနှင့် မသက်ဆိုင်တော့ပါ။ အဘ တာဝန်ကျေပြီဖြစ်၍ နောင်ခေါင်းလောင်းလည်း ဘယ်တော့မှမြည်တော့မှာမဟုတ်သလို ပုပ္ပားမြေသို့လည်း ဘယ်တော့မှ ပြန်မလာတော့ပါ။

ကျွန်ုပ်သည် အဘကို ကြည်ညို သဒ္ဓါထက်သန်သူပီပီ အဘ ခေါင်းလောင်းလေးမြည်ပုံ၊ အဘ မြင်း ၍ ပြည်တော်ပြန်ဝင်လာပုံကို သီချင်း တစ်ပုဒ် ရေးစပ်သီကုံးခဲ့ပါသည်။ အဘ ၏ တပည့်သားသမီးများ ခံစားပွားများ နိုင်ပါစေသတည်း။

### အောင်မင်းခေါင်ပြည်တော်ဝင်

□ သာသနာ. . . . ရောင်ဝါလင်းစေ
. . . ဘမင်းခေါင်ဏ. . သိန္ဓောမြင်း
ပြည်တော်ဝင်. . . စင်မြင့်ရွှာအဝင်. .
(မန်ကျည်းပင်အောက်တွင် အထိမ်း
အမှတ်အဖြစ် မြင်းစီးရုပ်ကို ထုလု
မှတ်တမ်းတင်. . . ပြည်တော်ဝင်
မှာကပင် ရုပ်နာမ်တွဲလျက်ဖူးခဲ့ရ
. . . ဦးညွှတ်ဂါရဝ. . . တင်ပ
ဆက်များ ပါရမီဆက်ပေါ့အစဉ်. . .
တပည့်သားသမီးတွေကစုံလင်. . .
ပြည်တော်ဝင်ဘုရားကိုပင်. . . တ
ဏာထားလို့တည်ထားခဲ့ကာပင်. . .
ရောင်ခြည်တော်တွေ ကွန့်မြူး
. . . ဖူးမြင်ရ အားရွှင်လန်း ဘ
. . . အောင်အတိတ်နဲ့ အောင်နိမိ
ယူလျှင်. . . လာရောက်လှည့်ပါ. . .
အမိဌာန်စခန်းဝင်. . : )[၂]
(ပုပ္ပားမင်းခေါင်ဘဝနဲ့ တပည့်များ
အား ကရုဏာသက်ဝင်. . . နော
အခါ. . . မင်းအတို့အဘပြန်ကြွလာ
လို့လာရင် . . . အဆန်မပါ ခေါ
လောင်းလေးက ချိုမြလို့ကြည်ကြ
လွင်လွင်. . . (ထင်ရှားစွာမြည်လာ
ရင်ဖြင့် အဘမင်းခေါင်ပြန်လာပြီ
. . . )[၂] တထစ်ချမှတ်ပေါ့ထင် . . .
အဘ. . . မ. . သွား. . ခင် အဆ
မပါ ခေါင်းလောင်းလေးကိုထားထာ
. . . ကလပ်ပေါ်တွင်) [၂]
(သည်ခေတ်သည်ခါတွင်. . အဆ
မပါခေါင်းလောင်းလေးက ဆယ
မက အသံပြုလို့သာပင် ဘမင်းခေါ
လာပြီဟော့လို့. . . မျှော်နေသူများ. .
ဝမ်းသာအားရ. . . နီးကြားလာ
အသွင်. . . မင်းခေါင်ဘယ်မှာလဲ
. . . စမ်း. . . တဝါး. . . ဝါးရှာနေ
ရှာထင်. . . မသိသူတွေကျော်သွား
တာမို့ စေတနာရှေ့ထားကာ. . .
စာရေးဆရာ အဏ္ဏဝါလှိုင်းက လ
ညွှန် နှိုးဆော်ရပါတမင်. . . )[၂]

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး
# တားရော့ဖြန့်ခင်းပုံနည်းစနစ်

Robert အတွက် ငွေကြေးကိစ္စ

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ငါးမြှောင့်ကြယ် (၂) ခုကားချပ် |
| ဒုတိယကားချပ် | ဧကရာဇ်ကားချပ် (ပြောင်းပြန်) |
| တတိယကားချပ် | တောင်ဝှေး(၄)ချောင်းကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ငါးမြှောင့်ကြယ် (၄) ခု ကားချပ် (ပြောင်းပြန်) |
| ပဉ္စမကားချပ် | မင်းလုလင် ငါးမြှောင့်ကြယ်ကားချပ် |
| ဆဋ္ဌမကားချပ် | ဘုရင့်ဓားကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ချစ်သူများကားချပ် |
| အဋ္ဌမကားချပ် | မရဏမင်းကားချပ် (ပြောင်းပြန်) |
| နဝမကားချပ် | ဧကရီကားချပ် |
| ဒသမကားချပ် | ဓား (၅) လက်ကားချပ် |

ဟော်ကြားခြင်း

မေးခွန်း (၁)

ငွေရေးကြေးရေးပူပန်ရပါသလား။

အဖြေ

ငါးမြှောင့်ကြယ် (၂) ခုကားချပ်။ Robert က ၎င်းအနေဖြင့် ဝင်ငွေ၊ ထွက်ငွေမျှတအောင် မည်သို့သုံးစွဲရမည်ကို သိရှိကြောင်းပြောပါသည်။ ၎င်း၏ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ မကောင်းသော အစီရင်ခံစာများကြောင့် ငွေကြေးကိစ္စအတွက် အနည်းငယ်စိုးရိမ်ပူပန်နေရပါသည်။ သူ့အတွက် သက်သာရာရစေမည့် ငွေကြေးဆိုင်ရာအပြောင်းအလဲကိုသာ စိတ်ရှည်စွာစောင့်ဆိုင်းနေရသည်။

မေးခွန်း (၂)

လတ်တလောငွေကြေးလုံခြုံမှုအတွက် အလိုဆန္ဒ။

အဖြေ

The Emperor ပြောင်းပြန်။ မသေချာသော စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံထားသောကြောင့် Robert အတွက် လှုပ်ရှားမှုတိုင်း၌ စိုးရိမ်ကြောင့်ကျမှုဖြစ်နေရသည်။ ၎င်းအနေဖြင့် ငွေကြေးပိုင်ဆိုင်မှုကို အဓိကထားနေသည့် (ရုပ်ဝါဒီ) သမားဖြစ်နေသည်ကို Robert က သဘောမပေါက်ပေ။

မေးခွန်း (၃)

ပျော်ရွှင်မှုဖြစ်စေရန် ငွေကြေးကို ဘယ်လိုကိုင်တွယ်မလဲ။

အဖြေ

(Four of wands) Robert က ငွေကြေးကိစ္စကိုသာ ဦးနှောက်ထဲထည့်သွင်းထား၍ အလုပ်နှင့် လူမှုအသိုင်းအဝန်းကြား သဟဇာတမဖြစ်ဘဲရှိနေသည်ကို ကိုယ်တိုင်သဘောမပေါက်သေးချေ။ သဘာဝအတွင်းသို့ အလိုရှိသည့်အရာတိုင်း ဝင်ရောက်လာနိုင်ရန် စိတ်အာရုံအား ဖန်တီးကုစားဖို့လိုပါသည်။ အခြေအနေမပေးသေးပါက အလိုဆန္ဒကို ရွှေ့တန်းတင်၍မရသေးပေ။

မေးခွန်း (၄)

ယခင်က ငွေကြေးနှင့်ပတ်သက်၍ ဘယ်လိုသဘောထားခဲ့သလဲ။

အဖြေ

(Four of Pentacles) ယခင်က ငွေတန်ဖိုးကို Robert နားမလည်ခဲ့ပါ။ ငွေကို ဖြုန်းတီးပစ်ရန်အတွက်သာ နားလည်ခဲ့သည်။မိမိအတွက် နည်းနည်းရ၍ (မိတ်ဆွေ) အများအတွက် များများသုံးခဲ့သည်။ ထို့နောက်ပိုင်း ကျန်းမာရေးပါ ထိခိုက်လာပြီး ငွေကုန်ကြေးကျများလာခဲ့သည်။

မေးခွန်း (၅)

ငွေကြေးချမ်းသာမှုအတွက် တာဝန်ယူရမှုပြဿနာများရှိခဲ့သလား။

အဖြေ

(Page of Pentacles) အသက်မွေးဝမ်းကျောင်းတိုးတက်ရေးနှင့် ဝင်ငွေပိုမိုရရှိစေလိုသည့်ဆန္ဒကို ဤကားချပ်က ဖော်ပြသည်။ ယခင် ဆုံးရှုံးခဲ့ရသော ငွေများအတွက် ယခုဝင်ငွေပိုမိုရရှိလိုလာသည်။ မြန်မြန်နှင့် လွယ်လွယ်ရသည့်နည်းဖြင့် ငွေရှာလိုသည်။ ငွေမည်မျှရင်းနှီးမြှုပ်နှံထားသော်လည်း ဆုံးရှုံးရမည့် အခြေအနေကများနေသည်။ ငွေကြေးနှင့်ပတ်သက်၍ အတွေးမှန် လှုပ်ရှားမှုအမှန်များဖြင့် တာဝန်ယူရမည် ဖြစ်ပါသည်။

မေးခွန်း (၆)

ငွေကြေးရင်းနှီးမြှုပ်နှံမှု စုဆောင်းမှုအတွက် အစီအစဉ်သစ်ရေးဆွဲထားသလား။

အဖြေ

King of swords ပြောင်းပြန်။ Robert က ၎င်းပိုင်ဆိုင်သည့်ငွေကြေးများနှင့်ပတ်သက်၍ အစီအစဉ်သစ်မရေးဆွဲပါ။ နောက်ဆုံး ရင်းနှီးမြှုပ်နှံမှုအခြေအနေအကောင်း၊ အဆိုးကိုသာ စိုးရိမ်စွာဖြင့် စောင့်ဆိုင်းနေပါမည်။

မေးခွန်း (၇)

ငွေကြေးနှင့်ပတ်သက်၍ အနာဂတ်အတွက် မည်သို့ ဆင်ခြင်သုံးသပ်ပါသလဲ။

အဖြေ

(The Lovers) Robert က သူ၏ ယခင် အကျင့်စရိုက်ဟောင်းများကို ပြုပြင်ပြီး ကောင်းသောအတွေ့အကြုံသစ်များဖြင့် ဘဝကို ဆက်လက် ရှင်သန်နိုင်

www.burmeseclassic.com

ရန် စိတ်ကူးရှိသည်။ ငွေကြေးနောက်ထပ်ရင်းနှီးမြှုပ်နှံမှုအတွက် အဆောတလျင်မလုပ်ဘဲ (အလျင်အမြန်ချမ်းသာခြင်းထက် ရင်းနှီးငွေများမဆုံးရှုံးသွားရန်အတွက်သာ) ဆင်ခြင်သုံးသပ်သွားပါမည်။

**မေးခွန်း (၈)**

ငွေရှာခြင်းအတွက် ဘယ်လိုအရည်အချင်းတွေရှိရမှာလဲ။

**အဖြေ**

Death ပြောင်းပြန်။ မရဏမင်းကားချပ်သည် တားရော့ကားချပ် အဓိကကားချပ်အနက် (၁၃) ချပ်မြောက်သောကားချပ် ဖြစ်သည်။ Robert အတွက် ဖြန့်ခင်းထားသည့်ကားချပ်များအရ Robert ကိုယ်တိုင် ကျွမ်းကျင်သောဝေဒပညာရှင် ဖြစ်လာခဲ့ပါက ငွေရှာနိုင်သော နည်းလမ်း၊ အရည်အချင်းများ ပိုင်ဆိုင်နိုင်ပြီဟု ဆိုနိုင်ပါသည်။

**Comment (ထင်မြင်ယူဆချက်များ)**

Robert အတွက် ဖြန့်ခင်းထားသော ပြောင်းပြန်ကားချပ်တွင် ကာယကံရှင်၏ မကောင်းသော အတွေးအထင်များကို ဖော်ပြထားသည်။ Robert အတွက် ယုံကြည်မှုခိုင်မြဲရန် လိုအပ်သည်။ ၎င်းကိုယ်တိုင် ကျွမ်းကျင်စွာဖန်တီးနိုင်မှုဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါမည်။

**Peter အတွက် ငွေရေးကြေးရေး**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ဘုရင့်တောင်ဝှေးကားချပ် |
| ဒုတိယကားချပ် | ရဟန်းမင်းကြီးကားချပ် |
| တတိယကားချပ် | သူရိယကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ဘုရင့်ဖလားကားချပ် |
| ပဉ္စမကားချပ် | ချစ်သူများကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဖလား (၃) လုံးကားချပ် |
| သတ္တမကားချပ် | ဖလား (၄) လုံးကားချပ် |
| အဋ္ဌမကားချပ် | မြင်းစီးသူရဲကောင်းကားချပ် (ပြောင်းပြန်) |

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ငွေရေးကြေးရေးပူပန်ရပါသလား။

**အဖြေ**

(King of wands) Peter က လွတ်လပ်သူ၊ ဆိုရှယ်ကျသူ၊ မိသားစု မိတ်ဆွေအသိုင်းအဝန်းနှင့် ပျော်ရွှင်စွာနေတတ်သူ ဖြစ်သည်။ ငွေကြေးကိစ္စ၌ အကန့်အသတ်ဖြင့် (လုံခြုံစိတ်ချစွာ) သုံးတတ်သူ ဖြစ်သည်။

**မေးခွန်း (၂)**

လတ်တလော ငွေကြေးလုံခြုံမှုအတွက် ဆန္ဒ။

**အဖြေ**

(The Hierophant) စိတ်တည်ငြိမ်စွာပြုမူနေထိုင်တတ်ခြင်းဖြင့် ၎င်း၏ငွေကြေးကိစ္စသာမက အခြားလူမှုရေးကိစ္စများကိုပါ ဖြေရှင်းသွားနိုင်ပါသည်။

**မေးခွန်း (၃)**

စိတ်ပျော်ရွှင်မှုဖြစ်စေရန် ငွေကြေးကို ဘယ်လိုကိုင်တွယ်မလဲ။

**အဖြေ**

The Sun ပြောင်းပြန်။ မိမိကိုယ်မိမိ ယုံကြည်ခြင်းနည်းသောကြောင့် ကြီးမားသောမျှော်လင့်ချက်များ လက်လွတ်ရတတ်ကြောင်း ဤကားချပ်က ဖော်ပြသည်။ ၎င်းပြင် ပြဿနာဒုက္ခအဝဝကိုပါ ထပ်ဆင့်ဖြစ်စေတတ်သည်။ မိသားစုအတွင်း၌သာမက ပြင်ပအသိုင်းအဝန်း၌ပါ ပဋိပက္ခဖြစ်တတ်ပါသည်။

**မေးခွန်း (၄)**

ယခင်က ငွေကြေးနှင့်ပတ်သက်၍ ဘယ်လိုသဘောထားခဲ့သလဲ။

**အဖြေ**

(King of cups) Peter ၏မိသားစုဝင်ကောင်းတစ်ယောက် ဖြစ်သည်။ မိသားစုအပေါ် ရက်ရောစွာချစ်ခင်မြတ်နိုးတတ်သည်။ သို့သော် လုံခြုံစိတ်ချမှုရှိရန် လိုသည်။ Peter အနေဖြင့် သားသမီးများအား အလိုလိုက်ယွန်းခြင်း၊ ငွေကြေးဖြုန်းတီးစေခြင်းကိုမရှိစေဘဲ ထိန်းချုပ်တတ်ရန် လိုပါသည်။

**မေးခွန်း (၅)**

ငွေကြေးချမ်းသာမှုအတွက်တာဝန်ယူရမှုပြဿနာရှိခဲ့ပါသလား။

**အဖြေ**

The Lovers ပြောင်းပြန်။ ငွေကြေးအခြေအနေနှင့်ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်ချရန်ဆန္ဒမရှိပါ။ တစ်နည်းအားဖြင့် ငွေကြေးကိစ္စ၌ အများတစ်စုံတစ်ရာမဖြစ်စေခြင်းပင် ဖြစ်သည်။

**မေးခွန်း (၆)**

ငွေကြေးရင်းနှီးမြှုပ်နှံမှုအတွက် အစီအစဉ်သစ်ရေးဆွဲထားသလား။

**အဖြေ**

(Three of cups) မိမိကိုယ်မိမိ အကောင်းဆုံးသော ပျော်ရွှင်မှုရစေရန် ကြိုးစားတတ်ပြီး ငွေကြေးအစီအစဉ်သစ်များရေးဆွဲထားခြင်းမရှိပါ။ Peter က စာဖတ်ခြင်း၊ ပျော်ရွှင်စွာနေတတ်ခြင်း မိသားစုနှင့် ပျော်ရွှင်စွာ ခရီးသွားခြင်းကို ပိုမိုနှစ်သက်ပါသည်။

**မေးခွန်း (၇)**

ငွေကြေးနှင့်ပတ်သက်၍ အနာဂတ်အတွက် မည်သို့ဆင်ခြင်ပါသလဲ။

**အဖြေ**

(Four of cups) တစ်စုံတစ်ခုသော အခွင့်အရေးသစ်တစ်ခုက ကမ်းလှမ်းလာသည်ကို သတိမမူမိသည့်ပုဂ္ဂိုလ် ဖြစ်ကြောင်း ဤကားချပ်က ကိုယ်စားပြု ဖော်ပြသည်။ Peter က အမူအကျင့်ဟောင်းများအတွင်း ဆက်လက်ရှိနေခြင်းက အနာဂတ်တိုးတက်မှုအတွက် အနှောက်အယှက်ဖြစ်စေသောကြောင့် မဖြစ်မနေ ပြုပြင်ရပါမည်။ အပန်းဖြေခရီးထွက်ရန် ငွေကြေးမလုံလောက်မှုက peter အား စိတ်ဓာတ်ကျစရာဖြစ်စေပါသည်။

**မေးခွန်း (၈)**

ငွေရှာခြင်းအတွက် ဘယ်လိုအရည်အချင်းတွေရှိရမှာလဲ။

**အဖြေ**

King of cups ပြောင်းပြန်။ ဤကားချပ် ဖော်ပြချက်အရ အခြေအနေပေါ် မူတည်၍ penter က အချိန်ပိုင်းအလုပ်လုပ်ခွင့်ရခဲ့ပါသည်။ စာဖတ်ခြင်းကို ဝါသနာပါသည့်အလျောက် book store တွင် အချိန်ပိုင်းအလုပ်လုပ်ခဲ့ပါသည်။ peter အဖို့ မိသားစုနှင့်



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တဝေးကွာခဲ့ရသော်လည်း သူ၏ငွေကြေးကိစ္စနှင့် မိမိကိုယ်မိမိ တန်ဖိုးထားတတ်လာမှုများ တိုးတက်လာခဲ့ပါသည်။

**Comment (ထင်မြင်ယူဆချက်များ)**

Peter သည် မိသားစုအရေးအတွက် စိတ်ခံစားမှုလွယ်ကူပြီး ပြည့်စုံသည်ထက်ပြည့်စုံအောင် ငွေကိုကြိုးစားရှာဖွေခဲ့သည်။ သူ့အနေဖြင့် ငွေကြေးတာဝန်ယူမှု၌ အကန့်အသတ်၊စည်းကမ်းဖြင့် ရှိနေသမျှသာ စိတ်ချမ်းသာမှုရရှိပါသည်။

**Work Spread**

| | | | |
|---|---|---|---|
| 7 | 6 | 5 | 5 |
| | 3 | 2 | |
| | | 1 | |

၁။ သင့်အလုပ်နှင့်ပတ်သက်ပြီး ဘယ်လိုအရာတွေက စိုးရိမ်ပူပန်စေပါသလဲ။
၂။ သင်မထိန်းချုပ်နိုင်လျှင် ပြဿနာဖြစ်မည်လား။
၃။ သင့်သူဌေးကို သင်ခံစားသိရှိရတာတွေပြောပြပါလား။
၄။ အလုပ်က ခန္ဓာကိုယ်ထိခိုက်မှုပြဿနာဖြစ်ပါသလား။
၅။ မကြာခင် အလုပ်ထဲမှာ အပြောင်းအလဲတွေရှိနိုင်မလား။
၆။ အလုပ်သစ်ရှာသင့်ပါသလား။
၇။ နောက်ဆုံးရလဒ်ကဘာလဲ။

**Lee အတွက် အလုပ်ကိစ္စမေးမြန်းခြင်း။**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ငါးမြှောင့်ကြယ်(၆)ခုကားချပ် (ပြောင်းပြန်) |
| ဒုတိယကားချပ် | ဖလား(၄)လုံးကားချပ် |
| တတိယကားချပ် | တောင်ဝှေး(၃)ချောင်းကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | မြင်းစီးသူရဲကောင်းတောင်ဝှေးကားချပ်၊ |
| ပဉ္စမကားချပ် | သူရိယကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဖလား(၇)လုံးကားချပ် |
| သတ္တမကားချပ် | တောင်ဝှေး(၂)ချောင်းကားချပ် (ပြောင်းပြန်) |

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

သင့်အလုပ်နှင့်ပတ်သက်ပြီး ဘယ်လိုအရာတွေက စိုးရိမ်ပူပန်စေပါသလဲ။

**အဖြေ**

six of Pentacles ပြောင်းပြန်။ Lee က အလုပ်ကရရှိသော ဝင်ငွေမလုံလောက်မှာကိုစိုးရိမ်နေရသည်။ ၎င်းပြင် အမှတ်မထင် (သူမကိုယ်တိုင်) သုံးဖြုန်းပစ်မိမှာစိုးရိမ်နေပါသည်။

**မေးခွန်း (၂)**

သင်မထိန်းချုပ်လျှင် ပြဿနာဖြစ်မည်လား။

**အဖြေ**

(four of cups) Less အလုပ်အတွင်း ရာထူးနေရာအသစ်၌ တာဝန်ပေးခံရသည်။ သို့သော် လစာငွေကယခင်လစာဟောင်းအတိုင်းပင်ရရှိသည်။ သူမအနေဖြင့် အချိန်ပိုအလုပ်ဆင်းခဲ့ရသည်များရှိသည်။ သူမ၏ လုပ်အား (ချွေးနှဲစာ) ကို အကျိုးမဲ့မဖြစ်လိုပေ။ လက်ရှိအနေအထားအရ သူမကိုယ်တိုင်ဘာမှမတတ်နိုင်သောအခြေအနေ ဖြစ်သည်။ သူမပြောင်းလဲပေးနိုင်သောအချက်မှာ သူမ၏နေထိုင်ပြုမူပုံအားလုံးပြောင်းလဲပစ်ရန်သာလိုပါသည်။

**မေးခွန်း (၃)**

သင့်သူဌေးအား ခံစားသိရှိရတာတွေ ပြောပြပါသလား။

**အဖြေ**

Three of wands ပြောင်းပြန်။ Lee အနေဖြင့် သူမ၏ကိုယ်ပိုင်အရည်အချင်းအပေါ် ယုံကြည်မှုမရှိပေ။ သူမ၏သူဌေးအားခံစားချက်အတိုင်းပြောသော်လည်း အရာမရောက်ခဲ့ပေ။ သူမအခြေအနေပြောင်းလဲရန်အတွက် သူမကိုယ်တိုင်ပြုပြင်ပြောင်းလဲပေးရပါမည်။

**မေးခွန်း (၄)**

အလုပ်က ခန္ဓာကိုယ်ထိခိုက်မှုပြဿနာရှိစေပါသလား။

**အဖြေ**

မြင်းစီးသူရဲကောင်း တောင်ဝှေးကားချပ်။ ၎င်းကားချပ်သည် အလုပ်နှင့်လူမှုအသိုင်းအဝန်းဆိုင်ရာ သတင်းချက်များကို ယူဆောင်ပေးသည်။

အမြဲတစေလှုပ်ရှားနေခြင်းသဘောကိုပြသည်။ အလုပ်အကိုင်ကိစ္စ၊ ခရီးထွက်ခြင်းကိစ္စ၊ အိမ်ရာပြောင်းရွှေ့ခြင်းကိစ္စများကို ကိုယ်စားပြုသည်။

Lee အတွက် လက်ရှိလုပ်နေသောအလုပ်က ထိခိုက်မှုအန္တရာယ်မရှိနိုင်ပေ။

**မေးခွန်း (၅)**

မကြာမီ အလုပ်ထဲ၌ အပြောင်းအလဲတွေရှိနိုင်မည်လား။

**အဖြေ**

The Sun ပြောင်းပြန်။ Lee က ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ မည်သည့်အစီအစဉ်များ၌မဆို ကြိုတင်လျာထားသတ်မှတ်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ၎င်းပြင် အကြံပေးတစ်ဦးအဖြစ် အချိန်ပိုင်းအလုပ်လုပ်နေသေးသည်။ ထိုနည်းဖြင့် သူမ၏နေ့စဉ် လူနေမှုဘဝကို လိုအပ်သလို ပြုပြင်ပေးနိုင်ပါသည်။

**မေးခွန်း (၆)**

အလုပ်သစ်ရှာသင့်ပါသလား။

**အဖြေ**

ဖလား (၇) လုံးကားချပ်။ သူမ၏စိတ်ခံစားမှုအတွက် ထိန်းချုပ်နိုင်စွမ်းရှိရပါမည်။ မည်သည့်အရာမှထာဝရတည်မြဲခြင်းမရှိကြောင်းကို Lee ကကောင်းစွာနားလည်ထားသည်။ Lee က ပြဿနာရာသီဖွားဖြစ်သည်။ ပြဿနာရာသီဖွား၏သဘောအရ စိတ်ရှည်သည်းခံခြင်းအမှတ်လက္ခဏာဖော်ပြသည်။

**မေးခွန်း (၇)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**

Two of wands ပြောင်းပြန်။ Lee အနေဖြင့် ဆုံးဖြတ်ချက်တဲ့ဆိုင်းတတ်ခြင်းက အကျိုးမရှိဟု ခံယူထားသည်။ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်တတ်ခြင်းဖြင့် သူမ လျှောက်လှမ်းခရီးအတွက် အထောက်အကူဖြစ်စေပါသည်။

**Comment (ထင်မြင်ယူဆချက်များ)**

Lee က (၁၀) နှစ်ကြာခန့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့ပြီး မိမိ၏ ဆရာကောင်းဘဝ အတွက် မြတ်နိုးဂုဏ်ယူသည်။ ပြဿနာ ဖြေရှင်း ညှိနှိုင်းရန်ကိစ္စများက အမြဲရှိ နေပါမည်။ ခင်ပွန်း သားသမီးများနှင့် အချိန်ပေး၍ ပျော်ရွှင်စွာလည်ပတ်တတ် ခြင်းက သူမ၏ အလုပ်ခွင်အတွင်း၌ပါ ကောင်းသော အပြုအမူများကို ဖြစ်စေ ပါသည်။

**Jeff အတွက် အလုပ်ကိစ္စ**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ဓူဝံကြယ်ကားချပ် (ပြောင်းပြန်) |
| ဒုတိယကားချပ် | မိဖုရားငါးမြှောင့်ကြယ်ကားချပ် |
| တတိယကားချပ် | ဓား (၅) လက်ကားချပ်(ပြောင်းပြန်) |
| စတုတ္ထကားချပ် | တောင်ဝှေး (၅) ချောင်းကားချပ် |
| ပဉ္စမကားချပ် | သီလရှင်ချုပ်ကားချပ် |
| ဆဋ္ဌမကားချပ် | တောင်ဝှေး (၆)ချောင်းကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဓား (၇) လက်ကားချပ် |

**မေးခွန်း (၃)**

သင့်သူဌေးအား သင်ခံစားသိရှိရ သမျှ ပြောပြနိုင်မလား။

**အဖြေ**

Five of swords ပြောင်းပြန်။ လက်ရှိအတိုင်း ဘယ်နေရာမှ မပြောင်း လဲခြင်းက ကုမ္ပဏီအတွက် အကောင်း ဆုံးအခြေအနေဖြစ်နေကြောင်း နားလည် သဖြင့် မည်သည့်ပြဿနာမှလည်း မရှိ နိုင်ဟု Jeff က ယုံကြည်ထားသည်။ သူဌေးအနေဖြင့် ကုမ္ပဏီအကောင်းဆုံး လည်ပတ်ရန်အတွက် အတွေးအခေါ် ကောင်းများရှိသည်။ Jeff က သူဌေးစိမ် သည့်အတိုင်း နေရုံသာရှိသည်။ သူဌေး အား အကြံပြုပြောကြားချင်သော်လည်း လက်တွေ့၌ မအောင်မြင်ခဲ့ပေ။

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

သင် အလုပ်နဲ့ပတ်သက်ပြီး ဘယ် လိုအရာတွေက စိုးရိမ်ရပါသလဲ။

**အဖြေ**

The star ပြောင်းပြန်၊ Jaff အနေ ဖြင့် သူ့အလုပ်နှင့်ပတ်သက်သော ရာထူး နေရာ (မန်နေဂျာရာထူး) ဖြင့် တာဝန် ထမ်းနေသူ ဖြစ်သည်။

လက်ရှိအခြေအနေထက် ပိုမိုတိုး တက်အောင် ရည်ရွယ်ချက်သစ်များထား ရှိရန်သာလိုအပ်ပြီး လတ်တလောအား ဖြင့် စိုးရိမ်ဖွယ်ရာမရှိပါ။

**မေးခွန်း (၂)**

သင်မထိန်းချုပ်နိုင်လျှင် ပြဿနာ ဖြစ်မည်လား။

**အဖြေ**

(Queens of pentacles) Jeff ၏ ကုမ္ပဏီပိုင်ရှင်က အလွန်ဆန်းစစ်ဝေဖန် တတ်သူတစ်ဦး ဖြစ်သည်။ Jeff အတွက် ကံကောင်းသည်ဟု ဆိုနိုင်သည်။ ထို ကောင်းသော အနေအထားအတွင်းမှ Jeff အတွက် ရွေးစရာတစ်ခုတော့ရှိ သည်။

မိမိအား ခန့်ထားသော ရာထူး လုပ်ပိုင်ခွင့်၌ နေမြဲတိုင်း (ရိုးသားစွာ) နေ မည်လား။ (သို့) အလွဲသုံးစားပြုမည် လား။ (သို့) အခြားအလုပ်တစ်ခုသို့ ပြောင်းမည်လားဟူ၍ပင် ဖြစ်သည်။

**မေးခွန်း(၄)**

အလုပ်က ခန္ဓာကိုယ်ထိခိုက်မှု ပြဿနာရှိစေပါသလား။

**အဖြေ**

Five of wands ရှိပါသည်။ Jeff ၏ ညာဘက်ဒူးခေါင်း၌ ပြဿနာရှိနေပါ သည်။ ဝန်ထမ်းတစ်ဦးချင်းစီက အလုပ် ခွင်အတွင်း အသိအမှတ်အပြုခံရရေး အတွက် အကြိတ်အနယ်ကြိုးစားကြ သည်။ သို့သော် Jeff က သူ၏လုပ်ငန်း ဆိုင်ရာ အခြေအနေပေါ် ပြန်လည် ချင့်တွက်ပေးရပါမည်။

**မေးခွန်း (၅)**

မကြာမီ အလုပ်ထဲ၌ အပြောင်း အလဲတွေရှိနိုင်မလား။

**အဖြေ**

Six of wands ပြောင်းပြန်။ ထို အခြေအနေ၌ Jeff တွင် ရွေးချယ်စရာ မရှိကြောင်း ဤကားချပ်ကဖော်ပြသည်။ Jeff အတွက် အခြားတစ်ယောက်မှ လည်း ကြားဝင်ရွေးချယ်မှုလုပ်ပေးနိုင်ပါ သည်။ အောင်မြင်မှုမရနိုင်သေးသော ကာလဖြစ်၍ အခြေအနေအပြောင်းအ လဲများလုပ်ပေးသင့်သည်။

**မေးခွန်း (၇)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**


(Seven of swands) Jeff ထံ တစ်စုံတစ်ရာ အခိုးခံလိုက်ရသလိုမျိုး ခံစားနေရတတ်သည်။ အလုပ်သစ် ပြောင်းလုပ်ခြင်းက Jeffအတွက် စိတ် ကျေနပ်မှုရရှိစေပါမည်။

**ထင်မြင်ယူဆချက်များ**

Jeff အတွက် အခြေအနေ မကောင်းသောကာလအတွင်း ရည်မှန်း ချက်အတိုင်း ကြိုးစားအကောင်အထည် မဖော်နိုင်သေးပါ။ ပိုမိုကောင်းမွန်သော အနေအထားကို ရရှိပိုင်ဆိုင်ရန် အချိန် စောင့်ဆိုင်းရပါမည်။

**Legal matters 2 spread ဥပဒေအ တရားဝင်ခြင်းကိစ္စ**

၁။ တရားဝင်ကိစ္စနှင့် ပတ်သက်၍ သင်၏စိုးရိမ်ပူပန်မှုက ဘာလဲ။
၂။ အတွေ့အကြုံနှင့်ပတ်သက်၍ သင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေက ဘယ်လိုလဲ။
၃။ အကျိုးအကြောင်းအဖြေကိုစောင့် နေစဉ်အတွင်းသင်မည်သို့ခြေလှမ်း ပြင်ထားရမည်နည်း။
၄။ နှောင့်နှေးကြန့်ကြာမည့် အတား အဆီးများရှိနေမလား။
၅။ သင်၏ Legal connsel နှင့်ပတ် သက်၍ ဘယ်လိုခံစားရပါသလဲ။
၆။ အခြားပုဂ္ဂိုလ်တစ်ဦး၏ပုဂ္ဂိုလ်နှင့် သင်ဘယ်လိုပတ်သက်ပါသလဲ။
၇။ အားကိုးအားထားပြုနိုင်သည့် သက်သေများရှိပါသလား။
၈။ သင့်ငွေကြေးအခြေအနေခိုင်မာ တည်ငြိမ်မှုရှိရဲ့လား။
၉။ သင့်မိတ်ဆွေနှင့် မိသားစု၏ကူညီ ထောက်ပံ့မှုခံစားရပါသလား။
၁၀။ နောက်ဆုံးရလဒ်ကဘာလဲ။ (မေးခွန်း နံပါတ်စဉ်တစ်ခုချင်းစီက ကားချပ်အမှတ်စဉ်တစ်ခုချင်းစီအ ပေါ် ကိုယ်စားပြုမေးမြန်းထား သည်။)






www.burmeseclassic.com


www.burmeseclassic.com

## Lifes Big Decisions (ဘဝ၏ အရေးကြီးသော ဆုံးဖြတ်ချက်များ)

ဤအခန်းတွင် အောက်ပါအကြောင်းအရာများပါဝင်သည်။

- ဆက်ဆံရေးပြဿနာ
- အိမ်ထောင်ရေး
- ကိုယ်ဝန်ဆောင်ခြင်း
- ကွာရှင်းပြတ်စဲခြင်း

**ဆက်ဆံရေးပြဿနာ (Relationship Problems)**




၁။ ပြဿနာကဘာလဲ။
၂။ ပဋိပက္ခကဘာလဲ။
၃။ ပြဿနာကို ကျွန်ုပ်ဖန်တီးခဲ့တာလား။
၄။ ကျွန်ုပ်၏ ပြဿနာကို ငြင်းပယ်ရမည်လား။
၅။ ကျွန်ုပ်၏ Partner နှင့် ယခင်က တွေ့ကြုံဖူးခဲ့ပါသလား။
၆။ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး မတော်မတရားလုပ်ခဲ့ကြသလား။
၇။ ကျွန်ုပ်တို့ပြဿနာ၌ အခြားသူများ ပါဝင်ပတ်သက်နေသလား။
၈။ ငွေကြေးပြဿနာက ကျွန်ုပ်တို့ ဆက်ဆံရေးကို ထိခိုက်စေပါသလား။
၉။ ယခု ဆက်ဆံရေးက အဆုံးသတ်တော့မည်လား။

**Joarie အတွက် ဆက်ဆံရေးပြဿနာ**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | မိဖုရားငါးမြှောင့်ကြယ်ကားချပ်(ပြောင်းပြန်) |
| ဒုတိယကားချပ် | ဘုရင့်တောင်ဝှေးကားချပ် |
| တတိယကားချပ် | တောင်ဝှေး(၇)ချောင်းကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ဓား(၆)လက်ကားချပ် |
| ပဉ္စမကားချပ် | ဓား (၃) လက်ကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဖောက်ထိုးဆွဲခံထားရသူကားချပ်၊ |
| သတ္တမကားချပ် | တောင်ဝှေး (၆) ချောင်းကားချပ် (ပြောင်းပြန်) |
| အဋ္ဌမကားချပ် | ဓား (၁၀) လက်ကားချပ် |
| နဝမကားချပ် | မင်းလုလင်တောင်ဝှေးကားချပ်၊ |

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ပြဿနာကဘာလဲ။

**အဖြေ**

Queen of Pentacles ပြောင်းပြန်၊ Joarie က ငွေကြေးဖြုန်းတီးပြီး အလုပ်မလုပ်ရခြင်းကို နှစ်သက်သည်။ သူမအနေဖြင့် သူမစိတ်တိုင်းကျ အလိုလိုက်သည့် (လိုအပ်သလို ကူညီပံ့ပိုးပေးမည့်) (သို့) သူမအပေါ် လွန်စွာ ဂရုတစိုက်ရှိသည့်သူကို ရလိုပါသည်။

**မေးခွန်း (၂)**

ပဋိပက္ခကဘာလဲ။

**အဖြေ**

King of wands Joarie ၌ မိဿရာသီဖွားတို့၏ ဉာဉ် (လက္ခဏာ) များစွာပါရှိသည်။ အရာရာကို ချက်ချင်းလက်ငင်းရယူလိုသည်။ သူမက အလုပ်ကျယ်၍ လွတ်လပ်သူတစ်ယောက် ဖြစ်သည်။ ဦးဆောင်နိုင်သည့်အရည်အချင်းရှိသည်။

Joarie အတွက် ပဋိပက္ခဖြစ်စရာအချက်မှာ သူမနှင့်အသွင်တူသူတစ်ယောက် သူမဘဝအတွင်းသို့ဝင်ရောက်လာခြင်းပင် ဖြစ်သည်။ ထိုအမျိုးသားအနေဖြင့် Joarie က သူ့အား ဂရုတစိုက်ဖြင့် ကူညီပံ့ပိုးပြီး ချစ်စိတ်ဖြင့် အလိုလိုက်ခြင်းကို ခံယူလိုသူ ဖြစ်သည်။ ထိုအနေအထားက Joarie အတွက် စိတ်ပူပန်စရာ၊ အလွန်အနှောင့်အယှက်ဖြစ်ဖွယ်ရာအချက်ပင် ဖြစ်တော့သည်။

**မေးခွန်း (၃)**

ပြဿနာကို ကျွန်ုပ်ဖန်တီးခဲ့တာလား။

**အဖြေ**

Seven of wands ပြောင်းပြန်။ Joarie ၌ သိမ်ငယ်စိတ်ဝင်နေပြီး မိမိကိုယ်မိမိ လူဖျင်းလူညံ့တစ်ဦးကဲ့သို့ ခံစားနေရသည်။ ထိုအပြုအမူ အနေအထိုင်ကြောင့် လူမှုဆက်ဆံရေး၌ လူတောမတိုးသလိုဖြစ်နေတတ်သည်။ သူမက ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးကိုယ်တိုင်မသုံးစွဲတတ်သလို သုံးစွဲသည့်သူများအပေါ်၌လည်း သည်းခံနားလည်ပေးနိုင်စွမ်းမရှိပေ။ Joarie ၏ အတ္တအလိုအရ ဆက်ဆံရေးအဆင်မပြေခဲ့ပေ။ သို့သော်လည်း သူမ၏အိပ်မက်များ အမှန်တကယ် ပြီးပြည့်စုံလာစေရန် သူမလိုချင်သောပုံစံရှိသူ (အမျိုးသား) အား မတွေ့တွေ့အောင် ရှာမည်ဟု လုံးဝ စိတ်ပိုင်းဖြတ်ထားသည်။

**မေးခွန်း (၄)**

ကျွန်ုပ်၏ ပြဿနာကို ရှောင်ပြေးရမည် လား။

**အဖြေ**

(Six of swords) Joarie က သူမ၏ပြဿနာများမှ ရှောင်ပြေးရန် စိတ်ကူးခဲ့သည်။ သို့သော်လည်း နေမြဲအတိုင်း အလုပ်ဆက်လုပ်၍ ဘဝတိုးတက်အောင် ကြိုးစားရမည်ဟု နားလည်ထားသည်။ သူမ ကလေးဘဝတုန်းက ဖခင်ဖြစ်သူနှင့် ပြဿနာတက်ခဲ့ဖူးသည်။ အကြောင်းအရင်းက အမျိုးသားများနှင့် သူမအရောတဝင် ဆက်ဆံခြင်းကိစ္စပင်ဖြစ်သည်။

**မေးခွန်း (၅)**

ကျွန်ုပ်၏ အဖော်နှင့် ယခင်က တွေ့ကြုံခဲ့ဖူးပါသလား။

**အဖြေ**

Three of swords ပြောင်းပြန်။ Joarie အနေဖြင့် ပြဿနာကို သူမ မဖန်တီးခဲ့ဟု ယုံကြည်ထားသည်။ သူမ တစ်ချိန်က အိမ်ထောင်ကျခဲ့ဖူးပြီး မပျော်ရွှင်သောအိမ်ထောင်ရေးကြောင့် ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းပြတ်စဲခဲ့သည်။ ထိုကာလနောက်ပိုင်း သူမ၌ ရေရှည်ဆက်ဆံရေးဟူ၍ မရှိတော့ပါ။ Joarie က သူမ တွေ့ကြုံခဲ့ရသည့်မကောင်းသောအတွေ့အကြုံများကြောင့် ယောက်ျားများအပေါ် ရိုသေလေးစား (အထင်ကြီးမှု) မရှိတော့ပါ။

ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

□ ရှေးဦးစကား □

၁၉၉၇ ခုနှစ်က ဖြစ်သည်။

ရွာကို ပြန်ချင်နေသည်မှာ သီတင်းကျွတ်လဆန်းကတည်းကပင်ဖြစ်သည်။ အကြောင်းရင်းမှာ ၁၉-၉-၉၇ နေ့တွင် စိုင်ခြုံနဂါးကြီး မီးတောက် (မီးတောင်ပေါက်ကွဲ) သွားသည်ဟူသော သတင်းကိုကြားရ၍ ဖြစ်သည်။

ကျွန်တော်တို့သည် ရမ်းဗြဲကျွန်း ကျောက်ဖြူခရိုင်ရှိ စစ်တော်၊ စေမော်၊ ကြံချဉ်၊ ကြတ္တိန်၊ စိုင်ခြုံ စသည့်ရွာများ ဝန်းကျင်ရှိ တောတောင်ထဲတွင် နဂါးပွက်တောင် (မီးတောင်များသည် ဆယ်နှစ်တစ်ခါ၊ ဆယ့်ငါးနှစ်တစ်ခါ ပေါက်ကွဲတတ်သည်။ စာရေးသူတို့ ငယ်စဉ်က မိဘများနှင့်အတူ ကြံတဲ၌ ကြံသကာ ချက်လုပ်နေကြစဉ် စိုင်ခြုံနဂါးကြီး (မီးတောင် ကြီးပေါက်ကွဲ) မီးတောက်၍ တစ်ညမှာ ညကြီးမင်းကြီး ရွာကိုပြန်ပြေးခဲ့ကြရသည်ကိုလည်း ယနေ့တိုင်မှတ်မိနေသေးသည်။

စာရေးသူတို့အရပ်မှာ မီးတောင်ပေါက်ကွဲရာအရပ်နှင့် လေး၊ ငါးမိုင်ဝေးသော်လည်း တစ်ညလုံး လင်းထိန်နေ၏။ ရွာကိုပြန်ရောက်လာကြသည်အထိ မီးတောင်ပေါက်ကွဲနေသည့်အသံများနှင့် မီးတောက်မီးလျှံများကိုမြင်နေကြရသေးသည်။

မြန်မာနိုင်ငံတွင် မီးတောင်ဟုဆိုလျှင် ပုပ္ပားမီးငြိမ်းတောင်မှာ လူသိများ၏။ မီးတောင်ဟောင်းဖြစ်သည်။ မင်းဘူး နဂါးပွက်တောင်သည်လည်း ထိုနည်းလည်းကောင်းပင် လူသိများ၏။ သို့သော် မင်းဘူး နဂါးပွက်တောင် နဂါးမီးတောက်သည်၊ မီးတောင်ပေါက်ကွဲသည်ကို ကျွန်တော်တို့အစ်သက် မကြားရဘူးပေ။

ကျွန်တော်တို့ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းရှိ နဂါးပွက်တောင်မီးတောင်တို့မှာ ဆယ်နှစ်တစ်ခါ၊ ဆယ့်ငါးနှစ်ခါတစ်ခါ ပေါက်ကွဲတတ်သော မီးတောင်အရှင်များ ဖြစ်သည်။ လူကြီးသူမများ တွေ့ဖူး၊ ကြုံဖူး



www.burmeseclassic.com

www.burmeseclassic.com

ပြောပြဖူးကြသော အကြိမ်အခါများမှာလည်း မနည်းပေ။

စာရေးသူတို့ တွေ့ရသလောက်၊ သတင်းစာထဲတွင်ဖတ်ရသလောက်ဆိုလျှင် ၂၀-၈-၇၆ ခုမှသည် ၁၉-၂-၂၀၀၇ အထိ လည်းကောင်း၊ ထို့နောက်၌လည်း နဂါးပွက်ကျင်းများမှ မီးတောက်ခြင်း၊ ချော်ရည် ရွှံ့ရည်ပူများ အန်ထွက်စီးကျလာခြင်းတို့မှာ အကြိမ်အခါပေါင်းမနည်းလှတော့ပေ။

နိုင်ငံခြား တိုင်းပြည်များမှာ မီးတောင်ပေါက်ကွဲနေပုံသတင်းဓာတ်ပုံများ၊ တီဗွီရုပ်သံလွှင့်သတင်းများကို ဖတ်ရှု မြင်ရ၊ ကြားနေကြရခြင်းမှာ သူတို့ဆီ၌ စက်မှုထွန်းကားခြင်း၊ မီးတောင်ပေါက်ကွဲနေရာအရပ်များသည် လူနေအိမ်များ မြို့ရွာများနှင့်နီးခြင်းတို့ကြောင့်ဖြစ်သည်။

ကျွန်တော်တို့ဆီ၌မူ မီးတောင်ပေါက်ကွဲရာ အရပ်ဒေသသည် မြို့ရွာနှင့် အလှမ်းဝေးပြီး တောတောင်ထူထပ်ခြင်း၊ သားရဲတိရစ္ဆာန်များ ပေါများခြင်းနှင့် သတင်းများမသွားရောက်နိုင်ကြခြင်းတို့ကြောင့် ဓာတ်ပုံ၊ ဗွီဒီယိုသတင်းများကို မီးတောင်ပေါက်ကွဲတိုင်း မသိရှိမရခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ သွားရေးလာရေးအခက်အခဲကြောင့် မရောက်နိုင်၊ မလှေ့လာနိုင်ခဲ့သောအရပ်ကို စာရေးသူသွားရောက်ခဲ့သော်လည်း ရခိုင်ဒေသ၏ မိုးကြီးမုန်တိုင်းတို့ကြောင့် တပ်ခေါက်ပြန်လာရသည်။ သို့သော် ဒေသသားတို့၏ ပြောကြားကြသော နဂါးလင်မယား ဇာတ်လမ်းတစ်ခုကိုတော့ ဖောက်သည်ချတင်ပြလိုက်ရပေသည်။


စာရေးသူ

□ နဂါးလင်မယား □

ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း ရမ်းဗြဲမြို့နယ် လေးတောင်ရွာသားများသည် ပန်းပုထုဆစ်ခြင်း၊ ပန်းရန်လုပ်ခြင်း၊ ဘုရားတည်ခြင်း၊ ဘုရားထုလုပ်ခြင်း၊ ကျောက်ဆစ်၊ ကျောက်အုတ်လုပ်ခြင်း

# ဖိုးကျော့

## နဂါးလင်မယား



www.burmeseclassic.com

www.burmeseclassic.com

စသည့် လက်မှုအတတ်ပညာများတွင် အလွန်ကျွမ်းကျင်ကြသည်။ ထို့ကြောင့်လည်း လေးတောင်နယ်သားများသည် ဆောင်းဦးရောက်၍ လယ်ယာလုပ်ငန်း ခွင်သိမ်းပြီးသည်နှင့် အပိုဝင်ငွေရရန် ရခိုင်တစ်ပြည်လုံးကို သူ့အဖွဲ့နှင့်သူလှည့်လည်သွားလာကာ ကျောက်ဆစ်အလုပ်ကို သွားလာလုပ်ကိုင်တတ်ကြသည်။

သည်လိုနှင့် တစ်နှစ်သောနွေဦးပေါက်တွင် လယ်ယာလုပ်ငန်းခွင်သိမ်းပြီးသွားကြသော လေးတောင်နယ်သား ကျောက်ဆစ်သမားငါးယောက်တို့သည် မာန်အောင်ကျွန်းသို့ ကျောက်ဆစ်အလုပ်လုပ်ကိုင်ရန် လေးတောင်နယ်မှ ထွက်လာကြသည်။ ထိုလူငါးယောက်ထဲတွင် ဦးသာအောင်မှာ အသက်အရွယ်အကြီးဆုံးနှင့် ကျောက်ဆစ်ဆရာကြီးအကြီးအမှူး ဖြစ်သည်။

မာန်အောင်ကျွန်း လက်ခတ်တောင် ဒေသအခေါ် နဂါးတောင် (မီးတောင်)နားရှိ ရွာတစ်ရွာကိုရောက်လာကြ၏။ သူတို့သည် ထိုရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုကာ ဘုရားဆင်းတုပူဇော်လိုသူ၊ ကျောက်ရေတွင်းလုပ်ရန် ကျောက်အုတ်အလိုရှိသူများကို စုံစမ်းမေးမြန်းကြသည်။

ထိုအခါ ထိုရွာဘုန်းကြီးကျောင်းရှိ ဘုန်းတော်ကြီးက သူ့ကျောင်းတွင် ကျောက်အုတ်ဖြင့် ပြုလုပ်ထားသော ကျောက်ရေတွင်းတစ်တွင်း ပြုပြင်ရန်ရှိသည်နှင့် ကျောက်ဆစ်ဆရာဒကာများ မခေါ်ပင့်ဘဲ ရောက်လာကြသည်နှင့် အခိုက်ကြုံ၍ အတော်ပင်ဖြစ်ချေပြီးဟု ဝမ်းသာစကားဆိုကာ ရွာရှိဒကာများကို ဖိတ်ခေါ်ကာ တိုင်ပင်ကြ၏။

ရွာရှိ ကျောင်းဒကာအရပ်လူကြီးများကလည်း ယခုလို လေးတောင်နယ်မှ ကျောက်ဆစ်ဆရာများ မခေါ်ပင့်ဘဲ ရောက်လာကြချိန်မှာ သူတို့ရွာဘုန်းကြီးကျောင်းဝင်းရှိ ရေတွင်းကို ကျောက်အုတ်ရေတွင်းပြုလုပ်ရန် သဘောတူကြသည်။

ထို့ကြောင့် ဦးသာအောင် ဦးဆောင်သော ကျောက်ဆစ်သမားငါးယောက်အဖွဲ့သည် ဘုန်းတော်ကြီးကျောင်းဝင်းရှိ ကျောက်ရေတွင်းအတွက် ကျောက်လုံး၊ ကျောက်တုံးကြီးများကို ဖြို့ခွဲကာ ကျောက်အုတ်ဆစ်လုပ်ကြသည်။ သူတို့မှာ ကျောက်ဆစ်အလုပ်၌ ကျွမ်းကျင်ကြသူများဖြစ်လေရာ တစ်လကျော် နှစ်လနီးပါးအချိန်တွင်းမှာပင် ရေတွင်းတစ်လုံးစာ ကျောက်အုတ်များကို ဆစ်ထုတ်ပြုလုပ်ပြီးသွားကြလေသည်။

ဘုန်းတော်ကြီးကျောင်းဝင်းထဲရှိ ကျောက်အုတ်ရေတွင်းလုပ်ပြီးသွားချိန်တွင် ရွာမှ ကြေးရတတ်လူချမ်းသာတစ်ယောက်က စကျင်ကျောက်ဖြူကောင်းကောင်းရလျှင် ဘုရားဆင်းတုတော်တစ်ဆူပူဇော်လိုသဖြင့် ထုဆစ်ပြုလုပ်ပေးပါရန် ခေါင်းဆောင် ဦးသာအောင်အား အလုပ်အပ်လေသည်။

အချိန်ကာလမှာ သင်္ကြန်ပင်မကျသေးသဖြင့် ကျောက်ဆစ်သမားခေါင်းဆောင် ဦးသာအောင်ကလည်း စကျင်ကျောက်ဖြူကောင်းကောင်းရှာ၍ရလျှင် မိုးမကျမီ ဘုရားဆင်းတုတော်တစ်ဆူကို အပြီးအစီးထုလုပ်ပေးပါမည်ဟု ဝန်ခံကတိပြုကာ ရွာနားဝန်းကျင်၌ စကျင်ကျောက်ဖြူကောင်းကောင်းတစ်လုံးကို လိုက်ရှာကြ၏။ သို့သော် ရွာနားဝန်းကျင်၌ စကျင်ကျောက်ဖြူကောင်းကောင်းမရှိပေ။

ထိုအခါ ကျောက်ဆစ်သမားငါးယောက်သည် ဘုရားရုပ်ပွားတော်ထုဆစ်၍ရနိုင်သော စကျင်ကျောက်ဖြူတစ်လုံးကို ထပ်မံလိုက်ရှာကြရာ ရွာနှင့်ခြေကျင်တစ်နာရီနီးပါးဝေးသော ဒေသအခေါ် နဂါးတောင် (မီးတောင်) ရှိ နဂါးပွက်ကျင်းတွင်းဝန္နတ်ခမ်းစပ်တွင် စကျင်ကျောက်ဖြူကြီးတစ်လုံးကိုတွေ့ရှိကြလေသည်။ ထိုစကျင်ကျောက်ဖြူလုံးကြီးမှာ လူတစ်ရပ်နီးပါးခန့်အမြင့်ရှိသည့်အပြင် အသားကောင်းပြီး လုံးတီးကျောက်တစ်လုံးဖြစ်နေသဖြင့် ဘုရားရုပ်ပွားတော်ထုဆစ်ရန်အလွန်သင့်တော်သော ကျောက်ကောင်းတစ်လုံးပင်။

ကျောက်လုံး၏အရွယ်အစားအရဆိုလျှင် ရုပ်တော်မူပင်ထုလုပ်၍ရနိုင်၏။ သို့သော် ဘုရားဒကာ၏ဆန္ဒက တင်ပျဉ်ခွေ (တင်ပလ္လင်ခွေ) ထိုင်တော်မူ ရုပ်ပွားတော်သာ သဒ္ဓါဆန္ဒရှိသည်ဆိုသဖြင့် ကျောက်လုံးကြီးမှာ ကြီးများနေမလားဟူသောအတွေးနှင့် ကျောက်ဆစ်သမားငါးယောက်က ဘုရားဒကာနှင့်တိုင်ပင်ကြသည်။

ထိုအခါ ဘုရားဒကာက ကျောက်လုံးဖြူကြီးရှိရာ နဂါးတောင် နဂါးပွက်ကျင်းဝအထိလိုက်ကြည့်ပြီး ဤကျောက်စလင်းဖြူအကောင်းစားကို တွေ့မြင်ရခြင်းမှာ သူနှင့်ထိုက်တန်သဖြင့်သာဟု ကြည်ညိုသဒ္ဓါစိတ်ပေါက်ကာ ဉာဏ်တော်ကြီးမြင့်သလောက် ကြီးမြင့်ပါစေ တင်ပျဉ်ခွေထိုင်တော်မူဖြစ်လျှင် သူပူဇော်ပါမည်ဟု ဝမ်းသာအားရ ပြောဆိုကာ ကျောက်ဆစ်သမားများအား ဘုရားရုပ်တုတော်ထုဆစ်ရန် အလုပ်အပ်လိုက်လေ၏။

ဘုရားဒကာ၏ ဆန္ဒအတိုင်း ဦးသာအောင်နှင့်ကျောက်ဆစ်အဖွဲ့သားများမှာ နဂါးတောင် (မီးတောင်) နဂါးပွက်ကျင်းနှုတ်ခမ်းဝနားရှိ ထိုကျောက်ဖြူလုံးကြီးကို ဘုရားရုပ်တုစတင်ထုလုပ်ကြတော့သည်။

စကျင်ကျောက်ဖြူလုံးကြီးသည် အမာစား၊ အကောင်းစားဖြစ်သည့် အပြင် ဉာဏ်တော်မှာလည်း လူကြီးသုံး တောင်နီးပါးခန့် အမြင့်ရှိမည်ဖြစ်၍ နေ့စဉ် မနေမနား ထုဆစ်လုပ်ကိုင်နေကြ ရင်းက ကဆုန်လသို့ ရောက်သွား ၏။

ထိုအခါ မိုးဦးစောသော ဖြစ်သလို မိုးလေများသော ပင်လယ် ကျွန်းအရပ်ဖြစ်သဖြင့် တစ်နေ့တွင် လေကြီးမိုးကြီးသည်းထန်စွာရွာလေ လေသည်။ ထို့ကြောင့် ဘုရားထုဆစ် ခြင်းအလုပ်ကို ဆက်မလုပ်နိုင်ကြ ဘဲ ရွာသို့ပြန်လာခဲ့ကြလေ၏။

မမျှော်လင့်ဘဲ ရွာလာသော သည် သုံး၊ လေးရက် မပြတ်မစဲ ဆ တိုက်ကြီးရွာနေသဖြင့် ဦးသာအော ဦးဆောင်သော ဘုရားထုအဖွဲ့မှာ န တောင်သို့ မရောက်နိုင်ကြတော့ဘဲ ရွာ သာ နားနေကြရလေ၏။

သုံး၊ လေးရက်ကြာသော ကဆုန်လမိုးကြီးကစဲသွားသည်၊ မိုး သွားသည်နှင့် ဦးသာအောင်တို့အဖွဲ့ ယခင်နေ့ရက်များကလို ဘုရားထု ရန် ထမင်းထုပ်ကိုယ်စီနှင့် နံနက်စော နဂါးတောင်သို့ထွက်လာကြ၏။ သို့ သူတို့ထုဆစ်ထား၍ ရုပ်လုံးပုံကြ ပေါ်နေပြီးဖြစ်သော စကျင်ကျော လုံးကြီးကို မတွေ့ကြရတော့ပေ။

အကြောင်းမှ မိုးကြီးသုံး ရက်ဆက်တိုက် သည်းထန်စွာ ရွာ သွားသဖြင့် နဂါးပွက်အိုင်နှုတ်ခမ်းမှာ ပြိုကျသွားပြီး သူတို့ထုဆစ် ပုံကြမ်းရုပ်လုံးပင်ပေါ်နေပြီ ဖြစ် စကျင်ကျောက်လုံးကြီးမှာ နဂါးပွ ထဲကျသွားသဖြင့် မတွေ့ကြရတော့

ဤသည်ကို ဦးသာအော ဘုရားထုဆစ်အဖွဲ့က ရွာပြန်ပြီး ဒကာအား အကျိုးအကြောင်း

www.burmeseclassic.com

ဘုရားဒကာမှာလည်း မည်သို့မျှ ... နိုင်။ နဂါးပွက်အိုင်ထဲကျသွား ... ကျောက်ဖြူလုံးကြီးကို ဘယ်လိုမှ ... ရနိုင်တော့သဖြင့် စိတ်မကောင်း ... ကလွဲပြီး ဘာမှမတတ်နိုင်တော့။ ... မထိုက်တန်၍ ဘုရားပုံကြမ်းပင် ... ထားပြီးသော စကျင်ကျောက်လုံး ... နဂါးပွက်ကျင်းထဲကျသွားရခြင်း ... စိတ်ကိုဖြေသိမ့်လိုက်ရတော့ သည်။

ဦးသာအောင်တို့အဖွဲ့ စကျင် ကျောက်ဖြူဘုရားထုဆစ်နေကြသည်ကို ... ခဏလာလာကြည့်တတ်ကြသော ... သားများကမူ ဦးသာအောင်တို့အဖွဲ့ ... ဆစ်နေကြသော စကျင်ကျောက်ဖြူ ... ရားမှာ လက်ရာမြောက်လွန်း၍ နဂါး ... ကြီးကပါ ကြည်ညိုသဒ္ဓါပွားလွန်းကာ ... ရားပုံကြမ်းကို ဘောဂဝတီနဂါးပြည် ... ပူဇော်ကိုးကွယ်ထားရန် ပင့်ဆောင် ... သွားလေပြီဟု အပြောင်အပြက်လိုလို ... ပြောဆိုနေကြလေသည်။

သည်လိုနှင့် ဦးသာအောင်တို့အဖွဲ့ ... လည်း ဤနှစ်တွင် မိုးကျလာပြီးဖြစ် ... သည့်အပြင် သူတို့အပင်ပန်းခံပြီး တစ်လ၊ ... လ ထုဆစ်ခဲ့ကြရသော ဘုရားပုံကြမ်း ... ကျင်ကျောက်ကြီးမှာလည်း နဂါးပွက် ... ကျင်းထဲကျသွားသဖြင့် မျှော်လင့်ချက် ... တကင်းမဲ့ကာ မိမိတို့ရွာ ရမ်းဗြဲကျွန်း ... တောင်နယ်သို့ မာန်အောင်ကျွန်းက ... ပြန်လာကြရတော့သည်။

❑

ဒီလိုနှင့် လေးတောင်နယ်သား ကျောက်ဆစ်သမားများသည် တတ်သည့် ... သော မနေသာဆိုသလို လယ်ယာသိမ်း ... သောအခါ နှစ်တိုင်းလိုပင် သုံး၊ လေး ... နှစ်အကြာတွင် ရခိုင်တစ်ပြည်လုံးကို ... လှည့်လည်ကာ ကျောက်ဆစ်ခြင်း၊ ကျောက်ရေတွင်းလုပ်ခြင်း၊ ဘုရားရုပ်တု တော်များထုလုပ်ခြင်းဖြင့် သွားလာလုပ် ကိုင်နေကြရာ နှစ်ပေါင်းဆယ်နှစ်ခန့်ကြာ သွားပြီ ဖြစ်သည်။

ဤနှစ်လည်း ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့သားများသည် ရမ်းဗြဲ ... တစ်ကျွန်းလုံးကိုလှည့်လည်ကာ ကျောက် အုတ်လိုချင်သူများ၊ ကျောက်ရေတွင်း လုပ်လိုသူများ။ ဘုရားရုပ်တုကိုးကွယ်လို သူများကို တစ်ရွာဝင်တစ်ရွာထွက်လှည့် လည်စုံစမ်း မေးမြန်းရှာဖွေ၍ နယ်လှည့် လာကြရာ ရမ်းဗြဲကျွန်းမြောက်ဖျား ကျောက်ဖြူမြို့နယ် စိုင်ခြံရွာကိုရောက် လာကြသည်။

ထိုအခါ ထုံးစံအတိုင်း ဘုန်းကြီး ကျောင်းတွင်ခေတ္တတည်းခိုကာ ကျောက် အုတ်လိုချင်သူများ၊ ကျောက်ရေတွင်း လုပ်လိုသူများ၊ ဘုရားရုပ်တုတော် ကိုးကွယ်ပူဇော်လိုသူများကို စုံစမ်းမေး မြန်း ရှာဖွေကြရာ စိုင်ခြံရွာ၌ ဘုရား ဒကာတစ်ယောက်ကို ရရှိကြလေသည်။ ဘုရားကိုးကွယ်လိုသော ဘုရားဒကာကို ရရှိထားကြပြီးဖြစ်ရာ ထိုသူပူဇော်လို သော ဉာဏ်တော်အမြင့်ကိုမေးမြန်း ကာ ဘုရားထုဆစ်ရန်သင့်တော်မည့် စကျင်ကျောက်ဖြူကို ရွာနားဝန်းကျင်ရှိ တောတောင်များထဲတွင် ရှာဖွေကြရပြန် ၏။

ရွာနှင့်နီးလျှင် ဘုရားထုဆစ်ရ သောအလုပ်နှင့် ဘုရားရုပ်တုတော်ကို ပင့်ဆောင်ရသောအလုပ်မှာ လွယ်ကူ သက်သာမည်ဖြစ်သဖြင့် ဦးသာအောင် တို့အဖွဲ့သည် ထုံးစံအတိုင်း ရွာနားဝန်း ကျင်ရှိတောတောင်များ၌သာ ဘုရားထု ဆစ်ရန် သင့်တော်မည့် စကျင်ကျောက် ဖြူလုံးကို ရှာဖွေကြ၏။ သို့သော် ရွာနား ဝန်းကျင်၌မူ ကျောက်တွင်းလုပ်ရန်သာ သင့်တော်သော ကျောက်မာ၊ ကျောက် ကြမ်းလုံးများကလွဲပြီး ဘုရားထုဆစ်ရန် ကျောက်စလင်းဖြူကောင်းကောင်းကို ရှာမတွေ့ကြပေ။

ထိုအခါ ကျောက်ဆစ်သမားများ မှာ စကျင်ကျောက်ဖြူရနိုင်သောလုပ် ငန်းသဘာဝအရ သူတို့ယခင်ကရဖူးတွေ့ ဖူးဘုရားထုဆစ်ဖူးကြသောတောတောင် ရေမြေသဘာဝအနေအထားကို မှန်းဆ ၍ ဆက်လက်ရှာဖွေကြရာ စိုင်ခြံရွာ သားများက နဂါးတောင် (မီးတောင်) ဟု ခေါ်ကြသောတောင်စောင်းနားတစ်ခုကို ရောက်လာကြသည်။

ထိုတောင်စောင်းနားတစ်ဝိုက်တွင် လှည့်လည်ရှာဖွေကြရာ စိုင်ခြံနဂါးကြီး ဟု စိုင်ခြံသားများက သမုတ်ထားကြ သော နဂါးပွက်ကျင်းနားရှိ ရွှံ့ခြောက်ထဲ တွင် ခါးတစ်ပိုင်းပေါ်နေသော ယခင် ဆယ်နှစ်ကျော်လောက်က မာန်အောင် ကျွန်းရှိ လက်ခတ်တောင် နဂါးပွက်ကျင်း ထဲ ကျပျောက်သွားခဲ့သော ဘုရားရုပ်တု တော်ပုံကြမ်းကို ထူးထူးဆန်းဆန်း အံ့ဖွယ်ဘနန်း တွေ့ရှိကြရလေသည်။

ရမ်းဗြဲကျွန်းမြောက်ဖျား ကျောက် ဖြူမြို့နယ် စိုင်ခြံရွာနှင့် မာန်အောင် ကျွန်းရှိ လက်ခတ်တောင် နဂါးပွက်ကျင်း ၏အကွာအဝေးမှာ မိုင်ပေါင်းရာချီဝေး ၏။ ထို့ပြင် ရမ်းဗြဲကျွန်းနှင့် မာန်အောင် ကျွန်းမှာ မြေကြောတစ်ဆက်တည်း တစ်စပ်တည်းမဟုတ်။ ဆယ်မိုင်ကျော် ကျယ်ဝန်းသော ပင်လယ်ရေလက်ကြား ကြီးတစ်ခုလည်းခြားနေသေးသည်။

ဤမျှဝေးကွာသော မာန်အောင် ကျွန်း လက်ခတ်တောင်ရှိ နဂါးပွက်ကျင်း ထဲ ကျပျောက်သွားခဲ့သော ဘုရားထု လက်စ စကျင်ကျောက်ဖြူလုံးကြီးပုံကြမ်း မှာ ယခု စိုင်ခြံရွာ နဂါးပွက်ကျင်း အောက်ရှိ တောင်စောင်းရွှံ့ခြောက်ထဲ၌ တွေ့ရှိကြလေရာ ဦးသာအောင်နှင့်တကွ ကျောက်ဆစ်အဖွဲ့သား ငါးယောက်မှာ အံ့သြမဆုံးဖြစ်သွားကြသည်။ မယုံနိုင် လောက်အောင်လည်း အံ့ဖွယ်သရဲဖြစ် ကုန်ကြသည်။

ထို့ကြောင့် သူတို့သည် ယခင် ဆယ်နှစ်ကျော်ခန့်က မာန်အောင်ကျွန်း လက်ခတ်တောင် နဂါးပွက်ကျင်းနား၌ သူတို့တစ်ပိုင်းတစ်စ ထုဆစ်ခဲ့ကြသော စကျင်ကျောက်ဖြူ (ဘုရားအလောင်း ဒကာ)ပုံကြမ်းဟုတ်မဟုတ်ကို ရွှံ့ခြောက် မြေသားများအား တူးဖယ်ကာ သေသေ ချာချာစစ်ဆေးကြည့်ရှုကြရာ မာန်အောင် ကျွန်း၌ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့် က သူတို့ ထုဆစ်ထားခဲ့ကြသော စကျင် ကျောက်မှ စကျင်ကျောက်အဖြူအစစ်၊ ထိုင်တော်မူဘုရားပုံကြမ်းဖြစ်နေသည်ကို ထူးဆန်းအံ့သြဖွယ်ရာ တွေ့ရှိကြရလေ သည်။

ထိုအခါ ကျောက်ဆစ်သမားများ မှာ ဘုရားရုပ်တုတစ်ပိုင်းတစ်စ ထုဆစ် ခဲ့ကြဖူးသော ထိုစကျင်ကျောက်ဖြူလုံး ကို ဆက်လက်၍ ဘုရားထုဆစ်သင့်၊ မသင့်တိုင်ပင်ကြသည်။ စိုင်ခြံရွာသား ဘုရားဒကာက သူပူဇော်လိုသော ဉာဏ် တော်အမြင့်မှာ တစ်တောင့်တစ်ထွာခန့် ရှိသည်ဟု ပြောမှာထားလေရာ ယခု ဤ ဘုရားပုံတော်ကို အချောသတ်ထုဆစ် ပြီးလျှင် ဉာဏ်တော်အမြင့်မှာသုံးတောင် ပင်ကျော်ဦးမည်။ ဘုရားဒကာ ပူဇော် တတ်နိုင်ရန် လက်ခကြေးငွေနှင့်လည်း ပမာဏ ကွာခြားလွန်းနေသည်။

သို့အတွက် ဤကိစ္စနှင့်ပတ်သက် ၍ မည်သို့လုပ်ကြလျှင်ကောင်းမည်နည်း ဟု တိုင်ပင်ကြရာ ဦးသာအောင်၏ ကျောက်ဆစ်အဖွဲ့တွင် ဒုတိယခေါင်း ဆောင် ဦးသာအောင်၏ညီအရင်းလည်း ဖြစ်သူ ဦးငဝေအောင်က -

"အစ်ကိုကြီး၊ ဒီဘုရားကိစ္စ ဒီလို လုပ်ကြရင်ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု စပြောလေသည်။

"အေး-မင်းကောင်းမယ်ထင်တာ ပြောစမ်း"

ဦးသာအောင်နှင့်တကွ အားလုံးက ဒုတိယခေါင်းဆောင် ဦးငဝေအောင်၏စကားကို နားစိုက်နေကြသည်။

"ဒီပုံကြမ်းပေါ်ပြီးသား ဘုရားကို ကျွန်တော်တို့ဆက်ပြီး ထုဆစ်လိုက်ကြရင် တစ်လမကြာမီပြီးမှာပဲ"

"ပြီးတာကတော့ ဟုတ်တာပေါ့ကွ။ ဒါပေမယ့် ဘုရားဒကာက သူပူဇော်ချင်တာကပူဇော်နိုင်တာက တစ်တောင်တစ်ထွာ အလွန်ဆုံးပဲပြောတယ်။ ခု ဒီဘုရားဉာဏ်တော်သုံးတောင်ကျော်ချင်ကျော်မှာဆိုတော့ ဘုရားဒကာကလက်ခံပါ့မလား"

"ဘာဖြစ်လို့လဲ"

"ဟ-ဘုရားက ဉာဏ်တော်မြင့်နေတော့ သူ ငွေမတတ်နိုင် မပူဇော်နိုင်လို့ပေါ့ကွ"

"ဒီဘုရားကို ကျွန်တော်တို့ ထုဆစ်ခဲ့ကြတာ တစ်ဝက်တစ်ပုံ ရုပ်လုံးပေါ်ပြီးသားဆိုတော့ ခုကျွန်တော်တို့ ထုဆစ်ရတာ သိပ်မပင်ပန်းတော့ဘူးလေ။ ဘုရားဒကာပြောထားတဲ့ ငွေပဲပေးပါ။ စကျင်ကျောက်က ကျောက်ဖြူအကောင်းစားဆိုတော့ ထုဖြတ်ပစ်ရမှာနှမြောလို့ ကျွန်တော်တို့ ရသလောက်ဉာဏ်တော်အမြင့်ကို ထုဆစ်ထားကြပါတယ်။ ခင်ဗျားစေတနာရှိသလောက်သာ ပူဇော်ပါဆိုရင်ကော"

"ဟာ - မင်းဟာက ပညာဈေး၊ ဘုရားဈေးပျက်မှာပေါ့ကွ။ ဘယ်လူတုန်းကတော့ ဉာဏ်တော်အမြင့်ကို ဘယ်လောက်ပဲပူဇော်ရတာ၊ ခုကျုပ်တို့ခင်ဗျားတို့ကဘယ်လောက်နဲ့ပူဇော်ရတာ ဘာဘာညာညာဖြစ်လာမှာပေါ့ဟ"

ဦးငဝေအောင်နှင့် သက်တူရွယ်တူ ဦးထွန်းဦးက ကန့်ကွက်စကားဆိုသည်။

သူပြောသည်ကိုလည်းအဆိုးတော့မဆိုသာ။ နောက်ဘုရားပူဇော်မည့်သူတွေပေါ်လာပါက ဉာဏ်တော်အမြင့်သုံး၊လေးတောင်ကိုတောင် လက်ခံတယ်လောက်နဲ့ ဘယ်တုံးက ပူဇော်ခဲ့တာ။ သူ့ကျမှ ငွေပိုတောင်းသည်ဟု ပြောစရာဖြစ်သွားမှာ စိုးရိမ်ကြပြန်သည်။

ထို့ကြောင့် ဦးသာအောင်က -

"ဒါဆို မင်းက ဘယ်လိုလုပ်ချင်လဲ ပြော"

"ဒါဆိုလည်း အမှန်အတိုင်း ပြောလိုက်ပေါ့ဗျ။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ကျုပ်တို့မာန်အောင်ကျွန်းက လက်ခတ်တောင်. . ."

"ဟေ့လူ၊ ဟေ့လူ အဲဒါက ပိုမဖြစ်နိုင်တာဗျ။ မယုံမကြည်ဖြစ်သွားမယ့်အပြင် လက်ခတ်တောင် မာန်အောင်ကျွန်းကကျောက်ဖြူဘုရားဒီရောက်လာတယ်ဆို ခိုက်များခိုက်နေမလားဆိုပြီး ဘုရားဒကာက ဘယ်လိုမှလက်ခံရဲမှာမဟုတ်တော့ဘူး။ အဲဒါမှ လုံးဝကိုလက်ခံမရဖြစ်သွားမှာ"

ဦးငဝေအောင်က ဦးထွန်းဦး စကားကို ကန့်ကွက်ပြန်သည်။

ဤဒေသနေလူများမှာ အစွဲအလမ်းတွေကလည်းကြီးကြရာ သူပြောသည်မှာလည်း ပြဿနာဖြစ်မလာဟု မဆိုနိုင်ပြန်။

"ကဲ - အဲဒီတော့"

ခေါင်းဆောင်ဖြစ်သူဦးသာအောင်က အကြံဉာဏ်တောင်းခံသလို သူလူတစ်ယောက်စီ၏ မျက်နှာတွေကို လိုက်ကြည့်ကာ စကားကို အဆုံးမသတ်ဘဲ ရပ်ထား၏။

"ကျုပ်တစ်ခုပြောမယ်"

"အေး - ပြောကွာ"

အသက်ကြီးသော်လည်း လက်ထောက်ပင်မဖြစ်သေးသော ဦးဘမြင့်ဆိုသူက သူ၏ထင်မြင်ချက်ကို ပြောပြန်သည်။

"ကျုပ် ဒီဘုရားပုံကြမ်းစကျင်ကျောက်ဖြူကြီးကို တွေ့တုန်းကပင် အကြံတစ်ခုရထားတယ်။ ဒီစကျင်ကျောက်ဖြူကြီးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ကျုပ်တို့မာန်အောင်ကျွန်းမှာ ဘုရားထုဆစ်ခဲ့တဲ့ကျောက် နဂါးပွက်ထဲကျသွားလို့ ဆုံးရှုံးခဲ့တာ။ ခုတစ်ခါ စိုင်ခြုံရွာက နဂါးပွက်တောင်စောင်းမှာလာတွေ့တာ ဘယ်ကလောက်ထူးဆန်းနေလဲဆိုတာ ခင်ဗျားတို့စဉ်းစားကြည့်ကြ"

"ဒါကတော့ဟုတ်တယ်ဗျ။ ရမ်းဗြဲကျွန်းနဲ့ မာန်အောင်ကျွန်းဆိုတာ အဝေးကြီး။ စကျင်ကျောက်ကြီး ရမ်းဗြဲကျွန်းက စိုင်ခြုံနဂါးတောင်ကို ရောက်လာကာ ထူးဆန်းရုံဘယ်ကလဲ ရွာသူရွာသားတွေ သာသိသွားကြရင်"

"ဟာ-ဦးလေးကသာ ထူးဆန်းနေ၊ စိုင်ခြုံရွာကလူတွေကတော့ ထိုသို့စိုင်ခြုံရွာက နဂါးရဲ့လက်ခတ်တောင်က မာန်အောင်နဂါးဟာ မြေအောက်နဂါးကျင်းတစ်ကျင်းထဲမှာ အတူနေကြတဲ့ နဂါးလင်မယားတဲ့ဗျ။ စိုင်ခြုံရွာသားတွေ ပြောတာ ဘယ်လောက်မှန်လဲဆိုတာ ခင်ဗျားတို့ကျုပ်တို့ လက်တွေ့ပဲလေ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလက မာန်အောင်နဂါးကျင်းနဲ့ ဒီစိုင်ခြုံနဂါးကျင်းဟာ တစ်ကျင်းတည်းမို့လို့ပေါ့။ ဟိုမှာကျသွားတဲ့ ဘုရားကျောက် ဒီနဂါးကျင်းထဲက ပြန်ပေါ်လာပြီး နဂါးမှုတ်ထုတ်လိုက်တဲ့အရှိန်နဲ့ ရွှံ့တောထဲရောက်နေတာလေ။"

လူငယ်ဖြစ်သူ ငထီးလှ၏ စကားက ဤတွင် ရပ်သွားသည်။

"အေးဟ၊ ဒီလောက်အံ့ဩစရာကောင်းတာ တို့တစ်သက်လည်း အင်... တို့တစ်သက်မပြောနဲ့ ဆရာကြီးတို့ တစ်သက်တောင် တွေ့ဖူး ကြုံဖူးကြမှာ မဟုတ်ဘူး။ ဒီတော့ ငါအကြံတစ်ခုရတယ်။ ဒီဘုရားကို တို့ပေါ်တော်မူဘုရား တန်ခိုးကြီးဘုရားလုပ်လိုက်လို့ရတယ်"

ဦးငဝေအောင်က တစ်စခန်း ပြောပြန်သည်။

"ခင်ဗျားဟာ ဘုရားအလောင်းတကာပဲရှိသေးတာ။ စကျင်ကျောက် ဘယ်လိုလုပ် ပေါ်တော်မူဘုရားလုပ် ရမလဲ ပြောစမ်းပါဦး"

"ငါက ခုလုပ်ဖို့ပြောတာမဟုတ်ဘူး။ အဲဒီစကျင်ကျောက်ဖြူကြီး တန်ခိုးကြီးတယ်ဆိုတာတော့ အားလုံး လက်ခံကြတယ် မဟုတ်လား"

"တန်ခိုးကြီးတာတွေဘာတွေ မနေနဲ့။ နဂါးလင်မယားက တစ်ကျင်းထဲနေကြပါတယ်ဆို၊ စောစောက ငထီးလှပြောသလို နဂါးလင်မယားပါ မင်းစကားပဲ ဆုံးအောင် ပြောစမ်းပါ ဘယ်လိုအကြံလဲ"

ခေါင်းဆောင် လူကြီး ဦးသာအောင်က သူ့ညီကိုပြော၏။

"ပြောပါဆို မာန်အောင်နဂါးပွက်ထဲ ကျပျောက်သွားတုန်းကလည်း ရွာသူရွာသားတွေ တို့လက်ရာ အင်မတန် မြောက်လွန်းလို့ ဘုရားကမပြီးသေးမယ့် သပ္ပာယ်လွန်းလို့၊ ကြည်ညိုလို့ကောင်းလွန်းလို့ နဂါးမင်းကြီးကတောင် သူတို့ နဂါးပြည်မှာ ကိုးကွယ်ထားဖို့ လေကြီးမိုးကြီးဆင်ပြီး ဘောဂဝတီနဂါးပြည်ကိုပင့်သွားကြတာလို့ပြောခဲ့ကြတာ ခင်ဗျားတို့မှတ်မိကြမှာပေါ့"

"အေးပါ၊ မှတ်မိပါတယ်။ မင်းရဲ့ အကြံဉာဏ်ဆိုတာသာပြောစမ်းပါ"

ဦးသာအောင်က စိတ်မရှည်သလို သူ့ညီကိုပြောလိုက်၏။

"ကျုပ်ရထားတဲ့ အကြံဉာဏ်က



www.burmeseclassic.com

www.burmeseclassic.com

လိုလေ အစ်ကိုကြီး။ ဒီစကျင်ကျောက်ရားပုံကြမ်းဟာ မာန်အောင်ကပျောက်သွားတဲ့ ကျောက်ဘုရားပဲဆိုတာ ရွာသူရွာသားတွေကို လုံးဝအသိမပေးကြနဲ့။ ရားဒကာကို ကျုပ်တို့ ပြောကြရမှာက ခင်ဗျားပူဇော်ချင်တဲ့ဉာဏ်တော်အတိုင်း ကျင်ကျောက်ဖြူလုံးလည်း တွေ့ထားပြီး ဉာဏ်တော်အမြင့်ကလည်း ခင်ဗျား ဇော်ချင်တဲ့အတိုင်း တစ်တောင်ကျော် ကျော်လေးပဲ။ ခု ကျုပ်တို့ ထုဆစ်ကြ

"ဟာ - ပြောပြန်ပြီ၊ ဒီဘုရားဟာ ဆစ်အချောသတ်ပြီးရင် အနည်းဆုံး တောင်တော့ရှိမယ်ဗျာ။ မာန်အောင် တုန်းကလည်း ကျုပ်တို့ တိုင်းထွာပြီး ပါဆို"

"ဟော့ကောင်၊ မင်းငါပြောတာကို အောင်နားမထောင်သေးဘဲနဲ့ နွား ထွန်ကျူးပြောပြန်ပြီ ခက်လိုက်တာ။ ဘုရားဉာဏ်တော်အပြီးသတ် အချော ပြီးရင် သုံးတောင်ကျော်ရှိမယ်ဆို ငါမသိဘဲနေမလား။ ဒီနေ့မှ ဘုရား လိုက်လာတဲ့လူမှမဟုတ်တာ"

"ဟာ-ငါစိတ်ရှုပ်ရတဲ့ထဲ မင်းတို့ကဲ ဖြစ်နေကြပြန်ပြီ။ ငဝေအောင် မင်း လိုတာ တိုတိုတုတ်တုတ်ပြောကွာ။ အောင် စကားမဆုံးမီ မင်းတို့ပါးစပ် လုံး ပိတ်ထားကြစမ်း။ ကဲ - ငဝေအောင်၊ မင်းအကြံဉာဏ်ပြော"

လူကြီးဖြစ်သူ ဦးသာအောင်မှာ တိုလာသဖြင့် သူညီကိုလည်း တိုတို တ်တုတ်ပြောဟု အော်ငေါက်လိုက် ည်။

"ကျွန်တော်ဆိုလိုတာက ရှင်းရှင်း ပါ အစ်ကိုကြီးရာ။ ဘုရားဒကာကို ကျင်ကျောက် ရထားပြီ။ ခင်ဗျားပူဇော် တဲ့ ဉာဏ်တော်အတိုင်းပဲ။ ကျုပ်တို့ ဆစ်နေပြီ။ အဲသလိုပြောထားမယ်။ ရားပြီးတဲ့အခါ ကျုပ်တို့နဂါးတောင်က ကို အူယားဖားယားပြေးလာကြပြီး ရားဒကာကိုပြောရမှာက ခင်ဗျားဗျာ ဘုရားကို ကျုပ်တို့ထုဆစ်ကြတုန်းက ယ်လိုအိပ်မက်တွေများမြင်မိသလဲ။ တို့တစ်သက်လုံး ဘုရားတွေထုဆစ် ကြတာ ဒီဘုရားလို တန်ခိုးပြတာ ခါမှမကြုံဘူး၊ မတွေ့ဘူးကြဘူး။ ပ်တို့ ထုဆစ်တုန်းက ခင်ဗျား ပူဇော် တဲ့အတိုင်း တစ်တောင်ကျော်ပဲ။ ချောသတ်စရာ နည်းနည်းကျန်နေလို့ က် အချောသတ်ဖို့လည်းသွားကြ မကြုံဖူးပါဘူးဗျာ၊ အံ့ဖွယ်သရဲပဲ ဉာဏ်တော်အမြင့်က သုံး၊ လေးတောင်ဖြစ်နေတယ်။ ကြည်ညိုစရာ သပ္ပာယ်လိုက်တာလည်း မပြောပါနဲ့တော့။ ခင်ဗျားဘုရားကို ခင်ဗျားသာလိုက်ကြည့်ပါတော့ဆိုပြီး ခေါ်ပြ"

"မင်းအဘ ဘုရားဒကာက ယုံဦးမှကိုးကွ"

"မင်း နားကျပါးကျ ဆုံးအောင် နားမထောင်ဘဲ ဝင်ဝင်ပြောပြန်ပြီ။ ဒီဉာဏ်တော် သုံး၊ လေးတောင်မြင့်တဲ့ စကျင်ကျောက်မာဘုရားကြီးကို တို့လူငါးယောက် တစ်လတည်းနဲ့ ထုဆစ်ကြလို့ဘယ်လိုလုပ်ပြီးမှာလဲ။ မင်းစဉ်းစားကြည့်လေ။ အရင်မာန်အောင်ကျွန်းမှာတုန်းက တို့နှစ်လကျော်ထုဆစ်ခဲ့ကြတာတောင် ရုပ်လုံးပေါ်ရုံပဲရှိခဲ့တာ"

"ဟာ - ဟုတ်တယ်ဟ၊ ဘုရားတန်ခိုးတော်နဲ့ ဘုရားဒကာရဲ့စေတနာကြောင့် တစ်လလောက်အတွင်းမှာ ပြီးသွားတယ်ပေါ့ကွာ။ ဟုတ်ပြီ ဟုတ်ပြီ။ ငဝေအောင်မင်းအကြံကောင်းလိုက်တာ ငါ့ညီရာ။ဟော့ကောင်တွေငါလက်ခံလိုက်ပြီ။ အားလုံး ငဝေအောင်ပြောတဲ့အတိုင်း ပဲနော်။ ဒီတစ်ခါ ဘုရားလည်း နာမည်ကြီး၊ တို့အဖွဲ့လည်း နာမည်ကြီး၊ ရခိုင်တစ်ပြည်လုံးမှာ ဟိုးဟိုးကျော်တော့မယ်။ ငဝေအောင်ရာ ငါ့ညီ မင်းအကြံကောင်းလိုက်တာကွာ ဟဲ ဟဲ ဟဲ"

သူ့ညီ၏ အကြံကို ဦးသာအောင်ကပါ လက်ခံစကားဆိုလိုက်ရာ ကျန်တပည့်များမှာ ချက်ချင်း ရေငုံနှုတ်ပိတ်ဖြစ်သွားကြလေသည်။ ဦးငဝေအောင်အား စောစောက အတိုက်အခံပြောသော ငထီးလှမှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ဦးငဝေအောင်၏အကြံကို အားလုံးလက်ခံလိုက်ကြပြီးဖြစ်ရာ ကျောက်ဆစ်အဖွဲ့မှာ နဂါးတောင်မှ စိုင်ခြံရွာသို့ပြန်လာကြသည်။

ဘုရားဒကာကိုလည်း ဦးငဝေအောင်၏ အကြံအတိုင်း စကျင်ကျောက်ဖြူကိုတွေ့ထားခဲ့ကြပြီ။ ဘုရားဒကာပူဇော်ချင်သော ဉာဏ်တော်အမြင့်နှင့်လည်း အကိုက်ဖြစ်ပြီ။ မနက်ဖြန်ကစ၍ သူတို့ကျောက်ဆစ်အဖွဲ့စတင် ဘုရားထုဆစ်ကြတော့မည်ဟု ဘုရားဒကာကို ပြောထားလိုက်ကြသည်။

သည်လိုနှင့် ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့သည် သူတို့၏အကြံအတိုင်း ဘုရားပုံကြမ်းကို အချောထုဆစ်ရန် နဂါးတောင်ကို ထွက်လာကြသည်။

အချိန်မှာ နံနက်ဝေလီဝေလင်းသာရှိသေး၏။ ထိုစဉ် နဂါးတောင်စောင်းဘက်မှ ခွေးအတစ်အုပ်ပြေးလာကြသည်ကိုမြင်တွေ့ကြရ၏။ ခွေးအများမှာ သူတို့၏ - ပေါက်စနကလေးငယ်များကိုပင် တစ်ကောင်ကျစီ ကိုက်ချီ၍ နဂါးတောင်ဘက်မှ ပြေးလာနေကြ၏။

ဤသည်ကို ကျောက်ဆစ်သမားငါးယောက်က ခဏရပ်ကြည့်နေလိုက်ကြသည်။

"ဒီကောင်တွေ နဂါးတောင်နားကဘာဖြစ်လို့များပြေးလာကြပါလိမ့်"

ငထီးလှက ခွေးအတွေကို လှမ်းကြည့်ပြီးပြောလိုက်၏။

"ခွေးအတွေ တစ်အုပ်နဲ့တစ်အုပ်သားရဲတွင်းကျင်းလုကြလို့ ရှုံးတဲ့အုပ်က မြေကျင်းခေါင်းကိုစွန့်ပြီး ပြေးလာကြတာနေမှာပေါ့ကွာ"

ခေါင်းဆောင်ဖြစ်သူ ဆရာကြီးဦးသာအောင်က ပေါ့ပေါ့ပင် ပြောလိုက်သည်။

"ဟုတ်ပါလိမ့်မယ်။ ခွေးအတွေက တစ်ခါတစ်ခါ ဒီလိုပဲ ကျင်းလုတိုက်ပွဲဖြစ်တတ်ကြတယ်။ ရှုံးတဲ့အုပ်က ကိုယ့်ကလေးကိုဆွဲပြီး ပြေးကြရတယ်လေ"

ဦးသာအောင်၏ စကားကို ဦးဘမြင့်ကလည်း ထောက်ခံစကားဆိုလိုက်၏။

နဂါးတောင်ခြေရှိ ချုံတော၊ တောင်စောင်း၊ တောင်ကမ်းပါးယံများတွင် မြေကျင်းနှင့်နေနေကြသော ခွေးအများကို ယခင်နေရာများကလည်း တွေ့ထား၊ မြင်ထားခဲ့ကြရာ ကျောက်ဆစ်သမားများမှာ ခွေးအများကို ဆက်လက်ကြည့်မနေကြတော့ဘဲ သူတို့အလုပ်ရှိရာ ဘုရားပုံတော်ကြမ်းရှိရာ နဂါးတောင်သို့သာဘုရားထုဆစ်ရန်တက်လာကြသည်။

ဒီအတိုင်းဆိုလျှင် ဘုရားရုပ်တုမှာလည်း နောက်တစ်ပတ်လောက်ဆိုလျှင် အပြီးသတ်ကြတော့မည်ဖြစ်ရာ သူတို့ငါးယောက်မှာ သူတို့အကြံအစည်အတိုင်း ဘုရားရုပ်တုမြန်မြန်အပြီးသတ်ရန်ကိုသာ စိတ်စောထုဆစ်လျက်ရှိနေကြလေသည်။

သို့သော် ခါတိုင်းနေ့တွေနှင့်စာလျှင် ဤနေ့တွင် နဂါးပွက်ကျင်းထဲမှ ချော်ရည်များပွက်သံပိုမိုကျယ်လောင်လာသည်။ ကျယ်လောင်လာသော နဂါးပွက်ကျင်းမှ အသံနှင့်အတူ ချော်ရည်၊ ရွှံ့ရည်များက ခဏချင်း သူတို့ဘုရားထုဆစ်နေကြသော စကျင်ကျောက်ဖြူလုံးကြီးနားအထိစီးကျ

www.burmeseclassic.com

ရောက်လာ၏။

"ဟိုင်း - ဒီဂနေ့ နဂါးပွက်ကျင်းထဲက ချော်ရည်၊ ရွှံ့ရည်ပူတွေဟာ တယ်စီးကျလာပါလား။ အတော်ကြာ တို့အနားထိတောင် ရောက်လာမှာစိုးရတယ်ဟေ့။ စီးကျလာတဲ့ချော်ရည်ပူတွေကို စီးကြောင်းဖောက်ထားပေးကြရရင် ကောင်းမလားမသိ"

ဟု ဦးသာအောင်က ညည်းညူလိုက်သည်။

"နဂါးပွက်ကျင်းထဲက ချော်ရည်ပူတွေ စီးကျလာတာမဆန်းပါဘူး အစ်ကိုကြီးရာ။ စိုင်ခြုံရွာသားတွေက ပြောကြတယ်။ တစ်နှစ်တလေများဆို နဂါးပွက်ကျင်းထဲက ချော်ရည်ရွှံ့ရည်ပူတွေဟာ နဂါးလင်မယားမြူးထူးကြလို့ သူတို့လယ်နား ယာနားထိတောင် စီးကျလာတတ်တယ်တဲ့"

ဤသည်မှာလည်း သူတို့အားလုံးလိုလို ရွာသားများ ပြောဆိုကြသံကိုကြားဖူးနားဝရှိထားကြသူတွေမို့ အဆန်းတကယ်မဟုတ်တော့။ ထို့ကြောင့် သူတို့အလုပ်ကိုသာ ဆက်လုပ်နေကြ၏။

သို့သော်လည်း ခါတိုင်းနေ့များနှင့်မတူ တမူထူးခြားစွာ ဆူပွက်လာသံကြီးများက ကျယ်လောင်လာသလို ရွှံ့ရည်ချော်ရည်ပူတွေမှာလည်း သူတို့ဘုရားထုဆစ်နေကြသော စကျင်ကျောက်ဖျာကြီးနားခြေရင်းသို့ပင် စီးကျရောက်လာ၏။ ထို့ကြောင့် သူတို့သည် ဘုရားထုဆစ်ခြင်းအလုပ်ကို ခေတ္တရပ်ကာ နဂါးတောင်ဦး နံနက်စာကိုပင် မစားခဲ့ကြဘဲ ရွာကိုစောစောပြန်လာကြ၏။

ဦးသာအောင်တို့အဖွဲ့ ရွာရောက်ပြီး ထမင်းစားနေကြချိန်မှာပင် မိုးသားတိမ်တိုက်များကို ကောင်းကင်တွင် လုံးဝမမြင်ကြရဘဲ နဂါးတောင်ထိပ်မှ မိုးချုန်းသံကဲ့သို့သောအသံများကို စတင်ကြားကြရတော့သည်။ ဤသည်ကို လေးတောင်နယ်သား ကျောက်ဆစ်သမားငါးယောက်ကလွဲပြီး စိုင်ခြုံရွာသူရွာသားများမှာ ဘာမှထူးထူးခြားခြားမဖြစ်ကြပေ။ ခါတိုင်းနေ့တွေလိုပင် အလုပ်အကိုင်မပျက် အသွားအလာမပျက်ရှိနေကြ၏။

ထိုအခါ သူတို့ကြားနေရသော အသံနှင့်ပတ်သက်၍ ဦးသာအောင်က ရွာသားကြီးအချို့ကို မေးကြည့်ရာ ရွာသားကြီးများက မည်သို့မျှ အဆန်းတကျယ်မဟုတ်သလို နဂါးထိန့်(ထစ်ချုန်း)သံပါဟု သာမန်သဘောသာပြန်ပြောကြသည်။

ကလေးများကမူ -

"ဒီတစ်ခါ လက်ခတ်တောင်က မာန်အောင်နဂါးမနဲ့ ငါတို့စိုင်ခြုံနဂါးကြီးတို့ အကြီးအကျယ် ရန်ဖြစ်နေကြပြီ။ နဂါးပွက်ကျင်းထဲမှာ သတ်ပုတ်နေကြပြီနဲ့တူတယ်။ နားထောင်ကြ၊ နားထောင်ကြ"

ဟု အော်ဟစ် ဆော့ပြေးနေကြသည်။

"ဟုတ်တယ်၊ ဟုတ်တယ် နဂါးလင်မယားလည်း နင့်အမေ၊ အဖေတွေလိုပဲ ရန်ဖြစ်ကြတာနေမှာပေါ့။ မင်းတို့နဂါးတောင်ဘက်မသွားကြနဲ့နော်။ နဂါးလင်မယားရုက်သွားရင် နင်တို့ကို ချော်ရည်ရွှံ့ရည်ထဲနှစ်သတ်ပစ်လိမ့်မယ်"

ဟု အပြောင်အပျက်ပြောတတ်သူတစ်ယောက်ကလည်း ကလေးများကို ကျီစယ်စကားဆိုသွားသည်။

သူတို့ စိုင်ခြုံရွာနဂါးကြီး ထစ်ချုန်းသံမှာ သူတို့ရွာသားတွေအတွက် အဆန်းတကြယ်ကိစ္စမဟုတ်။ သူတို့စိုင်ခြုံရွာ၊ စေမော်ရွာ၊ စစ်တောရွာ၊ ကြတ္တိန်ရွာ၊ ခြောက်ချောင်းရွာဝန်းကျင်ရှိတောတောင်များတွင် နွေလရောက်လျှင် သို့မဟုတ် နွေကဲ့သို့ ပူပြင်းသော တော်သလင်း၊ သီတင်းကျွတ်လများသို့ရောက်လျှင် ဤသို့ ထစ်ချုန်းသံပေးတတ်သော နဂါးပွက်ကျင်းပေါင်းကား တစ်ဆယ်မကရှိနေကြသဖြင့် ဖြစ်သည်။

နဂါးပွက်ကျင်းများမှာ နဂါးများ ထစ်ချုန်းအသံပေးပြီး မြူးတူးကြ၊ ရန်ဖြစ်ကြပြီဆိုလျှင် နဂါးပွက်ကျင်းထဲက ချော်ရည်ရွှံ့ရည်ပူများမှာ အဆက်မပြတ်အန်ထွက်လာကြပြီး သူတို့လယ်ယာနားရွာဝကိုပင် တစ်နှစ်တလေတွင်စီးကျရောက်လာလေ့ရှိကြသည်။

နဂါးပွက်ကျင်းများမှာ စီးကျလာသော ချော်ရည်ရွှံ့ရည်များမှာ အငွေ့တထောင်းထောင်းနှင့် ပူလောင်လာသဖြင့် ရွှံ့ရည်ချော်ရည်စီးကြောင်းများ သူတို့စိုက်ပျိုးထားကြသော ငရုတ်ခင်း၊ ကြက်သွန်ခင်း၊ ကန်စွန်းခင်း၊ ဖရဲခင်းများကို ဝင်မလာနိုင်စေရန် ရွှံ့ရည်ချော်ရည်စီးကြောင်းများ လွှဲဖောက်ပေးခဲ့ကြရသော နှစ်များကိုလည်း သူတို့ကြုံဖူးတွေ့ဖူးထားကြသည်။

တစ်နှစ်တလေများဆိုလျှင် နဂါးများ သောင်းကျန်းလိုက်ကြသည်မှာ တချုန်းချုန်း တဝုန်းဝုန်းအသံကြီးများကို အော်မြည်ဟစ်ကြွေးကာ တစ်ကောင်နှင့်တစ်ကောင် နဂါးကျင်းထဲ လိုက်တမ်းပြေးတမ်းကစားနေကြသည်လားထင်ရသည်။ ထိုသို့ဖြစ်လျှင် ရွှံ့ရည်၊ ချော်ရည်ပူများမှာ တစ်နှစ်တလေ စိုက်ခင်းများကိုပင် ဖုံးလွှမ်းသွားတတ်သည်။ ဤသည်မှာလည်း သုံး၊ လေးရက်ပင် ကြာတတ်သည်ဟု ရွာသူရွာသားစိုင်ခြုံသားတွေက လေးတောင်နယ်သား ဦးသာအောင်တို့အဖွဲ့ကို ပြောပြကြလေသည်။

သည်လိုနှင့် ယခုအခါ မကြာမီမှာပင် နဂါးတောင်ဘက်မှ မိုးချုန်းသံကဲ့သို့ အသံများမှာ ပို၍ကျယ်လောင်လာပြီး တဝုန်းဝုန်း ပေါက်ကွဲသံများကိုပင် ကြားလာကြရသည်။ ပေါက်ကွဲသံများမှာ ကျယ်လောင်လွန်းလှသဖြင့် မြေပြင်တစ်ခုလုံးပါ ဆုန်ခါလိုက်လာ၏။ ထိုပေါက်ကွဲသံများနှင့်အတူ နဂါးတောင်ထိပ်ရှိ နဂါးပွက်ကျင်းထဲမှ အိမ်လုံးလောက်ရှိသော မီးလုံးကြီးမီးလုံးငယ်များကလည်း တစ်လုံးပြီး တစ်လုံး မိုးပေါ် ထောင်တက်လာကြရာ တစ်ရွာလုံးရှိ ပတ်ဝန်းကျင်မှာ ချက်ချင်း လျှပ်စီးလက်သလို လင်းထိန်လာလေသည်။

ထိုအခါကျမှ ရွာသူရွာသားတွေမှာလည်း မကြုံစဖူး ခါတိုင်းနှစ်တွေထက် ထူးခြားသော နဂါးမီးလုံးကြီးများ အထိတ်တလန့်ဖြစ်ကာ ရွာမှထွက်ပြေးကြရတော့သည်။ တဝုန်းဝုန်းတခြိမ်းခြိမ်း အသံများကိုသာပြုပြီး မြူးတူးပျော် တတ်ကြသော နဂါးများသည် ဤတစ်ခါမှာတော့ တစ်ကောင်နှင့်တစ်ကောင် ကျီစားလွန်းရန်ဖြစ်ကာ ဒေါသတကြီး မီးလုံးတွေနှင့်ပင် အာခံတွင်းထဲက မှုတ်ထုတ်ပစ်ပေါက်၍ ရန်ကြီးဖြစ်နေကြပြီ ဟူသောအယူအစွဲစိတ်နှင့် ရွာသူရွာသားတွေမှာ ရွာကိုစွန့်ခွာပစ်ထားခဲ့ကြ အားလုံး ချက်ချင်းထွက်ပြေးကြရသော အဖြစ်ကိုရောက်သွား၏။

မပြေးကြ၍လည်း မဖြစ်တော့ နဂါးတောင်ထိပ်ရှိ နဂါးပွက်ကျင်းထဲမှ မိုးပေါ်ထောင်တက်လာသော မီးလုံး အရှိန်သေ၍ ပြန်ကျလာချိန်နှင့် နောက် ထပ် နဂါးပွက်ကျင်းထဲမှ ပြေးတက်လာသော မီးလုံးတို့ လမ်းခုလတ်တွင် ထိတိုက်တွေ့ကြပြီး တဝုန်းဝုန်းပေါက်ကွဲနေကြရာ ထိုမီးလုံးကြီးများမှာ စင်ထွက်လာသော မီးခဲ၊ မီးလုံး၊ မီးပွားများ နဂါးတောင်ပတ်ဝန်းကျင်ရှိ သစ်တောများထဲ မိုးသီးမိုးပေါက်ပမာ လွင့်စင် လာကြတော့သည်။

ထိုအခါ နွေလဖြစ်၍ တစ်တော



www.burmeseclassic.com

www.burmeseclassic.com

ဒုံးတစ်တောင်လုံး ရွက်ကြွေရွက်ခြောက်များနှင့် ပြန့်ကျဲနေသော တောတောင်များကို မီးစလောင်တော့သည်။

စိုင်ခြံနဂါးတောင်ရှိ သစ်ပင်အများစုမှာ ထင်းရှူးနှင့်အလွန်တူသော အရွက်သေးပင်လယ်ကဗွီး(အရပ်အခေါ် လွှင်) ပင်များချည်းလိုလို တောတိုင်းတောင်တိုင်းတွင်ပေါက်ရောက်လျက်ရှိကြရာ ထိုအပင်တို့မှာ အရွက်သေးမျိုးဖြစ်သဖြင့် မီးစွဲလွယ်ကာ နဂါးမီးမှသည် တောမီးကြီးအဖြစ်သို့ ပြောင်းသွားပြန်သည်။ သို့သော် နဂါးမီးကလည်း မရပ်သေး။ ပေါက်ကွဲသံများကလည်း ဆူညံဆဲ။

ထိုအခါ စိုင်ခြံတစ်ရွာတည်းသာမဟုတ်။ နဂါးတောင်နှင့် နီးသော စစ်တော၊ စေမော်၊ ကြံချဉ်၊ ကြိတ္တိန် စသည့်ရွာများမှ ရွာသူရွာသား ကလေးသူငယ်များမှာလည်း မိမိရွာကိုစွန့်ခွာကာ ညကြီးမင်းကြီး အကုန်ထွက်ပြေးလာခဲ့ကြရ၏။ ညတွင်းချင်း ကမ္ဘာပျက်သလို ထွက်ပြေးလာခဲ့ကြရသူများမှာ ကြေကြေကွဲကွဲနှင့် နောက်ကိုလှည့်ကြည့်ကြရာ နဂါးတောင်ကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်နေပြီး သူတို့ရွာကို မီးရောင်ထဲမှာ အတိုင်းသား မြင်နေကြရလေသည်။

တဟုန်းဟုန်းမီးတွဲလောင်နေသော တောင်ကြောတစ်လျှောက်ကို မီးစွဲသစ်ခြောက်ပင်များအကြားအကြားမှ မီးရောင်နှင့် ရဲရဲနီနေသော ချော်ရည်ရွှံ့ရည်များသည် ပွက်ပွက်ဆူကာ ဒီလှိုင်းပမာ သူတို့ရွာပေါ် လိမ့်ဆင်းသွန်ကျလာနေသည်ကိုလည်းမြင်နေကြရသည်။

ထို့ကြောင့် ရွာသူရွာသားများထွက်ပြေးလာကြရသလို သူတို့မွေးမြူထားကြသော အိမ်မွေးတိရစ္ဆာန် ကြက်ငှက်ခွေးကြောင်နှင့် ကျွဲနွားများပါမကျန် လူများနည်းတူ အော်ဟစ်ကာ ထွက်ပြေးလာကြရလေသည်။

သို့သော် လူတို့ကဲ့သို့ အသိဉာဏ်မရှိကြသော တိရစ္ဆာန်များမှာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြရင်းက နဂါးတောင်ထိပ်မှ ပွက်ပွက်ဆူကာ တဝေါဝေါအန်ထွက်စီးကျနေသော ချော်ရည်ရွှံ့ရည်ချောင်းများထဲကျကာ အတုံးအရုံးသေကျေပျက်စီးကြ၏။

နဂါးတောင်မှ ပေါက်ကွဲနေသံကြီးများမှာ သန်းခေါင်ကျော်လောက်မှ အသံတိတ်သွားသော်လည်း တောတောင်တွေကို စွဲလောင်ကျန်ရစ်ခဲ့သော တောမီးကြီးကမူ တစ်ညလုံး ဆက်လက်လောင်ကျွမ်းနေသည်။ ထို့ကြောင့် နဂါးတောင်နှင့်အနီးဆုံးဖြစ်သော စိုင်ခြံ၊ စစ်တော၊ စေမော်၊ ကြံချဉ်၊ ကြိတ္တိန်စသည့်ရွာများမှာ နွားရုံ၊ ကျွဲတဲ၊ ယာတဲများမှာလည်း အားလုံးတောမီးထဲပါကုန်ကြလေ၏။

မိမိရွာနှင့် တစ်ခေါ်သာသာဝေးသော လယ်ကွင်းထဲ၌ တစ်လုံးမအိပ်ဝံ့မအိပ်ရဲကြဘဲ နဂါးတောင်နှင့်မိမိတို့ ရွာဘက်ကိုသာ ကြေကြေကွဲကွဲ ထိုင်စောင့်ငေးကြည့်နေကြသူများမှာ မိုးလင်း၍ မီးငြိမ်းသွားတော့မှ မိမိရွာပြန်ကြရန် လူစုလူစစ်ကြရသည်။ ကျွဲနွားတိရစ္ဆာန်များကလွဲပြီးကြိုတင်ပြေးလာခဲ့ကြသောကြောင့် လူသေလူပျောက်တော့ တစ်ယောက်မှ မရှိကြ။

သို့သော် စိုင်ခြံရွာသားများ မိမိရွာသို့ပြန်ရောက်လာကြသောအခါ သူတို့အိမ်တွေမှာ တစ်ညလုံး စီးကျခဲ့သော ချော်ရည် ရွှံ့ရည်တောထဲ တစ်ဝက်မြုပ်တစ်ဝက်ပေါ် နှင့်မြင်မကောင်းရှုမကောင်းဖြစ်ကုန်ကြသည်ကို ရင်ကွဲပက်လက်မြင်နေကြရသည်။ နစ်မြုပ်နေသောအိမ်များနှင့်လဲပြိုမီးစွဲလောင်ထားသောအိမ်များမှာလည်း ထိုးထိုးထောင်ထောင်နှင့် ညတွင်းချင်း ရွာပျက်အိမ်ပျက်ဖြစ်ကုန်ကြသည်။

ထို့ကြောင့် စိုင်ခြံရွာသားများမကြုံစဖူး ထူးဆဲလှစွာ ကြောက်မက်ဖွယ်ရာကောင်းသော နဂါးမီးတောက်ခြင်းကို ထိတ်လန့်ကာ နဂါးတောင်နှင့်နီးသောရွာများတွင်မနေရဲကြတော့ဘဲ ရွာပြောင်းရန် စိုင်းပြင်းကြရတော့သည်။

ဦးသာအောင်တို့ ကျောက်ဆစ်အဖွဲ့ငါးယောက်မှာလည်း နဂါးမီးတောက်ခြင်းမှာ သူတို့က စကျင်ကျောက်ဘုရားကို မကြံကောင်းမစည်ရာ လိမ်ညာလုပ်ကြံရန် ကြံစည်ကြခြင်းကြောင်းဟု အကြောက်ကြီး ကြောက်လန့်ကာ လေးတောင်နယ်သို့သာ ပြန်လာခဲ့ကြရလေသည်။

ရွာဟောင်းမှ ရွာသစ်ပြောင်းရန် စိုင်းပြင်းကြရသော ရွာသားများသည် အိမ်ပြိုအိပ်ပျက်ထဲရှိ အေးခဲနေသော ချော်ရည် ရွှံ့ရည်ထဲမှ ရတနာသမျှသော အိုးခွက်ပန်းကန်များနှင့် သေတ္တာကြီးငယ်များကို ပေါက်တူး၊ တူးရွင်းများနှင့် ရသလောက် တူးယက်ဖော်ယူကြရာ ထိုချော်ရည်ရွှံ့ရည်ထဲတွင် လက်သန်း၊ လက်မခန့်မှသည် လက်သီးဆုပ်ပမာဏရှိ ရွှေရောင်၊ ငွေရောင်ဝင်းပြောင်တောက်လက်နေသော သတ္တုအခိုင်အခဲတချို့ကို တွေ့ကြရပြန်၏။ ထိုအခါ ထိုရွှေရောင်၊ ငွေရောင်အစိုင်အခဲတွေမှာ သူတို့ရွာကို ဖြိုဖျက်ပစ်ခဲ့သည့် နဂါးလင်မယားတလျော်ကြေးမေးထားခဲ့ကြသော ရွှေစ၊ ငွေစ၊ ရွှေခဲ၊ ငွေခဲတွေဟု ထင်မှတ်ကြကာ သူထက်ငါဦး ချော်ခဲရွှံ့ခဲထဲမှ ရွှေရောင်ငွေရောင်တောက်ပနေသော သတ္တုအစိုင်အခဲများကို ရွှေငွေအမှတ်ဖြင့် ရှာဖွေကောက်ယူ၍ သိမ်းဆည်းကြပြန်၏။

ထို့နောက် ထိုသတ္တုအစိုင့်အခဲများကို ရွှေ ငွေအမှတ်ဖြင့် လက်ကောက်၊ ခြေချင်း၊ လည်ဆွဲပြုလုပ်ရန် ပန်းထိမ်ဖို၌ အပ်ကြသည်။ ထိုအခါ ပန်းထိမ်ဆရာကလည်း ရွှေရောင်၊ ငွေရောင်တောက်နေသော ထိုသတ္တုအစိုင်အခဲများကို လုံထဲထည့်၍ အပူပေးအရည်ကျိုလေရာ ထိုသတ္တုအစိုင်အခဲတွေမှာ ရွှေရည်၊ ငွေရည်ဖြစ်မလာဘဲ မူလပြန်ကာ ရွှံ့ရည်၊ ချော်ရည်သာ ပြန်ဖြစ်သွားလေ၏။

ဤသည်ကို ပန်းထိမ်ဆရာများက နဂါးများသည် မြေထဲ၊ ရေထဲရှိ ရွှေငွေတို့ကို စားကာ ချေးပါချလိုက်သော နဂါးချေးအတုံးအခဲများသာဟု ပြောရာကစပြီး ရခိုင်ပြည်နယ်တွင်နဂါးမီးတောက် (မီးတောက်ပေါက်ကွဲ) ပြီးလျှင် ထိုမီးတောင်ပတ်ဝန်းကျင်ရှိ အေးခဲနေသော ချော်ခဲရွှံ့ခဲထဲ၌ ရွှေရောင်၊ ငွေရောင်တောက်နေသည့် သတ္တုအစိုင်အခဲများကို နဂါးချေးဟု ယနေ့ထိ ခေါ်ဝေါ်ပြောဆိုနေကြလေသည်။ ထိုနဂါးချေးများမှာ ယနေ့ထိ စိုင်ခြံ၊ စစ်တော၊ စေမော် စသည့်ရွာ၌ရှိနေကြတုန်းမင်။

အမှန်က ထိုရွှေရောင်၊ငွေရောင်တောက်နေသော ထိုနဂါးချေးခေါ် သတ္တုကဲ့သို့ အစိုင်အခဲများကို သိပ္ပံနည်းနှင့် စမ်းသပ်ကြည့်ကြဖို့ကောင်း၏။ ထိုအစိုင်အခဲများမှာ နဂါးပွက်ကျင်းမှ မီးခဲကဲ့သို့ ရဲရဲနီကာ မိုးပေါ် တောင်တက်လာသော ကျောက်လုံးကြီး မြန်အကျနှင့် တက်လာသော မီးသင်းကျောက်အစိုင်အခဲများသာ ဖြစ်ပေမည်။ သို့သော် ထိုမီးသင်းကျောက်ကို ပန်းထိမ်ဆရာက အပူပေးလိုက်သောအခါ ရွှံ့ရည်၊ချော်ရည်ပြန်ဖြစ်သွားသည်မှာတော့ အံ့ဩစရာပင်။

မည်သို့ဆိုစေ ရမ်းဗြဲသားများကမူ ထိုအရာကို ယခုထိ နဂါးချေးဟုခေါ် နေကြတုန်းပင်။

ဗိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

အငြိမ်းစားယူခဲ့ပြီးဖြစ်၍ ဝါသနာပါရာ စာရေးခြင်းအလုပ်ကို အချိန်ပြည့် လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ အခါအားလျော်စွာ တရားစခန်းဝင်ခြင်း၊ ရေးဖော်များနှင့် ခရီးသွားခြင်းများလည်း ဆောင်ရွက်နိုင်လာနိုင်ပြီ ဖြစ်သည်။ တစ်ခါတစ်ရံ ကပ္ပိယကြီးရွှေမိုးအမိဋ္ဌာန်ခရီးထွက်ရာ သို့လိုက်ပါသွားနိုင်ခဲ့ပြီဖြစ်သည်။ ကပ္ပိယကြီးရွှေမိုးမှာ ကျွန်တော်နှင့် လွန်စွာခင်မင်ရင်းနှီးသူဖြစ်သည်။ ကပ္ပိယကြီးရွှေမိုးမှာ ဗေဒင်၊ ယတြာ၊ လောကီအစီအရင်များကျွမ်းကျင်သူဖြစ်သည်။ အချို့က ကပ္ပိယကြီးသည် အကြားအမြင်ရနေသည့်ပုဂ္ဂိုလ်ဟု ဆိုကြသည်။

တစ်နေ့ ညနေစောင်း ဈေးသိမ်းချိန် အိမ်ပြန်လာသော ကျွန်တော့်ဇနီး မျက်နှာမရွှင်မလန်းဖြစ်နေသည်ကို သတိထားမိလိုက်သည်။ ဈေးစာရင်းစာအုပ်၊ သော့များ၊ ငွေများထည့်ထားသည့် လက်ဆွဲအိတ်ကို သုတ်ခနဲပစ်ချလိုက်ပြီး သက်ပြင်းချလိုက်သည်ကို တွေ့လိုက်ရသည်။ ကျွန်တော် မနေသာတော့ဘဲ ဇနီးသည်ကိုမေးလိုက်သည်။

"ခုတစ်လော မင်းကိုကြည့်ရတာ မရွှင်မလန်းဖြစ်နေပါလား။ ဘာလဲ၊ အကြွေးရောင်းထားတဲ့ငွေတွေပြန်မရလို့လား၊ ဈေးရောင်းမကောင်းလို့လား"

"အကြွေးရောင်းထားတဲ့ငွေတွေ မဆုံးပါဘူး။ ဈေးရောင်းမကောင်းလို့ပါ"

"ဪ - ဈေးရောင်းမကောင်းတာလား။ စီးပွားရေးမကောင်းကြတော့ အဝတ်အထည်ခဏခဏဘယ်ဝယ်နိုင်ကြမလဲ"

"အစ်ကိုက အိမ်မှာပဲတကုပ်ကုပ်နဲ့ စာရေးနေတာ ကျွန်မလုပ်ငန်းအကြောင်း မသိပါဘူး။ ခုတစ်လော ဈေးရောင်းမကောင်းတာက အပြိုင်အဆိုင်တွေပေါ်လာလို့ပါ။ ကျွန်မဆိုင်နဲ့မလှမ်းမကမ်းမှာ ဆိုင်အသစ်တစ်ဆိုင်တိုးလာတယ်။ သူက ကျွန်မလိုပဲ လပေးနဲ့အထည်တွေအကြွေး



# မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆု ရ)

## ကပ္ပိယရွှေမိုးနှင့် ကုဋ္ဌာသယပုဏ္ဏာကအင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ရောင်းတယ်။ ပြီးတော့ ကျွန်မထက် ဈေးလျှော့ရောင်းတယ်။ တချို့ ကျွန်မ ဖောက်သည်တွေတောင် သူ့ဆိုင်ရောက် သွားကြပြီ။ ဒါကြောင့် စိတ်မကြည်မလင် ဖြစ်နေတာ"

"ဒါကတော့ကွာ၊ သူတောင်လျှော့ ရောင်းနိုင်သေးရင် မင်းလည်း လျှော့ ရောင်းပေါ့"

"ကိုယ့်အတွက် မကျန်တဲ့အထိ တော့ မလျှော့နိုင်ပါဘူး။ ကြည့်ရတာ ကျွန်မဆိုင်ပြုတ်သွားအောင်လုပ်နေတာ လားမသိဘူး"

"အဲဒီလိုတော့ဖြစ်မယ်မထင်ဘူး"

ကျွန်တော်တို့ဇနီးမောင်နှံ အထည် ဆိုင်အကြောင်းစကားပြောနေစဉ် အိမ် အောက်ဘက်မှ ကျွန်တော့်ဇနီးအမည် ကိုခေါ်ကာ မဝင်းဆိုသူ အိမ်ပေါ်တက် လာသည်။

"အစ်မကြီး၊ အစ်မကြီး ဆိုင်သိမ်း လာပြီလား"

"အေး - ခုပဲပြန်လာတာ၊ အဝင်း ဘယ်ကလှည့်လာတာလဲ"

"အစ်မဆီလာတာ အစ်မဆိုင် သိမ်းချိန်မှန်းပြီးလာခဲ့တာ"

"ကိစ္စရှိလို့လား"

"အစ်မဆီအကူအညီတောင်းမလို့ ပါ"

"ပြော - ဘာကူညီရမလဲ။ အစ်မ တတ်နိုင်တာ ကူညီမှာပေါ့"

မဝင်းဆိုသူမှာ ကျွန်တော်ဝန်ထမ်း ဘဝက လုပ်ဖော်ကိုင်ဖက် ကျော်ဇော၏ ဇနီးဖြစ်သည်။ ဌာနဆိုင်ရာမှနေခွင့်ပြုခဲ့ သော လိုင်းခန်းတွင်နေခဲ့စဉ်က အခန်း ချင်းကပ်လျက် နှစ်များစွာနေခဲ့သူများ ဖြစ်သည်။ ဝန်ထမ်းဘဝကတည်းက မဝင်း၏ခင်ပွန်းဖြစ်သူ ကျော်ဇောမှာ အသောက်အစားဖက်သူ ဖြစ်သည်။ အသောက်အစားကြောင့်လည်း လစာ နှင့် မလောက်မငဖြစ်ကာ မဝင်းက ဈေးရောင်း၍ တစ်ဖက်တစ်လမ်းမှဝင်ငွေ ရှာခဲ့ရသည်။ ကျော်ဇောက ကျွန်တော့် ထက်စော၍ ဆေးပင်စင်ယူသွားခဲ့သည်။ ကျွန်တော်အငြိမ်းစားယူပြီးနောက် မဝင်း မှာ သာကေတ (၇) ရပ်ကွက်ဈေးတွင် ဈေးရောင်းနေကြောင်းသိရသည်။ ယခု ကျွန်တော်တို့နေထိုင်ရာ ဒေါပုံမြို့နယ်ရှိ ကျွန်တော့်နေအိမ်သို့ရောက်လာခြင်းဖြစ် သည်။

"ဒီလိုပါ အစ်မ၊ အခု အစ်မဈေး ရောင်းနေတဲ့ ဒေါပုံဈေးထဲမှာ ဈေးလာ ရောင်းချင်လို့ပါ။ အစ်မဆိုင်ဘေးမှာ နေရာလွတ်ရှိတယ်လေ။ အဲဒီနေရာမှာ ကျွန်မလာရောင်းလို့ရမလား"

"လာရောင်းလို့ရပါတယ်။ ဒါနဲ့ နေပါဦး။ (၇) ဈေးမှာရောင်းနေရာက ဘာဖြစ်လို့ အစ်မဘေးမှာလာရောင်းချင် ရတာလဲ"

"ခုကျွန်မရောင်းနေတဲ့ဆိုင်ခန်းပိုင် ရှင်က ဖယ်ခိုင်းနေလို့ပါ။ မတန်တဆ ဆိုင်ခန်းလခတိုးတောင်းတော့မပေးနိုင် လို့ပါ။ ဖယ်ပေးမယ်လို့လည်း ကတိပေး ထားပြီးပြီ။ ခုလကုန်ရင်ဖယ်ပေးရတော့ မယ်။ ဒါကြောင့် အစ်မကူညီပါနော်"

"ကူညီတာတော့ ဟုတ်ပါပြီ။ အဝင်းက အဟောင်းထည်တွေရောင်း နေတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

"အစ်မဆိုင်နားမှာ အဟောင်း ထည်ရောင်းတဲ့ဆိုင်နှစ်ဆိုင်တောင်ရှိနေ တာ။ ပစ္စည်းချင်းတူနေတော့ ငါ့ညီမ ရောင်းလို့ဖြစ်ပါ့မလား။ ပြီးတော့ ငါ့ညီမ က လူသစ်လေ"

"အစ်မသာ ခွင့်ပြုပါ။ ကျွန်မကြိုး စားပြီး ရောင်းပါ့မယ်"

မဝင်းစကားအဆုံးတွင် ဇနီးသည် က ကျွန်တော့်ဘက်လှည့်ပြီးပြောလိုက် သည်။

"ဘယ်လိုလဲ အစ်ကို၊ အဝင်းကို ရောင်းခွင့်ပြုလိုက်ရမလား။ ကျွန်မဆိုင် နံဘေးမှာ နေရာလွတ်ရှိနေတယ်"

"အေးပါကွာ၊ ကိုယ့်လုပ်ဖော်ကိုင် ဖက်တွေပဲ။ ကူညီနိုင်ရင်ကူညီလိုက်ပေါ့"

"ကဲ - အဝင်း၊ နင့်အစ်ကိုစကား ကြားတယ် မဟုတ်လား။ အစ်မကူညီ မယ်။ ဒါပေမယ့် အထည်ဟောင်းဆိုင် တွေများတယ်နော်"

"ကိစ္စမရှိပါဘူး။ လကုန်ပြီး ကျွန်မ လာခဲ့မယ်။ ခုလိုကူညီလို့ ဆရာ့ကိုရော အစ်မကိုပါ ကျေးဇူးတင်ပါတယ်။ ယောကျ်ားက ဝင်ငွေဘာမှမရှိလို့ ကျွန်မ ဒုက္ခခံနေရတာ"

ကျေးဇူးတင်ကြောင်းပြောဆိုကာ မဝင်းနှုတ်ဆက်ပြီးပြန်သွားလေသည်။ လမကုန်မီတစ်ရက် မဝင်းရောက်လာပြီး သူဈေးရောင်းမည့်နေရာကို လိုအပ်သလို ပြင်ဆင်သည်။ နောင်နှစ်ရက်ခန့်တွင် အထုပ်ကြီးများဖြင့် ရောက်လာပြီး အဟောင်းထည်များ စတင်ရောင်းချပါ တော့သည်။ ညနေဆိုင်သိမ်းချိန် ပစ္စည်း ထုပ်များဖြင့် ကျွန်တော်တို့နေအိမ်ရောက် လာသည်။ အထုပ်များ ကျွန်တော့်အိမ် တွင်ပင်ထားကာ ပြန်သွားပါတော့သည်။

ပထမတစ်ပတ်ခန့်သာ အဆင်မပြေလှ ဘဲ နှစ်ပတ်၊ သုံးပတ်အတွင်း ဈေးရောင်း သည်မှာ အဆင်ပြေသည်ဟုသိရသည်။ တစ်နေ့ ညနေအထုပ်အပိုးများလာထား ရင်း သူတို့နှစ်ယောက်ပြောနေသည့် စကား ကျွန်တော်ကြားလိုက်ရသည်။

"ဟဲ့- အဝင်း၊ နင့်အဟောင်းထည် ဆိုင်ကမဆိုးဘူး၊ ရောင်းကောင်းသားပဲ။ ဟိုဘက်မှာဝယ်နေကျသူတွေတောင် နင့် ဆိုင်ရောက်လာကြပြီ။ ငါတော်တော်အံ့ ဩသွားတယ်။နင့်ဆိုင်က ရောင်းကောင်း ပေမယ့် ငါ့ဆိုင်က ရောင်းအားတော် တော်ကျနေတယ်"

"အစ်မရဲ့ အထည်ဆိုင်အရောင်း အေးနေတာ ကျွန်မကိုယ်တွေ့ပဲ။ ဘယ် လိုဖြစ်လို့လဲ အစ်မ"

"ငါ့ညီမအမြင်ပဲလေ။ ငါ့လို အထည်ဆိုင်နှစ်ဆိုင်တောင်ထပ်တိုးလာ တယ်။ ပြီးတော့ အဲဒီဆိုင်တွေက ငါ့ ရောင်းတဲ့ဈေးထက် လျှော့ရောင်းကြ တယ်။ ငါ့ဆိုင်ပြုတ်သွားအောင် ကြံစည် နေတာလားလို့တောင်ထင်မိတယ်"

"ဟင် - ဒီလိုလား၊ အစ်မတို့က ကျွန်မရဲ့ကျေးဇူးရှင်တွေပါ။ အစ်မဆိုင် ရောင်းကောင်းအောင် ကျွန်မကူညီမယ်"

"ငါ့ညီမ မတတ်နိုင်ပါဘူးလေ၊ အခြေအနေအရပေါ့။ ဒါပေမယ့် ငါ့ညီမ အဟောင်းထည်တွေရောင်းအားကောင်း တာကိုတော့ အစ်မ အားကျမိတယ်။ နှစ်လလောက်အတွင်းမှာ ငါ့ညီမဆိုင်က အရောင်းရဆုံးဖြစ်လာပြီ"

"ဒါကြောင့် အစ်မကိုကူညီမယ်လို့ ပြောတာပေါ့"

"လုပ်စမ်းပါဦး၊ ဘယ်လိုကူညီရမှာ လဲ"

"အစ်မ တနင်္လာသမီးနော်"

"အေး - ဟုတ်ပါတယ်။ ဘာဖြစ် လို့လဲ"

"မနက်ဖြန် ကျွန်မပြောမယ်။ ဆိုင် ရောင်းကောင်းမယ့်ကိစ္စပေါ့"

နောက်တစ်နေ့နံနက်တွင် အဝင်း ရောက်လာသည်။

"အစ်မက တနင်္လာသမီးသေချာ တယ်ဆိုရင် တရုတ်စံကားသားတစ်မိုက် လောက်ရှာပေးနိုင်မလား"

"တရုတ်စံကားသား ဘာလုပ်ဖို့လဲ"

"အစ်မ ဈေးရောင်းကောင်းဖို့မှာ ကျွန်မကိုကူညီမယ့်သူရှိတယ်။ အဲဒီကူညီ မယ့်သူမှာ ဆရာကောင်းရှိတယ်။ ကျွန်မ ဈေးရောင်းကောင်းတာ အဲဒီသူလုပ်ပေး ထားတာပါ။ အစ်မဈေးရောင်းမကောင်း



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်မလည်း စိတ်မကောင်းပါဘူး။ တရုတ်စကားသားသာ ရှာခဲ့ပါ"

"အေးပါ နင့်အစ်ကိုကို ငါရှာခိုင်းလိုက်ပါ့မယ်"

ကျွန်တော့်ဇနီးက ကျွန်တော့်ဘက်သို့လှည့်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"မင်းနဲ့မဝင်းနဲ့ပြောတာ ကိုယ်အားလုံးကြားတယ်။ မနက်ဖြန်မနက် တရုတ်စကားသား ကိုယ်ရှာပေးမယ်"

"တရုတ်စကားသားရှာရတာမခက်ပါဘူး။ နောက်တော့ အစ်မကြို ဈေးရောင်းကောင်းလာတာ ဆရာတွေ့ရစေမယ်"

"သိပ်ကောင်းတာပေါ့။ မနက်ဖြန် တရုတ်စကားသား ဆက်ဆက်ရပါစေမယ်"

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရာ ရုံးဌာနအဆောက်အအုံဝင်းအတွင်း တရုတ်စကားပင်များရှိသည်ကို ကျွန်တော်အမှတ်ရလိုက်သည်။ နောက်တစ်နေ့နံနက်တွင် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သည့်ဌာနသို့ သွားရောက်ကာ တရုတ်စကားပင်မှ တစ်မိုက်ခန့်ဖြတ်ယူခဲ့သည်။ ညနေဆိုင်သိမ်းချိန် မဝင်းရောက်လာစဉ် ကျွန်တော်ပေးလိုက်သည်။ မဝင်းကို တရုတ်စကားသား ပေးပြီးနောက်ပိုင်း ကျွန်တော်မေ့မေ့ပျောက်ပျောက်ပင်ရှိနေခဲ့သည်။ ကျွန်တော်ရေးနေသည့် ဝတ္ထုထဲတွင်သာ မြှုပ်နှံထားခဲ့သည်။ တရုတ်စကားသားရှာပေးခဲ့သည့်အဖြစ်ကိုလည်း သတိမထားမိတော့။ ကျွန်တော့်ဇနီး ဈေးသိမ်းချိန်ပြန်ရောက်လျှင်လည်း ယခင်လိုမကြည်မသာဖြစ်မနေတော့သည်ကို သတိထားမိလာသည်။ တက်ကြွပျော်ရွှင်နေသည်ကို သတိထားမိလာသည်။ တရုတ်စကားသားရှာပေးပြီး နှစ်လခန့်ကြာမှ ထိုကိစ္စ ကျွန်တော်မေးကြည့်မိသည်။

"လွန်ခဲ့တဲ့နှစ်လလောက်က မဝင်းကို တရုတ်စကားသားပေးလိုက်တယ်။ မင်းဈေးရောင်းကောင်းအောင် မဝင်းက လုပ်ပေးမယ်လို့လည်းပြောသွားတယ်။ ပြီးတော့ ခုတစ်လော မင်းပုံစံကရွှင်လန်းနေသလိုပဲ။ ဘာတွေထူးခြားနေလို့လဲ။ ကိုယ့်ကိုလည်းပြောပါဦး"

"ခုတစ်လော ဈေးရောင်းကောင်းလာတာကတော့ အံ့သြလောက်ပေတယ်။ ကျွန်မဆိုင်ပြုတ်သွားအောင် ဈေးလျှော့ရောင်းတဲ့နှစ်ဆိုင်အနက် တစ်ဆိုင်တောင် ဈေးမထွက်တော့ဘူး။ သူတို့ဖောက်သည်တွေတောင် ကျွန်မဆီရောက်လာပြီ"

"ဟေ - ဟုတ်လား။ ဒါနဲ့ တရုတ်စကားသားတောင်းပြီး မဝင်းကဘာလုပ်တာလဲ"

"အဲဒီအကြောင်း အစ်ကို့ကို ကျွန်မပြောမလို့ပဲ။ အဝင်းကမပြောနဲ့ဆိုလို့ပါ။ ကျွန်မ အထည်ဆိုင်ဈေးရောင်းကောင်းလာတာ အဝင်းလုပ်ပေးတဲ့ တရုတ်စကားသားနဲ့ အင်းကွက်တစ်ခု၊ ဂါထာတစ်ပုဒ်ကြောင့်ပါ"

"တယ်ဟုတ်ပါလား။ ကိုယ်လည်း စာရေးနေတာပဲ။ တကယ်အကျိုးဖြစ်ထွန်းတာဆိုရင်တော့ စာဖတ်သူတွေကို ဝေငှပေးချင်တယ်"

"အဝင်းကိုလုပ်ပေးတဲ့သူသာသိလိမ့်မယ်။ တရုတ်စကားသားပေါ်မှာ အင်းကွက်တစ်ကွက်ပါတယ်။ ပြီးတော့ ဂါထာတစ်ပုဒ်ရွတ်ရတယ်။ ဂါထာက နှစ်ကြောင်းလောက်ပဲရှိတယ်။ တိုတိုလေးပါ။ ပြီးတော့ အဲဒီတရုတ်စကားသား ဆောင်ထားရတယ်။ အဲဒီလိုလုပ်ပြီးကတည်းက ကျွန်မဆိုင်အရောင်းအဝယ်ကောင်းလာတယ်။ ပြိုင်ဆိုင်လာတဲ့သူတွေလည်း နောက်ဆုတ်သွားကြတယ်"

"မင်းပြောတာနဲ့ပဲ တော်တော်စိတ်ဝင်စားလာပြီ။ အဲဒီတရုတ်စကားသားနဲ့လုပ်ထားတဲ့အင်းကွက်က ဘယ်လိုလဲ၊ ဘယ်မှာလဲ။ မင်းဆောင်ထားတယ်ဆို"

"ကျွန်မဆိုင်မှာရှိပါတယ်၊ အမြဲတမ်းဆောင်ထားရတာ၊ ဆိုင်မှာရှိတယ်။ မနက်ဖြန်ညနေ ဈေးသိမ်းတော့ ကျွန်မယူခဲ့မယ်။ အသေးစိတ်သိချင်ရင် အဝင်းကိုသာမေးကြည့်ပေတော့"

နောက်တစ်နေ့ ညနေဈေးသိမ်းချိန်တွင် မဝင်းနှင့် ကျွန်တော့်ဇနီးတို့ နှစ်ယောက်အတူရောက်လာကြသည်။ ကျွန်တော့်ဇနီးက ပိတ်စအဖြူရောင်ဖြင့် တရိုတသေပတ်ထားသော အထုပ်တစ်ထုပ်ကမ်းပေး၏။ အထုပ်ကို ကျွန်တော်ဖြေလိုက်သည်။ တစ်မိုက်ခန့် တရုတ်စကားသားမှာ အခေါက်၊ အကြေး မရှိတော့ဘဲ ပြောင်ချောအောင်သွေးထားသည်ကို တွေ့ရသည်။ ကျွန်တော်ကိုယ်တိုင်ခုတ်ပေးခဲ့၍ သိနေခြင်း ဖြစ်သည်။ ထိုအပေါ်တွင် အင်းကွက်တစ်ကွက်တွေ့ရသည်။ အင်းကွက်အကွက် (၉)ကွက်ရှိသည်။ အကွက်တိုင်းတွင်စာများရှိသည်။

"ဒါကိုဆောင်ထားလို့ အရောင်းအဝယ်ကောင်းလာတာ၊ ပြိုင်ဆိုင်မယ့်သူတွေလည်း နောက်ဆုတ်သွားကြတယ်"

ကျွန်တော်က သိချင်စိတ်ဖြင့် မဝင်းကိုမေးလိုက်သည်။

"မဝင်းရေ၊ ဒီအင်းက ဘာအင်းလို့ခေါ်လဲ"

"ဣစ္စာသယ ပုဏ္ဏကအင်းတဲ့။ ဂါထာကတော့ အင်းဆန်ဂါထာတဲ့"

"ဘာ - ဣစ္စာသယပုဏ္ဏကအင်း ဟုတ်လား။ ဒီအင်းက ဈေးရောင်းကောင်းဖို့တစ်ခုတည်းမဟုတ်ဘဲ တခြားအကျိုးသက်ရောက်မှုတွေရှိဦးမယ်ထင်တယ်။ (၇) ရက်သားသမီးတွေအတွက် ရေးပြချင်တယ်။ မဝင်းကိုလုပ်ပေးတဲ့ ဆရာကိုပြောပြီး အသေးစိတ်သိချင်လို့ တောင်းခဲ့ပါလား"

"ရနိုင်မယ်ထင်တယ်။ ကျွန်မတို့ အဲဒီအင်းလုပ်ပေးတဲ့သူကို မေးပေးပါ့မယ်"

"မဝင်းကိုပေးတဲ့သူက ကိုယ်တိုင်လုပ်တာမဟုတ်ဘူးလား"

"ကိုယ်တိုင်မဟုတ်ဘူး။ သူ့ဆရာလုပ်ပေးတာတဲ့။ ကျွန်မကိစ္စပြောပြတော့ သူ့ဆရာက လုပ်ပေးမယ်ဆိုလို့ ကျွန်မလက်ခံခဲ့တာ။ အဆင်ပြေရင် ကန်တော့ပါဆိုလို့ တနင့်တပိုးပေးခဲ့တယ်။ ကန်တော့တယ်ပဲထားပါတော့။ ဒါပေမယ့် ကန်တော့ရတာတန်ပါတယ်"

"ဟုတ်ပါပြီ၊ ဘယ်သူလုပ်ပေးတာလဲ၊ မဝင်းမသိဘူးလား"

"ကျွန်မကို ဆက်သွယ်ပေးတဲ့သူပြောတော့ မော်ဘီဘက်ကဆရာတဲ့၊ ကပ္ပိယရွှေမိုးလို့တော့ ပြောသံကြားတယ်"

"ဘာ - ကပ္ပိယရွှေမိုးဟုတ်လား၊ မော်ဘီမှာနေတဲ့ ကပ္ပိယရွှေမိုးလား"

"ဟုတ်တယ်၊ ကျွန်မမော်ဘီလိုက်သွားရသေးတယ်။ ဘာဖြစ်လို့လဲ"

"အဲဒီကပ္ပိယရွှေမိုးက ကျွန်တော်နဲ့ တော်တော်ရင်းနှီးတာ။ အစကမသိခဲ့ဘူး။ ကျွန်တော့်ပဲဆက်သွယ်လိုက်တော့မယ်။ ဒါနဲ့ ကပ္ပိယကြီး အဓိဋ္ဌာန်ခရီးထွက်နေတယ်မဟုတ်လား။ သထုံဘက် သပိတ်တောင်လား၊ ကေလာသတောင်လားတော့ အတိအကျမသိဘူး။ အဲ ဘက် အဓိဋ္ဌာန်ခရီးသွားနေတယ်လို့ ထားတာ"

"ကေလာသတောင်လို့ ကြားတယ်။ ပြန်ရောက်နေပါပြီ"

"ကျေးဇူးပဲ မဝင်း၊ ကျွန် သွားတွေ့လိုက်မယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ကားသားနဲ့လုပ်ထားတဲ့ အင်းကွက်အကြောင်းလည်းမေးခဲ့မယ်။ ခုနကပြောတာ ဘာအင်းလဲ"

"ဣစ္စာသယပုဏ္ဏကအင်းတဲ့"

"ဂါထာကကောဘယ်လိုခေါ်လဲ"

"ဂါထာက အင်းဆန်ဂါထာတဲ့"

"ကောင်းပါပြီ။ အဲဒီအင်းနဲ့ဂါထာကြောင့် မဝင်းတို့ အရောင်းအဝယ် အဆင်ပြေခဲ့တာကိုး။ ဒါနဲ့ တနင့်တပိုး ရေးရတာတော့ မဟုတ်သေးဘူး"

"ကျွန်မက တစ်ဆင့်ဆက်သွယ်ရတာဆိုတော့ ဆက်သွယ်ပေးတဲ့သူက ကောင်းသလောက်ပေးခဲ့ရတာပေါ့"

"ကပ္ပိယကြီးက ပန်းဖိုး၊ ဖယောင်းတိုင်ဖိုးလောက်သာ လက်ခံတာ၊ ထားပါတော့လေ"

ကျွန်တော့်ဇနီးနှင့် မဝင်းတို့ အရောင်းအဝယ်အဆင်ပြေနေသည်မှာ ကပ္ပိယကြီးရွှေမိုး၏အစီအရင်ကြောင့်ဖြစ်ကြောင်း ယခုမှ ကျွန်တော်သိရသည်။

ကပ္ပိယကြီးရွှေမိုး၏ အင်းနှင့်ဂါထာက အစွမ်းထက်လှကြောင်း ကျွန်တော့်လက်တွေ့ပင် ဖြစ်သည်။ နောက်တစ်နေ့တွင် ကပ္ပိယကြီးရှိရာ မှော်ဘီဓာတ်စခန်းသို့ ကျွန်တော်လိုက်သွားသည်။ ကပ္ပိယကြီးကို အဆင်သင့်တွေ့ရသည်။ကျွန်တော့်ကိုတွေ့သည်နှင့် ကပ္ပိယကြီးက ဝမ်းသာအားရနှုတ်ဆက်သည်။

"ပျောက်ချက်သားကောင်းလှချေသား မောင်မိုးရဲ့။ ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ကပ္ပိယကြီးဆီလာခဲ့တာပဲ။ အစိုးရာန်ခရီးထွက်နေတာ ပြန်မရောက်သေးဘူးထင်လို့ ကျွန်တော်မလာဖြစ်တာပါ"

"ဒါနဲ့ ခုရောက်လာတာ ကိစ္စရှိလို့လား မောင်မိုး"

"ကိစ္စအထူးအထွေတော့မရှိပါဘူး။ တရုတ်စကားသားနဲ့လုပ်ထားတဲ့ ဣစ္စာသယပုဏ္ဏကအင်းနဲ့ အင်းဆန်ဂါထာအကြောင်းသိချင်လို့လာခဲ့တာပါ"

"ဟေ - တစ်လောကပဲ အဲဒီအင်းနဲ့ဂါထာ တနင်္လာသမီးအတွက်လုပ်ပေးလိုက်ရသေးတယ်"

"အဲဒီ တနင်္လာသမီးဟာ ကျွန်တော့်ဇနီးပါပဲ"

"ဩော် - မောင်မိုးရဲ့ဇနီးလား။ အရောင်းအဝယ်ကောင်းဘူး၊ ပြီးတော့ အတိုက်အခံတွေလည်းရှိနေတယ်ဆိုလို့ လုပ်ပေးလိုက်တာ၊ အဆင်ပြေတယ် မဟုတ်လား"

"ကပ္ပိယကြီးကို ကျွန်တော်ယုံပါတယ်။ ကပ္ပိယကြီးဆောင်ရွက်ပေးရင် အဆင်မပြေတာမရှိခဲ့ပါဘူး"

"ဘာလဲ မောင်မိုးက စာရေးဆရာဆိုတော့ ဣစ္စာသယပုဏ္ဏကအင်းအကြောင်းရေးမလို့လား"

"အများအကျိုးဖြစ်စေမယ့်ကိစ္စပဲ၊ ရေးချင်ပါတယ်။ ကျွန်တော့်ကိုပြောပြပါလား"

"အင်းကိုတော့ တရုတ်စကားသားပေါ်မှာ မောင်မိုး တွေ့ခဲ့ပြီးပြီပဲ။ ဂါထာအကြောင်းတော့ မသိသေးဘူး မဟုတ်လား။ မောင်မိုးဇနီးရွတ်နေတဲ့ ဂါထာပါ။ ဂါထာနဲ့ အင်းကွက်ရေးပေးလိုက်မယ်။ ခဏစောင့်"

ချက်ချင်းပင် ကပ္ပိယကြီးက စာရွက်တစ်ရွက်ပေါ်တွင် ဣစ္စာသယပုဏ္ဏကအင်းပုံနှင့် အင်းဆန်ဂါထာကို ရေးချလိုက်သည်။ အင်းကွက်များလည်း တွေ့ရသည်။

"ပြီးပြီ။ ရော့-မောင်မိုး ဖတ်ကြည့်။ အင်းအစီအရင်ပြုလုပ်ပုံနည်းပါရေးထားတယ်။ ဂါထာလည်းပါတယ်။ မောင်မိုးဇနီးနေ့စဉ်ရွတ်နေတဲ့ဂါထာပါပဲ။ အင်းကိုဆောင်ထားပြီး ဂါထာကိုရွတ်ရတယ်ကွယ့်"

ကပ္ပိယကြီးပေးသည့် စာရွက်ကို ကျွန်တော်ကြည့်လိုက်သည်။ အောက်ပါအတိုင်း အင်းပုံနှင့်ဂါထာကိုတွေ့လိုက်ရသည်။ အောက်တွင် အစီအရင်ပြုလုပ်ပုံကိုလည်း တွေ့ရသည်။

**ဣစ္စာသယပုဏ္ဏကအင်း**

| | | |
|---|---|---|
| ပု | ဟံ | ရာ |
| က္ခ | | ဏ္ဏ |
| ကော | ဇာ | ယ |

**အင်းဆန်ဂါထာ**

❑ ပုဏ္ဏ ကောဟံ ယက္ခရာဇာ။ ။

အလယ်တွင် လိုသူ၏နံကိုသွတ်ပါ။

အဟံ - ငါသည်၊ ပုဏ္ဏကော - ပုဏ္ဏကအမည်ရှိသော၊ ယက္ခရာဇာ - ဘီလူးမင်းတည်း။

❑ **စီရင်ပုံ**

ဤအင်းကို ရွှေပြားတွင်ဖြစ်စေ၊ ငွေပြားတွင်ဖြစ်စေ နက္ခတ်၊ ခပါဒ်ရွေးချယ်၍ လက်ဖွဲ့ထိုးရမည်။ လက်ဖွဲ့လိပ်ပြီးသော် တောင်ထိပ်သို့တက်၍ အင်းဆန်ဂါထာနှင့် တစ်ထောင်စုတ်ရမည်။ ပြီးလျှင်ဆောင်၊ ရန်ဟူသမျှ ပြေပျောက်၏။ အဟန့်အတားကောင်းလှ၏။ အပြိုင်အဆိုင် အနိုင်အရှုံးဟူသမျှ၌ ရေကောင်းရေသန့်တွင် ၎င်းလက်ဖွဲ့ကို စိမ်ပြီးလျှင် အထက်အင်းဆန်ဂါထာနှင့် ခုနစ်အုပ်စုတ်။ ၎င်းရေကို မျက်နှာလိမ်း၊ သောက်လည်းသောက်၊ ပြီးလျှင် စိတ်ကိုစင်ကြယ်အောင်ထားရမည်။ အလုံးစုံပြီး၏။

ပီယလိုသော် ၎င်းလက်ဖွဲ့ကို နံ့သာရည်နှင့်စိမ်၍ အထက်နည်းအတိုင်း စီရင်လေ။ စီးပွားရေးနှင့်စပ်လျဉ်းသော အပြိုင်အဆိုင် အနိုင်အရှုံးများမှာ တရုတ်စကားသားတွင် အကြောပြတ်အောင်သွေး၊ အင်းချပြီးမှ ဟင်္သပဒါးနှင့်ထပ်မံ၍ရေးပြီးလျှင် အထက်ပါအတိုင်း စီရင်ဆောင်လေ။ မိမိလိုရာအောင်မြင်၏။ မယုံမရှိလင့်။ ဂါထာမန်းသောအခါ (၃၂) ထပ်မန်းပါ။ သစ္စာကိုထိန်းပါ။ ဉာဏ်ရှိတိုင်းသုံး။ အကျိုးများလှ၏။

ကပ္ပိယကြီးရွှေမိုးက ဣစ္စာသယပုဏ္ဏကအင်းနှင့် အင်းဆန်ဂါထာစီရင်နည်း အသေးစိတ်ရေးပေးခဲ့သည်။ အင်းနှင့်ဂါထာအစွမ်းထက်ပုံ ကျွန်တော့်ကိုယ်တွေ့ပင် ဖြစ်သည်။

"(၇) ရက်သားသမီးအတွက် မောင်မိုး ရေးချင်တယ် မဟုတ်လား။ ရေးနိုင်အောင် အပြည့်အစုံရေးပေးထားတယ်"

"စိတ်ချ ကပ္ပိယကြီး၊ ကျွန်တော်ရေးပါ့မယ်။ ကပ္ပိယကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကိုခွင့်ပြုပါဦး"


ကပ္ပိယကြီးကို နှုတ်ဆက်ပြီး မှော်ဘီမှ ကျွန်တော်ပြန်လာခဲ့သည်။ အင်းနှင့်အင်းဆန်ဂါထာ အစွမ်းထက်ပုံအကြောင်းရေးရန် ဆုံးဖြတ်ချက်ချပြီးဖြစ်နေပါတော့သည်။

မောင်မောင်မိုးအောင်

(စာပေဗိမာန်စာမူဆုရ)



www.burmeseclassic.com



# ရဲမင်းထွန်း

(မြင်းကပါ)

## ကံကြမ္မာလား ကျိန်စာလား


“ဗျို့-ကိုမိုးဟိန်း၊ ခင်ဗျားသူငယ်ချင်းကိုချမ်းသာတစ်ယောက်တော့ဆုံးသွားပြီဗျို့။ သန်ဘက်ခါသင်္ဂြိုဟ်မှာတဲ့။ အဲဒါလာပြီးအကြောင်းကြားတာဗျို့။”

နွားကျွေးရင်းကြားလိုက်ရတဲ့စကားကြောင့် ကျုပ်အံ့သြတုန်လှုပ်သွားတာတော့အမှန်ပဲ။ ဒီကောင်က ကျန်းမာသန်စွမ်းခန္ဓာကိုယ်တောင့်တင်းတဲ့ကောင်ပဲ။ ဘယ်လောက်ပဲသန်မာတောင့်တင်းဦးတော့ လူဟာ သေမျိုးပဲမဟုတ်လား။ ကျုပ်နဲ့ ချမ်းသာက အလုပ်လုပ်ဖက်သူငယ်ချင်းပေါ့။ ၁၉၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ညနေ(၆) နာရီ (၃၅) မိနစ်မှာ လှုပ်ခတ်သွားတဲ့ ပုဂံငလျင်ကြောင့် ပုဂံရှေးဟောင်းဒေသမှာရှိတဲ့စေတီဂူပုထိုးများ ပြိုကျပျက်စီးခဲ့တာ ဒီလို ပျက်စီးပြိုပြိုကျတဲ့အဆောက်အ များကို နိုင်ငံတော်အစိုးရဌာနကပြန်လည် ပြုပြင်မွမ်းမံရေးအတွက် အထူးဆော လုပ်ရေးလုပ်ငန်းအဖွဲ့ရုံးကို ဖွဲ့စည်း ပြုပြင်စေတယ်။ ဗိသုကာပညာရှင် ကြီး ဦးငွေလှိုင်ခေါင်းဆောင်ပြီး ဆော လုပ်ရေးအင်ဂျင်နီယာအဖွဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



သယ်။ ပုဂံပန်းရန်ပညာရှင်များ ...မြီးပြုပြင်ခဲ့တဲ့အထဲမှာ ကျုပ်နဲ့ ...လည်းအပါအဝင်ပေါ့။ အလုပ် ...တော့လည်း တစ်ဖွဲ့ထဲမှာ အတူ ...ြန်တယ်လေ။

အဲဒီတုန်းက ကျုပ်လည်း ဆယ် ...တဲ့နှစ်မှာပဲပေါ့။ ကျောင်းဆက် ...တော့ဘဲ အိမ်ကမိဘတွေနဲ့အတူ ရိုးရာတောင်သူလုပ်ငန်းကိုပဲလုပ်ခဲ့တယ်။ တစ်ဖက်တစ်လမ်းကဝင်ငွေရအောင်လို့ မိဘတွေကို ခွင့်ပန်ပြီး ဘုရားပြုပြင်ရေး အဖွဲ့ထဲကိုဝင်ခဲ့တာပေါ့။ ရေရှည်လုပ်ဖို့ တော့ စိတ်ကူးမရှိဘူးလေ။ ဒါပေမယ့် အသက်မွေးပညာတစ်ခုခုတော့တတ်ထား ဖို့တော့လိုမယ်ထင်လို့ပေါ့။ဆက်လုပ်တာ မလုပ်တာက အခြေအနေအရပဲပေါ့ဗျာ။

အဲဒီတုန်းက တစ်နေ့မှာ လုပ်အား ခက (၅)ကျပ်နဲ့ပြား(၄၀)ပဲရတယ်။ ဝန်ထမ်း သက်သာက တစ်လမှာ ဆန်(၆)ပြည့် တော့ပေးတယ်။ ကျုပ်တို့လုပ်ငန်းစစချင်း ပဲပြိုကျပျက်စီးနေတဲ့ အုတ်ကျိုးအုတ်ပဲ့ များကို စတင်ရှင်းလင်းရတယ်။ အဲဒီ အချိန်ကဆို လမ်းစဉ်လူငယ်လုပ်အားပေး အဖွဲ့တွေနဲ့ဆိုတော့ ပျော်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်ဗျာ။ သန့်ရှင်းရေးလုပ်အပြီးမှာ ပုဂံပန်းရန်ပညာရှင်များက ငြမ်းချည်နည်း၊ ငြမ်းဆင်နည်း၊ မဆလာစပ်နည်းတွေက အစသင်လို့ပေးတယ်။ ပန်းရန်များဝင်တဲ့အချိန်မှာ အုတ်ခုတ်နည်း၊ လွှာနည်း အဆုတ်အတက်အပင့်အဖောင်းပေါင်းကူးနည်းပညာ၊ မုခ်တံကဲဆင်နည်း၊ ကွမ်းတောင်ပေါက်ပုံနည်း၊ စေတီပြုလုပ်ပုံ အဆင်နည်းပညာများဟာ ခက်ခဲနက်နဲကြောင်း ကျုပ်သိခွင့်ရခဲ့တယ်။

လုပ်ငန်းမှာ လုပ်သားတွေများပြီး ပန်းရန်နည်းတာကြောင့် ကျုပ်နဲ့ချမ်းသာကို သင်ပန်းရန်အဖြစ်နဲ့ခိုင်းတော့ လုပ်ရတာပေါ့ဗျာ။ အဲဒီတုန်းက ပုဂံပန်းရန်ပညာရှင်များဖြစ်တဲ့ ဦးဖိုးချစ်၊ ဦးချစ်မောင်၊ ဦးလှဖေ၊ ဦးပေါလေး၊ ဦးတင်ညွှန့်၊ ဦးစိန်၊ ဦးလှမော်၊ ဦးတင်အောင်၊ ဦးဘညွန့် အစရှိတဲ့ ပညာရှင်များရဲ့ နည်းပညာကို ကျုပ်တို့အကုန်ရခဲ့တယ်။ စိတ်ရှည်လက်ရှည်သင်ကြားပေးတဲ့ဆရာများရဲ့ကျေးဇူး ကျုပ်မမေ့ပါဘူး။ အဲဒီပညာရှင်ကြီးတွေထဲမှာ ဦးပေါလေးတစ်ယောက်ကလွဲပြီး ကျန်တဲ့လူတွေမရှိကြတော့ပါဘူးဗျာ။

ဒီပန်းရန်ပညာရှင်တွေထဲက စာပေဗဟုသုတကြွယ်ဝတဲ့ဆရာ ဦးဘညွန့်ရဲ့ ပြောခဲ့တဲ့စကားကို ကျုပ်အခုအထိ မှတ်သားထားတယ်။

"မိုးဟိန်း၊ မင်းပုဂံဘုရားပြုပြင်ရေးအလုပ်ကိုလုပ်မယ်ဆိုရင် သိသင့်သိထိုက်တဲ့ အချက်အလက်ကို ဗဟုသုတအဖြစ် ပြောပြချင်တယ်။ အဲဒါ ပုဂံမင်းအဆက်ဆက်က ကျိန်ဆိုခဲ့တဲ့ ထက်မြက်တဲ့ ကျိန်စာပေါ့ကွာ။ အဲဒါက ငါနှင့်တကွ ငါ့အဖို့ ဖခင်နောင်တော်များတည်ထားခဲ့တဲ့ စေတီပုထိုး၊ အုတ်ကျောင်း၊ သိမ်၊ ရေကန်၊ အုတ်နန်း၊ ပြသာဒ်၊ ဇရပ်၊ ဂူ၊ လူသူပြည်သားအားထားရာအဆောက်အအုံတို့အား ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်သူတို့သည် သက်ရှည်ကျန်းမာ ဥစ္စာပစ္စည်းဘုန်းကံကြီးမားနတ်တို့လားဘွယ်ရှိစေမူ၍ ပြုမူတစ်မျိုး၊ ပျက်စေခြင်းကို ပြုပါလေငြား သက်ရှိစေကား သေဘိလားသဖွယ်၊ မမြင်မကြားမပြောအားစေ အာခေါင်ခံတွင်း ပုပ်နံပြင်း၍ စားဖွဲ့နေထိုင်ယိမ်းယိုင်လှုပ်ရှားဘဝတွေ့စေကား လောကပါလနတ်မင်းအား သက်သေအပ်နှင်း၍ ကျိန်စာအမှု၊ ငါပြုလေသည်ဆိုတဲ့အတိုင်း စေတနာမှန်ကန်စွာနဲ့ပြုပြင်ဖို့လိုတယ်။ အပြုသဘော လုပ်ပေမယ့် နည်းလမ်းမမှန်ကန်ရင်လည်း ပျက်စီးတာနဲ့တူတယ်"

ဟု ဗဟုသုတပြောပြခဲ့သည်။

ကျုပ်တို့ သင်ပန်းရန်လုပ်နေတဲ့အချိန်မှာ နောက်လိုက်လုပ်သားများက ခနိုးခနဲ့ပြောတဲ့စကားက ရှိသေးတယ်။ ပန်းပဲလူလိမ်၊ ပန်းထိမ်ရွှေခိုး၊ ပန်းရန်အုတ်ချိုးတဲ့။ အဲဒီစကားကို ကျုပ်တို့ခုတ်လွှာတဲ့အုတ်ကျိုးအုတ်ပဲ့တွေကို ရှင်းလင်းရင်းပြောခဲ့တာပါ။ ချမ်းသာဆိုတာက တစ်ရွာသားပါ။ သူက ဆင်းရဲတယ် သူမိဘတွေက တောင်သူစာရင်းငှားလုပ်ကိုင်တဲ့သူတွေပါ။ ချမ်းသာမှာ မိန်းမနဲ့ ကလေး(၂) ယောက်ရှိတယ်။ ဒီဘုရားပြုပြင်ရေးလုပ်ငန်းနဲ့ မလောက်ငလို့ အပြင်ထွက်ပြီးအလုပ်လုပ်လိုက်၊ ဝင်လိုက်နဲ့ပေါ့။

ကျုပ်ကို သူအမြဲပြောတဲ့စကား တစ်ခွန်းရှိတယ်။ သံလက်သားတို့ လူသာအို နေပူခံ ပန်းရန်ကျောဖွဲ့တဲ့။ ဟိုတုန်းက မိန်းမပျိုတွေ ဆုတောင်းကြသတဲ့ နေပူခံ ပန်းရန် ကျောမွဲနဲ့ပြီလွဲပါစေတဲ့။ နောက်ပြီး ပန်းရန်ရိုးရင် မိန်းမကိုးယောက်တဲ့။ ပန်းရန်ဆို လက်ရှောင်ထားတဲ့။ ရယ်စရာအလွန်ပြောတတ်တဲ့ကောင်ပဲ။ သူပြောတဲ့စကားက ဟုတ်တော့ဟုတ်သားပဲ။ ဘယ်မှာချမ်းသာမယ့်အကွက်ရှိလို့လဲ။ တစ်နေ့လုပ်တစ်နေ့စား။ မိုးဟိန်းတဲ့ မင်းလိုသာ မိဘကယာဏကေများများရှိရင် ငါဒီအလုပ်ကိုမလုပ်ဘူး။ တောင်သူပဲလုပ်စားမှာ။ တောင်သူက တစ်မိုးကောင်းတစ်ချောင်းစီးချမ်းသာနိုင်တယ်။ နေပူခံလုပ်တာချင်းအတူတူ တောင်သူက မျှော်လင့်ချက်ရှိသေးသတဲ့။ ကျုပ်လည်း သူရဲ့အားငယ်ချက်တွေကို ဖြေသိမ့်တဲ့အနေနဲ့ -

ချမ်းသာရယ်၊ မင်းကို ငါတို့က သူများတွေ ဘုရားကျောင်းတည်ဆောက်လှူဒါန်းခဲ့တာကို အမွန့်ရှည်ခိုင်မြဲအောင်ပြုပြင်ရတာဆိုတော့ ပိုပြီးကုသိုလ်ရတာပေါ့ကွာ။ နောင်ပွင့်လာမယ့်ဘုရားကို ဦးစွာ ဖူးတွေ့ခွင့်ရမှာပဲ။ မိဘလုပ်ကျွေးသူ၊ ငါးပါးသီလစောင့်ထိန်းသူ၊တရားဘာဝနာပွားများသူ၊ ပိဏ္ဍပါတ်ဆွမ်းလောင်းလှူသူ၊ ဘုရားတန်ဆောင်းဂူကျောင်းတည်ဆောက်မွမ်းမံပြုပြင်သူတဲ့အဲဒီအထဲမှာ ငါတို့လိုပြုပြင်ထိန်းသိမ်းသူတွေပါတော့ စေတနာထားပြီးလုပ်ရင် ပိုပြီး အကျိုးပေးသန်တာပေါ့ကွာလို့ ပြောတော့ သူကလက်ခံတယ်လေ။

သူအဖြစ်က ကိုယ်ပိုင်အိမ်ဝိုင်းမရှိ ယောက္ခမအိမ်မှာကပ်ပြီးတဲထိုးပြီးနေရ ကြောင်း၊ သား (၂) ယောက်ကလည်း သက်န်းဆီးမယ့်အရွယ်ရောက်တော့မှာ လှူခဲ့ရင်လည်း ခုခေတ်နာမည်ကြီးနေ တဲ့ စိန်ညွှန့်အောင်ဆိုင်းနဲ့ ဘိသိတ် မင်္ဂလာညွှန့်ထည့်ပြီး ဝက်သားဟင်းကျွေး ပြီး လှူချင်ကြောင်း၊ ဖြစ်ချင်တာသာ ရှိတယ် လက္ခဏာမရှိကြောင်း အ အမောတွေကို ရင်ဖွင့်ပြောပြရှာသည်။

ကျုပ်နဲ့ ချမ်းသာ အတူတူတွဲပြီး လုပ်ကိုင်ခဲ့တာ (၈၈)အရေးအခင်းနောက် ပိုင်းအထိဆိုပါတော့။ တစ်နေ့(၁၅)ကျ နှုန်းနဲ့ အစိုးရက လုပ်ခတိုးမြှင့်ပေးပြီး သူလည်း လာလိုက်မလာလိုက်နဲ့ နောက် ပိုင်း အပြင်အလုပ်ပဲလုပ်တော့မယ်ဆိုပြီး အလုပ်ကထွက်သွားတော့တယ်။ ကျုပ် လည်း ပန်းရန်လုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့တယ်။ ဒါပေမယ့် အ လုပ်ငန်းရုံးလည်းပျက်သွားခဲ့တယ်။ ဗု ကို ထပ်မံအလှဆင်ဖို့ဆိုပြီး ပြိုကျပျက်စီး နေတဲ့ စေတီပုထိုးအုတ်ကုန်းပျက်တွေ ကို ပြန်လည် တူးဖော်ပြုပြင်ရေးကာလ ကိုရောက်ခဲ့တယ်။ ဒီလုပ်ငန်းတွေ ရှေးဟောင်းသုတေသနဌာနက အင်ဂျင် နီယာအဖွဲ့တွေဖွဲ့ပြီး ကန်ထရိုက် စနစ်နဲ့လုပ်မှာဆိုတော့ ကျုပ်အလုပ် ထွက်လိုက်တယ်။ အိမ်ကအစ်ကိုတွေ အိုးအိမ်ခွဲထွက်သွားတော့ ကျုပ်ပဲ လုပ်ငန်းကိုဦးစီးလုပ်ခဲ့တယ်။ သံယောဇဉ် မကုန်ပေမယ့် လုပ်ရမယ့်လုပ်ငန်း အပြတ်စနစ်ဖြစ်တာကြောင့် ဘုရား ရေများများရမြန်မြန်ပြီးမှသာ ကိုယ်တွ ကျန်မှာမဟုတ်လား။ အုတ်မကျ တကျက်အပထား လက်ရာကောင်း မကောင်း တာဝေလာဝေး သူ့ထက် လုပ်ငန်းပြီးဖို့သာ အမိကထားတဲ့ ပဲ။

ကျုပ်မလုပ်တော့လို့ ဒီစကားပြော တာမဟုတ်ဘူးနော်။ ယခင်လက်ရာ နဲ့ကတော့ ကွာမှကွာပဲ။ အပြင် အုတ်ရိုးက လေးလက်မ အလှပြအုတ် အတွင်းက သဲချောက်ခဲချောက် တော့ ဘယ်မှာလာပြီး အချိတ်အဆ အစီးအနင်းဖြစ်တော့မှာလဲ။ လုပ် အုတ်ကမကျက်တကျက်နဲ့လုပ်တာ ပန်းရန်ဆရာတွေက ဒါဟာ မသင့် ဘူး။ ဒီလိုလုပ်ရအောင်ပြောတော့ မခံဘူး။ သူတို့ပြောသလိုလုပ်ရ ဘယ်မှာလာပြီးကောင်းနိုင်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com

အပြုအဖျက်တစ်ခုခုဖြစ်ရင် ပန်းရန်တွေ အမြစ်တင်မယ့်သူများမှာ။ တကယ် ကျတော့ . သူတို့ကန်ထရိုက်နဲ့ အင်ဂျင်နီယာတွေမိုင်းသလိုလုပ်ရတော့ ရန်မှာ အပြစ်မရှိဘူးလို့ကျုပ်ထင် တယ်။ အခင်းအပေါင်းတွေတတော့ အကောင်းအတိုင်းသာကျန်မှာပါ။အသစ် တွေ တဖျစ်ကညစ်နဲ့ဖြစ်သလိုလုပ်ထား တော့ ပျက်စရာရှိရင် အသစ်တွေကသာ ဦးစီးမှာပါပဲ။

ဘုရားဖူးပြည်သူမျက်မြင်ကိုယ်တွေ့ ပဲ ဟုတ်လား။ တစ်ခုတော့ သတိပေး ရစေ။ ဘုရားဖူးလာတုန်း မိုးရွာခဲ့ရင် အသစ်တွေထဲကိုဝင်ပြီး မိုးမခိုပါနဲ့လို့။ တွေ့ထားလိုက်တော့။ချမ်းသာကြောင်း ဆက်ရအောင်။ သူနဲ့ကျုပ်နဲ့ကွဲသွား တာ (၁၀) နှစ်လောက်တော့ရှိပြီထင် တယ်။ တစ်နေ့မှာ သူကိုယ်တိုင်လာပြီး အသူဖိတ်စာနဲ့ပေးဖိတ်တယ်။ ညအိပ် အရောက်လာဖို့ဖိတ်တော့ ကျုပ်သွားခဲ့ တယ်။ သူရွာရောက်တော့အရင်နေခဲ့တဲ့ ယောက္ခမအိမ်ဝိုင်းထဲမဟုတ်တော့ဘူး။ သန့်အိမ်ခြံဝင်းအကျယ်ကြီးနှစ်ထပ် တိုက်အိမ်နဲ့ လှည်းနွားတွေနဲ့ အတော် တက်ပြောင်းလဲသွားတော့ ကျုပ် သာလိုက်တာ။ နောက်ပြီး သူဖြစ်ချင် အတိုင်း ဆိုင်းက စိန်ညွန့်အောင်၊ သက်မင်္ဂလာညွန့်၊ ရွှေသပိတ်ဆွမ်း လည်း စွယ်တော်လေးဆူစလုံးကပ် ဖြစ်ခဲ့တယ်။ လာသမျှပရိသတ်ကို ည်း ဝက်သားဟင်းနဲ့ပဲ ဧည့်ခံကျွေးမွေး သံဃာတော်များအတွက် လှူဖွယ် ကလည်းစုံလိုပဲ။ ကျုပ်ဝမ်းသာပီတိ ရတယ်။ အရာရာမှာ တစ်သံမတ် ည်းမသွားပဲ ပြောင်းလဲတတ်တဲ့ သဘောဆိုတာကျုပ်လက်ခံလိုက်တယ်။ တက်ပြောင်းလဲခဲ့တဲ့အကြောင်းအရင်း ကျုပ်မမေးဖြစ်ခဲ့ဘူးဗျာ။

လှူပြီး(၃)နှစ်လောက်ပဲရှိဦးမယ် တယ်။ဒီကောင်ဆုံးတဲ့သတင်း ကျုပ် ရောက်လာခဲ့တယ်။ သူငယ်ချင်းရဲ့ နောက်ဆုံးခရီးကို ကျုပ်ပို့ဆောင်ပေးရ ပေါ့ဗျာ။

"ကိုချမ်းသာရေ ရှင့်သူငယ်ချင်း ပြီလေ။ ထပြီး နှုတ်ဆက်လိုက်ပါဦး ဟီး ဟီး ဟင့် ဟင့် "

မြတင်က ရှိုက်ကြီးတငင်ငိုတော့ ကျုပ်စိတ်မကောင်းဘူးဗျာ။ ငိုတဲ့သူတွေ ည်း အများကြီးပဲ။ ချမ်းသာရဲ့ အလောင်းနား ကျုပ်သွားကြည့်တယ်။ အရင်က ချမ်းသာရုပ်နဲ့မတူတော့ဘူး။ ပိန်ခြောက် မည်းနက်နေတာကို တွေ့ရ တယ်။ ကျုပ်စဉ်းစားလိုက်တယ် ရောဂါနဲ့ ဒီလောက်ကြီးမည်းနက်သွားရသလဲပေ့ါ။ ကျုပ်ဝမ်းနည်းပြီး၊ မျက်ရည်ကျပြီး သူ့ အနားကခွာခဲ့တယ်။ အကျိုးအကြောင်း ကို သူယောက္ခမအိမ်ရဲ့အနောက်ဘက် က ဦးမြခင်ကိုမေးခဲ့တယ်။ ဦးမြခင်က သူ့အိမ်ကို ကျုပ်ခေါ်သွားပြီး အကျိုး အကြောင်းရှင်းပြခဲ့တယ်။

"မိုးဟိန်းရေ မင်းသူငယ်ချင်းသေ တာ မြွေကိုက်လို့ကွ"

"ဟင် - ချမ်းသာကို ယာထဲမှာ မြွေ ကကိုက်တာလား"

"မဟုတ်ဘူးကွ သူ့ရဲ့အိမ်ထဲမှာပဲ ကိုက်သွားတာ။ မြွေက တိုက်မြွေကွ။ ကိုက်ပြီးပြီးချင်း တစ်ခါတည်းအသက်ပါ သွားတာပဲ"

"ထူးဆန်းလိုက်တာဗျာ ဘာမြွေ လဲ"

"ထူးဆန်းလိုက်တာမှမပြောပါနဲ့။ ဒီအကြောင်းပြောရင် အရှည်ကြီးပဲ"

"ကဲပါ ဦးမြခင်ရယ်၊ ကျွန်တော် သိရအောင် အစအဆုံးပြောပြစမ်းပါဗျာ သူနဲ့က ကွဲကွာသွားတာကြာပြီပဲ"

"အေး-မင်းနဲ့ကွဲသွားပြီးကတည်း က သူ့အပြင်မှာ ပန်းရန်အလုပ်နဲ့ပဲ အသက်မွေးခဲ့တာပဲ။ အဲဒီနောက်မှာ ဖြစ်



ပျက်ခဲ့တဲ့အဖြစ်က အတော်လေးပြောင်း လဲခဲ့တဲ့အချက်ပဲ ဒီလိုကွ။ တစ်နေ့မှာ တော့. . ."

❑

"မြတင်ရေ၊ ဒီကနေ့ မင်းတို့သား အမိတွေ ထမင်းအရင်စားနဲ့ကြကွာ။ ငါ ကိစ္စလေးတစ်ခုရှိလို့နောက်မှပဲစားမယ်။ အပြန်မိုးချုပ်ချင်ချုပ်မှာနော်"

"ကိုချမ်းသာရယ်၊ ဒီအချိန်ကြီးမှ ဘယ်များသွားရှိမလို့လဲတော်။ အချိန် မတော်ကြီး ကျုပ်နဲ့ ကလေး(၂)ယောက် နဲ့ မနေရဲပါဘူးတော်"

"ဘာကြောက်စရာရှိလို့လဲ။ မင်း မိဘတွေလည်းရှိနေတာပဲ။ အိမ် အနောက်ဘက်က ဘကြီးမြခင်လည်း ရှိရဲ့သားနဲ့ ငါမှာခဲ့မယ်။ ဘာမှမကြောက် နဲ့"

"ဒီလောက် အလောသုံးဆယ်ကြီး ဘာအရေးတကြီးကိစ္စရှိလို့လဲ။ တော် ကျုပ်ကိုပြောလို့မရဘူးလား"

"ဒီမိန်းမ စကားတယ်ဖြီးရှည်ပါ လား။ ငါ့ဘာကိစ္စရှိရှိထပ်ပြီးမေးဖို့မကြိုး စားနဲ့နော် ဒါပဲပြောမယ်"

မြတင် ချမ်းသာ၏စိတ်ကိုသိ၍ နောက်ထပ်ဘာမှမပြောရဲတော့ဘဲ ငြိမ် ၍နေပြီး ချမ်းသာကိုသာကြည့်၍နေ သည်။ (၃) ဆစ်ထိုးဓာတ်မီးနှင့် လေးခွ ခဲများကိုသာ လွယ်အိတ်ထဲမှာထည့်၍ အိမ်မှထွက်သွားတော့သည်။ အချိန်မှာ ည (၉) နာရီခွဲ (၁၀)နာရီခန့်ရှိရော့မည်။ လကွယ်ညမို့ အရာအားလုံး ပိန်းပိတ် အောင်မှောင်နေသည်။ ကောင်းကင်မှ ကြယ်များလည်း ဟိုတစ်စုဒီတစ်စုနှင့် ပုရစ်သံကလည်းမြည်နေသည်။ တစ်ခါ တစ်ရံညဉ့်ငှက်များ၏ အော်မြည်သံက စူးစူးဝါးဝါးရှိလှသည်။ မိမိလိုရာပစ္စည်း ရှိမည့်နေရာကို အမြန်အရောက်သွား နေမိသည်။ ရောက်ဖို့မလိုတော့ပေ။ ဟိုတယ်မှမီးများကထိန်ထိန်ညီးနေသည် ကိုတွေ့ရသည်။ မိမိပစ္စည်းထားရာနှင့် ပတ်ဝန်းကျင်လူသူလေးပါးကို အကဲခတ် နေမိသည်။ မည်သူမျှမရှိထားသည့် နေရာအရောက်မှာ ငှက်ဆိုးအော်ပြီး မိမိခေါင်းကိုထိုးဆိတ်မည်အပြု လေးခွ ဖြင့်ပစ်၍ခြောက်ရသည်။ ချမ်းသာ ထိုပစ္စည်းကို ဟိုတယ်တစ်ခုမှ ခြံဝင်း ခတ်ရန် သူ့ပန်းရဲ့အဖွဲ့ကိုခေါ်သဖြင့် အုတ်မြစ်ချရန် မြေတူးစဉ်က တွေ့ရ သောပစ္စည်းဖြစ်သည်။ အလှည့်ကျတူး နေစဉ်ကတွေ့ရသောပစ္စည်းဖြစ်သည်။

www.burmeseclassic.com

အလှည့်ကျတူးနေစဉ် အလုပ်သမားများက မုန့်သည်လာသဖြင့် မုန့်စားရန်သွားနေခိုက် ချမ်းသာတွေ့ရသဖြင့် အပေါ့အပါးသွားချင်ယောင်ဆောင်၍ ° ပုဆိုးထဲဝှက်က လုပ်ငန်းဖြင့်ဝေးသောနေရာကို သွား၍ထားခဲ့သည်။ ခါတ်မီးထိုး၍ဝှက်ထားသောနေရာကိုရှာဖွေနေစဉ် အသံဗလံတွေကြားရသည်။ ဆူဆူညံညံဖြင့် မိမိအနားသို့ ဝိုင်းအုံလာသည့်အသံများဖြစ်သည်။ ရှာ၍တွေ့ပြီးယူမည်အရှိတွင်-

"ငါ့ပစ္စည်းတွေထားခဲ့။ မယူနဲ့ထားခဲ့ ထားခဲ့နော်"

ပစ္စည်းက ရွှေဖလားခပ်ငယ်ငယ်ထဲတွင် ရတနာပစ္စည်းများက ဝင်းလက်တောက်ပနေသည်ကိုတွေ့ရသည်။ ဘေးပတ်လည်တွင် မည်းမည်းအရိပ်ဆသဏ္ဌာန်များတွေ့ရ၏။ ပစ္စည်းကိုရလိုဇောသန်နေသောကြောင့် အရာရာကိုရင်ဆိုင်ဖို့ အသင့်အနေအထားမှာရှိ၏။ ပစ္စည်းကို လွယ်အိတ်ထဲတွင် မြန်မြန်ထည့်၍ ဟိုတယ်ခြံဝင်းအနားမှအမြန်ဖယ်ခွာခဲ့သည်။ လေးခွကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ခပ်မြန်မြန်ခြေလှမ်းတင်ခဲ့သည်။ ခလုတ်ခဏခဏတိုက်၍လဲခဲ့သည်ပြန်ထ၍ သွားသည်။

"ငါ့ပစ္စည်းပြန်ပေး၊ ငါ့ပစ္စည်းပြန်ပေး"

အသံတွေက နောက်မှလိုက်၍ အော်သည့်အသံများ နားနှင့်မဆံ့အောင်ကြားခဲ့ရသည်။ သို့သော် အောင်မြင်စွာဖြင့် ရွာအဝင်လမ်းသို့ရောက်ခဲ့သည်။ ခွေးဟောင်သံများဖြင့် ဆီးကြိုခြင်းကိုခံရသည်။ လေးခွအစွမ်းကြောင့် ခွေးများအဟောင်ရပ်၍သွားသည်။

"ဟေ့ - မြတင်၊ မတင် ဒီမိန်းမ ဒီလောက်ကြီးအိပ်ရတယ်လို့ကွာ မြတင် မြတင်"

ချမ်းသာ၏ အသံကိုကြားသဖြင့် အိပ်ရာမှလူးလွန့်၍ထရှာသည်။ မီးထွန်း၍အိမ်ပေါက်ဖွင့်လိုက်သည့် ကလေး(၂)ယောက်လည်း အိပ်မောကျနေသည်ကို တွေ့ရသည်။

"ကိုချမ်းသာ၊ ရှင်ဘယ်သွားနေတာလဲ။ ကျုပ်စိတ်ပူလိုက်ရတာတော်"

"ဟေ့-မြတင်၊ တို့ချမ်းသာပြီကွ။ ဒီမှာကြည့်စမ်းပါဦးကွာ"

မီးရောင်အောက်တွင်ထဖိတ်ဖိတ်တလက်လက်တောက်ပနေသောရတနာပစ္စည်းများကို မြတင်အံ့သြစွာတွေ့လိုက်ရသည်။

"ကိုချမ်းသာ၊ ရှင်ဒီဟာတွေကို ဘယ်ကရလာတာလဲတော်။ မဟုတ်တရုတ်တွေလုပ်လာပြီနဲ့တူတယ်။ ကျုပ်ကြောက်တယ် ရှင်ဘယ်ကဘာတွေလုပ်လာတာလဲ"

အံ့သြကြောက်ရွံ့နေသော မြတင်ကိုကြည့်၍ ချမ်းသာ ရယ်ချင်လာသည် ရတနာပစ္စည်းတစ်ခုချင်းကို ကိုင်ကြည့်ရင်း -

"မြတင်ရယ်၊ ငါဘာမှမဟုတ်တာမလုပ်ပါဘူး။ ဒီပစ္စည်းတွေက ငါအလုပ်လုပ်ရင်းတွေ့ခဲ့တဲ့ ပစ္စည်းတွေပါဟာ။ ဘာမှမစိုးရိမ်ပါနဲ့ကွာ ငါတို့ဆင်းရဲတွင်းမှ လွတ်တော့မယ့်ဟာပဲ"

"ဟုတ်. . . ဟုတ်ကောဟုတ်လို့လားတော်။ မဟုတ်တာလုပ်လို့ ရှင်တစ်ခုခုဖြစ်သွားရင် ကလေး(၂)ယောက်နဲ့ ကျုပ်ဒုက္ခရောက်မှာ"

"မိန်းမရယ်၊ မင်းကကြောက်တတ်လိုက်တာလွန်ရောပဲ။ ဒီကိစ္စ ငါနဲ့မင်းကလွဲရင် ဘယ်သူမှသိတာမဟုတ်ဘူး။ တစ်ခုတော့ရှိတယ်နော်။ ဒီအကြောင်းကို မင်းမိဘဆွေမျိုးတွေတစ်ယောက်မှ မသိစေနဲ့။ ဒီကိစ္စပေါက်ကြားလို့ကတော့ မင်းဟာ မင်းငါ့မိန်းမဆိုပေမယ့် ငါ့ညာမှာ မဟုတ်ဘူး။အသေသတ်ပစ်မှာ။ငါလည်း



ဘယ်သူ့ကိုမှအသိမပေးဘူး"

"အေးပါတော်၊ ကိုယ်ယောက်ျား ဒုက္ခရောက်မယ့်ကိစ္စကိုယ့်ကိစ္စကိုမြတင် အသက်နဲ့လဲပြီး နှုတ်စောင့်စည်းပါ့မယ်တော်။ စိတ်သာချပါ"

"ဒါဆိုရင် ဒီပစ္စည်းတွေထုခွဲဖို့ကို ကနောက်မှကြည့်ပြီးစီစဉ်ကြတာပေါ့ အခုတော့ မသိလိုက်မသိပါ ဣန္ဒြေရ နေနော်။ ဟန်မပျက်စေနဲ့။ ငါကတော့ အိမ်ဝိုင်းဝယ်အိမ်ဆောက်၊ သား (၂) ယောက်လျှရမှာမို့ဝမ်းသာနေတယ်တွ အခု ဟိုတယ်ခြံဝင်းပြီးအောင်လုပ်လိုက် ဦးမယ်။ နောက်မှပဲ အဝေးကိုအလုပ် လုပ်သွားရင်း ကြီးပွားလာတဲ့အနေအ ထားနဲ့ရွာပြန်လာမယ်"

"ဒါနဲ့ ကိုချမ်းသာ၊ ဒီပစ္စည်းတွေ ရှေးဟောင်းအပ်လိုက်ရင် ဘယ်လိုလဲ ပစ္စည်းတန်ကြေး၊ အနုပညာတန်ကြေး ပေးမယ်လို့ကျုပ်ရေဒီယိုထဲကြားဖူးတယ်"

"အဲဒါမှ ကိုယ်သေတွင်းကို တိုယ် တူးတာနဲ့တူနေမှာ။ ဒါတွင်ပဲလား၊ ဘာ တွေဘယ်လောက်ပါသလဲ စတဲ့မေးခွန်း တွေက တစ်သီကြီးလာမှာ။ အထ အောက်အကြာကြီးစောင့်ရမှာ။ငါမအေ နိုင်ဘူးကွာ။ မင်းစကားဆက်မပြောနဲ့ တော့"

"အေးပါတော်၊ ဒီကိစ္စကပိပိရိရိ လုပ်နိုင်မှနော်။ သူများရိပ်မိသွားရင်ဒုက္ခ ပဲ။ ကဲ- ညဉ့်လည်းနက်လှပြီ၊ အိပ်ကြ အောင်။ မနက်အလုပ်သွားရမှာမဟုတ် လား"

"ဒါပေါ့ သူဌေးကတော်ကြီးရယ်"

"ချမ်းသာတို့ကတော့ နယ်မှာ အလုပ်လုပ်ထွက်သွားလိုက်တာ ဘေ တော်စုမိဆောင်းမိခဲ့တယ်ဆိုပဲ။ ဒီကောင် ကဘဝနာတော့ အလုပ်ကြိုးစားတဲ့ရ ပဲ"

"ဟုတ်တယ်နော်။ အရင် ယော အိမ်ဘေးမှာတဲထိုးနေရတာ။ ခုတော့ ဝိုင်းဝယ်၊ အိမ်ဆောက်၊ အလှူ တောင်လှူဦးမယ်ဆိုပဲ။ကောင်းလိုက် ကွယ်"

"ဒါတင်ဘယ်ကမလဲ၊ ယာ (၅)ဧကလောက်ဝယ်ပြီးသွားပြီ"

ရွာထဲမှချီးမွမ်းပြောဆိုသံတွေ နေရသည်။ အလှူကြီးလည်း စည် သိုက်မြိုက်စွာဖြင့် လှူဒါန်းအောင် သွားခဲ့ပြီ။သို့သော် ချမ်းသာတစ် အိပ်ကောင်းခြင်းမှအိပ်ရမေ။

www.burmeseclassic.com

ပျက်ခဲ့တဲ့ရက်ပေါင်းများခဲ့ပြီ။

"ငါပစ္စည်းတွေပြန်ပေး၊ ငါပစ္စည်းပြန်ပေး"

စသောအသံများက သူတို့ခြောက်သွန့်နှိပ်စက်နေပြီး အအိပ်ပျက်တော့ အစားလည်းပျက်ပြီပေါ့။ ကြာတော့ ကျန်းမာရေးယိမ်းယိုင်စပြုပြီး ဆေးရုံဆေးခန်းသွားပြသော်လည်း ဘာရောဂါမှမရှိပေ။ ငွေကုန်မှုသာအဖတ်တင်ခဲ့သည်။ ကြာတော့ ကယောင်ချောက်ချားများပြောလာသည်အထိဖြစ်လာသည်။

"ငါပစ္စည်းတွေပြန်ပေး၊ မပေးဘူးလား ပြန်ပေးနော်"

"ကိုချမ်းသာ၊ ဘယ်ကပစ္စည်းတွေလဲ။ ဒီပစ္စည်းတွေပဲအော်နေတော့တာပဲ။ ဘယ်လိုများဖြစ်နေတာလဲတော်"

"မြတင်ရယ် ငါသေရဲတော့မယ်ထင်တယ်။ အိပ်လို့လည်းမရ၊ စားလို့မရ။ ဒီပစ္စည်းတွေကို ညစဉ်ညတိုင်း ငါ့ဆီကိုလာလာတောင်းနေတာ"

"ဘယ်သူကတောင်းလို့လဲတော်။ ကိုယ်ဟာကိုယ် ဥစ္စာခြောက်ခြောက်နေတာနေမှာပေါ့"

"မဟုတ်ဘူး မြတင်။ ငါတွေ့ခဲ့တဲ့ပစ္စည်းတွေက ဌာပနာထားတဲ့ပစ္စည်းတွေဖြစ်ချင်ဖြစ်နေမှာ။ ဒါကြောင့် ဒီပစ္စည်းတွေစောင့်တဲ့ဥစ္စာစောင့်ကများလာလာပြီး တောင်းတာ မဖြစ်နိုင်ဘူးလား။ ငါတွေ့ခဲ့တဲ့နေရာက ရှေးဟောင်းဘုရားအပျက်တွေကြားမှာ ခြံဝင်းခတ်ရတော့ မဟုတ်ဘူးလို့ပြောရမှာမရတာဟာ"

"ဒါဆိုရင် ရှင်တွေ့ခဲ့တဲ့နေရာကို သူ့ပစ္စည်းနဲ့တစ်ပုံစံတည်းတူတဲ့ပစ္စည်းကို သွားထားရင် တောင်းချင်မှတောင်းတော့မှာ"

"အေးကွ မြတင်ရေ၊ မင်းပေးတဲ့အကြံကောင်းတယ် ငါနေမကောင်းလို့ မသွားနိုင်ဘူး။ မင်းပဲကြည့်စီစဉ်လိုက်ကွာ"

"ကဲပါတော်၊ ဘုရားအာရုံပြုပြီး စိတ်ချလက်ချ အိပ်လိုက်တော့နော်"

မြတင် ချမ်းသာကို ချော့မော့သိပ်တော့ ခဏတာအိပ်၍သွားသည်။ လန့်လန့်တော့အော်နေတော့သည်။ ၎င်းသည်နှင့် ပုဂံမြို့ဟောင်းဘက်ရှိ အဟောင်းဆိုင်တစ်ဆိုင်မှ ရွှေထောင်ငွေထည်ဖလားတစ်လုံးကိုရွေးချယ်၍ယူလာပြီး ယောကျ်ား တွေ့ခဲ့သောနေရာကို ပြန်အထားခိုင်းသည်။ ဒီညတော့ အိပ်ကောင်းခြင်းများအိပ်ရမလားဟုတွေးတောနေခဲ့သည်။

"ကိုချမ်းသာ၊ ရှင်တွေ့ခဲ့တဲ့နေရာ ပြန်ထားခဲ့ပြီမဟုတ်လား။ ဒါဆို ရှင်ဘာမှမပူနဲ့တော့။ ထမင်းအရင်စားပြီး ဒီဆေးလေးကိုသောက်လိုက်နော်"

"စားချင်စိတ်လည်းမရှိပါဘူးကွာ။ ငါကျိန်စာများသင့်နေရော့သလား။ အလှူလုပ်တန်းကလည်း သူတို့ကိုအမျှအတန်းပေးဝေခဲ့ပါတယ်ကွာ"

"ဒါတွေပြောမနေပါနဲ့ ကိုချမ်းသာရယ်။ ကလေးတွေ ရှေ့ရေးကရှိသေးတယ်။ ရှင်ကျန်းမာမှဖြစ်မှာနော်။ ဒီအကြောင်းတွေ ပတ်ဝန်းကျင်ကြားရင် မကောင်းဘူး။ ကဲ - ထမင်းစားပြီးရင် ဆေးသောက်လိုက်၊ အိပ်ပျော်အောင် အိပ်လိုက်စမ်းပါတော်"

ည (၉) နာရီထိုးပြီး ဘုရားရှိခိုးအိပ်ရာဝင်သည်။ ဆေးအရှိန်ကြောင့်လားမသိ၊ ခေတ္တမျှအိပ်ပျော်သွားပြီးနောက်တွင် -

"မြတင်၊ ငါပစ္စည်းတွေပြန်ပေး ငါပစ္စည်းပြန်ပေးနော်"

မြတင်အိပ်ပျော်နေစဉ်တွင် ထ၍ကြမ်းနေသော ချမ်းသာအဖြစ်ကိုကြည့်နေသည်။ လက်သီးဆုပ်အံကြိတ်၍ ပစ္စည်းတွေသာတွင်တွင်တောင်းနေတော့သည်။ ပတ်ဝန်းကျင်မှလူများ၊ မွေးချင်းများ ဝိုင်းအုံ၍လာခဲ့သည်။

"နင်တို့လာထားတဲ့ပစ္စည်းကအတုတွေ။ ငါပစ္စည်းတွေပြန်ပေးမပေးဘူးလား။ မပေးရင် ငါရဲ့ကျေးကျွန်တွေကိုလွှတ်လိုက်မှာနော်"

ပတ်ဝန်းကျင်ရှိလူများ နားလည်ရခက်သွားသည်။ ဟိုတစ်စုဒီတစ်စုဖြင့် ထီးတိုးစကားများပြောဆိုဝေဖန်နေကြသည်ကို မြတင်ကြားနေရသည်။

မြတင်သေတ္တာထဲမှငွေစက္ကူအချို့ကို ချမ်းသာလက်ထဲမှာထည့်လိုက်သည်နှင့် -

"ဒီစက္ကူတွေ ဘာလုပ်ရမှာလဲ။ ငါ့ပစ္စည်းက ရတနာတွေ၊ ရတနာတွေ ဒီတွေဘာလုပ်ရမှာလဲ ကဲဟာ"

ငွေစက္ကူများအိမ်ပေါ်တွင်ပြားပြားခတ်သွားသည်။ မြတင်ကို ရိုက်မည်အရှိ မွေးချင်းများဝိုင်းဝန်းဖမ်းချုပ်၍ ဆရာဝန်ခေါ်၍ စိတ်ငြိမ်ဆေး၊ အိပ်ဆေးများထိုး၍ ငြိမ်သက် အိပ်ပျော်သွားသည်။ မွေးချင်း အသိုင်းအဝိုင်းများစောင့်ကြည့်နေရင်း တစ်ညတာအချိန်ကုန်သွားခဲ့သည်။

"တောင်. . . တောင်. . . ဒေါင်"

"ဟော- ရွာထဲမှသံဂေါင်မွေသံကို ကြားရတယ်။ မီးများလောင်လို့လား"

"မဟုတ်ဘူး၊ ရွာတောင်ပိုင်းမှာ မြွေကြီးအကြီးကြီးတွေ့ရလို့တဲ့"

ရွာသူရွာသားများ မြွေ၏အန္တရာယ်ကို တားဆီးရန်အတွက် တုတ်၊ ဓားလက်နက် လေးခွကိုယ်စီဖြင့် မြွေရှိနေသောနေရာကိုသွားကြည့်ကြတော့ မြွေကြီးမြင်လိုက်ရသည်။ သို့သော် ပျောက်ခြင်းမလှပျောက်၍သွားသည်။

"မြတင် မြတင် မြွေကြီးငါ့အိမ်ကိုလာနေပြီ လုပ်ကြပါဦး။ တုတ်ယူခဲ့။ ဒီမြွေကိုငါကိုယ်တိုင်သတ်မယ်"

ကိုချမ်းသာ၊ ဘယ်မှာမြွေကြီးလဲ။ ကျုပ်မတွေ့မြင်ရပါဘူးတော်။ ဟိုတောင်ပိုင်းမှာလူတွေလိုက်ရှာနေတယ်"

"မဟုတ်ဘူး မြတင်၊ ဟိုခြံထောင့်နေ ငါ့ဆီလာနေပြီ မမြင်ဘူးလား"

မြတင်ကြည့်လိုက်တော့ တစ်သက်နှင့်တစ်ကိုယ် ဘယ်တုံးကမှမတွေ့ဘူးသောမြွေအကြီးကြီးကိုတွေ့လိုက်ရတော့ ကြောက်နေမိသည်။ မြွေသည် ချမ်းသာရှိရာ ခုတင်ဆီသို့လာနေသည်။ ချမ်းသာ တုတ်ဖြင့်ရိုက်ရန်ချိန်ရွယ်လိုက်သည်နှင့် မြွေဆိပ်များမှုတ်ထုတ်ကာ တအားကိုက်ပေါက်လိုက်သည်။

"မြတင်၊ ငါ့ကိုမြွေကြီးကိုက်ပြီ။ လုပ်ကြပါဦး၊ ကယ်ကြပါဦး အား. . . အား. . . အား"

ပြောပြောဆိုဆိုဖြင့် ချမ်းသာ မြွေဆိပ်တက်၍ အသက်ကုန်ခြင်းသို့ရောက်သွားသည်။ ရွာမှလူများမြွေကြီးကိုဝိုင်းဖမ်းရိုက်သတ်ရန် ဝိုင်းအုံလာသောအခါ မြွေကြီး ပျောက်ဆုံးသွား၍ ရွာသွားများအံ့ဩတုန်လှုပ်နေတော့သည်။

❑

"အဖြစ်အပျက်က အဲဒါပါပဲကွယ်။ ချမ်းသာယူလာတဲ့ပစ္စည်းတွေက ကျိန်စာနဲ့များထားခဲ့သလား ဒါမှမဟုတ် ဥစ္စာစောင့်တွေက မြွေအဖြစ် ဖန်ဆင်းပြီး ချမ်းသာအသက်ကို နုတ်ယူသွားသလားဆိုတာ တွေးတောစရာပဲမဟုတ်လား"

ကျုပ်သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ လောဘ၊ ဒေါသ၊ မောဟများနဲ့ ကျင်လည်နေရတဲ့ လောကလူသားများပင် မဟုတ်လား။ ချမ်းသာလို ဥစ္စာပစ္စည်းများ ကျုပ်တွေ့ရှိပါက. . .။

ခဲမင်းထွန်း(မြင်းကပါ)



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ သေသာ သေလိုက်ချင်တယ်ဟော့။ အများကြီးမဟုတ်ဘူး၊ သုံးရက်လောက်ပါပဲ။ ငါမရှိရင် နင်တို့တွေ ဘယ်လိုများနေကြမလဲဆိုတာ ဟောဟိုအိမ်ရှေ့ ပိန္နဲပင်ပေါ်က ထိုင်ကြည့်နေလိုက်စမ်းချင်တယ်"

ကြားနေကျစာတ်ပြားဟောင်းကြီးကို အချိန်မှန်ကြားရသည်။ ဦးထွန်းရင်အသံက လေးလုံးမကွဲတော့။ ရေချိန်ကလည်းကျော်နေပြီမှန်းသိသာလှသည်။ သီးသန့်ရဲဝင်းထဲက ဝန်ထမ်းအိမ်ခန်းတွေအတွက်တော့ အထူးအဆန်းမဟုတ်တော့ပြီ။ မကြာမီ ချောင်းထဲဆင်းရေချိုး၊ ထမင်းစားပြီးနောက် ဘကြီးထွန်း၏ဘုရားဝတ်တက်အသံလေးလေးကြီးကို လိုင်းခန်းတစ်လျှောက်ကြားရလိမ့်ဦးမည်။

□

# သထုံ-ငယ်ငယ်

## စကားနိမိတ်



ဦးထွန်းရင်က အပြောခံရဲအုပ်။ အခ
ခေတ်မှာတော့ အပြောခံရဲအုပ်ဆိုတာ မရှိ
တော့။ ဦးထွန်းရင်စကားနှင့်ပြောရလျှင်-

"တော်တော်ခွတီးခွကျနိုင်တဲ့ရာထူးကွ"

ဆိုသည့်အတိုင်းပင် ဒုရဲအုပ်ထက်ရာထူးကြီးတာမှန်ပေမယ့် ဟိုမရောက်ဒီမရောက်သည့်အဆင့်။ စခန်းထိုင်ခွင့်မရလို့ကတော့ နေရာလပ်နေသည့်ရာထူး။



www.burmeseclassic.com

www.burmeseclassic.com

ရာထူးကသာ ဟိုမရောက် ဒီမရောက်ဖြစ်တာ လူကတော့ ပင်စင်သွားရတော့မည်။ ဒါတောင် ဆားဗစ်ဘွတ်ထဲ သက္ကရာဇ်လေးနည်းနည်းဖြို ထားပေလို့။ ပင်စင်သွားပါက ဘယ်မှာသွားနေရမှန်းမသိသည့်ဘဝ။ အိမ်ပိုင်မရှိ။ သားသမီးတွေကလည်းတစ်ပြုံတစ်မကြီး။ သမီးနှစ်ယောက်၊ သားလေးယောက်။ ဦးထွန်းရင်တို့လင်မယားပါ ပေါင်းထည့်လိုက်လျှင်ရှစ်ယောက်။ စားအိုးကလည်းကြီးသည်။ ထိုခေတ်အခါကပေးသော ဝန်ထမ်းဆန်နီတာရဲတစ်ပြည်ချက်ပင် မလောက်ချင်သည့်မိသားစု။ လစာထုတ်သည့် ပိုက်ဆံမမြင်ရ။ ဈေးကြွေးစားကြွေးပင်မလောက်။

အင်္ဂလိပ်ခေတ်၏ ဆိုးမွေအဖြစ် ဘုလိပ်ဟုသမုတ်ခံရပေမယ့် ဦးထွန်းရင်တို့ခေတ် ပြည်သူ့ရဲအများစုက-လက်မသွက်ကြ။ အမှုသည်ဆီက တောင်းဖို့မပြောနှင့် စေတနာရှိလို့ပေးတာတောင် ယူဖို့ချက်နေတတ်သူကခပ်များများ။ ဆန်အိုးထဲ ဆန်မရှိတာထက် ရှိတဲ့သိက္ခာလေးကိုတန်ဖိုးထားကြသည်။ ယူခဲ့လျှင်တောင် သိုသိုသိပ်သိပ်။ လူသိသွားမှာများသေလောက်အောင်ကြောက်ကြသည်။ အခုလိုပွင့်လင်းမြင်သာတဲ့ခေတ်မဟုတ်သေးတော့လည်း စားဝတ်နေရေးက ချောတာအဆန်းတော့မဟုတ်။

ဦးထွန်းရင်ခေတ် သီးသန့်ရဲဝင်းကြီးက ကျယ်လွန်းလှသည်။ လိုင်းခန်းတွေကလည်း သူ့အဆင့်သူ့နေရာနှင့်သူနေချင့်စဖွယ်။ ရဲဝင်းကြီးထဲမှာ သစ်ပင်ကြီးငယ်တို့ကလည်း စုံလင်လှသည်။ ဘကြီးထွန်းတို့ပင်စင်သွားပြီးသည့်နောက်ပိုင်း ကချင်ပြည်နယ် ကျောင်းသားအားကစားပွဲတော်လုပ်တော့ ရဲသင်တန်းကျောင်းရှေ့မှသောလုံးကွင်းကို ကျောင်းသားအားကစားကွင်းလုပ်ပြီး လိုင်းခန်းဆောက်တော်များများလည်းဖျက်ပေးလိုက်ရသည်။

ရဲဝင်း၏ နောက်ကျောဘက်တွင် ချောင်းလေးတစ်ချောင်းက ဖြတ်သန်းစီးဆင်းနေပြီး ဧရာဝတီမြစ်ထဲသို့စီးဝင်သည်။ ဧရာဝတီမြစ်ရေတက်ချိန်တွင် ချောင်းရေက အထက်ကိုဆန်တက်ပြီး မြစ်ရေကျချိန်တွင် ချောင်းရေက မြစ်ထဲသို့စီးဝင်သည်။ ဒီချောင်းလေးက ရဲဝင်းအတွင်းနေ ရဲမေအိမ်ထောင်သည်တွေအတွက် ထမင်းအိုး၊ ဖား၊ ငါး၊ ပုစွန်သွယ်လင့်တကူ ရှာဖွေရရှိနိုင်သည်။ ချောင်းထဲမှာ ရေတွင်းရှိပေမယ့် ရေချိုးအဝတ်လျှော်ဖို့ ချောင်းထဲသို့သာဆင်းကြသည်။

သီးသန့်ရဲဝင်းဆိုတာ စခန်းမထိုင်ရသူတွေ နေရာအရပ်ပိပိ ချို့တဲ့သူတွေများသည်။ သူများတွေထက် သားသမီးရတနာ မိုမိုချမ်းသာလှသော ဦးထွန်းရင်တို့မိသားစုက အမွဲတကာ့ထွင့်ခေါင်ဘွဲ့ထူးခံမိသားစု။ သားသမီးတစ်ပြုံတစ်မကြီးနှင့် အော်ဟစ်ဆူညံနေတတ်တာ အဆန်းတော့မဟုတ်။

❑

ကြောက်စိတ်က ဦးထွန်းရင်သွေးထဲမှာ ခုန်ပေါက်ရုန်းကန်ပြီးထွက်နေကြသလားထင်ရသည်။ ဘာကြောင့်ဒီနေရာကိုရောက်နေတာလဲ ဦးထွန်းရင်စဉ်းစားမရ။ နောက်ဆုံးမှတ်မိတာက အရက်ရှိန်လေးတထွေထွေနှင့် ချောင်းထဲသို့ ရေချိုးဆင်းခဲ့သည်။ ချောင်းစပ်ရောက်တော့ ချမ်းစိမ့်စိမ့်ဖြစ်လာပြီး ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ သတိရလို့ကြည့်လိုက်တော့ လိုင်းခန်းရှေ့က ပိန္နဲပင်ပေါ်မှာ ခြေထောက်လေးတွဲလောင်းချလို့ထိုင်လျက်သား။

ပတ်ဝန်းကျင်ကို ကြည့်မိတော့ ဦးထွန်းရင်လိုပင် ပိန္နဲကိုင်းပေါ်မှာ ခြေထောက်လေးတွဲလောင်းချလို့ထိုင်နေသူ နှစ်ယောက်ကိုတွေ့ရသည်။ ပုံစံတွေက အေးအေးလူလူပင်။ တစ်ယောက်က ဦးထွန်းရင်ကို လှည့်ကြည့်ပြီးပြုံးပြသည်။ ဘာကြောင့်မှန်းမသိ ဦးထွန်းရင်ရင်ထဲသို့ စိမ့်တက်သွားရသည်။

"ဒီမှာ ဒီမှာ ကျွန်တော် ဘယ်ရောက်နေတာလဲဗျ"

"ပိန္နဲပင်ပေါ်မှာလေ"

"ပိန္နဲပင်ပေါ်မှာတော့ဟုတ်တာပေါ့။ ဒါပေမယ့် ကျွန်တော် ဘယ်လိုရောက်"

"အေး - မင်းပဲ လာချင်လှချေရဲ့ဆို"

ဒေါသထွက်လာဟန်ဖြင့် လှည့်ပေါက်လိုက်သဖြင့် ဦးထွန်းရင် ဆက်မမေးရဲတော့။ ပိန္နဲပင်ပေါ်ကလှမ်းမြင်နေရသောအိမ်မှာတော့ လူတွေစည်ကားလျက်။ မသေချာပေမယ့် ဦးထွန်းရင်နေခဲ့သောအိမ်ဟု စိတ်ထဲကအလိုလိုသိနေပြန်သည်။ အိမ်ထဲသို့ဝင်ထွက်သွားလာနေကြသောဧည့်သည်တွေက ဦးထွန်းရင်၏ မိတ်ဟောင်းဆွေဟောင်း လုပ်ဖော်ကိုင်ဖက်တွေထင်သည်။ ဘာကိုမှရေရေရာရာမမှတ်မိတော့။ ဝန်ထမ်းလိုင်းခန်းလေး၏ အပြင်သို့ပင်လျှံထွက်လာသော အောက်လင်းမီးအလင်းရောင်က သူရှိရာ ပိန္နဲပင်ကြီးဆီသို့ပင် ရောက်လာသည်။ ငိုသံသဲ့သဲ့ကိုကြားရပြန်သည်။ ဇနီးသည်အသံဖြစ်မည်ဟု ထင်သော်လည်း မသေချာ။ ဦးထွန်းရင်ဦးနှောက်တစ်ခုလုံးက ဟာလာဟင်းလင်း။

ပိန္နဲပင်ပေါ်က ဆင်းမှဖြစ်မည်ဆိုသောအသိကြောင့် အနီးရှိပိန္နဲကိုင်းလေးကိုအားပြုပြီး နေရာရွှေ့လိုက်သည်။ မလှုပ်။ တစ်ခါထပ်ကြိုးစားကြည့်ပြန်သည်။ ဘယ်လိုမှလှုပ်မရ။ ကျောက်ချထားသည့်သင်္ဘောကြီးပမာ။ တစ်ကိုယ်လုံးချွေးစေးတွေထွက်လာသည်။ တင်ပါးက ပိန္နဲကိုင်းကြီးနှင့်တစ်သားတည်းဖြစ်နေသလားလို့ပင်ထင်ရသည်။ ဦးထွန်းရင်၏ လှုပ်ရှားမှုကို တစေ့တစောင်းကြည့်နေသော ပိန္နဲပင်ပေါ်တွင် ခြေထောက်တွဲလောင်းချထိုင်နေသည့်လူကြီးထံက ဦးထွန်းရင်ကိုလှမ်းပြောသည်။

"မင်းကြိုးစားလည်း အလကားပဲကွ။ ဒီနေရာကို မင်းပဲရွေးချယ်ခဲ့တာ။ ပိန္နဲပင်ပေါ်ကဆင်းလို့ရတယ်ထားဦး။ မင်းမှာ တခြားသွားစရာနေရာရှိမယ်ထင်လို့လား"

"မနေဘူးဗျာ၊ ဒီပေါ်မှာတော့ ကျွန်တော်မနေနိုင်ဘူး။ ကျွန်တော်အိမ်ပြန်မယ်။ ဟိုမှာတွေ့လား၊ အဲဒါ ကျွန်တော့်အိမ်။ ကျွန်တော်မိန်းမလည်း ကျွန်တော့်ကိုမျှော်နေတော့မှာ။ သားသမီးတွေ ဘယ်ရောက်နေကြလဲ။ ပြီးတော့ ဒီနေရာကို ကျွန်တော်ရွေးချယ်ခဲ့တာမဟုတ်ဘူး။ သူဟာသူရောက်လာတာ"

"ဒီမှာ ဟေ့ကောင် မင်းထက် ငါတို့က နှစ်တစ်ရာလောက် အသက်ပိုကြီးတယ်ကွ။ ဒီလိုအဖြစ်မျိုးတွေက အဆန်းမဟုတ်တော့ဘူး။ အဲဒါ မင်းအိမ်မဟုတ်တော့ဘူး။ အဲဒီအိမ်ထဲက မိန်းမကလည်း မင်းမိန်းမ မဟုတ်တော့ဘူး။ သားသမီးတွေကလည်း မင်းနဲ့မဆိုင်တော့ဘူး။ အေး-အဲဒီအိမ်ထဲမှာရှိတဲ့ မင်းအလောင်းကောင်ကြီးကိုတောင် သူတို့ကမကြာခင် စွန့်ပစ်လိုက်တော့မှာ"

"အလောင်းကောင်၊ ဘယ်ကလာတဲ့ ကျွန်တော့်အလောင်းကောင်လဲဗျ။ ကျွန်တော်က ဒီမှာရှိနေတာ ဘယ်က အလောင်းကောင်းကရှိရမှာလဲ"

"အေး - သေချာနားထောင်၊ မင်းက သေပြီကွ သေပြီ။ မင်းနဲ့သူတို့က ဘဝခြားသွားပြီ။ မင်းက အသက်ရှင်စဉ်တုန်းက မင်းတောင်းဆိုခဲ့တဲ့အတိုင်း ဒီပိန္နဲပင်ပေါ်ရောက်နေပြီ။ ဒါပဲ ဟုတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com

လား”

ဦးထွန်းရင် သက်ပြင်းရှိုက်လိုက်မိသည်။ ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့။ သေပြီတဲ့။ ကိုယ့်ကိုယ်ကိုယ်ပြန်ငုံ့ကြည့်မိသည်။ ငါဟာ တကယ်သေပြီလား။

ပိန္နဲပင်ပေါ်ကဆင်းဖို့ အကြိမ်ကြိမ်ကြိုးစားကြည့်လို့မရသည့်အဆုံး လှမ်းမြင်နေရသော အိမ်ကလေးကိုသာ ထိုင်ကြည့်နေမိတော့သည်။ မိုးသာလင်းသွားသည်။ အိပ်ချင်စိတ်လည်းမရှိ။ နံနက်အလင်းရောင်ပေါ်လာသည်နှင့် လုပ်ဖော်ကိုင်ဖော် ရဲဝန်ထမ်းမိသားစုတွေက ဦးထွန်းရင်အိမ်သို့ စုရုံးရောက်ရှိလာကြသည်။ ဒုရဲအုပ်လေးတစ်ယောက်က တပ်ဖွဲ့ပိုင် တီအီးကားကြီးဖြင့် ဘုန်းကြီးသုံးပါးကို ပင့်ဆောင်လာသည်။

ဘုန်းကြီးဆွမ်းကပ်ပြီး အမျှဝေသံကြားရသည်။ သာဓုခေါ်ဖို့သတိမရ။ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တွေကြောင့် ရင်ထဲမှာ အပူမီးတောက်နေမိသည်။ သက်ပျောက်ဆွမ်းကပ်နေကြတာပါလားဟု အသိလေးတစ်ချက်လောက်ဝင်လာသင့်ပေမယ့် ဦးထွန်းရင်ခေါင်းထဲမှာ ဘာမှမရှိတော့။ တကယ့်ကို ဟာလာဟင်းလင်းကြီး။ အိပ်မက်ထဲလမ်းထလျှောက်နေသူတစ်ယောက်ပမာ၊ လက်ရှိအခြေအနေကြောင့်ဖြစ်ပေါ်နေသောကြောက်စိတ်တွေက ဦးထွန်းရင်၏ အသိတရားတွေကိုပါ ဝါးမျိုတိုက်စားသွားကြပြီထင်သည်။

ဘုန်းကြီးတွေ ပြန်ကြွသွားပြီး မကြာခင် ဦးထွန်းရင်တို့လိုင်းခန်းရှေ့မှာ တာလပတ်မိုးမဏ္ဍပ်လေးပေါ်လာသည်။

“ရဲစခန်းထဲက အသုဘအိမ်ကွ။ အားရပါးရကို ဖဲရိုက်ပစ်လိုက်ဦးမယ်။ ဒီလိုအခွင့်အရေးမျိုးကရခဲပါဘိနဲ့”

“ဟေ့ကောင် ကြီးကြီးကျယ်ကျယ် မပြောနဲ့။ မင်းမှာ ပိုက်ဆံကောရှိလို့လား”

“လစာပေါင်မှာ ဆရာရေ၊ လစာပေါင်ပြီးကို ဖဲရိုက်ပစ်လိုက်ဦးမှာ။ ဆရာဦးထွန်းရင်က ကျွန်တော့်ဆရာအရင်းခေါက်ခေါက်ဗျ။ ဆရာဦးထွန်းရင့်ရေစက်ကျရင် ဆရာ့တပည့်ကို မစပါဦး၊ ကူညီပါဦး”

“ဟေ့ကောင်ပြောင်ချော်ချော်လုပ်မနေနဲ့။ အိမ်ပေါ်မှာ သူ့များမိသားစုတွေဝမ်းနည်းနေကြပါတယ်ဆိုမှ မင်းကတစ်မျောင့်”

မဏ္ဍပ်ဆောက်နေသူထဲမျိုးထံမှ မိမိနာမည်ကိုတ,ပြီးပြောလိုက်သံကြောင့် ဦးထွန်းရင်၏ဟာလာဟင်းလင်းဖြစ်နေသော မှတ်ဉာဏ်တချို့ ဖျတ်ခနဲပြန်ပေါ်လာသည်။

မှတ်မိပြီ။

ဒီကောင်က ဒုတပ်ကြပ်ဌေးအောင်။ ဖဲသမား။ ကင်းချိန်မှာ ဖဲခိုးရိုက်တတ်သဖြင့် အချုပ်ထဲမှာ ခဏခဏ ညအိပ်ရတတ်သည့်ကောင်။ ဒီကောင့်ကိုလှမ်းခေါ်လိုက်တာက ဒုရဲအုပ်စိုးကြီး။ အသိတွေဖျတ်ခနဲဖျတ်ခနဲဝင်လာတော့ ဦးထွန်းရင်စိတ်တွေပေါ့ပါးလာသည်။ ခန္ဓာကိုယ်ကလည်း ပေါ့ပါးလာသလိုထင်ရသည်။ ထိုင်နေသောသစ်ကိုင်းကြီးကို လက်ဖြင့်အသာဖိပြီး တင်ပါးလေးကို ရွှေ့ကြည့်လိုက်သည်။ ဟုတ်ပြီ။ ဦးထွန်းရင်၏တင်ပါးက သစ်ကိုင်းနှင့်ကပ်မနေတော့။ ရွှေ့လို့ရနေပြီ။

ဝမ်းသာလိုက်တာများ မပြောနှင့်တော့။ တုတ်ခိုင်လှသောပိန္နဲကိုင်းကြီးအတိုင်း ပင်စည်ဘက်သို့ အသာလေးရွှေ့သွားလိုက်သည်။ ပိန္နဲပင်ကြီးပေါ်ကတော့ ဘယ်လိုဆင်းရမှန်းမသိသေး။ ဦးထွန်းရင်တင်ပါးလေးလှုပ်ခါရွှေ့လိုက်တိုင်း ပိန္နဲပင်ပေါ်တွင် ခြေတွဲလောင်းချထိုင်နေသူနှစ်ယောက်က မျက်ထောင့်နီကြီးဖြင့် လှမ်းလှမ်းကြည့်နေကြသည်။ သူတို့ပုံစံတွေက ဦးထွန်းရင်ကို စားတော့ဝါးတော့မလို။ ကြောက်စိတ်ကြောင့် အသာလေးငြိမ်နေလိုက်ရပြန်သည်။

နေကွယ်ခဲ့ပြီ။ ပတ်ဝန်းကျင်က တဖြည်းဖြည်း မည်းမှောင်လာသည်။ ဦးထွန်းရင်တို့ဝန်ထမ်းလိုင်းခန်းအိမ်လေးမှာတော့ လူစုံနေပြီ။ အောက်လင်းဓာတ်မီးရောင်အောက်က ဖဲဝိုင်းလည်းစပြီ။ ဒုတပ်ကြပ်အောင်ဌေး၏အသံကို ကြားရပြန်သည်။ ဦးထွန်းရင်၏နာမည်ကိုခေါ်ခေါ်ပြီးဖဲချပ်တွေကိုရိုက်ချနေသည့်အသံ။ ပိန္နဲပင်ပေါ်မှာတော့ အလင်းရောင်ကမှောင်ပျပျ။ ခြေထောက်တွေတွဲလောင်းချပြီးထိုင်နေသောလူကြီးနှစ်ဦးကို သဲသဲကွဲကွဲမမြင်ရတော့။ ဦးထွန်းရင်က တင်ပါးလေးကိုအသာလှုပ်ကာ ပင်စည်ကြီးဘက်သို့ တဖြည်းဖြည်းတိုးကပ်သွားလိုက်သည်။

စိတ်ထဲမှာတော့ ပိန္နဲပင်ပေါ်က ရအောင်ဆင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် လှုပ်နိုင်သည်ဆိုရုံသာရှိသော ဦးထွန်းရင်အဖြစ်က ပိန္နဲပင်ပေါ်ကဆင်းဖို့ ဘယ်လိုမှမစွမ်းသာ။

❑

နံနက်လင်းသည်နှင့် ကြေးစည်သံ ကြားရသည်။ ဦးထွန်းရင် ပိန္နဲပင်ပေ ရောက်တာ သုံးရက်ပင်ပြည့်ခဲ့ပြီ။

တစ်ချက်ချက်ထွက်ပေါ်လာသော ကြေးစည်သံက ရင်ဝကိုဆောင့်ဝင်လာသလားထင်ရသည်။ ဦးထွန်းရင်စိတ် မှာ ဝမ်းနည်းသလို၊ ငိုချင်သလို ဘာ မှန်း မသဲကွဲ။ ဒီနေ့မှာ ပိန္နဲပင်ပေါ် မဆင်းနိုင်လျှင် မိသားစုနှင့် ဒီတစ်သ ထပ်တွေ့ရတော့မှာမဟုတ်မှန်း စိတ် အလိုလိုသိနေသည်။ အိမ်ရှေ့မှာ ကားတွေတန်းစီနေသည်။ ဌာနက ကား တွေအပြင် အရပ်ထဲကကားအချို့ တွေ့ရသည်။

“ကဲကဲ-ဆင်းမယ်ဟေ့။ အခေါ ထမ်းဖို့လာကြပါဦး။ အစ်မကြီး၊ အစ် ကြီးတို့က ကားပေါ်တက်နှင့်တော့”

ဒုရဲအုပ်စိုးကြီး၏အသံကိုကြား သည်။ ပြီးတော့ သမီးကြီး၏အသံ။

“အမေ၊ လာလေ သွားရအောင်”

“အမေမလိုက်တော့ပါဘူး သမီး ရယ်။ အမေ အိမ်မှာပဲ ဘုရားကိုအာ ပြုပြီးနေခဲ့တော့မယ်။ သမီးတို့ အဖေ နောက်ဆုံးကခရီးကို. . .”

ဟုတ်ပြီ။ သမီးကြီးအသံ။ ပြီး တော့ ငိုရှိုက်သံအောက်မှာ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားတဲ့အသံက ဇနီး သည်၏အသံ။ ဦးထွန်းရင်၏အသိအာ တွေက တဖြည်းဖြည်းကြည်လင်လို့လာ သည်။ အိမ်အောက်ဆင်းလာသော သမီးကြီးက ကားတစ်စီးပေါ်တက်သွား သည်။ ကားပေါ်မှာ အငယ်ကောင်တို့ ညီအစ်ကိုမောင်နှမတစ်စု။ အရာရာ ပြတ်ပြတ်သားသား မှတ်မိလာသည်။ ကားပေါ်မှာ မိတ်ဆွေအပေါင်းအသင်း တွေ။

ဇနီးသည်၏ ဘုရားဝတ်ပြုသံ အိမ်ပေါ်မှထွက်ပေါ်လာသည်။ ငိုရှိုက်သံ တွေနှင့်ရောနေသောကြောင့် သဲသဲကွဲကွဲ မကြားရ။ နောက်တော့ ဇနီးသည် တည်ငြိမ်သွားဟန်တူသည်။ ဘုရားရှိခိုး သံက ကြည်လင်သထက်ကြည်လင်လာ သည်။ ဩကာသ အစချီတဲ့ ဘုရား ဝတ်ပြုသံ။ ရှားရှားပါးပါး ဦးထွန်းရင် သော တစ်ပုဒ်တည်းသောဘုရားရှိခိုး။

ဦးထွန်းရင်က သောက်တတ်စား တတ်တာမှန်ပေမယ့် ညနေတိုင်း နေ့ ဘုရားဝတ်ပြုမပျက်ခဲ့။ ဦးထွန်းရင်ရ ဘုရားရှိခိုးကလည်း များများစားစားမ ဩကာသအစချီတဲ့ဩကာသကန် ခန်း ဘုရားရှိခိုးတစ်ပုဒ်ထဲသာဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

# ဘာလိရီရာ ရစေနိုင်သော
# ခရစမ အဖို-အမအင်းကိုဆောင်မည်ဆိုလျှင်

ဘုန်းခေါင်

ကျွန်ုပ်တို့ နေထိုင်သော နေစကြဝဠာကြီးတွင် သတ္တဝါများ သက်ရှိအသက်ထင်ရှား နေနိုင်ကြစေရန် ရေ မြေ၊ တော၊ တောင်နှင့် လေထုတို့ ဖြင့်ပြည့်စုံစွာတည်ဆောက်ထားပါသည်။ လောကသုံးပါးထဲတွင် ပါဝင်နေသည့် သတ္တလောကကြီးတွင် လိမ္မာယဉ်ကျေးပြီး အသိဉာဏ်ကြွယ်ဝသောလူသားများ နှင့် တိရစ္ဆာန်သတ္တဝါများစွာ ဆက်နွယ်၍ နေထိုင်ကြရသည့် ကမ္ဘာကြီးတွင် အရှေ့၊ အနောက်၊ အလယ်ဟူ၍ ဒေသကြီးများဖြင့် သတ်မှတ်ပိုင်းခြားထားပါသည်။

လူသားများသည် လူ့အဖွဲ့အစည်းများကို အစဉ်ကြီးပွားတိုးတက်အောင် တွေးကြတောကြကြံဆကြပြီး ရုပ်ဝါဒဖြင့် ကြံစည်မှုများ စိတ်ဦးဆောင်သော အကျင့်စရဏဖြင့် ကြံစည်ခဲ့ကြပါသည်။ စိတ်ဖြင့်ကြံစည်ရသော ဝိဇ္ဇာရေဂမ္ဘီရပညာကို တစ်ကမ္ဘာလုံးမှ ပညာရှင်တို့သည် မိမိတို့ဒေသ၏ လူနေမှုအကျင့်စရိုက်၊ ယဉ်ကျေးမှုဓလေ့ထုံးထမ်းနှင့် ကိုးကွယ်ကြသည့် အယူဝါဒများအပေါ် မူတည်၍ ဝိဇ္ဇာရေဂမ္ဘီရပညာကို ရှာမှီးခဲ့ကြပါသည်။

ယနေ့အိုင်တီခေတ်ဟုကြွေးကြော်နေကြချိန်တွင် ထိုနည်းပညာနှင့်ကပ်လျက် ဝိဇ္ဇာရေဂမ္ဘီရပညာမှာလည်း တည်ရှိနေပါသည်။ အနောက်ပိုင်းသားများ၏ ဂန္ဓာရီကျင့်စဉ်များ၊ အဆောင်ပစ္စည်းများစွာတို့နှင့် ကျွန်ုပ်တို့ အရှေ့ပိုင်းသားများ၏ဂန္ဓာရီကျင့်စဉ်များ၊ အဆောင်ပစ္စည်းများသည် ပုံပန်းသဏ္ဍာန်အားဖြင့် ကွဲပြား ခြားနားနေစေကာမူ တန်ခိုးသြဇာအာဏာနှင့် ဓာတ်လွန်လွတ်မြောက်ခြင်း စသည့်သဘောများအတိုင်း စီမံမှုများစွာကို ပြုလုပ်ခဲ့ကြပါသည်။

ယခု ကျွန်ုပ် တင်ပြလိုသည်မှာ အရှေ့တိုင်းသားများထဲမှ မိမိတို့၏နိုင်ငံ၊

---

အခု ဦးထွန်းရင်၏ ဇနီး ဘုရားရှိခိုးတန်တော့နေတာ ဦးထွန်းရင် ရွတ်ဆိုပူဇော်နေကျ ဘုရားရှိခိုး။ ဝမ်းသာစိတ်ကြောင့် စိတ်ထဲမှလိုက်ဆိုနေမိသည်။ ဦးထွန်းရင်၏အာရုံက ဘုရားရှင်ကိုယ်တော်မြတ်ကြီးဆီဦးညွှတ်လျက်။ ဦးထွန်းရင်၏ကိုယ်ခန္ဓာက တဖြည်းဖြည်း ပိန္နဲပင်ပေါ် မှကြွတက်လာသည်။ ဦးထွန်းရင် တစ်ကိုယ်လုံး လေထဲမှာလွင့်မျောနေသလို။

ဦးထွန်းရင်အဖြစ်ကို ပိန္နဲပင်ပေါ်တွင် ခြေထောက်တွဲလောင်းချထိုင်နေသောလူကြီးနှစ်ယောက်က မျက်ထောင့်နီကြီးများဖြင့်ကြည့်ရင်း ဦးထွန်းရင်ကို ဝိုင်းဆွဲထားကြသည်။ ဦးထွန်းရင်က ကြောက်လန့်တကြား အတင်းရုန်းကန်ပစ်လိုက်သည်။

"လွှတ်လွှတ် ကျွန်တော့်ကိုလွှတ်"

လိုင်းခန်းအိမ်လေးရှေ့မှာတော့ ဦးထွန်းရင်၏အခေါင်းကို အသုဘကားပေါ် တင်နေကြပြီ။

"ဖြည်းဖြည်းဟေ့ ဖြည်းဖြည်း၊ ခြေထောက်ဘက်ကဆင်းနော်။လှေကားတကျဉ်းတယ်။ သတိထား၊ အေး - ဟုတ်ပြီ။ ငွေအောင် မင်းတို့ဘက်က နည်းနည်းပင့်ထား။ ဟုတ်ပြီ"

"ကဲ - ကားပေါ်တင်မယ်။ တစ်ယောက်က ကားပေါ်တက်၊ ဟုတ်ပြီ"

"ဒုန်း"

"ဂလုန်း ဘုတ်"

"ဟာ - လုပ်ကြပါဦး၊ ဒုက္ခပါပဲကွာ။ ဟေ့ကောင် အောင်ငွေ၊ ဘာလို့ အခေါင်းကိုလွှတ်ချလိုက်ရတာလဲကွ"

"ကျွန်တော်လွှတ်ချတာ မဟုတ်ဘူး။ ဟို. . . ဟိုအခေါင်းထဲကလှုပ်တယ် ဆရာ၊ အခေါင်းကလှုပ်နေတာ"

ဒုတပ်ကြပ် အောင်ငွေ၏ စကားကြောင့် အားလုံးကြည့်မိတော့ ပြုတ်ကျပြီးပွင့်ထွက်သောအခေါင်းထဲမှာ ဦးထွန်းရင်က ငုတ်တုတ်ထိုင်လို့။ အချိန်ပိုင်းလေးအတွင်းဖြစ်သွားသောအဖြစ်အပျက်တွေက ယုံနိုင်ဖွယ်မရှိလောက်အောင်ပင်။ ဦးထွန်းရင်အတွက်တော့ သေရွာက တစ်ခေါက်ပြန်ခဲ့ရသည့်အချိန်ပိုင်းလေး။

❑

ဦးထွန်းရင်၏ အသုဘအခမ်းအနားက မကျွတ်မလွတ်တဲ့ဝေနေယျသတ္တဝါအပေါင်းတို့ကိုရည်စူးပြီး ဘုရားအမျှပြုတဲ့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းကပ်လှူဒါန်းတဲ့ အလှူပွဲလေးအဖြစ် ပြောင်းလဲသွားရသည်။ ပိန္နဲပင်ပေါ်ရှိ လူကြီးနှစ်ဦးကိုလည်း တရားတော်နာကြရောက်ပါရန်နှင့် သာဓုခေါ်နိုင်ရန် ဦးထွန်းရင်ကိုယ်တိုင် သေသေချာချာ ဖိတ်ကြားခဲ့သည်။

တရားနာပရိသတ်ရင်ထဲမှာလည်း အသိသံဝေဂတရားတွေ ကိုယ်စီနှင့်။ သေရွာပြန် ဦးထွန်းရင်အကြောင်းက လူတွေကြားမှာ ပြောမဆုံးနိုင်တဲ့ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ချဲ့ကားပြောဆိုနေသူတွေရှိသလို မဖြစ်နိုင်ပါဘူးဆိုသူတွေလည်းရှိသည်။ လူစည်ကားရာအရပ်တွေမှာတော့ ဦးထွန်းရင်၏ အဖြစ်က ငြင်းကြခုံကြရသည့်အဖြစ်။ ဦးထွန်းရင်ကတော့ စကားများများမပြောတော့။ စကားတစ်ခွန်း၏တန်ဖိုးကို ဦးထွန်းရင် ကောင်းကောင်းနားလည်သွားခဲ့လေပြီ။

သထုံ-ငယ်ငယ်




www.burmeseclassic.com

www.burmeseclassic.com



'ဟဌအ' အမအင်း



'ဟဌအ' အဖိုအင်း

မိမိတို့လူမျိုးများ ကိုးစားယုံကြည်ကြသည့်အတိုင်း ရှေးနှစ်ပေါင်းများစွာက ရပ်တည်ခဲ့ကြသော သူတော်စင်ကြီးများ၊ ဆရာသခင်များသည် မိမိတို့၏ အကျင့်စရဏအပေါ်မှ ချီးမြှောက်ထိုက်သော ခုနစ်နေ့သားခုနစ်နေ့သမီးများအတွက် နက္ခတ်တာရာများဖြင့် ကူညီပေးသော အတတ်၊ မူလသတ္တိအထူးရှိသော ဆတ္တုဓာတ်(၉)ပါးမှ ပေါင်းစပ်ပြုပြင်ပြီး ကူညီပေးသော အတတ်၊ အထူးထူးသော ရောဂါများကို ပျောက်ကင်းစေသော ဆေးဝါးမန္တရားအတတ်၊ သိဒ္ဓိဆယ်ပါးနှင့် သိဒ္ဓိငယ်ထောင်သောင်းကိုပြီးမြောက်စေသော အင်း၊ အိုင်၊ စမအတတ်များ၊ မမြင်အပ်သော ပရလောကသားများနှင့် နတ်ဘီလူးတို့၏ နှောင့်ယှက်ခြင်း၊ စုန်း၊ ကဝေ စသော မှော်အတတ်ပညာတို့ဖြင့် လူသားများကိုနှိပ်စက်သည့်မိစ္ဆာအတတ်တို့ကို ကာကွယ်ပေးခြင်း၊ ပျောက်ကင်းအောင် ကုသပေးသည့် ဆေးဝါး၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ စသည့်မြင့်မြတ်သောအဆောင်ပစ္စည်းများတို့ဖြင့် မေတ္တာထား၍ စီမံခဲ့ကြသလို ထိုပညာရပ်များကိုလည်း သီလ၊ သမာဓိ၊ ဝီရိယတို့ကို စောင့်ရှောက်နိုင်သည့် တပည့်များအား လက်ဆင့်ကမ်း၍ ပညာအမွေပေးထားခဲ့ကြပါသည်။

ထိုပညာရပ်များသည် ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံး၏ မျိုးဆက်ရတနာအမွေတစ်ခုအနေဖြင့် ဆက်လက်ထိန်းသိမ်းထားသင့်သော ပညာအမွေများ ဖြစ်ပါသည်။ ထိုပညာရပ်များထဲမှ ယခု ကျွန်ုပ်တင်ပြမည့် စာပေပညာသည် လွန်စွာခက်ခဲ၍ နက်နဲသော သဘောတရားများစွာဖြင့် စီမံထားရှိပုံကို ကျွန်ုပ်၏ဆရာများနှင့် ရှေးကဆရာသခင်များ၏ အဆိုအမိန့်များ၊ ကျွန်ုပ်ဆည်းပူးခြင်း၊ အသုံးပြုခြင်း စသည့် အကြောင်းအချက်များပေါ်မှလက်လှမ်းမီသမျှ တင်ပြလိုက်ပါသည်။

ဤနေရာတွင် အခွင့်သင့်တုန်း ကျွန်ုပ် အယူအဆတစ်ခုကို တင်ပြလိုပါသည်။ ကျွန်ုပ်တို့သည် မဟာဂန္ဓာရီလမ်းပေါ်ကို လျှောက်လှမ်းကြပါသည်ဟုဆိုသူတိုင်း အခြေခံသဘောတရားများဖြစ်သော ရှေးဟောင်းသုတေသနလုပ်ငန်း သမိုင်းကြောင်းများစွာကို ဖတ်မှတ်လေ့လာရခြင်း၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများနှင့် စာပေဗိမာန်မှ ထုတ်ဝေသည့် ဦးသာမြတ် ပြုစုထားသော မြန်မာ့အက္ခရာထုပ္ပတ်စာအုပ်များကိုပင် လက်မလွတ်တမ်း အခွင့်ကြုံတိုင်း ဖတ်ရှုမှတ်ရလေ့လာရပါသည်။

ယခု တင်ပြမည်ဖြစ်သော စမပညာအကြောင်းကို မပြောပလောက်သောပညာနယ်ပယ်မှ သဘောတရားကို တင်ပြလိုပါသည်။ စမများတွင် ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ သင်္ချာ၊ ဂဏန်းတို့ဖြင့် သတ်မှတ်ဖော်ပြသော စမကို နာမ်စမဟုသိခဲ့ရခြင်း၊ ဗျည်း(၃၃)လုံးနှင့် သရတို့ကို အထူးတလည် စီမံအပ်သော စမပညာကို ရုပ်စမဟု မှတ်သားရခြင်း၊ ထိုစမများကိုပင် လက်ဝဲစမ၊ လက်ယာစမ၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသည့် ဓာတ်လေးပါးပြဋ္ဌာန်းသည့် စမများ၊ အနုလောမ၊ ပဋိလောမ၊ လက်ဝဲ-လက်ယာစီမံသော စမများ၊ အဖို-အမ စမများ စသည့် များစွာသော ပညာရပ်တို့ကို လေ့လာမှုရခဲ့ပါသည်။ ဤနေရာတွင် (ကျွန်ုပ်အား ပညာပေးခဲ့ကြသော ဆရာအပေါင်းကို ရှိခိုးဦးတိုက်ကန်တော့လိုက်ပါ၏-စာရေးသူ)

ကျွန်ုပ်လေ့လာခဲ့ဖူးသော ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ အင်းများ၊ အိုင်များ သတ်မှတ်ထားသည့် အင်းပညာများထဲ တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့သော စမပညာကို များစွာ လေ့လာခဲ့ဖူးပါသည်။ ယခုတင်ပြမည့် ခရုစမအဖိုအမတို့သည် ကျွန်ုပ်အနေဖြင့် လေ့လာဖူးခဲ့သမျှထဲ လွန်စွာအံ့ဩခဲ့ရသော စမတစ်လုံး ဖြစ်ပါသည်။ ထိုစမကို မြင်ရသည်နှင့် အံ့ဩဘဲမနေနိုင်ပါ။ ဗျည်း(၃၃)လုံးမှ (၃၀)လုံးမြောက်မှစ၍ (၃၃) လုံး အ-အက္ခရာအထိ ဗျည်း (၃)လုံးဖြင့် အဓိကစမကို စီမံထားပါသည်။ ထိုဗျည်းအက္ခရာသုံးလုံးကို ပုံပါအတိုင်း သိမြင်ရပါသည်။

တည်ဆောက်ထားပုံမှာ ဗျည်းအက္ခရာ ဟ၊ ဠ၊ အ ဟုကောက်ကြောင်းကို လက်ဝဲရစ် စီမံထားရှိပါသည်။ ထိုစမတည်ဆောက်ပုံသည် ခရုလုံးသဏ္ဌာန်ကို ပေါ်လွင်နေစေပါသည်။ ခရုလုံး၏ လက်ဝဲဘက်အစွန်းတွင် ဝလုံးအက္ခရာနှင့် အထက်တွင် နဝင်းအညွန့်တင်ထားပါသည်။ လက်ယာဘက် ထိပ်နားတွင်လည်း လက်ဝဲဘက်ကကဲ့သို့ ဝ-အက္ခရာအပေါ်တွင် နဝင်းအညွန့်တင်ထားပါသည်။ ခရုထိပ်တွင် အ-အက္ခရာထားရှိပြီး ထိုအက္ခရာ၏အပေါ်တွင် နဝင်းစေတီ တည်ထားပါသည်။ (ထိုနဝင်းစေတီကိုပင် ဥဏ္ဏာလုံတော်သင်္ကေတအထွဋ်ထားသည်ဟုလည်း အယူရှိပါသည် စာရေးသူ)

ခရု၏ကိုယ်ထည်တွင် ဝမ်းစာကို က-ဃ-ဏ-ဠကြီးလေးကြီးဟု အာဏာကြီးသော ကြီးလေးကြီးစမကိုထည့်သွင်းထားပါသည်။ ထိုစမများကို ပညာရှင်တချို့က မူလအားရှိသော စမလေးလုံးဟု အသိအမှတ်ပြုကြပါသည်။ စမကိုယ်တွင်း ဝင်ပေါက်အတွင်းဘက်၌ 'သိဒ္ဓိများစွာ အောင်စေ' ဟု ရေးသားထားပါသည်။ 'စမကိုယ်ထည်အပြင်ဘက်ဝင်ပေါက်အောက်ခြေတို့တန်ခိုးဩဇာရစေ' ဟု ရေးသားထားသည်ကိုလည်း တွေ့မြင်ရပါသည်။ ထိုသို့ ဖွဲ့စည်းစီမံထားသော စမကို ရှိုးရှင်းစွာပင် 'ဟ-ဠ-အ အမအင်း' ဟု ဖော်ပြထားပါသည်။ ထိုစမကိုပင် ဝိသေသလက္ခဏာအားဖြင့်ကြည့်လျှင် 'ခရုစမအမအင်း' ဟု ပြဋ္ဌာန်းထားပါသည်။ထိုစမအင်းများမှာ စွယ်တော်ရွက်

www.burmeseclassic.com

ကဲ့သို့ နှစ်ရွက်တစ်ညှာဖွဲ့စည်းထားသည့်အတွက် အဖိုစမပါမှ ပြည့်စုံစေပါသည်။

ခရုစမအဖိုအင်းကိုလည်း အမအင်းကဲ့သို့ ပုံစံအတူစီမံထားသော်လည်း စာများမှာ ကွဲပြားကြပါသည်။ အဖိုစမ၏ အတွင်းအင်္ဂါအဖြစ် သိဒ္ဓိအထူးရှိသော စ-ဓ-ဗ-ဝစမကြီးလေးလုံးကို ထည့်သွင်းထားပြီး ပါးစပ်ပေါက်နားတွင် မဟိဒ္ဓိများစွာပိုင်စေ၊ အပြင်ဘက်တွင် ဥစ္စာပညာရစေဟု ဖော်ပြထားပါသည်။ ထိုအခြင်းအရာလက္ခဏာတို့ကိုကြည့်လျှင် ခရုစမအဖို၏အားကိုလည်း ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

လွန်စွာ ရိုးရှင်းသော်လည်း အနုပညာမြောက်ပြီး စမတစ်လုံးစီ၏ စွမ်းပကားတို့ကို အနုစိတ်၍ သုံးသပ်ကြည့်လျှင် ဟ၊ ဋ္ဌ၊ အ ဗျည်းအက္ခရာများဖြစ်သော စမအက္ခရာများတွင် -

ဟ သည် လွန်စွာမှ ဖံ့ဖြိုးဖွယ်ဖြစ်သော မြင်ကွင်း၊ နိမိတ်တို့ကို ပြဆိုခြင်းသဘော။

ဋ္ဌ သည် ဥစ္စာပညာတို့ကို တလုံးတစည်းဖွဲ့ ဘဏ္ဍာတိုက်ကြီးသဖွယ်တည်ရှိခြင်း၊ ပိုင်ဆိုင်ခြင်းသဘောကို ပြဆိုပါသည်။

အ သည် စမ၏ အထွဋ်တင်ထားသည့်အတိုင်း အလုံးစုံသော သိဒ္ဓိမဟိဒ္ဓိတို့ကို ပိုင်ဆိုင်ရကြောင်း၏ အောင်မြင်မှုကို ပြဆိုထားခြင်း ဖြစ်ပါသည်။

ထိုစမများကို ထိန်းသိမ်းဆောင့်ရှောက်သူ၊ ကိုယ်နှင့်မကွာထားရှိသူများသည် အကြီးအမှူးဖြစ်ခြင်း၊ အေးချမ်းခြင်း၊ အလုံးစုံပြည့်စုံရခြင်း၊ ကောင်းမှုကိစ္စမှန်သမျှ မိမိ၏ ကြိုးစားအားထုတ်သည့်အားလျော်စွာ အောင်မြင်ကြီးပွားခြင်းတို့ကို ပေးစွမ်းမည် ဖြစ်ပါသည်။

ထိုစမတို့ကို ဆောင်ရန်အတွက် စီမံကြမည်ဆိုလျှင် (၉) ရက်တိတိ အဓိဋ္ဌာန်တင်၍ စီမံကြရမည် ဖြစ်ပါသည်။ အဓိဋ္ဌာန်မဝင်မီ စမနှစ်လုံးကို ကိုယ်တိုင်စီမံခြင်းပြုလုပ်ပါ။ အကြောင်းမညီညွတ်ပါက မိတ္တူကူး၍ မိမိဆောင်လိုသည့် အရွယ်အစားပမာဏအတိုင်း ကျောချင်းကပ်၍ အဖိုမြင်၊ အမမြင်ဖြစ်စေပြီး ပလတ်စတစ်လောင်းပါ။ ထို့နောက် အောက်ပါအတိုင်း အဓိဋ္ဌာန် (၉) ရက်ဝင်ရောက်စီမံရပုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

## ◘ အဓိဋ္ဌာန်ဝင်ရပုံ

မိမိ၏မွေးနေ့တွင်စပါ။ (ဆောင်ရွက်မည့်သူ ကာယကံရှင်သည် လဆုတ်ရက် မွေးဖွားသူဖြစ်လျှင် မိမိ၏ အညွန့်နံနေ့တွင် စတင်ပါ။)

အဓိဋ္ဌာန်ရက် (၉) ရက် သတ်မှတ်ပါ။

အဓိဋ္ဌာန်လုပ်ငန်းစမဝင်မီ ကြိုတင်စီမံရမည်များမှာ -

၁။ ဆွမ်းဆန် (၁၀) ဘူး
၂။ ဆီသန့် (၁၀) ကျပ်သား
၃။ နံ့သာတိုင်
၄။ သောက်တော်ရေကို ရေသန့်ဘူး သုံးပါ။
၅။ နံ့သာရည်ကို အရက်ပြန်နည်းသောနံ့သာသုံးပါ။
၆။ အောင်သပြေပန်း၊ မွှေးနံ့ပန်းတို့ကို ဘုရားရှင်အား ကပ်လှူရန်ဖြစ်ပါသည်။

## ◘ နေ့စဉ်ပြုဖွယ်များ

သိဒ္ဓိရှင်ဆရာသခင်များ၊ စတုလောကပါလနတ်မင်းကြီးများ၊ ပါရမီဖြည့်ဖက်များကို ဖိတ်ကြားထားပါ။

စီမံထားသောစမကို သီးခြားပန်းတန်ဖြင့် သိဒ္ဓိရှင်ဆရာတော်ကြီးများကို ကပ်လှူထားပါ။

ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့ခြင်းတို့ ပြုလုပ်ပါ။ အောက်ပါဂါထာကို ပုတီးစိပ်ပါ။ (၁၀၈ လုံးပုတီးသုံး၍ ပုတီး (၁)ပတ် စိပ်ပါ)

### ပုတီးစိပ်ရန်ဂါထာ

စက္ခုမာ စရ မာစိဏ္ဏော၊
မဓုညူ မဓု သာမိကော။
ဗလူပေတော ဗလမရော၊
ဝရဒေါ ဒေတု မေ ဇေယျံ။

(**အထူးသတိပေးခြင်း** - ဆွမ်းဆန်နှင့် ဆီကို မိဋ္ဌာန်ကာလ ပြီးမြောက်ချိန်တွင်မည်သည့်အလှူခံပုဂ္ဂိုလ်မဆိုလှူဒါန်းနိုင်ပါသည်။)

သစ္စာပြု၍ ထပ်မံဆုတောင်းပါ။ ဝေနေယျများစွာတို့အား ကုသိုလ်အမျှပေးဝေပါ။

မူလကဖိတ်ထားသူများကို နေရပ်ဌာနပြန်ပို့ပါ။


သတ်မှတ်ထားသည့်အတိုင်း အဓိဋ္ဌာန်ရက်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးသည်နှင့် ခရုစမ အဖိုအမကို ဆောင်နိုင်ပြီ ဖြစ်ပါသည်။ ထိုစမကို ဆောင်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် အမျိုးသားဖြစ်ပါက မူးယစ်သောက်စားခြင်းမပြုရန်အထူးသတိထားရမည် ဖြစ်ပါသည်။ အမျိုးသမီးများအနေဖြင့် မုသာဝါဒကံကိုလုံခြုံအောင် ထိန်းသိမ်းရပါမည်။ မိမိတို့၏ ပါရမီအလျောက် ထူးထူးခြားခြား အကျိုးပေးမှုများကိုရရှိကြမည်ဟု အသိပေး ရေးသားလိုက်ရပါတော့သည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*


ဘုန်းခေါင်

**မှီငြမ်း** -

အင်းစမကျမ်း (လက်ရေးမူ)
သိဒ္ဓရာဇာဆရာအောင်



'ဟဋ္ဌအ' အမအင်း



'ဟဋ္ဌအ' အဖိုအင်း



www.burmeseclassic.com

www.burmeseclassic.com



# မြတ်သက်ကျော်

## အနန္တကျေးဇူးရှင်များသို့ကျေးဇူးဆပ်ခြင်း

(၁)

လောကတွင် ကျွန်တော်နှင့် အဆင်မပြေဆုံး မတည့်ဆုံးလူကိုပြပါ ဆိုလျှင် အမေ့ကိုသာပြရပေလိမ့်မည်ဟုတ်သည်။ ကျွန်တော် ခုနစ်တန်း၊ ရှစ်တန်းကျောင်းသားအရွယ်မှစတင်၍ အမေနှင့် မသင့်မတင့်ဖြစ်လာသည်။ အမေက ဝါးလုံးဆိုလျှင် ကျွန်တော်က ဝါးခြမ်းလုပ်ချင်လာသည်။ အမေက ဝါးခြမ်းဆိုလျှင် ကျွန်တော်က ဝါးစိတ်ဟု ပြောချင်လာသည်။

ငယ်စဉ်ကပင် အမေဆိုဆုံးမခဲ့သောစကားများမှာ ယခုအခါ ကျွန်တော့်အတွက်လက်မခံနိုင်ဆုံးသောစကားများဖြစ်လာရသည်။ အမေပြောသမျှသည် မလိုအပ်ဘဲ ကန့်သတ်နေခြင်းများဟု ထင်မြင်လာမိသည်။ ထို့ကြောင့် အမေနှင့်ကျွန်တော့်အကြားတွင် တံတိုင်းတစ်ခု ခြားနေသလိုဖြစ်လာသည်။ အမေကတော့ ထိုတံတိုင်းကို ဖြိုလှဲရန်ကြိုးစားပမ်းစား ဆုံးဖြတ်သည်။ အခွင့်ကြုံအခါ သင့်တိုင်း ကျွန်တော်အမှန်မြင်လာစေရန် လမ်းပြဆုံးမသည်။ သို့သော် ထိုဆိုဆုံးမစကားများသည် ကျွန်တော့်အတွက်တော့ နွားကို ပလာတာကျွေးသည်သို့လည်းကောင်း ခွေးကိုပက်(စ်)စီကို လာတိုက်သည်သို့ လည်းကောင်း၊ အရာမထင် ကောင်းကျိုးမဝင်ခဲ့။ ကျွန်တော်နားပူလာသည်။ ကျွန်တော့်အား မတ... ဖိနှိပ်ပြောဆိုသည်ဟုထင်မြင်လာသည်။ ထို့ကြောင့် အမေ့စကားကို အထ... ကောက်လာမိသည်။ ကပ်ဖိုးကပ်မဲ့ပြ... ပြောမိသည်။ ထိုအခါ ဒေါသစိတ်ထ... လာသောအမေက ကျွန်တော့်ကိုမာထ... ထန်အော်ဟစ်ကြိမ်းမောင်းမည်။ ဆူ... ညံညံအခြေအနေကို အဖေ၏မျက်... မြင်ပြီး ဘာဖြစ်နေကြတာလဲ ဟူသော... စူးစမ်းစကားသံက အနိုင်ယူသွားတ... မြဲဖြစ်သည်။

ထိုသို့ အမေက ဆုံးမလိ... ကျွန်တော်က ပြန်ဆန့်ကျင်လို... အခြေအနေတို့က တစ်ဖက်သ...

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းနေရင်း ကျွန်တော် အခြေခံပညာအထက်တန်းဖြေဆိုရမည့် ၁၉၈၁ခုနှစ်ကာလထဲသို့ရောက်လာ၏။ ကျွန်တော်တို့ စာစ၍မဖြေခင်တစ်ရက်အလိုတွင် ကျွန်တော်၏ သူငယ်ချင်း မောင်ဖေစန်း (တုလား) ရောက်လာသည်။ ကျွန်တော် အာမှုမမေးမီ သူကပြောသည်။

"မောင်ကျော်ရေ၊ ငါတော့ နက်ဖြန် စာမေးပွဲသွားမဖြေတော့ဘူးကွာ"

"ဟာကောင်ရ၊ ဘာဖြစ်လာရပြန်တာလဲ သေသေချာချာပြောဦးလေ။ နင်မဖြေရင် တစ်နှစ်လုံးသင်ထား၊ ကျက်ထားရတဲ့စာတွေ အလကားဖြစ်ကုန်မှာပေါ့"

"ငါစိတ်ဓာတ်ကျသွားပြီကွာ"

"ဘာဖြစ်လို့လဲကွာ အိမ်နဲ့အဆင်မပြေဖြစ်လို့လား။ ငါ အမေနဲ့ အစေးသိပ်မကပ်တဲ့ကောင်ကတောင် နင့်လိုအတွေးမဝင်ဘူး။အဆင်မပြေတာတခြား၊ စာဖြေတာတခြားပဲလေ"

"မဟုတ်ဘူးကွ၊ မနေ့က ဘကြီးစိန်ဆုံးသွားတယ်။ အကောင်းကြီးကနေ ရုတ်တရက်ဆုံးသွားတော့ ငါလည်း ဘယ်လိုခံစားနေရတယ် မဆိုနိုင်ဘူး၊ စိတ်ဓာတ်လည်းအရမ်းကျသွားတယ်။ ဒါကြောင့် စာဖြေချင်စိတ်ပါပျောက်သွားတယ်။ ဒါကြောင့် ဒီနှစ်စာမေးပွဲမဖြေတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီကွာ"

ကျွန်တော် ရုတ်တရက် အံ့အားသင့်သည်။ ဘကြီးစိန်ဆုံးသောသတင်းကြောင့် ဖြစ်သည်။ ဘကြီးစိန်သည် သဘောကောင်းသလောက် ပျော်ပျော်နေတတ်သည့် လူကြီးတစ်ယောက်ဖြစ်သည်။ တွေ့ဆုံသူတိုင်းက သူ့ကိုခင်မင်ကြသည်။ သို့သော် စာမဖြေချင်လောက်အောင် မခံစားရ။ စာမဖြေချင်လောက်အောင်စိတ်ထိခိုက်နေသည့် သူငယ်ချင်းအတွက်လည်းစိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် သူ့ကိုဖျောင်းဖျလိုက်သည်။

"မဟုတ်သေးဘူးလေ" တုလားရယ်။ လူတစ်ယောက်ဆုံးတာတော့ ဝမ်းနည်းစရာကောင်းပါတယ်။ အထူးသဖြင့် ဘကြီးစိန်လို မိသားစုမရှိတဲ့ တွေ့တဲ့လူတိုင်းကို မိသားစုလို ခင်မင်တတ်တဲ့ လူကြီးတစ်ယောက်ဆုံးတာတော့ ပိုပြီးဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါပေမယ့် ကိုယ့်ဘဝထိခိုက်လောက်အောင် ဝမ်းနည်းကြေကွဲရတာတော့ သိပ်ကြောင်းကျိုးမဆီလျော်သေးဘူးထင်တာဘဲ"

"မဟုတ်သေးဘူး သူငယ်ချင်းရ။ စာကျက်ပြီဆိုရင် ငါ့ဘေးနားမှာ သူလ

www.burmeseclassic.com

www.burmeseclassic.com

စောင့်ပေးနေကျ။ ပြီးတော့ အိပ်ငိုက်နေပြီဆိုရင် သူက ငါအိပ်ငိုက်ပြေအောင် တစ်ခုခုလုပ်ပေးနေကျ။ ကြောင်းကျိုးပြဆုံးမနေကျ။ ပြီးတော့ ဒီရက်ပိုင်း သူ့နာရေးကြောင့် အိမ်မှာလူဝင်လူထွက်လည်း များတော့မယ်။ ငါ့အခန်းမှာ ငါစာကျက်နေရင် သူ့အကြောင်းတွေးမိမယ်။ သူ့အကြောင်းကို အလိုလိုသတိရနေရတဲ့ကြားထဲ တွေးမိတော့မယ်ဆိုမှတော့ ငါဘယ်လိုလုပ် စာကျက်ဖြောင့်တော့မှာလည်းကွာ။ အဲဒီလိုမယ့်အတူတူစာမဖြေပဲ အရှုံးခံလိုက်တာကမှ ငါ့အတွက် ပိုပြီးသက်သောင့်သက်သာရှိလိမ့်ဦးမယ်"

မှာတ်တော့လည်းဟုတ်ပါသည်။ မောင်ဖေစန်းနှင့် သူ့ဘကြီးဦးစိန်က တူဝရီးဆိုသော်ငြားလည်း သားအဖအရင်းတမျှခင်တွယ်ကြသည်။ မောင်ဖေစန်းအိမ်မှာရှိသည့်အချိန်မျိုး သူ့ဘကြီးလယ်ကွင်းထဲကတက်လာလျှင် မောင်းလာသည့်နွားလှည်းကို မဖြုတ်သေးဘဲ တူဖြစ်သူကိုလိုက်ရှာ၊ စကားပြောတတ်သကဲ့သို့ ဘကြီးစိန်အိမ်မှာရှိနေစဉ်တွင် မောင်ဖေစန်း ကျောင်းမှ ပြန်လာလျှင်လည်း လွယ်အိတ်ချပြီးသည်နှင့် ဘကြီးစိန်ကိုလိုက်၍ရှာမည်။ ဒါကသူတို့တူဝရီး၏ ရင်းနှီးခင်မင်မှုဖြစ်သည်။

"ဒီလိုလုပ်ကွာ မင်းတို့ခေါင်းရင်းက မတင်တင်ဝါကို အကူအညီတောင်းကြည့် သူတို့အိမ်မှာ ဒီရက်ပိုင်းအတွင်း စာလာကျက်လို့ရမလားမေးကြည့်။ ရရင် ငါ့ကိုအကြောင်းပြန်။ မင်းတို့နဲ့အတူ ငါပါ စာလာကျက်မယ်ကွာ ဟုတ်လား"

"အား. . . သူငယ်ချင်းရယ်၊ ငါ ဝမ်းသာသွားပြီ။ မင်းပါ ငါတို့နဲ့အတူ စာလာကျက်မယ်ဆိုရင် ငါစာမေးပွဲကို ဖြစ်တဲ့နည်းနဲ့ဖြေမယ်။ မတင်တင်ဝါကိုလည်း သူတို့အိမ်မှာ စာသွားကျက်လို့ ရအောင် ငါပြောယူပါ့မယ်ကွာ"

ပြောပြောဆိုဆို မောင်ဖေစန်း တစ်ယောက် သူ့စက်ဘီးကိုပြန်နင်းသွားပြီး မကြာမီတွင် ပြန်ရောက်လာသည်။ ကျွန်တော်လည်း တွေးထားသည်။ မတင်တင်ဝါတို့မိသားစုက စိတ်ကောင်းရှိပြီးဖော်ရွေသည်။ တစ်ဖက်သားကိုလည်း ကူညီချင်စိတ်အပြည့်ရှိသည်။ မောင်ဖေစန်းတောင်းသည့်အကူအညီကို ပေးမှာသေချာသည်။

"ဟော့ကောင်၊ အဆင်ပြေတယ် မဟုတ်လား"

"အေး - နင်ဘယ်လိုလုပ်သိလဲ"

"ဘယ်လိုပဲသိသိ သွား ပြန်တော့။ ညနေကျရင် ငါစောစောလာခဲ့မယ် ဟုတ်လား"

□

ကျွန်တော်တို့မြို့တွင် ထိုစဉ်က ညနေ (၆) နာရီမှ ည (၁၀) နာရီခန့်အထိ မီးပေးသကဲ့သို့ နံနက် (၄) နာရီမှ မနက် (၆) နာရီအထိ မီးပေးနေကျဖြစ်သည်။ မောင်ဖေစန်းတို့နှင့်စာသွားကျက်သည့်ညများတွင် ကျွန်တော်သည် ည (၁၁) ခန့်မှသာ စာကျက်ပြီး အိမ်ပြန်လာမြဲ ဖြစ်သည်။ ကျွန်တော်တို့ ဆယ်တန်း (၁၉၈၀) ဝန်းကျင်ကာလများတုန်းဆီက ကျွန်တော်တို့မြို့ကလေးမှာ သိပ်ပြီးတော့ စည်စည်ကားကားမရှိလှ။ ညနေ(၆)နာရီကျော်လျှင် လမ်းမှာ ခြောက်သွေ့တိတ်ဆိတ်သွားမြဲဖြစ်သည်။ ညခုနစ်နာရီ ရှစ်နာရီခန့်တွင် လမ်းမပေါ်၌လူသွားလူလာမရှိသလောက်ဖြစ်သွားပြီး လမ်းသွယ်လမ်းမြှောင်များတွင်ဆိုလျှင် လူခြေတိတ်၍ အိပ်ကုန်ပြီဖြစ်သည်။ ညကိုးနာရီခန့်ဆိုလျှင် ခွေးဟောင်သံ၊ ညငှက်များ၏ အော်မြည်သံကလွဲ၍ ဘာသံမှမကြားရတော့။

ပထမဆုံးစာကျက်ပြီးပြန်လာသည့်ညက လရောင်ပျပျတွင် ခြောက်ကပ်တိတ်ဆိတ်နေသောလမ်းတစ်လျှောက် ခွေးတို့၏ရန်ကို လုံချည်ခါးပိုက်ထဲတွင် ထည့်ထားသည့်ကျောက်ခဲများနှင့်စစ်ခင်းရင်း အိမ်သို့ပြန်လာရသည်။ လက်နှိပ်မီးလည်းမပါ၊ မြွေအန္တရာယ်မရှိသောအရပ်မို့ တော်ပေသေးသည်။ ထိုစဉ်ကာလတာတစ်ပါတီစနစ်မို့ လက်နှိပ်မီးနှင့် ဓာတ်ခဲတို့သည် ရှားပါးပစ္စည်းများဖြစ်ချေသည်။

ကျွန်တော်တို့အိမ်နားသို့ရောက်သည့်အခါ အိမ်ထဲတွင် မီးရောင်ကိုတွေ့လိုက်ရသည်။ အိမ်တွင်ဘာများဖြစ်လို့လဲဟူသော အတွေးဝင်လာပြီး အိမ်ပေါ်သို့ ဒရောသောပါးတက်လိုက်သည်။ ရေနံဆီမီးခွက်၏ နီကြင့်ကြင့်အလင်းရောင်အောက်တွင် အပြင်သို့အငေးသားစိုက်ကြည့်နေသည့်အမေ့ကို ကွမ်းအစ်တစ်လုံးနှင့်အတူ တွေ့လိုက်ရသည်။ ကျွန်တော့်ကိုမြင်သည်နှင့် သူ့မျက်နှာမှာ ကြည်လင်သွားသည်။ ထို့နောက် သက်ပြင်းချသံနှင့်အတူ ပြောမေးလေးမေးသည်။

"အင်း-တော်သေးတာပေါ့။ အမေကစိတ်ပူနေတာ။ မင်းမှာ လက်နှိပ်မီးလည်းမပါ၊ မီးအိမ်လည်းမပါနဲ့ဆိုတော့ ခြေခင်းလက်ခင်းအန္တရာယ်နဲ့ ခွေးတွေများထွက်ဆွဲနေမလားစိုးရိမ်နေမိတာ"

"လယ်ကွင်းထဲ မဟုတ်တော့ မြွေအန္တရာယ်က စိုးရိမ်စရာမရှိပါဘူး။ နောက်ပြီး ခွေးတွေကလည်း သူတို့ကြောက်ရွံ့နေရင်သာထွက်ဆွဲတာ သူတို့ကို ခဲနဲ့ပေါက်ရင် သူတို့အနားမကပ်ရဲပါဘူး"

"အေးအေး - ဒါဆိုလည်းပြီးတာပါပဲ၊ အိပ်တော့အိပ်တော့။ မနက်လည်း စာဖြေရဦးမှာ။ သိပ်အိပ်ရေးပျက်လို့ မကောင်းဘူး"

"ဟုတ်ကဲ့"

ကျွန်တော် ထိုမျှပြောပြီး အိပ်ရာဝင်ခဲ့လေသည်။ သို့သော် ရေနံဆီမီးခွက်၏ နီကြင့်ကြင့်အလင်းရောင်အောက်တွင် ကျွန်တော့်အတွက် ပူပင်ဟန်ပေါ်လွင်နေသည့် အမေ့မျက်လုံးများကြောင့် ရင်ထဲတွင်သိပ်မကောင်းသကဲ့သို့ သနားစိတ်လည်းဝင်သွားသည်။ အမေ့ပေါ်တွင် ယခင်ကထားရှိသည့်တင်းမာသည့်စိတ်ဓာတ်များလည်း အနည်းငယ်လျော့သွားသည်။

ကျွန်တော့်ဘဝအကောင်းဘက်သို့ ပြောင်းလဲသွားသည့် ပဲ့ကိုင်ရှင်မှာ အမေဖြစ်ကြောင်း ကျွန်တော်အောင်စာရင်းထွက်သည့်နေ့တွင် 'ကောင်းကောင်း' သဘောပေါက်လာမိသည်။ ကျွန်တော်တို့ ဆယ်တန်းနှစ်က သိပ္ပံဘာသာတွဲအဖြစ် ရူပဗေဒနှင့် ဓာတုဗေဒဖြေသည့်နေ့က ဖြစ်သည်။ ကျွန်တော်သိပ်မဖြေလို့မရ၊ စိတ်ဓာတ်ကျပြီး ပြန်လာသည်။ အိမ်သို့ရောက်သည်နှင့် အကဲခတ်နေသည့်အမေက သိသည်။ ထို့ကြောင့် မေးသည်။

"သား၊ ဒီနေ့ဖြေရတာ အဆင်မပြေဘူးလား"

"ဖြေလို့သိပ်မရဘူးအမေ၊ နက်ဖြန်ကျွန်တော်သွားဖြေဖို့တောင်စိတ်မပါဘူး။ နောက်နှစ်မှပြန်ဖြေရင်ကောင်းမယ်ထင်တာပဲ"

"မဟုတ်သေးဘူးလေ သားရယ်၊ စာမေးပွဲကိုပြီးအောင်ဖြေဖို့က သားတာဝန်လေ။ နောက်ပြီး ဒီနေ့ဖြေခဲ့တာမရဘူးလို့ သားထင်နေတယ်မို့လား၊ ဒါက သားအထင်လေ။ သားကိုယ်တိုင်အမှတ်ပေးတာမှ မဟုတ်တာ။ ဒီတော့ ဒီကနေ့ဖြေတဲ့ဘာသာအောင်နေမယ်ဆိုသားသွားမဖြေလိုက်ရင် ကိုယ့်ဘက်က မနစ်နာဘူးလား။ နက်ဖြန်သွားမဖြေဖို့ထက် မနက်ဖြန်အတွက်အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ပြီး သွားဖြေတာ



www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးပဲပေါ့ သားရယ်"

ထိုဆုံးမစကားကြောင့် ဆယ်တန်းစာမေးပွဲကို ပြီးအောင် ကျွန်တော်သွားဖြေလိုက်ပါသည်။ အောင်စာရင်းထွက်သည့်အခါ အမေပြောသလိုပင် ကျွန်တော်ကောင်းစွာအောင်မြင်ခဲ့ပါသည်။ ထိုအခါမှ ကျွန်တော် အမေ့ကို ပိုမိုလေးစားရကောင်းမှန်းသိလာခဲ့ပါလေတော့သည်။

(၃)

ဆယ်တန်း အောင်မြင်ပြီးသည့်အခါ ကျွန်တော့်ထက်ပို၍ အမေက ပျော်ရွှင်နေဟန်ရှိသည်။ ဈေးသွားသည့်အခါ သူတစ်ယောက်တည်း ယခင်က သွားသော်လည်း ခုအခါတွင် ကျွန်တော်နေ့စားအလုပ်များအားနေသည့်နေ့ဆိုလျှင် ကျွန်တော့်ကိုဈေးသို့ခေါ်သွားတတ်သည်။ သူ့အသိတစ်ယောက်ယောက်က နှုတ်ဆက်မေးမြန်းလျှင် ကျွန်တော်အပါအဝင် သားသုံးယောက်အကြောင်းကို မရပ်မဝင်အောင် ရှင်းပြတတ်သည်။ ထိုအခြေအနေများကြောင့် ကျွန်တော်သည်ပင်လျှင် ကျွန်တော်တို့မြို့ကလေးမှာ၍ ပညာရှာဖို့ အလုပ်ရှာဖို့ကိစ္စများကိုလျစ်လျူရှုကာ ကျွန်တော်တို့မြို့လေးတွင်သာ ဌာနတစ်ခုခုတွင် အလုပ်တစ်ခုခုရအောင်ကြိုးစားပြီး စာပေးစာယူဖြင့် ဘွဲ့တစ်ခုရအောင် ကြိုးစားခဲ့ရလေတော့သည်။

ကျွန်တော်အလုပ်ရပြီးသည့်အခါ အမေ့ကိုပျော်ရွှင်စေချင်သည်။ထို့ကြောင့် လစာမျှလခကို စာရင်းနှင့်တကွ တစ်ပြားမချန်ပြန်အပ်သည်။ ထို့ကြောင့် အမေ့အခြေအနေမှာ အလွန်စိတ်တက်ကြွပျော်ရွှင်လျက်ရှိပေသည်။အိမ်တွင်လည်း ဥယျာဉ်ခြံစိုက်ထားသောကြောင့် ခြံထွက်အသီးအနှံများကို အမေသွားရောင်းချသည့်နေ့များတွင် ကျွန်တော်မနက်စောစောထ၍ အမေ့ဈေးတောင်းကို ထမ်းပို့ပေးသည်။ ဈေးအသွားလမ်းတစ်လျှောက်လုံးတွင် သားအမိနှစ်ယောက် စကားတပြောပြောဖြင့်လမ်းလျှောက်မှုဖြစ်သကဲ့သို့ ဈေးသို့ရောက်သည့်အခါတွင်လည်း မေးမြန်းစပ်စုတတ်သူများအား ကျွန်တော့်အရည်အချင်းကို လိုအပ်သည်ထက်ပို၍ စကားဆိုတတ်သောကြောင့် ကျွန်တော့်မှာ အနေခက်တတ်သကဲ့သို့ အမေပြောကြားတွင်ပြောသည့် အရည်အချင်းများနှင့်ညီအောင် နေထိုင်ရန်လည်း အထူးကြိုးစားခဲ့ချေတော့သည်။

ထိုသို့နေလာရင်း ကျွန်တော် အလုပ်ရပြီး ခြောက်လခန့်အကြာတွင် အမေ့ကျန်းမာရေးရုတ်တရက်ကျဆင်းလာသည်။ ထိုသို့ ကျဆင်းလာသော ကျန်းမာရေးအတွက် ဆရာဝန်နှင့်ကုလိုက်၊ တိုင်းရင်းဆေးဆရာများနှင့်ကုလိုက်လုပ်ရင်း တစ်စထက်တစ်စကျဆင်းယိုယွင်းလာသော အမေ့ကျန်းမာရေးမှာ အဆိုးရွားဆုံးသောအနေအထားဆီသို့ ရောက်လာခဲ့ပေတော့သည်။

ထိုအခါတွင် ကျွန်တော်တွေးပူလာမိသည်။ တစ်အိမ်လုံးတွင် အမေတစ်ယောက်သာ မိန်းမသားတစ်ဦးရှိပြီး ချက်ပြုတ်သည့်ကိစ္စအဝဝကို အမေတာဝန်ယူ ဖြေရှင်းပေးသောကြောင့် အဆင်ပြေပြေနှင့်လည်ပတ်နိုင်ခဲ့သည်။ အမေမရှိခဲ့လျှင် ကျွန်တော်တို့သားအဖများ မည်သို့များစခန်းသွားကြလေမလဲ။ အမေ့အား ကျွန်တော် အလုပ်ရသည့်နေ့မှစ၍ ကောင်းမွန်စိတ်ချမ်းသာအောင် ပြုစုပေးမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် ကာလမည်မျှကြာအောင် ပြုစုပေးခွင့်ရမည်လဲ စသည့် အတွေးပေါင်းသောင်းခြောက်ထောင်ကြောင့် ညပိုင်းတွင်ကောင်းစွာအိပ်၍မရခဲ့။ ထို့ကြောင့် ကျွန်တော် (×××)ဆိုသည့် အိပ်ဆေးကို ညပိုင်းအိပ်ပျော်စေရန် မှီဝဲခဲ့ရလေတော့သည်။

သို့သော် နောက်ပိုင်းတွင် ဆေးတစ်လုံးသည် ညပိုင်းကောင်းစွာ အိပ်ပျော်အောင် မစွမ်းဆောင်နိုင်တော့။ ထို့ကြောင့် နောက်ထပ်တစ်လုံးတိုး၍ သောက်ရလေတော့သည်။ ထို့အတူ တစ်ပတ်ခန့်အကြာတွင် အတွေးများ၊ ပူပန်စိတ်များကြောင့် ဆေးတိုးသောက်ရင်း နောက်ဆုံးတွင် တစ်ညကို ဆေး (၇) လုံးလောက်သောက်မှ ကောင်းစွာ အိပ်ပျော်နိုင်သည့်အခြေအနေသို့ရောက်လာလေသည်။ ထိုအခြေအနေတွင် ကျွန်တော် တွေးပူလာရသည့် အခြေအနေမှာ တစ်ခုမှ နှစ်ခုဖြစ်လာသည်။ ပထမတစ်ခုက အမေကွယ်လွန်လျှင် ဆိုသည့်အခြေအနေဖြစ်သကဲ့သို့ ဒုတိယအခြေအနေမှာ အမေဆုံးပြီးလျှင် ဆေးစွဲနေသော ကျွန်တော်မည်သို့လုပ်မည်လဲ ဆိုသည့်အမေးဖြစ်ပေတော့သည်။

တစ်ညတွင် ကျွန်တော်တို့၏ ငယ်ဆရာ ဦးအောင်ကြည်ညွှန့် (NLD တောင်တွင်းကြီး-လွှတ်တော်ကိုယ်စားလှယ်) က ကျွန်တော်တို့အိမ်အနီးရှိ မဟာကန်တော်ကြီးကျောင်းဝင်းအတွင်းတွင် ပြုပြင်နေသည့် ကန်ဦးစေတီတော်၌ အဖော်အဖြစ်လိုက်အိပ်ရန် ခေါ်လေသည်။

"ဟေ့ - တာနေ့၊ ဘုရားပြင်နေတဲ့ဆီမှာ မင်းနေ့ပိုင်းလည်းရှုံးသွားနေလို့ ဘာမှလုပ်အားဒါနမပြုနိုင်ဘူး။ ဒီတော့ ခုည လုပ်အားဒါနပြုတဲ့အနေနဲ့ စေတီမှာ ညပိုင်းစောင့်အိပ်တဲ့အဖွဲ့တွေနဲ့အတူလိုက်အိပ်ပေးပေတော့ကွာ"

"ဆရာရယ်၊ လိုက်တော့အိပ်ပေးချင်ပါတယ်။ အမေက ကျန်းမာရေးသိပ်မကောင်းလို့ နောက်မှ လိုက်အိပ်ရင် မဖြစ်ဘူးလား ဆရာ"

"ဟကောင်ရဲ့ မင်းအဖေရှိနေတာပဲဟာ ရပါတယ်ကွ။ မင်းကိုကုသိုလ်ရစေချင်လို့ပါဟ"

"ရပါတယ်သားရယ်၊ အဖေလည်းရှိနေတာပဲ သွားအိပ်ပေးလိုက်ပါ။ဆရာတို့ဆို ဘုရားစပြီးပြင်ကတည်းက နေ့နေ့ညည ပင်ပန်းနေကြတာပဲလေ။ သားဒီညသွားပြီး အဖော်လိုက်အိပ်ပေးလိုက်ရင် စကားပြောဖော်လည်းရသလို သူတို့ကိုလည်း ညအိပ်ရေးနည်းနည်းရအောင် ကူညီနိုင်တာပေါ့ လိုက်သွားလိုက်ပါကွယ်"

အဖေကိုယ်တိုင်ကပင် ခွင့်ပြုနေသောကြောင့် ကျွန်တော်စောင်တစ်ထည်ယူကာ ဆရာတို့နှင့်လိုက်ပါသွားလေသည်။ ကျောင်းဝင်းအတွင်းရောက်သည့်အခါ ကျောင်းပေါ်သို့ဦးစွာတက်၍ဆရာတော်အားဦးခိုက်သည်တွင် ဆရာတော်မှ ဘုရားဝတ်ပြုစေပြီး ငါးပါးသီလခံယူစေကာ တရားထိုင်နည်းညွှန်ကြားပြသ၍ ဆယ်မိနစ်တရားထိုင်စေသည်။ ထိုဆယ်မိနစ်သည် ကျွန်တော့်ဘဝကိုကယ်တင်ခဲ့သည့် ဆယ်မိနစ်ဟူ၍ပင် ခေါ်ဆိုရပေတော့မည်။

တရားထိုင်စဉ် ခံစားရသော ငြိမ်းချမ်းမှုကို ထပ်၍ဆင့်ပွားဆင်ခြင်မိပြီး ထိုညမှစ၍ ကျွန်တော်အိပ်ဆေးများကို လုံးဝ ဖြတ်ပစ်လိုက်လေတော့သည်။ သို့သော် မလွယ်လှ။ အလွန်အားတင်းရပေသည်။ အိပ်ဆေးကိုလုံးဝမသုံးဆောင်တော့ဘဲဖြတ်ပစ်လိုက်သည့် ပထမခုနစ်ရက်ခန့်တွင် မကြာခဏ အိပ်ရာမှလန့်နိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အိပ်မက်ဆိုးများကြောင့် ထိတ်လန့်တကြား လန့်နိုးကာချွေးစေးများပြန်ခြင်း စသည့် ကာယိကဒုက္ခများကိုခံစားရသော်လည်း ဆယ်ရက်ခန့်ရှိသောအခါ လုံးဝပျောက်ကင်းသွားပြီး လူလည်း ဆေးစွဲဒုက္ခမှ ယခုချိန်အထိ လွတ်မြောက်သွားလေတော့သည်။

ထို့ကြောင့် ကျွန်တော့်ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးအထူးကြီးကြပ်သူများမှာ ဘဝ နတ်ထံပျံလွန်ပြီးဖြစ်သော ဆရာတော် ဘဒ္ဒန္တသုဒ္ဓရနှင့် ငယ်ဆရာ ဦးအောင်ကြည်ညွန့်တို့ပင်ဖြစ်ပေတော့သည်။

(၄)

ထိုသို့ အိပ်ဆေးမြတ်သွားခြင်း၊ တရားတော်နှင့် အနည်းငယ်နီးစပ်လာခြင်းတို့ကြောင့် လူမှာ အနည်းငယ် တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သော်လည်း လုံးဝတော့ ရင့်ကျက်လာသည့် အနေအထားမရှိသေးပါချေ။ တစ်ညတွင် ကျွန်တော်တို့နေသောရပ်ကွက်နှင့် ကန်တစ်ခြမ်းသာဝေးသည့် တကူကနာ ရွာတွင် ဇာတ်ပွဲတစ်ပွဲဖြစ်နေ၏။ ပွဲခင်းမှအသံများကို အိမ်မှကြားနေရသောကြောင့် အမေ့ကိုမေးမိလေသည်။

"အမေ ဟိုဘက်ရွာမှာ ပွဲဖြစ်နေတယ်။ အမေဘာစားချင်လဲ၊ ကျွန်တော်သွားဝယ်ပေးမယ်လေ"

"အမေ ကိတ်မုန့်စားချင်တယ် သားရယ်"

အမေ့စကားကြောင့် ကျွန်တော်ဝမ်းသာသွားမိသည်။ ခါတိုင်းဆိုလျှင် ဘာစားချင်သလဲမေးတိုင်း ခေါင်းသာတွင်တွင်ခါနေသောကြောင့် ကျွန်တော်ဝမ်းနည်းမိရသည်။ ယခုအခါ ကိတ်မုန့်စားချင်သည်ဆိုသောကြောင့် ဝမ်းသာမိရသည်။ ထို့ကြောင့် ထပ်မံ၍မေး လိုက်မိသည်။

"အမေ၊ ကော်ဖီကော သောက်မလား"

"ဟင့်အင်း - ကော်ဖီတော့ မသောက်ချင်ဘူး"

"ဒါဆို ကျွန်တော်သွားဝယ်လိုက်မယ်။ အမေ ခဏစောင့်နော်"

ကျွန်တော်ကပျာကယာပိုက်ဆံယူ၍ ကန်၏တစ်ဖက်ကမ်းပွဲဖြစ်နေရာ နေရာသို့ထွက်လာခဲ့သည်။ ပွဲဈေးတန်းတွင် လက်ဖက်ရည်နှင့်မုန့်တွဲ၍ရောင်းသောဆိုင်ကိုလိုက်ရှာ၍ ကိတ်မုန့်ဝယ် လာခဲ့သည်။ အိမ်သို့ရောက်လျှင် ကိတ်မုန့်ကိုလှီးပြီး အမေ့အားကျွေးသည်။ အမေသည် ကိတ်မုန့်နှစ်ချပ်ခန့်စားပြီးသောအခါ ရေသောက်ပြီး ခဏအိပ်မည်ဟုဆိုသည်။ ညရှစ်နာရီခန့်တွင် ညပိုင်းသောက်ရမည့်ဆေးကိုတိုက်ရန် အမေ့ကိုအိပ်ရာမှနှိုးသောအခါ လုံးဝနှိုးမရ သစ်တုံးပမာ တောင့်တင်းနေချေသည်။ ထို့ကြောင့် လက်ပေါက်အောင်နှိပ်နိုင်သည့် အိမ်နီးချင်းအဘွားတစ်ယောက်ကလာရောက်ကြည့်ရှု၍ အမျိုးမျိုးနှိပ်ကြည့်၏။ သို့သော် အမေကား သစ်တုံးတစ်တုံး အလား လုံးဝလှုပ်ရှားမှုမဲ့နေလေသည်။

အဖေက အဘိုးဘုန်းကြီးအား သွားရောက်လျှောက်ထားအကြံတောင်းရန်ပြောသောကြောင့် လက်နှိပ်ဓာတ်မီးဆွဲ၍ တောင်ပေါ်လေးကျောင်းဝင်းအတွင်းမှဖြတ်ကာ အဘိုးဘုန်းကြီး၏ ကျောင်းဆီသို့ကူးလာခဲ့လေသည်။

အဘိုးဘုန်းကြီးအား အကျိုးအကြောင်း တင်လျှောက်ပြီးသည့်အခါ အဘိုးဘုန်းကြီး၏ အားမလိုအားမရ စကားသံထွက်ပေါ်လာသည်။

"ဟို ပုလင်းထဲကဆေး လက်ဖက်စားဇွန်းနှစ်ဇွန်းစာယူသွားပေတော့။ ပြီးတော့ စစ်ဆပ်ပြာလည်းနည်းနည်းယူသွား။ အိမ်ရောက်ရင် ချင်းစိမ်းသွေးရည်ရယ်၊ ဆေးတစ်ခွက်စာရယ်၊ စစ်ဆပ်ပြာမန်းကျည်းစေ့တစ်စေ့စာရယ်ရောဖျော်ပြီး ကြက်တောင်သန့်သန့်နဲ့ ဆေးကို ပါးစောင်ထဲ ငါးမိနစ်တစ်ခါလောက်ထည့်ပေးနေ ဒါဆိုရင် မကြာခင် သတိပြန်ရလာလိမ့်မယ်။ အေး - ဘုန်းဘုန်းကိုယ်တိုင်လိုက်မပေးနိုင်တာတော့ စိတ်မကောင်းဘူး။ ဘာလို့လဲဆိုတော့ မင်းတို့သိတဲ့အတိုင်း ဘုန်းဘုန်းလည်း မျက်လုံးတစ်လုံးက ရောဂါကြောင့် ထုတ်ပစ်လိုက်ရတော့ မျက်လုံးတစ်လုံးထဲနဲ့ နေ့ပိုင်းသွားလာရတာတောင် အရင်လို အားမရတော့ဘူး။ ညပိုင်းဆိုတော့ ပိုဆိုးတာပေါ့ကွာ"

"ရပါတယ်ဘုရား၊ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား။ တပည့်တော်ဦးတင်ပါတယ်ဘုရား"

ဘုရားကန်တော့ပြီး အဘိုးဘုန်းကြီးအား ကန်တော့ကာ ကျွန်တော် ခပ်သုတ်သုတ်ပင် လုပ်စရာများကို လုပ်ကိုင်ရန် အိမ်သို့ အလျှင်အမြန်ပြန်လာခဲ့လေတော့သည်။ အိမ်သို့ရောက်လျှင် အဘိုးဘုန်းကြီးမှာကြားသည့်အတိုင်း ဆေးဝါးများကိုစီရင်ကာ အမေ့ဝမ်းထဲ နည်းနည်းချင်း ရောက်ရှိသွားအောင် ကြိုးစားတိုက်ကျွေးခဲ့လေသည်။ ဆယ့်ငါးမိနစ်ခန့်အကြာတွင် အမေအနည်းငယ် လူးလွန့်လာပြီး သက်ပြင်းချသံပေါ်ထွက်လာသည်။ ထို့နောက် အမေ့မျက်လုံးများ ပွင့်လာပြီး သူ့အိပ်ရာဘေးတွင် ဝိုင်းနေသူများကို တအံ့တဩကြည့်ရင်း စကားဆိုသည်။

"လူတွေစုံလို့ပါလား။ ဘယ်တုံးကရောက်လာကြတုံး။ အမေလည်း အိပ်ပျော်သွားလိုက်တာ အိပ်မက်တောင်မက်တယ်။ ဟဲ့သား၊ ငွေ့သည် တွေကို သားဝယ်လာတဲ့ ကိတ်မုန့်ချကျွေးလိုက်လေ"

ခုမှ ရယ်မောပြုံးရွှင်လာနိုင်ကြသည်မို့ တချို့ကမေးကြသည်။

"အစ်မ ဘယ်လိုအိပ်မက်မက်လဲ ကျွန်မတို့က အစ်မသတိလစ်နေလို့ ငိုနေကြတာ။ အစ်မသားကြီးဆို မျက်ရည်ပျက်မျက်နှာပျက်နဲ့ ဟိုဟာလုပ်ရမလိုဒီဟာလုပ်ရမလိုဖြစ်နေတာ အစ်မရဲ့"

အမေက ထိုစကားကိုလက်မခံနိုင်ပေ။ သူမနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ဟုပင် ထင်လေသည်။ ထို့ကြောင့် သူကလည်း သူခံစားရသည်ကို ပြန်၍ ပြောပြလေသည်။

"ငါ မေ့နေတာမဟုတ်ဘူး အိပ်ပျော်နေတာပါ။ အိပ်မက်တောင်မက်နေတာ။ ငါလေ အိပ်မက်ထဲမှာ ဘုရားတစ်ဆူကိုတောင် သွားဖူးလာတာ ဘုရားဖူးပြီးအပြန်မှာ ငါလန့်နိုးလာတာပါ"

အမေ၏အဖြေကြောင့် လူနာလာကြည့်သူများမှာ ပြုံးပြုံးရွှင်ရွှင်နှင့် စကားစမြည်ပြောပြီး အသီးသီးနှုတ်ဆက်၍ ပြန်သွားကြလေသည်။

(၅)

ထိုသို့ တစ်စတစ်စ ကျန်းမာရေး ယိုယွင်းပျက်စီးလာသော်လည်း အမေ၏ အကြီးမားဆုံးဆန္ဒမှာ ရန်ကုန်မှ သူ့အစ်မ တစ်ယောက်နှင့် ဆွေမျိုးများကို သူမျက်ကွယ်မပြုမီ တွေ့ဆုံရေးဖြစ်ပေသည်။ ထိုစဉ်က တယ်လီဖုန်းခေတ် မဟုတ်သေးသောကြောင့် စာတိုက်နှင့် ကြေးနန်းတို့ကိုသာအသုံးပြု၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရပေသည်။ ပုံမှန်အတိုင်း ဆက်သွယ်လိုလျှင် စာရေးကြပြီး အထူးအရေးကြီးသောကိစ္စများအတွက် ကြေးနန်းရိုက်အကြောင်းကြားရခြင်းဖြစ်သည်။ အကြီးနှင့် အမေ့အမျိုးများကို ဆက်သွယ်သည့်အခါ တပေါင်းလကလေးများ စာမေးပွဲပြီးသည့်အခါ လာမည်ဟု အကြောင်းပြန်လေသည်။

ထိုတပေါင်းလကို အိပ်ရာထက်မှ စောင့်စားရင်း အမေ့ခမျာ မကြာမကြာ ညည်းညူသည်။

"အင်း - အစ်မငယ်တို့ကလည်း ခုထက်ထိမလာကြသေးဘူး။ ငါများခုနေသေသွားရင် သူတို့နဲ့ဆုံလိုက်ဖို့ မရှိတော့ပါလား"

တစ်နေ့တခြား ရုပ်ယိုယွင်းလာ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း အစားအသောက်ပျက်လာခြင်းတို့ကြောင့် အမေကွယ်လွန်သွားမည်ကို သိနေမိသော ကျွန်တော့်အဖို့ ထိုကဲ့သို့ အမေပြောသည့်စကားသံများကိုကြားမိလိုက်သည့်အခါ မျက်နှာပျက်ပျက်သွားခဲ့ပေသည်။ ထိုအချက်ကို ကောင်းကောင်းအကဲခတ်မိသည့် အမေက တစ်နေ့တွင် ကျွန်တော့်ကိုပြောလေသည်။

"သား မောင်ကျော်၊ မင်းယောကျ်ားမဟုတ်ဘူးလား။ လူတိုင်းတစ်နေ့ သေကြမယ်၊ ဒီလောကထဲကထွက်သွားကြရမယ်ဆိုတာ မင်းလက်မခံဘူးလား။ ဒီအဖြစ်အပျက်ဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုလို့ သဘောပေါက်ဘဲ မင်းစိတ်ထဲမှာဧရာမပြဿနာကြီးလို့ လက်ခံထားရင် နောက်ပိုင်းအထက်ကြီးမားတဲ့ အခက်အခဲတွေတွေ့ လာတဲ့အခါ မင်းဒါကိုဘယ်လိုဖြေရှင်းမှာလဲ။ ဆောက်တည်ရာမရ ခြေမကိုင်မိလက်မကိုင်မိနဲ့ အမှားမှားအယွင်းယွင်းတွေဖြစ်ပြီး ဆုံးဖြတ်ချက်မှား၊ ဖြေရှင်းချက်မှားနဲ့ ဘဝမှာအလွဲလွဲအမှားမှားဖြစ်တော့မှာပေ့ါ။ မင်းဟာ ယောကျ်ားတစ်ယောက်ဖြစ်တဲ့အတွက် အရာရာကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ဖြေရှင်းမှပေါ့ သားရယ်"

အဆုံးအထိတွက်ဆပြီး အမျိုးများကို အားတင်းစောင့်စားနေသည့် အမေစကားများသည် ကျွန်တော့်ရင်ထဲသို့နစ်စွာ ဝင်ရောက်သွားပြီးနောက် ကျွန်တော် ဟန်ဆောင်တတ်သွားသည်။ ပြဿနာတစ်ခုကို ရင်ဆိုင်ရသည့်အခါတိုင်း ဘာမှမဖြစ်သလိုနေထိုင်တတ်လာပြီး ခေါင်းအေးအေးနှင့် ဖြေရှင်းတတ်သောအကျင့်ရလာသည်။အမေ၏အစ်မနှင့် အမျိုးများသည် ၁၉၈၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရောက်ရှိလာသည်။ ထိုညက အမျိုးအဆွေစုံစုံညီညီနှင့် စကားပြောနေရင်း အမေတစ်ချက်တစ်ချက်သတိလစ်လစ်သွားသည်။

သတိရလာသည့်အခါတိုင်းလည်း ကျွန်တော့်ကိုကြည့်၍ သူမှာကြားချင်သည့်စကားများကို မှာကြားသည်။ သူစိတ်အပူပန်ဆုံးမှာ သားအငယ်ဆုံးဖြစ်သော ငါးတန်းကျောင်းသားကလေးကိုဖြစ်သည်။

"သား မောင်ကျော်၊ အမေမရှိတော့ရင်/နင့်ညီလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင်စောင့်ရှောက်ပါနော်။ သူ့ကို သားစောင့်ရှောက်နိုင်ပဲ့မလား။ ကိုယ့်ညီလေးက အခုချိန်မှာ ဥမမည်စာမမြောက်ဆိုတော့ စောင့်ရှောက်မယ့်သူမရှိရင်၊ အကြီးတွေက လျစ်လျူရှုထားရင် ဒုက္ခရောက်သွားနိုင်တယ်နော်။ သားညီလေးကိုပစ်မထားနဲ့နော်။ နောက်ပြီး ယောကျ်ားဆိုတာလည်း ကိုယ်ကတိပေးပြီးရင် လွယ်လွယ်နဲ့မေ့မပစ်ရဘူးနော် သား"

"အမေရယ်၊ အမေလည်း ဘာမှဖြစ်မှာမဟုတ်ပါဘူး။ ကျွန်တော်လည်း ကတိပေးပါတယ် အမေရယ်။ အငယ်ကောင်ကို ပညာတတ်တစ်ယောက်ဖြစ်အောင် စောင့်ရှောက်ပေးပဲ့မယ်။ အမေအဲဒီကိစ္စကိုတော့ မပူပါနဲ့ အမေရယ်"

ထို့နောက် အမေသည် အဖေ့ကိုစလိုက်၊ အစ်မဖြစ်သူ တူမဖြစ်သူများနှင့် စကားပြောလိုက်၊ ကလေးများကို စလိုက်နောက်လိုက်နှင့် ဘာမှမဖြစ်သည့်အသွင်ဆောင်နေလေသည်။ တစ်ချက်တစ်ချက်သတိလစ်သွားတတ်သော်လည်း သတိရလာသည့်အခါ ဘာမှမဖြစ်သလိုဟန်ဆောင်ရင်းနေလေသည်။

နောက်တစ်နေ့ ဧပြီတစ်ရက် တနင်္ဂနွေနေ့ မနက်ဆယ်နာရီကျော်ကျော်တွင် တစ်ချက်သတိလစ်သွားပြီး ခဏအကြာတွင် ကွယ်လွန်သွားလေတော့သည်။

အမေမရှိတော့သည့်နောက်ပိုင်းတွင် ကျွန်တော်သည် လူ့လောကထဲတိုးဝင်ရင်း ပြဿနာပေါင်းစုံ၊ အခက်အခဲပေါင်းစုံကို ကြုံတွေ့သည့်အခါတိုင်း အရက်သောက်၍ ပြဿနာကိုရှောင်လွှဲနေခြင်း၊ ပြဿနာမှရှောင်လွှဲထွက်သွားခြင်းများမရှိခဲ့။ စိတ်အေးအေး ခေါင်းအေးအေးထား၍ ဖြေ ်းတတ်လာသည်။

ထို့အတူ ကျွန်တော်ပြန်ဆင်ခြင်ကြည့်မိသည်။ ကျွန်တော့်မိခင်သည် ကျွန်တော့်အား လိမ္မာရေးခြားရှိစေရန်လည်းကောင်း၊ ပညာတတ်တစ်ယောက်ဖြစ်စေရန်အတွက် လည်းကောင်း သွန်သင်ဆုံးမသွားသကဲ့သို့ သူမရှိတော့သည့်အခါ လောကတွင် ရှင်သန်ကျန်ရစ်ပြီး တွေ့လာနိုင်သမျှ အခက်အခဲတို့ကို ရင်ဆိုင်ဖြေရှင်းနည်း၊ ဘဝနေနည်းစသည့် အံခြေအနေများကို လက်ဆင့်ကမ်းအမွေပေးခဲ့သော အနန္တကျေးဇူးရှင်ဖြစ်ပါကြောင်း ကောင်းမွန်စွာ နားလည်လိုက်ရပါတော့သည်။

နောက်ပိုင်း ဘာသာတရားကိုလိုက်စားဖြစ်လာသည့်အခါ ပို၍ခေါင်းအေးလာသည်။ ပြဿနာတွေ့သည့်အခါတိုင်း ဘာသာတရားအားကိုးဖြင့် စိတ်အေးအေးထားဖြေရှင်းတတ်လာ၏။ မည်သည့်အခါမျှ အလောသုံးဆယ်ဆုံးဖြတ်ဖြေရှင်းချင်းမျိုးမပြုခဲ့။ ပြဿနာများကို ပြေပြေလည်လည်ပင် ဖြေရှင်းလိုက်နိုင်သည်နှင့်အမျှ ဘာသာတရားပေါ်အလေးထား ယုံကြည်စိတ်များ တိုးပွားလာသကဲ့သို့ နောက်ဆုံးထွက်သက်မတိုင်ခင်ပင် သားအား လောကအလယ်တွင် နေထိုင်နည်းပေးသွားခဲ့သည့် အမေ့ဂုဏ်ကျေးဇူးများကိုလည်း အခါခါအမှတ်တရရှိမိလာပါတော့သည်။ အစောပိုင်းက အမေ့ကျေးဇူးကို မသိတတ်နားမလည်ခြင်းအတွက် စိတ်မကောင်းဖြစ်ရသကဲ့သို့ အမေ့ဂုဏ်ကျေးဇူးများကို သိရှိနားလည်ချိန်တွင် အမေ့အား ကာလကြာမြင့်စွာ လုပ်ကိုင်ကျွေးမွေးခြင်းဖြင့် ကျေးဇူးမဆပ်လိုက်ရ၍လည်း ဝမ်းနည်း ကြေကွဲစိတ်ဖြစ်ရလေတော့သည်။ သို့သော် အချိန်တို့သည်ကားနှောင်းခဲ့လေပြီဖြစ်ချေတော့သည်။

ထိုသို့ ဘဝနှင့်ရင်းခဲ့ရသော သင်ခန်းစာများကြောင့် ကျွန်တော်စာသင်သည့်အလုပ်ကိုလုပ်သည့်အခါ တွေ့ဆုံခဲ့ရသော တပည့်များကိုလည်းကောင်း၊ တွေ့ဆုံနေရဆဲဖြစ်သည့် တပည့်များကို လည်းကောင်း၊ မိဘရှိသေးသည့် အပေါင်းအသင်းများကိုလည်းကောင်း မိဘများ၏ဂုဏ်ကျေးဇူးကို အထူးသိတတ်ရန်၊ မိဘများကို စိတ်ဖြေငြင်စေမည့်အပြုအမူမျိုးမပြုမူမိကြရန် အကြံပေးနေဖြစ်ပါသည်။ မိဘမရှိမှ ရသောနောင်တထက် မိဘများရှိစဉ် သိစဉ်ပြုလုပ်ကြသည့် ကောင်းကျိုးများက ပို၍ အကျိုးရှိစေတတ်သည်ဖြစ်၍ မိဘများ၏ဂုဏ်ကျေးဇူးကို တတ်နိုင်သမျှ ပေးဆပ်ကြရန် တိုက်တွန်းနေမိပါလေတော့သည်။

( ဤစာမူဖြင့် ၁-၄-၁၉၈၄ နေ့က ကွယ်လွန်သွားသည့်မိခင်ကြီးဒေါ်စိန်တင့်၊ ကျွန်တော့်အား တိုင်းရင်းဆေးပညာနှင့် အကျွမ်းဝင်စေသည့် အဘိုးဘုန်းကြီးဦးသုမန၊ ကျွန်တော့်အား မွေနှင့်နီးစပ်စေခဲ့သည့် မဟာကန်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုန္တရ၊ မတောင်တွင်းကြီးမြို့နယ်မှ လွှတ်တော်အမတ် ဆရာဦးအောင်ကြည်ညွှန့်တို့၏ ဂုဏ်ကျေးဇူးများကို နဖူးမြေစိုက်ဦးခိုက်လိုက်ပါ၏)

မြတ်သက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# မဟာနွယ်
(မန်းတက္ကသိုလ်)

## ယုံကြည်မှုစွမ်းအား

ဤလောကတွင် ယုံကြည်မှု စွမ်းအားသည် အလွန်အစွမ်းထက်မြက် ကြောင်းကိုသိရှိရသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိသောအားဖြင့် မည်သည့် အရာကိုမဆို ပူးပေါင်းလုပ်ကိုင်လို့ကြပါ၏။ အောင်မြင်မှုသရဖူကိုလည်းဆောင်း နိုင်ကြရမည်သာ ဖြစ်သည်။

ဤသတ္တလောကတွင် ယုံကြည်မှု သည် အလွန်အရေးပါလှ၏။ တစ်နည်း အရေးပါအရာရောက်ပါ၏။ တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုရှိမှသာလျှင် ပူးပေါင်း ဆောင်ရွက် လုပ်ကိုင်ကြမည်သာ ဖြစ်ပါ၏။

တစ်ဦးနှင့်တစ်ဦး မယုံကြည်၊ သံသယရှိနေကြပါလျှင် ပူးပေါင်းဆောင် ရွက်လို့ကား မရတော့ပါချေ။ ယုံကြည်မှု မရှိခြင်းသည် လောကလူသားတို့အတွက် အရေးပါအရာရောက်သော လက်နက် ကောင်းတစ်ခု။

တစ်ဦးနှင့်တစ်ဦးယုံကြည်မှုကင်းမဲ့ ခဲ့ပါလျှင် ဆက်စပ်ရောနှောလို့ကား မရ တော့ပါချေ။ ကွဲကွာသွားကြ၏။

ယုံကြည်မှုရှိပါလျှင် မည်သည့် အရာကိုမဆို ပြီးမြောက်အောင်မြင်မှုကို ရရှိနိုင်ကြမည်သာ ဖြစ်ပါ၏။

တစ်ခါက လူတစ်ယောက်သည် စားဝတ်နေရေးဖြေရှင်းရန်အတွက် သခွား ခင်းကြီးတစ်ခင်းကိုလုပ်ကိုင်၍ စိုက်ပျိုး ကာထားလေ၏။

သခွားပင်များသည် တစ်စတစ်စ နှင့် ပြုစုလာသဖြင့် စည်ပင်ပြန့်ပွား ကြီးထွားစပြုလာလေ၏။ တချို့ကား အညွန့်အတက်အခက်အလက်ထွက်လာ ကာ စင်ပေါ်သို့တက်လှမ်းလာကြ၏။

တချို့ကား ပွင့်သစ်စပြုလာကြ ၏။ တချို့ကား သီးကင်းစပြုလာကြ၏။ တချို့ကား အသီးသီးလာကြ၏။

သခွားခင်းရှင်သည် နေ့စဉ်နေ့တိုင်း ရေလောင်းပေးခြင်း၊ ပေါင်းသင်ပေးခြင်း၊ မြေဆွေး မြေသြဇာများကိုထည့်ပေးခြင်း ဖြင့် နေ့စဉ်ပြုလုပ်ပေးနေလေ၏။

ယင်းသို့ နေ့စဉ်နေ့တိုင်းသခွားခင်း ကို ပြုစုလိုက်သဖြင့် သခွားပင်များသည် အထူး စည်ကား ပြန့်ပွားလာ... ကြီးထွားစပြုလာကြ၏။ အသီးမျာ... လည်း တစ်ဆစ်လျှင် တစ်လုံးကျစ်... ကင်းလာကြ၏။ သခွားခင်းရှင်မှာ မ... နိုင်မပန်းနိုင် နေ့စဉ်နေ့တိုင်း ပြု... ထောက်ပေးနေလေ၏။

သခွားသီးသီးလာသည်ကိုမြ... သဖြင့် သခွားခင်းရှင်သည် ဝမ်းသာ... ဝမ်းဆီထိသကဲ့သို့ ခံစားရပြန်လေ...

'ငါကား ဆင်းရဲသားကျော... ဒီသခွားခင်းကြောင့် ငါ့ရဲ့မိသား... ဝတ်နေရေး အဆင်ပြေလည်လာ... မယ်'

ဟု ကြိတ်ပြီးဝမ်းသာနေလေ...

သူသည် သခွားခင်းကို ကြ... ရင်း အားရဝမ်းသာမှုဖြစ်နေလေ... သခွားပင်များကလည်း သီးကြပွင့်ကြ... တစ်ခင်းလုံး ဝေဝေဆာဆာဖြစ်နေ... ၏။ သူသည် သူ၏သခွားခင်းကို... ရင်းနှင့်ပင် ပီတိဖြစ်ကာနေလေ...

'ငါ ဒီတစ်ချိန်တော့ သခွား...



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မဆင်းရဲတော့ပြီ။ ဆင်းရဲတွင်းထဲမှ လွတ်မြောက်လာရတော့မယ်'

ဟု ယုံကြည်လာ၏။

သူ၏ဘဝကို ကျေနပ်နှစ်သိမ့်နေစဉ် သခွားခင်းမှာ စင်ကျိုးလုမတတ် သီးပွင့်လာကြ၏။ အသီးများက ရောင်းတမ်းမီစပြုလာလျှင် အဖျက်သမားများက ဝင်ရောက်လာကြ၏။ အဖျက်သမားများသည် သခွားခင်းထဲမှ သခွားသီးများကို တစ်ပိုင်းဖြတ်ကာ ကိုက်စားလာကြ၏။ ဖျက်ဆီးလာကြ၏။

ညစဉ်ဝင်ရောက်ဖျက်ဆီးပစ်ကြသဖြင့် သခွားခင်းရှင်မှာ သခွားသီးများကို ကောင်းမွန်စွာ မရောင်းချရချေ။ ဆင်သလောက် ခရီးမရောက်ဖြစ်နေ၏။ ရှုံးချက်နှင့်လည်း နှမ်းမထွက်ဖြစ်နေပြန်ပါ၏။

သခွားခင်းရှင်သည် စိတ်ဓာတ်ကျဆင်းနေပြန်ပါ၏။

တစ်နေ့သောအခါ တစ်ရွာတည်းနေ ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ဦးနှင့် တွေ့ဆုံပြီးတိုင်ပင်လေ၏။

"သူငယ်ချင်း သခွားခင်းကိုခွေးအတွေ ဝင်ရောက်ဖျက်ဆီးကြတော့ သခွားသီး ရောင်းရသင့်သလောက် မရောင်းရဖြစ်နေပါတယ်။ ဒီသတ္တဝါတွေကို ဘယ်လိုနှင်ရမလဲဆိုတာ အကြံဉာဏ်ပေးပါဦး သူငယ်ချင်း"

တိုင်ပင်ကာ အကြံဉာဏ်တောင်းခံလာ၏။

ထိုအခါ သူငယ်ချင်းက -

"အင်း - ငါအကြံပေးမယ်။ ဟိုလမ်းထိပ်က ဆရာမောင်လှဆီကိုသွား။ ပြီးတော့ ခွေးအမဝင်နိုင်တဲ့ လက်ဖွဲ့တစ်လုံးကို စီမံပေးပါလို့ ပြော၊ သူစီမံပြီးပေးလိမ့်မယ်"

ဟု အကြံပေးလေ၏။

သခွားခင်းရှင်သည် ဆရာမောင်လှဆီသွားပြီးတော့ -

"ဆရာမောင်လှ ကျွန်တော်အကူအညီတစ်ခုတောင်းပါရစေ"

ဆိုလာ၏။

ထိုအခါ ဆရာမောင်လှက -

"ပြောပါ၊ ဘာအကူအညီပေးရမှာလဲ။ ပေးရန်အသင့်ပါပဲဗျာ"

ဟု ပြော၏။

"ဆရာ၊ ကျွန်ုပ်ရဲ့ သခွားခင်းကိုခွေးအတွေ ဝင်ရောက်ဖျက်ဆီးနေကြတယ်။ ဆရာခွေးအမလာနိုင်တဲ့လက်ဖွဲ့တစ်လုံး စီမံပေးစေချင်ပါတယ်ဆရာ"

တောင်းပန်လေ၏။

"ရမယ်၊ ညနေကျရင်လာယူလှည့်ပါ"

သခွားခင်းရှင်သည် အားရဝမ်းသာ ယုံကြည်စွာဖြင့် နေအိမ်သို့ပြန်လာ၏။ ညနေပိုင်းသို့ရောက်သောအခါ လက်ဖွဲ့ စီမံသော ဆရာဆီသို့သွားရောက်ကာ အစွမ်းထက်မြက်သောလက်ဖွဲ့ကိုလာယူလေ၏။

"ဒီလက်ဖွဲ့ကို ခွေးအများလာရာလမ်းက ချိတ်ဆွဲထားပါ။ ဘယ်ခွေးအမှ မလာတော့ပြီ စိတ်ချ"

သခွားခင်းရှင်သည် စီမံထားသော လက်ဖွဲ့ကို တရိုတသေယူဆောင်လာ၏။ သူသည် ခွေးအများဝင်လာလမ်းမှ လက်ဖွဲ့ကိုချိတ်ဆွဲထား၏။

ယင်းနေ့မှစ၍ ခွေးအများမှာ တစ်ကောင်မျှ သခွားခင်းထဲသို့ ဝင်ရောက်ခြင်းမရှိတော့ပါချေ။ ထိုနေ့မှစ၍ သခွားသီးများမှာ အစုလိုက်အပြုံလိုက် လွတ်လွတ်လပ်လပ်သီးပွင့်လာကြ၏။

နေ့ချင်းညချင်းသီးလာကြသဖြင့် သခွားခင်းရှင်မှာ သခွားများကို မိသားစုအပြင် လုပ်ငှားသားများနှင့် ဆွတ်ခူးရလေ၏။

လက်ဖွဲ့စီမံပေးသော ဆရာဆီသို့လည်း သွားရောက်ကာ သခွားသီးများနှင့် ငွေကြေးများကို ယူဆောင်ကာ ကန်တော့လာ၏။

"ဆရာ၊ ဆရာ့ရဲ့လက်ဖွဲ့က အစွမ်းထက်ပါတယ်။ အခုအခါ သခွားသီးများကိုကောက်လို့မနိုင်အောင်သီးနေကြပါတယ် ဆရာ။ ဒါ ဆရာ့အတွက် သခွားသီးနဲ့ ကန်တော့ငွေပါဆရာ"

ပေးအပ်လေ၏။

"အေးအေး-ကျေးဇူးတင်ပါတယ်"

သခွားခင်းရှင်သည် နေ့စဉ် သခွားသီးများကို ရောင်းနေရသဖြင့် သူတို့မိသားစုဝင်များမှာ စားဝတ်နေရေးအဆင်ပြေလည်လာကြ၏။

အချင်းချင်းပေးကမ်းနိုင်လာ၏။ လှူဒါန်းနိုင်လာ၏။ နေအိမ်ကိုလည်း ပြုပြင်နိုင်လာ၏။ ခွေးအများကားသခွားခင်းသို့မဝင်လာနိုင်ပါ။ အစီအမံလက်ဖွဲ့ကား အစွမ်းထက်မြက်လှပါ၏။

တစ်နေ့သောအခါ သူသည် လက်ဖွဲ့ထိုးခြင်းအတတ်ကို တတ်ချင်လာ၏။ ဤမျှအစွမ်းထက်မြက်သောလက်ဖွဲ့ကို သူသည် သူ၏ဘဝတစ်လျှောက်လုံးတွင် မတွေ့မကြုံစဖူး ဖြစ်နေပါ၏။

အဆိုပါလက်ဖွဲ့စီရင်ခြင်းအတတ်ကို သင်ယူလိုသဖြင့် လက်ဖွဲ့စီမံပေးသောဆရာဆီသို့ သခွားများကိုထမ်းရွက်ကာလာလေ၏။

"ဆရာ၊ လက်ဖွဲ့စီမံခြင်းအတတ်ကို သင်ပေးပါဆရာ"

ဟု တောင်းပန်လာ၏။

"အလိုရှိရင် ဆရာ့ဆီကိုလာပါ။ ဆရာစီမံပေးမှာပေါ့"

သို့ဖြင့် လက်ဖွဲ့စီမံခြင်းအတတ်ကို အကြိမ်ကြိမ်အခါခါ တောင်းခံခဲ့ပါ၏။ ဆရာကမပေးပါ။ သူသည် လက်ဖွဲ့စီမံခြင်းအတတ်ကို မရပါသဖြင့် စိတ်ဓာတ်ကျသွား၏။

သခွားခင်းမှာလည်း သခွားသီးများကို ဆွတ်ခူးယူလို့ပင်မကုန်နိုင်အောင် ဆွတ်ခူးယူနေကြရ၏။ သခွားခင်းရှင်မှာ ဝမ်းသာပီတိဖြာလျက်ရှိ၏။

"ခွေးအ မလာနိုင်တဲ့ လက်ဖွဲ့စီမံမှုနည်းကို ငါ့အားသင်မပေး။ ငါဟာ လက်ဖွဲ့ကို ဖွင့်ကြည့်ရင်သိမြင်မှာပဲ"

စဉ်းစားမိလာ၏။ ရွှင်မြူးလာ၏။ ကြည်နူးလာ၏။ နောက်ပိုင်းမှာ လက်ဖွဲ့ကိုဖျက်ဆီးပြီး စီမံထားသော အက္ခရာကို သေချာစွာ စိုက်ကြည့်လိုက်၏။

လက်ဖွဲ့ထဲမှ အက္ခရာမှာ 'လအ' ဖြစ်၏။

သခွားခင်းရှင်သည် စကားကို ထစ်ထစ်ငေါ့ငေါ့နှင့် -

ဒါ ငါ့ကိုစော်ကားတဲ့စကားပါပဲလား။ 'လအ' တဲ့။

သခွားခင်းရှင်သည် စီမံထားသော လက်ဖွဲ့အပေါ်မှာ အယုံအကြည်ကင်းမဲ့သွားခဲ့လေ၏။ ထိုလက်ဖွဲ့ကို ဖျက်ဆီးပစ်သောနေ့မှစ၍ ခွေးအများသည် သခွားခင်းထဲသို့ ဝင်ရောက်ကာ စားသောက် ဖျက်ဆီးကြလေရာ သခွားခင်းရှင်မှာ သခွားသီးများကို တစ်လုံးတလေမျှပင် အကောင်းပကတိမရရှိနိုင်တော့ပါချေ။

ယုံကြည်မှုရှိသောအချိန်မှာကား သခွားသီးများကို ဆွတ်ခူး၍ပင်မကုန်နိုင်အောင် ရရှိခဲ့ပါ၏။

ယုံကြည်မှုကင်းမဲ့သောနေ့မှာကား သခွားသီးများမှာ အနာအဆာအပဲ့အယွဲ့များစွာဖြင့် ခွေးအတိရစ္ဆာန်တို့၏ ဖျက်ဆီးပစ်ခြင်းဒဏ်ကို ခံခဲ့ရ၏။


ယင်းကြောင့် ယုံကြည်မှုသည် မည်သည့်အရာနှင့်မျှမတူပါ။ အစွမ်းထက်မြက်သော သတ္တိထူးရှိပါကြောင်း တင်ပြအပ်ပါသတည်း။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



“ဆရာ၊ နာမည်[illegible]ပေး ချင်လို့”

“ဪ - ဟုတ်ကဲ့၊ မှတ်ထား လိုက်မယ်လေ။ နာမည်ဘယ်သူလဲ”

“ကိုငွေးပါ ဆရာ”

“ဆယ်နာရီခွဲမှ ပြန်လာခဲ့နော်၊ အခုမစသေးဘူး။ အဖေဘုရားရှိခိုးနေ လို့”

“ဟုတ်ကဲ့ - ကျွန်တော်က အဝေး ကလာရလို့ပါ။ တခြားလည်းဘယ်မှသွား

# မင်းပြည့်

## လက်တွေ့ကျန်းမာခြင်း



www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲရှိသေးတယ်။ ဒီညေ့သည်ထိုင် စောင့်နေရမှာကြာဦးမယ်။ မထူးပါဘူး ငါပဲပြောပေးလိုက်မယ်ဆိုပြီးစဉ်းစားရင်း-

"အစ်ကို လာရင်းကိစ္စလေးပြော ပါဦး"

"ဩော် - ဟုတ်ကဲ့၊ ကျွန်တော့် အကြောင်းလေးတွက်ချင်လို့ပါ"

"အဲ-ကျွန်တော်တို့က အများကြီး တော့မတွက်ဘူးအစ်ကိုရဲ့။ ကိစ္စတစ်ခုကို ပဲ အဆင်ပြေအောင်လုပ်ပေးတာ။ အစ်ကိုဒီကိုလာရတဲ့ လိုရင်းလေးတစ်ခု ပေါ့"

"ကျွန်တော့်ကျန်းမာရေးအတွက် ပါ ဆရာ"

"ဩော် - ဟုတ်ကဲ့၊ ဒါဆိုလာ စရာမရှိလို့ ဒီမှာပဲထိုင်စောင့်နေလို့ရ မလား"

"ဒါဆိုလည်း ထိုင်ဦး၊ စတာတော့ မစသေးဘူး။ အဖေဘုရားရှိခိုးလို့မပြီး သေးဘူး"

"ဟုတ်ကဲ့ - ရပါတယ်ခင်ဗျ။ ကျွန်တော်ထိုင်စောင့်နေပါ့မယ်"

အချိန်က ကိုးနာရီကျော်ကျော် လေ"

ဟောခန်းထဲကို ခေါ်ပြီး ထိုင်ခိုင်း လိုက်ပါတယ်။

"ထိုင် - အစ်ကို"

"ကျန်းမာရေးက ဘာဖြစ်လို့လဲ"

"အစာအိမ်ဖြစ်တာ၊ ဖြစ်တာတော့ ကြာပြီ ဆရာရဲ့။ နှစ်လကျော်ကျော်သုံး လနီးပါးတော့ရှိပြီ။ ဆေးသောက်တော့ နည်းနည်းလေးသက်သာတယ်။ ဒါပေ မယ့် ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုဘာ လိုနေလဲမသိဘူး ဆရာရယ်။ အရှင်း မပျောက်ဘူးဖြစ်နေတယ်။ နေရထိုင်ရ တာလည်း တစ်မျိုးပဲ။ ဒီကြားထဲ အစား အသောက်ကိုလည်း အခြေအနေကြည့် ပြီးသတိနဲ့ထိန်းစားနေရတယ်။ နည်းနည်း လေးမှားလို့မရဘူး။ အဲဒါအတွေများဖြစ် နေလို့လဲ။ ဘာတွေလုပ်ရမလဲဆိုပြီး ဆရာကြီးဆီလာခဲ့တာ။ ကျွန်တော်လာ ဖူးပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော် လောက်က တစ်ခါလာဖူးတယ်။ အဲဒီ တုန်းက ဆရာက ခြံထဲမှာ ခုံလေးနဲ့ထိုင် ပြီး ဂစ်တာတီးနေတာလေ"

"ဩော်-ဟုတ်ကဲ့၊ အစ်ကိုကမှတ် မိတယ်"

"အဲဒီအခေါက်တုန်းက စီးပွားရေး အတွက်လာတာ။ ဆရာကြီးလုပ်ခိုင်းတဲ့ ဗုဒ္ဓယတြာတွေနဲ့အဆင်ပြေတယ်။ တော် တော်ကြီးကို အဆင်ပြေတယ်။ အဲဒီ ကျန်းမာရေးလေးတစ်ချက်ပဲသိချင်လို့ပါ ဆရာ"

"အစ်ကို ခုနှစ်လေးပြောပါဦး"

သူ့ခုနှစ်အပြည့်အစုံကို ပြောပါ တယ်။

တွက်ကြည့်လိုက်တော့ -

"အစ်ကို့မွေးနံနဲ့ နာမည်နဲ့က ဒီနှစ် ညှံ့နေလို့ပါ။ ဆေးတွေရမ်းမသောက်နဲ့။ နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေနဲ့ ကုလေ အစ်ကို"

သူက အခု သူပြနေတဲ့ဆေးဆရာ ရဲ့နာမည်ကိုပြောပြပါတယ်။

"ရတယ် ဆက်ပြ၊ ကောင်းသွား လိမ့်မယ်။ အဲဒီလိုနားလည်တတ်ကျွမ်း





www.burmeseclassic.com

www.burmeseclassic.com

တဲ့ဆေးဆရာတွေနဲ့ပြတာကောင်းတယ်"

သူ့ကို ဆောင်ရန်၊ ရှောင်ရန်နဲ့ သူလုပ်ရမှာလေးတွေ၊ ရွတ်ရဖတ်ရမှာလေးတွေကို ပြောပေးလိုက်ပါတယ်။

ပြီးမှ -

"အစ်ကိုလုပ်ရမှာတစ်ခုရှိတယ်။ တစ်ခုဆိုပေမယ့် အဲဒီတစ်ခုကို အစ်ကို အားရင်အားသလို၊ အချိန်ရရင်ရသလို လေးငါးခြောက်ခါလောက်တော့ လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့ - လုပ်မယ်လေဆရာ"

"ရွှေတိဂုံဘုရားကြီးရဲ့ ဗုဒ္ဓဟူးထောင့်မှာ ရွှေချပြီး ပူဇော်လို့ရတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိတယ်။ အစ်ကို အဲဒီကိုသွားရမယ်"

"ဗုဒ္ဓဟူးထောင့်တော့ သိတယ်။ ဗုဒ္ဓဟူးထောင့်ရဲ့ ဘယ်နားလောက်မှာလဲဆရာ"

"ဗုဒ္ဓဟူးထောင့်က တန်ဆောင်းထဲမှာ။ အစ်ကိုက အဲဒီတန်ဆောင်းထဲမှာရှိတဲ့ ဘုရားရုပ်ပွားတော်မှာ ရွှေချပြီး ပူဇော်ရမယ်။ ရွှေဆိုင်းတွေကလည်း အဲဒီရှေ့တည့်တည့်မှာတင်ရောင်းတယ်။ အစ်ကိုက တစ်ခါသွားရင် ရွှေ (၄၀၀၀) ဖိုးဝယ်ပြီး ဘုရားရှင်ရဲ့ ဝမ်းဗိုက်တော် အစာအိမ်နေရာလောက်ကိုပေါ့ ရွှေချပြီး ပူဇော်ရမယ်။ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်နဲ့ သေသေချာချာအာရုံပြု ဖြည်းဖြည်းချင်း ရွှေချပြီး ပူဇော်ရမယ်။ အဲဒီ အစ်ကိုလုပ်ရမယ့် အရေးကြီးတဲ့ယတြာပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ - သွားမယ် ဆရာ၊ လုပ်မယ်။ ဘယ်နေ့သွားရမလဲ၊ အချိန်ကောလိုသေးလား ဆရာ"

"ရတယ်၊ ဘယ်နေ့သွားသွား ရတယ်။ အချိန်လည်းမလိုဘူး။ အစ်ကို အားရင်အားသလို၊ အချိန်ရရင်ရသလို သွား။ ညနေပိုင်းလေး နေအေးမှသွားလည်း ရတယ်။ ဒါမှမဟုတ် မနက်စောစောကသွားလည်းရတာပဲ။ အဓိကက သွားဖြစ်ဖို့ပဲလိုတယ်။ ဘုရားရောက်တာနဲ့ အဲဒီဗုဒ္ဓဟူးထောင့်တန်ဆောင်းထဲမှာရှိတဲ့ ဘုရားရုပ်ပွားတော်ကိုသာ ရွှေချပြီး ပူဇော်၊ ဘာမှမပူနဲ့။ အစ်ကိုလုံးဝကောင်းသွားမှာပါ။ ဘာလိုနေမှန်းမသိဘူးဆိုတဲ့ အစ်ကိုရဲ့စိတ်တွေလည်း အဆင်ပြေသွားလိမ့်မယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်ဆရာ။ အားလုံးကောင်းသွားပြီ၊ အဆင်ပြေသွားပြီ ဆိုတဲ့ သတင်းကောင်းလေး နောက်တစ်ခါ ဆရာကြီးတို့ဆီ လာပြောပါ့မယ်"

"ဟား-ကောင်းတယ်ဗျာ၊ အစ်ကိုလည်း အတိတ်ကောင်းနိမိတ်ကောင်းလေးတွေပြောတတ်တယ်နော်"

"ဟဲဟဲ - ကျွန်တော်က ဆရာကြီးရဲ့စာအုပ်တွေအမြဲဖတ်တာလေ။ ဆရာကြီးရေးသမျှ စာအုပ်တွေအားလုံးနီးပါး ကျွန်တော့်မှာရှိတယ်။ အဲဒါကြောင့် ဆရာကြီးရေးတဲ့ စာတွေထဲကအတိုင်း အတိတ်ကောင်း နိမိတ်ကောင်းတွေပဲ ပြောတယ်။ အခု ဆရာမင်းပြည့်ရဲ့ ဆောင်းပါးတွေပါဖတ်တယ်နော်"

"ဟုတ်ကဲ့ပါဗျာ၊ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်"

"ကျွန်တော့်ကိုခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

❑

နောက်ထပ်တွေ့ရပြန်တဲ့ အန်တီတစ်ယောက်ကတော့ ကိုယ်စားလာတာ။ သူ့အမျိုးသားရဲ့ ကျန်းမာရေးအတွက်။ သူလာတဲ့အချိန်က နှစ်နာရီခွဲကျော်နေပြီ။

"အန်တီ၊ နောက်နေ့မှလာခဲ့ပါလား။ ဒီနေ့တော့ ပိတ်သွားပြီ အန်တီရဲ့။ သုံးနာရီပိတ်တော့မယ်"

"ဟယ် - အန်တီကအဝေးကြီးက လာရလို့ပါ။ မော်ဘီကတောင်လာရတာ။ အရေးကြီးလို့ပါ ကလေးရယ်။ ကူညီပါနော်"

"အန်တီဘာကိစ္စရှိလို့လဲ"

"အန်တီယောကျာ်းရဲ့ကျန်းမာရေးအတွက်လာတာပါ။ အဝေးကြီးကလာရလို့။ ဆရာကြီးဟောတဲ့အချိန်တွေလည်း မသိဘူး၊ ဘယ်အချိန်စတယ်၊ဘယ်အချိန်ပိတ်တယ်ဆိုတာလည်းမသိလို့ပါ။ ကူညီပါ သားလေးရယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ - လာလာ"

ပြောပြောဆိုဆိုနဲ့ တံခါးဖွင့်ပေးလိုက်ပါတယ်။

အလုပ်စားပွဲမှာထိုင်လိုက်ပြီး -

"လာ - အန်တီ၊ ထိုင်"

"အေးအေး"

"ဒီအချိန်ကတော့ ကျွန်တော်ဟောတဲ့အချိန်ဖြစ်သွားပြီ။ ကျွန်တော်ဟောတဲ့အချိန်တောင် နှစ်နာရီအထိပဲ။ အန်တီ အဝေးကြီးလာရတယ်ဆိုလို့၊ ပြီးတော့ ကျန်းမာရေးအတွက်ဖြစ်နေလို့ ကူညီလိုက်တာ"

"ဪ - အေး၊ ကျေးဇူးတင်ပါတယ် သားလေးရယ်"

"အန်တီ့အမျိုးသားက ဘာဖြစ်လို့လဲပြောပါဦး"

"သူက အသက်ရှုလို့မဝဖြစ်ဖြစ်နေတယ်လို့ပြောတာပဲ။ တစ်လကျော်ပြီ။ စစ်ကြည့်တော့လည်း ဘာရောဂါမှမ ဘူး။ ဒါပေမယ့် သူက ဘာဖြစ်နေလဲဆို တော့ သူ့ကိုယ်သူ နှလုံးလိုလို၊ အဆုတ် လိုလိုလျှောက်တွေးပြီး ဟိုတွေးဒီတွေးနဲ့ တောင်ထင်မြောက်ထင် ထင်နေတာ။ အသက်ရှုရတာ အားမရဘူးလို့ပြော တယ်။ အဲဒါ ဘာလုပ်ရမလဲပေါ့ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ အန်တီ့ အသိတစ်ယောက်နဲ့ စကားစပ်မိရင်း ဆရာကြီးဆီသူညွှန်လိုက်တာ။ သူနေ ကောင်းဖြစ်တုန်းက ဆရာကြီးရဲ့ယတြာ တွေနဲ့ပဲကောင်းသွားတာတဲ့။ အဲဒါသူ ဆရာကြီးဆီသွားလိုက်၊ ကောင်းသွား လိမ့်မယ်လို့ပြောတယ်။ အဲဒါကြောင့် အန်တီလာခဲ့တာ"

"ရတယ် ရတယ်၊ ကျွန်တော်တွက် ပေးလိုက်မယ်။ အဖေက စာအုပ်ကိစ္စနဲ့ ပညာရွှေတောင်သွားတယ်။ ကျွန်တော် လည်း ကိစ္စရှိလို့ အခုပဲ အပြင်သွားတော့ မလို့။ အန်တီ ကံကောင်းတယ်"

"အမလေး - ဟုတ်ပါ့ ဟုတ်ပါ့ ကူညီပါ သားလေးရယ်"

အန်တီ့မျက်နှာမှာ အားကိုး မျက်နှာထားမျိုး။ ရယ်ကျဲကျဲလေးနဲ့ပြော နေပါတယ်။

"အန်တီ့အမျိုးသားရဲ့ နာမည်နဲ့ ခုနှစ်လေး အပြည့်အစုံပြောပါဦး"

သူ့အမျိုးသားရဲ့နာမည်နဲ့ ခုနှစ် သက္ကရာဇ်အပြည့်အစုံကို ပြောပြတယ်။

တွက်ကြည့်လိုက်တော့ -

"ဦးလေးက ဒီနှစ်မွေးနံကို ဖြည့်တစ်ခုလာကပ်နေလို့ပါ။အဲဒါကြောင့် ဖြစ်တာ။ သူ့မှာကြီးကြီးမားမားဘာရော မှမရှိပါဘူး။ အခုဖြစ်နေသလိုလေး ပေါ့။ ဟိုဖြစ်လိုက်ဒီဖြစ်လိုက်နဲ့ ထက်စာရင် သူ့စိတ်ကပိုဆိုးနေတာ"

"ဟုတ်တယ်၊ ဟုတ်တယ် - အဲလိုဖြစ်နေတာ။ သားပြောတာ တယ်။ စစ်ကြည့်တော့လည်း ရောဂါမှမဖြစ်ဘူး။ ဘာရောဂါမှမဖြစ် ဆိုတာက သူ့ကိုယ်သူထင်နေတဲ့ တို့၊ အဆုတ်တို့ ဘာတစ်ခုမှမဖြစ် အကုန်ကောင်းတယ်။ အဲဖြစ်နေတာ သူ့စိတ်ကဖြစ်နေတာ။ အဲဒါကို လည်း ဘယ်လိုလုပ်ရမှန်းမသိဘူး"

"ဘယ်လိုလုပ်ရမှန်းမသိရင် အန်တီလုပ်ရမှာလေးတွေ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရေးနော်"

ပြောပြောဆိုဆိုနဲ့ အန်တီ့ရှေ့ကို စာရွက်လေးပေးလိုက်ပါတယ်။

"ဒီလိုဖြစ်တာ အန်တီရဲ့။ ကျွန်တော်တို့ပညာမှာက ဦးလေးရဲ့ကျန်းမာရေးနဲ့ဆိုင်တဲ့ ဓာတ်ဂြိုဟ်တစ်ခုကို လေဂြိုဟ်လာကပ်နေလို့။ သူ့ဘာရောဂါမှ ကြီးကြီးမားမားမရှိပါဘူး။ ဘာမှလည်း မဖြစ်ဘူး။ ဒါပေမယ့် သူ့ဗိုက်ထဲ ရင်ထဲဝမ်းထဲမှာ လေတွေများပြီး လေတွေပြည့်ကျပ်နေပါလိမ့်မယ်။ အဲဒီလေတွေက ပြည့်ကျပ်ပြီး အထက်ကိုဆန်ပြီး လေတက်တက်ရိုက်နေတာပဲဖြစ်မယ်။ အဲဒါကြောင့် လေတွေကျပ်ပြီးအသက်ရှူကျပ်တာတို့၊ အသက်ရှူရတာ မဝတာတို့၊ ခေါင်းမကြည်ဘဲဖြစ်နေတာတို့ အဲ့လိုဖြစ်နေတာပါ။ အဲဒါကြောင့် ဦးလေးအတွက် ဆောင်ရမှာလေးတွေ၊ ရှောင်ရမှာလေးတွေ၊ အကျိုးပေးတာလေးတွေ၊ အကျိုးမပေးတာလေးတွေ အန်တီလိုက်ရေးထားနော်"

ဦးလေးအတွက် ဆောင်ရန်၊ ရှောင်ရန်လေးတွေနဲ့ ရွတ်ရဖတ်ရမှာတွေ၊ ဦးလေးကိုယ်တိုင်လုပ်ရမယ့်ယတြာတွေ၊ ဆေးလှူရမှာတွေကို ပြည့်ပြည့်စုံစုံလေး ပြောပေးလိုက်ပါတယ်။

ပြီးတော့မှ -

"ဦးလေးလုပ်ရမှာ တစ်ခုရှိသေးတယ် အန်တီ။ ဗုဒ္ဓယတြာတစ်ခုလုပ်ရမယ်"

"အေး- လုပ်မယ်လေ၊ သူလုပ်ရမှာလား"

"ဟုတ်တယ် - ဦးလေးလုပ်ရမှာ။ ဦးလေးကိုယ်တိုင်လုပ်ရမှာ"

"ရတယ်လေ၊ လုပ်ခိုင်းလိုက်မယ် သားလေး။ ဘာလုပ်ခိုင်းရမလဲ"

"ဦးလေး အပြင်တွေဘာတွေသွားတတ်လား။ သွားလေ့သွားထရှိလား"

"အမလေး - သွားတယ်၊ သွားတယ်၊ သွားတတ်တယ်"

"ဒါဆိုရင် ဦးလေး ဘုရားသွားရမယ်။ ရွှေတိဂုံဘုရားကြီးကိုသွားရမယ်"

"ရတာပေါ့လေ၊ သွားခိုင်းလိုက်မယ်။ အန်တီရောလိုက်သွားလို့ရလား"

"ရတယ် လိုက်သွား၊ လိုက်သွားလို့ရတယ်။ - လိုက်သွားရုံတင်မကဘူး ဦးလေးလုပ်ရမှာလေးတွေကို အန်တီက ပြောပေးရမှာလေ"

"ဪ-အေးပေါ့၊ ဟုတ်သားပဲ။ ဒါဆိုရင် ဘယ်နေ့သွားရမလဲ၊ အချိန်ရောလိုသေးလား။ အချိန်လောက်သွားရမလဲ"

"ရတယ် အန်တီ၊ ဘယ်နေ့သွားသွားရတယ်။ အချိန်လည်း မလိုဘူး။ ဘယ်အချိန်သွားသွား ညနေပိုင်းလေးသွားလည်းရတယ်။ မနက်စောစောဆိုလည်းရတယ်။ ဒါပေမယ့် အန်တီတို့က မော်ဘီကနေသွားရမှာဆိုတော့ (ခဏစဉ်းစားလိုက်ပြီး) ရတယ် အန်တီအဆင်ပြေတဲ့အချိန်သွားပေါ့။ အဓိကသွားဖြစ်ဖို့ပဲ အရေးကြီးတယ်"

"သွားပြီးတော့ အန်တီက သူ့ကို ဘာလုပ်ခိုင်းရမလဲ"

"ဘာလုပ်ခိုင်းရမလဲ ဆိုတော့ ရွှေတိဂုံဘုရားကြီးရဲ့ဗုဒ္ဓဟူးထောင့်မှာ၊ ဗုဒ္ဓဟူးထောင့်က တန်ဆောင်းထဲမှာပေါ့။ ရွှေချပြီးပူဇော်လို့ရတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိတယ်။ ဦးလေးလုပ်ရမှာက အခု ဦးလေးဖြစ်နေတဲ့နေရာပေါ့။ ရင်ဝမ်းနေရာ။ အဲဒီမှာ ရွှေဆိုင်း (၄၀၀၀) ဖိုးဝယ်။ ရွှေဆိုင်းတွေကလည်း အဲဒီရှေ့တင်ရောင်းတယ်။ ဦးလေးက ဘုရားရှင်ရဲ့ ရင်ဘတ်တော်၊ ဝမ်းဗိုက်တော်ကို ရွှေချပြီး ပူဇော်ရမယ်။ ပူဇော်တဲ့အခါမှာ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်နဲ့ ဖြည်းဖြည်းချင်း သေသေချာချာ ပူဇော်ရမယ်။ အဲဒါကို ဦးလေးငါးခါ၊ခြောက်ခါလောက်တော့သွားလုပ်ရလိမ့်မယ်"

"နေ့တိုင်းသွားရမှာလား သားလေး"

"ဟာ - နေ့တိုင်းမဟုတ်ပါဘူး အန်တီရဲ့။ ဦးလေးလုပ်ရမယ့်အကြိမ်အရေအတွက်ကိုပြောတာ။ ဘယ်နေ့သွားသွား၊ ဘယ်အချိန်သွားသွား ရတယ်။ အားတဲ့အချိန်၊ အဆင်ပြေတဲ့အချိန်သွား။ အန်တီက ခေါ်ခေါ်သွားပေါ့။ ငါးခါ၊ ခြောက်ခါပြည့်ရင်ပြီးတာပဲ။ ဦးလေးကောင်းသွားပါလိမ့်မယ် အန်တီရဲ့။ ဘာမှမပူပါနဲ့"

"အေးပါ သားလေးရယ်၊ ကျေးဇူးတင်ပါတယ်။ သားလေးပြောတာတွေ အားလုံးလုပ်ပြီးရင် အန်တီတစ်ခေါက်ထပ်လာခဲ့ဦးမယ်လေ"

"ဦးလေး ကောင်းသွားပြီဆိုတဲ့ သတင်းကောင်းလေး လာပြောပေါ့ အန်တီရယ်"

"အေး - ဟုတ်တယ် ဟုတ်တယ်။ သတင်းကောင်းလာပြောမယ်။ လာပြောရမှာပေါ့"

အန်တီ အားရပါးရယ်၍ပြောနေပါတယ်။

အန်တီ အခုလိုပျော်သွားတဲ့ မျက်နှာမျိုးလေး မြင်ရတော့ ကျွန်တော်လည်း စိတ်ချမ်းသာမိပါတယ်။

ဘာပဲဖြစ်ဖြစ် လူတွေကို ပျော်စေချင်တယ်။ စိတ်ချမ်းသာစေချင်တယ်လေ။ အဲဒါကြောင့် အဖေသင်ပေးထားလို့ ကိုယ်တတ်စွမ်းတဲ့ပညာနဲ့ ခုနစ်ရက်သားသမီးတွေရဲ့ရင်ကို အေးမြအောင်၊ ပျော်အောင်၊ စိတ်ချမ်းသာအောင် သားအဖနှစ်ယောက်စလုံးက တစ်ဖက်တစ်လမ်းကနေ ကူညီနေကြတာပေါ့။

"ဒါဆို အန်တီ့ကို ခွင့်ပြုဦး၊ သွားမယ်နော် သားလေး"

"ဟုတ်ကဲ့ အန်တီ"

❑

ဒီလိုဖြစ်ပုံမျိုးလေးတွေထဲကနေ မှတ်မိသလောက် နောက်ထပ်တစ်ယောက်ကို ပြောပြရရင် -

ခိုင်ခိုင် ဆိုတဲ့ ညီမတစ်ယောက် (နာမည်လွှဲပေါ့)။ သူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်။ အဲဒီကုမ္ပဏီရဲ့တော်တော်လေးအရေးပါတဲ့နေရာမှာ အလုပ်လုပ်ရတယ်။

သူကဘာဖြစ်လဲဆိုတော့ သူဖြစ်တဲ့ပုံစံကလည်း ရှေ့က ကိုငွေးတို့၊ ဦးလေးတို့ဖြစ်သလိုပဲ ရင်၊ ဝမ်းနဲ့ဆိုင်တဲ့ ဝေဒနာ၊ သူကဗိုက်မကောင်းဖြစ်တာ။ ဗိုက်ထဲမှာ ထိုးထိုးပြီးအောင့်တာ။ တစ်ခါတစ်ခါအောင့်ရင် ချွေးတွေပြန်ပြီး မခံနိုင်အောင်ကို အောင့်တာတဲ့။ သူဖြစ်တာက အဲ့လို။

"ညီမရဲ့ ခုနစ်လေးတစ်ချက်လောက်"

"ခုနစ်"

အူကြောင်ကြောင်မျက်နှာလေးနဲ့ ပြန်မေးတယ်။

"ဟုတ်တယ်၊ ညီမမွေးတဲ့ခုနစ် မွေးသက္ကရာဇ်"

တွက်ကြည့်လိုက်ပြန်တော့ သူလည်း မွေးနံကို ဂြိုဟ်ညှိုဓာတ်ခုကပ်နေပြီး သူ့ရဲ့နာမည်ရော၊ နေ့ရောက အထွက်နေရာမှာရှိနေတယ်လေ။ သူက တနင်္လာသမီး၊ တနင်္လာနာမည်။

"ညီမကအလုပ်အရမ်းများတော့ စားချိန်သောက်ချိန်တွေ မမှန်ဘူးနဲ့တူတယ်"

"ဟုတ်တယ်၊ အဲ့လိုဖြစ်နေတာ"

"အိပ်ချိန်တွေရောမှန်ရဲ့လား"

"အိပ်ချိန်တွေလည်းမမှန်ဘူး။ စိတ်ညစ်တယ်။ (မျက်နှာကနည်းနည်းလေး ရှုံ့သွားပြီးခေါင်းကုတ်ပြီးပြောပြပါတယ်)



www.burmeseclassic.com

www.burmeseclassic.com

တချို့စာရင်းဇယားကိစ္စတွေဆိုရင် ကုမ္ပဏီမှာ မပြီးပြတ်လို့ အိမ်ကိုယူသွားပြီးလုပ်ရတာတွေလည်းရှိတယ်။ အဲ့လိုတွေလုပ်ရတဲ့နေ့တွေဆိုရင် အိပ်ချိန်တွေက အရမ်းနောက်ကျတာပဲ"

"ဒီလိုနဲ့တူပါတယ်။ အစ်ကိုမြင်တာကတော့ အလုပ်တွေအရမ်းများပြီး စားချိန်သောက်ချိန်တွေမမှန်ဘူး။ စောစောက ညီမပြောသလို ကုမ္ပဏီကအလုပ်တွေ အိမ်မှာယူလုပ်ရတဲ့နေ့တွေဆို အိပ်ချိန်တွေနောက်ကျမယ်။ အိပ်ရေးမဝရင် လူကမလန်းတော့ဘူး။ခေါင်းတွေနောက်လာရော။ အဲ့လိုခေါင်းတွေနောက်ပြီး မလန်းရင်၊ လန်းလန်းဆန်းဆန်းမရှိရင် စားချင်သောက်ချင်စိတ်တွေလည်း မရှိတော့ဘူး"

"ဟုတ်တယ်၊ ဟုတ်တယ် အခု အဲ့လိုဖြစ်နေတာ"

"အေး -အလုပ်များလို့ မစားဖြစ်တာရယ်၊ စားချင်သောက်ချင်စိတ်မရှိလို့ မစားဖြစ်တာရယ်၊ အိပ်ရေးပျက်တာတွေ အားလုံးစုံသွားတော့ ဗိုက်ထဲမှာလေတွေ ခံလာတယ်နဲ့တူပါတယ်။ အဲ့လိုဖြစ်တာပါ။ အစာမရှိတော့ ဗိုက်ထဲမှာ လေတွေအများပြီး လေတွေထိုးပြီပေါ့။ လေတွေထိုးလို့အောင့်တာနေမှာပါ။ အစ်ကိုကတော့ အဲ့လိုပဲမြင်တယ်။ အခု ဘာဆေးသောက်လဲ"

သူကပြောပြပါတယ်၊ သူသောက်နေရတဲ့ဆေးတွေကို။

"လောလောဆယ် အစ်ကိုပြောတာလေးတွေ လိုက်ရေးထား"

သူလုပ်ရမှာလေးတွေ၊ ဆောင်ရန်၊ ရှောင်ရန်လေးတွေ၊ သူရွတ်ရမယ့်ဘုရားစာ၊ သူဖြစ်နေတဲ့ဝေဒနာနဲ့ပတ်သက်တဲ့ ဆေးတွေကို လှူရမှာလေးတွေကို ပြည့်ပြည့်စုံစုံလေး ပြောပေးလိုက်ပါတယ်။

ပြီးမှ -

"ညီမ ရွှေတိဂုံဘုရားကြီးကိုသွားရမယ်။ ဘုရားကြီးကိုရောရောက်ဖြစ်လား"

"သွားတယ်အစ်ကို၊ ညီမမရောက်ဘူးဆိုရင်တောင် တစ်လကို နှစ်ခေါက်လောက်တော့ ရောက်တယ်"

"ဟုတ်ပြီဗျာ၊ ဒါဆိုရင် ရွှေတိဂုံဘုရားကြီးကို ရောက်တဲ့အခါ ညီမလုပ်ရမှာရှိတယ်"

"ဩော် - ဟုတ်၊ ဘာလုပ်ရမလဲ"

မျက်လုံးလေးအပြူးသား အူကြောင်ကြောင်မျက်နှာမျိုးလေးနဲ့ စိုက်ကြည့်နေတယ်။

"ဘာလုပ်ရမလဲဆိုတော့ ရွှေတိဂုံဘုရားကြီးကိုရောက်တဲ့အခါတိုင်းပေါ့။ ဗုဒ္ဓဟူးထောင့်ကိုသွားရမယ်"

"ဟင် - ဗုဒ္ဓဟူးထောင့်ကို သွားရမယ်။ ညီမက တနင်္လာလေ"

"ဟုတ်ပါပြီ အစ်မရဲ့၊ ကျွန်တော်ပြောတာ ပြီးအောင်နားထောင်ပါဦး"

အဲ့လိုပြောလိုက်တော့ ပခုံးလေးနှစ်ဖက်ကတွန့်ပြီး ခေါင်းလေးပုသွားပြီး ရယ်နေလေရဲ့။

"ညီမက တနင်္လာဆိုတာ အစ်ကိုသိတယ်။ ဒါပေမယ့် အစ်ကိုလုပ်ခိုင်းတဲ့ယတြာက ဗုဒ္ဓဟူးထောင့်ကိုသွားရမှာမို့လို့"

"ဩော် - ဟုတ် . . . ဟုတ်"

"ဗုဒ္ဓဟူးထောင့်က တန်ဆောင်းထဲမှာ ရွှေချပြီး ပူဇော်လို့ရတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိတယ်။ အဲဒီရုပ်ပွားတော်မှာ ညီမက ရွှေချပြီး ပူဇော်ရမယ်။ ရွှေဆိုင်းတွေကလည်းအဲဒီရှေ့မှာတင်ရောင်းတယ်။ ညီမက ရွှေဆိုင်းတစ်ခါဝယ်ရင် (၄၀၀၀) ဖိုးဝယ်ပြီး အဲဒီဘုရားရုပ်ပွားတော်ရဲ့ဝမ်းဗိုက်တော်၊ ရင်ဘတ်တော်တွေကို ရွှေချပြီးပူဇော်ရမယ်။ ပူဇော်တဲ့အခါမှာ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်နဲ့ အာရုံပြုပြီး ဂုဏ်တော်တွေကို ရွတ်ပြီး ဖြည်းဖြည်းချင်းပူဇော်ရမယ်။ အဲ့လိုလုပ်လိုက်။ အဲဒါ ညီမ ရွှေတိဂုံဘုရားကြီးကိုရောက်တိုင်း လုပ်ရမယ့်ယတြာပဲ"

"ဟုတ် - ဘယ်နှခါလောက်လုပ်ရမလဲ"

"ငါးခါ၊ ခြောက်ခါလောက်တော့ လုပ်ရမယ်။ ဘုရားကြီးကိုရောက်တိုင်းပေါ့။ ညီမရဲ့ဝေဒနာတွေပျောက်သွားပြီဆိုရင်တော့ရပါပြီ။ ဒါပေမယ့် ဝေဒနာတွေပျောက်သွားလည်း ကိုယ်ကြည်ညိုလို့ဘုရားကြီးကိုရောက်တဲ့အခါ အခုလိုပဲ ရွှေချပြီး ပူဇော်မယ်ဆိုလည်းရတာပဲ"

"ဟုတ် - လုပ်မယ်လေ၊ အလုပ်ကပြန်တဲ့အချိန်တွေရောသွားလို့ရလား"

"ရတယ်၊ ဘယ်အချိန်သွားသွား။ သွားရင်ပြီးတာပဲ။ အလုပ်ကပြန်တဲ့အချိန်သွားလည်းရတယ်။ဒါမှမဟုတ်ဘုရားကြီးကိုသွားမယ့်ရက်ဆို အလုပ်ကိုစောစောသွား။ ဘုရားကြီးမှာ ညီမလုပ်ရမယ့် ဗုဒ္ဓယတြာတွေပြီးမှ အလုပ်ကိုသွားလည်းရတာပဲ"

"အင်း - ဟုတ်တယ်နော်၊ အဲ့လိုသွားလည်း အဆင်ပြေတာပဲ။ ဟုတ်ဟုတ်- အဲဒါဆို ညီမအစ်ကိုခိုင်းတာတွေ လုပ်မယ်လေ။ ကောင်းသွားရင် လာပြ... ပြောဖို့လိုသေးလား"

"ရပါတယ်၊ ကောင်းသွားရင်ပြီးတာပါပဲ။ အလုပ်တွေ အရမ်းများ... မလာဖြစ်လည်း ကိစ္စမရှိပါဘူး။ နောက်တိုင်ပင်စရာကိစ္စလေးတွေ ရှိရင်တော့ လာခဲ့ပေါ့"

"ဟုတ် - လာခဲ့မယ်"

ပျော်သွားတဲ့မျက်နှာမျိုးလေးနဲ့-

"ဒါပေမယ့်တစ်ခုတော့ပြောလိုက်မယ်။နေကောင်းသွားရင်စားချိန်သောက်ချိန်တွေ နောက်မကျစေနဲ့၊ အိပ်ချိန်တွေလည်း မမှန်မဖြစ်စေနဲ့ဦး။ အလုပ်များတာများတာပေါ့။ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျေးဇူးတင်ပါတယ်။ ညီမသွားမယ်နော်။ တိုင်ပင်စရာရှိရင် အစ်ကို့ဆီလာခဲ့မယ်"

"အေးအေး - လာခဲ့၊ လာခဲ့"

❑

ဒါကတော့ -

နေ့စဉ်နဲ့အမျှ တွေ့ကြုံတော့ပြော... နေရတဲ့ အတွေ့အကြုံလေးတွေထဲက တချို့ပေါ့။

နေကောင်းသွားစေနိုင်တဲ့ ယတြာတွေအများကြီးထဲက ဘုရားရှင်ကို ရွှေပြားသင်္ကန်း ကပ်လှူပူဇော်တဲ့ ကုသိုလ်ကြောင့် ရောဂါတွေပျောက်ပြီး တော်တော့်ကိုကောင်းသွားကြတဲ့သူတွေ အများကြီးတွေ့ရပါတယ်။

တကယ်ကို ပီတိဖြစ်ရပါတယ်။ အဲဒီ ပီတိကုသိုလ်တွေကို ထပ်ဆင့်မျှဝေလိုက်ရင်း ဒီဆောင်းပါးလေးဖြစ်လာတာပါ။

လိုအပ်လာရင်၊ လိုအပ်မယ်ထင်ရင် ဒီကုသိုလ်ကြီးကိုပြုပါ။ နယ်မှာနေကြတဲ့သူတွေကတော့ ကိုယ်တွေပူဇော်လို့ရတဲ့ဘုရားရုပ်ပွားတော်တစ်ဆူဆူမှာ ရွှေချပူဇော်လို့ရပါတယ်။

အရေးကြီးတာက ဘုရားရှင်ကို အာရုံပြုကြည်ညိုပြီး နှလုံးသားထဲက လိုက်လိုက်လှဲလှဲကြည်ညိုရင်း တဖြည်းဖြည်းချင်းရွှေတစ်ဆိုင်းချင်းကပ်လှူပူဇော်ဖို့ပါပဲ။ လောလောလောလောမပူဇော်ပါနဲ့။

အဲဒီလို ပူဇော်တဲ့အကျိုး... လက်ငင်းဒိဋ္ဌ အကျိုးပေးတာ ကိုယ်တိုင်... လက်တွေ့သိလာကြပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးယခင်က မြန်မာနိုင်ငံရှိဒေသအချို့တွင် လူသေကိုဖုတ်သွင်းသင်္ဂြိုဟ်ခြင်းဓလေ့ရှိခဲ့သည်။ သေသူ၏ ပါးစပ်ထဲသို့ တူးတို့ခပ်ဟုခေါ်သော ငွေအကြွေစေ့ကိုထည့်သည့်ဓလေ့သည် ယခုတိုင်ပင် အချို့ဒေသများတွင် ပြုလုပ်နေကြဆဲဖြစ်သည်။

အခြားလူမျိုးခြားတိုင်းပြည်များနည်းတူ မြန်မာတို့သည်လည်း ရိုးရာဓလေ့အမျိုးမျိုးရှိကြရာ နာရေးနှင့်ပတ်သတ်သော ဓလေ့ဆန်းများရှိ၏။ မင်္ဂလာနှင့် အမင်္ဂလာဟူ၍ မင်္ဂလာနှစ်မျိုးရှိရာ အလှူပေးခြင်း၊ မင်္ဂလာဆောင်ခြင်း၊ ရှင်ပြုနားသ၊ ကျောင်းဆောက်၊ ရေကန်၊ ရေတွင်းတူး၊ ကင်ပွန်းတပ်၊ ဂုဏ်ပြု စသည်တို့ကို မင်္ဂလာဟုသတ်မှတ်ထားသည်။ လူသေ၊ ဖျားနာ၊ ပျက်စီး၊ ငလျင်လှုပ်၊ ခွဲအူ၊ လင်းတနား စသည်တို့ကို အမင်္ဂလာဟု သတ်မှတ်ထားသည်။ သေဆုံးသူများနှင့်ပတ်သက်၍ အမင်္ဂလာအကြောင်းကိုဖော်ပြရလျှင် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသည့် စကားပမာ အမျိုးမျိုးကွဲပြားနေသော ဓလေ့ထုံးစံများရှိသည်။

တရားတော်တွင် လူသေဆုံးခြင်းနှင့်ပတ်သက်၍ -

(၁) အဂ္ဂိဈာပနာ ခေါ် မီးရှို့၍ သင်္ဂြိုဟ်ခြင်း၊ (၂) ဘူမိဈာပနာ ခေါ် မြေမြှုပ်၍သင်္ဂြိုဟ်ခြင်း၊ (၃) ဥဒကဈာပန ခေါ် ရေမျှော၍သင်္ဂြိုဟ်ခြင်း (၃)မျိုးရှိသည်။

ထို(၃)မျိုးထဲတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်း၊ သီလဝန္တခေါ် ပုထုဇဉ်ရဟန်းတို့၏ အလောင်းတို့ကို အဂ္ဂိဈာပနအဖြစ် မီးရှို့၍ သင်္ဂြိုဟ်ကြရသည်။ အကြောင်းမှာ မြေမြှုပ်၍ သင်္ဂြိုဟ်လျှင် မိုးခေါင်တတ်သည်။ ရေမျှော၍သင်္ဂြိုဟ်လျှင် ရေကြီးတတ်သည်ဟု ရှေးအယူရှိသောကြောင့် ဖြစ်၏။ အခြားသူများ၏ အလောင်းများကိုမူ (၃)မျိုးစလုံးနှင့် သင့်သလိုသင်္ဂြိုဟ်နိုင်သည်။ အုတ်ဂူသွင်း၍သင်္ဂြိုဟ်ခြင်းလည်းရှိသည်။ ထိုသို့ပြုလုပ်ရာတွင် သာမန်လူများကို အုတ်ဂူသွင်း၍သင်္ဂြိုဟ်ခြင်းသည် မြေမြှုပ်၍သင်္ဂြိုဟ်ခြင်းဟု သတ်မှတ်သော်လည်း ရဟန်းများကို အုတ်ဂူသွင်း၍သင်္ဂြိုဟ်ခြင်းကား စေတီတည်ထားသည့်သဘောဆောင်ပြီး လူအများ အမှတ်ရကိုးကွယ်နိုင်ရန်ဖြစ်သည်ဟုဆိုသည်။

အရပ်ဒေသအလိုက် သေမှုနှင့်ပတ်သက်၍ ဓလေ့ထုံးစံအမျိုးမျိုးရှိသည့်အနက် မြန်မာတို့၏ထူးဆန်းသောဓလေ့



(ဆောင်းပါး)

# ထွန်းအောင်ရှိန်

## လူသေကိုဖုတ်သွင်းသင်္ဂြိုဟ်ခြင်း ဓလေ့ဆန်း



www.burmeseclassic.com

www.burmeseclassic.com

# ဖောရောင်ရောဂါဆိုလျှင်

"အစ်ကိုကြီးဆီ ကျွန်တော်လာခဲ့တာ"

- ဟု ပြောလာသည့် မင်းမင်းညွန့်ကို ကျွန်တော်စာရေးနေရာမှမော့ကြည့်လိုက်သည်။

"လာဟေ့ ထိုင်၊ ဘာအကြောင်းထူးရှိလို့လဲ မောင်ညွန့်"

ကျွန်တော် အစ်ကိုကြီးနဲ့ စကားပြောချင်လို့ပါ။ စာရေးနေတာဆိုတော့ . . ."

"ဟာ - ရပါတယ်ကွာ။ စာရေးတဲ့သူဆိုတာ အချိန်ရရင်ရသလို၊ စာရေးနေတတ်ကြတာသဘာဝပဲကွ။ဒါမှမဟုတ် စာဖတ်နေတတ်ကြတာပြောရတယ်"

"ကျွန်တော့်မှာဗျာ လူကနေထိုင်ကောင်းတယ်။ အလုပ်အကိုင်လည်း မပျက်ဘူး။ ဒါပေမယ့် ကျွန်တော့်တစ်ကိုယ်လုံး ဖောင်ရောင်နေတာတစ်လကျော်ရှိနေပြီ။ ဆေးခန်းသွားရတာလည်း လေး၊ ငါးခေါက်မကတော့ဘူး။ ဆေးထိုးပြီး တစ်ရက်၊ နှစ်ရက်ပဲ အရောင်ကျသွားပြီး နောက်ပြန်ရောင်တာပဲ။

ကြံရာမရတာနဲ့ဘာလုပ်ရမလဲလို့။ အစ်ကိုကြီးဆီလာတိုင်ပင်တာ။ အစ်ကိုကြီးက မဂ္ဂဇင်းတွေမှာ ဆေးနည်းတိုတွေရေးနေတော့ ဖောရောင်တာပျောက်တဲ့ ဆေးနည်းများ သိထားလားလို့"

မင်းမင်းညွန့်ကို ကျွန်တော်အကဲခတ်ကြည့်မိသည်။ ဖောရောင်နေသည်မှာအတော်ပင်သိသာလေ၏။ကျွန်တော်လည်း အတန်ကြာစဉ်းစားပြီးမှ -

"ဖောရောင်တာနဲ့ ပတ်သက်ပြီး ပျောက်တဲ့ဆေးနည်း ကိုကြီးသိထားတာရှိတယ်။ ငွေကုန်ကြေးကျလည်းမရှိဘူး။ ပျောက်တာကတော့ သေချာတယ်။ အဲဒီဆေးမင်းသောက်မယ်ဆိုရင်ပေါ့"

"ဘာဆေးမို့လဲ အစ်ကိုကြီး။ ပျောက်မယ်ဆိုသောက်မှာပေါ့ဗျ။ ပြောဗျာ၊ ပျောက်ဖို့ပဲလိုတာပါ"

"ဆေးနည်းက ခဲရာခဲဆစ်မဟုတ်ပါဘူးကွာ။ နွားကျင်ငယ်ရည်နဲ့ ရှောက်သီးတွဲ သောက်ရမှာ"

"ဟာ"

"ဆေးသောက်ဖို့ မင်းတွန့်သွားပြီမဟုတ်လား။ တကယ်ပျောက်တာပါမောင်။ ငါ့ဦးလေး၊ ငါ့အဖေကိုယ်ရောင်တာ အဲဒီဆေးနဲ့ပျောက်တာလက်တွေ့ပဲ။ ဒီပြင်ပျောက်တဲ့သူတွေလည်း ရှိသေးတယ်။ ဒီဆေးနဲ့"

"သောက်တော့သောက်ရမှာပဲဗျာ။ လူချိကြာလာပြီဆိုတော့ ရောဂါမွေးနေသလိုဖြစ်နေတာ"

ဟု လေးတွဲစွာ ပြောနေသည်ကို ကျွန်တော် မင်းမင်းညွန့်ကြည့်ပြုံးမိသည်။

"နွားကျင်ငယ်ရည်ဟာ တကယ်ဆေးဖက်ဝင်တာ မင်းမသိလို့ပါ။ ဘုရားပေးတဲ့ဆေးကွ။ နွားကျင်ငယ်ရည်နဲ့ ဖန်ခါးသီးဟာ ကင်ဆာရောဂါအထိ ပျောက်တယ်လို့သိရတယ်။ (၉၆) မျိုး ရောဂါပျောက်ဆေးဟ"

"အစ်ကိုကြီးပြောတဲ့ နွားကျင်ငယ်ရည်နဲ့ ရှောက်သီးက ဘယ်လိုသုံးရမှာလဲ"

"တစ်ညလုံး နွားရဲ့ကိုယ်ထဲမှာ အောင်းထားတဲ့ နွားကျင်ငယ်ရည်၊ တချို့က နွားနက်ကျင်ငယ်ရည်လို့လည်း အယူရှိကြတယ်။ မဟုတ်ဘူး၊ နံနက်ကျင်ငယ်ရည်။ တစ်ညလုံးအောင်းထားတဲ့ အဦးဆုံးစွန့်လိုက်တဲ့ကျင်ငယ်ရည်ကို မီးအေးအေးနဲ့ကျို။ ကျိုထားတဲ့အထဲက လက်ဖက်ရည်ပန်းကန်တစ်လုံးစာကိုယူ

---

တစ်ခုကို ဖော်ပြချင်ပါသည်။ ရှေးအခါက လူသေလျှင် နေ့ချင်းပြီး အသုဘချရသောဓလေ့ထုံးစံရှိသည်။ နေ့ချင်းပြီး သင်္ဂြိုဟ်ရသည်။ ထိုလူသေကို ယခုခေတ်လို လှည်း၊ ကား၊ ယာဉ်တစ်မျိုးမျိုးပေါ်တင်၍ သုသာန်သို့မပို့ပါ။ လူသေတစ်ယောက်တည်းကိုသာ သုသာန်သို့ သွားစေသည်။ လူတစ်ယောက် သေပြီဆိုသည်နှင့် အသုဘရှင်က ထိုလူသေကို ဖုတ်သွင်းရန်အတွက် မှော်ဆရာ၊ ပယောဂဆရာတို့ကို သွားခေါ်ရသည်။ ထိုခေတ်အခါက လူသေကိုခေတ္တအသက်သွင်းခြင်း သို့မဟုတ် ဝိညာဉ်တစ်ခုခုပူးကပ်စေခြင်းအတတ်ပညာကို ဒေသခံမှော်ဆရာ၊ ပယောဂဆရာများကတတ်ကြသည်။

ပညာရပ်အစီအရင်များပြုလုပ်ပြီး မန္တန်များရွတ်ဖတ်လိုက်ရာ လူသေမှာ ထ၍ထိုင်တော့သည်။ ထိုလူသေအား ဆံပင်ဖားလျားချ၊ ထဘီ၊ လုံချည်ကို ဖောက်ထိုးဝတ်၊ အကျီကို နောက်ပြန်ဝတ်(ကျောဘက်မှာ ကြယ်သီးတပ်ခြင်း) ခေါင်းရှိန်းပန်းအနီကိုပန်၍ မတ်တတ်ရပ်စေသည်။ ပြီးနောက် ငွေအကြွေစေ့ (အများအားဖြင့် တစ်မတ်စေ့၊ ငါးမူးစေ့) တစ်စေ့ကို ပါးစပ်ဖွဲပြီးထည့်ကာ မှော်ဆရာ၊ ပယောဂဆရာတို့က သုသာန်သို့ တည့်တည့်မတ်မတ် လမ်းအတိုင်းသွားရန် စေခိုင်းလိုက်သည်။ လူသေကလည်း မည်သူ့ကိုမှမကြည့်။ ရွာလမ်း၊ မြို့လမ်းအတိုင်း သုသာန်သို့ရောက်အောင်သွားတော့သည်။ ထိုအချိန်က လူအများကလည်း လူကောင်းနှင့်မတူအောင်ဆင်မြင်ထားသည့်အတွက် လူသေမှန်းသိကာ လမ်းဖယ်ပေးကြသည်။ လူသေကလည်း သုသာန်သို့သွားသောလမ်းအတိုင်း တည့်တည့်မတ်မတ်ရောက်အောင်သွားသည်။ ကြိုတင်သတင်းပို့ထားသည့်အတွက် သုသာန်စောင့်သည် ဝါးရင်းတုတ်ကိုကိုင်၍ သုသာန်ဝမှစောင့်နေသည်။ လူသေ သုသာန်ထဲသို့ဝင်သည်နှင့် ကိုင်ထားသောတုတ်ဖြင့်ရိုက်ချလိုက်ရာ ဖုတ်ခနဲ မြေပေါ်လဲသွားပြီး ဖုတ်ထွက်သွားတော့သည်။ လူသေပါးစပ်ထဲတွင်ထည့်ပေးလိုက်သော ငွေအကြွေစေ့ကိုနှိုက်ယူပြီး ထိုလူသေကို မြေတွင်းတူး၍ မြှုပ်လိုက်လေသည်။ လူသေပါးစပ်ထဲသို့ ကူးတို့ခဟုခေါ်သော ငွေအကြွေစေ့ထည့်ပေးရခြင်းမှာ ထိုလူသေအား သုသာန်စောင့်က မြေမြှုပ်ခ၊ သင်္ဂြိုဟ်ခပင်ဖြစ်သည်။

ထိုကဲ့သို့ လူသေကို ဖုတ်သွင်းသင်္ဂြိုဟ်ခြင်းဓလေ့ဆန်းများ ရှေးအခါက မြန်မာပြည်တွင်ရှိခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်း အမှတ် (၁၃) တွင် မှတ်တမ်းပြု ဖော်ပြထားပါသည်။ ယခုအခါ ထိုဓလေ့သည် ပျောက်သွားခဲ့ပြီ ဖြစ်သည်။ ဘာသာရေးအရမကိုက်ညီခြင်း၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မဆီလျော်ခြင်းကြောင့် လူသေကိုဖုတ်သွင်းသောပညာရပ်များပါ ပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။

ထွန်းအောင်ရင် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

လက်သုံးလုံးလောက်လီးထားတဲ့ ရှောက်သီးစိတ်ညှစ်ထည့်လိုက်။

ခွက်ထဲကို ဘီယာငှဲ့ထည့်လိုက်ရင် အမြှုပ်တွေထလာလိမ့်မယ်။ အမြှုပ်သေသွားရင် သောက်လို့ရပြီ။ တစ်နေ့ (၃) ကြိမ်။ (၃) ရက်ထက် ပိုမသောက်ရဘူး။

အသက်ကြီးတဲ့သူတွေမှာဖြစ်လေ့ရှိတဲ့ ကိုယ်ရောင်ရောဂါတွက် အကောင်းဆုံးဆေးပဲကွ။ မင်းလို အသက် (၃၀) လောက် ငယ်ရွယ်သူတွေဆိုပြောမနေနဲ့တော့။ ဆေးပညာရှုထောင့်အရ နွားကျင်ငယ်ရည်ထဲမှာပါလာတဲ့ ရောဂါပိုးတွေ သေအောင်ကျိုတာ။ မူလအတိုင်း ရှောက်ရည်ထည့်သောက်တာက ပိုလို့ဆေးစွမ်းထက်တယ်"

ဟု မင်းမင်းညွန့်ကို ကျွန်တော့်လက်တွေ့ကိုယ်ရောင်ပျောက်ဆေးပြောပြလိုက်ပါသည်။ ဆေးသောက်ရန် ဝန်လေးနေတာကို ကျွန်တော်အကဲခတ်မိသည်။ သောက်ပါမည်ဟုတော့ ပြောသွားခဲ့ပေမယ့် ကျွန်တော်မယုံချင်ပါ။

တစ်ပတ်ခန့်ရှိတော့ မင်းမင်းညွန့် တစ်ယောက် ကျွန်တော့်ထံရောက်လာပါသည်။ မြင်မြင်ချင်း သူ့ကျန်းမာရေးအခြေအနေ ကျွန်တော်အကဲခတ်ကြည့်မိသည်။

အရင်တစ်ခေါက်လာစဉ်တုန်းကလို မည်းပွပွကြီးမဟုတ်တော့ပါ။ အသားအရေစိုပြည်နေပြီး ပုံမှန်အခြေအနေမြင်တွေ့လိုက်ရခြင်းကြောင့် -

"နွားကျင်ငယ်ရည်နဲ့ ရှောက်သီးသုံးကြည့်တော့ အစွမ်းထက်လက်တွေ့သိရပြီ မဟုတ်လားဟေ့"

ဟု ကျွန်တော်က ဝမ်းသာအားရပြောလိုက်တော့ မင်းမင်းညွန့်က အပြုံးများနှင့် ကျွန်တော့်ဘေးဝင်ထိုင်လိုက်ရင်း -

"ကျွန်တော် ကောင်းသွားပြီ အစ်ကိုကြီး"

"လက်တွေ့သိပြီမဟုတ်လား"

"ကိုကြီးဆေးနည်းက ကိုယ်ရောင်ဘာ တကယ်ကောင်းတယ်လို့ ပြင်ဦးလွင်က ကျွန်တော့်အဒေါ်က ပြောတယ်ဗျ။ သူငယ်ငယ်က ကိုယ်ရောင်တာ ရွာဦးကျောင်းဘုန်းတော်ကြီးက နွားကျင်ငယ်ရည်နဲ့ ရှောက်ရည်ဆေးတိုက်တာနဲ့ ပျောက်ခဲ့တာတို့ မနေ့ကဖုန်းထဲကပြောနေသေးတယ်"

"ခု မင်းလက်တွေ့လေ"

"ဟဲဟဲ အဲဒီဆေးနဲ့ ပျောက်တာ မဟုတ်ဘူး အစ်ကိုကြီး"

"ဘာ"

ကျွန်တော် မင်းမင်းညွန့်မျက်နှာဆီအကြည့်ရောက်သွားသည်။ ကိုယ့်အထင်နှင့်ကိုယ်စွပ်ကော်ပြောနေမိ၏။ ကျွန်တော်ပြောတဲ့ဆေးနှင့်ပျောက်တာ မဟုတ်ဘူးဆိုတော့ -

"ကဲ - ပြောပါဦး မင်းပျောက်တဲ့ဆေးနည်းကို"

"အဲဒါပြောချင်လို့ အစ်ကိုကြီး။ အစ်ကိုကြီးက လက်တွေ့သိထား၊ မှတ်ထားတဲ့ အစွမ်းထက်တဲ့ဆေးနည်းတွေ စာဖတ်သူတွေကို မျှဝေပေးနေတာ။ ကျွန်တော်သိနေတော့ ပြောပြချင်လို့ဗျာ။

ခုကျွန်တော်ဖောင်ရောင်နေတာ ပျောက်တဲ့ဆေးနည်းကို အင်တောရွာက အဖေ့မိတ်ဆွေ ဟိုတစ်နေ့က ကျွန်တော် အစ်ကိုကြီးဆီလာတဲ့နေ့က အိမ်ရောက်လာတယ်။

ကျွန်တော့်ကိုမြင်တော့ ဖောရောင်နေတာသူမြင်ပြီး သူက သူတို့ရွာမှာ ကျွန်တော်လိုဖြစ်တဲ့လူငယ်တွေသူပေးတဲ့ ဆေးနည်းအတိုင်းလုပ်တာ ပျောက်သွားသူချည်းပဲတဲ့"

"ဆေးခန်းခဏခဏရောက်ပေမယ့် မပျောက်တဲ့သူတွေအားလုံးပျောက်တယ်လို့ အာမခံပြောတာဗျ။ ကျွန်တော်လည်း စိတ်ဝင်စားတာပေါ့"

"ပြောပြရင် အစ်ကိုကြီးပြောလိုက်တဲ့ ဆေးသောက်ရမှာ တာဝန်လေးနေတာနဲ့ အတော်ဖြစ်သွားတယ်ဗျ"

"အေးပါ၊ ဘာနဲ့ပျောက်ပျောက် ပျောက်ဖို့အရေးကြီးတယ်လေ။ မင်းပျောက်တဲ့ဆေးနည်းပြောပြကွာ"

"ပြောပြချင်လို့လာခဲ့တာပါအစ်ကိုကြီးရာ"

ဟု မင်းမင်းညွန့်က ကျွန်တော့်အမူအရာကိုကြည့်ရယ်မောပြောဆိုကာ ရေနွေးတစ်ခွက်ငှဲ့သောက်ပြီး -

"ကျွန်တော်ပျောက်တာ သောက်ဆေးမဟုတ်ဘူးဗျ။ အစ်ကိုကြီး"

"ဟာ - ဘယ်လိုဆေးလဲ ရှူဆေးလား"

ဟု ကျွန်တော်က အသောလေးနှင့်ပြောလိုက်တော့ -

"ချွေးပေါင်းရတဲ့ဆေးဗျ"

"ဩော်"

"ဆေးနည်းက -

၁။ မုန်ညှင်းဥလက်တစ်ဆုပ်၊

၂။ မန်ကျည်းရွက်တစ်ပြည်၊

၃။ ဆင်ငိုမြက်စင်းဖတ် ½ ပြည်

၄။ သနပ်ခါးရွက် လက်တစ်ဆုပ်

၅။ နနွင်းမှုန့်လက်ဖက်စားတစ်ဇွန်း

၆။ ဆားဟင်းသောက်ဇွန်းတစ်ဇွန်း

"အဲဒီ (၆) မျိုးကို မြေအိုးထဲထည့်၊ ရေအိုးထက်ဝက်ထည့်၊ မီးဖိုပေါ်တည်၊ ပွက်ပွက်ဆူလာတော့ ငုတ်တုတ်ထိုင်အနေအထားနဲ့ အဆင်ပြေသလို အပေါ်က စောင်နဲ့အုပ်ပြီးတာနဲ့ မီးဖိုပေါ်က အိုးအဖုံးဖွင့်၊ ငုတ်တုတ်ထိုင်နေတဲ့ စောင်ခြုံထဲသွင်းပြီးချွေးအောင်းရတာ။

မကြာပါဘူး၊ မိနစ် (၂၀) ဝန်းကျင်ဆိုရင် ချွေးတွေနစ်နေအောင်ထွက်လာတာ။ ချွေးရပြီဆိုရင် ချွေးအောင်းတာရပ်ပြီ အဝတ်လဲပေါ့။ နှစ်ခါတော့ အဝတ်လဲပေးရတယ်ဗျ။ လေစိမ်းတိုက်တဲ့နေရာ ချွေးပေါင်းပြီးတော့ မထွက်ရဘူးဒေပ့။

"(၃) ရက်တော့ချွေးအောင်းလိုက်ရတယ်။ အရှင်းပျောက်သွားတယ် အစ်ကိုကြီး"

"ဆေးနည်းကောင်းတစ်ခုပဲ။ ဒါနဲ့ မင်းပြောတဲ့ဆေးနည်းထဲက ဘယ်လိုမုန်ညှင်းမျိုးဆိုတာလဲပြောမြဦးဟ"

"ကျွန်တော်တို့ စပျစ်ခြံတွေထဲမှာ၊ သဲစပ်မြေတွေမှာပေါက်လေ့ရှိကဲ့ မြေကြီးထဲ လေး၊ ငါးလက်မလောက်အနက်မှာဥတဲ့ မုန်ညှင်းမျိုးပြောတာ"

"ကျွန်တော် ကိုယ်ရောင်တာကို အရပ်အခေါ် ကတော့ အစိမ်းဖောအစိမ်းရောင်လို့ပြောကြတာပဲ။ ဆေးပညာရှင်တွေ ဘယ်လိုခေါ်တယ်တော့ မပြောတတ်ဘူး။

ဩော်-ပြောဖို့ကျန်နေသေးတယ်ဗျ။ ချွေးအောင်းလိုက်ရင် ဝမ်းသွားတာမျိုးဖြစ်တတ်တယ်။ ဝမ်းသွားတယ်ဆိုတာကလည်း အလွန်အကျွံသွားတာမျိုးမဟုတ်ပါဘူး။ သာမန်ထက်နည်းနည်းဘဲပိုသွားတာပါ။ နှစ်ကြိမ်ထက်မပိုပါဘူး။

လက်တွေ့ပျောက်တဲ့ဆေးနည်းကောင်းဖြစ်လို့ ကျွန်တော်က အစ်ကိုကြီးကို မျှဝေတာပါ။ အစ်ကိုကြီးကလည်း စာဖတ်သူတွေသိအောင် မျှဝေလို့ရပြီပေါ့"

ဟု မင်းမင်းညွန့်က သူပျောက်ကင်းခဲ့ရသည့် ဆေးနည်းကို ထိုကဲ့သို့ ဝမ်းသာအားရပြောပြပါလေသည်။

အေးချမ်းအောင်(ရမည်းသင်း)

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း (၈၀)ခန့်က ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

ရေးသားခဲ့သော စာရေးဆရာကြီးမှာ မြန်မာစာပေပညာရှိ ဟံသာဝတီဦးဘရင် ဖြစ်၏။ ဟံသာဝတီဦးဘရင်ဟု ဆိုလျှင် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီး၊ စာပေပညာရှိကြီးတစ်ဦး ဖြစ်၏။ ဆရာကြီးသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် 'စုန်း' ဟု ခေါ်ကြသည့် ပညာသည်



www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးမှ အပင်းသွင်း၍ ပြုစားခဲ့သော ဖြစ်ရပ်မှန်အကြောင်းများကို ရေးသားခဲ့သည်။

ဆရာကြီး ရေးသားချက်များမှာ ဤသို့ ဖြစ်၏။

❑

ကျွန်တော်သည် လောကုတ္တရာဟု ဆိုအပ်သော ပရိယတ္တိကို ဆရာတော်များနှင့်တကွ တကယ်သင်ကြားခဲ့ရုံသာမက ယုတ္တိမရှိလှသော အချက်အလက်တို့ကိုလည်း ဝေဖန်၍ ပယ်သင့်ကပယ်သူဖြစ်သည့်အတိုင်း စုန်း၊ ကဝေ၊ တစ္ဆေနှင့် အဝိုင်၊ ခါးလှည့်တို့၏အကြောင်းတို့ကိုလည်း ချင့်ချိန်တိုင်းထွာ၍ ကိုယ်ပိုင်ဉာဏ်ဖြင့်ဆုံးဖြတ်ခဲ့ဖူးပါသည်။

ကျွန်တော်၏ ညီငယ်ဖြစ်သူမှာ အေဘီအမ်ကျောင်းမှ (၇) တန်းနှင့်ထွက်ခဲ့သော်လည်း သဒ္ဒါနှင့် အင်္ဂလိပ်ဂဏန်းသင်္ချာတို့ကို ပညာရှိများနှင့် ဆရာများက





# ငြိမ်းငြိမ်း (ကျိုင်းတုံ)

## ပရလောကမှ ထူးဆန်းသောဖြစ်ရပ်မှန်များ



www.burmeseclassic.com

www.burmeseclassic.com

ချီးမွမ်းလောက်အောင်တတ်သူဖြစ်သည့် အတိုင်း ဦးလေးဖြစ်သူ၏ နေရာတွင် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ သို့နှင့် ကျွန်တော်၏ ညီသည် အထက်အညာဘက်ရှိ ရွာတစ်ရွာမှ ရွာသူတစ်ဦးနှင့် သမီးရည်းစားဖြစ်၏။

ထိုမိန်းမပျို၏မိခင်မှာ ထိုရွာတွင် နာမည်ကြီး စုန်းမတစ်ဦး၏သမီး ဖြစ်နေသည်။ ကျွန်တော်၏ ညီငယ်သည် မိန်းမပျိုနေထိုင်ရာရွာသို့ ညဥ့်အိပ်ညဥ့်နေများပါ သွားလာနေသည်။

ထိုရွာမှ ရွာသူအချို့သည် စုန်းပညာတတ်မြောက်လှသဖြင့် ဧည့်သည်ကို ကြက်သားဟင်းဖြင့် ချက်ကျွေးလျှင် ဧည့်သည်များ စားပြီးပါက မကြာမီအတွင်း ဝမ်းတွင်းမှကြက်တွန်သံကြားရတတ်သည်။ အိမ်အမိုးမိုးသည့်သက်ငယ်စွန်းကို ကတ်ကြေးနှင့်ဖြတ်၍ ရေဇလုံထဲထည့်လိုက်ရာ ပုစွန်ဆိတ်များဖြစ်သွားပြီး ရေကူးနေ၏။ ထိုသက်ငယ်တစ်ဖြစ်လဲပုစွန်ကိုယူ၍ဟင်းချက်ကျွေးသည်စသော စကားတို့မှာ ထိုရွာ၏ ဂုဏ်ယူစရာတု ကျော်ကြားပါသည်။

သို့နှင့်ပင် ကျွန်တော်၏ ညီသည် ထိုရွာသို့သွားနေလျက်မှ ရယ်လိုက်၊ ငိုလိုက်ပြု၏။ သနပ်ခါးလိမ်းလိုက်၊ ပေါင်ဒါလိမ်းလိုက်ဖြစ်ရုံသာမက တစ်ခါတစ်ရံ ဗိုက်ထဲ ရင်ထဲကအောင့်သည်ဟု ဆိုကာ လူးလိမ့်နေလေသည်။

ထိုအကြောင်းကို ကျွန်တော်စုံစမ်းသိရှိရသောအခါ ညီဖြစ်သူ၏ ရည်းစားမိန်းမပျို၏မိခင်လက်ချက်ဖြစ်ကြောင်း သိရှိရလေသည်။ ကျွန်တော်မှာ မယုံတယုံဖြစ်နေသော်လည်း အားမနာနိုင်တော့ဘဲ ခပ်ပြောင်ပြောင်ပင် -

"ဟဲ့ - စုန်းမ၊ နင်က နင့်ပညာ မတောက်တခေါက်နဲ့ ငါ့ညီကို လုပ်ရသလား၊ စုန်းရှိမှတော့ ဆရာလည်း ရှိတာပေါ့၊ နင်တတ်နိုင်ရင် အခု ငါ့ကို လုပ်စမ်း"

ဟု ကြိမ်းဝါးပြီး ကျွန်တော့်လက်ထဲတွင် ကိုင်ထားသော ကြိမ်တုတ်နှင့် ရွယ်လိုက်ရာ စုန်းမမှာ မည်သို့မျှ ပြန်မလုပ်နိုင်ဘဲ ပြေးလေတော့သည်။ ထိုနေ့မှစ၍ ကျွန်တော်၏ညီမှာ တစ်နေ့တခြား သက်သာသွားပါတော့သည်။

သို့သော် ရှင်းရှင်းလင်းလင်း သက်သာခြင်းကား မဟုတ်သေးပေ။ ကျွန်တော်၏ ဆရာတော်တစ်ဦးဖြစ်သော ကြက်တယ်ဆရာတော် ဦးတေဇ အား ပြသရာ -

"အပင်းတော့သွင်းထားတာပဲ။ ဒါပေမယ့် မကြောက်နဲ့၊ ပျောက်စေရမယ်"


ဟု ဆိုကာ မိုင်းကိုင်စက္ကူတွင် အင်းချပြီး ဗိုက်နှင့် ရင်ဘတ်တို့အပေါ်တွင်ကပ်၍ ရွှေ့ကာရွှေ့ကာပြုလေရာ အပင်းရှိသောနေရာနှင့်ကပ်မိထိမိသော အခါ 'အမယ်လေး. . .' ဟု အသံကုန်ဟစ်အော်ပါတော့သည်။

ဆရာတော်သည် ပုံးရည်ကြီးကို ဆေးနှင့်ဖျော်ကာ မှုရိုးရွက်တွင်သုတ်၍ နာသောနေရာတွင် ကပ်အုံ၍ပေးရာ မကြာမီပင် ဝမ်းသွားလေတော့သည်။ ဝမ်းမှာအမည်းရောင်များဖြစ်ပြီး ဝမ်းအဖြစ်သွားသော့အခါမှ ထိုရောဂါမှာ ရှင်းရှင်းလင်းလင်း ပျောက်ကင်း၍ သွားပါတော့သည်။"

❑

အထက်ပါကဲ့သို့ စုန်းပြုစားပြီး အပင်းသွင်းခြင်းကြောင့် (၃) နှစ်တာ ကာလအထိ ဆရာဝန်များနှင့် အမျိုးမျိုးကုသသော်လည်း ပျောက်ကင်းခြင်းမရှိဘဲ သွေးများဆုတ်ကာသေဆုံးမည့်ကဲ့သို့ ဖြစ်နေသော ဝေဒနာရှင်တစ်ဦးအား ကယ်တင်ကုသပေးခဲ့သော စာရေးသူ ခင်ပွန်း၏ဖခင်ဖြစ်သူ ဦးကျော်သန်း၏ ကိုယ်တွေ့ အမှောင့်ပယောဂဆေးကုသချက်မှတ်တမ်းကို ဖတ်ရှုပြီး ဖွဲ့နွဲ့ကာ ရေးသား ဖော်ပြခြင်းပြုလိုက်ရပါသည်။

စာရေးသူ၏ဖခင်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀) ခန့်ကပင် ဖျာပုံမြို့တွင်နေခဲ့သည်။ အဖေသည် အသက် (၁၀) မတိုင်မီကပင် ခက်ခဲနက်နဲသော ဝိဇ္ဇာယာနပညာရပ်များကို တတ်မြောက်ခဲ့ပြီး ဝေဒနာရှင်များမှ အကူအညီတောင်းခံလာသည့်အခါတွင် မေတ္တာဖြင့်ကုသပေးခဲ့သည်။ အဖေ၏မှတ်တမ်းများကိုဖတ်ရှုပြီး ဗဟုသုတရစေရန်အလို့ငှာ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။ ဖခင်ကြီးသည် အသက် (၉၀) အရွယ်တွင် ကွယ်လွန်ခဲ့သည်။



လွန်ခဲ့သော နှစ်ပေါင်း (၁၁ ကျော်ခန့်က ဖခင်ဖြစ်သူ ဦးကျော်သန်း နေ၍ ကုသပေးလိုက်သော ဝေဒနာ တစ်ဦး၏ ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။

တစ်နေ့ -

မောင်တင်ဖေဆိုသူလူငယ်တစ်ဦး ရောက်ရှိလာပါသည်။

ဦးကျော်သန်းမှအကျိုးအကြောင်း မေးမြန်းရာ မောင်တင်ဖေမှာ ဝန်ထမ်း တစ်ဦးဖြစ်ပြီး ဇနီးဖြစ်သူမှာ သွေးများ ဆုတ်ပြီး အသက်ထွက်လုနီးနီးအခြေ တွင် အမှောင့်ပယောဂဝင်ပြီး တွေ့ရာ စကားများကို ပြောဆိုနေခြင်းကြောင့် မြို့မှလူကြီးများဖြစ်သော ဦးတင်၊ ဦး မောင်၊ ဦးသန့်စင်တို့အား သွားရော ပြောပြကာ အကူအညီတောင်းရာတွင် ဦးတင်မှနေ၍ -

"ဦးကျော်သန်းဆီသွားပြီး အကူ အညီတောင်းပါ။ သူက အဲဒါတွေ နိုင်တယ်။ ရောဂါသည်တွေကိုလည်း ကယ်နေတာ မင်းမသိဘူးလား။ မင်း ကို မဟာဂီတသီချင်းများသင်ပေးနေ ဦးကျော်သန်းလေ၊ မြန်မြန်သွား"

ဟု ပြောပြ၍ လမ်းညွှန်လိုက်လေ သည်။

ထိုအခါ မောင်တင်ဖေသည် ဦး ကျော်သန်းထံသို့ စက်ဘီးဖြင့် အမြ အလွှားရောက်လာကာ ဇနီးသည်၏ ဝေဒနာကို ကယ်တင်ပေးပါရန် တောင်း ပန်လေသည်။

"ကဲကဲ-မောင်တင်ဖေ၊ မင်းဇနီးရဲ့ အခုလက်ရှိဖြစ်နေတာကို ပြောပြပါ။ ပြီးတော့ ဒီလိုဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ"

ဟု မေးမြန်းလေသည်။

"ဆရာကြီးရယ်၊ ကျွန်တော့်မိန်းမ အိပ်ရာထဲလဲနေတာ (၃) နှစ်နီးပါးရှိနေ ပြီ။ ဆေးရုံလည်းသွားပြတယ်၊ ဆရာဝန် ကြီးတွေနဲ့လည်းပြတယ်။ ရောဂါက မသက်သာတဲ့အပြင် ပိုဆိုးလာတယ်"

"သူ့အမူအရာက ဘယ်လိုနေ သလဲကွယ်၊ ပြောပြပါဦး"

"ရင်ဘတ်နဲ့ ရင်ညွှန့်တွေ အောင့် တယ်။ တစ်ခါတလေ ဒေါသတကြီးနဲ့ စကားမာမာပြောပြီး တစ်ခါတလေ လူ မမာတစ်ယောက်လို ပျော့ခွေပြီးမှိန်းနေ တယ်ဆရာကြီး"

"အေး - ဆရာသိပြီ။ ဆရာတို့ ခဏစောင့်၊ အဝတ်အစားလဲလိုက်ဦး မယ်"

ဦးကျော်သန်းသည် အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ဘက်သွားပြီး အဝတ်အစားလဲ၏။ ထို့နောက် ဘုရားကျောင်းဆောင်ရှေ့သို့ သွားရောက်ကာ ထိခြင်းငါးပါးဖြင့် ကန်တော့ပြီး လိုအပ်သောပစ္စည်းများကို ယူဆောင်၍ မောင်တင်ဖေ၏ နေအိမ်သို့ ဆိုက်ကားဖြင့်ထွက်လာခဲ့သည်။

ဦးကျော်သန်းသည် မောင်တင်ဖေ၏ဇနီးဖြစ်သူအား အနှောင့်အယှက်ပြုကာ ဒုက္ခပေးနေသောသူသည် မည်သို့သောပုဂ္ဂိုလ်များနည်းဟု ဆန်းစစ်ကြည့်၏။ မောင်တင်ဖေပြောစကားအရ လူမမာကိုဒုက္ခပေးနေသူမှာ ဇော်ဂနီမင်းစားခြင်း သို့မဟုတ် ပညာသည်မှ အနှောင့်အယှက်ပြုထားခြင်းသာ ဖြစ်ကြောင်း သိလိုက်ရသည်။

ဦးကျော်သန်းနှင့် မောင်တင်ဖေတို့နှစ်ဦး အိမ်ပေါ်သို့ ရောက်သည်နှင့် ခပ်စောစောက အသက်ထွက်လုနီးနီး သွေးဆုတ်နေသည်ဆိုသော လူမမာ မရင်မေမှာ အိပ်ရာပေါ်တွင် တင်ပျဉ်ခွေထိုင်လျက် လက်သီးလက်မောင်းများတန်းကာ-

“ဟဲ့-တင်ဖေ၊ ငါ့ကိုဘာမှတ်သလဲ။ နင်တို့ တစ်အိမ်လုံး သွေးပွက်ပွက်အန်အောင်လုပ်လိုက်ရမလား။ အခု နင်ခေါ်လာတဲ့လူ နင်ပြန်ခေါ်သွား”

ဟု ဆိုကာ အော်ကြီးဟစ်ကျယ်ဖြင့် ကြိမ်းမောင်း ပြုလုပ်ပြောဆိုခြင်းကြောင့် မောင်တင်ဖေမှာ ဦးကျော်သန်းအနီးသို့ ချဉ်းကပ်လျက် ခပ်တိုးတိုးအသံဖြင့်-

“ဆရာကြီး၊ ကျွန်တော် အိမ်က ထွက်လာတုန်းကတော့ အခုပဲ သေတော့မယ့်သွေးဆုတ်နေတဲ့ လူမမာက အခုတော့ ဆဲကြိမ်းနေတာပဲ။ အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာကြီးရယ်”


ဟု ဦးကျော်သန်းကို အားနာသည့် အမူအရာဖြင့် မျက်စိမျက်နှာမလှဖြစ်နေရလေသည်။

ထိုအခါ ဦးကျော်သန်းမှ -

“ကိစ္စမရှိပါဘူး။ ဆရာ့ကိုလည်း အားမနာနဲ့။ မင်းရဲ့ဇနီးလည်း ကောင်းသွားမှာပါ”

ပြောဆို၍ လိုအပ်သောပစ္စည်းများကို အမြန်ဆုံး သွားရောက်ဝယ်ယူစေသည်။

“ဒီမှာ မောင်တင်ဖေ၊ ဈေးကို အမြန်သွား။ ဘုရားအမှူးပြုတဲ့ ဆရာတော်များကို ကန်တော့ဖို့အတွက် အုန်း၊ ငှက်ပျော၊ ကွမ်းယာနဲ့ လက်ဖက်၊ ဖယောင်းတိုင်၊ အမွှေးတိုင် ဝယ်လာခဲ့ပါ”



ဟု စေခိုင်းလိုက်သည်။

မကြာမီ မောင်တင်ဖေသည် စက်ဘီးဖြင့် ဦးကျော်သန်းမှာကြားသော အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ကို ယူဆောင်၍ ဆေးကြောပြီးလျှင် ကန်တော့ပွဲတစ်ပွဲ အမြန်ဆုံး ပြင်ဆင်လေသည်။

ထို့နောက် ဦးကျော်သန်းသည် အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ထွန်းညှိပြီးလျှင် ဘုရားပွဲအတွက် ကန်တော့ပွဲတစ်ပွဲကို အမြန်ဆုံး တင်မြှောက်၍ -

“ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အမှူးထား၍ ထွက်ရပ်ပေါက်ဆရာတော် ဦးခန္တဇောတိနှင့်တကွ ဆရာတော် ဦးဝိဇ္ဇာဗလကို တိုင်တည်၍ ဤအိမ်သို့ ကျောင်းတော်အမှတ်ဖြင့် ခေတ္တခဏမျှ သီတင်းသုံးတော်မူရန်အတွက် ကြွရောက်တော်မူပါဘုရား”

ဟု တိုင်တည်၍ ကန်တော့ကာ ဆရာတော်တို့၏ မေတ္တာဓာတ်ဖြင့် လူမမာ၌ရှိသော ပယောဂဝေဒနာများ ပျောက်ကင်းသွားအောင် ကယ်တင်စောင်မသနားတော်မူပါရန် ရှိသေစွာ လျှောက်ထား ပန်ကြားနေစဉ်တွင် လူမမာ မရင်မေမှနေ၍ -

“အမယ်လေး - အရိုးတွေပြုတ်ထွက်ကုန်ပါပြီ။ အရိုးတွေကျိုးကုန်တော့မယ်။ နည်းနည်းလျှော့ပေးပါဦး ဆရာကြီးရယ်၊ သနားပါဦး”

ဟု ပြောဆိုလျက် အော်ဟစ်ငိုယိုနေရာ ဦးကျော်သန်းမှ-

“ကဲကဲ-နည်းနည်းလျှော့ပေးလိုက်ကြဦး၊ မေးစရာများရှိပါသေးတယ်”

ဟု ဆိုသောအခါမှ လူမမာမှာ အနည်းငယ်မျှ သက်သာရာရဟန်ဖြစ်သွားပြီးလျှင် ငြိမ်သက်စွာထိုင်နေလျက် ဦးကျော်သန်း၏ မျက်နှာကိုသာ ကြည့်နေလေသည်။

“ဘာဖြစ်လို့ ကာယကံရှင်မရင်မေကို လူမမာကြီးတစ်ယောက်လိုဖြစ်သွားအောင် ဒုက္ခပေးရတာလဲ။ မိသားစုအားလုံး အလုပ်ပျက်အကိုင်ပျက် စိတ်အနှောင့်အယှက်မဖြစ်ဖြစ်အောင် ဘာကြောင့် ရက်ရက်စက်စက်လုပ်ရတာလဲ”

“အဲဒီမိန်းမက စကားပြောတာ ရင့်သီးလို့ပါ။ ငွေလည်းချေးမရလို့၊ သူတမာနတက်နေတာကြောင့် မုန်းလို့လုပ်လိုက်တာပါ”

“အဲဒီလိုလုပ်တာ ဘယ်လောက်ကြာပြီလဲ”

“ကြာပြီ။ (၃) နှစ် ရှိသွားပါပြီ”

“မင်းတို့လုပ်တာ လွန်လွန်းတယ်။ သူတစ်ပါးကို အသက်သေတဲ့အထိလုပ်တာပေါ့။ စကားပြောမတည့်တာနဲ့၊ ငွေချေးငှားလို့မရတာနဲ့ဘဲ တစ်ဆုံးစွန်လုပ်ရသလား။ မင်းတို့က ပညာအားကိုးနဲ့ သူတစ်ပါးကို လက်လွတ်စပယ်လုပ်တာက အကြောင်းမဟုတ်ဘူး။ ခံရတဲ့ခမျာ နှစ်တွေပေါက်နေပြီ။ အသက်ငွေ့ငွေ့ပဲ ကျန်တော့တယ်။ ဒါကြောင့် မင်းတို့လုပ်ထားတဲ့ ပညာတွေပြန်နုတ်ပေးပါ”

“ကျွန်မ ပြန်မနုတ်နိုင်တော့ဘူး။ ဖျက်လည်းမဖျက်နိုင်တော့ဘူး”

“ဘာပြောတယ်ဆရာမေတ္တာရပ်ခံနေတာ။ ကိုယ့်ပညာကိုယ်ပြန်နုတ်ပါ။ ဆရာ့စကားကို နားမထောင်ရင် ဒဏ်ခတ်ခံရမှာ မကြောက်ဘူးလား”

“ကျွန်မ. . . ကျွန်မ မနုတ်ချင်လို့ မဟုတ်ပါဘူး ဆရာကြီးရယ်။ သူခံစားနေရတာတွေကိုလည်း အမြဲမြင်နေကြားနေရတော့ ကျွန်မတကယ်ပဲသနားမိပါတယ်။ နောင်တလည်းရပါတယ်။ ဒါပေမယ့် ကျွန်မလုပ်ထားတဲ့ပညာက တခြားပညာသည်ဆီက အကူအညီတောင်းပြီးလုပ်ထားခဲ့လို့ပါ။ လုပ်ထားတဲ့ပညာသည်လည်းသေသွားပါပြီ။ သူတို့လုပ်တဲ့ပညာကို သူတို့က ပြန်ဖျက်ပေးပါလို့လည်း မပြောနိုင်ပါဘူး။ အဲဒီပညာကို ကျွန်မလည်း မဖျက်တတ်၊ မနုတ်တတ်လို့ ဆရာကြီးကပဲဖျက်ပေးပါ။ ဆရာကြီးကို လွန်ဆန်ပြီး ငြင်းပယ်တာ မဟုတ်ပါဘူး။ ကျွန်မ လိမ်လည်ပြောရင် ဘေးအမျိုးမျိုးသင့်ပြီး အဝီစိငရဲမှာ ဒုက္ခခံရပါစေ၊ ယုံပါဆရာကြီးရယ်”

ဟု ငိုယိုပြီး တောင်းပန်ခြင်းကြောင့် ဦးကျော်သန်းသည် သနားသွားဟန်ဖြင့် -

“ကဲကဲ ဒါဆိုရင်လည်း မင်းစကားနဲ့ သစ္စာကတိများသာ မှန်ကန်ပါစေ၊ တည်ပါစေ။ ဆရာကိုယ်တိုင်ပဲ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ဖြုထားတဲ့ပညာကို ဖျက်ပေးရတော့မှာပေါ့။ နောက်နောင်ကို မစဉ်းစား မဆင်ခြင်ဘဲနဲ့ သူတစ်ပါးကို ဒုက္ခရောက်အောင်မလုပ်ဖို့ သတိပေးလိုက်မယ်။ ဆက်ပြီး ဒီပညာနဲ့ သူတစ်ပါးကို ဒုက္ခပေးတာတွေ့ရင် ဆရာခွင့်မလွှတ်တော့ဘူး။ သူတစ်ပါးကို သနားပါ၊ ကိုယ်ချင်းစာနာပါ။ ကဲ -ဒါဆိုရင် သွားလိုရာသွားနိုင်ပါပြီ"

ဦးကျော်သန်း၏ ဆုံးမစကားကို ကြားရသည့်အခါ မရင်မေ၏ကိုယ်တွင် ပူးကပ်နေသော ပညာသည်မှာ ဦးကျော်သန်းအား ရှိသေစွာထိုင်၍ကန်တော့လေတော့သည်။

"ကျွန်မ နောင်တရပါပြီ ဆရာကြီးရယ်။ ကိုယ့်ပညာလေး မတောက်တခေါက်နဲ့ သူများကို ပြုစားနိုင်ခဲ့တာကိုပဲ အဟုတ်ကြီးမှတ်ပြီး မာနတက်လာခဲ့မိပါတယ်။ တော်ရုံဆရာတွေကို ခုခံခဲ့တာ၊ အခု ဆရာကြီးနဲ့တွေ့မှ အရှုံးပေးရပြီး မာနစိတ်တွေပါ့ကျိုးကုန်ပါပြီဆရာကြီး။ ကျွန်မ ဆရာကြီးကို ကျေးဇူးတင်စွာနဲ့ ကန်တော့ခဲ့ပါတယ်"

ဟု ဆိုကာ ဦးချ၍ကန်တော့ပြီးလျှင် လူမမာ မရင်မေ၏ ခန္ဓာကိုယ်မှ ထွက်သွားခဲ့လေသည်။

ထိုအခါ မောင်တင်ဖေမှာ ဇနီးသည် မရင်မေ၏ ခန္ဓာကိုယ်ကို ဝင်ရောက်ဖေးမ၍ ထိုင်စေပြီး ဦးကျော်သန်းကို ညွှန်ပြလျက်-

"ရင်မေ၊ နင်နေမကောင်းတာကို လာကုပေးတဲ့ ဆရာကြီးလေ။ နင်မှတ်မိမလားဘဲ၊ ဖျာပုံမှာနေတဲ့ ငါတို့ကို မဟာဂီတသီချင်းကြီးတွေ သင်ကြားပေးတဲ့ ဆရာကြီးလေ။ ဆရာကြီးကို ကန်တော့လိုက်ပါဦး"

ဟု ပြောပြကာ မရင်မေအား ကန်တော့စေသည်။

မရင်မေမှာ အိပ်ရာထဲတွင် သုံးနှစ်တိုင်တိုင် မကျန်းမမာ ဖြစ်ခဲ့ခြင်းကြောင့် အားအင်ကုန်ခန်းနွမ်းနယ်နေသည်မှအပ မည်သည့်ပယောဂဝေဒနာမျှမကျန်ရစ်သောကြောင့် လူကောင်းပကတိအတိုင်း ကြည်ကြည်လင်လင်ရှိနေသည်။

"ကဲ - မောင်တင်ဖေရေ၊ ဆရာလည်း မနက်ဖြန်မနက် (၉) နာရီလောက်ကိုလာခဲ့မယ်။ မနက်ဖြန်မှပဲ မရင်မေကို ဆေးတော်ကြီးတိုက်မယ်"

"ဆရာကြီး ခဏ၊ ဆရာ့ကို ကျွန်တော် ဆိုက်ကားနဲ့ ပြန်ပို့ပေးပါရစေ"

ထိုနေ့က ဦးကျော်သန်းသည် နေအိမ်သို့ ရောက်သည်နှင့် နံနက်စာ စားသောက်ပြီး နေ့လယ် (၁) နာရီမှ (၃) နာရီအထိ ဘုရားရှေ့တွင်ထိုင်၍ မရင်မေအတွက် ဆေးမန်း၊ ရေမန်းများကို ပြုလုပ်စီမံပြီး ဘုရားရှင်အားသစ္စာဆို၍ တိုင်တည်လေသည်။

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သူတစ်ပါး၏ အသက်ကို ကယ်တင်ကုသရာ၌ ဆေးစွမ်းများထက်မြက်စေရန်အတွက် ပေးသနားတော်မူပါဘုရား"

ဟု ဆုတောင်း၏။ သစ္စာဆို၏။

အနန္တောအနန္တငါးပါးကို ဦးထိပ်ထား၍ ထွက်ရပ်ပေါက်ဆရာတော် အရှင်မြတ်အပေါင်းနှင့် ထွက်ရပ်လမ်းသို့ ကြွမြန်းလေသည့် ဆရာအရှင် သူတော်စင်အပေါင်းနှင့် လောကကို စောင့်ကြပ်ကုန်သော နတ်မင်းကြီးများကို တိုင်တည်၍ ဆေးများ၊ ရေစင်များကို သိဒ္ဓိတင်သည်။

နောက်တစ်နေ့ နံနက် (၉) နာရီခန့်တွင် ဦးကျော်သန်းသည် ဇနီးသည် ဒေါ်ငွေရီကို ခေါ်၍လိုက်ပါလာသည်။ မောင်တင်ဖေတို့၏ နေအိမ်သို့ ရောက်လျှင် မောင်တင်ဖေနှင့် အိမ်သားများက ပျာပျာသလဲဖြင့် ဆီးကြိုကာ သင်ဖြူးဖျာပေါ်၌ ထိုင်စေသည်။ မရင်မေမှာ အပြင်အကျီ၏လည်ပင်းမှ ကြယ်သီးများကို ဖြုတ်၍ ခေါင်းငုံ့လက်၊ ပါးစပ်မှ တဖူးဖူးဖြင့် မှုတ်ကာနေရှာသည်ကို တွေ့ရလေသည်။

ထိုအခါ ဦးကျော်သန်းတို့ ဇနီးမောင်နှံမှနေ၍ -

"ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

ဟု မေးမြန်းကြသည်။

ထိုအခါ မရင်မေမှနေ၍ -

"ဆရာကြီးရယ်၊ ကျွန်မရင်ထဲမှာ ငရုတ်သီးတွေထောင်းပြီးစိမ်ထားသလိုပဲ ပူလိုက်တာ"

ဟု ဖြေ၏။

ထိုအခါ ဦးကျော်သန်းမှနေ၍ -

"ဒီနေ့မနက် ဝမ်းကောသွားရဲ့လားကွယ့်"

"ဟုတ်ကဲ့ - သွားပါတယ်။ နေမကောင်းနေတာကြာတော့ အိုးနဲ့ပဲ သွားတယ်။ မရှိမသေစကား ဆရာကြီးရယ်။ ဘာအမျှင်တွေမှန်းမသိဘူးကျလာတယ်"

"အင်း- ဒါကြောင့်လည်း ဝမ်းထဲမှာ အဲဒီအမျှင်တွေပတ်ထားသလိုဖြစ်နေတော့ အသက်ရှူတာ မဝသလိုဖြစ်နေတာကိုး။ ပညာနဲ့လုပ်ထားတာဆိုတော့လည်း လူသာမန်များတော့ မသိဘူးပေါ့။ ရှေးကဆရာကြီးတွေကတော့ စက်ကြိုးလို့ ပြောကြတယ်ကွယ့်"

"ဆရာကြီးရယ်၊ အခု ကျွန်မရင်ထဲမှာ မီးလိုပူနေတာကို အေးအောင် လုပ်ပေးပါ။ ရေအေးသောက်လည်း မအေးဘူး၊ ရေသောက်ရလွန်းလို့ ဗိုက်တောင်ကယ်နေပြီ"

ထိုအခါ ဦးကျော်သန်းသည် ဘုရားကျောင်းဆောင်ရှေ့သို့သွားကာ ဘုရားရှင်အား ဆီမီးများ၊ အမွှေးတိုင်များ ကပ်လှူပြီးလျှင် ဆရာတော်ဘုရား၏ ကန်တော့ပွဲသို့ နေအိမ်မှ ယူဆောင်လာသည့် ဆေးမန်း၊ ရေမန်းများကိုထည့်၍ ကပ်ကာ ဆရာတော်ဘုရားကြီးများ၏ မေတ္တာတန်ခိုး၊သိဒ္ဓိတန်ခိုးများပေးသနားပါရန်လျှောက်ထားပြီးလျှင် ရိုသေစွာထိုင်၍ ရှိခိုးကန်တော့လေသည်။ တစ်အောင့်မျှကြာလျှင် ဆေးမန်းနှင့် ရေမန်းများကို ယူ၍ လူမမာအား တိုက်ကျွေးကာ ပြန်ခဲ့လေသည်။

တတိယနေ့သို့ ရောက်သောအခါ လူမမာ မရင်မေ၏ အခြေအနေကို သွားရောက်ကြည့်ရှုသောအခါ မရင်မေမှာ နှစ်ရက်အတွင်း ရောဂါများယူပစ်လိုက်သကဲ့သို့ ရွှင်လန်းစွာဖြင့် ထိုင်နေသည်။ ဦးကျော်သန်းကိုမြင်လျှင် သင်ဖြူးဖျာများခင်းကာ ဝမ်းသာအားရ ဝိုင်းဝန်းပြောဆိုကြသည်။ ဦးကျော်သန်းမှာ မည်သို့မျှမပြောနိုင်ဘဲ တပြုံးပြုံးနှင့် သူတို့ဇနီးမောင်နှံ ပြောဆိုသမျှကို နားထောင်နေ သည်။

"မနေ့က ညနေပိုင်းကစပြီး တစ်ကိုယ်လုံးမီးလိုပူနေတာ၊ ရင်ဘတ်ထဲ ငရုတ်သီးတွေစိမ်ထားသလိုပူနေတာတွေ အားလုံးပျောက်သွားတယ်။ တစ်ညလုံးလည်း ကောင်းကောင်းအိပ်ရပါတယ်။ ညဥ့်ဦးမှာတစ်ခါ၊ မနက်မိုးလင်းခါနီးမှာ တစ်ခါဝမ်းသွားတယ်။ ဆရာကြီးရယ် ကန်တော့နော်၊ ကျွန်မဝမ်းသွားတော့ သွေးတုံးသွေးခဲတွေလို၊ အဲသားခဲတွေလို ကျောက်ကျောမည်းမည်းလိုပဲ ဝမ်းသွားလိုက်တာ၊ အခုမှ တစ်ကိုယ်လုံးပေါ့သွားတာပဲ။ ဒါပေမယ့် . . ."

ဟု ပြောပြီး ခင်ပွန်းဖြစ်သူ မောင်တင်ဖေ၏မျက်နှာကို လှမ်းကြည့်သည်။ မောင်တင်ဖေမှာ ဇနီးဖြစ်သူ အမူအရာကြောင့် -



www.burmeseclassic.com

www.burmeseclassic.com


“ဒီလိုပါ ဆရာကြီး၊ ဒီနေ့ တစ်ခု ထူးဆန်းတာတွေ့ပြန်တယ်။ ကဲ- ရင်မေ ဆရာကြီးကို ရှက်မနေနဲ့။ ကိုယ့်မိဘလို ဖြစ်နေတာ မင်းကိုယ်မှာ လျှောက်ပြေးနေတဲ့ အလုံးကလေးကို အသေအချာ ပြလိုက်ပါ။ ဒါမှ ဆရာကြီးက ဘယ်လို လုပ်ပေးရမယ်ဆိုတာ ပြောမှာပေါ့”

ခင်ပွန်းဖြစ်သူ၏ စကားကြောင့် လူမမာ မရင်မေမှာ အိပ်ရာပေါ်သို့ လှဲချလိုက်ပြီးလျှင် အကျႌကိုလှန်၍ ရင်ညွန့်နှင့် ချက်အထိ တလူပ်လူပ်နေရာရွေ့တာ သွားနေသော ဇာတိပ္ပိုလ်သီးအရွယ်ခန့်ရှိ အလုံးကလေးတစ်လုံးကို ပြရာသည်။ အိမ်သားများကလည်း အထူးအဆန်းမို့ ဝိုင်း၍ကြည့်ရှုကြသည်။ ဦးကျော်သန်းသည် ရင်ညွန့်နှင့် ချက်အထိ ထက်အောက်တရွေ့ရွေ့သွားနေသောအံ့ရာကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်လျက် -

“တော်တော်ရက်စက်တဲ့လူတွေပဲ။ ပညာကိုတစ်ခုချင်းပြုစားထားတာ။ ဒါကြောင့်လည်း လူမမာဘဝနဲ့ (၃) နှစ်အထိ ခံစားနေရတာကိုး။ သမီးရင်မေရဲ့ ကံလည်းရှိတယ်။ ဆရာနဲ့လည်းအဆက်အနွယ်ပါတယ်ထင်ပါရဲ့။ စိတ်မပူပါနဲ့၊ အဲဒီအလုံးက ထွက်ပေါက်ရှာနေတာပါ။ ပါးစပ်က ထွက်ရင်ထွက်၊ မထွက်ရင် နောက်ဖေးသွားတဲ့အခါ ထွက်သွားပါလိမ့်မယ်။ စိတ်မပူပါနဲ့”

ဦးကျော်သန်းမှ ထိုကဲ့သို့ပြောခြင်းကြောင့် မရင်မေက ရုတ်တရက် မျက်စိမျက်နှာပျက်ကာ စိုးရိမ်ကြောက်ရွံ့သည့်အသံဖြင့် -

“အမယ်လေး၊ ဘုရားကယ်တော်မူပါ။ ဆရာကြီး ကျွန်မကြောက်တယ်။ ပါးစပ်ကထွက်ရင် ရွံတာနဲ့ အသက်ထွက်လိမ့်မယ်။ လုပ်ပါဦး ဆရာကြီးရယ်”



ဟု ငိုတော့မတတ် ပြောရှာလေသည်။

ဦးကျော်သန်းက မရင်မေကို သနားသွားဟန်ဖြင့် ထိုင်ရာမှ ထ၍လာကာ ဆေးတော်ကြီးကို လက်ဝါးတွင်ထည့်၍ပွတ်ပြီး မရင်မေ၏ ရင်ညွန့်မှနေ၍ လက်ဝါးဖြင့် စတီသုံးကြိမ်မျှ အောက်ဘက်သို့ သပ်ချပေးသည်။ ထို့နောက် မရင်မေအား ရေစင်များ ထပ်မံတိုက်သည်။

“သူ့ကို ရှိတယ်လို့တောင် စိတ်ထဲမထားနဲ့။ မကြောက်နဲ့။ သူ့ဘာသာသူ ဘယ်လိုနေနေ ဂရုစိုက်နဲ့။ လူကို ဒုက္ခမပေးနိုင်တော့ပါဘူး။ ဆရာကုသပေးခဲ့ပြီ။ သမီးကို ဆေးတွေလည်းတိုက်ပြီးပြီ။ ညအိပ်ရာဝင်ရင် ဘုရားရှိခိုး၊ ဆရာတော်ဘုရားကြီးတွေကိုလည်း ရှိခိုးအိပ်။ မောင်တင်ဖေတို့ကလည်း လူမမာစားချင်တာတွေကိုလုပ်ကျွေးပါ။ ဘာမဆို စားလို့ရတယ်။ ဒါမှ အာဟာရပြည့်မယ်။ သမီးမှာ ဒီပြင်ရောဂါမရှိဘူး။ အားရှိအောင် အစားအစာကို မှန်မှန်စားပါ။ ကဲ - ပြန်ဦးမယ်ကွယ်”

ဟု နှုတ်ဆက်၍ ပြန်ခဲ့သည်။

ထိုနေ့ညက မိသားစုများစကားဝိုင်းတွင် ဒေါ်ငွေရီမှမေးမြန်းသောကြောင့် ဦးကျော်သန်းမှနေ၍ လူမမာ၏ ရင်ညွန့်နှင့် ချက်တစ်ဝိုက်တွင်တလိမ့်လိမ့်ထက်အောက်စုန်ဆန်သွားလာနေသောအလုံးသည် သံပရာသီးအသေးစားအလုံးခန့်ရှိကြောင်းပြောပြ၏။ ယမန်နေ့က လူမမာ၏ဝမ်းထဲမှ အမျှင်တန်းများ၊ သွေးတုံးသွေးစအသားတုံးကဲ့သို့ ချွဲကျိုကျိုအရာများကျလာကြောင်း ပြောပြလေသည်။

ဦးကျော်သန်းပြောပြသောစကားများကြောင့် မကြားဘူးသောအကြောင်းများဖြစ်သဖြင့် ဇနီးနှင့် သားသမီးများသည် စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။ ဦးကျော်သန်းမှဆက်လက်၍ -

“တချို့ ရွာသူတွေက ပညာနဲ့ ပြုစားတာ၊ ဆံပင်ခြည်တွေ၊ အမဲသားရေတုံးတွေတောင်ပါတယ်။ အင်မတန်အောက်တန်းကျပြီး ယုတ်ညံ့တဲ့ ပညာတွေပါ။ သေရင်တောင် လူ့ဘဝရင်းစားလေးတောင်ပြန်မရဘဲ အပါယ်လေးဘုံမှာ တဝဲဝဲလည်လည်နေကြရမယ်”

စတုတ္ထနေ့နံနက်တွင် မောင်တင်ဖေတို့နေအိမ်သို့ ဦးကျော်သန်းသွားရောက်သောအခါ ဇနီးမောင်နှံနှစ်ဦးစလုံးမှာ ဝမ်းသာအားရစွာ ကြိုဆိုကြပြီး-

“ဆရာကြီးရယ်၊ မနက်မိုးလင်းကတည်းက ကျွန်မလေ ဆရာကြီးဆီကို အပြေးလာပြီး ပြောပြချင်လိုက်တာ။ ကျွန်မဝမ်းထဲက သံပရာသီးအလုံးလို တလိမ့်လိမ့်သွားနေတဲ့ အလုံးလေးမရှိတော့ဘူး။ မနက်က ဝမ်းသွားတော့ ပါသွားတယ်။ အခု ဝမ်းထဲမှာရှင်းလင်းနေလို့ နေလို့ကောင်းသွားပါပြီ။ ဒါကြောင့် ဆရာ့ကို ကျွန်မ ကျေးဇူးတင်လွန်းလို့ ကန်တော့ပါရစေ ဆရာကြီးရယ်”

ပြောပြောဆိုဆို ထိုင်၍ကန်တော့လေသည်။

“အေးကွယ်၊ သာဓု သာဓု သာဓု။ အခုလို ရောဂါရှင်းရှင်းပျောက်သွားတာ ဆရာကြီးကို ကျေးဇူးတင်တာထက် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို နေ့စဉ် ရွတ်ပွားပူဇော်ပါ။ ဘုရားပေးတဲ့ဆေး၊ ဆရာတော်များပေးတဲ့ဆေးနဲ့ ပျောက်ကင်းချမ်းသာခဲ့တာပါ။ အခုကော ထမင်းတွေဘာတွေစားကောင်းရဲ့လား။ အိပ်လို့ကောပျော်ရဲ့လားကွယ်”

“ဟုတ်ကဲ့ရှင်။ ထမင်းစားလို့လည်းကောင်း၊ အိပ်လို့လည်းကောင်းနဲ့ နေရထိုင်ရတာလည်း ပေါ့ပါးကြည်လင်သွားလို့ ကျွန်မဖြင့် ဆရာကြီးကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဆရာကြီးပေးတဲ့အသက်ပဲရှိပါတယ်”

“အေးကွယ့်၊ ဆရာကြီးလည်း ကိုယ်ကုသပေးလိုက်တဲ့ လူမမာတစ်ယောက် ကျန်းမာသွားတာကို တွေ့ရရင်ပဲ စိတ်ချမ်းသာနေမိတာ။ ဒါကြောင့်လည်း ဘယ်သူမဆို ဝေဒနာခံစားနေရတယ်ဆိုရင် လိုက်ပြီးကုသပေးလိုက်တယ်။ ဘယ်လောက်ဝေးဝေး လူနာရှိရင် လာပင့်ရင်လိုက်တာပဲ။ ကဲ - ဒါဆိုရင် ဆရာ့ကို ခွင့်ပြုဦးကွယ့်”

ဦးကျော်သန်းသည်လည်း မိမိပညာဖြင့် ဒုက္ခရောက်နေသောလူများကို ကုသ၍ ပျောက်သည်ဆိုလျှင် ပီတိဖြာလျက် ထိုဖြစ်ရပ်များကို လက်နှိပ်စက်ဖြင့် ရိုက်၍ သိမ်းဆည်းထားလေသည်။

(ဝန်ခံချက် - ဖေဖေဦးကျော်သန်း၏ ကုသချက်စာတမ်းများကို ဖတ်ရှု၍ ပြန်လည် အမှန်းတင်ကာ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။)

ဤဆောင်းပါးဖြင့် ကွယ်လွန်ခဲ့ပြီဖြစ်သော ဖေဖေဦးကျော်သန်းနှင့်မေမေ ဒေါ်ငွေရီတို့အား ရိုသေစွာဖြင့် ဂါရဝပြုလိုက်ရပါသည်။

ငြိမ်းငြိမ်း(ကျိုင်းတုံ)



www.burmeseclassic.com

www.burmeseclassic.com

"မမခင်ရယ် တကယ်ပါပဲ။ သေးသေးဖွဲ့ဖွဲ့ဆို ကျွန်မဂရုမစိုက်ပါဘူး။ အခုဟာက နေ့လယ်ကြောင်တောင် သုံးနာရီလောက် နေပူကျဲကျဲ အိုက်တာနဲ့ ကျွန်မရဲ့အိမ်ဆိုင်လေးရှေ့ ဘေးဘက်ကခုံတန်းမှာထိုင်နေတုန်း ကျွန်မရှေ့မြင်ကွင်းမှာ မိန်းမနှစ်ယောက်အရွယ်လတ်တွေ ဖြုန်းခနဲပေါ်လာတာ။ သူတို့မှာ အထုပ်အပိုး မနိုင်မနင်းတွေနဲ့ ကောက်ရိုးခမောက်ဆောင်းထားကြတယ်။အင်္ကျီတွေက မိတ်ကပ်ရောင်ပါးပါးဝတ်ထားတာ၊ သူတို့ကရယ်လို့ပြုံးလို့။

ကျွန်မဆိုင်နဲ့ ကျွန်မအနေအထားကိုဖော်ပြရရင် ဆိုင်ကအရှေ့ဘက်လှည့် ခြံစည်းရိုးမရှိ။ ဆိုင်တံခါးဖွင့်လိုက်ရင် လမ်းပေါ် အလွယ်တကူရောက်သွားတဲ့ အနေအထားပါ။ ညာဘက်ခုံတန်းရှိပါတယ်။ ကျွန်မဝင်းခြံထဲက လိုင်ချီးပင်နဲ့ တညင်းပင်ရှိလို့ အရိပ်အလွန်ကောင်းပါတယ်။ သက်တမ်းကလည်း (၁၅) နှစ်လောက်မကတော့ အရွက်တွေဖားလျားကျအုပ်ဝေနေတာ။

ဆိုင်ရှေ့မကျတကျ အိမ်ရှေ့တည့်တည့်ခြံပြင်မှာတော့ ဗိုလ်ကတော်မျက်ခုံးအပင်တန်းလေးရှိတယ်။ မစိုက်မနေရဆိုလို့စိုက်ထားရတာ။ ကြာတော့ အရွက်တွေသိပ်သည်းပြီး သူ့ရှေ့ကလမ်းကိုမမြင်ရဘူး။ အရှည်က (၁၂) ပေလောက်ရှည်တာပါ။ ဘေးအိမ်နဲ့မျက်နှာချင်းဆိုင်အိမ်အဝင်လမ်းတွေကိုတော့ မြင်နေရတယ်။





www.burmeseclassic.com

www.burmeseclassic.com

အဲ- စောစောကစကားဆက်ရရင် အဲဒီအမျိုးသမီးနှစ်ယောက်ဟာ သူတို့ ပစ္စည်းတွေမနိုင်မနင်းနဲ့ ရယ်မောသယ်လာပြီး ဗိုလ်ကတော်မျက်ခုံးတန်းနဲ့ကွယ်သွားပါတယ်။ သူတို့ဟာ ရထားဆင်းလာတဲ့ ခေါင်းရင်းအိမ်ကအမျိုးတွေထင်လို့ ကျွန်မက ကြိုစိုက်ကြည့်နေမိတာပါ။ တော်တော်နဲ့ ဗိုလ်ကတော်အပင်တန်းအပြင်ထွက်မလာကြဘူး။ ခြေလှမ်းဆယ်လှမ်းလောက်မရှိတာ၊ ထွက်မလာလို့ သူတို့သယ်လာတဲ့ပစ္စည်းတွေပြုတ်ကျလို့ ကောက်တင်နေကြတယ်ထင်လို့ အပင်တန်းထိပ်သွားကြည့်လိုက်တော့ ဟောတော် - တစ်ယောက်မှမရှိ လမ်းမပြောင်ပြောင်ကိုပဲတွေ့ရတယ်။ ဘေးအိမ်တွေ ဝင်သွားရင်လည်း ကျွန်မထိုင်နေရာက မြင်နေရလို့ နေ့လယ်ကြောင် ငါ့ကိုတစ္ဆေခြောက်တာလားလို့တွေးလိုက်မိပါတယ်”

စာရေးသူ၏မိတ်ဆွေ မမြရင့်ပါ။ သူက ဆက်လက်ပြီး-

“မမခင်ရေ၊ ဒါက ဘာမှမဆန်းဘူး။ ဆန်းတာက. . .”

သူပြောပြသည်ကိုရေးရလျှင်. . .

❑



# ခင်လေးမြင့်
(မြစ်ကြီးနား)

# ထူးခြားဆန်းကြယ် လောကီနယ်

ထိုနေ့က မီးသွေးဖိုးပေးရန် ငွေ (၁၂၃၅) ကျပ်ကို ရင်ခွင်ထည့်ထားပြီး ခုံတန်းတွင်ထိုင်နေသည်။ စောင့်နေသည့် မီးသွေးသည်ကမလာဘဲ ဓမ္မစကြာအဖွဲ့မှ အစ်မကြီးတစ်ယောက်က မနက်ဖြန် ဘုရားမှာ ဓမ္မစကြာရွတ်ရန်ဖိတ်ကြားပြီး ပြန်သွားသည်။

မီးသွေးသည်က မလာတော့။ အချိန်ကလည်း ဆိုင်ပိတ်ချိန်တန်၍ ဆိုင်ပိတ်ရန် နေရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စောစောက ရင်ခွင်ထဲထည့်ထားသည့် ပိုက်ဆံတွေလွင့်ကျသွား၍ ကောက်ယူပြီး စေ့မစေ့ရေတွက်ကြည့်ရသည်။ (၁၂၃၅) ကျပ်အတိမပျောက်ပါ။

ပိုက်ဆံတွေကို မနက်လာယူလျှင် အသင့်ပေးရန် မှန်ဗီရိုထဲထည့်ထားလိုက်သည်။ နောက်တစ်နေ့ နံနက်ဆိုင်ဖွင့်ချိန် မီးသွေးကား ဆိုင်ရှေ့ရပ်တော့ ပိုက်ဆံပေးရန် မနေ့ကထားသည့်နေရာတွင် ပိုက်ဆံသွားယူတော့ ပိုက်ဆံကမရှိတော့။ အထားမှားသည်ထင်၍နောက်မှရှာမည်ဟုဆုံးဖြတ်ပြီး ပိုက်ဆံအိတ်ထဲမှ ထုတ်ယူပေးဆပ်လိုက်သည်။

ဒီနေရာ သေချာထားပါလျက် မတွေ့ရ၍ ဗီရိုထဲကပစ္စည်းတွေအားလုံး ထုတ်ရှာသည်။ မတွေ့။ အိမ်ပေါ်ကလူတွေမေးသော်လည်း သူတို့ကဆိုင်ထဲ တစ်ယောက်မှမလာသေး။ ဆိုင်သော့ကို ကျွန်မတစ်ယောက်သာကိုင်ပြီး ဖွင့်ချိန်၊ ပိတ်ချိန် ကျွန်မသာလုပ်ပြီး သော့ထည့်ထားသည့်ပိုက်ဆံအိတ်ကို ကျွန်မခေါင်းအုံးနားထားအိပ်လေ့ရှိသည်။ဗီရိုအောက်နှင့် အညောင်းပြေလှဲလျောင်းရန်ခင်းထားသည့် ခုတင်အောက်ကြမ်းပြင်ပါမကျန်၊ အမှိုက်မရှိသော်လည်း ထပ်မံလှည်းကျင်းရှာပါသည်။ လုံးဝမတွေ့တော့၍ ကျွန်မလက်လျှော့လိုက်သည်။

သုံးရက်ခန့်လောက် ကြာသောနေ့တစ်နေ့ နံနက်ခင်း ဆိုင်တံခါးဖွင့်ပြီး တံမြက်စည်းလှည်းတော့ ခုတင်အောက် သမံတလင်းပြောင်ပြောင်ပေါ်တွင် ပိုက်ဆံအထပ်လိုက်တွေ့၍ ရေတွက်ကြည့်ရာ (၂၃၅) ကျပ်။

ကျွန်မလည်းမထား။ အိမ်ကလူတွေမေးရန်မလို။ သူတို့က ဆိုင်ထဲဘယ်သူမှမဝင်ကြသေး။ ကျွန်မက အကျိုးအကြောင်း အိမ်ကလူတွေကိုပြောပြတော့ သမီးတို့က -

"တစ်ထောင့်တော့ ဘာလို့ပြန်မထားတာလဲ။ မေမေ့ပဲလာက ဟုတ်မှဟုတ်ရဲ့လား"

ဟု မေးကြသည်။ ကျွန်မလည်း ဘာမှပြန်မပြောတတ်ပါ။

❑

လေးနှစ်လောက်နေတော့ ကျွန်မတို့ တိုက်သစ်ဆောက်သည်။ သားသမီးတွေက အိမ်ထောင်ကျပြီး မိဘနှင့်ပြန်လာနေကြတော့ လက်ရှိအိမ်နှင့် မလောက်၍ တိုက်ဆောက်ရခြင်းဖြစ်သည်။

သူတို့တစ်တွေပစ္စည်းနှင့် ကိုယ့်ပစ္စည်း အိမ်ဖျက်လိုက်တော့ ဖြစ်သလိုထားရသည်။ ဆိုင်ပိတ်လိုက်တော့ ဆိုင်ခန်းထဲ ဟိုဘက်ဒီဘက် သမီးတို့မောင်နှံနှင့် ကျွန်မက လမ်းဘက်ကျသည့်ဘက် အိပ်သည်။ ပစ္စည်းတွေက တစ်ခန်းလုံး ခုတင်အောက်ပါမကျန် ပြည့်သိပ်ကျပ်ညပ်နေသည်။ အသက်ပင်မနည်းရှူရတော့မလို မွန်းကျပ်နေသည်။

တစ်နေ့ သမီးငယ်က ဆိုင်ကပြန်လာပြီး အဝတ်လဲသည်။ သူ့ပိုက်ဆံအိတ်ကို မှန်တင်ခုံတွင်တင်ထားခဲ့သည်။ နောက်နေ့ ဆိုင်သွားမည်။ ပိုက်ဆံအိတ်သိမ်းလိုက်သလားဟု သူ့ယောကျ်ားကို မေးသည်။ မသိမ်းပါဟု ပြန်ပြောသံကြားသည်။

"မေမေကောသိမ်းထားသလား"

ဟုမေးလျှင် ကျွန်မက မသိမ်းကြောင်း အိပ်ရာကပင်မထသေးကြောင်း ပြော၍ သူတို့နောက်ကျနေပြီ။ ပြန်လာမှရှာတော့မည်ဆိုပြီး ထွက်သွားလေသည်။

ပိုက်ဆံအိတ်ကို တစ်နေ့လုံးလိုလိုရှာသည်။ သေတ္တာတွေ၊ အဝတ်အိတ်တွေကြားရှာသည်။ မြေးတွေကလည်း ကူရှာသည်။ လုံးဝမတွေ့။ (၃)၊ (၄) ရက်နေတော့ သမီးကြီးက ခရီးသွားစရာရှိ၍ ဖစ်အိတ်လွတ်လာရှာသည်။

"အိတ်ကတော့ရှိတာပေါ့။ သမီးငယ်တို့ခုတင်အောက် ဟိုးအထဲမှာရောက်နေပြီ။ သေတ္တာတွေ၊ အစတ်အိတ်တွေဆို့ထားလို့ ဘယ်လိုလုပ်ယူမလဲ။ သေတ္တာတွေက အလေးကြီး"

ကျွန်မပြောလျှင် သမီးကြီးက ရက်ကြာမည်ဖြစ်၍ အိတ်မရှိလျှင်မဖြစ်ဆိုကာ သူ့သားတွေခေါ်ပြီး ဆွဲကြထုတ်ကြနှင့် နံရံနားကပ်ရောက်နေသည့် ဖစ်လွယ်အိတ်လွတ်တွေ့သည်။

"ရပြီ၊ ဖုန်တွေနဲ့"

ဆိုကာ သမီးက ဖုန်တွေခါပြီး ဖစ်ကိုဖွင့်မှောက်ချလိုက်ရာ သမီးငယ်ပျောက်နေသည့် ပိုက်ဆံအိတ်ကထွက်ကျလာသည်။

"ဟောတော် - ညီမလေးပိုက်ဆံအိတ်၊ သူလာမှရွေးယူခိုင်းရမယ်။ ဒါထက် မေမေ ဒါလောက်ပစ္စည်းတွေပိတ်ညှပ်နေတဲ့ခုတင်အောက်ထဲ ဘယ်သူထည့်ထားတာလဲ"

သမီးကြီးကမေးသည်။

"မေမေက အလုပ်သမားတွေနဲ့ပစ္စည်းပျောက်မှာစိုးလို့ ဒီထဲမှာနေလိုက်၊ အပြင်မှာနေလိုက်နဲ့ ဘယ်သူမှမလာဘူး"

သမီးငယ်တို့ ညနေပြန်လာတော့ ပိုက်ဆံအိတ်ပေးလျှင် သမီးငယ်ကအံ့ဩသည်။ မကိုင်ရဲဟု ငြင်းဆန်တော့သည်။ အကျိုးအကြောင်းကိုလည်း ကြားထား၍ ထိုပိုက်ဆံအိတ်ကို ဘာလုပ်လိုက်ကြမှန်းမသိပါ။ မေးလည်းမမေးတော့ပါ။

နောက်ပိုင်း တစ်ဝိုင်းလုံးအပြောင်ရှင်း မြေလှန်ပရိတ်ရွတ်ပြီး လုပ်စရာရှိတာတော့ အားလုံးလုပ်ပြီးမှ တိုက်သစ်ဆောက်သည်။ဘာကိစ္စမှဖြစ်မလာတော့ပါ။

"မမခင်ရေ အဲလိုထူးထူးဆန်းဆန်းဖြစ်တာ ကျွန်မစိတ်အထင် အိမ်ကိုခြံဝိုင်းနဲ့ လုံလုံခြုံခြုံမထားဘဲ အဝင်အထွက်ကို ဆိုင်တံခါးဖွင့်ပြီး အလွယ်တကူလုပ်ထားလို့ မကောင်းတဲ့ပရလောကသားတွေ ဝင်နှောင့်ယှက်တာလား မသိတာနော်"

"မမခင်လည်း ၊ မသိပါဘူးကွယ်။ နားလည်တဲ့သူတွေ ရေးကြရင်ကောင်းမှာပဲ"

ကျွန်မတို့ နေထိုင်ပေါက်ပွားရာ လူ့ဘုံလောကကြီးသည် အလွန်ဆန်းကြယ်၏။ ကျွန်မတို့မသိတာ လက်လှမ်းမမီရာ ဂမ္ဘီရဆန်တာတွေ အများကြီးပါ။ ကျွန်မကိုယ်တွေ့(၃)(၄)ခု ရှိသည်။ စာမဖွဲ့လောက်၍ မရေးဖြစ်ခဲ့ပါ။

ထိုစဉ်က ကျွန်မတို့ဝန်ထမ်းဘ... ပါ။ ကျွန်မတို့ ရောရပ်ကွက်တွင် သစ်ပင်ကြီးကြီးများအလွန်ပေါသည်။ တစ်နေ့ ညနေ ကျွန်မ ရပ်ကွက်ဆေးခန်းမှ အားဆေးထိုးပြီးပြန်လာသည်။ ရောဂါမ... အလုပ်ပင်ပန်း၍ မြန်မြန်အားရှိအောင် အားဆေးလာထိုးခြင်းဖြစ်သည်။

အိမ်နှင့် ဆေးခန်းကြား... ညောင်ပင်တွေနှင့် လမ်းခြားပါသည်... ကားလမ်းပေါ်က တောင်ဘက်ခြေ... လမ်းကလေးကိုဆင်းပြီး ဆေးခန်းသို့... ရသည်။ ဆေးခန်းက ကွင်းပြင်... တောင်ဘက်တွင်ရှိပါသည်။

...ပြန်တွင် မှောင်နေပါပြီ။ ... လမ်းပေါ်လင် ...ရင်း မှော... ထက်မှောင်လ...ပြီ။ အမွှေးနံ့တွေရှ... ရက်...လာသည်။ မွှေးသမျှ ရေမွှေး... ပုလင်းလုံးမှောက်ကျသွားသည့်အ... မွှေးလွန်းကြိုင်လွန်းလှပါသည်။

ကျွန်မက ကျွန်မလိုလမ်း... လမ်းလာတစ်ယောက် ရေမိုးချိုး...



www.burmeseclassic.com

www.burmeseclassic.com

## သိမ်းထွန်းကြည်(အင်း၀)

# မြန်မာ့ရိုးရာမဟာဘုတ်ပညာမှ ဘုမ္မိကြီး

၂၀၁၅ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က ရန်ကုန် အင်းစိန်လမ်း ဘူတာရုံ မှတ်တိုင်အနီးရှိ ကျောက်စိမ်းတောင် ဆည့်ရိပ်သာဖွင့်ပွဲတွင် ခမ္မမိတ်ဆွေ ဦးမြခဲ(ကျောက်စိမ်းဟိုတယ်)ပိုင်ရှင်နှင့် စာရေးသူ တွေ့ဆုံမိကြသည်။ ဦးမြခဲမှ ဘုရား၏ တနင်္ဂနွေထောင့်တွင် အုန်းသီးယတြာနှင့်ပတ်သက်၍ စာရေးသူကို မေးလာသည်။ ကြာသပတေးသားသမီး၏ ဘုမ္မိအရပ်သည် အရှေ့မြောက် တနင်္ဂနွေထောင့် ဘုမ္မိအရပ်ဖြစ်ကြောင်း၊ ဗေဒင်ပညာမှ အုန်းသီးဆားသိပ်ယတြာနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် အုန်းသီးအတွင်း ဆံပင်၊ လက်သည်း၊ ခြေသည်းထည့်၍ ရေမျှောသည့် အုန်းသီးယတြာများ စာရေးသူသိရှိထားသည်ကို ပြောပြမိသည်။ ဆက်လက်ပြီး ဘုမ္မိအကြောင်း ဦးမြခဲမှမေးလာပါသည်။

ဦးမြခဲကိုအကြောင်းပြုပြီး (၇)ရက်သားသမီးစာဖတ်ပရိသတ်များအတွက် စေတနာရှေ့ထားကာ ဘုမ္မိ၏ ထိခိုက်ပျက်စီးပုံကို စာရေးသူကိုယ်တွေ့ ဖြစ်ရပ်မှန်အရ ဖော်ထုတ်ရေးသားခြင်း ဖြစ်သည်။

စာရေးသူသည် အသက် (၄၇)နှစ်မှစ၍ အသက် (၅၅) နှင့် အသက် (၆၃) နှစ်များတွင် လောကဓံရှစ်ပါးဒဏ်များ ဖြစ်သော သီလပျက်ခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်ခြင်း၊ လုပ်ငန်းငွေကြေးအဆင် မပြေခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း စသည့် မကောင်းသော အနိဋ္ဌများ တွေ့ကြုံခံစားရသည်။ ဘုမ္မိသည် လူသေလျှင်သေ၊ မသေလျှင် ဘ၀ပျက်စီးစေသည် ။ ၎င်းဘုမ္မိဆိုးကျိုးအန္တရာယ်မှ ကင်းဝေးပြီး ကြိုတင်သိရှိ ကာကွယ်ပိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

ဤနေရာတွင် (၇)ရက်သားသမီး စာဖတ်ပရိသတ်များ ဘုမ္မိအဓိပ္ပာယ်ကို ပထမ သိရှိထားရန် ဖြစ်သည်။ ဘုမ္မိသည် ပါဠိစကားဖြစ်ပြီး ဗေဒင်ပညာအရ ဘုမ္မိကို မကောင်းသောနေရာ၊ အမှိုက်၊ သွေးသံအညစ်အကြေးများစွန့်ပစ်ရာနေရာ၊ လူသေကောင်များမြှုပ်နှံရာ သင်္ချိုင်းဟု ယူဆသည်။

ရှေးလက်ာတို့တွင် ဘုမ္မိနှင့်ပတ်သက်၍ 'ဘုမ္မိမှာကား ထားပါ သင်္ချိုင်း၊ အိုင်းနှင့် ရေအိမ် မြှုပ်တိမ်သွေးသံ' ဟု အဆိုရှိ၏။ ထို့ကြောင့် ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး အတွဲ(၁)၊ (၁၉၆၇) တွင် ကုန်းဘောင်ခေတ် ဘုရင်အချို့သည် ဗေဒင်ပညာကို စနစ်တကျ အသုံးပြုကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် မင်းတုန်းမင်းသည် သူ၏ မွေးနံမှ အင်္ဂါထောင့် ဘုမ္မိကျရောက်ရာအရပ်ဖြစ်သောနေရာတွင်သင်္ချိုင်းထားစေသည်ဟု တွေ့ရှိရသည်။

ဘုမ္မိတွက်နည်းသည် မိမိတို့၏ ရောက်ရှိသော အသက်ကိုတည်ပြီး (၈) ဖြင့်စားကာ ရရှိသော အကြွင်းကို မွေးနံ ဂြိုဟ်ခွင်မှ အဌလင်္ဂအတိုင်း လက်ယာ ရစ် (၄) ခွင်ကျရောက်ရာကို ဘုမ္မိကျသည်ဟု သိရှိရန် ဖြစ်သည်။ ဤနေရာတွင် ဘုမ္မိအတန်းစား (၄) မျိုးရှိသည်။

၁။ ဘုမ္မိလေး၊
၂။ ဘုမ္မိ၊
၃။ ဘုမ္မိနှစ်ထပ်၊
၄။ ဘုမ္မိကြီး၊

ဟူ၍ ဖြစ်သည်။

ယခု စာရေးသူ ရေးသားမည့် ဘုမ္မိသည် မရဏနှင့် ထပ်တူဆိုးကျိုးပေးသည့်ဘုမ္မိကြီး အကြောင်း ဖြစ်သည်။

ဘုမ္မိကြီးတွက်နည်းမှာ (၇) ရက်သားသမီးတို့သည် မိမိတို့မွေးနေ့ဂြိုဟ်ခွင်မှ ဂြိုဟ်အိမ်သည် (၄) ခွင်ရှိပြီး သက်ရောက်သည် (၇) ခွင်မြောက်ကျရောက်တိုင်း ဘုမ္မိကြီးဟု မှတ်ယူရန် ဖြစ်သည်။ ပိုပြီးရှင်းလင်းအောင်ရေးပြရလျှင်

---

လျှောက်ထွက်ခဲ့သည်ထင်၍ ဘေးဘီနှင့် အနောက်ဘက်လှည့်ကြည့်သည်။ မည်သူမျှမရှိ။ မှောင်နှင့်မည်းမည်းသာ။

တစ်စုံတစ်ယောက် ပိုက်ဆံအိတ်လုချင်၍လိုက်လာသည်ထင်ပြီး လမ်းပေါ်ရောက်အောင်အပြေးတစ်ပိုင်းလာခဲ့၏။ အနံ့ကမွှေးသထက်မွှေးပြီးကျွန်မကြောက်လာသည်။ အိမ်တွေနှင့်ကလည်းမနီး။ ထိုစဉ် ကားလမ်းပေါ်မှ စကားပြောသံ တွေကြားရသည်။

ထိုအသံကတော့ ခွေးချီသွားလျှင် တောင်မှတ်မိသည့်ဆိုသည့်စကားနှင့်နှိုင်းလောက်သည့် ချစ်မိတ်ဆွေ ရေးဖော်ကြီး စာရေးဆရာမာန်မြင့်တို့ညီအစ်ကို မြို့ထဲက အလည်ပြန်လာရင်း စကားတွေ ဖောင်ဖွဲ့လာခြင်း ဖြစ်သည်။ သူတို့က စက်ဘီးမစီးထတ်သော ထူးဆန်းသည့် အင်ဂျင်နီယာတွေ။

"ဗျို့ - ကိုမာန်မြင့်၊ ရေမွှေးကန်ထဲ လိမ့်ကျခဲ့သလား။ လေအောက်ကလူ အမွှေးနံ့တွေရှူရလို့မူးတော့မယ်"

ကျွန်မ အသံကုန်ဟစ်လိုက်လျှင် သူတို့က -

"ကျုပ်တို့က ဘာအမွှေးမှမလူးဘူး ဗျို့။ ကျုပ်တို့ကဆံရှည်ကိုယ်တော်တွေ"

ဟုပြန်ပြောရင်း လမ်းပေါ်ဆုံမိကြသည်။ အနံ့ကလည်း ပျောက်သွားပြီး ဘာနံ့မှမရတော့။ ကျွန်မက အကျိုးအကြောင်းပြောပြလျှင် ကိုမာန်မြင့်က -

"အဲဒါ အစ်မကြီးနောက် တစ္ဆေ လိုက်လာတာဗျ သိလား။ရည်းစားစကား ပြောမလို့"

ဆိုကာ ပျော်တတ်သည့်သူတို့ ဝသီအတိုင်း တဝါးဝါးရယ်မောကြလျှင် ကျွန်မမှာ မရယ်မောနိုင်ဘဲ -

"ကိုခင်မောင်မြင့်၊ နှင် ငါ့အိမ် အပေါ်ရောက်တဲ့အထိ လိုက်ပို့ပေး"

ဟု ဆိုကာ သူတို့ညီအစ်ကိုကြားထဲ အတင်းဝင်တိုးပြီး ကြောက်ဒူးတုန်ခဲ့ရပါတော့သတည်း။

ခင်လေးမြင့် (မြစ်ကြီးနား)




www.burmeseclassic.com

www.burmeseclassic.com

(၇)ရက်သားသမီးတို့၏မွေးနံအရပ်မှစပြီး လက်ယာရစ်ရစ်ကာ ဂြိုဟ်သက်အတိုင်း အစဉ်လိုက် ပေါင်းသွားရန် ဖြစ်သည်။ (၄) ခွင်မြောက်ပါက ဂြိုဟ်အိပ်အသက် အပိုင်းကာလဖြစ်ပြီး ၎င်းနောက် မိမိတို့ ရောက်ရှိသောအသက်ကိုတည်၍ (၈) ဖြင့် စားပါ။ (၇) ကြွင်းပါက မိမိသည် ဘုမ္မိကြီးကာလသို့ ရောက်ရှိနေသည်ဟု သိရှိထားရန်ဖြစ်သည်။ ဘုမ္မိကြီးကာလ တွင် မိမိရရှိထားသည့် ဂုဏ်၊ စည်းစိမ်၊ ရာထူး၊ အသက်တို့သည် တည်မြဲခိုင်မာ သည်ဟု မမှတ်ယူသင့်ပါ။ ၎င်းကာလ သည် ဘဝအသက်အပိုင်းတွင် အဆိုး ဆုံး၊ အကြမ်းဆုံး၊ အန္တရာယ်အကြီးမား ဆုံး အချိန်ကာလဖြစ်ပြီး ရန်သူမျိုးငါးပါး ကြောင့်ဖြစ်စေ၊ သူတစ်ပါးလုပ်ကြံကြံစည် မှုကြောင့်ဖြစ်စေ၊ မမျှော်လင့်မထင်မှတ် သော ပုံစံအမျိုးမျိုးနှင့်ဖြစ်စေ ဂုဏ်၊ စည်းစိမ်၊ ရာထူး၊ သိက္ခာတို့ပါ လျှပ်တစ် ပြက်ပျက်စီးတတ်ပါသည်။ အထူးသဖြင့် အရပ်ရှစ်မျက်နှာအဌလက်ခွင်တွင် ဘုမ္မိ ကြီးဂြိုဟ်ကာလ၏ ရာဟု၊ သောကြာ၊ တနင်္ဂနွေ၊ တနင်္လာဂြိုဟ်တို့သည် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနေ့သားသမီးတို့ကို ဂုဏ်၊ စည်းစိမ်၊ ရာထူး၊ သိက္ခာတို့ ထိခိုက်မှု မရှိစေပါ။ သို့သော် ကျန်းမာ ရေးနှင့် ပတ်သက်ပြီး ရောဂါဆိုးတို့ဖြစ် စေတတ်ပါသည်။ ကြာသပတေး၊ သောကြာ၊ စနေသားသမီးတို့တွင် ဂုဏ် စည်းစိမ်၊ ရာထူး ပျက်ပြားတတ်ပြီး စိတ် ဆင်းရဲ၊ ရုပ်ဆင်းရဲမှုကြီးစွာခံစားရတတ် ပါသည်။ (၇) ရက်သားသမီးတို့ အလွယ် တကူသိရှိနိုင်ရန် တစ်နေ့စီ အဌလက်ခွင် ပုံစံဖြင့် ဖော်ပြပါမည်။


**တနင်္ဂနွေသားသမီးဘုမ္မိကြီး**




**တနင်္ဂနွေသားသမီးများတို့သည်** အသက် (၃၀) နှစ်မှ (၄၆) နှစ်ထိ (၄)ခွင် ဂြိုဟ်အိပ်ဖြစ်ပြီး အသက် (၃၁) နှစ်၊ (၃၉) နှစ်၊ (၄၇) နှစ်တို့တွင် (၇) ခွင်ဘုမ္မိကြီး ရာဟုဂြိုဟ်နယ်အတွင်း ကျရောက် နေသဖြင့် ဂုဏ်၊ စည်းစိမ်၊ ရာထူး၊ အသက်၊ အိမ်ထောင်ရေးဒုက္ခများ တိုက်ဆိုင်တွေ့ ကြုံစေပြီး လျှပ်တစ်ပြက် အသက်အန္တ ရာယ် ထိခိုက်ခြင်း (သို့) ဘဝသေပြီး နာမည်သေခြင်းအဖြစ်မျိုး ကျရောက် တွေ့ကြုံစေတတ်ပါသည်။

၎င်းနှစ်၊ ၎င်းအသက်ကာလတို့ တွင် ပြင်ပယတြာသည် ဘုရားထီးတင် တွင် အလှူငွေလှူဒါန်းခြင်း၊ ထုံးသင်္ကန်း ကပ်ခြင်း၊ အပေါ်ရုံဒုကုဋ်သင်္ကန်းလှူ ခြင်း၊ တံခွန်ကုက္ကားယတြာပြုခြင်း ပြုလုပ် ပေးရန် ဖြစ်သည်။


**တနင်္လာသားသမီးဘုမ္မိကြီး**




**တနင်္လာသားသမီးတို့သည် -**


အသက် (၄၀) နှစ်မှ (၅၀) နှစ် အတွင်း (၄) ခွင် ဘုမ္မိလေးဂြိုဟ်အိပ်ဖြစ် ပြီး အသက် (၄၄) နှစ်သည် နှစ်စုံစနေ နှစ်ထပ်ဖြစ်သည်။ ၎င်းနောက် အသက် (၄၇) နှစ်တွင်း (၇) ခွင် သောကြာဂြိုဟ် ၌ ဘုမ္မိကြီးတည့်တည့်ကျရောက်သည်။ ၎င်းအပြင် (၂-၆) အတွင်းရန် ပူးတွဲပါရှိ သဖြင့် ရုတ်တရက် သေကွဲ၊ ရှင်ကွဲ၊ အိုးကွဲအိမ်ကွဲ၊ ဂုဏ်စည်းစိမ်ရာထူးကျ ဆင်းခြင်း၊ ပျက်စီးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဆုံးရှုံးခြင်းကြုံစေတတ်သည်။ ထို့အပြင် လျှပ်တစ်ပြက် ကျန်းမာရေးနှင့်ပတ်သက် ပြီး ခွဲစိတ်ရခြင်း၊ ဖြတ်တောက်ရခြင်း၊ ဆေးရုံ တက်ရခြင်း စသည်ကြုံစေတတ် သည်။ ၎င်းနှစ်ကာလအတွင်း ကျန်းမာ ရေးအထူးသတိထားရန် ဖြစ်သည်။ ၎င်း နှစ်၎င်းကာလတို့တွင် ပြင်ပယတြာမှာ ကနက္ကဒဏ်ထီးဖြူ(၁၅)လက်၊ ကျောင်း အိုကျောင်းပျက်သိမ်အဟောင်းအဆောက် အအုံပျက်တို့ပြုပြင်ယတြာမှုထားရန် ဖြစ် သည်။

**အင်္ဂါသားသမီးဘုမ္မိကြီး**




**အင်္ဂါသားသမီးတို့သည်** အသက် (၃၆) နှစ်မှ (၅၄) နှစ်ထိ (၄) ခွင်ဘုမ္မိ ဂြိုဟ်အိပ်ကာလ ဖြစ်သည်။ ၎င်းတို့သည် အသက် (၃၉) နှစ်၊ အသက် (၄၇) နှစ်၊ အသက် (၅၅) နှစ်တို့တွင် တနင်္ဂနွေဂြိုဟ် ၌ (၇) ခွင် ဘုမ္မိကြီး ဖြစ်သည်။ ၎င်းပြင် (၁-၁) အပြင်ရန် ဘုမ္မိသဘောကြောင့် အမှုအခင်းတွေ့ကြုံရခြင်း၊ ဂုဏ်စည်းစိမ် ရာထူးပြုတ်ခြင်း၊ အိမ်ထောင်ရေးအ… အခင်းကြုံတွေ့ခြင်း၊ သေကွဲရှင်ကွဲခြင်း ရောဂါရှာမရသည့် ပယောဂဆန်ဆန် ဝေဒနာပြင်းထန်စွာခံစားရခြင်းစသည်တို့ တစ်မျိုးမဟုတ်တစ်မျိုး တွေ့ကြုံခံစား… တတ်ပါသည်။ ၎င်းနှစ်၎င်းကာလတို့တွင် ပြင်ပယတြာအရ သက်သာမှုရရှိစေ… မွေးနေ့နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း ငွေပဒေသာပင်လောင်းလှူခြင်း တံခွန်၊ ကုက္ကား၊ မုလေးပွားယတြာတို့ ဆောင်ရွက်ထားပြီး ရွတ်ဆိုရန် ဂါထာမှာ 'နမောတေမာရဝိဇယ' ဟု သက်နေ… ထက် တစ်ခေါက်ပိုဆို ဆုတောင်းပါ။

**ဗုဒ္ဓဟူး/ရာဟုသားသမီးဘုမ္မိကြီး**




**ဗုဒ္ဓဟူးသားသမီးတို့သည်** အသက် (၄၇) နှစ်မှ အသက် (၅၈) နှစ်အ… (၄) ခွင် ဘုမ္မိဂြိုဟ်အိပ်ဖြစ်သည်။ … နေ့သားသမီးတို့သည် တနင်္လာဂြိုဟ်… တွင် အသက် (၄၇) နှစ်နှင့် (၅၅) နှစ်…




www.burmeseclassic.com

www.burmeseclassic.com

၌ ဘုမ္မိကြီးကျရောက်သဖြင့် ၎င်းနှစ်ကာလတို့တွင် ငွေကြေးမနေ ရလွယ်ကုန်လွယ်ဖြစ်ခြင်း၊ပျက်စီးလွယ်ခြင်း၊လိမ်ညာဆုံးရှုံးခံရခြင်း၊ အထူးသဖြင့် သတိပြုရန်မှာ ပထမဘုမ္မိကြီး အသက် (၄၇) နှစ်ဂြိုဟ်အိပ်အကူးအပြောင်းမှာ ရာဟုဂြိုဟ်၌ဆုံသဖြင့် အိမ်ထောင်ရေးပဋိပက္ခပေါက်ကွဲခြင်း၊ အဆင်မပြေခြင်း၊ အပျော်အပါး လောင်းကစားကိစ္စများပါဝင်လာပြီး အလျော်အစား၊ အမှုအခင်းကိစ္စများပြဿနာကြီးစွာတွေ့ကြုံရင်ဆိုင်ရခြင်း၊ လူမသေသော်လည်း နာမည်ပျက်ခြင်း၊ အရှက်ကွဲခြင်းစသောဒုက္ခများ တွေ့ကြုံစေတတ်သည်။ ၎င်းကာလတွင် ပြင်ပယတြာအဖြစ် -


ရဟန်း၊ ယောဂီ၊ ရသေ့၊ သီလရှင်၊ သီလစောင့်ထိန်းသူတို့ကို ဆေးဝါးလှူခြင်း၊ ပြုစုလှူဒါန်းကုသိုလ်ယူခြင်း စသည်တို့ ဆောင်ရွက်ရန် ဖြစ်သည်။ ရာဟုမွေးမှာ ဗုဒ္ဓဟူးအတိုင်း ဆောင်ရွက်ပါ။

## ကြာသပတေးသားသမီးဘုမ္မိကြီး




ကြာသပတေးသားသမီးတို့သည် အသက် (၅၃) နှစ်မှ (၅၈) နှစ်ထိ (၄)ခွင်ဘုမ္မိဖြစ်သည်။ ၎င်းကာလအတွင်း အသက် (၅၅) နှစ်သည် (၇) ခွင် ဘုမ္မိကြီးဖြစ်ပြီး ဗုဒ္ဓဟူးရုပ်ဒုက္ခဂြိုဟ်အတွင်းဖြစ်သည်။ အထူးသဖြင့် အသက် (၅၅) နှစ်သည် စိတ်ပိုင်း၊ရုပ်ပိုင်းနှစ်ဌာနစုစည်းထားသဖြင့် အဘက်ဘက်မှ ဒုက္ခပေးခြင်းခံရတတ်သည်။ အဆင်မသင့်ပါက ဂုဏ်၊ စည်းစိမ်၊ ရာထူး၊ အသက်ပါ ပြုတ်တတ်ပါသည်။ နာတာရှည်ရောဂါဆိုးများဖြစ်ခြင်းဘဝတွင် ရှင်လျက်သေသူတဲ့သို့ ခံစားရတတ်ပါသည်။ ဥပမာ ရာသက်ပန်လေဖြတ်သွားခြင်း၊ ခြေလက်မျက်စိတို့တွင် ချို့တဲ့ပျက်စီးသွားတတ်ပါသည်။ သို့သော် ဤအသက်အပိုင်းကာလတွင် ဘုမ္မိကြီးအန္တရာယ်မှ လွတ်မြောက်လိုသူတို့သည် ဂြိုဟ်အိပ်နေသည့်တနင်္လာဂြိုဟ်ပရိယာယ်အရ အိုးအိမ်အိမ်ထောင်ပူးတွဲပေါင်းစပ်သောသွေးသားအုပ်စုအပေါ် သစ္စာရှိခြင်း၊ ဖောက်ပြန်ခြင်း၊ စော်ကားခြင်း၊ ဖိနှိပ်ချုပ်ချယ်မှုများမပြုလုပ်မိစေရန် ရှောင်ကြဉ်ထိန်းသိမ်းသွားပါက ဘုမ္မိကြီးအန္တရာယ်မှလွတ်ကင်းလွယ်ပါသည်။


## သောကြာသားသမီးဘုမ္မိကြီး




**သောကြာသားသမီးများတို့သည်** အသက် (၄၃) နှစ်မှ (၅၀) နှစ်အထိ (၄) ခွင်ဘုမ္မိဖြစ်သည့် အသက် (၄၇) နှစ်တွင် (၇) ခွင်ဘုမ္မိကြီးကာလဖြစ်ပြီး ကြာသပတေးဂြိုဟ်အိမ်တွင်ဖြစ်သဖြင့် ၎င်းကာလတွင် စွန့်စားလုပ်ကိုင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်းပြုလုပ်မိပါက ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းအဖြစ်မျိုးများ တွေ့ကြုံစေတတ်ပါသည်။ အလုပ်အကိုင်မရှိ ယောင်လည်လည်ဖြစ်ရသောဘဝသို့ကျရောက်လွယ်ပါသည်။ သို့သော် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသက်အန္တရာယ်မဖြစ်စေပါ။ ပြင်ပယတြာအဖြစ် ရေတွင်း၊ ရေကန်ကုသိုလ်ပြုခြင်း၊ ရေအိုးစင်ပြုလုပ်ပြီး ရေအိုးတွင်ရေထည့်ခြင်း၊ မုန့်လုံးရေပေါ်ကုသိုလ်လုပ်ခြင်း၊ ဒုက္ခိတခြေပြတ်လက်ပြတ်များဆေးဝါးကုသိုလ်ပြုခြင်း ဆောင်ရွက်ပေးခြင်းပြုလုပ်ရန် ဖြစ်သည်။ရွတ်ဆိုရန်ဂါထာမှာ 'ရတနတ္တယံ နိစ္စံ မံ ရက္ခတု' ဟု အာရုံရရှိသလို ရွတ်ဖတ်သရဇ္ဈာယ်ရန် ဖြစ်သည်။

စနေသားသမီးတို့သည် အသက် (၄၂) နှစ်မှ (၆၂) နှစ်ထိ (၄) ခွင်ဘုမ္မိဖြစ်သည်။ အသက် (၄၇) နှစ်၊ (၅၅)နှစ်တို့သည် (၇) ခွင်ဘုမ္မိကြီး ဖြစ်သည်။ အင်္ဂါဂြိုဟ်အိပ်ဖြစ်သဖြင့် အလွန်စိတ်ဆင်းရဲရသော လူမှုရေး၊ စီးပွားရေး၊ ပျက်စီးမှုများ တိုက်ဆိုင်တွေ့ကြုံခံစားစေ

## စနေသားသမီးဘုမ္မိကြီး




တတ်ပါသည်။ ၎င်းပြင် မိမိပိုင်ဆိုင်ထားသည့်စည်းစိမ်ဥစ္စာလုပ်ငန်းဌာနတို့အပြင်ပူးတွဲပေါင်းစပ်သောလုပ်ငန်းကိစ္စအားလုံး ဆုံးရှုံးဒုက္ခတွေ့ခြင်း၊ သေကွဲရှင်ကွဲဖြစ်စေတတ်ပြီး အသက်မသေပါက ခြေပြတ်လက်ပြတ် အင်္ဂါမစုံတွေ့ကြုံစေတတ်ပါသည်။ အထူးသဖြင့် အင်္ဂါဂြိုဟ်သဘောအရ စိတ်ပိုင်းဆိုင်ရာမချုပ်ထိန်းနိုင်မှုကြောင့် မိမိဘဝအစိတ်စိတ်အမြှာမြှာကွဲကြေတတ်ကြောင်း ကြိုတင်သိရှိထားသင့်သည်။ အထက်ပါ (၇) ရက်သားသမီးတို့အတွက် ဗေဒင်ပညာမှ မရဏနှင့် ထပ်တူဆိုးကျိုးပေးသည့် ဘုမ္မိကြီးအကြောင်းတွင် မရဏဂြိုဟ်သက်ရောက်ပါက ဘုမ္မိကြီးမဟုတ်သော်လည်း ဘုမ္မိကြီးကဲ့သို့ ခံစားရတတ်ရကြောင်း သိရှိထားရန် ဖြစ်သည်။

မရဏဂြိုဟ်ဆိုသည်မှာ မိမိမဟာဘုတ်ခွင်တွင် မရဏကျသောဂဏန်းကိုဆိုလိုပါသည်။ ဂြိုဟ်ကောင်းဖြစ်စေ၊ ဂြိုဟ်ဆိုးဖြစ်စေ အကောင်းကို အဆိုးဖြစ်စေပြီး အဆိုးကိုပို၍ ဆိုးစေ၊ ပျက်စေ၊ ထိခိုက်စေခြင်းတို့ကို သိရှိထားရန် ဖြစ်သည်။ မရဏဂြိုဟ်သက်ရောက်စဉ် မရဏဂြိုဟ်၏ ဂုဏ်သတ္တိအစွမ်းသည် လေဖြတ်ခံရသူဘဝနှင့်အတူ လူ့ဘဝ၏အရသာကိုမဲ့စေခြင်းဆုံးရှုံးခြင်းဖြစ်စေပါသည်။

ထို့ကြောင့် စာဖတ်ပရိသတ်များကြိုတင်သိရှိ ကာကွယ် သတိထားနိုင်ရန် စာရေးသူ၏ ကိုယ်တွေ့အရ မဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားရခြင်းဖြစ်သည်။

*ကျန်းမာချမ်းသာပါစေ*

**သိန်းထွန်းကြည်(အင်း...)**



www.burmeseclassic.com

www.burmeseclassic.com



"ရေ. . . . ရေ"

ဝေဝေဝါးဝါးအကြည့်အောက်တွင် သူမြင်လိုက်ရသည်က အုတ်တံတိုင်း တစ်ခု။ အုတ်တံတိုင်းက မြင့်လွန်းလှသဖြင့် တံတိုင်းအတွင်းဘက်၌ ဘာရှိသည်ကို မမြင်ရ။ သို့သော် တောကြီးမျက်မည်းထဲတွင် သည်လိုအုတ်တံတိုင်း အခိုင်အခံ့ရှိနေသည်က သည်နေရာတွင် လူရှိသည်ဆိုသည့်သဘော။ လူရှိလျှင် ရေရှိမည်။

"ရေ. . . ရေ"

ရေနှင့် မထိတွေ့ရသည်မှာ နာရီပေါင်း မည်မျှကြာပြီဆိုသည်ကိုပင် မမှတ်မိနိုင်တော့လောက်အောင် ခြောက်သွေ့အက်ကွဲနေသည့် နှုတ်ခမ်းနှစ်လွှာကို ခဲခဲယဉ်းယဉ်းဖွင့်လျက် သူအော်သည်။ အော်ပင်အော်သော်ငြား တုံ့ပြန်သော တစ်စွန်းတစ်စကိုမျှမကြားရပေ။ မြေပြင်ပေါ်တွင် လဲနေရာမှ ကုန်းရုန်းထကာ ခြံတံခါးကို ထုရိုက်ကြည့်ဖို့ သူလက်အလှမ်း-

"ဗုန်း. . ."

ခြံတံခါးနှင့် သူလက်ထိမိသည်နှင့် တစ်ပြိုင်နက်အားဖြင့်ဆောင့်တွန်းခံလိုက်ရသလိုနောက်ပြန်လဲကျသွားတော့သည်။ ကြိုးစားကာ ပြန်ထလျက် ခြံတံခါးကို ထုဖို့ သူပြင်ပြန်သည်။ ထိသည်နှင့် နောက်ပြန်လဲကျသည်။ သုံးခါစလုံး နောက်ပြန်လဲကျပြီးသည့်နောက်တွင်တော့ သူတစ်ကိုယ်လုံးမှာ ရှိသမျှ နောက်ဆုံးအင်အားတို့ ကုန်ခန်းသွားလေပြီ။ မြေပြင်ပေါ် ပက်လက်လန်နေရာမှ ပြန်မထနိုင်တော့။ သည်နေ့သည်ပင် သူသေနေ့လေလား။

စိတ်လျှော့လုဆဲဆဲ ရုတ်တရက် ခြံတံခါးဖွင့်သံလိုလိုသူနားထဲကြားသည်။ အားပြတ်ကာ အူနေပြီဖြစ်သည့် သူနားတို့က ထင်ယောင်ထင်မှားကြားမိနေခြင်းများလားထင်လိုက်သေးသည်။ ထို၍ပင် မရသော ဤအန္တရာယ်တံတိုင်းကြီး၏ အတွင်းတွင် လူရှိသည်ဟုလည်း သူမမျှော်လင့်တော့တာကြောင့်လည်း ဖြစ်သည်။ သေချာအောင် သူမျက်စိဖွင့်အကြည့် -

"အား . . ."

နီရဲတွတ်နေသော မျက်နှာကြီး တစ်ခုကိုအတွေ့ အူတွေ၊ အသည်းတွေပါ ပြောင်းပြန်လန်သွားပြီလားထင်ရလောက်အောင် ထိတ်လန့်ခြင်းကြီးစွာ သူအော်မိသည်။ သည့်နောက်တွင်တော့ သူကမ္ဘာမှောင်အတိကျသွားတော့သည်။

❑

သူသတိရလာတော့ အိပ်ရာတစ်ခုထက်မှာ အမျိုးသမီးငယ်လေးတစ်ဦးက သူ့ကိုစူးစိုက်ကြည့်လျက်။ သူလူးလဲထဖို့ ပြင်တော့ မိန်းမပျိုက လက်ကာပြလျက် ရေတစ်ခွက်ကို သူ့ဆီကမ်းပေးလာသည်။ သူအငမ်းမရ မော့သောက်လိုက်သည်မှာ ရေခွက်အတွင်း ရေတစ်မှုန်တစ်စက်မျှ မကျန်တော့အောင်ပင်။ ရေခွက်ကို ကိုင်ထားရင်း တစ်စုံတစ်ခုကို သူသတိရ



www.burmeseclassic.com


www.burmeseclassic.com
ငဝ
နေမွန်ဦး
ဝင
အေးစိမ့်တော
၃၃၉
www.burmeseclassic.com

www.burmeseclassic.com

လျက် အထိတ်ထိတ်အလန့်လန့်ရေရွတ် မိသည်။

"မျက်နှာနီကြီး၊ ကြောက်စရာကြီး"

မိန်းမပျိုက အနည်းငယ် စဉ်းစား ဟန်ပြုပြီးနောက် တစ်ချက်ရယ်သည်။

"အဖေ့ကို ပြောတာထင်တယ်။ အဖေနဲ့ အမေက အသားအရောင်က နည်းနည်း နီစပ်စပ်နိုင်တယ်လေ။ မကြောက်ပါနဲ့။ သွေးကြောင့်ဖြစ်နေတာ ပါ"

"သွေးကြောင့်"

သူတိုးတိုးရေရွတ်သည်။

တကယ်တော့ သူမြင်ခဲ့ရသည့် မျက်နှာမှာ နီစပ်စပ်ဆိုတာထက်မကဘဲ ရဲရဲတွတ်နေအောင်နီနေတာမျိုး ဖြစ်ပါ သည်။ မိန်းမပျိုလေး၏မျက်နှာသည်ပင် သာမန်အသားအရေထက် အနည်းငယ် နီမြန်းနေသည်ပင်။ သည်မျက်နှာက တော့ သတိလစ်သွားသည်အထိ သူ ထိတ်လန့်ခဲ့ရသော မျက်နှာနီနီကြီးလို မဟုတ်ဘဲ တချို့မိန်းမငယ်လေးတွေ ရှက်သွေးလွှမ်းနေသလို မျက်နှာမျိုးမို့ ကြည့်ကောင်းသည်ဟု သူ့စိတ်ထဲက တိတ်တခိုးမှတ်ချက်ပြုမိသည်။

ထိုစဉ် မျက်နှာနီနီနှင့်လူကြီး ရုတ်တရက် ရောက်လာသည်။ သူ အနည်းငယ်တော့လန့်သွားသေးသည်။ ဘေးမှာကလည်း မျက်နှာနီနီနှင့် အမျိုး သမီးကြီးတစ်ယောက်ပါလာသေးသည်။ မိန်းမပျိုပြောသည့် အမေဆိုတာဖြစ်မည် ထင်သည်။ နှစ်ယောက်စလုံးက မျက်နှာ တွေနီနီတွတ်နေငလသည်။ အသားကင် များထည့်ထားသော ပန်းကန်လုံး ခပ်ကြီးကြီးတစ်ခုကို သူ့ဆီကမ်းပေးရင်း မျက်နှာနီနီနှင့်လူကြီးကမေးသည်။

"ငါ့နာမည် ကျော်ဇ၊ ငါ့မိန်းမ နာမည်က ခင်လုံ။ ဟောဒီက ငါ့သမီးက ယာယာတဲ့။ နှစ်ပေါင်း (၂၀) အတွင်း ထူးထူးခြားခြားရောက်လာတဲ့ ဧည့်သည် ကို ငါတို့မိသားစုသုံးယောက်စလုံးက ကြိုဆိုပါတယ်"

"ကျွန်တော့်နာမည်က မျိုးမင်း လတ်ပါ။ (xxx) ဌာနက ဝန်ထမ်းပါ။ တော. . ."

စကားမဆုံးလိုက် အာခြောက်နေ သည်နှင့် ပြောလိုဇောတို့ပေါင်းကာ သူ ချောင်းတဟွတ်ဟွတ်ဆိုးရင်းသီးသည်။ ဦးကျော်ဇက လက်ကာပြသည်။

"မင်းရဲ့ခါးပတ်အိတ်ထဲမှာဝန်ထမ်း ကတ်တွေ၊ မှတ်ပုံတင်တွေအားလုံး တွေ့ ပြီးပါပြီ။ နောက်မှဆက်ပြောကြတာပေါ့။ အေးအေးဆေးဆေး နားလိုက်ပါဦး"

❑

ဆွတ်ဆွတ်ဖြူနေသောဝါပွင့်လေး များက အပင်ထက်တွင် ဥခဲနေအောင် ပွင့်နေကြသည်။ ဝါပွင့်လေးများကိုခူး ကာ ခြင်းတောင်းထဲ သူထည့်သည်။ ဒီဝါပွင့်လေးများကို ချည်ခင်ဖြစ်အောင် ဆက်လက်ရက်လုပ်ကြရပေမည်။အင်္ကျီ တစ်ထည်၊ လုံချည်တစ်ထည်ရဖို့ ရက် တော်ကြာကြာ ရက်လုပ်ဖန်တီးကြရ သော်လည်း သည်လိုတောကြီးမျက်မည်း ထဲတွင် အဝတ်အထည်များရရန် ဒီလိုပင် ဖန်တီးယူကြရတာပဲ ဖြစ်လေသည်။

အဝတ်အထည်များ ရလာလျှင် လိုချင်သည့်အရောင်ရအောင် ဆေးဆိုး ကြရသေးသည်။ အရောင်အစုံအလင် မရှိသော်ငြား အနက်၊ အနီ၊ အစိမ်း၊ ခရမ်း၊ အဝါရောင်တို့ကိုတော့ တောတွင်း ရှိ သဘာဝအသီးအခေါက်များဖြင့် ဆိုး ၍ရနိုင်လေသည်။ သည်တစ်ခေါက် အင်္ကျီအနီရဲရဲလေးတစ်ထည်ရက်မည်ဟု ယာယာကပြောထားသည်။

တွေးရင်း သူတစ်ချက်ပြုံးသည်။ သည်အတွေးကြောင့်ပင် ဝါပွင့်ခူးနေ သော သူ့လက်များအလိုလိုသွက်လာ သည်။ ဝါခြင်းတောင်းလေးပြည့်လုပြီ။

ဘာလိုလိုနှင့် သည်အိမ်ကြီးဆီ သူရောက်ခဲ့တာ တစ်လစွန်းစွန်းရှိခဲ့ပြီ။ ဧည့်သည် ဟူသည် အိမ်ပြန်ရမည်ဖြစ် သော်ငြား ပြန်ဖို့အကြောင်း တစ်လုံး တစ်ပါဒမျှ ဦးကျော်ဇက စကားမစသလို သူကလည်းမမေး။ ပထမကတော့ အား ပြန်ပြည့်အောင် အေးအေးဆေးဆေး နားနေသင့်သည်ဟုသူထင်သောကြောင့် ဖြစ်သည်။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်သော သူ့အဖို့ အလုပ်သဘောအရ တောထဲ ပုံမှန်ဝင်ရသည်။ တောဆင်းသည်ဟု သူတို့ခေါ်ကြသည်။ အဖွဲ့လိုက် တော ဆင်းရာမှ တောဆင်ရိုင်းလိုက်၍ ခြေဦး တည့်ရာပြေးရင်း တောကြီးမျက်မည်းထဲ တစ်စတစ်စကျွံဝင်ကာ တစ်ဦးတည်း မျက်စိလည်လမ်းပျောက်ခဲ့ခြင်း ဖြစ်၏။ သူ့အဖို့ သည်အိမ်ကြီးဆီသာ မရောက်ခဲ့ လျှင် ခုချိန်ဆို အသက်နှင့်ခန္ဓာ အိုးစား ကွဲနေလောက်ပြီထင်သည်။ ထိုစဉ်ကဆို လျှင် အစာမစားရသည်မှာ ဘယ်နှရက်၊ ရေမသောက်ရသည်မှာ ဘယ်နှမနက် မှန်းပင် သူ မသိတော့လောက်အောင် အသိစိတ်တို့က နောက်ဆုံး အခြေအနေ ရောက်နေခဲ့ပြီး ဖြစ်သည်။ တောအထပ်

ထပ် တောင်အသွယ်သွယ်ကျော်ရင်း လမ်းပျောက်ခဲ့ရသည်မို့ အိမ်ကြီးရှေ့ ရောက်စဉ်က သူလမ်းပင်မလျှောက်နိုင် တော့။ တရွတ်တိုက်သွားနေရပြီ ဖြစ် သည်။

ကံကောင်းထောက်မ၍ သည်အိမ် ကြီးဝယ် ခိုနားခွင့်ရခဲ့သည်။ အချိန်အတန် ကြာသည်အထိ အားမွေးရင်း သည်အိမ် တွင် တစ်ထောက်တစ်နားတော့ခိုနားရ ဦးမည်ဟု သူတွေးသည်။ ခရီးရှည်ထွက်ဖို့ သူ့ခန္ဓာကိုယ်ရော စိတ်ပါအဆင်သင့် ဖြစ်ပြီဆိုမှ လမ်းပျောက်ရှာရင်း လမ်း ဆက်လျှောက်ရပေတော့မည်။

အိမ်ကြီးအတွင်းရှိ လက်လုပ် ပြက္ခဒိန်လေးပေါ်မှ ရက်လေးများ တစ်နေ့ပြီးတစ်နေ့ပြောင်းရွှေ့လာသည့် နောက်တွင်တော့ သူ့ခန္ဓာကိုယ်က ခရီးထွက်ဖို့ လုံလုံလောက်လောက် အားပြည့် ကျန်းမာလာပြီ ဖြစ်သည်။ ခက်နေသည်က သူ့စိတ်။ ဟုတ်သည်။ သူ့စိတ်တို့က ပြန်လမ်းရှာဖို့ထက် တစ်စ တစ်ခုဆီတွင်သာ အချိန်ပြည့်ရောက် ရှိလို့နေတော့သည်။

"တကယ်တော့ အစ်ကိုက ကံကောင်းလို့ ဒီအိမ်ထဲရောက်လာတာ အဲဒီတုန်းက ရေ၊ ရေလို့ အစ်ကိုအော် နေကတည်းက အဖေက ကြားတယ် မကယ်ဘူးဆိုပြီးနေနေတာ။ လျှပ်စစ် ရှော့တိုက်ထားတဲ့ ခြံတံခါးကို အစ်ကိုက ကိုင်လိုက်၊ လဲသွားလိုက်ဖြစ်နေတဲ့အ လည်း အသံတွေ အဖေကြားနေတာ နောက် ဘာသံမှမကြားရတော့ သေ လားမသိဘူး။ ဘာလဲဆိုပြီး အဖေ ထွက်ကြည့်တာ။ အစ်ကို သတိလစ်ပြီး အေးစက်ပျော့ခွေနေတော့မှ အဖေ သနားပြီး အိမ်ထဲထမ်းခေါ်လာတာ။ တွေကို ဘယ်လောက်မုန်းပါတယ် ပြောပြော အဖေလည်း နှလုံးသားရှိ သူတစ်ယောက်ပဲကိုး အစ်ကိုရ"

ယာယာ့အစ်ကို အကြီးဆုံး ချွတ်စွပ်နီးပါး ရုပ်တူနေခြင်းကြော လည်း ကယ်ခဲ့ခြင်းဖြစ်သည်ဟု ယာ ကဆက်ပြောသည်။ ဆုံးသွားပြီဖြစ်သော ထိုအစ်ကိုကြီးသည် သူ့ထက် အသ အတော်ငယ်နေသည်ကလွဲ၍ ရုပ်ချ အလွန်တူကြောင်း၊ ဓာတ်ပုံတွေပြ ယာယာက ပြောသည်။ သွေးရော လွှမ်းသော ယာယာ့မျက်နှာကိုငေး သူနှစ်နှစ်ခြိုက်ခြိုက် ပြုံးမိရ တကယ်လည်း တူသည်ပင်။

ယာယာတို့ နေထိုင်ရာ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သည် ခေါင်လှနက်လှပါသည်ဆိုသော အတယ့်တောကြီးမျက်မည်းအတွင်းတွင် သူသူလေးပါးနှင့်ကင်းဝေးစွာ သီးခြားအမှာတစ်ခုနှယ်တည်ရှိလေသည်။ အုတ်အုတ်တိုင်းအမြင့်ကြီးကာရံထားသောခြံဝင်းဘုယ်ကြီးအတွင်းတွင် နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံးရှိသည်။ တိုက်အိမ်၏နောက်ဘက်တွင်တော့ တောကြက်၊ ဆိတ်နှင့် ယုန်တချို့ကိုခြံခတ်ပြီးမွေးထားသည်။ မျက်နှာစာဘက်တွင်တော့ ဘေးပင်သီးပင်နှင့် ဝါပင်များ အကန့်လိုက် အပိုင်းလိုက် စနစ်တကျစိုက်ထားသော စိုက်ခင်းတစ်ခုရှိသည်။ စိုက်ခင်းအနီးတွင်တော့ အေးလှ၊ ချိုလှသော ရေတွင်းတစ်တွင်း။ သည်ရေတွင်းမှ ရေငင်ရင်း၊ စိုက်ခင်းတွေကို ရေလောင်းရင်း၊ ကြက်ကလေး၊ ဆိတ်ကလေးတွေကို အစာကျွေးရင်း ဝါဂွမ်းတွေ ဆူးရင်းနှင့်ပင် သည်အိမ်ကြီးမှာ သူပျော်မွေ့နေခဲ့သည်။

ဗိုင်းငင်ရင်း ချည်မျှင်လေးတွေ တစ်မျှင်ပြီးတစ်မျှင်တိုးလာသလို သူ့သံယောဇဉ်တွေကလည်း ယာယာ့အပေါ် တဖြည်းဖြည်းရစ်နှောင်လာခဲ့လေသည်။ သူ့လိုပင် ယာယာလည်း သံယောဇဉ်ပိုပေလိမ့်မည်ဟုသူမျှော်လင့်မိသည်။ ယာယာ့ဘဝမှာ ပထမဆုံးတွေ့ဖူးသော သူစိမ်းယောကျ်ားသားသည် သူပင် ဖြစ်သည်။

❑

လွန်ခဲ့သည့် အနှစ် (၂၀) ကျော်ကတော့ ဦးကျော်ဇတို့ မိသားစုသည် လျှမ်းလျှမ်းတောက် ကျော်ကြားသော လူချမ်းသာမိသားစု ဖြစ်သည်။ လိမ္မာရေးခြားရှိလှသော သားတစ်ယောက်၊ သမီးတစ်ယောက်နှင့်မို့ ပျော်ရွှင်ဖွယ် မိသားစုတစ်ခုလည်း ဖြစ်ခဲ့လေသည်။ ငွေကို ရေလိုသုံးရုံတင်မက လေလိုပင် သုံးနိုင်လောက်သည်အထိ ကျိကျိတက်ချမ်းသာလှသည်။ လုပ်သမျှ လုပ်ငန်းတိုင်းကလည်း အောင်မြင်သည်မို့ ဦးကျော်ဇ လက်နှင့်ထိသမျှ ရွှေဖြစ်ရုံမက စိန်တွင်းကြီးဖြစ်သည်ဟု ပြောစမှတ်ပြုကြရသည်။

သည်လို ပြည့်စုံသည့်ဘဝတွင် မျှော်လင့်မထားသည့် ကံကြမ္မာဆိုးက ဦးကျော်ဇတို့မိသားစုဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။ ခရီးတစ်ခုထွက်ရင်း မိသားစုလိုက်ကားအက်ဆီးဒင့်ဖြစ်သည်။ နောက်ခန်းမှာ ခါးပတ်ကိုယ်စီပတ်ကာ ထိုင်လိုက်လာသည့် သားနှင့်သမီးက အပေါ်ယံလောက်သာ ဒဏ်ရာရသော်လည်း ဦးကျော်ဇတို့ ဇနီးမောင်နှံက သေလုမြောပါးဒဏ်ရာရကြသည်။ သေလုမြောပါးမှ တကယ့်သေလုမြောပါး။ လူမှန်းသူမှန်းမသိနိုင်တော့လောက်အောင်ပင် ရက်ရှည်သတိမေ့မြောသည်။ ဦးခေါင်းကို အကြိမ်ကြိမ်ခွဲစိတ်ရသည်။ ပြင်ပဒဏ်ရာဆိုသည်မှာလည်း တစ်ကိုယ်လုံး ပတ်တီးအပြည့်နှင့် မံမီရုပ်အလောင်းများနှယ်။

ဆေးရုံတွင် လပေါင်းများစွာကုသမှုခံယူပြီးသည့်နောက်ဝယ် အိမ်တွင်သာကုရန် သမားတော်များက အကြံပြုသည်။ တာဝန်ယူသူက ဦးကျော်ဇ၏ညီအရင်း။ အနီးကပ်စီမံပေးမည့်သူက ဦးကျော်ဇ၏ ယုံကြည်ရဆုံးသော ဘယ်လက်ရုံး မန်နေဂျာ။ အချိန်ပြည့်ဆေးထိုး၊ ဆေးတိုက်လုပ်မည့် သူနာပြုများကို လခနှင့်ငှားသည်။ သမားတော်များကသူ့ရက်နှင့်သူလာကြည့်ကြသည်။ ဦးကျော်ဇတို့ကတော့ သတိရတစ်ချက်၊ မရတစ်ချက်။ အိပ်ရာထက်မှာ မလှုပ်နိုင် မရှားနိုင် လူသေကောင်သာသာ ဆိုးလိုက်သည့်ဘဝ။

နောက်ပိုင်းတွင်တော့ ညီဖြစ်သူနှင့် မန်နေဂျာတို့က သူနာပြုများကို မငှားတော့ဘဲ အိမ်ရှိအခိုင်းအစေများဖြင့်သာပြုစုစေတော့သည်။ သမားတော်များကိုလည်း မကုသစေတော့ဘဲ သောက်ဆေးများဖြင့်သာ အိမ်တွင်ကုသတော့သည်။ ဦးကျော်ဇတို့မိသားစု၏ လောကငရဲက သည်မှာစသည်။ ဆေးကောင်းဝါးကောင်း မကုရတော့သော်လည်း သေမင်းလက်မခံသေးသော ကြောင့်ထင့် ဦးကျော်ဇတစ်ယောက် မကြာခဏ သတိလည်လာတတ်သည်။ သတိလည်လာလျှင် သားနှင့် သမီးကိုတသည်။ ဇနီးကိုမေးသည်။ သည်လို တတိုင်းမေးတိုင်း ဦးကျော်ဇ ဆေးတွေ သောက်ရသည်။ ဆေးသောက်ပြီးသည်နှင့် သတိလစ်ပေဦး တမေ့တဆုံး။

ဦးကျော်ဇ သည်လို ဝဋ်ခံနေရချိန်တွင် ဇနီးသည် ဒေါ်ခင်လုံသည်လည်း ထိုနည်းနှင်နှင်ခံနေရသည်သာ။ သားဖြစ်သူကတော့ ဆုံးရှာပြီ။ မဝရေစာ ကျွေးကာ ပြင်ပလူများနှင့် ထိတွေ့မှုမရှိအောင် ပိတ်လှောင်ထားရာ အရွယ်ရောက်နေပြီဖြစ်သော သားဖြစ်သူက လွတ်မြောက်ဖို့ ကြိုးစားသည်။ ပြင်ပလောကနှင့် အဆက်အသွယ်လုပ်ကာ စီးပွားရေးလုပ်ငန်းများကို ပြန်လည်အဖတ်ဆည်ယူရန် ကြိုးစားချင်သည်။

ထိုအချိန်တွင် ဦးကျော်ဇ၏စီးပွားရေးလုပ်ငန်းများမှာ အများအမြင်တွင် ပြုတ်ပြုတ်ပြုန်းနေလေပြီ။ အိမ်ရှိ အနီးကပ် တပည့်တပန်းများကိုပင် နေရပ်ပြန်လွှတ်ရသည်အထိပင်။ ညီဖြစ်သူနှင့် မန်နေဂျာတို့ကောင်းသဖြင့်သာ ဦးကျော်ဇတို့ဆေးဆက်ကုနေနိုင်သည်။ အများအမြင်တွင် ထိုသို့ဖြစ်သော်လည်း တကယ်မှာက စီးပွားရေးလုပ်ငန်းများကို ညီဖြစ်သူနှင့် မန်နေဂျာက တစ်ဖက်လှည့်ပြီး လွှဲပြောင်းရယူကာ လုပ်ငန်းသစ်များအဖြစ် ထူထောင်ပြီးနေပြီ။ သည်ဖြစ်ရပ်များကို ပြင်ပနှင့်ဆက်သွယ်ကာ အမှန်တရားရှာဖွေမည်အပြု မန်နေဂျာ၏တပည့်ကျော်များက လက်သံပြောင်စွာ ဆုံးမလိုက်လေရာ ကားအက်ဆီးဒင့်လိုလို ဘာလိုလိုနှင့် သားဖြစ်သူ ဆုံးပါးရှာလေသည်။

သမီးဖြစ်သူကတော့ မန်နေဂျာအိမ်တွင် လက်တိုလက်တောင်း အခိုင်းအစေအဖြစ်အသုံးတော်ခံနေရရှာသည်။ ဘာမှလည်းမသိတတ်သေးသည့်ကလေးအရွယ်မို့ အန္တရာယ်တော့မပေး။

တကယ်တော့ သည်အဖြစ်အပျက်တွေကို အိပ်ရာပေါ်က ဦးကျော်ဇတို့ဇနီးမောင်နှံမှာ တစိုးတစိမျှ သိသည်မဟုတ်။ သိသလောက် ပြောပြပေးသူက မင်းမင်း။ မင်းမင်းက ဦးကျော်ဇတို့ဇနီးမောင်နှံကို ထားရှိသည့် အိမ်ကြီးမှ အိမ်စောင့်တစ်ဦး။ ဦးကျော်ဇတို့အနီးရှိ တပည့်ရင်းချာများ၊ လူယုံများ၊ အိမ်ဖော်များ စသည်တို့ကို နေရပ်ပြန်လွှတ်ပြီးသည့်နောက်တွင် အခိုင်းအစေ ဟူ၍ မင်းမင်းတစ်ယောက်ကိုသာ ထားတော့သည်။ မင်းမင်းက ဦးကျော်ဇတို့နှင့် ယခင်က မည်သို့မျှ အဆက်အစပ်မရှိသောတကယ့်လူစိမ်းပြင်ပြင်။ သည် မင်းမင်းက ဦးကျော်ဇတို့ကို အချိန်အတိုင်းအတာတစ်ခုအထိတော့ ကူညီခဲ့လေသည်။

သတိလည်လာလိုက်၊ ဆေးတိုက်ခံရပြီး သတိလစ်သွားလိုက်ဖြင့် အလူးအလဲခံနေရသော ဦးကျော်ဇတို့ကို ကြာလာတော့ မင်းမင်းက သနားစိတ်ကလေးဝင်လာဟန်ရှိလေသည်။ သတိလည်စပြုချိန်တွင် ဦးကျော်ဇကို ဆေးမတိုက်သေးဘဲ ပြုစုတာ၊ စကားစမြည်ပြောတာတွေလုပ်လာသည်။ တဖြည်းဖြည်းရင်းနှီးလာချိန် ဦးကျော်ဇတို့၏ ဖြစ်ရပ်ဇာတ်ကြောင်းစုံကို မင်းမင်းသိရှိ



www.burmeseclassic.com

www.burmeseclassic.com

လာချိန်နောက်ပိုင်းတွင် သတိပြန်လစ်သွားစေမည့်ဆေးများကို မတိုက်တော့ပေ။ ပြင်ပကဖြစ်ရပ်များကို ဦးကျော်ဇတို့သိအောင် မင်းမင်းက ပြောပြသည်။ ဦးကျော်ဇတို့ကလည်း သိချင်တာတွေမေးရင်း တစ်စတစ်စ ပိုရင်းနှီးလာကြသည်။

နောက်ပိုင်းတွင် အားဆေးများဝယ်တိုက်ခြင်း၊ အားရှိစေမည့်အစားအစာများ ဝယ်ခြမ်းကျွေးမွေးခြင်းတို့ကိုလည်း မင်းမင်းကလုပ်ပေးသည်။ သည့်အတွက် ကျသင့်တန်ဖိုးကို အိမ်တွင်းရှိလျှို့ဝှက်အံဝှက်များတွင် ထည့်သိုထားသောလက်ဝတ်ရတနာများဖြင့် ဦးကျော်ဇတို့က ပေးချေသည်။ ကျသင့် တန်ဖိုးရယ်လို့တောင် မဟုတ်ပါ။ တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်မည်ဆိုလျှင် လက်စွပ်တစ်ကွင်း၊ လက်ကောက်တစ်ကွင်းစသည်ဖြင့် ပေးလိုက်ခြင်းသာဖြစ်သည်။ ငွေကြေးရယ်လို့လည်း ဦးကျော်ဇတို့မှာမရှိပေ။ အိမ်အတွင်းရှိ ယူဆောင်လို့ရသမျှ အဖိုးတန်ပစ္စည်းများ၊ ငွေကြေးများကို မန်နေဂျာက ယူဆောင်သွားခဲ့ပြီ ဖြစ်သည်။ သည်ပစ္စည်းတွေကတော့ အံဝှက်များဖြင့် လျှို့ဝှက်သိမ်းဆည်းထားသည်မို့သာ ကျန်နေခြင်း ဖြစ်သည်။ ပြင်ပမှပစ္စည်းများ ဝယ်ခြမ်းရန်နှင့် ဦးကျော်ဇတို့ ကျန်းမာစွာ အသက်ဆက်ရန်မှာမင်းမင်းတစ်ယောက်သာ အားကိုးရာဖြစ်တော့သည်မို့ ရွှေငွေရတနာများပေးရခြင်းကိုမမြင်၊ ကျေးဇူးအခါခါသာတင်နေရတော့သည်။

အားသည့်အခါ အိမ်တွင်းတွင်ကိုယ်လက်လေ့ကျင့်ခန်းများလုပ်သည်။ ညနေတိုင်းလည်း လမ်းလျှောက်သည်။ တဖြည်းဖြည်းနှင့် ဦးကျော်ဇတို့ ဇနီးမောင်နှံမှာ လူကောင်းပကတိအဖြစ်ကျန်းမာစွာ အသက်ဆက်နိုင်ပြီ ဖြစ်လေသည်။ သို့သော် မန်နေဂျာလာမည့်ရက်များတွင်တော့ အိပ်ရာထက်တွင် သတိပင်မကပ်သည့်သဖွယ် ဟန်ဆောင်ပြကြရလေသည်။ ညီဖြစ်သူကတော့စီးပွားရေးလုပ်ငန်းအသစ်များ ကြားတွင်နစ်မြုပ်လျက် ဦးကျော်ဇတို့ကို လာ၍ပင်မကြည့်တော့။ပေယျာလကန်။မန်နေဂျာ၏သဘောသာ။

အခြေအနေက ပကတိအေးဆေးငြိမ်သက်နေသည်။ သည်လောက်ရက်ရှည်လများသတိကောင်းစွာမရလေသော လူမမာနှစ်ဦးမှာ ပြန်ကောင်းလာစရာအကြောင်း မည်သို့မျှ မရှိနိုင်တော့ဟု မန်နေဂျာကအပိုင်တွက်သည်။ သည်တော့ အေးဆေးပစ်ထားလိုက်ဦးမည်။ ရုတ်ခြည်းသေလို့တော့မဖြစ်။ ဦးကျော်ဇ၏သားကလည်း အမျှားအမြင်တွင်သို့လော သို့လောနှင့် ဆုံးပါးသွားချိန် ဦးကျော်ဇတို့နှစ်ယောက်ပါ ထပ်သေသွားလျှင်ဖြင့် မကောင်းနိုင်တော့။ ပတ်ဝန်းကျင်က သံသယဖြစ်တာတွေရှိလာနိုင်သည်။ လတ်တလောတွင် အခြေအနေကို သည်အတိုင်းသာမျှောထားရပေဦးမည်။ သည်တော့ မင်းမင်းကိုသာ အမိန့်တော်မှတ်သည်။ ကျွေးလည်းကျွေး၊ ပြုစုလည်းပြုစု၊ မသေစေနှင့် ပြန်လည်းကောင်းမလာစေနှင့်။

သည်အချိန်တွင် သတင်းဆိုးတစ်ခုကြားရသည်။ ဦးကျော်ဇ၏သမီးဖြစ်သူပါ ဆုံးရှာပြီဟူ၍။ အသတ်ခံရသည်တော့ မဟုတ်။ သို့သော် ဘဝတစ်လျှောက်လုံး မင်းသမီးလေးနှယ်၊ နတ်သမီးလေးနှယ် နုနုနယ်နယ်နေထိုင်လာခဲ့ရသူလေးမို့ အနေဆင်းရဲ၊ အစားဆင်းရဲဘဝတွင် တရှောင်ရှောင်နှင့် နာမကျန်းလှ။ ဆေးကုသမှုလည်း ကောင်းစွာမခံရသောအခါ ငှက်ဖျားလိုလို၊ နာတာရှည်လိုလိုနှင့်သာ ဆုံးရှာတော့တာ ဖြစ်သည်။

ဒီသတင်းဆိုးကြောင့် ဦးကျော်ဇတို့ဇနီးမောင်နှံမှာ မရှုးရုံတမည်သာရှိတော့သည်။ သည်ကြားထဲ ဖွဲဖောက်လာသူက မင်းမင်း။ တကယ်တော့ မင်းမင်းသည် လူကောင်းလေးတစ်ဦးသာ ဖြစ်ပေသည်။ သည်လောက် ကျဉ်းထဲကျပ်ထဲအခြေအနေတွင် ဦးကျော်ဇတို့ ဇနီးမောင်နှံကို ကောင်းမွန်စွာစောင့်ရှောက်ထားသည်မှာ တော်ရုံစိတ်ထားနှင့်တော့မရ။ သို့သော်လည်း ပစ္စည်းဥစ္စာ ရွှေငွေရတနာ ဟူသည် ကောင်းမြတ်သောစိတ်ထားတို့ကို ဖျက်ဆီးပစ်တတ်သည့် နတ်ဆိုးပေလားတော့မသိတော့။ ဦးကျော်ဇတို့၏ ရတနာများထားသည့်နေရာကို မင်းမင်းက ရှာသည်။ ဖွင့်တတ်မှအောင် စူးစမ်းသည်။ ထို့နောက် ဦးကျော်ဇတို့နှစ်ဦးစလုံးကိုလုပ်ကြံရန် ကြိုးစားသည်။

ဦးကျော်ဇတို့က လက်ဦးမှုရယူကာ မင်းမင်းကို သတိလစ်အောင်တိုက်ခိုက်ပြီးသည်နှင့် ဦးကျော်ဇဇနီးမောင်နှံ ခြေရာဖျောက်ပြေးကြရလေတော့သည်။ ဆက်နေလျှင် အသက်ရှင်ရန် လမ်းအယ်မမြင်လေပြီ။ ရွှေချောင်းတွေ၊ စိန်တွေ၊ လက်ဝတ်ရတနာတွေအပြည့်ထည့်ထားသောသေတ္တာငယ်ကိုပိုက်လျက် မြန်မာပြည်အထက်ပိုင်းအထိ ဦးကျော်ဇတို့အသက်လုပြေးခဲ့ရတော့သည်။

ရွာတစ်ရွာတွင် ဇာတ်မြုပ်ရင်းခေတ္တအခြေချသည်။ စိန်တွေက အဖိုးအနဂ္ဃထိုက်လှသော ရှေးစိန်တွေဖြစ်သဖြင့် ဘဝရပ်တည်နိုင်ဖို့ ကောင်းကောင်းကြီး လောက်ငပိုလျှံသည်။

ပစ္စည်းဥစ္စာနှင့်ပတ်သက်လာလျှင်သွေးသားအရင်းအချာဖြစ်သူ ညီအရင်းကပင် ယုတ်မာတာခံခဲ့ရသူမို့ လူတွေကိုဦးကျော်ဇ အတော်စိတ်နာနေခဲ့ပြီ၊ မန်နေဂျာသည်လည်း ဦးကျော်ဇ အယုံကြည်ရဆုံးသော ညာလက်ရုံးပင်၊ သို့သော်လည်း ဥစ္စာဓနနှင့် ယှဉ်လာတော့ အသက်ကိုပင် ရန်ရှာသည်၊ ကံကောင်းထောက်မ၍ ကယ်တင်သူတွေ့ပြန်တော့လည်း ရွှေငွေနှင့်အတွေ့ လုပ်ကြံဖို့ ပြင်ပြန်သည်။ ရင်မှဖြစ်သော သားနှင့်သမီးမှာလည်း လူယုတ်မာတို့လက်ဝယ် အသက်ဆုံးခဲ့ရပြီ။ သည်လိုလူ့လောကဝယ် မည်သူ့ကိုယုံကြည်ရပါအံ့နည်း။ စိတ်နာနာနှင့် ဦးကျော်ဇတွေးသည်။ လူတွေနှင့်ဝေးနိုင်သမျှ ဝေးဝေးသာနေချင်တော့၏။ ဘဝတစ်လျှောက်လုံး သေအတူရှင်မကွာ ကောင်းတူဆိုးဖက်ရှိခဲ့သည့် ဇနီးသည်လက်ကိုဆွဲကာ လူ့ဘောင်လောကနှင့် ဝေးရာတွင် ရှင်သန်လိုသည်။

ဦးကျော်ဇက အမဲလိုက်ဝါသနာပါသူပီပီ တောတွင်းအတွေ့အကြုံရှိသည်မို့ အခွင့်ကြုံတိုင်း တောနက်ထဲအထိတောတိုးသည်။ သေချာပြီဟုဆုံးဖြတ်နိုင်သည့်တစ်နေ့တွင် ပန်းရန်လုပ်သားများကို ပုတ်ပြတ်ကြေးပေးပြီးလျှို့ဝှက်ခေါ် ယူသည်။ တစ်မြို့တစ်ရွာကသူများကိုသာ ရွေးချယ်ခေါ်ယူပြီးနောက် ဦးကျော်ဇတို့ တောထဲသို့တိတ်တဆိတ်ဝင်ကြလေတော့သည်။ ဟိုး လူမနီးသူမနီး တောနက်ထဲသို့။

တောစိုးစိုးနက်လှသောနေရာတွင် ဦးကျော်ဇ၏တောတွင်းအိမ်ဂေဟာကိုစတင်တည်ဆောက်ခဲ့သည်။ ရေအတွက်က စမ်းချောင်းနှင့်နီးသည်။ အစာအတွက်က အစာဖုတ်လို့ရသည့် မြေအမျိုးအစားရှိရာနေရာမို့ အုတ်လုပ်သလောက်ရသည်။ လျှပ်စစ်အတွက်ရေအားကိုသုံးကာ လျှပ်စစ်ရအောင်ကြံသည်။ ပန်းရန်လုပ်သားက(၁၀)ယောက်မို့ အလုပ်ကလည်း လုပ်သလောက်တွင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

လုံခြုံမှုအတွက် အုတ်တံတိုင်းကပင် လူနှစ်ရပ်မက ခြံတံခါးကပင် သုံးထပ်၊ တောနက်ထဲမို့ မမျှော်မှန်းနိုင်သည့်အန္တရာယ်များကလည်းကြုံရနိုင်ရာ အကယ်၍ ခြံတံခါးတစ်ထပ်ပွင့်သွားခဲ့လျှင် တံခါးနှစ်ထပ်ကျန်စေရန် စီမံခြင်းဖြစ်သည်။ အုတ်တံတိုင်းအပြင်ဘက် ပတ်ပတ်လည်တွင် ခြံတံခါးနေရာကို ချန်လှပ်လျက် ကျားလန်ခြံစည်းရိုးနှစ်ထပ်ကာလိုက်သေးသည်။ ယင်းစည်းရိုးများနှင့် အုတ်တံတိုင်းများအကြားတွင် ဆူးခြောင့်ခလုတ်များ၊ ပုလင်းကွဲများ စသည်ဖြင့် အတားအဆီးများအပြည့်။ ခြံထဲတွင်လည်း ရေတွင်းတူးသည်။ ပြည့်စုံလေပြီ။

ပြည့်စုံပြီးသည့်နောက်တွင် အစားအသောက်များထဲ အဆိပ်ခတ်ကာ ပန်းရန်လုပ်သား (၁၀) ယောက်လုံးကို ဦးကျော်ဇက သတ်ပစ်လိုက်တော့သည်။ တိရစ္ဆာန်အကောင်ကြီးများပင် တစ်ဆွေ့သာခုန်နိုင်သည့် တစ်ဆွေ့ခုန်အဆိပ်မို့ အားလုံး အတုံးအရုံး သေပွဲဝင်ကြရှာသည်။

အမှန်အတိုင်းဆိုပါမူ သည်လို သတ်လိုက်ရခြင်းအတွက် ဦးကျော်ဇ စိတ်မချမ်းမြေ့ပါ၊ သို့သော်လည်း ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းသာ လုံလုံခြုံခြုံနေနိုင်ဖို့က သည်လိုခြေရာဖျောက်နိုင်ဖို့လိုသည်မို့ ဖွတ်မှိတ်လုပ်ခဲ့ရခြင်း ဖြစ်သည်။ ကိုယ်က လက်ဦးမှုမရယူနိုင်လျှင် ကိုယ်သာခံရမည်ဆိုသည့် လျှင်သူစားစတမ်း သဘောတရားကိုလည်း မဆိုးစိုင်သင်ဆိုသလို ဦးကျော်ဇ နားလည်နေခဲ့ပြီလေ။

တောထဲသို့ ရောက်ပြီး (၂) နှစ်ခန့်အကြာတွင် ယာယာ့ကိုမွေးသည်။ ယာယာ့ဘဝတွင် သူစိမ်းတစ်စုံရဲ့လူသားများကို တစ်ကြိမ်တစ်ခါမျှပင် မမြင်ဘူးခဲ့ပေ။ ယာယာ ပထမဆုံး တွေ့ဖူးသော၊ ရင်းနှီးဖူးသော သူစိမ်းယောကျ်ားသည် သူသာ ဖြစ်သည်။

❑

ချစ်သူဖြစ်လာတော့ ယာယာက မိသားစုအတိတ်ကိုအကြောင်းစုံပြောပြသည်။သတင်းပေါက်ကြားမည်စိုးသော ဦးကျော်ဇက သူ့ကိုလည်း သည်အိမ်ကြီးကနေ တစ်ဖဝါးမျှ ခွာခွင့်ပြုတော့မည်မဟုတ်။ မိမိသားစုနှင့်သာ သေတစ်ပန်သက်တစ်ဆုံး နေထိုင်သွားစေရန် ရည်ရွယ်ထားပုံရသည်။ ဦးကျော်ဇတို့ဇနီးမောင်နှံက အသက် (၆၀) ကို (၅) နှစ်စွန်းစွန်း။ ယာယာက ခုမှ (၁၈) နှစ်သာသာရှိသေးသည်မို့ မိဘတွေမရှိတော့သည့်နောက် ယာယာ့ဘဝ ဆက်လက်ရပ်တည်ဖို့အတွက်ပါ။ သူ့ကိုမျှော်လင့်ဟန်တူသည်။ သူနှင့်ယာယာတို့ ချစ်သူဖြစ်နေသည်ကိုလည်း သိသာသိစေ မမြင်စေနှင့် သဘောထားသော်လည်း အလုံးစုံကိုတော့ ရိပ်မိသိရှိဟန်တူသည်။ ဒါတွေကိုလည်း ယာယာပြောပြ၍ သူသိရသည်။

ယာယာ့ကို သူချစ်သည်။ ဖြူစင်နုနယ်လွန်းသည့် သည်အလှပန်းပွင့်လေးကို ဘဝတွင် တစ်ခါမှမချစ်ဘူးသော အချစ်မျိုးဖြင့် သူချစ်မိခြင်း ဖြစ်သည်။ နောက်တစ်ခုက သနားခြင်းနှင့် မျှော်လင့်ချက်တို့ ပေါင်းစပ်ထားသော စိတ်ရည်သန်ရာတစ်ခု။ ဘဝတွင် သူမှလွဲ၍ မည်သည့် သူစိမ်းလူသားတစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်ဘူးသော လူ့ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းအတွင်းသို့ တစ်ကြိမ်မျှတစ်ခါမျှ မရောက်ရှိ မထိတွေ့ဘူးသော ယာယာ့ကို သူသိပ်သနားသည်။ ယာယာသည် သည်လူသားသုံးဦးမှအပ လူဆိုတာကို မမြင်ဘူး၊ စာမသင်ဘူး စားကောင်းသောက်ဖွယ် ဖွယ်ဖွယ်ရာရာများ မစားဘူး။ လူ့ဘဝအနှစ်သာရဆိုသည်ကို မရှာဖွေဘူးပေ။ သည်လို ယာယာ့ကို လူ့ဘောင်အသိုင်းအဝန်းအတွင်း ရောက်ရှိဝင်ဆံ့အောင် သူခေါ်သွားချင်သည်။

ယာယာ့ကို ခေါ်မည်ဆိုလျှင် မိဘနှစ်ပါး၏သဘောထားကလိုသေးသည်။ ဒါက သိပ်တော့မလွယ်လှ။ လူ့အသိုက်အဝန်းကို စိတ်နာရွံမုန်းလွန်းသဖြင့် သည်လောက်ထိ တစ်သက်စာ ပြင်ဆင်ပြေးထွက်လာခဲ့ပြီးမှတော့ ယာယာ့ကို လူ့အသိုက်အဝန်းဆီ စိတ်ချလက်ချ လွှတ်လိုက်ဖို့ဆိုတာ သိပ်ဖြစ်နိုင်ခြေမရှိလှ။ တကယ်က ယာယာ့ကိုသာမက ဦးကျော်ဇတို့ကိုပါ လူ့အသိုက်အဝန်းဆီ သူပြန်ခေါ်သွားချင်သည်။ သူအများကြီး ကြိုးစားရဦးမည်။ အများကြီး စည်းရုံးရဦးမည်။ သည့်အတွက် သည်အိမ်ကြီးတွင် အချိန်တော်တော်ကြာ သူနေဖို့လိုသေးသည်။

"အနည်းဆုံးတော့ တစ်နေ့ထမင်း နှစ်နပ် ပုံမှန်စားရတဲ့လူသားတစ်ယောက်အဖြစ် ယာယာ့ကို ရှင်သန်စေချင်သေးတယ်လေ"

ချစ်ရသူ ယာယာ့ကို သည်လို ဂရုဏာဖွဲ့ဖွဲ့ဖြင့် သူ ဆိုမိသည်။ သည်အိမ်ကြီးမှာ ယာယာတို့တစ်မိသားစုလုံးက ထမင်းမစားကြ။ အသားခြောက်ကင်၊ အသီးအရွက်ကင်နှင့် ဆိတ်နို့တို့ကိုသာ စားသောက်ကြသည်။ ခြံဝင်းနောက်ဘက်တွင် စပါးခင်းနှင့် ဂျုံခင်းများရှိသော်လည်း တစ်ခါတစ်ရံ စားသောက်ရန်နှင့် မျိုးစေ့ယူရန်လောက်သာ သုံးသည်။ စားသည်ဆိုရာတွင် ထမင်းတော့ ချက်စားသည်မဟုတ်။ ဆန်ပြုတ်ကျဲကျဲနှင့် ဂျုံယိုကျဲကျဲမျှသာ ဖြစ်သည်။

"ယာယာငယ်ငယ်တုန်းကတော့ တစ်ခါတစ်ရံ ထမင်းစားကြသေးတယ် အစ်ကို။ နောက်တော့ လက်ဖြစ်ဆန်စက်လေးကလည်း သိပ်အလုပ်မဖြစ်တာရော နေ့တိုင်းစားလောက်အောင် စပါးစိုက်ဖို့မလွယ်တာကြောင့်ရော လျှော့စားကြရင်းနဲ့ပဲ နောက်ပိုင်း ထမင်းလုံးဝမစားဖြစ်ကြတော့တာ။ အဖေက အမဲလိုက်တာ၊ သုတ်ကိုင်းထောင်တာတွေ ကျွမ်းကျင်တော့ အသားရဖို့ကတော့ မခက်ဘူးလေ။ တောနက်ဖြစ်တာရော၊ ဆားမြေရှိတာကြောင့်ရော သားကောင်တွေကတော့ ဒီနားတစ်ဝိုက် ရဖို့မခက်ဘူးပေါ့"

ယာယာက သက်ပြင်းတစ်ချက်ချရင်း စကားကိုဆက်သည်။

"ခုတော့လည်း အသားကင်တွေနဲ့ပဲ ပါးစပ်က ကျင့်သားရတော့တယ်။ အဖေနဲ့ အမေအတွက် သားကောင်ရဖို့ကလည်း မဖြစ်မနေလိုတယ်လေ"

ယာယာ့စကားဆန်းကြောင့် သူက မေးမိသည်။

"အဖေနဲ့ အမေအတွက် သားကောင်ရဖို့ မဖြစ်မနေလိုတယ်ဆိုတော့ ယာယာ့အတွက်ကျတော့ရော"

သူ့မေးခွန်းကြောင့် ယာယာမျက်နှာတစ်ချက်ပျက်သွားသော်လည်း သူ့ပခုံးကိုမှီရင်းဖြေသည်။

"ယာယာ့အတွက်က မဖြစ်မနေဆိုတာမရှိပါဘူး။ ယာယာက ဗိုက်ဝတယ်ဆိုရပြီ"

သနားဂရုဏာစိတ်တို့ သူ့ရင်ထဲ လှိုက်ခနဲ လှိုက်တက်လာသည်။ ယာယာ့ခေါင်းလေးကို လက်ဖြင့် အသာအယာ ပွတ်သပ်ပေးရင်း သူအခိုင်အမာပြောမိသည်။

"အစ်ကိုကတိပေးတယ်။ ယာယာ့ကို အစ်ကိုနေတဲ့မြို့လေးဆီ တစ်နေ့နေ့မှာအရောက်ခေါ်သွားမယ်။ အဲဒါ ဘယ်တော့မှ မပြောင်းလဲမယ့် အစ်ကို့ကတိ၊ အစ်ကို့ဆုံးဖြတ်ချက်ပဲ"

❑



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းကျတော့ ယာယာ့ကိုပင် အတော်စည်းရုံးလိုက်ရပါသည်။ သည်တော သည်တောင် သည်အိမ်ထဲတွင်သာ ကြီးပြင်းရှင်သန်ခဲ့ရသော ယာယာ့အဖို့ သည်နေရာသည်သာ လုံခြုံစိတ်ချရဆုံးဟု ယူဆနေတာဖြစ်သည်။ မိသားစု၏အတိတ်ဖြစ်ရပ်များကလည်း ယာယာ့အတွက် တစ်သက်စာလုံလောက်စေသော ခြောက်အိပ်မက်ဆိုးများဖြစ်ခဲ့လေသည်။ နောက်ဆုံးတော့ သူ့ကိုချစ်သည့်စိတ်ကြောင့် ယာယာက သူခေါ်ရာလိုက်ရန် ခေါင်းညိတ်ခဲ့လေသည်။ တစ်ခုတော့ ခွင့်တောင်းသည်။

"အဖေနဲ့ အမေကိုပါ ရအောင်ခေါ်ကြမယ်နော် အစ်ကို"

ဦးကျော်ဇတို့ကိုတော့ ချက်ချင်းကြီး ဖွင့်ပြောပြဖို့ မဖြစ်နိုင်မှန်း သူသဘောပေါက်သည်။ သူတို့အကြားတွင် အပြန်အလှန် ယုံကြည်ကိုးစားမှုတွေ၊ ချစ်ခင်မှုတွေ၊ နှောင်တွယ်မှုတွေ အတော်အတန် တည်ဆောက်ယူရဦးမည်။ သည်အတွက် အချိန်ခပ်များများ သူမြှုပ်နှံထားရပေဦးမည်။

သည်အချိန်တွေအတွင်း သူနှင့်ယာယာတို့၏ ချစ်ခရီးလမ်းကတော့ သာယာကြည်နူးဖွယ်အတိဖြစ်ပါသည်။ ယုန်သူငယ်လေးလို နူးညံ့သော၊ သိုးငယ်လေးလို ဖြူစင်သော၊ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းသော ယာယာသည် သူ့အတွက် အကောင်းဆုံးချစ်သူတစ်ဦးဖြစ်ခဲ့ပါသည်။ ယုန်ကလေးတွေ၊ ကြက်ကလေးတွေကို အစာကျွေးရင်း သူတို့ချစ်ခွန်းချွေကြသည်။ ဆိတ်ကလေးတွေကို လွှတ်ကျောင်းရင်း သူတို့ ချစ်စကားဖောင်ဖွဲ့ကြသည်။ သီးနှံခင်းတွေကို ရေလောင်းရင်း သူတို့ ချစ်တေးသီကြသည်။ လရောင်အောက်တွင် ဗိုင်းငင်လျှင် တကယ့်ကို ကြည်မွေ့ဖွယ်အတိ။

သူပြောပြောပြတတ်သော မြို့ပြအကြောင်းများကလည်း ယာယာ့အတွက် ဆန်းကြယ်မှုအပြည့်၊ အံ့ဩဖွယ်အတိ။

"ဟာ - အစ်ကိုက အဲဒီစက်ကြီးသုံးတတ်တယ် ဟုတ်လား။ မိုက်တယ်။ ဘာခေါ်တယ် အစ်ကို ကွန်တားလား ကွန်တာလား"

"ကွန်ပျူတာပါ ယာယာရ"

"အဟဲ - ဟုတ်သား၊ ကွန်ပျူတာနော်။ ယာယာက တီဗွီပဲ သိတာလေ။ ယာယာငယ်ငယ်ကအထိ တီဗွီကြည့်ဖူးသေးတယ် အစ်ကို။ တီဗွီရယ်၊ ဗွီဒီယို တိပ်ခွေစက်ရယ်လေ။ အဲဒါတွေ ပျက်သွားတော့ ဘာမှမကြည့်ဖူးတော့ဘူး။ ကွန်ပျူတာဆို ယာယာ ကြားတောင် မကြားဖူးဘူး"

သည်လိုကတစ်မျိုး -

"ဟာ-အစ်ကိုက ဘွဲ့ရတယ်ဟုတ်လား။ သိပ်တော်တာပဲနော်။ ယာယာဆို လေးတန်းစာလောက်အထိပဲ တတ်တာ။ ဒါတောင် အဖေသင်ပေးလို့"

သည်လိုကတစ်ဖုံ။

"အစ်ကိုပြောပြတဲ့ မြို့က စားစရာတွေအကြောင်းကြားရတော့လည်း ခဏဖြစ်ဖြစ်တော့ စားကြည့်ချင်သား။ ယာယာ တစ်ခါမှ မစားဖူးဘူးလေ"

သည်လိုက တစ်သွယ်။

သည်လိုစကားတွေအကြား သူ့နှလုံးသားက ဘယ်လိုမှ တောင့်မခံနိုင်။ ယာယာ့နဖူးပြင်လေးကို အသာအယာရှိုက်နမ်းရင်း ထပ်တစ်ဖန် သူကတိပြုမိသည်။

"ယာယာ့ကို ဒီတောထဲကနေ မရရအောင် အစ်ကို ခေါ်ထုတ်မယ်ကွာ။ တို့တွေ ဘဝသစ်တစ်ဖန်ထူထောင်ကြမယ်ကွာနော် ယာယာ"

သည်အချိန်မှာတော့ သူ့ကို မခွဲနိုင်မခွာရက် အရှူးအမူး ချစ်နေပြီဖြစ်သော ချစ်သူ ယာယာက ခေါင်းကို ခပ်သွက်သွက်ညိတ်လေသည်။

ဘာလိုလိုနှင့် သည်အိမ်ကြီးဆီ သူရောက်လာသည်ကပင် ခြောက်လစွန်းစွန်းရှိခဲ့ပြီ။ သူ့မိဘတွေကတော့ သူ့ကို သေလူဟုပင်သတ်မှတ်လိုက်ပေရော့မည်။ သူပြန်မှာပါ။ တစ်နေ့တော့ သူရောက်အောင် ပြန်ရမည်ဖြစ်သည်။ လောလောဆယ်တော့ သူ သည်မှာ အချိန်ကြာကြာနေရဦးမည်ထင်သည်။

သူသည်လိုထင်ထားသော်လည်း သည်တောတွင်းအိမ်ကနေ မြန်မြန်ဆန်ဆန်ထွက်ခွာဖို့ရန် အကြောင်းကဖန်လာသည်။ အိမ်၏အနောက်ဘက်ထောင့်မှာ စိမ်းစိုအုပ်မိုင်းနေသော ဝင်းခြံငယ်လေးတစ်ခုရှိသည်။ ဝင်းခြံငယ်ဆိုသော်ငြား စည်းရိုးခတ်ထားခြင်းတော့မရှိ။ သို့သော် အပင်များကို စနစ်တကျ စိုက်ပျိုးကာရံထားသော ပီဘိတောအုပ်ငယ်လေးဖြစ်သည်။ သည်တောအုပ်ငယ်လေးအနားရောက်သည်နှင့်ပင် အေးစိမ့်သွားတော့သည်။ ဝါးပင်ပုလေးများက တစ်ထပ်၊ ငှက်ပျောပင်များက တစ်ထပ်၊ ဘာပင်မှန်းမသိဘဲ အေးစိမ့်ပင်ဟု ယာယာ့တို့ခေါ်သော အမြစိမ်းပင်တစ်မျိုးက တစ်ထပ်စည်းရိုးငယ်လေးသဖွယ် စနစ်တကျစိုက်ပျိုးထားသည်။ ထိုအထဲတွင်မှ အအေးဓာတ်ကို ထိန်းနိုင်သည့်ကျောက်စရစ်ခဲလေးများကို အခင်းသဖွယ်ဖြန့်ခင်းထားရှိသည်။ ရှစ်ပေ၊ဆယ်ပေအခန်းငယ်တစ်ခုနှင့် ညီမျှသည့်တောအုပ်အဝန်းအဝိုင်းလေးတစ်ခု။ သည်အဝန်းအဝိုင်းလေးကို အေးစိမ့်တောဟု ယာယာတို့ခေါ်လေ သည်။

အတွင်းတွင်တော့ သုံးပေခန့်နက်သော ရေကန်ငယ်လေးများရှိသည်။ ခြေကြီးကိုတူးကာ အအေးထိန်းကျောက်စရစ်ခဲလေးများမံလျက် ပြုလုပ်ထားသောကန်လေးများထဲမှရေသည် ကျောက်စရစ်ရေတမျှ၊ ရေခဲရေတမျှ အေးလွန်းလှသည်ဟု ဆိုသည်။ အေးစိမ့်ပင်ဆိုသည်မှာ ရုက္ခဗေဒအခေါ် မည်သို့ရှိမည်မသိ။ အရွက်အထိအတွေ့ကပင် ရေခဲလိုအေးစက်နေကာ အပင်အနီးတွင်လည်း ထူးထူးခြားခြား အေးမြနေတတ်သော အေးစိမ့်ပင်ဟုယာယာတို့မိသားစုက အမည်ပေးထားခြင်း ဖြစ်သည်။ သည်အပင်များ၏ အအေးဓာတ်၊ ငှက်ပျောပင်၊ ဝါးပင်များ၏ အေးမြမှုတို့ကို အအေးထိန်းကျောက်ခဲများက တစ်ဖန်ထိန်းပြန်လေရာ ထိုအဝန်းအဝိုင်းလေးသည် အအေးခန်းတစ်ခုနှယ်ရှိနေလေသည်။ ဒါတွေကို ယာယာပြော၍ သူသိရခြင်း ဖြစ်သည်။ သူကတော့ ထိုနေရာအတွင်းထဲသို့တစ်ကြိမ်တစ်ခါမျှမရောက်ဘူး။ သွားခွင့်မရှိဟု ဦးကျော်ဇ ကိုယ်တိုင်က တားမြစ်ထားခြင်းကြောင့် ဖြစ်သည်။

❑

ထိုတစ်နေ့ကဲ့ နေသာသောနေ့တစ်နေ့ဖြစ်လေသည်။ မိုးဆက်တိုက်ရွာကာ မည်းမှောင်အုံ့မှိုင်းသော နေ့ရက်ရှည်များအကြား ထူးထူးခြားခြား နေပွင့်ကာ သာသာယာယာရှိသော နေ့လေးဖြစ်သည်။ အိမ်အပေါ်ထပ်က သူ့အခန်းပြတင်းပေါက်ဘေးမှာ ထိုင်လျက် ဘာရယ်မဟုတ် ထိုင်ငေးနေခဲ့သည်။ ထိုစဉ် ဦးကျော်ဇတစ်ယောက် သမင်တစ်ကောင်ကိုထမ်းလျက် ခြံတွင်းသို့ ဝင်လာသည်ကိုတွေ့ရသည်။

ခြေ၊ လက်များကို ကြိုးတုပ်ကာ ထမ်းလာသောသမင်မှာ အတော်ပင်ဆူဖြိုးလေသည်။ ဦးကျော်ဇကို သူကူရန်လိုမည်ထင်သည်။ သူသည်လိုတစ်ခါမှ တော့ မကူညီဘူး။ သို့သော် သူ့ရည်မှန်းချက်အထမြောက်အောင်မြင်ဖို့အတွက် ဦးကျော်ဇ၏သဘောထားက အဓိကကျလေသည်။ ထို့ကြောင့်ပင် ဦးကျော်ဇသည့်ထက်ရင်းနှီးမှုပိုမိုရယူကာ စည်းရုံး



www.burmeseclassic.com

www.burmeseclassic.com

ခန့်ရည်ရွယ်ခြင်း ဖြစ်သည်။ သမင်ကို အမဲဖျက်ရန်ကူညီမည်။ အသားခြောက် လှမ်းရန် ပြင်ဆင်ရင်းဖြင့်လည်း စကား ခြေပြောဆိုစည်းရုံးနိုင်မည်။ သည် အတွေးဖြင့် သူအိမ်ပေါ်မှဆင်းကာ ခြံ ထဲသို့ ခပ်သွက်သွက်လှမ်းလာခဲ့သည်။

သူခြံထဲရောက်ချိန်မှာ ဦးကျော်ဇ က ခြံနောက်ဘက်ဆီသို့ လျှောက်သွား နေလေပြီ။ မုဆိုးခြေလှမ်းမို့ မီအောင် သူ နှေးလိုက်ရသည်။ ကြည့်နေရင်းက ဦးကျော်ဇဝင်သွားသည်က အေးစိမ့် တောအတွင်းသို့ဖြစ်နေ၏။ ယောင်ယမ်း ပြီး အေးစိမ့်တောနားအထိ လျှောက် သွားမိပြီးမှ သူဝင်ခွင့်မရှိသောနေရာ ဖြစ် သည်ကို သတိရကာ ဖြုန်းခနဲရပ်လိုက်ရ သည်။ တော်သေးလို့။ သူကူချင်ဇော နှင့်သာ အေးစိမ့်တောအတွင်း ဝင်သွား မိလျှင်ဒုက္ခ။ သည်လိုတွေးပြီး သူပြန် လှည့်သည်။

"အစ် အစ်"

ထိုစဉ် အော်သံလိုလို၊ သေငယ် ဇော်နှင့် မြည်တမ်းသံလိုလို ခပ်အစ်အစ် အသံတစ်ခု သူကြားလိုက်ရသည်။သည် အသံကြောင့် သူ့ခြေလှမ်းများ တွေခနဲ ရပ်သွားသည်။ ဘာမှန်းမသိသောတစ်စုံ တစ်ရာက ညှို့ခေါ်သည့်နှယ် အေးစိမ့် တောအနား သူခပ်မြန်မြန်ချဉ်းကပ်သွား မိတော့သည်။ ဝင်ခွင့်မရှိမှန်းကိုတော့ သူ သိသည်။ အပင်အနည်းငယ်ကျဲသော ဘက်မှ သူပတ်သွားကာ အတွင်းဘက် ဆီချောင်းကြည့်လိုက်သည်။

"အား. . ."

သူ့စိတ်ထဲမှ အားကနဲအော်ဟစ် လိုက်မိခြင်းဖြစ်ပြီး သူ့နှုတ်မှထွက်မသွား မိစေဖို့တော့ သူ့ပါးစပ်သူ လက်ဝါးဖြင့် ပိတ်အုပ်ထားရသည်။ သူအစောက ကြားရသည့် ခပ်အစ်အစ်အော်သံမှာ သမင်ဆီက အော်သံဖြစ်လေသည်။ သမင်က မသေသေး။ မသေသေးသည့် သမင်ဆီမှ သွေးကို အရှင်လတ်လတ် ဖောက်ထုတ်နေသူက ဦးကျော်ဇ။ သမင် သွေးကို ခပ်ရွယ်ရွယ်ဝါးဆစ်ဘူးလေး တစ်ဘူးပြည့်လုနီးတွင် ဝါးဆစ်ဘူးကို ဝါး ဆစ်ပိတ်ဖြင့်ပိတ်ကာ ကျောက်ဇရကန် လေးထဲတွင်စိမ်သည်။ နောက်ထပ်ဝါး ဆစ်ဘူးတစ်ဘူးကို ယူသည်။ သမင်၏ ရင်ဘတ်မှာမူ ဖားဖိုလို ပိန်လိုက်ဖောင်း လိုက်ဖြင့် အသက်ကို ခဲယဉ်းစွာရှူနေ သည့်ပုံ။ ဦးကျော်ဇ၏ပုံကတော့ ပတ် ဝန်းကျင်ကို လုံးလုံးသတိမရဘဲ သွေး ထုတ်ယူဖို့သာ အာရုံရနေဟန်တူသည်။ သမင်ဆီမှ ငေါက်တောက်ပန်းထွက်နေ သော သွေးတို့က ဦးကျော်ဇလက်ထဲမှ ဝါးဆစ်ဘူးထဲသို့။ မည်သို့မျှ ထင်မှတ်မ ထားသော သည်မြင်ကွင်းအတွက် နေ ရာမှာပင် သူကြက်သေသေနေမိသည်။

သွေး သွေး။

သွေးကမည်သည့်အတွက်လိုအပ် ပါသနည်း။ သူတို့လိုအပ်သည်မှာ အသား သာမဟုတ်လား။ အသားကို ကင်စား သည်။ အသားခြောက်လှန်းသည်။ သူတို့ ရိက္ခာအတွက်တော့ အသားလိုပါသည်။ သို့သော် သွေးကတော့ သူတို့အတွက် မလိုအပ်ပေ။ မလိုအပ်သည့် သွေးကို တခုတ်တရထုတ်ယူကာ အေးစိမ့်ကန် အတွင်း အအေးခံသိမ်းဆည်းဖို့က သာ၍ ပင် မလိုအပ်ဟု သူထင်သည်။

နောက်တစ်ခုက သနားစဖွယ် သမင်။ တောထဲတောင်ထဲတွင် ရိက္ခာ အတွက် စားရေးသောက်ရေးအတွက်မို့ သားကောင်များကို မဖြစ်မနေ ဖမ်းဆီး သတ်ဖြတ်ရသည်က ထားဦး။ သည်လို ကြီး မသေမရှင်ညှဉ်းပန်းကာ သွေးထုတ် ယူခြင်းမျိုးကျတော့လည်း ရက်စက်လွန်း ရာကျသည်ဟု သူထင်သည်။ သမင်က မျက်လုံးပွင့်လျက် ကလယ်ကလယ်ဖြစ် နေတုန်းပင် ဖြစ်သည်။ တုန်လှုပ်စိတ်က သူ့ငယ်ထိပ်ဆီအထိတက်လာသည်။

"ဝုန်း. . ."

"ဟာ - သမင်၊ သမင်"

သူ့ပါးစပ်ကိုသူ လက်ဝါးဖြင့်အုပ် လိုက်သေးသော်လည်း မမီတော့။ သမင် က သေငယ်ဇောဖြင့် ထခုန်လိုက်ခြင်း ဖြစ်သည်။ တကယ်တော့ သမင်က တစ်ချက်သာ ခုန်လိုက်နိုင်တာဖြစ်ပြီး ချက်ချင်းပင် လဲကျပြီးသက်သွားတော့ တာ ဖြစ်သည်။ ဒူးတွေတဆတ်ဆတ် တုန်ပြီး တစ်ကိုယ်လုံး ရှေ့တိုးနောက်ငင် ဖြစ်အောင် တုန်လှုပ်နေမိကာက သူ။

❑

"တကယ်တော့ ငါလည်း သွေးကို ဘယ်သောက်ချင်မလဲကွာ။ ဒါပေမယ့် အခြေအနေက ဒီလိုပဲဖန်လာတာကိုး။ ဒီ အချိန်မှာကတော့ ငါရော ငါ့မိန်းမရော သွေးအချိန်မှန်မသောက်ရရင် အားပြတ် ပြီး နောက်ဆုံးကုန်ကုန်ပြောကြစို့ရဲ့၊ သေ သွားနိုင်တယ်ကွာ။ အဲဒီတော့ သွေးက မဖြစ်မနေလိုတယ်။ လိုတဲ့အတွက် သွေး ကို ငါက ရအောင်ရှာရတယ်။ ဒါပါပဲ။ ကဲ - မင်းဘာဆက်လုပ်မလဲပြော"

ဦးကျော်ဇတို့သည် သည်တော တွင်းအိမ်ကြီးတွင် တစ်သက်စာနေတော့ မည်ဟု ဆုံးဖြတ်ပြင်ဆင်စဉ်က ဆန် အတွက်ကိုလည်း ထည့်သွင်းပြင်ဆင်ခဲ့ သည်။ စပါးမျိုးများ သိုလှောင်သည်။ လက်ဖြစ်ဆန်စက်ငယ်ကိုလည်းတပ်ဆင် သည်။ သည်တုန်းက တတ်နိုင်သမျှ တောထဲထွက်၍ အမဲမလိုက်။ အိမ်အ တွင်းတွင်သာ စိုက်ပျိုးစားသောက်ကြ သည်။ အိမ်နှင့် အနီးအနားတွင်လည်း သီးပင်စားပင်များ ပေါပေါများများရှိ သည်မို့ စားစရာအသီးအနှံအတွက် တော့မပူရ။ အသားကတော့ ရံဖန်ရံခါ မျှသာစားဖြစ်သည်။ အမဲမလိုက်ခြင်းမှာ တောတွင်းရောက်စမို့ လုံလုံခြုံခြုံ သိုသို သိပ်သိပ်သာ နေထိုင်လိုခြင်းကြောင့် ဖြစ် သည်။ မကြာခဏ ခြံပြင်ထွက်ခြင်းမှာ မမြင်နိုင်သော အန္တရာယ်များကို ဖိတ် ခေါ်ရာကျသည်ဟုလည်း တွေးသည်။ (ဒါကလည်း လွန်ခဲ့သည့်နှစ် ၂၀ ခန့်က ဦးကျော်ဇတွေးသည့်အတွေးသက်သက် သာ ဖြစ်သည်။ တကယ်က သည်နေ့ အထိ သူကလွဲ၍ သက်ရှိလူသားတစ်ဦး တလေတောင်မှ သည်အိမ်အနီးဝန်း ကျင်သို့ပင် ရောက်ရှိမလာခဲ့ပေ)

တောထဲရောက်ပြီးလအနည်းငယ် အကြာမှာပင် ဦးကျော်ဇတို့ လင်မယား နှစ်ယောက်စလုံး ရောဂါစွဲကပ်လာ တော့သည်။ ပါလာသော အိမ်သုံးဆေး ဝါးများကလည်း သည်ဝေဒနာအတွက် သိပ်အသုံးမတည့်လှ။ ဦးကျော်ဇတို့ နှစ်ယောက်စလုံး ဖြူဖပ်ဖျော့တော့ကာ ခြေတွေ၊ လက်တွေပင် မသယ်ချင်တော့ လောက်အောင် အားနည်းနေကြတော့ သည်။ မျက်ခမ်းတွေ၊ နှုတ်ခမ်းတွေ၊ လက်ဖဝါး၊ ခြေဖဝါးတွေဆိုတာ စက္ကူဖြူ တွေ အချပ်လိုက်ကပ်ထားလေသလား ထင်ရလောက်အောင် သွေးဆုတ်ဖြူ ဖျော့နေကြတော့သည်။ ကပ်ရောဂါရယ် လို့မဟုတ်၊ အနာအဖျားရယ်လို့ မဟုတ် သော်ငြား ရက်လရှည်လာလေသော အခါ ဒီဝေဒနာနှင့်ပင် လုံးပါးပါးရကိန်း ဆိုက်လာတော့သည်။ ဟုတ်၊ မဟုတ် တော့မသိ၊ သွေးအားနည်းဝေဒနာဟု ဦးကျော်ဇက အမည်တပ်လိုက်သည်။ ဆရာဝန်မရှိ၊ ဆရာမရှိသော အရပ်ပေ မို့ ဝေဒနာကို ကိုယ်တိုင်သာ ကုသရပေ တော့မည်။

ဦးကျော်ဇ အိမ်အနီးတွင် သုတ် ကိုင်းထောင်ကာ သားကောင်အရှင်ဖမ်း သည်။ သားကောင်မိလျှင် သွေးထုတ် ယူကာ သွေးအနည်ငယ်စီသောက်ကြ သည်။ ရလာသည့်အသားကိုတော့ ကင် စားသည်။ ပိုသည်ကို အခြောက်လှန် သည်။ သည်အသားတို့ကိုသာ ရှေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

ထမင်းလွတ်စားကြသည်။ အနာနှင့်ဆေးတည့်ဟန်တူသည်။ နှုတ်ခမ်းလေးတွေ သွေးရောင်ပြန်လွှမ်းလာသည်။ နေလို့ထိုင်လို့ကောင်းလာပြီ။

သည်လိုနှင့် အခါတိုင်းလို ပုံမှန်စားသောက်နေထိုင်မှုအတိုင်းသာ ပြန်ရှနေကြသည်။ သွေးသောက်သုံးခြင်းကိုလည်းဖြတ်သည်။ သိပ်မကြာ သွေးဆုတ်ဖြူဖျော့သောသွင်ပြင်များ နှစ်ယောက်စလုံးတွင်ပြန်ပေါ်လာပြန်သည်။ တစ်ဖန် သွေးပြန်သောက်ရပြန်သည်။ သွေးအားပြည့်လာပြီဟု ယူဆသောအခါတွင် သွေးသောက်ခြင်းကိုဖြတ်သည်။ မရ ပြန်သောက်ရပြန်သည်။ ကြာလာသော အခါသိလာရသည်က သွေးသောက်သုံးခြင်းကို စိတ်အာရုံကသာ မတောင့်တသော်ငြား ခန္ဓာကိုယ်တွင်းရှိ အသွေးအသား ဇီဝဖြစ်စဉ်တို့က အချိန်မှန် ပုံမှန်တောင့်တ လိုအပ်လျက်ရှိကြောင်းပင်ဖြစ်သည်။ ဘာကြောင့်ဆိုသည်ကိုတော့ ဦးကျော်ဇတို့ အဖြေရှာ၍မရခဲ့ပါပေ။ သွေးအားနည်းရောဂါဆိုသည်မှာလည်း သည်လောက်ထိ သွေးလိုအပ်နေတတ်သည့်ရောဂါမျိုးတော့ မဟုတ်ဟုလည်း သိသလောက် မှတ်သလောက် တွေးကြည့်မိ သည်။

သွေးမသောက်ပါက နေပူလှန်းခံရသည့်ကြမ်းပိုးတွေလို ဖြူဖျော့နွမ်းလျနေပြီး သွေးသောက်သုံးလိုက်မှ ပုံမှန်ဖြစ်သည့်အနေအထားကို ဦးကျော်ဇတို့နှစ်ယောက်လုံး ရောက်ရှိနေလေပြီ။ မတတ်နိုင်။ အသက်ဆက်လက်ရှင်သန်နိုင်ရေးအတွက် အမဲလိုက်သည်။ သုတ်ကိုင်းထောင်သည်။ ဒီနည်းနှင့် သားကောင်များဖမ်းဆီးကာ သွေးကိုရယူသည်။ သည်သွေးသည်သာ အဓိက ရိက္ခာ။ အဓိက အာဟာရ။

တကယ်က ဦးကျော်ဇတို့ချက်ပြုတ်စားသောက်သည့် အရွက်တစ်မျိုးသည် ခန္ဓာကိုယ်တွင်းရှိ အသွေးအသားတို့ကို ဆုတ်ယုတ်စေကာ တတိတိသေဆုံးစေသော အဆိပ်ပင်အနွယ်တစ်မျိုး ဖြစ်နေခဲ့သည်။ ဒါကို ဦးကျော်ဇတို့မသိခဲ့။ အပြင်ပန်းအရမူ အလွန်လှပပြီး အရသာလေးလေးပင်ပင်နှင့် စားကောင်းလှသော ဘည်အပင်သည် အဆိပ်ပင်တစ်မျိုးဖြစ်နေလိမ့်မည်ဟု စိုးစဉ်းမျှပင် မတွေးမိခဲ့ကြ။ ခြံထဲတွင် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းလုပ်သည့်အခါတွင်လည်း ခြံအနီးပေါပေါလောလောပေါက်ရောက်နေသော သည်အပင်က အရွက်တွေကိုသာကျွေးသည်။ ဆိတ်တွေမှာပါ သွေးအား ဆုတ်ယုတ်သည့်လက္ခဏာတွေပြပြီး တဖြည်းဖြည်းအားနည်းသေဆုံးလာမှ ဦးကျော်ဇတို့သည် အရွက်အပေါ် သံသယရှိလာကြသည်။ ယုန်ကလေးတွေကိုပါ သည်အရွက်သာ သီးသန့်ကျွေးပြီး စောင့်ကြည့်သည်။ မွေးသမျှ ယုန်ကလေးတွေ၊ တတိတတိသေကုန်ကြသည်။ သေချာပြီ၊ သည်အရွက်သည် မစားကောင်းသော အရွက်တစ်မျိုး။

သည်လို သိလာသောအချိန်တွင် ထိုအရွက်ကို ဦးကျော်ဇတို့ စားလာသည်က နှစ်နှင့်ချီကြာမြင့်နေပြီ ဖြစ်သည်။ ဘယ်လိုမှ ဖြေ၍မပြေနိုင်တော့။ သွေးကိုသာ ခန္ဓာကိုယ်က ပုံမှန်လိုအပ်နေတော့သည်။ နေ့စဉ်နှင့်အမျှ သွေးသောက်နေရတော့လည်း အသားအရောင်တို့သည်ပင် နီစွေးစွေးအရောင်သန်းလာတော့သည်။

ယာယာ မွေးလာသည့်အခါတွင်တော့ ပုံမှန်ကျန်းမာသန်စွမ်းသည့် ကလေးငယ်တစ်ဦး ဖြစ်နေသဖြင့် ဦးကျော်ဇတို့ ဝမ်းသာရသေးသည်။ ယာယာအဖို့တော့ သွေးသောက်ဖို့ မလိုအပ်ပေ။ ဦးကျော်ဇတို့လင်မယားနှစ်ယောက်လုံးကမူ သေသည်အထိ သွေးကို ပုံမှန် သောက်သုံးရတော့မည်ထင်သည်။ ဒါက ဦးကျော်ဇတို့ ဖြစ်အင်။

သည်အဖြစ်တွေကို ဘတ်နိုင်သမျှ သူ့အား မသိစေချင်။ ထို့ကြောင့်လည်း အေးစိမ့်တောတွင်း လုံးဝမဝင်ရန် သူ့ကို တားမြစ်ခဲ့ခြင်း ဖြစ်သည်။ အေးစိမ့်တောသည်ကား သွေးထုတ်ယူရာ၊ သွေးတို့ကို အအေးခန်းတစ်ခုနှယ် သိုလှောင်ရာနေရာတစ်ခု။ ခုတော့ သူက အမှတ်မထင် သိမြင်သွားခဲ့သည်။ မထူးတော့ပြီမို့ ဦးကျော်ဇကလည်း သူ့ကိုအကြောင်းစုံ ပြောပြတော့သည်။ တကယ်တော့ ဦးကျော်ဇမေးသည့် ဘာဆက်လုပ်မလဲ ဟူသည် တကယ်တော့ ဖြေစရာမလိုတော့သည့်အမေး။ ဦးကျော်ဇ၏မျက်နှာတွင် သည်အချက်က ရှင်းရှင်းပေါ်နေသည်။ သူ့အဖို့ ဘယ်လိုမှ ပြန်လမ်းမရှိတော့သည့်အဖြစ်။ သို့သော်လည်း သူကတော့ သူရည်ရွယ်သည်ကို သိအောင် ပြောပြရတော့မည့်အချိန် ရောက်ပြီဟု ထင်သည်။

"ကျွန်တော့်သဘောအရကတော့ ဦးရော၊ ဒေါ်ဒေါ်ရော ယာယာ့ကိုပါ မြို့ပေါ်ခေါ်သွားချင်ပါတယ်"

သူ့အဖြေကိုကြားတော့ အမြဲတမ်းနီရဲတွတ်နေသော ဦးကျော်ဇ၏ မျက်နှာသည်ပင် အထက်မျက်နှာကြက်ဆီမှ ကျပ်ခိုးများလို မည်းမှောင်သွားသည်။ ဦးကျော်ဇက နဖူးပြင်တစ်ခုလုံးပါ တွန့်သွားတော့မတတ် မျက်မှောင်ကြုတ်ကာ မေးသည်။

"ဘာအတွက်လဲ"

ဖြေချင်နေသောအမေးမို့ သူ ခပ်သွက်သွက်ဖြေသည်။

"ကျွန်တော် ယာယာ့ကို ပုံမှန်လူသားတစ်ယောက်လိုပဲ လူ့ဘောင်အသိုင်းအဝန်းထဲမှာ ရှင်သန်စေချင်တယ်။ ဦးနဲ့ ဒေါ်ဒေါ်တို့ကိုလည်း စိတ်နာကြည်းမှုတွေကြောင့် လူ့အသိုက်အဝန်းဆီကနေ ရှောင်ပြေးလာရတာမျိုး မဖြစ်စေချင်တော့ဘူး။ နောက်ပြီး ဦးတို့မှာ အခုဖြစ်နေတဲ့သွေးလိုအပ်တဲ့ရောဂါကိုလည်း မြို့မှာ သေချာကုလိုက်ရင် ပျောက်မှာပါ။ ကျွန်တော်တို့တစ်တွေ ဒီတောတွင်းအိမ်ကြီးကို စွန့်ခွာကြရအောင်"

သူ့စကားအဆုံးတွင် ဦးကျော်ဇ၏ မျက်နှာကမည်းကာ နားထင်ကြောကြီးများထောင်ထလာသည်အထိအံကိုကြိတ်သည်။

"အနှစ် (၂၀) အတွင်း လူသားတစ်တစ်ယောက်ကို ပထမဆုံးယုံလိုက်မိတာ ငါများပြန်တာပဲ။ ငါ မင်းကို မကယ်ခဲ့သင့်ဘူး။ မင်းဟာ ငါတို့မိသားစုရဲ့ အေးချမ်းမှုကို အဆုံးစွန်ဖျက်ဆီးဖို့ ရောက်လာတဲ့သူပဲ"

□

နောက်တစ်ရက်တွင်တော့ သူသည် ဦးကျော်ဇတို့ တောတွင်းအိမ်ကြီး၏ အကျဉ်းစံတစ်ဦးအဖြစ်ရောက်ရှိသွားတော့သည်။ ပြတင်းပေါက်မရှိသော အခန်းကျဉ်းထဲတွင် သူ့ကိုပိတ်လှောင်ထားသည်။ ယာယာက စားစရာနှင့် ရေများ တစ်နေ့ (၂) ကြိမ် လာပို့သည်။ တကယ်တော့ ဦးကျော်ဇက သူ့ကိုသတ်ဖို့ပါ။ သို့သော် လွန်ခဲ့သည့် အနှစ် (၂၀) ခန့်က ပန်းရန်သမား (၁၀) ဦးကို အပြစ်မရှိဘဲ သတ်ခဲ့ရသည်ကိုပင် အခုထိ အကြိမ်ကြိမ် နောင်တရနေသေးသော ဦးကျော်ဇသည် သူ့ကိုသတ်ရန်လည်း မရွှံ့မရဲဖြစ်နေဆဲ ဖြစ်သည်။ ယာယာနှင့် သံယောဇဉ်ရှိနေသည်ကိုလည်း သိထားသည်မို့ ဦးကျော်ဇအဖို့ ဆုံးဖြတ်ရခက်နေသည်။ သည်အခြေအနေတွင် လက်တလော ပိတ်လှောင်ထားသည်။

အကယ်၍ သည်အိမ်တွင်သာ တစ်သက်လုံး ဆက်လက်နေထိုင်သွားမည်ဟု သူကတိပေးနိုင်ခဲ့လျှင်တော့

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေက အားလုံးအေးအေးဆေးဆေးဖြစ်သွားမည်။ ယခုအတိုင်းဆိုပါမူ ရှေ့ဆက်ဘာတွေဖြစ်လာမည်ကို ဘယ်သူမှ မပြောနိုင်သေး။ ယာယာ့အမေဆိုသည်ကတော့ ဦးကျော်ဇကာ သေဆိုသေ၊ ရှင်ဆိုရှင် နာခံတတ်သူမို့ သည်ကိစ္စတွင်လည်း ဘာမှအတိုက်အခံဝင်ပြောမည်မဟုတ်။

ယာယာကတော့ အစားအသောက်လာပို့တိုင်း သူ့ကိုဖျောင်းဖျသည်။

"အစ်ကို၊ ယာယာတို့ကိုခေါ်ပြီး မြို့ပြန်မယ့်အကြံအစည်ကို လက်လျှော့လိုက်ပါတော့နော်။ ဒီမှာပဲနေသွားကြရအောင်။ ပြန်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။ အဖေ့စိတ်ကို ယာယာသိတယ်"

"ယာယာ့ကို အစ်ကိုပေးခဲ့တဲ့ကတိက ယောက်ျားကတိလေ။ ယောက်ျားကတိဆိုတာ တည်ရတယ်ကွ။ ယာယာ့ကို လူ့အသိုက်အဝန်းဆီ မရောက်အရောက်ခေါ်သွားဖို့ အစ်ကိုကြိုးစားမယ်"

ခေါင်းကို ဖြေးညင်းစွာယမ်းရင်း ယာယာက စိတ်မသက်မသာပြောသည်။

"လက်လျှော့လိုက်ပါ အစ်ကိုရယ်နော်"

တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်၊ လက်လျှော့လိုက်ဖို့ချည်းသာ ယာယာက ဖျောင်းဖျသည်။ နောက်တော့ သူ့စိတ်ကိုယာယာသေချာသိသွားသည်။ ထပ်မဖျောင်းဖျတော့။ မျက်နှာကတော့ နေထိပန်းလို ညှိုးလျော့ခွေ။

အခန်းထဲ ပိတ်လှောင်ခံရတာ (၇) ရက်မြောက်သည့်နေ့တွင် ယာယာတစ်ယောက် ရေကြီးသုတ်ပျာတံခါးလာဖွင့်သည်။ ပါးစပ်ကလည်းတိုးတိုးလေးပြောသည်။

"အစ်ကို ပြေးတော့၊ ချောင်းစပ်အထိ ယာယာလိုက်ပို့မယ်။ အဖေနဲ့အမေ မရှိကြဘူး။ အနောက်ဘက်တောမှာ သုတ်ကိုင်းသွားဖြုတ်နေကြတယ်။ အစ်ကို အရှေ့ဘက်တောကနေပြေးရင်လွတ်မှာပါ"

"ယာယာ၊ အစ်ကိုတစ်ယောက်တည်း"

သူ့စကားမဆုံးလိုက်

"သိပ်အချိန်မရှိဘူး အစ်ကို၊ မြန်မြန်။ တောလမ်းခရီးမှာ လိုအပ်မယ်ထင်တာလေးတွေ ဒီမှာ ယာယာ ယူလာတယ်။ အစ်ကိုလည်း အစ်ကို့ပစ္စည်းထဲက လိုမယ်ထင်တာလေးတွေ မြန်မြန်ထည့်လိုက်။ ယာယာတို့ဒီအိမ်ကနေ မြန်မြန်ထွက်နိုင်ဖို့လိုတယ်"

သည်အိမ်ကြီးဆီရောက်လာစဉ်ကပင် ခါးပတ်အိတ်တစ်လုံးသာပါသည်မို့ သူယူရန်ပစ္စည်းမှာ များများစားစားမရှိလှ။ ခါးပတ်အိတ်အတွင်းတွင်တော့ တောလမ်းခရီးတွင် အသုံးတည့်နိုင်မည့် သံလိုက်အိမ်မြှောင်၊ အမဲလိုက်ဓားမြှောင်၊ မီးခြစ်၊ ဖယောင်းတိုင် အစရှိသည့် တိုလီမုတ်စလေးများပါသည်။ သည်အိတ်ကိုသာ ခါးတွင် သူကောက်ပတ်လိုက်သည်။ ယာယာ့လက်ကိုဆွဲသည်။

"သွားကြမယ် ယာယာ"

သူဆွဲထားသည့်လက်တစ်စုံကို သူ တောတွင်းတွင် သူထားရစ်ခဲ့ဖို့အစီအစဉ်မရှိကြောင်း သူသာသိသည်။ သည်အချိန်တွင် ယာယာ့ကိုဖွင့်ပြောပြပါက ယာယာကလက်ခံမည်မဟုတ်။ ငြင်းရင်းခုံရင်းနှင့်ပင် ဦးကျော်ဇတို့ပြန်ရောက်လာသည်နှင့်တိုးပါက ပြေးစရာမြေမရှိ ဖြစ်ပေရော့မည်။ လမ်းကျမှ မီးစင်ကြည့်ကရုံ။

ခြံပြင်သို့ အပြေးတစ်ပိုင်းထွက်ကြသည်။ စိမ်းညို့အုပ်ဆိုင်းသော တောအတွင်းသို့သူတို့တိုးခဲ့ကြသည်။ နှစ်ဦးသား လက်ကိုကျစ်နေအောင်ဆွဲရင်း တစိုက်မတ်မတ်လျှောက်လာခဲ့သည်မှာ အတော်ပင် ခရီးပေါက်ခဲ့ကြပြီ။ စမ်းချောင်း သိပ်မဝေးတော့။ သည်ချောင်းအနီးအထိသာ ယာယာကလိုက်ပို့တော့မည်ဖြစ်သည်။ ယာယာ့အစီအစဉ်အရဆိုပါမူ သူတို့နှစ်ဦး ဝေးပေဦးရော့ တစ်သက်စာ။ ပြန်ဆုံရန် လမ်းစ ဟူသည် မြူတစ်မှုန်၏ တစ်ထောင့်ပုံတစ်ပုံစာမျှပင် ဖြစ်နိုင်ခြေမရှိ။ ဝေးကြရုံသာ။ သည်လိုတော့အဖြစ်မခံနိုင်ပါ။ တစ်သက်မှတစ်ခါ အသည်းနှင့်မတတ်ချစ်ခဲ့ရသော သည်အချစ်ပန်းပွင့်လေးကို တောတွင်းတွင် ဘယ်လိုနည်းနှင့်မျှ သူမထားခဲ့နိုင်။ လူ့အသိုက်အဝန်းတွင် လူပီသစွာ ရှင်သန်စေဦးမည်။ လူ့ဘဝအနှစ်သာရကို အတူရှာဖွေကြဦးမည်။ သေလျှင်အတူသေမည်။ ရှင်လျှင် အတူရှင်ကြမည်။ လက်တွဲဖြုတ်ထားရစ်ဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင်။

ရှေ့တွင် စမ်းရေစီးသံသဲ့သဲ့ကြားနေရပြီ။ သူပြောဖို့သင့်ပြီထင်သည်။ ဆုပ်ထုပ်ထားသော လက်ဖဝါးနုနုကို ပိုမိုတင်းကျပ်စွာ သူဆုပ်ကိုင်လိုက်သည်။

"ယာယာ၊ အစ်ကိုနဲ့အတူလိုက်ခဲ့ပါနော်"

သူ့စကားကြားတော့ ယာယာ တွန့်ခနဲရပ်သည်။ သူ့ကို စိုက်ကြည့်ရင်း ခေါင်းကိုတွင်တွင်ယမ်းသည်။

"ဟင့်အင်း-ယာယာလိုက်လို့မဖြစ်ဘူး။ ယာယာမလိုက်ဘူး"

ထို့နောက် လက်ကိုရုန်းသည်။ ပါးပြင်ဝယ် မျက်ရည်မြစ်နှစ်စင်းစီးသည်။ စီးကျလာသော မျက်ရည်တို့ကို လက်နှစ်ဖက်လုံးဖြင့် ပွတ်သုတ်ရင်း ယာယာ ဆက်ပြောသည်။

"အဖေသိရင် အကုန်ဒုက္ခများကုန်လိမ့်မယ်။ အစ်ကိုသွားပါတော့နော်။ ဒီဘဝဒီမျှပဲပေါ့"

ပြောရင်းငိုရင်းဖြင့် ယာယာ့မျက်ရည်များစီးကျလာသည်မှာ မျက်နှာတစ်ပြင်လုံး စိုစိုရွှဲလို့နေတော့သည်။ ဒါကိုမြင်တော့ သူ့ရင်မှာမချိ။ ဆုံးဖြတ်ချက်က ပိုမိုခိုင်မာလာသည်။ ယာယာ့အနားတိုးကပ်ကာ မျက်ရည်တို့ကို ယုယုယယ သုတ်ပေးမိသည်။ ထို့နောက် ယာယာ့တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲဆွဲသွင်းကာ တင်းကျပ်နေအောင် ဖက်ထားမိတော့သည်။

ယာယာ့ကို ဖက်ထားရင်းက သူ စကားတွေ အများကြီးပြောသည်။ သေအတူရှင်မကွာ လက်တွဲရင်ဆိုင်ကြမည်ဖြစ်ကြောင်း၊ ခရီးတစ်လျှောက် အသက်နှင့်လဲကာ ကာကွယ်စောင့်ရှောက်သွားမည့်အကြောင်း၊ မြို့ရောက်ပြီး စီစဉ်စရာရှိတာ စီစဉ်ပြီးသည်နှင့် ဌာနဆိုင်ရာတချို့နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ တချို့ကို အကူအညီတောင်းကာ သည်တောတွင်းအိမ်ကို ပြန်လာရာကြမည်ဖြစ်ကြောင်း၊ အဖေနှင့်အမေကိုပါ မြို့ပေါ်အရောက်ခေါ်ကာ ရောက်လာစေမည်ဖြစ်ကြောင်း၊ အကယ်၍ သူတစ်ယောက်တည်း ပြန်သွားပြီးမှ ပြန်လာခေါ်မည်ဆိုပါက နုနယ်လွန်းသည့် ယာယာ့စိတ်ပါ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမည်ကို သူစိုးရိမ်သည့်အကြောင်း၊ သူအခုလိုစီစဉ်ရသည်မှာလည်း အားလုံးကောင်းဖို့အတွက်ပင်ဖြစ်ကြောင်း ရင်နင့်စွာဖြင့် တတွတ်တွတ်ရှင်းပြနေသည့် သူ့စကားများအဆုံးတွင်တော့ အလှပန်းပွင့်ကလေးက သူခေါ်ရာနောက်သို့လိုက်ရန် ခေါင်းညိတ်ပါလေသည်။

"အစ်ကို့သဘောပါပဲ"

သူပြုံးသည်။ နှစ်ယောက်လုံးပြုံးမိကြသည်။ သည်ခုနစ်ရက်အတွင်း ပထမဆုံး သူတို့ပြုံးဖြစ်ကြသည့်အပြုံးလည်းဖြစ်သည်။

❑

သံလိုက်အိမ်မြှောင်ကို အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com

ကာ အရှေ့ဘက်စူးစူးဆီ ဦးတည်ကာ သူတို့တောတိုးခဲ့ကြသည်။ လမ်းတစ်လျှောက် ထင်ထင်ရှားရှား တွေ့နိုင်သည့် အပင်ကြီးတချို့၏ပင်စည်တွင် အမဲလိုက်ဓားမြှောင်ဖြင့် အမှတ်အသားပြုလုပ်သည်။ ဒါက နောင်တစ်ချိန် ပြန်လာလျှင် လမ်းသိနိုင်စေရန် မှတ်သားခြင်းဖြစ်သည်။ စမ်းချောင်းတွေ့လျှင် ဝါးဆစ်ဘူးလေးတစ်ဘူးစီဖြင့် သူတို့ ရေသယ်ယူကြသည်။ ယာယာယူလာသော ဆန်နှင့် အသားခြောက်များကို စားရင်း သူတို့ခရီးဆက်သည်။ ညဘက်တွင် ခွဆုံကြီးကြီးသစ်ပင်ကြီးများပေါ်တွင် ကြက်အိပ်ကြက်နိုး သူတို့ နားနေအိပ်စက်ကြသည်။ ကျောက်ဂူငယ်လေးများတွေ့လျှင်တော့ သူတို့အတွက် တကယ့်စည်းစိမ်။

သူ့တွင်ပါသော မီးခြစ်ကလည်း တောလမ်းခရီးတွင် အတော်အသုံးတည့်လှသည်။ ဂူအတွင်း အိပ်စက်ကြသည့်အခါ ဂူဝတွင် မီးဖိုထားခြင်းဖြင့် သားရဲတိရစ္ဆာန်များကို ဟန့်တားနိုင်သလို အလင်းရောင်နှင့် အနွေးဓာတ်လည်း ရစေသည်။ အသားခြောက်တချို့ကို ကင်သည်။ ရေနားနီးသည့်နေရာများရောက်သည့်အခါတွင်လည်း မီးဖိုကာ ဝါးဆစ်ဘူးများဖြင့် ဆန်ပြုတ်ခပ်ကျဲကျဲကျိုစားနိုင်သည်။ ရေချေတာရသည့်အခါများတွင်တော့ ဆန်ကို အစိမ်းအတိုင်း ဝါးစားကြရသည်။

တောထွင်းခရီးစဉ်၏ တတိယမြောက်နေ့။ တောက တဖြည်းဖြည်း ပါးလာသော်လည်း တောတွင်းမှ ထွက်လမ်းကိုတော့ သူတို့မတွေ့သေး။ ကံကောင်းထောက်မသည်က သည်သုံးရက်တာအတွင်း အန္တရာယ်ကြီးကြီးမားမားမတွေ့ရခြင်းပင်။ သားရဲတိရစ္ဆာန်တို့၏ခြေရာသဲလွန်စများ တွေ့ရလျှင်လည်း သူတို့ကသာ ဦးအောင်ရှောင်ခြင်းဖြင့်လည်း အန္တရာယ်ကိုရှောင်ရှားခဲ့ကြသည်လေ။

မျက်စိအောက်တွင် ကျောက်နံရံကြီး ဘွားခနဲ ပေါ်လာတော့ သူတို့ရုတ်တရက်လန့်သွားကြသေးသည်။ မတ်စောက်သော ကျောက်နံရံကြီးဖြင့် သူတို့အပြန်လမ်းပိတ်မိနေပြီလားဟု သေချာကြည့်တော့မှ ကျောက်ဂူကြီးတစ်ခု၏ နံရံဖြစ်နေသည်။ သည်တစ်ညတော့ သူတို့အိပ်စက်ရန် နေရာရလေပြီ။ ဂူအတွင်းတွင် သားရဲတိရစ္ဆာန်များမရှိလျှင် သူတို့ ကောင်းစွာ နားခိုနိုင်ကြပေမည်။

"ယာယာ ခဏနေခဲ့ဦးနော်"

ဂူအနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ယာယာ့ကိုတင်ပေးပြီးနောက် ဂူထဲဝင်ဖို့ သူပြင်သည်။ ခါးပတ်အိတ်ကို ခပ်တင်းတင်းပြင်လွယ်ကာ အမဲလိုက်ဓားမြှောင်ကို အသင့်အနေအထားဖြင့် သူကိုင်သည်။ ဘယ်လက်က လက်နှိပ်ဓာတ်မီးကိုထွန်းရင်း ဂူဝဆီသူခြေလှမ်းသည်။

နံစော်လွန်းသော အနံ့အသက်များကြောင့် ဓာတ်မီးကိုင်ထားသော လက်ဖြင့် နှာခေါင်းကို ပိတ်အုပ်လိုက်မိသည်။ နံလိုက်သည့်ဖြစ်ခြင်း။ လင်းနို့ချေးနံ့ ဖြစ်သည်။ ယာယာနှင့် သူ ကံကောင်းပါသည်။ သည်ဂူအတွင်းတွင် လင်းနို့များအုပ်လိုက်နေထိုင်သည်ကလွဲ၍ အခြားတိရစ္ဆာန်များမရှိ။ ဂူအတွင်းပိုင်းအထိ အနည်းငယ် သူဆက်လျှောက်သွားပြီး စိတ်ချရပြီဆိုမှ ဂူပြင်သို့ ပြန်လှည့်သည်။

ဂူပြင်ရောက်တော့ ယာယာ့ကို သူလက်မထောင်ပြလိုက်သည်။ဒီတစ်ညတော့ သည်ဂူထဲတွင် သူတို့နားကြမည်။ ဂူအပြင်ရှိ သစ်ကိုင်းခြောက်များနှင့် သစ်တုံးကြီးများကို ဂူထဲသို့ သူမရွှေ့သည်။ ယာယာကပါ သစ်ကိုင်းများ တပွေ့တပိုက်ဝင်သယ်ကူသည်။

"နေနေ ယာယာ။ အစ်ကိုသယ်မယ်။ ထားလိုက်၊ နားတော့။ အစ်ကိုတို့လျှောက်ခဲ့ရတဲ့ ခရီးမိုင်ကမနည်းဘူး။ နားနား"

တကယ်တော့ သည်အလုပ်ပန်းလေးကို သူက ပန်းလေးတစ်ပွင့်လို အလှကြည်ထားချင်တာမျိုး ဖြစ်သည်။ တောလမ်းခရီးကြမ်းကြမ်းကိုဖြတ်ပြီး ခေါ်လာရတာကိုပင် သူ့မှာ ရင်မချိ။ အရုပ်ကလေးတစ်ရုပ်လို ခါးပတ်အိတ်ထဲထည့်သွားလို့ရလျှင် ကောင်းပေမည်။

"အား-ရပါတယ် အစ်ကိုရ။ အဲဒီတော့ အစ်ကိုသယ်နေမှတော့ ယာယာလည်း ထိုင်မနေနိုင်ပါဘူး။ သယ်မှာပေါ့။ အစ်ကိုပြောဖူးတယ်လေ မောင်တစ်ထမ်း မယ်တစ်လှမ်းဆို။ အဲဒီလိုပေါ့"

"မောင်တစ်ထမ်း မယ်တစ်ရွက်ပါ ယာယာလေးရဲ့"

သူပြောတော့ယာယာက ကလေးလို တခစ်ခစ်ရယ်သည်။

"မသိတော့ပါဘူး၊ အစ်ကို့ကို ချစ်တာပဲ ယာယာသိတယ်။ ကျန်တာ မသိတော့ဘူး"

အပြုံးစစနှင့်ပြောနေသော သူမစကားကိုအကြား သည်လူ့ရင်မှာ ဘယ်လို ခံနိုင်ပါတော့မည်နည်း။ လက်ထဲမှ သစ်တုံးများကို ဝုန်းခနဲ လွှတ်ချလျက် ယာယာ့ဆီ ပြေးဖက်မိတော့သည်။ ယာယာ့လက်ထဲမှာကလည်း သစ်တုံးခပ်ကြီးကြီးတစ်တုံးကို ကိုင်လျက်သား။ ယာယာ့လက်ထဲကသစ်တုံးကိုသူယူကာ ဂူဘက်ဆီသို့ရောက်အောင် အားဖြင့်လွှဲပစ်ထည့်လိုက်သည်။ သည့်နောက်တွင်တော့ ယာယာ့တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ မြုပ်သွားအောင် သူဖက်ထားမိတော့သည်။

ဘယ်မှာလဲ ခရီးပန်းမှု။
ဘယ်မှာလဲ ခက်ခဲကြမ်းတမ်းမှု။
ဘယ်မှာလဲ ပင်ပန်းဆင်းရဲမှု။
မရှိချေပြီ။

သည်လိုဆိုတော့လည်း ဘဝတနိဗ္ဗာန်တမျှ။

❑

မနက်ခင်းခရီးဆက်ရန်ပြင်တော့ ဂူဝအနီးရှိ သစ်ပင်ကြီးကြီးတစ်ပင်၏ ပင်စည်တွင် ဓားမြှောင်ဖြင့်ထွင်းကာ အမှတ်အသားပြုလိုက်သည်။ တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့ထုံး နှလုံးမူကာ သူတို့ခရီးဆက်ထွက်ခဲ့ကြသည်။

ယာယာ့အတွက် ပင်ပန်းမည်စိုးသဖြင့် ခပ်ဖြည်းဖြည်းသာ သူတို့လျှောက်ခဲ့ကြသည်။ မြေပြင်ရှင်းသည့်နေရာမျိုး စိတ်ချရသည့်နေရာမျိုးတွင်တစ်ထောက်တစ်နားရပ်ကာ အစာစား၊ ရေသောက်ကြသည်။

ထိုစဉ် သူတို့၏ မလှမ်းမကမ်းမှ သမင်တစ်ကောင် ဖြတ်ပြေးသွားသည်။

"ဟာ"

သမင်သည် အန္တရာယ်ပြုတတ်သော တိရစ္ဆာန်မျိုးမဟုတ်သဖြင့် သူတို့ စိုးရိမ်စရာမရှိ။ စိုးရိမ်စရာရှိသည်က သမင်တွင်စိုက်ဝင်နေသော မြားတံ။ ဒူးလေးဖြင့် ပစ်ခတ်ခံရ၍ မြားတံစူးဝင်ကာ ကြောက်အားလန့်အား ပြေးနေသော သမင်။ မြားတံက ချက်ကောင်းကို မထိသဖြင့် မသေသေး။ သည်မြားတံတ ဦးကျော်ဇ၏ မြားတံဖြစ်လို့နေသည်။ ယာယာကိုယ်တိုင် မြားတံချွန်ပေးပြီး အရင်းဘက်တွင် သစ်စေးတစ်မျိုးမှ ရသည့် ဆေးနီကို သုတ်လိမ်းထားသောသည်။ မြားတံကို ယာယာရော သူပါ ကောင်းကောင်းကြီးမှတ်မိကြသည်။

"အဖေ့မြား"

"ဦး"

သူတို့နှစ်ယောက်လုံး ပြိုင်တူရေရွတ်မိကြသည်။ ဦးကျော်ဇလိုက်လာပြီ သေချာသည်။ သည်သမင်ကိုသွေးထွက်ယူဖို့ပစ်လိုက်ခြင်းဖြစ်ပေမည်။ ဦးကျော်ဇ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်းတော့မဟုတ်လောက်။ ယာယာ့အမေဒေါ်ခင်လုံပါပါလိမ့်မည်ဟု ယာယာက မှန်းသည်။ ရက်ရှည်ခရီးအတွက်မို့ ဒေါ်ခင်လုံကို တောတွင်းအိမ်တွင် မည်သည့်နည်းနှင့်မျှ တစ်ယောက်တည်းထားခဲ့လိမ့်မည်မဟုတ်ဟု ယာယာ ခန့်မှန်းသည်။ သူတို့နှင့် ဘယ်လောက်နီးနီးတွင် ရောက်နေပြီလဲ မသိ။

"မြန်မြန်ဆက်ထွက်မှဖြစ်လိမ့်မယ် ယာယာ"

မားမြှောင်ဆီ သူ လက်အလှမ်း ယာယာက တားသည်။

"သစ်ပင်မှာ အမှတ်အသားမလုပ်နဲ့တော့အစ်ကို။ ယာယာတို့သွားနေတဲ့ လမ်းကြောင်းကို အတိအကျလမ်းညွှန်ပြသလိုဖြစ်နေတယ်ထင်တယ်။ ဒါကြောင့် အဖေတို့ တန်းတန်းမတ်မတ်လိုက်လာနိုင်တာဖြစ်မယ်။ အဖေတို့လိုက်လာတာ ကောင်းတော့ကောင်းသလိုပဲပေါ့။ ယာယာတို့ နောက်တစ်ခေါက် လူစုလူဝေးနဲ့ ပြန်သွားခေါ် ဖို့မလိုတော့ဘူးပေါ့။ ဒါပေမယ့်အဲဒါက မြို့တွေရွာတွေနားရောက်ခါနီးပြီဆို ပြဿနာမရှိဘူး။ အခုနေ ယာယာတို့ကို အဖေတွေ့သွားပြီဆိုရင် အတုန်ဒုက္ခများကုန်လိမ့်မယ်နော်။ အဖေ့စိတ်ကို ယာယာသိတယ်"

"ယာယာ့ကိုလည်း စိတ်တိုနေမယ် ထင်တယ်နော်"

"အသေအချာပဲပေါ့ အစ်ကို။ ယာယာ့ကိုပါ သတ်မလားမသိဘူး။ ယာယာလည်းကြောက်တယ် အစ်ကို"

"မကြောက်ပါနဲ့ ယာယာရယ်။ အစ်ကိုလည်း ပါပါတယ်။ အမြန်ဆက်ထွက်ကြတာပေါ့ လာ"

ခြေလှမ်းတို့ကို သွက်နိုင်သမျှ သွက်သွက်လှမ်းရင်း ရှေ့ခရီးဆက်ကြသည်။ ခြေလှမ်းတို့ကို စိုးရိမ်စိတ်ဖြင့် မြန်နိုင်သမျှ မြန်အောင်လှမ်းနေရင်းက စိတ်ထဲတွင် စိုးရိမ်စိတ်နောက်တစ်ခု ဝင်လာသည်။ ဒါကတော့ ဦးကျော်ဇတို့အတွက်ပင်။ မြားတံစိုက်ဝင်နေသော သမင်ကိုကြည့်ခြင်းအားဖြင့် ဦးကျော်ဇတို့ သွေးလိုနေပြီဟု သူအတပ်သိသည်။ ဦးကျော်ဇသည် မုဆိုးကောင်းတစ်ဦးဖြစ်သည်။ သမင်လောက်ကိုတော့ ချက်ကောင်းမိကာ ချက်ချင်း လဲကျ သေဆုံးသွားအောင် ပစ်နိုင်စွမ်းရှိတာ သူသိသည်။ မသေမရှင်ဖြစ်စေရန်သာ ရည်ရွယ်၍ပစ်ပြီဆိုကတည်းက ဒါသည်သွေးလိုနေ၍သား။

သွေးလိုချိန်တွင် သွေးမသောက်ရပါက ဖြူဖျော့နွမ်းလျကာ နေပူလှန်းခံရသည့်ကြမ်းပိုးတွေလို ဖြစ်သွားတတ်မှန်း ဦးကျော်ဇကိုယ်တိုင် ပြောပြသဖြင့် သူသိသည်။ တောနက်ထဲတွင် သည်လိုအနေအထားဖြင့်သွားနေပါက မည်မျှအန္တရာယ်များသည်ကို မှန်းဆ၍ပင် သူမရဲ။ ဖြူဖျော့နွမ်းလျနေသည့် လူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖေးမရင်းသွားနေရလျှင် ပိုအန္တရာယ်များပေမည်။ အရေးရယ်အကြောင်းရယ်ဆိုလျှင် ဦးကျော်ဇက မုဆိုးမို့ ရှောင်နိုင်သည်ထား။ ဒေါ်ခင်လုံက ပီဘိ မိန်းမသား။ လွတ်လွတ်ကျွတ်ကျွတ် ရှောင်ဟယ်တိမ်းဟယ်၊ ပြေးဟယ်လွှားဟယ် လုပ်နိုင်မည်မဟုတ်။ ဒေါ်ခင်လုံအတွက် ပါ ငဲ့ကွက်ရမည်။ ကာကွယ်ရပေမည်။ အခြေအနေကဘာမဆိုဖြစ်သွားနိုင်သည်လေ။ ဒါကိုတွေးမိကာ ဦးကျော်ဇတို့အတွက် သူပို၍စိုးရိမ်သွားမိသည်။ နောက်ပြန်လှည့်ကာ ဦးကျော်ဇတို့ကိုရှာပြီး တတ်နိုင်သမျှ ကူညီရလေမည်လား။

တစ်ချက်တွေးစရာရှိသည်ကတော့ ဦးကျော်ဇ၏ဒေါသဒီဂရီဘယ်လောက်အထိ မြင့်တက်နေပြီလဲဆိုတာကို သူ မမှန်းဆနိုင်။ ဦးကျော်ဇ၏တစ်ဦးတည်းသောရင်းနှစ်သည်းချာရတနာကို သူခိုးပြေးခဲ့သည်လေ။ ဦးကျော်ဇဘယ်လိုမှ စိတ်မချနိုင်သည့် ဘယ်လိုမှပေးမသွားချင်သည့် လူ့ရပ်လူ့ရွာဆီအရောက်သွားဖို့ ယာယာ့ကို သူခေါ်ဆောင်လာခဲ့သည်လေ။ မဖြစ်နိုင်၊ ခွင့်မပြုနိုင်ဆိုသည့်ကြားမှ သူရအောင်လုပ်ခဲ့ခြင်း။ ဦးကျော်ဇတို့မိသားစု၏ အနှစ် (၂၀) စာ ပျော်ရွှင်အေးချမ်းနေမှုတို့ကို ဖျက်ဆီးရန်ရောက်လာသူဟု ဦးကျော်ဇက သူ့ကို စွပ်စွဲခဲ့ဖူးသည်။ အခုဆိုလျှင် ယာယာ့ဘဝကို ဖျက်ဆီးသူ၊ မိသားစုဘဝကို ဖျက်ဆီးသူဟုပင် သူ့ကို ဦးကျော်ဇ အတပ်စွပ်စွဲပေရော့မည်။ သူတို့ကို ပက်ပင်းတွေ့လျှင် ဦးကျော်ဇ ဘယ်လိုဆုံးဖြတ်မည် ဆိုသည်ကို သူမသိ။

သည်လောက်အထိ စွန့်စားပြေးထွက်ခဲ့ကြပြီးမှာတော့ဖြင့် ကြက်ကလေးငှက်ကလေးတွေလို ပြန်အဖမ်းခံလိုက်ရမှာကလည်းမဟုတ်သေး။ နောက်တစ်ခုက သူ့တွင် လက်နက်ဟူ၍ အမဲလိုက်မားမြှောင်တစ်ချောင်းသာပါလေသည်။ ဦးကျော်ဇတွင် ဒူးလေး၊ အဆိပ်လူးမြားနှင့် လုပ်သေနတ်တစ်လက်လည်း ပါကောင်းပါနိုင်သည်။ သူ့ကို သတ်ပစ်လိုက်လျှင်ရော။ တွေးမိတော့ သူကျောချမ်းလာသည်။ ရှေ့သို့သာ ခရီးဆက်ဖို့ သူဆုံးဖြတ်လိုက်တော့သည်။

မြန်နိုင်သမျှ မြန်မြန်သွားမှ ဖြစ်မည်။ ဦးကျော်ဇက ဘယ်လောက်နီးနီးအထိ ရောက်နေလေပြီလဲမသိ။ သူတို့မျက်ခြည်ဖြတ်နိုင်၊ ခြေရာဖျောက်နိုင်မှ တော်ကာကျပေမည်။ ဦးကျော်ဇက သူတို့ထက် ပို၍ ေတာကျွမ်းခြင်းကိုလည်း မေ့ထား၍မဖြစ်။ ခြေရာကောက်ခြင်း၊ တော၏ ပရိယာယ် နားလည်ခြင်းနှင့် လမ်းရှာဖွေခြင်းတို့တွင် ဦးကျော်ဇက အပုံကြီးသာပေသည်။ တောတွင်းတွင် နှစ်(၂၀) ကျော်နေထိုင်လာသူ မဟုတ်လား။

မြား။

ဟုတ်သည်။ သူတို့ မျက်နှာမူရာ ရှေ့တည့်တည့်ရှိ သစ်ပင်တစ်ပင်တွင် စိုက်ဝင်နေသော မြားတံတစ်ချောင်း။ အရင်းပိုင်းတွင် ဆေးအနီရောင်နှင့်မို့ ဦးကျော်ဇ၏မြားမှန်းသိနိုင်သည်။ သူနှင့် ယာယာတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိသည်။ ဦးကျော်ဇတို့က သူတို့၏ရှေ့ကသွားနေသည်လား၊ သူတို့နောက်တွင်လား။ သည်မြားတံကရော သားကောင်လိုက်ရင်း ပစ်လွှတ်ခဲ့သည့် မြားတံလား၊ သူတို့ကို သတိပေးသည့်သဘောလား ဘာကိုမှဝေခွဲမရနိုင်။ သေချာသည်ကတော့ အတော်နီးနေပြီ။

သွားလက်စ လမ်းမှ ဖဲ့ထွက်ကာ မြောက်ဘက်စူးစူးဆီ သူတို့ဆက်ထွက်ခဲ့ကြသည်။ တစ်ရက်လုံးလုံးမနားဘဲ လျှောက်ခဲ့ကြခြင်း ဖြစ်သည်။ ညနေစောင်းခါနီးတွင်တော့ ယာယာ့ခြေဖဝါးနှစ်ဖက်စလုံးတွင် အရည်ကြည်ဖုများ ပေါက်လာကြပြီ။ တောရိပ်တောင်ရိပ်နှင့်မို့ မကြာခင်တွင် မှောင်စပျိုးတော့မည် လည်းဖြစ်ရာ အိပ်စက်နားခိုရန် အပင်ကြီးကြီးတစ်ခုရှာရသည်။

ရှာနေရင်းနှင့်ပင် စိတ်က တွေးမိပြန်သည်။ ဦးကျော်ဇတို့ သွေးသောက်ရပ့်မလားမသိ။ အဆင်ပြေချောမွေ့ပါစေဟုသာ ဆုတောင်းမိသည်။ သွေးမသောက်ရလျှင် သေသွားနိုင်သည်ဟု ဦးကျော်ဇပြောဖူးသည်လေ။ တောထဲတောင်ထဲတွင် မလှုပ်နိုင်မရှားနိုင် အားနည်း ဖြူဖျော့ကာ ကူကယ်ရာမဲ့သေဆုံးသည့်အဖြစ်မျိုးတော့ မဖြစ်စေချင်။ သူချစ်ရသော ယာယာ၏ မိဘနှစ်ဦးဖြစ်သည်မဟုတ်လား။

တကယ်တော့ သူ့စိတ်ထဲမှာ ဦးကျော်ဇတို့နှင့် အခုချိန်ပြန်တွေ့လျှင် သူ့ရည်မှန်းချက်တွေ လုံးဝပျက်စီးသွားမည်စိုးသဖြင့် လွတ်အောင်ပြေးရသည်



www.burmeseclassic.com

www.burmeseclassic.com

က သပ်သပ်။ သူချစ်သော ယာယာ၏ မိဘနှစ်ပါးဖြစ်သည့်အပြင် သူ့အသက်သခင် ကျေးဇူးရှင်လည်းဖြစ်သည်က တစ်ကြောင်းကြောင့် ဦးကျော်ဇတို့ကို အန္တရာယ်ကင်းစေချင်သည်ကသပ်သပ်။ သည်စိတ်နှစ်ခုက သူ့ရင်ဝယ် သပ်သပ်စီဖြစ်တည်နေသည်။ သူတို့လည်း မွေးရပ်မြို့လေးဆီပြန်ရောက်၊ ဦးကျော်ဇတို့လည်း တောတွင်းအိမ်ဝယ် အန္တရာယ်ကင်းကင်း ဆက်လက် နေထိုင်ပါက တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဦးကျော်ဇတို့ကိုပါ သေချာပေါက် သူပြန်ခေါ်နိုင်မည်ဟု ယုံကြည်သည်။ နည်းပညာအကူအညီနှင့် လူအင် အားအကူအညီများတော့ လိုပေမည်ပေါ့။မြို့ပေါ်ရောက်ပြီးနောက် ဦးကျော်ဇနှင့် ဒေါ်ခင်လုံတို့လည်း ရောဂါပျောက်ကင်းကာ လူကောင်းပကတိ လူသာမန်လို သူတို့အားလုံး အတူတကွနေထိုင်သွားနိုင်မည်ဆိုလျှင် ယာယာတစ်ယောက် ဘယ်လောက်ပျော်လိုက်မည်လဲမသိ။ သည်လိုမျိုးလေး ချစ်သူ ယာယာ ပျော်နိုင်ပါစေလေ။

အိပ်စက်ရန် အပင်ရှာနေသော်လည်း အပင်က သိပ်ကြီးကြီးမားမားတော့မရှိလှ။ တော၏သည်မှာဘက်ပိုင်းတွင် တဖြည်းဖြည်းနှင့် အပင်ကြီးတွေနည်းလာသည်ကိုလည်းသတိပြုမိသည်။ ယောက်ျားကြီးတစ်ဖက်စာခန့် မရှိတရှိအပင်သည်သာ အကြီးဆုံး။ လတ်တလောတော့ သည်အပင်ကိုသာ အိပ်စက်ရန်အဖြစ်ရွေးရတော့မည်။ ယာယာ့ကို အပင်ပေါ်သို့ အရင်တက်စေသည်။ အပေါ့အပါးသွားရန် ဝါးဆစ်ပိုင်းတစ်ခုကို ဖြတ်ယူပြီး အပင်ပေါ်သို့သူစတက်သည်။

အမင်ပေါ်သူရောက်ပြီး အထိုင်ကျရုံသာရှိသေးသည် ကမူးရှူးထိုးပြေးလွှားသံများကို ကြားလိုက်ရသည်။ သစ်ရွက်ဖားဖားကြီးတွေကြားမြုပ်နေအောင်ကွယ်ရင်းက အပင်အောက်ဆီ ချောင်းကြည့်ရသည်။

ယာယာ့မျက်လုံးတို့ ပြူးကျယ်သွားကာ အသံကုန်အော်သည်။

"အဖေ"

ဟုတ်သည်။ ပြေးလာသူက ဦးကျော်ဇ။ ဖြူဖျော့ကာ အတော်ပင်နွမ်းလျနေဟန်ရှိသော ဦးကျော်ဇသည် ပြေးပုံကပင် နွေးကွေးလေးလံလျက်ရှိလေသည်။ မည်မျှ ခြေလွတ်လက်လွတ်ပြေးလာခဲ့ရသည်မသိ။ ဦးကျော်ဇလက်ထဲ မည်သည့်လက်နက်မျှရှိမနေတာတွေ့ရသည်။ အနောက်မှာက အစွယ်ကားကားကြီးနှင့် တောဝက်တစ်ကောင်ကလေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ပြေးလိုက်လာသည်။ ယာယာက အာခေါင်ခြစ်လျက် စူးစူးဝါးဝါးထပ်အော်သည်။

"အဖေ"

ယာယာ့အော်သံကြောင့် ဦးကျော်ဇက အပေါ်သို့ မော့ကြည့်လိုက်သည်။ လျှပ်တစ်ပြက် တကယ့်ကိုမှ လျှပ်တစ်ပြက်မျက်စိတစ်မှိတ်လေးအတွင်း တောဝက်က ဗိုင်းခနဲမြည်အောင် ဦးကျော်ဇဆီပြေးပက်ပစ်လိုက်သည်။ တောဝက်၏ ဝါကြွင့်ကြွင့်အစွယ်က ဦးကျော်ဇ၏ ဝမ်းဗိုက်ကို စက်သေနတ်မွှေ့သလို ထိုးခွဲမွှေ့ပစ်လိုက်လေတော့၏။တစ်ချက်ကလေးပင် ဦးကျော်ဇမအော်လိုက်နိုင်ခဲ့။

တောဝက်က ချက်ချင်းနောက်ပြန်လှည့်ပြေးသည်။ သည်တော့မှ တောဝက်လှည့်ပြေးရာဆီ သူတို့လိုက်ကြည့်မိသည်။ ကြောက်နေသည်လား၊ ကြောင်နေသည်လားတော့မပြောတတ်။ မြေပြင်ပေါ်တွင် တွေဇတွေငေးငေးကြီးရပ်နေသူက ယာယာ့အမေ ဒေါ်ခင်လုံ။

"ဒေါ်ဒေါ်၊ အပင်ပေါ် မြန်မြန်တက်။ မြန်မြန်တက်ပြေး"

သူ့စကားပင် ကောင်းကောင်းမဆုံးတတ်သေး။ ဒေါ်ခင်လုံ အူတွေအခွေလိုက်ပွင့်ထွက်သွားသည်အထိ တောဝက်က ပြေးပက်လိုက်ပြန်တော့သည်။

ယာယာ့ကို လှည့်ကြည့်တော့ ယာယာက သတိလစ်နေရှာပြီ။ အဖေရော အမေပါ မျက်စိအောက်တွင် ပိုးစိုးပက်စက် အသက်ဆုံးရသည်ဆိုတော့လည်း ယာယာ့နှလုံးသားကို မီးနှင့်မြိုက်သည့်နှယ်နေပေလိမ့်မည်။သနားဂရုဏာအပြည့်ဖြင့် ယာယာ့ကိုယ်လေးကို သူတင်းနေအောင် ဖက်ထားမိသည်။

ထိုစဉ် ဒုန်းခနဲ အသံနှင့်အတူ သစ်ပင်တစ်ပင်လုံး တုန်ခါသွားသည်။ ကံကောင်းသည်က သူတို့ရောက်နေသော သစ်ပင်ခွဆုံက တဲကလေးတစ်လုံးဆောက်ထားသလို သစ်ကိုင်းတုတ်တုတ်တွေ ယှက်ဖြာနေသော ခွဆုံကောင်းကောင်းတစ်ခုဖြစ်နေခြင်းပင်။ မဟုတ်လျှင်တော့ သည်တုန်ခါမှုကြောင့် သူတို့နှစ်ယောက်အနက် တစ်ယောက်မဟုတ်တစ်ယောက် သစ်ပင့်အောက် ပြုတ်ကျသွားနိုင်စရာရှိသည်။

"ဒုန်း"

အသံနှင့်အတူ သစ်ပင်တစ်ပင်လုံး တုန်ခါသွားပြန်တော့သည်။ တောဝက်က အပင်အောက်မှနေ၍ အပင့်ကိုပြေးဆောင့်နေခြင်း ဖြစ်သည်။လူနှစ်ယောက်ကိုသတ်ထားပြီး မာန်ထနေသော ဒေါသထွက်နေသော တောဝက်ထီးကြီးသည် ကြောက်စရာကောင်းလောက်သော အရှိန်ဖြင့် အပင်ကို ထပ်ကာထပ်ကာပြေးဆောင့်နေတော့သည်။ အစောက သူတို့အော်သံတို့ကြောင့် အပင်ပေါ်တွင် သူတို့နှစ်ယောက်ရှိမှန်း တောဝက်က တွေ့မြင်သွားခဲ့ပြီးဖြစ်၏။ ထို့ကြောင့် သူတို့ကိုပါ သတ်ရန်ကြံခြင်း ဖြစ်သည်။

သတိလစ်နေသော ယာယာ့ကို လက်တစ်ဖက်နှင့် သိုင်းဖက်ထားလျက် လက်တစ်ဖက်ကတော့ နံဘေးရှိ သစ်ကိုင်းကို ဆွဲထားရသည်။ သည်အချိန် အောက်ပြုတ်ကျသွားလျှင်တော့ ရှင်နိုင်ရန်လမ်းမရှိလေပြီ။ တောဝက်ကတော့ မလျှော့သောဇွဲဖြင့်သစ်ပင်ကိုပြေးဆောင့်နေဆဲ။ ခါးကြားက အမဲလိုက်ဓားမြှောင်ကို တောဝက်၏လည်ပင်းနေရာဆီ ချိန်လျက်ပေါက်ရန်ပြင်သည်။ သူဓားပေါက်သိပ်မကျွမ်း။ ထိနိုင်ခြေနည်းမည်လို့တော့ထင်သည်။ သို့သော် ရတတ်သလောက်တော့စွန့်စားကြည့်ရပေမည်။

"ဝှစ်"

ထင်သည့်အတိုင်း ဓားချက်က လွဲလေသည်။ တောဝက်ကတော့ တရှူးရှူးဖြင့် ပိုပိုမာန်ထလာဟန်ရှိသည်။ သူအားမလျှော့သေး။ အပေါ့သွားရန် ယူထားသည့်ဝါးဆစ်ဘူးဖြင့်ပစ်ပေါက်လိုက်ပြန်သည်။ မသေနိုင်မှန်းတော့ သိပါသည်၊ လန့်ဖြတ်ပြီး ထွက်ပြေးသွားလိုပြေးသွားငြားပါ။

ဝါးဆစ်ဘူးက တောဝက်ကို ကလိထိုးသလောက်ပင် ယားစေဟန်မတူ။ တောဝက်က တဒုန်းဒုန်းနှင့် သစ်ပင်ဆီပြေးဆောင့်နေဆဲ။ သူ့ဆီမှာကလည်း အမဲလိုက်ဓားမြှောင်မှလွဲ၍ သေနတ်၊ ဒူးလေးစသည် ဘာတစ်ခုမှ မပါ။ ရှိသည့်ဓားမြှောင်ကလည်း အပင်အောက်သို့ ရောက်သွားလေပြီ။ ယည်စင်းအသေခံရုံမှတစ်ပါး အခြားမရှိပြီလား သတိလစ်နေဆဲဖြစ်သော ယာယာ့မျက်နှာလေးကိုကြည့်ကာ သက်ပြင်းမောတစ်ချက်သူ ရှိုက်မိသည်။ သနားစဖွယ် ချစ်သူငယ်မလေး။ မိဘနှစ်ပါးလုံး အသက်ဆုံးသည်ကိုမြင်လိုက်ရပြီးနောက် သွေးပျက်သတိလစ်သွားရှာသော ချစ်သူလေး။ သူ့ကိုအားကိုး ယုံကြည်ကာ သူခေါ်သည့်နောက်ကောက်ကောက်ပါအောင်လိုက်လာရှာသူလေး။ သည်ချစ်သူလေး၏ အသက်ကိုပင် သူမကယ်နိုင်တော့ပြီလော။ သူတို့နှစ်ယောက်လုံးပင် တော



www.burmeseclassic.com

www.burmeseclassic.com

ဘတ်လက်ချက်ဖြင့် အသက်ဆုံးရတော့မည်လော။

ကတိ ကတိ။

ချစ်သူဖြစ်စကပင် ယာယာ့ကို သူပေးခဲ့သည့်ကတိ။ ယာယာ့ကို သူနေသောမြို့လေးဆီ မရောက်အရောက် သူခေါ်သွားမည်ဆိုသည့်ယောကျာ်းကတိ။

ယာယာ့ကို သစ်ကိုင်းတွေကြားမှာမြဲနေအောင်ညှပ်မှီထားပေးပြီးနောက် သစ်ပင်ခွဆုံမှသူထသည်။ အသေတော့မခံနိုင်။ သူသေသည်ထက် သူ့အသက်မက ချစ်ရသော ချစ်သူယာယာ့ကို အသေမခံနိုင်။ တောဝက်ကိုဖြစ်သည့်နည်းဖြင့် ခုခံရပေမည်။ ခေါင်းပေါ်ရှိ သစ်ကိုင်းခပ်တုတ်တုတ်တစ်ကိုင်းကို ခိုစီးပြီးချိုးယူရန် သူကြံသည်။ တော်တော်ကျပ်ကျပ်တည်းတည်းတော့ လုပ်ရမည်ထင်သည်။ အောက်မှာက တောဝက်က တဒုန်းဒုန်းပြေးဆောင့်နေဆဲကိုး။ ပြေးဆောင့်နှုန်းက တဖြည်းဖြည်းနှေးသွားတာကိုတော့ သတိပြုမိသည်။ သူသတိကြီးကြီးထားရင်းက ခေါင်းပေါ်က သစ်ကိုင်းကိုလှမ်းခုန်ဆွဲလိုက်သည်။

"ဒိုင်း"

စိတ်တွေပူထူ၊ နားတွေလည်း အူနေလေသောကြောင့် သည်အသံသည်လည်း တောဝက်ပြေးဆောင့်သံဟုသာ သူထင်မိသည်။ တော်တော်တော့ ကျယ်လှသည်။ သည်နှုန်းနှင့်သာ ပြေးဆောင့်လျှင် ယာယာပြုတ်ကျသွားနိုင်သည်။

"ယာယာ"

စိုးရိမ်စိတ်ကြောင့် ယာယာ့အနား သူပြန်ခုန်ချလိုက်သည်။သစ်ပင်အောက်ကို လှမ်းအကြည့် -

ကိုရွှေတောဝက်က စင်းစင်းကြီး သေနေလေပြီ။ အစောက သူကြားလိုက်တာသည် သေနတ်သံလေလား။

"ဒိုင်း ဒိုင်း"

သေနတ်သံ နောက်ထပ်နှစ်ချက်ကြားရပြီးနောက် လူတစ်အုပ် သစ်ပင်အောက်ကို ရောက်လာကြသည်။ တောဝက်ကို သေချာအောင် နှစ်ချက်ခန့် ထပ်ပစ်ပြီးမှ ကပ်လာကြခြင်း ဖြစ်သည်။

xxx

အပင်ပေါ်ရှိ သူတို့နှစ်ယောက်ကို မော့ကြည့်ကာ လူအုပ်ထဲမှတစ်ယောက်က တစ်စုံတစ်ခုလှမ်းပြောသည်။ ပြောသည့်စကားက မြန်မာစကားမဟုတ်။ သို့သော် ကံကောင်းထောက်မစွာ ထိုဘာသာစကားကို သူနားလည်လေသည်။ သူဌာနဆိုင်ရာဝန်ထမ်းဘဝက နိုင်ငံရပ်ခြားသို့ တစ်နှစ်ပညာတော်သင်သွားရောက်ခဲ့ဖူးရာ ထိုဘာသာစကားနှင့် အကျွမ်းတဝင်ရှိခဲ့ဖူးသောကြောင့်ပင်တည်း။ လည်လည်ပတ်ပတ် မဟုတ်သော်ငြား သူနားလည်သည်။ ကောင်းကောင်းပြန်ပြောနိုင်လေသည်။ အပင်အောက်က လူအုပ်မှာ ရွာသားတွေ တောထဲလာရင်း တောဝက်တွေ့သဖြင့် ပစ်လိုက်ခြင်း ဖြစ်သည်။ သည်တောမှ ထွက်လျှင် တောစပ်တွင်သူတို့ရွာရှိ၏။ အပင်နှင့်မလှမ်းမကမ်းတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ရုပ်အလောင်းများကိုလည်းတွေ့ကြရာ သူတို့ကိုဒုက္ခရောက်လာသူတွေမှန်း ရွာသားတွေက သိသည်။ ရွာထဲလိုက်ပြီးနားနေဖို့ သူတို့ကိုပြောသည်။

ထိုစဉ် ယာယာ သတိရလာသည်။ ဝါးဆစ်ဘူးထဲမှ ရေကိုတိုက်ရင်း အပင်ပေါ်တွင် ခဏနေခဲ့ဖို့ ယာယာ့ကိုပြောရသည်။ သူကတော့ အပင်အောက်ကို တွယ်ဆင်းရင်း သူနားမရှင်းသည်များကိုဆက်မေးမိသည်။

ဇာတ်ရည်လည်တော့ သူတို့ပြေးရင်းလွှားရင်း အိမ်နီးချင်းတစ်ဖက်နိုင်ငံ၏တောနက်ထဲကိုပင် ရောက်ရှိခဲ့တာဖြစ်သည်။ ယခုရောက်နေသော နေရာ၏မနီးမဝေးသည် တော၏အဆုံး၊ ဟိုမှာဘက်တွင်ရွာများအဆက်မပြတ် တည်ရှိနေပေပြီ။ သည်ရွာလေးတွေဆီမှ နေ့စဉ်ထွက်သော ဘတ်စ်ကားဖြင့် အနီးဆုံးမြို့လေးဆီ ဆက်သွား၍ရသည်။

သည်နေ့တွင်တော့ ဝမ်းသာစရာနှင့်ကြေကွဲစရာတို့ တစ်ပြိုင်နက်တည်းကြုံရသည်ဟုပင်ဆိုရမည်ဖြစ်သည်။ သူတို့အသက်ဘေးမှလွတ်ပြီး လူ့ရပ်လူ့ရွာဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပေပြီ။ သည်အတိုင်းဆိုလျှင် သူနေထိုင်ရာမြို့လေးဆီ ယာယာ့ကို ကောင်းစွာခေါ်သွားနိုင်ဖို့သည်လည်း မခက်တော့ပြီ။ သို့သော် ယာယာ့မိနှစ်ပါးလုံးကတော့ ဆုံးပါးခဲ့ပြီ။ တောတွင်းအိမ်ကြီးဆီ တစ်ခေါက်ပြန်သွားပြီး ယာယာ့မိဘနှစ်ပါးကို လူအုပ်အားဖြင့် ရအောင်ခေါ်ကာ ဆေးကုသပေးဖို့၊ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လူကောင်းပကတိ ကျန်းမာစွာ ရှင်သန်စေဖို့ဆိုသည့် အိပ်မက်ကတော့ လွင့်ပြယ်သွားခဲ့ရပြီ။

တောစပ်က အနီးဆုံးရွာလေးဆီမှာ သူတို့တစ်ထောက်တစ်နားခိုဝင်ရင်း အဆင့်ဆင့်ချိတ်ဆက် ဆက်သွယ်မှုများပြုလုပ်ရသည်။ နောက်ဆုံးတွင်တော့ သူတို့နှစ်ယောက်၏ပြည်တော်ပြန်ခရီးသည်ကား ချောမွေ့ဖြောင့်တန်းခဲ့ပါသည်။

❑

သေလူဟု သတ်မှတ်ထားပြီးဖြစ်သော သူ့ကို ပြန်တွေ့ရသောအခါ သူ့မိဘနှစ်ပါး၏ဝမ်းသာပီတိမှာ ဆိုဖွယ်ရာပင်မရှိပြီ။ ယာယာ့ကိုလည်း သနားကြင်နာစွာဖြင့် ချစ်ခင်ကြသည်။ ယာယာ့၏စိတ်ဒဏ်ရာများပျောက်ကင်းဖို့ကတော့ အတော်ပင် အချိန်ယူကုသခဲ့ရတာ ဖြစ်သည်။ လူ့အသိုင်းအဝိုင်းကြားတွင် မနေဘူးသူမို့ အံဝင်ခွင်ကျဖြစ်အောင်လည်း သူအတော်ပင်ကြိုးစားဖေးမခဲ့ရသည်။

သည့်နောက်တွင်တော့ သူတို့အိမ်ထောင်ရေးက သာယာခဲ့ပါသည်။ ယာယာ့စိတ်အခြေနေ ပကတိ ကျန်းမာရှင်လန်းမှ ရင်သွေးယူဖို့ ဆုံးဖြတ်ခဲ့သည်မို့ ယာယာ ပထမကိုယ်ဝန်စရှိချိန်တွင် သူတို့အိမ်ထောင်သက်က (၅) နှစ်ခန့်ရှိပြီ ဖြစ်သည်။ သည်ကိုယ်ဝန်ကနေ အမွှာလေးမွေးသည်။ မိန်းကလေးနှင့် ယောကျာ်းလေးအမွှာဖြစ်သည်။မျက်နှာလေးတွေက သာမန်မွေးကင်းစကလေးတွေ နီရဲသည်ထက်ပင် ခပ်ပိုပိုသာသာလေးရဲနေလေသည်။ ယာယာကတော့ သည်မျက်နှာနီတွတ်တွတ်လေးတွေကို ကြည့်ရင်းပျော်လို့သာနေသည်။

အချိန်တို့သည်ကား တရွေ့ရွေ့ကူးပြောင်းခဲ့သည်။ ရက်မှ လ၊ လမှ နှစ်၊ ရာသီအလီလီ ဥတုအလီလီ။ သူနှင့် ယာယာတို့၏ ရင်သွေးအမွှာလေးများသည်ပင် သူငယ်တန်းအောင်ခဲ့လေပြီ။ နွေကျောင်းပိတ်ရက်တွင် သားနှင့်သမီးတို့ကို အပျော်ခရီးလိုက်ပို့ရန် သူတို့စိတ်ကူးရသည်။

"သားနဲ့ သမီး၊ အပျော်ခရီးထွက်ရမယ်ဆို ဘယ်ကိုသွားချင်လဲ ဖေဖေ့ကိုပြောပါဦး"

မျက်နှာနီတွတ်တွတ်နှင့်သူ့ရင်သွေးနှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ ပြီးပြိုင်တူဖြေသည်။

"တောတွင်းအိမ်ကို သွားမယ် ဖေဖေ။ အဲဒီမှာ အေးစိမ့်တောလည်းရှိတယ်"

သူ့နားတွေအေးစိမ့်သွားသလို သူ့မျက်လုံးတွေပါ အေးစိမ့်သွားသည်။ မျက်လုံးအဝိုင်းသားဖြင့် ဇနီးသည်ကို လှည့်အကြည့်မှာတော့ သူ့ပတ်ဝန်းကျင်တစ်ခုလုံးပါ အေးစိမ့်သွားလေတော့သည်။

နေမျိုးဦး



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးဟာ အလွန်တရာ ဆန်းကြယ်လှပါသည်။ သိပ္ပံပညာနှင့် တိုင်းတာမရသော စိတ်နယ်လွန်ဖြစ်ရပ်များသည် အိပ်(စ်)ရေးရောင်ခြည်ဖြင့် ရိုက်ကူး၍မရသော သဘာဝလွန်ဖြစ်ရပ်များ ဖြစ်သည်။ ထိုဖြစ်ရပ်များကို ယနေ့လူသားများအဖို့ မယုံချင် ပုံပြင်သဖွယ် ဖြစ်နေပါသည်။ တချို့ရုပ်ဝါဒီသမား သိပ္ပံပညာရှင်များသည် ဘိုးတော်ဘုရားလက်ထက်က အိပ်ရာဝင်တစ်ထောင့်တစ်ညပုံပြင်တွေပါကွာဟု သတ်မှတ်ကောင်း သတ်မှတ်ဆက်ဆံကြပေမည်။ ထိုသို့ သတ်မှတ်ဆက်ဆံလာသည်မှာ သူတို့၏ အမှားမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် ကိုယ်ထိလက်ရောက် မတွေ့ကြုံမခံစားရခြင်းကြောင့် ပြောဆိုကြခြင်း ဖြစ်သည်။ ပမာအားဖြင့် မီးကိုမကိုင်မိသမျှ အပူမှန်းမသိပေမယ့် ကိုင်မိထိမိလျှင်တော့ ဒဏ်ရာအနာတရဖြစ်ကာ ပူမှန်းသိကြတာ မဆန်းပေ။ဒါပေမယ့် ဒဏ်ရာအနာတရ ဖြစ်ပြီးမှ ပူမှန်းသိရတာဟာ ဘဝနာလှပါသည်။ မဖြစ်ခင်က ကြိုတင်ကာကွယ်ရှောင်တိမ်းနိုင်လျှင် နှစ်ဦးနှစ်ဖက် အကျိုးမယုတ်ပေ။ ဒီလိုပဲ မယုံကြည်ဘူးဆိုသည့် တစ်ဇွတ်ထိုး တဇောက်ကန်းသမားတွေ ဉာဉ်အတိုင်း မိမိကိုအားကိုးအားထားပြုနေတဲ့ မိသားစုအသိုင်းအဝိုင်းနဲ့ လုပ်ဖော်ကိုင်ဖက်များအပေါ် ပါ ရှုတ်တရက် နှုတ်မဆက်ဘဲ မိမိအသက်ကို လျော်ကြေးပေးထွက်ခွာသွားရတဲ့ ဝန်ထမ်းတစ်ဦးရဲ့အဖြစ်အပျက်ကတော့ နောင်လာနောင်သားတွေ အတုယူစရာပါ။

ဇာတ်လမ်းကတော့. . .

❑

ဆည်မြောင်းဦးစီးဌာနသည် မော်လမြိုင်ဘက်တွင် တာတမံအငယ်စားချောင်းပိတ်လုပ်ငန်းများ ဆောက်လုပ်ပေးနေချိန် ဖြစ်သည်။ ထိုအချိန်က ဆည်မြောင်းဦးစီးဌာနသည် ယခုလို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မဟုတ်သေးပါ။ လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာနအောက်တွင်ဖြစ်သည်။ ဝန်ကြီးမှာ ဦးရဲခေါင်ဖြစ်သည်ကို မှတ်မိသေးသည်။ ထိုအချိန်ကာလတွင် မော်လမြိုင်မြို့ပတ်ဝန်းကျင်သည် အနက်ရောင်နယ်မြေသတ်မှတ်ထားသောအချိန်ကာလ ဖြစ်လေသည်။ ထိုအချိန်က အစိုးရဌာနဆိုင်ရာကားများ၊ စစ်ဘက်ဆိုင်ရာကားများကို ဖွဲ့ကပင် တောင်ပတ်ဝန်းကျင်မှ လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်နေသောအချိန်ကာလဆိုက မမှားပါ။ အရပ်ဘက်ကားများပါ စစ်ကြောင်းကားများနှင့် ကပ်လိုက်ခဲနေရသောအချိန် ဖြစ်သည်။ ထိုအချိန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ချောင်းပိတ်မြောင်းပိတ်တာတမံအငယ်စားများကိုတည်ဆောက်ပေးနေချိန်တွင် ဖြစ်သည်။ ထိုစီမံကိန်း၏ တစ်ခုသော ယန္တရားအခြေစိုက်စခန်းတွင် -

"ဟော့ - တို့တွေ ဒီနေ့ကားလမ်းအကြမ်းဖောက်တာ အဆင်ပြေရဲ့လားကွ"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ် ဗိုလ်ကြီး"

မှတ်ချက် - ဗိုလ်ကြီးဟုခေါ်ဆိုခြင်းမှာ ဆည်မြောင်းဌာန၏ ဝေါဟာရတစ်ခု ဖြစ်သည်။ ဒု-ဦးစီးမှူး၊ ပ-ဦးစီးမှူးများကို ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုသို့ခေါ်ဆိုခြင်းကြောင့် သူပုန်ဘက်မှ တပ်မတော်မှ အရာရှိထင်ကာ မှားယွင်းဖမ်းဆီးပြီး နောင်မှ မဟုတ်၍ ပြန်လွှတ်ပေးခဲ့သည့် အဖြစ်အပျက်များရှိခဲ့သည်။

"အေး - ဒီနေ့ကတော့ လမ်းကြမ်းစရှင်းတာဆိုတော့ အခက်အခဲအနည်းနဲ့အများတော့ရှိမှာပေါ့ကွာ"

"....."



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီမှာ ဒေသခံတွေနဲ့ ပြေပြစ်ဖို့ပဲ အရေးကြီးပါတယ်။ ပြီးရင် သူတို့ရဲ့ ဓလေ့ထုံးစံကို မလေးမစား မဆက်ဆံမိစေဖို့လည်း သတိထားကြ"


"ဟုတ်ကဲ့ပါ - ဗိုလ်ကြီး"

"အေး အေး - ထမင်းစားပြီးရင် စက်ကြွခိုင်မှုအတွက် လိုအပ်တာ လိုက်စစ်ဆေးထားကြ"

"...."

"ပြီးရင် လိုအပ်ချက်တွေကို သက်ဆိုင်တဲ့သူဆီကို သွားပေးထား။ ဆီကိုလည်း အလုံအလောက်ထည့်သွား၊ ဆီမပြတ်စေနဲ့၊ ဆီပြတ်သွားရင် စခန်းနဲ့ဝေးတော့ အချိန်အခါအရ မကောင်းဘူး။ စက်တစ်စီးတန်ဖိုးဟာမနည်းဘူး။ ရှိရှိသေသေလုပ်ကြ"

အထက်ပါစကားများကို ဆည်မြောင်းစက်မှုဝန်ထမ်းများအတွက် သူတို့၏ဦးစီးမှူးဗိုလ်ကြီးမှ ထမင်းစားဆောင်တွင် မေးမြန်းပြောကြားချက်များ ဖြစ်သည်။ ၎င်းဌာနစုသည် မြေထိုးစက်၊ မြေတင်ပေးသောစက်၊ မြေသယ်ကားလေးငါးခြောက်စီးရှိသောဆည်မြောင်းစက်မှုဌာနတောဆိုဒ်တစ်ခု ဖြစ်သည်။ ဦးစီးမှူးလမ်းဗိုလ်သည် ဘာသာရေးကိုင်းရှိုင်းသောလူတစ်ဖြစ်သည်နှင့်အညီ လုပ်ဖော်ကိုင်ဖက်တပည့်သားသမီးအပေါ် စာနာထောက်ထား သနားကြင်နာသူတစ်ဦးဖြစ်သည်။ များသောအားဖြင့် မိသားစုနှင့်ခွဲခွာပြီး တောထဲတောင်ထဲ ငှက်ဖျားတောထဲတွင် သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်နေသော ဆည်မြောင်းဝန်ထမ်းများ ဖြစ်ကြသည်။ ထိုအချိန်တွင် ဆည်မြောင်း စက်မှုဝန်ထမ်းများသည် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်နေကြသည်။



www.burmeseclassic.com

"ဟော့ကောင်တွေ၊ မင်းတို့ စက်မောင်းနေတာကို မမြင်ဘူးလို့လည်း လာကြည့်တဲ့သူတွေ ရှာလုံးကျွတ်နီးပါးပဲနော်"

"ဒါက ဒီလိုမျိုးစက်နဲ့ မြေထိုးမြေတူးတာ တစ်ခါမှ မမြင်ဘူးလို့ ဖြစ်မှာပေါ့ကွာ"

"မမြင်ဘူးလို့ လာကြည့်တာက ဘာမှမဖြစ်ဘူး"

"ဒါဖြင့် ဘာကဖြစ်တာလဲ"

"အေး-ဖြစ်တာက မင်းတို့တွေဖြစ်မှာ၊ မင်းတို့က လုံ့ပျို့လူလွတ်တွေလေ"

"မင်းကလည်း အရင်းမရှိအဖျားမရှိကွာ၊ လူပျို့လူလွတ်နဲ့ ဘာဆိုင်လို့လဲကွ"

"ဟော -ဆိုင်တာပေါ့ကွ၊ အများကြီးဆိုင်တယ်"

"လာကြည့်တဲ့သူတွေက ကရင်မလေးတွေ၊ မွန်မလေးတွေလေ"

"ဒီတော့ စက်လာမောင်းရင်း ကရင်မယောကျ်ားလား၊ မွန်မလေးရဲ့ယောကျ်ားလား၊ ဒါမှမဟုတ် သူပုန်မလေးရဲ့ယောကျ်ားဖြစ်ရင်တော့ အလုပ်ပြုတ်ပြီသာမှတ်ပေတော့"

"မင်းမို့လို့ပဲ ကြံကြံဖန်ဖန် စဉ်းစားတတ်တယ်"

"ဟုတ်တယ်လေ၊ သူပုန်လား၊ လူကောင်းလားဆိုတာ မင်းခွဲခြားတတ်လို့လား"

"ဒါတော့ဟုတ်တယ်၊ ဘယ်ခွဲခြားလို့ရမှာလဲ၊ ခေါင်းတစ်လုံးအပိုပါတာမှ မဟုတ်တာ"

"အဲဒီတော့ မကောင်းသူထိပ်၊ ကောင်းသူထိပ်ပေါ့။ ကရင်မယောကျ်ား၊ မွန်မယောကျ်ား၊ သူပုန်မယောကျ်ား၊ ပေါက်ချင်ရာပေါက်ပေါ့ကွာ"

"မင်းကလည်းပြောရှေ့မယ်"

"ကဲကဲ - ပြောနေကြာတယ်၊ အောက်ပိုင်းတွေ သန့်ရှင်းရေးလုပ်ရအောင်"

"လာကွာ၊ အချိန်မီထွက်နိုင်အောင် လုပ်ထားကြရအောင်"

"အေး၊ အေး"

ဆည်မြောင်းစက်မှုဝန်ထမ်းများမှာ စကားပိုင်းသိမ်းပြီး အသီးသီးမြေထိုးစက်၊ မြေသယ်စက်၊ မြေသယ်ကားများရှိရာသို့ထွက်ခွာသွားပါတော့သည်။ထမင်းစားဆောင်မှ ထမင်းချက်ဖထီးနှင့် အမိုးကတော့ ထမင်းစားဆောင်မှထွက်ခွာသွားသော စက်မှုဆည်မြောင်းဝန်ထမ်းများကိုကြည့်ကာ ပြုံးပြုံးကြီးနှင့် ခေါင်းတညိတ်ညိတ်ဖြစ်ကာ သဘောကျနေပါတော့သည်။

အင်းလေ - ဖထီးနှင့်အမိုး ဇနီးမောင်နှံလည်း ဝန်ထမ်းတွေနှင့် အနေကြာလာတော့ သံယောဇဉ်အမျှင်တန်းပြီပေါ့။

❑

နံနက် မိုးလင်းသည်နှင့် ဆည်မြောင်းစက်မှုဝန်ထမ်းများအားလုံး မိမိတို့နားခိုရာ ရင်ကွဲလိုင်းထဲမှ မနက်စောစောအဆာပြေစားရန်ထမင်းစားဆောင်ထဲကို ရောက်ရှိနေပါတော့သည်။ ထမင်းစားဆောင်ထဲတွင် အလုပ်သမားများသူတစ်လူငါတစ်မင်းဆိုသလို လက်ပံပင်ဆက်ရက်ကျသလို ဆူညံပွက်လောရိုက်နေပါသည်။ နဂိုကတည်းက ရိုးသားပြီး ပျော်ပျော်နေတတ်တဲ့ တိုင်းရင်းသားထမင်းချက် ကရင်တိုင်းရင်းသား အမိုးနှင့်ဖထီးတို့ဇနီးမောင်နှံကတော့ သားသမီးတွေအများကြီးမွေးထားတဲ့မိဘလို အပြုံးမပျက်ရှိနေပါတယ်။

"အမိုးနဲ့ ဖထီး ဒီနေ့ထမင်းကြမ်းဘာရှိလဲဟင်"

"ဝေ့-မင်းတို့အကြိုက် ကရင်ငါးပိထောင်းချဉ်စပ်နဲ့ ပဲကတ္တီပါကို ပြုတ်ပြီး ပြန်ကြော်ထားတယ်ကွ။ လက်ဖက်ပါ သုပ်ထားသေးတယ်ဝေ"

"ဒါဆို ထမင်းကြမ်းစားကောင်းပြီပေါ့ အမိုးနဲ့ ဖထီးရာ"

"အေးအေး-ဖိုးခွားတို့ကြိုက်တယ်ဆိုရင် အမိုးနဲ့ ဖထီး ပင်ပန်းရကျိုးနပ်ပါတယ်နော့"

ဖထီးဟာ ကရင်ပီပီ စကားဝဲဝဲနှင့် ပွင့်ပွင့်လင်းလင်းပြောတတ်တာ ချစ်စရာပါပဲ။ ဒါကလည်း ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာဓလေ့တွေပေါ့။ ဒီအချိန်မှာပဲ-

"အမိုးနဲ့ဖထီး ဒီတောဒီတောင်ထဲမှာ မကျွတ်မလွတ်တဲ့သူတွေနာနာဘာဝတွေရှိလားဟင်"

ထမင်းကြမ်းစားရင်း မဆီမဆိုင်ထမေးသူက မြေသယ်ကားမောင်းသူတစ်ဦးပါ။ သူဟာ ဗုဒ္ဓဘာသာပီပီ အရာရာကို ချင့်ချိန်သုံးသပ်ပြီး သူတစ်ပါးရဲ့ဓလေ့ထုံးစံများကိုပါ ရိုသေလေးစားသူတစ်ယောက်ပါ။ အဲဒီအချိန်မှာပဲ မြေထိုးစက်မောင်းတဲ့သူတစ်ဦးက-

"မင်းကလည်း၊ မမြင်ရတာမတွေ့ရတာတွေကို တွေးကြောက်မနေစမ်းပါနဲ့ကွာ"

ဒီအချိန်မှာပဲ ကရင်သံဝဲဝဲနှင့်ပြောလိုက်တဲ့ဖထီး၏စကားကြောင့် အားလုံးထောင်ကြည့်မိလျက်သားဖြစ်သွား၏။

"ဒီမှာ ဖိုးခွားတို့၊ သူ့နေရာနဲ့သူတော့ ပိုင်ရာဆိုင်ရာတွေရှိကြတယ်။ ဒါပေမယ့် ဖိုးခွားတို့ မမြင်မတွေ့ရလို့မယုံမကြည်သွားမလုပ်လိုက်နဲ့။ ဒုက္ခရောက်သွားတာများတယ်။ ရှင်းရှင်းပြောရရင် သေဆုံးကုန်တာများတယ်"

"ဟုတ်ကဲ့ပါ ဖထီး၊ သားတို့ မယုံမကြည်မလုပ်ပါဘူး"

"နောက်ပြီး လူ့စည်း၊ ဘီလူးစည်းဆိုတာရှိတယ်။ သူ့စည်းနဲ့သူနေတာအကောင်းဆုံးပဲ"

"ဟုတ်ကဲ့ပါ ဖထီး"

"မြင်ရတွေ့ရတဲ့ဟာက ရှောင်တိမ်းနိုင်ရလွတ်ပေမယ့် မမြင်မတွေ့ရတဲ့ဟာက ရှောင်ဖို့တိမ်းဖို့ဆိုတာခက်တယ်။ သူမကြိုက်တာမလုပ်မိစေတာအကောင်းဆုံးပဲပေါ့ဝေ့"

". . . . "

"မဟုတ်ဘူးလားကွာဝေ့"

"ဟုတ် ဟုတ်ကဲ့ပါ ဖထီး"

ဒီအချိန်မှာ မြေထိုးစက်မောင်းသူတွေထဲက တစ်ယောက်ဖြစ်တဲ့ စောစောလူသာ ဖထီးပြောဆိုသမျှကိုမယုံမကြည်သည့်ပုံသဏ္ဌာန်နှင့်ကြည့်နေပါသည်။ ဖထီးကလည်း သိပေမယ့် ဘာမှပြန်မပြောပေ။ သူမှားလျှင်သူခံလိမ့်မည်ဆိုတဲ့သဘောနှင့်ပြုံးနေပါသည်။ ဒီလူဟာ ဝန်ထမ်းအဖွဲ့အစည်းထဲမှာ ဘာသာခြားတစ်ယောက်ပါ။ သူတို့ဘာသာက တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်၊ နာမ်လောကနာနာဘာဝတွေကို လုံးဝအယုံအကြည်မရှိတဲ့ဘာသာပါ။ ဒီတော့ မြင်းချိုတပ်ပေးသလိုဖြစ်နေတာမဆန်းပေ။နောင်တဆိုတာဖြစ်ပြီးမှ နှောင်းပြီးမှ တလို့လည်းအပိုပါပဲ။ မတော်လျှင် အသက်တစ်ချောင်းနှင့်အလျော်အစားဖြစ်သွားနိုင်တယ်ဆိုတာ ဒီလူမသိဘူးထင်သည်။

အေးလေ - လက်တွေ့ဆိုတာ လက်နဲ့တွေ့သွားရင်တော့ ကာကွယ်ဖို့အချိန်နှောင်းသွားပါပြီ။

❑

ဒီလိုနှင့် တစ်ရက်ထက်တစ်ရက် လုပ်ငန်းခွင်ကားများသွားနိုင်ရန် လမ်းကြမ်းဖောက်လာခဲ့ရာ အချောနီးပါးပြီးစီးလာခဲ့သည်။ ထိုသို့ပြီးစီးလာခဲ့သော်လည်း လမ်းနှင့်လွတ်သောအပင်များကိုစွန့်ထားကာ မလွတ်သောအပင်များကို

www.burmeseclassic.com

www.burmeseclassic.com

လည်းတတ်နိုင်သလောက် တောင်းပန်တိုးလျှိုးကာ မြေထိုးစက်ဖြင့် ရှင်းလင်းခဲ့ရသည်။ မလွတ်ကင်းသည့်အပြင် အစောင့်အရှောက်ကြီးပါက ဘေးမှပန်းပြီး ၎င်းအပင်အောက်မှ လမ်းဖောက်ခဲ့ကြသည်။

ဤသို့ဖြင့် တစ်နေ့တွင် အလွန်ကြီးမားသော ညောင်မုန်ဆိတ်ပင်ကြီးမှာ လမ်းမနှင့်မလွတ်သော်လည်း သူ့အပင်အောက်မှ လမ်းဖောက်လျှင် ကျယ်ဝန်းသောလမ်းကိုရသောကြောင့် ညောင်ပင်ကြီးလျှင် အစောင့်အရှောက်ကြီးသည်ဆိုကာ မလှဲဘဲ ၎င်းအပင်အောက်မှ လမ်းဖောက်ခဲ့သည်။

သို့သော်လည်း -

မနေ့က ထမင်းစားဆောင်တွင် မယုံမကြည်သူ ဘာသာခြား စက်မောင်းတစ်ဦးမှ ညောင်မုတ်ဆိတ်ပင်ကြီးကို လမ်းနှင့်လွတ်ပေမယ့် အမြင်ကတ်ကာ မြေထိုးစက်ဖြင့် သူကိုယ်တိုင်ထိုးပစ်မည်ဟု ကြိမ်းဝါးပြောဆိုပြီး ထမင်းစားကာ တစ်ရေးတစ်မောအိပ်ကြသည်။ ထိုမြေထိုးစက်သမားအိပ်ပျော်နေစဉ် အိပ်မက်ထဲတွင် -

"ဒီမှာ စက်ဆရာကြီး၊ ညောင်မုတ်ဆိတ်ပင်ကြီးကို ထိုးလှဲဖို့ မကြိုးစားပါနဲ့။ အဲဒီအပင်ဟာ နှစ်ပေါင်းများစွာ ကျွန်မတို့ရဲ့ ဘုံဗိမာန်ဖြစ်ပါတယ်"

အဲဒီလိုပြောသည့် အမျိုးသမီးနှင့်အတူ အမျိုးသမီးတစ်ယောက်ပါလာသေး၏။ အမျိုးသမီးနှစ်ယောက်စလုံးဟာ အလွန်တရာ ချောမောလှပပြီး အပြင်မှာတောင် သူတို့ကဲ့သို့ ချောမောလှပ တဲ့သူရှိမှာတောင် မဟုတ်ဘူးလို့ မြေထိုးစက်သမားက မှတ်ချက်ချနေပါသည်။ ထိုအမျိုးသမီးနှစ်ယောက်နှင့်အတူ နွားထက်မကတဲ့၊ အလွန်တရာကြီးမားတဲ့ ခွေးနက်ကြီးတစ်ကောင်လည်းပါလာပါသည်။ သူက ဘာမှပြန်မပြောတဲ့အခါ ထိုအမျိုးသမီးနှစ်ဦးက-

"စက်ဆရာကြီး ကျွန်မတို့ဘုံဗိမာန်ကိုထိုးလှဲဖို့ကြိုးစားရင်တော့ ဟိုမှာကြည့်လိုက်၊ တွေ့တယ်မဟုတ်လား။ သူက ခွင့်လွှတ်မှာမဟုတ်ဘူး။ စက်ဆရာကြီးကို သူ့ရဲ့တင်းပုတ်နဲ့ထုသတ်လိမ့်မယ်။ ဒါကြောင့်လာသတိပေးတာလို့ မှတ်ထားပါ"

အမျိုးသမီးနှစ်ယောက်ဟာ ပြောပြီးတာနှင့် ခွေးနက်ကြီးနှင့်အတူ ပြန်ထွက်သွားသော်လည်း အမျိုးသမီးနှစ်ယောက်ပြခဲ့သော အသားမည်းမည်း ဝဝတုတ်တုတ်လူထွားကြီးဟာ တင်းပုတ်ကြီးကို ထမ်းပြီး မြေထိုးစက်မောင်းသွားတာကို စိန်းစိန်းကြီးကြည့်နေပါသည်။

ဒါနှင့် မြေထိုးစက်မောင်းသမားလည်း လန့်နိုးသွားပါသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေရွှဲနစ်နေပါသည်။ ဒီတော့မှ သူဟာ အိပ်မက်မက်နေမှန်းသိရတော့သည်။

အဲဒါကို စက်မှုဝန်ထမ်းအချင်းချင်း ပြန်ပြောပြရာ -

"ငါ့ကွာ၊ အဲဒီအိပ်မက်မက်တာ ယုံရအခက် မယုံရအခက်ပဲကွ"

"တို့ကတော့ မင်းကို ညောင်ပင်ကြီးမလှဲစေချင်ဘူးကွာ"

"ဟုတ်သားပဲကွ၊ မင်းနဲ့ဘာမှမဖြစ်တာ။ သူ့အပင်အောက်က ကားသွားလမ်းလည်း အကျယ်ကြီးပဲကွာ။ အဲဒီအပင်ကို မလှဲတာ ကောင်းတယ်ကွ"

"ဟုတ်တယ်မောင်၊ သစ်ကြီးဝါးကြီးဟာ အစောင့်ကြီးတယ်ကွ။ တော်ကြာ တောထဲတောင်ထဲမှာ မတော်တရော်တွေဖြစ်မှာစိုးရတယ်ကွ"

"မင်းကလည်း ဒီညောင်ပင်ကြီးက မင်းခေါင်းပေါ် တက်ပေါက်တာလည်း မဟုတ်ဘူး။ ရန်မရှာပါနဲ့ကွာ"

"ဒါပေမယ့် ဒေသခံတွေအပြောကြီးတာ ငါတော့ဒီအပင်ကိုရအောင်လှဲမယ်ကွာ"

"မင်း အယုံအကြည်မရှိတိုင်း တစ်ဇွတ်ထိုးလုပ်လို့မရဘူးကွ။ တို့က အစိုးရဝန်ထမ်းတွေ၊ နိုင်တိုင်းလုပ်လို့မရဘူး၊ အန္တရာယ်များတယ်နော်"

"မင်းတို့ကလည်း သိပ်ပြီးကြောက်မနေပါနဲ့။ အိပ်မက်ထဲမှာသာ လာပြီးကြိမ်းဝါးသွားတာပါကွ။ ငါ့လိုလူမျိုးကို အပြင်မှာလာပြီး မကြိမ်းဝါးရဲပါဘူးကွ"

"ဒါဆိုလည်း မင်းက ညောင်ပင်ကြီးကိုလှဲဖို့ဆုံးဖြတ်ပြီးပြီပေါ့"

"အေး-ဆုံးဖြတ်ပြီးပြီ၊ မနက်ဖြန်နံနက်ပိုင်းမှာ အပြီးလှဲမယ်ကွာ"

အဲဒီလိုပြောလိုက်တဲ့အခါ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများမှာ သူ့ကိုမည်သူမျှတရားမချတော့ဘဲ သူထိုက်နဲ့သူ့ကံရှိပါစေတော့ဟု သဘောထားလိုက်ပါသည်။

အရာရာတိုင်းဟာ အမြင်ကြည်လင်ဖို့ဆိုတာ အရမ်းခက်ခဲပါသည်။ အဲဒီလို အရာရာကိုအမြင်ကြည်လင်လျှင် သူတော်ကောင်းစိတ်ဓာတ်စတင်ဝင်ရောက်နေပြီဟုမှတ်ချက်ချနိုင်ပေမယ့် မြေထိုးစက်မောင်းသမားလို အရာရာနိုင်တိုင်းလုပ်မယ်ဆိုရင်တော့ သူ့အလှည့်တစ်နေ့ပြန်လာမှာကို ဘေးကလုပ်ဖော်ကိုင်ဖက်တွေကတွေးရင်း ရင်မောနေကြပါသည်။

❑

ဒီလိုနှင့် လမ်းကြမ်းဖောက်တာအချောနီးပါးပြီးဆုံးမှုကို ရောက်ခဲ့ပါပြီ။

မနေ့က လမ်းဘေးက ညောင်ပင်ကြီးကို လမ်းနယ်ပယ်နှင့်အလွတ်ကြီးဖြစ်နေတောင် အလိုလိုနေရင်း မရှုဆိတ်ဖြစ်ပြီး ဖြိုလှဲချင်သူကလည်း ဝန်ထမ်းပီပီ မြေထိုးစက်ကြီးနှင့် ပါဝါပြချင်တာကို မနက်ပိုင်းက ဖြိုလှဲခဲ့ပါသည်။

အဲဒီလို ညောင်ပင်ကြီးကို ဖြိုလှဲနေချိန်မှာ အဲဒီပတ်ဝန်းကျင်က တောင်သူတောင်သားတွေဟာ အံ့ဩထိတ်လန့်မှုနှင့်အတူ မျက်လှည့်ဝိုင်းတမျှ စည်ကားစွာဝိုင်းဝန်းကြည့်ရှုနေခဲ့ကြသည်။

အဲဒီဒေသက ထင်းခြောက်တောင်မချိုးရဲ၊ မလုပ်ရဲမကိုင်ရဲတဲ့ ညောင်ပင်ကြီးကို မြေထိုးစက်ကြီးနှင့်တွန်းလှဲနေတာကို အထူးအဆန်းသဖွယ်ကြည့်နေတဲ့လူအုပ်ကြီးဟာ အယုံအကြည်မရှိတဲ့ မြေထိုးစက်သမားကို အားပေးသယောင်ဖြစ်ပြီး လူရဲ့ဉာဏ်စွမ်း၊ စက်ရဲ့စွမ်းအင်တွေနှင့် အေးအေးဆေးဆေးတွန်းဖြိုလှဲခဲ့တဲ့အကြောင်းကို နေ့လယ်ထမင်းစားဆောင်မှာ အာပေါင်အာရင်းသန်သန်နှင့် ပြောပြနေတာကို ဝန်ထမ်းအချို့က နားထောင်နေကြပါသည်။

ဒါပေမယ့် အချို့သော ဝန်ထမ်းနှစ်ကြီးသမားတွေကတော့ ထိုသူရဲ့လုပ်ရပ်ကို သဘောကျပုံမပေါ်ပေ။ ဒီလူဟာ တစ်ချိန်ချိန်မှာ အကြီးအကျယ်ဒုက္ခနှင့်ရင်ဆိုင်ရမည်ဟု သတ်မှတ်ထားဟန်တူပါသည်။

"ဖထီး၊ ဒီလူဟာ ပြောမရတားမရနဲ့ ညောင်ပင်ကြီးကို ဖြိုလှဲပြီးသွားပြီ"

"အေးလေကွာ-သူတို့တွေပြောနေတာ ဖထီးကြားသားပဲ"

"ဖထီး၊အဲဒီလူဘာမှမဖြစ်သေးဘူးနော်"

"အဲဒါက သူ့အချိန်မကျသေးလို့နေမှာပေါ့ဖိုးခွားရာ။ သူ့လုပ်ရပ်က နှစ်ရက်တောင်မရှိသေးဘူးလေ"

"ဖထီးက အယုံအကြည်ရှိလားဟင်"

"ဒါတွေဟာ မမြင်ရတဲ့အရာတွေဆိုတော့ ပြောလို့မရဘူးပေါ့ ဖိုးခွားရာ။ ဖိုးခွားမယုံဘူးဆိုရင် စောင့်ကြည့်နေ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့စေတနာက သူ့ကို ပြန်အကျိုးပေးမယ့်အချိန်ရောက်လာမှာ မကြာပါဘူးဝေ့"

"ဖထီး အဲဒါက ကောင်းကျိုးတော့ မဖြစ်နိုင်ဘူး။ ဆိုကျိုးပဲဖြစ်မှာနော်"

"အေးလေဝေ့၊ ဖိုးခွားတို့လည်း သိသားပဲ။ မယုံကြည်ချင်နေ မစော်ကားနဲ့။ နောက်ပြီး အမှန်ကို အမှားလို့မမြင်နဲ့။ အမှားကိုလည်း အမှန်လို့ မထင်နဲ့။ အဲဒီလိုမြင်ပြီး ထင်ပြီးလုပ်ခဲ့ရင် ပေးဆပ်မှုက ကောင်းကျိုးထက် ဆိုးကျိုးကပိုများမယ်မှတ်လား ဖိုးခွားရေ"

ကျွန်တော်တို့သည် ထမင်းချက်ဖထီး ပြောပြသော စကားများကိုသာ ကြားယောင်ရင်း ဗဟုသုတများစွာရရှိခဲ့ပါသည်။ သူ့အရပ်နှင့်သူ့ဇာတ်က လှပပြီးသားပါ။ ဒါကို မယုံမကြည်စိတ်နှင့် စော်ကားမော်ကားလုပ်လာလျှင် မမြင်ရသည့် နာနာဘာဝလောကမပြောနှင့် ယနေ့ သက်ရှိလူသားတွေတောင် လုံးဝလက်ခံမှာမဟုတ်ပါ။

အင်း - ဒီလူဝန်ထမ်းဖြစ်ပြီး တော်တော်ဆိုးတဲ့လူပဲ။ ဒါကြောင့် လောကကြီးမှာ ဒီလိုလူမျိုးတွေ ဒုက္ခတွေ့ရင် အဖတ်ဆယ်မရအောင် တွေ့တတ်တာကိုးဟု မှတ်ချက်ချလိုက်ပါသည်။

❑

စက်မှုဆည်မြောင်းစခန်းပတ်ဝန်းကျင်သည် ညအမှောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။တောတောင်ထဲတွင် ဖြစ်သည့်အလျောက် ပုရစ်အော်သံများက ကြီးစိုးနေကြသည်။ စခန်းတွင် မီးစက်မောင်းသံတို့မှအပ မည်သည့်အသံမျှမကြားရပေ။ နေ့လယ်တွင် လုပ်ငန်းထဲမှာ သွားလာလှုပ်ရှားမှုကြောင့် ပင်ပန်းကာ အားလုံးအိပ်ပျော်နေကြသည်။

ထိုအချိန်တွင် -

နေ့လယ်ခင်းက ညောင်ပင်ကြီးကို မြေထိုးစက်ဖြင့် လက်စွမ်းပြခဲ့၊ ဖြိုလှဲခဲ့သော မြေထိုးစက်မောင်းသမားဆီမှ ငယ်သံပါအောင် အော်လိုက်သောအသံကြီးသည် စခန်းတစ်ခုလုံး လွှမ်းခြုံသွားတော့သည်။

"အ. . . မ. . . လေး. . . ဗျ"

"အား အား အမလေးဗျ လုပ်ကြပါဦး"

"အား အား ကယ်ကြပါဦးဗျ"

ထိုအခါ စခန်းထဲရှိဦးစီးမှူးမှအစ ဝန်ထမ်းအားလုံး လန့်နိုးကုန်ကြပါတယ်။ နိုးလာသောလူအားလုံးမှာ တစ်ယောက်တစ်ပေါက်ဖြင့် မြေထိုးစက်သမားကို ဝိုင်းဝန်းမေးမြန်းကြရာ-

"ဟေ့ ဟေ့ ဘာဖြစ်တာလဲကွ"

"မင်း ဘာဖြစ်လို့ဒီလောက်အော်တာလဲ"

"မင်း ဗိုက်နာလို့လား၊ ဗိုက်အောင့်လို့လား"

"ကဲကဲ - အကျိုးအကြောင်းကို သေချာအောင် မေးပါဦးကွာ"

ဦးစီးမှူး၏ စကားကြောင့် တစ်ယောက်တစ်ပေါက် မေးမြန်းနေသောလူအုပ်မှာ ရှဲသွားကြသည်။

"ဗိုလ်ကြီးရယ် အိပ်မက်ထဲမှာ လူမည်းမည်းဝဝကြီးက သူ့ရဲ့တင်းပုတ်ကြီးနဲ့ ကျွန်တော့်ရဲ့မ,အား(ငယ်ပါ)ကိုထုနေတာ။ သူတို့နေတဲ့ ဗိမာန်ဖြိုလို့ဆိုပြီး စိတ်ဆိုးပြီးထုနေတာ အား အား အမလေးဗျ"

"ဟုတ်ကဲ့လားဗျာ၊ ဆီးအောင့်တာတွေနဲ့ရောနေပါဦးမယ်"

"အား အမလေး တကယ်ပါ ဗိုလ်ကြီးရယ်။ မယုံရင် ကျွန်တော့်မ,အားကိုသာ လှန်ကြည့်ပါတော့ အား အား"

ပြောစကားအရ လုပ်ဖော်ကိုင်ဖက်များမှာ မြေထိုးစက်မောင်းသူ၏ ပုဆိုးကို လှန်ကြည့်ရာ အလွန်တရာ အဆမတန် ရောင်ကိုင်းနေသော ငယ်ပါကို တွေ့ရလျှင် အားလုံး မျက်လုံးပြူးထိတ်လန့်သွားကြသည်။

"ဟင်"

"ဟာ"

"အို"

"ဘယ်လိုဖြစ်သွားတာလဲဟ"

ဦးစီးမှူးလည်း အံ့ဩထိတ်လန့်သွားပြီး အလျင်အမြန် ကားကိုစီစဉ်ခိုင်းပြီး ကားစက်နှိုးကာ မော်လမြိုင်ဆေးရုံသို့တင်ပို့ရန် အမြန်ဆုံးမောင်းသွားရန် ပြောကြားနေသည်။

ပြီးလျှင် ဝေဒနာရှင်ကို ကားပေါ်တင်ပြီး မော်လမြိုင်ဆေးရုံသို့သွားပို့သော်လည်း ဆေးရုံမရောက်ခင် လမ်းတစ်ဝက်မှာပင် ငယ်သံပါအောင် မချိမဆံ့ အော်သံကြီးတစ်ချက်ထွက်လာသည်။ ထိုအော်သံသည် လမ်းဘေးဝဲယာရှိသစ်တောများထဲသို့ ပဲ့တင်ထပ်သွားသည်။

"အမလေး - ကယ်ကြပါဦးဗျ၊ နောက်ကိုမလုပ်တော့ပါဘူး။ ကြောက်ပါပြီဗျ။ အမလေး - လုပ်ကြပါဦးဗျ"

ကားပေါ်၌ အဖော်လိုက်ပါလာသော လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများမှာ အော်သံပျောက်သွား၍ ဂရုတစိုက်ကြည့်ရှုကြသောအခါ အသက်ဝိညာဉ်ကင်းမဲ့နေသောမြေထိုးစက်မောင်းသမားကိုတွေ့မြင်သွားကြတော့သည်။ သူတို့လည်း ဆေးရုံကို ဆက်မမောင်းမသွားတော့ဘဲ လာလမ်းအတိုင်း မိမိတို့၏တောစခန်းသို့ ပြန်မောင်းလာခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် အသိတရားတစ်ခုရခဲ့သည်။

လောကတွင် ငါလုပ်တိုင်းရသည်ဟူသော မာန်မာနတရားသည် လည်းကောင်း၊ အတ္တတရားသည် လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးချစ်ခင်သည်ကို မဟုတ်မဟတ်ကုန်းတိုက်သူတို့သည်လည်းကောင်း ဘယ်သောအခါမှ အနိုင်မရဘဲ ဆုံးရှုံးမှုနှင့် ကြုံကြိုက်သွားကြတာ လောကပါလတရား၏ စီရင်ခြင်း ဖြစ်သည်။ ဒါကြောင့် လောကကြီးမှာ မိမိကိုယ်တိုင် လက်တွေ့မဟုတ်ဘဲ သူတစ်ပါးပြောတိုင်း လေ့လာ သုံးသပ် စိစစ်မှု မရှိလျှင် ပိုမိုဒုက္ခတွေ့ဖို့ လမ်းစဖောက်လာပြီလို့သာ မှတ်လိုက်တော့။

မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝါဒသည် လေ့လာ စိစစ်ဝေဖန်သုံးသပ်သောဘာသာ ဖြစ်သည်။

ဒါကြောင့် စာဖတ်သူ မိတ်ဆွေအပေါင်းကို သူတစ်ပါးပြောတိုင်း အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်နေသမျှကာလပတ်လုံး ငရဲဆိုတဲ့ အဝီစိမှာ နှပ်နှပ်လုံးရဦးမည်။ သို့အတွက်ကြောင့် လောကရှိလူတိုင်း လူတိုင်းဟာ -

အမှန်ကို အမှားမထင်ပါနဲ့။

အမှားကို အမှန်မထင်ပါနဲ့။

အမှားကို အမှားအတိုင်းမြင်ပါ။

ဒါဆိုလျှင် လောကဘာဝ၊ မမြင်ရတဲ့ နာနာဘာဝနဲ့ပါ လိုက်လျောညီထွေ သာယာစွာနေထိုင်နိုင်ကြမည် ဖြစ်သည်။ ဘယ်တော့မှ လောကကြီးဟာ တစ်ဖက်စောင်းနင်းမရှိတာအမှန်ပါပဲ။ လူတွေကသာ မဟုတ်တာလုပ်နေကြတာပါ။ မဟုတ်တာလုပ်လျှင် မဟုတ်တာဖြစ်တတ်တာမဆန်းပါဘူးဆိုတာ တင်ပြရင်း. . . ။

ရဿဂမ္ဘီရကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်းညွှန်မှူးရုံး)

မွန်ပြည်နယ်တွင်ဖြစ်ခဲ့သည်ကို ပြောပြသော ကိုနန္ဒ (စက်မှုကျွမ်းကျင် ၁.ဆ/မ စက်မှု) ကို ကျေးဇူးတင်သောအားဖြင့် ခံစားတင်ပြပါသည်။




www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၆ ခုနှစ်၊ မေလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




၁- ၅- ၂၀၁၆ နေ့ သာယနဇာတာခွင်




၁၁- ၅- ၂၀၁၆ နေ့ သာယနဇာတာခွင်




၂၁- ၅- ၂၀၁၆ နေ့ သာယနဇာတာခွင်

ဤလ၏ ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက် အတက်နှေး၊ အကျကြမ်းမည်။ ငွေကြေးဈေးကွက်ပြုတ်ကျတတ်ပြီး တရိပ်ရိပ်ပြန်တက်တတ်မည်။ ကျောက်မျက်ဈေးကွက်ထိုင်းမှိုင်းနေမည်။ စတော့ရှယ်ယာဈေးကွက်အတက်အကျလေးလံနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်များတည်ငြိမ်နေမည်။ ရေဒီယိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ ဈေးကွက်ထိုးကျတတ်မည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်ငြိမ်သက်နေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်အတက်ကြမ်း၊ အဆင်းကြမ်းဦးမည်။ လောင်စာဆီ ၊ စားသုံးဆီဈေးကွက် အတက်အကျမြန်ဆန်နေမည်။ ရေလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ရုတ်တရုတ်ထိုးကျသည်။ ပြီးတရိပ်ရိပ်ပြန်တက်တတ်မည်။စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ဈေးကွက်ကောင်းမည်။

ဒုတိယ ဆယ်ရက်ကာလတွင် ရွှေဈေးကွက်ငြိမ်သက်နေမည်။ ငွေကြေးဈေးကွက်အတက်ကြမ်းမည်။ ကျောက်မျက်ဈေးကွက်ထိုင်းမှိုင်းနေမည်။ စတော့ရှယ်ယာဈေးကွက် တည်ငြိမ်နေမည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းဈေးကွက် အတက်နှေး၊ အကျနှေးမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဈေးကွက် ထုံထိုင်းနေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက် လေးလံနေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများဈေးကွက်တက်ဈေးမျှော်၍မရသေးပေ။ ရေလုပ်ငန်းထုတ်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများတက်ဈေးမိတတ်မည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် အတက်အကျကြမ်းနေမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ ဓာတုပစ္စည်းဈေးကွက်သိပ်မကောင်းသေး။ တွင်းထွက်သတ္တုပစ္စည်းဈေးကွက်အတက်အကျ မြန်ဆန်နေမည်။

တတိယ ဆယ်ရက် ကာလတွင် ရွှေဈေးကွက်အကျဘက်ကို ဦးတည်နေသည်။ ကျောက်မျက်ဈေးကွက်၊ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်အတက်အနှေး၊ အကျနှေးနေမည်။ စိုက်ပျိုးရေးထွက်ကုန်၊ ဓာတုဗေဒထွက်ကုန်၊ ရေလုပ်ငန်းထွက်ကုန်တို့ဈေးကွက်ထုံထိုင်းနေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ အနုပညာဆိုင်ရာဈေးကွက်အေးခဲနေမည်။ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းများဈေးကွက်အတက်၊ အကျ ရှုပ်ထွေးနေမည်။ စာနယ်ဇင်းဈေးကွက်၊ မီဒီယာဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက်တည်ငြိမ်နေမည်။ ဆေးနှင့်ဆက်စပ်လုပ်ငန်း၊ သစ်နှင့်ဆက်စပ်လုပ်ငန်းဈေးကွက်ကျဈေးမိမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးဈေးကွက် တက်လိုက်၊ ကျလိုက်နှင့် ရှုပ်ယှက်ခတ်နေမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက် အတက်အကျ မငြိမ်မသက်ရှိနေမည်။ တွင်းထွက်သတ္တုပစ္စည်းများဈေးကွက်တက်ဈေး၊ ကျဈေး မြန်ဆန်နေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်အများစုမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုအလွတ်ရကြသူများပါသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့စဉ်အခါက မိမိတို့ ကြုံတွေ့နေကြရသော ဘေးရန်အသွယ်သွယ်မှ လွတ်ကင်းရန်အတွက် ရည်စူးကာ ရွတ်ဆိုပွားများလေ့ရှိကြသောကြောင့်ပါ။ ထို့ကြောင့် ရှေးလူကြီးသူမတို့က မိမိတို့၏ သားသမီးမြေးမြစ်တို့ကို ဘာသာရေးအမွေသဘောမျိုး နှုတ်တိုက်ချကာ သင်ပေးခဲ့ကြပါသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီးအစွမ်းကိုယ်တွေ့ကြုံရသူတို့ အများအပြားရှိနိုင်ပါသည်။ ထိုအထဲမှ ကျွန်တော်၏ ကိုယ်တွေ့ဖြစ်စဉ်အချို့နှင့် ကျွန်တော်၏ဖခင်ဖြစ်သူ ကိုယ်တွေ့အတွေ့အကြုံများကို တင်ပြပါဦးမည်။

ဖခင်ဖြစ်သူ ဦးလှထွန်း၏ မိခင်မှာ မြန်အောင်သူတစ်ဦးဖြစ်ပြီး ရှမ်းသွေးအနည်းငယ်ပါသည်ဟု သိရပါသည်။ ကျွန်တော့်အဘွားအေကြီး၏အဘွားဖြစ်သူ ဒေါ်ရွှေနုဆိုသည်မှာ ရှမ်းတိုင်းရင်းသူစစ်စစ်ဖြစ်သည်ဟုဆိုပါသည်။ အဘွားအေကြီးတွင် ပထမအိမ်ထောင်ရှိခဲ့ဖူးပြီး သမီးနှစ်ယောက်ရအပြီး ခင်ပွန်းသည် ကွယ်လွန်သွားခဲ့ပြီးနောက် ကျွန်တော်၏ အဘိုးဖြစ်သူ ဦးထွန်းမြိုင်နှင့် အကြောင်းဆက်ပါသည်။ အဘိုးဖြစ်သူမှာလည်း အရင်အိမ်ထောင်ရှိခဲ့ပြီး သားသုံးယောက်နှင့် သမီးတစ်ယောက်ရအပြီး ဇနီးသည်ဆုံးပါးခဲ့ပြီးမှ ကျွန်တော်၏ အဘွားနှင့် အကြောင်းပါခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော့်အဘိုးနှင့်အဘွားတို့မှာ ယခင်အိမ်ထောင်များအသီးသီးရှိကြပြီး သားကြီးသမီးကြီးများရှိကြသော်လည်း လင်ပါမယားပါသားသမီးအချင်းချင်း ပြဿနာမရှိကြဘဲ သင့်မြတ်ကြပါသည်။ ကျွန်တော်တို့ ဘွားအေကြီးကလည်း သာမန်တော်ရုံတန်ရုံ အမျိုးသမီးများ ပြုနိုင်ခဲ့သော လင်ပါသားသမီးများကို သားသမီးအရင်းများသဖွယ် ပြုစုစောင့်ရှောက်ခဲ့သည်ဟုဆိုသည်။ ထိုနည်းတူစွာ အဘိုးကလည်း မယားပါသမီးနှစ်ယောက်ကို မိမိသမီးနှင့်တန်းတူထားကာ ဆက်ဆံခဲ့ကြသည်။ အဘိုးနှင့်အဘွားမှ

# မောင်လှထွေး (မြန်အောင်)

## သမ္ဗုဒ္ဓေအစွမ်းအံ့မခန်း ကိုယ်တွေ့ ဖြစ်ရပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

မွေးသော ကျွန်တော့်အဖေတစ်ဦးတည်းသာ နှစ်ဖက်စုံမြင်ဟု ခေါ်လေသည်။ ကျွန်တော်တို့လူမှန်းမသိမီကပင် အဘိုးနှင့် အဘွားတို့ ကွယ်လွန်ခဲ့ပါသည်။ အဘိုးနှင့် အဘွားတို့ ကွယ်လွန်ခဲ့သော်လည်း ကျန်ရစ်ခဲ့ကြသော လင်ပါမယားပါသားသမီးမောင်နှမတို့ တစ်အုတ်ဆင်း ညီအစ်မရင်း၊ မောင်နှမရင်းများသဖွယ် ဆက်ဆံနေထိုင်ကြပါသည်။

ကျွန်တော့်အဘိုးမှာ နတ်တလင်းမြို့နယ်နှင့်မိုးညိုမြို့နယ်ကြားရှိရွာတစ်ရွာဖြစ်သော သမီးလှရွာသားဖြစ်သည်။ ရွာသူကြီးလည်းဖြစ်၊ တောသူဌေးလည်းဖြစ်သဖြင့် အင်္ဂလိပ်လက်ထက်တွင် သမီးလှရွာအနီးရှိ ခွေးသေ၊ မွေးပါ၊ ဆတ်ကျ အစရှိသော အင်းကြီးများကို ပိုင်ဆိုင်သောအင်းသူကြီးလည်းဖြစ်သည်။ အဘွားကမူ မြန်အောင်မြို့တွင် ရွှေခေတ် အခေါ် ငါးရွဲ ယခုခေတ်အခေါ် ငါးဒိုင်ဖွင့်ကာ စီးပွားဖြစ်ခဲ့သူများ ဖြစ်သည်။ နောက်ပိုင်း သမီးလှရွာရှိ အင်းများ၊ လယ်ယာများကို အဘိုးဘက်မှသားသမီးများကို အမွေပေးလိုက်ပြီး မြန်အောင်မှာပင် အခြေချနေထိုင်ပြီး ကုန်လှေကြီးတစ်စီးဝယ်ကာ အထက်အညာမှ ပုံးရည်ကြီး၊ ထန်းလျက်၊ ငရုတ်သီးများကို မြန်အောင်-ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ကုန်ကူးကာ ကုန်သည်လုပ်လေတော့သည်။





www.burmeseclassic.com

အဘိုးသည် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အမြဲမပြတ်ရွတ်ဖတ်ပူဇော်လေ့ရှိသည်ဟုဆိုသည်။ အဘွားသည်လည်း အလားတူ ရွတ်ဖတ် ပူဇော်ခဲ့သည်ဟုဆိုပါသည်။ ထို့ကြောင့် အဘိုး၊ အဘွားမှ လက်ဆင့်ကမ်းကာ အဖေ၊ အမေမှတစ်ဆင့် ကျွန်တော်တို့လက်ထက်သို့တိုင် ရိုးရာအမွေအနှစ်သဖွယ် ဆက်ခံခဲ့ကြပါသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီးသည်ကား ပွင့်လေကုန်ပြီးသော သဗ္ဗညုတဘုရားရှင်တို့၏ ဂုဏ်တော်အပေါင်းနှင့် တပည့်သား သံဃာတော်တို့၏ ဂုဏ်တော်၊ တရားတော်တို့၏ ဂုဏ်တော်တို့ကို ရည်မျှော်မှန်းဆပြီး ကန်တော့ကြရသည်ဖြစ်ရာ အလွန်အကျိုးများလှပါသည်။

အဘိုးက အောက်ပြည်အောက်ရွာထွက် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်တို့ကို အထက်အညာသို့ပို့ဆောင်ရောင်းချကာ ပိုမိုစီးပွားဖြစ်ထွန်းအောင်မြင်လာလေသည်။ ယခင် သမီးလုရွာသူကြီးလုပ်စဉ်ကပင် အစိုးရဌာနများ၊ ရုံးများသို့ အရောက်အပေါက်များခဲ့သူဖြစ်ရာ ယခုအခါ အောက်ပြည်အောက်ရွာမြို့ကြီးများဖြစ်သော ရန်ကုန်၊ ပုသိမ်၊ မြောင်းမြမြို့များသို့ လည်းကောင်း၊ ပြည်၊ မကွေး၊ မင်းဘူး၊ မြင်းခြံ၊ ပခုက္ကူမှ ကသာအထိ ကုန်သည်အဖြစ် ရောက်ရှိလာသည့်အခါ ဗဟုသုတပိုမိုကြွယ်ဝလာပြီး အငယ်ဆုံး သားဖြစ်သူ ကျွန်တော့်ဖခင်ကို မြို့ကျောင်းထားရန် စီစဉ်တော့သည်။ ငွေချမ်းသာပြီးဖြစ်ရာ ဂုဏ်ရှိရန်အတွက် အတန်းကျောင်းပညာကို သင်ယူစေခဲ့သည်။ ကျွန်တော်၏ဖခင်ကတော့ မိဘများအလိုကျ ခေတ်ပညာရပ်များကို သင်ယူမှုံ့သလို အခြားပိုက်ဆံချမ်းသာသူအများစု၏သားသမီးသူဌေးသားအများစုတို့ တတ်အပ်သော အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် စသော အတတ်ပညာတို့ကိုလည်း သင်ယူတတ်မြောက်ပြန်လေသည်။

ထို့ကြောင့် မြန်အောင်မြို့ ရွှေဘုံသာရပ်ကွက်အတွင်းရှိ ရွှေဘုံသာဘုရားအနီးက ထန်းတောကြီးကိုဝယ်ယူကာ ထန်းတက်သမားတစ်ဦးကို တက်စေခဲ့သည်။ ထိုထန်းတောကြီးကိုဝယ်ယူခြင်းမှာ စီးပွားရေးအတွက်မဟုတ်ဘဲ မိမိအပေါင်းအသင်းများနှင့် အချိန်မရွေးသောက်သုံးနိုင်ရန် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့၏အဘွားကလည်း သူ့သားကို အလွန်ချစ်သည့်အတွက် အရက်ဆိုင်များတွင် သွားသောက်မည့်အစား အိမ်တွင်သော် လည်းကောင်း မိမိထန်းတောထဲတွင် လည်းကောင်း သောက်ခြင်းက ပိုမိုအန္တရာယ်ကင်းစေသည်ဟုယူဆကာ ခွင့်ပြုထားလေသည်။

တစ်နေ့ အပေါင်းအသင်းများနှင့် တစ်နေကုန် ထန်းရည်သောက်သုံးပြီး ထန်းတောထဲမှာပင် အိပ်ပျော်သွားခဲ့ရသည်။ ညနေစောင်း၍ နောက်အပေါင်းအသင်းတစ်စုထပ်ရောက်လာပြန်သောအခါမှ အိပ်ရာမှနိုးကာ အပေါင်းအသင်းများနှင့် ထပ်သောက်ပြန်သည်။ ထန်းရည်မြည်းရန် အမြည်းကုန်သွားသောအခါ ထန်းတက်သမား ကိုထွန်းခင်က အမဲခြောက်များယူလာပေးသည်။ ကိုထွန်းခင်ယူလာပေးသောအမဲခြောက်များမှာ နှစ်ပိဿာခန့်ရှိရာ ဘယ်ဈေးဝယ်ရသလဲဟုမေးရာ မဝယ်ရကြောင်း၊ ကျွန် တော်တို့ထန်းတောနှင့်ကပ်လျက်တွင် သင်္ချိုင်းကုန်းတစ်ခုရှိပြီး သင်္ချိုင်းကုန်းဇရပ်ကို အလှူရှင်တစ်ဦးက ထုပ်ကိုးခုဖြင့် ဇရာမဇရပ်ကြီးတစ်ခု တည်ဆောက် လှူဒါန်းခဲ့သဖြင့် ကိုးထုပ်ကြီးသင်္ချိုင်းကုန်းဟုခေါ်သည်။ ထိုသင်္ချိုင်းတစ်ခုခြားထားသောခြံမှာ ဦးဘငြိမ်းဟုခေါ်သူတစ်ဦးပိုင်သည်။ ထိုခြံကြီးထဲတွင် သရက်ပင်၊ မာကလာပင်၊ မရန်းပင်ကြီးများရှိရာ အုပ်ဆိုင်းနေသည်။ ပိုင်ရှင်ကလည်း တစ်လကြာ၍ တစ်ခါမလာဟုဆိုသည်။ ထိုခြံထဲတွင် နွားသူခိုးများကခိုးလာသော နွားများကိုသတ်ပြီး ရောင်းချကာ ပိုလျှံသောအသားများကို အမဲခြောက်လှန်းခဲ့သည်ဟုဆိုသည်။

ထိုအမဲခြောက်များဖြင့် ထန်းစေ့မှုတ်ချများကို မီးဖိုပြီး ကင်လိုက်ဖုတ်လိုက်ဖြင့်စားရာ ည (၉) နာရီလောက်တွင်ကုန်လေသည်။ ထန်းတက်သမား ကိုထွန်းခင်က ထန်းရည်အိုးများကို လုံလောက်အောင်ချထားပေးခဲ့ရာ သုံးအိုးခန့်ကျန်နေသေးသည်ဟုဆိုသည်။အတူသောက်နေသူ သူငယ်ချင်းများက ပြန်သွားကြလေပြီ။ ထို့ကြောင့် နွားသူခိုးများလှန်းထားခဲ့သော အမဲခြောက်များကိုခိုးယူပြီး တစ်ဦးတည်းထပ်သောက်ရန်ထွက်လာခဲ့သည်။ လမ်းအတိုင်းလာပြီး သင်္ချိုင်းကုန်းကိုဖြတ်ပြီး ဦးဘငြိမ်းတို့ခြံထဲရောက်သောအခါ သီတံများဖြင့်လှန်းထားသော အမဲခြောက်များကိုကား တွေ့ပါ၏။ သို့သော် မရန်းပင်ကြီး၏အမြင့်အဖျားတွင် ဝါးလုံးတန်းများထိုးထားပြီးလှန်းထားရာ သစ်ပင်မတက်နိုင်သူ အဖေမှာ အခက်ကြုံနေရတော့သည်။ နောက်ဆုံးသင်္ချိုင်းကုန်းထဲကိုဝင်ပြီး လူသေများထမ်းရာတွင်သုံးသော ဝါးလုံးထမ်းပိုးသုံးလေးချောင်းကိုယူပြီး ခြံထဲသို့ပြန်ဝင်ခဲ့သည်။ အသင့်ပါလာသော ဓားကြီးတောင်ဓားဖြင့် နှစ်တောင်ခန့်ခုတ်ပိုင်းများပိုင်းကာပစ်ချရလေသည်။ အမဲခြောက်များမှာ အများကြီးရှိသဖြင့် ငါးပိဿာခန့်ရလေသည်။ ထည့်စရာမရှိသဖြင့် ပုဆိုးချွတ်ကာ ထုပ်ပြီး ဘောင်းဘီတိုဖြင့် ပြန်လာခဲ့သည်။ သင်္ချိုင်းကုန်းရှေ့အရောက်တွင် ခွေးနက်ကြီးငါးကောင်ခန့်ထွက်လာသည်ဟုဆိုသည်။

ခွေးကြီးများမှာ နွားပေါက်လေးများခန့်လောက်ရှိပြီး လူခါးစောင်းလောက်ရှိသည်ဟုဆိုသည်။ ခွေးများအနားရောက်တိုင်း လက်ထဲရှိဓားဖြင့်ခုတ်သော်လည်းမထိဟုဆိုသည်။ ပထမတော့ ရိုးရိုးခွေးများဟုထင်သော်လည်း နောက်ပိုင်း မကောင်းဆိုးရွားသရဲများခွေးယောင်ဆောင်ကာလိုက်လာကြောင်း သိလာရတော့သည်။ နောက်ဆုံးတွင် လက်ထဲရှိ အမဲခြောက်များကို လက်တစ်ဖက်ဖြင့်နှိုက်ကာ ပစ်ချပေးလိုက်မှ ကျန်ခဲ့သည်ဟုဆိုသည်။ သိပ်မကြာလာ လိုက်။နောက်ကထပ်လိုက်လာပြန်သည်။ ဤသို့ဖြင့် ပစ်ချလိုက်၊ ဓားဖြင့်ခုတ်လိုက်နှင့်လာခဲ့ရာ ရပ်ကွက်ထဲရောက်ရန် ဘောလုံးကွင်းသုံးကွင်းစာလောက်ကျန်ချိန်တွင် ခွေးကြီးများမှာ ပိုဆိုးလာကာ လူကိုဝင်ကိုက်တော့မည့်ကဲ့သို့ဖြစ်လာသည်။ ထိုအခါမှ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုသတိရပြီး ရွှေဘုံသာဘုရားဘက်သို့လှည့်ကာ မျက်နှာမူပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တုန်တုန်ယင်ယင်ဖြင့်ရွတ်ရသည်ဟု ဆိုသည်။ ထိုအခါ စောစောကကိုက်တော့ခဲ့တော့မည့်ကဲ့သို့လိုက်လာကြသောခွေးကြီးများမှာ အနားမကပ်တော့ဘဲ ခပ်လှမ်းလှမ်းမှရပ်ကြည့်နေကြသည်ဟုဆိုသည်။ အဖေလည်းအားတက်လာပြီး သုံးခေါက်ခန့်ထပ်ပြီးရွတ်ဖတ်ရာ ခွေးကြီးများမှာ ထိုနေရာတွင်ပင်ရပ်ကြည့်နေပြီး ကျန်ခဲ့သည်ဟုဆိုသည်။ သို့နှင့် တစ်ဝက်သာသာခန့် ကျန်ရစ်သော သုံးပိဿာခန့်ရှိ အမဲခြောက်များကိုယူပြီးပြန်လာခဲ့သည်။

အိမ်သို့ရောက်သောအခါ အဘွားက သူ့သားကို မအိပ်ဘဲထိုင်စောင့်နေသည်။ အဖေ့ကို တံခါးဖွင့်ပေးသည့်အခါ အဖေက အိမ်ထဲဝင်ပြီး လက်ထဲပါလာသော အမဲခြောက်ထုပ်ကို အဘွားအမြင်

www.burmeseclassic.com

မ်ိဳ အိမ်အောက်သို့ပစ်ထည့်လိုက်သည်။ အဘွားက ထိုအချိန်တွင် အဖေ့နောက် ဘွင်ပါလာသော ခါးတောင်းကျိုက်နှင့် ဓါးတုတ်ကိုင်ထားသူလူသုံးဦးကို အိမ်ထဲ ဝင်ရန်ပြောသည်။ ထိုသူများက မဝင် တော့ပါကြောင်း၊ သူတော်တော်မူးနေ၍ ထိုက်ပို့ခြင်းဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားသည်ဟု ဆိုသည်။ ထိုလိုက်ပို့သူများကို အိမ်နီးချင်းများနှင့် အဘွားကသာတွေ့ပြီး ကျွန်တော်အဖေက မတွေ့ရဟုဆိုသည်။ နံနက်မိုးလင်းသောအခါ ညကပစ်ထားခဲ့သော အမဲခြောက်ထုပ်ကို ပြန်ရှာကြည့်သောအခါ ပုံမပျက်တွေ့ပါသော်လည်း လောက်များ တဖွားဖွားကျနေသည်ဟုဆိုပါသည်။

ထိုအချိန်က ဂျူနီဦးစောသည် နန်းရင်းဝန် ယခုခေတ်အခေါ် ဝန်ကြီးချုပ် ဖြစ်နေချိန် မြန်အောင်မြို့နယ်မှ ဝင်ရောက်အရွေးခံခဲ့ခြင်းဖြစ်ရာ သူတည်ထောင်ထားသော မျိုးချစ်ပါတီအထွေထွေအတွင်းရေးမှူး ဦးလှမြတ်စိုးမှာလည်း မြန်အောင်သားဖြစ်နေပြီး သူ၏ဇနီး ထိုအချိန်က ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှဆရာမဒေါ်လှလှချိန် (ထိုအချိန်က ပညာမင်းကြီးဦးချိန်၏သမီး၊ နောင်အခါ 'လှ' အလွတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ကြသူများ)ဖြစ်သဖြင့် ရင်းနှီးပြီးဝင်ထွက်သွားလာခဲ့ရာမှ နောင်အခါ ဗိုလ်ချုပ်တို့လုပ်ကြံခံရသောအခါ ဦးစောအိမ်သို့ အဝင်အထွက်ရှိသူများ အဖမ်းခံခဲ့ရသည်။ ထိုအခါ အဖေလည်း အဖမ်းခံရကာ အင်းစိန်ထောင်တွင် အချုပ်ခံခဲ့ရသည်ဟုဆိုသည်။နောင်အခါ အမှုနှင့်သက်ဆိုင်ခြင်းမရှိသဖြင့်ပြန်လွှတ်ပေးခဲ့သော်လည်း ထောင်ထဲတွင် တစ်နှစ်ခွဲခန့်အထိနေခဲ့ရပါသည်။ ထိုစဉ်က နိုင်ငံရေးနှင့်ပတ်သက်ပြီး အချုပ်အနှောင်ခံရသူများ၊ထောင်ကျသူများကို အေကလပ်၊ ဘီကလပ်ခေါ် အဆင့်ခွဲပြီး သင့်တင့်သော လူနေမှုအဆင့်အတန်းနှင့်အညီကျွေးမွေးသည်ဟုဆိုသည်။

ထောင်ထဲတွင် လက်ဝဲနိုင်ငံရေးသမားများနှင့်တွေ့ဆုံပြီး ကွန်မြူနစ်ဝါဒကို လေ့လာလိုက်စားပြီး လွတ်မြောက်လာသည့်အခါ တောခိုခဲ့သည်။ ကွန်မြူနစ်အများစုမှာ ဘာသာမဲ့များဖြစ်သည် ဆိုစေကာမူ အဖေသည် သူကိုယ်တွေ့ကြုံခဲ့ရသော သမ္မာဒေ္ဓဂါထာတော်ကြီး အစွမ်းကြောင့် ဘာသာမဲ့မဖြစ်ခဲ့။ ထိုသို့ တောခိုနေစဉ် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် တော်လှန်ရေးနေ့ လူထု



စည်းဝေးပွဲကျင်းပရန် ကွန်မြူနစ်ပါတီမှ တာဝန်ပေးခဲ့သည်။

ထိုကျင်းပရေးအဖွဲ့အတွင်း အဖေ့ကို ကျင်းပရေးကော်မတီဥက္ကဋ္ဌအဖြစ် ပါတီကတာဝန်ပေးခဲ့သည်ဟုဆိုသည်။ ထိုကော်မတီစည်းဝေးပွဲကျင်းပရာသို့ အဖေ့ထက်ပါတီတာဝန်တစ်ဆင့်မြင့်သူ တစ်ဦးရောက်လာခဲ့ပြီး ပါတီက သူ့ကို ကျော်ပြီး အဖေ့ကို တာဝန်ပေးတာ မကျေနပ်ကြောင်း လာပြောသည်ဟုဆိုသည်။ ခရိုင်ကော်မတီအစည်းအဝေးများတွင် လက်နက်ကိုင်ဆောင်ပြီး စည်းဝေးပွဲတက်ခွင့်မရှိပါ။ ထို့ကြောင့် ကျန်ကော်မတီဝင်များက ဝိုင်းဝန်းဖျောင်းဖျပြီး လက်နက်တောင်းသော်လည်း မပေးဘဲနေခဲ့သဖြင့် ရှန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ သူ့ထံမှလက်နက်ကိုဝိုင်းလုရာမှ မတော်တဆ ကျည်ဆန်ထွက်သွားခဲ့လေသည်။ ထိုအခါ ထိုကော်မတီရဲဘော်၏ နောက်တွင်ပါလာသော တပည့်ရဲဘော်များက စည်းဝေးပွဲကျင်းပရာနေ့ရာသို့ သေနတ်ဖြင့်ဝိုင်းပစ်ကြရာ ကျန်လူများကိုမထိဘဲ ထိုကော်မီတီဝင်ရဲဘော်ကို တည့်တည့်ထိမှန်သေဆုံးခဲ့ရလေသည်။ ထိုရဲဘော်က အဖေ့ကိုသတ်ပစ်မည်ဟု ကြုံးဝါးပြီးလာခဲ့သူဖြစ်ရာ သူနှင့်အတူပါလာသူ တပည့်များကိုလည်း သေနတ်သံကြားသည်နှင့် စည်းဝေးပွဲအတွင်းသို့ သေနတ်ဖြင့်ဝိုင်းဝန်းပစ်ခတ်ရန် အမိန့်ပေးထားသည်ဟုဆိုသည်။ မည်သို့ပင်ဆိုစေကာမူ အဖေ့ကိုသတ်ရန်ရောက်လာသူက အဖေ့ကိုမသတ်နိုင်ဘဲ သူ့အကုသိုလ်နှင့်သူသေဆုံးသွားရခြင်းမှာ သမ္မာဒေ္ဓ၏ အစွမ်းကြောင့်ဟု အဖေကတော့ စွဲမြဲယုံကြည်ခဲ့လေသည်။ ထို့ကြောင့် အဖေသည် ကွန်မြူနစ်ဖြစ်နေခဲ့လင့်ကစား သမ္မာဒေ္ဓဂါထာတော်ကြီးကိုအမြဲရွတ်ဖတ်ပူဇော်လေတော့သည်။ ထိုကော်မီတီဝင် သေဆုံးခဲ့ခြင်းတွင်တာဝန်မကင်းဟု ပါတီကယူဆသဖြင့် ပါတီတာဝန်မှ ရပ်ဆိုင်းခြင်းခံရလေသည်။

ထိုအချိန်တွင်ပင် တပ်မတော်စစ်ကြောင်းများထိုးကာ လာရောက်တိုက်ခိုက်ခဲ့ကြသဖြင့် တစ်ချိန်က ကွန်မြူနစ်တို့၏မြို့တော်ဖြစ်ခဲ့သော ပြည်မြို့ကို အစိုးရက ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ရွှေတောင်၊ နတ်တလင်း၊ ကြို့ပင်ကောက်၊ ဇီးကုန်းမြို့နယ်များ၏ အနောက်ဘက်ခြမ်းဒေသရှိ ကွန်မြူနစ်ပါတီဝင်ရဲဘော်များပါတီနှင့် အဆက်အသွယ်ပြတ်ကာ ကျန်ခဲ့သည်။ ပြည်မှပါတီဌာနချုပ်သည်လည်း ပဲခူးရိုးမထဲသို့ ပြောင်းရွှေ့သွားလေပြီ။

တစ်ဖက်တွင် စစ်တပ်ထိုးစစ်ကြောင့် ကျေးရွာများတွင်မနေနိုင်ဘဲ တောထဲတွင် ကိုယ်ယောင်ဖျောက်နေကြရစဉ် ပါတီဝင်ရဲဘော်ကလေးတစ်ဦး ဆီးချုပ်ဝမ်းချုပ်ဖြစ်ကာသေဆုံးခဲ့ရသည်။ ထို့ကြောင့် တောတွင်းတစ်နေရာတွင် မီးသဂြိုဟ်ခဲ့ရပြန်လေသည်။ ထိုအချိန်တွင် အဖေသည် နတ်တလင်းမြို့ အနောက်ဘက် မိုင် (၄၀) ခန့်အကွာရှိ ပွဲသာရွာကလေးတွင် ပွဲသာရွာသူ ကျွန်တော်တို့မိခင်နှင့်အိမ်ထောင်ကျကာ ကျွန်တော့်အစ်ကိုနှစ်ဦးကို မွေးဖွားခဲ့ပြီးဖြစ်သည်။ အိမ်ထောင်သည်အဖေမှာ ကျွန်တော့်မိခင်နှင့် အစ်ကိုနှစ်ယောက်သံယောဇဉ်ကြောင့် ညအချိန် ရွာသို့ပြန်ဝင်ကာ ကျွန်တော့်မိခင်ကို လာတွေ့တတ်သည်။ ထိုအချိန်က ပွဲသာရွာအနောက်ဘက်ဘတ်(စ်)ကားမှတ်တိုင်နှစ်တိုင်စာလောက်အကွာရောက်လျှင် ပြည်တောင်တန်း၏ တောင်ဆွယ်တောကြီးဖြစ်၏။ကျွန်တော် လူပျိုပေါက် (၈၈) ခုအရေးအခင်းဖြစ်ပြီး ၁၉၉၅ ခုလောက်အထိ ထိုတောထဲမှာ ပင် မီးတွင်းစာ ထင်းခုတ်လို့ရနိုင်ပါသေးသည်။ယခုသော်ကား ရွှေတောင်မြို့နယ် အစပ် သဲဖြူရွာအထိ ဘာသစ်ပင်မှမရှိတော့ပါ။ သစ်တောများပြုန်းကာ မြေပဲခင်းများ၊ ပဲစဉ်းငုံခင်းများပြည့်နေပါပြီ။

ကျွန်တော်တို့အဖေ ထိုသို့ ကျွန်တော်မိခင်ထံလာတတ်သည်ကိုသိရှိသောသူအချို့က စောင့်ပြီးဖမ်းကြရန် စစ်တပ်သို့ သတင်းပို့လေသည်။ မလိုမုန်းထားစိတ်ကြောင့်မဟုတ်ဘဲ ဆက်လက်တောခိုနေလျှင်၊ နိုင်ငံရေးလုပ်နေလျှင် မိသားစုတစ်ကွဲတစ်ပြားဖြစ်ကာ စီးပွားရေးလစ်ဟင်းမည်စိုးသောကြောင့်ပါ။ ခုပင်လျှင် အဖေ နိုင်ငံရေးလုပ်နေသဖြင့် ဘာစီးပွားရေးမှမလုပ်နိုင်ဘဲ နှစ်ဖက်မိဘများ၏အမွေမှာလည်း ကုန်သလောက်ဖြစ်နေပြီ။ ထို့ကြောင့် အမေ့ဆွေမျိုးအကြီးအကဲများက အဖေ့ကို လက်နက်ချ အလင်းဝင်ရန်ဖျောင်းဖျကြသည်။ အဖေ



www.burmeseclassic.com

www.burmeseclassic.com

က လက်မခံသဖြင့်သာ ယခုကဲ့သို့လမ်းမှ စောင့်ကာဖမ်းရန် စီစဉ်ခြင်းဖြစ်သည်။ ထို့ကြောင့် အမေ့ဆွေမျိုးများကိုယ်တိုင်က အဖေ့ကိုဖမ်းမိနိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြခြင်းဖြစ်ပါသည်။

တစ်နေ့တွင် အဖေ ရွာသို့ပြန်အလာ မျက်စိလည်ကာ လမ်းမှားသွားတော့သည်။ ထိုသို့ သူလမ်းမှားသွားကြောင်းကို သူကိုယ်တိုင် လွန်ခဲ့သော တစ်လခန့်ကကွယ်လွန်ခဲ့သော သူ့ရဲဘော်ကို မီးသဂြိုဟ်ခဲ့ရာနေရာကိုရောက်မှသိရတော့သည်။ ဒီလမ်းဒီခရီးသည် အဖေ့အတွက် လမ်းမှားစရာအကြောင်းမရှိပါ။ မျက်စိမှိတ်ပြီးလာလျှင်သော်ရသည့်လမ်း ယခုလမ်းမှားခဲ့ရသည့်အတွက် သူတို့ စောင့်ဆိုင်းနေသည့်နေရာသို့ အဖေက နှစ်နာရီခန့်နောက်ကျပြီး ရောက်သွားခဲ့သည်။ သူရောက်ချိန်တွင် ကင်းသမားအပါအဝင် အားလုံးအိပ်မောကျနေကြပြီး မသိလိုက်။ အမေ့ထံရောက်ပြီး အမေကပြောပြမှသိသဖြင့် အဖေကပြန်မထွက်တော့ဘဲ အိမ်မှာပင်အေးအေးဆေးဆေး အိပ်ကာ နံနက်မိုးလင်းပြီး မြင်မြင်ထင်ထင်ရှိမှ ရုပ်ဖျက်ကာ ပြန်ထွက်ခဲ့ကြသည်။ အိမ်နီးချင်းများက အဖေ အိပ်ရာကထပြီးမျက်နှာသစ်သည်ကိုတွေ့တော့ အဖေ့ကို စစ်တပ်ကဖမ်းပြီး အိမ်ပြန်ပို့ထားသည်ဟုပင်ထင်ခဲ့သည်ဆို၏။ အဖေ့ကို မသိသဖြင့် အဖေဟုတ်၊ မဟုတ်တည်ပြုရန်ခေါ်သွားသူ အမေ့ဦးလေးနှင့်စစ်တပ်မှ ရဲဘော်များပြန်လာခဲ့ရာ လမ်းမတွင် အဖေနှင့်ပက်ပင်းတိုးသော်လည်း မမှတ်မိဘဲ ရဲဘော်တစ်ဦးက အဖေ့ထံမှဆေးလိပ်မီးပင်တောင်းသွားခဲ့သေးသည်ဟု ဆိုသည်။

နောက်ဆုံးတွင် အဖေတို့ယာယီစခန်းချရာနေရာ ကံကလေးရွာအနောက်ဘက် ရခိုင်ကြီးအင်းအစပ်ရှိ ဝါးတောကြီးကိုမီးတင်ရှို့ကာ တောနင်းကြလေတော့သည်။ ထိုအချိန်မှာ အဖေက ငှက်ဖျားမိကာ အဖျားတက်နေချိန်တွင် စခန်းကိုဝင်တိုက်လေတော့သည်။ လူ (၅၀) ခန့်ရှိသော အဖေတို့အဖွဲ့ကလည်း အပြင်းအထန်ခုခံခဲ့ကြသည်။ နောက်ဆုံးတွင် အဖေက သူ့ကိုမခေါ်ဘဲထားခဲ့ရန်ပြောပြီး လူစုခွဲကာ ဆုတ်ခွာခိုင်းလိုက်ရသည်။ အဖေက လမ်းမလျှောက်နိုင်တော့။ သူ့ကိုတွဲခေါ်လျှင် သူ့ရဲဘော်များကျဆုံးနိုင်သဖြင့် ဆုတ်ခွာခိုင်းခြင်းပါ။ ဒါတောင် သူ့ရှေ့မှာပင် ရဲဘော်သုံးဦးကျဆုံးခဲ့ရသည်ဟုဆိုသည်။ နောက်ဆုံးတွင်

ပက်လက်လှန်ပြီး သမ္မုဒ္ဒေဂါထာတော်ကြီးကို ရွတ်ဖတ်နေစဉ် ဗိုလ်ကြီးတစ်ဦးရောက်လာပြီး ဒီမှာအလောင်းတစ်လောင်းဟေ့ဟု သူ့လူများကိုလှမ်းပြောသံကြားသဖြင့် မျက်လုံးဖွင့်ကြည့်ရာ ထိုဗိုလ်ကြီးက သေနတ်နှင့်တေ့ပစ်ပါတော့သည်။ ထိုဗိုလ်ကြီးသေနတ်က ကျည်မထွက်ဘဲ ကျည်ဆန်ထည့်သော မဂ်ဇင်းဘောက်ထွက်ကျလာသည်ဟု ဆိုသည်။ ထိုအချိန် အဖေကထပြီးမဂ်ဇင်းဘောက်ကို ခြေထောက်ဖြင့်နင်းထားခဲ့ရာ သူကုန်းကောက်၍မရတော့ဘဲ သူ့လူများကို အမြန်လာရန်ခေါ်ပြီး အဖေ့ကို ဝိုင်းဖမ်းကြလေတော့သည်။

နောက်ဆုံး ခရိုင်ကော်မီတီဝင်အဆင့်ရှိသူတစ်ယောက်မှန်းသိပြီး လက်ရှိတွင် ကွန်မြူနစ်ပါတီမှ ရာထူးချထားကြောင်းကိုပါသိပြီး ဗိုလ်ကြီးက အဖေ့တွင် မည်သို့သောအဆောင်ကောင်းများရှိပါသလဲဟု မေးပါတော့သည်။ အဖေမည်သည့်အဆောင်မှမဆောင်ကြောင်း၊ သမ္မုဒ္ဒေဂါထာတော်ကိုသာ အစဉ်အမြဲရွတ်ဖတ်ပါကြောင်း ပြောပြခဲ့သည်။

အဖေ့ကို ဖမ်းမိစဉ်က အဖေ့ဒိုင်ယာရီစာအုပ်ဖတ်ရသဖြင့် အကြောင်းစုံသိထားရာ ကွန်မြူနစ်ပါတီ၏ လုပ်ရပ်များယွင်းကြောင်း၊ အဖေ့စည်းရုံးရေးနယ်မြေတွင် လူထုကိုတရားပွဲတစ်ပွဲဟောပေးလျှင် ထောင်မကျအောင် သူကူညီမည်ဟု ညှိနှိုင်းခဲ့သော်လည်း အဖေက လက်မခံခဲ့သဖြင့် ရုံးတင်တရားစွဲကာ ထောင်ဒဏ် (၇) နှစ် အပြစ်ပေးခဲ့လေသည်။ ထိုဖြစ်စဉ်များအားလုံးသည် ကျွန်တော်၏ ကိုယ်တွေ့ပင်ဖြစ်ပါသည်။ ထိုသို့ သမ္မုဒ္ဒေဂါထာတော်ကြီး၏ အစွမ်းထက်မြက်ပုံကို ခံစားသိရှိခဲ့သောအဖေသည် မာက် (ခ) လီနင်ဝါဒကို လက်ခံယုံကြည်ပြီး မိမိယုံကြည်ချက်ကိုမှားယွင်းသည်ဟု ဘယ်အခါမှမပြောခဲ့။ နောက်ဆုံး မှားပါသည်ဟု ဝန်ခံလျှင် ထောင်မကျစေရပါဆိုသည်ကိုပင် ငြင်းဆန်ကာ ထောင်ကျခံခဲ့သူတစ်ဦးပါ။ သို့သော်လည်း ကွန်မြူနစ်များသည် ဘာသာမဲ့ဖြစ်သည်ဆိုသည်ကိုတော့ လက်မခံပါ။ ကွန်မြူနစ်အများစုသည် ဘာသာမဲ့ ရုပ်ကြမ်းဝါဒီဖြစ်စေကာမူ အဖေကတော့ ဗုဒ္ဓဝါဒဘာသာရေးသမားကွန်မြူနစ်ဖြစ်ခဲ့သည်။

အဖေ့ထံမှ သမ္မုဒ္ဒေဂါထာတော်ကို ကလေးဘဝ ကျောင်းမနေမီကပင် သင်ယူပြီး ရွတ်ဆိုခဲ့ရသည်။ ရံဖန်ရံခါ (၁၀၈) လုံးပုတီးဖြင့် ပုတီးလည်းစိပ်ခဲ့ရသည်။ နောက်တစ်ဖန် ဓာရဏသုတ်ပရိတ်တော်ကိုပါ သင်ယူပြီး ရွတ်ဖတ်ခဲ့ရသည်။ အရွယ်ရောက်ကာ လုပ်ငန်းခွင်ဝင်သောအခါတွင်လည်း လုပ်ငန်းခွင်အတွင်း အတိုက်အခံများ၊ အခက်အခဲများ ကြုံတွေ့ရလေတိုင်း သမ္မုဒ္ဒေဂါထာတော်ကြီးအစွမ်းဖြင့် လွတ်မြောက်ခဲ့ရပါသည်။

ကမ္ဘာအေးဘုရားလမ်းရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ဝန်ထမ်းလုပ်ခဲ့စဉ်က အဖြစ်အပျက်လေးတစ်ခုကိုတော့ ယနေ့တိုင်မမေ့နိုင်ပါ။ ထိုစဉ်က ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းဌာနခွဲ အရိုင်းထိန်းဌာနစိတ်တွင် နေ့စားဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ချိန်ပါ။ ကျွန်တော်တို့လူငယ်နေ့စားများက လူ (၃၀) ခန့်ရှိပြီး ငါးယောက်တစ်ဖွဲ့ အဖွဲ့ငယ်လေးများဖွဲ့ကာ အဖွဲ့ခေါင်းဆောင်များအဖြစ် လုပ်သက်ရင့်ဝန်ထမ်းများက ဦးဆောင်ကာ လုံးခင်း၊ ဖားကန့်မှယာဉ်တန်းဖြင့် သယ်ယူလာသော ကျောက်စိမ်းအရိုင်းတုံးများကို စာရင်းဖြင့်တိုက်ဆိုင်ကာ ဖွင့်ဖောက်စစ်ဆေးရေးလုပ်ငန်းလုပ်ကြရပါသည်။

တစ်နေ့ ကျွန်တော့်သူငယ်ချင်းမင်းစိုး ပါဝင်သောအဖွဲ့က ဖွင့်ဖောက်စစ်ဆေးမှတ်တမ်းတင်ထားသောကျောက်စိမ်းအတွဲမှ ကျောက်စိမ်းတုံးတစ်တုံး၏အဖုံးအခြမ်း ပျောက်ဆုံးသွားပါသည်။ ထိုကဲ့သို့ သိရခြင်းမှာလည်း ရောင်းဝယ်ရေးလေလံပွဲနီးလာပြီဖြစ်သဖြင့် ပိုင်ရှင်များဖြင့် တွေ့ဆုံညှိနှိုင်းကာ ဈေးနှုန်းသတ်မှတ်ရန် ပိုင်ရှင်ကိုခေါ်မှ သိရခြင်းဖြစ်၏။ထိုကျောက်စိမ်းတုံးမှာ ပိဿာချိန် (၉၀)ခန့်ရှိပြီး ထိပ်ဝဖွင့်ထားသောအပိုင်းမှာ (၂)ပိဿာခန့်ရှိပါသည်။ ကျွန်တော်တို့ထုံးစံအရ လူဖြင့်မသယ်နိုင်အောင်လေးသော အမတုံးကြီးကို ကျောက်မျက်ဝင်းအတွင်း လမ်းဘေးဝဲ၊ ယာတွင် ဖော့ကလစ်ဖြင့်မ,ကာပုံထားပြီး သူ့အဖုံးကိုသာ ဂုန်နီအိတ်ဖြင့်ထည့်ကာ ဂိုဒေါင်ထဲထည့်ကာ သိမ်းကြပါသည်။ ထိုနေ့က ပိုင်ရှင်ကို ဈေးနှုန်းသတ်မှတ်ရန်ခေါ်ထားသော်လည်း ရုံးချိန်အတွင်း ပိုင်ရှင်ကရောက်မလာခဲ့သဖြင့် အလွယ်တကူပင် ဂုန်နီအိတ်ကို အမတုံးနှင့်တွဲလျက်ချထားခဲ့မိပါသည်။

နောက်တစ်နေ့ ရုံးချိန်းတွင် ပိုင်ရှင်ရောက်လာပြီး ထိုအဖုံးကိုရှာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ဆုံးနေမှန်း သိရလေတော့သည်။ ပိုင်ရှင်ကလည်း တစ်ခေတ်တစ်ခါက ကျောက်စိမ်းလောကတွင် နာမည်ကြီး ကျောက်စိမ်းပညာရှင်တစ်ဦး၏သားဖြစ်ပြီး သူကိုယ်တိုင် ဒုလ/ထ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးသူ ဖြစ်ပါသည်။ ထိုအခါ ထိုကျောက်စိမ်းတွဲကို ဖွင့်ဖောက်စစ်ဆေးခဲ့သူ ခေါင်းဆောင် အပါအဝင် အဖွဲ့သားအားလုံး ခေါင်းမီးတောက်ရတော့သည်။ ထိုအဖွဲ့ထဲတွင် ကျွန်တော်နှင့် ညီအစ်ကိုလိုခင်မင်ရသော မင်းစိုး (နာမည်လွှဲ၊ ယခု-ကွယ်လွန်ခဲ့ပါပြီ) ပါဝင်နေ၏။ သူတို့တစ်ဖွဲ့လုံး ခေါင်းဆောင် အပါအဝင် လူခြောက်ဦးစလုံးကို ရုံးတွင်းစစ်ဆေးမှုဖြင့် အကြိမ်ကြိမ်စစ်ဆေးခဲ့ကြပြီးပါပြီ။ အဖြေမထွက်ခဲ့။ တိုက်တိုက်ဆိုင်ဆိုင် အဖွဲ့ခေါင်းဆောင်မှာလည်း မင်္ဂလာဆောင်ရန် ရက်သတ်မှတ်ပြီးရက်ပိုင်းအလိုတွင်မှပြဿနာပေါ်ခြင်းဖြစ်ရာ သံသယဝင်ကြရပါတော့၏။ ကျွန်တော်တို့ဌာနစိတ်တစ်ခုလုံး ခွင့်ယူခွင့်မရှိ၊ ရုံးပျက်ခွင့်မရှိ ထောက်လှမ်းရေးက လိုအပ်ချိန်တွင် ခေါ်ယူစစ်ဆေးမည်ဟု ဆိုသည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး စိတ်ညစ်နေကြရပါသည်။ ကာယကံရှင် ကျွန်တော့်သူငယ်ချင်းမှာ ပိုဆိုးပါသည်။ တစ်ခုခက်သည်က ကျွန်တော့်သူငယ်ချင်းသည် အရက်ကြိုက်ပြီး နေ့စဉ်အရက်သောက်ပါသည်။ သူ့မိဘများနှင့်ပါ ရင်းနှီးသည့်အားလျော်စွာ ဒီရက်ပိုင်းအတွင်း အဓိဋ္ဌာန်ဝင်ကြရန်တိုက်တွန်းပြီး သူ့ကိုပါ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို (၁၀၈) လုံးပုတီးဖြင့် တစ်ပတ်စိပ်ရန် တိုက်တွန်းရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အိမ်တွင် (၉) ရက်တိတိ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ဘုရားရှိခိုးပြီး ငါးပါးသီလခံကာ သစ္စာပြုပါသည်။



"ဘုရားတပည့်တော်တို့သည် ထိုကျောက်စိမ်းကို မခိုးယူခဲ့ရပါဘုရား။ သို့ပါသော်လည်း တာဝန်ရှိသည့်အလျောက် ကိုယ်ရောစိတ်ပါအတိဒုက္ခရောက်နေခဲ့ရပါပြီ ဘုရား။ ထို့ကြောင့် ခိုးယူသူ တရားခံကို အမြန်ဆုံးဖမ်းမိနိုင်အောင်ဆောင်ရွက်ပေးတော်မူပါဘုရား"

ဆိုပြီး သစ္စာဆိုခဲ့ပြီး အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်။

သုံးရက်မြောက်နေ့မှာ ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူးထံ ပစ်စာတစ်စောင်ရောက်လာသည်ဟု သတင်းကြားရပါသည်။ ကျွန်တော်တို့ ကျောက်မျက်ဝင်းခြံတံတိုင်းမှာ လုံခြုံမှုမရှိကြောင်း၊ ထို့ကြောင့် အုတ်တံတိုင်းကိုကျော်ပြီးဝင်ရောက်ခိုးယူ၍ ရနိုင်ကြောင်းပါသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဦးဆောင်ညွှန်ကြားရေးမှူးက ချက်ချင်းပင် အကောင်အထည်ဖော်ကာ မူလက (၇) ပေအမြင့်ရှိတံတိုင်းကို (၃) ပေ ထပ်မံတိုးမြှင့်ကာ ကာရံလိုက်လေသည်။ ထိုသို့ကာရံလိုက်ပြီး အဓိဋ္ဌာန်ဝင်ပြီး (၈) ရက်မြောက်နေ့ ရုံးလာချိန်တွင် သူခိုးမိပြီဆိုသောသတင်းကိုဝမ်းမြောက်ဖွယ်ကြားရပါတော့သည်။

ဖြစ်ပုံမှာ ယခင်က တပ်မတော်သားဖြစ်ခဲ့ဖူးသူတစ်ဦးက သူတပ်မတော်သားဘဝတွင် ကျောက်စိမ်းအတွဲများ သယ်ယူရေးယာဉ်တန်းခရီးစဉ်၌ လုံခြုံရေးလိုက်ပါခဲ့ဖူးသည်ဟုဆို၏။ ထို့ကြောင့် ရုံးဝင်းထဲသို့ရောက်ဖူးသည်။ နောက်ပိုင်း တပ်ကထွက်ပြေးပြီး ကျောက်မျက်နှင့် ကပ်ရက် အစိုးရဌာနဆိုင်ရာဝင်းကြီး တစ်ခုထဲတွင်လာရောက်နေထိုင်ခဲ့သည်။ အုတ်တံတိုင်းနှင့်ကပ်လျက်ဓာတ်တိုင်ပေါ်မှတစ်ဆင့် အုတ်တံတိုင်းပေါ် တက်၊ ထိုမှ တစ်ဆက်တည်းဖြစ်သော ကျောက်စိမ်းဂိုဒေါင်ခေါင်မိုးပေါ် သို့တက်ကာ ထိုမှ တစ်ဆင့် ကျွန်တော်တို့ဝန်ထမ်းသုံးအိမ်သာပေါ်ပြန်ဆင်းကာ အထဲမှ တစ်ပိုင်တစ်နိုင်ကျောက်များကို သယ်ထုတ်ကာ ကျောက်စိမ်းပန်းပုထုသူတစ်ဦးထံရောင်းချခဲ့သည်ဟုဆိုသည်။ ထိုသူကပင် အုတ်တံတိုင်းနိမ့်နေပါသည်ဟု ပစ်စာပို့ခဲ့သည်ဟု ဆိုသည်။ ကျွန်တော်တို့လူကြီးများက မင်းက ဒီလမ်းပေါ် ကဝင်ခိုးပြီး ဘာကြောင့်ပစ်စာပို့ရတာလဲဟုမေးသောအခါ သူငါးကြိမ်ခန့်ဝင်ခိုးခဲ့ပါကြောင်း၊ နောက်ပိုင်း မခိုးတော့ဘူးဟုဆုံးဖြတ်ကာ နောက်လူများဝင်မခိုးနိုင်ရန် ပစ်စာပို့ခဲ့ပါကြောင်း၊ ထိုသို့ စာပို့ပြီးမှ ခိုး၍ရ မရကို စမ်းကြည့်ချင်သဖြင့် မီးပျက်ချိန်ကိုအခွင့်ကောင်းယူပြီးပြန်ဝင်ကြည့်ရာ တံတိုင်းက သုံးပေခန့်မြင့်သွားသော်လည်း အခက်အခဲမရှိ ပြန်ဝင်လို့ရခဲ့သည်ဟုဆိုသည်။ မိမိလာရာလမ်းအတိုင်း ကျောက်များကို သယ်ပြီး ဓာတ်တိုင်အနီး လမ်းမပေါ် သို့ ပစ်ချရာတွင် (၃) ပေ ခန့်မြင့်သွားသဖြင့် အသံပိုကျယ်သွားခဲ့သည်။ ထိုအချိန် ကပ်လျက်အစုရှယ်ယာကြီးတစ်ဦးခြံတွင် လုံခြုံရေးကျနေသူ တပ်မတော်သားတစ်ဦးက မသင်္ကာသဖြင့် လာရောက်ကြည့်ရာ ကျောက်စိမ်းတုံးများကိုတွေ့ပြီး ကျောက်မျက်ရုံး လုံခြုံရေးအဖွဲ့သို့ အကြောင်းကြားစဉ် ဓာတ်တိုင်မှလျှောဆင်းကာ ကပ်လျက် ခြံဝင်းထဲသို့ သံဆူးကြိုးများ ဖြတ်ကာ တိုးဝင်ထွက်ပြေးခဲ့သည်။

ကျောက်မျက်ရုံးလုံခြုံရေးအဖွဲ့မှ အဆင့်ဆင့်သတင်းပို့ပြီး နောက်ဆုံး ထိုဝင်းကြီးကိုပတ်ဝိုင်းကာ ဧည့်စာရင်းဝင်စစ်ခဲ့သည်။ ရဲများက မသင်္ကာသူများကို အင်္ကျီချွတ်ပြီးကြည့်ရာ ထိုသူ၏ ရင်ဘတ်တွင် သံကြိုးခြစ်ရာများတွေ့ခဲ့သည်ဟုဆိုသည်။ သူကမူ အုန်းပင်တက်ခဲ့သဖြင့်ရခြင်းဆိုသော်လည်း လောလောဆယ် သွေးစို့နေသဖြင့် မဖြစ်နိုင်ဟုယူဆပြီး ရဲစခန်းတွင် ခေါ်ယူစစ်ဆေးခဲ့ရာမှ တရားခံအစစ်အမှန်ပေါ် ပေါက်လာခဲ့ပြီး ကျွန်တော်တို့တစ်ဖွဲ့လုံး အဖမ်းခံရမည့်ဘေးမှ လွတ်မြောက်ခဲ့ရပါသည်။

ဒီနေရာမှာ ပြောစရာရှိလာတာက ဒီလူဟာ သူ့ဆုံးဖြတ်ချက်အတိုင်း နောက်ထပ် ဝင်မခိုးတော့ဘူးဆိုခဲ့လျှင် လက်သည်တရားခံမပေါ် သည့်ဒီအမှုမှာ တာဝန်ရှိနေသူများအားလုံး အချုပ်ထဲကို ဝင်ရတော့မှာပါ။ ခုတောင် နိုင်ငံ့ဝန်ထမ်းများမို့ ရဲစခန်းမှာအမှုဖွင့်ပြီး အရေးမယူသေးတာပါ။ ကျန်လူတွေအားလုံးကတော့ မခိုးတော့ဘူးလို့ဆုံးဖြတ်ချက်ချခဲ့ပြီးမှ ပြန်ဝင်ခိုးတဲ့သူခိုးကို ကျေးဇူးတင်ကြပါသည်။ ကျွန်တော်ကတော့ ဒါဟာ မင်းစိုးနှင့် ကျွန်တော် သူငယ်ချင်းနှစ်ယောက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အဓိဋ္ဌာန်ဝင်ခဲ့တဲ့အတွက် ဒီသူခိုးဟာ မခိုးဘဲမနေနိုင်ဖြစ်ကာ သူ့ဆုံးဖြတ်ချက်ကိုပြင်ပြီး ဝင်ခိုးခဲ့ခြင်းသာဖြစ်ကြောင်း အကြွင်းမဲ့ယုံကြည်ရကြောင်းပါ ခင်ဗျာ။

ဒီအကြောင်းအရာတွေအားလုံးဟာ ကျွန်တော့်ဖခင်နှင့် ကျွန်တော်တို့နှစ်ဦး ကိုယ်တွေ့အဖြစ်များဖြစ်ကြောင်း တင်ပြရေးသားလိုက်ရကြောင်းပါခင်ဗျာ။

မောင်လှထွေး (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက် မှော်ဆက်ကိုစိန်ခေါ်သူများ

၁၉၇၉၊ ဇူလိုင်လ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့မှ စောင်ရေအများဆုံး ထုတ်ဝေရပြီး ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်သော လာဖီဂါရိုသတင်းစာကြီး၏ မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် အောက်ဖော်ပြပါ သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို သတင်းစာဖတ်ပရိသတ်များ ဖတ်ရှုခဲ့ရ၏။

## မှော်ဆက်ကိုစိန်ခေါ်ခြင်း

*ပါရီ ဇူလိုင်လ ၆ ရက်*

ယမန်နေ့ညဦးပိုင်း သို့မဟုတ် ဇူလိုင်လ ၆ ရက်နေ့နံနက်ပိုင်းဟု ယူဆစရာဖြစ်သောအချိန်တွင် ပါရီမြို့တော် မြောက်ပိုင်းအမှတ် (၂၃၀) ဗာဆေးရိပ်သာလမ်းခြံရှေ့တွင် အကြမ်းဖက်သမားများဟု ယူဆထားသူတစ်စုက ဂျူးအမျိုးသား ဆာ(ဂျ်)ကာ(လ်)ဖီ(လ်) ဆိုသူပိုင် မော်တော်ကားအား ဗုံးခွဲဖျက်ဆီးခဲ့သည်ဟု သတင်းရရှိကြောင်း၊ ဗုံးမှာ အတော်အသင့် အင်အားပြင်းထန်သော ချိန်ကိုက်ဗုံးဖြစ်သဖြင့် ရပ်ထားသော အထက်ဖော်ပြပါ ဂျူးအမျိုးသားပိုင် မော်တော်ကားအနီးရှိ အခြားမော်တော်ကားသုံးစီးမှာလည်း ပျက်စီးမီးလောင်သွားခဲ့သည်။ သို့သော် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မှ မရှိကြောင်း ပါရီမြို့တော် အမျိုးသားဆူရီတေးစုံထောက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူအရာရှိတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော် ပြောဆိုခဲ့သည်ဟုသိရ၏။

အထက်ဖော်ပြပါ ဗားဆေးရိပ်သာလမ်း၊ ခြံအမှတ် (၂၃၈) တွင် နေထိုင်သော စက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဂျူးအမျိုးသား ဆာ(ဂျ်)ကာ(လ်)ဖီ(လ်) ကမူ လွန်ခဲ့သော ရက်သတ္တပတ်တစ်ပတ်ခန့်ကပင် သူ့အား မကြာမီ လုပ်ကြံသတ်ဖြတ်မည်ဟု လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် ထူးဆန်းသော စာတစ်စောင် စာတိုက်မှရရှိခဲ့သည်ဟု ကျွန်ုပ်တော်များ၏သတင်းစာမှုခင်းသတင်းထောက်အား ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သတင်းရရှိကြောင်း။

ထိုစာတိုက်မှ ရရှိသော စာတွင် အိုဒက်ဆာ ဟူသော ထူးဆန်းသော လက်မှတ်ရေးထိုးထားသည်ဟုလည်း သိရ၏။ ပါရီမြို့တော်ရဲအဖွဲ့မှ အရာရှိတစ်ဦးကမူ ယင်း အိုဒက်ဆာ ဟူသော အမည်သည် ဂျာမန်ဘာသာစကားဖြင့် ခေါ် ဆိုထားသော လျှို့ဝှက်အဖွဲ့အစည်းတစ်ခုအမည်မှ အတိုကောက်စာလုံးခြောက်လုံးဖြင့်ခေါ် ဆိုထားသောနာမည်ဖြစ်သည်ဟု သတင်းမီဒီယာများကို ထုတ်ဖော် ပြောဆိုခဲ့သည်ဟု သိရ၏။

အထက်ဖော်ပြပါ ဗာဆေးရိပ်သာလမ်း၊ ခြံအမှတ် (၂၃၀) တွင် နေထိုင်သော ဂျူးအမျိုးသားလုပ်ငန်းရှင်ကြီး ဆာ(ဂျ်)ကာ(လ်)ဖီ(လ်)မှာ လွန်ခဲ့သော သုံးလခန့်က ပြင်သစ်နိုင်ငံ လီယွန်မြို့တွင် စစ်ဆေးခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်အက်(စ်)အက်(စ်)ဂက်စတာပို ဝရမ်းပြေးတစ်ဦးအမှုတွင် အစိုးရသက်



နာဇီဝရမ်းပြေးစစ်တရားခံများအား ဖမ်းဆီးလာခြင်း



www.burmeseclassic.com

www.burmeseclassic.com


သေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သဖြင့် နာဇီဝါဒပြန်လည်ရှင်သန်ရေးကို လိုလားသော အထက်ဖော်ပြပါ အိုဒက်ဆာအဖွဲ့ဝင်များက ဖုံးခဲ့တိုက်ခိုက်ခြင်းဖြစ်နိုင်သည်ဟု သိရှိရကြောင်း။

အထက်ဖော်ပြပါ သတင်းအား ပါရီမြို့မှထုတ်ဝေသော အခြားသတင်းစာများကလည်း သတင်းစာဖတ်ပရိသတ်စိတ်ဝင်စားမည့်သတင်းခေါင်းစဉ်များဖြင့် ဖော်ပြခဲ့ကြ၏။ ပြင်သစ်နိုင်ငံ ရုပ်သံလွှင့်အစီအစဉ်ကလည်း ထိုသတင်းအား ထုတ်လွှင့်ပြသခဲ့သဖြင့် နိုင်ငံတကာမှ ထူးထူးခြားခြား စိတ်ဝင်စားသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

ထိုသတင်းကိုပင် အစ္စရေးနိုင်ငံတွင် ဩဇာတိက္ကမကြီးမားသော ဟီဘရူးသတင်းစာတစ်စောင်ဖြစ်သော ဟာရာဇ်သတင်းစာကြီးတွင် အသေးစိတ် ရေးသားဖော်ပြခဲ့ပြီး ယင်းအိုဒက်ဆာလျှို့ဝှက်အဖွဲ့အကြောင်း သတင်းဆောင်းပါးတစ်စောင်ကိုလည်း ထည့်သွင်းဖော်ပြပေးခဲ့သည်။ ဂျာမနီနိုင်ငံမှထုတ်ဝေသော ဒိုင်စပီဂယ်မဂ္ဂဇင်းနှင့် အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသောသတင်းမဂ္ဂဇင်းကြီးတို့ကလည်း ဓာတ်ပုံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဝေခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သောသတင်းဖြစ်ခဲ့၏။

ထိုစဉ်က သံကန့်လန့်ကာဘက်ရှိ နိုင်ငံတကာမှ ကင်ပွန်းတပ်ထားသော ဆိုဗီယက် ပြည်ထောင်စု သမ္မတနိုင်ငံ (ယခုရုရှား) မှ နိုင်ငံပိုင်သတင်းစာကြီးများဖြစ်သော ပရာဗဒါသတင်းစာနှင့် အက် (စ်) ဗက်ရှာသတင်းစာကြီးတို့ကလည်း ယင်းသတင်းကိုအသေးစိတ်ဖော်ပြခဲ့ကြသည်။ နိုင်ငံတကာမှ နာဇီလက်သစ်များလှုပ်ရှားမှုကို စောင့်ကြည့်လေ့လာကြသူများကလည်း ထိုသတင်းအား အထူးစိတ်ဝင်စားကြသည်။ အမေရိကန်ပြည်ထောင်စုမှ ဂျူးလူမျိုးအဖွဲ့အစည်းအများကမူ ဂျူးဆန့်ကျင်ရေးဝါဒ ပြန်လည် ရှင်သန်လာမည်ကို စိုးရိမ်သောကဖြစ်လာခဲ့ကြရတော့၏။

ကျွန်တော်တို့စာဖတ်ပရိသတ်အဖို့ အိုဒက်ဆာ ဟူသောအမည်အား အထူးမိတ်ဆက်ပေးစရာမလိုဟုယူဆမိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်ခန့်က ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံကြီးတစ်ရုံတွင် The Odessa File အမည်ရှိ ရုပ်ရှင်ကားတစ်ကား ပြသခဲ့ပါသည်။




ထိုအိုဒက်ဆာဖိုင်ရုပ်ရှင်ကားမှာ ကမ္ဘာကျော် စာရေးဆရာကြီး ဖရက်ဒရစ်ဖော်ဆိုက် ရေးသား ထုတ်ဝေခဲ့သော အရောင်းရအသွက်ဆုံး အိုဒက်ဆာဖိုင်ဝတ္ထုကို အခြေခံ၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်ပြီး ထိုရုပ်ရှင်ကားမှာလည်း သောက်သောက်လဲဝင်ငွေရရှိခဲ့သော အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်ပါသည်။ (ထိုဝတ္ထုကို ကလောင်အမည်မမှတ်မိသော စာရေးဆရာကြီးတစ်ဦးက တိုက်ရိုက် မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။)

စာရေးဆရာဖရက်ဒရစ်ဖော်ဆိုက်မှာ ကျွန်တော်တို့စာဖတ်ပရိသတ်နှင့် မစိမ်းဟု ဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဝတ္ထုများကို ကျွန်ုပ်တို့ လေးစားရသော စာရေးဆရာကြီးများက မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ ရုပ်ရှင်ကားရိုက်ကူးသည့် အိုဒက်ဆာဖိုင်ဝတ္ထုအမှာစာတွင် စာရေးဆရာဖော်ဆိုက်က တကယ့်ဖြစ်ရပ်မှန်ကို စာဖတ်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားပါသည်ဟု ဝန်ခံထားခဲ့၏။ အမှန်အားဖြင့် အိုဒက်ဆာအမည်ကို တွေ့ရလျှင် မြို့တစ်မြို့၏ကမည်လော ဟု ထင်မှတ်ဖွယ်ရှိပါသည်။ ကမ္ဘာ့မြေပုံစာအုပ်ကို ရှာဖွေကြည့်ရမည်ဆိုလျှင် ဆိုဗီယက် ပြည်ထောင်စု သမ္မတနိုင်ငံ (ယခုရုရှား) တောင်ပိုင်းတွင် အိုဒက်ဆာဟူသောမြို့ကြီးတစ်မြို့ကို တွေ့ကြရမည်ဖြစ်သကဲ့သို့ အမေရိကန်ပြည်ထောင်စုမြေပုံစာအုပ်ကို သေသေချာချာကြည့်ရှုမည်ဆိုပါက အမေရိကန်ပြည်ထောင်စုတက္ကဆက်ပြည်နယ်တွင်လည်း အိုဒက်ဆာ ဟူသော မြို့တစ်မြို့ကို တွေ့ကြရမည်ဖြစ်ပါသည်။

သို့သော် ယခုအိုဒက်ဆာဟူသောအမည်သည် အထက်ဖော်ပြပါ မြို့နှစ်မြို့နှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါ။ ဂျာမန်ဘာသာအားဖြင့် Orgarisation derche-maligen S.S.Aneglehorgen ဟု အမည်ပေးထားသော လျှို့ဝှက်အဖွဲ့အစည်းတစ်ခု၏အမည်မှ စာလုံးအတိုကောက်ခြောက်လုံးကိုယူကာ ခေါ်ဆိုထားသောအမည် ဖြစ်ပါသည်။

တိုက်ရိုက် မြန်မာဘာသာပြန်ဆိုမည်ဆိုပါက ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ပြီး နိုင်ငံတကာက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသော နာဇီဂတ်စတာပိုတပ်ဖွဲ့ဝင်ဟောင်းများအဖွဲ့ဟု အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

ကျွန်တော်တို့စာဖတ်ပရိသတ်ကြီးသိရှိထားပြီးဖြစ်သည့်အတိုင်းပင် ယင်းအထူးအက်(စ်)အက်(စ်)အဖွဲ့ကို နာဇီထိပ်သီးခေါင်းဆောင်ကြီးဟစ်တလာ၏လမ်းညွှန်ချက်အရ တည်ထောင်ထားရခြင်း ဖြစ်သည်။ ထိုအဖွဲ့၏ အကြီးအကဲမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ယမမင်းကြီးဟု နိုင်ငံတကာမှ သတင်းမီဒီယာများက ကင်ပွန်းတပ်ထားသော နာဇီပါတီ ဒုတိယခေါင်းဆောင် ဟိန်းရစ်ဟင်းမလား ဖြစ်ပါသည်။ ထိုတပ်ဖွဲ့မှာ တတိယ ဂျာမနီနိုင်ငံတော်ကြီးအား နှစ်ပေါင်း (၁၀၀၀) တည်တံ့နိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့ဖြစ်ပါသည်။ ထိုအဖွဲ့၏ အံ့မိကယုံကြည်ချက်မှာ ဂျာမန်လူမျိုးနွယ်များသည် ကမ္ဘာတွင် အမြင့်ဆုံးသော လူမျိုးနွယ်များ ဖြစ်၏။ ဥရောပတိုက်နိုင်ငံအသီးသီးရှိလူမျိုးနွယ်များနှင့် ဂျူးလူမျိုးများသည် မဟာဂျာမန်လူမျိုးများထက် နိမ့်ကျသည်။ အထူးသဖြင့် ဥရောပတိုက်နိုင်ငံအသီးသီးရှိ ဂျူးလူမျိုးအများအား မွေးကင်းစအရွယ်မှ သက်ကြီးမျိုးစတုန်းသုတ်သင်ရှင်းလင်းရန် နည်းလမ်းအမျိုးမျိုးနှင့်စီစဉ်ဆောင်ရွက်ခဲ့သည်။ အထက်ဖော်ပြပါ အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည် ကမ္ဘာ့သမိုင်းတွင် မည်သည့်အဖွဲ့အစည်းမှမပြုလုပ်ခဲ့သော လူသားမဆန်သည့် ပြစ်မှုကြီးများကို ကျူးလွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည့် ၁၉၃၉ ခု၊ စက်တင်ဘာလမှ ၁၉၄၁ ခုနှစ် ကုန်ဆုံးခဲ့သည်အထိ နာဇီဂျာမန်တို့သည် ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။ စစ်ဒီရေသည် သူတို့ဘက်မှ မြင့်တက်လျက်ရှိ၏။ နာဇီတို့၏စကြာတံဆိပ်အလံကြီးသည် ဥရောပတိုက်မြို့တော်အသီးသီးတွင် တလူလူမြင့်တက်လာခဲ့၏။

ဗြိတိသျှတို့မှာ ဥရောပတိုက်မှ ဆုတ်ခွာခဲ့ကြရပြီး တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ ဥရောပတိုက်တစ်တိုက်လုံးကို နာဇီဂျာမန်တို့ ထင်တိုင်းကြဲခဲ့ကြသည်။ ဂျူးအမျိုးသားမှန်သမျှအား ထိုစဉ်ကာလက နာမည်ယဉ်ကျေးစွာခေါ် ဆိုခဲ့သော ချွေးတပ်ဟူသောစခန်းများသို့ ပို့ဆောင်၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ ထိုစခန်းများသို့ ပို့ဆောင်ခြင်းခံရသော အကျဉ်းသမားများပိုင် ရတနာပစ္စည်းများ၊ လက်ဝတ်လက်စားများ၊ စိန်၊ ရွှေပစ္စည်းများ၊ တန်ဖိုးမဖြတ်နိုင်သော ပန်းချီကားများ၊ ရွှေချောင်း၊ ငွေချောင်းများကို သိမ်းယူခဲ့ကြပြီး ဘာလင်မြို့ရှိ အက်(စ်)အက်(စ်)တပ်ဖွဲ့ချုပ်သို့ ပို့ဆောင်ခဲ့ကြသည်။ ထိုစဉ်က မှတ်တမ်းများအရ အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်တို့ သိမ်းယူခဲ့သော ပစ္စည်းများ၏ တန်ဖိုးသည် ခန့်မှန်းခြင်းမပြုနိုင်လောက်အောင်ရှိခဲ့သည်။ နာဇီဂျာမန်တို့သိမ်းပိုက်ခြင်းခံရသောနိုင်ငံများရှိ ပြတိုက်များမှ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ၊ ပန်းချီကားများကိုလည်း သိမ်းယူခဲ့ကြ၏။ အချို့ပစ္စည်းများကို အက်(စ်)အက်(စ်)တပ်မှူးများက ကိုယ်ပိုင်သိမ်းယူခဲ့သည်ဟု ဆိုသည်။

၁၉၄၂ ခုနှစ်ဆန်းကစ၍ အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်လာခဲ့ပြီးနောက် စစ်ရေးဒီရေသည် မဟာမိတ်တို့ဘက်မှ တဖြည်းဖြည်း မြင့်တက်လာသည်နှင့် နာဇီဂျာမန်ပါတီဝင်ထိပ်သီးများ၊ အက်(စ်)အက် (စ်) တပ်မှူးကြီးများသည် ၎င်းတို့ပိုင် ရတနာစိန်၊ ရွှေများ၊ ငွေကြေးများ၊ ရွှေချောင်း၊ ငွေချောင်းများ၊ ငွေများကို ဆွစ်ဇာလန်နိုင်ငံရှိ ဘဏ်များတွင် လျှို့ဝှက်စွာ အပ်နှံထားခဲ့သည်သာမက ထိုစဉ်က ကြားနေနိုင်ငံများဖြစ်သော စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံများ၏ အကူအညီနှင့် သူတို့ပိုင်ငွေကြေးများကို တောင်အမေရိကတိုက်ရှိ ဘဏ်များသို့ အပ်နှံထားခဲ့ကြပြီး ထိုနိုင်ငံများရှိ ထိပ်တန်းစီးပွားရေးကုမ္ပဏီကြီးများတွင် အစုရှယ်ယာများဝင်ခဲ့ကြသည်။ အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်အချို့အား ထိုနိုင်ငံများသို့ လျှို့ဝှက်စွာစေလွှတ်၍ ဒေသခံနာဇီဝါဒကို ထောက်ခံသူများ၏ အကူအညီနှင့် စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များတည်ထောင်ထားကြသည်။

တောင်အမေရိကတိုက်ရှိ ဘရာဇီး(လ်)နိုင်ငံ၊ ချီလီနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံများရှိ အာဏာပိုင်များ၏အကူအညီနှင့် ယင်းအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည် အခြေစိုက်ခဲ့ကြသည်။ သူတို့အစီအစဉ်မှာ အကယ်၍ စစ်ရေး ရှုံးနိမ့်ခဲ့ပါက ထိုနိုင်ငံများတွင်ယခင်အခြေချနေထိုင်သော ဂျာမန်နွယ်ဖွားများကြိုတင်စေလွှတ်ထားသောအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်ဟောင်းများသည် စတုတ္ထနာဇီဂျာမနီနိုင်ငံ ဆက်လက် တည်ထောင်၍ စစ်ပွဲကြီးကို ဆက်လက်ဆင်နွှဲရန် ဖြစ်၏။

နာဇီဂျာမနီနိုင်ငံအား သံယောဇဉ်ရှိကြသော တောင်အမေရိကရှိနိုင်ငံများအနက် အာဂျင်တီးနားနိုင်ငံသည် အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များအဖို့ ရေခံမြေခံအကောင်းဆုံးနိုင်ငံ ဖြစ်၏။ ထိုစဉ်ကာလက အာဂျင်တီးနားနိုင်ငံအစိုးရသည် နာဇီတို့အား ပြောင်ပြောင်တင်းတင်း ထောက်ခံခဲ့သည်။ ဤကဲ့သို့ ကြိုတင်စီမံမှုများပြုလုပ်နိုင်ရန် အက် (စ်) အက်(စ်)တပ်မှူးကြီးများသည် နာဇီပါတီထိပ်သီးခေါင်းဆောင်များအကူအညီနှင့် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သော အိုဒက်ဆာအဖွဲ့ကြီးကို လျှို့ဝှက်စွာ တည်ထောင်ခဲ့ကြသည်။ ပထမတွင် ယင်းအဖွဲ့သည် အက်(စ်)အက်(စ်) တပ်ဖွဲ့ပိုင် ငွေကြေးများ၊ ရွှေ ငွေ ရတနာပစ္စည်းများအား ခဝါချကာ လုပ်ငန်းများ၊ တာဝန်အရ လက်တင်အမေရိကတိုက်သို့ သွားရောက်ကြရသည်။ နာဇီပါတီဝင်များနှင့် အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များအား အကူအညီပေးရန် ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်၏။ ထိုလျှို့ဝှက်အဖွဲ့ရန်ပုံငွေကိုလည်း ဆွစ်ဇာလန်နိုင်ငံဘဏ်များတွင် နည်းလမ်းအမျိုးမျိုးနှင့် အပ်နှံထားခဲ့သည်။

၁၉၄၅ ခုနှစ်၊ ဧပြီလတွင် နာဇီဂျာမနီနိုင်ငံလက်နက်ချခဲ့ရသည့်အချိန်ကစ၍ နာဇီပါတီထိပ်သီးခေါင်းဆောင်များ၊ အက်(စ်)အက်(စ်) တပ်မှူးဟောင်းလူသတ်ရာဇဝတ်ကောင်များ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီပါတီနှင့်ဆက်နွယ်နေသောပုဂ္ဂိုလ်များ၊ ဥရောပတိုက်နိုင်ငံအသီးသီးမှ နာဇီအလိုတော်ရိစစ်ရာဇဝတ်သားများသည် ကိုယ်ယောင်ဖျောက်ကာ ဂျာမနီနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဤသို့ထွက်ပြေးတိမ်းရှောင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သော လျှို့ဝှက်အဖွဲ့အစည်းကြီးကား အထက်ဖော်ပြပါ အိုဒက်ဆာလျှို့ဝှက်ချက်အဖွဲ့ကြီး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးစ ဤအိုဒက်ဆာအဖွဲ့ခေါင်းဆောင်မှာ ဖက်ဆစ်အီတလီနိုင်ငံဟောင်းမှ မင်းသားကြီး ဗီနာစာယ်လီဖြစ်သည်ဟု သိရှိရ၏။

ထိုအိုဒက်ဆာအဖွဲ့ကြီး၏ ဆောင်ရွက်မှုလှုပ်ရှားမှုများမှာ သည်းထိတ်ရင်ဖိုဖွယ်ရာ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီအက်(စ်)အက်(စ်)လူသတ်သမားထိပ်သီးများ၊ ဂျူးလူမျိုးများကို လူသားမဆန်စွာ ရက်ရက်စက်စက်နှိပ်စက်ညှဉ်းပန်းခဲ့သော ဒေါက်တာ ပင်ဂျလေ၊ အက်(စ်)အက်(စ်)တပ်မှူးဟောင်း အိုက်(စ်)မန်၊ နာဇီပါတီထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော မာတင်ဘိုမင်း အပါအဝင် ထောင်နှင့်ချီသော နာဇီစစ်ရာဇဝတ်သားများကို ဂျာမနီနိုင်ငံမှ ထွက်ပြေးလွတ်မြောက်အောင် အိုဒက်ဆာအဖွဲ့က အကူအညီပေးခဲ့သည်။

သူတို့နောက်သို့ နိုင်ငံတကာမှ ထောက်လှမ်းရေးအဖွဲ့များ ဩစတေးလျနိုင်ငံ ဗီယင်နာမြို့တွင် ရုံးခန်းဖွင့်၍ မိမိအစီအစဉ်ဖြင့် ထိုရာဇဝတ်သားများနောက်သို့ တကောက်ကောက်ခြေရာခံလိုက်သည့် နာဇီမနုဿမုဆိုးကြီးဆိုင်မွန်ဝီဆင်သော်နှင့်အဖွဲ့များနှင့် အစ္စရေးနိုင်ငံမှ မော့ဆက်ထောက်လှမ်းရေးအဖွဲ့တို့မှာ အိုဒက်ဆာအဖွဲ့ကြီး၏ အဓိကရန်သူများ ဖြစ်၏။

မှန်ပါသည်။ အစ္စရေးနိုင်ငံ၏ အထူးထောက်လှမ်းရေးအဖွဲ့ဖြစ်သော မော့ဆက်အဖွဲ့မှာ အိုဒက်ဆာအဖွဲ့၏ ပစ်မှတ်ဖြစ်ခဲ့သည်။ ကျွန်တော်တို့စာဖတ်ပရိသတ်အဖို့ မော့ဆက် (The Mossad) ဟု ဆိုလျှင် ဘာဆန်းသလဲဟုဆိုကြမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများသည် ထိုမော့ဆက်အဖွဲ့နှင့် ပတ်သက်သောစာအုပ်များ၊ ဆောင်းပါးများ၊ ဖန်တစ်ရာတေအောင် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ကြပါသည်။သို့သော် ဤ



www.burmeseclassic.com


www.burmeseclassic.com

နေရာတွင် အလျဉ်းသင့်သဖြင့် မော့ဆက် ထောက်လှမ်းရေးအဖွဲ့အကြောင်းအနည်းငယ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်သော ထောက်လှမ်းရေးအဖွဲ့ကြီးများဖြစ်သော အမေရိကန်ပြည်ထောင်စုမှ စီအိုင်အေအဖွဲ့၊ ဆိုင်ဗီယက်ပြည်ထောင်စု (ယခုရုရှား) နိုင်ငံမှ ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၊ အင်္ဂလန်နိုင်ငံမှ အင်(မ်)အိုင်(၅) ထောက်လှမ်းရေးဖွဲ့နှင့် ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့တို့က မော့ကြည့်ရသော ထောက်လှမ်းရေးအဖွဲ့အမည်ကို ဖော်ပြပါဟုဆိုလျှင် အစ္စရေးနိုင်ငံမှ မော့ဆက်ထောက်လှမ်းရေးအဖွဲ့ဟု ဖြေကြမည်မှာ သေချာပါသည်။ အမှန်အားဖြင့် အထက်ဖော်ပြပါ ထောက်လှမ်းရေးနှင့် စုံထောက်ကြီးလေးဖွဲ့သည် မော့ဆက်အဖွဲ့ထက် သက်တမ်းအားဖြင့် လည်းကောင်း၊ ငွေအား၊ လူအားယှဉ်လျှင်လည်းကောင်း၊ အစစအရာရာ မနှိုင်းယှဉ်နိုင်လောက်အောင် ကြီးမားသည်ဟု ဆိုရမည် ဖြစ်၏။ မှန်ပါသည်။ အစ္စရေးနိုင်ငံသည် အလွန်သေးငယ်သောနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သို့ဖြစ်၍ အစ္စရေးနိုင်ငံ၏ မော့ဆက်ထောက်လှမ်းရေးအဖွဲ့သည် လူနည်းနည်း၊ ငွေအားနည်းနည်းဖြင့် ဖွဲ့စည်းထားရ၏။ ထိုအဖွဲ့သည် အထူးလျှို့ဝှက်လှုပ်ရှားဆောင်ရွက်ရပြီး နိုင်ငံ၏ဝန်ကြီးချုပ်ကိုသာ အစစအရာရာ အသိပေးရသည်။

အစ္စရေးနိုင်ငံမှာ အလွန်သေးငယ်သောနိုင်ငံ ဖြစ်သော်လည်း ထိုနိုင်ငံအား မလိုလားသော၊ ဆန့်ကျင်သော နယ်မြေအကျယ်အဝန်းသည် အစ္စရေးနိုင်ငံထက် အဆငါးဆယ်ခန့်ကြီး၍ လူဦးရေတွင်လည်း အဆ (၂၀) ခန့် ပိုများသည်။ ယင်းနိုင်ငံများအား ထောက်ခံသော အင်အားကြီးနိုင်ငံကြီးများကလည်း ၎င်းနိုင်ငံတို့အား လက်နက်များ၊ အကြံဉာဏ်များ ထောက်ပံ့ပေးခဲ့၏။ ထိုနိုင်ငံများသည် ထာဝစဉ် အစ္စရေးနိုင်ငံအား ခြိမ်းခြောက်နေကြသည်။

အစ္စရေးနိုင်ငံအား ဝိုင်းနေသော ရန်သူနိုင်ငံများသည် အစဉ်အလာ စစ်တိုက်နည်းဖြင့် စစ်မျက်နှာဖွင့်၍ စစ်တိုက်နေခြင်းမဟုတ်ပါ။ လက်နက်မဲ့ပြည်သူအများအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အဝေးမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းများကို မကြာခဏပြုလုပ်ကြသည်။ အတည်



မပြုနိုင်သောသတင်းများအရ နာဇီအက်(စ်)အက်(စ်) ဝရမ်းပြေးစစ်တရားခံများသည် အထက်ဖော်ပြပါ အစ္စရေးနိုင်ငံအား ဝန်းရံနေသော ရန်သူနိုင်ငံများရှိ တပ်မတော်များ၏အကြံပေးများ၊စစ်ရေးလေ့ကျင့်ပေးနေသူများ၊ လက်နက်တိရိယာထုတ်လုပ်ရေးများ၊ လေယာဉ်ပျံ၊ ဒုံးကျည်ထုတ်လုပ်ရေးများတွင်ဆောင်ရွက်လျက်ရှိကြသည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော အိုအက်ဆာလျှို့ဝှက်အဖွဲ့အစည်းကလည်း အစ္စရေးနိုင်ငံအား ပြည်ပမှ အကူအညီပေးနေကြသော ဂျူးလူမျိုးများနှင့် အစ္စရေးနိုင်ငံ ထာဝစဉ် ရပ်တည်နိုင်ရေးကို အကူအညီပေးခဲ့သူများကို နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပြုခဲ့ကြသည်။ သို့ဖြစ်၍ ထိုဘေးအန္တရာယ်များကို ရင်ဆိုင်တုန့်ပြန်နိုင်ရန် အစ္စရေးမော့ဆက်အဖွဲ့သည် အစွမ်းကုန် ကြိုးစားခဲ့ကြရ၏။ အစ္စရေးနိုင်ငံ ရပ်တည်ရေးအတွက် တိုက်ခိုက်ရမည့် စစ်ပွဲတွင် မော့ဆက်ထောက်လှမ်းရေးအဖွဲ့သည် အဓိကရှေ့တန်းနေရာယူခဲ့ကြသည်။အမှန်အားဖြင့် ယင်းမော့ဆက်အဖွဲ့ကြီးတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၅၀)ကျော်ခဲ့ပြီဖြစ်သည်။ မော့ဆက်အဖွဲ့၏ အဓိကတာဝန်မှာ ပြည်ပတွင် စုံစမ်းထောက်လှမ်းရေးပြုလုပ်၍ အစ္စရေးနိုင်ငံ၏လုံခြုံရေးနှင့်ပတ်သက်သောသတင်းများ၊ စုဆောင်းရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် အစ္စရေးလက်နက်ကိုင်အဖွဲ့အစည်းများ သို့မဟုတ် အရပ်သားအဖွဲ့အစည်းများ မကိုင်တွယ်နိုင်သော အထူးတာဝန်များကို မော့ဆက်အဖွဲ့က ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

မော့ဆက်အဖွဲ့ဝင်တိုင်းတို့သည် မျိုးချစ်စိတ်နှင့်ထောက်လှမ်းရေးတပ်သားအရည်အချင်း ပြည့်ဝသူများဖြစ်ရကား နိုင်ငံတကာက မော့ကြည့်ရသည်မှာ ဘာဆန်းသလဲဟုဆိုရမည် ဖြစ်၏။ သာဓကအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီဂျာမန်တို့၏ ဂျူးပြဿနာနောက်ဆုံး ဖြေရှင်းခြင်းစီမံကိန်းကြီးအား အဓိကအကောင်အထည်ဖော်ခဲ့သူ နာဇီဝရမ်းပြေး လူသတ်သမား အိုက်စမန်းအား နှစ်ပေါင်းများစွာ ခြေရာခံလိုက်ခဲ့ပြီး ဖမ်းဆီးကာ တရားဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်ခဲ့သောအခါ မော့ဆက်အဖွဲ့မှာ ဟိုးဟိုးကျော်ခဲ့ရသည်။ ထိုဖြစ်စဉ်ကြောင့် နာဇီဝရမ်းပြေး စစ်တရားခံများ၊ ထိုဝရမ်းပြေးများကို အကူအညီပေးခဲ့သော အိုဒက်ဆာလျှို့ဝှက်အဖွဲ့အစည်းဝင်များ၊ နိုင်ငံတကာမှ နာဇီမျိုးဆက်သစ်များ၊ ဖိမ့်ဖိမ့်တုန်အောင် ထိတ်လန့်ခဲ့ကြသည်။မော့ဆက်အဖွဲ့ကြီးနှင့် နိုင်ငံတကာတွင်နေထိုင်ကြသော ဂျူးအမျိုးသားအထင်ကရပုဂ္ဂိုလ်အများအားပစ်မှတ်ထား၍ဘေးအန္တရာယ်ပြုရန် နာဇီလက်သစ်များက ကြံရွယ်ခဲ့ကြသည်။ ဤဆောင်းပါးအစတွင် ဖော်ပြသော ပြင်သစ်သတင်းစာ လာဖီဂါရိုပါသတင်းသည် နာဇီလက်သစ်များ၊ အိုအက်ဆာအဖွဲ့ဝင် မျိုးဆက်သစ်များ၏ဖန်တီးလုပ်ကြံမှုဖြစ်သည်။

သို့သော်၊ မော့ဆက်အဖွဲ့က ထိမထင်ခဲ့ပေ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင် ဩစတေးလျနိုင်ငံ ဗီယင်နာမြို့တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှ နည်းလမ်းအမျိုးမျိုးနှင့် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ ပုန်းအောင်းနေခဲ့သော ဝရမ်းပြေးစစ်တရားခံ အသက် (၉၆) နှစ်အရွယ်ရှိ နာဇီပါတီဝင်ဟောင်း၊ မော်သော်ဆင်းချွေးတပ်စခန်းနှင့် မေဒါနက်ချွေးတပ်စခန်းအမျိုးသမီးတာဝန်ခံ အင်နာဝေါလေ(ချ်) ကို ရှာက်ဆိုင်ရာက ဖမ်းဆီးမိခဲ့၏။ ထိုသို့ဖမ်းဆီးနိုင်အောင် သတင်းပေးခဲ့သူများမှာ မော့ဆက်ထောက်လှမ်းရေးအဖွဲ့မှ အထောက်တော်များဖြစ်ခဲ့သည်ဟုဆိုကြပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

၁။ Hunting Evil.
By.G.Walters.
၂။ အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# ငွေလသာ (တွံတေး)

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး

□ အာရောဂျ ပရမံ လာဘံ

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု လူတိုင်း ယုံကြည်လက်ခံထားကြသည်နှင့်အညီ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းကို လူတိုင်း လိုလားကြလေသည်။

ကျန်းမာမှ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြမည် မဟုတ်ပါလား။

သို့အတွက် လူတိုင်းကျန်းမာချင်ကြသလို အသက်လည်းရှည်ချင်ကြခြင်း ဖြစ်၏။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် တချို့တချို့သောသူတို့သည် ကိုယ့်ကျန်းမာရေးကိုပင် ဂရုမစိုက်နိုင်သည်လည်း တွေ့နေရလေသည်။



တချို့သောသူများကတော့ ကျန်းမာရေးကို အလေးထားရှိမက ဘုရား တရားကိုယုံကြည်သက်ဝင်စွာဖြင့် တရားဘာဝနာများ ကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြတာကို တွေ့မြင်ရတာဖြင့် အားရကျေနပ်ဖွယ်အတိဖြစ်ရလေသည်။

မြတ်စွာဘုရားဟောကြားတော်မူသော တရား၏ အနှစ်သာရများကို နားလည် သဘောပေါက်ကြသူများက ဝိပဿနာတရားတော်အား ပွားများအားထုတ်ကြခြင်းဖြင့် ရောဂါဝေဒနာများကို အနိုင်ယူတွန်းလှန်နိုင်ခဲ့ကြလေသည်။ တချို့ဆို ကင်ဆာရောဂါတွေပင် ပျောက်ကင်းကုန်ကြတာ မြင်ဖူး၊ တွေ့ဖူးသူတွေရှိကြသလို ကြားဖူးကြသူတွေလည်းရှိကြမှာဖြစ်ပါ၏။

မြတ်စွာဘုရား ဟောကြားတော်မူသောတရားဒေသနာများကတော့ ဘယ်တရားတော်ကိုပဲဖြစ်ဖြစ် ယုံကြည်စွာဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်မည်ဆိုပါက မိမိအတွက်အကျိုးရှိမှာချည်းပဲ ဖြစ်၏။

လောကီအတွက် အကျိုးမဖြစ်ခဲ့လျှင်တောင် လောကုတ္တရာအတွက် ကျိန်းသေအကျိုးရှိမှာဖြစ်ပါ၏။ ယုံကြည်စိတ်သဒ္ဓါတော့ရှိဖို့လိုအပ်ပေသည်။ သဒ္ဓါတရားထက်သန်ပါက မည်သည့်ကိစ္စမဆို အောင်မြင်မည်ဟု ယုံကြည်အပ်ပေသည်။

ထို့အတူ သရဏဂုံဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်းတို့သည်လည်း ဝေဒနာသက်သာပျောက်ကင်းခြင်းနှင့် အသက်ရှည်ခြင်းတို့အတွက် အားအထားရဆုံးဆေးစွမ်းတစ်လက်ဖြစ်ပါချေ၏။

နေ့စဉ် သရဏဂုံသုံးပါးကို ဦးထိပ်မှာထား၍နေခြင်း၊ ရှစ်ပါးသီလကို မထိန်းသိမ်းမစောင့်ရှောက်နိုင်သော်လည်း ငါးပါးသီလကို တတ်အားသရွေ့ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်လည်း ဝေဒနာကို ကုစားရာ ဆေးစွမ်းကောင်းများပင် ဖြစ်ကြလေသည်။

ထိုမှတစ်ဖန် ဒါနကုသိုလ်များပါ သဒ္ဓါတရားထက်သန်စွာပြုလုပ်ကြမည်ဆိုပါက ပို၍ပို၍ကောင်းကျိုးချမ်းသာမင်္ဂလာကိုရကြမှာ ဖြစ်လေသည်။

ဤသို့သော ကောင်းကျိုးချမ်းသာ မင်္ဂလာကို ရစေတတ်သော မြတ်စွာဘုရားဟောကြားတော်မူသည့် တရားဒေသနာတော်များထဲမှ ကျန်းမာသက်ရှည်မဟာထေရ်ဘွဲ့တော်ကို ရရှိတော်မူသော အရှင်ဗာကုလမထေရ်မြတ်၏ဇာတ်လမ်းလေးအား ရေးသားတင်ပြလိုက်ရပါသည်။

အရှင်ဗာကုလမထေရ်အလောင်းအလျာသည် မွေးပြီးစအခါတွင် အထိန်းတော်များက ယမုန်နာမြစ်သို့သွား၍ ရေချိုးမင်္ဂလာပြုလုပ်သောအခါ ငါးကြီးတစ်ကောင်က ရေထဲမှဘွားခနဲပေါ်လာပြီး ကိုက်ချီသွားလေသည်။ ကောသလပြည်မှမြစ်ကြောင်းအတိုင်း ဗာရာဏသီမြို့ရောက်မှ တံငါတို့၏ ပိုက်ကွန်ထဲမှာ ဖမ်းမိ လေသည်။

ငါးကို ဗာရာဏသီသူဌေးကတော်က ဝယ်ယူ၍ ငါး၏ဝမ်းဗိုက်ကိုခွဲသောအခါ ကလေးငယ်ကို တွေ့ရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်မှာ မည်သည့်ထိခိုက်ဒဏ်ရာမျှမရရှိချေ။ မူလမွေးမိဘများနှင့်ဗာရာဏသီသူဌေးတို့ ကလေးလု၍အမှုဖြစ်သောအခါ တရားသူကြီးက နှစ်ဦးသောသူဌေးတို့၏သားဖြစ်စေဟု ချမှတ်လေသည်။

ကောသလသူဌေးက အတြဇကိုယ်တိုင်မွေးသားအဖြစ်လည်းကောင်း၊ ဗာရာဏသီသူဌေးက ဒိန္နဇ ဝယ်ယူသားအဖြစ်ရရှိကြလေသည်။ သူဌေးနှစ်ဦးလုံးကလည်း မိမိတို့မှာ အမွေခံယူရန်အခြားသားမရှိသောကြောင့် ဆုံးဖြတ်ချက်ကို ကျေနပ်စွာ လက်ခံလိုက်ကြလေသည်။

ယင်းသို့ မိဘအရင်းနှင့်မွေးသားမိဘ ဟူ၍ မိဘနှစ်မျိုးရှိခြင်းကြောင့် ကလေးငယ်မှာ ပါဠိလို ဗာကုလဟု အမည်တွင်လေသည်။ ဗာ - နှစ်ခုသော၊ ကုလ - အမျိုးရှိသူဟု အဓိပ္ပာယ်ရလေသည်။

ဗာကုလသူငယ်သည် ကောသလမိဘများထံမှာ လေးလ ချမ်းသာစွာစံနေရ၍ ဗာရာဏသီမိဘများထံမှာလည်း လေးလ ချမ်းသာစွာစံနေရလေသည်။ လှမ်း၍ မြစ်ကြောင်းဖြင့် အသွားအပြန် လေးလ သင်္ဘောပေါ်မှာ ချမ်းသာစွာစံနေရသည်။ လေးလသုံးလီ ဆယ့်နှစ်လ တစ်နှစ်ဖြစ်သည်။

ထိုသို့ သွားလာနေရသော်လည်း ဗာကုလသူငယ်မှာ လက်ဖျောက်တတီးခန့်မျှပင် နာဖျားခြင်းလုံးဝမဖြစ်ခဲ့ချေ။ မကျန်းမမာပင် တစ်ခါမျှမဖြစ်ဘူးချေ။ ဤသည်ကား အသက်ကြီးသည့်တိုင် ခံစားရသည့် ကျန်းမာခြင်းသုခပင် ဖြစ်သည်။ သက်တော်တစ်ရာ့ခြောက်ဆယ်တိုင်နေရသည်ဟု ဆိုလေသည်။

လူဝတ်ကြောင်ဖြင့် အသက်ရှစ်ဆယ်ထိနေပြီးမှ ရဟန်းပြုတော်မူခြင်းဖြစ်သည်။ဝါတော်ရှစ်ဆယ်ရှိမှ ပရိနိဗ္ဗာန်စံတော်မူလေသည်။

ရဟန်းဘဝ၌ နှစ်ပေါင်းရှစ်ဆယ်ကြာနေခဲ့မှာ ကျန်းမာရေးကောင်းလှသောကြောင့် တစ်ချက်မျှပင်အနှိပ်မခံဖူးချေ။ ဆေးဟူ၍ ဆီးဖြူသီးတစ်ခြမ်းမျှကိုတောင် မစားဖူးချေ။ ကျောနောက်မှအမှီဖြင့်မနေထိုင်ဖူးချေ။ ကြမ်းပြင်မှာကျောခင်း၍မအိပ်ဖူးချေ။ ပရိနိဗ္ဗာန်စံခါနီးမှာပင် ကျောင်းများသို့ကိုယ်တိုင်သွားလာဝင်ထွက်၍ မိမိပရိနိဗ္ဗာန်စံတော့မည့်အကြောင်းကို ပြောကြားနိုင်သည်။ ဤမျှလောက်ကျန်းမာသည့် ဗာကုလအရှင်မြတ်ဖြစ်ပါ၏။

ဤမျှလောက် ကျန်းမာရေးနှင့်ပြည့်စုံရခြင်းအကြောင်းမှာကား ဤသို့ဖြစ်၏။

ဤကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော် လွန်လေပြီးသော ကမ္ဘာပေါင်းတစ်အသင်္ချေနှင့် တစ်သိန်းကာလတွင် အနောမဒဿီဘုရားပွင့်တော်မူသည်။ ထိုအခါ၌ အရှင်ဗာကုလအလောင်းသူတော်ကောင်းသည် ဈာန်အသိညာဉ်ရသေ့တစ်ပါးဖြစ်သည်။ ဘုရားရှင်အားကြည်ညို၍ သရဏဂုံတည်သည့် ရသေ့တစ်ပါးဖြစ်သည်။ အနောမဒဿီဘုရားရှင်၌ လေနာရောဂါဖြစ်ပွားသောအခါ ရသေ့သည် လေနာရောဂါပျောက်ဆေးဖော်၍လှူသောကြောင့် ဘုရားရှင်လေနာရောဂါပျောက်ကင်းသွားလေ၏။

ထိုအခါ ရသေ့က-

"ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း၌ အနာရောဂါကင်းရှင်းသူဖြစ်ရလိုပါ၏"

ဟူ၍ ဆုတောင်းလေသည်။

ထိုဘဝ နောက်ကမ္ဘာပေါင်းတစ်သင်္ချေလွန်ပြီး ပဒုမုတ္တရဘုရားရှင် ပွင့်သောအခါ ရဟန်းတစ်ပါးအား ဘုရားရှင်က အနာရောဂါကင်းရာတွင် အသာဆုံးအမြတ်ဆုံး အပ္ပာဗာဓဧတဒဂ်ဘွဲ့ထူးကိုပေးအပ်သည်အား ဖူးတွေ့ရသောကြောင့် အရှင်ဗာကုလအလောင်းတော်သည် ကုသိုလ်ကောင်းမှုပြုလုပ်ပြီးလျှင် ဘုရားရှင်ထံ၌ အပ္ပာဗာဓဧတဒဂ်ဆုကိုတောင်းလေသည်။

ဘုရားရှင်ကလည်း-

"နောင် ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားရှင်လက်ထက်တွင် သင်သည် အပ္ပာဗာဓဧတဒဂ်ဘွဲ့ရ ဗာကုလမထေရ်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်ပေးတော်မူလေသည်။

ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌လည်း ရဟန်းတော်များ အဆိပ်ပွင့်မှလေကိုရှူမိသောကြောင့် ခေါင်းကိုက်ရောဂါဖြစ်ကြလေရာ အရှင်ဗာကုလအလောင်းတော်ဖြစ်သောရသေ့သည် ဆေးဖော်စပ်၍ ရဟန်းတော်များအား လှူဒါန်းကုသပေးရာ ရဟန်းတော်အားလုံး ခေါင်းကိုက်ရောဂါများပျောက်ကင်းချမ်းသာသွားကြလေသည်။

ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင်လက်ထက်၌ တောရွာရှိကျောင်းပျက်တစ်ဆောင်ကို ပြင်ဆင်ဆောက်လုပ်သည်။ သိမ်သစ်၊ ဆွမ်းစားကျောင်းသစ်၊ မီးတင်းကုပ်သစ် (ဆွမ်းချက်ဆောင်)၊ စင်္ကြံသစ်၊ ကျက်သရေကျောင်းသစ်၊ ကျင်ကြီးအိမ်သစ် (ကုဋီအိမ်)၊ ဆေးရုံသစ်တို့ကိုပါတည်ဆောက်၍ သံဃာများအားလှူသည်။ ဆေးအမျိုးမျိုးကိုလည်း လှူဒါန်းလေသည်။

ဤသို့ ပြုလုပ် ဆည်းပူးခဲ့သော ကုသိုလ်ကောင်းမှုများကြောင့် ဤဘဒ္ဒကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားရှင်သာသနာအတွင်း၌ အရှင်ဗာကုလအမည်ရှိ ကျန်းမာ၍ အနာရောဂါကင်းသူအဖြစ်နှင့် အသာဆုံးအမြတ်ဆုံးဟု အနက်အဓိပ္ပာယ်ရှိသည့် 'အပ္ပာဗာဓဧတဒဂ်' ဘွဲ့ကို ရရှိခြင်းဖြစ်လေသည်။

ဤသည်ကား အရှင်ဗာကုလမထေရ်မြတ်၏ ကျန်းမာသက်ရှည်ခြင်း အကျိုးတရားများအား ရယူပိုင်ဆိုင်စေနိုင်သည့် အကြောင်းတရားများကို ရေးသားတင်ပြရခြင်းဖြစ်လေသည်။

ထို့အတူ ဆရာဦးထွန်းလှိုင် (ဝိနယပါရဂူ) ရေးသားထားသော ကျန်းမာရေးမြတ်ဆုမွန်ကောင်းဂါထာအား ရေးသား တင်ပြလိုက်ရပါသည်။

❑ အပ္ပာဗာဓော မဟာထေရော၊
အပ္ပာဗာဓာန ဥတ္တမော၊
ဗာကုလော အရဟာဇာတော၊
သောတ္ထျာရောဂျံ ဒဒါတုမေ။

**ဂါထာအနက်ပြန်**

**မဟာထေရော** - အရှင်ဗာကုလမဟာထေရ်မြတ်ကြီးသည်၊

**အပ္ပာဗာဓော** - အနာရောဂါကင်းရှင်းကျန်းမာခြင်းရှိတော်မူပါပေ၏။

**အပ္ပာဗာဓာနံ** - အနာကင်းရှင်းကျန်းမာခြင်းရှိသူတို့တွင်၊

**ဥတ္တမော** - အသာဆုံး အမြတ်ဆုံးဖြစ်တော်မူပါပေ၏။

**အရဟာဇာတော** - ရဟန္တာအစစ်ဖြစ်တော်မူသော၊

**ဗာကုလော**-အရှင်ဗာကုလသည်၊

**မေ** - အကျွန်ုပ်အား၊

**သောတ္ထျာရောဂျံ**-ရောဂါကင်းရှင်းကျန်းမာချမ်းသာခြင်းတို့ကို၊

**ဒဒါတု** - မုချမသွေပေးတော်မူပါစေသတည်း။

အားလုံးသော စာဖတ်ပရိသတ်အပေါင်းတို့ အရှင်ဗာကုလမထေရ်ကဲ့သို့ ရောဂါကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေ။

ငွေလသာ (တံ့တေး)



www.burmeseclassic.com

www.burmeseclassic.com

"အောက်. . . အီး. . . အီး အွတ်"

ပေါက်ကိုင်းရွာ ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်း ကပွဲယကြီး နယ်လွှဘသော်မွေးထားသော ကြက်ဖ ခြောက်လုံးပြူး၏တွန်သံပင် ဖြစ်သည်။ ခြောက်လုံးပြူး၏ကြက်ဦးတွန်သံကြောင့် ပေါက်ကိုင်းတစ်ရွာလုံးရှိ ကြက်ဖတွန်သံများသည် ဆင့်ကဲဆင့်ကဲဆိုသလိုနောက်က တစ်ရွာလုံးဖုံးသွားလေတော့သည်။

ဦးသူတော်ဆက်အိပ်၍မရတော့။ ကြက်ဦးတွန်ပြီဆိုတော့ စက်နာရီအားဖြင့် နံနက် (၃) နာရီ။ ဦးသူတော်တစ်ယောက် အိပ်ရာမှထကာ သောက်



www.burmeseclassic.com

www.burmeseclassic.com

လက်စ လက်နှစ်ဆစ်ခန့်သာကျန်တော့သည့် ဆေးပြင်းလိပ်ကြီးကို မီးညှိဖွာရှိုက်လိုက်သည်။ ဆင့်ကာဆင့်ကာဖွာရှိုက်လိုက်သည့်အတွက် ခံတွင်းချဉ်ပြေသွားတော့မှ ရေနံဆီမီးခွက်ကြီးကို မီးညှိကိုင်ဆွဲကာ ဆွမ်းချက်ဆောင်ဘက်သို့ ကူးလိုက်လေ၏။ ဆွမ်းချက်ဆောင်တွင် တည်ထားသည့် ရာဝင်စဉ့်အိုးကြီးအတွင်းမှရေကို အိုးမှုတ်ခွက်လက်ကိုင်ရှိုးတပ်ထားသောရေမှုတ်ဖြင့်ခပ်ကာ မျက်နှာသစ်လိုက်သည်။ ပြီးနောက် အပေါ့အပါး ခေတ္တသွားကာ ရေနွေးအိုးတည်ရန် ထင်းမီးကူးလိုက်သည်။ တစ်ဆက်တည်းဆိုသလို ဆန်ပြုတ်အိုးနွေးရန်အတွက်လည်း ထင်းကိုမီးကူးလိုက်လေ၏။ ဖိုခုံလောက်နှစ်ခုပေါ်တွင် အသင့်ရှိနေသည့် ရေနွေးအိုးနှင့် ဆန်ပြုတ်အိုးနှစ်လုံးတို့ကို နယ်လွှဲဘသော်က နေ့စဉ်ဆိုသလို ထင်းများကိုပါထိုး၍ ပြင်ဆင်ပေးထားသောကြောင့် ဦးသူတော် သက်သာနေခြင်းဖြစ်၏။ ထို့ကြောင့် ဦးသူတော်၏ တာဝန်က မီးကူးပေးရုံသာရှိသည်။ ရေနွေးအိုးဆူချိန်နှင့် ဆန်ပြုတ်အိုးပွက်ချိန်သည် နယ်လွှဲဘသော်အိပ်ရာနိုးချိန်ပင်ဖြစ်၍ ကျောင်းနေသံဃာတော်များ၏ အရုဏ်ဆွမ်းကိစ္စတို့ကို ကျောင်းသားများနှင့် ဆက်လက် ဆောင်ရွက်သွားပေတော့မည်။ ယခင်က ဤနိစ္စဓူဝအမှုများသည် ဦးသူတော်၏ တာဝန်များ ဖြစ်သည်။ သို့သော် နယ်လွှဲဘသော် ကျောင်းသို့ ကပ္ပိယအဖြစ် ရောက်ရှိလာခဲ့ပြီးနောက်ပိုင်းတွင် ဦးသူတော်အဖို့ ထိုကိစ္စများ ငြိမ်းသွားခဲ့၏။ ဤအကြောင်းကို တွေးမိတိုင်း နယ်လွှဲဘသော်ကို ဦးသူတော် ကျေးဇူးတင်မိသည်။

မှန်သည်။ ဦးသူတော်အသက်က

# ငွေစိုး (ရွှေကြန့်မြေ)

# နယ်လွှဲဘသော်နှင့် ညိုမြချက်မိသောကျား



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ဆယ်ကို လေး၊ငါးနှစ်စွန်းနေချေပြီ။ ယခင်ကလို စိတ်သွားတိုင်းကိုယ်မပါချင်တော့။ စာပေကျမ်းဂန်လေးဖတ်ကာ ဘာသာရေးနှင့် မွေ့ပျော်၍ အေးအေးလူလူ အနားယူချင်နေပြီဖြစ်၏။ အခုတော့ ဦးသူတော်ဆန္ဒပြည့်ဝနေပြီဖြစ်၏။ ထို့ကြောင့်လည်း ထင်းမီးကူးပြီးသည်နှင့်တစ်ပြိုင်နက် ဘုရားဝတ်ပြုရန်အတွက် ဓမ္မာရုံအတွင်းသို့ ဦးသူတော်လှမ်းလိုက်လေတော့သတည်း။

❑

ဘသော်တစ်ယောက် ပေါက်ကိုင်းဘုန်းတော်ကြီးကျောင်းကိုရောက်လာပုံက ခပ်ဆန်းဆန်း။ စင်စစ် ပေါက်ကိုင်းသူကြီး ဦးသောင်း၏ ကောင်းမှုကြောင့် ရောက်လာခြင်းဟုဆိုနိုင်သည်။ မှန်သည်၊ ဘသော်တစ်ယောက် ကပ္ပိယအဖြစ် ပေါက်ကိုင်းဘုန်းတော်ကြီးကျောင်းသို့ ရောက်လာခဲ့သည်မှာ တစ်နှစ်ပင်မပြည့်တတ်သေး။ ဘသော်၏မွေးမြေမှာ မိုးညှိဖြစ်သည်။ ဘသော်၏မိဘနှစ်ပါးသည် မရှိမရှားလယ်သမားများ ဖြစ်သည်။ တစ်ဦးတည်းသောသားမို့ ဘသော်ကို မိဘနှစ်ပါးက အလွန်ချစ်ကြသည်။ ဘသော်လူပျိုပေါက်အရွယ်တွင် ဖခင်ဖြစ်သူ ပိုးထိ၍ဆုံးပါးခဲ့သည်။ ဖခင်ဖြစ်သူဆုံးတော့ ဘသော်တစ်ယောက် ပညာသင်ကြားခြင်းကို ရပ်နားကာ လယ်ယာလုပ်ငန်းခွင်ကို ဆင်းခဲ့သည်။ ဘသော်အသက်(၂၀)ပြည့်သောနှစ်တွင် ပန်းနာရောဂါဖြင့် မိခင်ဖြစ်သူ ဆုံးပါးပြန်သည်။

ဘသော်၏ မိဘနှစ်ပါးသည် မိုးညှိနယ်သားများဖြစ်ကြသောကြောင့် မိဘနှစ်ပါးစလုံးဆုံးပါးသွားသော်လည်း တစ်ကောင်ကြွက်မဖြစ်ခဲ့ဘဲ ဆွေမျိုးများ၏ စောင့်ရှောက်မှုအောက်တွင် အခြေမပျက်နေခဲ့ရသည်။မိဘများ၏လက်ငုတ်လက်ရင်းလယ်မြေများရှိသော်ကြောင့် ဘသော်ဘဝမချို့တဲ့ခဲ့။ ဦးကြီး၊ ဘကြီး၊ ဝရီးများ၏ ဆုံးမမှုကြောင့် ဘသော်၏ အနေအထိုင်က ဟော့ဟော့ရမ်းရမ်းမရှိခဲ့ဘဲ အမည်ကောင်းထွက်ခဲ့သည်။ ဦးကြီး၊ ဘကြီးများကလည်း ဘသော်ကို ပညာစုံသင်ပေးသည်။ လယ်လုပ်ငန်း၊ ယာလုပ်ငန်း၊ ထန်းတက်၊ တောလည်၊ တံငါလုပ်ငန်း၊ လက်သမားအစ အောက်ခြေသိမ်းအလုပ်မှန်သမျှ ဘသော်ကျွမ်းကျင်နိုင်နင်းစွာလုပ်ကိုင်တတ်သည်။ သို့သော် ဘသော်၏ အားနည်းချက်က မဟုတ်လျှင်မခံတတ်။ မတရားသည်ကိုမြင်လျှင် စိမ်းစိမ်းကျက်ကျက် ဝင်ရောက် ကူညီတတ်သည်။ ထိုကဲ့သို့ စိတ်မြန်လက်မြန်ခြင်းကြောင့် သူတစ်ပါးအရေးကိစ္စကို ဝင်ရောက် ဖြေရှင်းမိ၍ အကြိမ်ကြိမ်ရုံးရောက်ဂါတ်ရောက်ဖြစ်ခဲ့လေသည်။

ဤသို့ဖြင့် ဘသော်တစ်ယောက် ဗြိတိသျှ အစိုးရမင်းများ၏ဥပဒေအတိုင်း နယ်လွှဲခံရတော့၏။နယ်လွှဲသည်ဆိုသည်မှာ လူဆိုးလူမိုက်ဟုသတ်မှတ်ထားခြင်းခံထားရသည့်သူအား ဥပဒေအရ ထောင်ချရန်အတွက် သက်သေသက္ကာယလည်း ရှာမရ၊ ပုဒ်မလည်းမည်မည်ရရမတပ်နိုင်လျှင် ထိုသူအား ကျော်စောမှုလုပ်ရန် မိမိရပ်ရွာတွင်မနေစေဘဲ တခြားတစ်နယ်သို့ပို့ထားခြင်းကိုခေါ်သည်။ နယ်လွှဲခံထားရသူသည် သက်ဆိုင်ရာသူကြီးထံတွင် နေ့စဉ် လက်မှတ်ထိုးရသည်။ ကန့်သတ်ထားသောနယ်မှတစ်ပါး အခြားနယ်သို့မကူးပြောင်းရ။ ကူးပြောင်းလျှင် နယ်ကျွံမိပြီး ထောင်ကျခံရသည်။ အထက်ဆိုသည့်အတိုင်း ဘသော်သည် မိုးညှိမှ တောင်တွင်းကြီးသို့ နယ်လွှဲခံရပြီး တောင်တွင်းကြီးမြို့နှင့် ခုနစ်မိုင်ခန့်ဝေးသည့် ပဲခူးရိုးမတောင်ခြေအစပ်တွင်ရှိသော ပေါက်ကိုင်းရွာသို့ ရောက်ရှိလာခြင်း ဖြစ်၏။

နယ်လွှဲခံရသူသည် သားမယားရှိက မိမိနှင့်အတူ လိုက်ပါနေထိုင်ခွင့်ရှိ၏။ တစ်ယောက်တည်းသမား ဘသော်ကတော့ အိမ်ထောင်မရှိသူမို့ လွတ်လပ်စွာပင် ပေါက်ကိုင်းရွာသို့ ရောက်လာခဲ့၏။ ပေါက်ကိုင်းရွာတွင် ဘသော်၏ ဦးလေးမိသားစုရှိသည်။ သို့သော် ဘသော် ပေါက်ကိုင်းရွာရောက်ပြီး မကြာမီမှာပင် ဦးလေးဖြစ်သူ ဆုံးပါးခဲ့သည့်အတွက် ကျန်ရစ်သူမုဆိုးမနှင့် ဆက်နေရန် မသင့်တော်သောကြောင့် သူကြီးဦးသောင်းက အာမခံကာ ကပ္ပိယအဖြစ် ဘုန်းကြီးကျောင်းသို့ လာရောက်အပ်နှံထားခြင်း ဖြစ်၏။

ပေါက်ကိုင်းရွာသည် အိမ်ခြေခုနစ်ဆယ်ခန့်ရှိသော ရွာငယ်လေးတစ်ရွာ ဖြစ်၏။ လယ်ယာနှင့် ပဲခူးရိုးမကို အမှီပြုပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသောရွာငယ်လေးဖြစ်သောကြောင့် အေးချမ်းလှသည်။ ထို့ကြောင့် စိတ်ရင်းဖြူသော ဘသော်တစ်ယောက် မည်သူနှင့်မျှပြဿနာမတက်ခဲ့။ ဘသော်၏ အပြောအဆိုလိမ္မာမှု၊ ကူညီရိုင်းပင်းမှုကြောင့် ပေါက်ကိုင်းတစ်ရွာလုံး သူ၏ စားအိမ်သောက်အိမ်ဖြစ်လာလေသည်။ ဆရာတော်ဦးပညာကပင် ဘသော်ကို မိုးညှိသို့မပြန်စေချင်တော့။ အကြောင်းမှာ မဟုတ်။ ဘသော် ရောက်ကတည်းက ဆရာတော်ဦးပညာ၏ကျောင်းဆွမ်းကွမ်း ယခင်ကထက်ပြည့်စုံလာသည်။ ဘသော်ကလည်း ဆိုးပေဆိုသည့် ကျောင်းသားများကို ချော့တစ်ခါခြောက်တစ်လှည့်ဖြင့် နိုင်အောင်အုပ်ချုပ်သည်။ ဘုန်းကြီးကျောင်းတွင် ကျောင်းသား(၁၅)ယောက်ခန့်ရှိသည်။ ထို့ကြောင့် သံဃာများ၏ အရုဏ်ဆွမ်းနှင့် ဆွမ်းခံခြင်းကို ဘသော်က ဦးဆောင်၍ စည်းစနစ်ကျအောင် လုပ်ဆောင်ပေးသည်။ သို့သာမက ဘုန်းတော်ကြီးများနှင့် ဦးပဉ္စင်းများ၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း ဘသော်က လိုအပ်သလို ဖြည့်ဆည်းပေးသည်။ အင်္ဂလိပ် - မြန်မာခုနစ်တန်းအထိ ပညာသင်ခဲ့ရသောကြောင့် ဘုန်းကြီးကျောင်းသားများကို ဘသော် စာသင်ပေးသေး၏။ ထိုအခြေအနေများကြောင့် ကပ္ပိယကြီး နယ်လွှဲဘသော်ကို ဆရာတော်ဦးပညာက လက်မလွှတ်နိုင်ဖြစ်နေခြင်းဖြစ်လေတော့သည်။

❑

"မောင်ဘသော်ရေ ဒီနေ့ တို့ကိုယ်တော်တွေ ဆွမ်းဘုဉ်းပေးတာ အတော်နည်းတယ်ဟေ့။ ဆွမ်းတွေ အများကြီးပိုနေတယ်ဟ"

ဦးသူတော်၏ စကားကြောင့် ကြက်ဖကြီးခြောက်လုံးပြူးနှင့် အလုပ်ရှုပ်နေသော နယ်လွှဲဘသော်တစ်ယောက် စဉ်းစားခန်းဝင်မိသွားသည်။ မှန်သည်။ သည်ရက်ပိုင်းအတွင်း ကျောင်းသားများကို စာပြနေရသည့်အလုပ်၊ သူကြီးဦးသောင်းယာကို ကူပြီးထယ်ထိုးပေးနေရသောဗာဟီရများကြောင့် ဆွမ်းကွမ်းကိစ္စကို ဘသော် လှည့်မကြည့်နိုင်ခဲ့။ ထို့ကြောင့် ဆရာတော်နှင့် ဦးပဉ္စင်းများ ဆွမ်းရေးကွမ်းရေးချို့တဲ့နေပေလိမ့်မည်။ ယခင်က ကျောင်းသားတစ်သိုက်ကို ဦးဆောင်၍ ချောင်းထဲတွင် ငါးဖမ်း၊ ပုစွန်တုပ်ငုပ်၊ ရိုးအတွင်းသို့ဝင်ကာ တောလည်ပုံမှန်ထွက်ခဲ့သောကြောင့် သားငါးဖူလုံခဲ့သည်။ အရုဏ်ဆွမ်းဆန်ပြုတ်ကိုပင် ကြက်သား၊ ဘဲသားနှင့်လည်းကောင်း ဝက်သားနှင့်တစ်သွယ် ပုစွန်တုပ်၊ ငါးရံ့ခြောက်ဖြင့်တစ်ဖုံ မရိုးအောင် ရောနှော၍ ဆက်ကပ်ခဲ့လေ၏။ ရွာငယ်လေးဖြစ်သောကြောင့် ဆွမ်းခံထွက်ရာတွင်ပင် ဟင်းချို၊ ငရုတ်သီးထောင်း၊ အရွက်ကြော်



www.burmeseclassic.com

www.burmeseclassic.com

များသာလှိုင်လှိုင်ရတတ်ပြီး အသားဟင်းလျာကား နည်းပါးလှသည်။

"ဟုတ်တယ် ဦးသူတော်၊ ဒါကိုသိလို့ ကျွန်တော် ဟင်းစားအတွက် တောလည်ထွက်ဖို့ ခြောက်လုံးပြူးကြီးကို ပြုစုနေတာ ဦးသူတော်ရဲ့"

မှန်သည်။ ခြောက်လုံးပြူးသည် နယ်လှည့်ဘသော်မွေးထားသည့် တောကြက်များကိုတည်ဖမ်းသည့် ကြက်တိန်ညင်ကြီးဖြစ်သည်။ ထို့ကြောင့် နယ်လှည့်ဘသော်တစ်ယောက် ခြောက်လုံးပြူးတောသို့ဝင်ရာတွင် အသင့်ဖြစ်နေစေရန်အတွက် အစာနှင့်ရေအဝကျွေးခြင်း၊ ဒူးအထိ ရေစိမ်ကာ ရင်အုပ်နှင့်ပေါင်တံကို ရေဆွတ်ဆုပ်နယ်ပေးခြင်းတို့ကိုပြုနေခြင်းဖြစ်၏။ ဤသည်ကို ကြက်ရေဆေးသည်ဟုခေါ်သည်။

"ဒါဆိုရင် မောင်ဘသော်ကို သတိပေးရဦးမယ်။မောင်ဘသော် တောလည်ရင် ဒိုးနွယ်မြောင်ဘက်ကိုသွားမှာမဟုတ်လား။အဲဒီမြောင်ထဲကို တောကောင်ကြီးတစ်ကောင် ဝင်မွှေနေတယ်လို့ မိုးစွေရွာသားတွေဆီက သတင်းရထားတယ်။ အဲဒါသွားရင်သတိထားပြီးသွားဦးနော်"

"သေချာရဲ့လား ဦးသူတော်ရဲ့၊ ဒီသတင်း ကျွန်တော် မကြားမိပါလား"

ဦးသူတော်၏ သတိပေးစကားကို နယ်လှည့်ဘသော်က မျက်မှောင်ကြုတ်၍ မေးခွန်းပြန်ထုတ်လိုက်၏။ သူတို့ဒေသတွင် ကျားကိုနာမ်နှိမ်သောသဘောဖြင့် တောကောင်၊ ဟင်းမျိုး၊ ခေါင်းကြီး၊ မျက်ကွင်းဖြူ၊ ငပြောက် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြသည်။

"ဟိုရက်က ရိုးထဲထင်းဝင်ခုတ်တဲ့ မိုးစွေရွာသားတွေ ကျောင်းထဲကို ရေဝင်သောက်ရင်းပြောသွားတာပဲ။ မင်းက ရွာထဲဆင်းနေလို့ မသိလိုက်တာဖြစ်မယ်"

မိုးစွေရွာသည် ပေါက်ကိုင်းရွာအနောက်ဘက်တွင်ရှိသောရွာဖြစ်ပြီး ရိုးမတောသို့ဝင်ပြီး ထင်းခုတ်ပြန်တိုင်း ရွာဦးဘုန်းတော်ကြီးကျောင်းသို့ဝင်၍ ခေတ္တနားတတ်လေ၏။

"အင်း- ဒါဆိုရင်တော့ သတိထားရမှာပေါ့ ဦးသူတော်။ကျွန်တော်တို့လည်း ကြက်တည်မှာဆိုတော့ ဒိုးနွယ်မြောင်မှာပဲ ခရီးဆုံးမှာပါ။ ရိုးအတွင်းထဲကိုဝင်ဖို့ အစီအစဉ်မရှိပါဘူး"

နယ်လှည့်ဘသော်က ဦးသူတော်ကို အဖြေပြန်ပေးကာ ခြောက်လုံးပြူး၏ခြေထောက်တွင်ချည်ထားသောကြိုးကိုယူ၍ မြေကြီးပေါ် စိုက်ထားသည့်ငုတ်တိုင်တွင်



ချည်လိုက်လေ၏။ မှန်သည်၊ ကြက်ကောင်း ကြိုးမကွာဟု အဆိုရှိသည် မဟုတ်ပါလား။

❑

နယ်လှည့်ဘသော် ဒိုးနွယ်မြောင်ကို ရောက်တော့ နေမွန်းတည့်နေချေပြီ။ သူနှင့်အတူ ဘုန်းကြီးကျောင်းသားများဖြစ်သော ငမဲ၊ ဖြူလုံးနှင့် သူကြီးဦးသောင်း၏သူရင်းငှား ဘိုးပိန်တို့ (၃) ယောက် အဖော်အဖြစ် ပါလာသည်။ ပေါက်ကိုင်းရွာမှ ဒိုးနွယ်မြောင်သို့ရောက်ရန် ရိုးမအတွင်းသို့ သုံးမိုင်ခန့် တစ်တောင်ကျော်တစ်လျှိုဆင်း တစ်ကုန်းတက်ဖြင့် တောစဉ်အတိုင်း ဖြတ်ကျော်ခဲ့ကြသည်။ထမင်းကိုပင် ကျောင်းတွင်မစားခဲ့ဘဲ သူကြီးဦးသောင်း၏အိမ်တွင်စားကာ တောသို့ဝင်မည့်အကြောင်း အသိပေးခဲ့သေးသည်။ သူကြီးကတော့ ဒေါ်အုံးမြကပင် သူ့အတွက် တောထွင်းထွက်ပရဆေးပင်များနုတ်ခဲ့ရန် မှာလိုက်သေးသည်။

ဒိုးနွယ်မြောင်သည် သစ်ရိပ်ဝါးရိပ်ထူသည်။ စိမ့်စမ်းလေးများလည်းရှိသည်။ တောမုဆိုးများသာ ဒိုးနွယ်မြောင်သို့ရောက်လေ့ရှိပြီး သာမန်တောတိုး၍ သစ်ခုတ်သူများ ဒိုးနွယ်မြောင်သို့သွားလေ့မရှိ။ ဒိုးနွယ်မြောင်သည် သစ်ပင်ပိတ်ပေါင်းထူထပ်အုပ်ဆိုင်းနေသောကြောင့် တောကောင်ငယ်ကလေးများကျင်လည်ကျက်စားရာနေရာတစ်ခု ဖြစ်လေသည်။ အထူးသဖြင့် သစ်ပင်ကြီးများပေါ် မှတွဲလွဲခိုကာကျနေသည့် ဒိုးနွယ်တန်းများ၊ အခြားနွယ်ပင်၊ ကြိမ်နွယ်တောကြီးများကြောင့် တောကြက်၊ ခါ၊ ရစ်၊ ချိုး၊ ငုံးတို့ပေါများသည်။ ထို့ကြောင့် ကြက်တည်ရန် ရိုးအတွင်းသို့ဝင်တိုင်း ဒိုးနွယ်မြောင်ကိုသာ နယ်လှည့်ဘသော် ခြေချသည်။ ဒိုးနွယ်မြောင်သို့ရောက်သည်နှင့် ချုံနွယ်ပိတ်ပေါင်းများထူသောနေရာနှင့် ကြိမ်တောများအနီးတွင် ညွှတ်ကွင်းများ၊ ကိုယ်ရံညွှတ်များကို ပတ်လည်ထောင်ကာ ညွှတ်များအလယ်၌ တည်ကြက်ခြောက်လုံးပြူးကြီးကို ချည်တိုင်ခိုင်ခိုင်စိုက်၍ချည်ထားလိုက်ပြီး ချုံနွယ်များအတွင်းသို့ ဘသော်တို့လေးယောက် ဝင်ပုန်းနေလိုက်သည်။ တည်ကြက်ခြောက်လုံးပြူးကြီးကား တောင်ပံဖြင်းစွာရိုက်၍ ငါဗိုလ်ငါမင်းဆိုသောသဘောဖြင့် ခပ်ပြင်းပြင်းတွန်လေသည်။

တောကြက်၊ ခါ၊ ရစ်တို့၏သဘာဝကား ဆန်းကြယ်လှသည်။ တစ်တောတွင်တစ်ဖသာ နယ်သတ်မှတ်၍ မင်းမူလေ့ရှိသည်။ မိမိနယ်သို့ အခြားမှ အဖများဝင်လာသည်ကို လက်မခံတတ်ဘဲ ငါ၏နယ်ပယ်သို့ ဘယ်ကြက်လာရသနည်းဟု ဒေါသမာန်ပါပါ တွန်ကြွေးကာ ကြက်မအခြွေအရံ၊ မြီးကောင်ပေါက် ကြက်ဖကလေးအခြွေအရံများစွာဖြင့် နယ်ကျူးလာသော တည်ကြက်ကို ရင်ဆိုင်တိုက်ခိုက်လေ့ရှိသည်။ ယခုလည်း နယ်လှည့်ဘသော်လက်သပ်မွေးထားသည့် ခြောက်လုံးပြူးကြီးသည် တောရည်ဝနေပြီဖြစ်သောကြောင့် တောကြက်များကို တွန်သံရဲ့ရဲ့စွာပေးနေပြီ ဖြစ်လေသည်။ မှန်သည်။ တိန်ညင်ကြက်တိုင်း တည်ကြက်လုပ်၍မရပါ။ အချို့ တိန်ညင်ကြက်များသည် တောသို့ရောက်သည်နှင့် နယ်မြေစိမ်းဟူသောအသိကြောင့် မတွန်ဝံ့တော့ပေ။ တည်ကြက်တိန်ညင်များအစွမ်းကလည်း တစ်ကောင်နှင့်တစ်ကောင် မတူပေ။ တည်ကြက်ချင်းတူသော်လည်း အစွမ်းသတ္တိချင်းကွဲပြား၏။ တချို့တည်ကြက်တိန်ညင်၏ တွန်သံကိုကြားသည်နှင့် တောကြက်ဖများမလာတော့။ အချို့မှာမူ တောကြက်မများသာလာတတ်သည်။ အချို့လည်း ချေ၊ ယုန်၊ သစ်၊ မြွေ စသည့် တောတွင်းတိရစ္ဆာန်ငယ်များ တည်ကြက်ထံသို့ ဝင်လာတတ်လေ့ရှိသည်။

ခြောက်လုံးပြူးကြီးကတော့ ထူးသည့် ကြက်တိန်ညင်အမျိုးအစား ဖြစ်သည်။ ခြောက်လုံးပြူးကြီးကို အကြောင်းပြုပြီး တောကောင်ငယ်လေးများကို ဟင်းစားအဖြစ် နယ်လှည့်ဘသော်တို့အဖွဲ့ အကြိမ်ကြိမ်ရခဲ့ဖူးသည်။ ထို့ကြောင့် ခြောက်လုံးပြူးကို နယ်လှည့်ဘသော်အဖို့ မျက်စိရှေ့မှအပျောက်မခံနိုင်ခြင်းဖြစ်၏။ ခြောက်လုံးပြူး၏အိပ်တန်းကိုပင် သူ၏အိပ်ရာအနီးတွင် ပြုလုပ်ပေးထား၏။ ခြောက်လုံးပြူးကလည်း တောသို့ဝင်ရ



www.burmeseclassic.com

www.burmeseclassic.com

သည့်ဆိုသည်နှင့် မာန်တဝင့်ဝင့် အမောက်တထောင်ထောင် တောင်ပံတဖြန်းဖြန်းခတ်ကာ ရှင်မြူးနေတတ်စမြဲ။ ယခုသည်ပင် ခြောက်လုံးပြူး၏ တွန်ကျူးသံက ဒိုးနွယ်မြောင်တစ်ကြောကို ဖုံးလွှမ်းနေလျက်။

❑

သူတို့လူစု ခြောက်လုံးပြူး၏ မာန်ပါပါနှင့်တွန်ကျူးနေမှုကို မျက်စိဒေါက်ထောက်ကြည့်ရှုနေကြလေသည်။ ကွမ်းတစ်ယာညက်ခန့် ကြာသည်အထိ ထူးခြားမှုမရှိသေး။ ယခင် သည်လိုမဟုတ်။ ခြောက်လုံးပြူးသည်ပင် ဒေါသထွက်လာဟန်ဖြင့် တောင်ပံခတ်သံနှင့် တွန်ကျူးသံတို့ပို၍ပို၍ပြင်းထန်လာ၏။ မှန်သည်။ ဒိုးနွယ်မြောင်တစ်ကြောယခင်ကထက်ပိုမိုတိတ်ဆိတ်နေသည်။

"ကိုဘသော်ကြီး၊ ဒီနေ့ထူးနေသလိုပဲ။ ဘာသံမှမကြားအောင် ငြိမ်နေပါလားဗျ"

"အေး- ဟုတ်တယ် ငမဲရ၊ ငါစိတ်ထဲလည်း မသိုးမသန့်နဲ့တစ်မျိုးကြီးခံစားနေရတယ်"

ငမဲ၏ တီးတိုးစကားကို နယ်လွှဲဘသော်ကပြန်ဖြေရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ကို. . . ကို ဘသော် ဟို. . . ဟိုမှာ င. . . ငပြောက်ကြီး".

ဖြူလုံး၏ လေသံက အထစ်ထစ်အငေ့ါငေ့ါ။ အမူအရာက ထိတ်လန့်ချောက်ချားနေသည့်ဟန်။ နယ်လွှဲဘသော်တစ်ယောက် ဖြူလုံးညွှန်ပြသည့်နေရာသို့ အလန့်တကြားကြည့်လိုက်သည်။ မမျှော်လင့်ထားသောမြင်ကွင်းကို နယ်လွှဲဘသော် တွေ့လိုက်ရသည့်အတွက် ခေါင်းပုတ်လောက်ကြီးသွားသည်။ မှန်သည်။ ကျားကြီးတစ်ကောင်ခြောက်လုံးပြူး၏အနီးသို့ ခေါင်းငိုက်စိုက်ချကာ လေးတွဲ့သောခြေလှမ်းတို့ဖြင့် တဖြည်းဖြည်း တိုးဝင်လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဘသော်တို့ (၄) ယောက်မှာ တုတ်တုတ်ပင်မလှုပ်ဝံ့။ ကျားကြီးကို ခုခံရန် လက်နက်ဆိုလို့ ဘိုးပိန်ယူလာသော လေးခွတစ်ချောင်းသာ သူတို့ထံပါသည်။ ကျားကြီး၏ပုံစံက သူတို့ထံတွင်ဓား၊ လှံများပါလာလျှင်ပင် ခုခံရန်မလွယ်သည့်အနေအထား။ အဝါရင့်ပေါ်တွင် အနက်စင်းကြီးများရှိနေသည့်ကျားကြီး၏ဦးခေါင်းသည် ခွဲတောင်းခန့်ပင်ကြီးမားကာ နားရွက်ဝိုင်းဝိုင်းကလေးများအဖျား၌ အဖြူရောင်အမွေးရှည်ကလေးများက ထိုးထိုးထောင်ထောင်ရှိနေသည်။ ကျား၏ကြောက်မက်ဖွယ်သဏ္ဌာန်ကြောင့် ဘသော်တို့(၄)ယောက် တဆတ်ဆတ်တုန်ကာ အသက်ပင်ရဲရဲမရှူရဲတော့။

ကျားကြီးကား ခြောက်လုံးပြူး၏ ငါးလံခန့်အကွာသို့အရောက်တွင် တုန့်ခနဲ ငေါင်စင်းစင်းအမူအရာနှင့်ရပ်ကာ ဦးခေါင်းကို ဘယ်၊ ညာလေးကန်စွာယမ်း၍မအီမသာဟန်ဖြစ်နေ၏။ ထိုအချိန်မှာပင် ခြောက်လုံးပြူးက သူ၏တွန်ကျူးမှုကို ရုတ်ခြည်းဆိုသလို ရပ်လိုက်သည်။ ခြောက်လုံးပြူး၏တွန်သံရပ်သွားသည်နှင့် တစ်ပြိုင်နက် ကျားကြီးသည် အိပ်ရာမှ လန့်နိုးလာသည့်အမူအရာဖြင့် နောက်သို့ တစ်လှမ်းချင်းပြန်လှည့်ကာ တောအတွင်းသို့ ဝင်ရန်ပြင်လေသည်။ ခြောက်လုံးပြူးက တောင်ပံပြင်းပြင်းခတ်ကာ ပြန်တွန်ပြန်သောကြောင့် ကျားကြီးသည် နဖားကြိုးထိုးထားသောနွားကို ဆွဲခေါ်လိုက်သကဲ့သို့ နောက်ပြန်လှည့်၍ ပြန်လာပြန်သည်။ ဤနည်းဖြင့် ခြောက်လုံးပြူးထံမှ တွန်သံပျောက်သည်နှင့် ကျားကြီးက ပြန်လှည့်သွားလိုက်၊ တွန်သံပြန်ထွက်လာသည်နှင့် ကျားကြီးသည် ခြောက်လုံးပြူးအနီးသို့ ပြန်ရောက်လာလိုက်ဖြင့် စပါးကြီးညို့ချက်မိထားသောသားကောင်သဖွယ်ဖြစ်နေလေသည်။

မှန်သည်။ ခြောက်လုံးပြူး၏ တွန်သံကလည်း တောလုံးဟိန်းနေသည်။ ထို့ကြောင့် ကျားကြီးသည်လည်း ခြောက်လုံးပြူးအနီးမှ ဝေးရာသို့ဖယ်မသွားနိုင်ဘဲ တဝဲလည်လည်ဖြစ်နေသည်။ နယ်လွှဲ ဘသော်တို့ (၄)ယောက်သည်မင် ကျားကြီးနှင့်ခြောက်လုံးပြူး၏ ထူးဆန်းသည့် အဖြစ်ကိုကြည့်ကာ မှင်တက်နေလေ၏။ သို့နှယ် အဖြစ်မျိုး သူတို့တစ်ခါမှမမြင်ဘူး။ ထိုအခိုက်မှာပင် တောဓက်ကြီးတစ်ကောင် တစ်လှမ်းချင်းလှမ်း၍ ဝင်လာသည်ကို ထပ်မံတွေ့လိုက်ရပြန်သည်။ သာမန်တောဝက်တစ်ကောင်မဟုတ်။ ခါးပတ်လည်တွင် အမွေးဖြူများရှိလျက် အစွယ်နှစ်ချောင်းပြူးနေကာ အလွန်ကြီးမားသည့် ထီးပို့အမျိုးအစား တောဝက်ကြီးပင်ဖြစ်၏။ ထီးပို့ကြီးသည် ကျားကြီးကိုတွေ့လိုက်သည်နှင့် နောက်ပြန်မပြေးဘဲ ဇောင်းမွေးထောင်ကာမာန်စောင်နေသည်။ ထူးခြားနေသည်က ကျားကြီးပင် ဖြစ်၏။ သူ၏အစာဖြစ်သော တောဝက်ကြီးကိုတွေ့သော်လည်း မာန်ပင်မဖီဘဲ ခွေးတစ်ကောင်ကဲ့သို့ ခဆောင့်ကြောင့်ထိုင်ကာ နှုတ်ခမ်းမွေးသပ်ငိုင်နေလေ၏။ ခြောက်လုံးပြူးကလည်း မရပ်မနားတောင်ပံခတ်၍ ပြင်းထန်စွာတွန်နေသည်။ ခြောက်လုံးပြူးတွန်လေလေ ကျားကြီးသည် ငေါင်စင်းစင်းနှင့်ငိုင်လာလေလေဖြစ်နေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ ထီးပို့တောဝက်ကြီးသည် ကျားကြီးကို အရှိန်ဟုန်ပြင်းစွာဖြင့် မိုးခိုးတောက်လျှောက် အားကုန်ထိုးဇော်ပက်လိုက်လေသည်။ ထီးပို့ကြီးပက်လိုက်သည့်အရှိန်ကြောင့် ကျားကြီး အပေါ်သို့ (၅) ပေခန့် မြောက်ထက်သွားပြီး မြေပြင်ပေါ်သို့ အရုပ်ကြိုးပျက်ဖြုတ်ကျကာ ငြိမ်သက်သွားသည်။ တောဝက်ကြီးလည်း ကျားကြီးကိုပက်ပြီးသည်နှင့် ကြိမ်နွယ်တောအတွင်းသို့ လျှင်မြန်စွာ ပြေးဝင်ပျောက်ကွယ်သွားသည်။ အံ့ဖွယ်ရာဖြစ်ရပ်တို့က လျှပ်ပြက်သည့်နှယ် ဖြစ်ပွားကာ ပွဲသိမ်းသွားပြီ ဖြစ်သည်။ ခြောက်လုံးပြူးသည်ပင် တွန်သံပျောက်သွားပြီဖြစ်၏။ တောအလုံးကား ပကတိအနေအထားဖြင့် ပြန်လည်တိတ်ဆိတ်နေသည်။ ထိုအခါမှ နယ်လွှဲဘသော်တို့ (၄) ယောက် သက်ပြင်းကိုယ်စီချကာ ချုံအတွင်းမှထွက်၍ ကျားကြီးထံသို့ ချဉ်းကပ်ပြီး စူးစမ်းလိုက်သည်။ ကျားကြီးကား ရင်အစုံပွင့်ကာ ဇီဝိန်ကြွေနေပြီဖြစ်၏။ ကျားကြီးသေနေပြီဖြစ်သောကြောင့် နယ်လွှဲဘသော်တို့ (၄)ယောက် စိတ်အေးသွားသည်။ ထို့ကြောင့် ညွှတ်ကွင်းများဖြုတ်၊ ခြောက်လုံးပြူးကိုပြန်သိမ်းပြီး ကျားသေကြီးကို ဝါးလုံးဖြင့်လျှိုထမ်း၍ ရွာသို့ အမြန်သုတ်ခြေတင်ဝင်ခဲ့တော့သတည်း။

*

ကြက်တည်ရာမှ ဟင်းမျိုးကြီးရလာသော နယ်လွှဲဘသော်တို့၏ဖြစ်ရပ်ဆန်းကြောင့် ပေါက်ကိုင်းတစ်ရွာလုံးသာမက ရိုးမတောင်ခြေတွင်ရှိသော ရွာနီးချုပ်စပ်ရွာများကပါ အုတ်အော်သောင်းတင်းဖြစ်သွားသည်။ မှန်သည်။ ကြက်ထောင်ကျားမိသည့်ဖြစ်ရပ်က တကယ့်အံ့ဩဘနန်း။ ထိုရက်ပိုင်းအတွင်း ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များသည် အမျိုးအမည်မသိသော ဟင်းလျာတစ်မျိုးဖြင့် ဆွမ်းဘုဉ်းပေးခွင့်နှင့် ကြုံရတော့သည်။ သူကြီးဦးသော်က ဟင်းမျိုးကြီး၏သားရေ အရိုး အသွယ်



www.burmeseclassic.com

www.burmeseclassic.com

# ရေတွင်းများ ရေထွက်အားမကောင်းခဲ့သော်

နေပြည်တော်ကျော်ကျော်စိုး

၂၀၁၆ ရဲ့ နွေရာသီဖြစ်တဲ့ မတ်၊ ဧပြီ၊ မေလတွေမှာ အလွန်အင်အားကောင်းပြီး ဖောက်ပြန်တဲ့ရာသီဥတုကို ဖြစ်ပေါ်စေတဲ့ အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံ မြေပြန့်ဒေသတွေမှာ အလွန်ပူပြင်းခြောက်သွေ့ပါလိမ့်မယ်။

အဲဒီအယ်လ်နီညိုရဲ့ အကျိုးဆက်တွေကတော့ အပူလွန်ကဲလွန်းတာကြောင့် ရေတွင်း၊ ရေကန်တွေ၊ ရေအရင်းအမြစ်တွေခန်းခြောက်နိုင်ပါတယ်။ ပြီးတော့ မီးကိုလည်း အထူးဂရုပြုရမှာ ဖြစ်ပါတယ်။

လူနဲ့ တိရစ္ဆာန်တွေဟာ ရေကိုမှီခိုပြီး အသက်ရှင်ရပ်တည်ရတာကြောင့် ရေဟာ အရေးကြီးလှပါတယ်။ ပြီးတော့ လောကကြီးကို အလှဆင်ပေးနေတဲ့ သစ်ပင်၊ ဝါးပင်၊ ချုံပင်၊ မြက်ပင် စတာတွေဟာလည်း သက်ရှိအပင်တွေ။ မိုးရေကို အမှီပြုပြီး ရပ်တည်ရတာပါ။ သစ်ပင်တွေအနေနဲ့ သူတို့ရဲ့ ရေသောက်မြစ်တွေက ရေရှိရာအထိသွားပြီး ရေကိုစုပ်ယူနိုင်ကြတာကြောင့် သစ်ပင်ဝါးပင်တွေဟာ အယ်လ်နီညိုဒဏ်ကို ကြံ့ကြံ့ခံနိုင်ကြပါလိမ့်မယ်။ ချုံပင်မျိုးနွယ်မြက်မျိုးနွယ်တွေကတော့ ရေနဲ့လက်လှမ်းမမီတာကြောင့် သွေ့ခြောက်ကုန်ကြမှာပါ။ နဘူးချုံ စိန်နားပန်ချုံ စတဲ့ အမာခံချုံပင်တွေအနေနဲ့လည်း ထာဝရအပင်တွေမို့ ရေရယူနိုင်စွမ်းရှိကြပါမယ်။

အယ်လ်နီညိုရဲ့ဒဏ်ကိုအများဆုံးခံရမှာက ကျွန်တော်တို့ လူတွေနဲ့ တိရစ္ဆာန်တွေပါပဲ။ အလွန်ပူပြင်းလာရင် ရေကန်တွေခန်းခြောက်မယ်။ ရေတွင်းတွေခန်းခြောက်ပါမယ်။ သောက်ရေသုံးရေအတော်လေးခက်ခဲလာမှာပါ။ အဲဒီအတွက် နိုင်ငံတော်က ကြိုတင်သတိပေးမှုတွေ၊ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။ အားရကျေနပ်ဖွယ်ပါပဲ။

သို့သော်လည်း မိမိတို့ရေတွင်းရေခန်းမသွားအောင် ကြိုတင်ပြင်ဆင်ရမှာက ရေတွင်းရှိသူတွေတိုင်းရဲ့ တာဝန်ပါ။ အရင်တုန်းက နှစ်ပတ်လည်ရေအဆင်ပြေနိုင်ခဲ့ပေမယ့် ၂၀၁၆ ရဲ့ နွေရာသီအယ်လ်နီညိုက ခြိမ်းခြောက်နေပါပြီ။ ပူပြင်းလွန်းတဲ့ အပူရှိန်က ရေငွေ့တွေကို သယ်ဆောင်သွားပြီး ထွက်မြဲရေကြောတွေ ခန်းခြောက်သွားနိုင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်အိမ်အနီးက ဦးထွန်းလှိုင်က ကျွန်တော်နဲ့ လာရောက် ဆွေးနွေးပါတယ်။ အဲဒီမှာ ဦးထွန်းလှိုင်က ရေတွင်းကိစ္စနဲ့ ပတ်သက်လို့ ရေထွက်အားမကောင်းတဲ့ တွင်းတွေ ရေထွက်အားကောင်းစေတဲ့နည်းကို ခုလို ပြောပြပါတယ်။

"ကျွန်တော် နေပြည်တော်ဇမ္ဗူသီရိမြို့ ဝဏ္ဏသိဒ္ဓိရပ်ကွက်မှာနေတုန်းက ပေါ့ဗျာ။ ကျွန်တော်တို့အိမ်နဲ့ မလှမ်းမကမ်းမှာ မထင်မရှားလူတစ်ဦးရှိတယ်ဗျ။ ဒေသခံတော့ မဟုတ်ပါဘူး။ အဲဒီလူက ကျွန်တော်တို့ ရေတွင်းလေးမှာ ရေလာလာခပ်ပါတယ်။

ကျွန်တော်တို့ ရေတွင်းလေးက တိမ်တိမ်လေးနဲ့ ရေအောင်နေတော့ အဝေးကအထိ သောက်ရေလာခပ်ကြတာပါ။ ရေသန့်တယ်၊ ပြန်စစ်စရာမလိုဘူး။ တိမ်တိမ်လေးနဲ့ ကံကောင်းစွာ ရေကြောမိနေလို့ပါပဲ။ ဒီလိုပါပဲ ကျောက်ခွဲလည်းမချ၊ အုတ်လည်းမစီတဲ့ သာမန်

---

ခြေသည်း၊ လက်သည်းတို့ကိုသိမ်းယူကာ နယ်လှည့်ဘသော်တို့ (၄) ယောက်အား ပိုးလုံချည်တစ်ကွင်းစီအပြင် ငွေသား (၅၀) ကို ဆုချလိုက်သည်။ ထိုနောက်ပိုင်းအတွင်း နယ်လှည့်ဘသော်၏ တည်ကြက်ခြောက်လုံးပြူး၏ အစွမ်းသတ္တိထူးပုံကို ပြောမဆုံးနိုင်ဖြစ်ကုန်သည်။ သို့သော် ခြောက်လုံးပြူးထံ၌ မည်သို့သောအစွမ်းထူးရှိနေသည်ကိုတော့မည်သူမျှတိတိပပ မသိကြ။

သို့တစေ ထိုအဖြေကို ဖော်ထုတ်ပေးသူပေါ်လာသည်။ တခြားသူမဟုတ် ဦးသူတော်ပင်ဖြစ်သည်။ မှန်သည်။ ဦးသူတော်သည် လောကီကျမ်းကြီးကျမ်းငယ်များကို နှံ့စပ်အောင်လေ့လာထားသူဖြစ်သည်။ ဦးသူတော် အဖြေပေးပုံက တကယ့်ရိုးရိုးစင်းစင်း။

"ဟော့ - မောင်ဘသော်၊ မင်းရဲ့ ခြောက်လုံးပြူး ဖြောက်ကြီးကိုညှို့နိုင်တာ သူ့ချိုင်းအောက်မှာကျားမွေးပါနေလို့ကွယ့်။ ဒီလိုကြက်တိန်ညင်မျိုးဟာ တစ်သောင်းတစ်ကောင်တောင် တွေ့နိုင်ခဲတယ်ကွယ့်။ မင်းမယုံရင် အတောင်အောက်မှာ သေသေချာချာရှာကြည့်"

ဦးသူတော်၏ဟောကိန်း ဒက်ထိမှန်နေသည်။ ခြောက်လုံးပြူး၏အတောင်ခြေချိုင်း၌ ကျားဝါအမွေးငယ်များကို နယ်လှည့်ဘသော်တွေ့လိုက်ရသည်။ ကျားဝါမွေးပါသောကြက်တို့ အတောင်ပံရိုက်၍တွန်သော် ထိုပတ်ဝန်းကျင်၌ ကျားရှိနေလျှင် ကြားရာအရပ်က ထိုကြက်ထံသို့လာရလေ၏။ ညှို့ဓာတ်မိကာ မလာဘဲမနေနိုင်။ သို့နှယ်အစွမ်းကြောင့် ဟင်းမျိုးကြီးတွန်သံပေးနေသည့် ခြောက်လုံးပြူးအနီးတွင် ထဝဲလည်လည်မှိုင်းမိနေခြင်းဖြစ်သည်။ ကံဆိုးချင်တော့ ထီးပွဲတောဖက်ကြီးနှင့်တိုးကာ တောမှုဆိုးဘဝမှသားကောင်အသွင်သက်ဆင်းသွားခြင်းဖြစ်သည်။

မည်သို့ဆိုစေ နယ်လှည့်ဘသော်အဖို့ ဒိုးနွယ်မြောင်အတွင်း ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်ဆန်းက ပြောမယုံကြုံဖူးမှသိဆိုသောစကားအတိုင်း ကြက်ထောင်ကျားမိခဲ့ပါတကား။

*သဒ္ဒိသံပါက်ဇနေတိ*

ငွေစိုး (ရွှေကြာနှံ့မြေ)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သလိုတူးထားတဲ့ ရေတွင်းလေးပါ။ ဒါပေမယ့် အဲဒီသာမန်ရေတွင်းလေးဟာ ကျွန်တော်တို့ဝန်းကျင်ရဲ့ သောက်ရေကို လုံလောက်အောင် ပေးနိုင်စွမ်းရှိပါတယ်။

တစ်နေ့မှာ အဲဒီလူက ရေတွင်းတွေမှာ ရေထွက်အားမကောင်းခဲ့ရင်၊ ရေကြောတွေပိတ်ကုန်ရင် ဒါမှမဟုတ် ရေကြောတွေခန်းကုန်ရင် ရေထွက်အားပြန်ကောင်းစေတဲ့နည်းကို ပြောပြတယ်ဗျ။ ဘယ်လိုနည်းအောက်မေ့လဲ။ ရေတွင်းတစ်တွင်း ရေထွက်အားနည်းသွားခဲ့ရင် ငါးရှဉ့် (၅) ကောင်လောက် ဈေးထဲကဝယ်ပြီး အဲဒီရေတွင်းထဲထည့်လိုက်ပါတဲ့။ ငါးရှဉ့်ဆိုတာ ဈေးထဲမှာ စည်ကြီးတွေနဲ့ အရှင်တွေထည့်ထားတာပါ။ အဲဒီငါးရှဉ့်အရှင် ငါးကောင် သို့မဟုတ် ငါးကောင်အထက်ပေါ့ဗျာ။ ရေတွင်းထဲပစ်သာထည့်လိုက် မကြာမီ အဲဒီရေတွင်းဟာ ရေတွေသုံးမကုန်နိုင်အောင် မှုတ်ထွက်လာပါလိမ့်မယ်တဲ့။

ဘာ့ကြောင့်လဲဆိုတော့ ငါးရှဉ့်ဆိုတာ ငါးအမျိုးအနွယ်ပေမယ့် တွင်းဖောက်ပြီး မြေအောက်ရေထဲမှာနေတဲ့သတ္တဝါမျိုးဖြစ်ပါတယ်တဲ့။ သူတို့ဟာ ရေကြောရှိရာကို မရောက်ရောက်အောင် ဦးစွာတွင်းဖောက်ကြပါတယ်။ ပြီးတော့ အဲဒီရေကြောအထိဖောက်တာကတစ်ပေါက်တည်းမဟုတ်ဘူး။ အသွားလမ်း၊ အပြန်လမ်းဆိုပြီး တစ်ကောင်ကိုပုံမှန်နှစ်ပေါက်နှုန်းဖောက်ကြတာပါ။ အဲဒီတော့ (၅) ကောင်ထည့်ထားရင် ရေကြောအထိ အသွားအပြန်ဆိုတော့ (၁၀) ပေါက်ရှိမယ်။ ရေကြောကနေ တိုက်ရိုက်လာတဲ့ အပေါက်(၁၀)ပေါက်ရဲ့ ရေထွက်အားကို လူတွေသုံးလို့မနိုင်တော့ပါဘူး။ ဘယ်လိုခပ်ခပ်ဘယ်လိုသုံးသုံး၊ ဘယ်လိုအယ်လ်နီညိုရာသီဥတုလာလာဂရုစိုက်စရာမလိုတော့ပါဘူး။

ပြီးတော့ ရေတွင်းထဲမှာဖြစ်ပေါ်တဲ့ အညစ်အကြေးတွေ၊ ပိုးမွှားတွေကိုလည်း ငါးရှဉ့်တွေက သုတ်သင်ပေးနေတာကြောင့် ရေတွင်းသန့်ရှင်းစေပါတယ်။ ငါးရှဉ့်တွေပွားလာလေ ရေထွက်အားကောင်းလေဖြစ်တာကြောင့် ရေတွင်းတွေထဲကို ငါးရှဉ့်ဝယ်ထည့်ထားသင့်ကြောင်း အဲဒီလူက အသေအချာပြောပြတယ်ဗျ။

အဲဒီကျမှ ညစ်ထေးထေးစုတ်ပြတ်ပြတ်ပုံစံပေမယ့် လူဆိုတာ လူတိုင်းမှာ တစ်ခုကောင်းအသိပညာဗဟုသုတလေးတွေရှိတတ်တာပါလားလို့ သတိထားလိုက်မိပါတယ်။ လူမှန်ရင် ဘယ်သူ့မှ အထင်မသေးနဲ့ဗျို့။ ကိုယ်မသိတာတွေ သူတို့ကသိနေတတ်ကြတာကလားဗျ"

လို့ ဦးထွန်းလှိုင်ကဆိုပါတယ်။

ဟုတ်ပါတယ်။ ငါးရှဉ့်ဟာ ငါးမျိုးနွယ်မှာပါပါတယ်။ သူကရေထဲမှာလည်းနေတယ်။ ရွှံ့နွံထဲမှာလည်းနေတယ်။ စိမ့်မြေတွေမှာလည်းနေပါတယ်။ ငါးရှဉ့်မျိုးစိတ်များစွာရှိပါတယ်။ အရောင်အသွေးလည်း အစုံရှိပါတယ်။

ငါးရှဉ့်က တွင်းအောင်းသတ္တဝါပါ။ သူ့မှာ ငါးလိုပါးဟက်ရှိတယ်။ ဦးခေါင်းရဲ့နောက် ဘယ်၊ ညာမှာ ရေယက်နှစ်ခုပါပြီး အမြီးမှာလည်းငါးလိုရေယက်ပုံထိန်းပါပါတယ်။ သို့သော်လည်း မြွေလိုရှည်လျားတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ပါတယ်။

ကျွန်တော် မိုးကုတ်ချောင်းရိုး၊ မြောင်းရိုးတွေမှာ မျှောတိုက်တဲ့အခါ မြေတွေဟာ စိမ့်မြေဖြစ်တာမို့ ငါးရှဉ့်တွေ မကြာမကြာတွေ့တတ်ပါတယ်။ ပတ္တမြားအလုပ်ဖြစ်လေတော့ သူ့အသက်ကိုမသတ်ဘဲ အမြဲလွှတ်ပေးလေ့ရှိတယ်။

ကျွန်တော်က မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာမှာ စွင်းလုပ်တာပါ။ မိုးကုတ်မြို့ကို အဖိတ်နေ့ ညနေပြန်ပြီး ဥပုသ်နေ့တစ်ရက်နားကာ ဥပုသ်လွန်တစ်ရက်နေ့မှာ ကျောက်ဖျာကို ပြန်လေ့ရှိတာပါ။

အဲဒီလို မိုးကုတ်ကိုပြန်ရင်တောင်တွန်းလျှိုကိုဖြတ်ရပါတယ်။ အဲဒီတောင်တွန်းလျှိုကားလမ်းဘေး ကျောက်ဆောင်တွေကြားမှာ ကျွန်တော်တို့ကျောက်ဖျာတစ်ရွာလုံးရဲ့ သောက်ရေဦးရေကြည်ထွက်ရှိပါတယ်။ ရေကြည်ထွက်ကို ကန်ဆည်ပြီး သံပိုက်တွေနဲ့ သွယ်ကာ ရွာဘုံကန်ကြီးထဲ ထည့်ထားတာပါ။ အဲဒီကန်မှာ တစ်ရွာလုံးသုံးကြတာပါပဲ။ မိုးကုတ်ဆိုတာ တောင်တန်းဒေသမို့ ရေတွင်းတူးလို့မရပါဘူး။ အဲဒီလို သဘာဝရေကြည်ထွက်တွေကို ပိုက်နဲ့သွယ်ပြီးသုံးကြတာပါ။

ပွင့်လင်းရာသီတစ်နေ့ အဖိတ်နေ့ မိုးကုတ်ပြန်ရာမှာ ရွာအလွန် တောင်တွန်းလျှိုရောက်တော့ ရေဆာတာနဲ့ ကျွန်တော်ရဲ့ စီးတော်စက်ဘီးကို အသာထောင်ထားပြီး ရေသောက်ဖို့ ကျောက်ဆောင်ကြားကိုဝင်ကာ ရေသောက်မယ်ပြုပါတယ်။ အဲဒီမှာ ရေကန်လေးထဲမှာ မြွေလိုအကောင်ငြိမ်သက်နေတာကြောင့် ရုတ်တရက်လန့်သွားပါတယ်။ အကောင်က ခြေမလောက်ရှိတယ်။ လုံးဝမလှုပ်မယှက်ငြိမ်သက်နေတာကြောင့် ညစ်ပတ်စုတ်ပွဲ့တဲ့ လူတစ်ယောက်ယောက်ဟာ မြွေကိုရိုက်သတ်ပြီး ငါတို့ရွာသောက်ရေကန်ထဲထည့်ခဲ့တယ်လို့ ထင်သွားတာပါ။

"တောက် - အတော်စုတ်မဲ့တဲ့ကောင်တွေ"

လို့ စိတ်ထဲမှာ ဆဲရေးပြီး အနီးရှိ တုတ်ချောင်းကိုကောက်ကာ အဲဒီမြွေသေကြီးကိုဆယ်မည်လုပ်ပါတယ်။ ဆယ်ပြီး လွှတ်ရာပစ်ခဲ့မလို့ပါ။

ဒါပေမယ့် ကျွန်တော် တုတ်နဲ့ ရွယ်လိုက်တယ်ဆိုရင်ပဲ မြွေသေလို့ ထင်ထားတဲ့အကောင်ဟာ လူးလွန့်လှုပ်ရှားလာပြီး ရေကြည်ထွက်အပေါက်ထဲ စွပ်ခနဲဝင်ပြေးသွားပါလေရောဗျို့။ အဲဒီကျမှ 'ဩော်- ငါးရှဉ့်ကြီးပါလား' လို့ သိလိုက်ရပါတယ်။ အရောင်က ဝါညစ်ညစ်နဲ့ပါ။ အဲဒီမှာ ရေသောက်ချင်စိတ်လည်း ပျောက်သွားပြီး ခရီးဆက်ခဲ့ရပါတယ်။

အထက်ပါ ဦးထွန်းလှိုင်ပြောပြမှ ငါးရှဉ့်ဆိုတာ စားသုံးဖို့၊ ဆေးသုံးဖို့သာမကဘဲ ရေတွင်းတွေ ရေထွက်အားကောင်းအောင် အသုံးချလို့ရကြောင်းလည်း သိရပါတယ်။ အဲဒါနဲ့ ဆက်နွှယ်တဲ့အခါ ကျောက်ဖျာရွာ သောက်ရေဦးမှာ ရေထွက်ကောင်းအောင် ငါးရှဉ့်တွေက ရေကြောရှာပေးနေကြောင်းသဘောပေါက်ရပါတော့တယ်။

အဲဒါကြောင့် မိမိတို့ရဲ့ ကျောက်ခွေချရေတွင်း၊ အုတ်စီရေတွင်းမှာ ငါးရှဉ့် (၅) ကောင်လောက်ဝယ်ပြီး လွှတ်ပေးခြင်းဖြင့် သူ့အသက်ကယ်ရာရောက်လို့ ကုသိုလ်လည်းရပါတယ်။ ရေထွက်အားအလွန်ကောင်းပြီး ရေကိုသန့်ရှင်းစေပါတယ်။ ပြီးတော့ မြန်မာနိုင်ငံကို ခြိမ်းခြောက်နေတဲ့ အယ်လ်နီညိုဆိုတဲ့ ရာသီဥတုကြမ်းကြီးကိုလည်း တစ်နည်းတစ်ဖုံကာကွယ်ရာရောက်တာကြောင့် ကုသိုလ်လည်းရ၊ ရေလည်းရတဲ့ ငါးရှဉ့်ထည့်ပေးခြင်းဖြင့် ရေတွင်းများ ရေထွက်အားကောင်းအောင် ကြိုတင်ပြင်ဆင်ကြပါစို့။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

(ပြောပြသူ ဦးထွန်းလှိုင်သို့ ကျေးဇူးတင်လျက်)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ မေလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်၊ ၎င်းအခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗွမန္တန်ကြီး အပါအဝင် ဓန လာဘ်ဆိုင်ရာများကို ရွတ်ဖတ် ပူဇော် ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာများကို မုချခံစားရမည် ဖြစ်သည်။ ဤကာလတွင် ၂၇-၅-၂၀၁၆ နေ့ ညနေ (၃း၂၅) နာရီခန့်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို စတင်ဝင်ရောက်ပြီး ၂၈-၅-၂၀၁၆ နေ့ နံနက် (၃း၂၄း ၂၈) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်တွင်ယှဉ်တွဲနေမည်ဖြစ်လျက် ၎င်းနေ့ ညနေ (၃း၂၅) နာရီခန့်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ စတင်ထွက်ခွာမည် ဖြစ်သည်။

နောက် ၂၇-၅-၂၀၁၆ နေ့ ညဥ့် (၂၃း ၃၁း ၃၆) နာရီမှ (၂၃း ၃၇း ၃၉) နာရီထိ လဂ်သည် ဓနသိဒ္ဓိနက္ခတ်တွင် ဖြတ်ကျော်မည်ဖြစ်ပြီး ၂၈-၅-၂၀၁၆ နေ့ နံနက် (၅း၀၁း၁၅) နာရီမှ (၅း၅၄း၁၅)နာရီအတွင်းတွင် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည် ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁း ၁၃း ၄၂ | ၁း ၁၉း ၅၆ | ၁ | ၆း ၄၇း ၂၇ | ၇း ၄၁း ၂၇ |
| ၂ | ၁း ၀၉း ၄၆ | ၁း ၁၆း ၀၅ | ၂ | ၆း ၄၃း ၃၁ | ၇း ၃၇း ၃၁ |
| ၃ | ၁း ၀၅း ၅၀ | ၁း ၁၂း ၀၄ | ၃ | ၆း ၃၉း ၃၅ | ၇း ၃၃း ၃၅ |
| ၄ | ၁း ၀၁း ၅၄ | ၁း ၀၈း ၀၈ | ၄ | ၆း ၃၅း ၃၉ | ၇း ၂၉း ၃၉ |
| ၅ | ၀း ၅၇း ၅၈ | ၁း ၀၄း ၁၂ | ၅ | ၆း ၃၁း ၄၃ | ၇း ၂၅း ၄၃ |
| ၆ | ၀း ၅၄း ၀၂ | ၁း ၀၀း ၁၆ | ၆ | ၆း ၂၇း ၄၇ | ၇း ၂၁း ၄၇ |
| ၇ | ၀း ၅၀း ၀၆ | ၀း ၅၆း ၂၀ | ၇ | ၆း ၂၃း ၅၁ | ၇း ၁၇း ၅၁ |
| ၈ | ၀း ၄၆း ၁၀ | ၀း ၅၂း ၂၄ | ၈ | ၆း ၁၉း ၅၅ | ၇း ၁၃း ၅၅ |
| ၉ | ၀း ၄၂း ၁၄ | ၀း ၄၈း ၂၈ | ၉ | ၆း ၁၅း ၅၉ | ၇း ၀၉း ၅၉ |
| ၁၀ | ၀း ၃၈း ၁၈ | ၀း ၄၄း ၃၂ | ၁၀ | ၆း ၁၂း ၀၃ | ၇း ၀၆း ၀၃ |
| ၁၁ | ၀း ၃၄း ၂၂ | ၀း ၄၀း ၃၆ | ၁၁ | ၆း ၀၈း ၀၇ | ၇း ၀၂း ၀၇ |
| ၁၂ | ၀း ၃၀း ၂၆ | ၀း ၃၆း ၄၀ | ၁၂ | ၆း ၀၄း ၁၁ | ၆း ၅၈း ၁၁ |
| ၁၃ | ၀း ၂၆း ၃၀ | ၀း ၃၂း ၄၄ | ၁၃ | ၆း ၀၀း ၁၅ | ၆း ၅၄း ၁၅ |
| ၁၄ | ၀း ၂၂း ၃၄ | ၀း ၂၈း ၄၈ | ၁၄ | ၅း ၅၆း ၁၉ | ၆း ၅၀း ၁၉ |
| ၁၅ | ၀း ၁၈း ၃၈ | ၀း ၂၄း ၅၂ | ၁၅ | ၅း ၅၂း ၂၃ | ၆း ၄၆း ၂၃ |
| ၁၆ | ၀း ၁၄း ၄၂ | ၀း ၂၀း ၅၆ | ၁၆ | ၅း ၄၈း ၂၇ | ၆း ၄၂း ၂၇ |
| ၁၇ | ၀း ၁၀း ၄၆ | ၀း ၁၇း ၀၀ | ၁၇ | ၅း ၄၄း ၃၁ | ၆း ၃၈း ၃၁ |
| ၁၈ | ၀း ၀၆း ၅၀ | ၀း ၁၃း ၀၄ | ၁၈ | ၅း ၄၀း ၃၅ | ၆း ၃၄း ၃၅ |
| ၁၉ | ၀း ၀၂း ၅၄ | ၀း ၀၉း ၀၇ | ၁၉ | ၅း ၃၆း ၃၉ | ၆း ၃၀း ၃၉ |
| ၂၀ | ၂၃း ၅၈း ၅၈ | ၀း ၀၅း ၁၁ | ၂၀ | ၅း ၃၂း ၄၃ | ၆း ၂၆း ၄၃ |
| ၂၁ | ၂၃း ၅၅း ၀၂ | ၀း ၀၁း ၁၅ | ၂၁ | ၅း ၂၈း ၄၇ | ၆း ၂၂း ၄၇ |
| ၂၂ | ၂၃း ၅၁း ၀၆ | ၂၃း ၅၇း ၁၉ | ၂၂ | ၅း ၂၄း ၅၁ | ၆း ၁၈း ၅၁ |
| ၂၃ | ၂၃း ၄၇း ၁၀ | ၂၃း ၅၃း ၂၃ | ၂၃ | ၅း ၂၀း ၅၅ | ၆း ၁၄း ၅၅ |
| ၂၄ | ၂၃း ၄၃း ၁၄ | ၂၃း ၄၉း ၂၇ | ၂၄ | ၅း ၁၆း ၅၉ | ၆း ၁၀း ၅၉ |
| ၂၅ | ၂၃း ၃၉း ၁၈ | ၂၃း ၄၅း ၃၁ | ၂၅ | ၅း ၁၃း ၀၃ | ၆း ၀၆း ၀၃ |
| ၂၆ | ၂၃း ၃၅း ၂၂ | ၂၃း ၄၁း ၃၅ | ၂၆ | ၅း ၀၉း ၀၇ | ၆း ၀၂း ၀၇ |
| ၂၇ | ၂၃း ၃၁း ၂၆ | ၂၃း ၃၇း ၃၉ | ၂၇ | ၅း ၀၅း ၁၁ | ၅း ၅၈း ၁၁ |
| ၂၈ | ၂၃း ၂၇း ၃၀ | ၂၃း ၃၃း ၄၃ | ၂၈ | ၅း ၀၁း ၁၅ | ၅း ၅၄း ၁၅ |
| ၂၉ | ၂၃း ၂၃း ၃၄ | ၂၃း ၂၉း ၄၇ | ၂၉ | ၄း ၅၇း ၁၉ | ၅း ၅၀း ၁၉ |
| ၃၀ | ၂၃း ၁၉း ၃၈ | ၂၃း ၂၅း ၅၁ | ၃၀ | ၄း ၅၃း ၂၃ | ၅း ၄၆း ၂၃ |
| ၃၀ | ၂၃း ၁၅း ၄၂ | ၂၃း ၂၁း ၅၅ | ၃၁ | ၄း ၅၀း ၂၇ | ၅း ၄၂း ၂၇ |



www.burmeseclassic.com

www.burmeseclassic.com

# မင်းနန္ဒရှိန်

## ထူးဆန်းသော အယက်တွင်း



အချိန်က ၁၉၇၀ ပြည့်နှစ်ကာလ။ သက်တမ်းအားဖြင့် နှစ်ပေါင်း (၄၅) နှစ်ခန့်လောက်က မုဆိုးစောလှထွန်းနှင့် တောတက်မည့်အဖွဲ့သည် ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလာလေခဲ့သည်မှစ၍ ယခုဖြစ်ရပ်ကို ကြုံခဲ့ရခြင်းဖြစ်လေ၏။

မှိုင်းညို့ညို့ကျွန်းကြီး၏အကျယ်အဝန်းကမသေးလှ။ တောနက်၍သားရဲပြွမ်းသောကြောင့် တော၏မာယာကြွယ်လေ၏။ မုဆိုး စောလှထွန်းတို့အဖွဲ့သည် တောထဲသို့တိုးဝင်လာခဲ့သည်မှာ နံနက်ကတည်းကပင်ဖြစ်သည်။ သားကောင်ဆို၍ ရစ်ငှက်တစ်ကောင်၊ တောကြက်ဖတစ်ကောင်သာရသေးသည်။ သူတို့တောတိုးလာသည်မှာ မောကလည်းမော၊ရေလည်းဆာလာသဖြင့် ရေသဖန်းပင်ကြီးအောက်နားတွင် ဝင်ရောက်နားခိုလိုက်ကြသည်။ စောလှထွန်းက သူ၏ဒူးလေးကို ရေသဖန်းပင်ကြီးတွင်မှီထောင်ထားရင်း ရေဘူးထဲမှရေကိုသောက်လိုက်ပြီး ပလုတ်ကျင်း၍ ထွေးထုတ်လိုက်၏။

"ထွီ . . . ဗျစ် . . ."

ရေနှင့်အတူ တပြိုလာ (ကွမ်းယာ) ဖတ်များက မြေကြီးပေါ်တွင် ပြန့်ကျဲသွား၏။ ဆေးတစ်ငုံကိုငုံ၍ မှိန်းမည်ကြံကာရှိသေး သူ့ရှေ့ရှိ မြရာတောချုံသည် ရိပ်ခနဲ လှုပ်ခတ်သွားသဖြင့် ဒူးလေးကို ကောက်ကိုင်ရင်း ပတ်ဝန်းကျင်ကို လှေ့လာလိုက်သည်။

"ကျင်ကောက်၊ ဖိုးနီ တောတိုးသံကြားတယ်"

ဟု အသံအုပ်အုပ်နှင့် သတိပေးလိုက်၏။

လှုပ်နေသောမြရာချုံနားသို့ကပ်၍သွားသော် လတ်လတ်ဆတ်ဆတ် တောကောင်၏ခြေရာကိုတွေ့လိုက်ရ၏။ ချေပေါက်တစ်ကောင်ခြေရာဖြစ်သည်။ သို့သော် ချေပေါက်သည် ဒဏ်ရာရထားသောအနေအထားသွေးစတချို့ကို တွေ့လိုက်ရ၏။

"ဖိုးနီးနဲ့ ကျင်ကောက်၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာရထားပုံရရင်တော့ ဒီနားမှာ လူစုခွဲရှာကြမယ်"

ဟု ပြော၍ ချေပေါက်ကို ခြေရာခံလိုက်ကြရာ မြရာတော နဘဲချုံဝါး တောကိုတိုးလာလာခဲ့ကြရာ ရှေ့မြေပြောင်ပြောင်တွင် ချေပေါက်တစ်ကောင် လဲကျသေဆုံးနေသည်ကို တွေ့ရ၏။

စောလှထွန်းတို့အနီးသို့မရောက်ခင် တောကြက်တစ်ကောင် ထိုမြေပြောင်ဆီကိုဖြတ်ပြေးရင်း လဲကျ၍ အကြောဆွဲကာ သေဆုံးသွား၏။

မှုဆိုးအသိဖြင့် ထူးဆန်းသော မြေပြောင်ပြောင်ကွက်လပ်သို့ စူးစမ်းရင်း မုဆိုးစောလှထွန်း အံ့ဩလျက်ရှိနေပါသည်။ မကြာမီ ကျင်ကောက်တို့ရောက်လာကြသည်။

မုဆိုးစောလှထွန်းက -

"ဖိုးနီရေ နည်းနည်းတော့ထူးသကွ။ ချေပေါက်နဲ့ တောကြက်ဖ ဒီမြေပြောင်ပြောင်ကို ဖြတ်လည်းပြေးရော စင်းစင်းလဲသေတာပဲကွ"

ဖိုးနီက မြေပြောင်ပြောင်ကို လေ့လာနေ၏။ တောထဲမှာ ထူးထူးခြားခြား မည်သူမျှ မလှည်းကျင်းရဘဲ မြေက ပြောင်နေ၏။ တိရိစ္ဆာန်လူသွားလမ်းမကျဘဲ မြေပြင်က မည်သည့်အတွက်ပြောင်နေရသနည်း။

ထိုမြေပြောင်ပြောင်ကို ဖြတ်ပြေးသည့်သတ္တဝါနှစ်ကောင်စလုံး ဘာကြောင့်သေဆုံးရသနည်း။

"ဟော့ကောင်တွေ သတိထားကြနော်။ မဟုတ်မှလွဲရော ဒီနေရာဟာ ငါ့အဘိုးပြောခဲ့ဖူးတဲ့ မွန်မိဖုရားကြီး တစ်ပါး သစ္စာဆိုပြီး သူ့ရဲ့ချပ်ဝတ်တန်ဆာငါးပါးကိုမြှုပ်နှံခဲ့တဲ့နေရာပဲ။ ဘာယက်တွင်းဆိုတာနေလိမ့်မယ်"

"ဒီဘာယက်တွင်းဆိုတာကို ဖြတ်ပြေးတာနဲ့ ချေပေါက်နဲ့ တောကြက်က ဘာဖြစ်လို့သေတာတုံး"

"ပြောရရင်တော့ မွန်မိဖုရားကြီးဟာ တပင်ရွှေထီးကို စစ်ရှုံးတော့ ခြေရာဖျောက်ပြီး ပင်လယ်ပိုင်းမှာ ခပ်ကုပ်ကုပ်နဲ့ ဇာတ်မြှုပ်ခဲ့ပြီး ကံတော်မကုန်ခင်မှာ သူ့ချပ်ဝတ်တန်ဆာငါးပါး(ဘာယက်တော်ကြီးအပါအဝင်) ကို သစ္စာဆို မြှုပ်နှံခဲ့တယ်လို့ ကြားဖူးတယ်"

"ဘယ်လိုသစ္စာဆိုခဲ့လို့လဲကွ"

"ဟဲ့ကောင် - ကျင်ကောက်၊ ငါလည်း သက်ကြီးစကား သက်ငယ်ကြားအရပဲ။ ဒီဘာယက်တွင်းပေါ်က ဖြတ်ပြေးတဲ့ လူနဲ့ သတ္တဝါတွေကို ဥပဒ်ဖြစ်စေတယ်ပေါ့ကွာ။ အခုပဲ မင်းတို့အမြင်ပဲ မဟုတ်လား"

ထို့နောက် မြေပြင့်ပြောင်မှ ချေပေါက်နှင့် တောကြက်ကို လျှော့ကွင်းပစ်ရန် ဆွဲယူပြီးကြည့်သောအခါမှာ -

"ဟာ - ဒီချေပေါက်က ပျားတူ (ပဒူ) ကျင်းနဲ့ တွေ့လာပုံရတယ်။ ခြေထောက်မှာ အသားတစ်ခြမ်းမရှိဘူးဟေ့"

စောလှထွန်းပြောသလိုပင် ချေပေါက်မှာ အသားတစ်ခြမ်းမရှိတော့သည်ကို ဖိုးနီတို့ တွေ့လိုက်ကြသည်။

တောတောင်ကျွန်းများတွင် ဆင်၊ ကျား၊ ကျားသစ်တို့ထက် လွန်စွာမှ အန္တရာယ်ကြီးသည်မှာ များတူ (ဖဒူ) ကျင်းများပင် ဖြစ်၏။ မြေကျင်းအောင်း သတ္တဝါများဖြစ်ပြီး လွန်စွာ အဆိပ်ပြင်း၏။

မုဆိုးစောလှထွန်းတို့ ချေပေါက်နှင့် တောကြက်ကို နံနက်စာအတွက် ချက်ပြုတ်၍ ခရိုကြော်ကို ညစာအတွက် ချန်ပြီး ထမင်းချက်ပြုတ်စားလိုက်ကြသည်။ ညပိုင်းတွင် မီးထိုး၍ တောပစ်ကြရာ ဝက်သိုက်တွေ့ပြီး တောဝက်သုံးကောင်ရလိုက်ပြီးနောက် သူတို့တောထဲမှ ပြန်ထွက်လာခဲ့ကြသည်။

စောလှထွန်းတို့ ရွာကိုပြန်ရောက်သော် ကျွန်းကြီးပေါ်တွင် ဘာယက်တွင်းကို တွေ့ရှိခဲ့သည့်သတင်းမှာ ပျံ့နှံ့သွားပါတော့သည်။ မကြာမီ ပင်လယ်ပိုင်းတွင် ဇာတ်မြှုပ်ရင်း ကံတော်ကုန်သွားသည့် မိဖုရားကြီး၏ ဂူသင်္ချိုင်းတော်ကို ရှာဖွေကြသူများသည် မုဆိုးစောလှထွန်းတို့ တောထဲတွင်တွေ့ခဲ့သည်ဆိုသော ဘာယက်တွင်းကိုခြေရာကောက်လာကြ၏။

သို့သော် ကရင်တိုင်းရင်းသားရိုးသားသော စောလှထွန်းသည် ဘာယက်တွင်းရှိရာကို နှုတ်ပိတ်ရေငုံနေသဖြင့် သိုက်တူးသမားများမှာ အခက်တွေ့ကာ ဘိန်းစားငတင်ကို လမ်းပြငှား၍ ပင်လယ်ထဲမှကျွန်းကြီးရှိရာရှာပုံတော်ဖွင့်ကြလေ တော့သည်။

ဘိန်းစားငတင်တို့နှင့် သိုက်တူးသမားများ ရွာမှထွက်သည်ဆိုသော သတင်းသည် မုဆိုးစောလှထွန်းထံရောက်လာသည်နှင့် ဖြတ်လမ်းမှလိုက်၍ အရိပ်အခြည်အ[illegible]ရန် ဖိုးနီနှင့် ကျင်ကောက်ကို ရှာဖွေရာ ဖိုးနီသာတွေ့ပြီး ကျင်ကောက်မှာ ဘာသတင်းမှ အစအနမရ၊ ပျောက်ချက်သားကောင်းနေသည်။

ခက်သည်။ အရေးဆိုရင် အားကိုးရမလား အောက်မေ့ရသည်။ တစ်ခါတစ်ခါ ကျပ်ကမပြည့်ချင်သမို့ စောလှထွန်းမှာ စိတ်ရှည်ရှည်နှင့်ထိန်းပေးနေရသည်။ ဒီကောင်နှုတ်ဖွာ၍ ဘာယက်တွင်းကိစ္စကို ဘိန်းစားငတင်က သိသွားပြီး လှုပ်ရှားလာခြင်း ဖြစ်သည်။

အမှန်တကယ်ပင် တောထဲ၌ ထူးဆန်းသည့်ဘာယက်တွင်းသည် ဒဏ္ဍာရီဆန်ဆန်ရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ချေပြီ။ အဘိုးပြောပြသော သမိန္တောရာမမင်းသား၏ ရာဇဝင်နှင့် ဆက်စပ်နေသည်ဟု စောလှထွန်း လူပျိုပေါက်အရွယ်ကပင် သိရှိနေခဲ့သည်။ (သမိန္တောရာမမင်းသား တစ်ညတာခိုအောင်းခဲ့သည့် သမိန္တောရွာဆိုသည်မှာ ယခုတိုင် ဖျာပုံ ထမင်းဈေးနှင့် (၉)မိုင်ခန့် ကားလမ်းတွင်ရှိနေသည်။)

သို့လောသို့လောအတွေးများနှင့် စောလှထွန်းမှာ ရတက်မအေးနိုင်ဖြစ်နေရှာ၏။ သားရဲပေါသောကျွန်းသို့ ရောက်လာသည်နှင့် မုဆိုးစောလှထွန်းနှင့် ဖိုးနီ လူစုခွဲပြီး ဘာယက်တွင်း၌ ပြန်ဆုံရန် ထွက်လာကြရာ တောကျွမ်းသော စောလှထွန်းက သစ်ပင်တစ်ပင်ပေါ်မှ တစ်ပင်ကူးသွားရင်း နောက်ယောင်ခံလိုက်နေ၏။ တောတွင်းနေတိရစ္ဆာန်များ အိပ်တန်းတက်ချိန် သားကောင်ကြီးများ အစာရှာထွက်ချိန် မြှောက်မောင်းမများ တစ်ကောင်နှင့်တစ်ကောင် နေရလု၍ ကိုက်ခဲမာန်ဖီနေကြသံများက တောအတွင်း၌ကြားနေရ၏။ တောတောင်ကြီးများ ရေသောက်ဆင်းချိန်၊ တောဝက်များအစာရှာချိန် အန္တရာယ်တောထဲကို မမှု မုဆိုးစောလှထွန်းမှာ လှုပ်ရှားနေလေတော့သည်။ ခြေနှစ်ချောင်းကယ်မိသည့်အကျိုးက သူ့ကိုပြန်၍ ဒုက္ခပေးနေခဲ့သည်မဟုတ်လား။ ဖောင်မျော၍ ဒုက္ခရောက်လာ၍ကယ်တင်ခဲ့ခြား လူဆိုသည်မှာ မွေးသန္ဓေသေမှဖျောက်ဆိုသကဲ့သို့ ကျင်ကောက်ပါးစပ်ဖွာလိုက်ရာမှစခဲ့သော မီးက စောလှထွန်းတို့ကို တငွေ့ငွေ့လောင်ကျွမ်းစေခဲ့သည်သာမက မိဖုရားကြီး၏ ဘာယက်တွင်းကို ဥပဒ်ပေးတော့မည်။

ထိုအချိန်တွင် ဘိန်းစားငတင်က မီးတုတ်နှင့်အချက်ပြသလို တစ်နေရာမှလည်း ပြန်၍မီးဖြင့်အချက်ပြနေသည် ကိုတွေ့ရသည့်အတွက် တောထဲတွင် မီးနှင့်အချက်ပြသူမှာမည်သူဖြစ်မည်နည်း ဟု တွေးလိုက်သောအခါ ဟာ သိပြီ



www.burmeseclassic.com

www.burmeseclassic.com

သိပြီ၊ ဟိုကောင် ကျောင်ကောက် ရေမျောကမ်းတင်လာတဲ့ကောင်၊ သစ္စာဖောက်။ ဘိန်းစားငတင်နောက်လိုက်ဖို့ သွားခေါ်တော့ ဒါကြောင့် ဒီကောင် ပျောက်နေတာကိုး။ ဟိုကောင် ငတင်ဆိုတဲ့ကောင် ဒါကြောင့် ဒီတောထဲမှာ အရဲကိုးနေတာပါလာကွာ။ သိကြရော ပေါ့ကွာ။

ကျောင်ကောက်တို့ လောဘသားကောင်များ အချိန်းအချက်ပြုလုပ်ထား၍ ဝါးရုံပင်အောက်ဘယက်တွင်းရှိရာ မြေပြောင်ပြောင်ကို မီးတိုင်အလင်းရောင်ဖြင့် ထင်ရှားစွာတွေ့လိုက်ရသည်။

ကန်တော့ပွဲ၊ ဖယောင်းတိုင်များနှင့် ခေါင်းပေါင်းဆရာကြီးက ဘယက်တွင်း မြေပြင်ပြောင်ကို မန်းမှုတ်နေ၏။ စုစုပေါင်း လူက (၅) ယောက်။ သူတို့ရှေ့တွင် ပေါက်ပြားများလည်း တွေ့ရသည်။

နီးရာကိုင်းတစ်ခုကို လှမ်းခိုတွယ်ရင်း စောလှထွန်းက မျောက်တစ်ကောင်လို ခုန်ကူးလိုက်သောအခါ တောင်တို့အဖွဲ့ လုပ်ကိုင်နေသည်ကို သိရှိလိုက်၏။ မြေပြင်ပြောင်ပြောင်ကိုဝိုက်၍ တူးနေကြပြီး လောဘတက်နေကြပုံရသည်။ ထိုအချိန်တွင် 'ဝှီး. . . ဝှီး. . . ဝေါ. . . ဝေါ. . .'အသံများ ထွက်လာ၏။ မိုးမရွာလေမတိုက်သဖြင့် ခေါင်းပေါင်းဆရာကြီးမှာ-

"ဟာ - ဘာသံတွေ ဘယ်ကလဲ၊ တောဟီတာလား၊ တောခြောက်တာလား"

သူတပည့်များမှာ တူးလက်စအလုပ်ကိုရပ်ပြီး ကျောချင်းကပ်၍ မလှုံမလဲနှင့် ဘေးဖီကိုကြည့်နေကြ၏။

"ကျွီ. . . ကျည်. . . ကျည်. . "

ရုတ်တရက် ဆင်အော်သံကြားရပြီး ကညင်ဆီမီးတိုင်မှ မီးခိုးများကြောင့် လူအုပ်စုမှာ ဖရိုဖရဲဖြစ်သွား၏။ ထိုအချိန်တွင် ကညင်ဆီမီးရောင်များနှင့်အတူ အသားမည်းနက်ကြုတ်ပြီး အပေါ်ပိုင်းအကျီဗလာ လူသန်ကြီး (၄)ယောက် ခြံရံလျက် စွယ်စုံဆင်ကြီးပေါ်တွင် မြစိမ်းရောင်လွှမ်းခြုံထားပြီးပန်းများဝေအောင် ဆင်ယင်ထားသည့် နန်းသွေးနန်းမှုဟန်နှင့် မိန်းမပျိုတစ်ယောက်။

"အို. . ."

"ဟင်. ."

"ဟာ. . ."

ပင်လယ်ထဲက ကျွန်းကြီးတစ်ခုပေါ်တွင် သူတို့ဘယ်ကရောက်လာကြသနည်း။

ဆင်ကြီးထက်မှ မိန်းမပျိုမှ -

"အလို-လောဘသားကောင်တွေ။ အရှင်မရဲ့ ချပ်ဝတ်တန်ဆာ (၅) ပါးဟာ နောင်ပွင့်မည့် အရိမေတ္တေယျမြတ်စွာဘုရားကိုရည်စူးပြီး လှူဒါန်းပူဇော်မည့် ရတနာများသာ ဖြစ်မည်။ အရှင်မ၏ ဘယက်တွင်းကို သင်တို့ကိုယ်ကျိုးအတွက် အသုံးပြုပါက ငရဲကြီးရှစ်ထပ်တွင် ဒုက္ခအမျိုးမျိုးနှင့်တွေ့ရမည် ဖြစ်သည်။ အရှင်မ၏ ဘယက်တွင်းကို ကျူးကျော်သည့်အတွက် သင်တို့ကို အရှင်မကိုယ်စားပေးအပ်သည့် အပြစ်ဒဏ်ကတော့. . ."

ဟု လက်ပြလိုက်ရာ -

တစ်ယောက်သောလူသန်ကြီးမှ တင်းပုတ်နှင့် တစ်ချက်လွှဲရိုက်ရာ -

"ဝုန်း. . . ဝေါ. . . ဝှီး. . . ဝေါ. . ."

ကန်တော့ပွဲ၊ ဖယောင်းတိုင်များ ပြိုပျက်လွင့်စဉ်ပြီး ခေါင်းပေါင်းဆရာကြီးတို့လည်း ညမှောင်မှောင်ထဲ ပြေးမိပြေးရာ ပြေးကြရာမှ နယ်မြေမကျွမ်း၍ -

"အား. . . ဝေါင်း. . . အူး. . . အား. . ."

အစာရှာထွက်သည့် တောကောင်ကြီးများနှင့်တွေ့၍ အမိုက်ဇာတ်သိမ်းသွားလေတော့သည်။ ဝန်းကျင်တစ်ဝိုက်တွင်တော့ ဆူညံ၍ မီးခိုးမှိုင်းများလွင့်ပါသွားသောအခါတွင်-

ဆင်ပေါ်က မိန်းမပျိုနှင့် လူသန်ကြီး (၄) ယောက်တို့မှာမရှိတော့ချေ။

မုဆိုးစောလှထွန်းမှာ လောဘသားကောင်ငတင်တို့အဖြစ်ကိုကိုယ်တွေ့မို့သာ ယုံလိုက်ရသည်။



မိဖုရားကြီးပုလဲဒါလီ၏ ဘယက်တွင်းမှာ လွန်စွာ သစ္စာကြီး၍ တန်ပြန်သက်ရောက်မှုကြောင့်လည်း မည်သူမျှ မထိပါးရဲကြပေ။ ဘယက်တွင်းကို အကယ်၍ ထိပါးကြပါကလည်း မကြာခဏ အစောင့်အရှောက်ပုဂ္ဂိုလ်များနှင့် တွေ့၍ ချောက်ချောက်ချားချားဖြစ်ခဲ့ကြရသည်။

ပင်လယ်ထဲက ကျွန်းကြီးပေါ်တွင် လူပယောဂမပါဘဲ ကျွန်းမြေတစ်နေရာသည် မြေပြောင်ပြောင်ကုန်းပြောင်ပြောင်ဖြစ်နေသည်က သမိုင်းကို စိတ်ဝင်စားသူများအဖို့ ထူးခြား၍နေပေသည်။

မုဆိုးစောလှထွန်း တောထဲတွင် တွေ့ခဲ့ရသည့် ဘယက်တွင်းနှင့် မွန်မိဖုရားကြီး၏ ဂူသင်္ချိုင်းတော်သည် ထူးခြားမှုနှင့် ဂမ္ဘီရဆန်ဆန် လျှို့ဝှက်စွာတည်ရှိနေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ရှေးက မွန်ဘုရင် မင်းညီမင်းသားတို့သည် မိမိတို့ သီလစင်ကြယ်၍ အလှူအတန်းကိစ္စရပ်များနှင့်ပတ်သက်လျှင် တစ်ဖက်သား မနှောင့်ယှက် မဖျက်ဆီးနိုင်ရန် သစ္စာဆိုခြင်း၊ အစီအမံများ ဂမ္ဘီရပညာရပ်များနှင့် ပြုလုပ်ထားကြသည့် အလေ့အထရှိကြပါသည်။

မုဆိုးစောလှထွန်းနှင့် ဖိုးနီသည် တောထဲမှအပြန်တွင် ခေါင်းပေါင်းဆရာကြီးနှင့် အဖွဲ့သားများအား မရှုမလှသေဆုံးနေသည်ကိုတွေ့၍ ရဲဘော်ရဲဘက်စိတ်ထားထား၍ ကျောင်ကောက်အလောင်းကို ကောင်းစွာ သဂြိုဟ်ခဲ့လေသည်။

တစ်ခါတစ်ရံ တောတက်အမဲလိုက်မုဆိုးများ မျက်စိလည်လမ်းမှားလျက် လည်းကောင်း၊ ကံထူးသဖြင့် မိဖုရားကြီး၏ ဘယက်တွင်းနှင့် ဂူသင်္ချိုင်းတော်ကို တွေ့ရှိခဲ့သူတွေရှိခဲ့ကြပါသည်။

သို့သော် သစ္စာစည်းကို မချိုးဖောက်သူမှ တွေ့ရသလို စည်းဖောက်ခဲ့သူတချို့မှာ ခရီးပျောက်ခဲ့ပါလေသည်။

အမှန်တကယ် ဘယက်တွင်းနှင့် မိဖုရားကြီး၏ ဂူသင်္ချိုင်းတော်ကြီး ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်း၏ တောနက်ထဲတွင် ဒဏ္ဍာရီဆန်စွာရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ချေပြီဖြစ်လေသည်။

မင်းနန္ဒမိုး



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငြေပြသိမ်းချစ်

## သုံးနှစ်ညီမျှခြင်းနှစ်သုံးဆယ်

### အခန်း (၁)

### ထူးဆန်းသောအိပ်မက်

ကျွန်တော် သုံးနှစ်သားခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်၏ မိဘများသည် ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပါ။ လူမျိုးမူ မြန်မာ - ပသီသွေးနှော များဖြစ်ပါသည်။ ပသီသွေးနှော၍လည်း မိဘများကိုးကွယ်ရာ ပသီဘာသာကိုသာ သက်ဝင် ယုံကြည်ကြပါသည်။ သို့သော် နှစ်ဖက်အဘွားများက မြန်မာစစ်စစ်များဖြစ်၍ ဗုဒ္ဓဘာသာနှင့် လုံးဝမစိမ်းပါ။ အသက်ရှစ်ဆယ်အရွယ် ဘေးမကြီးကို အိမ်ဦးခန်းမှာထားပါသည်။ ဘေးမကြီး ယုံကြည်ရာ ဗုဒ္ဓဘာသာကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါသည်။

ဘေးမကြီး ဘုရားသွားကျောင်းတက်သီလယူလျှင် များသောအားဖြင့် ကျွန်တော် ကျောင်းသွားစရာမရှိက အဖော်အဖြစ် ကျွန်တော့်ကိုသာခေါ်၍ လိုက်ပို့ရမြဲ ဖြစ်ပါသည်။ ကျောင်းဆိုသည်မှာ ကျွန်တော်သွားသင်ယူရာ ဘာသာရေးကျောင်းဖြစ်ပါသည်။

ကျွန်တော်၏မိခင်ကား ကျွန်တော် နှစ်နှစ်သားခန့်မှာ ဆုံးပါးသွားပါသည်။ ထို့ကြောင့် ကျွန်တော့်ကို ဘေးမကြီး၊ အဘွား၊ ကြီးတော်များက ထိန်းသိမ်းစောင့်ရှောက်ပါသည်။ ဘေးမကြီးရင်ခွင်၌ အမြဲတမ်း ခေါင်းထိုးအိပ်ပါသည်။ ထို့ကြောင့် ဘေးမကြီးပြောပြသော ဗုဒ္ဓဘာသာ၏ ဗုဒ္ဓဝင်၊ နိပါတ်တော်၊ ငါးရာ့ငါးဆယ်ဇာတ်တော်ကြီးများကို ပုံပြင်သဖွယ်နားထောင်ရင်း အိပ်ပျော်မြဲဖြစ်ပါသည်။ ကျွန်တော်အိပ်ပျော်မှ ကြီးတော်များက ဖေဖေ့အိပ်ရာနံဘေးသို့ အမြဲပွေ့ချီ ရွှေ့ပြောင်း၍ သိပ်မြဲဖြစ်ပါသည်။

သို့သော် ဗုဒ္ဓဘာသာ၏ သရဏဂုံသုံးပါး၊ အနန္တောအနန္တငါးပါး အပေါ် ယုံကြည်ချက်ကား ကျွန်တော့်ရင်ထဲ၌ အစိုင်အခဲဖွဲ့တည်၍ ခိုင်ခံ့နေခြင်းကို လူကြီးသူမများမဆိုထားနှင့် ကျွန်တော့်ကိုယ်ကျွန်တော် ကိုယ်တိုင် စိုးစဉ်းမျှ မရိပ်မိခဲ့၊ မသိခဲ့ပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် ဟန်ဆောင်ကောင်းသလို ဉာဏ်လည်း အလွန်ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရွယ်၌ကပင် ဘေးမကြီး နှုတ်တိုက်သင်ပေးထားသည့်အတိုင်း ဘုရားဂုဏ်တော် (၉)ပါး၊ သမ္ဗုဒ္ဓေဂါထာတော်ကြီး၊ ပဋ္ဌာန်း-၂၄ ပစ္စည်းသံခိပ်တို့ကို ကြောင်းကြောင်းပြေး အလွတ်မမှားအောင် ရွတ်ဆိုနိုင်ပါသည်။ ထိုသို့ ရွတ်ပြမှုလည်း ဘေးမကြီးက ကျွန်တော် နားထောင်လိုသော (၅၅၀) ဇာတ်တော်ကြီးများကို ပြောပြမှုဖြစ်၏။ ကျွန်တော် အကြိုက်ဆုံးဇာတ်တော်ကြီးများဖြစ်သော မဟာဇနကဇာတ်တော်၊ ဝေဿန္တရာဇာတ်တော်၊ မဟော်သဓာဇာတ်တော်များကို အမြဲပြောပြပါသည်။ တခြားဇာတ်တော်များလည်းမလပ်ရပါ။

တစ်ရက်၌ တစ်ညသ၌ အလွန်ထူးဆန်းသောအိပ်မက်ကို ကျွန်တော် မြင်မက်ပါသည်။

ကျွန်တော်သည် အလွန်ကြီးမားကျယ်ပြန့်သော ကျောက်ဂူကြီးတစ်ခု၏ အလယ်၌ မတ်တတ်ရပ်နေပါသည်။ ကျောက်ဂူကြီး၏ ဝဲ၊ယာပတ်ပတ်လည်၌ မြောက်မြားစွာသောဗုဒ္ဓရုပ်ပွားတော်များ ရှိနေပါသည်။ တချို့ရုပ်ပွားတော်များက ထိုင်တော်မူမုဒြာ၊ တချို့ရုပ်ပွားတော်များ ဘေးလျောင်းတော်မူမုဒြာ၊ တချို့က ရပ်တော်မူမုဒြာရုပ်ပွားတော်များ ဖြစ်ပါသည်။ ကြည့်နေရင်းကပင် ရုပ်ပွားတော်များအသက်ဝင်လာကာ ထိုင်တော်မူမုဒြာအဖြစ် အားလုံးတစ်ပုံစံတည်း ပြောင်းလဲသွားပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တော်တော်ပင် ထိတ်လန့်သွားပါသည်။ လန့်လန့်နှင့်ပင် ရှေ့၌ရှိသော အသက်ဝင်နေသည့် ထိုင်တော်မူရုပ်ပွားတော်ကြီးကို မော့ကြည့်မိပါသည်။ ထိုအခါ အလွန်တွေ့ရခဲသော နှစ်သက်စဖွယ်လည်းဖြစ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်က နှုတ်ခမ်းနှစ်လွှာ လှုပ်ရှားလာပါသည်။ အသံတော့ မမြွက်ဟပါ။ မျက်လုံးတော်နှစ်ဖက်ကလည်း အကြိမ်ကြိမ် မျက်တောင်တော်ခတ်ပြပါသည်။

ကျွန်တော် ရုပ်ပွားတော်၏မျက်နှာတော်ကိုမော့ကြည့်ရင်းက ကလေးပီပီ ကြောက်လာပါသည်။ စိတ်ထဲကလည်း သည်ရုပ်ပွားတော်ဘုရားကြီးများ မိမိကို ဖမ်းချုပ်ထားလိမ့်မည်ဟု ထင်လာပါသည်။ ငါ့ကိုဖမ်းချုပ်ထားလျှင် ငါဘယ်ကဲ့သို့ အိမ်ပြန်ရောက်ပါ့မလဲဟု စိုးရိမ်စိတ်လည်းဝင်လာပါသည်။ ထို့ကြောင့် မျက်လုံးတင်းတင်းစုံမှိတ်၍ ကြောက်ကြောက်လန့်လန့်နှင့် အထိတ်အလန့် အော်ဟစ်မိပါတော့သည်။

သို့နှင့် ကျွန်တော် အိပ်မက်မှလန့်နိုးလာပါတော့သည်။ ကြောက်လွန်း၍ ချွေးစေးများပင်ပြန်နေပါတော့သည်။ ထိုအိပ်မက်ကို ကလေးပီပီ စဉ်းစားပါသည်။ ဉာဏ်မမီပါ။ ဆွေမျိုးများကို ထိုအိပ်မက်အား မပြောပြရဲပါ။ ဘေးမကြီးကိုပင် မပြောပြပါ။ ဘေးမကြီး နှုတ်ကျွံသွားလျှင်ဘေးမကြီးနှင့်အတူ ဘုရားမသွားရ၊ ကျောင်းမလိုက်ရဟု ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ ကြီးတော်များက တားမြစ်လျှင် ကျွန်တော် အနေကျုံ့သွားနိုင်၍လည်း ဖြစ်ပါသည်။ ထိုသို့ တားမြစ်မှာစိုး၍ ယုတ်စွအဆုံး ချစ်သောဘေးမကြီးကိုပင် မပြောခဲ့ပါ။ ဘုရားသွား၊ ကျောင်းတက် အဖော်လိုက်ရတာလောက် ပျော်စရာကောင်းသောအေးချမ်းမှုကို ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် ခံမင်နေခြင်းကို ကျွန်တော်ကိုယ်တိုင်လည်း နားမလည်ပါ။

## အခန်း (၂)

### ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်းများလား

ကျွန်တော်အိပ်ရာကနိုးပြီးနောက် ကြီးတော်များ မနက်ခင်းစာ ကျွန်တော်အားကျွေးသည်အထိ သည်းခံစောင့်ပါသည်။ ပြီးမှ မသိမသာ လူကြီးများအလစ်ကိုကြည့်၍ ကားလမ်းသာခြားထားသော အိမ်ရှေ့မျက်နှာချင်းဆိုင်ရှိ ရခိုင်ဘုန်းတော်ကြီးကျောင်းဝင်းအထဲရှိ သိမ်တော်ကြီးထဲသို့ မပြေးရုံတစ်မည် သွားပါသည်။ သိမ်တော်ကြီးမှာ တစ်ဝက်က လဟာပြင်၊ တစ်ဝက်က အမိုးတော်နှင့်ဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်တင်ပျဉ်ခွေတစ်ဆူက အမိုးတော်အောက်မှာရှိပါသည်။ မော့ကြည့်ရသော အုတ်အင်္ဂတေပန်းပုလက်ရာ ဖြစ်ပါသည်။ သိမ်တော်ကြီးဘေးတစ်ဖက်တစ်ချက်၌ တမာပင်ကြီးနှစ်ပင်ရှိပါသည်။ တမာသီးမှည့်များက အမိုးတစ်ဝက်မရှိသော ဟင်းလင်းပြင်ရင်ပြင်ပေါ်သို့ ဖွေးနေအောင်အမြဲကြွေကျနေပါသည်။ တမာသီးအမှည့်အနံ့ကို ကျွန်တော်မကြိုက်ပါ။ ထို့ကြောင့် သိမ်တော်ကြီးထဲ၌ အဆောင်သင့်ရှိနေသော တံမြက်ချောတစ်ချောင်းနှင့် သိမ်တော်တစ်ခုလုံး ပြောင်စင်အောင်လှည်းကျင်းပါသည်။

ပြီးတော့မှ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီး၏မျက်နှာတော်ကို ဘောင်းဘီတိုစိမ်းလေးမျှော့ရေကိုလျှော့၍ ပယ်ပယ်နယ်နယ် တင်ပျဉ်ခွေထိုင်ကာ မော့၍ကြည့်ပါသည်။ ညကအိပ်မက်မက်သည့်အတိုင်း နှုတ်ခမ်းတော်များလှုပ်ပြလေမလား၊ မျက်တောင်တော်များခတ်ပြလေမလား ကလေးအတွေးလေးနှင့် ဖူးစမ်းနေခြင်း ဖြစ်ပါသည်။ ကျွန်တော် လုံးဝမျက်တောင်မခတ်ပါ။ မျက်လုံးညောင်း၍ မျက်တောင်ခတ်စဉ်၊ မျက်လုံးခဏမှိတ်သွားစဉ် ဗုဒ္ဓရုပ်ပွားတော်က မျက်တောင်ခတ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်းနှင့်ကြုံလျှင် လွတ်သွားမှာစိုး၍ဖြစ်ပါသည်။ မလှုပ်မယှက်နှင့် ရုပ်ပွားတော်မျက်နှာတော်မော့ကြည့်ရင်း ကြာတော့ မျက်လုံးများညောင်း၍ မျက်ရည်ပူများပင်ကျလာပါသည်။ လက်ဖမိုးနှင့်ပါးပေါ်စီးကျနေသောမျက်ရည်များကိုမသုတ်ပါ။ မျက်ရည်များက ဘောင်းဘီတိုစိမ်းလေးပေါင်ပေါ်သို့ အတန်ငယ်ရွဲအောင် တပေါက်ပေါက်ကျပါသည်။ မနက် (၉) နာရီ၌ ဘာသာရေးကျောင်းသို့ စာသွားသင်စရာကလည်းရှိနေပါသည်။ အိုလေ - ဘုရားကြီးမျက်တောင်တော်၊ နှုတ်ခမ်းတော် မနက်မလှုပ် ညနေလှုပ်လိမ့်မည်ဟု စိတ်ထဲပိုင်းဖြတ်ကာ အိမ်သို့ မယောင်မလည် လူအလစ်ကြည့်၍ပြန်ပါသည်။

ညနေခင်း ကျောင်းမှပြန်လာပြီးလျှင်လည်း ကသောကမျော ရေချိုး၊ အဝတ်အစားလဲကာ သိမ်တော်ကြီးထဲသို့ လူကြီးမိဘများအလစ်ကိုကြည့်၍ ရောက်လာပါသည်။ တမာသီးကြွေတံမြက်လှည်းကာ ရုပ်ပွားတော်ကြီးကို တင်ပျဉ်ခွေထိုင်ကာ မော့ကြည့်မြဲဖြစ်ပါသည်။ မျက်လုံးညောင်းလာမြဲ၊ မျက်ရည်ပူပေါက်ပေါက်ကျမြဲဖြစ်သည်။ ဘာသာရေးကျောင်းပိတ်ရက်ဖြစ်သောသောကြာနေ့ခင်း၌ ထမင်းစားပြီးလျှင် အချိန်တော်တော်များပေး၍ ရုပ်ပွားတော်မျက်နှာတော်ကို မမှိတ်မသုန်မော့ကြည့်ပါသည်။ မျက်လုံးညောင်းလာလျှင် ခဏနားဦးမည် စိတ်ပိုင်းဖြတ်ကာ ဘုရားရုပ်ပွားတော်ဘက် ခေါင်းထိုးကာ တောင်ဘက်တစ်လှည့်၊ မြောက်ဘက်တစ်လှည့် ရွှေ့ပြောင်းကာ ဘောင်းဘီတိုစိမ်းလေးထဲ လက်နှစ်ဖက်ပူးယှက်ထည့်ကာ လေတဖြူးဖြူးကြားအိပ်မြဲဖြစ်သည်။ အိပ်ရာနိုး ရုပ်ပွားတော်မျက်နှာ မော့ကြည့်ပါသည်။ နေချိုလာပြီ။ (ကနေ့ မလှုပ်၊ နက်ဖြန်လှုပ်လိမ့်မယ်ပေါ့) အတွေးနှင့်အိမ်သို့ပြန်မြဲဖြစ်ပါသည်။ ထိုအပြုအမူကို အိမ်မှလူကြီးများမသိပါ။ ကျွန်တော်ပျောက်ပျောက်သွားသဖြင့် မသင်္ကာလို့ အစ်အောက်မေးလျှင်လည်း သူငယ်ချင်းများနှင့်သွားကစားနေသည်ဟု ခပ်တည်တည်ညာမြဲဖြစ်ပါသည်။ လူကြီးများကလည်း အလုပ်မအားကျပါ။ ခြေရာခံ၍လည်း လိုက်မကြည့်ကြပါ။ ဤသို့ဖြင့် နှစ်ပေါင်းတော်တော်များများ ဆယ်နှစ်သားအရွယ်သို့ ရောက်လာသည်အထိ ထိုရုပ်ပွားတော်မော့ကြည့်သောအပြုအမူ အလေ့အကျင့် တစ်ရက်ကလေးသော်မျှ မပျက်ကွက်ခဲ့ပါ။

တစ်ရက် ညနေခင်း၌ ကျွန်တော် ရုပ်ပွားတော်မျက်နှာ မော့ကြည့်နေစဉ် ကစားဖော်ကစားဖက် ကိုရင်နန္ဒိယလာခေါ်၍ ဘုရားကြီးကျောင်းပေါ်ရှိကျောင်းထိုင်ဆရာတော်ရခိုင်ဘုန်းဘုန်းဦးပဏ္ဍိတရှေ့ရောက်လာရပါသည်။ ဘေးမကြီးသီလယူလာတိုင်း အဖော်လိုက်လာသော ကျွန်တော့်ကို တစ်ကျောင်းလုံးရှိသံဃာတော်ဆရာတော်များက သိပါသည်။ ကိုရင်နန္ဒိယနှင့် မကြာခဏလာဆော့၍ ခန်းနေဘုန်းဘုရား ဦးပဏ္ဍဝကလည်းခင်ပါသည်။ ဘေးမကြီးသင်ပေးထားသည့်အတိုင်း ဆရာတော်ကိုဦးချ၍ ရိုရိုသေသေထိုင်သောအခါ ဆရာတော်ဦးပဏ္ဍိတ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အတန်ကြာ မျက်မှောင်ကုတ်ကြည့်နေပါသည်။ ကျွန်တော် ဘာအမှားမှ မလုပ်ထားသော်လည်း ဆရာတော်၏ အကြည့်ကြောင့် ကျောတော့နည်းနည်းချမ်းလာပါသည်။ ဘေး၌ရှိသော ဇွန်းခံထဲသို့ ကွမ်းသွေးထွေးပြီးမှ ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com

မိန့်တော့သည်။

"ဟဲ့-ကုလားလေးရဲ့၊ ဘုန်းဘုန်း နေ့တိုင်း ကျောင်းပေါ်ကနေ ဟိုမြောက်ဘက်သိမ်ကြီးထဲ မနက်၊ ညနေ မင်းလာတာ မြင်လည်းမြင်တယ်။ လူကလေး မင်းဥစ္စာကမဟုတ်သေးပါဘူး။ တံမြက်လှည်းတယ်။ ပြီးတော့ တင်ပျဉ်ခွေထိုင်ပြီး ငါ့ဘုရားကိုမော့ကြည့်တယ်။ ခဏကြာတော့ ငါ့ဘုရားခေါင်းထိုးအိပ်တယ်။ ပြီးတော့ အိမ်ပြန်တယ်။ မင်း ငါ့ဘုရားရုပ်ပွားတော်ကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ ကြံရွယ်နေသလား မောင်နိုင်"

"မဟုတ်ရပါဘူး ဘုရား"

ရိုသေစွာ လျှောက်ပါသည်။ အိပ်မက်ကိုလည်း ဆရာတော်အား မလျှောက်ဝံ့ပါ။ အကျယ်အကျယ်မငြိမ်းဖွယ်ကိစ္စများဖြစ်သွားနိုင်သည်။လျှောက်လို့ ယုံလျှင် ကိစ္စမဟုတ်။ မယုံလျှင် သိမ်ထဲလာခွင့်ပိတ်မှာလည်း ကျွန်တော်စိုးရိမ်ပါသည်။ နောက်ပြီး ဘေးမ၊ အဘွားများက အိပ်မက်ကို လူတိုင်းမပြောရဟု တားမြစ်ထားချက်ကြီးကြီးမားမားလည်း ရှိပါသည်။ကျွန်တော်ခပ်မဆိတ်နေသော အခါ ဆရာတော်ကြီး မျက်မှောင်ကုတ်၍ စဉ်းစားရအတော်ခက်နေပုံရပါသည်။ ထိုအခါ ဆရာတော်နံဘေးမှ ဝတ်ဖြည့်နေသော ခန်းနေဦးပဥ္စင်း ဦးပဏ္ဍဝက ဆရာတော်ကိုလျှောက်တော့မှ ကျွန်တော်ပင် အထိတ်တလန့်ဖြစ်သွားရပါသည်။

"မဟုတ်မှလွဲရောဘုရား၊ သူ့ဘေးမကြီးများ ကလေးကို ကမ္မဋ္ဌာန်းပွားနည်းသင်ပေးထားသလားမှ မသိနိုင်တာ"

ဆရာတော်ကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးပြန်ကြည့်ပါသည်။ ပြီးမှ သေချာအောင် -

"ပြောပါဦး ကုလားလေး၊ ဒကာမကြီးမည္ကနှမ်းများ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားနည်းသင်ပေးထားသလား"

"တပည့်တော် သရဏဂုံမှမတည်တာဘုရား၊ တည်လို့ လူကြီးတွေသိရင် ရိုက်မှာပေါ့ ဘုရား။ နောက်ပြီး ဘေးမကြီးကလည်း လုံးဝသင်မပေးပါဘူး ဘုရား"

"ဟဲ့ - ဒါဆို နေ့တိုင်း မနက်၊ ညနေ သိမ်ထဲလာတယ်၊ တံမြက်လှည်းတယ်၊ ဘုရားမော့ကြည့်၊ ခေါင်းထိုးအိပ်တယ်၊ ပြန်တယ်။ တစ်ရက်ကလေးတောင်မှ မပျက်ဘူး။ နည်းတဲ့ဝတ္တရားကြီးလားဟဲ့ မောင်နိုင်။ ဘုန်းဘုန်းတော့ မင်းကိုနားကိုမလည်နိုင်ဘူး"

ဆရာတော်နှင့်ခန်းနေဦးပဥ္စင်းကို ဦးချ၍ ကျွန်တော်အိမ်ပြန်လာပါသည်။ ဆရာတော်များက နေ့စဉ် သိမ်ထဲလာခြင်းအမှုကိုတော့ လုံးဝမတားမြစ်ပါ။ ကျွန်တော်ကတော့ ဆယ်နှစ်သားအထိ သိမ်ထဲလာ၊ တံမြက်လှည်း၊ ဘုရားမျက်နှာမော့ကြည့်သောအလုပ် ဆက်လုပ်မြဲ ဆက်လုပ်ပါသည်။တစ်ဆယ့်သုံးနှစ်သား အရွယ်ကျမှ ဗုဒ္ဓရုပ်ပွားတော်မျက်နှာ မော့ကြည့်ခြင်းမလုပ်တော့ပါ။ ဘာသာရေးကျောင်းတစ်ဖက်၊ အလယ်တန်းကျောင်းစာတစ်ဖက် အလုပ်များလာ၍လည်းဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကျွန်တော်လက်လျှော့သွားပါသည်။ စိတ်လျှော့လိုက်တာလည်း ပါပါလိမ့်မည်။

## အခန်း (၃)

## အသက် ငှားရန်ရှိသူ အလိုရှိသည်

ကျွန်တော် နှစ်ဆယ်နှစ်သား အရွယ်ရောက်သောအခါ မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် အေလာမြို့ အစိုးရရုံးတစ်ရုံး၌ တာဝန်ထမ်းဆောင်နေပါသည်။ ရုံးဖန်ရုံခါ ရုံးပိတ်ရက်၌ ဇာတိမြို့ ပျဉ်းမနားသို့ပြန်ပါသည်။ အေလာနှင့် ပျဉ်းမနားမြို့ကား ရထားမိုင်လမ်းတို့၍ ကားလမ်းမိုင်ရှည်ပါသည်။ ကားနှင့် အေလာသို့သွားလျှင် လယ်ဝေးမြို့ကို ဖြတ်ရပါသည်။ အေလာသို့ ဒါရိုက်ကားမရလျှင် လယ်ဝေးမြို့မှ တစ်ဆင့်စီးရပါသည်။

သောကြာနေ့ ရုံးဆင်းချိန်၌ နေအိမ်ရှိရာ စက်ပိုင်းရပ်ကွက်သို့ ကျွန်တော် ပြန်လာပါသည်။ သံလမ်းကျော်၍ စက်ပိုင်းရပ်ကွက်သို့ဝင်စဉ် လမ်းနံဘေးရှိ ကိုအောင်ကျော်စက်ချုပ်ဆိုင်မှ လက်ခုပ်တီးသံကြား၍လှမ်းကြည့်သောအခါ စက်ချုပ်ဆိုင်မှ ကိုအောင်ကျော် လက်ယပ်ခေါ်နေ၍ စက်ဆိုင်ဘက်သို့ ခြေဦးတည်မိပါသည်။ ဆိုင်သို့ ရောက်သောအခါ ကိုအောင်ကျော်က-

"မောင်နိုင်ရေ၊ သည်တစ်ပတ် မင်းရုံးပိတ်ရက်သုံးရက်ပိတ်တာ ပျဉ်းမနား ပြန်ဦးမှာလား။ မပြန်နဲ့တော့ကွာ"

"အကြောင်းကြီးငယ်များရှိလို့လား အစ်ကိုရ"

ကျွန်တော် မေးသောအခါ -

"ဝက္ကမှရွာက ခင်မောင်အေးတို့ ဘောလုံးပွဲချိန်းလိုက်လို့ကွ။ မောင်လှကြီးက ခါးမျက်နေလို့လိုက်နိုင်မှာမဟုတ်ဘူး။ ရွာလူကြုံကို ငါနဲ့ မင်း လာခဲ့မယ်လို့မှာလိုက်ပြီကွ"

ဝက္ကမှရွာက ကိုခင်မောင်အေးနှင့် ကိုညို (သာယာစုကျေးရွာ) တို့က ကိုအောင်ကျော်၊ ကိုမောင်လှနှင့် ကျွန်တော့်ကို ညီအစ်ကိုအရင်းမက ခင်မင်သူများ ဖြစ်ပါသည်။ မကြာခဏ နံဘေးရွာများနှင့်ချိန်း၍ ဘောလုံးကစားကြမြဲ ဖြစ်ပါသည်။ ကျွန်တော်က ရုံးပိတ်ရက်ကြုံလျှင် ပျဉ်းမနားသို့မပြန်ဘဲ ရွာသို့ ကိုအောင်ကျော်၊ ကိုမောင်လှနှင့်ဆင်းကာ ကိုခင်မောင်အေးတို့ရွာဘက်မှဝင်ကစားပေးကြမြဲ ဖြစ်ပါသည်။ ကျွန်တော်က ကိုအောင်ကျော်ကို ရွာလာမယ်လို့မှာပြီးမှ ဖွတ်ပြန်လို့ဖြစ်ပါ့မလားဟုနှင့် ခေါင်းယမ်းကာ -

"အစ်ကို ရွာကိုမှာပြီးမှ ကျွန်တော် ပျဉ်းမနားပြန်လို့ဘယ်ဖြစ်တော့မှာလဲဗျာ။ နောက်ပြီး သာယာစုရွာက ကိုညိုနဲ့လည်း တွေ့ချင်သေးတယ်လေ။ ကျွန်တော့်မှာ ရက်ချုပ်ဇာတာမရှိလို့ ပေရွက်နဲ့ရက်ချုပ်ပေးဖို့ ကိုညိုကို မှာထားတာလည်းကြာပြီလေ"

"အေးလေကွာ၊ ခင်မောင်အေးက ဒါကြောင့် မင်းပါခေါ်လာခဲ့ဖို့ ဆရာဦးစိန်ဦး ဝက္ကမှုကအပြန် ဆရာနဲ့ စာရေးပြီး မှာလိုက်တာ။ မင်းရက်ချုပ်ဇာတာကိစ္စလည်းပါတယ်ကွ။ ရက်ချုပ်လုပ်ပေးတဲ့ ဘုရားပေါ်က အဘသူတော်စင်နှစ်ပါးက ရက်ချုပ်ကို လူကြုံနဲ့ပေးလိုက်ရင်ရရဲ့သားနဲ့ ဇာတာရှင် မင်းကိုယ်တိုင်လာမှပေးမယ်ပြောတယ်။ ဇာတာရှင် မင်းကိုလည်းသီးသန့်တွေ့ချင်တဲ့သဘောကွ။ ဆရာဦးစိန်ဦးကိုယ်တိုင်လည်း သူပညာသွားသင်နေတဲ့ လူသူတော်စင် အဘဆရာနှစ်ပါးကိုတွေ့ဖြစ်အောင်သွားတွေ့ဖို့ ငါ့ကို သေသေချာချာ မှာသွားတယ် မောင်နိုင်။ မင်းရွာမလိုက်လို့မရဘူး"

ကျွန်တော် စဉ်းစားရခက်သွားသည်။ ရက်ချုပ်ဇာတာလုပ်ပြီး ကျသင့်ငွေကို သူငယ်ချင်းတွေက စိုက်ရှင်းပြီး အေလာသို့ ယူလာ၍ ရရက်သားနှင့် လုပ်ငန်းစဉ်ကရှင်းနေပါရက်နှင့် ဘယ့်နှယ် ဇာတာရှင်ကို တွေ့ချင်ရတာလဲ။ အမှာစကားယူလာသူက ကျွန်တော်အလွန်လေးစားကြည်ညိုသော ဆရာဦးစိန်ဦးဆိုတော့ နားလည်ရပိုခက်သွားသည်။ ဆရာဦးစိန်ဦးကာ အေလာမြို့ ဂိုဏ်းထောက် အထက်တန်းကျောင်းမှ ပန်းချီနည်းပြဆရာလည်းဖြစ်ပါသည်။ ဆရာကတော် မမေသီကား မကြာခဏ လေးဖက်နာကြောင့် နေထိုင်မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်သူဖြစ်၍ ဆရာဦးစိန်ဦးက ကျောင်းမသွားခင်ရော ကျောင်းပြန်ပါ အနီးကပ် ဂရုတစိုက်ပြုစုမြဲဖြစ်ပါသည်။ သည့်မအားလပ်သည့်ကြားက ရက်လေး စက်ဘီးတစ်စီးနှင့် ဝက္ကမူရွာဘာသွား လုပ်သနည်း။

"ဆရာဦးစိန်ဦးက မေမေသီ နေမကောင်းတဲ့ကြားကနေပြီး ဝက္ကမူရွာ ပညာသွားသင်တယ်ဟုတ်လား အစ်ကို။ ဒါက ခပ်ဆန်းဆန်းပဲ"

"ငါလည်း ထင်တောင်မထင်ဘူး မောင်နိုင်။ ကျောင်းတစ်ဖက်၊ လူမမာ တစ်ဖက်နဲ့ မအားလပ်တဲ့ကြားက အချိန် ရရသလို စက်ဘီးစီးပြီး ဝက္ကမူရွာမှာ အင်းပညာသွားသင်နေတာ သုံးနှစ်မက တော့ဘူးဆရာ။ ပညာရပ်ဆုံးခန်းတိုင်ဖို့ နောက်နှစ်နှစ်လောက်အချိန်ယူရဦးမယ် ပြောတယ်။ မင်းကိုရက်ချုပ်လုပ်ပေးမယ့် ဆရာသခင် သူတော်စင် (၂) ပါးဆီက သင်နေတာ"

"ဒီအင်းပညာရပ်က ဒီလောက် တောင်နက်ရှိုင်းရသလားအစ်ကို။ လေး၊ ငါးနှစ်တောင်သင်ယူရမယ်ဆိုတော့"

ကိုအောင်ကျော်က ကျွန်တော့် ဝေဖန်စကားကို လက်သင့်ခံချင်ပုံရ သည်။ သူလည်း နားမလည်သလိုဖြစ် သွားသည်။

"အစ်ကိုမေးလို့ ဆရာပြောတာ ကွ။ လိပ်ပတ်လည်ကျွမ်းကျင်ဖို့ ဆယ်နှစ် လောက်အချိန်ယူရမယ်လို့ပြောတယ်ကွ မောင်နိုင်"

"ဘုရား . . . ဘုရား"

သည်လိုပဲ စိတ်ထဲမှ ကျွန်တော် ဘုရားတ,လိုက်မိပါသည်။ ဆရာဦးစိန်ဦး နှင့် ဒေါ်သီသီသည် မန္တလေး မြင်းဝံ မင်းကြီးတိုက်ဘက်မှ ဆွေကြီးမျိုးကြီးများ ဖြစ်ပါသည်။ နှစ်ဖက်စလုံးလည်း ကြွယ်ဝ ချမ်းသာပါသည်။ မန္တလေးမှ အေလာသို့ တမင်တကာ လုပ်ငန်းဌာနပြောင်းရွှေ့ခဲ့ သည်ကိုတော့ ကြားဖူးခဲ့ပြီးပါပြီ။ မေမေသီ နှုတ်မှကျွံသွားသောစကားကြောင့်ဖြစ်ပါ သည်။ ထိုစဉ်က နားမလည်ခဲ့ပါ။ ယခုမှ အင်းပညာသင်ဖို့ အေလာသို့တကူးတက ရွှေ့ပြောင်းလာမှန်း ရိပ်စားမိတော့သည်။ ခက်ခက်ခဲခဲ လာသင်ယူရသော အင်း ပညာကို ကျွန်တော် နည်းနည်းအထင်ကြီး စပြုလာပါသည်။ ဆရာဦးစိန်ဦးနှင့် ဒေါ်မေမေသီက အသက်ပင်ငါးဆယ် ကျော်ထဲချင်းနင်းဝင်ရောက်စပြုနေသော အရွယ်များဖြစ်ပါသည်။ ဒေါ်မေမေသီ က ဆရာပညာရှာဖွေရာ၌ ပါရမီဖြည့် နေသူလည်းဖြစ်ပါသည်။ အရွယ်အိုပင် အိုကြသော်လည်း ဆရာဦးစိန်ဦးလို ဆရာတစ်ယောက်အနေနှင့် ပညာသင် ရာ၌ မအိုသေးဘဲ ဖျတ်လတ်တက်ကြွ စွာ အသွားနှစ်မိုင်၊ အပြန်နှစ်မိုင် စုစု ပေါင်း လေးမိုင်ခရီးကို နေ့စဉ်အသွား မပျက်ခြင်းကိုတော့ နည်းနည်းဖြုံသွားမိ သည်။ ပညာလို အိုသည်မရှိ၊ ပညာ စခန်း ဆုံးသည်မရှိ။ ဆရာဦးစိန်ဦးလို ပညာရှာပုံကား လေးစားအားကျစရာ ကောင်းမှန်းကျွန်တော်နားလည်သွားရပါ သည်။ ဒါတောင် ပညာရပ်တစ်ခုတည်း ကျွမ်းကျင်ပိုင်နိုင်ဖို့ ဆယ်နှစ်နီးပါး။ ပညာရပ်နှစ်ခု၊ သုံးခုဆိုလျှင် ဘဝတစ်ခု လုံးများ ပညာရှာရင်း အသက်ကုန်သွား ဖို့များပါလိမ့်မည်။ ထိုမတူညီသောပညာ ရပ်များ ပေါင်းစည်းဖြစ်ပေါ်ရာမှ ထပ်မံ အသစ်ပေါ်ထွန်းလာမြဲဖြစ်မည့် 'ဆင့်ပွား ပညာရပ်အသစ်အတွက်' ဆိုလျှင်တော့ ကျွန်တော်တို့အသက်မလောက်၍ နောင် ဖြစ်ထွန်းလာမည့် ဘဝသစ်ထံမှ အသက် ငှားကိုငှားရကိန်းဆိုက်မည်လား မဝေဖန် တတ်တော့ပါ။ ထိုကဲ့သို့ ကိုယ်နှင့်ဆိုင် သော အသက်ငှားမရလျှင် သူတစ်ပါး အသက်ကိုငှားကိုငှားရတော့မည်။ လွယ် တော့မလွယ်လှပါ။ အသက်ငှားရန်ရှိသူ အလိုရှိသည်။ ဤလိပ်စာပါအတိုင်း ဆက်သွယ်ပါဟု ပြည်ပေါ်မှာ ကြော်ငြာ ဆင့်ရတော့မည့်ကိန်း တစ်ချိန်ချိန်တော့ ဆိုက်ကိုဆိုက်ရောက်လာမည်ကိုတော့ ကျွန်တော် မကြုံချင်သေးပါ။

## အခန်း (၄)

## မှန်ကင်းတစ်လှည့်၊ထင်းတစ်လှည့်

ကျွန်တော်တို့ သူငယ်ချင်းများ ဝက္ကမူကျေးရွာ၌ ဘောလုံးပွဲနှစ်ပွဲကစား ကြသည်။ ဝဲကြီးကျေးရွာကို သရေသာ ကစားနိုင်သည်။ သို့သော် ယခင်အခါ များက အရှုံးပေးခဲ့ရသော သဲကောကြီး ကျေးရွာကို အနိုင်တစားနိုင်၍ ပျော်ကြ ပါသည်။ ရွှာခံ ကိုခင်မောင်အေးကား တိုက်စစ်မှူး၊ ကိုအောင်ကျော်ကား ကွင်းလယ်၊ ကိုညိုကား ညာတောင်ပံ၊ ကျွန်တော်ကား ဘယ်တောင်ပံ တာဝန် ယူကစားကြသည်။ နောက်ဆုံးရက် တော့ ဘုရားကုန်းပေါ် တက်ကြမည်ဖြစ် ၍ ဘောလုံးမကစားကြတော့ပါ။ နေ့ခင်း ထမင်းစားပြီး နားနားနေနေနေကြသော ညနေ (၃) နာရီခန့်၌ ဝက္ကမူရွာတောင် ဘက် ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်ပေါ်၌ရှိ သော ဘုရားကုန်းပေါ်သို့ သူငယ်ချင်း (၄) ဦး အတူတက်လာကြပါသည်။ မိမိ မွေးဇာတာပေမူရက်ချုပ်လည်း တစ်ပါ တည်းယူဖို့နှင့် ဘုရားကုန်းပေါ် နေသော ဆရာကြီးနှစ်ပါးနှင့်လည်း တွေ့ဖို့ဖြစ်ပါ သည်။ ကိုခင်မောင်အေးက ရွာခံဖြစ်၍ ဆရာကြီးနှစ်ပါးအကြောင်း သေသေ ချာချာ ရှင်းပြသည်။

"ဒီလို ကိုနိုင်ရဲ့၊ ဒီသူတော်စင် အဘနှစ်ပါးက ဘုရားကုန်းပေါ်ကဇရပ် မှာ နေတာအတော်ကြာပြီ။ လောကီ ပညာရပ်တွေကိုဆင့်ပွားသင်ပေးနေတာ။ ရှစ်ပါးသီလနဲ့နေသူတွေ။ သက်သတ် လွတ်စားသူတွေဗျ။ အရင်တုန်းက ရက်ချုပ်ဇာတာလုပ်သူတွေဆို ကျသင့် ငွေကန်တော့ပြီး ကျွန်တော်တို့ယူလာပေး နေကျပဲ။ ကိုနိုင့်ရက်ချုပ်ကျမှ ဇာတာရှင် ကို သီးသန့်တွေ့ချင်တယ်ဆိုလို့ ကိုနိုင့် ကို အားနာလိုက်တာဗျာ။ ဒီသူတော်စင် တွေကို ကျွန်တော်တို့ရွာတင်မကဘူး ကိုညိုတို့သာယာစုရော၊ ဝဲကြီး၊ သဲကော၊ ထက်ထူးရွာတွေအထိ အတော်သည်း ရှိသေလေးစားကြတာပါ"

ကျွန်တော်က ကိုခင်မောင်အေး ကိုပြုံးပြကာ -

"ကျွန်တော်လည်း ရွာအထိ ရောက်နေပြီပဲ ကိုအေးရာ။ ဆရာကြီး နှစ်ပါးနဲ့တွေ့ဖို့ကိစ္စ ဘာအပန်းကြီးတာ မှမဟုတ်တာ။ ကိုညို(သာယာစုရွာ)ကြီး ဆို ဗေဒင်ပညာအတော်ကောင်းတာ။ သူ့သင်ဆရာတွေပါလို့ ပြောကတည်းက တွေ့ချင်နေတာ။ နောက်ရှိသေးတယ် ဆရာဦးစိန်ဦးလည်း ဒီဆရာတွေဆီမှာ အင်းပညာသွားသင်နေတာရယ်နဲ့ပေါင်း ပြီး ကျွန်တော်ကိုယ်တိုင်က လိုလိုချင်ချင် ဆရာကြီးနှစ်ပါးကို မျက်မြင်ကိုယ်တွေ့ ကြုံချင်နေတာ"

ဘေးနားက ကိုညိုကလည်း လမ်းလျှောက်ရင်းစင်ပြောသည်။

"အံမာ အံမာ - ကိုနိုင်ရေ လှို မနေနဲ့။ ကိုနိုင်ကိုယ်တိုင် ဗေဒင်ကျွမ်း တာကျွန်တော်အသိလေ။ ကျွန်တော်က မှစ္စည်းပျောက်လောက်ပဲ ဆရာဝင်လုပ် နိုင်တာ။ ကိုနိုင်က လက္ခဏာပညာပါ ဆရာအဆင့်ရောက်နေတာ"

ကိုညိုပြောမှ စိတ်လွတ်ကိုယ် လွတ်လွှဲယမ်းနေသောလက်ဝါးနှစ်ဖက်တို ထိန်းချုပ်၍ သူငယ်ချင်းများမရိပ်မိ အောင် ပေါင်နှစ်ဖက်ဘေးများနှင့်ကပ် ထားမိပါသည်။ ဒါကိုပင် ကိုညိုက သ ပြုမိကာ ရယ်မောတော့သည်။

"လွတ်လွတ်လပ်လပ်နေပါ ကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရာ။ ကိုနိုင့်လက်ဖဝါးနှစ်ဖက်စလုံးမှာ အာယုလေခ၊ ဉာဏလေခ၊ ဟာဒယလေခလမ်းသုံးကြောင်းကို ဂမ္ဘီရကြက်ခြေက ပေါင်းယှက်ပြီး MASTER 'M' ဆိုတဲ့ အင်္ဂလိပ်အက္ခရာ အမှတ်အသားကြီးနှစ်ခု ထင်းထင်းကြီး သိသိသာသာကြီးဖြစ်ပေါ်နေတာကို ကျွန်တော်ရိပ်မိနေတာ ကြာလှပေါ့။ ကိုင်ရိုရဲ့လက္ခဏာတော်ကျမ်းမှာ ဒီ 'M' အက္ခရာအမှတ်အသားနှစ်ခု ထင်ထင်ရှားရှား သိသိသာသာပါသူတွေဟာ လောကီမှာရော လောကုတ္တရာမှာပါ ဆရာဂိုဏ်းဝင်အဆင့်တွေမှန်း ဖတ်ထားဖူးတာပါလေ။ အင်း- ခုသွားတွေ့မယ့် ကျွန်တော် ဆရာသခင်နှစ်ပါးရဲ့အဆင့်ကို ကိုနိုင်ရောက်နေပြီလား။ ဒါမှမဟုတ် မရောက်သေးဘူးလား ဆိုတာကိုပဲ ကိုနိုင်လျှို့ဝှက်လွန်းလို့ ကျွန်တော် မခန့်မှန်းနိုင်သေးတာ။ ဒါက ကျွန်တော်ညံ့သေးတာလည်းပါမှာပါ"

ကျွန်တော် ကိုညို၏ အကင်းပါးမှုကို ချီးကျူးမိပါသည်။ ပြုံးရုံပြုံးနေပါ၏။ ကိုညို့စကားကြားတော့မှကိုအောင်ကျော်ရော ကိုခင်မောင်အေးပါ ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကိုယူကြည့်ပါတော့၏။ သူတို့နှစ်ဦးလုံး၏မျက်နှာ၌ အနီးကပ်နေပြီး ယခုမှသိရသော်လည်း မျက်လုံးများ၌ကျေနပ်ခြင်း၊ အားကျဂုဏ်ယူခြင်းများ ဖြင့်ပြည့်နေသည်ကိုတွေ့ရ၍ လက်နှစ်ဖက်ကိုရုတ်တာ ပြုံးရုံပဲပြုံးနေပါတော့သည်။ ထိုအခါ ကိုညိုက ကျွန်တော့်ကို အရေးတကြီး လေးလေးနက်နက် စကားပြောလာပါတော့သည်။

"ဒီဘုရားကုန်းပေါ်က ဆရာနှစ်ပါးက ညီအစ်ကိုအရင်းတွေပဲ ကိုနိုင်။ ညီဆရာသခင်က အရုပ်ရှည်သလောက် သိပ်စိတ်ရှည်တယ်။ အစ်ကိုဆရာသခင်က အရုပ်ပုသလောက် စိတ်တိုစိတ်ဆတ်တယ်။ ကိုနိုင်လည်း လူကြီးသူမတွေနဲ့ ပြေပြေလည်လည် ဆက်ဆံတတ်မှန်း ကျွန်တော်သိနေပေမယ့် ပညာသည်ချင်းတွေ့ရင် ပညာစမ်းတတ်တဲ့ဉာဉ်တွေက အလိုအလျောက်ပေါ်လာတတ်ကြတာ။ ဒါကြောင့် ဘာပဲဖြစ်နေဖြစ်နေ ကိုနိုင်ရေ ကျွန်တော်တို့မျက်နှာထောက်ပြီးတော့ သည်းခံပေးပါ ဟုတ်လား။ ရက်ချုပ်ယူပြီး ကျသင့်ငွေချေပြီးတာနဲ့ ဆရာကြီးနှစ်ပါးကို ကန်တော့ပြီး အေးအေးလူလူ ဘုရားကုန်းပေါ်က ပြန်ဆင်းလာကြတာပေါ့။ ဒါနဲ့ ကိုအေးရေ၊ ကိုအောင်ကျော်နဲ့ ကိုနိုင့်အတွက် သာယာစရွာမှာ ကျွန်တော် ညစာစီစဉ်ထားတယ်နော်။ ကိုအေးကော တစ်ပါးတည်းလိုက်ခဲ့ ဟုတ်လား"

ကျွန်တော်တို့အားလုံး ဘုရားကုန်းခြေရင်းသို့ရောက်လာပါပြီ။ အရှေ့ဘက်စောင်းတန်းမှ ဘုရားကုန်းပေါ် တက်လာပါသည်။ ကုန်းမြင့်ပေါ်၌ အလွန်သပ္ပာယ်၍ ဝင်းနေအောင် ရွှေချထားသောစေတီကိုလည်း လေအတိုက်၌ ဆည်းလည်းသံတချွင်ချွင်ဖြင့် ဖူးတွေ့ရပါပြီ။ အလွန်တရာမှပင် အေးချမ်းလှသောနေရာတစ်ခုပါပေ။ စောင်းတန်း၌ ဆရာ ဦးစိန်ဦး၏ ရက်လေးစက်ဘီးကို သော့ခတ်ရက်တွေ့ရသည်။

ကိုအောင်ကျော်က ကျွန်တော့်ကို -

"အချိန်မှန်ပဲ၊ ဆရာဦးစိန်ဦးလည်း ရောက်နေလောက်ပြီ မောင်နိုင်"

ကျွန်တော်ကား ပညာအရာ၌ ဖွဲနပဲကြီးလှသော ဆရာဦးစိန်ဦး၏ အင်းပညာရပ် ဆရာနှစ်ပါးကို စိတ်၌ ပုံဖော်နေပါသည်။ အလွန်အသက်ရှိလှ ဆရာဦးစိန်ဦးထက် ပိုကာသီကာ (၆၀) ကျော် ပတ်ဝန်းကျင်များဟု စိတ်နှင့် အသက်အရွယ်ကို ခန့်မှန်းကြည့်နေပါသည်။ စေတီတော်ကို အားလုံး ဦးချ ဝတ်ဖြည့်ရှိခိုးကြပြီး စေတီတောင်ဘက်ရှိ ဘုရားကုန်းပေါ်မှ ဇရပ်ကလေးထဲသို့ ကျွန်တော်တို့ဝင်လာကြပါသည်။

တွေ့ပါပြီ။ တင်ပျဉ်ခွေထိုင်နေကြသော ဆရာဦးစိန်ဦးနှင့် ပညာသင်များလားမသိနိုင်သော လေး၊ ငါး၊ ခြောက်ဦးခန့် ဧည့်သည်များတွေ့ပါပြီ။ သူတော်စင်နှစ်ပါးကား ဇရပ်ဦးခေါင်းခန်း၌ တင်ပျဉ်ခွေထိုင်နေကြပါသည်။ ဆရာများကိုမြင်တွေ့ရသည်နှင့် ကျွန်တော် အတွေးမှားမှန်းသိရပါပြီ။ သူတော်စင်တစ်ပါးက အရုပ်ခပ်ပုပု၊ သူတော်စင်တစ်ပါးကား အရုပ်ရှည်ရှည်။ မျက်နှာချင်းကား ညီအစ်ကိုမှန်းသိသာစွာ ဆင်ဆင်တူနေကြပါသည်။ ပိတ်ဖြူပိတ်ခေါင်းပေါင်း စည်းများအထက်၌ရှိသော ကွမ်းသီးလုံးခန့် ထုံးဖွဲ့ထားသော သျှောင်ဆံပင်များကား ဆရာနှစ်ဦး၏အသက်ကို ခန့်မှန်းရနိုင်ပါသည်။ အသက်ရှစ်ဆယ်ဝန်းကျင် အရွယ်များ နှစ်ပါးစလုံး ဝတ်ဖြူစင်ကြယ် ပိတ်ဖြူခေါင်းပတ်၍။

ကျွန်တော်တို့ လေးဦးစလုံး ဆရာနှစ်ပါးကို ရိုရိုသေသေ ဝတ်ဖြည့်ရှိခိုးကြပြီး ခိုရိုသေသေထိုင်ကြပါသည်။ ထိုအချိန်၌ ကျွန်တော်သည် အဘွားတစ်ဦးတည်း၏ ခွင့်ပြုချက်ဖြင့် ဆွေမျိုးအသိုင်းအဝိုင်း၏ဩဇာကို လွန်ဆန်ကာ အဖမွေဖြတ်ခံ၍ ဗုဒ္ဓဘာသာသာသနာတော်သို့ကူးပြောင်းဝင်ရောက်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ရဟန်းအဖြစ် ဒုလ္လဘရဟန်း (၇) ရက်ဆီးကာ သပြေတောင်တော၌ ဝိပဿနာ ရှုမှတ်ပွားများခဲ့ပြီးသောအချိန်လည်း ဖြစ်နေပါသည်။

ကျွန်တော်လည်း အဘဆရာနှစ်ပါးရှေ့သို့ ရိုရိုသေသေ ဒူးထောက်တက်ကာ အမျိုးသမီးထိုင်အနေအထားဖြင့် လက်အုပ်ချီ၍ -

"အဘဆရာများခင်ဗျာ၊ ဇာတာရှင်က ကျွန်တော်ကိုယ်တိုင်ပါပဲ။ နာမည်ကတော့ မောင်နိုင်လို့ပဲမှတ်ထားပေးပါ။ ကျွန်တော်အနေနဲ့လူကြီးသူမများအပေါ် မကြုံရွယ်ဘဲ စိတ်အနှောင့်အယှက်ပြုကောင်းပြုနိုင်ပါတယ်ခင်ဗျာ။ ငယ်ရွယ်သူမို့ သည်းခံခွင့်လွှတ်ပေးဖို့ ကနဦးတောင်းပန်ပါရစေ"

တောင်းပန်စကားကတော့ ချိုသာကြည်မွေ့လှပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်၏ စိတ်အနေအထားကား ဆရာနှစ်ပါးကို ရွံ့သာရွံ့စိတ်ရှိ၍ ကြောက်စိတ်၊ အားငယ်စိတ်မရှိခြင်းပင်။ ထို့ကြောင့် လူကြီးများကို ရဲရဲဝံ့ဝံ့ပခုံးမတ်ကာ ပြန်ကြည့်မိပါတော့သည်။ ဆရာနှစ်ဦးလုံး၏ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး စူးစမ်းသောအကြည့်များကလည်း ဓားတစ်စင်းဖောက်ထွင်းမတတ်စူးရဲလှပါသည်။ သူတို့နှစ်ပါးစလုံး၏ ယုံရခက်နေသော ဝေဖန်မရဟန်ကိုလည်း သူတို့၏မျက်နှာပေါ်၌တွေ့ရ၍ ရည်ရည်မွန်မွန်ပြုံးလိုက်ပါသည်။ လူကသာ လက်အုပ်မဖြုတ် ရှိခိုးဟန်ရှိသော်လည်း အရွယ်က (၂၀) အရွယ်နုနု၊ မျက်နှာဆင်အကျပုံက ပသီလူမျိုးမျက်နှာ။ ထို့ကြောင့် ဆရာနှစ်ပါးနားလည်ရန် ရှင်းပြရပါသည်။

"မွေးဖွားတုန်းကတော့ ကျွန်တော့်ဇာစ်မြစ်က ပသီဘာသာဝင်ပါ။ မြန်မာပသီသွေးနှောပါ။ အသက် (၁၇) နှစ်ကျမှ အဘွားတစ်ဦးတည်းရဲ့ ခွင့်ပြုချက်နဲ့ အသိုင်းအဝိုင်းဉာတကာနီစွဆွေမျိုးတွေရဲ့ အမွေဖြတ်ခံပြီး ဗုဒ္ဓဘာသာသာသနာထဲကို ရဲရဲဝံ့ဝံ့ကူးပြောင်းလာခဲ့တာပါ။ ဒုလ္လဘရဟန်းလည်းဆီးပြီးခဲ့ပြီးပါပြီခင်ဗျာ"

ထိုအခါကျမှ နားလည်သွားပုံရပြီး ဆရာနှစ်ပါး၏မျက်နှာ၌ ပျော့ပျောင်းဖြေလျော့သွားပါသည်။ ဘာမှတော့ မပြောပါ။ ကျွန်တော်ကသာ အဘပုနှင့်နီး၍ -

"မွေးရက်၊ မွေးလ၊ မွေးနှစ်၊ မွေး



www.burmeseclassic.com

www.burmeseclassic.com

နေ့ အမှန်ပါ ဆရာ။ ရက်ချုပ်လုပ်ခ ညှက်ပူဇော်ခ ကျသင့်ငွေ ရှင်းခဲ့ပါရစေ"

ဒါတောင် သေချာရဲ့လားဟု နှစ်ပါးစလုံးက စစ်စစ်ပေါက်ပေါက်မေးနေ၍ မွေးသက္ကရာဇ်အပြင် မွေးချိန်နာရီအတိအကျပါ၊ မိနစ်ပါမကျန် ပြန်ပြောရပါသည်။ အဘရှည်က နောက်နား၌ထိုင်နေသော ဆရာဦးစိန်ဦးကို ခေါင်းဆတ်ခေါ်လိုက်ပြီး -

"မောင်စိန်ဦးရေ ဟိုကလပ်ပေါ်တင်ထားတဲ့ ရက်ချုပ်ဇာတာကိုယူပြီး လူကလေးကိုပေးလိုက်ပါ။ ဇာတာဖွဲ့ခမင်းလည်းသိနေတာပဲ။ လူကလေးဆီတယူပြီး ကလပ်ပေါ်ပဲတင်ထား။ လေမလွင့်အောင် အနားက အလေးတစ်ခုခုနဲ့ဖိထား ဟုတ်လား"

ဆရာဦးစိန်ဦးကို ဇာတာဖွဲ့ခပေးပြီး ရက်ချုပ်ကို ရိုရိုသေသေ လက်ခံကာ အသေအချာ ကြည့်နေမိတော့သည်။ ညာဘက်၊ ဘယ်ဘက် အစုံအလင်။ သပ်ရပ်လှပသော ဇာတာဖွဲ့ကညစ်လက်ရေးများနှင့် မွေးဖွားချိန်၊ ကောင်းကင်နက္ခတ်တည်နေရာများ၊ ရာသီဖွား၊ လက်စုံလှသည်။ ဉစ်တော့ မရပါ။ ကြာသပတေးသား ငယ်နာမည် မောင်မြသွင်ဆိုတော့ စိတ်ထဲ၌ နာမည်အသစ်တစ်ခုတော့ရတာပေါ့လေဟုတွေး၍ပြုံးလိုက်မိပါသည်။ အသက်(၂၀)ကျမှ ငယ်နာမည်တွေဘာတွေရလို့ ကျွန်တော့်ကံများ။

ချောင်းဟန့်သံကြားမှ ကျွန်တော်မော့ကြည့်မိသည်။ အဘပုက သူ့အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ဖြူခေါက်ကလေးတစ်ခုကိုထုတ်၍ ကျွန်တော့်ကိုကမ်းပေးနေ၍ ရှေ့သို့ဒူးထောက်တက်ယူကာ မူလထိုင်နေရာသို့ ရိုရိုသေသေ ဒရွတ်တိုက်ပြန်ဆုတ်၍ မူလနေရာသို့ပြန်ထိုင်လိုက်ပါသည်။ စာရွက်ခေါက်ဖြူလေး၌ ဘာရေးထားသည်ကိုတော့ သိချင်လှပါသည်။

အဘပုက -

"ဒီရက်ချုပ်ထဲကအတိုင်း လူကလေးရဲ့ မွေးရက်၊ မွေးလ၊ မွေးနှစ်နဲ့ မွေးနာရီအချိန်တွေသာတိုက်ဆိုင်ရင် နောက် (၁၀) နှစ်ကြာတဲ့အခါ လူကလေးအသက် နှစ်သုံးဆယ်ပြည့်တဲ့နေ့မှာ အလွန်ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုကို မုချကြီးကြုံတွေ့ရလိမ့်မယ်။ လူကလေးက ခုမှအသက်နှစ်ဆယ်ဆိုတော့ အချိန်လိုပါသေးတယ်ဟုတ်လား။ ဇာတာရက်ချုပ်မှာ ထည့်ရေးပေးလို့မရလို့ သီးသန့်စာရွက်နဲ့ရေးပြီး လူကလေးကိုအသိပေးတာကွယ့် ဟုတ်လား။ ခုအချိန်ဖွင့်မဖတ်နဲ့ကွယ်။ တချို့ကိစ္စတွေက ကြိုသိထားလို့မကောင်းဘူး။ စိတ်စွဲသွားတတ်တယ်။ ဉပဒ်ကြောင့် ဉပါဒါန်လည်းဖြစ်တတ်တယ် ဟုတ်တယ်မဟုတ်လား။ သေသေချာချာသိမ်းထားကွယ့်။ မပျောက်ပျက်စေနဲ့ ကြားလား"

ခုဖွင့်မဖတ်ရဘူးတဲ့။ စည်းကမ်းကလည်းကြီးလှပါလား။ ဉပဒ်တွေရော ဉပါဒါန်တွေရော။ ထိုသို့ စိတ်ထဲကတွေးရင်း ရိုရိုသေသေခေါင်းညိတ်ကာ စာရွက်ခေါက်ကလေးကို ဇာတာရက်ချုပ်ပေါ်သို့ တရိုတသေတင်ထားလိုက်ပါသည်။ ပြီးမှ ရိုရိုသေသေပင် -

"နောင် အနှစ်သုံးဆယ်ကျမှ ဖွင့်ဖတ်ပါမယ်ခင်ဗျာ။ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းပါမယ်ခင်ဗျာ"

ထိုအခါ အဘရှည်က ပြုံးရင်းဝင်ပြောလာပါသည်။

"ရက်ချုပ်ဇာတာပေးရုံနဲ့ မောင်ခင်မောင်အေးတို့ မောင်ညီတို့နဲ့ပေးလိုက်လို့ရတာပဲကွယ့်။ ဒါပေမယ့် နောင်အနှစ်သုံးဆယ်မှာ လူကလေးကြုံကိုကြုံရမယ်ဆိုတာကလည်း အကောင်းပါ။ လူကလေး စိုးရိမ်စရာဘာမှမရှိဘူး။ အိပ်မက်ကောင်းတစ်ခုကို မလွဲမသွေ လူကလေးကြုံရုံမှာပါ။လူကလေးစိတ်မထင့်အောင် ကြိုပြောထားတာပါ။ အဲဒီမြင်မက်မယ့်အိပ်မက်ကိုလည်း ကြိုအသိပေးချင်လို့ သည်အိပ်မက်ကိုမှမြင်မက်ရမယ့် လူကလေးကိုလည်း ငါတို့ညီအစ်ကိုနှစ်ယောက်မြင်ဖူးချင်လို့ သည်နေရာ လူကလေးကိုခေါ်တွေ့တာကွယ့်။ ရှင်းပြီလား"

"ဘုရား ဘုရား"

ကျွန်တော်ရင်ထဲကနေ ဘုရား၊တရင်း တော်တော်ကြီးပင် အထိတ်အလန့်ဖြစ်သွားရပါတော့သည်။ ဗေဒင်ပညာရပ်၏သုံးပုံ၌ အတ္တပနဟုခေါ်ဆိုသော အတိတ်မှန်၊ အတိတ်ဟော မုချဖြစ်ကိုဖြစ်ရမည်ဟု ဟောပြောနိုင်သော ဗေဒင်ပညာရပ်နှစ်ပုံကိုရေမျှော၍ဖျက်ဆီးပစ်ပြီဟု ရှေးရိုးတ်ဆင့်တမ်းစကားကို ကျွန်တော်တို့အားလုံး ကြားဖူးထားကြသည်မဟုတ်ပါလား။ ယခု ကျွန်တော့်ရှေ့၌ထိုင်နေသော အဘဆရာကြီးနှစ်ပါးသည်ကား ကျွန်တော့်အနာဂတ်၊ ပစ္စုပ္ပန်၊ အတိတ်ကို မဆိုထားနှင့်၊ ကျွန်တော်မက်ရမည့် အိပ်မက်ကိုပင် ပိုင်းခြား၍တွက်နိုင်၊ ဟောနိုင်နေပြီဆိုမှတော့ ကျွန်တော် မထိတ်လန့် မည်သူထိတ်လန့်ပါမည်လဲ။ မဖြစ်နိုင်သောကိစ္စသည် ဖြစ်နိုင်တာထက် ကျော်လွန်၍ ကျွန်တော်နှင့်ကျမှ ပက်ပင်းတိုးနေရပါသည်။

ရက်ချုပ်ဇာတာပေါ်မှ စာရွက်ခေါက်ကလေးကို ကျွန်တော်ထိတ်လန့်စွာကြည့်နေမိပါတော့သည်။ ဘုရားကုန်းပေါ်မှ လေပြည်ကြောင့် စာရွက်ခေါက်ကလေးက တဖျတ်ဖျတ်လှုပ်နေပါတော့သည်။ ဤစာရွက်ခေါက်ကလေးထဲ၌ နှစ် (၃၀) ကြာမှမက်မည့် အိပ်မက်သစ်တစ်ခုက ကျွန်တော့်ကို စောင့်ကြိုနေပါသည်။ စာရွက်ခေါက်ကလေးကို ကြည့်သာကြည့်နေသော်လည်း ကျွန်တော့်စိတ်မြင်ကွင်း၌ အသစ်တစ်ဖန်ပြန်ဖြစ်၍ မြင်နေရသည်ကား ဗုဒ္ဓရုပ်ပွားတော်မျက်နှာအား မော့ကြည့်နေသော သိမ်ကြီးတစ်ခုထဲမှ ဘောင်းဘီတိုစိမ်းနှင့်ကောင်ကလေးတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် နားထဲကအသံက တခြား။

"နှစ် (၃၀) အကြာမှာ မက်မယ့်အိပ်မက်တဲ့။ မက်မယ့်အိပ်မက်တဲ့"

လက်ရှိယခုရောက်သောနေသောဇရပ်လည်းမရှိ အဘဆရာနှစ်ပါးလည်းမရှိ၊ သူငယ်ချင်းများလည်းမရှိ။ ဘုရားရုပ်ပွားတော်ရှေ့ ဘောင်းဘီစိမ်းလေးနှင့် အပြစ်ကင်းစွာအိပ်နေသောကောင်လေးတစ်ယောက်ကို ကျွန်တော်၏ ယခုအသက်နှင့် မောင်နိုင်ကြီးက ငုံ့ကြည့်နေပုံသာ မြင်နေရတော့သည်။ မောင်နိုင်ကြီးကပြုံး၍ အိပ်နေသော မောင်နိုင်လေးကိုကြည့်၍ စကားပြောနေသည်၊

"နှစ် (၃၀) မှာ အိပ်မက်အသစ်တစ်ခုမက်ဦးမယ်တဲ့ ကောင်ကလေး၊ (၃) နှစ်သားမှာ မင်းမက်ခဲ့တဲ့အိပ်မက်နဲ့တင် ဗျာများပြီးပြီ။ အချိန်တွေအလုပ်ရှုပ်ပြီးပြီ။ မင်းထပ်မက်ချင်သေးသလား ဒကာင်ကလေး မောင်နိုင်၊ တော် တော့၊ တော်ပါတော့၊ ရပ်ပါတော့၊ ဒီ (၃) နှစ်တွေ နောင်လာမယ့် နှစ် (၃၀) တွေဆိုတဲ့ ဒီအက္ခရာသုံးဂဏန်းတွေက မင်းနဲ့ကျမှ ဘာလို့တိုက်တိုက်ဆိုင်ဆိုင် ပတ်သက်နေရတာလဲ။ တန်ဟဲ့ 'သုံး' တော်ပါတော့ 'သုံးဆယ်' တော်ပါတော့'

ချောင်းဟန့်သံကြားမှ ကျွန်တော် သတိပြုမိသွားတော့သည်။ ကျွန်တော့်စိတ်က အတိတ်ဟောင်းမြင်ကွင်းများ ပျောက်သွားပြီး ပစ္စုပ္ပန်ထဲသို့ ထဲထဲဝင်ဝင် ရောက်ရှိလာတော့သည်။ စိတ်ထဲကလည်း 'ဪ - ငါအတိတ်ကိုရောက်သွားတာကိုး' ဟု စေ့ငုံမိပါတော့သည်။ သို့သော် သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာကွယ့် လူငယ် ဘာကွယ့်။ အဘတို့များ မင်းပြောတာနားကြားများ လွဲနေသလား။ (၃) နှစ်သားမှာလည်း အိပ်မက်မက်ခဲ့တယ်။ အလုပ်တွေရှုပ်ဗျာများခဲ့တယ်။ (၃) အက္ခရာတွေကျမှ မင်းနဲ့ဘာလို့တိုက်ဆိုင်နေရတာလဲဟုတ်လား။ ဒီအကြောင်းကို ပြန်ပြောစမ်းပါဦး၊ ပြန်ပြောစမ်းပါဦး လူငယ်"

အဘပု၏ အသံကား တုန်ယင်စွာ ခပ်ဆတ်ဆတ်ဖြစ်နေသည်။ ဒေါသသံကြောင့် ဇရပ်တစ်ခုလုံး ကျယ်ကျယ်လောင်လောင်ကြားရတော့သည်။ သွားပြီဟုပင် ကိုယ့်ကိုယ်ကိုယ် စိတ်ထဲက အပြစ်တင်နေမိတော့သည်။ အလွန်ဆင်ခြင်ပါနေ၌ဟု သူငယ်ချင်း ကိုညို၊ ကိုခင်မောင်အေးတို့ အတန်တန်မှာထားလျက်နှင့် အသိမဲ့စွာ အတိတ်မှပုံရိပ်တို့ကြောင့် ကျွန်တော့်စိတ် တဒင်္ဂလွတ်သွားတော့သည်။ စိတ်လွတ်ရုံကား တော်ပါသေး၏။ သို့သော် နှုတ်မှအသိမဲ့စွာ ရေရွတ်စကားကထွက်သွားခဲ့ပေပြီ။ စိတ်တိုစိတ်ဆတ်သော အဘပုကား မေးနေပေပြီ။ ကျွန်တော် အဘရှည်ကို လှမ်းကြည့်မိတော့သည်။ မျက်လုံးနှင့်လည်း ခယအောက်ကျို့စွာ အကူညီတောင်းသလို မျက်လုံးစကားပြောနေမိတော့သည်။ 'ကူညီပေးပါဦး အဘငယ်ရာ။ ကျွန်တော် ကျွန်တော့်စကားတော့ဖြင့် မှားသွားပြီ' လို့ အဘရှည်ကို တောင်းပန်ကြည့်ကြည့်တော့မှ ကျွန်တော့်အတွက် ပိုဆိုးပါတော့သည်။

"လူကလေး၊ မင်းပြောပုံအရ (၃) အက္ခရာနဲ့မကင်းဘူး။ (၃) နှစ်သားမှာလည်း အိပ်မက်တစ်ခု မြင်မက်ခဲ့တယ်ဆိုတော့ အဲဒီ (၃) နှစ်သားအိပ်မက်ရဲ့ အကြောင်းအရာက ဘယ်လိုလဲ။ ဒါကို ခရေစေ့တွင်းကျ အဘတို့ကို လူကလေးပြောပြမှဖြစ်တော့မယ်။ မင်းရဲ့ (၃) နှစ်သားအိပ်မက်ကိုသိမှ အဘတို့တွက်ပေးထားတဲ့ နှစ် (၃၀) အိပ်မက်နဲ့ချိန်ထိုးပြီး အမှား၊ အမှန်ကို ခွဲခြားရမယ့်ကိန်းဆိုက်နေပြီဆိုတာ လူကလေးသိရမယ်။ အဲဒီ (၃) နှစ်သားအိပ်မက်ကို လူကလေးက အဘတို့ကိုမပြောဘဲ ရေငုံနှုတ်ပိတ်နေမယ်ဆိုရင်လည်း မပြောပါနဲ့ ရပါတယ်။ ဒါပေမယ့် ဧည့်သည်လူကလေးက အဘတို့ပညာကို အကြီးအကျယ်စော်ကားသွားပြီလို့ အဘတို့မှတ်လိုက်ပါ့မယ် ဟုတ်လား"

ကျွန်တော် ဘာများတတ်နိုင်ပါတော့မလဲ။ ထို့ကြောင့် ပညာစော်ကားသူတော့ အဖြစ်မခံနိုင်ပါ။ ခေါင်းငိုက်စိုက်ချ၍ အဘဆရာနှစ်ပါးနှင့် ဇရပ်ထဲမှ လူများအားလုံး ကြားလောက်အောင် (၃) နှစ်သားကမက်ခဲ့သောအိပ်မက်နှင့် နောက်ဆက်တွဲ ကျွန်တော်လုပ်ခဲ့သော ဇရပ်ထဲမှ ဗုဒ္ဓရုပ်ပွားတော် မော့ကြည့်ခဲ့ရသောအလုပ်များကို တဖြည်းဖြည်းချင်း ပြောပြရပါတော့သည်။ ပြောပြီးလည်း အဘဆရာနှစ်ပါးကို ကျွန်တော်မော့မကြည့်ပါ။မကြည့်ရဲ၍မဟုတ်ပါ။ အလွန်အားနာ၍ ဖြစ်ပါသည်

အိပ်မက်ကိုပြောပြီးပြီ၊ ကိစ္စဝိစ္စလည်းပြီးပြီဟု စိတ်ကို တုံးတုံးချကာမှ အဘနှစ်ပါးတို့၏ကျယ်လောင်စွာငိုသံကို ကြား၍ မော့ကြည့်မိတော့သည်။ စိတ်ထဲမှ သွားပြန်ပြီဟ၊ သူတို့ပြောခိုင်းလို့ ပြောရတယ် ဘာမှားသွားပြန်ပြီလဲမသိဘူး ပြောနေမိတော့သည်။

အဘရှည်က ငိုသံပါကြီးနှင့်ပြောပါတော့သည်။

"ကြားလို့မှ ကောင်းသေးရဲ့လား နောင်တော်ကြီးရဲ့။ ညီလေးတို့ညီအစ်ကို နှစ်ဦး နှစ်ပေါင်းမြောက်မြားစွာ လေ့လာလိုက်စားခဲ့တဲ့ အမြတ်တနိုးပညာတွေက သည်ကလေးနဲ့တွေ့တော့မှ ဘာမှအသုံးမကျတော့ဘဲ သဲထဲရေသွန်ဖြစ်ကုန်ပါပေါ့လား"

အဘပုကား တစ်စုံတစ်ရာ စိတ်ပိုင်းဖြတ်ပြီးသောမျက်နှာဖြင့် လေးပင်စွာ ထလိုက်ပါတော့သည်။ ပြီးမှ ဇရပ်ဦးခေါင်းရင်းပိုင်းသို့ လေးပင်စွာ တစ်လှမ်းချင်းလျှောက်သွားပါတော့သည်။ ပြီးမှ ကလပ်ပေါ်၌တင်ထားသော ပိတ်စအနီရောင်ဖြင့်ထုပ်ထားသည့် အထုပ်တစ်ခုကိုဆွဲယူ၍ ဇရပ်မှထွက်ကာ စေတီရင်ပြင်ပေါ်သို့ အားနှင့်လွှဲကာ လွှင့်ပစ်လိုက်ပါတော့သည်။ ပိတ်စအနီထုပ်ထားသော အထုပ်ပြေ၍ အထုပ်ထဲမှ ပေ၊ ပုရပိုက်မျိုးစုံတို့သည် စေတီရင်ပြင်၌ အစီအစဉ်မဲ့စွာ ပြန့်ကျဲသွားပါတော့သည်။

ကျွန်တော် အပါအဝင် ဇရပ်ထဲမှ လူအားလုံး နားမလည်ကြတော့ပါ။ အသက်ပင် ရဲရဲမရှူရဲအောင် ဖြစ်သွားရပါတော့သည်။ နောက်မှ အဘရှည်ကား စိတ်ကိုထိန်းချုပ်သွားနိုင်ပုံဖြင့် ကျွန်တော့်ကိုကြင်နာစွာကြည့်၍ပြောလိုက်ပါတော့သည်။

"ကဲ - လူကလေး၊ နောင်အနှစ် (၃၀) ကျမှ လူကလေးဖတ်ပိုင်ခွင့်ရှိတဲ့ ဖတ်ရမယ့်စာကို ခုအချိန်ကစပြီး လူကလေးဖတ်ပိုင်ခွင့်ကို အဘတို့ခွင့်ပေးလိုက်ပါပြီ။ ဖတ်ခွင့်လူကလေးရသွားပါပြီ။ ခုပဲဖွင့်ဖတ်ကြည့်ပါ။ ဖွင့်ဖတ်မှလည်း လူကလေးရော လူကလေးမိတ်ဆွေတွေပါ စိတ်ထဲရှင်းရှင်းလင်းလင်းဖြစ်သွားမှာပေါ့။ အသံထွက်ပြီးဖတ်လိုက်ပါကလေး"

ကျွန်တော် စာရွက်ဖြူလေးကို တုန်ယင်စွာဖြင့် တဖြည်းဖြည်းချင်းဖြန့်၍ အသံထွက်ကာ ဖတ်ကြည့်လိုက်ပါတော့သည်။ ကျွန်တော်သာမက ဇရပ်ထဲမှ လူအားလုံး၏ ဘုရား ဘုရား,တသံကို အတိုင်းသားရေရွတ်မိကြပါတော့သည်။ ဘုရားမ,တခံနိုင်ပါရိုးလား။ စာရွက်ထဲမှ လက်ရေးလှလှဖြင့်ရေးသားထားသော နှစ် (၃၀) ကျမှ မက်ရမည့်အိပ်မက်သည် လားလား. . . ကျွန်တော် (၃) နှစ်သားခန့်ကမက်ခဲ့သော အိပ်မက်ပါအကြောင်းအရာများနှင့် တစ်သဝေမတိမ်းတူညီနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်က (၃)နှစ်သားခန့်က ကြိုတင်အိပ်မက်မက်ခဲ့သည်။ အဘဆရာနှစ်ပါးကား တစ်ထပ်တည်းကျသည့် ထိုအိပ်မက်ကို နှစ် (၃၀) ကျမှ ကျွန်တော်မက်မည်ဟု အချိန်လွဲစွာ၊ နှစ်နောက်ကျစွာ တွက်ချက်ထားခြင်းကြောင့် ယခုကဲ့သို့ သူတို့နှစ်ပါး အမြတ်တနိုးထား၍ လေ့လာဆည်းပူးခဲ့သောပညာရပ်များ၏လိုအပ်ချက်ရှိသေးသည့်အပိုင်းကို ကျွန်တော်၏ ကိုယ်တွေ့အဖြစ်အပျက်များ သို့မဟုတ် (၃)နှစ်အိပ်မက်တစ်ခုဖြင့်ထောက်ပြလိုက်သလိုဖြစ်သွားသည်မဟုတ်ပါလား။ ပညာရှင်နှစ်ပါး၏ ပညာအပေါ် ထားသော ပညာမာနသည် အလွန်တရာမှ ကြောက်စရာလည်းကောင်းလှပါသည်။ သူတို့ ရှေ့ပေါ်မြတင်တန်ဖိုးထားခဲ့သော အထက်အရပ်၌ပင်တန်ဖိုးထားတင်ခဲ့သော စိန်မှန်ကင်းနှင့်တူသောပညာသည် စေတီရင်ပြင်၌ ဖရိုဖရဲလွင့်ကျဲကာ ထင်းအဖြစ် မီးစိုက်မီးရှို့ပစ်တော့မည့် အနေအထားသို့ ချက်ချင်းပင်ရောက်ရှိသွားရသည်မဟုတ်ပါလား။

## အခန်း (၅)

## န'ငယ်အက္ခရာလေးအပြီးတိုတို၊ ဝိရှည်အောင် ဘယ်သူထပ်ဆက်ရဲ

ဇရပ်ကလေးတစ်ခုလုံး အသံတစ်ချက်မကြားရဘဲ ငြိမ်သက်နေပါသည်။ ဆရာကြီးနှစ်ပါးမှအပ ဇရပ်ထဲရှိသော လူအများ၏စိတ်ထဲ၌ ဆရာကြီးနှစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် သက်ပြင်းလေးလေးချသံများ ဟိုနေရာဒီနေရာကကြားနေရသည်။ သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမတတ်နိုင်ပါ။ ဗေဒင်ဆရာအတွက် မှားလို့ဟုဆိုပါလျှင်လည်း ဆယ်ခါမမှား၊ တစ်ခါမှားသောကိစ္စကို ခွင့်လွှတ်ပေးရ ပါလိမ့်မည်။ ယခုမူ အချိန်အခါ အဖြစ် အပျက်သည် ထိုသို့မဟုတ်ပါ။ တစ်သက် လုံး ဗေဒင်ပညာရပ်အပေါ် စိုက်လိုက် မတ်တတ် ယုံကြည် အားကိုး မြတ်နိုး၍ တန်ဖိုးထားသောစိတ်က ကျွန်တော့် ကြောင့် အချိန်အနည်းငယ်မျှနှင့် ဖရိုဖရဲ ပြိုကွဲသွားရသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်လုပ်ခဲ့သော (နှုတ်မှ မရည်ရွယ်ဘဲထွက်သွားသော အာမေ ဍိတ်စကားတစ်ခွန်းကို) ကျွန်တော်ကိုယ် တိုင်ပဲ တာဝန်ယူရပါမည်။ ဤကိစ္စသည် နှယ်နှယ်ရရကိစ္စမဟုတ်ပါ။ အလွန်နက်နဲ သောကိစ္စဖြစ်ပါသည်။ အထူးတလည် သတိထားကိုင်တွယ်ရမယ့်ကိစ္စလည်းဖြစ် ပါသည်။ အကြောင်းမှာ ဆရာသခင် နှစ်ပါး၏ တွက်ချက်မှုအတတ်ပညာက မှန်ပါသည်။ ကျွန်တော်တွေ့ကြုံခဲ့ရသော မက်ခဲ့သောအိပ်မက်သည် အချိန်အခါ များ၍ မက်ခဲ့ပါသည်ဟု ပညာရပ်နှင့် အိပ်မက်တို့ ထိပ်တိုက်တွေ့ပွဲ၌ အဘ ဆရာနှစ်ပါးကို အနိုင်ပေး၍ ကျွန်တော် က အရှုံးကို လက်ခံယူရန်ပဲဖြစ်ပါသည်။ ဖြစ်နိုင်ပါမည်လား၊ မဖြစ်နိုင်ပါ။ ဖြစ်နိုင် မည်မထင်ပါ။

အဘဆရာနှစ်ပါး၏ အရွယ်က ဘဝ၏ဆီမီးကုန်ခန်းလုလုအနေအထား ဖြစ်ပါသည်။ ပညာမာနအလွန်ကြီး ကြောင်းလည်း အပြုအမူနှင့်သက်သေပြ ခဲ့ပြီးပြီ။ စေတီရင်ပြင်၌ အဝတ်ပိတ်စ အနီပြေ၍ ပုရပိုက်မျိုးစုံပြန့်ကျဲနေခြင်း က ထိုပညာရပ်များကို အဘဆရာနှစ်ပါး မယုံကြည်တော့ပါ။ စွန့်ပစ်ပြီးကြောင်း လူသိရှင်ကြားကြေညာထားသလိုမဟုတ် ပါလား။ အဘတို့မှန်တယ်။ ကျွန်တော် မှားတယ်ဟု ပြောလို့ရသော လိမ်လည် ၍ အတင်းဖြင်း၍ရသောကလေးသူငယ် အရွယ်များလည်းမဟုတ်ကြပါ။ တစ်ဖက် ကလေးက အားကြီး၍ တစ်ဖက်ကလေး က အားနည်းသောကြောင့် ကြောက် ကြောက်နှင့် မနိုင်၍သည်းခံခဲ့ရသော ကလေးများလည်း ကျွန်တော်အဖြစ် အပျက်နှင့်မထူပါ။ ကျွန်တော့်တစ်ကိုယ် လုံး လေပြည်တအေးအေးတိုက်နေသော ကုန်းပေါ်၌ ချွေးပြန်နေပါတော့သည်။ လက်ရှိ ကျွန်တော် ကြုံတွေ့နေရသော ကိစ္စသည် နဂိုရှိပြီးသား နအကွရာကို အမြီးလေးတိုသည်ထင်၍ အမြီးရှည် တစ်ခု ထပ်မံ တပ်ဆင်ရဲပါသလားဟု လူတွေ့မေးခွန်း အင်တာဗျူးဖြေရမည့် ပုံသဏ္ဌာန်ဖြင့် ထပ်တူကျနေသောအနေ အထားဖြစ်ပါသည်။

အမှားနှင့် အမှန် ဆိုသည်မှာ ဘက်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာ သည်ဟု ကြားဖူးနားဝရှိထားပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ ဘက်လိုက် ရမလား၊ အဘဆရာနှစ်ပါးကိုပဲ ဘက်လိုက်ပေးမလား။ ဩော်-အမှန်နှင့် အမှားနှစ်ပါးသည် လက်ခံယူတတ်သူ၏ စိတ်ထားအပေါ်၌လည်း တည်မှီလွန်းလှ ပါသည်တကား။ ခံယူပုံခံယူနည်း အနှ၊ အရင့်ကွာခြားသည်နှင့်အမျှ အမှန်နှင့် အမှား၏ လားရာများလည်း ကွာခြား သွားပါလိမ့်မည်။ အကျိုးဆက်ကား အမှန် နှင့်အမှားကပေးသော သင်ခန်းစာကို မမေ့လျော့ဖို့သာ လိုရင်းဖြစ်ပါသည်။ ထိုမမေ့လျော့မှုကို အရင်းတည်၍ ကျွန်တော့်ကို ကောင်းသောအင်အား အဖြစ် ပြောင်းလဲနိုင်စွမ်းရှိဖို့သာဖြစ်ပါ သည်။ မှား၍လည်းကြောက်ဖို့မလို၊ မှား လျှင် တစ်ချိန်ချိန်မှန်ရမည်။ မှန်လျှင် လည်း အပြစ်အနာအဆာရှိသေးလား။ အမှန်အပေါ်မှာ အနုစိတ်ရှာရပါဦးမည်။ အပြစ်အနာအဆာကင်းသော အမှန်သို့ သာ ဦးတည်ရပါမည်။ ရှိသည်။ ရှား သည်။ ရှားပါးမှုလည်း တန်ဖိုးသည် အလိုလိုတက်လာပါလိမ့်မည်။ 'သူများ အပြစ်ကို-ကိုယ့်အပြစ်ပါ' ဟု လက်လွှဲ ခံယူနိုင်သောအဆင့်ထိ ချီတက်ရပါ လိမ့်ဦးမည်။ 'ပါရမီ' သည် ကျင့်နိုင်ခဲ၏ ဟု အဆိုရှိခဲ့ပါသည်။ ပါရမီသည် ဘဝ ပေါင်းများစွာကို လက်ဆင့်ကမ်းသယ် ဆောင်ရသောတရားလည်းဖြစ်ပါသည်။ တစ်ဘဝတစ်ခါတည်းရရိုးထုံးစံမရှိပါ။

## အခန်း (၆)

## လူနှင့်နတ်တို့၏ အရောအနှောပုစ္ဆာ

ထိုအချိန်၌ ဘုရားကုန်းတစ်ခုလုံး တောင်ဘက်မှတိုက်ခတ်သော လေပြည် လေညင်းကြောင့် ဘုရားစေတီမှ ဆည်းလည်းသံလေးများက လူ့အပူသား တို့၏စိတ်ကို အေးငြိမ်းစေရန် တချွင်ချွင် မြည်နေပါတော့သည်။ ဆည်းလည်းသံ တချွင်ချွင်မြည်နေသော တစ်ဆယ့်ရှစ် တောင်မြည့် ရွှေစေတီလေးကို အောက် ခြေမှစ၍ အထက်ထီးတော်ရှိဆည်းလည်း များအထိ အားကိုးစရာရှာနေသလိုကြည့် နေသော ကျွန်တော့်အဖို့ ဇရပ်ထဲကလူ များကို တဒင်္ဂမေ့သွားပါတော့သည်။ အပူအားကြီး၍ အအေးရှာနည်းလား ကျွန်တော်မသိပါ။ လက်ငင်း ပူစွကြွ ပူလောင်နေသောစိတ်ကို ဘေးဖယ်၍ သရဏဂုံအားကိုယူကာ စေတီတော်ကို တစ်ကန့်ချင်း ပူဇော်နေမိပါတော့သည်။ ကျွန်တော့်စိတ်ဖြင့်လည်း စေတီတော် တစ်ဆူကို အပြင်မှာရော ရင်ထဲမှာပါ မကျန် နှလုံးသားမှ ဦးခေါင်းအထိ တည်ဆောက်နေပါတော့သည်။ အပြင် ကစေတီရော နှလုံးသားကစေတီပါ လေးမျိုးသောစေတီများဖြစ်သည့် (၁) ဓာတုစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿစေတီ၊ (၄) ဓမ္မစေတီအဖြစ် မခွဲခြားတော့ပါ။ ကျွန်တော့်ရှေ့၌ပင် ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကရုဏာ တော်နှင့်မေတ္တာဓာတ်ဖြန့်ချိ၍ရောက်နေ သကဲ့သို့ ကြည်နူးခြင်း၊ အားရခြင်း၊ ရွှင်လန်းခြင်း၊ တက်ကြွခြင်း၊ အေးငြိမ်း ခြင်းအားလုံးကို အပြည့်အဝရရှိသကဲ့သို့ ခံစားနေမိတော့သည်။

ဤကား ပစ္စယံ တစ်၊ နှစ်၊ သုံး၊ လေး ကြိုးဝိုင်း၊ ခေါင်းလောင်းတော်၊ သပိတ်မှောက်၊ ဖောင်းရစ်အဆင့်ဆင့်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးအထိ အထက်မှအောက်၊ အောက်မှအထက် စုန်ချည်ဆန်ချည်နှင့် ပူဇော်နေမိရင်း ဖောင်းရစ်အဆင့်ဆင့်အရောက် မှတ်မှတ် ရရ (၃) ခုမြောက်သော ဖောင်းရစ် အရောက် အလွန်သန့်ရှင်းသော အတွေး တစ်ခု ဝင်ရောက်လာပါတော့သည်။ ထိုအတွေးနှင့်တစ်ဆက်တည်းပင် အသံ တစ်သံပါ နားထဲပြက်ပြက်ထင်ထင်ကြား ရကာ ရွှေတိဂုံစေတီတော်ကြီးနှင့်အတူ ဆွမ်းဦးပုညရှင်စေတီတော်ကြီးနှစ်ဆူကို မျက်လုံးထဲ၌ ပြတ်ပြတ်ထင်ထင်ပေါ်လာ ၍ ရှိသေစွာ လက်အုပ်ချီလိုက်မိပါတော့ သည်။

ကြားလိုက်ရသောအ သံကား တစ်ဆက်တည်းမျိုး -

'ဤအကန့်ကို လူတို့ နေ့ခင်းတည် ဆောက် ပူဇော်၍ နောက်အကန့်ကို သိကြားဒေဝါနတ်မင်းတို့ ညအခါ၌ တည်ဆောက်ပူဇော်ကြသည်'

'လူ့အရင် နတ်က အမြဲဦးတဲ့ အရှက်ဆွမ်း'

'လူတစ်သက်၊ နတ်တစ်ရက်'

ကျွန်တော် သည်လောက်တော့ ဒုံးမဝေးပါ။ လူနှင့် နတ်တို့၏ သူစည်း ကိုယ့်စည်းအကန့်များကြားမှ မလွဲမသွေ ရောနှောခဲ့ရသော အဖြစ်အပျက်များကို ဆုပ်ကိုင်မိလာရပါတော့သည်။ ကျွန်ုပ်ရား



www.burmeseclassic.com

www.burmeseclassic.com

ကုန်းပေါ်မှပြဿနာကိုဖြေရှင်းရန် ခိုင်လုံသောအကြောင်းပြချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်မိသောအခါ ကျွန်တော်လောက် ပျော်မည့်သူမရှိသလောက်ဖြစ်သွားရပါသည်။ ရွှင်လန်းစွာဖြင့် ဇရပ်ထဲမှ ညင်သာစွာ ကျွန်တော်ထကာ စေတီတော်ရှေ့သို့ ရောက်သွားပါတော့သည်။ စေတီတော်ကို ပျပ်ဝပ်စွာ လေးလေးနက်နက် သုံးကြိမ်သုံးခါ ရှိခိုးနေမိပါတော့သည်။ တည်ငြိမ်သာယာအေးချမ်းသော အသံဖြင့် -

"အပ္ပမေရော ဗုဒ္ဓေါ၊
အပ္ပမေရော ဓမ္မော၊
အပ္ပမေရော သံဃော"

စေတီတော်ကို ရှိခိုးပူဇော်ပြီးသောအခါ ပေါ့ပါးစွာဖြင့် ရင်ပြင်တော်ပေါ်လျှောက်သွားကာ ပြေနေသောပိတ်စအနီကိုကောက်ကာ ဖုန်များ၊ သဲများခါ၍ဖြန့်ခင်းလိုက်ပါတော့သည်။ ထို့နောက် ပြန့်ကျဲနေသော ပုရပိုက်မျိုးစုံကို ရိုရိုသေသေနှင့် တစ်ခုချင်းကောက်လိုက်၊ ပုရပိုက်တစ်ခုချင်းစီ၏ မျက်နှာဖုံးပေါ်မှ ကျမ်းစာခေါင်းစဉ်များကို အသံထွက်ဖတ်လိုက်နှင့် ပိတ်စအနီပေါ် သပ်ရပ်သေချာစွာ စီခင်းနေပါတော့သည်။ တစုတစ်စည်းတည်းဖြစ်အောင် ရိုရိုသေသေ လေးလေးစားစား ကြီးစဉ်ငယ်လိုက် ထုပ်ပိုး၍ ကောင်းအောင်စီစဉ်နေပါတော့သည်။ ပျောက်ဆုံးသွားပြီ။ ဤလောက၌ မရှိတော့ပါဟု ဆိုကြသော ပုရပိုက်ကျမ်းများကိုလည်း တွေ့ရပြန်တော့ နှုတ်မှအသံထွက်သွားအောင် အံ့ဩရပါတော့သည်။

"သည်ပညာရပ်တွေကပျောက်ဆုံးသွားသည်ပြောနေကြတာမှားနေပါရော့လား။ ကြည့်စမ်း - အခုထိရှိနေသေးပါလား။ ကာလလာဟာလ ယုံစရာမကောင်းလိုက်ပုံနှယ်"

နှုတ်က တတွတ်တွတ်ရွတ်ရင်း ပြန့်ကျဲနေသော ပုရပိုက်မျိုးစုံစီမိသွားပါတော့သည်။ ခင်းထားသော အဝတ်စနီဖြင့် လေးထောင့်ကျကျ သပ်သပ်ရပ်ရပ်တုပ်နှောင်ပါတော့သည်။

(ဤနေရာ၌ ပုရပိုက်ကျမ်းများ၏ အမည်များကို မှသူတော်တို့ရန်မှကာကွယ်ခြင်းငှာ အသေးစိတ်ရေးမပြခြင်းကို နားလည်ခွင့်ပေးပါ။ တစ်ကျမ်းစ၊ နှစ်ကျမ်းစဖော်ပြလျှင်ပင် စာဖတ်သူမှာ ခေါင်းနားပန်းကြီးသွားနိုင်လောက်သော အထက်လမ်းပညာကျမ်းများချည်းဖြစ်ပါသောကြောင့် . . . စာရေးသူ)

## အခန်း (၇)

## သုံးနှစ် ညီမျှခြင်း နှစ်သုံးဆယ်

ပိတ်စနီဖြင့် ထုပ်ပိုးထားသော အထက်လမ်းကျမ်းပုရပိုက်များကို ရင်ခွင်၌ ပွေ့ယူကာ ကျွန်တော် ဇရပ်ထဲသို့ဝင်လာပါသည်။ နဂိုမူလထားရာ ကလပ်ပေါ်သို့ ရိုရိုသေသေတင်ကာ ပညာကျမ်းထုပ်ကို သုံးကြိမ်သုံးခါရှိခိုးပါသည်။ ဇရပ်အတွင်းရှိ မိတ်ဆွေသင်္ဂဟာများကိုလည်း ခန္ဓာကိုယ်နှင့်ကွယ်၍ ဆရာသခင်နှစ်ပါးကို ကျောပြုကာ လက်ဟန်ဖြင့်လည်းကောင်း၊ မျက်နှာအမူအရာဖြင့်လည်းကောင်း မစိုးရိမ်ရန် အချက်ပြလိုက်ပါသည်။ ပြီးမှ အဘာပုရှေ့သို့ ရိုသေစွာထိုင်ကာ သုံးကြိမ်သုံးခါ ရှိခိုးလိုက်ပါသည်။

ဆရာသခင် အဘာပုကို ကျွန်တော် ရွေးချယ်ရခြင်းက အကြောင်းရှိပါသည်။ ဤဆရာသခင်အဘာပုကား လိပ်ခဲတည်းလည်းဖြစ်ရသောအကြောင်းများ၏မူလ မြစ်ဖျားခံရာပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ သူ့ကို အကျိုးနှင့်အကြောင်းနှင့် လက်ခံလာအောင် ကျွန်တော် စည်းရုံးနိုင်မှဖြစ်ပါမည်။ အဘာပု လက်ခံလာလျှင် အဘာရှည်က သဘောထား ပျော့ပျောင်းသည့်အားလျော်စွာ ကျွဲကူးရေပါသကဲ့သို့ စည်းရုံးပြီးဖြစ်ပါလိမ့်မည်။ အဘာပုကို ကျွန်တော် ရွံ့ကြောက်နေ၍မဖြစ်ပါ။ ဤပုဂ္ဂိုလ်ကား လောကီပညာရှင်စစ်စစ်ကြီး ဖြစ်ပါသည်။ စိတ်သာဆတ်သော်လည်း မျက်လုံးများကို ကြည့်ရသည်မှာ အပြင်စိတ်၌မဆိုင်စွာ အလွန်နူးညံ့ပြီး ရှင်းရှင်းဘွင်းဘွင်းသမားကြီးဖြစ်မှန်းကို ခန့်မှန်းနိုင်ပါသည်။ ဘူးဆို ဖရုံမသီးသောသူလည်းဖြစ်ပုံရပါသည်။ ပညာရှင်ကို စည်းရုံးမည်ဆိုလျှင် မိကျောင်းမင်းရေကင်းမပြဖို့တော့ လိုပါလိမ့်မည်။ တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောရပါလိမ့်မည်။ ဤပုဂ္ဂိုလ်မျိုးသည် သူတို့အပေါ် ဆရာလာလုပ်ခြင်းကို လက်ခံမည့်သူမဟုတ်ပါ။ ကိုယ်က နဂါးဆိုလျှင် သူက ပိုသာအောင် ဂဠုန်လုပ်ပြဖို့ ဝန်လေးနေမည့်သူမဟုတ်ပါ။ ကိုယ်က ကျားဆိုလျှင် သူက ခြင်္သေ့အဖြစ် ဟိန်းဟောက်ပြဖို့ နောက်တွန့်နေမည့်သူလည်းမဟုတ်ပါ။ ကျွန်တော်က သူတို့နှစ်ပါးထက် စကားအရာ၌ ပို၍လိမ္မာရပါမည်။ ပညာကို ပညာနှင့် ထိပ်တိုက်ယှဉ်နိုင်ရပါမည်။ ထို့ကြောင့် ဆရာသခင် အဘာပု၏မျက်နှာ အထူးသဖြင့် မျက်လုံးနှစ်လုံး၏အလယ်တည့်တည့်သို့စိုက်ကြည့်လျက် ရဲရဲဝံ့ဝံ့နှင့်ပင် စကားကိုလည်း မမာလွန်း၊ မပျော့လွန်းသောအနေအထားနှင့် -

"ပထမဦးဆုံးအနေနဲ့ အဘာတို့ဆရာသခင်နှစ်ပါးက ကျွန်တော့်ကို မလိမ်မိုးမလိမ္မာ မြေးအရွယ်၊သားအရွယ်အဖြစ်နဲ့သတ်မှတ်ပြီး စကားအရာမှာအမှားပါခဲ့ရင် စိတ်မဆိုးဖို့ ခွင့်လွှတ်ပေးဖို့တောင်းပန်ပါရစေခင်ဗျာ။ အမှားရှိရင်လည်း မညှာမတာ ဆုံးမပေးပါခင်ဗျာ"

စကားဖြင့် လှုပ်မရအောင် ကျွန်တော်စချည်နှောင်ပါပြီ။ အဘာပုကား ရင်ပြင်ပေါ်၌ ပုရပိုက်များစီရင်း ပိတ်စနီဖြင့် ထုပ်ပိုးချည်နှောင်ပြီး ကလပ်ပေါ်သို့ ကျမ်းထုပ်တင်သည်အထိ မမှိတ်မသုန် မျက်တောင်မခတ်ကြည့်နေသူ။ ကျွန်တော်လုပ်နေသမျှ နားမလည်စွာ၊ ဝေခွဲမရစွာ စဉ်းစားပုံနှင့် မျက်မှောင်ချီထားသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် မျက်မှောင်ကုတ်ကုတ်နှင့်ပင် ခေါင်းညိတ်အသိအမှတ်ပြုရုံလေးသာပြုပါသည်။ အဘာရှည်ကတော့ နှုတ်ခမ်းထောင့်လေးနှစ်ခု ကွေးရုံလေးပြုံးကာ၊ မျက်လုံးနှင့်ကျွန်တော့်ကို သင်္ကေတပြုကာ မျက်လုံးစကားပြောပါသည်။

'အစ်ကိုကြီးကျေနပ်အောင်ပြော၊ အစ်ကိုကြီးကျေနပ်ရင်ပြီးပြီ'

ဆိုသော ဟန်အမူအရာ အဘာပုဘက်သို့ မသိမသာ မေးလည်းဆတ်ပြသည်။

ကျွန်တော်ကပင် ဆက်၍ -

"သုံးနှစ်နဲ့ နှစ်သုံးဆယ်ဆိုတာ ပညတ်တရားအတွက် မှန်ကောင်းမှန်နေပေမယ့် ပရမတ်တရားအတွက်တော့ မှန်ကိုမမှန်ဘူးလို့ မြေးယူဆရင် အဘာတို့လက်ခံနိုင်ပေးပါ့မလားခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ပရမတ်တရားက ကိစ္စမှန်သမျှ သုံးသပ်ရာမှာ အဖြေမှန်နဲ့အနီးစပ်ဆုံး လမ်းညွှန်ဆရာတစ်ပါးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမစကားရှိထားပါတယ်ခင်ဗျာ"

အဘာပုမျက်နှာ၌ တွေ့ရခဲသော အပြုံးကို ကျွန်တော်တို့မြင်ရပါပြီ။ အဘာရှည်ကား ကျွန်တော့်ရှေ့ဆက်ပြောမည့် စကားကို ဝေခွဲမရပုံနှင့် မျက်မှောင်ကုတ်နေပါသည်။ကျွန်တော်ပြောသောစကားကို သဘောကျဟန်ဖြင့် ပြုံးနေပါသည်။ အဘာပုက အပြုံးနှင့်ပင် -

"ဟ-လူကလေးရဲ့၊ အဘာတို့နှစ်ဦးလုံးက ပညတ်နဲ့ ပရမတ်ကို ထုံးလို့ခြေ



www.burmeseclassic.com

www.burmeseclassic.com

ရေလိုနှောက်နေသူဆိုတာ လူကလေးကိုယ်တိုင်က မသိလို့တော့ မဟုတ်ပါဘူးနော်"

ကျွန်တော် ပြုံး၍ခေါင်းညိတ်လိုက်ပါသည်။ ဤအခြေအနေလောက်ဆို ကျွန်တော် ဆွေးနွေးလိုသောအကြောင်းတရားထဲ စိတ်ရောကိုယ်ပါဝင်ဆွေးနွေးလာ၍ ကျွန်တော်အားရှိလာပါသည်။ ရှေ့ဆက် ကျွန်တော့်ဘက်ပါအောင် ပြောင်းဖောက်ပေးရုံသာရှိပါသည်။ ရေက အင်နှင့်အားနှင့်စီးဖို့အဆင်သင့်။ ကျွန်တော်ကပင် ဆက်၍-

"အချိန်ဆိုတာကလည်း ပရမတ်တရားပဲမဟုတ်ပါလားခင်ဗျာ။ သုံးနှစ်နဲ့နှစ်သုံးဆယ် ဆိုတာ ကာလအရေအတွက် ပညတ်မှန်းသိသိနဲ့ ဒါကိုဦးတည်ပြီး ကျွန်တော်တို့စာဖွဲ့နေရင် ကျွန်တော်တို့လောက်မှားသူရှိပါဦးမလားခင်ဗျာ"

အဘတို့ဆရာနှစ်ပါး ပရမတ်ကိုဖယ်၍ ပညတ်ကိုဆုပ်ကိုင်လွန်းသည်ဟု ကျွန်တော်မစွပ်စွဲပါ။ ကျွန်တော်ကိုယ်တိုင်မှားနေသူဟု သူများကိုအပြစ်မဆို၊ ကိုယ့်ပခုံးပေါ် ကိုယ် လိုလိုချင်ချင် ဝန်ကိုတင်လိုက်သည့်စကား၊ တစ်နည်းအားဖြင့် ဘက်ကွဲနေခြင်းကို ဇစ်စုတစည်းတည်းပေါင်း၍ ဘက်မရှိအောင် မိတ်ဖွဲ့သည့်သဘော။ အဘတို့မှားလျှင် ကျွန်တော်လည်းမှားမည်။ အဘတို့မှန်လျှင် ကျွန်တော်လည်းမှန်မည်။ ကျွန်တော်က မှန်သည်ဟု ယူဆပါက အဘတို့ကိုယ်တိုင်လက်ခံပေးရမည်ဟု အဘဆရာနှစ်ပါးကို မလှုပ်နိုင်အောင် ချည်နှောင်လိုက်ပါပြီ။ ဒါကိုပင် အဘပုက ပညာရှင်ပီပီရှန်းထွက်သွားပုံက လေးစားလောက်ပါသည်။

အဘပုက လက်ညှိုးထောင်၍ ကျွန်တော့်ကို ခေါင်းယမ်းပြကာ -

"လူကလေး သိဖို့မှတ်ထားဖို့က ဗေဒင်အတတ်ပညာဆိုတာ အချိန်တွေကို အပိုင်းပိုင်းဆစ်ပြီး တွက်ချက်တဲ့ပညာကွနော်။ အချိန်ငယ်ကလေးတစ်ခုတည်းကိုယ်က သူ့ပဲပညတ်၊ သူ့ပဲပရမတ်ဖြစ်နေတာ။ ရောထွေးထားတာမဟုတ်ဘူးကွ။ အချိန်ငယ်ကလေးတစ်ခုရဲ့ဂုဏ်သတ္တိကိုပြောနေတာ။ အချိန်ငယ်လေးပေါင်းများစွာပေါင်းထားတဲ့ အချိန်ကြီးဖြစ်လာရင်လည်း ပညတ်ဂုဏ်ရည်ကပျောက်သွားပြီ၊ မရှိတော့ဘူး။ ပရမတ်ဂုဏ်ရည်ပဲရှိတော့တယ်။အခု လူကလေးပြောနေတဲ့ ပရမတ်ဆိုတာ အချိန်ကြီးကိုပြောနေတာဖြစ်တယ်။ အချိန်ကြီးဆိုတဲ့ပညတ်တရားနဲ့ဆိုရင် လူကလေးနဲ့အဘတို့က သုံးနှစ်နဲ့ နှစ်သုံးဆယ်ကို သုံးဦးသဘောတူ ဘေးဖယ်ထားလို့ရတယ်ကွယ့်။ အခုဟာက အချိန်ငယ်ကလေးတစ်ခုဆိုတဲ့ 'သူ့ပဲ ပညတ်၊ သူ့ပဲပရမတ်' ဆိုတဲ့ သေးကွေးတဲ့ အပိုင်းပိုင်းအဆစ်ကလေးပေါ်မှာ ဦးတည်ထားတာ၊ အခြေခံထားတာကွယ့်။ အဲဒါကိုက ဗေဒင်ပညာရပ်ရဲ့ ဂုဏ်ရည်ပဲ၊ သတ္တိပဲ၊ အရည်အသွေးပဲ။ ဒီအသေးစိတ် အချိန်ငယ်ကလေးကို အခြေခံထားလို့ပဲ။ အချိန်ငယ်ကလေးကိုယ်တိုင်က အခြားအခြားသော အချိန်ကြီးဆိုတဲ့ ပရမတ်ကြီးဖြစ်အောင်ပေါင်းထားတဲ့ အရေအတွက်ပညတ်ပေါင်းစုတွေက အမိန့်ပေးလွှမ်းမိုးခြင်းကနေ၊ ချုပ်ကိုင်မှုကနေ ကင်းလွတ်နေတယ်လို့ လူကလေးကိုယ်တိုင်သဘောပေါက်ထားရမယ်။ စွဲစွဲမြဲမြဲနားလည်ထားရမယ်ကွနော် ဟုတ်လား"

အဘပုက သူ့စကားကို ပိလေးနက်စေချင်၍ ခဏနားကာ ခံတွင်းရှင်းလိုက်ပါသည်။ ပြီးမှ ကျွန်တော်သာမက ဇရပ်တွင်းရှိလူအားလုံးကိုပါ သတိပြုစေချင်၊ မှတ်သားစေချင်၍ အားလုံးကိုဝေ့ကြည့်ကာ -

"ဘယ်ပညာရပ်မဆို ရုပ်ကလေးကိုအခြေခံအဖြစ်နဲ့ ယူရုံကလေးယူထားတာကို အားလုံးမှတ်ထားကြကွယ့်။ တကယ့်အနှစ်သာရစိတ်ပဲ။ စိတ်ကမူလပဲ။ အဲဒီစိတ်ရဲ့ ဖြစ်ကြက်မှုနယ်ပယ်တွေ ဆင့်ပွားမှန်ကူကွက်ပေါ်မှာ ဆင်ခြင်ဉာဏ်တွေထပ်ဆင့်ကြတယ်။ ဆင်ခြင်ဉာဏ်မှမပါဘူးဆိုရင် အဲဒါပညာမဟုတ်တော့ဘူး။ သညာဖြစ်သွားရော။ဆင်ခြင်ဉာဏ်ပါမှလည်း ပညာဆိုတာ အမှားကင်းသွားရတယ်။ မှတ်ထား လူကလေးမောင်နိုင်။ စွဲစွဲမြဲမြဲကိုမှတ်ထားကွယ့်။ 'ပညာစစ် ပညာမှန်' သမ္မာ ဆင်ခြင်ဉာဏ်ကပေးလာတဲ့အမှန်ကိုပဲ သတ္တိရှိရှိနဲ့ရွေးချယ်စမြဲ။ ဆိုက်လိုက်မတ်တတ်ဖောင်းပေးစမြဲပဲ။ ပညာသင်တပည့်တွေကိုလည်း အမှန်ကိုသာဦးစားပေးထားတဲ့ ပညာကိုသာ အမွေပေးစမြဲဆိုတာ စိတ်ထဲက ရှင်းရှင်းလင်းလင်း နားလည်ထားကြကွယ်"

ဒါသည်ပင် ပညာရှင်ပီသသောစကား၊ ပညာအပေါ်ထားသော ယုံကြည်ချက် ဘယ်လောက်ခိုင်ခံ့ပါသလဲ။ ကျွန်တော်ကိုယ်တိုင် မရောက်ရောက်အောင်ဆွဲခေါ်လာသော နေရာသည်လည်း ဤပညာဆိုသော နယ်ပယ်အတိဖြစ်ပါသည်။ အဘပုကိုယ်တိုင် ဝန်ခံစေသည်။ သူကလည်း ကျွန်တော့်ကို လှုပ်မရအောင်ချည်လာပါပြီ။ ကျွန်တော့်စကားနှင့်ကျွန်တော့်ကို တုပ်နှောင်ထားပါသည်။ ကျွန်တော်ပထမပစ်လိုက်သောစကားများကို ပစ်မရအောင် အဘပုကိုင်စွဲသော ဒိုင်းကလည်း လုံခြုံလှပါသည်တကား။ ကဲ - ဒါဆို ပထမစကားများထက်သာလွန်သော ပိုကောင်းသောဒုတိယစကားများကို ကျွန်တော်ရွေးရပါတော့မည်။ တတိယစကားများကျွန်တော့်မှာ လုံးဝရှိမထားပါ။ ပွဲသိမ်းများလည်း ဖြစ်ပါသည်။ ကျွန်တော်က်ကောင်းနိုင်သလို က်လည်းဆိုးသွားနိုင်ပါသည်။ အဘဆရာနှစ်ပါး၌ ပထမဒိုင်းထက်ပိုကောင်းသော ဒုတိယဒိုင်း ရှိမရှိ ကျွန်တော် မသိပါ။

"အဘပေးတဲ့ ပညာဆိုတဲ့ဂုဏ်ကိုပဲ ဦးထိပ်ထားပြီး မြေးအဘကိုမေးမယ်။ အဘတို့ကိုယ်တိုင် မြေးကို အဖြေရှဲရဲသာပေးပေတော့။ ပထမဦးဆုံး ရန်ကုန်မြို့မှာတည်ထားခဲ့တဲ့ 'ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကြီး' ကို နေ့ခင်းအချိန်မှာ လူတို့က တစ်ရစ်တည်ပြီး ညခင်းအချိန်မှာ နတ်တွေသိကြားတွေ တစ်ရစ်တည်တယ်။စေတီတော်ကြီးပြီးစီးအောင် လူတွေနဲ့ နတ်တွေရောနှောပြီးတည်ခဲ့တာနော်။ ဒါကို ကျွန်တော်တို့အားလုံး ယုံယုံကြည်ကြည် လက်ခံထားကြတယ်နော်။ ကဲ - ဒုတိယ၊ စစ်ကိုင်းမှာရှိတဲ့ လူတွေတည်ထားတဲ့ 'ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး'သမိုင်းကိုလည်းပြန်ကြည့်ရအောင်။ လူတွေကသာ စေတီတော်တည်သာတည်ရတယ်။ဘယ်သူများ စေတီတော်ကို ပထမဦးဆုံး အရုဏ်ဆွမ်းတင်နိုင်ပါသလဲ။ နတ်တွေ၊ သိကြားတွေ ဆွမ်းဦးလုလုတင်တာချည်း ကြုံနေရတယ်။ ဒါလူ့ဘုံလေ အဘဆရာတို့။ ဒီလူ့ဘုံမှာပဲ တချို့အကြောင်းတရားတွေမှာ လူနဲ့ နတ် အချိုးညီစွာ ရောနှောနေမှုကို မြေးတို့ကြုံနေရတာပဲ။ ဒါကို အဘတို့လည်းသိနေတာပဲ။ လူနဲ့ နတ်ရောလို့ရတာကို အဘတို့ ရဲရဲဝံ့ဝံ့နဲ့ မကြားဖူးပါဘူးလို့ ငြင်းရဲပါသလားခင်ဗျာ"

အဘပုကား ကြမ်းပြင်ပေါ်သို့ သေသေချာချာစူးစိုက်၍ မျက်မှောင်ချီကာ အတွေးနက်နေပုံရသည်။ သို့သော် သူ့မျက်နှာ၌ အလွန်တရာကျေနပ်အားရနေသောအပြုံးကိုလည်း ကျွန်တော်တို့အားလုံး တွေ့နေရသည်။ ထိုအချိန်ကျမှ



www.burmeseclassic.com

www.burmeseclassic.com

အဘရှည်က တဟားဟားရယ်မောရှ စကားဝိုင်းထဲဝင်လာပါသည်။ သူ့စကား ကြားတော့မှ ဤအဘရှည်ဆိုသော ဆရာသခင်ပုဂ္ဂိုလ်သည်လည်း အဘပု လောက်နီးနီး လေးစားကြည်ညိုအပ် သော၊ ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်မှန်း၊ လုံးဝမခေမှန်း ကျွန်တော်သာမက ဇရပ် ထဲကလူအားလုံး သတိပြုမိသွားရပါ တော့သည်။ ကျွန်တော့်အနေဖြင့် တော် တော့်ကြီးကို သတိထားရမည်ဟု ကိုယ့် စိတ်ကို သတိပေးနေမိပါတော့သည်။

"အလွန်တော်တဲ့ လူကလေးပါ လား နောင်တော်ကြီးရဲ့။ သူ့စကားသွား စကားလာအရ သူ့ကို 'လူ့သက်' နဲ့ဗေဒင် တွက်ရင် အဖြေမှန်နဲ့ မနီးစပ်ဘူးလို့ ပြော ချင်ပုံရတယ်။ 'နတ်သက်' နဲ့တွက်မှ မှန် မယ်လို့ ပြောလိုပုံရတာကိုး။ တချို့လူ တွေကို အခြေအနေ အချိန်အခါအရ လူ့သက်နဲ့ဗေဒင်တွက်ရမယ်။ တချို့ ထူးခြားတဲ့လူတွေကို အခြေအနေ အချိန် အခါရ နတ်သက်နဲ့တွက်မှ ဗေဒင်မှန် မယ်။ လူနဲ့ နတ်တွေ လူ့ဘုံမှာရောနှော လို့ရှင် လူ့သက်နဲ့ နတ်သက်ကိုရော ရောလို့မရဘူးလားလို့ ကျွန်တော့်ကို သွယ်ဝိုက်မေးနေတာကိုး။ လူ့သက်အရ (၃) နှစ်နဲ့ နှစ် (၃၀) ဆိုတာ ပြဿနာ ကြီးတစ်ခု၊ အခက်အခဲကြီးတစ်ခုလို့ ငြင်းခုံနေကြရင် 'လူ့ပြည်တစ်သက် နတ်ပြည်တစ်ရက်' ဆိုနိုင်လောက်တဲ့ နတ်တွေက လူတွေနှယ်ကွာ ပြဿနာ မဟုတ်တာ ပြဿနာလုပ်လို့ဆိုပြီး ကဲ့ရဲ့ အတင်းဆိုကြလိမ့်မည်ဆိုမှာပေါ့။ နတ် ပြည်အတွက်က (၃) နှစ်နဲ့ နှစ် (၃၀) ဆိုတာ ဘာကြာတာမှတ်လို့လဲ။ တရေး အိပ်ပျော်သလောက်ရှိတာ။ တစ်ငိုက် မေ့ရုံလေးရှိတာမဟုတ်လား။ ပညာရပ် တိုင်း အကဲ့ရဲ့မကင်းသူ၊ ပညာရပ်တိုင်း အပြစ်အနာအဆာရှိတယ်ဆိုပြီး ဘေး ဖယ်ထားရင် ကျွန်တော်တို့ နောင်တော် တို့ရဲ့ ဘိုးဘေးဆရာတွေက ကဲ့ရဲ့လိမ့် မယ်၊ ငြိုငြင်လိမ့်မယ်၊ စိတ်ဆိုးလိမ့်မယ်။ အဘတို့နှစ်ပါး မကြောက်ဘူးလားလို့ ခြိမ်းခြောက်နေသလိုပါပဲလား ဟရို့။ ကျလည်းကျတဲ့လူကလေးပဲ"

ထိုအချိန်ကျမှ နောက်နား၌ငြိမ် နေသော ဆရာဦးစိန်ဦးက ကျွန်တော့် အတွက်ထောက်ခံသောစကား၊ တစ်နည်း အားဖြင့် အပြီးသတ် တတိယစကားမြား ကိုပစ်၍ စကားဝိုင်းထဲဝင်လာပါတော့ သည်။ သူလည်း အဘဆရာနှစ်ပါး၏ တပည့်ကြီးပေပဲ။

"နတ်သက်နဲ့တွက်ရမယ့် ဗေဒင် ပညာရပ်ကို မောင်နိုင့်ကြောင့် အဘ ဆရာနှစ်ပါး ရှာဖွေတီထွင်ရတော့မလိုပါ လား မောင်နိုင်။ မတွက်နိုင်ဘူးမထင်နဲ့ မောင်နိုင်ရေ။ တွက်နိုင်တယ် ငါ့တပည့် ရ။ အေး - ဒါပေမယ့် နတ်ပေတံတော့ ဆရာကြီးတို့ဆီမှာမရှိဘူး။ မောင်နိုင်များ နတ်တွေနဲ့ အကြောင်းအားလျော်စွာ တွေ့ရင် နတ်ပေတံငှားခဲ့ ကြားလား"

ဇရပ်တစ်ခုလုံး ကျွန်တော်တို့သာ မက အဘဆရာနှစ်ပါး၏ တဟားဟား ရယ်သံများ ဝေစည်သွားပါတော့သည်။ ပြီးသွားပါပြီ။ ပွဲကပြီးသွားပါပြီ၊ ငြိမ်းချမ်း စွာ။

## အခန်း (၇)

## ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လမ်းညွှန်ခံတပည့်ရင်းများ

အဘပုက ပြုံးရွှင်စွာဖြင့် ပိတ်စ အနီဖြင့်ထုပ်ထားသော ပညာရပ်ကျမ်း များကို လက်ညှိုးညွှန်၍ -

"လူကလေးမောင်နိုင်၊ ငါတို့ညီ အစ်ကိုနှစ်ယောက်ရဲ့အသက်က နေဝင် ချိန်ရောက်နေပါပြီ။ လူကလေးရဲ့ ဉာဏ် ရည်ဉာဏ်သွေးနဲ့ဆိုရင် သင်ကျမ်းပညာ တွေကို သင်ယူလေ့လာဖို့ အချိန်နည်း နည်းပဲယူရမှာပါ။ သင်ယူပါ့မယ်လို့ အဘတို့ကို ကတိပေးပါလား"

နောက်နား၌ထိုင်နေသော ဆရာ ဦးစိန်ဦးထံမှ တိုက်တွန်းသံကိုလည်း ကျွန်တော်ကြားလိုက်ပါသည်။

"သင်ယူပါ့မယ်လို့ကတိပေးလိုက် မောင်နိုင်၊ ကတိပေးလိုက်"

ကျွန်တော် ပုရပိုက်ထုပ်အနီကို သေသေချာချာ စူးစိုက်ကြည့်နေမိတော့ သည်။ ထုပ်ပိုးစဉ်က ဤကျမ်းပညာမျိုး စုံ၏အမည်နာမများကို သေသေချာချာ ဖတ်ခဲ့ဖူးပါသည်။ လူ့လောက၌ ပျောက် ဆုံးသွားပြီ မရှိတော့ပါဟု ပြောနေကြ သော ပညာကျမ်းများလည်း ပါဝင်ပါ သည်။ ထူးခြားသည်က ကျွန်တော့်စိတ် ၏အနေအထားပင်ဖြစ်ပါသည်။ အချိန် ပေးသင်ယူဖို့ မလိုအပ်ပါဟုထင်နေသလို ထိုကျမ်းများထဲမှ ပညာရပ်များနှင့် မိတ်ဆွေ အပေါင်းအသင်းရင်းချာလို အလွန်ရင်းနှီးကျွမ်းဝင်နေသည်ဟု စိတ် ထဲကထင်နေခြင်းပင်ဖြစ်သည်။ ယခုဘဝ တော့ မဖြစ်နိုင်ပါ။ ဖြတ်သန်းခဲ့ပြီးသော ဘဝဟောင်းများ၌ဖြစ်ပါလိမ့်မည်။ ထို ပညာရပ်များကို ဘဝဟောင်းတစ်ချိန် ချိန်က သင်ယူခဲ့ပြီးပြီ၊ တတ်ကျွမ်းခဲ့ပြီး ပြီဟု စိတ်သညာကထင်နေခြင်းကို ကိုယ်တိုင်လည်း နားမလည်ပါ။ အလွန် လည်း ထူးခြားနေသော၊ ထူးဆန်းနေ သောကိစ္စ ဖြစ်ပါသည်။ ယခုဘဝ၌ ထိုပညာရပ်များကို လုံးဝမသင်ယူဘူးပါ၊ မသင်ရသေးပါ။ သို့သော် ပညာကျမ်း ပေရွက်မျက်နှာဖုံးစာသားအမည်များကို ဖတ်စဉ်အခါက ထိုပညာရပ်များသည် ကျွန်တော်နှင့်လုံးဝမစိမ်းဘဲ အလွန်ရင်းနှီး လှသည်ကို စိတ်၏ အတွင်းမနောက သတိပေးခြင်းကို လက်ခံရခဲ့ပါသည်။ ငါသိပြီးပြီ၊ ငါတတ်ပြီးပြီဟု ဤကိစ္စမျိုးကို စိတ်နယ်လွန်အဖြစ်အပျက်အတွေ့အကြုံ ဟုဆိုပါက ကျွန်တော် မငြင်းနိုင်ပါ။ ကျွန်တော် နားမလည်သော စိတ်၏ တစ်ထောင့်တစ်ချိုးကိစ္စများ ဖြစ်နိုင်ပါ သည်။

ထို့ကြောင့် အဘပုကို စိတ်၌ဖြစ် ပေါ်ခဲ့သောခံစားချက်များကိုလုံးဝမပြော တော့ဘဲ လေးတွဲ့စွာ ခေါင်းခါပြလိုက်ပါ တော့သည်။ စိတ်အခြေအနေကိုပြောပြ လျှင် လူကြီးများသာမက ကျွန်တော် ကိုယ်တိုင် စိတ်ရှုပ်ထွေးသွားနိုင်၍ဖြစ်ပါ သည်။ အဘပု၏ ဆွေးမြေ့စွာပြောသော စကားက အားလုံးကို စိတ်မကောင်းကြီး စွာဖြစ်ရပါတော့သည်။

"အေးလေ၊ မောင်နိုင်လိုလူလေး ကမှ မသင်ယူချင်ဘူးဆိုရင် ငါတို့နှစ်ဦး နဲ့အတူ ဒီပညာရပ်တွေက မြေစာဖြစ် သွားရုံပေါ့လေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဩော် - အနိစ္စ၊ အနိစ္စ၊ အနိစ္စ တရား များ တယ်သင်ခန်းစာယူဖို့ကောင်းလှပါ လား"

ထိုအချိန်၌ အဘပုနှင့်ဆန့်ကျင်စွာ အဘရှည်၏ ပျော်ရွှင်စွာ ရယ်မောသံကို ကျွန်တော်တို့ ကြားလိုက်ရ၍ အံ့သြမိပါ တော့သည်။ သူ၏ နောင်တော်ကြီး အဘပုကိုရှင်းပြသလိုလိုနှင့် ပြောသော စကားက ပို၍အံ့သြဖို့ကောင်းပါသည်။ အဘရှည်၏ ဆင်ခြင်ဉာဏ်၊ ဆင်ခြင်တုံ တရားကလည်း ငြင်းနိုင်စရာမရှိပါ။ အဘရှည်ပြောသောစကားက -

"ဩော်-နောင်တော် နောင်တော်၊ ဘာလို့များ အရင်းခံတရားကို မေ့ထားရ တာလဲခင်ဗျာ။ ဒီလိုအိပ်မက်ကို သုံးနှစ် သားကတည်းကမက်ထားတဲ့ လူကလေး ကိုယ်တိုင် သည်ပညာရပ်တွေကိုသင်ယူဖို့ ကော လိုအပ်ပါသေးသလား ခင်ဗျာ။ သူ့အိပ်မက်ကိုယ်က သူ့ဆရာဘယ်သူလို့ လမ်းညွှန်ထားပြီးသားလေ နောင်တော် ရဲ့။ ကျွန်တော်တို့က သာမညဆရာ

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

# ညှင်း နှင့် တက်ဆီ



ပွေး၊ ညှင်း၊ တင်းတိပ်၊ ဝဲ၊ ဒက်၊ နှင်းခူ၊ ကြွက်နို့၊ ဂျွတ် (ကြွပ်) စတဲ့ အရေပြားရောဂါတွေဟာ အရေပြားပေါ်မှာ မှိုတက်တဲ့ရောဂါပါ။ ဒါတွေဟာ အသက်အန္တရာယ်နဲ့ဝေးပေမယ့် မှိုပိုးတွေ တစ်နေ့တခြား တိုးပွားလာခဲ့ရင်တော့ ရွံရှာဖွယ်ဖြစ်လာခဲ့ပါတယ်။ လူပုံအလယ်မှာ မတင့်တယ်ပါဘူး။ အချို့က အလွန်ရှုံ့တတ်ကြပါတယ်။

အရေပြားပေါ်မှာ မှိုစွဲပြီဆိုကတည်းက အဲဒီလူဟာ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းတယ်ဆိုတာ ပြောစရာမလိုပါဘူး။ လူအချို့ဆိုရင် တစ်နေ့ကို နှစ်ကြိမ်၊ သုံးကြိမ်ရေချိုးတယ်လို့ ကြွားကြပေမယ့် သူတို့ရဲ့ကိုယ်မှာ ပွေးတွေ၊ ညှင်းတွေရှိနေရင် အဲဒီလူဟာ ရေတော့ချိုးပါရဲ့၊ ဆပ်ပြာတိုက်ထားတဲ့ကိုယ်ကို ရေချိုးပြီးရင် ရေစင်အောင်မသုတ်လို့ပါ။ ရေချိုးပြီးတာနဲ့ ကိုယ်ကို မျက်နှာသုတ်ပဝါနဲ့ ကြိမ်ဖန်များစွာ ခြောက်သွေ့အောင် ပွတ်တိုက်ရပါတယ်။ ဒါမှအေးနေတဲ့အရေပြား နွေးထွေးသွားတာပါ။ ဒီတော့ကျန်းမာရေးလည်းကောင်းတယ်၊ ခြောက်သွေ့နေလို့ မှိုပိုးလည်း မကပ်ငြိနိုင်တော့ပါဘူး။ ရေကို ဝုန်းဒိုင်းနဲ့ချိုးပြီး ဝတ်ကျေတန်းကျေ မသုတ်ရပါဘူး။ ခြောက်သွေ့အောင် အကြိမ်ကြိမ်မသုတ်ဘဲ အဝတ်ကောက်ဝတ်လိုက်ရင် အရေပြားစိုထိုင်းဆကြောင့် မှိုပိုးများကကပ်ငြိနိုင်ပါတယ်။ ဒီလိုနှင့် မှိုပိုးတွေပေါက်ပွားကာ ပွေး၊ ညှင်း၊ ကြွက်နို့ စတဲ့ မှိုတွေ

အဆင့်လောက်ပဲရှိတာ။ မျက်လုံးတော်နဲ့လမ်းညွှန်၊ နှုတ်ခမ်းတော်နဲ့ သင်္ကေတပြပြီးသား ကလေးကို ကျွန်တော်တို့ ပညာသင်ပေးဖို့ ကြိုးစားနေတာ ကိုယ်က အလွန်တရာမှပဲ အန္တရာယ်ကြီးလှပါတယ်။ ဒါတောင် မောင်နိုင်တစ်ယောက်လောက်ပဲ ကျွန်တော်တို့ပဌာန်းဆက်အရ တွေ့နေရတာ။ ကျွန်တော်တို့ မသိတဲ့ မောင်နိုင်လိုယောကျ်ားလေးတွေ၊ မိန်းကလေးတွေ ဘယ်လောက်များ ကျွန်တော်တို့ကွယ်ရာမှာ ဘယ်လောက်များရှိနေနိုင်မလဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လမ်းညွှန်ခံတပည့်ရင်းတစ်ယောက်ကို ကျွန်တော်ရှေ့မှောက်ရောက်အောင် ရွှေဉာဏ်တော်၊ မေတ္တာတော်နဲ့ ပို့လိုက်ပြီဆိုကတည်းက သည်ပညာရပ်တွေရဲ့နောင်ရေးကို ပူပင်စိတ်ထားနေရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ စေတနာမေတ္တာကိုစော်ကားရာ၊ တုပရာရောက်မှန်းမသိရောက်သွားလိမ့်မယ် နောင်တော်။ သည်ကံကြီးက ညီတော်တို့ကို ငရဲထိဆွဲချသွားနိုင်တယ် နောင်တော်"

အဘရှည်၏စကားကို အဘပုကလေးနက်စွာ စဉ်းစားနေပုံရသည်။ ပြီးတော့မှ ရွှင်လန်းအားရစွာ ပေါင်ပုတ်၍ ပြောလိုက်ပါသည်။

"ဟုတ်သားပဲ ညီတော်၊ ဒီအရင်းခံအကြောင်းကို နောင်တော် ဘာလို့များ မေ့ထားရပါလိမ့်။ မောင်နိုင့်အိပ်မက်က မောင်နိုင်ဆရာ ဘယ်သူလဲလို့ အဖြေပေးထားပြီးပြီပဲ။ ဘုရား ဘုရား - ကံသိမေလို့ ကံသိပေလို့။ ငါနှယ်နော် ဘုန်းကြီးစာချ၊ မိကျောင်းမင်းရေကင်းပြ၊ ထိပ်ချမှုမားပြမှန်းသိတဲ့လူစားဖြစ်မှန်းမသိဖြစ်နေပါရောလား။ ဒါတောင် မောင်နိုင်က သူ့အကြောင်းနဲ့သူ ဇာတိသရဉာဏ်ကို ထုတ်မသုံးဘဲ ငုပ်ထား၊ ဝှက်ထားတဲ့အခြေအနေကွ။ သည်ကိုမလာခင်ကတည်းက အဲဒီဉာဏ်ပွင့်ပြီးသားဆိုရင်တော့ သေချာတယ်ကွ ညီလေး၊ ငါတို့နှစ်ယောက် မသိသေးတဲ့ ပညာတွေကို သည်လူကလေးက ဆရာအဖြစ်၊ ငါတို့က တပည့်အဖြစ် သင်ကိုသင်နေရလိမ့်ဟေ့။ ဒါကတော့ သိပ်သေချာတယ်ကွ ဟား ဟား ဟား"

ဘုရားကုန်းတစ်ခုလုံး ရယ်မောသံတို့ဖြင့် ဝေစည်နေပါသည်။ ဒုတိယမုန်တိုင်းသည်လည်း လေပြည်လေညင်းအဖြစ်သို့ပြောင်းသွားခဲ့ပါပြီ။ နေလည်းညိုလာပါပြီ။ ဇရပ်ထဲရှိ ကျွန်တော်တို့အားလုံး အဘဆရာနှစ်ပါးကို ဦးချဝတ်ဖြည့်ကာ ဘုရားကုန်းပေါ်မှဆင်းလာခဲ့ကြပါသည်။ ဝက္ကမူကျေးရွာသို့သွားရာလမ်းပေါ်သို့ရောက်သောအခါ နောက်မှာ ကျန်ရစ်ခဲ့သောဘုရားကုန်းနှင့် စေတီတော်ကို လည်ပြန်ကျွန်တော်လှည့်ကြည့်မိပါသည်။ ဆည်းလည်းသံတချွင်ချွင်နှင့် ရွှေစေတီလေးကား တဖြည်းဖြည်းဝင်စပြုနေသော နေလုံးနီကိုနောက်ခံပြု၍။

နိုင်ပြေသိမ်းချစ်

**စာကြွင်း -**

ယခုစာရေးချိန်၌ စာရေးသူ၏အသက်မှာ သုံးဆယ်နှစ်သို့ ကျော်ခဲ့ပါပြီ။ အဘဆရာသခင်နှစ်ပါး ကြိုတွက်ထားသည့် အိပ်မက်ထူး၊ အိပ်မက်ဆန်းကို နှစ်သုံးဆယ်အရွယ်၌ မမက်ခဲ့ပါ။ သုံးနှစ်သားက ကြိုမက်ထားခဲ့၍လည်း ဖြစ်နိုင်ပါသည်။ အကယ်၍ ကျွန်တော်သာ အသက်နှစ်ဆယ့်ငါးအထိ သာသနာတော်ထဲသို့ သက်ဝင်ယုံကြည်သူအဖြစ် မရောက်သေးလျှင် လှမ်းလွဲနေသေးလျှင် သေချာပါသည်။ အသက်သုံးဆယ်၌ အဘဆရာသခင်နှစ်ပါး ကြိုတင်တွက်ထားသည့်ဗေဒင်ပညာအတိုင်း မြတ်ဗုဒ္ဓဘုရားရှင်၏ လမ်းညွှန်အိပ်မက်ကို မက်ကိုမက်ရမည်ဟု ယုံကြည်ထားကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်မှာပေါက်လာခဲ့တာပါပဲ။ ဆံပင်ကို ခြောက်သွေ့အောင်မသုတ်ရင် ဦးခေါင်းထဲမှာဖောက်တွေ၊ အနာသေးသေးလေးတွေဖြစ်လာတတ်ပါတယ်။ အဲဒီဦးခေါင်းထဲမှာ မှိုတတ်တာက လူကြားထဲခေါင်းတကုတ်ကုတ်နဲ့အလွန်အရုပ်ဆိုးပါတယ်။ အဲဒီတော့ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုတာ ကျွန်တော်တို့မှာ များစွာလိုအပ်ပါတယ်။ကျွန်တော်ဆိုရင် ဂရုတစိုက်ရှိတာကြောင့် မှိုပိုးကင်းပါတယ်။ အရေပြားသန့်ရှင်းကြည်လင်နေပါတယ်။

ကျွန်တော်ဟာ နေ့စဉ် သူငယ်ချင်းဖြစ်တဲ့ ဦးသီဟခေါ် ဦးမွတ်တားအိမ်မှာ သွားလည်နေကျပါ။ အိမ်ရှေ့သစ်ဆိမ့်ပင် ခုံဝိုင်းမှာထိုင်ပြီး လေကန်နေကျပါ။


၂၀၁၅၊ စက်တင်ဘာလထဲမှာ ဦးမွတ်တားနဲ့ထိုင်ရင်း သူ့ဆီက ကန့်နံ့ရနေရပါတယ်။ ဒါက ကာလရှည်လျားစွာပါ။ သူ့လက်မောင်းမှာရော ကျောတွေမှာပါ ညှင်းတွေပေါက်နေပါတယ်။ ဒါကို ကန့်နဲ့သွေးလိမ်းနေတာပါပဲ။ ကန့်နံ့က အတော်ပြင်းတယ်။ ဘာနဲ့မှဖုံးကွယ်လို့မရဘူး။ အဲဒီအနံ့ဟာ လူကြားသူကြားမှာ အတော့်ကိုအားနာစရာကောင်းတဲ့ အနံ့ပါ။ ဆိုရရင် အော်ဂလီဆန်စရာအနံ့ပါပဲ။ လူတွေအနေနဲ့မပြောချင်လို့သာနေမယ် ကန့်နံ့ရဲ့ဒဏ်ကို ကြိတ်မှိတ်ခံစားရမှာသေချာတယ်။ ကျွန်တော့်အနေနဲ့ နေ့စဉ်နံနေတော့ ရိုးနေပါပြီ။ ဒီလိုနဲ့ ကာလရှည်ခဲ့ပါတယ်။ သူ့ရဲ့ညှင်းတွေ ထူးခြားပုံမရှိပါဘူး။ ဒီတော့မနေသာတော့ဘူးလေ။ မေးကြည့်ရပါတယ်။ သူကတော့ ငါ့မှာ ဒီလိုဒီလိုဖြစ်နေတယ်လို့မပြောပါဘူး။ သို့သော်လည်း မြင်နေရတာကိုးဗျ။

"မောင်ရင့်ဆီက နေ့စဉ် ကန့်နံ့က အမြဲနံနေတယ်။ ညှင်းတွေ ထူးခြားရဲ့လား"

"အေးကွာ-ကန့်လိမ်းရင် ပျောက်တယ်ဆိုလို့ ကန့်ဝယ်ပြီး သွေးလိမ်းနေတာမထူးခြားသေးပါဘူး"

"ကဲ - မောင်ရင် ကန့်လိမ်းမနေနဲ့တော့။ မောင်ရင့်ညှင်းလောက်တော့ ဝါဂွမ်းမှာဓာတ်ဆီဆွတ်ပြီး နီနေအောင်သာပွတ်လိုက်။ နောက်နေ့ဆို မောင်ရင့်ညှင်းတွေ အဖြူကနေ အမည်းဖြစ်ပြီး ကွာကျကုန်လိမ့်မယ်။ ပိုးတွေဟာ ဓာတ်ဆီဒဏ်ကို ခံနိုင်ရည်မရှိကြပါဘူး။ မောင်ရင့်ဆီမှာ ဓာတ်ဆီတော့ရှိမှာပါ"

"အိုကွာ မောင်ရင်ကလည်း၊ ဆိုင်ကယ်ရှိမှတော့ ဓာတ်ဆီရှိပြီးသားပေါ့ကွ"



"ကဲ - ဒါဆို ဆန်နီကျော်ကို ဓာတ်ဆီထုတ်ခိုင်းပြီး ဝါဂွမ်းနဲ့ဆွတ်ပြီး ပွတ်ခိုင်းပေတော့"

ဆိုပြီး ချက်ချင်းခိုင်းပါတယ်။ လက်မောင်းက ညှင်းတွေကို အရင်ဆုံးပွတ်ပါတယ်။

ဓာတ်ဆီနဲ့ ညှင်းသတ်တာ ကျွန်တော် ငယ်ငယ်က မှတ်မှတ်ရရ ၁၉၇၇ နှစ်က မိုးကုတ်ကျောက်ဖျာက ထွန်းဝေကို သတ်ပေးဖူးပါတယ်။

အဲဒီတုန်းက ကျောက်ဖျာရွာဟာ ဘောလုံးသင်းထောင်ပြီး ဟိုရွာနဲ့ချိန်းကန်ဒီရွာနဲ့ချိန်းကန်လုပ်နေတာပါ။ နည်းပြဆရာက ကောင်းဦးဘာရပ်ထဲက လူချိုကြီး ကိုညွန့်တင်ပါ။ ဒီလိုနဲ့ တဖြည်းဖြည်း ဘောလုံးရင့်ကြီးလာလိုက်ကြတာ ကျောက်တွင်းတောင် ကောင်းကောင်းအာရုံမစိုက်နိုင်တော့ပါဘူး။ ဘောလုံးလေ့ကျင့်စရာလိုလို့ ကွင်းကအစောပြန်ကာ ငမုန်းချောင်း မုန်ပြန့်ကွင်းသေးသေးလေးမှာလေ့ကျင့်ကြတာပါပဲ။

နောက်ပိုင်း ရွာဘုံငွေနဲ့ ဘောလုံးဝတ်စုံတွေ မန္တလေးဆင်းပြီးလုပ်ကြပါတယ်။ နောက်ကျေးလက်ဒိုင်းတွေဘာတွေဝင်ကန်တယ်။ အဲဒီမှာ ထွန်းဝေက အရန်ဂိုးသမားပါ။ ဂိုးဖမ်းတဲ့ကောင်က ညှင်းတွေရှိတယ်။ အရန်ဂိုးသမားဖမ်းဖို့လိုရင် အဲဒီအကျီစကိုချွတ်ပေးလိုက်တာပါပဲ။ နှစ်ယောက်မှတစ်ထည်ရှိတဲ့ ဂိုးဖမ်းအကျီကြောင့် ထွန်းဝေရဲ့ကျောမှာရော ရင်ဘတ်မှာပါ ညှင်းတွေဖွေးနေအောင် ကူးစက်ပြန့်ပွားလာတော့တာပါပဲ။ ဒီလိုနဲ့ ကျေးလက်ဒိုင်းမှာ ဗိုလ်လုပွဲရောက်လာပြီး ဗိုလ်လုပွဲမှာ ကျပ်ပြင်အသင်းနဲ့ရန်ဖြစ်ပြီး ပွဲပျက်ခဲ့ရပါတယ်။ ဒီလိုနဲ့ ဘောလုံးရောဂါဇာတ်သိမ်းသွားတယ်။

ကုန်လိုက်တဲ့ရွာဘုံငွေ သောက်သောက်လဲပါပဲ။

ဘောလုံးရောဂါငြိမ်သွားပေမယ့် ထွန်းဝေမှာ ညှင်းတွေဖွေးနေအောင် ကျန်ရစ်တယ်။ ထွန်းဝေရောက်စက ကျွန်တော့်ရဲ့ နောက်လိုက်လုပ်ဖူးတော့ သံယောဇဉ်ကြောင့် ညှင်းတွေကို ဓာတ်ဆီနဲ့ပွတ်ပေးလိုက်တာ တစ်ခါပဲပွတ်လိုက်ရတယ် အကုန်ကွာကျကုန်တာပါ။ ညှင်းဟာ ဓာတ်ဆီဒဏ်ကို လုံးဝခံနိုင်စွမ်းမရှိပါဘူး။ အဲဒါကို သတိရလို့ မွတ်တားကို ဓာတ်နဲ့ကုတာပါ။

နောက်နေ့မှာ မည်းကုန်ပါတယ်။ နောက်တော့ ကွာကျပြီး ပင်ကိုအသားအရေပြန်ဖြစ်လာပါတယ်။ ဓာတ်ဆီနဲ့ပွတ်ရင် အနည်းငယ်ပူတယ်။ အနည်းငယ်စပ်တယ်။ ပြီးတော့ နီရဲလာ တယ်။ နီရဲလာရင် ရပါပြီ။ ရက်အနည်းငယ်အတွင်းမှာ သူ့ရဲ့ညှင်းတွေပျောက်ကွယ်ကုန်ပါတယ်။

"မောင်ရင် မင်းပြောတာ ညှင်းနော်"

"အင်းလေ"

"ဟောဒီလက်မောင်းမှာ ကြွက်နို့တွေရှိနေတာ။ အဲဒါကြွက်နို့ကိုဆွပြီး ဓာတ်ဆီနဲ့ပွတ်။ အဲဒီဓာတ်ဆီစိုနေတဲ့ ဂွမ်းကိုကြွက်နို့ပေါ်အုပ်ပြီး ပလတ်စတာနဲ့ ကပ်ထားလိုက်တာ ကြွက်နို့မကြီးပြုတ်ကျသွားတယ်မောင်ရေ။ နောက်တော့ ပွားနေတဲ့ကြွက်နို့လေးတွေပါ အကုန်ပြုတ်ကျကုန်တာ အံ့ဩစရာပဲ။ မောင်ရင်က ကြွက်နို့ပျောက်တယ်လို့တော့ မပြောပါဘူး"

"ဩော်-ဒီညှင်းလောက်ပဲသိတာလေ။ ကြွက်နို့စမ်းကုကြည့်လို့အောင်မြင်တော့လည်း ဝမ်းသာစရာပေါ့ မောင်ရင်ရဲ့။ သူများတွေကို မျှဝေရတာပေါ့"

လို့ ဝမ်းသာစွာပြန်ပြောဖြစ်တယ်။ ဓာတ်ဆီဆိုတာ မြန်မာပြည်အနှံ့ တောရောမြို့ပါရှိတာမို့ ညှင်းတွေနဲ့ ကြည့်မကောင်းကြသူများ ဓာတ်ဆီရှိရင် ညှင်းကုလို့ရပါကြောင်း၊ ကုန်ကျစရိတ်သက်သာပါကြောင်း တင်ပြလိုက်ရပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

*အင်ကြွင်းပန်းစာပေမှ ဦးသီဟသို့ကျေးဇူးတင်လျက်*



www.burmeseclassic.com

www.burmeseclassic.com

# တိုးထက်
# တန်ခိုးကြီးရုပ်တုတော်များနှင့် နက်နဲလျှို့ဝှက်အသိခက်

□ **လာဘမုနိရုပ်တုတော်**

၁၉၈၈ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် စာရေးဆရာကြီး ရန်အောင်သည် နဂါးရုံဘုရားဟုလည်းခေါ်သော လာဘမုနိရုပ်ပွားတော်မြတ်ကို ရှိခိုးပူဇော်ရင်း ရုပ်တုတော်မြတ်များနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဆင်ခြင်စဉ်းစားနေပါသည်။ ရုပ်ပွားတော်များတွင် နက်နဲလျှို့ဝှက်အသိခက်သောစွမ်းအင်များရှိပါသလား။ 'ယခု မိမိ၏အိမ်တွင် ကျွန်ုပ် ဖူးမြော်ကန်တော့နေသော ရုပ်တုတော်မြတ်မှာ ရုပ်ရှင်မင်းသားကျော်ဟိန်း၏ ကောင်းမှု ဖြစ်ပါသည်'။ ဆရာကြီးရန်အောင်ကဆိုပါသည်။ ရုပ်ရှင်လောကမှ သက်ကြီးဘိုးဘွားများကို ရုပ်ရှင်ကောင်စီက နှစ်စဉ်ကန်တော့ရာ ထိုကန်တော့ခံ သက်ကြီးရွယ်အိုများတွင် ဆရာရန်အောင်လည်းပါပါသည်။ ဆရာရန်အောင် ရေးသားသည့် 'အညာသားကလေး' ဝတ္ထုနှင့် 'အမေ' ဝတ္ထုများကို ရုပ်ရှင်ရိုက်ဖူးသည့်အပြင် ဗိုလ်အောင်ဇေယျ၊ မရွှေချော၊ နှောင်းချစ်ရိပ်ဝယ် ဟူသည့် ရုပ်ရှင်ကား(၃)ကားတွင် လူကြီးဇာတ်ဆောင်အဖြစ် ဆရာရန်အောင် ပါဝင်သရုပ်ဆောင်ခဲ့သောကြောင့် ရုပ်ရှင်ကောင်စီကန်တော့ပွဲတွင် ကန်တော့ခံဖြစ်ရခြင်း ဖြစ်ပါသည်။



၁၉၈၇ ခုနှစ်က ကျင်းပသော ရုပ်ရှင်ကောင်စီ ကန်တော့ပွဲအပြီးတွင် ကန်တော့ခံ ရုပ်ရှင်ပုဂ္ဂိုလ်များအား 'လာဘမုနိ'ဘွဲ့တော်ရှိသည့် ရုပ်တုတော်မြတ်တစ်ဆူစီကို ရုပ်ရှင်သရုပ်ဆောင်ကျော်ဟိန်းက ကောင်းမှုပြုသဖြင့် ဆရာရန်အောင် ရရှိထားခြင်း ဖြစ်ပါသည်။ 'လာဘမုနိ' ဟူသော ဘွဲ့တော်ရှိသည့်အတိုင်း ရုပ်တုတော်ကို ပူဇော်လျှင် လာဘ်လာဘစည်းစိမ်ဥစ္စာတို့တိုးတက်ချမ်းသာသည်ဟု အယူရှိတတ်ကြပါသည်။

ရုပ်တုတော်များတွင် တန်ခိုးအာနိသင်ရှိပါသလော။ ဤပြဿနာအတွက် ဆရာရန်အောင် ဆက်လက်စဉ်းစားနေမိပါသည်။ အတွေးနယ်ချဲ့ဖြစ်ပါသည်။

□ **ဘိလပ်ပြန်ဘုရား**


ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် လည်းကောင်း၊ ဗိုလ်တထောင်စေတီအနီးရှိ တန်ဆောင်းတွင် လည်းကောင်း အထူးသဖြင့် ဇလွန်မြို့တွင် လည်းကောင်း ပြည်တော်ပြန်ဘုရား၊ ဘိလပ်ပြန်ဘုရား စသည်ဖြင့် ခေါ်ဝေါ်ကြသော ဘုရားရုပ်တုတော်များရှိကြပါသည်။ ထိုရုပ်တုတော်များကို အနောက်နိုင်ငံသားတို့ ယူဆောင်သွားကြပြီးနောက် သူတို့နိုင်ငံသို့ ရောက်သောအခါ ရုပ်တုတော်များက -

၁။ ထူးဆန်းသောတန်ခိုးများပြခြင်း



www.burmeseclassic.com

www.burmeseclassic.com



၂။ ယူဆောင်သွားသူများ ဒုက္ခအမျိုးမျိုးတွေ့ခြင်း

စသည်များကြုံရသဖြင့် မြန်မာနိုင်ငံသို့ ပြန်ပို့ရခြင်း ဖြစ်ပါသည်။

ဘုရားရုပ်တုတော်များသာလျှင်မက မြန်မာနိုင်ငံမှ ကြေးခေါင်းလောင်းကြီးတစ်လုံးကို အနောက်နိုင်ငံသားတို့ ယူဆောင်သွားပြီးနောက် ထိုခေါင်းလောင်းကြီးကို မီးပြင်းတိုက်၍ကျိုသော်လည်း အရည်မဖြစ်ခြင်း၊ ထိုခေါင်းလောင်းကြီးက အုလိုလိုအသံတွေထွက်ပြီးမြည်နေခြင်း၊ ယူဆောင်သွားသူ၏ မိသားစုတို့ဘေးဒုက္ခအမျိုးမျိုးရောက်ရခြင်း စသည့်ကြောက်ရွံ့ ထိတ်လန့်ဖွယ်အဖြာဖြာတို့ကြုံတွေ့ရသဖြင့် မြန်မာပြည်သို့ ပြန်ပို့ကြရသည့် သက်သေသာဓကရှိပါသည်။

ထိုခေါင်းလောင်းကို ဘိလပ်ပြန်ခေါင်းလောင်းဟုခေါ်ရာ ပြည်မြို့ ရွှေဆံတော်စေတီ ကုန်းတော်ပေါ်တွင် ယနေ့တိုင်ရှိပါသည်။

### ◻ မီးကွင်းရုပ်တုတော်

ဆရာရန်အောင် ငယ်စဉ်အခါက ဆင်ပေါင်ဝဲမြို့တွင်နေထိုင်ရာ ဆရာရန်အောင်တို့နေသည့် မြို့မရပ်ကွက်တွင် တစ်ခါက မီးလောင်ပါသည်။

မီးကြီးသောကြောင့် အိမ်အဆောက်အအုံများများ မီးထဲသို့ပါသွားပြီး ပြာပုံအတိဖြစ်နေပါသည်။

ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းသည်မှာ အိမ်တစ်အိမ်ကို မီးလောင်ထားသည့်ပြာပုံပေါ်တွင် ဒက္ခိဏသာခါရုပ်တုတော်တစ်ဆူမှာ မီးမလောင်ဘဲ အကောင်းပကတိအတိုင်းတွေ့ရခြင်း ဖြစ်လေသည်။

ထိုရုပ်တုတော်မှာ ကြေး၊ သံမဟုတ်ဘဲ ညောင်သားဖြင့်ထုလုပ်ထားခြင်းဖြစ်ပါလျက် အဘယ်ကြောင့် မီးလောင်ကျွမ်းသွားခြင်းမရှိသည်ကိုမတွေးနိုင်အောင်ဖြစ်ကြရသည်။ ထိုဒက္ခိဏသာခါရုပ်တုတော်မှာ မီးလောင်သွားသောအိမ်တွင် ကိုးကွယ်ထားသည့်ရုပ်တုတော်ဖြစ်နေသည်။

### ◻ ဖြစ်ရပ်ထူးပေါ်ခြင်းအကြောင်းရင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြည်တော်ပြန်ဘုရား၊ ဘိလပ်ပြန်ဘုရား၊ ဘိလပ်ပြန်ခေါင်းလောင်း၊ မီးကွင်းသောသစ်သားရုပ်တုတို့ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ဖြစ်ကြရသည်မှာ အဘယ်ကြောင့်နည်းဟု အကြောင်းရင်းကို ရှာမရဖြစ်တတ်ကြ၏။ ထို့အတူပင် နက်နဲလျှို့ဝှက်အသိခက်သောကိစ္စတွေ၊ ဖြစ်ရပ်တွေ၊ ပြဿနာတွေ၊ ကမ္ဘာပေါ်တွင်များစွာရှိလေရာ လက်တွေ့မျက်တွေ့မှ ယုံကြည်လက်ခံသည်ဆိုသော သိပ္ပံဆရာများ အကြောင်းရင်းရှာမရသည့် ဖြစ်ရပ်များအနက် အချို့အဝက်ကို ဖော်ပြရလျှင် -

၁။ ကောင်းကင်ယံတွင် ဗျာန်ပျံသည့်ပုဂ္ဂိုလ်မြတ်များ၊

၂။ အနာဂတ်ဖြစ်မည်ကို တင်ကြို၍ သိခြင်း၊

၃။ တစ်စုံတစ်ယောက်သောသူ သုံးစွဲသည့်ပစ္စည်းကို ကိုင်တွယ်ကြည့်ရုံဖြင့် ထိုသူ၏အကြောင်းကို စုံလင်စွာသိခြင်း၊

၄။ သေတ္တာထဲတွင် ထည့်ထားသည့်ပစ္စည်းကို ဘာပစ္စည်းဟု ပြောနိုင်ခြင်း (ဝါ) အမြင်ပေါက်ခြင်း။

၅။ အိပ်မွေ့ချကာ အရပ်ဝေးသို့ စေလွှတ်ကြည့်ရှုစေခြင်း။

၆။ လူကို မမြင်မတွေ့ရဘဲ ခဲ၊ တုတ် စသည်တို့ဖြင့် ပစ်ခတ်ခြင်း (ပုဏ္ဏကတိုက်သည်ဟု ခေါ်ကြ၏)

စသည့် ဖြစ်ရပ်ထူးများ၏ အကြောင်းရင်းကို အနောက်နိုင်ငံသိပ္ပံဆရာတို့ပင် မသိကြချေ။ ထိုသိပ္ပံဆရာတို့ မသိကြခြင်း၏ အကြောင်းရင်းရှိပြန်၏။ ထူးခြားဆန်းကြယ်အံ့ဩဖွယ်အဖြစ်ထူးများ၊ နက်နဲလျှို့ဝှက်အသိခက်ပြဿနာတို့ဖန်တီးပေးတတ်သည့်အချက်ကြီးများရှိ၏။

ထိုအချက်ကြီးများမှာ -

၁။ စိတ်၏တန်ခိုး (စိတ္တဣဒ္ဓိပါဒ်) (ဆန္ဒိပါဒ်)

၂။ ကံ၏အာနိသင်စွမ်းအင် (ကမ္မဇိဒ္ဓိ)

၃။ ရုပ်ထူး၊ နာမ်ထူး၊ ရုပ်နု၊ နာမ်နုရှိ၍ ပကတိလူတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော ဥပပတ်ပုဂ္ဂိုလ် ၊ ဘုဝါတို့၏ ကူညီစောင်မမှုစသည်များသည် ဖြစ်ရပ်ထူးများပေါ်ပေါက်အောင် ဖန်တီးမေးတတ်လေသည်။

ယင်းသို့ ဖန်တီးပေးတတ်သည့်အချက်ကြီးများအကြောင်းကို အနောက်နိုင်ငံသိပ္ပံပညာရှင်တို့ မသိကြသဖြင့် ဖြစ်ရပ်ထူး၏ အကြောင်းရင်း ဇာတိဇာစ်မြစ်ကိုမသိကြခြင်း ဖြစ်သည်။

### ◻ မီးကွင်းဓာတ်ပုံ

၁၉၈၈ ခုနှစ်မှ ရေတွက်လျှင် လွန်ခဲ့သော (၄) နှစ် ၁၉၈၄ ခုနှစ်က ရန်ကင်းမြို့အနီး ဝတ္တာလစ်ရပ်ကွက်တွင် မီးလောင်သဖြင့် နောက်တစ်နေ့တွင် မီးလောင်ပြင်သို့ ဆရာရန်အောင်သွားကြည့်ရာ ထူးခြားသော ဖြစ်ရပ်တစ်ခုကို တွေ့ရ၏။

ပတ်ပတ်လည်အိမ်အားလုံး မီး



www.burmeseclassic.com

www.burmeseclassic.com

လောင်ပြာကျသွားပါလျက် အိမ်တစ်လုံးမှာ မီးမလောင်ဘဲကွက်၍ကျန်ရစ်ခဲ့သည်ကို တွေ့ရသဖြင့် အိမ်ရှင်အားဆရာရန်အောင်က မေးကြည့်လိုက်သည်။

"မင်းတို့အိမ်ကွ ထူးဆန်းတယ်ဟော့။ ဒီလောက်များတဲ့မီးထဲမှာ မင်းတို့အိမ်က ကွက်ပြီးကျန်ခဲ့တယ်ဆိုတော့ ထူးထူးဆန်းဆန်းများ မင်းတို့အိမ်မှာ ဘာရှိလို့လဲ"

အိမ်ရှင်ကပြောပြရာ-

"ထူးထူးဆန်းဆန်းရယ်လို့ ပြောစရာကတော့ ဆာဒူးကြီးတစ်ယောက်ရဲ့ ဓာတ်ပုံရှိတာပဲ"

ယင်းသို့ပြောကာ အိမ်ခေါင်းရင်းဘက်တွင်ချိတ်ထားသည့် ဓာတ်ပုံကို လက်ညှိုးထိုးပြ၏။

"အဲဒါ ဆာဒူးမဟုတ်ဘူးကွ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်ကစပြီး မဇ္ဈိမဒေသမှာရှိခဲ့ဖူးတဲ့ သမထပေါက် ရသေ့ကြီးတွေထဲက တစ်ယောက်ရဲ့ဓာတ်ပုံ။ တစ်နည်းပြောရရင် ဖြုဟ္မာလောင်းပေါ့ကွယ်"

"အဲဒီရသေ့ကြီးက ခုထက်ထိရှိသေးလို့ ဓာတ်ပုံရိုက်ယူနိုင်တာလား"

"အဲဒီဓာတ်ပုံက လူကိုရိုက်ယူတာမဟုတ်ဘူးကွ၊ ရုပ်တုကိုရိုက်ယူတာ"

"ဪ - ဟုတ်လား၊ ဆရာကြီးက ဒီအကြောင်းတွေကို သေသေချာချာသိတယ်နော်"

"ဟ-မသိဘဲနေပါ့မလား၊ ဒီရသေ့ကြီးရဲ့ရုပ်တုက ငါ့အိမ်မှာရှိနေတဲ့ဟာပဲ"

"အမယ်-ဆန်းလိုက်တာနော်။ ဒီအကြောင်းကို ပြောပြစမ်းပါခင်ဗျာ။ ကျွန်တော်သိချင်ကြားချင်လွန်းလို့ပါ"

ဟု မီးမလောင်သော အိမ်ရှင်အမျိုးသားက တောင်းပန် မေတ္တာရပ်ခံ၍ အောက်ပါအတိုင်း ဆရာရန်အောင်က ပြောပြပါသည်။

"၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေတုန်း ဂျပန်ခေတ်ကပေါ့ကွယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀) ကျော်ကပဲ အဲဒီတုန်းက ငါတို့က ရန်ကုန်အရှေ့ပိုင်း ကရိုလမ်း (ယခု ဗိုလ်မြတ်ထွန်းလမ်း) မှာနေတယ်။ (၄၈) လမ်းရဲ့ အရှေ့ဘက်က လမ်းပေါ့။ ငါတို့နေတဲ့အိမ်က ကရိုလမ်းက မက်သဒစ်ကျောင်း(ယခုပုဇွန်တောင် အ-ထ-က ) နဲ့ကပ်နေတယ်။ မက်သဒစ်ကျောင်းမှာ ဂျပန်စစ်တပ်ချထားတယ်။ အဲဒီဂျပန်စစ်တပ်ကို အင်္ဂလိပ်က ဗုံးကြဲတော့ တို့အိမ်နားမှာ ဗုံးမိုးရွာချသလိုပဲ။ ကြောက်လိုက်တာ မပြောပါနဲ့တော့။

တစ်နေ့မှာတော့ ငါတို့အိမ်ရှေ့မှာ သူငယ်ကလေးတစ်ယောက်ရပ်နေတယ်။ သူ့ပခုံးပေါ်မှာ ရုပ်တုတစ်ခုကိုထမ်းလို့ ရသေ့ရုပ်တုပေါ့လေ။ ငါ့စိတ်ထဲမှာပေါ်လာတယ်။ တချို့ရုပ်တုတွေဟာ တန်ခိုးရှိတယ်လို့ ကြားဖူးတယ်။ ဟောဒီသူငယ်ကလေးထမ်းထားတဲ့ ရုပ်တုဟာ တန်ခိုးရှိတဲ့ ရုပ်တုဖြစ်ရင် ဒီသူငယ်ကလေးကမသိလို့ မရိုမသေလုပ်ပစ်ရင်လုပ်မိရင် ဒီသူငယ်လေး ဒုက္ခရောက်တော့မှာပဲလို့ တွေးမိတယ်။

အဲဒီလို ငါ့စိတ်ထဲမှာပေါ်လာလို့ သူငယ်ကလေးကို ငွေတစ်ဆယ်ပေးပြီး ရုပ်တုကို ယူထားလိုက်တယ်။ သူ့ကို ငါက ရိုရိုသေသေထားရတာပေါ့လေ။ ရသေ့ရုပ်တုကို အဘိုးတစ်ယောက်ရုပ်တုပမာ ရိုသေစွာထားပြီး နို့၊ ပန်း၊ ဆီမီး၊ သောက်တော်ရေ စသည်များ တင်ပေးကပ်ပေးတယ်။

ဒီရုပ်တုရောက်လာလို့ ထူးခြားတာကတော့ ညစဉ်လိုလို အင်္ဂလိပ်က ဗုံးလာကြဲတဲ့အခါ အရင်ကလောက် မကြောက်တော့ဘူး။ အန္တရာယ်မဖြစ်နိုင်ပါဘူးလို့ စိတ်ကထင်လာတယ်။ စိတ်ထဲသတ္တိတွေအလိုလိုရှိလာတယ်။

အင်္ဂလိပ်နဲ့ ဂျပန်စစ်စဖြစ်တာက ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလကျတော့ နှစ်တစ်ပတ်လည်လက်ဆောင် ဆိုပြီး အင်္ဂလိပ်က ဗုံးအကြီးအကျယ်ချလို့ ရန်ကုန်မြို့ထဲမှာ လူတွေလုံးဝမရှိသလောက်ဖြစ်သွားတယ်။ ရန်ကုန်မြို့အစွန်အဖျားပတ်ဝန်းကျင်ကို ပြောင်းရွှေ့သွားကြတယ်။ တို့အိမ်နားမှာ လူလုံးလုံးမရှိသလောက်ဖြစ်နေတော့ ညမှုညတာ စိတ်မချရဘဲ သူခိုး၊ ဓားပြရန်ကြောက်ရတယ်။ ဒါကြောင့် ဗဟန်းကို ပြောင်းမယ်ကြံပေမယ့် စီးစရာယာဉ် ဘာမှမရှိလို့ အခက်တွေ့နေတဲ့အတွက် စီးစရာယာဉ်ရအောင် ဘရသေ့ရုပ်တုကို စမ်းပြီး ဆုတောင်းကြည့်မိတယ်။

အံ့ဩစရာပဲ။ ဆုတောင်းပြီး မကြာမီမှာပဲ နွားလှည်းတစ်စီးမောင်းလာပြီး တို့မိသားစုကို ဗဟန်းကို ပို့ပေးတယ်။ လှည်းခ (၂) ကျပ်ပဲယူသွားတယ်။ ကဲ-ဘယ်လောက်ထူးဆန်းသလဲ။ ဗဟန်းရောက်တော့ နေစရာအိမ်ရှာမတွေ့လို့ သစ်ပင်ရိပ်အောက်မှာ တစ်ညအိပ်ရတယ်။ ထုံးစံအတိုင်း ဆုတောင်းရပြန်တာပေါ့။ နောက်နေ့ကျတော့ မိတ်ဆွေတစ်ယောက်နဲ့တွေ့ပြီး သူရထားတဲ့ နှစ်ထပ်တိုက်ကျောင်းကြီးမှာ ပြောင်းနေရတယ်။ အဲဒီကျောင်းက ဘုန်းကြီးက ရွာတစ်ရွာမှာသွားနေတယ်။ တို့နဲ့အတူနေတဲ့မိတ်ဆွေက အရက်သောက်တယ်၊ အမဲသားစားတယ်။ ဒါ[illegible] ငါနဲ့အတူပါတဲ့ ဘရသေ့ရုပ်တုက မ[illegible]ဘူး မပြောတတ်ဘူး။ အဲဒီမိတ်ဆွေတို့ မိသားစု တခြားပြောင်းသွားကြလို့ ဂျပန်တစ်ခေတ်လုံး အဲဒီတိုက်ကျောင်းကြီးပေါ်မှာ ငါတို့နေရတဲ့အပြင် စာအုပ်အဟောင်းဆိုင်ဖွင့်ရောင်းတာ သုံးလို့မကုန်နိုင်အောင် ငွေတွေ့ရတယ်။

ဘရသေ့ရုပ်တုကြီး ငါ့ထံရောက်လာတာ အခု နှစ်ပေါင်း (၄၀) ကျော်ပြီဖြစ်လို့ သူ့အကြောင်းကို စုံလင်အောင်ပြောရ၊ ရေးရရင် စာအုပ်ထူထူကြီးတစ်အုပ်လောက်ဖြစ်နိုင်တယ်။ ဒီတော့အရေးကြီးတဲ့အချက်လောက်ပဲ အတိုးချုပ်ပြော[illegible]ယ်။

၁။ ဆရာဝန်ကြီးတစ်ယောက် ရသေ့ရုပ်တုကိုဆုတောင်းပြည့်လို့ ပထမအကြိမ်မှာ ၁၀၀၀ ကျပ် လှူတယ်။ ဒုတိယအကြိမ်မှာ ၉၀၀၀ ကျပ်လှူတယ်။

၂။ နန္ဒဝန်ဈေးတွင် ဈေးရောင်းနေတဲ့ လင်မယားနှစ်ယောက် ရသေ့ရုပ်တုထံ လာဆုတောင်းပြီး တစ်သိန်းဆုထီပေါက်သွားတယ်။

၃။ ပျဉ်းမနားက အမျိုးသားတစ်ယောက်ဟာ သူရရန်ရှိတဲ့ အကြွေးငွေ ၂၀၀၀၀ ကျပ်ပြန်ရဖို့ သူတော်စင် ရသေ့ယောဂီကြီး ဓာတ်ပုံတွေ့လို့ ဆုတောင်းကြည့်တာ ငွေပြန်ရလို့ သူ့ကတိအတိုင်း ငွေ ၂၀၀၀ ကျပ် လှူသွားတယ်။

၄။ ငါ့အမေ ငွေတစ်သောင်းရလို့ ရွှေဂုံတိုင်မှာ ရန်အောင် ပုံနှိပ်တိုက်ဖွင့်ဖြစ်တယ်။

၅။ စစ်ကြီးပြီးသွားလို့ လွတ်လပ်ရေးရတဲ့ခေတ် ၁၉၅၂ ခုနှစ်မှာ မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေမယ်ဆိုတာကြားလို့ မြဝတီမဂ္ဂဇင်းတိုက်ကိုသွားပြီး ငါအလုပ်တောင်းတာ ချက်ချင်းပဲအလုပ်ရတာဟာလည်း ငါ့အတွက်ထူးခြားချက်ပဲ။

၆။ ဒီသူတော်စင်ရသေ့ရုပ်တုကြောင့်လို့ ငါယုံကြည်တယ်။ ငါကိုယ်တိုင်လည်း ဝင်ငွေတော်တော်ကောင်းပါတယ်။ ဝတ္ထုတွေထုတ်ဖြစ်တယ်၊ ရုပ်ရှင်တွေရိုက်ဖြစ်တယ် စသည်ဖြင့်ပေါ့လေ။ ပြောမယ်ဆိုရင်တော့ ပြောစရာတွေအများကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အောင်မြင်တာတွေဟာ မတော်တဆတိုက်ဆိုင်မှုလို့ ပြောချင်ပြောနိုင်တယ်။ သို့ပေမယ့် ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ တိုက်ဆိုင်မှုတွေကြုံရတော့ သူတန်ခိုးလားလို့ ထင်စရာဖြစ်လာတယ်။

ဒီလိုလေကွာ၊ တန်ခိုးက္ကဒ္ဓိပါဒ်တွေ ဘာတွေနဲ့ပတ်သက်လို့ ဘာမှမယုံဘူး၊ ဘာမှမဟုတ်ဘူးဆိုပြန်ရင်လည်း အစွန်းရောက်တာပဲ။ ပြောကြတဲ့အတိုင်း အားလုံးဟုတ်တာတွေချည်းပဲလို့ ဆိုပြန်ရင်လည်း အစွန်းရောက်တာပဲ။

အယူဝါဒတစ်ခု၊ ကျင့်ဝတ်တစ်ခုသည် သူတစ်ပါးကကောင်းသည်ဟု ပြောတိုင်း မယုံလေနှင့်။ မိမိကိုယ်တိုင် ထိုအယူဝါဒ၊ ထိုအကျင့်ဝတ်ကို လက်တွေ့ကျင့်ကြံအားထုတ်ပြီး တကယ်အကျိုးရှိကြောင်း ကိုယ်တိုင်သိမှသာလျှင် ထိုအယူဝါဒ၊ ထိုကျင့်ဝတ်ကို ကောင်းသည်ဟု မှတ်ယူလော့" တဲ့။

အထက်ဖော်ပြပါ စာရေးဆရာကြီးဦးရန်အောင်ကိုယ်တိုင် ပြောပြသွားသော၊ ဆရာကြီးရန်အောင်ကိုယ်တိုင်ကို မ,စစောင့်ရှောက်သွားသောသူတော်စင်ဘရသေ့ရုပ်တုကြီးမှာ ဆရာကြီး နေထိုင်သွားရာ ရန်ကင်းမှာ ယခုတိုင်ရှိနေဆဲဖြစ်ပါသည်။

ဆရာကြီးရန်အောင်သည် ကွယ်လွန်ချိန်အထိ ဝင်းအမြဲထာဝစဉ်ပြုသည့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတို့၏ ကျေးဇူးကြောင့် ရသေ့ကြီး သူ့ထံရောက်လာပြီး အကျိုးပေးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သူတော်စင် ရသေ့ရုပ်တုကြီးကို လာရောက်၍ ဆုတောင်းအဓိဋ္ဌာန်ပြုသည့်သူများမှ လှူဒါန်းကြသည့် ငွေများဖြင့် ယောဂီကြီးအား ရွှေချခြင်း၊ နို့၊ မလိုင်၊ မုန့်၊ သစ်သီး၊ ပန်းမန်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များ အမြဲဝယ်ခြမ်းကပ်လှူပူဇော်သည့်အပြင် အလှူခံလာသမျှကို လှူဒါန်းဒါနပြုခြင်း၊ ဒုက္ခရောက်သူများကို ကူညီခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား လှူဒါန်းခြင်းများ ပြုလုပ်ပါသည်။

ဆရာကြီးသည် ဤသို့ ဒါန၊ သီလ၊ ဘာဝနာပွားများရင်း သူ့အသက် (၉၀) နှစ်အရွယ် ၁၉၉၅ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ ဆရာကြီး ဦးရန်အောင်မရှိတော့သော်လည်း ဆရာကြီး၏ [illegible] မှ သူတော်စင်ရသေ့ရုပ်တုကြီးကို ဆရာကြီးကိုးကွယ်ခဲ့သကဲ့သို့ ဆက်လက်ထားရှိပူဇော်ပြီး ရသေ့ရုပ်တုထံ ယုံယုံကြည်ကြည်ဖြင့် လာရောက် အဓိဋ္ဌာန်ပြုဆုတောင်းကြသူများကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

သူတော်စင် ရသေ့ရုပ်တုကြီး၏ ဘွဲ့မှာ မဟိန္ဒရာမုနိဖြစ်ပြီး မဟိန္ဒရာမုနိ ဘုရားရှိခိုးကို စွာဖတ်သူများအတွက် ဓမ္မဒါနကုသိုလ်ပြုလိုက်ရပါသည်။

**မဟိန္ဒရာမုနိ ဘုရားရှိခိုး**

□ ဆီရိန္ဒရို၊ တြိလောကိန္ဒရို၊
မဟာဆမ္ဗုဒ္ဒရ ဉာဏ်ကို
တြိလောကြရ ပရမနန္ဒိတို
ဆရုပဘူတ ဟိတေဆကို ။ ။

တြိလောကိစ္ဆရ မကုတ္တို
ဒရောဆ ဒရိဆ ဒဂ္ဂါလုကို
မာရဂျိန္ဒိ တွမာဂန်တွာ
ဆီရဆမီ ပြတိသျှင္ဂတု ။ ။

လောကသုံးပါးကို အစိုးရသော၊ မဟာသမ္ဗုဒ္ဓရာနှင့်တူသည့် ဉာဏ်ရှိသော လောကသုံးပါး၏ အလွန်နှစ်သက်အပ်သော၊ သတ္တဝါအားလုံး၏ အကျိုးစီးပွားကိုရှာတတ်သော မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည် အမြဲကြွလာ၍ ဦးထိပ်ထက်တော်၌ တည်နေတော်မူပါဘုရား။

□ မှတ်ချက်

မဟိန္ဒရာဘိုးဘိုးကြီးထံဆုတောင်း အဓိဋ္ဌာန်ပြုကြသူများသည် -

အရက်လုံးဝမသောက်ရပါ။ အမဲသားမစားရပါ။ ၃-ရက်၊ ၆-ရက်၊ ၉-ရက် သက်သတ်လွတ်စား၍ အဓိဋ္ဌာန်ပြုသူများ၊ ဂုဏ်တော်ပုတီးစိပ်ဆုတောင်းကြသူများ ဆုတောင်းဖို့ပြုသင့်ပါသည်။

သူတော်စင်ရသေ့ကို ဖူးမြော်လို၍ဖြစ်စေ၊ ဆုတောင်းအဓိဋ္ဌာန်ပြုလိုလျှင်ဖြစ်စေ -

**တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း (၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်** သို့ လာရောက် ပူဇော်နိုင်ပါသည်။

**တိုးထက်**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် (၆) နှစ်သားလောက်ကဖြစ်မည်ထင်ပါသည်။ (၆) နှစ်သားဆိုသည်မှာ နို့စို့ကလေးသာသာပင် ဖြစ်ပါသည်။ (၆) နှစ်သားလောက်က အဖြစ်အပျက် ယခုအချိန်အထိ ကျွန်တော်မှတ်မိနေပါသေးသည်။ မှတ်မိသည့်အကြောင်းကလည်းရှိနေပြန်သည်။

ကျွန်တော် ထိုစဉ်က မြောင်းမြတွင်နေပါသည်။ ဆရာထင်ကျောင်းဟုဆိုလျှင် မသိသူများ အတော်ရှားပါလိမ့်မည်။ ယခု ဆရာထင်ကျောင်းမရှိတော့ပါ။ မည်သည့်နေရာတွင်ပျောက်နေသည်ကိုလည်း ကျွန်တော်မသိတော့ပါ။

ကျွန်တော်တို့သည် ဆရာထင်ကျောင်းနောက်တွင် နေထိုင်ရပါသည်။ အိမ်ငှားနေခြင်း ဖြစ်ပါသည်။ အိမ်ရှင်က ဒေါ်အေးနှင့် ဒေါ်အေးညွန့်တို့ဖြစ်ပါသည်။ ဒေါ်အေးသမီးက မမတင်ဟု ကျွန်တော်ထင်ပါသည်။ မမတင်မှာ စစ်တပ်ကဗိုလ်တစ်ယောက်နှင့်လက်ထပ်သွားသည်ဟု သိရပါသည်။ စစ်တပ်ကဗိုလ်ဆိုသူမှာ တော်လှန်ရေးကောင်စီအစိုးရလက်ထက်က ဗိုလ်မှူးကြီးလှအုန်းပင် ဖြစ်ပါသည်။ ထို့နောက် နိုင်ငံခြားရေးတာဝန်ခံအထိဖြစ်သွားပါသည်။

ကျွန်တော်တို့အိမ်နှင့် စကြာနန္ဒဘုရားမှာ သိပ်မဝေးလှပါ။ ရန်ကုန်အခေါ်နှင့်ဆိုလျှင် တစ်မှတ်တိုင်ကျော်ကျော်လောက်သာဝေးမည်ထင်ပါသည်။

ကျွန်တော်တို့သည် ဘုရားတွင် ဘုရားဖူးရင်း ရေချိုးလေ့ရှိပါသည်။ စကြာနန္ဒဘုရား ဆိုသည်မှာ မြစ်ကမ်းနဖူးတွင်တည်ထားသောစေတီ ဖြစ်ပါသည်။ စကြာနန္ဒ၊ စကြာသီဟဟူ၍ ညီတော်၊ နောင်တော်နှစ်ပါးရှိပါသည်။

တစ်နေ့တွင် ကျွန်တော်ရယ်၊ ကျွန်တော့်ညီ ဝင်းမောင်ရယ်၊ အဖေရယ် ရေဆင်းချိုးကြပါသည်။ ရေကလည်း ရေတက်ဖြစ်နေသဖြင့် ကျွန်တော်အထူးပျော်နေမိပါသည်။ ကျွန်တော့်ညီက အဖေ့အနီးတွင် ရေချိုးနေသော်လည်း ကျွန်တော်က ခပ်လှမ်းလှမ်းကိုသွားပြီး ရေချိုးပါသည်။

ခေါင်းကို ရေထဲနှစ်လိုက်၊ ခေါင်းပြန်ဖော်လိုက်နှင့် စိတ်ကြိုက်ရေချိုးနေပါသည်။ အမှတ်မထင် ကျွန်တော်ခြေလှမ်းတစ်လှမ်းလှမ်းလိုက်သည်နှင့် အောက်ကကျောက်တုံးကို မမိဘဲ ခြေချော်သွားပါသည်။ ရေကလည်း ရင်ခေါင်းလောက်ရှိသဖြင့် အောက်မှ ကျောက်တုံးကို ကျွန်တော်မမြင်နိုင်ပါ။

ထို့ကြောင့် လက်ကားရားခြေကားရားဖြစ်နေပါသည်။ ကျွန်တော့်ကိုယ်လည်း ကျွန်တော်မထိန်းနိုင်ပါ။ ဦးခေါင်းမြုပ်သွားပါသည်။ ကျွန်တော် ဝူးဝူးဝါးဝါးဖြစ်နေပါသည်။ သေတော့မည်ဟုလည်း ကိုယ့်ဘာသာကိုယ်တွေးမိပါသည်။

ထိုအခိုက်မှာပင် မမြုပ်သေးဘဲ ဆံပင်လေးပေါ်နေသည်ကို လူတစ်ဦးက လှမ်းဆွဲလိုက်ပါသည်။ ထို့နောက် ထိုလူကပင် ကမ်းစပ်သို့ဆွဲတင်လိုက်သည်။ ကျွန်တော်သည် မိမိအသက်ကိုကယ်တင်သူအား မော့ကြည့်လိုက်ရာ -

ကျွန်တော့်အဖေဖြစ်နေသည်ကို ဝမ်းမြောက်ဝမ်းသာတွေ့လိုက်ရသည်။

"အဖေ"

"သား မင်းဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး"

နှုတ်မှလည်း တဖွဖွပြောဆိုနေသည်။ ကျွန်တော် ကုန်းပေါ်သို့ ပြန်တက်ခဲ့ပါသည်။ ကျွန်တော့်ညီက မျက်လုံးကြောင်တောင်နှင့် ဘာဖြစ်သည်ဟု မသိလိုက်ပေ။ ထိုစဉ်က ကျွန်တော်မသိသေးသော်လည်း ယခုအခါ ကောင်းကောင်းကြီးသိနေပါသည်။

အဖေသည် ကျွေးမွေးစောင့်ရှောက်ရုံသာမက ကျွန်တော့်အသက်ကို ကယ်ခဲ့ပါကလားဟု တသသအမှတ်ရနေမိပါသည်။ ယခု ကျွန်တော် အသက် (၇၀) ကျော်နေပြီဖြစ်သော်လည်း တွေးမိတိုင်း ကြက်သီးထနေပါသည်။ အဖေ့ကိုလည်း အရမ်းကျေးဇူးတင်ပါသည်။ အဖေ့ကို အားကိုးလာပါတော့သည်။

အဖေသည် ထိုအဖြစ်အပျက်ကို မည်သည့်အခါမျှ ပြန်မပြောပေ။ ကျွန်တော် စိတ်အားငယ်သွားမည်စိုးသောကြောင့် ပြန်မပြောခြင်းဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။

ဒီလိုနှင့် ကျွန်တော့်ဘဝတွင် အချိုးအကွေ့တစ်ခု ရောက်လာပြန်ပါသည်။ ကျွန်တော်အဌမတန်းလား၊ သတ္တမတန်းလား သေချာစွာမမှတ်မိ တော့ပါ။ မိဘ





www.burmeseclassic.com

www.burmeseclassic.com

သွားလျှင်သွားခြင်း၊ မိဘနေလျှင်နေခြင်းဖြစ်၍ ကျွန်တော်တို့မှာ မြောင်းမြမြို့ (၃) လမ်းနှင့် (၄) လမ်းကြားရှိ ကမ်းနားလမ်းတွင် ပြောင်းရွှေ့နေထိုင်ပါသည်။

ကျွန်တော့်အဖေမှာ ပွဲရုံလုပ်ငန်းကို လုပ်ကိုင်သူဖြစ်သည်။ ပွဲရုံဆိုသည်မှာ ဆန်ပွဲရုံမျိုးမဟုတ်ပေ။ ထင်း၊ ဝါး၊ ဓနိ ရောင်းချသောပွဲရုံဖြစ်ပါသည်။ကျွန်တော်တို့ပွဲရုံသာမက ဘေးတွင် ပွဲရုံအမြောက်အမြား ရှိပါသည်။

ကျွန်တော့်အဖေမှာ ထင်းပေါက်ခြမ်းများ၊ ဓနိများနှင့် ဝါးများကို လှောင်ထားပါသည်။ ထင်းပေါက်ခြမ်းကို ပွဲရုံတွင် အပေါက်ခိုင်းသည်။ ဓနိကို ပွဲရုံတွင်တင်ထားသည်။ ဝါးကိုမူ ပွဲရုံနောက်ဘက် တံတားဆောက်ထားသည်။ ထိုတံတားရင်း၌ပင် ဝါးကိုချရသည်။

ကျွန်တော်တို့ အရပ်ဒေသမှာ ဝါးကို ကားဖြင့်သယ်ယူခြင်းမရှိပေ။ ဝါးဖောင်ဖွဲ့ကာ ဖောင်လိုက် အရောင်းအဝယ်လုပ်ကြသည်။ မြောင်းမြဘက်က အသုံးများသည်မှာ ခရင်ဝါးဖြစ်ပါသည်။

ဝါးတွေကို ထိပ်မှာ အပေါက်ဖောက်၍ နှစ်ဆယ်ဝါးလုံးစီစီးပြီး ဝါးဖောင်မှာဝါးတစ်သောင်းမှငါးသောင်းအထိရှိသည်။ ကျွန်တော်တို့ပွဲရုံမှာလည်း ဝါးနှစ်သောင်းခန့် ဝယ်ထားပါသည်။ ခရင်ဝါးဖြစ်၍ ဝါးထရံရက်၍ ဝါးထရံကို ပင်ကာရံကာအသုံးပြုရခြင်းဖြစ်သည်။

ကျွန်တော်သည် ညီငယ်နှင့်အတူ ကျောင်းမှပြန်လာပါသည်။ ထုံးစံအတိုင်း ညနေဘက်တွင် တဝကြီးဆော့ကစားနေပါသည်။ အိမ်တွင် ရေမိုးချိုးပြီးညနေစာစားပါသည်။ ကျွန်တော့်တွင် ထုံးစံတစ်ခုရှိပါသသည်။ မည်မျှဆော့ကစားစေကာမူ အိပ်ရာဝင်တော့မည်ဆိုလျှင် စာကိုတော့ အနည်းငယ်ဖတ်ပြီးမှ အိပ်ရာဝင်လေ့ရှိပါသည်။

ကျွန်တော်သည် စာအနည်းငယ်ဖတ်ပြီး အိပ်ရာဝင်ပါတော့သည်။ အိပ်၍မပျော်ပါ။ ဘယ်လှည့်လိုက်ညာလှည့်လိုက်လုပ်နေရင်း ည (၁၂) နာရီထိုးသွားလေပြီ။ ထို့နောက် ကျွန်တော်မှေးခနဲ အိပ်ပျော်သွားပါသည်။

'ဖြောင်း' ဆိုသော အသံကြီး တစ်သံကိုကြားရသဖြင့် ကျွန်တော် လန့်နိုးသွားပါသည်။ ကျွန်တော့်အဖေက အိပ်ရာမှ အရလဲထကာ သူ့ဝါးဖောင်ဆီကို ပြေးဆင်းပါတော့သည်။ ကျွန်တော်ကလည်း အိပ်ရာက အတင်းထကာ ကျွန်တော့်အဖေနောက်သို့လိုက်ပါတော့သည်။ကမ်းနားသို့ရောက်လျှင် ဝါးဖောင်မှာရေထဲတွင်လည်၍စတင်မျောပါတော့သည်။ အဖေလည်း ဝါးဖောင်ပေါ်သို့ ရောက်သွားသည့်အခါ ဘာလုပ်ရမှန်းမသိပေ။

"ဟော့ကောင် ချစ်ဆွေ၊ မလာနဲ့ မလာနဲ့"

အဖေက လှမ်းအော်ပါသည်။

# တက္ကသိုလ်ကြည်သင်း
## သိပါလေစ ထိုကျေးဇူး





www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်တော် မနေနိုင်ပါ။ ဝါးဖောင်ပေါ်သို့မှီရာက အစတင်းတက်လိုက်ပါသည်။ ဝါးဖောင်က ဝါးနှစ်သောင်း ညကြီးအချိန်မတော် ကျွန်တော်တို့သားအဖနှစ်ယောက်။

အဖေက သူ့လက်ထဲတွင် တုတ်တစ်ချောင်းကို ကိုင်ထားပါသည်။ ဝါးဖောင်သည် တစ်ခုခုနှင့်တိုက်မလိုဖြစ်နေပါက သူ့လက်ထဲမှတုတ်နှင့်ထိုး၍ ဝါးဖောင်ကို ဖြောင့်ပေးနေသည်။ ဝါးဖောင်ကိုမထိခိုက်စေလိုသောသဘောဖြစ်သလို လမ်းတွင် လှေများ၊ တံတားများနှင့်လည်း မထိခိုက်စေလိုသောသဘောဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

တော်ပါသေးသည်။ အဲဒီနေ့ အဲဒီအချိန်က သင်္ဘောများ၊ မော်တော်များ၊ သမ္ဗန်အသွားအလာရှင်းနေသောကြောင့် ဝါးဖောင်နှင့် တိုက်မိခိုက်မိခြင်းမရှိပါ။

ရေသည် တသွင်သွင်စီးနေသည်။ ကျွန်တော်တို့သားအဖသည် ဖောင်အနီးမှ သစ်ပင်များကိုလှမ်းဆွဲသည်။ သို့သော် မရပါ။ တံတားနှင့် ဝါးဖောင်ကပ်နေသဖြင့် တံတားတိုင်ကိုလှမ်းဆွဲ၍ ဖောင်ကိုရပ်တန့်စေသော်လည်းမရပါ။ တံတားလက်ရန်းကို လက်လွှတ်လိုက်ရသည်။

ကျွန်တော်တို့ဝါးဖောင်မှာ မြို့ပြင်သို့ပင်ရောက်တော့ပေမည်။ မည်သို့ပြုလုပ်ရမည်ဟု စဉ်းစားနေစဉ် အဖေမှ တံတားတစ်ခုကို လှမ်းဆွဲလိုက်သည်။ ကံအားလျော်စွာ ဖောင်က ရေစီးထဲတွင် ရပ်တန့်သွားပါသည်။ ရေပြည့်လာသဖြင့် အမြန်နှုန်းလျော့သွားသည်လည်း ဖြစ်မည်ထင်သည်။

ကျွန်တော်က ဝါးဖောင်ပေါ်မှာ အဖေက အတင်းတွယ်တက်ပြီး တံတားပေါ်ကို ရောက်သွားပါသည်။ ပါလာသောနှီးများ၊ ဝါးများဖြင့် စိတ်ချရအောင် ချည်နှောင်ရပါသည်။ ကျွန်တော်လည်း တတ်သမျှ မှတ်သမျှဖြင့် အဖေ့ကို ကူညီပေးရသည်။

ဝါးဖောင်ချည်ပြီးသောအခါ သားအဖနှစ်ယောက် ဖောင်ပေါ်သို့တက်ကာ အခုမှပင် သက်ပြင်းချနိုင်တော့သည်။ သက်ပြင်းချ၍မကြာလိုက်ပါ။ လေတဟူးဟူးတိုက်ပါတော့သည်။

ပြာသိုလဖြစ်၍လည်း အိမ်မှာဆိုလျှင် စောင်ခြုံပြီးကွေး၍ အကောင်းဆုံးအချိန်ပေပေါ့လေ။ ယခုတော့ စောင်လည်းမပါ။ ခြင်ထောင်ဆိုတာ ဝေလာဝေး။ တဖြည်းဖြည်းနှင့် ချွေးများတိတ်ကာ စတင်ချမ်းလာပါတော့သည်။

တော်သေးသည်ဟုဆိုရလေမလားမသိ။ ဝါးဖောင်အမိုးလေးတစ်ခုအောက်တွင် ကောက်ရိုးများကို တွေ့ရသည်။ ကျွန်တော်သည် အမိုးအောက်ထဲဝင်ကာ ကောက်ရိုးများကို ကိုယ်တွင်ပတ်လိုက်သည်။ ခဏမျှနွေးသလိုရှိသော်လည်း အနွေးဓာတ်က ကြာကြာမခံပေ။ ဆောင်းကအေးနေသလို လေကလည်း တဟူးဟူးတိုက်နေပြန်သည်။

ချမ်း၍အိပ်မရသည့်အထဲ မြောင်းမြတစ်ဖက်ကမ်း ကွယ်လည်ရွာမှ ဝက်ပေါ်သံကို ကြားနေရပြန်သည်။ ဝက်ကို အကောင်မည်မျှ ပါသည်မသိ။ တစ်ညလုံး ဝက်အော်သံကိုသာကြားနေရသည်။ အဖေက ကျွန်တော့်ဘေးမှာထိုင်လို့။

"သား၊ ဝက်သတ်နေတာ ဘာမှမကြောက်နဲ့"

"ဟုတ်ကဲ့၊ အဖေချမ်းနေပြီလား"

"နည်းနည်းတော့အေးလာတာပေါ့။ မကြာပါဘူး၊ မိုးလင်းတော့မှာ"

"ဘယ်နည်းနည်းကမလဲ။ ချမ်းတာပေါ့။ ရော့- ဒီမှာကောက်ရိုးကိုခြုံ"

"ရပါတယ် လူလေးရယ်၊ အဖေမချမ်းပါဘူး"

"ရော့ပါ၊ ဒီမှာခြုံပါ။ ကျွန်တော်လည်းခြုံထားတာပဲ"

ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ကောက်ရိုးတစ်ပွေ့ကို အဖေအပေါ်သို့တင်ကာခြုံပေးလိုက်သည်။ အဖေက မည်သို့မျှမပြောတော့ဘဲ အသာငြိမ်နေပါသည်။ ကျွန်တော်လည်း ဘာမှမပြောဘဲ မှေးနေလိုက်သည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံ။ ဘယ်ကသေနတ်သံဖြစ်မည်ထင်သလဲ။ မြောင်းမြတစ်ဖက်ကမ်း ကွယ်လည်ရွာကပေါ့။

ကျွန်တော် အဖေ့ကို လက်ကုတ်လိုက်သည်။ အဖေက ငြိမ်ငြိမ်နေဟု ပြန်ပြောလိုက်သည်။

ကျွန်တော်တို့နှစ်ယောက် အသာငြိမ်နေလိုက်သည်။ ဝက်အော်သံများလည်း တိတ်ဆိတ်သွားသည်။ မည်သည့်အသံကိုမျှ မကြားရတော့ပေ။ ထိုခေတ်ထိုအခါက ဖဆပလ အုပ်စိုးသောအချိန်ဖြစ်သည်။ ဖဆပလခေတ် ဆိုသည်မှာ အများသိကြတဲ့အတိုင်း ရောင်စုံသူပုန်ပျံ့စောထိုးတို့တစ်ခေတ်ကောင်းသောအချိန်ဖြစ်သည်။ မြို့ပေါ်လောက်သာ အုပ်ချုပ်ရေးအာဏာရှိပြီး တောနယ်များမှာ အစိုးရလက်လှမ်းမမီပေ။

တချို့က တောအစိုးရနှင့် မြို့အစိုးရဟုတောင် တင်စား၍ခေါ်ကြပါသည်။ ကျွန်တော်လည်း တွေးရင်းတောရင်း တဖြည်းဖြည်းအိပ်ငိုက်ရာက အိပ်ပျော်သွားလေသည်။ အရင်ကလောက်မအေးပါလားဟု စိတ်ထဲမှ တွေးမိနေပြန်သည်။ အဖေက ကျွန်တော့်ကိုဖက်၍အိပ်နေသည်ကို ကျွန်တော်[illegible]ထားမိသည်။

"ဪ - မိဘမေတ္တာဆိုတာ တယ်လည်းထွေးနွေးပါလား"

ဟု စိတ်ထဲတွင် ကျိတ်၍စဉ်းစားမိသည်။ ဒီမေတ္တာမျိုး ငါရလိုက်လေခြင်းဟုလည်း စိတ်ထဲတွင် ဝမ်းမြောက်မိလေသည်။

အဖေဖက်ထား၍ ကျွန်တော်နွေးနေစဉ်မှာပင် အဖေအိပ်ရာကနိုးလာသည်။ မျက်လုံးများဖွင့်ကြည့်လိုက်သည်။ ကျေးငှက်များပင် အစာရှာထွက်သည့်နှယ် တကျီကျီအော်ဟစ်မြူးထူးနေပုံရသည်။

"ကဲ-သားချစ်ဆွေ၊ ထတော့။ တို့ပြန်ကြရအောင်"

အဖေသည် အိပ်ရာမှထပြီး သူ့ဝါးဖောင်များကို ခိုင်မခိုင်စစ်ဆေးနေပြန်သည်။

"ဖောင်ကို ဒီအတိုင်းထားခဲ့လို့ရမလားအဖေ"

"ရပါတယ် သားရယ်။ အဖေလိုအပ်တာတွေ အကုန်လုပ်ခဲ့တယ်။ မကြာခင်မှာ မောင်ချစ်လှိုင်တို့ မောင်ခင်တို့ လိုက်လာကြလိမ့်မယ်"

ကျွန်တော်နှင့် အဖေတို့သည် ဖောင်ပေါ်မှ တံတားတစ်ခုပေါ်သို့ တက်လိုက်သည်။ တံတားတစ်ခုပေါ်မှ အောက်သို့ဆင်းရန် ပြဿနာမရှိတော့ပေ။

ကြာတော့ကြာခဲ့ပါပြီ။လွန်ခဲ့သော အနှစ် (၆၀) ကျော်လောက်က အဖြစ်အပျက်ဖြစ်ပါသည်။ သို့သော် ထိုအဖြစ်အပျက်ကို ကျွန်တော် ယနေ့တိုင်မမေ့နိုင်သေးပေ။ မိဘကျေးဇူးတား ကြီးမားလှပါသည်။ ကျွန်တော် စာတွေ့မဟုတ်ပါ။ ဘဝနှင့်ရင်းခဲ့ရသောအဖြစ်အပျက်များသာ ဖြစ်ပါသည်။

သတိပေးချင်သည်မှာ 'လူငယ်များ မိဘကျေးဇူးကိုသိအောင်ကြိုးစား၊ ကျေးဇူးသိလျှင် ဆပ်နိုင်သမျှဆပ်ပေတော့' ဟုသာပြောချင်ပါတော့သည်။

တက္ကသိုလ်ကြည်သင်း




www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ



**Fuk, Luk, Sau ဟူသော နတ်ရုပ်တုများက ပေးသော ကံကောင်းခြင်းနိမိတ်လက္ခဏာများ**

Sau နတ်ရုပ် - ပုံတွင် ပါရှိသည့်အတိုင်း ယာဘက်အစွန်တွင် နေရာယူထားသော Sau နတ်ရုပ်သည် မက်မွန်ဝတ်ရည်ပါရှိသော ဘူးသီးခြောက် (ရေဘူး) နှင့် တံချူတ်ကို ကိုင်ဆောင်ထားပြီး သက်ရှည်ကျန်းမာခြင်းအောင်နိမိတ်ကို ပေးစွမ်းပါသည်။

Luk နတ်ရုပ်-လက်ဝဲဘက်လက်အတွင်း ရာဇနှင်တံကိုင်ဆောင်ထားပြီး အစိုးရဌာနဆိုင်ရာ လူကြီးမင်းများ၏ ဩဇာအာဏာထက်မြက်တည်မြဲစေရန် ကူညီစောင့်ရှောက်သည်။ နတ်ရုပ်တုသုံးရုပ်အနက် (ထုံးစံအရ) အလယ်ကောင်၌ နေရာယူထားသည်။

Fuk နတ်ရုပ်- ဝဲဘက်အစွန်တွင် နေရာယူပြီး စီးပွားရေးနှင့်ပတ်သက်၍ ပုံမှန်ဝင်ငွေကောင်းစေရန် စောင့်ရှောက်ပေးသည်။ အမြဲတစေ အနီရောင်ဝတ်စုံဆင်မြန်းထားသည်။

အထက်ပါ နတ်ရုပ်သုံးရုပ်အား အိမ်ထောင်မိသားစုတစ်ခုလုံးအတွက် ကောင်းသော ချီဓာတ်များရစေရန် ထမင်းစားခန်းအတွင်း မြင့်သောစားပွဲပေါ်၌ ထားရှိပေးပါ။ ရုံးခန်းတွင် ထားလိုပါက မိမိစားပွဲနောက်တွင်ထားရှိ၍ မိမိအား ကျောထောက်နောက်ခံပြုပေးကာ ကံကောင်းခြင်းများ ဆက်တိုက်ရရှိစေပါသည်။


## Chapter Three
## Symbol of Love & Romance

ဖုန်းရွှေပညာအရ အချစ်ရေးနှင့် အိမ်ထောင်ရေးကံကောင်းစေသည့် အစီအရင်များက အိမ်ထောင်သည်ဇနီး၊ ခင်ပွန်းတို့အကြား သစ္စာရှိစွာပေါင်းသင်းနေထိုင်နိုင်မှုနိမိတ်အပြင် အိမ်ထောင်မကျသေးသူ လူပျိုလူလွတ်အပျိုတို့အတွက်ပါ မေတ္တာရေးဆိုင်ရာရှေ့ပြေးလက္ခဏာများအဖြစ် ကောင်းကျိုးပြုနေပါမည်။

ရှေးခေတ် တရုတ်လူမျိုးတို့၏ လူမှုအသိုင်းအဝန်းအတွင်း ဇနီးမယားတစ်ဦးမက(များစွာ) ယူလေ့ရှိသောထုံးစံရှိခဲ့ဖူးသည်။ ယနေ့ခေတ်ကာလအတွင်း ထိုသို့မဖြစ်စေရန် ဖုန်းရွှေအစီအရင်များအား သတိပြုဆောင်ရွက်ရပါမည်။

Heart Shape (နှလုံးသား)ဒီဇိုင်းအား ချစ်ခြင်းမေတ္တာဆိုင်ရာအမှတ်သင်္ကေတအဖြစ် တစ်ကမ္ဘာလုံးက သတ်မှတ်ထားကြသည်။ နှလုံးသားရေးရာပိုင်းအား ပါ့ကွာပုံစံဖြင့် ခွဲခြားဖော်ပြပါက ၎င်းတည်ရှိရာနေရာသည် (မည်သည့်အိမ်၌မဆို) Kun (ခွန်) သို့မဟုတ် အနောက်တောင်အရပ်တွင်ရှိနေသော မိခင်နှင့်ဆိုင်သည့် တြိဂရမ်အဖြစ်တွေ့ရပါမည်။ မိမိနေထိုင်ရာအိမ်၏အနောက်တောင်အရပ်ကို တိကျစွာခွဲခြားနိုင်ရန် ကွန်ပတ်စ် (Compass) ကို အသုံးပြုပါ။ အဆိုပါ အနောက်တောင်အရပ်တွင် သန့်စင်ခန်း (အိမ်သာ) ရှိနေပါက (သို့) အနောက်တောင်အရပ် သတ်မှတ်ရန် နေရာပျောက်နေပါက မိမိအိမ်၏ဧည့်ခန်း (သို့) အိပ်ခန်းမှ အနောက်တောင်အရပ်ကို ရှာဖွေသတ်မှတ်ပါ။ပြီးနောက် အချစ်သင်္ကေတ(နှလုံးသားပုံဒီဇိုင်း)အားမြင်သာအောင်ချိတ်ဆွဲထားရှိပေးပါ။ အကယ်၍ မိမိရှာတွေ့သောအနောက်တောင်အရပ်တွင် အိမ်သာ၊ ရေချိုးခန်းရှိနေပြီး ၎င်း (အိမ်သာ၊ ရေချိုးခန်းအတွင်း) အချစ်သင်္ကေတချိတ်ဆွဲမိပါက နှလုံးသားရေး၊ အိမ်ထောင်ရေးနှင့်ဆိုင်သည့် ကောင်းသောချီဓာတ်များ ဝင်ရောက်လာမည်မဟုတ်ပေ။ အထက်ပါဖုန်းရွှေအစီအရင်အောင်မြင်ခဲ့ပါက အိမ်ထောင်ကျပြီးနောက်သားရတနာထွန်းကားသည်အထိ အကျိုးထူးရရှိပါမည်။

**အိမ်ထောင်ကျရန် အခွင့်အရေးများကို ဖန်တီးပေးသော မန်ဒရင်းဘဲ**





www.burmeseclassic.com

www.burmeseclassic.com



မန်ဒရင်းဘဲမောင်နှံသည် ဟသ်ာမောင်နှံကဲ့သို့ပင် ချစ်ခြင်းမေတ္တာဆိုင်ရာ သင်္ကေတအဖြစ်အကျိုးပြုနေပြီး မန်ဒရင်းဘဲမောင်နှံမှပေးသော ချီဓာတ်များက ချစ်သူစုံတွဲတို့အား အိမ်ထောင်သည် ဘဝရောက်သည်အထိ ဆောင်ကြဉ်းပေးပါသည်။ မန်ဒရင်းဘဲရုပ်ကို ကြံ့ရာကျပန်းသစ်သားဖြင့် ထုထွင်းမပြုလုပ်သင့်ပေ။ ပြုလုပ်လိုပါက သစ်သားအကြီးကိုယ်စားပြု (သို့) ကြီးမားသောသစ်ပင်များမှရသောသစ်သားဖြင့်သာပြုလုပ်ရမည်။အကယ်၍ ငွေကြေးတတ်နိုင်ပါက ရတနာတန်းဝင်ကျောက်များဖြင့် စီမံပြုလုပ်နိုင်ပါသည်။

အချစ်ရေး၊ အိမ်ထောင်ရေးဆိုင်ရာအရပ်ထောင့် ခွန် (သို့) အနောက်တောင်အရပ်သည် မြေကြီးအကြီး (Big Earth) အား ကိုယ်စားပြု၍ သစ်သားအကြီးဖြင့်ပြုလုပ်သော မန်ဒရင်းဘဲမောင်နှံအား ချီဓာတ်မြှင့်တင်ပေးသွားပါမည်။ မန်ဒရင်းဘဲမောင်နှံရုပ်တုကို သင့်အိမ်၏ ဧည့်ခန်း (သို့) အိပ်ခန်း၏ အနောက်တောင်အရပ်တွင်ထားခြင်းဖြင့် အိမ်ထောင်ရေးဆိုင်ရာ ကောင်းမွန်သော ချီဓာတ်များစီးဆင်းဝင်ရောက်လာပါမည်။

အဆိုပါ ဘဲမောင်နှံရုပ်အား ရတနာတန်းဝင်ကျောက်များဖြင့် စီမံပြုလုပ်ရာ၌ ဘော်နီလီယန်အနီ၊ သန္တာကျောက်နီ၊ အနီရောင်ဂျက်စ်ပါကျောက်တို့ဖြင့်ပြုလုပ်ခြင်းက အထူးသင့်လျော်ပါသည်။


**အိမ်ထောင်မြဲခြင်းသဘော ကိုယ်စားပြု ဘဲငန်းမောင်နှံ**

လေထဲဝဲပျံနေသည့်ဘဲငန်းမောင်နှံ ပန်းချီကားချိတ်ဆွဲထားခြင်းဖြင့် အိမ်ထောင်ဖက်တစ်ဦးနှင့်တစ်ဦးသစ္စာရှိ၍ တစ်သက်တာမခွဲစတမ်းလက်တွဲနိုင်မည့် နိမိတ်ကောင်းကိုရရှိပါမည်။ ဘဲငန်းတို့၏



သဘာဝအရ မိမိအဖော်မှလွဲ၍ အခြားဘဲငန်းတစ်ကောင်ကောင်နှင့် ယှဉ်တွဲပျံသန်းတတ်ခြင်းမရှိပေ။


**ပျော်ရွှင်မှုအကြိမ်ကြိမ် ရရှိခံစားနိုင်မည့် အမှတ်လက္ခဏာ**



ပျော်ရွှင်မှုအကြိမ်ကြိမ်ရစေသည့် စာလုံးဒီဇိုင်းသည် အိမ်ထောင်ရှင်တို့အတွက် အထူးကိုယ်စားပြုခြင်းကြောင့် အိမ်ထောင်သည်တို့၏ အိပ်ခန်း၊ဧည့်ခန်းတွင်သုံးသောပရိဘောဂများ၌ အနေအထားအမျိုးမျိုးဖြင့် ရေးဆွဲပုံဖော်ထားရပါမည်။

**Peony (ခေါ်) အလှစိုက် အဖြူ အနီရောင် ပန်းများ**

ဆယ်ကျော်သက်လူငယ်များ၏ စိတ်ခံစားမှု၊ ချစ်ရေးချစ်ရာကိစ္စများကို ကိုယ်စားပြုသည့်ပန်းဖြစ်သည်။ Peony ခေါ် အလှစိုက်အနီရောင်ပန်းအား သမီးမိန်းကလေးများအတွက် အိမ်ထောင်ဖက်ရှာခြင်းကိစ္စ၌ ကျယ်ပြန့်စွာ အသုံးပြုကြသည်။



ထိုပန်းပန်းချီကားကို ဧည့်ခန်းအတွင်း ချိတ်ဆွဲပြသထားခြင်းဖြင့် သမီးဖြစ်သူအား လက်ဆက်ရန် လာရောက်တောင်းရမ်းခြင်းခံရပါမည်။ အကယ်၍ အိမ်ထောင်သည်များ အိပ်ခန်းအတွင်း ထားရှိပါက ဇနီး၊ ခင်ပွန်း တစ်ဦးအပေါ် တစ်ဦး အချစ်ပိုစေပါသည်။ သို့သော် ဘေးထွက်ဆိုးကျိုးအနေဖြင့် မိမိခင်ပွန်းမှ ပြင်ပတွင် ကြင်သူတစ်ယောက် ထပ်မံတွေ့သွားနိုင်သည်ကို သတိပြုပါ။

**လိပ်ပြာမောင်နှံပုံ**



လိပ်ပြာမောင်နှံသည် လူငယ်ချစ်သူစုံတွဲတို့၏ မေတ္တာရေးခရီးမှ အိမ်ထောင်သည်ဘဝတိုင် ကိုယ်စားပြုသည့် နိမိတ်လက္ခဏာဖြစ်သည်။ ဖုန်းရွှေရှုထောင့်အရ လိပ်ပြာမောင်နှံပုံသည်မိဘများသဘောမတူ၍ ခွဲခွာခြင်းခံရသည့် ချစ်သူတို့ တမလွန်ဘဝ၌ လိပ်ပြာမောင်နှံအဖြစ် ပြန်လည် ဆုံတွေ့ပေါင်းဖက်နိုင်သည့် နိမိတ်ကို ဆောင်ပါသည်။ ၎င်းပုံကားချပ်ကို အိမ်၏ အနောက်တောင်အရပ်တွင်ထားရှိပါ။

**ပျော်ရွှင်မှုနိမိတ်ကောင်းများကို ပေးစွမ်းသော ငှက်ကျား**



မန်ချူးရာဇဝင်သမိုင်းများအရ ငှက်ကျားကို ထူးဆန်း အံ့ဖွယ်ငှက် (သို့) ထူးခြားမှုများကို ပေးသောငှက်အဖြစ် တွေ့ရှိရပါသည်။ငှက်ကျားကို အမှတ်မထင် ရုတ်တရက်တွေ့မိပါက မိမိအလုပ်အကိုင် အစီအစဉ်များ၊ စီးပွားရေး၊ ပညာရေးဆိုင်ရာ ကြိုတင်စီစဉ်အားထုတ်မှုမှန်သမျှ အောင်မြင်မည် ဟူသည့် နိမိတ်ကောင်းကိုရရှိပါမည်။ထို့ကြောင့် ငှက်ကျားပုံဒီဇိုင်းကို မိမိအိမ်၌ အမြဲတစေ ချိတ်ဆွဲထားသင့်ပါသည်။ ငှက်ကျားသည် ခန္ဓာကိုယ်ပေါ်၌ နှင်းကဲ့သို့ဖြူဆွတ်သည့် အဖြူရောင်အကွက် ပါရှိသည်မှလွဲ၍ ကျီးကန်းနှင့် အနည်းငယ်ဆင်တူသည်။ ငှက်ကျား၏အရောင်က ကျီးကန်းထက်ပို၍နက်မှောင်တတ်ပြီး အချို့သောငှက်ကျားများ၌ နှုတ်သီးနားတစ်ဝိုက် အဖြူရောင်အမှတ်အသားပါရှိပါသည်။

ငှက်ကျားကဲ့သို့ အကြံအစည် ဟူသမျှ အောင်မြင်စေမည့်နိမိတ်ကိုပေးစွမ်းသောအခြားငှက်နွယ်ဝင်များမှာ ကြက်ဖ၊ ဥဒေါင်း၊ မန်ဒရင်းဘဲ၊ ကြိုးကြာနီနှင့် ဘဲငန်းတို့ပင် ဖြစ်သည်။ သင့်မိသားစုတစ်ခုလုံးအတွက် အောင်နိမိတ်ဆောင်စေရန် အဆိုပါငှက်ရုပ်ပုံများအား တောင်ဘက်အရပ်တွင်ထားရှိရပါမည်။

**စက္ကူမီးပုံးများချိတ်ဆွဲခြင်း**

မင်္ဂလာသတို့သားနှင့် သတို့သမီးတို့၏တစ်ဖက်တစ်ချက်စီ၌ အနီရောင်



www.burmeseclassic.com

www.burmeseclassic.com

မီးပုံးတစ်လုံးစီ ချိတ်ဆွဲပေးခြင်းဖြင့် မင်္ဂလာနိမိတ်ကို ပိုမိုမြင့်တက်စေပြီး မီးပုံးနှစ်လုံးအား တစ်ချိန်တည်း ထွန်းညှိခြင်းကြောင့် ပျော်ရွှင်သော အိမ်ထောင်သုခကို ရရှိပါမည်။

**ဝိုင်ခွက်နှစ်ခွက်အား ကြိုးအနီတွဲချည်၍ မင်္ဂလာယူခြင်း**



တရုတ်ထုံးတမ်းအရ မင်္ဂလာပွဲများ၌ သတို့သားနှင့်သတို့သမီးဖြစ်သူတို့က ဝိုင်ခွက်တစ်ခွက်စီကို အလယ်မှကြိုးနှင့်တွဲချည်လျက် ခေါင်းငုံ့သောက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အရိုအသေပြုသည့်နိမိတ်ယူကြပါသည်။

**သားရတနာများစွာ မွေးဖွားစေနိုင်သည့် နိမိတ်ဆောင် တရုတ်နဂါး**



တရုတ်လူမျိုးတို့၏ အယူဝါဒ ယုံကြည်မှုအရ အိမ်ထောင်ပြုခြင်းသည် သားရတနာများ ထွန်းကားရေးအတွက် အဓိကဦးတည်ပါသည်။ သားရတနာ ထွန်းကားရေးအတွက် အစီအရင်တစ်ခုမှာ မင်္ဂလာသတို့သား၊ သတို့သမီးတို့၏ မင်္ဂလာအိပ်ရာခင်းပေါ်၌ နဂါးနှစ်ဖွားလူပျိုတစ်ဦးက နဂါးကဲ့သို့ သုံးကြိမ်သုံးခါ လူးလွန့်လိမ့်ပေးရပါသည်။ ၎င်းပြင် မင်္ဂလာယူနေချိန်၌ အိမ်အတွင်း နဂါးရုပ်ပုံရှိနေရန် အရေးကြီးပါသည်။ ထို အခါ သားရတနာထွန်းကားစေမည့် အောင်နိမိတ်ဆောင် ချိတတ်များအား နဂါးကထုတ်ပေးပါလိမ့်မည်။ ပုံတွင်ပါရှိသည့်အတိုင်း ပုလဲလုံးကိုင်ဆောင်ထားသည့်နဂါးရုပ်တုအား သားသမီးမရသေးမီကာလအတွင်း အိပ်ခန်းအတွင်း၌ထားရှိပေးပါ။

**Yin(ယင်)နှင့် Yang (ယန်)စွမ်းအင်နှစ်ခု မျှတစေခြင်းဖြင့် ဘဝလက်တွဲဖော်ရှာဖွေနိုင်ခြင်း**


မိမိနေထိုင်ရာအိမ်အတွင်း Yin (ယင်)နှင့် Yang (ယန်)စွမ်းအင်တို့ မျှတနေခြင်းဖြင့် ဘဝကြင်ဖော်ရှာဖွေရာ၌ အဆင်ပြေချောမွေ့နိုင်ပါသည်။

Yang (ယန်) စွမ်းအင်သည် နေနှင့် နေကဲ့သို့ပူနွေးခြင်းသဘော၊ အသံတို့၏ ဆူညံခြင်းသဘော၊ အဖြူ အနီ၊ အဝါရောင်တို့အား ကိုယ်စားပြုသည့်သဘောနှင့် မဂဏန်းဖြစ်သည့်သဘောများကို ပိုင်ဆိုင်ထားသည်။ ၎င်းအပြင် Yang (ယန်) သည် ဖိုဓာတ်သဘာဝ၊ အလင်းရောင်၏ ထွန်းလင်းတောက်ပခြင်း၊ တက်ကြွခြင်း၊ မီးအပူနှင့် ကောင်းကင်ဘုံတို့အား ကိုယ်စားပြုထားသည်။

Yin (ယင်) စွမ်းအင်သည် တိတ်ဆိတ်ခြင်း၊ လ၏အေးမြသောအလင်းရောင်ပေးစွမ်းခြင်း၊ မည်းမှောင်ခြင်း၊ နေးကွေးခြင်း၊ ငြိမ်သက်ခြင်းနှင့် စုံဂဏန်းဖြစ်သည့်သဘောများကို ပိုင်ဆိုင်ထားခြင်းအပြင် အသက်မဲ့သည့်သဘော၊ လှုပ်ရှားမှုမရှိသည့်သဘော၊ အေးချမ်းသည့်သဘော ၊ ရေဓာတ်၊ မဓာတ်သဘာဝနှင့် ကမ္ဘာမြေကြီးတို့အား ကိုယ်စားပြုထားသည်။

ဖုန်းရွှေပညာရှုထောင့်အရ တောင်များ (mountains) ကို သီးခြားအနေဖြင့် Yang (ယန်)ဟု သတ်မှတ်သော်လည်း တောင်ကြော၊ တောင်ရိုးဆိုပါက Yin (ယင်) ဟု သတ်မှတ်ထားပါသည်။ ထို့အတူ တောင်ကြားနှင့် မြစ်ချောင်းများကိုလည်း ယင်အဖြစ်သတ်မှတ်ပါသည်။ သို့သော် အဆိုပါတောင်ကြောတောင်ကြားများ၌ နေအိမ်များဆောက်လုပ်၍ မြို့တည်လိုက်ပါက Yang (ယန်)စွမ်းအင် အဖြစ် ပြောင်းလဲသွားပါမည်။

ယင်နှင့် ယန်သည် အခြေအနေအမျိုးမျိုးအလိုက် စဉ်ဆက်မပြတ်လျင်မြန်စွာပြောင်းလဲတတ်ပါသည်။ မိမိနေထိုင်ရာအိမ်အား ဖုန်းရွှေနှင့်အညီဖြစ်စေရန်အထူးဂရုပြုလေ့လာရပါမည်။



အကောင်းဆုံးနည်းလမ်းမှာ တည်ဆောက်ပုံဒီဇိုင်းများ၌ ယင်နှင့်ယန်မျှတမှုရှိစေရန် စီမံထားခြင်းပင်ဖြစ်သည်။ အိမ်တွင်ပါဝင်မည့်အရာဝတ္ထုများ၏ ဓာတ်သဘာဝ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် (အတိုက်အခံ) မရှိစေရန် သိမ်မွေ့ဆောက်မည့် မြေအနေအထားက မြင့်သောနေရာတွင်ရှိစေပြီး ညီညာပြန့်ပြူးနေရပါမည်။ မီးအလင်းရောင်နှင့် ရေလုံလောက်စွာရရှိပြီး အိမ်အားခြယ်မှုန်းထားသည့်အရောင်များ စိုလင်စေရပါမည်။ နေရောင်ခြည်ဝင်ရောက်စေရန်နေရာ၊ နေအရိပ်ရှိသောနေရာနှင့် လရောင်ဝင်ရောက်နိုင်မည့်နေရာတို့ မျှတနေစေရပါမည်။ အိမ်တစ်အိမ်လုံး၌ ယန် (သို့) ယင်စွမ်းအင်တစ်ခုခု အဆုံးစွန်လွန်ကဲနေခြင်း မရှိစေရ။ ယန်စွမ်းအင်ကြီးစိုးသွားပါက ဖိုဓာတ်လွန်ကဲခြင်းကြောင့် မိသားစုအတွင်း မိခင်၏စွမ်းရည် ပပျောက်သွားပြီး လိုအပ်သော မဓာတ်ဆိုင်ရာအထောက်အပံ့များ ပျောက်ဆုံးသွားတတ်ပါသည်။ အိမ်တွင်သုတ်ထားသည့် ဆေးအရောင်များအနက် အနီရောင်ဆေးအား နံရံနှင့် ကြမ်းပြင်တွင် လွန်ကဲစွာသုတ်ထားပါက ယန်(Yang)ဓာတ်လွန်ကဲပြီး ပူလောင်ဆူညံခြင်းသဘောကိုဖြစ်စေပါသည်။ အကယ်၍ နံရံဆေးများအား အနက်ရောင်များစွာသုံးထားပါက ယင်ဓာတ်လွန်ကဲ၍ မဓာတ်လွှမ်းမိုးသွားကာ အိမ်ထောင်မိသားစု၌ မိခင်ကပင် အစစအရာရာ စီမံဆုံးဖြတ်တတ်ခြင်းကြောင့် မလိုအပ်သော အမှားများဖြင့် ကြုံတွေ့ရပါမည်။ ယင်နှင့်ယန်တစ်ခုခုက လိုအပ်သည်ထက်များလာပါက မိသားစုဝင်တိုင်းအတွက် ကံကောင်းခြင်းများ မှေးမှိန် ပျောက်ကွယ်သွားနိုင်ပါသည်။ ထို့ကြောင့် ဖုန်းရွှေပညာစည်းမျဉ်းများနှင့် ကိုက်ညီသော ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကိုပိုင်ဆိုင်နိုင်ရန်အတွက် ယင်နှင့် ယန်စွမ်းအင်နှစ်ရပ် မျှတစွာရှိ



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သွားသင့်ပါသည်။

**Yang (ယန်)စွမ်းအင်ကို တိုးချဲ့မြှင့်တင်ခြင်း**

အကယ်၍ သင်သည် ချစ်သူ၊ အိမ်ထောင်ဖက်ရှာနေသော လူလွတ်အမျိုးသမီးဖြစ်ပါက မိမိနေထိုင်ရာအိမ်အတွင်း ဖိုဓာတ်ကိုယ်စားပြု ယန်စွမ်းအင်အား မြှင့်တင်ပေးရန်လိုပါသည်။ အကောင်းဆုံးနည်းလမ်းမှာ မိမိအိမ်ဧည့်ခန်းနှင့် အိပ်ခန်းအတွင်း အနောက်တောင်အရပ်၌ မီးရောင်ထိန်လင်းတောက်ပနေအောင် ထွန်းပေးခြင်းပင်ဖြစ်သည်။ ၎င်းပြင် အိမ်အတွင်းရှိ အလှတန်ဆာအနုပညာပစ္စည်းများ၊ ပန်းချီကားများ၏ တောက်ပသောအရောင်များကြောင့်လည်း ဖိုဓာတ်(ယန်စွမ်းအင်)ကို ပိုမိုမြင့်တက်စေပါသည်။ ယန်စွမ်းအင် ပိုမိုမြင့်တက်စေရန် အိမ်အတွင်း သူရဲကောင်းတို့၏ဓာတ်ပုံပန်းချီကားများ၊ အမျိုးသား ရုပ်ရှင်သရုပ်ဆောင်ပုံများ၊ အမျိုးသားအဆိုတော်အဖွဲ့လိုက်ဓာတ်ပုံများကိုလည်း ချိတ်ဆွဲထားနိုင်ပါသည်။ ဖုန်းရွှေပညာလိုက်စားသူအချို့က Yang (ယန်)စွမ်းအင် မြင့်တက်လာစေရန် ရာဇဝင်ထဲမှ ရဲရင့်သောသူရဲကောင်း၊ ကေရာဇ်တို့၏ ရုပ်ပုံကားချပ်များအား ချိတ်ဆွဲထားသော်လည်း ယန်ဓာတ်လိုအပ်သည်ထက် မများစေရန်သတိပြု၍ Yin ဓာတ်လုံးဝမပျောက်မျက်သွားစေရန်အတွက်ပါ ချင့်ချိန်သင့်ပါသည်။

ယန်စွမ်းအင်သက်သက်ကို မမြှင့်တင်လိုဘဲ ချိတ်ဆွဲ၍ တေးဂီတ၊ သီချင်းတစ်ခုခုဖွင့်ထားပေးပါ။ အိမ်အတွင်းပိုင်း အလှဆင်ပစ္စည်းများ၏ ဒီဇိုင်း၌ ယင်ဓာတ်လွှမ်းကဲနေခြင်းမရှိစေရ။ ဖြစ်နိုင်ပါက အမည်း၊ အနက်ရောင်လွှမ်းသော ပစ္စည်းများသုံးစွဲရှိနေခြင်းမှရှောင်ရှားပါ။ ဆေးအနက်ရောင် လုံးဝ မသုံးခြင်းက အကောင်းဆုံးဖြစ်သည်။

**အိမ်ထောင်မကျသေးသူ လူလွတ်အမျိုးသမီးအတွက် အခြားသိရှိလိုက်နာရမည့်အချက်များ**

- မိမိအိပ်ခန်းအတွင်း ဆေးအနီရောင် လုံးဝမသုတ်ရ။
- အိမ်ထောင်မကျသေးမီ အိပ်ခန်းအတွင်း နဂါးပုံမထားရှိရ။
- ယန်ဓာတ်ကိုမြှင့်တင်ပေးနိုင်သော်လည်း ယင်ဓာတ်လုံးဝမပျောက်ပျက်စေရ။



**Yin (ယင်)စွမ်းအင်တိုးချဲ့မြှင့်တင်ခြင်း**

အကယ်၍ သင်သည် အိမ်ထောင်မကျသေးသူ၊ ဘဝလက်တွဲဖော်ရှာလိုသူ လူလွတ်အမျိုးသားဖြစ်ပါက မိမိနေထိုင်ရာအိမ်အတွင်း မဓာတ်ကိုယ်စားပြု ယင်စွမ်းအင်အား မြှင့်တင်ပေးရန်လိုပါသည်။ လူပျိုလူလွတ်တို့သဘာဝအတိုင်း ၎င်းတို့နေထိုင်ရာအခန်း၌ ယန်ဓာတ်လွှမ်းကဲသောပစ္စည်းများနှင့် ပြည့်နှက်နေတတ်ပါသည်။ နံရံကပ်ပိုစတာများအဖြစ် ယန်ဓာတ်လွှမ်းကဲသော စစ်သုံးလက်နက်ပစ္စည်းဓာတ်ပုံများ၊ စစ်သင်္ဘောပုံများ၊ စစ်သူရဲကောင်းပန်းချီ၊ ဓာတ်ပုံများကို ချိတ်ဆွဲထားတတ်ကြသည်။


ယင်ဓာတ် များစီးဆင်းနေစေရန် အနီရောင်၊ ပန်းရောင်၊ အဖြူရောင်ပန်းပန်းချီဓာတ်ပုံများ ချိတ်ဆွဲထားပေးပါ။ သက်ကြီးရွယ်အိုအမျိုးသမီးဓာတ်ပုံများ လုံးဝမထားရှိရ။ အမျိုးသမီးဓာတ်ပုံ၊ ပန်းချီကားများနှင့် မဓာတ်ကိုယ်စားပြု ပန်းမန်ပုံများထားရှိခြင်းဖြင့် ယင်စွမ်းအင်စီးဆင်းလာပြီး အိမ်ထောင်ဖက်ရှာဖွေတွေ့ရှိရန် အထောက်အကူပြုလာပါမည်။




**သလင်းကျောက်သုံးစွဲခြင်းဖြင့် အချစ်ရေးကံကောင်းစေခြင်း**



အချစ်ရေးကံကောင်းစေရန်အတွက် သုံးလက်မအမြင့်ရှိ အဝါရောင်သလင်းကျောက်ကို အသုံးပြုရပါမည်။ ၎င်းကျောက်သည် ဆင်တူအောင် ဖန်တီးထားခြင်းမရှိသည့် သဘာဝသလင်းကျောက်အစစ်ဖြစ်ရပါမည်။ အသုံးပြုမည့်ကျောက်၌ ထိပ်ချွန်နေသောနေရာတစ်နေရာပါရပါမည်။ အဆိုပါ သလင်းကျောက်တုံးအား မိမိအိပ်ခန်းနေရာ၏ အနောက်တောင်အရပ်တွင်ထားရှိပေးပါ။ ဖြစ်နိုင်ပါက အနောက်တောင်အရပ်ရှိ စားပွဲပေါ်၌တင်ထားပေးပါ။ ထိုအခါ အိမ်ထောင်ကျနိုင်မည့်အခွင့်အရေးများ ပေါ်ပေါက်လာပါမည်။



သလင်းကျောက်ကိုလုံးဝန်းပြောင်ချောအောင်စီမံ၍ အရွယ်အစားမျိုးစုံ စုစုပေါင်း (၆) လုံး ပါဝင်စေလျက် မိမိဧည့်ခန်း၏ အနောက်မြောက်အရပ်တွင် ထားရှိပေးပါကလည်း အိမ်ထောင်ကျရန် အခွင့်အလမ်းများ ရရှိလာပါမည်။

ဦးအောင်လှိုင်(ဒဿ ဏ္ဍာ)



www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုး-ရွှေအရကျော်ဦး

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း (အဓိကကားချပ်များ/ Major Arcana)

## XIIII. Temperance - စောင့်စည်းထိန်းသိမ်းခြင်း



□ မျက်မမြင်ပုဂ္ဂိုလ်များခြောက်ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁) ဆောင်းပါးအား ဖတ်ပြီးမှ တားရော့ကားချပ် ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမို သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

**XIIII.Tempernace**
**စောင့်စည်းထိန်းသိမ်းခြင်း**

**အခြားအမည်ကွဲများ**

- □ Isis
- □ The Great Mother
- □ The Queen of Heaven

**ပတ်သက်ဆက်နွှယ်မှုများ**

- □ အီဂျစ်နတ်ဘုရား Nut
- □ ကုမ်ရာသီ
- □ ကန်ရာသီ
- □ Lumar and Solar Forces
- □ Hebrew Letter-Nun

**□ သရုပ်ဖော်ပုံ**

အစိမ်းရောင်နောက်ခံကောင်းကင်၊ ဝါ/လိမ္မော် မြေကြီးပေါ်မှာ အဝါရောင်အတောင်ပံပါသော နတ်မိမယ်တစ်ဦး အပြာရောင်နဲ့ အနီရောင်တစ်ခြမ်းစီစပ်ထားတဲ့ဝတ်ရုံရှည်ကို ဝတ်ရုံထား၊ လက်နှစ်ဖက်အကျီတွေက အနီရောင်၊ လည်မှာ အဝါရောင်လည်ပတ်ပဝါ၊ လက်နှစ်ဖက်က အပြာရောင်အိုးထဲက အဖြူရောင်အရည်တွေကို အနီရောင်အိုးထဲကိုလောင်းထည့်နေဟန်၊ မျက်လုံးတွေက အတိတ်ဆီသို့ မတတ်သာလို့တစ်စုံတစ်ခုကိုလုပ်တော့မယ်လို့ ဆုံးဖြတ်ထားဟန်။ ခေါင်းက ဆံပင်တွေက အပြာရောင် ထိပ်တည့်တည့်မှာ အနီရောင်ပန်းပွင့်။

ဥရောပအလယ်ခေတ်ရဲ့ သရုပ်ဖော်ဟန်အရ အတောင်ပံပါတဲ့ပုံတွေဟာ ဝိညာဉ်လောကကို ညွှန်းပါတယ်။ တစ်နည်းအားဖြင့် စိတ်ကူးထဲက ပုံဖော်မှု၊ စွဲလမ်းယုံကြည်မှုလို့ ဆိုလိုပါတယ်။

တစ်စုံတစ်ရာသောအကျိုးရလဒ်ကိုဖော်ကျူးဖို့ရာအတွက် ချစ်ခြင်းမေတ္တာအနှောင်အဖွဲ့တွေအကြားမှာ အမှားနဲ့ အမှန် အားမာန်နဲ့ သည်းခံမှုလုပ်နေရတဲ့ ဝိရောဓိအသွင်ကို ဖော်ညွှန်းပါတယ်။

အနီရောင်ဝတ်ရုံဘက်အခြမ်းမှာ အပြာရောင်အိုး၊ အပြာရောင်ဝတ်ရုံဘက်ခြမ်းမှာ အနီရောင်အိုး၊ အပြာရောင်အိုးထဲက စထွက်အရည်တွေဟာစီးကြောင်း (၃) ခုနဲ့စတင်ပြီး အပြာရောင်ဝတ်ရုံရှေ့မှာ ဖြတ်စီးတဲ့အခါ စီးကြောင်း(၂) ခုကိုပဲ မြင်တွေ့ရပါတော့တယ်။

Solarနဲ့ Lumar (နေဓာတ်-လဓာတ်) Prsitive Force, Negative Yin-Yang (ယင်-ယန်) အစရှိတဲ့ ဆန့်ကျင်ဘက်ဓာတ်တွေရဲ့ အားပြိုင်ရှင်သန်မှု၊ Traid Theory အရ စွမ်းအားသစ်ပေါက်ဖွားမှုတွေကိုညွှန်းပါ။

**□ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ဆန့်ကျင်ဘက် အင်အားစုများ အားပြိုင်ခြင်း၊ အကောင်း-အဆိုး ဒွန်တွဲနေခြင်း၊ ဆန့်ကျင်ဘက်သဘောတရား (၂) ခု ပေါင်းဆုံပြီး ဝိရောဓိအသွင်မှ စွမ်းအားသစ်တစ်ရပ်ပေါ် ထွက်လာခြင်း၊ ဆန့်ကျင်ဘက်သဘောတရား၊ စွမ်းအင်-အုပ်စု (၂) စုတို့ ညီညွတ်စွာပေါင်းစည်းမိခြင်း၊ စည်းကမ်းဘောင်အတွင်းနေထိုင်ခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း (မကောင်းသောဒေါသ၊ လောဘ၊ စိတ်များမပေါက်ကွဲစေရန်ထိန်းချုပ်နိုင်ခြင်း။)

ပစ်ရမှာလည်း အဆီနဲ့တဝင်းဝင်း စားရမှာလည်း သဲတရှပ်ရှပ်ဆိုတဲ့စကားပမာလို စွန့်လွှတ်ရခက်၊ ထွေးပိုက်ရခက်တဲ့အဖြစ်မျိုးတွေ့ကြုံရတတ်ခြင်း၊ ပေါက်ကွဲလုနီးပါး၊ လက်လွှတ်လုနီးပါး-အခြေအနေဆိုးများနှင့် တွေ့ကြုံရတတ်ခြင်း။

အဆိုးနှင့် အကောင်း ဟူသည် ခေါင်းနှင့်ပန်းကဲ့သို့ ခွဲမရ၊ တစ်ဖက်က ကြည့်လျှင်ခေါင်း၊ တစ်ဖက်ကကြည့်လျှင် ပန်း၊ မိမိလိုချင်တာကိုချည်းခွဲထုတ်ယူ၍မရ။ မိမိအလိုမကျတာကိုလည်း လက်ခံနိုင်ပါမှ မိမိလိုချင်တာကို ပိုင်ပိုင်နိုင်နိုင်ရမည်။ သည်းခံပါ၊ ထိန်းချုပ်ပါ။ အမြင်ကျယ်ကျယ်ကြည့်ပါ။ နှလုံးသားကြီးကြီးနဲ့ ခံစားပါလို့ လမ်းညွှန်ထားပါတယ်။

**□ အဟောနမူနာ (၁)**

"အစ်ကိုကြီး၊ကျွန်မတို့အိမ်ထောင်ရေးအခြေအနေလေးကို တားရော့နဲ့ ကြည့်ပေးပါဦး"

တားရော့ကားချပ်၊ တားရော့အဟောတွေနဲ့ ရင်းနှီးပြီးသား၊ ယုံကြည်ထားပြီးသူ။

ထွက်ပေါ်လာတဲ့ကားချပ်က - Temperature.

"ငါ့ညီမ၊ ညည်းဘာတွေအဆုံးထိတွေးနေလဲ။ အိမ်ထောင်သက်အနှစ် (၂၀) ကျော်မှ ဘာလို့ဘဝဖျက်ချင်ရတာလဲ။ သားကတောင် တက္ကသိုလ်ကျောင်းသားဖြစ်နေပြီ။ စီးပွားရေးအတွက်လည်း ဘာမှပူပင်ကြောင့်ကြစရာမရှိ။ ညည်းစိတ်တိုင်းကျသုံးစွဲနေရတာပဲ"

"အစ်ကိုကြီး ဒီလိုပြောမယ်လို့ထင်ထားပြီးသားပါ။ အစ်ကိုကြီးတင်မကဘူး ဘေးပတ်ဝန်းကျင်က လူတွေအားလုံးက ကျွန်မဘဝအမှန်ကို မသိကြဘူး။ ကျွန်မတို့ ကာယကံရှင် နှစ်ယောက်တလွဲလို့ မေမေတစ်ယောက်ပဲသိတယ်။ ငုံးအဆူလူမသိ၊ မချိလို့ သွားဖြဲ ရယ်သလားမေးဆိုတဲ့ကိန်းပါ အစ်ကိုကြီးရယ်။ ကျွန်မ ရယ်ရယ်မောမောနဲ့သွားလာစားသောက်နေတာမြင်ကြတော့ ကျွန်မဘဝသာယာနေတယ်လို့ထင်ကြတာပေါ့။ အမှန်က ကျွန်မက နေ့စဉ် ညစဉ် ဝဋ်ခံနေရတာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ဝမ်းနည်းကြေကွဲမှု၏မိတ်ဘက်ဖြစ်တဲ့ မျက်ရည်စက်တွေက ဇူလိုင်မိုးနဲ့အပြိုင် ယိုင်နဲ့နဲ့ပြတင်းတံခါးရှက်က ပွင့်ချည်၊ ပိတ်ချည်။ ချုပ်ညရီကမှောင်တစ်ချီလင်းတစ်လှည့်။

"ကဲ - ငါ့ညီမ၊ ညည်းအခက်အခဲတွေ အကုန်ပြော။ ငါတတ်နိုင်သမျှစဉ်းစားပေးမယ်"

"ပြောချင်လို့လာတာပါ။ အစ်ကိုကြီးအရင်းတစ်ယောက်လိုပဲ။ အားကိုးတကြီးနဲ့ပြောပါရစေ။ အစ်ကိုကြီးတို့ပတ်ဝန်းကျင်ရဲ့အမြင်အရတော့ ကျွန်မကို ကိုကြည်စိုးက အရမ်းအလိုလိုက်တယ်။ ရွှေငွေအဝတ်အစား၊ မော်တော်ဆိုင်ကယ်၊ တီဗွီ၊ အဝတ်လျှော်စက်၊ လိုလေသေးမရှိ။ ရက်ခြားဆိုသလိုစားသောက်ဆိုင်ကို ညစာသွားစားပျော်ပျော်ပါးပါးရှိနေတယ်လို့မြင်ကြတာပေါ့။ အဲဒီလို တစ်နေ့ကုန်လူမြင်ကွင်းမှာ အကြိုက်ဆောင်ခဲ့ပြီး ညအိမ်ပြန်ရောက်တော့မှ နှိပ်စက်ခံနေရတော့တာ အစ်ကိုကြီးရေ။

ညဘက်သူဘယ်အချိန်ပြန်လာလာ ကျွန်မက ထမင်းပွဲပြင်ပြီးစောင့်နေရတယ်။ ထမင်းလည်း ဟုတ်တိပတ်တိစားတာမဟုတ်ဘူး။ တို့ကနန်းဆိတ်ကနန်းစားရင်း သူမကျေနပ်ချက်တွေကို စားမြုံ့ပြန်တော့တာပါပဲ။

ကျွန်မတို့ညားခါစတုန်းက ကျွန်မမိဘတွေက စီးပွားရေးကောင်းတယ်။ သူတို့မောင်နှမတွေက ပညာရေးကြိုးစားနေဆဲကာလ။ စီးပွားရေးသိပ်မပြေလည်ကြဘူး။ ဖေဖေတို့ စီးပွားရေးလုပ်ငန်းထဲမှာ သူ့ကိုဝင်လုပ်ခိုင်းတော့ လုပ်နေကျမဟုတ်တော့ အမှားအယွင်းတွေဖြစ်တဲ့အပြင် သူက စိတ်မပါဘူး။ အဲဒါကပိုဆိုးတယ်။ ဖေဖေတို့သင်ပေးတယ်။ အမှားအယွင်းတွေဖြစ်ရင် နည်းနည်းပါးပါးတော့ဆူတာပြောတာရှိတာပေါ့။ အဲဒါကို သူ့ကိုနှိမ်တယ်ထင်ပြီးမကျေနပ်ခဲ့တာကို အခုမှပြန်ပြီးလက်စားချေတာပေါ့။ ဖေဖေဆုံးပြီး ကျွန်မတို့စီးပွားတွေပျက်။ သူတို့မိသားစုက စီးပွားရေးတွေအောင်မြင်လာကြ၊ အခုဆို ကျွန်မတို့မိသားစုကို သူ့ဘက်က ထောက်ပံ့မှုနဲ့ ရပ်တည်နေရတာ။ မေမေ့ကိုရော မောင်လေးကိုပါ ထောက်ပံ့ကြည့်ရှုနေရတယ်။ သားလေးကိုလည်း သူတို့မိသားစုကပဲရန်ကုန်မှာခေါ် ကျောင်းထားပေး။လိုသမျှအကုန်လုပ်ပေးနေတဲ့အခြေအနေ။ ဟိုတုန်းကနဲ့ ပြောင်းပြန်ဖြစ်သွားတယ်။ အဲဒါကိုအခွင့်ကောင်းယူပြီး ညတိုင်း (၁၂) နာရီ (၁) ချက်အထိ မအိပ်ရဘူး။ သူ့မကျေနပ်ချက်တွေကို မူးမူးနဲ့ရင်ဖွင့်နေတာ။ နေ့တိုင်းဆိုတော့ ကျွန်မလည်းမခံနိုင်တော့ဘူး။ မနက်ဆို ကျွန်မက ကျောင်းကို စောစောသွားရတာ။ မသွားခင် ဈေးသွား၊ ချက်ဖို့ပြုတ်ဖို့တာဝန်ကရှိသေးတယ်။ ကြာတော့ကျန်းမာရေးပါထိခိုက်၊ ပညာရှိနည်းနဲ့ တတိတိနှိပ်စက်နေတယ်ထင်ပြီး စိတ်လည်းဆင်းရဲ. . ."

"အဲဒီတော့ ကွာရှင်းဖို့စဉ်းစားနေတယ်ဆိုပါတော့။ အကယ်၍ ကွာရှင်းခဲ့ရင် သူ့မိသားစုက ခွင့်ပြုမလား။ သားလေးရဲ့ဘဝရေးပညာရေးညည်းရဲ့အမေ၊ မောင်လေးတွေရဲ့ဘဝရပ်တည်ရေးတွေကို ဘယ်လိုစဉ်းစားမလဲ။ ညည်းရဲ့လစာလေးနဲ့လောက်ငပါ့မလား။ စဉ်းစားစရာတွေအများကြီးနော်"

"ကျွန်မလည်း အဲဒါတွေ စဉ်းစားနေတာကြာပြီ။ စဉ်းစားလေ ခေါင်းရှုပ်လေနဲ့ ကြံရာမရလို့ အစ်ကိုကြီးတားရော့ကိုမေးတာပါ"

"ညည်းသိတဲ့တိုင်း တားရော့ကလည်း ဘယ်တော့မှ သဘာဝနဲ့ဆန့်ကျင်ပြီးမပြောဘူး။ အခုလည်း တားရော့ကပြောတာက ညည်းမှာ ပြဿနာတစ်ခုကို တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချလုနီးပါး အခြေအနေတစ်ခုနဲ့ ကြုံနေတယ်။ ဆက်လက်ထိန်းချုပ်သည်းခံနိုင်စွမ်းမရှိတော့ဘူး။အခုလက်ရှိတွေးနေတဲ့အတိုင်း လင်မယားကွာရှင်းဖို့ ဆုံးဖြတ်လိုက်ရင် ညည်းရဲ့ဘဝ တစ်ဖက်စောင်းနင်းဖြစ်သွားမယ်။ မောင်ကြည်စိုးနဲ့ပတ်သက်ပြီး စိတ်ဆင်းရဲမှု နှိပ်စက်ခံရမှုကတော့လွတ်သွားမယ်။ စိတ်ချမ်းသာသွားလိမ့်မယ်လို့ ညည်းထင်ထားတယ်။ မှန်တယ်၊ အဲဒီကိစ္စကတော့ လွတ်သွားမယ်။ တစ်ဖက်မှာညည်းရဲ့သား၊ အမေ၊ မောင်လေးတွေရဲ့ပညာရေး၊ စားဝတ်နေရေးတွေကိုတာဝန်ယူဖြေရှင်းရမယ့်အပူတာဝန်တွေထဲကိုညည်းထိုးဆင်းသွားတော့မယ်။

အကောင်းနဲ့ အဆိုးက ဒွန်တွဲနေတယ်။ အဆိုးကိုမလိုချင်လို့ စွန့်လွှတ်လိုက်ရင် ကိုယ့်ကို အကျိုးပြုနေတဲ့အကောင်းတွေလည်း ပါသွားမယ်။ ဒီတားရော့ကားချပ်ရဲ့လမ်းညွှန်ချက်ပေးထားတာရှိသေးတယ်။ အခုတွေ့ကြုံနေရတဲ့ အစွန်းနှစ်ဖက်ကို စွန့်လွှတ်ခြင်း၊ သိမ်းပိုက်ခြင်းမပြုဘဲ သူ့သဘောအတိုင်းရှိပါစေ။ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်လာတဲ့ သဘာဝတရား/ကံတရားလို့ သဘောထားပြီး ခံစားချက်မထားဘဲ ဥပေက္ခာပြုလိုက်မယ်ဆိုရင် သို့မဟုတ် ညည်းရဲ့ဒေါသ၊ မာနတွေကို သတိတရားနဲ့ထိန်းချုပ်ထားနိုင်မယ်ဆိုရင် ညည်းရဲ့ဘဝအတွက် အထောက်အပံ့ဖြစ်စေမယ့်စွမ်းအားတစ်ခု/အနေအထားတစ်ခုရရှိလာလိမ့်မယ်လို့ ပြောပါတယ်။

ဆန့်ကျင်ဘက်တို့ပေါင်းစည်းခြင်း၊ နှစ်ဦးနှစ်ဖက် ဈေးစပ်ပြေငြိမ်းခြင်းဆိုတဲ့ အခြေအနေကောင်းတစ်ခုကို ရောက်သွားမှာပါ။ သည်းခံလက်စနဲ့ ဆက်ပြီးသည်းခံလိုက်ပါ။ အားလုံးအတွက်ပဲ"

"အစ်ကိုကြီးက သည်းခံပါဆိုရင်တော့ ဒီအတိုင်းဝဲနေလိုက်ပါတော့မယ်"

"ငါက သည်းခံခိုင်းတာမဟုတ်ဘူးနော်။ တားရော့ကပြောတာ။ ငါကဘာသာပြန်ပေးတာ"

"ဟုတ်ပါတယ် တားရော့ကိုလည်း ကျွန်မယုံပါတယ်။ အားကိုးပါတယ်"

အဲဒါက လွန်ခဲ့တဲ့ (၇)နှစ်၊ (၈) နှစ်ခန့်က ဖြစ်ခဲ့တာပါ။ ဟိုတစ်လောကဖုန်းဆက်လာသေးတယ်။

"အစ်ကိုကြီးရေ အစ်ကိုကြီးရဲ့ညီ Facebook ထဲမှာ ကောင်မလေးတွေနဲ့ရှုပ်နေပြန်ပြီ။ ကြည့်ပြောပေးပါဦးတဲ့"

**□ အဟောနမူနာ(၂)**

စီးပွားရေးလုပ်ငန်းရှင်တစ်ဦး သူ့ရဲ့စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မေးလာတဲ့အခါ -

ထွက်ပေါ်လာတဲ့ကားချပ်က - Temperance.

"ခင်ဗျားလုပ်ငန်းမှာ ထွက်ငွေကများပြီး ဝင်ငွေက နည်းနေလို့ အိတ်နိုက်ဖြစ်နေပြီ။ လုပ်ငန်းရပ်လိုက်တော့မယ်လို့ စဉ်းစားနေပြီထင်တယ်။မရပ်ပစ်လိုက်ပါနဲ့။ ထွက်ငွေတွေကို အသေအချာပြန်စိစစ်ကြည့်ပါ။ အမှန်တကယ်မလိုအပ်ဘဲ သုံးထားရတာတွေ ရင်းနှီးထားရတာတွေက များနေတယ်ထင်တယ်"

"ဟုတ်ပါတယ်ဆရာ၊ လုပ်ငန်းရပ်ပစ်လိုက်တော့မလို့ စဉ်းစားထားတာ။ အဲဒီအတွက်ပဲ အခုလာမေးတာပါ။ ရပ်လိုက်ရင် ကောင်း/မကောင်း သိချင်လို့ လုပ်ငန်းက မရှုံးသင့်ဘဲအရှုံးပေါ်နေတာလည်းပါတယ်။ စိတ်တိုင်းမကျတာလည်းပါတယ်။ မိတ်ဆွေတစ်ယောက်နဲ့အကျိုးတူလုပ်တာပါ။ ငွေတစ်ဝက်စီစိုက်ပြီး ကျွန်တော်က လုပ်ငန်းကျွမ်းကျင်သူမို့ လုပ်တာပေါ့။ သူ့ဘက်က သူ့ညီတစ်ကို



www.burmeseclassic.com

www.burmeseclassic.com

မောင်နှမတွေကို အလုပ်ထဲမှာခန့်ထားတယ်ဆရာ။ သူတို့ကို အလုပ်ပေးရင်း ကျွန်တော့်ကိုလည်း စောင့်ကြည့်ဖို့လည်း ပါမှာပေါ့။

ဝန်ထမ်းတွေကလည်း ဖောင်းဖွပြီး လစာတွေမကုန်သင့်ဘဲကုန်၊ လုပ်ငန်းရဲ့သဘောတရားကို သဘောမပေါက်ဘဲ နေရာတကာဝင်ပြီး စပ်စုသလိုစစ်ဆေးသလိုတွေဖြစ်လာတော့ ကျွန်တော် စိတ်မပါတော့ဘူး။ စီးပွားရေးလုပ်ငန်းတိုင်းမှာ သူ့သဘာဝနဲ့သူရှိပါတယ်။ လုပ်ငန်းချင်း/ကုန်ပစ္စည်းမတူသလို၊ ထုတ်လုပ်ရောင်းချ သိုလှောင်ရတာကလည်း သူ့အထာနဲ့သူပါ။ တချို့ကိစ္စတွေကျတော့ အထာလေးနဲ့လုပ်ရတာ အစစအရာရာကိုပြောပြနေဖို့ ကြေညာနေလို့မရဘူး။ အမှတ်မထင်လုပ်သွားရတာလေးတွေရှိတယ်။ ကွက်ပျောက်တွေပေါ့ဆရာရယ်။ အဲဒါတွေကို မသင်္ကာတဲ့သဘောတွေ တွေ့လာတာများတော့ ကျွန်တော် ဆက်သည်းမခံနိုင်တော့ဘူး။ လုပ်ငန်းရပ်လိုက်ပြီး ကိုယ်တစ်နိုင်ပဲလုပ်ရရင် ကောင်းမလားလို့ပါ”

“အပြန်အလှန်စောင့်ထိန်းကြပ်မတ်မှုဆိုတာ အဖွဲ့အစည်းတစ်ခုမှာ မရှိမဖြစ် လိုအပ်တဲ့အရာပါ။ မယုံသင်္ကာမှုကြောင့် စောင့်ကြည့်တယ်လို့သဘောမထားပါနဲ့။ ငွေယိုပေါက်တွေကိုတော့ သေသေချာချာ စိစစ်ပိတ်ဆို့ပါ။ အဲဒါ (၂) ချက်ကို ပြင်ဆင်ထိန်းသိမ်းနိုင်မယ်ဆိုရင် စည်းစည်းလုံးလုံးလုပ်နိုင်မယ်ဆိုရင် တားရော့ကျား ချပ်ကလည်း သည်းခံပါ။ စိတ်ကိုထိန်းပါ။ အမြင်မတူတာတွေကို ညှိနှိုင်းပြင်ဆင်နိုင်မယ်ဆိုရင် ပိုကောင်းလာပါလိမ့်မယ်။ လုပ်ငန်းရပ်နားဖို့ မလိုပါဘူးလို့ ပြောပါတယ်”

“ညှိနှိုင်းလို့ရပါ့မလား။ ညှိနှိုင်းလို့ရမယ်ဆိုရင်တော့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုအပြည့်အဝရှိရင်တော့ ပိုကောင်းတာပေါ့။ ဆက်လက်တွဲလို့ရပါတယ်။ ပိုပြီးအင်အားတောင့်တာပေါ့”

“ညှိနှိုင်းလို့ရနိုင်ပါတယ်။ ခင်ဗျားဘက်ကသာ စိတ်လျှော့ပြီး နှစ်ဖက်မျှတွေး ဆွေးနွေးကြည့်ပါ။ ဆက်လက်တွဲနိုင်ပါလိမ့်မယ်”

**■ အဟောနမူနာ (၃)**

တစ်နေ့ ရွှေဘုံသာလမ်းထဲက မြန်မာ့မျက်မှန်ဆိုင်မှာ မျက်စိစမ်းနေတုန်း မျက်စိစမ်းနေတုန်း ပြီးခါနီးမှာ ဖုန်း Call တစ်ခုဝင်လာတယ်။ မေးနေကျဖောက်သည်ကုမ္ပဏီဝန်ထမ်းမိန်းကလေးတစ်ဦး။ အရေးတကြီးမေးစရာရှိလို့ ရုံးအဆင်းဝင်လာလို့ကြောင်း၊ ဟောခန်းကစောင့်ပေးပါလို့ဆိုလာတော့ ကတိပေးလိုက်တယ်။

ဒီတစ်ခါ ဖြစ်စဉ်က တစ်မျိုး။ သူနဲ့ပြိုင်ဘက်မဟုတ်ပေမယ့် အဆင့်တူ/လက်တွဲလုပ်ရတဲ့ အခြားဌာနခွဲတစ်ခုက Head အထက်လူကြီးရှေ့မှာ အမှတ်ရလိုမှု၊ အခွင့်အရေးအပေးခံလိုမှုကြောင့် ပြိုင်ဘက်လိုသဘောထားပြီး ကာယကံရှင်ကို တိုက်ခိုက်နေလို့ စိတ်ညစ်နေရတဲ့အကြောင်း၊ အလုပ်တောင်ထွက်ရင်ကောင်းမလားလို့ တွေးနေမိတဲ့အထိ စိတ်ဆင်းရဲနေရကြောင်း ပဏာမပျိုးပါတယ်။

“ကဲ - ဒီတစ်ခါတော့ ဒီဖြစ်စဉ်မှာ ညည်းက ဇာတ်လိုက်မဟုတ်ဘူး။ သူက ဇာတ်လိုက်ဖြစ်သွားပြီ။ သူ့အကြောင်းကိုပဲ ဦးတည်မေးကြည့်ရအောင်။ သူက ညည်းအပေါ်မှာ ဘယ်လိုအမြင်ရှိသလဲ စသဖြင့်ပေါ့”

“ကောင်းတယ်ဆရာ၊ သမီးလည်း အဲဒါတွေသိချင်နေတာ”

“ဒါဆို သူ့ကိုအာရုံပြုပြီး ညည်းသိချင်တာတွေကို အာရုံပြုပြီး မေး၊ ပြီးရင်ချိုးချလိုက်”

အခုလက်ရှိ သူ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတဲ့ မေးခွန်းနေရာမှာ Temperance ကားချပ်။

“သမီး၊ သူက သမီးအပေါ်မှာ ဒေါသတွေ အတော်ပြင်းထန်နေတယ်။ တစ်ခုခုတောင်လုပ်ဖို့ဇွဲကြိုးစားနေပုံရတယ်။ ဒီလောက်ဒေါသထွက်ရအောင် ညည်းဘက်က တစ်ခုခုအမှားလုပ်မိတာရှိလား။ သူ့ကိုထိခိုက်အောင်ပြောမိဆိုမိတာများ ရှိလား”

“ရှိတာပေါ့ဆရာရယ်။ သိပ်ရှိတာပေါ့။ အနာပေါ်တုတ်ကျ ဆိုတဲ့စကားလို သူ့ရဲ့လူမှုရေးဖောက်ပြန်မှုကိစ္စနဲ့၊ အဲဒီကိစ္စကြောင့် သမီးကိုချောက်ချဖို့ကြိုးစားနေတာကို သမီးက Boss ကို ပြောပြလိုက်တယ်လေ။ အဲဒါကိုသူကဆွေ့ဆွေ့ခုန်နေပြီး သမီးကို ရှက်ရမ်းရမ်းနေ တာ”

“အေး. . . ဒါဆို နှစ်ပိုင်းခွဲပြီး မြင်ကြည့်ကြမယ်။ ပထမအပိုင်းက သူ့အကြောင်း။ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကညည်းနဲ့မဆိုင်ဘူး။ အဲဒီကိစ္စမှာ သူမှားတာ/မမှားတာ သူ့ကိစ္စ၊ ဒုတိယအပိုင်းက ညည်းက သူ့အကြောင်းကိုဖော်တာကတစ်ပိုင်း၊ ဒီအပိုင်းမှာ ညည်းမှားတာ။ သူ့သိက္ခာကျစေတာ သူ့အရှက်ရအောင် လုပ်တာက ညည်းရဲ့အမှား။ သူ့ဘက်က တော်တော်ထိန်းထားလို့၊ ဒါမှမဟုတ် သူလုပ်ချင်သလောက် လုပ်ခွင့်မရလို့ ဒါမှမဟုတ် သူလုပ်ချင်တိုင်းလုပ်ခွင့်ရမယ်ဆိုရင် ပြဿနာကပိုကြီးမှာ”

“ဆရာ သူလူမှုရေးဖောက်ပြန်တဲ့ကိစ္စက သမီးနဲ့တိုက်ဆိုင်ပတ်သက်တာမဟုတ်ဘူး။ သူ့ဘာသာသူ ကြိုက်သလောက်ဖောက်ပြန်လေ။ ခုတော့ သူ့ရဲ့နောက်ကြောင်းတွေကို အမှေးခါးအထိသိထားတဲ့သမီးကဖော်မှာစိုးလို့ သမီးကို ဒီနေရာမှာမရှိတော့အောင် ချောက်ချတာ။ ပြဿနာဖြစ်အောင်၊ အထင်လွဲအောင် ကတုံးကတိုက်လုပ်တာတွေကျတော့ သမီးနဲ့ဆိုင်လာပြီလေ။ အဲဒါကြောင့် သမီးကလည်း ငြိမ်ခံမနေဘဲ အဖြစ်မှန်ကိုဖွင့်ချလိုက်ရတာ။ ကိုယ်ဘာမှမလုပ်ဘဲနဲ့ အထင်လွဲခံရတာမျိုးကတော့ မဖြစ်သင့်ဘူးလေ။ သမီးတို့ အသက် အရွယ်နဲ့ ရာထူး-အဆင့်မျိုးကျတော့ ဂုဏ်သိက္ခာက အရမ်းအရေးကြီးတယ်လေ”

“ဟုတ်ပါပြီ၊ အဖြစ်မှန်တွေကတော့ သမီးတို့ ကာယကံရှင်အချင်းချင်းပဲ ပိုသိကြမှာပါ။ ဆရာအဓိကဖော်ချင်တာက သူသမီးအပေါ် ဒေါသထွက်နေတယ်။ ကြိတ်မနိုင်ခဲမရဖြစ်နေတယ်။ အကြောင်းရင်းက သမီး သူ့အပေါ်မှာ ထိခိုက်အောင်တစ်ခုခုလုပ်ခဲ့မိလို့ အဲဒီအကြောင်းရင်းကို ဖော်ပြချင်တာ။ ဒီတော့ ရှေ့ဆက်ပြီး သူ့မှာဘာအကြံအစည်တွေရှိနေသလဲ။ ဆက်ကြည့်ရအောင်”

ဒီဥပမာက ပြောင်းပြန်အမြင်ပါ။ လာမေးသူကာယကံရှင်ဘက်ကမကြည့်ဘဲ သူနဲ့ပြဿနာဖြစ်နေသူဘက်ကလှည့်ပြီး ပြောင်းပြန်ကြည့်တာပါ။ ဒီလိုကြည့်မှ သူက မိမိအပေါ်မှာ ဘယ်လိုမြင်နေသလဲ၊ ဘာတွေလုပ်ဖို့ ကြံစည်နေသလဲ၊ ဘယ်လိုကကွက်ပြင်ဆင်ထားရလဲဆိုတာတွေပေါ်လာမှာပေါ့။

ပညာဆိုတာ အရှင်ပါ။


ပုံသေဓားထစ်မှတ်ရရင် ပညာမဟုတ်တော့ပါ။

ဆရာစိုး-ရွှေအခုဏ်ဦး
(တားရော့သုတေသီ)
မိုးကောင်းစေတီဘေး



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

## အားနာတတ်သူများအတွက်

### သူရဋ္ဌလက်ဆောင်

"ဘယ်လောက်များလို့လဲ"

"သိန်း (၆၀၀) ပါဆရာ"

"ဟာ - မနည်းပါလား"

"ဟုတ်ကဲ့ - ကျွန်တော်ကလည်း သနားတတ်တယ် ဆရာရယ်"

"နေပါဦး၊ ခင်ဗျား ဟိုဘက်လတွေက တစ်ခါလာဖူးလားလို့။ ကျွန်တော် မှတ်မိနေသလိုပဲ"

"လာဖူးတယ်လေ၊ အဲဒီတုန်းကလည်း ငွေကိစ္စပဲ။ သိန်း (၃၀၀) ကျော်လောက်က"

"ဟုတ်တယ်-မှတ်မိပြီ။ အဲဒီတုန်းက ငွေမချေးဖို့ ကျွန်တော်ပြောလိုက်မိသေးတယ်ထင်တယ်"

"ပြောလိုက်တယ်၊ ဆရာပြောလိုက်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ရှေ့မှာ နှစ်ခါလောက်ငိုပြပြီဆိုရင် သနားပြီ၊ လက်ကလွယ်ပြီ၊ စိတ်ကမကောင်းတော့ဘူး။ ဆရာကတော့ပြောလိုက်တာပဲ၊ ကျွန်တော်ကလည်း သနားတတ်တော့ ပေးလိုက်ရော။ အဲဒါနဲ့ပဲ သိန်း (၆၀၀) ဖြစ်သွားပြီ။ ခုတော့ ဖုန်းဆက်ရင်တောင် သိပ်မကိုင်တော့ဘူး။ ခရီးထွက်နေတယ်ချည်းပဲပြောနေတော့တယ်။ အဲဒါ လုပ်ပါဦးဆရာ၊ ကျွန်တော်ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး"

"ခင်ဗျားကို ကျွန်တော်. . ."

"ဆရာဆူလည်းခံရမှာပါ ဆရာ။ ကျွန်တော်ကိုက သနားတတ်တာ တော်တော်ဆိုးနေတယ်"

"ကဲ - ကျွန်တော်မေးမယ်။ တကယ်လို့ သူက သူအရမ်းဒုက္ခရောက်နေပါတယ်၊ ခင်ဗျားမှမကယ်ရင်ဘယ်လိုမှ မဖြစ်တော့ဘူးဆိုပြီးထပ်လာပြောရင်ကော ခင်ဗျားချေးဦးမှာပဲလား"

ဒီလူ ငိုင်သွားပါပြီ။

သူ့မျက်နှာကို ဟိုလှည့်ဒီလှည့်နဲ့ ပြုံးစိစိနဲ့ 'အင်း-ခက်တာပဲ၊ ကျွန်တော်ကလည်း သနားတတ်တဲ့ကောင်ဆိုတော့' ဆိုပြီး ခပ်တိုးတိုးနဲ့ သူ့တစ်ကိုယ်ကြားပြောနေပါတော့တယ်။

သူ့ကံကိုကြည့်လိုက်တော့ သူပြောနေတဲ့ပုဂ္ဂိုလ်က သူ့ဆီထပ်လာပြီးပိုက်ဆံချေးဦးမှာ။ သူ့ကံမှာလည်း သူစုဆောင်းထားတာလေးတွေ သူများကိုပေးဦးမှာ။

ဒီကံတွေ မြင်နေပြီဆိုတော့ ဘယ်လိုလုပ်ရမလဲ။

အမှန်က သူ့ကိုပေးရမယ့်လူရဲ့နာမည်နဲ့ ငွေစက္ကူနဲ့ကပ်ထားပြီး မိတ်ဓာတ်အရွက်အခက်တွေနဲ့ခဏခဏ ရိုက်ပြီး မေတ္တာပို့ပေးရင် ပိုက်ဆံက နည်းနည်းချင်းပြန်ဝင်လာမှာ။ အချိန်အခါထိရောက်ရင် ထိရောက်သလို ငွေတွေပြန်ဝင်လာမှာ။

ဒါပေမယ့်-

သူ့ကိုယ်တိုင်ကိုယ်က အာရုံစူးစိုက်တဲ့အပေါ်မှာ ဓာတ်ရိုက်ခြင်း၊ ဓာတ်ခိုက်ခြင်းတည်နေတာ သူ့ကိုဘယ်လိုမှရှင်းပြလို့ လက်ခံမယ်မထင်ဘူး။ ကျွန်တော်က သနားတတ်တယ်ဆိုတာပဲပြောနေမှာ။ ဒီလိုဆိုရင်တော့ ဓာတ်ရိုက်ပေးလည်း ဓာတ်ထိမှာမဟုတ်တော့ဘူး။ ဒီတော့ . . .

ဘာလုပ်မလဲ။

❑

"ဟော - ကိုထွဋ်"

"ဟုတ် - ဆရာ"

"ဘယ်လိုဖြစ်လာလဲ၊ မျက်နှာမကြည်မသာနဲ့"

သူ့ခေါင်းပေါ်က ဦးထုပ်ကိုချွတ်လိုက်၊ သူ့ပေါင်ပေါ်တင်လိုက်၊ ပြန်ဆောင်းလိုက်၊ ပြန်ချလိုက်နဲ့ ငါးမိနစ်လောက်အချိန်လေးအတွင်းမှာတင် သူ့



www.burmeseclassic.com

www.burmeseclassic.com

ခမျှာ စိတ်တွေလှုပ်ရှားနေသလိုပါပဲ။

"ကားကိစ္စပါ ဆရာ"

"ဩော် - ဘာဖြစ်လို့လဲ"

"ကားကအထိအခိုက်ဖြစ်သွားတာ စိစိညက်ညက်ကြေသလိုကိုဖြစ်သွားတာပဲ"

"ဟင် - ကိုထွန်းကျတော့ ဘာမှမဖြစ်ဘူးလား"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော်မောင်းတာမဟုတ်ဘူး။ မိန်းမရဲ့တူလေးမောင်းတာဆရာ။ ဆရာပြောတာနဲ့ ကွက်တိပဲ။ ဆရာ ကျွန်တော့်ကိုရှောင်ခိုင်းထားတယ်လေ။ စနေနဲ့ဗုဒ္ဓဟူးနဲ့ ပူးတဲ့နာမည်တွဲတွေရှောင်ရမယ်ဆိုတာ တူလေးက တင်ဝမ်းတဲ့"

"ဟင် - တည့်တည့်ကြီးပါလား၊ ဘယ်လိုဖြစ်လို့ ရှောင်ရမှာကို ကွက်တိကြီးသွားလုပ်တာလဲ"

"အင်း-ပြောရမယ်ဆိုအရှည်ကြီး ဆရာ။ ကျွန်တော်ကလည်း သူတို့မှာအခက်အခဲဖြစ်နေတာကို မနေတတ်၊ သူတို့ကိုကြည့်ပြီး သနား။ ဆရာကတော့ ပြောထားတာပဲလေဆိုပြီး တောင့်ထားသေးတယ်။ နောက်တော့ သူတို့အဆင်မပြေတာတွေကို ကြည့်ရင်းကြည့်ရင်း မနေနိုင်တော့ဘူး။ သူ့အဒေါ်ကတောင်ပြောတယ်။ ရှင့်ကို ဆရာက စနေ၊ဗုဒ္ဓဟူးပူးတဲ့နာမည်မှန်သမျှ ခင်လို့ပဲရမယ်၊ စီးပွားတွဲလို့မရဘူးဆိုပြီးပြောထားတယ်မို့လားဆိုပြီး ကျွန်တော့်ကို ပြောသေးတယ်။

"ဒါပေမယ့် ကိုယ်တိုင်က သနားနေတော့"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်ကိုက မနေနိုင်တာ။ သူတို့ကလည်း မောင်းပါရစေ၊ မောင်းပါရစေနဲ့ လာလာပြောပြောနေတော့ အဲဒါ အားနာပြီး . . ."

"အားနာလိုက်တာလေးတစ်ချက်တည်းနဲ့ ကိုယ်လည်းအဖတ်ဆယ်မရတော့ဘူး၊ သူ့ကိုလည်း မကူညီနိုင်တော့ဘူး ဒီလိုမို့လား"


"ဟုတ်ကဲ့ - ဆရာ၊ အဲလိုဖြစ်သွားပြီ။ ခုတော့ ကားလည်းသွားပြီလေ။ မနည်းဘူးကုန်မှာဆိုတော့ ဒီတိုင်းပဲ အမြင်အတိုင်းပဲ ရောင်းပစ်လိုက်တော့မယ် စိတ်ကူးတယ်။ ပြင်လည်းပြန်မကောင်းနိုင်တော့ဘူး။ ရေတိုင်ကီရောအင်ဂျင်ပါပါသွားတယ်လေ"

"ဟာ-တော်တော်ပြင်းတာပဲ။ လူဘာမှမဖြစ်တာဘဲတော်သေးတယ်"

"လူလည်းထိတယ် ဆရာ။ ကျွန်တော်ပဲကုပေးနေရတယ်"

"ကိုထွန်းရယ်၊ ရှောင်ရန်ကိုဆောင်ရန်သွားလုပ်လိုက်တာကိုး။ ခင်ဗျားကို ကျွန်တော် အသေအချာပြောလိုက်သားပဲ။ နံမသင့်တဲ့သူဆိုရင် မမောင်းခိုင်းနဲ့။ သူ့ကိုကူညီချင်ရင် တခြားနည်းတွေနဲ့ ကူညီလို့ပြောသားပဲ"

"ဟုတ်ကဲ့ပါ - ကျွန်တော် . . . ကျွန်တော်. . . . အားနာတတ်လွန်းတဲ့ ကျွန်တော်. . . ကျွန်တော့်အပြစ်တွေပါ ဆရာ"





www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ပြီးတဲ့ကိစ္စလည်းပြီးပြီ။ ခု ဘာဆက်လုပ်မလဲ"

"ကျွန်တော်. . . ဆိုင်ကယ်ကယ်ရီ ထောင်ထားမလားလို့၊ သုံးစီးလောက်ပေ့ါ ဆရာ။ ဆရာက အင်္ဂါနံအကျိုးပေးတယ်ပြောထားလို့ပါ"

"သုံးစီး"

"ဟုတ်ကဲ့"

"သုံးစီးတောင်ဆိုတော့ သူလူနဲ့သူပေ့ါ။ ကောင်းပါတယ်၊ အဲဒီစီးပွားရေးလုပ်ငန်း ကိုထွဋ်ပဲဦးစီးမှာပေ့ါ"

"မဟုတ်ဘူး ဆရာ"

"ဟင် - ဒါဖြင့် ဘယ်သူဦးဆောင်မှာလဲ"

"တင်ဝမ်းပဲပေ့ါ ဆရာရယ်။ ဒီကောင် ဘာအလုပ်မှမရှိဘဲ။ အဲဒါကြောင့် ဆိုင်ကယ်ကယ်ရီတွေပဲထောင်ပေးထားမလားလို့"

အညောင်းအညာဖြေလိုက်တဲ့ သဘောနဲ့ အိမ်ရှေ့ကိုထွက်လိုက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်နေလိုက်မိပါတယ်။

ကိုထွဋ်ကားဆွဲတုန်းကဆွဲကောင်းအောင် ကားဝိုးတက်မိတ္တူပေါ်မှာ ပေါက်ပေါက်ဆွမ်းတွေ၊ မုန့်လုံးရေပေါ် ဆွမ်းတွေ မကြာမကြာတင်ပြီး ဘုရားပူဇော်ခိုင်းခဲ့ပါတယ်။ တက်လာလိုက်တဲ့ စီးပွား။

ဒါပေမယ့်-

ဒီလိုနံတွဲမျိုးတွေကျ ကားပေးမောင်းလို့မရပါဘူးဆိုပြီး ရှောင်ဖို့ပြောခဲ့ပါတယ်။

ဒါပေမယ့် . . .

❑

"ဟာ - အစ်မကြီး၊ လာ - ထိုင်"

"ဟုတ်ကဲ့"

"ဘယ်လိုဖြစ်တာလဲ၊ မျက်နှာလည်းမကောင်း"

"ကျွန်မပိုက်ဆံတွေဆုံးတော့မလိုလိုဖြစ်နေလို့"

"ဟိုတစ်ခါလာတုန်းက ငွေမချေးဖို့များပြောလိုက်မိသေးလား၊ အစ်မကြီးနာမည်အရလေ"

"ဟုတ်တယ် - ပြောလိုက်တယ်၊ ဆရာသေချာပြောလိုက်တယ်။ငွေမချေးဖို့ ပြောလိုက်တယ်"

"ခု - ကိစ္စက"

"ဆရာရယ်၊ ကျွန်မကလည်း မကောင်းပါဘူး။ တူမလိုနေနေတဲ့သူတွေပါပဲ။ ဟိုးတုန်းကတည်းက ခင်နေကြတဲ့သူတွေပါ။ သူတို့မှာ အခက်အခဲဖြစ်နေတော့ ကျွန်မကလည်း မနေနိုင်ဘူး။ သူ့ယောက်ျားနိုင်ငံခြားသွားဖို့ နှစ်ရာလောက်လိုတယ်ဆိုပြီး ကျွန်မကို လာလာခေါင်းနဲ့ခွေ့နေတော့. . ."

"နှစ်ရာ၊ များလှချည်လား"

"နှစ်ရာက သူတို့ တခြားကိစ္စတစ်ခုအတွက်ပါ ပါတယ်။ တစ်ဖက်ကို ပြန်ပေးရမယ့် ငါးဆယ်ကျော်လောက်ကလည်းရှိသေးတယ်။ အဲဒါနဲ့ အားလုံး နှစ်ရာဖြစ်သွားတာ။ လုံးခနဲတော့ နှစ်ရာမဟုတ်ဘူး။ တစ်ရာစီနှစ်ခါခွဲပေးလိုက်တာဆရာ။ ကောင်မလေးက လက်မှတ်ထိုးပေးပါ့မယ်ဆိုပြီးခဏခဏပြောတော့ ကျွန်မလည်း သနားလာမိတယ်။ သူလည်း လက်မှတ်ထိုးပေးထားပါတယ်။ နောက်ပိုင်းလည်းကျရော သူ့ယောက်ျားကလည်း ဟိုမှာအဆင်မပြေဘူးတဲ့။ သူမလည်းမပေးနိုင်ဘူးဆိုပြီး လေသံပြောင်းသွားတယ်။ စာချုပ်ထားတာလည်း ဂရုမစိုက်ဘူး။ တိုင်ချင်ရာသာတိုင်တော့တဲ့။ သူမပေးနိုင်ဘူးတဲ့။ ဖုန်းဆက်တာ ဖုန်းကိုကိုင်ကိုမကိုင်တော့ဘူး။ ဘယ်လိုမှဆက်မရလို့သွားတော့ အိမ်ပြောင်းသွားကြပြီ"

"ဟင် - အိမ်က အိမ်ပိုင်မဟုတ်ဘူးလား"

"နောက်မှသိတယ် ဆရာရယ်။ သူတို့အိမ်ပိုင်မဟုတ်ဘူး။ နှစ်ချုပ်နဲ့ငှားနေတဲ့တိုက်ခန်းအိမ်လေး"

"ဒါဖြင့် ခု ဘယ်ကိုပြောင်းသွားကြပြီလဲ"

"အဲဒါ အစအနကိုရှာမရဘူးဖြစ်နေလို့ သူတို့ကို အရင်စုံစမ်းလို့ရအောင် ဓာတ်ရိုက်ဓာတ်ဆင်လုပ်ပေးပါ ဆရာရယ်။ တွေ့မှပဲ . . ."

"တိုင်ချင်ရာတိုင်တောင်ပြောနေပြီဆိုတော့. . ."

"ဟုတ်တယ် ဆရာ၊ ဘယ်လိုဖြစ်သွားတာလဲမသိဘူး။ အရင်က အဲဒီအချိုးလုံးဝမဟုတ်ဘူး။ ရိုသေလိုက်တာမှ အရမ်းပဲ။ အဲလိုရိုသေလွန်းလို့ ကျွန်မလည်း အတော့်ကိုသနားပြီး အားတွေနာပြီး. . ."

"အစ်မကြီးကို ကျွန်တော်မှတ်မိနေသားပဲ။ နာမည်ကခပ်ဆန်းဆန်းဖြစ်နေလို့မှတ်မိတာ။ လာဖူးတာ (၂) နှစ်လောက်ရှိမလားဘဲ"

"ဟုတ်တယ် - အဲဒီတုန်းကတည်းက ဆရာပြောခဲ့တယ်။ ခင်ဗျားနာမည်က ငွေချေးရင်ဆုံးမှာပဲတဲ့။ ကျွန်မညီမလေးတစ်ယောက်ရဲ့လုပ်ငန်းထဲမှာ ငွေလိုလို့ ငွေစပ်တူထည့်ဖို့ ဆရာ့ဆီလာတိုင်ပင်တုန်းက။ ဟုတ်တယ် - မှတ်မိတယ်။ တစ်သက်လုံးမလုပ်ရတဲ့အလုပ်ဆိုပြီး ကျွန်မကိုဆရာ့လက်ရေးနဲ့တောင် ရေးပေးလိုက်သေးတယ်။ ငွေမချေးရ စပ်တူရှယ်ယာမလုပ်ရဆိုပြီး"

"ဒါနဲ့များ အစ်မကြီးရယ်"

"မကောင်းပါဘူး ဆရာရယ်။ ကျွန်မကလည်း သနားတတ်လွန်းတာတော်တော့်ကိုခက်နေတယ်။ ထစ်ခနဲဆို သနားနေပြီ၊ ထစ်ခနဲဆို သနားနေပြီ။ အဲဒီသနားတတ်တာ ခုထိပြီလေ။ အဲဒါ သူတို့နဲ့ အချိတ်အဆက်ရအောင် ဓာတ်ရိုက်ဓာတ်ဆင်လုပ်ပေးပါဦးဆရာ။ ကျွန်မနောက်ကို ဆရာ့စကားနားထောင်ပါတော့မယ်၊ မှတ်သွားပါပြီ။ ဒီကိစ္စလေးတော့ ဆရာကယ်ပေးပါဦး"

တန်ခိုးရှင်မဟုတ်တော့လည်းခက်သားလား။ ဒီလိုမျိုးကံရှိသူတွေကို ငွေမချေးဖို့ပြောလိုက်ရင် သိပ်အယုံအကြည်မရှိသလိုလိုဘာလိုလိုနဲ့၊ ပညာကိုပဲ မယုံသလိုလိုနဲ့ ကျွန်တော်တို့က သနားတတ်တာအရမ်းပဲတို့၊ ကျွန်မတို့က အားနာတတ်တာအရမ်းပဲတို့နဲ့ပြန်ပြောတတ်ကြလေ့ရှိပါတယ်။ ဘယ်လိုမှနားမဝင်ကြပါဘူး။ ချေးဖြစ်အောင်ချေးငှားလိုက်ကြတာများပါတယ်။

သူတို့ကိုပြောပြလေ့ရှိပါတယ်။

ငွေချေးချင်သူဆိုတာ မချေးခင်တော့ မျက်နှာချိုသွေးမှာပဲ၊ အောက်ကျမှာပဲ။ ဒူးဖက်ရဖက်ရ အချိုသာဆုံး၊ အပျော့ပျောင်းဆုံးနဲ့ အောက်ကျခံပြီး ပြောမှာပဲ။

ငွေလက်ထဲကိုရောက်ပြီဆိုရင် လေသံစပြောင်းပြီ။

နည်းနည်းမာချင်လာပြီ။ စကားလုံးတွေက မူမမှန်တော့ဘူး။

မျက်နှာအမူအရာတွေဘာတွေက အစပြောင်းလာပြီ။

ရင်ကော့ပြီးစကားမာလာပြီ။

ငွေပြန်တောင်းပြီဆိုတာနဲ့ တကယ့်ရန်သူကြီးလိုဖြစ်ပြီ။

ခက်ထန်မာကျောတဲ့စကားလုံးတွေ ပြောရမှာ ဝန်မလေးတော့ဘူး။

စိန်ခေါ်ရမှာ ဝန်မလေးတော့ဘူး။

ပမာမခန့်တာ၊ မထေမဲ့မြင်လုပ်တာ၊ သူကတောင်ပြန်ပြီးရန်လိုတာတွေကတော့ မဆန်းတော့ဘူး။

ဒါ -

သဘာဝပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကြည့်ပါ။ ငွေချေးခံရတဲ့သူတိုင်း ဒီခံစားချက်တွေရှိပါတယ်။

ကိုယ့်ပိုက်ဆံနဲ့ကိုယ် မျက်ရည်နဲ့မျက်ခွက်ဖြစ်ကြရတာတွေများပါတယ်။

ငွေကို တစ်ဖက်ကယူပြီး တခြားတစ်ဖက်ကို ပြန်လှည့်တဲ့သူတွေကို မဆိုလိုပါဘူး။ ဒါက သူတို့ကလုပ်ငန်းတစ်ခုလိုလုပ်ကြတာပါ။ ဒီလိုလုပ်ကြလို့ထိချက်ပြင်းတဲ့သူတွေဆိုလည်း မနည်းပါဘူး။ ထိချက်ပြင်းမှတော့ခံစားရပြီပေါ့။ မရှုနိုင်မကယ်နိုင်တာတွေဖြစ်ပြီပေါ့။ ရဖို့ရှိတာတွေလည်းမရ၊ ပေးဖို့ရှိတာတွေလည်း မပေးနိုင်တော့ဘူး။ ဒါဟာဖြစ်နေတဲ့သဘောတွေပါ။ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောတွေပါ။ တချို့အဲဒီလိုကြုံကြရင်း စည်းပွားဥစ္စာ ပျက်ပြုန်းသွားရသူတွေ၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားရသူတွေဒုနဲ့ဒေး။

ဒါပေမယ့် -

သူတို့ကတော့ စောစောပြောတဲ့ 'အားနာတတ်သူများ' မှာ မပါဘူး။

အားနာတတ်သူများကတော့ ငွေလည်းကုန်၊ ပြန်လည်းမရ၊ ရန်လိုတာတွေ၊ အငြေ့ပြာခံရတာတွေ၊ ရန်တွေ့ခံရတာတွေနဲ့ နိဂုံးချုပ်ကြရတာများပါတယ်။

တချို့များဆို -

တူတွေ၊ တူမတွေနေစရာမရှိလို့ အိမ်တစ်လုံးလုံး၊ တချို့အိမ်တစ်ခန်းပေးထားကြသူတွေရှိပါတယ်။

ဟော - ဖယ်လည်းခိုင်းရော လုံးဝမဖယ်ပေးတော့ဘူး။

နေလာတာက နှစ်ပေါင်း (၁၀) နှစ်၊ အနှစ် (၂၀) လောက်ဖြစ်လာတော့ ဖယ်မပေးချင်တော့ဘူး။ တချို့ဆို (၅)နှစ်လောက်နေပြီးတာနဲ့တောင် ဖယ်မပေးချင်တော့ဘူး။ ဖယ်ရမယ်ဆိုရင် သူတို့ကို ဖယ်ဖို့လျော်ကြေးတောင်းတော့တာပါပဲ။ အရင်က ဒုက္ခရောက်နေတုန်းကထားခဲ့တဲ့ကျေးဇူးတွေ၊ အရိပ်ပေးခဲ့တဲ့ကျေးဇူးတွေသွားပြီ။ သဲထဲရေသွန်သလိုသွားပြီ။ တောင်းတဲ့ လျော်ကြေးကလည်း အိမ်တစ်လုံးစာ၊ တိုက်ခန်းတစ်ခန်းစာပဲ။

အဲဒီမှာတင် မျက်ရည်နဲ့မျက်ခွက်ဖြစ်ရပြီ။ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ ဘယ်သူ့ကိုအားကိုးလို့အားကိုးရမယ်မှန်းမသိတော့ဘူး။

အဲဒီလိုနဲ့ အိမ်တွေ၊ တိုက်ခန်းတွေဆုံးရှုံးသွားခဲ့ရသူတွေရှိနေပါတယ်။ ဘာမှမလုပ်တတ်မကိုင်တတ်ကြတော့ ကိုယ်ပိုင်ပစ္စည်းတွေဆုံးကြရတော့တာပေါ့။

အဲဒီလိုလူမျိုးတွေရဲ့နှုတ်က တညီတညာတည်း ပြောတတ်ကြလေ့ရှိတဲ့စကားကတော့ 'သနားလို့'၊ နေစရာမရှိတော့ လာအကူအညီတောင်းကြတဲ့အခါ 'အားနာလို့' ဆိုတာတွေချည်းပါပဲ။

အဲဒီလိုနဲ့ အဆောက်အအုံတွေဟာ သူများအတွက်ဖြစ်ကုန်တာတွေ မနည်းပါဘူး။

အားနာတတ်တာကတော့ လူမှုရေးအရ မကောင်းဘူးလို့ မပြောချင်ပါဘူး။

ဒါပေမယ့် ကိုယ့်ရဲ့ဘဝပျက်တဲ့အထိ၊ စည်းစိမ်ကုန်တဲ့အထိ အားနာတာကြီးကတော့ စဉ်းစားသင့်တာပေါ့။

ငွေပြန်တောင်းမရလို့လာကြတဲ့သူတွေကိုမေးလိုက်ရင် အားနာလို့ဆိုတာချည်းပဲ။ ကျွန်မကလည်း အားနာတတ်တယ်၊ ကျွန်တော်ကလည်း အားနာတတ်တယ်ဆိုတာချည်းပဲ။

တချို့ဆိုဘယ်လိုပြောလဲဆိုတော့-

ကျွန်မက သူ့ကို ကြွေးပြန်တောင်းရမှာ အားအရမ်းနာလွန်းလို့ သူဟာသူပေးချင်စိတ်ဖြစ်လာပြီးပြန်လာပေးအောင် ဓာတ်ရိုက်ပေးပါဆရာဆိုတဲ့သူတွေရှိကြပါတယ်။

ခုနပြောခဲ့သလို တန်ခိုးရှင်မှမဟုတ်ဘဲ။

သူ့ကံတည်ရာအတိုင်းတော့သွားမှာပေါ့။

ဒီလိုကြုံလာပြီဆိုရင် အင်ဂိဇ္ဇာပညာခန်းအရ 'ဆပွတ်'နဲ့ရိုက်ပြီးတောင်းရတာတွေ၊ 'ဆပွတ်' ကိုစားပြီးတောင်းရတာတွေ၊ 'ဆပွတ်' အရိပ်မှာ မိတ်ဓာတ်ကိုစားပြီး သွားတောင်းရတာတွေရှိပါတယ်။ ဒါက ပညာခန်းတွေပါ။

မိတ်ဖြစ်တဲ့အချိန်မှာ ဓာတ်ဖက်ကို အဆောင်ပြုပြီး သွားတောင်းရတာတွေလည်းရှိပါတယ်။

ဒါပေမယ့် သူ့ကံတည်ပုံကိုကြည့်ရပါသေးတယ်။

ကံတည်ပုံမှာ မိတ်လည်းအကျိုးမပေး၊ ဆပွတ်လည်းအကျိုးမပေး၊ အညွန့်လည်းကျိုးနေပြီဆိုရင်တော့ လာဘ်လာဘရှင်အောင် ဂုဏ်တော်ရွတ်ဖတ်ပူဇော်ရတာမျိုး၊ လာဘ်ဝင်ဂါထာတွေ ရွတ်ဖတ်အဓိဋ္ဌာန်ဝင်ရတာမျိုးပြုလုပ်ရတော့မှာ ဖြစ်ပါတယ်။

တချို့က အဲသလောက်တောင် မလုပ်ချင်ကြပါဘူး။

အဲဒီလိုလုပ်ရမှာကိုတောင် အားနာနေကြပြန်ပါတယ်။

ကျွန်မက ဒီအစင်အောက်မှာ ဒါကိုစားပြီးသွားတောင်းရင် သူ့ကိုများထိခိုက်နေပါဦးမလားဆိုတဲ့ မေးခွန်းမျိုးတောင် မေးခဲ့ကြသူတွေနဲ့ ကြုံခဲ့ရဖူးပါတယ်။

ဒါကြောင့် -

ရှင်းပြရပါတယ်။

ကြွေးရအောင်တောင်းတ[illegible] တစ်ဖက်သားကို နှိမ်လို့ လုံးဝမရပါဘူးလို့ -

သူ့ကိုနှိမ်လိုက်လို့ သူမှာထိခိုက်ပြီး သူဒုက္ခရောက်သွားရင် ဒီငွေကဘယ်ကရမှာမို့လို့လဲလို့ -

သူ့ကိုကောင်းအောင်၊ လာဘ်ရှင်အောင်၊ ကိုယ့်ဘက်ကလည်းမေတ္တာပို့ပြီး ကိုယ့်ကံမှာ ငွေနဲ့တွေပွင့်အောင်လုပ်ယူမှ ကြွေးဆိုတာ ပြန်ရနိုင်တာလို့ -

ရမြန်တော့ သူ့ဆီကရတဲ့ပိုက်ဆံလေးတစ်ရွက်မှာ လိုအပ်တဲ့မိတ်ဓာတ်အစီအရင်လုပ်ထားရင် သူလည်းငွေတွေဆက်ကာဆက်ကာဝင်၊ လာဘ်တွေရှင်ပြီး ကိုယ့်ကို ဆက်တိုက်ပေးနိုင်တော့မှာပေါ့လို့-

ရှင်းပြရပါတယ်။

ဒီလိုရှင်းပြမှ သဘောပေါက်သွားပါတော့တယ်။

အားနာတယ်၊ အားနာတယ်ဆိုတဲ့သူတွေအတွက် ကြွေးတွေပြန်ရအောင်လုပ်ပေးရတဲ့အခါ တချို့ဆို လျော့ရဲရဲနိုင်တာတွေရှိပါတယ်။ ငွေပြန်ဝင်ဖို့အစီအရင်လုပ်တာတောင် အားနာနေသေးတယ်။

လာငိုကြတဲ့အခါ -

အကူအညီလာတောင်းကြတဲ့အခါ ရှင်းပြရလေ့ရှိပါတယ်။

သူတို့ကိုမေးလိုက်ရင် နည်းနည်းပေးရာကနေ တဖြည်းဖြည်းများများသွားတာတို့၊ အားနာပြီးထပ်ထပ်ပေးမိတာတို့ဆိုတာတွေချည်းပါပဲ။ ဘာဖြစ်လို့ထပ်ပေးရတာလဲ၊ အရင်ငွေကိုတောင် ပြန်မပေးသေးဘဲနဲ့ဆိုတော့ ကျွန်မစိတ်ကလည်းပျော့တယ်၊ သနားတတ်တယ်၊ အားနာတတ်တယ်၊ နှစ်ခါမပြောရဘူး ပေးချင်နေပြီတဲ့။

တစ်ယောက်ဆို သူ့ပိုင်ဆိုင်မှုက သိန်းသုံးထောင်လောက်ရှိတယ်။ ဘယ်နေရာမှာ သူတူက ဆောက်လုပ်ရေးလုပ်ချင်လို့ဆိုပြီးလာပြောတာနဲ့ ငါးရာထုတ်ပေးထားတယ်။ တူမတစ်ယောက်က အထည်တွေတုန်းကူးဖို့ အရင်းအနှီးလိုလို့ အိမ်ပါငှားထားပေးရတဲ့အတွက် သိန်း (၈၀၀)လောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတစ်ယောက်ကလည်း ရော်ဘာအတူတူစိုက်ကြရအောင်ဆိုပြီး စိုက်ပျိုးရေးအတွက် စပ်တူလုပ်မယ်ဆိုလို့ တစ်ထောင်ထည့်ထားတယ်။ သူ့မှာ ဘာမှမရှိတော့ဘူး။ တဖြည်းဖြည်းနဲ့ သူ့ကိုပေးရမယ့်သူတွေဟာ ကားတွေ ဝယ်စီး၊ ဖုန်းတွေလေးငါးလုံးနဲ့ ညှစ်နေအောင်ဝတ်သွားလိုက်ကြ၊ စားလိုက်ကြတာတွေ သူမြင်နေတယ်။ ဒါပေမယ့် သူ့ကိုမပေးကြတော့ဘူး၊ ပြောင်ပြောင်ပဲ။ ဒီတော့ မျက်ရည်နဲ့မျက်ခွက်ဖြစ်ရပြီ။ စုဆောင်းခဲ့သမျှ ကုန်ပြီ။

သူ့ကိုမေးကြည့်တယ်။ ဘာဖြစ်လို့ အဲသလောက်ကြီးတွေကို လက်လွတ်ခြေလွတ်ပေးရတာလဲဆိုတော့ ကြားဖူးနေကျစကားပါပဲ ကျွန်မကလည်း အားနာတတ်တယ်တဲ့၊ သူတို့လေးတွေ အဆင်ပြေကြပါစေဆိုပြီးထုတ်ပေးမိတာပါတဲ့။

ကောင်းပါတယ် သူ့စေတနာ။

ဒါပေမယ့် ခင်ပွန်းကြီး(၁၀)ပါးကို ပြောင်ပြောင်စော်ကားတဲ့လူတွေနဲ့သွားတွေ့လိုက်တဲ့အခါ -

ဘာမှလုပ်လို့မရတော့ပါဘူး။

တစ်ယောက်ဆိုလည်း ဒီလိုပဲ။ သူက ရန်ကုန်မှာ။ သူ့အစ်မက မန္တလေးမှာ လုပ်ငန်းလုပ်ချင်လို့ဆိုပြီး တိုက်ခန်းဝယ်ခိုင်းတယ်။ သူကလည်း ထုံးစံအတိုင်း အားနာတတ်တော့ အစ်မဆိုတော့ မလုပ်တန်ကောင်းဘူးဆိုပြီး ဝယ်ပေးလိုက်တယ်။

ဘာအလုပ်မှလည်းမလုပ်ဘူး။ ဒီတိုင်းတက်နေကြတာ။ သွားပြောတော့ အလုပ်တွေကဘာမှအဆင်မပြေဘူးတဲ့။ ဒါကြောင့် ဘာမှမလုပ်ဘဲ အခြေအနေကြည့်နေတာတဲ့။

အခြေအနေကြည့်နေတာ (၃)နှစ်ကျော်ပြီ။

အိမ်လည်းပြန်ရောင်းမယ်ပြောရောလုံးဝမဖယ်တော့ဘူး။ ရန်လုပ်လွှတ်လိုက်တယ်။ ဝယ်ပေးခဲ့ရတဲ့သူ့ခမျာ မျက်ရည်နဲ့ လက်ဖမိုးသုတ်ပြီးပြန်ခဲ့ရတယ်။ ဒါ ညီအစ်မအရင်းခေါက်ခေါက်နော်။

သူကဘာပြောလဲဆိုတော့ ကျွန်မကလည်း ကိုယ့်အစ်မဒုက္ခရောက်နေတော့ မကြည့်ရက်ဘူး။ သနားတယ်။ လာပြောပြန်တော့လည်း အရမ်းအားနာဆိုတော့ ဝယ်ပေးလိုက်မိတယ်ဆိုတာနဲ့ နိဂုံးချုပ်သွားတယ်။ ဘာမှလုပ်လို့မရတော့ဘူး။ သူလည်း နေရာစုံရောက်ပြီးသွားပြီ။ ခုထိ သူ့အစ်မတွေပဲ ခပ်တည်တည်နဲ့နေတုန်း။

ဒါတွေဟာ -

အားနာတတ်ခြင်းရဲ့ အကျိုးဆက်တွေပါပဲ။

အားနာတတ်တာ ကောင်းတဲ့အခါ ကောင်းပါတယ်။ စီးပွားဥစ္စာထိခိုက်နိုင်တယ်ဆိုတာကိုသိရင်၊ ရိပ်မိရင် အားနာနေဖို့မလိုပါဘူး။ စဉ်းစားသင့်တာပေါ့။ ဆုံးဖြတ်တာမလောသင့်ဘူး။

အရမ်းခင်တဲ့ လူတစ်ယောက်ဆိုရင် အနုပညာဖန်တီးနိုင်တယ်ဆိုတဲ့ လူတစ်ယောက်က အနုပညာတစ်ခုကို ဖန်တီးဖို့ အပြောကောင်းကောင်းနဲ့လာပြောတယ်။ ပြီးတာနဲ့ ချက်ချင်းရောင်းလိုက်ရင် ဘယ်လောက်ထိမြတ်နိုင်တယ်ဘာတယ်ပေါ့။ အပြောကအရမ်းကောင်းတယ်။ ဟိုလူကလည်း ယုံလွယ်တယ်။ အားနာတတ်တဲ့လူ၊ လူတစ်ဖက်သားကို အထင်မသေးတတ်တဲ့လူ၊ သံသယမျက်လုံးနဲ့တောင် မကြည့်တတ်တဲ့ လူအေး၊ ပြောပါများလာတော့ စိတ်ကပါပြီပေါ့။

လာပြောတဲ့လူကလုပ်လိုက်သေးတယ်။ ဆန္ဒရှိမှလုပ်ပါ၊ စဉ်းစားပါဦး၊ အရမ်းမလုပ်ပါနဲ့ဦးဘာညာပေါ့။ ဒါက ‘ဆိုက်ကို’ ပေါ့လေ။ လူတစ်ဖက်သားကို လုပ်ချင်လာအောင် အဘက်ဘက်ကနင်းကန်ပြောပြီးကာမှ တကယ်လည်း စိတ်ပါရော စိတ်ကိုလှည့်စားပြတာပေါ့။ ဒီကောင်တော့ မလုပ်ဘဲမနေနိုင်တော့ဘူး။ ကျိန်းသေလုပ်တော့မယ်ဆိုတာကို သိနေတော့ ကလိကလိဖြစ်အောင် စဉ်းစားပါဦးတို့ဘာတို့လုပ်လေ ဟိုလူကဟာ - မစဉ်းစားတော့ဘူး လုပ်မယ်ဖြစ်ကရော။

ဟော - ဖန်တီးပြီးတဲ့နောက်ပိုင်း ဘာတာဝန်မှမယူတော့ဘူး။ ဘယ်မှလဲရောင်းလို့ ဘယ်သူမှလဲမဝယ်ဘူး။ ဘာမှလုပ်လို့မရတော့ဘူး။ အဲဒီမှာ တအိအိ ပြန်ရောင်းထုတ်နိုင်မယ်ထင်တဲ့လူဆီထိုးအပ်ရရော။

အဲဒီလူက စီးကရက်ခဲမပျက်ဘဲ ခေါင်းတညိတ်ညိတ်နဲ့ ယူထားလိုက်ပြီး ပြန်ရောင်းထုတ်ပါတယ်။

ဘယ်လိုရောင်းထုတ်လဲဆိုတော့ ဘာတစ်ပြားမှမတွေ့ရတဲ့ထိ သူ့ဟာသူ လက်ဝါးကြီးအုပ်ပြီးရောင်းထုတ်လိုက်တာပါပဲ။ ဟိုလူသွားပြီပေါ့။ သိန်းပေါင်း ခြောက်ဆယ်ကျော် ခုနစ်ဆယ်လောက်ဟာ ခြောက်ထောင်၊ ခုနစ်ထောင်လောက်တောင် ပြန်မရတော့ဘူး။ ပလုံဆိုတာမျိုးပေါ့။

အဲဒီလူ တစ်ခါတည်းထိုင်သွားတော့တာပါပဲ။ ဘာမှကိုလုပ်စရာကိုင်စရာ လုံးဝကိုမရှိတော့တာပါ။

ဒီလူနဲ့ စကားလက်ဆုံကျတော့ ဒီလူက သူ့ကို ယုံလောက်အောင်ပြောတဲ့သူဆိုရင် အားနာပါလေရော ... ဒီလိုနဲ့ချည်း သူထိတာ။ သူ့စည်းစိမ်တွေကုန်တာ။

ဒါကြောင့် -

အားနာခြင်းဟာ တော်တော်ကြောက်စရာကောင်းတယ်။

တချို့ဆို ဘယ်သူ့ညီမတို့၊ ဘယ်သူ့ညီတို့၊ ဘယ်သူနဲ့သိတာတို့ဆိုတဲ့ စကားလုံးအကြီးကြီးတွေနဲ့ဖိထားပြီး ပိုက်ဆံချေးတာကို အားနာနေကြတဲ့သူတွေရှိနေပါတယ်။

ပြောလိုက်ရင် ကျွန်မကလည်း မထင်ဘူးလေ။ သူက ဘယ်သူနဲ့သိနေတာဆိုတော့ ယုံတာပေါ့ဆိုတာနဲ့ နိဂုံးချုပ်လေ့ရှိပါတယ်။

ဒါဟာ -

အားနာတတ်သူများအတွက်-

အားနာတတ်သူများရဲ့အကြောင်း တစေ့တစောင်းပါ။

ငွေကံကောင်းဖို့ဆိုတာ -

ငွေကံကောင်းအောင် စီရင်ရတဲ့နည်းတွေအများကြီးရှိနေပါတယ်။ ဒါကို ပညာရှင်တိုင်းလိုလိုလုပ်နိုင်ကြပါတယ်။

ဒါပေမယ့် အဲဒီလိုလုပ်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ဘာလုပ်ပေးရမှန်းမသိလောက်အောင် ကြုံရတာကတော့ အားနာခြင်းဆိုတဲ့ကိစ္စပါပဲ။

ကိုယ်တိုင်က အားနာတယ်ဆိုပြီး ပေးလိုက် -

ပြီးရင် ပညာရှင်တွေဆီပြေး၊ ကြွေးတောင်းခိုင်းလိုက် ဆိုတာမျိုးက တကယ်လို့များ ကိုယ့်ကံမှာ ငွေနံ့တွေကလည်း တအားပျက်နေ၊ ကိုယ့်ကိုကြွေးပြန်ဆပ်ရမယ့်လူရဲ့နံ့ကလည်း တအားပျက်နေဆိုရင် . . .

အဲဒါလေးတွေစဉ်းစားဖို့ -

ဒီလအတွက် သူရဋ္ဌလက်ဆောင်ပါးလိုက်ရပါတယ်။


*စိတ်ချမ်းသာခြင်းများစွာ*
*ပြည့်စုံကြပါစေ*

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ်၊ မေလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ ( B.Sc )

**မေလ ၁ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆)။ လောဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနီရောင်။အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၈)။လာဘ်နေအရပ် အရှေ့တောင်။လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဖြူရောင်။အကျိုးပေးနေ့သားတနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၅ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၆ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၇ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၈ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က နုံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၉ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၀ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း(၄၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၂ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၃ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com

တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၄ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၇)။လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၅ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**မေလ ၁၆ ရက်၊ တနင်္လာနေ့** -လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၇ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၉ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၀ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ် အရှေ့။ လာဘ်နေအရပ်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၁ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၂ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သားတနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၃ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၄ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၀)။လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၆ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၇ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၈ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၉ ရက်၊ တနင်္ဂနွေနေ့** -လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၀ ရက်၊ တနင်္လာနေ့** -လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၁ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသု (B.S



www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဒ္ဓယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

# ကံမြင့်ကြယ်ပွင့် အဓိဋ္ဌာန်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ရ။ မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပစ်ပေးခြင်း၊ အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။ ငှက်လေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - သောကြာနံထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။ ဝတ္ထုငွေများစွာလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့်စတီခေါက်ပြီးမှ စနေနာမည်ရှင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဆီမီးများထွန်းညှိပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အားပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများဖြင့် ကုသိုလ်ယူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အိုများကိုတွေ့လျှင် ဆေးဝါး၊ ခာတ်စာ၊ ငွေကြေးလှူပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**အင်္ဂါသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅)မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိ တဟိ အစရှိသော ဘုရားရှိခိုးဂါထာကို ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဆီမီးထွန်းညှိပူဇော်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ဗုဒ္ဓဟူးသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများ ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်မန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများကိုရေဆေးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေဖြည့်ခြင်းကုသိုလ်ပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ကြာသပတေးသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါး၊ ခာတ်စာများလှူပါ။ ငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း အမှိုက်များကောက်ခြင်းကုသိုလ်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများ မဝတ်ပါနှင့်။ ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါ ရွေးချယ်ကံစမ်းထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် နေ့စဉ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဩကာ်နီးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့အဝင်ဝတွင် ဆီး (၈) ခက် ကြိုးနှင့်ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျီးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် မေမ္ဗစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို စိတ်ထဲမှာ အာရုံစူးစိုက်၍ (၁၅) မိနစ်ခန့် နေ့စဉ် မေတ္တာပို့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူထားပြီး ဒိဝါတပတိဂါထာ ပုတီး (၃) ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဇာဟိတဟိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်နံ့လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် (၃) ရက်ဆက်ဆေးပြီး တနင်္ဂနွေသားနှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ကြာသပတေးနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ ပန်းခြောက်များစွန့်၊ အမှိုက်များရှင်းပါ။
**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် မိုးမလင်းတလင်းထ၍ လမ်းမှာ တံမြက်စည်းထွက်လှည်းပါ။ သရဏဂုံရွတ်လှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနေ့နှင့်ကိုယ်နေ့ရောက်တိုင်း ဘုရားတွင်ရေသပ္ပာယ်ပါ။
**ကျန်းမာရေး** - စာကလေး (၃) ကောင်လွှတ်ပါ။
**ထီကံကောင်းလိုသူများ** - လမ်းလျှောက်သွားရင်း လက်ဖက်ရည်ဆိုင်နှင့်နီးသောထီဆိုင်တွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယခုလတွင်-
ဗုဒ္ဓဟူး-တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါ။
လတ်ကောင်း၊ ရင်ခန့်၊ ရှားကြည်။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

မောင်တိမ်လွှာ(အေးကျင်း)

# ညှို့မ၏အနာကြီးပျောက်ကင်းစေသော ဆေးဖက်ဝင်အပင်



သမြားပင် သို့မဟုတ် တမြားခါးပင်

အမှန်ဝန်ခံရလျှင် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ပေါက်ရောက်သော ဆေးဖက်ဝင်အပင်များကို စိတ်ဝင်စားရကောင်းမှန်းမသိသလို တန်ဖိုးထားရမှန်းမသိပေ။ သို့သော် တိုင်းရင်းဆေးဆရာကြီးပေးသည့် ပရဆေးအစွမ်းသတ္တိကြောင့် မိခင်အို၏ရင်ထဲက ချွဲသလိပ်များ အန်ထွက်သွားသည်ကို မျက်မြင်ကိုယ်တွေ့ကြုံသောအခါ ဆေးဖက်ဝင်အပင်များအား သုတေသနပြုချင်စိတ်ပေါ်ပေါက်မိပါသည်။

ဆေးဖက်ဝင်အပင်များနှင့်ဖော်စပ်ထားသော မြန်မာ့တိုင်းရင်းဆေးအစွမ်းက လူနှင့်တိရစ္ဆာန်တို့၏ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သည်။

ညှို့မကား ကျွန်တော့်မိတ်ဆွေ ကိုဝင်းမြင့်၏ မျိုးကောင်းမျိုးသန့်နွားတစ်ကောင်ဖြစ်သည်။ ကျွန်တော်သူ့အိမ်သို့အလည်အပတ်ရောက်ရှိစဉ် နွားတင်းကုပ်ချည်တိုင်၌ ခပ်မှိုင်မှိုင်ဖြစ်နေသော ညှို့မကို တွေ့မြင်သဖြင့် -

"ဟိုနွားက တမှိုင်မှိုင်တတွေတွေနဲ့ ဘာရောဂါဖြစ်တာလဲ ကိုဝင်းမြင့်"

"နွားရဲ့ လည်ပင်းအောက်မှာ အနာကြီးပေါက်နေတာဗျ။ အစာကောင်းကောင်းမစားတာ တစ်လကျော်ပြီ။ နွားကို အကဲခတ်ကြည့်ပေးစမ်းပါဦး"

ကိုဝင်းမြင့်က အကူအညီတောင်းသည်။ ကျွန်တော်နှင့် ကိုဝင်းမြင့် နွားတင်းကုပ်ဘက်ဆီသို့ထွက်ခဲ့သည်။ ကျွန်တော့်မှ ညှို့မ၏လည်ပင်းအောက်ရှိ ထန်းသီးလုံးအရွယ်ခန့် အနာဖုကြီးကို စူးစူးစမ်းစမ်း လေ့လာသည်။

"အနာက ပြည်တစိုစိုနဲ့ပိုးလောက်တွေတောင်တွယ်နေတယ်။ မကုရင် အခြေအနေမဟန်ဘူး ကိုဝင်းမြင့်။ ကဲလေ - သိပ်လည်းစိတ်မပူပါနဲ့၊ နွားအနာများအတွက် အလွယ်တကူပျောက်စေတဲ့ ဆေးနည်းပေးခဲ့မယ်။ အခြားတိရစ္ဆာန်တွေလည်း အခုလိုအနာကြီးဖြစ်ရင် ကုသပေးနိုင်တယ်။ နတ်မောက်မြို့နယ် တရင်းနွားကျေးရွာက ဦးသာငြိမ်းပေးတဲ့ဆေးနည်းပါ"

"ကျေးဇူးပဲဗျာ"

ကျွန်တော် လမ်းညွှန်ပေးသော ဆေးနည်းမှာ အမှန်တကယ်အစွမ်းပြခဲ့သည်။ ရက်တိုတိုအတွင်း၌ ညှို့မ အစာကောင်းကောင်းစားနိုင်လေပြီ။

ကိုဝင်းမြင့်က ပိုးလောက်လမ်းများတွယ်ကပ်နေသည့် နွား၏အနာအတွင်းသို့ နှစ်ရက်ဆက်တိုက် ဆေးများထည့်ရာ သိသိသာသာအရောင်ကျပြီး ငါးရက်မြောက်နေ့တွင် နွားရဲ့အနာဖုကြီးလုံးဝပိန်ချုံးကာ အရှင်းပျောက်ကင်းကြောင်း ပြောတော့သည်။



သမြားပင် သို့မဟုတ် တမြားခါးပင်

စင်စစ် နွားမှမဟုတ်၊ အခြားတိရစ္ဆာန်တို့၏အနာများ (အကျိတ်အဖု) အပါအဝင် ပျောက်ကင်းစေရန်အတွက် 'သမြားပင်' ကို အသုံးပြုသည်။ အချို့အရပ်ဒေသတွင် တမြားခါးပင်ဟု ခေါ်ဝေါ်သုံးနှုန်းပါသည်။

၎င်းအပင်သည် ဆေးဖက်ဝင်နွယ်အမျိုးအစားဖြစ်၏။ သမြားပင် သို့မဟုတ် တမြားခါးပင်၌ သေးသွယ်သွယ်အစိမ်းရောင်အဖူးကလေးများရှိသည်။ အရွက်များက ကွမ်းရွက်ပုံသဏ္ဌာန်နှင့် အပင်ရင်းမြေအောက်တွင် ပဲမြစ်ပမာရှည်မျောမျောဥကလေးများ တွဲခိုနေသည်။

တိရစ္ဆာန်တို့၏အနာများ ပျောက်ကင်းဖို့ သမြားပင်အမြစ်ရင်းမှတူးလာသည့်ဥများကို သန့်စင်အောင် ရေစင်စင်ဆေးကြောရ၏။ ထို့နောက် ဥများကို ကြေကြေညက်ညက် ထုထောင်းပြီး ရရှိလာသော သမြားဥအနှစ်များအား နွား၏အနာအခေါင်းပေါက်အတွင်းသို့ဖိသိပ်ထည့်ပေးပါက အနာဟူသမျှ ပျောက်ကင်းပါကြောင်း ရေးသား တင်ပြလိုက်ရပေသည်။

မောင်တိမ်လွှာ (အေးကျင်း)

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးမှုရရှိပါလိမ့်မည်။ (၇) ဂဏန်းအကျိုးမပေး၍ရှောင်လိုက်ပါ။ ကြာသပတေးနံ သင့်ကိစ္စများ အရှုပ်အရှင်းရှိနေတတ်၍ အထူးသတိထားဆောင်ရွက်ပါ။ စက်ပစ္စည်းဝယ်လျှင် နံသင့်သူများနှင့် တိုင်ပင်ပါ။ ဝယ်စဉ်က အသစ်၊ ကိုယ့်ဆီရောက်မှ ပျက်သွားခြင်းမျိုးဖြစ်တတ်ပါသည်။ အင်္ဂါနံသင့်ကိစ္စများ၊ အင်္ဂါနာမည်ရှင်များလည်း အကျိုးမပေးတတ်ပါ။ လူမျိုးကွဲများနှင့် အလုပ်အတူတွဲလုပ်ပါက သတိထားလုပ်ပါ။ အခက်အခဲများ၊ ပြဿနာများ[illegible]တတ်သည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာယာနေစေရန် မိသားစုကိုနွေးထွေးမှုများပေးပါ။ အမှတ်တမဲ့နားလည်မှုလွဲတတ်ပါသည်။ စိတ်ရှည်သည်းခံပေးပါ။ ကျန်းမာရေးကောင်းစေရန် အလွန်စပ်သောအစားအစာများ လွန်ကဲစွာမစားပါနှင့်။ ဒူးနာ၊ အကြောနာဂရုစိုက်ပါ။ ကိုယ့်သဘောနှင့်ကိုယ်ဆေးဝယ်မသောက်ပါနှင့်။ မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ နားလည်သူများနှင့် တိုင်ပင်ပါ။ ဆေးမကြာခဏလှူပါ။ ပညာရေးကောင်းပါမည်။ ရာထူးတိုးစာမေးပွဲဖြေဆိုလျှင်လည်းအောင်မည်။ အပေါင်းအသင်း၊ သူငယ်ချင်းများနှင့် အချိန်ဖြုန်းမနေပါနှင့်။ ချစ်တတ်သူများ စကားကိုလိုရင်းပြောပါ။ စိတ်တိုရတတ်သည်။ ထီဝါသနာရှင်များအတွက် သောကြာနံထီဆိုင်တွင် (၁၊ ၆၊ ၂၊ ၉) ဂဏန်းများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *အိမ်ရှိ ဖိနပ်ထားသောနေရာမှ မလိုတော့သော ဖိနပ်ဟောင်းများ စွန့်ပစ်လိုက်ပါ။*

၂၀၁၀ ခုနှစ် ၊ မေလ

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

# ခုနစ်ရက်သားသမီး

# ဟောစာတမ်း





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ သူတစ်ပါး၏ ငွေကြေးကိစ္စများကိုလည်း လုံးဝအာမမခံပါနှင့်။ ကားမောင်းနေသူဖြစ်လျှင် ကားကိုလုံးဝအမြန်မမောင်းပါနှင့်။ အိမ်တွင်းရေးများသာယာနေစေရန် စကားကိုဆင်ခြင်ပြောပါ။ နားလည်မှုများထားပေးပါ။ အတိုက်အခံများပါက နီးရာဘုရားစေတီတစ်ဆူသို့ လမ်းလျှောက်သွား[illegible]မြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ကျန်းမာရေးကောင်းစေရန် ဓာရဏပရိတ်တော်ကို အမြဲဦးနှင့်ရွတ်ပါ။ လမ်းများများလျှောက်ပါ။ ဆီးနှင့်ဆိုင်သောဝေဒနာများဖြစ်မလာအောင် အစားအသောက်ဆင်ခြင်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ခါးနာတတ်၍ အလေးအပင်များမ,လျှင်သတိထားပါ။ ပညာရေးကံများကောင်းနေသော်လည်း ကြိုးစားရင်း အဖျားရှူးသွားတတ်၍ ကိုယ့်ကိုယ်ကိုယ်ဖိအားပေးပြီး စည်းကမ်းပြန်ထိန်းပါ။ အလုပ်လျှောက်ထားသူများ ရသည့်အလုပ်နှင့် မိမိအဆင်မပြေဖြစ်နေပါလိမ့်မည်။ နောက်ထပ်တစ်ကြိမ်ရသည့်အလုပ်သာ ကိုယ်နှင့်သင့်တော်မည်။ ချစ်တတ်သူများအတွက် စကားများများပြောမိတိုင်း အမှားပါနေတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ ထီကံကောင်းနေပါသည်။ စနေနာမည်ရှင်များနှင့် စပ်တူရှယ်ယာထိုးထားပါ။ ကိုယ်က ဂဏန်းရွေးမနေပါနှင့်။ ကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *မျက်မမြင်ပုဂ္ဂိုလ်များ၊ မျက်စိဝေဒနာနှင့်ဆိုင်သောပုဂ္ဂိုလ်များကို ဆေး၊ ငွေ၊ အာဟာရ လှူပေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် စပ်တူရှယ်ယာများ အကျိုးမပေးပါ။ မိမိစက်ပစ္စည်းများ မကြာခဏပျက်နေတတ်ပါသည်။ ဆိုင်ကယ်စီး၊ စက်ဘီးစီးမည်ဆိုပါက ကြမ်းတမ်းစွာမစီးပါနှင့်။ ရရန်ရှိသောငွေများ မမျှော်လင့်ဘဲပြန်ရခြင်း၊ မမျှော်လင့်ဘဲ ငွေအစုလိုက်အပုံလိုက်ဝင်ခြင်းများကြုံမည်။ အဝင်ကြမ်းသလို အထွက်လည်းကြမ်းမည်။ အိမ်တွင်းရေးသာယာမည်။ အတိုက်အခံများသောကိစ္စများရှိပါက ဘုရားစေတီများသို့ရောက်အောင်သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ကျန်းမာရေးကောင်းနေသော်လည်း အစာအိမ်ရောဂါဖြစ်ဖူးသူများ အဆာလုံးဝမခံပါနှင့်။ ကိုယ်လက်လှုပ်ရှားပေးပါ။ ငှက်စာလေးတွေကျွေးပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပါ။ ပညာရေးကံများကောင်းနေပါသည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ချစ်တတ်သူများအတွက် စိတ်ချမ်းသာမှုရှိနေပါမည်။ ငှက်လေးတွေသာ မကြာမကြာအစာကျွေးပါ။ ထီဝါသနာရှင်များအတွက် သောကြာနံထီဆိုင် သို့မဟုတ် ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်များတွင် (၆၊ ၁၊ ၂၊ ၉) ဂဏန်းများနှင့် အကျိုးပေးနေပါသည်။

ယတြာ ။ ။ *စိတ်ကျန်းမာရေးမကောင်းသူများကို တွေ့အောင်ရှာပြီး ဆေး၊ ငွေ၊ အာဟာရများ လှူပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် စနေနာမည်ရှင်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဂဏန်းလုံးဝအကျိုးမပေးပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အမြဲဦးနှင့်ပုတီးများစိပ်ပါ။ စက်ပစ္စည်းအဟောင်းများ ပြန်၍အကျိုးပေးခြင်း၊ ပြန်၍အသုံးပြုနိုင်ခြင်းများရှိလာတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ၊ စကားဟောင်း၊ ပြဿနာဟောင်းများအတွက် ကတောက်ကဆဖြစ်တတ်ပါသည်။ ကိုယ်ကလျှော့ပေး၊ သည်းခံပေးလိုက်ပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ကျန်းမာရေးတွင် ကိုယ့်သဘောကိုယ့်ဆန္ဒအတိုင်း ဆေးမထိုးချင်ပါနှင့်။ ဆေးဝယ်မသောက်ပါနှင့်။ တတ်ကျွမ်းနားလည်သော ဆေးပညာရှင်များ၏ ညွှန်ကြားမှုကိုသာ ခံယူပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အမြဲဦးနှင့်ရွတ်ပါ။ ပညာရေးကံများ တစ်ခါတစ်ခါယိုင်ယိုင်သွားတတ်၍ စိတ်ကိုတည်တည်ငြိမ်ငြိမ်နှင့် ကြိုးစားပါ။ အပေါင်းအသင်းတွေနှင့်အသွားအလာလျှော့ပါ။ မပေါ့ပါနှင့်။ ချစ်တတ်သူများကံကောင်းပါသည်။ ကိုယ့်ချစ်သူကို သဝန်မတိုမိပါစေနှင့်။ စကားပြောလည်းဆင်ခြင်ရပါမည်။ ထီဝါသနာပါသူများ သောကြာနံ၊ စနေနံထီဆိုင်များတွင် (၆၊ ၇၊ ၄၊ ၈) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။ စနေနာမည်ရှင်၊ စနေသားသမီးများနှင့် စပ်တူထိုးပါကလည်း ထီကံကောင်းတတ်ပြီး ထီပေါက်ကိန်းရှိနေပါသည်။

ယတြာ ။ ။ *ကြာသပတေးနံဘွဲ့အမည်ရှိသော စေတီပုထိုးတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်း၊ အမှိုက်များရှင်းလင်းပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်း လုံးဝအကျိုးမပေး၍ရှောင်ပြီးအလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးမပေးပါ။ သူတစ်ပါးကို အာမခံရမည့်ကိစ္စများလည်းရှောင်ပါ။ ကိုယ်တိုင်လည်း ရန်ဖြစ်တာ၊ လောင်းကစားလုပ်တာတွေ အထူးရှောင်ကြဉ်လိုက်ပါ။ အတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်ထောင်ရေး အိမ်တွင်းရေးများသာယာနေစေရန် နှစ်ဖက်ညီအစ်ကိုမောင်နှမများ၏ စကားကို အထအနကောက်၍ စကားနိုင်မ[illegible]င်။ စကားများလျှင် လာဘ်ပိတ်သွားတတ်ပါသည်။ အလုပ်အကိုင်ရှာဖွေနေသူများ အလုပ်ရရှိပါတော့မည်။ ရာထူးတိုးရန်ကြားနေရသူများ ရာထူးတိုးပါတော့မည်။ ကျန်းမာရေးကောင်းပါမည်။ လိုအပ်ပါက ပရိမိတ္တဇာလသုတ်၊ ဖုဿဂါထာတို့ကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။ လမ်းများများလျှောက်ပေးပါ။ ဆေးလှူပါ။ ပညာရေးကံများကောင်းနေပါသည်။ အဖျားမရှူးသွားပါစေနှင့်။ ကြိုးစားပါ။ ချစ်တတ်သူများလည်း မကြာခဏ ရန်ဖြစ်လိုက်၊ ပြန်တည့်သွားလိုက်ဖြစ်နေတတ်၍ ခွေးလေး၊ ငှက်လေးများကို အစာကျွေးပါ။ ထီဝါသနာပါသူများအတွက် တနင်္ဂနွေနံထီဆိုင်များတွင် (၁၊ ၅၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *နီးရာဘုရားစေတီတစ်ဆူဆူသို့ လမ်းလျှောက်သွားပြီး ဘုရားမှာ တံမြက်စည်းလှည်းသန့်ရှင်းရေးများပြုလုပ်ပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လောင်းကစားကိစ္စ ကိုယ်လည်းမလုပ်ပါနှင့်။ သူတစ်ပါးကိုလည်း အာမမခံပါနှင့်။ ငွေကြေးကိစ္စများခက်ခဲနေပါလျှင် ကျီးလေးများကို အမြဲအစာကျွေးပါ။ အလုပ်ကိစ္စများအတွက် မိမိမွေးနံထောင့်တွင် အဓိဋ္ဌာန်ဝင်ပါ။ ပုတီးများစိပ်ပါ။ အထူးအောင်မြင်မှုရရှိပါလိမ့်မည်။ အိမ်တွင်းရေးများသာယာစေရန် အိမ်ဆူအိမ်ပူသည့်အထိ မြည်တွန်တောက်တီးနေခြင်းများ ရှောင်လိုက်ပါ။ ကျန်းမာရေးတွင် ခါးနာခြင်း၊ ခြေထောက်နာခြင်း၊ အဆစ်များနာခြင်းဖြစ်တတ်ပါသည်။ အလေးအပင်များမမပါနှင့်။ ကိုယ်နှင့်မတည့်တာတွေရှောင်ပါ။ ခွေးလေးများကို အစာကျွေးပါ။ ပညာရေးကောင်းနေသော်လည်း စာများရသည်ထင်ပြီး နောက်မှပြန်ပြန်မေ့နေတတ်ပါသည်။ ဖိဖိစီးစီးကျက်ပါ။ စာအုပ်လေးများ တစ်နေ့တစ်အုပ်ခေါင်းအုံးအောက်ထားအိပ်ပေးပါ။ ချစ်တတ်သူများ အနေဖြင့် မည်မျှပင် ရန်ဖြစ်ဖြစ်၊ စကားများများ ပြန်တည့်သွားပါလိမ့်မည်။ သို့သော် ရေသတ္တဝါလေးများကိုလည်း မကြာမကြာ အစာကျွေးပေးပါ။ ထီဝါသနာရှင်များအတွက် သောကြာနံထီဆိုင် သို့မဟုတ် ခရီးတစ်ခုသွားရင်း လမ်းမှာတွေ့သော ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *အလှန်ပင်ပန်းနေသူများကိုတွေ့လျှင်၊ လက္ခဏာရှားပါးနေသူများကိုတွေ့လျှင် ရေလှူပေးပါ။*

BURMESE CLASSIC

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မကျွမ်းကျင်သောအလုပ်များမလုပ်ပါနှင့်။ ငွေကြေးအရှုပ်အရှင်းကိစ္စမှန်သမျှရှောင်ရပါမည်။ စက်ပစ္စည်းအဟောင်းများမဝင်ပါစေနှင့်။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးစိပ်ပါ။ အလုပ်လျှောက်ထားသူများ အလုပ်ရပါမည်။ အိမ်တွင်းရေးများသာယာမည်။ သားသမီးများ၊ ညီအစ်ကိုမောင်နှမများ၏ အောင်မြင်မှုများကြောင့် ပျော်ရွှင်စရာနေ့ရက်လေးများ မကြာမကြာကြုံရပါလိမ့်မည်။ ကျန်းမာရေးကောင်းနေမည်။ လိုအပ်သူများအတွက် ရတနသုတ်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ အချဉ်၊ အငန်များကို လွန်ကဲစွာမစားပါနှင့်။ လမ်းများများလျှောက်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ရပါသည်ဟုထင်ပြီးသာ အဖျားရှူးမသွားပါစေနှင့်။ ဆက်ကာဆက်ကာ ကြိုးစားပါ။ ချစ်တတ်သူများအတွက် ကိုယ့်ချစ်သူကို သူတစ်ပါးနှင့်နှိုင်းနှိုင်းပြီးတော့ စကားမပြောမိပါစေနှင့်။ အပြန်အလှန် သစ္စာရှိနေသည်ဟု ယုံကြည်ထားပါ။ လာဘ်လာဘအတွက် ငွေဝင်စေသာဂါထာများကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ မလိုလားအပ်သောကုန်ကျမှုများလည်း ရပ်တန့်သွားပါလိမ့်မည်။ ထီဝါသနာရှင်များအတွက် တနင်္ဂနွေနံထီဆိုင် နှစ်ဆိုင်၊ သုံးဆိုင်ပြည့်အောင် ထိုးထားပါ။ (၁၊ ၆၊ ၄၊ ၈) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီကံကောင်းနေပါသည်။

ယတြာ ။ ။ *ခြေထောက်မကောင်းသူများကိုတွေ့အောင်ရှာဖွေပြီး လိုအပ်သော အာဟာရ၊ ငွေ လှူလိုက်ပါလေ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

## အဘဘိုးတော်အောင်မင်းခေါင်ကြီး ၁၃၁၂ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာဦးစေတီတော်

စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသောကြောင့် မြန်မာပြည်အနှံ့အပြားရှိ ဘိုးတော်အောင်မင်းခေါင်ကြီး၏ တပည့်သားသမီးများ၊ ပဋ္ဌာန်းဆက်များနှင့် ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့ သိရှိစေရန်နှင့် ကုသိုလ်ပါဝင်နိုင်ပါရန် နိဗ္ဗာန်ကိုအကျိုးမျှော်ကာ ဥက္ကလာဦးစေတီ ဂေါပကအဖွဲ့မှ နှိုးဆော်အပ်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အ-ထဲ-က (၂) သင်္ဃန်းကျွန်းကျောင်းအနီး ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင် မြတ်စွာဘုရား ဂေါပကအဖွဲ့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ရန်-

ဖုန်း – ဂေါပကဥက္ကဋ္ဌ – ၀၉ ၂၅၅၇၆၁၆၂၈
စာရင်းစစ် – ၀၉ ၃၁၂၃၂၇၆၇
ဘဏ္ဍာရေးမှူး – ၀၉ ၇၈၇၈၅၅၅၅၉, ၀၉ ၇၈၇၈၆၆၆၆၉



www.burmeseclassic.com